
ရုံးသုံးစာအုပ်
တရားရုံးများအတွက်
မဖျော်ဖြေရ

099



(099)

မြန်မာ့စွယ်စုံကျမ်း

အတွဲ - ၃

ပဌမနှိပ်ခြင်း (အင်္ဂလန်ပြည်)

၁၉၅၆ ခုနှစ်

အုပ်ရေ ၅၀,၀၀၀

ဒုတိယနှိပ်ခြင်း

၁၉၇၅ ခုနှစ်

အုပ်ရေ ၅,၀၀၀

စာပေဗိမာန်ပုံနှိပ်တိုက်၊ (မှတ်ပုံတင်အမှတ် - ၀၀၃၂) ၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့တွင်
ဦးခင်မောင်ကြီးက ရိုက်နှိပ်၍
စာပေဗိမာန် အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် - ၀၄၈၀) က တာဝန်ခံထုတ်ဝေသည်။



‘နေမင်းနွယ်ရင်း၊ မင်းထက်မင်းလျှင်၊ သလင်းအုတ်စီ၊ နန်းမြေညီဝယ်၊ ဂူလိသဘင်၊ မြင်းနှင့်ရွှင်၏ — နတသျှင်နောင်

(ဦးတက်ထွတ်ဇာတ်ပုရပိုက်မှ)


၁၉၂၀

မြန်မာ့စွယ်စုံကျမ်း

စာပေဗိမာန်

တို်

ရုပ်ပြဗဟုသုတဘဏ်



အတွဲ - ၃

ဂ - စင်း

ရန်ကုန်မြို့

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

စာကြည့်တိုက်

ဝိဋကဘာသာပြန်စာပေ

ဖြန့်ချိရေးအဖွဲ့

ဤကျမ်းကိုမရှုစားမိ

အောက်ပါလမ်းညွှန်ကိုလေ့လာထားပါက ဤစွယ်စုံကျမ်းစီစဉ်ပုံကို ကောင်းစွာသဘောပေါက်၍ ကိုးကားရာကျမ်းတဆူတဖြစ် လွယ်ကူစွာ အသုံးပြုတတ်ပေလိမ့်မည်။

အက္ခရာစဉ်ငယား။ ။စွယ်စုံကျမ်းတွင် ပါဝင်သော အကြောင်းရပ်များကို လွယ်လင့်တကူ ရှာဖွေဖတ်ရှု နိုင်ရန် အက္ခရာစဉ်ငယားကို အတဲတိုင်း၌ဖော်ပြထားသည်။

ဝေါဟာရနှင့်အမည်များ။ ။ဤကျမ်းမှာ ကမ္ဘာပေါ်ရှိ ကျယ်ဝန်းလှသော ပညာရပ်အမျိုးမျိုး၊ အကြောင်းရပ်အမျိုးမျိုးတို့ ပါဝင်သည့်ပြင်၊ မြန်မာနိုင်ငံတွင် ပဌမဆုံး ပေါ်ထွက်လာရခြင်းဖြစ်သည့်အလျောက်၊ ဘာသာခြားမှ မြန်မာလို ပြန်ဆိုထားသော ဝေါဟာရသစ်များနှင့် အသံလှယ်ယူထားရသောအမည်များ မြောက်မြားစွာပါဝင်သည်။ ယင်းတို့ကို မူရင်းစကားနှင့်တကွ ဤကျမ်း၏နောက်ပိုင်းတွင် ကဏ္ဍသီးခြား၍ အက္ခရာစဉ်အတိုင်းဖော်ပြထားသည်။

မြန်မာအမည်များ။ ။ရဟန်းရှင်လူဆိုင်ရာ အကြောင်းရပ်များကို ခေါင်းစဉ်းပေးရာ၌၊ အမည်ရွေရှိ သျင်၊ ဦး၊ ဒေါ်၊ -ကို၊ မောင်၊ မ စသည်တို့နှင့်တကွ အခြားဂုဏ်ပုဒ်များကို အမည်ရင်းနောက်တွင်ထား၍၊ အမည်ရင်းကိုသာ အက္ခရာစဉ် အလိုက် စီစဉ်ဖော်ပြထားသည်။ ပုံစံအားဖြင့် သျင်ကရဝိက၊ ခုံတော်မောင်ကျာဘမ်း၊ ဦးချိန်၊ မြဝတီဝန်ကြီးဦးစတို့ကို ကရဝိက၊ သျင်။ ကျာဘမ်း၊ မောင်၊ ခုံတော်။ ချိန်၊ ဦး။ စ၊ ဦး၊ မြဝတီဝန်ကြီး ဟူ၍ အသီးအသီးဖော်ပြထားသည်။ ဤသို့ပြုလုပ်ခြင်းမှာ ပုဂ္ဂိုလ်ကို မလေးစား၍ မဟုတ်၊ စွယ်စုံကျမ်းများထုံးတမ်းစဉ်လာအရ အကြောင်းရပ်ရှာဖွေရ လွယ်ကူစေရန်သာဖြစ်ရာ၊ လူမျိုးခြားအမည်များကိုလည်း အလားတူပင်စီစဉ်ဖော်ပြထားသည်။

ဖတ်ချင်ဖွယ်ရာအဖြာဖြာ။ ။တခါတရံ ပျင်းပျင်းရှိ၍ စာအုပ်လှန်လိုသောအခါ၊ သို့မဟုတ် ဝါသနာအလျောက် သမိုင်းဖြစ်စဉ်များ၊ တိုင်းနိုင်ငံများ၊ ပုဂ္ဂိုလ်ကျော်များ၊ စာပေဝတ္ထုများ၊ အနုပညာရပ်များ၊ သိပ္ပံပညာရပ်များ၊ လုပ်ငန်းကြီးများ၊ ဆစ်ပင်များ၊ တိရစ္ဆာန်များ၊ ကစားခုန်စားများအကြောင်းကို သိလိုသောအခါ အကူအညီရစေရန် ဖတ်ချင်ဖွယ်ရာအဖြာဖြာကို အတဲတိုင်း၌ထည့်သွင်းထားသည်။

ဗဟုသုတစစ်တမ်း။ ။စွယ်စုံကျမ်းအတဲတိုင်းတွင် ဗဟုသုတစစ်တမ်းကို ထည့်သွင်းထားသည်မှာ၊ စာရှုသူသည် ဤစစ်တမ်းဖြင့် မိမိကိုယ်ကိုမိမိ ပြန်လည်မေးခွန်းထုတ်၍ မသိသေးသောအကြောင်းအရာကို သိလိုပါက၊ ညွှန်းထားသောနေရာတွင် ပြန်လည် ဖတ်ရှု လေ့လာနိုင်စေခြင်းငှာ ရည်ရွယ်သည်။ ထိုစစ်တမ်းတွင် အတဲတွင်းပါ အကြောင်းရပ်အားလုံးငုံမိအောင် မေးခွန်းထုတ်ထားခြင်း မဟုတ်ချေ။ စိတ်ဝင်စားဖွယ်အချက်အလက်များ အတွက်သာလျှင် မေးခွန်းများကို ရွေးချယ်စီစဉ်ထားခြင်းဖြစ်သည်။

အပြန်အလှန်အညွှန်း။ ။စွယ်စုံကျမ်းအကြောင်းရပ်တို့မှာ အက္ခရာအလိုက်စီစဉ်ထားသည့်အလျောက်၊ ဘာသာရပ်အလိုက် တစုတဝေးတည်းမရှိဘဲ နေရာအနှံ့အပြား ကွဲပြားလျက်ရှိကြသည်။ သို့ဖြစ်၍ အကြောင်းရပ်ချင်းဆက်စပ်နေသည့် အချက်အလက်တို့ကို အပြန်အလှန်ညွှန်းပြရသည်။ စာကိုယ်မဲ့အကြောင်းရပ်ခေါင်းစည်းမှ စာကိုယ်ရှိအကြောင်းရပ်ခေါင်းစည်းသို့ဝင်း၊ အကြောင်းရပ်တခုနှင့်တခု ပညာသဘောအားဖြင့် ဆက်သွယ်နေသော်လည်း တသီးတခြားစီရှိသဖြင့် ပိုမိုပြည့်စုံစွာ လေ့လာစေလိုသော အခါတွင်ဝင်း၊ (..... — ရှု။) ဟု ညွှန်းသည်။ ပညာသဘောအားဖြင့် ဆက်သွယ်ခြင်း မရှိစေကာမူ၊ တနည်းတလမ်းအားဖြင့် နီးစပ်သည့် အကြောင်းရပ်တခုကို စိတ်ဝင်စားဖွယ်ဖြစ်၍ လေ့လာစေလိုသောအခါတွင် (..... — လည်းရှု။) ဟု ညွှန်းသည်။

ကြောင်းခြင်းရာအညွှန်းအတဲ့။ ။နောက်ဆုံးအတဲသည် စာရှုသူအဖို့ အခါမရွေး ကိုးကားရန်လမ်းညွှန်ပင်ဖြစ်သည်။ ထိုအတဲသည် အသီးသီးသောအတဲများအတွက် အက္ခရာစဉ်အညွှန်းဖြစ်ရုံမျှမက၊ လုံးချင်းစွယ်စုံခေါ်လောက်ပေသည်။ ထိုအတဲတွင် ကမ္ဘာ့သမိုင်းမှတ်တမ်းတင်သည်မှ မျက်မှောက်ခေတ်အထိ ပေါ်ပေါက်ဖြစ်ပျက်ခဲ့သော မှတ်သားဖွယ်ရာအကြောင်းအရာများကို နှစ်၊ လ၊ ရက် အပိုင်းအခြားနှင့်သိနိုင်စေရန် နှစ်လုံးပတ်လည်ဖော်ပြထားသော ကမ္ဘာ့ပြက္ခဒိန်ကိုလည်း၊ ပညာရပ်များကို စံနှစ်တကျ တဆင့်ပြီးတဆင့် ပြည့်စုံစွာလိုက်စားနိုင်ရန် ပညာရပ်မာတိကာကိုလည်း၊ ထည့်သွင်းထားသည်။ ထိုနောက် အသီးသီးသောအတဲများတွင် ပါဝင်သည့် အကြောင်းရပ်များကို လွယ်ကူစွာ လှန်လော ရှာဖွေနိုင်ရန် ညွှန်ပြသော ကြောင်းခြင်းရာအညွှန်းကိုလည်း စီစဉ်ဖော်ပြထားသည်။ ထိုအညွှန်းတွင် စွယ်စုံကျမ်းပါ အကြောင်းရပ်များကိုသာမက၊ စွယ်စုံကျမ်းစာကိုယ်တွင် မပါဝင်လင့်ကစား သိသင့်သိထိုက်သောအကြောင်းရပ်မြောက်မြားစွာကိုလည်း မှတ်သားဖွယ် အချက်အလက်များနှင့်တကွ ဖြည့်စွက်ဖော်ပြထားသည်။

အက္ခရာစဉ်ဇယား

ဤကျမ်းပါအကြောင်းရပ်များကို အောက်ပါအက္ခရာစဉ်အတိုင်း စီစဉ်ထားသည်

• ၁။ အ	၂၀။ အောင့်	ဝသတ်	၅၆။ အမ့်	သေးသေးတင် နှင့် မသတ်	
၂။ အာ	၂၉။ အောင်		၅၇။ အမ်		
၃။ အား	၃၀။ အောင်း		၅၈။ အမ်း		
၄။ အိ	၃၁။ အိုင့်		၅၉။ အိမ့်		
၅။ အီ	၃၂။ အိုင်		၆၀။ အိမ်		
၆။ အီး	၃၃။ အိုင်း		၆၁။ အိမ်း		
	၃၄။ အစ်	စသတ်			
၇။ အု	၃၅။ အည့်	ညကြီးသတ်	၆၂။ အုမ့်		
၈။ အူ	၃၆။ အည်		၆၃။ အုမ်		
၉။ အူး	၃၇။ အည်း		၆၄။ အုမ်း		
၁၀။ အေ့	၃၈။ အဉ့်	ဥကလေးသတ်	၆၅။ ၂	ယပင့်	
၁၁။ အေ	၃၉။ အဉ်				
၁၂။ အေး	၄၀။ အဉ်း		၆၆။ ⿰	ရရစ်	
၁၃။ အဲ့	၄၁။ အတ်	တသတ်	၆၇။	ဝဆွဲ	
၁၄။ အဲ	၄၂။ အိတ်		၆၈။ ⿱	ဟထိုး	
၁၅။ အဲ	၄၃။ အုတ်				
၁၆။ အော့	၄၄။ အန့်	နသတ်	၆၉။ ⿰⿱	ယပင့် ဝဆွဲ	
၁၇။ အော်	၄၅။ အန်		၇၀။ ⿰⿰	ရရစ် ဝဆွဲ	
၁၈။ အော	၄၆။ အန်း		၇၁။ ⿰⿱	ယပင့် ဟထိုး	
၁၉။ အို့	၄၇။ အိန့်		၇၂။ ⿰⿰	ရရစ် ဟထိုး	
၂၀။ အို	၄၈။ အိန်		၇၃။ ⿱	ဝဆွဲ ဟထိုး	
၂၁။ အိုး	၄၉။ အိန်း		၇၄။ ⿱⿱	ယပင့်ဝဆွဲဟထိုး	
၂၂။ အက်	၅၀။ အုန့်		၇၅။ ⿱⿰	ရရစ်ဝဆွဲဟထိုး	
၂၃။ အောက်	၅၁။ အုန်				
၂၄။ အိုက်	၅၂။ အုန်း				
၂၅။ အင့်	၅၃။ အပ်	ပသတ်			
၂၆။ အင်	၅၄။ အိပ်				
၂၇။ အင်း	၅၅။ အုပ်				

ဖတ်ချင်ဖွယ်ရာအဖြာဖြာ

တခါတရံ ပျင်းပျင်းရှိရှိ စာအုပ်လှန်လိုသောအခါ အောက်ပါ လိုရာအကြောင်းရပ်တို့မှ ဆူရာရွေးနုတ်၍ လေ့လာပါက စာရှုသူသည် အပျင်းလည်းပြေ ဗဟုသုတလည်းပွားပေလိမ့်မည်။ ထိုင်ရာမထဘဲ ကမ္ဘာ့မြို့ကြီး၊ နယ်ကြီး၊ နိုင်ငံကြီးများသို့ရောက်၍ ပုဂ္ဂိုလ်ကျော်များနှင့် ရင်းနှီးကာ ကမ္ဘာ့သမိုင်းကိုလည်း သုံးသပ်ခွင့် ရနိုင်မည့်ပြင် သိပ္ပံပညာ၏ အံ့ဖွယ်ရာအကြောင်းများကိုလည်း သိနားလည်လာပေလိမ့်မည်။

ထို့မျှမက အနုစာပေဂန္ထဝင်များ၏အရသာကိုပါ ထင်ရှားစွာခံစားရမည့်ပြင် အားလပ်ခိုက် အပျင်းဖြေရန်နည်းများလည်း ရရှိပေအံ့။

ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ

ဂူတာလုံ့မျိုးချစ်ခေါင်းဆောင်ကြီး ၆၉
တော်လှန်ရေးသရုပ်ဖော်ပြသူ ၇၅
အိန္ဒိယမျိုးချစ်ခေါင်းဆောင်ကြီး ၉၁
ပါကစ္စတန်နိုင်ငံ၏ဖခင်ကြီး ၁၆၅
အော်လီယန်းမြို့၏လုံမပျို ၁၇၁
ဓမ္မသတ်ပြုစုသောမင်း ၁၇၃
စွယ်စုံပုဂ္ဂိုလ်ကျော် ၂၂၉
'သံမဏိ' ခေါ် ဂူရှခေါင်းဆောင်ကြီး ၃၂၂

လောကီထုပ်ပိုး လူတို့ဓာတ်

ဂျာမန်အနွယ်အင်္ဂလိပ်ဘုရင်များ ၁၄၇
ခြေသလုံးအိမ်တိုင်ထူသည့်လူမျိုး ၁၆၇
သက်ဦးဆံပိုင်အုပ်စိုးလိုသည့်ပြည့်ရှင်များ ၁၇၅
စကော့အနွယ်ဗြိတိသျှဘုရင်များ ၃၃၃

သစ်ပင်ပန်းမာလ် တိရစ္ဆာန်

အဆိပ်ပြင်းသည့်ပင်လယ်မြွေ ၁၇၄
သမပိုင်းဒေသများ၏ပဓာနအစာ ၁၇၇
လျှပ်စစ်ဓာတ်အားလွှတ်သည့်ငါး ၂၁၉
ငကျွာရိုးရှိရေသတ္တဝါများ ၂၂၅
နှစ်ပြန်မွေးသတ္တဝါ ၂၅၆
ဧရချိုပင်လယ်ငါး ၃၂၄
မြေကြီးမှခွေသီး ၃၄၃

တမြေရပ်ခြား ဒေသများ

အနောက်ယဉ်ကျေးမှုပေါ်ထွန်းရာဒေသ ၁၂
ဟိန္ဒူတို့အထွဋ်အမြတ်ထားသောမြစ် ၈၅
ဂွခင်းသဃာသောနေကြိုနိုင်ငံ ၁၀၂
ငြိမ်းချမ်းရေးမြို့တော် ၁၁၃
မြေထဲမှပင်လယ်မှကြေးနီကျွန်း ၄၅၉

တိကျသိအပ် အရပ်ရပ်

ဂဏန်းမသင်လဒ်မမြင် ၇
ရောမခေတ်လူသတ်ကစားသမား ၅၀
သဘာဝကဖန်တီးပေးသောအိမ်ကြီး ၆၃

ဘုရားလောင်း၏အဖြစ်တော်ဝတ္ထုများ ၂၃၆
ကုန်ချင်းဖလှယ်ရာမှတိုးတက်တိုထွင်မှုတရပ် ၂၅၅
လူကျင့်ဝတ်အခြေခံတရားငါးပါး ၂၃၀
လူယဉ်ကျေးမှုအဂ်ါရပ်တခု ၂၈၈
ပညာဘက်တိုက် ၃၈၂
ဩကာသဝန္ဒနာဆုယူရာဌာန ၄၂၆
သစ်ပိုင်းသစ်စမှစက္ကူဖြစ်လာပုံ ၄၄၃

သုခုမဝင် ကြောင်းစုံလင်

ရွေးဟောင်းဂရိအနုပညာ ၃၃
အလှအပကြိုက်သောနိုင်ငံမှအနုပညာစွမ်း ၁၀၈
ဂျာမန်စာပေသမိုင်း ၁၁၉
မြန်မာတို့ဂုဏ်ယူဖွယ်ရာလက်မှုပညာ ၂၄၉
မှတ်သားဆိုနှင်းပုံခိုင်းတိုတုတ်၊စကားချုပ်ဟူ..... ၂၉၃
စာမှန် ၄၀၉

လုပ်ငန်းဆောင်တာ အဖြာဖြာ

ဆက်သွယ်ရေးတွင်အချက်အခြာဌာနတရပ် ၃၈၈
နေ့စဉ်ကမ္ဘာအားအသိပေးသည့်ပညာ ၃၉၄
ပုံနှိပ်စာအုပ်ဖြစ်မြောက်မှုအံ့သြဖွယ် ၄၁၃
အလှန်ရွေးကျသောအသက်မွေးမှုလုပ်ငန်းတရပ်.... ၄၆၁

သိပ္ပံအံ့ဖွယ် အသွယ်သွယ်

စက်မပါဘဲပျံသန်းနိုင်သောလေယာဉ် ၅၁
လေအားကိုအသုံးပြုသည့်ကျက်အင်ဂျင် ၁၆၁
ကမ္ဘာမြေကြီး၏သဘာဝလှုပ်ရှားမှု ၂၂၀
အပြောင်လက်ဆုံးသတ္တု ၂၅၃
ပင်လယ်အောက်မှဆုံးကျောက်ဖြူ ၃၁၅
နက်နဲလှစွာစကြဝဠာ ၃၁၃
ဆောင်စဉ်နှင့် ဆောင်စဉ်ကြည့်ကရိယာ ၃၅၀
ကောင်းကင်ကိုတန်ဆာဆင်လျက်ရှိသောဗိမာန်များ ၁၈၁

အားလပ်ချိန်ဝယ် ပျော်ရွှင်ဖွယ်

ဂေါက်သီးရိုက်ကာလွှန်ကျန်းမာ ၈၃
စကားပရိယာယ်လွှန်မင်းကြွယ် ၂၉၃
စကားထာ၊ စကားလိမ်း ၂၉၅

ဗဟုသုတစစ်တမ်း

ဤကျမ်းတွင် များစုသောပြဿနာတို့ကို ဖြေရှင်းထားပေသည်။ စာရှုသူသည် မိမိမည်မျှမှတ်မိ၍ အသိဉာဏ်တခြေ၊ ဗဟုသုတတခြေ မည်မျှကြွယ်ဝနေပြီကို မှတ်ကျောက်တင်ကြည့်ရန် အောက်ပါမေးခွန်းများဖြင့် စစ်တမ်းထုတ်သင့်ပေသည်။ အကယ်၍ အဖြေမပေးနိုင်ခဲ့ဘဲ၊ ညွှန်းထားရာစာမျက်နှာတွင် ပြန်လည်ဖတ်ရှုလေလာရန် တိုက်တွန်းရပေသည်။

၁။ ဂရုဘဏ်ဟူသည် အဘယ်နည်း။ ၃၆

၂။ ဂရစ်လျှပ်စစ်စံနစ်၏အကျိုးကျေးဇူးများကား အဘယ်နည်း။ ၄၃

၃။ ပန်းချီဆေးရေးခြင်းအတတ်သည် မည်သည့်အချိန်က စတင်ပေါ်ပေါက်လာသနည်း။ ၆၆

၄။ ရှေးဟောင်းစာပေပါ ခေမာဝရတိုင်းဆိုသည်မှာ မည်သည့်ဒေသဖြစ်ပါသနည်း။ ၁၀၀

၅။ ဂျိန်းဗားမြို့သည် ဘယ်အတွက်ကြောင့် ထင်ရှားသနည်း။ ၁၃၁

၆။ အပူစွမ်းအင်ကိုအလုပ်အားဖွဲ့ပြသည့်အချက်ကို မည်သူရှာဖွေတွေ့ရှိခဲ့သနည်း။ ၁၄၄

၇။ မည်သည့်ဂျော့ဘုရင်လက်ထက်တွင် အင်္ဂလိပ်မြန်မာပဋမစစ်ပွဲဖြစ်ပွားခဲ့သနည်း။ ၁၄၈

၈။ ကမ္ဘာ့သမိုင်းတွင် အကြီးကျယ်ဆုံးသော နိုင်ငံတော်ကိုတည်ဆောက်ခဲ့သူကား မည်သူနည်း။ ၁၆၄

၉။ ကျောက်ဆေးထိုးခြင်းဖြင့်ကျောက်ရောဂါကို ကာကွယ်နိုင်ကြောင်းမည်ကဲ့သို့စမ်းသပ်တွေ့ရှိခဲ့သနည်း။ ၁၇၁

၁၀။ နေကိုအမြန်ဆုံးလှည့်ပတ်နိုင်သောဂြိုဟ်ကား အဘယ်နည်း။ ၁၈၁

၁၁။ ဃနာန္ဒိဆုမ်းကို မည်သို့စီမံပြုလုပ်ရသနည်း။ ၁၉၃

၁၂။ အသည်းမှအဆီထဲတွင် ဗီတာမင်အေနှင့် ဒီ အမြောက်အမြားပါရှိသောငါးမျိုးကားအဘယ်နည်း။ ၁၉၅

၁၃။ ရေသတ္တဝါဖြစ်ပါလျက်နှင့် ငါးမဟုတ်သောသတ္တဝါမှာ အဘယ်နည်း။ ၁၉၉

၁၄။ ငပိတွင် မည်သည့်အာဟာရဓာတ်များပါရှိသနည်း။ ၂၀၄

၁၅။ ငပျဉ်သည် မည်ကဲ့သို့ပျံသန်းပါသနည်း။ ၂၀၇

၁၆။ ငလျင်လှုပ်ခြင်းမှာ မည်သည့်အကြောင်းကြောင့်ဖြစ်ပါသနည်း။ ၂၂၀

၁၇။ ငါးများ အနှံခံနိုင်ကြပါသလား။ ၂၂၃

၁၈။ ငှက်များသည် အဘယ်ကြောင့်အသိုက်ဖွဲ့၍အုံကြသနည်း။ ၂၆၁

၁၉။ ငှက်ဖျားရောဂါကို မည်ကဲ့သို့ကာကွယ်နိုင်သနည်း။ ၂၃၅

၂၀။ စကားဇာစ်မြစ်ပညာဆိုသည်မှာ အဘယ်နည်း။ ၂၆၃

၂၁။ စကားပြောကြေးနန်းကို မည်သူကအောင်မြင်စွာတီထွင်ခဲ့ပါသနည်း။ ၃၀၀

၂၂။ စကြိုသူမြတ်သည် မြန်မာ့သမိုင်းတွင် အဘယ်ကြောင့်ထင်ရှားကျော်ကြားသနည်း။ ၃၂၀

၂၃။ မီးရထားစက်ခေါင်းကို မည်သူစတင်တီထွင်ခဲ့သနည်း။ ၃၂၅

၂၄။ လောကနီတိကျမ်းကို မည်သူပြုစုခဲ့သနည်း။ ၃၃၃

၂၅။ မြန်မာလယ်သမားများအလိုအရ စပါးကိုမည်ကဲ့သို့မျိုးခွဲကြသနည်း။ ၃၄၃

၂၆။ နေရောင်မှထွက်ပေါ်လာသော ရောင်စဉ်များကား အဘယ်နည်း။ ၃၅၀

၂၇။ စမအက္ခရာဟူသည် အဘယ်နည်း။ ၃၆၉

၂၈။ စာပို့စံနစ်ကို မည်သည့်လူမျိုးများက စတင်တီထွင်ခဲ့သနည်း။ ၃၈၈

၂၉။ စာရင်းတွက်စက်ကို မည်ကဲ့သို့ပြုလုပ်စီမံထားသနည်း။ ၄၁၅

၃၀။ ပုံနှိပ်စာအုပ်များမပေါ်မီက လူတို့သည် မည်ကဲ့သို့စာရေးသားကြပါသနည်း။ ၄၁၇

၃၁။ စားမြေ့ ပြန်တတ်သောတိရစ္ဆာန်များကား အဘယ်နည်း။ ၄၂၁

၃၂။ စက်ကရိယာများကိုတီထွင်လာခြင်းကြောင့် မည်ကဲ့သို့သောအကျိုးကျေးဇူးများဖြစ်ပေါ်လာပါသနည်း။ ၄၄၂

၃၃။ စက္ကူကို မည်သို့ပြုလုပ်သနည်း။ ၄၄၅

၃၄။ ယခုခေတ်သုံးစက်ဘီးများ မည်ကဲ့သို့စတင်ဖြစ်ပေါ်လာသနည်း။ ၄၅၂

၃၅။ ဝန်ချိစက်များ၌ စက်သီးကိုအဘယ်ကြောင့်အသုံးပြုပါသနည်း။ ၄၅၇

၃၆။ ယခုအခါ စိုက်ပရပ်ကျွန်းတွင် မည်ကဲ့သို့သောနိုင်ငံရေးလှုပ်ရှားမှုပေါ်ပေါက်လျက်ရှိသနည်း။ ၄၆၀

ကျေးငှဲးပြုသူများ

မြန်မာ့စွယ်စုံကျမ်းတွင် စာမျက်နှာတိုင်း၌ ရုပ်ပုံဓာတ်ပုံစသည်ဖြင့် ဝေဆာစွာမွမ်းမံရန် ကြိုးပမ်းခဲ့ရာ၌ နိုင်ငံတွင်းနိုင်ငံပမှ အကူအညီများရခဲ့သည်။ နိုင်ငံပမှဆိုလျှင် လန်ဒန်မြို့ ပစ်ချာပို့လိုက်ဗရေရီနှင့် ပေါပေါ့ပါးမှုငှင်း၊ နယူးယောဉ်မြို့ အိစင်•ဂယ်လိုဝေမှုငှင်း ဓာတ်ပုံများ ဝယ်ယူပုံနှိပ်ခွင့်ရခဲ့သည်။ နိုင်ငံတွင်းမှ ကူညီသူ ထုပေါင်းများစွာရှိသည့်အနက် စွယ်စုံကျမ်းနှင့်ထိုက်တန်သည့် ရုပ်ပုံ၊ ဓာတ်ပုံ၊ မြေပုံ စသည်တို့ကို အောက်ပါဌာနကြီးများနှင့် ပညာရှင်များထံမှ ရရှိပါ၍ ကျေးငှဲး အထူးတင်ပါကြောင်း။

အမည်	နေရပ်	ဓာတ်ပုံပါစာမျက်နှာ
ငါးစုပေါင်းရောင်းဝယ်ရေးသမဝါယမအသင်း		
လိမ်မိတက်	ရန်ကုန်မြို့	၂၁၂
ဆိုဗီယက်ဆိုရှယ်လစ်သမတနိုင်ငံတော်သံရုံး	ရန်ကုန်မြို့	၇၆။ ၇၉။ ၃၀၄။ ၃၁၃။ ၃၂၂။ ၃၂၄။ ၄၄၂။ ၄၆၂
တရုပ်ပြည်သူ့သမတနိုင်ငံတော်သံရုံး	ရန်ကုန်မြို့	၁၇၀။ ၁၇၉။ ၂၇၁
တိရစ္ဆာန်ရုံ	ရန်ကုန်မြို့	၂၆၇။ ၂၆၀။ ၄၄၃
ဗမာ့ခေတ်သတင်းစာတိုက်	ရန်ကုန်မြို့	၂၀၇
ဗဟိုဉာဏ်ဗျာဒေါကါတိုက်ဗျာက်ငရုဒ္ဓဘုန	ရန်ကုန်မြို့	၂၇၃
မိုးလေဝသဌာန	ရန်ကုန်မြို့	၂၁၉။ ၂၂၀
ဗျွေးဟောင်းသုတသနဌာန	မန္တလေးမြို့	၂၅၁။ ၃၀၂၊ ၄၂၇။ ၄၂၉–၄၃၃။ ၄၄၉
လူထုပညာရေးကောင်စီ	ရန်ကုန်မြို့	၁၀၁
ဦးကျော်ခိုင်	ရန်ကုန်မြို့	၁၀၀။ ၁၀၀။ ၁၉၄။ ၁၉၆။ ၁၉၉။ ၂၀၂။ ၂၁၂။ ၂၂၂။ ၃၆၄။ ၃၆၆။ ၃၆၉။ ၃၇၃။ ၄၅၃
ဦးကျော်မင်း	ထား၀ယ်မြို့	၂၀၂။ ၂၀၉။ ၂၂၉။ ၂၇၀
ဦးခင်မောင်	စကြိုမြို့	၃၀၄
ခင်လေးမောင်	မြန်မာပြည်စာဘ်ပုံဘသင်း၊ ရန်ကုန်မြို့	၁၀။ ၇၅။ ၁၉၀။ ၂၃၀။ ၃၄၅။ ၃၀၆။ ၃၀၉။ ၃၉၁။ ၄၅၀။ ၄၆၁။ ဂဠုန်၊ သိဒ္ဓတ္ထမင်းသား တောထွက်ခန်း။ ဂုတ်ထိပ်တန်တား၊ ငုပန်း၊ မြဝတီဝန်ကြီးဦးစီး နှင့် လယ်သမားရောင်စုပုံများ
ဦးချစ်တင်	ရန်ကုန်မြို့	၃၀၄
ဂေါ်ချိန်ကိုး	မော်လမြိုင်မြို့	၂၄၅

ဒေသ	ဘာသာ	ပြည်သူဦးရေ
ဦးဇင်းဝိသုဒ္ဓ	ရိုဟင်ဂျာ	၁၂၀
ဦးသုမင်္ဂလ	ရိုဟင်ဂျာ	၈၅၀
ဦးဇင်းဥတ္တမ	ရိုဟင်ဂျာ	၂၃၀
ဦးဇင်းကောဝိဒ	ရိုဟင်ဂျာ	၆၀
ဦးဇင်းဓမ္မသာရ	ရိုဟင်ဂျာ	၄၅၀
ဦးဇင်းနန္ဒမာလာဘိဝံသ	ရိုဟင်ဂျာ	၁၅၀
ဦးဇင်းသီလာနန္ဒ	ရိုဟင်ဂျာ	၃၀
ဦးဇင်းဇနကာဘိဝံသ	ရိုဟင်ဂျာ	၂၀၀
ဦးဇင်းသုမနာဘိဝံသ	ရိုဟင်ဂျာ	၁၀၀
ဦးဇင်းဥတ္တမ	ရိုဟင်ဂျာ	၂၀၀
ဦးဇင်းသုမင်္ဂလ	ရိုဟင်ဂျာ	၁၅၀
ဦးဇင်းဝိသုဒ္ဓ	ရိုဟင်ဂျာ	၁၂

အမည်	နေရပ်	စာတမ်းပုံပါ စာမျက်နှာ
ဦးဇောဘမြင့် (မြို့မငမောင်)	ရန်ကုန်မြို့	မြဝတီဝန်ကြီး ပန်းချီကား
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတပြန်မာနိုင်ငံတော်၊ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန	ရန်ကုန်မြို့	၃၀၅

အတွဲ ၂ ကျေးဇူးပြုသူများစာရင်းမှအဆက်

အမည်	နေရပ်	အတွဲ ၂ စာတမ်းပုံပါစာမျက်နှာ
ကယားပြည်နယ်ဝန်ကြီးဌာန	ရန်ကုန်မြို့	၁၇၁
ကရင်ပြည်နယ်ဝန်ကြီးဌာန	ရန်ကုန်မြို့	၁၁၅
ချင်းရေးရာဝန်ကြီးဌာန	ရန်ကုန်မြို့	၃၁၂။ ချင်းလူမျိုးဇာတ်စုံပုံ
ဦးကြည်	ရန်ကုန်မြို့	၁၈၁ (၂ ပုံ)
ဦးတိတ်ရီ	ကွမ်းခြံကုန်းမြို့	၂၂၆
ဦးထွန်းအောင်	မန္တလေးမြို့	၃၂၀
ဦးဘအောင်	ပေါ်လမြို့ငမြို့	၂၂၄။ ၂၂၅
ဦးမောင်ကလေး	ဒွေကျင်မြို့	၁၄၄။ ၁၉၄။ ၂၉၆
ဦးသန့်	မန္တလေးမြို့	ကျုံးဇာတ်စုံပုံ
ဦးအေးမောင်	မိုးကုတ်မြို့	၂၄၅။ ၂၄၆
နယူးပစ်ဓာတ်ပုံတိုက်	ရန်ကုန်မြို့	၂၇၉။ ၃၁၆။ ၄၁၄



။မြန်မာဗျည်း ၃၃ လုံးတွင် ဂ သည် ၃ ခုမြောက်အက္ခရာဖြစ်သည်။ ကြ၊ ခြ၊ ဂြ၊ ဃြ၊ ငြ၊ဟူသော က ဝဂ်တွင်ပါဝင်၍ ဂ အသံဖြစ်ရာဌာနမှာ ကဏ္ဌဌာန် လည်ချောင်းအရပ်ဖြစ်သည်။ အက္ခရာ၏အရွယ်ကိုလိုက်၍ ဂ ငယ်ဟုအမည်တွင်သည်။ ကဝဂ်အတွင်း ဂ၊ ဃ ဟူသောဗျည်းနှစ်လုံးပါဝင်ရာ အကြီးအငယ်ခွဲခြားသောအားဖြင့် ဂ ငယ်ဟုခေါ်ခြင်းဖြစ်၏။ ဂ ၏အရေးအသားမူလမှာ ဗြာဟ္မီအက္ခရာ ∧ ဖြစ်သည်။ ဗြာဟ္မီ ∧ မှ ဂုတ္တ ⌐ ကဒံဗ ⌐• ခင်ဗပျ။ ⌒ သို့အဆင့်ဆင့်ပြောင်းလဲလာပြီးနောက် ကျောက်စာများတွင် ⊓ နှင့် ပေစာများတွင် ○ ဟုရေးသားသည်ကိုတွေ့ရသည်။

ဗြာဟ္မီအက္ခရာ ∧ ကို အတွင်းဖက်သို့တဖက်တချက် ညီညွတ်စွာကွေး၍ ရေးဖန်များသောအခါ မြန်မာ ဂ အက္ခရာဖြစ်ပေါ်လာသည်။ ဂ အက္ခရာအရေးအသားပြောင်းလဲပုံကိုအောက်တွင် အစဉ်အတိုင်းယှဉ်တွဲ၍ဖေါ်ပြထားသည်။

∧ ⌐ ⌒ ⌓ ⊓ ○

ဂဏန်းခြေ။ ။အရေအတွက်တခုကို အချင်းချင်းသိနားလည်အောင် အမှတ်အသားတခုဖြင့် ရေးပြရာ၌ ၁ မှ ၉ အထိနှင့် ဝ အမှတ်အသားတို့ကို နေရာအလိုက် တန်ဖိုးထားပေးသောစံနစ်အရ ကမ္ဘာအနှံ့အပြား၌ ယခုရေးပြနေကြသည်။ သုံးဆယ်ခြောက်အုပ်ရှိသော စာအုပ်ပုံတပုံမှ စာအုပ်အရေအတွက်ကို ၃ နှင့် ၆ အမှတ်အသားနှစ်ခုတည်းဖြင့် ၃၆ ဟုရေးပြကြသည်။ အထက်ပါအမှတ်အသား ဆယ်ခုတို့အနက် သက်ဆိုင်ရာတို့ကို ၄၅၁ ကဲ့သို့ တတန်းတည်း၌စဉ်၍ ရေးထားခြင်းကို အရေအတွက် ပြကိန်းတခုဟုခေါ်သည်။ ထိုကိန်းတွင်ပါရှိသည့် ၄၊ ၅၊ ၁ အမှတ်အသားများကို ကိန်း၏ဂဏန်းခြေများဟု ခေါ်သည်။ • တိုတိုဖြင့်လည်း ၄ ဂဏန်း။ ၅ ဂဏန်း၊ ၃ ဂဏန်း၊ ဆယ် ဂဏန်းဟူ၍ ဂဏန်းခြေအစား ဂဏန်းဆိုသော ဝေါဟာရကို သုံးနေကြသည်။ အထက်ပါဂဏန်းဆယ်လုံးနှင့် ယင်းတို့အတွက် ဝေါဟာရများနှင့်တကွ ခု၊ ဆယ်၊ ရာ အစရှိသော နောက်ထပ်ဒဝေါဟာရအနည်းငယ်မျှဖြင့် မည်မျှပင်များပြားသော အရေအတွက်တခုကိုမဆို ဖော်ပြနိုင်၍ မည်မျှပင်ကြီးသော ကိန်းတခုကိုမဆို ရေးပြနိုင်အောင် တီထွင်ထားသည့် ဤကိန်းရေးကိန်းဖတ်နည်းသည် တဆယ်စီရေတွက်သောစံနစ်ကိုမှီးလျက် ဟိန္ဒူသခ်ၤာပညာရှင်များက တီထွင်ထားခဲ့သည့် အလွန်ရှေးကျသော နည်းဖြစ်သည်။ သို့သော် အနောက်နိုင်ငံများသို့ အာရပ်လူမျိုးများမှ တဆင့် ရောက်ရှိသွားသည် ဖြစ်သောကြောင့် အသုံးပြုသော ဂဏန်းခြေများကို အာရေဗျဂဏန်းခြေများဟု ခေါ်နေကြသည်။ ဤကိန်းရေးနည်းစံနစ်ကို ကမ္ဘာအနှံ့အပြား၌ မလိုက်နာမီက အခ့ါလူမျိုးများ၏ရေတွက်ပုံ ရေတွက်နည်းနှင့်တကွ အရေအတွက်ပြကိန်းရေးနည်းများသည် စိတ်ဝင်စားဖွယ်ရာ ဖြစ်သဖြင့် ယင်းတို့ကို အောက်၌ အကျဉ်းမျှဖော်ပြထားသည်။

ဝတ္ထုပစ္စည်းတမျိုးကိုမည်မျှနည်းသည်များသည်ဟု တိတိကျကျ ပြောနိုင်ရန် အရေအတွက်ဝေါဟာရများကိုတီထွင်ခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာရှိလေပြီ။ စကားကောင်းစွာမတတ်သေးသော ကလေးသူငယ် တယောက်သည် မိမိမှာ ကစားစရာအရုပ်မည်မျှရှိသည်ကို လက်ချောင်းကလေးများဖြင့် မှန်ကန်စွာထောင်ပြနိုင်သော်လည်း သုံးခု၊ လေးခု၊ စသော အခေါ်အဝေါ်များကို မတတ်သေးသဖြင့် ပြောမပြနိုင်သေးချေ။ ယင်းအခြေအနေကဲ့သို့ပင် ရှေးနှစ်ပေါင်းများစွာက လူများသည် ဝတ္ထုပစ္စည်းအရေအတွက်ကို သိရှိရန် လက်ချိုး၍ ရေတွက်ခြင်း၊ မည်ရွေမည်မျှရှိသည်ဟု လက်ချောင်းကိုထောင်ပြခြင်းဖြင့်သာ မိမိတို့၏ကိစ္စပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြပုံရသည်ဟု သခ်ၤာသမိုင်းပညာရှင်များက ယူဆကြသည်။ အာဖရိကတိုက်ရှိ တိုင်းရင်းသားလူမျိုးအနည်းငယ်တို့သည် ယနေ့တိုင် ဤကဲ့သို့ရေတွက်နေကြဆဲပင် ဖြစ်သည်။ ဝတ္ထုပစ္စည်း အရေအတွက်များကို ရေတွက်ဖော်ပြရန် လိုအပ်လာသောကာလသို့ ရောက်ရှိလာသည့်အခါ ရေတွက်နည်းနှင့်တကွ အရေအတွက်အခေါ်အဝေါ် ဖြစ်သောဝေါဟာရများကို အကြောင်းအားလျော်စွာ တီထွင်လာကြသည်။ လူတို့၏ ခန္ဓာကိုယ်တွင် လက်နှစ်ဖက်၊ ခြေနှစ်ချောင်း စသည်ဖြင့် အစုံအစုံရှိသည်ကို အမှတ်ပြုလျက် နှစ်ခုပြုစီ ရေတွက်ခဲ့ကြသူများရှိသည်။ ဩစတြေးလီးယားတိုက်၊ တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်များရှိ တိုင်းရင်းသား လူမျိုးအချို့တို့သည် နှစ်ခုကို မူတည်ပြီးလျှင် ရေတွက်နည်းနှင့်တကွ အရေအတွက်အခေါ်

ငယ်ခုတ်၊ ငယ်ထောက်တမ်းကစားကြသော မြန်မာကလေးသူငယ်များသည်လည်း အလျှော်အစားပြုလုပ်ရာ၌ ငယ်ကို နှစ်ခုပြုစီရတွက်၍ တပြုး၊ တလံစသည်ဖြင့် ခေါ်လျက် ငါးပြုးပြည့်သည်အထိ ရေတွက်ကြသည်။ လက်တဖက်၌ လက်ငါးချောင်း ရှိသည်ကို အမှတ်ပြု၍ ငါးခုစီရေတွက်ကြသည်လည်း ရှိသည်။ လက်နှစ်ဖက်၌ လက်ဆယ်ချောင်း ရှိသည်ကို အမှတ်ပြု၍ ဆယ်ခုစီ ရေတွက်ကြသည်လည်းရှိသည်။ မြန်မာတို့၌ တကျိပ်ဟူသော ဝေါဟာရရှိသည်မှာ ဆယ်ခုစီရေတွက်သည့် သဘောအတိုင်းပင်ဖြစ်၏။ လက်ခြေအချောင်းနှစ်ဆယ်ရှိသဖြင့် စကိုးခေါ် နှစ်ဆယ်စီရေတွက်ကြသည်ကိုလည်း အင်္ဂလိပ်ဝေါဟာရ၌ တွေ့နိုင်သည်။ နှစ်ပိုင်း၊ သုံးပိုင်း၊ လေးပိုင်း၊ ခြောက်ပိုင်း စသောအပိုင်းညီများနှင့် အရေအတွက်တူပုံများ ပြုလုပ်ရန် လွယ်ကူသည်ဖြစ်သောကြောင့် ဒါဇင်လိုက် ဆယ့်နှစ်ခုစီ ရေတွက်ကြသည်လည်း ရှိလေသည်။

ဆယ်ခုစီရေတွက်ခြင်းသည် ယခုကမ္ဘာအရပ်ရပ်၌အသုံးပြုနေသည့် ဆယ်လီစံနစ်ရေတွက်နည်းဖြစ်သည်။ လက်ဆယ်ချောင်းချိုးကာ ရေတွက်မကုန်နိုင်သေး၍ ဆက်လက်ရေတွက်ရန်လည်း လက်မအားဖြစ်နေသောအခါ ဆယ်ချောင်းအားလုံးကုန်အောင် တခါချိုးရပြီးကြောင်းကို ပြသည့်အနေဖြင့် အနီးရှိသူတဦးက လက်တချောင်းချိုးကာ မှတ်ထားရသည်။ ဤကဲ့သို့ မှတ်ထားပေးရန် ဒုတိယလူတယောက်ကိုမရနိုင်ပြန်သောအခါ ဆယ်ပြည့်အရေအတွက်များကို ခဲလုံးကလေးများချ၍ငင်း၊ နီးရာဝတ္ထုတခုပေါ်မှာ အခြစ်အမှတ်ငယ်များပြု၍ငင်း တမျိုးမျိုးဖြင့်မှတ်သားကြသည်။ ဆယ်ပြည့်အမှတ်ကလေးများကို ရေတွက်သည့်အခါ၌လည်း ဤစံနစ်အတိုင်းလိုက်သွားပြီးလျှင် ဆယ်ဆယ်လီအတွက် အမှတ်အသားတမျိုး ထွင်ရပြန်သည်။

ထိုနောက် ဆယ်ခုပြည့်သော အမှတ်အသားမျိုးနှင့် ဆယ်ဆယ်လီပြည့်သော အမှတ်အသားမျိုးများကို တခုနှင့်တခုမရောစေဘဲ တသန့်စီရှိစေရန် အစုလိုက်နေရာနှင့် နေရာထားပေးရသည်။ ထိုသည်မှအစပြု၍ ပေသီးကဲ့သို့သော အလုံးကလေးများကိုထွင်းဖောက်ကာ စီ၍ထောင်ထားသော တုတ်ချောင်း၊ သံချောင်းသေးသေးများတွင် စွပ်ပေးရသည့် ပေသီးခုံဖြင့် ရေတွက်သည့် ဆယ်အလိုက် ရေတွက်သွားသောယခုစံနစ်ကို လိုက်နာခဲ့ကြခြင်း ဖြစ်သည်။

တမျိုးမျိုးဖြင့် ရေတွက်၍ရရှိသော အရေအတွက်တခုကို အခြားအရေအတွက်တခုမှ ခွဲခြားသိရှိရအောင် အမည်မှည့်ရန် လိုအပ်လာသောအခါ မိမိတို့၏ ဘာသာစကားအလိုက် တခုမှဆယ်ခုအထိ ဝေါဟာရများကို သုံးလာကြသည်။ ဆယ်ခုပြည့်တိုင်း ပြည့်တိုင်းလည်း ဆယ်ခုတွဲတတဲ့လုပ်ထားသည်ဟုအမှတ်ပြုလျက် တဆယ်၊ နှစ်ဆယ်စသည်ဖြင့် ဆယ်လိုက်ခေါ် သွားကြသည်။ ဆယ်ခုပုံနှစ်ပုံနှင့် ဆယ်ခုမပြည့်သဖြင့် ဆယ်ခုပုံမလုပ်နိုင်၍ ပိုနေသောဝတ္ထုအလွတ် သုံးခုကို နှစ်ဆယ်သုံးခုဟု ရှိရင်းဝေါဟာရဆယ်လုံးကိုပင် သင့်လျော်အောင်တွဲလျက် သုံးသွားသဖြင့် အရေအတွက် တခုလျှင် ဝေါဟာရသစ်တလုံးစီ တီထွင်ထားရန် မလိုအောင် စီမံနိုင်ခဲ့သည်မှာ ကျေးဇူးများပါပေသည်။ အရေအတွက်တခုက် ဝေါဟာရသစ်တလုံးစီဖြင့်သာ မှတ်သားနေရပါလျှင် တရာအထိရှိသော အရေအတွက်များကို ၎တ်သားရန်ပင် အခက်အခဲများစွာရှိခဲ့မည်။ ဤရေတွက်နည်းစံနစ်တွင် ဆယ်ခု တဆယ်၊ ဆယ်ဆယ် တရာ၊ ဆယ်ရာ 'တထောင်' စသည်ဖြင့် ဆယ်လိုက်တိုးလျက် အဆင့်ဆင့်တက်သွားရာ ထောင်ပြီးသည်နောက် သောင်း၊ သိန်း၊ သန်း၊ ကုဋေတို့ဖြစ်လာကြသည်။ အခြို့နိုင်ငံများ၌ သန်းကျော်ခဲ့လျှင် သန်းပေါင်းမည်မျှရှိသည်ဟူ၍ သန်းဖြင့်ဖော်ပြကြသည်။ ကျန်ုပ်တို့နိုင်ငံတွင် ကုဋေအရောက် ရေတွက်ကြသည့်ပြင် ကုဋေကျော်ခဲ့လျှင် ကုဋေလေးဆယ်၊ ကုဋေတရာဟု ကုဋေဖြင့်ဖော်ပြကြသည်။ များသောအားဖြင့် သိန်းဖြင့်လည်း သိန်းလေးဆယ်ဟု ဖော်ပြကြသေးသည်။ ရှေးကျမ်းများအရ ကုဋေတကုဋေသည် ပကောဋိ၊ ပကောဋိ တကုဋေသည် ကောဋိပကောဋိဟု အဆင့်ဆင့်တက်သွားသည့် အရေအတွက်များရှိသေးကြောင်းသိရသည်။ ထိုအဆင့်များအနက် အကွာဘိဏီနှင့် အသင်္ချေတို့သည် ကျမ်းများ၌ အတွေ့ရများသော အရေအတွက်နှစ်ခုဖြစ်သည်။

အရေအတွက်တခုကို မေ့ပျောက်မသွားစေရန် မှတ်သားထားလိုသည့်အခါ အနောက်နိုင်ငံသခ်ျာသမိုင်းများက အစအဦး၌ တုတ်ချောင်းတချောင်းပေါ်တွင် အရေအတွက်ရှိသလောက် အထစ်ကလေးများလုပ်၍သော်၎င်း၊ ကျောက်တုံးတခုပေါ်တွင် အလားတူအမှတ်အသားကလေးများလုပ်၍ သော်၎င်း မှတ်သားခဲ့သည်ဟုဆိုသည်။ ထိုနောက်စာရေးစာဖတ်တတ်လာကြ၍ အရေအတွက်တခုကို စာဥဒည့်သင်းဖော်ပြ လိုသောအခါ တခုကို | နှစ်ခုကို || စသည်ဖြင့် လက်ချောင်းကလေးများသဖွယ် မျဉ်းကြောင်းများဆွဲ၍ ဖော်ပြခဲ့ကြသည်။ သို့သော် ဤစံနစ်ဖြင့် အရေအတွက်များများကိုဖော်ပြရန် အခက်အခဲတွေ့လာကြသည့်အခါ ဆယ်လိုက်ရေတွက်သောစံနစ်ကို လိုက်နာလျက်ရှိကြသည့် အီဂျစ်လူမျိုးများက တဆယ်အတွက် ကျန်ုပ်တို့၏ ဂ အက္ခရာကို မောက်မောက်ရေးထားသည်နှင့်တူသော ∩ အမှတ်အသားတခုကို တီထွင်လျက် အသုံးပြုလာကြသည်။ ယင်းတို့၏ ရေးသားနည်းအတိုင်း ||| ∩ ∩ သည် ယခု ၂၃ ဟုရေးသော အရေအတွက်ဖြစ်သည်။ ဤကဲ့သို့ ရေးထားသော အရေအတွက်တခုကို၊ စာပင်မဖတ်တတ်သော်လည်း မည်မျှဖြစ်သည်ဟု လွယ်လွယ်နှင့်ပြောနိုင်သည်။ ဆယ်လိုက်

ရေတွက်သော်လည်း များလာသောအခါ ခြောက်ဆယ်ဝိဖြင့် ဆက်၍ရေတွက်သွားသော ဗက်ဗီလုံးလူမျိုးများ ထိုစဉ်က အသုံးပြုခဲ့သည့် ရေနှုန်းစံနစ်မှာ ဖတ်သူများအဖို့ ဤမျှလောက်မလွယ်ကူလှပေ။ ထိုသူတို့ ခဲ့စေးပြားဟချပ်ပေါ် ၌ ရေးမှတ်ခဲ့သော ဂဏန်းခြေများမှာ သုံးထောင့် ပုံသပ်ငယ်ကလေးများဖြစ်သည်။ အောက်ပါ ရေးသား ဖော်ပြထားသော အရေအတွက် အမှတ်အသားတွင်



ဝဲဖက်မှ ထောင် လိုက် နေကြသော သပ် ငယ် သုံး ခု သည် ခြောက်ဆယ်ပုံသုံးပုံကိုဂင်း၊ အလယ်မှ အလျားလိုက် လဲနေကြသော သပ်ငယ်နှစ်ခုသည် ခြောက်ဆယ်ပုံ မပြည့်သဖြင့် ဆယ်ပုံအတိုင်းထားရသေးသည့် အပုံနှစ်ပုံကိုဂင်း၊ ယာဖက်မှ ထောင်လိုက်နေကြသည့် သပ်ငယ်သုံးခုတို့သည် ဆယ်ပုံမပြည့်သည့် အလွတ်သုံးခုကိုဂင်း ပြကြသည်ဖြစ်ရာ ယင်းတို့သည် (၆၀ × ၃) + ၂၀ + ၃ တန်းအားဖြင့် ၂၀၃ ခုရှိသောအရေအတွက်တခုကိုပြသည်။ အသုံးပြုနေကြသည့် စက်နာရီဖြင့် အချိန်ကိုတိုင်းသောဇယားတွင် စက္ကန့် ၆၀ တမိနစ်၊ မိနစ် ၆၀ တနာရီဟူ၍ နာရီကို စိတ်ပိုင်းထားခြင်းသည် ဗက်ဗီလုံး လူမျိုးများ၏ ခြောက်ဆယ်စံနစ်ဖြင့် ရေတွက်သော အမွေအနှစ်ဖြစ်သည်ဟု အဆိုရှိသည်။

အီဂျစ်နှင့် ပီနီရှန်လူမျိုးများ၏ ဆယ်ဖြင့်ရေတွက်နည်းစံနစ်ကိုပင် လိုက်နာကြသော ဂရိ၊ ဟီဗြူးနှင့် ရောမလူမျိုးများကမူ မိမိတို့၏အက္ခရာစာလုံးများကို ဂဏန်းခြေအမှတ်အသားများအဖြစ် အသုံးပြုလျက် ကိန်းများကို ရေးပြကြသည်။ ဂရိလူမျိုးတို့၏ အယ်လက်ဇန္ဒြိယန် ရေးနည်းအရ ဆိုလျှင် တခုမှကိုးခုအထိရှိသော အရေအတွက်များကို မိမိတို့၏ ပဌမအက္ခရာကိုးလုံးဖြင့်ဂင်း၊ တဆယ်မှကိုးဆယ်အထိရှိသော အရေအတွက်များကို နောက်အက္ခရာကိုးလုံးဖြင့်ဂင်း၊ တရာမှကိုးရာကို နောက်အက္ခရာများဖြင့်ဂင်း၊ ကြား အရေအတွက်များကို ဆိုင်ရာအက္ခရာချင်း တွဲလျက်ဂင်း ပေါင်းစပ်ကာ ရေးပြကြရာ ဤနည်းအရ ရေးထားသော ကိန်းများဖြင့် အပေါင်းအနုတ် တွက်ချက်ရန်မှာ များစွာပင် မလွယ်ကူလှပေ။

သို့သော် ရောမလူမျိုးတို့သည် အက္ခရာစာလုံးအနည်းငယ်မျှဖြင့် ဖြစ်နိုင်သော ရေးနည်းစံနစ်ကို တီထွင်ထားကြရာ ယင်းတို့၏ရွေးနှုတ်သည့် ဂရိရေးနည်းထက် လွယ်ကူသည်ဟုဆိုရမည်။ တိုင်ကပ်နာရီကြီးအချို့၏မျက်နှာပေါ် ၌ ရောမဂဏန်းများဖြင့် ရေးထားသော နာရီပြဂဏန်းများကိုကြည့်လျှင် တစ်မှလေးအထိကို ထောင်လိုက်ဆွဲသောမျဉ်းများဖြင့်ပြသည်။ လက်ဝါးတဖက်ကိုထောင်ပြသောအခါ လက်မနှင့်ကျန်လက်ချောင်းကလေးများကို သစ်ပင်ခွသဏ္ဌာန်မြင်ရသည်ကို အမှတ်ပြု၍ ငါးခုကို ✓ ပုံအမှတ်အသားဖြင့် ပြသည်။ တဆယ်ကို ငါးနှစ်လုံးဆင့်လျက် X ဟုပြရာ နောက်ကာလကြာမြင့်လာသောအခါ X ပုံဖြစ်လာသည်။ ငါးဆယ်ကို L၊ တရာကို C၊ ငါးရာကို D၊ တထောင်ကို M တို့ဖြင့်ပြသည်။ ခြောက်ခုကို VI၊ ရှစ်ဆယ်ကို LXXX စသည်ဖြင့် လိုအပ်သလို တွဲ၍ ရေးကြသည်။ ကိုးခုကို မျဉ်းကြောင်းကိုးကြောင်းဖြင့်ဂင်း၊ ရှစ်ဆယ်ကို X ရှစ်ခုဖြင့်ဂင်း ရေးပြရန် ရှည်လွန်းနေသဖြင့် ငါးခု၊ ငါးဆယ်၊ ငါးရာတို့အတွက် သီးခြားအမှတ်အသားများ ထည့်ပေးကြဟန် တူသည်။ ကိုးခုကိုပင် VIIII ဟုရေးသည်က ရှည်နေသေးသဖြင့် တဆယ်တခုယုတ်အနေဖြင့် X ၏ရှေ့မှ I ကိုခံ၍ IX ဟုရေးပြသည်။ ထို့အတူ လေးခုကိုလည်း ငါးတခုယုတ် IV ဟုရေးသေးသည်။ အရေ




တွက်ချက်မှတ်သားရာ၌ ဂဏန်းခြေတို့သည် အဝိကဖြစ်၏။

အတွက် ကိန်းရေးနည်းပင်မဟုတ်သော်လည်း ကျွန်ုပ်တို့မြန်မာလူမျိုးများသည် ဒဿဂေးကြီးသောအရေအတွက်တခုခုကို နံသင့်အက္ခရာများဖြင့် ပဲ့ထားအပ်သည့် စာပိုဒ်ကလေးများနှင့် မှတ်သားခြင်း အလေ့အထရှိသည်။ ပုံ စံ အားဖြင့် ဥဩအော်မြည်၊ ကုန်းဘောင်တည်' ဟူသော စာပိုဒ်ဖြင့် ကုန်းဘောင်မြို့ကိုတည်ထောင်သောခုနှစ် သက္ကရာဇ်ဖြစ်သည့် ၁၁၅၂ ခုနှစ်ကို မှတ်သားကြသည်။ 'လှည်းဝင်ရိုးသံတည်သံ၊ ပုဂံဘုရားပေါင်း' ဟူသော စာပိုဒ်ဖြင့် ပုဂံမြို့ရှိ စေတီပုထိုးတော်များ၏ အရေအတွက်ကို မှတ်သားကြသည်။

ရောမရေးနည်းစံနစ်ကို ဥရောပဘခွင်၌ အလယ်ခေတ် (ခရစ် ၅၀၀–၁၄၀၀ ခုနှစ်ခန့်) အပါအဝင် နှစ်ပေါင်း ၂၀၀၀ ခန့် အသုံးပြုခဲ့သည်။ ဟိန္ဒူပညာရှင်များ တီထွင်ထားခဲ့သည့် ယခုခေတ်ရေးနည်းကို ထိုကာလခတိုင်မီ ခရစ် ၉၂၆ ခုနှစ်လောက်ကပင် အာရပ်သူမျိုးများက ဥရောပတိုက်သို့ ယူဆောင်၍ အသုံးပြုခဲ့ကြသော်လည်း ထိုနည်းကို ပိုမိုလွယ်ကူကြောင်းသိလျက်နှင့် ရောမရေးနည်းစံနစ်အစား အများက လက်မခံခဲ့ကြသေးပေ။ ရေးနည်းနှစ်မျိုးသည် ဥရောပတိုက်တွင် စင်ပြိုင်ပါနေခဲ့ရာ ရောမစံနစ်သည် တစတစ နှင့်ခေတ်မှီနိုင်လိုက်လာ၍ ခရစ် ၁၅၀၀ ပြည့်နှစ်လောက်အ ရောက်၌ အာရေဗျဂဏန်းခြေများကို လုံးလုံးလျားလျား အသုံးပြုလာကြသည်။ ယခုအခါ ရောမဂဏန်းများကို အချို့သောနာရီ မျက်နှာများပေါ်ရှိ နာရီပြဂဏန်းများ၊ အချို့သောကျမ်းများ၌ အခန်းစဉ်အမှတ်ဂဏန်းများ၊ ခရစ်ယန်ဘုရားရှိခိုးကျောင်းများရှိ ကမ္ပည်းကျောက်စာများ၌ လောက်သာ တွေ့ကြရတော့သည်။ ယခု အနောက်နိုင်ငံများတွင် အသုံးပြုနေသော အာရေဗျဂဏန်းခြေများသည် ဟိန္ဒူပညာရှင်တို့ တီထွင်ထားခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည့်သာဓကတရပ်မှာ ကျွန်ုပ်တို့မြန်မာဂဏန်းခြေများနှင့် အလွန်ပင်ဆင်တူယိုးမှား ပုံသဏ္ဌာန်ရှိခြင်းဖြစ်သည်။ မြန်မာစာအက္ခရာများနှင့် ဂဏန်းခြေရေးနည်းများမှာ အိန္ဒိယဖက်မှ ရောက်ရှိလာခဲ့သည်။

သုညအတွက် အမှတ်အသား ဝ ကို လွယ်လွယ်နှင့်တီထွင်ဖြစ်ခဲ့သည်မဟုတ်။ ဝတ္ထုပစ္စည်းတပုံကို တဆယ်စီထား၍ ပေသီးခုံဖြင့် ရေတွက်သွားရာ၌ ရာနေရာတွင် ပေသီး ဂ လုံး၊ ဆယ်နေရာတွင် ၅ လုံးနှင့် ခုနေရာတွင် ၃ လုံးရှိသည်ကို ဂ၅၃ ဟု ရေးပြသဖြင့် သိနားလည်နေကြသော်လည်း ရာနေရာတွင် ၄ လုံးနှင့် ဆယ်နေရာတွင် ဗလာ၊ ခုနေရာတွင် ဂ လုံးကို ၄ဂ ဟုရုပြဂဏန်း ၄ နှင့် ခုပြဂဏန်း ဂ တို့ကိုခပ်ခွာခွာထားရေးပြီးလျှင် ဆယ်မပါသည်အတွက် ဆယ်ပြဂဏန်းနေရာကို အလယ်ထားလျက် ရေးပြသောအခါ၌လေးဆယ်ရှစ်ခုရှိသော အရေအတွက်နှင့် မခြားဘိသကဲ့သို့ရှိနေသောကြောင့် မည်ကဲ့သို့ရေးပြလျှင်ကောင်းမည်ကို နှစ်ရှည်လများ အမျိုးမျိုး



နှစ်ပေါင်း ၅၀၀၀ ခန့်ကစ၍ အသုံးပြုခဲ့သည့် ပေသီးတွက်ခုံ

ကြံဆရေးသားကြပြီးမှ ယခု အသုံးပြုနေကြသော သုည အတွက် "အမှတ်အသား '၀' ကို အသုံးပြုလာခြင်းဖြစ်သည်။

အရေအတွက်ပြကိန်းများကို ဤကဲ့သို့စံနစ်တကျတီထွင်ထားအပ်သည့် အမှတ်အသား အနည်းငယ်မျှဖြင့် ၅ ဂဏန်းတလုံးတည်းကိုပင် ခုနေရာ၌ ရေးခဲ့လျှင် ငါးခု၊ ဆယ်နေရာ၌ ရေးခဲ့လျှင် ငါဆယ်အစရှိသည်ဖြင့် တန်ဖိုးအဆင့်အတန်းထား၍ရေးနိုင်ခဲ့ခြင်းကြောင့် တွက်ချက်ရာ၌ လွယ်ကူ၍ အမျိုးမျိုးသောသခ်ၤာပညာရပ်များကို တိုးချဲ့လာနိုင်ခဲ့သည်မှာ များစွာကျေးဇူးကြီးပါပေသည်။


ဤဂဏန်းခြေများနှင့်ပင် ဆယ်လီစိတ်ဒသမဂဏန်းများပါအောင် တိုးချဲ့နိုင်ခဲ့၍ ရိုးရိုးအပိုင်းဂဏန်းများနှင့်တကွ ၄–၆ ကဲ့သို့ အဓိပ္ပါယ်မရှိသေးသော ဖေါ်ပြချက်များကို ဆီလျော်စွာ အဓိပ္ပါယ်ပေးနိုင်အောင်လည်း အပေါင်းအနုတ်လက္ခဏာများကို အဓိပ္ပါယ်တိုးချဲ့နိုင်ခဲ့ပေသည်။

ဂဏန်းတွက်စက်။ ။ကူးသန်းရောင်းဝယ်ရေး၌ ဖြစ်စေ၊ စာရင်းအင်းကိုများစွာအားထား၍ အလုပ်လုပ်ရသောဌာနများ၌ဖြစ်စေ စာရင်းများတိကျမှန်ကန်ဖို့မှာ အလွန်အရေးကြီးသည်။ စာရင်းအင်းများလုပ်ဆာ၌ လူများသည် အပေါင်း အနုတ် အမြောက် အစားတွက်များကို စိတ်ဖြင့်ၵင်း၊ ရေးချ၍ၵင်း တွက်ကြရသော်ကြောင့် မိမိတို့၏ ဦးနှောက်ကို

သို့သော် စက်ကရိယာဖြင့်ပြုလုပ်ထွားသည့် ဂဏန်းတွက်စက်မျိုးကို ခရစ် ၁၆၄၂ ခုနှစ်တွင်၊ ဗလဲပါစကယ်ဆိုသူ ပြင်သစ်လူမျိုးတဦးက တီထွင်ခဲ့သည်။ အင်္ဂလိပ်လူမျိုး စီ၊ အိပ်၊ တောမတ်နှင့် ချာ့ ဗက်ဗစ်ဆိုသူတို့က ထိုဂဏန်းတွက်စက်ကို ပြုပြင်ပြီးလျှင် တိုးခဲ့လုပ်ကိုင်ခဲ့ကြပြန်သည်။ ဂဏန်းတွက်စက်ကို ကူးသန်း ရောင်းဝယ်ရေး ဆိုင်ရာ အတွက်အချက်များ၌ အကျိုးရှိ၍ တွင်ကျယ်အောင် အသုံးချနိုင်စေရန် ပြုပြင်ပေးခဲ့သူမှာကား အမေရိကန်လူမျိုး ဝီလျံ့ ဆီဝပ် ဗာရှီဆိုသူဖြစ်သည်။ ယခုအခါ အသုံးပြုလျက်ရှိကြသောဂဏန်းတွက်စက်များသည် ဗာရှီ၏မူကိုအခြေတည်၍ လုပ်ကိုင်ထားသော စက်များဖြစ်သည်။

ဂဏန်းသင်္ချာတွင် အမြောက်နှင့်အစားမှာ ထပ်ကာ ထပ်ကာပေါင်းခြင်း၊ နုတ်ခြင်းများပင်ဖြစ်ရာ ဂဏန်းတွက်စက်ကိုလည်း အပေါင်းအနုတ်သဘောကို အခြေခံလျက်စီမံထားသည်ဖြစ်၍ မော်တော်ကားများ၌ပါလာသော စပီဒိုမီတာခေါ် အမြန် တိုင်းကရိယာနှင့် တသဘောတည်း ဖြစ်သည်။ စပီဒိုမီတာတွင် ချပ်ပြားဝိုင်းကလေးများကို စီစဉ်ထားရာ ချပ်ပြားဝိုင်းများ၏အနားစွန်း၌ ဝ မှ ၉ အထိ ဂဏန်းများကို အစဉ်အလိုက် ရေးမှတ်ထားသည်။ မော်တော်ကားသည် မျှားစွာအလုပ်ပေးသည့်ပြင် အချိန်လည်းမျှားစွာကုန်သဖြင့် လူမပင်ပန်းဘဲ အချိန်ကုန်သက်သာမည့်နည်းလမ်းကို ကြံစည်ခဲ့ကြသည်။

ပဌမဆုံးကြံစည်သည့်နည်းမှာ အက်ဗကပ်ခေါ် ပေသီးတွက်ခုံဖြင့် ဂဏန်းတွက်ယူသောနည်းဖြစ်၏။ အက်ဗကပ်ကို နှစ်ပေါင်း ၅,၀၀၀ လောက်က ယူဖရေးတီးနှင့်တိုင်းဂရစ်မြစ်ဝှမ်း၌ စတင်အသုံးပြုခဲ့သည်။ ပေသီးတွက်ခုံတွင် ပေသီးဟုခေါ်သော အလုံးကလေးများကို အပေါက်ဖေါက်၍ တုတ်တံဖြင့် သို့ထားသည်။ ထိုတွက်ခုံမျိုးကို ယနေ့ထက်တိုင် တရုပ်၊ ဂျပန်၊ ရုရှနှင့်အိန္ဒိယနိုင်ငံများ၌ အသုံးပြုလျက်ရှိကြသေးသည်။ ပေသီးတွက်ခုံကို ဆယ်လီစံနစ်အရစီစဉ်ထားသည်ဖြစ်၍ ကုန်ပစ္စည်းများ၏တန်ဖိုးကို တွက်ရန်ရှိသော အခါ ဆယ်လီစံနစ်ကိုမလိုက်သော ကျပ်၊ ပဲ၊ ပိုင်ကဲ့သို့သော ငွေကြေးမျိုးဖြင့်တွက်ရလျှင် ယင်းကိုတကျပ်လျှင်ဆယ်မူး၊ တမူးလျှင် ဆယ်ပြားစံနစ်မျိုးသို့ ပြောင်းပြီမှတွက်နိုင်သည်။ ထိုကဲ့သို့ ကျပ်၊ ပဲ၊ ပိုင်မှ ကျပ်၊ မူး၊ ပြား သို့ပြောင်းသော ပုံသေအပြောင်းလက်ဝကလေးများကို စာရင်းတွက်သူက ကောင်းစွာ ကျက်မှတ်ထား၍ ကျင်လျင်စွာအသုံးပြုနိုင်မှ ပေသီးခုံကိုသုံးရကျိုးနပ်သည်။



အသံသံသောဒေစာရင်းများကို တွက်ချက်ပေးနိုင်သော ဂဏန်းတွက်စက်ကြီး

ခရီးတမိုင်ထောက်တိုင်း ဂပီဒိုမီတာပေါ်တွင် ခုဂဏန်းနေရာ၌ ဂဏန်းသစ်တခုလည်ချပေါ်လာသည်။ ယင်းကဲ့သို့ ခုဂဏန်းနေရာ၌ ဂဏန်းဆယ်လုံးသည် တလုံးပြီးတလုံးလည်ချ ပေါ်လာပြီးသောအခါ ဆယ်ဂဏန်းနေရာ၌ဂဏန်းသစ်တခုလည်း ပေါ်လာသည်။ ဤနည်းဖြင့် စပီဒိုမီတာသည် မော်တော်ကားသွားခဲ့သောခရီးကို မိုင်ပေါင်း ရာထောင်သောင်းအထိ မှတ်သားဖော်ပြသည်။ (စပီဒိုမီတာ — ရှု။)

ဂဏန်းတွက်စက်များ၏သဘောမှာလည်း ဤအတိုင်းပင်ဖြစ်သည်။ သို့သော် ထိုစက်ကြီးမျိုး၌ တကြိမ်လျှင် ခုကိန်းတခုတည်းကိုသာမဟုတ်ဘဲ ဆယ်ကိန်း၊ ရာကိန်း၊ ထောင်ကိန်းများကိုပါ တပါတည်းပေါင်းနှုတ်နိုင်အောင် ရှုပ်ထွေးလှသော ဘီးအစီအစဉ်နှင့် မောင်းအစီအစဉ်များဖြင့် တပ်ဆင်ပြုလုပ်ထားလေသည်။

အချို့ဂဏန်းတွက်စက်မျိုးတွင် ချပ်ပြားဝိုင်းများကိုသုံးကြ၍ အချို့တွင် ဒလိမ့်ဘုံးများကိုသုံးကြသော်လည်း မူရင်းသဘောမှာကား အတူတူဖြစ်သည်။ လက်နှိပ်စက်ဖြင့် စာမူတခုကိုကူးရိုက်ဘိသကဲ့သို့ ဆိုင်ရာဂဏန်းများကိုလက်ဖြင့် မှန်ကန်စွာရိုက်နှိပ်သွား၍ မောင်းကိုနှိပ်လိုက်လျှင် အလိုရှိသောအဖြေသည်စာရွက်ပေါ်၌ ရိုက်နှိပ်ပြီးသားထွက်လာသည်။ ယခုခေတ် လျှပ်စစ်ဓာတ်သုံးဂဏန်းတွက်စက်များသည် စာရင်းကိုင် ပညာဆိုင်ရာအတွက်အချက်မျိုးများကိုတွက်ပေးနိုင်သည်။ ပုံသေတွက်ကိန်းတခုကို ဂဏန်းတန်ဖိုးအမျိုးမျိုးနှင့်ရေလဲဖြင့်သုံး၍ တွက်ပေးနိုင်သောဂဏန်းတွက်စက်များကိုလည်း တွေ့ထင်ကြပြီးဖြစ်သည်။ ဆလိုက်ရူးခေါ်သခ်ၤာလျှောတံသည်လည်း ဂဏန်းတွက်စက် တမျိုးပင် ဖြစ်သည်။ (သခ်ၤာလျှောတံ — ရှု။) ထိုကရိယာတွင် စကေးအမှတ် အသားများ ပါရှိသော မျဉ်းတန်းနှစ်ချောင်းပါ၍ တချောင်းက အခြားတချောင်းနှင့်ဘေးချင်းကပ်လျက် ရွေ့ရှားနေနိုင်သည်။ စကေးအမှတ်အသားများမှာ ၁၊ ၂၊ ၃၊ တို့ကဲ့သို့ရိုးရိုးစဉ်တိုက်ကိန်းများနှင့် အချိုးကျကျပြုလုပ်ထားခြင်းမဟုတ်ဘဲ ယင်းတို့၏ လောဂရစ်သမ် များနှင့်အချိုးကျကျပြုလုပ်ထားသဖြင့် ဆလိုက်ရူးဖြင့် အမြောက် အစားများကိုလွယ်ကူစွာတွက်ပေးနိုင်သည်။ ယခုခေတ် ဆလိုက်ရူးများပေါ်၌ နှစ်ထပ်ကိန်း၊ နှစ်ထပ်ကိန်းရင်းများနှင့် တြိဂိုနိုမေတြီအချိုးများကိုပါ အသင့်ဖတ်ယူရရှိနိုင်အောင် ပြည့်စုံစွာ စီမံထားရာ ဂဏန်းတွက်ချက်မှု၌ များစွာအထောက်လှုပေသည်။ (ထပ်ကိန်းနှင့် ကိန်းရင်းများ။ တြိဂိုနိုမေတြီ — ရှု။)



အပေါ်အနုတ်ကုလက်ဖြင့် ရိုက်နှိပ်တွက်ချက်ရသော ဂဏန်းတွက်စက်

ဂဏန်းမသင် လဒ်မမြင်

ကျောင်းသူကျောင်းသား၊ အိမ်ရှင်မမျာ၊ ကုန်သည်ပွဲစား၊ အလုပ်သမား လယ်သမားများနှင့် သိပ္ပံပညာရှင်များပါမကျန် ကြီးငယ်မဟူ လူတိုင်းတတ်အပ်သည့်ပညာတရပ်မှာ ဂဏန်းသင်္ချာဖြစ်၏။ လူတို့၏လုပ်ငန်းဆောင်တာအဝဝတွင်၊ ဂဏန်းသင်္ချာသည်အခြေခံဖြစ်ရကား၊ လူတိုင်းလူတိုင်းဂဏန်းသင်္ချာဗဟုသုတနှင့် ပြည့်ဝရန်လိုအပ်လေသည်။ မည်သည့်နိုင်ငံမဆို စာရေးစာဖတ်အပြင် အတွက်ဟူသောဂဏန်းသင်္ချာအတတ်ကိုပါ မူလအခြေခံဟုသတ်မှတ်သည်။


ဂဏန်းသင်္ချာ။ ။သင်္ချာသည် ရေတွက်ခြင်းကိုပြသည်။ ဂဏန်းသင်္ချာသည် ဂဏန်းဖြင့် ရေတွက်ခြင်း ပညာဟု အဓိပ္ပါယ်ရသည်။ သို့သော်လည်း ဂဏန်းဖြင့် ရေတွက်သည် ထက် များစွာကျယ်ဝန်းလာသော ပညာဖြစ်သည်။ အရေအတွက်တခုခုကို ကိန်းတခုအနေ ဂဏန်းခြေဖြင့် ရေးပြပြီး သည်နောက် ကိန်းချင်းပေါင်းချင်း၊ နုတ်ခြင်း စသော အမှုကိစ္စများကိုဆောင်ရွက်ရာ၌ ကိန်းပြဂဏန်းချင်းပေါင်း ခြင်း၊ နုတ်ခြင်းများကိုလုပ်ဆောင် ရရာ မှင်းကိုပင် ဂဏန်း ဟုက်ခြင်းဟုဆိုကြသည်။ တခါတရံ အတွက်တွက်သည်ဟု ဆိုကြသည်။ (အပေါင်း အနုတ်။ အမြောက် အစား — ရှု။)

ဂဏန်းခြေခေါင်းစဉ်အောက်တွင် ရောမလူမျိုးတို့၏ကိန်း ရေး ကိန်းဖတ်စံနစ်ကိုဖေါ်ပြခဲ့ရာ ယင်းတို့၌အပေါင်းအနုတ် သဘောများ သက်ရောက်နေပြီးဖြစ်သည်ကို ကြည့်ရခြင်း အားဖြင့် လူများသည်ကိန်းများကို မရေးတတ်မီကပင် ပေါင်းတတ်နုတ်တတ်နေသည်ဟုယူဆရန်ရှိသည်။ (ဂဏန်း ခြေ — ရှု။) ရောမလူမျိုးတို့၏ သင်္ချာပညာရပ်၌ တစ်ကို I ၊ ငါးကို V ၊ တဆယ်ကို X ၊ ငါးဆယ်ကို L ၊ တရာကို C ၊ တထောင်ကို M ဟု အမှတ်သညာပြုကြသည်။ ရှစ်ဆယ်ကို တိုတိုဖြင့် ငါးဆယ်နှင့် သုံးဆယ် နှစ်ခုပေါင်းအနေဖြင့် LXXX ဟု ၎င်း၊ ကိုးရာကို၊ တထောင်တရာ လျော့အနေဖြင့် CM ဟုဎင်း ရေးပြခဲ့ကြသည်မှာ အထက်ကဆိုခဲ့သည့်ကိန်း ကိုမရေးတတ်မီ ပေါင်းတတ် နုတ်တတ်သည်ဟူသောအဆိုကို ထောက်ခံလျက်ရှိနေသည်။ အပေါင်း အနုတ်သင်စ ကလေး သူငယ်များသည် လက်ချိုးရေတွက်၍ ပေါင်းခြင်း၊ နုတ်ခြင်း ပြုလုပ်သကဲ့သို့ပင် ရှေးအခါကလူများသည်လည်း ထိုကဲ့သို့ လုပ်ခဲ့ကြသည်ဟု အနောက်နိုင်ငံသင်္ချာသမိုင်းများကဆို၏။ ပေါင်းနုတ်ရန် အကြောင်းပေါ် လာလျှင် လက်တွေ့နည်းဖြင့် လက်ကိုချိုး၍ဖြစ်စေ၊ ရေတွက်ရာ၌ အကူအညီယူခဲ့သည့် ပေသီးခဲ့ကို အသုံးချ၍ဖြစ်စေ၊ အလားတူအကူအညီတမျိုး မျိုးဖြင့်ဖြစ်စေ တွက်ချက်၍အဖြေမျှလောက်ကိုသာ ရေး မှတ်ကြသည်။ နှစ်ပေါင်းများစွာကြာရှိမှ ယခုပေါင်းနုတ် နည်းမျိုးကို ရရှိအသုံးပြုခဲ့ကြခြင်းဖြစ်သည်။ အမြောက် အစားတွက်များကို ဇယားစဉ်များနောက်ကျ၍ ခရစ် ၁၂၀၀ ပြည့်နှစ်လောက်ကမှ ယခုတွက်နည်းမျိုးဖြင့်တွက် နိုင်ခဲ့ကြသည်။ ထိုခေတ်မတိုင်မီက အမြောက်အစားကို တွက်ရန်ရှိလျှင် အဖြေကိုတွေ့သည် တိုင်အောင် ပင်ပန်းကြီး စွာဖြင့် အကြိမ်ကြိမ်ပေါင်းနုတ်၍တွက်ခဲ့ကြသည်ကို ကြည့်ရ သော် လူများသည် အမြောက်အလီဇယားများကို ကောင်း စွာ မတတ်ကြသေးဟူ၍သော်ငင်း၊ ကောင်းစွာအသုံးမပြု တတ်ကြသေးဟူ၍သော်ငင်း ယူဆရသည်။ ရရှိသော အဖြေကို ကိုးဖြင့်ချေ၍ ချိန်ထိုးနည်းဖြင့် မှန်သည် မမှန် သည်ကို စစ်ဆေးကြည့်ရှုလေ့ရှိကြသည်။ မြန်မာတို့၏ ကိုး ကြောင်းတွက်နည်းသည်လည်း ရှေးကျသောနည်း တနည်း ဖြစ်သည်။ ၅ × ၅ အထိ အလီဇယားကို ကျက်မှတ်ထား ပြီးသည်နောက် ၅ × ၅ ဆထက် ၁၀×၁၀ အထိ အမြောက် များကိုတွက်ရာ၌ လက်ချောင်းကလေးများဖြင့် တွက် သောနည်းမှာ ရှေးက ဣတလီပြည်တွင် ပေါ်ပေါက်ဘူး၍ မှတ်သားဖွယ်ကောင်းသည်။ အမြောက်ခံရသည့် ကိန်းကို ၅ ဖြစ်ခဲ့လျှင် လက်ငါးချောင်းထောင်၍ငင်း၊ ၆ ဖြစ်ခဲ့လျှင် လက်တချောင်း ချိုးထား၍ငင်း၊ ၇ ဖြစ်ခဲ့လျှင် လက်နှစ် ချောင်း၊ ၈ ဖြစ်ခဲ့လျှင် သုံးချောင်း၊ ၉ ဖြစ်ခဲ့လျှင် လေး ချောင်း ချိုးထား၍ငင်း၊ လက်တဖက်၌ ပြထားသည်။ မြောက်မည့်ကိန်းကိုမူ အခြားလက်တဖက်၌ ဤစံနစ်အတိုင်း ပြထားပြီးလျှင် ထောင်လျက်နေသောလက်တဖက်မှ လက် ချောင်းအရေအတွက်နှင့် အခြားတဖက်မှ အရေအတွက် တို့ကို မြောက်လျက် လက်နှစ်ဖက်ချိုးထားသော လက် ချောင်းအရေအတွက်၏ ဆယ်ဆနှင့် ပေါင်းလိုက်သောအခါ မြောက်လဒ်ဖြစ်သော အဖြေကိုရရှိသည်။ ပုံစံအားဖြင့် ၇ × ၈ ကို တွက်လိုသောအခါ လက်တဖက်၌ လက် ၂ ချောင်း၊ အခြားတဖက်၌ လက် ၃ ချောင်းကို ချိုးထား၍ဖြင့် ၇ နှင့် ၈ တို့ကို ပြလိုက်သည်။ ထိုအခါ တဖက်၌ ၃ ချောင်းထောင်လျက်ရှိ၍ အခြားတဖက်၌ ၂ ချောင်း ထောင်လျက်ရှိသဖြင့် ၃ × ၂ မှ ၆ ကိုရသည်။ တဖက်၌ ချိုးထားသော လက် ၂ ချောင်းနှင့် အခြားတဖက်၌ ချိုး ထားသော ၃ ချောင်း၊ ပေါင်းလက် ၅ ချောင်းတို့၏ ဆယ်ဆဖြစ်သည့် ၅၀ ကို ၆ နှင့်ပေါင်း၍အဖြေကို ၅၆ ဟုခပ ရသည်။ ဤမြောက်နည်းသည် (၅+က) (၅+ခ)= (၅ − က) (၅ − ခ) +၁၀ (က + ခ) ဟူသော ထပ်ဘူ ညီချက်အရဖြစ်သည်မှာ ထင်ရှားသည်။

ရာပုံ၊ ဆယ်ပုံ၊ ခုပုံများခဲ့၍ရေတွက်ထားသော အရေ အတွက်နှစ်ခုတို့ကို ပေါင်း၍ရေတွက်ရာ၌ ရာပုံချင်းပေါင်း လျက် သီးခြားရေတွက်ခြင်း၊ ဆယ်ပုံချင်းပေါင်းလျက် သီး

ခြားရေတွက်ခြင်းများ ပြုလုပ်သည့်နည်းတူ ယခုခေတ်အရေအတွက်ပြကိန်းများကိုပေါင်းထာ၌ တန်ဖိုးတူများကို တသန့်စီပေါင်းနိုင်စေခြင်းငှာ ခုဂဏန်းများကို တခုအောက်တခုကျနေစေ၍ ဆယ်ဂဏန်းများ၊ ရာဂဏန်းများကလည်း ထိုကဲ့သို့ကျနေစေရန် ကိန်းများကို တခုအောက်တခုစီလျက် ရေးပြီးမှ ပေါင်းကြသည်။ ငွေကြေးမူမတူနှင့် အခြားမူမတူ ကိန်းများကိုလည်း ဤနည်းအတိုင်းပင် ပေါင်းကြသည်။ နုတ်ထာ၌ ချေး၍နုတ်သောတွက်နည်း၊ ကိန်းတူချင်းရော၍ နုတ်သောနည်း၊ လိုသောကိန်းဖြင့် ဖြည့်စွက်ပေါင်းထည့်ပေးသောနည်း စသည်တို့မှ သင့်လျော်ရာနည်းတနည်းဖြင့် တွက်ကြသည်။ အပေါင်း အနုတ်ကို လျင်မြန်စွာတွက်နိုင်ရန် အပေါင်း အနုတ် ဇယားများကို ကျက်မှတ်ထားရသည်။ အမြောက်အစားများကို ကောင်းစွာတွက်ချက်နိုင်ရန်လည်း အလီဇယားများကို ၁၀×၁၀ အထိ ကျေကျေ ကျက်မှတ်ထားရန် လိုအပ်ပေသည်။ ဂဏန်းသခ်ၤာတွင် အပိုင်းဂဏန်း၊ ဒသမဂဏန်း၊ မူမတူတွက်၊ ဈေးတွက်မှစ၍ အတိုးတွက်၊ ရာခိုင်းနှုန်းတွက်၊ ရောင်းရေးဝယ်ရေးဆိုင်ရာအတွက် စသည်ဖြင့် အတွက်မျိုးမြောက်မြားစွာပါရှိသည်။ (အပိုင်း ဂဏန်း — ရှု။)

လူမှုကိစ္စ ကျယ်ဝန်းလာသည်အမျှ တစတစနှင့် နယ်



သက်ကြီးသင်တန်း တတန်းတွင် အဘွက်သင်နေပုံ

ကျယ်လာခဲ့သော ဂဏန်းသခ်ၤာပညာသည် အလွန်ရှေးကျသောပညာတရပ်ဖြစ်သည်။ ရှေးအခါက အချို့သခ်ၤာပညာရှင်များသည် ရောင်းရေး ဝယ်ရေးဆိုင်ရာ ပုစ္ဆာများထက် ဥာဏ်စမ်း ဥာဏ်စကိုစမ်းသောပုစ္ဆာမျိုးများကို ပိုမိုစိတ်ဝင်စားကြသဖြင့် ထိုပညာကိုသင်ကြားကြသူတပည့်များစွာတို့အဖို့ ပျင်းရိငြီးငွေ့ဖွယ်ကောင်းခဲ့ပေမည်။ တွက်နည်းများသည် ရှည်လျား၍ နားလည်ရန် ခဲယဉ်းလှသည်။ ထို့ခေတ်က ဂဏန်းသခ်ၤာတတ်မြောက်လိုသူများသည် တွက်နည်းများနှင့် သခ်ၤာဥပဒေများကို အလွတ်ကျက်မှတ်ထားရသဖြင့် အတွက် တွက်တတ်ရန်မှာ မလွယ်ကူလှပေ။ ယခုခေတ်တွင် ကျောင်းသာသူငယ်၊ ဈေးသည်၊ အလုပ်သမား၊ အလုပ်ရှင်၊ လက်မှုပညာသည်များမကျန် အတွက်အချက်နှင့်မကင်းနိုင်ကြပေ။ သို့သော် သင်ကြားနည်းများကို လွယ်သည်ထက် လွယ်အောင် တစတစ ပြုပြင်လာခဲ့ကြသည့်ပြင် တွက်ရသောအတွက်များမှာလည်း လူများနေ့စဉ်ကြုံတွေ့နေကြရသော ပြဿနာများနှင့်ဟပ်မိလာ၍ စိတ်ဝင်စားဖွယ်ရာဖြစ်လာသဖြင့် ယခုခေတ်တွင် ဂဏန်းသခ်ၤာသည် ရှေးကကဲ့သို့ သင်ကြားရန် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည့် ပညာမျိုး မဟုတ်တော့ချေ။ ဂဏန်းသခ်ၤာသည် အသုံးများ၍ လူထုအား အကူအညီ အများဆုံးပေးသည့် သခ်ၤာပညာ၏အပိုင်းကဏ္ဍတခုဖြစ်သည့်ပြင် လူတို့အားပြဿနာကို ရှင်းရှင်း မြင်စွမ်းနိုင်စေသည့် သတ္တိမျိုးကို ဖွံ့ဖြိုးလာစေရန်ငင်း၊ တ်ကျမှန်ကန်စွာ ဆောင်ရွက်တတ်သော အလေ့အကျင့်ကို ရရှိစေရန်ငင်း၊ ဇွဲနှင့် တည်ကြည်မှုအားများကောင်းလာစေရန်ငင်း အဖိုးတန်သော လေ့ကျင့်ဏ်းတခုအနေဖြင့် အသုံးပြုရန်ကောင်းသောကြောင့် လူတိုင်းတတ်သိအပ်သော အ သုံးလုံး ပညာတရပ်ဖြစ်သည်။

ဂမုန်း။ ။ဂမုန်းဟူသောအမည်မှာ ဥရှိသောအပင်ငယ်များစွာတို့ကို ခြုံ၍ခေါ်သောအမည်ဖြစ်သည်။ အချို့မှာ မြေဦးပေါက်သည်။ အချို့မှာ အပင်ကြီးတွင် တွယ်ကပ်ပေါက်သော ပင်ဆင့်မျိုးဖြစ်သည်။ ပင်ဆင့်မျိုးမှာ ရုက္ခဗေဒအလိုအားဖြင့် ပါရာဆိုက်များဖြစ်သည်။ သာမန်အားဖြင့် ဂမုန်းသည် ပုတင်စာ၊ နန္ဒင်း၊ ဧတာက်တာ စသည်တို့နှင့် အတူ 'ကင်းဖီရီးယား' မျိုးစုတွင်ပါဝင်သည်ဟု ဆိုနိုင်သည်။ သို့သော် မြန်မာအခေါ် ဂမုန်းမှာ အလွန်များပြားလှ၍ ရုက္ခဗေဒ အဖွဲ့တခုတည်းကိုဧ၍ မယူအပ်ချေ။ ကျောက်ကမ်း၊ ဂမုန်းကျမ်းနှင့် ကဝေသာရ ကျမ်းတို့တွင် ဂမုန်းမျိုးပေါင်း ၁၀၉ မျိုး ပြထားပေသည်။

ဂမုန်းပြူ။ ။အမြစ်အဥ ဖြူသည်။ နန္ဒင်းရွက်ကဲ့သို့ အရွက်ရှိသည်။ တနှစ်တခါ နေရာရွှေ့ပြောင်း၍ ပေါက်တတ်သည်။ ဂမုန်းလည် ဟူ၍လည်းခေါ်သေးသည်။



လိပ်ပြာနှင့်တူသော အပွင့်များပွင့်သည့်ကမုန်း

ကမုန်းဖြူကျော်။ ။ထိုကမုန်းကား ခတ္တာပင် ဖြစ်၏။ ကမုန်းခတ္တာဖြူ ဟုလည်းခေါ်သေးသည်။

ကမုန်းနီ။ ။အပင်ရင်းမှာ နနွင်းကဲ့သို့ နီသည်။ အခွံမှာ ဆိတ်ဖူးရွက်ကဲ့သို့ ပြာလဲ့လဲ့ ရှိသည်။ ကမုန်းဥကို ထုံးမှာပေါသော် ထုံးနီသည်။ ဟင်းသပြဒါးကဲ့သို့နီမှ စစ်သည်။ ဥသည် နနွင်းဥ နနွင်းတက်ကဲ့သို့ ရှိသည်။

ကမုန်းနက်။ ။အရွက်သည် နနွင်းရွက်ကဲ့သို့ သဏ္ဌာန်မှာ နက်သည်။ ခေါင်းကားမီးသွေးကဲ့သို့ မည်းသည်။

ကမုန်းကတိုး။ ။အရွက်မှာ လက်ဝါးခန့်ရှိ၍ ရှည်ဝန်းသည်။ မြေနှင့် တထွာတမိုက်ခန့် ကပ်၍ပေါက်တတ်သည်။

ကမုန်း ခတ္တာ။ ။ကမုန်း ကတိုးအရွက်ကဲ့သို့သော အရွက်ရှိသည်။ သို့ရာတွင် အရွက်အနား လက်တလုံးခန့် နီသည်။ မြေပေါ်၌ ဖြစ်စေ၊ အဆောက်အအုံအထက်ဖျား ဆွေးမြေသောနေရာ၌ဖြစ်စေ၊ ကျောက်မြေပေါ်၌ဖြစ်စေ ပေါက်တတ်သည်။ ဥမှာ ကြက်ဥအရွယ်ခန့် ရှိသည်။ အကြောင်၊ အနီ၊ အနက်၊ အဖြူ၊ အရွှေဟူ၍ အရောင်ကိုလိုက်၍ အမည်အမျိုးမျိုး ရှိသည်။

ကမုန်းခွေးလာ။ ။အရွက်မှာလက်မခန့်ရှိ၍ ဆိတ်ဖူး ရွက်ကဲ့သို့ ပြာပြာစိမ်းညိုညို ရှိသည်။ ယင်းကို ဆောင်လျှင် ခွေးချစ်တတ်သည်ဟု ဆိုသည်။

ကမုန်းကြက်လာ။ ။ဆိတ်ဖူးရွက်ကဲ့သို့ ရှိသည်။ စိမ်းချည်ပြာချည် အရောင်ပြေးသည်။

ကမုန်းဝက်လာ။ ။အရွက်ဝမ်းဖက်နီ၍ကျောဖက်မည်းသည်။

ကမုန်းနွားလာ။ ။အရွက် ဝမ်း ဖက် နီ၍ ကျော ဖက် ညို သည်။ အဖြူပြောက်များ ပါတတ်သည်။

ကမုန်းပြောက်ကြီး။ ။နနွင်းပင်နှင့် တူ၏။ အရွက်ညိုရောင် ရှိ၍ အဖြူညှင်းပြောက်ပါသည်။

ကမုန်းပြောက်ငယ်။ ။ဆိတ် ဖူး ရွက် သဏ္ဌာန် အ ရွက် ရှိ ၍ ညှင်းပြောက်ကဲ့သို့ ရှိ၏။

ကမုန်းရစ်။ ။နနွင်းပင်ကဲ့သို့ ရှိ၍ အရွက် နီသည်။ အပြာအစိမ်းအပြောက်များ ပါ၍သည်။ အရွက်မှာထူ၍ အဖျားခွံစိမ်းသည်။

ကမုန်းလင်ပမထွား။ ။အရွက်မှာ ဆိတ်ဖူးရွက်နှင့် တူသည်။ အရွက် ကျဆုဉ် အပင်ပေါက်နိုင်သည်။ အပင် ပုသည်။ အမြစ်ဖျား မြေပေါ်၌ ပေါ်သည်။

ကမုန်းလိပ်မေ့။ ။အရွက်မှာ မဟော်ရာ ပိန်းရွက်နှင့် တူသည်။ အပင်သေး၍ အရွက် တဈပ်တည်းရှိသည်။ အမြစ်တလုံးတည်းရှိ၍ အရိုးကိုဆိတ်သော် နှိစေးယိုထွက်သည်။

ကမုန်း ဆိတ် နား။ ။အရွက်မှာ ခတ္တာရွက်နှင့် တူသည်။ အမြစ်မှာ တမာရွက်နှင့်တူသည်။

ကမုန်းလိပ်လာ။ ။အရွက်မှာ ဆိတ်ဖူးရွက်နှင့်တူ၍ အတွင်းဝမ်းဖက်က အပြောက်ရှိသည်။ အမြစ်တွင် အပေါက်ရှိသည်။

ကမုန်း သဿဝင်။ ။ဇလတ္တာရွက် ကဲ့သို့သော အရွက်ရှိ၍ အမြစ်လုံးသည်။

ကမုန်းကေါသဇင်။ ။အပွင့်ဖြူဖြူအခိုင် ပွင့်သည်။ အနွယ်မျိုး ဖြစ်၍ ရန်လည်း မွေးသည်။

ကမုန်းကာလကဏ္ဍီ။ ။အရိုးအရွက်နှိ၍ ဥတွင် သရက်ကင်းထွက်သည်။

ကမုန်းဆင် ကာလကဏ္ဍီ။ ။ဆေး တ လုံး ပင် ကဲ့ သို့ နိ ၏။ အကြောစိမ်းသည်။ ဥမှာ သရက်ကင်းဥကဲ့သို့ အတက်များပါရှိသည်။

ကမုန်း မြင်း ကာလကဏ္ဍီ။ ။အရိုး၊ အရွက်နှင့် အကြောနီသည်။အရွက်တဖက်စိမ်းသည်။ဥမှာသရက်ကင်းဥနှင့်တူ၏။

ကမုန်းလူ ကာလကဏ္ဍီ။ ။အရွက်မှာ ကြက်သွန်ဖြူရွက်နှင့် တူသည်။ ဥတွင် ကြက်ခြေကဲ့သို့ အရာထင်သည်။

ကမုန်းမ။ ။ရွှေရောင် ရှိ၏။ ကြောင်ပန်းပင်၊ ရှားစောင်းပင်တို့တွင် တွယ်ကပ်ပေါက်တတ်သည်။

ကမုန်းကြက်တောင်စည်း။ ။အပင်မှာ အရင်းစု၍ အဖျားဖွာသည်။ ကြက် တောင် စည်း ကဲ့ သို့ ရှိ သည်။ အ ရွက် ၏ အရောင်အဆင်းမှာ စိမ်းပြာပြာ ရှိသည်။ ချွန်သည်။ အမြစ်မှာ ခြခေါင်းကဲ့သို့ ရှိသည်။

ကမုန်းကြက်တောင်။ ။အရွက်မှာ ချွန်း၍ ကြက်တောင်နှင့် တူသည်။ ဝေ့းသီးကဲ့သို့ ဥတလုံးတည်း ရှိသည်။

ကမုန်းကြက်ညှတ်ငယ်။ ။အညွှန့် အနွယ် ဝက်ကျွတ်ရွက်ကဲ့သို့ရှိ၍ အရွက်ကား သစ်လက်ရွေရွက်ကဲ့သို့ ရှိသည်။




အာ၍အိမ်များတွင် အလှစိုက်ပျိုးလေ့ရှိကြသော ဒေါင်းဂမုန်းအဖို



လှပသောအပွင့်များဖြင့်ဝေဆာလျက်ရှိသောဂမုန်းခတ္တာ



ညှိသည်လာဇေတတ်သည်ဆိုသောဂမုန်းညှိလာ



ဆေးဖက်ဝင်သည် ဟုဆိုသောဂမုန်းကွင်းထိုး

ဂမုန်းစမ္မာ။ ။နွားမြက်ရင်းရွက်နှင့် တူသော အရွက်ရှိသည်။ အရွက်ထူ၍ အရိုးစိမ်းသည်။ အမြစ်စုစုလုံးလုံးရှိသည်။ အစေးထွက်သည်။ ဂမုန်းစပါးလည်းဟူ၏။

ဂမုန်းကြက်ခေါင်း။ ။အရွက်မှာ ကြက်တောင်နှင့်တူ၍ သွယ်လျားသည်။ အဆောင်နီကြန့်ကြန့်ရှိသည်။

ဂမုန်းလက်ညှိုး။ ။အရွက်မှာလက်ညှိုးသဏ္ဌာန်ရှိသည်။ သစ်ပင်ထက်၌ရှင်း၊ ကျောက်မြေပေါ်၌ရှင်း ပေါက်လေ့ရှိသည်။

ဂမုန်းကြက်မြီး။ ။အရိုးမှာကြက်မြီးသဏ္ဌာန်သွယ်သည်။ အရွက်မရှိ။ သစ်ပင်ထက်၌ရှင်း၊ ကျောက်မြေပေါ်၌ရှင်း ပေါက်လေ့ရှိသည်။

ဂမုန်းသဘော်ကာလကတ္တီ။ ။အပင်မှာ ဆေးတလုံး ပင်နှင့်တူသည်။ အဖြူအနီ ၂ မျိုးရှိသည်။ အရိုးကိုဆိတ်သေ့နို့စေးယိုထွက်သည်။

ဂမုန်းကျီးခြေကြီး။ ။အရွက်မှာ ကျီးခြေသဏ္ဌာန်ရှိသည်။ ကျောက်ပေါ်တွင်ပေါက်တတ်သည်။

ဂမုန်းကျီးခြေငယ်။ ။အရွက်မှာကျီးခြေသဏ္ဌာန် အခက် ၂ ခွရှိသည်။ အပင်တထွာခန့်မြင့်သည်။ အင်တိုင်းများတွင်ပေါက်တတ်သည်။

ဂမုန်းသံဆက်။ ။အရွက်မရှိ။ အမြစ်ထွေးလိမ်နေတတ်သည်။ အဖြူအနီ ၂ မျိုးရှိသည်။ ဂမုန်းလက်ဆောင်လည်းခေါ်သည်။

ဂမုန်းကျောက်ငို။ ။ဂမုန်းကျောက်သို ဟုလည်းခေါ်သည်။ တွေ့ရခဲသည်။

ဂမုန်းကိုယ်ရံကြီး။ ။ခတ္တာပင်နှင့်တူသည်။ အရွက်မှာဆယ်သွားရွက်ခန့်ကြီးသည်။ ဥမှာကြက်သွန်ဖြူခန့်ရှိသည်။

ဂမုန်းရန်မီး။ ။အရွက်မှာခတ္တာရွက်နှင့်တူသည်။ အပင်မကြီးတွင် အပင်ငယ်များရံ၍ ပေါက်တတ်သည်။ တခါတရံ တဝက်သာရံသည်။

ဂမုန်းရန်လွတ်။ ။ဂမုန်းရန်မီးကဲ့သို့ အပင်ငယ်များရံ၍ ပေါက်တတ်သည်။ ယင်းဂမုန်းပင်ပတ်လည်၌ သစ်သားခြုံစိုက်၍ထားပါက တနှစ်လည်သော်ခြုံပြင်ဖက်၌ ပင်ပွားပေါက်သည်။

ဂမုန်းခတ္တာဖြူ။ ။အထက်ကပြခဲ့သောဂမုန်း ခတ္တာကိုကြည့်ပါ။

ဂမုန်းခတ္တာရွှေ။ ။အထက်ပါအတိုင်းကြည့်။

ဂမုန်းလဝန်း။ ။အရွက်မှာကဲ့ကော်ရွက် သဏ္ဌာန်ရှိ၍ တည်ခိုင်ရှည်သည်။ အမြစ်စုသည်။ ဥမှာကြက်သွန်ဖြူခန့်ရှိသည်။ အဆစ်တိုင်း အညှန့်ထွက်၍ အမြစ်ဖွားလည်းထွက်သည်။

ဂမုန်းလဝန်းကြီး။ ။ကြက်သွန်ဖြူခေါင်းကဲ့သို့၊ ကတောက်ရွက်ကဲ့သို့ရှိသည်။

ဂမုန်းကြက်တူရွေး။ ။သစ်ပင်မျှးတွင်ကပ်၍ ပေါက်သည်။ မရန်းရောင်အပွင့်ခိုင်များပွင့်သည်။ အရွက်ရှည်လျားသည်။

ဂမုန်းနှင်းပန်း။ ။အရွက်သွယ်သည်။ ကြက်သွန်ပွင့်ကဲ့သို့အဖြူပွင့် ပွင့်သည်။ အပွင့်ရိုးတံရှည်သည်။

မီးကွင်းဂမုန်း။ ။အုံလိုက် ရုံလိုက်ရှိသည်။ အရွက်ရှည်သည်။ ယင်းကိုစိုက်ပျိုးထားလျှင် မီးကွင်းသည်ဟုဆိုသည်။

ဂမုန်းညိုလာ။ ။အရွက်ရှည်လျား၍ အဖျားတွင်ချွန်သည်။ ပင်ခြေစု၍ ပင်ဖျားကားသည်။ ယင်းကိုစိုက်ပျိုးထားလျှင် ညိုသည်များတတ်သည်ဆိုသည်။

ဂမုန်းညိုလန်။ ။အပင်သဏ္ဌာန်မထင်ရှား။ ယင်းကိုစိုက်ပျိုးထားလျှင် ညိုသည်ပါးသည်ဟုဆိုသည်။

ဂမုန်းကွင်းထိုး။ ။အရွက်များမှာ အလိပ်လိုက်ထွက်လာ၍ တရွက်နှင့်တရွက်ငုံကာ အငုံမပြန့်မီ အတွင်း နောက်တရွက်ထွက်သည်။ ယင်းဂမုန်းမှာအပင်အနည်းငယ်ကြီးမှ ဤသို့အရွက်ကွင်းထိုးသည်။ အပင်ပေါက်စတွင် အရွက်သီးခြားထွက်သည်။

ဂမုန်းဖား။ ။ဖားပြုပ်သဏ္ဌာန်ဥရှိသည်။

ဂမုန်းဘီလူး။ ။အပင်သဏ္ဌာန်မထင်ရှား။ ယင်းအပင်မှာဘီလူးစောင့်သည်ဟုဆိုသည်။ အပင်စိုက်လျှင် နှစ်စဉ်အသားနှင့်မြေကိုထု၍ မြေစာကျွေးရသည်။ အိမ်ကိုစောင့်ရှောက်သည်ဟုဆိုသည်။



နွားဂမုန်းခေါင်နေမင်းဂမုန်း။

ဂမုန်းပင့်ကူ။ ။အပျင်သဏ္ဌာန်မထင်ရှား။ ဥမှာပင့်ကူသဏ္ဌာန် အမြစ်တက်များဖြာထွက်သည်။ အဆိပ်ပြေစေတတ်သည်ဟုဆိုသည်။

ဒေါင်းဂမုန်း။ ။ယင်းမှာ အဖိုအမ ၂ မျိုးကွဲပြားသည်။ အရွက်မှာ လက်ဝါးခန့်ဝန်းသည်။ အရွက်တွင် ဒေါင်းမြီးသဏ္ဌာန် အနီညိုနှင့်အဖြူကွက်များရစ်၍ပါရှိသည်။ အရွက်တွင် အလယ်ရစ်နှင့် အနားရစ်ကို ခွဲခြား၍ အဖိုအမဟု သိရသည်။ ညဉ့်အချိန်တွင် အရွက်များယှက်၍ ဘုရားရှိခိုးဟန်ပိတ်၍အိပ်သည်။

ကွမ်းစားဂမုန်း။ ။အပင်သဏ္ဌာန် မထင်ရှား။ ဥမှာ အတောင့်သဏ္ဌာန်ရှိသည်။ မွေးကြိုင်၍ ကွမ်းစားထုတွင် ထည့်၍ စားလေ့ရှိသည်။

နဂါးဂမုန်း။ ။နဂါးစက်ပင်ဟုလည်း ခေါ်သည်။ အရွက်တတောင်ကျော်ခန့်ရှည်၍ အဝါရစ်အနားရှိသည်။ အရွက်တွင် အပြာပြောက်၊ အဖြူပြောက်များလည်း ရှိသည်။

ဂမုန်းကိန္နရာ။ ။အပင်သဏ္ဌာန် မထင်ရှား။ ယင်းအပင်မှာ ညအခါလေမလာဘဲ အလိုအလျောက်ယိမ်းယိုင်ကာနေတတ်သည်ဟု ဆိုသည်။ လူသိကြားလျင် အကရပ်သည်။

ဂမုန်းကျေးမြီး။ ။အရွက်သည် ကျေးတို့၏ သဏ္ဌာန်နှင့်တူ၏။ ကြက်သွန်ဖြူကဲ့သို့လည်း ရှိ၏။

ဂမုန်းကြွက်မြီး။ ။အရွက် ကြွက်မြီးသဏ္ဌာန် ရှိသည်။ ကျောက်တွင် သစ်တွင် သင်တွင် ပေါက်တတ်၏။

ဂမုန်းကြွက်လျှာ။ ။ဆိပ်ဖူးရွက်သဏ္ဌာန် ပြာပြာစိမ်းစိမ်းရှိသည်။

ဂမုန်းခတက်။ ။ဂမုန်းကတိုး ရွက်ကဲ့သို့ အတွင်းအနားလက်မ တလုံးခန့် ရေးရေးနီသည်။ မြေတွင် ခပ်ပြားပြားပေါက်သည်။ ကျောက်တွင်လည်း ပေါက်သည်။

ဂမုန်းခြကောင်။ ။အရွက် ကြွက်တောင်ကဲ့သို့ သွယ်၏။ နီ၏။ အမြစ်အဖု ခြကောင်ကဲ့သို့ ဖွေးဖွေးဝါဝါရှိ၏။

ဂမုန်းခြံလွတ်။ ။သဃ်ာစင် ခေါင်းကဲ့သို့ ပေါက်သည်တွင် တဝက်သာ အပင်ငယ်ရံမိသည်။ တံခါးလည်းရှိသည်။ စစ်မစစ်ကိုသိလိုသော် သစ်ချွန်လည်၍စိုက်။ တနှစ်လည်လျှင် ၈ ပြင်သို့ထုတ်၍ ပေါက်၏။

ဂမုန်းဆိတ်နား။ ။ခတ္တာရွက်ကဲ့သို့ရှိသည်။

ဂမုန်းဆိတ်ဖြူ။ ။ဝက်ကျတ်ရွက်ကဲ့သို့ အရွက်အညွှန့်တိုင်းဆူးရှိ၏။ ဆိတ်သော် နို့ရည်ကဲ့သို့ အစေးထုတ်၏။

ဂမုန်းညှင်းပြောက်ငယ်။ ။ဆိတ်ဖူးရွက်ကဲ့သို့ မြေတွင်ပျုပ်ပျုပ်ဝပ်၍ အရွက်၌ ညှင်းပြောက်ရှိသည်။

ဂမုန်းတိမ်ပြာ။ ။ဥကိုခဲ့ကြည့်လျှင် ပြာသောအရောင်ရှိ၏။

ဂမုန်းစကား။ ။ဆိတ်ဖူးရွက်ကဲ့သို့ အတွင်းပြောက်သည်။ လက်ယပ်သကဲ့သို့ ဝီစိလှုပ်လှုပ်ရှိသည်။

ဂမုန်းနန္ဒင်း။။ ။အလုံးအဖုအမြစ်ရှိသည်။ အပင်အရွက် တနှစ်တခါလဲသည်။

ဂမုန်းပြဿဒ်။ ။အကြောညိုရာတွင် အဖြူရောင်ပျော့ပျောရှိ၏။

ဂမုန်းရှင်သူငယ်။ ။ဆေးတလုံးပင်ကဲ့သို့ရှိ၏။ ငှက်ပျောရွက်ကဲ့သို့ အဖျားက တိတိဝန်းဝန်းရှိ၏။ အရွက်နီ၏။ ခေါင်းမှာငှက်ပျောခေါင်း၊ ပိန်းခေါင်းကဲ့သို့ ရှိ၏။

ဂမုန်းရွေ့သွယ်။ ။အပ်လုံးခန့်၊ ဝင်ရိုးလုံးခန့် သဏ္ဌာန်ရှိ၏။ အရွက်မရှိ။ ထွေးထွေးနေသည်။

ဂမုန်းလက်ဆက်။ ။ဂမုန်းလက်ယှက်လည်းခေါ်၏။ ဝက်ကျတ်ရွက်ကဲ့သို့ သဏ္ဌာန်တူ၏။ အမြစ်အစု စုရုံရှိဘတ်၏။

ဂမုန်းအင်္။ ။နတ္တောလတွင် သစ်ပင်ကြီးများပေါ်၌ပင့် တတ်သော ဂမုန်းဖြစ်သည်။

ဥရောပတိုက်၌ ယဉ်ကျေးမှု ပေါ်ထွန်းရာ ဇာစ်မြစ်ဒေသ

ဂရိနိုင်ငံသည် ရှေးခေတ်အခါက ယဉ်ကျေးမှုအရာတွင် ထိပ်တန်းသို့ရောက်ခဲ့သည်။ ကမ္ဘာ့ အနောက်ပိုင်းဒေသ ယဉ်ကျေးမှု၏ အရင်းခံမှာ ဂရိယဉ်ကျေးမှုဖြစ်၏။ ဒီမိုကရေစီဝါဒသည် ဂရိတို့ထံမှ ဆင်းသက်သောဝါဒဖြစ်သည်။ ခေတ်သစ် သိပ္ပံပညာအဝေမှာလည်း အတွေးအခေါ် အမြော်အမြင်ရင့်သန်သော ဂရိပညာရှင်တို့၏ကျေးဇူးကြောင့် ထွန်းကားလာခြင်းဖြစ်၏။

ဂရိနိုင်ငံ။ ။ဂရိနိုင်ငံသည် ဥရောပတိုက်တောင်ပိုင်း ဗော်လကန်ကျွန်းဆွယ်ပေါ်၌တည်ရှိ၍ လွတ်လပ်သောနိုင်ငံ ဖြစ်သည်။ ၅၁,၄၆၆ စတုရန်းမိုင်ကျယ်ဝန်း၍ လူဦးရေမှာ ၁၉၅၁ ခုနှစ် သန်ကောင်စာရင်းအရ ၇,၆၀၇,၅၉၉ ယောက်ခန့် ရှိသည်။

ဂရိကျွန်းဆွယ်သည် လူတို့ယဉ်ကျေးမှုစတင်ပေါက်ပွားရာဒေသဖြစ်သော အာရှမိုင်းနား ကုန်းဖက်သို့ ရှေးရှုကာ မြေထဲပင်လယ်ထဲသို့ ထိုးဆင်းလျက်ရှိသည်။ ဥရောပတိုက်၏ ကျွန်းဆွယ်မကြီး ၃ ခုအနက် အရှေ့ဖက်ဆုံး ကျွန်းဆွယ်တခုဖြစ်သည်။ ဂရိကျွန်းဆွယ်နှင့် အာရှမိုင်းနားကုန်းမကြီး အကြားရှိ ပင်လယ်သည် ရာပေါင်းများစွာသော ကျွန်းငယ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ထိုကျွန်းငယ်များသည် ဂရိကျွန်းဆွယ်မှယဉ်ကျေးမှုထွန်းကားသော အာရှတိုင်းပြည်များသို့ သွားရောက်ရာ လှေကားထစ်များသဖွယ် တည်ရှိခဲ့သည်။ (ဂရိကျွန်း — လည်းရှု။်) ထိုကြောင့် ရှေးအခါက အာရှတိုက်၏ယဉ်ကျေးမှုတို့သည် ထိုကျွန်းငယ်ကလေးများမှတဆင့် တဆင့်ကူး၍ ကူး၍ ဂရိတိုင်းပြည်ဖက်သို့ ရောက်ရှိသာခဲ့ရပေသည်။



ဂရိလူမျိုးတို့၏ အက်သင်းမြို့ တော် ဟောင်းတည်နေဟန်ကို ပန်းချီဆရာကစိတ် မှန်းဖြင့်ဆွဲထားသည်။

ဂရိကျွန်းဆွယ်၏ ကမ်းခြေသည် အကွေ့အကောက် အပြတ်အတောက်ပေါများလှသဖြင့် ဂရိနိုင်ငံ၏မည်သည့် အပိုင်းမဆို ပင်လယ်နှင့်နီးကပ်စွာရှိသည်။ ဂရိလူမျိုးတို့ သည်ပင်လယ်ထဲ၌ စွန့်စားသွားလာတတ်သဖြင့် အခြား တိုင်းပြည်များသို့ သွားရောက်နိုင်ကြသည်။ တိုင်းတပါး သားများနှင့် အဆက်အသွယ်ရှိလာ၍ နှီးကြားထိကြံ့သော လူမျိုးဖြစ်လာကြသည်။ သူတို့တိုင်းပြည်သည် အာရှနှင့် အီဂျစ်ယဉ်ကျေးမှုမျိုးစေ့များ ဝေဆာပေါက်ရောက် ပွင့်ဖူး နိုင်သော လယ်ယာမြေကောင်းသဖွယ်ဖြစ်လာသည်။

တောင်ထူထပ်သော တိုင်းပြည်ဖြစ်သဖြင့် ထွန်ယက်စိုက် ပျိုးလုပ်ကိုင်နိုင်သော မြေများကိုတောင်ကြားများ၌သာ အနည်းငယ် ကွက်တိကွက်ကျား တွေ့ရသည်။ မြေပြန့်အရပ် များ၌ သစ်တောများနှင့် မြက်ခင်းပြင်များရှိသည်။ သစ် တောများမှ ထင်းအတွက်မီးသွေးရ၍ မြက်ခင်းပြင်များ ပေါ်၌ အသက်ဆက်နိုင်သော သိုးနှင့်ဆိတ်များကို မွေးမြူ ကြသည်။ ဂရိလူမျိုးတို့ အစာအာဟာရမှာ အများအား ဖြင့် ငါးဖြစ်သည်။ စိုက်ပျိုးနိုင်သမျှသော မြေကွက်များ၌ ဂျုံ၊ စပျစ်ပင်နှင့်သံလွင်ပင်များစိုက်ပျိုးကြသည်။

•

ဂရိလူမျိုးတို့ရောက်လာပုံ

ဂရိတို့ကား ရှေးပဝေဏီက • ဥရောပတိုက်အလယ်ပိုင်း ကက်စပျန်ပင်လယ်အနီးမှ အရှေ့ဖက်နှင့်အနောက်ဖက်သို့ ပြောင်းရွှေ့သွားကြသော အာရိယန်လူမျိုးဟူ၍လည်းခေါ် သည့်အင်ဒိုယူရိုပီယန်လူမျိုးတို့၏အဆက်အနွယ်များဖြစ်ကြ ၏။ သူတို့သည် ဘီစီ ၁၅၀၀ ပြည့်နှစ်ကျော်လောက်မှစတင် ၍တောင်ဖက်သို့ အစုလိုက်အအုပ်လိုက် ပြုံ၍ဆင်းလာကြ ၏။ ထိုအချိန်က အီးဂျီးယန်း ပင်လယ်ထဲရှိ ကျွန်းစုများ (အထူးသဖြင့်ဂရိကျွန်းဆွယ်) ၌ နေထိုင်ကြသော လူမျိုးတို့ မှာအတော်အတန် ယဉ်ကျေးနေကြပြီဖြစ်သည်။ (အီးဂျီး ယန်းယဉ်ကျေးမှု — ရှု။) ပင်လယ်ထဲ၌ ဖီနီရှန်လူမျိုးတို့ သည် ရွက်သဘော်များလွှင့်ကာ သွားလာရောင်းဝယ်နေ ကြ၏။ ဂရိတို့သည် ဥရောပတောင်ပိုင်းသို့ ရောက်လာစက သိုးဆိတ်များကို ထိန်းကျောင်းရန်သာ ကျွမ်းကျင်သော လူရိုင်းများဖြစ်ကြ၏။ နောက်မှ ဖီနီရှန်စသော လူမျိုးများ နှင့်တွေ့ကြုံရောနှော ဆက်ဆံရသဖြင့် ယဉ်ကျေးလာကြ၏။ အိုးအိမ်အတည်တကျနှင့် နေထိုင်တတ်၍ လယ်ယာစိုက်ပျိုး လုပ်ကိုင်လာကြ၏။ အုပ်စုများဖွဲ့၍ ရှင်ဘုရင်များ၊ ရပ်ရွာ အကြီးအကဲများ၏ အမိန့်ကိုနာခံလာကြ၏။ ဖီနီရှန်တို့ ထံမှ စာရေးစာဖတ်အတတ်ကို သင်ကြားကြ၏။ (ဖီနီရှန် လူမျိုး — လည်းရှု။)

ဟိုးမား အမည်ရှိ နာမည်ထင်ရှားသော ဂရိစာဆိုကြီး သည် 'အစ်လယက်' နှင့် 'အော့ဒိဆီ' အမည်ရှိသောစွန့်စား ခန်းကဗျာကြီးများကို အလွန်စိတ်အားတက်ကြွဖွယ်ရာ စကားလုံးများဖြင့် စပ်ဆိုခဲ့ပေသည်။ ဟိုးမား၏ကဗျာထဲ



ဂုဒိန့်ငံ့ ကူးသန်းရောင်းဈေးတွင် အထွေထွေလှည့်သော ကောရင့်တူးမြောင်း၊

တွင် ဂရိတို့စစ်တိုက်ဝါသနာပါပုံ၊ ဖိနိုရှန်လူမျိုးတို့ကို အတုယူ ၍တောက်ပြောင်သော အဝတ်အထည်၊ လက်ဝတ်လက်စား များ ဝတ်ဆင်ထားလေ့ရှိပုံများကို စပ်ဆိုထား၏။ 'အစ် လယက်' ကဗျာထဲ၌ ဂရိတို့သည် စည်းလုံးညီညွတ်၍ အာရှ မိုင်းနား ပြည်မပေါ်ရှိ ထရွိုင်မြို့သို့ သွားရောက်တိုက်ခိုက် ကြပုံကို ဖေါ်ပြထား၏။ (ထရွိုင်မြို့ပုံပြင် — ရှူ။) သို့ရာ တွင် ဂရိတို့သည် ဇာတိအားဖြင့် စည်းလုံးညီညွတ်သော လူမျိုးမဟုတ်ကြချေ။ တောင်တန်းများက လူတစုနှင့် တစုကို ခွဲခြားထားသဖြင့် ဂရိနိုင်ငံမှာ နိုင်ငံငယ်များဖြင့် အစိပ်စိပ်အမြှာမြှာကွဲလျက်ရှိ၏။

ထိုနိုင်ငံငယ်များသည် မြို့သာသာမျှ ကျယ်ဝန်း၏။ အက်သင်းမှတပါး အခြားဂရိနိုင်ငံငယ်များမှာ လူဦးရေ ၂၀,၀၀၀ ထက်မပိုချေ။ ထိုနိုင်ငံငယ်ကလေးများအနက် အနည်းငယ်သောနိုင်ငံများက နယ်ချဲ့ထွင်ခဲ့ကြသည်။ အက် သင်းနိုင်ငံငယ်သည် အက်တစ်ကာလွင်ပြင်တခုလုံးကို စိုးပိုင် ခဲ့၏။ စပါးတားနိုင်ငံကလည်း လာကိုးနီးယားနှင့် မဆီးနီး ယားနယ်များကို သိမ်းယူခဲ့၏။

အာရှမိုင်းနားပြည်၏အနောက်ဖက်ကမ်းခြေတလျှောက် ၌ ဂရိမြို့ပြ ပြည်ရွာများကို တွေ့ရသည်။ အာဖရိကဘိုက် အီဂျစ်ပြည်၊ စစ္စလီကျွန်းနှင့် ဣတလီပြည်တောင်ဖိုင်းသို့ လည်း ဂရိလူမျိုးတို့ သွားရောက်နေထိုင်ကြ၏။

အက်သင်းကဲ့သို့သော ဂရိနိုင်ငံငယ်ကလေးများကို ပဌမ တွင် ရှင်ဘုရင်များကအုပ်ချုပ်၏။ ဘီစီ ၈၀၀–၇၀၀ ခုနှစ်၌ ဘုရင် များ ပျောက်ကွယ်သွား၍ လူနည်းစု အုပ်ချုပ်သော 'အော်လီဂါးကီး' အစိုးရစံနစ် ပေါ်လာ၏။ ထိုအခါ၌ ကား မြေပိုင်ရှင် သခင်း သူကြွယ်များ လက်ထဲသို့ နိုင်ငံရေး အာဏာ'ရောက်သွား၏။ ထိုနောက် မြေပိုင်ရှင်များသည် အချင်းချင်း အာဏာလုကြ၏။ ဆင်းရဲသားများကလည်း ဖိနှိပ်မှုကိုမခံမရပ်နိုင်ဖြစ်လာကြ၍ မကြာမီလူတဦးတည်းက အာဏာဖြင့် အုပ်စိုးသည့် 'တစ်ရင်နှီ' အစိုးရစံနစ် ဖြစ်ပေါ် လာလေသည်။ ထိုစံနစ်အရ အုပ်စိုးသော ဘုရင်တို့သည် မင်းဆွေမင်းမျိုးထဲမှမဟုတ်စေကာမူ တိုင်းသူပြည်သားတို့ အား မိမိတို့၏ အခွင့်အရေးအတွက် မျက်စိဖွင့်ပေးသူများ ဖြစ်၍ဒီမိုကရေစီဝါဒကို လမ်းခင်းရာရောက်ပေသည်။ (ဒီမို ကရေစီ — ရှူ။)


ဘီစီ ၅၀၀ ပြည့်နှစ်အစလောက်တွင် အက်သင်းမှာ ဒီမို ကရေစီနိုင်ငံဖြစ်လာလေသည်။ ဘီစီ ၆၂၁ ခုနှစ်၌ ဒရေးကိုး ဆိုသူသည် အစဉ်အလာ တရားဥပဒေများကို စုဆောင်း၍ ဂရိတရားဥပဒေများကို အဦးဆုံး ရေးသားခဲ့လေသည်။ ထိုတရားဥပဒေများမှာ ပြင်းထန်လွန်းသဖြင့် ဆင်းရဲသား များမှာ ဒရေးကိုး၏ တရားဥပဒေများကြောင့် မကျေမနပ် ဖြစ်လာကြ၏။ ထိုနောက် ဆိုလွန်အမည်ရှိသော ပညာရှိ

တဦးက ဆင်းရဲသားများအား သက်သာစေမည့် ဥပဒေများရေးဆွဲခဲ့၏။ (ဆိုလွန် — ရှု။) သို့ရာတွင် ဘီစီ ၅၆၁ ခုနှစ်၌ ပိုင်ဆစ်ထရက်တပ် ဆိုသူသည် အုပ်ချုပ်ရေးအာဏာကို ရရှိသွား၍ နှစ်ပေါင်း ၃၀ တိုင်တိုင် အက်သင်းနိုင်ငံကို အုပ်ချုပ်လေသည်။ သူ၏လက်ထက်၌ တိုင်းပြည်စည်ပင်ပေပြောသည်။ သူကွယ်လွန်သောအခါ သား ၂ ယောက်က တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ရန်ကြံစည်ကြ၏။ သို့ရာတွင်တယောက်မှာအာဏာတ်ခံရ၍ တယောက်မှာတိုင်းပြည်မှ နှင်ထုတ်ခြင်းခံရလေသည်။ ဘီစီ ၅၀၉ ခုနှစ်လောက်၌ကား ကလိုက်သီးနှီး ဆိုသူရေးဆွဲသော ဥပဒေသစ်များကြောင့် မြေပိုင်ရှင်ကြီးများ တန်ခိုးမွေးမှိန်ရပြီးလျှင် လူထုဆန္ဒအရ အုပ်ချုပ်ရေးစံနစ် တည်မြဲလေတော့သည်။


စပါးတားနိုင်ငံငယ်၏ အုပ်ချုပ်ပုံစံနစ်ကား အက်သင်းနှင့်လုံးဝမတူချေ။ စပါးတား၌ ခေါင်းဆောင် ၂ ယောက် တပြိုင်တည်းအုပ်ချုပ်၏။ စပါးတားနိုင်ငံသည် စစ်တပ်သဖွယ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်၏။ ပယ်လိုပွန်နီးဆပ်ကျွန်းဆွယ်တခုလုံးကို စပါးတားတို့က သိမ်းပိုက်ထား၏။ စပါးတားနိုင်ငံနှင့်အက်သင်းနိုင်ငံတို့မှာဂရိကျွန်းဆွယ်ပေါ်၌ ဗိုလ်လုရန် အချင်းချင်းစောင်နေသော နိုင်ငံများဖြစ်လေသည်။ သို့ရာတွင် သူတို့အချင်းချင်း ပဋိပက္ခမဖြစ်မီ ပင်လယ်ရပ်ခြား တိုင်းတပါးမှ ပါးရှင်းလူမျိုးတို့နှင့် စစ်ဖြစ်ကြရ၏။ ပါးရှင်းစစ်ပွဲများ ပြီးစီးသောအခါ အက်သင်းနိုင်ငံမှာ တဖြည်းဖြည်း တန်ခိုးကြီးလာလေသည်။ ပါးရှင်းရန်ကို စုပေါင်းတွန်းလှန်ရန် အာရှမိုင်းနားနှင့်အီးဂျီးယန်းကျွန်းများပေါ်ရှိ ဂရိလူမျိုးအားလုံးပါဝင်သော ဒီးလီယန်အဖွဲ့ကို ဖွဲ့စည်းရာ ထိုအဖွဲ့ကိုခေါင်းဆောင်သည့်နိုင်ငံမှာ အက်သင်းနိုင်ငံဖြစ်သည်။ နောက်မကြာမီ ဒီးလီယန်အဖွဲ့သည် အက်သင်းအင်ပိုင်ယာကြီးဖြစ်လာသည်။

အက်သင်းမြို့တော်ကြီးမှာလည်း များစွာကြွယ်ဝချမ်းသာလာသည်။ လူဦးရေတိုးလာ၍ အတတ်ပညာများလည်း ထွန်းကားလာသည်။ ပဲရီးကလီး (ဘီစီ ၄၆၀–၄၃၀) လက်ထက်၌ အက်သင်းမှာ အထွတ်အထိပ်သို့ရောက်ခဲ့ရာ အက်သင်းမြို့သူမြို့သားများမှာ ယဉ်ကျေးမှုတွင် အလွန်အဆင့်အတန်းမြင့်လာကြသည်။ (ပဲရီးကလီး — လည်းရှု။)

သို့ရာတွင် အက်သင်းနိုင်ငံ၏သမိုင်းကို အစွန်းထင်းစေသောအချက်တရပ်မှာ နိုင်ငံလူဦးရေ၏ ၅ ပုံ ၂ ပုံ လောက်က ဧဝေယျကျွန်ဖြစ်နေခြင်းပင်ဖြစ်သည်။ အက်သင်းနိုင်ငံသားများမှာ ကျေးကျွန်များကို မှီခိုအားထားနေရသည်။ ကျွန်များကို အလုပ်လုပ်ခိုင်းသဖြင့် ကြွယ်ဝချမ်းသာလာပြီးလျှင် အေးအေးသက်သာနေနိုင်ကြသည်။ သူတို့သည်စစ်ပွဲများ၌



ဘီစီ ၅၀၀ ခန့်ကကျင်းပခဲ့သော အက်သင်းမြို့ရွေးကောက်ပွဲတွင်မြို့သားများမဲဆန္ဒပေးနေပုံ



ဂရြိ ထဲ ပင် လယ်

ရှေးဂရိနိုင်ငံမြေပုံ

ရှေးခေတ်ဂရိနိုင်ငံတွင်အီးဂျီးယန်းပင်လယ်ရှိကျွန်းစုများ၊ အာရှမိုင်းနားအနောက်ဖက်ကမ်းရိုးတန်းဒေသများ၊ ကရိကျွန်း၊ စစ္စလီကျွန်း၊ ဣတလီတောင်ပိုင်းတို့ပါဝင်ကြသည်။

ဖမ်းဆီးရမိသော ရန်သူများကို ကျွန်အဖြစ်ရောင်းချကြသည်။ အခြားတိုင်းပြည်မှလူငယ်များကို တိတ်တိတ်ခိုးယူ၍လည်း ကျွန်ကုန်ကူးကြသည်။

အက်သင်းနိုင်ငံသားများသည် ကျွန်များကို ခိုင်းစေနိုင်၍ သက်သက်သာသာ ရှိကြသော်လည်း သူတို့၏နေထိုင်စားသောက်မှုမှာ များစွာအဆင့်အတန်းမြင့်သည်ဟု မဆိုနိုင်ချေ။ အိမ်များမှာပြတင်းပေါက်မရှိ။ လမ်းများလည်း ကျဉ်းမြောင်းကွေကောက်၏။ မိုးတွင်း၌ လမ်းသွားမရနိုင်အောင် ရွှံ့ပုက်များဖြင့် ပြည့်နှက်နေ၏။ အမှိုက်သရိုက်များကို အိမ်ရှေ့လမ်းပေါ်၌သာ ပစ်ထားကြ၏။

ဂရိတို့သည် ထိုသို့ အနေအထိုင်မသန့်ရှင်းသော်လည်း ကျန်းမာရေးကို အလွန်လိုက်စားကြ၏။ အိုလင်းပပ်တောင်ခြေ၌ ၄ နှစ်တကြိမ်ကျ ကစားခုန်စားပွဲကြီးတခု ကျင်းပလေ့ရှိကြ၏။ ထိုကျန်းမာရေးကစားပွဲကို အိုလင်းပစ်ပွဲတော်ဟုခေါ်၏။ (အိုလင်းပစ်ကစားပွဲများ — ရှု။) ထိုပွဲသို့ ဂရိကျွန်းဆွယ်အရပ်ရပ်မှ လူများလာရောက်၍ ပါဝင်ဆင်နွှဲကြ၏။ သူတို့သည် ကျန်းမာရေး၌သာ စိတ်ပါဝင်စားကြသည်မဟုတ်။ ပညာရေးကိုလည်း အထူးဂရုစိုက်ကြ၏။ မြို့ထဲ၌ နိုင်ငံရေးပညာနှင့် ယထာဘူတပညာရပ်များကို ဝိုင်းဖွဲ့၍ ဆွေးနွေးလေ့ရှိကြ၏။ အချို့ကလည်း မြို့ရွာကောင်စီဥက္ကဋ္ဌ၊ တရားရုံးတော်များ၌ရင်း လူကြီးအဖြစ်ဖြင့်ပါဝင်ဆောင်ရွက်ကြ၏။ ထိုဂျူရီလူကြီးနှင့် ကောင်စီလူကြီးတို့ကို ဆင်းရဲသားများထမ်းဆောင်သော အမှုန်ငွေဖြင့် နေ့စဉ်အခကြေးငွေပေးကြရ၏။

အက်သင်းနိုင်ငံမှာ အင်ပိုင်ယာကြီးဖြစ်သွားသော်လည်း စပါးတားနိုင်ငံသားတို့က အက်သင်းနိုင်ငံသားတို့ကို မကျိုးနွံကြချေ။ ယင်းတို့မှာ ယခင်ကကဲ့သို့ အချင်းချင်း စောင်နေကြရာမှ ကြာသော်ထ၍တိုက်ကြလေသည်။ ထိုအက်သင်းနှင့်စပါးတားတို့တိုက်ကြသော စစ်ပွဲများကို 'ပယ်လိုပွန်နီရှင်းစစ်ပွဲ' ဟုခေါ်၏။ ပဲရိုးကလီးသည် သူ့လူများအား အက်သင်းမြို့ထဲ၌ နေထိုင်စေ၍ ခံစစ်ကိုသာဆင်၏။ စပါးတားတို့သည်လည်း မြို့ကိုဝန်းရံထားလေသည်။ မြို့ထဲ၌ လူများပြတ်သိပ်နေထိုင်ကြသဖြင့် မကြာမီပလိပ်ရောဂါဖြစ်ပွားပြီးလျှင် လူအမြောက်အမြားသေဆုံးကြ၏။ ပဲရိုးကလီးလည်း ပလိပ်ရောဂါနှင့်သေဆုံးလေသည်။ သို့ရာတွင် ကြင်းကျန်သောလူများသည် ဆက်လက်၍ ဇွဲနှင့်ကြံ့ကြံ့ခံနေကြ၏။ သို့နှင့် ၁၀ နှစ်ကြာသောအခါ မည်သူမျှမနိုင်ဘဲစစ်ပွဲပြီးဆုံးသွားတော့၏။

သို့သော် ပဲရိုးကလီးခေါင်းဆောင်မှုဖြင့် တည်မြဲခဲ့သော အက်သင်းတို့၏လွတ်လပ်ရေးမှာ သူ၏တူ အယ်လစီဗိုင်းအား ဒီး၏မိုက်မဲမှုကြောင့် ဆုံးရှုံးရလေသည်။ အယ်လစီဗိုင်းအားဒီးက တိုက်တွန်းသဖြင့် အက်သီးနီးယန်းတို့သည်စစ္စလီကျွန်းကို တိုက်ခိုက်ရန် သူတို့ရေတပ်ကိုစေလွှတ်လိုက်ရာ ရေတပ်မှာ မရှုမလှ့ချေမှုန်းခြင်းခံရ၍ အက်သင်းစစ်သုံ့ပန်းအမြောက်အမြား ကျွန်အဖြစ်ဖြင့် ရောင်းချခြင်းခံကြရ၏။ သို့နှင့်အက်သင်း၏ သြဇာခံ ဂရိနိုင်ငံငယ်များသည် အက်သင်းကိုတော်လှန်၍ စပါးတားနှင့်ပူးပေါင်းကြလေသည်။ စပါးတန်းတို့လည်း ဘီစီ ၄၀၅ ခုနှစ်၌ ကြင်းကျန်သော အက်သင်းသဘော်များကို တိုက်ခိုက်သိမ်းယူ၍ အက်သင်းမြို့ကို ဝန်းရံထားကြ၏။ အက်သင်းတို့အစာငတ်မခံနိုင်

သဖြင့်ဘီစီ ၄၀၄ နှစ်တွင် အည့ံခံ၍ အက်သင်းအင်ပိုင်ယာကြီးပျက်စီးသွားရလေသည်။


စပါးတန်းတို့လည်း ယင်းတို့၏စစ်တပ်များကို ဂရိမြို့များ၌ အနံ့အပြား ချထား၍ အာဏာရှင်စံနစ်ဖြင့် အုပ်ချုပ်၏။ သို့ဖြစ်၍ လက်အောက်ခံမြို့ရွာများမှာ အမြဲမကျေမနပ်ဖြစ်လျက်ရှိရာ ဘီစီ ၃၇၁ ခုနှစ်တွင် အီပါမီနွန်းဒတ် ဆိုသူကြီးမှူးသော သီးဗန်း (သီးဗနိုင်ငံသား) တို့က စပါးတားကိုတိုက်ခိုက်အောင်မြင်လေသည်။ သို့ရာတွင် သီးဗနိုင်ငံသားတို့သည် ဘီစီ ၃၆၂ ခုနှစ်တွင် ခေါင်းဆောင်ဖြစ်သူ အီပါမီနွန်းဒတ် သေဆုံးသွား သဖြင့် စစ်ရေးနိမ့်လေသည်။ ထိုအချိန်မှစ၍ ဂရိနိုင်ငံငယ်ကလေးများ၏ ခေတ်လည်း ကုန်ဆုံးလေတော့သည်။

ဂရိနိုင်ငံငယ်ကလေးအားလုံးကို ပဌမအကြိမ်တိုက်ခိုက်အောင်မြင်၍ ဂရိတပြည်လုံးကို သိမ်းကျုံးအုပ်စိုးသူများမှာ ဂရိမြောက်ဖက်ရှိ မက်ဆီဒိုးနိုးယားပြည့်ရှင် ဖိလစ်ဘုရင်နှင့် သူ၏သားတော် အယ်လက်ဇန္ဒာ–သ–ဂရိတ်တို့ဖြစ်ကြသည်။ အယ်လက်ဇန္ဒာဘုရင် သည် တိုက်ခိုက်အောင်မြင်သော တိုင်းပြည်များ၌ ဂရိယဉ်ကျေးမှုများကို ပြန့်ပွားစေခဲ့သည်။ (အယ်လက်ဇန္ဒာ–သ–ဂရိတ် — ၍။)

အယ်လက်ဇန္ဒာ–သ–ဂရိတ် ကွယ်လွန်ပြီးနောက် သူတည်ထောင်ခဲ့သော နိုင်ငံကြီးသည် အစိပ်စိပ်အမြှာမြှာကွဲသွားလေသည်။ အီဂျစ်ပြည်၊ မက်ဆီဒိုးနိုးယားပြည်နှင့်အိဂျစ်ပြည်များကို အယ်လက်ဇန္ဒာ–သ–ဂရိတ်၏ စစ်သူကြီးများက တသီးတခြားအုပ်စိုးကြ၏။ ထိုခေတ်ကို 'ဟယ်လင်နစ်ခေတ်' ဟုခေါ်၏။ 'ဟယ်လင်နစ်' မှာ ရှေးကဂရိတို့ကို ခေါ်သောအမည်ဖြစ်၏။ ထိုခေတ်၌ သိပ္ပံပညာနှင့်သုခုမပညာရပ်များ အတော်ပင်ထွန်းကားခဲ့၏။ (အယ်လက်ဇန္ဒြီးယားမြို့ — ၍။)

သို့ရာတွင် ဂရိတို့ကား ကမ္ဘာ့အလယ်၌ ရှေးအခါကကဲ့သို့ ထယ်ဝါခန့်ညားစွာမနေနိုင်ကြတော့ချေ။ ဘီစီ ၁၆၇ ခုနှစ်၌ ရောမလူမျိုးတို့က မက်ဆီဒိုးနိုးယားနိုင်ငံကို တိုက်ခိုက်သောအခါ ဂရိတို့ကဝင်ရောက်ကူညီခဲ့ကြသည်။ ရောမတို့အောင်ပွဲရသောအခါ ဂရိမြို့များသည် လွတ်လပ်ရေးရကြကုန်၏။ ထိုသို့လွတ်လပ်ရေးရကြသော်လည်း ဂရိတို့သည် ရောမလူမျိုးတို့ကို များစွာဒုက္ခပေးသောကြောင့် ဘီစီ ၁၄၆ ခုနှစ်၌ရောမလူမျိုးတို့က ဂရိမြို့ရွာများကို မီးရှို့ဖျက်ဆီးပစ်လိုက်လေသည်။ အက်သင်းမြို့မှတပါး အခြားမြို့အားလုံးကိုလည်းသိမ်းယူလေသည်။ အက်သင်းမြို့သည်ကားအနည်းငယ်လွတ်လပ်ခွင့်ရ၏။ ထိုမြို့ရှိကျောင်းများသို့ ရောမလူမျိုးအများပင် သွားရောက်၍ ပညာဆည်းပူးကြသည်။ ထို ရောမပညာသင်များတွင် ဆီဆရိုလည်း ပါဝင်လေသည်။ (ဆီဆရို — လည်း ၍။)

ဂရိနိုင်ငံ၊ အက်သင်းမြို့တော်မှစည်ကားသိုက်မြိုက်လှသောလမ်းတလမ်း



ဤသို့လျှင်ဂရိတို့သည် အယ်လက်ဇန္ဒ္ရာ-သ-ဂရိတ်လက် ထက်မှစ၍ အေဒီ ၁၉ ရာစုအစလောက်အထိ နှစ်ပေါင်း ၂,၀၀၀ ကျော်ကျော်မျှ သူတပါးလက်အောက်ခံလူမျိုးများ ဖြစ်ခဲ့ကြ၏။ သူတို့၏နောက်ဆုံးအရှင်သခင်ကား ၁၅ ရာစု လောက်ကစတင်၍ အုပ်စိုးကြသောတူရကီတို့ဖြစ်ကြ၏။ ၁၉ ရာစုအစလောက်၌ တူရကီနိုင်ငံမှာ တန်ခိုးမွေးမှိန်၍ လက်အောက်လူမျိုးများက မကြာခဏပုန်ကန်ထကြွလျက် ရှိ၏။ ၁၈၂၁ ခုနှစ်တွင် ဂရိလူမျိုးများသည် အမျိုးသား လွတ်လပ်ရေးအတွက် တူရကီတို့ကိုလက်နက် စွဲကိုင်ကာ တော်လှန်ကြလေ၏။ (တူရကီနိုင်ငံ — ရှု။)


ဂရိတို့ကို ဗြိတိသျှ၊ ပြင်သစ်နှင့်ရုရှတို့ကကူညီသည်။ ၂ဖက် ၂လုံးပင် တဖက်နှင့်တဖက်အပြစ်ကင်းမဲ့သော အရပ် သူအရပ်သားတို့ကိုရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ကြ သည်။ ဂရိရေတပ်တို့က ဝိုင်းညှပ်တိုက်ခိုက်သဖြင့် တူရကီ ရေတပ်မှာပျက်စီးသွားသည်။ သို့နှင့် ၁၈၂၉ ခုနှစ်၌ စစ် ပြေငြိမ်း၍ဂရိတို့ကို လွတ်လပ်ရေးပေးလိုက်ရလေသည်။

၁၈၃၂ ခုနှစ်တွင် ဂရိပြည်၌အကြီးအကျယ်ဆူပူမှုများ ဖြစ်ပွားပြီးနောက် အင်္ဂလိပ် ပြင်သစ် ရုရှတို့က ဗာဗေး ရီးယားမင်းသား အော့တိုးကို ဂရိဘုရင်အဖြစ်တင် မြှောက်ကြသည်။ အော့တိုးသည် ဂျာမန်တို့အကြံပေး ချက်အရဂျာမန်စံနစ်အတိုင်းအုပ်စိုးသဖြင့် ၁၈၆၂ ခုနှစ် တွင် ဂရိတို့ပုန်ကန်ထကြွပြီးလျှင် သူ့ကိုနှန်းမှချကြသည်။ နောက်တနှစ်၌ဒိန်းမတ်နိုင်ငံမှ ဂျော့မင်းသားနန်းတက်၍ ၁၉၁၃ ခုနှစ်တွင် အသတ်ခံရသည်။ ၁၈၆၄ ခုနှစ်၌ ဗြိတိန်က ဂရိနိုင်ငံအား အိုင်အိုးနီးယန်းကျွန်းများကိုပေး သည်။ ၁၉၁၆ ခုနှစ်၌ဂရိနိုင်ငံရှိမီးရထားလမ်းများကို အခြားဥရောပမီးရထားလမ်းများနှင့် ဆက်သွယ်ခြင်းပြီး စီးသွားသည်။

၁၉၁၂-၁၃ ခုနှစ်များ၌ဖြစ်ပွားသော ဗော်လကန်စစ်ပွဲ ဟူ၍ ဂရိနိုင်ငံအပါအဝင် ဗော်လကန်ပြည်များသည် တူရကီနိုင်ငံကိုတိုက်ခိုက်အောင်မြင်ခဲ့သည်။ ယင်းတွင် ဂရိနိုင်ငံသည် စတုရန်းမိုင် ၁၇,၀၀၀ မျှကျယ်ဝန်းသော နယ်မြေများကို ရလိုက်သည်။ ပဌမကမ္ဘာစစ်ကြီး အတွင်းက ဂရိနိုင်ငံသည်ကြားနေခဲ့သည်။ သို့ရာတွင် ဂရိဘုရင်မှာ ဂျာမန်ဘုရင်၏ယောက်ဖတော်ဖြစ်၍ ဂျာမန်တို့ကို တိတ်တိတ် ပုန်းအားပေးသည်ဟုစွပ်စွဲခြင်း ခံရသည်။ ၁၉၁၇ ခုနှစ်၌ မဟာမိတ်အစိုးရတို့၏ပယောဂ ကြောင့် ဂရိဘုရင်သည်ထီးနန်းကို စွန့်လွှတ်၍ တိုင်းပြည် မှထွက်ခွာသွားရသည်။ ထိုနောက် သူ၏ဒုတိယသား တော် အယ်လက်ဇန္ဒ္ရာနန်းတက်သည်။ ၁၉၂၀ ခုနှစ်၌ အယ်လက်ဇန္ဒ္ရာကွယ်လွန် ခါမှနန်းစွန့်ဘုရင်သည် တိုင်း ပြည်လူထုဆန္ဒဖြင့်ထီးနန်းပြန်ရသည်။ စစ်ကြီးအပြီးတွင် ဂရိနိုင်ငံသည် အာရှမိုင်းနားနှင့်အခြားအရပ်ရှိနယ်ပယ်များ ကိုရလိုက်သည်။ (ကမ္ဘာစစ်၊ ပဌမ — ရှု။)

သို့ရာတွင် ၁၉၂၁ ခုနှစ်၌ အာရှမိုင်းနားတွင်ဂရိနှင့်တူရ ကီတို့တိုက်ခိုက်ကြရာ ဂရိတို့အရေးရှုံးနိမ့်၍ စစ်ကြီးအပြီး၌ ရရှိထားသော နယ်ပယ်များဆုံးရှုံးသွားသည်။ ဂရိနိုင်ငံ ထဲ၌ မငြိမ်မသက်ဖြစ်နေသဖြင့် ဂရိဘုရင်သည်ထီးနန်းကို တဖန်စွန့်လွှတ်ရပြန်သည်။ ထို့နောက် သားတော် ဒုတိ ယဂျော့ဘုရင်နန်းတက်သည်။ ဤဘုရင်လည်း ၁၉၂၃ ခုနှစ် တွင် နန်းမှဆင်းရပြန်သည်။ ၁၉၂၄ ခုနှစ်တွင်ဂရိသမ္မတနိုင်ငံ ဟူ၍ဖြစ်လာသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်စတွင် ဂရိနိုင်ငံသည် ကြားနေ ခဲ့၏။ ဂရိတို့သည် ဣတလီစစ်တပ်များကို အောင်မြင်စွာ တွန်းလှန်နိုင်သော်လည်း ဂျာမန်တို့က ဒလကြမ်းတိုက်ခိုက် သောအခါ အရေးရှုံးနိမ့်သွားသည်။ သို့သော်ဂျာမန်တို့ကို ပြောက်ကျားစံနစ်ဖြင့် ဆက်လက်တိုက်ခိုက်သည်။ ၁၉၄၄ ခု နှစ်၌ ဂျာမန်တို့ဆုတ်ခွာသွား၍ ဗြိတိသျှစစ်တပ်များရောက်



ချပ်ဝတ်တန်ဆာ ဆင်ယင်ထားသော ရှေးဂရိစစ်သည်တော်

လာပြီးနောက် မကြာမီ ဘုရင်ကိုဏ်းသားများနှင့် လက်ဝဲကိုဏ်းသားများတို့က ခိုက်ကြသည်။ ဗြိတိသျှတို့၏အကူအညီဖြင့် ဘုရင့်ကိုဏ်းသားများက အနိုင်ရရှိ ၁၉၄၆ ခုနှစ်တွင် ဒုတိယကျော့ဘုရင်သည် ထီးနန်းကိုပြန်လည်စိုးစံခဲ့ပြန်သည်။ ၁၉၄၇ ခုနှစ်တွင် ကျော့ဘုရင်ကွယ်လွန်၍ ညီတော် ပဌမပေါဘုရင်နန်းတက်၏။ သမတကိုဏ်းသားများကား အရှုံးမပေးဘဲဆက်လက်ထကြွသေး၏။ သို့သော်ယခုအခါ၌ သူပုန်တို့အရေးနိမ့်၍ တိုင်းပြည်ငြိမ်းချမ်းလျက်ရှိပြီးဖြစ်၏။

ဂရိနိုင်ငံသည် စတုရန်းမိုင် ၅၁,၂၄၆ မိုင်မျှသာကျယ်ဝန်း၍ မြန်မာနိုင်ငံထက် များစွာငယ်သည်။ တိုင်းပြည်၏ အဓိကလုပ်ငန်းမှာ မြန်မာနိုင်ငံကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ သို့သော်လည်း အများအားဖြင့်ရှေးရိုးစဲနှစ်အတိုင်းလုပ်ကိုင်ကြသဖြင့် အသီးအနှံကောင်းစွာမဖြစ်ထွန်းဘဲ နိုင်ငံခြားမှစားကုန်များကိုမှာယူရသည်။ ဂရိနိုင်ငံမှ စပျစ်ခြောက်၊ သံလွင်ဆီ၊ ဝိုင်အရက်၊ အထည်အလိပ်၊ သားရေပစ္စည်း၊ စက္ကူ နှင့်မင်တို့က်သည်။ ဆိပ်ကမ်းကြီးများ၌သဘော်များ ဆောက်လုပ်၏။ ဂရိတို့သည်အရောင်းအဝယ်ဖက်၌ ကျွမ်းကျင်သူများဖြစ်၍ မြေထဲပင်လယ်တဝိုက်၌ ကုန်သဘော်များဖြင့် ဥဒါဟိုသွားလာကူးသန်းကြသည်။ ဂရိနိုင်ငံ၏မြို့တော်မှာ အက်သင်းမြို့ဖြစ်၏။ ဂရိနိုင်ငံ၌ဂရိတို့အပြင် အယ်လဗေးနီးယန်းနှင့် ဆလဗလူမျိုးများလည်း နေထိုင်ကြ၏။ ဂရိတို့မှာအယူမှန်ခရစ်ယန်ဂိုဏ်းဝင်များဖြစ်ကြသည်။

ဂရိနိုင်ငံသည် ရှေးပဝေဏီကထင်ရှားခဲ့သော တိုင်းပြည်တပြည်ဖြစ်သော်လည်း ရှေးဟောင်းအဆောက်အအုံအားလုံးကို ယခုမတွေ့နိုင်တော့ချေ။ သီးဗ၊ ကော့ရင့်နှင့်စပါးတားမြို့များမှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ အတွင်းက ငလျင်ဒဏ်နှင့် အခြားဒဏ်ကြောင့် အတော်အတန်ပျက်စီးယိုယွင်းနေပြီဖြစ်၏။ တူးဖော် ထားသော ရှေးဟောင်းအဆောက်အအုံများကို အိုလင်းပီးယာမြို့၌တွေ့မြင်နိုင်၏။ ဒီးလော့ကျွန်းပေါ်၌လည်း ဂရိနတ်အပေါ် လို ကျောက်ရုပ်၊ ဘုရားကျောင်းများနှင့်ဇာတ်ရုံတရုံတို့ကို တူးဖော်ထား၏။ ဂရိနိုင်ငံတွင် ရှေးဟောင်း အဆောက် အအုံများအပြင် ဥရောပအလယ်ခေတ်ကတည်ထားခဲ့သောဗိုင်ဇင်းတိုင်ဘုရားရှိခိုးကျောင်းနှင့်ကရူးဆိတ်အယူဝါဒစစ်ပွဲအတွင်းကဆောက်လုပ်ထားသော ရဲတိုက်ပျက်ကြီးများကိုလည်း တွေ့ရသည်။

ဂရိလူမျိုးတို့ကိုးကွယ်သည့်နတ်များ

နတ်ကိုးကွယ်မှုသည် သိပ္ပံပညာမထွန်းကားမီ ကမ္ဘာဦးခေတ်မှစ၍ ဖြစ်ပေါ်လာသည်။ ကျူးပစ်၊ ဗီးနပ်စသည်တို့မှာ ကမ္ဘာနှင့် အဝှန်း လူသိများသည်။ ရောမအမည်မှည့်ထား၊လင့်ကစား၊ စင်စစ်မှာမူ၊ ဂရိနတ်များဖြစ်သည်။ ထို့ဂရိနတ်များကို ရောမတို့ လက်ခံကိုးကွယ်သည့်အကြောင်းကို သမိုင်းပုံပြင်တို့ဖြင့် စိတ်ဝင်စားဖွယ် ပေါ်ပြထားသည်။


ဂရိနတ်များ။ ။လောကဓာတ်ပညာမထွန်းကားသေးသော ရှေးခေတ်တွင် ဂရိသူဟောင်းများသည် •အာဃယ်ကြောင့်မိုးရွာသည်၊ အာဃယ်ကြောင့်နေပူသည်စသည်တို့ကို အကြောင်းမပြနိုင်ခဲ့ကြပေ။ ထို့ကြောင့် နေပူခြင်း၊ မိုးရွာခြင်းစသည့် ကမ္ဘာ့နိယာမ တရားတို့သည် လူသားတို့ထက် တန်ခိုးကြီးလှသော နတ်မင်းများ၏ ဖန်တီးမှုကြောင့်သာ ဖြစ်ပေါ်ရသည်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့်လည်း မိမိတို့က ထိုရေ၊မြေ၊လေစသည်တို့ကို အစိုးရသော နတ်မင်းများအား ပူဇော် ပသကြလျှင် မိမိတို့အား ကူညီစောင့်ရှောက်လိမ့်မည်ဟု ယုံကြည်၍ နတ်တို့ကို ပူဇော်ပသကြလေသည်။

ရှေးဂရိသူဟောင်းတို့သည် စိတ်ကူးဉာဏ်အလွန်ကွန်မြူးတတ်ကြ၏။ ထို့ကြောင့် တန်ခိုးရှင်နတ်များရှိသည်ဟု သောအယူအဆအတိုင်း ထိုနတ်များ၏သဘာဝတို့ကို စိတ်ကူးဖြင့်မှန်းဆကာ ပုံပြင်များပြု၍သားစဉ်မြေးဆက် ပြောပြခဲ့ကြလေသည်။ နှစ်ပရိစ္ဆေဒရှည်လျားလတ်သော် ထိုပုံပြင်များမှာ စိတ်ကူးဉာဏ်ကွန်မြူးချက်များသာဖြစ်သည်ဟု မည်သူကမျှ သတိမရကြတော့ချေ။ တန်ခိုးရှင်နတ်များ အကယ်ပင်ရှိခဲ့သည်ဟု ထင်မြင်ယုံကြည်လာကြသည်။ နှစ်ပရိစ္ဆေဒကြာမြင့်လာခဲ့သော်ငြားလည်း ထိုပုံပြင်များမှာ တိမ်ကောချိမသွားသည့်အပြင် ထုံးဟောင်းပုံပြင်များကိုအခြေခံသော ဂရိစာပေထွန်းကားမှုကို အထောက်အပံ့ပြုခဲ့လေသည်။ (ဂရိဘာသာနှင့်စာပေ — ရှု။)


ရောမလူမျိုးတို့ထွန်းကားလာသောအခါ တန်ခိုးရှင်နတ်များရှိသည်ဟု ဆက်လက်ယုံကြည်ခဲ့ကြပြန်၍ ဂရိနတ်များကိုပင် ရောမအမည်များတပ်ကာ ကိုးကွယ်ပူဇော်သမှု ပြုခဲ့ကြပြန်လေသည်။ ဂရိထုံးဟောင်းပုံပြင်လာ တန်ခိုးကြီးနတ်များ၏အကြောင်းကို ရောမအမည်နှင့်ယှဉ်၍ အကျဉ်းမျှ ပေါ်ပြသွားပါအံ့။ ကွင်းပိတ်အတွင်းမှအမည်သည် ရောမအမည်ဖြစ်၏။

ဇုနတ်မင်းကြီး (ဂျူပီတာ)။ ။ဂရိနိုင်ငံ၏ မြောက်ဖက်နယ်ခြားတွင် အလွန်မြင့်မား၍ ဆီးနှင်းမပြတ်ဖုံးလွှမ်းကာ လူသူနှင့် ကင်းဝေးလှသော အိုလင်းပပ် တောင်ကြီးရှိလေသည်။ ထိုတောင်ကြီး၏တောင်ထွတ်တွင် နတ်တကာတို့၏ဘုရင် ဇုနတ်မင်းကြီး စံပျော်တော်မူ၏။ ထိုနတ်မင်းကြီးကား စကြာဝဠာတခုလုံးကိုအစိုးရ၍ ဝရဇိန်မိုးကြိုးလက်

နာက်ခွင် ပြစ်ပေသည်။ ခမည်းတော်ကရိုးနပ် (ဆက်တန်) နတ်မင်းကြီးမှာ သားတော်တပါးပါးက မိမိ၏စည်းစိမ်ကို လုမည်ဟူ၍ အဟောတုက်ချက်ရှိခဲ့သဖြင့်၊ သားတော်ဖွား တိုင်း အကောင်လိုက် ဝါးမျိုပစ်လေ့ရှိရာ၊ ဇာမှာ မယ်တော် ရိအာ နတ်သမီး၏ပရိယာယ်ကြောင့် သာ ခမည်းတော်၏ ဘေးရန်မှ လွတ်ကင်းခဲ့ရ၏။ ဇာသည် အရွယ်ရောက်လာ လျှင် ခမည်းတော်အား သူဝါးမျိုထားသောနောင်တော် များကို အန်ထုတ်စေပြီးနောက် ဇာကခေါင်းဆောင်၍ခမည်း တော်အားနှန်းချကာ ရိုက်ရာကိုဆက်ခံလေသည်။ ထို နောက်တွင် သူ့အားကူညီခဲ့သော နောင်တော်များအား လည်း နယ်ပယ်များ ခွဲဝေပေး၏။ ဤသို့ဖြင့် ရန်အပေါင်းကို အောင်မြင်ပြီးသော် လောကတခုလုံးကိုစိုးမိုးနိုင်ခဲ့၍၊ နတ် တကာ့ဘုရင်ဇုနတ်ရှင် ဖြစ်လေသည်။ ဇုခေါ် ဂျူပီတာတွင် နတ်မိဖုရား၊ လူသားမိဖုရားများစွာရှိသဖြင့် သားသမီး လည်း များပြားလှသည်။ သူ၏များစွာသောသားသမီးတို့ တွင် ဒဏ္ဍာရီများ၌ထင်ရှားသောနေနတ်သား အပေါ်လို၊ လနတ်သမီးအားတိမစ် (ဒိုင်ယာနာ)၊ ဟားမီး (မာကျူရီ) အေးရီး (မား)၊ ဟီးဗီးစသည်တို့အပြင် အတတ်ပညာအမျိုး မျိုးကိုစောင့်သော နတ်သမီးများလည်း ပါဝင်ပေသည်။ ဇုကိုအမည်အမျိုးမျိုးဖြင့်ခေါ်ဝေါ်ကြရုံမက တန်ခိုးအမျိုး မျိုးရှိသည်ဟု ယုံကြည်ကြသည်။ လျှပ်စစ်မိုးကြိုးကိုငင်း၊ ရာသီဥတုတို့ကိုငင်း ဇုကပြုပြင်ဖန်တီးနိုင်၍၊ တိုင်းပြည်နိုင်ငံ တို့၏ကောင်းကျိုးများကိုလည်း စောင့်ရှောက်၍ ပေးတတ် သည်ဟု အယူရှိကြသည်။ ထိုကြောင့်ဇုကို အမြင့်ဆုံး တောင်ထိပ်များ၌ တည်ဆောက်အပ်သောဗိမာန်ကြီးများ၌ ပူဇော်ပသခြင်းအမှုကို ပြုခဲ့ကြ၏။ တရားသူကြီးများ၊ အုပ် ချုပ်သူများနှင့်စစ်ဘုရင်ကြီးများသည် တာဝန်ကိုဆောင် ရွက်ရာတွင် ဇုကိုတိုင်တည်၍ သစ္စာဆိုလေ့ရှိကြသည်။ ဟီးရ (ဂျူနို)။ ။ကရိုးနပ်နှင့်ရိအာတို့၏သမီးဖြစ်၍ ဇု နတ်မင်းကြီး၏မိဖုရားတပါးဖြစ်၏။ အဆင်းသဏ္ဌာန်လှပ တင့်တယ်၍ မာန်မာနထောင်လွှားသောနတ်သမီးဖြစ်၏။ နတ်မင်းကြီး၏မိဖုရားကြီးဖြစ်သည့်အတိုင်းလည်း တန်ခိုး အာဏာကြီးမား၏။ စိတ်မာန်အလွန်ခက်ထန်သဖြင့် ဇုနတ် မင်းကြီးနှင့် မကြာခဏ မသင့်မတင့်ဖြစ်ကြရသည်။ မြေ ငလျင်လှုပ်ခြင်း၊ တော်လှန်ခြင်း၊ ကြယ်တံခွန်လှုတ်ခြင်းစ သည့်အခြင်းအရာများကို ဟီးရနတ်သမီးက ဖန်တီးသည်ဟု



ဇုခေါ် ဂျူပီတာနတ်မင်းကြီးနှင့်နတ်သမီးနှစ်ပါး



စစ်ကိုအစိုးရသောအေးရီး (မား) နတ်မင်း၏ရုပ်တု

ဆိုကြ၏။ ဇုနတ်မင်းကြီးနှင့် ဟီးရတို့၏ သားတော်များအနက် တပါးမှာ စစ်ကိုအစိုးရသောအေးရီး (မား) ဖြစ်၍ ကျန်တပါးမှာ မီးကိုအစိုးရသောဟိဖက်စတပ် (ဗာလကန်) ဖြစ်၏။ ဟိဖက်စတပ်ကို ပန်းဘဲဆရာတို့ ကိုးကွယ်ဆည်းကပ်ကြ၏။

ဟီးရနတ်သမီးသည် မိန်းမများအား အထူးကူညီစောင့်မကြည့်ရှုသည်ဟု ယုံကြည်ကြသည်။ မိန်းမများ သားသမီးရလိုလျှင် ဟီးရအား ပူဇော်ပသကြသည်။ ထိုပြင်လက်ထပ်ပဲ့ကိုစောင့်ရှောက် သောနတ် သမီးဖြစ် သည် ဟုလည်း အသိအမှတ်ပြုကာ နှစ်စဉ်မတ်လ ၁ ရက်နေ့တိုင်း ထိုနတ်သမီးကို ပူဇော်ပသသောပဲ့များ ကျင်းပလေ့ရှိသည်။ လဆန်းစတွင် ဟီးရနတ်သမီးကိုရည်စူး၍ ပူဇော်ပသလေ့ရှိ၏။

ဂရိနှင့်ရောမနိုင်ငံများတွင် ဟီးရ (ဂျူနို) နတ်ကွန်းများအများအပြားရှိသည်။ ကျွန်ုပ်တို့နေ့စဉ်ခေါ်ဝေါ်သုံးစွဲနေသော အင်္ဂလိပ်လအမည်များအနက် ဇွန်လမှာ ဂျူနိုနတ်သမီးကိုစွဲ၍ သမုတ်ထားသောအမည်ဖြစ်သည်။

အသိးနား (မီနားမား)။ ။ဇုနတ်မင်းကြီး၏ ဦးနှောက်တွင်းမှ ချပ်ဝတ်တန်ဆာအစုံအလင်ဝတ်ဆင်ကာ လက်နက်စွဲကိုင်လျက် စစ်သံကြွေး၍ မွေးဖွားခဲ့သော သမီးတော်တပါးဖြစ်၏။ စစ်ပွဲများတွင် ပါဝင်စောင့်ရှောက်ပေး၏။ သို့သော် လူ့ပြည်မှမြို့တော်ကြီးများကို ချစ်မြတ်နိုးသူဖြစ်ပြီးလျှင် ထိုမြို့တော်ကြီးများကို ကာကွယ်ရန်သာ စစ်ပွဲများတွင် ပါဝင်စောင့်ရှောက်တတ်သည်။ ထိုနတ်သမီးကို ဂုဏ်ပြုမှုခံခေါ်ထားသောအက်သင်းမြို့တော်ကိုကား အထူးကာကွယ်စောင့်ရှောက်ပေးလေသည်။ စစ်မက်လိုလားသလောက် ဉာဏ်ပညာထက်မြက်လှသော ပညာရှိနတ်သမီးလည်းဖြစ်သည်။ မိန်းကလေးများအား ဗိုင်းဝင့် ရက်ကန်းစသည့်လက်မှုပညာများကို တတ်မြောက်စေရန်ငင်း၊ ယောကျ်ားများအား စာပေပညာဆည်းပူးကြစေရန်ငင်းအားပေးစောင့်ရှောက်သည်။ ဇုနတ်မင်းကြီး၏ အမြတ်နိုးဆုံးသမီးတော်ဖြစ်၍ အပျိုစင်နတ်သမီးလည်းဖြစ်ပေသည်။

အပေါ်လို (ဝါ) ဖီးဗပ် (ဝါ) ဟီလီအော့။ ။ရှေးဂရိတို့၏ တန်ခိုးကြီးနတ် ၁၂ ပါးအနက် လူအများဆုံး၏ ကိုးကွယ်ခြင်းခံရသော နတ်မင်းတပါးပေတည်း။ ဇုနတ်မင်းကြီး၏ နတ်မိဖုရားတပါးဖြစ်သော လိတို့၏သားတော်ဖြစ်၍ အားတိမစ်နတ်သမီးနှင့်အမြှောမွေးဖက်ဖြစ်၏။ အပေါ်လိုသည် လူသတ္တဝါတို့အပေါ် အကြင်နာတရားကြီးမားလှ၍ နေ့စဉ်နေ့တိုင်း ကောင်းကင်ဝယ် နေစကြာယာဉ်ရထားကို စီးနင်းမောင်းနှင်ကာ လူအပေါင်းအား အလင်းရောင်နှင့်အပူခတ်ကိုပေးလေသည်။ သူ့ကို အလင်းရောင်နတ်မင်းဟု ကိုးကွယ်ကြသည်။

ဂရိလူမျိုးတို့ အပို အပေါ် လိုမှာ လှပချောမွေခြင်း၊ သစ္စာရှိခြင်း၊ စိတ်သဘောဖြူစင်ခြင်း၊ ဉာဏ်ထက်မြက်ခြင်းစသည့် အရည်အချင်းများစုဝေးရာဖြစ်သည်။ သို့ဖြစ်၍ သူ့အား ဂီတနှင့်ကဗျာ၊ ကျန်းမာမှု၊ အနာဂတ်ကိုတင်ဟောပြောနိုင်မှုနှင့် လေးမြားအတတ်ဆိုင်ရာ နတ်မင်းဟု ခေါ်ဝေါ်ကြ၏။ ထိုပြင် လယ်ယာစိုက်ပျိုးမှုနှင့်ဆက်သွယ်နေသောနတ်မင်းဟုလည်း ယုံကြည်ကြလေသည်။ အပေါ်လိုမှာ အလှတင်စံပြဖြစ်သည်။

အားတိမစ် (ဒိုင်ယာနာ)။ ။လနတ်သမီးဖြစ်၍ အပေါ်လိုနှင့်အမြှောမွေးဖက် နှမတော်ဖြစ်သည်။ နောင်တော်ကဲ့သို့ကား မထင်ရှားလှပေ။ အမဲလိုက်မှုကိုနှစ်ခြိုက်သော်လည်း တောတိရစ္ဆာန်များကို ချစ်ခင်စောင့်ရှောက်တတ်သည်။ အနာထောဂါတို့ကို ပျောက်ကင်းအောင်စွမ်းဆောင်နိုင်သူဖြစ်၍ အထူးသဖြင့် မီးဖွားနေသောမိန်းမသားတို့အား စောင့်ရှောက်တတ်၏။ ယင်း အားတိမစ်နတ်သမီးသည် အပျိုစင်နတ်သမီးဖြစ်၏။ နောင်တော်အပေါ်လိုနတ်မင်းကဲ့သို့ပင် ကမ္ဘာသူ ကမ္ဘာသားတို့အား သနားကရုဏာကြီးမားသူဖြစ်သည်။

အေးရီး (မား)။ ။စစ်မက်နှင့်ဆိုင်သောနတ်ဖြစ်၍သွေးထွက်သံယိုမှုကို လိုလားကာ ကြမ်းကြုတ်ရက်စက်သည့်



အိုလင်းပပ်တောင်၊ ဇုနတ်မင်းကြီးနှင့် ဟီးရနတ်မိဖုရားတို့ကြီးမှူးသောနတ်သဘင်အစည်းအဝေး

စိတ်ဓာတ်ရှိသည်။ ထိုနတ်မင်းကား ဇုနတ်မင်းကြီးနှင့်ဟီးရမိဖုရားကြီးတို့၏ သားတော်ဖြစ်၏။ ရောမလူမျိုးတို့က မားနတ် တနည်း၊ အေးရီးနတ်အား ရောမမြို့တော်ကိုတည်ထောင်သူ ရိုမျူလပ်၏ခမည်းတော်ဖြစ်သည်ဟု ယူဆသဖြင့် ဇုနတ်မင်းကြီး (ဂျူပီတာ) မှလွဲလျှင် ဒုတိယနေရာထား ကာ ကိုးကွယ်ကြလေသည်။

အက်ဖရိဒိုက်တီ (ဗီးနပ်)။ ။ဤနတ်သမီးမှာ ပင်လယ်လှိုင်းတံပိုး၏ရေမြှုပ်မှုဖွားချိန် ရေနန်းသူငယ်အဓိပ္ပါယ်ရှိသည့် အက်ဖရိဒိုက်တီဟူသော အမည်ကို ရသည်။ ဇုနတ်မင်းကြီး၏ အမြတ်နိုးဆုံးသမီးတပါးဖြစ်သည်။ ချစ်မေတ္တာနှင့် အလှအပဆိုင်ရာနတ်သမီးတည်း။ ကြော့ရှင်းလှပသော ရုပ်ဆင်းရုပကာကြောင့် လူနှင့်နတ်တို့ ယောကျ်ားသားမှန်သမျှမှာ ထိုနတ်သမီးအား အလွန်စွဲလန်းကြသည်။ ပင်လယ်ထဲမှ ပေါက်ဖွားလာသူဖြစ်၍ ပင်လယ်သမုဒ္ဒရာနှင့် ဆိုင်ရာ ရေသတ္တဝါအပေါင်းကို စောင့်ရှောက်သည်။ အဆင်းမာန်တက်ကာ မာနထောင်လွှားသဖြင့် ဇုနတ်မင်းကြီးက မိဖုရားကြီး ဟီးရမှမွေးဖွားသော ခြေမသန် သည့် သားတော် ဟီဖက်စတပ်နှင့် သူ့အား လက်ဆက်ပေးခဲ့၏။

ထိုနတ်သမီးသည် လက်ထပ်ထိမ်းမြားရေးခွင် အကူအညီပေး၍ သားဖွားကိစ္စ၊ အိမ်ထောင်ရေးကိစ္စတို့ခွင် စောင့်မကြည့်ရှုသူဟု အယူရှိကြ၏။ အချစ်နတ်သမီးဖြစ်သည့် အလျောက်ယောကျ်ားတို့၏စိတ်ကို စိုးပိုင်နိုင်သည်ဟုလည်း ဂရိလူမျိုးတို့ယုံကြည်ကြလေသည်။

ဟီဖက်စတပ် (ဗာလကန်)။ ။မီးနတ်ဖြစ်သည့်ပြင် အိုလင်းပပ်နတ်ဘုံမှ ပန်းဘဲနတ်လည်းဖြစ်သည်၊ ဇုနတ်မင်းကြီးနှင့်မိဖုရားကြီး ဟီးရတို့၏ရင်သွေးတော်ဖြစ်၍ ခြေမသန်ရှာပေ။ နတ်အပေါင်းတို့ စွဲကိုင်သည့်လက်နက်များ၊ လှပဆန်းကြယ်သည့် နတ်ဘုံနတ်နန်းများမှာ ထိုနတ်မင်း၏ ဖန်တီးလုပ်ကိုင်ပေးမှုများဖြစ်၏။ အက်ဖရိဒိုက်တီနတ်သမီး၏ ကြင်ယာတော်ဖြစ်၏။ ပန်းဘဲသမားများကို စောင့်ရှောက်သောနတ်လည်းဖြစ်၏။

အသိးနားနတ်သမီးမှာ ဇုနတ်မင်းကြီး၏ဦးနှောက်တွင်းမှ ဟီဖက်စတပ်နတ်မင်း၏ကျေးဇူးကြောင့် သာလျှင်ဖွားနိုင်ခဲ့၏။ တခါသော် နတ်မင်းကြီးမှာ ခေါင်းခဲဝေဒနာစွဲကပ်ခဲ့လေရာ မခံမရပ်နိုင်အောင်ဖြစ်လာသဖြင့်၊ သားတော် ဟီဖက်စတပ်နတ်အား မိမိ၏ဦးခေါင်းကိုတူနှင့်ရိုက်ခဲ့စေရန် အမိန့်ပေး၏။ ဟီဖက်စတပ်မှာ ခမည်းတော်၏အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် ခေါင်းကို ရိုက်ခွဲရပေသည်။ ခမည်း

တော်၏ဦးနှောက်အတွင်းမှ အသီးနားနတ်သမီးသည် ချပ်ဝတ်တန်ဆာဆင်၍ လက်နက်စုံစွဲကိုင်ကာ တခဲနက်သော အသံကိုမြည်ဟီးစေလျက် ပေါ်ထွက်လာခဲ့၏။


ပိုဆိုင်ဒွန် (နက်ပကျွန်း)။ ။ဇုနတ်မင်းကြီးသည် ခမည်းတော် ကရိုးနပ်မင်းကြီး၏ ရိုက်ရာကို သိမ်းပိုက်လိုက်ပြီး နောက်တွင် မိမိအားကူညီခဲ့သူ နောင်တော်တို့အား နယ်ပယ်များကို ခွဲဝေပေးသည်။ ဤသို့ပေးရာ၌ နောင်တော်တပါးဖြစ်သူ ပိုဆိုင်ဒွန်နတ်မင်းအား ပင်လယ်သမုဒ္ဒရာဟူသမျှကို စိုးပိုင်ခွင့်ပေး၍ ရေပြင်အောက်တွင်စံမြန်းရန် ခမ်းနားကြီးကျော် တင့်တယ်လှပသော နတ်နန်း ဗိမာန်ကြီးတဆောင်ကိုလည်း ပေးအပ်၏။ ယင်းသို့ဖြင့် ပိုဆိုင်ဒွန်မှာ ရေပြင်အပေါင်းကို စိုးမိုးစောင့်ရှောက်ရသောနတ်မင်းဖြစ်လာ၍ ရေကြောင်းခရီးသွားများသည် သူ့အား ကိုးကွယ်ပသလေ့ရှိ၏။ ထိုနတ်မင်းသည် အသွား ၃ ခွရှိ လက်သုံးတော် ခက်ရင်းလုံတံကိုဝင့်လိုက်လျှင် ကျောက်ဆောင်များကိုပြုကွဲစေနိုင်၏။ လှိုင်းတံပိုး ထစေနိုင်၏။ မြေငလျင် တုန်လှုပ်စေနိုင်၏။ မုန်တိုင်းကျစေနိုင်၏။ ထိုမျှတန်ခိုးရှိသော နတ်မင်းပေတည်း။ မြင်းဟူသည့် သတ္တဝါကို ထိုနတ်မင်းက ပဌမဆုံးဖန်ဆင်းခဲ့၍ မြင်းများကို လည်းစောင့်ရှောက်သည့်နတ်ဖြစ်၏။

ဟားမီး (မာကျူရီ)။ ဇုနတ်မင်းကြီးနှင့်တောင်စောင့်နတ်သမီး မေယာတို့မှ ဖွားမြင်သည်။ ထိုနတ်ကား စေတမန်နတ်သား ဖြစ်သည်။ ထို့ကြောင့်ဟားမီးနတ်၏ ရုပ်တုများတွင် ခေါင်း၊ ခြေထောက်တို့ကို အတောင်များ တပ်ကာထုလုပ်လေသည်။ ထိုနတ်သားသည် သေသူများ၏ ဝိညာဉ်များကိုလည်း ငရဲနှင့်တန်သူကို ငရဲသို့ဂင်း၊ နတ်ပြည်နှင့် တန်သူကို နတ်ပြည်သို့ဂင်းပို့ဆောင်ပေးတတ်သည်။

ထိုနတ်မင်းသည် ခရီးလမ်းပန်းများ နှင့် ခရီးသည်များကိုစောင့်ရှောက်တတ်သည်။ စကားအထွဋ်လည်းကျွမ်းကျင်လိမ်မာ၍၊ စကားပြောမှုနှင့်အသက်မွေးသူတို့၏ကိုးကွယ်ပသခြင်းခံရသောနတ်လည်းဖြစ်သည်။ ကျွန်းမာရေးကစားခုန်စားပွဲများကိုနှစ်သက်၍ အားပေးကူညီတတ်၏။ စည်းစိမ်ဥစ္စာတို့ကို ပေးစွမ်းနိုင်သည့်နတ်ဟူ၍လည်း ယုံကြည်ကြသည်။ အချို့ပုံပြင်များတွင် ဟားမီးနတ်သည် သူခိုးဓားပြတို့ကို ကာကွယ်စောင့်ရှောက်ပေး သူဟူ၍ဆိုလေသည်။

ပလူတို (ဒစ်)။ ။ဇုနတ်မင်းကြီး၏နောင်တော်တပါးဖြစ်၍ သုန်မှန်သောမျက်နှာထား အမူအရာရှိ၏။ ခမည်းတော်အား နန်းချပြီးသည့်နောက်တွင် ဇုနတ်မင်းက ပလူတိုအား မြေအောက်ကမ္ဘာတခွင်ကို စိုးမိုးအုပ်ချုပ်သောဘုရင်အဖြစ် ခံယူစေသည်။ ထိုပလူတိုနတ်မင်းကြီး၏ရုပ်သင်သည် ဇုနတ်မင်းကြီးနှင့်တူသော်လည်း ပို၍အိန္ဒြေကြီးပြီးလျှင် ခက်ထန်သည်။ ပလူတိုနတ်မင်းသည် မြေသြဇာကောင်းအောင် ကူညီမှီငြမ်းမပေးနိုင်သဖြင့် လယ်သမားတို့က ကိုးကွယ်ပသကြသည်။ တခါတပါးဌ် ရံဖွေတော်ဖေါ်တသင်းနှင့်ပန်းခူးထွက်ခဲ့သော ပါဆက်ဖိုနီ နတ်သမီးကိုပလူတိုသည် မြင်းငကောင်ကသောရထားထက်သို့ ရုတ်တရက် အတင်းပွေ့တင်ကာ မိမိစံထာငရဲပြည်သို့ ခေါ်ဆောင်ခဲ့ပြီးသော် မိဖုရားမြှောက်လေသည်။ ပါဆက်ဖိုနီနတ် သမီးကား ဒီမီတာနတ်သမီး၏ သမီးတည်း။

ဒိုင်အိုနိုင်းဆပ် (ဓက်ကပ်)။ ။ဇုနတ်မင်းကြီးနှင့် လူသားမင်းသမီးတပါးတို့မှမြင်သောသားတော်ဖြစ်၍ ဝိုင်အရက်ချိုနှင့် အသီးအနှံပင်ကလေးများကို စောင့်သောနတ်ဖြစ်သည်။ အစဉ်အမြဲစိတ်လက် ကြည်သာရွှင်လန်းစွာနေတတ်၍၊ ငြိမ်းချမ်းသာယာမှုကို လိုလားသောနတ်သားဖြစ်၏။ ထိုနတ်သား ငယ်




သားဆုပေးနိုင်သောဟီးရ (ဂျူနို) နတ်သမီး

ရွယ်စဉ်က မယ်တော်မင်းသမီးမှာ ဇုနတ်မင်းကြီး၏မိဖုရားဟီးရ၏ပရိယာယ်ကြောင့် မိုးကြိုးခၽွန်ကွယ်လွန်ခဲ့ရာ၊ ထိုသားတော်ကလေးကိုသာ ခမည်းတော်ကသူ၏တန်ခိုးဖြင့် ကာကွယ်လိုက်သဖြင့် ချမ်းသာစွာ ရခဲ့လေသည်။

ဒီမီတာ (ဆီးရီး)။ ။ဇုနတ်မင်းကြီး၏နှမတော်ဖြစ်၍ ဂရိနတ်ဘုရင် တန်ခိုးအကြီးဆုံး နတ်သမီးတပါးဖြစ်၏။ ထိုနတ်သမီးကြီးသည် ကမ္ဘာလောကခတ်ကြီး သာယာဝပြောစေရန် ကောက်ပဲသီးနှံနှင့် သစ်ပင်ပန်းပင်တို့ကို ဖန်တီးစောင့်ရှောက်ပေး၏။ ထိုကြောင့်ထိုနတ်သမီးအား လယ်တော်နတ်သမီးဟူ၍ ၎င်း၊ မြေဆီသြဇာနတ်သမီးဟူ၍ ၎င်း ခေါ်ဝေါ်ကြ၏။ ငြိမ်းချမ်းရေးမှာ စည်ပင်သာယာဝပြောရေးအပေါ် ၌တည်ပေရာ ဒီမီတာနတ်သမီးအား ဥစ္စာစီးပွားနှင့်ငြိမ်းချမ်းရေးကိုပေးသူဟူ၍ ယူဆကြ၏။

ဒီမီတာတွင် ပါဆက်ဖိုနီအမည်ရှိ သမီးတော်ကလေးတပါးရှိ၏။ လောကခတ်တခွင်လုံး စည်ပင်သာယာရေးကို ဆောင်ရွက်ရသဖြင့် ဒီမီတာမှာ အလွန်အလုပ်များလှပေရာ သမီးတော်ကလေးအား ကိုယ်တိုင်ကိုယ်ကျ စောင့်ရှောက်ထိန်းသိမ်းခြင်းမပြုနိုင်ရှာဘဲ အပျိုဖေါ်တသင်းနှင့် သမီးတော်အားနေစေ၏။ တနေ့သော် ပန်းခူးထွက်ခဲ့သည့် ပါဆက်ဖိုနီအား အပျိုဖေါ်များအလစ်တွင် ယမမင်း ပလူတိုက ၎ထားနှင့်တင်၍ ငရဲပြည်သို့ ခိုးပြေးလေရာ ဒီမီတာလည်း



ခြေနင်းစကြာရသော ဟားမီး (မာကျူရီ) စေတမန်နတ်သား

သမီးတော်အတွက် ရတက်ကြွယ်ကာ လောကခတ်ကြီးကို သာယာအောင် မပြုစုနိုင်တော့ချေ။ ထိုကြောင့်လောကအလုံးမှာ အဖူးအပွင့်အသီးတို့ကင်းကာ ဆိတ်သုန်းခြောက်သွေ့နေခဲ့၏။ ထိုနောက်သမီးတော်ကလေးအား စကြာဝဠာတခုလုံး အထပ်ထပ်လိုက်ရှာသော် ငရဲပြည်ယမမင်းကြီး၏မိဖုရားဖြစ်နေကြောင်းကို တွေ့ရသည်။ ဤတွင် သမီးတော်အား နတ်ပြည်သို့ ပြန်ခေါ်နိုင်ရန် ကြိုးစားရှာ၏။ သို့သော်တနှစ်လျှင် ၆ လမျှသာနတ်ပြည်သို့ပြန်ရန် ယမမင်းက ခွင့်ပြုလေသည်။ ထိုကြောင့်ဒီမီတာသည် သမီးတော်ကလေး နတ်ပြည်သို့ပြန်လာသည့် ၆ လတွင်သာ လောကကြီးကို စိမ်းလန်းသာယာအောင်ပြု၍ သမီးတော်နှင့်ကင်းကွာနေရသည့် ၆ လတွင် သာယာစည်ပင်မှုကို မပြုစုနိုင်သဖြင့် တနှစ်ရာသီတွင် ၆ လမှာ ထိုင်းမှိုင်းမှုန်ပြာဝေနေခြင်းဖြစ်သည်ဟု ဂရိတို့အယူရှိကြ၏။


ပါဆက်ဖိုနီ (ပရိုဆာပီးနား)။ ။ဒီမီတာနတ်သမီး၏သမီးတော်ဖြစ်၍ ယမမင်း ပလူတို့၏မိဖုရားဖြစ်သည်။ မယ်တော်အလုပ်များနေခိုက် ရံဖွေတော်အပျိုဖေါ်တသင်းနှင့် ပန်းခူးထွက်ရာမှ တဦးတည်း အဖေါ်ကွဲနေခဲ့စဉ် ပလူတိုပေါ်ပေါက်လာပြီးလျှင် ငရဲပြည်သို့ ရထားနှင့်တင်ဆောင်သွားကာ မိဖုရားမြောက်ထား၏။ မယ်တော်မှာ သမီးတော်အတွက် ပရိဒေဝမီးတောက်လောင်ကာ လောကကြီးကိုသာယာတင့်တယ်အောင် မပြုနိုင်တော့ချေ။ ထိုကြောင့်ဇုနတ်မင်းကြီးက ပလူတိုအား ပါဆက်ဖိုနီကို သူ့မယ်တော်ထံသို့ တနှစ်တွင် ၆ လမျှ ပြန်စေခွင့်ပြုရန် အမိန့်ပေးသည်။ မယ်တော်သည် သမီးတော်ပြန်လာချိန်တွင် လောကအလုံးကိုသာယာစိုပြည်အောင်ပြုတတ်သည်။• ပါဆက်ဖိုနီမယ်တော်ထံပြန်နေချိန်ဖြစ်သည့် နွေဦးရာသီမှာ စိမ်းလန်းစိုပြည်၍အလွန်သာယာသည်။

ဟက်စရာ (ဗက်စတာ)။ ။ဇုနတ်မင်းကြီး၏နှမတော်တပါးဖြစ်သည်။ အပျိုစင်နတ်သမီးဖြစ်၍၊ ဇုနတ်မင်းကြီး၏နတ်နန်းတွင် အတူစံရ၏။ ထိုနတ်သမီးကို အိုးအိမ်စောင့်သူနတ်သမီးဟု ခေါ်ဝေါ်ကြသည်။ ဟက်စရာ၏တာဝန်ဝတ်တရားမှာ အချမ်းပြေမီး လှုံသည့်မီးဖိုများမည်သည့်အခါမျှ မီးမငြိမ်းစေရန် စောင့်ရှောက်ပေးရခြင်းဖြစ်၏။ ထိုမီးဖိုမီးငြိမ်းပါက အိုးအိမ်နှင့်မတူ၊ အိုးအိမ်မပြိမသဖြစ်ရ၏။ ထိုနတ်သမီး၏နတ်ကွန်းများတွင် သူ့အားပူဇော်သည့် ဆီမီးသည် မည်သည့်အခါမျှ ငြိမ်းမသွားစေရချေ။ ဆီမီးမပြတ် ပူဇော်ပေးရသူများမှာ အပျိုစင်များသာ ဖြစ်ရသည်။

အီးရော့ (ကျူးပစ်)။ ။သတ္တဘာဂဖူးစာနတ်ဟုခေါ်ကြသော ထိုနတ်ကလေးမှာ အချစ်နတ်သမီး ဗီးနပ်၏သားတော်ဖြစ်၍ လေးနှင့်မြှားကိုစွဲကိုင်ကာ မယ်တော်၏

နောက်တော်ပါးမှ ဖဝါးထက်ကြပ် လိုက်ပါနေတတ်သည်။ အီးရော့သည် သူ၏မြားကို စိတ်ကူးတည့်ရာသို့ လွှတ်တတ်သည်။ သူ့မြားချက်ထိသူမှာ သေလောက်သောဝေဒနာကို မခံစားရစေကာမူ ထိုမြားချက်ဒဏ်ရာမှာ ကုသ၍ပျောက်ခဲလှသည်။ လူနတ်မဟူ မြားချက်ထိသူတို့တွင် ချစ်မေတ္တာစိတ်များ ဝင်စားလာတတ်သည်။ မြားနတ်မောင် အီးရော့သည် သူ့မြားကိုစူးစူးစမ်းစမ်းပြုပြီးမှ ပစ်ခတ်ခြင်းမဟုတ်ဘဲ သူပစ်ချင်သလိုပစ်တတ်သဖြင့် အဆင်မပြေသောအချစ်ကိစ္စများ ပေါ်ပေါက်ရသည်ဟု ဆိုကြ၏။ ထိုကြောင့်မြားနတ်မောင်၌မျက်စိမရှိသဖြင့် အချစ်၌လည်းမျက်စိမရှိဟု အချို့ကဆိုစမှတ်ပြုကြ၏။

သူတပါးတို့အား ချစ်ဒုက္ခ အနည်းနှင့်အများပေးတတ်သူ အီးရော့မှာ သူကိုယ်တိုင်အချစ်ဒုက္ခကို ခံစားခဲ့ရ၏။ တခါသော် မယ်တော်အချစ်နတ်သမီးက ဘုဂ္ဂင်တပါး၏သမီးတော် ဆိုက်ကီးမင်းသမီးကလေးမှာ ချောမွေ့လှပသဖြင့် မနာလိုဖြစ်ကာ ထိုမင်းသမီး၏အချစ်ကိစ္စတွင် မဟုယ်မရုပြစ်



ရေနန်းသူဇာအလှနတ်သမီးအက်ဖရိုဒိုက်တီခေါ် ဗီးနပ်၏ရုပ်တု

အောင်ပြုချေဟု သူ့အားစေခိုင်းလိုက်၏။ သို့သော်သူ့ကိုယ်တိုင် မင်းသမီးကလေးအား မေတ္တာသက်ဝင်ခဲ့၍ သူသည်မည်သူမည်ဝါဖြစ်သည်ကို သိအောင်မပြုရဟုပြောကာ ဇနီးပြုခဲ့၏။ ဆိုက်ကီးမင်းသမီးကလေးမှာ သူ့အားမနာလိုနေသောအစ်မတော်များ၏စကားကိုနားယောင်ကာ ညအခါန် အီးရော့အိပ်နေခိုက်တွင် သူမည်သူဖြစ်သည်ဟု စူးစမ်းလေသည်။ ထိုအခါအီးရော့က မျက်မာန်တော်ရှကာ သူ့အားစွန့်ခွာထွက်သွားလေသည်။ ဆိုက်ကီးမင်းသမီးကလေးမှာ ကြင်ယာတော်၏အထင်မှားချက်ပြုပျောက်ပါရန် သာမန်လူသားတို့စွမ်းဆောင်နိုင်ခဲသောအလုပ်များကို ဆောင်ရွက်ခဲ့ရ၏။ နောက်ဆုံးတွင်မှ အီးရော့မှာ ကြင်ယာတော်ကလေး၏ဖြစ်ပုံကို သနားကရုဏာစိတ်ဝင်လာသောကြောင့် ချစ်သူနှစ်ဦးမှာ ပြန်လည်ပေါင်းဖက်မိကြ၏။ (ကျူးပစ်နှင့် ဆိုက်ကီး — ရှ။)

အီးအော့ (သြဂိုဏ်)။ ။အရှက်နတ်သမီးဖြစ်၏။ နံနက်အရှက်ကျင်၍ လင်းလုနီးသည့်အချိန်တွင် တောက်ပသောနှင်းဆီသွေးရှိသောလက်များကို ဆန့်တန်းလျက် ညဉ့်လွှာရွဲကိုပင့်တင်လေ့ရှိသည်ဟု ဆိုလေသည်။ သူ၌ အလွန် နူးညံ့သိမ်မွေ့သောစိတ်နေသဘောထားရှိသော်လည်း သူ၏သားတော်များမှာ အလွန်ထိန်းသိမ်းရ ခက်သည်။ သားတော်များကား ဇက်ပါခေါ် အနောက်လေနတ်သား၊ ဗိုရိယတ်ခေါ် မြောက်လေနတ်သား၊ ဩစတာခေါ် တောင်လေနတ်သားနှင့်ယူးရပ်ခေါ် အရှေ့လေနတ်သားတို့ ဖြစ်ကြသည်။

အီးအော့သည်လည်း အဆင်မပြေသောချစ်ကိစ္စနှင့်ကြုံခဲ့ရ၏။ အရှက်နတ်သမီးသည် တောစောင့်နတ် သမီးပရော့ကရစ်၏ ကြင်ယာ၊ ဆက်ဖလပ်အမည်ရှိမုဆိုးကို ချစ်ခင်စွဲလမ်းမိ၍ ထိုမုဆိုးကလည်း အမူအရာနူးညံ့သိမ်မွေ့သူ အီးအော့အား ခင်မင်နှစ်သက်မိ၏။ မုဆိုးတော လိုက်ပြီး၍၊ အပန်းဖြေသည့်အခါ အီးအော့သည်မုဆိုးအား ချစ်ခင်ယုယစွာပြုစုပြီး ချစ်တင်းဆိုလေ့ရှိသည်။ ပရော့ကရစ်သည် မိမိ၏ကြင်ယာ၏အပြုအမူကို သက်သာမကင်းရှိ၍၊ တနေ့တွင်လိုက်၍ခြောင်းသော် မုဆိုးနှင့်အရှက်နတ်သမီးတို့၏အဖြစ်ကို မြင်တွေ့ရလေ၏။ ထိုအခါစိတ်မချုပ်တည်းနိုင်၍ ပုန်းကွယ်နေရာမှ ထွက်ခွာခဲ့သည်။ ပရော့ကရစ် ချုံပုတ်ထဲမှပြေးထွက်သံကို သမင်ထင်သောမုဆိုးသည် အမှတ်မဲ့သူ၏ လှံတံနှင့်ပစ်လိုက်လေရာ၊ ပရော့ကရစ်အားထိမှန်သဖြင့် အသက်ကုန်လေသည်။



ပလူတိုနတ်မင်းက ပါဆက်ပို်နိနတ်သမီးကိုငရဲပြည်သို့ဆောင်ကြဉ်းနေပုံ

ထိုအခါမှ မုဆိုးသည် မိမိသတ်မိသည်ကိုနောင်တရကာ နောက်နောင်အသက်ရှည် သမျှကာလပတ်လုံးမည် သူတဦး

တယောက်အား မျှ ချစ်ခြင်းမေတ္တာပေး အပ်တော့်မည် မဟုတ်ဘဲ မိမိကြင်ယာအပေါ်ထားရှိသော သစ္စာကို စောင့်စည်းပါတော့်မည်ဟု သန္နိဋ္ဌာန် ချလိုက်၏။ ထိုကြောင့် အရှင်နတ်သမီးမှာ မိမိချစ်သူဆက်ဖလယ်၏ မေတ္တာကို နောက်ထပ်မခံယူရရှာတော့်ဘဲ အသဲကွဲမတတ် ချစ်ဒုက္ခခံစားရရှာသည်။

အရှင်နတ်သမီးသည် အပေါ်လိုနတ်မင်း၏ အစေအပါး တဦးလည်းဖြစ်၏။ ကမ္ဘာသူကမ္ဘာသားတို့အား အလင်းစာတ်ပေးရန် အပေါ်လိုနတ်မင်းက နေစကြာရထားဖြင့် အသင့်ရှိသောအခါ အရှင်နတ်သမီးက ညဉ့်လှဲရုံတည်းဟူသောကန့်လန့်ကာကို မ တင်ကာ နေစကြာရထားကို လှတ်သူဖြစ်သည်။

ပန် (ဖေါနပ်)။ ။သိုးကျောင်းသူ၊ ဆိတ်ကျောင်းသူများကို စောင့်ရှောက်သောနတ်ဖြစ်သည်။ ဟားမီး (မာကျူရီ) နတ်မင်းနှင့်သစ်ပင်စောင့်နတ်သမီးတပါးတို့၏ သားတော်ဖြစ်၏။ သို့သော်ရုပ်ရည်ရူပကာမလှရှာချေ။ ထိုပြင် ပြေမှုတ်အလွန်တော်သော်လည်း မည်သည့်တောစောင့်နတ်သား နတ်သမီးကမှ သူ့ပြေသံကို နားမဆင်လိုကြချေ။ သို့သော်သိုးကျောင်းသား၊ ဆိတ်ကျောင်းသားကလေးများကမူ သူ့ပြေသံကို နှစ်ခြိုက်မြတ်နိုးကြ၍၊ သူတို့၏ ဆိတ်ကလေး၊ သိုးကလေးများ ပျောက်ဆုံးသည့်အခါ ပန်နတ်ကိုသာ ကူညီမှီငြိုးမရန်တိုင်တည်ပသကြ၏။

ကရိုးနပ် (ဆက်တန်)။ ။ဇုနတ်မင်းကြီး၏ခမည်းတော်ဖြစ်၍ တိုင်တန်နတ်မျိုးနွယ်ဖြစ်သည်။

ဂုဏ်မြောက်လှသောရှေးဂရိတို့၏ဘာသာစာပေ

ရှေးဂရိဘာသာစကားသည်၊ ကမ္ဘာ့ဘာသာစကားများတွင်၊ စကားလုံးလှပယဉ်ကျေးဆုံး၊ အပြစ်ကင်းဆုံးဖြစ်သည်ဟုယူဆရသည်။ အသံနေ အသံထား လေယူလေသိမ်းတို့မှာ သာယာနာပျော်ဖွယ်ရှိသည်။ ဝေါဟာရကြွယ်ဝသဖြင့် စိတ်တွင်ပေါ်ပေါက်လာသမျှကို တိကျစွာဖေါ်ပြနိုင်သည်။ ဤစာမူတွင် ဂရိစာပေသမိုင်းကို ဟိုမား၊ ပလေးတိုး၊ လူရှန်မှစ၍၊ ကော့စတိုပလာမတ် အထိပြည့်စုံစွာတင်ပြထားသည်။

ဂရိဘာသာနှင့်စာပေ။ ။ဂရိလူမျိုးတို့ပြောဆိုသည့် ဂရိဘာသာစကားစတင်ပေါ်ထွန်းထုဒေသမှာ ဒန်းညွှန့်ဝှမ်း၏မြေပြန့်ဒေသများနှင့်ဖေါ်လကန် တောင်ကြားဒေသများတို့ဖြစ်သည်။ ယင်းဘာသာစကားသည် အင်ဒို ယူရိုပီယန်ဘာသာစကားပင်မကြီး၏ အခက်အလက်တခုဖြစ်၏။ လက်တင်၊ သက္ကဋနှင့် တျူတန်ဘာသာစကား တို့နှင့်နွယ်သည်။ (ဘာသာစကားပညာရပ် — လည်းရှု။)

ရှေးဂရိဘာသာစကား၏ အသံနေအသံထား လေယူလေသိမ်းတို့မှာ သာယာနာပျော်ဖွယ်ရှိ၍၊ ကမ္ဘာ့ဘာသာစကားများထဲတွင် စကားလုံးလှပယဉ်ကျေးဆုံး၊ အပြစ်ကင်းဆုံးဖြစ်သည်ဟုယူဆကြ၏။ ဝေါဟာရစကားလုံး ပေါများကြွယ်ဝသဖြင့် လူတဦးတယောက်၏စိတ်ထဲပေါ်ပေါက်လာသမျှတို့ကို တိကျသေချာစွာဖေါ်ပြနိုင်သော ဘာသာစကားလည်းဖြစ်သည်။

ပထဝီဝင်အနေအထားအရ ရှေးဂရိပြည်နယ်များမှာ တဒေသနှင့် တဒေသတောင်တန်းကြီးများကာဆီးနေသဖြင့် တနယ်နှင့်တနယ် ကူးလူးဆက်ဆံမှုနည်းပါးခဲ့ကြ၏။ ထိုကြောင့်ဘာသာစကားမှာလည်း ဒေသလိုက်၍ ကွဲပြားခြားနားသည်။ သို့သော် တဒေသမှစကားကို အခြားဒေသတခုတွင်နားမလည်နိုင်လောက်အောင်မကွဲပြားချေ။

ရှေးဂရိဘာသာဟူ အသံကွဲစကားများကို ဒေါရစ်၊ အီးသြလစ်နှင့်အိုင်အွန်းနစ်ဟူ၍ ၃ ပိုင်း၊ ၃ စုပိုင်းခြားထား

နိုင်သည်။ ဘီစီ ၄၀၀ ပြည့်နှစ်လောက်တွင် အိုင်အွန်းနစ် ဘာသာစကားဆုပ်စုထဲမှဖြစ်သော အက်တစ် ဘာသာစကားသည် အခြားဘာသာစကားများအပေါ် လွှမ်းမိုးလာ၍ ထိုအက်တစ်ဘာသာစကားပေါ် အခြေခံထားသော အများသုံးဂရိဘာသာစကားတမျိုးသည် ဂရိပိုင် ကိုလိုနီနယ်များနှံ့မက်ဆိုပိုတေးမီးယား၊ ဆီးရီးယား၊ အီဂျစ်စသည်တို့သို့ တိုင်အောင်ပျံနှံ့ခဲ့၏။ ဂရိစာဆိုပညာရှိကြီး ဟိုးမား ရေးသားခဲ့သော ကဗျာလက်ာတို့မှာ အိုင်အွန်းနစ်ဘာသာစကားဖြင့်သာရေးသားခဲ့သည်။ ဟိုးမားသည် ဒေသအလိုက်သုံးသော ဗီညည်သည့်ဘာသာစကားကိုမျှ အသုံးမပြုခဲ့ပေ။ (ဟိုးမား — ရှု။) နောင်အခါ ဂရိစာပေပညာရှိကြီးများသည်လည်း အက်တစ်ဘာသာစကားကိုသာ ရေးသားအသုံးပြုကြရာ၊ ယင်းဘာသာစကားသည် စံထားရသော ရှေးဂရိဘာသာစကားဖြစ်လာခဲ့လေသည်။

ဘာသာစကားဆိုင်ရာ ပညာရပ်ကို လေ့လာလိုက်စားသူတို့အတွက် ဂရိဘာသာစကားသည် အလွန်စိတ်ပါဝင်စားဖွယ်ကောင်း၏။ အဘယ်ကြောင့်ဆိုသော် အခြို့သော ဘာသာစကားများမှ စကားလုံးများမှာ ဂရိစကားလုံးများကို ယူသုံးထားသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။ အင်္ဂလိပ်ဘာသာတွင် ဗိုင်ဩလိုဂျီ၊ အီလက်ထရစ်စီတီ၊ ဖစ်ဆစ်စသည့်စကားလုံးများမှာ ဂရိစကားလုံးများဖြစ်ကြ၏။


ယခုခေတ် ဂရိတို့သည် အကွာထုတို့ကို ရှေးမူအတိုင်းလက်ခံသုံးစွဲကြသော်လည်း ပြောဆိုသည့် ဘာသာစကားတွင်မူ သဒ္ဒါဥဒ္ဒဂင်း၊ အသံနေ အသံထွက်တို့ဥဒ္ဒဂင်း အပြောင်းအလဲများရှိခဲ့ကြသည်။ ယခုခေတ် ဂရိဘာသာစကားမှာ အေဒီ ၈၀၀ ပြည့်နှစ်လောက်ကမှ စတင်သုံးစွဲခဲ့ကြ၏။ ယခုခေတ် ဂရိဘာသာစကားတွင် အခြားဘာသာစကားများမှ စကားလုံးအတော်များများပါဝင်နေသည့်အပြင်၊ အသံများလည်း များစွာပြောင်းလဲခဲ့ပေသည်။ သို့ရာတွင် ကြာဉ်အနှစ် ၁၀၀၀ ခန့်ကခဲ့သည်ကို ထောက်ရှုသော် အလွန်အမင်းပြောင်းလဲသွားသည်ဟု မဆိုသာချေ။

၁၄၅၃ ခုနှစ်တွင် ကွန်စတန်တီနိုပယ်မြို့တော်ကြီး ကျဆုံးသောအခါ ဂရိစာပေပညာရှင်တို့သည် ဣတလီပြည်သို့ထွက်ပြေးကြရ၏။ သူတို့၏ကျေးဇူးကြောင့် ဣတာလျံစာပေပညာရှင်များသည် ဂရိဘာသာကို ပြန်လည်လေ့လာလိုက်စားခဲ့ကြသဖြင့် ဂရိဘာသာ၏ အရသာကို သိလာကြ၏။ ထိုကြောင့်လည်း ဥရောပသစ်အရေးပုံပေါ် ပေါက်ခဲ့ခြင်းပင်ဖြစ်၏။ (ဥရောပသစ်အရေးပုံ — ရှု။)

ဂရိစာပေ။ ။ဥရောပတိုက်တွင် ဂရိယဉ်ကျေးမှုမပေါ်ပေါက်မီက ကျကျနနရေးသားထားသည့်စာပေဟူ၍ မရှိခဲ့သေးချေ။ ဂရိလူမျိုးတို့သည် လွတ်လပ် သောလူမျိုးအဖြစ်ဖြင့် အေးချမ်းသာယာသောဒေသတွင်နေထိုင်ခဲ့ကြ၍ ထက်



ဂရိတိုလွမ်း ပြဇာတ် တဝှမ့် အခန်းတခန်းကိုဇာတ်ခုံပေါ်၌ တွေ့မြင်ရပုံ



ဂရိစစ်သည်တော်များကို မော်ကွန်းတင်သောကဗျာရှင် ပင်းဒါး

မြက်သောဥာဏ်ပညာနှင့်ပြည့်စုံကြသူများဖြစ်သည်။ စိတ်ကူးကောင်းမွန်ကြသည်။ ထိုကြောင့် သူတို့၏စိတ်အာရုံထဲတွင်ပေါ် ပေါက်ခဲ့သမျှကို ကဗျာလက်ာအဖြစ် နှုတ်တိုက်ပဲ့နဲ့.သီကုံးနိုင်ကြသည်။ ထိုသည်မှတဆင့် တဖြည်းဖြည်း ကဗျာကို စာပေအနေနှင့် ရေးသားစီကုံးသည့် အခြေအနေသို့ရောက်ခဲ့ကြသည်။ ဂရိတို့ရေးသားပြုစုခဲ့သည့်ပုံပြင်များ၊ ကဗျာလက်ာများ၊ ပြဇာတ်များနှင့်အခြားစာပေများထက် အဆင့်အတန်း သာလွန်သော စာပေမျိုး ကမ္ဘာတွင် ရှာမှရှားလှ၏။ စာပေအမျိုးအစားမှာလည်း အမျိုးစုံဖြစ်၏။ ပဲ့နဲ့.သီကုံး ပုံမှာလည်း လှပယဉ်ကျေးလှ၏။ သူတို့၏အရေးအသား ဟန်နေဟန်ထားတို့ကို နှောင်းလူများကပင်စံထားနည်း ယူကြရပေသည်။ ထိုပြင် ရှေးဂရိစာပေများ၏ နှစ်လိုဖွယ်အချက်မှာ အကြောင်းအရာဖွဲ့နဲ့.ပုံကောင်းခြင်း၊ ရိုးရိုး ရှင်းရှင်း ရေးသားထားခြင်း နှင့် ဆန်းသစ်ခြင်းတို့ဖြစ်ပေသည်။

ရှေးဂရိစာပေကို ခေတ် ၅ ခေတ်ပိုင်းခြားထားသည်။ ထိုခေတ်များမှာ အက်ပစ် ကဗျာခေတ်၊ လစ်ရစ် ကဗျာခေတ်၊ အက်တစ် ခေတ်၊ အယ်လက်ဇန္ဒြီးယန်းခေတ်နှင့် ဂရိကိုရိမန်ခေတ်တို့ဖြစ်ကြ၏။ အက်ပစ် ကဗျာခေတ်မှာ ဘီစီ ၇ ရာစုနှစ်မှ ၆ ရာစုနှစ်အထိထွန်းကားခဲ့သည်။ ထိုခေတ်တွင် ထင်ရှားခဲ့သောကဗျာစာဆိုရှင်ကြီး ၂ ဦးမှာ ဟိုးမားနှင့်ဟီးဆိယော့တို့ဖြစ်ကြ၏။ ဂရိစာပေသည် နှုတ်ဖြင့်သီဆိုရသောလက်ာများမှစတင်ခဲ့၏။ ထိုလက်ာများမှာ အာဇာနည်သူရဲကောင်းများနှင့် စွန့်စားသူတို့၏အကြောင်းကိုစပ်ဆိုထားသော လက်ာများဖြစ်၍၊ စားပဲ့သောက်ပဲ့၊ ပျော်ရွှင်ပဲ့ကြိုးများတွင် ရွတ်ဆိုကြရ၏။ ယင်းကဗျာလက်ာကြိုးများစွာမှာ ပျောက်ဆုံးသွားခဲ့ရာ 'အော့ဒိဆီ' နှင့် 'အစ်လယက်' အမည်ရှိလက်ာကြိုးနှစ်ပုဒ်သာ ကျန်ရှိခဲ့သည်။ ထိုလက်ာကြိုးနှစ်ပုဒ်ကိုပဲ့ဆိုသူမှာ ဂရိစာဆိုကျော်ကြီး ဟိုးမားဖြစ်၏။

'အစ်လယက်' ကဗျာကြီးမှာ ထရိုင်းမြို့တော်ကြီးကိုဝန်းရံတိုက်ခဲ့စဉ်က ပါဝင်ခဲ့သော ဂရိအာဇာနည်သူရဲကောင်းအကီးလီး၏အကြောင်းနှင့်ဂရိနှင့်ထရိုဂျန်လူမျိုးများ တိုက်ခိုက်ကြပုံကိုပဲ့ဆိုသီကုံးထားခြင်းဖြစ်၏။ 'အော့ဒိဆီ' ကဗျာကြီးမှာမူ ထရိုင်းမြို့တော်ကြီးမှ အက်တစ်ကာမြို့တော်ကြီးသို့သွားရောက်ရာ ခရီးလမ်းတလျှောက်တွင် ယူလီဆီခေါ် အိုဒီဆယူ စွန့်စားတိုက်ခိုက်ခဲ့ရပုံများကို သီကုံးပဲ့နဲ့.ထားခြင်းဖြစ်လေသည်။

ဟီးဆီယော့စာဆိုပညာရှိမှာ ဘီစီ ၇ ရာစု သို့မဟုတ် ၈ ရာစုနှစ်လောက်တွင် ပေါ် ထွန်းခဲ့၏။ ထိုပုဂ္ဂိုလ်ကြီး၏ထင်ရှားသောကဗျာတို့မှာ လယ်ယာထွန်ယက်စိုက်ပျိုးခြင်းနှင့် သက်ဆိုင်သော 'အလုပ်နှင့်နေ့ရက်များ' ကဗျာနှင့်ကမ္ဘာကြီးစတင်ဖြစ်ပေါ် လာသည့်ပုံကို မှန်းဆပဲ့ဆိုထားသော 'သီယိုဂိုနီ' ခေါ် ကဗျာတို့ဖြစ်ကြ၏။

•ထိုခေတ်၏နောက်တွင် လစ်ရစ်ကဗျာခေတ်ပေါ် ပေါက်လာ၍၊ ဘီစီ ၇ ရာစုနှစ်၊ ၆ ရာစုနှစ်နှင့် ၅ ရာစုနှစ်တပိုင်းမှာ ထိုခေတ်တွင်အကျုံးဝင်ခဲ့သည်။ ထိုခေတ်တွင် စောင်းတူရိယာတမျိုးပေါ် ပေါက်လာခဲ့ရာ ထိုတူရိယာနှင့်တီးမှုတ်သီဆိုရန် တေးကဗျာများကိုစပ်ဆိုလာကြ၏။ ယင်းတေးကဗျာများစပ်ဆိုရာ၌ ထင်ရှားသောစာဆိုပညာရှင်များမှာ အဲဆီးယပ်၊ အဲ့ကမန်၊ အစ်ဗီကပ်၊ ဆက်ဖိုစသည့် ပညာရှင်တို့ဖြစ်ကြ၏။ ထိုအထဲတွင် ဆက်ဖိုမှာ ဂရိအမျိုးသမီးများထဲမှ ပဌမဆုံး ထင်ရှားသော ကဗျာစာဆိုရှင်ဖြစ်ပေသည်။ ဂရိတို့သည် တေးကဗျာများကို စကားလုံးရိုးရိုး ရှင်းရှင်းနှင့် သဘာဝကျကျ ရေးစပ်ထားသည်။ အကြောင်းဆိုသော် ထိုတေးကဗျာများမှာ သီဆိုသွားသည့်အခါ နားဆင်ရသူ၌ အဓိပ္ပါယ်လွယ်လွယ်ရှင်းရှင်းနှင့် နားအရသာခံနိုင်မှသာလျှင် တေးကဗျာကောင်းပီသသောကြောင့်ဖြစ်သည်။

ထိုခေတ်၏နောက်ပိုင်းတွင် ပေါ် ပေါက်သော ပင်းဒါးအမည်ရှိ ကဗျာစာဆိုအကျော်အမော်ကြီးကား ဂရိပျော်ပဲ့ရွှင်ပဲ့ကြိုးများတွင် အောင်ပဲ့ရသူများကို ခြိုးပင့်သီဆိုရန်

လေးနက်ခန့်ညားလှသောမော်ကွန်းကဗျာကြီးများကို ရေးစပ်သီကုံးခဲ့သဖြင့်ထင်ရှားခဲ့ပေသည်။ ပင်းဒါး၏ကဗျာကြီးများကိုရေးသားပုံမှာ ပဌမတွင် မြို့တော်ကြီးနှင့်အောင်ပွဲရသူတို့ကိုခြီးပင့်ဖွဲ့နွဲ့သီကုံးပြီးနောက် မြို့တော် သို့မဟုတ်နိုင်ငံတော်သားတို့နှင့် စပ်ဆိုင်သောဂရိထုံးဟောင်းပုံပြင်တခုခုကို ထည့်သွင်းစပ်ဆိုခြင်းပင်ဖြစ်၏။


• ဂရိနိုင်ငံတော်၏ယဉ်ကျေးမှုသမိုင်းတွင် အထွန်းပြောင်ဆုံးခေတ်သည်ကား အက်တစ်ခေတ်ဖြစ်၍ ဘီစီ ၅ ရာစုနှစ်နှင့် ၄ ရာစုနှစ်လောက်တွင် ထွန်းကားခဲ့သည်။ ထိုခေတ်တွင် ပြဇာတ်များခေတ်စားခဲ့သည်။ ပြဇာတ်တို့ကို ကဗျာဖြင့်စီကုံးဖွဲ့နွဲ့ခြင်းကြောင့် ကဗျာ၏အဆင့်အတန်းသည် တိုးတက်လာခဲ့သည်။

ပြဇာတ်များမှာ အက်သင်းမြို့တော်တွင် နွေဦးရာသီ၌ ဒိုင်အိုနိုင်းဆပ်နတ်မင်းအား ပူဇော်ပသပွဲမျှားကျင်းပခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်၏။ ထိုပွဲတော်တွင် ဆိတ်ရေမျှားဝတ်ဆင်ထား သူတစုသည် ယိမ်းသားများပမာ သီချင်းတပုဒ်ကို သံပြိုင်သီဆိုပြီးနောက် နတ်မင်း၏နတ်စင်ကို ပတ်လည်ဝိုင်း၍ကကြရ၏။ ထိုနောက်မှ ယိမ်းခေါင်းဆောင်က နတ်မင်း၏အကြောင်းလင်္ကာတပုဒ်ကို ရွတ်ဆိုပြရသည်။ (ဂရိနတ်များ — ရှု။) ထိုနောက်တွင်မူ၊ ဂရိတို့၏ဥာဏ်စွမ်းရည်ဖြင့် လင်္ကာရွတ်သည့်နေရာတွင် လင်္ကာမရွတ်စေဘဲ စကားပြောစေခြင်းဖြင့်ပြုပြင်ပေးကာ ဂရိအလွမ်းပြဇာတ်ကိုစတင်ဖန်တီးခဲ့လေသည်။

ဂရိအလွမ်းပြဇာတ်ကို ပဌမဆုံးစတင်ခဲ့သူမှာ အက်စကိလပ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ယိမ်းခေါင်းဆောင်တဦးတည်း လင်္ကာရွတ်ရသည့်နေရာတွင် ဇာတ်ကောင် • ၂ ဦးအပြန်အလှန်စကားပြောခန်းကို ဖွဲ့နွဲ့တီးထည့်သွင်းပေးခဲ့၏။ ထိုပြင် ပြက္ခဒိန်တခန်းထဲမဟုတ်တော့ဘဲ အခန်းခွဲပြစေ၏။ ယင်းသို့ဖြင့် နောင်အခါတွင် စာဆိုရှင်များကပွဲတော်ကပွဲများကို ပြဇာတ်သဘောအတိုင်းရေးသားလာကြတော့သည်။ အက်စကိလပ်၏ ဇာတ်ကောင်များမှာ ဟန်အမူအရာ သရုပ်မပါလှချေ။ သို့သော်နောင်အခါတွင် ဇာတ်ကောင်များ၏ ဟန်အမူအရာကို အသားပေး၍ ရေးသားပွဲနွဲ့လာကြ၏။ ဆောဖကလီ၏ပြဇာတ်များတွင် ဇာတ်ကောင်များမှာ ဟန်အမူအရာ ပါလာသော်လည်း သဘာဝကျရမည်ထက်ပိုလွန်နေ၏။ အခြားစာဆိုရှင်တဦးဖြစ်သူ ယူရစ်ပီးဒီး၏ပြဇာတ်များတွင်ကား ပြဇာတ်အဆင့်အတန်းမှာ တလှမ်းတိုးလာခဲ့သည်။ ယူရစ်ပီးဒီး၏ပြဇာတ်များမှာ ပဲ့ရှသူပရိတ်သတ်အား အလွမ်းချည်းကြည့် ကာငြီးငွေ့ခြင်းမဖြစ် ရလေအောင် လွမ်းခန်းဖေါ်၍ အတော်အသင့်လွမ်းစေပြီး လျင်စိတ်လက် ပေါ့ပါးသက် သာရာရစေသော တေးကဗျာသီဆိုသည့်အခန်းမျိုးကို ရှိတ်စပီးယား၏ပြဇာတ်များ ကဲ့သို့ ကြားချပ်ထည့်ပေးလေသည်။ (အက်စကိလပ်၊ ဆောဖကလီ၊ ယူရစ်ပီးဒီး — ရှု။)

ပြဇာတ်များ၏ဇာတ်သွားမှာ ချမ်းသာခြင်းတွေ့ရပြီးလျင်မာနတက်ခြင်းကြောင့် ဆင်းရဲခြင်းနှင့်ကြုံကြိုက်ကြရကာ နောက်ဆုံးတွင်ပျက်စီးခြင်းသို့ ရောက်ကြရသည်ဟူသောမူကို လက်ကိုင်ထားကြသည်။ ယခုခေတ်ပြဇာတ်နှင့်ဂရိပြဇာတ်များကွာခြားချက်မှာ ဂရိပြဇာတ်များ၏ဇာတ်လမ်းသည် လူအများသိပြီးသော ဂရိထုံးဟောင်းပုံပြင်မှဝတ္ထုသွားကိုဇာတ်အိမ်ဖွဲ့ကာ ကပြကြခြင်းဖြစ်သည်။ ဂရိတို့သည် အကြမ်းအတမ်းပြုရသည့်အခန်း၊ သေကြေပျက်စီးသည့်

ဟိုးမား၏လင်္ကာများရွတ်ဖတ်သည်ကိုနား သောတဆင် နေကြသူများ



အခန်းမျိုးကိုပြသခြင်းမပြုဘဲ ယင်းသည့်အခန်းမျိုးကိုကျည်ခြင်းဖြင့်သာ ပရိသတ်အား သိရှိစေသည်။

အသောပြဇာတ်များမှာ အလွမ်းပြဇာတ်များနောက်မှ ပေါ်ပေါက်ခဲ့၍ ယင်းတို့သည်လည်း စက်တင်ဘာလ ကောက်သိမ်းပွဲတွင် ဆိုင်ရာနတ်မင်းအား ပူဇော်ပွဲမှ စတင်ခဲ့ခြင်းဖြစ်၏။ ယင်းသည့်ပြဇာတ်များတွင်ကား သီချင်းများသည်ထင်း၊ ပြောဆိုကြသည့်စကားများသည်ထင်း၊ စိတ်လက်ပေါ့ပါးပျော်ရွှင်ဖွယ်ရာများသာ ဖြစ်၏။ ထင်ရှားသော အသောပြဇာတ်ရေးပုဂ္ဂိုလ်ကြီးမှာ အယ်ရစ္စတောဖနီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီး၏ပြဇာတ်များမှာ ထိုခေတ်ကပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေးတို့ကို သရော်လှောင်ပြောင်ထားသော ပြဇာတ်များဖြစ်ကြ၏။ ယင်းသည်ပင် ထိုခေတ်အသောပြဇာတ်များ၏ရည်ရွယ်ချက်ဖြစ်လေတော့သည်။ (အယ်ရစ္စတောဖနီး — ရှ။)

ထိုခေတ်တွင် စကားပြေစာပေများလည်း ပေါ် ပေါက်ခဲ့၏။ စကားပြေသည်လည်း ကဗျာလင်္ကာပြဇာတ်များနှင့်တပြေးတည်း လိုက်နိုင်အောင် အဆင့်အတန်းမြင့်သော စာပေများဖြစ်ကြသည်။ စကားပြေနှင့်ရေးသားထားသော စာပေများမှာ နိုင်ငံသမိုင်း၊ ယထာဘူတပညာ၊ စကားပြောကောင်းအတတ်ဆိုင်ရာ စာပေများ ဖြစ်ကြ၏။ ထိုခေတ်တွင် ထင်ရှားသောကျမ်းပြုပုဂ္ဂိုလ်တဦးမှာ ဟီရော့ဒိုးတပ်ဖြစ်၍၊ တခါတရံ ထိုပုဂ္ဂိုလ်ကြီးအား နိုင်ငံသမိုင်း၏ဖခင်ကြီးဟုခေါ်ဆိုကြသည်။ အကြောင်းမူကား နိုင်ငံသမိုင်းဟူသောအမည်တပ်ကာ စာပေတမျိုးကိုပဌမဆုံးရေးသားပြုစုခဲ့သူဖြစ်သောကြောင့်ပေတည်း။ ထိုပုဂ္ဂိုလ်ကြီးသည် ဂရိနှင့်ပါးရှင်းတို့ဖြစ်ပွားခဲ့သော စစ်ပွဲမျာ်းအကြောင်းကို မှတ်တမ်းတင်ခဲ့သူလည်းဖြစ်၏။


နိုင်ငံသမိုင်းကို တိကျမှန်ကန်သောစူးစမ်းနည်း၊ ချဉ်ချိန်ဝေဖန်နည်းတို့ဖြင့် ပြုစုရေးသားခဲ့သူမှာ သူဆစ်ဒီးဒီးအမည်ရှိ ကဝိကြီးတဆူဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ပယ်လိုပွန်နီးရှန်းစစ်ပွဲများ၌ စစ်ဗိုလ်ချုပ်ကြီးတဦးအဖြစ်နှင့် ကိုယ်တိုင်ပါဝင် တိုက်ခိုက်ခဲ့ရလင့်ကစား၊ ထိုစစ်ပွဲကြီးများအကြောင်းမှတ်တမ်းတင်ရာ၌ သူ့ဖက်ကိုယ့်ဖက်မလိုက်ဘဲ၊ အမှန်အတိုင်းတိကျစွာ ဖြစ်နိုင်သမျှဖြစ်အောင် ရေးသားခဲ့ပေ၏။ (သူဆစ်ဒီးဒီး — ရှ။)


ဇင်းနဖန် အမည်ရှိ အက်သင်းစစ်ဗိုလ်ချုပ်ကြီးတဦးကလည်း သူဆစ်ဒီးဒီး၏ပယ်လိုပွန်နီးရှန်းစစ်ပွဲသမိုင်းကြီးကို နောက်ဆက်တွဲရေးသားပြုစုခဲ့သေးသည်။ ထိုသမိုင်းကြီးမှာလည်း ထင်ရှားကျော်ကြား၍ မိုဂြမ်းပြုလောက်သော စာပေတရပ်ဖြစ်ပေသည်။ (ဇင်းနဖန် — ရှ။)

ထိုခေတ်တွင် စကားပြောကောင်းသူများလည်း ထွန်းကားခဲ့၏။ ယင်းတို့မှာ အိုင်ဆော့ကရတီး၊ လစ်ဆယတ်နှင့် ဒီမော့စသီးနီးတို့ဖြစ်ကြရာ ဒီမော့စသီးနီးမှာ အထင်ရှားအကျော်ကြားဆုံးဖြစ်၍၊ ဂရိဘာသာစကားပြေအရေးအသားတွင်လည်း အကျော်အမော်တဦးဖြစ်လေသည်။ (ဒီမော့စသီးနီး — ရှ။)

ပလေးတိုးသည် စကားပြေအရေးအသားတွင် အကျော်အမော်ဖြစ်သော ယထာဘူတ ကဝိကြီးတဆူဖြစ်၏။

စောင်းကိုအာရုံစိုက်နေသောဂရိကမျိုးသမီးစာဆိုဆက်ပို





အက်ပစ်ကမျာခေတ်တွင်ထင်ရှားခဲ့သော ဂရိစာဆိုကျော်ဟိုးမား

ထိုပုဂ္ဂိုလ်ကြီးသည် စုံတွဲဇာတြန်အလှုံ့စကားပြောဆိုပုံမျိုးကိုရေးသားလေ့ရှိသည်။ သူ့ဆရာယထာဘူတကဝိကြီးတဆူဖြစ်သော ဆိုကရေတီးနှင့် ယထာဘူတပညာကိုတဆိုင်ရာအယူအဆအတွေးအခေါ်တို့ကိုဆွေးနွေးနေဟန်နှစ်သုံးစကားလုံးရိုးရိုးများကိုသုံးကာ အဓိပ္ပါယ်ရှင်းရှင်းရေးသားထားခဲ့၏။ (ပလေးတိုး၊ ဆိုကရေးတီး — ရှု။)

ပလေးတိုး၏တပည့်တဦးဖြစ်သော အယ်ရစ္စတိုတယ်ကမူ ယထာဘူတပညာကို တိကျမှန်ကန်သော စူးစမ်းနည်း၊ ချင့်ချိန်ဝေဖန်နည်းတို့ဖြင့် ညီညွတ်အောင်ဆောင်ရွက်ခဲ့သည်။ သူ၏သဘောတရားများကို တက္ကဗေဒနည်းအရနှင့် စံနစ်တကျ ထုတ် ဖေါ် ခဲ့လေသည်။ သူ၏စာပေများထဲတွင် ဂရိယဉ်ကျေးမှုပညာ၊ ယထာဘူတပညာ၊ ရူပဗေဒ၊ ဗိုင်ဩလိုဂျီ၊ နိုင်ငံရေး၊ စိတ္တဗေဒစသည်တို့သည် အကျုံးဝင်လျက်ရှိ၏။ အယ်ရစ္စတိုတယ်သည်ပညာရပ်တိုင်းမှအမှန်သဘောတရားကိုရရှိအောင် စူးစမ်းရှာဖွေခဲ့လေသည်။ (အယ်ရစ္စတိုတယ် — ရှ။)

ဘီစီ ၃ ရာစုမှ ၁၄၆ ခုနှစ်အထိဖြစ်သော အယ်လက်ဇန္ဒြီးယန်းခေတ်တွင် စာပေပညာရှင်များနှင့် စာပေအကဲဖြတ်သမားတို့ပေါ်ထွန်းခဲ့၏။ သို့သော် ဂရိမြို့တော် အက်သင်းမှာ စာပေနှင့်သုခုမပညာရပ်များဖက်တွင် ဦးဆောင်နိုင်သောဒေသမဟုတ်တော့ချေ။ အယ်လက်ဇန္ဒြာ-သ-ဂရိတ်ဘုရင်မင်းမြတ်၏စွမ်းရည်ကြောင့် ဂရိလက်နက်နိုင်ငံတော်ကြီးမှာကျယ်ပြန့်ခဲ့လေရာ၊ ဂရိယဉ်ကျေးမှုမှာ မြေထဲပင်လယ်ဒေသတဝိုက်တိုင်အောင် ပျံ့နှံ့ခဲ့လေ၏။ ထိုခေတ်၌ခေတ်တခေတ်ဟုတွင်လောက်အောင် လျှမ်းလျှမ်းတောက်ကောင်းမွန်လှသော စာပေမျိုးကားမပေါ် ပေါက်ခဲ့ပေ။ သို့သော် ကဗျာစာဆိုများ၊ နိုင်ငံသမိုင်းပြုပုဂ္ဂိုလ်များနှင့် ယနေ့ဘူတပညာရှင်များကားစာပေများပြုစုရေးသားလျက်ပင်ရှိခဲ့ကြ၍၊ သူတို့၏စာပေအဆင့်အတန်းမှာ အတော်အသင့်ကောင်းမွန်ခဲ့သည်။ သီအော့ကရစ်တပ်အမည်ရှိကဗျာရှင်တဦးသည် တောဘွဲ့ကဗျာတမျိုးကို တီထွင်ခဲ့၏။ ထိုကဗျာမှာ အမေးအဖြေပြုလုပ်ဟန်ဖြင့်ရေးသားထားပြီး၊ အပျင်းပြေဖြေဖျော်ရန် အတွက်သာရေးစပ်ထား ခြင်းဖြစ်၍ နက်နဲသော စာပေမျိုးမဟုတ်ချေ။ မိနန်ဒါအမည်ရှိပြဇာတ်ရေးဆရာတဦးကမူ၊ လူတို့၏မိုက်မဲတွေဝေမှုကိုသရုပ်ဖော်ပြသော အသော ပြဇာတ်များကိုရေးသားပြုစုခဲ့လေသည်။ ဂရိနိုင်ငံကို ရောမလူမျိုးတို့သိမ်းပိုက်ပြီးသည်မှ အေဒီ ၅၂၆ ခုနှစ်အထိဖြစ်သော ဂရိကိုရှိမန်ခေတ်တွင် နိုင်ငံရေး၌ရောမတို့ကစိုးမိုးနေသည်မှန်သော်လည်း ယဉ်ကျေးမှုကို ဂရိတို့ကသာခေါင်းဆောင်ခြယ်လယ်ခဲ့ကြ၏။ အယ်လက်ဇန္ဒြီးယားမြို့တော်မှာ ဂရိယဉ်ကျေးမှု၏ဗဟိုဌာနဖြစ်ခဲ့လေသည်။ ဘီစီ ၂ ရာစုနှစ်လောက်တွင် ရောမမြို့တော်မှာ ဂရိယဉ်ကျေးမှုဗဟိုဌာနဖြစ်လာပြန်သည်။ အကောင်းဆုံးသော နိုင်ငံသမိုင်းတစောင်ဖြစ်သည့် ကားသော့စစ်ပွဲများအကြောင်းပြုစုရေးသားခဲ့သူ ပေါ်လစ်ဗိုင်းယပ်မှာ ရောမမြို့တော်၌သာအနေများခဲ့သော ဂရိပညာရှင်တဦးဖြစ်ခဲ့၏။ ထင်ရှားသော နိုင်ငံသမိုင်းပြုပုဂ္ဂိုလ်ကြီးများထဲတွင် နောက်ဆုံးပေါ်ထွန်းခဲ့သူမှာ ပလူးတပ်ဖြစ်၍၊ အေဒီ ၁ ရာစုနှင့် ၂ ရာစုအတွင်း၌ပေါ် ပေါက်ခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးကား ထင်ရှားသောဂရိနှင့်ရောမပုဂ္ဂိုလ်ကျော်များ၏ အတ္ထုပ္ပတ္တိများကို မှတ်တမ်းတင်ခဲ့သူဖြစ်သည်။ ပလူးတပ်သည် အတ္ထုပ္ပတ္တိရှင်ပုဂ္ဂိုလ်ကြီးများကို ကွက်ကွက်ကွင်းကွင်းထင်မြင်လာအောင် စာပန်းချီခြယ်နိုင်စွမ်းရှိခဲ့၏။ (ပလူးတပ် — ရှ။) ၁ ရာစုအတွင်း၌ပေါ် ထွန်းခဲ့သော


လူရှုန်အမည်ရှိပညာရှိကြီးတဦးကမူ၊ စာပြောင်စာ၍နှင့်စိတ်ကူးယဉ်စာပေများကို ပြုစုရေးသားခဲ့သည်။

ထိုခေတ်အတွင်းပေါ် ပေါက်ခဲ့သည့် အခြားစာပေတမျိုးမှာ နှစ်လိုဖွယ်ကောင်း သောကဗျာတို့ကလေးများ ဖြစ်ပေသည်။ ဂရိကိုရိမန်ခေတ်ကုန်ဆုံးခါနီတွင် ဗိုင်ဇင်းရှမ် (ကွန်ဇတန်တီနိုပယ်) မြို့တော်ကြီးမှာ အလွှေဖက်တွင်ဂရိယဉ်ကျေးမှုထွန်းကားရာမြို့တော်ကြီးဖြစ်ခဲ့သည်။ ထိုခေတ်က စာပေဖက်တွင် ကျမ်းပေါင်းမြောက် မြားစွာထွက်ခဲ့သော်လည်း ဘာသာရေး၊ နိုင်ငံသမိုင်းဆိုင်ရာစာပေများသာဖြစ်၍၊ ပင်ကိုယ်ဥာဏ်ဖြင့် ပြုစုသည့် စာပေမျိုးမပေါ်ထွက်ခဲ့ပေ။

ကွန်စတန်တီနိုပယ်မြို့တော်ကြီးကျဆုံးသည့် ၁၄၅၃ ခုနှစ်နှင့်ဂရိလူမျိုးတို့ပြန်လည်ခေါင်းထောင်နိုင်ခဲ့သော ၁၈၂၁ ခုနှစ်အကြားဈာင် ဂရိစာပေ ၂ မျိုး ၂ စားပေါ် ပေါက်ခဲ့၏။ ပဌမအမျိုးမှာ ရှေးမူဟောင်းအတိုင်းလိုက်ကာ ယဉ်ခန့်သန့်သောစာပေမျိုးဖြစ်၏။ ဒုတိယအမျိုးမှာ တိုးတက်လာသည့် ခေတ်နှင့်လိုက်လျောညီစွာ သုံးနှုန်းနိုင်စေရန် ပြုပြင်ထားသော အများသုံး ရိုမေအစ်ခေါ် ဒီမိုတစ်စာပေမျိုးဖြစ်လေသည်။

ခေတ်သစ်ဂရိနိုင်ငံတွင် ထိုစာပေ ၂ မျိုး ၂ စားအနက် တမျိုးမျိုးကို နိုင်ငံသုံးဘာသာဖြစ်အောင် အကျိတ်အနယ်ကြိုးစားခဲ့ကြ၍၊ ရုန်းရင်းဆန်ခတ် မှုများပင်ဖြစ်ပွားခဲ့ရ၏။ ထိုခေတ်ဟောင်းနှင့် ခေတ်သစ်စာပေအုံကြွလှုပ်ရှားမှုများအနက် ဆီချာဂရိလှုပ်ရှားမှုမှာ ထင်ရှားခဲ့သည်။ ဂျအင်းဆီချာဂရိ (ခရစ် ၁၈၅၄-၁၉၂၉) သည် စာပေတော်လှန်ရေးသမားတဦးဖြစ်ခဲ့သည်။ ၁၈၈၈ ခုနှစ်တွင် 'ကျွန်ုပ်၏ခရီးစဉ်' ဟူသော ဝတ္ထုတပုဒ်ကို ဒီမိုတစ်စာဇေဖြင့် ရေးသားကာ ဂရိစာပေသမိုင်းတွင် တလှုပ်းတိုးစေခဲ့သည်။ သူနှင့်ရှေးဟောင်းစာပေအရေးအသားတော်လှန်ဖက်များမှာ မွေသစ်ကျမ်းနှင့်အိလယက်တို့ကို ဒီမိုတစ်ဂရိဘာသာသို့ပြန်ဆိုခဲ့သူ အယ်လက်ဇန္ဒာပါလီ၊ ကဗျာဆရာ ဗလက်စတော့၊ ပေါ်တိုးယေးဒီးနှင့်ဝတ္ထုရေးဆရာ အက်ဖတာလီယိုးတစ်တို့ဖြစ်၏။ သူတို့၏တော်လှန်မှုကို အတိုက်အခံပြုကြသည့်အင်အားမှာလည်း မသေးလှချေ။ သို့သော် စာပေသစ်မှာ တဖြည်းဖြည်းတွင်ကျယ်လာ၍ လက်ခံသူများပြားလာ၏။ ၁၉ ရာစုနောက်ပိုင်းတွင် စာပေသစ်ကိုကဗျာများ၌သာတွေ့ကြရသော်လည်း နောင်အနှစ် ၅၀ ခန့်ကြာလာသောအခါ၊ ဝတ္ထု၊ ခရီးသွားမှတ်တမ်း၊ အတ္ထုပ္ပတ္တိစာပေတို့တွင်လည်း တွေ့ရသည်။ သို့သော် အချို့စာပေမြောက်များစွာတို့ကို ခေတ်ဟောင်းစာပေလည်းမက ခေတ်သစ်စာပေလည်းမကျ စေဘဲကြားစာပေမျိုးဖြင့်ရေးသားခဲ့ကြလေသည်။

ခေတ်သစ်တွင်အထင်ရှားဆုံးသောကဗျာစာဆိုတော်ကြီးမှာ ကော့စတီပလာမတ် (ခရစ် ၁၈၅၉-၁၉၄၃) ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီး၏လက်ရာ ကဗျာစာပေများမှာ ဂရိနိုင်ငံသမိုင်း၊ ဂရိနိုင်ငံတော်ကြီးတန်ခိုးထွန်းပြောင်ခဲ့ပုံ၊ ပျက်သုန်းရပုံနှင့်ပြန်လည် ခေါင်းထောင်နိုင်အောင်ကြိုးပမ်းခဲ့ရပုံများကိုထည့်သွင်းဖွဲ့နွဲ့သီကုံးထားခြင်းများဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးအား သူ့ခေတ်တွင် ဥရောပတိုက်၏အကြီးမြင့်ဆုံးသောကဗျာစာဆိုကြီးအဖြစ် အသိအမှတ်ပြုကြလေသည်။



ဂရိပြေတ်ဆရာကြီး အရစ္စတော့ဖနီး၏ အသေပြေတ်မှ အခန်းတခန်း

ပဌမကမ္ဘာစစ်ကြီးအပြီးတွင် ဂရိနိုင်ငံ၌ဝတ္ထုရှည်နှင့်ဝတ္ထုတိုများ အလွန်ခေတ်စားလာခဲ့၏။ ယခင်ခေတ်များက တခါဘူးမျှ ကျိမျလောက်ငတ္ထုများ ခေတ်စားခြင်းမရှိခဲ့ပေ။ မိတက်ဆက်အာဏာရှင်ခေတ်ဖြစ်သော (၁၉၃၆–၁၉၄၀) ခုနှစ်များအတွင်း၌မူ၊ ဂရိစာပေအရေးအသားကို ချုပ်ချယ်ထားသဖြင့် စာပေသက်သက်စာအုပ်စာတမ်းများနှင့်နိုင်ငံသမိုင်းဆိုင်ရာစာအုပ်စာတမ်းများလောက်ကိုသာ ရေးသားထုတ်ဝေခွင့်ပြု၏။ ဒီမိုတစ်စာပေမျိုးကို အားပေးသော်လည်း ပဲလိုကလီး၊ သူဆစ်ဒီးဒီး၊ ဆောဖကလီစသည့် ကဗျာကြီးများ၏စာပေအချို့ကို ဒီမိုကရေစီစိတ်ဓာတ်များနိုးကြားလာမည်စိုး၍သင်ကြားခွင့်မပြုခဲ့ချေ။

၁၉၄၄ ခုနှစ်တွင် လွတ်မြောက်သောနိုင်ငံဖြစ်လာသည့် ဂရိနိုင်ငံ၏ပါပန်ဒြေယိုအစိုးရက ဒီမိုတွစ်ဘာသာစာပေကို နိုင်ငံတော်သုံးဘာသာအဖြစ်အသုံးပြုရန် အမိန့်ထုတ်ခဲ့သည်။ သို့သော် ၁၉၄၅ ခုနှစ်တွင် တက်လာသော ဗောင်ဂါရစ်အစိုးရက ထိုအမိန့်ကိုပယ်ဖျက်၍ ခေတ်ဟောင်းဘာသာစာပေကိုသာ နိုင်ငံတော်သုံးပြုခဲ့သည်။ အကြောင်းမူဟုရှင့် ဝါဒရှိသူ ပုံနှိပ်တိုက်ရှင်များနှင့် အက်သင်းတက္ကသိုလ်ပညာရေးဌာနမှပြောင်းလဲမှုကိုလက်မခံလိုသူတစုက အများနားလည်သော ဘာသာစာပေကို နိုင်ငံတော်သုံးအဖြစ်ပြုလုပ်ထားလျှင် သူတို့၏အခြေအနေကို ထိခိုက်လာမည်စိုးသောကြောင့်ဖြစ်သည်။ သို့သော် ဂရိအမျိုးသားကယ်တင်ရေးတပ်ဦးမှထုတ်ဝေသောစာရွက်စာတမ်းများမှာမူ အားလုံးပင် ဒီမိုတစ်စာပေနှင့်ရေးသားထုတ်ဝေခဲ့လေသည်။

လက်မြောက်သည့် ရှေးဟောင်းဂရိအနုပညာ

ခေတ်အမျိုးမျိုးကုန်လွန်ကြစေကာမူ၊ ပြောင်မြောက်လှသည့် ရှေးဟောင်းဂရိတို့၏အနုပညာကား မှေးမှိန်တိမ်ကောလိမ့်မည်မဟုတ်ပေ။ ဂရိအနုပညာ၏မက္ကိုင်ဖြစ်သော၊ အဆင့်အတန်းမြင့်လှသည့် ရုပ်လုံးထုနှင့်ပန်းချီဆေးရေးအတတ်များကို နှောင်းလူတိုသည်အမြဲလိုပင်နည်းနိဿျခံယူကြရသည်။

ဂရိဘာသာနှင့်စာပေ


ဂရိအနုပညာ။ ။ဂရိလူမျိုးတို့၏အနုပညာရပ်များဖြစ်သော ပိသုကာ၊ ရုပ်လုံးထုနှင့်ပန်းချီဆေးရေးအတတ်များသည် အခြားနိုင်ငံများ၏အနုပညာရပ်များထက် စံနစ်တကျရှိ၍ဂရိတို့၏ရုပ်တု၊ ရုပ်လုံး၊ အဆောက်အအုံများမှာ အချို့အစားကျနလှပသည်ဟုထင်ရှားသည်။ ထိုကဲ့သို့ထင်ရှားခဲ့သော အနုပညာရပ်များသည် ဘီစီ ဂဝဝ မှ ဘီစီ ၅၀ ခုနှစ်အတွင်း၌ဖွံ့ဖြိုးခဲ့သည်။ ပဌမတွင် ဂရိတို့မှာ သိုးထိန်း ဆိတ်ထိန်းများသာဖြစ်ခဲ့သည်။ ထိုနောက် နယ်လှည့်ကုန်သည်များဖြစ်ကြသော ဖိနီရှန်လူမျိုးများထံမှ သခြေအတတ်နှင့်အက္ခရာစာလုံးတို့ကိုရရှိကြ၏။ ဂရိတို့မှာဥာဏ်တက်မြက်သူများဖြစ်ကြသဖြင့်ဖိနီရှန်တို့ထံမှရသော သခြေနှင့် အက္ခရာရေးနည်းအတတ်များကို ဖွံ့ဖြိုးအောင်ပြုစုနိုင်ခဲ့ကြပေသည်။ ဘီစီ ၉၀၀ မှ ဘီစီ ၇၀၀ ခုနှစ်ခန့်အထိ ကာလအပိုင်းအခြားကို ဂျီသြမေတြီထွန်းကားသောခေတ်ဟုအသိအမှတ်ပြုခဲ့ကြ၏။ (ဂျီသြမေတြီ — ရှု။)

ဂရိတို့သည် နတ်ကိုးကွယ်ကြသည်။ သူတို့ကိုးကွယ်ကြသည့်နတ်များမှာ သာမန်လူတို့ထက်တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသည်ဟုယုံကြည်ရသော မီး၊ ရေ၊ နေ၊ လေစသည်တို့တည်း။ ထို့အပြင်လည်း လူတို့၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည်တို့ကို စိုးပိုင်သော နတ်အသီးသီး ရှိသည်ဟုယုံကြည်ကြ၏။ ထိုသို့ယုံကြည်သည့်အတိုင်း လည်း သူတို့၏စိတ်ကူးဥာဏ်မြင်လာသော နတ်ရုပ်များ၏ပုံများကိုထုလုပ်ကိုးကွယ်ကြသည်။ (ဂရိနတ်များ — လည်းရှု။)

ပဌမတွင် ဂရိတို့သည် ပုံကြမ်းပုံရိုင်းများကိုသာတွင်းထုရေးဆွဲနိုင်ခဲ့ကြ၏။ သူတို့သည်ကျန်းမာရေးကိုအလေးဂရုပြုသောလူမျိုးများဖြစ်သည့်အတိုင်း ကိုယ်လက်အင်္ဂါအချိုး



ပန်းအိုးကိုဆေးခြယ်နေသည့်ဂရိအနုပညာသည်



အယ်လက်ဇန္ဒ္ဝ–သ–ဂရိတ်၏ ရွှမ်ကလပ်ကိုထည့်ရာဖြစ် သော ဂရိကျောက်ဆစ်တလား

အစားကျနမှုကိုအထူးလိုလားကြသည်။ ဤသို့ကိုယ်လက် အင်္ဂါတောင့်တင်းလှပခြင်းကိုသူတို့၏နတ်များက နှစ်သက် သည်ဟုယုံကြည်ကြ၏။ ဥာဏ်ကောင်းသောဂရိတို့သည် ရွှမ်တုရွှမ်လုံးများကိုသာမက အဆောက်အအုံများကိုလည်း အချိုးအစားကျန လှပစေရန် တစတစ ဂရုစိုက်၍လာခဲ့ကြ သည်။ အထက်၌ဖော်ပြခဲ့သော ဂျီသြမေတြီခေတ်ပိုင်းတွင် ဂရိတို့သည် အဆောက်အအုံများကို ဂျီသြမေတြီစံနစ်အရ တိုင်းထွာဆောက်လုပ်ခဲ့ကြ၏။ သို့ရာတွင် ဂရိအနုပညာရှွမ်း များသည် တိုးတက်မှုများစွာမရရှိခဲ့သေးချေ။ ဘီစီ ၄၀၀ ခန့်အထိ ဂရိလက်ရာများမှာရှေးရိုးကျ၍ ပြောပလောက် အောင်လှပတင့်တယ်ခြင်းမရှိသေးချေ။ ဂရိနိုင်ငံသို့ထိပါး စေ်ကားလာသော အာရှတိုက်မှ ပါးရှင်းလူမျိုးများကိုဘီစီ ၄၂၉ ခုနှစ်၌တွန်းလှန်နိုင်ကြသည်တွင် ဂရိတို့၏စိတ်ဓာတ် များတက်ကြွလာခဲ့သည်။ ထိုအခါတွင် ရွှမ်တု ရွှမ်လုံးများ ပြုလုပ်၍ဂင်း၊တေးချင်းကဗျာများစပ်ဆို၍ဂင်း သူရဲကောင်း အာဇာနည်များကိုခြီးကျူးဂုဏ်ပြုကြသည်။ ယင်းအချိန်မှ စ၍ ဂရိတို့၏အနုပညာ လက်ရာများသည်လည်း သိသိသာ သာတိုးတက်ကြီးပွားလာလေသည်။

ဂရိအနုပညာသမိုင်းကို ခေတ်ကြီး ၄ ခေတ်ပိုင်းခြား၍ လေ့လာနိုင်ပေသည်။

ပဌမခေတ်ဟုခေါ်တွင်ရမည်ဖြစ်သော ဘီစီ ၈၀၀ ခုနှစ် ခန့်မှ ပါးရှင်းတို့ဝင်ရောက်တိုက်ခိုက်သည့် ဘီစီ ၄၈၀ ခုနှစ် ခန့်အတောအတွင်း၌ ဂရိတို့၏ရှေးရိုးလက်ရာကြမ်းများကို တွေ့မြင်နိုင်သည်။ အဆောက်အအုံများ၊ ရွှမ်လုံးများ၊ ပန်း ချီကားများသည်စံနစ်တကျရှိလာပြီဖြစ်သော်လည်း နှောင်း ခေတ်လက်ရာများကိုမမှီသေးချေ။

ဒုတိယခေတ်ဖြစ်သော ဘီစီ ၄၈၀ မှ ဘီစီ ၄၀၀ ခုနှစ် အထိတွင် ဂရိတို့၏စိတ်ဓာတ်ရင့်သန်မှုကိုအမှီပြုကာ အနု ပညာရပ် သည်လည်း တဟုန်တည်း တိုးတက်လာခဲ့သည်။ ထိုခေတ်လက်ရာများမှာ အဆစ်အချိုးကျနလှပလာလေပြီ။ ပါးရှင်းလူမျိုးတို့ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပျက်စီးပြိုကွဲ သော်အဆောက်အအုံများ၊ အထိမ်းအမှတ်ရွှမ်လုံးများနှင့် ပန်းချီကားများကို အားတိုက်အင်တိုက် မွမ်းမံပြင်ဆင်ကြ သည်။ ကဗျာစာဆိုနှင့်ဂီတစာဆိုတို့ကလည်း ဂရိလူစွမ်း ကောင်းများ၏အကြောင်းကို စိတ်ဓာတ်တက်ကြွဖွယ်တေး သီချင်းများဖွဲ့ဆိုသီကုံးကြသည်။

အနုပညာရပ်များ အနက် ပန်းချီဆေးရေး အတတ်သည် ရှေးဦးစွာဖွံ့ဖြိုးလာခဲ့ဟန်တူသည်။ အက်သင်းမြို့နှင့် ဒဲလဖိုင် မြို့ရှိ အဆောက်အအုံ မျက်နှာစာအဆောင်ကြီးများမှ နံရံများတွင် တန်ဆာဆင်ခဲ့ကြသော ပန်းချီဆရာကြီး ပေါ်လစ်ဂနိုးတပ်၊ မိုက်ကွန်နှင့် ပါနီနပ်တို့၏ လက်ရာများမှာ များစွာချီးမွမ်းဖွယ်ကောင်းသည်။ အချို့ပန်းချီကားများ တွင် မူရင်းဆေးရောင်များမရှိတော့သော်လည်း ရေးဆဲပုံ အချိုးအစား အထားအသိုတို့မှာနည်းစံနစ်ကျနမှန်ကန်လှ သဖြင့်၊ ယခုခေတ် အနုပညာရှင်များ၏ ချီးကြူးအံ့သြမှုကို ပင်ခံရလေသည်။


ထိုခေတ်အတွင်းမှာပင် အက်သင်းမြို့၊ အကရောပလစ် တောင်ကုန်းပေါ်ရှိ ပါးသီနွန်အဆောက်အအုံကြီး၊ အိုလင်း

ပီးယားမြို့ရှိ ဇုနတ်မင်း၏နန်းတော်ကြီးအပြင် အခြားမြို့ရွာများရှိ အဆောက်အအုံအများကို လှပဆန်းကြယ်စွာပြန်လည်တည်ဆောက်ကြပြီးလျှင် ထိုအဆောက်အအုံများကို ကျောက်ရုပ်တုများ၊ ကြေးရုပ်တုများ၊ ပန်းချီကားများ အစရှိသည်တို့ဖြင့် အလှအပတန်ဆာဆင်ကြလေသည်။

ဂရိရုပ်လုံးထုဆရာတို့သည် ကိုယ်လက်အင်္ဂါအချိုးအစား .လှပပြေပြစ်မှုကို အဓိကထားကာ ထုလုပ်လေ့ရှိကြရာ၊ ကျန်းမာသန်စွမ်းသော အားကစားသမားများ၏ ရုပ်လုံးများကို ထုလုပ်ကြသည်။ ထိုခေတ်က ထင်ရှားကျော်စောခဲ့သော ရုပ်လုံးထုဆရာကြီးများမှာ မိုင်ရွန်၊ ပေါ်လီကလိုင်တပ်နှင့် ဖီးဒီးယက် တို့ပင်ဖြစ်သည်။ (ဖီးဒီးယက်—လည်းရှု။) လေးပစ်သမား၊လုံကိုင်သမား၊ သံဝိုင်းပစ် သမားနှင့် အခြားအားကစား သမားရုပ်လုံးများမှာ အလွန် အချိုးအစား ကျနၖ်လှပသောဟန် အမူအရာ ရှိသည်။ မိန်းမရုပ်များ ကို ထုလျှင်လည်း မိန်းမတို့၌ ပြည့်စုံရမည့် စံပြကိုယ် အင်္ဂါအဆစ်အချိုးများကိုယူခါထွင်းထုကြပေသည်။ ဗီးနပ်အမည်ရှိအချစ်နတ်သမီး၏ရုပ်တုကို ကြည့်လျှင် ဂရိတို့၏ အမြင်၌လုပခြင်းသည် မည်ကဲ့သို့ရှိလေသည်ကို မှန်းဆသိရှိနိုင်ကြပေလိမ့်မည်။


ဘီစီ၄၀၀မှ၃၀၀ခုနှစ် အထိကာလ အပိုင်း အခြား ကို တတိယခေတ်ဟု မှတ်သား ခေါ်ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်တွင် ဂရိတို့၏လက်ရာများသည် အပြောင်းအလဲရှိလာသောကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် ရုပ်တုရုပ်လုံးဖေါ်နည်းတွင်ပြုပြင်ပြောင်းလဲမှုများရှိလာသည်ကိုတွေ့ရသည်။ ဒုတိယခေတ်က ရုပ်လုံးများမှာ အချိုးအစားကျနလှပသော် လည်းစံပြရုပ်လုံးများသာ လျှင်ဖြစ်သည်။ တတိယခတ်တွင် ရုပ်တုရုပ်လုံးများသည်လည်းဒုတိယခေတ်ကကဲ့သို့ပင် အချိုးအစား ကျန လှပ၍ လက်ရာပြောင် မြောက်ကြပေသည်။ တတိယခေတ်၏ထူးခြားချက်မှာကား စံပြရုပ်လုံးများဖြစ်သော အားကစားသမားများနှင့် အချစ်နတ်သမီး၏ပုံများသာမက လူသာမန်တို့၏လှုပ်ရှားမှုများကိုပါ ပုံတူယူ၍ဖန်တီးနိုင်ခြင်းပင်ဖြစ်၏။ လူလောကသဘာဝနှင့်ပိုမိုနီးစပ်လာပြီဟုဆိုနိုင်သည်။ လူတို့၏သဏ္ဌာန်၌ဖြစ်ပေါ်တတ်သော အမှုအရာ အသွင်အပြင်များကို သရုပ်ဖေါ်နိုင်ကြလေပြီ။ ထိုကြောင့်လက်ရှိလူတို့တွေ့ထိခံစားရသည့် စိတ်စေတနာတို့မှဖြစ်ပေါ်လာသော အမူအရာတို့သည် ရုပ်တုရုပ်လုံးများပေါ်တွင် ကွက်ကွက်ကွင်းကွင်းပေါ်နေပေတော့သည်။ ထိုခေတ်အတွင်းကပရက်ဇစ်တလီ၊ စကိုးပတ်၊ တင်းမသီးယပ် အစရှိသောအနုပညာသည်ကြီးများသည် အဲ့သြဖွယ်ရာစူးရှသောအမြင်နှင့်ကျွမ်းကျင်မှုရှိလှသောကြောင့် ထင်ရှားကျော်စောခဲ့သည်။

ထိုခေတ်အတွင်းမှာပင် ရောမလူမျိုးတို့သည်ဂရိနိုင်ငံသို့ဝင်ရောက်လာကာ ဂရိလက်ရာအများအပြားကို ရောမနိုင်ငံသို့ယူဆောင်သွားကြ၏။ ထိုကြောင့် ဂရိဟန်ရှိသောအနုပညာလက်ရာများကို ဂရိနိုင်ငံ၌ဂုဏ်း၊ ရောမနိုင်ငံ၌ဂုဏ်း တွေ့မြင်ရပေသည်။ (ရောမပန်းချီနှင့် ရုပ်လုံးထုအတတ် — ၌။)



သံပြားဝိုင်းပစ်နေသောဂရိအားကစားသမားရုပ်တု

ဘီစီ ၃၀၀ ပြည့်နှစ်အလွန်တွင် ဂရိအနုပညာသည် အသွင်တမျိုးပြောင်းခဲ့ပြန်သည်။ ဤအကြိမ်တွင်မူကား တိုးတက်မှုမရှိဘဲ တဖြည်းဖြည်း သာဆုတ်ယုတ်မှေးမှိန်ခဲ့လေသည်။



အက်သင်းမြို့၊ အသီးနှံးနတ်သမီး၏ ဗိမာန်နံရံတွင် ထုထားသော ဂရိလူမျိုးတို့၏ကျောက်ဆစ်လက်ရာ


ထိုခေတ်ကို စတုတ္ထခေတ်ဟုခေါ်ရပေမည်။ ထိုခေတ်သို့ ရောက်သောအခါ ပန်းချီဆေးရေးအတတ်သည် သာသနာရေးဆိုင်ရာ အဆောက်အအုံများနှင့်သာ သက်ဆိုင်သော အတတ်ပညာ မဟုတ်တော့ဘဲ လူနေအဆောက်အအုံ နှင့်လည်း သက်ဆိုင်သော အနုပညာဖြစ်လာသည်။ သို့ရာတွင် ထိုခေတ်အခါကထွန်းကားခဲ့သော ဂရိပန်းချီ၊ ရုပ်ထု၊ ပိသုကာဆရာတို့၏အမည်များသည် အနုပညာသမိုင်းတွင်များစွာမထင်ရှားခဲ့ဘဲ လက်ရာကောင်းများလည်း မှတ်သားလောက်ဖွယ်မကျန်ရစ်ခဲ့ချေ။

ဂရိနိုင်ငံ၌ အနုပညာတဖြည်းဖြည်းဆုတ်ယုတ်မှေးမှိန်လာခိုက်တွင် နိုင်ငံငယ်ကလေးများအစိတ်စိတ်ကွဲ၍ပြည်ထဲရေးမသာမယာဖြစ်ခဲ့သောကြောင့် အနုပညာရပ်သည်ပြန်လည်ဖွံ့ဖြိုးလာရန်မဖြစ်နိုင်ခဲ့တော့ချေ။ စတုတ္ထခေတ်သည် ဂရိအနုပညာမှေးမှိန်ကွယ်ပျောက်သောခေတ်ဖြစ်သော်လည်း ဂရိပန်းချီဆေးရေးအတတ်သည် ရောမခေတ်တွင်ဆက်လက်ဖွံ့ဖြိုးခဲ့ဟန်တူပေသည်။ သို့ရာတွင် ထိုလက်ရာများကား ရောမ လက်ရာ များသာဖြစ်၍၊ ဂရိနိုင်ငံ အနုပညာအဖြစ် စဉ်းစားရန်မသင့်ချေ။

ဂရွာဘဏ်။ ။ဂရွာဘဏ်ဆိုသည်မှာ ရဟန်းတို့၌ ဝိနည်းတော်အရ ခွဲဝေမပေးကောင်းသော သံဃိကပစ္စည်း ဖြစ်သည်။ ရဟန်းတို့၌ ဂရွာဘဏ်ပရိက္ခရာ၊ လဟုဘဏ်ပရိက္ခရာ ဟူ၍ ၂ မျိုးရှိရာ၊ ဂရွာဘဏ်ပရိက္ခရာကို သံဃာအားဖြစ်စေ၊ ပုဂ္ဂိုလ်အားဖြစ်စေ စွန့်လည်းမစွန့်အပ်၊ ဝေဖန်လည်းမဝေဖန်အပ်ချေ။ စွန့်လျှင်၊ ဝေဖန်လျှင် ထုလွှစွဲဦးအာပတ်သင့်သည်ဟူ၍ မြတ်စွာဘုရားဝိနည်းတော်၌ ပညတ်တော်မူသည်။ ထုလွှစွဲဦးအာပတ်ဆိုသည်ကား ဒေသနာကြား၍ ဖြေရသည့်အာပတ် ၅ ပါးတွင် အကြီးလေးဆုံးသော အာပတ်ဖြစ်သည်။

ဂရွာဘဏ်ပရိက္ခရာကား ၂၅ ပါးရှိသည်။ ယင်း ၂၅ ပါးကား အာရာမ၊ အာရာမဝတ္ထု၊ ဝိဟာရ၊ ဝိဟာရဝတ္ထု၊ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှိအုံး၊ ကြေးအိုး၊ ကြေးအိုးစရည်း၊ ကြေးအင်တွဲ၊ ကြေးဖျဉ်း၊ ပဲခွပ်၊ ပုဆိန်၊ ပေါက်တူး၊ ခဲ၊ ဆောက်၊ နွယ်၊ ဝါး၊ ဖြူဆံမြက်၊ ပိတ်မြက်၊ သက်ကယ်၊ မြေစိုင်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာတို့ ဖြစ်သည်။ ဤဂရွာဘဏ်ပရိက္ခရာ ၂၅ ပါးမှတပါး အခြားသော ရဟန်းပရိက္ခရာဟူသမျှမှာ လဟုဘဏ်ပရိက္ခရာများဖြစ်၏။ (လဟုဘဏ် — ရှု။)

ဂရေး, တီ (ခရစ် ၁၇၁၆-၁၇၇၁)။ ။အင်္ဂလိပ်စာဆိုတဉီးဖြစ်သော တောမတ် ဂရေးကို ၁၇၁၆ ခုနှစ်၌ လန်ဒန်မြို့တွင် ဖွားမြင်၏။ ငယ်ရွယ်စဉ်ကပင် ဖခင်သေဆုံးသွားရာ မိခင်ကြီးသည် ဂရေးကိုပညာသင်ပေးနိုင်ရန် ပင်ပန်းကြီးစွာဇွေကြေးရှာကြံ၍၊ အိတန်ကျောင်း၌ပညာသင်ကြား



အမိုးကိုမိန်းမရုပ်များဖြင့်ပင့်ထားသောဂရိအဆောက်အဦ

စေခဲ့သည်။ ထိုနောက် ဂရေးသည် နန်းရင်းဝန် ရောဗတ် ဝါလပို၏ သား ဟောရေ့ ဝါလပို၏ ဆရာကလေး အဖြစ် နှင့် ဥရောပတိုက် တခွင်သို့ ခရီးလှည့်လည် ခဲ့၏။ ၁၇၄၂ ခုနှစ် တွင် အင်္ဂလန်ပြည်သို့ပြန်လာပြီးလျှင် ကိမ်းဗရစ်တက္ကသိုလ်၌ သူအလွန်နှစ်သက်သော ဂရိစာပေကိုလေ့လာသည်။ ၁၇၆၈ ခုနှစ်မှစ၍ ကိမ်းဗရစ်တက္ကသိုလ်၌ ရာဇဝင်ပါမောက္ခ အဖြစ် ပညာပို့ချသင်ကြားယင်း ၁၇၇၁ ခုနှစ်တွင် ကိမ်းဗရစ်၌ပင် ကွယ်လွန်ခဲ့လေသည်။

ဂရေးသည် ကိမ်းဗရစ်၌အနေများ၏။ တခါတရံ သူ့မိခင်ကြီးရှိရာ စတုတ်ပို့ဂျက်သို့ပြန်၍ ၁ လ ၂ လနေလေ့ရှိ၏။ တခါတရံ လန်ဒန်သို့သွားရောက်နေတတ်၏။ သူ့ရပ်ရွာသို့ပြန်လာသော အခါ ဘုရားရှိခိုးကျောင်းပျက် နှင့် အိမ်အိုကျောင်းအိုများအကြားတွင် လည်ပတ်နေတတ်၏။ တနေ့သော် ဤသို့လျှောက်လည်ယင်း စတုတ်ပို့ဂျက်ရှိ ဘုရားရှိခိုးကျောင်း မြေသို့ရောက် သွားသော အခါ စိတ်ထဲတွင် ကဗျာတပုဒ်စပ်ဆိုချင်စိတ်ပေါက်လာသဖြင့် အယ်လဂျီခေါ် လွမ်းချင်းကဗျာကို ရေးသားလိုက်လေသည်။ ထိုကဗျာသည် ဂရေး၏ရင်တွင်း၌ ခံစား ရသောစိတ်မှ ယိုဖိတ်လာသည့် စကား လုံးတို့ဖြင့် တန်ဆာဆင် ထားရာသူရေးသမျှ ကဗျာများအနက် အထင်ရှားဆုံးဖြစ်လေသည်။ ထိုကဗျာကို ၁၇၅၁ ခုနှစ်တွင် စာအုပ်တအုပ်လျှင် ၆ ပဲနီနှုန်းဖြင့်



လွမ်းချင်းကဗျာဖြင့် ထင်ရှား သောတောမတ်ဂရေး


ရောင်း၍ ထိုနောက်၌ကား ပထမရိုက်နှိပ်သော စာမူကို ပေါင် ၉၀၀ ပင်ပေး၍ဝယ်ကြသည်။

သူပဌမရေးသားသော ကဗျာမှာ 'နွေဦးရာသီသို့' ဟူသောကဗျာဖြစ်သည်။ ထိုနောက် 'အီတန်ကောလိပ် ကျောင်း၏နောင်ရေး'၊ 'ဆင်းရဲခြင်း'၊ 'သေဆုံးသွားသော အိမ်ချစ်ဆုံးကြောင်ကလေးသို့' ဟူသောလွမ်းချင်းဆန်သည့် ကဗျာများကိုရေးသည်။

ဂရေး, ဆာ ဘက်ဒွပ် (ခရစ် ၁၈၆၂-၁၉၃၃)။ ပဌမကမ္ဘာစစ်ကြီးမဖြစ်မီ ဂရိတ်ဗြိတိန်နိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်ဖြင့် ကျော်ကြားခဲ့သူ ဆာ အက်ဒွပ် ဂရေးသည် လစ်ဗရယ်ပါတီဝင်ဖြစ်၍၊ ခရစ် ၁၈၈၅ ခုနှစ်တွင်ပါလီမန်အမတ်အဖြစ် ပဌမအရွေးခံရသည်။ ဂရေးသည်သူ၏ အဖိုးဆာ ဂျော့ ဂရေးကွယ်လွန်သောအခါတွင်၊ ဗဲရွန်နက် အရိုက်အရာကိုမျိုးရိုးအရ ဆက်ခံရရှိခဲ့လေသည်။

လစ်ဗရယ်ပါတီခေါင်းဆောင် နန်းရင်းဝန် ဂလက်စတုန်းသည် ၁၈၉၂ ခုနှစ်တွင် ဂရေးအား နိုင်ငံခြားရေးဝန်ကလေးအဖြစ်ဖြင့် ခန့်ထားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူလော့ ရိုစဗရီ၏လက်ထောက်အဖြစ်ဖြင့် ပါလီမန်တွင်ဆောင်ရွက်ရသည်။ ၁၈၉၅ ခုနှစ်အထိ ဂရေးသည်နိုင်ငံခြားရေးဝန်ကလေးဖြစ်ခဲ့သည်။ ၁၈၉၅ ခုမှ ၁၉၀၅ ခုနှစ်အထိလစ်ဗရယ်ပါတီသည် အာဏာလက်လွတ်ဖြစ်၍ ကွန်ဆားဗတစ်ပါတီကသာ အစိုးရဖဲ့ခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် လစ်ဗရယ်ပါတီက တဖန်ရွေးကောက်ပဲတွင်မဲသာပြန်သဖြင့် ကင်းဗဲဗင်းနားမန်းက နန်းရင်းဝန်အဖြစ်ခေါင်းဆောင်၍လစ်ဗရယ်အစိုးရဖဲ့နိုင်ပြန်လေသည်။ ထိုအခါ ဂရေးကိုနိုင်ငံခြားရေးဝန်ကြီးခန့်လိုက်သည်။

ဂရေးသည် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးအဖြစ်ဖြင့် မိမိတာဝန်ကိုနိုင်နင်းကျွမ်းကျင်စွာထမ်းရွက်ခဲ့သည်။ ပြင်သစ် နိုင်ငံနှင့်၎င်း၊ ဗဲလ်ဂျီယမ်နိုင်ငံနှင့်၎င်း၊ ရုရှအင်ပိုင်ယာကြီးနှင့်၎င်း၊ ဂျပန်နိုင်ငံနှင့်၎င်း၊ မဟာမိတ်စာချုပ်များချုပ်ဆိုကာ ဗြိတိန်၏အင်အားကိုကမ္ဘာတွင် တောင့်တင်းစေခဲ့သည်။ ဂရေးသည် ဂျာမန်ကေဆာင်၏စစ်ဖြစ်ရေးခြေလှမ်းကိုအကဲခတ်မိသည့်အတိုင်း ဗြိတိန်ကကြံ့ကြံ့ခံနိုင်စေရန် လိမ်မာပါးနပ်စွာ မဟာမိတ်များကိုရှာကြံဖွဲ့ခဲ့သည်။ ပဌမကမ္ဘာစစ်ကြီးမဖြစ်မီအခါန်ကာလတွင် စစ်မက်မဖြစ်ပွားရအောင် ဂရေးသည် စေ့စပ်ကမ်းလှမ်းနည်းအမျိုးမျိုးဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။ ကြိုးပမ်းချက်မအောင်မြင်ဘဲ ဂျာမန်တို့က စစ် စတင်တိုက်ခိုက်သောအခါ ဗြိတိသျှတမျိုးသားလုံးက စစ်ကျေညာရေးကို ထောက်ခံအားပေးလာအောင် ဂရေးသည်ထိရောက်စွာဟောပြော၍ အစွမ်းကုန်ဆောင်ရွက်ခဲ့လေသည်။



နိုင်ငံခြားရေးဝန်ကြီးဗိုင်းကောင့်ဂရေး

၁၉၁၆ ခုနှစ်တွင် ညွှန့်ပေါင်းအစိုးရခေါင်းဆောင် အက်စကွစ်နန်းရင်းဝန်ရာထူးမှနုတ်ထွက်သောအချိန်၌ ဂရေးသည် မျက်စိရောဂါစဲကပ်လာသဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှနုတ်ထွက်လိုက်လေသည်။ သူ၏တိုင်းပြည်အတွက်အမှုထမ်းခဲ့သည့်ကျေးဇူးကိုအသိအမှတ်ပြုသောအားဖြင့် အင်္ဂလိပ်ဘုရင်မင်းမြတ်က လော့အဆင့်အတန်းတွင် အပါအဝင်ဖြစ်သော ဗိုင်းကောင့်ဘွဲ့ဖြင့်ခြီးမြှင့်ခြင်းပြုသည်။ ထို့အတွက် ဂရေးအား ပဌမဗိုင်းကောင့်ဂရေး အော့ ဖယ်လိုဒွန်ဟူ၍ လည်းစာအုပ်စာတမ်းများတွင်ရေးသားခေါ်ဝေါ်ကြသည်။ တခါတရံလည်း 'ဂရေး အော့ ဖယ်လိုဒွန်' သို့မဟုတ် 'လော့ ဖယ်လိုဒွန်' ဟုခေါ်ဝေါ်ရေးသားကြသည်။ ဂရေး ရေးသားခဲ့သောစာအုပ်များအနက် '၁၈၉၂ ခုမှ ၁၉၁၆ ခုနှစ်အထိ ၂၅ နှစ် ကာလ' ဟူသောစာအုပ်နှင့် 'ဖယ်လိုဒွန်စာတမ်းများ' (၁၉၂၆) ဟူသောစာအုပ်မှာ သမိုင်းမှတ်တမ်းတင်စာအုပ်များဖြစ်သည်။

ဂရယ်ဗိတီဆွဲဘား။ ။အာကာနုသတ္တိ — ဂျ။

ဂရက်ဖိုက်။ ။စိန်နှင့်ဂရက်ဖိုက် (ခဲနက်) တို့သည် ကာဗွန်စစ်စစ် ဖြစ်၏။ အခြားဓာတ်ပစ္စည်းများနှင့် ရောနှောပေါင်းစပ်ခြင်းမရှိသော ဒြဗ်စင်သက်သက်ဖြစ်၏။ (စိန်ရတနာ၊

ကာဗွန် — ရှူ။) စိန်နှင့်ဂရက်ဖိုက်တို့သည် ကာဗွန်အခဲများဖြစ်ကြသော်လည်း၊ စိန်သည် သိရှိရသရွေ့ပစ္စည်းအားလုံးအနက် အမာဆုံးဖြစ်ရုံသာမက ကြည်လင်တောက်ပသည့်အတွက် လူအများက တန်ဖိုးထားကြသည်။ ဂရက်ဖိုက်မှာမူ ပျော့၍နက်သောအရောင်သာရှိသည်။ ဂရက်ဖိုက်ကို စိစ်ဆေးကြည့်သောအခါ ပါးလွှာသောအချပ်ကလေးများဖြင့် ဖွဲ့စည်းထားကြောင်းကို တွေ့ရသည်။ ဂရက်ဖိုက်ကို ကမ္ဘာအနှံ့အပြားဌ၌ တွေ့ရသော်လည်း သိဟိုဋ္ဌကျွန်းတွင် အများဆုံး တူးဖေါ်ရရှိသည်။ အမေရိကန်ပြည်ထောင်စု၊ ကွတလီ၊ ဆိုက်ဗီးရီးယား၊ မက္ကဆီကိုနှင့်အိန္ဒိယနိုင်ငံရှိအချို့သောနယ်များမှလည်း အထိုက်အလျောက် တူးဖေါ်ရရှိသည်။ ဂရက်ဖိုက်ကို ဤကဲ့သို့သဘာဝအလျောက် တူးဖေါ်ရရှိသည့်အပြင်၊ ဓာတုဗေဒနည်းအားဖြင့်လည်း ဖေါ်စပ်ယူနိုင်ပေသည်။

ဂရက်ဖိုက်သည် စိန်လောက်အဖိုးမထိုက်တန်လှသော်လည်း၊ စိန်ထက်များစွာအသုံးဝင်သည်။ ဂရက်ဖိုက်တတုံးကိုယူ၍ စက္ကူပေါ်တွင်ခြစ်ကြည့်လျှင် အမဲကြောင်းများထင်ကျန်ရစ်သည်ကို တွေ့ရပေမည်။ ထိုကြောင့် ဂရက်ဖိုက်ကို အလွန်မှန့်သောမြေစေးမှုန့်များနှင့် ရောပြီးလျှင် ခဲတံပြုလုပ်ရာ၌ ခဲဆန်အဖြစ်ဖြင့် အသုံးပြုကြသည်။ (ခဲတံ — ရှူ။)

အမှန်စင်စစ် ဂရက် ဖိုက်ဟူသောစကားသည် ရေးရန်ဟူအဓိပ္ပါယ်ရသော ဂရိဘာသာစကားမှ ဆင်းသက်လာသည်။ အချို့သောခဲတမျိုးတွင် ဂရက်ဖိုက်ပိုမိုပါဝင်သောကြောင့် ရေးရာတွင်ပျော့၍ အရောင်မှာလည်းပို၍ မဲသည်။ စေးပေါသောခဲတံများတွင်မူ၊ ဂရက်ဖိုက်နည်း၍ မြေစေးအပါများသောကြောင့် ရေးရာတွင်မချောမွတ်ဘဲ ခြစ်ကြောင်းလည်းထင်တတ်သည်။ ဂရက်ဖိုက်ကို ကိုင်တွယ်ကြည့်လျှင် စေးကပ်ကပ်ဖြင့် ချောနေသည်ကို တွေ့ရမည်။ ထိုသတ္တိကြောင့် ဂရက်ဖိုက်ကို ချောဆီအဖြစ်ဖြင့်လည်း အသုံးများကြသည်။ ပုံစံအားဖြင့် မော်တော်ကားဗောဗယ်ရင်များနှင့် အခြားအပူအားကြီးသော စက်၏အစိတ်အပိုင်းများအတွက် ဂရက်ဖိုက်မှာ အလွန်ကောင်းသော ချောဆီတမျိုးဖြစ်၏။ ဂရက်ဖိုက်သည် လျှပ်စစ်ဓာတ်ကို ကောင်းစွာလိုက်စေနိုင်သောကြောင့် လျှပ်စစ်ဓာတ်ဖက်ဆိုင်ရာပစ္စည်းကရိယာများ ပြုလုပ်ရာတွင်လည်း အများအပြား အသုံးပြုကြသည်။ အပူကောင်းစွာခံနိုင်သောလုံနှင့် ရိတော့ပေါင်အိုးများပြုလုပ်ရာတွင် ဂရက်ဖိုက်ကို သဲမြေစေးတို့နှင့် ရော၍ လုပ်ယူကြသည်။ ထိုပြင် ခြယ်ဆေးများ၊ အရောင်တင်ဆေးများ ပြုလုပ်ရာတွင်လည်း ဂရက်ဖိုက်ကို များစွာပင် အသုံးပြုကြသည်။



ဂရက်ဖိုက်ခဲများကိုထုခဲ့ နေကြ သောသိဟိုဋ္ဌအမျိုးသမီးများအား ကိုလံဗိုမြို့တွင်ဤသို့တွေ့မြင်ရသည်။



ဒဏ္ဍာရီပုံပြင်များကိုရေးသားခဲ့သည့် ဂရင်းညီနောင်

ဂရင်းညီနောင် (ခရစ် ၁၇၈၅–၁၈၆၃)။ သိုးဆောင်းစာပေလောကတွင် ဂရင်းဒဏ္ဍာရီပုံပြင်များမှာ ကလေးများအဖို့ လွန်စွာထင်ရှားသော စာပေဖြစ်သည်။ အရွယ်မရွေး ကလေးတိုင်းလိုပင် ဂရင်းဒဏ္ဍာရီပုံပြင်များတွင်ပါဝင်သည့်တံငါသည်လင်မယား၊ ငလက်မ၊ နှင်းပေါက်စသောပုံကလေးများကိုမျှားစွာနှစ်သက်ကြ၏။ သို့သော် ထိုသို့ကလေးများဖတ်ချင်၊ နားထောင်ချင်အောင် ဒဏ္ဍာရီများကိုရေးသားခဲ့သူများကား မည်သူတို့ဖြစ်ကြောင်းသိရှိသူနည်း၏။ စင်စစ်အားဖြင့် ကလေးစာပေဟုဆိုထိုက်သော ဂရင်းဒဏ္ဍာရီပုံပြင်များကို စုဆောင်းပြုစုခဲ့သူများမှာ ဂျေးကော့ ဂရင်းနှင့်ဝီလင် ဂရင်းခေါ် ဂျာမန်အမျိုးသားညီနောင် ၂ ယောက်ဖြစ်ပေသည်။


၁၇၇၅ ခုနှစ်၌ ဂျာမနီနိုင်ငံ ဟနော်ရှာကလေးတွင် ဂျေးကော့ ဂရင်းအား မွေးဖွားခဲ့၏။ ညီဖြစ်သူ ဝီလင် ဂရင်းကိုကား နောက်တနှစ်တွင်မွေးဖွား၏။ သူတို့၏ဖခင်မှာ ရှေနေတဦးဖြစ်၏။ သူတို့တွင် မွေးချင်းပေါက်ဖော် ၆ ယောက်မျှရှိသော်လည်း၊ သူတို့ ၂ ယောက်သာလျှင် တယောက်နှင့်တယောက် အလွန်ချစ်ခင်ရင်းနှီးစွာနေခဲ့ကြပေသည်။ သူတို့ ၂ ယောက်သည် ငယ်စဉ်ကတည်းက အတူနေ၊ အတူသွား၊ အတူလာ၊ အမြဲမကွာ၊ အတူတူသာလျှင်ပူးတွဲလုပ်ဆောင်တတ်ကြလေသည်။

ဂျာမန်စာပေသမိုင်းတွင် ဂရင်းညီအစ်ကို ၂ ယောက်၏အမည်များမှာ အလွန်ထင်ရှားလေသည်။ အစ်ကိုကြီးဖြစ်သူ ဂျေးကော့သည် ဂျာမန် အဘိဓာန်ကျမ်းကြီးတစောင်ကိုစတင်ပြုစုသူဖြစ်၏။ ထိုသို့ပြုစုနေစဉ် ဂရင်းသည် စကားလုံးတို့၏အသံပြောင်းအသံလွှဲနှင့်စပ်လျဉ်းသည့် စည်းတခုကိုရှာဖွေတွေ့ရှိလေသည်။ ထိုစည်းမှာ 'ဂရင်းစည်း' ဟုယနေ့ထက်တိုင်ထင်ရှားလျက်ရှိသည်။ ထိုစည်းမှာ သက္ကဋ၊ ဂရိ၊ လက်တင်စသောဘာသာစကားလုံးတို့သည် အင်္ဂလိပ်၊ ဂျာမန်စကားလုံးများအဖြစ်မည်သို့ ပြောင်းလဲလာပုံကိုဖော်ပြရှင်းလင်းထားသောစည်းဖြစ်၏။ ထိုပြင် ဂျာမန်အဘိဓာန်နှင့်ထုံးဟောင်းပုံပြင်ကျမ်းကိုလည်းပြုစုခဲ့ပေသေးသည်။

ဂျေးကော့ပြုစုသည့် အထင်ရှားဆုံးသော ကျမ်းများမှာ ဂျာမန်သဒ္ဒါကျမ်းနှင့်ဂျာမန်ဘာသာစကားသမိုင်းတို့ဖြစ်၏။ ညီဖြစ်သူ ဝီလင်၏အကောင်းဆုံးသောကျမ်းမှာ ဂျာမန်သူရဲကောင်းတို့၏ ရာဇဝင်ပုံပြင်ဖြစ်လေသည်။ ဂရင်းညီနောင်တို့ပူးပေါင်း၍ ရေးသားပြုစုခဲ့ကြသော စာပေများအနက်



ဂရင်းညီ နောင်၏ 'အိပ်ပျော်နေသောအလှမယ်' ဒဏ္ဍာရီမှ



ဂရင်းလန်းကျွန်းတောင်ပိုင်း၏မြို့တော်ဖြစ်သောဂေါသေ့မြို့


ဂရင်းဒက္ကာရီပုံပြင်များသည် စာပေလောကတွင် အထင်ရှားဆုံးဖြစ်သည်။ ဂရင်းညီနောင်တို့သည် ငယ်စဉ်ကလေးဘဝတွင် တွေ့သမျှ၊ မြင်သမျှ၊ ကြားသမျှတို့ကိုအမြဲတစေဆင်ခြင်တွေးတောနေလေ့ရှိကြသည်။ ထိုသို့ငယ်စဉ်ကကြားခဲ့ဘူးသော ရှေးဟောင်းပုံပြင်များကိုစုဆောင်း၍စာတစောင်တဖွဲဖြစ်လာအောင်ညီအစ်ကို ၂ ယောက်ရေးသားထားခဲ့သဖြင့်၊ ဂရင်းဒက္ကာရီပုံပြင်များဟူ၍ ကလေးတို့အတွက်စာတစောင်တဖွဲ ပေါ်ထွက်လာလေသည်။

ဂရင်းလန်းကျွန်း။ ။ဂရင်းလန်းကျွန်းသည် ကမ္ဘာပေါ်၌ ဒုတိယအကြီးဆုံးကျွန်းဖြစ်၏။ ကမ္ဘာ့မြောက်ဖျား အာတိတ်စက်ဝိုင်းအတွင်း သို့ တကျွန်းလုံး လိုလိုကျရောက်နေသည်။ ဒေဗစ်ရေလက်ကြားနှင့်ဗက်ဖင်ပင်လယ်အော်တို့သည် ဂရင်းလန်းကျွန်းအား မြောက်အမေရိကတိုက်နှင့် ပိုင်းခြား၍ထားလေသည်။

ဂရင်းလန်းကျွန်း၏ ဧရိယာမှာ စတုရန်းမိုင် ဂင၀,၀၀၀ မျှဖြစ်သည်။ အလျားမှာ မိုင် ၁,၆၀၀ ခန့်၊ အနံမှာ မိုင် ၇၀၀ ကျော်ခန့်ဖြစ်သည်။ တဝက်ကျော်မျှသောမြေမျက်နှာပြင်ကို ထုထယ်ကြီးမားသောရေခဲပြင်ဖုံးလွှမ်းနေသောကြောင့်၊ တောင်ထိပ်များသာလျှင် ကွက်ကြား၊ ကွက်ကြားအားဖြင့်ရေခဲပြင်ပေါ်မှထိုး၍ထွက်နေသည်။ ထိုရေခဲပြင်သည် နှစ်စဉ်တန်ခိုန် ကုဋေ ၁၀၀ ကျော်မျှလေးသောရေခဲများကို ပင်လယ်ထဲသို့ယူဆောင်ခဲ့သဖြင့် ပင်လယ်၌မျောနေသောရေခဲတောင်ကြီးများသည် ခရီးသွားသင်္ဘောများကိုအန္တရာယ်ပြုနိုင်သည်။ (ရေခဲတောင်၊ ရေခဲမြစ်—လည်းရှု။) ဂရင်းလန်း၏ကမ်းရိုးတန်းမှာ ကျောက်ထူထပ်၍၊ ကုန်းမြေတွင်းသို့ရှည်လျားစွာဝင်နေသော ဖီအော့ခေါ် ရေမြောင်ကြီးများဖြင့်ပြည့်နှက်လျက်ရှိသည်။

ဂရင်းလန်း၏ အရှေ့ဖက်ကမ်းခြေ၌ ရေအေးစီးကြောင်းတခုဖြတ်၍စီးနေသည်။ ထိုကြောင့် လူမနေနိုင်လောက်အောင် အအေးလွန်ကဲသည်။ အနောက်ဖက်ကမ်းခြေမှာ အနည်းငယ်နွေးသဖြင့်၊ သစ်ပင်ပန်း မာလ်များစိုစိုပြည်ပြည်ရှိ၏။ ၁၉၅၁ ခုနှစ် သန်ကောင်စာရင်းအရ ဂရင်းလန်းတွင် လူပေါင်း ၂၂,၅၀၁ ခန့်နေထိုင်သည်။ ထိုလူဦးရေထဲတွင် ဂရင်းလန်းကျွန်းသား အမြောက်အမြားပါဝင်၍ ဒိန်းလူမျိုး အနည်းငယ်သာရှိသည်။ ကျွန်းသားများမှာ အအေးဒဏ်ခံနိုင်သော အက်စကီးမိုးများဖြစ်ကြ၍၊ ကမ်းရိုးတန်းတလျောက်ဆီးနှင်းထဲတွင်နေထိုင်ကြသည်။ (အက်စကီးမိုး—ရှု။) ထိုကျွန်းသားတို့သည် ကူးသန်းသွားလာရေးအတွက်ခွေးဆွဲစပ်ဖားနှင့်ဖျံရေဖြင့်ချုပ်လုပ်သော ကယက်ခေါ် လောင်းလှေများကို အသုံးပြုကြသည်။ အလုပ်အကိုင်မှာ တံငါအလုပ်ပင်ဖြစ်၏။ သို့သော် မြေခွေး၊ ဝက်ဝံအစရှိသောသားကောင်များကိုဖမ်းဆီးခြင်းဖြင့် လည်းအသက်မွေးမြူကြသည်။

ဂရင်းလန်းသည် ဒိန်းမတ်နိုင်ငံနှင့် ကူးသန်းရောင်းဝယ်သည်။ ကရိုင်အိုလိုက်ခေါ် သတ္တုတမျိုးကိုတင်ပို့ရောင်းချသည်။ ကျောက်မီးသွေး၊ ကြေးဝါ၊ ရွှေနှင့်သံတို့ကိုကျွန်းပေါ်တွင်တွေ့ရှိရသည်ဟုဆိုသည်။ အခြားထွက်ကုန်တို့မှာ



ရေခဲပြင်အရည်ပျော်စေအချိန် ဂရင်းလန်းကျန်း၏ ရှုမျှော်ခင်း

ဝေလငါး၊ အစိုနှင့်အခြောက်ကုန်၊ ငါးကြီးဆီ၊ ငှက်သိုက်၊ သားမွေးနှင့်တိရစ္ဆာန်တို့၏အရေများဖြစ်သည်။

ထိုကျွန်းကိုရှေးအခါကပင်လျှင် စကန်ဒီနေးဗီးယန်းလူမျိုးတို့ကသိရှိခဲ့သည်။ ခရစ် ၁၅၇၅ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးတို့ကထပ်မံတွေ့ရှိသည်။

ရှေးအခါက ဂရင်းလန်းကျွန်းကို ဒိန်းမတ်နိုင်ငံအစိုးရကကိုလိုနီစနစ်ဖြင့်အုပ်ချုပ်သည်။ ၁၉၅၃ ခုနှစ်ဇွန်လ ၅ ရက်နေ့တွင် ယင်းကိုလိုနီစနစ်ကို ဖျက်သိမ်း၍၊ ဂရင်းလန်းကျွန်းကိုဒိန်းမတ်နိုင်ငံထဲသို့သွတ်သွင်းခဲ့လေသည်။ ဂရင်းလန်းကျွန်း၌ မဲဆန္ဒနယ် ၂ နယ်ရှိရာ၊ တနယ်မှကိုယ်စားလှယ်တဦးကျကို ဒိန်းမတ်လွှတ်တော်သို့စေလွှတ်နိုင်ခွင့်ရှိသည်။

ဂရင်းလန်းကျွန်းသည် ဒိန်းမတ်နိုင်ငံ၏ ကိုလိုနီစနစ်ကို ခံစားခဲ့ရသော်လည်း ဒိန်းမတ်ဘုရင်ခံများ၏ ဖိနှိပ်ချုပ်ချယ်မှုကို ခံခဲ့ရသော်လည်း ဒိန်းမတ်ယဉ်ကျေးမှုသည် ဂရင်းလန်းလူမျိုးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဘဝပုံစံများကို သိသိသာသာ ပြောင်းလဲစေခဲ့သည်။ ဂရင်းလန်းလူမျိုးတို့သည် ဒိန်းမတ်ယဉ်ကျေးမှုကို ကောင်းစွာလက်ခံကျင့်သုံးခဲ့ကြသည်။ ဂရင်းလန်းလူမျိုးတို့သည် ဒိန်းမတ်ဘာသာစကားကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်ကြသည်။ ဂရင်းလန်းလူမျိုးတို့သည် ဒိန်းမတ်ဘုရင်ခံများ၏ ဖိနှိပ်ချုပ်ချယ်မှုကို ခံခဲ့ရသော်လည်း ဒိန်းမတ်ယဉ်ကျေးမှုသည် ဂရင်းလန်းလူမျိုးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဘဝပုံစံများကို သိသိသာသာ ပြောင်းလဲစေခဲ့သည်။

ဂရင်းလန်းလူမျိုးတို့သည် ဒိန်းမတ်ယဉ်ကျေးမှုကို ကောင်းစွာလက်ခံကျင့်သုံးခဲ့ကြသည်။ ဂရင်းလန်းလူမျိုးတို့သည် ဒိန်းမတ်ဘာသာစကားကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်ကြသည်။


ဂရင်းလန်းကျွန်းသည် ဒိန်းမတ်နိုင်ငံ၏ ကိုလိုနီစနစ်ကို ခံစားခဲ့ရသော်လည်း

ခတ်ကြိုးများကျော်ဖြတ်နိုင်အောင် ဆောက်လုပ်ထား သောခတ်တိုင်များ ဖြစ်ကြသည်။ အမြင့် ၄၇၇ ပေမျှရှိ သည်။ ခတ်ကြိုးများကို မိုးကြိုးမခနိုင်အောင် ခတ်တိုင် ထိပ်များပေါ်၌ မိုးကြိုးလွှဲနန်းကြိုးဖြင့် သွယ်တန်းကာကွယ် ထွားသည်။ ခတ်ကြိုးများသည် ဂရစ်ဌာနခွဲများ၌ပေါင်း ဆုံကြ၏။ ဌာနခွဲအချို့မှာ လျှပ်စစ်ခတ်ကိုဆက်လိုကဆက် ပေးနိုင်အောင်၊ သို့တည်းမဟုတ် အဆက်ဖြတ်လိုကဖြတ်ပေး နိုင်အောင် ထရန်စဖေါမားစက်များ တပ်ဆင်ထားသည့် ဌာ နများ ဖြစ်ကြသည်။ လန်ဒန်မြို့တဝိုက်တွင် ဗို့အား ၆၆,၀၀၀ ဖြင့် ဆက်သွယ်ထားသော မြေအောက်ခတ်ကြိုးများလည်း ရှိပ်ရှက်ခတ်မျှရှိသည်။

ဂရစ်လျှပ်စစ်စံနစ်သည် လျှပ်စစ်ခတ်အားပေးစက်ရုံတ ရုံတည်းမှနေ၍ ခတ်အားပေးသောစံနစ်ထက် အကျိုးကျေး ဇူးများသည်။ ပဌမအကျိုးကျေးဇူးမှာ လျှပ်စစ်ခတ်ကို အဆက်မပြတ်ရရှိခြင်းပင်ဖြစ်၏။ ပမာအားဖြင့် ဒေသတခု တွင် လျှပ်စစ်ခတ်ကို အားပေးသော စက်ရုံတခုတည်းမှ ရယူနေသည်ဆိုပါစို့။ အကယ်၍အကြောင်းတခုခုကြောင့် အဆိုပါခတ်အားပေးစက်ရုံကို ရပ်စဲထားရပါက၊ အားပေး စက်ရုံရှိစက်များ ပြန်မလည်မခြင်း လျှပ်စစ်ခတ်ကို ရတော့ မည်မဟုတ်ချေ။ အားပေးရုံမှ ပေးနိုင်သည်ထက်ပို၍လည်း လျှပ်စစ်ခတ်ကို ရနိုင်စရာအကြောင်း မရှိပေ။ သို့သော် ဂရစ်ခတ်ကြိုးမှ လျှပ်စစ်ခတ်ရရှိသည့် ဒေသများမှာမူ ဤ ဒုက္ခအခက်အခဲမျိုးမှ ကင်းလွတ်ကြပေသည်။ (ခတ် အားပေးစက်ရုံ — လည်းရှု။)


ဒုတိယအကျိုးကျေးဇူးမှာ မြို့နယ်ရှိလျှပ်စစ်ရုံနှင့် ဂရစ် လျှပ်စစ်ခတ်ကြိုးတို့ လျှပ်စစ်ခတ်အားဖလှယ်နိုင်မှုပင် ဖြစ် သည်။ ပမာအားဖြင့် မြို့နယ်တခုသည် ယင်း၏လျှပ်စစ် ခတ်အားပေးစက်ရုံက ထုတ်ပေးနိုင်သောခတ်အားထက် ပို၍ လျှပ်စစ်ခတ်ကိုအသုံးပြုသည် ဆိုပါစို့။ ထိုအခါမျိုး တွင် ဂရစ်ခတ်ကြိုးနှင့် ဆက်သွယ်ထားခြင်းရှိလျှင် ထိုလျှပ် စစ်ရုံသည် လိုသောခတ်အားကို ဂရစ်ခတ်ကြိုးမှ ရရှိနိုင် ပေသည်။ တဖန် မြို့နယ်တခုရှိလျှပ်စစ်ခတ်အားပေးစက် ရုံသည် ထိုမြို့နယ်ကအသုံးပြုနိုင်သည်ထက်ပို၍ လျှပ်စစ်ခတ် အားကို ထုတ်ပေးနိုင်သည် ဆိုပါစို့။ ထိုအခါမျိုးတွင်လည်း ဂရစ်ခတ်ကြိုးနှင့် ဆက်သွယ်ထားခြင်းရှိလျှင် လျှပ်စစ်ရုံမှ ပိုသောလျှပ်စစ်ခတ်အားကို ဂရစ်ကြိုးထဲသို့ ထည့်သွင်း ပေးနိုင်ပေသည်။

တတိယအကျိုးကျေးဇူးကား စရိတ်သက်သာမှုပင်ဖြစ်၍ အရေးအကြီးဆုံး ဖြစ်၏။ ခတ်အားကို ခတ်အားပေး စက်ရုံတရုံတည်းမှနေ၍ပေးခြင်းသည် ဒေသကိုလိုက်၍ ကုန်



ဂရစ်လျှပ်စစ်ဓါတ်ပြန့်ချိရေးဗဟိုဌာနရှိ လျှပ်စစ်အား ပေးစက်များ

ကျစရိတ်အမျိုးမျိုးရှိသည်။ ထိုဓာတ်အားပေးစက်ရုံမျာ၌ လျှပ်စစ်ဓာတ်ကိုအသုံးပြုကြသည်မှာ များသည့်အခါမျာ၌ နည်းသည့်အခါနည်းသည်။ နေ့အသုံးနှင့်ညအသုံးပင်မတူခေျ။ တခုချင်းဓာတ်အားပေးရုံတွင် အသုံးပိုလာသည့်အခါဖြစ်စေ၊ နည်းသွားသည့်အခါဖြစ်စေ စက်ကိုရပ်ထား၍မံရဘဲ အခါတိုင်းကဲ့သို့ပင် ခုတ်မောင်းနေရသဖြင့်စရိတ်သက်သာသင့်လျက်မသက်သာဘဲဖြစ်နေပေသည်။ ဂရစ်စံနှုန်းတွင်မူ လျှပ်စစ်ဓာတ်အသုံးလိုမှု အနည်းအများကိုလိုက်၍ လျှပ်စစ်ဓာတ်အားကို အသုံးမလိုသည့်နေရာမှအသုံးလိုသည့်နေရာသို့ လွဲပြောင်းပို့ဆောင်ပေးနိုင်သည်။ အသုံးမလိုသည့်အခါ အားနည်းသောဓာတ်အားပေးစက်ရုံအချို့ကို ရပ်နားထားခြင်းဖြင့် အလိုရှိသမျှလျှပ်စစ်ဓာတ်ကိုသာရအောင်ပြုလုပ်ပေးနိုင်သည်။ ဆိုလိုသည်မှာ အလိုရှိသမျှလျှပ်စစ်ဓာတ်ကို စရိတ်အနည်းဆုံးနှင့် ဖန်တီးပေးနိုင်ခြင်းပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်ကို တပြည်လုံးသို့ အပိုအလိုမရှိစေဘဲညီညွတ်မျှတစွာဖြန့်ချီပေးစွမ်းနိုင်ခြင်းမှာ ဂရစ်လျှပ်စစ်စံနှုန်းမှ ရရှိသောအကျိုးကျေးဇူးတရပ်ပင် ဖြစ်ပေသည်။ (လျှပ်စစ်ဓာတ် — ၌။)



ဂရစ်လျှပ်စစ်ခါတ်အိုးများသွယ်တန်းထားသည့်မျှော်စင်

ဂရိတ်ဗြိတိန်။ ။အင်္ဂလန်၊ စကော့တလန်၊ ဝေလ၊ ဟက်ဗရိဒီးကျွန်းစု၊ အော့ကနီကျွန်းစု၊ ဝိုက်ကျွန်း၊ ရွက်တလန်ကျွန်းစုနှင့်မန်းကျွန်းတို့ကိုစုပေါင်း၍ ဂရိတ်ဗြိတိန်ဟုအမည်ပေးထားသည်။ မူလကစ၍ အိုင်ယာလန်မှာ ဂရိတ်ဗြိတိန်နှင့်မဆိုင်၊ သတ်သတ်ဖြစ်သည်။ မြေပုံအရဆိုလျှင် အင်္ဂလိပ်ရေလက်ကြားကြီး၊ မြောက်ပင်လယ်၊ အိုင်ရစ်ပင်လယ်၊ စိန့်ဂျော့ရေလက်ကြားကြီးတို့ဝန်းရံလျက်ရှိသော ကျွန်းနှင့်ကျွန်းစုများကို ဂရိတ်ဗြိတိန်ဟုသိရှာသည်။

ရာသီဥတုအားဖြင့် ဂရိတ်ဗြိတိန်၌ သမပိုင်းဒေသ၏ရာသီဥတု ရှိသည်။ မိုးရေချိန် အတန်ငယ်များသည်။ သိမ်းမြစ် (တင်းမြစ်)၊ ဆဲဗန်းမြစ်၊ ဟမ်ဗားမြစ်၊ မာဆီမြစ်နှင့် ကလိုက်မြစ်တို့သည် ကျွန်းမကြီးအတွင်းသို့ ပင်လယ်ခရီးမဝင်လာရန် အတန်ငယ်ကျယ်သည်ဖြစ်၍၊ ဂရိတ်ဗြိတိန်၌ သဘော်ဆိပ်ကမ်းကောင်းများ ရှိသည်။ မြေဩဇာကောင်းမွန်သဖြင့် သမပိုင်းဇုန်၏သီးနှံများ ကောင်းစွာအောင်မြင်သည်။ တောတောင်ထူထပ်ရာမြောက်ပိုင်းနှင့်အနောက်ပိုင်းဒေသတို့တွင် သံနှင့်ကျောက်မီးသွေးထွက်သဖြင့် စက်မှုလက်မှုလုပ်ငန်း၌အလွန်ကြီးကျယ်လေသည်။

ဂရိတ်ဗြိတိန်ကျွန်း၌ မူလက အင်္ဂလန်သည်သာလျှင် ပြည်မကြီးဖြစ်သည်။ ခရစ် ၁၂၇၂ ခုနှစ်၌ ဝေလနယ်ကို သိမ်းပိုက်လိုက်သဖြင့် ဂရိတ်ဗြိတိန်သည် ပထဝီဝင်အရဧရိယာတိုးလာခဲ့သည်။ ခရစ် ၁၆၀၃ ခုနှစ်ရောက်သောအခါ ဂျိမ်းဘုရင်သည် စကော့တလန်ပြည်၏ဆဋ္ဌမဂျိမ်းဘုရင်အဖြစ် နှင့်ငင်း၊ အင်္ဂလန်ပြည်၏ပဌမဂျိမ်းဘုရင်အဖြစ်နှင့်ငင်း အုပ်စိုးခဲ့သဖြင့် ဂရိတ်ဗြိတိန်၏နယ်နိမိတ်သည် ပို၍ကျယ်ဝန်းလာပြန်သည်။

သို့သော် ထိုစဉ်က ဂရိတ်ဗြိတိန်ဟု အသုံးမများသေးခေျ။ ၁၇၀၇ ခုနှစ်တွင် အင်္ဂလန်နှင့်စကော့တလန်ကို ပေါင်းစပ်လိုက်သော ယူနီယန်အက်ဥပဒေကို အတည်ပြုလိုက်သည်တွင် ဂရိတ်ဗြိတိန်ဟူသောအမည်သည် ရုံးသုံးစကားအဖြစ်နှင့်အတည်ပြုခြင်းခံရလေသည်။ ၁၈၀၀ ပြည့်နှစ်၌ အိုင်ယာလန်ကို ဂရိတ်ဗြိတိန်နှင့် ပူးပေါင်းသောဥပဒေပြုသည်တွင် ဂရိတ်ဗြိတိန်နှင့်အိုင်ယာလန်ပူးပေါင်းသော ယူနိုက်တက်ကင်းဒမ်းဟူ၍ တွင်လာပြန်သည်။ ဤသို့ ၃ နိုင်ငံပေါင်းစပ်သောအထိမ်းအမှတ်ဖြင့် ယူနီယန်ဂျက်အလံ၌ အင်္ဂလန်၏အဖြူခံအနီကြက်ခြေခတ်ကိုငင်း၊ စကော့တလန်၏ အပြာခံအဖြူထောင့်တန်းကြက်ခြေခတ်ကိုငင်း၊ အိုင်လာလန်၏အနီထောင့်တန်းကြက်ခြေခတ်ကိုငင်း ပေါင်းခုတည်းဖြစ်အောင်ပေါင်းစပ်လိုက်လေသည်။

၁၉၂၂ ခုနှစ်၌ အိုင်ယာလန်တောင်ပိုင်းကို ဒိုမီနီယန်အုပ်ချုပ်ရေးပေးလိုက်ရာ မြောက်ပိုင်းမှာ ယူနိုက်တက်



ဂရိတ်ဗြိတိန်မြေပုံ

ကင်းဒမ်း၏ တစိတ်တဒေသအဖြစ်နှင့် ယနေ့တိုင်အောင်ပင် ရှိနေလေသည်။ (ဗြိတိန်။ ဗြိတိသျှကျွန်းစု၊ ဗြိတိသျှအင်ပိုင်ယာ၊ အင်္ဂလန်၊ စကော့တလန်ပြည်၊ အိုင်ယာလန်ကျွန်း၊ဝေလနယ် — ၌။)

ဂရိတ်လိတ်ဒေသ။ ။ဂရိတ်လိတ်အမည်ဖြင့်ထင်ရှားသော ရေအိုင်ကြီး ၅ အိုင်မှာ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံအကြား၌ တည်ရှိကြ၏။ ထိုရေအိုင်ကြီးများမှာ ဆူပီးရီးယားအိုင်၊ မစ်ရှီဂန်အိုင်၊ဟျူရွန်အိုင်၊ အီရီအိုင်နှင့် အွန်တေးရီးယိုးအိုင်တို့ ဖြစ်ကြလေသည်။ ဂရိတ်လိတ်ရေအိုင်ကြီးများ၏ ကျေးဇူးကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ လမ်းပန်း ဆက်သွယ်ရေးမှာ ပိုမို လွယ်ကူပြီးလျှင် ကူးသန်းရောင်းဝယ်ရေးမှာလည်း အထူးပင် ဖွံ့ဖြိုးတိုးတက်လာလေသည်။

ဂရိတ်လိတ်အိုင်ကြီး ၅ ခုအနက်၊ အွန်တေးရီးယိုးအိုင်ကို ခရစ် ၁၆၁၁ ခုနှစ်တွင် ပြင်သစ်လူမျိုးများက ရှေးဦးစွာ ရှာဖွေတွေ့ရှိခဲ့၏။ နောက် ၄ နှစ်အကြာတွင် ရှမ်ပလိန်ဆိုသူက ဟျူရွန်အိုင်ကို တွေ့ရှိပြန်၏။ သို့ထူတွင် အီရီအိုင်ကိုမူကား ယင်းဒေသရှိ အစ်ရိုကွိုင်လူမျိုးများ၏ ရန်ကြောင့် ၁၆၆၉ ခုနှစ်တွင်မှ တွေ့ရှိခဲ့ကြလေသည်။

ဂရိတ်လိတ်ရေအိုင်ကြီးများသည် ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏အကြား တွင်တည်ရှိသဖြင့် အဆိုပါ ၂ နိုင်ငံ၏ ရေကြောင်းဆက်သွယ်ရေးတွင် ထိုရေအိုင်ကြီးများသည် လွန်စွာအရေးပါအရာရောက်လေသည်။ ရေအိုင်ကြီးများအားလုံး၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၀၀,၀၀၀ မျှရှိ၍၊ ရေအိုင်များမှ ရေကို အကျိုးခံစားနိုင်သော မြေရိယာမှာ စတုရန်းမိုင်ပေါင်း ၃၀၀,၀၀၀ ခန့် ရှိ၏။ ထိုရေအိုင်များမှာ ပြည်တွင်း၌တည်ရှိပြီးလျှင် အလွန်ကြီးမားလွန်းလှသဖြင့် ပြည်တွင်းပင်လယ်များ ဟုပင် ခေါ် စမှတ်ပြုကြ၏။ ရေအနက်မှာကား ပေ ၂၀၀ ကျော်မှ ၁,၁၀၀ ခန့်အထိ ရှိလေသည်။

ဂရိတ်လိတ်ရေအိုင်ကြီးများဒေသတဝိုက်ရှိ ရာသီဥတုမှာ ပင်လယ် သမုဒ္ဒရာဒေသတဝိုက်ရှိရာသီဥတုနှင့် များစွာမခြားနားလှချေ။ နွေအခါတွင် ရေအိုင်ကြီးများက အပူဓာတ်ကိုစုတ်ယူ၍ ဆောင်းရာသီတွင် အပူဓာတ်ကိုပေးလေရာ၊ ရာသီဥတုမျှတသည်။ အိုင်ကြီးများထဲ၌ လေမုန်တိုင်းများ ကျသည့်အခါတွင်လည်း သမုဒ္ဒရာလေမုန်တိုင်းကဲ့သို့ပင် ကြောက်မက်ဖွယ်ကောင်းလေသည်။ ထိုအိုင်ကြီးများတွင် တနှစ်လျှင် ၅ လခန့် ရေခဲနေတတ်၏။ ရေမခဲသောလများတွင်မူကား ကုန်သဘော်များနှင့် လူစီးသဘော်များသည်လူးလာခေါက်တုံ့ သွားလာနေကြသည်။

ရေအိုင်ကြီးများတွင် အိုင်ကြီးတခုမှတခုသို့ ရေကြောင်းဆက်သွယ်ရေး လွယ်ကူစိမ့်သောငှာ တူးမြောင်းများကို ဖေါက်လုပ်ထားလေသည်။ ဆူပီးရီးယားအိုင်၏ ထွက်ပေါက်ဖြစ်သော ဆူးစိန်မာရီအရပ်တွင် ၁၈၅၅ ခုနှစ်မှစ၍ ရေပြင်ညီဆည်များတပ်ဆင်ထားသော တူးမြောင်းတခုကို ဖေါက်လုပ်ခဲ့ကြ၏။ ယခုအခါတွင် ထိုနေရာ၌ ရေပြင်ညီဆည် ရှည်ကြီး ၂ ခုရှိလေသည်။ တခုမှာ ပနားမားတူးမြောင်းတွင်ရှိသော ရေပြင်ညီဆည်ထက် ပေပေါင်း ၃၅၀ ရှည်၏။ ထိုရေပြင်ညီဆည်မှ သဘော်အဝင်အထွက်များပြားလေရာ ပျမ်းမျှ ၁၂ မိနစ်လျှင် သဘော်တစင်းမျှ သွားလာနေသည်။ ခရီးသည်သဘော်များလည်း ဥဒါဟို ကူးသန်းသွားလာနိုင်ကြ၏။ ထိုသို့သွားလာနေကြသော လှေသဘော်များကို ဘေးမသီ၊ ရန်မခစေရန် မီးပြတိုက်များ၊ မီးပြသဘော်များ၊



ဆူပီးရီးယားအိုင်ဆိပ်ကမ်းတခုတွင် သီးနှံများကို ကျီမြင့်မှသဘော်သို့လောင်းချနေပုံ

မေါ်ယာများ၊ အသက်ကယ်စခန်းများစသည်တို့ကို ပြသောရေအိုင် နယ်မြေပုံများ ကို အရံသင့် ထား ရှိ ကြ လေ သည်။ ထိုပြင် ရေအိုင်များ၏ အတိမ်အနက်ကိုသိသာစေရန် သက်ဆိုင် ရာတာဝန်ခံများ ကတိုင်း ထွာ၍ အခါအား လျော်စွာ မှတ်တမ်းများ ရေး ထုတ် ကြေငြာကြရလေသည်။ အဘယ် ကြောင့်ဆိုသော် လေးလံသောကုန် တင် သဘော်ကြီးများသည် ရေနည်းနေပါက ကောင်း စွာမခုတ်မောင်း နိုင်မည်စိုးသောကြောင့် ဖြစ်လေသည်။

၁၉၃၂ ခုနှစ်တွင် ဝဲလန်းတူးမြောင်းကို အီရိအိုင်မှ အွန်တေးရီးယိုးအိုင် သို့ နိုင်အဂ္ဂရာရေတံခွန်ကို ကျော်ပတ်ကာ ဖေါက်လုပ်ပြီးလျှင် စတင်အသုံးပြု၏။ အီရိတူးမြောင်းသည် အီရိအိုင်နှင့်ဟဒ်ဆန်မြစ်ကို ဆက်သွယ်ထား၏။

ရေအိုင်ကြီးများဒေသအထက်ပိုင်း၌တခါကမြင့်မားသောတောင်စဉ်တောင်တန်းများရှိခဲ့၏။ သို့ရာတွင် ကာလကြာရှည်လတ်သော် ရေနှင့်လေတို့တိုက်စားခြင်းကြောင့် တောင်များပြိုပျက်ကာ မြေနိမ့်လွင်ပြင်ဘဝသို့ ရောက်ရတော့၏။ အချို့နေရာများသည် ချိုင့်ခွက်များဖြစ်ကာ ဆောင်းရာသီတွင် ရေခဲနေ၍၊ နွေအခါ၌ ရေအိုင်ငယ်များအဖြစ်သို့ ရောက်ရှိနေကြလေသည်။ ထိုကဲ့သို့သော အိုင်မျိုးများသည် မစ်ရှီဂန်၊ မင်နီဆိုတာနှင့် ဝစ္စကွန်းဆင်းပြည်နယ်တို့၌ အများအပြားပင်ရှိလေသည်။

ဆူပီးရီးယားအိုင်ကြီး၏ တောင်ဖက်တလျှောက်၌ အဖိုးတန်ကြေးနီ အမြောက်အများထွက်၏။ ထိုဒေသ၌ ကြေးနီတူးဖေါ် ရေးလုပ်ငန်း သည် အကြီးအကျယ်ဆုံးဖြစ်၏။ ထိုအိုင်ကြီး၏အနောက်ဖက်ရှိ တောင်တန်းများတွင်လည်း သံသတ္တုတွင်းများရှိသည်။

ဂုရိတ်လိတ်ခေါ် ရေအိုင်ကြီးများသည် ကနေဒါနိုင်ငံပရေရီဒေသများ၏ သယ်ယူပို့ဆောင်ရေးကို များစွာအထောက်အပံ့ပေး သည့်အပြင် ထိုဒေသရှိမြို့ကြီးများ၏ စီးပွားရေးကိုလည်း တိုးတက်စေလေသည်။ မွန်းထရီအော၊ ပို့ဝိလ်၊ ဟယ်မီလတန်၊ တိုရွန်တို၊ ကင်းစတန်စသောမြို့များသည်လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းကပင် တိုးတက်လာခဲ့ကြ၏။ မစ်ရှီဂန်ရေအိုင်၏ တောင်ဖက်စွန်းတွင်ရှိသော ရှီကာဂိုးဆိပ်ကမ်းမြို့မှာ အမေရိကန်ပြည်ထောင်စုတွင်နယူးယောဂ်မြို့ကလွဲလျှင် သဘော်အများဆုံးဆိုက်ကပ်သောဆိပ်ကမ်းမြို့ကြီး ဖြစ်လေသည်။

ဂရန်းနိုက်ကျောက်။ ။နှမ်းဖတ်ကျောက် — ရှု။

ဂလူးကို့သကြား။ ။အချို့သစ်သီးနှင့်ဟင်းသီးဟင်းရွက်တို့တွင် ဂလူးကို့သကြားပါသောကြောင့် ချိုသည်။ ဂလူးကို့သကြားကို ကောက်နှံများမှရသောကစီမှ အများအပြား ချက်ယူကြသည်။ ချက်ယူပုံမှာ ကောက်နှံများမှရသည့် ကစီမှန့်ကို ရေတွင်ဖျော်ပြီးလျှင် ဟိုက်ဒရိုကလောရစ်အက်


ဆစ်အနည်းငယ်ထည့်၍ ကျိုသည်။ အက်ဆစ်သည် နောက်ဆုံးတွင် သမံသွားသောအခါ ဂလူးကိုသကြားပွင့်ကလေးများ ဖြစ်လာသည်။ သကြားပွင့်အဖြစ်သို့ မရောက်သေးသောဂလူးကိုသည် သကာရည်ကဲ့သို့ ခဲ့ပျစ်နေတတ်သည်။


ရောင်းဝယ်ဖေါက်ကားရေးအတွက် ဂလူးကိုကိုသကြားပွင့်အဖြစ်သို့မရောက်မီ သကာကဲ့သို့ခဲ့ပျစ်နေသောအနေဖြင့် ယူကြသည်။ ဂလူးကိုသည် လွယ်လင့်တကူသကြားပွင့်မှတက်နိုင်သောကြောင့် သကြားလုံးများပြုလုပ်ရောင်းချရန်နှင့် သစ်သီးများတာရှည်ခံအောင်ပြုလုပ်ရန် များစွာအသုံးပြုကြသည်။ မုံ့တိုက်ကြီးများတွင်လည်း အဖိုးတန်မုံ့အကောင်းစားများ လုပ်သည့်အခါ မုံ့တွင် သကြားပွင့်မတက်အောင် ဂလူးကိုကိုအသုံးပြုကြသည်။

ကျွန်ုပ်တို့၏ခန္ဓာကိုယ်အတွင်းသို့ အစာအာဟာရအဖြစ်ဖြင့် ဝင်သွားသောကစီတို့သည် နောက်ဆုံးတွင် ဂလူးကိုသကြားအဖြစ်သို့ ပြောင်းလဲပြီးလျှင် သွေးထဲသို့ ဝင်သွားသည်။ ဂလူးကိုသည် သွေးထဲသို့ဝင်သွားပြီးသော်၊ အားကိုဖြစ်စေလျက် ကျန်းမာမှုကို များစွာအထောက်အပံ့ဖြစ်စေသည်။ ဂလူးကိုသည် အစာကြေလွယ်သည်။ ထို့ကြောင့် အထူးသဖြင့် နလံထခါစအားအင်နည်းသူများနှင့် ကလေးသူငယ်များ စားသုံးရန် အတွက် အလွန်ကောင်းသည်။ အပင်များ၌ ရှိသော ကစီသည် အချိန်ကာလအားလျော်စွာ ဂလူးကိုသကြားအဖြစ်သို့ ပြောင်းလဲသည်။ စပျစ်သီးခြောက်တွင် တွေ့ရသော သကြားပွင့် ကလေးများသည် အများအားဖြင့် ဂလူးကိုများပင်ဖြစ်၏။ ပျားရည်တွင်လည်း ဂလူးကိုသကြား အများအပြားပါဝင်သည်။

ဂလက်စတုန်း, ဝီလျံ၊ အီ (ခရစ် ၁၈၀၉–၁၈၉၈)။ အင်္ဂလိပ်နိုင်ငံရေးခေါင်းဆောင်ကြီး ဝီလျံ၊ အီးဝပ် ဂလက်စတုန်းသည် အလွန်ကျော်ကြားခဲ့ရာ၊ ထိုကျော်ကြားခြင်း၏ အကြောင်းရင်းတို့မှာ ဂလက်စတုန်းသည် ဗြိတိသျှပါလီမန်အောက်လွှတ်တော်တွင် အနှစ် ၆၀ ကျော်မျှ အမတ်အဖြစ်ဖြင့် ပါဝင်ခဲ့ခြင်း၊ လစ်ဗရယ်ပါတီကို အနှစ် ၃၀ ကျော်မျှ ခေါင်းဆောင်မှုပေးခဲ့ခြင်း၊ နန်းရင်းဝန်အဖြစ်ဖြင့် ၄ ကြိမ် ဆောင်ရွက်ခဲ့ခြင်းတို့အပြင်၊ နိုင်ငံရေးနယ်ပယ်နှင့်လူမှုရေးရာ နယ်ပယ်တို့တွင် ပြောင်းလဲတိုးတက်မှုစီမံချက်အများအပြား ဖန်တီးကြံဆောင်ခဲ့ခြင်းတို့ ဖြစ်သည်။ ဂလက်စတုန်းသည်

ဂရိတ်လိတ် ဒေသတည် နေရာပြမြေပုံ
နယ်နိမိတ်မျဉ်း၏အထက်ပိုင်းမှာကနေဒါနိုင်ငံဖြစ်၍၊ အောက်ပိုင်းမှာအမေရိကန်ပြည်ထောင်စုဖြစ်သည်။






အိုင်ယာလဲ့ဟုမ္မရူးဥပဒေကြမ်းကို ဂလက်စတုံး တင်သွင်းနေစဉ်

ခံရ၍ ကက်ဗိနက်အဖွဲ့ဝင်အဆင့် အတန်းရရှိသော ဝန်ကြီးတဦး ဖြစ်လာသည်။ ၁၈၄၅ ခုနှစ်တွင် ကိုလိုနီဆိုင်ရာဝန်ကြီးအဖြစ်ဖြင့် ပြောင်းလဲဆောင်ရွက်သည်။

၁၈၄၆ ခုနှစ်တွင် ဂျူသွင်းကုန်ပေါ်၌ အကောက်ခွန်ကောက်ခြင်းကို ဆာ ရောဗတ်ပီးက ပယ်ဖျက်ရန် ကြိုးစားသောအခါ သူ၏နောက်လိုက် တိုရီ (ဝါ) ကွန်ဆားဗတစ်ပါတီဝင်အများအပြားနှင့် သဘောကွဲလွဲ၍၊ ရာထူးမှနုတ်ထွက်လိုက်လေသည်။ ပီးနှင့်အတူ ဂလက်စတုန်းအပါအဝင်အစိုးရတဖွဲ့လုံး ရာထူးမှနုတ်ထွက်ကြပြီးနောက် တိုရီပါတီနှင့်ဂလက်စတုန်းသည် အဆက်ပြတ်သွားလေသည်။ သို့သော် တိုရီပါတီနှင့်အဆက်ပြတ်ပြီးနောက် ၁၃ နှစ်ကြာမှ လစ်ဗရယ်ပါတီသို့ဝင်သည်။ ဂလက်စတုန်းသည် ပါလီမန်အမတ်အဖြစ်မှလည်းနုတ်ထွက်၍ တဖန်ပြန်လည်အရွေးခံရာ၊ ချက်ခြင်းပင်ပြန်၍ရွေးကောက်တင်မြောက်ခြင်းခံရသည်။



ဝီလျံ အီးဝပ် ဂလက်စတုန်း

၁၈၅၂ ခုတွင် ဂလက်စတုန်းသည် အတိုက်အခံအမတ်အဖြစ်နှင့်ရှိစဉ် ကွန်ဆားဗတစ် (တိုရီ) ပါတီအစိုးရ၏ ဘဏ္ဍာရေးဝန်ကြီး ဗင်ဂျမင်ဒစ်ဇရေလီတင်သွင်းသော ဗတ်ဂျက် (ဝါ) အစိုးရ၏ရသုံးမှန်းခြေငွေစာရင်းကို ထိရောက်စွာ မိမိရရဝေဖန်၍ အံ့ချေအတင်ပြောဆိုရာ၌ အနိုင်ရလိုက်သောကြောင့် ဝိုင်းဝန်းခြီးကျူးခြင်းခံရ၏။ စကားပြော

ကောင်းသည်၊ အချက်အလက်နိုင်နင်းသည်ဟူ၍လည်း နာမည်ကျော်သို့ားလေသည်။ ဤသည်မှစ၍ ဂလက်စတုန်းနှင့်ဒစ်ဇရေလီတို့သည် နာမည်ကျော်နိုင်ငံရေးပြိုင်ဖက်များဖြစ်လာကြ၏။ (ဒစ်ဇရေလီ, ဗီ — ရှု။) ထိုနှစ်၌ပင် ကွန်ဆားဗတစ်အစိုးရပြုတ်ကျ၍၊ပီးဂိုဏ်းသားလော့အဗဒင်းက လစ်ဗရယ် တို့၏ ထောက်ခံမှုဖြင့် အစိုးရဖွဲ့နိုင်ရာ၊ ဂလက်စတုန်းသည် ၁၈၅၃ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးရာထူးကို လက်ခံခဲ့၏။ အဗဒင်း၏အစိုးရသည် ၁၈၅၅ ခုနှစ်အထိ တည်မြဲခဲ့သည်။ ၁၈၅၉ ခုနှစ်တွင် ဂလက်စတုန်းသည် လစ်ဗရယ်ပါတီသို့ဝင်လိုက်သည်။ ၁၈၅၉ ခုမှ ၁၈၆၆ ခုနှစ်အထိ လစ်ဗရယ်အစိုးရအဖွဲ့များတွင် ဂလက်စတုန်းသည် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်သည်။

ဂလက်စတုန်းသည် ၁၈၆၈ ခုနှစ်တွင် လစ်ဗရယ်ပါတီ၏ ခေါင်းဆောင်အဖြစ်ဖြင့် ပဌမအကြိမ် အစိုးရအဖွဲ့ ဖွဲ့နိုင်ခဲ့သည်။ ဂလက်စတုန်း နန်းရင်းဝန်အဖြစ်ဖြင့်ဆောင်ရွက်ခဲ့သည့် ၄ ကြိမ်မှာ ၁၈၆၈ ခုမှ ၁၈၇၄ ခုနှစ်အထိတကြိမ်၊ ၁၈၈၀ ပြည့်မှ ၁၈၈၅ ခုနှစ်အထိတကြိမ်၊ ၁၈၈၆ ခုဖေဖွဝါရီလမှဇူလိုင်လအထိတကြိမ်၊ ၁၈၉၂ ခုမှ ၁၈၉၄ ခုအထိနောက်ဆုံးတကြိမ်ဖြစ်သည်။ ပဌမဦးဆုံးနန်းရင်းဝန်ဖြစ်သည့်အခါ ဂလက်စတုန်းမှာ အသက် ၅၉ နှစ်ရှိပြီ။

ဂလက်စတုန်းပဌမအကြိမ်နန်းရင်းဝန်အဖြစ်တွင် အရေးကြီးသောပြောင်းလဲတိုးတက်မှုများကို အောင်မြင်စွာဖန်တီးခဲ့၏။ ယင်းတို့မှာ အများပြည်သူတို့ပညာသင်သော မူလတန်းစာသင်ကျောင်းများကို အစိုးရကအထောက်အပံ့ပေးခြင်း၊ အောက်စဖို့နှင့် ကိမ်းဗရစ်တက္ကသိုလ်များသို့ အယူဝါဒဆိုင်ရာချုပ်ချယ်ဆီးတားမှုမရှိဘဲ ဝင်ခွင့်ပြုခြင်း၊ နိုင်ငံရေးရွေးကောက်ပွဲများတွင် လျှို့ဝှက်သောမဲစနစ်ဖြင့် မဲပေးခွင့်ခြင်း၊ အင်္ဂလိပ်လက်အောက်ဖြစ်သောအိုင်ယာလန်ပြည်တွင် ပြည်သူအများက ဗရင်ဂျိုဂိုဏ်းဝင်ဖြစ်သော်လည်း အင်္ဂလိပ်ခရစ်ယန် ဂိုဏ်းအယူဝါဒကို နိုင်ငံတော်အယူဝါဒ အဖြစ်ဖြင့် ပြဋ္ဌာန်းထားခြင်းကို ၁၈၆၉ ခုတွင်ပယ်ဖျက်ခဲ့ခြင်း၊ အိုင်ယာလန်တောင်သူလယ်သမားများအား နစ်နာခဲ့စေသော မြေယာစနစ်ကိုသက်သာမှုရရှိရန် ၁၈၇၀ ပြည့်နှစ်တွင် အက်ဥပဒေပြဋ္ဌာန်း၍ပြောင်းလဲပေးခြင်း၊ နိုင်ငံတော်စစ်တပ်တွင် ဗိုလ်ရာထူးများကို ငွေဖြင့်ဝယ်နိုင်မှုသဘောလျှင် စစ်ဗိုလ်ဖြစ်နိုင်သောစနစ်ကိုပယ်ဖျက်ခြင်းတို့ဖြစ်သည်။

၁၈၇၄ ခုနှစ်မှ ၁၈၈၀ ပြည့်အထိ ဂလက်စတုန်းသည် အတိုက်အခံခေါင်းဆောင်အဖြစ်ဖြင့် နန်းရင်းဝန် ဒစ်ဇရေလီ၏နယ်ချဲ့ဝါဒကိုပြစ်တင်ဝေဖန်ခဲ့သည်။ ၁၈၇၉ ခုနှစ်တွင် ပါလီမန် ရွေးကောက်ပွဲကျင်းပရာ၊ မစ်ဒလိုသီယန်နယ်တွင် မိန့်ကြားသည့်ဂလက်စတုန်း၏မဲဆွယ်မိန့်ခွန်းများမှာ အလွန်အချက်ကျ၍ ထိမိလှုပေသည်။ ရွေးကောက်ပွဲအပြီးတွင် လစ်ဗရယ်ပါတီအာဏာရလာပြီးနောက် ဂလက်စတုန်းလည်းဒုတိယအကြိမ်နန်းရင်းဝန်ဖြစ်လာပြန်သည်။

နန်းရင်းဝန်ကြီးဂလက်စတုန်းနေထိုင်ခဲ့သည့်အိမ်



စွာ ကြုံစည်ခဲ့ကြသော ရိုက်ညီနောင်တို့ပင်လျှင် ကလိုက်ဒါများဖြင့် စမ်းသပ်လေ့လာခဲ့ကြရလေသည်။


ကလိုက်ဒါတွင် အလွတ်ပျံသန်းနိုင်သောအမျိုးနှင့် လေယာဉ်ပျံကကြိုးဖြင့် ဆွဲဆောင်ရသောအမျိုးဟူ၍ ၂ မျိုး ရှိသည်။ ပဌမအမျိုးတွင် တဖန် အပျော်စီးကလိုက်ဒါနှင့် လေယာဉ်ပျံအမောင်းသင်ကလိုက်ဒါဟူ၍ ၂ စားရှိပြန်သည်။ အခြားတမျိုးမှာ ဝန်တင်ကလိုက်ဒါမျိုး ဖြစ်၍ သာမန်ကလိုက်ဒါတို့ထက် ကြီးမားကြသည်။ အခြို့မှာ လူ ၃၀ ခန့်အထိ တင်ဆောင်နိုင်အောင်ပင် ကြီးမားကြသည်။ ဤဝန်တင်ကလိုက်ဒါမျိုးကို စီးပွားရေးဖက်၌ ကုန်ပစ္စည်းတင်ရန် အသုံးပြု၍၊ စစ်ပွဲများ၌ စစ်သားစစ်လက်နက်နှင့်စစ်ရိက္ခာများ သယ်ယူပို့ဆောင်ရန် အသုံးပြုကြသည်။ ဗိုလ်ချုပ်မှူး ဝင်းဂိတ်သည် ပြီးခဲ့သောဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံရှိ ဂျပန်တပ်များကို ပြန်လည်ထိုးစစ်ဆင်ခဲ့စဉ်က ဤကလိုက်ဒါမျိုးကို ထိထောက်စွာအသုံးပြုခဲ့လေသည်။

အင်္ဂလန်၊ ဂျာမနီ၊ အမေရိကန်၊ ရုရှစသော နိုင်ငံကြီးတို့၌ ကလိုက်ဒါများ အလွန်ခေတ်စားခဲ့သည်။ အထူးသဖြင့် ဂျာမနီနိုင်ငံ၌ ပဌမကမ္ဘာစစ်ပြီးခေတ်တွင် ထူးထူးခြားခြား ခေတ်စားခဲ့၍ ကလိုက်ဒါစီး သူရဲကောင်းများပေါ်ပေါက်ခဲ့ကြသည်။ ထိုနောက်တွင် ကလိုက်ဒါသည် ရုရှနိုင်ငံ၌လည်း သိသိသာသာခေတ်စားလာခဲ့ပေသည်။

ကလိုက်ဒါနှင့် အဝေးဆုံး ပျံသန်းခဲ့သော ကမ္ဘာ့စံချိန်မှာ မိုင်ပေါင်း ၄၆၅၀.၅၃၂ ဖြစ်သည်။ ထိုခရီးကို အော်လဂါကလက်ပီကိုဗာ ဆိုသူ ရုရှအမျိုးသမီးလေသူရဲက ၁၉၃၉ ခုနှစ်တွင် ပျံသန်းခဲ့သည်။ အမြင့်ဆုံးပျံသန်းခဲ့သောကမ္ဘာ့စံချိန်မှာ စတင်ပျံသန်းရာမှ ပေပေါင်း ၂၆,၄၁၀ မြင့်သည်။ ထိုအမြင့်ကို ပါအိပ်ဆဲပါဆန် ဆိုသူ ဆွီဒင်အမျိုးသားတဦးက ၁၉၄၇ ခုနှစ်တွင် ပျံသန်းခဲ့သည်။ လေထဲ၌ အကြာဆုံးနေခဲ့သော ကမ္ဘာ့စံချိန်မှာ ၃၆ နာရီ ၃၅ မိနစ်ဖြစ်သည်။ ထိုစံချိန်ကို ကွတ်ရှမစ် ဆိုသူ ဂျာမန်အမျိုးသားတဦးကထွင်ခဲ့လေသည်။ (လေယာဉ်ပျံ — လည်းရှု။)

ကလင်း။။ ။ကလင်းဆိုသည်မှာ ခန္ဓာကိုယ်ကို ပြုပြင်ဆောက်တည်ထူဖွဲ့ရင်း၊ ကိုယ်တွင်းမှ မလိုအပ်သော အညစ်အကြေးများကို ပြင်ပသို့ထုတ်ထူဖွဲ့ရင်း အလွန်အသုံးဝင်၍ အကူအညီပေးသော အင်္ဂါဖြစ်သည်။ ကလင်းသည် ခန္ဓာကိုယ်၌ အနှံ့အပြားရှိသည်။ နေရာကိုလိုက်၍ ကလင်းတို့၌ အရွယ်နှင့် ပုံသဏ္ဌာန်အမျိုးမျိုးရှိသည်။ အခြို့ကလင်းတို့သည် ဆန့်စေ့နှင့်တူကြ၍၊ အခြို့လည်း အိတ်ကလေးများနှင့်တူကြသည်။ အခြို့ကလင်းတို့သည် ခပ်မြောင်းမြောင်း နေကြသည်။ အကျိတ်ကဲ့သို့သော ကလင်းများလည်းရှိသည်။

အသက်ရှင်နေသရွေ့ကာလပတ်လုံး လူတို့သည် နေ့စဉ်



အမြင့်သို့ ပျံတက်စေရန် ကလိုက်ဒါယာဉ်ကိုမော်တော်ကားဖြင့်အရှိန်ရအောင်ဆွဲနေပုံ

နေ့တိုင်း ခန္ဓာကိုယ်အတွင်းမှ အရည်များစွာကို ထုတ်လျက်ရှိကြ၏။ ဝိုလိုက်သည်နှင့်တပြိုင်နက်၊ မျက်စိအစုံမှ မျက်ရည်များ ကျဆင်းလာသည်။ အနည်းငယ်ပူအိုက်၍လာသည့်အခါ ခန္ဓာကိုယ်အနှံ့အပြားရှိ အရေပြားပေါ်တွင် ချွေးများစိုထွက်လာသည်။ ပါးစပ်ထဲ၌လည်း တံထွေးသည် အမြဲထွက်ပေါ်လျက်ရှိသည်။ ထိုမျက်ရည်၊ ချွေး၊ တံထွေး၊ စသော အရည်အသီးသီးသည် ဂလင်းတို့မှ ယိုစီးထွက်လာကြသည်။ ဂလင်းတို့သည် သေးထဲမှ ရေနှင့် အခြားပစ္စည်းများတို့ကိုထုတ်ယူပြီးလျှင် မိမိတို့နှင့် ဆိုင်ရာ အရည်ကို မိမိတို့ဖာသာဖန်တီး၍ ထုတ်ပေးကြသည်။ ပမာ အားဖြင့် မျက်ရည်ကို မျက်လုံးအိမ်အတွင်းရှိ မျက်ရည်ဂလင်းများမှ၎င်း၊ တံထွေးကို မေးရိုးနှင့် လျှာအောက်ရှိ တံထွေးဂလင်းများမှ၎င်း၊ ဂဲ့စတြစ်ရည်ခေါ် အစာသစ်အိမ်ရည်ကို အစာအိမ်နံရံရှိ ဂဲ့စတြစ်ဂလင်းများမှ၎င်း၊ သည်းခြေရည်ကို အသည်းမှ၎င်း၊ ပန်ကရိ ရည်ကို အစာအိမ်အောက်နားရှိ ပန်ကရိခေါ် ဂလင်းမှ၎င်း အသီးသီးထုတ်ပေးကြသည်။ တံထွေး၊ ဂဲ့စတြစ်ရည်၊ သည်းခြေရည်နှင့် ပန်ကရိရည်တို့သည် စားမျိုလိုက်သော အစာကို တနည်းတလမ်းအားဖြင့် ချေချွတ်ပေးကြသည်။ ဂလင်းအားလုံးတွင် အသည်းသည် အကြီးဆုံးဂလင်းဖြစ်သည်။ အသည်းအောက်နား၌ သည်းခြေရည် သိုလှောင်ထုသည်းခြေ အိတ်ရှိသည်။ သည်းခြေရည် သည် ပြန်ကလေး တခုမှ တဆင့် အူသိမ်အတွင်းသို့ စီးဝင်သည်။

အထက်၌ဖေါ်ပြခဲ့သော ဂလင်းများတွင် ခန္ဓာကိုယ်ပြင်ပသို့ဖြစ်စေ၊ အစာကြောင်း အတွင်းသို့ဖြစ်စေ မိမိတို့၏ အရည်များကို ထုတ်ပေးရန်ပြန်အသီးသီး ပါရှိကြသည်။ သို့သော် ပြန်မရှိသော ဂလင်းများလည်း ခန္ဓာကိုယ်အနှံ့အပြား၌ ရှိသေး၏။ ထိုဂလင်းများမှ ထုတ်သောအရည်ကို ဟော်မုန်းဟုခေါ်သည်။ ဟော်မုန်းသည် သွေးကြောများထဲသို့ တိုက်ရိုက်စီးဝင်ပြီးလျှင် တကိုယ်လုံးသို့ ပျံ့နှံ့သွား၏။

ပြန်မဲ့ဂလင်းများတွင်ဦးခေါင်းအတွင်း ဦးနှောက်အောက်ဖက်နားဘ၌ရှိသော ဂလင်းကို ပစ်ကျ။အစ်တာရီဂလင်းဟုခေါ်သည်။ ထိုဂလင်းသည် ကိုယ်ကာယထွားကျိုင်းမှုနှင့် သက်ဆိုင်၍အစိတ်အပိုင်းများစွာပါရှိသည်။ အစိတ်အပိုင်းတခုမှ ထွက်သောအရည်သည် နည်းလွန်းလျှင် ခန္ဓာကိုယ်ကို ပုညက်စေတတ်၍၊ များလွန်းလျှင် ကိုယ်ခန္ဓာကို အဆမတန်ကြီးထွားစေတတ်သည်။

ကျောက်ကပ်အထက်၌ ဆူပရာရီနယ်ခေါ် သေးငယ်သော ဂလင်း ၂ ခုရှိသည်။ ထိုဂလင်းတို့မှ သွေးအားရှိစေသော အရည်ကို အစဉ်အမြဲထုတ်ပေးလျက်ရှိသည်။ ဒေါသထွက်ခြင်း၊ ကြောက်လန့်ခြင်းစသော ရုတ်တရက်စိတ်လှုပ်ရှားချိန်မျိုး၌ အခါတိုင်းထက်ပို၍ ထို့အရည်ကိုထုတ်ပေးသည်။

လည်ပင်းအတွင်း၌ သိုင်းရွိုက်ဂလင်း ရှိ၍၊ ထိုဂလင်းနှင့် ကပ်လျက် စပါးစေ့သဏ္ဌာန် ပါရာသိုင်းရွိုက်ဂလင်း ၄ ခုရှိသည်။ ကလေးအရွယ်၌ သိုင်းရွိုက်ဂလင်းမှ အရည်အထွက်နည်းလျှင် ကလေးသည် ထုံထိုင်းပုညက်တတ်သည်။ လူကြီးအရွယ်၌လည်း ထိုဂလင်းမှ အရည်အထွက် နည်းလျှင် ကာယဗလ၊ ဉာဏဗလ ၂ မျိုးစလုံး သိမ်ဖျင်းလေးကန်တတ်သည်။ လည်ပင်းကြီးနာဖြစ်ပွားတတ်ခြင်းမှာ များသောအားဖြင့် ထိုဂလင်းမှ အရည်အထွက်နည်းခြင်းကြောင့်ပင်ဖြစ်၏။ သိုင်းရွိုက်ဂလင်းမှ သိုင်ရော့ဆင်းဟုခေါ်သော ဟော်မုန်းရည်ကို ထုတ်ပေးသည်။ ဤဟော်မုန်းသည် ကြွက်သားနှင့်စိတ်တို့၏ လှုပ်ရှားသွက်လက်မှု၊ နှလုံးခုန်မှုတို့ကို အားပေးသည်။ ပါရာသိုင်းရွိုက်ဂလင်းများမှထွက်သော ဟော်မုန်းကမူ ခန္ဓာကိုယ်အတွင်းရှိ ထုံးစာတ်ကို ထိန်းသိမ်းပေးခြင်းဖြင့် အရိုးအဆစ် ကြီးပွားတောင့်တင်းမှုကို ထောက်ပံ့အားပေးသည်။ ဤဂလင်းများကို ထုတ်ပစ်ခဲ့သော် တက်တင်နီထောဂါ ဖြစ်တတ်သည်။ ထိုထောဂါဖြစ်သူသည် တက်တတ်သည်။ ကိုယ်အလေးချိန်မှာလည်း တဖြည်းဖြည်း လျော့လာတတ်သည်။ ဤထောဂါရလျှင် သေဖက်နီးလာသည်ဟုဆိုရပေမည်။

ပြန်မဲ့ဂလင်းတို့သည် သေးငယ်ပင် သေးငယ်သော်လည်း ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရေး အတွက် မရှိလျှင် မဖြစ်လောက်အောင် အရေးပါအရာရောက်ကြသည်။ အကယ်၍ ထိုဂလင်းများကို လူတယောက်၏ခန္ဓာကိုယ်မှ ထုတ်ယူလိုက်မည်ဆိုပါက၊ ထိုလူသည် သုံးလေးရက်အတွင်း အသက်သေဆုံးမည်မှာမုချပင်ဖြစ်သည်။

ဂလစ်ဆရင်း။။ ။ဂလစ်ဆရင်းသည် အဝေါင်ကင်း၍ အနံ့မထင်ရှားသော အချိုရည်ခပ်ပျစ်ပျစ်ဖြစ်သည်။ ရေထက်လေး၍ ရေတွင်ကောင်းစွာပျော်သည်။ အဆီနှင့် ဆီစစ်စစ်မှန် သမျှတွင် ဂလစ်ဆရင်းပါသည်။ ဂလစ်ဆရင်းကို အလှဆီဟူ၍လည်းသိကြသည်။ သကြားမှ ကဇော်ဖေါက်ယူရသော အရက်များတွင် ဂလစ်ဆရင်းအနည်းအကျဉ်းပါ၏။ ဂလစ်ဆရင်းကိုဆပ်ပြာလုပ်ငန်း၌ ဘေးထွက်ပစ္စည်းအဖြစ်ဖြင့် အများအပြားရရှိသည်။ ဂလစ်ဆရင်းစစ်စစ်ကို ဂလစ်ဆရိုဟု ခေါ်ကြသည်။ ဓာတုဗေဒအလိုအားဖြင့် ထရိုင်ဟိုက်ဒရစ်အယ်လကိုဟော ဟု ခေါ်၍ဓာတုသင်္ကေတမှာ [$C_3H_5(OH)_3$] ဖြစ်၏။ အယ်လကိုဟောအစုတွင်ပါဝင်သော်လည်း ဂလစ်ဆရင်း၌ မူးယစ်စေတတ်သော သတ္တိအနည်းငယ်မျှမရှိချေ။

ဂလစ်ဆရင်းသည် ပစ္စည်းများစွာကို အရည်ပျော်စေနိုင်သည်။ အထူးသဖြင့် ထင်းရှူးစေးကဲ့သို့သော ပစ္စည်းမျိုးကို ကောင်းစွာ အရည်ပျော်စေနိုင်သည်။ အဝတ်၌စွဲသော



ဂလပ်စဂိုးမြို့ ဂျော့စကွဲယားပန်းခြံနှင့်မျှော်စီပယ်အဆောက်အအုံ

ကာဖီ၊ လက်ဖက်ရည်အစုန်းအထင်းများကို ဂလစ်ဆရင်းနှင့်တိုက်ချတ်ဆေးကြောလျှင် အစုန်းအထင်းပျောက်သည်။ ဂလစ်ဆရင်းကို နိုက်ထရိုဂလစ်ဆရင်း၊ ဒိုင်နမိုက်စသော ပေါက်ကွဲစေတတ်သည့် ခဲယမ်းမီးကျောက်များပြုလုပ်ရာ၌ အသုံးများသည်။ ဆဲလိုဖိန်းနှင့် ပလပ်စတစ်ပစ္စည်းများပြုလုပ်ရာ၌လည်း သုံးသည်။

ဂလစ်ဆရင်းသည် မခြောက်သွေ့တတ်သော ပစ္စည်းတမျိုးဖြစ်ခြင်းကြောင့် စီးကရက်နှင့် ဆေးတံသောက်ဆေးများတွင် ထောစ့်အသုံးပြုကြသည်။ ချိုချဲစေးသောသတ္တိရှိခြင်းကြောင့် ဆပ်ပြာ၊ အလှဆိစသော အလှကုန်များ၊ ဘယဆေးများ၊ သရည်စာမုံများပြုလုပ်ရာ၌ ဂလစ်ဆရင်းကိုအများအစားအသုံးပြုကြသည်။ ဝမ်းနုတ်ဆေးအဖြစ်ဖြင့်လည်း သုံးကြသည်။

ဂလပ်စဂိုးမြို့။ ။ဂလပ်စဂိုးမြို့မှာ စကော့တလန်ပြည်၏အကြီးဆုံး ဆိပ်ကမ်းမြို့ ဖြစ်၍ ကလိုက်မြစ်ပေါ်၌တည်ရှိပြီးလျှင်၊ အက်ဒင်ဗာရာမြို့တော်နှင့် ၄၇ မိုင်ခန့်သာကွာဝေးသည်။ ယခုအခါ လန်ဒန်မြို့မှလွဲလျှင် ဂရိတ်ဗြိတိန်တွင် အကြီးဆုံးမြို့ဖြစ်လေသည်။

ဂလပ်စဂိုးမြို့သည် ကျောက်မီးသွေးနှင့် သံထွက်ရာဒေသများ၏ဗဟိုတွင် တည်ရှိသည်။ ထိုကြောင့်သဘော်ဘတည်ခြင်း၊ သံထည်ပစ္စည်းများထုတ်လုပ်ခြင်းစသော စက်မှလက်မှလုပ်ငန်းများ၌အလွန်ကြီးကျယ်သည်။ ထိုပြင် စက်ဖြင့်သိုးမွေးထည်၊ ခြည်ထည်များ ရက်လုပ်ခြင်း၊ ဓာတ်ဆေးချက်ခြင်းတို့လည်း ထွန်းကားလေသည်။

မြို့ကို လှပစွာအကွက်ချ၍ ခေတ်မှီအောင် တည်ထားသည်။ စက်ရုံကြီးများနှင့်အလုပ်ရုံကြီးများသည် နေရာအနှံ့ရှိသဖြင့် မီးခိုးထွက်နေသောခေါင်းတိုင်များ၊ တည်ဆောက်ဆဲသဘော်ကိုယ်ထည်များ၊ ခေတ်မှီအဘော်ကျင်းတလျှောက်တွင် ဆိုက်ကပ်ထားသော သဘော်များမှ ရွက်တိုင်များသည် မြို့၏ရှုခင်းတရပ်ဖြစ်သည်။

တက္ကသိုလ်ကျောင်းတော်ကြီး၊ သုခုမပညာသင်ကျောင်းများ၊ ကောလိပ်ကျောင်းများ၊ ပြည်သူ့စာကြည့်တိုက်၊ မျှော်စီပယ်အဆောက်အအုံနှင့် စတော့ပ်ရုံကြီးများမှာမြို့၏ကျက်သရေဆောင်များ ဖြစ်သည်။ သုခုမပညာပြခန်းကြီးမှာ ကယ်လဗင်ရိုခေါ်ပန်းခြံကြီးအတွင်းတွင် အနီရောင်သဲကျောက်ဖြင့် ဆောက်လုပ်ထားဗသော အဆောက်အအုံဖြစ်၍ ဗြိတိသျှကျွန်းစုမှ အလွန်ရှားပါးကောင်းမွန်သော ပန်းချီကားများကို တွေ့နိုင်လေသည်။

မြို့၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၆၂ မိုင်ခန့်ရှိ၍ လူဦး

ရေ ၁၀,၀၀,၀၀၀ ကျော်မျှရှိပြီးလျှင် စက်မှုလက်မှုလုပ်ငန်းတွင် အကြီးအကျယ်ဆုံးဌာနဖြစ်ရုံမျှမက ဗြိတိန်နိုင်ငံ၏ သဘော်ဘတည်ဆောက် သည့်လုပ်ငန်းတွင် အချက်အခြာမြို့ကြီးဖြစ်လေသည်။

ထိုမြို့၏အုပ်ချုပ်ရေးမှာ စံထားလောက်အောင်ကောင်းကြောင်းဖြင့် ကမ္ဘာအရပ်ရပ်တွင် ကျော်ကြားလေသည်။ မြို့အုပ်ချုပ်ရေးရဲမျှား၊ ကျန်းမာရေးဌာနမျှား၊ အိုးအိမ်တည်ဆောက်ရေးမျှားမှာ အလွန်စံနှစ်ကျနသဖြင့် ကမ္ဘာ့မြို့ကြီးမျှားကနည်းယူကြရလေသည်။

ဂဟေ။ ။ဂဟေဆိုသည်မှာ သတ္တုမျှားကို တခုနှင့်တခုဆက်ရန်အတွက်သော်၎င်း၊ သတ္တုမျှားကို ဖာထေးရန်အတွက်သော်၎င်း၊ အသုံးပြုသော သတ္တုစပ် ပင်ဖြစ်သည်။ ဂဟေပြုလုပ်ရာ၌ အရေးကြီးသောအချက်မှာ ဂဟေသည် ဆက်ယူမည့် သတ္တုမျှားထက်ပို၍ အရည်ပျော်လွယ်နိုင်ရမည့် အချက်ဖြစ်သည်။

ဂဟေသည် ဂဟေပျော့၊ ဂဟေမာဟူ၍နှစ်မျိုးရှိသည်။ ဂဟေမာသည် အပူချိန်များမှ အရည်ပျော်၍၊ ဂဟေပျော့မှာမူ အပူချိန်နည်းမှ အရည်ပျော်သည်။ ဂဟေမာသည် အလွန်ခိုင်မာသဖြင့် ယင်းကိုအလိုရှိသလို ထုရိုက်၍ပုံသွင်းယူနိုင်ပေသည်။ အချို့ဂဟေမာကို နှန်းဆွဲ၍ရသည်။ အချို့ကို အပြားခတ်၍ ရသည်။ အသုံးအများဆုံးသော ဂဟေမာမှာ ငွေဂဟေဖြစ်သည်။ ငွေဂဟေဌဲ့ ငွေ၊ ကြေးနီ နှင့် သွပ်တို့ပါရှိသည်။ ငွေကိုထည့်စပ်ရခြင်းမှာ ဂဟေ၏ အရည်ပျော်မှတ်ကို နိမ့်ကျသွားစေရန်ဖြစ်၏။ ငွေဂဟေ၌ ပါဝင်လေ့ရှိသော ကြေးနီ၊ သွပ်၊ ငွေတို့၏အချိုးအစားမှာ ကြေးနီ ၎၅ ရာခိုင်နှုန်း၊ သွပ် ၃၅ ရာခိုင်နှုန်းနှင့် ငွေ ၂၀ ရာခိုင်နှုန်းဖြစ်သည်။ ထိုဂဟေသည် စင်တီဂရိတ်အပူချိန် ဂဝဂ ဒီဂရီတွင်အရည်ပျော်၏။

ထိုဂဟေမျိုးကို ကြေးဝါ၊ ကြေးနီ၊ ငွေ၊ သံတို့ကိုဆက်ရာတွင်အသုံးပြုကြသည်။ ရွှေပန်းထိမ်ဆရာများ ဂဟေလုပ်ရာ၌ ရေကိုအဓိကထား၍ ကြေးနီနှင့်ငွေတို့ကိုရောစပ်ယူကြသည်။

ဂဟေပျော့များသည် အပူချိန်နည်းနည်း၌အရည်ပျော်နိုင်ကြသည်။ ထိုဂဟေပျော့များသည် ကြွပ်ဆတ်သဖြင့် အထုအရိုက်မခံနိုင်ကြချေ။ လူသိများသောဂဟေပျော့များမှာ သံဖြူနှင့်ခဲကိုအဓိကထား၍ရောစပ်ထားသောဂဟေများပင်ဖြစ်သည်။ ဂဟေပျော့တမျိုး၌ သံဖြူ ၆၇ ရာခိုင်နှုန်းနှင့်ခဲ ၃၃ ရာခိုင်နှုန်းပါရှိသည်။ ထိုဂဟေမျိုးကိုအများအားဖြင့် သံဖြူဆရာများအသုံးပြုကြ၏။ ထိုဂဟေပျော့များအတွက် ကယ်ဒမီယမ်၊ ဇစ်စမတ်၊ အန်တီမိုနီနှင့်ငွေသတ္တုတို့ကိုလည်း ရောစပ်ယူရသည်။ ဂဟေဆက်ရာ၌ ပဌမ နိရဲအောင်မီးဖုတ်ထားသော ကြေးနီချောင်းဖြင့် ဂဟေကိုအရည်ပျော်စေသည်။ ထိုနောက် ကြေးနီချောင်း



ဂလပ်စကိုးမြို့ကလိုက်ပြစ်ဆီပ်

ထိပ်တွင် ဂဟေပျော်ရည်ကိုယူ၍ သတ္တုများကိုဆက်ပေးသည်။ တခါတရံ သတ္တုများကိုပျော်နေသော ဂဟေထဲ၌ နှစ်၍ဂင်း၊ ဂဟေဆက်မည့်နေရာတွင် ဂဟေကိုမီးတောက်ဖြင့်အရည်ပျော် စေ၍ဂင်း ဆက်ပေးတတ်သည်။ ထိုနည်းများအပြင် သတ္တုများကို မီးဖုတ်၍ဆက်သောနည်းလည်း ပါသေးသည်။ ထိုနည်းကို ငွေဂဟေနှင့်ကြေးဂဟေဆက်ရာတွင်အသုံးပြုကြ၏။

ဂဟေမဆက်မီ သတ္တုများသည် ချေးမတင်ဘဲစင်ကြယ်၍နေရပေသည်။ သို့မှသာလျှင် သတ္တုများ၌ ဂဟေကောင်းစွာစွဲကပ်နိုင်ပေသည်။ ချေးရှိနေလျှင် ယင်းကိုစားပစ်ရန် သတ္တုပျော်ကူ ခေါ် ဟစ္စည်းတမျိုးကိုအသုံးပြုရသည်။ ဂဟေပျော့အတွက် ထင်းရှူးစေးသို့မဟုတ် သုပ်ဖြင့်သတ်ထားသော ဟိုက်ဒရိုကလောရစ်အက်ဆစ်ကိုဂင်း၊ ဂဟေမာအတွက် လက်ချားမှန့်သို့မဟုတ် ဇဝက်သာကိုဂင်း သတ္တုပျော်ကူအဖြစ်အသုံးပြုကြသည်။

ဂဠုန်။ ။လေးသောဝန်ကိုဆောင်ယူတတ်သောသတ္တဝါသည် ဂဠုန်မည်၏ဟု မဂဓအဘိဓာန်များက အဓိပ္ပါယ်ဖေါ်ပြသည်။ ထို့အပြင် ဂဠုန်သည်ဌက်တို့၏မင်းဖြစ်သည်၊ နဂါးတို့ကိုနှိမ်နင်းသတ်ဖြတ်နိုင်သည်ဟုကျမ်းဂန်များ၌ဆို၏။ ယင်း၏အတောင်များမှာ ရွှေအဆင်းကဲ့သို့တောက်ပြောင်လှပသည်ဟု အဋ္ဌကထာကျမ်းများ၌ဆိုသည်။ ဂဠုန်ဌက်မင်းသည်ယူဇနာ ၁၅၀ ခန့်အရွယ်ရှိကြောင်းသုတ်မဟာဝါအဋ္ဌကထာ၊ မဟာနိဒါနသုတ်၌ပါရှိသည်။ ဂဠုန်မင်းသည် ဂဠုန်လေကိုပြုအံ့သောဌာ အား ထုတ်လတ်သော် ယူဇနာ ၆၀၀၀ ရှိသော အရပ် သည် မလောက်ဟူ၍ သံယုတ်အဋ္ဌကထာ၌လာရှိလေသည်။

ဗေဒင်ကျမ်းဂန်များ၌ 'တနင်္ဂနွေဂဠုန်၊ ရွှေမြောက်ကြုံ၊ နေတုံခြောက်နှစ်မျှ' ဟူသော သံပေါက်အရ၊ တနင်္ဂနွေဂြိုဟ်၏အမှတ်အသားမှာဂဠုန်ဖြစ်သည်။ ရဲရင့်ခြင်း၊ အားခွန်ဗလကြီးခြင်း၊ အောင်မြင်ခြင်းတို့ကိုဆောင်သည်။ ခရစ် ၁၉၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံတွင် ဗြိတိသျှအစိုးရအား ပုန်ကန်တော်လှန်သောဆရာစံသူပုန်ကြီးပေါ် ပေါက်ခဲ့ဘူးသည်။ စနေနံ (နဂါးရုပ်) ဖြစ်သော အင်္ဂလိပ်ကိုအောင်နိုင်စေခြင်းငှာ ဆရာစံသည် သုပဏ္ဏကဂဠုနရာဇာ (ဂဠုန်မင်း) ဘွဲ့ကိုခံယူခဲ့သည်။

မြန်မာစာပေတို့တွင် ဂဠုန်အကြောင်းကိုကျွှေးသို့တွေ့ရသည်။ 'ဂဠုန်နဂါးပုံမခြားစုံမျှားတဲ့ရုပ်ကောင်၊ မှန်စွာ



သံပြွတ်ထည်ကို ခဲဂဟေ ခေါ် ဂဟေပျော့ဖြင့် ကျွှေးဂဟေဆော်သည်။

ဖေ့ရှာသေချာမှန်း ထင်ကြည့်၊ လှမ်းချင်သည့် စိတ်ကို ပပ်လွှာ' ဟူ၍ စိန်ခြယ်ဖြာရောင်လင်းကြိုးသီချင်းတွင် တိမ်ကို တင်စားနှိုင်းဖွဲ့ခဲ့သည်။ မြန်မာစာပေလောကတွင် စာဆို အကျော်အမော်တပါးဖြစ်သော ရှင်ဥတ္တမကျော်၏ တောလားရတုတွင်လည်း 'တိမ်ညိုမိုလွှာ၊ တိမ်စူကာနှင့်၊ တိမ်ပြာထောယှက်၊ မရန်းဖက်၍၊ တိမ်သက်တံ့ထောင်၊ အဝါပေါင်ဝယ်၊ မှောင်ခဲ့တခါ၊ ပြာခဲ့တမျိုး၊ ညို့ခဲ့တလိ၊ ရီခဲ့တဖုံ၊ မှုန်ခဲ့တချက်၊ ယုဂန်ထက်က၊ လေးဖက်လုံးခြုံ၊ တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ် ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့' ဟူ၍ တိမ်ကိုပင် သက်ဝင်လှုပ်ရှား ဂဠုန်ငှက်အလား တင်စားနှုန်းဖွဲ့ခဲ့သည်။ မြန်မာတို့ ဝေါဟာရအသုံးအနှုန်းတွင် စစ်ဆင်စစ်တက် ရာ၌ ဂဠုန်တောင်ဖြန့်သည် ဟူ၍ ၎င်း၊ ရွန်းရင်းဆန်ခတ်ဖြစ်သည်ကို နဂါးဂဠုန်လိုက်သည် ဟူ၍ ၎င်း၊ ဆေးပင်ဝါးပင်များတွင် ဂဠုန်လက်သည်းပင်ဟူ၍ ၎င်း၊ ဂဠုန်ဆိုသောငှက်အထူးကိုတင်စား၍ဆိုလေ့ရှိကြသည်။ ပသိုပုံပြင်များတွင်လည်း ဂဠုန်ကဲ့သို့ကြီးမား သော ငှက်များရှိကြောင်း ဖေါ်ပြပါရှိလေသည်။ ဘုရားဟောမဂ္ဂပါဠိဋီကာဆယ် ဖြစ်စဉ်တိ သနိပါတ်ပက္ကုရကဇာတ်တော်၌ကား ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ဂဠုန်မင်းဖြစ် ဘူးခဲ့သည် ဟုတွေ့ရလေသည်။




ဂဠုန်ငှက်ကို မြန်မာပန်းချီဖြင့် ဤသို့သရုပ်ဖော် သည်။

ဂါတာ, ပွန်ယိုဟန်း ဝုဖဂန် (ခရစ် ၁၇၄၉-၁၈၃၂)။ ဂျာမန်စာဆိုတော်ကြီး ဂါတာသည် ၁၇၄၉ ခုနှစ်တွင် ဂျာမနီပြည် ဖရန့်ဖို့မြို့၌ ဖွားမြင်သည်။ အဓိပတိမှာ အဖိုးမှာ မြို့မျက်နှာဖုံး တရား သူကြီး တဦးဖြစ်သည်။ ငယ်စဉ်က အဖိုးဖြစ်သူနှင့်မိခင်ဖြစ်သူတို့က များစွာအလိုလိုက်ခဲ့၍ဖခင်ကိုယ်တိုင်သားငယ်ကိုအိမ်၌စာသင်ပေးလေသည်။ အသက် ၁၆ နှစ်ပြည့်မှ ဥပဒေပညာဆည်းပူးရန် လိုက်ပဆစ်မြို့သို့ ပို့လိုက်၏။ ဂါတာသည် ငယ်စဉ်အခါက ရုပ်သေးရုပ်များ နှင့်ဇာတ်ခင်းကျင်းပြသ ကီစား လေ့ရှိရာ နောင်အခါတွင် ပြဇာတ်ရေးဆရာကြီးဖြစ်မည့်နိမိတ်ဟုပြောဆိုကြ၏။

ဂါတာသည် လိုက်ပဆစ်မြို့၌ ကဗျာဝါသနာပါသူများကိုစပ်ဆိုသေးသည်။ ထိုနောက် မကျန်း၂၁သဖြင့် ဖရန့်ဖို့မြို့သို့ပြန်လာပြီးလျှင် စထရက်ဇဘူးတက္ကသိုလ်၌ ဥပဒေပညာများကို ဆက်လက်ဆည်းပူးရာ ၁၇၇၁ ခုနှစ်တွင် ဥပဒေဘွဲ့ထူးကိုဆွတ်ခူးနိုင်ခဲ့သည်။ စထရက်ဇဘူးတက္ကသိုလ်တွင် ယိုဟန်းဟာဒါဆိုသူစာဆိုတဦးနှင့်မိတ်ဖြစ်ခဲ့၍၊ ဟာဒါက ဂါတာအား ရှေးသီချင်းကြီးများကိုစိတ်ဝင်စားအောင် ဆွဲဆောင်ခဲ့၏။ ထိုပြင် ရိုတ်စပီးယား၏စာများကိုလည်း ဖတ်ရန် တိုက်တွန်းခဲ့သည်။ ထိုစဉ်က စပ်ဆိုသော ကဗျာများသည် ဂျာမနီပြည်၏ ခေတ်စမ်းကဗျာညွှန်များဖြစ်၏။ သူ၏ကဗျာများစပ်ပုံစပ်နည်းကိုသူ ကိုယ်တိုင်ထင်ယူ၍၊ သူရေးပုံရေးနည်းကို 'ဂါတာ၏စာဟန်' ဟုပင်ခေါ်တွင်ကြသည်။ ကဗျာများအပြင် ပြဇာတ်များကိုလည်း ရေးခဲ့၏။ ဓားပြဗိုလ်ကြီးကို ဇာတ်လိုက်အဖြာတင်၍ ရေးသော ပြဇာတ်တခုကြောင့် နာမည် ကျော်ကြားလာလေသည်။ ထိုနောက် ဝတ္ထုများဆက်ရေး သားရာမင်းခြီးမြောက်ခြင်းခံရသည်အထိဖြစ်ခဲ့၏။

ကမ္ဘာတွင် ကျော်ကြားတည်တံ့စေသော ဂါတာ၏လက်ရာမှာ 'ဖေါ့' ခေါ်ပြဇာတ်ဖြစ်သည်။ ထိုပြဇာတ်ကို ၁၇၇၃ ခုနှစ်တွင်စတင်ရေးခဲ့ရာ၊ ပဌမပိုင်းကို ၁၈၀၆ ခုနှစ် ၃၃ နှစ်ကြာမှပြီးစီးလေသည်။ ဒုတိယပိုင်းကို ၁၈၃၁ ခုနှစ်မှပြီးသဖြင့် စုစုပေါင်း ၅၈ နှစ်မျှကြာအောင်ရေးခဲ့လေသည်။ ထိုပြဇာတ်ကို အကြိမ်ပေါင်း ၃၀၊ ၄၀ ခန့်မျှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သည်။

ဂါတာ ထင်ရှားကျော်စောလာသောအခါ အရပ်ရပ်မှ ပညာလိုလားကြသောလူငယ်များသည် သူ့ထံသို့လာရောက်ဆည်းကပ်ကြလေသည်။ ထိုလူငယ်များတွင် ဂါတာကဲ့သို့ပင်ဂျာမန်စာပေလောကၠ ကျော်စောထင်ရှားသောစာဆိုတော် ရှီးလားလည်းပါဝင်၏။ ဂါတာသည် ရှီးလားကို အလွန်ချစ်ခင်လေးစား၏။ ရှီးလားနှင့်အသက်ထက်ဆုံးခင်မင်ရင်းနှီးသောမိတ် ဆွေဖြစ်ခဲ့သည်မှာ ဂါတာအဖို့များစွာအကျိုးရှိလေသည်။ ရှီးလားမှာ လုံ့လဝိရိယငွေ့သန်သူတယောက်ဖြစ်၍ ဂါတာကို အစဉ်အမြဲနှိုးဆော်အားပေးလေ့ရှိသောကြောင့် 'ဖေါ့' ပြဇာတ်ပဌမပိုင်းကိုပြီးစီးအောင်ရေးသားနိုင်လေသည်။ အခြားကဗျာများကိုလည်း အများအပြားရေးသားခဲ့၏။ ရှီးလားကွယ်လွန်သောအခါ ဂါတာ



ဣာမန်စာဆိုတော်ကြီး ဝျာဒဗျူ၊ဂါတာ

မှာစာမမဲ့နိုင်လောက်အောင် ပူဆွေးခဲ့လေသည်။ (ရှီးလား, ဝျဲအက် (စ) — ရှ။)

ဂါတာသည် ဘဂျ ခုနှစ်တွင် ကွယ်လွန်လေရာ၊ အဲလောင်းကို သူ၏မိတ်ဆွေ ရှီးလား၏ဂုဏနားခွပင်မြုပ်နှံလိုက်ကြ၏။ ငယ်ရွယ်စဉ်ကစ၍သေသည်အထိ ဂါတာသည်လူ ဘဝလောကကို အသေးစိတ်ကြည့်ရှုမှတ်သားတတ်သူဖြစ်သည်။ မည်ကဲ့သို့သော အဖြစ်အပျက်မျိုးမဆို ဂါတာအတွက်သေးလွန်းနုပ်လွန်းသည် ဟုမရှိခဲ့။ စေ့စေ့စပ်စပ်လေ့လာသုံးသပ်ခဲ့သည်သာများလေသည်။

ဂါတာသည် သူ၏ကဗျာများ နှင့် ပြဇာတ်များ တွင် လူ့ဘဝကို အသေးစိတ် ဝေဖန်၍ ထိထောက်စွာရေးသားခဲ့လေသည်။ သူ၏အတွေး အခေါ် များမှာ လက်နှင့် ကိုင်၍ ပြနိုင်လောက်အောင် မယ်မယ်ရရရှိသော စိတ်ကူးစိတ်သန်းများဖြစ်၍ သာမန်လူများဉာဏ်မမှီနိုင် အောင်ပြောင်မြောက်ပေသည်။ သို့ဖြစ်ရာ ဂါတာသည် ကမ္ဘာ့စာပေတွင်ရှိတ်စပီးယားကဲ့သို့ ထင်ရှားသောစာဆိုတော်တဦးဖြစ်သည်။ ဂါတာသည် စာပေကဗျာလင်္ကာဖက်၌သာထူးချွန်သည်မဟုတ်၊ သဘာဝသိပ္ပံပညာရပ်များ၌ ၎င်း၊ တိုင်းပြည် အုပ်ချုပ်မှု၌ ၎င်း ပါရမီရင့်သန်ခဲ့သောစွယ်စုံပညာရှိကြီးဖြစ်ပေသည်။ သူသည်လူတို့၏ သဘာဝကို အကြွင်းမဲ့နားလည်သူဖြစ်၏။ ဂါတာသည်တကမ္ဘာလုံးကလေးစားကြည်ညိုရသော စာဆိုတော်ပညာရှိကြီးဖြစ်သည်ကို အမျိုးဘာသာမခွဲး ဝန်ခံကြရသည်။ ဥရောပတိုက်နှင့်အမေရိကတိုက်ရှိများစွာသောမြို့ကြီးပြကြီးများ၌ ဂါတာကိုဂုဏ်ပြုသောအားဖြင့် သူ၏ကျောက်ရုပ်ကို စိုက်ထူထားကြသည်။ သူမွေးဖွားရာနေရာဖြစ်သော ဖရန့်ဖို မြို့ ရှိ အိမ်နှင့် သူနှစ်ပေါင်းများစွာ နေထိုင် သွားသော ဗိုင်းမားရှိ အိမ်တို့ကို နောင်လာနောက် သား တို့ကြည့်ရှုရန် အမှတ်တရထားရှိလေသည်။

အင်္ဂကထာဆရာ သျင်မဟာဗုဒ္ဓဃောသဖွင့်ဆိုအပ်သည့်နှင့်လျော်စွာ၊ အကွရာပုဒ်တို့ကို သတ်မှတ်၍ ဖွဲ့ဆိုရေးသားအပ်သော ပါဠိအဖွဲ့ကို ဂါထာဟုခေါ်သည်။ ဂါထာကို ပဋ္ဌဟူ၍ ၎င်း၊ သီလောကဟူ၍ ၎င်းခေါ်ဆိုသေးသည်။

ဂါထာသည် မြန်မာမှုဋ္ဌကဗျာနှင့် သဘောတူသည်။ သို့ဖြစ်၍ ဂါထာသည် ပါဠိကဗျာပင်ဖြစ်သည်။ (ကဗျာလင်္ကာ — လည်းရှု။) တဂါထာ၌ လေးပါဒရှိသည်။ မတြာအရေအတွက်ဖြင့် သတ်မှတ်ဖွဲ့ဆိုအပ်သော ဂါထာ၊ အက္ခရာအရေအတွက်ဖြင့်သတ်မှတ်ဖွဲ့ဆိုအပ်သော ဂါထာဟူ၍ ဂါထာ ၂ မျိုး ရှိပြန်သည်။

မတြာဆိုသည်မှာ မျက်စိတမှိတ် လျှပ်စစ် တပြက် လက်ဖျစ်တတီး ကာလကို ခေါ်သည်။ သာမန်အားဖြင့် အ၊ ဣ၊ ဥဟူသောအက္ခရာများသည် တမတြာရှိ၏။ အသံပေါ့သောကြောင့် လဟု ဟုခေါ်သည်။ အာ၊ ဤ၊ ဦ၊ ဧ၊ ဩဟူသောအက္ခရာများသည် နှစ်မတြာရှိ၏။ အသံလေးသောကြောင့် ဂရုဟုခေါ်သည်။

မတြာအရေအတွက်အားဖြင့် သတ်မှတ် ဖွဲ့ဆိုအပ်သော ဂါထာမျိုးကို မတြာဝုတ္တိဂါထာဟုခေါ်သည်။ ထိုမတြာဝုတ္တိဂါထာသည်

၁။ အရိယာဂါထာမျိုး
၂။ ဂီတိဂါထာမျိုး
၃။ ဥဒ်တာလိဂါထာမျိုး
၄။ မတ္တာသမကဂါထာမျိုး

ဟူ၍လေးမျိုးပြားသည်။

၁။ ဆဒ္ဒေါခိလလဟုဇောဝါ၊	၁၂	မတြာ
၂။ ဂယုတညေဆဂ္ဂဏာနဇောဝိသမေ။	၁၈	။
၃။ အရိယာယန္တဒ္ဒေလော၊	၁၂	။
၄။ ဆဒ္ဒေါနွေဂေါဂဏာဆညော။	၁၅	။

အထက်ပါဂါထာ၌ ပဌမ ဒုတိယနှစ်ပါဒဟူသော ရွေထက်ဝက်တွင် မတြာ ၃၀၊ တတိယ စတုတ္ထနှစ်ပါဒဟူသော နောက်ထက်ဝက်တွင် မတြာ ၂၇၊ ပေါင်း ၅၇ မတြာဖြင့်

သတ်မှတ်ဖွဲ့ဆိုထားသည်။ ဤဂါထာမျိုးကို အရိယာဂါထာမျိုးဟုခေါ်သည်။

၁။ သဗ္ဗံပထမဒလေယဒိ၊ ၁၂ မတြာ
၂။ လက္ခဏမရိယာယဝုတ္တမုဘယေသု။* ၁၀ ။
၃။ ယဿာဒလေသုယုတ္တံ၊ ၁၂ ။
၄။ ဝုတ္တာသာဂီတိဝုတ္တယတိလလိတာ။ ၁၀ ။

အထက်ပါဂါထာ၌ ရွှေထက်ဝက်တွင် မတြာ ၃၀၊ နောက်ထက်ဝက်တွင် မတြာ ၃၀၊ ပေါင်း မတြာ ၆၀ ဖြင့်သတ်မှတ်ဖွဲ့ဆိုထားသည်။ ဤဂါထာမျိုးကို ဂီတိဂါထာမျိုးဟုခေါ်သည်။

၁။ ဝိသမေဆသိယုံကလာမုခေ၊ ၁၄ မတြာ
၂။ သမေတဉ္စရလဂါတတောဟရိ။* ၁၆ ။
၃။ ဝေတာလိယံတမုစ္စတေ၊ ၁၄ ။
၄။ လဟုဆက္ကံနနိရန္တရံသမေ။ ၁၆ ။

အထက်ပါဂါထာ၌ ပဌမပါဒတွင် ၁၄ မတြာ၊ ဒုတိယပါဒတွင် ၁၆ မတြာ၊ တတိယပါဒတွင် ၁၄ မတြာ၊ စတုတ္ထပါဒတွင် ၁၆ မတြာ၊ ပေါင်း ၆၀ မတြာဖြင့်သတ်မှတ်ဖွဲ့ဆိုထားသည်။ ဤဂါထာမျိုးကို ဝေတာလိဂါထာမျိုးဟုခေါ်သည်။

၁။ ယမတီတလက္ခဏဝိသေသယုတံ၊ ၁၆ မတြာ
၂။ မတ္တာသမာဒိပါဒါဘိဟိတံ။ ၁၆ ။
၃။ အနိယတဝုတ္တပရိမာဏသဟိတံ၊ ၁၆ ။
၄။ ပထိတံဇနေသုပါဒါကုလကံ။ ၁၆ ။

အထက်ပါဂါထာ၌ ပါဒတိုင်းတွင် ၁၆ မတြာစီ အညီအမျှထား၍၊ ၆၄ မတြာဖြင့် သတ်မှတ်ဖွဲ့ဆိုထားသည်။ ဤဂါထာမျိုးကို မတ္တာသမကဂါထာမျိုးဟုခေါ်ဆိုသည်။

အက္ခရာအရေအတွက်အားဖြင့် သတ်မှတ်ဖွဲ့ဆိုအပ်သော ဂါထာမျိုးကို ဝတ္ထုဝုတ္တိ ဂါထာ ဟုခေါ်သည်။ ထိုဝတ္ထုဝုတ္တိ ဂါထာသည်

၁။ သမဝုတ္တိ၊ လေးပါဒလုံးတူညီသောဂါထာ
၂။ အဓသမဝုတ္တိ၊ ထက်ဝက် (၂ပါဒစီ) တူညီသောဂါထာ
၃။ ဝိသမဝုတ္တိ၊ တပါဒ နှင့် တပါဒ မတူညီသောဂါထာ

ဟူ၍သုံးမျိုးပြားသည်။

၁။ ယံ ဒု နိုံ မိ တ္တံ ဘ ဝ မ ဂံ လ ဒူ၊*
ဂ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ
၂။ ယော စာ မ နာ ပေါ သ ကု ဏ ဃ သ ဒွေါ။
ဂ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ
၃။ ပါ ပ ဋ္ဌ ဟော* ဒု ဿု ပိ နံ ဘ က နွံ၊
ဂ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ
၄။ ဗု ဒ္ဓါ နု ဘာ ဝေ န ဝီ နာ သ မေ နွံ။*
ဂ ဂ လ ဂ ဂ ဂါ လ ဂ လ ဂ ဂ

အထက်ပါဂါထာသည် ၁၁ လုံးစီ အညီအမျှသတ်မှတ်ဖွဲ့ဆိုထားအပ်သော ဝတ္ထုဝုတ္တိဂါထာမျိုးဖြစ်၏။ လေးပါဒလုံးဂဏ လဟုဂိုဏ်းနေ ဂိုဏ်းထားတူညီသောကြောင့် သမဝုတ္တိဂါထာဟုခေါ်သည်။ (ဂဏကို ဂ ငယ်ဖြင့်ဂဏ်း၊ လဟုကို လ ငယ်ဖြင့်ဂဏ်းပြထားသည်။)

၁။ စ တူ ဟ ပါ ဖေ ဟိ သ ဝိ ပွ မု တ္ထော၊
လ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ
၂။ ဆ ဒ္ဓာ ဘိ ဌာ နာ နိ ဘ ဘ ဗ္ဘ ကာ တုံ။
ဂ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ
၃။ ဣ စ မိဳ သံ ဓေ ရ ထ နံ ပ ဏိ တံ၊
လ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ
၄။ ဧ တေ န သ ဒ္ဓေ နွ သု ဝ တ္ထိ ဟော တု။*
ဂ ဂ လ ဂ ဂ လ လ ဂ လ ဂ ဂ


အထက်ပါဂါထာသည်လည်း ၁၁ လုံးစီ အညီအမျှဖွဲ့ဆိုထားအပ်သော ဝတ္ထုဝုတ္တိဂါထာမျိုးဖြစ်၏။ သို့သော် ပဌမပါဒနှင့် တတိယပါဒ၊ ဒုတိယပါဒနှင့် စတုတ္ထပါဒအားဖြင့် ၂ ပါဒစီ ဂဏ လဟု ဂိုဏ်းနေ ဂိုဏ်းထား တူညီသောကြောင့် အဓသမဝုတ္တိဂါထာဟုခေါ်သည်။

*ခရားပုဒ်နှင့် အမှတ်ပါ အက္ခရာများသည် ပါဒဆုံး ဂဏ (ပါဒန္တဂဏ) များဖြစ်ကြ၏။ ဂိုဏ်းအကြောင်းတွင်လျှပါ။

၁။ အ နေ ဏ ဧာ တိ သံ သာ ရုံ၊
လ ဂ လ ဂ လ ဂ ဂ ဂ
၂။ သ နွာ ဝိ ဿံ ဘ နိ ဗ္ဘိ သံ။
ဂ ဂ ဂ ဂ လ ဂ လ ဂ
၃။ ဂ ဖ ဏာ ရုံ ဂ ဧဝ သ ဓန္ဓာ၊
လ လ ဂ ဂ လ ဂ ဂ ဂ
၄။ ဒု ဏ္ဍာ ဧာ တိ ပု နှ ဗ္ဘု နံ။
ဂ ဂ ဂ လ လ ဂ လ ဂ

အထက်ပါဂါထာသည် ဂ လုံးစီ အညီအမျှဖွဲ့ဆိုထားအပ်သော ဝတ္ထုဝုတ္တိဂါထာမျိုးဖြစ်၏။ လေးပါဒလုံး တပါဒနှင့် တပါဒ ဂဏ လဟု ဂိုဏ်းနေ ဂိုဏ်းထား မတူသောကြောင့် ဝိသမဝုတ္တိဂါထာဟုခေါ်သည်။ မြန်မာပြည်၌ ဤရှစ်လုံးဖွဲ့ဂါထာမျိုးကိုအဖွဲ့များသည်။ ဦးထွန်းမြင့်။

ဂါးရင်း, အိပ်၊ ၁၈၂။ (ခရစ် ၁၈၉၁–၁၉၄၆)။ ။ကျောမန်နိုင်ငံနတ်ဆိ (နာဇီ) ခေါင်းဆောင်တဦးဖြစ်သော ဟာမင် ဝီလင် ဂါးရင်းသည် ဗားဗေးရိုးယားပြည် ရိုင်ဇင်ဟိုင်းမြို့၌ ၁၈၉၃ ခုနှစ်ဇန်နဝါရီလ ၁၂ ရက်နေ့တွင်ဖွားမြင်သည်။ ၁၉၁၂ ခုနှစ်တွင် ကြည်းတပ်ဗိုလ်အဖြစ်ဖြင့် စစ်မှုထမ်းထုမှ၊ ပဌမ ကမ္ဘာစစ် ဖြစ်သော် လေတပ်သို့ ကူးပြောင်းခဲ့သည်။



ဂျမန်လေတပ်ဗိုလ်ချုပ်မှူး ဟာမင်ဝီလင်ဂါးရင်း

ရန်သူလေယာဉ်ပျံများကို အများဆုံးပစ်ချနိုင်သဖြင့် ပဌမတန်းလေယာဉ်သူရဲကောင်း ဟုခြီးကျူးခြင်းခံရသည်။

၁၉၂၂ ခုနှစ်တွင် ဟစ်တလာတည်ထောင်သော နတ်ဆီအဖွဲသို့ဝင်သည်။ နတ်ဆီအဖွဲ မုန်တိုင်းတပ်ကိုဖွဲ့စည်းအုပ်ချုပ်ရသည်။ ၁၉၃၃ ခုနှစ်၌ ပရပ်ရွားပြည်နယ် ဝန်ကြီးချုပ်ဖြစ်၍ ပြည်ထဲရေးဝန်ကြီးလည်းဖြစ်လာသည်။ ဂျာမန်လေတပ်ကို ကိုယ်တိုင်ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ ၁၉၃၆ ခုနှစ်၌ ဒုတိယကမ္ဘာစစ်အတွက် ပြင်ဆင်မှုဖြစ်သော ၄ နှစ်စီမံကိန်းကိုလုပ်ဆောင်ခဲ့သည်။ နတ်ဆီများတန်ခိုးကြီးချိန်တွင် ဂျာမန်လေတပ်ဗိုလ်ချုပ်မှူးဖြစ်သော ဂါးရင်းသည် အလွန်အရေးပါအရာရောက်ခဲ့၍ ဟစ်တလာ၏ညာလက်ရုံးကြီးဖြစ်ခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးပြီးခါနီး ၁၉၄၅ ခုနှစ်တွင် ဟစ်တလာနှင့်မသင့်မတင့်ဖြစ်၍၊ နတ်ဆီပါတီမှနုတ်ထွက်ခဲ့လေသည်။ စစ်ကြီးအပြီး စစ်ရာဇဝတ်ကောင်များကိုစစ်ဆေးသော မဟာမိတ်စစ်ခုံရုံးက ဂါးရင်းအား စစ်ရာဇဝတ်ကောင်အဖြစ်ဖြင့် ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ သေဒဏ်အမိန့်ချမှတ်လိုက်သည်။ သေဒဏ်အပြစ်ပေးရန် နေ့သို့မရောက်မီ ဂါးရင်းသည် မိမိကိုယ်ကို မိမိအဆိပ်ခတ်၍အဆုံးစီရင်လိုက်လေသည်။

ဂီဇာ။ ။သိချင်းများ — ၅။

ဂီယားနားနယ်များ။ ။ဂီယားနားအမည်ရှိသောနယ်မှာ သာမန်အားဖြင့် တောင်အမေရိကတိုက် အမေဇုန်မြစ်၏မြောက်ဖက်နှင့် အော်ရင်နိုးကိုးမြစ်၏ အရှေ့ဖက်၌ရှိ၍၊ အကြမ်းအားဖြင့် အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၆၉၀,၈၀၀ ရှိသောနယ်ဖြစ်သည်။ သို့ရာတွင် ယခုအခါ၌ကား တောင်အမေရိကတိုက်တွင် ဗြိတိသျှ၊ ပြင်သစ်၊ နှင့် ဒပ်ချတို့စုပေါင်းပိုင်ဆိုင်ကြသောနယ်တို့ကိုအတိအကျသတ်မှတ်၍ ဂီယားနားနယ်ဟုခေါ်တွင်သည်။ ထိုဂီယားနားနယ် ၃ နယ်၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၇၈,၅၀၀ ရှိသည်။ အဆိုပါနယ် ၃ နယ်မှာ ဗြိတိသျှဂီယားနား၊ ဒပ်ချဂီယားနားနှင့်ပြင်သစ်ဂီယားနားတို့ဖြစ်၏။

ထိုဂီယားနားနယ် ၃ နယ်စလုံး၏ပကတိအနေအထားအသွင်အပြင်မှာ တမျိုးတည်းဖြစ်၏။ ပင်လယ်ကမ်းရိုးတန်းတလျောက်၌ နိမ့်သောလွင်ပြင်ဒေသရှိ၍ အတွင်းဖက်တွင် ဂီယားနားကုန်းပြင်မြင့်ရှိသည်။ မြစ်များသည်မြင့်သောတောင်တန်းများမှ သမုဒ္ဒရာထဲသို့စီးဝင်ကြ၏။ ထိုမြစ်တို့သည် များသောအားဖြင့် ရေစီးသန် သဖြင် လှေများကို ခရီးဝေးအတွက်အသုံးမပြုနိုင်ချေ။

ဂီယားနားသစ်တောများ၌ ချုံနွယ်ပိတ်ပေါင်းမှအစ ပေပေါင်းများစွာမြင့်မားသော သစ်ပင်ကြီးများအထိ ပေါက်ရောက်ကြ၍ တောတိရစ္ဆာန်ကြီးငယ်တို့သည်လည်း ကျက်စားသွားလာနေထိုင်ကြ၏။ မြစ်ချောင်းအင်းအိုင်များထဲတွင်ကား မိကျောင်းခေါင်းတိုများနှင့်အခြားတွားသွားကောင်များကိုတွေ့ရှိနိုင်သည်။

ဂီယားနားနယ်များ၏ရာသီဥတုတို့မှာ အပူပိုင်းရာသီဥတုပင်ဖြစ်သော်လည်း အောက်တိုဘာလနှင့် ဇွန်လိုင်လအတွင်း အချိန်မှန်တိုက်ခတ်သော အရှေ့မြောက် ကုန်သည်လေမှန်ကြောင့် ရာသီဥတုမှာ ပြင်းထန် သင့် သလောက် မပြင်းထန်ချေ။ သြဂုတ်လနှင့် စက်တင်ဘာလ အတွင်း၌ကား လွန်စွာပူပြင်း၏။ မေလမှသြဂုတ်လဆန်းအထိနှင့်ဒီဇင်ဘာလ၊ ဇန္နဝါရီလများတွင်မိုးအများဆုံးရွာသွန်းသည်။

ဂီယားနားနယ် ၃ နယ်လုံး၏ လူဦးရေ စုစုပေါင်းမှာ ၅၅၀,၀၀၀ ဖြစ်၏။ ထိုအနက် နိုင်ငံခြားလူမျိုးပေါင်းစုံသာလျှင်များပြား၍တိုင်းရင်းသားလူမျိုးများမှာ အနည်းငယ်သာပါဝင်သည်။ ဗြိတိသျှဂီယားနားနယ်တွင် တိုင်းရင်းသားဦးရေ ၉,၀၀၀၊ ဒပ်ချဂီယားနားတွင် ၃,၀၀၀ နှင့်ပြင်သစ်ဂီယားနားတွင် ၂,၅၀၀ မျှဖြစ်၏။

ခရစ် ၁၄၉၂ ခုနှစ်တွင် ကမ္ဘာလှည့်သူ ကိုလံဗပ်သည် ဂီယားနားကမ်းခြေကို အဝေးကလှမ်း၍ မြင်ရုံသာမြင်ခဲ့ရသည်။ ကမ်းပေါ် သို့မတက်ခဲ့ချေ။ အနောက်တိုင်းသားတို့၏ သုဝဏ္ဏဘူမိဟုဆိုရမည်ဖြစ်သော အယ်ဒိုရာဒိုးနိုင်ငံကိုစပိန်နှင့်ပေါတူဂီသဘော်ဖဲသားတို့က ဂီယားနားနယ်၌ရှာ

ပွေ့ရန်ကြိုးစားသော်လည်း မအောင်မြင်ခဲ့ချေ။ ဗြိတိသျှလူမျိုး ဆာ ဇံဝေါ်လတာဇာလေးလည်း ထို့အတူပင်မအောင်မြင်ခဲ့ပေ။ ၁၇ ရာစုအလယ်ပိုင်းသို့ရောက်ခါမှ ထိုဒေသများ၌ ကိုလိုနီနိုင်ငံများကို ဥရောပတိုက်သား တို့စတင်ထူထောင်မိကြလေတော့သည်။

ဗြိတိသျှဂီယားနားနယ်သည် တောင်အမေရိကတိုက်၏ မြောက်ဖက်ပင်လယ်ကမ်းတွင်တည်ရှိသည်။ ထိုနယ်ကိုဗြိတိသျှဘုရင်ခံက 'ကထောင်းကိုလိုနီ' နယ်အဖြစ်အုပ်ချုပ်သည်။ ထိုနယ်မှာ စတုရန်းမိုင် ဂ၃,၀၀၀ ကျယ်၏။ ၁၉၅၁ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၄၃၇,၀၂၂ ရှိ၏။ လူမျိုးထဲတွင် အရွှေအိန္ဒိယလူမျိုးနှင့်ကပွလီများအများဆုံးဖြစ်၍ အင်္ဂလိပ်၊ ပေါတူဂီနှင့်တရုပ်အပြင်အခြားလူမျိုးများသောင်းပြောင်းရှိကြ၏။ ထိုနယ်မှာ ပေ ၂,၀၀၀ အမြင့်မှကျလာသော ကိုင်အက်တူးရေတံခွန်ကြောင့် ကျော်စော၏။ တွေ့ရှိနိုင်သော ဓာတ်သတ္တုများကား ရွှေ၊ စိန်၊ မန်ဂနိစ်နှင့် ပေဂက်ဆိုက်တို့ဖြစ်၍ ထုတ်ကုန်များမှာ သစ်၊ သကြား၊ ဆန်၊ ရမ်အရက်၊ သကာ၊ ကာဖီနှင့်အုန်းသီးများဖြစ်၏။ မြို့တော်မှာ ဂျော့တောင်းဖြစ်သည်။

ဒပ်ချဂီယားနားနယ်ကား ဗြိတိသျှနှင့်ပြင်သစ်ဂီယားနားနယ်ကြားတွင်တည်ရှိသည်။ စတုရန်းမိုင် ၅၅,၁၂၀ ကျယ်၍၊ လူဦးရေမှာ ၁၉၄၀ ပြည့်နှစ် သန်ကောင်စာရင်းအရ ၁၇၇,၂၉၀ ရှိ၏။ မြို့တော်မှာ ပရမ္မာရီဗိုဖြစ်သည်။

ထိုနယ်ကို ဒပ်ချအစိုးရကတိုက်ရိုက်ခန့်အပ်သည့် ဘုရင်ခံက အုပ်ချုပ်သည်။ ဒပ်ချဂီယားနားနယ်၏ထွက်ကုန်များမှာ ပေဂက်ဆိုက်၊ ရွှေ၊ သကြား၊ ကာဖီ၊ ဒုက်ပျော သီးနှင့်သစ် စသည်တို့ဖြစ်၏။


ပြင်သစ်ဂီယားနားနယ်သည် တောင်အမေရိကတိုက် အရှေ့မြောက်ထောင့်စွန်း၌တည်ရှိ၍ စတုရန်းမိုင် ၃၄,၇၄၀ ကျယ်ဝန်း၏။ ၁၉၄၆ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၂၀,၅၃၇ ရှိသည့်အနက် ကယင်းမြို့တွင် ၁၁,၇၀၄ ယောက်ရှိလေသည်။

ပြင်သစ်ဂီယားနားနယ်အုပ်ချုပ်ရေးမှာ ဗဟိုအစိုးရကတိုက်ရိုက်ခန့်ထားသောဘုရင်ခံနှင့် သူ၏အတိုင်ပင်ခံအဖွဲ့၏ လက်ထဲတွင်ရှိသည်။

ပြင်သစ်ဂီယားနားနယ်မှထွက်သောကုန်ပစ္စည်းနှင့် အသီးအနှံများမှာကိုကိုး၊ ဒုက်ပျောသီး၊ သစ်အမျိုးမျိုး၊ ရွှေ၊ ရမ်အရက်၊ သားရေအစိုအခြောက်၊ ဆန်စပါး၊ ပြောင်းဆန်နှင့်ကြံပင်တို့ဖြစ်လေသည်။

ဗြိတိသျှဂီယားနားနယ် ဂျော့တောင်းမြို့တော်၏ရှုခင်း





နာမည်ကျော်ပြောတ်ဆရာ ဆာ ဝီလ့် ဂီးလဗတ်

ဂီးလဗတ်နှင့်ဆာလီဗန်။ ။အနောက်နိုင်ငံပြောတ် အနုပညာ၌ အဆိုနှင့်အကကိုသာရောဖက်၍ပြသောဇာတ် ရှင်ဇာတ်မြူးဟူ၍ရှိသည်။ ယင်းဇာတ်များကို ကောမစ် အော်ပရာ ဟုခေါ်သည်။ မြန်မာလိုတေးသံစုံကဇာတ်ရှင် ဟုခေါ်ဆိုနိုင်သည်။ ထိုဇာတ်တို့တွင် သီချင်းစာရေးသား ခြင်းနှင့်သီချင်းတေးသံသွင်းခြင်းသည် အရေးပါအရာရောက် ပေသည်။ ဆာဘွဲ့ရ ဝီလ့် ဆွင့် ဂီးလဗတ်သည် နာမည် ကျော်ပြောတ်ရေးဆရာဖြစ်၍၊ ဆာဘွဲ့ရ အာသာဆာလီ ဗန်သည်လည်း နာမည်ကျော် ဂီတဆရာကြီးဖြစ်လေရာ၊ ထိုပုဂ္ဂိုလ် ၂ ဦးတို့က ပြောတ်စာသားနှင့်ဂီတအသံကိုစပ်တူ ရေးသားသီဆိုကြသည်မှာ အထူးပင်သဟဇာတဖြစ်ကြ၍၊ ဂီးလဗတ်နှင့်ဆာလီဗန်ဟူသော အမည် ၂ ခုမှာ ပြောတ် သမိုင်းတွင် ဒွန်တဲ့လျက်ထင်ပေါ်ကျော်ကြား ခဲ့လေသည်။ ထိုပုဂ္ဂိုလ် ၂ ဦး၏ဇာတ်ရှင်ဇာတ်မြူးများမှာ လူ ဘဝကို ရှင်မြူးဖွယ်ဖြစ်အောင် သရုပ်ဖော်နိုင်သဖြင့် ယနေ့တိုင် အများကနှစ်သက်ကြပေသည်။

လန်ဒန်မြို့ရှိ ဆိပ်ငုံးရုံတော်၌နာမည်ကျော်ပုဂ္ဂိုလ် ၂ ဦး တို့၏ဇာတ်မြူးများကိုရုံတင်ပြသခဲ့ဘူးသည်။ သူတို့ ၂ ဦး သည်နှစ်ပေါင်း ၂၀ ကျော်မျှတဲ့ဖက်လပ်ကိုင်ခဲ့ရာ၊ ပြောတ် အနုပညာဖက်တွင်သာမက ဒွေးရေးကြေးရေးဖက်တွင်လည်း အလွန်ပင်ကျေးဇူးများခဲ့သည်။

ဂီးလဗတ်သည် ခရစ် ၁၈၃၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် နေ့တွင် လန်ဒန်မြို့၌ဖွားမြင်သည်။ ပဌမတွင်အစိုးရအမှု ထမ်းခဲ့သည်။ နောင်သော်ဝတ်လုံအဖြစ်နှင့် အသက်မွေး ယင်း ၁၈၆၁ ခုနှစ်တွင် ရယ်ရွှင်ဖွယ်ကဗျာများရေးခဲ့ရာမှ စာဆိုလောကတွင် နာမည်ကျော်လာခဲ့၍ နောက်တွင်ဂီတ နာမည်ကျော်ဆာလီဗန်နှင့် တွဲဖက်မိခဲ့ကြသည်။ ၁၈၇၁ ခု နှစ်တွင် ဆာဝီလ့် ဂီးလဗတ်သည် ရေနစ်သေဆုံးသည်။

အာသာဆာလီဗန် (ခရစ် ၁၈၄၂–၁၉၀၀) သည် အင်္ဂလန် ပြည်ဆင်းဟတ်မြို့ စစ်တပ်တီးဝိုင်းဆရာ၏သားဖြစ်၍ငယ်စဉ် ကပင် ဖခင်၏ တီးဝိုင်းသို့လာရောက်နားထောင်လေ့ရှိသဖြင့် တီးမှုတ်သူများနှင့်အကျွမ်းဝင်ခဲ့သည်။ ထိုကြောင့်ပင်တူရိ ယာအသီးသီး တီးမှုတ်သူများသည် သူ့အားတတ်စွမ်းသမျှ သင်ကြားပေးကြသဖြင့်၊ အသက် ၈ နှစ်သို့ရောက်သောအခါ တီးဝိုင်းမှသီချင်းအားလုံးကို အလွတ်ရနေ၍ မည်သည့်တူရိ ယာကိုမဆိုတီးမှုတ်နိုင်လေသည်။ ဖခင်သည်သားအတွက်



ဂီတအနုပညာရှင်ဆာ အာသာ ဆာလီဗန်

ကုဏ်ယူသော်လည်း တူရိယာဝိုင်းတွင် အတင်းဝင်ရောက် အသက်မွေးရန်မတိုက်တွန်းချေ။ မိခင်မှာ ကျောင်းဆရာမ ဖြစ်ရာ သားငယ်အား ဂီတပညာတတ်သလို စာပေပညာ တတ်မြောက်စေရန် ဂရုစိုက်လေသည်။ သားငယ်၏ ရှေး အမျိုးသားသီချင်းကြီးများ၊ ရှေး ဟောင်းကဗျာများကိုနှစ် သက်ခြင်းမှာ မိခင်ထံမှရာ သာအမွေပင်ဖြစ်တော့သည်။

အသက် ၁၂ နှစ်အရွယ်၌ ဆာလီဗန်သည်ဘုရင့်ဝတ်ကျောင်းတော်ဓမ္မသီချင်းဝိုင်းတွင် ဝင်ရောက်အမှုထမ်းလေသည်။ အသက် ၁၄ နှစ်ခန့်တွင် ပညာတော်သင် စရိတ်ရရှိ၍ လန်ဒန်မြို့ရှိ တော်ဝင်ပန်တျာပညာတံခွန်အသင်းနှင့် လိုက်ပဆစ် ပန်တျာကျောင်းများတွင် ဆရာကောင်းများနှင့်သင်ကြားခွင့်ရရှိခဲ့သည်။ နောင်အခါသော် ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ သီချင်းစာသားတို့ကို တေးသံသွင်းပေးရာ၌ ပိုမိုထင်ရှားကျော်စောလာသည်။ ဘဝ၄ ခုနှစ်တွင် သူ၏ ဗယ်လေခေါ် ကဇာတ်ကို ရံတင်ပြခဲ့ရာ၊ နိုင်ငံကျော်ဖြစ်လာလေသည်။ (ဗယ်လ—ရှ။) ဘ၇၁ ခုနှစ်တွင် ပန်တျာလောကမှပြဇာတ်လောကသို့ကူးပြောင်းခဲ့ပြီး ဂီးလဗတ်နှင့်တွဲဖက်မိသည်။

ဓမ္မသီချင်းများကို သြဂင်စန္ဒယားနှင့်တီးရာ၌ ဆာလီဗန်ကိုလူကြိုက်များကြသည်မှန်၏။ သို့သော် ဂီးလဗတ်နှင့်တွဲဖက်၍ ပြသသောဇာတ်ရွင်ဇာတ်မြူးများမှ ဂီတကြောင့် သူ့ကိုပို၍လူကြိုက်များကြသည်။

ဂီးလဗတ်၏စာသားမှာ ထိမိလှုသည်။ သူ၏စာသားပြောင်သလောက် ဆာလီဗန်၏ ဂီတသံကလည်းပြောင်မြောက်လှပေသည်။ ထိုကြောင့် သူတို့ ၂ ဦးသားစပ်တူအလုပ်ကို နှစ်ပေါင်း ၂၀ မျှလုပ်ကိုင်ခဲ့ကြရာ၊ လန်ဒန်မြို့ဆဗိုင်းဇာတ်ရုံတော်မှာ သူတို့၏ဇာတ်ပွဲကပြတိုင်းလူပြည့်ကျပ်လျက်ရှိခဲ့လေသည်။ ဆာလီဗန်သည် ဘဂဂ ခုနှစ်တွင် ဆာဘွဲ့ဖြင့်သူကောင်းပြုခြင်းခံရသည်။ ၁၉၀၀ ပြည့်နှစ်တွင် သူ၏အော်ပရာဇာတ်တခုကို စီကုံးရေးသားဆဲကွယ်လွန်အနီစွစ်ရောက်လေရာ၊ သူ၏ ရုပ်ကလာပ်ကို သူငယ်စဉ်ကဓမ္မသီချင်းများ သီဆိုခဲ့ရာဖြစ်သော စိန်ပေါဘုရားရှိခိုးကျောင်းတွင်မြုပ်နှံသင်္ဂြိုဟ်ထားလေသည်။ (အော်ပရာဇာတ်ပွဲ — လည်းရှု။)

ရှု။ ။ကမ္ဘာ့မြေမျက်နှာပြင်တွင် ဂူကြီးများ၊ ဥမင်လိုဏ်ခေါင်းကြီးများ သဘာဝအလျောက်ဖြစ်ပေါ်လာသည်မှာ များစွာအံ့သြဖွယ်ကောင်းသည်။

မြေအောက်တွင် ကြွက်များဖေါက်ထားသော ဂယ်ပေါက်ခေါ် လိုဏ်ခေါင်းကလေးများကို တွေ့မြင်ဘူးကြပေလိမ့်မည်။ ဥမင်လိုဏ်ဂူများမှာ ဂယ်ပေါက်များကဲ့သို့မြေအောက်၌ရှင်း၊ တောင်ကမ်းပါးယံများ၌ရှင်း၊ အတွင်းသို့ထိုးဖေါက်ဝင်ရောက်ကာ အပေါက်လိုဏ်ခေါင်းကြီးများဖြစ်နေတတ်သည်။

ထိုဥမင်လိုဏ်ခေါင်းများထဲ၌ ကမ္ဘာဦးအစဉ်လူများနေထိုင်ခဲ့ကြ၏။ ထိုလိုဏ်ခေါင်းကြီးများကို ပုန်းအောင်းရာနေရာအဖြစ်ဖြင့်ရှင်း၊ လူအလောင်းများကိုမြုပ်နှံသင်္ဂြိုဟ်ရာအဖြစ်ဖြင့်ရှင်း အသုံးပြုခဲ့ကြသည်။

ယင်းဂူလိုဏ်တို့ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်သည်။ မိုးရေသည် ထုံးထောနေသောကျောက် သို့မဟုတ်ထုံးကျောက်ကို စားသောကြောင့် ရေစားရာနေရာတွင် အပေါက်ဖြစ်လာတတ်သည်။ ထိုပြင်ပင်လယ်ရေစီးကြောင်းများ၊ လှိုင်းလုံးများသည် ထုံးကျောက်ကမ်းပါးယံများအား အမြဲရိုက်ပုတ်၍၊ စားဖန်များလတ်သော် တွင်းကြီး၊ လိုဏ်ကြီး၊ အပေါက်ကြီးများဖြစ်ပေါ်လာတတ်သည်။

မြေကြီးထဲသို့စိမ့်ဝင်သော မိုးရေများသည်လည်း နိမ့်ကျသောနေရာတနေရာ၌ စုပေါင်းဝင်ရောက်၍ ထုံးကျောက်များကိုပဋမလှိုက်၍စား၏။ ဤသို့တဖြည်းဖြည်းစားလျက် မာ၍မစားနိုင်သောကျောက်လွှာကျောက်သားကျောက်စိုင်ကျောက်ခဲများနှင့် တွေ့သောအခါ မြေမာမြေခဲကိုချန်လှပ်ပြီးနောက် မြေပျော့ကိုသာလျောက်၍ စားပြန်သည်။ ထိုအခါကြွက်တွင်း ဂယ်ပေါက်များသဏ္ဌာန် ဂူနှင့် လိုဏ်ခေါင်းကြီးများဖြစ်ပေါ်လာလေသည်။

အိုက်စလန် ကျွန်းနှင့် ကနေရီ ကျွန်းရှိ အချို့ဂူများမှာမီးတောင်မှထွက်သော ချော်မြုပ်များ ကျောက်ရည်များကြောင့်ဖြစ်ပေါ်လာရသည်။ ထိုကြောင့်လည်း ထုံးကျောက်



ဂီးလဗတ်နှင့်ဆာလီဗန်တို့ကို ၁၂တ်ခုံပေါ် ၌မြင်ရပုံ

များကို တဖြည်းဖြည်း ရေစား၍ ဖြစ်လာသော ဥမင်လိုဏ်ခေါင်းများအတွင်းတွင် အလွန်လှပတင့်တယ်ရှုချင်ဖွယ်ကောင်းသည့် ပြုပေးသောကျောက်တိုင်များကို အများအားဖြင့်တွေ့ရလေသည်။

ဂူ၏အမိုးဖြစ်သော အပေါ်ထုံးကျောက်ချပ်များကြားမှ စိမ့်ယိုချကျသောရေသည် အောက်သို့တစက်စက်ကျသောအခါ ယင်း၌ပါသော ထုံးဓာတ်သည် အချို့အမိုး၌တင်၍ ကျန်ရစ်ခဲ့၏။ ထိုထုံးဓာတ်သည် တနေ့တခြား စုပေါင်းမိသောအခါအစိုင်အခဲဖြစ်လာ၍ နှစ်ပရိစ္ဆေဒ ရှည်ကြာလတ်သော် ကျောက်တိုင်ဖြစ်ကာ အောက်သို့တဖြည်းဖြည်းတွဲရဲ့ကျဆင်းလာလေသည်။


ထိုအတူ ဂူ၏အောက်မျက်နှာပြင်ပေါ် သို့တစက်စက်ကျဆင်းလျက်ရှိသော ရေစက်များသည်လည်း ကျဖန်များလတ်သော် ထုံးများတဖြည်းဖြည်းစုမိလာပြီးနောက် နှစ်လနေ့ရက်ရှည်ကြာသောအခါဖြူပွေးသောကျောက်တိုင်ကြီးများ မြေမှပေါက်လာဘိသကဲ့သို့ အပေါ် သို့တဖြည်းဖြည်းထိုးတက်လာလေသည်။

အမိုးမှကပ်၍အောက် သို့တွဲရရှိတည်နေသော ကျောက်တိုင်များကို ကျောက်စက်ပန်းဆွဲ ဟူ၍ဝင်း၊ အောက်မှ အပေါ် သို့ထိုးတက်နေသောကျောက်တိုင်များကို ကျောက်စက်မိုးမျှော်ဟူ၍ဝင်း အသီးသီးခေါ်စမှတ်ပြုကြ၏။

အမေရိကန်ပြည်ထောင်စု၌ ဂူကြီးများ၊ ဥမင်လိုဏ်ခေါင်းများ အများအပြားရှိ၏။ ကင်တပ်ကီးပြည်နယ်ရှိ မမွှတ်ဂူကြီးမှာ ကမ္ဘာပေါ်တွင်အကြီးဆုံးဂူကြီးဖြစ်၏။

ထိုဂူကြီးသည် ၁၀ မိုင်ခန့်ရှိသည်။ သို့ရာတွင် လိုဏ်ခေါင်းအတွင်း၌ ဝက်ဘာကဲ့သို့ကွေကောက်တွန့်လိမ်လျက်ရှိသော လမ်းများမှာမူကား၊ မိုင်ပေါင်း ၃၀ ခန့်ပင်ခရီးရှည်လေသည်။ လိုဏ်ခေါင်း၏အကျယ်ဆုံးသောနေရာတွင်ပေ ၃၀၀ ခန့်ကျယ်ဝန်း၏။

အခြားထူးဆန်းကြီးကျယ်သော ဂူကြီးတခုမှာ ဂျာတလီနိုင်ငံ နေပယ်မြို့အနီး ကပရိကျွန်းရှိ ဗလူးဂရော့တိုခေါ် ဥမင်လိုဏ်ခေါင်းကြီးဖြစ်၍ အတွင်းသို့ဝင်ရန် ပင်လယ်ဖက်မှသာဝင်ပေါက်ရှိ၏။ အဝင်ဝမှာ ၃ ပေသာကျယ်ပြီးလျှင် အမြင့် ၅ ပေရှိ၏။ အတွင်း၌ကား ဂူကြီးတခုလုံးကိုအပြာနုရောင်ဖြင့်လွှမ်းလျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ရေအောက်တွင် အပေါက်တပေါက်ရှိ၏၊ နေ၏အလင်းရောင်သည် ထိုအပေါက်မှဝင်ကာရေကိုဖြတ်လာရသဖြင့် အပြာရောင်သာကျန်ရှိတော့၏။ ဂူနံရံများမှာ အဖြူရောင်ဖြစ်



ဂျာတလီနိုင်ငံ၊ နေပယ်မြို့ အနီး၊ ကပရိကျွန်းရှိ ဗလူးဂရော့တို ခေါ် ဥမင်လိုဏ်ခေါင်းကြီး



တရုပ်နိုင်ငံဟန်ချောင်မြို့ရှိရုပ်ပွားတော် ၁၀၀၀ လိုဏ်ဂူ

သည့်အတိုင်း ထိုအပြာထောင်နှင့်ဟပ်မိသောအခါ ချစ်စဖွယ်ကောင်းသောအပြာနုရောင်သည် တဂူလုံးကိုလွှမ်းမိုးလျက်ရှိသည်။ ရေမှာမူကား အလွန်ကြည်လင်၍ ဘော်ငွေရောင်အဆင်းရှိ၏။ ထိုဂူ၌ အစိမ်းသူရဲနှင့်ဥစ္စာစေါင့်များနေထိုင်သည်ဟုအနီးပတ်ဝန်းကျင်ရှိ တံငါများက အယူရှိကြ၏။

ရှေးကရိနှင့်ရောမလူမျိုးတို့သည်လည်း ဂူထဲ၌နတ်သမီးနတ်သားများနေထိုင်ကြသည်ဟုယုံကြည်ကြ၏။ မြန်မာရှေးဟောင်းကျမ်းဂန်များ၌လည်းတန်ခိုးကြီးသော ဝိဇ္ဇာ ဇော်ဂျီနှင့် ရသေ့ရဟန်းတို့သည် ဟိမဝန္တာတောင်၏ကျောက်ဂူများ၌နေထိုင်ကြကြောင်းပါရှိ၏။ အမှန်စင်စစ်လည်း ဟိမဝန္တာတောင်ပေါ်ရှိ ကျောက်ဂူများ၌ နှစ်ရှည်လများတရားအားထုတ်နေသော တိဗက်ဘုန်းတော်ကြီးများရှိကြောင်း အနောက်တိုင်းသားခရီးသည်များ၏မှတ်တမ်းများ၌တွေ့ရပေသည်။

ဂူနေရှေးလူ။ ။ကျောက်ခေတ်သစ်မတိုင်မီက လူတို့သည် မှီတင်းနေထိုင်ရန်တဲ၊အိမ်စသည်တို့ကိုမဆောက်လုပ်တတ်ကြသေးဘဲ သားရဲတိရစ္ဆာန်ကြီးများ၏ ဘေးရန်မှလွတ်ကင်းစေရန် သဘာဝအလျောက်လုံခြုံသောကျောက်ဂူများဥမင်များကဲ့တွင်းသာ နေထိုင်လေ့ရှိခဲ့ကြသည်။ (ဂူ — ရှ။) တိုကြောင့် သူတို့အား 'ဂူနေရှေးလူများ' ဟူ၍ခေါ်ဝေါ်ကြသည်။ ရှေးကမ္ဘာ့သမိုင်းကို လေ့လာကြသော သိပ္ပံပညာရှင်ကြီးများ၏ စူးစမ်းရှာဖွေတွေ့ရှိချက်များအရ ထိုဂူနေလူများ သည် ကိုယ်ခန္ဓာထွားကျိုင်းသန်မာ၍ အရပ်အမောင်းမြင့်မားသည်။ ဦးနှောက်များမှာလည်း ယခုခေတ်အချို့သောလူရိုင်းများ၏ ဦးနှောက်ထက်ပင်ကြီးမားသေးသည်ဟုဆို၏။ ဤအချက်ကိုထောက်၍ ဂူနေရှေးလူများ၏ အသိဉာဏ်အဆင့်အတန်းသည် ရှေးဦးလူများထက်များစွာမြင့်လာပြီဟုဆိုရပေမည်။

ဂူအောင်းလူများ၏အရိုးစု အကြွင်းအကျန်များကို ပြင်သစ်နိုင်ငံတောင်ပိုင်း ဗေးဇဲမြစ်ပေါ်ရှိ ကရိမန်းယန်းအရပ်တွင် ပဌမဦးဆုံးတူးဖော်ရရှိလေရာ ထိုသူတို့အား ကရိမန်းယန်းလူများဟူ၍ခေါ်ဝေါ်ကြသည်။ ထိုအရပ်တွင်တွေ့ရှိရသော အရိုးစုများကိုလေ့လာခြင်းအားဖြင့် ကရိမန်းယန်းလူများသည် ထိုခေတ်တွင်ဉာဏ်အထက်မြက်ဆုံးလူများဖြစ်ကြောင်းသိရှိရသည်။ သူတို့၏အမူအရာများမှာမူ ကြမ်းတမ်းလှပေသည်။ ထိုခေတ်က မိန်းမများမှာလည်း ယောကျ်ားများကဲ့သို့ကြမ်းတမ်းသည်ဟုသိရှိရလေသည်။ ခေတ်၏အခြေအနေအရ ဂူအောင်းလူများကြမ်းတမ်းခက်ထန်ကြသည်မှာ အံ့သြဖွယ်စရာမရှိချေ။ အကြောင်းမှာ ဂူအောင်းသူများသည် အငယ်စား သားရဲတိရစ္ဆာန်များအား လိုက်လံဖမ်းဆီးစားသောက်နိုင်သော်လည်း ခြသေ့၊ ဂအောင်း



အမဲဆီမီးခွက် အလင်းရောင်ဖြင့် ဂူနံဖုံများတွင်ပန်းချီ ရေးဆွဲလေ့ရှိသော ဂူနေရှေးလူများ

ဝက်ဝံ စသောတိရစ္ဆာန်ရိုင်းကြီးများကလည်း ထိုလူများကိုလိုက်လံဖမ်းဆီး စားသောက်ကြသောကြောင့် အသက်ဘေးမှကင်းလွတ်ရန်ကြမ်းတမ်းခက်ထန်ဖို့လိုပေသည်။

ဂူနေလူများသည် သားကောင်များမှရရှိသောသားရေများကို အရိုးအပ်များဖြင့် အဝတ်အထည်များချုပ်လုပ်ကာ ခါးဝိုက်ဆင်ကြ၏။ တောတိရစ္ဆာန် အငယ်စားများကို လေး၊ မြား၊ လုံ၊ အစရှိသည့်လက်နက်တို့ဖြင့် ပစ်ခတ်စားသောက်နိုင်ကြသော်လည်း ဆင်၊ ကြံ့ကဲ့သို့ကြီးမားသော တိရစ္ဆာန်တို့၏ဘေးရန်ကို ကြောက်ကြရသေးသည်။ အစားအစာများကို ချက်ပြုတ်၍ မစားသောက် တတ်ကြသေးဘဲမီးဖိုကြီးများတွင် ဖုတ်ကင်၍စားသောက်ကြသည်။ အသီးအနှံများ စိုက်ပျိုးခြင်းကိုလည်း နားမလည်ကြသေးချေ။

မှတ်သားဖွယ်ကောင်းသည်မှာ ဂူနေရှေးလူများ၏ အသိဉာဏ်သည် သူတို့၏ဘိုးဘေးဘီဘင်တို့၏ အသိဉာဏ်ထက် များစွာ အဆင့်အတန်းမြင့်လာခြင်းပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်ဂူအောင်းလူများသည် မိမိတို့နေထိုင်သောဂူနံရံများပေါ်တွင် တွေ့ကြုံရသော အကြောင်းအရာများကို အရုပ်များရေးဆွဲထားခဲ့ကြသော ကြောင့်ဖြစ်သည်။ ထိုသူများအရုပ်ရေးဆွဲကြပုံကိုတွေးကြည့်လျှင် များစွာစိတ်ဝင်စားဖွယ်ကောင်းလေသည်။ ညနေစောင်းအချိန်တွင် ဂူအောင်းပန်းချီဆရာသည် ကျောက်ဖြင့်ပြုလုပ်အပ်သောကရိယာတမျိုးဖြင့် အရုပ်များကို ဂူ၏နံရံပေါ် တွင်ရေးဆွဲနေစဉ် သူ၏အဖော်တဦးသည် အနီးမှနေ၍ အမဲဆီမီးခွက်တခုဖြင့်အလင်းရောင် ပြပေးရ၏။ ကျောက်သားနံရံပေါ်တွင်ပုံကြမ်းကိုရေးဆွဲပြီးသောအခါ ခွံ့စေးဖြင့် ပြုလုပ်ထားသောအဝါအစိမ်းအနီဆေးရောင်စုံများဖြင့် ခြယ်လေတော့သည်။ ဤသို့ဖြင့် ပန်းချီဆေးရေးခြင်းအတတ်သည် ကမ္ဘာတွင် ပဌမဦးစွာပေါ် ပေါက်လာခဲ့လေသည်။

နှစ်ပရိစ္ဆေဒထောင်ပေါင်းများစွာကြာသောအခါ ဂူနေခေတ်ကုန်ဆုံး၍ နောက်ဆုံးကျောက်ခေတ်သစ်သို့ ရောက်ရှိလာသည်။ (ကျောက်ခေတ် — လည်းရှု။) လူ၏သမိုင်းကို လေ့လာရာတွင် ကျောက်ဂူများသည် များစွာအထောက်အပံ့ရ၏။ ကမ္ဘာ့သမိုင်းကိုစူးစမ်းလေ့လာကြသောပညာရှိ



ကျောက်ခေတ်သစ်
မတိုင်မီကဂူနေရှေးလူ

များသည် မြေကြီးကိုတူးဖော်၍ကျောက်ဂူများထဲမှ လူရိုးများ၊ တိရစ္ဆာန်ရိုးများနှင့်ကျောက်ကရိယာများကိုလေ့လာကာ ရှေးလူများ၏အကြောင်းကိုတွေးတောဆက်စပ်ကြည့်ရပေသည်။ ထိုမှတဆင့်တက်၍ နောက်ထပ်မြေကြီးလွှာတထပ်ကိုတူးဖော်ရာတွင် မြေလွှာအထပ်အောက်၌ ဂူနေခေတ်ဝီထက်ရှေးကျသောခေတ်လူများ၏အရိုးများနှင့် ရှေးဟောင်းကရိယာတန်ဆာပလာများကိုတွေ့ရပြန်သည်။ ထိုတွေ့ရှိရသောအထောက်အထားပြုကာ ရှေးဦးလူတို့၏သမိုင်းအတ္ထုပ္ပတ္တိများကို နှောင်းလူများတို့သည် ကြံစည်တွေးဆယူကြရလေသည်။

ဂူလိကစားခြင်း။ ။ဂူလို၊ သို့မဟုတ် ကုလို၊ သို့မဟုတ် ပိုလိုရိုက်ကစားနည်းသည် အလျားကိုက် ၃၀၀၊ အနံကိုက် ၁၅၀ မှ ၂၀၀ အထိကျယ်သော မြေပြန့်ညီမြက်ခင်းကစားကွင်းအတွင်းဝယ် တဖက်လျှင်မြင်းစီးသမား ၄ ယောက်စီနေ၍၊ သစ်သားဘောလုံးကိုတုတ်တံဖြင့် မြင်းပေါ်မှရိုက်ကစားရသည့် ကစားနည်းတမျိုးဖြစ်သည်။ ဤကစားနည်းသည် အရှေ့တိုင်းမှအစပြုပေါ်ပေါက်ခဲ့၍ အနောက်တိုင်းသို့ထွောက်ရှိသွားသည်။ တရုပ်လူမျိုးတို့က ဤကစားနည်းကိုမိမိတို့စတင်တီထွင်ခဲ့သည်ဆို၍ ပါးရှင်းလူမျိုးတို့ကလည်း သူတို့စခဲ့သည်ဟုဆိုကြသည်။ ပါးရှင်းလူမျိုးတို့တန်ခိုးကြီးသည့်ခေတ်ဖြစ်သော လွန်ခဲ့သည့်နှစ်ပေါင်း ၄,၀၀၀ ကျော်က ပါးရှင်းမြင်းသည်တော်များသည် နိုင်ငံတော်၏ကာကွယ်ရေးတွင် အထူးအားကိုးလောက်သူများ ဖြစ်ခဲ့သည်။ မြင်းသည် တော်သည် မြင်းစီး အတတ်၌ တဖက်ကမ်း ခပ်တတ်မြောက်ကြကာ မြင်းများကလည်း လက်ရွေးဆန်များဖြစ်သဖြင့် နိုင်ငံသမိုင်းတွင်ထင်ရှားခဲ့ပေသည်။ ထိုခေတ်က မြင်းသည်တော်များစစ်ရေးလေ့ကျင့်ရာ၌ မြင်းရော လူပါလွန်စွာကျွမ်းကျင်ရန်လိုအပ်သည့်အတိုင်း ပိုလိုရိုက်ကစားနည်းကိုလေ့ကျင့်ခက်းတရပ်အနေဖြင့် လေ့လာခဲ့ကြလေ၏။

သို့ဖြစ်ရကား ပိုလိုကစားနည်းသည် ပါးရှားနိုင်ငံမှစတင်ဖြစ်ပေါ် လာသည်ဟုယူဆဖွယ်ရှိ၏။ ပိုလိုကစားခြင်းနှင့်စပ်လျဉ်းသော အဖွဲ့အနှံ့များကို ပါရှင်းစာဆို အိုမာခယမ်း၏ကဗျာများတွင်လည်းတွေ့နိုင်ပေသည်။ ဤသို့ဖြင့်ပိုလိုကစားနည်းသည် ထိုမှတဆင့် တိဗက်၊ အိန္ဒိယနှင့်တရုပ်နိုင်ငံများသို့ပျံ့နှံ့သွားပြီးသော် မြင်းစီးအတတ်ကျင်လျင်စေသောကစားနည်းအဖြစ်ကစားကြ၏။ တရုပ်နိုင်ငံတန်မင်းများလက်ထက် (ခရစ် ၆၆၀–၉၅၅) ခန့်က ထုလုပ်သည် ဟုယုံကြည်ရသောပိုလိုကစားနွေသည့်ရုပ်တုများကို လန်ဒန်မြို့ရှိဗြိတိသျှပြတိုက်တွင် တွေ့မြင်နိုင် ပေသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ သည် ကမ္ဘာတွင်ပိုလိုအများဆုံးရိုက်ကစားသော ထင်ရှားသည့်နိုင်ငံဖြစ်လေသည်။

ပိုလိုရိုက်ကစားနည်း၏သဘောမှာ ဘောလုံး၊ ဟော်ကီစသည်တို့ကဲ့သို့ပင် တဖက်နှင့်တဖက် အရှုံးအနိုင်ကစားရသည်။ (ဘောလုံးကစားခြင်း၊ ဟော်ကီကစားခြင်း — လည်းရှု။) အချင်း ၃၂ လက်မရှိသော သစ်သားဘောလုံးငယ်ကိုမြင်းပေါ်မှနေ၍ လက်မ ၅၀ မှ ၅၆ အထိရှည်သော တုတ်တံရှည်ဖြင့်တဖက်ရှိဂိုးပေါက်တွင်းသို့ရိုက်သွင်းရသည်။ ဘောလုံးကို ပေါ့သောသစ်သားဖြင့်လုပ်ရ၍ ဆေးဖြူခြယ်ထားသည်။ အလေးချိန်မှာ ၅ အောင်စခန့်ရှိ၏။ တုတ်တံ၏အဖျားတွင် သစ်မာသားတခုကိုကန့်လန့်ဖြတ်ထား၍၊ ထိုအဖျားဖြင့်ဘောလုံးကိုရိုက်ရသည်။ အရင်းပိုင်း၌ကား လက်ကိုင်မြဲရန် သားရေဖြင့်ပတ်ထားသည်။ ကစားသူကျင်လျင်သလောက် မြင်းကိုလည်းလိမ်မာကျင်လျင်အောင်လေ့ကျင့်ထားရာ ကစားကြသည့်အခါ ကျွမ်းကျင်ပြီးဖြစ်သော မြင်းလိမ်မာများသည် ဘောလုံးနောက်သို့မိမိတို့ဖာသာ ကွေ့ကောက်လှည့်ပတ်၍ လိုက်ကြသည်။ ဤကစားနည်း၌ အခြားကစားနည်းများကဲ့သို့ နာရီဝက်တနာရီစသည်ဖြင့်ဆက်တိုက်မကစားရချေ။ အင်္ဂလန်ပြည်တွင် ဂ မိနစ်လျှင်တကြိမ်ကျ မြင်းလဲ၍ ၃ မိနစ်စီအနားပေးသည်။ ၂ ကြိမ်ကစားပြီးလျှင် ပွဲပြီး၏။ အမေရိကန်နိုင်ငံတွင်မူ ၇½ မိနစ်လျှင် တကြိမ်ကျမြင်းလဲရန် ၃ မိနစ်အနားပေး၏။ ၆ ကြိမ်ဖြစ်စေ၊ ဂ ကြိမ်ဖြစ်စေကစားပြီးလျှင်ပွဲပြီးလေသည်။

ဂိုးပေါက်မှာ ဂ ကိုက်ကျယ်၍ ဂိုးစောင့်ဟူ၍ သီးခြားမရှိချေ။ ကစားသူ ၄ ယောက်အနက် ၂ ယောက်မှာ ရှေ့တန်းတက်ရ၍ တယောက်ကနောက်ပိုင်းမှကာကွယ်ရသည်။ ကျန်တယောက်မှာ ရှေ့ရော နောက်ပါကျင်လျင်စွာကစားရသည်။ ၁၉၀၉ ခုနှစ်ခန့်အထိပိုလိုကစားပွဲအတွက်မြင်းကောင်းများကို အိုင်ယာလန်၊ အင်္ဂလန်နှင့် ဩစတြေလီးယားနိုင်ငံများကမွေးမြူရောင်းချကြလေသည်။ ထိုနောက် အာဂရေတ္တနိုင်ငံကအများ အပြားမွေးမြူလာခဲ့သည်။ ဩစတြေးလီးယားနိုင်ငံမှပေါက်ပွားသော ဝေလာမြင်းများသည် ပိုလိုကစားရန်အတွက်မြင်း ကောင်း များဖြစ်သည်ဟုကျော်ကြားသည်။ ထိုမြင်းမျိုးကိုအိန္ဒိယနိုင်ငံ ကအများအပြား အသုံးပြုလေ့ရှိသည်။ ပိုလိုကစားပွဲအတွက် မြင်းကောင်းများလိုသည့်အတိုင်း ပိုလိုကစားကျွမ်းကျင်သောမြင်းလိမ်မာတစီးကို အဖိုးငွေမြောက်မြား စွာပေး၍ ဝယ်ရသည်။ ထိုကြောင့် ဤကစားနည်းကို ချမ်းသာကြွယ်ဝသူများကစားလေ့ရှိကြ၍ အထူးသဖြင့် စစ်တပ်များတွင်လည်း ကစားလေ့ရှိ၏။ မြန်မာသမိုင်းတွင် စာဆိုတော်ဘုရင် တောင်ငူနတ်သျှင်နောင်သည် ကုလီသဘင်၌ ပျော်ရွှင်သည့်ဟုပါရှိရာ၊ ကုလီသဘင်မှာ ပိုလိုကစားပွဲပင်ဖြစ်သည်။ (နတ်သျှင်နောင်ဘုရင် — လည်းရှု။)



ဂူလီသို့မဟုတ်ပိုလိုကစားနေကြပုံ

ဤကစားနည်းသည် အရှေ့တိုင်းမှစတင်ပေါ်ပေါက်လာပြီး နောက်၊ ၁၈၆၉ ခုနှစ်လောက်တွင် အိန္ဒိယမှအင်္ဂလန်ပြည်သို့ ရောက်သွားသည်။ အမေရိကန်နိုင်ငံသို့ကား ၁၈၇၆ ခုနှစ်တွင် သင္ဘောတဦးဖြစ်သော ကစားခုန်စား ဝါသနာထုံသူ ဂေါ်ဒင် ဗင်းနက်၏ဆောင်ယူမှုကြောင့်ရောက်ခဲ့လေသည်။

ဂေးလစ်လူမျိုးနှင့်ဂေးလစ်စာပေ။ ။စကော့တလန်ပြည်၏ပထဝီဝင်ကို လေ့လာသည့်အခါ၌ဌင်း၊ ထိုတိုင်းပြည်သို့အလည်အပတ် ရောက်သည့်အခါ၌ဌင်း၊ တောင်၊ မြစ်၊ မြို့စသည်တို့၏ထူးဆန်းသော အမည်နာမများကိုကြားရတွေ့ရကြပေလိမ့်မည်။ ထိုအမည်များမှာ သမိုင်းတင်စအခါက ဗြိတိသျှကျန်းစုတွင် နေထိုင်ခဲ့သော ဂေးလစ်လူမျိုးတို့၏ ဘာသာစကားဖြင့် မှည့်ခေါ်သောအမည်များဖြစ်သည်။ ဂေးလစ်လူမျိုးတို့သည် ကဲ့အမျိုးအနွယ်မှဆင်းသက်သူများဖြစ်၍ ဗြိတိသျှကျန်းကိုရောမလူမျိုးများ လွှမ်းမိုးရန်ရောက်လာခဲ့ကြသည့်အခါတွင် ခုခံတိုက်ခိုက်ခဲ့ကြ၏။ တောင်ပေါ်သား စကော့များမှာ ဂေးလစ်လူမျိုးများ၏အဆက်အနွယ်များဖြစ်၍ ယခုအခါတွင် ဂေးလစ်ဟူသောဝေါဟာရမှာလည်း ရံဖန်ရံခါတောင်ပေါ်သား စကော့တို့ကိုပင်ဆိုလိုပေသည်။ သို့သော် တောင်ပေါ်သားစကော့တို့ကိုသူတို့ပြောဆိုနေကြသော ဂေးလစ်ဘာသာစကားကြောင့် ဂေးလစ်လူမျိုးဟုခေါ်မည်ဆိုလျှင် အိုင်းရစ်လူမျိုးကိုလည်း ဂေးလစ်လူမျိုးဟုခေါ်ဆိုထိုက်သည်။ ဂေးလစ်ဘာသာစကားကို အိုင်ယာလန်သမိုင်းအစလောက်မှစ၍ အိုင်ယာလန်တွင် ပြောဆိုသုံးစွဲခဲ့ကြ၏။ သို့သော် ခရစ် ၁၈၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အိုင်ရစ်လူမျိုးအနည်းငယ်ခန့်သာ ပြောဆိုသုံးစွဲကြတော့သည်။

ယခုအခါတွင်ကား အိုင်ယာလန်ကျန်း တောင်ပိုင်းတွင် တည်ထောင်ဖွဲ့စည်းထားသော အင်္ဂလန်နိုင်ငံတွင် ဂေးလစ်ဘာသာစကားမှာ ရုံးသုံးဘာသာစကားဖြစ်၍ ကျောင်းများတွင်လည်း သင်ကြားပေးလေသည်။ ထိုပြင် အခြို့သော အလုပ်အကိုင်များအတွက် ဂေးလစ်ဘာသာစကားတတ်ရမည်ဖြစ်၍၊ ဂေးလစ်ဘာသာစကားကို အသုံးပြုသူများသည် ယခုအခါပိုမိုများပြားလာ၏။

ဂေးလစ်ဘာသာစကားမှာ တောင်ပေါ်သား စကော့တို့၏ ပင်ရင်းဘာသာစကားပင်ဖြစ်သော်လည်း၊ ယခုအခါ တောင်ပေါ်သား စကော့အများပင် အင်္ဂလိပ် ဘာသာစကားကိုပြောဆိုနေကြသည်။

ထိုပြင် ဂေးလစ်ဘာသာစကားမှာ မန်းကျန်းတွင်နေထိုင်သော မန်းလူမျိုးတို့၏တိုင်းရင်းဘာသာစကားပင်ဖြစ်သော်လည်း၊ ယခုအခါ များစွာပြောဆိုသုံးစွဲသည့် အလေ့အထမရှိတော့သဖြင့် ထိုကျန်းတွင်တိမ်ကောလုမတတ်ရှိနေလေပြီ။

ဂေးလစ်ဘာသာစကားသည် သင်ကြားနားလည်ရန်မဆိုထားဘိ၊ အသံထွက်အမှန်ကို ပီအောင်ရွတ်ဆိုရန်မင်ခဲယဉ်းလှလေသည်။ ထိုကြောင့်ပင် ဂေးလစ်စာပေတွင် ကဗျာလင်္ကာအဖွဲ့အနွဲ့များနှင့် ရှေးဟောင်းပုံပြင်ကလေးများရှိခဲ့စေကာမူ၊ ဘာသာစကားခက်ခဲမှုကြောင့် ပညာရှင်များလိုက်စားခြင်းမပြုလိုကြချေ။

ဂယ်ရီဗောဒီး, ဂျီ (ခရစ် ၁၈၀၇–၁၈၅၂)။ ။ဣတာလျံ့ မျိုးချစ်ခေါင်းဆောင်ကြီး တဦးဖြစ်သူ ဂျူးဇက်ပေ ဂယ်ရီဗောဒီးသည် ၁၈၀၇ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့၌ ဣတလီပြည် နီးစမ္မိုတွင် မွေးဖွားသည်။ သူသည် ဣတလီပြည် သွေးစည်းလှုတ်မြောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သော လူစွမ်းကောင်း တဦး ဖြစ်သည်။ သူသည် ငယ်ရွယ်စဉ်ကပင် သဘော်သား အဖြစ် လုပ်ကိုင်ခဲ့၏။ ၂၆ နှစ်သား အရွယ်တွင် ဣတလီပြည် လှုတ်လပ်ရေး အတွက် မတ်ဇီးနီးခေါင်းဆောင်၍ လျှို့ဝှက်စွာတည်ထောင် ခဲ့သော ဣတလီလူငယ်အဖွဲ့တွင် ပါဝင်ခဲ့လေသည်။

၁၈၃၄ ခုနှစ်တွင် သူသည် သူ၏ ရဲဘော်တစုနှင့်အတူ ဂျီနိုးအာမြို့ရှိ လက်နက်တိုက်ကို ဝင်စီးရန် ကြံစည်ရာ သူတို့၏ အကြံကို သြစတြီးယား အစိုးရ ရိပ်မိသွား၍ ၁၈၃၆ ခုနှစ်တွင် တောင်အမေရိကတိုက်သို့ ထွက်ပြေးခဲ့ရလေသည်။

တောင် အမေရိကတိုက်တွင် ၁၄ နှစ်ခန့် နေထိုင်ခဲ့စဉ် ဂယ်ရီဗောဒီးသည် အုရုဂွေးနှင့် ဗရာဇီး နိုင်ငံများ၌ မျိုးချစ် သူပုန်များနှင့် လက်တွဲ၍ တော်လှန်ရေးစစ်ပွဲများတွင် ပါဝင်ဆင်နွှဲ ခဲ့လေသည်။ ထိုနောက် ၁၈၄၈ ခုနှစ်တွင် ဣတလီသို့ ပြန်သွားလေသည်။ ထိုနှစ်၌ ဣတလီပြည် မြောက်ပိုင်းသားတို့ သြစတြီးယား လက်အောက်မှ လွတ်မြောက်ရန် တော်လှန် ပုန်ကန်ကြရာတွင် ပါဝင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဂယ်ရီဗောဒီးမှာ ဣတလီပြည် အလယ်ပိုင်းကို ဖြတ်၍ ဆုတ်ခွါ ထွက်ပြေးရလေသည်။ ဤအကြိမ်၌ အမေရိကန်နိုင်ငံ နယူးယောခ်မြို့သို့သွားရောက်နေထိုင်ခဲ့ရာ အသင့်အတင့် စီးပွါးဖြစ်ထွန်းခဲ့လေသည်။ ၁၈၅၄ ခုနှစ်တွင် သူသည် ဣတလီပြည်သို့ ပြန်သွား၍ မြေထဲပင်လယ် အတွင်းရှိ ကပရယ်ရာ ကျွန်းကလေးကို ဝယ်ယူပြီးလျှင် ထိုကျွန်းပေါ်တွင် အခြေစိုက်ကာ နေထိုင်ခဲ့လေသည်။

၁၈၅၉ ခုနှစ်တွင် ဆာဒင်းနီးယားပီးဒမွန့်နိုင်ငံ ပြည့်ရှင် အီမန်းနျူအယ်ဘုရင် ခေါင်းဆောင်ကာ ပြင်သစ်တို့ အကူအညီဖြင့် သြစတြီးယားကို ပုန်ကန်တိုက်ခိုက်ခဲ့ရာ ဂယ်ရီဗောဒီးလည်း ပါဝင် တိုက်ခိုက်၍ သူကြီးမှူးသောခြေလျင်တပ်များသည် ဣတလီပြည် မြောက်ပိုင်းတွင် အောင်ပွဲများ ရခဲ့လေသည်။ သို့ရာတွင် ပြင်သစ်တို့က သြစတြီးယားနှင့် ရုတ်တရက် စစ်ပြေငြိမ်းလိုက်ခြင်းကြောင့် ဂယ်ရီဗောဒီးအဖို့ ရှေသို့ တိုးတက်ချီတက်ရန် မြော်လင့်ချက်များမှာ ပျက်ပြားသွားလေတော့၏။ ထိုနောက်မကြာမီ ပီးဒမွန့် ဝန်ကြီးချုပ် ကောင့်ကဗူးနှင့် အင်္ဂလိပ်တို့၏ အကူအညီဖြင့် နေပယ်ဘုရင်ပိုင် စစ္စလီကျွန်းပေါ်သို့ သူ၏ ရှပ်နီတပ်သား ၁,၀၀၀ နှင့် တက်ရောက် တိုက်ခိုက်ရာ ရက်သတ္တပတ် အနည်းငယ်အတွင်း ရန်သူ အားလုံးကို ကျွန်းပေါ်မှ မောင်းနှင် ထုတ်နိုင်ခဲ့ပြီးလျှင် ကျွန်းကိုလည်း သိမ်းယူနိုင်ခဲ့လေသည်။

ကျွန်းပေါ်သို့ တက်ရောက်စဉ်က သူ၏ နောက်မှ လက်ရွေးဆန် ရဲဘော် ၁,၀၀၀ မျှသာ ပါရှိသော်လည်း ကျွန်းကို သိမ်းပိုက်မိသောအခါ၌မူ ရန်သူများ ထံမှ ပိုက်ဆံ ကြေးငွေ လက်နက်ရိက္ခာ အမြောက်အမြား ရရှိလိုက်၍ သူ၏ စစ်တပ်မှာ စစ်သား ဦးရေ ၂၅,၀၀၀ အထိ အင်အား တိုးတက်ခဲ့လေသည်။ သူသည် မိမိကိုယ်ကို အာဏာရှင် အဖြစ် ကျေညာ၍ ဣတလီကုန်းမကြီး ပေါ်သို့ ဆက်လက် ချီတက်သွားခဲ့၏။

သူဖြတ်သွားရသော မြို့ရွာများက ခုခံတိုက်ခိုက်ခြင်း မပြုဘဲ အသာတကြည် လက်နက် ချအပ်ကြလေသည်။ နေပယ် မြို့ထဲသို့ ဝင်ရောက်သွားသောအခါ သူ့ကိုလူများက သောင်းသောင်း ဖြဖြ ဝိုင်းဝန်းကြိုဆိုကြလေသည်။ ထိုသို့ လူများက ဝိုင်းဝန်း ခြိုးမြောက်ကြသော်လည်း ဘဝင်မြင့်မသွားချေ။ သူသည် စစ္စလီကျွန်းနှင့် နေပယ်မြို့ကို ဗစ်တာ အီမန်းနျူအယ်ဘုရင်အား ပေးအပ်ပြီးနောက် သူ၏ နေရင်းဌာန ကပရယ်ရာကျွန်းသို့ ပြန်သွားလေသည်။

အမျိုးသားများ အတော်အတန် စည်းလုံးမိပြီ ဖြစ်သော်လည်း သူသည် ကြာရှည်စွာ အေးအေး ဆေးဆေး မနေနိုင် သေးချေ။ ဣတလီ အစိုးရက သူ၏ဇာတိချက်မြှုပ်



ဣတလီလွတ်မြောက်ရေးဆောင်ကြဉ်းဂယ်ရီဗောဒီး

မြို့ဖြစ်သော နီးစမြို့ကို ပြင်သစ်တို့အား ပေးအပ်ခဲ့သည်က တကြောင်း၊ သူ၏ ရဲဘော်များကို မေ့လျော့နေသည်က တကြောင်း၊ ဤအကြောင်းများကြောင့် သူသည် စိတ်ထဲ၌ များစွာ မကျေမနပ် ဖြစ်ခဲ့ရလေသည်။ ထို့ပြင် သူသည် ဇနောမမြို့ကို လူတလီပြည်၏ မြို့တော် ဖြစ်စေလိုသောကြောင့် ဇနောမမြို့ကို လုယူ သိမ်းပိုက်လိုသော ဆန္ဒ လွန်စွာ ပြင်းပြလျက်ရှိရာ ပြင်သစ်နှင့် သြစတြီးယားတို့၏ ရန်ကို ကြောက်လန့်သော လူတလီ အစိုးရက သူ ကို အတန်တန် ဟန့်တား ထားရလေသည်။ သို့သော် သူသည် ၂ ကြိမ်တိုင်တိုင် ဇနောမမြို့ကို သိမ်းပိုက်ရန် ကြိုးစားခဲ့သေးသည်။ ၁၈၆၇ ခုနှစ်တွင် ဒုတိယ အကြိမ် ကြိုးပမ်းခဲ့စဉ် ပုပ်ရဟန်းမင်းဖက်မှ ကူရန် လာသော ပြင်သစ်တပ်များ၏ နှိမ်နင်းခြင်း ခံရလေသည်။ ထို့ပြင် ရန် သူတို့၏ အဖမ်းအဆီး ကိုလည်း ခံရပြီး နောက် မကြာမီ လွတ်မြောက်လာခဲ့လေ၏။

ပြင်သစ် ဂျာမန် စစ်ပွဲဖြစ်ပွားစဉ်က ဂယ်ရီဗောဒီးသည် ပြင်သစ်အပျော်ထမ်းတပ်စုတစုကို ခေါင်းဆောင်၍ ပါဝင် တိုက်ခိုက်ခဲ့သေးလေသည်။

၁၈၇၀ ပြည့်နှစ်၌မူ လူတာလံ့ျစစ်တပ်များက ဇနောမမြို့ကို သိမ်းယူလိုက်သဖြင့် သူ၏အလို ပြည့်ဝသွားပေတော့သည်။

ပြင်သစ် ဂျာမန် စစ်ပြီးသွားသော အခါ သူသည် ကပ ရယ်ထူကျွန်းသို့ ပြန်သွားလေသည်။ ထိုအတောအတွင်း လူတလီပြည်မှာ လွတ်လပ်သွေးစည်းမိပြီးလျှင် ဇနောမမြို့ မှာလည်း လွတ်လပ်သော လူတလီနိုင်ငံ၏မြို့တော် ဖြစ်လာ လေသည်။ သူ့ကို လူတလီ အစိုးရက ဆုတော်ငွေ ပေါင် ၄,၀၀၀ နှင့် နှစ်စဉ် အငြိမ်းရိက္ခာ ငွေ ပေါင် ၂,၀၀၀ ပေးရန် ဆုံးဖြတ်ခဲ့ရာ ပဌမသော် ငြင်းဆန်ခဲ့သော်လည်း နောင်အခါ၌ သဘောကြိုက်ညီ လက်ခံလိုက်လေသည်။ သူသည် ၁၈၇၂ ခုနှစ်၌ ကွယ်လွန်သွားလေရာ လူတာလံ့ျလူမျိုးများကသူ့ကို လူတလီမျိုး ချစ်ခင်းဆောင်ကြီးတဦး အနေဖြင့် အမြဲ တစေသတိရလျက် ရှိကြပေသည်။

ဂယ်လဗားနီး, ဘယ် (ခရစ် ၁၇၃၇–၁၇၉၈)။ ။လို့ဂျီ ဂယ်လဗားနီးသည် လူတာလံ့ျလူမျိုး ဖီဇီဩလို့ဂျီ ပညာ ရှင် တဦး ဖြစ်သည်။ ဗလုံးညားမြို့တွင် ခရစ် ၁၇၃၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့၌ ဖွားမြင်သည်။ဘာသာတရားကို ကြည်ညိုလေးစား၍ ဘုန်းကြီး လုပ်ရန်ပင် ကြံရွယ်ခဲ့သည်။ သို့သော် မိဖများက သူ့အလိုကို မလိုက်ဘဲ ဆေးပညာ သင်ကြားစေခဲ့သည်။ ဆေးပညာ သင်ကြားပြီးနောက် ၁၇၆၂ ခုနှစ်တွင် ဆရာဝန် ဖြစ်လာသည်။ သူသည် အနာတမီနှင့် ဖီဇီဩလို့ဂျီ ပညာများကို အဓိကထား၍ လိုက်စားပြီးလျှင် မကြာမီပင် ဗလုံးညား တက္ကသိုလ်၌ အနာတမီ ပါမောက္ခ အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရသည်။

ဂယ်လဗားနီးသည် လေထုမှ လျှပ်စစ်ဓာတ် ရရှိအောင် ဖားသေကောင်များနှင့် အမျိုးမျိုး စမ်းသပ် ကြည့်သည်။ ဖားသေကောင်၏ ခြေတဖက်ကို အေရီယယ်ကြိုး (ကောင်းကင်ကြိုး) နှင့် ဆက်၍ အခြား ခြေတဖက်ကို မြေကြိုးနှင့် ဆက်ထားသည်။ ထိုသို့ ဆက်ထားခိုက် မိုးခြိုန်းလိုက်တိုင်း ဖားသေကောင်၏ ကြွက်သားများ လှုပ်ရှားသည်ကို တွေ့ရသည်။ သို့သော် တခါတွင် သူ၏ တပည့်များက ဖားသေကောင်များကို ကြေးချိတ်ဖြင့် ချိတ်၍ လသာဆောင်ရှိ သံတန်းများ၌ ဆွဲချိတ် ထားမိသည်။ ထိုသို့ ဆွဲချိတ်ထားစဉ် သံတန်းနှင့် ဖားသေကောင်တို့ တွေ့ထိမိသည့် အခါတိုင်း ဖား၏ ကြွက်သားများသည် မိုးခြိုန်းခြင်း၊ လျှပ်စစ်ပြက်ခြင်း မရှိဘဲ အလိုအလျောက် လှုပ်ရှားသည်ကို အံ့သြစွာ တွေ့ရလေသည်။ ဤသို့ အခန့်သင့် တွေ့ရှိမှုကလေးကား ဂယ်လဗားနီးအား ကျော်ကြားစေမည့် တွေ့ရှိမှုပင် ဖြစ်တော့၏။ ဂယ်လဗားနီး၏ယူဆချက်မှာ ဖားသေကောင်သည် လျှပ်စစ်ဓာတ်ဝင်နေသော ဓာတ်အိုးကဲ့သို့ ပြုမူခြင်း ဖြစ်သည်။



လျှပ်စစ်ဓာတ်ကြောင့် ဖားသေကောင်၏ ကြွက်သားများ လှုပ်လှုပ်

ထိုယူဆချက်နှင့် စပ်လျဉ်း၍ ဂယ်လဗားနီးသည် အခြား လျှပ်စစ်ဓာတ်ပညာရှင်ကြီး တဦးဖြစ်သူ ဗောလတားနှင့် အငြင်းပွားခဲ့ရသေးသည်။ ဖား၏ ကြွက်သား လှုပ်ရှားခြင်းများ လျှပ်စစ်ဓာတ်ကြောင့် ဖြစ်သည်မှာ မှန်၏။ သို့သော် ထို



နက္ခတ်တာရာအကြောင်းကို ကျန်စွာရှင်းပြနေသော ဂယ်လီ လေအို


လျှပ်စစ်ဓာတ်သည် ဖား၏ အကြောနှင့် ကြွက်သားများမှ ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ အမှန် စင်စစ် အဆိုပါ လျှပ်စစ်ဓာတ်မှာ နောင်အခါ ပေါလတား စမ်းသပ် တွေ့ရှိသည့် အတိုင်း သံနှင့် ကြေးဖြစ်သော သတ္တုများနှင့်ဖားကိုယ်တွင်း ရှိ ဓာတ်ဆားများ ပါဝင်သော အရည်တို့ တွေ့ထိရာမှ ဓာတု ပေဒနည်းဖြင့် ဖြစ်ပေါ်လာသော်လျှပ်စစ်ဓာတ်သာဖြစ်၏။

ဂယ်လဗားနီးကို အမှတ်တရ ဖြစ်စိမ့်သောဌါ လျှပ်စစ် ဓာတ်စီးတိုင်းတာသည့် ကရိယာကို 'ဂယ်လဗာနိုမီတာ' ဟူ၍ ၎င်း၊ သံချေး မတက်အောင် သုပ်ရည်စိမ်ထားသော သံပြား ကို 'ဂယ်လဗာနိုက်သံ' ဟူ၍ဌင်း ခေါ်ဆိုလေ့ ရှိကြသည်။ ရှေးက သံပြားများကို သုပ်ရည်စိမ်ရာတွင် ဂယ်လဗာနစ် နည်း သို့မဟုတ် လျှပ်စစ်ဓာတ်ခွဲနည်းကို အသုံးပြုကြသည်။ ယခု ခေတ်တွင်မူ သံပြားကို သုပ်ရည်ထဲတွင် အချပ်လိုက် နှစ်ပေးခြင်းဖြင့် သုပ်ရည်စိမ် သံပြားများကို လုပ်ယူကြပေ သည်။ (လျှပ်စစ်ဓတ် — ရှ။)

ဂယ်လီလေအို (ခရစ် ၁၅၆၄–၁၆၄၂)။ ။မက္ကင်းနစ်ပညာ ကို ပဌမဆုံး လက်တွေ့ လေ့လာခဲ့သော နက္ခတ်ပညာကျော် ဂယ်လီလေအိုသည် ဣတလီပြည် ပီစာမြို့၌ မွေးဖွားသည်။ သူ၏ အပြည့်အစုံ အမည်မှာ ဂယ်လီလေအို ဂယ်လီလေအီ ဖြစ်သည်။ သူသည် အသက် ၁၉ နှစ်အရွယ်၌ ဘုရားရှိခိုး ကျောင်းမျက်နှာကြက်မှ တဲလွဲဆဲထားသော မှန်မီးအိမ် လဲ နေပုံကို သတိပြုမိရာမှ ချိန်သီးလွဲပုံ အကြောင်းနှင့် စပ်လျဉ်း၍ ယခင်က လူများ မသိသေးသော အချက်များကို သိရှိ လေသည်။ (ချိန်သီး — ရှ) ထိုချိန်သီးဖြင့် အချိန်ကို သတ်မှတ်နိုင်သဖြင့် နောင်အခါ၌ သိပ္ပံပညာရှင်တို့သည် နာရီကို ကြံစည်လုပ်ကိုင် နိုင်ကြလေသည်။

ဂယ်လီလေအိုသည် ပီစာနှင့် ပက်ဒူအား တက္ကသိုလ် များ၌ သခ်ၤာပါမောက္ခ အဖြစ် လုပ်ကိုင်နေစဉ် ရူပဗေဒ နှင့် နက္ခတ္တဗေဒ ပညာရပ်များကို လေ့လာခဲ့သည်။ အမြင့်မှ တပြိုင်တည်း ကျသော အရာဝတ္ထု ၂ ခုသည် အလေးချိန် မတူညီစေကာမူ မြေသို့ တပြိုင်တည်းကျရောက်ကြောင်းကို သိရှိသည်။ ထိုအချက်ကို ပီစာမျော်စင်ကြီးပေါ်မှ အလေး ချိန်မတူသော အရာဝတ္ထုများကို ချ၍ လက်တွေ့ ပြသခဲ့ သည်။ (အာကာနုသတ္တိ — ရှ။)

ဂယ်လီလေအိုသည် အဝေးကြည့် မှန်ပြောင်း (တယ်လီ စကုပ်) ကို တီထွင်သူ ဖြစ်သည်။ ထိုမှန်ပြောင်းဖြင့် အရာ ဝတ္ထု တခုကို ကြည့်လျှင် မူလအရွယ်ထက် ၃ ဆမျှကြီး၍ မြင်ရသည်။ ထိုနောက် အဆ ၃၀ မျှ ပို၍ ကြည့်အားကောင်း သော မှန်ပြောင်းကို တီထွင်လေသည်။ ထိုမှန်ပြောင်းဖြင့် ကြည့်သောအခါ လတ္တင်ရှိသောတောင်များကိုတွေ့ရသည်။ ကြာသပတေးဂြိုဟ် (ဂျူပီတာ) ၏ အရံဂြိုဟ် ၄ လုံးကို



ရောမနိုင်ငံကို တိုက်ခိုက်ရန် ချီတက်လာသော ဂေါ့သ စစ်သည်များ

လည်းတွေ့ရ၍ ကွင်းစွပ်လျက်ရှိသောစနေဂြိုဟ် (ဆက်တန်) ၏ ထူးဆန်းသော ပုံသဏ္ဌာန်ကိုလည်း မြင်ရသည်။

ဂယ်လီလေအို၏ယူဆချက် တခုမှာ ကမ္ဘာ့လုံးသည် ဝင်ရိုးပေါ်၌ လည်ပြီးလျှင် နေကို လှည့်ပတ်လျက် ရှိသည်ဟူသော ယူဆချက်ပင် ဖြစ်သည်။ သာသနာရေး အာဏာပိုင်များက ထိုအယူကိုမိစ္ဆာအယူဟု စွဲမြဲ မှတ်ယူထားသဖြင့် ၁၆၁၆ ခုနှစ်၌ သူ့အား ထိုအယူကို စွန့်လွှတ်ရန် သတိပေး၏။သို့ရာတွင် ၁၆၃၂ ခုနှစ်၌ထိုအယူကို ထုတ်ဖော်ရေးသားသဖြင့် ရောမမြို့ရှိ သာသနာရေး ဆိုင်ရာ တရားရုံးက ခေါ်ယူစစ်ဆေးသည်။ တရားရုံးတွင် သူသည် ထိုအယူအဆ မှားယွင်းကြောင်းကို ဝန်ခံရပြီးနောက် ဇာတိရပ်ရွာသို့ ပြန်၍ နေထိုင်ရသည်။ ထိုအရပ်တွင် ယခင်ကကြိုးစား၍ လေ့လာ ဆည်းပူး ခဲ့သော မက္ကင်းနစ်ပညာရပ် အကြောင်းကို ရေးသားကာ ၁၁အုပ်ထုတ်ဝေလေသည်။

ဂယ်လီလေအိုသည် ပညာဥာဏ် စူးရှ၍ လက်တွေ့ စမ်းသပ် လုပ်ကိုင် လေ့ရှိသဖြင့် ထိုခေတ်က ထူးချွန်သော သိပ္ပံပါရဂူ တဦးဖြစ်ခဲ့သည်။ လူအများပင်ယုံကြည်နေကြသော အယ်ရစ္စတိုတယ်ရေးသားချက်များကိုမှားသည်ဟု ရဲရဲစွာ ပြောဆိုခဲ့၏။ (အယ်ရစ္စတိုတယ် — လည်းရှု)။ သာသနာရေး အာဏာပိုင်များနှင့် အတိုက်အခံပြုကာ ကိုယ်တွေ့စုံစမ်းသိရှိရသော အချက်များကို ထုတ်ဖော် ပြသခဲ့၏။ ဤသို့ ရှေးဟောင်း အစဉ်အလာ အယူအဆ များကဲ့ ရဲရဲစွာ တော်လှန်၍ မှန်ကန်သော အချက်များကို ထုတ်ဖော် ပြသခဲ့သဖြင့် သိပ္ပံပညာသည် တိုးတက်ခဲ့ပေသည်။

ဂေါ့သလူမျိုး။ ။ဘီစီ ၃၀၀ လောက်က ရောမ နိုင်ငံကို ဝင်ရောက် တိုက်ခိုက်သော ဂျာမန် လူမျိုး တမျိုးမှာ ဂေါ့သ လူမျိုးဖြစ်သည်။ မူလက သူတို့သည် ဗောလတစ် ပင်လယ်ကမ်းခြေတလျှောက်တွင်နေထိုင်ကြ၏။အေဒီ ၂၀၀ လောက် ရောက်သော အခါ သူတို့သည် ဒန်းညွှတ်နှင့် ပင်လယ်နက် မြောက်ဖက်တွင် လူအင်အား တောင့်တင်းစွာဖြင့် နိုင်ငံကြီး တနိုင်ငံကို တည်ထောင် ကြသည်။ ထိုနောက် ဂေါ့သတို့သည် ရောမပိုင်နက် ဖြစ်သော ဒေးရှိယာကို ဝင်ရောက်တိုက်ခိုက်ကြရာ ဩဂုဇ်စတပ် ဘုရင်သည် ၂၇၂ ခုနှစ်တွင် ဂေါ့သတို့ လက်သို့ ဒေးရှိယာကို အပ်လိုက်ရ၏။ နှစ်ပေါင်း ၁၀၀ ခန့်ကြာလာ အခါ ဂေါ့သ လူမျိုး ၂ စုကွဲသွား၏။ တစုမှာ ဒေအာစတြိဂေါ့သခေါ် အရှေ့ပိုင်းဂေါ့သဖြစ်၍ ကျန်တစုမှာ ဗီစီဂေါ့သခေါ် အနောက်ပိုင်း ဂေါ့သတို့ဖြစ်သည်။ အော့စတြိဂေါ့သတို့သည် ပင်လယ်နက် ကမ်းခြေတလျှောက်တွင် နေထိုင်ကြ၍ ဗီစီဂေါ့သတို့မှာကား ဒေးရှိယာနယ်နှင့် ဒန်းညွှမြစ်ကမ်း တလျှောက်၌ နေထိုင်ခဲ့ကြ၏။

၃၉၅ ခုနှစ် သီအိုဒိုးဆီးယပ် ဘုရင် နတ်ရွာစံသော အခါ အဲလရစ်ဘုရင် ကြီးမှူးသော ဗီစီဂေါ့သတို့သည် ပုန်ကန်ထကြွကြ၍ ဂရိပိုင်နယ်မျှားကို သိမ်းယူကြသည်။ ထိုနောက် ဣတလီသို့ ချီတက် တိုက်ခိုက် ကြပြန်ရာ ရောမမြို့တော်သည် လည်း ၄၀၀ ပြည့်နှစ်တွင် ဂေါ့သတို့ လက်ထဲသို့ ကျရောက်ရလေသည်။ ခေါင်းဆောင် အဲလရစ်မှာ စစ်ဗျူဟာနယ်မြေများသို့ သွားရောက် တိုက်ခိုက်ရန် ပြင်ဆင်ဆဲတွင် သေဆုံးသွားလေသည်။ အဲလရစ်၏ နေရာကို ဆက်ခံသော ဂေါ့သတို့သည် သူတို့ လူများနှင့် ဣတလီနိုင်ငံမှ ထွက်ခွါသွားကြ၍ စပိန်နှင့် ဂေါ့သ တောင်ပိုင်း (ယခု ပြင်သစ်) တွင်နိုင်ငံသစ် တည်

ထောင် ကြသည်။ ဖရန့်လူမျိုး များနှင့် ၅၀၇ ခုနှစ်တွင် တိုက်ခိုက်ကြပြန်ရာ ဗီစီ ဂေါ့သတို့ အရေးနိမ့်၍ သူတို့၏ မြောက်ပိုင်း နယ်မြေများကို ဖရန့် ဘုရင် ကလိုးဗစ် လက်သို့ ပေးအပ် လိုက်ရသည်။ စပိန်ပြည်တွင် တည်ထောင်သော ဂေါ့သနိုင်ငံမှာကား ၇၁၁ ခုနှစ်ကျမှ ပျက်စီး၏။ မူးဝါးခေါ် မွတ်စလင်များက အာဖရိကတိုက်မှ လာရောက်၍ တိုက်ခိုက်ကြရာ ဂေါ့သဘုရင် ရောဒရစ် ကျဆုံး သွားသော အခါ တိုင်းပြည်ကိုပါ အပ်လိုက်ရသည်။


ခရစ် နှစ် ၄၀၀ ကျော်လောက်တွင် အော့စတြို ဂေါ့သ တို့သည် ဒန်းညူမြစ်နှင့် ဆားဗားမြစ် အကြား ရှိ ရောမပိုင် နယ် ဖြစ်သော ပန်နိုးနိုးယား၌ နေထိုင်ခွင့် ရကြလေသည်။ သူတို့၏ ခေါင်းဆောင်မှာ သီအိုဒေါရစ် ဘုရင် ဖြစ်သည်။ သူသည် ၄၈၈ ခုနှစ်တွင် ဣတလီနိုင်ငံထဲသို့ ဝင်ရောက်တိုက် ခိုက်သည်။ နှစ်ပေါင်း အတော်ကြာ တိုက်ခိုက်ပြီးနောက် ၄၉၃ ခုနှစ် ကျမှ သူသည် ရောမထီးနန်းကို မတရား သိမ်းပိုက် ထားသော အော်ဒိုစာ ဘုရင်ကိုသတ်ဖြတ်၍ ဂေါ့သနိုင်ငံကြီး တခု တည်ထောင် နိုင်သည်။ သီအိုဒေါရစ်သည် သူတည် ထောင်ခဲ့သော နိုင်ငံကြီးကို မပြိုမကဲ့အောင် စောင့်ရှောက် ထိန်းသိမ်းလျက် ၅၂၆ ခုနှစ်၌ ကွယ်လွန် လေသည်။ သီအို ဒေါရစ် ကွယ်လွန်ပြီးနောက် နိုင်ငံကို တည်တံ့အောင် အုပ် ချုပ် နိုင်မည့် ခေါင်းဆောင်ကောင်းများ မပေါ် ပေါက်တော့ ချေ။ အော့စတြို ဂေါ့သတို့ကို အရှေ့တိုင်းမှ ဘုရင်များက မကြာခဏ လာရောက် တိုက်ခိုက် နှောင့်ယှက်ကြ၏။ ဤ သို့ နှောင့်ယှက်ဖန် များသောအခါ အော့စတြို ဂေါ့သတို့ မှာ ကြာရှည်မခံနိုင်ကြတော့ဘဲ လုံးပါး ပါးကာ ၅၅၄ ခု နှစ် လောက်တွင် ဂေါ့သလူမျိုးတို့၏ နိုင်ငံမှာ လုံးဝ ပျက်စီးသွား တော့၏။ ထိုအခါ မှ စ၍ ဂေါ့သလူမျိုးများသည် တိမ်ကော ပပျောက် သွားကြကာ ဥရောပ နိုင်ငံ သမိုင်းတွင် ဂေါ့သ လူမျိုးဟူ၍ သီးခြား မတွေ့ရတော့ချေ။

ဂေါ်တန်။ ။ကျောက်သလင်း — ရှ။

ဂေါ်ဒင်, စီ၊ ဂျီ (ခရစ် ၁၈၃၃–၁၈၈၅)။ ။ချားလ်ဂျ် ဂေါ်ဒင်သည်ထင်ရှားသောဗြိတိသျှဗိုလ်ချုပ်တဦးဖြစ်သည်။ ဝူးလစ်မြို့၌ ၁၈၃၃ ခုနှစ် ဇန္နဝါရီလ ၂၈ ရက်နေ့တွင် မွေးဖွား ခဲ့ရာ မျိုးရိုးအားဖြင့် စစ်သားရိုးရိုးပင် ဖြစ်သည်။ ထိုမြို့ရှိ ဘုရင့်တက္ကသိုလ်တွင် စစ်ပညာများကို သင်ကြား အောင် မြင်သည်။ ၁၈၅၂ ခုနှစ်တွင် ဘုရင့်အင်ဂျင်နီယာတပ်၌ ဗိုလ် အဖြစ် စတင်အမှုထမ်းခဲ့၍ ကရိုင်းမီးယား စစ်ပွဲတွင် ၁၈၅၅ ခုနှစ်၌ ပါဝင်တိုက်ခိုက်ခဲ့သည်။ ထိုနောက် အသက် ၃၀ အရွယ်တွင် တရုပ်နိုင်ငံ တိုင်ပင်သူပုန်အရေး၌ တရုပ်အစိုးရ ဖက်မှကူညီ၍ သူပုန်တို့ကို နှိမ်နင်းပေးခဲ့သည်။

တိုင်ပင်သူပုန်အရေးမှာ ၁၀ နှစ်မျှကြာသည့်တိုင်အောင် နှိမ်နင်းမရဖြစ်ခဲ့ရာ၊ ဗြိတိသျှအစိုးရ၏ သဘောတူညီချက် အရ ဂေါ်ဒင်သည် ဥရောပတိုက်သားများနှင့် အမေရိကန် တို့က လေ့ကျင့်ပေးထားသော တရုပ်စစ်တပ်များကို ကွပ်ကဲ အုပ်ချုပ် တိုက်ခိုက်ခဲ့သည်တွင် ၁၈ လအတွင်း သူပုန်အရေး ငြိမ်းအေး သွားလေသည်။ ထို့ကြောင့် တရုပ်အစိုးရက ကြီးကျယ်စွာ မြှောက်စား ခြီးမြှင့်လိုသည်ဟုစကားကမ်း လှမ်းသည်။ သို့သော် ဂေါ်ဒင်ကလက်မခံခဲ့ပေ။

အင်္ဂလန်သို့ ဗိုလ်မှူးကြီးအဆင့်အတန်းဖြင့် ပြန်လာပြီး နောက် အင်္ဂလန်ပြည် တင်း မြစ်တလျှောက်တွင် ခံတပ်များ ဆောက်လုပ်ရာ၌ အင်ဂျင်နီယာမှူးအဖြစ် ဆောင်ရွက်ခဲ့ရ လေသည်။ အင်ဂျင်နီယာမှူးအဖြစ် ၆ နှစ်မျ ဆောင်ရွက်နေ ရစဉ်အတွင်း ဂေါ်ဒင်၏အိမ်သည် အိုးအိမ်မရှိ လေလွင့်နေသူ များအား ထိန်းသိမ်းစောင့်ရှောက်၍ ပြုစုပျိုးထောင်ပေးရာ ဌာနဖြစ်နေလေသည်။ ထိုလေလွင့်နေသူများအား ဆေးဝါး များ ကုသပေး၍ ညနေသင်တန်းများ ဖွင့်ကာ ပညာသင် ကြားပေးသောအားဖြင့် အသက်မွေးမှုအတွက် လုံလောက် အောင် ဆောင်ရွက်ပေး၏။ ယင်းသို့ ပြည်သူ့ဝန်ထမ်းလုပ်



ဗြိတိသျှစစ်ဗိုလ်ချုပ် စီ၊ ဂျီ၊ ဂေါ်ဒင်


ပန်းများကိုဆောင်ရွက်ထာ၌ မည်သူ၏အကူအညီ အထောက် အပံ့ကိုမျှ မယူဘဲ၊ သူရသမျှသော လခနှင့်ပင် ဆောင်ရွက်ခဲ့ ပေသည်။ ယင်းသို့ဖြင့် ဂေါဒင်သည် လူကြမ်းစိတ်ကြမ်းနှင့် စစ်ပွဲဝင်ခဲ့သည့် စစ်သားကောင်းတယောက် ဖြစ်သော်လည်း သူ၏ပင်ကိုယ်စိတ်ဓာတ်မှာ နူးညံ့သိမ်မွေ့၍ ကြင်နာ စာနာ တတ်ကြောင်းသိရသည့်ပြင် ဘာသာရေး၌လည်း လေးစား ကိုင်းရှိုင်းသူ ဖြစ်ပေသည်။

ဘကဉ ခုနှစ်တွင် အီဂျစ်ဘုရင်ခံချုပ်က ဂေါ်ဒင်အား အီဂျစ်ပိုင် အီကွေတာပိုင်း ဒေသများ၏ ဘုရင်ခံအဖြစ် ခန့် ထားလေသည်။ သို့သော် ဌေဝယ်ကျန်စံနစ် ပပျောက် အောင် ဆောင်ရွက်ခဲ့ထာ၌ ဆူဒန်နယ်ဘုရင်ခံက အနှောင့် အယှက် ပေးသဖြင့် စိတ်ပျက်ပြီးသော် အလုပ်မှ နုတ်ထွက်၍ အင်္ဂလန်ပြည်သို့ ပြန်သွားလေသည်။ ဘကဂ ခုနှစ်တွင် ဌေ ဝယ်ကျန်စံနစ် ပပျောက်ရေး ဆောင်ရွက်ရန် အခွင့်ရမှသာ ထာထူးလက်ခံမည်ဟု ဆိုသည့်အတိုင်း အခွင့်ရရှိလာသဖြင့် ဆူဒန်နယ်၏ ဘုရင်ခံအဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် ဌေဝယ် ကျန်စံနစ် ပပျောက်အောင်လည်း ကြိုးပမ်း ခဲ့လေသည်။ ထိုနောက်တွင် ဂေါ်ဒင်မှာ တရုပ်နိုင်ငံ မောရစ်ရပ်ကျွန်းနှင့် အာဖရိကတိုက် တောင်ပိုင်းတို့တွင် အမှုထမ်းရွက်ခဲ့သေး၏။

ဤသို့ တရုပ်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့တွင် စစ်ရေးနှင့် အုပ်ချုပ်ရေးတို့၌ အမှုထမ်းရွက်ခဲ့သည်ကို အစွဲပြု၍ ဂေါ်ဒင် သည် 'တရုပ်ဂေါ်ဒင်' ဟူ၍ငင်း၊ 'ဂေါ်ဒင်ပါရှား' ဟူ၍ငင်း အမည်နှစ်မျိုးရခဲ့သည်။

ဘဂဂ ခုနှစ်တွင် ဆူဒန်နယ်၌ မာဒီခေါင်းဆောင်သည့် သူပုန်အရေးကြောင့် အခြေအနေမှာ အတော်ပင် ဆိုးရွား လာလေသည်။ ထိုကြောင့် ဆူဒန်နယ်မှ အီဂျစ်စစ်တပ်များ ကို ဌေပြောင်းထာတွင် အီဂျစ်ဘုရင်ခံချုပ်အား ကူညီရန် ဗြိတိန်အစိုးရက ဂေါ်ဒင်အား စေလွှတ်လိုက်လေသည်။ ဂေါ်ဒင်သည် တခါက သူသြဇာကြီးခဲ့သည့် နယ်ဖြစ်၍ သူစိမ် ခန့်ခဲ့လိုက်ပါက သူပုန်အရေးပင် ငြိမ်းအေးသွားမည်ဟု မြော် လင့်ခဲ့၏။ သို့ဖြစ်၍ အချိန်ရခိုက် စစ်တပ်များကို မပြောင်း သေးဘဲ အခြေအနေ ပြန်ကောင်းလာအောင် ဆောင်ရွက်ခဲ့ လေသည်။ အခြေအနေကား ဂေါ်ဒင် မြော်လင့်သလို ကောင်းမလာဘဲ သူနှင့်တကွ စစ်တပ်များပါ ခါတွမ်းမြို့ထဲ၌ ရန် သူဖြစ်သော မာဒီ၏ နောက်လိုက်များက ဝိုင်းဝန်း ပိတ်ဆို့ခြင်း ခံရလေတော့သည်။

ဂေါ်ဒင်သည် မြို့ကိုရန်သူ လက်သို့ အကျမခံဘဲ မြို့အ တွင်းမှနေ၍ ၁၀ လမျှခုခံခဲ့၏။ ထိုအတောအတွင်း အင်္ဂလိပ်



ဗိုလ်ချုပ်ဂေါ်ဒင်သည်နောက်ဆုံးအခါန်ထိအောင် ရန်သူကိုကြံ့.ကြံ့.ခံခဲ့ခဲ့၏။

အကွစ်စ်တပ်သွည်လည်း အပြင်းချီတက်လာရာ ၁၈၇၅ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် ခါတွမ်းမြို့အနီးသို့ ရောက်ရှိခဲ့၏။ သို့သော် အလာနှောင်းသောကြောင့် ဂေါ် ဒင်နှင့်တကွ နောက်လိုက်ရဲမက် အားလုံးတို့သည် ရန်သူမာဒီ၏ တပ်သားပျား သတ်ပစ်ခြင်းကို တပြုံလုံးခံလိုက်ရလေသည်။

ဂေါ် ဘီထုပ်။ ။ဂေါ် ဘီထုပ်သည် ဂေါ် ဘီပုင့် (ပန်းမုန်လာ) ခါးပုံမုန်ညင်း၊ စမုန် စသည်တို့နှင့်အတူ 'ကရူစီဖာရီး' မျိုးရင်းတွင် ပါဝင်သည်။ ဂေါ် ဘီထုပ်၏ ရွက်ဗေဒအမည်မှာ 'ဗရပ်စီကားအိုလရာစီအေး' ဖြစ်သည်။ ဂေါ် ဘီထုပ်ကို မုန်လာထုပ် ဟူ၍လည်းခေါ် သည်။



လူကြိုက်များသော ဂေါ် ဘီထုပ်

ဂေါ် ဘီထုပ်သည် ရေမတင်နိုင်သော မြေနုမြေမှုများတွင် ကောင်းစွာဖြစ်ထွန်းသည်။ ယင်းကို ပျိုးထောင်ပြီးမှ စိုက်ခင်းတွင် ထပ်မံ၍ စိုက်ရသည်။ မျိုးစေ့များမချမီ ပျိုးခင်းတွင် ဗောင်နိမ့်နိမ့်ပြုလုပ်ရသည်။ ထိုနောက် ဗောင်ပေါ်တွင် ၄ လက်မ၊ ၅ လက်မစီ ခွါလျက် မျိုးစေ့များကို အတန်းလိုက် ပါးပါးချပေးရသည်။ ထိုမျိုးစေ့များပေါ်တွင် မြေစာမြေမှုန့်တို့ကို ခပ်ပါးပါး ဖုံးအုပ်ပေးပြီးနောက် ပန်းကရားဖြင့် ရေလောင်းပေးရသည်။ ဗောင်များကို ငှက်ပျောရွက်၊ ထန်းရွက် စသည်တို့ဖြင့် နေပူမှကာကွယ်ရန် ဖုံးအုပ်ပေးရသည်။ ပျိုးပင်ကလေးများသည် ၇ လက်မခန့် ကြီးမြင့်လာ၍ အရွက် ၃ ရွက်မှ ၆ ရွက်အထိရှိလာသောအခါ ရွှေပြောင်းစိုက်ရန် သင့်ပြီဖြစ်သည်။

ပျိုးပင်ကလေးများကို ရွှေပြောင်း မစိုက်မီ စိုက်ခင်းများကို ရေကောင်းစွာ ဖျန်းပေးရသည်။ ထိုနောက် ဗောင်တန်းများတွင် တပေစီခွါလျက် ကျင်းငယ်ကလေးများ ခပ်နက်နက် တူးပြီးလျှင် ထိုကျင်းများထဲ၌ ပျိုးပင်ကလေးများကို စိုက်ပျိုးရသည်။ ရွှေပြောင်းစိုက်ပြီးနောက် ၃၊ ၄ ရက်လောက် ကြာအောင် အပင်ကလေးများကို နေပူမှ ကာကွယ်ပေးရ၍ ရေကိုလည်း နှိုင်နှိုင် လောင်းပေးရသည်။

ဂေါ် ဘီထုပ်ပင်များသည် ၃၊ ၄ လ ကြာမှ ကြီးရင့်လာကြသည်။ မကြီးရင့်မီ အပင်များအကြားရှိ မြေကို ဆွေးမြေ့၍ နွားမြင်းတို့၏ အညစ်အကြေးရေနှင့် နှမ်းဖတ်ပုပ်ရေများကို မကြာခဏ လောင်းပေးလျှင် အပင်များသည် အထူးသန်စွမ်းကြသည်။

ဂေါ် ဘီထုပ်တွင် အာဟာရဓာတ် များပြားစွာပါရှိသောကြောင့် အနောက်နိုင်ငံများတွင် ဂေါ် ဘီထုပ်ပင်များကို မျိုးကွဲများဖြစ်ထွန်းအောင် ပြုပြင်၍ စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ ဂေါ် ဘီထုပ်မျိုးပေါင်း ၁၀၀ ကျော်မျှ ရှိလေပြီ။ သိပ္ပံပညာရှင်များက ဂေါ် ဘီထုပ်တွင် အခြားအပင်များမှာထက် လတ်ဆတ်သောအစာ ပို၍ ပါရှိသည်ဟု ဆိုကြသည်။

ဂေါ် မိတ်။ ။ကျောက်သလင်း — ရှ။

ဂေါ် မုတ်။ ။ကျောက်သလင်း — ရှ။

ဂေါ် ရကီ, မတ်ဆီယင် (ခရစ် ၁၈၆၉–၁၉၃၆)။ ။အလုပ်သမား လူတန်းစား၏ တော်လှန်ရေးကို သရုပ်ဖော်၍ စာပေ၌ ရွှေဆောင် ပြုသည်ဟု ဆိုဗီယက်ရုရှနိုင်ငံက အသိအမှတ်ပြု၍ ကမ္ဘာ၌လည်း ထင်ရှား ကျော်ကြားသော မတ်ဆီယင် ဂေါ် ရကီသည် ၁၈၆၉ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် နစ်ဇနီနိုဂိုရော့မြို့၌ မွေးဖွားသည်။ ဂေါ် ရကီဟူသော အမည်မှာ အမည်ရင်း မဟုတ်ချေ။ သူ၏ငယ်နာမည်ရင်းမှာ အလျက်ဆယေအိ၊ မတ်ဆယီမဗျစ်ပျေရှကတ် ဖြစ်သည်။ သူ၏ဘဝဖြစ်စဉ်မှာ စိတ်နာကျည်းစရာတို့နှင့်သာ ပြည့်နှက်နေရကား ရှရှဘာသာ စကားဖြင့် စိတ်နာသူဟု အဓိပ္ပါယ်ရသော ဂေါ် ရကီဟူသော အမည်ကို ကလောင်နာမည် အဖြစ်နှင့်ယူ၍ စာများရေးသားခဲ့သည်တွင် ဂေါ် ရကီ ဟူသော အမည်မှာ ကမ္ဘာကျော်ကြားသွားလေသည်။

ဂေါ် ရကီ၏ ဖခင်မှာ စားပွဲကုလားထိုင် အိမ်ထောင်ပရိဘောဂ အဖုံးတို့ကို လုပ်သော အလုပ်သမားဖြစ်သည်။ မိခင်၏မျိုးရိုးမှာ အထည်ဆေးဆိုးသော အလုပ်ကို လုပ်သူများဖြစ်သည်။ ဂေါ် ရကီ ၄၊ ၅ နှစ်သား အရွယ်၌ ဖခင် သေဆုံးသွားသောအခါ မိခင်သည် နောက်အိမ်ထောင် ပြုသောကြောင့် အမိဖက်က အဖိုးနှင့် အတူနေရသည်။ သို့သော် ပညာကောင်းစွာ မသင်ရသေးမီ ဖိနပ်ချုပ်သမား လုပ်ရ

သည်။ နောက် ၂ လမျှမကြာမီ မြေပုံဆွဲသမား၏ အစေအပါးအဖြစ် အလုပ်လုပ်ပြီးလျှင် အိမ်မှထွက်ပြေးလေသည်။ ထိုနောက်၌ကား ပန်းကန်ဆေး၊ မုန့်ဖုတ်၊ ထမင်းချက်၊ ကူလီလိုက် စသော သောင်းပြောင်းထွေလာ အလုပ်တို့ကို လုပ်ခဲ့ရသည့် အပြင် ဇာတ်သမားလည်း လုပ် ဘူးသည်။ ဘူတာရုံညစောင့်သမား၊ ရွှေနေစာရေး၊ ပန်းဘဲသမားစသဖြင့် လည်း အသက်မွေးခဲ့ရသည်။ ဤသို့ဘဝမျိုးစုံဖြင့် ကျင်လည်ခဲ့ရခြင်းသည် ဂေါ်ရကီအဖို့ သူရေးသားသော စာပေထဲ၌အသုံးချစရာ အခြေခံများ ဖြစ်သည်သာမက ကမ္ဘာ့ကျော် စာရေးဆရာဘဝသို့ရောက်အောင်လည်း ပို့ဆောင်ခဲ့လေသည်။ ဂေါ်ရကီသည် အသက် ၁၆ နှစ်အရွယ်သို့ရောက်သောအခါ ကာဇန်တက္ကသိုလ်သို့ ဝင်ခွင့်ရအောင် ကြိုးစားခဲ့သည်။ သို့သော် မအောင်မြင်သဖြင့် ဗီစကွတ်မုန့်လုပ်သော စက်ရုံ၌ အလုပ်လုပ်သည်။ ၁၈၈၈ ခုနှစ်၌ စိတ်ညစ်လွန်း၍ မိမိကိုယ်ကို မိမိသတ်သေရန် ကြံခဲ့၏။ သို့သော် မအောင်မြင်ချေ။ ထိုမှစ၍ ခြေသလုံးအိမ်တိုင် နေထိုင်ခဲ့ရာမှ ၁၈၉၂ ခုနှစ်တွင် တစ်ဖလစ်မြို့ထုတ် မထင်ရှားသော ဂျာနယ်ကလေးတစောင်တွင် သူ၏ ပဌမဦးစွာ ရေးသားသော ဝတ္ထုတိုတပုဒ်ကို ထည့်သွင်းထုတ်ဝေခွင့်ရရှိခဲ့လေသည်။



မတ်ဆီယင် ဂေါ်ရကီ

ထိုနောက်၌ကား ဂေါ်ရကီသည် ဝတ္ထုတိုအမျှားအပြားအပြင် ဝတ္ထုရှည်ကိုပါ ရေးသားလာခဲ့သည်။ ထိုဝတ္ထုများသည် သူကြုံတွေ့ခဲ့ရသော ဘဝ၏ အရောင်ပြန်ဟပ်သော ဝတ္ထုများဖြစ်သည်။ မုန့်ဖုတ်အလုပ် လုပ်နေသော အလုပ်သမား ယောကျ်ားကြီး ၂၆ ယောက်နှင့် မိန်းကလေးတဦး၏ ပုံပြင်မှာ သူကိုယ်တိုင် မုန့်ဖုတ်သမားဘဝ၌ ကြုံတွေ့ခဲ့ရသော ဘဝကိုသရုပ်ဖော်ပြလေသည်။ ခရစ် ၁၉၀၀ နှင့် ၁၉၁၄ ခုနှစ် အကြားတွင် ပြဇာတ်များရေးခဲ့ရာ သူ၏ 'အောက်ဆုံးလွှာ' (၁၉၀၃) ဟူသောပြဇာတ်တွင်လေလွင့်နေသူများ၊ခြေသလုံးအိမ်တိုင်များ၊ ရာဇဝတ်ကောင်များ၊ ပြည့်တန်ဆာ များ၏ ဘဝအမှန်အဖြစ်အပျက်တို့ကို ဖော်ပြခဲ့သည်။ ၁၉၀၇ ခုနှစ်တွင်ရေးသားသော 'အမေ' ဟူသော ဝတ္ထုရှည်ကြီး၌ကား သူ၏အဖိုးဖြစ်သူ၏ ရက်စက်ကြမ်းကြုတ်မှုနှင့် သူ၏ချစ်လှစွာသော အမေ၏ ကြင်နာမှုတို့ကို ယှဉ်၍ ပြခဲ့သည့်ပြင် အလုပ်သမား လယ်သမားတို့၏ တော်လှန်ရေး စိတ်ဓာတ်ကို ဖွဲ့နွဲ့ခဲ့သည်။ 'ကလေးဘဝ' (၁၉၁၃) 'လောကတခွင်' (၁၉၁၅) နှင့် 'ကျွန်ုပ်အတွက်တကယ်သိုလ်များ' (၁၉၂၃) ဟူသောစာတို့မှာမူ ဂေါ်ရကီ၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများဖြစ်၍ များစွာကျော်ကြားလေသည်။ အားလုံးကိုခွဲ၍ပြောရလျှင်ဂေါရကီသည် ရုရှစာပေ၏ အစဉ်အလာထဲတွင် မတ်၏သဘောတရားတို့ကို သွတ်သွင်းခဲ့သူဖြစ်သည်။ (မတ်, ကားလ — ရှု)။

ဂေါ်ရကီသည် ရုရှနိုင်ငံကို အုပ်စိုးလျက်ရှိသော ဇာဘုရင့် အစိုးရအား ဆန့်ကျင်သည့် ဗော်လရှီဗစ် တော်လှန်ရေးအင်အားစုများနှင့်ပူးတွဲ၍ လွတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့်လည်း ၃ ကြိမ်တိုင်တိုင် အကျဉ်း ချထားခြင်းခံခဲ့ရသည်။ ၁၉၀၇ ခုနှစ်၌ တော်လှန်ရေး ကိစ္စဖြင့် ကပရီသို့သွားရာ ကပရီ၌ လီနင်နှင့်တွေ့ဆုံ၍ ရင်းနှီးခင်မင်သွားသည်။ ၁၉၁၇ ခုနှစ် ရုရှပြည် တော်လှန်ရေးကြီး အောင်မြင် ပြီးနောက် ဂေါ်ရကီသည် အနုပညာဆိုင်ရာ ပစ္စည်းထိန်းသိမ်းရေး အကြီးအကဲ ဖြစ်လာသည်။ ထိုနောက် ဆိုဗီယက်စာရေးဆရာသမဂ္ဂကိုဦးစီးဖွဲ့ဆောင်ခဲ့လေသည်။

၁၉၃၆ ခု ဇွန်လ ၁၈ ရက်နေ့၌ ဂျာမန်ဖက်ဆစ် သူလျှို များ၏ လက်ချက်ဖြင့် ကမ္ဘာ့ကျော် ဆိုဗီယက် စာရေးဆရာကြီး ဂေါ်ရကီကွယ်လွန်လေသည်။ သူ့အား ဂုဏ်ပြုသော အားဖြင့် သူ၏ မွေးဖွားရာ နစ်ဇနီနိုဂိုရော့မြို့ကို ဂေါ်ရကီမြို့ဟုခေါ်တွင် စေခဲ့သည်။



အရွယ်မရောက်သေးသော ဂေါ်ဂိုးလား မျောက်ဝံ

ဂေါ်ရီးလား မျောက်ဝံ။ ။ဂေါ်ရီးလား မျောက်ဝံတို့သည် အာဖရိကတိုက်အနောက်ပိုင်းရှိ တောနက်ရာ ဒေသများတွင် နေထိုင်ကြသည်။ ဂေါ်ရီးလားသည် လူနှင့်အတူ ဆုံးသော မျောက်ဝံမျိုး ဖြစ်သည်။ မျောက်ဝံမျိုး အားလုံးတွင် ဂေါ်ရီးလားသည် အကြီးဆုံးဖြစ်၏။ ရှားလည်း အရှားဝါးဆုံး ဖြစ်သည်။ (မျောက်ဝံမျိုး — ရှ။)

ဂေါ်ရီးလား၌ အမြီးမရှိ။ ခြေ ၂ ချောင်း လက် ၂ ဖက် ရှိသည်။ မတ်တတ် ရပ်၍ သွားနိုင်သည်။ လူ၏ ခြေသည်း လက်သည်းမျိုး ရှိသည်။ ဤသည်တို့ကား လူနှင့် တူသော အချက်များဖြစ်ကြ၏။ သို့ရာတွင် လူနှင့် မတူသော အချက်များလည်း ရှိသည်။ ဂေါ်ရီးလား၏ ကိုယ်အနေအထားမှာ တုတ်ခိုင်၍ အချိုးမကျ၊ အရပ်ဆိုးသည်။ ခြေထောက်များသည် တို၍ လက်များမှာ ရှည်သည်။ တခါတရံ ခြေဖြင့် လျောက်သော အခါ သစ်ကိုင်းများကို လက်ဖြင့် အားပြု၍ လျောက်တတ်သည်။ အမွေးအမှင် ထူထပ်ပေါများသည်။ ရှေးက အာဖရိကတိုက်တောနယ်အတွင်း ခရီးလှည့် သွားလာသူတို့သည် ယင်းတို့ကို ကြောက်မက်ဖွယ်ကောင်းသော လူရိုင်း တမျိုးဟု ထင်မှတ်ခဲ့ကြလေသည်။

အမြင့်ဆုံးသော ဂေါ်ရီးလားသည် ၅ ပေခွဲ၊ ၆ ပေခန့် ရှိသည်။ ကိုယ်အလေးချိန်ပေါင် ၄၀၀ မှ ၄၅၀ ခန့် အထိကြီးမားသော ဂေါ်ရီးလားများ ရှိခဲ့ဘူးသည်။ အသားအရေမှာ မည်းနက်၏။ ခြေဖဝါး လက်ဖဝါးနှင့် အမွေးမပေါက်သော် လည်း ခြေလက်နှင့် တကိုယ်လုံးနှင့် ညီမည်းသော အမွေး ကြမ်းများ ပုံးအုပ်လျက် ရှိသည်။ ဦးခေါင်းမှာ ကြီးသည်။ ကုပ်တိုသည်။ နှာခေါင်းပြား၍ မျက်ခုံး မို့မောက်သည်။အလွန် ရက်စက် ကြမ်း ကြုတ် သော မျက်နှာထား ရှိသည်။ လူနှင့် တွေ့လျှင် ရှောင်ရှား ပြေးလွှား တတ်၏။ သို့သော် စိတ်ထက်သော အခါနှင့် ရန်စခံရသော အခါမျိုးတွင်မူ အလွန် ပြင်းထန်စွာ ပြန်လည် ရန်မူတတ်သည်။ စိတ်ဆိုးလာသောအခါ ရင်ပတ်ကို လက် ၂ ဖက်ဖြင့် ထု၍ ကျယ်လောင်စွာ အော်ဟစ် တတ်သည်။ ရက်စက်ကြမ်းတမ်းလှသဖြင့် ခြင်္သေ့၊ သစ်၊ ကျား စသော သားရဲတိရစ္ဆာန်များတို့ပင်လျှင် ယင်းတို့အား အလွယ်တကူနှင့် ရန်မမူဝံ့ကြချေ။

ဂေါ်ရီးလား တို့သည် အလွန် နက်သော တောကြီးထဲတွင် တနေရာတည်း၌ အတည် မနေဘဲ နေ့စဉ်နှင့် အမျှ လှည့်လည် နေထိုင်လေ့ ရှိကြသည်။ မိသားတစုတွင် အထီးကြီး တကောင် အမ ၂ ကောင် ၃ ကောင်နှင့် သားငယ် သမီးငယ်များ ပါဝင်တတ်သည်။ အိပ်ချိန်တွင် အမနှင့် သားသမီးများက သစ်ပင်ပေါ်၌ အိပ်ကြ၍ အထီးက သစ်ပင်ခြေရင်း၌ စောင့်အိပ်လေ့ ရှိသည်။ ယင်းတို့၏ အစားအစာများမှာ သစ်သီး သစ်ရွက်များဖြစ်ကြလေသည်။


ဂေါ်ရီးလားကို လှယ်ကူစွာ ဖမ်းဆီး၍ မရပေ။ ဖမ်းဆီးရမိထားသော ဂေါရီးလားတို့သည်လည်း များသော အား ဖြင့် အသက်ရှည်ရှည် မနေနိုင်ကြချေ။

ဂေါင်္ဒဝသီ, ဂျေ (ခရစ် ၁၈၆၇–၁၉၃၃)။ ။ဂျန်ဂေါင်္ဒဝသီမှာ အင်္ဂလိပ်လူမျိုး ဝတ္ထုရေးဆရာနှင့် ပြဇာတ်ရေး ဆရာကြီးဖြစ်၏။ ၁၈၆၇ ခုနှစ် သြဂုတ်လ ၄ ရက်နေ့တွင် အင်္ဂလန်ပြည် ဆာရီခရိုင်၊ ကင်းစတန်းမြို့၌ ဖွားမြင်သည်။

ဂေါင်္ဒဝသီသည် လူချမ်းသာ၏ သားဖြစ်သည့် အား လျော်စွာ လူကုံထံ သားသမီးများသာ သွားရောက် သင်ကြားနိုင်သော ဟယ်ရိုကျောင်းနှင့် အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ သူသည် ဝတ်လုံ စာမေးပွဲကို အောင်မြင်ခဲ့သော်လည်း ရွှေနေ အလုပ်ဖြင့် အသက်မွေးရန် ရည်ရွယ်ရင်း မရှိခဲ့ပေ။ သို့ဖြစ်ရကား သူသည် ကျောင်းမှ ထွက်သောအခါ ဥရောပ နိုင်ငံများသို့ လှည့်လည် သွားရောက်ကာ ဒေသန္တရ ဗဟုသုတများ ရှာမှီးခဲ့သည်။



မျောက်ဝံမျိုးတွင် အကြီးဆုံးဖြစ်သော ဂေါ်ရီးလား



ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီးဂျွန် ဂေါဇီ

အင်္ဂလန်ပြည်သို့ ပြန်ရောက်သော အခါ ဂေါဇီသည် စာရေးခြင်း အလုပ်ကို စတင် လုပ်ကိုင် သည်။ သူသည် ဝတ္ထုမျှားကိုအမျှားဆုံးရေးခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ထုတ်ဝေသော 'ပစ္စည်းရှင်' ဝတ္ထုမှာ ဂေါဇီသီ၏ ပဉ္စနိုး ထွက် ဝတ္ထုဖြစ်သည်။ ထိုဝတ္ထု၏ ဇာတ်လိုက်မှာ ဆုမ်းဟောဆိုက် ဖြစ်၍ ထိုဇာတ်လိုက် ပါဝင်သော ဝတ္ထုမျှားကို တခုပြီး တခု ဆက်လက် ရေးသားခဲ့သည်။

ဂေါဇီသီသည် သူရေးသားသော ဝတ္ထုမျှားတွင် ၂၀ ရာစုနှစ်ဦးက အင်္ဂလန်ပြည်ရှိ လူလတ်တန်းစားတို့၏ ဘဝကို ဖော်ပြခဲ့သည်။ သူ့ခေတ်က လူမှုစံနစ်ကို ပြုပြင် ပြောင်းလဲ ပစ်လိုသော ဆန္ဒကို ဖော်ပြပြီးလျှင် လူချင်း မတူဝါဒစွဲကို ပြင်းထန်စွာ တိုက်ဖျက်လေသည်။

ဂေါဇီသီသည် ဝတ္ထုမျှားကိုသာမဟုတ် ပြဇာတ်မျှားနှင့် ကဗျာမျှားကိုလည်း ရေးသားခဲ့သည်။ 'ငွေသေတ္တာ' ပြဇာတ်တခုတည်းနှင့်ပင် ဂေါဇီသီသည် နာမည်ကျော်ကြားခဲ့သည်။ ထိုနောက် ပြဇာတ်မျှားကို ဆက်ကာဆက်ကာ ရေးသားခဲ့၏။ ထိုပြဇာတ်မျှားတွင် လူ၏ စာရိတ္တမကိုင်ပျက်စီးမှုကို ဝေဖန် ထား၏။

၁၉၂၃ ခုနှစ်တွင် ဂေါဇီသီသည် အိုး၊ အမ် (အော်ဒါ အော့မ်ရစ်) ဘွဲထူးကို ရရှိခဲ့၏။ ၁၉၃၂ ခုနှစ်တွင် စာပေအတွက် နိုဗယ်ဆု ခြိုးမြှင့်ခြင်း ခံရပြန်သည်။ ထိုနောက် ၁၉၃၃ ခုနှစ် အသက် ၆၆ နှစ်တွင် ကမ္ဘာကျော် စာရေး ဆရာကြီး ဂေါဇီသီသည် ကွယ်လွန်သွားလေသည်။

ထိုမြတ် စွာ ဘုရား၏ အဂ္ဂ သာဝက နှစ်ပါး ကား အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့ ဖြစ်၏။ (သာရိပုတ္တရာထေရ်၊ မောဂ္ဂလာန်ထေရ် — ရှု။) အဂ္ဂ သာဝိကာနှစ်ပါးမှာ ကား ခေမာ ထေရီနှင့် ဥပလဝဏ် ထေရီ ဖြစ်၏။ (ခေမာထေရီ၊ ဥပလဝဏ်ထေရီ — ရှု။) အလုပ်အကျွေး ကား အရှင်အာနန္ဒာ ဖြစ်သည်။ (အာနန္ဒာထေရ် — ရှု။)

ထိုမြတ်စွာဘုရား၏ ဥာဏ်တော် အမြင့်သည် ဘဂ တောင် ဖြစ်၏။ သက်တော် ဂဝ ရှည်တော်မူ၍ ကုသိနာရုံ ပြည်ကြီးဥယျာဉ် ပရိနိဗ္ဗာန် ပြုတော်မူရာ ကြွင်းသော ဓာတ်တော်များကို ဒေါနပုဏ္ဏားကြီးက အင်္ဂါတသတ်မင်းစသော မင်းအပေါင်းအား ခွဲဝေပေးသဖြင့် ဇမ္ဗူဒီပါကျွန်း အနှံ့ စေတီပုထိုးများ တည်ထားကိုးကွယ်ကြ၏။ (ဗုဒ္ဓအယူဝါဒ — ရှု။) ဆရာဆိုင် ဂေါတမိဆေရီ။ ။ဂေါတမိထေရီသည် အဋ္ဌနမင်းကြီးနှင့် ယသောဓရာဒေဝီတို့မှဖွားမြင်သည်။ ဂေါတမမြတ်စွာဘုရား သခင်၏ မိထွေးတော် ဖြစ်၍ မိထွေးတော် ဂေါတမီဟု ထင်ရှား၏။ ဂေါတမီသည် ဒေဝဒဟပြည့်ရှင်၏ သမီးဖြစ်သည့် အတိုင်း စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ မြတ်စွာဘုရား၏ မယ်တော် မဟာမာယာဒေဝီ၏ ညီမတော်လည်း ဖြစ်သည်။ ပုဏ္ဏားတို့က မြတ်သောသား၏ မိခင်ဖြစ်မည်ဟု နိမိတ်ဖတ်သဖြင့် မဟာပဇာပတိဂေါတမီဟု တွင်သည်။

အရွယ်ရောက်လတ်သော် ကပိလဝတ်ပြည့်ရှင်သုဒ္ဓါဒနမင်းကြီးနှင့် ထိမ်းမြားသဖြင့် မြောက်နန်း မိဖုရား အဖြစ် စံစားရသည်။ အစ်မတော် မဟာမာယာ ဒေဝီသည် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပြီး နောက်နတ် ရွာစံလေသော် ဂေါတမီသည် အဂ္ဂမဟေသီဘွဲ့ဖြင့် မိဖုရားကြီး ဖြစ်သည်။ နန္ဒမင်းသားကို ဖွားမြင်သည်။ တူသားဖြစ်သော သိဒ္ဓတ္ထမင်းသားကိုလည်းထိန်းသိမ်းမွေးမြူရသည်။

သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သုဒ္ဓါဒန မင်းကြီးလွန်သည်နောက် ဂေါတမီ မိဖုရားသည် သံသရာမှ ထွက်မြောက်ရာကို ရှာကြံလျက် မြတ်စွာဘုရား ထံသို့ သွားရောက်ကာ မာတုဂါမမျှားအား ရဟန်းပြုခွင့် ပေးပါရန် လျှောက်ထားသည်။ မြတ်စွာဘုရားက သာသနာ




ဂေါတမဗုဒ္ဓလောင်းလျှာ သီဒ္ဓတ္ထမင်းသား တောထွက်တော်မူပုံ

(ဒဂ္ဂးဒိုးမြန်မာပန်းချီ)

တော် ရှုပ်ထွေးခဲ့ပြီး အညစ်အကြေး များများစားစားပြင့် ခွင့်မပြုဘဲ ပယ်ရှားတော်မူသည်။ ဥ ကြွိမ်တိုင် လျှောက်ထားသော်လည်း ခွင့်မရခဲ့။ ဂေါတမီသည် စိတ်အားမလျှော့ဘဲ ထပ်မံ လျှောက်ထားပြန်သည်။

ဂေါတမီသည် သာကီဝင် မင်းသမီး ငါးရာနှင့် အတူ ဓင်ပန်း ဆင်းရဲခဲ့လျက် မြတ်စွာဘုရားထံသို့ ဝပ်တွားကာ လျှောက်ထားရာ ညီတော် အာနန္ဒာထေရ်ကလည်း ကူ၍ လျှောက်ပေးသည်။ ထိုအခါတွင်မှ ဘုရားရှင်က ဂရုဓမ္မ တရား ရှစ်ပါးကို မသွေမတိမ်း စောင့် ထိန်း လိုက်နာ နိုင်ခဲ့လျှင် ရဟန်းပြုစေဟု ခွင့်ပြုသည်။ ထိုနောက် ဂေါတမီသည် ဂရုဓမ္မတရား ရှစ်ပါးကိုခံယူသဖြင့် ရဟန်း အဖြစ်သို့ ပဋမဦးစွာ ရောက်ရှိသည်။ ဤသို့အားဖြင့် ဘိက္ခုနီမ သာသနာ သည် မိထွေးတော် ဂေါတမီထေရီကိုအကြောင်းပြု၍ စတင် ပေါ်ပေါက်ခဲ့လေသည်။

ထိုနောက်၌ မြတ် စွာ ဘုရား ရှင်၏ တရားတော်ကို နာယူကာ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် မကြာမီ အာသီသာဉာဏ်ခြောက်ပါးနှင့်တကွရဟန္တာ အဖြစ်သို့ ရောက်သည်။ ထိုအခါမှ စ၍ ဂေါတမီ ထေရီ အဖြစ် ထင်ရှားသည်။ မြတ်စွာဘုရားက ရှေးဦးစွာ ရဟန်း အဖြစ်ကို ရရှိသော ဘိက္ခုနီမ ဖြစ်သဖြင့် ရတ္တညူတော၁၀် ဘွဲ့ထူးဖြင့် ခြီးကျူးတော်မူသည်။



သရဖ်မှန် ရှုစာပေ၏ ဖခင်ကြီး ကိုဂါး

ဂေါမုတ္တ။ ။ပါဠိအလိုအားဖြင့် ဂေါမုတ္တကိုနှုးကျင်ငယ်ရည် အဆင်းရှိသော ကျောက်ဟု ဆိုသည်။ ဂေါမုတ္တကို ဂေါ်မုတ်ဟု ခေါ်သည် ။အင်္ဂလိပ်ဘာသာအားဖြင့် ဂါးနက်ဟုခေါ်၏။ ဘူမိဗေဒ အမည်မှာ ပိုင်ရပ်ဖြစ်သည်။ အဆင်းမှာမူ အနီရင့်ဟု ဆိုသည်။ ယင်းကို မြန်မာနိုင်ငံ ကျောက်နှိမ်များထက်သော မိုးကုပ်ကျပ်ပြင်ဒေသမှ ရရှိသည်။

မြန်မာလူမျိုးတို့အဖို့ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံ၍ ထူးခြားသော သတ္တိရှိသည်ဟု ယူဆသော နဝရတ် ၉ ပါးဟု ခေါ်သည့် ရတနာ ၉ ပါးတွင် ဂေါ်မုတ်ကျောက်ပါဝင်သည်။ နဝရတ် ၉ ပါး၏ ဇုံမ်းရည်ကို ဖွဲ့ထားသော လက်ဝါအရ၊ ဂေါ်မုတ်ကျောက်သည် ခွန်အားကို တိုးတက်စေသောသတ္တိရှိသည်ဟူ၍ သိရသည်။ (ကျောက်မျက် — လည်းရှု။)

ကိုဂါး, ဘင်၊ဗွီ (ခရစ် ၁၈၀၉–၁၈၅၂)။ ။ကမ္ဘာကျော် ရုရှစာရေးဆရာကြီး နီကိုလိုင် ဗာစီလီဗစ် ဂိုဂါးကို ယူကရိန်း နယ် ပိုလတာဗာမြို့၌ ခရစ်နှစ် ၁၈၀၉ ခုတွင် ဖွားမြင်သည်။ သူ၏ မိဖများသည် မြေပိုင်ရှင် ကလေးများ ဖြစ်သည်။

ဂိုဂါးသည် ၁၈၃၁ ခုနှစ်မှ ၁၈၄၈ ခုနှစ်အထိ နယေဇင် ဂျင်မနေဇီယမ် ကျောင်း၌ စာသင်ပြီးသော် စိန်ပီတာဗတ်မြို့သို့ သွားရောက် နေထိုင်လေသည်။ ထိုမြို့၌ နေထိုင်စဉ်၊ အစိုးရ ဌာနတခု၌ စာရေးအဖြစ် အလုပ် လုပ်ခဲ့သေး၏။ သို့သော် သူ၏စိတ်၌ ကိန်းအောင်း နေခဲ့သော စာပေအတုံ့ကြောင့် မကြာမီပင် ထိုစာရေး အလုပ်ကို စွန့်လွှတ်ကာ ဝတ္ထုများ ရေးသား လေသည်။ ယင်း သို့ စာရေး ဆရာဘဝသို့ ကူး ပြောင်း ရောက်ရှိလာသော အခါ၌ မိတ်ဆွေ ရင်းချာ ဖြစ်သော စာရေး ဆရာကြီး ပွတ်ရှကင်က သူ့အား များစွာ အကူ အညီ ပေးခဲ့လေသည်။

ဂိုဂါး၏ ပဌမဆုံး ရေးသားသော ဝတ္ထုမှာ 'စိန်ဂျန်အကြိုနေ့' ဖြစ်၍ ၁၈၃၀ ပြည့်နှစ် မဂ္ဂင်း တစောင်တွင် ထည့်သွင်း ခဲ့သည်။ ထိုနောက် ၁၈၃၁ ခုနှစ်၌ 'ဒီကန်ကာ အနီး လယ်ယာတွင်းမှ ညနေခင်း' အမည်ရှိ ဝတ္ထုတို ညွှန့်ပေါင်းကိုင်း၊ ၁၈၃၅ ခုနှစ်၌ 'မာဂို ရော့' အမည်ရှိ ဝတ္ထုကိုင်း ရေးသား ထုတ်ဝေခဲ့သည်။ ယင်းစာအုပ် ၃ အုပ် စလုံးတွင် ဂိုဂါးသည် ယူကရိန်းနယ်နှင့် ယူကရိန်းကျေးတောနေများ၏ လောကကို ဖွဲ့နွဲ့ရေးသား ခဲ့လေသည်။ စာရေးဆရာ အဖြစ် အသိအမှတ် ပြုခြင်းခံရစ အခါ၌ ဂိုဂါးသည် မိမိငယ်စဉ်ဘဝက မိဖများနှင့် အတူ နေထိုင်ခဲ့ရစဉ် မြင်သိကြားနာခဲ့ရသော ယူကရိန်းနယ်၏ သဘာဝ အလှအပများ၊ယူကရိန်း ကျေးတောနေများ၏ ရှေးဟောင်း အလေ့အထ ထုံးတမ်းစဉ်လာနှင့် ဒဏ္ဍာရီ ပုံပြင်များ၊ ကော့ဆက် လူမျိုးများ၏ ရဲစွမ်းသတ္တိ ရှိပုံ များကို စိတ်ကူး ယဉ်ယဉ်နှင့် ဖတ်ချင့်စဖွယ် ရေးသားခဲ့ပေသည်။ အထက်ပါဝတ္ထုများကို ရေးသားခဲ့သောကြောင့် အချို့က ဂိုဂါးအား စိတ်ကူးယဉ်စာရေး ဆရာဟုပင် ခေါ်ခဲ့ကြသည်။ သို့သော် ၁၈၄၂ ခုနှစ်၌ခဲ့ထုတ်၍ အသစ်ပြန်လည်ရေးသားသော 'တာရစဗူလဗာ' ဝတ္ထုမှာ ဂိုဂါး၏ အကောင်းဆုံး ရာဇဝင်ဝတ္ထု တပုဒ် ဖြစ်သည်။ ယင်းဝတ္ထုတွင် ၁၆ ရာစုနှစ်က ပိုးလူမျိုးများနှင့် တားတား လူမျိုးများကို ယှဉ်ပြိုင် တိုက်ခိုက် ခဲ့သော ကော့ဆက် လူမျိုးများ၏ ရဲစွမ်းသတ္တိကို ပြောင်မြောက်စွာ ရေးသား ဖော်ပြထားပေသည်။ နောက် ပိုင်း၌ ရေးသားလာသော ဂိုဂါး၏ စာများသည် စိတ်ကူး ယဉ်ချက်များ လျော့ပါးလာ၍ အစစ်အမှန်ကို ဖော်သော

အရေးအသားများ အဖြစ် ပိုမို ထင်ရှား လာခဲ့သည်။ အထူးသဖြင့် ၁၈၄၂ ခုနှစ်၌ ရေးသားသော 'အပေါ်ဝတ်ကုတ် အင်္ကျီ' ဝတ္ထုတွင် စိန်ပီတာဗတ်မြို့နေ အောက်ကျဆင်းရဲသား လူတန်းစားတို့၏ ဘဝကို သရုပ်ဖော်ခဲ့ပေသည်။ ယင်း ၁၈၄၂ ခုနှစ်၌ ကိုဂါးသည် 'ဝိညာဉ်သေများ' ဝတ္ထုကြီးကို ရေးသား ခဲ့သည်။ ထိုဝတ္ထုကြီးတွင် ကိုဂါးသည် ကြေးရည်တတ် မြေပိုင်ရှင်၊ မြို့ရှင်ကြီးများ၏ လက်အောက်တွင် ကျရောက်နေကုန်သော ဌေဝယ်ကျွန်များ၏ လွတ်မြောက်ရေးကို ရဂ္ဂ တောကျေးလက်လောက သဘာဝ အဖွဲ့အနွဲ့များနှင့် ပေါင်းစပ်၍ လှုံ့ဆော်ရေးသား ခဲ့ပေသည်။ ကျေးကျွန်စံနစ်ကို အပြီးအပိုင် ဖျက်သိမ်းပစ်ရန်နှင့် ကျေးကျွန်ဘဝမှ လွတ်မြောက်ရေးကို တိုက်ခိုက်ဖန်တီးရန် ကြွေးကြော် လှုံ့ဆော်ရေးသားသော ဝတ္ထုကြီးဖြစ်လေရကား ဒုတိယပိုင်းကို ဆက်လက်ရေးသားရန် စီစဉ်သော အခါ၌ အာဏာပိုင်များ၏ တားမြစ် ပိတ်ပင် ခြင်းကို ခံခဲ့ရလေသည်။ 'ဝိညာဉ်သေများ' ဝတ္ထုသည် ကိုဂါး၏အကောင်းဆုံးလက်ရာဖြစ်လေသည်။

ကိုဂါးသည် ဝတ္ထုရေးဆရာ အဖြစ်ကျော်ကြားသည်သာမက ပြဇာတ်ရေးဆရာ အဖြစ်ဖြင့်လည်း ထင်ရှားလေသည်။ ၁၈၃၆ ခုနှစ်၌ ရေးသားသော 'အင်စပက်တာဂျင်နရယ်' ပြဇာတ်သည် သူ၏ အကျော်ကြားဆုံးသော ပြဇာတ်ဖြစ်သည်။ယင်းပြဇာတ်၌ ကိုဂါးသည် အရာရှိလူဆိုးလူညစ်များ၏ လောကကို ဟာသရသပေါ် လွင်စွာ ထိထိမိမိ သရော်လှောင်ပြောင်၍ ရေးသားခဲ့လေသည်။ ဇာတ်ကောင်များကို ရွေးချယ်ဖွဲ့နွဲ့ရာတွင်လည်း ပေါ်လွင်ပြောင်မြောက်လှပေသည်။


၁၈၄၃ ခုနှစ် နောက်ပိုင်း၌ ကိုဂါးသည် စာများ ရေးသားခြင်း မပြုခဲ့တော့ပေ။ လူ့လောကနှင့် ကင်းကွာ၍ နေခဲ့သည်။ ၁၈၅၂ ခု မတ်လ ၄ ရက်နေ့၌ ကိုဂါး ကွယ်လွန်လေသည်။ ယနေ့ ကိုဂါးအား သရုပ်မှန် ရှုရှုစာပေ၏ ဖခင်ကြီးဟူ၍ လေးစားစွာ ခေါ်ဝေါ်လျက်ရှိကြသည်။

ကိုဂါး အလေးစားဆုံး ခင်မင်အရင်းနှီးဆုံးသော ပုဂ္ဂိုလ်ကား ပွတ်ရှကင် ပင်ဖြစ်သည်။ ပွတ်ရှကင်၏ စာပေများကို ကိုဂါးသည် များစွာ မြတ်နိုးဆည်းပူးခဲ့သည်။ ပွတ်ရှကင် ကွယ်လွန်ချိန်၌ ကိုဂါးသည် ထောမမြို့၌ ရှိနေရာ ကွယ်လွန်သည့် သတင်းကို ကြားသော အခါ ပြင်းစွာ တုန်လှုပ်ချောက်ချားလျက် 'ပွတ်ရှကင်၏ သချိုင်း၌ ကျွန်ုပ်၏ သုခတို့ကို မြှုပ်နှံလိုက်ပြီ' ဟူ၍ ရေးသားခဲ့လေသည်။

ဂီးစမစ်, ဘို (ခရစ် ၁၇၃၀–၁၇၇၄)။ ။ကမ္ဘာကျော် အင်္ဂလိပ် စာရေးဆရာကြီးအော်လီဗာဂိုးစမစ်သည် အိုင်းရစ်လူမျိုးဖြစ်၍ ခရစ် ၁၇၃၀ ပြည့်နှစ်တွင် ဖွားမြင်သည်။ ဖခင်မှာ ခရစ်ယန် ဘုန်းတော်ကြီးဖြစ်သည်။ ဒဗ္ဗလင်မြို့ရှိ ထရင်နီတီ ကောလိပ်ကျောင်း၌ ပညာသင်ကြားနေစဉ် ကျောင်းစည်းကမ်းဥပဒေကို ချိုးဖောက် ဖျက်ဆီးသဖြင့် ၁၇၄၄ ခုနှစ်တွင် ပညာသင်ကြားမှု ရပ်ဆိုင်းခဲ့ရသည်။ ထိုသို့အပြစ်ပေးခံရသော်လည်း ၁၇၄၉ ခုနှစ်၌ ဝိဇ္ဇာဘွဲ့ထူးကို အထက်ပါ ကောလိပ်ကပင် ရရှိခဲ့သည်။

ဝိဇ္ဇာဘွဲ့ရှိပြီးနောက်တွင် ခရစ်ယန် သာသနာ အမှုထမ်း အဖြစ်သို့ ရောက်အောင် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထိုနောက် ဥပဒေပညာနှင့် ဆေးပညာရပ်များကို လေ့လာ လိုက်စားပြန်သည်။

၁၇၅၅ ခုနှစ်နှင့် ၁၇၅၆ ခုနှစ်အတွင်းက ဖလန်းဒါးနယ်၊ ပြင်သစ်၊ ဆွစ်ဇာလန်နှင့်ဂျာမဏီစသော ဥရောပတိုက်ရှိနိုင်ငံများသို့ ပြေတစင်းကို အဖော်ပြုလျက် လှည့်လည် လေ့လှည့်ခဲ့သည်။ လန်ဒန်မြို့သို့ ပြန်ရောက်လာသောအခါ အလွန်ဆင်းရဲ ငြိုငြင်စွာ ရှိသည်။ အမည် ဖော်ပြခြင်းမပြုသော တက္ကသိုလ်တခုမှ ဆရာဝန်ဘွဲ့ထူး ရရှိခဲ့သည်ဟုဆိုကာ ဆရာဝန်ဂေဝန်နှင့် သက်မွေးဝမ်းကျောင်း၍ နေထိုင်သော်လည်း စားလောက် နေလောက်ခြင်းမရှိသဖြင့် ယင်းအလုပ်ကို စွန့်လွှတ်လျက် အခကြေးငွေယူ၍ စာရွက်စာတမ်းတို့ကို ရေးပေးရသော အလုပ်ကို လုပ်ကိုင်ခဲ့သည်။



ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီးဂိုးစမစ်



အော်လီဗာဂိုးစမစ် ပြေတစင်းနှင့် ဥရောပတခွင် လှည့်လည်စဉ်

၁၇၆၁ ခုနှစ်၌ ဂိုးစမစ်သည်စာရေးဆရာကြီး ဒေါက်တာ ဂျွန်ဆင်နှင့် သိကျွမ်းပြီးနောက် ဒေါက်တာဂျွန်ဆင် တည်ထောင်သော နာမည်ကျော် 'လွတ်လပ်ရေးကလပ်' တွင် အသင်းဝင် လူကြီးတဦးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ (ဂျွန်ဆင်, ဆမ်မျှူယယ်—လည်းရှု။) သို့သော် ဂိုးစမစ်သည် ဆင်းရဲငြိုငြင်၍ ကြွေးမြီး ပတ်ချာဝိုင်းလျက် ပင် ရှိသေးသည်။ ၁၇၆၂ ခုနှစ်၌ကား ကမ္ဘာကျော် 'ဝိတ်ဖီး သင်းအုပ်' ဝတ္ထုကြီးကို ရေးသား၍ ပေါင် ၆၀ နှင့် ရောင်းချ လျက် ကြွေးမြီးကို ပေးဆပ်လိုက်လေသည်။ သို့သော် အထက်ပါ ဝတ္ထုကြီးသည် ၁၇၆၆ ခုနှစ်ရောက်သော အခါမှ ပုံနှိပ် ထုတ်ဝေဖြစ်သည်။

ထိုနောက် ဂိုးစမစ်သည် ဥရောပတခွင် လှည့်လည်ခဲ့သော ခရီးစဉ်များကို ၁၇၆၇ ခုနှစ်၌ 'ခရီးသည်ကြီး' အမည်ရှိ ကဗျာရှည်ကြီးဖြင့် မှတ်တမ်းရေးသား စီကုံးလိုက်လေသည်။ ထိုနည်းတူကျော်ကြားခဲ့သော ဂိုးစမစ်၏ အခြားကဗျာရှည်ကြီးတပုဒ်မှာ ၁၇၇၀ ပြည့်နှစ်တွင် စီကုံးရေးသားသည့် 'ရွာဖုန်းဆိုး' ပင်ဖြစ်သည်။ ယင်းကဗျာရှည်ကြီး၌ စက်မှုအရေးပုံကြောင့် ကျေးတောနေ လူများသည် မိမိတို့ကျေးရွာဒေသများကို စွန့်ပစ်လျက် စက်မှုထွန်းကားရာ မြို့ကြီးများသို့ ရွှေ့ပြောင်း နေထိုင်ကြပုံကို ရေးသား စီကုံးခဲ့သည်။ ဩဗန်းခေါ် မွေလျော်ဖွယ်ရာ ရွာကလေးကို ရွာသူရွာသားများက စွန့်ပစ် ထွက်ခွါသွားခဲ့ကြသည့် အကြောင်းကို ဂိုးစမစ်သည် ကရုဏာရသပေါ် လွင်အောင် ဖွဲ့ဆိုခဲ့လေသည်။

သို့သော် ဂိုးစမစ်၏ စာပေ အရေးအသားကို အဆုံးအဖြတ်ပေးလျက် ဂိုးစမစ်အား အထွတ်သို့ ပို့ဆောင် ပေးခဲ့သောစာပေကား ၁၇၇၃ ခုနှစ်၌ ရေးသားသော 'အောင်လို၍ အည့်ခံသည်' ဟူသော ပြဇာတ်ရှည်ကြီးပင် ဖြစ်သည်။ ယင်းပြဇာတ်ရှည်ကြီး သည် သူ၏ အကောင်းဆုံးသော လက်ရာပင်ဖြစ်ပေသတည်း။

ဂိုးစမစ်သည် စိတ်ရင်း သဘောထား ကောင်းမြတ် ဖြူစင်၏။ လူမှုရေးရာများ၌ လက်တွေ့ဖြစ်မြောက်စွာ ဆောင်ရွက်ခြင်းမရှိ။ တာဝန်လည်း မဲ့သူဖြစ်၏။ သို့သော် မိတ်ဆွေသင်္ဂဟ အပေါင်းတို့သည် သူ့ကို ချစ်ခင်ကြင်နာကြသည်။ ၁၇၇၄ ခုနှစ်ပြီလ ၄ ရက်နေ့၌ ကွယ်လွန်၍သူ၏အလောင်းကို တင်ပယ် ဘုရားရှိခိုးကျောင်း၌ သင်္ဂြိဟ် မြုပ်နှံသည်။ သူ့အား ချစ်ခင် သောလွတ်လပ်ရေးကလပ်အသင်းဝင် မိတ်ဆွေများက ဝက်စမင်စတာအက်ဗေး၌ သူ့အတွက် အထိန်းအမှတ် ကျောက်တိုင်ကို စိုက်ထူပေးကြလေသည်။



စပိန်လူမျိုး တော်လှန်ရေးအနုပညာရှင် ကိုးယာ

ကိုးယာ (ခရစ် ၁၇၄၆–၁၈၂၈)။ ။ကိုးယာသည် စပိန်အမျိုးသား နာမည်ကျော်ပန်းချီဆရာတဦးဖြစ်သည်။ သူ၏ နာမည် အပြည့်အစုံမှာ သေကိုးယာ၊ အီ၊ လူသယိန်းတေးဖြစ်သည်။ အသက် ၁၆ နှစ်တွင် ဟိုစေးလူဇန်မာတင်နက်ထံတွင် တပည့်ခံ၍ ပန်းချီပညာ သင်ကြားသည်။ ကိုးယာသည် အရပ်ထဲ၌ ကြီးပြင်းလာရသော ဆိုးပေ တေသည့် လူငယ်တဦး ဖြစ်၍ အခြားလူမျိုးနှင့် ရန်ဖြစ်ပြီးလျှင် မဒရစ်မြို့တော်သို့ ထွက်ပြေးရသည်။ ငယ်စဉ်ကတည်းက သတ္တိ ဗျတ္တိရှိ၍ ခရီးလှည့်လည် သွားခြင်းကို နှစ်သက်သည်။ ပန်းချီဆွဲခြင်း၊ ပန်းရေးခြင်း၌ နဂိုဗီဇ ပါလာသဖြင့် ငယ်စဉ်ကပင် ပန်းချီဖက်၌ ဉာဏ်ထက်မြက်ခဲ့၏။ ပန်းချီပညာ အပြင် အတီးအမှုတ် တူရိယာ ဂီတဖက်၌လည်း ထူးချွန်သေး၏။ ကိုးယာသည် တီးတတ် မှုတ်တတ်သဖြင့် ပေါင်းသင်းဆက်ဆံမှု နယ်ပယ်သို့ ဝင်ရန်လှုယ်ကူရကား မိတ်ဆွေ သူငယ်ချင်း အလွန်ပေါ၏။ ဆင်းရဲချမ်းသာ မရွေး သူ့ကို အလွန်ခင်မင်ကြ၏။ ဆင်းရဲသော သူများကို သူသည် များစွာ သနားတတ်၏။ သူသည် ဆင်းရဲသူ ဆင်းရဲသား တို့၏ နေမှု၊ ထိုင်မှု၊ အသက်မွေးမှု တို့ကို ဂရုစိုက်ကြည့်ကာ ပန်းချီအရုပ်ကားတို့ဖြင့် ဆင်းရဲသား လောကကို သရုပ်ဖော်ခဲ့၏။

ကိုးယာသည် အနုပညာနှင့် အကျိုးပေးမည့်သူ ဖြစ်ထူသူ ရေးဆွဲလိုက်သော ပန်းချီကား များများ သူမတူအောင် ကောင်းမွန်၍ အသက်ပါလှ၏။ မာတင်နက်ထံ၌ ပန်းချီပညာများ ဆည်းပူးပြီးနောက် မဒရစ်မြို့တော်ရှိ ဗေယူထံတွင် ဆက်လက် ပညာသင်ကြားယင်း ဗေယူ၏ သမီးနှင့် လက်ထပ် လိုက်လေသည်။ ထိုနောက် ပန်းချီဖက်၌ ဗဟုသုတပိုမိုရနိုင်ရန် ဣတလီနိုင်ငံသို့ ခရီးလှည့်လည် သွားပြီးလျှင် ရောမမြို့တွင် အတော်ကြာကြာ နေ၍ ရောမပန်းချီအမျိုးမျိုးကို လေ့လာလေ၏။ ထိုမြို့သူ မြို့သား တို့၏ နေမှု၊ ထိုင်မှု၊ အသက်မွေးမှု စသည်တို့ကိုလည်း ဆည်းပူးခဲ့၏။ ၁၇၇၂ ခုနှစ်တွင် ပါးမား အနုပညာတံခွန်ကျောင်းမှ ကျင်းပသော ပန်းချီပြိုင်ပွဲ၌ ကိုးယာသည် ဒုတိယဆုကို ဆွတ်ခူးခဲ့လေသည်။ ဣတလီမှ ပညာများ ဆည်းပူးခဲ့ပြီးသော် စပိန်နိုင်ငံသို့ပင် ပြန်လာ၍ ပန်းချီဆရာ အဖြစ် အသက်မွေးလေသည်။ ၁၇၇၅ ခုနှစ်တွင် မဒရစ်မြို့ စပိန်အမျိုးသားပန်းချီပြတိုက်ထဲရှိ အမြိတ်ပန်းများ အတွက် ကာတွန်းရုပ်ပြောင်များရေးဆွဲ ပေးရသည်။ ၁၇၈၀ ပြည့်နှစ်တွင် ကာတွန်းရုပ် ၂၀ ခန့် ရေးဆွဲပြီးရာ ထိုကာတွန်းရုပ်များသည် ကာတွန်းပညာကို တမျိုးတဖုံ ပြောင်းလဲတိုးတက် စေခဲ့သည်။ ၁၇၈၅ ခုနှစ်တွင် အနုပညာတံခွန်ကျောင်း၌ ညွှန်ကြားရေးဝန် ဖြစ်လာ၍ နောက်တနှစ်တွင် နန်းတွင်းပန်းချီတော် အဖြစ် ခန့်ထားခြင်းခံရသည်။ သူသည် ဝယ်လင်တန်နယ်စားနှင့် အခြားနာမည်ကျော် ပုဂ္ဂိုလ်ကြီးများ၏ ပုံကို ရေးဆွဲရ၏။

ကိုးယာသည် စားဆေးနှင့် ပုံရေးရာ၌လည်း ကျွမ်းကျင်သူဖြစ်သည်။ စားဆေးနှင့် ရေးဆွဲထားသော သူ၏ ပုံ ၃ ပုံမှာ •ကျော်စောလှသည်။ ပဌမပုံမှာသူ့ ခေတ်က လူများ၏ မသမာမှုများကို ဖော်ပြထားသည်။ ဒုတိယ ပုံမှာ နွားတိုက်ပွဲပုံများ ဖြစ်သည်။ တတိယပုံကား စပိန်နိုင်ငံထဲသို့ ဝင်ရောက်တိုက်ခိုက်သော ပြင်သစ် စစ်သားများ၏ ကြမ်းကြုတ်ရက်စက်ပုံကို ဖော်ပြထားသည်။

ကိုးယာသည် အနုပညာဖြင့် တော်လှန်ရေး ဝါဒကို လက်ကိုင်ထားသူ ဖြစ်၏။ စပိန်ပြည်တွင်းရေး မငြိမ် မသက် ဖြစ်သောအခါကိုးယာ၏ လုပ်ငန်းကို များစွာ ထိခိုက်လာ၏။ စပိန်၏ ရန်သူ ဖြစ်သော ပြင်သစ်တို့ကို ကိုးယာသည် အားပေး အားမြှောက် လုပ်၏။ ထိုကြောင့် စပိန်တို့က သူ့အပေါ် ငြိုးထား၍ ရန်ရှာလေသည်။ နောက်ဆုံး၌ သူသည် စပိန်နိုင်ငံမှ ထွက်ခွါသွားရတော့၏။ သို့ရာတွင် သူ၏ပန်းချီကားများကမူ အတိဒုက္ခရောက်သော စပိန်တို့ကို သနားကြင်နာကြောင်း သက်သေခံလျက် ရှိသည်။ စပိန် အမျိုးသားပြတိုက်ရှိ အမြိတ်ပန်းများ အတွက် ခဝါသည် မိန်းမပုံ၊ သိုးစီးနေသော ကလေးပုံ စသည်များကို ရေးဆွဲ ထားခဲ့၏။ ထိုခေတ်က စပိန်နိုင်ငံ၏ တောင်ယာတောမှ ဆင်းရဲသား

များနှင့် လမ်းမနှပါ်မှ လူထု၏ ဘဝကို ကိုးယာက ပန်းချီဖြင့် ရုပ်လုံးဖော်ထားသည်။

၁၈၂၂ ခုနှစ်တွင် ကိုးယာသည် စပိန်နိုင်ငံမှ ပြင်သစ်နိုင်ငံ ပါရစ်မြို့တော်သို့ ထွက်ခွာ ခဲ့၏။ ၅ နှစ် နေပြီးသော် မဒရစ်မြို့ သို့ ခေတ္တ ပြန်သွားကာ တဖန် ပြင်သစ်သို့ ပြန်လာခဲ့ပြီး လျှင် ဗော်ဒိုးမြို့၌ နေလေ၏။ ၁၈၂၈ ခုနှစ်ပြီလ ၂၆ ရက် နေ့တွင် ပြင်သစ်နိုင်ငံ ဗော်ဒိုးမြို့၌ပင် ကွယ်လွန် အနိစ္စရောက် လေသည်။ ကိုးယာသည် သူ၏ အနုပညာမျက်စိဖြင့် မြင်သမျှ ကို မည်သူ့မျက်နှာကိုမျှ မထောက်ဘဲ ရေးဆွဲတတ်သည်။ သူရေးဆွဲထားသော ဘုရင် မိဖုရားနှင့် မှူးမတ်များ၏ ရုပ်ပုံများသည် တောက် ပြောင်သော ဆေး ရောင် များ ဖြင့် ထင်ထင် လင်းလင်း ရေးဆွဲထားသဖြင့် သူတို့၏ စိတ် ဓာတ်၊ စရိုက်နှင့် အရည်အသွေးကို ကောင်းစွာ သိရှိ နားလည်ကြောင်း ထင် ရှား သည်။ သူသည် ပုံတူ တခုကို ၂ နာရီနှင့် အပြီး ရေးဆွဲ နိုင် သော ဟူ၏။



ပုံတူရေးပန်းချီကျော် ကိုးယာ၏ လက်ရာ

ဂေါက်သီးကစားနည်း။ ‘ဂေါ်’ ဟူသော အင်္ဂလိပ် စကားကို မြန်မာ ဆန်ဆန် ဂေါက်သီးဟု ခေါ်ကြသည်။ ထို အမည်ကို စတင် သုံးစွဲသူ မှာ ခေတ်စမ်း စာပေသမား တဦးဖြစ်သူ သိပ္ပံ မောင်ဝ အ မည်ခံ ဦးစိန်တင်ပင် တည်း။ (စိန်တင်၊ဦး—ရှု။) ဤသည် မှစ၍ ဂေါ်ရိုက်ခြင်းကို ဂေါက် သီး ကစားသည်ဟု ပြောဆို လာကြ၏။ ဂေါက်သီး ကစားခြင်းမှာ ဂေါက်သီးကွင်း တ လျှောက်တွင် ဂေါက်သီးရိုက်တံ အမျိုးမျိုး တို့ဖြင့် ဂေါက် သီးကို ရိုက်၍ သတ်မှတ် ထားသော ကျင်းအတွင်းသို့ ဝင် အောင် သွင်းခြင်းပင် ဖြစ်သည်။ စံနစ်တကျ ပြုလုပ်ထား သော ဂေါက်သီးကွင်းတွင် ကျင်းပေါင်း ၁၈ ကျင်းမျှ ရှိလေ သည်။ စ၍ရိုက်ရသော တီးမှေါ် နေရာနှင့် ကျင်းတို့၏ အကွာ အဝေးမှာ တခု နှင့် တခု မတူညီ ကြချေ။ ကိုက် ၁၀၀ မှ ကိုက် ၅၀၀ အထိကွာတတ်သည်။

တီးမှာ ၁၂ ပေပတ်လည်ခန့် ကျယ်ပြန့်သော မြေကွက် ကလေးဖြစ်၏။ ထိုမြေကွက်မှ ဂေါက်သီးကို စတင်၍ရိုက်သော အခါ ဂေါက်သီးကို သစ်သားငုတ်ပေါ် ၌ ဖြစ်စေ၊ သဲပုံပေါ် ၌ ဖြစ်စေ စူ၍ထားရသည်။ ပဌမအကြိမ် ရိုက်ရန် စူပေးထား သော ဂေါက်သီးကို ဂေါက်သီးရိုက်သူသည် လက်နှင့် ကိုင်ခွင့် ရှိ၏။ နောက်တွင် ကျင်းအတွင်းသို့ သွင်းလိုက်သည်အထိ သင့်တော်ရာ ဂေါက်သီးရိုက်တံတို့ကိုသာ အသီးသီး အသုံးပြု သွားရ၏။ အလှူး၊ အနံ ပေ ၄၀ ခန့်စီရှိ၍ ညီညာသည့် မြက်ခင်းပြင်၏ အလယ်တွင် အချင်း ၄½ လက်မ ရှိသော ကျင်းရှိ၏။ ထိုမြက်ခင်းပြင်ကို ဂရင်း ဟုခေါ်သည်။ တီး နှင့်ဂရင်းအကြားတွင် ဂေါက် သီးရိုက်ရန် မြက်ပင်များကို အညီအညာ ရိတ်ဖြတ် ရှင်း လင်းထားသော ဗဲယားဝေး ခေါ် ဂေါက်သီးလမ်းကြောင်း ရှိသည်။ ဂေါက်သီး လမ်းကြောင်းနှင့် တကွဂရင်း မြက်ခင်းပြင်တို့၏ ပတ်ဝန်း ကျင်တွင် ရေအိုင်ငယ်၊ ချိုင့် ငယ်၊ တောင်ပူစာ ကလေး စသော အဆီးအတား များ ကို သင့်တော် သလို ပြုလုပ် ထားနိုင်လေသည်။ ထိုအဆီး အတား များကို ဂေါက် သီး ရိုက်သူတို့က ဗန်ကာဟု ခေါ် ကြသည်။ အဆိုပါ ဗန်ကာ ခေါ် အဆီး အတား များ သည် မူလကပင် သဘာဝအ တိုင်း တည်ရှိ နေကြ သည် လည်းရှိ၏။ ထိုသို့မဟုတ်လျှင် ကစားသူများက ဖန်တီး ယူ ကြရသည် လည်း ရှိသည်။ ဗန်ကာများမှာ ပေါ့ပေါ့ဆဆ သဘောထားပါက ကစားကြ သူများအတွက် ထောင်ချောက်များပင် ဖြစ်တော့သည်။ အဆိုပါ ထောင်ချောက်များထဲသို့ ကျသွားသော ဂေါက် သီးကို အပြင်သို့ရိုက်ထုတ်ရန်မှာ မလွယ်ကူ လှပေ။ ကျမ်း ကျင်သော ကစားသူများသာလျှင် ဂေါက်သီးကို ထိုထောင် ချောက်များမှ လွတ်အောင် ရိုက်ထုတ်နိုင်ကြပေသည်။

ဂေါက်သီးကစားရာတွင် ဂေါက်သီးရိုက် သူတို့သည် ဂေါက် သီးကို ကျင်းအသီးသီးအတွင်းသို့ တကျင်းပြီးလျှင် နောက် ကျင်း၏တီးမှစ၍ ဆက်ကာဆက်ကာ အချက်အနည်းဆုံးနှင့် ရိုက်သွင်းနိုင်ရန် အားထုတ်ကြရသည်။ သာမန်အားဖြင့်



သာယာသည်မြက်ခင်းပေါ် တွင်ဂေါက်သီးကစားနေကြပုံ

၄ ချက်ရိုက်လျှင် တကျင်းသွင်း နိုင်သည်ဖြစ်ရာ ၁၈ ကျင်း စလုံးအောင်၍ တပဲ့ရရန် ၇၂ ချက်မျှ ရိုက်ကြရလေသည်။ ခရစ် ၁၉၂၆ ခုနှစ် ၁၉၂၇ ခုနှစ်များတွင် ဗိုလ်စွဲခဲ့သော အမေရိကန်လူမျိုးဗော်ဗီကျွန်းဆိုသူသည် ထိုထက်ပင်အချက်နည်း၍ရိုက်ကာ အောင်ပွဲယူခဲ့ဘူးလေသည်။

ဂေါက်သီးမှာ ကြက်ပေါင်စေး ဘောလုံးကလေး ဖြစ်၍ အချင်း ၁.၆၈ လက်မ အနည်းဆုံးရှိရပြီးလျှင် အလေးချိန် ၁.၆၂ အောင်စထက် မပိုရချေ။ အမျှားသုံးဖြစ်သောဂေါက်သီးရိုက်တံမှာ အလျား ၄၂ လက်မမှ ၄၃ လက်မအထိရှိ၍ အလေးချိန် ၁၃ အောင်စနှင့်၁၄ အောင်စအကြားဘ်ရှိသည်။ ဂေါက်သီး ရိုက်တံခေါင်းများကို နေရာအမျိုးမျိုးတို့ဘ် ရိုက်နိုင်ရန် ရည်သန်လျက် ပုံမျိုးစုံပြုကာ သစ်သားဖြင့်၎င်း၊ သံဖြင့်၎င်း ပြုလုပ်ထား သည်။ ဂေါက် သီး ရိုက် သူတဦးလျှင် ဂေါက်တံ ၆ မျိုးမျှ အနည်းဆုံးထား၍ ကစားလေ့ရှိ၏။ ထို့ကြောင့် ဂေါက်သီးကွင်းတွင် ဂေါက်တံအိတ်များကို လွယ်၍ ဂေါက်သီးရိုက်သူနောက်သို့ လိုက်နေကြသော ကယ်ဒီခေါ် သူငယ်ကလေးများကို တွေ့နိုင်လေသည်။

ဂေါက်သီးကို တယောက် တဖက် သို့မဟုတ် အဖော်များနှင့် ၂ စုခွဲကာ ကစားနိုင်သည်။ အများအားဖြင့်ကား တယောက်ချင်း သူနိုင်ကိုယ်နိုင် ကစားလေ့ရှိကြ၏။ တခါတရံလည်း တဖက် ၂ ယောက် နေ၍ အပြိုင်အဆိုင်ကစားတတ်ကြသည်။

ဂေါက်သီးရိုက် သူသည် ရှခင်းသာယာ၍ ကြည်နူးဖွယ်ကောင်းသော မြက်ခင်းပေါ် တွင် လေကောင်း လေသန့်ကို ရှူ။ ရိုက်ရသောကြောင့် စိတ်ကြည်လင်ရွှင်လန်းခြင်း၊ ကိုယ်လက်လှုပ်ရှားရ၍ အညောင်းအညာ ပြေပြီးလျှင် ကျန်းမာလာခြင်း၊ အကိုင်အတွယ် အချိန် အဆတို့ဘ် ကျွမ်းကျင်ခြင်းစသော အကျိုးထူးများအပြင် ယဉ်ကျေး မြင့်မြတ်သည့် စိတ်ထား များကိုလည်း မွေးမြူ ရရှိ လာနိုင်သော ကြောင့် ဂေါက်သီးကစားခြင်းသည် ကိုယ်လက် လှုပ်ရှားကစားနည်း အမျိုးမျိုးတို့တွင် နှစ်သက်ဖွယ်အကောင်းဆုံးကစားနည်းဟု ဆိုနိုင်ပေသည်။ သို့သော် ဂေါက်သီး အသင်း ဝင်ကြေး၊ ဂေါက်သီး ဂေါက်တံတို့၏ တန်ဖိုး စသော စရိတ်များမှာ အတော်ပင် ကြီးမားပေသည်။

ဂင်မြို့။ ။ဗဲလ္ဂျီယမ်နိုင်ငံ၊ဗရပ်ဆဲမြို့တော်၏ အနောက်မြောက် ၃၁ မိုင်ကွာ ဆက့်နှင့် လီမြစ် ၂ သွယ်တို့ ပေါင်းဆုံရာ၌ ဂင်မြို့တည်ရှိ၏။ မြစ်နှင့်တူးမြောင်းများကြောင့်မြို့သည် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေ၍တန်တားပေါင်း ၂၀၀ ကျော် တို့ဖြင့် ဆက်သွယ်ထားရသည်။

ရှေးမြို့ဟောင်းကြီး ဖြစ်သောကြောင့် အဆောက်အအုံဟောင်းများရှိလေသည်။ သို့သော် ခေတ်မှီသည့် နေရာဌာနများစွာပင်ခေတ်မှီသည်။ ဖလန်းဒါးနယ်၏ အချက်အခြာမြို့လည်း ဖြစ်သည်။ ထူးခြားထင်ရှား၍ စိတ်ဝင်စားဖွယ်ကောင်းသော အဆောက်အအုံကြီးမှာ စိန့်ဗဗွန်ကသီဒရယ် ဘုရားရှိခိုးကျောင်းကြီးဖြစ်၍ ၁၃ ရာစုနှစ်လောက်က တည်

ထားခဲ့သည့် ဘုန်းကြီး ကျောင်းများ၊ သီလရင် ကျောင်းများလည်း ရှိ၏။ ဖလန်းဒါး နယ်စားကြီး ဆောက်လုပ်ထားခဲ့သည့် အလယ်ခေတ်မှ ခန်းနားလှသော ရဲတိုက်ဟောင်းကြီးမှာ မြို့၏ကျက်သရေဆောင် ရှေးဟောင်းအဆောက်အအုံကြီး ဖြစ်လေသည်။

• ဗဲလ်ဂျီယမ်နိုင်ငံ၏ စက်မှုထွန်းကားရာ မြို့ကြီးဖြစ်သည့် အတိုင်း ခြည်ထည်၊ သက္ကလတ်ထည်၊ သိုးမွေးထည် ရက်လုပ်သော လုပ်ငန်းများရှိ၏။ ဆပ်ပြာချက်ခြင်း၊ သားရေနယ်ခြင်း၊ ဂုံလျှော်ထုတ်ခြင်း၊ စက္ကူလုပ်ခြင်း၊ ဆေးရွက်များ ပြင်ဆင်ခြင်း၊ စက်ပစ္စည်းများပြုလုပ်ခြင်း စသော လုပ်ငန်းများမှာလည်း အတော်ပင်ကြီးကျယ်သည်။

ဂင့်မြို့မှာ ၇ ရာစုနှစ်မှစ၍ ဥရောပသမိုင်းတွင် ထင်ရှားသော မြို့တမြို့ဖြစ်ခဲ့ရာ၊ ၁၈၁၄ ခုနှစ်တွင် နယ်သာလန် နိုင်ငံထဲသို့ ပါဝင်ခဲ့၍ ၁၈၃၀ ပြည့်နှစ်တွင်မှ ဗဲလ်ဂျီယမ် မြို့တမြို့ဖြစ်လာ၏။ လူဦးရေ ၁၆၀,၀၀၀ ကျော်ရှိသည်။ ပဌမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့ သိမ်းပိုက်ထားခြင်း ခံခဲ့ရသဖြင့် အထူးပျက်စီးခဲ့၏။

ဂင်္ဂါမြစ်။ ။ဗုဒ္ဓဝင်နှင့် ရှေးဟောင်း နိပါတ် ပုံပြင်များ၌ ကျွန်ုပ်တို့ကြားဘူးနားဝရှိနေသော ဂင်္ဂါမြစ်သည် ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၁၀,၄၀၀ ကျော်မြင့်သော ဟိမဝန္တာတောင်တန်းများရှိ ရေခဲဂူကြီးတခုအတွင်းမှ စတင်မြစ်ဖျားခံသည်။ တောတောင်အထပ်ထပ်ကို ကျော်လွှန်ခဲ့ပြီးသည့်နောက် အိန္ဒိယပြည်၏ ကျယ်ပြန့်သော လွင်ပြင်ကြီးများကို ဖြတ်သန်းစီးဆင်းခဲ့လေသည်။ မြစ်လက်တက်များ ပေါင်းစပ်စီးဝင်ခြင်းမပြုမီ ဂင်္ဂါမြစ်ကြောင်းမှာ ရေအလွန်တိမ်၍ သဘော်ကြီးများ ဆန့်တက် သွားလာခြင်း မပြုနိုင်ချေ။ နုံးမြေလွင်ပြင်တလျှောက် စီးဆင်းခဲ့ရသဖြင့် မြစ်ကြောင်းမှာ အလွန်ကွေကောက်ပြီး လျှင် မြစ်ရေမှာ ကြည်လင်ခြင်းမရှိ ရေစီးလည်းအလွန်နှေးသည်။

ဂင်္ဂါမြစ် လမ်းခရီးတဝက်၌ မြစ်အတွင်းသို့ ယမုနာမြစ်လက်တက်ကြီး စီးဝင်သည်။ ထိုမြစ်နှစ်သွယ်အကြားရှိဒုံအပ်မြေခေါ် စပ်ကြားလွင်ပြင်သည် ကောက်ပဲသီးနှံစိုက်ထုတ်မြေ သြဇာ အကောင်းဆုံး ဖြစ်သဖြင့် လူဦးရေမှာလည်း ကမ္ဘာပေါ်တွင် အထူထပ်ဆုံး ဒေသတခု ဖြစ်လေသည်။

ဂင်္ဂါမြစ်ကမ်းတွင် ဗာရာဏသီမြို့၊ ပါတလိပုတ်ဟု တွင်ခဲ့သော ပတ္တနာမြို့နှင့် ကွန်ပိုမြို့ကြီးများ ရှိသည်။ ဂင်္ဂါမြစ် အတွင်းသို့ ဂုမ္ဘတီ၊ ဂေါ်ဂရာ၊ ဂန်ဒတ် မြစ် လက် တက်များ စီးဝင်ကြ၏။

လွင်ပြင်ကြီး တလျှောက် အရှေ့တောင် ယွန်းယွန်းသို့ တဖြည်းဖြည်း စီးဆင်းခဲ့ရာ ကာလကတ္တားမြို့မှ အထက်မိုင် ၂၀၀ ခန့်ဝေးသည့် နေရာတွင်မြစ်ညာမှ နုံးမြေများစွာ သယ်ယူခဲ့သော ဗြဟ္မပုတ္တရမြစ်နှင့် ပေါင်းဆုံသည်။ ထိုအခါ ကျယ်ပြန့်သော မြစ်ဝကျွန်းပေါ် ဒေသများကို ဖြစ်ထွန်း စေလျက် ဗင်္ဂလားအော်ထဲသို့ မြစ်ကြောင်း များစွာခွဲပြီးလျှင် စီးဝင်လေသည်။ ဟူဂလီမြစ်မှာ ရေကြောင်း အလွန်နက်သဖြင့် ပင်လယ်မှ မိုင် ဂဝ ဝေးသောကာလကတ္တားမြို့တိုင်အောင် ပင်လယ်ကူးသဘော်ကြီးများ ဝင်ထွက်နိုင်၏။ မြစ်ဝကျွန်းပေါ် ဒေသများတွင် ရှဉ့်ညွန် လတာပြင်ကြီးများနှင့် ကိုင်းတောကြီးများ ရှိခြင်းကြောင့် သားရဲတိရစ္ဆာန်များ၊ ကျားများနှင့် မိကျောင်းများ အထူး ပေါများလေသည်။

အယူဝါဒရေးအားဖြင့် ဂင်္ဂါမြစ်သည် ဟိန္ဒူလူမျိုးများအထွတ် အမြတ်ထားအပ်သော မြစ်ဖြစ်၏။ ဂင်္ဂါမြစ်ရေကို



ဂင့်မြို့၏ ကျက်သရေဆောင် ရဲတိုက်ဟောင်းကြီး

ပန်းများ စိုက်ပျိုးရောင်းချရာတွင် နာမည်ရသော မြို့ဖြစ်၍ ၅ နှစ်တကြိမ် တည်ခင်း ပြသသော ပန်းပြပွဲကြီးမှာ အထူးထင်ရှား ကျော်စောလေသည်။

အလွန် လှပ ကျယ်ပြန့်သော ပန်းဥယျာဉ်ကြီးများနှင့် လမ်းလျှောက်ရန် စင်္ကြံများ ရှိသဖြင့် ရှုခင်းသာယာသော မြို့ကြီးတမြို့ဖြစ်သည် ဟုဗဲလ်ဂျီယမ်နိုင်ငံတဝှမ်းတွင် ကျော်စော၏။ ပန်းပင်များကိုလည်း ရောင်းချသဖြင့် တခါတရံ 'ပန်းမြို့တော်ကြီး' ဟု ခေါ်တွင်လေသည်။

ချိုးခြင်းဖြင့် မကောင်းမှုမှ စင်ကြယ်စေသည်ဟူ၍ ယူဆကြသည့်ပြင် ဟိန္ဒူလူမျိုးများ ကွယ်လွန်လျှင် သူတို့၏အရိုးပြာကို ဂျွင်္ဂါမြစ်ထဲသို့ စွန့်ပစ်နိုင်ပါက ကောင်းချမှန်ချာသို့ ကေန်ထောက်နိုင်မည်ဟု ယုံကြည်ကြသည်။

ဂင်္ဂါမြစ်နှင့် လက်တက်များသည်မိုးတွင်း၌ ပတ်ဝန်းကျင်ဒေသများကို ရေလွှမ်းမိုးလျက် နုံးမြေများကို တင်စေသဖြင့် ထိုအရပ်များ၌ မြေဩဇာအလွန်ထက်သန် ကောင်းမွန်ပြီးလျှင် သန်းပေါင်းများစွာသော လူတို့၏ နေထိုင်စားသောက်မှုကို လွယ်ကူစေ၏။ ဆန်စပါး၊ ဂျုံ၊ ဝါဂွမ်း၊ ဟင်းခတ်အမွှေးအကြိုင်၊ ဂုံလျော်များ ကောင်းစွာဖြစ်ထွန်းသည်။

ဂင်္ဂါမြစ်သည် မိုင်ပေါင်း ၁၅၅၇ မိုင်ရှည်လျားး၍ မြစ်ဝမှ မိုင် ၇၀၀ ကျော်ဝေးသော ကွန်ပိုမြို့အထိသင်္ဘောများဆန်တက်သွားလာနိုင်ပြီးလျှင် အိန္ဒိယပြည် လွင်ပြင်ကြီး၏ ဗဟို ရေကြောင်းလမ်းမကြီးပင် ဖြစ်လေသည်။

ဂစ်ဗန်, အက်ဒွပ် (ခရစ် ၁၇၃၇–၁၇၉၄)။ ။ရောမနိုင်ငံကြီး ပျက်စီး ယိုယွင်းပုံသမိုင်းကို ရေးသား ပြုစုခဲ့သော နာမည်ကျော် စာရေးဆရာကြီး အက်ဒွပ်ဂစ်ဗန်သည် ခရစ် ၁၇၃၇ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့ အနီးရှိ ပတ္တနီမြို့၌ ဖွားမြင်သည်။ မိဖတို့မှာ ဌေကြေးတတ်နိုင်သူများဖြစ်၏။ဂစ်ဗန်သည် ငယ်စဉ်က ချူချာလှသဖြင့် ကျောင်းကိုပင် မှန်မှန်မတက်နိုင်ခဲ့ချေ။ သို့ရာတွင် စာများစွာ ဖတ်ခဲ့သူဖြစ်၍ ပညာဗဟုသုတ ပြည့်စုံပြီးလျှင် အသက် ၁၅ နှစ်တွင် အောက်စဖို့တက္ကသိုလ်၊ မောဒလင် ကောလိပ်ကျောင်းသို့ တက်ရောက်ခဲ့သည်။ သို့ရာတွင် မကြာမီ ဗရင်ဂျိုကိုးသို့ ကူးပြောင်းသွားသဖြင့် သူ၏ဖခင်က သူ့ကို အောက်စဖို့ တက္ကသိုလ်မှ ထုတ်လိုက်သည်။ ထိုနောက် ဂစ်ဗန်ကို ဆွစ်ဇာလန်နိုင်ငံ လိုဇန်းမြို့ရှိ ပရိုတက်စတန့် ဘုန်းကြီးတပါးထံတွင် အပ်နှံ၍ ပညာသင်ကြားစေ၏။ ထိုမြို့တွင် ဂစ်ဗန်သည် ၅ နှစ်ကြာခဲ့၏။ ဆွစ်ဇာလန်နိုင်ငံ၌ ပညာသင်ကြားရသည်မှာ ပြင်သစ်ဘာသာနှင့်ဖြစ်သဖြင့် ပဌမသော်အင်္ဂလိပ် ကျောင်းသားကလေး ဂစ်ဗန်အတွက် များစွာ ခက်ခဲနေလေသည်။ သို့သော်လည်း ဆရာဘုန်းကြီးက အစစအရာရာသွန်သင်ဆုံးမသဖြင့် ဂစ်ဗန်မှာ မကြာမီ ပြင်သစ်ဘာသာကို လေ့လာဆည်းပူးနိုင်၏။ ဂစ်ဗန်သည် နဂိုကပင် စာဖတ်ဝါသနာ ပါသူဖြစ်၍ ယခုကဲ့သို့ ဝေးလံသောအရပ်၌ တယောက်တည်း လာနေရစဉ် စာအုပ်ကိုသာအဖော်ပြု၍ မျက်နှာနှင့်စာ အမြဲတပ်လျက် ရှိခဲ့၏။ ထိုသို့ ပညာသင်ကြားယင်း ဆရာဘုန်းကြီးက အယူဝါဒတရားကို တစိမ့်စိမ့် နားဝင်အောင် ဟောပြလေရာ ဂစ်ဗန်မှာ ပရိုတက်စတန့်ဂိုဏ်းဝင်တဦး ပြန်ဖြစ်လာပြန်၏။ လိုဇန်း၌နေ၍ ၅ နှစ်မျှ ကြာသော် ပျင်းရိ ငြီးငွေ့လာသဖြင့် အင်္ဂလန်သို့ တဖန်ပြန်ခဲ့၏။ ၁၇၅၈ ခုနှစ်တွင် အင်္ဂလန်ပြည်သို့ ပြန်ရောက်သောအခါ ပြင်သစ်ဘာသာဖြင့် စာပေလေ့လာမှုအကြောင်း ကျမ်းတကျမ်းပြုစုလေသည်။



ဗာရာဏသီမြို့၏ တဖက်ကမ်းမှ တွေ့မြင်ရသော ဂင်္ဂါမြစ်



ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကမ္ဘာပေါ်တွင် ထင်ရှားသော ဂုတ်ထိပ်တန်တား

ဂစ်ဗန်, အက်ဒွပ်

၁၇၇၄ ခုနှစ်တွင် အောက်လ့တ်တော် အမတ်ဖြစ်သည်။ ၁၇၇၆ ခုနှစ်တွင် 'ရောမနိုင်ငံတော်ကြီးပျက်စီးပုံ' ခေါ် နိုင်ငံသမိုင်းကျမ်းကြီးကို စတင်ထုတ်ဝေသည်။

နိုင်ငံသမိုင်း ကျမ်းကြီးမှာ အင်္ဂလိပ်ဂန္ထဝင်တွင် မှတ်တမ်းတင်လောက်သော ကျမ်းကြီး တစောင်ဖြစ်၍ အတွဲ ၆ တွဲရှိ၏။ ၁၇၇၆ ခုနှစ်မှ ၁၇၈၈ ခုနှစ်အတွင်း ၁၂ နှစ် ကာလ ပတ်လုံး ဂစ်ဗန်သည် ထိုကျမ်းကြီး ထွက်အောင် ကြိုးစားခဲ့ရ၏။ ကျမ်းကြီးကို ပြုစုနိုင်အောင် ရောမနိုင်ငံနှင့် သက်ဆိုင်သည့် အချက်အလက်တို့ကို ရှာဖွေရာ၌ ဂစ်ဗန်သည် စာတွေ့မဟုတ်ဘဲ ကိုယ်တွေ့ဖြစ်အောင် သူကိုယ်တိုင် ဣတလီမြေကို နှင်းကာ ခရီးလှည့်လည်ခဲ့၏။ အကြောင်းအရာများကို သူ စိတ်၌ သေချာတိကျမှ ရေးသားလေ့ရှိ၏။ သူ၏ နိုင်ငံသမိုင်းတွင် နိုင်ငံရေး၊ ဘာသာရေးနှင့် စစ်မက်ရေးများကို အသားပေးထား၍ စီးပွါးရေး၊ ဘဏ္ဍာရေး၊ ပေါင်းသင်းဆက်ဆံရေးများကို မြုပ်ထား၏။ သို့သော်လည်း ဂစ်ဗန်၏ ရောမနိုင်ငံတော်ကြီး ပျက်စီးပုံ သမိုင်းကျမ်းကြီးကို သမိုင်းစာစောင် အဖြစ် ၎င်း၊ ဗဟုသုတ ဖြစ်ဖွယ် စာပေ တရပ် အဖြစ် ၎င်း လူတိုင်း လက်ခံ နှစ်သက်ကြပေသည်။ သူ၏ စာ အရေးအသားမှာ ပြေပြစ် ချောမောပြီးလျှင် ဖတ်ရှု၍ မငြီး နိုင်အောင် ခန့်ညား ကောင်းမွန်လှ ပေသည်။ ထို့ကြောင့် ကျမ်းကြီးကိုပြုစုရသော အက်ဒွပ်ဂစ်ဗန်ကို နာမည်ကျော် စာရေး ဆရာ တယောက် အဖြစ်အသိအမှတ်ပြုလာကြသည်မှာ အံ့သြဖွယ်ရာ မဟုတ်ချေ။

သူ၏နိုင်ငံသမိုင်း ကျမ်းကြီးကို ၂ ပိုင်း ခွဲခြား၍ ဝေဖန်နိုင်သည်။ ပဌမပိုင်းမှာ အတော်ပင် စေ့စပ် သေချာစွာ ရေးထားသည်။ ဒုတိယပိုင်းမှာကား နှစ်ပေါင်း ၈၀၀ အတွင်း ဖြစ်ပျက်သော အကြောင်းအရာများဖြစ်၍ ပဌမပိုင်းမှာလောက် အချက်အလက် ပြည့်စုံမှုန်ကန်ခြင်းမရှိ။ သို့ရာတွင် သူရေးသားခဲ့သော ကျမ်းကြီးတခုလုံးကို ခြုံ၍ကြည့်လျှင် ထိုကျမ်းကြီးသည် အင်္ဂလိပ်စာပေတွင်၎င်း၊ ကမ္ဘာ့စာပေတွင်၎င်း ထင်ရှားသော သမိုင်းမှတ်တမ်းကြီး တစောင် ဖြစ်ကြောင်းကို လူတိုင်း ဝန်ခံရမည်ဖြစ်ပေသတည်း။

ဂဏ္ဍာပါးချားပင်။ ။ကော်စေးပင် — ရှု။

ဂုတ်ထိပ်။ ။ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါနယ်တွင် ရှမ်းဘာသာဖြင့် ဟိုက္ခတ်ဟု ခေါ်သော ရွာရှိသည်။ ဗြိတိသျှတို့က ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးကို စီမံခန့်ခွဲသော ခရစ် ၁၈၉၈ ခုနှစ်လောက်က ထိုရွာမှာ ရွာပေါင်း ၄၈ ရွာကို ကြီးမှူးရသည့် တိုက်နယ်ဗဟိုဌာနဖြစ်သည်။ ထိုရွာကို မြန်မာတို့က ဒုတ်ထိပ်ဟု ခေါ်ကြသည်။ ဟိုက္ခတ်နှင့် ဒုတ်ထိပ် ဟူသော အခေါ်မှာ ထိုနေရာဒေသတွင် မြစ်ချောင်းများ ဝုပ်




ကျမ်းပြုဆရာ အက်ဒွပ်ဂစ်ဗန်

လျှိုးကွယ်ပျောက်၍ သွားသည်ကိုအစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ ထိုရွာနားတွင် နမ်းပဆေးမြစ်သည် မြေကြီးထဲသို့ ထိုးဝင်စီးဆင်းပြီးနောက် အခြားတနေရာတွင် မြစ်ကြောင်း ပေါ်သည်။ ကာလရှေလျှောလာသောအခါ ဝုပ်ထိပ်ကို ဂုတ်ထိပ်ဟု အများက ခေါ်ဝေါ်လာကြသည်။

ဂုတ်ထိပ်သည် ထိုနမ်းပဆေးမြစ်ကြောင့်သာ ထင်ရှားခဲ့သည်မဟုတ်။ ကမ္ဘာပေါ်တွင် အမြင့်အားဖြင့် ဒုတိယဖြစ်သော တန်တားဟူ၍ ကျော်ကြားသော ဂုတ်ထိပ်တန်တားကြောင့်လည်း ပို၍ထင်ရှားသည်။ ခရစ် ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်း ဖောက်လုပ်ရာ၊ မန္တလေးမှ ကွမ်းလုံသို့ မီးရထားလမ်း ဖောက်လုပ်ရန်လည်း လိုအပ်သည်ကို တွေ့ရှိလာကြသည်။ ထို့ကြောင့် ဂုတ်ထိပ် တန်တားကို စတင် ဆောက်လုပ်ရန် မြန်မာပြည်အစိုးရက စီမံလေသည်။

ဂုတ်ထိပ် တန်တားမှာ မန္တလေးမှ ကွမ်းလုံ မီးရထားလမ်းရှိ နောင်ချိုဘူတာ အလွန်တွင် မီးရထား မိုင်တိုင် အမှတ် ၄၆၃/၀-၉ ရှိသော ကျောက်ဂူကြီးအပေါ်သို့ ဖြတ်၍ တောင်ထိပ် ၂ ခုကို ဆက်သွယ်ထားသည်။ ဂုတ်ထိပ် တန်တားကို မြန်မာပြည်အစိုးရသည် အမေရိကန်နိုင်ငံ ပင်ဆီလဗေးနီးယားနှင့် မေရီလန် တန်တား ဆောက်လုပ်ရေး ကုမ္ပဏီအား ၄၊်းရမ်းကာ ဆောက်လုပ် စေသည်။ ဆောက်လုပ်၍ ကုန်ကျငွေမှာ ၁၆,၉၇,၂၀၀ ကျပ် ဖြစ်သည်။ ဂုတ်ထိပ် တန်တား၏ အလျားမှာ ပေပေါင်း ၂,၂၆၀ ဖြစ်၍၊



ဂန့်ဂေါမြို့တွင် ထင်ရှားတည်ရှိသောစွယ်တော်ရှင် စေတီတော်

တန်တား သံခြေတိုင်အချို့မှာ အနိမ့်ဆုံး ချောင်းမြောင်း ချိုင့်ဝှမ်းမှ သည် မီးရထား သံလမ်းအထိ ပေ ၁,၁၀၀ အထိ မြင့်သည်ဟု ဆိုသည်။

ထိုတန်တားကို ဆောက်လုပ်ရာ၌ သံနှင့် သံမဏိတန်ချိန် ၄,၃၁၁ တန်နှင့် သံမှီပေါင်း ၁,၀၀၀,၀၀၀ ကို သုံးစွဲရသည်။ ထိုတန်တားသည် နမ္မတူသတ္တုတွင်း တူးဖော်ရေးလုပ်ငန်း၏ သယ်ယူပို့ဆောင်ရေးတွင် အရေးပါလေသည်။ မြန်မာနိုင်ငံ စီးပွါးရေးကို လည်းမျှားစွာအထောက်အပံ့ပြုသည်။ ထို အကြောင်းတို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီးတွင် မဟာမိတ်တို့၏ မြေလှန် စံနစ်အရ ဂုတ်ထိပ်တန်တားသည် ဖျက်ဆီးခြင်း ခံရသည်။ သို့သော် သံတိုင်အမှတ် ၂ နှင့် ၅ သာ ပျက်စီးခဲ့သည်။ ထိုနောက်တဖန် မြန်မာနိုင်ငံမှ ဆုတ်ခွါပေးရသော ဂျပန်တို့သည် တန်တား၏ အမြင့်ဆုံးတိုင်များ ဖြစ်သော သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁ နှင့် ၁၂ တို့ကို အောက် ခြေမှစ၍ ဗုံးဖောက်ခဲ့ကာ ဖျက်ဆီးခဲ့ပြန်သည်။ ထိုကြောင့် သံတိုင်အမှတ် ၉ မှာ အနည်းငယ် ပျက်စီးသည်။ အမှတ် ၁၀ နှင့် ၁၂ တို့မှာ ပြို၍လဲလေသည်။ အမှတ် ၁၁ မှာမူ အောက် ခြေပြတ်သော်လည်း မလဲချေ။ ထိုတိုင်များ ပေါ်ရှိ ပေ ပေါင်း ၁၂၀ စီရှည်သော ပေါင်းကူး သံဘောင် ၄ ခုမှာ မူ မြေသို့ လျှောကျရလေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်ခေတ်၌ ထိုတန်တား ကို နိုင်ငံခြား ကုမ္ပဏီ များငှါးရမ်း၍ ပြင်ရန် စီစဉ်ခဲ့သော်လည်း၊ ထိုကုမ္ပဏီများက တင်ဒါတင်သွင်းသော အဖိုးနှုန်းမှာ ကြီးလေးလှသဖြင့် မြန်မာနိုင်ငံ မီးရထားဌာနကပင် ဦးစီး၍ ပြင်ဆင်ခဲ့လေသည်။ ယင်းသို့ ပြင်ဆင်သော လုပ်ငန်းကို ၁၉၄၈ ခု မေလက စတင်ခဲ့သော်လည်း ပစ္စည်း ရှားပါး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ၁၉၅၁ ခု ဩဂုတ်လအတွင်း၌ သာ ပြီးစီးခဲ့လေသည်။ ပြန်လည်ပြုပြင် တည်ဆောက်ရသည့် စရိတ်မှာ ၃၂ သိန်းခန့်ဖြစ်သည်။

ဂန့်ဂေါမြို့။ ။ပခုက္ကူခရိုင် ဂန့်ဂေါနယ်နှင့် ဂန့်ဂေါမြို့နယ် တို့၏ ရုံးစိုက်ရာမြို့ဖြစ်သည်။ ဂန့်ဂေါနယ်မှာ ပခုက္ကူခရိုင်၏ အနောက်မြောက်ဖက်နယ်ဖြစ်၍ အရှေ့ဖက်၌ ပုံတောင်၊ အနောက်ဖက်၌ ချင်းတောင်တို့၏ စပ်ကြားတွင် တည်ရှိသော ကျဉ်းမြောင်းရှည်လျားသည့် မြေနိမ့် ဒေသကလေးမျှသာ ဖြစ်သည်။ မြို့နယ်၏ အကျယ်အဝန်းမှာ ၆၉၀ စတုရန်း မိုင်မျှ ဖြစ်လေသည်။ မြို့၏လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ ၃,၈၀၀ မျှရှိသည်။ မြို့နယ်အတွင်း၌ ယောလူမျိုးအများ နေထိုင်သည်။

ဂန့်ဂေါမြို့သည် မြစ်သာမြစ်၏ လက်ျာဖက် ကမ်းတွင် တည်ရှိသည်။ထီးလင်းမြို့မှ ကလေးမြို့သို့သွားသော နွေဏှာသီ ကားလမ်းသည်ဂန့်ဂေါမြို့ကိုဖြတ်လျက်ရှိ၏။ စွယ်တော်ရှင် စေတီသည် ဂန့်ဂေါမြို့ရှိ တန်ခိုးကြီး စေတီတော်ဖြစ်သည်။

မြို့နယ်တခုလုံးသည် ရေအလို့ငှါ မြစ်သာမြစ်ကိုအားကိုး ရသည်။ဂန့်ဂေါမြို့တွင် ပိုးထည်လုပ်ငန်း အတော်အတန်ထွန်း ကားသည်။ လေကြောင်းခရီးလမ်း ဖွင့်လှစ်ထား၍ ပခုက္ကူမှ တဆင့် အပတ်စဉ် ရန်ကုန်နှင့် အဆက်အသွယ်ရှိသည်။

မြို့ပြအုပ်ချုပ်ရေးအတွက် ဂန့်ဂေါနယ်ကို ဂန့်ဂေါမြို့နယ် နှင့် ထီးလင်းမြို့နယ်ဟု ခွဲခြား အုပ်ချုပ်သည်။

ဂန္ဓဝေ။ ။ဂန္ဓဝေ၏ အဓိပ္ပါယ်မှာ စာပေကျမ်းဂန် သို့မဟုတ် စာအုပ်များ အကြောင်းကို ခွဲခြမ်းစိတ်ဖြာ၍

ပြသော ပညာရဲပ် ဖြစ်သည်။ ဂန္ဓမေဒကို အင်္ဂလိပ် ဘာသာ အားဖြင့် ဗစ်ဗလီအိုဂရပ်ဖီဟု ခေါ်သည်။ ဂန္ဓမေဒ၏ မူလ သဘောမှာ စာအုပ်စာတမ်းများ အကြောင်းကို ရေးသား ပြုစု၍ စာပေလေ့လာ သူတိုင်းအား မိမိတို့ နှစ်သက်ရာ ဘာသာရပ် အသီးသီးကို နှိုက်နှိုက် ချွတ်ချွတ် စေ့စုံစွာ လေ့လာ စေနိုင်ရန် အတွက် ကူညီပေးသည့် သဘောပင် ဖြစ်သည်။ ဂန္ဓမေဒ သဘော သက်ဝင်သော လုပ်ငန်းများ ကို ကမ္ဘာပေါ်တွင် ခရစ်နှစ် ၁ဂ ရာစုများ အတွင်းက စတင် လုပ်ဆောင် ခဲ့ကြသည်။ စာပေလောကတွင် တနေ့ တခြား တိုးတက်များပြားလာသော စာအုပ်စာတမ်းများကို စာရင်း ပြုလုပ်ကာ စာဖတ်သူတို့အား အကျိုးပြုရန် လိုအပ်လာ သည့် အတွက်ကြောင့် ဤဂန္ဓမေဒပညာရပ်မှာထူးထူးခြား ခြားပင် အသုံးများလာခဲ့ပေသည်။ အင်္ဂလန်ပြည် လန်ဒန် မြို့တော်တွင် ခရစ် ၁၈၉၂ ခုနှစ်ကစတင်တည်ထောင် ခဲ့သော ဂန္ဓမေဒအသင်းကြီးရှိလေသည်။


ဤဂန္ဓမေဒ ပညာ ရပ်ကို ၁ဂ ရာစုနှစ်များ အတွင်းမှ ယနေ့ အထိ သုံးစွဲ လာခဲ့ရာ အများ သိရှိနေသော ဝေါဟာရ အဖြစ် ဤ ပညာ ရပ်တွင် လုပ်ကိုင်နည်း ၂ မျိုး သက်ဝင်လျက် ရှိသည်။

ပဌမ အမျိုးကား စာအုပ်များကို စံနစ်တကျ အမည်စာရင်း တင်သွင်း နည်းဖြစ်သည်။ သို့ရာတွင် ဤလုပ်ငန်း နှင့် စာအုပ် ကတ်တလောက်ခေါ် စာ အုပ်စာရင်းတို့မှာ ခြားနားလေသည်။ စာအုပ်ဆိုင်တွင် ရှိရှိသမျှ စာအုပ်များ ကို ဝယ်ယူသူ သိရှိနိုင်ရန် စုပေါင်း စာ ရင်း တင်ထားခြင်းမှာ ကြော်ငြာ သ ဘောသာဖြစ်၍ ဂန္ဓမေဒ လုပ်ငန်းနှင့် များစွာကွာခြားလှပေသည်။

ဒုတိယ အမျိုးကား စာအုပ် စာ တမ်း များ၏ အကြောင်းကို စုံလင် အောင် ဝေဖန် ဖော်ထုတ်၍ စာရင်း တင်ခြင်းဖြစ်သည်။ ပမာဆိုသော် စာ အုပ် အမည်၊ စာရေး ဆရာ အမည်၊ ပုံနှိပ်ထုတ်ဝေသူအမည်၊ ရိုက်နှိပ်သည့် ခုနှစ် စသော ထည့်ရိုး ထည့်စဉ် အချက်အလက်များအပြင် စာအုပ် အရွယ်အစား၊ စာအုပ်၏ တန်ဖိုး၊ မည်သည့် အကြိမ်မြောက် တည်းဖြတ် ခြင်း၊ သို့မဟုတ် ပုံနှိပ်ခြင်း၊ ပါဝင်သည့် ရုပ်ပုံ၊ ပုံကြမ်းနှင့် မြေ ပုံများ၊ စုစုပေါင်း စာမျက်နှာ စသည်တို့နှင့် တကွစာအုပ်ပါ အကြောင်း အချက်များကိုပါ စုံလင်နိုင်သရွေ့စုံလင်အောင် ဝေဖန် ထည့်သွင်း ဖော်ပြခြင်း ဖြစ်လေသည်။

ဂန္ဓမေဒဟူ၍ မြန်မာဂန္ထဝင်တွင် အထင်အရှား လိုက် စား ပြုစုခြင်း နည်းပါးလှငြားသော်လည်း ဂန္ထမေဒ သဘော သက်ဝင်သော ပြုစုထားချက်များကို တွေ့ရသည်။ ပုံစံအား ဖြင့် ကုန်းဘောင်ခေတ် မိုင်းခိုင်မြို့စား အတွင်းဝန် မဟာ သီရိဇေယျသူ၏ ပိဋကတ် သမိုင်းတွင် ရှေးခေတ်မှစ၍ ကျမ်း ပြုဆရာပေါင်း ၃၃၀ ဦးတို့ပြုစုခဲ့သော ပျို၊ ကဗျာ၊ လင်္ကာ၊ ဝတ္ထု၊ ဋီကာကျမ်း၊ ရာဇဝင်ကျမ်း၊ ဆန်းကျမ်း၊ တက်ကျမ်း၊ ပူရာဏ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဓမ္မသတ်ကျမ်း စသည့် ကျမ်းမျိုးစုံကို ရေးသူ အမည်၊ ရေးသည့် ကာလနှင့် ကျမ်းလာအကြောင်း အရာအမြွက်နှင့် တကွ ဖော်ပြ ထား လေသည်။ ထိုပြင် မြောင်လှမြို့စား နိုင်ငံခြား ဝန်ထောက် တော်မင်း၊မင်းကြီးသီရိမဟာဇေယျသူ ရေးသားသော ကဝိ လက္ခဏဒီပနီ ကျမ်းတွင်လည်း ကျမ်းပြုရာတွင် မိမိ ကိုးကား ထောက်ထား ခဲ့သော ၅၀၀ နီးပါးမျ ကျမ်းတို့ကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ၊ သုတ်၊ ဇာတ်၊ သဒ္ဒါ၊ ဝတ္ထု၊ ရာဇဝင်၊ သမိုင်း၊ မော်ကွန်း၊ ဧချင်း၊ မဟာဝင်၊ နိတိ၊ ဓမ္မသတ်၊လင်္ကာ၊ ကျောက်စာစသော ခေါင်းစဉ်များဖြင့် ခွဲခြား စာရင်းတင်ခဲ့လေသည်။

ယခုအခါ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရတို့၏ သုံးလတကြိမ် ထုတ် မြန်မာနိုင်ငံတွင် ထုတ်ဝေသော စာအုပ်များ စာရင်းမှာ ဂန္ထမေဒဝင် ကျမ်း ဖြစ်သည်ဟု ဆိုသော် ရသင့် လေသည်။



ဗုဒ္ဓဂ ယာရှိ မဟာဗောဓိစေတီ

ထိုစေတီကိုမူလက ဝင်ရာသန ဂန္ဓကုဋိတိုက်ဟု တွင်ကြောင်းဖြင့် အဆိုရှိသည်။ ခရစ်နှစ် ၁၁၀၅ နှင့် ၁၂၉၈ တို့တွင် မြန်မာ ဘုရင်တို့က ပြန်လည် မွန်းမံ ပြင်ဆင်ခဲ့သည်။

ဂန္ဓကုဋိ။ မြတ်စွာဘုရား သီတင်း သုံးရာ ဇေတဝန် ကျောင်းတော်ရှိ မွေး ကြိုင်သော ရနံ့ရှိသည့် တိုက်ခန်းဖြစ် သည်။ ဂေါတမ ဘုရား လက်ထက် တော်တွင် အနာထပိဏ် သဒ္ဒေးသည် သဝဏ်္ဌိ ပြည်၏ အနောက် တောင် မျက်နှာတွင် ဇေတမင်းသား ဈေးလုပ် အပ် သော ၁၆ ပယ် ကျယ် သည့် ဥယျာဉ်ကို ငွေအသပြာ ၁ဂ ကုဋ်ခေဖြင့် ဝယ်ယူ၍ ၁ဂ ကုဋ်ခေသော ငွေကို စိုက် ထုတ်လျက် ဘုရားရှင်အတွက် ကျောင်းတော်ကို တည် ဆောက်၏။ ဇေတ မင်းသား၏ နေရာ ဖြစ်သောကြောင့် ဇေတဝန် ကျောင်းတော်ဟု တွင်၏။ ထိုဇေတဝန်ကျောင်း တော်ရာကား ရွှေး ဘုရား အဆက်ဆက်တို့ သီတင်းသုံးရာ နေရာလည်း ဖြစ်သောကြောင့် အဝိဇဟိတဌာန မစွန့်အပ် သော အရပ် ဖြစ်လေသည်။ ထိုကျောင်းတော်သည် ဘုံ အားဖြင့် ၃ ဆင့် ရှိ၏။ တထောင်မျသော ပြာသာဒ် အရံ

ရှိ၏။ များစွာသော စကြံ၊ မက္လာပ်၊ စရပ်၊ ဂူ၊ လိုဏ် တို့ခြံရံလျက် ရှိ၏။ ဂန္ဓကုဋိ၊ သလာက ကုဋိ၊ ကောသမ္မလကုဋိ၊ ကရေရိကုဋိ ဟူသော ကုဋိလေးလုံးတို့ဖြင့် တင့်တယ်၏။

ယင်းသို့ တင့်တယ်သော ကုဋိ လေးလုံး အနက် ဂန္ဓကုဋိ သည်ကား၊ ဇေတဝန် ကျောင်းတော်ရှိ ဘုရားရှင် ကျိန်းဝပ်သီတင်းသုံးရာ အခန်းဖြစ်သည်။ ဂန္ဓကုဋိပရိဝေဏ ဟုလည်းခေါ်သည်။ ဘုရားရှင်သည် ဂန္ဓကုဋိအတွင်း၌ အမြဲတစေ သီတင်းသုံးကာ တပည့်သား သံဃာတို့ကို တရားဓမ္မ ဟောပြလေ့ရှိသည်။ ဂန္ဓကုဋိသည် ဘုရားရှင်ကိုယ်တော်မြတ် အတွက် သီးသန့် ထားသော မြင့်မြတ်သည့် နေရာ ဖြစ်၍ ဘုရားရှင်၏ အလုပ်အကျေး ဖြစ်သော ရှင်အာနန္ဒာသည်ပင်လျှင် ဘုရားစံရာ ဂန္ဓကုဋိအတွင်း၌ ဘုရားရှင်နှင့် အတူမနေချေ။

အနာထပိဏ် သေဋ္ဌေး၏ ဇေတဝန်ကျောင်းတော်ရှိ ဘုရား



မိဂဒါဝုန်ဥယျာဉ်အနီးတွင် ဒုတိယကမ္ဘာစစ် မဖြစ်မီက ဆောက်လုပ်ပြီးစီးခဲ့သော မူလဂန္ဓကုဋိတိုက်


စံတော်မူရာ ဂန္ဓကုဋိကို အစွဲပြု၍ နောင်တွင် ဘုရားရှင်အမြဲကျိန်းဝပ်တော်မူရာကို ဂန္ဓကုဋိဟုပင်ခေါ်သည်။ ကျောင်းအမကြီး ဝိသာခါသည် ပုဗ္ဗာရာမ ကျောင်းတော်၌ ဂန္ဓကုဋိတခုကို ဆောက်လုပ်၍ ဘုရားရှင်အား လှူဘူးကြောင်း မှတ်သားရသည်။ ယခုအခါ ဗုဒ္ဓဂယာတွင် ဘုရားရှင်လက်ထက်တော်အခါက ဂန္ဓကုဋိတိုက်ကို အစွဲပြု၍ ဂန္ဓကုဋိတိုက်သစ်ကို ဆောက်လုပ်ထားလေသည်။

ဂန္ဓာရုံ။ ဂန္ဓာရုံ ဟူသည်ကား အနုပင် ဖြစ်၏။ အနုကို တိရစ္ဆာန်များသည် လူတို့ထက် ပိုမိုထိရောက်စွာ ခံစားနိုင်ကြသည်။ ခွေးတကောင်ကို အဝတ်ဟောင်းတစ ပေးလိုက်လျှင် ထိုခွေးသည် အဝတ်စပိုင်ရှင်ကို ရှာပေးနိုင်သည်။ ယင်းသို့ သိမှုမှာ အနုဖြင့် ခဲခြား သိရှိခြင်းပင်ဖြစ်၏။ သူစိမ်းတယောက်အား သူ့သခင်၏ အဝတ်ကို ဆင်ပေးလိုက်ပါက တခဏမျှ ခွေးသည် သူစိမ်းအား သူ့သခင်အစစ်ဟု ထင်မှတ်လိမ့်မည်။ သို့ရာတွင် အနုခံပြီးသည်နှင့် တပြိုင်နက် သခင်အစစ် မဟုတ်မှန်းသိ၍ ရန်မူလိမ့်မည်။ ခွေးသည် အမြင်ထက် အနုကို အားကိုးသော တိရစ္ဆာန်မျိုး ဖြစ်သည်။ အနုသည် အရသာနှင့် များစွာ ဆက်သွယ်မှု ရှိသည်။ ကျွန်ုပ်တို့ ခံစားရသော အနုအသက် ဟူသ၍မှာ အနုနှင့် ပတ်သက်သော နဗ်ကြောစွန်းများ ရှိသည့်နေရာတွင် အနုခတ် ပစ္စည်းများ လာရောက် တွေ့ထိသောကြောင့် ဖြစ်ပေါ်သည်။ အနု အသက် တမျိုးသည် နဗ်ကြော တမျိုးစီနှင့် သက်ဆိုင်သည်။ ဆိုင်ရာနဗ်ကြောကို သွားရောက် တွေ့ထိသောအခါမှ ဆိုင်ရာ အနုအသက်ကို ရရှိနိုင်သည်။ ပစ္စည်းတခုသည် ဓာတ်ငွေ့အဖြစ်ဖြင့် တည်ရှိမှသာလျှင် ထိုပစ္စည်း၏ အနုကို ရရှိနိုင်၏။ ဓာတ်ငွေ့များသည် ပျံနှံ့တတ်သော သဘောရှိ၍ အဝေးဌာရှိသော ပစ္စည်းများကို အနုဖြင့် သိရှိကြရလေသည်။ တခါတရံ ကျွန်ုပ်တို့ အအေးမိ၍ နှာစေးနေသည့် အခါများတွင် အစာ စားသောက်ရာ၌ ခံတွင်းမတွေ့ဘဲ ဖြစ်တတ်ကြသည်။ အနုနှင့်အရသာသည် တခုနှင့်တခု များစွာဆက်စပ်နေသောကြောင့် အနုမရရှိသောအခါတွင် အရသာပျက်၍ သွားသည်ကိုတွေ့ရလေသည်။

ဂန္ဓမာပန်း။ ။ဂန္ဓမာ ပန်းသည် ဒေဆီ၊ နေကြာ၊ ထပ်တရာ စသည်တို့နှင့် အတူ ကွန်ပေါဇီတိမျိုးစဉ်ကြီးတွင် ပါဝင်လေသည်။ နှစ်ကြာရှည်ခံ ပင်မျိုးဖြစ်သဖြင့် နှစ်စဉ်နှစ်ဆက် ပေါက်နေနိုင်ပေသည်။

ဂန္ဓမာပန်းပင် အမျိုးမျိုးကို ယခုအခါ မြောက်ဖက်ကမ္ဘာလုံးခြမ်းရှိ သမပိုင်းဒေသများ၌ အများအပြား တွေ့ရသည်။ သို့ရာတွင် ထိုအပင်မျိုး စတင်ပေါက်ရောက်ရာ ဇာတိဒေသမှာတရုပ်နိုင်ငံ ဖြစ်သည်ဟု သိရလေသည်။ တရုပ်နိုင်ငံမှနေ၍ ရှေးနှစ်ပေါင်း ၂,၀၀၀ ခန့်က ဂျပန်နိုင်ငံသို့ ထိုအပင်မျိုး ရောက်သွားသည်။ ထိုပန်းကို ၁၄ ရာစုနှစ်ကစ၍ ဂျပန်နိုင်ငံတွင် ထီးသုံးနန်းသုံး အမှတ်တံဆိပ်အဖြစ် သုံးစွဲခဲ့သည်။ ယခုအခါ ဂျပန်နိုင်ငံ၌ ချယ်ရီပန်းကဲ့သို့ပင် ထိုပန်းသည် ထင်ရှားလျက် ရှိသည်။ ထိုပန်းမျိုးသည် ဥရောပ တိုက်သို့ ၁၇၆၄ ခုနှစ်တွင် ရောက်သွားရာ ရောက်လျှင်ရောက်ခြင်းပင် ထိုပန်းမျိုးကို လူကြိုက်များလာလေသည်။

ဂန္ဓမာပန်းပင်တွင် မျိုးကဲ့ပေါင်း မြောက်များစွာ ပါဝင်



ရန်ကင်းသော်လည်း အဆင်းလှသည့် ဂန္ဓမာပန်းတမျိုး

သည်။ အလေ့ပေါက်များလည်းရှိ၍ စိုက်ပျိုးယူသော အပင်များလည်း ရှိသည်။ ပြုပြင်စိုက်ပျိုး ယူရသော ပန်းများမှာ အထူးပင် လှပကြ၏။ အပင့်များတွင် အဖြူ အဝါ အနီ အပြောက် အစင်း စသည်ဖြင့် အရောင် အမျိုးမျိုး ရှိသည်။ ပုံသဏ္ဌာန်လည်း အမျိုးမျိုးရှိသည်။ အပင့်မှာ အချင်း ၃ လက်မမှ ၈ လက်မခန့် ထိအောင် အရွယ် အမျိုးမျိုး ရှိ၏။ ပန်းပွင့်ချိန်မှာ ဆောင်းဦးပေါက်ချိန် ဖြစ်သည်။ ထိုပန်းမျိုး အားလုံး၌ အနံ့ကင်းတတ်သည်။အနံ့ရှိပါကလည်းစိမ်းရွှေ့ရွှေ့ အနံ့မျိုးသက်သက်မျှသာ ရှိတတ်၏။ ဂန္ဓမာပန်းသည် ယံခုအခါ ကမ္ဘာပေါ်၌ ကျော်ကြားဆုံးပန်းများတွင် အပါအဝင် ဖြစ်သည်။ ထိုအပင်မျိုးကိုစိုက်ပျိုးရန်လွယ်ကူသည့်အတိုင်း၊ အတိုင်းတိုင်းအပြည်ပြည်၌စီးပွားရေးအဖြစ် စိုက်ပျိုးရောင်းချသူများ ရှိကြသည်။

ဂန္ဒီ၊မဟတ္တမ (ခရစ် ၁၈၆၉–၁၉၄၈)။ ။မြင့်မြတ်သော စိတ်ဓာတ်ကို အစွဲပြု၍၊ အိန္ဒိယနိုင်ငံ လူထု တရပ်လုံးက 'မဟတ္တမ' ဟု ဘွဲ့ထူး သညာအပ်နှင်းခြင်း ခံရသော မိုဟန် ဒတ် ကရမ်ချန်ဂန္ဒီသည် ခရစ် ၁၈၆၉ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် အိန္ဒိယပြည် အနောက်ပိုင်း ကားတီအာဝါး ကျွန်းဆွယ်၊ ပေါ်ဗန်ဒါ မြို့တွင် ဖွားမြင်လေသည်။ သူ၏ ဖခင်မှာ အိန္ဒိယ တိုင်းရင်းသားပြည်နယ်များ ဖြစ်သော ရာဇကုတ်နှင့် ဗန်ကနာပြည်နယ်များတွင် ဒီဝန်ခေါ် အမတ် ချုပ်ကြီးဖြစ်သည်။ မိခင်ဖြစ်သူကား ဘုရားတရားကိုအလွန် ကိုင်းရှိုင်း ကြည်ညိုသူ ဖြစ်ရကား ဂန္ဒီသည် သူ၏ မိခင်ထံမှ ဘုရားတရား ကိုင်းရှိုင်းမှုကို အမွေခံခဲ့သည်ဟု ဆိုနိုင်သည်။

ဂန္ဒီသည် ငယ်စဉ်က ရာဇကုတ်နှင့် ဘနဂါးမြို့များတွင် ပညာ သင်ကြားသည်။ ဂန္ဒီသည်မျိုးရိုးအလိုက် အသက် ငယ်ငယ်နှင့်ပင် အိမ်ထောင်ပြုရသည်။ သို့ဖြစ်၍ ၁၇ နှစ်သား အရွယ်တွင် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ ဝတ်လုံအတတ်ကို သင်ကြားရန် အိန္ဒိယမှ ထွက်ခွာသွားသော အခါ သားသည် အဖေပင်ဖြစ်၍နေခဲ့ပြီ။ ဥပဒေပညာကို ၄ နှစ်ခန့်သင်ခဲ့ပြီးနောက် ၁၈၉၃ ခုနှစ်တွင် ဝတ်လုံ ဖြစ်၍ အိန္ဒိယပြည်သို့ ပြန်လာပြီးလျှင် ဘုံဘိုင်မြို့၌ စတင် ရှေ့နေ လိုက်လေသည်။ သို့သော် ကောင်းစွာ အကျိုးမပေးခဲ့။ ၁၈၉၃ ခုနှစ်၌ ကားတိအာဝါးရှိ ကုန်သည် တဦးက ဌါးရမ်းသဖြင့် တောင် အာဖရိကသို့သွားရောက်ကာ ထိုကုန်သည်၏ အမှု အတွက် ရှေ့နေလိုက်သည်။ ဂန္ဒီသည် တောင်အာဖရိက၌ ကြာကြာ နေရန် စိတ်မကူးခဲ့ခဲ့။ သို့သော် ကြာကြာ နေရန် အကြောင်း တရပ် ပေါ် ပေါက်လာခဲ့သည်။

ထိုအကြောင်းမှာ လူဖြူလူမဲ ခွဲခြားသော စံနစ်ကြောင့် တောင်အာဖရိက၌ ထာဝရ နေသောအိန္ဒိယ တိုင်းရင်းသား တို့သည် နိုင်ငံတော် သားအခွင့် အရေးနှင့် အခြားအခွင့် အရေးများ မရခြင်း ဖြစ်သည်။ ထိုကြောင့် ဂန္ဒီသည် နာတဲ့



အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ

ပြည်နယ်၌ အခြေစိုက်ကာ နာတဲ့ အိန္ဒိယ ကုန်ဂရက်ကို တည်ထောင်ပြီး အိန္ဒိယသားတို့၏ အခွင့်အရေးကို စတင် တိုက်ယူလေသည်။ ဂန္ဒီသည် တောင်အာဖရိကတိုက်၌ အိန္ဒိယ ပြည်သားတို့၏ နိုင်ငံရေးကိုကြိုးပမ်းယင်း၊ ဝတ်လုံအဖြစ်ဖြင့် ၁၇ နှစ်တိုင်လုပ်ကိုင်ခဲ့ရာမှ၊ ကမ္ဘာတွင် ဥဒါန်းတွင်ရစ်သော သူ၏ နိုင်ငံရေးကြိုးပမ်းမှုဝါဒတို့ကို ကြံစည်တွေးတောကာ



ပြည်တွင်းလက်မှုလုပ်ငန်းကို အားပေးသည့်အနေဖြင့် မဟတ္တမဂန္ဓီကိုယ်တိုင်ခြည်ငင်နေပုံ

လက် တွေ့ကျင့်သုံး ခဲ့လေသည်။ တောင်အာဖရိကတိုက်တွင် အိန္ဒိယတိုင်းရင်းသားတို့သည် တနယ်မှတနယ်သို့ ဖြတ်ကျော်ကူးပြောင်းခွင့် မရကြခေ့။ ဂန္ဓီသည် ထိုအခွင့်အရေးကိုရရန် အိန္ဒိယတိုင်း ရင်းသား ၃,၀၀၀ တို့ကိုဦးစီး၍ပြည်နယ်၏နယ်နိမိတ်ကို ဖြတ်ကျော်လေသည်။ ရည်ရွယ်ချက်မှာ မတရား ချုပ်ချယ်သောဥပဒေကို တိုက်ဖျက်ရာ၌တောင်အာဖရိကတိုက် အစိုးရက အိန္ဒိယတိုင်းရင်းသားအများကို ဖမ်းဆီးစေခြင်းအားဖြင့် အိန္ဒိယနိုင်ငံရှိ သူ၏အမျိုးသား အားလုံးတို့ နှိုးကြားလာစေရန်ဖြစ်လေသည်။ ဤအာဏာဖီဆန်ရေးတိုက်ပွဲကို သစ္စာဂြဟာဟူ၍ ဂန္ဓီကအမည်ပေးသည်။ သစ္စာဂြဟာ၏နည်းပရိယာယ်မှာအကြမ်းမဖက်သော အနုနည်းသက်သက်ဖြင့် အာဏာဖီဆန်တော်လှန်ရန် အဓိဋ္ဌာန်တည်ဆောက်ခြင်းပင်ဖြစ်သည်။ ဤနည်းပရိယာယ်ကို အခြေခံသောဂန္ဓီ၏ ဝါဒမှာ အဟိံသဝါဒဖြစ်သည်။ အဟိံသဟူသည်ကား ပါဏာတိပါတကံကို ကြဉ်ရှောင်ခြင်းတည်း။ ဂန္ဓီသည် အဟိံသ၏သဘောတရားကို အကျယ်ခွဲကြည့် ပြီးလျှင်၊ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးဖြင့်အကြမ်းမဖက်မှုကို သူ၏နိုင်ငံရေးဝါဒအနေနှင့်ပြဋ္ဌာန်းခဲ့လေသည်။

ဂန္ဓီသည် ၁၉၀၈ ခုနှစ်မှသည် သစ္စာဂြဟာတည်ဆောက်သော ၁၉၁၄ ခုနှစ်အထိ အလွန်ဝင်ငွေကောင်းသောရှေနေအလုပ်ကိုစွန့်၍ တောင်အာဖရိကအရေးကို ကြိုးပမ်းခဲ့သည်။ နောက်ဆုံး၌ တောင်အာဖရိကတိုက်ဘုရင်ခံ ဗိုလ်ချုပ်မှူးစမတ်သည် အိန္ဒိယသားတို့ကိုပညတ်သော ဥပဒေနှင့် စည်းကြပ်သောတန်စ်လျင် ၃ ပေါင်ကျအခွန်တော်တို့ကို ပလပ်လိုက်ရလေတော့သည်။

၁၉၁၅ ခုနှစ်တွင် ဂ န္ဓီသည်အိန္ဒိယပြည်သို့ပြန်လာခဲ့သည်။ ထိုအချိန်၌ ပဌမကမ္ဘာစစ်ဖြစ်၍နေပြီ။ ထိုစစ်ကိုမှီ၍ လက်အောက်ခံနိုင်ငံများသည် နှိုးကြားလာခဲ့သည်။ သို့ဖြစ်ရာ အိန္ဒိယ၌ ဂန္ဓီသည်တောင်အာဖရိကအရေးထက်ကြီးကျယ်သော အိန္ဒိယနိုင်ငံရေးကြိုးပမ်းမှုကြီးကို စတင်ဆောင်ရွက်ရလေသည်။ အိန္ဒိယပြည်သို့ပြန်ရောက်လျှင်ပင် ဂန္ဓီသည် အိန္ဒိယအမျိုးသားကွန်ဂရက်၏ ဥက္ကဋ္ဌဖြစ်လာသည်။ အိန္ဒိယအမျိုးသားစိတ်ဓာတ်ကို လှုံ့ဆော်ပေးရာဖြစ်သောသတင်းစာတို့ကို လည်းတည်ထောင်ခဲ့သည်။ ဂန္ဓီ၏ 'ယန်းအိန္ဒိယသတင်းစာ' မှာအထူးကျော်ကြားခဲ့သည်။

ဂန္ဓီသည် ရုရှစာရေးဆရာကြီးတော်စတွိုင်အား အလွန်ကြည်ညိုသည်။ တော်စတွိုင်၏အတွေးအခေါ်တို့သည် ဂန္ဓီအားလွှမ်းမိုးခဲ့သည်။ ထိုကြောင့် တော်စတွိုင်၏ခြိုးခြံမှုကို အတုယူကာ၊ တောင်အာဖရိကတိုက် ဒါဗန်မြို့၌ဖီးနစ်ဟုခေါ်သော ဓမ္မသာလာယံကျောင်း၊ ဂျိုဟန်နက် စဗတ် အနီးဌ်၌ 'တော်စတွိုင်ယာတော' ဟုခေါ်သော ဓမ္မသာလာယံကျောင်းတို့ကို တည်ထောင်သည်။ ခြိုးခြံမှု၊ စည်းကမ်းကြီးမှု၊ ကြောက်ရွံ့ခြင်းကင်းမှု စသောအကျင့်တို့ကို ထိုကျောင်းများမှ ပြုစုပေးခဲ့သည်။ စင်စစ်တော်စတွိုင်ယာတောကို တည်ထောင်သည်မှာ အိန္ဒိယနိုင်ငံရေးကြိုးပမ်းမှုကြီးအတွက် သစ္စာဂြဟာတည်ဆောက်ရာတွင် အခြေခံစာရိတဗလပြည့်စုံစေရန် ရည်ရွယ်ပေသည်။ ဤရည်ရွယ်ရင်းအတိုင်း ဆောင်ရွက်ရန်အခါအခွင့်မှာ အိန္ဒိယ၌ပေါ်လာခဲ့ပြန်သည်။ ဂန္ဓီသည် အိန္ဒိယပြည်အာမာဒဗတ်မြို့တွင်တော်စတွိုင်ယာတောနည်းတူကျောင်း သခ်ၤမ်း တခုတည်ထောင် လေသည်။ ထိုကျောင်းသခ်ၤမ်း၏ ပရိဝုဏ်မှနေ၍၊ ဇာတ်နိမ့်သူ လယ်သမားအလုပ်သမားတို့၏အရေးကို ဆောင်ရွက်ခဲ့သည်။ ဤသို့ဆောင်ရွက်ဆဲ၊ ၁၉၁၉ ခု ဧပြီလ ၁၃ ရက်နေ့တွင် ဗိုလ်မှူးချုပ်ဒိုင်ယာသည် သူ၏အာဏာကို ဖီဆန်သည်ဟုဆိုသော အိန္ဒိယတိုင်းရင်းသားလူထုအစည်းအဝေးတရပ်ကို အမှုရစ်ဆာမြို့တွင် သေနတ်နှင့်ပစ်ဖေါက်၍ လူစုခဲ့လိုက်သည်။ ဤအချိန်မှာ အိန္ဒိယနိုင်ငံအား ဗြိတိသျှအစိုးရက မွန်တေဂူနှင့်ချမ်းစဖို့တို့၏ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးစီမံကိန်းကို ပေးအပ်ဆဲအချိန်ဖြစ်သည်။ လူထုကို သေနတ်နှင့်ခွဲထုတ်

သေကြေဒဏ်ရာရသူ များပြားလေရာ၊ ဂန္ဓီ၌စိတ်အလွန်ထိခိုက်သွားလေရကား၊ ဗြိတိသျှအုပ်ချုပ်ရေးကို အပြင်းအထန် ဆန့်ကျင်ဖက်ပြုလုပ်သည့်လမ်းစဉ်ကို ချမှတ်လိုက်လေသည်။ ဂန္ဓီသည် မွန်တေဂူချမ်းစဖို့ပြုပြင်ရေးကို သပိတ်မှောက်သည့်ပြင် အိန္ဒိယတိုင်းရင်းသားအပေါင်းတို့သည် မိမိတို့ရရှိထားသောဈာထူး၊ ဂုဏ်ထူးတို့ကိုစွန့်၍၊ ဗြိတိသျှအစိုးရတို့တည်ထောင်ထားသော ကျောင်းနှင့်အဖွဲ့အစည်းတို့မှ နုတ်ထွက်ကြပြီးလျှင်၊ အခွန်တော်ကိုပင် မပေးဆောင်ရန်ဆော်သြလေသည်။ ဤလှုပ်ရှားမှုကြောင့် ဂန္ဓီ၏ခါဒါဝတ်ဆင်ရေးတည်းဟူသော ဝံသာနုရက္ခိတတရားသည် ပေါ်ပေါက်လာပြန်လေသည်။ ဂန္ဓီ၏နိုင်ငံရေးကြိုးပမ်းမှုခေတ်၌ မြန်မာပြည်တွင်လည်း ပင်နီအင်္ကျီကိုသာ ဝတ်ဆင်ရမည်ဟူသော ဝံသာနုအဖွဲ့အစည်းတို့ လှုပ်ရှားလာခဲ့လေသည်။

၁၉၂၀ ပြည့်နှစ်တွင် ဂန္ဓီသည် အစိုးရနှင့်မဆက်ဆံရေးနည်းပရိယာယ်ကို တနိုင်ငံလုံးပျံ့နှံ့အောင် ဆောင်ရွက်လေသည်။ ထိုမှစ၍ဂန္ဓီကို မဟတ္တမဂန္ဓီဟု အိန္ဒိယပြည်လူထုတရုပ်လုံးက ခေါ်ဝေါ်ကြလေသည်။ ထိုအစိုးရနှင့်မဆက်ဆံရေးလုပ်ငန်းတွင်လည်း အခြေခံမှာ အနုနည်းသက်သက်



၁၉၃၁ ခုနှစ်တွင် အိန္ဒိယပြည်အတွက်ဘရေးဆိုရန်လန်ဒန်မြို့သို့မဟတ္တမဂန္ဓီရောက်ရှိနေစဉ်

ဖြစ်သော သစ္စာဂြဟပင်ဖြစ်၏။ သို့သော် ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ်တို့ပေါက်ကဲ့သည့်အခါ အဓိကရုဏ်းများဖြစ်ပွားလာလေသည်။ ထိုကြောင့် ၁၉၂၄ ခုနှစ်တွင် ဂန္ဓီသည် ထောင်ခုနစ်နှစ် အပြစ်ပေးခြင်းခံရသည်။ သို့ပါသော်ငြားလည်း ပြည်သူ့လှုပ်ရှားမှုကြောင့် ခြောက်လအပြစ်ဒဏ်ကို ခံပြီးနောက်လွှတ်လာလေသည်။

၁၉၃၀ ပြည့်နှစ်ပြီလတွင် ဂန္ဓီသည် အိန္ဒိယပြည်ဆားခွန်တော်ဥပဒေကိုဖေါက်ဖျက်ရန်၊ လူစုလူဝေးနှင့် ပင်လယ်ကမ်းခြေတွင် ဆားချက်လေသည်။ ဤကိစ္စကြောင့် ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့တွင် ဂန္ဓီသည်ထောင်ဒဏ်အပြစ်ပေးခြင်းခံရ၍၊ ၁၉၃၁ ခုနှစ်ဇန္နဝါရီလတွင်ထောင်မှလွှတ်လာ၏။

ဤအချိန်၌အိန္ဒိယပြည်သည် လန်ဒန်မြို့တွင် ကျင်းပမည့် မျက်နှာစုံညီအစည်းအဝေး၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတွက် အရေးဆိုနေသောအချိန်အခါဖြစ်လေသည်။ အိန္ဒိယပြည် ဘုရင်ခံ လော့အာဝင်သည် ဂန္ဓီနှင့်စေ့စပ်ထုတွင် ဂန္ဓီသည် အာဏာဖီဆန်ရေးလုပ်ငန်းကို ခဏရပ်စဲထား၍၊ လန်ဒန်မြို့ မျက်နှာစုံညီအစည်းအဝေးပွဲသို့ ကွန်ဂရက်၏ကိုယ်စားလှယ်အဖြစ်တက်ရောက်သည်။ လန်ဒန်မြို့မှပြန်လာသောအခါ ဂန္ဓီနှင့်အာဝင်တို့၏ စေ့စပ်ရေးမှာ ပျက်သွားပြီဖြစ်၍၊ ဂန္ဓီသည် အကျဉ်းချထားခြင်းကို ခံရပြန်သည်။ ဤတွင် ဂန္ဓီသည် အစာမစားဘဲအသေခံမည်ဟု အဓိဋ္ဌာန်ပြုသည်။ ထိုနောက်လူထု၏ ဆူပူအရေး ဆိုမှုများ ကြောင့် ဗြိတိသျှအစိုးရက သူ့အားထောင်မှလွှတ်ရပြန်သည်။

ဤအတွင်းဂန္ဓီသည်ဇာတ်နိမ့်သူများ၏အရေးကိုစွမ်းလွန်းတမ်းဆောင်ရွက်ရာ၊ ထောင်ကျခံရသေးသည်။ ဇာတ်နိမ့်သူတို့၏ အခွင့်အရေးကို ထောင်တွင်းမှပင်ဆက်၍ ဆောင်ရွက်ရာ၊ နောက်ဆုံး၌ဂန္ဓီကို ဗြိတိသျှအစိုးရက ထောင်မှလွှတ်လိုက်ရပြန်သည်။ ၁၉၃၄ ခုနှစ်ရောက်သော် အိန္ဒိယပြည်အုပ်ချုပ်ရေးအသစ်ပြုပြင်ပြောင်း လဲမှုများပေါ်ပေါက်သည်တွင်၊ ဂန္ဓီသည် အိန္ဒိယအမျိုးသားကွန်ဂရက်ကို ခေါင်းဆောင်ထုမှ အနားယူလိုက်သည်။ ကွန်ဂရက်ဝင်တို့အားအုပ်ချုပ်ရေးသစ်၌ ရာထူးယူ၍ဆောင်ရွက်ကြရန်ညွှန်ကြားသည်။ ထိုနောက် ကျေးလက်တောရွာပြုပြင်ရေးစခန်းဌာနချုပ်ဖြစ်သော ဆေးဗဟရံ ရွာကလေးတွင်နေ၍ ကျေးလက်ပြုပြင်ရေးကိုဆောင်ရွက်သည်။

၁၉၃၉ ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ၊ ဂန္ဓီသည် အိန္ဒိယပြည်လွတ်လပ်မှသာလျှင် မဟာမိတ်တို့ကိုကူညီပူးပေါင်းနိုင်မည်ဟု ကျေညာခဲ့သည်။ မူလကဂန္ဓီသည် နတ်ဆိုဝါဒနှင့်ဖက်ဆစ်ဝါဒကို ဆန့်ကျင်ဖက် ပြု၍ ဗြိတိသျှအစိုးရ အကျဉ်းအကျပ်တွေ့စေမည့်အလုပ်ကိုရှောင်ခဲ့သည်။ သို့သော်လွတ်လပ်ရေးအတွက် လူထုဆန္ဒပြင်းပြလာသောအခါ ဂန္ဓီသည်ဘုရင်ခံလော့လင်လစ်ဂိုက ပူးပေါင်းကူညီရန်

ဖိတ်ခေါ်သည်ကို လက်မခံခဲ့ချေ။ ကွန်ဂရက်၏သဘော ထားမှာ လုံးဝလွတ်လပ်ရေးမရလျှင် မကူညီဟူသောသ ဘောထားဖြစ်သည်။ ထိုကြောင့် ဗြိတိသျှအစိုးရသည် ဆာစတက်ဖို့ကရစ်ကို ဂန္ဒီနှင့်စေ့စပ်ရန်စေလွှတ်သော်လည်း မအောင်မြင်ချေ။ ဂန္ဒီလည်း အာဏာဖီဆန်ရေးကို စတင်လုပ် ဆောင်ပြန်သည်။ ထိုကြောင် ဂန္ဒီနှင့်တကွ ကွန်ဂရက်ခေါင်း ဆောင်တို့ကို စစ်အတွင်း၌ ဗြိတိသျှအစိုးရက ဖမ်းဆီးချုပ် နှောင်ထားပြန်လေသည်။ သို့သော်အစာငတ်ခံပြီးနောက် ဂန္ဒီသည် ၁၉၄၄ ခုနှစ်မေလတွင် ထောင်မှလွတ်လာပြန် သည်။ ထိုနောက် ၁၉၄၆ ခုနှစ် မေလ ၁၆ ရက်နေ့စွဲဖြင့် ထုတ်ဝေသောဗြိတိသျှ၏ စက္ကူဖြူစာတမ်းပါ အိန္ဒိယပြည် လွတ်လပ်ရေးစီမံကိန်းကို ဂန္ဒီသည်ပယ်ချခဲ့ပြန်သည်။

သို့သော်ဟိန္ဒူနှင့်မွတ်စလင်တို့သည် အိန္ဒိယနှင့်ပါကစ္စတန် ခွဲရေးတဲ့ရေးကိစ္စကြောင့် အကြီးအကျယ် အဓိကရုဏ်းဖြစ် နေကြသည်။ ထိုအဓိကရုဏ်းကို ပိတ်ပင်တားမြစ်ရန်ဂန္ဒီသည် ၁၉၄၇ ခုနှစ် ဇန်ဝါရီလတွင် ဗင်္ဂလားအရှေ့ပိုင်းနယ်ဖျားသို့ နယ်လှည့်တရားဟောထွက်ပြီး လျှင် ဟိန္ဒူနှင့် မွတ်စလင် တို့ သင့်တင့်ရေးအတွက် အစာငတ်ခံခဲ့သည်။ ဂန္ဒီသည် အိန္ဒိယနှင့်ပါကစ္စတန်ခွဲခြင်းကို အလိုမရှိ၊ မနှစ် သက်ချေ။ သို့သော်ရှေအလား အလာ၌ ဟိန္ဒူမွတ်စလင်တို့စိတ်ဝမ်း ကွဲမှုကိုသာ မြင်နေရ၍၊ ခွဲရေးကိုလက်ခံလိုက်ရ သည်။

ဤအတွင်း ၁၉၄၇ ခုစက်တင်ဘာလတွင် ကာလကတ္တား မြို့၌ ဟိန္ဒူ မွတ်စလင် အဓိကရုဏ်းဖြစ်ပြန်လေရာ၊ ဂန္ဒီသည် အစာငတ်ခံပြန်လေသည်။ အဓိကရုဏ်းနောက်ထပ်မဖြစ်ပွား စေရုပါဟု ခေါင်းဆောင်တို့က အာမခံသော ကြောင့် အစာကိုပြန်၍စားသည်။ သို့သော် လည်း ၁၉၄၈ ခုနှစ် ဇန်ဝါရီလတွင် ဟိန္ဒူမွတ် စလင်အဓိကရုဏ်းပြန်၍ဖြစ်ပြန်လေသည်။ ထို ကြောင့်ဇန်ဝါရီလ ၁၃ ရက်နေ့တွင် အစာငတ် ခံပြန်သည်။ ယင်းသို့အစာငတ်ခံ၍နာရီပေါင်း ၁၇၁ နာရီနှင့် ၄၅ မိနစ်စေ့သောအခါ၊ ဟိန္ဒူ၊ ဆစ်နှင့် မွတ်စလင်ခေါင်းဆောင်တို့သည် သင့် မြတ်သီညတ်ရေးကတိကို ဂန္ဒီအားပေးကြသဖြင့် ဂန္ဒီသည်အစာကို ပြန်၍စားပြန်သည်။ ဇန်ဝါ ရီလ ၂၁ ရက်နေ့တွင်ဟိန္ဒူလူငယ်တဦး သည် ဟိန္ဒူမွတ်စလင်ငြိမ်းချမ်းရေးကိုမလိုလားသော ဆန္ဒကိုပြသည့်အနေနှင့် ဂန္ဒီ၏နေအိမ် အနီး၌ ဗုံးဖေါက်ခဲ့သည်။ ဂန္ဒီ သည်ထိုသူငယ်အား အပြစ်မှခွင့်လွှတ်ပါရန် မေတ္တာရပ်ခံလေသည် ။

ဇန်ဝါရီလ ၃၀ ရက်နေ့ ညနေ ၅ နာရီ ၁၀ မိနစ်အချိန်တွင် ဂန္ဒီ သည် ဒေလီမြို့ရှိ သူ၏ ဗီယာလာနေအိမ်၌ ဘုရားဝတ်ပြု ရန် အလာ တွင် ဟိန္ဒူလူငယ်တဦးဖြစ်သော ဂတ်ဆေး ဆိုသူသည် ဂန္ဒီကိုခြောက်လုံးပူးနှင့်သုံး ချက်ပစ်သည်။ ဂန္ဒီသည်နာရီ ဝက်ခန့်ကြာသောအခါ အနိစ္စရောက်လေသည်။ နောက် တနေ့၌ ဂန္ဒီ၏ရုပ်ကလာပ်ကို နေအိမ်မှယမုနာမြစ်ကမ်းခြေ သို့ပို့ဆောင်ကြပြီးလျှင် မီးသင်္ဂြိဟ်၍ ဂန္ဒီ၏ပြာကို ယမုနာရေ အယဉ်၌ မျှောလိုက်ကြလေသည်။

ဂန္ဒက်ဌက်။ ။ဂန္ဒက်ဌက်သည် သမပိုင်းပင်လယ်တွင်ကျက် စားသော စူလီဒေးမျိုးရင်းဝင် ဌက်ကြီးတမျိုးဖြစ်သည်။ တင်ကျီးနှင့်အတူ ပယ်လီကင်နီဖေါင်း မျိုးစဉ်တွင်ပါသော် လည်း အသွင်အပြင်အားဖြင့် တင်ကျီးနှင့်မတူချေ။ ဦး ခေါင်းနှင့်လည်ပင်း အနည်းငယ်ဝါ၍၊ အတောင်ဖျားမည်း သည်မှတပါး တကိုယ်လုံးဆွတ်ဆွတ်ဖြူနေသည်။ ကိုယ်လုံး မှာ ၃ ပေခန့်ရှည်သည်။ ဝမ်းဘဲခြေမျိုးရှိသည်။ ခွန်ထက် သောနှုတ်သီးမှာ ရှည်၍ကောက်၏။


အခြားသောပင်လယ်ဌက်များနည်းတူ ဂန္ဒက်ဌက်တို့သည် ငါးဖမ်းရာ၌ အလွန်ကျင်လည်သည်။ ရေမျက်နှာပြင်၏ အထက် ပေ ၁၀၀ ခန့်အမြင့်၌ ပျံဝဲနေပြီးလျှင် ရေထဲတွင်မြင် ရသောငါးကို ရုတ်တရက်ထိုးဆင်း၍ ဖမ်းယူနိုင်သည်။

ဂန္ဒက်ဌက်သည် ကျောက်ဆောင်များပေါ်၌ အသိုက်လုပ် တတ်သည်။ သာမန်အားဖြင် တကြိမ်လျှင် ဥတလုံးသာအုံ လေ့ရှိသည်။ ဤဌက်မျိုးတွင်မျိုးကွဲများရှိသည်။ ဂန္ဒက် ဌက်အညိုမျိုးကို အပူပိုင်းဒေသပင်လယ်များ၌တွေ့ရသည်။ မြန်မာနိုင်ငံ တနသ်ာရီကမ်းခြေ၌ ရံဖန်ရံခါတွေ့ရှိရသည်။

ကျောက်ဆောင်ပေါ်တွင် အသိုက်လုပ်လေ့ရှိသည့်ဂန္ဒက်ဌက်



ဂိန်းစဗားရား, တီ (ခရစ် ၁၇၂၇–၁၇၈၈)။ ။ဖြိုတိန်ပြည်၏ ပန်းချီအနုပညာကို ရှေတန်းသို့ပို့ဆောင်ခဲ့သော ပုဂ္ဂိုလ်များအနက် တောမတ်ဂိန်းစဗားရားသည် တယောက်အပါအဝင်ဖြစ်သည်။ လူပုံတူနှင့် ရှုခင်းများ ရေးခြယ်ရာတွင် ကဝိမြောက်တဦးဖြစ်၏။ ဂိန်းစဗားရားသည် ခရစ် ၁၇၂၇ ခုနှစ်တွင် ဆပ်ဖတ်ခရိုင် ဆဒ်ဗာရီမြို့၌ မွေးဖွားသည်။ ငယ်ငုံးဒုယောက်အနက်အငယ်ဆုံးဖြစ်၏။ အသက် ၁၄ နှစ်သား



ကိုယ်တိုင်ရေးဆွဲသော တောမတ်ဂိန်းစဗားရား၏ပုံတူပန်းချီကား



အင်္ဂလိပ်လူမျိုးပန်းချီကျော် ဂိန်းစဗားရား၏လက်ရာ

ကပင် တောမတ်သည် သူနေထိုင်သည့် အရပ်ပတ်ဝန်းကျင်ရှိ ရှုခင်းများကိုရေးခဲ့သည်။ ထိုနောက်သူ၏ဖခင်ကကလေး၏ ဝါသနာနှင့် အရည်အချင်းကိုသိ၍ လန်ဒန်မြို့သို့ပို့ပြီးလျှင် ဟျူးဗတ်ဂရေ့ဗလောထံ၌ အက်ချင်းခေါ် စားဆေးဖြင့်ပုံဆွဲခြင်းအတတ်ကို သင်ယူစေသည်။ ၁၇၄၅ ခုနှစ်တွင် တောမတ်သည် အစ်ပစ္စစ်မြို့၌နေထိုင်ကာ ရှုခင်းပန်းချီကားများနှင့်ပုံတူကားများကိုရေးဆွဲလေသည်။ ၁၇၆၀ ပြည့်နှစ်တွင် ဗသမြို့သို့ပြောင်းရွှေ့၍ ပုဂ္ဂိုလ်ကျော်ကြီးများ၏ပုံတူပန်းချီကားများကိုရေးဆွဲလေရာ၊ သတင်းကြီးလာသည်။ ထိုနောက် လန်ဒန်မြို့တော်သို့ပြောင်းရွှေ့၍ တတိယကျော့ဘုရင်နှင့် မိဖုရားတို့၏ ပုံတူကားများနှင့် အခြားထင်ရှား သော ယောကျ်ားမိန်းမကခြေသည်များကို ရေးဆွဲသည်။

ဂိန်းစဗားရားက ရှုမျော်ခင်းကားများရေးဆွဲခြင်းကိုသာ စိတ်ပါသည်ဖြစ်သော်လည်း ထိုခေတ်ကလူများတို့သည် ထိုကားများကို တန်ဖိုးမထားတတ်ကြချေ။ ထိုကြောင့်လူပုံတူများကိုသာ တွင်ကျယ်စွာရေးဆွဲခဲ့ရသည်။ ၁၇၆၈ ခုနှစ်တွင် ဂိန်းစဗားရားသည်တော်ဝင်အနုပညာတံခွန်အသင်းကြီး သို့ဝင်ခွင့်ရခဲ့၏။ အသင်းကြီးသို့ သူရေးဆွဲသည့် ရှုမျော်ခင်းနှင့် လူပုံတူကားများကိုပေးပို့ခဲ့ရာတွင် လူပုံတူကားသုံးခုအတွက်အသင်းကြီးနှင့် မကျေမနပ်ဖြစ်သောကြောင့် အသင်းဝင်အဖြစ်မှနုတ်ထွက်ပြီးလျှင်၊ သီးခြားပြခန်းတခုဖွင့်လှစ်လေသည်။ သို့သော်လည်းသူ၏ ပြခန်းမှာ သူမြော်မှန်းသလောက်မအောင်မြင်ခဲ့ချေ။

ဂိန်းစဗားရားသည် အလွန်ခေါင်းမာသူတယောက်ဖြင့် သည့်အလျောက် ဆာကျော့ရှာရေးနောနှင့်လည်း အတိုက်အခံဖြစ်ခဲ့သေး၏။ (ရေးနော, ဆာကျော့ရှာ—လည်းရှု။) သူ၏လက်ရာပြောင်လှသော ပန်းချီကားများကိုတွေ့ရှိရသဖြင့်လည်း ဂိန်းစဗားရားသည် ရေးနောထက်မသာသာအောင် ကြိုးစားခဲ့သည်ဟုယူဆရပေသည်။ သို့သော်ကွပ်ဂိုလ် ၂ ဦးတွင် မည်သူကပို၍တော်သည်ဟုပြောနိုင်ရန်ခဲယဉ်းသည်။ ပညာတူသဖြင့် ရန်သူသဖွယ်ဖြစ်ကြသော်လည်း ဂိန်းစဗားရားသည် သူမသေမီကလေးတွင်ဆာရေးနောကိုခေါ်ယူပြီးလျှင် သူတို့၏ယခင်ကမကျေနပ်မှုများကို ခဝါချကာ မိတ်ကောင်းဆွေကောင်းကဲ့သို့ သဘောထားကြရန် ပြောကြားသွားလေသည်။ ဂိန်းစဗားရားသည် ၁၇၈၈ ခုနှစ်ဩဂုတ်လ ၂ ရက်နေ့တွင်ကွယ်လွန်လေသည်။

ဂုဏ် ၁၀ ပါး။ ။ဂုဏ်ဆိုသည်မှာ ဂုဏဟူသောပါဠိမှလာသောစကားဖြစ်သည်။ အဓိပ္ပါယ်ကား အထင်အရှားပြခြင်းဟူ၍ ဖြစ်လေသည်။ သို့ဖြစ်၍ အထည်ကိုယ်ဒြဗ်ကို ထူးခြားထင်ရှားအောင်ပြသောအခြင်းအရာကို ဂုဏ်ဟုခေါ်ဝေါ်သုံးနှုန်းကြလေသည်။

ဂုဏ်သည်သက်ရှိသက်မဲ့အရာအားလုံးနှင့်သက်ဆိုင်သည်။ စာပေ၌လည်း ဂုဏ်ဟုခေါ်သောထူးခြားသည့်အခြင်းအရာရှိသည်။ စာဆိုပုဂ္ဂိုလ်တို့သည်စာကိုပညာရှိမျှားနှစ်သက်ကြစေရန် တန်ဆာဆင်၍ရေးသားဖွဲ့ဆိုလေ့ရှိကြရာ၊ ယင်းသို့ဖွဲ့ဆိုသဖြင့်ထင်ရှားစွာပေါ် ထွက်လာသည့်နှစ်သက်ဖွယ်အခြင်းအရာကိုပင် စာပေ၌ ဂုဏ်ဟုခေါ်ရသည်။ ယင်းကိုသဒ္ဒါလင်္ကာရ ဟူ၍လည်းခေါ်သည်။ သုဗောဓာလင်္ကာရကျမ်း၌ စာပေအရေးအသားနှင့်ဆိုင်သောဂုဏ် ၁၀ ပါးရှိကြောင်းပြထားလေသည်။ ယင်းတို့မှာအကျဉ်းအားဖြင့်အောက်ပါအတိုင်းဖြစ်လေသည်။

၁။ ပသာဒဂုဏ် .....ကြည်ညိုဖွယ်ရှိခြင်း
၂။ သြဇဂုဏ် .....သိပ်သည်းလေးနက်ခြင်း
၃။ မဓုရတာဂုဏ် .....ချိုသာနာပျော်ဖွယ်ရှိခြင်း
၄။ သမတာဂုဏ် .....အသံညီမျှခြင်း
၅။ သုခုမာလတာဂုဏ်....သိမ်မွေ့နူးညံ့ခြင်း
၆။ သိလေသဂုဏ် .....ပြေပြစ်သောပုဒ်ရှိခြင်း
၇။ ဥဒါရတာဂုဏ် .....လွန်ကဲသောဂုဏ်ရှိခြင်း
၈။ ကန္တိဂုဏ် .....နှစ်သက်ဖွယ်ရှိခြင်း
၉။ အတ္ထဗျတ္တိဂုဏ် .....အနက်ထင်ရှားခြင်း
၁၀။ သမာဓိဂုဏ် .....တင်စားခြင်း

အကျယ်အားဖြင့်ကား

၁။ စကားစပ်နီး၍ အနက်သိလွယ်သောပုဒ်များဖြင့်ရေးသားသောအဖွဲ့မျိုးကို ပသာဒဂုဏ်နှင့်ပြည့်စုံသည်ဟုဆိုရသည်။

ပုံစံ။ ။ပရိက္ခရာ၊ ဥစ္စာအိမ်ထောင်၊ ကုန်အောင်ခြွေရွေ့၊ စွန့်ခဲ့ပေ၍၊ မနေလူရပ်၊ တောသို့ကပ်လည်း။ (ပါရမီခန်း)။

၂။ စကားလုံးများကို သိပ်သည်းကျစ်လစ်အောင် ပေါင်းစပ်၍ ရေးသားသောအဖွဲ့၊ အကျဉ်းကို အကျယ်ခွဲ၍ အကျယ်ကို အကျဉ်းချုံး၍ ရေးသားသောအဖွဲ့မျိုးကို သြဇဂုဏ်နှင့်ပြည့်စုံသည်ဟု ဆိုရသည်။

ပုံစံ။ ။သံဝိအစ၊ ဝဋ္ဋလေးလီ၊ ဌာယီနှစ်ပါး၊ ပျက်ပုံးတည်မှု၊ ကမ္ဘာပြုကို၊ အနုသန္ဓေ၊ ရွှန်းရွှန်းဝေစိမ့်၊ (လောကဝိဒူမော်ကွန်း)။

၃။ အသံတူ ဌာန်တူအက္ခရာများပါသည့် ပုဒ်ကို များစွာအသုံးပြု၍ ရေးသားသော အဖွဲ့၊ အက္ခရာတူပုဒ်တို့ကို ထပ်ကာထပ်ကာ အသုံးပြု၍ရေးသားသောအဖွဲ့မျိုးကို မဓုရတာဂုဏ်နှင့်ပြည့်စုံသည်ဟု ဆိုရသည်။

ပုံစံ။ ။နီလာပတ္တာမြား၊ မျက်ကိုးပါးလည်း၊ ဘုရားမြတ်မွန်၊လာမည်မှန်ဟု။ (ဂါထာခြောက်ဆယ်ပျို)။

၄။ ပဒတိုင်း၌ အသံနူးညံ့သော သိထိလအက္ခရာများများ အညီအမျှထား၍ဖြစ်စေ၊ အသံကြမ်းတမ်းသောဓနိဇာအက္ခရာများများအညီအမျှထား၍ဖြစ်စေ၊ သို့မဟုတ် နှစ်မျိုးအညီအမျှ စီထား၍ဖြစ်စေ ရေးသားသောအဖွဲ့မျိုးကို သမတာဂုဏ်နှင့်ပြည့်စုံသည်ဟုဆိုရသည်။

၅။ အသံနူးညံ့သော သိထိလအက္ခရာများများသုံး၍ အရွတ်အဆိုခက်သောပုဒ်များမပါအောင် ရေးသားသောအဖွဲ့မျိုးကို သုခုမာလတာဂုဏ်နှင့်ပြည့်စုံသည်ဟုဆိုရသည်။

၆။ ဌာန်ချင်းနီးသော အက္ခရာများပေါင်းစုထားဆည့်ပုဒ်မျိုးဖြင့် ရေးသားလျက် ဓနိတအက္ခရာလည်းအနည်းငယ်ပါသောအဖွဲ့မျိုးကို သိလေသဂုဏ်နှင့်ပြည့်စုံသည်ဟု ဆိုရသည်။
(အဆိုပါဂုဏ် ၃ မျိုးမှာပါဠိဘာသာအဖွဲ့များ၌သာ ထင်ရှားသည်။)

၇။ အလွန်အကျူးထူးခြားလွန်ကဲခြင်းကို ရေးသားသောအဖွဲ့ကို ဥဒါရတာဂုဏ်နှင့်ပြည့်စုံသည်ဟုဆိုရသည်။

ပုံစံ။ ။မုန်ညင်းစေ့တွင်း၊ ဝင်၍စကြံ၊ သွားစံပပ၊ နေလကိုင်မှီ။ (မဃဒေဝလင်္ကာ)။

၈။ အလွန်အမင်းခြီးကျူးမှုကို လူအများနှစ်သက်အောင် လောကပြောရိုးပြောစဉ်ထက်မလွန်စေပဲ၊ ရေးသားသော အဖွဲ့ကိုကန္တိဂုဏ်နှင့်ပြည့်စုံသည်ဟုဆိုရသည်။

ပုံစံ။ ။တက်ဘို့ဘဝင်၊ ကောင်းကင်ကက်ဖြင့်၊ ချင့်တွက်မနိုင်၊ ဥာဏ်မကွိုင်ကို၊ (ပါရမီတော်ခန်း)။

၉။ သဒ္ဒါအနက်အားဖြင့်ဖြည့်စွက်ရန်၊ဆွဲယူရန်မလိုအောင် ပြည့် စုံထင်ရှားစွာရေးသားသော အဖွဲ့ကို အတ္ထဗျတ္တိဂုဏ်နှင့်ပြည့်စုံသည်ဟု ဆိုရသည်။

ပုံစံ။ ။ပဗ္ဗကမ္မ၊ ရှေးကပြုသား၊ ကောင်းမှုထဲနှိုး၊ ဘုန်းတန်းကြီး၍၊ မင်းထီးဖြစ်လောက်၊ ဘွားလတ်မြောက်က၊ ထိတ်ကြောက်အန္တရာယ်၊ ရှင်းရှင်းပယ်၍၊ မခြယ်စိုးစိ၊ မမှေးငြိတည်း။ (ပါရမီတော်ခန်း)။

အဆွေဌမှာ၊ သက်တရာလျှင်၊ မနာမဖျား၊ မြင်လိုငြားဏ်။ (မဟာသုတသောမပျို)။

၁၀။ လောကစည်းကမ်းနှင့်မဆန့်ကျင်အောင် တင်စား၍ ရေးသားသောအဖွဲ့ကို သမာဓိဂုဏ်နှင့် ပြည့်စုံသည်ဟုဆိုရသည်။

သုဗောဓာလင်္ကာရကျမ်း၌ သမာဓိဂုဏ်ကို တဖန် ၆ မျိုးခွဲခြား၍ ပြဆိုပြန်သည်။ ယင်း ၆ မျိုးကို

အောက်တွင်ပုံစံနှင့်တကွရေးသားဖော် ပြပါအံ့။

(က) သက်ရှိသတ္တဝါတို့၏သဘောကိုသက်မဲ့အရာဝတ္ထုဖြစ်တင်စား၍ပို့ဆိုခြင်း

ပုံစံ။ ။ထားဝယ်မှိုင်းလည်း၊ ဆိုင်းဆိုင်းဝန်းကျင်၊ အုရားရှင်ကို၊ အကြောင်လူနတ်၊ ပရိသတ်တို့၊ ရိုညွတ်နုမော်၊ သာဓုခေါ်လျက်၊ ပူဇော်ကြထွေ့၊ ဆွတ်သာစေဟု၊ ပင်ခြေမကြွင်း၊ ညွတ်ကုန်လျင်းသည်။ (ဂါထာခြောက်ဆယ်ပျှို)။

(ခ) ပုံသဏ္ဌာန်ရှိသော ဝတ္ထုတို့၏သဘောကို ပုံသဏ္ဌာန်မရှိသောအရာဌာတင်စားခြင်း

ပုံစံ။ ။ချမ်းသာဝင်းဝင်း၊ ပြည်မင်းဗိမာန်၊ မြိုက်နိဗ္ဗာန်နှင့်။ (ဆုတောင်းခန်း)။

(ဂ) အရသာရှိသောဝတ္ထု၏သဘောကို အရသာမရှိသောဝတ္ထုဌာတင်စားခြင်း

ပုံစံ။ ။ဓမ္မခန္ဓာ၊ ငါပညာဟု၊ အင်္ဂါကိုးမည်၊ ရင်နှိုရည်ကို၊ ချမ်းကြည်သောက်များ။ တက်စီးပွား၍။ (ပါရမီတော်ခန်း)။

(ဃ) အရည်၏သဘောကို အရည်မဟုတ်ရာဌာတင်စား၍ပို့ဆိုရေးသားခြင်း

ပုံစံ။ ။ဆေးသေလေးကျောက်၊ မင်္ဂရည်သောက်က၊ ရှင်မြောက်လန်းလန်း။ (ဆုတောင်းခန်း)။

(င) ပြုလုပ်တတ်သူ၏သဘောကို မပြုလုပ်တတ်သောအရာဌာတင်စားခြင်း

ပုံစံ။ ။အကြံယုတ်မာ၊ မိစ္ဆာလည်းမည်၊ အုံစည်မှက်ရဲ၊ ကိုက်ဆုပ်ခဲ၍။ (ဆုတောင်းခန်း)။

(စ) အစိုင်အခဲဖြစ်သောဝတ္ထု၏သဘောကို အစိုင်အခဲမဟုတ်သောဝတ္ထုဌာတင်စားခြင်း

ပုံစံ။ ။အစောက်မတ်လတ်၊ မာန်တောင်ထုတ်ကို၊ တိမ်းညွတ်တောက်တို၊ မင်္ဂစုံးဖြို၍။ (ဆုတောင်းခန်း)။

ဤကုဏ် ၁၀ ပါးအဓိပ္ပါယ်ကိုကျက်မှတ်ရလွယ်အောင်၊မန်လည်ဆရာတော်ဘုရားကြီးသည် မဃဒေဝလင်္ကာသစ်နိဂုံး၌ အောက်ပါအတိုင်းပွဲဆိုထားသည်။

ပသာဒေါဇော၊ သဘောထင်စွာ၊ အလင်္ကာန္ဒိုက်၊ ဂါထာယခင်္၊ ကျူးဆိုဖွင့်သား၊ စပ်သင့်ပုဒ်စဉ်၊ နီးယှဉ်တင့်တယ်၊ သိလွယ်အနက်၊ နှစ်ချက်စုံလှ၊ ပသာဒတည့်၊ ဩဇမှာကား၊ သမာသ်များနှင့်၊ စကားနာဖွယ်၊ ကျဉ်းကျယ်ခွဲ ချို့၊ မတ်ပုံလက္ခဏာ၊ စွဲသေချာရှင့်၊ တဖြာထိုမှ၊ ဒီဃပုဒ်ချင်း၊ ရဿချင်းနှင့်၊ ဌာန်ခြင်းတူဟုတ်၊ သံယုဂ်ပါယို၊ ဓနိပါခြင်း၊ ပုဒ်ချင်းနီးစွာ၊ လွန်သာယာသည့်၊ ပဒါသတ္တိ၊ မည်ရှိခေါ်ပြု၊ မဓုရတာ၊ ခရာဝူပုဒ်၊ ထပ်ထပ်ထုတ်လည်း၊ သမုတ်သည်ဘာ၊ အနုပ္ပါသ၊ မဓုရတည့်၊ ပဒလေးလီ၊ သိထိလချင်း၊ ညီစေခြင်းနှင့်၊ မယွင်းဓနီ၊ ညီစွာချိုက၊ မိဿိရောထွာ၊ သုံးမျိုးပါလည်း၊ သမတာခေါ်ထုံး၊ လေးပုဒ်လုံးနှိုက်၊ စီကုံးသိထိ၊ များစေဘိလျက်၊ ဓနိတက္ခရာ၊ နှည်းမျသာလျင်၊ ပါသည်အချင်း၊ သိမ်မွေခြင်းနှင့်၊ သေခြင်းဟူစွာ၊ လူ့ဝေါဟာကို၊ နတ်ရွာစံကြွ၊ ဆိုခြင်းစသား၊ ဂါမွကင်းဝေး၊ ယဉ်ကျေးသမှု၊ ခေါ်ဝေါ်ပြုလည်း၊ သုခုမာလ၊ မည်ထတသီး၊ ဌာန်နီးစသည်။ ပေါင်းတည်ပုဒ်ချင်း၊ မကွာခြင်းနှင့်၊ မကင်းဓနီ၊ ပါဘိနည်းလှ၊ သိလေသတည့်။ ကဲဆလွန်ကျူး၊ ဂုဏ်ထူးအယို့၊ ပြဆိုဘိနှင့်၊ ဝိသေသန၊ ပါသမျကား၊ ဥဒါရတာ၊ မှတ်ကုန်ရာ၏၊ လူ့ရွာထုံးတမ်း၊ စည်းကမ်းမလွန်၊ ပညဝန်တို့၊ ကောင်းမှန်နှစ်လို၊ ခြင်းရာတို့ကား၊ ရွှင်ပျါနာအိ၊ ဂုဏ်ကန္တီတည့်၊ ထို့ပြိုအပ၊ နေယျပြစ်ကွာ၊ သဒ္ဒါအနက်၊ မထည့်စုက်ဘဲ၊ နှစ်ချက်အရ၊ ထင်စွာလှကား၊ အတ္တဗျတ္တို၊ သက်ယှိမူရာ၊ သက်မဲ့မှာလျင်၊ တင်ကာခေါ်ခြင်း၊ အဆင်းယိုမြော်၊ ဆင်းမဲ့ပေါ်တွင်၊ တင်ခေါ်သာညီ၊ ရသာယိုကို၊ မယိုန္ဒိုက်တည်၊ အရည်မဟူ၊ အရည်မူငြား၊ ကတ္တားယိုတဲ့၊ ကတ္တုမဲ့န္ဒိုက်၊ တင်ဖွဲတဖြာ၊ စိုင်ခဲမာကို၊ ခိုင်မာမဲ့ထက်၊ တင်လျက်ခေါ်ဘိ၊ သမာဓိဟု။ ကဝိလင်္ကာ၊ ဂုဏ်ဆယ်ဖြာလည်း၊ အလင်္ကာကြီး၊ ပုဒ်တိုင်းပြီးသည်၊ မိုးလေ့နောက်လူဉာဏ်ခိုးတည်း။ ဦးထွန်းမြင့်။

ကိုဏ်း။ ။ကိုဏ်းဆိုသည်မှာ ပါဠိစကား ဂဏမှဖြစ်လာသောမြန်မာစကားဖြစ်သည်။ ဂဏသည် အစုကိုဟောသည်။ ကိုဏ်းသည် ပါဠိဂါထာနှင့်မြန်မာကဗျာတို့ကိုဖွဲ့ထုတွင် အရေးတကြီး လိုက်နာရသောစည်းကမ်းတရပ်ဖြစ်ပေသည်။ ထို့ကြောင့်လည်း သျှင်ရဋ္ဌသာရသည် ကိုးခန်းပျို၌ အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

ဆိုရေးတွက်က၊ ပဒက္ခရ၊ ဝဏ္ဏမတြာ၊ ဂါထာ
ဇန်းကိုဏ်း၊ ကရိုဏ်းပယတ်၊ ဌာန်မချတ်တည့်၊
ဟောရွတ်ပိပြင်၊ မလျင်မတုန်၊ နှုတ်အာဂုဏ်နှင့်၊
မမှုန်မမိုင်၊ မယိုင်မယိမ်း၊ မတိမ်းမဆုံ၊ မရွံမထိတ်၊
ခြသေ့စိတ်သို့၊ ဖိုလ်ဟိတ်သွယ်ခိုင်း၊ တခွန်းလိုင်း
က၊ လူတိုင်းအံ့အဲ၊နာမရဲတည့်။

ပါဠိဂါထာဖွဲ့ရာ၌ အက္ခရာအရေအတွက်ကို အခြေပြု၍ရှလဟုခဲ့ကာဖွဲ့နည်းနှင့်၊ ဂရုလဟုခဲ့ကာမတြာအရေအတွက်ကို အခြေပြု၍ဖွဲ့နည်းဟု နှစ်နည်းရှိသည်။ (ဂါထာ — ၅၅။) အက္ခရာဖြင့်ဖွဲ့နည်းတွင် အက္ခရာသုံးခု၊ တဂိုဏ်းပြုလေ့၊ စတုဒ္ဒဝယ်၊ အဆုံးပယ်မှ၊ အစအဆုံး၊ မသုံးပဉ္စ၊ နှစ်ဂိုဏ်းဆတည့်။ သတ္တအင္ဒ၊ စသည်တို့မှာ၊ ရှေးနည်းသာလျင်၊ စာနာထောက်ထား၊ ကြံစုံးစား၍၊ မမှားယူသင့်သည်တကား' ဟူသော ဆရာတော်ဦးဗုဒ္ဓ၏ ဆန်းလက်ာအရ သုံးလုံးကို တဂိုဏ်းယူရသည်။ လေးလုံးရှိလျင် အဆုံးလုံးကိုပယ်ရသည်။ ငါးလုံးရှိလျင် အစလုံးနှင့်အဆုံးလုံးကိုပယ်ရသည်။ ခြောက်လုံးရှိလျင် နှစ်ဂိုဏ်းယူရသည်။ ခုနှစ်လုံးရှစ်လုံးရှိလျင် ရှေးနည်းအတိုင်း ထောက်ဆ၍ယူရလေသည်။

ဤတွင်ဂရု လဟုခွဲနည်းကို ဤသို့သိရာ၏။ 'ရုံးစုပေါင်းစည်း၊ ကိုဏ်းယူနည်းကို၊ ကမ္ဘည်းတင်မှု၊နိဒါန်းပြုပိမ့်၊ ဗိန္ဒုဒီဃ၊ သံယောဂကို၊ မြင်ကဂရု၊ လဟုရဿ၊ မှတ်ကြပြီးခါ' ဟူသော ဆရာတော်ဦးဗုဒ္ဓ၏ ဆန်းလက်ာအရ ဗိန္ဒုခေါ်သေးသေးတင်ပါသော အက္ခရာကိုငင်း၊ ဒီဃခေါ် အ သံရှည်အက္ခရာကိုငင်း၊ သံယုတ်ခေါ် အသတ်ရှိသောအက္ခရာကိုငင်း၊ ဂရုဟုယူရသည်။ (သို့သော်တခါတရံ ပါဒ၏အဆုံးလဟုအက္ခရာကိုလည်း ပါဒန္တဂရုဟု ယူရသေးသည်။) ရဿခေါ် အသံတိုအက္ခရာများကို လဟုယူရသည်။

ဂရုကိုဂငယ်အက္ခရာဖြင့်ငင်း၊ လဟုကိုလအက္ခရာဖြင့်ငင်း မှတ်၍ပြရသော် (၁) ဂဂဂ သည်မဂိုဏ်း (၂) လလလသည် နဂိုဏ်း (၃) ဂလလသည်ဘဂိုဏ်း (၄) လဂဂသည်ယဂိုဏ်း (၅) လဂလသည်ဇဂိုဏ်း (၆) လလဂသည်သဂိုဏ်း (၇) ဂလဂသည်ရဂိုဏ်း (၈) ဂဂလသည်တဂိုဏ်းဟူ၍ ဂိုဏ်းရှစ်ပါးရှိသည်ကိုတွေ့ရသည်။ ထိုရှစ်ပါးတွင် မ၊ န၊ ဘ၊ ယ၊ ဂိုဏ်းလေးပါးကို အလိုရှိအပ်သောဇ္ဈဋ္ဌဂိုဏ်းများဟုခေါ် သည်။ ဇ၊ သ၊ ရ၊ တ၊ ဂိုဏ်းလေးပါးကို အလိုမရှိအပ်သောအနိဋ္ဌဂိုဏ်းများဟုခေါ် သည်။ ဤဂိုဏ်းတို့ကိုနှတ်များစောင့်၍ ယင်းတို့နှင့် နက္ခတ်များ ယှဉ်သည်ဟူ၍ လည်းဆိုသည်။ ဤအချက်တို့ကိုအလွယ်တကူမှတ်နိုင်ရန် ပညာရှင်များသည် ဇအောက်ပါသင်္ကေတ လက်ာကို ဖွဲ့ဆိုခဲ့ကြသည်။

	လက်ာ	ဂိုဏ်း	စောင့်နှတ်	ယှဉ်နက္ခတ်	ဇ္ဈဋ္ဌ၊ အနိဋ္ဌ
၁။	ဘူလမိ ဂလလ	ဘ	လနတ်	မိဂသီ	ဇ္ဈဋ္ဌ
၂။	နသီဘ ဇလလ	န	သိကြား	ဘရဏီ	။
၃။	ယတိ သတ် လဂဂ	ယ	တိမ်နတ်	သတ္တဘိသျှ	။
၄။	မတ်ဘုံဇေ ဂဂဂ	မ	ဘုမ္မစိုး	ဇေဋ္ဌ	။
၅။	ဇနေပု လဘလ	ဇ	နေနတ်	ပုနဗ္ဗသျှ	အနိဋ္ဌ
၆။	သုလိသ္ဓာ လလဂ	သ	လေနတ်	သ္ဓာတိ	။
၇။	ဏမိကြတ် ဂလဂ	ရ	မီးနတ်	ကြတ္တိကာ	။
၈။	တတ်အာသ ဂဂလ	တ	အာကာသစိုး	သရဝဏ်	။

မတြာဖြင့်ဖွဲ့နည်းတွင် လေးမတြာကို တကိုဏ်းယူရသည်။ ဂရုတလုံးကို နှစ်မတြာဖြင့်ငင်း၊ လဟုတလုံးကို တမတြာဖြင့်ငင်း မှတ်၍ပြရသော်—

(၁) ဂ + ဂ = ၂ + ၂ ကိုမဂိုဏ်း၊
(၂) လ + လ + လ + လ = ၁ + ၁ + ၁ + ၁ ကိုနဂိုဏ်း၊
(၃) ဂ + လ + လ = ၂ + ၁ + ၁ ကိုဘဂိုဏ်း၊
(၄) လ + ဂ + လ = ၁ + ၂ + ၁ ကိုဇဂိုဏ်း၊
(၅) လ + လ + ဂ = ၁ + ၁ + ၂ ကိုသဂိုဏ်း ဟူ၍ဂိုဏ်းငါးပါးရှိသည်ကိုတွေ့ရသည်။

မြန်မာမှုဋ္ဌကဗျာဖွဲ့ရာတွင် အထက်ပါအက္ခရာဖြင့်ဖွဲ့နည်းကိုလိုက်နာကြ၏။ သို့သော်ကဝိကဏ္ဌပါသကျမ်းလာအောက်ပါလက်ာထုတ် နည်းကိုလည်းအချို့လိုက်နာခဲ့ကြပုံရသည်။

သပြေဇမ္ဗူ၊ ကျန်းလုံးသွဝယ်၊ မှန်ကူမှန်ကင်း၊ တို့ရာစင်း၏၊ တကွင်းစံတည်၊ ခေါင်ငံ့ရည်သား၊ မျိုးမည်ရွှေလှော်၊ ငါ့ညီတော်။ ။ထွန်းပေါ် ရောင်ခြည်၊ သို့ချည်းတည်သား၊ ဤသည်ပုဒ်တွင်၊ ထွန်းကိုလျှင်တည့် ၊ မြဲပင်ပယ်သင့်၊ သိစေလင့်လော့။ ။နန်းနှင့်ရွှေပြည်၊ သို့ချည်းတည်သား၊ ဤသည်ပုဒ်တွင်၊ နှင့်ကိုလျှင်တည့်၊ ဆင်ခြင်ကြံထွေ၊ သိတတ်စေလော့။ ။မိုးစွေလတ်မည်၊ သို့ချည်းတည်သား၊ ဤသည်ပုဒ်တွင်၊ မည်ကိုပင်တည့်၊ ပယ်သင်ဖြတ်ဟန်၊ သိလင့်ထွန်လော့၊ ပယ်ချန်ဖြတ်သည်၊ သုံးမည်နာမ၊ ဤမျှပါဋ္ဌိ၊ ဂဏ္ဌာတိကို၊ ကျယ်သိလေသ၊ အဋ္ဌကထာ၊ ဋီကာတို့ဝယ်၊ ထွေထွေကယ်သား၊ ဓိပ္ပါယ်တို့ကို၊ သို့ချည်းလိုဟု၊ ဘုန်းပျိုညွှန်သစ်၊ ညီချစ်ဉာဏ်မြေ၊ သတိတစေ။

ဤနည်းအရဆိုသော် ပုဒ်တို့တွင်ကြိယာရှိလျှင် ကြိယာကိုပယ်ရသည်။ ကြိယာမရှိလျှင် အစလုံးကိုပယ်ရသည်။ ဤတွင်ကြိယာဆိုသည်မှာ ကြိယာခြောက်ဆယ်ကိုဆိုလိုသည်။

ဦးထွန်းမြင့်။

ဂုန်ညင်းပင်။ ။ခုန်ညင်းပင် — ဌ။

ဂပ်စတားဗပ်၊ဒုတိယ (ဆို၁င်) (ခရစ် ၁၅၉၄–၁၆၃၂)။ ဒုတိယ ဂပ်စတားဗပ် ဟူသော ဘွဲ့အမည်ဖြင့် ဆို၁ဒ်ထိုးနှန်းကို ၁၆၁၁ ခုနှစ်တွင်ဆက်ခံသောဂပ်စတားဗပ်အဒေါဖပ်သည် ဆို၁ဒ်ပြည့်ရှင် နဝမချားဘုရင်၏ သားတော်ဖြစ်လေသည်။ ၁၅၉၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စဒေဝ့ဟုမ်းမြို့ရဲတိုက်ကြီးတွင် ဖွားမြင်သည်။ အသက် ၁၂ နှစ်အရွယ်တွင် လက်တင်ဘာသာ၊ ဂ္ဂတာလို့၊ ဒပ်ချနှင့် ဂျာမန်ဘာသာစာပေများကို နိုင်နင်းစွာတတ်ကျွမ်းခဲ့သည်။

၁၆၁၁ ခုနှစ်တွင် နဝမချားဘုရင်နတ်ရွာစံသဖြင့် အသက် ၁၇ နှစ်သားမျှသာရောက်ရှိသေးသော ဂပ်စတားဗပ်သည် ဆို၁ဒ်ထိုးနှန်းကို ဆက်ခံစိုးစံရသည်။ ဂပ်စတားဗပ်ဘုရင်ထိုးနှန်းဆက်ခံပြီး၍ မကြာမီပင် သူ၏ခမည်းတော်လက်ထက်က ဒိန်းမတ်နိုင်ငံ၊ ပိုလန်နိုင်ငံ၊ ရုရှနိုင်ငံတို့နှင့် စတင်ဖြစ်ပွားခဲ့



လွတ်ဆင်မြို့တိုက်ပွဲတွင် ဂယ်စတားဗယ်ဘုရင်ကြီး ဆုမွန်တောင်းဓနုပို့

သော စစ်ပွဲများကို ဆက်လက်တိုက်ခိုက်လေတော့သည်။ ဂယ်စတားဗယ်သည် စစ်ပွဲတိုင်းဌ်ပင် အောင်မြင်ခဲ့၏။ ၁၆၁၇ ခုနှစ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့ရာတွင်၊ ဗောလတစ်ပင်လယ်၏ အရှေ့ဖက်ကမ်းရိုးတန်းတလျှောက်ရှိ ပြည်နယ်များသည် ဆို၁င်ပိုင်ဖြစ်လာလေသည်။ ထိုနောက်ပိုလန်နိုင်ငံနှင့် ဂ နှစ်ကြာမျှတိုက်ခိုက်ခဲ့ရာတွင်လည်း အောင်ပွဲရသည်သာများလေသည်။ ထိုအတောအတွင်း သူ၏စစ်တပ်ကို ဥရောပတိုက်တွင် အကောင်းဆုံးဖြစ်အောင် ပြုပြင်ဖန်တီးခဲ့လေသည်။ ထိုသို့အောင်ပွဲများရပြီး နယ်မြေအများသိမ်းပိုက်ရရှိကာ စစ်ပရိယာယ်ကြွယ်ဝ၍ ရဲစွမ်းသတ္တိရှိလှသောကြောင့် သူ့အား မြောက်ပိုင်းကခြင်္သေ့ကြီးဟု ခေါ်ကြ၏။ အုပ်ချုပ်ရေးဖက်တွင်လည်း အစွမ်းအစရှိသူဖြစ်သည့်အတိုင်း ဆို၁င်နိုင်ငံတွင်း၌ ရွာသစ်များချက်ခြင်း တည်ထောင်ပေးသည့်အပြင် ပညာတိုးတက်ပြန့်ပွားရေးအတွက် အပ်ဆားလာတက္ကသိုလ်ကြီးကို တိုးတက်ချဲ့ထွင်နိုင်ရန် မြေများပေးအပ်လေသည်။ ဘဏ္ဍာရေးအခြေအနေကို တောင့်တင်းအောင်စီမံခဲ့သည်။ ဥပဒေသစ်များကိုလည်း ရေးဆွဲပြဋ္ဌာန်းပေးခဲ့သည့်အပြင် ဆို၁င်နိုင်ငံ အုပ်ချုပ်ရေးစက်ယန္တရားကြီးတခုလုံးကိုလည်း ပြုပြင်ပြောင်းလဲလိုက်လေသည်။

သို့ဖြစ်၍ သူ၏လက်ထက်တွင် စက်မှုလက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးခဲ့လေသည်။ ဂယ်စတားဗယ်သည် ဥရောပ နှစ်သုံးဆယ်စစ်ပွဲကြီးတွင် ဝင်ရောက်တိုက်ခိုက်ခြင်းမှာ ကိုယ်တိုင်က ပရိုတက်စတန့်ကိုးကွယ်ယုံကြည်၍ ပရိုတက်စတန့်ကိုးကွယ်သူများဖက်မှ ကူညီရန် အတွက်သာမဟုတ်ဘဲ သူ၏နိုင်ငံတော်ကို ကျွမန်ပြည်နယ်ကမ်းခြေအထိ တိုးချဲ့ရန်အတွက်လည်းဖြစ်ပေသည်။ (နှစ်သုံးဆယ်စစ်ပွဲ — ရှု။)

၁၆၃၁ ခုနှစ်တွင် ဂယ်စတားဗယ်သည် ဆို၁င်စစ်သည်တော်ပေါင်း ၃၀,၀၀၀ နှင့်အတူ ကျွမန်ပြည်မြောက်ပိုင်းတွင် တက်ရောက်တပ်စွဲ၍ တိုက်ပွဲတပွဲပြီးတပွဲ အောင်မြင်ခဲ့လေသည်။ လိုက်ပဆစ်မြို့အနီး ဗရိုက်တင်ဖဲ တိုက်ပွဲတွင် ဗရင်ဂျိုကိုးဝင်းသြစတြီးယန်းဗိုလ်ချုပ်တီးလီအား အောင်နိုင်လိုက်၏။ ဤတိုက်ပွဲမှာ နှစ်သုံးဆယ်စစ်ပွဲကြီးတွင် အကြီးကျယ်ဆုံးသောတိုက်ပွဲကြီးဖြစ်လေသည်။ သြစတြီးယန်းကောင်ဘုရင်သည် တီးလီ၏နေရာတွင် ဗိုလ်ချုပ် မေါ်လင်းစတိုင်းအား ခန့်၍ ဂယ်စတားဗယ်ကိုတုံ့ပြန်တိုက်ခိုက်စေလေသည်။

ထိုနောက် ၁၆၃၂ ခုနှစ် နိုဝင်ဘာလ ၆ရက်နေ့တွင် လွတ်ဆင်မြို့၌ ဂယ်စတားဗယ်၏စစ်တပ်နှင့် မေါ်လင်းစတိုင်း၏ စစ်တပ်တို့ဆုံမိကြ၍ ပြင်းထန်လှသော တိုက်ပွဲကြီးဖြစ်ပွားခဲ့လေသည်။ ထိုတိုက်ပွဲတွင် မေါ်လင်းစတိုင်း၏စစ်တပ်ကြီးလည်း ဖရိုဖရဲပြိုကွဲပျက်စီးကာ ဆို၁င်တို့ကအနိုင်ရလိုက်သော်လည်း သူတို့၏ရဲစွမ်းသတ္တိရှိလှသော ဂယ်စတားဗယ်ဘုရင်မှာ ကျည်သင့်ကျဆုံးသွားသောကြောင့် ထိုဆုံးရှုံးမှုကြီးနှင့်စာသော် အောင်ပွဲမှာမပြောပလောက်ပေ။ သို့သော်လည်း ထိုသို့အောင်ပွဲရလိုက်သောကြောင့် ကျွမန်ပြည်တွင် ပရိုတက်စတန့်ကိုးကွယ်သူများ၏ အရေးမှာ စိတ်အေးသွားရပေတော့သည်။



ဆို့ဒင်နိုင်ငံဘုရင် ဂပ်စတားဗပ်

ထိုပြင်ဂပ်စတားဗပ်၏ ကြိုးပမ်းချက်များကြောင့် မြောက်ပိုင်းနိုင်ငံများထဲတွင် ဆို့ဒင်နိုင်ငံမှာ စက်မှုလက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အတိုးတက်အဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်၍ ထိပ်တန်းသို့ရောက်ခဲ့ရပေသည်။

ဂပ်စတားဗပ်အဒေါဖပ် နတ်ရွာစံပြီးသည့်နောက် ထီးနန်းကို သမီးတော်ခရစ္စတီနာ ဆက်လက်စိုးစံခဲ့လေသည်။

ဂံဂျာ။ ။ဆေးခြောက်ပင် — ဂျ။

ဂုံလူမျိုး။ ။ဂုံလူမျိုးသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုးတမျိုးဖြစ်လေသည်။ ဂုံလူမျိုးကိုခုံဟုလည်းရေးကြ၏။ ဂုံလူမျိုးတို့၏အနှယ်မှာ ယိုးဒယားတရုပ်ဖြစ်သည်။ ထိုယိုးဒယားတရုပ်လူမျိုးများသည် တရုပ်ပြည်မှ ရှေ့လီမြစ်ကြောင်းဆင်းသက်၍ မြန်မာနိုင်ငံသို့ဝင်ရောက်လာခဲ့၏။ ထိုလူမျိုးများတွင် ထိုင်း (တနည်း) ရှမ်းနှင့် ကရင်လူမျိုးဟူ၍ လူမျိုး ၂ စုကဲ့လေသည်။ ထိုပြင်တဖန် ဒေသကိုလိုက်၍ ထိုင်း (တနည်း) ရှမ်းတို့ကို သုံးမျိုးခွဲနိုင်သေးသည်။ ယင်းတို့မှာ မြောက်ပိုင်းရှမ်း၊ အလယ်ပိုင်းရှမ်းနှင့် တောင်ပိုင်းရှမ်းတို့ဖြစ်သည်။ ရှေးမြန်မာမင်းတို့အခေါ်အရ၊ အနောက်ရှမ်း၊ မြောက်ရှမ်းနှင့်အရှေ့ရှမ်းတို့ဖြစ်သည်။ ထိုရှမ်း ၃ မျိုးတွင် အလယ်ရှမ်းသို့မဟုတ် အရှေ့ရှမ်းလူမျိုးတွင် ဂုံနှင့်လူး လူမျိုးတို့ပါဝင်လေသည်။

ဂုံလူမျိုးတို့သည် ရှမ်းကိုးပြည်ဝင် ကျိုင်းတုံမြို့တွင် အများဆုံးနေထိုင်ကြသည်။ ကျိုင်းတုံနယ်၊ သံလွင်မြစ်အရှေ့ဖက်ကမ်းတွင် ဂုံလူမျိုးများနေထိုင်ကြလျက်၊အနောက်ဖက်ကမ်းတွင် လူးလူမျိုးတို့အနေများလေသည်။ ရှေးအခါကဂုံလူမျိုးတို့နေထိုင်ရာ ကျိုင်းတုံမြို့နယ်ကို ခေမာဝရတိုင်း၊ ဂုံပြည်ဟုလည်းရေးသားလေသည်။ ကဝိလက္ခဏာသတ်ပုံကျမ်းတွင် 'ကျိုင်းတောင်းကျိုင်းတုံ၊မြို့မိုင်းလုံ၊ မော်တုံရှမ်းတို့ကျေး' ဟူ၍ဂုင်း 'ကချင်နှင့်ဂုံ၊ ပြူနှင့်မြန်၊ သထုံသည်ကဝေး' ဟူ၍ ဂုင်းကျိုင်းတုံနှင့်ဂုံတို့ကို ဖေါ်ပြထားသည်။

ဂုံလူမျိုးတို့၏ ဘာသာစကားမှာ တောင်ပိုင်းထိုင်းဘာသာစကားတွင် ပါဝင်သည်ဟုဆို၏။ သူတို့၏စာပေအရေးအသားကို မြန်မာတို့ထံမှ တဆင့်ရသည်ဟုသိရသည်။ ရှမ်း (တနည်း) ထိုင်းစာပေအကွရာအရေးအသား ၆ မျိုးရှိ၏။



ကျိုင်းတုံမြို့နယ်မှ ဂုံအမျိုးသမီး

ယင်းတို့တွင် လူးနှင့်ဂုံ (ခုံ) တို့၏ စာပေအရေးအသားကို ခွဲခြားထားလေသည်။ ထိုကြောင့် စာပေအရေးအသားတွင် လူးနှင့်ဂုံ ကိုမတူဟု ဆိုနိုင်သော်လည်း မျိုးရိုးနှင့်ဓလေ့ထုံးစံများမှာ ခြားနားခြင်းများစွာမရှိလှဟုသိရသည်။

၁၉၂၁ ခုနှစ် သန်ကောင်စာရင်းအရ လူးနှင့်ဂုံလူမျိုးစုစုပေါင်း ၁၆,၂၂၇ ရှိသည်။ ၁၉၃၁ ခုံနှစ် သန်ကောင်စာရင်း၌မူ ၂၂၅,၈၉၄ ရှိသည်ဟုဆိုသည်။

ဂုံလူမျိုးများသည် ဗုဒ္ဓဝါဒီများဖြစ်ကြ၏။ သူတို့၏ဝတ်စားပုံမှာ ရှမ်းလူမျိုးများ၏ အဆင်တန်ဆာများဖြစ်သော၊

အမည်းရောင်၊ အင်္ကျီ၊ ဗောင်းဗီနှင့် ခေါင်းပေါင်းကြိုးများကို ယောကျ်ားများကဝတ်ဆင်ကြ၏။ မိန်းမများကမူ လက်ကောက်ဝတ်ကျပ်သော အင်္ကျီလက်ရှည်ကိုဝတ်၍၊ ခေါင်းပေါင်းပုဆိုးများကို ပေါင်းတတ်သည်။ ကုံလူမျိုးတို့၏ နေအိမ်မှာ အထူးသဖြင့်အုတ်ကြွပ်မိုးနှင့်အုတ်အင်္ဂတေအကာအရံဖြင့် ဆောက်လုပ်သောအိမ်များဖြစ်သည်။

ကုံလျှော်ပင်။ ။ကုံလျှော်ပင်ကို ပိလောပင်ဟုလည်း ခေါ်ကြသည်။ ကုံလျှော်ပင်သည် ပိုက်ဆံပင်နှင့် လုံးဝကွဲပြားခြားနားသည်။ သို့ရာတွင်အသုံးချရာ၌ ပိုက်ဆံပင်နှင့်အလားတူဖြစ်၍ ၂ ပင်စလုံးကိုလျှော်ထုတ်ယူရန် စိုက်ပျိုးကြသည်။ လျှော်ထုတ်ယူနိုင်သော ကုံလျှော်ပင်မှာ ၂ မျိုးရှိလေသည်။ တမျိုးမှာ ကော်ခိုရပ်ကပ်စူလာရစ်မျိုးဖြစ်၍ အခြားတမျိုးမှာ ကော်ခိုရပ်အော်လီတိုရိယပ်မျိုးဖြစ်သည်။ ကော်ခိုရပ်အမျိုးမှ ပွားထွက်သော အခြားကုံလျှော်ပင်များလည်းရှိ၏။ ကုံလျှော်ပင်ကို ပူပြင်းစိုစွတ်သောတိုင်းပြည်များ၌ စိုက်ပျိုးနိုင်သည်။ ကုံလျှော်သည် အိန္ဒိယနိုင်ငံမှ အများဆုံးထွက်သည်။ ဤအပင်ကို အိန္ဒိယနိုင်ငံ ဗင်္ဂလားပြည်နယ်၌ အမြောက်အများစိုက်ပျိုးသည်။ ယခင်အခါက စကော့တလန်ပြည်ရှိ ဒန်ဒီမြို့တွင် ကုံလျှော်စက်ကြီးများရှိသဖြင့် ကုံလျှော်ကြမ်းများကိုထိုမြို့သို့ တင်ပို့ရသည်။ ယခုအခါ ဗင်္ဂလားပြည်နယ် ကာလကတ္တားမြို့တွင် ကုံလျှော်စက်ကြီးများဆောက်လုပ်ထားပြီးဖြစ်၍၊ ကုံလျှော်ဖြင့်ပြုလုပ်ရသော အချောထည်များကို အိန္ဒိယနိုင်ငံ၌ပင် လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံ၌လည်း ကုံလျှော်ပင်များ စိုက်ပျိုးသော လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပေပြီ။ နိုင်ငံတော်အစိုးရသည်အင်းစိန်ခရိုင် ကမာရွတ် လှိုင်မြစ်ကမ်းပါးတွင် ကုံလျှော်စက်တည်ဆောက်ရန်စီမံလျက်ရှိလေပြီ။ ကုံလျှော်နှင့်ပြုလုပ်သော ကုံနီအိတ်များမှာအသားထူထဲသဖြင့် ဆန်စပါး၊ သကြားစသည်တို့ထည့်ရန် အတွက် ကောင်းသည်။ အာလူး၊ ကြက်သွန်ထည့်ရန် အတွက် အသားကဲ့သောကုံအိတ်များကို အသုံးပြုကြသည်။ ကုံလျှော်ဖြင့်ရက်လုပ်သော ကုံနီဖျင်ကို ဝါနှင့်အိမ်ထောင်ပရိဘောဂများကို ထုပ်ပိုးသယ်ယူရာ၌ အသုံးပြုကြသည်။ ကုံလျှော်ကြိုးကြိုး၊ ကြိုးကလေးနှင့်စက္ကူကြမ်းများကိုလည်း ကုံလျှော်ဖြင့်လုပ်ကြသည်။ ကုံလျှော်၏အမျှင်မှာနု၍ ပိုးခြည်မျှင်ကဲ့သို့ ပျော့ပျောင်းသဖြင့် ဆံပင်တုလုပ်ရာ၌အသုံးဝင်သည်။ ကုံလျှော်သည်ဆိုးဆေးတင်ရလွယ်ကူသည်။ စျေးချိုချိုဖြင့် ရောင်းချနိုင်သော ကော်ဇောမျိုးကိုလည်း ကုံလျှော်ဖြင့်ရက်လုပ်ရလေသည်။

ကုံလျှော်ပင်ကို ရိတ်ဖြတ်ရန်သင့်လျော်သောအချိန်မှာသီးတံများ ထွက်ပြူစအခါဖြစ်သည်။ အချို့ဒေသများတွင် အပွင့်များပွင့်လာသည့်အခါမှ အပင်များကိုရိတ်သိမ်းကြ၏။ ကုံလျှော်ကိုတံစဉ်ဖြင့် မြေကြီးနှင့်ကပ်လျက် အပင်ရင်းမှဖြတ်ယူရ၏။ ထိုနောက်လယ်ကွက်ထဲ၌ ၂ ရက်ခန့်ပုံထားရသည်။ အရွက်များကြွေပြီးနောက် အကိုင်းအခက်များပါဝင်သော အဖျားပိုင်းကိုဖြတ်ပစ်လျက် အပင်ရိုးများကို အစည်းငယ်ကလေးများဖွဲ့စည်းထားရ၏။ ထိုအစည်းများကိုကုန်းမြင့်တွင် ပုံလျက် သစ်ရွက်၊ ပေါင်းပင်မြေစိုင်ခဲစသည်တို့ဖြင့်ဖုံးဖိထားရသည်။ ထိုသို့ ၃ ရက် ၄ ရက်ခန့် ထားပြီးနောက်၊ ကြွင်းကျန်နေသေးသမျှသော အရွက်တို့ကိုလှုပ်ခါချပြီး လျှင်အစည်းများကို ရေစိမ်ရန် ရေကန်သို့မဟုတ် ချောင်းသို့သယ်ယူရသည်။ ရေစိမ်သောအခါ အစည်းများကိုဝန်လေးများဖြင့် ဖိထားရ၏။ ထိုသို့အစည်းများကို ၁၀ ရက်ခန့်သို့မဟုတ် ထိုထက်ကြာအောင် ရေစိမ်ထားပြီးနောက်အမည်းရောင် သန်းလာသောအခါ ရေမှဆယ်ယူရ၏။ ရေစိမ်ထားစဉ် အစည်းများကို နေ့စဉ်စစ်ဆေးကြည့်ရှုရ၏။

လျှော်ရရှိစေရန် ရေစိမ်ထားပြီးသော အပင်ရိုးစည်းကိုလက်တဖက်နှင့်ကိုင်လျက်၊ လက်တဖက်ကလက်ရိုက်နှင့်ဖြစ်စေ၊ တုတ်ပြားနှင့်ဖြစ်စေ၊ အစည်း၏အောက်ပိုင်းကိုရိုက်ရ၏။ ရိုက်နေစဉ် တွင် အစည်းကို



ဓိုကဲခင်းမှ ရိပ်သိမ်းစုပုံထား သော ကုံလျှော်ပင်များ

ရေခဲ့မြုပ်ထားရ၏။ ထိုအခါ အပင်ရိုးသည် ကြေမွထွက်သွားပြီးလျှင် ကုံလျော်သာကျန်ရစ်ခဲ့ပေမည်။ ကျန်ရစ်ခဲ့သော လျော်မျင်ကိုပြောင်းပြန်လှန်၍ အထက်ပိုင်းကို ရေစိမ်ပြီးလျင်လျော်ချည်းသာကျန်သည့်တိုင်အောင် ထုလိမ်ချေမွှရလေသည်။ နောက်ဆုံးခွဲထုတ်ယူပြီးသောလျော်ကို ရေမျက်နှာပြင်တွင်ရိုက်လျက်စင်ကြယ်အောင်ဖွပ်ရသည်။

ထိုသို့ဖွပ်ပြီးနောက် ရရှိသောလျော်ကို ရေကုန်စင်အောင် ညှစ်၍ အစိုအတိုင်းတရက်ခန့် ပုံလျက်ထားရသည်။ ထိုနောက် လုံးလုံးလျားလျားခြောက်သွေ့သည့်တိုင်အောင် ၂ ရက် ၃ ရက်ခန့်နေလှန်းပေးရသည်။ ကောင်းစွာခြောက်သွေ့လာသောအခါ လျော်မျှားကိုကျစ်လစ်စွာစည်းရသည်။ လျော်မျှားကို စံနစ်တကျပြုပြင်၍ အဖြိုးအရှင်းကောင်းခဲ့လျှင်၊ ၅ ပေမှ ၈ ပေအထိရှည်သော လျော်ပင်မျှားကိုရနိုင်သည်။ တစ်ကလျင်လျော်အထွက်မှာ ပေါင် ၉၀၀ မှ ပေါင် ၁၆၀၀ လောက်အထိဖြစ်သည်။ အပင့်ကြွေ၍ သီးတံမျှားပြုစုအချိန်၌ ရိတ်သိမ်းသောလျော် တို့သည် အကောင်းဆုံးဖြစ်၏။ ထိုထက်စော၍ ရိတ်သိမ်းသောလျော်တို့မှာ မခိုင်ခဲ့ချေ။ ထိုထက်နောက်ကျ၍ အစေ့မျှားရင့်မှည့်လာမှ ရိတ်သိမ်းသောလျော်တို့မှာ ကြမ်းထော်သည့် အတွက်ညံ့ဖျင်းသည်။

သဘာဝရှုခင်းသာယာသောနိုင်ငံ

နှစ်ပေါင်း ၁၀၀ အတွင်း ကျပန်နိုင်ငံသည် အခြားနိုင်ငံတို့နှင့် မဆက်ဆံဘဲ၊ တဦးတည်းသီးခြားတည်ရှိခဲ့ရာမှ နိုင်ငံတကာနှင့်ဟုဉ်နိုင်သော ခေတ်မှီလက်နက်နိုင်ငံအဖြစ်သို့၊ တိုးတက်လာခဲ့သည်။ ကျပန်နိုင်ငံ၏ပထဝီအနေအထား၊ နိုင်ငံသမိုင်းနှင့်ယဉ်ကျေးမှုထုံးစံ ဓလေ့များကို ဤအကြောင်းရပ်တွင် ဖတ်ရှုလေ့လာနိုင်ပေသည်။

ကျပန်နိုင်ငံ။ ။ကျပန်နိုင်ငံသည် အာရှတိုက်အရှေ့ပိုင်းပစိဖိတ် သမုဒ္ဒရာထဲတွင် တည်ရှိ၍ အရှေ့မြောက်မှအနောက်တောင်သို့ သွယ်တန်းနေသည့် ဟိုကိုင်းဒိုး၊ ဟွန်းရှူး၊ ရှိကိုးကူးနှင့်ကျူရှူးအမည်ရှိကျွန်းကြီး ၄ ကျွန်းနှင့် ကျွန်းငယ် ၄,၀၀၀ ခန့်ဖါဝင်သည်။ ထိုကျွန်းငယ်များအနက် ကူးရိုးကျွန်းစုနှင့် ဂီယူးကျူးကျွန်းစုငယ်များမှာ ထိုကျွန်းကြီး ၄ ကျွန်း၏ မြောက်ဖက်နှင့် တောင်ဖက်ဖျားတို့၌ အသီးသီးတည်ရှိကြ၏။ ကျပန်နိုင်ငံ၏အကျယ်အဝန်းမှာ ၁၄၁,၅၂၉ စတုရန်းမိုင်ရှိသည်။ ကျပန်ကျွန်း၌ တောင်ကြားလမ်းများရှိသောတောင်ကုန်းတောင်တန်းများနှင့် သစ်ပင်ဝါးပင်များ အလွန်ထူထပ်သည်။ ကျွန်းများမှာကျဉ်းမြောင်းလှသဖြင့် ကြီးမားသောမြစ်များမရှိချေ။ တောင်ကျခြောင်းကလေးများအဖြစ် အနှံ့အပြားရှိ၍ ရေအားဖြင့်လျှပ်စစ်ခတ်အားပေါပေါရယူနိုင်သည်။ မီးတောင်များ ပေါများသဖြင့် မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသောဘေးအန္တရာယ်များ မကြာခဏပေါ်ပေါက်တတ်သည်။ ထိုပြင် ရေလွှမ်းမိုးခြင်း၊ လေမုန်တိုင်းကျခြင်းအစရှိသည့် ဘေးအန္တရာယ်တို့လည်း ဖြစ်ပွားလေ့ရှိသည်။ ပျမ်းမျှခြင်းအားဖြင့် တနှစ်လျှင်မြေငလျင် ၄ ကြိမ်မျှလှုပ်၍ ကျပန်လူမျိုးတယောက်သည် တသက်တွင်တခါ မြေငလျင်အကြီးအကျယ်လှုပ်ရှားခြင်းနှင့် တွေ့ကြုံရစမြဲဟုဆိုလေသည်။ တိုက္ကိုမြို့နှင့် ယိုကိုဟားမားမြို့များကို အကြီးအကျယ်ဖျက်ဆီးလိုက်သော ၁၉၂၃ ခုနှစ် (စက်တင်ဘာလ ၁ ရက်နေ့) မြေငလျင်ကြီးမှာ လူပေါင်း ၉၀,၀၀၀ ကျော်ခန့် သေကြေပျက်စီးစေခဲ့သဖြင့် အဆိုးရွားဆုံးဖြစ်လေသည်။ နိုင်ငံ၏လူဦးရေမှာ ၁၉၅၄ ခု ဖေဖွဲ့ဝရီလသန်ကောင်စာရင်းအရ ၇,၅၀၀,၀၀၀ ဖြစ်၏။

ရေတံခွန်များ၊ ထုံးအိုင်များ၊ ရေပူစမ်းများ၊ လှပသော တန်တားများ၊ ထင်းရှူးပင်များနှင့်ပန်းဥယျာဉ်များစသော ရှုမျော်ခင်းများကိုအနှံ့အပြားတွေ့မြင်နိုင်သဖြင့် ကျပန်နိုင်ငံမှာသဘာဝအားဖြင့် သာယာလှပသောနိုင်ငံဖြစ်ပေသည်။ ချယ်ရိပန်းမှာ ကျပန်နိုင်ငံ၏ ထင်ရှားသောပန်းဖြစ်၏။ ၁၂,၃၉၅ ပေမြင့်၍ တောင်ထွတ်၌ ဆီးနှင်းများအစဉ်ဖုံးလွှမ်းလျက်ရှိသော ဖူဂျီယာမာမီးတောင်မှာ ကျပန်နိုင်ငံ၏ ကြည်နူးဖွယ်ကောင်းသော ရှုမျော်ခင်းတရပ်ဖြစ်လေသည်။ ကျပန်အနုပညာရှင်များ သည် ထိုမီးတောင်ကိုပန်းချီရေးဆွဲ၍ငင်း၊ ကဗျာလင်္ကာများစပ်ဆို၍ငင်း အမှတ်းတင်ခဲ့ကြသည်။ ကျပန်တို့သည် ဖူဂျီယာမာကို ဖူဂျီစံဟုအလေးအမြတ်ပြုကာ ခေါ်ဝေါ်၍အထွတ်အမြတ်ထားကြသည်။


ရာသီဥတုမှာ တောင်ဖက်ဖျားပိုင်း၌ အပူပိုင်းဒေသဆန်၍ မြောက်ဖက်သို့ကျလေ အအေးပိုင်းဒေသဆန်လေဖြစ်သည်။ မြောက်ဖက်ရှိဟိုကိုင်းဒိုးနှင့်ဟွန်းရှူးကျွန်းများတွင် ဆောင်းရာသီ၌ဆီးနှင်းများအလွန်ကျ၍ အေးမြသော်လည်း ကျပန်နိုင်ငံအလယ်ပိုင်း၌မူ အရှေ့ဖက်ကမ်းခြေရှိ ပူနွေးလှုပသော ကူရုရှိအိုရေစီးကြောင်းကြောင့်နွေး၏။ မိုးသည်းထန်စွာရွာသွန်းသော်လည်း နိုင်ငံတော်၏ဆယ့်ရှစ်ပုံတပုံသာလျှင်လယ်ယာစိုက်ပျိုးနိုင်သဖြင့် တောင်စောင်းများ၌ပါမကျန် နေရာလပ်မထားဘဲ စိုက်ပျိုးကြရသည်။ ဆန်စပါးရွားပါးသောကြောင့် ဂျုံ၊ လူး၊ ဆပ်၊ မုယောများကိုပါစိုက်ပျိုးရလေသည်။ လက်ဖက်ပင်ကိုမူ ဒေသများအပြားစိုက်ပျိုးကြလေသည်။ ဝါးရုံတောများပေါများသဖြင့် ဝါးကိုပစ္စည်းအမျိုးမျိုးပြုပြင်လုပ်ကိုင်၍ရောင်းချကြသည်။ ရွှေ၊ ကြေးနီ၊ ကျောက်မီးသွေး၊ သံ၊ ရေနံစသော တွင်းထွက်ပစ္စည်းများ

ထွက်သော်လည်း မလုံလောက်သဖြင့်လိုအပ်သည်တို့ကိုနိုင်ငံခြားမှတင်သွင်း ရ၏။ ကန့်ကိုမူမီးတောင်ဒေသများ၌မျှား စွာတူးဖေါ်ရရှိနိုင်သည်။ စက်မှုလက်မှုထွန်းကားသောနိုင်ငံဖြစ်၍ သဘော်ဝတည်ဆောက်ခြင်း၊ အဝတ်အထည်နှင့်ကစား စရာများပြုလုပ်ခြင်း၊ လျှပ်စစ်နှင့်သံထည်ပစ္စည်းများပြုလုပ်ခြင်းစသော လုပ်ငန်းများရှိသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပင်လယ်ရပ်ခြားသို့ ကုန်သဘော်ဝများဖြင့် ကူးသန်းရောင်းဝယ်ရေးတွင် ဂျပန်နိုင်ငံမှာပဥ္စမလိုက်ခဲ့သည်။

ဂျပန်နိုင်ငံ၏မြို့တော်မှာ တိုကျိုမြို့ဖြစ်သည်။ ၁၉၅၄ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၆,၇၇၇,၈၀၄ ရှိသည်။ တိုကျိုမြို့ကိုရှေးအခါက ယေဒိုမြို့ဟုခေါ်သည်။ စက်မှုလက်မှုလုပ်ငန်းများတည်ရှိသည့် အိုဆားကားမြို့၊ သဘော်ဝတည်ဆောက်ရာကိုဗီမြို့နှင့် ကူးသန်းရောင်းဝယ်မှု၌ဗဟိုအချက်အခြာဖြစ်သည့် ယိုကိုဟားမားမြို့များမှာလည်း အခြားထင်ရှားသောမြို့ကြီးများဖြစ်သည်။

ဂျပန်လူမျိုးများမှာ ဘူရှိဒိုးခေါ် သူရဲကောင်းစိတ်ဓာတ်ရှိမှု၌ များစွာဂုဏ်ယူ၍လွဲလ၊ ဝိရိယ၊ ဇဲဖြင့် ကြီးပွားလာကြသူများဖြစ်သည်။ မြေငလျင်မကြာခဏလှုပ်သောကြောင့် သစ်ဝါးစက္ကူတို့ဖြင့်ပေါ့ပါးသော အိမ်ငယ်ကလေးများကို ဆောက်လုပ်နေထိုင်ကြ၏။ အိမ်ခန်းတွင်း၌အနောက်နိုင်ငံသုံး ခေတ်မှီအိမ်ထောင်ပရိဘောဂများအစား ဖျာများကို အသုံးပြုလေ့ရှိသည်။ ပန်းပင်စိုက်ပျိုးမှု၌ များစွာဝါသနာထုံသောလူမျိုးဖြစ်သဖြင့် ရေကန်ငယ်ကလေးများဖြင့်ပြီးသော် ပန်းဥယျာဉ်များကို အနှံ့အပြားတွေ့နိုင်သည်။ ဆင်းရဲသောသူများကပင် မိမိတို့၏ အိမ်ဝင်းများထဲ၌ ပန်းပင်များကို စိုက်ပျိုးထားလေ့ရှိကြပေသည်။

ပန်းဥယျာဉ်အတွင်း အထူးသတ်မှတ်ထားသောနေရာ၌ လက်ဖက်ရည်ပွဲကို အခါအားလျော်စွာ တည်ခင်းကျင်းပလေ့ရှိ၏။ ထိုလက်ဖက်ရည်ပွဲ၌ ဂျပန်တို့သည်လက်ဖက်ရည်ကိုအမြတ်တနိုးပြု၍ တခမ်းတနားသောက်လေ့ရှိသည်။ မိတ်သင်္ဂဟများအား ဆာကေခေါ် ချက်အရက်ဝိုင်းဖြင့်တည်ခင်းခြင်းမှာ ဂျပန်ည့်ခံပွဲများ၏အလေ့အထဖြစ်သည်။ ည့်ဝတ်ကျေပြန်စေရန်လည်း ဂရုစိုက်ခေါ် ဂျပန်ည့်ခံအမျိုးသမီးများကိုငှားရမ်းရလေသည်။ ထို့ပြင်ဂျပန်ယောကျ်ားကလေးများ၏ ကစားစရာပွဲတော်၊ မိန်းကလေးများ၏ အရုပ်ပွဲတော် အစရှိသောပွဲတော် အများအပြားကို ဂျပန်နိုင်ငံ၌နှစ်စဉ်ကျင်းပကြသည်။ နပန်းလုံးခြင်းနှင့် သိုင်းကစားခြင်းများမှာ လူကြိုက်များသောပျော်ပွဲရွင်ပွဲများဖြစ်သည်။ ကိုးကွယ် သောအယူဝါဒများမှာ ရှင်တိုအယူဝါဒ ၂၁ ဆုခိုင်နှုန်း၊ ဗုဒ္ဓအယူဝါဒ ၆၀ ဆုခိုင်နှုန်း၊ ကျန်ဖျူးရှပ်အယူဝါဒနှင့် ခရစ်ယန်အယူဝါဒများဖြစ်၍ ရှင်တိုအယူဝါဒမှာ ရှေးအကျဆုံးသောအယူဝါဒဖြစ်လေသည်။



ဂျပန်နိုင်ငံတည်နေရာပြမြေပုံ


ဂျပန်လူမျိုးများ၏ မူလဇစ်မြစ်မှာ ဂျပန်ကျွန်းသို့တောင်ဖက်ဒေသများမှလာရောက်နေထိုင်ကြသည့်ပသျူးအနွယ်ဝင်များဟုဆိုသော ယာမာတိုလူမျိုးစုဖြစ်သော်လည်း၊ ယခုခေတ်ဂျပန်လူမျိုးများမှာမူ ပသျူး၊ မန်ချူး၊ ကိုရီးယား၊ မွန်ဂိုနှင့်အိုင်းနူးလူမျိုးများမှ ထောစပ်ပေါက်ဖွားလာသူများဖြစ်ဟန်တူသည်။ အိုင်းနူးလူမျိုးများကား မူလက ဂျပန်နိုင်ငံတောင်ပိုင်း၌နေထိုင်ကြသော အာသားယူလူရိုင်းများဖြစ်၍ ဂျပန်

လူမျိုးများကမောင်းနှင်ထုတ်ကြသဖြင့် ယခုအခါမြောက်ဖက်ရှိ ဟိုကိုင်းဒိုးကျွန်း၌သာ ယင်းလူမျိုးအနည်းအကျဉ်းကိုတွေ့နိုင်ပေတော့သည်။

ဂျပန်နိုင်ငံကိုတခုတည်းသောမင်းဆက်မှ အနွယ်တော်မပျက် ဆက်ခံလာကြသော ဂျပန်ကေဆာင်များက အုပ်ချုပ်သည်။ ဂျပန်လူမျိုးများအလိုအားဖြင့် ဂျပန်ကေဆာင်များမှာ အမတေရစု အမည်ရှိနတ်သမီးမှ ဆင်းသက်လာကြသူများဖြစ်သည်။ ဘီစီ ၆၆၀ ပြည့်နှစ်ခန့်က နန်းတက်သော ဂျင်မူတင်နောမှာ ပဌမဂျပန်ကေဆာင်ဖြစ်၏ဟုဆိုကြသည်။ ဂျပန်ကေဆာင်မှာနိုင်ငံတော်၏ အကြီးအကဲဖြစ်သော်လည်း အေဒီ ၁၂ ရာစုနှစ်သို့ရောက်သောအခါ တိုင်းပြည်၏အုပ်ချုပ်မှုအာဏာအရပ်ရပ်တို့ကို ရှိုဂွန် ခေါ် စစ်သေနာပတိများက သိမ်းပိုက်ထားသဖြင့် ကေဆာင်များမှာ ပြရုပ်မျှသာဖြစ်နေခဲ့လေသည်။ ထိုအခိုက်ဂျပန်နိုင်ငံ၌ ကံကျေးချစံနစ်ထွန်းကားလာသဖြင့် ဒိုင်မျို ခေါ် မှူးမတ်ကြီးများနှင့် ဆာမူရိုင်းခေါ် သူရဲကောင်းကြီးများမှာ လူတန်းစားအားဖြင့် အလွန်မြင့်သောအခြေသို့ ရောက်ရှိလာခဲ့ကြသည်။ ၁၆ ရာစုနှစ်သို့ ရောက်သော် နိုင်ငံတဝှန်းလုံး၌မှူးမတ်များ၏ဆွေမျိုးများတို့သည် တစုနှင့်တစုတိုက်ခိုက်၍အာဏာလုခဲ့ကြသည်။ ၁၆ ရာစုနှစ်နှင့် ၁၇ ရာစုနှစ်ဦးပိုင်းတွင် နီဗုနားဂါး၊ ဟီဒေယိုရှိနှင့် အီယေယာစုအမည်ရှိသော ခေါင်းဆောင် ၃ ဦးတို့သည် နိုင်ငံတော်၏စည်းရုံးရေးကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြပြီးလျှင်၊ ဂျပန်နိုင်ငံတွင် ပြည်တွင်းအေးချမ်းသာယာသည့် တိုကူဂါးဝါးရှိဂွန်ခေတ်ကို စတင်ခဲ့လေသည်။

ကမ္ဘာ့အရှေ့ဖျားခွ် ဂျပန်နိုင်ငံရှိကြောင်း ဥရောပတိုက်သားများကြားသိလာကြခြင်းမှာ ၁၃ ရာစုခေတ်က တရုပ်ပြည်သို့ခရီးလှည့်လည်ခဲ့သော ဣတလီပြည်၊ ဗင်းနစ်မြို့သား မာကိုပိုလို၏ကျေးဇူးကြောင့်ပင်ဖြစ်၏။ (မာကိုပိုလို—ရှု။) ၁၅၄၂ ခုနှစ်ကတရုပ်ကမ်းခြေတွင် လေမုန်တိုင်းမိကာ ပျက်စီးသွားခဲ့သော ပေါ် တူဂီသဘော်သားများမှာဂျပန်နိုင်ငံသို့ ပဌမဦးစွာ ရောက်ရှိလာခဲ့ကြသော ဥရောပတိုက်သားများဖြစ်သည်။ ၁၅၄၉ ခုနှစ်မှစ၍ ဂျက်ဇူးအစ်သာသနာပြုဆရာ စိန့်ဖရန်စစ် ဇေးဗီးယားနှင့် အင်္ဂလိပ်၊ ဒပ်ချစသော နိုင်ငံခြားသားကုန်သည်များသည် ဂျပန်နိုင်ငံသို့ ဆက်လက်ရောက်ရှိလာခဲ့ကြပြီးလျှင် ဂျပန်သဘော်သားများကလည်း မက္ကဆီကို၊ ဖိလစ်ပိုင်၊ တရုပ်နှင့် အိန္ဒိယစသောပင်လယ်ရပ်ခြားဒေသများသို့ သွားရောက်ကူးသန်းရောင်းဝယ်ကြသည်။ သို့ရာတွင်ခရစ် ၁၆၃၆ ခုနှစ်သို့ရောက်သော် တိုကူဂါးဝါးရှိဂွန်ခေတ် မှူးမတ်တို့က နိုင်ငံခြားသာသနာပြုများသည် နိုင်ငံရေးလုပ်ကြံမှုများ၌ပါဝင်သည်ဟု ယူဆကာ နိုင်ငံခြားသားအားလုံးကို ဂျပန်နိုင်ငံမှ နှင်ထုတ်၍ တိုင်းရင်းသားများကိုလည်း နိုင်ငံတွင်းမှထွက်ခွင့်မပေးတော့ချေ။

သို့သော်ဒပ်ချလူမျိုးများကိုမူ တနှစ်လျှင်သဘော်တစင်းကျဝင်စေ၍ နာဂါစာကီမြို့အနီးတဝိုက်၌ ရောင်းဝယ်ဖေါက်



တောင်ခြေရှိကျေးရွာစိုက်ပျိုးခင်းတွင် လှေကားထစ်ယာကွက်များကို ဤသို့တွေ့မြင်နိုင်သည်။



ဂျပန်လူမျိုးတို့ဘထွတ်ဘမြတ်ထားကြသည့် ဖူဂျိယာမာမီးတောင်

ကားခွင့်ပေးခဲ့လေသည်။ ဤသို့ဖြင့် ဂျပန်နိုင်ငံသည် နှစ်ပေါင်း ၂၀၀ ကျော်မျှအနောက်နိုင်ငံများနှင့် အဆက်ဖြတ်၍ အထီးကျန်နိုင်ငံအဖြစ်နေထိုင်ခဲ့၏။ ခရစ် ၁၈၅၃ ခုနှစ်တွင် တိုကျိုပင်လယ်အော်သို့ ရေတပ်အလုံးအရင်းဖြင့် ရောက်လာသော အမေရိကန်ရေတပ်ဗိုလ်မှူးချုပ် အမ်၊ ဂျီ၊ ပယ်ရီ၏ကြိုးပမ်းမှုကြောင့် ဂျပန်နိုင်ငံသည် အနောက်နိုင်ငံများနှင့် ပြန်လည်ဆက်ဆံလာခဲ့၏။ ထိုနောက်အမေရိကန် အပါအဝင် အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှစသော နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရေးစာချုပ်များ ချုပ်ကာ နိုင်ငံခြားသားများအား ယိုကိုဟားမား၊ နာဂါစာကီနှင့် ဟကိုဒေတီမြို့များတွင် နေထိုင်ခွင့် ပြုလာလေသည်။

၁၈၆၇ ခုနှစ်တွင်နန်းတက်သော မေဂျီဘုရင်လက်ထက်၌ ဂျပန်နိုင်ငံမှာ အဖက်ဖက်မှ များစွာတိုးတက် ပြောင်းလဲခဲ့လေသည်။ ရှိဂွန်အုပ်ချုပ်ရေးစံနစ်နှင့် ဆာမူရိုင်းခေါ် စစ်မှုထမ်းမျိုးရိုးများကို ဖျက်သိမ်းပြီးလျှင် ၁၈၈၉ ခုနှစ်မှစ၍နိုင်ငံတော်ကို ပါလီမန်အုပ်ချုပ်ရေးစံနစ်ဖြင့်အုပ်ချုပ်လေသည်။ နိုင်ငံခြားသို့ပညာတော်သင်များစေလွှတ်ကာ၊ ကြည်းတပ်၊ ရေတပ်နှင့်အုပ်ချုပ်ရေးပညာများကို ဂျာမနီနိုင်ငံမှ၎င်း၊ ဗီသုကာနှင့်အနုပညာများကို ပြင်သစ်နိုင်ငံနှင့် ဂျတလီနိုင်ငံတို့မှ၎င်း၊ ပညာရေးနှင့် စက်မှုလက်မှုလုပ်ငန်းများကို အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများမှ၎င်း ဆည်းပူးရယူစေခြင်းဖြင့် ဂျပန်နိုင်ငံသည်အာရှတိုက်၌ ခေတ်မှီစက်မှုလက်မှုနိုင်ငံကြီးဖြစ်လာခဲ့လေသည်။ ထိုအချိန်အခါမှစ၍ ဂျပန်လက်နက်နိုင်ငံကို ခွဲထွင်တည်ထောင်လာခဲ့ကြလေသည်။

၁၈၉၄–၉၅ ခုနှစ်တွင်ဖြစ်ပွားသော တရုပ်ဂျပန်စစ်ပွဲ၌ရှေးကျသောတရုပ်တပ်များမှာ ခေတ်မှီသောဂျပန်ကြည်းတပ်၊ ရေတပ်များ၏ချေမှုန်းခြင်းကိုခံခဲ့ရ၍၊ စစ်အပြီးတွင်ဂျပန်နိုင်ငံက ပို့အာသာဆိပ်ကမ်းနှင့် အခြားတရုပ်နယ်များတို့ကို တောင်းဆိုခဲ့သော်လည်း ပြင်သစ်၊ ရုရှနှင့် ဂျာမနီတို့၏စွက်ဖက်မှုကြောင့် ဖေါ်မိုးဆား (တိုင်းဝမ်) ကျွန်းနှင့်သာ ကျေနပ်လိုက်ရသည်။ ပို့အာသာကိုမူ ရုရှကသိမ်း လိုက်၏။ ဤသည်ကားဂျပန်၏ ပဌမစစ်အင်အား စမ်းသပ်အောင်မြင်မှုပင်ဖြစ်၏။ ထိုနောက် ၁၉၀၅ ခုနှစ်တွင် ရုရှနှင့်စစ်ဖြစ်ပြန်ရာ ရုရှကြည်းတပ်၊ ရေတပ်တို့မှာမရှုမလှုဆုံးရှုံး၍ စစ်အပြီးတွင်ဂျပန်နိုင်ငံသည် ရုရှထံမှဆက်ကလင်ကျွန်းတပိုင်းနှင့် ကိုရီးယားကို ရရှိလိုက်သည့်ပြင် ပို့အာသာဆိပ်ကမ်း၊ လီယိုတွန်ကျွန်းဆွယ်နှင့် မန်ချူးရီးယားတောင်ဖက်ပိုင်းတို့ကို သိမ်းပိုက်နိုင်ခဲ့ပြန်သည်။ ၁၉၁၄ ခုနှစ် ပဌမကမ္ဘာစစ်ဖြစ်ပွားသောအခါ ဂျပန်နိုင်ငံသည် ဗြိတိသျှတို့နှင့်မဟာမိတ်ပြု၍ ဂျာမန်ပိုင်တရုပ်နယ်ကလေးများကို တိုက်ခိုက်ခြင်းဖြင့် စစ်အပြီးတွင်ထိုနယ်များကိုရလိုက်ပြန်သည်။ ၁၉၂၁–၁၉၂၂ ခုနှစ်တွင်ချုပ်ဆိုခဲ့သော ဝါရှင်တန်စာချုပ်အရ ဂျပန်က တရုပ်နိုင်ငံ၏နယ်ပယ်များကို မထိပါးပါဟုဆိုကာအာမခံခဲ့



တိုင်းရင်းသားဝတ်စုံကိုဆင်ယင်ထားသော ဂျပန်အမျိုးသမီး ၂ ဦး

ဂျပန်မိသားတစု ဝိုင်းဖွဲ့၍စား သောက်နေကြပုံ



သော်လည်း ၁၉၃၂ ခုနှစ်တွင်တရုပ်နိုင်ငံရှိ မန်ချူးရီးယားနယ်ကိုတိုက်ခိုက်သိမ်းယူပြီးလျှင်မန်ချူကိုးဟုအမည်ပြောင်းကာ မိမိသြဇာခံလွတ်လပ်သောနိုင်ငံတရပ်အဖြစ်ကျေညာလိုက်လေသည်။ ယင်းကိစ္စကိုတွဲပြန်သောအားဖြင့် တရုပ်တို့က ဂျပန်ပစ္စည်းများကို သပိတ်မှောက်သည်တွင် ဂျပန်တို့ကရှန်ဟိုင်းမြို့ကိုတိုက်ခိုက်၍ ခေတ္တသိမ်းပိုက်လိုက်ကြ၏။ ယင်းအပြုအမူအတွက် နိုင်ငံအသီးသီးကကန့်ကွက်ကြသော အခါ ဂျပန်နိုင်ငံသည် ၁၉၃၃ ခုနှစ်၌ နိုင်ငံပေါင်းချုပ်အသင်းကြီးမှနုတ်ထွက်လိုက်လေသည်။

၁၉၃၆ ခုနှစ်၌ စစ်ဝါဒီများဖြစ်သော အမျိုးသားရေးအဖွဲ့ဝင်တို့က စစ်တပ်ကိုကြိုးကိုင်နိုင်လာသောအခါ ကွန်မင်တန်ဆန့်ကျင်ရေးစာချုပ်ကို ဂျာမနီ၊ ဣတလီစသောဝင်ရိုးစွန်းနိုင်ငံများနှင့်ချုပ်ဆိုခဲ့၍ ၁၉၃၇ ခုနှစ်၌စစ်မကျေညာဘဲ တရုပ်နိုင်ငံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်ပြန်ခဲ့လေသည်။ ထိုနောက်တရုပ်နိုင်ငံရှိ ဗြိတိသျကျေးတော်မျိုးကျွန်တော်မျိုးများအား ဂျပန်တို့ကနှိပ်စက်သည်ဆိုကာ ဂျပန်နှင့်အနောက်နိုင်ငံများဆက်ဆံရေး တင်းမာလာသည်တွင် ၁၉၄၁ ခုနှစ်၌အင်္ဂလိပ်၊ အမေရိကန်နှင့် ဒပ်ချတို့က ဂျပန်နှင့်ကူးသန်းရောင်းဝယ်မှုအဆက်ဖြတ်လိုက်လေသည်။ ဤကိစ္စအတွက်စေ့စပ်ရေးများမှာမအောင်မြင်ခဲ့ပေ။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ဂ ရက်နေ့တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝိုင်းကျွန်းစုနှင့် ပါးဟာဗာရှိအမေရိကန်ရေတပ်စခန်းကြီးကို ဂျပန်တို့က စစ်မကျေညာဘဲ ဗုံးကြဲတိုက်ခိုက်လိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီးသည် အရှေ့ဖျားသို့ကူးစက်ခဲ့တော့လေသည်။ စစ်ဖြစ်စဉ် ဖိလစ်ပိုင်၊ ယိုးဒယား၊ မလေး၊မြန်မာစသော အာရှတိုက်အရှေ့တောင်ဒေသများစွာတို့ကို ဂျပန်တို့ကလျှင်မြန်စွာသိမ်းပိုက်နိုင်ခဲ့ကြသော်လည်း၊ ၁၉၄၂ ခုနှစ်ဇွန်သီဦးတွင် ဩစတြေးလိုးယားနိုင်ငံနှင့် ဟာဝိုင်းယန်ကျွန်းများကို သိမ်းရန် တောင်ဖက်သို့ထိုးဆင်းလာသောဂျပန်တပ်များမှာ ကော်ရယ်ပင်လယ်နှင့်မစ်ဒဝေးကျွန်းတို့ကပဲ့များဌ မရှုမလှုံ့နိမ့်သွားခဲ့ရသည်မှစ၍ စစ်ပြီးသည်အထိ ခံစစ်သာပြုနိုင်လေတော့သည်။ မဟာမိတ်တပ်သည် ဂျပန်နိုင်ငံကိုတဖြည်းဖြည်းကပ်လာသောအခါ ဂျပန်တို့သည်နိုင်ငံတောင်ဖက်ရှိ အိုဝိုကျိုးမားနှင့် အိုကီးနာဝါးကျွန်းများမှအသေအလဲခုခံကြသဖြင့် ယင်းသည့်ကျွန်းများတွင်ဖြစ်ပွားခဲ့သောတိုက်ပွဲများကား ဂျပန်တို့၏ နောက်ဆုံးပိတ်အပြင်းအထန်ဆုံးသော တိုက်ပွဲများဖြစ်သည်။ ထိုအတွင်းရရှိကဂျပန်နိုင်ငံအားစစ်ကျေညာကာ မန်ချူးရီးယားကိုဝင်ရှိတိုက်ပြန်၏။ သို့သော်မဟာမိတ်တို့က ဂျပန်နိုင်ငံ၏ဟိရိုရှီးမားနှင့်နာဂါစာကီမြို့များကို အနုမြူဗုံးတလုံးစီကြဲချလိုက်မှသာ ၁၉၄၅ ခုစက်တင်ဘာလ ၂ ရက်နေ့၌ ဂျပန်တို့ခြင်းချက်မရှိလက်နက်ချခဲ့ကြလေသည်။

၁၉၄၅ ခုနှစ်စက်တင်ဘာလ ၂ ရက်နေ့တွင် တိုကျိုပင်လယ်အော်အတွင်း 'မီဇူးရီ' စစ်သင်္ဘောပေါ်၌အခမ်းအနားဖြင့် ဂျပန်တို့လက်နက်ချခဲ့ရ၍ယခင်ကပိုင်ခဲ့ဘူးသောမန်ချူးရီးယားနှင့်ဖော်မိုဆာတို့ကို တရုပ်တို့အားပြန်ပေးရပြီးလျှင်



ဂျပန်နိုင်ငံ တိုကျိမြို့တော်၏ဈေးကားဧသာရုပ်ကွက်တခု

ဆက်ကလင်ကျွန်းတောင်ပိုင်းနှင့် ကူးရိုးကျွန်းစုများကို ရှရှ အားထင်း၊ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိကျွန်းငယ်များ တို့ကို အမေရိကန်အားထင်း၊ အသီးသီးပေးအပ်လိုက်ရသည်။ စစ် အတွင်းညှဉ်းပန်း နှိပ်စက်မှုများ၌ အားပေးအားမြှောက်ပြု သည်ဟူသောစွဲချက်ဖြင့်ယာမာရှိတာနှင့်ဟုမွာအမည်ရှိကျပန် စစ်ဗိုလ်ချုပ် ၂ ဦးအား မဟာမိတ်တို့ကစစ်ဆေးကုပ်မျက်၍ စစ်အတွင်းကနန်းရင်းဝန်ဖြစ်ခဲ့သော ဗိုလ်ချုပ်တို့ဂျိုနှင့်အ ပေါင်းပါ ၂၇ ဦးတို့အားလည်း စစ်ရာဇဝတ်ကောင်များ အဖြစ် ရုံးတင်စစ်ဆေး၍အပြစ်ပေးခဲ့လေသည်။ ရဲအဖွဲ့ နှင့်လက်နက်ကိုင်တပ်များကို အထူးအရေးပေးခဲ့သော အ ခြေခံဥပဒေဟောင်းကိုပယ်ဖျက်၍ မဟာမိတ်များအလိုက္ခ ဒီမိုကရေစီသဘောသက်ဝင်သည့်အခြေခံဥပဒေသစ်ကို ရေး ဆဲခဲ့ကြသည်။ ကျပန်နိုင်ငံတွင် နယ်သိမ်းတပ်ပေါင်းစု၏ သေနာပတိချုပ်အဖြစ် ဆောင်ရွက်ခဲ့ရသော ဗိုလ်ချုပ်မှူး မက်အာသာသည် ကျပန်နိုင်ငံ၏စစ်ပြီးခေတ်နိုင်ငံရေးကိုပုံ သွင်းပေးထုတွင် ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့လေသည်။ စီး ပွားရေးအားဖြင့်ဆိုလျှင် ယခုအခါကျပန်နိုင်ငံဖြစ် အထည် အလိပ်၊ အစားအစာ၊ စက်ကရိယာနှင့်ဓာတ် ပုံပစ္စည်းများ သည် ကမ္ဘာအရပ်ရပ်၌ပြန်လည်တွင် ကျယ်လာစပြုပြီဖြစ်၍ စစ်ကြောင့်ကျဆုံးခဲ့ရသော ကျပန်နိုင်ငံ၏စီးပွားရေး အဆောက်အအုံကြီးမှာလည်း တစ တစပြန်လည် ကောင်း မွန်လာပြီဟု အမှန်ပင်ယူဆရမည်ဖြစ်ပေသတည်း။

အလှအပကြိုက်သောနိုင်ငံမှအနုပညာစွမ်း

ကျပန်လူမျိုးတို့သည်၊ အနုပညာနှင့် လက်မှုပညာဖက်တွင် အထူးပင်စိတ်ဝင်စားသည်ဟု ဆိုရပေမည်။ ကျပန်ဆင်းရဲသားတို့သည် မိမိတို့နေအိမ်များကိုပင်လျှင် အနုပညာမြောက်ပစ္စည်းများဖြင့် မွမ်းမံပြုပြင် တန်ဆာဆင်ထားသည်။ ဤအကြောင်းရပ်တွင် ကျပန်လူမျိုးတို့၏ အနုပညာဖက်၌ လက်စွမ်းထက်ပုံကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပေသည်။

ကျပန်အနုပညာ။ ။ကျပန်လူမျိုးများ အလှအပကြိုက်ကြ သည်မှာ သန္ဓေကပင် ဝါသနာအထုံပါခဲ့၍ဟု ဆိုရမည်ဖြစ် သည်။ ထိုကြောင့် အလွန်ဆင်းရဲသောရပ်ကွက်များ၌ပင် ဆင်းရဲသူဆင်းရဲသားတို့၏ နေထိုင်ကြသောအိမ်များ၊ ပန်း ဥယျာဉ်ကလေးများ၊ အိမ်တွင်းပစ္စည်း အသုံးအဆောင် များ၊ အိမ်ထောင်ပရိဘောဂများ၊ အလှထားသည့်ပစ္စည်း များ၊ ပန်းချီကားများ၊ ပန်းအိုးများနှင့် စားဖိုဆောင်မှအိုး ခွက်များပါမကျန် အနုပညာမြောက်သော ပစ္စည်းများဖြစ် သည်ကို တွေ့ရလေသည်။ အိမ်တိုင်းအိမ်တိုင်း၌ပင် အိမ် အတွင်းအပြင် ဆင်ပြင်ထားပုံ၊ အိမ်ထောင်ပရိဘောဂများ စီစဉ်ပုံ၊ ပန်းချီကားများဆွဲချိတ်ပုံ၊ ဖျာ၊ ကော်ဇောများခင်း ကျင်းထားပုံ၊ ပန်းအိုးများ ဆင်ပြင်ပုံတို့ကိုမြင် ရခြင်းဖြင့် လူမျိုး၏စိတ်ဓာတ်သည် အလှအပကိုမည်မျှနှစ်သက်၍ အနု ပညာကိုမည်မျလိုက်စားကြောင်း ကောင်းစွာအကဲခတ်နိုင် ပေသည်။ သို့ဖြစ်၍ အမေရိကန်၊ အင်္ဂလန်စသောအနောက် တိုင်းပြည်များကဲ့သို့ အဖိုးထိုက်တန်၍ ထူးထဲခိုင်မာသော ပစ္စည်းများကို ခမ်းနားစွာမထားစေကာမူ၊ လက်မှုပညာ ပစ္စည်းများဖြင့် သပ်ရပ်စွာအလှပဆုံး မွမ်းမံ ပြင်ဆင်နိုင်သူ မှာ၊ ကျပန်လူမျိုးများပင်ဖြစ်လေသည်။

ကျပန်ပြည်၌ပေါက်ရောက်သော ဝါးနှင့်ထင်းရှူးပင်များ၊ တောင်စခန်းများတွင်တွေ့ရသော မြေစေးခဲ့စေးအမျိုးမျိုး တို့ကလည်း ကျပန်လူမျိုးတို့၏ သုခုမပညာရပ်များကို အ ဖက်ဖက်မှ ကူညီအားပေးလျက်ရှိလေသည်။

တိုင်းပြည်တပြည်၌ ပညာရပ်တခု တိုးတက်ဖွံ့ဖြိုးမှုသည် နိုင်ငံအုပ်ချုပ်သူများ၏ စိတ်ပါဝင်စားမှုပေါ်တွင် အမှီ သဟဲပြုသည်။ အိုးခွက်လုပ်ငန်းကို ဂ ရာစုနှစ်လောက်က တရုပ်ပြည်မှ သင်ကြားမှတ်ယူကာ စတင်လုပ်ကိုင်ခဲ့လေ သည်။ ခရစ် ၁၅၉၇ ခုနှစ်တွင် ဆတ်ဆူမာဆိုသူ ကျပန်မင်း သားတပါးသည် ကိုရီးယားပြည်ကို တိုက်ခိုက်ခဲ့၍အပြန်တွင် အိုးအတတ်ကျမ်းကျင်သူများကို ခေါ်၍လာခဲ့လေသည်။ ထိုသူများသည် ကျပန်ပြည်တွင်တွေ့ရသော ခွံ့မြေစေးတမျိုး ကိုပြုပြင်ကာ အိုးခွက်မှစ၍ ထည့်စရာများစတင်ပြုလုပ် လေသည်။ ယင်းခွက်ယောက်များကို အပေါ်ယံ၌ ကြွေ ရောင်တင်ထားသည်။ ထိုကြွေရည်သုတ်ပစ္စည်းမျိုးကို မင်း သားအားကုန်ပြုသောအားဖြင့် ဆတ်ဆူမာဟုအမည်ပေးထု ယခုအခါမြို့ကြီးတိုင်းလိုလို၌ ယင်းတို့ကိုပြုလုပ်၍ နိုင်ငံခြား သို့ပင် ထင်ရှားတွင်ကျယ်သော ကုန်ပစ္စည်းအနေဖြင့် တင်ပို့ ရောင်းချလျက်ရှိနေလေပြီ။

ထို ၁၆ ရာစုနှစ်ကုန်ခါနီး၌ ကျပန်ပြည် သို့လာရောက် အလုပ်လုပ်နေသော ကိုရီးယားနယ်သားအိုးသည်တဦးသည် အီဇုမီခေါ်တောင်ထိပ်မှ ခွံ့စေးတမျိုးကိုတွေ့ရပြီးလျှင် ယင်း မှာတရုပ်ပြည်ထက် ကြွေအဖြူနှင့် အပြာကဲ့သို့ကောင်းမွန် ကြောင်းတွေ့ရသည်။ သို့နှင့်ထိုကြွေထည်လုပ်ငန်းကို ခွဲထွင် လုပ်ကိုင်ခဲ့ရာ ယခုအခါကျပန်ကြွေထည်သည် အကောင်းဆုံး ထုတ်ကုန်တရုပ်အနေနှင့် ရှိခဲ့သည်။

သုခုမ အနုပညာသည်များ နေထိုင်သောတိုင်းပြည်ဖြစ် သည့်အတိုင်း ကျပန်လူမျိုးများသည် ပန်းများကို အလွန်နှစ် သက်ကြ၍ ပန်းဥယျာဉ်လုပ်ငန်းကိုလည်း အများအပြား လုပ်ကိုင်ကြသည်။ နှစ်စဉ်နှစ်တိုင်း မြို့ကြီးများတွင် ပန်း ပြပဲ့ ပြိုင်ပဲ့များကိုပြုလုပ်လေ့ရှိသည်။

ပန်းချီအတတ်နှင့် ဆိုင်လျှင် ရှေးဂျပန် ပန်းချီများမှာ တရုပ်တို့၏ဇာစ်မြစ်မှန်ယ်လာသော အသွင်အပြင်ရှိသည်။ သို့သော်နှောင်းခေတ်သို့ရောက်သောအခါ အနောက်နိုင်ငံများမှအတုယူကာ လွန်စွာခေတ်ဆန်လေသည်။ သို့ပင်ဖြစ်စေကာမူ၊ ဂျပန်လူမျိုးတို့၏ အတွေးအခေါ်အယူအဆကို မပျောက်ပျက်စေဘဲ ခေတ်ဆန်ဆန်ရေးပုံရေးနည်းဖြင့် သရုပ်ဖော်ကာရေးခြယ်ကြလေသည်။

စာရေးပုံသားပုံ၌ တရုပ်တို့၏မူလဇာစ်မြစ်ပါရှိလေသည်။ ကဗျာလင်္ကာစပ်ဆိုပုံ၌ ဂျပန်ကဗျာများမှာ တရုပ်တို့၏ စပ်ဆိုဟန်ကို အတုယူထားကြောင်းတွေ့ရသည်။ ၂ ကြောင်းတွဲ ၄ ကြောင်းတွဲစသည်ဖြင့် အကြောင်းရေနှင့်တွဲထားသည့် ကဗျာလင်္ကာများမှာ ခေတ်အစားဆုံးဖြစ်၏။ ဂျပန်ပြည်ပြဇာတ်များနှင့် ပတ်သက်၍လည်း ဇာတ်ကွက်ဆင်ပုံ ဇာတ်လမ်းထွင်ပုံ၊ အခမ်းအနား ပြင်ဆင်ပုံ တို့မှာ တရုပ်ပြဇာတ်များနှင့် များစွာတူလေသည်။

အရှေ့တိုင်းသားများတို့၏ ပြောင်းမြောက်သောလက်ရာတခုဖြစ်သည့် ပန်းပုပညာမှာလည်း ဂျပန်တို့အရေးတယူထားရှိသည့် သုခုမအနုပညာရပ်တခုဖြစ်၏။ ရှေးဟောင်းပန်းပုလက်ရာများကိုရှေးဘုရားကျောင်းကြီးများနှင့် အဆောက်အအုံဟောင်းကြီးများ၌သာတွေ့ရ၍၊ ၁၆ ရာစုနှစ်မှယခုအချိန်အထိ တိုးတက်ထွန်းကားလာလေသည်။ သစ်သားပေါ်တွင်ထုထွင်းအပ်သော ထိုသစ်သားပန်းပုများကို အများအားဖြင့် ဘုရားကျောင်းများတွင်တွေ့ရ၍ ဗုဒ္ဓဘာသာတို့၏ အကြိုက်နှင့်ဆီလျော်အောင် ဟင်းသပြဒါး၊ ရွေစသည်တို့ဖြင့်ခြယ်ထားကြ၏။ ရုပ်လုံးအကောင်အထည်တို့မှာ များသောအားဖြင့်ပန်းအမျိုးမျိုးပုံများ၊ ငှက်ရုပ်များ၊ နတ်သမီး၊ ကိန္နရာရုပ်များ၊ နဂါးရုပ်များဖြစ်ပြီးလျှင်တံခါးမုတ်များ၊ တိုင်များ၊ မျက်နှာကြက်များနှင့် ပစ္စင်ရင်တားများပေါ်တွင် ထုလုပ်ထားရှိတတ်ကြလေသည်။

အချို့လက်ရာများမှာအလွန်ပင်အနုစိတ်၍၊ အံ့မခန်းရှိသည်။ လက်မှုပညာနှင့်ဆိုင်သော အခြားပညာရပ်များမှာ ဆင်စုယ်ပန်းပုထုခြင်းနှင့် အဝတ်များပေါ်တွင် ရွှေခြည်ထိုးခြင်း၊ ဇာပန်းဖောက်ခြင်းများကဲ့သို့ သတ္တုအမျိုးမျိုးပေါ်တွင်ပန်းဖော်ခြင်း၊ ကျောက်စိခြင်း၊ ကျောက်မြုပ်ခြင်းအတတ်များဖြစ်လေသည်။ ယင်းတို့မှာ ကျောက်ရုပ်တုငယ်၊ သံရုပ်တုငယ်ကလေးများထုခြင်း၊ ယပ်တောင်များ၊ ဖဲထီးလက်ကိုင်များထုခြင်း၊ ဇာအိမ်ဇာရိုးပြုလုပ်ခြင်းများ ပါဝင်လေသည်။ သံနှင့်သံမဏိများပေါ်တွင် မိလ္လာဖြင့်ပန်းဖော်ခြင်း၊ ရုပ်ပုံများဖော်ခြင်းအတတ်မှာလည်း ဂျပန်တို့၏ ရှေးဟောင်းသုခုမပညာရပ်တခုဖြစ်၍၊ ဂျပန်လူမျိုးများသည်ထိုအတတ်တွင် ပြိုင်ဖက်ကင်းလောက်အောင်ကျွမ်းကျင်ကြသည်။

ကြေးညိုသတ္တုဖြင့် ရုပ်တုထုလုပ်ခြင်း၌လည်း၊ ဂျပန်တို့၏



ဂျပန်အနုပညာကိုသရုပ်ပေါ်စေသည့် တိုဆားကားမြို့ရှိရတိုက်ကြီး



ဆတ်ဆူမာခေါ် ကြေထည်ပေါ် တွင်စုတ်ရေးဆေးဖြယ်နေပုံ

လက်ရာမှာ ခြိုးကျူးလောက်ပေသည်။ ကမကုရမြို့ရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ၇၅ကြေး သတ္တုဖြင့် ပြုလုပ်ထား၍၊ ပေ ၅၀ ခန့်အမြင့်ရှိ၏။ ပြုလုပ်ပုံမှာထိုကြေးသတ္တုများကိုအချပ်လိုက်စပ်ပြီးနောက် အဆုံးသတ်တွင် လက်ရိုက်တူကလေးဖြင့် ဆောက်ဖြတ်ကာ ပုံတော်ကိုဖော်ထားလေသည်။

ရောင်စုံပန်းရိုက်ခြင်းအတတ်၌လည်း ဂျပန်ကိုမှီသူရှားလေသည်။ ယင်းအတတ်မှာ ပန်းချီဆရာလက်ရာလည်းပါ၊ ပန်းပုဆရာ၏လက်ရာလည်းပါရ၍၊ ပန်းပုဆရာက ဆန်းပြားလှပစွာထွင်း ဖေါက် ထုလုပ်ထားသည့် ပန်းပုံများကို ပန်းချီဆရာက ပကတိသဘာဝ ပန်းဖူးပန်းနွယ်တို့နှင့် တူအောင် ဆေးခြယ်ရလေသည်။ ထိုနောက် ရောင်စုံရိုက်မည့် ဗလောက်ပုံစံများ အမျိုးမျိုးပြုလုပ်ပြီး လျှင် ဆေးရောင်တရောင်လျှင် ဗလောက်တမျိုးကျစီထား၍ သူ့နေရာနှင့် သ၊ သ အထပ်နှင့် သ အရောင်ထပ်၍ အံကိုက်အောင်ဒုက္ခခံကာ တထပ်ပြီးတထပ်ရိုက်ယူရလေသည်။ သို့ရိုက်ယူမှသာလျှင် အဖူးအပွင့် အခက်အလက်တို့မှာ ဆေးရောင်ချင်းရောယှက်ကာ သဘာဝ ပန်းခက်ပန်းနွယ်တို့နှင့် တထေရာတည်းတူညီလေသည်။ ၁၈ ရာစုနှစ်နှင့် ၁၉ ရာစုနှစ်အတွင်းတွင် ထိုအတတ်၌ အထူးကျမ်းကျင်ထင်ရှားသော ပုဂ္ဂိုလ်ကြီးများရှိခဲ့ကြ၍၊ ထိုအခါတွင်မှ ဂျပန်များသည် ရောင်စုံပန်းရိုက်ပညာတွင် တဖက်ကမ်းခပ်လေးတော့သည်။

အဝတ်ပေါ်၌ဖြစ်စေ၊ စက္ကူပေါ်၌ဖြစ်စေ၊ ရုပ်ပုံများ၊ ပန်းပုံများ ရောင် စုံရိုက်နှိပ်ခြင်း အတတ် သည် ပြင်သစ်ပြည်မှစခဲ့ရာ၊ ထိုပညာကိုဂျပန်အနုပညာသည်များ စိတ်ဝင်စားကာ အတုယူခဲ့ဟန် တူသည်။ ဂျပန်ပြည်၌ ကျောင်းများပင် ဖွင့်လှစ်သင်ကြား၍ ယခုအခါ ထိုအတတ်ပညာဖြင့် လူပေါင်းများစွာ အသက်မွေးမြူလျက်ရှိကြသည်။ သို့ပင်အနောက်နိုင်ငံမှ ယူခဲ့သည့်ပညာရပ်တရပ်ဖြစ်စေကာမူ ဂျပန်တို့သည်မိမိတို့၏ ရှေးခေတ်အနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့်ရှေးမူဟောင်းစံနစ်များကို ပြန်၍အသက်သွင်းနိုင်သမျှ သွင်းခဲ့ကြ၏။ သို့ဖြင့် အရှေ့တိုင်းသားဂျပန်တို့သည် သုခုမအနုပညာများနှင့်ဆိုင်သည့် ကိစ္စများ၌ပင် မိမိတို့တိုင်းရင်းဖြစ် ရှေးဟောင်းပညာရပ်များကို တိမ်ကောပပျောက်ခြင်းမရှိရလေအောင် ထိန်းသိမ်းစောင့်ရှောက်ထားလို၍ အနောက်တိုင်း၏ လွှမ်းမိုးခြင်းကို ခံယူလိုဟန်မရှိကြချေ။

ဂျပန်နိုင်ငံတွင် ယောကျ်ားမိန်းမ၊ မည်သူမဆိုပန်းများကို အလွန်နှစ်သက်တတ်သောဝါသနာရှိသည့်အတိုင်း၊ ဥယျာဉ်များဖြင့် အကြီးအကျယ်မစိုက်ပျိုးနိုင်စေကာမူ၊ မိမိတို့ရရှိသမျှမြေကွက်ကလေးများတွင် မြေပေါ်၌ငင်း၊ အိုးများဖြင့်ငင်း၊ ပန်းပင်များကို ယုယုယယ စိုက်ပျိုးကြသောအလေ့အထရှိ၏။ ထိုကြောင့်လည်း 'ပန်းကြိုက်သောဂျပန်ပြည်' ဟူ၍ ကမ္ဘာကပင်အသိအမှတ်ပြုခြင်းခံရသည်။ သူတို့သည်မည်မျှလောက် အလှအပကြိုက်သည်ဆိုပါမူ အိမ်

တွင်းရှိပန်းအိုးများဌ်ပန်းများ အလှထိုးထုဌ်ပင်လျှင်၊ 'ပန်း အလှထိုးနည်း' ဟူ၍ ပန်းခိုင်များကိုလိမ်ခြင်း၊ ညှတ်ရှိပေးခြင်း၊ ဖြတ်တောက်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြုလုပ်ကာ၊ သဘာဝအတိုင်း ဖြစ်နေသည့်ဟန် ပြုလုပ်ပေးခြင်းကိုပညာရပ်တခုအနေနှင့် ထားရှိလေသည်။ တသီးတသန့်စာအုပ်များပင် ထုတ်ကာအမျိုးသမီးကလေးများ၊ ကျောင်းသူများ၊ အိမ်ရှင်မများအား သင်ကြားပေးလေသည်။

မြန်မာနိုင်ငံအထက်ပိုင်း ဟုံနှင့်ညောင်ဦးမြို့များတွင် သစ်စေးသရိုးလုပ်ငန်း တွင်ကျယ်သကဲ့သို့ကျပန်သရိုးကိုင်လုပ်ငန်းမှာလည်း ထင်ရှားပြီးလျှင် ကျပန်များသည် ဤအတတ်ဌ်ထူးချန်သူများဖြစ်၏။ ထိုလုပ်ငန်းအတွက် 'ရှူးမက်' အမျိုးအနွယ်ဖြစ်သော အပင်တမျိုးမှရရှိသော အဆိပ်အတောက်ဖြစ်စေသည့် သစ်စေး မှချိပ်ကိုထုတ်ယူလေသည်။ ထိုချိပ်ရည်ကို အလိုရှိသောသစ်သားပေါ် ဌ် ပါးလှာစွာသုတ်ပြီးသော် ရေနွေးငွေ့ပေးထားသော သေတ္တာထဲတွင် အခြောက်ခံပြီးနောက်၊ ကောင်းမွန်စွာပတ်တိုက်၍ အရောင်တင်ပေးလေသည်။ ဤနည်းအတိုင်း တကြိမ်မက အကြိမ်ပေါင်းများစွာသည်းခံ၍ ထပ်တလဲလဲ ပြုလုပ်ပေးခြင်းဖြင့် မိမိအလိုရှိသည့်အတိုင်း အသားတက်ခြင်း၊ အသွေးအရောင်ထွက်လာခြင်းများကိုရရှိလေသည်။ ဤအတတ်ကိုပန်းယွန်းလုပ်ခြင်းအတတ်ဟု ခေါ် တွင်လေသည်။ ထိုယွန်းထည်များပေါ် တွင်ငှင်း၊ ပန်းကန်ပြားများ၊ ဗျပ်များဌ်ငှင်း ရှမျော်

ခင်းများ၊ ရုပ်ပုံများနှင့် ပန်းနွယ်ပန်းခက်များဖြစ်အောင် သဲဖြူမှုန့်ကလေးများ၊ ကျောက်ခဲနုကလေးများဖြင့်ကပ်သော အတတ်ပညာရပ်တခုလည်းရှိသေးသည်။ ထိုအတတ်ကိုကျပန်ကလေးသူငယ်တို့ များစွာနှစ်သက်ကြသည်။

ပျော်ရွှင်မှုနှင့်ဆိုင်လျှင်လည်း ကျပန်တို့၏ရှေးအစဉ်အလာဂီတသံများမှာ တရုပ်နှင့်များစွာတူပြီးလျှင် အနောက်နိုင်ငံသားများ၏နားတွင် အသံအနိမ့်အမြင့်မရှိသလောက် ဖြစ်နေလေသည်။ အသုံးပြုသော တူရိယာများမှာ မောင်းများ၊ ဗုံကြီး၊ ဗုံတိုများနှင့် စောင်းအမျိုးမျိုးတို့ဖြစ်ကြသည်။ ယခုခေတ်ဌ်မူ ယင်းတို့ကို ခေတ်သစ်နည်းစံနစ်ဖြင့်အနောက်တိုင်းဆန်အောင်စီမံပြုလုပ်လေပြီ။

ကျပန်လူမျိုးများသည် ဆောက်လုပ်ခြင်း 'သုကာအတတ်ဌ်လည်း လက်မြောက်သည်။ ဘုရားပုထိုးများ၊ ကျောင်းများ စသည်တို့တွင် ဘုံဆင့်များအထပ်ထပ်ရှိပြီးလျှင် လှပစွာအကောက်အချိတ်တို့ဖြင့် တန်ဆာဆင်ထားသည်။ စေတီပုထိုးများမှာ ဘုံဆင့်များဖြင့် အထပ်ထပ်အရစ်ရစ်တည်ထား၏။ နန်းတော်များမှာ ကျောက်သားဖြင့်ပြုလုပ်သည့် ပစ္စင်ရင်တားတို့ဖြင့်မွမ်းမံထား၏။ အိမ်များကိုအုတ်ကြွပ်များ၊ တိုင်းရင်းဖြစ်သက်ငယ်များဖြင့် လှပစွာမိုးထားပြီးလျှင် အမိုးများသည် အစွန်းတွင်အပေါ် သို့ကော့ထောင်လျက်ရှိကြ၏။ ဧခေတ်မှီအိမ်များကို အများအားဖြင့် သစ်သားဖြင့်ဆောက်လုပ်ကြ၍ ဥယျာဉ်နှင့်ရှမျော်



ဆင်စွယ်ပန်းပုတာတော်စွင်လည်း ကျပန်တို့၏လက်ရာမှာအံ့ချီးမှယ်ရာဖြစ်ပေသည်။

ခင်းများကို အရေးတကြီးပဓာနထားကြသည်။ အိမ်ကို တထပ်သော်၎င်း၊ နှစ်ထပ်သော်၎င်းဆောက်လုပ်၍ အညို ရောင်ပျဉ်အုတ်ကြွပ်များ မိုးထား၏။ တောနယ်များ၌မူ တိုင်းရင်းဖြစ်သက်ငယ်ကို မိုးကြ၏။ ကြမ်းပြင်တွင် ထု ၂ လက်မထူသော ၃ × ၆ ပေရှိသည့်ဖျာများကို စေ့စပ်စွာ ခင်းထားပြီးလျှင် အခန်းများကိုလည်း ဖျာချပ်၏အလှယ် အစားနှင့်ကိုက်ညီအောင် ပြုလုပ်ကြ၏။ အခန်းများမှာ ဘခန်းနှင့်တခန်း လွယ်ကူစွာပွင့်၍ ရနိုင်သော လိုက်ကာ အရှင်များဖြင့် အပိုင်းအခြားများပြုလုပ်ထား၏။ ထိုလိုက် ကာများရှိအဝတ်ပေါ်တွင် ရှမျော်ခင်းများ၊ ရပ်ပုံများနှင့် ပန်းပွင့်ပန်းနွယ်များကို ရေးဆွဲ၍ သော်၎င်း၊ ရက်လုပ်၍ သော်၎င်း တန်ဆာဆင်ထားကြလေသည်။ ယခုအခါစား ဖိုဆောင်များတွင်တာဝန်နည်း၍ အလှယ်တကူသုံးစွဲနိုင်သည့် အနောက်တိုင်းဖြစ်ကရိယာများကို တပ်ဆင်ထားလေသည်။ အလင်းရောင်ဝင်စေရန် အတွက် ဖွင့်ရပိတ်ရလွယ်သောပြတင်းပေါက်များကို အရှင်တပ်ထား သည်။ အိမ်ပြင်တွင် ပန်းဥယျာဉ်ငယ်များဖြင့် လှပစွာပြင်ဆင် ထားသကဲ့သို့ အိမ်တွင်း၌လည်း ရိုးရိုးရှင်းရှင်းနှင့် သပ်သပ်ရပ်ရပ် ပြုလုပ်ထား တတ်ကြသည်။

အိမ်ထောင်သိမ်းဆည်းသည့်ဖက်တွင် ကျပန် မိန်းမများသည် ကမ္ဘာပေါ်တွင်အလွန်လှံလစီရိယရှိ၍၊ စေ့စပ်သေချာ သည်ဟုကျော်စောကြ၏။ ထိုနည်းတူကျပန်ယောကျ်ားများကလည်း အိမ်သုံးကရိယာများ ပြုလုပ်ရာတွင် လက်မြောက်ကြ၏။ ကျပန်ယောကျ်ား မိန်းမအားလုံးပင် တနည်းနည်းအားဖြင့် သူတို့ကိုယ်တိုင် တစိတ်တဒေသ အနုပညာသည်များဖြစ်ကြသည်။

ကျမေးကားကျွန်း။ ။ကျမေးကားဟူသောအမည်မှာ ရေတံခွန်ရှိသောကျွန်းဟု အဓိပ္ပါယ်ရလေ၏၊ ထိုကျွန်း၌စိမ့်စမ်းရေတံခွန်တို့သည် အပျော်ခရီးထွက်သူတို့၏စိတ်နှလုံးကို ချမ်းမြေ့အောင်ဖန်တီးပေသည်။ ထိုမှတပါးလည်း သစ်ခွပန်း၊ ဂမုန်းပန်း၊ ပေါ်ပီပန်းစသော ရောင်စုံပန်းအမျိုးမျိုးတို့ ကြောင့် ၁၄၉၄ ခုနှစ်တွင် ကျမေးကားကျွန်းသို့အနောက် နိုင်ငံသား ထဲမှ ရှေးဦးစွာ ရောက်ခဲ့သောကိုလံဗပ်က နတ် ဥယျာဉ်နှင့်တူသောကျွန်းဟုအမှတ်တရပြောခဲ့ဘူးသည်။

ကျမေးကားကျွန်းသည် ဖြတိသျှပိုင်အနောက်အိန္ဒိယ ကျွန်းစုတွင် အကြီးဆုံးနှင့် အထင်ရှားဆုံး ကျွန်းဖြစ်၍ အလျား ၁၄၄ မိုင်၊ အနံမိုင် ၄၀ ခန့်ရှိသည်။ ကျူဗာကျွန်း၏တောင်ဖက် မိုင် ၉၀ ခန့်အကွာတွင်တည်ရှိသည်။

ရှေးအခါကမူ ဤကျွန်းမှာ ရက်စက်ကြမ်းကြုတ်သောပင် လယ်ခေးပြများ၏ စခန်းချရာ ဌာနဖြစ်ခဲ့ဘူး၏။ ကိုလံဗပ် တွေ့ရှိပြီးသည့်နောက် ၁၅ နှစ်ခန့်အကြာတွင် စပိန်လူမျိုး

တို့သွားရောက်ခဲ့ဘူးသည်။ ၁၆၆၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင် ကိုလိုနီတခုအဖြစ်ဖြင့် ဖြတိသျှတို့က သိမ်းယူလေသည်။ လူဦးရေ ၁,၂၀၀,၀၀၀ ကျော်ရှိသည့်အနက် ၁၀၀ လျှင် ၂ ယောက်သာမျက်နှာဖြူတို့ဖြစ်၍ ၇၇ ယောက်တို့မှာကပ္ပလီ လူမျိုးများ၊ ၂၀ ယောက်မှာကပြားများနှင့် ကျန်လူတို့မှာ ကူလီများ အိန္ဒိယလူမျိုးနှင့်တရုပ်များဖြစ်ကြသည်။ အုပ် ချုပ်ရေးတွင် ကျမေးကားကျွန်းနှင့်အတူ တွဲဖက်ထားသော ကျွန်းငယ်များမှာ တဘ့ကျွန်း၊ ကေးကပ်ကျွန်းနှင့်၊ ကေးမန်း ကျွန်းများဖြစ်ကြ၏။ ၁၉၅၂ ခုနှစ်လူဦးရေခန့်မှန်း ချက်မှာ ၁,၄၅၁,၆၀၂ ယောက်ဖြစ်သည်။

၁၉၃၈ ခုနှစ်တွင် သကြားစျေးကျဆင်းအဖြင့် အလုပ် သမားများသည် မိမိတို့ဝမ်းရေးအတွက်မကျေမနပ်ဖြစ်ကာ၊ ဆူပူမှုများဖြစ်ပွားခဲ့ရာ ထိုနှစ်ဇူလိုင်လ၌ စုံစမ်းရေးအဖွဲ့တ ခုကို စေလွှတ်၍စုံစမ်းစေခဲ့၏။ သို့ဖြင့် ၁၉၄၄ ခုနှစ်တွင် အုပ်ချုပ်ရေးဥပဒေအရ ဘုရင်ခံကဥပဒေပြုကောင်စီဖွဲ့စည်း ကာ အုပ်ချုပ်လေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၀ ပြည့်နှစ်တွင် ဖြတိသျှအစိုးရသည် ရေတပ်စခန်းပြု လုပ်ရန်နေရာတခုကို အမေရိကန်ပြည် သို့ငှားရမ်းလိုက်ရ၏။

မြစ်များအတော်များများရှိသော်လည်း ဗလက်မြစ်တခု သာသွားလာဆန်တက်နိုင်၏။ ဗလူးမောင်းတိန်းခေါ် တောင်တန်းများမှာ ပေ ၇,၀၀၀ ကျော်မြင့်၍ တောင်စောင်း များတွင် မဟောဂနီ၊ ထင်းရှူးပင်တို့ဖြင့်ဖုံးအုပ်လျက်ရှိ၏။ သဘော်ဆိပ်ကောင်းများနှင့်ကားလမ်းများရှိ၏။ ထွက်ကုန် များမှာ သကြား၊ ငှက်ပျော၊ ကော်ဖီ၊ ချင်း (ဂျင်း)



ကျမေးကားကျွန်း၏ ရှေးပါသောငှက်ပျောလုပ်ငန်း



ဂျမေးကားကျန်း၊ ကင်းစတောင်းမြို့တော်၏ သာယာသော ရှုခင်း

နှင့် အခြားအသီးအနှံများဖြစ်လေသည်။ 'ဂျမေးကားရမ်' ခေါ် ရမ်အရက်မှာ ထင်ရှားသောထုတ်ကုန်တခုဖြစ်သည်။

သားရဲတိရစ္ဆာန်များနှင့် အဆိပ်ရှိသောမြွေများမရှိချေ။ ကျွန်းတွင် မကြာခဏမြေငလျင်လှုပ်၍ လေဆင်နှာမောင်းများတိုက်ခတ်ကျရောက်တတ်၏။ ၁၉၀၇ ခုနှစ်ကမြေငလျင်ပြင်းထန်စွာလှုပ်ခဲ့ဘူးရာ ကျွန်း၏မြို့တော်ဖြစ်သော ကင်းစတောင်းမြို့တွင် လူပေါင်းများစွာသေကြေခဲ့၏။ ၁၉၁၂ ခုနှစ်တွင်တိုက်ခတ်သော လေနီကြမ်းကလည်း ကျွန်းအနောက်ဖက်ကမ်းရိုးသဘော်ဆိပ်တခုကို အတော်ပင်ပျက်စီးစေခဲ့၏။

ဂျရူးဆလမ်းမြို့

ဂျရူးဆလမ်းမြို့။ ။ဂျရူးဆလမ်းမြို့သည် အင်္ဂလိယယ်နိုင်ငံ၏ မြို့တော်ဖြစ်သည်။ ဂျက်ဖားသဘော်ဆိပ်မြို့၏ အနောက်တောင်ဖက် ၃၅ မိုင်အကွာ၌ရှိသော တောင်ကုန်းမြင့်တခုပေါ်တွင် တည်ရှိ၏။ ခရစ်ယန်နှင့် ယဟူဒီတို့ အထူတ် အမြတ်ထားသည့် အယူဝါဒဆိုင်ရာမြို့တော်ကြီးဖြစ်သည်။

'ဂျရူးဆလမ်း' ၏အဓိပ္ပါယ်မှာ ငြိမ်းချမ်းရေးမြို့တော် ဖြစ်၏။ သို့သော်လည်း ဤမြို့၌မကြာခဏ စစ်ပွဲများဖြစ်ပွားသောကြောင့် မကြာခဏပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့ရသဖြင့် ထိုမြို့သည် ကမ္ဘာပေါ်ရှိမြို့အပေါင်းတို့တွင် ငြိမ်းချမ်းမှုအနည်းဆုံးမြို့ ဖြစ်ပေသည်။ ယခုမြို့၏ မြေအောက်ပေ ၃၀ ခန့်တွင် ရှေးခေတ်က ရောမလူမျိုးတို့ဖောက်လုပ်ထားခဲ့သည့် လမ်းမကြီးကိုတွေ့နိုင်လေသည်။ အမှန်စင်စစ် ဂျရူးဆလမ်းမြို့သည် မြို့ ၃ မျက်နှာကို နက်ရှိုင်းသောချောက်ကြီး ၃ ခု ဝန်းရံနေသော ကြောင့် သဘာဝခံတပ်မြို့တမြို့ဖြစ်၏။

အရှေ့နှင့် အရှေ့မြောက်ဖက်တွင် ကစ်ဒရွန်ချောက်ကြီးသည် မြို့တော်ကို သံလွင်ပင်ကြီးများ ပေါက်ရောက်ရာ သံလွင်တောင်မှခြားထား၏။ အနောက်ဖက်တွင် တောင်ဖက်သို့တန်းသွားသော ဟင်နွန် (ဝါ) ဂီဟင်းနာချိုင့်ဝှမ်းကြီးရှိသည်။ ယင်းမှာ ရှေးကဖိနိုရှန်လူမျိုးတို့ လူကိုသတ်ဖြတ်ယင်ပူဇော်ရာနေရာ ဖြစ်လေသည်။

ဂျရူးဆလမ်းမြို့ရိုးမှာ ကြိမ်ဖန်များစွာဖျက်ဆီးခြင်း ခံခဲ့ရသည့်ပြင် အဖန်ဖန်ပြန်လည်ပြင်ဆင်ဆောက်လုပ်ခဲ့ရသော မြို့ရိုးဖြစ်၍၊ ယခုမြို့တံခါး ၈ ပေါက်မှာ ၁၆ ရာစုနှစ်ကစူလတန်ဘုရင် ဆော်လိမန် တည်ဆောက်ထားခဲ့သောတံခါးများဖြစ်၏။ မြို့၏တောင်ဖက်တွင် ယဟူဒီလူမျိုးတို့ အထူတ်အမြတ်ထားရာ ဘုရားတန်ဆောင်းကြီးတခု၏ နံရံဟောင်းတခုရှိသည်။ ယင်းတန်ဆောင်းမှာ ယဟူဒီဘုရင်ကြီးဆော်လမွန်တည်ဆောက်ခဲ့သော အဆောက်အအုံကြီးတခုဟုယုံကြည်ကြလေသည်။ သောကြာနေ့တိုင်း ယဟူဒီဘုရားဖူးတို့သည်ကျိန်နံရံဟောင်းကြီးကို နဖူးနှင့်ကပ်လျက် ငိုကြွေးမြည်တမ်းကာ ရှေးခေတ်ဟောင်းက ယဟူဒီတို့ ခမ်းနားကြီးကျယ်ခဲ့ပုံကို အောက်မေ့တမ်းတလေ့ရှိသဖြင့် ငိုကြွေးရုတ်တိုင်းဟုအမည်တွင်လျက်ရှိသည်။ ယင်းသည့် ယဟူဒီတန်ဆောင်းကြီးနေရာတွင်မွတ်စလင်တို့၏ အိုမာပလီဝတ်ကျောင်းကြီးကို


ကျောက်သားဖြင့် လှပစွာ ဆောက်လုပ်ထားလေသည်။ ဂျရူး ဆလမ်းမြို့တွင် ခရစ်ယာန် ဘုရားဖူးတို့ အထူး သွားရောက်ဖူးမျှော်တတ်သောနေရာကား ဟိုးလီးဆီးပါးလခါး ဘုရားရှိခိုးကျောင်းဖြစ်၏။ ထိုကျောင်းတော်ထဲမှာ ခရစ်တော်၏သခင်ရှိုင်းရာဖြစ်သည်ဟု ယုံကြည်ကြ၏။ အမှန်စင်စစ်ခရစ်တော်အား ကားတင်သတ်သောလက်ဝါးကပ်တိုင် တည်ရာ၊ ခရစ်တော်အားမြှုပ်နှံထားရာနေရာတို့ကို မည်သူမျှ အတိအကျမပြနိုင်ကြချေ။ သို့ရာတွင် မြင့်မြတ်သော နေရာကို ရည်မှန်း၍သာလျှင်ဖူးမြော်နေကြရလေသည်။

မြို့တော်ဟောင်း၏ လမ်းများမှာ ကျဉ်းမြောင်းကောက်ကွေ၏။ မြို့ရိုးပြင်ဖက် ဆင်ခြေဖုံးများတွင် ကျယ်ပြန့်၍ ဘေးတဖက်တချက်တွင် သစ်ပင်စိုက်ထားသောလမ်းမကြီးများ၊ ဥယျာဉ်များနှင့် အဆောက်အအုံများရှိ၏။ မြို့တော်၏ အကြီးဆုံး ရုပ် ကွက် သစ်မှာ ဂျက်ဖားတံခါး မကြီး၏ အနောက်ဖက်တွင်ရှိလေသည်။

ဘီစီ ၁၄၀၀ ပြည့်နှစ်ခန့်တွင် ဤမြို့တော်ကို အီဂျစ်လက် အောက်ခံ ဘုရင်တပါးက အုပ်ချုပ်ခဲ့၏။ ထိုနောက်၊ ဘီစီ ၁၀၀၀ ခန့်လောက်တွင် ဒေးဗစ်ဘုရင်သည် ဂျရူးဆလမ်းကို ယဟူဒီနိုင်ငံသစ်၏မြို့တော် ပြုလုပ်ခဲ့လေသည်။ ဘီစီ ၅၇၆ခု နှစ်တွင် ဗက်ဗီလုံးဘုရင်နက်ဗူခဒ်နက်ဇာသည် ဂျရူးဆလမ်းမြို့ကို သိမ်းပိုက်၍ မြို့သူမြို့သားအမြောက်အများကို ဖမ်းဆီးခေါ်ဆောင်သွားလေသည်။ ပါးရှင်းဘုရင်ဆိုင်းရပ်လက်ထက်တွင် မြို့သစ်ပြန်တည်၍ ဘီစီ ၄၄၅ ခုနှစ်လောက်တွင် မြို့ရိုးများကို အသစ်ပြန်လည်၍ ဆောက်လုပ်ခဲ့လေသည်။ ထိုမှတဖန် ဂျရူးဆလမ်းမြို့သည် ဂရိဘုရင်အယ်လက်ဇန္ဒား–သ–ဂ ရိတ် လက်အောက်သို့ ကျရောက်ခဲ့ပြန်သည်။ နောင်အခါတွင် ဆီးရိုးယန်းနှင့်အီဂျစ်ဘုရင်တို့ သုတပြန်ငါတပြန် တိုက်ခိုက်သိမ်းပိုက်ခြင်း ခံခဲ့ရပြန်၏။ ဘီစီ ၆၃ ခုနှစ်တွင် ရောမစစ်ဗိုလ်ကြီး ပွန်ပီ က သိမ်းပိုက်ခဲ့၏။ ရောမတို့လက်အောက်တွင် ယဟူဒီလူမျိုးများက ထကြွပုန်ကန်သဖြင့်၊ မြို့ကို ၂ ကြိမ်မျှ ဖျက်ဆီးပစ်လိုက်ခြင်းခံရ၏။ အေဒီ ၆၃၇ ခုနှစ်တွင် မွတ်စလင်တို့ကသိမ်းပိုက်လိုက်၏။ ဂျရူးဆလမ်းမြို့သည် တူရကီနှင့်အီဂျစ်လူမျိုးတို့လက်ထဲမှ ၁၀၉၉ ခုနှစ်တွင် ကရူးဆိတ်စစ်ဆင်သူ ဥရောပဘုရင်များ၏လက်သို့ ကျရောက်ခဲ့ရ၏။ ၁၁၈၇ ခုနှစ်တွင် အာရပ်မွတ်စလင်ဘုရင်ဆဲလဒင်း ကပြန်လည်သိမ်းပိုက်ခဲ့၍ ၁၅၁၇ ခုနှစ်တွင် တူရကီတို့လက်ထဲသို့ရောက်သွား၏။ ၁၈၇၇ ခုနှစ်မှ ၁၉၁၇ ခုပြိတိသျှစစ်တပ်များက သိမ်းပိုက်သည်အထိ၊ မွတ်စလင်တို့လက်ထဲ၌ ရှိခဲ့ပေသည်။ (ပြိတိသျှတို့သိမ်းပိုက်ပြီးနောက် ဂျရူးဆလမ်း၏ သမိုင်းစဉ်အတွက် အင်္ဂရိယယ်နိုင်ငံ — ၌။)

ဂျရူးဆလမ်းမြို့နှင့် ခရိုင်မှာ ယခုအခါ အင်္ဂရိယယ်နိုင်ငံအစိုးရနှင့် ကျော်ဒန်နိုင်ငံအစိုးရတို့ ခွဲဝေအုပ်ချုပ်လျက်ရှိ၏။ မြို့ဟောင်းကို ကျော်ဒန်ကပိုင်၍ မြို့သစ်ကို အင်္ဂရိယယ်ကပိုင်သည်။ မြို့ဟောင်းတွင်အထူတ်အမြတ် နေရာ ၃၄ ခုရှိသည်။ မြို့ဆစ်၌မူအထူတ်အမြတ်ထားရာ နေရာ ၂ ခုသာရှိသည်။ ဂျရူးဆလမ်းမြို့သည် ၁၉၅၀ ပြည့်နှစ်ဇန္နဝါရီလ ၂၃ ရက်နေ့မှစ၍အင်္ဂရိယယ်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့လေသည်။ လူဦးရေမှာ ၁၉၅၃ ခုနှစ်တွင် ကောက်ယူခဲ့သော သန်ကောင်စာရင်းအရ ၁၄၃,၅၀၀ ယောက်ဖြစ်လေသည်။

ဂျရူးဆလမ်းမြို့ရှိ ကျောက်သားဖြင့်ဆောက်လုပ်ထားသောအိုမာပလီ ဝတ်ကျောင်းကြီး



နယ်နိမိတ်အကြိမ်ကြိမ်ပြောင်းလဲခဲ့သောနိုင်ငံ

ဣာမနိုနိုင်ငံသည် ၁၈၇၁ ခုနှစ်မတိုင်မီက နိုင်ငံငယ်ကလေးများဖြင့် အစိတ်စိတ်အပိုင်းပိုင်း တွဲပြားလျက်ရှိ၏။ နိုင်ငံငယ်အချင်းချင်းလည်း စစ်ပြိုင်လျက်ရှိသည်။ ထိုကဲ့သို့သောအခြေအနေမှ နိုင်ငံတခုအဖြစ်စည်းလုံးမိသည်အထိ သမိုင်းစဉ်ကို ဤအကြောင်းရပ်တွင် ဖော်ပြထားပေသည်။

ဣာမနိုနိုင်ငံနှင့်သမိုင်း။ ။ဣာမနိုနိုင်ငံသည် ပဌမနှင့် ဒုတိယကမ္ဘာစစ်တို့ကို မီးမွေးခဲ့သော ဥရောပအလယ်ပိုင်းနိုင်ငံတခုဖြစ်၏။ (ကမ္ဘာစစ်၊ ပဌမ။ ကမ္ဘာစစ်၊ ဒုတိယ — ရှု။) အနောက်ဖက်တွင် ပြင်သစ်၊ ဗဲလ်ဂျီယမ်နှင့် ဒပ်ချ်နိုင်ငံများ၊ အရှေ့ဖက်တွင် ပိုလန်နှင့် ချက်ကိုဆလိုဗားကီးယားနိုင်ငံများ၊ တောင်ဖက်တွင် ဆွစ်ဇာလန်နှင့် သြစတြီးယားနိုင်ငံများ၊ မြောက်ဖက်တွင် ဒိန်းမတ်နိုင်ငံ၊ မြောက်ပင်လယ်နှင့်ဗောလတစ်ပင်လယ်တို့ ဝန်းရံလျက်ရှိသည်။ ဣာမနိုနိုင်ငံ၏နယ်နိမိတ်မှာ ၂၀ ရာစုနှစ်အတွင်း စစ်မက်ဖြစ်ပွားမှုများကြောင့် ကြိမ်ဖန်များစွာပြောင်းလဲခဲ့ရလေသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် နိုက်ဆဲနှင့် အိုဒါမြစ်များအရှေ့ဖက်ရှိ ဣာမန်နယ်များကို ပိုလန်နိုင်ငံသို့ငင်း၊ ကေးနစ္စဟတ်မြို့တော် (ယခုအခေါ် လီနင်ဂရက်မြို့) အပါအဝင် အရှေ့ပရပ်ရှားပြည်နယ်၏ မြောက်ဖက်ပိုင်းကို ရုရှနိုင်ငံသို့ငင်း၊ ပေးလိုက်ရသဖြင့် ယခုအခါနိုက်ဆဲနှင့် အိုဒါမြစ်များမှာ ဣာမနိုနိုင်ငံ၏ အရှေ့ဖက်နယ်နိမိတ်ဖြစ်နေလေပြီ။ သို့သော် အိုဒါမြစ်ဝှိရှတက်တင်မြို့ကိုမူ နယ်နိမိတ်အတွင်းမသွင်းခဲ့ချေ။ တဖန် ဒုတိယကမ္ဘာစစ်အပြီး၌ ဣာမနိုနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၃၀,၀၀၀ ဖြစ်သည်။ ၁၉၄၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အင်္ဂလိပ်၊ အမေရိကန်နှင့်ပြင်သစ်တို့က မိမိတို့သိမ်းပိုက်ထားသောဣာမန်နယ်များကို စုပေါင်း၍ ပြည်ထောင်စုသမတဣာမန်နိုင်ငံခေါ် အနောက်ဣာမနိုနိုင်ငံအဖြစ် ကျေညာသောအခါ၊ ရုရှတို့ကလည်း ထိုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် မိမိတို့သိမ်းပိုက်ထားသော ဣာမန်နယ်များကို ဒီမိုကရက်တစ်သမတဣာမန်နိုင်ငံခေါ် အရှေ့ဣာမနိုနိုင်ငံအဖြစ် ကျေညာလိုက်သည်။ အနောက်ဣာမနိုတွ် ဗာဗေးရီးယား၊ ဗားဒင်ဗာတင်ဗတ်၊ ဗရီးမင်း၊ ဟမ်းဗတ်၊ ဟက်ဆီ၊ ဆက္ကဆွန်နိုအောက်ပိုင်း၊ ရိုင်းလန်၊ ဝက်စဖေးလီးယား ရှလဲဇ်စ်ဟိုလစတိုင် နယ်များပါဝင်၍ အရှေ့ဣာမနိုတွ် ဗရန်ဒင်ဗတ်၊ မက္ကလင်ဗတ်၊ ဆက္ကဆွန်နို၊ ဆက္ကဆွန်နိအန်ဟော့၊ သူရင်းဂျီးယား နယ်များပါဝင်ကြသည်။ အနောက်နှင့် အရှေ့ဣာမနိုနိုင်ငံများ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၉၆,၇၀၀ နှင့် ၄၁,၃၈၀ အသီးသီးတို့ဖြစ်ကြလေသည်။


ဣာမန်လူမျိုးများသည် ရုရှနိုင်ငံတောင်ပိုင်းမြက်ခင်းပြင်ဒေသတွင် နေထိုင်ခဲ့ကြသူတို့၏ အဆက်အနွယ်များဖြစ်ဟန်တူသည်။ ဘီစီ ၁၁၃ ခုနှစ်လောက်က ဥရောပတခွင်တွင် လှည့်လည်သွားလာနေခိုက် ရောမလူမျိုးများနှင့် မကြာခဏ စစ်ပြိုင်တိုက်ခိုက်ခဲ့ကြရဘူးဆည်။ ထိုနောက်နှစ်ပေါင်း ၂၀၀ အကြာတွင် ဂေါ်သ၊ ဖရန့်၊ ဖရီးရှန်း၊ ဆက်ဆွန်၊ ဗင်းဒေါစသော ဣာမန်အဆက်အနွယ်လူမျိုးစုများက ရောမနိုင်ငံတော်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်၍ နေထိုင်ခဲ့ကြပြီးနောက် ဖရန့်လူမျိုးများမှာ ရှားလမိန်းဘုရင် လက်အောက်၌ နိုင်ငံထူထောင်၍ ကြီးပွားလာကြသည်။ (ရှားလမိန်းဘုရင် — ရှု။) အေဒီ ၎၃ ခုနှစ်တွင် ယင်းနိုင်ငံတော်ပျက်စီးသောအခါ၌ ပြင်သစ်နှင့်ဣာမနီဟူ၍ သီးခြားနိုင်ငံ ၂ ခု ဖြစ်ပေါ်လာလေသည်။ ၎၃ ခုနှစ်နောက်တွင် နှစ်ပေါင်းထောပေါင်းများစွာ ဣာမနိုကို နယ်ပယ်များခဲ့၍ အုပ်ချုပ်ခဲ့၏။ ယင်းသည့်နယ်ပယ်များမှာ ဣာမန်လူမျိုးတစုစီ နေထိုင်ထဖြစ်၍ ဗာဗေးရီးယား၊ ဆွေဗီးယား၊ ဖရန်ကိုးနီးယားနှင့်ဆက္ကဆွန်နိတို့သာ နယ်ပယ်ကြီးများဖြစ်လေသည်။

ဖရန့်နိုင်ငံပြည့်ရှင်ဘုရင်ရှားလမိန်း၏ အဆက်အနွယ်များပြတ်သွားသောအခါ ဣာမနိုနိုင်ငံကို ဣာမန်နယ်စားပယ်စားများအထဲမှ ရွေးကောက်တင်မြှောက်ထားသော ဘုရင်များ ကအုပ်စိုးခဲ့သော်လည်း တန်ခိုးမကြီးသောမင်းများလက်ထက်၌ နယ်စားပယ်စားများမှာ မိမိတို့နယ်ကလေးများကို လွတ်လပ်စွာအုပ်ချုပ်နိုင်သောအခွင့်အရေးများ ရှိကြလေသည်။ ဣာမန်ဘုရင်ပဌမအဆက်တို့ (ခရစ် ၉၁၂–၉၇၃)၊ ပဌမဖရက်ဒရစ် (၁၁၂၄–၉၀) နှင့် ဒုတိယဖရက်ဒရစ် (၁၁၉၄–၁၂၅၀) နှင့် ပဌမမက္ကဆိမီလျံဘုရင် (၁၄၉၃–၁၅၁၉) တို့မှာ တန်ခိုးကြီးသောမင်းများဖြစ်သည်။ သို့သော်ဣာမနိုနိုင်ငံအပြင် ဟော်လန်၊ စပိန်၊ သြစတြီးယား၊ နေပယ်၊ စစ္စလီနှင့် အမေရိကတိုက်ရှိနယ်ပယ်အများအပြားကိုပါ အုပ်ချုပ်ခဲ့ရသည့်ပဌမချားဘုရင် (၁၅၀၀–၅၈) ပင်လျှင်၊ မဘင်လွှသာစတင်ခဲ့သော ခရစ်ယန်သာသနာ့အရေးပဲ့ကိုမနှိမ်နင်းနိုင်ခဲ့ပေ။ ယင်းအရေးပဲ့ကြောင့် အနှစ်သုံးဆယ်စစ်ပွဲ (၁၆၁၈–၄၈) ဖြစ်ပွားခဲ့သဖြင့် ဘုရင်၏ အာဏာကျဆုံးကာ မြို့စားများ တွင်ကျယ်လာပြန်သည်။ နပိုလီယန်စစ်ပွဲများအပြီးတွင် ကျင်းပခဲ့သော ဗီယင်းနားညီလာခံ (၁၈၁၄–၁၅) က ဣာမန်နယ်များကို စုလုံးစေ၍ နယ်အကြီးအကဲများ၏ ကိုယ်စားလှယ်များ ပါဝင်သောလွှတ်တော်ဖြင့်အုပ်ချုပ်သည့် ဣာမန်ပြည်ထောင်စုတခုကို တည်ထောင်ခဲ့ကြလေသည်။ ၁၈၄၈ ခုနှစ်တွင် လစ်ဗရယ်အယူဝါဒများက အင်အားတောင့်တင်းသည့် တခုတည်းသော

ဂျာမန်နိုင်ငံနှင့် ဒီမိုကရေစီအစိုးရ ဖြစ်မြောက်ရေးအတွက် တော်လှန်ထကြွခဲ့ကြ၏။ သို့သော်ယင်းတို့က ပရပ်ရှားဘုရင် စတုတ္ထဖရက်ဒရစ်ဝီလ်ဖ (၁၈၄၀–၁၈၆၁) အားဂျာမန် ဧကရာဇ်အဖြစ်ခံယူရန် အပ်နှင်းခဲ့ရာတွင် ငြင်းပယ်ခဲ့သဖြင့် မအောင်မြင်ခဲ့ချေ။

ဂျာမန်နိုင်ငံတော်ဟူ၍ မယ်မယ်ရရဖြစ်ပေါ် လာခြင်းမှာ ပရပ်ရှားနိုင်ငံ ခေါင်းဆောင်ကြီး ဗစ်ဇမတ်၏ ကြိုးပမ်းမှုကြောင့်ပင်ဖြစ်သည်။ (ဗစ်ဇမတ် — ရှု။) ဗစ်ဇမတ်သည် ၁၈၆၆ ခုနှစ်တွင် သြစတြီးယားကိုနှိမ်နင်းပြီးလျှင် သြစတြီးယား အပေါင်းပါနိုင်ငံ ငယ်များဖြစ်သော ဟန်နိုဗာ၊ ဟက်ဆီကက်ဆယ်၊ နက်ဆောတို့ကို ပရပ်ရှားနိုင်ငံတွင်းသို့ သွတ်သွင်းခဲ့၏။ ထိုနောက်မိန်းမြစ်မြောက်ဖက်ရှိ အခြားဂျာမန်နိုင်ငံငယ်ကလေးများသည် ပရပ်ရှားနှင့်အတူပူးပေါင်းကာ မြောက်ဂျာမန်ပြည်ထောင်စု (၁၈၆၇) ကို ဖွဲ့စည်း၏။ လေးနှစ်အကြာတွင် ဗစ်ဇမတ်၏ပရိယာယ်ကြောင့် ပြင်သစ်နှင့်စစ်ဖြစ်ခဲ့လေရာ အယ်လဆက်နှင့်လိုရိန်းနယ်များကို ရလိုက်ပြီးလျှင် တောင်ပိုင်းဂျာမန်နိုင်ငံငယ်များလည်း ပရပ်ရှားနှင့် ပူးပေါင်းလာကြသည်။ ဤသို့ဖြင့် ၁၈၇၁ ခု ဇန္နဝါရီလ ၁၈ ရက်နေ့မှစ၍ ဂျာမန်နိုင်ငံတော်ကြီးစတင်ဖြစ်ပေါ်လာပြီးလျှင် ပရပ်ရှားဘုရင်လည်း ဂျာမန်ကေဆာ်ဖြစ်လာခဲ့လေ၏။ နိုင်ငံတွင်း၌ ပြည်သူတို့ရွေးကောက်တင်မြှောက်ရသည့် ရိုက်စတက်ခေါ် ပြည်သူ့လွှတ်တော်တည်ထောင်ထားရှိသော်လည်း တကယ့်အာဏာမှာနန်းရင်းဝန်ဘီဆမတ်သာရှိလေသည်။ ပဌမဝီလ်ဖ (၁၈၇၁–၈၈) နှင့်တတိယဖရက်ဒရစ် (၁၈၈၈) ဧကရာဇ်ဘုရင်များ၏ လက်ထက်တွင် နန်းရင်းဝန်ကြီးဗစ်ဇမတ်၏ ခေါင်းဆောင်မှုဖြင့် ဂျာမနီနိုင်ငံမှာ လျင်မြန်စွာအင်အားကြီးမားလာကာ စက်မှုလက်မှုဖက်တွင်လည်းများစွာတိုးတက်ထွန်းကားလာသည်သာမက အာဖရိကတိုက်၊ တရုပ်နိုင်ငံနှင့်ပစိဖိတ်သမုဒ္ဒရာများ၌ နယ်ပယ်အများအပြားပိုင်ဆိုင်ခဲ့လေသည်။ ဂျာမန်ဧကရာဇ် ဒုတိယကိုင်ဇာဝီလ်ဖ (၁၈၅၉–၁၉၁၄) ၏ လက်ထက်တွင် ဗစ်ဇမတ်မှာ ရာထူးမှထုတ်ပယ်ခြင်းခံရ၍ ထိုမင်း၏လောဘတကြီးနယ်ချဲ့လိုမှုတို့ကြောင့် အင်္ဂလိပ်၊ အာမေရိကန်၊ ပြင်သစ်၊ ဂျပန်တို့နှင့် ပဌမကမ္ဘာစစ် (၁၉၁၄–၁၈) ဖြစ်ပွားခဲ့ရလေတော့သည်။ ဤစစ်ကိုရှုံးခဲ့သော ဂျာမနီနိုင်ငံသည် ၁၉၁၉ ခုနှစ်စစ်ပြေငြိမ်းစာချုပ်အရ စစ်အင်အားကိုလျှော့ပေါ့ရကာ စစ်လျော်ကြေးများ အဆမတန်ပေးခဲ့ရသည့်ပြင် ယခင်ကမိမိပိုင်ခဲ့သော နယ်ပယ်အားလုံးကိုလည်း စွန့်လွှတ်လိုက်ရ၏။ ဂျာမန်ဧကရာဇ်ဒုတိယကိုင်ဇာဝီလ်ဖလည်း ဟော်လန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရလေသည်။


၁၉၁၉ ခုနှစ်မှစ၍ ဂျာမနီနိုင်ငံသည် အခြေခံဥပဒေသစ်ဖြင့် သမတနိုင်ငံဖြစ်လာခဲ့သည်။ စစ်ပြီးဂျာမန်အစိုးရမှာ ရင်ဆိုင်လာသော ပြဿနာအရပ်ရပ်ကို မဖြေရှင်းနိုင်သဖြင့် လထအယ်အကြည်နည်းလာသည်တွင် အဲဒေါ်ဟစ်တလာခေါင်းဆောင်သော နာဇီ (နတ်ဆီ) ပါတီခေါ် အမျိုးသားဆိုရှယ်လစ်ဂျာမန်အလုပ်သမားပါတီက ပြည်သူ့လွှတ်တော်တွင် တဖြည်းဖြည်းတန်ခိုးအာဏာကြီးမားလာခဲ့လေသည်။ ၁၉၃၃ ခုနှစ်တွင် ဟစ်တလာသည် ဂျာမနီနိုင်ငံ၏ သမတနှင့်ဝန်ကြီးချုပ်ရာထူးများကို ပူးတွဲလက်ခံ၍ ဖျူဟာရာခေါ် ခေါင်းဆောင်ဘွဲ့ကို ခံယူလိုက်ခြင်းဖြင့် အာဏာရှင်ဖြစ်လာခဲ့လေ၏။ (ဟစ်တလာ၊ အဲဒေါ်ဖ် — ရှု။) ဟစ်တလာသည် ပဌမကမ္ဘာစစ်ရှုံးခဲ့သော ဂျာမနီနိုင်ငံအား နိုင်ငံကြီးအဖြစ် မူရင်းအခြေသို့ပြန်ရောက်စေလိုသည်သာမက ဂျာမန်စကားပြောသောလူအားလုံးကိုသိမ်းသွင်း၍ မဟာဂျာမနီနိုင်ငံကြီးတည်ထောင်လိုသောဆန္ဒလည်း ရှိသည်။ နိုင်ငံအားအာဏာရှင်စံနစ်ဖြင့် အုပ်ချုပ်ရာ၌ ဂျာမနီရှိလူထုအဖွဲ့အစည်းအားလုံးမှာ နာဇီပါတီ၏အလံတော်အောက်သို့ စည်းရုံးခဲ့လေသည်။ နာဇီပါတီအား ဆန့်ကျင်သောအတိုက်အခံများမှာ ကွပ်မျက်ခြင်း၊ အကျဉ်းချခြင်းခံရလေသည်။ အထူးသဖြင့်



ဂျာမနီနိုင်ငံတည်နေရာပြမြေစုံ


ယဟူဒီလူမျိုးများသည် နာဇီပါတီ၏ လုပ်ငန်းစဉ်များကို အားပေးကူညီခြင်းမပြုသဖြင့်၎င်း၊ ဟစ်တလာကိုယ်တိုင်က လည်း ပဌမကမ္ဘာစစ်မှဖြစ်ပေါ်ခဲ့သော ဂျာမနီရှုံဘေးဒုက္ခ များမှာ ယဟူဒီတို့၏ပယောဂနှင့်မကင်းဟုယူဆထားသဖြင့် ရှင်း များစွာနှိပ်စက်ညှဉ်းပန်းခြင်းခံရလေ၏။

ဟစ်တလာခေါင်းဆောင်သော ဂျာမန်အစိုးရသည် ၁၉၃၅ ခုနှစ်၌ နိုင်ငံပေါင်းချုပ်အသင်းကြီးမှနုတ်ထွက်ကာ ၁၉၁၉ ခုနှစ် စစ်ပြေငြိမ်းစာချုပ်ကို ဖောက်ဖျက်၍ ဂျာမနီစစ်အင် အားကို ပြန်လည်ထူထောင်လေ၏။ ၁၉၃၈ ခုနှစ် မတ်လ တွင် ဩစတြီးယားနိုင်ငံအားသိမ်းယူကာ ဂျာမန်နယ်တနယ် အဖြစ်ကျေညာ၏။ စက်တင်ဘာလတွင် ချက်ကိုဆလိုဗားး



ဟမ်းဗတ်မြို့ရှိမြို့တော်ခန်းမအဆောက်အအုံ

ကီးယားနိုင်ငံပိုင် ဆူဒေတင်နယ်များကိုလည်း သိမ်းယူလိုက် ပြန်လေသည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့၌ ပိုလန်နိုင်ငံအား ဂျာမန်တို့ဝင်ရောက်တိုက်ခိုက်ကြသည်တွင် အင်္ဂလိပ်၊ ပြင်သစ်တို့နှင့် ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားခဲ့ လေရာ ဣတလီနှင့်ဂျပန်တို့က ဂျာမန်ဖက်မှ ပါဝင်တိုက်ခိုက် ခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ပြည် ထောင်စုသည် အင်္ဂလိပ်၊ ပြင်သစ်တို့နှင့်ပူးပေါင်း၍ စစ်ထဲဝင် လေသည်။ စစ်ဖြစ်စဉ် ဂျာမန်တပ်များမှာ အောင်ပွဲများ ရ၍ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှကျွန်းစု၊ စပိန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ဆီဒင်နှင့်ရုရှနယ်များမှတပါး ကျန်ဥရောပတ



ဗာဗေးရိုးယားနယ်ရှိထင်ရှားသောရဲတိုက်ကြီး

တိုက်လုံးမှာ ဂျာမန်တို့လက်အောက်သို့ ကျရောက်ခဲ့လေ သည်။ သို့သော် ရုရှနိုင်ငံသို့ချီတက်ခဲ့သော ဂျာမန်တပ်များ နှင့် အာဖရိကစစ်မျက်နှာ အယ်အားလမိန်းအရပ်ရှိ နာမည် ကျော်ဂျာမန်စစ်သေနာပတိချုပ် ရွှမ်းမဲ၏တပ်များ မရွှမလှ ဆုံးရှုံးခဲ့ရသဖြင့် ၁၉၄၂ ခုနှစ် နိုဝင်ဘာလမှစ၍ ဂျာမန် တို့တဖြည်းဖြည်းစစ်ရေးနိမ့်လာခဲ့သည်မှာ မိမိတို့နိုင်ငံကို အသေအလဲကာကွယ်ရသည့်အခြေသို့ပင် ဆိုက်ရောက်ခဲ့ လေ၏။ ၁၉၄၄ ခုနှစ်ဦးကစ၍ အင်္ဂလိပ်၊ အမေရိကန်နှင့်ပြင် သစ်တပ်များက အနောက်ဖက်မှဝင်း၊ ရုရှတပ်များကအ ရှေ့ဖက်မှဝင်း၊ ဂျာမနီနိုင်ငံအား ဝင်ရောက်တိုက်ခိုက်ကြ သည်တွင် ၁၉၄၅ ခုနှစ် မေလ ဂ ရက်နေ့၌ ဂျာမန်တို့ခြင်း ချက်မရှိ လက်နက်ချလိုက်ရလေသည်။ စစ်ပြီးသောအခါ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နှင့် ရုရှတို့က ဂျာမနီနိုင်ငံကို ခွဲဝေအုပ်ချုပ်ခဲ့ကြလေ၏။

ဂျာမနီနိုင်ငံသည် လတ္တီတွဒ် ၅၅° မြောက်မှ ၄၇° မြောက် နှင့် လောင်ဂျီတွဒ် ၆° အရှေ့မှ ၁၅° အရှေ့တို့အတွင်း၌တည် ရှိ၍ စတုရန်းမိုင် ၁၃၇,၀၀၀ ကျယ်ဝန်းလေသည်။ မြောက် ဖက်ပိုင်းတွင် ရုရှနိုင်ငံမှ အင်္ဂလိပ်ရေလက်ကြားကြီးအထိမျှ ကျယ်ဝန်းသောမြေနိမ့်လွင်ပြင်ရှိပြီးလျှင် အမ်း၊ ဗေဇာ၊ အဲလဗ၊ အိုဒါနှင့်ဗစ္စတျူလာစသော မြစ်များဖြတ်သန်းစီး ဆင်းကြ၍ မြောက်ဖက်ကမ်းရိုးတလျှောက်၌ ကီး၊ ဗရိုးမင်း၊ ဟမ်းဗတ် စသောဆိပ်ကမ်းမြို့ကြီးများရှိလေသည်။ ဤလွင် ပြင်၏အရှေ့ဖက်ဒေသတွင် သင်းဝင်ပင်၊ စပရုန့်ပိုင်းထင်းရှူး ပင်များပေါက်၍ အင်းအိုင်အများအပြားရှိ၏။ သဲဆန်


သောမြေကြီးနှင့် ပြင်းထန်သောရာသီဥတုတို့ကြောင့် သိပ်ပံပညာ၏အကူအညီဖြင့်သာ ရိုင်းစပါး၊ မုယောစပါး၊ အာလူးနှင့်မြင်းစားကျွဲမျှားကို စိုက်ပျိုးနိုင်သည်။ မြင်း၊ သိုး၊ဝက်နှင့် ကျွဲနွားတိရစ္ဆာန်များကိုလည်း မွေးမြူကြသည်။

တောင်ပိုင်းဒေသ၌ မြေသြဇာကောင်းသောတောင်ကြားများ၊ သစ်တောထူထပ်သောတောင်ကုန်းများနှင့် တောင်များရှိသည်။ သင်းဝင်ပင်၊ ဝက်သစ်ချပင်၊ ဘုဇပတ်ပင်၊ ပိုင်းနှင့် စပရူစသောထင်းရှူးပင်မျိုးများ ပေါက်ရောက်ပြီးလျှင် ကျွဲ၊ ဂုံလျှော်နှင့်ဆေးတို့ကိုစိုက်ပျိုး၍ စပျစ်ခြံများကိုလည်း အနှံ့အပြားတွေ့ရ၏။ သစ်တောများမှရသောသစ်များကို ဖောင်ဖွဲ့၍ သစ်လုပ်ငန်းရှိရာမြို့များသို့ ရိုင်းမြစ်ကြောင်းမှမျှောချကြသည်။ ရွှေမျောခင်းကောင်းများနှင့် သမိုင်းဝင်ထင်ရှားသောရှေးဟောင်းအဆောက်အအုံများကို ဤဒေသ၌အများအပြားတွေ့နိုင်လေသည်။ ဤတောင်ပိုင်းနှင့် မြောက်ပိုင်းအကြား ရိုင်းနယ်၊ ဝတ်စဖေးလီးယားနယ်၊ ဆီလီးရှားနယ်၊ ဆက္ကဆွန်ခရိုင်များ အစရှိသည်တို့ပါဝင်သော အလယ်ပိုင်းဒေသတို့တွင် ကျောက်မီးသွေးပေါများသဖြင့် စက်မှုလက်မှုလုပ်ငန်းများ အလွန်ထွန်းကားသည်။

ရာသီဥတုမှာမြောက်ပင်လယ်ကမ်းရိုးတန်းမှအရှေ့တောင်အရပ်သို့တိုင်အောင် ဒေသအလိုက် တဖြည်းဖြည်းပြောင်းလဲလျက်ရှိလေသည်။ ဆောင်းရာသီတွင် အရှေ့ဖက်မှအလွန်အေးမြသောလေတိုက်ခတ်သဖြင့် ရေခဲသည်။ နွေရာသီတွင် မြောက်ပိုင်းထက် တောင်ပိုင်းနှင့်အရှေ့ဖက်ပိုင်းတို့က ပိုပူ၍၊ အပူရှိန်အများဆုံးမှာ ဂဝ ဒီဂရီဖရင်ဟိုက်ဖြစ်သည်။ မိုးမှာ တနှစ်ပတ်လုံး သင့်တင့်စွာရွာသော်လည်း နွေရာသီ၌သာ အများအပြားရွာလေ့ရှိပြီး လျှင် မြောက်ပိုင်းထက်တောင်ပိုင်းတွင် ပို၍ မိုးကောင်းသည်။ မြောက်ပိုင်းလွင်ပြင်ဒေသများ၌ မိုးရေချိန် ၂၅ လက်မရှိ၍ တောင်ပိုင်း၌ လက်မ ၄၀ မှ ၅၀ အထိရှိလေသည်။

ကျောမနီနိုင်ငံ၏ ၅ ပုံ ၃ ပုံမှာ စိုက်ပျိုးနိုင်သောဧရိယာဖြစ်၍ ၄ ပုံ၁ပုံမှာသစ်တောများဖြစ်သည်။ သစ်များအထွက်စုစုပေါင်းမှာ ၅၈,၀၀၀,၀၀၀,၀၀၀ ကုဗပေဖြစ်သည်။ ကျောက်မီးသွေးများစွာထွက်သည်မှတပါး သံ၊ ဓာတ်ဆီ၊ ကြေးနီစသော တွင်းထွက်ပစ္စည်းများစွာ ထွန်းကားသော နိုင်ငံဖြစ်သည့်အလျောက် ကျောမနီနိုင်ငံ၏ အလယ်ပိုင်းဒေသနှင့် မြောက်ဖက်လွင်ပြင်ဒေသတို့ဆုံစည်းရာနယ်စပ်မှာ စက်မှုလက်မှုလုပ်ငန်းများ အကြီးအကျယ်ထွန်းကားသည်။ လျှပ်စစ်ဓာတ်အားကို အဖိုးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်သောအခါ စက်မှုလက်မှုလုပ်ငန်းများမှာလည်း နိုင်ငံအတွင်းပျံ့နှံ့ခဲ့သည်။ ဆက္ကဆွန်နီနှင့် သူရင်းကျီးယားနယ်များမှာ ကျောမနီအလယ်ပိုင်းရှိ စက်မှုလက်မှုထွန်းကားရာနယ်ကြီးများဖြစ်၍ အဆည်အလိပ်ရက်လုပ်သောစက်ရုံများလည်းရှိသည်။ ရွှေဝါးဒေသ၊ ရိုင်းမြစ်ညာဒေသနှင့် နက္ကာမြစ်ဝှမ်းဒေသများမှာ ရိုင်းဒေသ၏စက်မှုလက်မှုနယ်ဖြစ်လေသည်။ ထိုဒေသတွင် ကျောက်မီးသွေးများစွာထွက်သည့်အပြင်ဓာတုဗေဒလုပ်ငန်းများ၊ အထည်အလိပ်နှင့် သံထည်များထုတ်လုပ်သည့် စက်ရုံများကိုလည်း အမြောက်အများတွေ့ရှိရလေသည်။

ဒုတိယကမ္ဘာစစ် (၁၉၃၉–၄၅) အပြီးကျောမနီနိုင်ငံအား နှစ်ခြမ်းခွဲလိုက်သောအခါ၌ ၁၉၅၄ ခုနှစ်သန်းကောင်စာရင်းအရအရွှေနှင့်အနောက်ကျောမနီနိုင်ငံများတွင် လူဦးရေ ၁၇,၆၀၀,၀၀၀ နှင့် ၄၉,၆၅၂,၀၀၀ အသီးသီးရှိကြ၍ လူများစုမှာ ခရစ်ယန်များဖြစ်ကြသည်။ ဘာလင်မြို့တော်ကိုလည်း အရှေ့အနောက်ခွဲထားပြန်ရာ အရှေ့ဘာလင်၌လူဦးရေ (၁၉၅၄ ခုနှစ်) ၁,၁၅၅,၀၀၀ ရှိ၍ အနောက်ဘာလင်၌ ၂,၁၉၄,၆၀၀ ရှိသည်။ ၁၉၅၅ ခုနှစ်ဦးတွင် အနောက်ကျောမနီသည် အချုပ်အခြာအာဏာကိုပြန်လည်ရရှိကာ မြောက်အတ္တလန္တိတ်စာချုပ်ဝင်နိုင်ငံဖြစ်နေလေပြီ။



၁၈၇၁ ခုနှစ်က ကျောမန်ကေဂျင်ဘုရင်ပဌမဝီလျံ ဘာလင်မြို့ထဲသို့ချီတက်လာပုံ

ဂျာမန်စာပေသမိုင်း

အင်ဒို့ဂျာမန်ဘိုယ်ဘာသာမျိုးရင်း (၀၁) အာရိယန် ဘာသာမျိုးရင်းမှ ပေါက်ပွားလာခဲ့သော ဂျာမန်ဘာသာ စာပေတွင် 'ဟစ်လာဗရန်း' လက်ာကြီးခေတ်မှစ၍ အဆင့်ဆင့်တိုးတက်လာပုံကို ဤအခြောင်းရပ်၌ ဖော်ပြထားသည်။ လူသား၊ ဂါတာ၊ ရှီးလား၊ လုဿစ် စသောပုဂ္ဂိုလ်များမှာ ဂျာမန်စာပေသမိုင်းတွင် ထင်ရှားသူများဖြစ်ပေသည်။

ဂျာမန်စာပေ။ ။ဘာသာစကားရပ်ပညာအလိုအားဖြင့်၊ ဂျာမန်ဘာသာသည်အင်္ဂလိပ်ဘာသာ၊ စကန်ဒီနေးဗီးယန်းဘာသာ၊ ဂရိဘာသာ၊ အိုင်ရေးနီယန်ဘာသာ၊ သင်္ကာဋ္ဌဘာသာစသည်တို့၏ အရင်းခံဖြစ်သော အင်ဒိုယူရိုပီယန်ဘာသာမျိုးရင်းတွင် အပါအဝင်ဖြစ်သည်။ အခြို့ဘာသာစကားရပ်ပညာရှင်တို့က အင်ဒိုယူရိုပီယန် ဘာသာမျိုးရင်းကိုပင် အာရိယန်ဘာသာမျိုးရင်းဟုယနေ့တိုင်ခေါ်ဆိုလျက်ရှိကြသည်။ ထိုဘာသာမျိုးရင်းမှခွဲလာသော ရှေးဟောင်းဂျာမန်ဘာသာကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကစကန်ဒီနေးဗီးယား တောင်ပိုင်းနှင့် ဒိန်းမတ်နယ်တို့တွင် ပြောဆိုကြသည်။ ထိုနောက်၌ကား ယင်းရှေးဟောင်းဂျာမန်ဘာသာသည် ဒေသအလိုက် ကွဲပြားပြန်ရာ၊ အထက်ပိုင်းဂျာမန်ဘာသာနှင့် အောက်ပိုင်းဂျာမန်ဘာသာဟူ၍ဖြစ်လာပြန်သည်။ အထက်ပိုင်းဂျာမန်ဘာသာကို ဂျာမနီအလယ်ပိုင်းနှင့်တောင်ပိုင်းကုန်းမြင့်ဒေသများ၌ပြောဆိုကြသည်။ အောက်ပိုင်းဂျာမန်ဘာသာကိုမူ ဂျာမနီမြောက်ပိုင်းအနိမ့်ဒေသများ၌ ပြောဆိုကြသည်။ ယခုခေတ် ဂျာမနီနိုင်ငံအနှံ့အပြား၌ အထက်ပိုင်းဂျာမန်ဘာသာသာလျှင် လွှမ်းမိုးရှိနေလေသည်။



နိုင်ငံရေးဝါဒကို ကမျာဖြင့်ထုတ်ဖော်သူ ဟိုင်းနရစ်ဟိုင်းန

လူမျိုးတမျိုး၏စာပေကို မူလမှစ၍စစ်ဆေးသုံးသပ်ကြည့်လျှင်၊ မူလတွင် ပါးစပ်မှရွတ်ဖတ်သီဆိုခဲ့သော ရာဇဝင်သမိုင်းမော်ကွန်းတို့မှ အစပြုသည်ကို တွေ့ကြရသည်။ ဤမြတာအတိုင်း၊ ခရစ်ယန်အယူဝါဒထွန်းကားလာသော ရှားလမိန်းကောင်ဘုရင်လက်ထက်မတိုင်မီက ဂျာမနစ် (၀၁) ဂျာမန်နွယ်လူမျိုးစုတို့၏ စာပေမှာ နှုတ်ဖြင့်သီဆိုသောစာပေဖြစ်သည်။ ယင်းတို့သီဆိုကြသော သမိုင်း၊ လက်ာ၊ မော်ကွန်းစသည်တို့မှာ နတ်များ၊ အာဇာနည်ပုဂ္ဂိုလ်များက ဘီလူးကုမ္ဘကဏ်၊ ရက္ခိုက်တို့ကို မည်သို့နှိမ်နင်းကြောင်းကိုပွဲနှံ့၏။ ဒေသနာတို့ကို ပါဠိမှမြန်မာသို့အနက်ပြန်၍ ပျှိုအစောင်စောင်ဖွဲ့ဆိုသီကုံးကြသကဲ့သို့ဖြစ်သည်။ ထိုခေတ်၌ သမ္မာကျမ်းစာတို့ကို လတ်တင်ဘာသာမှ ဂျာမန်ဘာသာသို့ပြန်ဆိုကြသည်။ ခရစ် ၇၃၀ ပြည့်နှစ်တွင် ဓမ္မသစ်ကျမ်းကို အလင်္ကာဖြင့်လ်ကုံးရေးဖွဲ့သည်။

ခရစ် ၁၁၀၀ နှင့် ၁၂၀၀ ခုနှစ်အတွင်းတွင် ဂျာမန်သူရဲကောင်းတို့ထွန်းကား၍၊ တန်ခိုးရှိန်ဝါကြီးလာကြသည်။ထိုသူရဲကောင်းတို့ဆည် ကရူးဆိတ်ခေါ် အယူဝါဒနှင့်စပ်လျဉ်းသောစစ်ပွဲများ ဖြစ်ပေါ်လာသောအခါ၊ ဒေသအနှံ့အပြားသို့ထောက်ပေါက်လာကြသည်။ ဤသို့မိမိနိုင်ငံ၏ပြင်ဖက်၌ရှိသော အခြားနိုင်ငံသားသူရဲကောင်းများနှင့် တွေ့ဆုံ၍နှိုးနှောခွင့်ရလေသော်၊ ဂျာမန်သူရဲကောင်းတို့သည် ပြင်သစ်၊ ဇောမ၊ ဂရိစာပေအရသာတို့ကို မိမိနိုင်ငံတွင်း၌ ဖြန့်ချလာကြသည်။ ထိုကြောင့် ထရိုဂျန်စစ်ပွဲအကြောင်း၊ အယ်လက်ဇန္ဒာဘုရင်၏ စွန့်စားခြင်းအကြောင်း၊ အီးနီးယပ်၏ ခရီး

လှည့်ခြင်းအကြောင်း စသည်တို့သည် ကျမန်စာပေ၌လည်း တွေ့ရှိလာရသည်။ အထူးသဖြင့်၊ ထိုခေတ်က ပြင်သစ်နိုင်ငံတွင် အလင်္ကာနည်းသစ်တခုသည် ခေတ်စားခဲ့သည်။ ထို အလင်္ကာနည်းသစ်သည် ဩကာသလောကအဝှန်းနှင့် အ



သမ္မာကျမ်းစာကိုဘာသာပြန်ဆိုခဲ့သောမာတင်လူသာ

ချစ်ကိုဦးစားပြုကာဖွဲ့နွဲ့သောသဘောရှိသည်။ ဤသည်ကို အတုယူ၍၊ ကျမန်စာပေလောကတွင် အချစ်ကိုဖွဲ့နွဲ့သော မှာတမ်းရတုမျိုးထွန်းကားလာခဲ့သည်။

ခရစ် ၁၁၀၀ ပြည့်နှစ်တဝိုက်၌ ကျွန်ုပ်တို့၏ နန်းတွင်းဇာတ်တော်ကြီးများကဲ့သို့သောနန်းတွင်းအက်ပစ်ကဗျာများထွန်းကားလာပြန်လေသည်။ ဤခေတ်၌လည်း ပြင်သစ်စာပေအရှိန်ဩဇာသည် လွှမ်းမိုးလျက်ပင်ရှိခဲ့သည်။ ထိုနန်းတွင်းကဗျာတို့တွင် သူရဲကောင်းတို့မြင်းစီးချင်းစစ်ထိုးသည့် ပွဲများအကြောင်း၊ အချစ်အကြောင်း၊ မှော်ဝိဇ္ဇာအကြောင်း စသည်တို့ကိုဖွဲ့နွဲ့ကြသည်။ ကျမန်စာပေတွင် ထင်ရှားခဲ့သည့် ဆီးဖရစ် သူရဲကောင်းအကြောင်းကဗျာတို့မှာလည်း ခရစ် ၁၂၀၀ ပြည့်နှစ်လောက်တွင် ခေတ်စားခဲ့သည်။

ဤခေတ်တွင် မှာတမ်းစပ်ဆိုနည်းများတိုး တက်လာလေသည်။ စည်းကမ်းလည်းကြီးလာသည်။ မှာတမ်းနှင့်နန်းတွင်းဇာတ်တော်များပေါ် ပေါက်နေသည့်အထဲဝယ်၊ သာမန်အရပ်သူ အရပ်သားတို့၏ ရှေးရိုးသိချင်းများ သည် လည်း တွင်ကျယ်လျက်ရှိပေသည်။

ခရစ်ယန်သာသနာ့အရေးပုံကြီးကို ကျမန်နိုင်ငံ၌ မာတင်လူသာကစတင်လုပ်ဆောင်သော အခါ၊ သမ္မာကျမ်းစာကို မာတင်လူသာကိုယ်တိုင်ပင် ကျမန်ဘာသာပြန် ဆို သည်။ သူ့လက်ထက်မတိုင်မီက၊ ကျမန်စာပေမှာ ဘာသာရေးဖြင့် အမျိုးမျိုးကွဲပြားခြားနားနေခဲ့ရာ၊ သမ္မာကျမ်းစာကို ဘာသာပြန်ပြီးသည့်နောက်၌ကား ကျမန်စာပေသည် မူတမျိုးတည်းဖြစ်လာသည်။ ဆိုလိုရင်းကား ကျမန်စကား၌ ဒေသန္တရမူအမျိုးမျိုး ကွဲပြားခြားနားနေရာမှ၊ မာတင်လူသာ၏ သမ္မာကျမ်းစာကြောင့်၊ ကျမန်ဘာသာစကားရပ်အမျိုးမျိုးတို့သည် တမျိုးတည်းဖြစ်လာသောဟူ၏။ (ခရစ်ယာန်သာသနာ့အရေးပုံ။ လူသာ, မာတင်–လည်းရှု။)

ယခုဖော်ပြခဲ့သောခေတ်ကို အလယ်ခေတ်ဟုခွဲ၍ခေါ်၏။ အလယ် ခေတ်၏ နောက်ပိုင်း၌ နှစ်သုံး ဆယ် စစ်ပွဲကြီးသည် ဥရောပတတိုက်လုံးကို တုန်လှုပ်ချောက်ချားစေခဲ့ရာ၊ ကျမန်နိုင်ငံသည် များစွာပျက်စီးခဲ့သည်။ သို့ရာတွင် ထိုပျက်စီးမှုများအကြားမှ ကျမန်တို့၏အလယ်ခေတ်ဝတ္ထုများ ပေါ် ပေါက်လာသည်။ ထိုခေတ်၏ကြေးမုံပြင်နှင့်တူသော ဂရင်မဲရှောဆင် (ခရစ် ၁၆၂၅–၇၆) ရေးခဲ့သော 'ဆင်ပလစ်စီမပ်' ဝတ္ထုမှာ နှစ်သုံးဆယ်စစ်ပွဲကြီး၏ အဖျက်သဘောကိုမှတ်တမ်းတင်ခဲ့သည်။ ထိုဝတ္ထုကြီးပေါ် ပေါက်ပြီး များမကြာမီတွင် အင်္ဂလန်ပြည်၌ ယင်းနှင့်အလား တူ 'ရော်ဗင်ဆန်ကရူးဆိုး' ဝတ္ထု ပေါ် ပေါက်လာသည်။

အလယ်ခေတ်၏နောက်ပိုင်းမှာကား ကျမန်စာပေ၏ ရိုနေဆွန်းခေါ် ဥာဏ်သစ်အရေးပုံခေတ်ဖြစ်လေသည်။

၁၈ ရာစုနှစ်တွင် အင်္ဂလိပ်ကဗျာဆရာမီလတန်၏ 'ဆုံးခဲ့ပေါ့ပြည်နတ်ရွာ' ဟူသောကဗျာကို အတုယူ၍ 'မက်ဆီအတ်' ခေါ် ကဗျာကို ကလော့စတော့ (ခရစ် ၁၇၂၄–၁၈၀၃) ကရေးခဲ့သည်။ ဤကဗျာ၏အရေးပါပုံကား ကျမန်စာပေတွင် ပြင်သစ်နှင့် လက်တင်စာပေတို့၏ဩဇာကို တွန်းလှန်ပယ်ဖျက်သည့်သဘော ပါသည့်အတွက်ဖြစ်သည်။

ကလော့စတော့သည် ခေတ်သစ်ကျမန်စာပေကို ပဌမဦးစွာပြုစုခဲ့သည်။ သို့ရာတွင် ကျမန်စာပေ၌ ခေတ်နှင့်မညီသောစာပေနည်းနိဿယတို့ကို ခေါင်းဆောင်ပြုကာတော်လှန် သူကား ယိုဟန်းဟာဒါ (ခရစ် ၁၇၄၄–၁၈၀၃) ဖြစ်သည်။ ဟာဒါ၏စာပေမှာ လူ့သမိုင်းဖြစ်စဉ်သခ်ါရကို သုံးသပ်လိုသောသဘောပါသည်ဖြစ်ရကား၊ ထိုခေတ်လူငယ်အများ၏စိတ်နှလုံးကို သိမ်းကျုံးဆဲဆောင်နိုင်ခဲ့သည်။ ဟာဒါအား ဆရာအမှတ်ဖြင့်ဆည်းကပ်သူမှာ ကမ္ဘာကျော် 'ဖေါ့' လက်ဝဲကြီးကိုရေးသားသူ ယိုဟန်းဂါတာ (ခရစ် ၁၇၄၉–၁၈၃၂) ဖြစ်သည်။ (ဂါတာ, ဖွန်၊ ယိုဟန်း၊ ဝုဖဂန် — ရှု။) ဂါတာ၏သူငယ်ချင်းဖြစ်သူမှာ ပြဇာတ်ဆရာယိုဟန်း ဖရီးဒရစ် ရှီးလား ပ(ခရစ် ၁၇၅၉–၉၃) ဖြစ်သည်။ (ရှီးလား, ဂျေ၊ အက် (ဖ) — ရှု။) သူတို့နှစ်ဦးနှင့် ဟာဒါသည်ကျမန်စာပေ၌ ပြင်သစ်ဩဇာလွှမ်းမိုးခြင်းအား တော်လှန်သော ခေတ်တခေတ်ကိုထူထောင်ခဲ့ကြလေသည်။


ခရစ် ၁၈၀၀ ပြည့်နှစ်မှလွန်လေသော် ဂျာမန်စာပေခေတ်မှာစိတ်ကူးယဉ်ခေတ် ဖြစ်လေသည်။ ထိုစိတ်ကူးယဉ်ခေတ်အတွင်း၌ ဂရင်းညီနောင်တို့၏ ဒဏ္ဍာရီများထွန်းကားလာသည်။ ထိုခေတ်ထဲတွင် ရှူးဗတ်၊ ရှူးမန်း၊ မင်ဒယ်ဇုန်၊ ဗရမ်း၊ ဝု နှင့် စထရောက်တည်းဟူသော ဂီတအနုပညာရှင်များ၏ တေးဂီတတို့မှာ အထက်ဖော်ပြပါစိတ်ကူးယဉ်ခေတ်ကဗျာများကို မှီ၍စပ်ဆိုခြင်းဖြစ်သည်။ ထိုပြင်ထိုခေတ်အတွင်း၌ ကမ္ဘာကျော်ဗတ်ဂနာ၊ ရှိပင်ဟော စသောဂီတဆရာများအပြင်၊ နာဇီခေါ် နတ်ဆိုဝါဒ၏ရှေ့ဆောင်ရှေ့ပြေးဖြစ်သူ နီးချယ်တို့လည်း ထွန်းကားလာခဲ့သည်။

၁၉ ရာစုနှစ်၏ အလယ်ပိုင်းခေတ်ဇာတွင်းတွင် နိုင်ငံရေးလှုပ်ရှားမှုများရှိခဲ့သည်။ နိုင်ငံရေးအရ တော်လှန်ရေးများ ပေါ် ပေါက်နေစဉ်၊ ထိုတော်လှန်ရေးတို့သည် စာပေ၌လာ၍ အရောင်ဟပ်လေသည်။ ထိုအခါ စာပေသမားတို့သည် သတင်းစာ၊ ဆောင်းပါး၊ ဝတ္ထုအစရှိသည်တို့၌ စိုးမိုးသူတို့ကို ဝေဖန်ကြသည်။ ယင်းတို့အထဲတွင် ဟိုင်းနရစ်ဟိုင်းန (ခရစ် ၁၇၉၇–၁၈၅၆) သည် ရတုဆန်သော လစ်ရစ်ကဗျာများ၌ သူ၏ပြင်းပြသောနိုင်ငံရေးဝါဒစွဲတို့ကို ထည့်သွင်းစပ်ဆိုသည်။ ဟိုင်းနသည် နှောင်းခေတ်ကို အတော်အတန်လွှမ်းမိုးနိုင်ခဲ့လေသည်။

၁၉ ရာစုနှစ်အတွင်း၌ ပေါ် ပေါက်လာသောဂျာမန်ဝတ္ထုနှင့် ပြဇာတ်တို့သည် ဖြေဖျော်မှုကို အရေးထားသည်ထက် လူ့စရိုက်နှင့် လူ့ဘောင်အဖွဲ့အစည်းတို့မှ ပေါ် ပေါက်လာသောပြဿနာရပ်တို့ကိုပိုမို၍အရေးထားကြလေသည်။ ရာဇဝင်ဝတ္ထုဟုခေါ် လေ့ရှိသော လူ့သမိုင်းနှင့်ဆိုင်သည့်ဝတ္ထုများလည်း ထွန်းကားခဲ့သည်။ ထိုအပြင်ဝတ္ထုများတွင် ယထာဘုတ ပညာသဘောတို့ကို သွတ်သွင်းလာကြသည်။ ပြဇာတ်တို့တွင် ဘဝဒုက္ခသစ္စာ နှင့်ထိုဒုက္ခမှလွတ်မြောက်စေရန် ဖြေရှင်းဘို့ရာပြဿနာများကို ဖော်ပြကြလေသည်။

ပဌမကမ္ဘာစစ်အပြီးတွင် စစ်ဒဏ်ကြောင့်ပျက်စီးနေသော ဂျာမနီ၏သဘာဝကို အဖက်ဖက်မှနေ၍ သရုပ်ဖော်ပြကြသည်။ ဇနုပ္ပတ္တိခေါ် ပုဂ္ဂိုလ်ကျော်တို့၏အတ္ထုပ္ပတ္တိကို ရေးသားထု၌ ကမ္ဘာကျော်ခဲ့သော အေမီးလုဒဗစ်သည်လည်း ထိုခေတ်၏စာပေခေါင်းဆောင်ကြီးတဦးပင်ဖြစ်လေသည်။ ထိုပြင်ခေတ်ဝတ္ထုလောကဘ၌လည်း တောမတ် မန်းသည် လောကသဘာဝ၊ လူ့သဘာဝအဖွဲ့အနွဲ့တို့၌ ကောင်းသည်ဟု ထင်ရှားကျော်စောခဲ့လေသည်။

ထိုနောက်စာပေလောကကို ပါတီရေးဝါဒများ တဖြည်းဖြည်းလွှမ်းမိုးခဲ့လေသည်။ ဂျာမနီနိုင်ငံတွင် အမျိုးသားဆိုရှယ်လစ်ပါတီ (နတ်ဆီ) တန်ခိုးတက်လာရာ သူတို့ပါတီ၏ဝါဒနှင့်ကိုက်ညီသော စာရေးဆရာများကိုသာ မြှောက်စား၍ သူတို့ဝါဒနှင့်ဆန့်ကျင်သူများအား တရားမဲ့နှိမ်လျက်ရှိလေရာ၊ အထူးသဖြင့် ယဟူဒီလူမျိုးစာရေးဆရာများနှင့် နိုင်ငံရေးမျတမှုကိုလိုလားသော လက်ဝဲစာရေးဆရာကြီးများသည် အခြားနိုင်ငံသို့ တိမ်းရှောင်၍နေကြရလေသည်။ ဂျာမန်ဝတ္ထုရေးဆရာကြီး နာမည်ကျော် တောမတ် မန်းမှကား ဂျာမနီနိုင်ငံကိုပင်စိတ်နာကာ ဂျာမနီနိုင်ငံမှထွက်ခွာ၍ ဂျာမန်နိုင်ငံသားအဖြစ်စွန့်လွှတ်ပြီးလျှင် အမေရိကန်နိုင်ငံသားအဖြစ် ခံယူလိုက်လေသည်။ ယခုအခါ ကာလီဖိုးနီးယားနယ်တွင်နေထိုင်၍ အမေရိကန်စာရေးဆရာအဖြစ် စာပေများရေးသားလျက်ရှိလေသည်။



ဂျာမန်စာပေဈာင်ထင်ရှားသည့်ပြဇာတ်ဆရာကြီးမှိုးလား

ဂျာမန်အနုပညာ။ ။ဂျာမန်ပန်းချီဆေးရေးပညာသည် ၁၅ ရာစုနှစ်အစလောက်ဆီက စတင်ပေါ် ပေါက်ခဲ့သည်ဟု ဆိုကြသည်။ သို့သော် ထိုခေတ်ကမှတ်သားလောက်သောပုဂ္ဂိုလ်ကြီးများ မပေါ် ပေါက်သေးချေ။ ဖလန်းဒါးနယ်တွင် ဟူးဗတ်ဗန်အိုက်အမည်ရှိ ပန်းချီဆရာကြီးသည် သူ၏စိတ်ကူးတွင်ထင်မြင်သော နတ်ပြည်၏ပုံသဏ္ဌာန်ကိုရေးဆွဲနေသည့်အချိန်တွင်၊ ဂျာမန်တို့ကလည်း သူတို့၏စိတ်ကူးတွင်ထင်မြင်နေသောနတ်ပြည်ကို မှန်းဆကာရေးခြယ်လျက်ရှိကြသည်။ သူတို့၏အမြင်တွင် နတ်ပြည်ဆိုသည်မှာ ပန်းမျိုးစုံပွင့်သောနတ်ဥယျာဉ်ကြီးတခုဖြစ်၍ ထိုဥယျာဉ်ကြီးထဲတွင် သူတော်သူမြတ်များ စံပျော်နေထိုင်ကြသည်ဟု အယူရှိကြသည်။ ၁၅ ရာစုနှစ် ဒုတိယပိုင်းသို့ရောက်သောအခါ ဂျာမန်



ဂျာမန်အနုပညာစစ်စစ်အဖြစ်ထင်ရှားသောပန်းပုထုလုပ်ငန်း

တို့သည် ဖလန်းဒါးအနုပညာရပ်များကို အထူးပင်လေးစားလာကြသဖြင့်၊ ဂျာမန်ပန်းချီဆရာတို့သည် ဖလန်းဒါးနယ်သို့သွားရောက်၍ ပန်းချီပညာကိုလေ့လာကြလေသည်။ သို့ဖြစ်ရကား ထိုခေတ်က ဂျာမန်အနုပညာမှာ ဖလန်းဒါးအနုပညာဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဂျာမန်ပန်းချီပညာသည် နိုင်ငံခြားမှနယ်လှည့်ခဲ့သည်ဖြစ်စေကာမူ ပန်းပုထုလုပ်ခြင်းပညာမှာ ဂျာမန်အနုပညာစစ်စစ်ဖြစ်သည်။ ထိုပညာမှာဂျာမနီနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ပေါ်ပေါက်ခဲ့၍၊ ဂျာမန်တို့၏ ရှေးအကျဆုံးအနုပညာတရပ်ဖြစ်သည်။ ပန်းနွယ်ပန်းခက်ပုံသဏ္ဌာန်များနှင့် လှပသောရုပ်လုံးများကို သစ်သားပေါ်၌ ပန်းပုထုလုပ်သောအတတ်တွင် ဂျာမန်တို့သည်ထူးကဲလှပေသည်။

ဂျာမန်တို့၏ အကောင်းဆုံးအနုပညာတရပ်မှာကားပန်းပုပညာပင်ဖြစ်ခဲ့သည်။ ဂျာမန်အနုပညာသည် များသည် သစ်သားဖြင့်ရုပ်လုံးထုထု၌ ကျွမ်းကျင်ကြ၏။ လက်ထုလည်း ကောင်းမွန်၏။ ခရစ်ယန်ဘုရားရှိခိုးကျောင်းများအတွင်းတွေ့ရှိရသောပလ္လင်နောက်ခံ တံကဲများ၌ ထုလုပ်သောရုပ်တုရုပ်လုံးများက ဂျာမန်တို့၏အနုပညာလက်ရာကို ပြောင်မြောက်ကြောင်းသက်သေခံလျက်ရှိ၏။ ဂျာမန်အနုပညာသမားမှန်လျှင် ထိုအတတ်ပညာတွင် ကျွမ်းကျင်ကြသည်ချည်းဖြစ်ကြ၏။ ထိုသူများအနက် မာတင်ရွန်ဂေါင်ဝါသည် အလွန်ထင်ရှားသည်။ သူသည်ကြေးပြားပေါ်တွင် ပုံထွင်းသောအတတ်၌လည်း အလွန်ကျွမ်းကျင်ပေသည်။ အလိုရှိသောပုံပေါ်လာအောင် ကြေးပြားပေါ်တွင် ချွန်ထက်သောကရိယာတခုဖြင့် သေးငယ်သောမျဉ်းများကို ရေးဆွဲပြီးလျှင်၊ ထိုမျဉ်းငယ်များတွင် မင်ကိုလောင်းထည့်သည်။ ထိုနောက်စက္ကူချပ်ကိုဖိနှိပ်ကူးယူလိုက်လျှင် ရုပ်ပုံပေါ်လာလေသည်။ ဤနည်းဖြင့်ရုပ်ပုံအများရနိုင်သည်။ နောင်အခါ၌ ကြေးနီပြားပေါ်တွင် ထွင်းသောနည်းကိုယူ၍ သစ်သားပေါ်တွင် ပုံထွင်းသောအတတ်ပညာသည်တွင်ကျယ်၍လာလေသည်။

ထိုအချိန်အခါတွင် ဂျာတလီနိုင်ငံ ဗင်းနစ်မြို့၌ အနုပညာသည် ထိပ်တန်းသို့ရောက်ရှိနေပြီဖြစ်ရာ ဗင်းနစ်မြို့နှင့် နီးစပ်သောဂျာမနီတောင်ပိုင်းသည်လည်း ဂျာမန်အနုပညာရပ်များကို ဖံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားလျက်ရှိသည်။ ဤသို့ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ထွန်းသောအကျိုးမှာ ကမ္ဘာ့အနုပညာသမိုင်းတွင် မှတ်တမ်းတင်ထားရမည့် သုခုမပညာသည်ကြီး အာလဗရက်ဒျူရာ (ခရစ် ၁၄၇၁–၁၅၂၈) ပေါ်လာခြင်းဖြစ်ပေသည်။ (ဒျူရာ, အော–ဋ္ဌ။) အားလဗရက်ဒျူရာမှာ နျူးရမ်းဗပ်မြို့နေ ရွှေပန်းထိမ်ဆရာတဦး၏သားဖြစ်၍ ဥရောပတိုက်ရှိနိုင်ငံအသီးသီးတွင် ကျော်ကြားလျက်ရှိသော မိုက်ကယ်အန်ဂျလို၊ ရက်ဖိုအယ်၊ဂျူဗန္ဒီးဗဲလီနီ၊ တစ်ဂျန်အစရှိသူတို့နှင့်လည်း ခင်မင်သူဖြစ်၏။ နိုင်ငံအရပ်ရပ်သို့လှည့်လည်ကာ လေ့စောကြည့်ရှုခဲ့သူဖြစ်သဖြင့်

ဗဟုသုတနှင့်လည်းပြည့်စုံပေသည်။ ဒျူးရာသည် ကျွဲမန်အနုပညာသမိုင်းပဌမပိုင်းကို ရေးသားပြုစုခဲ့၏။ ကျန်တပိုင်းကိုမူ ပန်းချီနှင့်ပုံထွင်းအနုပညာဆရာကြီးများ ဖြစ်ကြသော လူးကတ်ကရားနတ်နှင့် ဟောလဗိုင်းတို့က ရေးသားခဲ့လေသည်။ (ဟောလဗိုင်း, ဟန်းဇ — ရှူ။)

အထူးအားဖြင့် ကျော်ကြားသလောက် လက်ရာပြောင်မြောက်ခဲ့သူများမှာ ဒျူးရာနှင့် ဟောလဗိုင်းတို့ဖြစ်ကြ၍၊ ထိုပုဂ္ဂိုလ်ကြီးများကွယ်လွန်သောအခါတွင် သူတို့၏ခြေရာကို နင်းနိုင်မည့် သူများ မပေါ် ပေါက်တော့ချေ။ ကျွဲမန်အနုပညာရပ်များသည်လည်း ထိုအခါမှစ၍မွေးမိုန်ခဲ့ပြန်၏။

နှစ်ပေါင်း ၂၀၀ ခန့်မွေးမိုန်ခဲ့သော ကျွဲမန်အနုပညာရပ်များသည် ၁၈ ရာစုနှစ်အတွင်းသို့ရောက်ရှိလာသောအခါ



ပန်းချီကျော် ဟောလဗိုင်း ရေးဆွဲခဲ့ သောအဋ္ဌမဟင်နရီဘုရင်၏ပုံတူ


ဒန်းဇစ်မြို့သားပန်းချီဆရာ ကိုးဒိုဗျက်စကီ ပေါ် ပေါက်လာသဖြင့် ပြန်လည်ထွန်းကားလာသည်။ ထိုပုဂ္ဂိုလ်မှာလူရုပ်ပုံပန်းချီနှင့် ပုံထွင်းပညာတို့တွင် လက်ရာပြောင်မြောက်လှသူဖြစ်၏။ ထိုနောက်တွင် ရောမအနုပညာကိုလိုက်စားသူ အန်တွန်ရက်ဖီအယ်မင်းနှင့် အင်္ဂလိပ်အနုပညာကိုလိုက်စားသူ အန်ဂေလီကာကောက်ဖမန်ဆိုသူ အမျိုးသမီးတို့သည် ကျွဲမန်အနုပညာလောကထဲသို့ဆန်းသစ်သောအနုပညာရပ်များကိုသွတ်သွင်းလာခဲ့ကြသည်။

ကျဖိုးအာကောင်။ ။ကျဖိုးအာကောင်သည် အာရေဗျနိုင်ငံနှင့်မြောက်အာဖရိကတိုက်တို့တွင် များသောအားဖြင့် တွေ့ရသော နို့တိုက်သတ္တဝါတမျိုးဖြစ်၏။ 'ဒစ်ပိုဒီဒီး' မျိုးရင်းတွင်ပါဝင်၏။ ယင်း၌ကြွက်သွားကဲ့သို့သေးငယ်၍ချွန်ထက်သောသွားမျိုးရှိသည်။

အီဂျစ်နိုင်ငံရှိ ကျဖိုးအာကောင်မှာ ကိုယ်အရှည် ၈ လက်မခန့်ရှိသည်။ အမြီးမှာလုံး၍ ၁၀ လက်မခန့်ရှည်ပြီး အမွေးတိုကလေးများဖြင့်ဖုံးလွှမ်းနေသည်။ အဖျားဌ အမွေးစုလျက်ရှိ၏။ ခြေသည်း ၅ ခုရှိသောရှေ့ခြေတို့မှာ အလွန်တို၏။ နောက်ခြေတို့မှာ ရှေ့ခြေတို့ထက် ၆ ဆခန့်ရှည်သည်။ ခုန်ရန်ကြံ့ရွယ်သောအခါ နောက်ခြေတို့ကိုငင်း၊ အမြီးကိုငင်း ထောက်၍ထားသည်။ ရှေ့ခြေတို့ကိုမူရင်ပတ်တွင်ကပ်၍ထားလေသည်။ ထိုနောက်ခုန်လိုက်သောအခါ နောက်ခြေတို့ဖြင့် သာထောက်၍ကျသည်။ ဤသို့လျင်မြန်စွာခုန်ပေါက်ကာ တနေရာမှတနေရာသို့သွားလာလှည့်လည်ကျက်စားတတ်ကြလေသည်။

ကျဖိုးအာကောင်သည် ခြေသည်းများဖြင့် မြေကြီးတွင်တွင်းတူး၍ တနေ့လုံးနေသည်။ ညဉ့်အခါတွင်သာထွက်၍ လျင်မြန်ဖျတ်လတ်သောကြောင့် ဖမ်းမိရန်ခဲယဉ်းပေသည်။ အသင်းအဖွဲ့နှင့်နေလေ့ရှိသည်။

ပါရှားနိုင်ငံရှိ 'အဲလက်တဂအင်ဒီးက' ခေါ် ကျဖိုးအာကောင်သည်လည်း တွင်းထဲတွင်နေသော ညဉ့်သတ္တဝါမျိုးဖြစ်၏။ ကောက်ပဲသီးနှံများကိုရှာဖွေစားသောက်သည်။



နောက် ခြေနှင့်အမြီးကို ထောက်၍ခုန် ပေါက်သွားလာတတ်သော ကျဖိုးအာကောင်


အာရှတိုက်အရှေ့တောင်ပိုင်းရှိရတနာဒီပကျွန်း

ဂျာဗားကျွန်းသည် အရွှေအိန္ဒိယကျွန်း စုတွင် သဘာဝပစ္စည်းကြွယ်ဝသဖြင့် ထင်ရှားသည်။ ကြက်ပေါင်စေး၊ ကြံ၊ ကိုနိုင်ဆေး အများဆုံးထွက်သောဒေသဖြစ်၏။ ဂျာဗားကျွန်းတွင် ဗုဒ္ဓအယူဝါဒဆိုင်ရာအဆောက်အအုံကြီးများရှိသည်။

ဂျာဗာကျွန်း။ ။ဂျာဗားကျွန်းသည် အရွှေအိန္ဒိယကျွန်း စုတွင် အရေးပါအရာရောက်ဆုံးကျွန်းဖြစ်၏။ ဆူမတြားနှင့် ဗာလီကျွန်း ၂ ကျွန်းအကြားတွင်တည်ရှိ၍၊ သဘာဝပစ္စည်း များကြောင့် ကမ္ဘာကျော်ကြားခဲ့လေသည်။ ဂျာဗား ကျွန်းသည်အလျားမိုင် ၆၆၀၊ အနံမိုင် ၄၀ မှ ၁၂၅ မိုင် အထိရှိ၏။ အကျယ်အဝန်းမှာ မဒူရကျွန်းအပါအဝင် စတု ရန်းမိုင်ပေါင်း ၅၁,၀၃၂ မိုင်ဖြစ်လေသည်။

ဂျာဗားကျွန်း၏အလယ်တွင် တောင်စဉ်တောင်တန်းများရှိ၏။ ထိုတောင်တန်းတွင် မီးတောင်များလည်းပါဝင်၍ အမြင့်ဆုံးတောင်ထွတ်မှာ ပေပေါင်း ၁၀,၀၀၀ အထိရှိ၏။ မြစ်များသည် အများအားဖြင့် မြောက်ဖက်သို့စီးဆင်းကြသည်။ ဆိုလို မြစ်နှင့် ဗရန်တတ်စ မြစ်တို့မှာ အကြီးဆုံးမြစ်နှစ်သွယ်ဖြစ်၏။ ဂျာဗားကျွန်းမှမြစ်များတွင် မိုး အခါဦးသာလေ့သဘော်ဝင်ယာများသွားလာနိုင်သည်။ သို့သော် ရေသွင်းစိုက်ပျိုးရေးအတွက် ထိုမြစ်များကို အများဆုံးအား ထားရလေသည်။ ကျွန်း၏ တဝက်ကျော်ကျော်မှာ စိုက်ပျိုးနိုင်သောမြေများဖြစ်၍ ကျန်တဝက်မှာ တောကြီးမျက်မည်းများဖြစ်သည်။ ထိုတောကြီးများမှကျွန်းသစ်နှင့် အခြားအဖိုးတန်ပစ္စည်းများထွက်၏။ ဂျာဗားကျွန်းတွင် တနှစ်ပတ်လုံးအပူရှိန်ပြင်းထန်၍ မိုးအမြဲရွာသွန်းလေသည်။ သို့အတွက်ဆန်စပါး၊ ကာဖီ၊ သကြား၊ ပြောင်းဖူး၊ မြေပဲ၊ ပဲဗီစပ်၊ ဆေးရွက်၊ စင်ကိုးနားပင်၊ ကြက်ပေါင်စေးပင်များကို စိုက်ပျိုးလုပ်ကိုင်ကြလေသည်။ ယင်းတို့တွင် ဆန်စပါးမှာ တိုင်းရင်းသားတို့၏ အရေးအကြီးဆုံးကောက်ပဲသီးနှံဖြစ်၏။ ကမ္ဘာသုံးကိုနိုင်ခေါ် အဖျားဖြတ်ဆေးကို ဤကျွန်းမှအများဆုံးရရှိလေသည်။

ဂျာဗားကျွန်းတွင် တိုင်းရင်းသားတို့၏စက်မှုလက်မှုလုပ်ငန်းများသည် ရှေးအခါကပင်ရှိခဲ့သော်လည်း၊ ခေတ်မှီစက်မှုလက်မှုလုပ်ငန်းများကိုမူ ပဌမကမ္ဘာစစ်အတွင်းနှင့် စစ်ပြီး ကာလတွင်မှ စတင်လုပ်ကိုင်ခဲ့၏။ ဂျာဗားကျွန်း၏ စက်မှုလက်မှုလုပ်ငန်းသည် သုံးမျိုးသုံးစားကွဲပြားသည်။ ယင်းတို့မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းကလေးများနှင့် စက်မှုလက်မှုလုပ်ငန်းကြီးများဖြစ်ကြ၏။ ထို ၃ မျိုးလုံးကို အစိုးရကထောက်ပံ့အားပေးလေသည်။ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းမှာ အနည်းငယ်အရေးပါ သောလုပ်ငန်းတရပ်ဖြစ်၏။ ရေနံ၊ ရွှေ၊ ငွေများကိုတူးဖော်ရရှိ၍ ရေနံတူးဖော်ရေးလုပ်ငန်းသည် အတော်အတန် တိုးတက်လာခဲ့လေသည်။



ဂျာဗားကျွန်းတည်နေရာပြမြေပုံ


ဂျာဗားကျွန်း၏လူဦးရေမှာ ၁၉၅၁ ခုနှစ်သန်ကောင်စာရင်းအရမဒူရာကျွန်းအပါအဝင် ၅၁,၀၀၀,၀၀၀ ခန့်ဖြစ်လေသည်။ ကျွန်း၏အကျယ်အဝန်းနှင့်တွက်သော် စတုရန်းတမိုင်လျှင်လူဦးရေ ၁၀၀၀ ခန့်မျှနေထိုင်ကြသဖြင့် ကမ္ဘာပေါ်တွင်လူနေအထူထပ်ဆုံးသောအရပ်တခုဖြစ်၏။ တိုင်းရင်းသားလူမျိုးများမှာ မလေးအနွယ်များဖြစ်၍ လူမျိုးစုကြီး ၂ စုကွဲနေသည်။ ယင်းတို့မှာ ဂျာဗားလူမျိုးနှင့် ဆွန်ဒန်လူမျိုးများဖြစ်၏။ ထို၎လူမျိုးစုတစုစီ၌ လူမျိုးအလိုက်သီးခြားဘာသာစကားရှိလေသည်။ တိုင်းရင်းသားများမှာ၊ ရိုးသားရိုးဖြောင့်ရိုးပြီးလျှင် အေးချမ်းစွာလုပ်ကိုင်စားသောက်ကြသည်။ ကြက်တိုက်ပွဲနှင့်ရုပ်သေးပွဲများ


သည် တိုင်းရင်းသားတို့၏ ပျော်ပွဲရွှင်ပွဲများဖြစ်သည်။ မြန်မာလူမျိုးတို့ကဲ့သို့ သစ်ဝါးများဖြင့်အိမ်များကို ဆောက်လုပ်နေထိုင်တတ်ကြ၏။ တိုင်းရင်းသားတို့၏အိမ်များမှာအများအားဖြင့် ခြေတံရှည်အိမ်များဖြစ်သည်။ ပျက်စီးနေသော ဟိန္ဒူဘုရားရှိခိုးကျောင်းမြောက် မြား စွာ တို့ကိုတွေ့ရခြင်းဖြင့် တိုင်းရင်းသားများသည် ရှေးအခါက ဟိန္ဒူအယူဝါဒီများဖြစ်ကြမည်ဟု ခန့်မှန်းရသည်။ ဂျာဗားကျွန်း၏ အလယ်ပိုင်းတွင် ပျက်စီးနေသောဗုဒ္ဓသာသနာအဆောက်အအုံများကို တွေ့ရ၏။ ထိုအထဲတွင်အကြီးဆုံးမှာ ဗောရောဗုဒေါ ခေါ်အဆောက်အအုံကြီးဖြစ်၏။ ယင်းသည် ကမ္ဘာပေါ် ရှိဗုဒ္ဓအယူဝါဒဆိုင်ရာအဆောက်အအုံများထဲတွင် အကြီးဆုံးအဆောက်အအုံကြီးတခုဖြစ်ပေသည်။ ယင်းကို ဆောက်လုပ်ထားပုံနှင့် ဖော်ထားသောရုပ်လုံးများမှာလည်း အံ့သြဖွယ်ရာ ထူးဆန်းလှသည်။ ဂျာဗားကျွန်းကို အာရပ်လူမျိုးတို့သိမ်းပိုက်သည့် ၁၅ ရာစုနှစ်လောက်ကစ၍ ကျွန်းသူကျွန်းသားများမှာ မွတ်စလင်များဖြစ်လာကြ၏။

ဂျာဗားကျွန်း၏မြို့တော်မှာ ရှေးက ဗတေးဗီးယား ဟုခေါ်၍ ယခု ယာကားတား ဟုခေါ်သောမြို့ဖြစ်၏။ ထိုမြို့တွင်လူဦးရေ ၂,၈၀၀,၀၀၀ ခန့်ရှိသည်။ အရေးပါသောသဘော်ဆိပ်မြို့ကြီးများမှာ ဆူးရဗာယနှင့် ဆမားရန်းမြို့များဖြစ်သည်။ ဂျာဗားကျွန်းတခုလုံးတွင်လမ်းမကြီးများ၊ မီးရထားလမ်းများ အနှံ့အပြားဖောက်လုပ်ထား၏။ ယာကားတားမြို့တော်နှင့် ဆူးရဗာယမြို့ကို မီးရထားလမ်းဖြင့် ဆက်သွယ်ထားလေသည်။

ခရစ် ၁ ရာစုနှစ်လောက်တွင် ဂျာဗားသို့ဟိန္ဒူလူမျိုးတို့ ရောက်ရှိလာခဲ့၍ တဖြည်းဖြည်း တန်ခိုးကြီးလာလေသည်။ ၁၅၂၀ ပြည့်နှစ်ခန့်တွင် ဟိန္ဒူနောက်ဆုံးမင်း မဂျပဟစ်ပျက်စီးသည်တွင် ဂျာဗားကျွန်းအုပ်ချုပ်ရေးမှာ အကွဲကွဲအပြားပြားဖြစ်ခဲ့၍၊ တိုင်းရင်းသားမင်းငယ်များက အုပ်ချုပ်လေသည်။ ၁၅၆၉ ခုနှစ်တွင် တည်ထောင်ခဲ့သောဒပ်ချအရှေ့အိန္ဒိယကုမ္ပဏီသည် ဂျာဗားကျွန်းကို ဝင်ရောက်၍ တိုက်ခိုက်ရာမှ ၁၆၁၀ ပြည့်နှစ်တွင် ဒပ်ချဘုရင်ခံချုပ်ကိုခန့်ထားခဲ့၍ ၁၆၁၉ ခုနှစ်တွင် ဗတေးဗီးယားမြို့ကိုတည်ထောင်ခဲ့၏။ နပိုလီယန်စစ်ပွဲများအတွင်း ဂျာဗားကျွန်းကို ဗြိတိသျှတို့ကသိမ်းပိုက်ခဲ့သော်လည်း ၁၈၁၆ ခုနှစ်တွင် ဒပ်ချတို့လက်သို့ပြန်၍အပ်ခဲ့လေသည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်တိုင်အောင် ဂျပန်တို့ကဂျာဗားကျွန်းကို သိမ်းပိုက်ထား၏။ စစ်ပြီးကာလတွင် ဒပ်ချတို့ကပြန်လည်ရရှိပြန်သည်။ သို့ရာတွင် ၁၉၄၆ ခုနှစ် တွင် လင်ဂျာတီ သဘောတူညီချက်စာချုပ်အရ၊ ဂျာဗားကျွန်းသည် ဆူမတြား၊ မဒူရာကျွန်းတို့နှင့်အတူ ၁၉၄၉ ခုနှစ်၌ အင်ဒိုနီးရှားသမတနိုင်ငံတော်တွင် ပါဝင်ခဲ့လေသည်။ ယာကားတားမြို့သည် သမတနိုင်ငံ၏ မြို့တော် ဖြစ်လေသည်။ ဂျာဗားကျွန်း၏မြို့ကြီးတမြို့ဖြစ်သော ဗန်ဒုန်းမြို့တွင် ၁၉၅၅ ခုနှစ်ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ အာရှ၊ အာဖရိက ၂၉ နိုင်ငံညီလာခံကြီးကို ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ကမ္ဘာ့ပြဿနာအရပ်ရပ်ကိုဆွေးနွေးခဲ့သဖြင့် ကမ္ဘာ့လူထု၏ အာရုံပြုရာဒေသအဖြစ် ရောက်ခဲ့လေသည်။

ဂျာဗားကျွန်းရှိ ဗောရောဗုဒေါခေါ် ဗုဒ္ဓအယူဝါဒဆိုင်ရာ အဆောက်အအုံကြီး





လန်ဒန်မြို့၊ စိန်ဂျိမ်းနန်းတော်တွင် ဂျီ၊ စီ၊ ဘီ၊ အေ ကိုယ်စားလှယ်များအပါအဝင်မြန်မာပြည်မှခေါင်းဆောင်များနှင့်ဗြိတိသျှအစိုးရကိုယ်စားလှယ်


ဂျီ၊ စီ၊ ဘီ၊ အေ။ ။မြန်မာအသင်းချုပ်ကြီး၏ အမည်ကို အင်္ဂလိပ်ဘာသာဖြင့် 'ဂျင်နရယ်ကောင်စီအော့ ဗားမိအက် စိုစီအေရှန်း' ဟုခေါ်သည်။ ထိုအင်္ဂလိပ်စကားကိုအတို ချုံး၍ 'ဂျီ၊ စီ၊ ဘီ၊ အေ' ဟုခေါ်ကြပြန်သည်။ မြန်မာ အစည်းချုပ်ကြီးသည်၊ ထိုအတိုချုံးထားသော အင်္ဂလိပ် စကားအတိုင်း နိုင်ငံအဝှန်း၌အမည်တွင်လေသည်။

ပေါ် ပေါက်လာပုံ

မြန်မာအသင်းချုပ်ကြီးမှာ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်နောက် လူထုစည်းရုံးမှုဖြင့်ရှေးဦးစွာတည် တည့်တံ့ထည်း ဖွဲ့စည်းခဲ့သောနိုင်ငံရေးအဖွဲ့အစည်းကြီးဖြစ် သည်။ ထိုအသင်းကြီးပေါ် ပေါက်လာပုံဇာတ်မြစ်ကိုရှာဖွေ လျှင်၊ 'ဝိုင်၊ အမ်၊ ဘီ၊ အေ' ဟုအင်္ဂလိပ်ဘာသာစကားဖြင့် အတိုကောက်ခေါ် ဝေါ် အပ်သောဗုဒ္ဓဘာသာကလျာဏယုဝ အသင်း၌တွေ့ရသည်။ (ဗုဒ္ဓဘာသာကလျာဏယုဝအသင်း —ရှု။) ဝိုင်၊ အမ်၊ ဘီ၊ အေဟူသောစကား၏အရှည် ကောက်မှာ 'ယန်းမင်းဗုဒ္ဓစ်အက်စိုစီအေရှန်း' ဖြစ်သည်။ ထိုအသင်းကိုသက္ကရာဇ် ၁၂၆၇ ခုနှစ် (ခရစ် ၁၉၀၆ ခုနှစ်) တွင်တည်ထောင်သည်။ အသင်း၏ရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသောအကြောင်းလေးပါးကို လူမှုဝန်ထမ်းလုပ်ငန်းတို့ဖြင့် ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်ဖြစ် သည်။ အနယ်နယ်၌အသင်းခွဲများရှိသည်။ မြန်မာနိုင်ငံ ရေးလှုပ်ရှားလာသော ခရစ် ၁၉၁၇ ခုနှစ်မှ ၁၉၁၉ ခုနှစ် အတွင်း၌ ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းပေါင်း ၂၀၀ ကျော်မျှ တိုးပွားလာခဲ့လေသည်။

၁၉၁၇ ခုနှစ်ဩဂုတ်လ ၂၁ ရက်နေ့တွင် ဗြိတိသျှပါလီမန် အောက်လွှတ်တော်၌ အိန္ဒိယပြည်ဆိုင်ရာဝန်ကြီး မွန်တေဂူ သည် ဗြိတိသျှအင်ပိုင်ယာနှင့်တပေါင်းတည်းဖြစ်သောအိန္ဒိ ယပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစတစပေးအပ်ရမည်ဟူ သော ပြဋ္ဌာန်းချက်ကိုကျေညာလိုက်လေသည်။

ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းသည် ထိုကျေညာချက်ကို စိတ်မဝင်စားဘဲမနေနိုင်ချေ။ အသင်း၏ရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟုသတ်မှတ်ထားသဖြင့်၊ လွန်စွာမှနယ်ကျယ်ဝန်းလေရကား၊ ဝိုင်၊ အမ်၊ ဘီ၊ အေသည် နိုင်ငံရေးနယ်ထဲသို့ ဝင်ရောက်လာခဲ့လေသည်။ ထိုကြောင့် အသင်းကြီးသည် အိန္ဒိယပြည် ဆိုင် ရာဝန်ကြီး မွန်တေဂူ နှင့် အိန္ဒိယပြည် ဘုရင် ခံချုပ် လော့ ချမ်း စဖို့တို့ မြန်မာပြည် သို့ လာလျှင် မြန်မာတို့၏လိုလားချက်များကိုပြောဆိုရန်စောင့် မျော်နေလေသည်။ သို့သော်ထိုဟုဂို့လ် ၂ ဦးသည် အုပ်ချုပ် ရေးပြုပြင် ပြောင်း လဲရန် ကိစ္စကို အိန္ဒိယပြည်၌လှည့်လည်၍ စုံစမ်းခဲ့သော်လည်း၊ မြန်မာပြည်သို့လုံးဝမလာရောက်ခဲ့ပေ။ ထိုအခါ ၁၉၁၈ ခုနှစ်ဒီဇင်ဘာလတွင်မြန်မာပြည်ဥပဒေပြု ကောင်စီအဖွဲ့ဝင် မင်းတိုင်ပင်အမတ်ဦးဖေ၊ ဦးမေအောင်၊ ဦးဘဖေနှင့် ဝတ်လုံတော်ရဦးစုတို့ပါဝင်သော မြန်မာကိုယ်



ဖျက် နှာစုံညီ အစည်း အဝေး ကျင်း ပနေကြစဉ်

ဤသို့မြန်မာ့ဆန္ဒကို ဗြိတိသျှပါလီမန်က လျစ်လျူရှုပြုနေသောအချိန်မှာ မြန်မာနိုင်ငံဦးဆောင်အမျိုးသားစိတ်ဓာတ် ပြန်လည်ထွန်းကားနေသောအချိန်ဖြစ်လေသည်။ ဤအတွင်း ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ဟုသိမ်းခြားတက္ကသိုလ်စတင် တည် ထောင် ရန် ရန် ကုန် တက္ကသိုလ် အက် ဥပဒေကို မြန်မာပြည်အစိုးရက အတည်ပြုလိုက်ရာ၊ တက္ကသိုလ်ကျောင်းသားတို့၏ပဌမသပိတ်ကြီး ပေါ် ပေါက်လာပြီးလျှင်၊ မူလက ထကြွနေသော အမျိုးသားစိတ်ဓာတ်မှာ တရှိန် ထိုး လျှမ်းလျှမ်းတောက်၍လာလေတော့သည်။

၁၉၂၀ ပြည့်နှစ်ပြည်မြို့တွင်ကျင်းပသော ဝိုင်၊ အမ်၊ ဘီ၊ အေ နှစ်ပတ်လည်အစည်းအဝေး၌ နိုင်ငံရေးစည်းဝဲမှုအရှိန်တက်ကြွနေသည်ကိုထောက်ရှု၍ ဦးဘလှိုင်နှင့်ဦးကွန်းတို့က ဝိုင်၊ အမ်၊ ဘီ၊ အေအစား ပိုမိုကျယ်ပြန့်သောမြန်မာအသင်းချုပ်ကြီးတည်ထောင်ရန်အဆိုသွင်းသည်။ ယင်းအဆိုကို အတည်ပြုလိုက်ကြသဖြင့်၊ ဝိုင်၊ အမ်၊ ဘီ၊ အေ၏အမည်သည် ဂျီ၊ စီ၊ ဘီ၊ အေမြန်မာအသင်းချုပ်ကြီးဟူသော အမည်သို့ ပြောင်းလဲလာခဲ့လေသည်။ ထိုအချိန်၌ရဟန်းတော်အချို့တို့သည် ဝံသာနုနှင့်နိုင်ငံရေးစိတ်ဝင်စားလာကြသောကြောင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည် သံဃသာမဂ္ဂိအသင်းများကို အင်တိုက်အား တိုက်ဖွဲ့စည်းတည်ထောင်ကြလေသည်။ ထိုသို့ဖွဲ့စည်း သည့် သံဃသာမဂ္ဂိတို့သည် ဂျီ၊ စီ၊ ဘီ၊ အေ ကိုတက်ကြွစွာထောက်ခံအားပေးလာကြလေသည်။

အသင်းချုပ်၏တိုးတက်မှု

၁၉၂၁ ခုနှစ်တွင်ဂျီ၊ စီ၊ ဘီ၊ အေအသင်းချုပ်၏လက်အောက်၌ ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းအပြင် ဝိုင်၊ ဒဗျူ၊ဘီ၊ အေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝကမ္မာရိအသင်းလည်းရှိလေသည်။ (ဗုဒ္ဓဘာသာကလျာဏယုဝကမ္မာရိအသင်း — ရှု။) ဝိုင်၊ ဒဗျူ၊ ဘီ၊ အေဟူသောဝေါဟာရမှာ 'ယန်းဝင်းမင်းဗုဒ္ဓစ်အက်စိုစီအေရှန်း' ဟူသော အင်္ဂလိပ်အမည်အတို ကောက်ဖြစ်သည်။ ထိုအသင်း ၂ သင်းနှင့်အလားတူ အမျိုးသမီးအမျိုးသားအသင်းပေါင်း ၂၀၀၀ ကျော်မျှရှိခဲ့သည်။ ဂျီ၊ စီ၊ ဘီ၊ အေအသင်းဝင်များသည် မြန်မာပြည်ဖြစ်အထည်မျှားကိုဝတ်ဆင်ကြရန်၊ မြန်မာအချင်းချင်းချစ်ခင်ညီညွတ်စွာယိုင်းပင်းကူညီကြရန် စသည်တို့ကိုလှုံ့ဆော်ပေးကြသည်။ ထိုကြောင့်မြန်မာတောင်သူလယ်သမားအပေါင်းတို့က ဂျီ၊ စီ၊ ဘီ၊ အေကိုဝံသာနုအသင်းဟုခေါ်လာကြ၍ ထိုဝံသာနုအသင်းတို့မှာ ၁,၀၀၀ ကျော်မျှမွားများလာသည်။ ဝံသာနုအသင်းတသင်းလျှင်လူပေါင်း ၂၀ ကျော်မှသည် ၅၀၀ ကျော်အထိရှိလေသည်။ အသင်း၏တည်ထောင်ဌာနမှာရန်ကုန်မြို့လှစ္စလမ်း၌ဖြစ်သည်။

စားလှယ်အဖွဲ့သည် ကာလကတ္တားမြို့သို့သွားရောက်၍ မြန်မာတို့၏အခွင့်အရေးများကိုတောင်းဆိုခဲ့လေသည်။ သို့ရာတွင် ၁၉၁၈ ခုနှစ်ဇွန်လ၌ ထွက်ပေါ် လာသောမွန်တေဂူနှင့် ချမ်းစဖို့အစီရင်ခံစာတွင် မြန်မာပြည်အတွက် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး ထောက်ခံချက်များမပါရှိခဲ့ချေ။ ထို့ကြောင့်ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းသည် ထိုကိစ္စကိုဆက်လက်ကြိုးပမ်းရလေသည်။ သို့သော်ထိုအချိန်၌ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းတွင် နိုင်ငံရေးဆောင်ရွက်လိုသူတို့ကတဖက်၊ မဆောင်ရွက်လိုသူတို့ကတဖက်ရှိနေပေသည်။ ၁၉၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင်ကျင်းပသောအစည်း အဝေး၌ နိုင်ငံရေးကိုကိုယ်ထိလက်ရောက်ပါဝင် ဆောင် ရွက်လိုသူတို့ဖက်မှအနိုင်ရခဲ့သည်။ ထိုနောက်အိန္ဒိယပြည်အားပြုပြင်ပြောင်းလဲအုပ်ချုပ်မှုစံနစ်ပေးအပ်ရန် ဗြိတိသျှပါလီမန်ကဥပဒေကြမ်းတင်သွင်းထုတ်ပြန်၊ မြန်မာပြည်အတွက်ဘာမျှမပါရှိသည်နှင့် ၁၉၁၉ ခုနှစ်မေလ ၁၈ ရက်နေ့တွင်ဝိုင်၊ အမ်၊ ဘီ၊ အေကအင်္ဂလန်သို့ ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တည်းဟူသောကိုယ်စားလှယ်တို့ကိုစေလွှတ်လေသည်။ သို့ပါလျက်နှင့်လည်းအိန္ဒိယပြည်အုပ်ချုပ်ရေးဥပဒေကြမ်းကိုစဉ်းစားကြသော ဗြိတိသျှအထက်နှင့်အောက်ပါလီမန် ၂ ရပ်တွဲဖက်ကော်မတီသည် မြန်မာပြည်အတွက် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးများကို ဥပဒေကြမ်းတွင် ထည့်သွင်းပေးရန် မထောက်ခံခဲ့ချေ။

နိုင်ငံရေးဆောင်ရွက်ချက်များ

၁၉၂၁ ခုနှစ်တွင်အိန္ဒိယပြည်ဆိုင်ရာဝန်ကြီးက ပါလီမန်သို့ ထောက်ခံချက်တခုတင်သွင်းလိုက်လေသည်။ ထိုထောက်ခံချက်အရမှာ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးများကို မြန်မာပြည်အားပေးအပ်ရန်ဖြစ်သည်။ ထိုပြုပြင်ရေးစီမံချက်များအရ ဆာအော၊ အက် (ဖ) ပို့က်ခေါင်းဆောင်၍ ပို့က်ကော်မတီဟု တွင်သော မြန်မာပြည် ပြုပြင်ပြောင်းလဲရေးကော်မတီသည် မြန်မာပြည် သို့ပေးအပ်ရမည့်မဲဆန္ဒအခွင့်အရေး၊ ဗဟိုအစိုးရကသီးသန့်ယူထားမည့်အုပ်ချုပ်ရေးဌာန၊ လဲ့ပြောင်းပေးမည့် အုပ်ချုပ်ရေးဌာနတို့ကို မြန်မာပြည်သို့ လာရောက်စုံစမ်းရာတွင် ဂျီ၊ စီ၊ ဘီ၊ အေသည်ပို့က်ကော်မတီကိုသပိတ်မှောက်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင်ဗြိတိသျှပါလီမန်က မြန်မာပြည်အားပေးအပ်ရန် ဒိုင်အာခီအုပ်ချုပ်ရေးစံနစ်ကို ဥပဒေဖြင့်အတည်ပြုလိုက်လေသည်။ ထိုအခါ ၁၂၀၄ ခုနှစ်တန်ဆောင်မုန်းလဆုပ် ၆ ရက် (ခရစ် ၁၉၂၂ ခုနှစ်) တွင် သရက်မြို့၌ကျင်းပသော ဂျီ၊ စီ၊ ဘီ၊ အေအထူးကွန်ဖရင့်အစည်းအဝေးကြီးက 'ဒိုင်အာခီသည် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးမဟုတ်၊ လမ်းခုလတ်သာဖြစ်၍၊ ဝီလဆန်၏ ၁၄ ချက်နှင့်မညီ' ဟု ယူဆပြီးလျှင်၊ ဟုမ္မရူးခေါ်ကိုယ်ပိုင်အုပ်ချုပ်ရေးရမှသာ တင်းတိမ်နိုင်မည်ဟုဆိုကာ မြန်မာပြည်ဥပဒေပြုကောင်စီကိုသပိတ်မှောက်လိုက်သည်။

နှစ်စုကွဲခြင်း

သို့သော်ခရစ် ၁၉၂၃ ခုနှစ်ဇန္နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်အတွက်ဒိုင်အာခီအုပ်ချုပ်ရေးစံနစ်သည် စတင်အာဏာတည်လေသည်။ ထိုအုပ်ချုပ်ရေးစံနစ်အရ မြန်မာပြည်ဥပဒေပြုကောင်စီရွေးကောက်ပဲတို့ကို ၁၉၂၂ ခုနှိုဝင်ဘာလကစ၍ ကြိုတင်ကျင်းပခဲ့သည်။ ထိုရွေးကောက်ပဲကျင်းပရန်အချိန်ရောက်လာသည်တွင် ဥပဒေပြုကောင်စီကို သပိတ်မှောက်လိုသူကတစု၊ မမှောက်လိုသူကတစု နှစ်စုကွဲကာ ဝိဝါဒဖြစ်ကြလေသည်။ ဦးဘဖေ၊ ဦးဘလှိုင်၊ ဦးပု၊ မန္တလေးဦးဘဦး အမှူးရှိသောပုဂ္ဂိုလ် ၂၁ ဦးက ဒိုင်အာခီစံနစ်ကိုလက်ခံ၍ ဥပဒေပြုကောင်စီထဲမှနေ၍အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတို့ကို အရေးဆိုမည်ဟုကျေညာခဲ့သည်။ ထိုပုဂ္ဂိုလ် ၂၁ ဦးသည်လည်း၊ မူရင်းဂျီ၊စီ၊ ဘီ၊ အေမှခွဲထွက်၍ မိမိတို့အသင်းကိုအမည်မပေးဘဲ ဂျီ၊ စီ၊ ဘီ၊ အေဟူ၍ ပင်မှည့်ခေါ်လေသည်။ သို့သော်ခွဲထွက်သွားသောခေါင်းဆောင်ဦးရေ ၂၁ ဦးကိုအစွဲပြု၍ ၂၁ ဦးပါတီဟုအမှားကခေါ်ကြလေသည်။ မူရင်းဂျီ၊စီ၊ ဘီ၊ အေတွင် ဦးချစ်လှိုင်၊ သာယာဝတီဦးပုနှင့်ဦးထွန်းအောင်ကျော်တို့ကျန်ရစ်ခဲ့၍ ယင်းဂျီ၊စီ၊ဘီ၊အေကို လှိုင်၊ ပု၊ ကျော်၊ ပါတီဟူ၍ခေါ်ကြသေးသည်။ ဒိုင်အာခီအုပ်ချုပ်ရေးစံနစ်အရပေါ်ပေါက်လာသော မြန်မာပြည်ဥပဒေပြုကောင်စီတွင် အမတ်ပေါင်း ၁၀၃ ဦးရှိသည့်အနက် ဂင္ ဦးသည်အမျှားပြည်သူတို့ကရွေးကောက်တင်မြှောက်ခြင်းခံရသူများဖြစ်သည်။ ထို ဂင္ ဦးအနက် ၂၁ ဦးပါတီဝင် ၂၀ ဦးသာလျှင်အမတ်အဖြစ်အရွေးခံခဲ့ရလေသည်။ ၁၉၂၃ ခုနှင့် ၁၉၂၄ ခုနှစ်တွင် အိန္ဒိယဥပဒေပြုအောက်လွှတ်တော်အတွက် မြန်မာပြည်မှကိုယ်စားလှယ်များအသစ်ရွေးချယ်ရာ၌မူကား၊ မူလ ဂျီ၊ စီ၊ ဘီ၊ အေအသင်းကြီး သည် သပိတ်မှောက်ခြင်းမပြုဘဲ၊ ဝင်ရောက်အရွေးခံရာ ထိုအသင်းဝင်ချည်းသာအရွေးခံရသည်။

ဝံသာနုအသင်း

မူလမြန်မာအသင်းချုပ်ကြီးသည် ဦးချစ်လှိုင် ဂျီ၊ စီ၊ ဘီ၊ အေဟူ၍ သာမက ဝံသာနု ဂျီ၊ စီ၊ ဘီ၊ အေဟူ၍ လည်းတွင်လာသည်။ ၂၁ ဦး ဂျီ၊ စီ၊ ဘီ၊ အေနှင့်အပြိုင်ဖြစ်သော်လည်း အင်အားဆုတ်ယုတ်ခြင်းမရှိပေ။ ၁၉၂၃ နှင့် ၁၉၂၄ ခုနှစ်များတွင် တိုင်းပြည်လူထုနိုးကြားမှုကိုမနှားမနေဆောင်ရွက်ရာတိုင်းသူပြည်သားတို့၏ထောက်ခံမှုကိုများစွာရခဲ့လေသည်။ ၁၉၂၃ ခုနှစ်တွင်အစိုးရနှင့်မဆက်ဆံရေးဟူသောကြွေးကြော်သံဖြင့် 'ဘူး' အသင်းများသည် ဟသ်ာတနယ်၌ပေါ်ပေါက်လာခဲ့ဘူးသည်။ ထိုအသင်းများသည်ဝံသာနု ဂျီ၊ စီ၊ ဘီ၊ အေက လှုံ့ဆော်ပေးသောစိတ်ဓာတ်တို့ဖြင့် တည်ထောင်ကြသည်ဟု ယူဆရန်အကြောင်းရှိလေသည်။ သို့သော်များမကြာမီ ထိုအသင်းများကို အစိုးရကမတရားအသင်းဟုကျေညာလိုက်လေသည်။

သမတဦးချစ်လှိုင်

၁၂၀၆ ခုနှစ်ကဆုန်လ (ခရစ် ၁၉၂၄ ခုနှစ်မေလ) တွင် ၁၁ ကြိမ်မြောက် ဂျီ၊ စီ၊ ဘီ၊ အေကွန်ဖရင့်ကိုပေါင်းတည်မြို့၌ကျင်းပရာ၊ နယ်မှကိုယ်စားလှယ်ပေါင်း ၁၀,၀၀၀ ကျော် တက်ရောက်ကြသည်။ ထိုအစည်းအဝေးကဦးချစ်လှိုင်ကိုပင် ဥက္ကဋ္ဌတင်မြှောက်လိုက်သည်။ ယခင်ကသရက်မြို့တွင်ကျင်းပခဲ့သော ကွန်ဖရင့်မှ အစပြု၍ ဦးချစ်လှိုင် အားသမတတင်မြှောက်ခဲ့သည်ကို ပေါင်းတည်ကွန်ဖရင့်ကထပ်မံအတည်ပြုလိုက်သည်။ ဤသည်တွင်ဂျီ၊ စီ၊ ဘီ၊ အေ ဥက္ကဋ္ဌများကို သမတဟုခြိုးကျူးခေါ်ဝေါ်သော အလေ့အထတရပ် ပေါ်လာခဲ့လေသည်။ (ချစ်လှိုင်၊ဦး — ဂျ။)

ဖိနှိပ်ခြင်း

၁၂၀၆ ခုနှစ် (ခရစ် ၁၉၂၄ ခုနှစ်) တွင် မန္တလေးမြို့၌ဆရာတော်ဦးဥတ္တမအားကြိုဆိုရန် ဝံသာနုများစီတန်းလှည့်လည်စဉ် ပုလိပ်တို့ကတားဆီးရိုက်နှက်ကြရာ၊ ရဟန်းဂျင်လူ



၁၉၃၁ ဝန္ခစ်နိုဝင်ဘာလ ၂၇ ရက်နေ့တွင်မြိတ်သျှအစိုးရ အထက်လွှတ်တော်ဥက္ကဋ္ဌအိန္ဒိယပြည် နှင့်မြန်မာပြည် တဲ့ရေး၊ ခဲ့ရေးပြဿနာကို ဆွေးနွေးရန်အတွက်ကျင်းပသော မျက်နှာစုံညီအစည်း အဝေးဖွင့်ပွဲတွင် မြန်မာကိုယ်စားလှယ်များကို ဤသို့တွေ့မြင်နိုင်သည်။

တို့ဒဏ်ရာရကြသည်။ ဆရာတော်ဦးစန္ဒိမာမှာ သေနတ်ဒဏ်ရာနှင့် ပျံလွှန်တော်မူခဲ့လေသည်။ ထိုနှစ်အတွင်းဥဋ္ဌပင်လျှင်၊ ဆရာတော်ဦးဥတ္တမအား ရာဇသတ်ပုဒ်မ ၁၂၄ (က) နှင့် ထောင်ဒဏ် ၃ နှစ်အပြစ်ပေးလိုက်သည်ကိုအကြောင်းပြု၍ ရန်ကုန်မြို့၊ ဆူးလေဘုရား အနီးရှိ၊ ဖိုက်စကွပ်ယား (ယခုဗန္ဓုလ) ပန်းခြံ၌ သံဃာတော်များ၊ အမျိုးသားနှင့် အမျိုးသမီးများ ပါဝင်သော ဆန္ဒပြအစည်းအဝေးကြီးကို မြင်းစီးပုလိပ်တို့က မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်၍ ဖျက်ဆီးလေသည်။ ဤသို့ဖိနှိပ်သောအခြင်းအရာတို့ အရှိန်ပြင်း၍ လာလေလေဂျီ၊ စီ၊ ဘီ၊ အေ၏ အင်အားမှာ ညီညွတ်တောင့်တင်းလာလေလေဖြစ်တော့သတည်း။

ဒုတိယအကြိမ်နှစ်စုကွဲခြင်း

သို့ရာတွင်ပဂ္ဂိုလ်စွဲသဘောကွဲလွဲမှုတို့ကြောင့်၊ တမျိုးသားလုံးညီညွတ်ရေးမှာ အစဉ်အလာကြီးတရပ်ဖြစ်လာလောက်အောင်ကြာရှည်စွာမခံခဲ့ခဲ့ချေ။ ၁၂၀၆ ခုနှစ်တွင် ပုသိမ်ခရိုင် ဝဲန်ရေကာတာကျိုးသဖြင့် ကယ်ဆယ်ရေးရံပုံငွေကောက်ခံသောကိစ္စနှင့်စပ်လျဉ်း၍ အချင်းချင်းသဘောကွဲလွဲလာကြသည်။ ဦးချစ်လှိုင်ကို သံဃာ့ဩဝါဒမခံဟုစွပ်စွဲလာကြသည်။ ထိုကြောင့် ၁၂၀၇ ခုနှစ် (ခရစ် ၁၉၂၅ ခုနှစ်) တွင် ရွှေဘိုဥဋ္ဌကျင်းပသော ၁၂ ကြိမ်မြောက်ကွန်ဖရင့်သည် ဦးချစ်လှိုင်အားဥက္ကဋ္ဌအဖြစ် ပြန်လည်မရွေးကောက်တော့ဘဲ၊ ဦးစိုးသိမ်းကို ဥက္ကဋ္ဌတင်မြှောက်လိုက်လေသည်။ ဤတွင်ဦးချစ်လှိုင်သည် အညမညသမ္မန္နအဖွဲ့ဟူသော အမည်ဖြင့် သီးခြားဂျီ၊ စီ၊ ဘီ၊ အေအသင်းကိုတည်ထောင်ပြန်လေသည်။

ဒုတိယအကြိမ်ဒိုင်အာခီရွေးကောက်ပွဲ

ဒိုင်အာခီစံနှစ်အရ ဒုတိယအကြိမ်ရွေးကောက်ပွဲကျင်းပရန်အချိန်သည် နီးကပ်လာပြန်လေသည်။ ထိုအခါသပိတ်မှောက်ဝံသာနုဂျီ၊ စီ၊ ဘီ၊ အေမှခေါင်းဆောင်အချို့တို့သည် သပိတ်လှုန်၍ ရွေးကောက်ပွဲဝင်ကြသည်။ ယင်းအချိန်၌ သာယာဝတီဦးပုခေါင်းဆောင်သော ဟုမ္မရူးပါတီ၊ ဦးတုတ်ကြီးခေါင်းဆောင်သော သရာဇပါတီတို့လည်း ပေါ်ပေါက်လာခဲ့ပြီ။ ရွေးကောက်ပွဲပြီးသောအခါ ၂၁ ဦးဂိုဏ်း၊ ဟုမ္မရူးဂိုဏ်းနှင့် သရာဇဂိုဏ်းတို့သည် ရည်ရွယ်ချက်ချင်း တူရာတို့၌ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဤသို့လျှင်ဒိုင်အာခီအုပ်ချုပ်ရေးကို အထောက်အပံ့ပြုသည့်အင်အားစုတို့မှာ လွှတ်တော်ဥက္ကဋ္ဌများပြားလာသည်နှင့်အမျှ ဂျီ၊ စီ၊ ဘီ၊ အေလည်းအင်အားဆုတ်ယုတ်လာခဲ့လေသည်။

ဂျီ၊ စီ၊ ဘီ၊ အေကွန်ဖရင့်များ

ဂျီ၊ စီ၊ ဘီ၊ အေသည်နှစ်လည်အစည်းအဝေးများကို တနှစ်လျှင်တမြို့ကျစည်းဝေးလေ့ရှိသည်။ ဂျီ၊ စီ၊ ဘီ၊ အေခေတ်မမှီနိမ့်ကျင်းပကြသော နှစ်လည်အစည်းအဝေးတို့မှာ တိုင်းသူပြည်သားတို့၏ ညီညွတ်သောအင်အားစုကို ပြခဲ့ပေသည်။ ဂျီ၊ စီ၊ ဘီ၊ အေ၏သမိုင်း၌ထင်ရှားသော နှစ်လည်

အစည်းအဝေးတို့၏ ကျင်းပသော နေရာနှင့် နေ့ရက်ကို ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်။

ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းချုပ်အနေနှင့် သတ္တမမြောက် နှစ်လည်အစည်းအဝေးကို ၁၉၁၉ ခုနှစ်အောက်တိုဘာလတွင် ပုသိမ်မြို့၌ကျင်းပခဲ့သည်။ အဋ္ဌမမြောက်အစည်းအဝေးကို ပြည်မြို့၌ကျင်းပသည်။ ၁၂၀၃ခုနှစ် (ခရစ် ၁၉၂၁ ခုနှစ်) သီတင်းကျွတ်လဆုတ် ၅ ရက်နေ့တွင် မန္တလေးမြို့၌ နဝမကွန်ဖရင့်ခေါ် ၉ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပခဲ့ရာ ထိုကွန်ဖရင့်မှာ ဂျီ၊ စီ၊ ဘီ၊ အေ၏ သမိုင်းတွင် အထင်ရှားဆုံးဖြစ်သည်။ ဤအစည်းအဝေး သို့လူပေါင်း ၁၀၀,၀၀၀ ကျော် တက်ရောက်ခဲ့လေသည်။ ထိုအစည်းအဝေးကြီးက အမျိုးသားအောင်ပွဲနေ့ကို တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တိုင်းတွင် ကျင်းပရန်ဆုံးဖြတ်ချက်ချခဲ့ရာ၊ ယနေ့တိုင်အောင်အမျိုးသားနေ့ဟူ၍ မြန်မာပြည်ထောင်စုကနှစ်စဉ်ကျင်းပလျက်ရှိသည်။ (အမျိုးသားအောင်ပွဲနေ့ — ရှု။) ဟုမှတ်ရှုးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုတောင်းဆိုလာသော သရက်မြို့ကွန်ဖရင့်ကြီးမှာ ၁၀ ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးဖြစ်၍ ၁၂၀၄ ခုနှစ် (ခရစ် ၁၉၂၂ ခုနှစ်) တန်ဆောင်မုန်းလဆုတ် ၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ပျဉ်းမနားဌ ဦးချစ်လိုင် ဂျီ၊ စီ၊ ဘီ၊ အောက္ခန်ဖရင့် ပြုလုပ်ခဲ့သည်။ ၁၉၂၄ ခုနှစ်၌ ဦးချစ်လိုင်ဂျီ၊ စီ၊ ဘီ၊ အေသည် ပေါင်းတည်ကွန်ဖရင့်ကျင်းပစဉ်၊ ဟသ်ဘတ်၌ညီညွတ်ရေးကွန်ဖရင့်ကျင်းပ၍ ဂျီ၊ စီ၊ ဘီ၊ အေ ကွဲနေသည်ကို ရင်ကြေးစေ့အောင် တိုက်တွန်းခဲ့၏။ သို့သော်မအောင်မြင်ခဲ့ချေ။ ၁၉၂၅ ခုနှစ်တွင်ဦးချစ်လိုင် ဂျီ၊ စီ၊ ဘီ၊ အေသည် မင်းဘူးဌ်စည်းဝေးခဲ့ပြီးနောက် စင်ပြိုင်ကွန်ဖရင့်များပေါ် လာခဲ့လေသည်။

စင်ပြိုင်ဂျီ၊ စီ၊ ဘီ၊ အေ များ

၁၉၂၆ ခုနှစ်တွင် ဦးချစ်လိုင်၏ ဂျီ၊ စီ၊ ဘီ၊ အေ သည် မကွေးမြို့၌နှစ်လည်အစည်းအဝေးကျင်းပစဉ်၊ သရက်မြို့၌ဦးစိုးသိမ်းဂျီ၊စီ၊ဘီ၊ အေကလည်း နှစ်လည်အစည်းအဝေးကျင်းပခဲ့၏။ ဦးစိုးသိမ်းသည် မူရင်းဝံသာနု ဂျီ၊ စီ၊ ဘီ၊ အေတွင် ၁၂ ကြိမ်မြောက်နှစ်လည်အစည်းအဝေးမှသည် ၁၅ ကြိမ်မြောက်အထိဥက္ကဋ္ဌဖြစ်ခဲ့သည်။ ဦးစိုးသိမ်း၏နိုင်ငံရေးအယူအဆမှာ အစိုးရနှင့်လုံးဝမဆက်ဆံရေး၊ အာဏာဖီဆန်ရေး၊ အခွန်တော်မပေးရေး ဟူသောအယူအဆဖြစ်သည်။ ၁၂၉၁ ခုနှစ် (ခရစ် ၁၉၂၈ ခုနှစ်) တန်ခူးလတွင် တောင်ငူမြို့၌ကျင်းပသောကွန်ဖရင့်တွင် မြန်မာပြည်ကို အိန္ဒိယမှခွဲထုတ်ပါက အထက်ပါလမ်းစဉ်အတိုင်းဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထိုပြင်အပျော်တမ်းတပ်များဖွဲ့စည်းရန်ကိုလည်း ဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်တို့ကိုနိုင်ငံရေးဌ် အကြမ်းဖက်၍ ဆောင်ရွက်သည်ဟု ရဟန်းရှင်လူတို့ကယူဆကာ ထိုကွန်ဖရင့်ကို သပိတ်မှောက်ခဲ့ကြလေသည်။ သပိတ်မှောက်သူတို့သည် ဗဟို ဂျီ၊ စီ၊ ဘီ၊ အေ အမည်ဖြင့်ဂိုဏ်းခွဲ၍ စင်ပြိုင်အဖွဲ့တည်ထောင်ကြလေသည်။ တောင်ငူကွန်ဖရင့်တွင် နောင်သော အခါသာယာဝတီ ဂဠုန် ပုန်ကန်မှုကြီးကို ခေါင်းဆောင်မည့် ဆရာစံမှာ ဦးစိုးသိမ်းအဖွဲ့ဌ် အရေးပါသူတဦးပင်ဖြစ်၏။ အပျော်တမ်းတပ်များဖွဲ့စည်း ရန် တိုက်တွန်းသူလည်းဖြစ်၏။ ထိုဗဟို ဂျီ၊ စီ၊ ဘီ၊ အေ ဌ် ဦးစုသည် ဥက္ကဋ္ဌဖြစ်လာသည်။

ဂျီ၊ စီ၊ ဘီ၊ အေ၊ နှင့် ခဲ့ရေးတဲ့ရေး

၁၉၃၀ ပြည့်နှစ်၌ မြန်မာပြည်တွင် ဒိုင်အာခီအုပ်ချုပ်ရေးကိုဖျက်သိမ်း၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုပေးအပ်ရန်ဟူသော နိုင်ငံရေးလှုပ်ရှားမှုကြီးပေါ် လာခဲ့သည်။ ထိုအခါ ဆာ ဂျွန် ဆိုင်မွန် အမှူးပြုသဖြင့် ဆိုင်မွန်ကော်မရှင်ဟုတွင်သောအိန္ဒိယစတက်တျူထရီကော်မရှင်သည် မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထုတ်သင့်သည်ဟု အစီရင်ခံစာတင်သွင်းလေသည်။ ဤတွင်အိန္ဒိယနှင့်မြန်မာတွဲရေးခွဲရေးပြဿနာသည် ပေါ် ပေါက်လာခဲ့လေသည်။ ထိုပြဿနာသည် ၁၉၃၂ ခုနှစ် အထေထေရွေးကောက်ပွဲတွင် အခြေခံဝါဒတရပ်ဖြစ်လာခဲ့ရာ၊ ဦးချစ်လိုင်ဂျီ၊ စီ၊ ဘီ၊ အေ၊ ဦးစိုးသိမ်းဂျီ၊စီ၊ဘီ၊ အေနှင့် ဦးစုဂျီ၊စီ၊ဘီ၊ အေတို့သည် တွဲရေးဖက်မှအတိအလင်းဆောင်ရွက်ခဲ့သည်။ ၂၁ ဦးအဖွဲ့ကားခွဲရေး အတွက်ဆောင်ရွက်သည်။ တွဲရေးအတွက်ဆောင်ရွက်ရန် အဖွဲ့အစည်းတခုလိုအပ်သည်ဟုသဘောရရှိကြသော အခါ၊ တွဲရေး သမားတို့သည်၊ ဒေါက်တာဘမော်အား၊ ခေါင်းဆောင်အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ကြလေသည်။ များမကြာမီ ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေ ၏ ဩဝါဒစရိယဆရာတော်ဖြစ်သော သက်ပန်းဆရာတော်နှင့်ဒေါက်တာဘမော်တို့သဘောကွဲလွဲကြသည့်အခါ၊ မြေစိုဆရာတော်အား ဩဝါဒစရိယအရာဌ်တင်မြှောက်ကြလေသည်။ ထိုမြေစိုဆရာတော်၏ ဂျီ၊ စီ၊ ဘီ၊ အေတွင် ဗန္ဓလဦးစိန်သည်ဥက္ကဋ္ဌဖြစ်လာသည်။ မြေစိုဆရာတော်ပျံလွန်ပြောတော်မူသောအခါ ထိုဂျီ၊ စီ၊ ဘီ၊ အေ အသင်းကိုမင်္ဂလာဆရာတော်က ဩဝါဒစရိယအနေဖြင့် ဆောင်ရွက်လေရာ၊ မင်္ဂလာဂျီ၊ စီ၊ ဘီ၊ အေဟုခေါ် ကြပြန်သည်။ ထိုနောက်ဌ်ကားမင်္ဂလာဂျီ၊ စီ၊ ဘီ၊ အေသည် ဆင်းရဲသားဝံသာနုအဖွဲ့ချုပ်ဟူ၍ ပြောင်းလဲလာခဲ့ပြန်လေသည်။ မြန်မာပြည်အက်ဥပဒေ (၁၉၃၅) အရ မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထုတ်၍ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်းကိုပေးအပ်လိုက်သဖြင့် ၁၉၃၆ ခုနှစ်နိုဝင်ဘာလတွင် ရွေးကောက်ပွဲကျင်းပသည့်အခါ၊ ဂျီ၊ စီ၊ ဘီ၊ အေဟူသော အမည်သည်လုံးဝကွယ်ပျောက်သွားလေသည်။

ဂျိန်းဗားမြို့။ ။ဂျိန်းဗားမြို့သည် ဆစ်ဇာလန်နိုင်ငံဂျိန်းဗားရေအိုင်၏ အနောက်တောင်ထောင့် ရှုခင်းမြစ်ပေါ် ၌တည်ရှိ၍ နှစ်လိုစဖွယ်တင့်တယ်စိုပြည်သောမြို့ဖြစ်၏။ ဥရောပတိုက်အလယ်ဌာနတည်ရှိပြီးလျှင် လှပသောရှုမျော်ခင်းများနှင့် အေးချမ်းသာယာသောမြို့တမြို့ဖြစ်သည့်အတိုင်း နိုင်ငံခြားသားများသွားရောက်လည်ပတ်လေ့ရှိကြ၏။ ရှုခင်းမြစ်သည် ဂျိန်းဗားမြို့လယ်ကို ဖြတ်သန်းကာ စီးဆင်းသွား၏။ မြို့သည်လှပတင့်တယ်၍ သန့်ရှင်း၏။ ဂျိန်းဗားအိုင်ကြီး၏ ကမ်းပါးတလျှောက်တွင် ကျယ်ပြန့်သော လမ်းမကြီးများသည်ၜင်း၊ လမ်းနံဘေးတွင် လှပဖြူဖွေးသောကျောက်အိမ်များသည်ၜင်း၊ လှပစွာတည်ရှိကုန်၏။ နေဝင်ချိန်များ၌ အရှေ့တောင်ဖက်မိုင် ၄၀ ကွာတွင်ရှိသည့် ဆီးနှင်းများဖုံးအုပ်နေသော ဗလန်းတောင်ထိပ်သည် ဝင်လုဆဲသောနေရောင်တွင် ရှုမငြီးဖွယ်တင့်တယ်လှပလေသည်။ ဂျိန်းဗားရေအိုင်ကြီးမှာ ၄၅ မိုင်အလျားရှိ၍၊ ဆစ်ဇာလန်နိုင်ငံတွင် အကြီးဆုံးနှင့်အလှပဆုံးဖြစ်လေသည်။


ရောမအာဏာရှင် ဂျူးလီယပ်ဆီဇာ လက်ထက်မှစ၍၊ ဤမြို့တည်ထောင်ခဲ့ရာ၊ ဥရောပအလယ်ခေတ်ကုန်လုနီးနီးလောက်တွင် ဂျိန်းဗားမြို့သားများသည်သူတို့ကိုအုပ်စိုးနေသောခရစ်ယန်ဘုန်းကြီးနှင့် ဆတို့ငင်းဘုရင်ကိုတော်လှန်လိုက်ကြပြီးနောက် သမတနိုင်ငံတည်ထောင်ကြသည်။

၁၆၀၂ခုနှစ်တွင်လည်း အလစ်ဝင်၍တိုက်သောဆတို့ငင်းမင်းဆက်တပ်များကို တွန်းလှန်ပစ်လိုက်သည်။ ဘာသာရေးအပြောင်းအလဲခေတ်၌ ဂျိန်းဗားမြို့သည်ပရိုတက်စတန့်ဂိုဏ်းကိုထောက်ခံသောမြို့ဖြစ်၍၊ ပရိုတက်စတန့်ခေါင်းဆောင်ကြီး ကယ်လဗင်၏ ဌာနချုပ်ရှိသောနေရာဖြစ်၏။ နပိုလီယန်ဘုရင်စစ်ရှုံးပြီးနောက် ဂျိန်းဗားမြို့သည် ၁၈၁၅ ခုနှစ်တွင် ဆစ်ပြည်ထောင်စုနှင့်ပူးပေါင်းလိုက်လေသည်။


ပြင်သစ်တော်လှန်ရေးစာရေးဆရာကြီး ရူးဆိုးမွေးဖွားရာဒေသ ဖြစ်သည့်ပြင်၊ ပြင်သစ်ပညာရှိ ကြီးဗော်လတဲယားလည်း ဤမြို့တွင်အတော် ကြာနေထိုင်ခဲ့ဘူး၏။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက နိုင်ငံပေါင်းချုပ်အသင်းကြီး၏ဗဟို ဌာနချုပ်တည်ရှိရာဖြစ်၍၊ အခြားကမ္ဘာလုံးဆိုင်ရာတိုင်းပြည်အချင်းချင်း ဖွစည်းထားသော အစည်းအရုံးများ၏ ဌာနချုပ်များလည်းရှိ၏။ ကမ္ဘာလုံးဆိုင်ရာကွန်ဖရင့်ကြီးများကိုလည်း ဂျိန်းဗားမြို့တွင်မကြာခဏကျင်းပခဲ့ကြလေသည်။

လူဦးရေမှာ ၁၉၅၀ပြည့်နှစ်ဒီဇင်ဘာလ ၁ရက်သန်ကောင်စာရင်းအရ ၂၀၂,၉၁၈ ရှိ၏။ ပြင်သစ်နှင့်နီးစပ်သဖြင့်ဘာသာစကားနှင့်ဓလေ့ထုံးစံမှာ ပြင်သစ်နိုင်ငံနှင့်ထပ်တူထပ်မျှဖြစ်လေသည်။ တိုင်းပြည်ထွက်ကုန်ပစ္စည်းမှာ နာရီများ၊ လောကဓာတ်ပညာဖက်ဆိုင်ရာ ကရိယာများ၊ ခွဲစိတ်သည့်ကရိယာတန်ဆာပလာ၊ အပေါစားစက်ကလေးများနှင့် အစားအစာများဖြစ်လေသည်။

ဂျိန်းအာမြို့။ ။ဂျိန်းအာမြို့သည် ဂျာတလိနိုင်ငံ၏အနောက်မြောက်ပိုင်း ဂျိန်းအာပင်လယ်ကွေ့၏ကမ်းခြေအလယ်ဗဟို တွင်တည်ရှိ၏။ မြေထဲပင်လယ်ကမ်းခြေပေါ် ၌ အကြီးဆုံးဆိပ်ကမ်းမြို့ကြီးတမြို့ဖြစ်သည်။ ဂျာတလိနိုင်ငံမြောက်ပိုင်း



သမ်ရပ်တင့်တယ်သောဂျိန်းဗားမြို့၏ရှုခင်း



ကွတလိုင်ဝင်ကူးသန်းရောင်းဝယ်ရေးတွင်အချက်အခြာဖြစ်သောကျိုင်းအာမြို့၏သဘော်ဆိပ်

သို့သွားရာ တံခါးမကြီးလည်းဖြစ်၏။ ကွတလိုင်ဝင်လုံးမှ ထွက်သော ကုန်ပစ္စည်းတို့၏ ငါးပုံတပုံခန့်မျှကို ထိုသဘော်ဆိပ်မြို့ကြီးမှတဆင့် တင်ပို့ရလေသည်။ အနီးဆုံးဖြစ်သော မာဆေး မြို့ကြီးလောက် သဘော်အဝင်အထွက် မများလှသော်လည်း ထိုမာဆေးဆိပ်ကမ်းမြို့ကြီးထက်ပင်၊ ကုန်တင်ကုန်ချပို့မှု၌ များပြား၏။ သဘော်ကျင်းကြီးများနှင့်ကုန်ပစ္စည်းသိုလှောင်ရန် ကုန်ရုံကြီးများကိုလည်းတနေ့ထက်တနေ့တိုးခွဲဆောက်လုပ်ထား၏။ ထိုဆိပ်ကမ်းမှကွတလိုင်ဝင်သို့ ဝင်ကုန်များမှာ၊ ဂျုံ၊ ပြောင်း၊ ဝါဂွမ်း၊ ဓာတ်ဆီ၊ ကျောက်မီးသွေး၊ ဖေဘုဖိတ်၊ သံနှင့် သံမဏိတို့ဖြစ်သည်။ ထွက်ကုန်များမှာမူကား ပိုးထည်၊ သံလွင်ဆီ၊ ဆပ်ပြာ၊ စက္ကူ၊ ဝိုင်အရက်နှင့် စက္ပျင်ကျောက်များပင်တည်း။

ဤမြို့ကြီးသည် ကွတလိုင်ဝင်၏လေကြောင်းနှင့်မီးရထားလမ်းဗဟိုဌာနဖြစ်သည်။ ရှေးအခါကကျိုင်းအာမြို့သူမြို့သားများသည် ပင်လယ်၌စွန့်စားသွားလာကြ၍ ကျိုင်းအာမြို့မှပင် နာမည်ကျော် သဘော်သားကြီး ခရစ္စတိုဖာကိုလံဗပ် ထွန်းကားခဲ့လေသည်။ (ကိုလံဗပ်, စီ — ရှု။)


ကျိုင်းအာမြို့သည် ရှေးအခါက လောင်းဗတ်နှင့် ဖရန့်တို့လက်ထဲသို့ကျရောက်၍၊ ရှားလမိန်းဘုရင်ကြီး၏နိုင်ငံတော်ကြီးပျက်စီးသွားသောအခါ၊ လွတ်လပ်သောမြို့တမြို့ဖြစ်လာသည်။ မှူးမတ် သေနာပတိ လူနည်းစုတို့နှင့်၊ ဒီမိုကရေစီဝါဒသမားများသည်၊ အမြဲပဋိပက္ခဖြစ်ခဲ့ရာ တလှည့်စီအုပ်စိုးခဲ့ကြ၍ ၁၆ ထုစ္ဆဋ္ဌလူနည်းစုဝါဒလွှမ်းမိုးသွားသည်။ ထို နောက်၌ကား ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိခဲ့ရာမှ ဆာဒင်းနီးယားနှင့် ဗီးဒမွန့်နယ် ဘုရင်များ၏ လက်အောက် သို့ရောက် ကျိုတရောတား မြို့ကား ခံတပ်မြို့ဖြစ် သည်။ အာဖရိကတိုက်၏မြောက်ဖက်ဖျား နှင့် ဥရောပတိုက်ရှိစပိန်နိုင်ငံတောင်ဖျားမှာ ၁၂ မိုင်ခန့်သာကွာဝေးလျက် ကျိုတရောတားကျောက်စွန်းကြီးသည် မြေထဲပင်လယ်ရေပြင်ထဲသို့မြင့်မြင်မားမားထိုးထွက်လျက်ရှိရာ မြေထဲပင်လယ်နှင့်တကွဆူအက်တူးမြောင်းကို ဖြတ်၍ အရှေ့ဖျားသို့သွားရာရေစဉ်းကြောင်းကို စောင့်ရှောက်ကာကွယ်သောခံတပ်ဖြစ်သည်။

ကျိုတရောတားမြို့မှာ အနောက်မြောက် ထောင့်တွင် တည်ရှိ၍ စစ်တပ်အပြင် လူဦးရေအရပ်သား ၁၇,၀၀၀ ခန့်ရှိ၏။ ကျောက်ဆောင်၏မြောက်ဖက်ဆုံးတွင် ဗြိတိသျှနယ်နှင့်စပိန်နယ်ကိုခြားထားသော ကြားနယ်မြေလွတ်ရှိလေသည်။

ခရစ် ၇၁၁ ခုနှစ်က မွတ်စလင်စစ်ဗိုလ် ချုပ်တဦးသည် ရေလက်ကြားကိုဖြတ်၍၊ ကျိုတရောတားကို သိမ်းယူခဲ့ရာ ထိုကျောက်တောင်ကုန်းကို 'ဂျဗယ်အယ်တာရစ်' ၏ကျောက်တောင်ကုန်းဟု စစ်ဗိုလ်၏အမည်ကိုအစွဲပြု၍ ပေးခဲ့ရာမှ ကျိုတရောတားဟုခေါ်တွင်လာသည်။ ထိုသူသည်ထိုနေရာ၌ပင် ခံတပ်တည်ဆောက်ခဲ့၏။ ၁၇၀၄ ခုနှစ်တွင် ကျိုတရောတားကို ဗြိတိသျှတို့က စပိန်တို့ထံမှသိမ်းယူပြီး ခံတပ်အခိုင်အခဲ့ပြုလုပ်ထားသည်။ သို့ဖြစ်၍ ၁၇၂၉–၁၇၃၃ ခုနှစ်များအတွင်း ပြင်သစ်နှင့် စပိန်တို့ပူးပေါင်းလုပ်ကြံသော်လည်း မရခဲ့ချေ။ ခံတပ်မှပစ်ခတ်သော အမြောက်ကြီးများကြောင့် ရန်သူသဘော်များသဲမီးလောင်ပျက်စီးသွားကြရလေသည်။ ခံတပ်မှာဖောက်ခဲ့၍မရသောကျောက်သားပကတိဖြစ်၍ အထူးခိုင်ခံပြီးလျှင်ဖြိုခွင်းရန်ခဲယဉ်းလှလေသည်။ သဘော်ဆိပ်မှာ သဘော်ကြီးများပင် ဆိုက်ကပ်နိုင်၍ ကုန်

သဘော်ဝများကိုကျောက်မီးသွေးဖြည့်တင်းထုစခန်း လည်းဖြစ်၏။ မြေထဲပင်လယ်၏တံခါးဝတွင် ခန့်ညားထည်ဝါစွာတည်ရှိသဖြင့် ဗြိတိသျှတို့အတွက်အရေးကြီးသော ချက်ကောင်းရေတပ်စခန်းတခုဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရန်သူဂျာမန်သြစ္ထြီခံ ဗီရှီ ပြင်သစ် အစိုးရနှင့် ဂ်ီတလီတို့ကတိုက်ခိုက်သော်လည်းမအောင်မြင်ခဲ့ချေ။

ဂရိတို့သည် ထိုဂျီဗရောတားကျောက်တောင်စွန်းနှင့်အာဖရိကတိုက်ဖက်ရှိအင်္ဂစွန်းတို့ကို ကမ္ဘာကြီး၏အနောက်ဖက်တံခါးဝများဟုပင် ရှေးအခါကမှတ်ယူခဲ့ကြဘူးသည်။



ဗြိတိသျှတို့၏ရေတပ်စခန်းနှင့်ခံတပ်မြို့ဖြစ်သောဂျီဗရောတား

ဂျီရေးနီးယမ်း။ ။ဂျီရေးနီးယမ်းခေါ်ကျောက်ပန်းပင်မှာ ဒန်းပင်အပါအဝင်ဖြစ်သော ဂျီရေးနီးယေးစီးမျိုးရင်းတွင်ပါဝင်၏။ သို့သော်ကျောက်ပန်းပင်တွင် အတုနှင့်အစစ်ဟူ၍ ၂ မျိုးရှိပြန်သည်။ ကျောက်ပန်းပင်ဟုခေါ်ဆိုနေကြသည့် အနီ၊အဖြူနှင့်ပန်းရောင် အရောင် ၃ မျိုးရှိသော ခြံစိုက်ပန်းမွှေးပင်များမှာ အမှန်အားဖြင့် ကျောက်ပန်းပင်အတုမျိုးသာဖြစ်လေသည်။

ကျောက်ပန်းပင် အစစ်မှာ အပင်ရိုင်းသာဖြစ်၍ မရန်းရောင်သို့မဟုတ် ပန်းရောင်ပွင့်များ ပွင့်လေ့ရှိ၏။ ထိုအပင်၏သီးတောင့်ပုံကိုကြည့်၍ အင်္ဂလန်ပြည်တွင်ထိုအပင်ကိုကရိန်းဗီ (ကြိုးကြာနွယ်သီး) ပင်ဟူ၍ခေါ်ကြသည်။ ယင်းတို့မှာ အထူးသဖြင့် လောင်းရိပ်ရသောနေရာများတွင်ပေါက်လေ့ရှိသည်။ သီးတောင့်များတွင် မွေးနုကလေးများကိုတွေ့နိုင်သည်။ အလှအပဆုံးအမျိုးမှာ ပန်းပြာပွင့်သောအမျိုးဖြစ်၍ လမ်းဘေးများတွင်ပေါက်လေ့ရှိသည်။ အခြားတမျိုးမှာစိုစွတ်သောသစ်တောများနှင့် အုတ်တံတိုင်းပျက်ကြီးများပေါ် တွင်ပေါက်ကြ၍၊ ယင်းတို့၏အပွင့်ကလေးများမှာ မရန်းပြာနုရောင်ပေါ် တွင် အနီစင်းများရောလျက်ရှိ၏။ ခြောက်သွေ့သော သဲမြေများ တွင် ပေါက်လေ့ရှိ၍ ကျောက်ပန်းပင် အနွယ်ဝင် အခြားပန်းပင်တမျိုးလည်း ရှိသေးသည်။ ယင်းကိုစတော့ဗီ (ငှက်ကျားနှုတ်သီး) ပင်ဟုခေါ် သည်။

ဥည့်ခန်းများတွင် ပန်းအိုးများ၌အလှစိုက်ပျိုးထားလေ့ရှိသော ကျောက်ပန်းပင်မျိုးမှာ ကျောက်ပန်းပင် ဟူ၍ခေါ် ရငြားသော်လည်း အထက်တွင်ရေးခဲ့သည့်အတိုင်း အတုမျိုးသာဖြစ်သည်။ ထိုအပင်သည် အမှန်အားဖြင့် ပယ်လာဂိုးနီးယမ်းဟုခေါ် သောပန်းပင်တမျိုးဖြစ်သည်။ သို့ရာတွင်ဂျီရေးနီးယေးစီး မျိုးရင်းမှာပင် ပါဝင်လျက် ကျောက်ပန်းပင်နှင့် အသွင်ချင်းသာကွာခြားသည်။ ပန်း၏အရောင်မှာဆွတ်ဆွတ်ဖြူမှ ပန်းရောင်နှင့်ကြက်သွေးရောင်အထိ အရောင်မျိုးစုံသည်။ အရွက်များမှာလည်းအဝါရောင် အဖြူရောင်စသည်ဖြင့်ကွဲပြားကြသည်။ ထိုပန်းပင်မျိုးကိုအထူးသဖြင့် အိမ်ပြတင်းပေါက်ဝများတွင်အလှစိုက်ပျိုးကြ၍၊ စားပွဲတင်ပန်းအိုး စသည်များ ဖြင့် လည်း အလှ အပစိုက် ပျိုးလေ့ရှိကြသည်ကို တွေ့ရှိရလေသည်။



ဂျီရေးနီးယမ်းခေါ် ကျောက်ပန်းပင်

ရှေးဂရိတို့၏မြေကိုတိုင်းတာသောပညာ

ဂျီသြမေတြီပညာကို ကျောင်းသားအများပင် လေ့လာသင်ကြားကြရပေသည်။ သခ်ၤာဘာသာတွင် အလွန်အရေးပါသောပညာတရပ်ဖြစ်၏။ မြေတိုင်းရာမှစ၍ ဤပညာမှာ တဆင့်တဆင့်ဖွံ့ဖြိုးလာခဲ့သည်။ ထိုပညာကိုစံနစ်တကျဖြစ်အောင်လေ့လာစီစဉ်ခဲ့သူ ရှေးဂရိပညာရှိကြီး ယူကလစ်ကိုအစွဲပြု၍၊ ရှေးကထိုပညာကို ယူကလစ်ဟူ၍ပင် ကျွန်ုပ်တို့ခေါ်ဝေါ်ခဲ့ကြသေးသည်။


ဂျီသြမေတြီ။ ။ဂျီသြမေတြီဟူသောဝေါဟာရသည် ဂရိဘာသာစကားမှ ဆင်းသက်လာ၍ မြေကိုတိုင်းသည်ဟု အဓိပ္ပါယ်ရ၏။ ဂျီသြမေတြီသည်ရှေးဂရိလူမျိုးတို့အဖို့ မြေကြီးတိုင်းတာသောပညာရပ် ဖြစ်ခဲ့သော်လည်း ယခုအခါ ဂျီသြမေတြီ၏အဓိပ္ပါယ်မှာပိုမိုကျယ်ပြန့်၍လာသည်။

ဂျီသြမေတြီသည် အလွန်ရှေးကျသောကာလမှစ၍ တည်မြဲလာသည့်ပညာရပ်တခုဖြစ်သည်။ ထိုပညာကိုရှေးခေတ် အီဂျစ်လူမျိုးတို့ စတင်အသုံးပြုခဲ့ကြဟန် တူသည်။ အီဂျစ်ပြည်တွင်နိုင်းမြစ်ရေလျှံမှုကြောင့် မြေယာနယ်နိမိတ်များကို မကြာခဏပြန်လည်တိုင်းတာခဲ့ကြရသည်။ ထိုသို့တိုင်းတာရာတွင်ထောင့်များကိုရေးဆွဲ၍ တိုင်းတာခဲ့ကြသည်။ ဧရိယာများကိုတွက်ချက်၍လည်း၊ တိုင်းတာခဲ့ကြသည်။ ပိရမစ်ခေါ် ကမ္ဘာကျော် အဆောက်အအုံကြီးများကို ဆောက်လုပ်ရာတွင်၊ အီဂျစ်လူမျိုးတို့သည် ဂျီသြမေတြီဥဒ်ထင်ရှားသောစည်းမျဉ်းများကို ထိရောက်စွာအသုံးပြုခဲ့ကြသည်။


အီဂျစ်လူမျိုးတို့ အသုံးပြုခဲ့သောဂျီသြမေတြီဥဒ် စည်းမျဉ်းညဟဒေအနည်းငယ်မျှပါရှိသည်။ ထိုစည်းမျဉ်းများဖြင့်သူတို့သည်ဂျီသြမေတြီပုံအမျိုးမျိုးတို့၏ဧရိယာများကိုတိုင်း တာခဲ့ကြသည်။ အထူးသဖြင့်ထောင့်မှန်များကို စံနစ်တကျတိုင်းတာဆောက်လုပ်ခဲ့ကြသည်။ ဂရိလူမျိုးတို့သည်ဂျီသြမေတြီတိုင်းတာနည်းများကို သိပ္ပံပညာရပ်အခြေသို့ရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည်။


ရှေးဂရိပညာရှိတို့တွင်ယူကလစ်သည်ဂျီသြမေတြီပညာကို စံနစ်တကျဖြစ်အောင် လေ့လာစီစဉ်ခဲ့သော သူ ဖြစ် သည်။ ယူကလစ်ရေးသားခဲ့သောစာအုပ် ၁၃ အုပ်အနက် ပဌမ ၆ အုပ်နှင့်နောက်ဆုံး ၃ အုပ်တွင် ပလိန်း ဂျီသြမေတြီနှင့် ဆောလစ်ဂျီသြမေတြီ အကြောင်းအရာများပါရှိလေသည်။ ပလိန်းဂျီသြမေတြီဆိုသည်မှာ မျက်နှာပြင်ညီတခုတည်း၌ရှိသော ပုံများနှင့်စပ်လျဉ်း၍ လေ့လာရသောဂျီသြမေတြီကို ဆိုသည်။ ထိုပုံများသည်စတုရန်း၊ တြိဂံ၊ စက်ဝိုင်း၊ အနားပြိုင်စတုဂံစသည့် အလျားနှင့်အနံသာရှိသောပုံများဖြစ်ကြသည်။ ဆောလစ်ဂျီသြမေတြီဆိုသည်မှာ ထုပုံများနှင့်စပ်လျဉ်း၍ လေ့လာရသောဂျီသြမေတြီကိုဆိုသည်။ ထုပုံများသည် ကု ဗတုံး၊ ဆလင်ဒါ၊ စက်ဝိုင်းလုံး၊ အဝိုင်းထုခွန်စသည့် အလျား၊ အနံ၊ အမြင့်ရှိသော ထုပုံများဖြစ်ကြသည်။ ယခုအခါ ယူကလစ် ဂျီသြမေတြီပညာရပ်များကို ခေတ်နှင့်လျော်အောင်ပြုပြင်၍ ကျောင်းများ၌သင်ကြားကြ၏။


ဂျီသြမေတြီသင်ကြားရာတွင် ထောင့်များကိုနှိုင်းလည်ရန်မှာ များစွာပင် အရေးကြီးပေသည်။ အကြောင်းမှာ မူကွန်ပ်တူသည်ထောင့်များကို နေ့ရာတကာတွင်တွေ့ရသောကြောင့်ဖြစ်ပေသည်။ စာအုပ်ခွင်၊ အရပ်ကားခွင်၊ အခန်းခွင်၊ လမ်းဆုံများခွင် ထောင့်များရှိကြသည်။ ထောင့်မှန်သည် ကွန်ပ်တူအတွေ့အကြုံအများဆုံးသောထောင့်မျိုးဖြစ်၏။ မျဉ်းဖြောင့်နှစ်ကြောင်းသည် အမှတ်တခုတွင် တွေ့ဆုံဖြတ်သန်းကြသောအခါ ထောင့်များဖြစ်ပေါ်လာသည်။ ထောင့်မှန် အပြင်အခြားထောင့်များလည်းရှိသေးသည်။ မြို့တမြို့၏မြေပုံကိုကြည့်လျှင်၊လမ်းများသည်ထောင့်အမျိုးမျိုးဖြစ်အောင် တခုနှင့်တခုဖြတ်နေကြသည်ကိုတွေ့ရပေလိမ့်မည်။





ထောင့်ဆောင် မျဉ်းဖြောင့်များကိုထောင့်လက်တံများဟုခေါ်သည်။ မျဉ်းကြောင်းတဆုံသောနေရာသည်ထောင့်၏ထိပ်ဖြစ်သည်။ ပုံတွင် က ဝ နှင့် ခ ဝ တို့သည် ဝ ၌ တွေ့ဆုံကြသဖြင့် က ဝ နှင့် ခ ဝ တို့သည် လက်တံများဖြစ်ကြ၍၊ ဝ သည် ထိပ်ဖြစ်သည်။ ထောင့်တခုကို ဖော်ပြလိုသော အခါ က ဝ ခ ထောင့်ဟူ၍ အက္ခရာသုံးလုံးဖြင့်ဖော်ပြလေ့ရှိသည်။ ထောင့်ကိုတဖန် ∠ ဟူသော အမှတ်အသားဖြင့် ဖော် ပြ လေ့ ရှိ ရာ ပုံတွင်ပြထားသော ထောင့်ကို၊ ∠ က၀ခ (က၀ခ) သို့မဟုတ်အက္ခရာတလုံးတည်းဖြင့် ∠ဝ (∠ဝ) ဟုရေးသားဖော်ပြလေ့ရှိကြသည်။ သိပ္ပံအလိုအားဖြင့် မျက်နှာပြင်တခုပေါ်တွင် မျဉ်းတကြောင်းသည် အခြားတည်မြဲသောမျဉ်းတကြောင်းမှ တည်မြဲသော အမှတ်တခုကိုအစွဲပြု၍ လှည့်ပတ်သွားသော အခါထောင့်များဖြစ်လာကြသည်။ အောက်ပါစက်ဝိုင်းပုံတွင် မြားပြထားသော လက်တံသည် မျက်နှာပြင်ပေါ်ရှိတည်မြဲသော မျဉ်းမှစ၍ တည်မြဲသော အမှတ်ကို လှည့်ပတ်သွားနေသည်။ လက်တံရပ်နေသော အခါလက်တံနှင့်မျဉ်းတို့သည် ပုံတွင်ပြထားသည့် အတိုင်း ထောင့်မှန် ကျလျက်ရှိသည်။ ထောင့်












မှန်စတုဂံပုံတွင် ဤထောင့်မျိုးရှိသည်။ ထောင့်များတွင်လကျဉ်လှည့်ထောင့်နှင့် လက်ဝဲလှည့်ထောင့်ဟု ၂ မျိုးရှိသည်။ သို့ထုတွင် ဤနေရာ၌ လက်ဝဲလှည့်ထောင့်များကိုသာစဉ်းစားမည်။

ထောင့်များကိုကြည့်ရုစစ်ဆေးသောအခါ ကျွန်ုပ်တို့သည်ပဌမပုံတွင် လက်တံနှင့်မျဉ်းမြဲတို့ ဆောင်သောထောင့်ငယ်တမျိုးကိုတွေ့ကြရ၏။ ဤထောင့်မျိုးကို ထောင့်မှန်ထက်ငယ်သောကြောင့် ထောင့်ကျဉ်းဟုခေါ်သည်။ ဒုတိယပုံတွင် မျဉ်းမြဲနှင့် လက်တံတို့၏ အကြား ရှိထောင့်သည် ထောင့်မှန်တခုထက်ကြီးသော်လည်း ထောင့်မှန် ၂ ခုထက်ငယ်သည်၊ ဤထောင့်မျိုးကို ထောင့်ကျယ်ဟုခေါ်သည်။ မျဉ်းမြဲနှင့်လက်တံတို့သည် တတိယပုံတွင် ဖြောင့်တန်းလျက်ရှိကြလေသည်။ လက်တံ ၂ ခုတို့တဖြောင့်တည်းနေသောကြောင့် ဤထောင့်မျိုးကို ထောင့်ဖြောင့်ဟုခေါ်သည်။ စတုတ္ထပုံတွင် လက်တံသည် မူလနေရာဖက်သို့ပြန်သွားသဖြင့် ဤထောင့်မျိုးကို ထောင့်ပြန်ဟုခေါ်သည်။ ဤထောင့်မျိုးသည် ထောင့်မှန် ၂ ခုထက်ကြီး၏။ သိသော်ထောင့်မှန် ၄ ခုထက်ငယ်သည်။ ပဉ္စမပုံတွင်လက်တံသည် တပတ်တိတိလည်ပြီးဖြစ်သည်။ ဤသို့တပတ်လည်၍ ဖြစ်လာသောထောင့်ကို တပတ်လည်ထောင့်ဟုခေါ်သည်။။

ရှေးခေတ်လူတို့သည် နက္ခတ်တာရာများလှည့်ပတ်ခြင်းကို လေ့လာခဲ့စဉ်က တပတ်လည်ထောင့်၌ ၃၆၀° ဒီဂရီရှိသည်ဟုတန်ဖိုးထားခဲ့ကြသည်။ ထိုအခါမှ အစပြု၍ ယခုတိုင်အောင် ဤတန်ဖိုးသည်တည်မြဲလျက်ရှိသည်။ တပတ်လည်ထောင့်တဝက်၌ ၁၈၀° ရှိသောကြောင့် တပတ်ဝက် ရှိသောထောင့် သို့မဟုတ် ထောင့်ဖြောင့်တွင် ဒီဂရီ ၁၈၀° ရှိ၍၊ တပတ်၏လေးစိတ်တစိတ်သို့မဟုတ်ထောင့်မှန်တွင် ဒီဂရီ ၉၀° ရှိသည်။ တဖန် ၁ ဒီဂရီ ကိုမိနစ် ၆၀၊ ၁ မိနစ်ကိုစက္ကန့် ၆၀ ဟူ၍ ခွဲစိတ်ထားကြပြန်သဖြင့် ကျွန်ုပ်တို့သည် မည်သည့်ထောင့်မျိုးကိုမဆို အလွယ်တကူတိကျမှန်ကန်စွာတိုင်းတာနိုင်ပေသည်။

ထောင့်တိုင်းနည်း

ထောင့်များကိုတိုင်းရာ၌ ထောင့်တိုင်းကရိယာ (အင်္ဂလိပ်လို ပရိုထရက်တာ) ကို အသုံးပြုကြရသည်။ ပုံတွင် ပါသည့် က၀ခ ကိုတိုင်းလိုလျှင် က၀ခ တွင် ၀က လက်တံသည်နေရာမြဲသော ၀အ မျဉ်းမှတည်မြဲသော ၀ အမှတ်ကို ပတ်၍လှည့်သွားရာ ၀ခ နေရာသို့ရောက်သွားသည်ဟုယူဆပါ။ ဤသို့ယူဆလျှင် ၀က ကိုအစမျဉ်းဟုခေါ်၍ ၀ခ ကိုအဆုံးမျဉ်းဟုခေါ်ပါ။ အထက်ပါထောင့်ကိုတိုင်းလိုသောအခါ က၀ ကို ဂ အထိဆက်ဆွဲ၍ပရိုထရက်တာ၏ဗဟိုကို ထောင့်ထိပ်ပေါ်တွင် တည့်တည့်ကျနေအောင် တင်ထားပါ။ ထိုနောက်ပရိုထရက်တာ၏အနားကို က၀ မျဉ်းနှင့်တထပ်တည်းဖြစ်နေအောင်ရွှေ့ပေးပါ။ ထိုအခါအဆုံးမျဉ်းသည်ပရိုထရက်တာ၏စကေးကို မည်သည့်နေရာ၌ဖြတ်သန်းသည်ကိုကြည့်ပါ။ ဖြတ်သန်းသောနေရာတွင်ရေးမှတ်ထားသောဒီဂရီသည် က၀ခ ထောင့် မည်မျကျယ်သည်ကို ပြပေလိမ့်မည်။ က၀ဂ ထောင့်သည် ၁၃၀° ဒီဂရီ ကျယ်သည်။ အကယ်၍ က၀ခ ထောင့်သည် ၄၀° ဒီဂရီ ဖြစ်လျှင်




ထောင့်တိုင်းကရိယာ၊ ပရိုထရက်တာ

∠ခ၀ဂ = ∠က၀ဂ − ∠က၀ခ = ၁၃၀° − ၄၀° = ၁၄၀°

ဖြစ်၏။ ထိုကြောင့်ပရိုထရက်တာတွင် ၄၀° မှတ်ထားသောနေရာ၌ ၁၄၀° မှတ်ထား သည်ကိုလည်းတွေ့ရပေမည်။


တြိဂံဆိုသည်မှာ မျဉ်းဖြောင့် သုံးကြောင်းတို့ကလုံခြုံအောင်ဝန်းရံထားသောမျက်နှာပြင်ညီပုံဖြစ်သည်။ မျဉ်းတံ၊ ကွန်ပါ၊ ပရိုထရက်တာခေါ် ထောင့်တိုင်းကရိယာကို အသုံးပြု၍ ကျွန်ုပ်တို့သည်အောက်ပါတြိဂံများကိုရေးဆွဲနိုင်သည်။

ဂျီသြမေတြီ




ထောင့်မှန်တြိဂံ သုံးနှားညီတြိဂံ နှစ်နှားညီတြိဂံ အနှားမညီတြိဂံ ထောင့်ကျဉ်းတြိဂံ ထောင့်ကျယ်တြိဂံ

တြိဂံများကိုအမျိုးအစားခွဲခြားရာ၌အနှားကိုအကြောင်းပြု၍ သုံးနှားညီတြိဂံ (တြိရန်း)၊ နှစ်နှားညီတြိဂံ၊ အနှားမညီတြိဂံ ဟုခေါ်ဝေါ်ကြသည်။ အနှားမညီသောတြိဂံကို အင်္ဂလိပ်လို စကေလင်းတြိဂံ ဟုခေါ်သည်။ ထောင့်တခုကို အကြောင်းပြု၍လည်း ထောင့်မှန်တြိဂံ၊ ထောင့်ကျဉ်းတြိဂံ၊ ထောင့်ကျယ်တြိဂံ ဟုခေါ်ကြ၏။ အကယ်၍ ဝက မျဉ်းကို ဝ အမှတ်တွင် စဲ့မြဲစွာ ထား၍ တပတ် အပြည့်လှည့်ပေးလျှင် ဝက တွင်သတ်မှတ်ထားသည့် ပ အမှတ်တခုသည် မျဉ်းကောက်တခုကို ထင်ပေါ်လာစေလိမ့်မည်။ ထို မျဉ်းကောက်ကိုစက်ဝိုင်းဟုခေါ်သည်။



ထိုကြောင့်စက်ဝိုင်းသည် ပိတ်နေသော မျဉ်းကောက်၏ ပုံဖြစ်၍ ထိုမျဉ်းကောက်ပေါ်ရှိအမှတ်အားလုံးတို့သည် မျက်နှာပြင် တခုတည်းပေါ်၌တည်ရှိလျက် မျဉ်းကောက်အတွင်းရှိတည် မြဲသောအမှတ် တခုမှ အကွာအဝေးတူညီကြ၏။


စက်ဝိုင်းဆွဲရန်ကွန်ပါခေါ် ကရိယာကိုအသုံးပြုကြရသည်။ ကွန်ပါ၏ခြေ ၂ ချောင်းကိုအနည်းငယ်ကားထား၍ စက္ကူတရွက်ပေါ်ရှိ ဝ အမှတ်တွင်ခြေတချောင်းကိုတည်မြဲအောင် (ရွေ့မသွားအောင်) ထောက်ထားပါ။ ထိုနောက်ခဲတံပါသောခြေကို လှည့်လိုက်လျှင် စက်ဝိုင်းတခု ရရှိလာမည်။




ဤစက်ဝိုင်းတွင် ဝ အမှတ်ကို ဗဟိုဟုခေါ်၍ စက်ဝိုင်း၏နယ်နိမိတ်ဖြစ်သောမျဉ်းကောက်ကို စက်ဝန်းဟုခေါ်သည်။

ဗဟိုနှင့် စက်ဝန်းပေါ်ရှိ အမှတ်တခုခုကို ဆက်ထားသည့် ဝက ခေါ်မျဉ်းကို ချင်းဝက်ဟုခေါ်သည်။ ခဝဂ မျဉ်းကဲ့သို့ဗဟိုချက်ကိုဖြတ်၍စက်ဝန်းပေါ်တွင် အဆုံးသတ်သော မျဉ်းကို အချင်းဟုခေါ်သည်။ အချင်းသည်စက်ဝိုင်းကိုနှစ်ခြမ်းအညီအမျှပိုင်းသည်။ စက်ဝိုင်းတခြမ်းစီကို စက်ဝိုင်းခြမ်းဟုခေါ်သည်။ စက်ဝန်းပိုင်းသည်စက်ဝန်း၏အစိတ်အပိုင်းတခုဖြစ်သည်။ ချင်းဝက်နှစ်ခုကြားရှိ စက်ဝိုင်း၏ အစိတ်အပိုင်းကို စက်ဝိုင်းစိတ်ဟုခေါ်သည်။ စက်ဝန်းပိုင်းကိုဂျီသြမေတြီတွင် အတိုကောက်နည်းဖြင့် ∩ ဟူ၍ ရေးသားလေ့ရှိကြသည်။ ∩ က ခ ၏ အဓိပ္ပါယ်မှာစက်ဝန်းပိုင်း က ခ ဖြစ်၏။ စက်ဝိုင်းတိုင်းဥစက်ဝိုင်းနှင့်အချင်း၏အချိုးသည် တသမတ်တည်းရှိ၍ထိုအချိုးကို ပိုင် (π) ဟူသော ဂရိ အမှတ်အသားဖြင့် ရေးသားဖော်ပြလေ့ရှိသည်။ π ၏တန်ဖိုးမှာ ၃.၁၄၁၆ ခန့်ဖြစ်သည်။ စက်ဝိုင်းတခုတွင်စက်ဝန်း၏အရှည်သည် 2πr နှင့် ညီမျှသည်ဟူသောပုံသေတွက်နည်းဖြင့်၎င်း၊ ဧရိယာသည် πr² နှင့်ညီမျှသည် ဟူသောပုံသေတွက်နည်းဖြင့်၎င်း၊ တွက်ချက်သိရှိနိုင်သည်။ (r သည်စက်ပိုင်း၏ ချင်းဝက်ဖြစ်၏။)


ဖြတ်မျဉ်းကြောင့်ဖြစ်ပေါ်လာသော ထောင့်များ။ မျဉ်းကြောင်းကိုဖြစ်စေ၊ ထိုထက်များသော မျဉ်းတို့ကိုဖြစ်စေ၊ ဖြတ်သွားသော မျဉ်းဖြောင့်ကို ဖြတ်မျဉ်းဟုခေါ်သည်။ ပုံတွင် လအသည် ပဖ နှင့် ဗမ မျဉ်းနှစ်ကြောင်းကိုဖြတ်သွားသည့် ဖြတ်မျဉ်းတကြောင်းဖြစ်သည်။ ပဖ နှင့် ဗမ တို့အပြင်ဖက်တွင် ကျရောက်နေသည့် က၊ ဂ၊ ဓ၊ ခ ထောင့်များကို အပြင်ထောင့်များဟုခေါ်၍ အတွင်းဖက်တွင်ကျရောက်နေသည့် ကိ၊ ကု၊ ခါ၊ ခဲ ထောင့်များကို အတွင်းထောင့်များဟုခေါ်သည်။ ဖြတ်မျဉ်း၏တဖက်တည်းရှိအပြင်ထောင့် ကဲ နှင့်အတွင်းထောင့် ခဲ ကိုသက်ဆိုင်ရာထောင့်များဟုခေါ်သည်။ အခြားသက်ဆိုင်ရာထောင့်များမှာ ကာ နှင့် ခါ၊ ခိ နှင့် ကိ၊ ခု နှင့် ကု တို့ဖြစ်ကြသည်။ ကိ နှင့် ခဲ၊ ကု နှင့် ခါ ထောင့်များကိုမူကား ဝိသမသတ်ထောင့်များဟုခေါ်သည်။ အကယ်၍ ပဖ နှင့် ဗမ သည်မျဉ်းပြိုင်များဖြစ်လျှင် အောက်ပါအချက်များကိုသိရမည်ဖြစ်သည်။





(၁) သက်ဆိုင်ရာထောင့်ချင်းညီသည်။
(၂) ဝိသမသတ်ထောင့်ချင်းညီသည်။
(၃) ဖြတ်မျဉ်းတဖက်တည်းရှိအတွင်းထောင့် ၂ ခုတို့၏ပေါင်းရကိန်းသည်ထောင့်မှန် ၂ ခုနှင့်ညီသည်။ အပြန်အလှန်ကိုဆိုသော် ပဖ နှင့် ဗမ တို့ကိုဖြတ်မျဉ်းတခုဖြတ်၍ သက်ဆိုင်ရာထောင့်များညီ လျှင်ဖြစ်စေ၊ ဝိသမသတ်ထောင့်များညီလျှင်ဖြစ်စေ၊ သို့မဟုတ်ဖြတ်မျဉ်းတဖက်တည်းရှိအတွင်းထောင့် ၂ ခုတို့၏ပေါင်းရကိန်းသည်ထောင့်မှန်နှစ်ခုနှင့်ညီလျှင်ဖြစ်စေ၊ ပဖ နှင့် ဗမ တို့သည်မျဉ်းပြိုင်များဖြစ်ကြသည်ဟုဆိုရပေမည်။


စတုဂံများ။ စတုဂံဆိုသည်မှာအနား ၄ ခုရှိသောပုံဖြစ်သည်။ အကယ်၍မျက်နှာချင်းဆိုင်အနားချင်းပြိုင်နေကြလျှင် ထိုပုံကိုအနားပြိုင်စတုဂံဟုခေါ်သည်။ အနားပြိုင်စတုဂံနှင့်စပ်လျဉ်း၍ မှတ်သားရန်အချက်တခုမှာမျဉ်းပြိုင်နှစ်စုံသည်တစုံနှင့်တစုံဖြတ်သောအခါ အနားပြိုင်စတုဂံတခုကိုဖြစ်ပေါ်လာစေသည်ဟူသော အချက်ပင်ဖြစ်သည်။ အနားပြိုင်စတုဂံတွင် ထောင့်တခုသည် ထောင့်မှန်ဖြစ်လျှင်ထိုပုံကို ထောင့်မှန် စတုဂံဟုခေါ်သည်။စတုရန်းသည်အနားညီထောင့်မှန် စတုဂံဖြစ်သည်။ ရွဲ့ဗတ်သည် ၄ နား ညီအနားပြိုင်စတုဂံဖြစ်၏။




အနားပြိုင်စတုဂံ



ထောင့်မှန်စတုဂံ



စတုရန်း



ရွဲ့ဗတ်

ဂျီသြမေတြီတွင်အောက်ပါဝေါဟာရများကိုအမြဲလိုပင်တွေ့ကြရသဖြင့် ယင်းတို့၏ အဓိပ္ပါယ်ကို သေချာစွာသိထားရပေလိမ့်မည်။

အဆို။ အဆိုတွင်အဓိပ္ပါယ်နှစ်မျိုးရှိသည်။ သီအိုရမ်ကိုသော်၎င်း၊ ပရော်ဗလမ် (ပြဿနာ) ကိုသော်၎င်း အဆိုဟုခေါ်သည်။

သီအိုရမ်။ သီအိုရမ်သည် သက်သေပြရန်လိုသော သစ္စာ (မှန်ကန်ချက်) တရပ်ဖြစ်၍ ဂျီသြမေတြီတွင် ဤကဲ့သို့သောသစ္စာအသီးသီး မှန်ကန်ကြောင်းကို သက်သေပြထားသည်။

ပရော်ဗလမ်။ ပရော်ဗလမ်သည် တစုံတရာဆောက်လုပ်ရန် သို့မဟုတ်ရေးဆွဲရန်လိုသောပြဿနာဖြစ်သည်။ ပမာအားဖြင့် ပေးထားသောမျဉ်းရှိ အမှတ်တခု၌ ပေးထားသောထောင့်နှင့်ညီသည့်ထောင့်တခုကို ရေးဆွဲရန်မှာ ပြဿနာတရပ်ဖြစ်သည်။

ကော်ရော်လာရီ။ အဆိုတခု၏မှန်ကန်ချက်မှပေါ်ပေါက်လာသောအခြားမှန်ကန်ချက်သည် ကော်ရော်လာရီဖြစ်သည်။ ပမာအားဖြင့် တြိဂံတခု၏ထောင့်တခုသည်ထောင့်မှန်ဖြစ်လျှင် ကျန်ထောင့် ၂ ခုတို့၏ပေါင်းရကိန်းသည် ထောင့်မှန်တခုဖြစ်၏ဟူသောမှန်ကန်ချက်မှာ ကော်ရော်လာရီဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ထိုမှန်ကန်ချက်ကား တြိဂံတခု၌ ထောင့် ၃ ခုတို့၏ပေါင်းရကိန်းသည် ထောင့်မှန် ၂ ခုနှင့်ညီသည်ဟူသောအဆိုပေါ် တွင်အမှီပြုသောကြောင့် ပေတည်း။

ပေးထားချက်။ သီအိုရမ်တွင် မှန်ကန်သည်ဟုယူဆထားသောအချက်များနှင့် ကြိုတင် တိုင်းတာထားသော အရာများကို ပေးထားချက်များဟုခေါ်သည်။


သက်သေပြရန်အချက်။ သက်သေပြရန်အချက်ဆိုသည်ကား သက်သေပြရန်လိုသောအချက်ဖြစ်သည်။

အပြန်အလှန်သီအိုရမ်။ သီအိုရမ်တခု၏ပေးထားချက်နှင့် သက်သေပြရန်အချက်တို့သည် အခြားသီအိုရမ်တခု၏သက်သေပြရန်အချက်နှင့် ပေးထားချက်အသီးသီးတို့နှင့် အပြန်အလှန်တူညီနေလျှင် ထိုသီအိုရမ် ၂ ခုကို အပြန်အလှန်သီအိုရမ်ဟုခေါ်သည်။ ပမာအားဖြင့် တြိဂံတခု၏အနား ၂ ဖက်သည် တခုနှင့်တခုညီကြလျှင် ထိုအနား ၂ ဖက်နှင့် မျက်နှာချင်းဆိုင်သောထောင့်များသည် တခုနှင့်တခုညီကြသည်ဟူသော သီအိုရမ်နှင့် တြိဂံထောင့် ၂ ခုတို့သည် တခုနှင့်တခုညီမျှကြလျှင် ထိုထောင့်များနှင့် မျက်နှာချင်းဆိုင်နေသောအနားများသည် တခုနှင့်တခု တူညီကြသည်ဟူသော သီအိုရမ်တို့သည် အပြန်အလှန်ဖြစ်ကြသည်။

သီအိုရမ်များကို သက်သေပြသော နည်းအမျိုးမျိုးရှိသည်။ ထိုနည်းများကား တိုက်ရိုက်နည်းဖြင့်သက်သေပြနည်း၊ ပုံထပ်သက်သေပြနည်း၊ ထပ်တူညီမျှသောတြိဂံများဖြင့် သက်သေပြနည်း၊ ပယ်နည်းဖြင့် သက်သေပြနည်း၊ သွယ်ဝိုက်နည်းဖြင့် သက်သေပြနည်း နှင့်ပရိစ္ဆေဒနည်း (၀၇) အနာလစ်စစ် နည်းတို့ဖြစ်ကြသည်။

ဂျီသြမေတြီပရော်ဗလမ်များကိုဖြေရှင်းထုဆဲ့အရေးအကြီးဆုံးအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ အဆိုများကိုရှေးဦးစွာနားလည်အောင်၊ မှတ်မိအောင် ဖတ်ထားကျက်ထားရန်ဖြစ်သည်။ ထိုနောက် ပရော်ဗလမ်၏သဘောကို နားလည်အောင် ၂ ကြိမ် ၃ ကြိမ်ဖတ်ပါ။ နားလည်သောအခါ ပြတ်သားသောပုံကိုရေးဆွဲပါ။ အကယ်၍ ရေးဆွဲရမည့်ပုံသည် တြိဂံဖြစ်လျှင် ပေးထားချက်မရှိပါက


ဂျီသြမေတြီ




ကုဗတုံး

အာပြိုင်စတုဂံတုံးမှန်


အာပြိုင်စတုဂံတုံးယိုင်




ဆလင်ဒါ



အဝိုင်းထူချွန်



ပိရမစ်



စက်ဝိုင်းလုံး

နှစ်နားညီသို့မဟုတ် သုံးနားညီတြိဂံမျိုးကိုမဆဲဘဲ၊ စဉ်းလဲခေါ် အနားမညီတြိဂံမျိုးကိုသာရေးဆဲရမည်။ ပရော်ဗလမ်ကိုမတွက်ချက် မဖြေရှင်းမီ ပေးထားချက်နှင့်သက်သေပြရန်အချက်ကို သီးသန့် ရေးသားဖော်ပြရမည်။ တခါတရံသက်သေပြရာ၌ ဆောက်လုပ်ချက်များကိုပြုလုပ်ရန်လိုသည်။ ပုံများကိုရေးဆွဲ၍ လိုအပ်သည့်ဆောက်လုပ်ချက်များကိုပြုလုပ်ပြီးစီးသောအခါ မိမိသင်ကြားမှတ်သားထားသောအဆိုစသည့် အချက်အလက်များကို အကိုးအကားပြုကာသာဓကပြရသည်။

ဂျီသြမေတြီ ၂ မျိုးရှိသည်။ အထက်တွင်ရေးသားခဲ့သည်များမှာ ပလိန်းဂျီသြမေတြီနှင့် သာသက်ဆိုင်သည်။ အခြားတမျိုးမှာဆောလစ်ဂျီသြမေတြီဖြစ်၏။

ဂျီသြမေတြီသဘောအရ အစိုင်အခဲသာလျှင် ထုပုံဖြစ်သည်မဟုတ်။ ကလေးများကစားသော ဆပ်ပြာပူဖောင်းသည်လည်းထုပုံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟင်းလင်းပြင် (လဟာပြင်) တွင်နေထုယူသောမည်သည့် အထုဝတ္ထုကိုမဆို ထုပုံဟုခေါ်သောကြောင့်တည်း။ ထုပုံတခု၏ မျက်နှာပြင်သည် ထုပုံနှင့်ပတ်ဝန်းကျင်လဟာပြင်တို့ကိုခြားနားထားသည်။ ထုပုံတခု၏အထောင်အဆင်း အလေးချိန်ကိုစစ်ဆေးခြင်းသည် ဂျီသြမေတြီ၏ အလုပ်မဟုတ်ချေ။ ဂျီသြမေတြီ၏အလုပ်ကား ထုပုံတခု၏ သဏ္ဌာန်နှင့် ပမာန (ထုထယ်) တို့ကို ကြည့်ရှုနိုင်းယှဉ်သော အလုပ်သာဖြစ်သည်။ ပေးထားသည့်ထုပုံ၏အရွယ်သည် ကုဗလက်မကဲ့သို့သောပုံစံအတိုင်းအတာ၏ အဆပေါင်းမည်မျှရှိသည်ကို ရှာဖွေလျှင် ပေးထားသောထုပုံနှင့်ကုဗလက်မတို့ကိုနိုင်းယှဉ်ရာရောက်ပေသည်။ ထိုကြောင့်ပမာဏကိုနိုင်းယှဉ်ခြင်းသည် ပမာဏကို တိုင်းတာခြင်းနှင့်လည်း အဓိပ္ပါယ်တူပေသည်။ မျက်နှာပြင်ကိုတိုင်းတာရာတွင် အလျား အနံကိုသာတိုင်းတာရန်လိုသည်။ ထုပုံတိုင်းတာရာ၌မူကား အလျားအနံအပြင်အမြင့်ကိုလည်းတိုင်းတာရန်လိုပေသည်။ ဤတိုင်းတာမှုကြောင့် ဆောလစ်ဂျီသြမေတြီသည် မင်ဆူရေးရှင်းခေါ် ပမာဏသခ်ျာနှင့် နီးကပ်စွာဆက်သွယ်လျက်ရှိသည်။

မကြာမကြာတွေ့မြင်ရသော ထုပုံတို့ကို အထက်တွင်ရေးဆွဲထားသည်။ ဤထုပုံအသီးသီး၏အဓိပ္ပါယ် သို့မဟုတ် ဂုဏ်ထူးဝိသေသကိုလည်းရေးသားဖော်ပြထားသည်။

ကုဗတုံး၏မျက်နှာ ၆ ခုလုံးသည် စတုရန်းများဖြစ်ကြသည်။ မျက်နှာတခုနှင့်တခုဖြတ်သောနေရာသည် ကုဗတုံး၏အနားတခုဖြစ်သည်။ အနား ၃ ခုဆုံရာအမှတ်သည် ထောင့်စွန်းဖြစ်သည်။

အပြိုင်စတုဂံတုံးမှန်၏ မျက်နှာ ၆ ခုလုံးသည် ထောင့်မှန်စတုဂံများဖြစ်ကြသည်။ ထိုကြောင့် ဤထုပုံ၏အလျားအနံအမြင့်တို့သည် တခုနှင့်တခုမတူကြချေ။ (ကုဗတုံးနှင့် နိုင်းယှဉ်ပါ)။

အပြိုင်စတုဂ်တုံးယိုင်၏ မျက်နှာများ သည် အနားပြိုင် စတုဂ်များဖြစ်ကြသည်။ ထိုကြောင့်ယင်းကို အရွယ်တူ ထောင့်မှန် စတုဂ်တုံး နှင့် ဂျီသြမေတြီနည်း အရ နှိုင်းယှဉ်ပြီး မှသာလျှင် ယင်း၏ပမာဏကိုတိုင်းတာနိုင်သည်။


ဆလင်ဒါ (ဒလိမ့်)။ ထောင့်မှန်စတုဂ် ပုံရှိစက္ကူတချပ်ကို ကွေးလိုက်လျှင် ဆလင်ဒါတခုဖြစ်လာသည်။

အဝိုင်းထုခွန်။ စက်ဝိုင်းစိတ်တခုကိုကွေးလိုက်လျှင် အဝိုင်း ထုခွန်တခုဖြစ်လာသည်။

ပိရမစ် (ထုခွန်)။ စက္ကူတချပ်ကိုကြယ်ပုံညှပ်ပြီးနောက် အစွန်းထွက်နေသော တြိဂံပုံများကို အောက်ခံအနား တလျောက်ချိုးကာ ယင်းတို့၏ထိပ်များကိုစုလိုက်သော အခါ ပိရမစ်ပုံဖြစ်လာသည်။

စက်ဝိုင်းလုံးကိုလုပ်ပြရန်ခဲယဉ်းသည်။ သို့သော်စက်ပိုင်း ခြမ်းတခုကို အချင်းမကွဲဂျင်ပြုကာလှည့်လိုက်လျှင် စက်ဝိုင်း လုံးပုံတခုထွက်ပေါ်လာသည်။

ဂျီအင်း, ဆာဂျေ့အိပ် (ခရစ် ၁၈၇၇–၁၉၄၆)။ ။သိပ္ပံ ပညာရှင်ဆာဂျိမ်းဟော့ဝုဂျီအင်းသည် ခရစ် ၁၈၇၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် လန်ဒန်မြို့ဥဿုံမြင်သည်။ ဂျီအင်းသည် အထူးသဖြင့်နက္ခတ္တဗေဒနှင့် သခြေါ်ပညာရပ်တို့ တွင်ထူးချွန်၏။ ကိမ်းဗရစ်တက္ကသိုလ်တွင်ပညာသင်ကြား နေစဉ် ပညာရည်ထက်မြက်သဖြင့်၊ ၁၉၀၀ ပြည့်နှစ်၌စမစ်



နက္ခတ်ကြည့်မှန်ပြောင်းကြီးကို ဆာဂျိမ်းဂျီအင်းစစ်ဆေးနေပုံ

ဆုကိုဆွတ်ခူးခဲ့၏။ နောက် ၄ နှစ်အကြာတွင် ထရင်နိတီ ကောလိပ်ကျောင်းဥက္ကဋ္ဌသခြေါဂကထိကဖြစ်၏။ ၁၉၀၅ ခုနှစ်မှ ၁၉၀၉ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုနိုင်ငံပရင့်စတန် တက္ကသိုလ်၌ သခြေါပါမောက္ခအဖြစ်ဆောင်ရွက်၏။ အင်္ဂ လန်နိုင်ငံသို့ပြန်ရောက်သည့်အခါ ကိမ်းဗရစ်တက္ကသိုလ်တွင် ၁၉၁၀ ခုမှ ၁၉၁၂ ခုနှစ်အတွင်း သခြေါပါမောက္ခအဖြစ်ဆက် လက်ဆောင်ရွက်၏။ ၁၉၁၉ ခုမှ ၁၉၂၉ ခုနှစ်အထိ တော် ဝင်အသင်းဥက္ကဋ္ဌအတွင်းရေးမှူးဖြစ်လာ၏။ ၁၉၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ မောင့်ဝီလ ဆန် နက္ခတ်မျော်စင်၌ နက္ခတ္တသုတေသီတဦးအဖြစ် ခန့် အပ်ခြင်းခံခဲ့ရလေသည်။

ဂျီအင်းသည်ရူပဗေဒနှင့်နက္ခတ္တဗေဒကို သခြေါပညာဖြင့် ဖြေရှင်းနိုင်စွမ်းရှိသည်။ နက္ခတ္တဗေဒတွင်သခြေါကိုအသုံး ပြုခြင်းဖြင့် နက္ခတ်တာရာတို့နှင့်စပ်လျဉ်းသော ဗဟုသုတ အသစ်အဆန်းများကို ထုတ်ဖော်ရေးသားနိုင်ခဲ့သည်။ ရှေး အခါက သခြေါပညာကိုအထူးတတ်မြောက်သူများသာလျှင် ကောင်းကင်ရှိ နက္ခတ်တာရာများအကြောင်းကို သဘော ပေါက်အောင်နားလည်နိုင်ကြ၏။ သာမန်လူတို့သည် ကြိုဟ် နက္ခတ်စသည်တို့၏ အမည်များလောက်ကိုသာ သိနိုင်ကြပြီး ထိုထက်တိုး၍ နားလည်နိုင်ဖွယ်ရာမရှိပေ။ သို့သော်ဆာ ဂျိမ်းဂျီအင်း၏ ကြိုးပမ်းမှုကြောင့် ယခုအခါ၌ ကျောင်းသူ ကျောင်းသားများနှင့် ပညာအရည်အခြင်းအသင့်အတင့်ရှိ သူများပင်လျှင်၊ စကြဝဠာ၏နက်နဲခက်ခဲသောအကြောင်း အရာတို့ကို သဘောပေါက်နားလည်နိုင်ကြပြီဖြစ်သည်။

သခြေါကိုထူးချွန်အောင်တတ်မြောက်ပြီးနောက် ဂျီအင်း သည် ထိုပညာကို နက္ခတ္တ – ရူပဗေဒတွင် အသုံးပြုလျက် စကြဝဠာ၏ နက်နဲမှုများကို ထုတ်ဖော်ရှင်းပြလေသည်။ ဆာဂျိမ်းဂျီအင်းသည် နောက်လာနောက်သားတို့ သိပ္ပံပညာ ရပ်များကို လေ့လာရ လွယ်ကူအောင် စာအုပ်များစွာရေး သားခဲ့သည်။ ကမ္ဘာပေါ်တွင်အကောင်းဆုံးစာအုပ်ပေါင်း ၁၀၀ ရွေးချယ်ထုတ်ရာတွင် ဂျီအင်းရေးသားသော 'နက်နဲလှ စွာ – စကြဝဠာ' စာအုပ်သည် အပါအဝင်ဖြစ်သည်။ ဂျီအင်းရေးသားခဲ့သော အခြားစာအုပ်များမှာ နက္ခတ္တဗေဒ ပညာလိုက်စားသူပညာရှင်တို့နှင့်သာ သင့်တော်မည့်စာအုပ် များဖြစ်၏။ ဆာဂျိမ်းဂျီအင်းသည် ၁၉၄၆ ခုစက်တင်ဘာလ ၁၇ ရက်နေ့၌ အင်္ဂလန်နိုင်ငံတွင်အနိစ္စထောက်သည်။

ဂျုံခိုဘတတ်။ ။ဂျုံးဂျစ်ဆူအတတ် — ၍။

ဂျုံနို။ ။ဂရိနတ်များ — ၍။

ဂျုံပီတာ။ ။ဂရိနတ်များ — ၍။

ကျွန်းပါးပင်။ ။ကျွန်းပါးပင်သည် ထင်ရှူးပင်တမျိုးဖြစ်သည်။ မြောက်ဖက် ကမ္ဘာလုံးခြမ်းရှိ အေးသောဒေသများတွင်ပေါက်သည်။ ကျွန်းပါး အမျိုးများစွာရှိသည်။ ဥရောပတိုက်တွင် ပေါက်သောကျွန်းပါးကုန်မျှနှင့် အပင်မျိုးမှာ ရိုးရိုးကျွန်းပါးမျိုးဖြစ်၏။ ထိုအပင်မျိုးသည် အထူးသဖြင့်ထုံးကျောက်တောင်များ၌ပေါက်ကြသည်။ များသောအားဖြင့် ခုံဖုတ်ကလေးလောက်သာ မြင့်ကြသော်လည်း ပေ ၂၀၊ ၂၅ ပေအထိ မြင့်သော အပင်များလည်းရှိသည်။ ကျွန်းပါးပင်၏အသားမှာနီ၏။ တပင်လုံးမှ တာပင်တိုင် အနှံထွက်သည်။ ကျွန်းပါးအသားကိုအိမ်ထောင်ပရိဘောဂနှင့် ခဲတံပြုလုပ်ရာတွင် အသုံးပြုကြသည်။ ထိုပြင် ဝင်းခြံတိုင်များအဖြစ်ဖြင့်လည်းအသုံးပြုကြသည်။

ရုတ်တရက်သော်ကျွန်းပါးကိုမည်သူမျှ ထင်းရှူးပင်ဟူ၍ ထင်မည်မဟုတ်ချေ။ အကြောင်းမှာ ကျွန်းပါးအသီးတို့သည် သာမန်ထင်းရှူးသီးတို့ကဲ့သို့ ကတော့ပုံမရှိဘဲ ဗယ်ရီသီးကလေးများကဲ့သို့ လုံးနေကြသောကြောင့်ဖြစ်၏။ အသီး၏အရောင်မှာနက်ပြာရောင်ဖြစ်သည်။ အစိမ်းပုပ်ရောင်အရွက်များသည် အပ်ပုံသဏ္ဌာန်ရှိကြသည်။ ကျွန်းပါးသီးကို ဘယဆေးများဖော်စပ်ရာတွင် အသုံးပြုရသည်။ အရက်များတွင် အထူးသဖြင့်ဂျင်အရက်တွင် အနှံအရသာရစေရန်အတွက်လည်းအသုံးပြုကြသည်။



ကျွန်းပါးပင်၏အကိုင်းနှင့်အသီးအပွင့်များ

ကျွဲ။ ။အင်္ဂလန်နိုင်ငံနှင့်တကွ အင်္ဂလန်နိုင်ငံ၏တရားစီရင်ရေးစံနစ်ကို လိုက်နာကြသည့်နိုင်ငံတို့တွင် အမှုအခင်းများပေါ် ပေါက်လာသောအကြောင်းချင်းတ တို့ကို အဆုံးအဖြတ်ပေးရသောအဖွဲ့ဟူ၍ တရားစီရင်သောတရားသူကြီးတို့နှင့် ဆက်စပ်တည်ရှိသည်။ ထိုအဖွဲ့ကိုကျွဲအဖွဲ့ငယ်ဟုခေါ်တွင်လေသည်။

ဤသို့ဆုံးဖြတ်ပေးရသောကျွဲအဖွဲ့ငယ်အပြင် ကျွဲအဖွဲ့ကြီးဟူ၍လည်းရှိသေးသည်။ ၁၉၃၃ ခုနှစ်မတိုင်မီက ကျွဲအဖွဲ့ကြီးတို့သည် ရာဇဝတ်မှုကြီးတို့၌ ရုံးတော်ရှေ့မှောက်သို့ တရားခံအားမသွင်းရသေးမီ မှုခင်းဖြစ်ပွားသည့်အခြင်းအရာတို့ကို ရှေးဦးစစ်ဆေးရသည်။

ဦးစွာပဌမ ပေါ် ပေါက်လာသောသာဓကများအရ၊ တရားလို၏ထုတ်ချက်တို့သည် ယုတ္တိတန်သည်ဟူ၍ ကျေနပ်လောက်အောင်ထင်မြင်ယူဆရသည့် အခါ၊ ကျွဲအဖွဲ့ကြီးက အမှုကိုစွဲချက်နှင့်တကွ ရုံးတော်သို့တင်သွင်းရသည်။ ဤသို့ရုံးတော်သို့အမှုတင်သည့်အခါ တရားခံအားတရားသူကြီးနှင့် ကျွဲရိ လူကြီးများ၏ ရှေ့မှောက်တွင် စစ်ဆေးလေသည်။ ၁၉၃၃ ခုနှစ်သို့ရောက်သောအခါ ကျွဲရိအဖွဲ့အပေါ် ၌ ချမှတ်ထားသော တာဝန်ဝတ္တရားတို့သည် ယုတ်လျော့သွားခဲ့သည်။ လန်ဒန်မြို့တော်နှင့် မစ်ဒဲဆက်ခရိုင်မှတပါး၊ အခြားသောနယ်ပယ်အားလုံးတို့၌ ရှေးဦးစစ်ဆေးခြင်းတာဝန်တို့ကို ကျွဲရိအဖွဲ့ကြီးထံမှနှုတ် သိမ်းလိုက်လေသည်။ အဆိုပါလန်ဒန်မြို့တော်နှင့် မစ်ဒဲဆက်ခရိုင်တို့တွင်လည်း အင်္ဂလန်ပြင်ပတွင်ရှိသော ဗြိတိသျှနိုင်ငံသားတို့က နိုင်ငံတော်သစ္စာဖောက်မှုကို ကျူးလွန်သည့်အခါ၌၎င်း၊ ကိုလိုနီအစိုးရ ဘုရင်ခံနှင့် အခြားရာထူးဌာနန္တရကြီးသောပုဂ္ဂိုလ်တို့က ပြစ်မှုကျူးလွန်သည့်အခါ၌၎င်း၊ မှုထမ်းရာထမ်းတို့၏ လျှို့ဝှက်ချက်အက်ဥပဒေအရ ပြစ်မှုတို့ကိုကျူးလွန်သည့်အခါ၌၎င်း၊ ပါလီမန် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတို့ကို ကျူးလွန်သည့်အခါ၌၎င်း၊ ထိုအခါမျိုး၌သာလျှင် ကျွဲရိအဖွဲ့ကြီးသည် ရှေးဦးစွာစစ်ဆေးခြင်းကို ပြုလုပ်နိုင်သည်။

အထက်ပါကျွဲရိနှစ်မျိုးအပြင်၊ အခြားကျွဲရိတမျိုးရှိသေးသည်။ ထိုကျွဲရိအဖွဲ့၏တာဝန်မှာ သေဆုံးခြင်း၏အကြောင်းရင်းတို့၌ သက်ဝမကင်းဖွယ်တို့ကို တွေ့ရှိသည့်အခါ၌၎င်း၊ အကျဉ်းချထားစဉ် အကျဉ်းသမားတို့သေဆုံးသည့်အခါ၌၎င်း၊ ဥစ္စာသိုက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကပိုင်ထိုက်သည်၊ နိုင်ငံတော်သားကပိုင်ထိုက်သည်ဟု အငြင်းပွားသောအခါ၌၎င်း စစ်ဆေးရသောတာဝန်ဖြစ်လေသည်။

အင်္ဂလန်ပြည်တွင် မှုခင်းစစ်ဆေးသောကျွဲရိအဖွဲ့ငယ်တွင် ကျွဲရိလူကြီး ၁၂ ဦးပါဝင်ရ၍၊ ရာဇဝတ်ကြောင်းမှုခင်း

တို့၌ ထိုကျွဲရီ ၁၂ ဦးတို့တညီတညွတ်တည်းဆုံးဖြတ်မှသာလျှင်၊ စီရင်ချက်သည်အတည်ဖြစ်နိုင်သည်။ ကျွဲရီလူကြီးတို့ သဘောကွဲလွဲသည့် အခါများ၌၊ ကျွဲရီအဖွဲသစ်ကိုဖွဲ့ပြီးလျှင်၊ အမှုကိုအသစ်ပြန်၍စစ်ဆေးရသည်။ တရားမမှုများ၌ကား သက်ဆိုင်ရာ ကာယကံရှင်တို့က ကျွဲရီလူကြီးအများဆုံးဖြတ်ရာကို နာခံပါမည်ဟု ဆိုလျှင်၊ ထိုများရာဆုံးဖြတ်ချက်ဖြင့် အမှုကိုစီရင်နိုင်သည်။ စကော့တလန်ပြည်၌ ရာဇဝတ်မှုခင်းများတွင် ကျွဲရီလူကြီး ၁၅ ဦးပါဝင်ရ၍၊ များရာဆုံးဖြတ်ချက်သည် အတည်ဖြစ်ရသည်။ အမှုကိုစွဲဆိုတင်သွင်းရသော ကျွဲရီအဖွဲကြီး၌ကား ကျွဲရီလူကြီး ၁၂ ဦးမှ ၂၃ ဦးအထိ ပါဝင်ရသည်။ အမှုကိုစွဲဆိုတင်သွင်းခွင့်ရရန် ကျွဲရီလူကြီး ၁၂ ဦးက သဘောတူညီရသည်။ ၁၂ ဦးထက်နည်းသောကျွဲရီလူကြီးတို့က အမှုကိုစွဲဆိုတင် သွင်း ရန်ဆုံးဖြတ် သည် ရှိသော် ထိုစွပ် စွဲ ချက် ကို ပလပ် လိုက် ရ သည်။ သေမှုတို့ကိုစစ်ဆေးရသော ကျွဲရီအဖွဲ၌ကား ကျွဲရီလူကြီး ၇ ဦးမှ ၁၂ ဦး ထိ ပါဝင်ရသည်။ ယင်းတို့အနက် ၂ ဦး ထက်မပိုသောကျွဲရီလူကြီးတို့၌ သဘောကွဲလွဲချက်များရှိခဲ့သော် ကျန်ကျွဲရီလူကြီးအများဆုံးဖြတ်ရာကို သေခင်းစစ်ဆေးသောတရားသူကြီးကလက်ခံရသည်။

ကျွဲရီအဖွဲဖြင့် မှုခင်းစစ်ဆေးသောမူလဇာစ်မြစ်မှာမထင်ရှားချေ။ ထင်မြင်ယူဆချက်များ အမျိုးမျိုးအဖုံဖုံရှိကြ၏။ သို့သော် အများကယူဆထားသော အချက်တရပ်မှာ ရှေးအင်္ဂလိုဆက်ဆွန်ခေတ်က နေရင်းဒေသရှိနယ် သူနယ် သားများအချင်းချင်း အငြင်းအခုံဖြစ်သည့်အခါ၊ အရပ်လူကြီးများပါဝင်သော ဒေသန္တရဆိုင်ရာ ခရိုင်ခွဲအဖွဲအစည်းအဝေးပြုလုပ်၍၊ အဆုံးအဖြတ်ပေးသောဓလေ့မှ ကျွဲရီအဖွဲ ဖွဲ့ခြင်းသည် ဆင်းသက်လာသည်ဟုဖြစ်လေသည်။ ထိုထက်သင့်မြတ်သောအယူအဆတရပ်မှာ၊ ယခုခေတ်တွင်အများသိပြီးဖြစ်သော ကျွဲရီစံနစ်သည် ရောမအင်ပိုင်ယာ နောက်ပိုင်းခေတ်မှ စတင်ပေါ် ပေါက်ခဲ့သည်ဟူသောအယူအဆဖြစ်၏။ ထိုခေတ်တွင် ရောမအင်ပိုင်ယာသည် နေပြည်တော်အပြင် ရပ်ဝေးရှိနယ်ပယ်များအထိ အုပ်ချုပ်ရေးအာဏာ ပျံ့နှံ့ခဲ့သည်။ ထိုအခါ ဗဟိုဘဏ္ဍာတော်တိုက်ဌာနအာဏာပိုင်တို့နှင့် ရပ်ဝေးနယ်ပယ်ရှိ တိုင်းသူပြည်သားတို့ အချင်းချင်း ဘဏ္ဍာရေးနှင့်ဆိုင်သော ဝိဝါဒများဖြစ်ပွားလာလေသည်။ ထိဝိဝါဒတိုကို ဖြေရှင်းရန်အလို့ငှာ၊ နေပြည်တော်ရှိအရာရှိအရာခံတို့သည် သက်ဆိုင်ရာဒေသ၏ ထက်အောက်ပတ်ဝန်းကျင်ရှိ တာဝန်ရှိသူပုဂ္ဂိုလ်တို့အား ဆင့်ခေါ်ပြီးလျှင်၊ ကျမ်းကျိန်စေ၍ စစ်တမ်းထုတ်လေသည်။ ထိုရောမအင်ပိုင်ယာခေတ်က စစ်တမ်းများကို မြန်မာဘုရင်လက်ထက်က စစ်တမ်းများနှင့် သဘောသွားချင်းနှိုင်းယှဉ်နိုင်ပေသည်။ နှောင်းခေတ်ရောမအင်ပိုင်ယာ၏ နည်းနိဿျတို့ကို ဖရန့်ကေရာင်ဘုရင်တို့နှင့် နော်မန်မြို့စားကြီးတို့က အတုယူလေသည်။ နော်မန်တို့က အင်္ဂလန်ပြည်ကိုလွှမ်းမိုးလာသောအခါ၊ ဘဏ္ဍာရေးနှင့်အုပ်ချုပ်ရေးကိစ္စတို့၌ ဘုရင်နှင့်တိုင်းသူပြည်သားတို့အချင်းချင်း ဝိဝါဒဖြစ်လေသော်၊ နော်မန်တို့သည် ထိုဝိဝါဒကိုဖြေရှင်းရန်အလို့ငှါ၊ အရပ်လူကြီးများ ပါဝင်သည့် အစည်းအဝေးကို ဆင့်ဆိုသည့်အခွင့်အာဏာကို အသုံးပြုလာကြသည်။

ခရစ် ၁၁၆၆ ခုနှစ်တွင် အရပ်လူကြီးများအစည်းအဝေး ဆင့်ခေါ်သည့်ထုံးတမ်းကို ဥပဒေဖြင့် အတည်ပြုလိုက်ပြီးသည့်နောက်၊ ကျွဲရီအဖွဲကြီးစံနစ်သည် ဖြစ်ထွန်းလာလေသည်။ ဤအချိန်အထိ အမှုစစ်ကျွဲရီအဖွဲငယ် ဟူ၍ မပေါ်လာသေးချေ။ အမှုတင်သောကျွဲရီအဖွဲကြီးက တရားခံ၏အမှုကိုတင်သည့်အခါ၊ တရားခံသည်စွဲချက်ကိုချေပသောအနေဖြင့် ကမ္ဘာလေးရပ်စစ်နည်းဖြင့် အမှုကိုစစ်ဆေးစေရန် တောင်းဆိုလိုက တောင်းဆိုနိုင်ခွင့်ရှိသည်။ ၁၂၁၅ ခုနှစ်တွင် ကမ္ဘာလေးရပ် စစ်နည်းကို ပယ်ဖျက်လိုက်သောအခါ ကျွဲရီအဖွဲငယ်နှင့် အမှုစစ်သောစံနစ်သည် ပေါ်ပေါက်လာလေသည်။ သို့သော်မူလတွင် အမှုတင်ကျွဲရီအဖွဲကြီးနှင့် အမှုစစ်ကျွဲရီအဖွဲငယ်တို့ကို ပြတ်သားစွာပိုင်းခြားရှင်းမထားခဲ့လေ။ အမှုတင်ကျွဲရီအဖွဲကြီးသည် မိမိအမှုကိုမိမိတင်လျှောက်ပြီးနောက်၊ ထိုအမှုကိုပင်စစ်ဆေးလေ့ရှိကြသည်။ ၁၃၅၅ ခုနှစ်ရောက်ခါမှပင်၊ အမှုတင်ကျွဲရီအဖွဲကြီးသည် အမှုကိုစစ်ဆေးခြင်းမပြုရဟူ၍ ပညတ်လေသည်။ ထိုနှစ်တွင် အမှုတင်ကျွဲရီအဖွဲကြီးနှင့် အမှုစစ်ကျွဲရီအဖွဲငယ်ဟူ၍ တရားခံအားစွဲချက်တင်ရန်နှင့် အမှုစစ်ရန် အလို့ငှာ တိတ်ဝှက်လိုက်ပြီဖြစ်သော်လည်း၊ တရားခံ၏သဘောတူညီချက်မရှိပါဘဲလျက်၊ ကျွဲရီအဖွဲနှင့်စစ်ဆေးခြင်းကို မပြုနိုင်သေးချေ။ ရုံးတော်ရှေ့သို့ တရားခံရောက်ရှိလာသောအခါ၊ တရားခံက တရားသူကြီးနှင့် ကျွဲရီအဖွဲတို့၏စစ်ဆေးခြင်းကို သဘောတူလက်ခံပါသည်ဟု ပဋိညာဉ်မပေးလျှင်၊ တရားခံကိုမစစ်ဆေးနိုင်တော့ချေ။ ထိုကြောင့် ၁၇၂၂ ခုနှစ်အထိ၊ လုပ်ရှုံးလုပ်စဉ်မှာ အမှုစစ်ဆေးခြင်းကိုတရားခံကလက်ခံလာသည့် တိုင်အောင် တရားခံအား နှိပ်စက်ညှဉ်းပန်းခြင်းပင် ဖြစ်၏။ တရားခံကသဘောတူညီချက်မပေးသဖြင့်၊ ညှဉ်းပန်းနှိပ်စက်ယင်းဖြင့် တရားခံသေဆုံးရသောအမှုများ ရှိခဲ့ဘူးသည်။ တရားခံသည် သူ၏အမှုကိုအစစ်ခံသည်ထက် ညှဉ်းပန်းနှိပ်စက်၍သေဆုံးရသောဒဏ်ကို အဘယ်ကြောင့်ပို၍ ကျေနပ်နှစ်သက်ပါသနည်းဟုဆိုသော်၊ ထိုခေတ်ကပြစ်ဒဏ်ခံရသောသူတို့သည် သေဒဏ်ဖြင့်စီရင်ခြင်းကိုသာ ခံရခဲ့မျှမက၊ ဥစ္စာပစ္စည်းများ လည်း အသိမ်းခံရ၍၊ သူ့အားဆက်ခံရမည့်အမွေစား အမွေခံ ဟူသမျှမှာလည်း နိုင်ငံရေးအခွင့်အရေးနှင့် တကွအခြားအခွင့်အရေးများ ပါဆုံးရှုံးခြင်းကို ခံရသော

ကြောင့်ဖြစ်၏။ ဒေကယ်၌ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် သေဆုံးခဲ့သော်တရားခံသည် မှုပြစ်မရှိဘဲသေဆုံးရသည်မည် သဖြင့်၊ အထက်ပါအခွင့်အရေးမျိုးကို မဆုံးရှုံးလေ။ ၁၇၇၂ ခုနှစ်သို့ရောက် သည့်အခါ တရားခံ၏ သဘောတူညီ ချက်ကို ရခါမှ တရားသူကြီးနှင့် ဂျူရီအဖွဲ့တို့စစ်ဆေးနိုင် စေရမည်ဟူသော အချက်ကိုပယ်ဖျက်လိုက်လေသည်။ ဂျူရီလူကြီးများ အဖြစ်ဖြင့်ဆောင်ရွက်သော အရည်အချင်း ရှိသူများ၏ စာရင်းကို သက်ဆိုင်ရာနယ်မှ အရာရှိများ ကပြု လုပ်ပေးရလေသည်။ အသက် ၂၁ နှစ်မှ ၆၀ အတွင်းရှိ မည်သည့် ယောကျ်ား၊ မိန်းမ မဆို ဂျူရီလူကြီးအဖြစ် ဆောင်ရွက်နိုင်သည့်ဂုဏ်အင်္ဂါရှိသည်။ သို့သော်ဆရာဝန်များ၊ သာသနာ့ဝန်ထမ်းများ၊ လုတ်တော်အမတ်များ၊ လုတ်တော်အမတ်များ၊ ရှေနေရွှေရပ်များ၊ စစ်ဖက်ဆိုင်ရာအမှုထမ်းများ၊ တရားသူကြီးများစသည်တို့မှာ၊ ဂျူရီလူကြီးများအဖြစ်ဆောင်ရွက်ခြင်းမှ ခွင့်လုတ်ထားခြင်းခံရသူများဖြစ်၏။ ရုံးမှအလိုရှိသည့်အခါ စာရင်းမှရွေးချယ်ကာ ဆင့်ခေါ် လေသည်။ ဂျူရီလူကြီးအဖြစ် ဆောင်ရွက်ရန်ဆင့်ခေါ်ခြင်းခံရသူသည် ရုံးသို့မပျက်မကွက် သွားရောက်ရသည်။ ရုံးကအခွင့်အမိန့်ရမှသာလျှင် ရုံးသို့မသွားဘဲနေနိုင်သည်။ ရုံးမှလည်းလုံလောက်သောအကြောင်းပြချက်မရှိဘဲ ခွင့်ပြုခြင်းမရှိခဲ့ချေ။ ဂျူရီလူကြီးအဖြစ်ဆောင်ရွက်သဖြင့် အခကြေးငွေအနည်းငယ်သာရ၏။ ဂျူရီလူကြီးများသည် မည်သည့်ဖက်သို့မှမျက်နှာမလိုက်ဘဲ ဆုံးဖြတ်ရမည်ဖြစ်ရာ ဂျူရီလူကြီးများကို ဂရုစိုက် စိစစ်ရွေးချယ်ရလေသည်။ အရေးကြီးသောအမှုများတွင် ဂျူရီလူကြီးများကို မည်သည့်ဖက်ကမှ ဩဇာပေးခြင်း၊ သွေးဆောင်ခြင်းမပြုနိုင်အောင် အထူးဂရုစိုက်ရ၏။ ဂျူရီလူကြီးများအား လာဘ်ထိုးရန်ကြံစည်သူ၊ လာဘ်ပေးသူများကို လည်း ပြင်းပြင်းထန်ထန်နှိပ်ကွပ်အပြစ်ပေးလေသည်။

မြန်မာနိုင်ငံ တရားလုတ်တော်တွင် မူလစီရင်ပိုင်ခွင့်အာဏာအရ၊ စက်ရှင်မှုများကိုစစ်ဆေးသည့်အခါ၊ ဂျူရီလူကြီးများအဖွဲ့ဖြင့်စစ်ဆေးလေသည်။ ဂျူရီလူကြီးများအဖွဲ့တွင် အဖွဲ့ဝင် ၉ ဦးပါဝင်၏။ ဂျူရီလူကြီးများကိုတရားလုတ်တော်ရုံးဝန်ထောက်က အမည်များကိုအကျွာထုလိုက်စဉ်ကာရေးဆွဲထားသောစာရင်းမှရွေးချယ်ရသည်။ ထိုစာရင်းတွင်၊ ခရိုင်ဝန်ထက်ရာထူးကြီးမြင့်သူများ၊ လုတ်တော်အမတ်များ၊ တရားသူကြီးများ၊ အကောက်တော်နှင့်အခွန်တော် ဆိုင်ရာကော်လိပ်တော်အရာရှိများ၊ ရဲအမှုထမ်းများနှင့် အကောက်ဌာန ဖမ်းဆီးရေးအရာရှိများ၊ အခွန်တော်အရာရှိထဲမှ ကော်လိပ်တော် အရာရှိကခွင့် လုတ်သင့် သည်ဟုထင်မြင်သဘောရရှိသူများ၊ သာသနာ့ဝန်ထမ်းများ၊ စစ်ဖက်တွင်အမှုထမ်းနေသူများ၊ ရှေနေရွှေရပ်များ၊ ကြေးနန်းနှင့်စာပို့ဌာနအမှုထမ်းအရာထမ်းများ စသည်တို့မပါဝင်ချေ။

ဂျူရီလူကြီးအဖြစ် ဆောင်ရွက်ရန် ဆင့်ခေါ်ခြင်းခံရသူသည် တရားဝင်သောအကြောင်းပြချက်တစုံတရာမရှိလျှင် ရုံးသို့မပျက်မကွက် လာရောက်ရလေသည်။ ထိုသို့မလာရောက်ဘဲနေလျှင်သော်၎င်း၊ ဂျူရီလူကြီးအဖြစ်ဆောင်ရွက်နေစဉ် ရုံးမှအခွင့်မပြုဘဲပြန်သွားလျှင်သော်၎င်း၊ ရုံးတော်၏ အမိန့်ကိုမလေးမစားပြုမူဖြင့် တရားဝန်ကြီးကသင့်တင့်သည်ထင်သောငွေကို ဆောင်ရန် အပြစ်ပေးနိုင်၏။ ဒဏ်ငွေမဆောင်လျှင်တရားမ ထောင်တွင် ၆ လထက်မပိုသောထောင်ဒဏ်ကို သတ်မှတ်နိုင်၏။

ဂျူရီလူကြီးအဖြစ်ဆောင်ရွက်ရန်ဆင့်ခေါ်ရာတွင် အမှန်လိုအပ်သည့် အရေအတွက်ထက်ပို၍ ဆင့်ခေါ်လေသည်။ ထိုသို့ဆင့်ခေါ် ထားသူများထဲမှ လိုသမျှကိုမဲချ၍ ရွေးချယ်သည်။ မဲကျသူများကိုတဦးစီ တဦးစီအမည်ခေါ် သည့်အခါ တရားသူကြီး၏ရှေ့တွင် ရပ်ပြရလေသည်။ ထိုအခါ တရားခံ သို့မဟုတ် အစိုးရရှေနေက သဘောမကျလျှင် အကြောင်းပြကန့်ကွက်နိုင်သည်။ ကန့်ကွက်ခြင်းခံရသူမှာ အကြောင်းပြချက်လုံလောက်လျှင်အပယ်ခံရသည်။ ထိုပြင် အကြောင်းမပြဘဲနှင့်လည်း တရားခံနှင့် အစိုးရရှေနေတို့သည် ဂ ဦးစီအထိ ကန့်ကွက်နိုင်သေးရာ၊ ရုံးတော်ကထိုသို့ကန့်ကွက်သည်ကိုလက်ခံရ၏။

ဂျူရီလူကြီးများနှင့် အမှုစစ်ဆေးပုံမှာ သဘောအားဖြင့် အထက်ကပြဆိုခဲ့သည့် ဗြိတိသျှတရားရုံးများ စံနစ်အတိုင်းပင်ဖြစ်သည်။ ဂျူရီလူကြီးအချင်းချင်းသဘောကဲလဲ့သည့်အခါ၊ ဂျူရီလူကြီးသစ်များဆင့်ခေါ်၍ အမှုကိုပြန်လည်စစ်ဆေးရ၏။ သို့သော် ၆ ဦးထက်မနည်းက တသဘောတည်းဖြစ်နေလျှင် တရားဝန်ကြီးသည် ထိုဆုံးဖြတ်ချက်ကိုလက်ခံ၍ အမိန့်ချမှတ်နိုင်သည်။ လက်မခံလိုက်၊ ဂျူရီလူကြီး သစ်များကိုဆင့်ခေါ်၍ အမှုပြန်လည်စစ်ဆေးရန် တရားဝန်ကြီးကအမိန့်ချမှတ်ရ၏။

ဂျူးဂျစ်ဆူအတတ်။ ဂျူးဂျစ်ဆူဆိုသည်မှာ ဂျပန်နပန်းသတ်နည်း တမျိုးပင်ဖြစ်သည်။ ဂျူးဂျစ်ဆူပညာတတ် မြောက်သူသည် ကာယဗလအားဖြင့် ကြုံလိုသူဖြစ်သော်လည်း မိမိထက်အားအင်ကြီးမားသန်စွမ်းသူကို အလွယ်တကူအောင်မြင်နိုင်သည်။ ဤအတတ်၏မူရင်းသဘောမှာ လက်မောင်းအားအရှိန်နှင့်ခါန်သားကို စံနစ်တကျတွက်ဆ အသုံးပြုခြင်းပင်ဖြစ်သည်။ လက်မောင်းအားအရှိန်ဖြင့်ရန်သူ၏ခြေလက်စသည်တို့ ကျိုးသွားစေနိုင်သည့်ပြင် အကြောအဆစ်လွဲခြင်း၊ သတိမေ့လျော့ခြင်းတို့ကိုလည်းဖြစ်စေနိုင်၏။

ဂျူးဂျစ်ဆူအတတ်မှာအာရုံကြောများကို အရိုးနှင့်ဖိကပ်ပေးခြင်းဖြင့် ကြီးစွာသောဝေဒနာကိုဖြစ်ပေါ် စေပြီးလျှင် ထိုကျင်ခြင်းကိုလည်းဖြစ်စေနိုင်သည်။ သွေးလုတ်ကြောများ

ကို ဖိနှိပ်ထိုးကြိတ်ခြင်း အားဖြင့်လည်း ချက်ချင်းပင်မေ့မြော သွားစေနိုင် သည်။ ဂျူးကျစ်ဆူ သိုင်းကွက်များကို မတ်တတ်ရပ်နေစဉ်အခါတွင်ငင်း၊ မြေကြီးပေါ် တွင် ဝမ်းလျားမှောက် နေသည့် အခါတွင် ငင်း၊ အသုံး ချနိုင်သည်။ သိုင်းဆရာသည် မိမိကိုယ်ကို ကာကွယ် ရန် အတွက်ဖြစ်စေ၊ အရေးကြီးသည့်သိုင်းကွက်တခုခု ရရန်အတွက်ဖြစ်စေ၊နည်းပရိယာယ် ကို ဥာဏ် စေစား၍ သုံး လေ့ရှိ သည်။ ရန်သူကို အနည်းငယ်လျှော့ပေးတန်က လျှော့ပေးခြင်းဖြင့် အောင်မြင်နိုင်ပေသည်။ တခါတရံသူသည်ရန်သူ၏မျက်နှာကို ဦးထုပ်ဖြင့်ပေါက်ခြင်း၊ လက်ကိုင် ပုဝါဖြင့် ပစ်ခြင်း စသည့်တမူ ဟုတ်ခြင်း အံ့အား သင့်စေတတ်သောနည်းကို သုံး၍ လိုရာသိုင်းကွက်ကိုဖမ်းယူကာ ရန်သူကို ဗုံးဗုံးလဲစေနိုင် ပေသည်။ ဂျူးကျစ်ဆူပညာတွင် ပူးသတ် ခြင်း များ သည် အလွန် ပြင်းထန်လှ၏။ အဘယ်ကြောင့်ဆိုသော်ရန်သူကို ပခုံးသို့မဟုတ် ကျောရိုးဖြင့် ဦး စောက် ကျအောင် ပြုလုပ် လို သော ကြောင့်ပင်ဖြစ်သည်။ ရန်သူတို့၏ တိုက်ခိုက် ခြင်းကို ခံရသော အခါ ဂျူး ကျစ် ဆူသမား သည် အနည်း ငယ် နောက် ဆုတ် ပေး ပြီး လျှင် ရှေ့သို့ ကျွံလာ သော ရန်သူ၏ ခြေမျက်စိ သို့မဟုတ် ဒူးကို ခြေဖဝါးဖြင့် ခတ်လိုက်၍ ရန်သူကို အရေးနိမ့်စေသည်။ လက်မောင်းအရှိန်ဖြင့် ရန်သူကိုပစ်ချထုဝယ်ပေါင်၊ တင်ပါး နှင့်ပခုံးအားကိုအသုံးပြုသည်။ ရန်သူ၏ ကုတ်အင်္ကျီကော်လာ၊ အင်္ကျီလက် စသည်တို့ကို ဆွဲကိုင်၍ ဂျူးကျစ်ဆူသမား သည် ချိန် သား ပျက်အောင် ပစ်ချ အနိုင် ယူစမြဲဖြစ်သည်။

ရန်သူသည်ပစ်ချခြင်းခံရသောအခါ အများအားဖြင့်အရိုးကျိုး၊ အဆစ်လွဲသွားတတ်သော်လည်း ဂျူးကျစ်ဆူပညာ ကျွမ်းကျင်ထားလျှင် ယင်းသို့အကျ မနာအောင် ကျင့်သား ရနိုင် ပေ သည်။ အကျမနာ အောင် လေ့ကျင့် ထုံထယ် ဦး ခေါင်းသို့မဟုတ် အဆစ်တခုခုဖြင့် ကြမ်း ပြင်ပေါ် သို့မကျရုန်သတိပြုဖို့ပင်ဖြစ်သည်။ ထမ်းပိုး၍ ပစ်ချခြင်း ခံရသော အခါ ဂျူးကျစ်ဆူသမား သည် လက်ကိုလျှင် မြန် စွာ ဆန့် တန်းပြီး သော် ကြမ်းပြင်ကိုလက်ဖဝါးဖြင့် ရိုက်လိုက်ရသည်။ ယင်း သို့ခန္ဓာကိုယ်ကြမ်း ပြင် ပေါ် သို့မကျမီစက္ကန့်ပိုင်းအတွင်းရိုက် ပုတ်လိုက်ခြင်းဖြင့်ပစ်ချခြင်းခံရသောအရှိန်ကို ပျက်ပြားစေ သည်။ ကြမ်း ပြင်ကို မျက် နှာ မူ၍ တည့်တည့်ကြီး ဆင်း လာလျှင် ကိုယ်၊ လက်၊ ခြေထောက်နှင့် ဦးခေါင်း တို့ကိုတန်း နေစေပြီးလျှင် လည်ပင်းကြွက်သား များကို လည်း တောင့် ထားလိုက်ရသည်။ ကြမ်းပြင်ပေါ် သို့လက်ဖဝါးဖြင့်ကျစေ၍ ယင်းသို့ကျသည့် အခါတွင် လည်း လက်မောင်း များကို အတန်ငယ်ကွေးညွတ်ရပေသည်။ ဤကဲ့သို့အကျမနာအောင် အလေ့အကျင့် ပြုလုပ်ထားခြင်းမှာ ဂျူးကျစ်ဆူအတတ်၌ သာမက ဘောလုံးကစား ခြင်း စသော အခြားအတတ်များ တွင်လည်းအသုံးဝင်ပေသည်။

ဂျူးရားတောင်တန်း။။ ။ဂျူးရားတောင်တန်းသည် ပြင်သစ်နှင့်ဆွစ်ဇာလန်နိုင်ငံ ၂ ခုကြားတွင် အရှေ့မြောက်မှ အနောက်တောင် သို့တန်းလျက် တည်ရှိသည်။ အကျယ်အား




ဂျူးကျစ်ဆူအတတ်ကို လေ့ကျင့်နေကြ သောဂျပန်လူငယ်များ

ဖြင့် ၃၀ မိုင်ခန့်ရှိ၍ ၁၅၆ မိုင်ရှည်လျားသည်။ တောင်တန်း၏အလယ်ကိုချန်လှပ်၍၊ အခြားနေရာများတွင်မြစ်များနှင့်နက်ရှိုင်းသော တောင်ကြားများဖြတ်သန်းလျက်ရှိသည်။ အနောက်ဖက်တွင် တောင်တန်းသည်ပြင်သစ်နိုင်ငံတွင်းရှိမြေနိမ့်ပိုင်းသို့ ခပ်ပြေပြေနိမ့်ဆင်းသွားသည်။ အရှေ့ဖက်၌မူကား တောင်များသည်အလွန်မတ်စောက်၍၊ တောင်ပေါ်ချောင်းတို့သည်ဂျီနီးဗားနှင့်နျူရှားတဲအိုင်များသို့ဒလဟောစီးဆင်းကြသည်။ တောင်တန်း၏ မြောက်ဖက်အစွန်းတွင် ထင်ရှားကျော်စောသော ဗဲလဖောတောင်ကြားရှိ၏။ ထိုတောင်ကြားလမ်းမှာ လူနေအစည်ကားဆုံးဖြစ်သော ပြင်သစ်နိုင်ငံတွင်းရှိ ဒေသကို ဖြတ်သွားလေရကား၊ ပြင်သစ်နိုင်ငံ၏ အိမ်ရှေ့တံခါးပေါက်ဟုခေါ် ဆိုနိုင်သည်။ ကျူးဆွေးတောင်တန်း၏ အနောက်တောင်ပိုင်းတွင် သစ်ပင်များအလွန်ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ ထိုသစ်တောမှရသောသစ်သားတမျိုးကို ကလေးကစားစရာပြုလုပ်ရန်အသုံးချကြသည်။ တောင်တန်း၏ကုန်းမြင့်ဒေသတို့တွင် မြက်ခင်းလွင်ပြင်များရှိလေရာ၊ ထိုဒေသ၌သိုးကိုမွေးမြူကြသည်။ ဂျုံကိုလည်းစိုက်ကြသည်။

ကျူးလ, ဂျေ၊ ပီ (ခရစ် ၁၈၁၈–၁၈၆၉)။ ။ရူပဗေဒပညာရှင် ဂျိမ်းပရက်စကော့ကျူးလ သည်အင်္ဂလိပ်လူမျိုးဖြစ်သည်။ ခရစ် ၁၈၁၈ ခုနှစ်ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဆာဖိုးမြို့၌ဖွားမြင်၏။ ကျူးလ သည်သိပ္ပံပညာဆိုင်ရာ သုတေသနလုပ်ငန်းများတွင်စိတ်ဝင်စားသည်။ ကောင့်ရမ်ဖို့နှင့်ဆာဟန်ဖရီဒေဗီတို့ကဲ့သို့ အပူဓာတ်အကြောင်းတွင် ပါရဂူမြောက်သော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ကျူးလသည်အက်တမ်အဆိုကို ဖန်တီးသူ ရူပဗေဒကဝိကျော် ဂျန်ဒေါလတန် ထံ၌တပည့်ခံ၍ ရူပဗေဒပညာရပ်များကိုလေ့လာဆည်းပူးခဲ့သည်။ (ဒေါလတန်, ဂျေ — လည်းရှု။) အထူးသဖြင့်သံလိုက်ဓာတ်နှင့်လျှပ်စစ်ဓာတ်တို့၏ဆန်းကြယ်မှုအကြောင်းကို စူးစမ်းရှာဖွေခဲ့၏။ ၁၈၃၄ ခုနှစ်တွင်လျှပ်စစ်ဓာတ်ကိုတိုင်းတာရန်နည်းစံနစ်ရှာဖွေစမ်းသပ်စဉ် အတွင်း၊ အပူအလုပ်မျှကိန်းကို ပဌမဆုံးကြံစည်၍သိရှိခဲ့လေသည်။

အပူစွမ်းအင်ကိုအလုပ်အားဖွဲ့ပြနိုင်သည့်အချက်ကိုကျူးလ သည်နှစ်ပေါင်း ၄၀ မျှကြာအောင်စမ်းသပ်ရှာဖွေရသည်။ ကျူးလကိုအစဲ့ပြု၍ ထိုအချက်သည် ရူပဗေဒတွင် 'ကျူးလနိယမ' ဟူ၍ခေါ်တွင်လေသည်။

ကျူးလနိယမ အရအလေးချိန်တပေါင်ရှိရေကို အပူချိန် ၁ ဒီဂရီဖာရင်ဟိုက်တက်အောင် ပြုလုပ်သော အပူသည် ၇၇၀ ပေါင် အလေးချိန်ရှိဝန်ကို ၁ ပေမြင့်အောင် ပြုလုပ်သော အလုပ်အားနှင့် ညီမျှသည်။ လော့ ကယ်လဗင် နှင့်အတူ ကျူးလသည် ဖိနှိပ်ထားသောဓာတ်ငွေ့တွင်အပူပြောင်းလဲမှု ရှိကြောင်းကိုလည်း၊ ဖိနှိပ်ထားသော အစိုင်အခဲနှင့် စန့်ထွက်သော အစိုင်အခဲတို့တွင် အပူချိန်ပြောင်းလဲမှုရှိကြောင်းကိုလည်း၊ လေ့လာစုံစမ်းခဲ့သည်။ (ကယ်လဗင်, ဒဗျူ၊တီ — လည်းရှု။) တော်ဝင်အသင်းက ကျူးလအား ငွေကြေးထောက်ပံ့၍ သုတေသန၊ လုပ်ငန်းကို လုပ်ကိုင် စေသဖြင့် ကွန်ဒင်ဆာကိုတီထွင်နိုင်သည်။ ကျူးလတီထွင် သောကွန်ဒင်ဆာများသည် ထိုအခါက သဘော်များတွင် အသုံးပြုသော ရေနွေးငွေ့အင်ဂျင်စက်များကို ပိုမိုရှင်းကောင်းမွန်လာစေလေသည်။




ရူပဗေဒပညာရှင်ဂျေ၊ ပီ၊ ကျူးလ

ကျူးလသည် ဂုဏ်ထူးဘွဲ့ထူးများစွာတို့ဖြင့် ခြီးမြှင့်ခြင်းခံရသည်။ ၁၈၅၀ ပြည့်နှစ်တွင် တော်ဝင်အသင်းဝင်တဦးဖြစ်လာသည်။ ၁၈၇၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကွယ်လွန်လေသည်။

ကျယ်လတင်း။ ။တိရစ္ဆာန်တို့၏အရိုး၊ ဦးချိုနှင့်ခွာများကို အက် ဆစ် အပျော့ရည် ထဲတွင်စိမ်လိုက်လျှင် အချို့သော အစိတ်အပိုင်းများ သည် အရည်ပျော်သွား၍ အချို့သည် အရည်မပျော်ဘဲကျန်ခဲ့သည်။ အရည်မပျော်ဘဲ ကျန်ခဲ့သောအစိတ်အပိုင်းများကို ရေတွင်ထည့်၍ပြုတ်လိုက်လျှင် ကော်ရည်ဖြစ်လာသည်။ အရောင်မှာဝါတာတာရှိ၍ အရသာမရှိချေ။ ခဲသွားသောအခါ မာ၍ဆတ်လာသည်။ ထိုကော်ကိုကျယ်လတင်းဟုခေါ်သည်။ ကျောက်ကြောဟုခေါ်သည့် ငါးစည်ဖောင်းကော်မှာ ကျယ်လတင်းအကောင်းဆုံးအစားဖြစ်၍ ယင်းကိုလူတို့စားသုံးနိုင်သည်။ (ငါးစည်ဖောင်းကော် — ရှု။)

စက်မှုလက်မှုလုပ်ငန်းတွင် ကျယ်လတင်းကိုများစွာအသုံးပြုကြသည်။ ကျယ်လတင်းသန့်သန့်ကို သရည်စာမဲ့နှင့် အခြားအစားအသောက်များ ပြုလုပ်ရာတွင် အသုံးပြု၍ ကျယ်လတင်းအညှစ်စားကိုမူ ကော်အဖြစ်ဖြင့် အသုံးပြုကြသည်။ ကျယ်လတင်းမရသောကော်သည်အလွန်စေးကပ်သဖြင့် ပစ္စည်းများဆက်စပ်ရာ၌အသုံးပြုသည်။ ကျယ်လတင်းအညှစ်စားကို ဆာလဖျူရစ်အက် ဆစ် ရည်နှင့် သန့်အောင်ပြုလုပ်လိုက်သောအခါ အရောင်ဖြူလာ၍ အလင်းမပေါက်တပေါက်ရှိသော ကျယ်လတင်းအကောင်းစားကိုရသည်။ ကျယ်လတင်းကို အစားအသောက်များမာလာစေရန်နှင့် အရက်များကိုသန့်အောင်လုပ်ရာ၌လည်းအသုံးပြုသည်။ အချောင်းလိုက်လိုးဖြတ်၍ စေ့းတွင်ရောင်းချကြသောကဲ့

ကော်မှာ ဂျယ်လတင်းအည့်စားပင်ဖြစ်၏။ ကျွဲကော်ကိုပုံနှိပ်စက်မင် လုံးများ သွန်းလုပ်ရာတွင် အဓိက အသုံးပြုကြသည်။ ဂျယ်လတင်းကို ဆေးလုံးကလေးများ အပြင်ဖက်မှ သုတ်လိမ်းပေးရာတွင်၎င်း၊ သားရေနယ်လုပ်ငန်း၊ ဆေးဆိုးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ရေခဲပစ္စည်းလုပ်ငန်း၊ မင်လုပ်ငန်း၊ သားရေတုန့်ပြန်လုပ်ငန်းတို့တွင်၎င်း များစွာအသုံးပြုကြသည်။ ဓါတ်ပုံရိုက်မှန်နှင့်ရုပ်ရှင်ကော်ပြားများပြုလုပ်ရာတွင်လည်း ဂျယ်လတင်းကော်ကို အခြေခံပစ္စည်းအဖြစ်ဖြင့် အသုံးပြုကြလေသည်။



ဂျယ်လတင်းကိုအစားအစာများဖြူလုပ်ရာ၌လည်းအသုံးချနိုင်၏။

ဂျယ်လီကို, ဂျော် အာ (ခရစ် ၁၇၅၉–၁၉၃၅)။ ။ဗြိတိသျှရေကြောင်းဖက်တွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများတွင် ဆာဂျွန်ရပ်ရှဝပ်ဂျယ်လီကို လည်းတယောက်အပါအဝင်ဖြစ်သည်။ ဂျယ်လီကို သည် ၁၇၅၉ ခုတွင်ဆောက်သမွတန်မြို့၌ ဖွားမြင်သည်။ ငယ်စဉ်အခါကပင်ရေကြောင်းဖက်၌စိတ်အားထက်သန်သဖြင့် ၁၇၇၂ ခုနှစ် ၁၃ နှစ်သားအရွယ်တွင် ရေတပ်သို့ဝင်ခဲ့သည်။ သူ၏ဖခင်မှာ ကုန်သွယ်ရေကြောင်းဆိုင်ရာတွင်မာလိန်မှူးဖြစ်၍ သူ၏ဘေးမှာ စစ်ပွဲပေါင်းများစွာ၌ပါဝင်တိုက်ခိုက်သဖြင့်ပွဲရခဲ့သော ဒုတိယရေကြောင်းဗိုလ်ချုပ်ကြီးဖိလစ်ပက်တန် ဖြစ်သည်။

ဂျယ်လီကို သည်ရေတပ်သို့ဝင်ပြီး၍ ဂ နှစ်ကြာသောအခါ ရေတပ်ဗိုလ်ကြီးရာထူးသို့တိုး မြှင့်ပေးခြင်းခံရသည်။ ဂျယ်လီကိုသည် ရေကြောင်းဖက်စွာင်အမှုထမ်းသက်ရှင့်လေလေ၊ အရည်အခြင်း တိုးတက်ထူးချွန်လေလေဖြစ်ရကား၊ အရေး



ဗြိတိသျှရေကြောင်းဗိုလ်ချုပ်ဂျော်အာ၊ဂျယ်လီကို





အင်္ဂလန်ပြည့်ရှင်၊ ဟန်နိုဗာအန္ဒယ်ဂျော့ဘုရင်များ
(အထက်ဝဲ) ပဌမဂျော့၊ (အထက်ယာ) ဒုတိယဂျော့
(အောက်ဝဲ) တတိယဂျော့၊ (အောက်ယာ) စတုတ္ထဂျော့





ဗြိတိသျှရေကြောင်း အမြောက်ဌာနသည် အထူးပင်တိုး တက်ခဲ့လေသည်။ ထိုရေကြောင်းအာဇာနည်ပုဂ္ဂိုလ်ကြီး ကား ၁၉၃၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ကွယ်လွန်ရာ သူ၏ရုပ်အလောင်းကို အခြားသော ဗြိတိန် အာဇာနည် ပုဂ္ဂိုလ်ကြီးများနှင့်အတူ စိန်ပေါဘုထူးရှိခိုးကျောင်းတွင်မြှုပ် နှံထားလေသည်။ ထိုပုဂ္ဂိုလ်ကြီးရေးသားခဲ့သော 'မဟာ ရေတပ်မတော်' (၁၉၁၄–၁၆) နှင့် 'ရေကြောင်းစစ်ပွဲ၏ အဖြစ်အပျက်များ' ဟူသောစာအုပ် ၂ အုပ်ကား ဗြိတိသျှ ရေကြောင်းဆိုင်ရာမှတ်တမ်းကြီးများသဖွယ်ဖြစ်ရာ ထင်ဝင် ကို အထောက်အပံ့အလွန်ပေးသော အဖိုးတန်သည့်စာအုပ် ကြီးများပင်ဖြစ်ပေသည်။

ကျော့ဘုရင်များ (ဘင်္ဂလိပ်)။ ။အင်္ဂလန်ပြည်၌ကျော့ အမည်နှင့် ဘုရင် ၆ ပါးမင်းပြုခဲ့ကြရာပဌမ ၄ ဦးမှာ ဟန်နိုဗာ အနွယ်များဖြစ်၍ ကျန် ၂ ဦးမှာ ပဌမကမ္ဘာစစ်အပြီးတွင် အမည်ပြောင်းလဲခဲ့သော ဝင်ဆာအနွယ်များဖြစ်ကြသည်။

ခရစ် ၁၇၁၄ ခုနှစ်တွင်အင်္ဂလန်ပြည့်ရှင် အန်ဘုရင်မကြီး တွင် ထီးမွေနန်းမွေဆက်ခံရန် သားထောက်သမီးခံမကျန် ရစ်ခဲ့ရကား ဂျာမန်အဆက်အနွယ်ဖြစ်သည့်ကျော့မင်းသားက အင်္ဂလိပ်ထီးနန်းကိုဆက်ခံစိုးစံလေသည်။

ပဌမကျော့ (ခရစ် ၁၆၆၀–၁၇၂၇) သည် အင်္ဂလန်ပြည် ပဌမဂျိမ်းဘုရင်၏ သမီးတော် အယ်လစ်ဇဗက် မင်းသမီးမှ ပေါက်ဖွားသောအနွယ်ဖြစ်၍ ဂျာမနီ ဟန်နိုဗာနယ်စားမင်း သားဖြစ်၏။ အင်္ဂလိပ်ထီးနန်းကို ရွေးဦးစွာဆက်ခံစိုးစံသူ ပဌမကျော့သည် ၁၆၆၀ ပြည့်နှစ်မတ်လ ၂၈ ရက်နေ့တွင် ဟန်နိုဗာ၌ဖွားမြင်၍၊ ၁၆၉၈ ခုနှစ်တွင်ထိုနယ်ကိုစားရသော မင်းသားကြီးဖြစ်လာပြီးသည့်နောက် ၁၄ ဆက်မြောက်၊ ပြင်သစ်ဘုရင်လူဝီအားဆန့်ကျင်သည့်လုပ်ငန်းများတွင် ထိ ထောက်စွာဆောင်ရွက်ခဲ့၏။ နန်းတက်သောအခါကျော့မှာ ၅၄ နှစ်မျှပင်ရှိခဲ့လေပြီ။

သူသည်အင်္ဂလန်ထက်ဂျာမနီနိုင်ငံရှိမြေများကို ပိုမိုစွဲလန်း ခဲ့၏။ တိုင်းရေးပြည်မှုကိုလည်း စိတ်ပါဝင်စားခြင်းမရှိလှဘဲ အင်္ဂလိပ်အမတ်ကြီးများနှင့် သာလွဲအပ်ထားခဲ့ရာ နန်းရင်း ဝန်ထောပတ်ဝါလပို ကသာနိုင်ငံကြီးကိုကြိုးကိုင်ခဲ့လေသည်။

သူ့လက်ထက်၌ စတူးဝပ်အဆက်အနွယ်ဖြစ်သည့် ဂျိမ်း စတူးဝပ်သည် ၁၇၁၅ ခုနှစ်တွင်စကော့တလန်သို့လာထောက် ကာတောင်ပေါ်သားများနှင့်ပူးပေါင်း၍သူပုန်ထလေသည်။ မင်းလောင်းဂျိမ်း၏ ဘက်တော်သားများကို ဂျက်ကဗိုက်ဟု ခေါ်၍ထိုပုန်ကန်မှုကြီးကို ဂျက်ကဗိုက်ပုန်ကန်မှုကြီးဟုခေါ်၏။ (ဂျက်ကဗိုက် — ၌။) သို့သော်ဂျိမ်းမှာနောက်ဆုံး၌ အရေး နိမ့်၍ထွက်ပြေးရ၏။ ပဌမကျော့ဘုရင်သည် ၁၇၂၇ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင်ကံတော်ကုန်လေသည်။

ဒုတိယကျော့ (ခရစ် ၁၆၈၃–၁၇၆၀)။ ပဌမကျော့ဘုရင် နတ်ရွာလွန်လျှင် သားဧတော်ဒုတိယကျော့နန်းတက်သည်။ သူသည်လည်းဟန်နိုဗာနယ်များကို အင်္ဂလန်ထက်ပင်ပို၍ခင် တွယ်ခဲ့၏။ ဖခင်ကဲ့သို့ပင်တိုင်းရေးပြည်မှုများကို မှုးကြီး မတ်ကြီးများသို့ လွဲအပ်ထားလျက်၊ သူ၏နန်းစံချိန်ရှေ့ပိုင်း တွင် နန်းရင်းဝန်ရောဗတ်ဝါလပိုကဇင်း၊ နောက်ပိုင်းတွင်ဝိလ်ျ ပစ်အကြီးကဇင်းစီမံခန့်ခဲ့ကြ၏။ သူ့လက်ထက်၌ပြင်သစ် တို့နှင့်ဖြစ်ပွားသော စစ်ပွဲများတွင်နိုင်သဖြင့်ကနေဒါနိုင်ငံကို အပိုင်ရလိုက်၍ အိန္ဒိယပြည်တွင်လည်း ရောဗတ်ကလိုက်၏ စွမ်းရည်ဖြင့်နယ်ပယ်အချို့ကိုအနိုင်ရခဲ့လေသည်။

၁၇၅၅ ခုနှစ်သူ၏လက်ထက်တွင်ထင်ကြသောဂျက္ကဗိုက်ပုန် ကန်မှုမှာ သူ့ဖခင်လက်ထက်ကထက်ပင်ဆိုးရွားခဲ့၏။ ဂျိမ်း စတူးဝပ်၏သားချာလီမင်းသားကလေးသည် စကော့တလန် သားများ၏အကူအညီဖြင့် အစကနဦးတွင် အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သော်လည်း ၁၇၄၆ ခုနှစ် 'ကလော့ဒင်' တိုက်ပွဲတွင် အရှုံးကြီး ရှုံးပြီးနောက် အင်္ဂလန်မှနောက်ဆုံး ထွက်ခွာသွားရလေသည်။

ဒုတိယကျော့ဘုရင်၏မိဖုရားကယ်ရိုလိုင်းမှာ စွမ်းလွန်းတမံ ဆောင်ရွက်နိုင်သူဖြစ်၍ ဘုရင်ကြီးအား အထူးအကူအညီပေး ခဲ့၏။ ဒုတိယကျော့ဘုရင်သည် အလှအပအခမ်းအနားတို့ကို အထူးနှစ်သက်၏။ အသုံးအစွဲအနေအထိုင်၌မူ အလွန် စေ့စပ်သေချာပြီးလျှင် စစ်စီလှသော ဘုရင်တပါးဖြစ်လေ သည်။ သို့စဉ်လျက်ထိုမင်းလက်ထက်တွင် ခုနှစ်နှစ်စစ်ပွဲများ ဖြစ်ခြင်းကြောင့် နိုင်ငံတော်အကြွေးမှာနှစ်ဆမျှတိုးတက်ခဲ့ လေသည်။ (ခုနှစ်နှစ်စစ်ပွဲ — ၌။)

ဒုတိယကျော့ဘုရင်သည် ၁၆၈၃ ခုနှစ်နိုဝင်ဘာလ ၁၀ ရက် နေ့တွင် ဟန်နိုဗာ၌ဖွားမြင်၍အင်္ဂလိပ်ထီးနန်းကို ၁၇၂၇ ခု နှစ်မှ ၁၇၆၀ ပြည့်နှစ်ထိ ၃၃ နှစ်တိုင်စိုးစံခဲ့ပြီးနောက် ၁၇၆၀ ပြည့်နှစ်အောက်တိုဘာလ ၂၅ ရက်နေ့တွင်ကံကုန်လေသည်။

ထိုမင်းကွယ်လွန်ပြီးနောက် အိမ်နီမ့်စံဘဝကပင်ကွယ် လွန်ခဲ့သော သားတော်အိမ်ရှေ့ဥပရာဇာ ဖရက်ဒရစ်၏ သား တတိယကျော့ကထီးမွေနန်းလျာကိုရရှိခဲ့၏။

တတိယကျော့ (ခရစ် ၁၇၃၈–၁၈၂၀) သည် ၁၇၃၈ ခုနှစ်ဇွန် လ ၄ ရက်နေ့တွင်အင်္ဂလန်၌ ဖွားမြင်၍ ပဌမနှင့် ဒုတိယ ကျော့ဘုရင်များနှင့်မတူဘဲ အင်္ဂလန်မွေး အင်္ဂလန်ကြီးဖြစ် ရကား အင်္ဂလိပ်ဖြစ်ရသည်ကိုပင်ဂုဏ်ယူသောပဌမဆုံးဟန်နို ဗာဆက်မင်းဖြစ်လေသည်။

ငယ်စဉ်ကပင် 'မျိုးချစ်ဘုရင်ဝါဒ' ကိုသင်ယူခဲ့ရသဖြင့် ကက်ဗိနက်ဝန်ကြီးအဖွဲ့က တိုင်းပြည်အား ဘုရင့်ကိုယ်စား အုပ်ချုပ်ခြင်းကိုငြင်း၊ ကက်ဗိနက်ကိုထောက်ခံသော အင် အားကောင်းသည့်ပါတီက အုပ်ချုပ်ရေးဝါဒကိုဘုရင့်ကိုယ် စားဖန်တီးသည်ကိုငြင်း မလိုလားမနှစ်သက်ခဲ့ချေ။ ၁၇၆၀

ပြည့်နှစ်တွင် ဘုရင်ဖြစ်လာသော အခါ သူသည်တိုင်းပြည်ကိုစိုးမိုးအုပ်ချုပ်ရုံမျှသာမက စံနစ်တကျလည်းအုပ်ချုပ်ရန် သန္နိဋ္ဌာန်ချထားသည့်အတိုင်း ပါလီမန်တွင်ဝှစ်ပါတီလွှမ်းမိုးခြင်းကိုစတင်ဖြိုဖျက်လေသည်။

ပြည်တွင်းရန်အေးစေရန် ပြည်ပရန်ကိုလည်းငြိမ်းစေရမည်ဖြစ်သဖြင့် ကျော့ဘုရင်သည်နန်းရင်းဝန်ပစ်အား ခုနစ်နှစ်စစ်ပွဲကိုရပ်စဲစေ၏။ ပစ်လည်းဘုရင်နှင့် စိတ်ဝမ်းကွဲပြားကာ ရုတ္ထူးမှုနှုတ်ထွက်လေတော့၏။ ၁၇၆၂ ခုနှစ်တွင်သူ၏ငယ်ဆရာဖြစ်သောဗျု အား နန်းရင်းဝန်ခန့်၍ဘုရင့်အလိုတော်ကျကက်ဗိနက် အဖွဲ့အစိုးရပေါ် ပေါက်လာစေ၏။ ခုနစ်နှစ်စစ်ပွဲရပ်စဲရန်စာချုပ်နှင့် စပ်လျဉ်း၍ နာမည်ပျက်သဖြင့်ဗျုလည်းရာထူးမှုနှုတ်ထွက်ရပြန်၏။

ထိုနောက်ဘုရင့်ဩဇာစူးရှမည့် နန်းရင်းဝန်များ မပေါ်ပေါက်ဘဲရှိနေခဲ့သည်။ သို့နှင့်ပင်အလျှော့မပေးဘဲတရားသောနည်း၊ မတရားသောနည်းတို့ကိုသုံး၍ တိုရီများနှင့်ပူးပေါင်းကာ ၁၇၇၀ ပြည့်နှစ်တွင် ဘုရင့်ပါတီတခုကိုပါလီမန်၌ထူထောင်နိုင်ခဲ့လေသည်။ ထိုအခါတိုရီဂိုဏ်းဝင်လေ့နေ့သည် ဘုရင့်အလိုတော်ကျအစိုးရအဖွဲ့တွင် နန်းရင်းဝန်ဖြစ်လာလေသည်။ ထိုအခါမှစ၍ဘုရင်နှင့်လေ့နေ့တို့သည် တိုင်းပြည်အုပ်ချုပ်ရေးဝါဒကို လွှတ်လပ်စွာဖန်တီးနိုင်ခဲ့ကြ၏။ သို့သော် သူတို့ ၂ ဦး၏ညှဉ်ဖျင်းမှုမလိမ်မာမှုတို့ကြောင့် ထိုအချိန်အတွင်းအမေရိကန်လွှတ်လပ်ရေးစစ်ဖြစ်ပွားကာ အမေရိကန်ကိုလိုနီနိုင်ငံများဆုံးရှုံးခဲ့ရလေသည်။

ဘုရင်ကြီးမှာမကြာခဏစိတ်ဖောက်ပြန်တတ်သောရောဂါရှိသဖြင့် သားတော်အိမ်ရှေ့မင်းက သူ၏ကိုယ်စားအုပ်ချုပ်ရလေရာ ၁၈၁၁ ခုနှစ်တွင်ဘုရင်ကြီးမှာလုံးလုံးရူးသွပ်သွားရှာလေသည်။ ထိုမျှသာမကမျက်စိကွယ်သွားသောဝေဒနာကိုလည်း တာရှည်စွာခံစားရပြီးနောက် ၁၈၂၀ ပြည့်နှစ် ဇန္နဝါရီလ ၂၉ ရက်နေ့တွင်ကံကုန်လေသည်။

စတုတ္ထကျော့ (ခရစ် ၁၇၆၂-၁၈၃၀)။ ဘုရင်ကြီးနတ်ရာလွန်လေသော်သူ၏ သားတော်အကြီးဆုံးသည် စတုတ္ထကျော့အမည်ဖြင့် ထီးနန်းအရိပ်အရောက်ယူလေ၏။ စတုတ္ထကျော့ဘုရင်သည် ၁၇၆၂ ခုသြဂုတ်လ ၁၂ ရက်နေ့တွင် ဖွားမြင်၍ထိုနှစ်ကပင် ဝေလမင်းသားဘွဲ့ကိုရရှိခဲ့သူဖြစ်၏။ သို့ရာတွင်သူသည် အင်္ဂလန်နိုင်ငံ ဘုရင်များထဲတွင် တိုင်းသူပြည်သားတို့မုန်းတီးရွံရှာဆုံးဘုရင်ဖြစ်သည်။

ငယ်စဉ်ကရုပ်ရည်သန့်ပြန့်ခန့်ညားး၍ အနေအထိုင်အားဖြင့် သိမ်မွေ့သူတယောက်ဖြစ်ခဲ့သော်လည်း ကြီးပြင်းလာစေသောအခါအသုံးအဖြုန်းလွန်ကဲခြင်း၊ မသင့်လျော်သောအပေါင်းအသင်းများနှင့်ပေါင်းဖော်ခြင်း၊ မလျောက်ပတ်သောအပျော်အပါးတို့ကိုလိုက်စားခြင်းတို့ကြောင့် တိုင်းသူပြည်သားများ၏အကြည်ညိုပျက်ခြင်းကိုခံရ၏။

၁၇၈၈ ခုနှစ်တွင်ဖခင်တတိယကျော့ဘုရင် စိတ်ဖောက်ပြန်သွားသည့်အခါ တိုင်းပြည်ကိုခေတ္တမျှ တကြိမ်အုပ်ချုပ်ခဲ့ပြီးနောက်၊ ၁၈၁၁ ခုနှစ်တွင်ဘုရင်ကြီးလုံးလုံးရူးသွပ်သွားသည့်အခါ ၉ နှစ်ကြာမျှဒုတိယအကြိမ် အုပ်ချုပ်ခဲ့ရပြန်သည်။ နန်းစံ ၁၀ နှစ်အတွင်း သူသည်တိုင်းရေးပြည်မှုနှင့်စပ်လျဉ်း၍ထိရောက်ကျနစွာ ဆောင်ရွက်ခြင်းမရှိ ခဲ့သည့်ပြင် ဂရိတ်ဗြိတိန်နိုင်ငံနှင့်တကွဟန်နိုဗာနယ်များ၏အုပ်ချုပ်မှုရေးရာတို့ကို အမတ်ကြီး များအားလွှဲအပ်ထားခဲ့လေသည်။

မှတ်သားသင့်သော အချက်တချက်မှာ သူ၏လက်ထက်တွင်ပဌမအင်္ဂလိပ်မြန်မာစစ်ဖြစ်ခဲ့၏။ ထိုစစ်မှာ ၁၈၂၄ ခုနှစ်တွင်စတင်ဖြစ်ပွား၍ ၁၈၂၆ ခုနှစ်တွင် ရန်ကုန်ပိစာချုပ်ဖြင့် ပြေငြိမ်းရပ်စဲခဲ့သည်။ အင်္ဂလိပ်တို့သည် ထိုစစ်ပွဲအပြီး တွင် အာသံ၊ ရခိုင်နှင့်တနင်္သာရီနယ်များကို မြန်မာတို့လက်မှရရှိလေသည်။ ထိုမင်းလက်ထက် အခြားထင်ရှားသောအဖြစ်အပျက်များမှာ ရေတပ်ဗိုလ်ရပ်ကော့ရင်း တန် ဦးစီးသော အင်္ဂလိပ်ရေတပ်သည် ၁၈၂၇ ခုနှစ်တွင် တူရကီရေတပ်အား 'နာဗာရီနိုး' စစ်ပွဲ၌အနိုင်ရခြင်း၊ အယူဝါဒကွဲနှိပ်ကွပ်ရေးဥပဒေများကို ၁၈၂၈ ခုနှစ်တွင်ဖျက်သိမ်းခြင်း၊ ဗရင်ဂျီများချုပ်ချယ်မှုလွှတ်လပ်ရေးအက်ဥပဒေတရပ်ကို ၁၈၂၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းစသည်တို့ဖြစ်လေသည်။

စတုတ္ထကျော့သည် ၁၈၃၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကံကုန်ခဲ့ရာ သူ၏တဦးတည်းသောသမီးတော်မှာလည်း ဘုရင်ကြီးအလျင်ကယ်လန်ခဲ့သဖြင့်ထီးနန်းအရိုက်အရာကို ညီတော်ဖြစ်သူစတုတ္ထဝိလျံကဆက်ခံစိုးစံလေသည်။

စတုတ္ထကျော့အား၌ရှာမူန်း တီး သလောက် တိုင်းသူပြည်သား တို့၏ချစ်ခင်လေးစားခြင်းကို ခံရသူကား ပဌမကျော့ပင်ဖြစ်လေတော့သည်။

ပဌမကျော့ (ခရစ် ၁၈၆၅-၁၉၃၆)။ ထိုမင်းသည်တိုင်းပြည်အုပ်ချုပ်မှုရေးရာများတွင် အသိအလိမ္မာဉာဏ်ပညာအမြောက်အမြင်ကြီး၍ သူ၏ခမည်းတော် သတ္တမအက်ဒွပ် ဘုရင်နှင့် သူ၏ ဖွားတော်ဝိတိုရိယဘုရင်မကြီးတို့၏ခြေရာကို ကောင်းစွာနင်းနိုင် သော ဘုရင်ဖြစ်၏။ သတ္တမအက်ဒွပ် ဘုရင် နှင့် အယ်လက်ဇန္ဒြာမိဖုရားကြီး တို့၏ ဒုတိယသားတော်ဖြစ်၍ ၁၈၆၅ ခုနှစ်ဇွန်လ ၃ ရက်နေ့၌ လန်ဒန်မြို့မာလဗာရာစံအိမ်တော်တွင်ဖွားမြင်၏။ ၆ နှစ်ကျော်ခန့်အရွယ်တွင်သူ့ထက် ၂ နှစ်မျှကြီးသောနောင်တော်အဲလဗတ်မင်း သား နှင့် အတူ စာပေသင်ကြားခဲ့ပြီးနောက် ၁၂ နှစ်သား အရွယ်တွင်ရေတပ်သို့ဝင်ရောက်အမှုထမ်းခဲ့ရာ၊ ၁၈၉၀ ပြည့်နှစ်၌ရေကြောင်းဗိုလ်မှူးကြီးရာထူးကိုရရှိခဲ့လေသည်။ ထိုနောက် ၁၈၉၂ ခုနှစ်တွင်နောင်တော်ကွယ်လွန်သဖြင့် နန်းညှန့်နန်းလျာအဖြစ် သို့ရောက်ရှိလာပြီးလျှင် ရေတပ်၌အမှုထမ်းခြင်းကိုလည်းစွန့်လွှတ်လိုက်ရလေတော့သည်။

၁၈၉၂ ခုနှစ်၌ ယော့နယ် စားဒျုဘွဲ့ကို ခံယူခဲ့ပြီး နောက် ၁၈၉၃ ခုနှစ်တွင် ဒျုဘွဲ့ရ တက်နယ်စား ကြီး၏ သမီးတော် မေရီမင်းသမီးနှင့် စုံဖက်ခဲ့၏။ ဗျော့နှင့်မေရီတို့တွင် သား သမီး ၆ ယောက်ထွန်းကားခဲ့ရာ တယောက်ပျက်စီးသဖြင့် သွား ၄ ယောက်နှင့်သမီးတယောက်ကျန်ရှိ၏။ သားတော် များမှာ အင်္ဂမအာက်ဒွပ်ဘုရင်၊ ဆင်္ဂမဗျော့ဘုရင်၊ ဂလော့စ တာနယ်စား ဒျုဘွဲ့ရ ဟင် နရီမင်း သားနှင့် ကင့်နယ် စား ဒျုဘွဲ့ရဗျော့မင်း သား တို့ဖြစ်ကြ၍ တပါးတည်း သော သမီးတော်မှာ မင်း သမီးကြီး မေရီဖြစ်သည်။

ခမည်းတော်သတ္တမအာက် ဒွပ် ဘုရင်ကြီး ကဲ့သို့ပင် ဘုရင်မဖြစ်မီ ဖြိုတီသျအင် ပိုင်ယာကို လှည့်လည်ခဲ့၏။ ပင်လယ်ရပ်ခြားရှိ ဖြိုတီသျ ပိုင်နယ်များ အကြောင်းကို မျက်မြင်ကိုယ်တွေ့လေ့လာ ကြည့်ရှုခဲ့၏။ ၁၉၀၁ ခုနှစ် တွင် ဩစတြေးလီးယား၊ နယူးဇီလန်၊ တောင်အာ ဖရိကနှင့် ကနေဒါနိုင်ငံများ သို့သွားရောက်လည်ပတ်ခဲ့ ၏။ ဩစတြေးလီးယား သို့ရောက်စဉ်က ပဌမဆုံး ဖြစ်သော ပါလီမန် ကိုဖွင့် လှစ်ခဲ့၏။ ထိုနှစ်၌ပင်ဝေ လမင်း သား ဘွဲ့ကို ခံယူခဲ့ သည်။ ခမည်းတော်လွန်သည့် ၁၉၁၀ ပြည့်နှစ်မေလ ၆ ရက်နေ့တွင် ထီးနန်းဆက်ခံ၍ ၁၉၁၁ ခုနှစ်ဇွန်လ ၂၂ ရက် နေ့တွင်မှ ရာဇဘိသေကကို ခံယူသည်။ ထိုနှစ်၌ပင် ဗျော့ ဘုရင်သည်အိန္ဒိယပြည်သို့မေရီမိဖုရားကြီးနှင့်အတူ တိုင်းခမ်း လှည့်လည်လေသည်။

သူ၏ လက်ထက်တွင် ပဌမကမ္ဘာစစ်ကြီး (၁၉၁၄–၁၈) ဖြစ်ပွားခဲ့သည်။ ထိုအတွင်းဗျော့ဘုရင်သည် စစ်မြေပြင်ရှိရာ ပြင်သစ်နိုင်ငံ သို့အခေါက်ခေါက် အခါခါသွားရောက်ပြီးလျှင် စစ်သည် တော်သားများအား ကြည့်ရှုစစ်ဆေးအားပေး၏။ ၁၉၁၇ ခုနှစ်တွင်ဂျာမန်အဆောင်အယောင်များကို စွန့်ပယ် ပြီးနောက် 'ဝင်ဆာမင်းမျိုး' ဟူ၍ကျေညာခဲ့လေသည်။ သူ၏ လက်ထက်တွင် တိုင်းသူပြည်သားများက ဘုရင်အား ကြည်ညိုလေးစားမှုတိုး တက်ခဲ့၏။ အင်္ဂလန်နှင့်ကိုယ်ပိုင် အုပ်ချုပ်ရေး ရသော ဒိုမီနီယန်တိုင်းပြည်များ ကြားတွင် ဘုရင်သည်အဓိကအဆက်အသွယ်ကြိုးဖြစ်လာတော့သည်။

၁၉၃၅ ခုနှစ်မေလတွင် မင်းသက် ၂၅ နှစ်မြောက်အထိမ်း အမှတ်အဖြစ် ဆီးလဗားဂျုဗလီပွဲကို အင်္ဂလန်နှင့် တကွဖြိတီ သျအင်ပိုင်ယာနိုင်ငံတဝှန်းလုံးတွင် သိုက်မြိုက်စည်ကားစွာ ကျင်းပကြ၏။ ဤပွဲမကျင်းပမီ ၁၉၂၈–၂၉ ခုနှစ်တွင် ဗျော့ဘုရင်အသည်းအသန် နာမကျန်းဖြစ်သော အခါ၌ ပြည် သူပြည် သား တို့ ကြောင့် ကြစိုးရိမ်ဖြစ်ကြပုံ ကိုဂုဏ်။ ၁၉၃၆ ခုနှစ်ဇန်နဝါရီ ၂၀ ရက်နေ့၌ ဘုရင်ကံကုန် သည်တွင် အမျိုးနှင့်ချီ၍ ကြည် ကွဲဝမ်းနည်းကြပုံကို ၎င်း၊ ထောက်ချင့်ခြင်း အားဖြင့် ဤဘုရင်အား မည်မျှလောက်ခင်မင်လေး စားကြသည် ကို ထင်ရှား စွာသိနိုင်လေသည်။



ပြည်သူတို့ကြည်ညိုသော ပဌမဗျော့ဘုရင်

ပဌမဗျော့ဘုရင်သည် တိုင်းသူပြည် သားများ အား အသံလွှင့်ဌာနမှပဌမ ဦးဆုံးမိန့်ခွန်း စကားမြွက် ကြားခဲ့သော အင်္ဂလိပ် ဘုရင်ဖြစ်၏။ သူ၏လက် ထက်တွင် ထင်ရှားသော အဖြစ်အပျက်အချို့မှာမိန်း မများဆန္ဒမဲပေးခွင့် ရရှိ ခြင်း၊ ပဌမကမ္ဘာစစ်ကြီး ဖြစ်ပွားခြင်း၊ ၁၉၂၂ ခုနှစ်တွင် အိုင်ယာလန်အား လွတ်လပ် ရေးပေးခြင်း၊ ၁၉၂၄ ခုနှစ်တွင် လေဘာအစိုးရပဌမဆုံး အကြိမ်တက်လာခြင်းနှင့် ၁၉၂၆ ခုနှစ်တွင် အထွေထွေသပိတ် ကြီးပေါ် ပေါက်ခဲ့ခြင်းများဖြစ်၏။

ဆင်္ဂမဗျော့ (ခရစ် ၁၀၉၅–၁၁၂၂)။ ထိုမင်းသည် ပဌမ ဗျော့၏ဒုတိယသားတော်ဖြစ်၏။ ငယ်နာမည်မှာအဲလဗတ် မင်း သား ဖြစ်၍ ၁၀၉၅ ခုဒီဇင်ဘာ ၁၄ ရက်နေ့တွင် ဆန်ဒရင်ဂမ်ရှိ ယော့ အိမ်တော်ငယ်၌ဖွားမြင်လေသည်။

အသက် ၁၄ နှစ်တွင်ရေကြောင်းအတတ်ကိုသင်ယူပြီး နောက် ၁၇ နှစ်သားအရွယ်တွင်ရေတပ်သို့ဝင်ရောက်အမှု ထမ်းယင်း၊ အနောက်အိန္ဒိယကျွန်းစုနှင့် ကနေဒါနိုင်ငံများ သို့လှည့်လည်ခဲ့၏။ ပဌမစစ်ကြီးအတွင်း ၁၉၁၆ ခုနှစ်တွင် မြောက်ပင်လယ်၌ဖြစ်ပွားသော ဂျတ်တလန် စစ်ပွဲ၌ ထူးချွန်



ဆဋ္ဌမကျော့ဘုရင်ကိုမင်းမြောက်တန်ဆာဖြင့်ကွေးပြင်ဂုံပုံ

စွာအမှုထမ်းခဲ့၏။ ၁၉၁၈ ခုနှစ်တွင် ရေတပ်လေကြောင်းဌာနခွဲ၌ ဗိုလ်မှူးကြီးရာထူးဖြင့် ခြီးမြှင့်ခြင်းခံခဲ့ရ၏။

ထိုနောက် ကိမ်းဗရစ်တက္ကသိုလ်သို့ဝင်ရောက်ကာ နိုင်ငံသမိုင်း၊ ဘောဂဗေဒ၊ အုပ်ချုပ်မှုရေးရာ၊ ပြည်သူ့နိတိနှင့် စက်မှုပညာရပ်များကိုလေ့လာဆည်းပူးခဲ့၏။ ၁၉၂၀ ပြည့်နှစ်တွင် ယော့နယ်စား ဒျူဘွဲ့ကို ခံယူပြီးနောက် ၁၉၂၃ ခုနှစ်တွင်အားဘွဲ့ရ စထရက်မိုး နယ်စား၏ သမီးအယ်လစ်ဇဗက်နှင့် လက်ထပ်ခဲ့လေသည်။ ကြင်ယာတော်မှာ စကော့မင်းသွေးပါသောမင်းသမီးတပါးဖြစ်၏။ သို့ဖြင့် ဇနီးမောင်နှံတွင် အယ်လစ်ဇဗက်နှင့် မာဂရက်ဟူ၍ သမီးတော်နှစ်ပါးထွန်းကားခဲ့ရာ သမီးတော်အကြီးဖြစ်သော အယ်လစ်ဇဗက် မင်းသမီးမှာ ထီးညွှန့်နန်းလျာဖြစ်သည်။

ကျော့သည်ယော့နယ်စား ဘဝ၌ ကြင်ယာတော်နှင့်အတူ ၁၉၂၄ ခုနှစ်နှင့် ၁၉၂၅ ခုနှစ်များတွင် အာဖရိကတိုက်ရှိကင်းနယား၊ ယူဂန်ဒါးနှင့်ဆူဒန်နယ်များသို့ဝင်း၊ ၁၉၂၇ ခုနှစ်တွင် ဩစတြေးလီးယားနှင့် နယူးဇီလန်သို့ဝင်း၊ သွားရောက်လည်ပတ်ခဲ့၏။ ဩစတြေးလီးယားသို့ရောက်စဉ် ဗရားမြို့၌ ပါလီမန်အဆောက်အအုံ ဖွင့်ပွဲကိုတက်ရောက်ခဲ့လေသည်။

ကျော့သည်ကစားခုန်စားဖက်တွင်ဝါသနာထုံလျက် ဘောလုံးကန်ခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ပိုလိုရိုက်ခြင်း၊ အမဲလိုက်ခြင်းတို့တွင် နာမည်ရသူတဦးဖြစ်၏။ ထီးနန်းမစိုးစံမီကပင် စက်မှုအလုပ်သမားများဆိုင်ရာ သက်သာချောင်ချိရေးလုပ်ငန်းများ၌ဝင်း၊ လူငယ်ကလပ်အသင်းလုပ်ငန်းများ၌ဝင်း၊ စိတ်ဝင်စားခဲ့၏။ ဘုရင်ဖြစ်ပြီးသည့်နောက်မှပင် ဆောက်သဝေါ၌ နှစ်စဉ်ကျင်းပသောလူငယ်တောစခန်းချပွဲသို့ မပျက်မကွက်တက်ရောက်ခဲ့၏။

သူ၏နောင်တော် အင်္ဂလန်ဘုရင် ပဉ္စမအက်ဒွပ်နန်းတက်သောအခါ ကျော့သည်ထီးညွှန့်နန်းလျာဖြစ်လာပြီးနောက် ၁၉၃၆ ခုနှစ်ဒီဇင်ဘာလ ၁၁ ရက်နေ့အင်္ဂလန်ဘုရင်နန်းစွန့်သည့်အခါတွင် ထီးမွေနန်းရာကိုဆက်ခံခဲ့လေသည်။ ဘိသိက်ပွဲကိုမူ ၁၉၃၇ ခုနှစ် မေလ ၁၂ ရက်နေ့တွင်မှကျင်းပခဲ့၏။

၁၉၃၉ ခုနှစ်တွင်မင်းမိဖုရားနှစ်ပါးတို့သည် ကနေဒါနှင့်အမေရိကန်ပြည်ထောင်စုနိုင်ငံတို့သို့ တိုင်းခန်းလှည့်လည်ခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၄၅) ဖြစ်လာသော အခါမင်းမိဖုရားနှစ်ပါးတို့မှာ ကြီးလေးသော တာဝန်များကို ရွက်ဆောင်ကြရ၏။ စစ်ကြီးဖြစ်စဉ်ကျော့ဘုရင်သည် ပြင်သစ်နိုင်ငံရှိစစ်သည် တော်များထံသို့ကိုယ် တိုင်သွားရောက်အားပေးခဲ့၏။ ၁၉၄၃ ခုနှစ်စစ်ပြင်းထန်နေစဉ်တွင် အာဖရိကမြောက်ပိုင်းရှိမဟာမိတ်တပ်များသို့ဝင်း၊ မော်လတာကျွန်းသို့ဝင်းသွားရောက်ခဲ့၏။ ဗြိတိန်နိုင်ငံရှိစစ်စခန်းများ၊ စစ်နှင့်ဆိုင်သောစက်ရုံများ၊ သင်္ဘောကျင်းများ၊ ဆေးရုံများနှင့်စစ်ဒဏ်ခံကြရသော နေရာများသို့ မင်းမိဖုရားနှစ် ပါးလုံးပင်သွားရောက်အားပေးခဲ့ကြ၏။

၁၉၄၇ ခုနှစ်တွင် ကျော့ဘုရင်နှင့် မိဖုရားကြီးတို့သည် အယ်လစ်ဇဗက်မင်းသမီးနှင့်အတူ တောင်အာဖရိကနယ်ပယ်များသို့တိုင်းခန်းလှည့်လည်ခဲ့ကြ၏။ ဧစ်ဘေးစစ်ဒဏ်အလွန်းအလဲခံခဲ့ရသောနိုင်ငံတော်ကြီးကို ကစဉ့်ကလျားမဖြစ်စေရန် ထိန်းသိမ်းအုပ်ချုပ်ခဲ့လေသည်။

ဆဋ္ဌမကျော့သည် ၁၉၅၂ ခုနှစ်ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်နတ်ရွာစံသည်။

ဆဋ္ဌမကျော့ဘုရင်လက်ထက် ၁၉၄၈ ခုနှစ်ဦး၌ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံနိုင်ငံအဖြစ်မှ လွတ်မြောက်၍၊ လွတ်လပ် သောအချုပ်အချာအာဏာပိုင် နိုင်ငံဖြစ်လာခဲ့လေသည်။

ကျော်တို (ခရစ် ၁၂၇၆-၁၃၃၇)။ ။ဣတာလျံလူမျိုး ကမ္ဘာကျော် ပန်းချီဆရာကြီး ကျော်တိုသည် ဥရောပတိုက်တွင်အနုပညာရပ်များပြန်လည်ဆန်းသစ်လာစကထွန်းကားခဲ့သည်။ သူ၏နာမည်အပြည့်အစုံမှာ ကျော်တိုဒီဗွန်ဒိုးနေးဖြစ်သည်။ ကျော်တိုသည် ဣတလီမြောက်ပိုင်းရှိဖလော်ရင့်မြို့အနီး ရွာကလေးတရွာတွင် မွေးသည်ဟုအဆိုရှိသည်။ သူ၏ဖခင်မှာလယ်ပိုင်ရှင်တဦးဖြစ်၍ ကိုယ်ပိုင်လယ်ယာများ

ကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးမြူကြောင်းသိရှိရသည်။ ဂျော်တိုသည်ကလေးဘဝက လမ်းပေါ်တွင်သိုးရွပ်တရွပ်ရေး ဆဲနေသည်ကို ထိုအခါကထင်ရှားသော ပန်းချီဆရာကြီး ချီမားပူဇ ကတွေ့သဖြင့် ဂျော်တိုကိုခေါ်သွားပြီးလျှင် ပန်းချီအတတ်ကိုသင်ကြားပေးသည်ဟုဆိုသည်။ ဂျော်တိုသည် ချီမားပူနှင့်တွေ့ပြီးနောက် ထိုဆရာကြီးထံမှာပင် တပည့်ခံကာပန်းချီပညာကိုလေ့လာလိုက်စားခဲ့ရာ၊ မူလပါရမီခံရင့်သန်ပြီး သူဖြစ်သည့်အတိုင်း မကြာမီပင် ပန်းချီအတတ်တွင် ထက်မြက်ထူးချွန်လာလေသည်။ ဘဝကိုဖော်ကြဆုတွင် ဂျော်တိုသည်သမတအောင်ကောင်းမွန်သေချာလှသည်။

ဂျော်တိုရှေးဦးစွာရေးဆွဲခဲ့သောပုံများမှာ အဆိုဇီဘုရားရှိခိုးကျောင်းအတွင်းရှိ အဆိုဇီစိန်ဖရန်းစစ်၏အတ္ထုပ္ပတ္တိကားများဖြစ်သည်။ သူသည်လူပုံများကိုရေးဆွဲရာတွင် သက်ရှိလူများကိုကြည့်၍ရေးဆွဲလေ့ရှိသည်။ ထိုပန်းချီကားများကို သူ၏ဆရာကြီးကိုယ်တိုင်စတင်ရေးဆွဲ၍အပြီးမသတ်သေးခင် ကွယ်လွန်သွားသောကြောင့် ဂျော်တိုကပင်တာဝန်ယူ၍ အပြီးသတ်အထိဆက်လက်ရေးဆွဲခဲ့သည်ဟု အဆိုရှိသည်။

ထိုနောက်ဂျော်တိုသည်ရောမမြို့သို့သွားရောက်ကာ ရှေးဟောင်းရောမပြည်၏ ခမ်းနားသော အနုပညာရပ်များကိုလေ့လာဆည်းပူးခဲ့လေသည်။

ထိုနောက်ပက်ဒူအားမြို့သို့သွားရောက်ပြီးလျှင် ရှေးခေတ်ရောမပြည်၏ အရိုနာမြို့ တည်ရာအရပ်ရှိ စိန်မေရီဘုရားရှိခိုးကျောင်း၏ အတွင်းဖက် ၄ မျက်နှာလုံးကို ပန်းချီကားများရေးဆွဲပေးလေသည်။

ရောမမြို့တွင်စိန်ပီတာဘုရားရှိခိုးကျောင်းကြီးကို တည်ဆောက်ပြီးသောအခါ အတွင်းဖက်၌ တန်ဆာဆင်ယင်ရန်အတွက် နိုင်ငံတွင်းရှိ သုခုမပညာသည်များကိုပုပ်ရဟန်းမင်း၏ အမိန့်ဖြင့် လိုက်လံရှာဖွေ၍ လက်ရာများကို တောင်းယူသည်။

ထိုသူများအနက် ဂျော်တိုအားစိတ်တိုင်းကျသဖြင့် အလျင်အမြန်ခေါ်ယူ၍ရေးခြယ်စေသည်။

ဂျော်တိုသည် အလုပ်နှင့်လက်မပြတ်ဘဲ အချိန်ရှိသမျှပန်းချီကားများကို ရေးခြယ်နေသောပညာသည်ကြီးဖြစ်သည်။ ကမ္ဘာ့စာပေသမိုင်းတွင် ထင်ရှားလှသော စာဆိုတော်ကြီး ဒန်တီမှာ သူနှင့်ရင်းနှီးခင်မင်သောမိတ်ဆွေဖြစ်သည့်ပြင် အကြံဉာဏ်ပေးပုဂ္ဂိုလ်လည်းဖြစ်သည်။ ဂျော်တို၏လက်ရာကောင်းများသည်ပန်းချီကားများအဖြစ်သာအများအပြားကျန်ရစ်သော်ကြောင့် သူ့အားပန်းချီဆေးရေးအတတ်၌ သာကျမ်းကျင်သူဟု ထင်မြင်ဖွယ်ဖြစ်သော်လည်း၊ ဗီသုကာအတတ်နှင့်ရုပ်လုံးဖော်အတတ်တွင်လည်း ကျွမ်းကျင်လှသူဖြစ်သည်။ ဖလော်ရင့်မြို့ရှိ ဂျူအိုမိုဘုရားရှိခိုးကျောင်းခေါင်းလောင်းစင်ကြီးနှင့် ဂျော်တိုမျှော်စင်အဆောက်အအုံကြီးများ၏ပုံစံများမှာ ဂျော်တိုရေးဆွဲခဲ့သောပုံစံများဖြစ်သည်သာမက သူကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခဲ့ရသော အဆောက်အအုံကြီးများဖြစ်ပေသည်။ သို့ရာတွင် ထိုအဆောက်အအုံကြီးများဆုံးခန်းသို့မရောက်မီ ၁၃၃၇ ခုနှစ်၌ ပန်းချီဆရာကြီးဂျော်တိုကွယ်လွန်လေသည်။ သူ၏ တပည့်များကဆက်လက်၍လက်စသတ်သည်။ သူ၏ရုပ်အလောင်းကိုကြီးကျယ်ခမ်းနားစွာဂုဏ်ပြုလျက်သူတည်ဆောက်ထားခဲ့သော ဖလော်ရင့်မြို့ရှိထင်ရှား သည့် ဂျူအိုမိုဘုရားရှိခိုးကျောင်းကြီးအတွင်း၌ အမှတ်တရမြှုပ်နှံထားကြလေသည်။



ဂူတာလံုပန်းချီကျော်ဂျော်တို၁၅ဂုဏ်ဒိုးနေး

ဂျော်ဒန်နိုင်ငံ။ ။ဂျော်ဒန်နိုင်ငံကို ယခင်က ထရန်စဂျော်ဒန်ဟုခေါ်သည်။ သို့ရာတွင် အမီအင်္ဂဒူလာဘုရင် လက်ထက်၌ ၁၉၄၆ ခုနှစ်ဇွန်လ ၁၇ ရက် နေ့တွင်အတည်ပြုသော အပြည်ပြည်ဆိုင်ရာစာ ချုပ်အရ ထရန်စဂျော်ဒန်အမည်ကို ဂျော်ဒန်ဟုပြောင်းလိုက်၏။ သို့သော်ထိုအမည်ကို ၁၉၄၉ ခုနှစ်ရောက်မှပင် အများကအသုံးပြုလာကြလေသည်။

ထရန်စဂျော်ဒန်ဟုခေါ်ဝေါ်ရခြင်းမှာ ထိုပြည်ငယ်သည် မြေထဲပင်လယ်၏ အရှေ့ဖက်ကမ်းခြေဒေသရှိ ဂျော်ဒန်မြစ်ကိုဖြတ်လျက်တည်ရှိသောကြောင့်ဖြစ်ပေသည်။ ထိုပြည်၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၃၄,၂၅၀ ရှိသည်။ လူဦးရေမှာ မူလက ၃၅၀,၀၀၀ ခန့်ရှိသည်ဟုဆိုသည်။ သို့သော်ယခုအခါလူဦးရေ ၁,၃၃၂,၉၀၉ ခန့်ရှိသည်ဟုခန့်မှန်းရသည်။ အစွယ်လမ်းအယူဂါဒီ အာရပ်လူမျိုးတို့နေထိုင်ရာ အာရပ်တိုင်းပြည်ဖြစ်၍ သူတို့၏နေထိုင်ပုံစံနစ်မှာ အလွန်ရှေးရိုးကျသေး၏။ ရှေးရောမအင်ပိုင်ယာခေတ်က လယ်ယာစိုက်ပျိုးသောတိုင်းပြည်ဖြစ်ခဲ့သော်လည်း၊ နောင်အခါနှစ်ရာပေါင်းများစွာ လယ်မြေတို့ကိုပစ်ထားခဲ့သောကြောင့်၎င်း၊ မိုးနည်းပါးသွားသောကြောင့်၎င်း၊ လယ်မြေတို့မှာ စိုက်ပျိုး၍မဖြစ်

ထုနှုံးတော့ဘဲ ကျော်ဒန်မြစ်တလျှောက် ကျဉ်းမြောင်းသော မြေကွက်အနည်းငယ်တွင်သာ ဂျုံ၊ မုယောစပါးနှင့် သစ်သီးမျိုးကိုစိုက်ပျိုးလုပ်ကိုင်ကြ၏။ ကုန်းမြင့်ဒေသများတွင်၊ စပျစ်ခြံများကိုလုပ်ကိုင်ကြသည်။ များစွာသောအာရပ်တို့မှာကား သိုး၊ ဆိတ်များကို တနေရာမှတနေရာသို့ လှည့်လည်ထိန်းကျောင်းကြလေသည်။ ထိုပြည်တွင်ရှိသောဓာတ်သတ္တုမျိုးမှာ ဖော့စဖိတ်နှင့်ပိုတက်တို့ဖြစ်သည်။ မြို့တော်မှာအမွန်ဖြစ်၏။ ထိုပြည်၏ဒေသအများသည်သဲကန္တာရဖြစ်၍ ရာသီဥတုမှာခြောက်သွေ့ ပြီးလျှင်နေ့အခါပူ၍ညဖက်တွင် ချမ်းအေးလှလေသည်။

ရှေးအခါက ထရန်စကျော်ဒန်နှင့် ပါလက်စတိုင်းတို့မှာတပြည်တည်းဖြစ်၍ ပဌမကမ္ဘာစစ်အပြီးတွင် ထရန်စကျော်ဒန်ကိုတပြည် သတ်သတ် ခွဲထုတ်ပေးခဲ့လေသည်။ သို့သော် ဗြိတိသျှဩဇာခံပြည်တခုဖြစ်သည်။ ပဌမနှင့်ဒုတိယကမ္ဘာစစ်ကြီးအကြားတွင် ထိုပြည်နယ်၌ယဟူဒီနှင့်အာရပ်တို့၏ အဓိကရုဏ်းများမကြာခဏဖြစ်ပွားသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကမူ ယဟူဒီဆောအာရပ်တို့ပါ ဂရိတ်ဗြိတိန်ဖက်မှကူညီတိုက်ခိုက်ပေးကြသည်။

၁၉၄၆ ခုနှစ်တွင်ထရန်စကျော်ဒန်မှာ ဘုရင်အုပ်စိုးသည့် လွတ်လပ်သောကျော်ဒန်နိုင်ငံဟူ၍ဖြစ်လာ၏။ ဂရိတ်ဗြိတိန်နှင့်အနှစ် ၂၀ မဟာမိတ်စာချုပ်ချုပ်ဆိုထားသော်လည်း အကြောင်းရှိလာပါက ကျော်ဒန်ကအာရပ်နိုင်ငံအဖွဲ့ကိုသာ ပဌမဦးစားပေးကာ ကူညီမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာထားလေသည်။ ကျော်ဒန်နိုင်ငံမှာအိန္ဒိယနှင့် ဥရောပတို့ဆက်သွယ်သည့် ကုန်းလမ်း ခရီးကြောင်းတွင် အရေးပါသောနိုင်ငံတနိုင်ငံ အဖြစ် ဖြင့်ထင်ရှားသိရှိကြလေသည်။


ကျောကျီးယားပြည်နယ် (အမေရိက)။ ။ကျောကျီးယားနယ်သည် အမေရိကန်ပြည်ထောင်စု မူရင်းနယ် ၁၃ နယ်တွင် အပါအဝင်ဖြစ်လေသည်။ အင်္ဂလန်နိုင်ငံ ဒုတိယကျော့ဘုရင်ကိုအစွဲပြု၍ ကျောကျီးယားဟုတွင်သည်။ ခရစ် ၁၇၃၃ ခုနှစ်တွင်တည်ထောင်သည်။ အမေရိကန်ပြည်ထောင်စု၏ အတွင်းလွှတ်တော်ကိုးရိုးတန်း တောင်ပိုင်းတွင်တည်ရှိလေသည်။ ထိုနယ်၏အနောက်ဖက်၌ အယ်လဗားမားပြည်နယ်၊ အရှေ့ဖက်၌တောင်ကယ် ရိုလိုးနားပြည်နယ်နှင့် အတွင်းလွှတ်တော်သမုဒ္ဒရာ၊ မြောက်ဖက်၌တင်နက်ဆီပြည်နယ်နှင့် မြောက်ကယ်ရိုလိုးနားပြည်နယ်၊ တောင်ဖက်၌ ဖလော်ရီဒါပြည်နယ်တို့ရှိသည်။

ထိုပြည်နယ်၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၅၀,၇၀၆ ရှိ၍ လူဦးရေမှာ ၁၉၅၀ ပြည့်နှစ် သန်ကောင် စာရင်းအရ ၃,၄၄၄,၅၅၇ ဖြစ်လေသည်။ ယင်းအနက်ကပ္ပလီလူမျိုးတို့၏ဦးရေမှာ ၁,၀၀၀,၀၀၀ ကျော်လေသည်။

ကျောကျီးယားနယ်ကို ၁၅၄၀ ပြည့်နှစ်တွင် ဒီဆိုးတိုးအမည်ရှိဥရောပတိုက်သားတဦးက ပဌမဦးစွာရှာဖွေတွေ့ရှိခဲ့သော်လည်း ထိုနောက်နှစ်ပေါင်း ၂၀၀ ခန့်ကြာသောအခါမှသာ ထိုနယ်တွင်ဥရောပတိုက်သားများ အခြေတကျနေထိုင်စပြုကြလေသည်။

ကျောကျီးယားပြည်နယ်၏ရာသီဥတုမှာ တနေရာနှင့်တနေရာမတူချေ။ ကျောကျီးယားတောင်ပိုင်း၏ ရာသီဥတုသည် ဖလော်ရီဒါမြောက်ပိုင်း၏ ရာသီဥတုနှင့်တူ၏။ သို့ရာတွင် ပူလွန်း၊ အေးလွန်းသောရာသီဥတုမျိုးကား မည်သည့်အပိုင်းတွင်မျှမရှိသဖြင့် ယေဘုယျအားဖြင့်ကျောကျီးယားပြည်နယ်သည် သမမျှတသောရာသီဥတုရှိသည်ဟု ဆိုနိုင်ပေသည်။ မြောက်ပိုင်းတွင် မိုးအများဆုံးရွာသွန်း၍ အရှေ့ပိုင်းတွင်မိုးအနည်းဆုံးဖြစ်လေသည်။ ပျမ်းမျှမိုးရေချိန်မှာလက်မ ၅၀ ခန့်ဖြစ်လေသည်။

ကျောကျီးယားနယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ကြ၍ ဝါဂွမ်းကို အများဆုံးစိုက်ပျိုးကြ၏။ အခြားစိုက်ပျိုးသောအသီးအနှံတို့မှာ ဂျုံ၊ ပြောင်း၊ ကန်စွန်း၊ ဆေးပင်စသည်တို့ဖြစ်လေသည်။ သစ်တောများမှာလည်း စတုရန်းမိုင်ပေါင်း ၄၀,၀၀၀ ခန့်ရှိလေသည်။ စက်မှုလက်မှုလုပ်ငန်းများလည်းရှိရာ ယခုအခါရေအားသုံး လျှပ်စစ်အားကြောင့် တနေ့တခြားကြီး



ကျော်ဒန်နိုင်ငံခေါ် ထရန်စ ကျော်ဒန်၏တည် နေရာပြမြေပုံ


ပွားတိုးတက်လျက်ရှိပေသည်။ ကျောကျီးယားပြည်နယ်သည် အမေရိကန်ပြည်ထောင်စုထဲတွင် မြေစေးဖြူအများဆုံးထွက်ရာအရပ်ဖြစ်သည်။ ကျောကျီးယားနယ်မှထွက်သောဓာတ်သတ္တုများမှာ နှမ်းဖတ်ကျောက်၊ စကျင်ကျောက်၊ မန်ဂနိ၊ ကန်ကူ၊ ရွှေ၊ငွေနှင့်လချေးတို့ဖြစ်သည်။

ကျောကျီးယားပြည်နယ်၏မြို့တော်မှာ အတ္တလန္တာမြို့ဖြစ်၍ လူဦးရေ ၃၃၁,၃၁၄ ရှိလေသည်။ ဗရန်ဒစ်နှင့်ဆာဗန္နာမြို့များမှာ အရှေ့ဖက်ကမ်းခြေတွင်ရှိ၍ သဘော်ဆိပ်ကမ်းမြို့များဖြစ်လေသည်။

ကျောကျီးယားပြည်နယ် (အာရှ)။ ။ပင်လယ်နက်နှင့် ကက်စပျန်ပင်လယ် ၂ ခုကြားတွင် ကော်ကေးဆပ်တောင်တန်းများရှိသည်။ ထိုတောင်တန်းများကိုအစွဲပြု၍ ထိုဒေသတစ်ဝိုက်ကို ကော်ကေးဆပ်ဒေသဟုခေါ်တွင်သည်။ ကျောကျီးယားပြည်နယ်သည် ထိုဒေသတွင်ရှိ၍ ဆိုဗီယက်နိုင်ငံတွင်ပါဝင်သောပြည်နယ်တနယ်ဖြစ်သည်။ ကော်ကေးဆပ်တောင်တန်းနှင့် အာမီးနီယားနယ်တို့၏ အကြားတွင် တည်ရှိ၏။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၂၉,၀၀၀ ကျယ်၍ လူဦးရေ ၃,၅၄၂,၃၀၀ ရှိသည်။ ရုရှနိုင်ငံ၏ကွယ်လွန်ခဲ့သူ သမတစတာလင်သည် ကျောကျီးယားနယ်တွင်ဖွားမြင်သူဖြစ်၏။ ထိုနယ်၏မြို့တော်မှာတစ်ဖလစ်မြို့ဖြစ်၍ လူဦးရေ ၅၁၉,၁၇၅ ခန့်ရှိသည်။ ဗာတွမ်းမြို့သည် ကျောကျီးယားနယ်၏သဘော်ဆိပ်မြို့ကြီးဖြစ်၏။

ကျောကျီးယားနယ်တွင် အများအားဖြင့် လယ်ယာလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ အထူးသဖြင့် လက်ဖက်၊ ပြောင်း၊ ဆေးပင်၊ ပိုးစာပင်၊ စပျစ်သီး၊ ဝါဂွမ်းများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ သဘာဝတွင်းထွက်ပစ္စည်း များစွာရရှိ၍ ကမ္ဘာပေါ်တွင် မန်ဂနိ အများဆုံး ထွက်ရာဒေသဖြစ်သည်။ အဖိုးတန်သစ်တောကြီးများရှိသော်လည်း သစ်လုပ်ငန်းကိုကား ကောင်းစွာမလုပ်ကြသေးချေ။ ဆိုဗီယက်အစိုးရ၏ ကြီးမှူးဆောင်ရွက်ချက်ကြောင့် ရေအားဖြင့် ခုတ်မောင်းသော လျှပ်စစ်ဓာတ်ရုံကြီးများ ဆောက်လုပ်၍ သဘာဝပစ္စည်းများကိုတူးဖော်ရာ၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ ကျောကျီးယန်းဘာသာစကားကို တောင်ဖက်ကော်ကေးဆပ်နယ်အားလုံးလိုလို၌ပင်ပြောကြ၍ ယခုအခါရုံးသုံးဘာသာစကားဖြစ်လာလေပြီ။ ကျောကျီးယန်းလူမျိုးများသည် ရုပ်ဆင်းအင်္ဂါလှပကြသည့်အပြင် ကစားခုန်စား၌လည်းထူးချွန်ကြပေသည်။

ကျောကျီးယားပြည်နယ်စည် နှစ်ပေါင်း ၂၀၀၀ ကျော်အောင်ပင် မင်းဆက်မပြတ်ဘဲ ကိုယ့်မင်းကိုယ့်ချင်းနှင့်နေလာသောနိုင်ငံဖြစ်သည်။ ၁၈၀၁ ခုနှစ်တွင် တူရကီတို့၏ဘေးရန်မှကင်းလွတ်ရန် ရုရှနိုင်ငံ၏လက်အောက်ခံအဖြစ်ဝင်



အာရှတိုက်ရှိ ကျောကျီးယားပြည်နယ်မြို့တော်တစ်ဖလစ်မြို့

ရောက်လာသည်မှ ရုရှပိုင်နယ်တနယ်ဖြစ်လာသည်။ ၁၉၁၇ ခုနှစ်ရုရှတော်လှန်ရေးကြီးပြီးဆုံးအောင်မြင်လာသော အခါထိုနယ်၏လွတ်လပ်ရေးကိုကျေညာခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် အဇာဗိုင်ဂျန်နယ်၊ အာမီးနီယားနယ်တို့နှင့်ပူးပေါင်း၍ ထရန်စကော်ကေးရှန်း ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံအဖြစ်တည်ထောင်ခဲ့သည်။ ၁၉၃၆ ခုနှစ်မှစ၍ ဆိုဗီယက်ရုရှနိုင်ငံအစိုးရ၏လက်အောက်ခံ၊ ဆိုဗီယက်သမတနိုင်ငံငယ်တခုအဖြစ်ဖြင့် သီးခြားတည်ရှိခဲ့လေသည်။

ကျောဖား, ကျေ၊ ကျေ၊ စီ (ခရစ် ၁၈၅၂–၁၉၃၁)။ ။ပဌမဂဗမ္ဘာစစ်အတွင်း၊ အနိုင်နိုင်ငံတွင်စစ်နှင့်စပ်လျဉ်း၍ထင်ရှားသော ပုဂ္ဂိုလ်ကျော်များစွာရှိကြသည့်အနက် ပြင်သစ်နိုင်ငံမှအာဇာနည်ပုဂ္ဂိုလ်ကြီးမှာဂျိုးဆက်ဇက်ဆေးဇားကျောဖားဆိုသူ စစ်သေနာပတိပင်ဖြစ်၏။ ကျောဖားသည် ၁၈၅၂ ခုနှစ်ဇန္နဝါရီလ ၁၂ ရက်နေ့တွင် ပီးရနီးနယ်၌ဖွားမြင်သည်။ သူ၏ဖခင်မှာ ဝိုင်အရက်စည်လုပ်သူလက်သမားဖြစ်၏။ ၁၈၆၉ ခုနှစ်တွင် စက်မှုလက်မှုပညာသင်ကျောင်း၌ပညာသင်ယူစဉ် ၁၈၇၀ ပြည့်၌ ပြင်သစ်နှင့်ဂျာမနီတို့စစ်ဖြစ်ကြရာ၊ ကျောင်းမှထွက်၍စစ်ထဲဝင်သည်။ ထိုစစ်ပွဲတွင် ပြင်သစ်တို့အရေးရှုံးနိမ့်ရသည်ကို အသက် ၁၈ နှစ်ရွယ်မျှသာရှိသေးသော ကျောဖားသည် အခဲမကြေဖြစ်ခဲ့ရသည်။

ထိုစစ်ပွဲအပြီးတွင် ဂျောဖားသည်ပညာကို ဆက်လက်သင်ကြားရာ၊ ၂ နှစ်အတွင်းအင်ဂျင်နီယာဖြစ်လာသောကြောင့် စစ်တပ်အင်ဂျင်နီယာတပ်စုတွင် ဝင်ရောက် အမှုထမ်း သည်။ ပါရဂ်မြို့ခံတပ်ကြီးကို တည်ဆောက်ရာတွင် ဂျောဖားလည်း အင်ဂျင်နီယာတဦးအဖြစ် ပါဝင်အမှုထမ်းရွက်ခဲ့လေသည်။



စစ်သူကြီးဂျေ၊ ဂျေ၊ စီ၊ ဂျောဖား

ဂျောဖား သည် အသက် ၂၄ နှစ်အရွယ်၌ ဗိုလ်ကြီး အဆင့်အတန်းသို့ တိုးမြင့် ခန့်ထားခြင်း ခံရသည်။ ထိုနောက် သူ၏ ဇနီးကွယ်လွန်သဖြင့် စိတ်ပြေလက်ပျောက်ဆိုဘိသကဲ့သို့ အင်ဒိုချိုင်းနား သို့ ခွေပြောင်းသည်။ ၁၈၈၈ ခုနှစ်တွင် ပါရဂ် သို့ပြန်လာပြီးလျှင်၊ စစ်တပ်မီးရထားဌာန၌ အမှုထမ်းသည်။ ထိုနောက် ဗိုလ်မှူးဖြစ်လာသည်။ ၁၉၀၀ ပြည့်နှစ်၌တပ်မဟာဗိုလ်ချုပ်၊ ၁၉၀၅ ခုနှစ်၌တပ်မကြီးဗိုလ်ချုပ်ဟူ၍ အဆင့်ဆင့် ရာထူးတိုးလာခဲ့လေသည်။


၁၉၁၄ ခုနှစ်ကမ္ဘာစစ်ကြီးဖြစ်သောအခါ ဂျောဖားသည် ပြင်သစ်နှင့်မဟာမိတ် ၂ ဦးပေါင်း စစ်တပ်များ၏စစ်သူကြီး ဖြစ်လာသည်။ ထိုစဉ်က သူ၏အမိန့်လွှာများတွင်ပါရှိသော 'ရဲဘော်တို့၊ ငါတို့တိုက်စစ်ဆင်နေကြပြီ၊ ရှေ့သို့တက်နိုင်သမျှတက်ကြလော့၊ မတက်နိုင်လျှင်၊ သိမ်းပိုက်ပြီးနေရာ, ကိုလက်မလွတ်စေနှင့်၊ လက်လွတ်ရလျှင်သေကြကုန်လော့' ဟူသောအမိန့်များသည်ၾကောင်း၊ 'စံနစ်ကျမှအောင်မြင်သည်' ဟူသောဩဝါဒသည်ၾကောင်း၊ သူ၏စစ်သည်တော်များအတွက် အဖိုးတန်စကားများဖြစ်ခဲ့သည်။

ဂျောဖားသည် စစ်သားတို့၏ချစ်ကြောက်ရိုသေခြင်းကို ခံရသူဖြစ်ရာ၊ စစ်သားများက သူ့အားဖခင်ကြီးဂျောဖား ဟုခေါ်ကြသည်။ ထိုစစ်သားကောင်းအာဇာနည်ပုဂ္ဂိုလ်သည် ၁၉၃၁ ခုနှစ်ဇန်နဝါရီလ ၃ ရက်နေ့၌ကွယ်လွန်သည်။

ဂျီဟန္နက်စဗတ်မြို့။ ။ဂျီဟန္နက်စဗတ်မြို့သည် ထရန်စဗားပြည်နယ်မြို့တော်ဖြစ်၍ အာဖရိကတိုက်၏တောင်ပိုင်းတွင် အနေအထားအလှပဆုံးနှင့် အရောင်းအဝယ်အစည်ကားဆုံးမြို့ဖြစ်လေသည်။

မြို့၏တောင်ဖက်တွင် ရှေ့အမြောက် အမြား ထွက်ရာတောင်တန်းကြီးတခုတည်ရှိ၍၊ မြို့၏တောင်ဖက်၊ အရှေ့ဖက်နှင့်အနောက်ဖက်များတွင် ရှေတွင်းများ၊ အလုပ်ရုံများ၊ အလုပ်သမားတန်းလျားများဖြင့်ပြည့်နှက်နေ၏။ မြို့ပေါ်ရှိလမ်းများမှာလည်း လေးကွက်ကျား ချ၍ ထားဘိသကဲ့သို့ အရှေ့နှင့်အနောက်၊တောင်နှင့်မြောက်တည့်မတ်စွာတည်ရှိ၍ အလွန်လှပသောမြို့တမြို့ဖြစ်လေသည်။

ခရစ် ၁၈၀၆ ခုနှစ်ကထရန်စဗားနယ် သတ္တုတူးဖော်ရေးဖက်ဆိုင်ရာမြေတိုင်းမင်းကြီး ဂျီဟန္နက်ရစ်ဆက်၏အမည်ကို အစဲပြုပြီးလျှင် ဂျီဟန္နက်စဗတ်မြို့ဟုခေါ်တွင်ခဲ့ကြ၏။ ထိုမြို့မှကိပ်ကို လိုနီမြို့ကြီးများ၊ နာတဲပြည် နယ်ရှိမြို့ကြီးများနှင့်မီးရထားလမ်းအဆက်အသွယ်ကောင်းခြင်းဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းကိုပို၍ဖွံ့ဖြိုးအကျိုးဖြစ်ထွန်းစေ၏။



ဂျီဟန္နက်စဗတ်မြို့ရှိအမြင့်ဆုံးအဆောက်အအုံ

ဝစ်ဝေါတားဆရန်းခေါ်သည့် ရှေထွက်ရာတောင်ကျောမှာ ၆၁ မိုင်ရှည်လျား၍၊ ကမ္ဘာပေါ်တွင် ရှေအထွက်ဆုံးနေရာအဖြစ်ဖြင့် ထင်ရှားကျော်စောပြီးလျှင် ယင်းဒေသ၏ သတ္တုတူးဖော်ရေးလုပ်ငန်းများကို အမှီပြု၍တည်ထားသော ဂျီဟန္နက်စဗတ်မြို့ကိုလည်း 'ရှေမြို့တော်ကြီး' ဟူသော အမည်ကိုပင်ပေးထားကြလေသည်။

မျှနီစိုပယ်အဆောက်အအုံများ၊ မြို့တော်ခန်းမကြီး၊ တက္ကသိုလ်ကျောင်းတော်ကြီး၊ အနုပညာပြခန်း၊ စာတိုက်ရုံး၊ တရားရုံးများမှစ၍ကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးများမှာ မြို့၏ကျက်သရေဆောင်များ ဖြစ်ကြ၍

အခြားကျော်စော ထင်ရှားသော နေရာများမှာ မြင်းပြိုင်ကွင်းနှင့်တိရစ္ဆာန်ရုံစသည်တို့ဖြစ်၏။

မြို့အကျယ်အဝန်းမှာ စတုရန်းမိုင် ၈၉ မိုင်ရှိ၍ လူဦးရေ ၈၀,၀၀၀ ကျော်ခန့်ရှိလေသည်။

ဂျိုးဇဖင်းမိဖုရား။ ။ပြင်သစ်စစ်ဘုရင်နပိုလီယန်ဗိုနပတ်၏ချစ်ဇနီး မာရီရို ဂျိုးဇဖင်းသည် ပြင်သစ်ပိုင်အနောက်အိန္ဒိယကျွန်းစုတွင် အပါအဝင်ဖြစ်သောမားတီနစ်ကျွန်း၌ ခရစ် ၁၇၆၃ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင်ဖွားမြင်သည်။ ဂျိုးဇဖင်းသည် ရေကြောင်းတပ်စုဗိုလ်ကလေး ဂျိုးဇက် တရဲဒီလာပါဇရီး၏သမီး ၃ ယောက်အနက် အကြီးဆုံးဖြစ်၍၊ ချစ်ခြည်ချောမွေ့လှပသည့်ပြင် ဉာဏ်ပညာလည်းထက်မြက်သူဖြစ်၏။ ပေါင်းသင်းဆက်ဆံရေးတွင် လိမ်မာရေး ခြားရှိသဖြင့် ပါရစ်မြို့မျက်နှာကြီးပိုင်း၌ ဝင်ဆံ့သူတယောက်ဖြစ်ပေသည်။ ဂျိုးဇဖင်းသည် ဗိုင်းကောင့် အယ်လက်ဇန္ဒာဗိုးအာနဲနှင့် ပဌမအိမ်ထောင်ပြုခဲ့၏။ ဗိုးအာနဲမှာပြင်သစ်တော်လှန်ရေးအတွင်း၌ အသတ်ခံရလေသည်။ ဂျိုးဇဖင်းကိုယ်တိုင်လည်း အချုပ်ခံရပြီး အသတ်ခံရမည့်ဘေးမှလက်မတင် ကလေးလွတ်ခဲ့လေသည်။ ပဌမအိမ်ထောင်ဖြင့်ဂျိုးဇဖင်းတွင် ယူဂျင်းခေါ် သားတယောက်နှင့် ဟော်တင်းယူဂျင်းနီ ခေါ် သမီးတယောက်ကျန်ရစ်ခဲ့လေသည်။

မုဆိုးမချော ဂျိုးဇဖင်း၏ ဖော်ရွေမှုနှင့် လူမှုရေးရာနားလည်မှုသတင်းမှာ ပါရစ်မြို့တွင်ပျံ့နှံ့နေခဲ့ရာ နောက်ဆုံး၌ပြင်သစ် အမြောက်တပ်မှ အရာရှိကလေး နပိုလီယန်ဗိုနပတ်နှင့်ဆုံစည်းမိလေတော့သည်။ နပိုလီယန်သည် ဂျိုးဇဖင်းကို ကလေး ၂ ယောက်၏ မိခင်မုဆိုးမဖြစ်မှန်း သိသော်လည်း တကယ်ပင် ချစ်ခင်မြတ်နိုးလှသဖြင့် ၁၇၉၆ ခုနှစ်မတ်လ ၈ ရက်နေ့တွင် ထိမ်းမြားလက်ထပ်လိုက်လေ၏။ ဂျိုးဇဖင်းမှာ မိန်းမချောတယောက်ဖြစ်သောကြောင့် နပိုလီယန်နှင့် လက်ထပ်ခြင်းမှာ လူတကာအတင်းပြောစရာအကြောင်းဖြစ်သွားခဲ့၏။ ထိုကြောင့် နပိုလီယန်စစ်ထွက်နေစဉ်အတွင်း ဂျိုးဇဖင်းမှာ သယောက်လင်ငယ်များနှင့် အချစ်စခန်းဖွင့်လေ့ရှိသည်ဟု ဆိုကြသည်။ ထိုသတင်းဆိုးကို နပိုလီယန်ကြားသိသောအခါ ပြင်းစွာအမျက်ထွက်သည်ဟုလည်းဆိုကြ၏။ ထိုမှတပါးဂျိုးဇဖင်းသည် သူ့ယောကျ်ားကိုနှိုင်းသည့်အကြောင်းနှင့် စပ်လျဉ်းသော အကြောင်းအရာများပေါ် ထွက်လာခဲ့သော်လည်း မှန်သည်ဟုအထောက်အထားပြ၍ ပြောဆိုရန်ကားခဲယဉ်းလှပေသည်။

သို့သော် နပိုလီယန်သည် ဂျိုးဇဖင်းနှင့် လက်ထပ်လိုက်သဖြင့် စိတ်ပျော်ရွှင်ချမ်းမြေ့မှုရရှိခဲ့သည်မှာအမှန်ပင်ဖြစ်လေသည်။ ဂျိုးဇဖင်းမှာအတန်ဉာဏ်ထက်မြက်သူဖြစ်ရာ နပိုလီယန်ကို အကြံကောင်းဉာဏ်ကောင်းများ ပေးလိမ့်မည်မှာ ယုံမှားဖွယ်ရာမရှိပေ။

နပိုလီယန်နှင့် လက်ထပ်ထိမ်းမြားပြီးနောက် ၁၀ နှစ်အတွင်းဂျိုးဇဖင်းသည်ပြင်သစ်အင်ပိုင်ယာ၏ ဇကရီမိဖုရားကြီးဖြစ်လာသည်။ ၁၈၀၄ ခုနှစ်တွင်နပိုလီယန်ကိုယ်တိုင် ဂျိုးဇဖင်းအား သရဖူဆောင်းပေး၍ မိဖုရားအဖြစ်ဘိသိက်မြှောက်ခဲ့လေသည်။ ဂျိုဇဖင်းမှာနပိုလီယန်နှင့်သားသမီးမရခဲ့။ ထိုအခါနပိုလီယန်သည် သူ၏ထီးမွေနှံ့မွေဆက်ခံမည့်သူမရှိဘဲ သေဆုံးသွားမည်ကိုဂဃဏ်း၊ ထိုသို့သေဆုံးသွားလျှင်သူကြိုးပမ်းပြုစုပျိုးထောင်ခဲ့သော နိုင်ငံတော်ကြီးပျက်စီးသွားမည်ကိုဂဃဏ်း စိုးရိမ်မိလေသည်။ ထိုကြောင့်နပိုလီယန်ကထီးမွေနှံ့မွေဆက်ခံမည့်သူကို အလိုရှိသည်ကတကြောင်း၊ ဥရောပတိုက်မှ အခြားသောထီးဆောင်းမင်းတို့နှင့် ဆွေမျိုးဆက်လိုသည့် ကတကြောင်း၊ အကြောင်းပြကာ သူအလွန်ချစ်မြတ်နိုးသော မိဖုရားကြီးဂျိုးဇဖင်းကို ကွာရှင်း၍ သြစတြီးယားမင်းသမီးမာရီလွီးနှင့် လက်ထပ်ထိမ်းမြားလေသည်။ နပိုလီယန်နှင့် ကွာရှင်းခဲ့ပြီးနောက် ဂျိုးဇဖင်းသည် ပါရစ်မြို့အနီးရှိလာမား မေဆွန်၌နေထိုင်ခဲ့လေသည်။ နပိုလီယန်သည် ဂျိုးဇဖင်း၏ ထံသို့ တခါတရံလာရောက်၍ အကြံကောင်းဉာဏ်ကောင်းများ တောင်းတတ်လေသည်။ နပိုလီယန်ကို အယ်လဗာကျန်းသို့ပို့ထားခဲ့သောအခါ၊ ဂျိုးဇဖင်းကသူ့ကို နပိုလီယန်နှင့် အတူ



ပြင်သစ်ကေရာင်နပိုလီယန်၏မိဖုရားကြီးဂျိုးဇဖင်း

လာရောက်နေထိုင်ခွင့်ပြုပါမည့်အကြောင်း နပိုလီယန်ထံစာရေးလိုက်လေသည်။ နပိုလီယန်ကထိုသို့နေထိုင်ရန်မဖြစ်ကြောင်းစာပြန်လိုက်၏။ သို့သော်ဂျိုးဇဖင်းကားထိုစာမရောက်မီ ၁၈၁၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ကွယ်လွန်လေသည်။ (နပိုလီယန်၊ ပဌမ — ရှ။)

သားတော်ယူဂျင်းမှာ နပိုလီယန်လက်အောက်တွင်ဗိုလ်ချုပ်မှူးအဖြစ်သစ္စာရှိစွာအမှုတော်ထမ်း၍ ဣတလီပြည်၏ဘုရင်ခံခေတ္တဖြစ်ဘူးလေသည်။ သမီးတော်ကား နပိုလီယန်၏နောင်တော် ဟော်လန်ဘုရင် လူဝီနှင့် ထိမ်းမြား၍ တတိယမြောက်နပိုလီယန်ကိုဖွားမြင်လေသည်။

ဂျက်ကဆန်, တီ၊ ဂျေ (ခရစ် ၁၈၂၄-၆၃)။ ။အမေရိကန်ပြည်ထောင်စုသမိုင်းတွင် ထင်ရှားသောတောင်ပိုင်းပြည်နယ်များနှင့် မြောက်ပိုင်းပြည်နယ်များတို့၏ ပြည်တွင်းစစ်ပဋိပက္ခီးတွင် တောမတ် ဂျော်နသန် ဂျက်ကဆန်သည် တောင်ပိုင်းစစ်တပ်များကိုအုပ်ချုပ်ရသော စစ်ဗိုလ်ချုပ်ကြီးဖြစ်လေသည်။ တောင်ပိုင်းစစ်တပ်၏ စစ်သေနာပတိချုပ်ကြီး လီ၏ညာလက်ရုံးလည်းဖြစ်၏။ ဂျက်ကဆန်သည်ဗာဂျင်းနီးယားပြည်နယ်၊ ကလတ်စဗတ်မြို့၌ ၁၈၂၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင်ဖွားမြင်သည်။ ငယ်စဉ်ကပင်သူ၏ဖခင်သေဆုံးခဲ့လေရာ မိခင်ဖြစ်သူနှင့်ဆင်းရဲစွာနေထိုင်ရသည်။ ထိုကြောင့် ဂျက်ကဆန်သည်တောရွာစာသင်ကျောင်းတကျောင်း၌ ရေးတတ်ရုံ၊ ဖက်တတ်ရုံမျှပညာသင်ကြားခဲ့ရသည်။ သို့ရာတွင် ဂျက်ကဆန်၏လှုံ့လဝီရိယကြောင့် ရသမျှအခွင့်အရေးဖြင့်ပညာကို အတန်ပင်တတ်မြောက်အောင်သင်ကြားနိုင်ခဲ့လေသည်။ ၁၈၄၂ ခုနှစ်အသက် ၁၈ နှစ်အရွယ်တွင် ဝါရှင်တန်မြို့စစ်တက္ကသိုလ်သို့ဝင်ခွင့်ရသည်။ နောက် ၄ နှစ်ခန့်ရှိသော် ဒုတိယဗိုလ်အဖြစ်ဖြင့်အမြောက်တပ်တွင် ပြန်တမ်းဝင်ရောထူးခံခန့်အပ်ခြင်းခံရလေသည်။ စစ်တက္ကသိုလ်မှအောင်မြင်ခဲ့ပြီးနောက် ၁၈၄၆ ခုနှစ်တွင်မက္ကဆီကိုစစ်ပွဲ၌ ဝင်ရောက်အမှုထမ်းရာ အထူးပင်ထင်ပေါ်ကျော်စောခဲ့၏။ ယင်းသို့ ၇ လအတွင်းစစ်ပွဲအပွဲပွဲတွင် အောင်ပန်းဆွတ်ခူး၍ နာမည်ကျော်ကြားလာခြင်းကြောင့် ဗိုလ်မှူးရာထူးသို့တိုးတက်ခန့်ထားခြင်းခံရလေသည်။ ၁၈၅၁ ခုနှစ်တွင် ဗာဂျင်းနီးယားစစ်ပညာသင်ကျောင်း၌အမြောက်တပ်ဖက်ဆိုင်ရာပါမောက္ခအဖြစ်ဆောင်ရွက်ရသည်။ လက်အောက်ငယ်သားတို့အားကြင်နာသနားတတ်မှု၊ တည်ကြည်ဖြောင့်မှန်မှု၊ ရဲရင့်သတ္တိရှိမှု၊ ဘုရားတရားကြည်ညိုမှုတို့ကြောင့် အားလုံးကုန်သောတပည့်စစ်သားများက သူ့အားရိုသေလေးစားကြလေသည်။ ဘုရားတရားကိုအလွန်ကြည် ညိုသူဖြစ်သည့်အလျောက် တိုက်ပွဲမစမီနှင့် တိုက်ပွဲပြီးတိုင်း ဘုရားဝတ်ပြုလေ့ရှိသည်ဟုအဆိုရှိလေသည်။



‘ ကျောက်နံရံဂျက်ကဆန် ’ ဟုအမည်တွင်ခဲ့သောစစ်ဗိုလ်ချုပ်ကြီး

၁၈၆၁ ခုနှစ်တွင်တောင်ပိုင်းနှင့်မြောက်ပိုင်းပြည်တွင်းစစ်ဖြစ်သောအခါ ဂျက်ကဆန်သည်စစ်ထဲသို့ဝင်ရောက်အမှုထမ်းမြန်လေသည်။ သူ၏လက်ရုံးရည်နှင့်နှလုံးရည်တို့မှာ သူအုပ်ချုပ်ရသောစစ်တပ်များ၌သာမက ရန်သူစစ်တပ်များသို့ပင် ပျံ့နှံ့ကျော်ကြားခဲ့သည်။ သူ၏တပ်သားများနှင့်ရန်သူဖြစ်သောမြောက်ပိုင်းတပ်သားများ နှစ်ဖက်စလုံးကပင်သူ့ကို လေးစားကြသည်။ ဗူလရန်းတိုက်ပွဲတွင်မြောက်ပိုင်းတပ်များဖက်မှအပြင်းအထန်ဖိတိုက်ခြင်းခံရသောတောင်ပိုင်းစစ်တပ်ဗိုလ်ချုပ်ဗီးသည် ဂျက်ကဆန်ထံသို့ပြေးလာပြီးလျှင် ‘ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်၊ ကျွန်ုပ်တို့ကိုရန်သူတွေဖိလိုက်လာကြပြီ ’ ဟုပြောသည်။ ထိုအခါဂျက်ကဆန်က ‘ သို့ဖြစ်လျှင်သူတို့အားလှံစုပ်ဖြင့်ဆီး၍ခံလော့ ’ ဟုဆိုပြီးလျှင် ဗာဂျင်းနီးယန်စစ်တပ်များ၏နောက်မှကြုံ့ကြုံ့ခံလေသည်။ ဗိုလ်ချုပ်ဗီးလည်းစိတ်အားတက်ကြွကာ သူ့စစ်သားများထံပြန်သွားပြီးလျှင် ‘ ရဲဘော်တို့ရှုလော့၊ ဗိုလ်ချုပ်ဂျက်ကဆန်သည် သင်တို့ထံပါးဌ်ဌ ကျောက်နံရံကြီးသဖွယ် ကြုံ့ကြုံ့ခံနေပေသည် ’ ဟုအားပေး၍ ရန်သူတို့ကိုရွပ်ရွပ်ချုံချုံတွန်းလှန်တိုက်ခိုက်စေသည်။ ထိုအခါမှစ၍ဂျက်ကဆန်အား ‘ စတုန်းဝေါဂျက်ကဆန် ’ ဟုခေါ်ကြတော့သည်။ ‘ ကျောက်နံရံဂျက်ကဆန် ’ ဟုအဓိပ္ပါယ်ရသည့်ထိုအမည်ကားသူနှင့်သင့်လျော်လှပေသည်။ ၁၈၆၃ ခုနှစ်

မေလအတွင်း၌ချန်စယ်လာစဗီးတိုက်ပဲတွင် ဆူ၏တပ်အား ဝိုင်းထားသောရန်သူတပ်ကို ပြန်ဝိုင်းမီ အောင်စစ်ဆင်ခြင်း ဖြင့် ဗိုလ်ချုပ်ဂျက်ကဆန်သည်စစ်သမိုင်းတွင် ဥဒါန်းတွင်ရစ် သောရဲစွမ်းသတ္တိကိုပြခဲ့သည်။ သို့ရာတွင်ဂျက်ကဆန်သည် ထိုတိုက်ပွဲဖြစ်ပွားနေစဉ် သူ၏စစ်သားများက လူမှား၍ ပစ် ခတ်မိသောကြောင့် ဒဏ်ရာအကြီးအကျယ်ရရှိခဲ့လေသည်။ ထိုဒဏ်ရာဖြင့် ပင်လကျံလက်ဖြတ် ပစ်ရရုံ မကတပတ် ခန့် အကြာ ၁၀၆၃ ခုနှစ်မေလ ၁၀ ရက်နေ့တွင် စစ်သားကောင်း ကြီးဂျက်ကဆန်ကွယ်လွန်လေသည်။

ဂျက်ကဗိုက်။ ။ဥရောပတိုက်နိုင်ငံများစွာတွင် ၁၆ ရာစုနှစ် များအထိ ဗရင်ဂျီဂိုဏ်းသည်ပြိုင်ဖက်မရှိသြဇာကြီးခဲ့သည်။ ပြည့်ရှင်မင်းမှအစ ဆင်းရဲသားများအထိ ဗရင်ဂျီဂိုဏ်းဝင် များဖြစ်၍ ထိုဂိုဏ်းကိုဦးစီးသောပုပ်ရဟန်းမင်းကြီး၏သြဇာ အာဏာကို ရိုသေလေးစားကြသည်။ သို့ရာတွင်ခရစ်နှစ် ၁၅၀၀ ကျော်လောက်မှစ၍ ဂျာမနီပြည်ကအစပြုကာပြန့် ပွားလာသော ပရိုတက်စတန့် ဂိုဏ်းကြီး ထွန်းကားလာရာထို ဂိုဏ်းကို သက်ဝင်ယုံကြည်သူပေါ များလာသည်။ ယင်းသို့ဖြစ် ရကား ထိုစဉ်အခါက အင်္ဂလန် ပြည်၌ အုပ်စိုးနေသောဗရင်ဂျီ ဂိုဏ်းဝင် စတူဝပ်မင်း ဆက် ဒုတိ ယဂျိမ်းသည် ဗရင်ဂျီဂိုဏ်းပြန် လည် ထွန်းကားလာစေရန် အတွက် တိုင်းပြည်ဝန်ထမ်းများ အဖြစ် ဗရင်ဂျီဂိုဏ်းဝင်များ အားသာခန့်အပ်ခဲ့သည်။ ထို အခါတိုင်းသူပြည် သားတို့သည် ဒုတိယဂျိမ်း ဘုရင်အားစက်ဆုပ် မုန်းတီးသဖြင့် ဂျိမ်း၏သမီးတော် ပရိုတက်စတန့်ဂိုဏ်းဝင်ဖြစ်သော ဟော်လန်နိုင်ငံ မိဖုရားမေရီနှင့် မြောက်သားတော်ဝိလ်ျဘုရင်တို့အား ခေါ်ယူ၍ နန်းအပ်ရာ၊ ဂျိမ်းသည်ပြင်သစ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရလေသည်။

၁၆၈၉ ခုနှစ်တွင် အင်္ဂလိပ်ထီးနန်းဆက်ခံခွင့် ဥပဒေကိုအ တည်ပြုလိုက်လေရာ၊ အင်္ဂလိပ်ထီးနန်းဆက်ခံခွင့်ကို ပရိုတက် စတန့်ဂိုဏ်းဝင်များသာရရှိနိုင်ပေရကား ဂျိမ်းဘုရင်နှင့်သား တော်ဂျိမ်းမင်းသားတို့အား လိုလားကြသောသူများကဂျိမ်း ဘုရင်ထီး နန်း ပြန် လည် ရရှိရေး ကို ကြိုးစားကြလေသည်။ ထိုလူတစုကိုဂျက်ကဗိုက်ဟုခေါ်လေသည်။ ဂျက်ကဗိုက်ဟူသော အမည်မှာ 'ဂျိမ်း' ဟူသောအမည်၏ လက်တင်ဘာသာ အခေါ် အဝေါ်ဖြစ်လေရာ ထီးနန်းမှ နှင်ထုတ်ခြင်းခံရသော ဒုတိယဂျိမ်းဘုရင်နှင့်တကွ ဆွေစဉ်မျိုးဆက်များကိုကြည်ညို သူများဟုအဓိပ္ပါယ်ရလေသည်။

၁၇၁၄ ခုနှစ်ပဌမဂျော့ဘုရင်နန်းတက်သောအခါ ဘုရင် သည်ဂျာမန်လူမျိုးသာဖြစ်သဖြင့် အင်္ဂလိပ်စကားကိုလည်း မတတ်၊ အင်္ဂလိပ်ဓလေ့ထုံးစံကိုလည်း နားမလည်၊ အင်္ဂလိပ် လူမျိုးများကိုလည်း မလေးစားဘဲ ရှိနေပေရာ ဂျက်ကဗိုက် အဖွဲ့ဝင်များသည်အလွန်စိတ်နာကျည်းလျက် ၁၇၁၅ ခုနှစ် တွင်ပဌမဂျက်ကဗိုက်ပုန်ကန်မှုကြီးဖြစ်ပေါ်လာသည်။ သို့ရာ တွင်ခေါင်းဆောင်ကောင်းမရှိမှု၊ လက်နက် ရိက္ခာ ကြေးငွေ မလုံလောက်မှု စသော အကြောင်းများကြောင့် ဂျက်ကဗိုက် များအရေးနိမ့်ရလေသည်။

ဒုတိယဂျိမ်း၏မြေးတော်ချာမင်းသားခေါင်းဆောင်လျက် ဒုတိယအကြိမ်ဂျက်ကဗိုက်များပုန်ကန်ထကြွကြသည်။ သို့ရာ တွင်ထိုအကြိမ်၌လည်း ဂျက်ကဗိုက်များရှုံးပြန်ရာ၊ ချာမင်း သားသည်ပင်ထွက်ပြေးတိမ်းရှောင်နေရ၏။ ထိုအခါမှစ၍ ဂျက်ကဗိုက်တို့သည် နိုင်ငံရေးနယ် ပယ်မှကွယ်ပျောက်၍ သုဝေးသော် လည်း အစဉ်အလာစွဲလမ်းမှု တခုကဲ့သို့ အရိပ်အငွေ့ကျန်ရစ် လေသည်။ စကော့တလန်ပြည် မှာဂျက်ကဗိုက်တို့၏ပင်ရင်းဌာန ဖြစ်သော ကြောင့် ရုတ်တရက် ဝါဒစွဲမပျောက်နိုင်ခဲ့ပေ။ ပဌမ ကမ္ဘာစစ်ကြီးဖြစ်ပွားချိန်အထိ ဂျက်ကဗိုက်အစွဲအလမ်းများသည် ကျန်ရှိနေခဲ့ပေသေးသည်။



ဒုတိယဂျက်ကဗိုက်ပုန်ကန်မှုကိုဦးစီးခဲ့သောချာမင်းသား

ဂျက်ကဗင်း။ ။ဂျက်ကဗင်းဟူသည် ပြင်သစ်တော်လှန်ရေးအတွင်းက ထင်ရှားသော တော်လှန်ရေး အဖွဲ့ဖြစ်လေသည်။ ထိုအဖွဲ့ကို ၁၇၈၉ ခုနှစ်တွင် ဗာဆေးမြို့၌ စတင်ဖွဲ့စည်းခဲ့၍ပဌမ၌ ဂျက်ကဗင်း ဆိုမဟုတ် ဒိုမင်နီကန်ဘုန်း ကြီး ကျောင်း အလှတ် တခု အတွင်း တွင် ယင်း၏ ဌာနချုပ် ထားရှိခဲ့သည်ကို အစွဲပြု၍ နောင် အခါဂျက်ကဗင်း အဖွဲ့ဟုခေါ် တွင်ခဲ့လေသည်။ အစကနဦးတွင်အဖွဲ့ဝင်များသည် ပြင် သစ်နိုင်ငံ တဝှန်းလုံး၌ အဖွဲ့ခွဲများဖြန့်ထား၍ ဘုရင်အစိုးရ ခိုင်မြဲတည်တံ့ရေးကိုကြိုးပမ်းခဲ့ကြလေသည်။

လူဝီဘုရင် ပြင် သစ်နိုင်ငံမှထွက်ပြေးရန်ကြံစည်သောအခါ ဂျက်ကဗင်းတို့သည် ဘုရင် အစိုး ရစံနစ် ကို မလိုလား ကြတော့ ဘဲ သမတအစိုးရစံနစ်ကို နှစ်သက်လိုလားလာကြလေသည်။

သူတို့အဖွဲ့ကိုလည်းရောဗက်စပျဲ (၁၇၅၈–၉၄) စသောတယူသန်သမားများကဦးစီးကြိုးကိုင်လာကြလေသည်။ (ရောဗက်စပျဲ, အမ် — ရှ။)

ဂျက္ကဗင်းအဖွဲ့မှာ တဖြည်းဖြည်း အင်အားကောင်းလာ၍ အရေးပါသောအဖွဲ့ဖြစ်လာခဲ့ရာ၊ နောက်ဆုံးတွင်တော်လှန်ရေးအတွင်း ပြင်သစ်နိုင်ငံကို အုပ်ချုပ်သောအဖွဲ့ကြီးပင်ဖြစ်လာလေသည်။ ဂျက္ကဗင်းအဖွဲဝင်တို့သည် လူထုဆန္ဒပြပွဲများ မကြာခဏလုပ်ခဲ့သော ပါရစ်ကွန် မျှန်းကိုလည်း ကြိုး ကိုင်ခဲ့၏။ ယင်းအဖွဲ၏ခေါင်းဆောင်များဖြစ်ကြသော ရောဗက်စပျဲနှင့်ဒန်တွန်တို့သည် တယူသန်သမားများဖြစ်ကြ၍ နောင်အခါ ဂျက္ကဗင်းဆိုလျှင် တယူသန် တော်လှန်ရေးသမားဟုအများကမှတ်ယူကြလေတော့၏။ (ဒန်တွန်, ဂျီ၊ ဂျေ — ရှ။) ထိုပြင်သူတို့၏ခေါင်းဆောင်ရောဗက်စပျဲသည် ပြင်သစ်နိုင်ငံတွင်သွေးချောင်းစီးမျှ လူအများကို သတ်ဖြတ်ခဲ့စဉ်က အာဏာရှင်တမျှတန်ခိုးထွားခဲ့ပေသည်။ သူတို့ကြောင့်ပင်လူဝီဘုရင်မှာ ၁၇၉၃ ခုနှစ်တွင်အသတ်ခံရလေသည်။


၁၇၉၄ ခုနှစ်၌ရောဗက်စပျဲအား သူ၏အတိုက်အခံလူစုကသတ်ပစ်လိုက်သည်။ ရောဗက်စပျဲအသတ်ခံရပြီးနောက် အဖွဲ့မှာတဖြည်းဖြည်းတန်ခိုးမှိန်၍ပျက်လုမတတ်ဖြစ်လာလေသည်။ ထိုနှစ်နိုဝင်ဘာလတွင် ကား ထိုပျက်လုမတတ်ဖြစ်သော အဖွဲ့ကိုလုံးဝဖျက်သိမ်းလိုက်ရလေတော့သည်။ (ပြင်သစ်တော်လှန်ရေး — လည်းရှ။)


ဂျက္ကတ်ရက်ကန်းစင်။ ။၁၉ ထုစုနှစ်ဆန်းစလောက် အထိ လူတို့သည်ရိုးရိုးအဆင်များကို ရက်ကန်းစင်များဖြင့် သာရက်လုပ်နိုင်ခဲ့ကြသည်။ အဆင်ဆန်းများကိုရက်လိုသောအခါ ရက်ကန်းစင် တစင်လျှင် လူ ၃ ယောက်ကျစီ အလုပ်လုပ်ကြရ၏။ ဤ ၃ ယောက်တွင်ပဌမလူသည် အဆင်ပုံစံကိုကြည့်၍ဒုတိယလူအား မည်သည့်နှတ်ကိုနင်းပေးရမည်ကိုၫွှန်း၊ တတိယလူအားလိုသောအရောင်ရရှိအောင် မည်သည့်လွန်းကိုအသုံးပြုရမည်ကိုၫွှန်း အမြဲတစေညွှန်ကြားပေးနေရပေသည်။

ခရစ် ၁၈၀၄ ခုနှစ်တွင် ဂျိုးဇက်မာရီဂျက္ကတ်ဆိုသူ ပြင်သစ်ရက်ကန်းသမားတဦးသည် ရက်ကန်းစင်တမျိုးကိုတီထွင်လိုက်သည်။ ထိုရက်ကန်းစင်မှာဂျက္ကတ်ရက်ကန်းစင်ဟုတွင်၍၊ ထိုရက်ကန်းစင်ကြောင့်ပင်ရက်ကန်းလုပ်ငန်းကြီးတခုလုံး မျှားစွာတိုးတက်လာခဲ့လေသည်။ အဆိုပါရက်ကန်းစင်မျိုးဖြင့် အဆင်ဆန်းမျှားကို လူတယောက်တည်းကရက်လုပ်နိုင်သည်။ ဂျက္ကတ်လက်ထက်မတိုင်မီက အခြားပြင်သစ်လူမျိုးတဦးဖြစ်သူ ဇက်ဒါဗိုကန်ဆန်သည်လည်းလိုသည့်အဆင်မျိုးရအောင် ဒလိမ့်တုံး၌ အပေါက်ငယ်များစီတန်း၍ ဖောက်လုပ်ထားသည့် အထိန်းကရိယာတမျိုးကိုတီထွင်ခဲ့သည်။ ဗိုကန်ဆန်သည်တိုင်ခြည်တိုင်း၌ ယင်းတို့ကိုမြှင့်တင်ပေးရန်ကြိုး (မြှင့်ကြိုး) တပင်စီချည်၍ ထိုကြိုးစများကို ဘောင်တခုသို့ဆက်ထားသည်။ ဘောင်တွင်ဒလိမ့်တုံးမျက်နှာပြင်ပေါ်သို့ စပရင်ဖြင့်ဖိပေးသည့်အပ်များတပ်ဆင်ထားသည်။ ဒလိမ့်တုံးပတ်လည်၌ အဆင်ပုံစံအလိုက် အပေါက်ဖောက်ထားသော စက္ကူကပ်ပြားတခုရှိလေသည်။ အပ်များသည်စက္ကူကပ်ပြားရှိအပေါက်များမှတဆင့် ဒလိမ့်တုံးရှိဆိုင်ရာ အပေါက်များထဲသို့ဝင်သွားသည်။ ထိုအခါမြှင့်ကြိုးက တိုင်ခြည်ကိုအထက်သို့ဆွဲတင်ပေးသည်။

ဗိုကန်ဆန်၏ ကရိယာသည် ဂျက္ကတ်ရက်ကန်းစင်ဖြစ်မြောက်အောင်မြင်ရန် လမ်းခင်းပေးခဲ့သည်။ ဗိုကန်ဆန်၏ကရိယာကိုအသုံးပြုရာတွင် ရက်လုပ်သောဒီဇိုင်းပုံတခုလုံးကို ဒလိမ့်တုံးပေါ်ရှိကပ်ပြား၌ဖော်ပေးရန်လိုသည်။ ယင်းသို့လိုသည့်အတိုင်း ဤကရိယာဖြင့် အထည်ငယ်များကိုသာရက်လုပ်နိုင်သည်။ ထို့ပြင်ဒလိမ့်တုံးကိုလည်း စက်မှုအခက်အခဲများကြောင့် ကြီးကြီးမားမားမပြုလုပ်နိုင်ပေ။ ဂျက္ကတ်သည်ဗိုကန်ဆန်၏ကရိယာကိုအတုယူ၍ တမျိုးတဖုံတိုးချဲ့ပြုပြင်လိုက်သည်။ သူပြုလုပ်သည့်ကရိယာတွင်ဒလိမ့်တုံးလုံးဝ

ရက်ကန်းအတတ်တွင် အထည်၏အဆင်အကွက်တို့ကိုပုံဖော်ရာ၌ ခေတ်မှီ စေခဲ့သည့်ဂျက္ကတ်ရက်ကန်းစင်





ကြံ့.သူတော်ကိုခုန်အုပ်၍ကိုက်သတ်နေသောကျက်ဂွားကောင်

မပါတော့ချေ။ ကျက်တက်ရက်ကန်းစင်တွင် ဒလိမ့်တုံးအစား အပေါက်ဖောက်ထား သော လေး ထောင့် ကပ်ပြားများကို သာအသုံးပြုထားလေသည်။

ကျက်တက်ရက်ကန်းစင်သည် ပုံဖော်ရက်ကန်းအတတ်ကို တခါတည်းခေတ်မှီပြောင်းလဲသွားစေသည်။ နောင်သော် အပေါက်ဖောက်ထားသော ကပ်ပြားဖြင့် အလိုအလျောက် ထိန်းပေးသည့်ကရိယာမျိုးကို ခေတ်မှီရက်ကန်းစင်များတွင် သာမက ဂဏန်းတွက်စက်၊ စန္ဒရား၊ ဇာထိုးစက် စသည့်စက် များတွင်လည်း အနှံ့အပြားတပ်ဆင်အသုံးပြုလာကြသည်။ (ရက်ကန်းစင် — လည်းရှု။)

ကျက်ဂွားကောင်။ ။မြောက်အမေရိကတိုက်နှင့် တောင် အမေရိကတိုက်တို့တွင်တွေ့ရသော ကျက်ဂွားခေါ် ကျားမျိုး သည် ထိုတိုက်များရှိကြောင် အနွယ်ဝင် သားကောင်များ တွင် အကြီးဆုံးဖြစ်သည်။ ကျက်ဂွား၏ဦးခေါင်းမှာ သာ မန်ကျားဦးခေါင်းနှင့်မတူဘဲ အတော်ပင်ကြီးမား၏။ ခြေ ထောက်များသည်တုတ်ခိုင်သန်မာ၏။ ကိုယ်အလျားမှာ အမြီးမပါဘဲ ၄ ပေမျှရှည်လျား၏။ အသွေးအရောင်မှာ အမျိုးမျိုးကွဲပြားခြားနား သော်လည်း အများအားဖြင့်မူ ဝါညစ်ညစ်အရောင်ပေါ်တွင် အနက်ရောင်အပြောက်အစက် များရှိသည်။ အမြီးဖျားခွံနက်နေသည်။

ကျက်ဂွားကောင်သည် သစ်ပင်ပေါ်ခွံအနေများပေသည်။ သား ကောင်ကိုဖမ်းသော အခါ သစ်ပင်ပေါ်မှ ခုန်အုပ်ဖမ်း တတ်သည်။ တခါတရံမြေပြင်သို့ဆင်း၍ နွား၊ မြင်း၊ သိုး တို့ကိုဖမ်းယူစားသောက်တတ်သည်။ လူကိုတွေ့လျှင်လည်း လူကိုစား သည်။ လိပ်များကိုလည်း မြစ်လယ် သို့ရောက် အောင်ပင် လိုက်လံဖမ်းယူစားသောက်တတ်သည်။ ကျက် ဂွားကောင်ကို များသောအားဖြင့် တကောင်ချင်းတွေ့ရ သည်။ ကျက်ဂွားအမသည် တနှစ်လျှင်သား ၂ ကောင် မှ ၄ ကောင်အထိမွေးသည်။ သားငယ်သည်မွေးပြီး ၃၅ ရက် အကြာတွင် မိခင်နောက်သို့လိုက်နိုင်သည်။

ကျက်ဖာဆန်, တီ (ခရစ် ၁၇၄၃–၁၈၂၆)။ ။တောမတ် ကျက်ဖာဆန်သည် အမေရိကန်ပြည်ထောင်စု၏ တတိယ မြောက်သမတဖြစ်သည်။ သူသည်ဗာဂျင်းနီးယားပြည်နယ် အဲလဗီမားခရိုင် ရွက်ဒဝယ်မြို့၌ ၁၇၄၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင်ဖွားမြင်သည်။ သူ၏ဖခင်ကား မြို့ပြအင်ဂျင်နီ ယာ ပိတာကျက်ဖာဆန်ဖြစ်သည်။ ပိတာကျက်ဖာဆန်သည် အနောက်ဖက်နယ်စပ်ဒေသတွင် ယာမြေပေါင်းမြောက်များ စွာပိုင်သူဖြစ်ရာ၊ သားဖြစ် သူတောမတ်သည် ငယ်စဉ်ကပင် ကျေးလက် တောရွာလုပ်ငန်းများ နှင့် လက်ပွန်းတတီးဗဟု သုတရခဲ့လေသည်။ ၅ နှစ်သားအရွယ်ကျောင်းနေစက တည်းက သခင်္ချာသာသာရပ်များ တွင် ထူးချွန်ခဲ့လေသည်။ ၉ နှစ်သားအရွယ်မှစ၍ လက်တင်၊ ဂရိ၊ ပြင်သစ်ဘာသာ များကို သင်ယူသည်။ ၁၇ နှစ်အရွယ်တွင် ဝီလျံစမတ်မြို့ တွင် ဝင်ထောက်ပံ့ သင်ကြားလေသည်။ သင်္ချာဘာ သာ၌ ငယ်စဉ်ကပင် ထူးချွန်သူဖြစ်သည့်အလျောက်သင်္ချာ ဘာသာပါမောက္ခကြီး ဒေါက်တာဝီလျံစမော၏ ခြိုးကျူး



တောမတ်ဂျက်ဖာဆန်နေထိုင်ခဲ့သော 'မွန်တီစယ်လို' နေအိမ်

ခြင်းကို အထူးခံရသူဖြစ်၏။ ဒေါက်တာဝီလျံစမောသည် တောမတ်ဂျက်ဖာဆန်အား ဗာဂျင်းနီးယားပြည်နယ်မှ ထင်ရှားသော ဝတ်လုံတော်ရကြီး ဂျေဉ့ဝစ်နှင့် မိတ်ဆက်ပေးသည်။ ထိုကြောင့်တောမတ်ဂျက်ဖာဆန်သည် ကောလိပ်ကျောင်းမှ ဘွဲ့ထူးများရရှိပြီးနောက် ဂျေဉ့ဝစ်ထံ၌ ဥပဒေပညာကို ၅ နှစ်မျှဆည်းပူးရလေသည်။ ထို့ဥပဒေပညာသည်ပင် သူ့အား နိုင်ငံရေး၊ တိုင်းပြည်အုပ်ချုပ်ရေးတို့၌ အထောက်အပံ့ဖြစ်စေခဲ့၏။

၁၇၇၂ ခုနှစ်တွင်တောမတ်ဂျက်ဖာဆန်သည် အသက် ၂၃ နှစ်အရွယ်ရှိ မုဆိုးမမိန်းမချောကလေး မာသာ ဝေးစကယ်လတန်နှင့်လက်ထပ်သည်။ သူတို့မောင်နှံစုံမှာအလွန်ချစ်ခင်ပျော်ရွှင်စွာ မွန်တီစယ်လိုခေါ် တောင်ကုန်းအိမ်ကလေး၌ နေထိုင်ကြ၏။ မာသာနှင့်သားသမီး ၆ ယောက်မွေးဖွားသည့်အနက် မိန်းကလေး ၂ ယောက်သာအဖတ်တင်သည်။


ဂျက်ဖာဆန်သည် ဗာဂျင်းနီးယားဥပဒေပြုအောက်လွှတ်တော်သို့ ၁၇၆၉ ခုနှစ်တွင်ပြည်သူ့ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ဗြိတိသျှအစိုးရအား တော်လှန်ပြီးနောက် အမေရိကန်လွှတ်လပ်ရေးကျေညာစာတမ်းကြီးကို စီကုံးရေးသားရာတွင်၊ ထူးချွန်စွာဆောင်ရွက်စီမံနိုင်မှုကြောင့် ကျော်ကြားလာခဲ့လေသည်။ တောမတ်ဂျက်ဖာဆန်သည် ပြည်သူတို့၏အကျိုးကိုလိုလားသောစိတ်ဓာတ်ခံရှိသူဖြစ်သောကြောင့် ဒီမိုကရေစီဝါဒကိုနှစ်ခြိုက်၏။ ဥာဏ်ပညာထက်သန်ခြင်း၊ လွှတ်လပ်စွာတွေးခေါ်တတ်ခြင်း၊ ကြောက်ရွံ့မှုကင်းမဲ့ခြင်း စသည်တို့ကြောင့် သူ့ကို လူထုက များစွာကိုးစားကြလေသည်။

၁၇၇၉ ခုနှစ်တွင် ဗာဂျင်းနီးယားဘုရင်ခံအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရလေသည်။ ၁၇၈၁ ခုနှစ်တွင်ဂျက်ဖာဆန်သည် ဘုရင်ခံရာထူးမှနုတ်ထွက်လိုက်သည်။ နောက်တနှစ်တွင်သူ၏ချစ်ဇနီးကွယ်လွန်သွားရာ သမီး ၂ ယောက်နှင့်ကျန်ရစ်ခဲ့သည်။ တောမတ်ဂျက်ဖာဆန်ကိုအမေရိကန်ပြည်ထောင်စု၏ တတိယမြောက်သမတအဖြစ် ၁၈၀၀ ပြည့်နှစ်တွင် ရွေးကောက်ကြလေသည်။ ဂျက်ဖာဆန်၏သမတဘဝက်တန်း ၄ နှစ်အတွင်းတွင် အမေရိကန်ပြည်၌ ဒီမိုကရေစီဝါဒသည်အလွန်ထွန်းကားခဲ့ပေသည်။

ထိုနောက် ဂျက်ဖာဆန်သည် ဘမတာအဖြစ်ဖြင့် နောက်တကြိမ်ဆက်လက်၍ ရွေးကောက်တင်မြှောက်ခြင်းခံရပြန်သည်။ ဒုတိယအကြိမ်သမတဘဝနှင့် ၁၈၀၈ ခုနှစ်ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ ကျွန်အရောင်းအဝယ်ကိုပိတ်ပင်ရန်ဥပဒေတရပ်ကိုထုတ်ပြန်ခဲ့သည်။ သမတရာထူးသက်တန်းကုန်ဆုံးသောအခါတွင် ဂျက်ဖာဆန်မှာအကြွေးဒေါ်လာ ၂၀,၀၀၀ ခန့်တင်နေသည့်အတွက် သူစုဆောင်းထားခဲ့သော စာအုပ်ပေါင်း ၁၃,၀၀၀ ပါဝင်သည့်စာကြည့်တိုက်ကို ပြည်ထောင်စုအစိုးရသို့အဖိုးငွေ ၂၃,၉၅၀ ဒေါ်လာဖြင့် ရောင်းချ၍ဆပ်ရလေသည်။ ဂျက်ဖာဆန်မှာဆွေမျိုးသားချင်းမိတ်သင်္ဂဟပေါများသူဖြစ်၍ အိမ်တွင်ည့်သည်မပြတ်ရှိရာ၊ စာကြည့်တိုက်ရောင်းရငွေမှာလည်း မကြာမီပင် ကုန်လေတော့သည်။ ထိုကြောင့်အိမ်ကလေးတလုံးဆောက်ကာ တိမ်းရှောင်နေရသည်ဟုပင်အချို့ကဆိုကြသည်။ သို့သော်ပြည်ထောင်စုအစိုးရထံမှ အထောက်အပံ့အဖြစ်စုဆောင်း၍ ပေးသောငွေ ၁၆,၅၀၀ ဒေါ်လာကို ရရှိသောကြောင့်သာလျှင် ဂျက်ဖာ

ဆန်မှာအနည်းငယ်ခံသာသည်။ သို့နှင့်လည်းထိုထောက်ပံ့ငွေရပြီးမကြာမီ သူပိုင်ပစ္စည်းများဖြစ်သော အိမ်ထောင်ခမ်းနား၊ ငွေထည်ပစ္စည်း၊ ပန်းချီကားများနှင့်တကွ ဗာဂျင်းနီးယားနယ်ရှားလော့စဗီးမြို့ရှိ သူပိုင်မှန်တိုစယ်လိုအိမ်နှင့်ဝင်းခြံကို ရောင်းချ၍အကြွေးများကိုပေးဆပ်ရသေး၏။

သမတရာထူး ၂ ကြိမ်တိုင်တိုင်ဆက်ယူပြီးနောက် တတိယအကြိမ်အရွေးမခံတော့ဘဲအနားယူလိုက်လေတော့သည်။ ထိုနောက်သူ၏နေရပ်ဖြစ်သော ရှားလော့စဗီးဌ ဗာဂျင်းနီးယားတက္ကသိုလ်ကျောင်းကြီးတကျောင်းကို တည်ထောင်ရန် လုံးပန်းဆောင်ရွက်လေသည်။ တက္ကသိုလ်၏အဆောက်



အမေရိကန်သမတကြီးတောမတ် ဂျက်ဖာဆန်

အအုံကြီးများကို သူကိုယ်တိုင်စံနစ်ပုံရေးဆွဲ၍တည်ဆောက်ရာတွင်ကြပ်မကြည့်ရှုခဲ့လေသည်။ တောမတ်ဂျက်ဖာဆန်၏ အမည်သည် အမေရိကန် နိုင်ငံရေးလောကတွင်သာမဟုတ် ဗီသုကာလောကတွင်လည်းဥဒါန်းတွင်ရစ်ပေသည်။ ဂျက်ဖာဆန်သည် ပထဝီဝင်၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ ပါဏဗေဒ၊ တို့ကိုလည်းဝါသနာအလျောက်လိုက်စားခဲ့သည်။ လယ်ယာစိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ခြင်းတို့အပြင်၊ ဆေးပညာ၊ ခွဲစိတ်ကုသခြင်းပညာနှင့် သခ်ၤာဘာသာရပ်များတွင်လည်း အထူးပင် ဝါသနာထုံသူဖြစ်၏။ ထို့မျှသာမကသေး အယူဝါဒဆိုင်ရာဖက်တွင်လည်းမွှလစ်ဟင်းခဲ့ချေ။ စာပေနှင့်ဝေါဟာရများကိုလည်း ဂရုစိုက် သည်။ အမေရိကန်ယထာဘူတပညာအသင်းကြီးတွင် ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့လေသည်။

၁၈၂၆ ခုနှစ်ဇူလိုင်လ ၄ ရက်နေ့ (လွတ်လပ်ရေးအနှစ် ၅၀ မြောက်အောင်ပွဲနေ့) တွင် တောမတ်ဂျက်ဖာဆန်ကွယ်လွန်လေသည်။ သူ၏မှာထားချက်အရ သူ၏ဂူပေါ်တွင် မော်ကွန်းစာတမ်းအဖြစ် 'ဤနေရာ၌အမေရိကန်လွတ်လပ်ရေးကျေညာစာတမ်းကြီးနှင့် ဗာဂျင်းနီးယားနယ်အယူဝါဒလွတ်လပ်မှုဥပဒေကိုရေးခဲ့သူ ဗာဂျင်းနီးယားတက္ကသိုလ်ဖခင်ကြီး၊ တောမတ်ဂျက်ဖာဆန်ကိုမြုပ်နှံသည်' ဟုကမ္ဘည်းထိုးထားလေသတည်း။

ဂျက်အင်ဂျင်။ ။ဂျက်အင်ဂျင်၏သဘောအကျဉ်းကို လွယ်ကူထင်ရှားသောသာဓကဖြင့် ရှင်းလင်းပြနိုင်ပေသည်။ ရော်ဗာပူဖောင်းကလေးတလုံးကို လေဝအောင်မှုတ်ပြီးနောက် ရုတ်တရက်လက်မှလွှတ်လိုက်ပါ။ ရော်ဗာပူဖောင်းကလေးလွင့်ထွက် သွားသည်ကို တွေ့မြင်ကြရပေလိမ့်မည်။ ပူဖောင်းကလေးလွင့်သွားရခြင်းမှာ ထိပ်ဝမှလေပန်းထွက်ခြင်းကြောင့်ဖြစ်သည်။ ထိုသို့လွင့်သွားခြင်းသည် ဂျက်အင်ဂျင်၏သဘောအကျဉ်းပင်ဖြစ်ပေသည်။

ဂျက်အင်ဂျင်ခုတ်မောင်းပုံနည်းကို လူတို့သည်လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်ကပင် စတင်ကြံစည်လာခဲ့ကြသည်။ သိရသလောက်မှာ ဂျွန်အယ်လင်ဆိုသူပုဂ္ဂိုလ်တဦးသည်ခရစ် ၁၇၂၄ ခုနှစ်က လေငြိမ်အရပ်ရှိသဘော်ဂကိုဤနည်းဖြင့်ခုတ်မောင်းနိုင်အောင်ကြံစည်ခဲ့ဘူးသည်။ သူ၏အကြံမှာယမ်းမှုန့်၏ပေါက်ကွဲမှုဖြင့် အင်ဂျင်ကို ခုတ်မောင်းရန်ဖြစ်သည်။ ထိုနည်းကိုအယ်လင်သည် မူပိုင်မှတ်ပုံတင်ထားခဲ့၏။

နောင်နှစ်ပေါင်း ၅၀ ကြာသောအခါ ဂျိမ်းရမ္ဘီဆိုသူ အမေရိကန်လူမျိုးတဦးသည် ရေအားသုံးဂျက်ခုတ်မောင်းနည်းဖြင့် လှေတစင်းကိုခုတ်မောင်းပြခဲ့သည်။ သူသည် ရေကိုလှေဦးပိုင်းမှနေ၍ ရေစုတ်စက်ဖြင့်စုတ်သွင်းပြီးနောက် လှေပဲ့ပိုင်းရှိနှုတ်သီးခေါင်းမှ နောက်ပြန်ပန်းထုတ်ပေးသည်။ ထိုအခါထိုရေပန်း၏နောက်ပြန်အားကြောင့် လှေသည်ရှေ့သို့ရွှေသွားသည်။ ရမ္ဘီသည်အလားတူလှေမျိုးကို နောက်ထပ်အင်္ဂလန်ပြည်၌လည်းပြုလုပ်သေး၏။ သို့သော်ဘေးခုတ်စက်ဖြင့်ခုတ်မောင်းသောသဘော်ဘများ အောင်မြင်စွာပေါ်ပေါက်လာခြင်းကြောင့်တကြောင်း၊ ရမ္ဘီကိုယ်တိုင်မှာကွယ်လွန်သွားခြင်းကြောင့်တကြောင်း ထိုခုတ်မောင်းနည်းမှာတိမ်မြုပ်သွားသည်။ ထိုနောက်တွင် အတိုင်းတိုင်းအနှိုင်နှိုင်းမှသိပ္ပံပညာရှင်တို့သည် တစထက်တစတိုးတက်ကြစည်ကြိုးစားလာကြသောကြောင့် နောက်ဆုံးတွင် ထိထိရောက်ရောက်အသုံးချနိုင်သော ဂျက်အင်ဂျင်မျိုးဖြစ်ထွန်းပေါ်ပေါက်လာလေသည်။

သိပ္ပံပညာရှင်တို့သည် လှေသဘော်ဘများကိုခုတ်မောင်းရန် ရေပန်းဂျက်စက်အမျိုးမျိုးကို စမ်းသပ်ခဲ့ကြသည်။ ပဌမ

ကမ္ဘာစစ်ဖြစ်နေချိန်ကအသံမမြည်သောဂျက်အင်ဂျင်ကိုကြံစည်ကြိုးစားခဲ့ကြသည်။ တုံးပံ့အမျိုးမျိုးကို စမ်းသပ်၍ လသို့အရောက်သွားနိုင်မည့်ရောမတုံးပံ့ကြီးများကိုပင် စိတ်ကူးခဲ့ကြဘူးသည်။ (တုံးပံ့ — ၅၂။) တုံးများတွင်ယမ်းမှုန့်အစား လေ၊ အောက်စီဂျင်စသည်တို့ကိုအရည်ပြုလုပ်၍ကန်အားရရှိအောင်စမ်းသပ်ခဲ့ကြသည်။ တုံးအင်ဂျင်ဖြင့် ခုတ်မောင်းသော တုံးမော်တော်ကား၊ တုံးလေယာဉ်ပံ့များကိုကြံစည်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်လူမျိုးတို့အသုံးပြုသော မက်ဆာရှမစ် ၁၆၃ တိုက်လေယာဉ်ပံ့မျိုးတွင် တုံးအင်ဂျင်တပ်ဆင်ထားသည်။ ထိုအင်ဂျင်မှာအရည်ပြုလုပ်၍ထားသော အောက်ဆီဂျင်ဖြင့်ခုတ်မောင်းခြင်းဖြစ်လေသည်။

ဂျက်လေယာဉ်ပံ့များ ထူးထူးခြားခြား ခေတ်စားလာခဲ့သည့်အချိန်ကား ဒုတိယကမ္ဘာစစ်ကြီးအတွင်းကဖြစ်၏။ ထိုအချိန်တွင်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်သည့်နိုင်ငံတိုင်းလိုလိုပင် ဂျက်လေယာဉ်ပံ့များကို ဆောက်လုပ်ကြသည်။ ဤတလုံးလူမျိုးတို့က ၁၉၄၁ ခုနှစ်တွင်ဂျက်လေယာဉ်ပံ့တစင်းကို ဆောက်လုပ်၍ ပံ့သန်းပြခဲ့သည်။ မက်ဆာရှမစ် ၂၆၂ ခေါ် ဂျာမန်လူမျိုးတို့၏တိုက်လေယာဉ်ပံ့မှာလည်း ဂျက်လေယာဉ်ပံ့ပင်ဖြစ်၏။ အင်္ဂလိပ်လူမျိုးတို့က ဂျက်စက်တလုံးတပ် ဂလော်စတာတိုက်လေယာဉ်ပံ့ကို တီထွင်ခဲ့ကြသည်။ နောင်အခါတီထွင်သော စက် ၂ လုံးတပ် ဂလော်စတာဂျက်လေယာဉ်ပံ့သည် ၁၉၄၅ ခုနှစ်တွင် တနာရီလျှင် ၆၀၆ မိုင်နှုန်းဖြင့်ပံ့သန်း၍ ကမ္ဘာ့စံချိန်ထားခဲ့လေသည်။ ၁၉၄၄ ခုနှစ်တွင်ဂျာမန်လူမျိုးတို့သည် ဗုံးပံ့များကိုအသုံးပြုကြသည်။ ဗုံးပံ့တွင်ပေါက်ကွဲမှုသည် ပြတ်တောင်းပြတ်တောင်း လျှင်မြန်စွာဖြစ်၍၊ အခြား ဂျက်အင်ဂျင်မျိုးတွင်မူ စက်လည် သည် နှင့် တပြိုင် နက် ပေါက် ကွဲ မှု သည် တောက်လျှောက်တဆက်တည်းဖြစ်ပေသည်။ (ဗုံးပံ့ — ၅၂။) ဂျက်လေယာဉ်ပံ့၌ကောင်းသောအချက်များနှင့် မကောင်းသော အချက်များရှိလေသည်။

ကောင်းသောအချက်များ။ ။ဂျက်လေယာဉ်ပံ့သည် ပစ်စတန်အင်ဂျင်တပ် သာမန်လေယာဉ်ပံ့တို့ထက် မြန် သည်။ အသံလှိုင်းထက်ပင်မြန်သေး၏။ အလွန်မြင့်သောအရပ်၌ ပံ့သန်းနိုင်သည်။ မီးလောင်လွယ်သောဓာတ်ဆီအစား ပယ်ရဖင်ဆီကိုအသုံးပြုနိုင်သည်။

ဂျက်လေယာဉ်ပံ့သည် ပံ့သန်းနေစဉ် သာမန်လေယာဉ်ပံ့တို့လောက်အသံမကျယ်ချေ။ သာမန်လေယာဉ်ပံ့တို့ထက် ပို၍မတ်စောက်စွာပံ့တက်နိုင်သည်။ တခဏခြင်းစက်ပူလာနိုင်သဖြင့် လျင်မြန်စွာပံ့ထွက်နိုင်သည်။


မကောင်းသောအချက်များ။ ။ဂျက်လေယာဉ်ပံ့သည် နိမ့်သောအရပ်တွင်ပံ့သန်းရာ၌၎င်း၊ အမြန်နှုန်းကိုလျှော့၍ ပံ့သန်းရာ၌၎င်း၊ သာမန်လေယာဉ်ပံ့တို့လောက်မကောင်းချေ။ ဂျက်လေယာဉ်ပံ့သည် ဆီအပေါစားများကိုအသုံးပြုနိုင်သော်လည်း ဆီးစားကြီးလွန်းလှသဖြင့် လောင်စာဆီအမြောက်အမြားသယ်ဆောင်ရန်လိုသည်။ ယင်းသို့သယ်ဆောင်ရန်မှာ မဖြစ်နိုင် သည့် အတိုင်း၊ ခရီးဝေးကိုအလိုရှိသူလောက်မပံ့သန်းနိုင်ချေ။ စက်အတွင်းပေါက်ကွဲမှုကြောင့် ဖြစ်ပေါ် လာသည့် အပူချိန်မှာ အဆမတန်ကြီးမားလွန်းသည့်အတွက် ဂျက်အင်ဂျင်ကို အလွန်ပြင်းထန်သော အပူဒဏ်ခံနိုင်သည့်သတ္တုမျိုးဖြင့်သာဆောက်လုပ်ရသည်။

ယခုအခါဂျက်အင်ဂျင်များသည် တစထက်တစတိုးတက်ကောင်းမွန်လာကြသည်။ ပရော့ပဂျက်အင်ဂျင်ခေါ် ဂျက်အင်ဂျင်သည် သာမန်တာဗိုဂျက်အင်ဂျင်နည်းတူပင် ဓာတ်ငွေ့ကိုအသုံးပြုသည်။ သို့သော်တာဗိုအင်ဂျင်၌ပေါက်ကွဲပြီးဓာတ်ငွေ့များသည်နောက်ပိုင်းရှိနွှတ်သီးမှပန်းထုတ်၍ပရော့ပဂျက်အင်ဂျင်တွင်မူ အဆိုပါဓာတ်ငွေ့များသည်ပန်ကာကိုလည်စေသည်။ ဓာတ်ငွေ့အချို့ဖြင့် ပန်ကာကိုလည်စေ၍ ကျန်ဓာတ်ငွေ့များကိုပန်းထုတ်သောအင်ဂျင်မျိုးလည်းရှိပေသည်။ အချို့ဂျက်လေယာဉ်ပံ့များသည် ဦးပိုင်း၌ပန်ကာလည်စေသောအင်ဂျင်ကိုလည်း၊ နောက်ပိုင်း၌ ဓာတ်ငွေ့ပန်းထုတ်သောအင်ဂျင်ကိုလည်း တပ်ဆင်၍ အသုံးပြုကြသည်။ ဤလေယာဉ်ပံ့များသည် အမြန် နှုန်းကို အမျိုးမျိုး ပြောင်းလဲ၍ပံ့သန်းနိုင်လေသည်။

ဂျက်အင်ဂျင်အမျိုးအစား။ ။လောကိုအသုံးပြုသောဂျက်အင်ဂျင်များမှာအဓိကအားဖြင့် ၃ မျိုး ၃ စားရှိသည်။

ပဌမအမျိုးမှာတာဗိုဂျက်အင်ဂျင်ဖြစ်၍ ထိုအင်ဂျင်သည် ရှေးဦးစွာအရှေ့ဖက်မှလေကိုစုတ်ယူသည်။ ထိုနောက်စက်အတွင်း၌ လေကိုဖိညှစ်ပေးကာ လောင်စာတမျိုးမျိုးဖြင့် လောင်ကျွမ်းပေါက်ကွဲစေသည်။ ထိုနောက်ပေါက်ကွဲပြီးဓာတ်ငွေ့ကို အနောက်ဖက်ရှိနွှတ်သီးခေါင်းမှပန်းထုတ်ပစ်၏။

ဒုတိယအမျိုးမှာ အင်တာမစ်တင်း – ဒပ်အင်ဂျင်ခေါ် ပြတ်တောင်းပေါက်ကွဲသည့် ဂျက်အင်ဂျင်မျိုးဖြစ်သည်။



လေယာဉ်ပံ့များတွင်တပ်ဆင်သည့်ဂျက်အင်ဂျင်တမျိုး

ယင်းကိုကျာမန်လူမျိုးတို့က ဗိုဝမ်းဟုခေါ်တွင်သော ဗုံးပဲ့လက်နက်ဆန်း၌ ပဌမဦးစွာအသုံးပြုခဲ့ကြသည်။ ထိုအင်ကျင်မျိုးကိုတခါတရံ ပါလဆိုကျက် ဟုလည်းခေါ်လေသည်။ ထိုအင်ကျင်ကို တနည်းနည်းဖြင့် လျင်မြန်စွာပစ်လွှတ်ပေးရသည်။ အင်ကျင်ရှေ့၌လျင်မြန်စွာပိတ်နိုင်ဖွင့်နိုင်သော ကံခါးအရှင်ပါသည်။ ရှေးဦးစွာတံခါးပွင့်သောအခါ စက်ထဲသို့ လေဝင်လာသည်။ ထိုနောက်တံခါးပိတ်သွားသည်။ ထို အချိန်၌ အတွင်းသို့ရောက်သွားသောလေသည် လောင်စာတခုခုနှင့် ရောကာပေါက်ကွဲသွားသည်။ ဤသို့ပေါက်ကွဲပြီးသော အခါ တံခါးသည်တဖန်ပွင့်လာပြန်သည်။ လေလည်းဝင်၍ ပေါက်ကွဲပြန်သည်။ ဤနည်းဖြင့်တံခါးသည် တစက္ကန့်တွင် အကြိမ်ပေါင်း ၄၀ ခန့်ပွင့်လိုက်ပိတ်လိုက်ဖြစ်သည်။ လောင်ကျမ်းပြီးစာတ် ငွေ့များသည် နောက်ပိုင်းရှိ နှုတ်သီးခေါင်းမှ ပန်းထွက်လေသည်။

တတိယအမျိုးမှာ ရမ်းကျက်ခေါ် တဆက်တည်းပေါက်ကွဲသည့် အင်ကျင်မျိုးဖြစ်သည်။ ရမ်းကျက်သည် ရွှေသို့တိုးလာချိန်တွင် လေကိုစက်အိုးထဲသို့ဆောင့်ဝင်စေသည်။ လေသည်စက်အိုးထဲ၌ပျံ့ထွက်လာပြီးလျင်မြန်စွာတခုခုဖြင့်ရောရှိပေါက်ကွဲသည်။ ထိုနောက်စာတ်ငွေ့သည် နောက်ပိုင်းရှိ နှုတ်သီးခေါင်းမှ လျင်မြန်စွာထွက်သွားသည်။ ရမ်းကျက်အင်ကျင်ကို အသံလှိုင်းတမျှ လျင်မြန်သောယာဉ်များတွင်သာ တပ်ဆင်အသုံးပြုရန် သင့်တော်သည်ဟုယူဆကြလေသည်။

ကျင်ဂစ်ခန် (ခရစ် ၁၁၆၂-၁၂၂၇)။ ။ကျင်ဂစ်ခန်ကို ဗိုက်ကာအိုင်ကြီး၏ အရွှေတောင်ဖက်၊ အိုန္နန်မြစ်ပေါ်ရှိ၊ ဒယ်လီဂန်၊ ပူလဒ္ဒတ်အရပ်တွင် ဖွားမြင်ခဲ့သည်။ သူ့ဖခင်မှာ တရုပ်နိုင်ငံတံတိုင်းကြီးနှင့် အမှီးမြစ်အကြားရှိ အတော်ကျယ်ဝန်းသောဒေသကို အုပ်ချုပ်သော မွန်ဂိုအကြီးအကဲတဦးဖြစ်၍ ဖခင်သေဆုံးသောအခါ ကျင်ဂစ်ခန်သည် အသက် ၁၃ နှစ်အရွယ် လူမမယ်ဘဝနှင့်ကျန်ရစ်၏။ ထိုစဉ်ကသူ့ကို တင်မျူ၊ကျင်ဟူ၍ခေါ်ခဲ့ကြသည်။ သူသည်ထိုသို့နုနယ်ပျိုမျစ်သောအရွယ်မှာပင်၊ အခြားမွန်ဂိုလူမျိုးစုများကို တိုက်ခိုက်အောင်မြင်ပြီးနောက် တန်းဂွတ်ဒေသကို အောင်မြင်ခဲ့၏။ ၁၂၀၆ ခုနှစ်တွင် ဝီးဂူးဝါးတို့၏တိုင်းပြည်ကို အလွယ်တကူအောင်မြင်၍၊ မိမိအောင်ပွဲရခဲ့သည်တို့ကို ထင်ရှားစိမ့်သောငှာ၊ ကျင်ဂစ်ခန်ဟူသောအမည်ကို ခံယူခဲ့လေသည်။ ထိုအမည်ဖြင့်ပင် ကမ္ဘာ့သမိုင်း၌ ထင်ရှားပေတော့သည်။ ထိုအခါတွင် သူ၏အသက်မှာ ၄၇ နှစ်ရှိခဲ့ပြီ။

ကျင်ဂစ်ခန်သည် ပဌမဦးစွာ မွန်ဂိုဟူသမျှကို တစည်းတလုံးတည်းညီညွတ်အောင် ထပ်မံဆောင်ရွက်၏။ သဘောကွဲလွဲလျက်ရှိသော ခေါင်းဆောင်များကို သိမ်းသွင်းသည်။ အချို့ကို သုတ်သင်ရှင်းလင်းပစ်လေသည်။ ထိုနောက် မွန်ဂိုနယ်နိမိတ်ကို ကျော်လွန်ကာ နယ်ပယ်ချဲ့ထွင် ၁၂၀၉ ခုနှစ်၌တရုပ်နိုင်ငံတံတိုင်းကြီးကို ဖြတ်ကျော်၍ မြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခိုက်သည်။ ထိုအရပ်ရှိ ကင်တားတားလူမျိုးတို့ကို လက်အောက်သို့ သိမ်းသွင်းခဲ့ပြီးနောက် ယခင်က ယင်ကင်း၊ ယခုပီကင်းမြို့တော်တွင် အတန်ကြာအုပ်ချုပ်နေခဲ့သည်။ ထိုမှ ၅ နှစ်အကြာတွင် ကိုရီးယားသို့ သွားရောက်တိုက်ခိုက်ခဲ့သည်။



မွန်ဂိုဘုရင်ကျင်ဂစ်ခန်

ထိုနောက်၊ အေရယ်ပင်လယ်၏ တောင်ဖက်ရှိ ခွာရစ်ဇ်နိုင်ငံမှ ရှားဘုရင်သည် မွန်ဂိုသူပုန်ခေါင်းဆောင်တဦးကို လက်ခံခြေမြောက်ခဲ့သည့်အတွက် ကျင်ဂစ်ခန် သွားရောက်တိုက်ခိုက်ကာ၊ ရှားဘုရင်နှင့်တကွ သူပုန်ခေါင်းဆောင်ကို လက်ရဖမ်းဆီးမိ၏။ သို့သော်လည်း ရှားဘုရင်အား အမျက်မထားဘဲ သဘောထားကြီးကြီးနှင့် မဟာမိတ်ပွဲကာ၊ နိုင်ငံအချင်းချင်းကူးသန်းရောင်းဝယ်ရန် စာချုပ်ကိုပင် ချုပ်ဆိုခဲ့၏။ ရှားဘုရင်ကမူ၊ စာချုပ်ကိုဖောက်ဖျက်ကာ၊ မွန်ဂိုကုန်သည်များကိုသတ်ဖြတ်၏။ ထိုကိစ္စအတွက် သံတမန်များစေလွှတ်ခဲ့ရာတွင် ရှားဘုရင်ကသံတမန်များကို မလေးမခန့်ပြုရုံမက တဦးကို ခေါင်းဖြတ်၍ပင်သတ်ခဲ့လေသည်။ ထိုကြောင့်ကျင်ဂစ်ခန်သည် စစ်သည် ၇၀၀,၀၀၀ ဖြင့် သွားရောက်တိုက်ခိုက်သည်။ မွန်ဂိုတပ်များ၏ဒဏ်ကို ခိုင်မာသောခံတပ်ကြီးများပင် မခံနိုင်ချေ။ ရှားဘုရင်မှာလည်း ခွာရစ်ဇ်နိုင်ငံမှ လက်လွတ်ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဗူခါးထားနှင့် ဆမားကန်းမြို့ ၂ မြို့မှာလည်း စစ်ဒဏ်ကြောင့် ကြေမွသွားလေတော့သည်။

ကျင်ဂစ်ခန်သည် ခွာရစ်ဇ်နိုင်ငံတွင်ရှိစဉ် ရုရှနိုင်ငံရှိ နိုင်ငံ

အသီးသီးသို့ သံတမန်များကို လက်ဆောင်ပဏ္ဏာများဖြင့် မိတ်ဖွဲ့ရန်စေလွှတ်ခဲ့သည်။ သို့ရာတွင် ထိုနိုင်ငံများသည် မွန်ဂိုလူမျိုးဟူ၍ ကြားပင်မကြားဘူးသည့်ပြင် မိမိတို့နိုင်ငံများသာ ကြီးကျယ်ခမ်းနားသည်ဟု အထင်ကြီးနေခဲ့ကြသဖြင့်၊ မွန်ဂိုသံတမန်တို့အား မချေမငံပြုကျင့်၏။ အချို့နိုင်ငံများကမူ သတ်ဖြတ်ပစ်၏။ ထိုအခါ၌ မွန်ဂိုတို့၏ အစမ်းကိုပြုရန်အလို့ငှာ အနောက်ဖက်သို့ အလုံးအရင်းနှင့် ချီတက်လျက် နိုင်ငံပေါင်းများစွာကို မှန်မှန်ညက်ညက်ချေမှုန်းလိုက်လေသည်။ ထိုနောက်တွင်မှ ယင်းနိုင်ငံများသည် အညံ့ခံ၍သံတမန်များ၊ လက်ဆောင်ပဏ္ဏာများဖြင့် လာရောက်ကာ သစ္စာခံကြလေသည်။

ဤသို့ကျင်ဂစ်ခန်၏တပ်မတော်ကြီးက ရုရှနိုင်ငံများကိုနှိမ်နင်းပြီးစတွင် ယခင်ရှားဘုရင်၏သား၊ ကျလားလွတ်ဒင်က မွန်ဂိုစစ်သည်တို့အား လာရောက်ထိပါးပြန်သည်။ မွန်ဂိုတို့ကယ့်ဥပြုင်တိုက်ခိုက်သည်တွင် ကျလားလွတ်ဒင်မှာမခံမရပ်နိုင်ဘဲ တောင်ဖက်သို့ ဆုတ်ခွာပြေးရလေ၏။ မွန်ဂိုတို့လည်း ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်ရာတွင် အိန္ဒြမြစ်ကမ်း၌ ရန်သူတို့တပ်လုံးပြုတ်၍ ကျလားလွတ်ဒင်တဦးတည်းသာ ဒေလီမြို့သို့ ထွက်ပြေးပုန်းအောင်းနေရလေသည်။

ဤသို့ဖြင့် ကျင်ဂစ်ခန်၏တပ်မတော်သည် အနောက်ဖက်တခွင်တွင် အရှုံးမရှိ၊ စစ်ပွဲများကိုအောင်နိုင်ပြီးသောအခါ၊ ကယ်ရကိုးရမ်းနေပြည်သို့ပြန်လေသည်။ နေပြည်တော်သို့ ရောက်၍ အသက်ပင် ၆၀ ကျော်ပြီဖြစ်သော်လည်း၊ တရုပ်ပြည်အနောက်မြောက်ပိုင်းသို့ ချီတက်တိုက်ခိုက်ကာအောင်ပွဲခံလိုက်သေးသည်။

ဤသို့မရပ်မနား၊ အောင်ပွဲအဆက်ဆက်ခံခဲ့ပြီးနောက်၊ ၁၂၂၇ ခုနှစ် ဩဂုတ်လတွင် ရုတ်တရက်နာမကျန်းဖြစ်၍ ကျင်ဂစ်ခန် ကွယ်လွန်လေတော့သည်။ သူစည်းရုံးခဲ့သော နိုင်ငံတော်ကြီးမှာ အရှေ့ဖက်ပင်လယ်ဝါမှ အနောက်ဖက်ပင်လယ်နက်အထိ ကျယ်ပြန့်လေသည်။ ဤမျှကျယ်ဝန်းသောနိုင်ငံတော်ကြီးကို ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးအဆောက်အအုံတခုဖြစ်ခဲ့သည်ဟု မှတ်တမ်းတင်နိုင်တော့သည်။ ကျင်ဂစ်ခန် ကွယ်လွန်သည့်နောက် သူ့အမည်နှင့်တည်ဆောက်ခဲ့သောနိုင်ငံတော်ကြီးမှာ အာရှတိုက်သားတို့ ဂုဏ်ယူရစ်ရန် ကျန်ခဲ့လေသည်။ ယခုခေတ်အိရန်နိုင်ငံ၊ အိန္ဒိယအနောက်မြောက်ပိုင်း၊ ရုရှနိုင်ငံ၏ တစိတ်တဒေသ၊ တရုပ်နိုင်ငံမြောက်ပိုင်းနှင့် မွန်ဂိုးလီးယားနယ်မြေများအပါအဝင်ဖြစ်သော အာရှတခွင်သည် ကျင်ဂစ်ခန်မင်းကြီး၏ ဩဇာပျံ့နှံ့ရာ ဖြစ်ခဲ့လေသည်။

သူသည်မြင်းကုန်းနှီးပေါ်မှနေ၍ မားလွတ်ဖြင့် နိုင်ငံထူထောင်ခဲ့သူဖြစ်သည်။ သူ့အတွက် အားထားရဆုံးရဲမက်တို့ကား နာမည်ကျော် မွန်ဂိုမြင်းစီးသူရဲများ ဖြစ်လေသည်။

ကျင်ဂစ်ခန်သည် သက်တမ်းတလျှောက်စစ်မက်ဖြင့်သာ ရင်းနှီးခဲ့ရကား၊ စစ်ရေးစစ်ရာတွင် ကျွမ်းကျင်လှသည်။ သူ၏တပ်မတော်ကြီးမှာ စည်းကမ်းကောင်း၍ ဖွဲ့စည်းပုံစံနစ်ကျနသဖြင့် အထူးခြီးကျူးဖွယ်ဖြစ်သည်။

မိမိအောင်မြင်ခဲ့သောနိုင်ငံများမှကျွမ်းကျင်သူများစွာကို မိမိထံတွင်အမှုထမ်းစေခြင်းဖြင့် စစ်ပညာများဖွံ့ဖြိုးစေကာ စစ်အောင်နိုင်ရေးအတွက် အကူအပံ့များစွာရခဲ့သည်။ သူကိုယ်တိုင် ပညာခေါင်းပါးခဲ့သော်လည်း ပညာရေးကို အားပေးသူဖြစ်သည်။ ကျင်ဂစ်ခန်မင်းကြီးသည် ကြမ်းတမ်းသော စစ်သားကြီးတဦးဖြစ်သော်လည်း နိုင်ငံတဝှန်းလုံးလက်ခံယုံကြည်ကြသော အယူဝါဒအသီးသီးကိုလေးစားသည်။ ကိုးကွယ်ဆည်းကပ်ခွင့်နှင့် ဆိုင်သော အခွင့်အရေးများကိုလည်းပေးခဲ့သည်။

သူကွယ်လွန်သောအခါ မွန်ဂိုလူမျိုးတို့တွင် နိုင်ငံခြားယဉ်ကျေးမှုအစုစုကို လက်ခံသိမ်းသွင်းပြီးလျှင် ယဉ်ကျေးစွာတိုးတက်ကြီးပွားရေးအတွက်၌လည်း အခြေတည်မိပြီးဖြစ်လေသည်။ သူ၏လက်ငုတ်လက်ရင်းဖြစ်သောနိုင်ငံတော်ကြီးကို သားတော် ၃ ဦးကခွဲခြမ်း၍ တာဝန်ယူအုပ်ချုပ်ကြသည်။ ကွယ်လွန်ခါနီးတွင် တရုပ်နိုင်ငံ တောင်ပိုင်းကိုပါ သိမ်းယူရန် သူ့အားဆက်ခံမည့်သူများကိုမှာကြားခဲ့သေးသည်။

ကျင်ဂစ်ခန်၏နိုင်ငံတော်ကြီးကို အအောင်မြင်ဆုံးပြန်လည်အုပ်ချုပ်နိုင်သူကား သူ၏မြေးကူဗလိုင်ခန်မင်းကြီးပေတည်း။ (ကူဗလိုင်ခန် — ရှု။)

ကျင်နက်တစ်ပညာ။ ။ကျင်နက်တစ်ဟူသည်မှာ မျိုးရိုးဇာတိနှယ်ပုံကို လေ့လာသော သိပ္ပံပညာတရပ်ဖြစ်သည်။ ဘမျိုးဘိုးတူဟူသောမြန်မာစကားသည် ကျင်နက်တစ်ပညာ၏အခြေခံဥပဒေပင်ဖြစ်လေတော့သည်။ သားသမီးများသည် မိဖနှင့်မျိုးတူ၏။ ပင်ရင်းသည် ပင်ပွားနှင့်မျိုးတူ၏။ ခွေးသည်ကြောင်ကိုမမွေးနိုင်၊ ကုက္ကိုစေ့မှ နွားဆီပင်မပေါက်နိုင်။ ခွေးမှခွေးတို့သာပေါက်ပွား၍ကုက္ကိုစေ့မှ ကုက္ကိုပင်သာပေါက်ပွားနိုင်ရာသည်။

သားသမီးတို့သည် မိဖတို့ထံမှ တူသောလက္ခဏာသွင်ပြင်တို့ကို ဇာတိအမွေခံရသည်။ ပမာအားဖြင့် ကြောင်နက်ကမွေးသောကြောင်သည် နက်ရပေလိမ့်မည်။ သို့သော် တခါတရံ ကြောင်နက်မှကြောင်ဖြူ၊ ကြောင်ဝါ၊ ကြောင်ကျားမွေးသည်လည်းရှိ၏။ လက္ခဏာသွင်ပြင်တူသမျှကိုသာ သားသမီးတို့က အမွေခံကြရမည်ဟုဆိုပါလျှင် အဘယ်ကြောင့် လက္ခဏာသွင်ပြင်ကွဲပြားပြန်ပါသနည်း။ ဤအချက်ကိုစဉ်းစားလိုက်သော် မျိုးရိုးဇာတိနှယ်ရာ၌ သတ္တဝါတို့တွင် ပဋိသန္ဓေစိတ်၌တူကြစေကာမူ၊ မူကွဲသည့်အကြောင်းရင်းလည်း ရှိရပေဦးမည်။ ကျင်နက်တစ်ပညာရပ်၏အလို၌

တူသောမျိုးရိုးဇာတိကိုသာ သား သမီးတို့ကအမွေခံသည်မဟုတ်၊ မူမတူသောပြောင်းလဲချက်တို့သည်လည်း အစဉ်အဆက်လိုက်တတ်သည်ဟူသောသဘောကို ထင်ရှားစွာပြသည်။ သားဖြစ်သူသည် မိဖထံမှလက္ခဏာတူများကိုရယူခဲ့လျှင် ကွဲပြားသောလက္ခဏာများကိုလည်း ထိုနည်းအတိုင်းပင် ရယူရပေမည်။ သို့မဟုတ်ပါက အီဗော်လျူရှင် (ဆင့်ကဲဖြစ်လာခြင်း) တွင်အဓိပ္ပါယ်မရှိဖြစ်ပေမည်။ ဤကဲ့ပြားမှုလက္ခဏာများသည် ဗီဇဆဲတို့၏ပြုမူချက်ပြောင်းလဲရာမှဖြစ်ပေါ်လာကြသည်။ အမြင့်တန်းစားသတ္တဝါများတွင် ဤဆဲများသည် မျိုးပွားရန်အတွက် သီးခြားပင်တည်ရှိကြသည်။ ဤကားကျင်နက်တစ်ပညာ၏အလိုတည်း။


ဤစိတ်ဝင်စားဖွယ်ရာကောင်းလှသော ပညာရပ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် အနည်းငယ်မျှလောက်သာသိရှိကြရသည်။ ထိခိုက်ခြင်းကြောင့် ရရှိသည့်အင်္ဂါခွဲခြတ်ယှင်းမှု၊ လေ့ကျင့်ခြင်းကြောင့် ရရှိသည့်အင်္ဂါဖွံ့ဖြိုးမှု အစရှိသည့် လက္ခဏာများသည် မျိုးတဆက်မှတဆက်သို့ ကူးပြောင်းသွားခြင်းမရှိပေ။ ပမာအားဖြင့် စစ်တိုက်၍လက်မောင်းတဖက်ပြုတ်နေသူတွင် လက်တဖက်သာပါသော သားသမီးကိုမရနိုင်ချေ။ ထိုနည်းတူစွာ အလွန်သန်မာသောကြွက်သားများရှိသည့် ပန်းဘဲသမား၏သားသမီးသည်လည်းသန်မာသောကြွက်သားများရှိရမည်ဟုမဆိုနိုင်ချေ။ သို့ရာတွင် အရက်ကိုကြိုက်နှစ်သက်တတ်သောစိတ်သည် သားစဉ်မြေးဆက်၌ မျိုးရိုးလိုက်စေမည် မဟုတ်သော်လည်း အရက်ကြောင့်နှမ်ကြောမသန်စွမ်းမှုသည်ကား မျိုးရိုးစဉ်ဆက်ကို လိုက်လိမ့်မည်ဖြစ်ပေသည်။

မျိုးရိုးလိုက်စေသည့်လက္ခဏာများသည် အမြဲပင်ထင်ရှားပြတ်သား၏။ ဤလက္ခဏာတို့သည် ရေနှင့်နွားနို့ရောထားသကဲ့သို့ ထွေပြားသည်မဟုတ်။ အရောင်စုံပုတီးစေ့များရောထားသကဲ့သို့ ခြားနားပြတ်သားသည်။ ပမာပြရလျှင် စိတ်ကြမ်းသူနှင့် စိတ်နူးညံ့သူနှစ်ဦး ပေါင်းဖော်၍ ရရှိသော သားသမီးတို့တွင်၊ ကြမ်းတမ်းသောစိတ်နှင့် နူးညံ့သောစိတ်သည် ရေနှင့်နွားနို့ရောထားသဖြင့် နွားနို့ရေကဲ့ဖြစ်သွားသကဲ့သို့ စိတ်နှစ်စိတ်ရောပြွမ်းကာ၊ မကြမ်းတကြမ်း၊ မနုတနုစိတ်ဟူ၍ ဖြစ်ပေါ်မလာနိုင်။ စိတ်ခက်ထန်သူသတ်သတ်စိတ်နူးညံ့သူသတ်သတ်ဟူ၍ မိဖမျိုးရိုးမှရသောစိတ် ၂ မျိုးစလုံးရှိသည့် သားသမီး ၂ မျိုး ၂ စားဟူ၍သာ ဖြစ်ပေါ်လာတတ်လေသည်။

မိဖထံမှ အမွေခံရသောလက္ခဏာတို့သည် တခါတရံငုပ်၍နေပြီးလျှင်၊ မျိုးရိုးစဉ်ဆက်ကိုကျော်ပြီးမှ၊ ပြန်ပေါ်လာတတ်လေသည်။ ယင်းကိုဇီဝဗေဒအရ အက်တာဗစ်ဇင်းဟုခေါ်သည်။

ယခုခေတ်တွင် မျိုးသန့်ခြင်းနှင့် မျိုးရိုးအကြောင်းကို လူတို့သည် များစွာစိတ်ပါဝင်စားလျက်ရှိကြသည်။ ဤသို့စိတ်ဝင်စားကြခြင်းမှာလည်း အခြားအကြောင်းကြောင့်မဟုတ်ဘဲ၊ လူတဦး၏ ကိုယ်ခန္ဓာအတွင်း၌ မည်သို့သောသွေးမျိုးရှိသည်ကို သိနိုင်ရန်ဖြစ်သည်။ ထိုသို့သိရှိပါက ထိုသူ့အတွက် သင့်တော်သောကျန်းမာရေး၊ သင့်တော်သောရာသီဥတု၊ သင့်တော်သောအလုပ်အကိုင် စသည်တို့ကို ရွေးချယ်နိုင်ကြမည်ဖြစ်သည်။ (မျိုးရိုးဇာတိ — ရှ။)

ကျင်းနား, ဘမ်၊ ဧဘ (ခရစ် ၁၈၇၆–၁၉၄၈)။ ။'ပါကစ္စတန်နိုင်ငံ၏ဖခင်ကြီး' ဟူ၍ ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးကား မဟာမက်အလီကျင်းနားပင်ဖြစ်သည်။ သူသည် အိန္ဒိယပြည်ကြီးမှ ပါကစ္စတန်နိုင်ငံဟူ၍ သီးခြားပေါ်လာရေးအတွက် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့သောကြောင့် ထိုကဲ့သို့နာမည်တွင်ခြင်းဖြစ်သည်။ ကျင်းနားသည် အိန္ဒိယပြည်ရှိမွတ်စလင်တို့၏ချစ်ကြည်လေးစားမှုကို ခံရသောခေါင်းဆောင်ဖြစ်သည်။ ထိုကြောင့် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံဟူ၍ လွတ်လပ်ရေးကိုကျေညာသော အခါ တွင်ကျင်းနားသည် ထိုနိုင်ငံ၏ ပဌမဆုံးဘုရင်ခံချုပ်ဖြစ်လာခဲ့လေသည်။



မဟာမက်အလီကျင်းနား

ကျင်းနားသည် ကရာချီမြို့မှ ကြွယ်ဝသောကုန်သည်ကြီးတဦး၏ သားဖြစ်၍ အသက် ၁၆ နှစ်အရွယ်တွင် အင်္ဂလန်ပြည်လန်ဒန်မြို့သို့သွားရောက်ကာ ၄ နှစ်မျှဝတ်လုံပညာသင်ကြားခဲ့လေသည်။ အိန္ဒိယပြည်သို့ပြန်ရောက်၍ များမကြာမီဘုံဘိုင်မြို့တွင် ထိပ်တန်းဝတ်လုံတော်ရတဦးအဖြစ် နာမည်ရလာပြီးလျှင် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။ အသက် ၃၀ အရွယ်တွင် အိန္ဒိယအမျိုးသားကွန်ဂရက်ဥက္ကဋ္ဌကြီး၏ အတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။

၇ နှစ်ခန့်ကြာသောအခါ ကျင်းနားသည် အိန္ဒိယကွန်ဂရက်အသင်းသားအဖြစ်နှင့်ပင် မွတ်စလင်အသင်းကြီးနှင့်လည်း ဆက်သွယ်ခဲ့သည်။ ထိုအချိန်တွင် မသင့်မမြတ်ဖြစ်နေကြသော မွတ်စလင်အသင်းကြီးနှင့် ဟိန္ဒူအမျိုးသားအများပါဝင်သော အိန္ဒိယအမျိုးသားကွန်ဂရက်တို့၏ နိုင်ငံရေးတွင် ချစ်ကြည်စွာတွဲဖက်ဆောင်ရွက်မှုကို ကြိုးစားခဲ့သည်။ သို့သော်မွတ်စလင်လူနည်းစုကို ထိရောက်သောဥပဒေများဖြင့် ကာကွယ်သမ္မှုပြုမပေးသမျှ မအောင်မြင်နိုင်ဟုယူဆ

ကာ မှတ်စလင်များ၏ အခွင့်အရေးပြည့်စုံစွာရရှိအောင် ပြုလုပ်ရန်ရည်သန်၍ ၁၉၁၆ ခုနှစ်တွင် မှတ်စလင်အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်ကို ခံယူခဲ့လေသည်။

ထိုအချိန်မှစ၍ အိန္ဒိယပြည်၏ နိုင်ငံရေးကိစ္စများတွင် မဟတ္တမဂန္ဓီနှင့် ကျင်းနားတို့သည် ရှေဆောင်ခဲ့လေသည်။ အိန္ဒိယပြည်သည် လွတ်လပ်ရေးရရှိရန် အခွင့်ကောင်းအမျိုးမျိုးကို အရယူခဲ့သော်လည်း ရင်ကြားမစေ့နိုင်သော ဟိန္ဒူ-နှင့်မွတ်စလင် စိတ်ဝမ်းကွဲပြားမှုကြီးကြောင့် မည်သည့် အလုပ်ကိုမျှ အဆင်ပြေအောင်မလုပ်နိုင်ဖြစ်ခဲ့ရသည်။

ခရစ် ၁၉၂၈ ခုနှစ်သို့ရောက်သောအခါ ပြိတိသျှအစိုးရတို့က စိတ်ဝမ်းကွဲပြားမှုများကို ဖြေရှင်းပေးမည့် ကော်မရှင်အဖွဲ့တခုကို စေလွှတ်ခဲ့ရာတွင် ကျင်းနားသည် မှတ်စလင်များဖက်မှ အချက်ပေါင်း ၁၄ ချက်ကိုတင်ပြခဲ့လေသည်။ နောက်ထပ်၍ လန်ဒန်မြို့တွင် ကျင်းပခဲ့သော အစည်းအဝေးများ၌ ကျင်းနားပင်လျှင် မှတ်စလင်များဖက်မှ အရေးဆိုခဲ့လေသည်။ အင်္ဂလိပ်အောက်လွှတ်တော်တွင် ၁၉၃၅ ခုနှစ် အိန္ဒိယပြည်အုပ်ချုပ်ရေးအက်ဥပဒေကို တင်သွင်းဆွေးနွေးခဲ့စဉ်ကလည်း ကျင်းနားသည် တက်ရောက်နားထောင်ခဲ့၏။


ထိုနောက်ကျင်းနားသည် မှတ်စလင်အသင်းကြီးအား မှတ်စလင်လူထုတရပ်လုံးက အားပေးထောက်ခံလာရေးအတွက် အိန္ဒိယတပြည်လုံးကိုလှည့်၍ တရားဟောသည်။ သူသည် မှတ်စလင်အသင်းကြီး အင်အားတောင့်တင်းမှသာ အိန္ဒိယအမျိုးသားကွန်ဂရက်နှင့် အင်္ဂလိပ်အစိုးရတို့က အုပ်ချုပ်ရေးအသစ်တွင် မှတ်စလင်တို့အား ပူးပေါင်းဆောင်ရွက်ခွင့်ပေးမည်ဟုယုံကြည်ခဲ့၏။ ကျင်းနားသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသောပြည်နယ်များတွင် မှတ်စလင်တို့သည် ရာထူးရာခံများ ရနိုင်မည်မဟုတ်သည့်ပြင်၊ နိုင်ငံရေးဖိနှိပ်ညှဉ်းပန်းမှုများကိုလည်း ခံရလိမ့်ဦးမည်ဟုလည်း စိုးရိမ်ခဲ့လေသည်။ ထို့ကြောင့်ကျင်းနားသည် အိန္ဒိယပြည်အတွင်း မှတ်စလင်လူမျိုးတို့အတွက် သီးခြားနိုင်ငံတခု တည်ထောင်ပေးရန်အရေးဆိုခဲ့လေသည်။ ယင်းရည်ရွယ်ချက်အောင်မြင်ရန် ကြိုးစားသည့်ကာလအတွင်း သူ့အား 'ခေါင်းဆောင်ကြီး' ဟူသောဘွဲ့နှင့် ပိုမိုလူသိများလာခဲ့သည်။ ထို့နောက်၌ကား အိန္ဒိယအမျိုးသားကွန်ဂရက်နှင့် မှတ်စလင်အသင်းကြီးတို့သည် ၁၀ နှစ်ကြာမျှ ထပ်မံ၍ ပဋိပက္ခဖြစ်နေခဲ့ကြလေ၏။ ၁၉၄၄ ခုနှစ်အတွင်း ဂန္ဓီနှင့် ကျင်းနားတို့ တွေ့ဆုံဆွေးနွေးခဲ့သေးရာ အရာရောက်သော ဖြေရှင်းမှု မရခဲ့ပေ။ ၁၉၄၇ ခုနှစ်တွင်မှ ဗြိတိသျှအစိုးရကပါလီမန်တွင် အိန္ဒိယပြည်အား လွတ်လပ်ရေးပေးသော အက်ဥပဒေကို သဘောတူညီခဲ့၍ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံဟူသော ဒိုမီနီယန်နိုင်ငံများ ထူထောင်ခွင့်ပေးခဲ့ရာ ခေါင်းဆောင်ကြီးကျင်းနားကိုပင် ပါကစ္စတန်ဒိုမီနီယန်နိုင်ငံ၏ ပဌမဆုံးဘုရင်ခံချုပ်အဖြစ် တင်မြှောက်ကြသည်။ ကျင်းနားသည် ဤရာထူးတွင် ၁ နှစ်မျှဆောင်ရွက်ခဲ့ပြီးနောက် ၁၉၄၈ ခုနှစ်စက်တင်ဘာလ ၁၁ ရက်နေ့၌ ကရာချီမြို့တွင် ကွယ်လွန်လေသည်။ (ပါကစ္စတန်နိုင်ငံ — လည်းရှု။)

ကျင်းပင်။ ။ချင်းပင် — ရှု။


ကျင်းဗော။ ။ကချင်လူမျိုး — ရှု။

ကျိုင်ရိုစကုပ်။ ။ကျိုင်ရိုစကုပ်ဟူသည်ကား လည်ပတ်နိုင်သောဘီးတခုကို လွတ်လပ်စွာလှုပ်ရှားနိုင်သော ဝင်ရိုးတခုပေါ်၌ တပ်ဆင်ထားသည့် ကရိယာပင်ဖြစ်သည်။ ကျိုင်ရိုတော့ခေါ် ကလေးကစားစရာကျင်ကို အချို့မြင်ဘူးကြပေမည်။ ယင်းမှာလက်တွေ့စမ်းခန်းတွင် ထားရှိအသုံးပြုလေ့ရှိသော ကျိုင်ရိုစကုပ်နှင့် မည်သို့မျှမခြားပေ။ ကျိုင်ရိုစကုပ်တွင် ဝင်ရိုးတပ်ထားသော လေးလံသည့်ဘီးဝိုင်းတခုပါရှိ၍ ဘီးလည်ပတ်နိုင်စေရန် အဆိုပါဝင်ရိုးကို ဘောင်ဝိုင်းတခုအတွင်း၌ ဆုံလည်သဘောဖြင့် တပ်ဆင်ပေးထားသည်။ ထိုဘောင်ကိုတဖန် အခြားဘောင်ဝိုင်းတခုအတွင်း၌ ဆုံလည်ဆက်ဖြင့် ကန့်လန့်ဖြတ်၍ တပ်ဆင်ထားပြန်သည်။ ထိုသို့ဆုံလည်တပ်ဘောင်နှစ်ခုနှင့် တပ်ဆင်ထားသည့်အတွက် ဘီးကိုအလိုရှိသလိုတိမ်းစောင်းလည်ပတ်စေနိုင်သည်။

ဘီးလည်၍မနေသောအချိန်၌ဘီးကိုကြိုက်သလိုထားနိုင်သည်။ တိမ်းစောင်းပေးနိုင်သည်။ သို့သော်ဝင်ရိုးတွင်ကြိုးနှင့်ရစ်ပတ်၍ ကြိုးစကိုဆောင့်၍ဆွဲပေးခြင်းဖြင့် ဘီးကိုလည်စေသောအချိန်၌မူ၊ ယင်းကိုစိတ်ကြိုက်အတိုင်း တိမ်းစောင်းပေး၍မရတော့ချေ။ ဘီးလည်နေစဉ်အချိန်တွင်မူကျိုင်ရိုစကုပ်၌ ပြင်းထန်



သိပ္ပံလက်တွေ့စမ်းခန်းများ၌ သုံးသောကျိုင်ရိုစကုပ်



ပြင်သစ်ရှုပဗေဒဆရာကြီးပွားကိုးက ဂျိုင်ရိုစကုပ်၏ သဘောကိုလက်တွေ့စမ်းသပ်ပြသနေစဉ်

သော ကိုယ်ပိုင်အား တခုဝင်၍ နေပေပြီ။ ဘီးကိုလည် အောင်ပြုပြီးနောက် ဂျိုင်ရိုစကုပ်ကိုလက်တွင်ကိုင်ကာ အခန်းထဲ၌ ဟိုဟိုသည်သည် ကွေကောက်၍ လျှောက်ကြည့် သည်ဆိုကြပါစို့။ မည်သို့လှည့်ပတ်ကွေကောက်၍ သွား စေကာမူ ဘီး၏ ဝင်ရိုးညွှန် ပြရာအရပ်သည် မည် သို့မျ မပြောင်းဘဲ၊ မူလကအတိုင်းပင် တည်မြဲလျက်ရှိသည်ကို တွေ့ရလိမ့်မည်။ သို့သော် ဂျိုင်ရိုစကုပ်ကို မူလနေရာတွင် ပြန်ထားပြီးနောက် လက်ဖြင့်ဝင်ရိုးစွန်းကို တွန်းလှဲကြည့် ပါက ဝင်ရိုးစွန်းသည် စိုက်ထုတ်သောအားကိုတွန်းကန်ရုံသာ မက တွန်းလှဲပေးသည့်ဖက်နှင့် ထောင့်မတ်ကျသည့်ဖက်သို့ လည်သွားသည်ကိုတွေ့ရမည်။ ဥပမာအားဖြင့် ဂျိုင်ရိုစ ကုပ်၏ဝင်ရိုးစွန်းကို ရေပြင်ညီအတိုင်း ဗယ်ညာတဖက်ဖက် သို့ တွန်းလှဲကြည့်လျှင် ဝင်ရိုးသည် ထောင်လိုက်လှဲသည် ကိုတွေ့ရမည်။ တဖန်ထိုဝင်ရိုးစွန်းကို ထက်အောက်ထောင် လိုက် တွန်းလှဲကြည့်လျှင် ဝင်ရိုးစွန်းသည်ရေပြင်ညီအလိုက် ဖြစ်သည်ကိုတွေ့ရလိမ့်မည်။

ကလေးကစားသောကျင်သည် လည်နေချိန်၌ ထောင် လိုက်တည်နေနိုင်သည်။ ရိုင်ဖယ်ကျည်ဆံသည်၎င်း၊ ကျွန်ုပ် တို့၏ကမ္ဘာအပါအဝင်ဖြစ်သော ဂြိုဟ်များသည်၎င်း အရှိန် ပြင်းစွာဖြင့် လှည့်ရှားသွားလာလျက်ရှိစဉ် စောက်ထိုးပြောင်း ပြန် ဖြစ်မသွားဘဲ တသမတ်တည်းပင်လှည့်ရှားသည်။ ယင်း တို့မှာ ဂျိုင်ရိုစကုပ်အားသဘောကြောင့်ပင်ဖြစ်သည်။

ဂျိုင်ရိုစကုပ်များကို အသုံးပြုခြင်းအားဖြင့်အနည်းငယ်မျ သော တည်နေထုပြောင်းလဲမှုကိုပင် သိရှိနိုင်သည်။ ထို ကြောင့် ဂျိုင်ရိုစကုပ်သဘောဖြင့်စီမံထားသော ဂျိုင်ရိုကရိ ယာများကို ခေတ်မှီမီးရထား၊ သင်္ဘောနှင့် လေယာဉ်ပျံ များတွင် ပြတန်ဆာအဖြစ်ဖြင့်၎င်း၊ ဒြိမ်ထိန်းကရိယာအဖြစ် ဖြင့်၎င်း တပ်ဆင်အသုံးပြုထားကြသည်။

သံလမ်းတလမ်းတည်းပေါ်၌ ပြေးသောမီးရထားတွဲများ သည် သံလမ်းတလျှောက်ပြေးလျက်ရှိစဉ် တိမ်းမှောက်၍ မသွားခြင်း၊ တော်ပီဒိုများအနေနှင့် ချိန်ထားသည့်လမ်း ကြောင်းအတိုင်း ဖြောင့်၊တ်စွာသွားခြင်းတို့မှာလည်း အ လားတူဂျိုင်ရိုစကုပ်မျိုးကို အထိန်းသဘောနှင့် တပ်ဆင်၍ ထားသောကြောင့်ပင်ဖြစ်သည်။ မောင်းသူမဲ့လေယာဉ် များကို ကြံစည်နိုင်ခြင်းမှာလည်း အဆိုပါအထိန်းကရိယာ တို့၏ ကျေးဇူးကြောင့်ပင်ဖြစ်၏။ ရေခဲပြင်ပေါများရာ အရပ်ဒေသ၌ လမ်းရှင်းပေးရသော ရေခဲပြင်ခွဲသင်္ဘောများ တွင်မူ သင်္ဘောများကို တမင်လူးလိမ့်နေစေရန် ယိမ်းထိုး ဂျိုင်ရိုဘီးများကို တပ်ဆင်ပေးထားရပေသည်။

ဂျိုင်ရိုစကုပ်ကို ၁၉ ရာစုခေတ်အစလောက်က တီထွင်ခဲ့ ဟန်တူသော်လည်း မည်သူကစတင်တီထွင်ခဲ့သည်ကို မည် သူမျှအတိအကျမပြောနိုင်ချေ။ သို့သော် ဂျိုင်ရိုစကုပ်၏ ထူးခြားသောသတ္တိများကို ဖူးကိုးဆိုသူပြင်သစ်ရူပဗေဒဆရာ ကြီးတဦးက ၁၈၅၂ ခုနှစ်တွင် လေ့လာခဲ့သည်။ ထိုနောက် ၁၉၁၁ ခုနှစ်တွင် စပဲရီဆိုသူကတဖန်ယခုအခါတွင် ထင်ရှား လျက်ရှိသည့် ဂျိုင်ရိုအိမ်မြှောင်ကို လက်တွေ့စမ်းသပ်ခဲ့ပြန် သည်။ ရှေးအထက်ကစ၍သင်္ဘောများ၌ အသုံးပြုခဲ့ကြ သောအိမ်မြှောင်မျိုးမှာ သံလိုက်အပ်များဖြင့် တပ်ဆင်ပြု လုပ်ထားသည့်အတွက်၊ အပြင်အပမှ သံလိုက်အားတခုခု ကြောင့် ညွှန်ပြရာအရပ်သည် တိမ်းပါးလွဲမှားသွားနိုင်သည်။ ဂျိုင်ရိုကွန်ပါကိုမူ ဂျိုင်ရိုစကုပ်၏ ဝင်ရိုးမြဲခြင်းသဘော ကြောင့် မည်သည့်သံလိုက်အားကမျှ မနှောင့်ယှက်နိုင်ချေ။ ထိုကြောင့်ယခုအခါ ပင်လယ်ကူးသင်္ဘောကြီးတိုင်းလိုလိုမှာ ပင် ဂျိုင်ရိုကွန်ပါများကို တပ်ဆင်သုံးစွဲလျက်ရှိကြပေသည်။

ဂျစ်ပစီလူမျိုး။ ။ဥရောပတိုက်တွင် အိုးအိမ်အတည် တကျမရှိဘဲ တနေရာမှတနေရာသို့ ခြေသလုံးအိမ်တိုင်ပြု၍ လှည့်လည်သွားလာနေထိုင်သော လူမျိုးကို ဂျစ်ပစီ ဟုခေါ်



ပင်လယ်ကမ်းစပ်တွင်ဂျစ်ပစီတို့ပွဲတော်ကျင်းပနေကြပုံ

သည်။ ဂျစ်ပစီတို့ကိုရှေးအခါက အိန္ဒိယနိုင်ငံ၌သာတွေ့ရသည်။ ၁၃၀၀ ပြည့်နှစ်လောက်က ဂျစ်ပစီတို့သည် အိန္ဒိယနိုင်ငံမှ ထွက်ခွာလာကြ၍ အီရန်နိုင်ငံကို ဖြတ်ကျော်ပြီးနောက် အာမီးနီးယားပြည်၊ ဆီးရီးယားပြည်၊ အီဂျစ်ပြည်နှင့် မြောက်အာဖရိကတို့ကိုသို့ ရောက်သွားခဲ့ကြ၏။ ၁၅၀၀ ပြည့်နှစ်ခန့်သို့ရောက်သောအခါ သူတို့သည် ဥရောပတိုက်သို့ ဝင်ရောက်မိကြ၍ စပိန်၊ အင်္ဂလန်၊ ရူမေးနီးယား၊ ဟန်ဂေရီ၊ ရုရှနှင့် ပြင်သစ်တိုင်းပြည်များတွင် အခြေစိုက်မိကြ၏။

ဂျစ်ပစီတို့ဘာသာစကားကို ရိုမနီဘာသာဟုခေါ်သည်။ ထိုဘာသာထဲတွင်ဂရိ၊ အာမီးနီးယန်းနှင့် ဆလားဗစ်စကားများပါဝင်သည်။ သူတို့တွင် ဘာသာစကားသီးသန့်ဟူ၍ မရှိချေ။ ရိုမနီဘာသာသည် ၁၄ မျိုးကဲ့၍ အခြားဘာသာစကားများနှင့် ရောနှောထွေးယှက်ကာ၊ ကပြားဘာသာစကားဖြစ်နေသည်။ ထိုရိုမနီဘာသာစကားမှာ ဂျစ်ပစီတို့ ပိုးပွားများလက်ထက်ကတည်းက သုံးစွဲလာသောဘာသာဖြစ်၍ ရှေးကျသော သင်္ကရိုဋ္ဌ (သက္ကဋ) ဘာသာနှင့် ပြကရိုဋ္ဌဘာသာတို့၌မူတည်၏။ ဂျစ်ပစီတို့သည် သူတို့၏ ဓလေ့ထုံးစံများကို လွန်စွာအရေးထားလိုက်နာကြ၏။

ယေဘုယျအားဖြင့် ဂျစ်ပစီလူမျိုးတို့၏ အရပ်အမောင်းမှာ ၅ ပေ ၄ လက်မသာသာမြင့်၏။ ရှေးကျသောဂျစ်ပစီတို့မှာ အသားမည်း၍ မျက်လုံးအိမ်နက်၏။ ဆံပင်မှာ မည်း၍ များသောအားဖြင့်ကုပ်ပေါ်ဝဲနေတတ်၏။ ဆံရှည်ဟူ၍မထားကြချေ။ တနေရာမှတနေရာသို့ လှည့်လည်သွားလာနေကြသော ဂျစ်ပစီတို့မှာ ထိုရှေးကျသောဂျစ်ပစီများနှင့် ပုံပန်းသဏ္ဌာန်ခပ်ဆင်ဆင်တူ၏။ သို့ရာတွင်တနေရာရာ၌ အတည်တကျစွဲမြဲ၍ နေတတ်သောဂျစ်ပစီတို့မှာ များသောအားဖြင့် သူတို့အခြေစိုက်ရာဒေသရှိလူမျိုးများဖက်သို့ နှယ်၍ရုပ်ပြောင်းသွားတတ်၏။

ဂျစ်ပစီလူမျိုးတစုတစုတွင် သူတို့တင်မြောက်ထားသော အကြီးအကဲများကို ဘုရင်နှင့်ဘုရင်မဟု ခေါ်ကြသည်။ ထိုဘုရင်နှင့်ဘုရင်မတို့က အုပ်ချုပ်ကာ ကိုယ့်လူစုနှင့်ကိုယ် တနေရာမှ တနေရာသို့ ရွှေ့ပြောင်းသွားလာနေထိုင်ကြ၏။ ရွှေ့ပြောင်းသည့်အခါ သူတို့၏ အိမ်ထောင်ပစ္စည်းကလေးများ၊ သားသမီးများနှင့် မွေးမြူထားသောခွေးများကို ရထားပေါ်သို့ တင်ဆောင်သွားတတ်၏။ ဂျစ်ပစီတို့သည် အလွန်တောက်ပသောအရောင်များကိုနှစ်ခြိုက်၏။ အဝတ်အစားများကိုသော်၎င်း၊ အသုံးအဆောင်ပစ္စည်းများကိုသော်၎င်း တောက်ပစွာဆင်ယင်ခြယ်လယ်ထား၏။ ဂျစ်ပစီမိန်းမများမှာ ဇာထိုး၊ ပန်းချုပ်၊ဗေဒင်ဟောခြင်းတို့၌ ကျွမ်းကျင်၏။ အဝတ်အစားများကို ဇာပန်းများထိုးထားလေ့ရှိ၏။ မိန်းမများသည်လက်ဝတ်လက်စားများကို အလွန်မက်ကြ၏။ ရွှေလက်ကောက်ကြိုးများဝတ်ကာ နားနှစ်ဖက်၌လည်း ရွှေနားကွင်းများကိုတခွင်ခွင်မြည်အောင် ဆွဲထားတတ်ကြလေသည်။


ဂျစ်ပစီတို့မှာ တစုနှင့်တစုဓလေ့ထုံးစံချင်းမတူကြချေ။ သို့သော်ဂျစ်ပစီလူမျိုးစုတိုင်း၌ပင် ပွဲတော်နေ့များ၊ ပျော်ပွဲရွှင်ပွဲကခုန်ပွဲများရှိကြလေသည်။ ပွဲတော်ကျင်းပသည့်ညများ၌ ဗခန်းချထုတဲများရှေ့တွင် မီးပုံကြီးများပုံ၍

ယောကျ်ားများက အတီးအမှုတ်များတီးကာ၊ မိန်းမကလေးများက သီချင်းများဆိုပြီးလျှင် ကခုန်မြူးထူးကြ၏။ ကျစ်ပစီတို့မှာ ပျော်ပျော်နေတတ်သည်။ အခြေအတည်အကျမရှိချေ။ ရှေးကျသောကျစ်ပစီတို့မှာ သက်မွေးဝမ်းကျောင်းမကောင်းချေ။ ရပ်ရွာထဲ၌လှည့်လည်၍ ခိုးဝှက်တိုက်ခိုက်လိမ်လည်လှည့်ဖြားရှာစား၏။ အမေရိကတိုက်နှင့် ဥရောပတိုက်ရှိကျစ်ပစီတို့မှာ အများအားဖြင့် ဆင်းရဲနွမ်းပါးသူများဖြစ်ကြသည့် အတိုင်း တဝမ်းတခါး ဝအောင်မျပင်မစားသောက်နိုင်ကြချေ။

ကျစ်ပစီတို့တွင် ထူးဆန်းသောဓလေ့ထုံးစံများရှိသည်။ မွေးခါစနို့စို့ကလေးကို ရေစီးနေသော မြစ်ချောင်းထဲတွင် ရေချိုးပေးရ၏။ လက်ထပ်ပွဲတွင် သတို့သားနှင့်သတို့သမီးသည် မီးပုံပေါ်လွှားခုန်၍ သူတို့၏လက်များကိုဓားနှင့်ခြစ်ပြီးလျှင် လက်နှစ်ဖက်ကို စည်းနှောင်ထားရသည်။ ထိုသို့ပြုလုပ်ခြင်းမှာ သွေးချင်းရောသွားစေရန်ဖြစ်သည်။ လူတယောက်သေလျှင်လည်း ထိုသူ၏ပစ္စည်းဝန်ထုပ်အားလုံးကို မီးတင်ရလေသည်။

ကျစ်ပစီယောကျ်ားများ၏ သက်မွေးဝမ်းကျောင်းပညာမှာ မမာသောမြင်းများကို ဆေးကုပေးခြင်း၊ သတ္တုထည်များလုပ်ခြင်း၊ ပန်းဘဲလုပ်ခြင်း၊ ဆပ်ကပ်ပွဲပြခြင်း၊ တီးမှုတ်သီဆိုခြင်းတို့ဖြစ်၏။ မိန်းမများကမူ ဗေဒင်ဟောခြင်း၊ နက္ခတ်ကြည့်ခြင်း၊ ဇာထိုးခြင်းတို့ဖြင့် ဝမ်းကျောင်းကြ၏။ အလုပ်အကိုင်ပါးရှားသည့်အခါများ၌ ကျစ်ပစီတို့သည် သူတောင်းစားဘဝကိုပင် ရောက်ခဲ့ကြရ၏။ ဂျာမန်နိုင်ငံ၌သွားရောက်နေထိုင်ကြသောကျစ်ပစီတို့မှာ ဟစ်တလာလက်ထက်က နတ်ဆိုးတို့၏နှိပ်စက်ညှဉ်းပန်းမှုကို များစွာခံခဲ့ကြရ၏။ နတ်ဆိုးများကသူတို့ကို လူထုမဝင်သောသူများဟုရွတ်ချကာ သူတို့၏နေရေးထိုင်ရေး၊ ခွဲခြားသွားလာရေး၌ များစွာတားမြစ်ခဲ့၏။ အမေရိကတိုက်နှင့် ဥရောပတိုက်ရှိ အခွိုဒေသများ၌ ကျစ်ပစီတို့ကို နေထိုမခွေခြားရန်ပြင်းထန်စွာ ဥပဒေဖြင့် တားမြစ်ထားလေသည်။


ကျစ်ပဆမ်။ ။ကျစ်ပဆမ်သည်အဖြူရောင်သို့မဟုတ် အဖြူတွင်အဝါရောင် အနည်းငယ်သန်းနေသော တွင်းထွက်ပစ္စည်းဖြစ်သည်။ ဓာတုဗေဒအလိုအရ ကျစ်ပဆမ်သည် ရေဖြင့်ပေါင်းစပ်ဖွဲ့စည်းထားအပ်သော ကယ်လဆီယမ်ဆာလဖိတ်ဖြစ်၏။ ကျစ်ပဆမ်သည်အဆိုပါဓာတ်ဆားပျော်ဝင်ရည်



အထက်ပုံ၊ စပိန်နိုင်ငံရှိကျစ်ပစီတစုတို့၏ကပွဲ

အလယ်ပုံ၊ ကျစ်ပစ်အိမ်ထောင်စုများစခန်းချရပ်နားနေကြစဉ်

အောက်ပုံ၊ တံခါးဝမှထွက်ပြေးနေသောကျစ်ပစီမိန်းမပျိုကလေး



ဘေမရိကန်ပြည်ထောင်စု၊ နယူးမက္ကဆီကိုပြည်နယ်တွင် ဂျစ်ပဆမ်ကိုသဲခုံမျာ:၌ဤကဲ့သို့တွေ့ရှိရသည်။

များမှ ရေတဖြည်းဖြည်းအခိုးအငွေ့ဖြစ်ကာ လွှင့်ပျောက်သွားပြီးနောက် ကျန်နေရစ်သောကျောက်ဖြစ်သည်ဟုယူဆကြသည်။ ဂျစ်ပဆမ်ကျောက်သည် အလွန်ပျော့သောကြောင့် ယင်းကိုလက်သည်းနှင့်ပင်ခြစ်၍ရသည်။ တခါတရံဂျစ်ပဆမ်ကိုဆယ်လီနိုက်ခေါ် ကြည်လင်သည့် ခရစ္စတက်ပုင့်များအနေဖြင့်တွေ့ရ၏။ တခါတရံလည်း အယ်လဗတ်စတာကျောက်ဖြူအနေဖြင့်တွေ့ရတတ်သည်။

ဂျစ်ပဆမ်ကို အမှုန့်ကြိတ်၍ အပူတိုက်ပေးသော အခါရေ ၂၅ ရာခိုင်နှုန်းခန့်ထွက်သွားပြီးနောက် ဖြူဖွေးနုနယ်သော အမှုန့်များရသည်။ ထိုအမှုန့်ကို ပလာစတာအော့ပဲရစ် (အင်္ဂတေမှုန့်) ဟုခေါ်သည်။ ပါရစ်မြို့အမည်တပ်ထားခြင်းမှာ ယခင်ကပါရစ်မြို့အနီး၌ဂျစ်ပဆမ်ကိုအကြီးအကျယ်တူး၍ အင်္ဂတေအဖြစ်အသုံးပြုခဲ့ကြသော ကြောင့်ဖြစ်သည်။

အဆိုပါပလာစတာမှုန့်ကိုအသုံးပြုသောအခါ ရေးဦးစွာရေဖြင့်ရောနယ်ပေးရသည်။ ရေဖြင့်ရောနယ်၍လေသလပ်ခံပေးသောအခါ ပလာစတာမှုန့်သည် လျင်မြန်စွာမာကျောခိုင်ခံ့သော အင်္ဂတေတမျိုးဖြစ်လာသည်။ ထိုကြောင့်ဤပလာစတာကို အထူးသဖြင့် ရုပ်ထုဆရာများက ပုံအမျိုးမျိုးသွန်းလုပ်ရန်အသုံးပြုကြသည်။ ဆေးရုံများတွင်ခြေလက်ကျိုးသူများအား ကျပ်စည်းရန်အတွက်လည်းအသုံးပြုကြသည်။ ဂျစ်ပဆန်ကို တခါတရံ မြေဩဇာအဖြစ်ဖြင့် အသုံးပြုကြ၍၊ စက္ကူလုပ်ငန်း၊ အရောင်ဆေးလုပ်ငန်း၊ အင်္ဂတေနှင့်အဆောက်အအုံပစ္စည်းလုပ်ငန်း စသည်များတွင်လည်း အသုံးပြုကြသည်။ ဂျစ်ပဆမ်ကျောက်လွှာထပ်များကို စီးဖြတ်လာသောရေတွင် အဆိုပါခဲတစ်ဆားများ အမြောက်အမြားပျော်ဝင်လျက်ရှိရာ ထိုရေစေးမျိုးသည် ဖြစ်ရည်ချက်လုပ်ရာ၌ အဖိုးတန်အသုံးဝင်လေသည်။

ဂျစ်ပဆမ်ကိုအမေရိကန်နိုင်ငံ၌ အများဆုံးတူးဖော်ရရှိ၍၊ အခြားဂျစ်ပဆမ်ထွက်ရာနိုင်ငံများမှာ အင်္ဂလန်၊ ဂျာမနီ၊ စပိန်၊ ဣတလီနှင့်ရုရှတို့ဖြစ်ကြသည်။

ဂျန်း, ဘက်ဒွပ် (ခရစ် ၁၇၄၉-၁၈၂၃)။ ။ကျောက်ဆေးထိုးခြင်းဖြင့် ကျောက်ထောဂါကို ကာကွယ်နိုင်သည်ဟူသောအချက်ကို ရှာဖွေ၍တွေ့သူမှာ ခရစ် ၁၇၄၉ ခုနှစ် မေလ ၁၇ ရက်နေ့တွင် အင်္ဂလန်ပြည် ဂလော့စတာရှိုင်ယာခရိုင် ဗာကလေမြို့၌မွေးဖွားသော အက်ဒွပ်ဂျန်းဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဆော့ဒဗရီမြို့ ရှိဆရာဝန် ဒန်းနယဲဒလိုထံတွင် တပည့်ခံ၍ဆရာဝန်အတတ်သင်နေစဉ်၊ ကျေးတောသူမကလေးတဦးက 'ကျွန်မနွားကျောက်ပေါက်ပြီးမို့၊ နောက်ထပ်ကျောက်မပေါက်နိုင်တော့ပါ၊' ဟု ပြောလိုက်သည်ကိုကြားမိသည့်နေ့မှစ၍ ထိုစကားယုတ္တိတန်သည်မတန်သည်ကို စူးစမ်းရှာဖွေခဲ့သည်။ ထိုသို့စူးစမ်းရှာဖွေယင်း ကျောက်ထောဂါကာကွယ်နည်းကိုတွေ့ရှိလေသည်။

ဂျန်းသည် ဆရာဝန်ကြီးဂျွန်ဟန်းတားလက်အောက်၌ ဆရာဝန်အတတ်ကိုဆက်လက်သင်ကြား၍ ခရစ် ၁၇၉၂ ခုနှစ်တွင်ဆေးပညာဘွဲ့ရရှိသည်။ ထိုအခါမိမိဇာတိရပ်ဌာန်သို့

ပြန်၍၊ ဆရာဝန်အဖြစ်ဖြင့်အသက်မွေးယင်း ခရစ် ၁၇၇၅ ခုနှစ်၌ကျောက်ရောဂါကုထုံးဆိုင်ရာ သုတေသနကိုရှာမှီးခဲ့သည်။ သို့သော် ၁၇၉၆ ခုနှစ် ရောက်မှပင် ယခင်ကကျေးတောသူမကလေး၏စကားမှန်မမှန်ကို စစ်ဆေးကြည့်ရှုနိုင်'သည်။ သူ၏စမ်းသပ်နည်းမှာ နို့သည်မကလေးတဦး၏လက်မောင်းတွင် ပေါက်နေသော နွားကျောက်အနာမှပြည်ကိုယူ၍၊ ကလေးတယောက်၏အသားအရေထဲသို့ သံဆူးနှင့်ခြစ်ကာထည့်သွင်းသည်။ နှစ်လခန့်ကြာသော်ထိုကလေးကို ကျောက်ရောဂါပိုးကူးစက်အောင် ဆေးထိုး၍ပေးလေသည်။ သို့သော်ကလေး၌ ကျောက်ရောဂါမဖြစ်ပေ။ ခရစ် ၁၇၉၈



အက်ဒ္ဒပ်ဂျန္နား၏အထိမ်းအမှတ်ရုပ်တု

ခုနှစ်တွင်ဂျန္နားသည် သူ၏စမ်းသပ်ချက်ကို ကျေညာလိုက်၏။ ဤတွင်ကျောက်ဆေးထိုးနှံသော ဓလေ့ပျံနှံ့လာ၍၊ ကျောက်ရောဂါလည်း များစွာပပျောက်သွားခဲ့သည်။ (ကျောက်ကြီးရောဂါ၊ ကျောက်ဆေးထိုးခြင်း — လည်းရှု။) ထိုပုဂ္ဂိုလ်ကြီးသည် ခရစ် ၁၈၂၃ ခုနှစ်ဇန္နဝါရီလ ၂၄ ရက်နေ့တွင် ကွယ်လွန်လေသည်။

ဂျုန်း ဘောဉ်ဘတ် (ခရစ် ၁၄၁၂–၁၄၃၁)။ ။၁၅ ရာစုနှစ်အတွင်းက ပြင်သစ်နိုင်ငံကိုအင်္ဂလိပ်တို့၏ဘေးရန်မှ ကယ်တင်လိုက်သော ပြင်သစ်အမျိုးသမီး သူရဲကောင်းအာဇာနည်မှာ ဂျုန်းဖြစ်သည်။

ဂျုန်းမှာ ကမ္ဘာပေါ်တွင် ရှိခဲ့သမျှ အမျိုးသမီးများတွင် အထင်အရှားဆုံးတယောက်ဖြစ်၍ သူ၏အတ္ထုပ္ပတ္တိမှာလည်း မယုံနိုင်လောက်အောင်ပင်ထူးခြားသည်။ သူ၏အမည်မှာ ပြင်သစ်ဘာသာဖြင့် 'ဇန်းဒါ' ဟုခေါ်ဝေါ်၍၊ 'အော်လီယန်းမြို့၏လုံမပျို' ဟူ၍လည်း ခေါ်တွင်လေသည်။

၁၄၁၂ ခုနှစ်တွင် ဒွန်ရမီလာပို့စဲမြို့ကလေးတွင်မွေးဖွား၍ အနိစ္စရောက်သောအခါတွင် ဂျုန်းသည် အသက် ၂၀ မျှသာရှိသေးသည်။ ဂျုန်းသည်သူလိုငါလို သာမန်အမျိုးသမီးကလေးတဦးအဖြစ် ကြီးပြင်းလာခဲ့သည်။ မိဖများကား ဝမ်းရေးဖွံ့လုံသောလယ်သမားများဖြစ်ကြသည်။

ဂျုန်းသည် အိမ်တွင်းမှုတို့၌မိခင်ကိုကူညီလျက် ၁၃ နှစ်သမီးသို့ရောက်သောအခါ ဘုရားတရားကို အထူးလေးစားလာသည်။ ထိုအချိန်တွင်အင်္ဂလိပ်နှင့် ပြင်သစ်တို့၏နှစ်တရာစစ်ပွဲကြီး ဖြစ်ပွားနေစဉ်ဖြစ်၍ ပြင်သစ်နိုင်ငံမြောက်ပိုင်းမှာ အင်္ဂလိပ်တို့လက်အောက် သို့ကျရောက်လျက်ရှိလေသည်။ (နှစ်တရာစစ်ပွဲ — ရှု။)

ဂျုန်းသည် ရပ်ရွာဘုရားရှိခိုးကျောင်း၌ ဘုရားဝတ်ပြုနေစဉ် စိန်မားဂရက်နှင့် စိန်ကက်သရင်းတို့က သူ့အားမည်သို့ဆောင်ရွက်ရန်ပြောပြနေသည်ကို ထူးခြားစွာကြားရ၏။ ထိုထူးခြားသည့်အခြင်းအရာကို အခြားသူများအားပြောပြ၍လည်း ယုံကြည်နိုင်ဖွယ်မရှိသဖြင့် ဂျုန်းသည်မိမိရင်ထဲတွင် မျိုသိပ်ထားရလေသည်။ ၄ နှစ်တိုင်မျှထိုကဲ့သို့ဆက်လက်ကြားနေရသည်ဟု ဆိုလေသည်။

ဂျုန်းသည် ၁၇ နှစ်အရွယ်သို့ရောက်သောအခါ ဘိသိက်မခံရသေးသော ပြင်သစ်နိုင်ငံဘုရင် သတ္တမချားထံသို့သွားရောက်၍ အကူအညီပေးရန် တိုက်တွန်းသံကိုကြားရပြန်၏။ ထိုကြောင့် မိဖဆွေမျိုးသားချင်းမိတ်ဆွေများနှင့် ကိုးကွယ်သောဘုန်းတော်ကြီးများကတားမြစ်သော်လည်းချားဘုရင်ရှိရာသို့ထွက်ခွာလာခဲ့လေသည်။

ချားဘုရင်နှင့်တွေ့သောအခါ ပြင်သစ်နိုင်ငံတော်အရေးကို ဘုရားသခင်၏အလိုတော်အရ၊ ကူညီရန်လာရောက်ကြောင်းလျှောက်တင်လေသည်။ ချားကလည်း ဂျုန်း၏လျှောက်တင်ချက်ကိုယုံကြည်လျက် ကူညီရန်ခွင့်ပြုလိုက်၏။ ချားမှာဘုရင်ဟုအမည်ခံယူထားသော်လည်း ဘိသိက်မခံရသေးချေ။ ထိုကြောင့်ချားအား ပြင်သစ်ဘာသာဖြင့်ဒိုဖန်ဟုခေါ်လေသည်။ ချားသည်ဘဏ္ဍာရေးအလွန်ချို့တဲ့သောကြောင့် ဆင်းရဲစွာနေထိုင်ရသည်။ သို့ဖြစ်၍အင်္ဂလိပ်တို့၏ရန်စွယ်ကို စွမ်းလွန်းတမံတွန်းလှန်နိုင်မည့် အင်အားတောင့်တင်းသောစစ်တပ်ကြီးများကိုဖွဲ့စည်းကာ ရွှပ်ရွှပ်ခွဲခွဲမတိုက်ခိုက်နိုင်ခဲ့ချေ။ ထိုအချိန်တွင်ပြင်သစ်တနိုင်ငံလုံးလိုလိုပင် အင်္ဂလိပ်တို့လက်အောက်ရောက်နေပြီးလျှင် အော်လီယန်းမြို့ကြီးမှာလည်း ကျဆုံးလုဆဲဆဲဖြစ်နေလေသည်။



ပြင်သစ်နိုင်ငံ၊ ရိမ်းမြို့ရှိ ဂျန်းအော့အတ်အထိမ်းအမှတ်ရုပ်တု

ချား၏အမိန့်ဖြင့် ကျန်းသည်သောင်းတပ်ကြီးကို ကွပ်ကဲအုပ်ချုပ်ခွင့်ရလေသည်။ ထိုကြောင့်ချပ်ဝတ်တန်ဆာတို့ကို ဆင်မြန်းကာကျန်းသည် ပြင်သစ်အလံတော်ကြီးကို တလူလူဝင့်ထူပြီးလျှင် တပ်ဦးမှနေ၍ ရဲဝံ့စွာချီတက်လေတော့သည်။ နောက်ပါတပ်သား များလည်း များစွာစိတ်အားတက်ကြွလျက်လိုက်ပါကြသည်။ ကျန်း၏တပ်ကြီးသည်လည်း တိုက်ပွဲတခုပြီးတခုအောင်မြင်လျက်ရှိသည်။ ၁၄၂၉ ခုနှစ်မေလတွင် ရန်သူ့လက်တွင်းသို့ကျလုဆဲဆဲ အော်လီယန်းမြို့ကြီးကို ကယ်တင်နိုင်ခဲ့သည်။ ကျန်းကိုယ်တိုင်ရွှေဆောင်လျက် တိုက်ခိုက်သဖြင့် ရန်သူတို့အရေးနိမ့်၍ဆုတ်ခွာထွက်ပြေးကြရသည်။ ယင်းသို့ဖြင့် အော်လီယန်းမြို့တိုက်ပွဲမှာ နိုင်ငံသမိုင်းတွင်ထင်ရှားခဲ့လေသည်။

ထိုတိုက်ပွဲကြီးအပြီးတွင်၊ မိမိကြည်ညိုလေးစားလှသော ချားကို ဘုရင်အဖြစ်ဘိသိက်ခံနိုင် အောင်ဆောင်ရွက်သည်။ ပြင်သစ်ဘုရင်တို့သည် ရိမ်းမြို့တွင်ဘိသိက်ခံရမြဲအစဉ်အလာရှိရာ၊ ထိုမြို့ဆီတွင် ရန်သူတို့မရှင်းလှသေးသော်လည်း ကျန်းကတာဝန်ယူ၍စောင့်ရှောက်ကာကွယ်ပြီးလျှင်ထိုမြို့၌ချားကို ဘိသိက်ခံစေသည်။ ယင်းသို့ဖြင့်ကျန်းသည် ယောကျ်ားကောင်းတို့ဆောင်ရွက်နိုင်ခဲ့သောကိစ္စများကိုပင် အောင်မြင်ခဲ့သဖြင့် သူ၏ဂုဏ်သတင်းမှာ လွန်စွာထင်လင်းခဲ့လေသည်။

ထိုနောက်တွင် သူကြားနေကျဖြစ်သော ညွှန်ကြားချက်များကိုမကြားရတော့သဖြင့် သူ့အလုပ်ပြီးပြီဟုယူဆကာ နေရပ်သို့ပြန်မည်ပြု၏။ သို့သော်ချားဘုရင်ကတားထားသေးသဖြင့် တိုက်ပွဲများတွင် ဆက်လက်ခေါင်းဆောင်နေရပြန်သည်။ ဤသို့အဲ့ဖွယ်သရဲကိစ္စတို့ကို ဆောင်ရွက်ခဲ့သောကျန်းမှာ နောက်ဆုံးတွင်ဒုက္ခနှင့်တွေ့ရသည်။

ကွန်ပြိန်မြို့ကို ဗာဂန်ဒီပြည်သားတို့ကဝန်းရံထားရာ ထိုမြို့ကိုကယ်တင်ရန်အတွက် ကျန်းသည်ခေါင်းဆောင်လျက်တိုက်သော်လည်း စစ်ရေးနိမ့်၍ ကျန်းမှာ အဖမ်းခံခဲ့ရလေသည်။ ထိုအခါ၌ကျန်းကူညီ၍ဘုရင်ဖြစ်လာသောချားသည်သူအား ကယ်ဆယ်ရန်မကြိုးစားခဲ့ချေ။

ထိုကြောင့်ကယ်မည့်သူကင်းဝေးသောကျန်းကို ဗာဂန်ဒီပြည်သားတို့က အင်္ဂလိပ်တို့အား ရောင်းချလိုက်လေသည်။ ကျန်းကြောင့်စစ်ရေးနိမ့်ခဲ့ရသောအင်္ဂလိပ်တို့သည် ရှုံးအန်းမြို့တွင်ကျန်းကိုချုပ်နှောင်ထားကြသည်။ အင်္ဂလိပ်တို့၏နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ကျန်းခံရ၏။ အင်္ဂလိပ်တို့ကကျန်းသည်စုန်းမဖြစ်၍သာ ဤမျှအဲ့ဖွယ်သရဲများကို ထူးကဲစွာဆောင်ရွက်နိုင်သည်ဟု စွဲချက်တင်၍ထားလေသည်။ ကူညီအားပေးမည့်သူမရှိသော်လည်း ကျန်းသည် ရဲဝံ့တည်ကြည်စွာဖြင့် ပြန်လည်ချေပခဲ့၏။ သို့ရာတွင် ၁၄၃၁ ခုနှစ်မေလတွင် မီးရှို့သတ်ခြင်းကိုခံရလေသည်။ ကျန်းအနှစ်ရောက်ပြီး၍အနှစ် ၅၀၀ ခန့်ကြာမှ ကျန်း၌အပြစ်မရှိဟုပြန်လည်ဆုံးဖြတ်ကာ ဗရင်ဂျိုဂိုဏ်းသူတော်စင်စာရင်းတွင်သွတ်သွင်းကာ စိန်ဂျန်းအဖြစ်ကိုးကွယ်ကြသည်။ ယင်းသို့ဖြင့် ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်သည့် အာဇာနည်ကျန်းမှာ ကြေကွဲဝမ်းနည်းဖွယ်ရာတ်သိမ်းခဲ့ရလေသည်။

ကျပ်ခုတ်ခြင်း။။ ။ရက်ကန်း — ရှ။

ကျပ်စတင်းနီးယန်း၊ ပဌမ (ခရစ် ၄၇၃–၅၆၅)။ ။အရှေ့ရောမနိုင်ငံတော်၏ ကေဆာင်ဘုရင်တပါးဖြစ်သူ ပဌမကျပ်စတင်းနီးယန်းသည် ကမ္ဘာ့သမိုင်းတွင်ဓမ္မသတ်ပြုစုသောမင်းအဖြစ်ဖြင့် ထင်ရှားကျော်စောသည်။ ကျပ်စတင်းနီးယန်းသည်တောင်သူလယ်သမားမျိုးရိုးဖြစ်သည်။ သို့ရာတွင် တောင်သူလယ်သမား မျိုးရိုးမှ မင်းဖြစ်ခဲ့သော ဦးရီးတော် ကေဆာင်ဘုရင်ပဌမကျပ်စတင်း၏ကျေးဇူးကြောင့် ငယ်စဉ်ကကောင်းစွာပညာသင်ကြားခွင့်ရခဲ့သည်။ ခရစ် ၅၂၇ ခုနှစ်တွင် ဦးရီးတော်လွန်လေသော် ကျပ်စတင်းနီးယန်းသည် ထီးနန်းကိုဆက်ခံလေသည်။

ကျပ်စတင်းနီးယန်း၏အလိုဆန္ဒမှာ နိုင်ငံတော်အတွက်ဓမ္မသတ်တို့ကိုပြုစုခြင်းအားဖြင့်ငင်း၊ ဘုရားကျောင်း၊ ဆေးရုံ၊ ခံတပ်၊ ဆည်မြောင်းစသော အများပြည်သူ ဆိုင်ရာအဆောက်အအုံတို့ကို အကြီးအကျယ် တည်ဆောက်ခြင်းဖြင့်ငင်း၊ အနောက်ကျာမန်တိုင်းနိုင်ငံတို့ကို တိုက်ခိုက်အောင်မြင်သိမ်းသွင်းခြင်း ဖြင့်ငင်း အရှေ့ရောမအင်ပိုင်ယာနိုင်ငံတော်ကြီးကို ပြုစုပျိုးထောင်လိုသောဆန္ဒဖြစ်သည်။ ကျပ်စတင်းနီးယန်းမှာမင်းမှုထမ်းများကို သူနှင့်သူထိုက်တန်သောနေရာတွင် နေရာချထားအသုံးပြုတတ်သောကြောင့် မြောက်အာဖရိကနှင့်ဣတလီပြည်တို့ကိုအောင်မြင်ခဲ့သည်။ ကြီးကျယ်ခမ်းနားသော အဆောက်အအုံများကိုလည်း တည်ထောင်နိုင်ခဲ့ရာ ကွန်စတန်တီနိုပယ်မြို့တော်ရှိ သူတည်ဆောက်ခဲ့သောစိန်ဆိုဖိုင်းယာဘုရားရှိခိုးကျောင်းမှာ ယခုအခါထိုမြို့တွင်အကြီးအကျယ်ဆုံးဖြစ်သည်။

ဓမ္မသတ်များရေးသားရာ၌ကား၊ ကျပ်စတင်းနီးယန်းသည် ရောမနိုင်ငံရှိဥပဒေဟူသမျှတို့ကို ညှိနှိုင်းပြုစုတည်းဖြတ်စေရန် ကော်မရှင်အဖွဲ့တခုခန့်အပ်ခဲ့သည်။ ဤကော်မရှင်သည် ရောမနိုင်ငံဓမ္မသတ် ၁၂ စောင်တွဲပါဝင်သော ဓမ္မသတ်ကျမ်းတစောင်ကိုငင်း၊ ရောမနိုင်ငံရှေးနေရှေးရပ်၊ ခုံသမာဓိ၊ တရားသူကြီးတို့၏ ဖြတ်ထုံးသခေါ်ပကျမ်းကိုငင်း၊ ဥပဒေလေ့လာသူစာသင်သားတို့အတွက် ဥပဒေပေါင်းချုပ်ကိုငင်း ပြုစုစီရင်ခဲ့သည်။ ဤကျမ်းအစုတို့ကို 'ကော်ပပ်ကျူးရစ်စီဗီလစ်' ဟုခေါ်ကြသည်။ အဓိပ္ပါယ်မှာဓမ္မသတ်ပေါင်းချုပ်ဟုဖြစ်သည်။ ယနေ့ခေတ်မိုနိုင်ငံတို့၏ တရားဥပဒေမှာ ယင်းရောမဓမ္မသတ်ပေါင်းချုပ်ကိုမှီ၍ပြုသောဥပဒေများဖြစ်လေသည်။

ကျပ်ဆင်, ဒေါ။ ။ယုဒသန် — ရှ။

ကျပ်မြေ။ ။ကျပ်မြေသည်ပင်လယ်၌ရှိ၍၊ ရေငန်ဒေသ အနှံ့အပြား၌ရှိ၍ နေတတ်လေသည်။ ကျပ်ကိုသေချာစွာ မြင်ဘူး သူ နည်းပါး သည်။ ကျပ်တို့သည် တကောင်နှင့်တ ကောင်မတူ။ အရောင်အဆင်း၊ ကိုယ်ဟန်၊ ဦးခေါင်း နေပုံတို့သည် အမျိုးမျိုးကွဲပြားကြသည်။ ကျပ်တို့ကိုကျပ်ပြား မျိုး၊ ကျပ်လုံးမျိုးဟူ၍အောက်ပါအတိုင်းခွဲခြားနိုင်ပေသည်။ ပါဏ ဗေဒအရ ကျပ်ပြားကို 'လက်တီကောဒါစကုတာတာ' ဟု ခေါ်၍ ကျပ်လုံးကို 'ဟိုင်းဒရတ်' သို့မဟုတ် 'ဟိုင် ဒရိုဖစ်' ဟုခေါ်သည်။

ကျပ်ပြားမျှား

၁။ ကျပ်မွဲ။
၂။ ကျပ်နက်။
၃။ ကျပ်ဝါ။
၄။ ကျပ်နီ။
၅။ ကျပ်ညိုမှိုင်း။
၆။ ကျပ်ချောင်ရွှေဝါ။

ကျပ်လုံးမျှား

၇။ ကျပ်လုံး။
၈။ ကျပ်ရက်ဖေါက်။
၉။ ကျပ်ငန်း။

ကျပ်သည် လူကို တမင် မကိုက် တတ်ခေ။ ရေထဲ၌အနှံ့ အပြားရှိသော်လည်း လူကိုရှောင်ရှား၍ သွားတတ်သည်။ လိုင်းလေထသောအခါန်မျိုးတွင် ရေငြိမ်ထုကမ်းခြေသို့ကပ်၍ သစ်ခက်သစ်ကိုင်းတို့ကိုတွယ်နေတတ်သည်။ တခါတရံမြစ် ထဲခေျာင်းထဲ၌ ရေချိုးနေ သော လူကို လူမှန်း မသိသဖြင့် ပေါင်၊ ခြေသလုံး၊ ခါးတို့ကိုရစ်ပတ်ထားတတ်သည်။ ကျပ် ပတ်ထားသည်ကိုလူကသိ၍အသာငြိမ်ငြိမ်နေလိုက်လျှင် ကျပ် သည်သွား လိုသောအခါ အလိုအလျောက်ရစ်ပတ်ထားသည် ကိုဖြေ၍ ကူးသွားတတ် လေသည်။ သို့သော်လူကကြောက် အားလန့်အားဖြင့် ကျပ်ကိုပုတ်ခတ်ဖယ်ရှားလျှင်၊ ကျပ်သည် တင်းကျပ်စွာပတ်ထားပြီးလျှင် ဦးခေါင်းကိုရမ်းခါ၍နေတတ် သည်။ ကျပ်၏အစွယ်သည် ချေ၏အစွယ်ကဲ့သို့အပြင်ထွက် နေသောကြောင့် အစွယ်သည်အသားနှင့်ငြိတတ်လေသည်။ ထိုသို့ငြိသောအစွယ်ထုသည် သက်ငယ်ရှသလောက်မျှပင်မရှိ ခေျ။ သို့ထုတ္ဝင်ချက်ခြင်းအဆိပ်တတ်လာတတ်သည်။

ကျပ်ကိုက်လျှင်နာကျင်ပူလောင်ခြင်းမရှိခေျ။ ပါးစပ်၌ ခဲ့ျပြစ်စေးကပ်လျက် မျက်စိမှုန်ဝေကာစကားလည်းမပြော နိုင်ဘဲ လွန်စွာအိပ်ချင်လာသည်။ လူနာပြုစုသူတို့သည် လူနာကို မအိပ်အောင်မျက်နှာကို ရေပက်ခြင်း၊ လည်ကုပ်ကို ဆုပ်နယ်ခြင်း၊ ကိုယ်လက်လှုပ်ရှားပေးခြင်းတို့ကို ပြုလုပ်ရ သည်။ အကယ်၍ လူနာကို မအိပ်အောင်လုပ်၍ မရလျှင် ထိုလူနာသည် နောက်ဆုံး၌ အိပ်ပျော်ရာမှမနိုးတော့ဘဲတ ဖြည်းဖြည်းအသက်ရှူရပ်သွားတတ်သည်။

ကျပ်ပြားအမျိုးမျိုး

ကျပ်ပြားများသည်အထက်ကဆိုခဲ့သည့်အတိုင်း ပင်လယ် နှင့်ရေငန်ရောက်ရာဒေသတို့တွင်နေကြသည်။ ရေချိုတွင် လုံးဝမနေကြခေျ။ ယင်းတို့သည်ရေသက်ကိုမရှူကြဘဲ၊ ငခူးငရဲ့ တို့ကဲ့သို့လေသက်ကိုရှူရှိုက်ကြသဖြင့်ရေပေါ် သို့ဦး ခေါင်းတထွာခန့်ဖော်ပြီးလျှင် ရှူးကနဲမြည်၍ငုပ်သွားတတ် ကြလေသည်။

ကျပ်မွဲမှာငပုတ်သင်၏အရောင်ကဲ့သို့ မွဲခြောက်ခြောက်အ ရောင်ရှိသည်။ အကွက်အစင်းများမပါခေျ။ လုံးပတ်လက် မောင်းခန့်ရှိ၍ အရှည်မှာနှစ်တောင်တထွာခန့်ရှိလေသည်။ ဦးခေါင်းနှင့်ကိုယ်သည် မြေခေါင်းနှင့်မြေကိုယ်ကဲ့သို့ပင်ဖြစ် သည်။ အမြီးသည် ငမြေထိုး၊ ငလင်ပန်းတို့၏အမြီးကဲ့သို့ ပြားယောင်ယောင်ဖြစ်သည်။ လွန်စွာအဆိပ်ပြင်းသည်။

ကျပ်နက်သည်ကျပ်မွဲကဲ့သို့ ဦးခေါင်းနှင့်လိုက်သောကိုယ်ရှိ သည်။ အမြီးပြားသည်။ တကိုယ်လုံးနက်သည်။ မျက် လုံး၊ အူ၊ အသည်း၊ အတွင်းသား၊ အာပေါင်၊ အစွယ်တို့ လည်း နက်၏။ အဆိပ်ပြင်းထန်လှ၍ ကိုက်လျှင်ဆေး မရှိဟုဆို၏။ အခြားကျပ်မျိုးကဲ့သို့မပေါများ၊ တွေ့ရခဲ၏။

ကျပ်ဝါသည်ပုံသဏ္ဌာန်အားဖြင့် ကျပ်မွဲနှင့်တထေရာတည်း တူသည်။ သို့သော်အရောင်အဆင်းကဲ့သည်။ ကျပ်ဝါ၏ အရောင်သည်တကိုယ်လုံးထိန်ဝါလျက်ရှိသည်။

ကျပ်နီသည်ပုံသဏ္ဌာန်အားဖြင့် ကျပ်မွဲ၊ ကျပ်ဝါတို့နှင့်တ ထေရာတည်း တူသည်။ ကျောရိုးတလျှောက်တွင် အညို ရောင်ရှိပြီးလျှင် ဘေးနှစ်ဖက်၌မူ ဟင်းသပြဒါးကဲ့သို့နီမြန်း သောအကြောင်းအစင်းများရှိသည်။ အဆိပ်လွန်စွာပြင်း ထန်သည်။ ယင်းကိုအချို့ကကျပ်ဟင်းသပြဒါးဟုခေါ်သည်။

ကျပ်ညိုမှိုင်း၏ဦးခေါင်းသည် စားတော်ပဲသာသာခန့်ရှိ သည်။ ဦးခေါင်းနှင့်လည်ပင်းတွင် အနက်နှင့်အဝါစင်း များတမိုက်ခန့်ရှိသည်။ ဦးခေါင်းကိုလက်ျာလက်ဝဲသို့လျှင် မြန်စွာစောင်းငဲ့နိုင်သည်။ လည်ပင်းမှတဖြည်းဖြည်းတုတ် လာသောကိုယ်သည် လက်မောင်းလုံးခန့်ရှိသည်။ အမြီးမှာ ပြားယောင်ယောင်ဖြစ်သည်။ ကျောရိုးတလျှောက်တွင် ညိုမှိုင်းမှိုင်းအရောင်ရှိ၍ ဘေးနှစ်ဖက်တွင်ဝါဖန်းဖန်းအရောင်ရှိ သည်။ တကိုယ်လုံး၌အဝါနှင့်အညိုစင်းများရှိသည်။

ကျပ်ချောင်ရွှေဝါသည် ကျပ်ညိုမှိုင်းနှင့်တူသည်။ ဦးခေါင်း မှာပဲကြီးစေ့ခန့်ရှိလေသည်။ ကိုယ်လုံးကြီး၍ကျောရိုးတ

လျှောက်တွင် ဝါမြိုင်းမြိုင်းအထောင်ရှိသည်။ ဘေးနှစ်ဖက် သည်ထိန်ဝါလျက် ကိုယ်လုံးဌ်အဝါနှင့်အမဲစင်းများရှိသည်။

ကျပ်လုံးအမျိုးမျိုး

ကျပ်လုံး၏ဦးခေါင်းနှင့်လည်ပင်းသည် အလွန်သေးငယ်၍ ကိုယ်လုံးမှာ မတ်စေ့သာသာခန့်ရှိသည်။ ခေါင်းမှအမြီး တိုင်အောင်မြေနှင့်တသမတ်တည်းတူသည်။ ကျပ်ပြားကဲ့သို့ အမြီးမပြားလှချေ။ အမြီးဖျားလက် ၃ သစ်ခန့်လောက်ဌ သာလျှင် မသိမသာပြားယောင်ယောင်ဖြစ်သည်။ ကျပ်သည်မြေနှင့်ကဲ့ပြားပုံမှာ ကျပ်လုံးဟူသမျှတွင်ခေါင်းသေး၍ ဦးခေါင်းမှ အမြီးဖျားတိုင်အောင် အနက်တတန်း၊ အဖြူတတန်းသို့မဟုတ် အနက်တတန်း၊ အဝါတတန်းပါရှိသည်။ ကျပ်လုံးများကို ပင်လယ်နှင့်တကွ ကမ်းနားလတာများနှင့် ရေတက်ရေကျရှိသော ချောင်းတိမ်၊ ရိုးတိမ်တို့တွင်တွေ့ရသည်။ ထိုပြင်မိုးအခါရေရောက်သောကွင်းပြင်နှင့် လယ်ကွင်းများဌ် လည်းတွေ့ရလေသည်။ ကျပ်လုံးသည်ကျပ်ပြားထက်အဆိပ်ပြင်း သဖြင့်ကိုက်လျှင် နာရီဝက်နှင့် သေနိုင်သည်။ ကုန်းရှိမြွေထက်အဆိပ်ရှစ်ဆပိုသည်ဟုအဆိုရှိ၏။

ကျပ်ရက်ဖောက်သည် အလွန်သေးငယ်၍ ကျပ်လုံးနှင့်တူသည်။ အထောင်အမျိုးမျိုးထောနေ၍အဝါတန်း၊ အနက်တန်းများလည်းပါရှိသည်။ ရက်ဖောက်ခန့်ကိုယ်လုံးရှိသည်။ ကျပ်ရက်ဖောက်နှင့်ကျပ်လုံးတို့သည်အမူအကျင့်တူ၍ အလွယ်သာလျှင်ခြားနားကြသည်။ ကျပ်လုံးသည်များစွာမရှည်လှချေ။ ကိုယ်တုတ်သည်။ ကျပ်ရက်ဖောက်မှာမူဝတုတ်ခြင်းမရှိဘဲ သေးသွယ်လျက်အလွန်ရှည်လျားလေသည်။


ကျပ်ငန်းသည် ကျပ်လုံး၊ ကျပ်ရက်ဖောက်တို့ထက်အကောင်ကြီးမားသည်။ ကိုယ်မှာငန်းသဏ္ဌာန်းစုပ်များကဲ့သို့ အနက်တန်၊ အဝါတန်၊ အဖြူတန်ရောထွေး လျက်ရှိသည်။ ဦးခေါင်းပေါ်ရှိနှာသီးဖျားမှာ အဖြူကွက်တကွက်၊ ထိပ်လည်မှာအဖြူကွက် ၂ ကွက်တို့သည် ခနောက်သဖွယ်သုံးကွက်ဆိုင်လျက်ရှိသည်။ ကိုယ်သည်နှစ်တောင်တထွာခန့်ရှိသည်။ အဆိပ်တက်လျင်မြန်သည်။

ကျပ်ကိုက်သောအခါပင်လယ်ခရုမြစ်ကိုဝါးမျိုစားသောက်ခါမျှဖြင့်ပျောက်တတ်၏။ အချို့လည်းလတာနုံးကိုလက်ဖြင့်ကော်၍စားမျိုခြင်းဖြင့် ပျောက်တတ်၏ဟုအဆိုရှိသည်။

ကျပ်ကိုကျပ်ဟူ၍လည်းရေးသည်။

ဂျိမ်းဘုရင်များ (အင်္ဂလိပ်)။ ။အင်္ဂလန်သမိုင်းတွင် ဂျိမ်းအမည်ခံ ဘုရင်နှစ်ပါးသာရှိခဲ့ဘူးလေသည်။ ထိုဂျိမ်းဘုရင်နှစ်ပါး၏သက်ဦးဆံပိုင်ဆန်ဆန်စိုးမိုးမှုကို အင်္ဂလန်ပြည်သူပြည်သားများတို့ ခွံ့ရှာမုန်းတီးကြသဖြင့် ဂျိမ်းဟူသော အမည်ကိုနောက်မင်းများဆက်လက်အသုံးပြုဟန်မတူချေ။

ပဌမဂျိမ်းဘုရင် (ခရစ် ၁၅၆၆–၁၆၂၅)။ ။ပဌမဂျိမ်းဘုရင်သည် စကော့တလန်ပြည့်ရှင်မေရီဘုရင်မနှင့်လော့ဒန်လီတို့၏ သားတော်ဖြစ်၏။ ၁၅၆၆ ခုနှစ်ဇွန်လ ၁၉ ရက်နေ့တွင် အက်ဒင်ဗာရာရဲတိုက်ကြီး၌ ဖွားမြင်ခဲ့လေသည်။ ၁၅၆၇ ခုနှစ်တွင်မယ်တော်မေရီဘုရင်မသည် တိုင်းသူပြည်သားများ ဆူပူမှုကြောင့် ထီးနန်းစွန့်လွှတ်ပေးရသောအခါ သားတော်ဂျိမ်းသည် စကော့တလန်ပြည် ဆဋ္ဌမဂျိမ်းဘုရင်



ပါလီမန်နှင့်အခြင်းများခဲ့သောပဌမဂျိမ်းဘုရင်

အဖြစ် စကော့တလန်ထီးနန်းကိုဆက်ခံရသည်။ ထိုစဉ်ကဂျိမ်းမှာ ကလေးအရွယ်လူမမယ်မျှသာရှိသေးသဖြင့် ရင်ခွင်ပိုက်အုပ်ထွဲနှင့် တိုင်းပြည်ကို အုပ်ချုပ်ရသည်ဖြစ်ရာ ရင်ခွင်ပိုက်အုပ်စိုးလိုသော မှူးမျိုးမတ်နွယ်များထုံးလုံမှုကြောင့် တိုင်းပြည်မငြိမ်မသက်နှင့် ပြည်တွင်းစစ်များဖြစ်ခဲ့ရလေ၏။

၁၅၇၂ ခုနှစ်တွင် ပရိုတက်စတန့်ဂိုဏ်းဝင်များက ဂျိမ်းအားဖမ်း၍တနှစ်ခန့် အချုပ်နှင့်ထား ခဲ့ဘူးသည်။ ၁၅၇၃ ခုနှစ် အချုပ်မှလွတ်မြောက်သည့်နေ့မှအစပြု၍ ဂျိမ်းသည် တိုင်းပြည်ရင်ခွင်ပိုက်အုပ်ထွဲဖြင့်မအုပ်စိုးတော့ဘဲ ကိုယ်တိုင်ပင် အုပ်စိုးလေတော့သည်။

၁၆၀၃ ခုနှစ်၌အင်္ဂလန်ပြည့်ရှင် အယ်လစ်ဇဗက်ဘုရင်မနတ်ရွာစံသောအခါ ဂျိမ်းဘုရင်လည်း ပဌမဂျိမ်းအဖြစ်နှင့်

အင်္ဂလန်ထီးနန်းကိုဆက်ခံစိုးစံရပြန်သည်။ စကော့တလန်ပြည်နှင့် အင်္ဂလန်ပြည်သည် ဤနည်းအားဖြင့် ဘုရင်တပါးတည်း၏ အုပ်ချုပ်စိုးစံခြင်းခံရသော်လည်း နိုင်ငံရေးအရမူ အန်ဘုရင်မလက်ထက်တိုင်စည်းလုံးခြင်းမရှိခဲ့ချေ။

ပဌမဂျိမ်းဘုရင်သည် ငယ်စဉ်က ကျန်းမာရေးချို့တဲ့ရှာသဖြင့် ကိုယ်အောက်ပိုင်းကောင်းစွာမသန်ရကား အသက် ၇ နှစ်အရွယ်တိုင်အောင် အကိုင်မရှိဘဲမထနိုင်ချေ။ ဘုရင်ဖြစ်လာသည့်တိုင်အောင် ခေါင်းကြီး ကိုယ်သေးဖြစ်နေရှာသဖြင့် ရာဇဂျပ်မပေါ်လွင်လှချေ။

ပဌမဂျိမ်းသည်ထီးနန်း ကိုသိမ်းပိုက်အုပ်စိုးနိုင်သည့်အချိန်မှစ၍ ဘုရင်ဟူသည် ဘုရားသခင်ကအုပ်စိုးနိုင်ခွင့်ပေးထားသည် ဟူသော ဝါဒကိုစွဲမြဲယုံကြည်ခဲ့သည်။ ထိုဝါဒအရ ဘုရင်တို့၏ အခွင့်အရေး တန်ခိုးအာဏာသည် ဘုရားသခင်ထံမှရရှိသောကြောင့် ဘုရင်များသည်လူထု၏ဆန္ဒကိုလိုက်လျောရန်မလိုဘဲ အုပ်ချုပ်ပိုင်ခွင့်ရှိသည်ဟု ယုံကြည်လေသည်။ သို့ဖြစ်ရကားအင်္ဂလိပ်ပါလီမန်နှင့်ဘုရင်တို့ မကြာခဏအခြင်းများကြရပြီးလျှင် ပဌမဂျိမ်းဘုရင်ဆောင်ရွက်ပေးသမျှကို အင်္ဂလိပ်မှူးမတ်မျိုးရာများ၊ ပြည်သူပြည်သားများက သဘောကျကျေနပ်သည်ဟူ၍မရှိခဲ့ချေ။

ပဌမဂျိမ်းသည် စတာလင်ရဲတိုက်တွင်နေထိုင်စဉ်ငယ်ငယ်ကပင် အယူဝါဒတရားကိုကျနစွာသင်ယူလေ့လာခဲ့၏။ မယ်တော်မှာဗရင်ဂျိုဂိုးဝင်ဖြစ်လင့်ကစား ဂျိမ်းဘုရင်မှာမူပရိတက်စတန့်ဂိုးကို လေးလေးနက်နက် သက်ဝင်ယုံကြည်သူတယောက်ဖြစ်သည်။ တိုင်းသူပြည်သားတို့အားလည်း အယူဝါဒတရား ၌လွတ်လပ်စွာကိုးကွယ်ခွင့်မပေးဘဲ၊ ရေဖျန်းဂိုးသို့ဝင်စေလိုသည်။ ထိုကြောင့်ဗရင်ဂျိုဂိုးဝင်များနှင့် ပျူရီတန်များကိုများစွာညှင်းပန်းနှိပ်ကွပ်ခြင်းပြုထုဗရင်ဂျိုဂိုးဝင်အချို့သည် ၁၆၀၅ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့ပါလီမန်ဖွင့်ပွဲ၌ပါလီမန်ကိုဖောက်ခွဲဖျက်ဆီးကာဗရင်ဂျိုဂိုးဝင်တဦးအားနန်းတင်ရန်ကြံစည်ခဲ့သည်။ သို့သော်ထိုအကြံမှာပေါက်ကြားသွားသဖြင့် ခေါင်းဆောင်များမှာကွပ်မျက်သတ်ဖြတ်ခြင်းခံရသည်။ ပျူရီတန်တို့သည်လည်းဘုရင်၏ဖိနှိပ်ချုပ်ချယ်မှုကိုမခံနိုင်ကြသဖြင့် ၁၆၀၇ ခုနှစ်တွင်အမေရိကတိုက်သို့ သွားရောက်ကာ ပဌမဆုံး အင်္ဂလိပ်ကိုလိုနီနယ်သစ်များ ကိုအခြေစိုက်တည်ထောင်ကြလေသည်။

ပဌမဂျိမ်းဘုရင်သည် နိုင်ငံရေးသဘောတရားများ၌လည်း သူ့ကိုယ်သူကျမ်းကျင်လှသည်ဟုအထင်ကြီး၏။ ထိုကြောင့် ဘုရင်နှင့်ပါလီမန်သည်နိုင်ငံခြားရေးရာများ၌လည်း သဘောကွဲလွဲကြရ၏။ ဂျိမ်းဘုရင်သည်ဗရင်ဂျိတိုင်းပြည်ဖြစ်သော စပိန်နိုင်ငံနှင့်မဟာမိတ်ဖြစ်လို၏။ သားတော်ချားကိုပင် စပိန်မင်းသမီးတဦးနှင့်လက်ဆက်ရန်ကြံရွယ်ခဲ့သည်။ ပါလီမန်ကမူ ဥရောပနှစ်သုံးဆယ်စပ်ပွဲတွင် ဂျာမန်ပရိုတက်စတန့်



သွေးမြေမကျတော်လှန်မှုကြောင့် ထီးနန်းစွန့်ရသည့်ဒုတိယဂျိမ်းဘုရင်

များအားကူညီ၍ စပိန်နိုင်ငံကိုတိုက်ခိုက်လို၏။ ဤသို့သဘောကွဲနေရာ နောက်ဆုံးတွင် စပိန်နှင့်မဟာမိတ်မဖြစ်နိုင်တော့သည့်အချိန်ကျမှ ဂျိမ်းသည်စပိန်နိုင်ငံကိုစစ်ကြေညာရန်သဘောတူလိုက်ရ၏။ ပြည်သူလူထုအကြည်ညိုပျက်မှုကို အများဆုံးခံယူရအောင်ဖြစ်ရသော ဂျိမ်း၏ပြုမူချက်တခုကား ဆာဝေါ်လတာရော်လီကိုကွပ်မျက်လိုက်ခြင်းပင်ဖြစ်၏။ (ရော်လီ, ဆာဝေါ်လတာ ဂျိမ်း — ၌။) ဂျိမ်း၏ဆောင်ရွက်ချက်များအနက် တိုင်းပြည်လူထု၏ကျေနပ်မှုအများဆုံးခံယူရသောအချက်မှာ ၁၆၁၁ ခုနှစ်တွင်သမ္မာကျမ်းစာကိုအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုစေခြင်းပင်ဖြစ်သည်။ ထိုကျမ်းစာမှာ သမ္မာကျမ်းစာများအနက် အရေးအသားအကောင်းဆုံးဖြစ်၍ ယခုတိုင်ကျော်ကြားလေသည်။

၁၅၈၉ ခုနှစ်တွင် ဒိန်းမတ်မင်းသမီး အန်နှင့် ဂျိမ်းဘုရင်သည်လက်ဆက်ခဲ့ရာ သားတော်နှစ်ပါးနှင့်သမီးတော်တပါးထွန်းကားသည်။ သားတော်ကြီးဟင်နရီသည် ၁၆၁၂ ခုနှစ်တွင်ကွယ်လွန်၍ သားတော်ငယ်ချားကဂျိမ်း၏အရိုက်အရာကိုဆက်ခံလေသည်။ သမီးတော်အယ်လစ်ဇဗက်ကို ဂျာမန်မင်းသား ပလက်တနိတ်နယ်စားကြီးနှင့် လက်ဆက်ခဲ့ရာ၊ ယင်းတို့မှဆင်း သက်ပေါက်ဖွား၁သာ ဟန်နိုဗာမြို့စား ဂျော့သည် ပဌမဂျော့ဘုရင်အဖြစ် ၁၇၁၄ ခုနှစ်တွင် အင်္ဂလန်ထီးနန်းကိုဆက်ခံခဲ့သည်မှအစ ဟန်နိုဗာမင်းဆက်ပေါ် ပေါက်ခဲ့သည်။ (ဂျော့ဘုရင်များ (အင်္ဂလိပ်) — ၌။)

ဒုတိယကျိမ်းဘုရင် (၁၆၃၃–၁၇၀၁)။ ။ဒုတိယကျိမ်းဘုရင်မှာ ပဌမကျိမ်း၏မြေးတော်ဖြစ်သည်။ ပဌမချားဘုရင်နှင့် ပြင်သစ်မင်းသမီး မရီယာ တို့မှ ပေါက်ဖွားသောသားတော်အငယ်ဖြစ်သည်။ ၁၆၇၅ ခုနှစ်တွင်နောင်တော်ကြီးဖြစ်သူဒုတိယချားဘုရင်နတ်ရွာစံသောအခါ ကျိမ်းသည်ထီးနန်းဆက်ခံရသည်။ ဖိုးတော်ပဌမကျိမ်းဘုရင်ကဲ့သို့ပင် ဘုရင့်အခွင့်အရေးဝါဒဘောင်အယူသည်းသူဖြစ်၏။

နောင်တော်ဒုတိယချားဘုရင်သည် အင်္ဂလန်ပြည်၏ဘုရင်ဖြစ်လာသောအခါ ကျိမ်းသည် ယောဂျီစားမင်းသားအဖြစ်နှင့် ရေတပ်ဗိုလ်ချုပ်ရာထူးကိုပေးအပ်ခြင်းခံရလေသည်။ သူသည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံ၍ ရွပ်ရွပ်ချံချံကြိုးပမ်းဆောင်ရွက်တတ်သည့်ပြင် ရိုးသားဖြောင့်မတ်သူတဦးလည်းဖြစ်ပေသည်။ ကျိမ်းမင်းသားသည် ဗရင်ကျိုက်သို့ ဝင်လိုက်ပြီးနောက် ဗရင်ကျိုက်ဝင်အမျိုးသမီးတဦးနှင့်လက်ဆက်လိုက်သည်တွင် တိုင်းပြည်ကမကျေမနပ်ဖြစ်ကြလေသည်။ ပါလီမန်ကလည်းဗရင်ကျိုက်ဝင်များအား အလုပ်အကိုင်ရာထူးမပေးရန် တားမြစ်သည့် ဥပဒေတရပ်ကို ထုတ်ပြန်လိုက်လေသည်။ ကျိမ်းလည်းရေတပ်ဗိုလ်ချုပ်ရာထူးမှနုတ်ထွက်ကာ အင်္ဂလန်ပြည်မှထွက်ခွာသွားသည်။

ကျိမ်းသည် ၁၆၇၅ ခုနှစ်အသက် ၂၂ နှစ်အရွယ်၌အင်္ဂလန်ပြည်သို့ပြန်လည်လာရောက်၍ ထီးနန်းစိုးစံရလေသည်။ ကျိမ်းနန်းတက်သည်နှင့်တပြိုင်နက်မှန်းမတ်နယ်စားခေါင်းဆောင်သောသူပုန်နှင့် အားကျိုင်းနယ်စားခေါင်းဆောင် သောသူပုန်တို့ထကြွကြလေသည်။ သို့ရာတွင်ကျိမ်းဖက်မှပြည်သူလူထုတရပ်လုံးက စည်းလုံးစွာကူညီထောက်ခံကြသဖြင့် သူပုန်တို့အရေးရှုံးနိမ့်သည်။ သို့သော်မှန်းမတ်ပုန်ကန်မှုတွင် နောက်လိုက်နောက်ပါအဖြစ်ပါဝင်သူ ၃၂၀ ကို ရက်စက်စွာသတ်ပစ်လိုက်ခြင်းကြောင့် တိုင်းသူပြည်သားတို့ကမကျေမနပ်ဖြစ်ကြပြန်သည်။ ကျိမ်းသည်သူ၏အဓိကရည်ရွယ်ချက် ၂ ချက်ဖြစ်သော ပလီမန်ကိုပယ်ဖျက်၍ပါလီမန်၏ အကူအညီမပါဘဲ တိုင်းပြည်ကိုအုပ်ချုပ်ရန်နှင့် ဗရင်ကျိုက်ကို အင်္ဂလန်ပြည်တွင် ပြန်လည်ထူးကားလာအောင်ပြုလုပ်ရန်တို့ကို ချက်ခြင်းပင်ကြိုးစားဆောင်ရွက်သည်။ ထိုကြောင့် အင်္ဂလန်ပြည်သူပြည်သား အားလုံးလိုလိုပင် ကျိမ်းအားပိုမို မုန်းတီးလာကြလေသည်။

၁၆၈၇ ခုနှစ်တွင်ပြည်သူလူထုအား လုတ်လပ်စွာကိုးကွယ်ခွင့်ပေးသည့်ကျေညာချက်တရပ်ကိုထုတ်ပြန်၏။ ထိုကျေညာချက်အရ ဗရင်ကျိုက်ဝင်များ အကျိုးကျေးဇူး ပို၍ခံစားရမည်ကို အင်္ဂလန်ပြည်သူပြည်သားများကမျှားစွာစိုးရိမ်ကြ၏။ ထိုအခိုက်တွင်ကျိမ်းဆုရင်၏ဗရင်ကျိုက်ဝင်မိဖုရားမှ သားတော်တပါးဖွားမြင်လေသည်။ ထိုအခါသမီးတော်အကြီးနှစ်ပါးဖြစ်သူမေရီနှင့်အန်တို့မှာ ပရိတက်စတန့် ဂိုဏ်းဝင် ဖြစ်လင့်ကစား အင်္ဂလန်ထီးနန်းကို ဆက်ခံရန်အကြောင်းမရှိတော့ပေ။ သို့ဖြင့်တိုင်းပြည်လည်းမငြိမ်မသက်ဖြစ်ကာ ပါလီမန်က ၁၆၈၈ ခုနှစ်တွင်သမီးတော်မေရီ၏ခင်ပွန်းဩရိန်းနယ်စားဝီလျံမင်းသားအားခေါ်ယူကာ အင်္ဂလန်ပြည်ထီးနန်းကိုစိုးစံစေသည်။ ထိုပုန်ကန်မှုကြီးကို ၁၆၈၈ ခုသွေးမြေမကျတော်လှန်မှုဟုခေါ်လေသည်။ ကျိမ်းလည်းထီးနန်းကိုစွန့်ခွာပေးလိုက်ရပြီးနောက် ထောက်ခံအားပေးမည့်သူ ကင်းမဲ့သည့် အတိုင်း ပြင်သစ်နိုင်ငံသို့ထွက်ပြေးတိမ်းရှောင်နေရလေသည်။

ပြင်သစ်နိုင်ငံမှ ၁၄ ဆက်မြောက်လူဝီဘုရင်က ကျိမ်းအားဆီးကြိုပြုစုထားပြီးလျှင် အင်္ဂလန်ပြည်ကိုပြန်လည်တိုက်ခိုက်ရန်စစ်တပ်စသည့်လိုအပ်သောအကူအညီများလည်းပေး၏။ ၁၆၈၉ ခုတွင် အိုင်ယာလန်ပြည်ကို ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ထီးနန်းကို ပြန်လည်ရရှိအောင် ကြိုးစားသေးသည်။ သို့သော်ကျိမ်းသည် ဗွိုင်းစစ်ပွဲတွင် နလံမထူနိုင်အောင် အရှုံးကြီး ရှုံး သွား သဖြင့် ပြင်သစ်ပြည် ပါရစ်မြို့ စိန်ဂျားမိန်းရပ်၌ ၁၇၀၁ ခုကွယ်လွန်သည့်တိုင်နေရတော့သည်။

ကျုံ။ ။တရုပ်နိုင်ငံတွင်လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ခန့်ကပင် ကျုံကိုစားသောက်ရန် ကောက်ပဲသီးနှံအဖြစ် ဖြင့်စိုက်ပျိုးခဲ့ကြသည်။ အီဂျစ်နိုင်ငံနှင့်ဆွစ်ဇာလန်နိုင်ငံတို့တွင် ရှေးလူမျိုးသည်လည်း ကျုံကိုစိုက်ပျိုး၍ စားသောက်ခဲ့သည့် အထောက်အထားများ တွေ့ရှိရသေးသည်။ ထိုအထောက်အထားများမှာတရုပ်နိုင်ငံထက်နှစ်ပေါင်းထောင်ပေါင်းများ



စဝေဝေဆာဆာထွက်နေသောကျုံအနှံများ

စွဲဆပင်ရှေးကျသည်။ ထိုကြောင့်ဂျုံပင်မှာ လူ့ယဉ်ကျေးမှုစကတည်းကပေါ် ပေါက်လာသော စားဖွယ်ရာကောက်မျိုးဖြစ်သည်ဟုဆိုရပေမည်။

အစအဦးတွင် အမေရိကတိုက် သားများ တို့သည် ဖူးစားပြောင်းကို ပဓာနထား၍ စားကြသော်လည်း၊ ယခုအခါတွင် ဂျုံကိုသာအများဆုံး စားသုံးလျက်ရှိကြသည်။ ရာသီဥတုအေးချမ်းသော အခြားတိုင်းပြည်များ၌လည်း ဂျုံကိုပဓာနအစာအဖြစ်စားသုံးကြလေသည်။

ဂျုံပင်သည် စိုစွတ်ပူအိုက်သော ရာသီဥတုတွင် မဖြစ်ထွန်းချေ။ ထိုအပင်မျိုးတို့ကိုမည်း၍စေးသောမြေတို့၌ ကောင်းမွန်စွာစိုက်ပျိုးလုပ်ကိုင်နိုင်သည်။ ထိုမြေမျိုးသည်မိုးဥတု၌ ရွှာသောမိုးရေတို့ကို စုတ်ယူထိန်းသိမ်းထားနိုင်သောကြောင့် အမြစ်၌ သာရေကို အလိုရှိသော ဂျုံပင်တို့နှင့် အထူးပင်သင့်လျော်လေသည်။ နုံးမြေများ၌စိုက်ပျိုးသောအခါ မဖြစ်ထွန်းလှချေ။ သဲမြေ၊ သစ်ဆွေးမြေများ၌ကား ရေသွင်း၍ စိုက်ပါမှအတော်အသင့်ဖြစ်ထွန်းနိုင်သည်။

ဂျုံစိုက်သော မြေကွက်များ၌ နှစ်စဉ်နှစ်တိုင်းဂျုံကိုဆက်လက်စိုက်ပျိုးသွားလျှင် ကောင်းစွာမဖြစ်ထွန်းတော့ပေ။ ထိုကြောင့် ပဲ၊ အာလူးစသည့်အခြားသီးနှံပင်များ အလှည့်ပေး၍စိုက်ရသည်။ သို့တည်းမဟုတ်၊ ဂျုံစိုက်ပြီးမြေကွက်များ၌တရာသီခန့် မည်သည့်အပင်မျှမစိုက်ဘဲ၊ မြေလုပ်ထားခြင်းဖြင့် မြေဩဇာပြန်၍ကောင်းလာအောင်ပြုလုပ်နိုင်၏။

ဂျုံပင်များကိုအနောက်နိုင်ငံများ၌စပရင်းဥတု (နွေကူးရာသီ) တွင် စတင်စိုက်ပျိုးကြ၏။ မြန်မာနိုင်ငံကဲ့သို့ပူအိုက်စိုစွတ်သောရာသီဥတုရှိသည့် တိုင်းနိုင်ငံမျိုး၌ကား မိုးကုန်လောက်တွင်မှ စတင်စိုက်ပျိုး လုပ်ကိုင်နိုင်ကြသည်။ မြန်မာနိုင်ငံတွင်မိုးပါး၍ဆောင်းအခါ၌ အတန်ငယ်အေးသော ရာသီဥတုရှိသည့် ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအထက်ပိုင်းစစ်ကိုင်း၊ အောက်ချင်းတွင်း၊ ကျောက်ဆည်၊ ရွှေဘိုစသည့် လွင်ပြင်ဒေသများတွင်ဂျုံကိုစိုက်ပျိုးကြသည်။


အနောက်နိုင်ငံများတွင် ဆောင်းအခါမအေးလွန်းသော တိုင်းပြည်များ၌ ဂျုံပင်များကို နွေကူးရာသီတွင် သာမက၊ ဆောင်းရာသီ၌လည်းစိုက်ပျိုးကြသည်။ ဤသို့လျှင်နွေကူးရာသီဂျုံနှင့် ဆောင်းရာသီဂျုံဟူ၍ရှိကြသည်။

ဂျုံမှာအမာစား၊ အပျော့စားဟု ၂ မျိုးကွဲသည်။ အရောင်မှာလည်း အနီ၊ အဝါ၊ အဖြူကွဲကာအချို့မှာအရွက်နေပုံ ပုံပန်းသဏ္ဌာန်ပါကွဲပြားခြားနားသည်။ အချို့မှာမှည့်ချိန်ချင်း ကွဲပြားခြားနား၏။ ထိုကြောင့်အမျိုးအစားပေါင်း ၃,၅၀၀ ကျော်မျှရှိလေသည်။ ဂျုံပင်များကို ၄ လခန့်မျှစိုက်ပျိုးရ၏။ မြေအမျိုးအစားကိုလိုက်၍ သင့်တော်မည့်ဂျုံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးကြရသည်။

ဂျုံပင်သည် ဝါဝင်းသောအနှံများဖြင့် ဦးခေါင်းငိုက်လာလျှင်မှည့်၍ ရိတ်ချိန်တန်ပြီဟုသိရသည်။ အချိန်ကျရောက်သည်နှင့်တပြိုင်နက်ရိတ်သိမ်းနိုင်ပါမှ အောင်မြင်သောသီးနှံ

တရုပ်ပြည်သူ့သမတနိုင်ငံ၏စုပေါင်းထွန်ယက်သောလယ်ယာများတွင်ဂျုံကိုစုသိမ်းနေပုံ





ခေတ်မှီစက်ကြီးများဖြင့်ဂျုံကိုရိတ်သိမ်းနေကြစဉ်

များကိုရရှိနိုင်သည်။ အချိန်လိုသေးလျှင်လည်း၊ ဂျုံစေ့များမှာ ရှဲ့တွနေတတ်၍ပိုးတွယ်တတ်၏။ အချိန်လွန်သွားပြန်လျှင်လည်းဂျုံစေ့များကြွေကျတတ်သည်။

ခေတ်မှီသည့်နိုင်ငံကြီးများ၌ကား ဂျုံစိုက်ပျိုးထု၌စက်များကိုအသုံးပြုကြလေသည်။ စိုက်ပျိုးရန်မြေကြီးကိုထွန်ယက်သည်မှစ၍ ပျိုးကြဲခြင်း၊ စိုက်ခြင်း၊ ရိတ်ခြင်း၊ နယ်ခြင်း၊ လှေ့ခြင်း၊ ကြိတ်ခြင်းစသည်တို့ကို စက်ဖြင့်သာလုပ်ကိုင်သွားကြသည်။ အချို့ကဂျုံစေ့များကိုနယ်ရန်အတွက်စက်တစက်၊ လှေ့ရန်အတွက်တစက်၊ ကြိတ်ရန်အတွက်တစက် အသုံးပြုသော်လည်း၊ ယခု၌ကား ရိတ်ခြင်း၊ နယ်ခြင်း၊ လှေ့ခြင်းများကို တခါတည်းအပြီးအစီး လုပ်ကိုင်ပေးနိုင်သောစက်မျိုးပေါ် ပေါက်နေလေပြီ။ မြန်မာနိုင်ငံတွင်ကား ဂျုံကိုစက်ဖြင့်မစိုက်ပျိုးကြသေးချေ။

စက်ကရိယာမသုံးသောမြန်မာနိုင်ငံ၌ ဂျုံပင်များစိုက်ပျိုးပုံမှာ မိုးရာသီအတွင်း၌ဂျုံစိုက်မည့်ကွင်းများကို မိုးရွာပြီးတိုင်း ထွန်ပေးရသည်။ ထယ်ဖြင့် ထိုးပေးရသည်လည်းရှိသည်။ ထိုသို့ထွန်ပြီးနောက်လွင်ပြင်ဒေသများ၌ မိုးကုန်သည့် တန်ဆောင်မုန်းလလောက်တွင်၎င်း၊ ရှမ်းပြည်နယ်၌သီတင်းကျွတ်လတွင်၎င်း မျိုးကြဲလေသည်။ ဂျုံမှာစပါးကဲ့သို့မဟုတ်ဘဲ၊ မျိုးကြဲခြင်းပြီးသည့်နောက်တွင်လည်း၊ မျိုးစေ့များမြေထဲသို့ ၃ လက်မ၊ ၄ လက်မ ခန့်ကျသွား၍၊ မြေဖြင့်ပုံးအုပ်နေလေအောင် ထပ်မံထွန်ပေးရသည်။ သာမန်အားဖြင့်ဆိုလျှင် မြေတကေလျှင်မျိုးစေ့တတင်းခန့် ကြဲပေးရသည်။ သို့ထူတွင် မြေသြဇာကောင်းလျှင်ဖြစ်စေ၊ ရေသွင်းစိုက်ပျိုးရသည့်အခါ၌ဖြစ်စေ၊ မျိုးကြဲနောက်ကျလျှင်ဖြစ်စေ၊ မျိုးစေ့များပိုမိုကြဲပေးရသည်။ ရိတ်သိမ်းချိန်မှာမြန်မာနိုင်ငံ၌ လွင်ပြင်ဒေသများတွင် တပေါင်းလလောက်တွင်၎င်း၊ ရှမ်းပြည်နယ်ကဲ့သို့ ကုန်းမြင့်ဒေသများ၌ တပို့တဲ့လလောက်တွင်၎င်း ရိတ်သိမ်းကြလေသည်။

ရိတ်သိမ်းပုံမှာ ဂျုံပင်များကို တံစဉ်ဖြင့် အပင်ရင်းနားမှကပ်၍ရိတ်ရသည်။ အပင်တို့လျှင်ဆွဲနုတ်ယူရသည်။ ရိတ်ပြီး၊ နုတ်ပြီးလျှင်ကောက်ပင်များကို ကောက်လှိုင်းများပြုလုပ်၍ထားရသည်။ ထိုဂျုံကောက်လှိုင်းများကိုသွေ့သွားစေရန် တရက်နှစ်ရက်ခန့်နေပြီးမှ တလင်းထဲသို့သယ်ယူ၍နွားဖြင့်နင်းနယ်ရသည်။ သို့တည်းမဟုတ်တုတ် ဖြင့်ရိုက်၍ဂျုံစေ့များထုတ်ယူရသည်လည်းရှိသည်။ ထိုနောက်အမှော်အဖျင်းမပါရအောင်လှေ့ပေးရသည်။

မြန်မာနိုင်ငံ၌ဂျုံစိုက်ပျိုးထုတွင် အထွက်မကောင်းလှချေ။ နိုင်ငံတွင်းလိုသမျှကိုပင် မဖြည့်စွမ်းနိုင်အောင် ဂျုံအထွက်နည်းနေသေးသဖြင့် တိုင်းတပါးတို့ကိုသာအားကိုးနေရလေသည်။ ခေတ်မှီသောနိုင်ငံကြီးများ၌ကား စက်ကရိယာများကိုသုံး၍ စံနစ်တကျခေတ်မှီစွာစိုက်ပျိုးလုပ်ကိုင်ကြသဖြင့် အမျိုးအစားကောင်း၍ အထွက်လည်းများပေသည်။ ကမ္ဘာပေါ် တွင်ဂျုံအများဆုံးထွက်အောင်စိုက်ပျိုးနိုင်သောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်၍ ကမ္ဘာ့ဂျုံထွက်သမျှ၏ ၄ ပုံ ၁ ပုံမျှရရှိလေသည်။ ရှရှမှာဒုတိယဂျုံအထွက်

များသောနိုင်ငံဖြစ်၍ ကနေဒါနိုင်ငံမှာတတိယ၊ အိန္ဒိယနိုင်ငံမှာ စတုတ္ထ၊ ပြင်သစ်နိုင်ငံမှာပဉ္စမဖြစ်လေသည်။

ကျုံစေ့ကိုစက်တင်ကြိတ်သော အခါကျုံမှုန့်နှ၊ ကျုံမှုန့်ကြမ်း၊ ရွှေကြည်မှုန့်ခေါ် ကျုံဆန်ကွဲ၊ ကျုံဖွဲဟူ၍ ကျုံမှုန့်အမျိုးအစားများကိုရရှိလေသည်။ ထိုကျုံမှုန့်များဖြင့် မုံပဲသားရေစာအမျိုးမျိုးတို့ကိုပြုလုပ်ကြသည်။

ခေတ်မှီနိုင်ငံကြီးများ၌ ကျုံပင်မှရရှိသောကောက်ရိုးများကို အလဟဿမဖြစ်စေဘဲ၊ စက္ကူ၊ ဦးထုပ်၊ ဖျာ၊ ဖျာပန်းအတုများစသည်တို့ကိုပြုလုပ်ကြသည်။ ကောက်ရိုးပြတ်များကိုကား မီးရှို့ကာမြေဩဇာအဖြစ်အသုံးပြုကြသည်။

ကျုံမှုန့်။ ။ကျုံမှုန့်သည်ကျုံစေ့မှကြိတ်ယူသောအမှုန့်ဖြစ်၍ ပေါင်မုံ၊ ဗီစကွတ်မုံ့ စသည်တို့ကိုကျုံမှုန့်နှင့် ပြုလုပ်ကြသည်။ ကျုံစေ့သည် စပါးစေ့ထက်အနည်းငယ်ပိုရှည်၍ အလုံးပိုကြီးသည်။ သို့ရာတွင်စပါးစေ့လောက်ထိပ်နှစ်ဖက်မချွန်ချေ။ ကျုံစေ့၏ဘေးတဖက်တွင် အရှည်လိုက်ကွဲကြောင်းတခုရှိ၏။ ကျုံစေ့တခုလုံး၏အပြင်ဖက်တွင် အဝါရင့်ရောင်အခွံဖုံးလွှမ်းထား၏။ ကြိတ်လိုက်သောအခါ ထိုအခွံများကိုကျုံဖွဲအဖြစ်ဖြင့်ရရှိသည်။ အခွံအတွင်း၌ကစီအများပါရှိသောအစေ့ဖြူရှိသည်။ ထိုအစေ့ကိုကြိတ်လိုက်သောအခါ ကျုံမှုန့်အဖြူကိုရသည်။ ကျုံစေ့တဖက်စွန်းတွင်အဆန်ကလေးတခုရှိသည်။ ထိုအဆန် သည်ကျုံ၏ဗီဇဖြစ်၍ မြေတွင်စိုက်လျှင် အညှောက်ထွက်လာသည်။

ရှေးအခါက ကျုံကို ကျောက်ဆုံနှင့် ကျောက်ကျည်ပွေများဖြင့်သာ ထောင်းခဲ့ကြသည်။ ထိုနောက်လက်ကြိတ်ဆုံများပေါ် လာသည်။ ထိုလက်ကြိတ်ဆုံများ သည် မြန်မာနိုင်ငံ၌ ယခုတိုင်အသုံးပြုလျက်ရှိသော မုံကြိတ်ဆုံမျိုးကဲ့သို့ ပင်ဖြစ်သည်။ လက်ကြိတ်ဆုံတွင် ကျောက်ပြားဝိုင်း ၂ ခုကို ၂ ဆင့်တပ်ထား၍ အပေါ်ဖက်ကျောက်ပြားအလယ်တွင် အပေါက်ဖောက်ထားသည်။ ကျုံကြိတ်လိုသောအခါ ထိုအပေါက် တွင်းသို့ကျုံစေ့များကို ချပေးကာ အပေါ် ဖက်ကျောက်ပြား ကိုလက်ကိုင်ဖြင့်လှည့်ပေးရသည်။ ထိုမှတဆင့်ကာလအတန်ကြာသော် နွားဖြင့်လှည့်ရသောအလားတူကြိတ်ဆုံအကြီးစားများပေါ် ပေါက်လာပြန်သည်။ နွားများကိုအသုံးပြုနေရာမှတဖန် ရေစီးအား နှင့် လေအား ကို အသုံးပြုရသော ကျုံကြိတ်စက်မျိုး ကို တဆင့်တိုး၍ တီထွင်လာကြပြန်သည်။ ရေစီးအားကို သုံးသောစက်များတွင် ကျောက်ပြားကိုရေစီးအားဖြင့်လည်စေသည်။ ထိုကြောင့် ချောင်းများရှိရာအရပ်တွင် ထိုစက်မျိုးများအလျှိုလျှိုပေါ် ပေါက်ခဲ့ကြသည်။ ရေအားမရနိုင်သောနေရာများတွင်မူ လေအားကိုအသုံးပြုကြရ၏။ ဟော်လန်နိုင်ငံ၌ ယခုတိုင်အောင် အဆိုပါလေအား ဖြင့်လည်သော ကျုံကြိတ်စက်မျိုး အမြောက်အမြား ရှိနေသေး သည်။ ထိုစက်မျိုးများတွင် လေရဟတ်ကြီးများဖြင့်ကျောက်ပြားကိုလည်စေလေသည်။ ကျောက်ပြားတချပ်ပေါ် တွင် အခြားတချပ်ကိုလှည့်ပေး၍ ကျုံကြိတ်လာခဲ့ရာမှ ၁၈၇၀ ပြည့်နှစ်လောက်သို့ရောက်သော အခါ ပျော့ကြောင်းကလေးများ ထိုး ထား သော ဒလိမ့်တုံးများဖြင့် ကြိတ်ပေးသည့်နည်းပေါ် လာသည်။ ယခုခေတ် ကျုံကြိတ်စက်များတွင် အသုံးပြုနေကြသော နည်းမှာ ဤဒလိမ့်ကြိတ်နည်းပင်ဖြစ်၍ ထိုစက်များတွင် သံမဏိဒလိမ့်တုံးများကိုအသုံးပြုထားကြသည်။ ယခုအခါဥရောပတိုက်နှင့် အမေရိကန်နိုင်ငံရှိကျုံစက်ကြီးများမှာ ခေတ်မှီစက်များဖြင့်လည်ရ၍၊ ရှေးကနှင့်စာလျှင် မနှိုင်းယှဉ်သာအောင် အဆပေါင်းများစွာတိုးတက်ကောင်းမွန်လာလေပြီ။

ခေတ်သစ်ကျုံကြိတ်စက်များ၌ အထပ်ပေါင်း ဂ ထပ်မှ ၁၀ ထပ်ခန့်အထိရှိ၍ ကျုံကြိတ်သည့်အလုပ်ကိုအပေါ် ဆုံးထပ်မှ အောက်ဆုံးထပ်တိုင်အောင် အဆင့်ဆင့်လုပ်ကိုင်၍သွားကြသည်။ ကျုံကြိတ်စက်သို့ရောက်လာသောကျုံစေ့များသည် အမှိုက်သရိုက်များနှင့်ရောနေတတ်သောကြောင့် မကြိတ်မီ စင်ကြယ်အောင်ပဌမပြုလုပ်ပေးရသည်။ ထိုနောက်ကျုံစေ့များကိုစက်၏အပေါ် ဆုံးထပ် သို့ တင်ပေးလိုက်သောအခါ တထပ်ပြီးတထပ်အလိုအလျောက်ကြွေကျ၍ အောက်သို့ဆင်းလာသည်။ အထပ်တိုင်း၌ဒလိမ့်တုံးများအသီးသီးရှိကြရာ၊ ပဌမအဆင့်တွင်တခါတည်းညက်သွားအောင်မကြိတ်ဘဲ အခွံနှင့်အဆန်ကွဲရုံသာကြိတ်ပေးလိုက်သည်။ နောက်အဆင့်များသို့ရောက်မှ တခါထက်တခါညက်၍လာသည်။ ညက်သောကျုံမှုန့်များနှင့်မညက်သေးသောကျုံမှုန့်များကို ပိုးဆန်



ကျုံကြိတ်စက်မှကျုံမှုန့်ကျဝနပုံ

ခါစိပ်များနှင့်ချ၍ ခွဲထုတ်ပြီးလျှင် မညက်သေးသောကျုံမှုန်များကိုတဖန်ထပ်၍ကြိတ်ရပြန်သည်။ ဤသို့ကြိတ်ယင်း မှာပင် စက်ကကျုံကြမ်းနှင့်ကျုံဖွဲကိုတခြားစီခွဲထုတ်ပေးသွားသည်။ ဤသို့ဖြင့်နောက်ဆုံးအလွန်ညက်သောကျုံမှုန့်အဖြူသည်ထွင်း၊ ကျုံကြမ်းနှင့်ကျုံဖွဲများသည်ထွင်း၊ တနေ့ထုစီခွဲခြား၍ထွက်လာကြသည်။ ကျုံအမျိုးကိုလိုက်၍အချို့သောကျုံမှုန့်သည် မဖြူဘဲအဝါရောင်ဖြစ်နေတတ်သည်။ လူအများကလည်း ကျုံဖြူကိုသာပို၍ နှစ်သက်ပုံရသည်။ ထိုကြောင့် စက်ပိုင်ရှင်များက ကျုံမှုန့်ဝါများကို ဖြူအောင် ချွတ်၍ပေးလေ့ရှိကြသည်။

ကြိတ်ပြီးသောအခါ ကျုံမှုန့်ကို အရွယ်အမျိုးမျိုးရှိသောအိတ်များဖြင့်ထည့်၍ ရပ်ဝေးရပ်နီးသို့တင်ပို့ရောင်းချသည်။ ကျုံမှာအမျိုးမျိုးရှိသဖြင့် ကျုံမှုန့်လည်းအမျိုးမျိုးရှိပေသည်။ တဖန်ကျုံမှုန့်အကြမ်းအနုကိုလိုက်၍ထင်း၊ ပါဝင်နေသောကျုံဖွဲအနည်းအများကိုလိုက်၍ထင်း၊ ကျုံမှုန့်အစားစားရှိပြန်သည်။ တနှစ်တနှစ်လျှင် တကမ္ဘာလုံး၌ ကျုံမှုန့်အမြောက်အမြားကို ပေါင်မုံ၊ ဗီစကွတ်မုံ့ စသည်တို့ပြုလုပ်၍ စားသောက်လျက်ရှိကြသည်။ ကျုံကြိတ်ရာမှဘေးထွက်ပစ္စည်းအဖြစ်ဖြင့်ထွက်လာသောကျုံဖွဲ၊ ကျုံကြမ်းစသည်တို့ကိုမူ ကျဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်တို့အား ကျွေးမွေးကြရသည်။

ကောင်းကင်ကိုတန်ဆာဆင်လျက်ရှိသောပိမာန်များ

ဂြိုဟ်သည်ကမ္ဘာမြေကြီးကဲ့သို့ပင် နေစကြာဝဠာ၏တစိတ်တဒေသဖြစ်သည်။ သို့သော် ဂြိုဟ်နှင့် ဤကမ္ဘာမြေမှာ သဘာဝချင်းကွဲပြားခြားနားလှ၏။ အချို့မှာကမ္ဘာထက်ငယ်၍၊ အချို့မှာအဆပေါင်းများစွာကြီးသည်။ အချို့မှာအလွန်ပူ၍ အချို့မှာအလွန်အေးသည်။ အချို့တွင်လေမရှိ။ အချို့တွင်ရေမရှိပေ။

ဂြိုဟ်များ။ ။အနောက်နိုင်ငံနက္ခတ္တဗေဒအလိုဌ် ဂြိုဟ်ဟူသည်မှာ နေကိုဗဟိုပြု၍လှည့်ပတ်နေသော ကောင်းကင်တန်ဆာများဖြစ်လေသည်။ ဂြိုဟ်သည်ကြယ်နှင့်ကွာခြားသည်။ ဂြိုဟ်၌ကြယ်ကဲ့သို့ ကိုယ်ပိုင်အလင်းရောင် မရှိချေ။ (ကြယ် — ၎။) ဂြိုဟ်မှထွက်သောအလင်းရောင်သည်နေမှရသောအလင်းရောင်သာ ဖြစ်သည်။ ဂြိုဟ်တို့သည် နေကိုအမြန်နှုန်းအမျိုးမျိုးဖြင့် လှည့်ပတ်နေကြသည်။ နေကိုလှည့်ပတ်နေကြသော ယင်းတို့၏လမ်းကြောင်းများသည် တလမ်းစီဖြစ်ကြသည်။ ထိုလမ်းကြောင်းများ၏ပုံသဏ္ဌာန်မှာ ဘဲဥပုံသဏ္ဌာန်ဖြစ်သည်။

သိပ္ပံပညာအရ ယနေ့အထိသိရသလောက်မှာ နေကိုလှည့်ပတ်နေသော ဂြိုဟ်ပေါင်း ၉ လုံးသာလျှင်ရှိသည်။ နေနှင့်အနီးဆုံးမှအစပြု၍ အစဉ်အတိုင်းဖော်ပြရသော်၊ မာကျူရီ (ဗုဒ္ဓဟူးဂြိုဟ်)၊ ဗီးနပ် (သောကြာဂြိုဟ်)၊ ကမ္ဘာဂြိုဟ်၊ မား (အင်္ဂါဂြိုဟ်)၊ ဂျူပီတာ (ကြာသပတေးဂြိုဟ်)၊ ဆက်တန် (စနေဂြိုဟ်)၊ ယူရေးနပ်၊ နက်ပကျွန်းနှင့် ပလူတိုတို့ဖြစ်ကြ၏။ ထိုဂြိုဟ်အားလုံးပင် အနောက်ဖက်မှအရှေ့ဖက်သို့ လည်ကြသည်။ မာကျူရီနှင့် ဗီးနပ်ဂြိုဟ်တို့သည် နေနှင့်ကမ္ဘာကြားတွင်ရှိ၍ ကျန်ဂြိုဟ်များမှာမူ ကမ္ဘာလမ်းကြောင်း အပြင်ဖက်တွင် ရှိကြသည်။ နေကိုလှည့်ပတ်ရာတွင် မာကျူရီနှင့် ဗီးနပ်တို့သည် ကမ္ဘာထက်မြန်၍ ကျန်ဂြိုဟ်များသည် ကမ္ဘာထက်နှေးသည်။ မားနှင့်ဂျူပီတာအကြားတွင် နေကိုလှည့်ပတ်သွားနေကြသော ဂြိုဟ်ကလေးပေါင်းများစွာ ရှိသေးသည်။

အဆိုပါဂြိုဟ်အားလုံးတို့သည် နေစကြာဝဠာမိသားစုထဲတွင် ပါဝင်ကြသော်လည်း တခုနှင့်တခုမတူဘဲ ကွဲပြားခြားနားကြကုန်သည်။ ဂြိုဟ်အချို့သည် ကမ္ဘာထက်ငယ်ကြ၍ အချို့မှာမူကမ္ဘာထက် အဆပေါင်းများစွာ ကြီးမားကြသည်။ အချို့မှာအလွန်ပူ၍ အချို့မှာအလွန်အေးသည်။ ဂြိုဟ်အချို့တွင်လေမရှိ။ ဂြိုဟ်အချို့တွင်ရေမရှိပေ။

မာကျူရီသည် နေနှင့်အနီးဆုံးဂြိုဟ် ဟုဆိုရသော်လည်း နေမှမိုင်ပေါင်း ၃၆,၀၀၀,၀၀၀ ဝေးကွာသည်။ အချင်းမှာ မိုင်းပေါင်း ၃၀၀၀ ဖြစ်သဖြင့် ကမ္ဘာထက်ငယ်သည်။ ဂြိုဟ်အားလုံးအနက်နေကိုအမြန်ဆုံးလှည့်ပတ်သောဂြိုဟ်ဖြစ်၏။ မာကျူရီသည် ဂဂ ရက်နှင့် နေကိုတပတ်ပြည့်အောင်လှည့်သဖြင့် ထိုဂြိုဟ်၌တနှစ်တွင် ရက်ပေါင်း ဂဂ ရက်သာရှိသည်။ နေနှင့်မည်သည့်အခါမျှ မဝေးကွာသောကြောင့် ထိုဂြိုဟ်သည် နေထောင်တွင်ပျောက်နေလေ့ရှိသည်။ တခါတရံ နေဝင်ပြီးနောက် တနာရီလောက်ကြာအောင်အထိ အနောက်ယွန်းယွန်း ကောင်းကင်ယံ၌ဖြစ်စေ၊ တခါတရံ နံနက်နေမထွက်မီ အရှေ့တက်အချိန်တွင် အရှေ့ယွန်းယွန်း ကောင်းကင်ယံ၌ဖြစ်စေ၊ ယင်းကိုတွေ့မြင်ရတတ်ပေသည်။ ယင်းဂြိုဟ်၌လေ၊ သို့မဟုတ်လေထု မရှိချေ။ ထိုဂြိုဟ်သည် ဝင်ရိုးပေါ်၌ တပတ်လည်ရန် မည်မျှကြာသည်ကို အငြင်းပွားလျက် ရှိကြသည်။ သို့ရာတွင် နေကိုလှည့်ပတ်စဉ် မိမိဝင်ရိုးပေါ်၌ တပတ်လည်သည်ကိုမူ တွေ့ရ၏။ နေဖက်သို့လှည့်နေသော အပိုင်း၏ မျက်နှာပြင်အပူချိန်သည် ၆၅၀ ဒီဂရီ ဖာရင်ဟိုက်ခန့် ဖြစ်သည်။ အခြားဖက်အပိုင်းမှာမူ အလွန်အေးသည်။

ဗီးနပ်သည် အလွန်တရာတောက်ပသောကြောင့် ယင်းကို ကောင်းကင်တွင် အခြားဂြိုဟ်များထက် လွယ်ကူစွာမြင်ရသည်။ နေနှင့်လတ္တီကလွဲလျှင် ဗီးနပ်သည်အထွန်းလင်းဆုံး



နက္ခတ် မျှော်စင်တွင် ဤကဲ့သို့ အလွန်အားကောင်းသော တယ်လီစကုပ်ဖြင့်ဂြိုဟ်များကိုလေ့လာကြသည်။

ဖြစ်၏။ လကဲ့သို့ပင် ပုံသဏ္ဌာန်ပြောင်းသည်။ ပြည့်ဂန်းနေချိန်တွင် ဗီးနပ်သည် ကမ္ဘာနှင့်အလွန်ဝေးသောကြောင့် အလွန်သေးငယ်စွာမြင်ရသည်။ လခြမ်းပုံဖြစ်နေချိန်တွင်မှု၊ ဗီးနပ်သည် အထွန်းလင်းဆုံးဖြစ်၏။ ဗီးနပ် ဂြိုဟ်လုံး၏ အချင်းမှာ ၇၅၅ မိုင် ခန့်ရှိသောကြောင့် အရွယ်အားဖြင့် ကျွန်ုပ်တို့ကမ္ဘာနီးပါးမျှ ရှိသည်။ ထိုဂြိုဟ်၏ပတ်ဝန်းကျင်၌ အလွန်ထူထပ်သော လေထုရှိသည့်အတွက် မှန်ပြောင်းဖြင့် ကြည့်သောအခါ ဂြိုဟ်၏ မျက်နှာပြင်ကိုမမြင်ရချေ။

ဗီးနပ်ဂြိုဟ်ကို တိမ်တောင်တိမ်လိပ်များ အမြဲဖုံးအုပ်နေသောကြောင့် ထိုဂြိုဟ်၌ လေရှိမည်မှာ သေချာသည်။ နေမှရရှိသောအပူရှိန်သည် လည်း သက်ရှိသတ္တဝါ တမျိုးမျိုးတို့နေနိုင်ရန် အတွက် လုံလောက်သည်ဟု ယူဆနိုင်စရာအကြောင်းရှိသည်။ သို့သော် လူတို့နေနိုင်ရန်အတွက် အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ ရေခိုးရေငွေ့တို့ လုံလောက်စွာရှိ မရှိကိုကား မည်သူမျှသေချာစွာ မပြောနိုင်ချေ။

မားသည် အရွယ်အားဖြင့် ကမ္ဘာ၏တဝက်မျှသာရှိသည်။ ထိုဂြိုဟ်သည် အချို့အချက်များတွင် ကမ္ဘာနှင့်ဆင်တူသည်။ မားဂြိုဟ်သည် ဝင်ရိုးပေါ်၌ တပတ်လည်ထုတွင် ကမ္ဘာကဝင်ရိုးပေါ်၌ တပတ်လည်သလောက်ပင် ကြာမြင့်သည်။ ထိုအချိန်မှာ ၂၄ နာရီ ၃၇ မိနစ်ဖြစ်၏။ ကမ္ဘာ၏ ဝင်ရိုးစောင်းသလောက် မား၏ဝင်ရိုးလည်း စောင်းသည်။ ကမ္ဘာဂြိုဟ်၌ ဖြစ်ပေါ်သော ရာသီဥတုမျိုး မား၌လည်း ဖြစ်ပေါ်၏သည်။ သို့ရာတွင် မား၌ဖြစ်သော ရာသီဥတုတို့သည် ကမ္ဘာ၌ဖြစ်သော ရာသီဥတုတို့ထက် အချိန်ကာလအားဖြင့် ၂ ဆပို၍ကြာသည်။ မားဂြိုဟ်၏ မျက်နှာပြင်သည် ကမ္ဘာ၏မျက်နှာပြင်ထက် ပို၍ပြေပြစ်သည်။ ကမ္ဘာပေါ်၌ရှိသော ကုန်းမြင့်များ၊ တောင်တန်းကြီးများ မားပေါ်၌ မရှိချေ။ မား၏ဝင်ရိုးစွန်းအရပ်များ၌ ဖြူနေခြင်းမှာ နှင်းများ ဖုံးအုပ်ထားသောကြောင့်ဟု ယူဆရသည်။ မားပေါ်တွင် ချောင်းများမြောင်းများ ရှိသည်။ သက်ရှိသတ္တဝါများ ကေန်ရှိသည်ဟူ၍မူ မည်သူမျှ မဆိုနိုင်သေးချေ။ မားပေါ်တွင် လေထုရှိသည်ဟု ဆိုရသော်လည်း ကမ္ဘာ၏လေထုလောက် ထူထပ်သိပ်သည်းခြင်း မရှိချေ။ မား၏ဆွဲအားသည်လည်း ကမ္ဘာ၏ဆွဲအားလောက် မကြီးချေ။ ကမ္ဘာပေါ်တွင် ၆ ပေခုန်နိုင်သူသည် မားပေါ်၌ ၁၆ ပေမျှ ခုန်နိုင်ပေမည်။ ပျမ်းမျှအပူချိန်သည် ရေခဲသည့်အပူချိန်ထက် နည်းမည်ဟု ခန့်မှန်းရသော်လည်း ရှည်လျားသောနွေရာသီတွင်မူ ထိုထက်ပူလိမ့်မည်ဟု ယူဆရသည်။

ဂျူပီတာသည် ဂြိုဟ်များတွင်အကြီး ဆုံးဖြစ်သော ကြာသပတေးဂြိုဟ်ကို ခေါ်သည့် အမည်ပင်ဖြစ်၏။ ထိုဂြိုဟ်ကြီးသည် ကျွန်ုပ်တို့ကမ္ဘာမှ မိုင်ပေါင်း ၆၀၀,၀၀၀,၀၀၀ ကွာဝေး၍ ပမာဏအားဖြင့် ကျွန်ုပ်တို့၏ကမ္ဘာထက် အဆပေါင်း ၁,၃၀၀ ရှိ၏။ သို့ရာတွင် အလေးချိန်အားဖြင့် ၃၁၇ ဆသာ ရှိသည်။ ဝင်ရိုးစွန်းတခုမှ တခုသို့ အချင်းမိုင်ပေါင်း ၈၂,၉၀၀၊ အီကွေတာ (အလယ်ရစ်) ၌ အချင်းမိုင်ပေါင်း ၈၈,၇၀၀ ရှိသည်ဟု ဆိုလေသည်။ ဂျူပီတာသည် ဗီးနပ်ခေါ်သောကြာဂြိုဟ်မှတပါး၊ အထွန်းလင်းဆုံး ဂြိုဟ်ကြီးဖြစ်၍၊ တောက်ပသော အရံဂြိုဟ် ၁၁ လုံး ခြံရံလျက်ရှိသည်။ နေမှ အကွာအဝေးအလိုက် ဆိုရလျှင်၊ ဂျူပီတာသည် ပဉ္စမမြောက် ဂြိုဟ်ကြီးဖြစ်၍၊ နေကို ၁၂ နှစ်ခန့်တွင်မှ တပတ် ပတ်မိအောင် လှည့်လည်ရသည်။ မိမိဝင်ရိုးပေါ်တွင် တပတ်လည်ရန်မှာ ၉ နာရီ ၅၅ မိနစ်ကြာသည်။

ဂျူပီတာကို မှန်ပြောင်းဖြင့် ကြည့်သောအခါတွင်မည်း၍ တောက်ပြောင်သော အစင်းကြောင်းများကိုတွေ့ရသည်။ အမည်းစက်များလည်း တခါတရံ ပေါ်ပေါက်လာတတ်၏။ ထိုအမည်းစက်များသည် တဖြည်းဖြည်း မှိန် သွားကြပြီးလျှင် ကွယ်ပျောက်သွားတတ်ကြ၏။ ထိုအမည်းစက်များသည် ဂြိုဟ်ဓာတ်ငွေ့များကို ဂြိုဟ်အတွင်းမှထွက်လာသော ဓာတ်ခိုးဓာတ်ငွေ့များ ဖြစ်တန်ရာသည်ဟု နက္ခတ္တဗေဒပညာရှင်တို့က ယူဆကြလေသည်။ နေမှ ဂျူပီတာအကွာအဝေးသည် နေမှ ကမ္ဘာအကွာအဝေးထက် ၅ ဆမျှရှိသည်။ ထိုကြောင့် အပူချိန်သည် ဖာရင်ဟိုက် ဒီဂရီ သုညဆောက် များစွာကျဆော်က်

ပေမည်။ ဖာရင်ဟိုက် ဒီဂရီ—၂၀၀ (သည်အောက်ဒီဂရီ ၂၀၀) လောက် အပူချိန်ရှိသည်ဟူ၍ခန့်မှန်းချက်ရှိသည်။ များးမကြာမီကပင် နက္ခတ္တဗေဒပညာရှင်တို့သည် ဂျူပီတာဂြိုဟ်ပေါ်၌ အမ်မိုးနီးယား ဓာတ်ငွေ့နှင့် မက်သိန်း ဓာတ်ငွေ့တို့ ရှိကြောင်း သိရှိခဲ့ကြလေသည်။

ဆက်တန်ဂြိုဟ်သည် ဒုတိယအကြီးဆုံးဂြိုဟ်ဖြစ်သည်။ ထိုဂြိုဟ်တွင် ကွင်းများပါရှိသဖြင့် အလွန်ထူးဆန်းသည်။ ယခုအခါ ထိုကွင်းများကို ဒြပ်ဖြင့် တသားတည်း ပြီးနေသည်ဟု မယူဆတော့ဘဲ၊ ထိုဂြိုဟ်ကို အလွန်များပြားသော ဥက္ကာများက ဝန်းရံလှည့်ပတ်နေသောကြောင့် အဖြူထောင်ကွင်းများသဏ္ဌာန် ဖြစ်ပေါ်နေသည်ဟု ဆိုလေသည်။ ဆက်တန်ဂြိုဟ်၌ ကွင်း ၃ ကွင်းရှိသည်။ ထိုကွင်းတို့၏ အဝန်းသည် အလွန်ကျယ်ဝန်းကြီးမား၍ အတွင်းအကျဆုံး သောကွင်း၏ အနားမှ အပြင်ဖက်အကျဆုံးအနားသို့ မိုင် ပေါင်း ၎၁,၅၀၀ မျှကျယ်၏။ ထိုကွင်းတို့၏အထူမှာ ၁၀ မိုင် ခန့် ရှိမည်။ ဆက်တန်ဂြိုဟ်သည် ဝင်ရိုးပေါ်၌ တပတ်လည် ရန် ၁၀ နာရီ ၁၄ မိနစ်ကြာသည်။ ဆက်တန်ဂြိုဟ်၏ကွင်းများသည် ၁၅ နှစ်ခန့်တွင် တကြိမ် ကမ္ဘာဖက်သို့ထောင်လိုက်တည့်တည့် ကျသဖြင့် ကမ္ဘာမှ ထိုကွင်းများကို အလွန်အားကောင်းသော တယ်လီစကုပ်ဖြင့်ကြည့်သော်ငြားလည်း မမြင်ရသလောက်ရှိသည်။

ယူရေးနပ်၊ နက်ပကျွန်းနှင့် ပလူတိုဂြိုဟ်တို့၏အကြောင်းကိုမူ အနည်းအကျဉ်းမျှသာ သိရှိရသေးသည်။ ကမ္ဘာမှ အလွန်တရာဝေးကွာလှသောကြောင့် အလွန်အားကောင်းသော တယ်လီစကုပ်ဖြင့် ကြည့်လင့်ကစား ထွန်းလင်းနေသော ကောင်းကင် တန်ဆာကလေးများအဖြစ်မှ လွဲ၍ အခြားမည်သည့် အကြောင်းအချက်များကိုမျှ မတွေ့မြင်ရပေ။ ဂျူပီတာ၊ ဆက်တန်တို့နှင့်နှိုင်းစာလျှင် ယူရေးနပ်နှင့် နက်ပကျွန်းတို့သည် သေးငယ်သော်လည်း ကမ္ဘာနှင့် နှိုင်းစာလျှင်ကား အလွန်ပင် ကြီးမားပေသည်ဟု နက္ခတ္တဗေဒပညာရှင်တို့ကယူဆကြသည်။

မာကျူရီ၊ ဗီးနပ်၊ ပလူတိုတို့မှလွဲ၍ အခြားဂြိုဟ်များ၌ အရံဂြိုဟ်များရှိသည်။ ပလူတို၌ အရံဂြိုဟ်မရှိတန်ရာဟု ယူဆထားသည်။ ကျွန်ုပ်တို့ကမ္ဘာကို လှည့်ပတ်နေသော လသည်ကမ္ဘာ၏အရံဂြိုဟ် ဖြစ်၏။ များ၌ အလွန်ငယ်သော အရံဂြိုဟ် ၂ လုံး ရှိသည်။ ဂျူပီတာ၌ အရံဂြိုဟ် ၁၁ လုံး၊ ဆက်တန်၌ ၉ လုံး၊ ယူရေးနပ်၌ ၅ လုံး၊ နက်ပကျွန်း၌ ၁ လုံး အသီးအသီးရှိကြသည်။

အာကာသလောကတွင် ပလူတိုကို လွှန်၍ အခြားဂြိုဟ်များရှိကောင်းရှိပေဦးမည်။ ဂြိုဟ်သစ်များကို ရှာဖွေသော လုပ်ငန်းမှာ စတင်ခဲ့ပြီဖြစ်ရာ၊ နောင်အခါ မည်သို့သောဂြိုဟ်များကို ထပ်မံတွေ့ဦးမည်ကို စောင့်ကြည့်ရန်သာရှိပေသည်။


မြန်မာ့အခေါ်၌ ဂြိုဟ်ဟူသည်မှာအိမ်၊ သို့မဟုတ်ဗိမာန်ဟု အဓိပ္ပါယ်ရ၏။ နေကိုတနင်္ဂနွေဂြိုဟ်မင်းလကိုတနလ်ာဂြိုဟ်မင်းဟူ၍ သတ်မှတ်သည်။ အထက်ကပြဆိုခဲ့သော အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဂြိုဟ်တို့အပြင် ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်ဟုလည်းရှိသေးသည်။

အောက်ပါဇယား၌ ဂြိုဟ်များကို သိပ္ပံပညာအရဂုဏ်း၊ သင်္ကန္ဒပါဠိ၊ ဟင်ဒီ၊ မြန်မာ အခေါ်များအရဂုဏ်း၊ အစဉ်အတိုင်းနှိုင်းယှဉ်၍ပြလိုက်သည်။

သိပ္ပံပညာ	သင်္ကန္ဒ/ပါဠိ	ဟင်ဒီ	မြန်မာ
မာကျူရီ	ဗုဓ	ဗုဓ	ဗုဒ္ဓဟူးဂြိုဟ်
ဗီးနပ်	ဈုကြ	ဈုကြ	သောကြာ
ကမ္ဘာ	—	ပထ္ထိ=ပထဝီ	—
မား	မံဂလ/အင်္ဂါရ	မံဂလ	အင်္ဂါ
ဂျူပီတာ	ဗၖဟသ္ပတိ/ဂုရု	ဗၖဟသ္ပတိ/ဂုရု	ကြာသပတေး
ဆက်တန်	ဈနိ	ဈနိ	စနေ
ယူရေးနပ်	—	ဝါရုဏ	—
နက်ပကျွန်း	—	ဟရိဂြဟ (ဂြိုဟ်စိမ်း)	—
ပလူတို	—	ပီတဂြဟ	—
—	ရာဟု	—	ရာဟု
—	ကေတု	—	ကိတ်
—	နေ	—	တနင်္ဂနွေ
—	လ	—	တနလ်ာ

ဂြိုဟ်သိမ်ဂြိုဟ်မှုးများ။ ။ဂြိုဟ် သိမ်ဂြိုဟ်မှုး များဆိုရာ၌ နေစကြာဝဠာတွင် ဂျူပီတာဂြိုဟ်နှင့် မားဂြိုဟ်တို့သွားရာလမ်းကြောင်းနှစ်ခုစပ်ကြား မိုင် ၃၀၀,၀၀၀,၀၀၀ ကျယ်ပြောသော လဟာပြင်ကြီးရှိ ဂြိုဟ်ကလေးပေါင်းများစွာကိုဆိုသည်။ ယနေ့အထိ ဂြိုဟ်ကလေးပေါင်း ၁၅၀၀ ကျော်မျှကို နက္ခတ္တဗေဒပညာရှင်တို့တွေ့ရှိခဲ့ပြီးဖြစ်၍ နောက်ထပ်လည်း အခြားဂြိုဟ်ကလေးများကို ထပ်မံတွေ့ရှိနေရဆဲဖြစ်သည်။ ဂြိုဟ်ကလေးတို့သည် မည်မျှသေးငယ်ကြသနည်းဟူမူ အကြီးဆုံးကိုပင် သာမန်မျက်စိဖြင့်ကြည့်၍မမြင်နိုင်ချေ။ မှန်ပြောင်းနှင့်ကြည့်မှသာလျှင် မြင်နိုင်သည်။ အကြီးဆုံးသောဂြိုဟ်ကလေးမှာ ဆီးရိုးဖြစ်၍ အချင်း ၄၅၅ မိုင်ရှိ၏။ ဂြိုဟ်ကလေးအချို၏အချင်းမှာ ၁၀ မိုင်အောက်ပင် ငယ်ကြသေးသည်။

အဆိုပါဂြိုဟ်ကလေးတို့သည် ဂြိုဟ်ကြီးတလုံးကြေမွသွားရာမှ ဖြစ်ပေါ်လာဟန်တူသည်ဟု ရှေးကယူဆခဲ့ကြသည်။ သို့ရာတွင် ယခုခေတ်နက္ခတ္တဗေဒပညာရှင်တို့က အောက်ပါအတိုင်းယူဆကြ၏။ ဂြိုဟ်ကလေးတို့သည် ယင်းတို့တည်



ကျောက်တုံးကျောက်ခဲသဏ္ဌာန်ရှိသော အီးရော့ဂြိုဟ်

ဂြိုဟ်များသည်လုံးဝန်းသောပုံသဏ္ဌာန်ရှိသည် ဟုထင်မြင်ကြပေမည်။ သို့ရာတွင်နက္ခတ္တဗေဒပညာရှင်တို့၏ စူးစမ်းချက်အရ အီးရော့ ခေါ်ဂြိုဟ်ကလေးသည် ကျောက်တုံး၊ ကျောက်ခဲကဲ့သို့ ပုံသဏ္ဌာန်မပြေပြစ်သော အစိုင်အခဲဖြစ်ကြောင်း သိရှိရသည်။ ထိုကြောင့် အခြားဂြိုဟ်သိမ်ဂြိုဟ်မှား များ သည်လည်း အီးရော့ဂြိုဟ်ကဲ့သို့ပင် ဖြစ်မည်ဟုအချို့ကယူဆကြသည်။ ယာဖက်ထောင့်စွန်ရှိပုံတွင်အီးရော့ဂြိုဟ်သွား ရာလမ်းကြောင်းသည်မားဂြိုဟ်၏လမ်းကြောင်း အတွင်းသို့ဖြတ်ကျော်လျက်ရှိသည်ကိုတွေ့နိုင်ပေသည်။ ထိုပုံတွင်ဂြိုဟ်များကို နေ နှင့် အနီးအဝေးအလိုက် စီစဉ်ရှုပြထားပေသည်။

ရှိရာနယ်အတွင်း၌ ဆွဲအားကောင်းသောမဏ္ဍိုင်တခုသာ အကယ်၍ရှိပါက ထိုမဏ္ဍိုင်၌စုပေါင်း၍ ဂြိုဟ်ကြီးတလုံးဖြစ်လာနိုင်ဖွယ်ရာရှိသည်။ မည်သို့ဆိုစေကာမူ ထိုဂြိုဟ်ကလေးများဖြစ်ပေါ်တည်ရှိနေပုံ၏ဇာစ်မြစ်ကိုကား မည်သူမျှအတိအကျအပြည့်အစုံမသိရသေးချေ။

ဂြိုဟ်ကလေးတို့သည် ဂြိုဟ်ကြီးများနည်းတူပင် နေကို လှည့်ပတ်၍နေကြသည်။ နေကိုလှည့်ပတ်ရာ၌ ၃ နှစ်မှ ၁၀ နှစ်အထိအချိန်ကြာ၏။ ဂြိုဟ်ကလေးတို့သွားရာလမ်းကြောင်းများသည် ဘဉပုံသဏ္ဌာန်များဖြစ်ကြသည်။ လမ်းကြောင်း၏အစွန်းတဖက်သည် အခြားအစွန်းထက် နေနှင့် များစွာပိုမိုနီးကပ်လျက်ရှိသည်။

ဂမ္ဘီ

အီးရော့ခေါ်ဂြိုဟ်ကလေးသည် ၂၇ နှစ်တွင်တကြိမ်ကျရောက်မှာနှင့်မိုင် ၁၃,၀၀၀,၀၀၀ ကွာဝေးသောနေရာသို့ ရောက်လာတတ်သည်။ ထိုဂြိုဟ်ကလေး ရွေ့ရှားနေပုံကိုကြည့်၍နက္ခတ္တဗေဒပညာရှင်တို့သည် ကမ္ဘာမှ နေ၏အကွာအဝေးကိုအကောင်းဆုံးနည်းဖြင့် တွက်ချက်ယူနိုင်ကြသည်။ ထိုဂြိုဟ်ကလေးကို ၁၈၉၈ ခုနှစ်တွင်ဘာလင်မြို့မှ ဗစ်ဆိုသူနက္ခတ္တဗေဒပညာရှင်တဦးက စတင်တွေ့ရှိခဲ့သည်။ အီးရော့သည် ကျွန်ုပ်တို့ကမ္ဘာဂြိုဟ်ကဲ့သို့ အလုံးပုံမဟုတ်ဘဲ၊ ကျောက်တုံးကျောက်ခဲကြီးကဲ့သို့ပုံပန်းမပြေပြစ်သည့် အစိုင်အခဲကြီးဖြစ်ကြောင်းကို ထူးဆန်းစွာတွေ့ရလေသည်။ ဤအချက်ကိုထောက်သဖြင့် အခြားဂြိုဟ်ကလေးများလည်း ဤအတိုင်း ဖြစ်နိုင်စရာရှိသည်ဟု အချို့ကယုံကြည်ယူဆကြသည်။

ဂွမ္ဘီ။ ။ဂွမ္ဘီသည်ရခိုင်တိုင်းသံတွဲခရိုင်၏တောင်ဖက်အစွန်ဆုံးမြို့နယ်ရုံးစိုက်ရာဒေသဖြစ်သည်။ ဂွမြစ်လက်ျာဖက်ကမ်းတွင်တည်ရှိသည်။ ဂွမြို့မှမြောက်ဖက်သို့လားသော် မိုင် ၅၀ ခန့်တွင်ရှောက်ကုန်းရွာကျောက်ပုံရေးစခန်း၌ သံတွဲမြို့နယ်နှင့်ပိုင်းခြားထားသောနယ်ခြားကျောက်တိုင်ရှိသည်။ ဂွမြို့မှတောင်ဖက်သို့ ၁၂ မိုင်ခန့်လားသော် သာပေါင်းမြို့နယ်နိမိတ်နှင့်စပ်မိ၏။ အရှေ့ဖက်တွင်ရခိုင်ရိုးမတောင်ခြေ၊ အနောက်ဖက်တွင် ဗင်္ဂလားပင်လယ်အော်ရှိသည်။

ရခိုင်တိုင်းကိုဗြိတိသျှတို့သိမ်းပိုက်၍၊ သံတွဲခရိုင်ကိုသတ်မှတ်စဉ်က၊ ဂွမြို့နယ်သည်သံတွဲခရိုင်၌အပါအဝင်ဖြစ်သည်။ သို့သော်ခရစ် ၁၈၅၂ ခုနှစ် အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းကိုဗြိတိသျှတို့သိမ်းပိုက်လိုက်သောအခါ ဂွမြို့နယ်တွင်းရှိ ကျိန်တလီရွာအထိပါဝင်သောဒေသကို ပုသိမ်မြို့နယ်နှင့်ပေါင်းစပ်လိုက်သည်။ သို့သော်တဖန်ခရစ် ၁၈၆၇ ခုနှစ်သို့ရောက်သောအခါ၊ ယင်းနယ်ကိုသံတွဲခရိုင်သို့ပြန်လည်သွတ်သွင်းပြီးလျှင် ဂွမြို့နယ်ကို ယခင်ကအတိုင်းတည်ရှိစေခဲ့သည်။

ဂွမြို့နယ်၏အဓိကလုပ်ငန်းမှာ တံငါလုပ်ငန်းဖြစ်သည်။ သို့သော်ထိုလုပ်ငန်းသည် မြို့နယ်တွင်းဖူလုံမှုတရုံသာရှိသည်။ ယင်းမြို့နယ်မှ မျင်ငပိအကောင်းစား ထွက်သော်လည်း၊ အခြားအရပ်သို့တင်ပို့ရောင်းချလောက်အောင် မထွက်ချေ။

ဆန်စပါးစိုက်ပျိုးသည်။ သစ်၊ ဝါး၊ အုန်းသီးပေါသည်။ ရောင်းရေးဝယ်တာအတွက် ဂွမ်ို့နှင့် ပုသိမ်မြို့တို့သည် ကတ္တူသမ္မန်ကြီးများဖြင့်အဆက်အသွယ်ရှိကြသည်။ ဂွမ်ို့မှမော်တင်စွန်းကိုကွေ့၍၊ ငဝန်မြစ်အတိုင်းဆန်တက်လျှင်၊ ပုသိမ်မြို့သို့ရောက်နိုင်သည်။

ဂွာတီမားလနိုင်ငံ။ ။ဂွာတီမားလနိုင်ငံသည် အမေရိကတိုက် အလယ်ပိုင်းတွင် အရေးအကြီးဆုံးနှင့် လူဦးရေအများဆုံးနိုင်ငံဖြစ်လေသည်။ မူလကထိုနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်းပြည်နယ်များအဖွဲ့တွင် ပါဝင်ခဲ့သော်လည်း၊ ၁၈၃၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် သမတနိုင်ငံအဖြစ်ဖြင့် ကျေညာခဲ့လေသည်။ လက်ရှိအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ၁၉၄၅ ခုနှစ်ကအတည်ပြုခဲ့သောဥပဒေဖြစ်သည်။

ဂွာတီမားလ နယ်မှာ မက္ကဆီကိုနယ်၏ တောင်ဖက်နှင့် အယ်ဆယ်လဗာဒေါနိုင်ငံနှင့် ဟွန်ဒူးရပ်နယ်တို့၏ မြောက်ဖက်တွင် တည်ရှိသည်။ မီးတောင်ငယ်အများအပြားပါဝင်သော ဆီယယ်ရာမက်ဒရီတောင်တန်းသည် ဂွာတီမားလနိုင်ငံကို ပစိဖိတ်သမုဒ္ဒရာအနီးမှအစပြု၍ အနောက်မြောက်ဖက်မှသည် အရှေ့တောင်ဖက်သို့ ဖြတ်သန်းလျက်တည်ရှိလေသည်။ ကျဉ်း မြောင်းသော အနောက်ပိုင်းဆင်ခြေလျှောဒေသမှာ မြေဩဇာထက်သန်၍ လူနေအများဆုံးဒေသဖြစ်သည်။ အတွင်းလန္တိတ်ကမ်းခြေဖက်တွင် တောင်များရှိ၍ မြောက်ဖက်တွင်ကား ပေတင်လွင်ပြင်ရှိသည်။ ဤနိုင်ငံတွင် ရေအိုင်များလည်းအများအပြားရှိသည်။

ဂွာတီမားလနိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၄၂,၀၄၂ ရှိ၍ လူဦးရေမှာ ၁၉၇၀ ပြည့်နှစ်သန်ခေါင်စာရင်းအရ ၂,၇၀၇,၀၃၀ ဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းမှာ ကယ်ရစ်ဗျန်ပင်လယ်ဖက်တွင် မိုင် ၇၀ မျှရှည်လျားး၍ ပစိဖိတ်သမုဒ္ဒရာဖက်တွင် မိုင် ၂၀၀ မျှရှည်လျားသည်။


ဂွာတီမားလနယ်ကို သဘာဝအပိုင်းအခြားအားဖြင့် (၁) ပစိဖိတ်ကမ်းခြေမြေနိမ့်ဒေသ (၂) ဆီယယ်ရာမက်ဒရီအရပ်ရှိ မီးတောင်ဒေသ (၃) မြောက်ပိုင်းတောင်ကုန်းဒေသ (၄) အတွင်လန္တိတ်ကမ်းခြေဖက်ရှိ တောင်တန်းဒေသနှင့် (၅) ပေတင်လွင်ပြင်ဟူ၍ ၅ ပိုင်းခွဲခြားနိုင်၏။

ရာသီဥတုမှာ ကျန်းမာရေးနှင့် သင့်တင့်သော ရာသီဥတုဖြစ်၏။ သို့ရာတွင်ကမ်းခြေပိုင်းဌကား ရာသီဥတုအခြေအနေမှာ အနည်းငယ်ဆိုးရွားလေသည်။ နှစ်စဉ်ရွာသွန်းသောပျမ်းမျှမိုးရေချိန်မှာ ၆ လက်မဖြစ်၏။

ဂွာတီမားလနိုင်ငံမှာ မီးတောင်ပေါများသည့်ဒေသဖြစ်သောကြောင့် မြေသြဇာကောင်းမွန်၍ စိုက်ပျိုးရေးများစွာဖြစ်ထွန်း၏။ အဓိကအရပ်ဒေသများတွင် ဂျုံကိုတနှစ်လျှင် ၂ သီး၊ ပြောင်းကိုတနှစ်လျှင် ၃ သီးအထိ စိုက်ပျိုးလုပ်ကိုင်ကြသည်။ ကာဖီပင်များကိုလည်း အကြီးအကျယ်စိုက်ပျိုးလုပ်ကိုင်သည့်ပြင် ကိုကိုး၊ ကြံ၊ ဒှက်ပျော၊ ဗနီလာ အမွေးပင်တို့ကိုလည်း စိုက်ပျိုးကြသည်။

ဂွာတီမားလနိုင်ငံမှ ရွှေ၊ ငွေ၊ ခဲ၊ သံဖြူ၊ ကြေးနီ၊ ပြဒါး၊ လချေးစသော ဓာတ်သတ္တုများလည်းထွက်၏။ သို့ရာတွင် သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် ဂွာတီမားလနိုင်ငံရှိသတ္တုတူးဖော်ရေးလုပ်ငန်းများမှာ ခရီးရောက်သင့်သလောက်မရောက်ခဲ့ချေ။ အခြားသောထွက်ကုန်များမှာကာဖီ၊ ပျားရည်၊ ဒှက်ပျောသီး၊ သကြား၊ ဂျုံ၊ ဝါဂွမ်း၊ ကြက်ပေါင်စေး၊ သစ်၊ ပြောင်း စသည်တို့ဖြစ်လေသည်။ ၁၉၅၂ ခုနှစ်ကူးသန်းရောင်းဝယ်ရေးစာရင်းအရ ထွက်ကုန်ရာခိုင်နှုန်း ဂ၂ မှာ ကာဖီဖြစ်လေသည်။ ဆပ်ပြာ၊ အိမ်ထောင်ပရိဘောဂနှင့် အိုးလုပ်ငန်းများမှာ ဂွာတီမားလ၏ လက်မှုလုပ်ငန်းရပ်များဖြစ်သည်။ ဂွာတီမားလ၏ရောင်းဝယ်ရေးဖောက်သည်မှာ အမေရိကန်နိုင်ငံပင်ဖြစ်သည်။

ဂွာတီမားလနိုင်ငံ၏ လူဦးရေရာခိုင်နှုန်း ၆၀ ကျော်ခန့်မှာတိုင်းရင်းသားအရွေအိန္ဒိယလူမျိုးများဖြစ်၏။ ထိုလူမျိုးများ၏ ဒေသအလိုက်ပြောဆိုကြသော ဘာသာစကားမှာအမျိုးပေါင်း ၁၀ မျိုးခန့်ရှိ၍ အဝတ်အစား၊ ဓလေ့ထုံးစံတို့တွင်လည်း ကွဲပြားကြသည်။ အများဆုံးအသုံးပြုကြသောဘာသာစကားမှာ စပိန်



ဂွာတီမားလနိုင်ငံတည်နေရာပြမြေပုံ



အာဖရိကတိုက် တောင်ဖက်အစွန်းဖြစ်သော ဂွတ်ဒဟုပ်အင်္ဂကို အဝေးမှတွေ့မြင်ရပုံ

စကားဖြစ်သည်။ ဂွာတီမားလနိုင်ငံသည် စပိန်လက်အောက်ခံပြည်နယ်ဘဝမှ ၁၈၂၁ ခုနှစ်တွင်လွတ်မြောက်ခဲ့၏။ ၁၈၃၉ ခုနှစ်တွင် အမေရိကတိုက်အလယ်ပိုင်းပြည်နယ်များ အဖွဲ့ကိုဖျက်သိမ်းလိုက်သော အခါ ဂွာတီမားလပြည်သည် သီးခြားသမတနိုင်ငံဖြစ်လာလေသည်။ ဂွာတီမားလနိုင်ငံ၏မြို့တော်မှာ ဂွာတီမားလမြို့တော်ဖြစ်၍ လူဦးရေမှာ ၁၉၅၀ ပြည့်နှစ်၏ သန်ခေါင်စာရင်းအရ ၂၉၃,၉၉၈ ဖြစ်လေသည်။ ဂွာတီမားလမြို့တော်ကို ၁၇၇၆ ခုနှစ်တွင် တည်ထောင်ခဲ့သော်လည်း ၁၉၁၇ ခုနှစ်တွင် မြေငလျင်လှုပ်သဖြင့် အကြီးအကျယ်ပျက်စီးသောကြောင့် အသစ်ပြန်၍တည်ရသည်။ ပစိဖိတ်သမုဒ္ဒရာမှမိုင် ၇၀ ဝေးသောမြေညြာကောင်းမွန်သည့်အရပ်တွင် ဂွာတီမားလမြို့သည်တည်ရှိ၍ ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း ၅,၀၀၀ မြင့်သည်။ မြို့တော်တွင် အမျိုးသားတက္ကသိုလ်များရှိလေသည်။

ဂွတ်ဒဟုပ်အင်္ဂ။ ။အာဖရိကတိုက်၏ တောင်ဖက်ဆုံးအဖျားရှိ အင်္ဂကြီးကို 'ဂွတ်ဒဟုပ်အင်္ဂ' ဟုခေါ်သည်။ ထိုအင်္ဂကြီးမှာ ကမ္ဘာ့ရာဇဝင်အားဖြင့် အထူးထင်ရှားကျော်စောလေရာ၊ ယင်းကိုအစွဲပြု၍၊ ယခင်က 'ကိပ်ကိုလိုနီ' တွင်ခဲ့သောနယ်ကိုပင် 'ကိပ်–အော့–ဂွတ်ဒဟုပ်' ဟုခေါ်ကြလေသည်။ ထိုနယ်မှာ တောင်အာဖရိကတိုက်ပြည်ထောင်စု၏ တစိတ်တဒေသဖြစ်၍ မူလကိုလိုနီနယ်၊ အရှေ့ဂရိကွာလင်နယ်၊ တင်ဗျူလန်နယ်၊ ထရန်စကေးနယ်၊ ဝေါလဗစ်ဗေးနယ်၊ ပွန်ဒိုလန်နယ်၊ ဗက်ချူအားနားလန်းနယ် စသောနယ်ပယ်တို့ပါဝင်ကြသည်။

ထိုနယ်သည် မြေညြာအာတော်အသင့်ကောင်းမွန်၍ သစ်သီးများကိုစိုက်ပျိုးနိုင်သည့်အပြင်၊ ကျယ်ပြန့်သောလွင်ပြင်များ၊ ကုန်းမြေမြင့်များရှိသောကြောင့်လည်း သိုးမွေးခြင်းလုပ်ငန်းနှင့် ကျွဲနွားဆိတ်တို့မွေးမြူ၊ ဒိန်၊ ထောပတ်များထုတ်ယူခြင်းလုပ်ငန်းများ အကြီးအကျယ်လုပ်ကိုင်ကြ၏။

သတ္တုများလည်းထွက်၍ အဖိုးထိုက်တန်လှသောစိန်ကို ကင်ဗာလီခရိုင်မှ ရရှိလေရာ၊ ကင်ဗာလီ စိန်တွင်းများမှာ ကမ္ဘာကျော်ဖြစ်လေသည်။

အာဖရိကတိုက်တောင်ပိုင်းကို ဥရောပတိုက်သားများတွေ့ရှိပြီးနောက် နှစ်ပေါင်း ၁၅၀ ခန့်ကြာသည့်တိုင်အောင် အာဖရိကတိုက်၏ တောင်ဖက်အစွန်ဆုံးဖြစ်သော ဤအင်္ဂကြီးအကြောင်းကို ကောင်းစွာမသိကြချေ။

ထိုနေရာတဝိုက်တွင် လေပြင်းမုန်တိုင်းများအလွန်ပေါများရကား မကြာမကြာပင်သင်္ဘောများသည် လေမုန်တိုင်းဒဏ်ဖြင့်ပျက်စီးကြရလေသည်။

ထိုအင်္ဂကြီးကို ခရစ် ၁၄၇၃ ခုနှစ်တွင် ပေါ်တူဂီလူမျိုးပင်လယ်ခရီးသွား ဗာတူးလူးမေယုဒီအတ်ဆိုသူက ပဌမဆုံးတွေ့ရှိ၍ သူသည် အင်္ဂကြီး၏ပတ်ဝန်းကျင်၌ပြင်းထန်စွာ

တိုက်ခတ်သော ကြောက်မက်ဖွယ်ကောင်းလှသည့်လေမုန်တိုင်းမျှားကိုအစွဲပြုကာ ထိုအဝူကို 'လေမုန်တိုင်းအင္ဂ' ဟု အမည်ပေးလေသည်။

ဤအကြောင်းမျှားကို မြေပုံနှင့်တကွ ပေါ်တူဂီနိုင်ငံဒုတိယဂျွန်ဘုရင်ထံဆက်သရာ ဘုရင်က၊ ဤအင္ဂကြီးမှာ အရှေ့ဖက်တိုင်းကြီးပြည်ကြီးမျှားနှင့် အိန္ဒိယနိုင်ငံသို့သွားရာလမ်းတို့စခန်းဌာနရှိသည့်အတိုင်း ဤအင္ဂကိုတွေ့ရှိရခြင်းအားဖြင့် အရှေ့နိုင်ငံမျှားမှပစ္စည်းဘဏ္ဍာရတနာရွှေငွေမျှားသည် မိမိတို့တိုင်းပြည်တွင်းသို့ဝင်ရောက်ရန် မြောလင့်ခြင်းရှိကြောင်းဖြင့် နိမိတ်ကောင်းယူပြီးလျှင် လေမုန်တိုင်းအင္ဂဟူသောအမည်ကိုပြု၍ ကောင်းသောမြော်လင့်ချက်အင္ဂ 'ကိပ်–အော့–ဂွတ်ဒဟုပ်' ဟု ပြောင်းလဲခေါ်တွင်စေခဲ့သည်။

၁၄၉၇ ခုနှစ်၌ ဗတ်ရက္ခူး သင်္ကမဆိုသူ ပေါ်တူဂီလူမျိုးခရီးလှည့်ပုဂ္ဂိုလ်ကြီးတယောက်သည် အာဖရိကတိုက်ကြီးကို ထိုအင္ဂမှကွေ့၍ အိန္ဒိယနိုင်ငံရှိကာလိကတ်မြို့သို့ သွားရောက်နိုင်ခဲ့ရာ၊ ဥရောပတိုက်မှ အိန္ဒိယသို့ ဤအင္ဂကိုပတ်လျက် သွားသည့်လမ်းတွင် သူသည်ပဌမဆုံးခရီးသည်ပင်ဖြစ်၏။

ဂွမ်း၊ ဝါ — ရှ။

ဂျွန်ဆင်၊ဗင် (ခရစ် ၁၅၇၃–၁၆၃၇)။ ။ဗင်ဂျွန်ဆင်ကား ဒေါက်တာဆယ်မျူယယ်ဂျွန်ဆင်မပေါ် ပေါက်မီ နှစ်ပေါင်း ၁၅၀ လောက်ကထွန်းကားခဲ့သောအင်္ဂလိပ်လူမျိုး စာရေးဆရာကြီးတဦးဖြစ်သည်။ သူသည်ရှိတ်စပီးယား၊ ဗိုးမွန့်၊ ဖလက်ချားစသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးမျှားနှင့် ရေးဖော်ရေးဖက်တယောက်ဖြစ်သဖြင့် ဂျွန်ဆင်၏အရည်အသွေးကိုမှန်းဆနိုင်ပေသည်။ ဤသို့ကမ္ဘာကျော်စာရေးဆရာကြီးတဦးဖြစ်သောဗင်ဂျွန်ဆင်ကား ပဌမ၌မထင်ရှားသောပုရုဏ်သမားတဦးသာလျှင်ဖြစ်ခဲ့၏။

ဂျွန်ဆင်သည် ပုရုဏ်အလုပ်ကိုလုပ်ကိုင်နေယင်း အားလပ်ချိန်များတွင်ဖတ်ရန် စာစောင်တအုပ်ကို သူ့အိတ်တွင်အမြဲဆောင်ထားလေ့ရှိလေသည်။ သို့သော်ဗင်ဂျွန်ဆင်နာမည်ကျော်ကြားလာချိန်းမှာ စာပေပညာတွင်ထူးချွန်သောကြောင့်သာမဟုတ်ဘဲ၊ မူလဓာတ်ခံပါရမီထူးခြားမှုနှင့် ဥပဓိရုပ်ခန္ဓာများမှတို့ကြောင့်လည်းဖြစ်ပေသည်။ ငယ်ရွယ်စဉ်ကဆိုးတေခဲ့၍ အိမ်ပြေးအဖြစ် လေလွင့်နေရာမှ ဂျွန်ဆင်သည်စစ်ထဲသို့ဝင်ရောက်ခဲ့၏။ ထိုမှတဖန်ထောင်ကျခဲ့၏။ ငယ်ရွယ်သူတို့ဘဝ သူနှင့်ပြိုင်ဖက်တဦးအား နှစ်ယောက်ချင်းထိုးခုတ်ပွဲ၌ အနိုင်ယူခဲ့ဘူးလေသည်။ သို့သော်လည်း ပညာပါရမီထူးချွန်သူဖြစ်သည့်အလျောက် နောင်တခေတ်တွင်နာမည်ကျော်ကဗျာဆရာ၊ ပြဇာတ်ဆရာ၊ စာရေးဆရာတယောက်ဖြစ်ခဲ့လေသည်။ ရှိတ်စပီးယားကဲ့သို့သောပြဇာတ်ဝိဇ္ဇာကြီးကပင် အရေးတယူပြုမူဆက်ဆံခဲ့ရလေသည်။ ဂျွန်ဆင်ရေးသောပြဇာတ်တခုကိုရုံတင်ကပြရာတွင် ရှိတ်စပီးယားကိုယ်တိုင်ပါဝင်အသုံးတော်ခံခဲ့သည်။ ၁၆၀၃ ခုနှစ်တွင်လည်းရှိတ်စပီးယား၏ဝိုင်းတော်သားများသည် ဂျွန်ဆင်၏ပဌမဆုံးအလှမ်းဇာတ်လမ်းတခုဖြစ်သော 'ဆက်ဂျေနပ်' ခေါ် ပြဇာတ်ကို လန်ဒန်မြို့ဂလုပ်ရုံတွင်ရုံတင်ခဲ့ကြသည်။

ထိုနောက်တွင် ဂျွန်ဆင်သည် ကဗျာသီချင်းမျှားကိုရေးသားခဲ့ရာ သူ၏သီချင်းမျှားကိုလူကြိုက်များခဲ့၏။ စကားပြေအရေးအသားဖက်၌လည်းနာမည်ရသူဖြစ်၏။ ဂျွန်ဆင်သည်လူချစ်လူခင်များသောပုဂ္ဂိုလ်တယောက်ဖြစ်ပေသည်။ ထိုခေတ်က လန်ဒန်မြို့တွင် ထမင်းဆိုင်များ၌ ဝိုင်းဖွဲ့စားသောက်လေ့ရှိရာ၊ ထိုစားပွဲသောက်ပွဲများတွင် ဂျွန်ဆင်သည်ထင်ရှားခဲ့လေသည်။ လန်ဒန်မြို့ချိပဆိုက်ရပ်ကွက်ရှိရေသူမထမင်းဆိုင်သို့ ဂျွန်ဆင်သည်မကြာခဏသွားရောက်စကားပြောလေ့ရှိ၏။ ထိုအခါစာရေးဆရာလောင်းများသည် ဂျွန်ဆင်ကိုဂရုတစိုက်နားထောင်ကြ၏။ ဤထမင်းဆိုင်၌ပင် ဂျွန်ဆင်ကို ရှိတ်စပီးယား၊ ဗိုးမွန့်၊ ဖလက်ချားစသည့်စာရေးဆရာကျော်မျှားနှင့်အတူ တွေ့မြင်နိုင်ပေသည်။



အင်္ဂလိပ်နန်းတွင်းစာဆိုကြီးဗင်ဂျွန်ဆင်

တခါသော်ဂျွန်ဆင်သည် စကော့လူမျိုးတို့အကြောင်းကို စောင်းပါးရိပ်ခြေရေးသားခဲ့ရာ အလွန်ထိမိလှသဖြင့် ပဌမဂျိမ်းဘုရင်နှင့်အခြေအရံတို့သည် ဒေါသူပုန်ထကာဂျွန်ဆင်အား ဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချထားလေသည်။ သို့ရာတွင်မိတ်ဆွေသင်္ဃာတို့ကူညီသဖြင့် မကြာမီပင်ထောင်မှလွတ်လာခဲ့သည်။ ထိုနောက်ဂျွန်ဆင်သည် ဘုရင်၏ယုံ

ကြည်မှုကိုရရှိရန်ထပ်မံကြိုးစားခဲ့သဖြင့် နောက်ဆုံးတွင်နန်းတွင်းစာဆို ဘွဲ့ထူးနှင့်တကွ ရိက္ခာတော်အဖြစ် တနှစ်လျှင် ပေါင် ၂၀၀ ကိုခြီးမြှင့်ခြင်းခံရလေသည်။

ဂျွန်ဆင်, ဧာမီ (ခရစ် ၁၉၀၄–၁၉၄၁)။ ။၁၉၃၀ပြည့်နှစ်တွင် အင်္ဂလန်ပြည်ကရွိုင်ဒန်လေယာဉ်ပျံကွင်းမှ ဩစတြေးလီးယားကျွန်းသို့ ဂျေဆင်ခေါ် လေယာဉ်ပျံဖြင့်ပျံသန်းခဲ့သူ အမျိုးသမီးအား တကမ္ဘာလုံးကအံ့ဩခဲ့ကြလေသည်။ ထိုအမျိုးသမီးကား အေမီဂျွန်ဆင်ပင်ဖြစ်၏။ အေမီဂျွန်ဆင်ပျံသန်းခဲ့သော ခရီးမှာ မိုင်ပေါင်း ၁၀,၀၀၀ ကျော်မျှရှိ၍ အခက်အခဲအမျိုးမျိုးကို ကျော်လွှန်အောင် စွန့်စားရသောခရီးဖြစ်သည်။ ရာသီဥတုအခြေအနေဆိုးသောကြောင့် လမ်းစပျောက်၍ ရန်ကုန်မြို့သို့သက်ဆင်းခဲ့ရသေးသည်။ တခါတွင် မိုးသက်လေပြင်းမိသဖြင့် အေမီ၏ လေယာဉ်ပျံသည် ငမန်းများကျက်စားရာကျွဲဗားပင်လယ်ပြင်တွင် ရေနှင့်လွတ်ရုံမျှသာပျံသန်းခဲ့ရသည်။

ရာသီဥတု၏ဒဏ်ချက်ကြောင့် လေယာဉ်ပျံသည်လည်း အတော်အတန်ပျက်စီးလျက်၊ လူကိုယ်တိုင်မှာလည်းအသက်ဆုံဖျားစွန့်စားရပြီးလျှင် ၁၉၃၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့ (အင်္ဂလန်မှထွက်ခဲ့သည့်နေ့မှ ၁၉ ရက်အကြာတွင်) ဩစတြေးလီးယားတိုက် ဒါဝင်မြို့သို့ ဆင်းသက်နိုင်ခဲ့လေသည်။ ထိုသို့သက်ဆင်းခဲ့သဖြင့် အင်္ဂလန်မှဩစတြေးလီးယားတိုက်သို့ ၁၅,၃ ရက်ဖြင့်ပျံသန်းခဲ့သော ကမ္ဘာ့စံချိန်မှာ ကျိုးမသွားသော်လည်း၊ အေမီမှာ ကမ္ဘာကျော်အမျိုးသမီးလေသူရဲကောင်းအဖြစ် အသိအမှတ်ပြုခြင်းခံရလေသည်။

ထိုလေသူရဲကောင်းအေမီဂျွန်ဆင်သည် ၁၉၀၄ ခုနှစ်တွင် ဖွားမြင်၍ ရှက်ဖီးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသူတဦးဖြစ်သည်။ သို့ရာတွင်အေမီကား စာပေနှင့်ဆိုင်သောလုပ်ငန်းများတွင် စိတ်မဝင်စားဘဲ စွန့်စားခြင်းကိုလိုလားသူ သတ္တိခဲအမျိုးသမီးဖြစ်ပေသည်။ ၁၉၃၁ ခုနှစ်တွင် အဖော်တဦးနှင့် ဂျပန်နိုင်ငံသို့အသွားအပြန်ပျံသန်းခဲ့၏။ ၁၉၃၂ ခုနှစ်တွင် လန်ဒန်မှကိုပွတောင်းမြို့သို့ အသွားအပြန်ခရီးကို ၄ ရက် ၆ နာရီဖြင့်စံချိန်ပြုခဲ့သည်။ ထိုနှစ်တွင်နာမည်ကျော် လေသူရဲ ဂျေ၊ အေ၊ မော်လီဆင်နှင့် ထိမ်းမြားလက်ထပ်သည်။ ၁၉၃၃ ခုနှစ်တွင် အေမီသည်မိမိချစ်လင်နှင့်အတူတကွ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းခဲ့လေသည်။

အေမီ၏ထူးချွန်သော ရဲစွမ်းသတ္တိကို ဘုရင်နှင့်မိဖုရားတို့ကိုယ်တိုင်နှုတ်ဖြင့်ခြီးကျူးခဲ့ကြရုံမက အိုး၊ ဘီ၊ အီး၊ ဘွဲ့ကိုပင် ပေးအပ်ခဲ့ဘူး၏။ အေမီကား ကမ္ဘာ့အမျိုးသမီးလောကတွင် မှတ်တမ်းတင်ထိုက်အောင်ထူးခြားသော အမျိုးသမီးဖြစ်ခဲ့ပေသည်။ နောက်ဆုံး၌ ၁၉၄၁ ခုနှစ်တွင် လေယာဉ်ပျံပျက်ကျသဖြင့် သေဆုံးရလေသည်။

ဂျွန်ဆင်, ဆယ်မျှူယယ် (ခရစ် ၁၇၀၉–၁၇၈၄)။ ။သာမန်လူများထက် အရပ်အမောင်းထွားကျိုင်း၍ မျက်နှာပေါက်ဆိုးပြီးလျှင် ပတ်ဝန်းကျင်လောကကြီးကို မထီမဲ့မြင်ပြုကာ ကြီးမားလှသောမိမိ၏ခန္ဓာကိုယ်ကို ခပ်ကြမ်းကြမ်းလှုပ်ချည် ရမ်းချည် သွားလာတတ်သူအား မြင်သူတိုင်းက မျက်စောင်းထိုးကြ၏။ နှာခေါင်းရှဲ့ကြ၏။ သို့ရာတွင် ထိုသူကား မည်သူ့ကိုမျှ ဂရုမစိုက်၊ သူ့စိတ်ကူးနှင့်သူ ပါးစပ်ကတတွတ်တွတ်ရွတ်ဆိုလျက် လမ်းလျှောက်ယင်းတွေ့ရသောဝင်းတံခါးတိုင်ထိပ်များကို သူ၏လက်တံရှည်ကြီးဖြင့်လှမ်း၍လှမ်း၍ ပင်ပုတ်သွားတတ်၏။ တခါတရံတွင်လည်းလမ်းလျှောက်နေယင်းပင် စိတ်ကူးရကာ၊ မိမိထောက်ရှုသည့်နေရာမှ ဝင်းခြံတခု၏ တံခါးဝအထိ ခြေလှမ်းမည်မျှရှိမည်ကို ရေတွက်လျက်လျှောက်သွားတတ်လေသည်။ သူ၏အမူအကျင့်များကား ထူးဆန်းလှ၏။ ထူးဆန်းသည်ကိုလည်းသူကိုယ်တိုင်သိ၏။ သိလျက်နှင့်ပင် ထိုအကျင့်များကို သူမဖျောက်နိုင်ခဲ့ပေ။ ညနေချမ်းအချိန် လမ်းလျှောက်ထွက်

ကမ္ဘာကျော်အင်္ဂလိပ်အမျိုးသမီးလေသူရဲကောင်းအေမီဂျွန်ဆင်




သည့်အခါ သူ၏ဘေးမှ ဖြတ်ကျော်၍သွားသော မြင်းရထားမျှားပေါ်မှ မိန်းမပျိုအိုတို့သည် သူ့အားလှူထူးလူဆန်းသဖွယ် ကြည့်၍သွားကြ၏။ သူ့လက်ထဲတွင်လည်း လက်ရိုက်ကဲ့သို့သော တုတ်ကြီးတချောင်းအမြဲလိုပင် ပါတတ်လေသည်။ ဤမျှထူးဆန်းသော အမူအကျင့်မျှားရှိသည့် ပုဂ္ဂိုလ်ကြီးကား အခြားမဟုတ်၊ အင်္ဂလိပ်စာပေသမိုင်းတွင် ထင်ရှားကျော်ကြားသောစာရေးဆရာကြီးဒေါက်တာဆယ်မျှူယယ် ဂျွန်ဆင်ပင် ဖြစ်လေသည်။

ဂျွန်ဆင်ကို ၁၇၀၉ ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် လစ်ချဖီးမြို့၌ ဖွားမြင်၏။ သူ၏ဖခင်ဖြစ်သူ မိုက်ခယ်ဂျွန်ဆင်မှာ စာအုပ်ကုန်သည်လည်းဖြစ်၏။ တရားသူကြီးလည်းဖြစ်၏။ ဂျွန်ဆင်၏ ကလေးဘဝကား ဝမ်းနည်းဖွယ်တို့ဖြင့်သာလျှင်ပြည့်နှက်ခဲ့၏။ နို စ္စိုအရွယ်တွင် တကိုယ်လုံးကျပ်နာမျှားပေါ်ပေါက်ခဲ့ရာ မိခင်ဖြစ်သူက အမျိုးမျိုးပြုစုသော်လည်း မသက်သာသည့်အဆုံး၌ ကလေးကိုအန်ဘုရင်မကြီးထံသို့ ယူသွားကာ ဘုရင်မကြီး၏ လက်ဖြင့် ကလေးအားပုတ်သပ်ပေးစေခဲ့၏။ ဘုရင်မကြီးကသူ့လက်ဖြင့် ကလေးအားပုတ်သပ်ပေးလျှင် ဤရောဂါမျိုးပျောက်ကင်းသည်ဟု ထိုခေတ်ကယုံကြည်ခဲ့ကြ၏။ သို့ရာတွင်ကလေး၏ကျပ်နာကား မသက်သာခဲ့ပေ။ ကလေး၏မျက်လုံးတဖက်ကွယ်သွားရုံမျှမက ကိုယ်လက်အင်္ဂါတို့လည်း အကြောဆွဲနေ၏။ ထိုကြောင့်ဂျွန်ဆင်လမ်းလျှောက်သည့်အခါ၌ သူ၏ခြေလက်တို့မှာလှုပ်ရမ်းနေ၏။ သို့သော်လည်း သူသည် ငယ်စဉ်ကပင်အခြားကလေးများထက် ထွားကျိုင်းလေသည်။

ဂျွန်ဆင်သည် ကလေးအရွယ်ကပင် စာဖတ်ခြင်းကိုအထူးဝါသနာပါခဲ့၏။ စာဖတ်လွန်း၍ သူ၏ဆရာက အလင်းဆောင်နည်းလျှင် စာမကြည့်နှင့်ဟု တားမြစ်ခဲ့ရဘူးသည်။ သူသည်ဖတ်သမျှကိုလည်း တလုံးမကျန်မှတ်သားမိသည်။ တခါကသူ့မိခင်ရှေ့တွင် စံပိုဒ် တပိုဒ်ကို တခေါက်မျှဖတ်ပြီးနောက် စာအုပ်ကိုပိတ်လိုက်ကာ ထိုစာအုပ်အတိုင်းပြန်၍ ရွတ်ဆိုပြခဲ့ရာ၊ မိခင်သည်သားဖြစ်သူ၏ ဉာဏ်ကောင်းပုံကို အံ့သြခြီးကျူးခဲ့ရလေသည်။

ဖခင်၏စာအုပ်ဆိုင်ရှိစာအုပ်မျှားကိုသာ ဂျွန်ဆင်သည် အချိန်ရှိသရွေ့ဖတ်ရှုခဲ့ရလေသည်။ နှစ်နှစ်မျှအကြာတွင် သူ့အား အောက်စဖို့တက္ကသိုလ်သို့ပို့ရန် စရိတ်ခံမည့်ပုဂ္ဂိုလ်ကြီးတဦးပေါ်ပေါက်သဖြင့် ထိုတက္ကသိုလ်သို့သွားရောက်လေသည်။ ဆင်းရဲသားပညာသင်အဖြစ်ဖြင့် တက္ကသိုလ်၌ အခလုတ်ပညာသင်ခွင့်ရခဲ့သည်။ ကြေးရည်တတ်လူကုံထံတို့သည် ဂျွန်ဆင်၏အဝတ်အစားမျှားကိုကြည့်ကာ သရော်လေ့ရှိကြသော်လည်း ဆရာမျှားနှင့်ကျောင်းသားအမျှားကပင် သူ့ကိုချစ်ခင်ကြ၏။

ဂျွန်ဆင်သည်ဆင်းဆင်းရဲရဲနေရသော်ငြားလည်း မာနရှိသူဖြစ်၏။ တခါကကြင်နာသောမိတ်ဆွေတဦးက သူ၏မာနကိုသိပြီးဖြစ်၍ သူ့အားကိုယ်ထိလက်ရောက်ပေးကမ်းလျှင်ငြင်းပယ်မည်စိုးသဖြင့် ဖိနပ်တရံကိုသူ၏အခန်းတံခါးဝ တွင်ချထားခဲ့ဘူးသည်။ ထိုဖိနပ်ကိုဂျွန်ဆင်တွေ့ရှိတွင် စိတ်ဆိုးမာန်ဆိုးဖြင့်လွှင့်ပစ်လိုက်ဘူး၏။ သူသည်မည်သူ၏ကရုဏာသက်မှုကိုမျှမလိုလားခဲ့ချေ။ အားလပ်လျှင် စာဖတ်မည်။ စာဖတ်ခြင်းဌာနသာသူမွေ့လျော်ခဲ့သည်။ သို့သော်လည်းသူ၏ဖခင်မှာ စီးပွားပျက်သဖြင့် သူသည်တက္ကသိုလ်မှထွက်ခဲ့ရလေသည်။



အင်္ဂလိပ်ကျမ်းပြုဆရာကြီးဒေါက်တာဆယ်မျှူယယ်ဂျွန်ဆင်

ဂျွန်ဆင်၏ဖခင်သေဆုံးသောအခါ ကျန်ရစ်ခဲ့သော မိခင်မုဆိုးမကြီးကို ဂျွန်ဆင်ကဆင်းဆင်းရဲရဲဖြင့်လုပ်ကျွေးပြုစုခဲ့ရပေသည်။ ထိုကဲ့သို့ဆင်းရဲဒုက္ခရောက်နေသည့်အချိန်မှာပင် ဂျွန်ဆင်သည်သူ၏အိမ်၌လာရောက်နေထိုင်သူဒုက္ခသည် မိန်းမရွယ်တဦးကို စောင့်ရှောက်ထားခဲ့၏။ မစွက်အယ်လစ်ဇဗက်ပေါ်တာအမည်ရှိ ထိုမိန်းမမှာ ဂျွန်ဆင်ထက်အသက်ကြီး၍ မုဆိုးမဖြစ်သော်လည်း ဂျွန်ဆင်သည် မကြာမီပင် ထိုမိန်းမနှင့် လက်ထပ်လိုက်သည်။ ပရိယေသနာဝမ်းစာအလို့ငှါ ကြံရွတ်မရသည့်အဆုံး၌ အလွတ်ပညာသင်ကျောင်းတကျောင်းဖွင့်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ သို့ဖြင့် ဂျွန်ဆင်သည် လန်ဒန်မြို့ကြီးသို့တက်လာခဲ့သည်။ သို့သော်လည်း ထိုခေတ်အခါကလန်ဒန်မြို့ရှိစာရေးဆရာမျှား၏ဘဝမှာ ယခုခေတ်မြန်မာစာရေးဆရာမျှား၏ ဘဝအခြေအနေအတိုင်းပင်ဖြစ်လေသည်။

သာမန်စာရေးဆရာတယောက်သည် စာရေး၍ရသောဝင်ငွေအပေါ်၌သာမှီ၍မနေနိုင်ချေ။ ရံဖန်ရံခါကြေးရည်တတ် စာပေလိုက်စားသူတို့က မေတ္တာအလျောက်ပေးကမ်းခြင်းမြှင့် သောင်ငွေကိုလက်ခံကြရသည်။ ဂျွန်ဆင်မှာမူကားထိုကဲ့သို့ ပုဂ္ဂိုလ်များ၏အထောက်အပံ့ကို မာနကြီးစွာငြင်းပယ်လေ့ရှိသဖြင့် ချိချိတဲ့တဲ့ပင်နေရရှာလေသည်။ သို့ရာတွင်ဇနီးဝီရိယကိုမလျှော့ဘဲ ကြိုးပမ်းလာခဲ့သဖြင့် တဖြည်းဖြည်းနာမည်ထင်ပေါ်လာခဲ့သည်။

၁၇၄၉ ခုနှစ်တွင် ဂျွန်ဆင်သည်မိမိစီစဉ်ရေးသားလိုက်သော 'အိုင်ရင်း' ပြဇာတ်အတွက် အထူးပင်မြှော်လင့်ချက်ထားခဲ့မိ၏။ သို့ရာတွင်ထိုပြဇာတ်ကိုရုံတင်သောအခါ ထင်သလောက်လူကြိုက်မများခဲ့ချေ။ သူ၏ကဗျာများမှာ အဆင့်အတန်းမနိမ့်လှသော်လည်း ဂျွန်ဆင်ကိုကဗျာဆရာတယောက်အဖြစ်ဖြင့် လူသိမများခဲ့ချေ။ သို့ရာတွင် ဂျွန်ဆင်သည် ဂျာနယ် ၂ စောင်ကိုတပတ်လျှင် ၂ ကြိမ်ကျထုတ်ဝေသောအခါ လွန်စွာပင်လူကြိုက်များခဲ့၏။

ဂျွန်ဆင်၏ဂုဏ်သတင်းသည် တဖြည်းဖြည်းပျံနှံ့လာခဲ့ရာ၊ စာအုပ်ထုတ်ဝေသူများနှင့် စာအုပ်ဆိုင်ရှင်များကလည်းဂျွန်ဆင်ကိုကောင်းစွာသိရှိလာကြသည်။ စာအုပ်ထုတ်ဝေသူတဦး၏တောင်းပန်ချက်အရ ဂျွန်ဆင်သည် ၁၇၅၅ ခုနှစ်တွင်အင်္ဂလိပ်အဘိဓာန်စာအုပ်တအုပ်ကို ပြုစုရေးသားလေသည်။ ထိုသို့ပြုစုရေးသားသည့်အတွက် ဥဏ်ပူဇော်ခငွေပေါင်းပေါင်း ၁,၅၇၅ ရရှိခဲ့၏။ ထိုငွေမှာရုတ်တရက်သော် များသည်ဟုထင်ရ၏။ သို့ရာတွင် ဆယ်မျှူယယ်သည်ထိုအဘိဓာန်ကို ၈ နှစ်တိုင်တိုင်ပြုစုရေးသားခဲ့ရသဖြင့် ထိုငွေနှင့် မလုံလောက်သောကြောင့် သူ၏လက်ထောက်များအား သူ၏အိတ်ထဲမှပင်စိုက်ထုတ်ပေးရသေးသည်။ ယခုခေတ်အမြင်နှင့်ကြည့်လျှင်ကား ဂျွန်ဆင်၏အဘိဓာန်မှာ ရှေးဆန်သည်ဟုဆိုရမည်ဖြစ်သော်လည်း ထိုခေတ်ကမူအတော်ပင်ကောင်းမွန်သော အဘိဓာန်တဆူဖြစ်ပေသည်။ ဤအဘိဓာန်ကျမ်းကြောင့်ပင် ဂျွန်ဆင်သည် အောက်စဖို့တက္ကသိုလ်မှဉာဏပဒေါဂရဂုဏ်ဘွဲ့ကို ရရှိခဲ့လေသည်။

အဘိဓာန်ကျမ်းကြီးရေးသားပြုစုခဲ့ပြီးသည့်နောက် ဂျွန်ဆင်သည် 'ရမ်ဘလာ' ခေါ်ဝတ္ထုတပုဒ်ကို ၁၇၅၉ ခုနှစ်တွင်ရေးသားခဲ့ပြန်၏။ ထိုဝတ္ထုကိုရေးရခြင်းအကြောင်းကား ဂျွန်ဆင်သည်သူ၏မိခင်ကြီးကွယ်လွန်ရာတွင် မိခင်ကြီး၏ရုပ်ကလာပ်ကိုသင်္ဂြိဟ်ရန် စရိတ်ကြေးငွေလိုနေသောကြောင့်ဖြစ်လေသည်။

၁၇၇၃ ခုနှစ်တွင်ဂျွန်ဆင်သည် စကော့တလန်ပြည်ဟက်ဗရိဒီးကျွန်းစုသို့ နှစ်လကြာသွားရောက်လည်ပတ်ပြီးနောက် 'ဟက်ဗရိဒီးခရီးစဉ်' အမည်ဖြင့် ခရီးသွားမှတ်တမ်းကြီးတစောင်ရေးသားခဲ့လေသည်။

ဂျွန်ဆင်ရေးသမျှစာအုပ်တို့တွင် အကောင်းဆုံးစာအုပ်ကား 'ကဗျာစာဆိုတို့၏အတ္ထုပ္ပတ္တိ' ပင်ဖြစ်သည်။ ထိုစာအုပ်မှာ ၁၀ တွဲရှိသဖြင့် ၁၇၇၉ ခုနှစ်တွင်ပဌမ ၄ တွဲ၊ ၁၇၈၁ ခုနှစ်တွင်ကျန် ၆ တွဲထွက်လေသည်။ ဤကျမ်းကိုဖတ်ရှုရခြင်းအားဖြင့် ဂျွန်ဆင်သည်မည်မျှစာဖတ်များကြောင်း၊ ဗဟုသုတနှင့်ပြည့်စုံကြောင်းတို့ကို သိရှိနိုင်ပေသည်။

တတိယအချယ်သို့ရောက်သည့်အခါနှိုင်းယှဉ်ကား ဂျွန်ဆင်မှာစာပေလောကတွင် ထင်ရှားသောပုဂ္ဂိုလ်ကြီးတဦးအဖြစ်သို့ရောက်ရှိနေလေပြီ။ သူ့မိတ်သင်္ဂဟများမှာလည်း ပြဇာတ်မင်းသားမှအစ နိုင်ငံရေးခေါင်းဆောင်အထိ ပုဂ္ဂိုလ်အမျိုးမျိုးပင်ဖြစ်လေသည်။ သူသည်ဂစ်ဗန်၊ ဂိုးစမစ်အစရှိသော နာမည်ကျော်စာရေးဆရာကြီးများပါဝင်ကြသည့် စာပေအသင်းတခုကို ကိုယ်တိုင်ဦးစီးကာ တည်ထောင်ခဲ့၏။ သူ၏ထောက်ခံမှုဖြင့် စကော့လူငယ်တဦးဖြစ်သော ဂျိမ်းဗော့ဇဝဲသည်လည်း ထိုအသင်းသို့ဝင်ခွင့်ရရှိခဲ့လေသည်။ ဂျွန်ဆင်၏အာဝဇ္ဇန်းရှင်မှကြောင့် ထိုအသင်းမှာနောင်၌ 'ဂျွန်ဆင်အသင်း' ဟူ၍ခေါ်ဝေါ်ကြလေသည်။ ဗော့ဇဝဲသည် သူ၏ဆရာ ဂျွန်ဆင်၏အတ္ထုပ္ပတ္တိနှင့် စကားဆိုချက်များကိုရေးသားမှတ်တမ်းတင်ခဲ့ရာ ထိုစာအုပ်မှာ အင်္ဂလိပ်စာပေလောကတွင် အထူးပင်ကျော်ကြားခဲ့လေသည်။

ဂျွန်ဆင်သည် ၁၇၈၄ ခုနှစ် အသက် ၇၅ နှစ်အရွယ်တွင် အနိစ္စရောက်လေသည်။

ဂျွန်ဘုရင် (အင်္ဂလိပ်) (ခရစ် ၁၁၆၇–၁၂၁၆)။ ။အင်္ဂလန်နိုင်ငံသမိုင်းတွင် အဆိုးဆုံးဘုရင်တပါးဟု တွင်ခဲ့သော ဂျွန်သည် ဒုတိယဟင်နရီ၏မိဖုရားဖြစ်သူ အက်ကီတိန်မင်းသမီး၊ အယ်လင်နာမှ ဖွားမြင်သော အထွေးဆုံး သားတော်ဖြစ်သည်။ ဂျွန်မင်းသားကို ၁၁၆၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အောက်စဖို့မြို့၌ ဖွားမြင်သည်။ ငယ်စဉ်က အခြားမင်းသားများကဲ့သို့ ခမည်းတော်ထံမှ မြေယာတစုံတရာမရရှိခဲ့၍၊ 'မြေယာမဲ့မင်းသား' ဟုတွင်လေသည်။ သို့သော် နောင်အခါတွင် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံ အနှံ့အပြား၌ ရဲတိုက်ကြီးများ၊ မြေယာအမြောက်အမြား ရရှိရုံမက ကြွယ်ဝသော ဒျူဘွဲ့ရဂလော့စတာစားကြီး၏ သမီးတော် အင်္ဂဇဲလားနှင့် လက်ဆက်ရသောကြောင့် မင်းသားထဲတွင် အကြွယ်ဝဆုံး ဖြစ်လာသည်။ ၁၁၈၅ ခုနှစ်တွင် အိုင်ယာလန်ပြည်သို့ သွားရောက်၍ အုပ်ချုပ်ရလေသည်။ သို့သော် မကြာမီ အင်္ဂလန်သို့ပြန်လာပြီးလျှင် ခမည်းတော်အားလုပ်ကြံရန် အားထုတ်နေသော နောင်တော်ရစ်ချတ်နှင့် ပြင်သစ်ဘုရင် ဖိလစ်အော်ဂပ်စတပ်တို့ထံသို့ဝင်ရောက်ပူးပေါင်းလေသည်။ သားတော်များ၏ အကြံအစည်ကို ဘုရင်ကြီးသိသောအခါ လွန်စွာ စိတ်နှလုံးမချမ်းမြေ့ သဖြင့်

အိပ်ရာဝင်ခိုလဲလေတော့သည်။ ထိုရောဂါနှင့်ပင် ဟင်နရီဘုရင် နတ်ရွာစံလေသော် ရစ်ချတ်နန်းတက်၍ ဂျွန်အားမူလပိုင် နယ်အားလုံးကို ပြန်လည်အပ်နှင်းပြီး အသိအမှတ်ပြုသည်။ နောက်ထပ်လည်း များစွာခြီးမြှင့်သေး၏။

များမကြာမီရစ်ချတ်ဘုရင်သည် တတိယကရူးဆိတ် စစ်ချီထွက်၍ နန်းစောင့်များထားခဲ့သည်တွင်၊ ဂျွန်မင်းသားအား မထည့်သွင်းဘဲထားရုံမက တူတော်ဖြစ်သော ဗရစ်တန်နီစား အာသာကိုနန်းလျာထားခဲ့လေသည်။ ထိုအခါ ဂျွန်သည် သူ ကိုယ်တိုင် ထီးနန်းရရှိရန် ကြံစည်အားထုတ်၏။ ရစ်ချတ်ဘုရင်ပြန်လာသောအခါတွင် အားလုံး ပိုနေမြဲ ကျားနေမြဲဖြစ်သွားရုံမက ဂျွန်နှင့်လည်းကျအေးကာ ချစ်ကြည်စွာဖြင် နေထိုင်သွားကြသည်။ ထိုနောက် ၅ နှစ်ခန့် အကြာ ရစ်ချတ်ဘုရင် နတ်ရွာစံသောအခါတွင်လည်း အာသာအား နန်းလျာထားသည်ကို လျစ်လျူပြု၍ ဂျွန်အားထီးနန်းကို အပ်နှင်းခဲ့လေသည်။

ထိုအခါ ပြင်သစ်နယ်ကြီး ၂ နယ်၏အကူအညီဖြင့် အာသာမင်းသားထက်သော်လည်း နောက်ဆုံးတွင်အရေးနိမ့်၍ ဂျွန်၏လက်တွင်းသို့ကျရောက်သွားသဖြင့် ကုပ်မျက်ခြင်းခံရလေသည်။ ဂျွန်ဘုရင်ထီးနန်းရသည်မှစ၍ တိုင်းသူပြည်သားများမှာ ကျေနပ်ဖွယ်ရာမရှိသောအကြောင်းများစွာတို့ကို တွေ့ကြရလေသည်။ ဂျွန်သည်မိဖုရားဖြစ်သူ ဂလော့စတာမင်းသမီး အင်္ဂဗေလား ကိုကွာရှင်း၍ အန်ဂူလမ်းမင်းသမီး အင်္ဂဗေလားအား လက်ထပ်ခြင်းကိုလည်း မှုးမတ်ပိုင်းမှမကျေနပ်ကြချေ။ အာသာမင်းသားကလေးကို သတ်လိုက်ခြင်းတွင်လည်း ဂျွန်မှာအပြစ်တင်စရာဖြစ်နေ၍ အန်ဂူ၊ နော်မန်ဒီစသည့်နယ်တို့ကမကျေမနပ်ဖြစ်ကြ၏။ သူ၏ကြမ်းတမ်းသောအုပ်ချုပ်မှုကြောင့် တိုင်းသူပြည်သားလူအများလည်း ငြိုငြင်ကြလေသည်။ ထိုအတော အတွင်း ပြင်သစ်ဘုရင်နှင့် စစ်မက်ဖြစ်ပွားရာ၌ ပြင်သစ်ရှိသူပိုင်ဆိုင်သောနယ်မြေများစွာကိုဆုံးရှုံးရလေသည်။

ထိုနောက်တွင်ဂျွန်သည် ကန်တာဗာရီဂိုဏ်းချုပ်ခန့်ထားရေးနှင့်စပ်လျဉ်း၍ ပုပ်ရဟန်းမင်း တတိယအင်နိုဆင့်နှင့် မသင့်မတင့်ဖြစ်ပြန်၏။ သို့ရာတွင်လူအများက သူ့အားမကြည်ညိုခိုက်ဖြစ်၍ ရဟန်းမင်းကိုအာခံရန်မတတ်သာဘဲရှိခဲ့ရလေသည်။ ပြင်သစ်ဖက်ရှိ နယ်မြေများကိုပြန်လည်ရရှိရန်အတွက် အကြံအစည်ပြုလုပ်၍ အင်္ဂလန်မှဂျွန်ထွက်ခွာသွားခိုက်တွင် အင်္ဂလန်ရှိမှုးမတ်တို့ကရွေးဆောင်၍ တရားမျှတသောအုပ်ချုပ်မှုကို ရရှိရန်စိုင်းပြင်းကြလေသည်။ မှုးမတ်တို့အင် အားကောင်းလှို၍ ဂျွန်ဘုရင်လည်း တစုံတရာမတတ်နိုင်တော့ဘဲ၊ ၁၂၁၅ ခုနှစ်ဇွန်လ ၁၅ ရက်နေ့တွင် ရန်နီးမိအရပ်တွင်တွေ့ဆုံကာ မှုးမတ်တို့ရေးဆွဲသော မဂ္ဂနာကာတာခေါ် စာချုပ်ကြီးကိုတံဆိပ်ခတ်နှိပ်၍ အသိအမှတ်ပြုလိုက်ရလေသည်။ (မဂ္ဂနာကာတာ — ရှု။) သို့ရာတွင် ဂျွန်မှာအခဲမကျေနိုင်ဘဲ၊ စစ်တပ်စုဆောင်း၍ မှုးမတ်တို့ကို ရန်ရှာပြန်လေရာ၊ မှုးမတ်တို့လည်း ပြင်သစ်မင်းသားလူဝီကို အင်္ဂလန်ထီးနန်းဥစ္စာတင်ရန်ခေါ်ယူလိုက်ကြလေသည်။ လူဝီလည်းစစ်တပ်ကြီးနှင့် ချီတက်လာကာ အင်္ဂလန်ပြည်နယ်အချို့ကိုသိမ်း၏။ လူဝီအားတွန်းလှန်ရန်အားထုတ်ခြင်းသည် ဂျွန်၏ဆောင်ရွက်ခဲ့သမျှတို့တွင် မှတ်သားစရာအကောင်းဆုံးဖြစ်လေသည်။ သို့သော်လည်း ထိုအတောအတွင်း၊ ၁၂၁၆ ခုနှစ်အောက်တိုဘာလ ၁၉ ရက်နေ့၌ ဂျွန်ဘုရင်သည် နျူးအတ်မြို့တွင် အဖျားရောဂါကပ်ရောက်ပြီးနောက်ထိုရောဂါနှင့်ပင်ကွယ်လွန်လေတော့သည်။

ဂျွန်ဘုရင်တွင် ဒုတိယမိဖုရားဖြစ်သူ အန်ဂူလမ်းမင်းသမီး အင်္ဂဗေလားမှသား ၂ ယောက်၊ သမီး ၃ ယောက်မြင်သည်။ (တရားမဝင်သော သားတယောက်နှင့် သမီးတယောက်လည်းရှိ၏။) ယင်းတို့တွင် သားတော်အကြီးမှာတတိယဟင်နရီဖြစ်လာ၍၊ အင်္ဂလန်ဘုရင်ခံရကွန်းဝေါစားဖြစ်လေသည်။ သမီးတော်အကြီး ဂျိုအန်မှာ စကော့တလန်မိဖုရားဖြစ်၍ သမီးတော်အလတ်မင်းသမီးအင်္ဂဗေလားမှာ ကေရှင်ဒုတိယဖရက်ဒရစ်၏ မိဖုရားဖြစ်လာသည်။ သမီးတော်အငယ်အယ်လင်နာမှာ ပင်ဗရုတ်မြို့စားကတော်ဖြစ်လေသည်။



အင်္ဂလန်ပြည်၌ရှင်ဂျွန်ဘုရင်

သူသည် လွှဲသမိုင်းတွင် ပြည်သူ့အခွင့် အရေးကိုပဋိပက္ခဆုံးသတ်မှတ်ရာဖြစ်သော 'မဂ္ဂနာကာတာ' စာချုပ်ကြီးကိုလက် မှတ်ရေးထိုးခဲ့ရသည်။

ဂျမ်းထိုးငှက်။ ။ဂျမ်းထိုးငှက်ကို ကျေးသန္တာဟုလည်း ခေါ်သည်။ ပါဏာဗေဒအမည်မှာ 'လော်ရီကူလပ် ဗာနာလိ' ဖြစ်သည်။ ကိုယ်လုံးစိမ်းရွတင်ပါးနီသည်။ ကြက်တူရွေးမျိုးတွင်ပါဝင်သော်လည်း အတွေ့အမြင်ရနည်းသည်။ ငှက်ဖို၏လည်တွင်အပြာမှတ်ပါရှိသည်။ ဂျမ်းထိုးငှက်သည် ပျံရာတွင် အလွန်လျင်မြန်လှသည်။ အခြားကြက်တူရွေးများနှင့်စာလျှင် တိတ်ဆိတ်စွာနေတတ်လေသည်။ စိုစွတ်ထိုင်းမှိုင်းသောတောတွင်ကျက်စားတတ်သည်။ လင်းနို့များကဲ့သို့သစ်ကိုင်းတွင် ဥးခေါင်းစောက်ထိုးထား၍ တွဲလဲ့နေတတ်သည်။ ပန်း၊ သစ်သီးနှင့် ခွံမာသီးများကိုစားသည်။ မြန်မာနိုင်ငံရှိတော တောင် ဒေသများတွင် ဂျမ်းထိုးငှက်များကို အနည်းငယ်သာတွေ့ရ၏။

ဂျမ်းသမား။ ။ဂျမ်းအတတ်ကိုရွေး အခါကပင် လေ့လာလိုက်စား ခဲ့ကြ၏။ ဂျမ်းဆိုသည်မှာမိမိကိုယ်ကို မြေမှလွတ်၍ ၂ ပတ် ၃ ပတ်လည်အောင်ခုန်ခြင်းပင်ဖြစ်၏။ အထူဝတ္ထုတခုကိုခုန်ကျော်၍ လွတ်အောင်ဂျမ်းထိုးပြခြင်း၊ မြေပေါ်တွင်ရှေ့ဂျမ်း၊ နောက်ဂျမ်းပစ်ခြင်း စသည်တို့ကိုဂျမ်းကစားသည်၊ ဂျမ်းပစ်သည်၊ ဂျမ်းရေးပြသည်ဟုခေါ်လေသည်။ ဂျမ်းအတတ်သည် အားကစားလုပ်ငန်းတခုလည်းဖြစ်၍ ကျန်းမာသန်စွမ်းစေရန် အလေ့အကျင့်ပြုရသော အလုပ်ဖြစ်သည်။ ထိုကြောင့်ရှေးအခါကဆောမနှင့်ဂရိတို့ကောင်းစား ခဲ့စဉ် လူငယ်များကို စစ်သားကောင်းများဖြစ်လာရေးအတွက် ဂျမ်းအတတ်ကို အခြားအားကစားလုပ်ငန်းများနှင့်တဲ့ဖက်၍ လေ့ကျင့်ပေးခဲ့သည်။

ဂျမ်းအတတ်ကိုလူအများအားညှေ့ခဲ့ရာဌဉ်ငှင်း၊ ပဲလမ်းသဘင်တို့တွင်ငှင်း ပြသလေ့ရှိသည်။ ရှေးခေတ်ဂရိနှင့်ရောမနိုင်ငံများတွင် ကြေးစားဂျမ်းသမားများသည် ခေတ်စားခဲ့၏။ အလယ်ခေတ်တွင်ကား ဂျမ်းသမားများသည် တရွာမှတရွာသို့လှည့်လည်ကာ မိမိတို့၏အတတ်များကို ပြသလေ့ရှိတတ်သည်။ ယင်းကဲ့သို့ရွာစဉ်လှည့်၍ပြသသည့်ဂျမ်းသမားများသည် အင်္ဂလန်ပြည်၌ ဝိတိုရိယခေတ်အတွင်းအထူးပေါများခဲ့၏။ ယခုတိုင်ယင်းတို့ကို ကျေးလက်ပဲလမ်းများတွင်တွေ့နိုင်သေးသည်။

ဂျမ်းသမားများကို ပဲလမ်းသဘင်၊ ဘုရားပဲ့၊ စစ်ချီတက်ရာစသည်တို့၌ မြန်မာမင်းများလက်ထက်တော်အခါက သုံးခဲ့


ဘူးသည်ကိုငှင်း၊ ဇာတ်နိပါတ်များတွင် ဂျမ်းသမားများပါဝင်သည့် အခမ်းအနားများကို ခင်းကျင်းခဲ့ကြပုံကိုငှင်း အထောက်အထားများတွေ့ရသည်။

အင်းဝဒုတိယမင်းခေါင်သည် မိမိ၏ကောင်းမှုတော်ဖြစ်သော မဟာမင်္ဂလာ စေတီတော်အတွက်၊ ဓာတ်တော်ဂို့ပင့်ဆောင်ရာတွင်၊ အခင်းအကျင်းအစီအစဉ်တို့၌ ရထား၏ရှေ့နောက်တွင် ဂျမ်းသမားများကို ဂျမ်းရေးပြစေကာ ပါဝင်လှည့်လည်ကြောင်း တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်းတွင် ဖော်ပြထား၏။ ဝက်မစ္စတ်နဝဒေး၏ အာသံနိုင်မော်ကွန်းတွင်လည်း စစ်ချီတက်ရန်ပြင်ဆင်ကြရာ၌ ဂျမ်းသမားများဖြင့် ပျော်ရွှင်ပွဲများ ကျင်းပပုံကိုတွေ့ရသည်။

မဟာဇနကပျို့တွင် နန်းတက်ပွဲ၌ သိုင်းကစားခြင်း၊ ကုလိရိုက် ခြင်းတို့နှင့် အတူ ဂျမ်းရေးပြခြင်းများကိုရေးသားဖော်ပြထား၏။ ရာမရကန်တွင် မင်းသားတရာ ရောက်ခန်း၌တိုင်တက်ခြင်း၊ ဂျမ်းထိုးခြင်းတို့ကို ခင်းကျင်းပြသကြောင်းဖတ်ရှုရ၏။ ဝိဓူရပျို့တွင် လက်ဝှေ့လက်ပမ်းခတ်ခြင်းတို့နှင့်အတူ ဂျမ်းထိုးခြင်းကိုပါပူးတွဲဖော်ပြထားလေသည်။ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်၊ ဥကင်တော်ဘွင့်၌ဂျမ်းထိုးခြင်း၊ လက်ပမ်းပေါက်ခတ်ခြင်း စသည်တို့ကိုဖွဲ့ဆိုထား၏။ ကင်းဝန်မင်းကြီး၏ လန်ဒန် သွားမှတ်တမ်း၌ကား မိမိတို့အားညှေ့ခဲ့ရာ၌ ဂျမ်းအမျိုးမျိုးပြသသော အစီအစဉ် အခင်းအကျင်းလည်း ပါဝင်ကြောင်းဖြင့် ဖော်ပြထားရာ ထိုအတတ်မျိုးမှာ အနောက်တိုင်းနိုင်ငံများ၌ ထိုစဉ်ကခေတ်စားခဲ့ကြောင်းသိရှိနိုင်ပေသည်။

ယခုခေတ်ဆပ်ကပ်ပဲတို့၌ ဂျမ်းအတတ်ပြသမှုသည် ဖြေဖျော်ရန်အစီအစဉ်တရပ်အဖြစ် အစဉ်ပါလာသည်ကို တွေ့ရှိရသည်။ မြန်မာဇာတ်ပဲသဘင် များတွင်လည်း ညဦးပိုင်းကပြရာတွင် ဂျမ်းသဘောသက်ဝင်သော အခင်းအကျင်းများ ထည့်သွင်းပြသတတ်သည်။ ယနေ့မြန်မာလူငယ်များအနေနှင့်လေ့ကျင့်နေကြသော အား ကစား လုပ်ငန်းများတွင်လည်း ဂျမ်းအတတ်ကို အလေးဂရုပြု၍ လေ့ကျင့်လာကြသည်ကိုတွေ့ရှိရပေသည်။

ပဌမ ကမ္ဘာစစ်ပြီး ခေတ်တွင် မြန်မာပြည်၌ ဘားမယ်ကြေဟူသော ဇာတ်မင်းသမီးတဦးသည် ဂျမ်းအတတ်ဖြင့် နာမည်ကျော်ကြား လူကြိုက်များခဲ့ဘူးသည်။



ကျေးသန္တာဟူ၍လည်းခေါ်သည့်ဂျမ်းထိုးငှက်



မြန်မာဗျည်း ၃၃ လုံးတွင် ဃ သည် ၄ ခုမြောက်အက္ခရာဖြစ်သည်။ က၊ ခ၊ ဂ၊ ဃ၊ င ဟူသော က ဝဂ်တွင်ပါဝင်၍ ဃ အသံ၏ ဖြစ်ရာ ဌာနမှာ ကဏ္ဌဌာန် လည်ခေါင်းအရပ်ဖြစ်သည်။ ဂ ငယ်အက္ခရာ၏ အရွယ်နှင့် နှိုင်းစာ၍ 'ဃ ကြီး' ဟု အမည်တွင်သည်။ က ဃ ဏ ဋ ဟူသော ကြီးလေးကြီးတွင် ပါဝင်သည်။ ဃ ၏ အရေးအသား မူလမှာ ဗြာဟ္မီ အက္ခရာ 𑀖 ဖြစ်သည်။ ဗြာဟ္မီ 𑀖 မှ ကုသန 𑁃 ဂုတ္တ 𑌘 ကဒံဗ 𑍁 သို့ အဆင့်ဆင့် ပြောင်းလဲလာပြီးနောက် ကျောက်စာများတွင် 𑐖 နှင့် ပေစာများတွင် ဃ ဟု ရေးသားသည်ကို တွေ့ရသည်။ ဗြာဟ္မီ အရေးအသား 𑀖 ကို ဗယ်ညာထိပ်ညိတ်ပြီးနောက် ဗယ်ဖက်ထိပ်ကဦးခေါင်းတပ်ပေးသောအခါမြန်မာ ဃ ဖြစ်လာသည်။ ဃ အက္ခရာ၏ အဆင့်ဆင့်ဖြစ်ပေါ်လာပုံကို အောက်တွင်အစဉ်အတိုင်းယှဉ်တွဲ၍ဖော်ပြထားသည်။

𑀖 𑁃 𑌘 𑍁 𑐖 ဃ

ဃနာနှိုဆွမ်း။ ။ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူမည့်နေ့တွင်၊ သူကြွယ်သမီး သုဇာတာသည် ဘုရားရှင်အား ဃနာနှိုဆွမ်းကို ဆက်ကပ်လှူဒါန်းလေသည်။ ရှေးရှေးသော ဘုရားတို့သည်လည်း ဤနည်းတူစွာ ဃနာနှိုဆွမ်းကိုအလှူခံရစမြဲဖြစ်၏။ ဃနာနှိုဆွမ်းဟူသောဝေါဟာရတွင် 'ဃန' သဒ္ဒါသည် အစိုင်အခဲကို ဟောပေသည်။ ပါဠိဘာသာအားဖြင့် ဃနာနှိုဆွမ်းကို ပါယာသဟုခေါ်သည်။ သုဇာတာနှင့် ဃနာနှိုဆွမ်း၏ အကြောင်းကို အပဒါန်အဋ္ဌကထာ၌ ဖော်ပြပါရှိပေသည်။ သုဇာတာသည် ဃနာနှိုဆွမ်းကို ဂေါတမမြတ်စွာဘုရား အလောင်းတော်အား ဆက်ကပ်လှူဒါန်းခဲ့သည့်အကြောင်းကား ဤသို့ဖြစ်လေသည်။

ဥရုဝေလတော၏အနီး သေနနိဂုံး၌၊ မဟာသေနအမည်ရှိသော သူကြွယ်၏ သမီး သုဇာတာသည် အရွယ်သို့ရောက်သောအခါ၊ တခုသော ညောင်ပင်ရင်းသို့ကပ်၍ 'ကျွန်ုပ်သည် အမျိုးတူသောယောကျ်ားနှင့်ပေါင်းဖက်ရ၍ သားဦးယောကျ်ား ရပါက ညောင်ပင်စောင့်ရှောက်စိုးအား တနှစ်လျှင် တသိန်းသောဥစ္စာတို့ကိုစွန့်၍ ပူဇော်ပါမည်' ဟု ကတိထား၍ ဆုတောင်း၏။ တောင်းသည့်ဆုအတိုင်းပြည့်လေသော်၊ ရက္ခစိုးနတ်အား ပူဇော်ရန် နို့ဆွမ်းကိုစီမံ၏။ မဏိကုဏ္ဍလဝတ္ထုအရ နို့ဆွမ်းကိုစီမံပုံမှာ၊ နွားမ ၁၀၀၀ ကို နွယ်ချိုတောမှာကျောင်း၍ ထို ၁၀၀၀ သောနွားမတို့၏ နို့ရည်ကို နွားမ ၅၀၀ အားတိုက်၏။ တဖန် ထိုနွားမ ၅၀၀ မှနို့ရည်ကို ၂၅၀ သောနွားမတို့ကို တိုက်၏။ ဤသို့ဖြင့် ၂၅၀ သောနွားမတို့၏နို့ရည်ကို ၁၂၅ သောနွားမမှာတိုက်၊ ၁၂၅ သောနွားမတို့၏နို့ရည်ကို ၆၄ ကောင်သော နွားမတို့မှာ တိုက်၊ ၆၄ ကောင်သောနွားမတို့မှ နို့ရည်ကို နွားမ ၃၂ ကောင်မှာတိုက်၊ နွားမ ၃၂ ကောင်မှနို့ရည်ကိုနွားမ ၁၆ ကောင်မှာတိုက်ပြီး၊ ထိုနွားမ ၁၆ ကောင်မှ နို့ရည်ကို နွားမ ၈ ကောင်မှာ တိုက်သည်။ ထို ၈ ကောင်သောနွားမတို့မှ နို့ရည်ကို ခံယူ၍ ထူးကဲမွန်မြတ်သောအရသာဖြင့်ပြည့်စုံသည့်ဃနာနှိုဆွမ်းကို ချက်လေသည်။

ဇနတ္ထပကာသနီကျမ်း၌မူကား နို့ဆွမ်းစီမံပုံကို ဤသို့ပြဆိုထား၏။ ၁၀၀၀ သောနွားကို ၅ စုပြု၍ ၈၀၀ သောနွားတို့၏ နို့ရည်ကို ၂၀၀ သောနွားတို့၌ တိုက်သည်။ ထို ၂၀၀ကို ၅ စုပြုပြန်၍ ၁၆၀ သောနွားတို့၏နို့ရည်ကို ၄၀ သောနွားတို့၌တိုက်သည်။ ထို ၄၀ ကို ၅ စုပြုပြန်၍ ၈ စုသောနွားတို့၏နို့ရည်ကို ၈ ခုသောနွားမတို့၌တိုက်သည်။ ထို ၈ ခုသော နွားတို့၏နို့ရည်ကို ဃနာနှိုဆွမ်း ချက်သည် ဟူ၍လာရှိလေသည်။

ယင်းသို့ ထူးမြတ်သော နို့ဃနာကို ချက်ပြီးမှ အသပြာတသိန်းထိုက်သော ရွှေခွက်တွင်ထည့်၍ သုဇာတာသည် ရက္ခစိုးအား ပူဇော်ရန် ညောင်ပင်သို့လာ၏။ ထိုနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ဖြစ်၏။ ဘုရားလောင်းသည် တင့်တယ်သောအသရေဖြင့် ညောင်ပင်ရင်းတွင် စံတော်မူသည်ကို သုဇာတာမြင်လျှင်၊ အထူးကြည်ညိုသောစိတ်ဖြင့် ဃနာနှိုဆွမ်းကို ရွှေခွက်နှင့်တကွပူဇော်၏။ ဘုရားလောင်းသည်လည်း ရွှေခွက်နှင့်တကွပင် အလှူခံယူတော်မူ၏။ သုဇာတာသူကြွယ်သမီး ပူဇော်သော ဃနာနှိုဆွမ်းကို ဘုန်းပေးပြီးသည့် အခွက်တက်တွင် ဂေါတမဘုရားလောင်းသည် လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်သော ဘုရားမြတ် စင်စစ်အဖြစ်သို့ရောက်တော်မူလေသည်။




မြန်မာဗျည်း ၃၃ လုံးတွင် ဂ သည် ၅ ခုမြောက်အက္ခရာဖြစ်သည်။ က၊ခ၊ဂ၊ဃ၊ ဂ ဟူသော က ဝဂ်တွင်ပါဝင်၍ ဂ အသံ၏ဖြစ်ထွန်းရာနေရာမှာ ကဏ္ဌဌာန် လည်ချောင်းအရပ်ဖြစ်သည်။ ဂ အက္ခရာကို ဂ ဟူ၍ပင် အသံထွက်သည်။ ဂ အက္ခရာ၏အရေးအသားမူလမှာ ဗြာဟ္မီအက္ခရာ 𑀕 ဖြစ်သည်။ ဗြာဟ္မီ 𑀕 မှ ကုသန 𑁂 ခင်ဗျာ။ 𑁂 မောင်းကန်ပျ။ 𑁅 သို့ အဆင့်ဆင့် ပြောင်းလာပြီး နောက်၊ ကျောက်စာများတွင် 𑁆 နှင့် ပေစာများတွင် 𑁆 ဟုရေး သား သည်ကိုတွေ့ရသည်။ ဗြာဟ္မီအရေးအသား 𑀕 ကို အပြင်ဖက်သို့ခါးပိုင်းခပ်ကုန်းကုန်းနှင့် နှစ်ဖက်စမျှးကိုအတွင်းသို့ခပ်ကွေးကွေး ရေးသောအခါ မြန်မာ ဂ အက္ခရာဖြစ်ပေါ်လာသည်။

ဂ အက္ခရာအဆင့်ဆင့်ပြောင်းလဲလာပုံကိုအောက်တွင်အစဉ်အတိုင်းယှဉ်တွဲ၍ဖော်ပြထားသည်။



ဂကျီးကန်း။ ။ဂကျီးကန်းသည် ပင်လယ်ငါးမျိုးဖြစ်သည်။ ပါဏဗေဒအလိုအားဖြင့် 'ဒီကပ်တားရပ် ရပ်ဆဲလီ' ဟု ခေါ်၍ 'ကာရင်ဂျီဒီ' မျိုးရင်းတွင်ပါဝင်သည်။ ထိုငါး မျိုး၏ကိုယ်သည် ရှည်လျားချပ်ပြားပြားနေသည်။ မျက် လုံးများသည် ခေါင်း၏ဘေးဖက်တွင်ရှိ၍ ကြီးမားသည်။ ကျောဆူးတောင်နှင့် စအိုဆူးတောင်တို့သည် အမြီးသို့ထိ အောင် ရှည်လျားကြသည်။ အမြီးခွရှည်သည်။ ကိုယ် နှင့်ပါးတို့အပေါ်တွင် အကြေးခွံများရှိသည်။ အရောင် မှာ ရွှေရောင်ငွေရောင်ဖြစ်သည်။ ပါးဟက်ဖုံးတွင် အမည်း စက်ပါတတ်သည်။ အရှည် ၁၂ လက်မအထိရှိသည်။ ထိုငါးမျိုးသည် အုပ်ဖွဲ့၍ တနေရာမှတနေရာသို့ လှည့်လည် ကျက်စားလေ့ရှိသည်။



ရွှေရောင်ငွေရောင်ရှိသောငကျီးကန်း

ငကျောက်။ ။စပါး — ရှ။

ငကျည်း။ ။ကျည်းသည် ငထွေမျိုးတွင်ပါဝင်သည်။ ပါဏဗေဒအရ 'ဟက်တာရိုန္နျူတီဖော့စိလိ' ဟုခေါ်သည်။ အသားစားငါးမျိုးဖြစ်သည်။ ငခူနှင့် ပုံသဏ္ဌာန်တူသော် လည်း ငခူလောက်မကြီးခေျ။ ငရံ့၊ ငခူတို့ကဲ့သို့အောက် ဆီကျင်ကို တိုက်ရိုက်ရှူနိုင်သောအင်္ဂါပါရှိသဖြင့် ရေတင်နေ သောလယ်ကွင်းများတွင် နေနိုင်သည်။ ငကျည်းကို လယ် ကွင်းများ၌ ဆောင်းများဖြင့်ဖမ်းယူလေ့ရှိသည်။ ငကျည်း သည် ငခူကဲ့သို့ ငပိလုပ်ရန်အသုံးမဝင်သော်လည်း ယင်းကို ငကျည်းခြောက်အဖြစ် ကျပ်တင်ရောင်းချလေ့ရှိကြသည်။

ငကြင်း။ ။ငကြင်းသည်ငသိုင်းမျိုးတွင်ပါဝင်သည်။ ပါဏ ဗေဒအရ 'စာရီနားမရီဂါးလား' ဟုခေါ်သည်။ ရေချို နှင့်ရေငန်နှစ်ရပ်လုံးတွင် ကျက်စားနိုင်သည်။ ငကြင်း၏ အောက်မေးရိုးအလယ်၌ အဖုငယ်ရှိသည်။ နှုတ်ခမ်းကြား တွင် နှုတ်ခမ်းမွေး တိုတို တစုံရှိသည်။ ကိုယ်လုံးမှာရှည်၍ အမြီးခွစောက်နက်သည်။ အကြေးခွံကြီး၍ အကွက်ပေါ် လွင်၏။ ငကြင်း၏အရောင်သည် ငွေရောင်ခပ်မှိုင်းမှိုင်း ဖြစ်ပြီး ကျောတွင်ကြေးနီရောင်သန်းနေသည်။ ဆူးတောင် ရောင်သည် အမည်းအနည်းငယ်ရောစပ်နေသည့် လိမ်မော် ရောင်ဖြစ်သည်။ ဖေဖော်ဝါရီလ၊ မတ်လတို့တွင် ငကျည်း၊ ငမြစ်ချင်းတို့နှင့်အတူ မြစ်ကိုဆန်တက်သွားကြ၍ ဇူလိုင်လ၊ သြဂုတ်လတို့တွင် သားပေါက်များနှင့်အတူ အောက်ပိုင်း မြေပြင်များသို့ ဆင်းလာလေ့ရှိကြသည်။ ငကြင်းသည် အဆီများသောငါးဖြစ်၏။ ကိုယ်အရှည် ၃ ပေအထိရှိ၏။

ငကွန်းညှပ်။ ။ငကွန်းညှပ်သည် ငပါးနှင့်အတူ 'အန်ချို ဗီ' ငါးမျိုးစုတွင်ပါဝင်သည်။ ငကွန်းညှပ်ကို ငါးထန်းရွက် ဟူ၍ငင်း၊ ငအုပ်ဖားဟူ၍ငင်း၊ ငပြားဟူ၍ငင်းခေါ်သည်။ ပါဏဗေဒ အမည်မှာ 'စက်တီပင်နာ တယ်လီထား' ဖြစ် သည်။ ငကွန်းညှပ်သည် ရှောက်အသင်း (၀၂) ငပါးနှင့် ဆင်တူသည်။ သို့သော် ငပါးထက် အရွယ်အနည်းငယ်ကြီး

သည်။ ကွန်းညှပ်သည် အလျား ၁၆ လက်မထိကြီးထွားသည်။ ကျောဖက်တွင် စိမ်းလဲ့လဲ့ရောင်ရှိ၍ ဝမ်းပိုင်းတွင် ငွေရောင်စင်း၊ ရွှေရောင်စင်းကလေးများရှိသည်။ ကျောဆူးတောင်နှင့် အမြီးဆူးတောင်တို့တွင်မူ အဝါရောင်အစင်းများရှိသည်။ ကွန်းညှပ်၏ကိုယ်မှာပြား၍ ဝမ်းပိုင်းတွင် လှသွားကဲ့သို့အထစ်များရှိသည်။ ပါးဟက်ဝကျယ်သည်။ ဦးခေါင်း၏ဘေးဖက်တွင်မျက်စိရှိသည်။ မျက်ခွံ၌အဆီပြည့်ဝလျက်ရှိသည်။ နှုတ်ခမ်းမွေးမပါခေ။ ကိုယ်ပေါ်၌အကြေးခွံများသိသိသာသာရှိသည်။ ဦးခေါင်းတွင်အကြေးခွံများညီညီညာညာရှိသည်။ ဦးခေါင်းတွင် အကြေးခွံမရှိ။ အသားနှင့်အရိုးနူးညံ့သောငါးမျိုးဖြစ်သည်။

ကွန်းသျှပ်။ ။ကွန်းသျှပ်သည် ကျီးကန်းမျိုးတွင်ပါဝင်သည်။ ပါဏာမေဒအာမည်မှာ 'စက္ခမ်ဗာရှိုက်ဒီ၊ တူလူး' ဖြစ်သည်။ ကွန်းသျှပ်ကိုငကင်းပါးဟူ၍လည်းခေါ်သည်။ ငအပ်ပုံ၊ ကကတစ်၊ ကျီးကန်းတို့ကဲ့သို့ ကိုယ်ထည်အနည်းငယ်ရှည်၍ ခပ်ပြားပြားဖြစ်သည်။ ဦးခေါင်းဘေးနှစ်ဖက်တွင်မျက်စိရှိ၏။ ပါးဟက်ကြီး၏။ ဆူးတောင်များရှိ၏။ အကြေးခွံရှိ၏။ ကွန်းသျှပ်ကို ဟင်းလျာအဖြစ်စားကြ၍ ငခြောက်လည်းလုပ်ကြသည်။

ကြွေ။ ။စပါး — ၅၅။

ငရူး။ ။ငခွေသည်အင်းငါးများတွင် လူသိများသောငါးဖြစ်သည်။ ပါဏာမေဒအရ 'ကလာရီယပ်ဗတရာချပ်' ဟူ၍ခေါ်သည်။ ငခွေ၏အရောင်မှာ နီညိုရောင် သို့မဟုတ်အနက်ရောင်ခပ်မဲမဲဖြစ်သည်။ ဝမ်းပိုင်းတွင် အရောင်အနည်းငယ်ဖျော့နေသည်။ ဦးခေါင်းမှာပြား၍ ကိုယ်အနည်းငယ်လုံးသည်။ ကျောဆူးတောင်သည် လည်ပင်းမှအမြီးရင်းအထိအရိုးငယ်ပေါင်းများစွာဖြင့် ဆက်လျက်ရှိ၏။ အမြီးထိပ်မှာဝိုင်းနေ၏။ ရင်ဆူးတောင်မှာ လှသွားကဲ့သို့ရှိသော်လည်း အရေတထပ်ဖုံးလျက်ရှိသည်။ ငခွေတွင်လေမှအောက်ဆီဂျင်ကိုရှူနိုင်သောအင်္ဂါ ပါရှိသဖြင့် ကုန်းပေါ်တွင်နာရီပေါင်းများစွာ အသက်ရှင်နေနိုင်သည်။ ငခွေသည်ကိုယ်အရှည် ၁၂ ပေခန့်အထိရှိတတ်၍ ရေချိုရေငန်နှစ်ရပ်လုံးတွင် ကျက်စားလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ငခွေကိုဟင်းလျာအဖြစ်စားကြရုံမက ငပိကောင်လည်း လုပ်ကြသည်။ ငခွေငပိကောင်မှာ လူကြိုက်များသော ငပိကောင်များအနက်တမျိုးအပါအဝင်ဖြစ်သည်။

ငခုံးမ။ ။ငခုံးမမြီးနီ၊ ငခုံးမမြီးကွက်၊ ငခုံးမမြီးဖြူ၊ ငရစ်၊ ငတောင်နှယ်တို့သည်ငသိုင်းမျိုးတွင်ပါဝင်ကြသည်။ ငခုံးမ၏ဆူးတောင်များမှာ ကြက်သွေးရောင်ရှိသည်။ သို့သော် မြီးဆူးတောင်အပြင်ဖက်ပိုင်းမှာမည်းနက်သည်။ အထက်မေးရိုးတွင် နှုတ်သီးမွေး ၂ ချောင်းရှိသည်။ မြီးဆူးတောင်အနားသည် ခွေးသွားစိတ်ကဲ့သို့ဖြစ်သည်။ ဦးခေါင်းမှလွဲ၍ တကိုယ်လုံးတွင် ငွေရောင်အကြေးများဖုံးနေသည်။ ဝမ်းပိုင်းမှာလုံးသည်။ ငခုံးမကိုငပိလုပ်ရာတွင်သုံးလေ့ရှိသည်။ ထိုငါးမျိုးကိုဟင်းလျာအဖြစ်လူကြိုက်မများခေ။


ငချိမ်။ ။စပါး — ၅၅။


ငခွေးလျှာမျိုး။ ။ငခွေးလျှာမျိုးကို ငပြားမျိုးဟုလည်းခေါ်ကြသည်။ ငခွေးလျှာသည် များသောအားဖြင့် ရေအောက်မြေပြင်ပေါ်၌ သွားလာကျက်စားလျက်နေတတ်သည်။ ရေအောက်ရှိရွှံ့နုံ့ရောင်နှင့် အလွန်တူသောကြောင့် ငခွေးလျှာကိုမြင်နိုင်ရန်ခဲယဉ်းသည်။ ငခွေးလျှာ၏အရောင်သည် တခါနှင့်တခါနှမတူဘဲ၊ ပြောင်းလဲလျက်ရှိသည်။ ညိုမည်းသောမြေပေါ်တွင်မူ ညိုမည်းသောအရောင်သို့ ပြောင်းလဲသည်။ ငခွေးလျှာ၌ အထက်အောက်နှင့် ဘေးပတ်လည်ကိုမြင်နိုင်သော မျက်စိရှိသည်။


ငခွေးလျှာသည် မြေကြီးပေါ်၌ အပြားလိုက်နေနိုင်၍ ကိုယ်အပေါ်ဖက်ပိုင်းသာ ရွှံ့နုံ့၏အရောင်နှင့်တူ၏။ အောက်ဖက်ပိုင်း၌ အဖြူရောင်ခပ်ဖျော့ဖျော့ရှိ၏။ အခါခါလူများက ငခွေးလျှာ၏အမည်းဖက်အပိုင်းမှာကျော၊ အဖြူဖက်အပိုင်းမှာ ဝမ်းပိုက်ဖြစ်သည်ဟု ထင်ကြ၏။ အမှန်မှာ ထိုအပိုင်းတို့ကား ငခွေးလျှာ၏ညာဖက်ဘေးနှင့် ဗယ်ဖက်ဘေးများသာလျှင်ဖြစ်ပေသည်။

ကိုယ်တဖက်မည်း၊ တဖက်ဖြူရှိခြင်းထက် ထူးဆန်းသောအချက်မှာ ဦးခေါင်း၏ညာဖက်တဖက်တည်း၌ မျက်စိ ၂ လုံးစလုံးရှိခြင်းဖြစ်သည်။ ပါးစပ်မှာလည်း စောင်းလျက်ရှိ၏။ ငခွေးလျှာသည် မွေးခါစ၌ ငါး၏ပုံပန်းသဏ္ဌာန်ရှိ၏။ မျက်စိမှာလည်း တဖက်တလုံးစီသာရှိ၏။ သို့သော်မျးမကြာမီ ဗယ်ဖက်မျက်စိသည် တဖြည်းဖြည်းအပေါ်သို့တက်လာပြီး၊ ညာဖက်သို့ရွှေ့သွားသည်။ ပါးစပ်မှာလည်း ရွဲ့၍သွား၏။ အတန်ကြီးလာသောအခါ ငခွေးလျှာသည် နေထောင်ခြည်ရနိုင်သောရေပြင်သို့ ထောက်လာသည်။ ထိုနောက်ရေအောက်သို့ဆင်းသွားသည်။

ငခွေးလျှာမျိုးရင်းတွင် အမျိုးပေါင်း ၅၀၀ ခန့်ပါဝင်၏။ ထိုငါးတို့သည် များသောအားဖြင့် အပိုးတန်သောငါးများဖြစ်ကြသည်။ ဆိုးလီးအား ဗာလဂါရစ်ခေါ် ဥရောပတိုက်မှငခွေးလျှာသည် အလွန်အရသာရှိသောငါးဖြစ်၏။ မျိုးရင်းတခုလုံးရှိ ငခွေးလျှာတို့တွင် ဟဲလဗတ်ငါးသည်အကြီးဆုံးဖြစ်သည်။ ငခွေးလျှာ အသည်းမှအဆီထဲတွင် ဗီတာမင် အေ နှင့် ဒီ အမြောက်အမြားပါရှိသည့်အတွက်ကြောင့်







၁၊ ငကျည်းခြောက်လုပ်ရန်အဖိုးတန်လှသောငကျည်း

၂၊ အဆီများ၍အရသာထူးကဲသောငကြင်း

၃၊ အသားနှင့်အရိုးနူးညံ့သောငကွန်းညှပ်


၄၊ ငခြောက်လုပ်ရန်ကောင်းသည့်ငကွန်းသျှပ်

၅၊ ငပိကောင်အတွက်အလွန်သင့်လျော်သောငခူ

၆၊ တဖက်တည်း၌ မျက်စိ ၂ လုံးပါသောငခွေးလျှာ

၇၊ ငင်မျိုးတွင်ပါဝင်သည့်ငင်ရိုင်း





ဟဲလဗတ်ငါးများကို အနောက်နိုင်ငံများတွင် စီးပွားရေး အနေနှင့် အကြီးအကျယ်ဖမ်းယူကြလေသည်။

မြန်မာနိုင်ငံ၌ 'ပလာဂူရှ' နှင့် 'ဆိုးလီးအား' ဟူသောငခွေး လျှာမျိုးစုဝင် ငါးများကိုတွေ့ရှိရသည်။

ငစက်ဘ။ ။ဒီဗရစ်တို — ရှ။

ငစိန်။ ။စပါး — ရှ။

ငဆောင်းချမ်းတိုက်ပွဲ။ ။ငဆောင်းချမ်းတိုက်ပွဲသည် ပုဂံမင်းဆက်နရသီဟပတေ့မင်းလက်ထက် မြန်မာသက္ကရာဇ် ၆၄၃ ခု (ခရစ် ၁၂၇၇ ခု) နှစ်၌ တာတာလူမျိုးတို့နှင့်မြန်မာတို့စစ်ဖြစ်၍ တိုက်ခိုက်သောတိုက်ပွဲဖြစ်သည်။ ငဆောင်းချမ်းအရပ်တွင် စစ်ပြိုင်ကြသည်ကိုအစွဲပြု၍ ငဆောင်းချမ်းတိုက်ပွဲဟုတွင်သည်။ ငဆောင်းချမ်းအရပ်သည် ဗန်းမော်မြို့၏အရှေ့ဖက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုပ်ပြည်သူ့သမတနိုင်ငံနယ်စပ်ဒေသလောက်တွင်ရှိ၏။

ထိုငဆောင်းချမ်းတိုက်ပွဲသည် မြန်မာနိုင်ငံ၏သမိုင်းလမ်းကြောင်းကို ပြောင်းလဲစေခဲ့သောတိုက်ပွဲဟုလည်း ဆိုနိုင်သည်။ ပဌမမြန်မာနိုင်ငံတော် ပျက်စီးရခြင်းအကြောင်း တရုပ်မှာ မြန်မာနိုင်ငံသို့ တာတာခေါ် တရုပ်တို့ ချင်းနှင်းဝင်ထောက်လာသောကြောင့်ဖြစ်၏။ ထိုတိုက်ပွဲဖြစ်ရခြင်းမှာ မြန်မာသက္ကရာဇ် ၆၄၃ ခု၊ နရသီဟပတေ့မင်းလက်ထက်တွင် တရုပ်ဦးတည်ဘုရားက ရှေးယခင်မြန်မာမင်းတပါးသည် ရှေထမင်းအိုး၊ ငွေထမင်းအိုး၊ ရှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရှေယောက်မ၊ ငွေယောက်မ၊ ရှေဟင်းချို၊ငွေဟင်းချိုတို့ကို ဆက်ဘူးသည်ဟူ၍ တရုပ်သံအဖွဲ့ဝင်အမတ်တကျိပ်နှင့် မြင်းသည် ၁၀၀၀ တို့ကိုစေ၍ တောင်းလာ၏။ ထိုသို့တောင်းဆိုလာခြင်းသည် အခြေအမြစ်မရှိ၊ မဟုတ်မမှန်ဘဲ စော်ကားရန်စသည်ဟု မြန်မာတို့ကယူဆနေစဉ်၊ တရုပ်သံတို့သည် မင်းကြီးရှေတော်တွင် မတော်မရော်မကျစ်မလစ်ပြုချ၍ အမတ်တကျိပ်နှင့်မြင်းသည် ၁၀၀၀ ကို တယောက်မလွတ်သတ်လေ ဟူ၍ အမိန့်တော်ရှိ၏။ အမတ်တို့လည်း မင်းကြီး၏အာဏာကိုကြောက်၍ တယောက်မလွတ်သတ်လေ၏။ သံတို့အားသတ်လေသောအကြောင်းကို တရုပ်ဦးတည်ဘုရားကြားလေသော် အမျက်ပြင်းစွာထွက်၍ မြင်းသည် ၆,၀၀၀,၀၀၀ ခြေသည် ၂၀,၀၀၀,၀၀၀ မျှလောက်သောစစ်အင်္ဂါတို့ကို စီရင်၍ချီလာ၏။ တရုပ်ဦးတည်ဘုရားက စစ်သည်ချီလာပြီဟူ၍ နရသီဟပတေ့မင်းကြီးကြားတော်မူလေသော် စစ်သူကြီး အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့အား ကြည်းရေ ဂ,၀၀၀,၀၀၀ သောဆင်လုံးမြင်းရင်းနှင့် တက္ခဏီတက်၍ ခုခံတိုက်ခိုက်စေသည်။

မြန်မာစစ်သည် တို့သည် ငဆောင်းချမ်းသို့ ရောက်သော် ရောက်နေနှင့်သောတရုပ်စစ်သည်တို့နှင့် အတန်ကွာဗန်းမော်မြစ်ဝှမ်း ကျုံးမြောင်းလုပ်၍ နားနေသည်။ တရုပ်စစ်သည်တို့ကား မြန်မာစစ်သည်တို့ရောက်ကြောင်းသိသည်နှင့် တပြိုင်နက် သစ်ကြီးဝါးကြီးများဖြင့် ထူထပ်သောတောများရှိရာလွင်ပြင်သို့ ဆင်းသက်လာလေ၏။ တရုပ်စစ်သည်တို့ချီတက်လာလျှင်၊ မြန်မာစစ်သည်တို့သည် ဆင်တပ်ကိုရှေ့တွင်တင်ကာ ချီတက်တိုက်ခိုက်လေ၏။ မြန်မာတပ်များ၏တိုက်စည်၊ တိုက်မောင်းနှင့်စစ်သည်တော်တို့၏ကြွေးကြော်သံမှာ ပဲ့တင်ထပ်မျှရှိသည်။ တရုပ်စစ်သည်တို့၏ မြင်းများမှာ စစ်ဆင်တိုက်ိုမတွေ့ဘူးသည်အတွက် မြင်လျှင် ချက်ခြင်း ကြောင့်လန့်ခြင်းဖြစ်၍ တရုပ်စစ်တပ်ပျက်လေသည်။ တရုပ်စစ်ဗိုလ်လည်း စစ်ပရိယာယ်ကို တမျိုးပြင်၍ သူ၏စစ်သည်များအား မြင်းမှဆင်းစေပြီးလျှင်၊ ခြေလျင်ချီတက်ကာ မြားမိုးရွာစေသည်။ မြန်မာစစ်သည်တို့ကပြန်လည်ခုခံကြသော်လည်း တရုပ်တို့၏မြားဒဏ်ပြင်းထန်လွန်းသည်ကို ဆင်များမခံနိုင်သဖြင့် ဆင်တပ်ပျက်ရလေသည်။ ဆင်တပ်ပျက်သည်ကိုတွေ့ရသော တရုပ်တပ်တို့မှာ တအားတက်ကာ၊ မြင်းတပ်ကိုဖွဲ့စည်း၍ စုပေါင်းတိုက်ခိုက်လေသည်။ မြင်းနှင့်ခြေလျင်တပ်မှ မြန်မာစစ်သည်တို့လည်း ရဲရဲဝံ့ဝံ့ခုခံတိုက်ခိုက်၏။ ထိုသို့တဖက်နှင့်တဖက်လေးမြားမျှားဖြင့်ပစ်ခတ်တိုက်ခိုက်ရာတွင် မြန်မာတို့သည် တရုပ်စစ်သည်တို့ကဲ့သို့ သံချပ်အင်္ကျီများဝတ်ဆင်ထားခြင်းမရှိသဖြင့် အထိအခိုက်များလေသည်။ နှစ်ဖက်စစ်သည်တို့သည် မြားကုန်ကြသောအခါ၊ ရထားဝး၊ လှံ၊ လက်နက်တို့ဖြင့် ထိုးခုတ်တိုက်ခိုက်ကြ၏။ နှစ်ဖက်စလုံးတွင် စစ်ကူများ အဆက်မပြတ်ရောက်လာသည်နှင့်အမျှ တိုက်ပွဲမှာပြင်းထန်ရကာ နှစ်ဖက်လုံးမှ အကျအဆုံးများလှလေသည်။ စစ်မြေပြင်အလုံးတွင် လူနာ၊ မြင်းနာ၊ လူသေ၊ မြင်းသေကောင်တို့ဖြင့် ဖုံးလွှမ်းနေတော့သည်။ ဤသို့အပြင်းအထန် တိုက်ပွဲမှာ နံနက်မှသည်မွန်းတည့်ထိကြာလေသည်။ နောက်ဆုံးတွင် မြန်မာတို့လက်ခြေပန်းသဖြင့် တရုပ်တို့မြစ်ကိုကူးနိုင်သောကြောင့်ငဆောင်းချမ်းပျက်လေသည်။

ဤငဆောင်းချမ်းတိုက်ပွဲနှင့်စပ်လျဉ်း၍ ပုဂံမင်းနန်သူရှာလေးထောင့်ကန်မြောက်ကျောင်းကျောက်စာတွင် 'အနန္တပစ္စည်းလေငဆောင်းချမ်းမြို့နေရလေ၏။ ပြည်ထဲပျက်စီးသည်ဖြစ်ခဲ့၏။' ဟုရေးထိုးထားသည်ကိုတွေ့ရသည်။ တရုပ်တို့သည် ဆက်လက်ချီတက်ရာ၊ အနန္တပစ္စည်း၊ ရန္တပစ္စည်း၊ စစ်သူကြီးနှစ်ယောက်သည် ဆုတ်ခွဲကြ၍ မန်လည်တောင်ရံအရှေ့ဘက်မြို့ ၂ မြို့တည်၍ ခံပြန်၏။ ထိုမြို့တွင် အနန္တပစ္စည်းကျဆုံးသဖြင့်တရုပ်တို့သည်တရုပ်မော်သို့တိုင်အောင်ချီတက်လေသည်။ ပုဂံပြည့်ရှင်နရသီဟပတေ့ကား အောက်မြန်မာ



ငဇွန်မြို့၏ဆိပ်ကမ်းကို ဤသို့ရှုမောဖွယ်တွေ့မြင်ရသည်။

နိုင်ငံအရောက် စုန်၍ပြေးသည်ကို အစဲ့ပြု၍ တရုပ်ပြေးမင်းဟုတွင်သည်။

ယင်းသို့မြန်မာပြည် တွင်းသို့ချင်းနင်းဝင် ရောက်လာ၍၊ ငဆောင်းချမ်းတိုက်ပွဲတွင် တရုပ်စစ်သည် တို့၏ မြားစွမ်းပြနိုင်ခဲ့ပုံကို မြင်းစိုင်းငါးစီးရှင် သီဆိုသည့် မြင်းစိုင်းမြို့ဘွဲ့ ကာချင်းတွင်၊ 'တရုပ်လာသည်၊ ရိုင်ရိုင်လော၊ ရိုင်ရိုင်။ မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော၊ ဖြိုင်ဖြိုင်။ လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ၊ လတိုင်းလော၊ လတိုင်းလတိုင်း။ မြင်းသည်သိန်းသန်း၊ များစွာလွန်းသည်။ ထက်ဝန်းရံသ၊ မနိုင်မနိုင်။' ဟုတွေ့ရှိရလေသည်။

ငဇင်။ ။ငဇင်ဟုခေါ်သောငါးမျိုးတွင် ငဇင်ရိုင်း (မိစတပ်တန်ဂါးထား)၊ ငဇင်ရိုင်းကျဲ (မိစတပ်ဗလီကာရီ)၊ ငဇင် (မိစတပ်လီဂူလီယို)၊ ငဇင်ရိုင်းကြက်ခြေး (မိစတပ်ဗစ်တားတပ်) စသောငါးများပါဝင်သည်။ တခါတရံမိစတပ်ကာဗာစီယပ် ကိုပင် ငဇင်ရိုင်းဟူ၍ လည်း ခေါ်သေးလေသည်။ မိစတပ်မျိုးရင်းတွင် ပါဝင်ကြသောငါးများ၌ နှုတ်သီးမွေးလေးစုံပါရှိသည်။ အထက်မေးရိုးရှိနှုတ်သီးမွေးသည် တင်ဆူးတောင်ထိအောင်ပင်ရှည်လျားသည်။ နှာတံမှာဆောက်ပုံသဏ္ဌာန်ရှိ၍ ကိုယ်သည်သေးသွယ်၍ ရှည်လျား၏။ တင်ဆူးတောင်၏နောက်ဖက်မှစ၍အမြီးပိုင်းတိုင်အောင် ကိုယ်သည်ချိုင့်ဝင်လျက်ရှိသည်။ အမြီးဆူးတောင်မှာခွသဏ္ဌာန်ရှိသည်။ ခွအထက်ပိုင်းသည် အောက်ပိုင်းထက် အနည်းငယ်ရှည်ထွက်နေ၏။ အရွယ်အားဖြင့်ငဇင်သည်အတော်အတန်ကြီးထွား၏။ တွေ့မြင်နေကျအရွယ်မှာ လက်မ ၂၀ ခန့်ရှိသည်။ ငဇင်သည်များသောအားဖြင့် ရေချိုရေငန်နှစ်ဌာနတွင်ကျက်စားသည်။

ငဇွန်မြို့။ ။ငဇွန်မြို့သည် စစ်ကိုင်းခရိုင်အတွင်း မြင်းမူမြို့နှင့်စစ်ကိုင်းမြို့တို့အကြား ရောဝတီမြစ်၏ တောင်ဖက်ကမ်းပေါ်တွင် တည်ရှိသည်။ သဘော်ဆိပ်ကမ်းမြို့ဖြစ်သည့်အပြင် ငဇွန်မြို့နယ်၏ မြို့ပိုင်ရုံးစိုက်ရာလည်းဖြစ်သည်။ တောင်ဖက်ရှိ မြို့သာမြို့နှင့် ကားလမ်းအဆက်အသွယ်ရှိ၍ အရောင်းအဝယ်အသင့်အတင့်စည်ကားသည်။

မြို့နယ်၏အကျယ်အဝန်းမှာ ၅၇ စတုရန်းမိုင်မျှရှိသည်။ မြန်မာနိုင်ငံ၌ကျော်ကြားသောငဇွန်ထောပတ်မှာ ငဇွန်မြို့ကိုအစဲ့ပြု၍ ခေါ်သောထောပတ်ဖြစ်သည်။ စိုက်ပျိုးကြသောသီးနှံများမှာပဲ၊ ပြောင်း၊ ဆေး၊ ငရုတ်စသည်တို့ဖြစ်၍ စပါးကိုလည်းအနည်းငယ်စိုက်ပျိုးသည်။

ငဇွန်ဟုအမည်တွင်ရခြင်းမှာ ငမ်းစွန်ဟူသောအမည်မှ ပြောင်းလဲလာခြင်းကြောင့်ဖြစ်သည်ဟုအဆိုရှိသည်။ ငမ်းစွန်ဆိုသည့်အမည်ကား၊ ဤဒေသသည် လယ်ယာမြေငမ်းတို့၏ အစွန်အဖျားတွင်တည်ရှိခြင်းကြောင့် ထိုအမည်တွင်ခြင်းဖြစ်ကြောင်း၊ ငမ်းစွန်၏အနီးတွင် ယခင် 'ငမ်းမြား' ယခု 'ငမြာ' ဟူသောဒေသလည်းရှိ၍ ငမ်းမြားမှာလယ်ယာမြေငမ်းအများအပြားရှိရာဒေသဖြစ်ခြင်းကြောင့် ယင်းသို့အမည်တွင်ရကြောင်းနှင့်ဆိုလေသည်။


ငတန်။ ။ငတန်သည်ငထွေမျိုးတွင်ပါဝင်၍ သားစားငါးမျိုးဖြစ်သည်။ ငတန်ကိုသိပ်ပံအမည်အားဖြင့် 'ဂါဂေးတား ဂါဂေးတား' ဟုခေါ်သည်။ ထိုငါးမျိုး၌နှုတ်သီးမွေးပါသည်။ ကိုယ်အကြေးခွံမရှိချေ။ ကျောရိုးဆူးတောင်တွင် အရိုးနုတချောင်းသာပါရှိသည်။ ရေချိုရေငန်နှစ်ရပ်လုံး၌ တွေ့ရသောငါးမျိုးဖြစ်သည်။ ငနံချောင်သည် ငတန်နှင့် မျိုးချင်းနှယ်သောငါးဖြစ်သည်။

ငတံခွန်။ ။ငတံခွန်သည် ငသံရှည်မင်းကြားနှင့်အတူ 'တြိုင်ကိရီဒီ' မျိုးရင်းတွင်ပါဝင်သည်။ ပါဏာဗေဒအမည်မှာ 'တြိုင်ကီးရပ်ဟော်မဲလား' ဖြစ်သည်။ ငတံခွန်၏ကိုယ်မှာသေးဖြိုးကြီးပြားပုံသဏ္ဌာန်မျိုးရှိသည်။ ဆူးတောင်သည် တဆက်တည်းဖြစ်သည်။ မေးရိုးမှာရှည်၍ခွန်ထွက်လျက်ရှိသည်။ မြီးဆူးတောင်မရှိဘဲအမြီးသည်ဆံခြည်ကဲ့သို့သေးသေးမျင်မျင်ဖြစ်သည်။ ပါးဟက်ဝကျယ်သည်။ ဦးခေါင်းဘေးတွင် မျက်စိရှိသည်။ ကိုယ်၌အကြေးခွံများရှိသည်။

အရောင်မှာ ငွေရောင်ရှိပြီး၊ ဆူးတောင်များမှာ ဝါကြန့်ကြန့် အရောင်ရှိသည်။ ငတံခွန်သည်အရှည် ၅ ပေအထိကြီးထွားသည်။ ငတံခွန်ကိုအခြောက်လုပ်၍ရသည်။

ငထီး။ ။ငထီးသည်အုံသြစရာကောင်းသော ရေသတ္တဝါတမျိုးဖြစ်သည်။ သို့သော်ငါးမဟုတ်ပေ။ ငထီး၏တကိုယ်လုံး၌ ကော်ရည်တမျိုးဖြင့်ကျိခဲ့နေသည်။ ငထီးသည် ရေထဲ၌နေစဉ် ထီးသဖွယ်ကိုယ်ဝိုင်းကြီးကိုပိတ်ချည်ဖွင့်ချည် ပြုကာ သွားလာလျက်နေသည်။ ပင်လယ်ကမ်းခြေတွင် နေပူမိနေသောငထီးသည် ရိုးရိုးရေထဲတွင်ရှိသော ငထီးနှင့် ပုံသဏ္ဌာန်ချင်း အလျင်းမတူတော့ချေ။ နေပူ၌ငထီးသည် တဖြည်းဖြည်းအရည်ပျော်တတ်သည်။

ပင်လယ်၌ငထီးများကို မျက်စိမဆုံးနိုင်အောင် တသီတတန်းကြီးတွေ့ရတတ်ပေသည်။ သို့ရာတွင်ငထီးကိုရုတ်တရက် မမြင်နိုင်ပေ။ သေချာစွာဂရုတစိုက်ကြည့်ရှုမှသာ အကောင်အထည်ကဲ့ပြားစွာတွေ့မြင်နိုင်ပေသည်။ ထုတ်ချင်း ပေါက်နီးပါးမျှမြင်နိုင်သော ခန္ဓာကိုယ်ကလေးများသည်



အသားစားငါးမျိုးဖြစ်သည့်ငတန်


အရောင်အမျိုးမျိုးရှိ၍လှပသည်။ ငထီးတို့သည်နေပူရှိန်ပြင်းသောနေ့အခါများတွင် အခြားသောရေသတ္တဝါများနည်းတူ ရေအောက်ရှိမြေသို့ဆင်းလေ့ရှိကြသည်။ နေဝင်သောအခါမှ ပင်လယ်ပြင်သို့တက်လာတတ်ကြသည်။

ငထီးအမျိုးအတော်ပင်များပြားသည့်အလျောက်အရွယ်မှာလည်းအစားစားရှိလေသည်။ အချင်း ၇ ပေခန့်အထိကြီးသော ငထီးကြီးများကစ၍ မှန်ဘီလူးဖြင့်ကြည့်မှသာမြင်နိုင်သောငထီးငယ်ကလေးများအထိ အရွယ်အမျိုးမျိုးရှိသည်။ အချို့ငထီးတို့၌ ထီးသဖွယ်ပြန့်ကားနေသောကိုယ်ရှိလျက်၊ အချို့မှာမူ ခေါင်းလောင်းပုံသဏ္ဌာန်ကိုယ်ရှိသည်။ ထီးကဲ့သို့ဖြစ်သော ခန္ဓာကိုယ်တဝိုက်တွင် ဦးမှင်အမြောက်အမြားတဲ့လောင်းကျလျက်ရှိသည်။ ထိုဦးမှင်များ၌ ရန်သူကိုတုပ်နိုင်သောအင်္ဂါများပါရှိသည်။ အချို့ငထီးကြီး


များသည် လူကိုကျွန်ုပ်တို့ထင်သလောက် ရန်မူခြင်းမရှိပေ။ အကယ်၍မတော်တဆအတုပ်ခံရလျှင်လည်း ထိုဝေဒနာမှာ ၁ နာရီ ၂ နာရီအတွင်းပြေသွားတတ်သည်။ သေးငယ်နူးညံ့သောရေသတ္တဝါကလေးများမှာမူ ငထီး၏အတုပ်ကိုခံရလျှင် မည်သို့မှပြန်လည်ခုခံရန်မတတ်နိုင်ကြဘဲ နောက်ဆုံး၌ငထီး၏ခံတွင်းသို့သက်ဆင်းကြရသည်။ အချို့ငထီးတို့သည် မိမိတို့ထက်ကြီးမားသောငါးကြီးများကိုပင် ဖမ်းယူစားသောက်နိုင်ကြလေသည်။

ငထီးကြီးများသည် အချို့ငါးကလေးများကို မိမိတို့ကိုယ်အောက်တွင် ခိုအောင်းလျက်နေစေသည်မှာ အုံသြဖွယ်ကောင်း၏။ မြောက်ပင်လယ်၌ ငထီးကြီးများ၏ကိုယ်အောက်တွင် ငါးအုပ်များမှီခိုနေကြသည်ကို မကြာခဏတွေ့ရတတ်သည်။ ဘေးအန္တရာယ်တခုခုကို ရှောင်တခင် ကြံ့တွေ့ရသည့်အခါ ထိုငါးကလေးများသည်ငထီး၏ကိုယ်အဝိုင်းကြီးထဲသို့ ပြေးဝင်ခိုအောင်းနေတတ်ကြလေသည်။ ခံတွင်းဝသို့အဆင်သင့်ရောက်လာသော ငါးကလေးများကို ငထီးကြီးက စားမည်ဆိုလျှင် လွယ်ကူစွာစားနိုင်ပေ၏။ သို့ရာတွင်ငထီးသည်မည်သို့မှရန်မမူသည်မှာလည်း အုံသြစရာပင်ဖြစ်ပေသည်။

ငထီးကိုနွေအခါ၌ ကြည့်လျှင် ထင်ရှားစွာမြင်ရခဲသော်လည်း၊ ညဖက်တွင်မူအထူးပင်ထင်ရှားစွာမြင်နိုင်ပေသည်။ အချို့အကောင်ကြီးများသည် အမှောင်ထဲတွင်မီးလုံးကြီးများကဲ့သို့ ထွန်းတောက်ပြောင်လက်နေသည်။ အချို့ငထီးသည်အရောင်အမျိုးမျိုးတောက်နေသောကြောင့် ရေထဲတွင်အတော်ကြည့်၍ကောင်းပေသည်။ အချို့အကောင်များသည် တကိုယ်လုံးပြိုးပြိုးပြောင်ပြောင်တောက်ပလျက်ရှိကြသည်။ အချို့မှာမူဦးမှင်အနီးအနားတဝိုက်နှင့် ကိုယ်အဝိုင်းကြီးပေါ်၌သာထွန်းလင်းတောက်ပလျက်ရှိကြသည်။ ညအခါတွင်စုန်းမီးများကဲ့သို့ ပြိုးပြိုးပြက်ပြက်ရှိပြီး တခါတရံမူ ရှေရောင်များဖြာထွက်နေသည်ကိုပင် တွေ့ရတတ်၏။ ငထီးများရေထဲ၌ ဟိုဟိုသည်သည်သွားလာကူးသန်းနေနိုင်ခြင်းမှာ အများအားဖြင့် ပင်လယ်ရေစီးကြောင်းက သယ်



ငခြောက်လုပ်ရသည့်ငတံခွန်



ငထီးပေါက်ပွားလေ့ပုံ

အတွေ့ရများသော သြရိုးလီယားငထီးမျိုး မည်ကဲ့သို့ ပေါက်ပွားပြောင်းလဲလာသည်ကို ဤပုံတွင် ပြထားသည်။ ပဌမတွင် ငထီးဥသည်ရေထဲတွင် ရွေ့ရှားနေရာမှ သစ်ပင်ငယ်များကဲ့သို့ မြေ၌ တွယ်ကပ်ကာကြီးထွားလာ၏။ ဒုတိယအဖွဲ့ဝင်တွင် ခွက် သဏ္ဌာန်ရှိသောဥ၏ အပေါ်ပိုင်းမှ လက်တံများထွက်လာသည်။ မကြာမီအောက်ဖက်တွင်ခွက်သဏ္ဌာန်ရှိအဆစ်အပိုင်းများ ၁၃ ဆင့်အထိဆင့်ကဲဖြစ်ပေါ်လာပြီးနောက် အပေါ်ဆုံးအပိုင်းသည်သီးခြားခွဲထွက်၍ ငထီးလောင်းကောင်ဖြစ်လာလေသည်။ ဤနည်းအတိုင်း ငထီးလောင်း ၁၃ ကောင်အထိခွဲထွက်ကြပြီးလျှင် ကာလကြာမြင့်သော်အင်္ဂါစုံငထီးများဖြစ်လာကြလေသည်။

ဆောင်သွားသောကြောင့်ဖြစ်သည်။ ငထီးတို့ရေကူးပုံမှာ အခြားရေသတ္တဝါများရေကူးပုံနှင့်မတူဘဲ ခေါင်းလောင်းပုံသို့မဟုတ်ထီးပုံရှိသောကိုယ်ကို ရှဲ့ ချည်ပွ ချည်ပြု၍ကူးကြ၏။

ငထီးရိုးရိုးတို့အပြင် ဆန်းကြယ်သောငထီးများလည်းရှိသေး၏။ ထိုငထီးတို့သည် 'ဆိုင်ဖွန်နိုဖိုရာ' ခေါ်မျိုးစုကြီးတွင်ပါဝင်၍ အအုပ်လိုက် ပင်လယ်ထဲ၌နေတတ်ကြသည်။ 'ဖီဆယ်လီယား' ငထီးမျိုး၏ကိုယ်တွင် တဲ့လောင်းကျနေသောဦးမှင်တမျိုးရှိ၏။ ထိုဦးမှင်နှင့်ထိမိသောသတ္တဝါတို့မှာ သေကြေပျက်စီးကြသည်။ ဤအကောင်မျိုး၏အဆိပ်မှာ ပြင်းလှသဖြင့်လူကိုပင်သေစေနိုင်လောက်ပေသည်။

ငထွေး။ ။ငထွေသည်ကမ္ဘာအရပ်ရပ်တွင် အနှံ့အပြားတွေ့ရှိရသော ကြောင်ငါးအမျိုးအစားတွင်ပါဝင်လေသည်။ 'ကြောင်ငါး' ဟုအင်္ဂလိပ်အမည်ဖြင့်မှည့်ခေါ်ခြင်းမှာ ပါးစပ်ဘေးတွင်ကြောင်နှုတ်ခမ်းမွေးနှင့်တူသောအမျှင်များ ပါရှိခြင်းကြောင့်ဖြစ်လေသည်။ ငထွေသည်ကြည့်ရအရုပ်ဆိုးသော်လည်း စား၍အရသာရှိသောငါးဖြစ်သည်။ ငထွေသည်အသားစားငါးမျိုးဖြစ်သည်။ ငထွေ၏ဦးခေါင်းသည် ကိုယ်နှင့်မလိုက်အောင်ကြီးမား၏။ ဆူးတောင်များသည် ဖြောင့်တန်း၏။ မေးရိုး၌ရှည်ပြီးကောက်သောသွားများ စီတန်းလျက်ပေါက်သည်။ ငထွေ၏အရောင်မှာမီးခိုးရောင်ဖြစ်သည်။ ကိုယ်အလေးချိန်ပေါင် ၁၀၀ ကျော်စီးသော ငထွေများရှိ၏။ ကြောင်ငါးအမျိုးအစားတွင်ပါဝင်သောငါးမျိုးများစွာမြန်မာနိုင်ငံတွင်တွေ့ရှိရသည်။ ဦးခင်။

ငခုမ်။ ။ပါဏာဗေဒအလိုအားဖြင့်ငခုပ်ကို 'ဗာဗပ်တိုး' ဟုခေါ်သည်။ ထိုငါးသည်ငသိုင်းမျိုးဖြစ်၍ 'စိုင်ပရီနီဒီ' မျိုးရင်းတွင်ပါဝင်သည်။ ကိုယ်သည်ရှည်၍အနည်းငယ်ပြားသည်။ ဦးခေါင်းသည်ချွန်ထွက်နေသည်။ စအိုဆူးတောင်၏နောက်ဖက်တွင် အမြီးသည်သေးသွားသည်။ ပါးစပ်မှာကျဉ်းသည်။ နှုတ်ခမ်းများမှာအသားထူသည်။ အရောင်မှာဒေသကိုလိုက်၍ပြောင်းလဲ၏။ တခါတရံဒေသတခုထဲ၌ပင်အရောင်ကွဲပြားခြင်းရှိသည်။


ငခေးရှည်။ ။ပါဏာဗေဒအရငခေးရှည်ကို 'ခိုင်ရိုစင်တြပ်ဒိုရမ်' ဟုခေါ်သည်။ ငခေးရှည်၏ကိုယ်သည်ရှည်လျားချပြားသည်။ ဝမ်းပိုင်းစောင်းထက်သော်လည်း ငသလောက်မှာကဲ့သို့ လှသွားနှင့်တူသောအထစ်များမရှိခေ။ ပါးဟက်ဝကျယ်သည်။ မျက်စိများသည်အဆီဖြင့်ပြည့်ဝသောမျက်ခွံတို့ဖြင့် ဖုံးအုပ်လျက်ရှိသည်။ နှုတ်သီးမွေးမပါခေ။ ပါးစပ်သည်စောင်းချစောက်နက်သည်။ အောက်မေးရိုးသည်အထက်မေးရိုးထက်ရှေ့သို့ငေါထွက်နေသည်။ ကျော


ဆူးတောင်ငယ်ငယ်တခုရှိ၍ ယင်းသည်ကိုယ်၏နောက်ပိုင်းကျကျတွင်တည်ရှိသည်။ စအိုဆူးတောင်ရှည်လျားသည်။ စအိုဆူးတောင်၏အရှေ့ဖက် ဝမ်းပိုင်းစောင်းတလျောက်လုံးတွင် ဆံပင်မွေးနှင့်တူသောဆူးမျှင်များရှိသည်။ အကြေးခွံတို့သည်ပါးလွှာ၍သေးငယ်၏။ ငခေးရှည်သည်အကြေးခွံလဲတတ်သောငါးမျိုးဖြစ်သည်။ ကျောဖက်တွင်စိမ်းပြာပြာရောင်ရှိ၍ ဘေးဖက်နှင့်ဝမ်းပိုင်းတွင်ငွေရောင်သန်းလျက်ရှိသည်။ ငခေးရှည်သည်အလျား ၁၂ လက်မခန့်ထိကြီးထွားပေသည်။

ငနုသန်း။ ။ငနုသန်းသည်ငထွေမျိုးတွင်ပါဝင်သည်။ သိပ္ပံအမည်အားဖြင့် ငနုသန်းကို 'ကယ်လီခရောက်ပက်ပဒါး' ဟူ၍ငင်း၊ 'ကယ်လီခရောက်ပါဗို' ဟူ၍ငင်း၊ 'ကယ်လီခရောက်ဗိုင်မာကျူလေးတပ်' ဟူ၍ငင်းခေါ်သည်။ ထိုငါးမျာ၌နှုတ်သီးမွေးပါသည်။ အကြေးခွံမပါခေ။ ကျောဆူးတောင်တွင်အရိုးနုတချောင်းသာရှိသည်။ ရေချိုရေငန် ၂ ရပ်စလုံး၌ တွေ့ရသောငါးမျိုးဖြစ်သည်။ ငနုသန်းကို ငခြောက်လုပ်ကြသည်။


ငနက်ပြာ။ ။ငနက်ပြာကိုငနံဟူ၍လည်းခေါ်သည်။ ငနက်ပြာသည်ငမြစ်ချင်း၊ ငကြင်း၊ ငဒုပ်တို့နှင့်အတူငသိုင်းမျိုးတွင်ပါသည်။ ပါဏာဗေဒအလိုအားဖြင့် 'လေဗီအိုကဲဗားစူး' ဟုခေါ်၍ 'စိုင်ပရီနီဒီ' မျိုးရင်းတွင်ပါဝင်သည်။ ငနက်ပြာသည်ကိုယ်ထည်တောင့်တင်းသည်။ ပါးစပ်ပေါက်ကျဉ်းသည်။ နှာတံနှင့်အထက်နှုတ်ခမ်းတို့တွင်အပေါက်ကလေးများရှိသည်။ နှုတ်သီးမွေး ၂ စုံပါရှိသည်။ အမြီးခွစောက်နက်သည်။ ငမြစ်ချင်းနှင့်ကွာခြားချက်မှာ ငနက်ပြာ၏ကျောရိုးဆူးတောင်တွင် ဆူးတက်များပို၍ပါရှိခြင်းပင်ဖြစ်သည်။ အရောင်မှာမည်းသည်။ ဆူးတောင်များ၏အရောင်မှာလည်းမည်းသည်။ တခါတရံအမြီးဆူးတောင်၏အထက်ခြမ်းအဖျားတွင် အဖြူရောင်ရှိတတ်သည်။ ငအုံတုံနှင့်ငဒိန်တို့လည်း ငနက်ပြာနှင့် မျိုးချင်းနွယ်သောငါးများဖြစ်ကြသည်။


ငနှပ်။ ။ပါဏာဗေဒအလိုအရ ငနှပ်သည် 'စကိုပယ်လီဒေး' မျိုးရင်းတွင်ပါဝင်သည်။ သိပ္ပံအမည်အားဖြင့် ငနှပ်ကို 'ဟာပိုဒွန်နေဟေးရီးယပ်' ဟုခေါ်သည်။ ငနှပ်ကိုယ်သည်ရှည်လျား၍ အနည်းငယ်ပြား၏။ ဦးခေါင်းတိုတုတ်သည်။ နှာတံသည်ကျယ်၍ထိပ်ဝိုင်းသည်။ ပါးစပ်ပေါက်အလွန်ကျယ်သည်။ မေးရိုး ၂ ခုလုံးတွင်ထက်သောသွားများရှိသည်။ ဦးခေါင်းနှင့်ဆူးတောင်တို့သည်အလင်းပေါက်လုနီးဖြစ်သည်။ ဝမ်းပိုင်းနေရာမှလွဲ၍ ကျန်ကိုယ်ပိုင်းသည်လည်း





၁။ အမေရိကန်တံငါသည်တဦးဖမ်းမိသောငထွေကြီး
၂။ ဒေသကိုလိုက်၍အရောင်ပြောင်းတတ်သောငဒုပ်
၃။ အကြေးခွံလဲတတ်သောငစားရှည်
၄။ နက်ပြာသောအရောင်ရှိသည့်ငနက်ပြာ
၅။ ဟင်းလျာအတွက်လူသိများသောငနုသန်း
၆။ အာပဲ့ခြောက်လုပ်ရသောငနှပ်
၇။ ရှောက်အသင်း ခေါ် ငပါး
၈။ စိမ်းစားငပိလုပ်ရသည့်ပုဇွန်ဆိတ်ကငလေးများ





အလင်းပေါက်လုနီးဖြစ်သည်။ တကိုယ်လုံးတွင်မည်းနက်သောအစက်အပြောက်များရှိသည်။ ဝမ်းပိုင်းမှာငွေရောင်သန်းလျက်ရှိသည်။ အကြေးခွံသည်သေးငယ်၍ အလင်းပေါက်သဖြင့်လတ်ဆတ်သောငနှပ်တွင် အကြေးခွံကိုခွဲခြား၍သိနိုင်ရန်ခဲယဉ်း၏။ ငနှပ်သည်အလျား ၁၆ လက်မထိရှိသည်။ ငနှပ်ခြောက်ကို အာပဲ့ခြောက်ဟူ၍ခေါ်ကြ၏။

ငပါး။ ။ငပါးသည်ငအုပ်ဖားနှင့်အတူ 'အန်ချိုဗီ' ငါးမျိုးစုတွင်ပါဝင်သည်။ ငပါးကိုရှောက်အသင်းဟူ၍လည်းခေါ်သည်။ သိပ္ပံအမည်မှာ 'တြစ်စောကလီပါရေးဗား' ဖြစ်သည်။ ငပါးတွင်ဆူးတောင်တို့သည် ကြီးထွားဖုံ့ဖိုးသည်။ အမြီးခွရှည်သည်။ အကြေးခွံများသည်အလျားလိုက် ညီညီညာညာရှိသည်။ ကျောဆူးတောင်နှင့်စအိုဆူးတောင်တို့အောက်ခြေတွင် အကြေးခွံငယ်များစီတန်းလျက်ရှိသည်။ ပါးစပ်ပေါက်အလွန်ကျယ်သည်။ မေးရိုး ၂ ခုလုံးတွင် သွားများပါရှိသည်။ ငပါးသည် ၁၂ လက်မခန့်အထိကြီးထွားသည်။ အရောင်မှာငွေရောင်ဖြစ်၍ ကျောတွင်အပြာရောင်ဦးခေါင်းတွင် ရွှေရောင်ထလျက်ရှိသည်။ ကျောဆူးတောင်နှင့်အမြီးဆူးတောင်တို့၌ ဝါကြန့်ကြန့်အရောင်ရှိသည်။ အခြားဆူးတောင်တို့၌ အရောင်မရှိချေ။ ငပါးသည် အသားနှင့်အရိုး နူးညံ့သောငါးမျိုးဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းတွင် အများအပြားတွေ့ရသည်။

မြန်မာ့အဓိကအာဟာရ

မြန်မာတိုင်းရင်းသားတို့အဖို့ ငပိပါမှထမင်းမြိန်သည်။ အားရတင်းတိမ်သည်။ ကျန်ပ်တို့သည် ငပိကိုအမျိုးမျိုးပြုပြင်ကြော်ချက်၍ နေ့စဉ်စားသုံးနေကြသော်လည်း၊ ငပိတွင် မည်သည့် အာဟာရဓာတ်များပါရှိသည်ကိုမူ များစွာ ဂရုမထားမိကြချေ။ ဤအကြောင်းရပ်တွင် ငပိလုပ်ပုံ လုပ်နည်းအပြင် အာဟာရတန်ဖိုးမည်မျှပါရှိကြောင်းကိုပါ ဖော်ပြထားပေသည်။

ငပိ။ ။မြန်မာတို့၏အစားအစာတွင် ထမင်း၊ ဟင်း၊ ဟင်းချို၊ ငပိနှင့်တို့စရာတို့သည် အခြေခံဖြစ်ပေသည်။ ထမင်းကိုဟင်းနှင့်တဲ့ဖက်၍ မစားရစေကာမူ၊ ငပိ၊ တို့စရာတို့နှင့်တဲ့ဖက်၍ မစားရလျှင်၊ ပြည့်ပြည့်ဝဝစားသောက်ရသည်ဟု မြန်မာတို့ကမယူဆကြချေ။ အထူးသဖြင့် တောင်သူလယ်သမားနှင့် အလုပ်ကြမ်းသမားတို့အဖို့ ငပိသည် အဓိကအာဟာရပင်ဖြစ်သည်။

ငါးအစိုကို ဆားဖြင့်အထပ်ထပ်သိပ်ထားလျှင် သော်၎င်း၊ ငါး၊ ဗုဇ္ဈန်၊ ကနန်းစသည်တို့ကို ဆားပက်နေလှန်း၍၊ ဆုံဖြင့်ထောင်းထားလျှင်သော်၎င်း ငပိဟုခေါ်လေသည်။ ငပိကို မြန်မာတို့သာမက၊ ယိုးဒယားလူမျိုးများလည်း စားသုံးတတ်ကြသည်။ ငပိကိုယိုးဒယားဘာသာစကားဖြင့် ကပိဟူ၍ခေါ်သည်။ ယိုးဒယားငပိလုပ်နည်းနှင့် မွန်မြန်မာငပိလုပ်နည်းမှာ အတူတူပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေ့စဉ်စားသုံးသောငပိကို အကြမ်းအားဖြင့်စိမ်းစားငပိ၊ မျင်ငပိ၊ ဒမင်းငပိ၊ ရေကျိုငပိနှင့် ငပဲကောင်ဟု ခွဲခြားနိုင်သည်။

စိမ်းစားငပိကို ဗုဇ္ဈန်ဆိတ်ကလေးများမှလုပ်သည်။ တခါတရံ ဗုဇ္ဈန်ဆိတ်များသည် ငါးကလေးများနှင့် ရောနေတတ်သည်။ ဤသို့ဖြစ်လျှင်၊ စိမ်းစားငပိကို ဗုဇ္ဈန်ဆိတ်နှင့် ငါးကလေးများမှလုပ်ရသည်။ ယင်းတို့ကို နေပူတွင် ၃၊ ၄ ရက်မျှလှန်း၍၊ အတန်ငယ်ခြောက်လာသောအခါ ဆုံတွင်ထည့်၍ထောင်းရသည်။။ အတန်ညက်လေမှ၊ ဆားထပ်ထည့်၍၊ ထပ်ထောင်းရပြန်သည်။ ဆားသမသုဘးသည့်အခါ၊ ငပိကိုမြေအိုးတွင် အနည်းဆုံး ၃၊ ၄ လမျှသိပ်ထားရသည်။ ထိုအခါငါး၊ ဗုဇ္ဈန်တို့၏အခွံနှင့် အရိုးများသည် ကြေပြီဖြစ်၍၊ ငပိမှာစားသုံးရန် အသင့် ဖြစ်လာသည်။ စိမ်းစားငပိကို မြိတ်နှင့်ထားဝယ်နယ်များတွင်လုပ်ကိုင်ကြ၍၊ ဒေသကိုအစွဲပြုကာမြိတ်စိမ်းစား၊ ထားဝယ်စိမ်းစားဟုခေါ်ကြလေသည်။

မျင်ငပိကို ကျောက်ဗုဇ္ဈန်ဆိတ်ကလေးတမျိုးမှလုပ်သည်။ လုပ်နည်းမှာစိမ်းစားငပိလုပ်နည်းနှင့် အတူတူပင်ဖြစ်သည်။ မျင်ပိုက်နှင့်ဖမ်း၍ရသော မျင်များကိုအစွဲပြု၍ မျင်ငပိဟုခေါ်ခြင်းဖြစ်သည်။ မျင်ထဲတွင် အထက်ပါကျောက်ဗုဇ္ဈန်ဆိတ်အပြင်၊ ကနန်းကလေး၊ ငါးကလေးများလည်းပါဝင်သည်။ မျင်ငပိမှာ ဘိုကလေး (ဖျာပုံနယ်)၊ လပွတ္တာ (မြောင်းမြနယ်)၊ သက္ကယ်သောင် (ပုသိမ်နယ်) တို့မှအများအားဖြင့်ထွက်သည်။

ဒမင်းငပိမှာ ဒမင်းထောင်၍ဖမ်းရသောငါးကလေးအမျိုးမျိုးတို့ကိုနေလှန်း၊ ဆားပက်၍ ထောင်းယူရသောငပိဖြစ်သည်။ ငါးပေါသည့်အရပ်တိုင်း၌ ဒမင်းငပိလုပ်ကြသည်။

ရေကျိုငပိမှာ အရည်ကျိုစားရသောငပိမျိုးဖြစ်သည်ဟုဆိုသည်။ အချို့ကလည်း ရေချိုငပိဟုခေါ်ကြသည်။ သို့သော်ရေကျိုငပိလုပ်သောငါးမှာ ရေချိုရေငန်နှစ်ခွာနမှရသောငါးများဖြစ်သည်။ ထိုငါးများမှာ များသောအားဖြင့် အကောင်လတ်၊ အကောင်ကြီးများဖြစ်သည်။ ယင်းတို့ကိုခါးကျိုးရုံမျှထောင်း၍ ငပိလုပ်ရသည်။ ရေကျိုငပိထဲတွင်၊ သုံးဦးစပ်ငပိမှာထင်ရှားသည်။ များသောအားဖြင့်ငရုတ်၊ ငဖယ်နှင့်ငပြေမ ငါးသုံးမျိုးကိုစပ်၍ လုပ်သောငပိကို လူကြိုက်များသည်။ ထိုအပြင် ဆုံထုံးငပိဟူ၍လည်း



ဗဋ္ဌန်ဆိတ်များကို ဆားကူး၊ နေလှန်းပြီးနောက်ငပိဖြစ် စေရန်ဆုံတွင် ဤသို့ထောင်းရသည်။

ရှိသေးသည်။ ဆုံထုံးငပိမှာ အင်းမှရသောခါးချိုးပြီးငါးများကို ဆုံတွင်ထည့်ထောင်းရာ၊ မညက်တညက် လုံးထွေးထွေးအခြေခံရှိသောငပိဖြစ်သည်။ ထိုထက်ညက်အောင် ဆက်ထောင်းလျှင်၊ ထောင်းသားငပိဟုခေါ်ပြန်သည်။ ငါးအသေးစား များမှလုပ်သော ငပိကိုငနုပ်ငပိဟုခေါ်ကြ၏။ ယင်းသည်လည်းသုံးဦးစပ်ငပိ၌ အပါအဝင်ဖြစ်သည်။

ငါးကိုအကောင်လိုက်ဆားပက်၍ကုပ်နှိပ်ထားသောငပိကို ငပိကောင်ဟုခေါ်သည်။ ငပိကောင်လုပ်နည်းမှာ မျှင်ငပိ၊ ဒမင်းငပိ၊ ရေကျိုငပိလုပ်နည်းနှင့်မတူချေ။

မိလာသောငါးများကို ငပိလုပ်ရန်ငါးနှင့် ငပိကောင်လုပ်ရန်ငါးဟူ၍ ရွေးချယ်ရသည်။ ထိုနောက်ငပိကောင်လုပ်ရန် ငါးများကို ရေစင်တင်ရသည်။ ရေစင်တင်သည်ဟူသည်မှာ ငါးကိုရေစင်ပေါ်၌တင်၍ ဆေးကြောခြင်းပင်ဖြစ်ပေသည်။ ရေစင်တင်ငါးများမှာ အူအသည်းထုတ်ပြီး၊ ခေါင်းဖြတ်ပြီး ငါးများဖြစ်သည်။ ထိုနောက်ငါးများကို ရိုင်ပတ်ထဲတွင်ထည့်၍၊ အပေါက်ဖောက်ထားသည့်ယောက်မနှင့် မွှေရ၏။ သို့မှသာအကြေးစင်သည်။ ထိုနောက်တဖန်ရေစင်တင်ပြီးလျှင်၊ အညှီနှင့်အရိအရွဲများကျဆင်းစေရန် ဆားပက်ပေးရသည်။ ယင်းကိုရေထုတ်ဆားပေါက်ခြင်းဟုခေါ်သည်။ ထိုနောက်ထုန်ခြစ်၊ ခက်ရင်းတို့ဖြင့်ဆွပေးရသည်။ ဤသည်ကိုခါးချိုးသည်ဟုခေါ်သည်။ ရေစစ်၍သွားသောအငါးများကိုရေစင်မှချ၍၊ အသားတွင်းသို့ဆားဝင်စေရန်ဆားဖြူးပေးရသည်။ ဤသည်ကို ဆားကူးသည်ဟုခေါ်သည်။ ပြီးလျှင်စည့်သို့သွင်းကာ အသားတထပ်၊ ဆားတထပ်သိပ်ရသည်။ ယင်းသို့ငပိသိပ်ရာ၌ သစ်သားခုံဖိနပ်ဖြင့်နင်း၍၊ သစ်သားတုံးနှင့် ဆောင့်ပေးရသည်။ ငပိစည့်မှာအိမ်ခေါင်ပက်လက်ပုံ ဆောက်လုပ်ထားသည်ဖြစ်၍၊ ငပိမှကျသောငန်ပြာရည်သည် ရေတန်လျှောက်မှတဆင့် ငန်ပြာရည်အိုးထဲသို့စီးဆင်းလေသည်။ (ငန်ပြာရည် — ရှု။)

ထိုနောက်ငပိကောင်ကို စည့်မှထုတ်၍ နေသတ်ရသည်။ နေသတ်ခြင်းမှာ စည့်အတွင်း၌သိပ်ပြီးငါးကိုအပြင်ထုတ်၍ နေပူလှန်းခြင်းဖြစ်သည်။ ထိုနောက်ဆားပြန်ကူးပြီး၊ စည့်ပြန်သိပ်ရသည်။ အကယ်၍အငန်ရည်စစ်သွားလျှင်၊ ထပ်၍ဆားဖြူးပေးရသည်။ အငန်လွန်လျှင်မူကား ဆန်မှုန့်ကိုဖြစ်စေ၊ ထောင်းပြီးသားပြုတ်ဆန်ကိုဖြစ်စေ၊ ဆန်ကွဲပြုတ်ကိုဖြစ်စေရောပေးရသည်။

ငပိ၏အာဟာရဓာတ်များ

ငပိတွင်ရော၊ ပရိုတင်းနှင့် တွင်းထွက် သတ္တုဓာတ်များပါရှိသည်။ တွင်းထွက်သတ္တုဓာတ်များအနက်ဆားအပြင်၊ကယ်လဆီယမ်နှင့် ဖော့စဖောရပ်ခေါ် ဒြဗ်စင်များလည်းပါသည်။ ထိုပြင်သွေးကောင်းရန်အတွက် သံဓာတ်လည်းပါသည်။ ငပိတွင်ရေရာခိုင်နှုန်း ၄၀ မှ ၅၀ အထိ၊ ပရိုတင်းရာခိုင်နှုန်း ၂၀ မှ ၃၀ အထိ၊ အဆီရာခိုင်နှုန်း ၃ မှ ၄ အထိပါဝင်သည်။ စိမ်းစားနှင့်မျှင်ငပိတွင်ဆားရာခိုင်နှုန်း ၁၀ မှ ၂၅၊ ရေကျိုငပိ၊ ဒမင်းငပိနှင့်ငပိကောင်များတွင်ဆားရာခိုင်နှုန်း ၂၀ မှ ၃၀ အထိပါဝင်ကြသည်။ အသားနှင့်အဆီများပါသောကြောင့်ငပိသည်အခြားအသားများကဲ့သို့ အပူဓာတ်ကိုပေး



အလုပ်တွင်ကျယ်စေရန်ကြိတ်စက်ဖြင့်ငပိကြိတ်နေပုံ

သည်။ ငပိအမျိုးအစားကိုလိုက်၍၊ ငပိတအောင်စလျှင် အပူဓာတ် ၃၁ ကယ်လိုရီမှ ၄၈ ကယ်လိုရီအထိ ပေးနိုင်သည်။ ဤအချက်တွင် ငပိသည်အမဲသား၊ ဆိတ်သားနှင့်ဝက်သား လောက်ပင်အာဟာရတန်ဖိုးရှိသည်။

ငပိတွင် ကယ်လဆီယမ်ဒြဗ်စင်သည် ၁.၅ မှ ၂.၅ ရာခိုင်နှုန်းအထိပါသည်။ ဖော့စဖောရပ်မှာမူ ၀.၇၅မှ ၁.၂၅ ရာခိုင်နှုန်းအထိပါသည်။ အစားအစာများတွင် ကယ်လဆီယမ်ရာခိုင်နှုန်းများသည် အောက်ပါအတိုင်းဖြစ်သည်။

နို့	၀.၁၂%
ကြက်သွန်ဖြူ	၀.၃၀%
နှမ်း	၁.၄၅%
ဒန့်သလွန်ရွက်	၀.၄၄%
တရုပ်နံနံရွက်	၀.၂၃%
ပူဒီနာ	၀.၂၀%

အထက်ပါရာခိုင်နှုန်းနှင့်ယှဉ်ကြည့်သော်၊ ငပိသည် ကယ်လဆီယမ်များစွာပါသည့်အစာဟု ဆိုနိုင်သည်။

ငပိများများစားရန်လိုသည်

လူ့ခန္ဓာကိုယ်သည် ကယ်လဆီယမ်ဓာတ်လုံလောက်စွာမရလျှင် ရောဂါအမျိုးမျိုးစွဲကပ်တတ်သည်။ လူကြီးတယောက်အတွက် တနေ့လျှင် ကယ်လဆီယမ် ၀.၆၈ ဂရမ်လောက်လိုသည်။ ကျွန်ုပ်တို့သည် ငပိကိုနေ့စဉ်စားပေးခြင်းအားဖြင့် ခန္ဓာကိုယ်ကလိုအပ်သည့် ကယ်လဆီယမ်ဓာတ်ကို ပေါ်ပေါ်ပေါက်ပေါက်ပေးနိုင်သည်။ ကယ်လဆီယမ်နှင့် ဖော့စဖောရပ်နှစ်မျိုးစလုံးပင် ခန္ဓာကိုယ်ရှိအရိုးများကို ခိုင်မာစေသည်။ ထိုဓာတ်နှစ်မျိုးကို ခန္ဓာကိုယ်ကလုံလောက်စွာမရသော် ရစ်ကက်ရောဂါ စွဲကပ်တတ်သည်။ လူကြီးတိုင်းနေ့စဉ် ဖော့စဖောရပ် ၁ ဂရမ်လောက်လိုသည်။ ငပိတွင် ကယ်လဆီယမ် ၂ ဆပါလျှင်၊ ဖော့စဖောရပ် ၁ ဆပါသည်။ သို့ရာတွင်ကယ်လဆီယမ် ၁ ဆနှင့်ဖော့စဖောရပ် ၂ ဆပါမှသာအာဟာရလုံလောက်သည်။ ကံအားလျော်စွာ၊ ကျွန်ုပ်တို့နေ့စဉ်စားသောဆန်တွင် ဖော့စဖောရပ်သည် ကယ်လဆီယမ်ထက်ပို၍ပါသည်။ စက်ကြိတ်ဆန်၏ကယ်လဆီယမ်နှုန်းမှာ ၀.၀၁% ဖြစ်၍ ဖော့စဖောရပ်နှုန်းမှာ ၀.၁၅ % ဖြစ်ရာငပိနှင့်ထမင်းစားခြင်းသည် အာဟာရဖြစ်စေသည်။

ငပုတောမြို့။ ။မြစ်ဝကျွန်းပေါ်ဒေသ အနောက်တောင်စွန်းရှိ ပုသိမ်ခရိုင်၊ ငပုတောမြို့သည် ပုသိမ်မြို့မှတောင်ဖက်သို့ ၁၆ မိုင်ကွာဝေး၍ ငဝန်မြစ်၏အရှေ့ဖက်ကမ်းတွင် တည်ရှိသည်။ မြို့ပိုင်ရုံးစိုက်ရာမြို့ဖြစ်၍ မြို့နယ်မှာ ၁၄၃၉ စတုရန်းမိုင်ကျယ်ဝန်း၏။ မြို့နယ်၏အနောက်နှင့် တောင်ပိုင်းသည် ပင်လယ်နှင့်ဆက်စပ်လျက်ရှိသည်။ နေထိုင်ကြသောသူများသည် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများဖြစ်ကြ၍ ၁၉၅၃ ခုနှစ်သန်ကောင်စာရင်းအရ လူဦးရေ ၂,၆၈၃ ယောက်ခန့်ရှိသည်။ ဒုတိယအကြိမ်အင်္ဂလိပ်တို့က ပဲခူးစသောမြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်လိုက်သောအခါ ပုသိမ်ခရိုင်ထဲတွင်ကျိန်တလီ အပါအဝင်ဖြစ်သော ချောင်းသာမြို့နယ်




စာရပ်ရပ်သို့တင်ပို့ရန်အဆင်သင့်ဖြစ်နေသောငပိခြင်းများ

ဟူ၍ရှိသည်။ ထိုနောက်ယင်းမြို့နယ်ကို ပယ်ဖျက်၍၊ ဒန်ချောင်းနှင့် ငရုတ်ကောင်းတိုက်နယ်နှစ်နယ်ကို ငပုတောမြို့နယ်ထဲသို့သွတ်သွင်းခဲ့သည်။ ထိုနောက်၌ကား ငပုတောမြို့နယ်၏နယ်နိမိတ်သည် အကြိမ်ကြိမ်အဖန်ဖန် ပြောင်းလဲခဲ့သည်။ ငပုတောဟူသောအမည်မှာ ရှေးအခါကငပုအမည်ရှိမုဆိုးတယောက်နေထိုင်ခဲ့သော တောဖြစ်၍ ငပုတောဖြစ်လာကြောင်းအဆိုရှိသည်။ မုဆိုးငပုသည် သားကောင်များကိုပစ်ခတ်ဖမ်းဆီး၍ ထိုသားကောင်များ၏အရိုးများကို စုပုံထားရာအရပ်သည် 'အရိုးထားရာ' ဟူ၍ငင်း၊ သားကောင်များကို ကျပ်တင်သောစင်ရှိရာအရပ်သည် 'ကျပ်စင်ချောင်းရွာ' ဟူ၍ငင်း ခေါ်တွင်ကြောင်းဖြင့်ဆိုလေသည်။ ယင်းအရိုးထားရွာနှင့် ကျပ်စင်ချောင်းရွာများမှာ ငပုတောမြို့တောင်ဖက်တွင်ရှိကြသည်။ ငပုတောမြို့သည် ပုဂံခေတ် အတွင်း၌ ဆပဒရွာဟုအမည်တွင်ကြောင်း၊ ပုဂံနရပတိစည်သူမင်းလက်ထက် သီဟိုဠ်ကျွန်းသို့ကြွရောက်သိတင်းသုံးပြီးနောက် ပုဂံပြည်သို့ပြန်အရောက်တွင် ပစ္စိမသဃ်ာဂိုဏ်း သီးခြားတည်ထောင်သောဆပဒမထေရ်မှာ ထိုရွာသားပင်ဖြစ်ကြောင်းအဆိုရှိလေသည်။

ငပုတောမြို့နယ်အတွင်း ဆန်စပါး၊ ဆား၊ သစ်နှင့်ငပိငခြောက်လုပ်ငန်းများရှိသည်။ ထိုပြင်ကျောက်ပင့်ခွေးခြင်းနှင့် ငမန်းဖမ်းသောလုပ်ငန်းများလည်းရှိ၏။ မြို့နယ်အတွင်းရှိ ပြင်ခရိုင်ကျေးရွာသည် ငပိလုပ်ငန်းဖြင့်နာမည်ကြီး၍၊ မိန်းမလှကျန်းသည် လိပ်ဥများစွာထွက်သောလိပ်သောင်အဖြစ် ထင်ရှားသည်။ အထက်ပါထွက်ကုန်များကို ပုသိမ်နှင့် ရန်ကုန်မြို့များသို့တင်ပို့ရောင်းချကြသည်။

ရှေမြင်တင်စေတီနှင့် ရဟန္တာသိမ်တို့မှာ ငပုတောမြို့၏ထင်ရှားသောအဆောက်အအုံများဖြစ်သည်။ အလောင်းဘုရားဦးအောင်ဇေယျ လက်ထက်က မြန်မာများ၏လက်ချက်ဖြင့် ကိုလိုနီတည်ထောင်သူအင်္ဂလိပ်များသုတ်သင်ခြင်းခံခဲ့ရသော နေရာဖြစ်သည့်ဟိုင်းကြီးကျွန်းမှာ ငပုတောမှမော်တင်ဘုရားသို့ သွားရာလမ်းတွင်ရှိသည်။ အလောင်းစည်သူမင်းကြီးတည်ထားခဲ့သည်ဆိုသော မော်တင်ဘုရားမှာ ငပုတောနယ်၌ထင်ရှားသော စေတီတော်ဖြစ်သည်။ မော်တင်ဘုရားသည် ငပုတောမြို့မှမိုင် ၄၀ ခန့်ကွာဝေးသော မော်တင်စွန်းအနီးတွင် တည်ရှိ၍ ဘုရားပွဲကို နှစ်စဉ်တပေါင်းလ၌ သိုက်မြိုက်စည်ကားစွာကျင်းပသည်။ ငပုတောမြို့နယ်နှင့် တကွ ပုသိမ်၊ မြောင်းမြ၊ ဂွစသော မြို့နယ်များမှ ဘုရားပွဲတော်သို့လာကြသည်။ မော်တင်စွန်းသည် လှိုင်းတံပိုးများ၊ ခရုများဖြင့် သာယာသော ပင်လယ်ကမ်းခြေရှုခင်းဖြစ်သဖြင့် စာဆိုတော်ဦးကြင်ဉာသည် မော်တင်စွန်းအကြောင်းကို 'ကြုံစဖူးမြင်ဘူးမှယုံစဖွယ်' အစချီသော လေးဆစ်ချိုးကိုစပ်ဆိုခဲ့ဘူးသည်။


ငပုဏ္ဏား။ ။ငပုဏ္ဏားကိုပါဏဗေဒအရ 'ပိုလီနီမပ်၊ ပါဏဒီစိအပ်' ဟုခေါ်သည်။ ငပုဏ္ဏားသည် မြန်မာနိုင်ငံတွင်ဟင်းလျာအဖြစ် အသုံးများသောပင်လယ်ငါးမျိုးဖြစ်၏။ ကိုယ်ပြား၍အမြီးပိုင်းကျဉ်း၏။ မျက်စိငယ်၏။ နှာတံဝိုင်း၍ ကျယ်ပြန့်၏။ ပါးစပ်ပေါက်ကျယ်၏။ အမြီးခွစောက်နက်၏။ ရင်ဆူးတောင်ရှိ ဆူးမျှင်များသည်တခုနှင့်တခုဆက်နေကြသည်။ ထိုဆူးတောင်ရင်း၌ဆူးမျှင်အလွတ် ၂ ချောင်းရှိသည်။ ထိုဆူးမျှင်များအနက် အပေါ်ဆုံး ၃ မျှင်သည် အသန်ဆုံးနှင့်အရှည်ဆုံးဖြစ်သည်။ ယင်းတို့သည် ငါးကိုယ်ထက်ပင်နှစ်ပြန်လောက်ရှည်ကြသည်။ ကိုယ်လုံး၌ ရွေ့ရောင်ရှိ၍ ကျောပိုင်းတွင်မဲ့ပြာရောင်သန်းနေ၏။ ဆူးတောင်ရောင်မှာလည်း ရွေ့ရောင်ပေါက်နေသည်။ ငပုဏ္ဏား၏ကိုယ်အရှည်မှာ ၉ လက်မခန့်အထိရှိသည်။ ထိုငါးမှာ အရသာရှိ၍အသားနူးညံ့သည်။



အထက်ပုံ၊ ဟင်းလျာအတွက်အသုံးများသောငပုဏ္ဏား
အောက်ပုံ၊ အသားစားငါးမျိုးဖြစ်သောငပတ်

ငပတ်။ ။ငပတ်သည်မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်း၌ ၎င်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ပင် ကျက်စားသည့် အသားစားငါးမျိုးဖြစ်သည်။ ပါဏဗေဒအရ 'ဝေါလာဂိုးနီးယားအတ္တ။' ဟုခေါ်သည်။ 'အသားစားကြူးလှူသဖြင့် ငပတ်ကိုငမန်းနှင့်နှိုင်း၍ 'ရေချိုငမန်း' ဟုခေါ်ကြသည်။ ငပတ်ကိုယ်သည်ရှည်၍ ပြား၏။ ကျောသည်တဖြောင့်တည်းရှိ၍ နှာတံမှာရှည်၏။ ပါးစပ်ပေါက်ကျယ်၍အောက်မေးသည်ရှေ့သို့အနည်းငယ်ငေါထွက်နေ၏။ နှုတ်ခမ်းမွေးလေးပင်ပါရာ အထက်နှစ်ပင်သည် အောက်နှစ်ပင်ထက်ပို၍ရှည်၏။ တခုတည်းရှိသောကျောဆူးတောင်သည်ရှေ့ကျ

ကျဉ်ပေါက်၍ ယင်းဥဆူးရိုးမပါခြေ။ စအိုဆူးတောင်သည် အလွန်ရှည်ပြီး၊ အမြီးရင်းနားတွင်အဆုံးသတ်သည်။ အမြီးထိပ် ၂ ခုမှာဝိုင်းနေသည်။ ငပတ်၏အရောင်မှာနှာထိပ်မှအမြီးတိုင်အောင် ကျောရိုးတလျှောက်တွင်မဲပြာရင့်ရောင်ဖြစ်၍၊ အောက်ပိုင်းတွင်မူအရောင်အနည်းငယ်ဖျော့သွားသည်။ ငပတ်၏ကိုယ်အရှည်သည် ၆ ပေအထိရှိသည်။ ငပတ်ကို ဟင်းလျာအဖြစ်စား သုံးကြသည့်အပြင် ငပိလုပ်ရန်လည်းအသုံးချကြသည်။



မြိတ်၊ ထားဝယ်နယ်များတွင်တွေ့ရသောငပျံတမျိုး

ငပျံ။ ။ငပျံသည် 'အိပ်ဇိုစီတီဒေး' ငါးမျိုးရင်းတွင် ပါဝင်သည်။ ငပျံ၏ရင်ဆူးဟောင်သည်အလွန်ကြီး၍ အမြီးဆူးတောင်၏အောက်ခွမှာအလွန်ရှည်သည်။ ငပျံသည်အမြီးနှင့်ပြင်းထန်စွာရေကိုရိုက်ခတ်၍ အပေါ်သို့ခုန်ပြီးလျှင် ရင်ဆူးတောင်ကိုဌက်တောင်များသဖွယ်ဖြန့်၍ လေဟုန်စီးနိုင်သည်။ ဤနည်းဖြင့်ကိုက် ၂၀၀ အဝေးအထိပင် ပျံနိုင်၏။ ပျံသန်းသည်မှာငမန်း၊ လင်းပိုင်စသောရန်သူတို့၏ ဘေးမှလွတ်မြောက်ရန် ဖြစ်ကောင်းဖြစ်မည်ဟုယူဆကြသည်။


ငပျံအမျိုး ၅၀ ခန့်ရှိသည်။ ငပျံကိုနွေးသောပင်လယ်များတွင်တွေ့ရသည်။ အာဖရိကတိုက်ရှိရေချိုပိုင်းဌာနတွေ့ရသော ပင်တိုဒန်ခေါ်ငါးသည်ငပျံတမျိုးဖြစ်၏။ ထိုငပျံသည် တောင်အမေရိက မြစ်များရှိ 'ဂက်စတရိုပီလီးကပ်' ခေါ် ငပျံလောက်မပျံသန်းနိုင်ပေ။ ထိုငပျံ၏ဝမ်းပိုက်သည် သဘော်ဝမ်းနှင့်တူ၍ ပျံလိုသောအခါရင်ဆူးတောင်များဖြင့် ရေကိုရိုက်ခတ်ကာ အပေါ်သို့တက်လေသည်။ ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်းဌာနတွေ့ရသော ငပျံတမျိုး သည် ၁၈ လက်မခန့်ပင်ရှည်၍ ကြီးသောရင်ဆူးတောင်၊ ဝမ်းဆူးတောင်တို့ဖြင့် ဝေးလံစွာပျံသန်းနိုင်သည်။

ငပြေမ။ ။ငပြေမကိုပါဏာပေဒအရ 'အနာဗတ်တက်စတူဒိနိယပ်' ဟုခေါ်သည်။ ထိုငါးမျိုးကိုချောင်း၊ မြောင်း၊ အင်း၊ အိုင်များတွင်တွေ့ရပေသည်။ ငပြေမ၏ကိုယ်သည် ပြား၍ဦးခေါင်းမှာကျယ်သည်။ အကြေးခွံများသည်ကြီး၍ ညီညာသည်။ ငါး၏အရောင်မှာအစိမ်းပုပ်ရောင်ဖြစ်၍ ဝမ်းပိုက်ပိုင်းတွင် အရောင်ဖျော့တော့တော့နေသည်။ ကိုယ်အရှည် ဂ လက်မခန့်အထိရှိသည်။

ငပြေမငါးမျိုးသည်သွားလာသည့်အခါ အုပ်ဖွဲ့၍သွားလာလေ့ရှိသည်။ ရေထဲရှိပိုးမွှားများကိုငုံ၊ ဗုဇ္ဈန်ဆိတ်ကလေးများကိုငုံးဖမ်းယူ၍စားတတ်ကြသည်။ အရွယ်ကြီးလာသောငပြေမသည် ရွယ်တူအခြားငါးများနှင့်ရောရှိအစာရှာလေ့ရှိသည်။ သားငယ်များဖြစ်သောငါးပေါက်စကလေးများကို ဂရုမစိုက်ဘဲလျစ်လျူရှုထားတတ်သည်။

ငပြေမသည်ငရုံနှင့်မျိုးချင်းမတူသော်လည်း ငရုံကဲ့သို့ပင် လေမှအောက်ဆီဂျင်ကို တိုက်ရိုက်ရှူနိုင်သော အင်္ဂါရှိလေသည်။ ထိုကြောင့်ထိုငါးနှစ်မျိုးစလုံးသည် ကုန်းပေါ်တွင် အချိန်အတန်ကြာအောင် အသက်ရှင်နေနိုင်ကြ၏။ စွတ်စိုသည့်မြေပေါ်တွင်အမြီးကိုထောက်၍ ခရီးအတန်ဝေးဝေးသွားနိုင်ကြလေသည်။

ငဖီးမ။ ။ငဖီးမကိုငါးတံငါဟူ၍လည်းခေါ်သည်။ ရခိုင်တိုင်းဌာယင်းကို ငါးဥကြီးဟူ၍သိကြသည်။ ပါဏာပေဒအလိုအားဖြင့် 'လေအိုနေးသပ်စပလင်ဒန်' ဟုခေါ်သည်။ ကိုယ်ပြား၍ ပါးစပ်အရှေ့သို့ငေါထွက်နေသည်။ အရောင်မှာငွေရောင်တောက်နေသည်။ ဆူးတောင်များသည် သန်မာ၍ကြီးထွားသည်။ အမြီးခွသည်ရှည်၏။ ကျောရိုးဆူးတောင်နှင့်နှာတံပေါ်၌ အမည်းကွက်များပါရှိသည်။ အရှည် ၅ လက်မ၊ ၆ လက်မအထိရှိသည်။



အထက်ပုံ၊ ငပြေမ။ အောက်ပုံ၊ ငဖီးမ

ငဖယ်။ ။ငဖယ်သည်ရေချိုရေငန် ၂ ရပ်လုံးတွင် ကျက်စားသောငါးမျိုးဖြစ်သည်။ ပါဏာဗေဒအရ 'နို့တော့တာရပ်၊ ချိတာလာ' ဟုခေါ်သည်။ ငဖယ်၏ကိုယ်သည် ပြား၍ ဝမ်းပိုင်းသည်ခေါင်းသွားကဲ့သို့ရှိသည်။ ကျောအရွေ့ပိုင်းခုံး၍ အနောက်ပိုင်းဖြောင့်သည်။ ကျောဥအလွန်သေးသောဆူးတောင်တခုသာရှိသည်။ စအိုဆူးတောင်သည် ဝမ်းမှအမြီးတိုင်အောင် ကိုယ်၏ ၃ ပုံ ၂ ပုံခန့်တဆက်တည်းရှိသည်။ ဦးခေါင်းငယ်၍ နှာတံအနည်းငယ်ချွန်သည်။ တကိုယ်လုံးတွင် ပါးလွှာသောအကြေးများ တခုပေါ်တခုထပ်ကာဖုံးအုပ်လျက်ရှိသည်။ ငဖယ်၏အရောင်သည် ကျောပိုင်းတွင်အနည်းငယ်နက်ပြီး ကျန်အပိုင်းတွင်ဖြူသည်။ ကိုယ်အရှည် ၁ ပေမှ ၁½ ပေအထိရှိသည်။ ငဖယ်ကိုချက်ပြုတ်စားကြသည့်အပြင် ငပိလည်းလုပ်ကြသည်။

ငဖယ်ဘောင်း။ ။ငဖယ်အောင်းသည်ငသိုင်းမျိုးတွင်ပါဝင်သည်။ ငါးအလတ်စားမျိုးဖြစ်သည်။ ပါဏာဗေဒအလိုအားဖြင့်ငဖယ်အောင်းကို 'ရိုးတီးဗီလင်ဂါရီ' ဟုခေါ်သည်။ ကိုယ်မှာခပ်ပြားပြားရှိပြီး၊ ဦးခေါင်းမှလွဲ၍ တကိုယ်လုံးတွင် အဖြူရောင်အကြေးများဖြင့် ဖုံးလျက်ရှိသည်။ ကျောရိုးဆူးတောင်တခုတည်းသာရှိသည်။ နှာတံတွင်အပေါက်ကလေးများရှိသည်။ ထိုငါးမျိုးကိုငပိကောင်လုပ်လေ့ရှိ၏။

ငဖဲမြို့။ ။မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၏ရုံးစိုက်ရာမြို့ဖြစ်သည်။ ရခိုင်ရိုးမတောင်ခြေရင်း မန်းချောင်းအနီးတွင်တည်ရှိ၍၊မင်းဘူးမြို့မှ ကားလမ်းဖြင့် မိုင် ၄၀ ခန့်ကွာဝေးသည်။ အိမ်ခြေ ၃၀၀ ခန့်ရှိ၍၊ လူဦးရေ ၁,၆၀၀ ခန့်ရှိလေသည်။

ငဖဲမြို့သည် စေတုတ္တရာနှင့် ဂ မိုင်ကွာဝေး၍ ပတိမ်းနှင့် ၆ မိုင်ခန့်ဝေးသည်။ ထိုမြို့သည်ကျောက်ဖြူခရိုင်နှင့်မင်းဘူးခရိုင် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အချက်အခြာဖြစ်သည်။ ငဖဲမြို့ဖက်မှရခိုင်တိုင်းသို့ နွားဝန်တင်နှင့်ကူးသန်းရာတွင် အမ်းတောင်ကြားလမ်းကိုအသုံးပြုကြသည်။

ငဖဲမြို့တွင်နေထိုင်ကြသောလူမျိုးများမှာ ချင်းလူမျိုးနှင့် မြန်မာလူမျိုးတို့ဖြစ်ကြသည်။ ငဖဲမြို့နယ်အတွင်း၌ ရခိုင်ရိုးမတောင်ခြေသစ်တောများလည်း ပါဝင်နေသဖြင့် စိုက်ပျိုးနိုင်သောမြေနေရာမှာကျဉ်းမြောင်းသည်။ ငဖဲမြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၃၆၂ မိုင်ရှိရာတွင် ဆည်ရေသောက်စိုက်ပျိုးမြေမှာ စတုရန်း ၅ မိုင်မျှသာကျယ်ဝန်းသည်။ ငဖဲမြို့မှထွက်သောသီးနှံများမှာ နှမ်း၊ ပဲ၊စပါး၊ ပြောင်း စသည်တို့ဖြစ်၏။

ငဖဲမြို့၏အမည်ရင်းမှာ မဖဲမြို့ဖြစ်သည်။ ငဖဲမြို့နယ်ရှိလူကြီးပိုင်းသည် ယခုတိုင် ဤအမည်ဖြင့် ခေါ်ဝေါ်သုံးစွဲလျက်ရှိကြ၏။ မဖဲဟုခေါ်ရခြင်းအကြောင်းမှာ မန်းချောင်းသည်

ရခိုင်ရိုးမပေါ်မှ စီးဆင်းလာပြီးလျှင် ထိုမြို့အနီးတွင် လွဲဖယ်သွားသောကြောင့် 'မန်းဖယ်' ဟုတွင်ခဲ့ရာမှ ကာလရှေ့လျောသဖြင့် မဖဲ၊ ထိုမှတဆင့် ငဖဲ ဖြစ်သည်ဟု အဆိုရှိ၏။

မြန်မာမင်းများလက်ထက်က မင်းဘူးခရိုင်ကိုနယ်သုံးနယ်ခွဲ၍ ဝန်သုံးပါး အုပ်ချုပ်စေခဲ့ရာမှ ငဖဲတွင်လည်း ဝန်တပါးကြီးစိုး၍ စစ်ကဲ၊ နားခံ၊ စာရေးကြီး၊ မြို့သူကြီးစသော ရာထမ်းမှထမ်းများဖြင့်အုပ်ချုပ်ခဲ့လေသည်။

ငဖဲမြို့တွင် သီရိဓမ္မသောကမင်းကြီး တည်ထားခဲ့သည်ဆိုသော ပျက်စီးနေသည့်စေတီပုထိုးအများရှိလေသည်။

ငဖောင်ရိုး။ ။ပါဏာဗေဒအလိုအရ ငဖောင်ရိုးသည် 'စကွမ် ဗရီစိုစီဒေး' မျိုးရင်းတွင် ပါဝင်သည်။ ငဖောင်ရိုး သည် လုံးလုံးရှည်ရှည် ပုံသဏ္ဌာန်ရှိသည်။ ကျောဆူးတောင်တခုတည်းရှိ၍ ယင်းဥရိုးနှများပါရှိသည်။ မေးရိုးသည်ရှည်လျား၍ ငုတ်နှုတ်သီးကဲ့သို့ချွန်ထွက်နေ၏။ ငတောင်ညင်း၊ နှုတ်သီးထိုးတို့သည် ငဖောင်ရိုးနှင့် မျိုးချင်းနှယ်သောငါးများဖြစ်ကြလေသည်။

ငဖျံ။ ။ငဖျံသည်အပူပိုင်းဒေသကငါးကလေးတမျိုးဖြစ်သည်။ ထိုငါး၏ရှေ့ဖက်ဆူးတောင်များသည် ပင်လယ်ဖျံများ၏ရေယက်များကဲ့သို့ကြီးထွားကြသည်။ ထိုငါးသည် ကုန်းသို့တက်ကာ ဒီရေအတက်အကျရှိသည့် နေရာများ၌ ကျက်စားတတ်သည်။ ကျောက်ဆောင်များ၊ သစ်ပင်အမြစ်များ ပေါ်သို့ နှံကောင်ကဲ့သို့ခုန်တက်၍ ပိုးကောင်ကလေးများကို ရှာဖွေစားသောက်တတ်သည်။ ဩစတြေးလီးယားတိုက်ရှိ ကျောက်တန်းများတွင် တွေ့ရသော ငဖျံတမျိုးမှာ လေသက်သက်ကိုသာရှု။နိုင်သောငါးမျိုးဖြစ်ရာ၊ ရေအောက်တွင်ထားလျှင်မွန်း၍သေဆုံးတတ်သည်။

ငဖျံကို အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိမြစ်များတွင်တွေ့ရသည်။ ငဖျံမျိုးများကို ဩစတြေးလီးယားတိုက် ဂရိတ်ဗရီးယားရိခေါ် ကျောက်သန္ဓာတန်း၌လည်းတွေ့နိုင်သည်။ အမေရိကတိုက် အပူပိုင်းဒေသ၌ မျက်စိ ၄ လုံးနှင့်ငဖျံမျိုးရှိသည်ဟုဆိုသည်။ မျက်စိ ၄ လုံးဟုဆိုရာတွင် ထိုငဖျံ၏မျက်လုံး၌ အထက်ပိုင်း၊ အောက်ပိုင်း ခွဲခြားလျက်ရှိခြင်းကိုပင်ဆိုလိုသည်။ ငဖျံသည်ရေထဲ၌သွားသောအခါ မျက်လုံးအောက်ပိုင်းကို ရေထဲ၌ထား၍ မျက်လုံးအထက်ပိုင်းကို ရေပေါ်၌ထား၍သွား၏။ ထိုကြောင့် ရေထဲကပိုးကောင်ကိုသော်၎င်း၊ ရေပေါ်ကပိုးကောင်ကိုသော်၎င်း မြင်နိုင်ခြင်းဖြစ်၏။

ငဖြင်းသလက်။ ။ပါဏာဗေဒအလိုအားဖြင့် ငဖြင်းသလက်ကို 'ကိုလိုင်ဆာဖက်စီးအေးတပ်' ဟုခေါ်သည်။ မျိုးရင်းမှာ 'အော့ (စ) ဖရိမင်နိဒီ' ဖြစ်၍၊ နယ်သာလန်ကျွန်း


စုတ္ဝင်ရှိသော ဂူထုမီငါးနှင့်မျိုးရင်းချင်းတူသည်။ မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ရှိ အင်းများဥ္ဇအများအပြားဖမ်းဆီးမိသည်။ ငဖြင်းသလက်ကို ငပိလုပ်လေ့ရှိသည်။ တခါတရံ ငခြောက်လည်းပြုလုပ်တတ်သည်။

ငဘော့ငန်။ ။ငဘော့ငန်သည် ငသလောက်မျိုးတွင်ပါဝင်သည်။ ပါဏမေဒအရ ငဘော့ငန်ကို 'စာဒီနဲလာဖင်ဗရီယေးတား' ဟုခေါ်သည်။ အုပ်ဖွဲ့၍ပင်လယ်ကမ်းရိုးတွင် ကျက်စားတတ်သောငါးမျိုးဖြစ်သည်။ ငဘော့ငန်၏ကိုယ်သည်ပြား၍ ဝမ်းပိုင်းတွင်ခွေးသွားစိတ်ကဲ့သို့ အထစ်များပါရှိသည်။ ပါးဟက်ပေါက်မှာကျယ်သည်။ ဦးခေါင်း၏ဘေးဖက်တွင်မျက်စိရှိ၍ မျက်ခွံ၌အဆီပြည့်ဝလျက်ရှိသည်။ နှုတ်သီးမွေးမပါချေ။ ကိုယ်ပေါ်တွင်အကြေးခွံများ ညီညီညာညာရှိသည်။ သို့သော် ဦးခေါင်းတွင်အကြေးခွံမရှိချေ။ ကျောဆူးတောင်အနား အလယ်တွင် ခွက်နေ၏။ အမြီးခွစောက်နက်၍ အမြီးပေါ်တွင် အကြေးခွံများရှိလေသည်။ အကြေးခွံတို့သည် လွှာသွားကဲ့သို့ရှိကြသည်။ ငဘော့ငန်သည်အလျား ၇ လက်မအထိရှိသည်။ ကျောဖက်တွင်စိမ်းပြာပြာရောင်သန်းနေသည်။ ငဘော့ငန်ကိုမြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတလျှောက်တွင်တွေ့ရသည်။

ငမုတ်။ ။မြန်မာနိုင်ငံရှိအရသာကောင်းသောငါးများတွင် ငမုတ်ပါဝင်သည်။ ငမုတ်ကိုရခိုင်ကမ်းခြေနှင့်တနင်္သာရီကမ်းခြေတို့၌ အများဖမ်းဆီးရမိသည်။ ငမုတ်ဖြူ (ကွန်ဒရိုပလိုက်ချိုင်နန်ဆစ်)၊ ငမုတ်ငွေရောင် (ပမ်ပပ်အာဂျင်တီယပ်) နှင့် ငမုတ်မဲ (ပါရာစတြိုမာတီယပ်နိဂါ) ဟူ၍ငမုတ် ၃ မျိုးရှိရာ ရခိုင်နှင့် တနင်္သာရီကမ်းရိုးဒေသတို့တွင် ငမုတ်ဖြူနှင့် ငမုတ်မဲကိုသာတွေ့ရ၍ ငမုတ်ငွေရောင်ရှိမရှိကိုကား တပ်အပ်သေချာစွာမသိရချေ။ ငမုတ်မျိုးသည်အရွယ်ငယ်ပြီး၊ ကိုယ်ပြားသောငါးမျိုးဖြစ်သည်။

ငမုတ်ဖြူသည်ငမုတ် ၃ မျိုးအနက် အရသာအရှိဆုံးသောငါးဖြစ်၏။ ရခိုင်တိုင်းတွင်ငယုဇနဟူ၍၎င်း၊ တနင်္သာရီတိုင်းတွင်ငမုတ်ဟူ၍၎င်းခေါ်ကြသည်။ ကိုယ်အလွှန်ပြား၍ကျယ်ပြန့်၏။ အမြီးခွစောက်နက်၏။ အရောင်မှာ အဖြူဖြစ်သော်လည်း ကျောတလျှောက်တွင်မဲပြာရောင်သန်းနေ၏။

ငမုတ်မဲကိုတနင်္သာရီတိုင်းတွင် ငမုတ်ဟူ၍ပင်ခေါ်သည်။ ရခိုင်တိုင်းတွင်မူငယုဇနသမ္ဘ။ဟူ၍ခေါ်ကြသည်။ ငမုတ်ဖြူနှင့် အသွင်ချင်းတူပြီးအရောင်သာလျှင် ကွဲပြားလေသည်။ ငမုတ်မဲ၏ အရောင်မှာ အညိုရင့်ရောင် သို့မဟုတ် မဲပြာရင့်



၁၊ ငပေယ်။ ၂၊ ငပေယ်အောင်း။ ၃၊ ငပေါင်ရိုး။
၄၊ ငပျံ။ ၅၊ ငဘော့ငန်။ ၆၊ ငမုတ်မဲ။

ရောင်ဖြစ်သည်။ ဆူးတောင်များ၏အရောင်မှာ အညိုရောင်ဖြစ်သည်။ အမြီး၏အရောင်သည်ဝါ၍အညိုရောင်ကန့်လန့်စင်း ၃ ကြောင်းရှိသည်။ ငမုတ်မဲသည် ငမုတ်ဖြူကဲ့သို့ အရသာမရှိချေ။

ငမန်း။ ။ကမ္ဘာအရပ်ရပ်ရှိငမန်းတို့တွင် တတောင်သာသာမျှသာကြီးသော ငမန်းငယ်မျိုးမှ ကိုယ်ထည်ကြီးမားသောငမန်းကြီးမျိုးအထိ အမျိုးများစွာရှိသည်။ ငမန်းတို့သည် ငလိပ်ကျောက်များနှင့်အတူ 'ဆီလာချိုး' မျိုးစဉ်တွင်ပါဝင်ကြသည်။ ငမန်းကြီးမျိုးသည် ပေ ၄၀ မှ တခါတရံ ပေ ၆၀ လောက်အထိပင် ကြီးမားသည်။ ငမန်းကိုအေးသောအရပ်ဒေသများမှာထက် ပူသောနေရာဒေသများတွင်ပို၍တွေ့မြင်ရသည်။ ငမန်းတို့သည်ခရီးဝေးဝေးသွားလာကာ ကျက်စားတတ်သည်။ ကမ္ဘာ့မြောက်ဖက်ဝင်ရိုးစွန်းရှိ ဂရင်းလန်းကျွန်းအနီးမှငမန်းတို့သည် ပြင်သစ်နိုင်ငံကမ်းခြေသို့ပင် ရောက်အောင် ဆင်းလာ၍ ကျက်စားတတ်ကြသည်ဟုဆိုသည်။

အပြုအမူအလေ့အကျင့်ကိုလိုက်၍ ငမန်းတို့တွင်အမျိုးနှစ်မျိုးကဲ့ပြားသည်။ တမျိုးမှာပင်လယ်အောက်ခြေတွင်ကျက်စားတတ်သောငမန်းမျိုးဖြစ်၍ အခြားတမျိုးမှာ ရေမျက်နှာပြင်အနီးတွင်သာ ကျက်စားတတ်သော ငမန်းမျိုးဖြစ်သည်။ ပဌမငမန်းမျိုးသည် လူသတ္တဝါများကိုအလျင်းအန္တရာယ်မပြုတတ်ပေ။ ထိုငမန်းတို့၏ဦးခေါင်းသည် ခုံးတုံးတုံးဖြစ်ပြီး သွားများမှာမာကျော၍ဝိုင်းနေလေသည်။ ထိုသွားမျိုးရှိသော ငမန်းမျိုးသည် ငမန်းတို့တွင် အလွန်ရှားပါး၍ ရှေးလည်းအကျဆုံးဖြစ်၏။ ဒုတိယငမန်းမျိုးသည် လူသတ္တဝါများကို အလွန်အန္တရာယ်ပေးတတ်ကြသည်။ ဝေလငါးကြီးများကိုပင် အသားတုံးကြီးများပဲ့၍ ပါသွားအောင် ကိုက်ဖြတ်တတ်ကြ၏။

ငမန်းတို့ကို မြန်မာနိုင်ငံကမ်းရိုးအလွန် ဗင်္ဂလားပင်လယ်ထဲတွင်လည်း အနှံ့အပြားတွေ့ရှိရ၏။ ပင်လယ်ကမ်းရိုးဒေသတို့မှတပါး အခြားဒေသတို့တွင် ငမန်းကို ဟင်းလျာ အဖြစ်စား


ငမန်းကား

လေ့မရှိသော်လည်း အသုံးအဆောင်ပစ္စည်းများပြုလုပ်ရန် အတွက်မူ အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင်ငမန်းရေကို ဓားရိုးဖုံးရန်အသုံးပြုလေ့ရှိသည်။ အမြီးမှတပါးငမန်း၏ဆူးတောင်ကို နိုင်ငံခြားသို့အမြောက်အများတင်ပို့ရောင်းချရသည်။ တရုပ်နိုင်ငံတွင်မူထိုဆူးတောင်များကိုစားသုံး၍ ယင်းမှကော်တမျိုးပြုလုပ်ယူလေသည်။ ငမန်းအသည်းမှရသော အဆီတွင် ဗီတာမင်အဓာတ်များစွာပါရှိသဖြင့် ငါးကြီးဆီအစားငမန်းဆီကို ချက်လုပ်ရောင်းချလေ့ရှိကြ၏။


ငမန်းမျိုးတွင် ငမန်းခေါင်းဝိုင်း၊ ငမန်းတောင်မဲ၊ ငမန်းငှက်ပျံ၊ ငမန်းနီ၊ ငမန်းကျဲ၊ ငမန်းသံဝတ်၊ ငမန်းပြောက်၊ ငမန်းစွယ်သည်၊ ငမန်းကား၊ ငလိပ်ကျောက်၊ လိပ်ကျောက်တံခွန်၊ လျှပ်စစ်လိပ်ကျောက် စသည်တို့ပါဝင်သည်။

ငမန်းကား။ ။ငမန်းကား (ရိုင်နိုဗတောဒ်အော့တျူဆပ်) သည် ငမန်းမျိုးဝင်ဖြစ်သည်။ အရှည် ၆ ပေအထိရှိသည်။ သာမန်ငမန်းနှင့်အသွင်ချင်းတူသော်လည်း ခေါင်းပိုင်းသည်အလွန်ပြားပြီးသပ်နှင့်သဏ္ဌာန်တူ၏။ ကျောပိုင်းသည် မဲပြာရောင်ရှိပြီး ဝမ်းပိုက်ပိုင်းသည် အဖြူရောင်ရှိ၏။ ကိုယ်လုံးနှင့် ရင်ဆူးတောင်များတွင် အဖြူရောင်အပြောက်ငယ်များရှိသည်။ ငမန်းကားသည်ငယ်စဉ်၌ ပင်လယ်ကမ်းရိုးတွင် ရေမျက်နှာပြင်အနီးတွင်သာ ကျက်စားတတ်သော ငမန်းမျိုးဖြစ်သည်။ ပဌမငမန်းမျိုးသည် လူသတ္တဝါများကိုအလျင်းအန္တရာယ်မပြုတတ်ပေ။ ထိုငမန်းတို့၏ဦးခေါင်းသည် ခုံးတုံးတုံးဖြစ်ပြီး သွားများမှာမာကျော၍ဝိုင်းနေလေသည်။ ထိုသွားမျိုးရှိသော ငမန်းမျိုးသည် ငမန်းတို့တွင် အလွန်ရှားပါး၍ ရှေးလည်းအကျဆုံးဖြစ်၏။ ဒုတိယငမန်းမျိုးသည် လူသတ္တဝါများကို အလွန်အန္တရာယ်ပေးတတ်ကြသည်။ ဝေလငါးကြီးများကိုပင် အသားတုံးကြီးများပဲ့၍ ပါသွားအောင် ကိုက်ဖြတ်တတ်ကြ၏။

ငမန်းတို့ကို မြန်မာနိုင်ငံကမ်းရိုးအလွန် ဗင်္ဂလားပင်လယ်ထဲတွင်လည်း အနှံ့အပြားတွေ့ရှိရ၏။ ပင်လယ်ကမ်းရိုးဒေသတို့မှတပါး အခြားဒေသတို့တွင် ငမန်းကို ဟင်းလျာ အဖြစ်စား



ရက်စက်ကြမ်းကြုတ်သောရေသတ္တဝါများ
(၁) ငမန်းခေါင်းဝိုင်း (၂) ငမန်းပြောက် (၃) ငမန်းကျဲ



အလွန်ပြား၍သပ်နှင့်တူသောဦးခေါင်းရှိသည့်ငမန်းကား

စပ်ရေတိမ်ရာတွင်သာ ကျက်စားလေ့ရှိပြီး ကြီးလာသောအခါမှရေနက်ရာသို့ရွှေ့ပြောင်းကျက်စားတတ်သည်။

ငမန်းစွယ်သည်။ ။ငမန်းစွယ်သည် (ပရစ်တစ် မိုက်ကရိုဒွန်) သည် ငမန်းမျိုးဝင်ပင်ဖြစ်သည်။ ယင်း၏ထူးခြားချက်မှာ အမြီးသည်ခတ်တက်သဏ္ဌာန်မဟုတ်ဘဲ၊ သာမန်ငါးမြီးနှင့်တူ၍ ဦးခေါင်းတွင်လည်း လှုနှင့်တူသည့် အစွယ်ရှည်ပါရှိခြင်းဖြစ်သည်။ ရခိုင်တိုင်းကမ်းရိုးတန်းတလျှောက်၌ မှာပြား၍ ဝမ်းပိုင်းတွင် လှသွား ကဲ့သို့ အထစ်များရှိသည်။ ပါးဟက်ပေါက်ကျယ်သည်။ ဦးခေါင်းဘေးဖက်တွင်မျက်စိရှိ၍မျက်ခွံ၌အဆီပြည့်ဝလျက်ရှိသည်။ နှုတ်သီးမွေးမပါချေ။ တကိုယ်လုံးအကြေးခွံများညီညာစွာရှိ၏။ ပင်လယ်ကမ်းရိုးတန်းတွင်ကျက်စားသောငါးမျိုးဖြစ်သည်။



ဖမ်းဆီးရမိထားသည့်လှစွယ်ပါသောငမန်းစွယ်သည်များ

ထိုငမန်းကိုငမန်းစွယ်သည်ဟုခေါ်သော်လည်း၊ မြန်မာနိုင်ငံတောင်ပိုင်းကမ်းရိုးတန်းဒေသတို့တွင် စွယ်ငမန်း (တနည်း) ငမန်းစွယ်ဟူ၍၎င်း၊ ခုတ်ငမန်းဟူ၍၎င်းခေါ်၏။ အစွယ်မှာ ၆ ပေခန့်ရှည်၍ လှကဲ့သို့အသွားများရှိသည်။ ငမန်းစွယ်သည်၏ကိုယ်သည် ၁၄ ပေအထိရှည်တတ်သော်လည်း တခါတရံပေ ၂၀ ကျော်အထိရှည်သည်ကိုပင် တွေ့ရလေသည်။ ထိုအစွယ်ဖြင့်ဘေးတိုက်ခုတ်တတ်သဖြင့် လှနစ္စာပင်ကြောက်မက်ဖွယ်ကောင်းလှပေသည်။ ငမန်းစွယ်သည်၏ ဦးခေါင်းသည်ရှည်၍ပြားလေသည်။

ငမြင်း။ ။ငမြင်း၏ပါဏာပေဒအမည်မှာ 'ပရန်တြိုပီအစ်ခသစ် တက္ကရီ' ဖြစ်သည်။ အသွင်အားဖြင့်ငမြင်းသည် ငမြင်းက ကလောင် နှင့်တူ၏။ သို့သော်ငမြင်းကကလောင်ထက်ပို၍ရှည်၍ ဦးခေါင်းသည်လည်းပို၍ချွန်၏။ အထက်မေးရိုးနှင့် အောက်မေးရိုးတို့ရှိ နှုတ်သီးမွေးများ သည် ငမြင်းက ကလောင်မှာ ထက်ပို၍ရှည်လေ၏။ စအိုဆူးတောင်သည် အမြီးဆူးတောင်နှင့် ထိလုနီးပါး၍ရှည်လျားသည်။ ငသံချိတ် ငမြင်းအုပ်ဖါးတို့မှာ ငမြင်းနှင့်အမျိုးတူအမည်ကဲ့ဖြစ်၏။

ငမြင်းကကလောင်။ ။ပါဏာပေဒအလိုအရ ငမြင်းက ကလောင် သို့မဟုတ် ငကလောင်ကို 'ယူတြိုပီအစ်ခသစ် ဗာချား' ဟုခေါ်သည်။ ငမြင်းကကလောင်၏ကိုယ်သည် ပြား၍ရှည်လျား၏။ ဦးခေါင်းကိုပျော့သောအရေပြားဖြင့် ဖုံးအုပ်ထားသည်။ ပါးစပ်သည် အထက်ဖက်သို့နှာတံထိအောင်ကွဲနေသည်။ မျက်စိသည်ဦးခေါင်း၏ဘေးဖက်တွင်ရှိသည်။ ပြန့်ကျယ်သောမျက်ခွံ၌အဆီရှိသည်။ နှာတံနှင့် အထက်မေးရိုးတို့တွင်နှုတ်သီးမွေးတစုံစီရှိသည်။ အောက်မေးရိုးတွင် နှုတ်သီးမွေး နှစ်စုံပါရှိသည်။ မေရိုးတွင် ထက်သောသွားများရှိသည်။ ရင်ဆူးတောင်တွင်ဆူးတချောင်းပါရှိလေသည်။ စအိုဆူးတောင်သည်အမြီးဆူးတောင်နှင့် အတော်ကွာလှမ်း၏။ အမြီးဆူးတောင်သည်စောက်နက်နက်ခွနေ၍ အဖျားတွင်ချွန်နေသည်။ နောက်ကျောဆူးတောင်၌အဆီပြည့်ဝလျက်ရှိသည်။ ကိုယ်ရောင်မှာငွေရောင်သန်း၍နေ၏။ ဦးခေါင်းနှင့်ဝမ်းပိုင်းတွင်ဟင်းသပြဒါးရောင်ကွက်များပါရှိသည်။ ငံကျောဖက်တွင်ညိုမှိုင်းမှိုင်းအရောင်ရှိသည်။ အလျား ၁၅ လက်မခန့်ရှိ၍ ပျမ်းမျှအလေးချိန် ၅၅ ကျပ်သားခန့်စီးသည်။

ငမျက်ဆန်ကျယ်။ ။ငမျက်ဆန်ကျယ်သည်ငသလောက်မျိုးတွင်ပါသည်။ ငမျက်ဆန်ကျယ်ကိုငသိုင်းကြီးဟူ၍လည်းခေါ်သည်။ ငမျက်ဆန်ကျယ်၏ သိပ္ပံအမည်မှာ 'ဟစ်ရှာအီလောင်ဂေးတား' ဖြစ်သည်။ ငမျက်ဆန်ကျယ်၏ကိုယ်

ငမြင်းရင်း။ ။ငမြင်းရင်း၏ပါဏာမေဒအမည်မှာ 'ဆူဒ္ဒ တြိုပိယပ်ဂွန်ဂဝါရီ' ဖြစ်သည်။ အသွင်အားဖြင့်ငမြင်းရင်း သည် ငမြင်းနှင့်ဆင်တူယိုးမှားဖြစ်သည်။ ငမြင်းရင်းကိုယ် သည်ငမြင်းကဲ့သို့ငမြင်းကကလောင်ကိုယ်ထက်ပိုရှည်သည်။ ဦးခေါင်း သည်လည်း ငမြင်းကကလောင်၏ဦးခေါင်းထက် ပို၍ခွန်သည်။ ယင်း၏စအိုဆူးတောင်သည်လည်း အမြီး ဆူးတောင်နှင့်ထိလုနီးပါးပင်ရှည်လျားသည်။ ငသံချိတ် ဖား၊ ငါးသကွလတ်တို့သည် ငမြင်းရင်းနှင့်မျိုးချင်းနှယ် သောငါးများဖြစ်ကြပေသည်။

ငမြစ်ချင်း။ ။ငမြစ်ချင်းသည်ငသိုင်းမျိုးဖြစ်၍ 'စိုင်ပရီ နီဒီး' မျိုးရင်းတွင်ပါဝင်သည်။ ပါဏာမေဒအလိုအားဖြင့် ငမြစ်ချင်းကို 'လေဗီအို ရိုဟီတာ' ဟုခေါ်သည်။ ငါးကိုယ် သည်ရှည်လျားပြီးအမြီးဖက်သို့ရှူးသွားသည်။ နှာတံမှာ မခွန်ဘဲထိပ်လုံးဖြစ်၍ မေးရိုးအရွေ့သို့အနည်းငယ်ထွက်နေ သည်။ နှုတ်ခမ်းမှာထူ၏။ နှုတ်သီးမွေးတိုတို ၂ စုံပါရှိ သည်။ အမြီးခွသည်ရှည်ထွက်နေသည်။ အရောင်မှာကျော ဖက်တွင်ပြာလဲ့လဲ့သို့မဟုတ်အညိုရောင်ရှိပြီး၊ဘေးနှင့်အောက် ဖက်တွင်ငွေရောင်ရှိသည်။ အခြို့ငမြစ်ချင်းများတွင်အကြေး ခွံအစက်တခုစီပါရှိသည်။ ဆူးတောင်များမှာ အနီရောင် သို့မဟုတ် အမည်းရောင်ရှိသည်။ ငမြစ်ချင်း သည် အရှည် ၃ ပေ သို့မဟုတ် ၃ ပေကျော်ကျော်အထိကြီးထွားသည်။

ငမြွေထိုး။ ။ပါဏာမေဒအလိုအားဖြင့် ငမြွေထိုးမျိုးပေါင်း အမြောက်အများရှိသည်။ ငမြွေထိုး၏ပုံသဏ္ဌာန်သည် ငရှဉ့်သေးသေး၏ပုံသဏ္ဌာန်နှင့်တူသည်။ ငရှဉ့်နှင့်ကွဲပြား ချက်မှာ ကျောဖက်နှင့်စအိုဆူးတောင်အရွေ့နား၌ ခွန်ထက် သောဆူးတောင်များပါရှိခြင်းဖြစ်သည်။ ထိုငမြွေထိုးမျိုး၏ သိပ္ပံအမည်မှာ 'ရင်ကော့ဒဲလား အိုစိုင် လေတား' ဖြစ် သည်။ ထိုငမြွေထိုးမျိုးနှင့်တူသော အခြားငမြွေထိုးတမျိုး လည်းရှိသေးသည်။ ထိုငမြွေထိုးမျိုးမှာ ပို၍တောက်ပ သော အရောင်ရှိသည်။ ကျောဖက်တွင် အစိမ်းနှင့် အဝါ ပြောက်များရှိ၍ ဘေးဖက်တွင်အပြာရောင်အစင်းပေါင်း ၂၅ ခုခန့်ပါရှိသည်။ ဆူးချောင်းများမှာ ကျောရိုးဆူးတောင် ရှေ့တွင် ၂၉ ချောင်း၊ စအိုဆူးတောင်ရှေ့တွင် ၃ ချောင်း နှင့်ပါးဟက်ဖုံးပေါ်တွင် ၃ ချောင်းပါရှိသည်။ ထိုငမြွေထိုး မျိုး၏သိပ္ပံအမည်မှာ 'မက်စတာကမ်ဗလပ်' ဖြစ်သည်။ အများအားဖြင့်ငမြွေထိုးကို ငပိငခြောက်လုပ်လေ့ရှိသည်။

(၁) အဆီများသောငမြင်း။ (၂) ငမြင်းကကလောင်ခေါ်ငက လောင်။ (၃) ငမြင်းနှင့် ဆင် တူယိုး မှား ဖြစ် သောငမြင်း ရင်း။ (၄) ငသိုင်းမျိုးဝင်ဖြစ်သောငမြစ်ချင်း။ (၅) ငရှဉ့်သေးသေးနှင့် တူသောငမြွေထိုး။ (၆)ထူးခြားသောဆူးတောင်များရှိသည့်ငယုတ်။

ငယုတ်။ ။ငယုတ်သည် 'အေးရိယပ်' ခေါ်ပင်လယ်ငါးမျိုး စုတွင်ပါဝင်သည်။ ပါဏာဗေဒအမည်မှာ 'အေးရိယပ် အက္ကျူတီရော့စတြစ်' ဖြစ်သည်။ ငယုတ်၏ဦးခေါင်း သည်ပြား၏။ အထက်မေးရိုးသည်ရှေ့သို့ငေါထွက်နေ၏။ ပဌမကျောဆူးတောင်သည် အထက်ဖက်သို့ထိုးထွက်နေ၏။ ထိုဆူးတောင်၏အရှေ့တွင် ခွေးသွားစိတ် အနားများရှိသော ဆူးရှည်ရှည်တချောင်းရှိသည်။ ဒုတိယကျောဆူးတောင် သည် အဆီဖြင့်ပြည့်ဝလျက်ရှိသည်။ အမြီးဆူးတောင် သည် နှစ်ခွကဲ့လျက်ရှိသည်။ ငရုပ်ခုံနှင့် ငရောင်တို့သည် ငယုတ်နှင့်မျိုးချင်းနွယ်သောငါးများဖြစ်ကြသည်။

ငရမန်ကာန်း။ ။ငရမန်ကာန်းသည် အနော်ရထာမင်းက မွန်၊ မြန်မာနှင့် ပျူအင်အားစုများကို ပေါင်းစည်း၍တည် ထောင်ထားခဲ့သော ဟံနှိုင်ငံတော်ကို ပြိုကွဲအောင်ကြံစည် ခဲ့သူဖြစ်သည်။ ငရမန်ကာန်းသည် စောလူးမင်း၏ အထိန်း တော်သား ဖြစ်သည်။ အနော်ရထာမင်းနတ်ရွာစံ၍ စော လူးမင်းနန်းတက်သောအခါနို့စို့ဖက်ဖြစ်ဘူးသူငရမန်ကာန်း အား ယုံကြည် ချစ်ခင်သည့်အလျောက် ပဲကူမြို့ကိုစားစေ သည်။ ပဲကူမြို့သည် ထိုစဉ်ကဆိပ်ကမ်းမြို့ကြီးဖြစ်၍၊ အလွန် စည်ပင် ဝပြော ချမ်းသာသော မြို့ကြီးဖြစ်လေသည်။ မွန် နှင့်မြန်မာတို့ ထောနှောနေထိုင် စီးပွားရှာသောမြို့လည်းဖြစ် သည်။ ထိုကဲ့သို့ပင် နိုင်ငံ၏မြို့တော်ဖြစ်သော ဟံဝင်လည်း မွန်များ၊ ပျူများ၊ မြန်မာများ ရောပြွမ်း၍နေထိုင်ကြ ကြောင်းကို မွန်၊ မြန်မာ၊ ပျူစာများဖြင့် ကျောက်စာထိုး ထားခဲ့သည်တို့ကို ထောက်၍သိနိုင်သည်။

ငရမန်ကာန်းသည် ချမ်းသာကြွယ်ဝ၍ စည်ပင်သာယာ သော ပဲကူမြို့ကို အုပ်ချုပ်ရသည်မှစ၍ လောဘရမ္မက် တက် လာကာ၊ ပိုင်နိုင်စွာ မင်းလုပ်လိုဟန်တူ၏။ လူအင်အား၊ ပစ္စည်းအင်အား တောင့်တင်းလှသော ပဲကူမြို့ကို အားကိုး ပြု၍ ပုန်ကန်ရန်အကြံရှိ၏။ တခါသော် စောလူးမင်းနှင့် ငရမန်ကာန်းတို့ အန်ကစားကြရာတွင် ငရမန်ကာန်းနိုင်၍ မလန်းပေါက် (လက်ပမ်းပေါက်) ထ၍ခတ်၏။ စောလူး မင်းက အန်တပဲ့မှန်းသည်ကို မလန်းပေါက်ထ၍ခတ်သည်၊ ယောကျ်ားဟုတ်နိုးသော် ပဲကူနှင့် ပုန်စားလေဟု ငရမန် ကာန်းအား မိန့်တော်မူသည်။ ငရမန်ကာန်းလည်း မူလ ကပင် အကြံရှိသူဖြစ်၍၊ ပဲကူသို့သွားပြီးသော်၊ ရဲမက်ဗိုလ်ပါ စုရုံးလျက် ရေအားကြည်းအားဖြင့် ဟံသို့ချီလာလေ၏။

ငရမန်ကာန်းတပ်သည်ပြည်တော်သာကျန်း (မိကျောင်းရဲ အောက်ရှိ ကျန်းတောကျန်း) သို့ ရောက်သော် ခတ္တာစခန်း ချ၏။ ထိုသတင်းကိုကြားလျင် ရဲမက်ဗိုလ်ပါ ဆင်လုံးမြင်း ရင်း အမျှားနှင့် ကျန်စစ်သားကို တပ်ဦးချီစေပြီး စောလူး မင်းသည် နောက်တပ်ပြုလျက် လိုက်၏။ ကျန်စစ်သား၏ စစ်အရာဌာနလိမ်မာသည်ကို သိသဖြင့် ငရမန်ကာန်းသည်အကြံ ပြုရှိကျိုးသို့စီရင်သည်။ ရွှံ့ညွန့်ထူပြောရှိ ဆင်ခင်း မြင်းခင်း မသာသောအရပ်တွင် ဆင်စီးရှိ စစ်ဆင်ဟန် အရပ်ပြုလုပ် ထား၏။ စောလူးမင်းစစ်သည် တိုးမိုးချုပ်မှ ရောက်လာရာ၊ ငရမန်ကာန်းသည် လရောင်ဝိုးဝါးတွင် တိုက်စစ်ဆင်လေ သည်။ စောလူးမင်းသည် အရှုပ်ကိုအကယ်ထင်မှတ်၍ တိုက်လေသော် စီးတော်ဆင် ရွှံ့သို့ကျ၍ကျံခြေ၏။ စော လူးမင်းလည်း ဆင်ထက်မှဆင်းသက်ပြေးရကာ စစ်တပ်ပျက် လေသည်။ ကျန်စစ်သားလည်း ပုဂံသို့ဆုတ်ရ၏။ ငရမန် ကာန်းလည်း စောလူးမင်းနှင့်ကျန်စစ်သားကိုမရလျင် မမေ့ မလျော့မနေကောင်းဟု စစ်သည်ဗိုလ်ပါတို့နှင့် အလုံအခြို့ တပ်မြို့ပြုကာနေလေသည်။

ငရမန်ကာန်းသည် စောလူးမင်းအား ပုန်းအောင်းနေရာ ကိုသိရှိဖမ်းမိလျင်၊ အကျဉ်းချထားလျက် ရေအားကြည်း အားဖြင့်ဆန်တက်လေသည်။ ပုဂံတောင် မြင်းကပါအရပ် တွင် တပ်ကြီးတည်၍ စခန်းချစဉ် ကျန်စစ်သားသည် ငရမန် ကာန်းတပ်တွင်းသို့ဝင်ရောက်၍ စောလူးမင်းအား ခိုးယူရာ မအောင်မြင်ခဲ့။ ငရမန်ကာန်းကား စောလူးမင်းကို ပျူး မင်းထီး ငှက်ကြီးခေါင်းမြှုပ်ရာအနုရာမမည်သောအရပ်တွင် ကွပ်မျက်လိုက်၏။ ယင်းသို့ကွပ်မျက်ပြီးနောက် ပုဂံတွင်မင်း ပြုရန် ရေအား ကြည်အားဖြင့် မြို့သို့ချဉ်းကပ်လေသည်။ ထိုအခါမှူးမတ်တို့က ကျန်စစ်သားသည် လယ်တွင်းတဆံ့ တရွာကိုချုပ်၍ မင်းပြုနေသဖြင့် ကျန်စစ်သားကိုစစ်ထိုး၍ အောင်မှ မင်းပြုပါဆိုလျက် မြို့တံခါးမဖွင့်ဘဲအခိုင်အလုံနေ ကြ၏။ ငရမန်ကာန်းသည် ကျန်စစ်သားကို လုပ်ကြံဦး မည်ဟု ရေအားကြည်းအားဖြင့် ဆန်တက်၍အင်းဝတည်ရာ အရပ်၌ တပ်တည်နေလေသည်။ ထိုအခါ ကျန်စစ်သား သည်အင်းဝအရပ်သို့ချီ၍ ငရမန်ကာန်းကိုတိုက်၏။ အင်းဝ စစ်ပွဲ၌ ငရမန်ကာန်း အရေးနိမ့်သဖြင့် မြင်းကပါသို့ ဆုတ်ရ လေသည်။ ကျန်စစ်သားလည်း ရွှေစည်းခုံတောင်တွင် တပ်တည်၍ နေ၏။ တဖန် မြင်းကပါ၌ တိုက်ပွဲဖြစ်ပြန်ရာ ငရမန်ကာန်း တပ်ဆုတ်ရပြန်လေသည်။ ငရမန်ကာန်း စုန် ပြေးကြောင်းကို ကျန်စစ်သားသိလျင်၊ မုဆိုးငစဉ့်ကိုလိုက်၍ လုပ်ကြံစေ၏။ မုဆိုးငစဉ့်လည်း ငရမန်ကာန်းကို ရွာသာ အောက်တွင်မှီ၍ရေသဖန်းပင်ထက်မှသာယာလှသောငှက်၏ အသံကဲ့သို့မြည်၏။ ငရမန်ကာန်းလည်း ရွှေဖောင်တံခါးကို ဖွင့်၍ သာယာသောအသံရှင် ငှက်ကို ကြည့်စဉ် ချောင်းနေ သောငစဉ့်က လေးနှင့်ပစ်ရာ၊ မျက်စိကိုမှန်၍ အသက်ဆုံးရ လေသည်။ ထိုငစဉ့်ကူးဇာရပ်တွင် ငရမန်ကာန်းဆုံးလျှင် သူ၏တပ်ပျက်လေသည်။ မွန်၊ မြန်မာ၊ ပျူတို့၏ ဟံနိုင်ငံ တော်ကြီး လည်း ပြိုကွဲခြင်းအန္တရာယ်မှ လွတ်ခဲ့လေသည်။ (ကျန်စစ်သားမင်း၊ စောလူးမင်း — လည်းရှု။)

ငရဲ။ ။ဤကမ္ဘာလောကဌာန မှီတင်းနေထိုင်ကြသော လူမျိုး အသီးသီးတို့တွင်အဆုံးအမအသီးသီးရှိကြကုန်၏။ ထိုအဆုံး အမတို့ကို ယေဘုယျအားဖြင့် အခြေအမြစ်ရှာကြည့်လျှင်၊ ကောင်းသောအမှုကိုပြုသူတို့သည် ချမ်းသာ၏။ မကောင်း သောအမှုကို ပြုသူတို့သည် ဆင်းရဲ၏။ ကောင်းမှုပြုသူတို့ သည် ချမ်းသာသောဘုံဌာနဲ့စံရ၍၊ မကောင်းမှုပြုသူတို့ကား ဆင်းရဲသောဘုံဌာနဲ့ခံရသည်။

ရှေး ဂရိလူမျိုးများ၏ အယူဝါဒတွင် သေသောသူတို့၏ တမလွန်ဘဝတည်ရာ ဌာနသည် ဟေးဒီး ဖြစ်သည်ဟူ၏။ နောင်မှပေါ် ပေါက်လာကြသော ခရစ်ယန်တို့က ထိုဟေးဒီး အားငရဲဘုံဟုယူဆကြ၏။ ယဟူဒီလူမျိုးများကမူ ငရဲကို ဂီဟင်းနားဟုခေါ် သည်။ ပါးရှင်းလူမျိုးတို့ ကိုးကွယ်သော ဇိုရိုအက်စတာ အယူဝါဒတွင်မူ ငရဲသည် အပြစ်ကျူးလွန် ဆိုးသွမ်းသူများကို ခေတ္တာဒဏ်ခတ်ရာ ဘုံဖြစ်၍၊ နောက်ဆုံး ကယ်တင်ရှင်ကြီးပေါ် ထွက်လာသည့်အခါ၊ ငရဲပျောက်ပျက် သွားလိမ့်မည်ဟု ယုံကြည်ကြသည်။ ခရစ်ယန်အယူဝါဒတွင် ငရဲဘုံသည် အပြစ်ကျူးလွန် ဆိုးသွမ်းသူများ သွားရာဘုံ ဖြစ်၍၊ ငရဲသို့လားသူများမှာ လွတ်မြောက်ရာလမ်းမရှိခေါ်။ ခရစ်ယန်ငရဲတွင် မည်သို့မည်ပုံ ငရဲခံရသည်ကိုမူ ခရစ်ယန် ဂိုဏ်းများကွဲပြားသလောက်ယူဆပုံအမျိုးမျိုးကွဲပြားသည်။

ဗရင်ဂျီဂိုဏ်းဝင် ခရစ်ယန်များကမူ ငရဲဘုံအပြင်၊ ပါဂါထရီ ခေါ် သောဘုံ ရှိသေးကြောင်း၊ ထာဝရဘုရား သခင်အား ပစ်ပယ်ခြင်းမဟုတ်ဘဲ ယုံကြည်အားထားလျက်နှင့်ပင် ပြစ် မှုအငယ်စားကျူးလွန်သူများသည် ကွယ်လွန်သော် အဆိုပါ ပါဂါထရီဘုံတွင် ပဌမအပြစ်ဒဏ်ခံရပြီးမှ၊ ကောင်းကင်ဘုံသို့ ရောက်နိုင်ကြောင်း၊ ပါဂါထရီဘုံတွင် ခံစားနေရခိုက်၊ လူ့ဘုံ တွင်ကျန်ရစ်သူများက ဆုတောင်းခြင်း၊ ကွယ်လွန်သူအတွက် ဘုရားရှိခိုးခြင်း ပြုလုပ်ပါက အပြစ်ဒဏ်ခံစားရမှု လျော့ပါး ကြောင်းဖြင့် ယုံကြည်ကြ၏။ ထို့အပြင် ခရစ်တော်မပေါ် ခင်က ကမ္ဘာတွင်နေထိုင်ခဲ့သူ လူမျိုးအနက်၊ သူတော် ကောင်းများသည် ကောင်းကင်ဘုံသို့ မဝင်နိုင်ခဲ့သော်လည်း၊ ငရဲဘုံသို့မရောက်ဘဲ၊ ငရဲနှင့်မနီးမဝေး လင်းဗိုးခေါ် သောဘုံတွင် နေခဲ့ကြရကြောင်း၊ ခရစ်တော် သေခြင်းမှ ပြန်၍အသက်ရှင်ကာ ကောင်းကင်ဘုံသို့ တက်သောအခါမှ ထိုလင်းဗိုးဌာ နေရသူများအား ကောင်းကင်ဘုံသို့ ကယ်တင် သွားကြောင်းဖြင့်လည်း ခရစ်ယန်ဝါဒပေါ် စေတ်ဦးက ယုံကြည်ခဲ့ကြသည်။ မွေးခါစသေသော ကလေးများ၊ ရေဖျန်း၍ ခရစ်ယန်သာသနာသို့ မသွင်းခင် သေဆုံးသော ကလေးများမှာလည်း၊ ကောင်းကင်ဘုံ၏ ချမ်းသာခြင်း လည်းမရ၊ ဆင်းရဲညှဉ်းပန်းခြင်းလည်းမခံရသော လင်းဗိုး ဘုံသို့ရောက်သည်ဟုယူဆခဲ့ကြသည်။ ဤအယူကိုဗရင် ဂျီခရစ်ယန်ဂိုဏ်းသည်ယခုအထိလက်ခံကြ၏။


ခရစ် ၁၂၆၅ ခုနှစ်၌မွေး၍ ၁၃၂၁ ခုနှစ်တွင်ကွယ်လွန် သော ဣတလီလူမျိုး ဒန်တီခေါ် ကဗျာဆရာတဉီးက သူ၏ ဝိညာဉ်သည်ငရဲ၊ ပါဂါထရီနှင့် ကောင်းကင်ဘုံများသို့ အနှံ့ အပြားလှည့်ပတ်ကြည့်ရှုခဲ့ကြောင်းကို ဣတလီဘာသာဖြင့် လက်ဝစ်၍ 'ဒီဗိုင်းကော်မဒီ' ခေါ် ကဗျာရှည်ကြီးကို ရေး သားခဲ့ရာ၊ ငရဲနှင့် ပါဂါထရီဘုံများကို စာဖတ်သူစိတ်စဲ့စေ လောက်အောင် ဖော်ပြနိုင်သဖြင့် အလွန်နာမည်ကျော်ကြား သွားလေသည်။ နေမိဘုံခန်းပျိုနှင့် နှိုင်းရှည့်ဖတ်ရှုနိုင်လေ သည်။ သိုးဆောင်းစာပေတွင် ထိုဒန်တီ၏ကဗျာပါ ငရဲခန်း၊ ပါဂါထရီခန်းတို့မှ သရုပ်ဖော်အကွက်များကို အကြိမ်များစွာ ကိုးကား ဖော်ပြခြင်းများကို တွေ့နိုင်ပေသည်။ ထိုကဗျာ ရှည်ကြီးကို အနောက်နိုင်ငံ ဘာသာစကားအရပ်ရပ်များသို့ ပြန်ဆိုထားပေသည်။ (ဒန်တီ, အလီဂျာရီ — ရှု။)

ဗုဒ္ဓသာသနာအဆုံးအမ၌တည်ကြသောသူတို့က ငရဲဘုံကို ချမ်းသာမရှိ၊ ဆင်းရဲအတိပြီးသော အရပ်ဖြစ်သည်ဟုယူ ဆကြ၏။ ငရဲဟူသောဝေါဟာရမှာ အဘိဓမ္မာအလိုအားဖြင့် နိရိယဟူသော ပါဠိမှဆင်းသက်လာသည်ဟုဆို၏။

ပုဂံကျောက်စာ၌ ဆိုဝ်ငြယ်ဟုရေး၏။ ဆိုးသော ငရဲဟု အဓိပ္ပါယ်ရ၏။ အဘိဓမ္မာအလို ဘုံ ၃၁ တွင် ကာမ ၁၁ ဘုံဟုရှိ၏။ ထိုကာမဘုံတွင် အပါယ်လေးဘုံရှိ၏။ ထိုအပါယ် လေးဘုံတို့ကား ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံတို့ဖြစ်ကြ၏။ ယခုကျွန်ုပ်တို့လူအများနေရာ ဇမ္ဗူဒီပါ တောင်ကျွန်း၏ အောက်ဆုံးအထပ်၌ ဆင်းရဲအတိပြီးသော အရပ်ကြီးရှစ်ပါးရှိသည်ဟု ဆို၏။ ယင်းကို ငရဲကြီးရှစ်ထပ် ဟုခေါ် ကြသည်။

၁၂၆၃ ခုနှစ်တွင် ဘီးလင်းမြို့နေ စစ်ကဲတော်ကြီး ဦးရွှေ နော်စီရင်သော အာဒိကပ္ပ ကမ္ဘာဦးကျမ်း အလိုအားဖြင့် ငရဲဘုံတည်ဖြစ်ခြင်းအကြောင်းမှာ ဤသို့တည်း။

'ကမ္ဘာတည်ဖြစ်ခြင်းနှင့်တပြိုင်နက်ဖြစ်သော အပါယ်ငရဲ ရှစ်ထပ်တို့၏ တည်ရာအရပ် အစောက်သည်ကား၊ အပေါ် ပဌမဖြစ်သော သိဋ္ဌိုဝ်းငရဲ၏တည်ထဌာနသည်ကား ယူဇနာ ရှစ်ထောင်ခြောက်ရာရှိ၏။ ယင်းအောက် ဒုတိယဖြစ်သော ကာလသုတ်ငရဲ တည်ထဌာနသည်ကား ယူဇနာရှစ်ထောင် ရှစ်ရာရှိ၏။ ယင်းအောက် တတိယဖြစ်သော သဃ်ာတငရဲ တည်ဌာနသည်ကား ယူဇနာကိုးထောင်ရှိ၏။ ယင်းအောက် စတုတ္ထငရဲဖြစ်သောရောရဝ ငရဲတည်ထဌာနသည်ကား ယူဇ နာ ကိုးထောင့်နှစ်ရာရှိ၏။ ယင်းအောက် ပဉ္စမဖြစ်သော မဟာရောရဝ ငရဲ တည်ထဌာနသည်ကား ယူဇနာ ကိုး ထောင့်လေးရာရှိ၏။ ယင်းအောက် ဆဋ္ဌဖြစ်သော တာပန ငရဲသည်ကား ယူဇနာ ကိုးထောင့်ခြောက်ရာရှိ၏။ ယင်း အောက် သတ္တမဖြစ်သော မဟာတာပန ငရဲတည်ထဌာန သည်ကား ယူဇနာ ကိုးထောင့်ရှစ်ရာရှိ၏။ ယင်းအောက်



ဣတလိလူမျိုးကဗျာဆရာဒန်တီ၏ 'ဒိဗိုင်းကော်မဒီ' ခေါ်ကဗျာမှ ငရဲခန်းကိုသရုပ်ဖော်ထားပုံ

အဋ္ဌမဖြစ်သော မဟာအဝီစိငရဲ တည်ရာဌာနသည်ကား ယူဇနာ တသောင်းရှိ၏။ ထိုငရဲတဘုံနှင့် တဘုံ အခြား အကွာယူဇနာ ခုနှစ်ထောင်ခြည်း နှင်နှင်ခြားကွာ၏။ ထိုငရဲရှစ်ထပ်တို့၌ တခဲနက်သံမြေခဲကုန်၏။ နံရံလေးဖက်သည်လည်း တခဲနက်သံမြေပင်ကာရံလျက်ဖြစ်၏။ အထက်အပေါ်ကလည်းထို့အတူ တခဲနက်သံမြေ လွှမ်းမိုး၏။ ထိုငရဲရှစ်ထပ်နှင့် တပြိုင်နက်တည်ထု အသူရကာယ်တို့သည် ဝေဟပ္ဖိုလ်ဗြဟ္မာဘုံမှ၊ မိမိတို့ကုသိုလ်ကံကုန်သည်ဖြစ်၍၊ မိမိတို့ပြုခဲ့ဘူးသော ကုသိုလ်ကံ တိုက်တွန်းသဖြင့်၊ ကမ္မက္ခယစုတေခြင်းဖြင့်စုတေခဲ့ပြီးလျှင်၊ မိမိတို့အကုသိုလ်ကံနှင့် လျော်သင့်ထု၊ နှစ်ကြိမ် သုံးကြိမ်ကာလ အခြားမရှိ၊ စုတိပဋိသန္ဓေဖြစ်၍၊ သိဋ္ဌိဝင်း၊ ကာလသုတ်၊ သဃ်ာတ၊ ရောရဝ၊ မဟာရောရဝ၊ တာပန၊ မဟာတာပန၊ မဟာအဝီစိ ဟူသောငရဲကြီးရှစ်ထပ်တို့၌ အသူရကာယ်ဖြစ်သော ငရဲသူတို့သည် ရွှေအဆင်းကဲ့သို့ချည်းနှင်နှင် အသီးအသီး မျှားစွာဖြစ်ကြကုန်၏။ ထိုနှင့်တပြိုင်နက် ဘုံနန်းဗိမာန်၊ ရေကန်ဥယျာဉ်၊ သစ်ပင်နွယ်ကြိမ်၊ တောအုံချုံမြက်၊ အိုင်အင်း တောင်ကမ်းနှင့်တကွ၊ ခေါင်း၊ လှံ၊ ခက်ရင်း၊ ရဲတင်းပုဆိန်၊ သံတံကျင်၊ သန်လျက်၊ သနတည်းဟူသော အသုံးအဆောင်မျိုးတို့သည် ဖြစ်ကြကုန်၏။ အဝန်းယူဇနာကိုးဆယ်၊ အစောက်ယူဇနာသုံးဆယ် ရှိသော တခဲနက်သံအိုးကင်းကြီးတခု၊ ယင်းသံအိုးကင်းကြီးတခုကို အဝန်းယူဇနာ သုံးဆယ်၊ အစောက်ယူဇနာတဆယ်၊

တခဲနက်ပြီးသော သံအိုးကင်းငယ် တဆယ့်ခြောက်လုံးစီ ရံလျက်၊ ငရဲကြီးတထပ် တထပ်တို့ ဖြစ်ကြကုန်၏။ ထိုပြင် ထိုငရဲကြီးရှစ်ထပ်တို့တွင် တထပ်တထပ်မှာ ရှစ်မျက်နှာ၊ ရှစ်မျက်နှာတို့၌ အငယ်ဖြစ်သောဥဿဒဂရက်ငရဲ၊ တမျက်နှာကို နှစ်လုံး နှစ်လုံးစီ၊ ယူဇနာတထောင့်ငါးရာစီ ခြားလျက်ရှိ၍ ဖြစ်ကြကုန်၏။'

ငရဲကြီးရှစ်ထပ်တို့တွင် မည်သို့ပင်သတ်ဖြတ် ညှဉ်းဆဲသော်လည်း၊ ကံမကုန်သမျှအဖန်ဖန်အသက်ရှည်၍ ခံရသောငရဲကား၊ သိဋ္ဌိဝင်းငရဲတည်း။ မည်းနက်သောတမျဉ်းကြိုးဖြင့် ချတိုင်း၍ သစ်ရွေသကဲ့သို့ တကိုယ်လုံး ခုတ်ရွေ လှီးဖြတ်ခြင်းခံရသောငရဲကား ကာလသုတ်ငရဲတည်း။ သံတောင်သံခဲကြီးတို့ဖြင့် အဖန်ဖန် လိမ့်မွှေကြိတ်ချေညှဉ်းဆဲခြင်းခံရသော ငရဲကား သဃ်ာတ ငရဲတည်း။ မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန် လောင်ကျွမ်းနှိပ်စက်ခံရ၍၊ ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးသောအသံရှိသည့်ငရဲကား ရောရဝငရဲတည်း။ မီးခိုးမီးအုံတို့ဖြင့် ပိတ်ဖုံးနှိပ်စက်ခံရ၍၊ ကယ်ပါယူပါ ပြင်းစွာ အော်မြည်နေရသောငရဲကား၊ မဟာရောရဝတည်း။ သံတံကျင်ကြီးတို့ဖြင့် ထိုးဖောက်ခြင်းကို ခံရ၍၊ တကိုယ်လုံးမီးလျှံစွဲအောင်သံတွေခဲထဲ၌ အမြဲကင်ဖုတ်ခံနေရသောငရဲကား တာပနငရဲတည်း။ အလျှံရဲရဲပြောင်နေသော သံတောင်ကြီးပေါ်သို့ ရိုက်နှက် မောင်းတင်ခြင်းခံနေရ၍ မြေထက်၌ စိုက်ထောင်ထားသော လှံသွားများပေါ်သို့ ဦးခေါင်းပြောင်းပြန်ကျသောငရဲကားမဟာတာပနတည်း။ မီးလျှံနှင့် ငရဲသားပါ ဆင်းရဲဒုက္ခနှင့်အတူ အကြားမရှိပြည့်နှက်သော ငရဲကားမဟာအဝီစိငရဲတည်း။

ဒေဝဒူတသုတ်အရ၊ ငရဲကြီးရှစ်ထပ်တွင်၊ တထပ် တထပ်၌ လေးမျက်နှာစီရှိရာ၊ တမျက်နှာလျှင် ဥဿဒဂရက်ငရဲငယ် ငါးမျိုးစီ ခြံရံနေရကား၊ ငရဲကြီးတထပ်၏ ပတ်ဝန်းကျင်၌ ငရဲငယ်ပေါင်း ၂၀ ရှိလေသည်။ ထိုငရဲငယ်ငါးမျိုးကား၊ ဂူထပုတိက ခေါ်ဘင်ပုတ်ငရဲ၊ ကုက္ကုလုကခေါ်ပြာပူငရဲ၊ သိမ္ဗလိခေါ်လက်ပံတောငရဲ၊ အသိပတ္တခေါ်သန်လျက်တောငရဲ၊ ခါရောဒကခေါ်ကြိမ်ပိုက်မြစ်ငရဲဟူလေသည်။

မန်လည်ဆရာတော်ဘုရား၏ မဃဒေဝလင်္ကာစကားအရ တနည်းအားဖြင့် ငရဲငယ် ဆယ်ပါးရှိ၏။ ယင်းတို့ကား သားငါးတို့ကို ကျူဘိသကဲ့သို့သော လောဟကုမ္မဲခေါ် ကြေးနီအိုးငရဲ၊ သင်ဓုန်းခားဦးဖျားကဲ့သို့ အဆူးရှိသောလက်ပံငရဲ၊ သန်လျက်ဖြင့်ဖြတ်သကဲ့သို့သော အသိခနငရဲ၊ ပူက်ပူက်လျှံဝေ၊ ကြေးနီရေဖြင့် လောင်းသကဲ့သို့သော တမ္မောဒကငရဲ၊ မီးကျီလျှံသို့ပူသော အယော်ဂုဠငရဲ၊ သံမီးထောင်ထသော ကျောက်တောင်ကဲ့သို့သော သေလပဗ္ဗတငရဲ၊ ဆူပွက်သည့်မြစ်ချောင်းကဲ့သို့ သော ဘုသနဒီငရဲ၊ ရိုးတွင်းခြင်ဆီ ချင်းအောင်အေးသော သီတနဒီငရဲ၊ ခွေးဘီလူးတို့ ကိုက်ခဲသော

ခွေးငရဲ၊ သွေးချောင်းစီးသောဃန္ဓပါသာငရဲဟူသတည်း။


သိုးဆောင်းစာပေတွင် ဒန်တီ၏ ငရဲခန်းသည် ထင်ပေါ်ကျော်ကြားသကဲ့သို့ မြန်မာစာပေတွင် မြန်မာသက္ကရာဇ် ၉၀၀ ခန့်က ရှင်အဂ္ဂသမာဓိရေးသားသော နေမိငရဲခန်းပျို့သည် ထင်ပေါ်ကျော်ကြားပေသည်။ ရှင်အဂ္ဂသမာဓိသည် နေမိဇာတ်တော်ကိုနိဂ္ဂမခန်း (နေမိမဂ္ဂစိုးခန်း) ပျို့၊ ငရဲခန်းပျို့၊ ဘုံခန်းပျို့ဟူ၍ သုံးပိုင်းခွဲကာ ပျို့သုံးစောင် စီရင်ခဲ့ရာ၊ ယင်းပျို့သုံးစောင်စလုံးသည် မြန်မာစာပေသမိုင်းတွင်ဥဒါန်းတွင် ရစ်ခဲ့ပေသည်။ အထူးသဖြင့် ငရဲခန်းပျို့နှင့် ဘုံခန်းပျို့တို့ကို 'ငရဲခန်းကချောက်လွန်းသည်၊ ဘုံခန်းကမြောက်လွန်းသည်' ဟုမြန်မာတို့ဆိုစမှတ်ပြုကြကုန်၏။ သို့သော် ရှင်အဂ္ဂသမာဓိ၏ ရည်ရွယ်ချက်ကား ငရဲခန်း၌ သတိသံဝေဂရကြစေ၍၊ ဘုံခန်း၌ ကောင်းမှုကုသိုလ်ဖြင့် ကောင်းမြတ်ရာသုဂတိသို့လား ကြရန်ရည်သန်ရင်းဖြစ်လေရာ၊ အထူးသဖြင့်ငရဲခန်းကို ထိတ်လန့်၍ ကြက်သီး မွေးညှင်း ထလောက်သော စကားတို့ဖြင့် ပွဲနွဲ့စပ်ဆိုခဲ့လေသည်။ ငရဲ၏ဒုက္ခကို လူတို့စိတ်၌ ကွင်းကွင်းကွက်ကွက် ပေါ်လေအောင်ပွဲနွဲ့ရာ၌ 'မျက်ဆန်ခါတုတ် လေ၏တည်း၊' 'အရေခွာဆုတ် လေ၏တည်း၊' 'လွေလွေသတ်ပုတ် လေ၏တည်း၊' 'ဦးခေါင်းဖြတ်ခုတ်လေ၏တည်း၊' 'ဆင်းရဲ အလေ့အလျောင်းတည်း၊' 'ကြွေးဟစ်ငိုကြွေး သောင်းသောင်းတည်း၊' ဟူသော သာမန်အရပ်သူ အရပ်သားတို့ အဓိပ္ပါယ် သိလွယ်မြင်လွယ်သော စကားတို့ကို သုံးနှုန်းထားလေရာ၊ လူ၏စိတ်ကို များစွာထိခိုက်စေလေသည်။ ယင်းသို့ သံဝေဂတရား ပွားများစေသောစိတ်ကို နှိုးဆွပြီးမှ၊

'ထွေထွေပြားပြား၊ မှတ်သားကုန်ပါ၊ လူတကာတို့၊ ဇရာမရဏာ၊ အနိစ္စသည်၊ မြဲမတည်တည့်၊ လူ့ပြည်နတ်ရွာ၊ ဗြဟ္မာမလွတ်၊ ဖြစ်ပျက်တတ်၏။ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊ ခန္ဓာဟူသည်၊ အတည်မရ၊ မရဏာတည့်၊ ဒုက္ခရောက်မည်၊ အမှတ်တည်၍၊ ရွှေပြည်နိဗ္ဗာန်၊ ချမ်းသာမွန်သို့၊ အမှန်ရောက်ကြောင်း၊ ဘုန်းသစ်လောင်း၍၊ ကောင်းကောင်းကျင့်ကုန်ရာ၏တည်း။' ဟု သံသရာဝဋ်ဆင်းရဲ အပေါင်းမှလွတ်ကင်းရာ လွတ်ကင်းကြောင်းကို ညွှန်ပြလေသည်။ (ရှင်အဂ္ဂသမာဓိ — ရှု။)

ငရဲမီး။ ။မြန်မာ့အခေါ်အားဖြင့် ငရဲမီးသည် ဝတ္ထုပစ္စည်းများကိုစားနိုင်သော အက်ဆစ် များကိုဆိုလိုသည်။ အက်ဆစ်အမျိုးမျိုးရှိကြသော်လည်း ယင်းတို့အားလုံးကို ငရဲမီးဟူ၍ မခေါ်ကြပေ။ အထူးအားဖြင့် ဆာလဖျူရစ်အက်ဆစ်၊ နိုက်ထရစ်အက်ဆစ်၊ ဟိုက်ဒရိုကလောရစ် အက်ဆစ်တို့သည် ဝတ္ထုပစ္စည်းများကိုစားနိုင်ကြသဖြင့် ယင်းတို့ကို ငရဲမီးဟု ခေါ်လေ့ရှိသည်။

နိုက်ထရစ်အက်ဆစ်သည် ကြေးနီ၊ သွပ်၊ သံ၊ ဒွေးသတ္တု၊ ပြဒါး ကဲ့သို့သော သတ္တုများကို စားနိုင်သည်။ ထိုပြင် နိုက်ထရစ်အက်ဆစ် တဆကို ဟိုက်ဒရိုကလောရစ်အက်ဆစ် ၃ ဆနှင့် ရောလိုက်လျှင် ရွှေ၊ ပလက်တီနမ်၊ တိုင်တေးနီယမ်၊ တန်တလမ်ကဲ့သို့သော အဖိုးတန်သတ္တုများကိုပင်လျှင် စားပစ်နိုင်သည်။ နိုက်ထရစ်အက်ဆစ်နှင့်ဟိုက်ဒရိုကလောရစ်အက်ဆစ်အရောကို လက်တင်ဘာသာအားဖြင့် အက်ကွာရီဂျီးယား ဟုခေါ်သည်။ ဟိုက်ဒရိုကလောရစ် အက်ဆစ်တမျိုးတည်းကလည်း ကြေးနီ၊ ဒွေးသတ္တု၊ သွပ်ကဲ့သို့သော သတ္တုများကို စားပစ်နိုင်သည်။ အထူးသဖြင့် ဟိုက်ဒရိုကလောရစ်အက်ဆစ်ကို ဂဟေဆက်ရာတွင် အသုံးပြုကြသည်။ ဗလောက်လုပ်သူများသည်လည်း ထိုအက်ဆစ်ကို များစွာအသုံးပြုကြလေသည်။

နိုက်ထရစ်အက်ဆစ်သည် သတ္တုများကိုသာ မဟုတ်သေး၊ အသားအရေနှင့်အသီးအနှံများကိုလည်း စားနိုင်ပေသည်။ ဆာလဖျူရစ်အက်ဆစ်ကလည်း မက်ဂနီဇီယမ်၊ သွပ်၊ ခဲ၊ ကြေးနီ၊ ပြဒါး၊ ဒွေကဲ့သို့သောသတ္တုများကို စားနိုင်သည်။ ထိုကြောင့် ထိုငရဲမီးများကို စက်မှု လက်မှု လုပ်ငန်းများတွင် အမြောက်အမြား အသုံးပြုကြလေသည်။ မြန်မာ



ပြည်သူပိုင် ကန့်ငရဲမီးစက်ရုံ

ကမာရွတ်နှင့် ကြည့်မြင်တိုင်အကြား လိုင်မြစ်ကမ်းပေါ်တွင် တည်ရှိ၍ မြန်မာအမျိုးသား ဒေါက်တာအုန်းတင်က ၁၉၅၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင် သိမ်းယူခဲ့သည်။



အသီးပုငရုတ်ပင်



အသီးရှည်ငရုတ်ပင်

ဝေါဟာရ၌ သေနတ်ကျည်ဆန်၏ နောက်ပိတ်ယမ်းခွက်ကိုလည်း ငရဲမီးဟုဆိုလိုသည်။ (ဆာလဖျူရစ်အက်ဆစ်၊ နိုက်ထရစ်အက်ဆစ်၊ ဟိုက်ဒရိုကလောရစ်အက်ဆစ်—လည်းရှု။)

ငရုတ်။ ။ငရုတ်ပင်ကို ရက္ခဗေဒအလိုအားဖြင့် 'ကက်ဆီကမ်းအန်နျူအမ်း' ဟုခေါ်သည်။ ငရုတ်စေ့များကို ပြီလမှဇွန်လအထိပျိုးခင်းများ၌ကြဲပေးရသည်။ စတုရန်း ၁၀ ပေတွင် ငရုတ်စေ့ ၅ အောင်စ ကြဲလျှင်သင့်၏။ အပင်ကလေးများထွက်လာ၍လေးလက်မခန့်မျှမြင့်လျှင် ပြောင်း, ရွှေ၍ အတန်းလိုက်တပင်နှင့်တပင်ကို ၁၂ ပေခန့် ခြားကာစိုက်ပေးသင့်သည်။

မြေဩဇာကောင်းသောနေရာ၌ ငရုတ်ပင်စိုက်ပျိုးလျှင် ဖြစ်ထွန်းသည်။ ဆောင်းတွင်းအတွက် မြေဩဇာထည့်ပေးပြီးသားဖြစ်လျှင် နောက်ထပ်ထည့်ပေးရန်မလိုချေ။ သို့ရာတွင် လွန်ခဲ့သည့်ခြောက်လအတွင်းမှာ မြေဩဇာမထည့်ရသေးလျှင် ငရုတ်ပင်များကိုမစိုက်မီ မြေဩဇာထည့်ပေးသင့်သည်။ ရာသီဥတုခြောက်သွေ့နေပါက ၇ ရက်တပတ်လျှင် တကြိမ်ကျ ရေလောင်းပေး သင့်သည်။ ပေါင်းသင်ပေးမှ အပင်များ သန်စွမ်းနိုင်သည်။


မိုးတွင်းနှင့်ဆောင်းတွင်းတွင်အသီးများရင့်မှည့်ကြသည်။ ငရုတ်သီးသည် အရှည် ၁ လက်မနှင့် ၁½ လက်မခန့်ရှိသည်။ အတွင်း၌အစေ့ပြားကလေးအများရှိသည်။ ငရုတ်သီးသည် အလွန်စပ်ပြီး သနပ်၊ လိမ်းသုတ်စုံ စသည်တို့တွင် အနံ့အရသာအတွက်အသုံးပြုကြသည်။ ငရုတ်သည် ဆေးများဖော်စပ်ရာ၌လည်း အသုံးဝင်သည်။ ငရုတ်ကာလီ၊ ငရုတ်ဖရုံ၊ ငရုတ်မိုးမျှော်နှင့် ငရုတ်ရွေအပ်ဟူ၍ငရုတ်အမျိုးမျိုးရှိသည်။

ငရုတ်ကောင်းပင်။ ။ငရုတ်ကောင်းပင်သည် သစ်ပင်များကိုနွယ်၍ပေါက်တတ်သော နွယ်ပင်မျိုးဖြစ်သည်။ ရုက္ခဗေဒအရ 'ပိုက်ပါနီဂရမ်' ဟုခေါ်သည်။ အသီးကိုမရင့်မှည့်မီခူး၍ အခြောက်လှန်းပြီး ကြိတ်လျှင် ငရုတ်ကောင်းအမည်းမှုန့်ကိုရသည်။ အသီးမှည့်ကိုဖြစ်စေ၊ အသီးနက်အခဲ့ခြောက်ကိုဖြစ်စေ ကြိတ်လျှင် ငရုတ်ကောင်းအဖြူမှုန့်ကို ရသည်။

ငရုတ်ကောင်းပင်၏ မူလပေါက်ရောက်ရာအရပ်မှာ အိန္ဒိယနိုင်ငံဖြစ်သည်။ ထိုနိုင်ငံမှတဆင့် ဂျားဗားကျွန်း၊ ဆူမတြားကျွန်း၊ ဗော်ဥိုကျွန်း၊ ဖိလစ်ပိုင်ကျွန်း၊ မလ္လာယုကျွန်းဆွယ်၊ ယိုးဒယားနိုင်ငံနှင့် အနောက်အိန္ဒိယကျွန်းစုအစရှိသောအရပ်ဒေသများသို့ ရောက်သွားသည်။ ငရုတ်ကောင်းအမြောက်အမြား တင်ပို့ရောင်းချသောအရပ်မှာ စင်္ကာပူမြို့ဖြစ်သည်။

ရှေးခေတ်အခါက ဥရောပတိုက်သားများကုန်သည်ကြီးများသည် ငရုတ်ကောင်းကို စမဲအမွှေးအကြိုင်အဖြစ် တန်ဖိုးထားကာ ယင်းကိုရလိုရငြား အိန္ဒိယနိုင်ငံနှင့် ကုန်ကူးသန်းခဲ့ကြသည်။ ယင်းသို့ ကုန်ကူးသန်းခဲ့ကြရာမှ ပေါ်တူဂီလူမျိုးတို့သည် ဥရောပတိုက်မှ အာဖရိကတိုက် တောင်ဖက်စွန်းကိုလှည့်ပတ်၍ အိန္ဒိယနိုင်ငံသို့ ရောက်ရှိနိုင်သောရေလမ်းခရီးကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

ပိတ်ချင်းခေါ် ငရုတ်ကောင်းတမျိုးလည်း ရှိသေးသည်။ ရုက္ခဗေဒအမည်မှာ 'ပိုက်ပါလောင်ဂမ်' ဖြစ်၍ ငရုတ်



ငရုတ်ကောင်းရွက်နှင့်အသီးပုံ


ကောင်းအရှည်မျိုးဖြစ်လေသည်။ ပိတ်ချင်းကို ဘယဆေး ဖော်စပ်ထုဉ် အသုံးပြုကြသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း၊ အာသံပြည်နယ်၊ သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံတို့တွင် အများအပြားစိုက်ပျိုးကြသည်။

၎ရံ့။ ။၎ရံ့မျိုးတွင်၎ရံ့အောက်၊ ၎ရံ့ဒိုင်း၊ ၎ရံ့ခေါင်း တို့၊ ၎ရံ့ပနော်၊ ၎အုံးမတို့ပါဝင်သည်။ ထို၎ရံ့မျိုးတို့သည် 'အိုဖီယိုဆီဖာလိဒေး' ငါးမျိုးရင်းတွင်ပါဝင်ကြ၏။ တမျိုးနှင့်တမျိုးပုံသဏ္ဌာန်ချင်းတူကြသော်လည်း အရောင်အဆင်းမှာမူကားကွဲပြားခြားနားကြသည်။ ကိုယ်အရှည် ၃ ပေ အထိရှိသည်။ မြန်မာနိုင်ငံ၌မြေပြန့်ရှာအရပ်များတွင် ၎ရံ့တို့ကိုတွေ့ရှိရသည်။

၎ရံ့ကိုယ်သည်ခပ်လုံးလုံးရှိ၍ အမြီးဖက်သို့ရှုးသွားသည်။ ခေါင်းသည်မြေခေါင်းကဲ့သို့ပြား သည်။ အမြီး ထိပ် သည် ဝိုင်း၏။ ကိုယ်ဘေး ကြောင်း သည် ထင်ရှား ပေါ် လွင်၏။ အညိုစင်းများနှင့်အကွက်များသည် တကိုယ်လုံး၌ထင်ရှားလျက်ရှိ၏။ ကျောဆူးတောင်နှင့် ဝမ်းဆူးတောင် တို့တွင် အဆူးများသည်တခုနှင့်တခုဆက်နေကြသည်။

၎ရံ့သည် ငပြေမကဲ့သို့ လေထဲမှ အောက်ဆီဂျင်ကိုတိုက်ရိုက်ရှူနိုင်၏။ စွတ်စိုသောကုန်းမြေ၌ ခရီး အတန်ဝေးဝေး သွားနိုင်၏။ ၎ရံ့ကိုချက်ပြုတ်စား ကြသည့်အပြင် ငပိ ငခြောက်လည်းလုပ်ကြသည်။

၎ရှဉ့်။ ။၎ရှဉ့်သည်ရှည်လျားး၍ ခြေသည်။ ရုတ်တရက် ကြည့်လိုက်လျှင် ငါးဟုမည်သူမှ မထင်ဘဲ၊ ရေမြွေတမျိုးဟု



အထက်ပုံ။ ။ငခြောက်လုပ်ရန်အသုံးဝင်လှသည့်၎ရံ့

၎အောက်ပုံ။ ။မြေနှင့်တူသော်လည်း၎ရေချိငါးမျိုး၀င်ဖြစ်သည့်၎ရှဉ့်

ထင်မှတ်မှားကြသည်။ ၎ရှဉ့်သည်စင်စစ်ရေချိုငါးသာဖြစ်၍ ချောင်း၊ မြောင်း၊ အင်းအိုင်များမှာ ၎ရှဉ့်တို့၏မူလနေရပ်များဖြစ်သည်။ ဆောင်းဦးပေါက်လာလျှင် ၎ရှဉ့်တို့သည် မြစ်ချောင်းများမှ ပင်လယ်သို့ဆင်းလာကြသည်။ ယင်းသို့ဆင်းရာ၌ ညဖက်တွင် ခရီးပို၍ သွားကြသည်။ နေ့အခါတွင် တစုတအုပ်တည်းရေအောက်ရှိ ချုံနုံထဲတွင်ပုန်းလျှိုး၍နေလေ့ရှိကြသည်။ ညမှောင်စ အချိန်သို့ရောက်သည်နှင့် ခရီးဆက်သွားကြပြန်သည်။ ပင်လယ်သို့ရောက်သောအခါ ကမ်းခြေတလျှောက်တွင်သာမက ရေနက်သောနေရာများ၌လည်း ကျက်စားကြသည်။

၎ရှဉ့်တို့သည် ပင်လယ်ထဲတွင် ဥအုကြပြီး၊ ပင်လယ်ထဲမှာပင်သေကြပျက်စီးကြသည်။ ၎ရှဉ့်ဥများသည် အကာအကွယ်ကင်းလျက် ထိုမှဤမှမျောနေလေ့ရှိသည်။ ၎ရှဉ့်ဥပေါင်းများစွာကို ပင်လယ်သတ္တဝါအမျိုးမျိုးက စားပစ်လိုက်ကြသည်။ ကျန်ရစ်သောဥများမှ အချိန်တန်သောအခါ ၎ရှဉ့်ကလေးများပေါက်လာကြသည်။

၎ရှဉ့်ကလေးများသည် ဥမှပေါက်လာသည့်အခါတွင်သေးငယ်ပြီး၊ ပြားသောပုံသဏ္ဌာန်ရှိကြသည်။ ပဌမ နှစ်လခန့်တွင် ၎ရှဉ့်ကလေးသည် ၃ လက်မခန့်ရှိသည်။ ထိုနောက် အနည်းငယ်မျှပြန်၍ ငယ်သွားကြသည်။ အရောင်လည်း အညိုရောင်သို့ ပြောင်းသွားသည်။ ထို့အခါမှ ၎ရှဉ့်နှင့်ပုံပန်းသဏ္ဌာန် တူလာတော့သည်။ သာမန်၎ရှဉ့်၌ ကျဉ်းမြောင်းသောဦးခေါင်း၊ တိုသောမေးရိုးနှင့် ရှည်လျားသောကိုယ်ရှိသည်။ လည်မျိုနားတွင်လည်း ဆူးတောင် ၂ ခုပါရှိသည်။ ထိုဆူးတောင် ၂ ခု အပြင် နောက်ကျောအလယ် အမြီးနားတဝိုက်လောက်ဆီမှ အစာအိမ် အလယ်ပိုင်း လောက်အထိ တဆက်တည်းဖြစ်နေသော ဆူးတောင်တမျိုး သည်လည်း ရှိသေးသည်။

၎ရှဉ့်ငယ်သည် ၎ရှဉ့်ကြီးအဖြစ်သို့ ပြောင်းလဲသွားသည်နှင့်တပြိုင်နက်ရေချိုရုပ်များသို့စတင်ခရီးထွက်တော့သည်။ ရေချိုဒေသများဖြစ်သည့် ချောင်းမြောင်း၊ အင်းအိုင်တို့သို့ရောက်လျှင် ၎ရှဉ့်သည်ထပ်မံကြီးထွားလာသည်။ ပင်လယ်မှ ရေချိုဒေသသို့ခရီးထွက်ထုတ်တွင် လမ်းခရီး၌မကျော်ဖြတ်နိုင်သော ရေတံခွန်၊ ချောက်စသည်တို့နှင့်တွေ့လျှင် ၎ရှဉ့်သည် ရေထဲမှထွက်လာကာ မြက်စိုများရှိရာအရပ်ကို ကျော်ဖြတ်၍ အလိုရှိသော ချောင်းမြောင်းများ ရှိရာအရပ်သို့ အရောက်သွားလေ့ရှိသည်ဟုအဆိုရှိလေသည်။

၎ရှဉ့်တို့သည် အစုအအုပ်နှင့်ချီ၍ တနေရာမှ တနေရာသို့သွားတတ်သဖြင့် အစုလိုက် အအုပ်လိုက် ဖမ်းဆီးရမိရန် များစွာလွယ်ကူသည်။ ရိုးရိုး၎ရှဉ့်မှာ အလျား ၂ ပေမှ ၃ ပေ အထိရှိသည်။ ပင်လယ်ထဲ၌နေသော ၎ရှဉ့်ကြီးများမှာ ၆ ပေကျော်အထိရှည်လျားသည်။

မြန်မာနိုင်ငံ၌ တွေ့ရသောငရုတ်မျိုးတို့မှာ ငရုတ် (အမ်ဖီနပ်ကုချိယား)၊ ငမြီးထောင် (အင်ဂိလားဗင်ဂလန်ဆစ်)၊ ငရုတ်ကျား (အင်ဂိလားဗိုင်ကာလာ) ဖြစ်ကြသည်။ ပဌမနှစ်မျိုးသည် ရေချိုငရုတ်မျိုးဖြစ်၍ တတိယအမျိုးမှာ ပင်လယ်ငရုတ်မျိုးဖြစ်သည်။ ငရုတ်အသားမှာ အရသာရှိ၏။ မြန်မာတို့သည်ငရုတ်ကိုကင်၍ငုံး၊ ချက်၍ငုံးစားကြသည်။



မြိတ်မြို့အနီးပင်လယ်ပြင်မှဖမ်းဆီးရမိသောငလိပ်ကျောက်


ငလိပ်ကျောက်။ ။ငလိပ်ကျောက်သည် ငမန်းနှင့်အတူ မျိုးစဉ်တခုတည်းဝင်ပင် ဖြစ်သော်လည်း ငမန်းနှင့်အသွင်ကွဲ၏။ ကိုယ်ရောခေါင်းပါပြားရုံမက ရင်ဆူးတောင် များသည်လည်းပြားပြီး ဘေးတဖက်တချက်သို့ ကားထွက်နေသည်။ ပုံသဏ္ဌာန်အားဖြင့်ငလိပ်ကျောက်သည် ကစားစရာစွန်နှင့်သော်၎င်း၊ ယပ်တောင်နှင့်သော်၎င်းတူ၏။ အခြားငမန်းများနှင့်မတူသောထူးခြားချက်မှာ ယင်း၌ကျောပုတ်နှင့်တူသည့်အမြီးပါရှိခြင်းဖြစ်သည်။ ယင်းကိုလိပ်ကျောက်မြီးဟုခေါ်သည်။ ကျောဆူးတောင်သည်အမြီးရင်းနားတွင်ရှိ၍ စအိုဆူးတောင် အလျှင်းမရှိချေ။ လိပ်ကျောက်မျိုးဝင်ဖြစ်သော လိပ်ကျောက်တံခွန်၏ အမြီး၌ ရန်သူကိုပြင်းထန်စွာ အဆိပ်တက်အောင် ထိုးနှိုင်သော လိပ်ကျောက်ဆူးရှိးတချောင်းဖြစ်စေ၊ နှစ်ချောင်းဖြစ်စေပါရှိသည်။ လိပ်ကျောက်ဆူးကို မြန်မာတို့ဆေးဖော်ရန်အသုံးပြုကြ၏။

လိပ်ကျောက်မျိုးတွင် လိပ်ကျောက်တံခွန်၊ လိပ်ကျောက်တင်မဲ၊ လိပ်ကျောက်နှာမောင်းတို့၊ လိပ်ကျောက်ထမင်းနဲ့၊ လိပ်ကျောက်စွန်၊ လိပ်ကျောက်စွန်မောင်ရှင်၊ လိပ်ကျောက်စွန်မီးသောက် တို့ပါဝင်ကြသည်။


လျှပ်စစ် လိပ်ကျောက် ဟူသော လိပ်ကျောက်မျိုး၏ထူးခြားချက်မှာ ရန်သူကိုသော်၎င်း၊ စားမည့် သားကောင်ကို သော်၎င်း၊ လျှပ်စစ်ဓာတ်လိုက်သွားအောင်ပြုနိုင်ခြင်းဖြစ်သည်။ လျှပ်စစ်လိပ်ကျောက်မှလွဲတော်သောလျှပ်စစ်ဓာတ်အားသည် လူတယောက်ကိုပင်သေစေနိုင်လောက်သည်။

ငလျင်တိုင်းကရိယာ။ ။ဆီဆမိုဂရပ်ခေါ် ငလျင်တိုင်းကရိယာဆိုသည်မှာ မြေငလျင်လှုပ်ခြင်းကို တိုင်းတာသောကရိယာဖြစ်၏။ ဤကရိယာကိုအသုံးပြု၍ ငလျင်မည်သည့်အချိန်၌လှုပ်သည်၊ မည်သည့်နေရာ၌လှုပ်သည်၊ မည်မျှပြင်းထန်စွာလှုပ်သည် တို့ကို သိရှိနိုင်ပေသည်။ ထိုကရိယာသည် မြေငလျင်လှုပ်သည့်နေရာနှင့် ခရီးမိုင်ပေါင်းများစွာကွာဝေးစေကာမူ မည်သည့်အရပ်တွင်စတင်၍ ငလျင်လှုပ်ကြောင်းကို အတိအကျပြသနိုင်ပေသည်။ ရှေးအကျဆုံးငလျင်တိုင်းကရိယာသည် အေဒီ ၁၃၂ ခုနှစ်က ချန်ဟိန်းဆိုသူတရုပ်ပညာရှိကြီးတီထွင်သော ကရိယာဖြစ်သည်။ ထိုကရိယာတွင် ချိန်သီးတခုပါရှိ၍ ထိုချိန်သီးကို အရပ်ရှစ်မျက်နှာသို့လှုပ်ရှား နိုင်စေရန် လမ်းကြောင်းများ လုပ်ထား၏။ ထိုလမ်းကြောင်းများပေါ်တွင် သတ္တုလုံးများတင်ထား၏။ ချိန်သီးက လာ၍ရိုက်သောအခါ ထိုသတ္တုလုံးတို့သည် အောက်ခံခွက်ထဲသို့ သူ့လမ်းကြောင်းအတိုင်းကျဆင်းကုန်၏။ ဤသို့ဖြင့် ငလျင်လှုပ်သောအရပ်မျက်နှာကို သိနိုင်အောင်စီမံထားလေသည်။

ငလျင်တိုင်းကရိယာ အမျိုးမျိုးရှိ၏။ ယင်းတို့၏အခြေခံသဘောမှာ ချိန်သီး၏ သဘောမျိုးပင်ဖြစ်သည်။ ငလျင်တိုင်းကရိယာတွင် ဘောင်နှင့်ချိန်သီးပါရှိ၏။ ချိန်သီးကို



ဆီဆမိုဂရပ်ခေါ် ငလျင်တိုင်းကရိယာ



ငလျင်တိုင်းကရိယာအတွင်းရှိ အရေးပါသောအစိတ်အပိုင်းများ

ဘောင်တွင် တွဲလောင်းဆွဲထား သည်။ ငလျင်လှုပ်သော အခါ ဘောင်သာလျှင်လှုပ်ရှား၍ ချိန်သီးမှာမူမလှုပ်ရှားဘဲ တည်ရှိနိုင်၏။ ချိန်သီးထိပ်တွင်ခြစ်တံတခုတပ်ထား၍ ထိုခြစ်တံသည် မြေကြီးနှင့်အတူလိုက်၍ လှုပ်နေသောစက္ကူပေါ်၌ မျဉ်းကောက်ကိုထင်စေ၏။ စက္ကူသည် ဘီးလုံးပေါ်တွင် ရစ်ပတ်လျက်ရှိသည်။ ထိုဘီးလုံးသည် လည်ပတ်နိုင်၍ ရှေ့သို့ လည်းရွေ့ရှားနိုင်၏။ ဤသို့ဖြင့် ခြစ်တံသည် စက္ကူပေါ်၌ မျဉ်းကြောင်းကို အဆက်မပြတ် ထင်စေနိုင်သည်။

ပို၍ကောင်းမွန်သော အမှတ် အသားများကို ရရှိစေရန် ရိုးရိုးစက္ကူကိုမသုံးဘဲ ဓာတ်ပုံကူးစက္ကူကို အသုံးပြုရသည်။ ခြစ်တံအစား ကြည့်မှန်မှ ရောင်ပြန်ဟပ်သော အလင်းရောင်ကို အသုံးပြုသည်။ ထိုပြင် ကြည့်မှန်ကို ချိန်သီးတွင်တိုက်ရိုက်မတပ်ဆင်ဘဲ၊ လှုပ်ရှားမှုကို အကြီးချဲ့ပေးနိုင်သော မောင်းတံများတွင် တပ်ဆင်ထား၏။ ဤသို့ဖြင့် သာမန်မသိရှိနိုင်သော လှုပ်ရှားမှုများကိုပင် အကြီးချဲ့၍ သိရှိနိုင်ပေသည်။ ယခုအခါ ငလျင်တိုင်းကရိယာများကို လျှပ်စစ်ဓာတ်ဖြင့် စီမံထားရာ ငလျင်လှုပ်ခြင်းကို ပို၍တိကျအောင် တိုင်းတာယူနိုင်ကြပေပြီ။

ငလျင်လှုပ်ခြင်း။ ။ငလျင်လှုပ်ခြင်းသည် ကမ္ဘာမြေပြင် တုန်ခြင်း ခါခြင်းဖြစ်သည်။ မီးရထားနှင့် လေးလံသော ယာဉ်များ သွားလာသောအခါ အနီးအနားကမြေပြင်သည် တုန်သွားတတ်သည်။ သို့ရာတွင် ယင်းသို့တုန်ခြင်းကို ငလျင်လှုပ်သည်ဟု မဆိုပေ။ ခရီးဝေးလံစွာ ပျံနှံ့သွားသော

သဘာဝအလျောက် မြေကြီးလှုပ်ရှားမှုမျိုးကို သာလျှင် ငလျင်ဟူ၍ ဆိုပေသည်။ ကမ္ဘာမြေ၏ အပေါ်ယံတွင် ကျောက်ထပ်ကျောက်လွှာများရှိကြသည်။ ထိုကျောက်ထပ်ကျောက်လွှာတို့သည် တခုကိုတခုအားကြီးကြီးဖြင့်ဖိကြတိုက်ကြသောအခါကွဲပြတ်ကုန်ကြသည်။ ယင်းသို့ကျောက်တို့ကွဲပြတ်ရာမှ ဖြစ်ပေါ်သောတုန်ခါမှုသည် ခရီးမိုင်ထောင်ပေါင်းများစွာသို့ ပျံနှံ့သွားနိုင်သည်။ ငလျင်လှုပ်ရှားခြင်းသည် မီးတောင်ပေါက်ကွဲ လှုပ်ရှားခြင်းကြောင့်လည်းဖြစ်နိုင်၏။ သို့သော် မီးတောင်ပေါက်ကွဲခြင်းမှာ သေးငယ်သောအကြောင်းတခုသာလျှင်ဖြစ်၏။ (မီးတောင် — ၌။)

ငလျင်လှုပ်သောအခါ ငလျင်လိုင်းများဖြစ်ပေါ်လေသည်။ ထိုငလျင်လိုင်းများ သည် ကျောက်ထုလွှာတွင် အမြန်နှုန်းအမျိုးမျိုးဖြင့် ပတ်ဝန်းကျင်သို့ ပျံနှံ့သွားကြသည်။ ရုပ်ဝေးသို့ ပဌမဦးဆုံးရောက်သော လိုင်းသည် ကမ္ဘာမြေကြီး၏ အလယ်ဗဟိုသို့ ကွေကောက်၍ ဆင်းသောလိုင်းဖြစ်သည်။ ကမ္ဘာမြေကြီး၏ အလယ်ဗဟိုတွင် ကျောက်ထုများ သဖြင့် ငလျင်လိုင်းသည် ထိုဒေသ၌ ပို၍လျင်မြန်စွာ သွားနိုင်၏။ ထိုငလျင်လိုင်းကို သုံးမျိုးခွဲထားသည်။ ပဌမလိုင်းမျိုးသည် လိုင်းသွားရာလမ်းတွင် အလျားလိုက်တုန်ခါ၍ သွားသည်။ ထိုလိုင်းကြောင့် မြေကြီးထဲက ကျောက်တို့သည် လက်နှစ်ဖက်ဖြင့် ကိုင်ထားသော သားရေကြိုးကို အလယ်မှရိုက်ပေးလိုက်သောအခါ တုန်ခါသကဲ့သို့ တုန်ခါ ကြသည်။ ထိုလိုင်း၏အမြန်မှာ တစက္ကန့်လျှင် ၅ မိုင်ဖြစ်သည်။ ဒုတိယလိုင်းမျိုးမှာ လိုင်းသွားရာလမ်းကို ကန့်လန့်ဖြတ်တုန်ခါ၍သွား၏။ ထိုလိုင်းကြောင့် ကျောက်တို့သည် သားရေကြိုးကို မရိုက်ဘဲလိမ်ပေးလိုက်သောအခါ တုန်ခါသကဲ့သို့ တုန်ခါကြသည်။ ထိုလိုင်း၏အမြန်မှာ တစက္ကန့်လျှင် ၃ မိုင်မျှရှိ၏။ တတိယလိုင်းမျိုးမှာ ကမ္ဘာမြေပြင်၌သွားသော လိုင်းမျိုးဖြစ်သည်။ ထိုလိုင်းမျိုးသည် ရေထဲ၌ ခဲတလုံးချလိုက်သောအခါ ဖြစ်ပေါ်သော လိုင်းများနှင့်တူသည်။ ယင်း၏အမြန်မှာ တစက္ကန့်လျှင် ၂ မိုင်မျှရှိ၏။ အဓိကအားဖြင့် ငလျင်ကြောင့် ပျက်စီးမှုများသည် ထိုတတိယလိုင်းမျိုးကြောင့်ဖြစ်သည်။

သမုဒ္ဒရာအောက်တွင်လှုပ်သောငလျင်များလည်းရှိသည်။ ထိုငလျင်မျိုးကို ဂျပန်လူမျိုး ငလျင်ပါရဂူများက ဆုနာမီဟုခေါ်ကြ၏။ ထိုရေအောက်ငလျင်များကြောင့် အမြင့်ပေပေါင်း ၄၀ မျှရှိသော လှိုင်းလုံးကြီးများ ဖြစ်ပေါ်၏။ ထိုလိုင်းကြီးများသည် ကုန်းပေါ်သို့တက်၍ အဆောက်အအုံများနှင့် အသက်ပေါင်းများစွာကို ဖျက်ဆီးပစ်နိုင်သည်။

ငလျင်လှုပ်ခြင်း အကြောင်းရင်းများကို လေ့လာသော ပညာကို ဆီဆမိုလိုဂျီ ဟုခေါ်သည်။ ငလျင်ကိုတိုင်းသော ကရိယာကို ဆီဆမိုဂရပ်ဟုခေါ်သည်။ (ငလျင်တိုင်းကရိယာ — ၌။) ထိုငလျင်တိုင်းကရိယာကို ကမ္ဘာအရပ်ရပ်တွင်

ထား၍ တနှစ်အတွင်း နှစ်စဉ်လှုပ်ရှားသော ငလျင်များကို မှတ်သားနိုင်၏။ ကမ္ဘာမြေကြီးသည် ဘယ်သော အခါမှ တည်ငြိမ်ခြင်းမရှိဘဲအမြဲပြောင်းလဲလျက်ရှိသဖြင့် နှစ်စဉ်လို ပင် ငလျင်လှုပ်ရှားခြင်းရှိ၏။ အချို့ငလျင်မှာ အားပျော့ လွန်းသဖြင့် အလွန်တရာသိမ်မွေသော ကရိယာဖြင့်သာ တိုင်း တာနိုင် ပေသည်။ အချို့ငလျင်မှာမူ ပြင်းထန် လှသဖြင့် အသက်အိုးအိမ်များစွာဆုံးရှုံး ပျက်စီးကြရသည်။

ငလျင်လှုပ်သဖြင့် ကမ္ဘာမြေမျက်နှာပြင်သည် ပြောင်းလဲ သွားနိုင်၏။ ငလျင်ကြောင့် အချို့ဒေသများတွင် ပပ်ကြား အက်ကြောင်းကြီးများ ဖြစ်ပေါ်လာ၏။ အချို့ဒေသတွင် အဆောက်အအုံများ ပြိုကျ၍ မီးအကြီးအကျယ်လောင်၏။ ပင်လယ်ကမ်းစပ်ရှိ ဒေသတို့တွင် ပင်လယ်မှလှိုင်းလုံးကြီး များ တက်လာ၍ လှမ်းမိုးသွား၏။ အချို့ဒေသတွင် ရှိရင်း စွဲအင်းအိုင်များ ပျောက်၍ အင်းအိုင်သစ်များဖြစ်ပေါ် ၏။ အချို့ဒေသတွင် မြေမျက်နှာပြင် ကျုံဝင်သွား၏။ အချို့ ဒေသတို့တွင် မြစ်စီးကြောင်း၊ ရေခဲမြစ်စီးကြောင်း များ ပြောင်းလဲသွားကြ၏။

ငလျင်အများဆုံး လှုပ်လေ့ရှိသောဒေသများမှာ ပစိဖိတ် သမုဒ္ဒရာ ကမ်းရိုးတန်းတလျှောက်၊ အာရှတိုက်တောင်ပိုင်း၊ မြေထဲပင်လယ်ဒေသတို့တိုက်တို့ဖြစ်သည်။ ကမ္ဘာ၌ငလျင် အကြီးအကျယ်လှုပ်၍ အပျက်အစီး အသေအပျောက်များ ခဲ့သောဒေသအချို့မှာ ပေါ်တူဂီနိုင်ငံ၊ လစ္စဗွန်းမြို့၊ (ခရစ် ၁၇၅၅ ခုနှစ်)၊ တရုပ်နိုင်ငံ၊ ကန်ဆူနယ် (ခရစ် ၁၉၂၀ ပြည့် နှစ်)၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ (ခရစ် ၁၉၂၃ ခုနှစ်)၊ အိန္ဒိယ နိုင်ငံ၊ ကွက်တာမြို့ (ခရစ် ၁၉၁၅ ခုနှစ်)၊ ဂျာတလိနိုင်ငံ မက်ဆီနာမြို့ (ခရစ် ၁၉၀၈ ခုနှစ်) တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင်လည်း ငလျင်ကြောင့်အိုးအိမ်အဆောက် အအုံများနှင့် စေတီပုထိုးများပင် ပျက်စီးခဲ့ရဘူးလေသည်။ အင်းဝမြို့တွင် ခရစ် ၁၈၃၉ ခုနှစ်မတ်လ ၂၃ ရက်နေ့က ငလျင် ကြောင့် မင်းကွန်းစေတီတော်ကြီးပျက်စီးခဲ့ရသည်။ ၁၉၁၂ ခုနှစ် ဇွန်လိုင်လ ၅ ရက်နေ့တွင် ပဲခူးမြို့၌ငလျင်ကြောင့် ရွှေမော်ဓောဘုရားကြီး ပျက်စီးခဲ့ရသည်။ တဖန် ပဲခူးမြို့၌ ပင် ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့၌ ငလျင်လှုပ်ပြန်ရာ လူပေါင်း ၅၀၀ နှင့် အဆောက်အအုံပေါင်း မြောက်မြားစွာ ပျက်စီးခဲ့ရ၏။ ထိုငလျင်ဒဏ်ကြောင့် ရန်ကုန်မြို့၌လည်း အဆောက်အအုံများ ပျက်စီး၍ လူအသေအပျောက်ပင် ရှိခဲ့ဘူးလေသည်။

ငဝဲရောင်။ ။ပါဏာဗေဒအလိုအားဖြင့် ငဝဲရောင်ကို 'ဆူဒို ဆီအင်နာ ဒိုင်အာကင်သပ်' ဟု ခေါ်သည်။ ငဝဲရောင်ကို တနယ်ဘရိကမ်းရိုးတန်းနှင့် ရခိုင်ကမ်းရိုးတန်းတလျှောက်၌ တွေ့ရသည်။ ငဝဲရောင်၏နှာတံမှာ အနည်းငယ်ပု၏။ နှာ တံအရင်းတွင် အပေါက်ကလေး ၃ ခုပါရှိ၏။ ထိုအပြင် အောက်မေးရိုးအောက်ဖက်တွင်လည်း အပေါက်ကလေး ၅ ခုပါရှိ၏။ အမြီးဆူးတောင်သည် သပ်ပုံသဏ္ဌာန်ရှိသည်။ ထိုငါးအရောင်မှာ ညိုမှိုင်းမှိုင်းဖြစ်၍ ကျောဖက်တွင်ငွေရောင် ရှိသည်။ ဆူးတောင်များ၌ ရွှေရောင်ရှိသည်။ ငဝဲရောင် ကလေးများတွင် အရောင်အမျိုးမျိုးရှိ၍ ထောင်လိုက်အစင်း




၁၉၂၃ ခုနှစ်ငလျင်ဒဏ်ကြောင့် ဂျပန်နိုင်ငံ တိုကျိုမြို့ကြီးတွင် အဆောက်အအုံများ ကျိုသိပ်ပျက်စီးခဲ့ရသည်။

များလည်း ပါရှိတတ်သည်။ ငဝဲရောင်အကောင်ကြီးများသည် အရှည် ၅ ပေအထိကြီးထွားကြသည်။

ငဝဲရောင်မှ ငါးစည်ဖောင်းကော် ရရှိသည်။ ငပုတ်သင်၊ ငါးစားဖား၊ ကျောက်ငရုံတို့သည် ငဝဲရောင်နှင့်မျိုးချင်းနွယ်သော ငါးများဖြစ်ကြသည်။

ငဝက်။ ။ငဝက်သည် ကကတစ်မျိုးတွင်ပါဝင်၍ မျိုးရင်းအမည်မှာ 'ပါစီဒေး' ဖြစ်သည်။ ထိုငါးကိုယ်သည် အနည်းငယ်ရှည်၍ ပြားသည်။ ပါးဟက်ပေါက်မှာကျယ်သည်။ မျက်စိသည် ဦးခေါင်းဘေးဖက်တွင် ရှိသည်။ မေးရိုးခွသွားများရှိသည်။ ကျောဆူးတောင် ၂ ချောင်းပါသည်။ ကိုယ်မှာ အကြေးများဖုံးလျက်ရှိသည်။ ငဝက်နှင့် မျိုးချင်းနီးစပ်သော ငါးများမှာ ငဝက်ပန်းနီ၊ ငဝက်စပ်နှင့် ငဇင်စပ်များဖြစ်ကြသည်။

ငသလဲထိုး။ ။ငသလဲထိုးသည် ငသိုင်းမျိုးတွင် ပါဝင်၏။ ပါဏာဗေဒအလိုအားဖြင့် ထိုငါးကို 'လက်ပီဒိုကက်ဖဲလပ် (စ)



(အထက်) ကကတစ်ငါးမျိုးဝင်ဖြစ်သောငဝက်

(အလယ်) ရေချိုရေငန် ၂ ရပ်လုံးတွင်နေနိုင်သည့်ငသလောက်

(အောက်) အမှိုးများသော်လည်းအရသာရှိသောငသိုင်း

ဗတ်မိုရီ' ဟု ခေါ်သည်။ ငါးအကောင်မှာ သေးသည်။ ငမြေထိုး အသေးစားနှင့် တူသည်။ အရောင်မှာညိုသည်။ သဲထဲထိုးဝှေနေတတ်သည်။ ငသလဲထိုးအကောင်ရှင်များကို အုန်းနို့သို့မဟုတ် နွားနို့ထဲထည့်၍ သေကုန်ပြီးမှချက်စားလျှင် ပို၍အရသာထူးသည် ဟုဆိုသည်။

ငသလောက်။ ။ငသလောက်ကို ပါဏာဗေဒအမည်ဖြင့် 'ဟီလဆာအလီရှား' ဟု ခေါ်သည်။ အရသာရှိသောငါးအဖြစ် အသိများသည်။ ရေချိုရေငန်နှစ်ရပ်လုံးတွင်နေနိုင်သည်။ မိုးတွင်းအခါ၌ ဥအုရန် ပင်လယ်မှ မြစ်ထဲသို့ဆန်တက်လာလေ့ရှိသည်။ အုပြီးငသလောက်သည် ကြုံလို့သွားကာ အရသာပျက်သွားတတ်သည်။ ငသလောက်၏ကိုယ်သည် ပြား၍ ပြက်အနည်းငယ်ကျယ်သည်။ ကျောဆူးတောင် အထက်နားသည် အလယ်၌ခွက်နေ၏။ အမြီးခွသည် စောက်နက်၍ အဖျားနှစ်ခုသည် ဘေးသို့ကားထွက်နေသည်။ အကြေးများသည် ခေါင်းမှအမြီးတိုင်အောင် ညီညီညာညာရှိကြသည်။ အရောင်မှာ ရွှေရောင်သန်းလျက်ရှိ၍ တခါတရံ ကန့်လန့်အမည်းစင်းများ ထင်နေတတ်သည်။ အထူးသဖြင့် ငသလောက်ငယ်များတွင် ကျောပိုင်း၌ ကန့်လန့် အမည်းစင်းများ ပါလေ့ရှိသည်။ ကိုယ်ရှည် ၁ ပေမှ ၁½ ပေအထိရှိတတ်၏။ ငသလောက်ကို ဟင်းလျာအဖြစ် သုံးကြရုံမက ငပိဆားနယ်အဖြစ်လည်း သုံးကြသည်။

ငသိုင်း။ ။ငသိုင်းသည် အရိုးများသော်လည်း အရသာရှိသောရေချိုငါးဖြစ်သည်။ ပါဏာဗေဒအရ 'ကက်တလာကက်တလာ' ဟု ခေါ်သည်။ ဦးခေါင်းအနည်းငယ်ကြီး၍ ကိုယ်လုံးမှာ မူအနည်းငယ်ပြားသည်။ အမြီးခွစောက်နက်သည်။ ပါးစပ်ပေါက်ကျယ်၍ အောက်မေးရိုး ထင်ရှားပေါ်လွင်သည်။ အောက်နှုတ်ခမ်းသည် အပြင်သို့လန်ထွက်နေ၏။ အထက်နှုတ်ခမ်းမရှိ။ နှုတ်ခမ်းမွေးလည်း မပါချေ။ ငသိုင်း၏အရောင်သည် ကျောပိုင်းတွင် မဲပြာရောင်ဖြစ်ပြီး ဘေးဖက်တွင် ငွေရောင်ပေါက်နေ၏။ ဝမ်းပိုက်ပိုင်းသည် ဖြူ၏။ ဆူးတောင်များသည် မည်းနက်၏။ ဝမ်းပိုက်ပိုင်းမှအပ အခြားနေရာရှိ အကြေးများတွင် အလယ်၌ ပန်းရောင်သော်ငင်း၊ ကြေးနီရောင်သော်ငင်း ပေါက်နေတတ်သည်။ ငသိုင်းသည် ကိုယ်အရှည် ၄ ပေခန့်အထိရှိ၍ အလေးချိန် ၂၂ ပိသာခန့် အထိစီးသည်။

ငသိုင်းချောင်းမြို။ ။ပုသိမ်ခရိုင် ငသိုင်းချောင်းမြို့သည် ပုသိမ်မြို့မှအရှေ့မြောက်ဖက် ၄၈ မိုင်ခန့် ကွာဝေးသော ငဝန်မြစ်၏ အရှေ့ဖက်ကမ်းတွင်တည်ရှိသည်။ မြို့နယ်မှာ ၃၄၅ စတုရန်းမိုင်ကျယ်ဝန်းသည်။

ငသိုင်းချောင်းမြို



ငသိုင်းချောင်းမြို၊ ရွှေတောင်တန်းရပ်ကွက်ရှိစေတီနှင့်ကားလမ်းကို ဤသို့တွေ့မြင်ရသည်။

၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ မြို၏လူဦးရေမှာ ၇,၁၃၂ ယောက်ခန့်ဖြစ်၍ များသောအားဖြင့်ဗုဒ္ဓအယူဝါဒီ မြန်မာများဖြစ်ကြ၏။ ငသိုင်းချောင်းမြိုတည်ထာအရပ်မှာ မြေနိမ့်ပိုင်းဖြစ်၍ မိုးရာသီတွင် မြစ်ရေလျှံတက်ခြင်းဘေးမှ ကာကွယ်ရန် မြင့်မားသော တာများပြုလုပ်၍ ထားကြရသည်။ တာအချို့သည် မြို့တွင်းသို့ပင် ဖြတ်သန်းလျက်ရှိသဖြင့် တာကြီးတန်း ဟူသောရပ်ကွက်ပင်ရှိသည်။ တာတန်းသည် ငဝန်မြစ်ကမ်းနဖူးမှနေ၍ မြို့ကိုပတ်ရံထားသည့်ပြင် ဟင်္သာတသို့တိုင်အောင် ရှည်လျားသည်။ ၁၉၂၃ ခုနှစ်၌ ငသိုင်းချောင်းမြို့ အထက် ၃ မိုင်ခန့်တွင် အဆိုပါတာကျိုးပေါက်ခဲ့သဖြင့် ငသိုင်းချောင်းမြို့မှာ ရေဘေးနှင့်ကြုံခဲ့ရဘူးလေသည်။

ငသိုင်းချောင်းမြို့သည် ဟင်္သာတ၊ ပုသိမ်ရထားလမ်းတွင် ရှိသော ရေကြည်မြို့နှင့် ၆ မိုင်ကွာဝေးသည်။ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း၊ ဓနုဖြူမြို့များသို့ မော်တော်ကားလမ်းပေါက်သည့်အပြင် ဟင်္သာတ၊ လေးမျက်နှာ၊ သာပေါင်း၊ ပုသိမ်မြို့များသို့လည်း ရေလမ်းခရီးပေါက်သည်။ ငသိုင်းချောင်းမြို့အထက်တွင် ငဝန်မြစ်မှအနောက်ဖက်သို့ခွဲထွက်သော ချောင်းငယ်တခုပေါ်၌ ကျောက်ချောင်းရွာရှိ၏။ ထိုရွာမှအနောက်ရိုးမတောင်ကိုဖြတ်ကျော်လျှင် ရခိုင်ကမ်းရိုးတန်းရှိ ဂွမြို့သို့ရောက်နိုင်သည်။ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဆေးရွက်၊ ပြောင်းဖူးတို့မှာ ငသိုင်းချောင်းမြို့နယ်၏ထွက်ကုန်များဖြစ်ပေသည်။ ရခိုင်ပြည်ဖက်မှအုန်းသီးနှင့် အနောက်ခြောက်ခေါ် အမဲခြောက်များကို ကုန်းလမ်းခရီးဖြင့် ငသိုင်းချောင်းမြို့သို့ တင်ပို့ရောင်းချကြ၏။ ငသိုင်းချောင်းမြို့အစွန်မှနေ၍ အနောက်ဖက်သို့လှမ်းမျှော်၍ကြည့်လိုက်လျှင် မိုင်းမို့ညို့ဆိုင်းနေသော ရခိုင်ရိုးမတောင်တန်းကို တွေ့မြင်နိုင်ပေသည်။


၁၉၂၃ ခုနှစ်ခန့်တွင် ငသိုင်းချောင်းမြို့မှ တရုံးတော်ကို ရေကြည်မြို့သို့ ပြောင်းရွှေ့စိုက်လေသည်။ ငသိုင်းချောင်းမြို့တွင် တရုံးပင်မရှိသော်ငြားလည်း ရဲဌာန၊ ဆေးရုံ၊ တန်းမြင့်စာသင်ကျောင်း၊ မျ။နိစိဝယ်ရုံး စသည်တို့ဖြင့် စည်ကားလျက်ရှိ၏။ ထိုမြို့၏အရှေ့တောင်ဖက်၌ လောကမာရဇိန်စေတီတော်ကြီးတည်ရှိ၍ စေတီ၏ထက်ဝန်းကျင်တွင် မှန်ကျောင်း၊ ရွှေရေးဆောင်ကျောင်း စသောခမ်းနားတင့်တယ်လှသည့် ဗုဒ္ဓသာသနာ့ကျက်သရေဆောင်ဘုန်းကြီးကျောင်းတိုက်များရှိကြ၏။

ငသိုင်းချောင်းမြို့နယ်အတွင်း ထင်ရှားသော ပုံတော်မှာ ငသိုင်းချောင်းမြို့၏အနောက်မြောက်ဖက်ရှိ ကုန်းပြင်ရွာကြီးတွင် နှစ်စဉ်ကျင်းပသည့် သီတာဘုရားပွဲဖြစ်သည်။ အဆိုပါရွာရှိ ဥာဏ်တော်ပေ ၅၀ ခန့်မြင့်သောမြေစိုက်စေတီ သီတာဘုရားနှင့် သီတာမောင်နှမနတ်ကွန်းတို့ကို အကြောင်းပြု၍ နှစ်စဉ်တော်သလင်းလဆန်း ၁၄ ရက်မှစ၍ ၃ ရက်တိုင်တိုင် ကျင်းပသော ထိုဘုရားပွဲတော်သို့ ငသိုင်းချောင်းမြို့နှင့် အနီးတဝိုက် မြို့ရွာ ကျေးလက်များမှ လှေငယ်တက်စင်းတို့ဖြင့် လာရောက်ကြသည်။

ငဟစ်။ ။ပါဏာဗေဒအလိုအရငဟစ်သည် 'အာဒီဒေး' မျိုးရင်းတွင်ပါဝင်သောငှက်ဖြစ်သည်။ ငဟစ်အမျိုးမျိုးရှိသည့်အနက် ထင်ရှားသော ၂ မျိုးမှာ 'အာဒီဆီနာရီရက်တီရော့စထြစ်' နှင့် 'အာဒီပါပြူရီမယ်နီလန်ဆစ်' တို့ဖြစ်ကြ၏။

ငဟစ်၏ကိုယ်ခန္ဓာသည် သေးသွယ်ရှည်လျားလေသည်။ ဖြောင့်စင်းသောနှုတ်သီးနှင့် ရှည်လျားသောခြေတံရှိသောကြောင့် ဥဗျိုင်းနှင့်တူသည်။ အလျား ၃၀ လက်မခန့်ရှိသည်။ လည်တိုင်တွင်အမည်းပြောက်အစင်းကြောင်းများပါရှိသည်။ ဦးခေါင်းနှင့်လည်တိုင်မှာ သံချေးရောင်ကဲ့သို့နီယောင်ယောင်ရှိသည်။ ကိုယ်အောက်ပိုင်းမှာမည်းနက်၍ သစ်ကြားခံရောင်ရှိသည်။ ငဟစ်အမနှင့် အထီးတို့၏အရောင်အဆင်းမှာအတူတူပင်ဖြစ်သည်။

ငဟစ်သည် ကျူးတော၊ ကိုင်းတောများ ပေါက်ရောက်သည့်မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကမ်းပါးများတွင် ကျက်စားလေ့ရှိသည်။ ပုံကာစနှင့်ပုံသန်းနေစဉ်တွင် ကျယ်လောင်စူးရှစွာ အော်မြည်တတ်သည်။ ပုံမည်ပြုသော အခါလည်တိုင်ကိုရှေ့သို့ဆန့်၍ အတောင်ကိုတအားခတ်ကာ တဲ့လဲ့ကျနေသော ခြေတံရှည်တို့ဖြင့် ကိုယ်ကိုထိန်း၍ ပုံတက်သွားတတ်သည်။ ထိုကြောင့် ပုံကာစတွင် ငဟစ်ကိုတွေ့ရသည်မှာ ပြေပြစ်ခြင်းမရှိလှပေ။ အရှိန်ရသည်နှင့်တပြိုင်နက် ခြေတံများကို အမြီးအောက်သို့ရုပ်သိမ်းလိုက်သည်။ ဦးခေါင်းကိုလည်း ပခုံးနှစ်ဖက်ကြား သို့ရောက်အောင်လည်တိုင်ကိုကွေးထားတတ်သည်။ ငါးများဖားများကိုအများအားဖြင့် စားသောက်လေ့ရှိသည်။ ထိုပြင်ရေတွင် နေတတ်သော အင်းဆက်ပိုးကောင်များ၊ ခရုမျိုး၊ ဗုဇွန်ကနုန်းမျိုးများကိုလည်း စားသောက်လေ့ရှိလေသည်။



ဥဗျိုင်းနှင့်တူသောငဟစ်ငှက်

မိုးရာသီတွင် ငဟစ်ငယ်များ ဥမှပေါက်ကြသည်။ သာမန်အားဖြင့် ငဟစ်တို့သည် တကောင်တည်းနေလေ့ရှိကြသော်လည်း၊ ရွှေဘိုနယ်၌တွေ့ရသောငဟစ်တို့မှာ အုပ်ဖွဲ့၍နေတတ်ကြသည်။ အသိုက်ကို ကျူပင်များပေါ်၌၎င်း၊ သစ်ပင်များပေါ်၌၎င်း တုတ်ခြောင်းများဖြင့် ပြုလုပ်သည်။ အသိုက်၏အချင်းမှာ တပေခန့်ရှိ၍၊ စောက် ၈ လက်မခန့်ရှိသည်။ တမြုံလျှင် ဥ ၃ လုံး ၄ လုံးအထိရှိ၏။ ဥအရောင်မှာအစိမ်းနုဖြစ်သည်။

ငဟစ်ကို အာဖရိကတိုက်၊ ဥရောပတိုက် တောင်ပိုင်းနှင့် အာရှတိုက်တောင်ပိုင်း တို့တွင်တွေ့ရသည်။ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်းတို့တွင်လည်းငဟစ်ကိုတွေ့ရသည်။

ငအုံး။ ။ငအုံးသည် ကကတစ်မျိုးတွင်ပါဝင်သည်။ ပါဏာဗေဒအလိုအားဖြင့် ငအုံးကို 'အန်သီယပ် (စ) မာလတီဒင်' ဟုခေါ်သည်။ ထိုငါး၏ကိုယ်မှာ အနည်းငယ်ရှည်၍ပြားသည်။ ပါးဟက်ပေါက်ကျယ်၍ ဦးခေါင်းဘေးတွင် မျက်စိရှိသည်။ မေးရိုး၌ သွားရှိသည်။ ကျောဆူးတောင် ၂ ခုရှိသည်။ ဆူးတောင်ကလေးများလည်း ရှိသည်။ ကိုယ်၌အကြေးများ ဖုံးလျက်ရှိသည်။

ငအုပ်ပုံ။ ။ပါဏာဗေဒအလိုအရ ငအုပ်ပုံသည် 'စကွမ်ဗရီဒေး' မျိုးရင်းတွင်ပါသည်။ သိပ္ပံအမည်အားဖြင့် ငအုပ်ပုံကို 'ရက်စတြိုလီကျားကနာဂါးတား' ဟုခေါ်သည်။ ရခိုင်ပြည်နယ်တွင် ငအုပ်ပုံကို ငခေါင်းကြီးဟုခေါ်သည်။ ကိုယ်တို့၌ကျယ်သည်။ ဦးခေါင်းကြီးသည်။ အမြီးပိုင်းရှူးသည်။ ပါးစပ်ပေါက်နှင်းရှိ၍ အောက်မေးရိုးထက် အနည်းငယ်ရှည်ထွက်နေသည်။ မေးရိုး ၂ ခုလုံးတွင် သွားများရှိသည်။ ရင်ဆူးတောင်၏အောက်ပိုင်းတွင်အခြားနေရာများမှာထက် ပိုမိုကြီးမားသော အကြေးခွံများရှိသည်။ ဒုတိယကျောဆူးတောင်နှင့် အမြီးဆူးတောင်တို့၏ကြားတွင် ကျောဆူးတောင်ငယ် ၅ ခုညီညီညာညာရှိသည်။ စအိုဆူးတောင်နှင့်အမြီးဆူးတောင်တို့၏ အကြားတွင်လည်း ဝမ်းဆူးတောင်ငယ် ၅ ခုညီညီညာညာရှိ၏။ အမြီးဆူးတောင်ခွသည် ရှည်၍အထက်ပိုင်းနှင့် အောက်ပိုင်းတို့သည် ကားပြီး ချွန်ထွက်နေကြ၏။ ငအုပ်ပုံ၌လှသောအရောင်များရှိ၏။ ကျောသည်စိမ်းလဲ့လဲ့နေ၍ ကျောဆူးတောင်၏ အောက်နားတွင်အပြောက် ၁၆ ခု စီတန်းလျက်ရှိသည်။ ဦးခေါင်းတွင် ခရမ်းရောင်အပြောက်အစက်များရှိသည်။ ကိုယ်နှင့်ဘေးဖက်တွင် အရောင်စင်းများရှိသည်။ ကိုယ်ဘေးကြောင်းတလျှောက်တွင် ရွှေရောင်အစင်းကြောင်း ၂ ခုရှိသည်။ အမြီးဆူးတောင်နှင့် ရင်ဆူးတောင်တို့သည် ဝင်းဝါ နေကြသည်။

ကျောဆူးတောင်မှာမူ အဝါရောင်ဖျော့ဖျော့ရှိ၏။ ဤဆူးတောင်တို့တွင် မည်းနက်သော အစင်းများ ရှိကြသည်။ သေသွားသောအခါ ငအပ်ပုံ၏အရောင်မှာ အစိမ်းရောင် သို့ပြောင်း၏။ ငအပ်ပုံသည် အုပ်ဖွဲ့လျက် ရေမျက်နှာပြင်အောက်တွင် ကူးသန်းသွားတတ်သည်။ ငအပ်ပုံသည် ၁၀ လက်မမှ ၁၂ လက်မထိရှိသည်။ ငအပ်ပုံ ၃ ကောင်လျှင် ပျမ်းမျှအလေးချိန် တပေါင်စီးသည်။ ငပုစင်းသည် ငအပ်ပုံနှင့် မျိုးရင်းချင်းနွယ်သော ငါးဖြစ်သည်။

ကျောရိုးရှိရေသတ္တဝါများ

ငါးများမည်ကဲ့သို့အသက်ရှူကြသနည်း။ မည်ကဲ့သို့အစာစားကြသနည်း။ အသံကိုကြားနိုင်သလော။ အနံ့ကိုခံနိုင်သလော။ ငါးများတွင်ရန်သူကိုတိုက်ဖျက်ရန်မည်ကဲ့သို့သောလက်နက်များရှိပါသနည်း။ ယင်းအချက်အလက်များအပြင်ငါးနှင့်စပ်လျဉ်း၍ အခြားမှတ်သားဖွယ်ရာဗဟုသုတကိုလည်း ဤအကြောင်းရပ်တွင်ဖော်ပြထားသည်။

ငါး။ ။ရေနေသတ္တဝါ အများအပြားရှိသည့်အနက် ငါးသည်ရေ၌နေသားအကျဆုံးသော ရေနေသတ္တဝါဖြစ်သည်။ ကမ္ဘာတွင် ရေသတ္တဝါသည် ကုန်းသတ္တဝါထက် ဦးစွာပေါ်လာခဲ့သဖြင့် ငါးသည် လူထက်အလျင်ကသော ရေသတ္တဝါတမျိုးဖြစ်သည်ဟု ဆိုသည်။ ငါးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကျောရိုးရှိကုန်းသတ္တဝါများမပေါ်မီ ရှေးနှစ်ပေါင်း အသိန်းအသန်းကဖြစ်သော ကျောက်ထပ်များတွင် တွေ့ရှိရသည်။

ငါးသည်ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် အမျိုးအစား မြောက်မြားစွာပင် ရှိသော်လည်း တိရစ္ဆာန်လောက တခုလုံးတွင်ရှိသော တိရစ္ဆာန်ဦးရေနှင့် နှိုင်းရလျှင် ငါးဦးရေမှာ မပြောပလောက်ချေ။


ငါး၏ပုံပန်းသည် ရေတွင်ကျက်စားနိုင်ရန် သဘာဝက အကောင်းဆုံး ဖန်တီးပေးထားသော ပုံပန်းဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ငါး၏ပုံပန်းသည် ရေတွင်သွားလာလှုပ်ရှိသော လေ့သဖွယ် ရှည်လျားသေးသွယ်ပြီး ဦးပိုင်းသည် ချွန်လျက်ရှိသောကြောင့်ဖြစ်သည်။ ငါးသည်နို့တိုက်သတ္တဝါများကဲ့သို့ သွေးပူသတ္တဝါမဟုတ်၊ သွေးအေးသတ္တဝါဖြစ်၏။ ပါးဟက်များဖြင့် အသက်ရှူကြ၍ အမြီး၊ ဆူးတောင်များဖြင့်လိုရာသို့ သွားလာနိုင်ကြပေသည်။ ဆူးတောင်များကို အရိုးများကဖဲထိုးတံသဖွယ် အောက်ကပင့်မထား၏။ လည်ပင်းဟူ၍လည်း သီးသန့်မရှိချေ။ တက်မသဖွယ် ပြားချပ်နေသောအမြီးက လိုရာသို့သွားလာနိုင်ရန် မတ်ပေးသည်။

များသောအားဖြင့် ငါးသည် မိမိလောက်အားမရှိသော သတ္တဝါကလေးများကို စားသောက်ခြင်းဖြင့် အသက်ရှင်သည်။ ရေသတ္တဝါကလေးများကို ဖမ်းယူနိုင်ရန်၎င်း၊ ငါးကြီးများ၏ခံတွင်းမှ ရှောင်ကွင်း လွတ်မြောက်နိုင်ရန်၎င်း လျင်မြန်ဖို့လိုသဖြင့် ငါး၏ခန္ဓာကိုယ်သည် ပါးပါးလျားလျား ရှိရသည်။ သို့ရာတွင်မြန်ခြင်းကိုအားမကိုးသည့် ရေအောက်မြေပြင်တွင် နေကြသော ငါးမျိုးများလည်းရှိသေးသည်။ ထိုငါးမျိုး၏ ပုံသဏ္ဌာန်သည် အချို၌လုံး၍နေသည်ကိုတွေ့ရသည်။ အချို့ငါးများမှာ ချော မွတ်သော အရေပြားများဖြင့်ရင်း၊ အချို့တွင်မူ မာကျောသောအရေပြားများဖြင့်ရင်း ဖုံးလျက်ရှိကြသည်။

ငါး၏စကယ်လီတန်သည် မှတ်သားဖွယ်ကောင်းလှသည်။ ကျောရိုးအဆက်သည် ချောင်နေသဖြင့် ယင်းကို အလိုရှိသလို လှည့်ပတ် တွန့်လိမ်၍ ရပေသည်။ အမြီးနှင့် ဆူးတောင်တို့၏လှုပ်ရှားမှုကို ကြွက်သားများက ထိန်းထား၏။ ငါး၏ထူးဆန်းသည့်အင်္ဂါတခုမှာ ငါးစည်ဖောင်းခေါ်သော လေအိတ်ဖြစ်သည်။ ထိုလေအိတ်ရှိခြင်း၏ အကြောင်းရင်းကို ယခုတိုင် တပ်အပ်သေချာစွာ မသိနိုင်သေးချေ။ ငါး၏ကိုယ်ခန္ဓာကို ချိန်သားတကျရှိစေရန် စီစဉ်ပေးသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်ဟူ၍သာ ယူဆရသည်။ အဆုတ်ပါသောငါးသည် လေအိတ်ကို အဆုတ်သဖွယ်လည်းအသုံးပြုတတ်ပေသည်။ ငါးတွင် နှလုံးမှ သွေးများကို ခန္ဓာကိုယ်အတွင်းသို့ ပို့ဆောင် စေခြင်း၌ အမြင့်တန်းစားသတ္တဝါများမှာကဲ့သို့ပင် ဖြစ်သည်။ ရေထဲရှိ အောက်ဆီဂျင်၏ အစွမ်းဖြင့် သွေးကို ပါးဟက်အတွင်းတွင် သန့်စင်စေသည်။ တခါတရံ ရေသည်ညစ်ပတ်၍နေတတ်ရာ ထိုအခါ၌ငါးသည် ရေမျက်နှာပြင်ပေါ်သို့ တက်လာကာ လေကို အားရစွာရှူသည်။ သို့ရာတွင် ငါး၏ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် ရေထဲရှိ အောက်ဆီဂျင်ကို လွယ်ကူစွာမယူနိုင်ကြချေ။ ငါးသည် ရေကိုပါးစပ်အတွင်းသို့သွင်းယူလိုက်ပြီးနောက် ပါးဟက်များမှထုတ်လိုက်ခြင်းဖြင့် အောက်ဆီဂျင်ကို ရနိုင်ကြပေသည်။

ငါးကို အကြမ်းအားဖြင့် ရေချိုငါးနှင့် ရေငန် သို့မဟုတ် ပင်လယ်ငါးဟု နှစ်မျိုးခွဲခြားနိုင်၏။ ငါးမှန်လျှင် ဟင်းသီးဟင်းရွက်စားဟူ၍မရှိလှချေ။ အသားစားသာများသည်။

အချို့ငါးများသည်မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၏ အရောင်များနှင့်လိုက်အောင် မိမိတို့၏အရောင်ကို ပြောင်းလဲပေးတတ်သည်။ ထိုကြောင့် ရန်သူများက ရုတ်တရက်မမြင်နိုင်၍ အသက်ဘေးမှချမ်းသာရာ ရကြလေသည်။ ငါးတို့သည် အများအားဖြင့် ဥများကိုအုပြီးနောက် ပစ်ထားတတ်ကြသည်။ သို့ရာတွင် မိမိဥများကို အသက်နှင့်လဲ၍



ရေနေလောကမှထူးဆန်းသောငါးအချို့

(၁) သမုဒ္ဒရာအောက်ခြေပါးစပ်ကိုဖွင့်ဟလျက်ငါးကလေးများကို အာရုံမှင်များဖြင့်မြှူဆွယ်ဖမ်းဆီးလေ့ရှိသောငါးမျိုး။ (၂) ကြီးမားမာကျော သောဦးခေါင်းရှိ၍ ရင်ဆူးတောင်ကြီးများမှထွက်သောရောင်ခြည်ဖြင့် ပင်လယ်အောက်တွင်သွားလာကျက်စားလေ့ရှိသောငါးမျိုး။ (၃) ဓနရောင်ခြည်မထိုးဖောက်နိုင်သောရေနက်ပိုင်းတွင်သာကျက်စားလေ့ရှိသည့်ငါးမျိုး။ (၄) ကိုယ်ခန္ဓာ၏နံဘေးခွံလျှပ်စစ်ဓာတ်ဖြစ်ပေါ်စေနိုင်သောဆဲများပါရှိသည့်လျှပ်စစ်ငရုဖ်။ (၅) လေထဲတွင်ကိုက် ၂၀၀ ကျော်မျှပျံသန်းသွားလာနိုင်၍တခါတရံပင်လယ်ကူးသဘော်ကြီးများ၏ကုန်းပတ်ပေါ် သို့ပင်ရောက်အောင်ပျံတက်နိုင်သောငါး။ (၆) မိမိနေထိုင်ရာရေအိုင်ခွင်ရေခန်းခြောက်လာလျှင်နေရာသစ်ရှာဖွေရန်ကုန်းပေါ် သို့တက်၍ခရီးသွားတတ်သောငါးမျိုး။ တခါတရံသစ်ပင်များပေါ် သို့ပင်တက်၍သွားတတ်သည်။ (၇) ကမ်းခြေအနီးရေတိမ်ခွင်အုပ်ဖွဲ့၍ကျက်စားလေ့ရှိသောမန်းပြောက်မျိုး။ ယင်းတို့ကြောင့်အခြားငါးများကြောက်လန့်၍ထွက်ပြေးတတ်သဖြင့်တံငါများ၏ရန်သူဖြစ်သည်။

ကာကွယ်စောင့်ရှောက်တတ်သော ငါးမျိုးအချို့လည်း ရှိသေးကြောင်းကိုလေ့လာသိရှိရပေသည်။

ငါးများတွင် အမြင့်တန်းစား သတ္တဝါများမှာကဲ့သို့ မျက်နှာ၊ ပါးစပ်၊ နှာခေါင်း၊ မျက်စိစသည်တို့ပါရှိကြသည်။ မျက်ခွံများမရှိသဖြင့် ငါးတို့သည်ဘေးဖက်သို့ ကျယ်ကျယ်ဝန်းဝန်းမြင်နိုင်ကြပေသည်။ သို့ရာတွင် အလွန်ဝေးသော အရပ်များသို့ကား ထွင်းဖောက်၍မမြင်နိုင်ကြချေ။ ရေနက်သောပင်လယ်များရှိ ငါးတို့တွင် အလွန်သေးငယ်သော မျက်လုံးများရှိကြ၏။ ငါးတွင် အနံ့ကိုကောင်းစွာခံစားနိုင်သော သတ္တိမရှိကြောင်းကို တွေ့ရသည်။ နှာခေါင်းဖြင့် အနံ့ခံနိုင်သည်မှန်သော်လည်း အာရုံကို ကောင်းစွာမသိနိုင်ချေ။ ငါးဥအခြားတိရစ္ဆာန်များမှာကဲ့သို့ လှုပ်ရှားနိုင်သော လျှာမျိုး မရှိ။ လျှာသည်ထူ၍ ကြမ်းတမ်း၏။ တခါတရံအစာကိုထက်ပိုင်းပိုင်း၍ စားလေ့ရှိသည်။ တခါတရံတွင် မိနေသောသားကောင်သည် အဆမတန်ကြီးထွားနေလျှင်ယင်းကို တခါတည်းပင် မျိုချတတ်လေသည်။ နားဖြင့် အာရုံကိုကောင်းစွာမခံစားနိုင်သော်လည်း အတွေ့အာရုံမှာမူ လွန်စွာကောင်းပေသည်။

ငါးတို့၏ပါးစပ်သည် တကောင်နှင့် တကောင် မတူချေ။ အချို့ငါးတို့တွင် ပါးစပ်သည် ပါးဟက်တခုနှင့် တခုအကြားတွင် ကန့်လန့်ဖြတ်လျက်ရှိတတ်သည်။ အချို့ငါးများတွင် ပါးစပ်များသည် အလွန်သေးငယ်ပြီး ဝိုင်းနေတတ်သည်။ အချို့ငါးများတွင် ပါးစပ်သည် နှုတ်သီးရှည်ကြီးကဲ့သို့ဖြစ်နေတတ်သည်။ ပါးစပ်သည် ငါးတမျိုးနှင့်တမျိုးမှာ မတူသကဲ့သို့ မေးရိုးသည်လည်း တမျိုးနှင့်တမျိုးမှာ မတူချေ။ အချို့ငါးမျိုးရှိ မေးရိုးများသည် ဆန့်ထုတ်နိုင်သော အကြောမျင်များဖြင့် ဖွဲ့စည်းထားသဖြင့် မိမိထက်ကြီးမားသော ငါးများကိုပင် မျိုနိုင်ကြသည်။ အချို့ငါးမျိုး၏မေးရိုးသည် ပြွန်သဖွယ်ဖြစ်နေသဖြင့် အစာကိုမျိုချနိုင်သည်မှာ အံ့သြစရာပင်ဖြစ်သည်။ အထူးသဖြင့် ရေနက်သော ပင်လယ်များ၌နေသောငါးများသည် မေးရိုးကို အဆမတန် ဆန့်ထုတ်နိုင်ကြသည်။

ငါးများ၏အသွေးအရောင်သည်ပတ်ဝန်းကျင်၏ အရောင်နှင့်လိုက်အောင် ပြောင်းလဲတတ်ကြောင်းဆိုခဲ့ပြီ။ ပူအိုက်သောဒေသများတွင် တောက်ပြောင်သော ပင်လယ်ရေညို ပင်များပေါက်ရာ၊ ထိုအရပ်ရှိငါးများ၌လည်း တောက်ပြောင်သော အရောင်များရှိကြသည်။ သမုဒ္ဒရာရှိ ငါးတို့သည် ကျောက်မီးသွေးတမျှမည်းနက်ကြပေသည်။ ရေနက်ရာ၌နေသော 'ပင်လယ်တံငါ' ခေါ် ငါးတို့တွင်ထွန်းလင်းသော အရောင်များ ထူးဆန်းစွာရှိသည်။ ထိုငါးတို့သည် မိမိတို့ထံမှထွက်သောအလင်းရောင်ကို အသုံးပြုကာ အခြားငါးများကို ဖမ်းယူစားသောက်ကြသည်။

များသောအားဖြင့် ငါးသည်အသားစားသတ္တဝါများဖြစ်သော်လည်း အချို့ငါးများမှာ ရေတွင်ပေါက်သော အပင်စေ့လေးများကို စားတတ်ကြသည်။ ငါးကြီးများက ငါးကလေးများကိုစား၍ ငါးကလေးများကတဖန် ငါးဥများနှင့် ရေသတ္တဝါကလေးများကို စားသောက်ကြသည်။


ငါးတမျိုးတမျိုးသည် တရာသီတွင် ဥပေါင်း ၅,၀၀၀,၀၀၀ မှ ၉,၀၀၀,၀၀၀ အထိ အုတ်သဖြင့် ထိုငါးဥများ မှ အောင်မြင်စွာပေါက်လာကြမည်ဆိုလျှင် ရေလောကကြီးတခုလုံးတွင် ငါးများဖြင့်ပြည့်ကျပ်နေပေလိမ့်မည်။ သို့ရာတွင် ဥဘဝ၌ငင်း၊ ငါးပေါက်စဘဝ၌ငင်း၊ ငါးကြီးများ၏ရန်ကြောင့်ပျက်စီးဆုံးပါးခြင်းရှိသဖြင့် ဥပေါင်း ၉,၀၀၀,၀၀၀ အုပါမှ တကောင်တလေသာအဖတ်တင်သည်။

ငါးအမျိုးမျိုး ရှိသဖြင့် ငါးများ၏ အကျင့် သည်လည်း အမျိုးမျိုးရှိကြသည်။ အချို့ငါးများသည် ထူသီအလိုက်ပင်လယ်များကိုစွန့်ကာ မြစ်ချောင်းများကိုဆန်တက်ပြီး၊ဥများကိုအုတ်ကြ၏။ အချို့ငါးမျိုးသည် ငါးကလေးများကိုအကောင်လိုက်မွေးတတ်ကြသည်။ ထိုငါးပေါက်စ ကလေးများသည် အများအားဖြင့် အမိ၊ အဖဖြစ်သောငါးကြီးများနှင့် ပုံပန်းတူ၏။ ကိုယ်အရွယ်နှင့်အချိုးအစားဖွဲ့သာလျှင် ကွာခြားကြသည်။ အချို့ငါးများမှာ အံ့သြဖွယ်ပင် အသက်ရှည်ရှည်နေနိုင်ကြသည်။ သို့ရာတွင် အချို့ငါးမျိုးသည် ဥအုပ်ပြီးနောက်မကြာမီအတွင်းသေကုန်ကြသည်။

ငါးသည်ရေသတ္တဝါဖြစ်၍ လေထဲတွင်ကြာရှည်ထားလျှင် သေတတ်၏။ ညစ်ပတ်နေသောရေထဲတွင်လည်း ကြာရှည် အသက်မရှင်တတ်ချေ။ သို့ရာတွင် လေထဲတွင်အတန်ကြာအောင် အသက်ရှူနေနိုင်သော ငါးမျိုးလည်းရှိသေးသည်။ ထိုငါးမျိုး၌အဆုတ်ရှိသည်။ ယင်းတို့သည် ရေအတော် အတန် ခန်းခြောက်နေသော နွံထဲတွင် တာရှည်နေနိုင်သည်ကိုတွေ့ရပေသည်။ ဆောင်းရာသီတွင် ရေခဲထဲ၌မြုပ်၍ နွေဦးခါနိုးတွင် ရေခဲအရည်ပျော်သောအခါ အသက်ရှင်လျက် ပြန်ထွက်လာသောငါးမျိုးလည်းရှိသေးသည်။

ဟင်းသီးဟင်းရွက်စား ငါးများသည် ပါးစပ်ကျဉ်း၍ သွားလာရာတွင်လည်း မဖျတ်လတ်ကြချေ။ အသားစားငါးများသည် အများအားဖြင့် ပါးစပ်ကျယ်၍အသွားမြန်သည်။

ငါးအမျိုးပေါင်း ၁၃,၀၀၀ ကျော်ခန့်ရှိသည်။ ထိုမျှများပြားသောငါးမျိုးတို့တွင် ပုံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အကျင့်အမျိုးမျိုးရှိကြသည်။ အချို့ငါးများသည် မြေကဲ့သို့ရှည်လျားလျားဖြစ်သည်။ အချို့သည်ပုဝိုင်းဝိုင်းဖြစ်၍ အချို့ငါးများတွင်နှုတ်သီးချွန်များရှိကြသည်။ ငပျံခေါ် ငါးမျိုးသည် လေထဲတွင်ကိုဇာ ၂၀၀ မျှအထိ ပျံသန်းသွားနိုင်ပေသည်။ တခါတရံ ပင်လယ်ကူးသဘော်ကြီးများ၏ ကုန်းပတ်ပေါ် သို့ပင် ရောက်အောင်ပျံနိုင်သည်။ ထိုငါးမျိုးကဲ့သို့



ဇထက်ပုံ။ ငသိုင်း၏ကိုယ်ဘွင်းအင်္ဂါများ ပ – ပါးဟက်။ နှ – နှလုံး။ မ – အူ။ အ – ဥအိမ်များ။ အ' – ဥပြွန်။ ဝ၊ ဝ' – စအို၀။

ဈလယ်ပုံ။ ငပြေမနှင့်အမျိုးတူပါ (ချ) ငါး၏စကယ်လီတန် (အရိုးသရုပ်) က – ရွှေနှုတ်မို့။ ခ – နှုတ်ရိုး။ ဂ – အောက်မေးရိုး။ ဃ – ဘာခေါင်ခုံး။ င – ဦးထိပ်ခုံ။ စ – ပါးဟက်ပုံးအတွင်းရိုး။ ဆ၊ဆ' – ကျောရိုးတိုင်။ ဇ – ရင်ဆူးတောင်။ ဈ – ဝမ်းဆူးတောင်။ တ၊ထ – ကျောဆူးတောင်။ ဒ – စအိုဆူးတောင်။ ဓ၊ဓ' – အမြီးဆူးတောင်။

အောက်ပုံ။ ။ငါးတကောင်၏ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ။

အံ့ဖွယ်ကောင်းသော ငါးတမျိုးမှာ သစ်ပင်တက်နိုင်သည့် ငါးမျိုးဖြစ်၍ အိန္ဒိယနိုင်ငံတွင် အတွေ့ရများသည်။ ထိုငါးမျိုးသည် ရေအိုင်၌ရေခန်းခြောက်လာလျှင် နေရာသစ်ရှာဖွေရန် ကုန်းပေါ်သို့တက်၍ ခရီးသွားတတ်သည်။ ခရီးသွားရာတွင် ညနှင့်နံနက်စောစော၌သာ သွားတတ်သည်။ ခရီးလမ်းတွင် သစ်ပင်များနှင့် ဆိုင်မိလျှင် နောက်ဆုတ်လေ့မရှိ။ သစ်ပင်ပေါ်သို့တက်သွားတတ်သည်။ ညနှင့်နံနက်၌သာ ခရီးသွားလာခြင်းမှာ ထိုအချိန်များ၌ နှင်းကျသဖြင့် မြေကြီးမှာ အတန်ငယ်စိုစွတ်နေတတ်သောကြောင့်ပင်ဖြစ်လေသည်။

ထိုမျှများပြားသော ငါးမျိုးများတွင် မိမိတို့ကိုယ်ကိုကာကွယ်ရန်၎င်း၊ ရန်သူကိုတိုက်ဖျက်ရန်၎င်း လက်နက်သဖွယ် ပါရှိသော ငါးမျိုးများကိုတွေ့ရပေသည်။ ထိုငါးမျိုးများအနက် အချို့တွင် အလွန်ထက်သောသွားစွယ်များရှိ၍ အချို့တွင် နှုတ်သီးချွန်ကြီးများရှိကြသည်။ လျှပ်စစ်ဓာတ်ကို လွှတ်နိုင်သည့် ငါးမျိုးလည်းရှိသေးသည်။ လျှပ်စစ်ဓာတ်ကိုအပြင်းထန်ဆုံး လွှတ်နိုင်သည့် ငါးများကို ဗဆွေးနိုင်ငံရှိမြစ်ချောင်းများနှင့် တောင်အမေရိကတိုက်ရှိ တိုင်းပြည်များတွင် အတွေ့ရများသည်။ အချို့ငါးများ၏ကိုယ်ထည်တခုလုံးတွင် ဆူးများရှိသဖြင့် ရန်သူများ၏ဘေးရန်ကို ကာကွယ်နိုင်ကြပေသည်။

ငါးများတွင် ပေါ်လွင်သောအရောင်အမျိုးမျိုးရှိသည်။ ဗတ်တာဖလိုင်းငါးခေါ် ငါးတမျိုး၌ အနက်နှင့်အဝါရောင်များရှိ၏။ မြေထဲပင်လယ်ကမ်းခြေနှင့် အိန္ဒိယသမုဒ္ဒရာ၌ တွေ့ရသော ပဲရော့ငါးခေါ် ငါးမျိုးတွင် အနီ၊ အစိမ်း၊ ခရမ်းရောင်များရှိသည်။ ငါးမျိုးပေါင်းမြောက်များစွာတွင်အိမ်၌အလှမွေးသောရွှေငါး ငွေငါးများလည်းပါဝင်လေသည်။


ငါးသည် အခြားတိရစ္ဆာန်များနည်းတူ သွားလာလှုပ်ရှားနေကြသော်လည်း အခြားတိရစ္ဆာန်များကဲ့သို့ အသံမပြုနိုင်ချေ။ သို့ရာတွင် ငါးများမှ ထူးခြားသော အသံတမျိုးကို ကြားရတတ်သည်။ ထိုအသံမှာ အခြားတိရစ္ဆာန်များ၌ဖြစ်ပေါ်သော အသံမျိုးကဲ့သို့ မဟုတ်ဘဲ သွားတိုနှစ်ချောင်းကို တခုနှင့်တခု မတော်တဆကြိတ်မိခြင်းကြောင့် ဖြစ်ပေါ်လာသော အသံဟုဆိုသည်။ တံခါတရံ၌ သီချင်းဆိုသံကဲ့သို့ အသံမျိုးကိုလည်းကြားရတတ်သည်။ ထိုအသံမျိုးသည် ဝမ်းတွင်းရှိ လေအိတ်မှ ဖြစ်ပေါ်လာသည်ဟုသိပ္ပံပညာရှင်အချို့ကယူဆကြသည်။

အသီးအနှံတို့မှလွဲလျှင် လူတို့၏အဓိကအစာမှာ ငါးဖြစ်သည်။ ငါး၏အသားတွင် ကျွန်ုပ်တို့ကိုယ်ခန္ဓာအတွက်လိုအပ်သော ပရိုတင်း၊ အဆီ၊ တင်းထုက်ဓာတ်၊ ဗီတာမင်တို့ပေါများစွာပါရှိသည်။ ကျွန်ုပ်တို့သုံးစွဲနေသော ဗီတာမင် အေ နှင့်ဗီတာမင် ဒီ သည် ငါးအသည်းမှရသော ဆီကို ဖော်စပ်ယူသော ပစ္စည်းများဖြစ်သည်။

ငါးသည် ဘေးပြုတတ်သောပိုးကောင်များကို ဖျက်ဆီးပစ်ခြင်းဖြင့် လူတို့အတွက် အသုံးဝင်သေးသည်။ အထူးသဖြင့် ငါးသည် ခြင်ကိုအဖျက်ဆီးနိုင်ဆုံး ဖြစ်သည်။ ငှက်ဖျားရောဂါ၊ အဝါဖျားရောဂါတို့ကို ကူးစက်ပြန့်ပွားစေတတ်သော ခြင်တို့၏အကြီးဆုံးရန်သူမှာ ငါးပင်ဖြစ်သည်။

ငါးကြီးအန်ဖတ်

။တခါတရံ ရေမွှေးတွင် ပါရှိသော အမွှေးအကြိုင်ကို စပယ်ပန်း၊ နှင်းပန်း စသည်တို့မှပေါင်းခံမယူဘဲငါးကြီးအန်ဖတ်ခေါ် ဝေလငါး၏အူအတွင်းမှရရှိသောပစ္စည်းတမျိုးမှပေါင်းခံယူကြသည်။ ထိုပစ္စည်း၌သွေးပြန်ကြောများပါရှိခြင်းကြောင့် အရောင်မှာညစ်ပုပ်ပုပ်ဖြစ်သည်။ ပင်လယ်တွင် ငါးကြီးအန်ဖတ်များကို အစုလိုက်အပြုံလိုက် မျောနေသည်ကိုတွေ့ရတတ်၏။ အတွင်္ကလန်တိတ်သမုဒ္ဒရာတွင် ပေါင် ၂၀၀ ကျော်မျအလေးချိန်စီးသော ငါးကြီးအန်ဖတ်များကို တွေ့ရသည်။ တခါတရံ ငါးကြီးအန်ဖတ်ကို ဗဆွေးနိုင်ငံ၊ မက်ဒါဂတ်စကာကျွန်း၊ အာဖရိကတိုက်နှင့် အရှေ့တိုင်းနိုင်ငံတို့၏ကမ်းခြေများတွင် တွေ့ရလေသည်။ အစိမ်းလိုက်တွေ့ရသော ငါးကြီးအန်ဖတ်များတွင် မနှစ်မြို့ဖွယ်ကောင်းသော အနံ့ရှိ၏။ ငါးကြီးအန်ဖတ်ကို အယ်လကိုဟောနှင့် အငွေ့ပျံဆီများတွင်ဖျော်၍ အမွှေး



(ဝဲ) မပြုပြင်ရသေးသောငါးကြီးအန်ဖတ်များနှင့် (ယာ) ပြုပြင်ပြီးငါးကြီးအန်ဖတ်

အကြိုင်မျှားတွင် အနည်းငယ်ထည့်ပြီး အသုံးပြုကြသည်။ အချို့နိုင်ငံများတွင် အစားအစာကိုမွှေးကြိုင်အောင် ငါးကြီးအန်ဖတ် အနည်းအကျဉ်းထည့်၍ သုံးဆောင်တတ်ကြသည်။ ငါးကြီးအန်ဖတ်သည် အလွန်အဖိုးတန်၏။ တခါက ပေါင် ၂၆၀ ရှိသော ငါးကြီးအန်ဖတ်ကို ရွှေဒင်္ဂါးပေါင် ၆၆,၀၀၀ ပေး၍ ပြင်သစ်ရေမွှေးကုမ္ပဏီတခုက ဝယ်ယူခဲ့ဘူးသည်။

ငါးစည်ဖောင်းကော်။ ။ငါးစည်ဖောင်းကော်သည် ငါးအမျိုးမျိုး၏ စည်ဖောင်းမှရရှိသော ကော်တမျိုးဖြစ်သည်။ အရောင်မှာဖြူ၏။ အလင်းမပေါက်တပေါက်ရှိ၍မာသည်။ ထိုကော်၌ဂျယ်လတင်း ၈၆ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအထိ ပါသည်။ (ဂျယ်လတင်း—လည်းရှု။) တခါတရံထိုထက်ပင် ပါရှိသေး၏။ ရုရှနိုင်ငံက စတားဂျင် ခေါ် ငါးမျိုးမှရသော ငါးစည်ဖောင်းကော်သည် အကောင်းဆုံးဟုအဆိုရှိလေ၏။ အရက်ကို ကြည်လင်လာအောင် ပြုလုပ်ရာ၌ ငါးစည်ဖောင်းကော်ကို အသုံးပြုကြသည်။ ကျောက်ကြောနှင့်ဟင်းချို တို့၌ ဂျယ်လတင်းကို အသုံးချသကဲ့သို့ ငါးစည်ဖောင်းကော်ကိုလည်း အသုံးချရလေသည်။

ငါးပါးသီလ။ ။ငါးပါးသီလသည် ဗုဒ္ဓမြတ်စွာ၏ ဆုံးမဩဝါဒဖြစ်၍ လူတို့စောင့်ထိန်းအပ်သော ကိုယ်ကျင့်တရား ငါးပါးဖြစ်၏။ သီလ၏အနက်ကို ကိုယ်၊ နှုတ်၊ စိတ်အမူအရာတို့ကို ငြိမ်သက်စွာထားခြင်းဟုဆိုရ၏။ သီလသည် ကုသိုလ်တရားတို့ကို ဆောင်ခြင်းဟုဆိုရ၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် ဖွင့်ဆိုလေသည်။ တနည်းအားဖြင့် သီလသည်ဦးခေါင်းနှင့် တူသောအနက်၊ အေးမြချမ်းအေးခြင်းအနက်၊ အကုသိုလ်တို့မဝင်ရအောင် ပိတ်ပင်တားမြစ်ခြင်းအနက်၊ ဒုစရိုက်အကျင့်ပျက်၏အပ်စက်ကြောင်းအနက်တို့၌ထင်ပေသည်။ အချုပ်အားဖြင့်ဆိုသော် သီလ၏အနက်မှာ အကျင့်၊ အလေ့သဘောဟုဖြစ်လေသည်။

ငါးပါးသီလကို အဂ်္ဂုတ္တရ ပါဠိတော်၌ 'ပဉ္စဟိဘိက္ခဝေ၊ ဓမ္မေဟိသမန္နာဂတောယထာဘတံ၊ နိက္ခိတ္တောဝေနိရိယော၊ ကတမေဟိပဉ္စဟိ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၂။ အဒိန္နာဒါယိ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ၏အနက်သဘောကို သိရှိပါက ပါဠိလိုငင်း၊ မြန်မာလိုငင်း၊ အချိန်အခါမရွေး ငါးပါးသီလကို ခံယူဆောက်တည်နိုင်သည်။ ငါးပါးသီလကို ဆောက်တည်ရာ၌ နှုတ်မှရွတ်ဆိုသည်ထက် အနက်အဓိပ္ပါယ်

ဆောင်ရွက်သည့်အတိုင်း ငရဲသို့ကျရော၏။ ထိုတရားငါးပါးတို့ကား

၁။ သူ့အသက်သတ်ခြင်းတပါး၊
၂။ သူ့ဥစ္စာခိုးယူခြင်းတပါး၊
၃။ ကာမတို့၌အမှားကျင့်ခြင်းတပါး၊
၄။ လိမ်လည်ပြောဆိုခြင်းတပါး၊
၅။ အရက်သေစာသောက်ခြင်းတပါး၊

ဤငါးပါးတို့တည်း။ ထိုငါးပါးကို စောင့်ထိန်းပါက ငါးပါးသီလစောင့်ရှောက်၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော အကျိုးကိုရနိုင်၏။

ငါးပါးသီလကိုဆောက်တည်ရာ၌ မြတ်စွာဘုရား ရှပ်ပွားဆင်းတု၊ စေတီပုထိုးများ၌ငင်း၊ ရဟန်းသံဃာတော်များ၌ငင်း၊ အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထမေဘန္တေဟု တကြိမ် နှစ်ကြိမ် သုံးကြိမ်တိုင်အောင်သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ပေးသနားရန် လျှောက်ထားရသည်။ ထိုနောက် ဘုရားသခင်ကို ရှိခိုးကြောင်းဖြစ်သည့် နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿကို သုံးကြိမ်၊ ထိုနောက်ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ တည်းဟူသောသရဏဂုံသုံးပါးကိုလည်း သုံးကြိမ်တိုင်တိုင်ရွတ်ဆိုရသည်။ ထိုနောက်ငါးပါးသီလခံယူဆောက်တည်ကြောင်းကို ဖော်ပြသည့် သူ့အသက်ကိုသတ်ခြင်းမှ၊ သူ့ဥစ္စာကိုခိုးခြင်းမှ၊ ကာမတို့၌အမှားကျင့်ခြင်းမှ၊ လိမ်လည်ပြောဆိုခြင်းမှ၊ အရက်သေစာသောက်စားမူးယစ်ခြင်းမှ၊ ရှောင်ကြဉ်ကြောင်းအကျင့်ကို ကောင်းစွာ ဆောက်တည်ပါသည် ဟု အောက်ပါအတိုင်းရွတ်ဆိုဆောက်တည်ရလေသည်။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊



သဲယာတော်အရှင်မြတ်၏ရှေ့၌သီလခံယူနေပုံ

ကိုသိရှိနားလည်၍ လိုက်နာကျင့်သုံး ဆောက်တည်မှုသာလို ရင်းဖြစ်လေသည်။

• ငါးပါး သီလတွင် ဆောက်တည်ရာ၌ သိက္ခာပုဒ်တိုင်းလုံခြုံရပေလိမ့်မည်။ သိက္ခာပုဒ်လွန်ကျူးချိုးဖောက်ပျက်စီးရာ၌ သိက္ခာပုဒ်တပါးတပါး စီတွင်ကံမြောက်ရာကံမြောက်ကြောင်း အင်္ဂါပယောဂအသီးသီးရှိကြသည်။ ထိုအင်္ဂါပယောဂအသီးသီးကို အကျဉ်းချုပ်ရမည်ဆိုသော်၊ ဇော၊ စေတနာ၊ ဉဿာဟဟူ၍ ၃ ပါးရ၏။ ထို ၃ ပါးပြည့်စုံလျှင် ကံမြောက်သည်။ ကံမြောက်ပါမှ လည်း သုဂတိဒုဂ္ဂတိဘုံများသို့ကျရောက်စေသောအကျိုးကို ပေးလေသည်။

ငါးပါးသီလဟူသည် နိစ္စသီလမျိုးဖြစ်၍ သာသနာတော်အတွင်း၌သာမဟုတ် သာသနာပ ကာလ၌လည်း တည်ရှိလေသည်။ ငါးပါးသီလသည် လူ့ကျင့်ဝတ်၌ အခြေခံတရားဖြစ်ပေသည်။


ငါးမွေးကန်။ ။ငါးမွေးကန်ဆိုရာ၌ အိမ်တွင်းအလှအပ ပစ္စည်းအဖြစ်ဖြင့်သော်ငင်း၊ ငါးအကြောင်း ဗဟုသုတ ရှာမှီးနိုင်ရန်အတွက်သော်ငင်း၊ ငါးများကို မွေးထားသောကန်ကို ဆိုလိုသည်။ ရှေးအခါကပင် အိမ်တွင်းအိမ်ပြင်၌ ငါးများကို မွေးမြူသော ငါးမွေးကန်အမျိုးမျိုးရှိခဲ့သည်။ ရောမလူမျိုးတို့သည် အိမ်ပြင်၌ ကန်များပြုလုပ်၍ ငါးများကိုအစာအလို့ငှာ မွေးမြူခဲ့ကြသည်။ တရုပ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌လည်းရှေးနှစ် ပေါင်းများစွာကပင် ရွှေငါးများကို အင်တုံ သို့မဟုတ် ဖန်ပေါင်းချောင်များတွင် ထည့်၍အိမ်တွင်းအလှအပ ပစ္စည်းအဖြစ်ဖြင့်မွေးမြူခဲ့ကြလေသည်။

ယခုအခါ ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်း၌လိုပင် ငါးမွေးခြင်းကို ဝါသနာပါ၍ ငါးအမျိုးမျိုးမွေးနေသူ အမြောက်အများရှိပေသည်။ တတိုင်းပြည်၌ မရှိသော ငါးများကို အခြားတတိုင်းပြည်တွင် ဝယ်ယူ၍ အထူးတလည်မွေးမြူကြကုန်၏။ တခါတရံ အချို့လူများသည် လူသူမရောက်ဘူးသော နေရာများသို့ပင် သက်စွန့်ကြိုးပမ်းသွားရောက်ကာ ငါးအထူးအဆန်းများကို ရှာ၍မွေးမြူကြလေသည်။

အများအားဖြင့် အိမ်တွင်းငါးမွေးကန်များကို ပြုလုပ်ရာ၌ ဘောင်များကို သတ္တုဖြင့်ပြုလုပ်၍ အကာများကို မှန်ဖြင့် ပြုလုပ်တတ်ကြ၏။ သို့မှသာ ငါးမွေးကန်ထဲတွင် မွေးထားသောငါးများ၏ သဘာဝအခြေအနေကို ကောင်းစွာမြင်နိုင်ကြပေမည်။ ခေတ်မှီသော တိုင်းပြည်များတွင် တိရစ္ဆာန်ရုံများ၌ ကမ္ဘာအရပ်ရပ်က ငါးအမျိုးမျိုးကိုထိုငါးတို့နှင့်သင့်သော အခြေအနေများဖန်တီးကာမွေးမြူထားတတ်ကြ၏။

ငါးမွေးကန်များထဲတွင် ငါးများကိုသာမဟုတ်သေး ခရု၊ • ဟက်ကျိ၊ ကနန်း၊ ဖား၊ ဗုဇ္ဈင်္ကသို့သော အခြားရေသတ္တဝါများကိုလည်း မွေးထားတတ်ကြသည်။ အချို့တိုင်းပြည်များတွင် ရေငန်သတ္တဝါများကိုပင် မွေးမြူထားတတ်ကြပေသည်။ ပင်လယ်ငါးကဲ့သို့သော ရေငန်သတ္တဝါများကို မွေးထု၌ ပင်လယ်ရေနှင့်တူသောရေကို ဖန်တီးပေးရန်မလွယ်ကူသဖြင့် ထိုငါးမွေးကန်များကို ပင်လယ်ကမ်းခြေအနီးအနားတွင် အုတ်ဖြင့်ဆောက်လုပ်ကြ၍ ပင်လယ်ထဲမှ ရေငန်ကို ထိုငါးမွေးကန်ထဲသို့ စက်ဖြင့် စုတ်သင်း ထည့်ထားကြသည်။ ထိုရေငန်ငါးမွေးကန်များတွင် ဘဝဲ၊ ကင်းမုန်၊ ငထိုးစသော ရေငန်သတ္တဝါများကို မွေးထားတတ်ကြသည့်ပြင် ပင်လယ်၌ပေါက်တတ်သောအပင်များကိုလည်းထည့်ထားတတ်ကြ၏။ ထိုကန်များတွင် ရေငန်သတ္တဝါများသွားလာနေကြသည်မှာ ပင်လယ်အောက်ရေနက်၌ သဘာဝအလျောက် သွားလာနေကြသကဲ့သို့ ထင်မှတ်ရ၏။ ယင်းတို့ကို ကြည့်ရှုနိုင်ရန်နှင့် ဓာတ်ပုံရိုက်ကူးနိုင်ရန်ကန်၏ဘေးဖက်တွင် မှန်ပေါက်များဖောက်လုပ်ထားကြသည်။

ငါးမွေးကန်အတွင်းသို့ ရေထည့်ရာတွင် ငါးများကိုစားတတ်သော ရေသတ္တဝါများနှင့် ရောဂါဖြစ်စေတတ်သော



အိမ်တွင်အလှထားသည့်ငါးမွေးကန်အတွင်းမှ၌ငါးကလေးများ

ပိုးမွှားများမပါအောင် ရေကိုစစ်ပေးရ၏။ ငါးများသည် အသက်ရှူရန်အတွက်လိုသော အောက်ဆီဂျင်ကို ရေထဲမှရရှိကြရာ၊ ရေကိုပါးစပ်မှသွင်း၍ ပါးဟက်မှပြန်ထုတ်ပစ်ကြသည်။ ရေထဲကအောက်ဆီဂျင်ကို အသုံးပြုပြီးသော အခါကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်ပစ်လိုက်ကြသည်။ ဤသို့ဖြင့် ရေထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက် အချိုးအစားများလာ၍အောက်ဆီဂျင်အချိုးအစားနည်းသွားတတ်ပေသည်။ ထိုရေထဲ၌ ငါးများသည်အောက်ဆီဂျင်ကိုလုံလောက်စွာမရရှိကြသဖြင့် မကြာခဏ ရေပြင်သို့တက်၍ လေထဲမှအောက်ဆီဂျင်ကို တိုက်ရိုက်ရှူကြရသည်။ တခါတရံ ငါးများသည် အောက်ဆီဂျင်ကို လုံလောက်စွာမရရှိကြသဖြင့် သေဆုံးကြသည်။ လေထဲက အောက်ဆီဂျင်သည် ရေထဲသို့ရေမျက်နှာပြင်မှ ဝင်ရသဖြင့် ငါးမွေးကန်များဆောက်လုပ်ရာ၌ ငါးမွေးကန်၏ရေမျက်နှာပြင်ကို ကျယ်နိုင်သမျှ ကျယ်အောင် စီစဉ်ရ၏။ ရေအနက်ကိုမူ သင့်တော်ရုံထားတတ်ကြ၏။

ငါးမွေးကန်အတွင်း၌ အပင်များကို စိုက်ပေးခြင်းအားဖြင့် မျှတသောသဘာဝကို ဖြစ်စေနိုင်၏။ အပင်များသည် ငါးတို့ထုတ်ပစ်သောကာဗွန်ဒိုင်အောက်ဆိုက်ကို အသုံးပြု၍ အောက်ဆီဂျင်ကိုထုတ်ပေးကြသည်။ တဖန် ငါးတို့သည် အပင်များက ပြန်ထုတ်ပေးသောအောက်ဆီဂျင်ကို အသုံးပြု၍ ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်ပစ်ကြပြန်သည်။ ဤသို့ဖြင့် ငါးနှင့်အပင်တို့သည် တဦးအပေါ် တဦး အပြန်အလှန် အမှီသဟဲပြုနေကြပေသည်။ ထိုပြင် ငါးများမှစွန့်ပစ်လိုက်သော အညစ်အကြေးများသည် အပင်များအဖို့ မြေဩဇာဖြစ်၏။ ငါးမွေးကန်ထဲ၌ ငါးအကောင်ရေ အဆအပြား ထည့်ပေးလျှင်၊ ငါးတို့မစား၍ ကြွင်းကျန်သော အစာများသည် ရေကိုပုပ်သိုးစေတတ်သည်။ ပုပ်သိုးသော ရေသည် ငါးတို့အတွက် မကောင်းပေ။ ထိုကြောင့် ဤသို့ မဖြစ်ရလေအောင် အစာအကြွင်းအကျန်များကို သုတ်သင်ပေးသော ခရု၊ ပက်ကျို၊ ငရုပ် စသော အကောင်များကို ငါးမွေးကန်များတွင် ထည့်မွေးထားတတ်ကြသည်။

ငါးမွေးကန်ထဲ၌ ငါးအမျိုးမျိုးကိုမွေးထားနိုင်၏။ မွေးမည့်ငါးအမျိုးများကို ရွေးချယ်ရာ၌ တဦးနှင့်တဦးသင့်မြတ်စွာနေနိုင်မည့် ငါးများကိုသာရွေးချယ်ကြ၏။ ရန်မူတတ်သောငါးများကိုမူ သီးသန့်ငါးမွေးကန်များ၌ မွေးကြ၏။ ငါးအကောင်ကလေးများ ဥမှပေါက်ချိန်၌ ငါးဥနှင့်ငါးအကောင်ကလေးများကို ငါးကြီးတို့မှ သီးသန့် ထားပေးကြရသည်။ ဤသို့ပြုလုပ်မပေးလျှင် ငါးအကောင်ကြီးများသည် ငါးဥများနှင့်ငါးငယ်ကလေးများကို စားပစ်တတ်ကြ၏။ ငါးအတော်အတန် ကြီးထွားလာမှ ငါးကလေးများကို ငါးအကောင်ကြီးများနှင့် ရောထားရပေသည်။ ငါးများမွေးမြူရာ၌ မျိုးခြားငါးများကိုတမျိုးနှင့်တမျိုး စပ်ပေးခြင်းအားဖြင့် အသွင်မတူ ထူးခြားသောငါးမျိုးများကို ရရှိနိုင်ပေသည်။

ကမ္ဘာအရပ်ရပ်ရှိ အပူပိုင်း၊ အအေးပိုင်း၊ သမပိုင်းဒေသတို့မှ ငါးအမျိုးမျိုးကို တိုင်းပြည်အသီးသီး၌ မွေးသောအခါ ထိုငါးတို့နှင့်သင့်လျော်မည့်ရေအပူချိန်ကို ဖန်တီးပေးကြရသည်။ အပူပိုင်းဒေသမှ ငါးများကို အအေးပိုင်းဒေသ၌ မွေးမြူလို လျှင် အပူပိုင်းဒေသက ရေအပူချိန်လောက်နွေးလာအောင် ပြုလုပ်ပေးကြရသည်။ ဤသို့ပြုလုပ်ရာ၌ မတန် များနေသောအခါ၌ဖြစ်စေ၊ ကာဗွန်ဒိုင် အောက်ဆိုက်အချိုးအစားများနေသော အခါ၌ဖြစ်စေ၊ အေအီရေတာခေါ် လေမှုတ်စက်ဖြင့် ရေထဲသို့ လေမှုတ်သွင်းပေးကြရသည်။ ဤသို့ဖြင့်ငါးမွေးကန်ထဲရှိ ရေကို အောက်ဆိုဂျင်နှင့် ပြည့်ဝအောင်လုပ်ပေးနိုင်လေသည်။

သာမိုစတတ်ခေါ် ကရိယာကိုအသုံးပြုကြ၏။ အအေးပိုင်း ဒေသမှငါးများကို အပူပိုင်းဒေသ၌ မွေးမြူလိုလျှင် လည်း အအေးပိုင်းဒေသက ရေအေးသလောက် ငါးမွေးကန်ထဲရှိ ရေကို အေးအောင်ပြုလုပ်ပေးရ၏။ ဤသို့ပြုလုပ်ပေးရာ၌ အအေးသေတ္တာများကိုအသုံးပြုကြသည်။

အစာအလို့ငှာ ငါးမွေးမြူရာ၌ ငါးမွေးကန်များကို အုတ်ဖြင့်ဆောက်လုပ်ရသည်။ တနည်းအားဖြင့် မြေကြီးထဲတွင် ကန်တူး၍လည်း ပြုလုပ်ရသည်။ တခါတရံ အင်းအိုင်များကို ငါးမွေးကန်များအဖြစ်ဖြင့် အသုံးပြုရ၏။ ငါးများကို မွေးမြူရာတွင် ဥများကိုသော်၎င်း၊ ငါးပေါက်စကလေးများကို သော်၎င်း စုဆောင်း၍မွေးမြူကြရ၏။ ကောင်းစွာကြီးထွားလာမှ ငါးများကို ဖမ်း၍စားကြ၏။ တခါတရံ ငါးရှားပါးသောမြစ်၊ ချောင်း၊ အင်း၊ အိုင် များထဲသို့ ငါးပေါက်စကလေးများကို မျိုးအဖြစ်ထည့်ပေးလေ့ရှိကြသည်။ ဤသို့ဖြင့်ငါးများပေါများလာအောင် စီမံယူကြသည်။ တခါတရံ မွေးမြူရန်သင့်တော်မည့် ငါးများကို နိုင်ငံခြားမှ ဝယ်ယူ၍မွေးမြူကြသည်။ မြန်မာနိုင်ငံ၌ ငကြင်း၊ ငသိုင်း၊ ငရုံစသောငါးများကို ငါးမွေးကန်များတွင် အစာအတွက် ကောင်းစွာမွေးမြူနိုင်ကြပေသည်။ ထို့ပြင် အိမ်တွင်းငါးမွေးကန်များဖြင့် မွေးမြူနိုင်သော ငါးအထူးအဆန်းများလည်း မြန်မာနိုင်ငံ၌ အမြောက်အမြားရှိပေသည်။

ငါးမျှားခြင်း

။မြေပြင်၌တောလိုက်သူသည် မိမိလိုက်လံပစ်ခတ်သည့် သားကောင်များ၏အကြောင်း၊ တော၏အကြောင်းကို သိထားရပြီးလျှင် မိမိအသုံးပြုသောသေနတ်အစရှိသောလက်နက်များကို ကျွမ်းကျင်နိုင်နင်းစွာ ပစ်ခတ်ကိုင်တွယ်တတ်ရန်လိုသကဲ့သို့ ငါးမျှားသူတို့သည်လည်း မိမိရှာဖွေဖမ်းဆီးရမည့် ငါးအကြောင်း၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းအကြောင်းတို့ကို နားလည်ထားပြီးလျှင် မိမိကိုင်တွယ်မည့်ငါးမျှားတံ၊ ငါးမျှားကြိုး၊ ငါးမျှားချိတ်စသည်တို့ကိုလည်း ကောင်းမွန်နိုင်နင်းစွာ ကိုင်တွယ်အသုံးပြုတတ်ရန် လိုပေသည်။

ငါးမျှားရာတွင် ၁၁ ပေမှ ၁၃ ပေအထိရှည်သော ငါးမျှားတံ၌ ခိုင်မာပျော့ပျောင်းသောကြိုးကိုတပ်ပြီးလျှင် ထိုကြိုးအဖျားဌ်တဖန် ငါးမျှားချိတ်ကို တပ်ရ၏။ ထိုငါးမျှားချိတ်တွင် ငါးကိုမျှားရန်အတွက် အစာတပ်၍ရေ၌ချထားရသည်။ ရေ၌ချရာတွင် ရေ၏ အတိမ်အနက်ကိုချင့်၍ မိမိ၏ငါးမျှားချိတ်ရောက်စေလိုသောနေရာနှင့် ရေမျက်နှာပြင်အကွာအဝေးလောက်တွင် ရေပေါ်၌ ပေါလောပေါနေသော ဖော့များတပ်၍ ငါးဟပ်သည်မဟပ်သည်ကို စောင့်ကြည့်နေရလေသည်။ ငါးစာအဖြစ်ဖြင့် တီကောင်၊ ယင်ကောင်နှင့် အခြားပိုးမွှားများ၊ ငါးငယ်ကလေးများကို အသုံးပြုနိုင်သည်။ စံနစ်တကျ ပြုလုပ်ထားသည့် ငါးမျှားတံတွင်ကြိုး အတိုအရှည်ကို လိုသလောက်ရစ်ယူနိုင်ရန် ရစ်လုံးငယ်တခုကို အရင်းတွင်တပ်ဆင်ထားသည်။

ငါးမျှားရာတွင် အချုပ်အားဖြင့်မြစ်ချောင်းအစရှိသည့်ရေချိုဌ် မျှားခြင်း၊ ပင်လယ်ဌ်မျှားခြင်းဟူ၍ နှစ်ပိုင်းခွဲခြားထား၏။ ရေချိုဌ်ငါးမျှားခြင်းတွင် (၁) ရေမျက်နှာပြင်ပေါ်ဌ်မျှားခြင်း (၂) ရေမျက်နှာပြင်နှင့် ရေအောက်ခြေ၏အလယ်ဌ်မျှားခြင်း (၃) ရေအောက်ခြေဌ်မျှားခြင်းဟူ၍ သုံးမျိုးခွဲထားပြန်သည်။ ရေမျက်နှာပြင်ပေါ်ဌ် မျှားခြင်းတွင် အစာတပ်ထားသောငါးမျှားချိတ်ကို ရေမျက်နှာပြင်ဌ် ရှိနေစေခြင်းဖြစ်၍ အသုံးပြုရသောငါးစာမှာ ယင်ကောင်နှင့် အခြားပိုးမွှားများ ဖြစ်သည်။ ငါးများသည်ရေပေါ်ဌ် ကျနေသောပိုးမွှားများကိုဟပ်၍ စားတတ်သဖြင့် ထိုကဲ့သို့ ရေမျက်နှာပြင်ပေါ်ဌ် အစာတပ်ငါးမျှားချိတ်ချသောနည်းသည် ငါးအများကို ဖမ်းမိတတ်သောနည်းဖြစ်သည်။

ဒုတိယနည်းဖြစ်သော ရေလယ်ဌ်မျှားနည်းတွင် ဆိုခဲ့သည့်နည်းအတိုင်း အစာတပ်ထားသည့်ချိတ်ကို ရေလယ်ဌ်ထားခြင်းဖြစ်၍ အသုံးပြုသောအစာမှာ ရေသတ္တဝါအငယ်စားကလေးများဖြစ်သည့် ငါးငယ်၊ ရေပိုးမွှားငယ်ကလေးများဖြစ်သည်။ ငါးတို့သည် ရေဌ်တွေ့သောမိမိနိုင်နင်းသည့်သတ္တဝါမှန်သမျှကို ဟပ်မျိုဌ် စားတတ်သောကြောင့် ငါးမျှားချိတ်များဌ်မိတတ်လေသည်။ အောက်ခြေဌ်မျှားရာတွင် ငါးမျှား



ရေစီးသန်သောချောင်းငယ်တွင်းဌ်ငါးမျှားနေပုံ



ဘနောက်နိုင်ငံများတွင်၊ငါးများသူများသည်ငါးများတံဌမိနေသောငါးကိုပိုက်ဖြင့်ဤသို့ခံယူလေ့ရှိသည်။

ချိတ်ကို ရေအောက်ခြေအထိ ချရှိမျှားခြင်းဖြစ်၏။ အသုံးပြုသည့်ငါးစာမှာ တိကောင်ဖြစ်၏။ တိကောင်ကို စားတတ်သောငါးများသည် ရေအောက်ခြေဌသာအစာရှာကြပေမည်။ ထိုကဲ့သို့ရေ၏အနေအထားနှင့် ရေသတ္တဝါများ၏ သဘောကို သုံးသပ်ကာ နည်းအမျိုးမျိုးဖြင့် မျှားယူရာတွင် ကျွမ်းကျင်မှုကို နည်းအမျိုးမျိုးလှည့်၍အသုံးချတတ်ရသောကြောင့် ငါးမျှားခြင်းသည်အတတ်တခုဟုဆိုနိုင်ပေသည်။

ပင်လယ်သို့ထွက်၍ ငါးမျှားခြင်းသည် ရေချိဌ်မျှားခြင်းကဲ့သို့ပင် ကျွမ်းကျင်မှုလိုသော်လည်း ရေချင်းမတူသကဲ့သို့ ငါးများ၏ သဘာဝမှာလည်း ရေချိငါးများနှင့်မျှားစွာကွာခြားသောကြောင့် ပိုမိုခိုင်မာသော ကရိယာများနှင့် ကျွမ်းကျင်မှုလိုပေသည်။ ပင်လယ်ဖက်တွင် မြစ်၊ ချောင်း၊ ထုံးအိုင်များဌကဲ့သို့မဟုတ်ဘဲ အလွန်ကြီးသောငါးများကို ချိတ်တွင်မိတတ်ရာ အခက်အခဲနှင့် မကြာခဏတွေ့ရတတ်သဖြင့် ငါးများတံ၊ ငါးမျှားကြိုးနှင့် ချိတ်များကို ပိုမိုခိုင်ခံ့အောင် ပြုလုပ်ရပေသည်။ ငါးမျှားချိတ်ချနည်းသည် အချိုနေရာများဌ ရေချိဌ်မျှားသကဲ့သို့ပင် ရေမျက်နှာပြင်ပေါ်ဌ် မျှားခြင်း၊ ရေလယ်ဌ်မျှားခြင်း၊ အောက်ခြေဌ်မျှားခြင်းဟူ၍ သုံးမျိုးပင်ရှိသော်လည်း ပင်လယ်ဖက်ဌ် အချိန်အခါရာသီဥတုနှင့် နေရာဌာနတို့အလိုက်သာလျှင် အသုံးပြုနိုင်လေသည်။ ပင်လယ်ဖက်ဌ် ငါးမျှားထွက်သူတို့သည် အကြောင်းအားလျော်စွာ အလွန်ကြီးမားသောငါးကြီးများကို ချိတ်မိလျှင် ထိုငါးကြီးများကို လှေပေါ် သို့ဖြစ်စေ၊ ကုန်းပေါ် သို့ဖြစ်စေ၊ အရောက်ဆွဲတင်နိုင်ရန် ခဲယဉ်းလေသည်။ ၁၉၄၁ခုနှစ်တွင် ဩစတြေးလီးယားကျွန်းအနီးတွင် ၁၉၁၉ ပေါင်အလေးချိန်ရှိသော လူသားစားတတ်သည့် ငါးကြီးတကောင်ကို ငါးမျှားတံကရိယာနှင့်ပင်ဆွဲတင်ရရှိခဲ့ဘူး၏။ သို့သော် ထိုကဲ့သို့သောငါးကြီးများကို ဖမ်းမိခဲသည်။ အင်အားကြီးမားသောငါးကြီးများသည် ချိတ်ဌ်မိနေသည့်တိုင်အောင် လှေသို့တင်၍မရနိုင်ရုံမက၊ ငါးမျှားသူ၏လှေကိုပင် ဆွဲယူသွားတတ်လေသည်။ ထိုအခါမျိုးတွင် မြေပြင်ဌ်တောလိုက်သည့်အခါအင်အားကြီးမား၍ လက်နက်အားနှင့်မမျှသောဆင်ကြီးများ၊ ပြောင်ကြီးများအစရှိသည်ဖြင့် တိရစ္ဆာန်ကြီးများနှင့် တွေ့သောအခါ တောလိုက်သူအဖို့ ဘေးအန္တရာယ်များသကဲ့သို့ပင်ဖြစ်ချေသည်။

ရေချိဌ်ငါးမျှားသူတို့သည် ငခုံးမ၊ ငပြေမမှအစ ငသိုင်း၊ ငကြင်း၊ ငထွေနှင့် ငသလောက်များ ကိုသာ ရနိုင်ရာ၊ ပင်လယ်သို့ထွက်၍ မျှားသူများသည် အများအားဖြင့် ပင်လယ်ငါးကြီးများကို ဖမ်းမိနိုင်ကြသည်။ ငါးမျှားတံ၊ ငါးမျှားကြိုး၊ ငါးမျှားချိတ်များဖြင့် ကြီးမားသော ငါးကြီးများကို မိအောင်ဖမ်းရခြင်း၊ နိုင်အောင်ဆွဲတင်ရခြင်းမှာ အံ့သြစရာပင်ဖြစ်ရာ၊ ကျွမ်းကျင်မှုရှိလာသောအခါ သေးငယ်သောငါးများကရိယာကလေးများဖြင့်ပင် ငါးမျှားသူ၏ နှစ်ကိုယ်စာမျှရှိသောငါးကြီးများကို ရအောင်ဖမ်းယူနိုင်၏။

မြန်မာနိုင်ငံဌ် ငါးမျှားရာတွင်အရှင်းဆုံးနှင့် အရိုးဆုံးငါးမျှားနည်းမှာ ကိုင်းထောက်ခြင်းဖြစ်သည်။ ထိုနည်းသည်

ဝါး သို့မဟုတ် ကြိမ် ငါးမျှားတံကို ကမ်းစပ်၌ဖြစ်စေ၊ ရေတိမ်၌ဖြစ်စေ အသေထောက်၍မျှားခြင်းဖြစ်သည်။ ငါးမျှားချိတ် ၆ ခုထက်မမျှား တပ်ထားသောငါးမျှားကြိုးကို ,ငါးမျှားတံ၌ချည်ထားပြီးလျှင်၊ ငါးစာတပ်၍မျှားရသည်။ ဖဲ့နုလုံး၊ ဖားငယ်၊ ငှက်မွေးနှင့် ငဖြင်းသလက်တို့ကို ငါးစာအဖြစ်သုံးသည်။ ငဖြင်းသလက်နှင့် ငှက်မွေးတို့ကို ငရုံနှင့် ငမြင်းရင်းဖမ်းရန်အသုံးပြုသည်။

ကိုင်းမထောက်ဘဲ ငါးမျှားချိတ်အမျှားပါသော ငါးမျှားကြိုးကိုလေ့လျော်ခတ်စဉ် ရေသို့ချကာမျှားခြင်းကို လက်တွန်းဟုငင်း၊ လက်သပ်ဟုငင်း၊ သပ်မျှားဟုငင်း၊ ချိတ်ဟုငင်း အမျိုးမျိုးခေါ်ကြသည်။ အကယ်၍ ထိုနည်းအတိုင်း ငှက်မွေးကိုငါးစာတပ်၍၊ ငမြင်းရင်းကိုမျှားက ဗွက်ဟုငင်း၊ ဗန်းဟုငင်း၊ စကြာမျှားသွယ်ဟုငင်း ခေါ်ကြပြန်သည်။

ငါးစာချကာ ငါးမျှားကြိုးတွင် ဝါးဆစ်ဖော့ချည်၍ မျှားသောအခါ၊ ငါးမျှားစကြာ၊ တိုင်ထောင်ငါးမျှား၊ ခြင်းပဲ့ဟု အမျိုးမျိုးခေါ်ကြသည်။ ထိုနည်းတွင် စိုက်ထားသော တိုင်ခြေခွဲရှုံစေးနှင့် ပဲ့နုရောထားသောငါးစာပါသည့် ခြင်းကို ချည်ထားသည်။ တိုင်ထိပ်၌ငါးမျှားကြိုးနှင့် ချည်ထားသည့် ဝါးဆစ်ဖော့တင်ထားရသည်။ ငါးမျှားကြိုးတွင် ငါးမျှားချိတ်သုံးခုရှိ၍ ယင်းတို့ကို ခြင်း၏ရှေနားတွင် တဲ့လောင်းချထားသည်။ ထိုငါးမျှားနည်းတွင် တိုင်ထိပ်နှင့်ဝါးဆစ်ဖော့တို့သာ ရေပေါ်၌ပေါ်နေကြသည်။ ငါးမျှားချိတ်တွင် ငါးတိုးသောအခါ တိုင်ထိပ်မှဝါးဆစ်ဖော့သည် လှုတ်ကျကာ ငါးဆွဲထုသို့ပါသွားသည်။ ငကြင်းမျှားရန်အတွက် ငါးမျှားစကြာကိုအသုံးမျှားသည်။

ရေနက်ထုမျှား၌ ငါးမျှားနည်း အမျိုးမျိုးရှိသည့် အနက် အရိုးဆုံးနှင့်အရှင်းဆုံးမှာငါးမျှားတန်းဖြစ်သည်။ ငါးမျှားတန်းသည် တထောင်ခန့်ရှိ ငါးမျှားချိတ်တပ်ပြီးကြိုးတိုမျှားကို ငါးမျှားကြိုးတွင်တတောင်ခန့်စီခြား၍ ချည်ထားသည်။ ငါးစာတပ်ငါးမျှားတန်းနှင့် ငါးစာမတပ်ငါးမျှားတန်းဟူ၍ နှစ်မျိုးခွဲထား၍ နှစ်မျိုးစလုံးကို မြစ်ချောင်းမျှားနှင့်ပင်လယ်တို့၌အသုံးပြုသည်။ သို့ရာတွင် ငါးစာမတပ်သောငါးမျှားတန်းကို ပင်လယ်၌သာ အများအားဖြင့် အသုံးပြုသည်ကို တွေ့ရှိရပေသည်။

ပင်လယ်တွင် ငါးစာမတပ်သော ငါးမျှားတန်းနှင့် ငါးမျှားသောအခါ၊ ငါးမျှားကြိုးတွင် ဖော့မျှားချည်ပြီး ရေပြင်အောက်၌တန်း၍ချထားရသည်။ ငါးမျှားတန်းကို အကန့်အကန့်ပြု၍ထောင်လေ့ရှိရာ မျှားသောအားဖြင့် အကန့် ၃၀၊ ၄၀ ခြား၍ မျှားကြသည်။ တကန့်တကန့်တွင် ငါးမျှားကြိုးသည် အတောင် ၁၂၀ ခန့်ရှည်သည်။ ငါးစာမတပ်သော ငါးမျှားတန်းဖြင့် အမိမျှားသောငါးမျှားမှာ ငမန်းနှင့်ငလိပ်ကျောက်တို့ဖြစ်သည်။ မြစ်ချောင်းတို့တွင် ငါးစာတပ်ငါးမျှားတန်းနှင့် မျှားလေ့ရှိသည်။ ငါးမျှားချိတ်တွင် ငဖြင်းသလက်အရှင်ကိုချိတ်၍ ငရုံမျှားကိုမျှားသည်။ ငါးမျှားတန်းကို စိုက်ထား သောဝါးတိုင်နှစ်ခုအကြား ရေပြင်ပေါ်၌တန်း၍ချည်ထားလေ့ရှိသည်။ တခါတရံ ရေပြင်အောက်၌ဖြစ်စေ၊ ရေပြင်တွင်ဖြစ်စေ ငါးမျှားတန်းကိုချ၍ မျှားတတ်ကြသည်။ ပင်လယ်တွင်မူ ပင်လယ်ကန်စွန်းဥကို ငါးစာအဖြစ်အသုံးပြု၍၊ ရေတိမ်သည့်နေရာ၌ရေပြင်တွင်ဖော့မျှားချည်ထားကာ မျှားလေ့ရှိသည်။ ငလိပ်ကျောက်၊ ငဇလုံနှင့်ငမန်းငယ်မျှားကို ဖမ်းမိတတ်သည်။ ငါးစာတပ်ငါးမျှားတန်းကို မြစ်ချောင်းတို့တွင်အသုံးပြုသောအခါ၊ မျှားတန်းဟုငင်း၊ တန်းမျှားဟုငင်း၊ ကြိုးတန်း၊ ရေမှုတ်တန်း၊ ရေပေါ်တန်းဟုငင်း အမျိုးမျိုးခေါ်ကြသည်။ ပင်လယ်တွင်အသုံးပြုသောအခါတွင် ပိုင်းဟုငင်း၊ မျှားပိုင်းဟုငင်း အမျိုးမျိုးခေါ်ကြသည်။

ဗူးမျှောဆိုသည်မှာ အမှန်အားဖြင့်ငါးမျှားချိတ်တခုစီကို ဖော့ချည်၍ မျှားခြင်းဖြစ်သည်။ ဗူးတွင်ငါးစာတပ်ပြီး ငါးမျှားချိတ်ရှိသောငါးမျှားကြိုးကို ပတ်ထားရသည်။ ထိုဗူးမျှားကိုရေစုန်မျှောပြီး လှေပေါ်မှစောင့်ကြည့်ရသည်။ ငါးမိသောအခါ ငါးမျှားကြိုးကိုဆွဲသွားသောကြောင့် ဗူးသည် ရေပြင်တွင်လည်၍နေသည်။ ငထွေနှင့်ငတန်တို့ကိုဗူးမျှောဖြင့် အဖမ်းမျှားသည်။ ဗူးမျှောကိုဗူးမျှောကျင်၊ မျှောဗူး၊ ဘော၊ မြစ်ခြင်းလုံး ဟူ၍ အမျိုးမျိုးခေါ်ကြသည်။

ငါးကိုမမျှားဘဲ အသေထိုး၍လည်းဖမ်းယူနိုင်သေးသည်။ သို့သော်ဤနည်းကိုအထက်မြန်မာနိုင်ငံ အင်းလေးကန်၌သာ အသုံးပြုလေ့ရှိသည်။ အင်းလေးကန်တွင် ရှဉ့်စူးနှင့်ခက်ရင်းဟုခေါ်သောမှိန်းနှစ်မျိုးကိုအသုံးပြုသည်။ ရှဉ့်စူးသည် စူးနှစ်ခုဖြစ်၍ ၅ ပေခန့်ရှည်သောဝါးလုံးအဖျားတွင် တပ်ထားပြီး၊ ငရှဉ့်ထိုးရန်အတွက် အသုံးပြုသည်။ ခက်ရင်းသည် စူး ၅ ခွရှိ၍ ၁၀ ပေခန့်ရှည်ပြီး၊ ငသိုင်းထိုးရန်အတွက် အသုံးများသည်။ အသုံးပြုသောအခါ ခက်ရင်းချည်းသက်သက်ကိုဖြစ်စေ၊ ဝါးပြောင်းရှည်နှင့်တွဲ၍ဖြစ်စေ၊ အသုံးပြုလေ့ရှိသည်။ အခြားနည်းတွင် ပြောင်းရှည်ကိုငါးရှိသည့်နေရာပေါ် သို့ ပဌမချပေးရသည်။ ထိုနောက်ပြောင်းထိပ်ရှိအပေါက်မှနေ၍ ငါးကိုစူးနှင့်ထိုးရသည်။ အချို့ဒေသများတွင် ငါးကိုညအခါ၌လှံရှင်နှင့် ထိုးလေ့ရှိကြသည်။ ထိုနည်းတွင် ညအချိန်၌လက်နှိပ်ခတ်မီးနှင့် ရေကိုထိုးကြည့်သောအခါ ငါးသည်လှံသွားနှင့်တကွထွက်ပြေးသွားသည်။ လှံသွားများတွင်ကြိုးချည်ထားရာ ငါးမောခ၍အပြေးရပ်သောအခါ ကြိုးကိုငင်ပြီး ငါးကိုဖမ်းယူရသည်။ ငါးကိုမမျှားဘဲ အသေထိုး၍ ဖမ်းနည်းကို လှံထိုးဖမ်းနည်းဟု ခေါ်လေ့ရှိသည်။ ထိုကဲ့သို့ဖမ်းနည်းကို လှံထိုး၊ စူးထိုး၊ စင်းထိုး၊ မီဖောင်ထိုး ဟူ၍လည်း အမျိုးမျိုးခေါ်ကြသည်။

ငါးရှဉ့်ငါးဆယ်ဇာတ်ဝတ္ထု။ ။ပါဠိကျမ်းဂန်များတွင် ဇာတကခေါ် ဘုရားလောင်းနှင့်သက်ဆိုင်သည့် အဖြစ်တော်များရှိသည်။ ထိုဖြစ်တော်ပေါင်းဇာတ်များမှာ အရေအတွက်အားဖြင့် ၅၄၇ ဇာတ်ရှိသည်။ သို့သော်အခေါ် ရလွယ်အောင် ငါးရှဉ့်ငါးဆယ်ဇာတ်ဟုခေါ် သည်။ ဇာတ်ကိုနိပါတ်ဟူ၍လည်းခေါ် သေးသည်။ ငါးရှဉ့်ငါးဆယ်ဇာတ်ဟုဆိုသဖြင့်လည်း မြတ်စွာဘုရားသည်ဘုရားဖြစ်တော်မမူမီ၊ ဘဝငါးရှဉ့်ငါးဆယ်သာကျင်လည်ခဲ့သည်ဟု မမှတ်အပ်ချေ။ ငါးရှဉ့်ငါးဆယ်ဇာတ်ဟူသည်မှာ အကြောင်းအားလျော်စွာ ဟောကြားသောဇာတ်တော်များသာဖြစ်သည်။


ပုဂံ အာနန္ဒာဘုရားတွင်ရှိသော ဇာတ်တော်စဉ်ကွင်းများမှာ အရေအတွက်အားဖြင့်ငါးရှဉ့်ငါးဆယ်ရှိ၏။ သက္ကရာဇ် ၅၀၅ ခုနှစ်တွင်ရေးထိုးသော ပုဂံမြို့ လေးထောင့်ကန်အရပ် လေးမျက်နှာဘုရားကျောက်စာ ကြောင်းရေ ၁၅၊ ၁၆ တွင် 'ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏။' ဟူ၍ပါရှိရာ ရှေးအခါကပင် အရေအတွက်ကိုအခေါ် ရလွယ်အောင်ပြောဆိုကြသည် ဟုယူဆဖွယ်ရှိလေသည်။

ငါးရှဉ့်ငါးဆယ်ဇာတ်ဝတ္ထုများ၏ အခြေခံဖြစ်သောပါဠိဂါထာများကိုသုတ္တန်ပိဋကတ်တော်၊ ခုဒ္ဒကနိကာယ်အဝင် အပါ၊ပါဠိဇာတ်ပါဠိတော်တွင်တွေ့ရသည်။ ဇာတ်တော် ၅၄၇ ခုတွင်မြန်မာတို့ကအတိုကောက်အားဖြင့်၊ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဧ၀ ဟုအမှတ်အသားပြုသော ဇာတ်ကြီးဆယ်ဖွဲ့တို့လည်း အပါအဝင်ဖြစ်သည်။ ထိုဇာတ်ကြီးဆယ်ဖွဲ့တို့ကား၊ တေမိယဇာတ်၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ မဟောသဓဇာတ်၊ ဘူရိဒတ်ဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓုရဇာတ်၊ ဧ၀ဿန္တရာဇာတ်တို့ဖြစ်သတည်း။

ငါးရှဉ့်ငါးဆယ်ဇာတ်တို့တွင် မြတ်စွာဘုရားအလောင်းတော်သည် လူအဖြစ် ၃၅၇ ဘဝ၊ နတ်အဖြစ် ၆၅ ဘဝ၊ ကုန်းသတ္တဝါအဖြစ် ဘဝပေါင်း ၆၀၊ ကောင်းကင်သတ္တဝါအဖြစ် ၅၇ ဘဝ၊ ရေသတ္တဝါအဖြစ် ၈ ဘဝ၊ စုစုပေါင်း ၅၄၇ ဘဝတို့၌ကျင်လည်ခဲ့ရသည်။

မြတ်စွာဘုရားသည် ငါးရှဉ့်ငါးဆယ်ဇာတ်တော်ကိုပါဠိဘာသာဖြင့်ဂါထာဖွဲ့၍ဟောတော်မူသည်။ အေဒီ ၆ ရာစုလောက်တွင် သီဟိုဠ်ကျန်း အနုရာဓပြိုတောင်ဖက် မဟာဝိဟာရကျောင်းတိုက်၌ အရှင်ဗုဒ္ဓဃောသမထေရ်သည် ထိုဂါထာများကိုပါဠိဘာသာဖြင့် အဋ္ဌကထာဖွင့်ဆိုရေး သားတော်မူလေသည်။ ထိုနောက်သီဟိုဠ်ကျန်း အနုရာဓပြိုအနောက်ဖက် ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလမထေရ်သည် အရှင်ဗုဒ္ဓဃောသမထေရ်၏ အဋ္ဌကထာတွင် တိမ်မြုပ်နေသော အနက်အဓိပ္ပါယ်တို့ကိုရှင်းလင်းဖွင့်ဆိုရာဖြစ်သော လီနတ္ထပကာသနီခေါ် ဋီကာကျမ်းကိုစီရင်ရေးသားသည်။ ထိုနောက် တဖန် မင်းတုန်းမင်း တရားကြီး လက်ထက်တော် တွင်ပညာသာမိသီရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဒုတိယမောင်းထောင်ဆရာတော်သည် အသမ္မောဟဝိလာသိနီဟူသောဋီကာသစ်ကို ပါဠိဘာသာဖြင့်စီရင်တော်မူသည်။ ငါးရှဉ့်ငါးဆယ်ဇာတ်ဂဏ္ဌိကိုမူကား စစ်ကိုင်းမြို့ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းကြီးလက်ထက်တွင်အရှင်အရိယဝံသဓမ္မသေနာပတိမထေရ်မြတ်သည် ဇာတကဝိသောဓနီ၊ ဒသဇာတကဝိသောဓနီ ဟူသောအမည်ဖြင့်ပါဠိမြန်မာ ရောပြွမ်း၍ စီရင်လေသည်။ ထိုကျမ်းကို အရိယဝံသဇာတ်ဂဏ္ဌိဟူ၍လည်းခေါ် ကြသည်။

ငါးရှဉ့်ငါးဆယ်ဇာတ်ပါဠိတော်နိဿယဟောင်းကို သာယာဝတီကုန်းဘောင်မင်းလက်ထက်၊ သာသနဝံသသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုကြံခင်းဆရာတော်စီရင်၍ နိဿယသစ်ကိုမူမင်းတုန်းမင်းလက်ထက် မေဓာဘိဝံသသီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ပြည်ဆရာတော် ရေးသားတော်မူ၏။ ဇာတ်အဋ္ဌကထာနိဿယများကိုကား ဘိုးတော်မင်းတရားကြီးလက်ထက် တောင်တွင်းဆရာတော်၊ ပလိုင်းဆရာတော်၊ မဲထီးဆရာတော်၊ ရွှေတောင်ဆရာတော်၊ တောင်လေးလုံးဆရာတော်၊ ကတိုးဆရာတော်၊ ဗားကရာဆရာတော်၊ ဆုံတားဆရာတော်၊ ပဌမမောင်းထောင်သာသနာပိုင်ဆရာတော်၊ မုန်တောဆရာတော်၊ ညောင်ကန်ဆရာတော်၊ မင်းရွာဆရာတော်၊ ပဌမဆင်တဲဆရာတော်တို့ စီရင်တော်မူကြသည်။ ထိုမင်း၏လက်ထက်တွင်ပင် ဝက်ခုတ်ဆရာတော်ဘုရားသည်



ဧ၀ဿန္တရာဇာတ်တော်မှ ပုဏ္ဏားတို့အား ရထားလှူခန်းကို မြန်မာ့ပန်းပုလက်ရာဖြင့် သရုပ်ဖော်ထားပုံ

အလုံးစုံသောဇာတ် အဋ္ဌကထာနိသျမျှားနှင့်ဇာတ်ကြီးဆယ်ဖွဲ့အဋ္ဌကထာနိသျမျှားကိုစီရင်သည်။ ဇာတ်ကြီးဆယ်ဖွဲ့အဋ္ဌကထာနိသျသစ်ကိုမူ ဆင်ပြ။ရှင်လက်ထက်ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရမထေရ်စီရင်သည်။

မြန်မာသက်သက်စကားပြေဇာတ်တော်ဝတ္ထုများကို တပယင်းမြို့စီရင်စု၊ မုံတိုင်ပင်ဆရာတော်နှင့် မင်္ဂလာဘုံကျော်ကျောင်းဓန ကဝိန္ဒာဘိဝံသ သီရိသဒ္ဓမ္မဇဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ခံ ညောင်ကန်ဆရာတော်စီရင်သည်ဟု ပိဋကတ်သုံးကပြဆိုလေ၏။ ညောင်ကန်ဆရာတော်သည် ထိုငါးရှဉ့်ငါးဆယ်ဝတ္ထုကို ဘိုးတော်ဘုရားလက်ထက်၌ စီရင်ခဲ့သည်။ ယခုအခါညောင်ကန်ဆရာတော်၏ ငါးရှဉ့်ငါးဆယ်ဝတ္ထုသည် သာလျှင် ထင်ရှားလျက်ရှိသည်။

ဇာတ်တော်ကြီးဆယ်ဖွဲ့ စကားပြေ ဝတ္ထုများအနက်၊ ဝေဿန္တရာ၊ စန္ဒကုမာရ၊ ဝိဓုရ၊ မဟောသဓ၊ နာရဒ၊ ဇနက၊ နေမိ၊ တေမိတည်းဟူသော ဇာတ်တော်ကြီးရှစ်ဖွဲ့ကို ဘိုးတော်ဘုရားလက်ထက်၊ မင်းဘူးမြို့လေသာတိုက်နေ ဦးသြဘာသ စီရင်သည်။ ဘူရိဒတ်ဇာတ်တော်ကြီးကို မင်းဘူးမြို့ အနောက် လေသာ တိုက် ကျောင်း ဆရာတော်၏ တပည့်နန္ဒမေဓာ စီရင်သည်။ သုဝဏ္ဏသာမဇာတ်တော်ကို မင်းဘူးမြို့ ရန်ကုန်တိုက် ရန်ကုန်ဆရာတော်၏တပည့် ဦးပညာတိက္ခ စီရင်သည်။

အမျိုသားပညာဝန် ဦးဖိုးကျားသည် စာသင်သားများ အလွယ်တကူဖတ်ရှုနိုင်စေရန် ငါးရှဉ့်ငါးဆယ်ဇာတ်တော်များမှထင်ရှားသောဇာတ်တော်တို့ကိုထုတ်နုတ်၍ ကျမ်းငယ်တစောင်ပြုစုရေးသားခဲ့သည်။

ငါးရှဉ့်ငါးဆယ်ဇာတ်များကို မြန်မာစကားပြေဖြင့်သာပြန်ဆိုခဲ့ကြသည် မဟုတ်ချေ။ ရှေးမြန်မာစာဆိုတော်ကြီးများသည် ဇာတ်တော်များကို ပျိုကဗျာတို့ဖြင့် သီကုံးဖွဲ့နွဲ့ကြသေးသည်။ ထိုပြင် အထက်ကပြဆိုခဲ့သည့်အတိုင်း၊ စဉ့်ကွင်းများဖြင့် သရုပ် ဖော်သည်လည်းရှိသေးသည်။ စာဆိုတော်တို့ ဖွဲ့ဆိုခဲ့ကြသော ပျိုစာရင်းကို အောက်ပါဇယားတွင်ကြည့်လေ။

ဇာတ်တော်ပျိုများ

ဦးရေ	ပျို	စာဆို	ကျမ်းပြီးနှစ်
၁	ကလိင်္ဂဗောဓိပျို	တံဆိပ်တော်ဝန် မင်းလှရာဇာကျော်ထင်	
၂	ကုသပျိုဟောင်း	ရွှေကျောင်းရဲကျင်း ဦးပု	
၃	ကုသပျိုသစ်	မုံရွေးဇေတဝန်ဆရာတော်	၁၁၈၃ ခု
၄	ကိုးခန်းပျို (ဟတ္ထိပါလပျို)	ရှင်မဟာရဋ္ဌသာရ	၈၅၅ ခု
၅	ဂရှမမ္မပျို	မြို့စာရေး သိခ်ံသာရ	
၆	ဂါမဏိစန္ဒပျို	ဆီမီးခုံရွာစား	
၇	ဂုတ္တိလပျို	တရားစစ် မနော်ဒေဝ	၁၁၅၆ ခု
၈	ငါးရုံမင်းပျို	တွင်းသင်းမင်းကြီး	
၉	စန္ဒကုမာရပျို	ရွှေကျောင်းရဲကျင်း ဦးပု	
၁၀	စန္ဒကိန္နရီပျို	မဟာသီဟသူရ	
၁၁	စန္ဒကိန္နရီပျို	တံဆိပ်တော်ဝန် မင်းလှရာဇာကျော်ထင် (ပိဋကတ်သုံးပုံစာတမ်း ၂၀၇)	
၁၂	စမွေယျပျိုဟောင်း	တောင်လေးလုံးဆရာတော်တပည့် မောင်ပြည့်	
၁၃	စမွေယျပျိုသစ်	မိုးထားဝန်ထောက် စိန္တာကျော်သူ	
၁၄	ဆဒ္ဒန်ဆင်မင်းပျို		
၁၅	ဇနကပျိုဟောင်း	တွင်းသင်းမင်းကြီး	၁၁၆၈ ခု
၁၆	ဇနကပျိုသစ်	ဆီမီးခုံရွာစား	
၁၇	ဇနကပျို	မောင်နိုး (ကဗျာဗန္ဓ ၈၅၊ ပိဋကတ်သုံးပုံစာတမ်း ၂၀၅)	
၁၈	ဇယဒိသပျို	တွင်းသင်းမင်းကြီး	
၁၉	တေမိပျိုဟောင်း		



ဆဒ္ဒန္တဇာတ်မှပုံထွင်းရှုပ်များ



မဟာကပိဇာတ်မှ ပုံထွင်းရှုပ်များ

ဘီဝိ ၂ ရာဇုနှစ်က အိန္ဒိယနိုင်ငံ ဘရဟုတ်အရပ်တွင် ထွင်းထုခဲ့သော ရှုပ်ပုံများဖြစ်သည်။

ဦးရေ	ပျို	စာဆို	ကျမ်းပြီးနှစ်
၂၀	တေမိပျိုသစ်	မောင်ဥကာ	
၂၁	တိက္ကုကပျို	ကင်းဝန်မင်းကြီး	
၂၂	ဒေဝဓမ္မပျို	တံဆိပ်တော်ဝန် မင်းလှရာဇာကျော်ထင်	
၂၃	ဓမ္မပါလပျို	ရှင်မဟာသီလဝံသ	၉၁၁ ခု
၂၄	ဓမ္မပါလပျိုတစောင်	ရှင်ကုမာရကဿပ (ကဗျာပန္နား ၈၂)	
၂၅	နာနာဆန္ဒပျို	မုံရွေးဧတဝန်ဆရာတော်	၁၁၈၈ ခု
၂၆	နာရဒပျို	မုံရွေးဧတဝန်ဆရာတော်	၁၁၈၃ ခု
၂၇	နာရဒပျိုသစ်	တရားစစ်မနော်ဒေဝ (ပိဋကတ်သုံးပုံစာတမ်း ၂၀၄)	၁၁၅၈ ခု
			မြစ်ကွေဆရာတော်
၂၈	နေမိဇရဲခန်းပျို	ရှင်အဂ္ဂသမာဓိ	၉၀၀ ခု
၂၉	နေမိဘုံခန်းပျို	ရှင်အဂ္ဂသမာဓိ	၉၀၄ ခု
၃၀	နေမိမဏ္ဍစိုးခန်းပျို	ရှင်အဂ္ဂသမာဓိ	၈၉၇ ခု
၃၁	နိန္ဒိသေနပျို	လက်ဝဲသုန္ဒရ	
၃၂	ပဥ္စာဝုဓပျို	မုံရွေးဧတဝန်ဆရာတော်	၁၁၈၃ ခု
၃၃	ဘူရိဒတ်ဇာတ်ပေါင်းပျို	ရှင်မဟာရဋ္ဌသာရ	၈၅၆ ခု
၃၄	ဘူရိဒတ်လက်ဝကြီး	ရှင်မဟာရဋ္ဌသာရ	၈၄၆ ခု
၃၅	ဘလ္လာတိယပျို	တွင်းသင်းမင်းကြီး	
၃၆	မဃဒေဝလက်ဝသစ်	မန်လည်ဆရာတော်	၁၂၆၆ ခု
၃၇	မဟာတုဏ္ဍိလပျို	(ကဗျာပန္နား ၈၃)	
၃၈	မဟာဓမ္မပါလပျို	တံဆိပ်တော်ဝန် မင်းလှရာဇာကျော်ထင်	
၃၉	မဟော်ကျေးစေခန်းပျို	တွင်းသင်းမင်းကြီး	
၄၀	မဟော်ပြဿနာခန်းပျို	ဆီမီးခုံရွာစား	

နိုးရေ	ပျိ	စာဆို	ကျမ်းပြီးနှစ်
၄၁	မဟော်ဉမင်ခန်းပျိ	ဆီးမီးခုံရွာစား (ဟသ်ာတမင်းသမီး အကြိုးတော် မောင်ရေးဆိုတစောင်ရှိသည်။ ကဗျာဗန္ဓ ၈၄)	
၄၂	မုဒုလက္ခဏပျိ	တွင်းသင်းမင်းကြီး	၁၁၁၃ ခု
၄၃	ရုရုမိုကပျိ	လှတ်တော်စာရေး မောင်ဖေ (ကဗျာဗန္ဓ)	
		လှတ်တော်စာရေး မောင်အေး (ပိဋကတ်သုံးပုံစာတမ်း)	
၄၄	ရွှေဟသ်ာမင်းပျိ	ရှင်တေဇောသာရ	၈၃၁ ခု
၄၅	ဝိဓုရပျိဟောင်း		
၄၆	ဝိဓုရပျိသစ်	တွင်းသင်းမင်းကြီး	၁၁၅၂ ခု
၄၇	ဝေဿန္တရာပျိဟောင်း	တောင်ဘီလာဆရာတော်	၉၅၄ ခု
၄၈	ဝေဿန္တရာပျိသစ်	တွင်းသင်းမင်းကြီး	၁၁၆၀ ခု
၄၉	ဝေဿန္တရာပျိတစောင်	မောင်နိုး (ကဗျာဗန္ဓ ၈၅၊ ပိဋကတ်သုံးပုံစာတမ်း ၂၀၅)	
၅၀	သရဘင်္ဂပျိ	ဆီမီးခုံရွာစား	
၅၁	သာဓိနပျိ	လက်ဝဲသုန္ဒရ	၁၁၄၅ ခု
၅၂	သီလဝပျိ	မုံရွေးဇေတဝန်ဆရာတော်	၁၁၈၃ ခု
၅၃	သုတသောမပျိ	ဆီမီးခုံရွာစား	၁၂၀၁ ခု
၅၄	(မဟာ) သုတသောမပျိ	ရွှေတောင်နန္ဒသူ (မောင်တရုပ်)	
၅၅	သုဝဏ္ဏသျာမ်မြားပစ်ခန်းပျိ	ရှင်အဂ္ဂသမာဓိ	၈၈၃ ခု
၅၆	သုဝဏ္ဏသျာမ်သူဌေးခန်းပျိ	ရှင်အဂ္ဂသမာဓိ	၉၀၀ ခု
၅၇	သုဝဏ္ဏသျာမ်သစ္စာခန်းပျိ	ရှင်အဂ္ဂသမာဓိ	၈၈၃ ခု
၅၈	သူဇာပျိ	ပဒေသရာဇာ (တိ သနိုပါတ် ၅၁၂ ကုမ္ဘဇာတကဇာတ်ကိုပွဲဆို၏။)	
၅၉	သမ္ဘူလပျိဟောင်း		
၆၀	သမ္ဘူလပျိသစ်	တံဆိပ်တော်စာရေး မောင်တူ	
၆၁	သံဝရပျိ	ရှင်မဟာရဋ္ဌသာရ	၈၉၁ ခု
၆၂	အကိတ္တိပျိ	တံဆိပ်တော်ဝန် မင်းလှဆရာကျော်ထင်	ဟုံမင်းလက်ထက်
၆၃	အဘိရုကပျိ	တံဆိပ်တော်ဝန် မင်းလှဆရာကျော်ထင် (ဧကနိပါတ်၊ တေလပတ္တဇာတ်ကိုပွဲဆိုသည်။)	၁၂၁၁ ခု
၆၄	အပဏ္ဏကပျိ	ဟသ်ာတမင်းသမီး၏ အကြိုးတော် မောင်ရေး	
၆၅	အာဒါသမုခပျိဟောင်း	ရှင်တေဇောသာရ	
၆၆	အာဒါသမုခပျိသစ်	လက်ဝဲသုန္ဒရ	
၆၇	အာဒါသမုခပျိ	မုံရွေးဇေတဝန်ဆရာတော်	
၆၈	အာသင်္ကပျိ		
၆၉	ဣသိသိင်္ဂပျိ	မဟာသီဟသူရ (မောင်ထောက်ကြီး) (ပဏ္ဏာသနိပါတ် ၅၂၆ နိဒ္ဒိနိကာဇာတ်)	
၇၀	ဥတိန္နပျိ	မုံရွေးဇေတဝန်ဆရာတော်	၁၁၅၅ ခု
၇၁	ဥဒေါင်းမင်းပျိ	မဟာသီဟသူရ (မောင်ထောက်ကြီး) (ဒုကနိပါတ် ၁၅၉ မောရဇာတ်)	

ငါးလုပ်ငန်း။ ။တံငါလုပ်ငန်း — ရှ။

ငုပင်။ ။ငုပင်တွင် (၁) ငုပင် သို့မဟုတ် ငုကြီးပင် (၂) ငုရွှေ သို့မဟုတ် ငုစပ်ပင် (၃) ငုသိန်ပင် ဟူ၍ ၃ မျိုးပြား သည်။ မိုးကုတ်နယ်တွင်မူ ငုရွှေပင်ကို ငုရွှေအဖိုပင်ဟူ၍ ၎င်း၊ ငုပင် (ငုကြီးပင်) ကို ငုရွှေအမပင်ဟူ၍ဝင်း ခေါ်ကြ သည်။ ငုပင်တို့သည် ပင်လတ်မျိုးဖြစ်၍၊ ယင်းတို့ကို မြန်မာ နိုင်ငံအနှံ့ အပြားမှာပင် တွေ့နိုင်ပေသည်။ အမျိုးချင်းနှယ် သော်လည်း တမျိုးစီတွင် ထူးခြားကဲ့လဲ့ချက်များ အသင့် အတင့်ရှိကြ၏။ ဤငုပင် ၃ မျိုးအနက် အသုံးဝင်ဆုံးကား ငုပင် (ငုကြီးပင်) ပင်ဖြစ်လေသည်။


ငုပင် (ငုကြီးပင်) (ကက်ဆီယာဖစ္စတျူလာ) သည် ပေ ၅၀ အထိမြင့်နိုင်၍၊ အကိုင်းအခက်နှင့်အရွက်များ ခပ်ကျဲကျဲ သာထိုးထွက်နေသဖြင့် အရိပ်ကောင်းကောင်းမပေးနိုင်ချေ။ သို့သော်နွေဥတုအကုန်လောက်၌ ရွက်ဟောင်းကြွေ၍ ရွက် သစ်များထွက်ပြူစအချိန်နှင့် မရွှေးမနှောင်းတွင် တပင်လုံး ဝင်းထိန်နေအောင် အဆုပ်လိုက်အခိုင်လိုက် တဲ့လျားကျပွင့် လေ့ရှိသော အပွင့်ဝါများကြောင့် ဤငုပင်မျိုးကို ခြံဥယျာဉ် များအတွင်း အလှအပအတွက်စိုက်ပျိုးထားတတ်ကြသည်။ ငုပင်သည် ကြီးခဲသောအပင်ဖြစ်သည်။ သို့သော် အမြစ်စွဲမိလျှင် ခိုင်ခံ့လာသည်။ ငုပင်ကို အစေ့မှ မျိုးပွားနိုင်သော်လည်း၊ အောင်မြင်သည့် အစေ့များ နည်းပါးခြင်းကြောင့် မြေသြဇာကျွေး၍ ဂရုတစိုက် စိုက်ပျိုးရသည်။ ပြောင်းဖူးစိုက်ပျိုးလိုလျှင်လည်း မျိုးပင်များနှုန်းခြင်းကြောင့် ၂ နှစ်သားမျိုးပင်များကိုသာ ပြောင်းဖူးစိုက်ပျိုးသင့်လေသည်။

အသက်နှုစဉ် ငုပင်၏ပင်စည်သည် အဝါမဲ့အရောင်ရှိ၍ ချောမွတ်သော်လည်း ကြီးရင့်လာသောအခါ နီညိုရောင်ဖြစ်ကာ ကြမ်းလာသည်။ အရွက်များမှာ ၃ လက်မမှ ၇ လက်မအထိရှည်၍ချောမွတ်သည်။ အပွင့်များမှာ ဖော်ပြခဲ့သည့်အတိုင်း ဝါ၏။ အသီးတောင့်လုံးရှည်များမှာ ၂ ပေ၊ ၃ ပေခန့်ရှည်၍ မှည့်လျှင် အနက်ရောင်ဖြစ်လာသည်။

ငုသား၏အရောင်မှာ နီညစ်ညစ်ဖြစ်၍ တာရှည်ခံပြီးလျှင် ပြောင်လက်လာအောင် အရောင်တင်ပေးနိုင်သည်။ ငုသားကို အိမ်ဆောက်လုပ်ရန်နှင့် လှေ၊ လှည်း၊ လှည်းဘီး၊ ထယ်၊ ထွန်များ၊ ဆန်ထောင်းကျည်ပွေ့ စသည်များ ပြုလုပ်ကြသည်။ ငုခေါက်ကို သားရေနယ်ရာ၌အသုံးပြုရသည်။ ငုသီးမှည့်၏အသားနှင့် ငုမြစ်တို့ကိုမူ ဝမ်းနုတ်ဆေးများဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။

ငုရွှေပင် (ငုစပ်ပင်) (ကက်ဆီယာရင်နီဂျားရား)။ ။ငုရွှေပင်သည် အမြင့်ပေ ၃၀ အထိရှိသည်။ အခက်နှင့်အရွက်များမှာ ကတ္တီပါရောင်ထနေသည်။ အရွက်များထူထပ်ပေါများ၍ ၁ လက်မ၊ ၂ လက်မခန့် ရှည်သည်။ အသီးမှာ ငုသီး (ငုကြီးသီး) နှင့်အလားတူဖြစ်သော်လည်း ၁၅ လက်မ မှ ၁၈ လက်မအထိသာ ရှည်သည်။ အပွင့်များသည် ပန်းရောင်ဖြစ်၍ ငုကြီးပင်နှင့်မခြား၊ အဆုပ်လိုက်အခိုင်လိုက်ပွင့်ကြသဖြင့် တနည်းတဖုံလှပကြပေသည်။

ငုသိန်ပင် (ကက်ဆီယာနိုဒိုဆာ)။ ။ငုသိန်ပင်သည် ငုရွှေပင်နှင့် ခပ်ဆင်ဆင်တူသည်။ ထိုအပင်၌ ချောမွတ်တောက်ပသော အရွက်ချွန်များ ပိုမိုများပြား၍ အပွင့်မှာမွေးကြိုင်လျက် အဖြူနှင့် ပန်းရောင် အစင်းကြောင်းများ ပါရှိ၏။



(ခ) ငူအမနှင့် (ယာ) ငူအဖို

ငူ။ ။ငူသည် ခို၊ ချိုးငှက်တို့နှင့်အတူ 'ကိုလံဗီဒီ' မျိုးရင်းတွင်ပါဝင်သည်။ ငူ၌စိမ်းစိုသောအမွေးအတောင်များရှိ၏။ ငူအမျိုးပေါင်းများပြား သဖြင့် တမျိုးနှင့် တမျိုးကို ခွဲခြား၍ သိရန်မှာ မလွယ်ကူချေ။ အထူးသဖြင့် ငူအမများကို အမျိုးခွဲခြားရန်မှာသာ၍ပင်ခက်ခဲသည်။

ငူတို့သည် အအုပ်အသင်းနှင့် နေတတ်ကြသည်။ ညောင်ပင်များ၌ များသောအားဖြင့်ကျက်စားတတ်ကြသည်။ သစ်ပင်ထက်၌ နားနေကြစဉ် သစ်ရွက်စိမ်းများနှင့် ခွဲခြား၍မရနိုင်ပေ။ လေချန်သံဖြင့်အော်မြည်ကြသော အခါမှ ယင်းတို့ရှိမှန်းကို သိကြရသည်။ ငူ၏ကိုယ်အရှည် အလျားမှာ ၁၀ လက်မ၊ ၁၂ လက်မခန့်ရှိသည်။ ကိုယ်၏အလုံးအထည်မှာ အလျားနှင့် လိုက်လျောစွာရှိသဖြင့်ကြည့်၍ကောင်းသောငှက်မျိုးဖြစ်လေသည်။ ထိုငှက်၏ခြေများသည် သစ်ပင်တက်နိုင်ရန်အတွက် ကျယ်ပြန့်၍ သန်စွမ်း၏။

ငူတို့တွင် ခြေဝါငူ၊ ရင်ပတ်ဇင်ငူ၊ နွားသီးထူငူ စသည်ဖြင့် ငူအမျိုးမျိုးရှိသည်။ ယင်းတို့ကို နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ အင်ဒိုချိုင်းနား၊ မလွာယူကျွန်းဆွယ်၊ ဂျာဗားကျွန်းတို့၌ တွေ့ရသည်။

ꠞꠇ꠰꠳꠰ꠎ꠰꠸ꠋ꠳ꠀ ꠇꠇꠀꠞ꠰꠳꠰ꠎ꠰꠸ꠋ꠳ꠎ꠰꠳ꠞ꠰꠳ꠀꠞ꠰꠳ꠎ꠰꠸ꠋ꠳ꠎ꠰꠳ꠞ꠰꠳ꠀꠇꠇ ꠇꠎ꠰꠸ꠋ꠳ꠀꠞ꠰꠳ꠎ꠰꠳ꠞ꠰꠳ꠀ ꠞ꠰꠳ꠎ꠰꠸ꠋ꠳ꠎ꠰꠳

ဝိုချင်း။ ။မြန်မာဇာတ်ပဲတို့တွင် လွှမ်းခန်းဦဝိုသောအခါ ဆိုသောသီချင်းသည် ဝိုချင်းဖြစ်သည်။ ဝိုချင်းဟူသော စကား၏ ဗြုပ္ပါဒ်ကိုရှာသော်၊ ဝို ဟူသော သဒ္ဒါနှင့် အချင်း (ရှေးရေး — အခြင်း) ဟူသောသဒ္ဒါ သို့မဟုတ် ဝိုဟူသော သဒ္ဒါနှင့် သီချင်းဟူသောသဒ္ဒါ နှစ်ခုတို့ပေါင်းစပ်ထားသော စကားဖြစ်သည်ဟု ယူဆရန်ရှိပေသည်။ ဝိုသည်ဟူသည်မှာ စိတ်နှလုံးပူပန်သောကဆောက်သဖြင့် မျက်ရည်ယိုပြိုက် ရှိုက်ကြီးတငင် ဆိုမြည်တမ်းတခြင်းပင်ဖြစ်၏။ ထိုကြောင့်ဝိုချင်းသည် စိတ်နှလုံး ပူပင်သောက ရောက်သည်ကို ဖွဲ့နွဲ့သီဆိုအပ်သောသီချင်းဟုဆိုအပ်၏။

ဝိုချင်းဟူသော အသုံးအနှုန်းကို သျှင်အဂ္ဂသမာဓိ စပ်ဆိုအပ်သော နေမိဝရဲခန်းပျို့တွင် 'ရုံးစည်းသောင်းသောင်း၊ ဝိုချင်းပေါင်းလျက်၊ ဆိုးတောင်းခံဘက်၊ တရွာနက်သို့' ဟူ၍ ၎င်း၊ ထိုဆရာတော်၏ သုဝဏ္ဏသျှာမ်သစ္စာခန်းပျို့တွင် 'ခွေခွေညိုးစွာ၊ ဝိုခြင်းထကား၊ သခ်ျာသုံးထောင်၊ တာပြည့်ဆောင်လျက်' ဟူ၍၎င်း၊ 'ရင်ခွင်ပိုက်ထား၊ မွေးသည့်သားကို၊ နှစ်ပါးတူညီ၊ လွှမ်းဟန်ချီလျက်၊ ဤကား ညဉီးဝိုချင်းတည်း' ဟူ၍၎င်း တွေ့ရှိရ၏။ ထိုကြောင့် ဝိုချင်းဟူသောဝေါဟာရသည် အင်းဝခေတ် မြန်မာသက္ကရာဇ် ၉၀၀ ခန့်လောက်ကပင် ပေါ်ပေါက်ခဲ့ပြီဟု ယူဆရန်အကြောင်းရှိ၏။ ထို အင်းဝခေတ်ပေါ် ဝိုချင်းများသည် ကုန်းဘောင်ခေတ် နောက်ပိုင်းနှင့် ယခုခေတ်ပေါ် ဝိုချင်းများနှင့် သိကဲ့ပုံချင်း တူချင်မှတူမည်ဖြစ်သော်လည်း နှလုံးမသာမယာ စိတ်ပူပန်တမ်းတမှုကို ဖွဲ့နွဲ့သောအဖွဲ့အနွဲ့ များပင်ဖြစ်၍ အခြေခံသဘောချင်းမှာကား တူညီကြပေလိမ့်မည်ဟု ယူမှတ်ဖွယ်ရှိ၏။

အင်းဝခေတ်၌ ဝိုချင်းကို မည်ကဲ့သို့ဖွဲ့နွဲ့သည်ဟု ပြဆိုရန် သာဓကမရှိချေ။ ထိုကြောင့် ထိုခေတ်ရှိဝိုချင်းအဖွဲ့အနွဲ့မှာ မည်သို့ရှိလေမည်ဟု ဖော်ပြရန်ခက်သည်။ သို့သော် စာပေအနုပညာသဘော၌ စကားပြေမှ လက်ာ၊ လက်ာမှ ဂီတဟူ၍ တဆင့်ထက်တဆင့် တိုးတက်ပြောင်းလဲလေ့ရှိသည့်သဘောကို ထောက်ချင့်၍ လူတို့၏ ပရိဒေဝတောက်လောင်မှုကို သရုပ်ဖော်ကာ ကရုဏာရသကိုဖြစ်စေသော စကားပြေအနှုန်းအဖွဲ့မှသည် လက်ာအဖွဲ့အနွဲ့၊ ဂီတအဖွဲ့အနွဲ့တို့သို့ အဆင့်ဆင့်တိုးတက်ကူးပြောင်းသည်ဟုဆိုလျင် ယုတ္တိတန်ရာသည်။ ဤသို့ တိုးတက်ပြောင်းလဲတတ်သော သဘောနှင့် ယှဉ်၍ကြည့်လျင်၊ မြန်မာသက္ကရာဇ် ၁၁၁၃ ခု ဟံသာဝတီရောက်မင်းတရားကြီး ဆိုသော အင်းဝမြို့ဖွဲ့ တမ်းချင်းသည် နှောင်းခေတ်၌ ခေတ်စားလာသော ဝိုချင်းတို့နှင့် သဘောသဏ္ဌာန်ချင်း ဆက်စပ်နေသည်ဟု ယူဆရန်ရှိလေသည်။ ယင်းတမ်းချင်းမှာ 'လုင်္ဂတိပလုင်္ဂတိတိလောကော၊ သဘောနိယံ၊ လောကဓံနှင့်၊ ဆက်ဆံကြုံကြိုက်၊ ကိန်းခန်းလိုက်ဖြင့်၊ ရစ်ပိုက်မြစဲဆုံ၊ ရွှေဘုံအဝ၊ ပူရိန္ဒကား၊ နရသနှင်း၊ မင်းလည်းရှင်းကွာ၊ ပြည်ရွာပျက်စီး၊ တောကြီးဟူလောက်၊ မျက်မှောက်ကကံ၁၊ သာသနာလည်း၊ ရောင်ဝါမလင်း၊ သို့ဖြစ်ခြင်းကို၊ မြော်တင်းစေ့စေ့၊ ကြံအောက်မေ့သော်၊ ပျော်းခွေညှတ်ခွေ၊ လွှမ်းတာဝေခဲ့' ဟူ၍ဖွဲ့နွဲ့လေ့ရှိ၊ ရတုကဗျာဆန်လှပေသည်။ တနည်းအားဖြင့်ဆိုသော်၊ ရတုဖြင့် တမ်းချင်းကိုဆိုသည်ဟုမှတ်ယူရမည်ဖြစ်၏။ (တမ်းချင်း — ရှု။)

ဤတွင်နန်းတွင်းပြဇာတ်တို့၏ဝိုချင်းဖွဲ့နွဲ့ပုံတို့ကို လေ့လာနိုင်ရန် ဖော်ပြလိုသည်။ ၁၁၂၉ ခုနှစ်လောက်တွင် ပေါ်ပေါက်သော အိနောင်နန်းတွင်းဇာတ်တော်ကြီး၌ မင်းသမီးသည် 'မယ်တော်အရင်း၊ နှစ်ပါးမင်းတို့၊ မယ့်ဝင်းကတိ၊ သစ္စာရှိလည်း၊ မထိမပါး၊ စရကားနှင့်၊ လားလားဝေးလံ၊ စိတ်အကြံမျှ၊ မဆံလွန်မိမှန်ပါသည်။ မောင်ကြီးဘုရား၊ သူတပါးသာ၊ မှန်းထားရင်းသူ၊ ဖြစ်သည်မူလို့၊ ကြည်ဖြူညွတ်ခ၊ ဦးဆံသလို့၊ သက်မျှမတူ၊ ချစ်ပန်းယူ၊ ကြည်ဖြူကျွန်မမှန်ပါသည်။ သည်သစ္စာအား၊ နတ်အမျှားတို့၊ သနားချစ်ခင်၊ မစေချင်၍၊ ရန်စင်ဘေးခွာ၊ ဖြစ်ပါစေသား၊ ရှင်နတ်မျှားတို့' ဟုဆို၍ ဝိုသည်ဟုပါရှိသည်။ ၁၁၈၀ ပြည့်နှစ်တဝိုက်လောက်တွင် ခေတ်စားသော နန်းတွင်းထုမပြဇာတ်၌ မန္ဒောဓရီဝိုချင်းဟူ၍ ပါရှိသည်။ ယင်းဝိုချင်းမှာ၊

'အိုအိုအရှင်၊ ထိပ်ခေါင်တင်လေ၊ လက်ာပူရ၊ ပြည်ဌာနမှာ၊ တေဇကျော်ဟိုး၊ ဘီလူးမျိုးတွင်၊ တန်ခိုးထွန်းသစ်၊ မင်းတဖြစ်လို့၊ ဝန်းရစ်တင့်တယ်၊ ရွှေနန်းလယ်၌၊ မယ်နှင့်တကွ၊ စံပယ်ကြသော်' ဟူ၍အစချီပြီးလျှင် 'မင်းရာဝဏ၊ ဒသဂီရိ၊ မည်ယို့တွင်မှန်း၊ မဲ့ထိပ်ပန်းငယ်၊ ညှိုးနွမ်းမသာ၊ သည်တခါမှာ၊ ကြံရာခက်ခဲ့ပြီတကား၊ သေချင်းတူပင်၊ မဲ့သခင်နှင့်၊ လျင်လျင်သေတည့်အောင်၊ မယ်တကောင်ကို တယောင်ယောင် မချန်ထားပါနှင့်၊ သျှင်နတ်မျှားလေး' ဟုအဆုံးသတ်၏။ ဤဝိုချင်းမှာလည်း တမ်းချင်းကဲ့သို့ပင်ရတုဆန်ပေသည်။

နန်းတွင်းပြဇာတ်တို့တွင် ဝိုချင်းအပြင် လွှမ်းချင်းဟူ၍လည်း ရှိသေးသည်။ လွှမ်းချင်း၏သဘောမှာ လွှမ်းဆွတ်တမ်းတသောသဘော ပါဝင်၏။ လှိုင်ထိပ်ခေါင်တင်ရေးဝိဇယကာရီပြဇာတ်၌၊

'လာမချော့လာနှင့်၊ တန်တော့ဖျရွှေကိုယ်၊ ဘုန်းမိုမိုငယ်၊ မယ်ကလိမောင်မညှာလို့၊ ရှောင်ခွာစိမ်းရက်တယ်လေး။ ။ လှမြတ်စွာငယ်၊ မကြာစေကြောင်း၊ ရွှေစကြာညောင်းမည်လို့၊ သောင်းလုံးမှန်ကူ၊ ရွှေဗျာငြိမ့်နှင့်၊ ဆင်မိန့်တော်မူခဲ့၊ ဒါရှုလုံး ကေဆံငယ်၊ တပြည့်စံ နှစ်ပြည့်မွေလို့၊ သူမေ့တယ်လေး။ ။' ဟူ၍ပါရှိသည်။

ဦးကြင်ဉ၊ ဦးပုညတို့၏ပြဇာတ်တို့တွင် ဝိုချင်းဟု သီးခြားမတွေ့ရစေကာမူ၊ လွှမ်းချင်းကိုမူ တွေ့ရပေသည်။ လွှမ်းချင်းမှာ ဝိုချင်း၏ရှေပြေးဟု ကြံဆနိုင်ရာသည်။ သို့ရာတွင် လွှမ်းချင်းကို အလွှမ်းအတွက်ဖွဲ့နွဲ့ရာ၌သာမဟုတ်ဘဲ၊ ဟာသ

ရသ ပေါ်လွင်စေရန် ဖွဲ့နွဲ့သည်လည်း ရှိသေး သည်။ ပုံစံအားဖြင့် 'စည်းစိမ်ကြီးပါဘိ၊ ရုပ်သီးတောင်ကိုင်၊ နှစ်ယောက်ကယ်ထိုင်၊' ဟုအစချီ၍ 'အဆီရယ်ဖိမ်း၊ မိုန်းတဲ့ချည်နှင့်၊ မကြည်သန်းဝေ၊ ထယ်မင်းပုံ နေလိုက်တယ်၊ နွားရေပြန်အပေါ်မှာ၊ ခေါင်းကတော် ကိုယ်တိုင်နှိပ်ခါမှ၊ သူအိပ်တယ်လေး။' ဟု အဆုံးသတ်သော လွှမ်းချင်းသည် အလွှမ်းထက် အသောဖက်ကိုယိုင်လေသည်။ (လွှမ်းချင်း—ရှ။)

မင်းတုန်းမင်းလက်ထက် ပြင်စည်မင်းသား ကံတော်ကုန်ထုတင် စာဆိုတော်မခေးဆိုသော 'သုံးဆယ်ကပေါ်၊ နှစ်နှစ်ကယ်ကျော်သည်၊ မယ်တော်လည်ဆဲး၊ မသဲ့ငဲ့တန်ဆောင်၊ မောင်မောင်ယဲ့နောင်ကြီး၊ အမိကြီးငဲ့သက်နှံ၊ ငါးထပ်ကယ်လည်ပေါ်၊ အိမ်ဖြူပျော်တယ်၊ ဘွားတော်နဲ့နောင်း၊ မြင်မညောင်းတဲ့ ပေါင်းပြမှန်၊ လှကားငါးဆူ၊ အိမ်ဖြူကျယ်ဝင်း၊ ပြတင်းရွှေချ၊ ကြီးတေဇနှင့်၊ ကျန်တော်မငယ်တို့သခင်၊ ဘွားတော်ရှင်လဲး၊ ဝမ်းတွင်ကြည်ဖြူ၊ ရွှေကသိုဏ်းသို့၊ နေ့တိုင်းပြု၍၊ ရှုတော် မူသည်။ သဲးအူရွှေပွင့်၊ ဘောင်းဝတ်ကငယ်ဖြူ၊ ရွှေခြ။သာသာ၊ ရွှေကြိုးကြာကို၊ လျှင်စွာကလိုမကြွသင့်' ဟူသော ဝိုချင်းရှည်သည် ထိုခေတ်ကဝိုချင်းရှည် ဖွဲ့နွဲ့ပုံကို ပြဆိုပေသည်။

ထိုပြင်လည်း၊ မင်းတုန်းမင်းလက်ထက်၊ စလင်းမြို ဦးမြတ်သာထွန်းရေးသော 'ဟေမဝန်ဘော့၊ သလွန်မြေ၊ လက်ရွေအုံးထောက်၊ စက်ပါသော် ပျော်နိုင်ဘူး၊ မူးနောက်နောက်နှင့်၊ ခင်ပွန်းပျောက် ပင်နန်းရှင်မှာ' ဟူသောရှာပုံတော်ကြီးသည်ၵင်း၊ တောင်တွင်းကြီး ဦးကြော့ရေးသော 'စုံနှံသာမြို၊ ရကုံတွင်း၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ဟေမ၊ နွေအစ၊ ရွှေများကလျှာ၊ ဟိုခင်ကိုလျှောက်ပါလို့၊ လင်ပျောက်ကိုရှာခဲ့၊ ဂနွမာဋ္ဌ၊ မြေသလင်း၊ နေမင်းကပူသနှင့်၊ နန်းသူဒေဝီ၊ တွေ့နိုင်ဘဲဟာမို့၊ လဲလှူပြီ' ဟူသော ရှာပုံတော်ကြီး သည်ၵင်း ဝိုချင်းသဘောတွင် အပါအဝင်ဖြစ်သည်။ (ကြော့၊ ဦး—လည်းရှ။) ၁၂၃၀ ခုနှစ်တွင် ဝိုချင်းရှည်ကို ဆတိုင်မှတ်ဦးကူးသည် ပဋ္ဌာစာရီပြဇာတ်၌၊

'ဘယ့်နှယ်ကြဲရပါမတုံး မောင်ကြီးငယ်၊ အကြဲမပေး၊ မောင်မှာငေးလို့၊ သားကလေး သည်နှစ်ကောင်နှင့်၊ စိုးပူလောင်ဒုက္ခများအောင်၊ မိပဋ္ဌာ သည်မယားကိုဖြင့်၊ တင်စားမိပေါ့ဟဲ့လို့၊ တကတဲးကြိမ်းဝါးပြီးလျှင်၊ လူစိမ်းကားကြီး ကိုယ်ပြုလိုက်ထာပလေ' ဟူ၍သီကုန်းရေးသားထားခဲ့သည် ကိုတွေ့ရှိရသည်။

ဇာတ်သဘင်အသုံးအနှုန်းတွင် လွှမ်းခန်းဦ၌ဝိုကြရာဝယ် 'စာမူဝို' ဟူ၍ၵင်း၊ 'ပြောဝို' ဟူ၍ၵင်း၊ 'ဆိုဝို' ဟူ၍ၵင်း ရှိကြသည်။ စာမူဝိုမှာ ရှေးပြဇာတ်ပါ စာစကားများကို ရိုးရိုးရွှတ်ဖတ်၍ ဝိုခြင်းဖြစ်၏။ ပြောဝိုမှာ ဝိုချင်း၏အဆုံးတွင် 'လေး' ဟူသောအသံနှင့်ချရသော ရှေးပြဇာတ်သုံး ဝိုချင်းမျိုးဖြစ်၏။ ယင်းတို့ကိုသီဆိုရာ၌ စည်းဝါးမပါချေ။ ဆိုဝိုဟူရာ၌ ဝိုချင်းရှည်နှင့် ဝိုချင်းတို့တို့ ပါဝင်သည်။ နှစ်မျိုးစလုံးကို စည်းနှင့်ဝါးနှင့် ဆိုရသည်။ ဝိုချင်းရှည်မှာ ရှာပုံတော်ကြီးများ၏အလိုက် ဖြစ်သည်။ ဝိုချင်းတို့မှာ ယခုကာလပေါ် ဇာတ်ပွဲ၌ ဝိုချင်းချသော သီချင်းများဖြစ်သည်။ ဝိုချင်းအဖွဲ့အနွဲ့အမျိုးမျိုးတို့ကို ဇာတ်သဘင်တို့၌ၵင်း၊ ဘုန်းကြီးပျံယောဉ်ကျူးထာ၌ၵင်း၊ နတ်သံနှောလျှက် ပြောဝိုထာ၌ၵင်း သက်ဆိုင်ရာတို့တွင် အသုံးပြုကြ၏။

တနည်းအားဖြင့် ဇာတ်သဘင်တွင် ဝိုပုံဝိုနည်းသုံးမျိုးရှိသည်ဟု အသိအမှတ်ပြုကြသေးသည်။ ဤသုံးမျိုးမှာ (က) ပြောဝို (ခ) အသော့ဝို (ဂ) အကြော့ဝိုတို့ဖြစ်ကြသည်။ ဤအချက်ကိုထင်ရှားအောင် ဦးအုန်းမြင့် (တို့ရှမ်းပြည်) သည် ဥစ္စာစောင့်မစော မြိုင်ပြဇာတ်မှအောက်ပါအတိုင်း ကောက်နုတ်ဖော်ပြထားသည်ကိုတွေ့ရသည်။

မစော်မြိုင် တံခါးအထွက်၌ ခလုတ်တိုက်လဲလေရကား၊ 'အမယ်မင်းဒိဋ္ဌဒိဋ္ဌ၊ နိမိတ်ပြရော့ထင့်၊ ထိတ်စရဖြစ်နဲ့၊ခလုတ်တိုက်လို့မို့၊ ကျုပ်ငိုက်ဆိုက်လဲရဓလ။ ထူတဲ့သူတဖေကွာ၊ ကိုစိန်ခိုင်ရော၊ သေမရဏာလားရတော့မယ်ထင်ပါလား' ဟူသောအပူတိုက်ပြောဝိုဖြင့် ဝိုချင်းချလေသည်။

ထိုနောက်တဖန် ဒေးချိုးဖြင့် 'မလှပ်နိုင်တယ်လေ၊ ခလုတ်စိုင်ဝင်အတိုက်တွင်မှ၊ ဘွင်ခိုက်အောင် မေမြိုင်နာရချေပါ၊ အိုအဖေရဲ၊ ခွေယိုင်ကာလဲ။ ။နိမိတ်ဆိုးရော့ထင့်၊ ထိတ်စိုးအောင်ကြုံတဲ့အရေးရယ်က၊ အဖေရယ် တွေးတတ်နိုင်ဘဲ' ဟူသောအသော့ဝိုဖြင့် ဝိုလိုက်ပြန်လေသည်။

ဝိုချင်းဆိုင်းအဆုံးတွင် အိပ်မက်ရာမက် မကောင်းပုံ မျက်ခုံးလက်ရုံးလှုပ်ပုံ၊ ခလုတ်မတိုက်သင့်ဘဲတိုက်ရပုံတို့ကို စကားဖန်ထိုးပြီးနောက် လေးချိုးကဗျာဖြင့် 'စိတ်မလုံ ထိတ်ရုံမကအောင်လို့၊ နိမိတ်ပုံ ဟိတ်စုံပြလေခြင်း၊ အဖေရယ်၊ တိတ်ဆို့အရရယ်က ဆိုးလှတယ်။ ။ပွားရတက်ရယ်နှင့်၊ တံခါးအထွက်တွင်ဖြင့်၊ အားပျက်ကာ ခြေမခိုင်သမို့၊ ခွေယိုင်ကာ မေမြိုင်လဲရတယ်၊ သဲကြွေလုဖွယ်။ ။ဆုတ်ပြန်စေ ဒေဝါဆိုးရေးသလား၊ ခလုတ်ဒဏ် ဝေဒနာကဖြင့်ကြီးလေပေါ့၊ တပြတ်ရွာခရီးဆီက ကြင်သူအစ်ကိုရယ်၊ ခင်ဖြူအပျိုမယ်ကိုတဲ့မမြင်လှအား။ ။ခေမဲ့ငယ်ကံ၊ သေကဲ့ရယ်ကြမ္မာဖန်လိမ့်မထင့်၊ တရွာစံ မောင်နှင့်ဝေးစဉ်ဖြင့်၊ ထားမယ်မှာ အားငယ်လို့ဆွေးရတယ်၊ မောင်ရေ ပြေးမြင်လှဲ့လား' ဟူသော အကြော့ဝိုဖြင့် ဝိုလိုက်ပြန်လေသည်။

အသော့ဝိုမှာရုတ်တရက်တွေ့ကြုံရသော သောကပရိဒေဝကို ဖော်ပြပေသည်။ အကြော့ဝိုမှာ တဒွေ့ဒွေ့ တမြွေမြွေခံစားနေရသော သောကပရိဒေဝကို ဖော်ပြသည်။ အသော့ဝိုကို ဒွေးချိုးဖြင့်ရေး၍ အကြော့ဝိုကို လေးချိုးဖြင့် ရေးကြလေသည်။

ကဗျာမွှဲထုံးဌ်ဒ်တော့ရသော နှစ်ဆစ်ချိုး၊ သုံးဆစ်ချိုး၊ လေးဆစ်ချိုးဟူသောအပွဲ့အနဲ့ တို့ကို ဝိုချင်းစပ်ဆိုထုဌ်ဒ် အသုံးပြုကြသည်။ ယင်းကိုပုံစံပြရလျှင် အောက်ပါအတိုင်းဖြစ်၏။

နှစ်ဆစ်ချိုး

လမ်းမကြုံ၊ ပန်းတဲ့ စပယ်ဉကိုလ၊ မရှာချင်ဘူး။
မှာရက်ကယ်လွန်၊ ဝါချက်ကိုသည်မယ်ရွှဲ့လို့၊ စံစလွန်
ကြာညောင်ရိပ်မှာလ၊ (မောင်ကြီးရေ) လွှမ်းစိတ်နှင့်
ကူး။ (ပြည်မြို့မောင်ဘိုးညွန့်ရေး)

သုံးဆစ်ချိုး

သားရွှေစဉ် လူကလေးတို့နှင့်၊ အမေလေးပါ မောင့်
ဖခင်၊ တိုင်းပြည်ကနှင်။
မဆင်ခြင်၊ဗေဒင်ထွက်စကား။
ပုဏ္ဏား ဆရာ ဆိုနှင့်၊ ဦးညိုကို ဗေဒင်ဆေး တယ်ရှင်၊
(အမယ်မင်း) မေးချက်ကခြား။ (မုံရွာမြို့ဆရာခရေး)

လေးဆစ်ချိုး

လူ့အဖြစ်အတွင်မှ၊ ခုအသစ်ကြုံလှာပြန်။
ဟိုမစဲ၊ မြို့စွဲးလောင်စာနှင့်၊ သန်ဘက်ခါတိုင်တိုင်လဲလို့၊
ဖိန်းနဲ့ခါမြန်မြန်ဆင့်စေတော့၊အေးခွင့်မဖန်။
ဟိုရွေးခါနွေလပြောင်းလျှင်လ၊ ပြေကောင်းတဲ့ပြေသင့်
တန်၊ကြံဖန်လို့ပူစိတ်စဲ့။
မေ့ကွက်ကိုရှာ၊ နွေရက်ကြာသာ ကြာတော့၊ မင်္ဂလာ
ပုသိမ်ထည်နှင့်၊ မောင့်မျက်ရည် ကြည်ကြည်စိုကို၊ ဖုန်း
တို့မစဲး။ (ဆရာကြော့သမီးရေး)

ထိုကဲ့သို့ရိုးသော အပွဲ့အနဲ့ များအပြင်၊ ဆန်းပြားစွာပွဲ့နဲ့ သည့် ပဒေသာထပ်တူန့်ဝိုချင်းများလည်း ရှိသေးသည်။ ဆတိုင်မှတ်ဦးကူးသည် ယင်းထပ်တူန့်ဝိုချင်းများကို ရေးသားစပ်ဆိုခဲ့ဘူးသည်။ အပွဲ့အနဲ့ ၏သဘောမှာ 'ဆန်းပွေ့ပုံထူးစွာနပ်ပါဘိ၊ မန်း ရွှေကုန် နှစ်ဦး နဂရာ ရပ်မှာဖြင့်၊ ထူးကဗျာစပ်ပါလို့ ထင်ပေါ်ပေ၊ (အမယ်လေး) လူးလာခပ်ပါတဲ့ စင်မော်တွေ' ဟူ၍ဖြစ်လေသည်။ ၁၂၇၀ ပြည့်နှစ်တဝိုက်တွင် မစွတာမောင်မှိုဖ်းအမည်ခံ ဆရာလွန်းသည် ပြဇာတ်များကိုရေးသားသော အခါ ထပ်တူန့်ဝိုချင်းဖွဲ့နဲ့ နည်းတို့ကို အသုံးချလာလေသည်။ ပုံစံအားဖြင့်၊ မစွတာမောင်မှိုင်းမှာတော်ပုံဝတ္ထုဌ် ကိုပေါမျက်ရည်ကျပုံကို 'တမယားသေလျှင် တမယားနေစမြဲပေမဲ့၊ စလျားအခြေ နှစ်ပါးဂဟေမြဲမဲ့ သူရဲ့၊ (အမယ်မင်း) မယားအနေ ရဲရမလားဟဲ့လို့၊ အလကား အမေက မဲမဲပြီး (ခင်အုံရယ်) အဖွားအောကဆဲမှာက တမှုပါ' ဟူ၍ ဆရာလွန်းသည် ဖွဲ့နဲ့ ဆိုခဲ့သည်။ ဆတိုင်မှတ်ဦးကူးခေတ်က ရေးသော ထပ်တူန့်ဝိုချင်းများနှင့်ယှဉ်၍ ကြည့်နိုင်ပေသည်။ ကာရန်ကြွယ်ဝလာလေလေ၊ ယင်းဝိုချင်းတို့မှာ ရှည်လျားလာလေလေ ဖြစ်သည်။ ဆိုကြောင့် နောင်သောအခါတွင် ယင်းထပ်တူန့်ဝိုချင်းတို့ကို ဆရာလွန်း၏ ကဗျာပဒေသဌ် လေးချိုးကြီးဟူ၍ ခေါ်တွင်လာခဲ့ပြန်ရာ၊ ပြဇာတ်နှင့်ဇာတ်သဘင်တို့၏ ဂီတဆန်သောအပွဲ့အနဲ့ တို့သည် ကဗျာဆန်သော အပွဲ့အနဲ့ သို့ ပြန်၍ ရောက်လေသည်။ ယခုအခါ မြန်မာပြဇာတ်နှင့် ဇာတ်သဘင်တို့ဌ်ကား ဝိုချင်းချသည့်ဆိုင်းနှင့်ဖက်၍ သီဆို့မှသာလျှင် ဝိုချင်းစစ်စစ်ဟုမှတ်ယူကြလေသည်။


မြန်မာ့ဇာတ်သဘင်လောကတွင် ထင်ရှားခဲ့သော ဇာတ်ဆရာကြီး ဦးဖိုးစိန်သည် ဝိုချင်းအဆို့ဌ် တမူထူးခြား သူဖြစ်သည်။ (ဖိုးစိန်၊ဦး —ရှု။) များစွာသော မြန်မာဇာတ်သဘင်ပညာသည်တို့သည် ဦးဖိုးစိန်၏ 'လေ' ကို အတုယူကြရသည်။ ဦးဖိုးစိန်၏ဝိုချင်းများမှာ ဇာတ်ပွဲတွင်ပါဝင်သူ အဓိကဇာတ်လိုက်တို့၏ သဘာဝကိုပေါ်လွင်အောင် ဖွဲ့နဲ့ သော သီချင်းများဖြစ်လေရာ မြန်မာပွဲကြည့်ပရိသတ်တို့၏စိတ်တွင် စွဲ၍ကျန်ခဲ့သည်သာ များပေသည်။ ယခုတိုင် ဦးဖိုးစိန်၏ ဝိုချင်းများသည် လူထု၏နှုတ်ဖျားတွင် မပျောက်မပျက်ဘဲရှိနေသေးသည်။ ချင်းကလေးမောင်ဖဝေးပြဇာတ်လာ 'ယာတောလယ်မှာ၊ ငါပြောမယ် ရွှေရွှင်ဘုရင်ရဲ့၊ နှင်ဆင်ခြင်ဦး' ဟူသောဝိုချင်း၊ မင်းကုသဇာတ်လာ 'မာန်ဝင်ကာ အလှကုဏ်ကိုးသူရဲ့၊ အန်ချင်စရာ ငါရုပ်ပုံဒီလောက်တောင်ဆိုးရော့သလား၊ ဘုံကြိုးပြတ်ပါတဲ့ နတ်မိမယ်တောင်၊ ဓာတ်သိလျှင် မယယ်ပါဘု ကျုပ်လူထူး' ဟူသောဝိုချင်း၊ ပဒကုသလဇာတ်လာ 'အကြံခက်လေသနော်၊ သန်လျက်တော်ယူသည့်သူခိုးကိုလ၊ သူ၏အမျိုးကို စကားထုတ်ဖော်လို့ပြောရမှာဖြင့်၊ ဓားကုပ်ပေါ်မှာဝဲ' ဟူသောဝိုချင်း၊ ဆင်ကဲဘို့မယ်ပြဇာတ်လာ 'ဒွေးမယ်နှစ်ဖော် သံဝါညီပါလို့၊ မပြေးသော် ကန်ရာရှိပါ့မလား၊ တန်ပါအမိ မဘို့မယ်' ဟူသောဝိုချင်း၊ သုဇောနန္ဒီဇာတ်လာ 'ဆောင်လယ်ဘုံမှာလေ၊ မောင်မယ်စုံ၊ အတူစက်ရာက၊ ယူရက်ကာ အကြံပေါ်လို့၊ ရန်သူတော်သူနိုး' ဟူသောဝိုချင်းတို့မှာ ယနေ့တိုင် ထင်ပေါ်ဆဲပင်ဖြစ်၏။ ဆင်ကဲဘို့မယ်ဇာတ်၌ ပိဋ္ဌကတ်ဆရာမောင်ရေး၍၊ ဦးဖိုးစိန်သီဆိုသော သီချင်းတပုဒ်ကို ဦးဖိုးစိန်၏ဝိုချင်းများအနက် နမူနာအဖြစ်ဖြင့် အောက်ပါအတိုင်းဖော်ပြလိုက်ရပေသည်။

'ပြေပေါ် မှာ၊ ရွှေကြော်ငြာ ထုတ်သံကြားရတာက၊
ဟုတ်မှန်ပါ့မလားနော်၊ ဘဝင်မှာ ဆို့လှချည့်၊ ခင်ဘို့
မယ်အကြောင်း။ ။သတင်းမလှလိုက်ပုံက၊ အင်းဝစံ
မဟေသီတင်မလို့တဲ့၊ ဒေဝီခင် တော့လျက်နဲ့ဖုံးကြယင်၊
ပြကတော့အသက်ဆုံးခဲ့အောင် ရင်ကိုခွဲမလို့တဲ့၊ ဆင်ကဲမှာ
ဒီလိုသာဖြင့်၊ ခုအခါသူ့ရွာကမှမသွားဝံ့ပါဘု၊ ကရုဏာ
အမှုရှာတဲ့စကားတွေက၊ ကြားရချက်မကောင်း။ ။'

ငန်ပြာရည်။ ။သာမန်အားဖြင့် ငပိမှထွက်သောအရည်သည် ငန်ပြာရည်ဖြစ်သည်။ သို့ရာတွင် ငပိအကြောင်းရပ်တွင်ဖော်ပြခဲ့သော ငပိမျိုးအပြင်၊ ပဲမှလုပ်သော ပဲငပိဟူ၍လည်းရှိသေးရကား၊ ပဲငပိမှရသော ပဲငန်ပြာရည်ဟူ၍လည်းရှိလေသည်။

ငန်ပြာရည်ကို စိမ်းစားငပိ၊ မျင်ငပိ၊ ဒမင်းငပိတို့မှရသည်။ ထိုငပိအမျိုးအစားကိုလိုက်၍၊ စိမ်းစားငန်ပြာရည်၊ မျင်ငန်ပြာရည်၊ ဒမင်းငန်ပြာရည်ဟူ၍ အမျိုးမျိုးရှိသည်။ ငပိကောင်လုပ်ရာမှလည်း ငန်ပြာရည်ရနိုင်သေးသည်။ (ငပိ—၌။) ငပိသိပ်သောစည့်၏ ကြမ်းပြင်မှာ အိမ်ခေါင်မိုးကိုပြောင်းပြန်ထားသကဲ့သို့ ဆင်ခြေလျှောဖြစ်သည်။ ထိုဆင်ခြေလျှော ကြမ်းပြင်၏အလယ်တွင် ရေတန်လျှောက်ကိုခံထားရသည်။ ထိုရေတန်လျှောက်မှ ငန်ပြာရည်စီးဆင်းလာသည်။ အချို့ဒေသ၌ငပိကို ရာဝင်အိုးများနှင့်သိပ်ရသည်။ ငပိမှာလေးသောပစ္စည်းဖြစ်၍၊ အိုးထဲတွင်တဖြည်းဖြည်းထိုင်သွားသည်။ ထိုအခါ၌ ငန်ပြာရည်သည် စိမ့်၍အပေါ်သို့တက်လာသည်။ ဤသို့တက်လာသောငန်ပြာရည်ကိုအိုးသွတ်ငန်ပြာရည်ဟုခေါ်သည်။

ငပိမှရသောငန်ပြာရည်ကို မြန်မာလူမျိုးတိုင်းလိုပင်ကြိုက်နှစ်သက်ကြသည်။ ထိုငန်ပြာရည်၏ အနှံမှာအနည်းငယ်ပြင်း၏။ အရသာမှာချို၍ငန်၏။ ထိုကြောင့် ငါးငန်ပြာရည်ကို ဟင်းချက်ပြုတ်ရာတွင်သုံးလျှင် ဟင်း၏အရသာပို၍ကောင်းလာပေသည်။ ဟင်းချက်ပြုတ်ရာတွင် ငါးငန်ပြာရည်ကို အစိမ်းလိုက်ခတ်၍အသုံးပြုကြ၏။ တခါတရံငပိရည်အစား ကျိုပြီးသားငန်ပြာရည်ကို ငရုတ်သီးမှုန့်ဖျော်၍ တို့စရာနှင့်စားတတ်ကြ၏။



ငပိဂုံဒေါင်တွင် စုပုံထားသောငပိမှ မြောင်းငယ်များတလျှောက် စီးဆင်းလာသောငန်ပြာရည်ကို ကန်ထဲ၌ ဤသို့စုသိမ်းထားရသည်။

ပဲငန်ပြာရည်ကို တရုပ်လူမျိုးတို့သည် ဟင်းချက်ပြုတ်ရာ၌အသုံးများကြသည်။ မြန်မာတို့လည်း စားသုံးကြသည်။ အထူးအားဖြင့် သက်သတ်လွတ်ဟင်းများ၌ ငါးငန်ပြာရည်အစား ပဲငန်ပြာရည်ကို သုံးကြသည်။ ပဲငန်ပြာရည်ကိုမူ ပဲဗီစပ်မှ အောက်ပါအတိုင်းလုပ်ယူကြသည်။

ပဌမတွင်ပဲဗီစပ်ကို နူးနပ်အောင်ပြုတ်ရသည်။ ကောင်းစွာနူးနပ်သောအခါ ပဲများကိုအိမ်တွင်း၌ ရက်ပေါင်းအနည်းငယ်ကြာမျှ ဖြန့်ထားရ၏။ ဤသို့ဖြန့်ထားစဉ် ပဲများပေါ်တွင် မှိုများတက်လာသည်။ မှိုတက်လာသောအခါ ပဲများကိုနေထုတ်လှန်းပေးရသည်။ ကောင်းမွန်စွာခြောက်သွေ့သောအခါမှ ပဲများကိုအသင့် ကျိုထားသော ထန်းလျက်သို့မဟုတ်ကြံသကာရည်ထဲတွင် ဆားတော်သင့်ရုံထည့်၍စိမ်ပေးရသည်။ရက်အတန်ကြာကြာထားသောအခါ ပဲငန်ပြာရည်ဖြစ်လာသည်။ စိမ်ထားသောပဲများသည် ပဲငပိဖြစ်၏။

ပဲငန်ပြာရည်သည် ထန်းလျက် သို့မဟုတ် ကြံသကာရည်၏အပျစ်အကဲကိုလိုက်၍အရည်ပျစ်အရည်ကဲ့ဟူ၍နှစ်မျိုးနှစ်စားရှိသည်။ ပဲငပြာရည်၏အနှံမှာ ငါးငန်ပြာရည်ကဲ့သို့ မပြင်းဘဲခပ်သင်းသင်းနေ၏။ အရသာမှာ ချိုသည်။ ပဲငန်ပြာရည်သည် ဟင်း၏အရသာကို ထူးခြားစေသည့်ပြင် အရောင်ကိုလည်း ကောင်းစေ၏။ မြန်မာတို့သည် ဟင်းချက်ပြုတ်ရာတွင် ငါးငန်ပြာရည်ကို အသုံးများကြသကဲ့သို့ တရုပ်တို့သည်လည်း ပဲငန်ပြာရည်ကို အသုံးများကြသည်။

ငန်း။ ။ငန်းသည် ဝမ်းဘဲ၊ စကွာက် စသည်တို့နှင့် အတူ ‘အင်ဆာရီဖုမ်’ မျိုးစဉ်တွင် ပါဝင်သည်။ ငန်း ဂ မျိုးခန့်ရှိသည်။ အားလုံးမှာ ငှက်ကြီးများ ဖြစ်ကြ၏။ ငန်းတို့တွင် တင့်တယ်ရှည်လျားသော လည်ပင်း ရှိသည်။ များသော



ရေအိုင်စပ်တွင်ကစားမြူးထူးနေကြသောငန်းများ

အားဖြင့် ငန်းတို့၏အမွေး အတောင်မှာ ဆွတ်ဆွတ်ဖြူ၍ နေသည်။ ဦးခေါင်းတွင် အနက်ရောင်လည်းရှိ၏။ ဩစတြေးလီးယားတိုက်တွင် ငန်းအနက်များကို တွေ့ရ၏။ ကမ္ဘာပေါ်တွင် ဩစတြေးလီးယားတိုက်တတိုက်ထဲတွင်သာ ထူးထူးခြားခြား ငန်းနက်များကိုတွေ့ရသည်။ ထို့ကြောင့် ဩစတြေးလီးယားတိုက် အနောက်ဖက်ပိုင်းတွင် တံဆိပ်တော်ခေါင်းများ၌ ငန်းနက်ပုံကို ထည့်သွင်းဖော်ပြထားကြလေသည်။

ငန်းတို့၏အသံသည် ကျယ်လောင်၍ တံပိုး မှုတ်သံနှင့်ခပ်ဆင်ဆင်တူ၏။ ငန်းသည် တခါအုလျှင် ၆ လုံးခန့် အုလေ့ရှိ၏။ အသိုက်မှာ ညစ်ပတ်ပေရေနေသောကျူပင်၊ ရေညှိပင်စသည်တို့ဖြင့် လှုပ်ထွေးလျက်ရှိသည်။ ငန်းမသည်ဥများအုနေစဉ် ငန်းဖိုသည် ဥများကိုကာကွယ်စောင့်ရှောက်ပေးသည်။ ဥများအနားသို့ ခွေးကပ်လာလျှင် မည်သူ့ကိုမှမရှောင် ခုခံရန်ပြုတတ်သည်။ ငန်းသည် အများအားဖြင့် သစ်ဥ သစ်ဖုကိုသာ စားတတ်၏။ သို့သော်လည်း တခါတရံ အခြားပိုးမွှားတိရစ္ဆာန်ငယ်ကလေးများနှင့် ပက်ကျိတို့ကိုလည်း စားတတ်သည်။ ဥရောပတိုက်တွင်တွေ့ရသောငန်းမျိုးမှာ 'ဆစ်ဂနပ်ဟိုလာ' ခေါ် ငန်းအမျိုးဖြစ်သည်။ ငန်းအဟုခေါ်ခြင်းမှာ အသံမပြုတတ်သော ကြောင့်ဖြစ်၏။ ရှိသမျှငန်းအပေါင်းတွင် ဤငန်းအမျိုးမှာ လူသိအများဆုံးဖြစ်၏။ အရပ်မှာ ၅ ပေအထိရှည်၍ ကိုယ်အလေးချိန်မှာ ပေါင် ၃၀ ခန့်ရှိသည်။

ငန်းဆေး။။ ။သံယုတ်ပါဋိတော်၊ အင်္ဂုတ္တိရ်ပါဋိတော်များတွင် မြတ်စွာဘုရား ဟောကြားတော်မူသော နာခြင်းအကြောင်း ရှစ်ပါးရှိသည်။ ထိုရှစ်ပါးကား (၁) လေဓာတ်ပျက်၍ နာခြင်း၊ (၂) သည်းခြေပျက်၍ နာခြင်း၊ (၃) သလိပ်ပျက်၍နာခြင်း၊ (၄) သလိပ်၊ သည်းခြေ၊ လေ၊ ၃ ပါး စုံပျက်သန့်ပါတ်ဆိုက်၍နာခြင်း၊ (၅) ဥတုဖောက်ပြန်ပြောင်းလဲ၍ ဖြစ်သော နာခြင်း၊ (၆) မိမိကိုယ်ကို မသင့်မတင့်အောင် ဆောင်ရွက်သဖြင့်နာခြင်း၊ (၇) မိမိလုံ့လ၊ သူတပါးလုံ့လနှင့် နာအောင်၊ သေအောင် တမင်အားထုတ်မှုကြောင့်နာခြင်း၊ (၈) ဥပဒ္ဓေဒကံ အတင်းနှိပ်စက်၍နာခြင်းဟူသတည်း။ ထိုနာခြင်းရှစ်မျိုးတို့ကို မြန်မာ့လက်သုံးဆေးဖြစ်သော ငန်းဆေးဖြင့်ထိုက်သလိုပျောက်ကင်းအောင် ကုမ နိုင်သည်ဟုဆိုသည်။ အနာရောဂါကိုလိုက်၍ငန်းဆေးမှာအမျိုးမျိုးရှိ၏။ ငန်းဆေးတမျိုးစီတွင် အနာရောဂါ၏ လက္ခဏာကိုကြည့်၍ တိုက်ကျွေးရန် ဆေးညွှန်းများလည်း ရှိကြသည်။ ငန်းဆေးသည် အထူးသဖြင့် သန့်ပါတ်ဆိုက်၍ နာသောရောဂါများတွင် ပို၍အစွမ်းထက်သည်။

ထိုသန့်ပါတ်ဆိုက်၍နာသောရောဂါကို ငန်းရောဂါဟုခေါ်သည်။ ဓာတုဝိဘာဂကျမ်းတွင် ပြတက် ၃ ပါး၊ ဒွေးဝမ်း ၃ ပါး၊ သန့်ပါတ် ၁ ပါး၊ ပေါင်း ၇ ပါးသောရောဂါတို့သည် မြန်စွာတိုးတက်လျက် မြေနဂါး အဆိပ်တက်သကဲ့သို့ ပြင်းထန်စွာဖြစ်လာခြင်းကြောင့် ငန်းနာဟူ၍ခေါ်ဆိုထုသည်ဟု ဆိုထားလေသည်။ ထိုရောဂါစုံကပ်သောလူနာ၏ မျက်စိ၊ မျက်နှာ၊ လျှာ၊ လက်ဝါး၊ ဖဝါး၊ ကိုယ်ရေကိုယ်သားတို့မှာလည်း စိမ်း၊ နီ၊ ညို၊ ဝါ၊ နက်ပြာ၊ ပြောက်ကျား၊ အဆင်းအထွေထွေ ပြားလျက်၊ ငန်းမြွေတို့၏ အမျိုးအစားများသကဲ့သို့ရှိခြင်းကြောင့် ငန်းဖျား။ ငန်းနာ၊ ငန်းရောဂါခေါ်သည်ဟု အချို့ဆရာတို့ကဆို၏။ ထိုငန်းဖျား၊ ငန်းနာ ရောဂါတွင် (၁) လေနှင့်ယှဉ်သော ငန်းရောဂါ၊ (၂) သလိပ်နှင့်ယှဉ်သော ငန်းရောဂါ၊ (၃) သည်းခြေနှင့်ယှဉ်သော ငန်းရောဂါ

ဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးတွင်လေချည်းသက်သက်၊ သလိပ်ချည်းသက်သက်၊ သည်းခြေချည်းသက်သက် တမျိုးတည်းယှဉ်၍ ဖြစ်လျှင် ပြတက်၊ လေနှင့်သလိပ်၊ သလိပ်နှင့်သည်းခြေ၊ သည်းခြေနှင့်လေဟူ၍နှစ်မျိုးယှဉ်၍ဖြစ်လျှင်ဒေါးဝမ်း၊ လေ၊ သလိပ်၊ သည်းခြေ သုံးပါးစုံယှဉ်၍ဖြစ်လျှင်သန္ဓိပါတ်ဟူ၍ခေါ်ကြောင်း အဆိုရှိ၏။ ဓာန္ဓန္ဒြိကျမ်းရင်းကြီးအလိုအားဖြင့် ၂၁ ပါးသော ငန်းထောဂါတို့ ရှိကြကုန်၏။ ယင်းတို့ကား (၁) ငန်းတွန် (၂) ငန်းလိမ် (၃) ငန်းသက် (၄) ငန်းနွှတ်ထောက် (၅) လေငန်း (၆) နားအူငန်း (၇) အတုန်ငန်း (၈) ဆုံဆိုငန်း (ဤငန်းကား သလိပ်နှင့် လေ နှစ်ဌာနဌ်ဖြစ်၏။) (၉) ကိုယ်လက်လေးလံသောငန်း (၁၀) အကြောအခြင်တွန့်သောငန်း (၁၁) ငန်းပြွဲ (၁၂) ငန်းမွဲ (၁၃) ငန်းဝါ (၁၄) ငန်းမောင်း (၁၅) ငန်းနီ (၁၆) ငန်းသပြေထောင် (၁၇) ချိန်းညို (၁၈) ငန်းနက် (၁၉)ငန်းပြောက် (၂၀) ငန်းကွက် (၂၁) ငန်းဆန်ကဲ့တို့ဖြစ်သည်။

ငန်းထောဂါဖြစ်သော် သမားတို့ဆေးပေး၍ ချမ်းသာမည်၊ မချမ်းသာမည်ကို သိရန် ကြံဉာဏ်ရမည့် လက္ခဏာခြောက်ပါးရှိ၏။ ထိုလက္ခဏာခြောက်ပါးနှင့် စပ်လျဉ်း၍ ဓာန္ဓန္ဒြိကျမ်းရင်းကြီးတွင်၊ ‘ဆိုခဲ့ပြီးသော တြိဒေါသ ငန်းသန္ဓိပါတ်တို့၌၊ အထက်သို့လေ၊ သလိပ်၊ သွေးလွန်ခြင်း၊ အောက်သို့သက်ခြင်း၊ ဟိုက်ခြင်း၊ ရှိက်ခြင်း၊ တကိုယ်လုံးဖျော့ခြင်း၊ မျက်စိမမြင်ရှိခြင်း၊ ဤခြောက်ပါးသောလက္ခဏာတို့နှင့်ပြည့်စုံလျှင် မချုတ်သေမည်။ တပါးနှစ်ပါးသာဖြစ်မူကား၊ ကုစား၍ဖြစ်၏ဟု သက္ခရှင်ရသေ့ဆိုတော်မူ၏။’ ဟုဖော်ပြထားလေသည်။


ကုစား၍ချမ်းသာမည့် ငန်းထောဂါများကို ထောဂါအမျိုးအစားအလိုက် ငန်းဆေးကိုထိုက်သလိုပေးခြင်းဖြင့် ထိုထောဂါကိုနှိုင်နင်း၏။ ဤကိုရည်၍ ဦးတိုး၏ထုမရကန်တွင်၊ ‘အမူးအမှိုင်၊ အထိုင်အလွန်၊ အတွန့်အငင်၊ ကောက်ကျိကောက်ကျစ်၊ ဖြစ်ချင်သမျှ၊ လေးဘက်တွားထလို့မှ၊ အပကြီးဝင်၊ ငါးမွေကင်လိုက်အောင်၊ ကြောကော့ရောင်များနှင့်၊ မြောက်တောင်ရင့်သီ၊ အင်္ကျီထီးလွှား၊ ပြေးသွားမရပ်၊ နှာနှပ်ချက်စဉ်း၊ အကျဉ်းဆို့ဆေး၊ ဓာတ်လေးပါးညီ၊ ဓာန္ဓန္ဒရီ၊ ဓာတုဒီပနီ၊ ကတ္တရသံခဲ့ဂျီ၊ စမုံနီ၊ စမုံဖြူ၊ ကန့်ပလူဒါရူ၊ ကြက်သွန်ဖြူ၊ တမြိတ်ပါ၊ ဝိသမ္ဘယာ၊ မဟာပဒက္ခူ၊ သီဟဗလာ၊ သြသဓကက္ကောလီ၊ သနိပါတ်ငန်းနိုင်။’ ဟုငန်းထောဂါဖြစ်တတ်ပုံနှင့် ငန်းနိုင်ဆေးအကြောင်းကို အမြွက်မျှရေးသားပြထားသည်ကိုတွေ့ရ၏။

ဘေသဇ္ဇဒီပနီတွင်မူကား ‘လူတို့၌တွင်၊ ခဲအင်လှငြား၊ငါးပါးငန်းတက်၊ ကုစားခက်၏၊ ငန်းသက်၊ ငန်းနီ၊ အညိုငန်းနက်၊ တချက်ငန်းပေါက်၊ အနာထောက်မူ၊ ငန်းဟူမှန်ဘိ၊လက်မထိရ၊ နာကျင်လှ၏၊ ခြေကတက်ငြား၊ ရင်ဘတ်ကားမူ၊ငန်းတက်ဟူလော့၊ ခေါင်းမူလည်းခဲ၊ မေးကဆွဲလျက်၊ ငန်းသက် အနာ၊ ရှိတို့ထု၏၊ အနာငန်းနှီ၊ ဝေသီမူးမှိုင်၊ နေထိုင်တိမ်းဘိ၊ မျက်စိကြက်တက်၊ ခြေလက်ရွေ့လှုပ်၊ လေးဘက်ကုပ်၏၊ အဟုတ်ငန်းနက်၊ တကျည်းတက်သို့၊ ဝမ်းပက်ပြူငြား၊ ငန်းငါးပါးကို၊ ကုစားမည်ကြောင်း၊ လက်နက်ကောင်းကား၊မြင်းခေါင်းနှာယောင်၊ ရအောင်ယူမှ၊ ဘက်သစ်ဆွဲလွဲ၊ ရှင်ကစွဲနှင့်၊ တကွဲရှင်ဗာကူ၊ နည်းတူခွေးတောက်၊ ပိတောက်နှစ်ယူ၊မအူထောက်ရှာ၊ နွင်းရာမဲ့ဘဲ၊ဘိန်းနဲ့အိုးပုတ်၊ သပုတ်သိမ်ကာ၊ခင်ပုပ်စသည်၊ တပဆေးဖြီး၊ သက်ရင်းကြီးကို၊ သွေးပြီးသောထွေ၊ ပုံးရေနှင့်ပင်၊ ပြင်ကလိမ်းမြောက်၊ အတွင်းသောက်ရာ၊ ကျေင်လှမူ၊ ကြပ်ကြပ်ရှူလော့၊ နာသူငန်းတက်၊ဖက်တုံတပဆေး၊ မထွေးငန်းပေါက်၊ တစ္ဆက်လှောက်လျက်၊ သောက်တည့်လိမ်းလျင်၊ ကိုယ်တွင်ထောဂါ၊ ကင်းပျောက်ကွာသည်’ ဟူ၍ငန်းငါးပါးကို လက္ခဏာအသီးသီးနှင့်ပြပြီးနောက် ငန်းဆေးနည်းနှင့် ကုထုံးကိုပြဆိုထား၏။

နရသုခီဆေးကျမ်းတွင်မူ ‘မိုးနံတွင်မှန်း၊ သလိပ်ငန်းနှင့်၊ လေငန်းပြယ်ရှိုး၊ အကင်းမျိုးကို၊ နိုင်ကျိုးနပ်လှ’ ဟူ၍သလိပ်ငန်းနှင့် လေငန်းတို့ကို နိုင်နင်းသောဆေးကိုပြဆိုထားသည်။ ဤသို့ဖြင့် မြန်မာဆေးကျမ်းတို့တွင် အသီးသီးအမျိုးမျိုးသော ငန်းထောဂါနိုင်ဆေးတို့ကို ဖော်ပြထားလေသည်။ ထိုငန်းဆေးပေါင်း များစွာတို့တွင် ဓာတုဝိဘာဂကျမ်းလာ နာဂနိဗ္ဗာန်ငန်းဆေးနည်းမှာ တြိကဋ္ဌက် ၃ ပါး၊ ပန်းမျိုး ၅ ပါး၊ စမုန်မျိုး ၅ ပါး၊ သစ်ကြံပိုး၊ ဖာလာ၊ ကရဝေး၊ အိပ်မွေ့၊ ဇာဒီပို့ဂုလ်သီးပွင့်၊ လေးညှင်း၊ ကဲ့ကော်ဝတ်ဆံ၊ ရှိန်းခို၊ မဟော်ရာကြီး၊ ကွက္ကရာ၊ စပါးကြီး သည်းခြေ၊ လိပ်ကျောက်ဆူး၊ နံ့သာနီဖြူ၊ ပတ္တရသခွံ (ကတြသခွံ) တို့ကိုအမျှစီအမှုန့်ပြု၍ ကြက်သွန်ဖြူရေနှင့်ကြိတ်ပြီးလျှင် နေလှန်းရမည်။ ခြောက်လျှင်တကြိမ်ထပ်၍ကြိတ်။ ထိုနောက် ကြိတ်မှုန်ရေနှင့် ထပ်ကြိတ်ပြီးလျှင် နေလှန်းရသည်။ ဆီးကင်းခန့်ကိုလူနာအား တပဟိုရ်လျှင် ၂ ကြိမ်၊ ၃ ကြိမ်တိုက်ရ၏ဟု ဖော် ပြထားသည်။

ငန်းငွန်မြို့။ ။ငငွန်မြို့ — ရှ။

ငန်းမြွေ။ ။မြန်မာ့အလိုအားဖြင့် ငန်းမြွေအမျိုးမျိုးရှိ၏။ အများအားဖြင့် ငန်းမြွေများသည် ကိုယ်ထည်ကြီးမား၍



ဓာတ်ပုံ- ဓာတ်ရစ်၊ အဝါတရစ်ရှိသော ငန်းသံကွင်းဝွပ်

အဆိပ်ရှိသောမြွေမျိုးဖြစ်ကြသည်။ မြွေ၏အသွေးအဆင်ကိုကြည့်၍ အမည်အမျိုးမျိုးဖြင့်ခေါ်တင်ကြသည်။ တခါတရံ မြွေတမျိုးတည်းကိုပင် အမည် ၃၊ ၄မျိုးတပ်၍ ခေါ်တင်ကြသည်။ ငန်းမြွေအမျိုးမျိုးရှိသည့်အနက် ထင်ရှားသောငန်းမြွေများမှာ (၁) ငန်းဝါ (၂) ငန်းပုပ် (၃) ငန်းသံကွင်းစွပ် (၄) ငန်းစောင်း (၅) ငန်းတော်ကျား (၆) ငန်းဦးကွက် (၇) ငန်းနက်ကျား (၈) ငန်းတော်ရည်တို့ဖြစ်ကြသည်။ ထိုငန်းမြွေမျိုးတို့နှင့် မျိုးချင်းနှယ်သော အခြားငန်းမြွေများလည်း အမြောက်အမြားရှိပေသေးသည်။ ငန်းမြွေကိုအင်္ဂလိပ်လို 'ဟမ်မာဒြာရက်' ဟူ၍ ၎င်း၊ 'ဗန်ဂါရပ်' ဟူ၍ ၎င်း ငန်းမျိုးကိုလိုက်၍ခေါ်၏။


ငန်းဝါကို အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တွေ့ရသည်ဟုဆိုသည်။ ငန်းဝါသည် အညိုထွေးရှိ၍ အညိုဖျော့ထွေးကန့်လန့်စင်းများပါရှိသည်။ လည်တိုင်ဝါ၏။ သို့သော်အချို့ငန်းဝါမျိုးသည် အစိမ်းထွေးရှိ၍ လည်တိုင်ဝါသည်။ ကိုယ်အောက်ပိုင်းဌ အစက်ပြောက်များ ပါရှိတတ်သည်။ သို့မဟုတ် အမည်းထွေးရှိသည်။ အကောင်ငယ်ကလေးများမှာ အမည်းထွေးရှိ၍ အဖြူစင်းများပါရှိသည်။ ဦးခေါင်းဌလည်း အဖြူစင်းများပါရှိသည်။ အရှည် ၁၄ ပေ အထိကြီးထွားကြသည်။

ငန်းပုပ်ဟုခေါ်သော ငန်းမြွေမှာ အမည်းပုပ်ထွေးရှိ၏။ ထိုငန်းပုပ်မျိုးသည် လူကိုလိုက်တတ် သည်ဟု အဆိုရှိသည်။ လိုက်ရာဌပါးပျဉ်းထ၍လိုက်၏။ တခါတခါအမြီးထောက်၍ကြည့်၏။ ထိုနောက် လိုက်ပြန်၏။ မမြင်ရမှ မလိုက်ဘဲနေ၏။ ငန်းပုပ်သည် ရိုက်ပုတ်၍မသေဘဲလွတ်ပြေးလျှင်ရန်သူကိုတန္ဒစ်ကျော်အထိ မမေ့တတ်ဘဲ ပြန်၍ရန်မူတတ်သည်ဟုအဆိုရှိသည်။

ငန်းသံကွင်းစွပ်တွင် အဝါနှင့်အမည်းကွင်းများ တခုခြားစီပါရှိသည်။ ဦးခေါင်းမှာမည်း၍ လည်တိုင်နှင့်ကိုယ်အောက်ပိုင်းမှာ အဝါထွေးရှိ၏။ အရှည် ၈ ပေအထိကြီးထွား၏။

ငန်းနက်ကျားကို အင်တိုင်းတောနှင့် တောချုံကြီးများတွင်အများအပြားတွေ့ရသည်။ အဆိပ်ပြင်းသောမြွေမျိုးဖြစ်သော်လည်း လူကိုရန်မရှာတတ်ပေ။ ဦးခေါင်းသေး၍ ကိုယ်ထည်ရှည်သည်။ ကိုယ်ထွေးမှာ ကတ္တီပါနက်ကဲ့သို့ရှိ၍ အဝါကွက်များပါရှိသည်။ ငန်းနက်ကျားသည် အလွန်လှသောမြွေမျိုးဖြစ်သည်။ ငန်းတော်ရည်ကို မြွေမင်းသားသို့မဟုတ် မြွေသူတော်ဟုခေါ်တင်ကြသည်။ ကိုယ်ထည်ရှည်၍ အဆိပ်မရှိပေ။ ငန်းတော်ရှည်ကို အခြားမြွေများကကြောက်ရသည်ဟုဆိုသည်။

ငန်းမြွေများသည် အများအားဖြင့် အဆိပ်ရှိကြသော်လည်း လူကိုဘေးအန္တရာယ်မပြုတတ်ကြပေ။ ငန်းမြွေများသည် ကိုယ်ထည်ကြီးမားကြသဖြင့် ယင်းတို့ကိုတွေ့မြင်လွယ်သည်။ လယ်ယာများတွင်မနေတတ်ကြ။ တောထူထပ်သောဒေသများတွင် ခဲ့ျထဲ၊ သစ်ခေါင်းထဲ၌ နေတတ်ကြသည်။ ငန်းမြွေသည် ပါးပျဉ်းကြီး၍ လှုပ်သောကြောင့် အလှမွာယ်ဆရာများကမြွေပြသရာတွင်ငန်းမြွေကိုအကခိုင်းတတ်ကြသည်။



ဦးငှက်

ဦး။ ။ပါဏဗေဒအရ ဦးသည် ဒေါင်း၊ တောကြက်၊ ရစ်တို့နှင့် အတူ 'ဂယ်လီဖောမီး' မျိုးစဉ်တွင်ပါဝင်လေသည်။ 'ကိုတာနစ် ချိုင်းနန်းဆစ်' အမည်ရှိ ဦးသည်အလျား ၆လက်မရှိ၍ သေးငယ်ကျစ်လစ်သည်။ ဦးဖို့နှင့် ဦးမတို့မှာအရောင် အဆင်း ချင်းမတူကြချေ။ ဦးဖို သည် ကျောဖက်၌ အမည်းပြောက်နှင့် သံချေးရောင် အပြောက်များရှိသည်။ ခြေထောက်ဝါသည်။ မြက်တောထဲမှ ထ၍ပျံသောအခါ ဦးဖိုသည် သာမန် ငှက်မည်းဖြစ် သည်ဟု ထင်မှတ်ရသည်။ ဦးမသည် ဦးဖိုထက် အရောင်ဖျော့သည်။ ကိုယ်တွင်ဝမ်းနှင့်ရင်ဖက်၌ ညိုဝါရင့် ရောင် ရှိသည့်ပြင် ရင်ပိုင်းနှင့်နံဘေးဖက်တွင်အမည်းကန့်လန့်စင်းများပါရှိသည်။ ဦးမသည် သာယာသောအသံကိုပြုတတ်သည်။

ဦးကိုကောက်ရိုးပြုတ်နှင့် မြက်တော ပေါများထု လွှင်ပြင်များတွင် အနှံ့အပြား တွေ့ရသည်။ ကိုက်အနည်းငယ်မျှလျှင်မြန်စွာပျံသန်းပြီးလျှင် ခဲ့ျဖုတ်ထဲသို့ဝင်၍ ခိုအောင်းနေတတ်သည်။ ခရီးဝေးမပျံနိုင်ချေ။

မြန်မာနိုင်ငံတွင် မိုးဥတု၌ အများအားဖြင့် ဥအုသည်။ ဇန္နဝါရီလတွင်လည်း အချို့ဦးများဥအုသည်ကို တွေ့ရသည်။ တမြို့လျှင် ၃ ၄ လုံးမှ ၇ လုံးခန့်ရှိ၍ အဝါရောင်၊ အညိုရင့်ရောင်စသည်ဖြင့် ကွဲပြားခြားနားကြသည်။ အချို့တွင် အပြောက်ပါရှိသည်။ ဤဦးမျိုးကို အာဖရိကတိုက်၊ ဩစတြေးလီးယားတိုက်၊ မြန်မာနိုင်ငံရှိ လွှင်ပြင်များနှင့် ရှမ်းကုန်းပြင်မြင့်တွင် အနှံ့အပြားတွေ့ရသည်။

ငုံးအမျိုးမျိုးရှိကြရာ ထင်ရှားသောအခြားငုံး ၂ မျိုးမှာ 'ကိုတာနှစ် ကိုရိမန်ဒဲလစ်ကား' နှင့် 'ကိုတာနှစ် ကိုတာနှစ်' ဖြစ်သည်။

'ကိုတာနှစ်ကိုရိမန်ဒဲလစ်ကား' ငုံးသည်အလျား ၇ လက်မရှိသည်။ အဝေးမှကြည့်လျှင် ယင်းကိုအခြားငုံးနှင့် ခွဲခြားရန် အလွန်ခဲယဉ်းသည်။ သို့သော်ခြားနားချက်မှာ အရွယ်ငယ်ခြင်း၊ အသံကွဲပြားခြင်းပင်ဖြစ်သည်။ ငုံးဖို၏ရင်ပိုင်းသည် သိသာထင်ရှားစွာမည်းနက်သည်။ ငုံးမမှာ ဤသို့မည်းနက်ခြင်းမရှိချေ။

ဤငုံးသည် ကျယ်လောင်စွာအော်မြည်တတ်လေသည်။ ဇူလိုင်လမှ အောက်တိုဘာလ အတွင်း ထိုငုံး၏အော်သံကို အများအားဖြင့်ကြားရသည်။ ရွာအနီးအနားတွင် ပေါက်ဈောက်သော မြက်တောနှင့် စိုက်ခင်းများတွင် ကျက်စားလေ့ရှိသည်။ အကောင်ပေါက်ချိန်တွင် ဖိုမတွဲ၍ နေတတ်သည်။ အခြားအချိန်တွင် တကောင်ချင်း သို့မဟုတ်အအုပ်အသင်းဖြင့် နေလေ့ရှိသည်။ တနေ့ထဲတွင် အမြဲတစေကျက်စားလေ့ရှိသည်။ သို့သော် ရာသီအလိုက်ဒေသပြောင်း၍ ကျက်စားသည်လည်းရှိသေး၏။

ဖေဖွာရီလမှ အောက်တိုဘာလအတွင်း အကောင်ပေါက်သည်။ မြေပေါ်တွင် ဥကျင်းတူး၍ ဥ ၄ လုံးမှ ၁၁ လုံးထိ အုတတ်သည်။ ဥအရောင်မှာ အမျိုးမျိုးဖြစ်သည်။ အခြို့တွင် အပြောက်ပါရှိ၍ အခြို့တွင်မပါရှိချေ။

ဤငုံးမျိုးကို အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ သီဟိုဠ်ကျွန်းတို့တွင်တွေ့ရသည်။ မြန်မာနိုင်ငံတွင် မိုးခေါင်ရေရှားရပ်ဝန်းနှင့် ရှမ်းကုန်းပြင်မြင့်တွင် အများအားဖြင့်တွေ့ရသည်။

'ကိုတာနှစ် ကိုတာနှစ်' ငုံး၏အရွယ်မှာ ၁၅ ရက်သားကြက်ငယ်ကလေးမျှရှိသည်။ အလျား ၇ လက်မမှ ၈ လက်မအထိရှိသည်။ အမြီးမပါရှိချေ။ ဦးခေါင်းတွင် သဲရောင်အစင်းကြောင်းနှင့် အဖြူရောင်အတန့်အရစ်များပါရှိသည်။ ကိုယ်ပေါ်တွင် ညို၀ါရောင်အစင်းများပါရှိသည်။ ကျောဖက်တွင် မည်းနက်သည့်အပြင် ညို၀ါရောင်ကွက်များ မညီမညာပါရှိသည်။ ငုံးဖို၏လည်ချောင်းတွင် ကျောက်ဆူးသဏ္ဌာန် အမည်းမွှတ်ရှိသည်။

ဤငုံးသည်လည်း ကျက်စားနေကျဒေသတွင် အမြဲနေ၍ ရာသီအလိုက်သာလျှင် ဒေသပြောင်း၍ ကျက်စားတတ်သည်။ လွင်ပြင်များတွင်၎င်း၊ မြက်တောနှင့် စိုက်ခင်းများတွင်၎င်း အများအားဖြင့် တွေ့ရသည်။ ဖိုမတွဲလျက် သို့မဟုတ် အအုပ်အသင်းဖွဲ့လျက် နေတတ်သည်။ ဤငုံးပျံသန်းသောအခါ ပံ့ခါစတွင် အတောင်ခတ်သံကိုပေး၍ အော်မြည်တတ်သည်။ တဟုန်ထိုး လျှင်မြန်စွာပံ့တက်စေကာမူ ခရီးဝေးမပံ့နိုင်ချေ။ ကောက်ပဲသီးနှံ၊ မြက်၊ မျိုးစေ့များကိုငင်း၊ ခြနှင့်အခြားအင်းဆက်ပိုးကောင်များကိုငင်း စားသောက်တတ်သည်။ ငုံးများကို ပိုက်ကွန်ဖြင့်ထောင်၍ ဖမ်းဆီးယူရသည်။

ဤငုံးမျိုး သားပေါက်သောအချိန်မှာ မတ်လမှ မေလအတွင်းဖြစ်သည်။ အသိုက်များကို စိုက်ခင်းကြားနှင့် မြက်ခင်းကြားတွင် ပြုလုပ်ထားတတ်သည်။ တမြုံလျှင်၌ ၆ လုံးမှ ၁၄ လုံးခန့်ရှိသည်။ ဥများမှာ နီ၀ါရောင် သို့မဟုတ် နီကြန့်ကြန့်ရောင်ရှိ၍ အညိုရင့်အပြောက်များလည်းပါရှိ၏။

ဤငုံးကို အာဖရိကတိုက်၊ ဥရောပတိုက် နှင့် အာရှတိုက်အနှံ့အပြားတွင် တွေ့ရသည်။ မြန်မာနိုင်ငံတွင် ဆောင်းရာသီ၌တခါတရံတွေ့ရသည်။

ငြုတ်ကောင်း။ ။ငရုတ်ကောင်း — ရှ။

ငြိမ်း၊မြို့မ (မြန်မာ ၁၂၇၀-၁၃၁၇)။ ။မြို့မငြိမ်းသည် လွန်ခဲ့သော အနှစ်အစိတ်အတွင်းက လူကြိုက်အလွန်များသောသီချင်းများကို ရေးစပ်ခဲ့သည့် နာမည်ကျော်ဂီတစာဆို ဖြစ်သည်။ မြို့မငြိမ်း၏သီချင်းများကို ဓာတ်ပြားသွင်း၍ မြန်မာနိုင်ငံအနှံ့အပြားသို့ ရောင်းချခဲ့ရာ ယောကျ်ားပျို၊ မိန်းမပျိုတိုင်း၏ ပါးစပ်ဖျားတွင် ရောက်ရှိနေသော သီချင်းများ ဖြစ်လာလေသည်။ ထိုသီချင်းများအနက် 'ချစ်ထာပမာန' သီချင်းနှင့် 'နတ်သျှင်နောင်' သီချင်းတို့သည် ပေါ်ပင်ခေတ်စားရုံမျှသာမဟုတ်ဘဲ၊ နှစ်ရှည်လများ စွဲမြဲစွာ လူကြိုက်များလျက်ရှိ၏။

မြို့မငြိမ်း၏အမည်ရင်းမှာ ဦးကျော်ငြိမ်းဖြစ်သည်။ မန္တလေးမြို့ ပန်းယွန်းကုန်သည် ဦးညီ၊ ဒေါ်ချစ်ဦးတို့၏သားနှစ်ယောက်အနက် သားကြီးဖြစ်၏။ ဦးကျော်ငြိမ်းအား ခရစ် ၁၉၀၉ ခုနှစ်၊ မြန်မာ ၁၂၇၀ ပြည့်နှစ် တပေါင်းလဆန်း ၅ ရက်၊ တနလ်းနေ့တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ ဦးကျော်ငြိမ်းသည် ငယ်စဉ်ကပင် ပန်းချီနှင့်ဂီတကိုဝါသနာပါခဲ့သည်။ စောင်းတီးပညာကို ရွာစားကြီး စိန်ပေဒါနှင့် စောင်းဦးမောင်မောင်ကြီးတို့၏ထံမှ ဆည်းပူးခဲ့လေသည်။ ခရစ် ၁၉၂၈ ခုနှစ်တွင် မန္တလေးမြို့မ တူရိယာအဖွဲ့ကို ဦးကော်လုံဆိုသူက ဦးစီးတည်ထောင်ခဲ့ရာ၊ ဦးကျော်ငြိမ်းမှာ ထိုတူရိယာအဖွဲ့တွင် ပါဝင်ခဲ့လေသည်။ ထိုအဖွဲ့သားအဖြစ်ဖြင့် အနောက်နိုင်ငံတူရိယာတီးနည်းနှင့် တူရိယာသကေတပညာတို့ကို သင်ယူခဲ့သည်။ ၁၉၃၁ ခုနှစ်မှစ၍ သီချင်းများကိုရေးစပ်ရာ၊ မြို့မငြိမ်းဟူသောဂီတစာဆိုအမည်ကို ခံယူခဲ့လေသည်။

မြို့မငြိမ်းရေးခဲ့သော သီချင်းပေါင်း ၂၀၀ ခန့်ရှိသည်ဟုသိရ၏။ မြို့မငြိမ်း၏သီချင်းများအနက်၊ ပဌမဦးစွာ တတိုင်းပြည်လုံးကျော်ကြားခဲ့သော သီချင်းမှာ 'တူနှစ်ကိုယ်၊ တဲအို ပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ၊ ချစ်ထာချစ်ထာပမာနလို

ဆိုချင်ပါတယ်' စသော 'ချစ်ထာပဓာန' သီချင်းဖြစ်သည်။ မြို့မငြိမ်း၏ သီချင်းရေးသက်တမ်း ၂၄ နှစ်အတွင်းတွင် ကျော်ကြားခဲ့သော အခြားသီချင်းများမှာ၊ အစဉ်လိုက် ဖော်ရမည်ဆိုပျော်၊ 'ခင့်အိမ်မက်'၊ 'တချစ်ထဲချစ်'၊ 'မြင်းခင်းတော်'၊ 'နတ်သျှင်နောင်'၊ 'မေ့ပါနိုင်'၊ 'ပျို့မှာတမ်း'၊ 'သက်ဝေ'၊ 'ပါရမီတော်'၊ 'ချစ်ရဲဘော်'၊ 'မင်္ဂလာမောင်မယ်'၊ 'ဒွေဇင်ယော်'၊ 'ပြုံးတဲ့မေ'၊ 'လေချိုသွေး' စသော သီချင်းများဖြစ်၏။ ထိုသီချင်းများကိုမည်သည့်အကြောင်းကြောင့် လူကြိုက်များပါသနည်းဟူမူ၊ သီချင်းစာသားဖွဲ့နွဲ့ရာတွင်ပါရှိသော စကားလုံးတို့သည် အနက်အဓိပ္ပာယ်ရှင်းပြီး၊ ထိထိမိမိရှိရုံမျှမက၊ စာဆိုရှင်၏ခံစားမှုကို အသည်းနှလုံးတွင်းမှ လှိုက်လှိုက်လဲလဲပေါ်လွင်စေသောအစွမ်းရှိသောကြောင့်ဖြစ်သည်။ ထိုပြင်အခြားအကြောင်းတရပ်မှာ မြို့မငြိမ်း စတင်၍ သီချင်းရေးခဲ့သော အချိန်၌ အနောက်နိုင်ငံတေးသွားများကို ပုံတူကူး၍၊ မြန်မာစကားလုံးသင်းကာ စပ်ဆိုသောအလေ့အကျင့် ခေတ်စားနေသည့် အခါဖြစ်ပေသည်။ ဤအထဲတွင်မှ မြို့မငြိမ်းသည် အနောက်နိုင်ငံဂီတစပ်နည်းကို မှီးနိုင်သမျှ မှီးသော်လည်း တေးသွားကို ခိုးချခြင်းမပြုဘဲ၊ သူ၏ပင်ကိုယ်ဂီတဉာဏ်ဖြင့်သာ ကိုယ်ပိုင်တေးသွားများ စပ်ခဲ့ပေသည်။ တေးသွားစပ်သည့်အခါ၊ ကလဲရီးနက်ကို မှုတ်ကာမှုတ်ကာ တေးသွားစမ်းလေ့ရှိ၏။ မြန်မာစာပေကျမ်းဂန်များကို ဖတ်ရှုလေ့လာခြင်းကြောင့်မြို့မငြိမ်းသည် ပေါ်လွင်ယဉ်နွဲ့သောစကားလုံးများကို သီချင်း၏ စကားသားအဖြစ်ဖြင့် သုံးနိုင်ခဲ့သည်။



ဂီတစာဆို မြို့မငြိမ်း

ထိုကြောင့်သူ၏သီချင်းများတွင်ပါဝင်သော စကားသားနှင့်တေးသွားများမှာ မြန်မာတို့၏စိတ်နှင့် ကိုက်ညီလိုက်လျောရှိ လူထုစိတ်ကြိုက် ဖြစ်ခဲ့လေသည်။

မြို့မငြိမ်းသည် သီချင်းရေးဂီတအတတ်၌သာ ဝါသနာပါသည်မဟုတ်၊ ပန်းချီပန်းပု ပညာရပ်များတွင်လည်း ဝါသနာပါသည်။ ထိုပညာရပ်များ၌လည်း အတော်ပင်လက်မြောက်ခဲ့ပေသည်။ အသက် ၂၂ နှစ်အရွယ်တွင် မသန်းသန်းဆိုသူနှင့် အိမ်ထောင်ကျခဲ့၍ သားသမီး ၁၃ ယောက်ထွန်းကားခဲ့သည့်အနက်၊ ကွယ်လွန်ချိန်တွင် ဂ ယောက်ကျန်ရစ်ခဲ့၏။ ရှေးသီချင်းကြီးများကို မူမှန်သတ်မှတ်ရေး အထက်မြန်မာပြည်ကော်မတီအဖွဲ့တွင်လူကြီးတဦးအဖြစ်ဖြင့်ငင်း၊ မန္တလေးရုပ်ရှင်ကုမ္ပဏီတွင် ဂီတဖက်ဆိုင် ရာဒါရိုက်တာအဖြစ်ဖြင့်ငင်း ဆောင်ရွက်နေစဉ် မြို့မငြိမ်းသည် ခရစ် ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မော်တော်ကားအတိုက် ခံရ၍ မန္တလေးမြို့၌ကွယ်လွန်လေသည်။

မြန်မာတို့ဂုဏ်ယူဖွယ်ရာလက်မှုပညာ

မြန်မာတို့သည် ရှေးနှစ်ပေါင်း ၁၂၀၀ ကျော်ကပင် ဒွေထည်လုပ်ငန်း၌ ကျွမ်းကျင်ကြောင်းကို ထိုခေတ်ပေါ် ဒွေထည်လက်ရာများအား ထောက်ရှုခြင်းဖြင့် သိသာနိုင်သည်။ ထိုကြောင့် မြန်မာတို့၏ဒွေထည်လုပ်ငန်းသည် ဂုဏ်ယူဖွယ်ရာလက်မှုပညာရပ်ဖြစ်ပေသည်။ ဒွေထည်ပစ္စည်းတခု၏ လက်ရာအဆင့်အတန်းကိုဆုံးဖြတ်ရာ၌၊ ထိုပစ္စည်းတွင်ဖော်ထားသောအရွယ်များ၊ ပန်းခက်ပန်းပုံများကို နိုင်နင်းစွာအနုစိတ်သရုပ်ဖော်နိုင်မှုကိုကြည့်၍ ဆုံးဖြတ်ကြရသည်။

ဒွေထည်လုပ်ငန်း။ ။မြန်မာတို့၏ဒွေထည်လုပ်ငန်းသည် ဂုဏ်ယူဖွယ်ရာဖြစ်သော မြန်မာ့လက်မှုပညာတရပ် ဖြစ်၏။ ထိုလက်မှုပညာကို မြန်မာ့အသုံးအဆောင်ဖြစ်သော ကွမ်းအစ်၊ ထုံးဗူး၊ ဖလား၊ ဆွမ်းအုပ်၊ ခေးရိုးစသည်တို့ကိုပြုလုပ်ရာ၌ အသုံးပြုကြသည်။ ဒွေထည်လုပ်ငန်းမှာပဌမကမ္ဘာစစ်မဖြစ်မီအခါကပင် ကျော်စောခဲ့၏။ ထိုခေတ်ကနယူးဒေလီမြို့၌ ကျင်းပသော ပြပွဲများတွင် မြန်မာဒွေထည်လက်ရာများသည် ထိပ်တန်း၌တည်ရှိခဲ့သည်။

မြန်မာဒွေထည်လုပ်ငန်း၌ လက်ရာနှစ်မျိုးရှိသည်။ ယင်းတို့မှာ ရန်ကုန်နှင့် သရက်မြို့လက်ရာများဖြစ်ကြသည်။ ရန်ကုန်လက်ရာမှာ စေ့စပ်သေချာသော်လည်းရိုး၏။ သရက်မြို့လက်ရာမှာ စိတ်ကူးဆန်းကြယ်၏။ ရန်ကုန်နှင့် သရက်မြို့များအပြင် မန္တလေးသည်လည်း ဒွေထည်လုပ်ငန်း၌ ထင်ရှားသောမြို့ဖြစ်သည်။ ရှမ်းလူမျိုးများလုပ်သောဒွေထည်များမှာ လက်ရာတဘာသာကွဲပြားရှိ နှစ်ခြိုက်ဖွယ်ရာရှိ၏။ မြန်မာဒွေထည်လက်ရာများကို ဥရောပတိုက်သားများကအထူးပင်နှစ်သက်ကြသဖြင့် အမြတ်တနိုးဝယ်ယူတတ်ကြ၏။

ဒွေထည်ပစ္စည်းများလုပ်ကိုင်သည့် ဒွေထည်လုပ်ငန်းကိုမြန်မာနိုင်ငံတွင် မည်သည့် အချိန်ကာလက စတင်ပြုလုပ်လာသည်၊ ဒွေထည်လုပ်ငန်း နည်းစံနစ်များကို မည်သို့ရရှိလာ

သည်တို့ကိုမူ အတိအကျ မသိရပေ။ သို့သော် မှန်နန်းရာဇဝင်၌ အနော်ရထာမင်းလက်ထက်တွင် သထုံပြည်မှ မွေတော်မြတ်နှင့် ပိဋကတ်တော်တို့ကို ပင့်ဆောင်လာခဲ့ရာတွင် ပန်းပု၊ ပန်းပုတ်၊ ပန်းချီ၊ ပုရန်၊ ပန်းတော့၊ ပန်းထိမ်စသည်တို့ကိုလည်း ဆောင်ယူတော်မူခဲ့သည်ဟုတွေ့ရသည်။ ယင်းကိုမြန်မာသက္ကရာဇ် ၅၀၅ ခုနှစ်ထိုး၊ ပုဂံမြို့လေးထောင့်ကန်အရပ်၊ လေးမျက်နှာဘုရားကျောက်စာနှင့် ၆၀၃ ခုနှစ်ထိုး၊ ပုဂံမြို့ အရှေ့တောင်ယွန်းမြောက် ကူနီဘုရားကျောက်စာတို့က ပိုမိုထင်ရှားစေသည်။ လေးမျက်နှာဘုရားကျောက်စာတွင် ' ရှယ်စမခန်၊ ငုယ်စမခန်၊ ရှယ်ပေါက် ၂၊ ငုယ်ပေါက် ၂၊ ရှယ်တန်ဆောင်၊ ငုယ်တန်ဆောင် ' ဟူ၍ငင်း၊ ' ရှယ် ၃၀ သွန်သောရှယ်ပုရှာ ၁ခု၊ ငုယ် ၅၀ သွန်သောငုယ်ပုရှာ ၁ခု ' ဟူ၍ငင်း၊ ' ရှယ်ထီငုယ်ထီတို့ဘ်ာလေဆောင်အော် ' ဟူ၍ငင်းတွေ့ရပြီး၊ ကူနီဘုရားကျောက်စာတွင် မိဖုရားဖွားစောင်၏အလှူစာရင်း၌ ' ရှယ်သပိတ်ငုယ်သပိတ် ' ဟုတွေ့ရသည်။ ယင်းသို့ ပုဂံခေတ်အခါက ပန်းထိမ်မျိုးရှိခြင်း၊ လှူဖွယ်ပစ္စည်းများတွင် ငွေစမခန်၊ ငွေပေါက်ပေါက်၊ ငွေတန်ဆောင်း၊ ငွေဘုရား၊ ငွေထီး၊ ငွေသပိတ်စသည်တို့ကို ပြုလုပ်လှူဒါန်းခြင်းစသော အမှတ်အသားများကိုထောက်ရှုခြင်းဖြင့် ပုဂံခေတ်ကပင် ငွေထည်လုပ်ငန်းမှာ တိုးတက်ထွန်းကားနေပြီဟု ယူဆရသည်။

ထိုထက်စောသော အချိန်ကာလမှ အထောက်အထားကို ရှာဖွေရာ၌ သရေခေတ္တရာခေတ်၏ ငွေထည်လုပ်ငန်းကိုတွေ့ရ၏။ ၁၉၂၆ ခုနှစ်၌ မြန်မာနိုင်ငံ ကမ္ပည်းကျောက်စာဌာနမှ သရေခေတ္တရာမြို့ဟောင်း (မော်ဇော) ခင်ဘားကုန်းတွင် တူးဖော်တွေ့ရှိသည့် ပစ္စည်းများထဲ၌ ငွေထည်ပစ္စည်းများလည်း ပါဝင်လေသည်။ ထိုပစ္စည်းများမှာ လွန်ခဲ့သောနှစ်ပေါင်း တထောင်ခန့်ရာကျော်ကဌပနာထားဟန်တူသည်။ ယင်းငွေထည်ပစ္စည်းများကား၊ ဘေးပတ်လည်တွင် တင်ပလွင်ခွေဘုရား ရုပ်ပွားလေးဆူကို ရုပ်ကြွထုလုပ်ထား၍ အလယ်တည့်တည့်မှ ဗောဓိပင်ပေါက်ဟန်ပြုလုပ်လျက် ဘုရားလေးဆူကြားတွင် မတ်ရပ်ရဟန္တာများကို ထည့်သွင်းရုပ်လုံးဖော်ထားသည့် ခေါင်းပွငွေကြုတ်၊ လေးဖက်တွင် ဘုရားရုပ်ပွားလေးဆူပုံကို ရုပ်လုံးဖော်ထားသည့် လေးထောင့်ငွေကြုတ်၊ ဒွာရပါလက (တံခါးစောင့်) ရုပ်ထုလုပ်ထားသော ငွေထည်ပစ္စည်းတို့ဖြစ်သည်။ ဤငွေထည်ပစ္စည်းများသည် ထိုခေတ်၏ငွေထည်လုပ်ငန်း၌ ကျွမ်းကျင်မှုကို ဖော်ပြလျက်ရှိသည်။ ထိုကြောင့် ငွေထည်လုပ်ငန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀ ကျော် သရေခေတ္တရာခေတ်လောက်ကပင် ပေါ်ပေါက်ရှိနှင့်နေလျက် ငွေထည်ပစ္စည်းများကိုလည်းကျွန်ကောင်းမွန်သေသပ်စွာ သရုပ်ဖော်နိုင်နေပြီဟုမှန်းဆရ၏။

သို့သော် ငွေထည်ပစ္စည်းများကို ရှေးမြန်မာမင်းများရှိစဉ်အခါက လူတိုင်းအသုံးပြုခွင့်မရခဲ့။ ရွှေထည်ငွေထည်အဆောင်အယောင်များကို ဘုရင့်ဆွေတော်မျိုးတော်နှင့် ဂုဏ်ထူးရာထူးအလိုက် ဘုရင်၏ခွင့်ပြုချက် ရရှိသူများသာလျှင် အသုံးပြုကြရလေသည်။ နှောင်းခေတ်၌ကား ပစ္စည်းဥစ္စာကြွယ်ဝသူတို့က ငွေဖလား၊ ငွေကွမ်းအစ်၊ ငွေထုံးဗူးစသည့် ငွေထည်အသုံးအဆောင်များကို ဝယ်ယူထားလေ့ရှိကြသည်။ သို့သော် ထိုငွေထည်ပစ္စည်းများကို နေ့စဉ်အသုံးမပြုဘဲ၊ ပဲ့လမ်းသဘင်၊ အလှူ၊ မင်္ဂလာအခမ်းအနားများ၌သာ အသုံးချတတ်ကြသည်။ ယင်းသို့အများသုံးပစ္စည်းများဖြစ်လာသည့်အတွက် ထိုလုပ်ငန်းမှာဖွံ့ဖြိုးလာခဲ့၏။

ငွေထည်လုပ်ငန်းတွင် ငွေထည်ပစ္စည်းများကို အရုပ်များ၊ ပန်းခက်ပန်းနွယ်များဖြင့်ရုပ်လုံးဖော်ကာထွင်းလုပ်ထားခြင်းသည် ငွေထည်လုပ်ငန်း၏အသက်ဟုဆိုရပေမည်။ ငွေထည်ပစ္စည်းများတွင် ပန်းခက်ပန်းနွယ်၊ ဇာတ်နိပါတ်ရုပ်ပုံများကို ပစ္စည်းအလိုက်ထုလုပ်ထားတတ်၏။ အများအားဖြင့် ငွေဖလားကြီးများ၌ဇာတ်ကြီးဆယ်ဖွဲ့မှအခန်းများ၊ ငါးရာ့ငါးဆယ်နိပါတ်တော်လာရုပ်ပုံများ၊ ၁၂ ရာသီစက် အမှတ်အသားများ၊ ပန်းပုံများကို သရုပ်ဖော်ကာ ရုပ်ကြွများအဖြစ် ထုလုပ်ထားတတ်သည်။ ငွေထည်လုပ်ငန်းတွင် ပညာရှင်၏ပညာစွမ်း၊ လက်ရာစွမ်းကိုဆုံးဖြတ်ရာ၌ ငွေထည်ပစ္စည်း၏ပိပန်းသရုပ်ဖော်ထားသော ပန်းခက်ပန်းနွယ် ရုပ်ပုံများကို အနုစိတ်နိုင်နင်းခြင်း၊ သရုပ်ပေါ် အောင်ဖော်နိုင်ခြင်းနှင့်ရုပ်လုံးဖော်နိုင်ခြင်းတို့ကို ကြည့်ရှုဆုံးဖြတ်တတ်ကြသည်။ ထို့ကြောင့် ရှေးအခါက ငွေဖလားကြီးများတွင် ပတ်လည်အပြည့်မျှပန်းခက်ပန်းနွယ်၊ ခြူးကနုတ်၊ ယိုးဒယားပန်းများ၊ ရုပ်လုံးများဖြင့်လက်စွမ်းပြထားတတ်သည်။ တခါတရံ ငွေဖလားကြီး၏အပေါ်ပိုင်းတွင် သင်္ဘောခေါ်၊ ကုလားပန်း၊ ခြူးတက်များကိုပေါင်းစပ်လျက် အလယ်ပိုင်း၌ ဇာတ်နိပါတ်လာရုပ်ပုံများကိုသရုပ်ဖော်၍ ဖလား၏ အောက်ခြေတွင် မှော်ရွက်များဖြင့် လက်စွမ်းပြတတ်၏။ ယင်းသို့သရုပ်ဖော်ရာတွင် ပညာရှင်၏ဉာဏ်စွမ်းလက်စွမ်းအလိုက် တဦးနှင့်တဦး၊ တခုနှင့်တခုမတူ၊ ထူးခြားချက်များရှိတတ်သည်။

ထိုငွေထည်လုပ်ငန်းမှာ များစွာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ငွေထည်ပစ္စည်းများလုပ်ရာတွင် လုပ်မည့်ပစ္စည်းအတန်းအစားအလိုက် ဘော်ခေါ်သည့် အကောင်းဆုံးငွေ ၉၉.၅၊ ၉၄.၅၊ ၈၉.၅ စသည့်ရာခိုင်နှုန်းပါရှိသည့် ငွေများတွင် ကြေးနီအကောင်းစား အနည်းငယ်ထည့်၍ လုပ်ကိုင်တတ်ကြသည်။ ဘော်ချည်းသက်သက်ဖြင့်ပြုလုပ်သော ငွေထည်များမှာ အလွန်ပျော့ပျောင်းသိမ်ဖြင့် သုံးစွဲရာတွင်အထိအခိုက်မခံတတ်ချေ။ ထိုကြောင့် သုံးစွဲရာ၌ခိုင်ခံ့ရန် ကြေးနီထည့်ရခြင်းဖြစ်၏။ ဘော်ငွေကိုကြေးနီနှင့်အတူ မြန်မာဖြစ်မြေလုံ သို့မဟုတ် နိုင်ငံခြားဖြစ်ချော်လုံတို့တွင်ထည့်၍



ဗောဓိပင်သဏ္ဌာန်ရှိသော ငွေခေါင်းပွကြုတ်

မီးသွေးဖုံးကာ၊ အသားမာမီးသွေး နှစ်အုပ်၊ သုံးအုပ်မျှဖြင့် ဖိုဌ်မီးပြင်းထိုးပေးရသည်။ မီးသွေးတအုပ်လျှင် ၁၅ မိနစ် ခန့်ကြာရာ မိနစ် ၃၀ မှ ၄၅ မိနစ်အတွင်းတွင် လုံတွင်းရှိငွေမှာ အရည်ပျော်လာလေသည်။ ထိုငွေရည်ကြည်လင်စေရန် ဇဝက်သာအနည်းငယ် ထည့်ပေးရ၏။ ငွေရည် ကြည်လင်လာသောအခါ ပူအောင်မီးကင်၍ရေနံဆီ၊ ဖယောင်း၊ တခုခု ဖြင့်အနည်းငယ်သုတ်ထားသော အဝ ဂ လက်မမှ ၁၀ လက်မအတွင်းရှိ သံဒယ်ပက်ထဲသို့ ငွေရည်ကိုလောင်းထည့်လိုက်လျှင် ငွေခဲ၊ ငွေခွက်ဖြစ်လာသည်။ ထိုငွေခဲငွေခွက်ကိုညှပ်ဖြင့်ယူ၍ သံပေတုံးပေါ်တွင်တင်ကာ အလိုရှိရာ ပုံသဏ္ဌာန် အရွယ်အစားရရှိအောင် တူအမျိုးမျိုးဖြင့်ခတ်ခြင်း၊ မီးပုတ်ခြင်းတို့ကို အကြိမ်ပေါင်းများစွာပြုရ၏။ ထိုသို့တူခတ်ခြင်းဖြင့် အလိုရှိရာပစ္စည်းဖြစ်အောင် လုပ်ရလေသည်။ ယင်းသို့လုပ်ကိုင်ပြီးသည့်ပစ္စည်းကို အဖြူထည်ဟုခေါ်၏။ အဖြူထည်လုပ်သည့် ငွေပန်းထိမ်သည်ကို အဖြူထည်ဆရာဟုခေါ်သည်။ အဖြူထည်ကိုကျင်လျင်စွာလုပ်နိုင်ရန် ၂ နှစ်မှ ၃ နှစ်အထိသင်ကြားရသည်။

ထိုအဖြူထည်ပစ္စည်းကို ပန်း၊ အရုပ်များထုလုပ်ရန် ပန်းထုဆရာ လက်သို့ အပ်ရ၏။ ပန်းထုဆရာမှာ အနုပညာသည်ဖြစ်၍ ကျင်လျင်စွာတတ်မြောက်ရန် ၃ နှစ်မှ ၅ နှစ် အထိဝိရိယကောင်းစွာ အားထုတ် သင်ကြားရသည်။ အဖြူထည်ကိုပန်းထုရန် အင်တဲ့တပိသာလျှင်ရေနံ ၂၅ သား၊ မြေနီ ၁၂ သားတို့ဖြင့် ရောစပ်ကျို၍ချက် သည့်ချိပ်ရည်ဖြင့် အဖြူထည်ထဲသို့ လောင်းထည့်လျက် လက်ကိုင်ရန် သစ်သားတခုကို စိုက်ထားရ၏။ လောင်းပြီး ၁၀ နာရီခန့်အကြာတွင် ချိပ်ရည်အေးသွားလေသည်။ ထိုအခါ အလိုရှိသောပန်းရုက်ပန်းကွက်၊ ဇာတ်ထုပ်ဇာတ်ကွက်များကို ခဲတံဖြင့်ရေးဆွဲရ၏။ စိတ်ကြိုက်ပုံများရေးဆွဲပြီးသောအခါ၊ ပုံများပျက်မသွားစေရန် ကောက်ဆောက်ခေါ်သော အသေးဆုံးဆောက်ကလေးများဖြင့် ဆောက်ကြောင်း ကောက်ရသည်။ ဆောက်ကြောင်းကောက်ပြီးလျှင် အတွင်းရှိချိပ်များကို မီးမြှိုက်ကာထုတ်ပစ်ရ၏။ ထိုနောက် အထည်ပစ္စည်းအတွင်းဖက်မှ ကျပ္ပေစေါ်ဆောက်များဖြင့် ဖောင်းကြွစေလိုသော ပန်းများအရုပ်များကို ထရိုက်၍ဖော်ပေးရသည်။ ယင်းသို့ပုံများကိုဖော်ပြီးသောအခါ အထည်ပစ္စည်းအတွင်းသို့ ချိပ်ရည်ကိုတဖန်ထည့်ရပြန်သည်။ ချိပ်အေးသွားလျှင်ဆောက်အမျိုးမျိုးထို့ဖြင့် အရုပ်များပန်းများကိုသဘာဝပေါ် လာအောင်အကြမ်းထုလုပ်ရ၏။ ပုံကြမ်းများဖော်ပြီးလျှင် ချိပ်ကိုတဖန် ထုတ်ပစ်ရပြန်သည်။ ချိပ်ထုတ်ပြီးနောက် ငွေထည်ကိုသံကောက်ပေါ် တင်လျက် တုန့်လိမ်နေသောနေရာများကို ပြေပြစ်အောင် နင်းပြားခေါ် ဆောက်များဖြင့်ထုလုပ်ပေးရ၏။ ဤလုပ်ငန်းပြီးလျှင် နောက်ဆုံးအကြိမ်ချိပ်ရည်လောင်း၍ထည့်ရပြန်သည်။ ဤအကြိမ်တွင် ပန်းထုဆရာသည် စိတ်ကိုကြည်လင်စွာထား လျက်၊ အာရုံစိုက်ကာပန်းများအရုပ်များကိုအနုစိတ်ထုလုပ်ရသည်။ ယင်းသို့နောက်ဆုံးအပြီးသတ်အနုစိတ်လျက် ပန်းကွက်ပန်းနွယ်၊ အရုပ်များကို သပ်ရပ် သေချာစွာ ဖော်ပြီးနောက် ချိပ်ကို ခွာတ်လိုက်ရသည်။

ထိုသို့ပန်းထုပြီးသောပစ္စည်းကို အဖြူထည်ဆရာလက်သို့တဖန်ပြန်လည်ပေးအပ်လိုက်ရ၏။ အဖြူထည်ဆရာက ငွေထည်ပစ္စည်းကို နောက်ဆုံးအရောင်တင်ပြီးအထိ လုပ်ကိုင်ရသည်။ အဖြူထည်ဆရာသည် ပန်းထုပြီးပစ္စည်းကို ပုံပန်းအချိုးအစား

ကျနစေရန် ပြုပြင်ပေးခြင်း၊ ပန်းထုစဉ်ကဖြစ်သောအပေါက်အပြဲများကို ဖာထေး ဂဟေဆော်ခြင်း၊ ချောမွတ်အောင်တံစင်း၊ ကော်ဖတ်များဖြင့် တိုက်စားခြင်းတို့ကို ပြုလုပ်ရသည်။ ထိုသို့အပြီးသတ်ဆောင်ရွက်ပြီးနောက် ပစ္စည်းကို အရောင်တင်ရလေသည်။ အရောင်တင်ရာ၌ ရှေးဦးစွာ ပစ္စည်းကိုမီးဖုတ်၍ ကြေးသွေးပုတ်တံနှင့်တိုက်လျက် ကျန်ရှိနေသောချိုပ်များကို စင်အောင်ဆေးရသည်။ ထိုနောက် တဖန် မီးနပ်အောင်ဖုတ်ပြီးလျှင် ကြေးနီအိုးဖြင့် ကျိုထားသောကျောက်ချဉ်ရည်ထဲသို့ထည့်ကာ ၁၅ မိနစ်၊ မိနစ် ၂၀ မျှကြာအောင်ပြုတ်ရ၏။ ဤသို့ပြုတ်ခြင်းအားဖြင့်အညစ်အကြေးများ ကင်းစင်လျက် ဖြူဖွေးသော နဂိုဌေထောင်သို့ပြောင်းလာသည်။ အကယ်၍ အရောင်ညစ်နေသေးလျှင် နောက်ထပ် နှစ်ကြိမ် သုံးကြိမ်မျှ ရှေးနည်းအတိုင်းမီးဖုတ်၍ ကျောက်ချဉ်ရည်ဖြင့်ပြုတ်ခြင်းဖြင့် လိုရာအရောင်အထိ ဖြစ်လာနိုင်သည်။ ကျောက်ချဉ်ရည်ကိုအသုံးမပြုလိုသူများမှာ မူကန့်စားငရုမီးတဆကို ရေ ၁၅ ဆမှအဆ ၂၀ ထိရောရှိ ကြွေသို့မဟုတ်စဉ့်သုတ်ခွက်ကြီးတခုတွင်ထည့်ကာ မီးဖုတ်ပြီးအထည်ကို ထိုအရည်တွင်တနာရီ၊ နှစ်နာရီမျှစိမ်ထားရ၏။ ယင်းသို့စိမ်ခြင်းဖြင့်ကျောက်ချဉ်ရည်တွင်စိမ်သည့်နည်းတူဌေရောင်ကိုရရှိနိုင်သည်။ ကြိုက်ရောင်ရရှိလာသည့်အခါတွင် ကုလားကင်ပန်းသီးပြုတ်ရေနှင့် စပ်ထားသော ရေဖြင့် အထည်ကိုဆတ်လျက် ကြေးသွေးပုတ်တံနှင့် တိုက်၍ပေးရသည်။ ထိုအခါ ဌေထည်မှာ တောက်ပြောင်၍လာလေသည်။

မိလ္လာထည်

ဌေထည်လုပ်ငန်း၏တစိတ်ဒေသဖြစ်သော မိလ္လာထည်လုပ်ငန်းကို မြန်မာဌေပန်းထိမ်သည်အမြောက်အများပင် တတ်မြောက်ကြ၏။ သို့သော်မီးပူခံ၊ ကန့်ညှော်ခံ၍လုပ်ရသောကြောင့် အနည်းငယ်သာလုပ်ကိုင်ကြသည်။ မိလ္လာထည်တွင် ရုပ်ပုံ ပန်းပုံများမှာ အမည်းခံလျက် ဌေကြောင်းလိုက်၍ ရေးသားထား သကဲ့သို့ သဏ္ဌာန်ပေါ်ထွက်စေသည်။ မိလ္လာနှင့်လုပ်သောအထည်များမှာ ဖလား၊ ထုံးဗူး၊ခေးရိုးစသည်များဖြစ်သည်။

မိလ္လာဖော်သည့်အခါ ခဲနှစ်ဆ၊ ဌေတဆ၊ ကြေးနီတဆရောစပ်၍ အရည်ဖြစ်အောင် မီးပြင်းထိုးလျက် သင့်လျော်ရုံကန့်ပစ်ရသည်။ မိလ္လာမျှုပ်သည့်အခါအထူလက်မသုံးပုံတပုံခန့် ရှိဌေထည်ကို အပြားခတ်၍ ပန်းပုံရုပ်ပုံများကို ရေးသားထုလုပ်ပြီးနောက် ရုပ်လုံးထုပြီးသား နေရာများကို ချန်လှပ်ကာ၊ ကျန်နေရာများကို နင်းချရသည်။ ဖော်ထားသော မိလ္လာကို မှုန့်မှုန့်ကြိတ်၍ လက်ချားနှင့်ရောလျက် နင်းချထားသောနေရာများတွင် လိုက်ထည့်ရသည်။ မိလ္လာမှုန့်ထည်ပြီးလျှင် သံအိမ်တွင်ထည့်၍ မီးပြင်းထိုးရ၏။ ထိုအခါအရည်ဝင်၍ မိလ္လာမြှုပ်ပြီးဖြစ်လေသည်။ ထိုနောက်မြှုပ်ရာများကို ချောအောင်တံစင်း၊ ကော်ဖတ်၊ မီးသွေးမှုန့်နှင့် အဆင့်ဆင့်တိုက်ပတ်၍၊ နောက်ဆုံးတွင် ဌေထည်ကိုအရောင်တင်သကဲ့သို့အရောင်တင်ရသည်။

ဌေထည်ပုံများ

ခေတ်အသီးသီး၌ ထွန်းကားခဲ့သောမြန်မာဌေထည်လက်ရာများကို နမူနာမျှဖော်ပြလိုပေသည်။ ဤအကြောင်းရပ်နှင့် တွဲ၍ ပုံပေါင်း ၁၁ ပုံဖော်ပြထားသည်။ ယင်းတို့အနက် ပုံအမှတ် ၁ မှာ ၁၉၂၆ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း ခင်ဘားကုန်းမှ တူးဖော်တွေ့ရှိသော ဗောဓိပင်ပေါက်နေပုံသဏ္ဌာန် ရှိသည့် ဌေခေါင်းပွကြုတ်ဖြစ်သည်။ ဘေးပတ်လည်တွင် တင်ပလ္လင်ခွေဘုရားရုပ်ပွားတော် ရုပ်ကြွလေးဆူထုလုပ်ထားသည်။ ဘုရားရုပ်ပွားတော် လေးဆူ၏အကြားတွင်မတ်ရပ်ရဟန္တာများကိုရုပ်ကြွများပြုလုပ်လျက် ဘုရားဘွဲ့မည်များနှင့် ရဟန္တာဘွဲ့မည်များကို ပျူအက္ခရာဖြင့် ကမ္ပည်းရေးထားသည်။ ဗောဓိပင်မှာ ပင်စည်တပိုင်းသာကျန်ရစ်သည်။ အကိုင်းအခက်များ ကြွေကျပျောက်ပျက်ကုန်ပြီဖြစ်၏။ ယင်းဗောဓိပင်ဌေကြုတ်မှာ သရေခေတ္တရာခေတ်လောက်ကပြုလုပ်သောလက်ရာဟုယူဆရ၏။

ပုံအမှတ် ၂ မှာ ၁၈ နှင့် ၁၉ ရာစုအတွင်းက လက်ရာများဖြစ်၏။ ထိုပုံပါဖလားများကို အမှတ်စဉ်ပေးထားသည်။ အမှတ် (၁) နှင့် (၂) ဖလားများသည် ပုံတွင်ပါသော ဖလားများအားလုံးအနက် ရှေးအကျဆုံးဖြစ်သည်။ ထိုရှေးကျသောဖလားနှစ်လုံးသည် ခရစ် ၁၇၀၀ နှင့် ၁၈၀၀ ပြည့်နှစ်အတွင်းကလုပ်ကိုင်ခဲ့သည့် ဖလားများနှင့် လက်ရာချင်းစံနစ်ချင်းတူသည်။ ရုပ်ပုံ ပန်းပုံကောင်းစွာမပေါ်သော်လည်း နှစ်မီးဖော်မှ ယခုကဲ့သို့ဖြစ်အောင်လုပ်ကိုင်၍ရနိုင်ရန် ရှိသည်။ အမှတ် (၃)၊ (၄)၊ (၅)၊ ဖလားများမှာခရစ် ၁၈၀၀ နှင့် ၁၉၀၀ ပြည့်နှစ်အကြား လွန်ခဲ့သည်နှစ်ပေါင်း ၁၀၀ ခန့်လောက်ကလုပ်ကိုင်ခဲ့သည်ဟုယူဆရ၏။ ထိုဖလားများတွင် ရုပ်ပုံပန်းပုံများမှာ ပို၍ပေါ်သော်လည်း တမီးတည်းဖော်သောကြောင့် အလွန်ကြမ်း၏။ အဆင်အပြင်မှာ အလွန်ကောင်းသည်။ အမှတ် (၆) နှင့် (၇) ဖလားများမှာ တခေတ်တည်းလုပ်ဖလားများဖြစ်၏။ တဆဲ့နှစ်ရာသီရုပ်များကိုထုလုပ်လျက်၊ မြန်မာဘုရင်မင်းတို့ ဦးခေါင်းဆေးလျှော် သကြန်တော်ခေါ် သည့်အခါမျိုးတွင် သုံးသောဖလားစံနစ်ပုံစံမျိုးများဖြစ်သည်။ ထိုအချိန်က အကောင်းဆုံးသောဖလားဖြစ်ဟန်တူသည်။

ပုံအမှတ် ၃ မှာ ဇာပေါက်ဖလားဖြစ်၏။ ထိုဇာပေါက်ဖလားကို ၁၈၇၅ ခုနှစ်လောက်က ရန်ကုန်မြို့မှ ဦးလွှဲဆို

သူက စံနစ်ထုတ်၍ထုလုပ်ခဲ့သည်။ ထိုဇာပေါက်ဖလားမှာ ထုလုပ်သမျှသော ဇာပေါက်ဖလားများအနက် အကောင်းဆုံးဖြစ်၏။ ပန်းပုံမှာသင်္ဘောနှင့်၊ ကုလားပန်း၊ ခြူးတက်သုံးမျိုးရောစပ်သော ပန်းပုံဖြစ်သည်။ ပန်းတမျိုးတည်းနှင့် ရိုးရှင်းနေရန် ပန်းအမျိုးမျိုးရောစပ်၍ ထုလုပ်နိုင်သော ပညာကို မြန်မာငွေပန်းထိမ်သည်တို့သည် များစွာနှစ်သက်ကြလေသည်။ ဖလားအောက်ပန်းမှာ မှော်လှည့်၍ရစ်သောပန်းဖြစ်သည်။ ထိုပညာရှင်ဦးရွှေရုံမှာပြိတိသျှခေတ် ဘုရင့်အင်ဂျင်နီယာတပ်အတွက် ထူးဆန်းကောင်းမွန်သော အထည်တခုကို ထုလုပ်ပြီးနောက် မကြာမီ ၁၈၈၉ ခုနှစ်တွင် အနိစ္စရောက်လေသည်။

၊ ပုံအမှတ် ၄ မှာ ၁၈၇၅ ခုနှစ်လောက်က ဦးဘိုးသက်ဆိုသူ လုပ်သော ငွေဆွမ်းအုပ်ပုံဖြစ်၏။ ဆွမ်းအုပ်ကို စေတီပုံမျိုးပြုလုပ်ထားသည်။ ဤပုံဆွမ်းအုပ်မျိုးမှာ မြန်မာဘုရင်တို့ ဘုရားဆွမ်းတော်တင်ရန်သုံးသောပုံမျိုးဖြစ်လေသည်။ မြန်မာငွေထည်လုပ်ငန်းတွင် ပညာစွမ်းကိုပြနိုင်သော လက်ရာကောင်းတခုဖြစ်သည်။

ပုံအမှတ် ၅ မှာ ၂၀ ရာစုနှစ်အစလောက်တွင် ရွှေတံဆိပ်တော်ရ ပညာရှင်ဦးရင်မောင်ထုလုပ်သော ငွေဒေါင်းပေါင် (ငွေလင်ပန်းငယ်)ဖြစ်သည်။

ပုံအမှတ် ၆ မှာ ငွေထုံးဗူးနှင့်ငွေဖလားဖြစ်၍ ၁၉၀၂ခုနှစ်တွင်ကျင်းပခဲ့သော ပြည်နယ်အနုပညာပြိုင်ပွဲတွင် ဆုရသော လက်ရာဖြစ်သည်။ ထိုပစ္စည်းနှစ်မျိုးလုံးသည် ရန်ကုန်မြို့ ပညာရှင်တို့၏ စေ့စပ်သေချာမှုကိုပြလေသည်။ ငွေထုံးဗူးတွင်ဖော်ထားသော သေးငယ်လှသည့် ရုပ်ပုံပန်းပုံများကို အခြားဒေသမှ ပညာရှင်များပင် တတ်နိုင်စွမ်း မရှိအောင် အသေးစိတ်သေသပ်လှ၏။

ပုံအမှတ် ၇ သည် နယူးဒေလီမြို့တွင် ထိုခေတ်ကကျင်းပသောပြပွဲ၌ မြန်မာပြည်မှပေးပို့သော မြန်မာငွေထည်လက်ရာများဖြစ်၏။ ထိုငွေထည်များမှာ ရာမဇာတ်မှ ဇာတ်ကောင်များဖြစ်သည်။ အောက်ဆုံးတန်းရှိလက်ဝဲအစွန်ပုံမှာ ရာမရုပ်ဖြစ်၍၊ လက်ျာအစွန်ရှိ ငွေထည်ရုပ်မှာ သီတာရုပ်ဖြစ်သည်။ အလယ်ရုပ်သည် ရာမ၏အကြံပေး ဝါမိကီဖြစ်သည်။ အလယ်တန်းရှိ လက်ျာဖက်ရုပ်မှာ သိန်းခိုပြည့်ရှင်ဒဿဂီရိဘီလူးရုပ်ဖြစ်၏။ လက်ဝဲရုပ်မှာ ဒဿဂီရိ၏နှမ ဂမ္ဘီရုပ်ဖြစ်သည်။ ထိပ်ဆုံးပုံမှာ ဟနုမန်မျောက်မင်းရုပ်ပုံဖြစ်သည်။ ငွေထည်ရုပ်အသီးသီးမှာ ဟန်မူရာအသက်ပါ၍ လက်ရာကောင်းသည်ဟုဆိုရပေမည်။

ပုံအမှတ် ၈ မှာ ၁၉၀၅ ခုနှစ်တွင် မန္တလေးမြို့မှ ဦးကြင်လုပ်သောငွေဖလားပုံဖြစ်၏။ ဦးကြင်မှာ သရက်မြို့လက်ရာဖြစ်သော ငွေထည်ပညာကိုတတ်မြောက်သူဖြစ်ပေသည်။ ထိုခေတ်က လက်ရာကောင်းငွေထည်ဖြစ်သည်။

ပုံအမှတ် ၉ မှာ ၁၉၀၄ ခုနှစ်တွင် ပဌမဆုရသောဦးရွှေဝ ထုလုပ်သည့် ငွေထည်ပစ္စည်းပုံဖြစ်၏။ ယင်း၏ပန်းပုံ၊ အရုပ်ပုံများသည် ပညာရှင်၏လက်စွမ်းကို ဖော်ပြလျက်ရှိသည်။

ပုံအမှတ် ၁၀ မှာ ငွေထည်လုပ်ငန်းနှင့် ငွေထည်လုပ်ငန်း၌ အကျုံးဝင်သော မိလ္လာထည်ကိုပြသည်။ ငွေအိမ်စုပ်ခွက်များသည် မြောင်များသည် နယူးဒေလီမြို့ပြိုင်ပွဲတွင် ရွှေတံဆိပ်ရဆုရများ၏တပည့်တို့က တောင်ငူနှင့် ရွှေကျင်မြို့များတွင် လုပ်သော လက်ရာများဖြစ်သည်။ အလယ်မှခွက်ကို ပဲခူးမြို့မှဦးဘိုးဇင်လုပ်၏။ ထိုခွက်မြောင်ရိုးမှာ ဆင်စွယ်ရိုးဖြစ်၍ ခွက်အိမ်မှာ သစ်သားအိမ်ဖြစ်၏။ ခွက်အိမ်ကို ငွေဖြင့်ခွေ၍ မိလ္လာလုပ်ငန်းလက်ရာကောင်းကို အစွမ်းပြထားလေသည်။

ပုံအမှတ် ၁၁ မှာ ၁၉ ရာစုမှ ၂၀ ရာစုအကူးတွင်ထင်ရှားခဲ့သော မြန်မာငွေထည်ပညာရှင်များ၏ ပုံဖြစ်သည်။ ထိုပညာရှင်များမှာလက်ဝဲမှ လက်ျာသို့အစဉ်အတိုင်းအားဖြင့် ဦးရင်မောင် (နယူးဒေလီမြို့ ရွှေတံဆိပ်ရ)၊ ဦးသူလှိုင်၊ ဦးဘိုးကျော် (နယူးဒေလီမြို့ ကြေးတံဆိပ်ရ)၊ ဦးဘိုးမြင့်၊ ဦးဘိုးသက် (ဂျပူးမြို့ ရွှေတံဆိပ်နှင့် ကာလကတ္တားမြို့ ငွေတံဆိပ်ရ)၊ ဦးဘိုးခင် (ဒေလီမြို့ ငွေတံဆိပ်ရ)၊ ဦးရွှေဝနှင့် ဦးဘိုးဇင်တို့ဖြစ်ကြသည်။

ငွေသတ္တု

သတ္တုများတွင် ငွေသည်အပြောင်လက်ဆုံး သတ္တုဖြစ်သည့်ပြင် ကမ္ဘာအနှံ့အပြား၌ တူးဖော်၍ရရှိနိုင်သောကြောင့် လူသိအများဆုံးဖြစ်၏။ ငွေကိုလူသိများသလောက် တူးဖော်ယူရာတွင် မလွယ်ကူလှချေ။ တရုပ်လူမျိုးတို့သည် ရှေးနှစ်ပေါင်း ၃၅၀၀ ကျော်ကပင် ငွေကို အထည်ပြုလုပ် သုံးစွဲခဲ့ကြ၏။ ကမ္ဘာပေါ်တွင် ငွေကိုပဌမဆုံး ဒင်္ဂါးပြုလုပ်သုံးစွဲကြသူများမှာ လစ်ဒီယန်လူမျိုးများဖြစ်သည်ဟု ဂရိလူမျိုးနိုင်ငံသမိုင်းပညာရှင်တဦးကဆိုသည်။

ရှေးအခါက ငွေအတွက်ကြောင့် ပြည်ထောင်အချင်းချင်း စစ်ခင်းခဲ့ကြသည်။ လူတို့သည်လည်း တဦးနှင့်တဦးခိုက်ရန် ဒေါသဖြစ်ခဲ့ကြသည်။ အာဂရိသူလူစုများက အာနည်းသူလူစုများကို ဖမ်းဆီးနှိပ်စက်ခဲ့ကြသည်။ ဘီစီ ၃၀၀ ပြည့်နှစ်တွင် ရောမလူမျိုးတို့သည် ကားသေ့ပိုင် စပိန်ငွေတွင်းများကိုလိုချင်သော ရမ္မက်ဇောကြောင့် ကားသေ့နိုင်ငံနှင့် စစ်ခင်းခဲ့သည်။ လွန်ခဲ့သောအနှစ် ၄၀၀ ခန့်က တောင်အမေရိကတိုက် ပီးရူးနိုင်ငံတွင် စပိန်လူမျိုးတို့သည် ငွေတွင်းများကို တူးဖော်ရန်အတွက် တိုင်းရင်းသားများအား ကျွန်စာရင်းသို့သွင်းခဲ့ပြီးလျှင် နှိပ်စက်ခဲ့ကြသည်။ လွန်ခဲ့သည့် ၂၅ နှစ်လောက်အထိ လူတို့သည် အမေရိကတိုက်အနောက်ပိုင်းရှိ တောင်များတွင် ဓိဋ္ဌာထွက်ယင်း တဦးနှင့်တဦး အခြင်းများကာ သတ်ပုတ်ခဲ့ကြလေသည်။

ကမ္ဘာပေါ်တွင် ငွေအထွက်ဆုံးအရပ်ဒေသမှာ မြောက်

အမေရိကတိုက်ရှိ မက္ကဆီကိုနိုင်ငံ ဖြစ်သည်။ ဒုတိယ ငွေအထွက်ဆုံးအရပ်ဒေသများမှာ အမေရိကန်ပြည်ထောင်စုရှိ နီဗားဒပြည်နယ်နှင့် ကော်လိုရာဒိုပြည်နယ်များဖြစ်သည်။ ဤဒေသများအပြင် ငွေကို ကနေဒါနိုင်ငံ၊ စပိန်နိုင်ငံနှင့်ဩစတြေးလီးယားတိုက်မှလည်း တူးဖော်ရရှိကြသည်။ ငွေချည်းသက်သက်ကို အကျိုးရှိရှိနှင့် ထုတ်ယူနိုင်လောက်အောင် ကြွယ်ဝသည့်သတ္တုရိုင်းကို တွေ့ရခဲသည်။ အများအားဖြင့် ငွေကိုခဲ၊ ကြေးနီစသောသတ္တုများနှင့်ပေါင်းစပ်၍တွေ့ရှိရသဖြင့် ထိုသတ္တုများကို ကျိုချက်ယူရတွင် ငွေကိုဘေးထွက်ပစ္စည်းအဖြစ်ဖြင့် ရရှိကြသည်။ ယခုအခါငွေထွက်သောသတ္တုရိုင်းတတန်လျှင် ငွေချည်းသက်သက်ပေါင်ချိန် ၂၀၀ ခန့်သာရရှိနိုင်ကြောင်းတွေ့ရသည်။

ငွေသတ္တုစစ်စစ်သည်ဖြူ၏။ အထူ ..... လက်မမျှရှိအောင် အပြားခတ်ယူနိုင်သည်။ ရွှေမှအပ ငွေသည်အပြားရိုက်ခတ်နိုင်ဆုံးသတ္တုဖြစ်၍ ပလက်တီနမ်မှလွဲလျှင် နှန်းဆွဲအခံနိုင်ဆုံးသတ္တု ဖြစ်၏။ အချိန် တအောင်စလေးသော ငွေကို နှန်းဆွဲယူသောအခါ သုံးမိုင်ရှည်သောငွေနှန်းကြိုးကို ရနိုင်၏။ ငွေသန့်သန့်သည် ရွှေထက်မာသော်လည်း၊ ငွေဒင်္ဂါးနှင့် ငွေထည်ပစ္စည်းများ ပြုလုပ်ရန် ပျော့လွန်းသောကြောင့် ကြေးနီဖြင့်ရောစပ်အသုံးပြုကြရ၏။ ထိုသို့ရောစေးသောအခါ အရောင်အနည်းငယ်မျှမပျက်ဘဲ အရည်ပျော်အပူချိန်မြင့်တက်လာပြီးလျှင် သတ္တုမှာပို၍မာလာ၏။ ငွေသည်အပူချိန်စင်တီဂရိတ် ၉၆၁ ဒီဂရီတွင် အရည်ပျော်၍ စင်တီဂရိတ် ၁၉၅၅ ဒီဂရီတွင် အရည်ဆူပြီးလျှင် အပြာရောင်အငွေ့အဖြစ်ဖြင့် ပျံတက်သွား၏။ ထိုအငွေ့သည် လေနှင့်ရောနှော၍ပါသွားသောအခါ အစိမ်းရင့်ရောင်အဖြစ်သို့ ကူးပြောင်းသွားသည်။ အရည်ပျော်နေသောသတ္တုသည် မိမိထက်အဆ ၂၀ ထုထယ်ရှိသော အောက်ဆီဂျင်ကိုပျော်ဝင်စေနိုင်သည်။ အေး၍လာသောအခါ ပျော်ဝင်နေသော အောက်ဆီဂျင်သည် အရှိန်ပြင်းထန်စွာနှင့်ထွက်သွားသည်။

မြန်မာနိုင်ငံ၌ ငွေသတ္တုလုပ်ငန်းကို ငွေသတ္တုအရိုင်းတွေ့သောနေရာများ၌ လုပ်ကိုင်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဘော်တွင်း၌ ငွေသတ္တုအရိုင်းအများဆုံးထွက်သည်။ (ဘော်တွင်း — ရှ။) အခြား ငွေသတ္တုအရိုင်း တွေ့သောဒေသများမှာ ဗန်းမော်နယ်၊ ကသာနယ်၊ ရမည်းသင်းနယ်၊ ကျိုက္ခမီနယ်၊ ထားဝယ်နယ်၊ မြိတ်နယ်တို့ဖြစ်သည်။ ဝနယ်၌လည်း ငွေသတ္တုတွင်းများရှိသည်ဟုဆိုသည်။

ငွေထည်လုပ်ငန်းသည် ထင်ပေါ်ကျော်စောသော မြန်မာလက်မှုပညာတရပ် ဖြစ်လေသည်။ ဥရောပတိုက်သား တို့သည် မြန်မာငွေထည်ပစ္စည်းများကို အထူးပင်နှစ်သက်ကြသည်။ (ငွေထည်လုပ်ငန်း — ရှ။)

ဖန်ကို ကောင်းစွာမကျိုချက်တတ်မီ ရှေး အခါက ဆူတို့သည် ပြောင်လက်နေအောင်တိုက်ချတ်ထားသည့် ငွေထည်ကိုမှန်အဖြစ်ဖြင့် သုံးစွဲခဲ့ကြသည်။ ငွေဖြင့်အိုးခွက်၊ ပန်းကန်ပြားများနှင့် ဝတ်စားတန်ဆာများ ပြုလုပ်ခြင်းအလေ့အထမှာ သမိုင်းမတင်မီအချိန်မှစ၍ ခေတ်စားခဲ့သည်။ ငွေထည်များသည် ကန့်နှင့်တွေ့ထိသော အခါ မည်းတတ်သဖြင့် ကန့်ပါရှိသည့်ကြက်ဥကဉ်များကို ငွေဇွန်းဖြင့်စားလျှင် ချက်ခြင်းဆေးကြောပစ်ရသည်။ သို့သော်မည်းနေသောဇွန်းကို အနည်းငယ်ခန့်တိုက်ချတ်ပေးလိုက်ရုံမျှနှင့် နဂိုအတိုင်းပြောင်လက်လာနိုင်သည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်ထွက်သမျှငွေစုစုပေါင်းအနက် ၄ ပုံ ၃ ပုံကိုဒင်္ဂါးပြုလုပ်ရာ၌သုံးသည်။ အများအားဖြင့်ငွေဒင်္ဂါးသည် တဦးတယောက်ထံတွင်ကြာရှည်မရှိတတ်ဘဲ တလက်မှတလက်သို့ကူးပြောင်းနေသဖြင့် မည်းလာရန်အချိန်မရပေ။ သို့သော် ငွေစစ်လွန်းလျှင်မူ ပွန်းသွားတတ်၍ဒင်္ဂါးတွင် ပါရှိသည့်ပန်းများမှာ တဖြည်းဖြည်းချောလာသည်။ ထိုမှတပါးလည်း ငွေသည် ယမ်းလုပ်ငန်း၌အရေးပါအရာရောက်သည်။ ယခုကျန်ပ်တို့သိရှိသမျှယမ်းဘီလူးတို့တွင် အပြင်းအထန်ဆုံး ယမ်းဘီလူးတမျိုးမှာ ဆီးလဗားဖာလမိနိတ်ခေါ် ငွေသတ္တုဖြင့် စီမံယူရသောယမ်းဘီလူးဖြစ်သည်။ ဤယမ်းဘီလူးသည် စိုနေသည့်အခါ အနည်းငယ်မျှမစိုးရိမ်ရသော်လည်း အလွန်ခြောက်သွေနေလျှင် ငှက်မွေးဖြင့် တို့မိရုံမျှနှင့် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်သောအရှိန်ဖြင့် ပေါက်ကွဲတတ်သည်။ ဓာတ်ပုံရိုက်ကူးရာ၌ အသုံးပြုသည့်ဖလင်ကော်ပြားတွင် ငွေမှပြုလုပ်ရရှိသော ဆီးလဗားကလိုရိုက်ကို သုတ်လိမ်းထားသည်။ ဆီးလဗားကလိုရိုက်သည် အလွန်အလင်းမိလွယ်သဖြင့် အလင်းရောင်နှင့်တွေ့သည်နှင့်တပြိုင်နက် ဓာတ်ပြောင်းသွားသည်။ ထိုသို့ဓာတ်ပြောင်းသွားသည့်ကော်ပြားကို ဓာတ်ဆေးများဖြင့်စီမံပေးသောအခါ ငွေသတ္တုအမှုန့်များသည် ဂျယ်လတင်းကော်ပြားတွင် စွဲကပ်ကျန်ရစ်၍ ရုပ်ပုံထင်လာသည်။ (ဓာတ်ပုံပညာ — လည်း၌။) ဆေးဝါးကုသရာတွင် ငွေမှဖော်စပ်ရရှိသော ဆေးများသည် အလွန်အသုံးဝင်သည်။ ဆီးလဗားနိုက်ထရိတ်သည် အလွန်ထက်မြက်သော ပိုးသတ်ဆေးဖြစ်သည်။ ကြွက်နို့များကိုသတ်လိုသော် ဤဆေးကို သုတ်လိမ်းပေးရသည်။ ငွေပါသောအချို့ဆေးများကို ဝမ်းကိုက်ရောဂါနှင့် အစာမကြေရောဂါများကိုကုသရန် အတွင်းဆေးအဖြစ်ဖြင့် အသုံးပြုရသည်။ သို့သော် တန်လျှင်ဆေးလွန်လျှင်ဘေး ဟူသောမြန်မာစကားအရ အလွန်အကြူးသောက်စားမိပါက ပြင်းထန်သော အဆိပ်ဖြစ်စေတတ်၏။ မတော်တဆထိခိုက်မိ၍ ဦးခေါင်းခွံကွဲသွားသောအခါ ငွေပြားဖြင့်ကပ်ပေးတတ်ကြသည်။ အရိုးများကျိုးသွားလျှင်လည်း ငွေပြားကွင်းဖြင့် စည်းနှောင်ပေးတတ်ကြသည်။ တခါတရံဒဏ်ရာများကိုငွေနန်းကြိုးဖြင့်ချုပ်ပေးလေ့ရှိသည်။

ကုန်ချင်းဖလှယ်ရာမှတိုးတက်တိုထွင်မှုတရပ်

ခရုခွံများ၊ သတ္တုစများ၊ စက္ကူများအစရှိသောပစ္စည်းများကိုငွေအသပြာအဖြစ်သုံးစွဲခဲ့ကြသည်။ ယခုတိုင်လည်းအချို့ဒေသများ၌သုံးစွဲနေဆဲဖြစ်သည်။ စင်စစ်အားဖြင့်ငွေအသပြာဆိုသည်မှာ၊ ကုန်ရောင်းကုန်ဝယ် သို့မဟုတ် ပစ္စည်းချင်းဖလှယ်ရာမှတိုးတက်လာသောတီထွင်မှုတရပ်ပင်ဖြစ်သည်။

ငွေအသပြာ။ ။ငွေအသပြာဆိုသည်မှာ လက်ရှိသုံးစွဲနေသောငွေစက္ကူများ၊ ကျပ်ဒင်္ဂါး၊ ပြား ၅၀ ပြား၊ ၂၅ ပြား၊ ၁၀ ပြား၊ ၅ ပြား၊ ၁ပြားစေ့သတ္တုပြားများကိုဆိုလိုသည်။

ငွေအသပြာကိုအသုံးပြုရခြင်းအကြောင်းများကိုအောက်တွင်ဖော်ပြထားသည်။


လူတို့ ကုန်များ ရောင်းဝယ်ရာ၌ လွယ်ကူစေရန်ဖြစ်သည်။ ပမာအားဖြင့်၊ ဦးဖြူသည်နွားကောင်ရောင်းလို၏။ ဦးဖြူကလည်းစောင် ၃ ထည်၊ ငပိ ၅ ပိသာ၊ ခဲတံ ၃ ချောင်း၊ ပလာစာအုပ် ၆ အုပ်ဝယ်လို၏။ ဦးဖြူသည်နွား ၂ ကောင်ကိုငွေ ၂၀၀ နှင့်ရောင်း၍ ငွေစက္ကူ ၂၀၀ ဖိုးလက်ခံယူလိုက်၏။ ထိုနောက်မှသူရသောငွေဖြင့်၊ ငပိ ၅ ပိသာ (ငွေ ၁၅ ဖိုး)၊ ခဲတံ ၃ ချောင်း (၇၅ ပြားဖိုး) နှင့် ပလာစာအုပ် ၆ အုပ် (၁ ပြား၅၀ ဖိုး) တို့ကိုဆိုင်များတွင်ဝယ်ယူနိုင်တော့၏။ ငွေအသပြာသာမရှိလျှင် ဦးဖြူအတွက်ရောင်းဝယ်ရေးမှာ လွယ်ကူမည်မဟုတ်ချေ။ နွားနှင့်ခဲတံ၊ နွားနှင့် ပလာစာအုပ်လဲလှယ်ရန်လည်း လွယ်ကူသည်မဟုတ်။

ငွေအသပြာကို လက်ခံအသုံးပြုကြသဖြင့်၊ ပစ္စည်းများ၏ တန်ဖိုးကို အလွယ်တကူမှတ်သားနိုင်းရှည့်နိုင်၏။ ပမာအားဖြင့် ခြည်ပုဆိုးတထည် ၁၅၊ ပိုးပုဆိုးတထည် ၃၀၊ စက်ဘီးတစီးအသစ်စား ၁၀၀၊ အလတ်စား ၁၅၀ နှင့် အကောင်းဆုံးအစား ၂၅၀ ဟူ၍ ပစ္စည်းတမျိုးနှင့် တမျိုး တန်ဖိုးကွာခြားခြင်းကို တန်ဖိုးဇာလိုက်ဝယ်ယူရသောငွေအသပြာချင်းနှိုင်းရှည့်ခြင်းဖြင့် အတိအကျသိရပေသည်။

ငွေအသပြာအသုံးပြုခြင်းဖြင့်၊ ပစ္စည်းဥစ္စာစုခြင်း၌လွယ်ကူ၏။ ပမာအားဖြင့် မြေဝယ်၍ဖြစ်စေ၊ နွားဝယ်၍ဖြစ်စေ ဥစ္စာစုကြ၏။ သို့တည်းမဟုတ်က၊ ငွေအသပြာအဖြစ်နှင့်လည်း စုထားနိုင်၏။ ငွေစက္ကူ၊ ငွေဒင်္ဂါး၊ သတ္တုပြားများအဖြစ်နှင့် ငွေစုထားရာ၌ ၁ နှစ်၊ ၂ နှစ်စသည်ဖြင့် အချိန်ကြာမြင့်သွားသော်လည်း သာမန်အားဖြင့် စုဆောင်းငွေ တန်ဖိုးလျော့မသွားဟုဆိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ စုဆောင်းခြင်း၌လွယ်ကူလေသည်။

လူတယောက်ကတယောက်ကို ချေးငှားထောက်ပံ့ခြင်း၌၊ ငွေအသပြာဖြင့် ချေးငှားသဖြင့် အချိန်ကြာမြင့်မှ ပြန်ပေးသော်လည်း၊ မူလချေးငွေတန်ဖိုးကို မယုတ်လျော့စေဘဲတက်ယူနိုင်၏။ ပမာအားဖြင့် ငွေ ၅၀၀ ချေးယူ၍ တနှစ်ကြာသော် ငွေ ၅၀၀ ပြန်ဆပ်ရမည်ဟု ဆိုခြင်းဖြစ်သည်။

ငွေအသပြာဆိုရာ၌ အမှန်အားဖြင့် အစိုးရအသိအမှတ်ပြုငွေစက္ကူ၊ ငွေဒင်္ဂါး၊ သတ္တုပြားကလေးများသာမဟုတ်၊ ယင်းတို့အစားအသုံးပြုသော ကုန်းသန်းရောင်းဝယ်ရေးဘဏ်များက ထုတ်ပေးနေသည့် ချက်လက်မှတ်၊ ငွေလွှဲစာချုပ်



အစရှိသည်များလည်းပါဝင်လေသည်။ (ဘဏ်နှင့်ဘဏ်လုပ်ငန်း — လည်းရှု။)

ရှေးပဝေဏီကဆိုလျှင်၊ ကမ္ဘာပေါ်တွင် ကူးသန်းရောင်းဝယ်ရေး၌ ကုန်ပစ္စည်းတခုနှင့်တခု လဲလှယ်ကြရ၏။ နွားတကောင်နှင့် ဆိတ် ၂ ကောင် သို့မဟုတ် ငပိတပိသာနှင့် ဝါတပိသာ၊ သို့မဟုတ်ဆား ၂ ပိသာနှင့် ဝါတပိသာအစရှိသည်များဖြစ်သည်။ ထိုနောက် ရောင်းဝယ်ရေးတိုးတက်လာသည်အလျောက် ငွေတုံး၊ ရွေတုံး၊ ငွေခဲ၊ ရွှေခဲများကို ဖြတ်တောက်ချိန်တွယ်၍ ငွေအသပြာအဖြစ်အသုံးပြုကြ၏။ အချို့တိုင်းပြည်များတွင် ခရုခွံ၊ ဆေးရွက်၊ သားရေပြား၊ ဆား၊ ဆန်၊ လက်ဖက်ခြောက်၊ စွန်ပလွံသီး၊ ဆင်စွယ်၊ သံ၊ ခဲစသည်များကို ဒေသအလိုက် အသုံးပြုကြသည်။

သို့ရာတွင်ရွှေတုံး၊ ငွေတုံးများကို ပိုမိုအသုံးပြုလာကြ၏။ အကြောင်းမှာ ရွှေတုံးငွေတုံးများမှာ လွယ်ကူစွာသိနိုင်၏။ မှတ်ကျောက်တင်၍ စစ်ဆေးနိုင်၏။ ချိန်တွယ်ခွဲစိတ်နိုင်၏။ မီးတင်ထု၍ပုံသွန်းနိုင်၏။ ဥတုရာသီ၊ ကာလအချိန်အတွက် ယုတ်လျော့ပျက်စီးခြင်းမဖြစ်နိုင်။ ထိုပြင်ရွှေနှင့်ငွေတို့မှာ လွန်စွာမပေါများလှသဖြင့် တိုင်းပြည်အသီးသီး၌ တန်ဖိုးထား၍အသုံးပြုကြ၏။ ရွှေနှင့်ငွေတို့ကိုပဌမ၌အချိန်အတွယ် အားဖြင့်သာအသုံးပြု၍အုပ်ချုပ်မှုတိုးတက်သောနိုင်ငံများ၌ နိုင်ငံတော်အစိုးရတို့က ရွှေဒင်္ဂါးများကိုပုံသွန်း၍ လူထုအား ငွေအသပြာအဖြစ် အသုံးပြုစေ၏။ အသေးအဖွဲအသုံးပြုရန်၊ ရောင်းဝယ်ရန်အတွက် ကြေးနီ၊ ကြေးဝါ၊ ခဲ၊ ဘော်အစရှိသည့် ဈေးပေါသောသတ္တုပစ္စည်းများကို သက်ဆိုင်ရာအစိုးရများကပုံသွန်းထုတ်ဝေလေ့ရှိ၏။

ကမ္ဘာပေါ်၌ ရောင်းဝယ်ရေးသည် တိုးတက်လာသည့်အလျောက် ရွှေငွေအတွက် မလုံမလောက်ဖြစ်ခဲ့ရာ၊ နိုင်ငံတော်အစိုးရအသီးသီးတို့က ငွေစက္ကူများရိုက်နှိပ်ထုတ်ဝေရတော့၏။ ထိုငွေစက္ကူများ၏တန်ဖိုးကို ထုတ်ဝေသောသက်ဆိုင်ရာအစိုးရတို့က အာမခံရ၏။ ငွေစက္ကူများကို လိုသည်ထက်ပိုမိုထုတ်ဝေပါလျှင် ထိုငွေစက္ကူ၏တန်ဖိုးအထူးယုတ်လျော့သွားတတ်ခြင်းကို ၁၉၁၅-၁၈ ခုနှစ်က ဂျာမန်ငွေစက္ကူများ တန်ဖိုးမရှိဖြစ်ရခြင်း၊ ၁၉၄၂-၄၅ ခုနှစ်ကဂျပန်ငွေစက္ကူများ တန်ဖိုးမရှိဖြစ်ရခြင်းတို့က သက်သေခံလျက်ရှိပေသည်။ သို့ရာတွင် ကုန်သွယ်ရေးကိစ္စ များလျှင်များသလို၊ နည်းလျှင် နည်းသလို နိုင်ငံအစိုးရက အာမခံ၍ ငွေစက္ကူရိုက်နှိပ်ဝေငှပါက တိုင်းပြည်အတွက် များစွာ အကျိုးရှိနိုင်ပေသည်။

ဦးတင်အုံး။

၎င်လောက

ကျွန်ုပ်တို့သည်၎င်များကိုနေ့စဉ်တွေ့မြင်နေကြရသော်လည်း ၎င်၏အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ်မသိကြပေ။ အလွန်ရှေးကျသောခေတ်က ၎င်များသည်ဖွတ်၊ ပုတတ်တို့ကဲ့သို့သော တွားသွားကောင်များနှင့်တူသည်ဟုဆိုလျှင် ယုံနိုင်ဖွယ်ရာရှိမည်မဟုတ်ချေ။ ထိုကြောင့်၎င်အကြောင်းကိုဖတ်ရှုလေ့လာခြင်းအားဖြင့် ၎င်လောက၏စိတ်ဝင်စားဖွယ်ရာ၊ မှတ်သားဖွယ်ရာ အချက်များကိုပို၍သိရှိလာနိုင်မည်ဖြစ်ပေသည်။

၎င်။ ။၎င်သည်အမွေးအတောင်ရှိသော ကျောရိုးရှိသတ္တဝါဖြစ်၏။ သို့သော်အခြားကျောရိုးရှိသတ္တဝါများဖြစ်သော တွားသွားသတ္တဝါ၊ နို့တိုက်သတ္တဝါတို့နှင့်ကား မတူချေ။ ထိုတွားသွားသတ္တဝါနှင့် နို့တိုက်သတ္တဝါတို့တွင် အရေပြားခြင်းအကြေးခွံနှင့် အမွေးအမှင်တို့ရှိကြသည်။ ၎င်မှာမူ လေထဲတွင်ပျံသန်းရသောတိရစ္ဆာန်ဖြစ်ခြင်းကြောင့်၊ အရေပြားမှအမွေးအတောင်များဆန်းကြယ်စွာပေါက်လျက်ရှိသည်။

ကမ္ဘာပေါ်တွင်၎င်မျိုးပေါင်းမှာ ၁၃,၀၀၀ နှင့် ၁၄,၀၀၀ အကြားတွင်ရှိသည်။ ၎င်တို့ကိုမျိုးစိတ်၊ မျိုးစု၊ မျိုးရင်းဟူ၍ အဆင့်ဆင့်ခွဲခြားထားသည်။ ဤသို့ခွဲခြားရ၌ကြည့်လိုက်သော်၊ ၎င်မျိုးပေါင်းသည် ကျောရိုးရှိမျိုးပေါင်းစုတွင် အပါအဝင်ဖြစ်သည်ကိုတွေ့ရလေသည်။

တွားသွားရာမှမိုးဆို့ပျံခြင်း

သို့ရာတွင် သိပ်ံသုတေသီတို့၏ အလိုဌ္ဌ ၎င်၏မူလဘူတသည် တွားသွားသတ္တဝါတို့ပင်ဖြစ်မည်ဟုဆိုကြလေသည်။ ကမ္ဘာဦးရှေးပဝေဏီခေတ်က ရှိခဲ့ဘူးသောငှက်၏ စကယ်လီတန်တို့ကို မြေအောက်မှတူးဖော်ရရှိသောအခါ၊ ထိုကမ္ဘာဦးငှက်များသည် တွားသွားတတ်သောဖွတ်၊ ပုတတ်တို့၏ပုံသဏ္ဌာန်ရှိသည်ကို တွေ့ရသည်။ ထိုငှက်တို့၏နှုတ်သီးဌ္ဌသွားများပါရှိသည်။ တောင်ပံဌ္ဌလည်း လက်ချောင်းများရှိကြသည်။ ဤသည်ကိုထောက်ရှု၍ ယခုခေတ်ငှက်သည် တွားသွားသတ္တဝါနှင့်တူသည့် ရှေးခေတ်ငှက်ကြီးများမှ ဆင်းသက်လာသည်ဟုယူဆကြသည်။ ယခုခေတ်ငှက်တို့၏ နေထားသွင်ပြင်တို့ပြောင်းလဲလာရခြင်းများမှာ၊ ငှက်တို့သည် အတောင်ကိုအသုံးပြု၍ လေထဲဌ္ဌပျံသန်းတတ်လာခြင်းကြောင့်ဖြစ်သည်ဟုယူဆကြရသည်။

ငှက်သည်အဘယ်ကြောင့်ပျံနိုင်သနည်း

သဘာဝသည် ငှက်၏ခန္ဓာကိုယ်အစိတ်အပိုင်းကို ကောင်းကင်ဌ္ဌပျံသန်းနိုင်စေရန် ဖန်တီးထား၏။ ငှက်၏စကယ်လီတန်တို့ကိုကြည့်လေ။ ငှက်ရိုးတို့သည် ကျစ်လစ်၏။ အခေါင်း



အသိုက်ထဲတွင်ဝပ်နေသောငှက်ယောင်ငှက်

ရှိ၏။ ပေါ့ပါး၏။ ငှက်ကျော်ရိုးအဆစ်များသည် ပေါင်းစပ်၍နေသဖြင့် ကျောရိုးသည်မြီးထူးရိုးနှင့်လည်း နီးကပ်စွာ ဆက်စပ်တည်ရှိသည်။ ထိုပြင်အခြားအရိုးတို့မှာ ငှက်၏ ကိုယ်ထည်တခုလုံးအပေါ်၌ ပေါင်းကူးကဲ့သို့ အထပ်ထပ်ဖွဲ့၍ နေသဖြင့်၊ ကိုယ်ထည်မှာ တောင့်တင်းခိုင်မာပါလျက်နှင့် ပေါ့ပါး၍နေပေသည်။ လေယာဉ်ပျံတွင် လေးလံသောစက်ကရိယာနှင့် ခရီးသည်တို့ကို ဟန်ချက်အနိုးအနားတဝိုက်၌ ထားရှိရသည်။ ထို့အတူ ငှက်၏လေးလံသောခန္ဓာအစိတ်အပိုင်းပါသည့် ကိုယ်ထည်တခုလုံးသည် ဟန်ချက်တဝိုက်၌ သာတည်ရှိသည်။ ပေါ့ပါးသောဦးခေါင်း၊ အမြီး၊ အတောင်နှင့်ခြေထောက်တို့ကား ဟန်ချက်ဖြင့် ဝေးရာတွင် တည်ရှိပေသည်။ ထိုပေါ့ပါးသည့်အင်္ဂါများကို လှုပ်ရှားစေသောအသားစိုင်မှာ ကိုယ်ထည်နှင့် သာဆက်စပ်လျက်ရှိပေသည်။ အသားစိုင်အများဆုံးအပိုင်းမှာ ပေါင်ပိုင်းသာဖြစ်၍၊ ငှက်ကိုယ်၏ ဟန်ချက်နှင့် နီးကပ်စွာတည်ရှိနေသည်။ ပေါင်အောက်ဖက်ရှိ ခြေတံမှာ သေးသွယ်ရှည်လျားသောအရိုးချောင်းဖြစ်သည်။ ထိုအရိုးနှင့် ခြေချောင်းကလေးများသည် ဆက်နေသည်။ ခြေပိုင်း၌အများအားဖြင့် အမွေးအတောင်မရှိချေ။

ငှက်တောင်မှာ စင်စစ်အားဖြင့် တွားသွားသတ္တဝါနှင့် နို့တိုက်သတ္တဝါတို့၏ ရှေ့လက်ဖျားများဖြစ်သည်ဟု ဆိုနိုင်သည်။ ပျံသန်းနိုင်ရန်အတွက် တမျိုးတဖုံ ပြောင်းလဲနေခြင်းသာဖြစ်၏။ တောင်ပံတို့ကိုခတ်နိုင်စေရန်ရင်အုပ်ရှိကြွက်သားတို့သည် ကြီးထွားလျက်ရှိ၏။ ထိုရင်အုပ်သားမှာလည်း ကိုယ်ထည်၏ဟန်ချက်အနီး၌ပင် တည်ရှိသည်။ အသုံးမလိုသောလက်ကောက်ဝတ်ရိုးနှင့် လက်ဝါးရိုးတို့သည်ပူးပေါင်းလျက်၊ လက်ချောင်းတချောင်းသာလျှင်ထင်ရှားစွာကျန်ရစ်သည်။

ငှက်နှင့်တွားသွားသတ္တဝါတို့၏ခြားနားချက်

တွားသွားသတ္တဝါတို့သည် သွေးအေးသတ္တဝါများဖြစ်ကြ၏။ နို့တိုက်သတ္တဝါတို့မှာ သွေးနွေးသတ္တဝါများဖြစ်သည်။ သို့သော် ငှက်သည်တွားသွားရသည့်ဘဝမှ ကောင်းကင်၌ ပျံသန်းရသည့်ဘဝသို့ရောက်လာသောအခါ နို့တိုက်သတ္တဝါကဲ့သို့ သွေးနွေးသတ္တဝါဖြစ်ခဲ့လေသည်။ သွေးနွေးသတ္တဝါတို့၌ အပူရှိန်တသမတ်တည်းရှိကြသည်။ သွေးအေးသတ္တဝါတို့ကား ပတ်ဝန်းကျင်အပူအအေးကိုလိုက်၍ အပူရှိန်ပြောင်းလဲတတ်သည်။ ဆောင်းတွင်း၌ သွေးအေးသတ္တဝါတို့သည် လေးလံထိုင်းမှိုင်းလာကြသည်။ ငှက်တို့ကားအစဉ်သဖြင့် ပျံသန်းလှုပ်ရှားရသူများဖြစ်၍၊ လေးလံထိုင်းမှိုင်းသောသဘာဝနှင့်သဟဇာတ်မဖြစ်ချေ။

ငှက်တို့သည် သွေးနွေးသတ္တဝါများဖြစ်လာကြသဖြင့်၊ သူတို့၏ အမူအကျင့်အလေ့အထလည်း ပြောင်းလဲလာရသည်။ ငှက်ဥနှင့်ငှက်ငယ်များအတွက် အပူရှိန်သည် တသမတ်တည်းညီရမည်ဖြစ်၍၊ ငှက်တို့သည် အသိုက်လုပ်ရသည်။ ဥအုပြီးနောက် ဝပ်ရသည်။ သွေးနွေးသတ္တဝါဖြစ်သည့် အလျောက် ဆောင်းဥတု၌ နွေးသောဒေသသို့ပြောင်းရွှေ့ရသည်။ ငှက်တို့၏ကိုယ်တွင်းအပူသည် လူတို့၏ကိုယ်တွင်းအပူထက် ပြင်းသည်ဖြစ်၍ အစာအကြေမြန်သည်။ ထို့ကြောင့် မနေမနားအစာရှာရသည်။ ငှက်၏ခေါင်းခွံမှာပါး၍မေးရိုးမပါရှိချေ။ သွားလည်းမရှိချေ။ အစာကိုကြေညက်အောင် ဝါးရသည်ဟု မရှိသောကြောင့်၊ ငှက်၏ဝမ်းတွင်းရှိအမြစ်သည် အစာချေဖျက်နိုင်ရန်အလုပ်ကိုလုပ်ပေးရလေသည်။

ငှက်မျက်စိ

ငှက်တို့သည် အလွန်မျက်စိရှင်ကြ၏။ ကြည်လင်ထက်မြက်သော မျက်လုံးများသည် ခရီးဝေးကိုမြင်နိုင်ကြသည်။ ထိုပြင်လေထဲ၌ အဟုန်ပြင်းစွာပျံသန်းနေသည်ဖြစ်စေကာမူ၊



နှံပြိုစုတ်ငှက်မောင်နှံ

အလားတူလျင်မြန်စွာပျံသန်းနေသော ပိုးမွှားတို့ကို မျက်ခြည်မပြတ် မြင်နိုင်စွမ်းရှိ၏။ လင်းယုန်ငှက်နှင့် လင်းတငှက်ကဲ့သို့ငှက်ရဲမျိုးသည် အလွန်မြင့်သောကောင်းကင်အရပ်၌ ပျံဝဲကာနေရာမှ မြေပြင်ပေါ် တွင်ရှိသည့် သေးငယ်သော အစာကောင်ကို မြင်သည် နှင့်တပြိုင်နက် အဟုန်ပြင်းစွာနှင့် စိုက်ထိုးသုတ်ယူတတ်ကြသည်။ ထိုပြင် ဤငှက်ရဲတို့တွင် မျက်ခွံလွှာအပိုတထပ်ပါရှိသဖြင့် မျက်စိကိုအလင်းရောင်မစူးနိုင်အောင်၊ မျက်ခွံလွှာကို လိုသလိုရွှံ့ချည်ပိတ်ချည် ပြုလုပ်နိုင်သည့်အပြင်၊ တင်းတိမ်ဖြင့် ကာသကဲ့သို့လည်း ကာထားနိုင်၏။ ထိုမျက်ခွံလွှာအပိုကို မှိတ်ထားစေကာမူ မြင်နိုင်သောအစွမ်းရှိသည်။ ထိုပြင်ခရီးဝေးနိုးတို့ကိုလည်း ပြတ်သားစွာမြင်နိုင်အောင်မျက်စိကိုချိန်နိုင်ကြသည်။

ငှက်၏စီးပွားရေးအကူအညီ

ငှက်သည် မနားမနေ အစာရှာဖွေစားသောက်တတ်သောကြောင့် ယင်းတို့၏အစာဖြစ်သော ပိုးမွှားတို့ကိုဖျက်ဆီးပေးခြင်းအားဖြင့်၊ လူ၏စီးပွားကို အကျိုးပြုသည်။ ပိုးမွှားတို့သည် လူတို့၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ ကြီးမားသောရန်သူဖြစ်သည်။ အာလူးပင်ဖျက် ပိုးတောင်မာသည်သဘာဝအလျောက် သားပေါက်ချိန်တချိန်အတွင်း၊ သန်းပေါင်း ၆၀ မျှသော သားစဉ်မြေးဆက်ပိုးကောင်တို့ကို ပေါက်ပွားစေနိုင်သည်။ အပင်များတွင်ကျတတ်သော ပျကောင်များသည် သက်တမ်းတိုသဖြင့် တနှစ်အတွင်း ၁၃ ကြိမ်မျှ မျိုးပေါက်ပွားကြသည်။ ပျအမတကောင်မှအနည်းဆုံး သားငယ်အကောင်ပေါင်း ၅၀ အထိမွေးတတ်ရာ၊ ၁၃ ဆက်မြောက်သို့ရောက်သည့်အခါ ပျကောင်အရေအတွက်မှာ ၁၀ နောက်တွင် သုည ၃၆ လုံးရှိသောကိန်းသို့ပင် ရောက်မည်ဖြစ်၏။ အပွားမြန်သောပိုးကောင်တို့သည်အနှောင့်အယှက် တစုံတရာမရှိဘဲ လိုသမျှအစာကို ဝဝလင်လင်စား ကြရမည်ဆိုလျှင် ကမ္ဘာမြေကြီးပေါ် တွင် နှစ်အနည်းငယ်အတွင်း ပိုးမွှားတို့ဖြင့်သာပြည့်နှက်နေပေလိမ့်မည်။ ဤအချက်တရပ်နှင့်ပင် ပိုးမွှားတို့သည် လူ၏ရန်သူဖြစ်သည်ကို သဘောပေါက်ကြပေလိမ့်မည်။ ထိုပိုးမွှားတို့ကို ငှက်တို့သည်သုတ်သင်ပေးလေသည်။

စကားလက်တန်နကျာခေါ် အမေရိကန်ငှက်တမျိုးကို ပိုးဖလံကောင်အငယ်စားများ ကျရောက်၍ဖျက်ဆီးနေသည့် အပင်တပင်၌ ကျက်စားနေစဉ်စောင့်ရှုကြည့်ရာ၊ ၁၈ မိနစ်အတွင်း ပေါက်ဖတ်အကောင်ပေါင်း ၆၃၀ မျှကို စားပစ်ကြောင်းတွေ့ရသည်။ တစ်ငှက် အုပ်စိုနှင့်အမတစုံကို စောင့်ရှုကြည့်ရာ၌လည်း ပန်းသီးပင်များကိုဖျက်ဆီးတတ်သည့် ပိုးဖလံကောင်ပေါက်စ ပေါက်ဖတ်ကလေးများကို အသိုက်သို့ကူသယ်ကောက်သယ်ချိယူနေသည်မှာ တနာရီအတွင်း ၄၇ ခေါက်ရှိ၍၊ တကြိမ်တကြိမ်လျှင် ပေါက်ဖတ်နှစ်ကောင်သုံးကောင်ခွါယူသွားကြသည်။ အသိုက်တွင်း၌ သားငယ်များ ပေါက်ပွားနေချိန်တွင် မိုးလင်းမှ မိုးချုပ်အထိ သားငယ်တို့အား အစာရှာခွံ့လေ့ရှိသဖြင့် တနေ့လျှင် ပိုးကောင်ပေါင်းများစွာသတ်ပေါက်နိုင်ပေ၏။ နှံပြီစုတ်ငှက်မတကောင်သည် သားငယ်တို့အား တနာရီလျှင် ၃၀ ကြိမ်မျှ အစာခွံ့သည်ကိုတွေ့မြင်ရသည်။ ထိုငှက်မ ခြီယူလာသောအစာများတွင် သစ်ပင်များ၏အရည်ကို စုတ်ယူတတ်သော ပျကောင်များ၊ အရွက်များကို ကိုက်ဖြတ်တတ်သော ပေါက်ဖတ်များနှင့် ခြေတံရှည်ပိုးကောင်များ ပါဝင်လေသည်။

သီးနှံပင်နှင့် မြက်ပင်များ၏အမြစ်များကို ကိုက်ဖြတ်ဖျက်ဆီးတတ်သော ခြေတံရှည်ပိုးကောင်ပေါက်စနှင့် ပိုးတောင်မာပေါက်စတို့ကဲ့သို့ သီးနှံဖျက်ပိုးများကို စားသောက်လေ့ရှိသော စတားလင်းခေါ် ငှက်တမျိုးသည် တနာရီလျှင်အကြိမ် ၃၀ မျှထိုပိုးများကိုခြီ၍ သားငယ်တို့အားအစာခွံ့ကြသည်။

နှံပြီစုတ်ငှက်တကောင်သည် ၁၅ နာရီနှင့် ၄၅ မိနစ်အတွင်း သားကောင်ငယ်တို့အား ၁၂၁၇ ကြိမ်မျှအစာခွံ့ကျေးသည်မှာ မှတ်သားဖွယ်ရာအကောင်းဆုံး စံချိန်တရပ် ဖြစ်သည်။ ကောက်ပင်များ၏ အနှံတို့ကို ကိုက်ဖြတ်စားသောက်လေ့ရှိသော သာမန်စာကလေးများပင်လျှင် သားပေါက်ချိန်၌ သားငယ်တို့ကို ဆန်စေ့၊ စပါးများမကျွေးမူ၍၊ ပေါက်ဖတ်များကို ရှာဖွေကျွေးမွေးတတ်ကြသည်။ ဤနည်းအားဖြင့် ငှက်တို့သည် တောင်သူလယ်သမားတို့အား ထိရောက်စွာ ကူညီကြပေသည်။

သိပ္ပံပညာစံနစ်ဖြင့် စမ်းသပ်ကြည့်ရာတွင်၊ ငှက်ငယ်များကြီးထွားလာရန်မှာ ယင်းကိုယ်ခန္ဓာ၏အလေးချိန်ထက်ဝက်မှ အပြည့်အထိလေးသောအစာကို နေ့စဉ်စားသောက်ရမှ ကြီးထွားနိုင်သည်ကိုတွေ့ရသည်။

အခြို့ငှက်တို့သည် လယ်ယာစိုက်ပျိုးမှုကို အနှောင့်အယှက်ပေးသည့် ပေါင်းပင် မျိုးစေ့များကို စားသောက်ကြခြင်းဖြင့်၊ တောင်သူလယ်သမားတို့ကို ကျေးဇူးပြုပေးသည်။ ပေါင်းပင်စေ့ကို စားသောက်သော ငှက်နှစ်မျိုး၏ စလုတ်မှ အစေ့ပေါင်း ၁၇၀၀ နှင့် ၅၀၀၀ အသီးသီး ထုတ်ယူရရှိခဲ့ဘူးလေသည်။

ကြွက်ကဲ့သို့သော သီးနှံဖျက် တိရစ္ဆာန်တို့ကို ငှက်တို့က ဖမ်းချစားသောက်တတ်ကြသည်။ အကယ်၍ကြွက်ဖိုမတစုံမှ ပေါက်သောသားများ တကောင်မကျန်အဖတ်တင်သည်ဟုဆိုငြားအံ့၊ ထိုသားအမိသားအဖ တမြုံသည် ငါးနှစ်အတွင်း ကောင်ရေပေါင်းသန်းချီ၍ ပေါက်ပွားမည်ဖြစ်သည်။ သို့သော် ဤအခြေသို့မရောက်စေရန်၊ ဇီကွက်နှင့် သိမ်းငှက်တို့သည် တောင်သူလယ်သမားဖက်မှနေ၍ကူညီကြသည်။

ဟင်းလျာငှက်များ

ထိုမှတပါးလည်း၊ ငှက်တို့သည် ဟင်းလျာအတွက်လည်း အသုံးဝင်သည်။ ရစ်၊ ခါ၊ ချိုး၊ တောဘဲ၊ စစ်စလီ၊ ဘုမ္မတီး၊ တောကြက်စသော ငှက်တို့မှာ မြန်မာနိုင်ငံတွင် ဟင်းလျာအတွက်ဖမ်းဆီးလေ့ရှိသော ငှက်မျိုးများဖြစ်ကြသည်။ ဥရောပနိုင်ငံများ၌ ဂရောက်ရစ်၊ စနိုက်ငှက်၊ ရစ်၊ စနိုက်ကြီး၊ ကြက်ဆင်၊ တောဘဲနှင့်တောငန်းတို့ကို ဟင်းလျာအလို့ငှာ အမြတ်တနိုးထားကြသည်။

လူ၏ရန်သူငှက်များ

လူတို့အတွက် ငှက်တို့သည် အသုံးဝင်သည်မှန်၏။ သို့သော်လူတို့အကျိုးစီးပွားကို ဖျက်ဆီးတတ်သောငှက်တို့လည်းရှိသေးသည်။ ငှက်တို့သည်ဆီးသီး၊ မာလကာသီးစသော



သားငယ်များအတွက် ပေါက်ဖတ်ကောင်များချိုယူလာသော သပိတ်လွယ်ငှက်များ

သောအသီးငယ်များကိုအစာစုန်ကြိုက်နှစ်သက်တတ်၏။ ဂျုံ၊ စပါးစသည့် ကောက်သီးကောက်နှံများကိုလည်း ကြိုက်နှစ်သက်တတ်၏။ အနောက်နိုင်ငံတွင်စထရော်ဗယ်ရီ၊ ရပ်စဗယ်ရီနှင့် ချယ်ရီသီးတို့သီးချိန်တွင် ငှက်တို့၏ရန်ကိုများစွာစိုးရိမ်ရ၏။ မြန်မာနိုင်ငံ၌ စပါးမှည့်ချိန်တွင် တောငှက်နှင့်စာကလေးတို့၏ဘေးရန်ကို စိုးရိမ်ရသောကြောင့် လယ်ကွင်းများတွင် ခလောက်ဖြင့် အမြဲစာခြောက်ရသည်။ ထိုပြင်ကြက်ငှက်မွေးမြူသူများ၏ ရန်သူတို့မှာ ကျီး၊ စွန်၊ သိမ်းစသော ငှက်များဖြစ်သည်။

ငှက်သုတေသီ

ငှက်တို့၏အကြောင်းခြင်းရာကို သုတေသနပြုသူ ပုဂ္ဂိုလ်အမြောက်အမြား ရှိလေသည်။ ငှက်တို့ကို တမင်သက်သက် အလှမွေးမြူသူတို့လည်း ရှိ၏။ ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးကြောင့် ငှက်အကြောင်းကို စံနစ်တကျ ကျွန်ုပ်တို့သိရှိရပေသည်။ ငှက်တို့၏သီချင်းသံနှင့် အရောင်အဆင်းတို့ကို စူးစမ်းလေ့လာခြင်းအလုပ်သည် သဘာဝနှင့်နီးစပ်သော အလုပ်ဖြစ်၍ အလွန် စိတ်ကြည်လင်စေသော အလုပ်ဖြစ်သည်။ အိမ်ခြံဝင်းအတွင်း၌ သစ်ပင်ပန်းမာလ်များစိုက်ပျိုးပေးထားခြင်း၊ ငှက်အိမ်များ ဆောက်လုပ်ပေးထားခြင်းစသည်ဖြင့် ငှက်အပေါင်းတို့လာရောက်နေထိုင်နိုင်စေရန် ငှက်မွေးမြူသူတို့က ဖန်တီးပေးလေ့ရှိသည်။ ငှက်သုတေသီတို့မှာ တောတောင်ရေမြေတို့ကိုလှည့်လည်၍၊ ငှက်တို့၏အမူအကျင့်ကိုလေ့လာကြသည်။

ငှက်အမျိုးအစားကိုလိုက်၍၊ ငှက်စားကျက် အမျိုးမျိုးရှိသည်။ အချို့ငှက်တို့သည် သစ်တော၊ ခြံကြီး၊ ဥယျာဉ်ကြီးများထဲတွင် ကျက်စားသည်။ အချို့မှာ အင်းအိုင်း ချောင်းမြောင်းအရပ်ကိုမှီ၍ နေကြသည်။ အချို့ကား လယ်ကွင်းများ၊ မြက်ခင်းများ၌ ၎င်း၊ တောင်ကုန်းများ၌ ၎င်း အစာရှာဖွေကြသည်။

ငှက်ဒေသခြောက်ရပ်

ငှက်သုတေသီတို့၏အလိုအားဖြင့် ငှက်မျိုးများကို ဒေသခြောက်ပိုင်း ပိုင်း၍တွေ့ရှိနိုင်သည်ဟု ဆိုကြသည်။ ထိုဒေသခြောက်ပိုင်းမှာ (၁) နယူးဇီလန် (၂) ဩစတြေးလီးယန်း (၃) အပူပိုင်းဇုန်သစ် (တောင်အမေရိက) (၄) အိန္ဒိယ (၅) အာဖရိကနှင့် (၆) အာတိတ်ဇုန်ဟောင်း (မြောက်အမေရိက၊ ဥရောပနှင့် အာရှမြောက်ပိုင်း) ဟူ၍ဖြစ်ကြသည်။ ငှက်မျိုးအနည်းငယ်တို့ကို ကမ္ဘာအရပ်ရပ်၌ အနှံ့အပြားတွေ့ရှိရခြင်းသော်လည်း ငှက်မျိုးစိတ်နှင့် မျိုးရင်းပေါင်း မြောက်မြားစွာတို့ကိုမူ သူ့ဆိုင်ရာဒေသ၌သာ တွေ့ရှိနိုင်သည်။ ထိုကြောင့် မြောက်အမေရိကတိုက်နှင့်တောင်အမေရိကတိုက်ရှိ ငှက်တို့သည် မတူကြချေ။ ထိုအတူ အာဖရိကတိုက်ရှိငှက်တို့သည် ဥရောပတိုက်ရှိငှက်တို့နှင့် ခြားနားသည်။ သို့သော် မြောက်အမေရိကတိုက်နှင့် ဥရောပ တိုက်ရှိငှက်တို့မှာ ဆင်တူဖြစ်သည်။

အရှေ့အိန္ဒိယကျွန်းစုရှိ ဌက်တို့ကို လေ့လာကြည့်လျှင်၊ တကျွန်းတွင်ရှိသော ဌက်မျိုးသည် အခြားကျွန်းရှိဌက်နှင့် မတူကွဲပြားသည်ကိုတွေ့ရသည်။ ဖြစ်ရသည်မှာ အချို့ဌက်တို့သည် ဩစတြေးလီးယန်းအစုထဲတွင် ပါဝင်၍ အချို့မှာ အိန္ဒိယအစုထဲတွင် ပါဝင်နေသောကြောင့်ဖြစ်သည်။ သာဓကပြရသော် ဗာလီကျွန်းနှင့် လွမ်းဗုတ်ကျွန်းတို့သည် တကျွန်းနှင့်တကျွန်း မိုင် ၂၀ မျှသာကွာသည်။ သို့သော် ထိုကျွန်းနှစ်ကျွန်းရှိ ဌက်တို့ခြားနားပုံမှာ အာဖရိကဌက်နှင့် တောင်အမေရိကဌက်တို့ ခြားနားသည့် ပုံအတိုင်းပင် ဖြစ်သည်။ ဤသည်ကိုထောက်ရှုလျှင် ထိုကျွန်းနှစ်ကျွန်းသည် ဘယ်သောအခါကမျှ တစပ်တည်း မတည်ခဲ့ကြောင်း ထင်ရှားသည်။ ထိုနှစ်ကျွန်း၏အကြားရှိ နက်ရှိုင်းသောရေလက်ကြားသည် ဩစတြေးလီးယားနှင့် အာရှကိုခွဲခြားပေးသော နယ်နိမိတ်ဖြစ်သည်ဟု ယူဆနိုင်သည်။ ဗာလီကျွန်းသည် အာရှဌ်အပါအဝင်ဖြစ်သော်လည်း လွမ်းဗုတ်ကျွန်းမှာ ဩစတြေးလီးယားဌ် အပါအဝင်ဖြစ်သည်။

ဌက်တို့နေရာပြောင်းရွှေ့တတ်ခြင်း

ဌက်တို့ကို ဒေသအလိုက်သတ်မှတ်ပေးထာဌ် ဌက်တို့အသိုက်ဖွဲ့၍ သားမွေးရာအရပ်ကိုအခြေပြု၍ ဌက်၏နေရင်းဇာတိကို သိရသည်။ သို့သော်ဌက်မျိုးစိတ်ပေါင်းများစွာတို့မှာ ရာသီဥတုကိုလိုက်၍ တနှစ်မှတနှစ်သို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ ဩတိန်တွင် အသိုက်ဖွဲ့၍သားမွေးသောဌက်တို့သည် အာဖရိကတိုက်သို့ပြောင်းရွှေ့၍ ဆောင်းခိုလေ့ရှိသည်။ ဩတိန်မှ ပျံလွှားဌက်သည် ဆောင်းရာသီဌ် မိုင် ၅၀၀၀ ဝေးသော တောင်အာဖရိကတိုက်သို့ ရွှေ့ပြောင်းနေထိုင်လေ့ရှိသည်။ ရွှေရောင်ဌက်တလိုင်းမျိုးသည် လားဗရာဒေါနှင့် နီဗာစကိုးရှားပြည်နယ်များမှ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ မနေမနား ပျံသန်းကာ မိုင် ၂၀၀၀ ဝေးသော တောင်အမေရိကသို့ ဆောင်းခိုရန် ရွှေ့ပြောင်းကြသည်။ ထိုအတူပင် အနောက်ပစိဖိတ်ကမ်းခြေတွင်နေသော ဌက်တလိုင်းတို့သည် အလာစကာပြည်နယ်မှ မိုင် ၂၀၀၀ ဝေးသောဟာဝိုင်းယန်းကျွန်းသို့ နှစ်စဉ် ကူးချည်သန်းချည်ပြုကြသည်။ သို့သော်သစ်တောက်ဌက်၊ တောစာနှင့် ရစ်စသောဌက်တို့သည် ဩတိန်မှထက် ခရာသွားလေ့မရှိချေ။ ပျံလွှားဌက်၊ တောဘဲ၊ ပုစဉ်းထိုးနှင့် မြေလူးဌက် စသည်တို့သာ နှစ်စဉ်နေရာပြောင်းကြသည်။

နွေဦးပေါက်သို့ ရောက်လာတိုင်း၊ ကမ္ဘာ့ မြောက်ပိုင်းရှိ ဌက်တို့သည် မြောက်ဖက်သို့ နေရာပြောင်း၍ တောင်းပိုင်းရှိ ဌက်တို့သည် တောင်ဖက်သို့နေရာပြောင်းကြသည်။ နွေးရာအရပ်များသို့ ရွှေ့ပြောင်းခြင်းပင်ဖြစ်၏။ နေရာပြောင်းရာဌ် ဌက်ဖိုတို့သည် ဦးစွာရွှေ့ပြောင်းကြသည်။ ဌက်ဖိုတို့က အသိုက်လုပ်ရန် နေရာကောင်းကို ရှာဖွေပြီးလျှင် အပြိုင်အဆိုင်လုကြသော အခြားဌက်တို့ကို မောင်းနှင်ဖယ်ရှားပြီးသည့်နောက်မှ ဌက်မတို့က ရက်သတ္တတပတ်၊ နှစ်ပတ်ခြားပြီးရောက်လာကြသည်။ ထိုအခါဌက်ဖိုတို့က ဌက်မမျှားကို အတူနေကြရန်သွေးဆောင်ကြသည်။ (ဒေသကူးပြောင်းခြင်း — လည်းရှု။)

ဌက် 'လူပျိုလှည့်' ပုံ

ဌက်တို့သည် သာမန်အားဖြင့် အဖိုတကောင်လျှင် အမတကောင်နှင့်သာ တနှစ်အတွင်း စုံဖက်ပေါင်းသင်း၍နေလေ့ရှိသည်။ သို့သော် ကြက်မျိုးတွင်အပါအဝင်ဖြစ်သည့် ကြက်ဆင်၊ ရစ် စသည့်ဌက်တို့သည် အဖိုတကောင်လျှင် အမများစွာနှင့် ပေါင်းသင်းသည်။ ဤကဲ့သို့အမပေါင်းများစွာတို့နှင့် ဆက်ဆံလေ့ရှိသော အခြားဌက်မျိုးများမှာ နှံပြီစုတ်နှင့် ဗလက်ဗတ်ခေါ် ဌက်မည်းများဖြစ်လေသည်။ ဥသြဌက်တို့သည် အခြားဌက်သိုက်များဌ်အား ထိုဥများမှပေါက်ပွားလာသော သားငယ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်လေ့မရှိကြသဖြင့် တနှစ်တရာသီအတွင်းဌ်ပင်အဖော်အလဲလဲဖြင့် ပေါင်းဖက်ကြလေသည်။ အမေရိကတိုက် အပူပိုင်းဒေသအရပ်များတွင် တွေ့ရသော အန်နစ်ခေါ် ဌက်တမျိုးသည် ဌက်မများစွာအုနိုင်ရန် အသိုက်တခုတည်းကိုဝိုင်းဝန်းကူညီဆောက်လုပ်လျက် ပေါက်လာသမျှသော သားငယ်တို့ကိုလည်း အား လုံးဝိုင်း၍ စောင့်ရှောက်ကြလေသည်။

ဌက်ဖိုများသည် မိတ်ဖက်ရှာသည့်အခါဌ် မိမိအား စိတ်ညှတ်လေအောင် ဌက်မများကို 'လူပျိုလှည့်' လေ့ ရှိကြသည်။ ထိုအခါန်အတောအတွင်းဌ် ဌက်ဖိုများသည် သာယာသော အသံများ ကျူးရင့်ခြင်းဖြင့် ဖြစ်စေ၊ အမွေးအတောင်များကို အလှပြ၍ ဖြစ်စေ၊ ဌက်မများရှေ့တွင် သူ့ထက်ငါထင်ပေါ်ရအောင် အပြိုင်အဆိုင်ပြုလုပ်တတ်ကြသဖြင့် ဌက်တို့မိတ်လိုက်ခါန်သည် ဌက်များ၏အသံသာယာဆုံးနှင့် အမွေးအတောင်များအလှပဆုံးအခါန်ဖြစ်ပေသည်။ သို့သော်ဌက်တိုင်း ဘာသာဘာဝ သီဆိုအော်မြည်ကြသည်မဟုတ်ချေ။ ဌက်ကြီးဝံပုနှင့် ဌက်ကျားတို့မှာ အရွယ်ကြီးရင့်လာသောအခါ၊ အသံမမြည်နိုင်ကြရှာချေ။

ဌက်ဖိုများလူပျိုလှည့်သည့်အခါ ဆန်းပြားထွေထူးသော ကိုယ်ဟန်အမူအရာ ပြုလုပ်ကြပုံမှာ ဌက်တို့၏အသံကိုလေ့လာရသည်ထက်ပင် စိတ်ပါဝင်စားဖွယ် ကောင်းပေသည်။ ဥဒေါင်း၊ ကြက်ဆင်နှင့် လူတို့မွေးမြူထားသည့် အိမ်ကြက်များသည် အမများရှေ့တွင် ဟန်ရေးအမျိုးမျိုးပြကြပုံကို လူတိုင်းတွေ့ဘူးမြင်ဘူးကြပေမည်။

ဌက်ကလေးများသည်လည်း ဌက်မတို့ရှေ့တွင် ဟန်ရေးပြလေ့ရှိကြသည်။ စလုတ်ပွခိုက့သို့သောဌက်မျိုးတို့တွင် ကိုယ်

တွင်း၌ ဆန်းကြယ်သည့်လေအိတ်များရှိရာ အမကိုမြူသည့်အခါ၊ ထိုလေအိတ်ကိုဖောင်းပွလာစေခြင်းဖြင့် အချိုးမကျသောကိုယ်ဟန်အမူအရာကို ဆောင်တတ်ကြသည်။ မိုးစေငှက်တိရစ္ဆာန် ငှက်မတို့ကို လေထဲတွင်ကျင်လျင်စွာ အမျိုးမျိုးပျံ၍ပြကြသည်။ ထိုငှက်များသည် အထက်သို့ လူတို့မျက်ခြည်ပြတ်လုခမန်းအထိ ပျံတက်၍ အပေါ်တွင်ရစ်ဝဲကာ အသံကျူးရင့်ပြီးနောက် ရုတ်တရက်အတောင်နှစ်ဖက်တို့ကို ရုပ်သိမ်းပြီးလျှင် မိုးပေါ်မှကျောက်တုံးကျောက်ခဲများကိုပစ်ချလိုက်သကဲ့သို့ မြေပေါ်သို့ထိုးဆင်းလာသည်။ ထိုနောက် ငှက်သည် မြေပြင်နှင့်ရိုက်မိတော့မည်ကဲ့သို့ရှိစဉ် အတောင်နှစ်ဖက်တို့ကို တဖန်ဖြန့်ကား၍ လိုရာ အရပ်တွင် အသာအယာ သက်ဆင်း နားနေလိုက်လေသည်။ ပင်လယ်ငှက်ယောင်များနှင့် ကြိုးကြာငှက်များမှာမူ ခြေစုံထောက်၍ခုန်သည်ကတဖုံ၊ ခြေတချောင်းတည်းထောက်၍ ခုန်သည်ကတနည်း၊ လည်တံကိုကိုင်းညွတ်သည်ကတသွယ်အားဖြင့် ဟန်ရေးပြတတ်ကြသည်။

ဩစတြေးလီးယားတိုက်နှင့် နယူးဂင်းနီကျွန်းတို့တွင် တွေ့ရှိရသော ဗိုးဝါးငှက်မျိုးမှာကား မြေပြင်ပေါ်တွင်သစ်ခက်များဖြင့် အဆောက်အအုံ ကလေးများ ပြုလုပ်ကြ၍ ယင်းတို့ကို နီရဲရဲသစ်သီးများ၊ အကြေးခွံများနှင့် ပန်းပွင့်များဖြင့် မွမ်းမံခြယ်လယ်ထားလေ့ရှိကြသည်။ ဗိုးဝါးခေါ် ငှက်မျိုးပေါင်းများစွာ ရှိသည့်အနက် တမျိုးမှာသစ်ကိုင်းသစ်ခက်တို့ဖြင့် အမြင့် ရှစ်ပေအထိရှိသော အဆောက်အအုံများကို ဆောက်လုပ်၍ အတွင်း၌ အခန်းငယ်များကန့်ထားပြီးလျှင်၊ ငှက်ဖိုသည် ထိုအခန်းများတွင် ဝင်ချည်ထွက်ချည်နှင့် နေတတ်ကြသည်။ အချို့ဗိုးဝါးငှက်တို့ကလည်း အဆောက်အအုံကို အရောင်တောက်ပြောင်နေသော ငှက်မွေး ငှက်တောင်များ၊ လိပ်ပြာကောင်များနှင့် ပိုးမွှားများဖြင့် မွမ်းမံထားတတ်ကြသည်။ ထိုအဆောက်အအုံများကို တန်ဆာဆင်ထားသည့်သစ်သီး၊ ပန်းပွင့်ကဲ့သို့သော အရာများညှိုးနွမ်းရိယောင်လာသည့်အခါ အသစ်ထပ်မံရှာဖွေ၍ လဲလှယ်ထားလေ့ရှိသည်။ ဤသစ်ခက် အဆောက်အအုံထဲမှ ဗိုးဝါးငှက်ဖိုတို့သည် ငှက်မများအားဟန်ရေးအမျိုးမျိုးပြတတ်ကြသည်။

ငှက်၏တေးသံ

ငှက်တို့တွင် အသံထွက်အင်္ဂါအစိတ်အပိုင်း တည်ရာသည် လူတို့တွင် ထို့ကဲ့သို့သောအစိတ်အပိုင်းတည်ရာနှင့် ကွာခြားသည်။ လူတို့တွင် လေပြွန်အထက်ဖျား၌ သံစုံထွက်နိုင်သည့် အကြောစုများ တည်ရှိသော်လည်း ငှက်များ၌မူ အသံထွက်အမြွေးများမှာ လေပြွန်၏အောက်စွန်းတွင် တည်ရှိသည်။ ထိုအမြွေးစုအသွင်အပြင်နှင့် အမြွေးစုကို ချုပ်တည်းထားသော အကြောများမှာ ငှက်တမျိုးနှင့်တမျိုးတွင် ကွဲပြားနေသည်ဖြစ်၍ အသံတမျိုးစီထွက်ကြသည်။

ငှက်တို့သည် တေးသီဆိုသည့်အပြင် အခြားအသံများကိုလည်း အော်မြည်တတ်ကြသည်။ သစ်တောက်ငှက်များသည် မာသောနှုတ်သီးဖြင့် သစ်ခေါက်ကိုထိုးခေါက်နေသည့်အခါ ပလုပ်တုတ်သံမျိုးကိုကြားရ၏၊ ဂရောက်ရစ်ငှက်တို့ကလည်း လေကိုအတောင်ပံများဖြင့် ပြင်းပြင်းရိုက်ခတ်၍စည်တီးသံမျိုးကိုထွက်ပေါ်လာစေသည်။ စနိုက်ငှက်မျိုးသည် လေထဲသို့မြင့်စဉ် ပျံတက်၍ အောက်သို့ထိုးစိုက်လိုက်သည့်အခါ အမြီးတို့အပြင်ဖက်အတောင်နှစ်ခုမှာ အရှိန်ကြောင့် လှုပ်ခါသွားသဖြင့် အသံဖြစ်ပေါ်သည်။

ငှက်သိုက်

ငှက်တို့သည် တွားသွားသတ္တဝါအဖြစ်သို့ပြောင်းလဲလာခါစတွင် လိပ်နှင့်ဖွတ်တို့ကဲ့သို့ ဥကိုမြေပြင်၌အုံ၍ သဲဖုံးဖြစ်စေ၊ သစ်ခေါင်းတွင်ထည့်၍ဖြစ်စေ ထားကြသည်ဟုအဆိုရှိသည်။ သို့သော် သွေးအေးသတ္တဝါမှ သွေးနွေးသတ္တဝါအဖြစ်သို့ပြောင်းလဲလာသောအခါ၌မူကား၊ သားကောင်ပေါက်ပွားစေရန် ဥကိုအပူရှိန်တသမတ်တည်းပေးဖို့လိုလာသည်။ ထိုကြောင့် ဥကိုဝပ်ပေးရန် အသိုက်လိုလာလေသည်။ ဦးစွာ၌ ငှက်တို့သည် အဆင်သင့်ရှာမြေပေါ်၌ ဥအုကြသည်။ ဝပ်ကြသည်။ နောင်အခါ၌ ဥများမြေကြီးပေါ်တွင်လိမ့်မသွားစေရန် မြေကိုယက်ဖော်၍ငင်း၊ မြေချိုင့်တွင်း၌ သစ်ခက်သစ်ရွက်ဖို့၍ ငင်း အသိုက်လုပ်ပြီးမှ အုတတ်ကြသည်။ တဖန်မြေကြီးသည် အပူအအေးအစိုအခြောက်ဟူ၍ ခဏ ခဏ ပြောင်းလဲတတ်သောကြောင့်တကြောင်း၊ ကုန်းသတ္တဝါများက အန္တရာယ်ပေးတတ်ကြသောကြောင့်တကြောင်း မြေပြင်မှမြင့်ရာအရပ်တို့တွင် ငှက်တို့အသိုက်ဖွဲ့လာကြပြန်သည်။ ဤသဘောအတိုင်း ငှက်သိုက်တို့၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာကြပုံကို ယနေ့မြင်တွေ့နေကြရသောအသိုက်များကို လေ့လာခြင်းဖြင့် သိအပ်သည်။ ဗျိုင်းနှင့်ခိုတို့သည် အသိုက်ကိုတုတ်တံငယ်ဖြင့် ပြီးစလွယ်လုပ်ကြသည်။ ကျီးနှင့်သိမ်းငှက်တို့သည် အသိုက်ထဲ၌ ဥကျင်းနက်နက်ကိုအတွင်းသားနုနုတထပ်ခံ၍ တည်ကြသည်။ အသိုက်လုပ်ပုံ အဆင့်အတန်းမြင့်သောငှက်မှာ စာဗူးတောင်းများဖြစ်သည်။ စာဗူးတောင်းသိုက်များမှာ ဗူးတောင်းကို စောက်ထိုးထားဘိသကဲ့သို့ရှိသည်။ မြက်ခြောက်၊လျှော်စသည်တို့ဖြင့်သိုက်မြိုက်စွာအသိုက်လုပ်တတ်သည်။

အသိုက်လုပ်ရာ၌ ငှက်ဖိုသည် အသိုက်လုပ်ရန် သင့်သောအရပ်ကိုရွေးသည်။ ငှက်မစည် အသိုက်လုပ်ရန်နေရာအတိအကျကိုရွေးသည်။ ထိုနောက် ငှက်ဖိုနှင့် ငှက်မတို့သည် အသိုက်လုပ်ရန်မြက်၊ သစ်ရွက်၊ သစ်ကိုင်း၊ အမွေးအတောင်၊

ကျူပြင်၊ ကျူရိုးစသည်တို့ကို ရပ်ဝေးရပ်နီးမှ လိုက်လံ၍ စုဆောင်းသည်။ ငှက်မအသိုက်ဖွဲ့သည့်အခါ ငှက်ဖိုသည်ရန် သူမလာစေရန် ကာကွယ်ပေးရသည်။

ငှက်ဥမျှား

ငှက်တို့၏ ဥမျှားသည် အဖြူရောင်မှ အမည်းရောင်အထိ အမျိုးမျိုးရှိကြသည်။ မျှားစွာသောငှက်ဥတို့မှာ မြေကြီးရောင်ရှိ၍၊ အရောင်ရင့်ရင့်အစက်နှင့် အစင်းမျှားရှိကြသည်။ ဤကဲ့သို့ ဥမျှားတွင်အရောင်ရှိနေရခြင်းနှင့်စပ်လျဉ်း၍အယူအဆအမျိုးမျိုးရှိလေသည်။ ဥမျှားတွင် အရောင်ရှိခြင်းကြောင့် ဥမျှားကိုထင်ရှားစွာမမြင်နိုင်စေရန် ဖြစ်ကောင်းဖြစ်ပေမည်။ ပုံစံပြရလျှင် သစ်တောက်ငှက်နှင့် ပိန်ညင်းငှက်တို့သည် မှောင်မည်းနေသည့် သစ်ခေါင်းမျှားအတွင်း၌ အစဉ်အလေ့ရှိသဖြင့် ဥမျှားကိုအရောင်ဖြင့်ဖျော်ထားရန် မလိုသောကြောင့် ထိုငှက်တို့၏ဥမျှားမှာ ဆွတ်ဆွတ်ဖြူနေသည်။ ငှက်တလိုင်းနှင့် မြစ်တွေးခေါ ဇင်ယော်ငှက်ငယ်မျိုးတို့သည် အသိုက်အဆုံမရှိဘဲ မြေပြင်ပေါ်၌လွတ်လပ်စွာအုံခဲ့ထားတတ်ကြသဖြင့် ထိုငှက်တို့၏ဥမျှားသည် မြေကြီးရောင်သို့မဟုတ် ကျောက်စရစ်ခဲရောင်နှင့် ထပ်တူထပ်မျှဖြစ်နေရာ၊ ရုတ်တရက်ရှာတွေ့နိုင်ရန်ခဲယဉ်းလှသည်။ အသိုက်မျှားအတွင်း၌ အုထားသောငှက်ဥတို့မှာ မျှားသောအားဖြင့် အဖြူရောင်နှင့်ဖြစ်စေ၊ မြေကြီးရောင်ဖျော့ဖျော့နှင့်ဖြစ်စေ ထင်ရှားပေါ်လွင်သော အဆင်းအရောင်မျှားဖြင့် သာတွေ့ရတတ်သည်။

ငှက်တို့သည် တနေ့လျှင် ဥတလုံးကျ အုစမြဲဖြစ်သည်။ ဤသို့လျှင် ငှက်မျိုးအလိုက် အုရသောအရေအတွက်ပြည့်သည်အထိ အုလေ့ရှိသည်။ သို့ထုတ်ငှင် ဥမျှားနှင့်ထို့ဥမျှားမှ ပေါက်ပွားလာသည့်ငှက်ကလေးတို့အား ရန်ရှာဖျက်ဆီးမည့် ဘေးအန္တရာယ် အနည်းအမျှားကိုလိုက်၍ အရေအတွက်မှာ တသမတ်တည်းမရှိတတ်ချေ။ အလွန်မြင့်မားသောကျောက်တောင်စောက်မျှားတွင်အုလေ့ရှိကြသည့် ပင်လယ်ငှက်မျှားစွာတို့သည် တမြို့တွင် တလုံးချင်းသာအုလေ့ရှိကြ၍ လူတို့လိုက်လံပစ်ခတ်လေ့ရှိသော ရေကြက်ကဲ့သို့ ငှက်မျိုးတို့တွင် ဖျက်ဆီးမည့်ရန်သူပေါများသဖြင့် တမြို့လျှင်ဥပေါင်း ၁၀ လုံးမှ အလုံး ၂၀ အထိအုတတ်ကြသည်။ ငှက်မျှားစွာတို့သည် တမြို့လျှင်ဥ ၃ လုံးမှ ၅ လုံးအထိ အုတတ်ကြသည်။

ငှက်တို့၏ ဥအရွယ်အစားစားမှာ ပဲစေ့ထက်ယောင်ယောင်မျှကြီးသော ပိတုန်းငှက်ဥအရွယ်မှသည် အချင်းအားဖြင့် ၅ လက်မနှင့် ၆ လက်မကြားရှိ ငှက်ကုလားအုပ်ဥအရွယ်ထိရှိလေသည်။ အလွန်အရွယ်ဆိုးနေသော အိမ်ကြက်မမျှားသည်ထင်း၊ ဥအုချိန်ကုန်ဆုံးခါနီးတွင် အုသောငှက်တို့သည်ထင်း အလွန်သေးငယ်သော ဥမျှားကို အုတတ်ကြပေသည်။ ရံဖန်ရံခါ ဥခွံတခုထဲတွင် ဥ ၂ လုံးစာ ၃ လုံးစာ၊ အနှစ်မျှားစုဝေးတည်ရှိနေသည်ကိုတွေ့ရသည်။ ထိုဥမျှားကို အမြဲဘူးဥမျှားဟုခေါ်ကြသည်။ ယေဘုယျအားဖြင့် ငှက်ကောင်ကြီးလျှင် ဥမျှားလည်းကြီး၍ ငှက်ကောင်ငယ်လျှင်ဥလည်းငယ်လေသည်။ သို့သော် ပေါက်ခါစတွင် မျက်စိမမှုင့်၍ မလှုပ်ရှားနိုင်သော ငှက်မျိုး၏ ဥမျှားသည် ပေါက်ခါစတွင် လှုပ်ရှားသွားလာနိုင်သောငှက်မျိုး၏ဥထက် ငယ်တတ်၏။

အမျှားအားဖြင့်ငှက်တို့သည်နောက်ဆုံးဥကိုအုပြီးနောက် အသိုက်ထဲတွင် ဝပ်ရတော့သည်။ ဇီကွက်ကဲ့သို့အချို့ငှက်တို့မှာ ပဌမဆုံးဥကို အုပြီးသည်နှင့်စ၍ဝပ်ကြသဖြင့် ဥမျှားမှ အကောင်ငယ်တို့၊ ရက်ခြားပေါက်လာကြသည်။ ငှက်တို့တွင် အကောင်ငယ်မျှားပေါက်လာသည်အထိ ဝပ်ရသည့် အချိန်မှာ ဥအရွယ်အကြီးအသေးကိုလိုက်၍ရက်ကြာသည်။ သို့သော်အရွယ်ပင်ငယ်သော်လည်း အရွယ်ကြီးသော အချို့ငှက်ဥမျှားထက် အချိန်ကြာကြာဝပ်ပေးမှ အကောင်ငယ်မျှားပေါက်လာသည်လည်းရှိသေးသည်။ လည်ဖြူရစ်ငှက်ဥမျှားသည် ၁၂ ရက်၊ သပိတ်လှယ်ဥမျှားသည် ၁၄ ရက်၊



အသိုက်အဆုံမရှိဘဲမြေပေါ်၌ဥအုလေ့ရှိသောမြစ်တွေးငှက်

ပိတုန်းငှက်ဥမျှားသည် ၁၅ ရက်၊ ကြက်ဥမျှားသည် ၂၁ ရက်၊ ဝမ်းဘဲဥမျှားသည် ၂၇ ရက်၊ ငန်းဥမျှားသည် ၃၅ ရက်စသည်ဖြင့် အကောင်ပေါက်ရန်ကြာမြင့်လေသည်။ ငှက်ကလေးမျှား ပေါက်ပွားလာရန်အတွက် ဥမျှားကို ငှက်ကြီး၏ကိုယ်ငွေ့ဖြင့် အပူရှိန် တသမတ်တည်း ရှိစေရသည့် အပြင် ဥမျှားကိုမှန်မှန်လှန်လှောပေးရသည်။ ထိုပြင်အတွင်း၌ရှိသောသန္ဓေသား အသက်ရှူနိုင်ရန် ဥခွံကိုစိုထိုင်းထိုင်းဖြစ်အောင် မကြာခဏပြုလုပ်ပေးရသည်။ သို့မှသာ ဥခွံတွင်ရှိသော အပေါက်ငယ်မျှား ပွင့်နေမည်ဖြစ်၍ ပြင်ပမှလေနှင့်

အစိုခတ်သည် အတွင်းအမြွေးထပ်သို့ ရောက်ရှိနိုင်ပေမည်။ ငှက်တို့တွင် ငှက်မများသာ ဥများကိုဝပ်လေ့ရှိသည်။ သို့သော်အချို့ငှက်မျိုးများတွင် များသောအားဖြင့် အမများကဲ့သို့အရောင်အဆင်းမဲ့သော ငှက်ဖိုတို့သည် ငှက်မများနှင့်တွဲဖက်၍ ဥဝပ်သည့်တာဝန်ကိုယူကြသည်။ ငှက်မတို့ထက် ငှက်ဖိုများက အချိန်များစွာပို၍ ဝပ်ပေးရသော ငှက်မျိုးလည်းအနည်းငယ်မျှရှိသေးသည်။

ငှက်ပေါက်စ

ဥမှပေါက်သောငှက်တို့တွင်၊ အချို့သည် အသိုက်တွင်းဌ မိဖတို့၏ ကျွေးမွေးသုတ်သင်ခြင်းကိုခံ၍ အတန်ကြာမျှကြီးကောင်ထင်အောင် အားမွေးကြရသည်။ အချို့မှာမူ ဥမှပေါက်သည်နှင့်တပြိုင်နက် ဟိုဟိုသည်သည် ပြေးလွှားသွားနိုင်ကြသည်။ ပဌမငှက်မျိုးဌ အကောင်ပေါက်စတွင် မျက်စိမပွင့်သေးချေ။ ကိုယ်ပေါ်ဌအမွေးနုပါးပါးသာပါရှိသည်။ ထိုငှက်မျိုးမွေးဖွားရာအသိုက်မှာ ခိုင်ခံ့လုံခြုံအောင်ဖွဲထားရသော အသိုက်များဖြစ်သည်။ မြေပြင်ဌ အသိုက်လုပ်တတ်သော မိုးစေငှက်၏သားငယ်တို့သည် အမိကရက်သတ္တတပတ်မျ ထိန်းဆီမ်းကျွေးမွေးခြင်းကိုခံရသည်။ လင်းတနှင့်ဇင်ယော်ငှက်ပေါက်စများကိုမူ အမိကတနှစ်ခန့်အထိ စောင့်ရှောက်မွေးမြူရသည်။ ဒုတိယငှက်အမျိုးအစားအတွက် သာဓကမှာငှက်၊ ဘဲ၊ ငန်းစသောသတ္တဝါများဖြစ်သည်။

အစာခွံပုံ

အသိုက်ထဲတွင် ရက်ကြာကြာကျွေးမွေးသုတ်သင်ခြင်းကိုခံယူသော ငှက်ပေါက်စကလေးများကို ငှက်ဖို ငှက်မနှစ်ဦးစလုံးက မိမိတို့၏စလုတ်ထဲတွင် တဝက်တပျက်ချေဖျက်ထားသောအစာကို ခွဲ့ပေးရသည်။ သို့သော်များသောအားဖြင့် ငှက်တို့သည်သားသမီးများကို အစိမ်းတိုင်းအစာကျွေးလေ့ရှိသည်။ အစာကိုနွှတ်သီးဖြင့်ဖြစ်စေ၊ ခြေသည်းဖြင့်ဖြစ်စေသယ်ယူလာတတ်ကြသည်။

ငှက်တို့အစာခွံပုံမှာ၊ ငှက်ပေါက်စတို့က ဖွင့်ပေးသောပါးစပ်ပေါက်ထဲသို့ ငှက်ကြီးတို့က နှုတ်သီးဖြင့် ထိုးချခွံပေးလေ့ရှိသည်။ လည်ချောင်းထဲသို့အစာဆင်းနိုင်ရန် အာခေါင်တွင်းသို့ရောက်အောင် အစာကိုထည့်ပေးသည်။ သို့သော် ခိုပေါက်စကလေးများမှာမူ မိဖတို့ကဖွင့်ပေးသော ပါးစပ်ပေါက်ထဲမှအစာကို နှိုက်၍စားတတ်ကြသည်။ ခို၏စလုတ်ထဲ၌ နို့ရည်ကဲ့သို့သောအစာရည်ကို စုတ်ယူစားသောက်ကြသည်။ တင်ကျီးငှက်တို့၏စလုတ်တွင်းဌ တဝက်တပျက်ချေဖျက်ထားသော ငါးအပိုင်းအစတို့ရှိကြသည်။ ထိုအစာကို တင်ကျီးပေါက်စသည် ခိုပေါက်စကဲ့သို့ နှိုက်၍စားသောက်တတ်ကြသည်။

ပဌမဌ ငှက်ငယ်များသည် ပိုးကောင်မွားကောင်တို့ကိုစားသည်။ အနည်းငယ်ကြီးလာသော် သစ်သီး၊ ကောက်ပင်၊ ကောက်ဆန်စသည်တို့ကို စားသောက်နိုင်ကြသည်။ ငှက်ငယ်တို့သည် အစာကိုပါးစပ်ထဲသို့ထည့်ပေးရုံနှင့် မျိုမချနိုင်၊ မိဖတို့ကအာခေါင်အာရင်းသို့ ရောက်အောင် အစာကိုသွင်းပေးနိုင်မှသာ လည်ချောင်းမှ ကြွက်သားများလှုပ်ရှားမှုဖြင့် အစာသည်ဝမ်းတွင်းသို့ လျှောဆင်းနိုင်သည်။ ငှက်တို့ကို ဝမ်းနှင့်တန်ရုံချင့်၍ အစာကျွေးထုသည်။ အစာပိုကျွေး၍ မဖြစ်နိုင်အောင် လည်ချောင်းကြွက်သားကို နှစ်ကြောတို့က ထိန်းထားသည်။ အစာပို၍ကျွေးမိလျှင်၊ ကြွက်သားများ မလှုပ်ရှားနိုင်တော့ချေ။

ငှက်ငယ်များကြီးထွားလာစေရန်၊ တနေ့တနေ့လျှင်ငှက်ငယ်၏ ကိုယ်အလေးချိန် တဝက်မှသည် ကိုယ်အလေးချိန်ဆတူအထိ အစာကျွေးရသည်။

ငှက်အမွေးအတောင်

ငှက်ပေါက်စတို့ဌ ကျောပြင်နှင့်ဦးခေါင်းထိပ်တွင် မွေးနုများပါလာတတ်ကြသည်။ သို့သော်ပိန်ညှင်းနှင့် ပျံလွှားပေါက်စတို့မှာ ဦးပြည်းများသာဖြစ်သည်။ ငှက်တို့သည် ၇ ရက်မှ ၁၀ ရက်အတွင်း အမွေးအတောင်စုံတတ်သည်။ ၁၀ ရက်မှ ၁၄ ရက်အတွင်း ပျံသန်းတတ်လာသည်။ လင်းတနှင့် ပင်လယ်ဇင်ယော်ငှက်တို့ကား တနှစ်သားရှိမှ ပျံနိုင်ကြ၏။

ငှက်မွေးများကို သုံးစားခဲ့ခြားပေးနိုင်သည်။ ပဌမမှာ သားရေပေါ်တွင် ကပ်၍ပေါက်သော မွေးနုများဖြစ်သည်။ ထိုမွေးနုများမှာ အချမ်းလုံစေသောမွေးနုများတည်း။ ထိုမွေးနုအပေါ်ထပ်တွင် မိုးရေခံငှက်မွေးများ ဒုတိယအထပ်အနေနှင့်ပေါက်နေသည်။ တောင်ပံနှင့်အမြီးတို့တွင်ကား တတိယအမျိုးအစားဖြစ်သော ငှက်တောင်များဖြစ်သည်။ ထိုငှက်တောင်တို့သည်ပျံသန်းရာတွင်အသုံးဝင်သည်။

ငှက်မွေးလဲခြင်း

ငှက်တို့သည် တနှစ်လျှင်နှစ်ကြိမ် အမွေးအတောင်လဲကြသည်။ နွေဦးပေါက်ဌတကြိမ်၊ ဆောင်းဦးပေါက်ဌတကြိမ် အမွေးလဲတတ်သည်။ ဤသို့အမွေးလဲသည်မှာ အစီအစဉ်ရှိသည်။ ဦးစွာဌ အတွင်းကျသောအမွေးကို ပဌမလဲသည်။ ထိုအမွေးတဝက်ခန့်ရှည်သောအခါ ပြင်ဖက်ကျသောအမွေးသည် ကျတ်လေသည်။ အမွေးကျတ်၍ တဝက်ခန့်ပြန်ရှည်လာလျှင်၊ ထိုထက်ပြင်ဖက်ကျသောအမွေးသည် ကျတ်ပြန်သည်။ ဤအစီအစဉ်အတိုင်း အမွေးလဲသည်။ တောဘဲစသည့်ငှက်တို့သည် တခါတရံမျှသာ တောင်ပံကိုအသုံးပြု၍ ပျံသန်းကြသည်။ ထိုငှက်မျိုးဌ အမွေးလဲသည့်အခါ တကြိမ်တည်းနှင့် အပြီးလဲတတ်ကြသည်။ နွေဥတုအမွေးလဲချိန်ဌ

ငှက်တို့သည် တွေ့နေကျမြင်နေကျနေရာတွင် မတွေ့မမြင်ရတော့ခြေ။ တနေရာရာတွင် ပုန်းအောင်းနေလေ့ရှိသည်။ (ငှက်မွေး — ရှ။)

ငှက်၏အသွေးအရောင်

အချို့ငှက်တို့သည် အမွေးအတောင်မလဲကြဘဲ၊ အရောင်အသွေး ပြောင်းတတ်ကြသည်။ ဆောင်းဥတု၌ ဗလက် ဗတ်ခေါ် ငှက်မည်းတို့၏ အမွေးအတောင်မှာ သံခြေးရောင်ဖြစ်သည်။ နွေဦးပေါက်သို့ရောက်သော်၊ တဖြည်းဖြည်း ညိုမှောင်လာ၍ ဥအုချိန်တွင် ပိတုန်းရောင်ကဲ့သို့ နက်ပြောင်ပြောင်ဖြစ်လာသည်။

ငှက်မွေးတွင် အရောင်ဆဲများ၏ အခြေခံအရောင်မှာ အမည်း၊ အညို၊ အနီနှင့်အဝါသာဖြစ်သည်။ သို့သော်အာဖရိကတိုက်၌တွေ့ရသော ငှက်တို့တွင် အစိမ်းရောင်ရှိသည်။ သို့သော်ထိုအစိမ်းရောင်၊ အပြာရောင်စသည်တို့မှာ အရောင်ဆဲကြောင့် ဖြစ်ပေါ် ခြင်းမဟုတ်၊ အမွေးအတောင် တို့ကို အလင်းရောင်လာဟပ်ရာမှထွက်ပေါ် လာသည့် အရောင်များသာဖြစ်သည်။ တခါတရံ အရောင်ဆဲမဲ့သော ငှက်မျိုးကိုလည်း တွေ့ရတတ်သည်။ ထိုငှက်တို့သည် အဖြူသို့မဟုတ် အပြောက်အပြောက်ရှိတတ်သည်။ အချို့ငှက်မျိုးတွင်အနီရောင်လွန်ကဲ၍နေတတ်သည်။

ငှက်မျိုးတမျိုးထဲတွင် အဖိုအမ အသွေးအရောင် ကွဲပြားခြားနားခြင်းရှိလျှင် ငှက်ဖို၏ အရောင်အဆင်းသည် ငှက်မထက်ပို၍ တောက်ပြောင်တတ်သည်။ တစ်ငှက်နှင့် ဖင့်စာတို့၌ ထင်ရှားသောအသွေးအရောင်များရှိသည်။ ထိုကြောင့် လွယ်လင့်တကူမြင်ရသည်။ သို့သော် ပတ်ဝန်းကျင်အရောင်နှင့်ရောနေတတ်သော စာကလေးများနှင့် ပင်လယ်ကမ်းရိုးတန်းရှိ ငှက်မျိုးတို့ကိုမူ ရုတ်တရက် သဲကွဲစွာမြင်ရမည်မဟုတ်ခြေ။ အသွေးအရောင် ထင်ထင်ရှားရှားရှိသော ငှက်မျိုးတို့သည် သာမန်အားဖြင့်ဆိုလျှင် ထိတ်လန့်လွယ်သည့်ငှက်များဖြစ်၍ အနီးအပါးသို့ ချဉ်းကပ်၍မရတတ်ခြေ။ သို့ရာတွင် အရောင်ဖျော့ဖျက်ထားနိုင်သော ငှက်များ၏အနီးအပါးသို့မူကား၊ ချဉ်းကပ်မည်ဆိုက ချဉ်းကပ်နိုင်လေသည်။

ငှက်ကုလား။ ။ငှက်ကုလားသည် လည်ပင်းနက်သော ငှက်ကျားမျိုးဖြစ်သည်။ ပါဏဗေဒအမည်မှာ 'ဇီနော်ရင်းခပ် အေရှတီကပ် အေရှတီကပ်' ဖြစ်သည်။

အလျား ၅၂ လက်မရှိ၏။ ဦးခေါင်း၊ လည်တိုင်နှင့်အမွေးအတောင်တို့၏ အရောင်မှာ နက်၏။ ကိုယ်ပေါ် ၌ အဖြူရောင်အကွက်များ ရှိသည်။ ပျံသည့်အခါတွင် အဖြူနှင့် အနက်ရောင်နှစ်မျိုးစလုံးကို ထင်ရှားစွာမြင်ရသည်။ စ၍


ပျံခါနိန်တွင် တောင်ပံကိုမှန်မှန်ရိုက်ခတ်လျက်ပျံသည်။ အရှိန်ရသောအခါတွင် လေဟုန်စီးကာပျံသန်းသည်။

ငှက်ကုလားသည် အအုပ်အသင်းနှင့် နေလေ့မရှိခြေ။ တကောင်တည်းဖြစ်စေ၊ စုံတွဲဖြစ်စေသာနေလေ့ရှိသည်။ သစ်ပင်ထိပ်ဖျား၊ မြစ်ကမ်းနား၊ ရေအိုင်၏အနီးအနားတို့၌ ၂ ကောင်တွဲလျက်နေတတ်သည်။ ငှက်ကုလားတို့ ၂ ကောင်တွဲ၍ နေတတ်သည့်အလေ့မှာ အခြားမျိုးတူငှက်များနှင့် မတူသောထူးခြားချက်ဖြစ်သည်။


ငှက်ကုလားသည်ငါး၊ ဖား၊ တီကောင်၊ ကနန်းနှင့်ခရုတို့ကိုစားသည်။ အသိုက်ကိုသစ်ပင်ထက်၌ ပြုလုပ်တတ်သည်။ တမြုံလျှင် ၃ ဥမှ ၅ ဥအထိရှိတတ်သော်လည်း ၄ ဥကိုသာအတွေ့ရများသည်။ ဥ၏အရောင်သည်ပဌမတွင် ဖြူဖွေးနေသော်လည်း နောက်တွင်တဖြည်းဖြည်းညိုမည်း၍လာသည်။ ငှက်အကောင်ကြီးသည့်အလျောက် ဥ၏အရွယ်မှာလည်း ပျမ်းမျှအလျား ၂.၉၀ လက်မနှင့်ပြက် ၂.၁၀ လက်မရှိသည်။ ဒီဇင်ဘာလနှင့် ဇန္နဝါရီလများတွင်သားပေါက်တတ်သည်။

ငှက်ကုလားသည် သီဟိုဠ်ကျွန်းနှင့်အိန္ဒိယနိုင်ငံများမှ ဩစတြေးလီးယားတိုက်အထိ ပျံနှံ့စွာနေသည်။ မြန်မာနိုင်ငံတွင် ငှက်ကုလားကို ယင်းနှင့် ရာသီ ဥတု သင့်လျော်သော ဒေသများ၌တွေ့ရသည်။

ငှက်ကုလားအုပ်။ ။ငှက်ကုလားအုပ်ကို ပျံနည်းမှေ့သော ငှက်ဟု အမည်ပေးလျှင် မှားမည်မဟုတ်ခြေ။ ငှက်ကုလား



ငှက်ကုလား



မပျံနိုင်သဖြင့် သန်မာသောခြေထောက်ကိုသာ အားကိုးရသော ငှက်ကုလားအုပ်

အုပ်တွင်ရှိသော တောင်ပံတို့မှာ အလွန်သေးငယ်ကြသဖြင့် အခြားငှက်များကဲ့သို့ လေထဲ၌မပျံသန်းနိုင်ချေ။ သို့ထုတ်တွင် သမိုင်းမတင်မီခေတ်အခါက ထိုငှက်မျိုးတွင် သန်စွမ်းသော တောင်ပံများရှိသဖြင့်၊ လေထဲတွင် အခြားငှက်များနည်းတူ ပျံသန်းနေကြမည်ဟု တွေးတောရပေသည်။ ငှက်ကုလား အုပ်သည် အကောင်ကြီး၍ အလွန်သန်မာသဖြင့် နှောင့် ယှက်မည့်ရန်သူ နည်းပါးသောကြောင့်၎င်း၊ အစာရေစာကို ခရီးဝေးသို့ သွားရောက်မရှာမဖွေရဘဲ၊ လွယ်လင့်တကူနှင့် ရနိုင်သောကြောင့်၎င်း၊ အတောင်ပံများကို အသုံးနည်းလာသည်။ သို့ဖြစ်၍ ယခုအခါမပျံသန်းနိုင်တော့ဟု ယူဆရလေသည်။ ငှက်ကုလားအုပ်သည် ပျံနည်းကိုမေ့ပြီဟုဆိုရမည် ဖြစ်သော်လည်း အလွန်သန်မာတောင့်တင်းသောခြေများရှိသဖြင့် အပြေးမြန်သော အာရပ်မြင်းကိုပင် ကြောအောင်ပြေးနိုင်လေသည်။

ကမ္ဘာပေါ်တွင် ယခုအခါ၌တွေ့ရသောငှက်တို့တွင် ငှက်ကုလားအုပ်သည် အကြီးဆုံးငှက်မျိုးဖြစ်သည်။ အာဖရိကတိုက်နှင့် အာရေဗျနိုင်ငံတွင်ရှိသော သဲကန္တာရများသည် ငှက်ကုလားအုပ်တို့၏ မူလကျက်စားရာဒေသဖြစ်ပေသည်။ ထိုသဲကန္တာရများတွင် ငှက်ကုလားအုပ်များကို မြင်းကျားနှင့် အန္တိလုပ်ခေါ် တောဆိတ်အုပ်များထဲ၌ တခါတရံထူးဆန်းစွာ တွေ့ရတတ်သည်။ အများအားဖြင့် ငှက်ကုလားအုပ်များသည် အဖိုတကောင်နှင့် အမ ၅ ကောင်မှ ၆ ကောင်အထိ ပါဝင်သော အုပ်များဖွဲ့၍နေလေ့ရှိကြသည်။

ငှက်ကုလားအုပ်တွင် တောင်ပံနှင့်အမြီးဟူ၍ မည်မည်ရရ မရှိချေ။ ကျောက်ကုန်းကလည်း မိုမောက်နေသည့် အပြင်၊ ရှည်လျားကောက်နေသောလည်တံသည်လည်းအထက်သို့ ထောင်းထွက်နေ၏။ ထိုပြင်သန်မာသော ခြေတံရှည်ကြီးများရှိသည်။ ထိုကြောင့်ငှက်ကုလားအုပ်ကို တကိုယ်လုံးခြုံ၍ ကြည့်လိုက်လျှင် ငှက်စင်စစ်ဖြစ်သည်ဟုမဆိုသာနိုင်အောင် အဆစ်အပိုင်းများ ပြေပြစ်ချောမောခြင်းမရှိချေ။ အလွယ်ရောက်သောငှက်ကုလားအုပ်ဖို၏ အရပ်အမောင်းမှာ အရပ်ရှည်ရှည်လူတယောက်ထက်ပင် မြင့်မားသည်။ ငှက်ကုလားအုပ်သည် ခြေဖျားမှ ဦးစွန်းတိုင်အောင် ၇ ပေမှ ၈ ပေ အထိရှိ၍ ကိုယ်အလေးချိန်မှာ ပေါင် ၁၅၀ မှ ပေါင် ၃၀၀ အထိရှိသည်။ ငှက်အဖို၏ကိုယ်မှာ မည်းနက်သောအမွေးအတောင်တို့ ဖုံးအုပ်နေသည်။ အလွန်သေးငယ်သော အတောင်ပံနှင့် အမြီးတို့မှာ ဆွတ်ဆွတ်ဖြူသည်။ တောင်ပံမွေးနှင့် အမြီးတို့မှာ အလွန်လှပသဖြင့် လူတို့သည် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲကြသည်။


ငှက်ကုလားအုပ်၏ ထူးခြားချက်တရပ်မှာ ခြေချောင်း ၂ ချောပါရှိခြင်းဖြစ်သည်။ သို့ထုတ်တွင် နေရင်းအရပ်ဖြစ်သော သဲကန္တာရပေါ်တွင် အလွန်မြန်စွာပြေးနိုင်သော ခြေဖဝါးများရှိသည်။ လမ်းလျှောက်နေသည့်အခါ ငှက်ကုလားအုပ်သည် လူမျှားဟန်လုပ်၍လှမ်းသကဲ့သို့ တလှမ်းချင်းစိပ်စိပ်နှင့် မှန်မှန်လှမ်း၍သွားတတ်သည်။ ပြေးရမည်ဆိုလျှင် တနာရီလျှင်မိုင် ၃၀ ကျော်နှုန်းဖြင့် ပြေးနိုင်စွမ်းရှိသည်။ ငှက်ကုလားအုပ်မတို့တွင် ညီမိုင်းမိုင်းအမွေး အတောင်ရှိ၍၊ အဖိုတို့လောက် အရပ်မမြင့်ချေ။ အဖိုတို့ထက် အမများသည် စိတ်ကောင်းပို၍ရှိလေသည်။ အဲ့ဖိုတို့သည် အမများကိုယ့်ဖက်သို့ပါအောင်မြှူရုတမှအစ၊ အချင်းချင်းသတ်ဖုတ်တတ်ကြသည်။

အမများသည် သဲကိုယက်ကော်ထုတ်ထားသောအသိုက်ကျင်းတခုထဲ၌ ၅ ကောင်ဖြစ်စေ၊ ၆ ကောင်ဖြစ်စေဝိုင်း၍ အုချကြသည်။ တခါတရံ အမတကောင်က နေ့အခါ၌ ဥများပေါ်တွင်ဝပ်လေ့ရှိ၏။ သို့သော် အများအားဖြင့်အမတို့သည် ဥများကိုအုချပြီးနောက် အကောင်များပေါက်လာအောင် ဂရုတစိုက်နှင့်ဥများပေါ်တွင်ဝပ်နေလေ့မရှိကြချေ။ သဲကန္တာရတွင်းဖြစ်သည့်အလျောက် နေပူရှိန်ပြင်းပြလွန်း၍သာ ဥများမှ အကောင်ငယ်များပေါက်လာကြလေသည်။ အမအများပိုင် ဥကျင်းတကျင်းထဲတွင် ဥပေါင်း ၂၀ ကျော် ၃၀ အထိရှိတတ်သော်လည်း၊ ပေါက်ခါစငှက်ကလေးတို့အား ဥများကိုခွဲ၍ ကျွေးမွေးလေ့ရှိသဖြင့် တမြို့တွင် အကောင်ကလေးပေါင်း ၂၀ ထက်ပို၍မရှိကြချေ။ ညတွင်အစာရှာထွက်လေ့ရှိသော ခွေးအကဲ့သို့ သားရဲတို့၏ ရန်ကိုစိုးရိမ်ရသဖြင့်၊ ငှက်ကုလားအုပ်အဖိုသည် ဥများပေါ်၌တညလုံးဝပ်၍

စောင့်ရှောက်လေသည်။ ငှက်ကုလားအုပ်ဥသည် ကြက်ဥထက် ၁၀ ဆခန့်အရွယ်ရှိ၍ ဥတလုံးတလုံးလျှင် ၃ ပေါင်ခန့်လေးသည်။ ဥများမှာစားကောင်းသော်လည်းမိနစ် ၄၀ မျှကြာအောင်ပြုတ်မှကျက်သည်။

ငှက်ကုလားအုပ်အဖိုသည် ငှက်မနှင့် ငှက်ကလေးတို့အား ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်သည်။ သူတို့အား နှောင့်ယှက်လျှင် အလွန်သန်မာသောခြေတို့ဖြင့် ရှေသို့ဖြစ်စေ၊ ဘေးသို့ဖြစ်စေ ကန်ကျောက်တတ်သည်။ လူပင်ဖြစ်စေ၊ မြင်းပင်ဖြစ်စေ ယင်းသို့အကန်ခံရလျှင်သေတတ်သည်။ မိတ်လိုက်ချိန်၌ အဖိုသည် လည်တံကိုပုလာစေ၍၊ နှုတ်သီးကိုကျပ်တည်းစွာပိတ်လျက် နွားသိုးအော်သံကဲ့သို့ အော်တတ်သည်။

ငှက်ကုလားအုပ်များကို ခရစ် ၁၇၅၀ ပြည့်နှစ်လောက်မှစ၍ လူတို့မွေးမြူထားကြသည်။ ထိုစဉ်အခါက အာဖရိကတိုက်မြောက်ပိုင်းရှိ ပြင်သစ်ပိုင် အယ်လဂျီးယားနယ်နှင့် အင်္ဂလိပ်ပိုင်တောင်ပိုင်းနယ်များတွင် ငှက်ကုလားအုပ်တို့ကို အမွေးအတောင်များအတွက် မွေးမြူကြလေသည်။ ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလီးယားတိုက်များ၌ ငှက်ကုလားအုပ်မွေးမြူသည့်လုပ်ငန်းထွန်းကားလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ကာလီဖိုးနီးယား၊ အယ်ရီဇိုးနား၊ တက်ဆက်နှင့်ဖလော်ရီဒါပြည်နယ်များ၌ ထိုငှက်များကိုမွေးမြူကြ၏။ ငှက်ကုလားအုပ်ကိုယ်မှအကောင်းဆုံး၊ အလှဆုံးအမွေးအတောင်တို့ကို တနှစ်လျှင်နှစ်ကြိမ်ကျည်ယူလေ့ရှိသည်။ ယင်းသို့အမွေးအတောင်တို့ကို ညှပ်ယူပြီးနောက် မကြာမီအတွင်း အမွေးသစ်များထွက်လာပြန်သည်။



ဩစတြေးလီးယားတိုက်ဇာတိဖြစ်သော အီးမျူးခေါ် ငှက်ကုလားအုပ်ပု


ဥမှပေါက်ခါစငှက်ကလေးမှာ ကြက်မတန်းကလေးအရွယ်ရှိ၍၊ ၆ လအတွင်း အရွယ်ရောက်သည့်ငှက်ကြီးနီးပါး ရှိလာသည်။ ၆ လသားအရွယ်ငှက်များမှ အမွေးအတောင်များညှပ်ယူရရှိနိုင်သော်လည်း၊ ငှက်မတို့သည် အသက် ၄ နှစ်ခန့်ရှိမှ အရွယ်ရောက်ရှိလာသည်။ ငှက်ကုလားအုပ်အချို့သည် အနှစ် ၁၀၀ အထိပင်အသက်ရှည်ကြသဖြင့် ငှက်ကုလားအုပ်သည် အလွန် သက်တမ်းရှည်သော ငှက်မျိုး ဖြစ်သည်ဟု ဆိုရပေမည်။ ငှက်ကုလားအုပ်ကဲ့သို့ မပျံတတ်သောအခြားငှက်မျိုးများမှာ တောင်အမေရိကတိုက်၌တွေ့ရသော ရီးငှက်၊ အမေရိကန်ငှက်ကုလားအုပ်၊ ဩစတြေးလီးယားတိုက်၌တွေ့ရသော အီးမျူးနှင့် ကက်ဆွေရီငှက်မျိုးတို့ဖြစ်ကြသည်။ ငှက်ကုလားအုပ်၊ ရီးနှင့် အီးမျူးငှက်တို့မှာ လွှင်ပြင်များတွင်ကျက်စား၍၊ ကက်ဆွေရီငှက်မှာ သစ်တောများ၌ ကျက်စားလေသည်။

ငှက်ကုလားအုပ်ပု။ ။အီးမျူးခေါ် ငှက်ကုလားအုပ်ပုမျိုးမှာ ဩစတြေးလီးယားတိုက်ပင်ရင်းဇာတိဖြစ်သည်။ ငှက်ကုလားအုပ်မျိုးကဲ့သို့ပင် မြေပြန့်လွှင်ပြင်များတွင်သာကျက်စားလေ့ရှိသည်။ ဤငှက်မျိုး၏ငှက်မွေးငှက်တောင်သည် အခြားငှက်မွေးငှက်တောင်များကဲ့သို့ အဆင်းအရောင်တောက်ပြောင်ခြင်းမရှိပေ။ ငှက်ကုလားအုပ်ကလွဲလျှင် ဤငှက်မှာအထွားကျိုင်းဆုံးငှက်မျိုးဖြစ်လေသည်။ အရပ်ပေခန့်မြင့်၍ ကိုယ်လုံးကိုယ်ထည်မှာ ငှက်ကုလားအုပ်ထက် အနည်းငယ်မျှသေးငယ်သည်။ လွှင်ပြင်ကျယ်ကြီးများနှင့် မြေပြန့်တောများထဲတွင်ကျက်စားတတ်သည်။

ငှက်ကုလားအုပ်ပုသည် သားပိုက်ကောင်များနှင့်ပင် ပြိုင်၍ပြေးနိုင်သည်။ မြေပေါ်တွင်ဖြစ်မူ ငှက်ကုလားအုပ်ပုကို မြင်းများပင်မှီအောင်လိုက်နိုင်ရန် ခဲယဉ်းလှသည်။ ခြေကုန်လက်ပမ်းကျ၍မပြေးနိုင်သောအခါမှသာဖမ်းမိနိုင်သည်။ ဖမ်းဆီးသည့်အခါ၌လည်း အနီးသို့ရုတ်တရက်မကပ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သန်မာလှသောခြေထောက်များဖြင့် ချဉ်းကပ်လာသူကို အပြင်းအထန် ကန်ကျောက်တတ်သောကြောင့်ဖြစ်သည်။ ကန်ကျောက်ရာတွင် နွားဆိုးကြီးများကဲ့သို့ နံဘေးနှင့်အနောက်ဖက်သို့သာကန်ကျောက်တတ်သည်။ ငှက်ကုလားအုပ်များအရှေ့ကိုကန်ကျောက်ဘိသကဲ့သို့ မကန်ကျောက်နိုင်ချေ။

ငှက်ကုလားအုပ်ပု၏အစာမှာ အထူးသဖြင့် ဟင်းသီးဟင်းရွက်၊ အသီးအပွင့်နှင့် သစ်ဥသစ်ဖုတို့သာဖြစ်သည်။ ငှက်အငိုင်းတမျိုးပင်ဖြစ်

သော်လည်း ငှက်ကုလားအုပ်ပုကို ယဉ်ပါးအောင် သွန်သင်ပေးခဲ့ရနိုင်သည်။ ဥများကို သဲမြေထဲတွင် သာ အုလေ့ရှိပြီး၊ ဥအရွယ်အစားမှာ ငှက်ကုလားအုပ်၏ အရွယ်နှင့် အတူတူလောက်ပင်ရှိသည်။ အရောင်မှာ အစိမ်း သို့မဟုတ် ပြာမှိုင်းမှိုင်းဖြစ်သည်။ တကြိမ်လျှင် ဥပေါင်း ၉ ဥမှ ၁၃ ဥအထိအုတတ်သည်။



ရေစပ်တွင်ကျက်စားလေ့ရှိသောငှက်ကျား

ငှက်ကျား။ ။ငှက်ကျားကိုမြင်ရုံနှင့် ငှက်ကျားမှန်းသိသာနိုင်သည်။ ရှည်လျားသော ခြေထောက်၊ လည်တံ၊ နှုတ်သီးတို့သည် အခြားငှက်များမှာထက် ထူးကဲစွာပေါ် လွင်လျက်ရှိသည်။ ငှက်ကျားသည်ရေစပ်တွင် ကျက်စားလေ့ရှိသော ငှက်မျိုးဖြစ်သည်။ အလျား ၅ ပေခန့်ရှိသည်။

သာမန်ငှက်ကျားဖြူ၏ပါဏာဗေဒအမည်မှာ 'စိကိုနိုးယားအဲလဗာ' ဖြစ်သည်။ ထိုငှက်ကျားမျိုးကို ဥရောပတိုက်တွင် ဆိုဒင်၊ စပိန်၊ ဂရိ၊ ဒိန်းမတ်၊ ဟော်လန်နိုင်ငံများ၌ တွေ့ရသည်။ မြန်မာနိုင်ငံတွင်ကားမရှိ။ ဆောင်းရာသီ၌ ငှက်ကျားများကို အာဖရိကတိုက်နှင့်အိန္ဒိယနိုင်ငံများတွင်လည်း တွေ့ရသည်။ ဩစတြေးလီးယားနှင့် တောင်အမေရိကတိုက်တို့တွင်လည်း ငှက်ကျားများအသင့်အတင့်ရှိသည်။

မြန်မာနိုင်ငံ၌တွေ့ရသော ငှက်ကျားမျိုးမှာ 'အိုင်ဗစ်လျူကိုစက်ဖာလပ်' ဖြစ်သည်။ အလျားလက်မ ၄၀ ရှိ၏။ နှုတ်သီးနှင့်မျက်နှာ၌ လိမ်မော်ရောင်ရှိ၏။ အမြီးအရောင်သည် ပန်းရောင်ဟူ၍ ထင်ရသော်လည်း အမှန်မှာအမွေးအတောင်တို့၏ အတွင်းဖက်ပိုင်း၌သာ ပန်းရောင်ရှိသည်။ ပျံသန်းသောအခါ ကိုယ်ထည်သည်ဖြူ၍ အတောင်နှင့်အမြီးမည်းနေသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် ရေလျှံသောလယ်ကွင်း၊ ရေအိုင်ဘေးနှင့် ချုံတောပုက်တောဒေသများတွင် ကျက်စားလေ့ရှိ၏။ ကမ်းခြေရှိလတာပြင်များတွင် အအုပ်အသင်းနှင့်နေသည်ကိုတွေ့ရ၏။

ငှက်ကျားသည် အသိုက်ကို အဆောက်အအုံများပေါ်တွင်၎င်း၊ သစ်ပင်များပေါ်တွင်၎င်း ပြုလုပ်တတ်သည်။ အနောက်နိုင်ငံများတွင် ငှက်ကျားများအတွက် အသိုက်ဆောက်လုပ်ရန်နေရာများကိုပင် ပြုလုပ်ပေးထားကြသည်။ ငှက်ကျားများသည် နှစ်စဉ်နှစ်တိုင်း အသိုက်ဟောင်းနေရာသို့ပြန်လာလေ့ရှိကြသည်။ ငှက်ကျားများစားသောအစာမှာ ဖားနှင့်ပိုးမွှားများဖြစ်သည်။ ငှက်ကျားသည်အသံမပြုတတ်ဟုဆိုသည်။


ငှက်ကျားနှင့် မျိုးချင်းတူသောအခြားငှက်များမှာ ခရုစုတ်၊ ဗျိုင်း၊ ကြိုးကြာ၊ ငဟစ်၊ ငှက်ကြီးဒုံးစပ်၊ နှုတ်သီးပြာငှက်ကျား၊ ဇွန်းနှုတ်သီးငှက်မျိုးများ ဖြစ်ကြသည်။ ငှက်ကျားအမည်ဖြင့် မြန်မာနိုင်ငံ၌တွေ့ရသော ငှက်အငယ်စားမျိုးရှိသေးသည်။ ထိုငှက်၏ပါဏာဗေဒအမည်မှာ 'ဆက်ဇီကိုလာ ကက်ပရာတာ ဗာမင်နိကား' ဖြစ်သည်။ အလျား ၅ လက်မခွဲရှိသည်။ ငှက်ဖုံတွင် နက်ပြောင်သော အမွေးအတောင်များရှိ၏။ နံဘေးနှင့်ရင်အုပ်တို့မှာဖြူ၏။ အမြီးကို ဦးခေါင်းနှင့်ထိလုနီးပါး ကော့ထောင်ထားတတ်သည်။ ငှက်မသည် ငှက်ဖုံနှင့်အသွင်အပြင်တူ၏။ သို့ရာတွင် အရောင်အဆင်းမှာ ငှက်ဖုံလောက်မနက်လှဘဲ ညှိုတိုတိုဖြစ်သည်။

ဤငှက်ကျားကို လတာပြင်ဒေသများနှင့် ချုံဖုတ်တောများတွင်အတွေ့ရများသည်။ အသံမှာ ကျောက်ခတ်သံမျိုးကဲ့သို့ဖြစ်သည်။ သာယာသောအသံဖြင့်လည်း မြည်ကြွေးတတ်သည်။ ပိုးတုံးလုံး၊ ပေါက်ဖတ်နှင့်တိကောင်များကို စားလေ့ရှိသည်။ ဧပြီလမှဇွန်လအတွင်း ငှက်ကျားငယ်များပေါက်သည်။ အသိုက်ကို ပင်မြင့်ပေါ်တွင်မလုပ်ဘဲ၊ မြေပြင်ပေါ်တွင်၎င်း၊ မြက်ခင်းအောက်တွင်၎င်း၊ ကျင်းများတွင်၎င်းပြုလုပ်သည်။ ခွက်ငယ်နှင့်တူသောအသိုက်ကို မြက်ပင်၊ သစ်မြစ်များဖြင့်ပြုလုပ်၍ ဘေးပတ်လည်တွင် အမွေးအမှင်များဖြင့် သပ်ရပ်စွာကာရံထားတတ်သည်။ တမြို့လျှင် ၃ ဥမှ ၅ ဥအထိရှိသည်။ ဥအရောင်မှာ ပြာလဲ့လဲ့သို့မဟုတ် အပြူတွင်ပန်းရောင်နုဖြစ်သည်။ အညိုပြောက်ကလေးများကိုလည်းတွေ့ရ၏။ ဤငှက်ကျားမျိုးကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့နိုင်သည်။

ငှက်ကြီးဒုံးစပ်။ ။ငှက်ကြီးဒုံးစပ်သည် ငှက်ကျားမျိုးရင်းဝင်ဖြစ်သည်။ ခြေတံနှင့်နှုတ်သီးရှည်၍ အကြည့်ရအလွန်ဆိုးသော ငှက်မျိုးဖြစ်၏။ ရပ်နေသောအခါ ၅ ပေခန့်မြင့်၍

အတောင်များကိုဖြန့်ကာ တိုင်းတာလျှင်တဖက်ဖျားမှ တဖက်ဖျားသို့ ၁၄ ပေမျှပင်ရှိတတ်သည်။


ငှက်ကြီးဒုံးစပ်သည် ငါးများ၊ ဖားများ၊ မြွေများမှအစ ပုပ်ရိနေသောအသေကောင်များကို စားသောက်တတ်၏။ ထိုသို့အပုပ်အစပ်များကို ရှင်းလင်းပေးတတ်သဖြင့်၊ အိန္ဒိယနိုင်ငံတွင် အစိုးရတို့သည် ထိုငှက်များအား မသတ်ဖြတ်ရန် ဥပဒေဖြင့် ကာကွယ်ပေးထားလေသည်။ ငှက်ကြီးဒုံးစပ်များကို အာရှတိုက်တောင်ပိုင်းနှင့် အာဖရိကတိုက်တွင်တွေ့ရသည်။ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့၌ တွေ့ရသော ငှက်ကြီးဒုံးစပ်မျိုးကို ပါဏာပေဒအမည်ဖြင့် 'လက်တိုတိုင်လပ် ဒျူဗီယပ်' ဟုခေါ်သည်။ ဂျာဗားကျွန်း၌ တွေ့ရသောအမျိုးကို 'လက်တိုတိုင်လပ် ဂျာဗန်နစ်ကပ်' ဟုခေါ်သည်။ ယင်းကို မြန်မာတို့က ဒုံးမြီးကွက်ဟုခေါ်ကြသည်။



ငှက်ကြီးဒုံးစပ်

ငှက်ကြီးဝံပို။ ။ငှက်ကြီးဝံပိုသည် ကိုယ်ပုံပန်းအချိုးအစားမကျသောငှက်ဖြစ်သည်။ နှုတ်သီးမှာ သာမန်ငှက်၏နှုတ်သီးနှင့်မတူဘဲ၊ ကိုယ်လုံးကိုယ်ထည်နှင့်မလိုက်အောင်ပင် ရှည်လျားး၏။ အဖျားဌ်အတန်ငယ်ကောက်နေ၏။ ခြေထောက်များမှာတိုသော်လည်း၊ ဘဲခြေကဲ့သို့ခြေဖဝါးများပါရှိသည်။

ဤငှက်မျိုးကိုသမပိုင်းဒေသများတွင်၎င်း၊ အပူပိုင်းဒေသများတွင်၎င်းတွေ့ရသည်။ ငှက်ကြီးဝံပို မျိုးစိတ်ပေါင်း ၁၀ မျိုးခန့်ရှိ၏။ ငှက်ကြီးဝံပိုအကြီးစားမှာ အရပ်အမြင့် ၅ ပေကျော်ကျော် ၆ ပေခန့်ရှိပြီး အတောင်ဖြန့်လိုက်သော အခါ အလျား ၁၀ ပေမျှရှိသည်။ သာမန်ငှက်ကြီးဝံပိုမျိုးကို ဥရောပတိုက်တောင်ဖက်ပိုင်းနှင့် အာရှတိုက်၊ အာဖရိကတိုက်



သမပိုင်းနှင့်အပူပိုင်းဒေသတို့တွင်တွေ့ရသောငှက်ကြီးဝံပိုများ

များတွင်လည်းတွေ့ရသည်။ ယင်း၏ပါဏာပေဒအမည်မှာ 'ပယ်လီကင်နပ် အိုနိုကရိုတဲလပ်' ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ဖိလစ်ပိုင်ကျွန်းစုများတွင် တွေ့ရသော ဝံပိုမျိုးမှာ 'ပယ်လီကင်နပ် ဖိလစ်ပင်ဆစ်' မျိုးဖြစ်သည်။

ငှက်ကြီးဝံပိုတို့သည် မြစ်နှင့်ရေအိုင်ကမ်းပါး အနီးအနားတွင် အစုလိုက်အအုပ်လိုက်နေတတ်ကြသည်။ အပေါင်းအသင်းနှင့်အစုအအုပ်ဖွဲ့၍ နေတတ်ရုံသာမကသေးဘဲ အစာရှာရာတွင်လည်း အတူတူစုရုံး၍ တပျော်တပါးကြီးအစာရှာထုတ်လေ့ရှိသည်။ အုသည့်အခါတွင် တခါအုလျှင် ၂ ဥမှ ၃ ဥအထိသာ အုတတ်သည်။ ဥများမှာ အများအားဖြင့် အဖြူရောင်ဖြစ်သည်။ သြစတြေးလီးယားတိုက်တွင် ငှက်ကြီးဝံပိုမျိုး တမျိုးတည်းသာရှိသော်လည်း၊ အမေရိကတိုက်တွင်ကား ဤငှက်မျိုးပေါင်း မြောက်မြားစွာရှိသည်။

ငှက်ခါး။ ။ငှက်ခါးသည် မိုးခေါင်ငှက်နှင့်အတူ 'ကိုရာစီးဒေး' မျိုးရင်းတွင်ပါဝင်သည်။ ပါဏာပေဒအမည်မှာ 'ကိုရာစီယပ်ဗင်ဂါလင်ဆစ်' ဖြစ်သည်။ နီလာစိမ်းရောင် ငှက်ခါးတောင်ဟုဆိုသည့်အတိုင်း ငှက်ခါးသည်စိမ်းပြာရောင်ရှိသောငှက်ဖြစ်၍ ဦးခေါင်း၊ ရင်အုပ်နှင့် ကျောတို့မှာ အပြာဖျော့ရောင်ရှိသည်။ အတောင်နှင့်အမြီးတို့၏အရောင်များသည် အလွန်ပြာသည်။ ဦးခေါင်းမှာကြီး၏။ ငှက်ခါးပျံသန်းသောအခါ အတောင်ကိုလေးလံစွာခတ်သည်။ ကြာရှည်ကားမပျံချေ။ ငှက်ခါး၏အလျားမှာ ၁၃ လက်မခန့်ရှိ၏။

ငှက်ခါးသည်စူးစူးရှရှအော်တတ်ယည်။ ငှက်ခါးကလေးများသည် မိခင်ငှက်မ ယူလာသောအစာကို ဆူညံစွာဟစ်အော်တောင်းဆို၍ အငမ်းမရစားမျိုတတ်ကြသည်။

ငှက်ခါးသည်မြင်ကွင်းကောင်းသောနေရာ၌ဖြစ်စေ၊ ကြေး

နှန်းကြိုးပေါ်၌ဖြစ်စေ နားကာ အစာကိုငြိမ်သက်စွာစောင့်စားနေတတ်သည်။ အစာကိုမြင်သည်နှင့်တပြိုင်နက် တရှိန်ထိုးဆင်း၍ အမိဖမ်းပြီးနောက် နားနေကျနေရာသို့ပြန်သွားတတ်သည်။ ပလူ၊ ပုရစ်၊ နှံကောင်၊ ပိုးတုံးလုံးနှင့်ပေါက်ဖတ်များကိုဖမ်း၍စားတတ်သည်။ ရနိုင်သည့်အခါ ဖားကိုလည်းစားသည်။ မြေပေါ်တွင် ခုန်ဆွခုန်ဆွနှင့် လေးလံစွာသွားသော်လည်း သစ်ကိုင်းပေါ်တွင်မူ ခုန်၍မသွားချေ။ တကိုင်းမှတကိုင်းသို့ပျံ၍ကူးသည်။ အတောင်ကိုပြင်းစွာရိုက်ခတ်ပြီး လေထဲတွင် နိမ့်လိုက်မြင့်လိုက်ဂျမ်းထိုးလိုက်လုပ်တတ်သည်။

ငှက်ခါးသည် အများအားဖြင့် အသိုက်ကို သစ်ပင်အခေါင်းတွင်ပြုလုပ်သည်။ တခါတရံ ဆက်ရက်လည်နက်၊ ငှက်ကျားစသောငှက်များ၏အသိုက်ဟောင်းကို အသုံးပြုသည်။ တမြုံလျှင် ၄ ဥမှ ၅ ဥအထိရှိတတ်သည်။ ဥသည် ရှည်မျောမျောဖြစ်၏။ ဥခွံသည် မာချောပြောင်လက်ပြီး ဆွတ်ဆွတ်ဖြူသည်။ မတ်လမှမေလအတွင်းတွင် ငှက်ခါးကလေးများပေါက်ကြသည်။

ငှက်ခါးကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ကွင်းပြင်များ၌အတွေ့ရများသည်။ သင့်တော်သောအခြေအနေရှိလျှင် တောင်ပေါ်၌လည်းတွေ့နိုင်သည်။



ငှက်ခါး

ငှက်ခြောက်ပင်။ ။ယူကလစ်တပ်ပင် — ရှ။

ငှက်စိမ်း။ ။ပါဏဗေဒအခေါ်၌ 'ကလိုရော့ဆစ် အော်ရီဖရဲ့ပရိဒိး' အမည်ရှိသောငှက်စိမ်းသည် အလျား ၇½ လက်မခန့်ရှိသည်။ ငှက်ဖို၏မေးစေ့သည်မည်းနက်၍ လည်ချောင်းတဝိုက်တွင်ရွှေဝါရစ်ရှိသည်။ ငှက်မတွင်ရွှေဝါရစ်မရှိချေ။ ထိုငှက်စိမ်းသည် ထူးဆန်းအံ့သြဖွယ်ကောင်းလောက်အောင် အခြားငှက်များ၏အော်မြည်သံကိုအတုခိုး၍ အော်မြည်နိုင်သည်။ ယင်းသို့အော်မြည်နေသည့်ကြားထဲမှာပင် အလွန်သာယာစွာလည်းကြေးကြော်တတ်သေးသည်။

ငှက်စိမ်းသည် သစ်ပင်ထိပ်ဖျားခွအနေများ၍ တခါတရံခွသာ မြေသို့ဆင်းလာတတ်သည်။ ဖူးပွင့်နေသောလက်ပံပင်များ၌ ကျက်စားလေ့ရှိသည်။ ငှက်စိမ်း၏အစာမှာ ပိုးကောင်၊ မွှားကောင်၊ သစ်စေ့၊ သစ်သီးပန်းပွင့်ဝတ်ဆံများဖြစ်သည်။


ဤငှက်စိမ်းကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံတွင် ကွင်းပြင်များနှင့် ပေ ၄,၀၀၀ အထိမြင့်သော တောင်ကုန်းများ၌တွေ့ရသည်။

ပါဏဗေဒအမည် 'ကလိုရော့ဆစ် ကိုချင်ချိုင်နန်ဆစ်' ဟုခေါ်သော ငှက်စိမ်းတမျိုးကိုလည်း မြန်မာနိုင်ငံ၌တွေ့ရသည်။ ထိုငှက်စိမ်းသည် မြန်မာနိုင်ငံအနှံ့အပြားတွင် မြေပြန့်သစ်တောများ၌ငင်း၊ တောင်ခြေများ၌ငင်း နေထိုင်သည်ဟုထင်ရသည်။

ဤငှက်စိမ်းသည် အလျား ၇ လက်မခန့်ရှိသည်။ ငှက်ဖို၏လည်ချောင်းသည် မည်းနက်၍ ငှက်မ၏လည်ချောင်းသည် စိမ်းပြာရောင်ရှိသည်။ ငှက်ဖိုတွင်မျက်စိမှ လည်တံကုပ်နေသော အဝါရစ်ကိုတွေ့ရ၏။ ငှက်မတွင်ထိုအဝါရစ်မရှိချေ။ အလေ့အကျင့်တွင်ငင်း၊ အစာတွင်ငင်း အခြားငှက်စိမ်းများနှင့်တူသည်။ အလွန်သာယာစွာမြည်ကြေးတတ်သောငှက်ဖြစ်သည်။

ငှက်တလိုင်း။ ။စစ်တလိုင်း — ရှ။

ငှက်တော်။ ။ငှက်တော်သည် လင်းမြီးဆဲငှက်နှင့်အတူ 'ဒိုင်ကရုရီဒေး' မျိုးရင်းတွင်ပါဝင်သည်။ ငှက်တော်မျိုးအများပင်ရှိသည်။ ပါဏဗေဒအမည်ဖြင့် 'ဒိုင်ကရုရပ် ပါရာဒီဆီယပ် ရန်ဂန်နန်ဆစ်' ဟုခေါ်သော ငှက်တော်ကို ငှက်တော်မြီးရှည်ဟူ၍ သိကြသည်။ ကျီးကန်း၊ လင်းမြီးဆဲငှက်တို့ကဲ့သို့ သပိတ်ရောင်အဆင်းရှိသည်။ ကိုယ်အလျား ၁၄ လက်မရှိ၍၊ ရှည်လျားသောအမြီးခွသည် ၁၃ လက်မအထိထိုးထွက်နေသည်။



ငှက်စိမ်း



ငှက်တော်

ဤငှက်တော်သည် အသံအမျိုးမျိုးပြု၍ အော်တတ်သည်။ အခြားငှက်များ၏ အသံကိုလည်း အတုခိုး၍ အော်တတ်သည်။ ထိုငှက်၏အော်သံကို တနေ့လုံး အဝေးကပင်ကြား နိုင်သည်။ ၆ ကောင်ခန့် အသင်းအပင်းဖွဲ့၍ နားနေရာမှ မကြာခဏ ထပျံ၍ ပိုးမွှားများကို ထိုးသုတ်တတ်ကြသည်။ ထိုနောက် နားနေရာသို့ တဖန်ပြန်လာတတ်ကြသည်။ မတ်လမှ မေလအတွင်းတွင် ငှက်တော်ကလေးများ ပေါက်ကြသည်။ အသိုက်ကို ပင်မြင့်ပေါ်၌ လုပ်တတ်သည်။ တမြို့လျှင် ၃ ဥမှ ၄ ဥအထိရှိသည်။ ဥမှာရှည်မျောမျော၊ ခပ်ချန်ချန်ဖြစ်သည်။ ဥအရောင်မှာ အဖြူအောက်ခံပေါ်တွင် အနီ၊ အညို၊ ခရမ်းရောင် အပြောက်အစက်များရှိသည်။

ဤငှက်တော်မျိုးကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံ၌ ပဲခူးရိုးမတောင်ရှိကျွန်းတောများတွင် အမြင်ရများသည်။ တောင်ခြေရှိသစ်တောများတွင် နေလေ့ရှိသည်။ ပေ ၃,၀၀၀ ထက်မြင့်သော အရပ်ဒေသတွင် မနေကြချေ။

ငှက်ပုစဉ်းထိုး။ ။ငှက်ပုစဉ်းထိုးကို ပုစဉ်းထိုးဟူ၍ လည်းခေါ်သည်။ ပါဏာဗေဒအမည်မှာ 'မီရော့ အိုရီယင်တာလစ် ဗာမင်နပ်' ဖြစ်သည်။ တကိုယ်လုံးတွင် တောက်ပသောအစိမ်းရောင်ရှိသည်။ ဦးခေါင်းနှင့် အတောင်များ၌ကြေးနီရောင်လှုပ်းနေသည်။ မျက်လုံးနီ၍တောက်သည်။ အမြီး၏အလယ်၌ ၂ လက်မခန့် ထိုး၍ထွက်နေသော အမွေးများရှိသည်။

ပုစဉ်းထိုးသည် ပျား၊ ပုစဉ်းနှင့်ပိုးမွှားများကို ပံ့သန်းနေစဉ်ပင် ဖမ်းယူစားတတ်သည်။ ကြေးနန်းကြိုး၊ သစ်ပင်၊ ချုံဖုတ်စသည်တို့တွင် နားနေတတ်သည်။ ပုစဉ်းထိုး၏အသံမှာ သာယာသော်လည်း ပြောင်းလဲခြင်းမရှိ၍ ငြီးငွေ့ဖွယ်ကောင်းသည်။ သဲထူထပ်၍ ဒီရေမရောက်သောပင်လယ်မြစ်ကမ်းပါးများတွင် နှုတ်သီးဖြင့်တွင်းတူး၍ ဥအုတတ်သည်။



ငှက်ပုစဉ်းထိုး

ငှက်ပုစဉ်းထိုးများကို အီဂျစ်နိုင်ငံမှ ယိုးဒယားနိုင်ငံ၊ ကို ချင်ချိုင်းနားနိုင်ငံတို့အထိ အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကွင်းပြင်များ၌ရှင်း၊ ထိုငှက်နှင့်သင့်လျော်သော အခြေအနေရှိသည့်တောင်ကုန်းများ၌ရှင်း တွေ့ရသည်။


အခြားထင်ရှားသော ငှက်ပုစဉ်းထိုးများမှာ ပုစဉ်းထိုးမြီးပြာနှင့်ပုစဉ်းထိုးခေါင်းညိုတို့ဖြစ်သည်။ ပါဏာဗေဒအရ ပုစဉ်းထိုးမြီးပြာမှာ 'မီရော့ ဖိလစ်ပီနပ် ဖိလစ်ပီနပ်' ဖြစ်၍ ပုစဉ်းထိုးခေါင်းညိုမှာ 'မီရော့ လေချင်နောလတီ လေချင်နောလတီ' ဖြစ်သည်။ ဤငှက် ၂ မျိုးလုံးကို အရှေ့တိုင်းနိုင်ငံများတွင်အနှံ့အပြားတွေ့ရသည်။

ငှက်ပန်းထိမ်။ ။ငှက်ပန်းထိမ်သည် ဖိုးခေါင်ငှက်၊ ကုပ်ကလောင်ငှက်တို့နှင့်အတူ 'ကက်ပီတွန်နီဒေး' မျိုးဂင်းတွင်ပါဝင်သည်။ ပါဏာဗေဒအမည်မှာ 'မီဂါလာအီမာ ဟီမာစီဖာလာ အင်ဒီကာ' ဖြစ်သည်။ အလျား ၆ လက်မခန့်ရှိသည်။ ကိုယ်လုံးကိုယ်ထည်တုတ်ခိုင်သည်။ မေးစေ့နှင့် လည်ပင်းတွင်အဝါရောင်ရှိသည်။ ရင်အုပ်တွင်ပန်းနုရောင်ရှိသည်။ အောက်ပိုင်းမှာ ဝါကြန့်ကြန့်အရောင်တွင် အစိမ်းရောင်ကျေးနေသည်။

ဤငှက်သည် ကွင်းပြင်များတွင်သာမက မြို့ကြီး များသို့လည်း လာရောက် ကျက်စားတတ်သည်။ သစ်ပင်ထူထပ်သောနေရာနှင့် ကျွန်းတောများတွင်လည်း တွေ့ရတတ်သည်။ အစာမျိုးစုံစားသည်။ အော်သံမှာတုံတုံဟုမြည်၍ တူထုသံနှင့်တူသဖြင့် ငှက်ပန်းထိမ်ဟုခေါ်ကြသည်။ အသံမှာ ကျယ်၍သာယာသည်။ ပူအိုက်သောရာသီတွင် ထိုငှက်အော်သံကိုအမြဲကြားရ၍ မိုးရာသီတွင်မူ တခါတရံသာ ကြားရတတ်သည်။ ညအချိန်တွင် မအော်တတ်ချေ။

ငှက်ပန်းထိမ်သည် ဖေဖော်ရီလမှမေလအတွင်း သားပေါက်သည်။ တမြို့လျှင် ၃ ဥမှ ၄ ဥအထိရှိတတ်သည်။ ဥများမှာအဖြူရောင်ရှိသည်။

ငှက်ပန်းထိမ်ကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံတွင် ဤငှက်သည် တောင်ခြေနှင့်ကွင်းပြင်များတွင်ကျက်စားတတ်သည်။ တောင်ပေါ်တွင် ကား နေလေ့မရှိချေ။



ငှက်ပန်းထိမ်



စီးပွားဖြစ်ရန်အသို့ဌာ မျိုးကောင်း မျိုးသန့်များကို စံနစ်တကျ စိုက်ပျိုးထားသော ငှက်ပျော်ခြံ

ငှက်ပျော်ပင်။ ။အိန္ဒိယနှင့်မြန်မာနိုင်ငံတို့အပါအဝင်ဖြစ်သော အာရှတိုက် တောင်ပိုင်းဒေသသည် ငှက်ပျော်ပင်၏ မူလပေါက်ရောက်ရာဒေသများဖြစ်သည်။ ထိုဒေသရှိတိုင်းရင်းသားတို့သည် ငှက်ပျော်ကို မိမိတို့စားသုံးရန် စိုက်ပျိုးကြသည်။ ယခုအခါ ငှက်ပျော်ကိုအကြီးအကျယ်စိုက်ပျိုးလျက်ရှိသည့် အနောက်အိန္ဒိယကျွန်းစုကို ကိုလံဗပ်တွေ့ရှိစဉ်က ထိုကျွန်းစုတွင် ငှက်ပျော်ပင်ကို စတင်၍စိုက်ပျိုးခြင်းမရှိသေး။ ခရစ် ၁၅၂၀ ပြည့်နှစ်သို့ရောက်မှ ထိုကျွန်းစုတွင် ငှက်ပျော်ပင်ကို စတင်စိုက်ပျိုးသည်။ ယင်းသို့ငှက်ပျော်ပင်ကို စိုက်ပျိုးကြည့်ရာတွင် ကောင်းစွာဖြစ်ထွန်းသဖြင့် အနောက်အိန္ဒိယကျွန်းစုအပါအဝင်ဖြစ်သော အမေရိကတိုက်အလယ်ပိုင်းသည် ယခုအချိန်အခါတွင် ကမ္ဘာပေါ်၌ငှက်ပျော်သီးအများဆုံးထွက်သောအရပ်ဒေသ ဖြစ်နေလေပြီ။

ရှေးအခါက တောကြီးမျက်မည်းဖြစ်၍ ရောဂါဘယထူပြောသော အပူပိုင်းအရပ်ဒေသများသည် ယခုအခါတွင်၊ ငှက်ပျော်စိုက်ခင်းကြီးများ ဖြစ်လာကြသည်။ ယခင်က သမပိုင်းဇုန်၌ နေထိုင်သူတို့တွင် ငှက်ပျော်သီးကို လူတိုင်းပင် မမြင်ဘူး၊ မစားဘူးကြချေ။ မီးသင်္ဘောများ စတင်ပေါ်ပေါက်လာသည့်အခါမှ အလွန်အမှည့်လွယ်သော ငှက်ပျော်သီးများကို လိုရာအရပ်သို့ သယ်ယူရောင်းချနိုင်ကြသည်။ ငှက်ပျော်စိုက်ခင်းများမှ သင်္ဘောဆိပ်ကမ်းသို့ ငှက်ပျော်ခိုင်အစိမ်းလိုက်ကို အထူးမီးရထားတွဲများဖြင့်တင်ပို့သည်။ငှက်ပျော်ခိုင်များထားရာအခန်းမှာ အပူချိန် ၅၆° သာရှိရပေမည်။ အသီးများအခိုင်မှင်ကြွေမကျစေရန် အတင်အချတွင် အလွန်ဂရုစိုက်ရသည်။ လိုရာမြို့ကြီးများသို့ ငှက်ပျော်ခိုင်အစိမ်းများရောက်သောအခါ အမှည့်ခံအခန်းများတွင် ငှက်ပျော်ခိုင်များကို အပူဓာတ်ပေးခြင်းဖြင့် နာရီအနည်းငယ်အတွင်း အသီးများဝင်းထိန်၍မှည့်လာကြသည်။

ငှက်ပျော်ပင်သည် ၁၂ ပေမှပေ ၃၀ အထိမြင့်သောတန့်ခံပင်မျိုးဖြစ်၍ ရှည်ဖားဖားအရွက်ကြီးများရှိသည်။ ငှက်ပျော်တပင်မှ ငှက်ပျော်တခိုင်သာထွက်၍ အခိုင်ကိုခုတ်ယူပြီးနောက်၊ အပင်မကြီးကိုခုတ်ပစ်ရသည်။ ပင်စည်အရင်းမှ အတက်ငယ်များ ဖြာထွက်လာ၍၊ ထိုသားတက်ခေါ် ငှက်ပျော်ခေါင်းများကို ပင်မမှခွဲထုတ်၍ စိုက်ပျိုးကြပြန် သည်။ သို့အားဖြင့် ငှက်ပျော်ပင်များကို မျိုးပွားယူကြ၏။ အပင်သက် ၁၂ လမှ ၁၈ လထိရှိမှ အသီးများထွက်လာသည်။ ငှက်ပျော်သီးတွင်ရေ ၇၅ ရာခိုင်နှုန်းပါသည်။ အသီးတွင် ပါရှိသောကစီဓာတ်သည် အသီးမှည့်လာသည့်အခါ သကြားဓာတ်သို့ပြောင်းလဲသွားသဖြင့် စားသုံးရာ၌အလွန်အနှစ်အရသာနှင့် ပြည့်စုံလေသည်။ ငှက်ပျော်သီးသည် လူတို့အတွက် အာဟာရဓာတ်ဖြည့်စွမ်းသော အစားအစာတရပ် ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် လူတို့သိနှင့်ပြီးသော ငှက်ပျော်ပင် မျိုးပေါင်း ၇၀ နီးပါးရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ထင်ရှားသော ငှက်ပျော်မျိုးများမှာ ထောပတ်၊ ရခိုင်၊ နံ့သာပု၊ သီးမွေး၊ ဖီးကြမ်း၊ သူငယ်စာ၊ ပျားရည်ဆမ်း၊ ရသာရုံ၊ မယားမန်၊ ငှက်ပျော်ချဉ်၊ ရွှေနီနှင့် ဝက်မလွတ်တို့ဖြစ်သည်။ အလုံးအလွန်ကြီးထွားသောငှက်ပျော်မျိုးကို မြန်မာနိုင်ငံတွင် ဆင်အံ သို့မဟုတ်ဗျပ်ပြည့် သို့မဟုတ်မောင်ကြီးပင်ပါဟု ခေါ်ကြသည်။ သမပိုင်းနိုင်ငံတို့တွင် ဂျုံနှင့်အာလူးကိုအဓိကအာဟာရအဖြစ်မှီဝဲသက့ဲသို့ အပူပိုင်းဒေသရှိတိုင်းပြည်အချို့တွင် ငှက်ပျော်သီးအစိမ်းများကို အဓိကအာဟာရအဖြစ်ဖြင့် စားသုံးကြသည်။


ငှက်ပျော်သီးမှည့်များကို သကြားဖြူး၍နေလှန်းလျှင်တာရှည်ခံသော ငှက်ပျော်ခြောက်ကို ရရှိသည်။ ငှက်ပျော်ခြောက်များမှာ ချို၍ အရသာရှိသောကြောင့် အချိုစားဖယ်အဖြစ်စားသုံးကြသည်။ မြန်မာနိုင်ငံတွင် ပခုက္ကူ၊ခရိုင်၊ ပြည်ခရိုင်နှင့် ဟသ်ာတခရိုင်တို့တွင် ငှက်ပျော်ခြောက်ကိုလုပ်ကြသည်။ သို့သော် ဟသ်ာတခရိုင် မြန်အောင်မြို့နယ်မှ အများဆုံးထွက်သည်။ ငှက်ပျော်သီးစိမ်းကို အခြောက်လှန်းပြီးနောက် အမှုန့်ကြိတ်၍လည်း အပူပိုင်းအရပ်များ၌သုံးကြသည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ငှက်ပျော်ဖူး၊ ငှက်ပျော်အူနှင့် ငှက်ပျော်ပင့်များကို ချက်ပြုတ်စားသောက်ကြသည်။

ငှက်ပျော်ရွက်များမှာ အလွန်အသုံးဝင်သည်။ ထိုအရွက်ကားကြီးများကို အမျှင်အမျှင်ဆုတ်၍ ဖျာနှင့်ဖျင်ကြမ်းရက်လုပ်ကြသည်။ အသီးညှံ့ဖျင်းသော ငှက်ပျော်ပင်တမျိုး၏

လျှော်ကို ကြိုးကျစ်ကြသည်။ ထိုလျှော်ကို စက္ကူလုပ်နိုင်သည်။ အလွန်ခိုင်ခဲ့သော မနီလာကြိုးနှင့် မနီလာစက္ကူတို့ကို ငှက်ပျောလျှော်များမှုပြုလုပ်ကြသည်။ ကမ္ဘာပေါ်တွင် ငှက်ပျောလုပ်ငန်းကိုအကြီးအကျယ်လုပ်သော ဗဟားမားကျွန်း၊ ဟေးတီးကျွန်းနှင့် ဖိလစ်ပိုင်ကျွန်းတို့၌ ငှက်ပျောလျှော် ဖျင်ကြမ်းနှင့် ကြိုးများထွက်သည်။

ငှက်ပျောပင်မှ အသီးမသီးမီ ဖူးတံကြီးစ၍ထွက်ပြူလာသည်။ ထိုငှက်ပျောဖူးတွင် အပွင့်ခိုင်ကလေးများကို ဖုံးကွယ်ထားသော ခရမ်းရင့်ရောင်အဖတ်များဖြင့် သိပ်သည်းစွာအထပ်ထပ်ဖုံးနေသည်ကို တွေ့ရသည်။ ရှေးဦးစွာ ထွက်လာသော အပွင့်များသာ အောင်မြင်ပြီးလျှင် အသီးများဖြစ်လာသည်။ နောက်မှထွက်သည့်အပွင့်ခိုင်များမှာ ကြာလျှင်ရိယော်၍ ပျက်စီးသွားလေသည်။ ငှက်ပျောမျိုးကိုလိုက်၍ ငှက်ပျောတခိုင်တွင် အဖီးအနည်းအများပါရှိသည်။ စံမှီငှက်ပျောတခိုင်တွင် အဖီး ၉ ဖီးမျှပါ၍ တဖီးလျှင် အသီး ၁၀ လုံးမှ ၁၅ လုံးအထိရှိတတ်သည်။ သီးစတွင် ငှက်ပျောခိုင်ရှိ ငှက်ပျော သီးများသည် ထိုးထိုးထောင်ထောင်ရှိတတ်သော်လည်း ကြီးရင့်လာသည့်အခါ အသီးများသည် အညွှာရင်းဖက်သို့လေး၍ကျသွား သည်။

မလွှာယုကျွန်းစုမှ ငှက်ပျောအကောင်းဆုံး ထွက်သည်။ ဆိုငှက်ပျောမျိုးသည် အသားနူးညံ့သည့်အပြင်၊ နှင်းဆီနံ့သင်းသည်။ ဖိလစ်ပိုင်ကျွန်းစုနှင့် အိန္ဒိယနိုင်ငံတို့မှလည်း ငှက်ပျောမျိုးကောင်းများထွက်သည်။ ထင်ရှားသောငှက်ပျောမျိုးများထွက်သည့် အခြားနိုင်ငံတို့မှာ ဂျမေးကားကျွန်းနှင့် အမေရိကတိုက်အလယ်ပိုင်း၊ ကနေရီကျွန်းနှင့် တောင်အမေရိကတိုက်တို့ဖြစ်သည်။ ဂျမေးကားကျွန်းနှင့် အမေရိကတိုက်အလယ်ပိုင်းမှ အလုံးထွား၍ အခွံချောမွတ်သော ငှက်ပျောမျိုးထွက်သည်။ အရောင်ဝါသည်။ ဤငှက်ပျောမျိုးကို အများအားဖြင့် ဗြိတိန်ကျွန်းသို့တင်ပို့ရောင်းချသည်။ ကနေရီကျွန်းငှက်ပျောမျိုးကို တရုပ်ငှက်ပျောပုဟုလည်း ခေါ်သည်။ အမေရိကတိုက် အလယ်ပိုင်းနှင့် တောင်အမေရိကတိုက်တွင် အခြားငှက်ပျောမျိုးများမဖြစ်ထွန်းနိုင်သည့်အပိုင်းများ၌ ဤကနေရီကျွန်းငှက်ပျောမျိုးကို စိုက်ပျိုးကြသည်။ ဂျမေးကားကျွန်းမှလည်း ရွှေနီငှက်ပျောမျိုးထွက်သည်။ သို့သော် ထိုငှက်ပျောသီးမှာ အညှာလွယ်သဖြင့် ရပ်ဝေးသို့ အခိုင်မပျက်တင်ပို့ရန် ခဲယဉ်းသည်။ အခြားငှက်ပျောမျိုးမှာ အခွံပါး၍ အကိုင်အတွယ်မခံသဖြင့် စိုက်ပျိုးထုအရပ်များ၌သာ စားသုံးကြရသည်။ မြန်မာနိုင်ငံ၌ အထက်တွင်ဖော်ပြခဲ့ပြီးသော ထင်ရှားသည့်ငှက်ပျောမျိုးများအပြင် တောငှက်ပျောခေါ် ငှက်ပျောပင်ရိုင်းများလည်း ရှိပေသေးသည်။ ထိုငှက်ပျောပင်များသည် တောတွင်းရပ်များ၌အလေ့ကျပေါက်၍ အသီးများတွင် အစေ့ထူသည်။ ယင်းငှက်ပျောစေ့များကိုစိုက်လျှင် အပင်ပေါက်သည်။



ငှက်ပြာချောက်

ငှက်ပြာချောက်။ ။ငှက်ပြာချောက်သည် 'ဆစ်တီဒေ' မျိုးရင်းတွင်ပါဝင်သည်။ ပါဏာပေဒအမည်မှာ 'ဆစ်တာကက်စတာနီအာ နီဂလက်တာ' ဖြစ်သည်။ အလျား ၆ လက်မခန့် ရှိသည်။ အမြီးတိုသည်။ နှုတ်သီးရှည်၍ချွန်သည်။ တကိုယ်လုံးတွင်မွဲပြာရောင်လွှမ်းနေသည်။ ငှက်မအရောင်သည် ငှက်ဖို အရောင်ထက် ဖျော့သည်။ အချို့ငှက်ပြာချောက်မျိုးတွင် လည်ချောင်း၊ ရင်အုပ်နှင့်ဝမ်းပိုက်တို့သည် တရောင်တည်းဖြစ်သည်။

ငှက်ပြာချောက်သည် တောင်ခြေနှင့် လွင်တီးခေါင်များတွင် နေလေ့ရှိသည်။ မန်ကျည်းပင်၊ ကုက္ကိုပင်များတွင် ကျက်စားတတ်သည်။ သာမန်အားဖြင့် အသံအလွန်ကျယ်သော်လည်း အသံကိုတိုးလိုက် ကျယ်လိုက်နှင့် အမျိုးမျိုးပြောင်းလဲ အော်လေ့ရှိသည်။ တခါတရံ စူးရှစွာ အော်တတ်သည်။

မတ်လမှ မေလအထိအချိန်မှာ ငှက်ပြာချောက်၏ သားပေါက်ချိန်ဖြစ်သည်။ အသိုက်ကို သစ်ခေါင်းထဲတွင် သစ်ရွက်ခြောက်များခင်း၍ပြုလုပ်သည်။ သစ်ခေါင်းဝကို ဝင်သာရုံလောက်သာချန်လှပ်၍ ရှဲပိတ်ထားတတ်၏။ တမြုံလျှင် ၂ ဥမှ ၆ ဥအထိရှိသည်။ ဥအရောင်မှာ အောက်ခံအဖြူရောင်တွင် အနီပြောက်၊ ခရမ်းရောင် ပြောက်ကလေးများရှိသည်။

ငှက်ပြာချောက်ကို မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများ၊ ချင်းတောင်၊ အထက်ချင်းတွင်းဒေသတို့တွင်တွေ့ရ၏။

ငှက်ဖျားရောဂါ

ငှက်ဖျားရောဂါသည် အပူပိုင်းနှင့်အပူလျှော့ပိုင်းတွင်နေထိုင်သောလူများ၌ ကျရောက်တတ်သော ရောဂါဆိုးတမျိုးဖြစ်သည်။ ထိုအပိုင်းတို့အပြင် သမပိုင်းဒေသများတွင်လည်း နွေရာသီများ၌ ငှက်ဖျားရောဂါဖြစ်တတ်သည်။ ထိုရောဂါသည် ကမ္ဘာ၌ကျရောက်သောရောဂါအပေါင်းတို့တွင် လူတို့အား အများဆုံး သေစေတတ်သော ရောဂါဖြစ်၏။


ထိုရောဂါသည် သွေးဆဲများကိုပျက်ပြားစေ၍ သွေးဖျော့နာကိုဖြစ်စေတတ်၏။ ထိုရောဂါကို အပြင်းအထန်ခံစားရသောသူသည် ကိုယ်ခန္ဓာရှိ အရေးကြီးသော အင်္ဂါအစိတ်အပိုင်းများဌ သွေးကြောများ ပိတ်ဆို့၍သေဆုံးရတတ်သည်။ ထိုရောဂါစွဲကပ်လျှင် ချမ်းစိမ့်ခြင်း၊ အဖျားတက်ခြင်း၊ ချွေးထွက်ခြင်း၊ အားလျော့ခြင်းတို့ဖြစ်၏။ ထိုရောဂါသည် ဦးနှောက်ကိုထိခိုက်စေတတ်၏။ ကိုယ်ခန္ဓာကိုမသန်စွမ်းအောင်လုပ်နိုင်၏။ အခြားရောဂါများကို ခံနိုင်ရည်မရှိဖြစ်စေတတ်၏။

ငှက်ဖျားရောဂါသည် ရောဂါစွဲကပ်သူ၏သွေးနီဥများထဲရှိ ပလက်စမိုဒီယမ်ခေါ် အလွန်သေးမွှားလှသော ပရိုတိုဇုန်းကောင်များကြောင့်ဖြစ်သည်။ ထိုပရိုတိုဇုန်းကောင်များသည် ပါရဆိုက်ကောင်များဖြစ်ကြ၍ မျိုးစိတ်အားဖြင့်သုံးမျိုးရှိ၏။ ယင်းတို့အသီးသီးသည် ငှက်ဖျားရောဂါအမျိုးမျိုးကိုဖြစ်စေ၏။ အချို့ငှက်ဖျားရောဂါသည် ၄၈ နာရီ သို့မဟုတ် ၂ ရက်တခါသော်၎င်း၊ ၇၂ နာရီ သို့မဟုတ် ၃ ရက်တခါသော်၎င်း ချမ်းစိမ့်စိမ့်ဖြစ်၍ အဖျားတက်တတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ သွေးထဲ၌ ပါရဆိုက်ကောင်များ သန်စွမ်းလာ၍ သွေးနီဥများကိုပျက်ပြားစေသောကြောင့်ဖြစ်သည်။

ငှက်ဖျားမတက်မီကြားကာလ၌ ရောဂါပိုးတို့သည် သွေးဆဲများထဲတွင်တဖြည်းဖြည်းကြီးပွားလျက်ရှိကြသည်။ ငှက်ဖျားတက်ချိန်တွင် သွေးဆဲထဲရှိရောဂါပိုးတို့သည် အင်အားကောင်းလာကြ၍ သွေးဆဲများကိုဖျက်ဆီးကြပြီးလျှင် သွေးကြောထဲသို့ဆင်းလာကြသည်။ ဆရာဝန်ကြီးရော်နယ်ရော့ကဆိုသည်မှာ ငှက်ဖျားရောဂါဖြင့် အဖျားတက်နေချိန်၌ လူနာသွေးကြောထဲတွင်ငှက်ဖျားရောဂါပိုးသန်းပေါင်း ၁၅၀ ခန့်မျှရှိသည်ဟုဆိုလေသည်။ ရောဂါပိုးတို့ဖျက်ဆီး၍ ဆဲတို့မှထွက်လာသောအဆိပ်သည် အခြားဆဲအမြောက်အမြားကိုလည်း ပျက်ပြားစေသည်။ ထိုကြောင့်ငှက်ဖျားရောဂါစွဲကပ်သူသည် သွေးဖျော့နာကိုပါ ရရှိတတ်ခြင်းဖြစ်သည်။

လူ၌ငှက်ဖျားရောဂါဖြစ်စေသော ပါရဆိုက်ကောင်များကို အနှိုဖိလီခေါ် ခြင်မမျိုးကသယ်ဆောင်၍ပြန့်ပွားစေ၏။ ထိုပါရဆိုက်များသည် ခြင်ကောင်၏ ကိုယ်ခန္ဓာထဲ၌ပင် ကြီးထွားလာနိုင်ကြ၏။ အချို့ဒေသများတွင်အနှိုဖိလီခြင်မျိုးများရှိသော်လည်း ငှက်ဖျားရောဂါမဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုဒေသများမှာ နေ့အခါအလွန်ပူ၍ ညအခါအလွန်ချမ်းအေးသောကြောင့်ဖြစ်သည်။

ငှက်ဖျားရောဂါကို သိပ်ံကဝိအမြောက်အမြားပင်လေ့လာခဲ့ကြသည်။ ပြင်သစ်လူမျိုးသိပ်ံကဝိ ချား လဗရန် ဆိုသူသည် ငှက်ဖျားရောဂါဖြစ်စေသောပရိုတိုဇုန်းကောင်များကို တွေ့ရှိခဲ့၏။ တဖန် အင်္ဂလိပ်လူမျိုးဆရာဝန်ကြီး ရော်နယ်ရော့က ငှက်ဖျားရောဂါကို အနှိုဖိလီခြင်ကသယ်ဆောင်လာ



(အထက်) ခြင်များ ပေါက်ပွား ရာဒေသတွင် ပက် ပျန်း ရန် ဆေး ရည် ဖျော်စပ်နေပုံ။


(အလယ်) ငှက်ဖျားရောဂါထူသောကျေးရွာတို့တွင် ကလေးများအား စမ်းသပ်၍ ဆေးကုပေးနေပုံ။

(အောက်) ခြင်နှိုင်ဆေးရည်ပက်ဖျန်းခြင်းဖြင့် ငှက်ဖျားရောဂါကိုကာကွယ်နေပုံ။

ကြောင်းကို သက်သေပြခဲ့၏။ ဣတာလျံလူမျိုးသိပ္ပံကဝိ ဂျိုဗန်နီး ဂရာဆီ ဆိုသူကလည်း ငှက်ဖျားရောဂါ ပါရဆိုက် များ၏ ရှုပ်ထွေးသောအဖြစ်ကို ဖြေရှင်းနိုင်ခဲ့ပေသည်။

ငှက်ဖျားရောဂါကိုကုသရာ၌ ထိုရောဂါဖြစ်စေသော ပါရ ဆိုက်ကောင်များကို သုတ်သင်ပစ်နိုင်မည့်ဆေးများကိုအသုံး ပြုကြ၏။ အများဆုံးအသုံးပြုရသောဆေးမှာ စင်ကိုးနား ပင်မှရရှိသော ကီနိုင်ဆေးပင်ဖြစ်သည်။ ယခုအခါ ငှက်ဖျား ရောဂါဆေး အသစ်အဆန်းအမျိုးမျိုးပေါ် ပေါက်လျက်ရှိပေ ပြီ။ ထိုဆေးဝါးအမျိုးမျိုးမှာ ပလတ်ဇမိုခင်း၊ အက်တာဗ ရင်၊ ပရိမင်း၊ ဆာလဖာ ဒိုင်ယာဇင်းနှင့်အခြားကန့်ဆေး ဝါးများဖြစ်ကြသည်။ အက်တာဗရင်ဆေးကို မက်ပါကရင် ဟူ၍ငင်း၊ ကီနိုင်ကရင် ဟူ၍ငင်း ခေါ်သည်။ ပယ်လူဒရင် ခေါ်ဆေးတမျိုးလည်းရှိသေး၏။ ယခုအခါ အက်တာဗရင် နှင့်ကီနိုင်တို့ထက်စွမ်းသောဆေးတမျိုးကိုလည်း တွေ့ရှိထား လေပြီ။ ထိုဆေးကို 'အက် (စ)၊ အင်၊ ၇၆၁၀' ဟု ခေါ် သည်။ ဤဆေးသည် အက်တာဗရင် သို့မဟုတ် ကီနိုင်ဆေး ထက် ရောဂါကို သုံးဆပို၍လျင်မြန်စွာကုသပေးနိုင်သည်။

ငှကဖျား ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင် ရွက်ရာတွင် ခြင်များကိုသုတ်သင်ခြင်း၊ ယင်းတို့ပေါက်ဖွား ရာနေရာများကို ဖျက်ဆီးပစ်ခြင်းတို့သည် အထိရောက်ဆုံး ဖြစ်သည်။ (ကီနိုင်။ ခြင် — လည်းရှု။)




ငှက်ဘီလူး

ငှက်ဘီလူး။ ။ငှက်ဘီလူးသည် ငှက်တဇင်္ဃာအတူ 'လန် နီးဒေး' မျိုးရင်းတွင်ပါသည်။ ပါဏဗေဒအမည်မှာ 'လန် နီယပ် ကိုလျူရီအိုအီဒီး ကိုလျူရီအိုအီဒီး' ဖြစ်သည်။ အလျား ၉ လက်မရှိသည်။ ပျံသန်းသည့်အခါ တို့၍ဝိုင်းနေ သောအတောင်ပေါ်ရှိ အဖြူကွက်နှင့် အဖျားတွင်ဖြူလျက်ရှိ သော အမြီးရှည်ကို အဝေးကပင်ထင်ရှားစွာမြင်နိုင်သည်။ အသံမာသည်။

ငှက်ဘီလူးဟူသောအမည်နှင့်လိုက်အောင် ငှက်ငယ်များ၊ လိပ်ပြာ၊ ခြေးထိုးပိုး စသည်တို့ကို ဖမ်းဆီးသတ်ဖြတ်ကာ အစာအဖြစ် သိုလှောင်ထားတတ်သည်။ ကွင်းပြင်၊ ချုံဖုတ်၊ တောစပ်၊ စိုက်ခင်းများအနီးအနားတို့တွင် ကျက်စားလေ့ရှိ သည်။ ဧပြီလမှဇွန်လအထိအချိန်မှာ ငှက်ဘီလူးများသား ပေါက်ချိန်ဖြစ်သည်။ အသိုက်ကို သစ်ပင်ငယ်ထက်တွင်သစ် ရွက်၊ မြက်၊ ရေညှိ၊ အမွေးအတောင်များဖြင့် ပြုလုပ်တတ် သည်။ အသိုက်သည် တချို့ကြီး၊ တချို့ငယ်သည်။ တမြုံ လျှင် ၃ ဥမှ ၆ ဥအထိ ရှိသည်။ ဥ၌ အရောင်အမျိုးမျိုး ရှိသည်။


ငှက်ဘီလူးကို မြန်မာနိုင်ငံ၊ အာသံ၊ အာနမ်နှင့်ယိုးဒယား နိုင်ငံတို့တွင် တွေ့ရသည်။ ထိုငှက်များသည် ဆောင်းရာသီ မှသာတွေ့ရသော ဒေသပြောင်းရွှေ့နေတတ်သည့် ငှက်များ ဖြစ်သည်။



(ဝဲ) ငှက်မင်းသား (ယာ) ငှက်မင်းသမီး

ငှက်မင်းသား၊ ငှက်မင်းသမီး။။ ။အရွှေတိုင်းနိုင်ငံများ တွင် ငှက်မင်းသား၊ ငှက်မင်းသမီးဟူသော ငှက်မျိုးများကို တွေ့ရသည်။ ထိုငှက်တို့ကို တမျိုးနှင့်တမျိုးခွဲခြားမှတ်သား ရန်ခဲယဉ်း၏။ ငှက်မင်းသား၏ပါဏဗေဒအမည်မှာ 'ပီရိ ကရိုကိုတပ် ဖလမ်မီယပ် အီလီဂန်' ဖြစ်သည်။ ထိုငှက် ဥလှပတင့်တယ်သောအမွေးအတောင်များရှိသည်။ တကိုယ် လုံးတွင် အနီရောင် သို့မဟုတ် အဝါရောင်ပေါ်လွင်လျက်ရှိ သည်။ ကိုယ်အရွယ် ၉ လက်မခန့်ရှိသည်။

ထိုငှက်မျိုးသည် မြေပေါ်သို့ဆင်းခဲ၍ သစ်ပင်ထိပ်များ တွင်သာ ကျက်စားလေ့ရှိသည်။ အအုပ်အသင်းနှင့်အစာ ရှာဖွေလေ့ရှိသည်။ ခေါင်းဆောင်ငှက်တကောင်၏နောက် သို့စုပြုံကာလိုက်၍ သစ်ရွက်ကြားတွင် ပိုးမွှားများကိုရှာဖွေ



ငှက်ကုလားအုပ်မွေးမျှားကိုကြည့်ရှုစစ်ဆေးနေပုံ

စားတတ်သည်။ ချိုအေးသာယာစွာလည်းမြည်ကြွေးတတ်သည်။ အသိုက်ကို သစ်ကိုင်းပေါ်တွင် သစ်ကိုင်းနှင့်ရွှေးမရအောင်ပြုလုပ်ထားတတ်သည်။ တမြုံလျှင် ၂ ဥ သို့မဟုတ် ၃ ဥရှိသည်။ ဥမှာရှည်မျောမျောဖြစ်၍အစိမ်းနုရောင်ပေါ်တွင်အညိုအစက်အပြောက်များရှိသည်။

မြန်မာနိုင်ငံတွင် ပေ ၆,၅၀၀ အမြင့်အထိနေကြ၍ အချို့နေရာတွင် ရာသီအလိုက်ပြောင်းရွှေ့နေတတ်ကြသည်။

ငှက်မြတ်နား။ ။စေတီပုထိုး — ရှ။

ငှက်မွေး။ ။ငှက်မွေးသည် ပေါ့ပါးခြင်း၊ ကျုံ့နိုင်ကန့်နိုင်ခြင်းနှင့် ပျော့ပျောင်းခြင်းတို့ကြောင့် မွေ့ရာ၊ ကူရှင်၊ ဂွမ်းထိုးစောင်၊ ခွံ့ထည် စသည့် အသုံးအဆောင်များပြုလုပ်ရာ၌ အသုံးဝင်သည်။ ထိုသို့အသုံးပြုရန်အတွက် အကောင်းဆုံးငှက်မွေးများကို ငန်းနှင့်အလားတူ ရေနေငှက်တိရစ္ဆာန်များမှ ရရှိနိုင်သည်။ အထူးသဖြင့်နွေဦးပေါက်ရာသီတွင် ငန်းအရှင်မှနုတ်ယူရရှိသည့်အမွေးကို လူကြိုက်အများဆုံးဖြစ်လေသည်။

ဝမ်းဘဲနှင့် သာမန်အိမ်ကြက်များမှ အမွေးများကိုလည်း မွေ့ရာတွင်သိပ်ရန် အများအစားအသုံးပြုကြသည်။ သို့ရာတွင် ယင်းတို့သည် ရေနေငှက်များမှ ရရှိသော အမွေးများလောက် နူးညံ့ခြင်းမရှိချေ။ ငှက်၏အတောင်မှရရှိသော ငှက်တောင်များကို စာရေးကလောင်တံအဖြစ်ဖြင့် ၆ ရာစုနှစ်မှစ၍ ၁၉ ရာစုနှစ်အရှေ့ပိုင်းခေတ် သံမဏိကလောင်များပေါ် ပေါက်လာသည့်အချိန်တိုင်အောင် လူတို့အသုံးပြုခဲ့ကြ

သည်။ အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်တွင် အယ်လစ်ဇဗက်ဘုရင်မ လက်ထက်က စ၍ ငှက်ကုလားအုပ်အမွေးမျှားကို အမျိုးသမီးဦးထုပ်၌ အလှတပ်ဆင်သည့်အလေ့အထ ခေတ်စားလာခဲ့သည်။ ထိုသို့အသုံးပြုသည့် ငှက်မွေးမျှားကို အာဖရိကတိုက်၊ အာဂျင်တီးနားနိုင်ငံ၊ အယ်ရီဇိုးနားပြည်နယ်၊ ကာလီဖိုးနီးယားပြည်နယ်ရှိ ငှက်ကုလားအုပ်မွေးမြူရာအရပ်ဒေသများမှ တင်သွင်းခဲ့ကြရ၏။ ထိုမှတပါး၊ ပန်းချီရေးသည့်စုတ်တံရိုးများကို ငှက်တောင်များဖြင့်ပြုလုပ်လေ့ရှိ၍၊ ကြက်ငှက်တို့၏ အမွေးများဖြင့်လည်း ဖုံခါငှက်မွေးများပြုလုပ်အသုံးချလေ့ရှိကြသည်။

သတ္တဝါအမျိုးမျိုးတွင် ငှက်တမျိုးတည်း၌သာ အမွေးအတောင်များ ပေါက်ကြသည်။ ငှက်တွင်ပေါက်သောအမွေးအတောင်တို့သည် နို့တိုက်သတ္တဝါများတွင်ပေါက်သော အမွေးအမှင်နှင့်ငင်း၊ ငါးများတွင်ရှိသော အကြေးများနှင့်ငင်း သဘောအားဖြင့်ဆင်တူသည်။ ငှက်မွေးသည် ငှက်တို့အား အပူအအေးဒဏ်မှကာကွယ်ပေးသည်။ ပေါ့ပါးသည့်အတွက် ကြီးမားကျယ်ပြန့်သောတောင်ပံကို ဖြစ်စေသည်။ ငှက်မွေးတွင် အုန်းခက်၌အုန်းလက်များထွက်နေသကဲ့သို့၊ ငှက်တောင်ရိုးမှ နံဘေးသို့ အစီအရီ ပြန့်ထွက်နေသော မွေးလက်များရှိသည်။

ငှက်မွေးအဖျားပိုင်းရှိ မွေးလက်များတွင် ချိတ်ကလေးများပါရှိ၍၊ ထိုချိတ်ကလေးများဖြင့် မွေးလက်အချင်းချင်း ပူးယှက်နေအောင် ဆွဲချိတ်ထားသည်။ အရင်းပိုင်းရှိ မွေးလက်များမှာမူ၊ တခုနှင့်တခု မပူးယှက်ဘဲ ဖွာနေလေ့ရှိကြသည်။ ငှက်တောင်ရိုးသည် အရေပြားခွံပေါက်သည်။ ငှက်တောင်ရိုး၏အောက်ခြေ၌ အပေါက်ရှိသည်။ ငှက်မွေးကြီးထွားနေဆဲအချိန်တွင် အမွေးဖြစ်ရန်အတွက် လိုအပ်သော ပစ္စည်းများသည် ထိုအပေါက်မှဝင်ရောက်လျက်ရှိ၏။ ငှက်မွေးကြီးထွားမှုရပ်စဲသွားသောအခါ ထိုအပေါက်သည်အလို အလျောက် ပိတ်သွားသည်။ အမွေးလဲချိန်ရောက်သော အခါ ငှက်မွေးမြုပ်ဝင်သည့်နေရာအောက်ဖက်မှ ငှက်တောင်ရိုးအငုတ်ပေါက်လာပြီး အမွေးကိုတွန်း၍ ထုတ်လိုက်သဖြင့် အမွေးဟောင်းသည် ငှက်၏ကိုယ်မှ ကျွတ်ထွက်သွားသည်။ ငှက်တို့သည် အနည်းဆုံး တနှစ်လျှင်တကြိမ်ကျ အမွေးလဲ

လေ့ရှိ၍၊ အမွေးလဲသည့်အချိန်မှာ သားငယ်များပေါက်ဖွားပြီးချိန်ဖြစ်တတ်သည်။ ငှက်မွေးသည် အရေပြားတွင်ရှိသော အုပ်ဆောင်းပုံအသီးငယ်ကလေးမှ စတင်ပေါက်လာသည်။ ပဌမအုပ်ဆောင်းအောက်၌ ဒုတိယအုပ်ဆောင်းဖြစ်ပေါ်၍လာသည်။ ထိုအောက်၌တဖန် တတိယအုပ်ဆောင်း၊ စတုတ္ထအုပ်ဆောင်း စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပေါ်လာပြန်သည်။ ဤနည်းဖြင့် အုပ်ဆောင်းတခုကို တခုကထိုးထုတ်ယင်းနှင့် ငှက်မွေးသည် တဖြည်းဖြည်းပေါက်လာသည်။ ထိုကြောင့် ငှက်တောင်ရိုးကိုကြည့်လျှင် ခေါင်းပုပင်ဖြစ်နေသော်လည်း၊ အတွင်းဖက်တလျောက်၌ အခုံးပုံအဆစ်ကလေးများဖြင့် ပိတ်ဆို့လျက်ရှိသည်ကို တွေ့နိုင်လေသည်။


ငှက်တကောင်ရှိ အမွေးများကို အပေါ်ယံအမွေးကြမ်း၊ အမွေးစုတ်ဖွားနှင့် အမွေးနုဟူ၍ အဓိကအားဖြင့်သုံးမျိုးခွဲခြားနိုင်သည်။ အပေါ်ယံအမွေးကြမ်းများမှာ ငှက်ကိုယ်ပေါ်၌ အပေါ်ယံမှမြင်ရသောအမွေးများပင်ဖြစ်၏။ သို့သော်ယင်းတို့အနက် အတောင်နှင့်အမြီးရှိငှက်တောင်များမှာ အကြီးဆုံးနှင့် အသန်မာဆုံးဖြစ်၍ ကျန်ကိုယ်ပေါ်ရှိ အမွေးကြမ်းများနှင့် ခြားနားကြသည်။ အမွေးစုတ်ဖွားများမှာ အပေါ်ယံအမွေးကြမ်းများတို့၏ အရင်းနားတွင် ပေါက်လေ့ရှိ၍၊ အမျှင်အမျှင်ဖြစ်နေပြီးလျှင် အဖျားပိုင်း၌ ဖွားနေတတ်သည်။ အမွေးနုများမှာ ကိုယ်ပေါ်၌ကပ်လျက် ပေါက်ကြ၍ အမွေးစုတ်ဖွားတို့အောက်တွင် လုံးဝဖုံးကွယ်နေတတ်သည်။ ဤအမွေးနုမျိုးကို ငှက်အချို့တွင် အနည်းငယ်သာတွေ့ရ၍၊ ဇင်ယော်နှင့် ဝမ်းဘဲကဲ့သို့သော ငှက်များ၌ ထူထဲစွာတွေ့ရသည်။ ထူးခြားပုံကား အမွေးနုများ၌ ငှက်တောင်ရိုးကင်းမဲ့နေတတ်ခြင်းပင်ဖြစ်၏။ အမွေးနုတို့တွင် အမှုန်များချတတ်သော မွေးနုတမျိုးရှိပြန်ပေသေးသည်။ ဗျိုင်းကဲ့သို့ငှက်များတွင် ရင်ပတ်နှင့် ပေါင်တို့၌ ထိုမွေးနုမျိုးအများအပြား ပေါက်နေသည်ကိုတွေ့ရသည်။ ထိုမွေးနုထိပ်ကလေးများသည် ကွဲထွက်၍ ငှက်ကိုယ်ပေါ်သို့ အလွန်သေးငယ်မှုန်မှဲ့သော အမှုန့်ကလေးများကျရောက်သည်။ ထိုအခါ ငှက်မွေး၏ အရောင်အသွေးမှာ ထူးထူးကဲကဲ တောက်ပစိုပြေလာသည်။

ငှက်မွေးတွင် ငှက်မျိုးကိုလိုက်၍ အရောင်အမျိုးမျိုးရှိသည်။ အရောင်များမှာ အဓိကအားဖြင့် အနက်၊ အနီ၊ အဝါနှင့် အစိမ်းရောင်များဖြစ်ကြသည်။ အဝါဆူးသဖြင့် ငှက်ဖို့များတွင် ငှက်မများမှာထက် ငှက်မွေးများပိုမိုတောက်ပလေ့ရှိသည်ကိုတွေ့ရ၏။ အဆိုပါအရောင်များကို ငှက်၏သွေးထဲမှစွန့်ထုတ်လိုက်သော အညစ်အကြေးများက ဖန်တီးပေးဟန်တူသည်ဟု ယူဆရလေသည်။

ငှက်လက်မ။ ။ငှက်လက်မသည် ဝါးဗလားငှက်မျိုးတွင် ပါဝင်၍ ပါဏဗေဒ အမည်မှာ 'ပရိုင်နီးယား အင်အော်နေတာ ဗလန်ဖောဒီ' ဖြစ်သည်။ အလျား ၅ လက်မရှိသည်။ ထိုအလျားတွင် အမြီး ၂ လက်မ ၃ လက်မခန့်ပါသေးသည်။ အပေါ်ဖက်တွင် ညိုညစ်ညစ် အရောင်ရှိ၍ အောက်ဖက်တွင် အဝါရောင်ရှိသည်။ အမြီးဖျားတွင်အဖြူကွပ်ရှိသည်။ နေ့အခါ၌ နှုတ်သီးအရောင်မှာမည်းသည်။

ငှက်လက်မသည် သစ်တောနှင့် လွင်တီးခေါင်ကိုရှောင်၍ လယ်ယာစိုက်ခင်းများ၊ ကိုင်းတောနှင့် မြက်တောများတွင် သာ ကျက်စားတတ်သည်။ အတောင်မှာ အားနည်းလျက် အပေါ်ပိုင်းလေးနေသဖြင့်ကောင်းကောင်းမပျံသန်းနိုင်ပေ။ သို့ရာတွင် သန်မာသောခြေထောက်များဖြင့် ဖျတ်လတ်စွာ လမ်းလျှောက်နိုင်သည်။ မြို့ရွာများ၌ငင်း၊ ညဘျာဉ်များ၌ငင်း မကြာခဏတွေ့ရသည်။ အသံသည် မသာယာလှသော်လည်း အောင်မြင်သည်။

မတ်လမှစက်တင်ဘာလအတွင်း ငှက်လက်မကလေးများ ပေါက်ကြသည်။ အသိုက်ကို ကိုင်းတောများတွင်မြေပြင်မှ အနိမ့်ဆုံး ၃ ပေ၊ အမြင့်ဆုံး ၆ ပေခန့်ခွာ၍ ပြုလုပ်လေ့ရှိသည်။ အသိုက်မှာမြက်ဖြင့် ကွန်ချာသဏ္ဌာန်ရက်လုပ်ထားသည်။ အလွန်သပ်သပ်ရပ်ရပ်ရှိ၏။ ဥမှာ ရှည်မျောမျောဖြစ်၍ ပြောင်ချောနေသည်။ အရောင်မှာစိမ်းပြာ၍ အညိုပြောက်များရှိသည်။




ငှက်လက်မ

ငှက်လက်မကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံတွင်ရာသီဥတု သင့်လျော်သောဒေသများ၌ ပေ ၄၀၀၀ အမြင့်အထိ နေထိုင်ကျက်စားသည်။

ငှက်ဝါ။ ။ငှက်ဝါကို ငှက်နန္နင်းဝါဟူ၍ရင်း၊ ငှက်ရွှေဝါဟူ၍ရင်း ခေါ်သေးသည်။ ပါဏဗေဒအမည်မှာ 'အော်ရီအိုလပ် တင်နျူရော့စထြစ် အင်ဗီဆပ်' ဖြစ်သည်။ အလျား

ဝတ့် လက်မခန့်ရှိသည်။ တကိုယ်လုံးတွင် ရွှေဝါရောင်လွှမ်းနေသည်။ ငှက်မ၏အမွေးအတောင်များ၌ အစိမ်းရောင်ရှိသည်။ ငှက်ငယ်သည် ငှက်မနှင့်များစ္စာတူသည်။ သို့ရာတွင် ငှက်ငယ်၏လည်ပင်းတွင် အမည်းရစ်မရှိချေ။

ငှက်ဝါသည် ခြောက်သွေ့သောတောင်ခြေရှိ တောထဲ၌ ၎င်း၊ တောင်ကုန်းပေါ်၌၎င်း တကောင်တည်းဖြစ်စေ၊ ဖို့မတွဲ၍ဖြစ်စေ နေတတ်သည်။ တောထဲတွင် အလေ့ကျ ပေါက်သော သဖန်းပင်များမှ သဖန်းသီးများကိုစားသည်။



ငှက်ဝါ

အဆင်းလှသလောက် သာယာစ္စာလည်း မြည်ကြွေးတတ်သည်။ တခါတရံ စူးရှစ္စာအော်တတ်သည်။

ငှက်ဝါသည် မေလနှင့် ဇွန်လတို့တွင် သားပေါက်သည်။ အသိုက်မှာခွက်သဏ္ဌာန်ဖြစ်၍ မြင့်သောသစ်ကိုင်းများတွင် တွဲလျားကျလျက်ရှိသည်။ လေတိုက်သော်လည်း ရုတ်တရက်ပြုတ်မကျချေ။ အောက်မှနေ၍ ကြည့်သောအခါ မြက်ကိုလုံးထွေးထားသကဲ့သို့ ထင်ရသည်။ တမြုံလျှင် ၂ ဥမှ ၄ ဥအထိရှိသည်။ ဥအရောင်မှာ ပန်းရောင်အောက်ခံပေါ်တွင်အညိုပြောက်များရှိသည်။

ငှက်ဝါကို အရှေတိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံ၌ အရှေမြောက်ဖက်ဒေသများမှလွဲလျှင် အခြားနေရာများတွင် အမြင့်ပေ ၅၀၀၀ အထိနေထိုင်သည်။ မေမြို့နှင့် အပူပိုင်းဒေသများတွင် ငှက်ဝါကိုအများအပြားတွေ့မြင်နိုင်သည်။

ငှက်သူခိုး။ ။ငှက်သူခိုးသည် မြေလူးငှက်တမျိုးဖြစ်သည်။ ပါဏာပေဒအမည်မှာ 'မွန်တီကိုလာ ဆိုလီတာရီယပ် အက်ဖီနစ်' ဖြစ်သည်။ ဗိုလ်စံတဲ၊ မင်းတဲအစရှိသော အဆောက်အအုံများ၏ ခေါင်မိုးပေါ်တွင် နားနေတတ်သဖြင့် ထိုငှက်ကို ဗိုလ်တဲငှက်ဟူ၍လည်းခေါ်ကြသည်။

ငှက်သူခိုးသည် အလျား ၉ လက်မရှိသည်။ ငှက်မသည်

ငှက်သိုက်။ ။ငှက်သိုက်သည် ပျံလွှားငှက်မျိုးတွင်ပါဝင်သည့်ငှက်က လုပ်သော အသိုက်ပင်ဖြစ်သည်။ ထိုငှက်မျိုးသည် မိမိတို့၏အသိုက်ကို အခြားငှက်များကဲ့သို့ သစ်ရွက်



တောင်စောင်းပေါ်သို့တက်၍ ငှက်သိုက်များကိုရှာဖွေနေပုံ




ငှက်သိုက်လုပ်သည့်ငှက်

သစ်ကိုင်းမျှားဖြင့် မပြုလုပ်ကြဘဲ၊ ထူးဆန်းစွာ အာခေါင်မှ အာစေး တမျိုး ကို အန် ထုတ် ၍ အသိုက် ပြုလုပ် ကြ သည်။ အစဦးဆုံးထွေးထုတ်သောအာစေးမှာ ဖြူစင်၏။ ထွေး ထုတ်ရဖန် မျှား လာသော အခါ၌ ကား သွေးပင်ပါလာတတ် သည်။ ငှက်သိုက်သည် ဆေးဖက်ဝင်၍ အာဟာရဓာတ်ပြည့် ဝသောအစာတမျိုးဖြစ်သည့် အပြင် အရသာမှာ အထူးပင် ကောင်းမွန်ပေသည်။ ထိုကြောင့် ငှက်သိုက်ကို တန်ဖိုးကြီး ပေး၍ဝယ်ယူကြရသည်။

ငှက်သိုက်ထုတ်ပေးနိုင်သော ငှက်မျိုး ၃ မျိုးခန့်ရှိသည်။ ယင်းတို့ကို မိုးစာငှက်၊ ပြီလဲငှက်၊ ဇီဝစိုးငှက်ဟူ၍ ခေါ်ကြ သည်။ မြန်မာနိုင်ငံ၌ရရှိသောငှက်သိုက်မှာ ဇီဝစိုးငှက်မျိုး က လုပ်သော ငှက်သိုက်ဖြစ်သည်။ ငှက်သိုက်ကို ထားဝယ် ကမ်းခြေအနီးရှိကျွန်းများ၊ မြိတ်ကျွန်းစု၊ ပုသိမ်မြို့အနောက် တောင်ဖက်ရှိ ကျွန်းများတွင်တွေ့ရသည်။ ထိုပြင်မလ္လာယု ကျွန်းဆွယ်၊ ယိုးဒယား၊ ဖိလစ်ပိုင်နိုင်ငံအနီးရှိကျွန်းများ တွင်လည်းတွေ့ရသည်ဟုဆိုသည်။

ထိုငှက်မျိုးသည် စာကလေးအရွယ် လောက်သာရှိသည်။ ပံ့သန်းရာ၌ အလွန်လျင်မြန်သည်။ ညအိပ်သည့် အချိန်မှ လွဲ၍ တနေ့လုံးပံ့သန်း၍နေနိုင်စွမ်းရှိသည်။ ထိုငှက်မျိုး၏ ခြေချောင်းကလေးများသည် ကား၍ရှေ့သို့ရှည်ထွက်လျက် ရှိသည်။ ထိုခြေတံမျိုးရှိသဖြင့် ကျောက်ဆောင်၏အစွန် အဖျားများပေါ်၌ နားနေနိုင်ကြသည်။ ထိုငှက်ကလေး များသည် လူသူဝေးသောကျွန်းများပေါ်ရှိ ကျောက်လိုဏ် ဂူနံရံများတွင်အသိုက်ပြုလုပ်၍နေကြသည်။



နက်ရှိုင်းသည့်လိုဏ်ဂူအတွင်းသို့ သက်ဆင်း၍လည်း ငှက်သိုက် များကို ရှာဖွေသိမ်းယူကြသည်။

ငှက်သိုက်သည် အချင်း ၂ လက်မ ၃ လက်မခန့်ရှိ၍ စောက် ၁ လက်မခန့်ရှိသည်။ ငှက်တို့သည်တပေါင်း တန်ခူးလများတွင် အသိုက်လုပ်တတ်ကြသည်။ တမြုံလျှင်ဥ ၂ လုံးရှိသည်။ ငှက်သိုက်များကိုလိုက် လံသိမ်းယူရာ၌ ငြမ်းဆင်၍သက်စွန့် ဆံဖျား ခဲယဉ်းစွာ လိုက်လံစုဆောင်းကြရသည်။ မြန်မာနိုင်ငံတွင် ငှက် သိုက်ရသောကျွန်းများကို သစ်တောဌာနက အုပ် ချုပ်၍ နှစ်စဉ် ငှက်သိုက်သိမ်းယူခွင့်လိုင်စင်ကိုထုတ် ပေးသည်။ သစ်တောဌာနက ထိုငှက်များမျိုးမပြုတ် သွားရလေအောင် စောင့်ရှောက်ပေးသည်။ ပမာ အားဖြင့် လိုင်စင်ရောင်းချရာ၌ အချို့ကျွန်းများကို နှစ် စဉ်တလှည့်စီပိတ်ပေးသည်။ ပိတ်ထားသောကျွန်း များပေါ်၌ ငှက်ကလေးတို့သည် အနှောင့်အယှက် မရှိဘဲ အသိုက်ပြုလုပ်၍ ပေါက်ပွားနိုင်ကြလေသည်။ ထိုကျွန်းများပေါ်သို့တက်ရောက်၍ ငှက်သိုက်များကို ခိုးယူတတ်ကြသော လူဆိုးတို့၏ရန်ကိုလည်း၊ ငှက် ကလေးများကို ဖမ်းယူတတ်သော သိမ်း၊ စွန်၊ ငှက် ရဲတို့၏ရန်ကိုလည်း သစ်တော၀န်ထမ်းများက ကာကွယ် ပေးကြရသည်။ စုဆောင်းရရှိသော ငှက်သိုက်များကို သစ်တောဌာနက စစ်ဆေး သည်။ အကယ်၍ သွေး ပါသောငှက်သိုက်များကိုတွေ့ရှိပါက လိုင်စင်ရသူကို ဒဏ်ရိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ငှက် ကလေးများသွေးပါသည်အထိ အန်ထုတ်၍ပြုလုပ် ရသော အသိုက်များကိုမယူကြရန် လိုင်စင်တွင်စည်း ကမ်းချက်များ ပါရှိသောကြောင့်ဖြစ်သည်။



မြန်မာဗျည်း ၃၃ လုံးတွင် စ သည် ၆ ခုမြောက်အက္ခရာဖြစ်၍ စ၊ ဆ၊ ဇ၊ ဈ၊ ည ဟူသော စ ဝဂ်တွင် ပါဝင်သည်။ စ အသံ၏ဖြစ်ထုဌာနမှာ တာလုဌာန် အာစောက်အရပ် ဖြစ်သည်။ အက္ခရာ၏ ပုံသဏ္ဌာန်သည် လုံး၍ နေသဖြင့် စလုံးဟု အမည်တွင်သည်။ စ အရေးအသား၏ မူလမှာ ဗြာဟ္မီအက္ခရာ ꣆ ဖြစ်သည်။ ဗြာဟ္မီ ꣆ မှ ကုသန ꣇ ဂုတ္တ ꣇ ကဒံဗ ꣈ သို့ အဆင့်ဆင့်ပြောင်းလဲလာပြီးနောက် ကျောက်စာများတွင် ꣉ နှင့် ပေစာများတွင် ၏ ဟု ရေးသားသည်ကို တွေ့ရသည်။ ဗြာဟ္မီ အရေးအသား ꣆ ၏အောက်ခြေရှိ လခြမ်းသဏ္ဌာန်သည် ရေးဖန်များလတ်သော် တရွေ့ရွေ့ဖြင့် မျဉ်းဖြောင့်ကိုဖြတ်၍ငုံထား သော အဝန်း ဖြစ်သွားပြီးလျှင်၊ ယခုရေးနေကျ စ အက္ခရာသည် ဖြစ်ပေါ်လာလေသည်။ စ အက္ခရာ၏ အဆင့်ဆင့်ပြောင်းလဲပုံကို အောက်တွင် အစဉ်အတိုင်း၊ ယှဉ်တွဲ၍ပြထားသည်။

꣆ ꣇ ꣇ ꣈ ꣉ ၏

စွယ်စုံပုဂ္ဂိုလ်ကျော်

တိုင်းပြည်ရေးရာစီမံခန့်ခွဲမှုတွင် ကျွမ်းကျင်ကျေပြွန်သော ပြည်ကြီးဦးကင်း ဝန်ကြီးအဖြစ်နှင့်ရင်း၊ ရှေနောက် အမြော်အမြင် ဗဟုသုတပြည့်စုံကုံလုံ၍၊ စာပေကျမ်းဂန် နှံ့စပ်သည်သာမက၊ သဘောထား ကြီးမားလှသော ပြည်ကြီးမျက်စိ ပညာရှိကြီးအဖြစ် နှင့်ရင်း၊ ရွှမ်းရွှမ်းခွဲခွဲတမ်းချီတိုက်ခိုက်သော ပြည်ကြီးလက်ရုံး စစ်ဗိုလ်ချုပ်ကြီးအဖြစ်နှင့်ရင်း၊ နန်းတွင်းဇာတ်၊ ကဗျာလက်ဝှန့် ဂီတသီချင်းကြီးများကို ထူးကဲစွာ သာယာနာပျော်အောင်မွှေနှံ့ သီကုံးသည့် ပြည်ကြီးနှလုံး ကဝိစာဆိုကြီးအဖြစ်နှင့်ရင်း၊ အဖက်ဖက်မှ ထူးချွန်ပြောင်မြောက်ခဲ့သည့် မြဝတီဝန်ကြီးဦးစသည် မြန်မာတို့၏နိုင်ငံသမိုင်း၊ စာပေသမိုင်း၊ အနုပညာသမိုင်းတွင် စံတင်ရအောင် ထင်ရှားကျော်ကြားလှ၏။

စ၊ ဦး၊ မြဝတီဝန်ကြီး(မြန်မာ ၁၁၂၈–၁၂၃၄)။ ။ဦးစသည် စစ်ကိုင်းမြို့အနောက် မိကျောင်းတက်ချောင်းရွာ ဇာတိ ဖြစ်သည်။ အဖမှာ အလုံမြို့မြောက်လက် မောက်တက်ရွာနေ နောက်တော်ပါ မြင်းစီးကြီး သား ဦးပေါက်ကျော် ဖြစ်သည်။ အမိမှာ သာလွန်မင်းတရားကြီး လက်ထက် အမတ်ကြီး ဗညားကျန်းဒေါမြေး မငြိမ်းသာ ဖြစ်သည်။ သက္ကရာဇ် ၁၁၂၈ ခု သိတင်းကျွတ်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့ ဆင်ဖြူရှင်မင်းတရားကြီး (၁၁၂၅–၁၁၃၈) လက်ထက်တွင်ဖွားမြင်သည်။ အသက် ၆ နှစ်တွင် အဖဆုံး၍ အသက် ၁၁ နှစ်ခန့်ရှိလျှင် အင်းဝမြို့ မဲထီးဆရာတော်ကြီးဦးပရမကျောင်းတွင် သာမဏေပြု၍ စာပေသင်ကြားသည်။ ဦးပရမကား (၁၁၀၄–၁၁၅၉) တောင်ငူမြို့ မဲထီးရွာဇာတိတည်း။ နောင်သောအခါတွင် ပရမ သီရိဝံသဓမ္မာဒိုရာဇာ ဂုရုတံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ဖြစ်သည်။

ရှင်သာမဏေဘဝမှ လူထွက်လာသောအခါ မောင်စသည် စစ်ကိုင်းမြို့ ပန်းထိမ်ဝန်ဟောင်း ဦးညွှန့်၏ သမီး မအေးနှင့် သင့်မြတ်ရာ ပန်းထိမ်အလုပ်၊ ရွှေကျောက်ရောင်းဝယ်သော အလုပ်ကို အသက် ၁၉ နှစ်ခန့်အရွယ်တိုင်အောင် လုပ်ကိုင်သည်။ သို့သော် မယားမဓအား သေဆုံးသွားသောအခါ၊ ဝါသနာအလျောက် ဘိုးတော်မင်းတရားကြီး၏ လက်ဝဲဆိုင်း အမှုထမ်း ဆိုင်းဆရာကြီး ဦးတရုပ် ထံ၌ ကြေးဝိုင်းတီးခဲ့သည်။ ထိုနောက် အမရပူရမြို့တော်၌ ဘိုးတော်ဘုရား (၁၁၄၃–၁၁၈၁) လက်ထက်၊ အိမ်ရှေ့နန်းစံ ရွှေတောင်မင်း၏ အိမ်ရှေ့သံဆင့် လက်ျာပျံချီထံတွင် ရေးမှတ်သည့် ဖက်မှ အမှုထမ်း၍နေလေသည်။ ဤအချိန်အခါတွင် ဦးစသည် စာပေကျန်းဂန်များကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် ကဗျာလက်ဝများကို ဖွဲ့စပ်သီကုံးခြင်း၌ အစပျိုးသည်ဟု ယူဆရန်ရှိပေသည်။

ထိုနောက် ဝေါဟာရလိနတ္ထဒီပနီကျမ်း (မျက်နှာ ၂၃၀) နှင့် ကဝိလက္ခဏဒီပနီကျမ်း (မျက်နှာ ၃၀၄) တို့အရ ရွှေဘုံနိဒါန်းကိုပြုစုသူ၊ ၁၁၀၅ ခုတွင် တန်တားဦးရွာလျှင် ဖွားရာဇာတိရှိသော ဇေယသခ်ိယာဘွဲ့ခံ အိမ်ရှေ့အတွင်းဝန်သည် ဦးစအား အိမ်ရှေ့ဘုရား (ရွှေတောင်မင်း) ထံတွင် အရည်အခြင်းကို လျှောက်ထားဆက်သွင်းသဖြင့် ဦးစသည် အိမ်ရှေ့အိမ်တော်သို့ ရောက်သည်။ အိမ်ရှေ့မင်းထံတွင် အမှုထမ်းစဉ်၊ ဦးစသည် ပျိုကဗျာ အရေးအသားတို့၌ ထက်မြက်၍ နာမည်ကျော်စပြုလာဟန်တူသည်။ ၁၂၂၅ ခုနှစ် ရွှေတိုက်သွင်း အစီရင်ခံစာကို အထောက်အထားပြု၍ သိရှိ

ရသည်မှာ၊ အိမ်ရှေဘုရားက 'အယုဒ္ဓယတိုင်းဂျမ်းပြည်၊ ဟရိဘုဥ္ဇတိုင်း ယွန်းပြည်ပါ အရပ်ရပ်ဒဏ္ဍာရီဇာတ်များကို ဂျမ်းသံခံ၊ ယွန်းသံခံတို့နှင့်ညှိနှိုင်း၍ မြန်မာဘာသာသို့ ပြန်ဆိုစေရာ၊ အသက် ၂၃ နှစ်အရွယ်တွင် ဦးစသည် ငစဉ့်ကူးမင်းမိဖုရားဟောင်း ပဘာဝတီဘွဲ့ခံ သခင်မင်းမိ၊ ပြင်စည်မြို့စား မြင်းမှူးမင်းသား၊ အတွင်းဝန် မဟာနန္ဒယော်ဓာ ဦးကျိစိုး၊ မက္ခရာမြို့စား၊ စမွေယျပ္ပါရေးသူ မိုးထားမြို့စားဝန်ထောက်တော် နေမျိုးကျော်စွာ၊ ရာမရကန်ရေးသူ ဦးတိုး၊ တောင်ငူမြို့စား မင်းသား သတိုးဓမ္မရာဇာတို့နှင့်အတူ ယိုးဒယားဇာတ်များအတွက် တိုးကက်နှင့်ဇာတ်ချင်းများကို ၁၁၅၁ ခုနှစ်တွင် ဝေပုံကျတာဝန်ယူ၍ ရေးသားဆက်သွင်းရာ အကျော်အစောဖြစ်သည်။

၁၁၆၀ ပြည့်နှစ်တွင် အိမ်ရှေဘုရား၏အမိန့်အတိုင်း ယိုးဒယားဣန္ဒာဝုဓဝတ္ထုကို ယိုးဒယား မင်းသားမင်းသမီးတို့အား ဖတ်ပြန်စေ၍၊ ဦးစက စီကုံးရေးသားရသည်။ ယင်းကို လက်ဝ သိချင်း တီးကွက်တို့နှင့် တန်ဆာဆင်၍ သဘင်ကျင်းပရသည်။ သို့သော် အားလုံးမပြီးဘဲ၊ ကာလံပြည်တွင် အိနောင်မင်းသားနှင့် ယောကျ်ားယောင်ဆောင်ထားသော ပုတ်စပါးမင်းသမီးတို့ ကြက်တိုက်ခန်းတွင်သာ ပြီးလေသည်။ ထိုအချိန်က ဦးစသည် ယိုးဒယား ဇာတ်မင်းသမီး နှင်းနု ကို ယိုးဒယား အတီးအကနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးဟန် ရှိခဲ့သည်။ အတီးအကတို့ကို လေ့လာသင်ယူနေစဉ်၊ 'အင်မတု၊ နှင်းနု ရှေ့နှစ်ကဲ့၊ စိမ်းလေပြစ်အား။ သည်ညဉ့်ကြီးလယ်၊ ဘယ့်နှယ်ပြန်ပါရမယ်၊ ကင်းရန်ကများ။' ဟူ၍ နှင်းနုကို ဖွဲ့နွဲ့စပ်ဆိုခဲ့သည်ဟု အမှတ်အသားရှိသည်။

ဦးစသည် အိမ်ရှေမင်းထံ၌အမှုထမ်းစဉ်၊ ဇေယသခ်ယာဘွဲ့နှင့် ဗြတိုက် သံဆင့်ရာထူး ရရှိသည်ဟု အဆိုတရပ်ရှိသည်။ ဦးကျော်ထွန်းတည်းဖြတ် သော မြန်မာစာညွှန်ပေါင်းကျမ်းတွင် အိမ်ရှေဘကွာစာရေး ခန့်တော်မူသည်ကို ခံရသည်ဟု လည်းဆိုသည်။

၁၁၅၈ ခုနှစ်တွင် ဘိုးတော်ဘုရားသည် ဇောဝတီမြစ်ညာ သီဟတောဘုရားသို့ ပူဇော်ကန်တော့ရန် ကြွတော်မူသည်။ ထိုအခါ သီဟတောတွင် ငထွေးတို့ကိုမြင်၍ ဦးစသည် 'လှမ်းလှ၍ မအော့ကိုမှာလေလိုက်မယ်၊ မြစ်မှာ ငထွေးကိုမမြင်စမ်းစေရ၊ တမ်းရောင်မိတယ်။ စုံတဝန်း၊ ထုံမွှန်းပျိုအလယ်မှာ၊ တောင်နယ်က ညိုရင့်။ ရွက်သစ်သာ လောင်းတော့တယ်၊ ရွက်ဟောင်းညှာကြွေသည့်၊ သီဟာဗေ့ရှေဘုမိုမှာ၊ ဆွေးဘိသည်နှင့်။' ဟုစပ်ဆိုလေရာ၊ ပုသိမ်ထီပ်ထားက 'စစ၊ သိချင်းတွင် တောတောင်ဘွဲ့ အလှုန်ယဉ်ကျေးသည်။ သို့ရာတွင် ငထွေးကိုပြင်ပါဦး စစရယ်' ဟု အမိန့်ရှိလျှင်၊ ဦးစက 'သည်ငထွေးကိုပင် အမှုခံပြု၍ရေးရပါသည်။ ငထွေးကိုမပြင်နိုင်ပါကြောင်း' နှင့် လျှောက်ထားလေသည်။


၁၁၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင်ရှေးအစဉ်အဆက်က ပသခဲ့သော ၃၇ မင်းနတ်တို့ကို ပဲ့ကနားပေးရာ၌ မည်သို့ကခုန်သည့်အချက်အလက်တို့ကို နတ်ထိန်းနတ်နေအတီးသမားတို့အား မေးစစ်မှတ်သားရမည်ဟု အိမ်ရှေမင်း (ရှေတောင်မင်း) က အမိန့်တော်မှတ်သဖြင့်၊ ဦးစသည် ဆိုင်းတီးဆရာ ဦးမြတ်သာနှင့်တကွ မိမိ၏ငယ်ဆရာ ဦးတရုပ်တို့ကို မေးစစ်ရလေသည်။

၁၁၇၀ ပြည့်နှစ်တွင် အိမ်ရှေမင်းနတ်ရွာစံလေသော် ဘိုးတော်မင်းတရားကြီး၏ မြေးတော် စစ်ကိုင်းမင်းသည် အိမ်ရှေအရာကိုရလေသည်။ ထိုအခါ ဦးစသည် အိမ်ရှေသံဆင့်နှင့် ပြည်လုံးယူလှေမှူးရာထူးတို့ကို ရလေသည်။ ဤလှေမှူးခန့်အပ်ခြင်းခံရသည်မှာ ဦးစအဖို့ စစ်မှုရေးရာဖက်၌ ပဌမဦးစာ တာဝန်ယူ ထမ်းရွက်ရခြင်းဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရှိသည်။ ထိုနောက် ဦးဇသည် အိမ်ရှေအတွင်းဝန်အဖြစ် အခန့်ခံရ၍ အမှုတော်ကိုထမ်းရွက်နေစဉ်၊ နေမျိုးဇေယသူရဟူသောဘွဲ့ကိုခံယူရသည်။

၁၁၇၅ ခုနှစ်တွင် မဏိပူရပြည် ကသည်းမဟာရာဇာ ပုန်ကန်သည်ကို ဦးစသည် မြင်းတရှဉ်ငါးဆယ်၊ စစ်သည်သူရဲ ၁၅၀၀ ကို အုပ်ချုပ်၍ တမူးကြောင်း ချီတက်တိုက်ခိုက်ရသည်။ ထိုအခါ မဟာရာဇာထွက်ပြေး၍ ညီ ဇူပရာဇာကို နန်းတင်ပြီးသော်၊ ရှေ့မြို့တော်သို့ ပြန်ရောက်သည်တွင် ဒူးနေရာကသည် တော်နေရာသို့မြှင့်၍ တော်ဆောင်တော်ရွက်များကို သနားတော်မူခြင်းခံရသည်။ ယင်းသို့ချီတက်စဉ် စာဆိုဘဝမှ စစ်သားဖြစ်လာရသော ဦးစသည် ကသည်းနယ်စပ်သို့ ရောက်သောအခါ၊ ကျောက်စရစ်ခဲနှင့် တိကျစ်စာများကိုသာတွေ့ရပြီးလျှင် သစ်ဝါး ကြိုးကြိုးမားမားမရှိသောကြောင့် စစ်သည်တို့ ခိုစရာနေရာမရှိသောကုန်းခင်းကို မြင်ရသည်တွင်၊ ကဗျာဥာဏ်ကွန့်မြူးသည်နှင့်၊ 'ပြုတ်စိတီကျစ်နှင့်၊ ကျောက်စစ်ကယ်ကုန်းခင်၊ ရေရှင်ကပြေး။ ခဲ့စိမ်းလဲ့စိုသည့်၊ အညိုပင် မွန်မင်းငယ်မှာ၊ ခိုခင်းကဝေး။' ဟူ၍ စပ်ဆိုလေသည်။

၁၁၈၁ ခု နယုန်လတွင် ဘိုးတော်မင်းတရားကြီး နတ်ရွာစံလေသော်၊ မြေးတော် အိမ်ရှေမင်း (စစ်ကိုင်းမင်း) သည် ထီးနန်းဆက်ခံစိုးစံလေသည်။ ထိုမင်းကား မြန်မာရာဇဝင်တွင် ဘကြီးတော် (၁၁၈၁–၁၂၃၉) ဟု ထင်ရှားခဲ့သော မင်းဖြစ်သည်။ မင်းဖြစ်စတွင် မှူးမတ်များကို ဆုတော်လပ်တော်ပေးသနားရာ ဦးစမှာ ငွေအသပြာ ၁၅၀၀ နှင့် အဖိုးများစွာထိုက်သောမြလက်စွပ်တစ်တို့ကို အသနားခံရသည်။ ထိုနောက် ဦးစကို နန်းတော်ကြီးအတွင်းဝန် ခန့်တော်မူ၍၊ သိရိမဟာဇေယျသူရ ဘွဲ့အမည်ကို ပေးတော်မူသည်။

ထိုနောက် ၁၁၈၂ ခုနှစ် သိတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် ဒုတိယအကြိမ်အားဖြင့် ၃၇ မင်းနတ်အကြောင်းကို



ထူးမခြားနားကိုစပ်ဆိုသူ စစ်သားစာဆို မြဝတီဝန်ကြီးဦးစ

ဦးစ စုံစမ်းရပြန်သည်။ ယင်းစုံစမ်းချက်မှာ ယခင် ၁၁၆၇ ခုနှစ်က စုံစမ်းချက်တို့၏ အဆက်ဖြစ်သည်။ နတ်ထိန်းကြီး ကဝိဒေဝကျော်၊ ထုဇဝင်ဦးနု စသော ထုဇဝင်တတ်ပုဂ္ဂိုလ်တို့နှင့် ညှိနှိုင်း၍ ၃၇ မင်း နတ်စဉ် အမျိုးအမည်၊ ဆင်ယင် ပသနည်း၊ တီးမှုတ်နည်းနှင့် နတ်သံများကို ရှေနန်းတော်သို့ ရေးမှတ်အစီရင်ခံရလေသည်။ ယခင် ၁၁၆၀ ပြည့်နှစ်က မပြီးမပြတ်သေးသော ဣန္ဒာဝုဓ နန်းတင်းဇာတ်ကို ဦးစသည် အပြီးတိုင် ဆက်လက်ရေးသားရသည်။ ထိုဣန္ဒာဝုဓဇာတ်ပါ ဣန္ဒာဝုဓမင်းသားကို ယိုးဒယားတို့က အိနောင်ဟု ခေါ်သည်။ ယိုးဒယားအမည်ကိုယူ၍ ထိုဇာတ်ကို ဦးစကလည်း အိနောင်ဇာတ်ဟု ခေါ်လေသည်။ ထိုပြင် ဤမင်းလက်ထက်တွင် ဦးစသည် သဘင်ဝန်ဦးသော်နှင့်အတူ မြန်မာရွှေ့ပြောင်းသဘင်ကို ကြံဆသည်ဟု အမှတ်အသားရှိသည်။

၁၁၇၃ ခုနှစ်တွင် ဘကြီးတော်သည် မင်းကွန်းသို့ထွက်စံတော်မူရာ၊ ဦးစသည်လည်း လိုက်ပါရသည်။ မင်းကွန်းသို့ ရောက်သည့်ကာလ၊ ဦးစသည် ကော်ကပစ်ကြိမ်ရိုင်းများနှင့် ယာယီတဲထိုးကာနေလေသည်။ ထိုအခါ စာဆိုတော်ဦးမင်းသည် ဦးစဆောက်ထားသော တဲအိမ်သို့ရောက်လာ၍ တဲအိမ်အကြောင်းကို မေးမြန်းသည်တွင် ဦးစက 'ရွှေအန်ကိုကြိုးတဲ့နောင်၊သာဆောင်မြင့်ကြော။ ကော်ပစ်ကယ်ကြိမ်ရိုင်းနှင့်၊ ခိုင်လေသည်ဂူရန်တဲမှာ၊ ငွေသဲကပေါ။' ဟုရွတ်ခြည်းစပ်ဆို၍ ဖြေကြားသည်ဟု အမှတ်အသားရှိလေသည်။ ဦးစ၏ ကဗျာဂီတ ဝါသနာအထုံတို့သည် ဦးစ၏ ဘဝဖြစ်စဉ်ကို ကြိုးကြားကြိုးကြားမှတ်တမ်းတင်ထားဘိသကဲ့သို့ ရှိလေသည်။

၁၁၇၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အရေးတော်ပုံတရပ် ပေါ်လာခဲ့သည်။ ယင်းသက္ကရာဇ် ဒုတိယဝါဆိုလတွင် စစ်တကောင်းမြို့ကို အုပ်ချုပ်နေသော အင်္ဂလိပ်တို့က နတ်မြစ်ဝအနီးရှိ ရွှင်မဖြူကျွန်း ကျေးရွာများ၌ အလံစိုက်ထူ၍ တပ်တည်လုပ်ပြီးလျှင်၊ နှစ်လကျော် သုံးလခန့် လူသူစောင့်နေကြောင်းဖြင့် ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာက အစီရင်ခံလေသည်။ ထိုအခါ ဘုရင်မင်းမြတ်၏အမိန့်အရ၊ ဦးစသည် မင်းကြီးမဟာသီဟသူရဘွဲ့ကို ခံယူကာ၊ လက်ဝဲ စစ်ကဲအတွင်းဝန်အဖြစ်ဖြင့် ဗိုလ်မှူးမဟာဗန္ဓုလနှင့်အတူ ပန်းဝါသို့ စလင်းဆင်ဖြူကျွန်းမှတဆင့် ချီတက်ရသည်။ ထိုပန်းဝါမှာ ဖလောင်းချိပ်ခေါ် ကောက်စပင်းမြို့၏ အရှေ့စူးစူးဆယ်မိုင်ကျော်ခန့်တွင်ရှိ၍၊ ရာမူးဟု တွင်သည်။ ယင်းသို့ချီတက်စတွင် မဟာဗန္ဓုလသည် တတိုင်းတပြည်သို့ ချီတက်ဆိုင်ပြိုင်ရမည့် စစ်ဗိုလ်မှူးများဖြစ်သည်နှင့်အညီ ဘွဲ့အမည်အရည်ကို တိုးတက်သတ်မှတ်ပေးရန် လျှောက်ထားရာ၊ မင်းကြီးမဟာဗန္ဓုလသည် သတိုးဘွဲ့ကို ရလေသည်။ မင်းကြီးမဟာသီဟသူရ ဦးစ ကား ဗိုလ်ချုပ်အဆင့်အတန်းကို ရလေသည်။ ၁၁၇၆ ခုနှစ် တန်ခူးလတွင် ဗိုလ်မှူးဝန်ကြီးသတိုးမင်းကြီး မဟာဗန္ဓုလသည် လက်ဝဲစစ်ကဲအတွင်းဝန် မင်းကြီး မဟာသီဟသူရ ဦးစ နှင့် အတူ ဂေါ်တော့်ပလွင် အရောက် တောတောင်ချောင်းမြောင်းများကို ကူးသန်းကာ ချီတက်လေသည်။

ယင်းသို့ချီတက်ရာ၊ ဂေါ်တော့်ပလွင်တွင်၎င်း၊ ပန်းဝါတွင်၎င်း ဆင်မြင်းအလုံးအရင်း စစ်ဗာဂီအမှုထမ်းများနှင့် ကြုံကြိုက်ဆီးကြို ရပ်ခံနေသော အင်္ဂလိပ်တို့ကို အောင်နိုင်လိုက်လေသည်။ ဦးစ၏တပ်သည် ထိုမှတဆင့် နတ် (၎င်တ်) မြစ်ဝသို့ ချီတက်ပြီးလျှင်၊ မိုးကျလာသည်နှင့် ဖလောင်းချိပ်အရပ်တွင် ရိက္ခာများသိုလှောင်၍ အခိုင်အမာ တပ်စွဲနေသည်။

ဤစစ်ပွဲကား မြန်မာနိုင်ငံသမိုင်းတွင် ပဌမ အင်္ဂလိပ်မြန်မာစစ်ပွဲဟု တွင်သော စစ်ပွဲဖြစ်၏။ (အင်္ဂလိပ်မြန်မာ စစ်ပွဲများ — ရှု။) ဦးစသည် ဖလောင်းချိပ်၌ တပ်စွဲ၍ ရပ်နေစဉ် အင်္ဂလိပ်တို့သည် ရန်ကုန်မြို့သို့ ရေကြောင်းမှ အလုံးအရင်းနှင့် ချီတက်လျက်ရှိချေပြီ။ ထိုအချိန်တွင် ရန်ကုန်မြို့ကို ကာကွယ်ရန် ကိစ္စသည် အရေးကြီးလာပြီဖြစ်သောကြောင့် သတိုးမဟာဗန္ဓုလလည်း အမိန့်တော်မြတ်ကိုနာခံ၍ ၁၁၇၆ ခု တော်သလင်းလတွင် စလင်းဆင်ဖြူကျွန်းမှလှည့်ကာ ရန်ကုန်သို့ ချီတက်ရလေသည်။ ထိုနောက် မဟာဗန္ဓုလသည် ရန်ကုန်မှဓနုဖြူမြို့သို့ ဆုတ်ခွာလာခဲ့ရပြီးလျှင် ၁၁၇၆ ခု နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့၌ ဓနုဖြူတိုက်ပွဲတွင် ကျဆုံးလေသည်။ (ဗန္ဓုလ — လည်းရှု။)

ထိုစဉ်အတွင်း အတွင်းဝန် မင်းကြီးမဟာသီဟသူရ ဦးစသည် ဓညဝတီမြို့မှနေ၍ စီမံခန့်ခွဲလျက်ရှိစဉ်၊ ဓနုဖြူတပ်ပျက်သည်နှင့်တချိန်တခါတည်း၊ အင်္ဂလိပ်တို့က ဗုံးအမြောက်လက်နက်လူသူ အင်အားအလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ပြန်သောကြောင့်၊ စလင်းမြို့သို့ ဆုတ်ခွာပေးရလေသည်။ ထိုနောက်၌သော်ကား မြန်မာနှင့်အင်္ဂလိပ်တို့သည် စစ်ပြေငြိမ်းရန် စေ့စပ်ကြလေရာ၊ ၁၁၇၇ ခုနှစ်တွင် မြန်မာနှင့်အင်္ဂလိပ်တို့ ရန်ကုန်ပိစာချုပ်ကို ချုပ်ဆိုကြလေသည်။ (ရန်ကုန်ပိစာချုပ် — လည်းရှု။) စာချုပ်အရ မြန်မာ အစိုးရနှင့် အင်္ဂလိပ်အစိုးရတို့သည် တဆယ့်လေးနှစ်မျှ တဦးနှင့်တဦး အဆက်အသွယ်ပြုကြလေသည်။ ထိုတဆယ့်လေးနှစ်အတွင်း အင်္ဂလိပ် အစိုးရသည် အင်းဝ၌ နေထိုင်ကြသော အင်္ဂလိပ်အရာရှိများထံမှ မြန်မာနိုင်ငံရေးနှင့် စပ်လျဉ်း၍ အမှတ်အသား အစီရင်ခံစာတမ်းများကို ရရှိလေသည်။ ထိုစာတမ်းများတွင် ၁၁၉၂ ခုနှစ် (ခရစ် ၁၈၃၀ ပြည့်နှစ်) ၌ အင်းဝနေပြည်တော်တွင် အင်္ဂလိပ်အစိုးရ၏ ကိုယ်စားလှယ် ခန့်အပ်ခြင်းခံရသော မေဂျာ ဟာဂန်ရီ ဗားနေး (မယ်စယ်ဘော်ရနီ)၏ မှတ်တမ်းသည် မြဝတီဝန်ကြီးဦးစ၏ အကြောင်းရပ်များပါရှိသောကြောင့် အထောက်အထားအလို့ငှာ တန်ဖိုးများစွာရှိသည်။ ထိုမှတ်တမ်းများအပြင် အမေရိကန်သာ



မြဝတီဦးစခေတ် ဝန်ကြီးနှင့်ဝန်ကတေါ်

သနာပြု ဆရာ ယုဒသန်၏ မှတ်တမ်းမျှားလည်း ရှိသေး သည်။ (ယုဒသန် — လည်း ရှု။) ယင်း မှတ်တမ်းတို့ကို ရန်ကုန်တက္ကသိုလ် ရာဇဝင်ပါမောက္ခတဦးဖြစ်ခဲ့သူ ဒေါ်။ အက် (စ) ဒေဆိုင်း သည် 'မြန်မာပြည်ရှိ ဗြိတိသျှကိုယ်စားလှယ်များ၏ သမိုင်း' ခေါ်စာအုပ်တွင် ထည့်သွင်းဖော်ပြထားခဲ့သည်။ ယင်းသို့ဖော်ပြပါရှိသော ဦးစ၏ အတ္ထုပ္ပတ္တိနှင့်ဆိုင်ရာ အချက်အလက်များမှာ ဤသို့ဖြစ်သည်။

အင်းဝမြို့တွင် မြဝတီဝန်ကြီးက ဗားနေးအား သူသည်ရာမှူး (ပန်းဝါ) တိုက်ပွဲတွင်အောင်ပွဲရစဉ်က၊ သူ၏စစ်တပ်တွင် စစ်သား ၆၅၀၀ သာရှိ၍၊ ကက်ပတိန် နော်တင်၏တပ်တွင် စစ်သား ၇၀၀၀ ခန့်ရှိကြောင်း၊ အောင်မြင်ပြီးသည့်နောက် စစ်ပွဲတွင် ဒဏ်ရာရရှိသော အင်္ဂလိပ်အရာရှိနှင့်စစ်သားများ အားနှိပ်စက်ညှဉ်းပန်းခြင်းပြုရန် သူက အမိန့်လည်းမထုတ်ခဲ့၊ ခွင့်လည်းမပြုခဲ့ကြောင်း၊ စစ်ပွဲတွင်ကျဆုံးသေကြေသော အင်္ဂလိပ်များမှာ တိုက်ယင်းခိုက်ယင်းသာ သေကြေကျဆုံးကြသူများဖြစ်ကြောင်းကို ပြောကြား သည်ဟု ဗားနေးက မှတ်တမ်းတင်ခဲ့သည်။ (ဗင်္ဂလားအစိုးရ အတွင်းရေးနှင့်နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံစာတမ်းစာအုပ်၊ အတွဲနံပတ် ၃၅၈၊ ဗားနေး၏မှတ်တမ်း ပိုဒ်ရေ ၁၀၇ မှ။) အမေရိကန်လူမျိုး သာသနာပြုဆရာကြီး ယုဒသန်သည် ဦးစနှင့် ကောင်းစွာသိကျွမ်းသူဖြစ်သည်။ ယုဒသန်က ဦးစအား မြန်မာနိုင်ငံတွင် ဥာဏ်အထက်မြက်ဆုံး၊ အမြော်အမြင်နှင့်ပြည့်စုံဆုံး၊ ဥာဏ်အမြင်ကျယ်ဆုံး ပုဂ္ဂိုလ်တဦး ဖြစ်ကြောင်းနှင့် မှတ်တမ်းတင်ခဲ့သည်။

ဝိဇ္ဇာအတတ်၊ သိပ္ပံအတတ် ပညာရပ်များတွင် ဥရောပတိုက်သားများသည် မြန်မာတို့ထက် ကျွမ်းကျင်ကြသည်ဟု ထင်မြင်ကြောင်း၊ ထိုအတတ်များကို မြန်မာနိုင်ငံတွင် သင်ကြားစေချင်သည်ဟု ဦးစက ပြောကြောင်း များကိုလည်း မှတ်တမ်းတွင် ရေးသားထားသည်။ (အတိုင်ပင်ခံစာတမ်း အတွဲနံပတ် ၃၄၁၊ မြန်မာနန်းတော်တွင် အမှုထမ်းလျက်နေကြသော အရာရှိများအကြောင်းစာအုပ်၊ ယုဒသန်ရေး။) ထိုနောက် ကာနယ်ဗားနေးက ရေးသားထားပြန်သည်မှာ ဦးစသည် သူတို့ဘူးသော မြန်မာများအနက် ဥာဏ်အထက်ဆုံးသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ရေး၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ စကားပြောဆိုကြရာတွင် သူကသာ ဦးဆောင်၍ပြောဆိုလေ့ရှိကြောင်း၊ ဦးစ သည် ဥရောပတိုက် သားများနှင့် မိတ်ကျမ်းတင်ရှိကြောင်း၊ အထူးသဖြင့် ယုဒသန်နှင့် ခင်မင်ရင်းနှီးကြောင်း၊ အင်္ဂလိပ်လူမျိုးတို့ စိတ်နေသဘောထားနှင့်တကွ၊ အမူအရာများကို အခြားသော မြန်မာအရာရှိများထက် ပိုမိုရှု၍ သိနားလည်ကြောင်းများဖြစ်သည်။ (အတိုင်ပင်ခံစာတမ်း အတွဲနံပတ် ၃၅၈၊ ဗားနေး၏မှတ်တမ်း ပိုဒ်ရေ ၂၃ မှ။)

ဦးစသည် ဗြိတိသျှလူမျိုးနှင့် စစ်ပြုသောကြောင့် မြန်မာအစိုးရ၌ ဆုံးရှုံး နစ်နာခဲ့ရပုံ များကို ကောင်းစွာသိသည်။ ဗြိတိသျှအစိုးရနှင့် အေးချမ်းသာယာစွာ ဆက်ဆံလိုသည်။ ဗားနေး၏ နေ့စဉ်မှတ်တမ်းတွင် ဤသို့ပါရှိသည်။ 'သင်္ကြာဇင် ၁၀၃၀ ခု ဇွန်လ ၃၀ ရက်နေ့၊ ကျွန်ုပ်သည် မြန်မာမှူးမတ်များနှင့် ထမင်းစားပွဲ တည်ခင်းကျင်းပသည်။ ကျွန်ုပ်သည် အားလုံးသော မှူးမတ်များနှင့် သင့်မြတ်ခဲ့သည်။ မောင်စက ကျွန်ုပ်အား ခေါ်၍ မြစ်တဖက်ကမ်းကိုလက်ညှိုးထိုးပြပြီးလျှင် ယခုအခါ ပျက်စီးယိုယွင်းလျက်နေသော နေရာသည် တခါတုန်းက လူနေအိမ်ခြေများစွာနှင့် စည်ကားသော နေရာဖြစ်ကြောင်း၊ ဤကဲ့သို့ ပျက်စီးယိုယွင်းရခြင်းမှာ၊ မကြာခင်က တိုက်ခိုက်ရသော စစ်ပွဲကြောင့် ဖြစ်ကြောင်း၊ နောင်အခါတွင် ဆင်းရဲသားကျွန်တော်မျိုးများအား သနားသဖြင့် စစ်ပွဲ မဖြစ်လိုကြောင်း၊ မဖြစ်သင့်ကြောင်းများကို ပြောဆိုသည်။ မောင်စသည် အလွန်စိတ်သဘောထား ကြီးမားသောသူ ဖြစ်သည်။ မောင်စသည် နာဂရီ အက္ခရာကို ရေးတတ်၍၊ ဟင်ဒီဘာသာစကားကို

လည်း အဓိပ္ပာယ် ပြောတတ်သည်။ ၎င်းနောက် ကျွန်ုပ်တို့အား ခရစ်ယာန်ဓမ္မသီချင်းတို့မှ နှစ်ပိုဒ်သုံးပိုဒ်လောက်ကို သီဆို၍ပြသည်။ ကျွန်ုပ်မှာ အလွန်အံ့သြမိသည်။ သူသည် စာဖြူခရစ်ယာန်များထံမှ ထိုသီချင်းကို သင်ယူထားဟန်တူသည်။ မောင်စသည် ကသည်းစကားကိုလည်း အနည်းငယ် တတ်ကျွမ်းသေးသည်။' (အတိုင်ပင်ခံစာတမ်း ပို၌ ရေ ၁၀၇ နှင့် ၂၁၄ မှ။)

ယခုအမျိုးသားစာကြည့်တိုက်ရှိ၊ မိုင်းခိုင်းဝန်၏ ပုရပိုက်အမှတ်အသားဖြစ်သော မိုင်းခိုင်းမှတ်စုအရ၊ ၁၁၉၁ ခုနှစ်တွင် ဦးစသည် မြဝတီမြို့ကို အသုံးကံကျေးခံ သနားတော်မူခြင်းခံရ၍ ဝန်ကြီးခန့်အပ်ခြင်းခံရသည်ဟု ဆိုသည်။ သို့ရာတွင် ကုန်းဘောင်ဆက် မဟာရာဇဝင်ကမူ ၁၁၉၀ ပြည့်နှစ် နတ်တော်လဆန်း ၁၄ ရက်နေ့တွင် မင်းကြီးမဟာသီဟသူရသည် အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်အပ်ခြင်းခံရသည်ဟု အခိုင်အမာ ဆိုထားလေရာ၊ ဝန်ကြီးဖြစ်သောနှစ်ကို ၁၁၉၀ ပြည့်နှစ်ဟုပင် အတည်ယူရချိမ့်မည်။

ဦးစ စားရသော မြဝတီမြို့မှာ ဘိုးတော်ဘုရားလက်ထက် စစ်တမ်းယူရာဝယ်၊ ရွာသူကြီး တဆယ့်လေးနယ်နှင့် မြို့သူကြီးတနယ် ပါဝင်သော မြို့ဖြစ်သည်။ ထိုမြို့မှာ ဇရာဝတီနှင့် မတဲမြစ်ဆုံရာ ဒေသ၌ ရှိသည်။ ဗြိတိသျှ အုပ်ချုပ်ရေး အောက်၌ ထိုမြို့သည် သရက်ခရိုင်၊ ကာမမြို့နယ်အပိုင် ကျေးရွာအဖြစ်သို့ ရွှေ့လျောသွားခဲ့သည်။

မေကျာဗားနေး၏ မှတ်တမ်းများအရ ဦးစသည် မြဝတီဝန်ကြီးအဖြစ်နှင့် အမှုထမ်းနေစဉ်၊ ဝန်ကြီးကတော်မှာ နောက်ဆုံး ဟံသာဝတီဘုရင်၏ မြေးတော်တဦး ဖြစ်သည်ဟု သိရသည်။ သမီးများရှိကြောင်းကိုလည်း ကဝိရတနာကျမ်းကဆိုသည်။

ဦးစသည် မြဝတီဝန်ကြီးအဖြစ်ဖြင့် နိုင်ငံတော်အတွက် အရေးပါအရာရောက်စွာ ဆောင်ရွက်ခဲ့သော ကိစ္စတရပ်ရှိသေးသည်။ ထိုကိစ္စမှာ နှောင်းရာဇဝင်တို့တွင် ကဘော်ချိုင့်ဝှမ်းဒေသဟု ခေါ်သည့် ခန်းပတ်မြစ်ဝှမ်းဒေသ ကိစ္စ ဖြစ်သည်။ ၁၁၉၁ ခုနှစ်၌ အိန္ဒိယဘုရင်ခံချုပ်သည် အဆိုပါ ခန်းပတ်မြစ်ဝှမ်းဒေသကို မဏိပူရစော်ဘွား ဂမ္ဘီယာဆင်း (ဂမ္ဘီရာဇိန်) အား ပေးအပ်ရန်ကြံရွယ်သည်။ ထိုအချက်ကို မြဝတီဝန်ကြီးဦးစသည် ဗြိတိသျှကိုယ်စားလှယ်ဖြစ်သူ မေဂျာဗားနေးမှတဆင့် အပြင်းအထန် ကန့်ကွက်ပြောဆိုရသည်။ နောက်ဆုံးတွင် ဗားနေးကိုယ်တိုင်က ခန်းပတ်မြစ်ဝှမ်းကို မြန်မာတို့အား ပြန်ပေးရန် ထောက်ခံပြောဆိုသဖြင့် ဤကိစ္စသည် ပြေပြစ်စွာပြီးဆုံးခြင်းသို့ ရောက်လေသည်။

မြဝတီဝန်ကြီးဦးစသည် ဤသို့ဖြင့် နိုင်ငံတော်၏အရေးကို မလစ်ဟင်းရလေအောင် ကသည်းမဟာရာဇာ ထောင်လွှားသည့်အချိန် အသက် ၄၇ နှစ်အရွယ်မှသည်၊ ခန်းပတ်မြစ်ဝှမ်းကိစ္စ၌ အင်္ဂလိပ်တို့နှင့် အပြေအပြစ် စေ့စပ်သည့် အချိန်အသက် ၆၄ နှစ်အရွယ်အထိ၊ အမှုတော်ကို ကျေပြွန်စွာ ထမ်းရွက်ခဲ့သည်။ ဤအထဲတွင် သူ၏ဝါသနာဘာဂီအတိုင်း ကဗျာဂီတ အရေးအသားတို့ကိုလည်း အကြောင်းအခွင့်ဆိုက်လာတိုင်း ရေးသားမြဲ ရေးသားခဲ့သည်။ စင်စစ် မြဝတီဝန်ကြီးသည် စစ်သားစာဆိုတဦးဖြစ်၏။ စစ်တိုက်ရာတွင် စစ်သားကောင်းပီဗို ရွပ်ရွပ်ချုံချုံ တိုက်ခိုက်ခဲ့သော်လည်း၊ စာဆိုအနေနှင့်မူကား နူးညံ့သိမ်မွေ့သော စိတ်ထား ရှိ၏။ ထို့ကြောင့် ထီးတွင်း နန်းတွင်း၌ ဦးစသည် 'စစ' ဟူ၍ အမြတ်တနိုး ခေါ်ဝေါ်ခြင်းကို ခံရလေသည်။ ၁၁၈၃ ခုနှစ်ဖွား ဘကြီးတော်၏သမီးတော်၊ နောင်အခါ မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းတော်မိဖုရား ဖြစ်လာသော စုဖုရားသည် ဦးစအား ငယ်စဉ်ကပင်လျှင် မိမိ၏ဆွေရင်းမျိုးချာသဖွယ် ခင်မင်ရင်းနှီးခဲ့ဟန် လက္ခဏာရှိသည်။ တနေ့သော အခါ စုဖုရားသည် ဦးစ၏ရင်ခွင်ပေါ် သို့တက်၍၊ 'စစရယ်၊ လေးငါးရက်ရှိပြီ၊ စစကိုမတွေ့ရ၊ ဘယ်ကိုသွားနေတုံး၊ စစကို လွမ်းလိုက်ထာ'ဟု ဆိုသည်နှင့်၊ ဦးစသည် 'သည်လိုသာလာရိတွန်းမှဖြင့်၊ ကျွန်းချည့်မယ်ဇေယာခွန်ချင် ကိုးပြည်ထောင်ရှင်၊ ရာမင်းဖျား နှစ်ပါးလွန်ကြည်လင်လှတယ် ဘုန်းပြင်ရှိဘူး။' ဟူသောသီချင်းကို ရေးသားစပ်ဆိုလေသည်။

မြဝတီဝန်ကြီးသည် အထက်၌ ဖော်ပြသကဲ့သို့ နိုင်ငံတော်၏ အရေးတို့ကို ပြောင်မြောက်အောင် ထမ်းရွက်ခဲ့သည်မှန်သော်လည်း၊ ကံဇာတာညှိုးခိုက်တွင် အရေးတော်ပုံတရပ်နှင့် ရင်ဆိုင်တွေ့ရချေသည်။ သက္ကရာဇ် ၁၁၉၇ ခုနှစ်တွင် ဘကြီးတော်ဘုရားသည် ကိုယ်တော်ကျန်းခဲ့တော်မမူသည်နှင့် မိဖုရားခေါင်ကြီး (နန်းမတော်မယ်နု) ၏မောင်တော် စလင်းမြို့စား မင်းသားကြီးမောင်အိုအား မှူးတော်မတ်တော်တို့နှင့် တိုင်ပင်၍ တိုင်းပြည့်ဝန်ကို ထမ်းရွက်ရန် လှဲအပ်တော်မူသည်။ ထိုအခါ စလင်းမြို့စားမင်းသားကြီးသည် ဘကြီးတော်ဘုရား၏ ညီတော် သာယာဝတီမင်းကို အယုံအကြည်မရှိ၊ နှလုံးစိတ်ဝမ်းမချ၊ အထူးအထေ့ ထင်မှတ်သောကြောင့်၊ ငစဉ့်ကူအုံမြို့သူကြီး မောင်ရေးသည် လူဆိုးလူသွမ်းတို့ကို ပူးပေါင်းလက်ခံ စည်းကြပ်ပြီးလျှင်၊ သာယာဝတီမင်းအိမ်မှာ ဝင်ထွက်ရှိနေသည်ဟု စွပ်စွဲလေသည်။ ထိုနောက် သာယာဝတီမင်းထံ မောင်ရေးအား ပေးအပ်ရမည်ဟု တောင်းဆိုသောအခါ၊ သာယာဝတီမင်းသည် မောင်ရေးမှာ အိမ်တော်တွင် မထမ်း မရွက် မရှိ မနေကြောင်းနှင့် နောင်တော်အား ဆရာတော်တို့မှ တဆင့် သိသာအောင် ပန်ကြားလေသည်။ သို့သော် စလင်းမင်းသားကြီး၏ ဩဇာသည် လွှမ်းမိုးလာသည်နှင့် သာယာဝတီမင်းသည် ရွှေဘိုသို့ထွက်သွားပြီးလျှင်၊ ပုန်ကန်ရန် စီစဉ်၏။ သို့သော် ဘကြီးတော်နှင့် သာယာဝတီမင်းတို့မှာ ညီရင်းအစ်ကို ဖြစ်



မြဝတီဦးစဒေတ် အတွင်းဝန်ကတော်၊ အတွင်းဝန်၊ စာရေးတော်ကြီး

ရုံမျှသာမက၊ ဘိုးတော်ဘုရား၏သြဝါဒကို အစဉ်နှလုံးပိုက်သူများဖြစ်ကြ၍၊ မှူးမတ်နှင့် ဆွေတော်မျိုးတော်အပေါင်းတို့က စေ့စပ်ခြင်းကို နှစ်ဦးနှစ်ဖက် လက်ခံစပြုလာလေသည်။ (ဘကြီးတော်။ သာယာဝတီမင်း — လည်းရှု။) ထိုအခါ စလင်းမြို့စား မင်းသားကြီးသည် သူ၏အသက်စည်းစိမ်ကို ငဲ့၍ ကိုယ်လုတ်ရုန်းရန်အလို့ငှာ၊ ဘကြီးတော်ဘုရား၏သားတော် ညောင်ရမ်းမင်းသားအား တိုင်းပြည်အပ်နှင်းမည်ဟု အမှုထမ်း လူခုနစ်ထောင်ကျော်တို့ကို သိမ်းသွင်းလေ၏။ ထိုအခါ ပင်းတလဲမြို့စားသည် ညောင်ရမ်းမင်းတပ်တွင် တပ်ဦးကလိုက်၍ အမှုကိုထမ်းလေသည်။

ဤအရေးတော်ပုံတွင် မြဝတီဝန်ကြီးဦးစမှာ ဘကြီးတော်ဘုရားက စလင်းမြို့စားမင်းသားကြီးကို တိုင်းပြည်အမှုထမ်းရွက်ရန် အာဏာလွှဲအပ်သည်တွင် အတိုင်ပင်ခံ မှူးကြီးမတ်ထုတဦး အဖြစ်ဖြင့် ပါဝင်ခဲ့ရဟန် လက္ခဏာရှိသည်။ ထိုကြောင့် သာယာဝတီမင်း ရွှေဘိုဌ်စံနေစဉ် မောင်းထောင်ဆရာတော် ရှင်ဥယျမမှ အမှူးရှိသော ဆရာတော်သုံးပါးနှင့်တကွ မလွန်မင်းသားတို့က စေ့စပ်သည်တွင် သာယာဝတီမင်းက စလင်းစား၊ ပင်းတလဲစား၊ မြဝတီဝန်ကြီးမဟာသီဟသူရ (ဦးစ)၊ ဆောမြို့စားအဲ့တွင်းဝန်စသော သူတို့ကို သူ့အားပေးအပ်ရန် တောင်းဆိုလေသည်။ ထိုအခါ စလင်းမြို့စားမင်းသားကြီးနှင့် ပင်းတလဲမြို့စားတို့က တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို ထောက်ထား၍၊ အပြစ်ပြုသော်ခံပါမည်၊ ခွင့်လွှတ်သော် ချမ်းသာပါမည်၊ ညီတော်မင်းတရားထံ လိုက်သွားပါမည်ဟု လျှောက်ထားသဖြင့်၊ သာယာဝတီမင်းတောင်းဆိုသောလူစုကို ပေးအပ်လိုက်လေသည်။

ထိုကြောင့် ၁၁၉၉ ခု နှစ်တွင် ရွှေဘိုမင်းဟူ၍၎င်း၊ ကုန်းဘောင်မင်းဟူ၍၎င်း အမည်တွင်သော သာယာဝတီမင်း (၁၁၉၉-၁၂၀၈) သည် ဘကြီးတော်ဘုရားကိုနှန်းချ၍ နှန်းတက်သောအခါ ဦးစတို့လူစုကို ၁၁၉၉ ခု ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် ထောင်သွင်းအကျဉ်းထားလေသည်။ သာယာဝတီမင်း၏ အမိန့်တော်စကားအရ မြဝတီဝန်ကြီး၏ မှုပြစ်မှာ 'ဝန်ကြီးငစ (အစရှိသူတို့) သည် ခမည်းတော်ဘုရား၊ နောင်တော်မင်းတရား ငယ်ကျေးငယ်ကျွန် ဖြစ်သည်နှင့်အညီ၊ စားကျေးမြို့ရွာ ရာကြီးထူးကြီးနှင့် နောင်တော်မင်းတရား သူကောင်းပြုကို ခံပြီးလျှင် နောင်တော်မင်းတရား ကျန်းခံသာယာတော်မမူလျှင်ပင် စလင်းစားနှင့် တရောတရှက်ထည်း ပေါင်းသင်းပြီးလျှင် ပြည်အလုံးကို မငြိမ်မဝပ်အောင် စီရင်သူဖြစ်ကြသည်။' ဟူလေသည်။ ပြင်စည်မင်းသား၏ အမှတ်အသားအရသော်ကား သာယာဝတီမင်း ရွှေဘိုသို့ထွက်စဉ်အခါ တွေ့မိရာအရပ်က ဖမ်းဆီးပို့အပ်ရန် လုတ်တော်ကထုတ်သည့် ဆင့်စာတွင် ရှေးထုံးစံကိုမလိုက်နာဘဲ သာယာဝတီမင်း၏ ငယ်မည်တော်ကို ထည့်သွင်းသည့်ပြင် (c) တပ်၍လည်း လွှန်ကျူးအောင် ဦးစက ရေးသားသဖြင့် သာယာဝတီမင်းက အမျက်တော်ရှိလေသည်ဟုဆို

သည်။ ဗဒုံနေး၏ အစီရင်ခံစာအရ သိရသောအချက်တို့မှာ၊ သာယာဝတီမင်းသည် အင်းဝမှ ကျောက်မြောင်းမြို့သို့ ပြောင်းရွှေ့ စံနေတော်မူရန်၊ စင်ကိုင်းမြို့မှတဆင့် ထွက်ခွါတော်မူစဉ်၊ မြဝတီဝန်ကြီးဦးစသည် စလင်းမြို့စား မင်းသားကြီးနှင့်အတူ အကျဉ်းသား ဘဝဖြင့် သာမန်လှေကို စီး၍ လိုက်ပါရသည်။ ခရစ် ၁၇၃၇ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် စလင်းမြို့စားနှင့် မြဝတီဝန်ကြီးတို့ပါဝင်သော အကျဉ်းသားတစုသည် ဆေးဖြူသုတ်ထားသော ယောက်မများကို ကိုယ်စီကိုင်၍ စစ်ကိုင်းမြို့တွင်းတွင် လှည့်လည်ပြသသည်ကို ခံကြရသည်။ အဓိပ္ပါယ်မှာ ထိုသူတို့သည် နိုင်ငံတော်၏ငြိမ်းချမ်းမှုကို ပျက်ပြားအောင် ယောက်မကဲ့သို့မွေ့သောသူများဖြစ်ကြသည် ဟူသော သဘောပင် ဖြစ်သည်။ ထိုနောက် ကျောက်မြောင်းသို့ ရောက်သောအခါ သာယာဝတီမင်းအား 'ကုန်းဘောင်ပရမေဇေယျာဘိ' ချီ ဘုန်းတော်ဖွဲ့ပတ် ပျိုးကိုစိုက်ဆက်သသောကြောင့် ဦးစသည် အကျဉ်းမှလွတ်ရုံမျှမကသေး၊ မဟာသီရိဇေယသူရ ဟူသော ဘွဲ့ကို ရ၍၊ မြင်းတင်အခွန်ကိုလည်း သနားတော်မြတ်ခံရသည်ဟု အိမ်ရှေအတွင်းဝန် ဦးသင်း၏ မှတ်တမ်းတွင် ဆိုသည်။

ထိုသို့လွတ်ရသော်လည်း ခရီးတာမျှသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တလခန့် အကြာတွင် ပြန်လည် အဖမ်းခံရ၍ ထောင်သွင်း အကျဉ်းခံရပြန်သောကြောင့်ဖြစ်သည်။ သာယာဝတီမင်းသည် ကျောက်မြောင်း၌ ခြောက်လမျှသာစံပြီးလျှင် အမရပူရမြို့သို့ ပြန်လည်စံနေပြန်သည်။

သို့ဖြင့် အကျဉ်းသမားအဖြစ်နေလာရာ ၁၂၀၁ ခုနှစ်တွင် သာသနာပြု သဲအင်းဆရာတော်ကြီး ဘဝပြောင်းသည်နှင့် ကြုံလေသည်။ ယင်းသက္ကရာဇ် တန်ဆောင်မုန်း လဆန်း ၁၃ ရက်နေ့တွင် သာယာဝတီမင်းသည် မင်းမိဖုရား အပေါင်း ခြံရံလျက် ဘဝပြောင်းတော်မူသော ဆရာတော်ဘုရားကို မလွှဲကာတန်ဆာလှူရန် ထွက်တော်မူသည်။ ထိုအခါ မင်းလမ်းမကို ဦးစ အပါအဝင် အကျဉ်းသားများ သည် ပြင်ဆင်ကြရသည်။

ဝန်ကြီးဟောင်းဦးစသည် သံခြေကျဉ်းအဆင့်ဆင့်နှင့် ၇၃ နှစ်မျှသောမိမိ၏အသက်ကိုပင် မငဲ့နိုင်ရှာဘဲ လမ်းပြင်နေရသည်ကို သမီးတော်စုဖုရားကြီး မြင်လေသော် ရွှေပြာသာဒ်ရထားကို ရပ်တန့်စေလျက်၊ ဝန်ကြီးဟောင်းစစကို ခေါ်လိုက်ရမည်ဟု အမိန့်တော် ရှိသောကြောင့် နောက်တော်လိုက်တို့က ဆင့်ခေါ်ရလေသည်။ ဦးစလည်း ရထားတော်အနီးသို့ ချဉ်းကပ်လာပြီးလျှင် ပုဆစ်ဒူးတုပ်ဝပ်လျက် ရှိခိုးကာနေလေသည်။

ဤအခါ အရှင်စုဖုရားကြီးက ထောင်ခွံခံနေရသော ဆင်းရဲခြင်းအကြောင်းများကို မေးမြန်းတော်မူလေလျှင် ဝန်ကြီးဟောင်းဦးစက ထုတ်တော်ပန်းကိုပန်ဆင်၍ ထောင်တွင် ၂၃ နှစ်ကျော်ကြာရှိခဲ့ရာ နေ့ညဉ့်နာရီမလပ် ထိတ်လန့်တကြားအသက်ဆံဖျား နေရကြောင်းများကို သနားတော်မူလောက်အောင် ရွှေနားတော်သင့် တင်ရာတွင် အရှင်စုဖုရားကြီးက အနောက်စမုတ် တန်ဆောင်တိုင်ပဲ့တော်သို့ ခမည်းတော်ထွက်တော်မူလိမ့်မည်။ ထိုအခါ သီဆိုရန် ဘုန်းတော်ဖွဲ့ ရေးပေးရမည်အကြောင်း အမိန့်တော်ရှိလေသည်။ ဦးစလည်း ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဝေရှင်းချို သီချင်းကိုရေး၍ စုဖုရားကြီးအမိန့်တော်အတိုင်း ရွတ်သေးမင်းသားဆွဲ မောင်ရွှေသာသို့ ပေးအပ်လေသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့ အနောက်စမုတ် ရွတ်သေးပွဲသို့ သာယာဝတီမင်း ထွက်တော်မူသည်။ ဤအခါ ရွတ်သေး မင်းသားမင်းသမီးထွက်ပြီးလျှင် ကုန်းဘောင်နေမင်း အစချီသော ပတ်ပျိုး၊ သံထောက်၊ လော်ကန့်တ်သံများကို မောင်ရွှေသာကဆို၍ သီချင်းအချဉ်၊ မည်သူ့ရေးသနည်းဟု မေးတော်မူရာ၊ ထောင်တွင် ထုဇဉ်တ်ဒဏ်ခံနေရသော ဝန်ကြီးဟောင်းဇစငယ် ရေးကြောင်းမှစ၍ ပညာရှိတဦးဖြစ်ခြင်းကြောင့် ချမ်းသာပေးသင့်သည့် သဘောနိမိတ်များကို သမီးတော်စုဖုရားကြီးက ရွှေနားတော်သင့် တင်ရာတွင် ခွင့်ပေးတော်မူ၍ ဦးစကို ညဉ့်တင်းချင်းပင် ထောင်ကလတ်တော်မူသည်ဟု ပြင်စည်မင်းသားအမှတ်အသားတွင် ဆိုလေသည်။ ဗြိတိသျှကိုယ်စားလှယ် မက္ကလောက်၏မှတ်တမ်းအရဆိုလျှင် ဦးစကို ခရစ် ၁၇၃၉ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အကျဉ်းမှလွတ်လိုက်သည်ဟုဆိုသည်။

၁၂၀၂ ခုနှစ်သို့ ရောက်သောအခါ လယ်ထွန်မင်္ဂလာအခါတော်အတွက် သီချင်းရေးသားဆက်သွင်းရမည်ဟု သာယာဝတီမင်းက အမိန့်တော်ရှိသဖြင့် ဆဒ္ဒန်ပိုဒ်ဘုန်းမြင့်နရိန္ဒာချီသီချင်းကို ရေးသားကြောင်း ဦးစ ကိုယ်တိုင် မှတ်တမ်းတင်ခဲ့ပေသည်။

နောက်ပုဂံမင်း (၁၂၀၈–၁၂၁၄) လက်ထက်တွင် မြင်းမူရွာကို သနားတော်မြတ်ခံရသည်ဟု အိမ်ရှေအတွင်းဝန် ဦးသင်း၏မှတ်တမ်းကဆိုသည်။

ထိုစဉ်အခါက မင်းတုန်းမင်းသားသည် ဦးစကို ယုံမှတ်ခင်မင်ပုံရသည်။ သက္ကရာဇ် ၁၂၁၀ ပြည့်နှစ်တွင် မင်းတုန်းမင်းသားက ဦးစအား အသက် ၂၅ နှစ်မှသည် မြင်းမူရွာစား မဟာသီရိဇေယသူရ အသက် ၈၃ နှစ်တိုင် ရေးသားပြုစုခဲ့သည့် သီချင်းအမျိုးမျိုးကို စုဆောင်းရမည်ဟု အမိန့်တော်ရှိသဖြင့် မြဝတီဝန်ကြီးစုဆောင်းခဲ့သောစာစုမှာ ယနေ့တိုင်အောင် မန္တလေးမြို့ အငြိမ်းစား သစ်တော အရေးပိုင်မင်းဦးမောင်မောင်ကျော်ထံတွင် ရှိပေသည်။

၁၂၁၄ ခုနှစ်တွင် မင်းတုန်းမင်း (၁၂၁၄–၁၂၄၀) မင်းအဖြစ်ကိုယူတော်မူပြီးလျှင် ရွှေဘိုမြို့၌စံနေတော်မူစဉ် ဦးစသည် ရွှေတော်သို့ဝင်ထွက်ခစားရသည်။ တနေ့သောအခါ

မင်းတုန်းမင်းသည် မဟာနန္ဒာကန်တော်အတွင်း မဟာမေ ဃဝန်ဥယျာဉ်တော် စံနန်းတော်၌ စံနေတော်မူစဉ် ကုန်း ဘောင်ပရမေချီ ကုန်းဘောင်ဖွဲ့ပတ်ပျိုးကို ရေးသား၍ ဦးစ ဆက်သောအခါ၊ စစ အမှုတော်ကိုထမ်းနိုင်ပါဦးမည်လား၊ ဟု အမိန့်တော်ရှိကြောင်း၊ ဦးစကလည်း အမှုတော်ကိုထမ်းနိုင် သေးကြောင်း တင်လျှောက်ပုံများကို ပြင်စည်မင်းသား ကြီးကိုယ်တိုင် မြင်ကြား ခဲ့ရသည်ဟု မှတ်တမ်း တင်ခဲ့လေ သည်။ ဤတွင် ကုန်းဘောင်ပရမေချီ ဘုန်းတော်ဖွဲ့ကို သာ ယာဝတီမင်းအား ဆက်၍ အကျဉ်းမှ ပဌမအကြိမ် လွှတ်ရ သည်ဟုဆိုသော အတွင်းဝန်မင်း ဦးသင်၏မှတ်တမ်းကို ဆင် ခြင်ရန်ရှိပေသည်။ ပြင်စည်မင်းသားကြီး၏အဆိုသာလျှင် ခိုင်ခဲ့သည် မှတ်ယူဖွယ်ရှိပေသည်။ ထိုအခါ မြဝတီဝန်ကြီး ဦးစသည် အသက် ၈၆ နှစ်ရှိလေပြီ။ ထိုအသက်အရွယ်၌ပင် ဦးစသည် ကံကုန်လေသည်။ မိုင်းခိုင်းမှတ်စုအရ မြဝတီဝန် ကြီးဦးစသည် ၁၂၁၄ ခုနှစ်တွင် ရတနာသိဃ်ရွှေဘိုမြို့ သူဇာ တံခါးတွင်းတွင် ကံကုန်ရာ၊ တော်နေ ထုနေတို့နည်း သင်္ကြိဟ် ရသည်ဟုဆိုလေသည်။ ကုန်းဘောင်ဆက် မဟာထုဇဝင်၌ ကစား ယင်းသင်္ကြိဟ်သည့်ကာလကို ၁၂၁၅ ခုသိတင်းကျတ်လ ဟုပြဆိုသည်။

မြဝတီဝန်ကြီးဦးစသည် ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား၊ ဖွဲ့၊ သီချင်းခံစသည်တို့ကို ကိုးကြောင်းရေးပေစာ ဆယ့်ငါးအင်္ဂါ ခန့် ရေးသားခဲ့သည်။ (မြန်မာဂီတ — ၅။) ရေးသားခဲ့ သောပတ်ပျိုးတို့မှာ ဟောင်းသည်ဟုမရှိဘဲ၊ ယနေ့တိုင် ထူး ခြားသစ်လွင်လျက် ရှိလေသည်။ ယင်းတို့အနက် ယခုခေတ် တိုင် အထူးခေတ်စားဆဲဖြစ်သော ပတ်ပျိုးတို့မှာ သာဆန်း ရက်ဇော၊ ဘုံပျံနေနန်း၊ မိုင်းမှန်ပြာဝေ၊ အထူးထူးငယ်နှင့်၊သာ တင့်ဆိုး၊ စိန်ချယ်ခြူးသန်း၊ စိန်မြလျှံချယ်၊ အစချီသော ပတ်ပျိုးများဖြစ်ကြသည်။ အထူးသဖြင့် ၁၂၀၁ ခုနှစ်တွင် ကုန်းဘောင်မင်းအား ဆက်သွင်းသော ကုန်းဘောင်နေ မင်းချီ ဘုန်းတော်ဖွဲ့ပတ်ပျိုးမှာ ကဇာတာနိမ့်၍ တိမ်မြုပ် နေသော ဦးစကို ပြန်၍ဖော်ပေးသော ပတ်ပျိုးဖြစ်ပေသည်။

မြဝတီဝန်ကြီး၏ ယိုးဒယားသီချင်းများသည် မြန်မာဂီတ လောကတွင် များစွာ အရေးပါလေသည်။ မြန်မာစာပေ ဃမိုင်းအလိုအရ မြဝတီဝန်ကြီး၏ ယိုးဒယားသီချင်းများကို ယိုးဒယားနဲ့သား၊ ချူချာ၊ ယိုးဒယားကြေးသွား ဟု ခွဲထား သည်။ ယိုးဒယားနဲ့သွားတွင် အိုသာတင့်ဆုံးလေ ချီ အိ နောင်ဇာတ်ထွက်ယိုးဒယားမှာ အလွန်ထင်ရှားသည်။ ယိုး ဒယားချူချာ သီချင်းကို မြန်မာစကားဖြင့် လိုက်၍ရေး သော လွှမ်းပိုအောင် ညိုမင်းလွင် ချီ သီချင်းမှာ ယနေ့တိုင် ဂီတအနုပညာသမားတို့၏ အင်္ကြိုက်ဖြစ်နေသည်။

ကြိုးသီချင်းများဆိုင်ရာ၌၊ မြဝတီဝန်ကြီးသည် ဘုံဆောင် မြင့်ချီဖောင်လားကြိုး၊ ဇေယျာမြို့ချီဖောင်ငင်ကြိုး၊ စိမ်းလဲ့လဲ့ ညိုပြာချီ ဖောင်ဆိုက်ကြိုး ဆိုသော ကြိုးသုံးပုဒ်နှင့် သာနိုး ပျော်ဖွယ်ကြိုးငါးပုဒ်ကို သူ့ထက်ရှေးကျသော စာဆိုတော် ကြီးများ၏ တေးသွားများ အလိုက် ဖွဲ့နွဲ့ စီကုံးခဲ့လေသည်။

ဖွဲ့သီချင်းများ၌ ဂန္ဓမာတောင်ချီ မဋ္ဌာသကနတ်ပန်းဖွဲ့နှင့် ဥကင်ဘုံမြင့်သီဟာဘွေချီ ပလွင်ရှစ်ခန်းဖွဲ့တို့သည် လွန်စွာ ကျော်စော၏။

သီချင်းခံတို့၌ မြဝတီဝန်ကြီး၏ ထူးမခြားနားမှာ မင်္ဂလာ ပွဲလမ်းသဘင်တိုင်း၌ ယနေ့တိုင် ဆိုကြ တီးကြရသော ပတ် သီချင်းခံကြီး ဖြစ်သည်။ ထိုပတ်သီချင်းခံကြီးမှာ ဘကြီး တော်လက်ထက် အင်းဝမြို့တွင် စံနေတော်မူစဉ်၊ တနေ့သော ညဉ့် ညီလာခံ အချိန်တွင် စွယ်တော်ဘုရားမှ ရောင်ခြည် တော်လွှတ်ရာ၊ ယင်း အဖြစ်အပျက် အကြောင်းအရာကို အမတ်ကြီး မဟာဓမ္မသကြ ဘွဲ့ခံ မောင်းထောင်ဆရာကြီးဦး မြတ်နေနှင့်တိုင်ပင်၍ ရေးသားဆက်သွင်းစေ ဟူသောအမိန့် အရ နံနက်ညီလာခံတွင် မြဝတီဝန်ကြီး ရေးသားဆက်သွင်း သည်ဟု အမှတ်အသားရှိလေသည်။

ထိုပြင် သာယာဝတီမင်းလက်ထက်ရေး ထောင်ရောင်နေ ကသာ ရွှေဘုန်းဝင်း ချီ ဘုန်းတော်ဖွဲ့ သန်ကောင်သီချင်းခံ သည်လည်း ယခုတိုင် ခေတ်စားလျက်ရှိလေသည်။ အခြား ဘုန်းတော်ဖွဲ့ သီချင်းခံတို့မှာ စုံသာမြိုင်လယ်၊ ဇေယျာရွှေ မြေ စသည်တို့ ဖြစ်ကြသည်။ ဇေယျာရွှေမြေမှာ စောင်း တီးရန်အတွက် ရည်စူး၍၊ ဘကြီးတော်ဘုရား အမိန့်တော် ဖြင့် ၁၁၈၁ ခုနှစ်တွင် ရေးသားသော သီချင်းဖြစ်သည်။

ခရစ် ၁၈၃၀ ပြည့်နှစ် (၁၁၉၂ ခုနှစ်) သြဂုတ်လ ၇ ရက် နေ့ညတွင် အင်္ဂလိပ်ကိုယ်စားလှယ် မေဂျာဗားနေးသည် ရွှေ နန်းတော်ကြီးသို့ဝင်၍ ဘကြီးတော်ဘုရား၏ရွှေတော်၌ ရာမ ဇာတ်တော်ကြီးကို ကြည့်သည်။ ထိုအခါ ဦးစ ရေးသော ဘုန်းတော်ဖွဲ့တပုဒ်ကိုကြားရသည်။ ဦးစသည် ဗရင်ဂျီဓမ္မ သီချင်းသံတခုခုကိုအတုယူ၍ ဤဘုန်းတော်ဖွဲ့ကို ရေးသားပုံ ရကြောင်းဖြင့် ဗားနေးက မှန်းဆမှတ်တမ်းတင်ခဲ့လေသည်။

ထိုပြင် မွန်သံသီချင်းများအနက် ၁၂၀၃ ခုနှစ် သာယာ ဝတီမင်းသည် ရွှေတိုက်စေတီတော်အနောက်ဖက်တွင် ယာ ယီတဲနန်း ဆောက်လုပ်စံနေတော်မူစဉ်၊ အမရပူရနေပြည် တော်သို့ လွှမ်းဆွတ်သတိရကြောင်းဖြင့် မြဝတီဝန်ကြီးဦးစ အားရေးသားစပ်ဆိုစေသည့် စိန်ခြယ်သီးလင်း အစချီ ဥက္က လာပပြန်မွန်သီချင်းသည် ထင်ရှားသည်။

ထိုမှတပါးလည်း မြင်းခင်းသဘင်၊ ဂူလီသဘင် ရင်တော် မူသည့် အခါများတွင် ဆက်သွင်းရသော တျာချင်းများ၊ လယ်ထွန်မင်္ဂလာသီချင်းများ၊ နှတ်ယိုင်သံများ စသည်ဖြင့် သီချင်းအမျိုးအမည်ပေါင်း များစွာတို့ကို မြဝတီဝန်ကြီး ရေး သားသိကုံးခဲ့လေသည်။

မြဝတီဝန်ကြီးသည် ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်မှ



မြဝတီဦးစခေတ် ဝန်ထောက်နှင့်ဝန်ထောက်ကတော်


သည် မင်းတုန်းမင်းတရားကြီး လက်ထက်တိုင် မင်းရှစ်ဆက်ကိုမှီလိုက်သော အသက်ကိုးဆယ်နီးပါးနေရသည့် စစ်သားစာဆိုပုဂ္ဂိုလ်ကျော် ဖြစ်သည်။ အထူးသဖြင့် ဘိုးတော်ဘုရားနှင့် ဘကြီးတော်ဘုရားတို့လက်ထက်တွင် ခေတ်၏သဘောမှာ ပညာအရပ်ရပ်တို့ကို စူးစမ်းရှာဖွေလိုသော သဘောဖြစ်သည်။ ယင်းသို့ စူးစမ်းရှာဖွေရာ၌ တိမ်မြုပ်နေသော ရှေးဟောင်းပညာရပ်များအပြင် နိုင်ငံခြားသားတို့နှင့်ကူးလူးဆက်ဆံရာမှ တွေ့ရှိရသော အသစ်အသစ်သော ခေတ်မှီပညာရပ်များကိုပါ စူးစမ်းရှာဖွေကြသည်ဖြစ်၏။

သာဓကအားဖြင့် ပြရသော်၊ ဘိုးတော်ဘုရား နန်းတက်၍ မကြာမြင့်မီပင် ၁၁၄၅ ခုနှစ်တွင် မြန်မာဘုရင်တို့၏ မင်းခမ်းမင်းနားနှင့်တကွ ရှေးဟောင်းယဉ်ကျေးမှုတို့ကိုပြဆိုရာဖြစ်သော ရွှေဘုံနိဒါန်းကို အထက်က ပြဆိုခဲ့သည့်အတိုင်း၊ အိမ်ရှေ့အတွင်းဝန်က ပြုစုခဲ့သည်။ မြဝတီဝန်ကြီး ဦးစ ကိုယ်တိုင်ပင်လျှင် ၃၇ မင်း နတ်ချင်းများကို စုံစမ်းရှာဖွေ မှတ်တမ်းတင်၍ ယိုးဒယားဇာတ်ချင်းများကိုလည်း ပြုစုရသည်။

၉၂၅ ခုနှစ်ကပင်လျှင် ဘုရင့်နောင်သည် အနုပညာသည်များကိုယိုးဒယားမှခေါ်ဆောင်လာ၍၊ မြန်မာ့ဌာနီတွင် ယိုးဒယား အဆို အတီး အက အနုပညာတို့ ပြန့်ပွားအောင် ဆောင်ရွက်ရင်းရှိခဲ့သည်။ ၁၁၂၈ ခုနှစ်လောက်တွင် ဆင်ဖြူရှင်မင်းသည် ယိုးဒယားမှ အနုပညာသည်အမျိုးမျိုးတို့ကို ယူဆောင်လာခဲ့ပြန်ရာ၊ ရှေးအစဉ်ကိုလိုက်၍ ယိုးဒယားယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုအသွင်သို့ ကူးပြောင်းခဲ့ပြန်သည်။

အရှေ့ဖက် ယိုးဒယားမှ ပညာရပ်တို့သာမက၊ အနောက်ဖက် တိုင်းပြည်များမှ ပညာရပ်တို့သည်လည်း မြန်မာနိုင်ငံသို့ရောက်ရှိလာလေရာ၊ အသစ်အသစ်သော ပညာရပ်တို့ကို မြန်မာတို့သည် စူးစမ်းလေ့လာကြကုန်သည်။ ဥဒါဟရုဏ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံသို့ အမေရိကန်လူမျိုး ဆရာယုဒသန်၊ အင်္ဂလိပ်လူမျိုး ကပ္ပတန်လျင် (ကက်ပတိန်လိန်း) တို့ရောက်လာခဲ့သည်။ (ယုဒသန် — ရှ။) ပညာအရာ၌ ဝါသနာထုံသော မက္ခရာမင်းသားကြီးသည် ဆရာယုဒသန်၊ ကပ္ပတန်လျင် တို့အပြင် အခြားသော အနောက်တိုင်းသားတို့ထံမှ တဆင့်ရအပ်သော သိုးဆောင်းအဘိဓာန်ကျမ်း၊စွယ်စုံကျမ်း စသည်တို့ကို မြန်မာပြန်ဆိုပြုစုသည်။ မက္ခရာမင်းသားနှင့် ကပ္ပတန်လျင်တို့ ပြုစုသည့် အင်္ဂလိပ်မြန်မာအဘိဓာန်မှာ အစောဆုံး ဖြစ်၍ ယနေ့တိုင် ရှိပေသေးသည်။ (မက္ခရာမင်းသားကြီး။ စွယ်စုံကျမ်း — ရှ။) တခေတ်တည်းတွင် ပဌမ မောင်းထောင် ဆရာတော် အစရှိသော ပညာရှင်တို့သည်လည်း အိန္ဒိယတိုင်းမှလာသော သက္ကဋဘာသာဖြင့်ရေးထားသည့် သဒ္ဒါ၊ ဗေဒင်၊ တက်ကျမ်း၊ အလင်္ကာ၊ ဆန်း၊ အဘိဓာန်၊ ဣတိဟာသ၊ နီ တီ၊ ဓမ္မသတ်၊ ဆေးကျမ်းနှစ်ရာကျော်တို့ကို လေ့လာဆည်းပူးကြ၍ အချို့ကို မြန်မာသို့ပြန်ဆိုကြသည်။ စစ်မက်ရေးရာ ကင်းရှင်း၍ အဆိုပါ အိန္ဒိယပညာနှင့် သိုးဆောင်းပညာတို့ကို ပညာရှိတို့ အလိုအတိုင်း မြန်မာတို့ ဆက်လက် ရှာဖွေ လေ့လာ ပြန်ဆို သင်ကြား ပို့ချ နိုင်ခဲ့ပါမူ၊ မြန်မာတို့၏ ပညာအဆင့်အတန်းမှာ များစွာမြင့်မားလျက် ရှိနေပေရာသည်။

ထိုထိုသော ထင်ရှားသည့် မြန်မာပညာရှင်တို့သည် များသောအားဖြင့် မြဝတီဝန်ကြီးဦးစနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များဖြစ်ကြပေသည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူ၊ ရကန်ဦးတိုး၊ ကျည်းကန်ရှင်ကြီး နန္ဒဓဇ၊ တောပုသျင်ဥက္ကံသမာလာ၊ မုံရွေးဆရာတော်၊ မင်းဘူးဦးသြဘာသ၊ ဒုတိယနဝဒေးစသော ပုဂ္ဂိုလ်ကျော်တို့မှာ မြဝတီဝန်ကြီးဦးစနှင့် တခေတ်တည်းတွင် ပေါ်ပေါက်ကြသူများ ဖြစ်ကြသည်။ စင်စစ် မုံရွေးဆရာတော်နှင့် မြဝတီဝန်ကြီးဦးစတို့သည် သက်တူရွယ်တူများ ဖြစ်ကြပေသည်။ (ထွန်းညို၊ ဦး။ တိုး၊ ဦး၊



ဘိုးတော်ဘုရားလက်ထက် (၁၁၄၃ – ၁၁၈၁) အမရပူရနန်းတော် ညီလာခံသဘင်

ရွှေတိုက်စိုး။ ကျည်းကန်ရှင်ကြီး။ မုံရွေးဆရာတော်။ သြဘာသ၊ ဦး၊ မင်းဘူးဆရာတော်။ နဝဒေး၊ ဝက်မစုတ် မြို့စား — ရှ။) ဤသို့ ခေတ်ဟောင်းခေတ်သစ်၊ ပြည်တွင်းပြည်ပ၊ လောကီလောကုတ္တရာ ပညာဗဟုသုတ အရပ်ရပ်တို့နှင့်တကွ မြန်မာစာပေ မြန်မာမှုတို့ ထွန်းကားသော ခေတ်ကြီးအတွင်း မြဝတီဝန်ကြီးဦးစ၏ အမည်မှာ အတီး အမှုတ်၊ အပွဲအဆို၊ အကအခုန်၊ ကဗျာလင်္ကာနှင့်စပ်၍ ထူးချွန်စွာ ပေါ်လွင်ထင်ရှားလေသတည်း။

စကား။ ။လူတဦး၏အတွေးအခေါ်ကို အခြားတဦးက သိရှိနားလည်စေရန် အလို့ငှာ စကားသည် အရေးပါအရာရောက်သော 'ဆက်သွယ်ရေး' ပစ္စည်းတရပ် ဖြစ်သည်။ လူတဦးက အခြားလူတဦးအား မိမိစိတ်၌ဖြစ်ပေါ်သော အကြောင်းကိစ္စကို ဖွင့်ဟထုတ်ဖော်လိုလျှင်၊ စကားဖြင့် ထုတ်ဖော်ပြောကြားနိုင်သည်။ နားထောင်ရသောသူက လည်း ပြောဆိုသူ၏ စကားကို ကြားရလျှင်၊ ဆိုလိုသည့် အဓိပ္ပါယ်ကို နားလည်သည်။ မိမိက ပြန်လည်ပြောဆိုလို သည့်ကိစ္စရှိကလည်း၊ စကားဖြင့်ပင် ပြန်လည်ပြောကြားနိုင် သည်။ စကားကို ကျွန်ုပ်တို့ နေ့တိုင်းပြောဆိုနေကြခြင်း သော်လည်း၊ အမှုမဲ့ အမှတ်မဲ့ကြောင့်သာ စကား၏ စွမ်းရှိ ထက်မြက်လှသော 'ဆက်သွယ်ရေး' တန်ခိုးအာနိသင်ကို ဂရုမပြုမိကြခြင်းဖြစ်၏။ တကယ်စေ့စေ့စပ်စပ် သုံးသပ်လျှင် မူကား၊ စကားသည် လူ့ဘောင်အဖွဲ့အစည်းတွင် မည်မျှ ကျေးဇူးပြုလျက်ရှိသည်ကို သိမြင်လာနိုင်ကြပေသည်။ အ ကယ်၍ လူ့လောကတွင် စကားဟူ၍မရှိပါက၊ လူတို့၏ ပေါင်းသင်းဆက်ဆံရေးသည်ထင်း၊ ယဉ်ကျေးမှုသည်ထင်း၊ မည်မျှဆုတ်ယုတ်နိမ့်ကျသွားမည်ကို တွေးဆချင့်ချိန်နိုင်ပေသည်။

ဆက်သွယ်ရေးဆိုရာ၌ စကားမှ အပ ဖြစ်သော ဆက်သွယ်ရေးတို့လည်း ရှိပေသေးသည်။ မိမိဆိုလိုသောအကြောင်းအရာကို လက်ဟန်၊ ခြေဟန်၊ အမူအရာ အားဖြင့်လည်း ဖော်ပြနိုင်သည်။ ပန်းချီကား၊ အရုပ်ကားဖြင့်လည်း ဖော်ပြနိုင်သည်။ အချက်ပြ၍လည်းဖော်ပြနိုင်သည်။ သို့ဖြစ်လင့်ကစား၊ အထက်ပါဆက်သွယ်ရေးကိစ္စတို့သည် လူအချင်းချင်း နှုတ်ဖြင့် စကား ပြောဆိုဆက်သွယ်ခြင်းလောက် ထိရောက်လှသည်မဟုတ်ချေ။

စကားဆိုသည်ကားအဘယ်နည်း

စကားဆိုသည်မှာ လူတဦးနှင့်တဦး ဆက်သွယ်ရာတွင် အဓိပ္ပါယ်ပေါ်အောင် နှုတ်မှပေါင်းစပ်ဖွဲ့စည်းကာ ထုတ်ပေါ်လာသော အစီအစဉ် စည်းစံနစ်ရှိသည့် အသံ 'သင်္ကေတ' များပင်ဖြစ်သည်ဟု ဆိုဖွယ်ရာရှိသည်။ လွယ်သောဥပမာကို ဆောင်ရသော် 'ထမင်းစားကြစို့ဟေ့' ဟူသောဝါကျပြည့် စကားတွင် (၁) ထမင်း–စား–ကြ–စို့–ဟေ့ စသောစကား လုံးတို့သည် သင်္ကေတနှုတ်သံများဖြစ်ကြ၏။ (၂) ယင်း စကားသံတို့သည် စံနစ်တကျအစီအစဉ်ဖြင့် ပေါင်းစပ်ဖွဲ့စည်း၍ထုတ်လာသည်။ အကယ်၍ 'ထမင်း–ဟေ့–ကြ–စို့–စား' ဟု အစီအစဉ်ကင်းမဲ့သော အသံတို့ကို ရွတ်ဆိုခဲ့ပါလျှင် ထို အသံစဉ်တို့သည် အဓိပ္ပါယ်ကင်းမဲ့ပေလိမ့်မည်။ ထို့ကြောင့် စည်းစံနစ်တကျနှင့် အဓိပ္ပါယ်ပေါ်အောင် အသံစဉ်၍ ထုတ်လာရသောနှုတ်သံ (၀၊) စကားသံများဖြစ်ရပေသည်။

လူ၏နှုတ်မှ ထွက်သော အသံတိုင်းသည်လည်း စကားမဟုတ်ပေ။ ဥပမာ၊ လေချဉ်တက်သောအသံ၊ ချောင်းဆိုးသံ၊ နှာချေသံ၊ ညည်းတွားသံ စသော အသံတို့သည် နှုတ်ထွက်အသံများ ဖြစ်ကြသော်လည်း လူတဦးနှင့်တဦး ဆက်သွယ်ပြောကြားရာ၌ အသုံးပြုသော 'စကားသံ' များ မဟုတ်ကြချေ။

ထို့သို့ 'စကားသံ' မဟုတ်သည့် သာမန်နှုတ်သံများမှာမူ

တိရစ္ဆာန်ဇလာကဋ္ဌပင် ရှိပေသည်။ ဥပမာဆိုလျှင်၊ ခွေးဟောင်သံ၊ ကျားဟိန်းသံ၊ ကြောင်အော်သံ၊ ကြက်တွန်သံ၊ မြင်းဟီသံ အစရှိသည်တို့ဖြစ်ကြ၏။

စကားကို ကျွန်ုပ်တို့ နေ့စဉ်နေ့တိုင်းပြောနေကျဖြစ်၍ အမှုမဲ့အမှတ်မဲ့ဖြင့် လွယ်လွယ်ကူကူ ပြောဆိုလိုက်ကြသော်လည်း၊ စကားလုံးများ မည်သို့မည်ပုံထွက်လာရသည်၊ လူတဦးနှင့် တဦး စကားဖြင့် ဆက်သွယ်ရာ၌ စကားမပြောမီအချိန်နှင့် စကားပြော၍ဆုံးသည့်အချိန် အကြားတွင် လူ၏စိတ်နှလုံး၌ မည်သို့မည်ပုံ လှုပ်ရှား ထိခိုက်ခြင်း ဖြစ်ပေါ်ရသည်တို့ကိုမူ တစေ့တစပ် လေ့လာစူးစမ်းကြည့်မှသာလျှင် အံ့သြဖွယ်ရာ အချက်အလက်များကို သိရှိကြရသည် ဖြစ်ပေသည်။

လူတဦးသည် မိမိပြောဆိုလိုသည့်အကြောင်းတခုကို နှုတ်ဖြင့် ဖွင့်ဟပြောဆိုရန် ကြံဆလိုက်သည်နှင့်တပြိုင်နက်၊ နဗ္ဗကြော (၀၀) အာရုံကြောများ နိုးကြွလာ၍ ပါးစပ်မှ စကားသံ ထွက်လာသည့်တိုင်အောင် ထိုနဗ္ဗကြောများက သက်ဆိုင်ရာ ကြွက်သားများကို လှုပ်ရှားစေသည်ဟု ဆိုသည်။ (နဗ္ဗကြောများ — လည်း ရှု။) နဗ္ဗကြောများကြောင့် လှုပ်ရှားလာသော ကြွက်သားတို့မှာ လူ၏ခါးလယ်မှနားရွက်အထိဖြစ်သော ကိုယ်ခန္ဓာဒေသ အပိုင်းအခြား အတွင်းရှိ ကြွက်သားများဖြစ်သည်ဟု ဆိုသည်။ ဤနည်းဖြင့်စကားကို ပြောဆိုလိုက်ရာ၌ အသံလှိုင်းများသည် ပတ်ဝန်းကျင်သို့ ပျံ့နှံ့ကာ နားထောင်သူ၏ နားစည်သို့ ရောက်လေသည်။ ထိုမှတဆင့် အသံလှိုင်းများသည် နားထောင်သူ၏အတွင်း နားသို့ ရောက်ပြီးလျှင်၊ ထိုမှတဆင့် နဗ္ဗကြောများသို့ ရောက်ရှိသွားလေသည်။ ထိုအခါ သက်ဆိုင်ရာဦးနှောက်အင်္ဂါစုသည် စကားပြောသူ၏ ဆိုလိုသောအဓိပ္ပါယ်ကို အာရုံခံယူသဖြင့် သိမှုသည် ဖြစ်ပေါ်လာ၏ဟု ဆိုကြသည်။

စကားကို လူ့ယဉ်ကျေးမှု အင်္ဂါရုပ်ကြီးတခု အနေဖြင့် အသိအမှတ်ပြု၍ ထားကြပေသည်။ အမှန်ဆိုလျှင် စကားကို မည်သူမဆို အမိဓမ်းမှကျွတ်ကတည်းက တတ်မြောက်လာကြသည်မဟုတ်ပေ။ ကလေးသူငယ်အရွယ်မှစ၍ တဆင့်တဆင့် သင်ကြား မှတ်သား၍သာ တတ်မြောက်လာကြခြင်း ဖြစ်သည်။ ထိုကြောင့်လည်း လူ့ဘောင်အဖွဲ့အစည်း၏ အလေ့အထဖြစ်သော စကားပြောမှုကို လူတိုင်းတတ်ကျွမ်းရသည့် အခြင်းအရာမှာ လူ့ယဉ်ကျေးမှုအင်္ဂါရုပ်တခု ဖြစ်လေသည်။

စကား၌ အင်္ဂါတရပ်ရှိသေး၏။ ထိုအင်္ဂါရုပ်မှာ အခြားမဟုတ်။ လူ့ဘောင်အဖွဲ့အစည်းကြီးကို ဘာသာစကား အလိုက် နယ်ပယ်ခွဲခြား၍ သွေးစည်းသတ်မှတ်ခြင်းပင်ဖြစ်သည်။ ဆိုလိုသည်ကား၊ ဘာသာစကားတခုကို နားလည် တတ်ကျွမ်းသူ အချင်းချင်းသည် လူ့ဘောင်အဖွဲ့အစည်း တခုအနေဖြင့် စည်းစည်းလုံးလုံး ပေါင်းသင်းဆက်ဆံနိုင်ကြ၍၊ အခြားဘာသာစကားကို ပြောကြားသောသူတို့နှင့် မူဘာသာစကား အခက်အခဲကြောင့် မိမိတို့အချင်းချင်း ဆက်ဆံပေါင်းသင်းရသကဲ့သို့ ချောမောပြေပြစ်ခြင်း မဖြစ်နိုင်ချေ။

ထိုကြောင့်လည်း ဘာသာစကားသည် လူ့အဖွဲ့အစည်းတခုကို ဒေသတခုအနေနှင့် သီးခြား၍ ဖွဲ့စည်းပေးတတ်သောသဘောရှိသည်ဟု ဆိုအပ်သည်။ ထိုသို့သော ဘာသာစကား စည်းမျဉ်းနယ်ပယ်များကို ကျော်ဖြတ်၍ အခြားလူ့အဖွဲ့အစည်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်သူမျိုးမှာကား အခြားမဟုတ်၊ မိမိဘာသာစကားအပြင် အခြားဘာသာစကားများကိုလည်း တတ်ကျွမ်းပြောဆိုနိုင်သော ပုဂ္ဂိုလ်များပင် ဖြစ်ချေသည်။

စကား၏ စွမ်းအင်သတ္တိကြီးတရပ်လည်း ရှိသေးသည်။ လူတိုင်းလူတိုင်းသည် အချင်းချင်း ဆက်သွယ်ပေါင်းသင်းရာတွင် စကားဖြင့် ပြောကြားနားလည်ကြသည်ကား မှန်၏။ စကားကို လူတိုင်းပြောတတ်သော်လည်း ပြောရာတွင် ထိုထောက်မှုချင်းကား မတူကြချေ။ လေ့ယူလေ့သိမ်းတွင် သူတပါးထက် ထူးချွန်ကောင်းမွန်အောင် ပြောနိုင်သူများလည်းရှိသည်။ မိမိပြောလိုသည့်အဓိပ္ပါယ်ကို သူတပါးထက် ရှင်းလင်းပြတ်သားအောင် ပြောနိုင်သူများလည်းရှိသည်။ သူတပါး၏နားတွင် စွဲငြိမ့်၍သွားလောက်အောင် ပြောနိုင်သူများလည်းရှိသည်။ အခြားတဖက်က ကြည့်ပြန်လျှင်လည်း၊ သူတထူးနားမခံသာအောင် အပြောကြမ်းသူများလည်းရှိသည်။ မိမိပြောဆိုသည့် အဓိပ္ပါယ်ကို မထောက်ဘဲ၊ ရှုပ်ထွေးသွားခြင်းဖြင့် နားထောင်သူ၏အာရုံကို ပြားစေသော စကားပြောသူများလည်းရှိသည်။ ထို့ကြောင့်လည်း စကားအရာနှင့် ပတ်သက်၍ 'နှုတ်ချိုလျှိုတပါး'၊ 'ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်' ဟူသော စကားပုံဆိုရိုးများ ရှိနေသည် မဟုတ်ပါလော။ (စကားပြောအတတ် — ရှု။)

မည်သို့ပင်ဖြစ်စေ စကား၏အခြေခံ အဓိကဂုဏ်ပုဒ်ကြီးသည် လူ့ယဉ်ကျေးမှု တည်သမျှကာလပတ်လုံး တည်မြဲနေမည်ဖြစ်၏။ ထိုဂုဏ်ပုဒ်ကြီးကား အခြားမဟုတ်၊ လူအချင်းချင်းကို လူ့အဖွဲ့အစည်းတရပ်ဖြစ်လာအောင် ပေါင်းစည်းပေးသည့် 'ဆက်သွယ်ရေး' သဘောပင်ဖြစ်လေသည်။

လူတို့ရေးသားအသုံးပြုသော 'စာ' မှာ 'စကား' ၏နောက် ကာလအတန်ကြာမှ ပေါ်လာခဲ့ခြင်း ဖြစ်သည်။ စကားသည် မူရင်းဒြဗ်ဝတ္ထု၊ မူရင်းအတွေးအခေါ်၊ မူရင်းစိတ်လှုပ်ရှားမှုတို့၏ အသံသင်္ကေတများဖြစ်သကဲ့သို့၊ ထိုနည်းအတူ စာသည် စကား၏သင်္ကေတလက္ခဏာပင် ဖြစ်တော့သည်။ စာသည် ပင်ရင်းမဟုတ်၊ စကားသာ ပင်ရင်းဖြစ်သည်။

ဓိုလ်ဗကို။

စကားကြီးဆယ်မျိုး။ ။စကားပြောသည့်အရာတွင်ကျမ်းကျင်လိမ်မာစေရန် နည်းအမျိုးမျိုးတို့ကို စကားကြီးဆယ်မျိုးဟူ၍ မြန်မာစာ၌ ခွဲခြားသတ်မှတ်ထားသည်။ ထိုဆယ်မျိုးမှာ 'ရေကူးညာတင်၊ ကောက်ပင်ရိတ်လိုး၊ ရေစီးဖောင်ဆန်၊ အိုးတန်ဆန်ခပ်၊ ဆီပုတ်ကျည်ပွေ့၊ ဆင်ဝှေ့ရန်ရှောင်၊ တောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်၊ ရေစစ်ကရား၊ ရေသွားသည့်သင်၊ ခက်တင်မောင်းနင်း၊ ဆိုခြင်းစကား ဤ ၁၀ ပါး' ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

၁။ ရေကူးညာတင်ပြောနည်း

မြစ်တဖက်မှ လိုရာဆိပ်ကမ်းသို့ ကူးလိုလျှင်၊ မြစ်ညာကတင်၍ ကူးမှ လိုရာသို့ရောက်သကဲ့သို့၊ မိမိအလိုရှိရာသို့ရောက်အောင် အထက်က တင်ကူး၍ ပြောခြင်းကို ရေကူးညာတင်ပြောနည်းဟု ခေါ်သည်။ ရှေးအခါက သမားတော်ဇီဝကသည် အူထုံးသော သင်္ဃေးသားကို ကုသရာတွင် ခုနစ်ရက်ခန့် အိပ်စေလိုသည်ကို ခုနစ်လခန့်အိပ်နိုင်မည်လောဟု မေး၏။ သင်္ဃေးသားက မအိပ်နိုင်ပါဟု ဆိုသည်တွင် ခြောက်လခန့် အိပ်နိုင်ပါမည်လော စသည်ဖြင့် တ၌ခ၌ဆုတ်ကာ ဆုတ်ကာ မေး၏။ နောက်ဆုံးလိုရင်းဖြစ်သော ခုနစ်ရက်သို့ရောက်ခါမှ သင်္ဃေးသားကို ခုနစ်ရက်အိပ်စေပြီးလျှင် ဝမ်းကိုခွဲ၍အူထုံးကိုဖြေသည်။ ဤစကားမျိုးသည် ရေကူးညာတင်ဆိုသောစကားမျိုး ဖြစ်၏။ အရပ်သားအသုံးအနှုန်း၌ ဒူးလောက်တင် ရင်လောက်ကျ ဟူသော စကား၏ အဓိပ္ပါယ်ကဲ့သို့ပင် ဖြစ်သည်။

၂။ ကောက်ပင်ရိတ်လိုးပြောနည်း

စပါး ရိတ်လျှင် ကောက်ပင်ကို လက်တဖက်ဖြင့် ဆုပ်သိမ်းကာ တံစဉ်ဖြင့် အရင်းမှဖြတ်၍ ရိတ်ယူသကဲ့သို့၊ တဖက်လူ၏ စကားကို သိမ်းကျုံး ဖမ်းယူပြီးမှ၊ အရင်းကဖြတ်၍ ပိုင်အောင် ပြောခြင်းသည် ကောက်ပင်ရိတ်လိုး ပြောနည်း ဖြစ်၏။ ရှေးအခါက သင်္ဃေးသားတယောက်သည် ဗျိုင်းတကောင်ကို လေးနှင့်ပစ်၍ယူလာသည်ကို အခြားသင်္ဃေးသားတယောက်က မြင်၍၊ လိုချင်သဖြင့် 'ဤဗျိုင်းသည် တနေ့လျှင် ရွှေစင်တကျပ်သား အနှုတ်ပေးလေ့ရှိသော ငါ၏ဗျိုင်းဖြစ်သည်' ဟုစွပ်စွဲ၏။ ထိုအခါ လေးနှင့်ပစ်သူက 'ထိုသို့အနှုတ်ပေးလာသည်မှာ မည်မျှကြာပြီနည်း' ဟု မေးရာ၊ ဗျိုင်းရှင်ဆိုသူက 'တနှစ်ရှိပြီ' ဟု ထပ်၍ဖြေ၏။ ထိုအခါမှ လေးနှင့်ပစ်သူက 'မိမိအိမ်ရွှေတွင် ပုံထားသော ရွှေစင်ပုံကြီးမှ တနေ့လျှင် တကျပ်သား ပျောက်ဆုံးခဲ့သည်မှာ တနှစ်ရှိခဲ့ပြီဖြစ်ရာ၊ ယနေ့မှ သူခိုးကိုမိသည်။ ဗျိုင်းသည်သူခိုးဖြစ်၍ ဗျိုင်းရှင်သည် သူခိုးလက်ခံဖြစ်သည်။ ထိုကြောင့် တနှစ်တွက် ရွှေသုံးပိသာခြောက်ဆယ်သား လျော်ပေးရမည်' ဟူ၍ တောင်းလေ၏။ ထိုကြောင့် ဗျိုင်းကိုလိုချင်သောသင်္ဃေးသားသည် အလျော်ပေးရလေ၏။ ဤသို့တဖက်လူ၏စကားကို ဖမ်းပြီးမှ ပိုင်လောက်အောင်ပြောခြင်းသည် ကောက်ပင်ရိတ်လိုးပြောနည်းမည်၏။

၃။ ရေစီးဖောင်ဆန်ပြောနည်း

ဖောင်ကြီးသည် အညာသို့ဆန်သောကာလ၊ လိုရာဆန္ဒရှိသမျှကိုတင်ယူ၍ ဖြည်းညှင်းသာယာစွာ ဆန်လျှင်၊ လိုရာအရပ်သို့ ရောက်နိုင်၏။ ဤဥပမာကဲ့သို့ စကားအရာတွင်လည်း ဥပမာ ဥပမေယျတို့ဖြင့် ဖြည်းညှင်းသာယာစွာ လိုရာရောက်အောင် ပြောသောစကားသည် ရေစီးဖောင်ဆန်မည်၏။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်မင်းလက်ထက်၊ ဒဂုရာဝတီမင်း စစ်ချီလာရာတွင်၊ ရာဇာဓိရာဇ်က သံစေလှတ်ရာ၌ စာသဝဏ်တွင် 'အဆွေတော်' ဟုရေးသည်ကို၊ ဒဂုရာဝတီမင်းက မနှစ်သက်လေ။ ထိုကြောင့် ပဝတ္တိမင်းကဇာတိအားဖြင့်မင်းဖြစ်သည်ကို အဆွေတော်ဟု ခေါ်ဝေါ်သည်မှာမသင့်။ ဤအရေးကိုပြေအောင် သံတော်တို့ကချေလည်စေ။ မချေလည်နိုင်လျှင် ဆီအိုးကင်း၌ထည့်၍ ကြော်ရမည်ဟု ဒဂုရာဝတီမင်းက သံတော်တို့ကိုမိန့်လေ၏။ ထိုအခါ သံတော်တို့က 'အဆွေတော်' ဟု ရေးခြင်းသည် ဘုရားရှင်တို့မှစ၍ တပည့်သား သံဃာနှင့်တကွ ရေမြေ့ရှင်တို့တိုင်အောင် ခေါ်ဝေါ်သည့်ထုံးစံဖြစ်ကြောင်း၊ ဘုရားရှင်တို့သည် ဘုရားရှင်ချင်းကိုသာ ညီတော်နောင်တော် ခေါ်၏။ သံဃာတို့သည် သံဃာအချင်းချင်းကိုသာ ညီတော် နောင်တော် ခေါ်၏။ လူ့ဘဝမှ တော်စပ်သောဆွေမျိုးများကိုကား ဤသို့မခေါ်ချေ။ ထို့အတူ ဘုရင်မင်းမြတ်တို့သည်လည်း ထီးနန်း မစံသေးသော ဆွေတော်မျိုးတော် တို့ကို အဆွေတော်ဟုခေါ်ရိုးမရှိ။ နန်းစံဘုရင်ချင်းကိုသာ အဆွေတော်ခေါ်ရိုးဖြစ်၍ ရာဇာဓိရာဇ်မှာလည်းဟံသာဝတီရွှေနန်းရှင်ဖြစ်သောကြောင့် အဆွေတော်ဟုရေးရပါသည် ဟု သံတို့ကလျှောက်ထား၏။ ထိုအခါ၊ ဒဂုရာဝတီမင်းနှင့် ပါလာသော ပညာရှိမှူးမတ်တို့က ယခုချေပသည့် စကားသည် သမ္မတရှင်တော်ဘုရားတို့ကို ဥပမာပြု၍ တပည့်သားသံဃာတော်နှင့်တကွ ရေမြေ့ရှင်တို့တိုင်အောင် ခေါ်ဝေါ်ပြီးသည့်ထုံးစံနှင့် ချေလည်ခြင်းဖြစ်သည်ဟု ချီးမွမ်းကြသဖြင့်၊ ဒဂုရာဝတီမင်းလည်း စကားချေလည်သည် သင့်ပေ၏ဟု ဆုလာဘ်များစွာပေးလေသည်။ ဤကဲ့သို့ ဥပမာ ဥပမေယျတို့ဖြင့် လိုရာရောက်အောင် ပြောခြင်းသည် ရေစီးဖောင်ဆန်ပြောခြင်းပင်ဖြစ်၏။

၄။ အိုးတန်ဆန်ခပ်ပြောနည်း

အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် နူးနပ်စွာသုံး

ဆောင်ရသကဲ့သို့ စကားအရာတွင်လည်း မယုတ်မလွန်နှင့် လိုရင်းရောက်အောင် ပြောဆိုခြင်းသည် အိုးတန်ဆန်ခပ်ပြောနည်းဖြစ်၏။ ဘုရားအလောင်း သုဝဏ္ဏသာမသည် မြားဆိပ်သင့်၍ လဲနေရာ၊ မိဖ ၂ ပါးအား သိကြားမင်းက သားရှင်စေလိုသလော၊ ရွှေအိုးလိုချင်သလော၊ မျက်စိမြင်ချင်သလောဟု မေးရာတွင် သားရွှေအိုးထမ်းလာသည်ကို မြင်ချင်ပါသည်ဟု ဖြေသဖြင့် လိုအပ်သမျှ ပြည့်စုံ၏။ ထိုသို့အလိုရှိသောစကားကို မယုတ်မလွန်ပြောခြင်းသည် အိုးတန်ဆန်ခပ်ပြောနည်းဖြစ်၏။

၅။ ဆိပ္ပတ်ကျည်ပွေပြောနည်း

ဆိကိုရအောင်ပုတ်သည့်အခါတွင် အထပ်ထပ်အခါခါ ပုတ်ရသကဲ့သို့ အလိုရှိသောစကားကို အထပ်ထပ်ပြောခြင်းသည် ဆိပ္ပတ်ကျည်ပွေပြောနည်း ဖြစ်၏။ ရှေးအခါ မင်းတပါးသည် ဘုရားတည်မည်ပြုရာ၊ ဘုရားပိန္နဲတိုင်ကို မန်ကျည်းနှစ်ဖြင့် လုပ်ရသော် မကောင်းလောဟု အမတ်ကြီးအားမေး၏။ အမတ်ကြီးက 'မန်ကျည်းနှစ်လည်းကောင်း၏၊ ကျန်းသားလည်းကောင်း၏' ဟု ဖြေသည်။ ဤသို့ ဘုရင်မေးသမျှသော သစ်သားမျိုးတွင် ကျန်းသားကောင်းကြောင်းကို ထပ်တလဲလဲ ထည့်၍ ပြောသဖြင့်၊ ကျန်းသားကိုပင် ဘုရားပိန္နဲတိုင်လုပ်ရလေသည်။ ထိုသို့ အလိုရှိသောစကားကို ထပ်တလဲလဲပြောခြင်းသည် ဆိပ္ပတ်ကျည်ပွေပြောနည်းမည်၏။

၆။ ဆင်ဝှေ့ရန်ရှောင်ပြောနည်း

ဆင်ဝှေ့မည်ဟုလိုက်လျှင် လွှတ်ရာ လွှတ်ကြောင်း တိမ်းရှောင်က ချမ်းသာသကဲ့သို့၊ စကားအရာတွင်လည်း မိမိအဖို့ဘေးရောက်မည့်စကားကို ရှောင်လွှဲ၍ပြောဆိုခြင်းသည် ဆင်ဝှေ့ရန်ရှောင် ပြောနည်းပင်ဖြစ်၏။ ရှေးအခါက အိမ်ရှေမင်းတပါးသည် ကျောင်းဆောက်ရာ၊ ကျောင်းတိုင်ကို ယက်မအောက် မြေကြီးထိအောင် ရွှေချလေသည်။ ထိုသည်ကို မြို့ဝန်က ကောရင်ကိုတုပ၍မြေကြီးထိရွှေမချသင့်ဟု အောက်ခြေမှရွှေများကို တိုက်ဖျက်ပစ်လေ၏။ ထိုအခါ အိမ်ရှေမင်းသည် အမျက်ထွက်၍စစ်မေးလေရာ၊ မြို့ဝန်သည် တိုက်ရိုက်မလျှောက်ဘဲ၊ စကားတိမ်းရှောင်၍၊ 'အရှင်အိမ်ရှေမင်းသည် နောင် ကောရင်မင်း ဖြစ်မည့်သူ ဖြစ်ပါသည်။ မင်းကောရင်မဖြစ်မီ ရွှေအပြည့်ချ၍ ကျောင်းဆောက်သော် မင်းကောရင် ဖြစ်သည့်အခါ မူလဆောက်သောကျောင်းနှင့် မင်းဖြစ်မှဆောက်သောကျောင်းသည် အတူတူပင်၊ ခြားနားခြင်းမရှိပါလေဟု ဆိုရန်ရှိသောကြောင့် မင်းဖြစ်သည့် ကာလ ကျောင်းဆောက်တော်မူလျှင် နောင်ကိုချရန် ရွှေအခင်းကို ချန်လှပ်ထားရပါမည်' ဟု လျှောက်တင်လေ၏။ ဤသို့ လျှောက်တင်သည့်အတွက် အသက်ချမ်းသာရလေသည်။

ဤကဲ့သို့ ဘေးလွှတ်အောင် တိမ်းရှောင်၍ပြောခြင်းသည် ဆင်ဝှေ့ရန်ရှောင်ပြောခြင်းပင်ဖြစ်၏။

၇။ တောင်သူယာခုတ်ပြောနည်း

တောင်သူတို့သည် ယာခုတ်လျှင် ချုံငယ်သစ်ပင်ငယ်တို့ကို ဦးစွာရှင်းလင်းခုတ်ထွင်ပြီးမှ သစ်ပင်ကြီးများကို လှဲသကဲ့သို့ စကားအရာတွင် ဦးစွာ စကားငယ်ကိုပြော၍၊ နောက်မှ စကားကြီးများကို ဖိပြောခြင်းဖြင့် အနိုင်ယူသည်ကို တောင်သူယာခုတ်ပြောနည်းဟု ခေါ်သည်။ ရှေးအခါက ဝိဒေဟရာဇ်မင်းကြီး၏ သိန်းအမတ်နှင့် မဟောသဓာ ပညာရှိသုခမိန်သည် ပညာနှင့်ဥစ္စာ မည်သည်က မြတ်ကြောင်း ငြင်းခုံကြရာတွင်၊ မဟောသဓာသည် ပဌမဦးစွာ သေးငယ်သော ဥပမာတို့ဖြင့်သာ တင်ပြပြောဆို၍ နောက်ဆုံးတွင် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူသော မြတ်စွာဘုရားထက် အဘယ်ဥစ္စာရှိသူမှ သာလွန်နိုင်မည် မဟုတ်၍၊ ဥစ္စာရှိထက် ပညာရှိ မြတ်ပေ၏ဟု စကားကြီးဖြင့် ပိတ်၍ဆိုလေသည်။ ဤသို့ဖြင့် အနိုင်ရလေ၏။ ဤကဲ့သို့ စကားငယ်ကိုပြောပြီးမှ စကားကြီးဖြင့် ပိတ်၍ဆိုခြင်းသည် တောင်သူယာခုတ်ပြောနည်းမည်၏။

၈။ ကြက်ဆုတ်ခွပ်ပစ်ပြောနည်း

ကြက်တို့၏သဘောသည် ခွပ်မည်ပြုသောအခါ နောက်သို့ဆုတ်ဟန်ပြု၍ အကယ်ခွပ်သောအခါမှသာ စီး၍ခွပ်သကဲ့သို့ စကားအရာတွင် သူ့အလိုကို လိုက်တန်သရွေ့လိုက်ပြီးလျှင်၊ စီးသာသောအခါမှ စီးလျက်ပြောသော စကားမျိုးသည် ကြက်ဆုတ်ခွပ်ပစ် ပြောနည်း စကားမျိုးမည်၏။ ဦးပေါဦး၏ လျှောက်ထုံးဖြစ်သော ကဝိသေတ္တုမဉ္ဇူသာကျမ်းတွင် ဖော်ပြထားသော အောက်ပါအကြောင်းရပ်တို့သည် ကြက်ဆုတ်ခွပ်ပစ်စကားမျိုးဖြစ်သည်။ တရံရောအခါ အမရပူရနေပြည်တော်ကြီးအတွင်း တရုပ်လူမျိုး ငရွှေကြည် ခေါက်ဆွဲဖိုမှ မီးထလောင်ကျွမ်းရာ နန်းတော်ကြီးမှစ၍ ရှိရှိသမျှ မီးသင့်လောင်ကျွမ်းကုန်ရကား၊ ခေါက်ဆွဲဖိုရှင် ငရွှေကြည်သည် လက်လွှတ်ထွက်ပြေးတိမ်းရှောင်နေ၏။ ထိုအခိုက်တွင် ဂန္ဓာလရာဇ်ပြည့်ရှင် ချင်းလုံဦးတည်မင်းက လျှောင်းတူရဲနှင့် အဖော် ၂ ဦးတို့ကို သံခန်လျက် ပဏ္ဏာလက်ဆောင်များ၊ ကုန်စည်ဝယ်ရန် ငွေတော်ရွှစ်သိန်း၊ ကုန်တင်ရန် လားကောင်ရေ ခုနစ်ထောင်ကျော်တို့နှင့် အမရပူရသို့ လွှတ်လိုက်၏။ ထိုသူတို့ ရန်ကင်းတောင်အနီးတွင် စခန်းချနေစဉ် စစ်ကိုင်းမင်း၏ အိမ်တော်သား တို့သည် လက်နက်လှံခေါင်းအမြောက်အမြားနှင့် တရုပ်ကုန်သည်တို့ကို တိုက်ခိုက်လုယူကြရာ လားတို့လည်း တကွဲတပြား၊ တရုပ်တို့လည်း ဒင်္ဂါထာဒင်္ဂါချက်အများရကြ၏။ ထိုအခါ တရုပ်သံတို့က မင်း

တရားကြီးအား ထိုအကြောင်းကို အစီရင်ခံလျက် ဒဏ်ရာဒဏ်ချက်ရရှိသည်တို့ကိုမဟာမိတ်နိုင်ငံချင်းဖြစ်သဖြင့်မပြောမဆိုလိုကြောင်း၊ အထည်ပစ္စည်းဝယ်ရန် လှတ်လိုက်သော ငွေတော်ရွှစ်သိန်းကိုသာ ပေးလျော်ပါမည့်အကြောင်း၊ ယင်းသို့မဟုတ်ပါက လုယက်သူတို့ကို ပေးအပ်ပါမည့်အကြောင်း လျှောက်ထားလေ၏။

ဘုရင်မင်းမြတ်သည် ထိုအရေးကို ဆောင်ရွက်စေရန် အမတ်ကြီးဦးပေါဉီးအား တာဝန်လွှဲတော်မူ၏။ အမတ်ကြီးဦးပေါဉီးလည်း တရုပ်တို့အား ညှဉ်တပ်ကျေပြန်စွာပြုပြီးလျှင် တရုပ်သံတို့တောင်းဆိုသော လျော်ကြေးအတွက် ဤသို့စကားဆိုသည်။ ဘုရင်ဦးတည်မင်း၏ အမိန့်စာချွန်ကို ဖတ်သိရသည့်အတိုင်း ကျွန်ုပ်တို့က ပေးလျော်ပါမည်။ တရုပ်ကုန်သည်တို့၌ ပျောက်ဆုံးသော ပစ္စည်းအရပ်ရပ်ကိုသာ နောင်အခါကျန်ပါသေးသည်ဟု မဆိုရစေရန်၊ ထမင်းစားသောတူကိုမျှမချန် ယခုတခါတည်း စာရင်းတင်ပါဟု ဆိုလေ၏။ တရုပ်တို့က ငွေတော်ရွှစ်သိန်းနှင့် မိမိတို့ပိုင်ငွေနှင့်ပေါင်းသော် ကိုးသိန်းခန့် ပျောက်ပါသည်ဟု ဆို၏။ ထိုအခါ ဦးပေါဉီးက ထိုငွေကိုပေးလျော်ပါမည် ယခုအမရပူရ နေပြည်တော်မှ ရွှေနန်းတော်ကြီးနှင့် တကွ တစမကျွန်တရုပ်လူမျိုး ငရွှေကြည် ခေါက်ဆွဲဖိုမှစ၍ မီးလောင်ခံရသည်ကို သံမင်းတို့ အသိပင်ဖြစ်သည်။ သို့အတွက် မူလမီးရှင် တရုပ်ငရွှေကြည်ကို ကျွန်ုပ်တို့ လက်သို့ အပ်စေလိုပါသည်။ တရုပ်ငရွှေကြည် လက်ဝယ်ရောက်လျှင် ပျောက်ဆုံးငွေကိုးသိန်းကို ရပါစေမည်ဟု ပြန်ကြားလေသည်။ တရုပ်သံတို့လည်း ငရွှေကြည်အား ရှာဖွေရာ မတွေ့သဖြင့် မရနိုင်ကြောင်း စကားပြန်၏။ ထိုအခါ ဦးပေါဉီးက နှစ်တိုင်းနှစ်ပြည် မဟာမိတ်ဖြစ်ကြသည်မှာ နှစ်ရှည်လ မျှားခဲ့ပြီ။ မိတ်မပျက်စေခြင်းအကျိုးငှာ တိမ်းရှောင်နေသူ တရုပ်ငရွှေကြည်တယောက်ကိုသာ ပေးအပ်ပါ ဆိုသည်ကို ရှာဖွေမရသဖြင့် မအပ်နိုင်ဆိုချေသည်။ ကျွန်ုပ်တို့ထံ တောင်းရမ်းသော ဓားပြတို့မှာ လူမျှားစွာဖြစ်၍ အဘယ်မှာရှာကြံ၍ အပ်နိုင်ပါအုံနည်း။ ပေးလျော်စေလိုသော ငွေကိုးသိန်းမှာလည်း၊ တရုပ်လူမျိုး ငရွှေကြည်၏ မီးအတွက် ပျက်စီးသော ပစ္စည်းတန်ဖိုးမှာ ကုဋေငါးဆယ်မျှမကရှိချေသည်။ ယင်းငွေမျှားကို ကျွန်ုပ်တို့သည် နှစ်ပြည့်တပြည် အကြည်တော် မပျက်ရှိကြစေခြင်းငှာ သံမင်းတို့ဘုရင်ထံ တောင်းခံခြင်း မပြုပါ။ ကျွန်ုပ်တို့ထံတွင် ပျောက်ဆုံးသော ငွေကိုးသိန်းခန့်လောက်ကို တောင်းခံခြင်းပြုသည်မှာ ပြည်ထောင်တကာ မင်းမျှားစ္ဆာတို့ ကြားခါစင်စစ် ရယ်ဖွယ်ကြီးဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ဤတရားကို စဉ်းစားပြီးမှ 'တောင်းခံသင့်ကြောင်းကို သံမင်းတို့မင်းထံ လျှောက်ထားပါဟုဆို၏။ ထိုအခါ သံအမတ်တို့၏ တင်ဆက်လွှာအရ ဦးတည်မင်းက လျော်ကြေးငွေမတောင်းစေတော့ဘဲ၊ ပြန်လာရန် အကြောင်းကြားလေသည်။ ဤကဲ့သို့ စကားကို ဦးစွာ၌ အလျှော့ပေးပြီးလျှင် စီးသာသည့်အခါမှ စီး၍ပြောခြင်းသည် ကြက်ဆုတ်ခွပ်ပစ်ပြောခြင်းမည်၏။

၉။ ရေစစ်ကရား ရေသွားသောသွင်ပြောနည်း

ရေစစ်သော ဓမ္မကရိဏ်ကို ရေတွင်နှစ်၍ ရေပြည့်လျှင် အပေါက်ကို လက်နှင့်ပိတ်ယူပါက ရေမထွက်နိုင်သကဲ့သို့ တဖက်လူ၏စကားကို ပိတ်မိအောင် ပြောသောစကားသည် ရေစစ်ကရား ရေသွားသောသွင် ပြောနည်းမည်၏။ ရှေးအခါက သူငယ် ၄ ယောက်နှင့် သူအိုတယောက်သည် မယုံဘူး ဆိုသူကို ကျွန်ပြုစတမ်းဟု ချိန်းချက်၍ ယုံတမ်းစကားပြောကြ၏။ ပဌမသူငယ်က 'ငါငယ်စဉ်က အမိဝမ်းတွင်း၌ ပဋိသန္ဓေနေစဉ် အမိဖြစ်သူ ချဉ်သီးစားချင်ကြောင်းသိသဖြင့် ဝမ်းမှထွက်၍ ချဉ်သီးရှာပေးသည်။ ယုံကြည်သလော' ဟုဆိုရာ ကျွန်လူမျှားက ယုံသည်ဟုဆို၏။ ဒုတိယသူငယ်က 'ငါသည်မန်ကျည်းသီးစားချင်သောကြောင့် ခြေမကို ကိုင်ပစ်ကာ မန်ကျည်းပင်ပေါ် သို့တက်သည်။ မန်ကျည်းသီး တင်းပေါင်းမျှားစွာဆွတ်ပြီးလျှင် မဆင်းနိုင်၍ အိမ်မှလှေကားကို ပြန်၍ယူကာ ဆင်းရသည်။ ယုံကြသလော' ဟုမေးရာ ယုံပါ၏ဟု ဆို၏။ တတိယသူငယ်က လည်း 'ငါသည်ငါးစားချင်သောကြောင့် ရေတွင်ငုပ်၍ ငါးကိုဖမ်းပြီး ရေထဲမှာပင် မီးဖုတ်၍စား၏။ ယုံကြသလော' ဟုဆိုရာ ယုံပါ၏ဟုပြောကြ၏။ စတုတ္ထသူငယ်ကတဖန် 'ငါ့မိဖအိမ်သည် အလွန်မြင့်၏။ အိမ်မှကျွန်မ၏ ဖွားမြင်စသားသည် ကြမ်းပေါက်မှကျရာ ဆံပင်ဆွတ်ဆွတ်ဖြူမှ အောက်သို့ရောက်၏။ ယုံကြသလော' ဟုမေး၏။ ကျွန်လူမျှားက ယုံပါ၏ဟုဆို၏။ နောက်ဆုံးတွင် သူအိုက 'ငါသည် ဝါပင်တပင်စိုက်၏။ ထိုဝါပင်မှ ဝါသီး ၄ သီးသီးသည်။ ထိုဝါသီးမျှားမှ သူငယ် ၄ ယောက်ပေါ် ပေါက်သည်ကို ငါ၏ကျွန်ပြုထားသည်။ ထိုသူငယ်တို့သည် ငါ့ထံမှထွက်ပြေးကြသည်ကို ငါရှာဖွေနေသည်မှာ ယခုမှတွေ့ရသည်။ သင်တို့ ၄ ယောက်သည် ငါ့ကျွန်ဖြစ်သည်။ ယုံကြသလော' ဟုမေး၏။ သူငယ် ၄ ယောက်မှာ ယုံပါ၏ဟု ဆိုလျှင်လည်း သူအို၏ကျွန်၊ မယုံပါဟု ဆိုလျှင်လည်း သူအို၏ကျွန် သာ ဖြစ်ကြရ၏။ ဤသို့ သူ့စကားကို ပိတ်မိအောင် ပြောသောစကား သည် ရေစစ်ကရားပြောနည်းဖြစ်၏။

၁၀။ ခက်တင်မောင်းနှင်းပြောနည်း

သူ့စကားကို ဟုတ်၏ဟုလည်း မဆို၊ မဟုတ်ဟုလည်း မဆိုဘဲ၊ မတင်မကျ ပြောသောစကားသည် ခက်တင်မောင်းနှင်းပြောနည်းဖြစ်၏။ ရှေးအခါ မင်းမှူထမ်းတစုက လူဆိုး

တယောက်အား ဖမ်းဆီး၍ သတ်မည်ပြု သည်တွင်၊ လူဆိုးက ငါသည် တောင်ဘီလူးဆရာတော်၏တူဖြစ်သည်ဟုဆိုရာ၊ မှန်မမှန်မေးရန် ဆရာတော်ထံသို့ ခေါ်သွားကြ၏။ ကျောင်းရောက်၍ ဆရာတော်အား မေးလျှောက်ကြရာ ဆရာတော်က မဟုတ်ဘူးဆိုလျှင် ဤသူသေမည်၊ ဟုတ်၏ဆိုလျှင်လည်း ငါမုသားရောက်မည်ဟုကြံ၍ 'ဤသူငါ့တူမဟုတ်ဟု မည်သူ ပြောသနည်း' ဟု မိန့်တော်မူ၏။ မင်းမှထမ်းတို့လည်း ထပ်၍မလျှောက်ဝံ့သဖြင့် ပြန်သွားရ၏။ ဤသို့ဖြင့် လူဆိုးလည်း ချမ်းသာရာရ၏။ ဤကဲ့သို့ မတင်မကျပြောခြင်းကို ခက်တင်မောင်းနင်းပြောနည်းဟု ခေါ်၏။

စကားဇာစ်မြစ်ပညာရပ်။ ။စကားတလုံး၏ အရင်းအမြစ်ကိုစစ်သောပညာသည် အင်္ဂလိပ်ဘာသာဖြင့် အက်တီမော်လိုဂျီဟုမည်၏။ ထိုပညာမှာ စကားတလုံး၏အဓိပ္ပါယ် အမျိုးမျိုး ပြောင်းလာပုံ၊ အခြား ဘာသာစကားများနှင့် အဆက်အသွယ်ရှိပုံ၊ စကားလုံးများ တိုးတက်ပေါက်ပွားလာပုံ စသော စကားလုံး၏ သမိုင်းကို အရင်းအမြစ်မှစ၍ လေ့လာခြင်းဖြစ်သည်။

ထိုပညာတွင် ဘာသာစကားပညာရပ်လည်း အကျုံးဝင်၏။ (ဘာသာစကားပညာရပ် — ရှု။) စကားအရင်းအမြစ်ပညာမှာ ဆာ ဝီလျံဂျုန်းဆိုသူ (ခရစ် ၁၇၄၆–၁၇၉၄) ပညာရှိကြီး တဦးက ဥရောပ တိုက်သို့ သက္ကဋဘာသာကို ယူဆောင်လာသောအခါကမှ တိုးတက်လာသည်။ အက်တီမော်လိုဂျီပညာက စကားတလုံး၏ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်းနှင့် ပြည့်ပြည့်စုံစုံ နားလည်နိုင်အောင် ကူညီ၏။ ထိုပြင် ခက်ခဲနက်နဲသော စကားလုံးနှင့် ရှည်လျားသောစကားလုံးတို့၏ အဓိပ္ပါယ်ကို ဖော်ထုတ်လည်း ကူညီပေ၏။ ထိုကြောင့် ဘာသာစကား ကျမ်းကျင်မှုတွင် အက်တီမော်လိုဂျီကို အထူးလေ့လာသင့်၏။

စကားတောင်စား၀တ္ထု။ စကားတောင်စား၀တ္ထုဟူ၍ ဒဏ္ဍာရီစကားများကို စုပေါင်းပြီးလျှင် ပြုစုထားသောစာအုပ်သည် ခရစ် ၁၉၀၆ ခုနှစ်နှင့် ၁၉၁၀ ပြည့်နှစ်ကြားတွင် ပုံနှိပ်ထုတ်ဝေခဲ့ရာ၊ မြန်မာဂန္ထဝင်တွင် ထင်ရှားသော စာအုပ်တအုပ်ဖြစ်သည်။ ပြုစုရေးသားသူမှာ သံရှာမင်းသား၏မြေး၊ ဝန်စာရေး ဦးကြီးဖြစ်သည်။

'မောင်ရင်မောင်၊ မမယ်မ' ဝတ္ထုသည် ၁၉၀၄ ခုနှစ်တွင် ပေါ်ခဲ့ရာ၊ လူကြိုက်များသဖြင့် ယင်း၀တ္ထုကိုလိုက်၍၊ မောင်မိုင်း၀တ္ထု စသည်တို့ ပေါ်လာလေသည်။ မောင်မိုင်း၀တ္ထု၊ မြကလေး၀တ္ထု၊ စိန်ကလေး၀တ္ထုများ ရေးပြီးနောက် လူကြိုက်များသဖြင့် ထို စကားတောင်စား၀တ္ထုကို ဗဟုသုတရှာမှီးလိုသူတို့အတွက် ထပ်မံရေးသားပါသည်ဟု ၀တ္ထုနိဒါန်းတွင် ဆိုထားလေသည်။

ထိုနိဒါန်းတွင် အမြွက်ဖော်ပြထားသည့်အတိုင်း၊ စကားတောင်စား၀တ္ထုကို ၀တ္ထုရေးသူ ဦးကြီးက ပင်ကိုယ်စိတ်ကူးဖြင့် ဖန်တီးရေးလိုက်ခြင်းမဟုတ်ပေ။ ၀တ္ထုပါအကြောင်းရပ်များမှာ ရှေးအစဉ်အဆက် နှုတ်တွင်းမှအစ အရပ်ထဲအထိ မြန်မာတို့ ပြောလေ့ပြောထရှိသည်များကို မှတ်သား၍ စာတင်ကာ ၀တ္ထုဖွဲ့ရေးလိုက်ခြင်းဖြစ်၏။ ထိုကြောင့်လည်း စကားတောင်စား၊ ပခန်းသား၊ ချည်ပါသား၊ ဟူသောအမည်များနှင့် ယင်းတို့၏ စရိုက်များကို ၀တ္ထုမပေါ်ခင်ကပင် မြန်မာများ ပြောစမှတ်ပြုခဲ့ကြ၏။

၀တ္ထုဇာတ်အိမ်ဖွဲ့သောခေတ်မှာ အင်းဝမြို့ ကောင်းစားစဉ်ကဖြစ်သည်။ ဇာတ်ဆောင်တို့မှာ နောင်အခါတွင် စကားတောင်စားအမတ်ဟူ၍ ထင်ရှားမည့် နာမည်ရင်းမရှိသူနှင့်၊ ပခန်းသား ငလက်တို့၊ ချည်ပါသား ငညိုတို့ ဖြစ်ကြသည်။ ထိုသုံးယောက်အနက် စကားတောင်စားက ပို၍စကားအထူးတွင် ကျမ်းကျင်လေသည်။ ထိုကြောင့် စကားတောင်စား



စကားတောင်စားသည် ကလေးလိမ့်ကျသော်လည်း ကြည့်ရမည်ဟုမှာထား၍ လက်ပိုက်ကာသာ ကြည့်နေ၏။

သည် ပညာရှိအမတ်အဖြစ် ခန့်အပ်ခံရ၍ ဘုရင့်ထံပါးတွင် ခစားရလေသည်။ ဓညဝတီ ရခိုင်ပြည်သို့ သံတမန်ခန့်အပ် စေလွှတ်ရာတွင်လည်း ဓညဝတီဘုရင်နှင့် မှူးမတ်ပညာရှိတို့၏ ပညာစမ်းမှုကို အောင်မြင်စွာ ဖြေဆိုဆောင်ရွက်နိုင်သောကြောင့် ချီးမွမ်းခံရသည်။

ပခန်းသား ငလက်တိုနှင့် ချည်ပါသားငညိုတို့ကား စကားကျွမ်းကျင်သော်လည်း လိမ်လည်ကောက်ကျစ်သော စိတ်သဘောရှိ၏။ လူတဦးတယောက်အား လိမ်လည်လှည့်ဖြားခြင်းမပြုရလျှင် မနေတတ်သူများဖြစ်ကြ၏။ ထိုကြောင့် သူတို့အချင်းချင်းလည်း လိမ်လည်၏။ သူတို့ချင်း လိမ်ကောက်၍ မရသောအခါတွင်လည်း နှစ်ဦးသဘောတူ ပူးပေါင်း၍ လိမ်လည်ကြ၏။ သို့ဖြစ်၍ အင်းဝမြို့တော်မှ စုန်ဆင်းကာ မြစ်ရိုးတလျှောက်နှင့် အောက်မြို့ကျေးရွာဖြစ်သော ညောင်တုန်း၊ ဝါးခယ်မ၊ မြောင်းမြ၊ ပုသိမ်မြို့များတိုင် လှည့်လည်၍ လိမ်လည်လှည့်ဖြားကာ အသက်မွေးကြသည်။ အသွင်မတူ အိမ်သူမဖြစ် ဆိုသည့်အတိုင်း စိတ်သဘောချင်းတူကြသူ မခါကြီး၊ မကျေးဥတို့နှင့်ပေါင်းဖက်မိရာတွင် လိမ်ကောက်မှုမှာ ပိုမိုများပြားလာလေသည်။

ထိုကြောင့်ပင် နှုတ်ရေးစကားတတ်နှင့် စကားအကော်အကတ် ပြောလာလျှင် ထိုသူအား စကားတောင်စားဟူ၍ ၎င်း၊ စကားတံရှည်ရှည်နှင့် ဆင်ခြေများများသုံး၍ လှည့်ပတ်ပြောလာလျှင် ထိုသူအား ပခန်းသား၊ ချည်ပါသားဟူ၍ ၎င်း တင်စားခေါ်ဝေါ်လေ့ရှိကြသည်။

စကားတောင်စား၀တ္ထုမှကောက်နုတ်ချက်

တနေ့သ၌ စာရေးကြီးကတော်သည် မိမိအိမ်၌မုံ့အိုးကင်းကပ်လုပ်၍၊ မိမိယောကျ်ားစာရေးကြီးကို စားစေလိုသောကြောင့် စကားတောင်စားကို ခေါ်ရန် နန်းတော်ထဲသို့စေလွှတ်လိုက်ရာ၊ လွှတ်တော်ပေါ် သို့ တက်သွားပြီးလျှင်၊ လှေကားဦးကစ၍ မာရဘင်နားသို့ ကျရောက်သည် တိုင်အောင်၊ အသံကျယ်စွာနှင့် ပြင်းထန်စွာ ဟစ်အော်ပြီးလျှင်၊ စာရေးတော်ကြီးမင်း၊ စာရေးကြီးကတော်က မုံ့အိုးကင်းကပ်စားရအောင် မြန်မြန်လာပါ အခေါ်စေလွှတ်ပါသည်ဟု ပြောဆိုသောအခါ၊ ကြားသမျှ မင်းပရိသတ်တို့သည် ဝိုင်း၍ပြောင်လှောင်ရယ်မောကြလေ၏။ ထိုအခါ စာရေးတော်ကြီးသည် တော်ရာသို့ခေါ်ပြီးလျှင် ထိပ်ကိုပုတ်၍၊ မောင်မင်းသည် မင်းပရိသတ်တို့အလယ်၌ ငါ့ကိုအရှက်ရအောင် မုံ့အိုးကင်းကပ်ကိုစားရန် ဟစ်အော်၍ခေါ်သည်။ နောင်တစုံတရာကိစ္စရှိလျှင် လူပရိသတ်တို့ရှေ့ ဟစ်အော်၍မခေါ်နှင့်၊ မျက်ရိပ်မျက်ခြေ မျက်စနှင့်ခေါ်ရမည်ဟု ပြောဆိုလေ၏။ စကားတောင်စားလည်း နောင် တစုံတရာကိစ္စရှိလျှင်၊ မျက်စနှင့်ခေါ်ပါမည်ဟု ပြောဆိုလေ၏။

တရံရောအခါ အိမ်နှင့်မနီးမဝေး မီးလောင်သောအခါ၊ အိမ်ထောင်မှူပရိဘောဂတို့ကို အိမ်ပြင် သို့ သယ်ထုတ်ကြရာ၊ စာရေးကြီးကတော်က ပေါ့ပေါ့ပါးပါးကိုသာ သယ်ပါဟူ၍၊ အဖိုးတန်သောပစ္စည်းများကို ယူစေလို၍ ပြောပါသည်ကို စကားတောင်စား သည် အိမ်အောက်က ပေါ့ပါးသောဖဲတောင်းတွေကို ချီ၍ ထုတ်လေ၏။ ထိုအခါ စာရေးကြီးကတော်က ပေါ့ပေါ့ ပါးပါး ကို သယ်ပါဆိုတာကို အဘယ်ကြောင့် ဖဲတောင်းကိုသယ်ရသလဲဟု မေးမြန်းရာ၊ ဖဲတောင်းသည် အပေါ့ဆုံးဖြစ်၍ သယ်ပါသည်ဟု ပြောဆိုသောအခါ၊ စာရေးကြီးကတော်က မင်းမသယ်ပါနှင့်တော့၊ စာရေးတော်ကြီးကိုသာ မြန်မြန်ခေါ်ပေးပါဟု ပြောဆိုလေ၏။

ထိုအခါ စကားတောင်စားသည် နန်းတော်သို့ဝင်သွား၍ လှေကားတော်ဦးက ထိုင်ပြီး၊ မျက်စပစ်၍ သာ နေလေ၏။ အချိန်ကုန်၍ စာရေးကြီး ပြင်ဖက်သို့ထွက်လာသောအခါ မျက်စပစ်သည်ကို မြင်၍၊ မောင်မင်းသည် သည်နေရာမှာ ထိုင်၍ မျက်ခုံးကို ဘယ်အတွက်ကြောင့် လှုပ်၍နေသနည်းဟု မေးသောအခါ စကားတောင်စား သည် စာရေးတော်ကြီးနားနားကိုကပ်၍ မီးလောင်သည်ဟုပြောလေ၏။ ထိုအခါ စာရေးတော်ကြီးက ပြင်ဖက်သို့ထွက်ကြည့်သောအခါ မီးခိုးကိုမမြင်ရ၍၊ ဘယ်အချိန်ကလောင်သနည်းဟု မေးမြန်း၏။ စကားတောင်စားက နေ့လယ်ကပင်လောင်ပါသည်ဟု ပြောဆိုသောအခါ၊ မင်းရောက်တာ ဘဲ့ကလောက်ကြာပြီလဲဟု မေးမြန်းလေ၏။ စကားတောင်စားကလည်း နေ့လယ်ကပင် ကျွန်တော်ရောက်ပါသည်။ စာရေးတော်ကြီးမင်းက မျက်စနှင့် သာ ခေါ်ရမည် မှာထားသောကြောင့် မျက်စပစ်၍ ခေါ်နေပါသည်ဟု ပြောဆိုလေ၏။ ထိုအခါ စာရေးကြီးသည် အိမ်သို့ပျာယီးပျာယာ၊ ပြန်၍သွားသောအခါ၊ ကံအားလျော်စွာ အိမ်အနီးကျမှ မီးငြိမ်း၍သွားသောကြောင့် ပစ္စည်းများကို ပြန်၍ အိမ်ပေါ် သို့ သယ်ပြီးသည်နောက်မှ ရောက်ကြလေ၏။ ထိုအခါ နေ့လယ်ကမီးလောင်၍အခေါ်ခိုင်းသည်ကို ညနေမှလာရမည်လားဟု စာရေးကြီးကတော်က ပြောဆိုသောအခါ၊ စကားတောင်စား သည် မျက်စပစ်၍နေသည်ကို ငါမသိသောကြောင့် ကြန့်ကြာပါသည်ဟု ပြောဆိုသကာလ၊ စာရေးကြီးကတော်က အိမ်မှာလဲ အရေးအကြောင်းရှိ၍လည်း အသုံးမကျ၊ စကားအရာမှာလည်း အင်မတန်ကတ်သည်။ မင်းသွားတော့ဟု နှင်ပြန်လေ၏။ ထိုအခါ လန့်စလမြင်ရမှ သွားမည်ဟုပြောဆိုပြီးလျှင်၊ အတင်းကပ်၍ နေမြဲနေထိုင်လေ၏။ တနေ့သ၌ စာရေးကြီးကတော်သည် ဝယ်ခြမ်းရန်အများရှိ၍ ကလေးကိုပုခက်ထဲ၌ သိပ်ပြီးလျှင် စကားတောင်စားကို ကလေးကြည့်ရစ်ပါဟု မှာထားခဲ့လေ၏။ စာရေးကြီးကတော် ဈေးသို့သွား၍ အတော်ကြာသောအခါ၊ ကလေးနိုး၍ ငိုပြီးလျှင်

ပုခက်ပေါ်မှလိမ့်ကျလေ၏။ စကားတောင်စားသည် လက်ပိုက်၍ ထိုင်ပြီးလျှင် သေသေချာချာ ကြည့်လေ၏။ ထို နောက် ကလေးသည် လေးဖက်ထောက်၍ သွားပြီးလျှင်၊ လှေကားပေါက်၀မှ ဒလိမ့်ဒလိမ့် ကျသွားလေ၏။ စကား တောင်စားသည် ကျပုံနှင့်တကွ သေသေချာချာ ကြည့်၍ မှတ်သားပြီးလျှင်၊ ကလေးအနီး၌ဆင်းပြီးလျှင် မျက်တောင် မခတ်ဘဲ ရပ်၍ကြည့်လေ၏။

ထိုအခါ ကလေးသည် ထိပ်ပေါက်၍ သွေးသံရဲရဲနှင့် မြောနေအောင် ငိုလေ၏။ ထိုအခါ စာရေးကြီးကတော်သည် စျေးကပြန်လာရာ၊ အဝေးကမြင်၍ ရင်ပတ်ကိုတီးပြီးလျှင်၊ ကလေးကို ကြည့်ရစ်ပါဟု မှာထားပါလျက်၊ မင်းမကြည့်သောကြောင့် ကလေးတကိုယ်လုံးသည် သွေးရဲရဲသံရဲရဲနှင့် နေသည်ကို မင်းသည် မမြင်ဘူးလားဟု အော်ငေါက်၍မေးသောအခါ စကားတောင်စားသည် ရှေကြက်ယက်ဘုရားကို စူးရပါစေရဲ၊ ကျွန်တော်ကြည့်ပါသည်။ အဦးအစ ပဌမ ကလေးသည် ပုခက်ပေါ်ကတကြိမ်ကျပါသည်။ ထိုနောက်မှ လေးဖက်ထောက်၍ လာပြီးလျှင် လှေကားပေါက်၀က ဒလိမ့်ဒလိမ့်ကျသွားပြီးလျှင်၊ လှေကားဘောင်နှင့် ဦးခေါင်းနှင့် ရိုက်မိပါသည်။ ကျွန်တော်လည်း ကြည့်ရမည်မှာထားသည့်အတိုင်း စေ့စေ့စပ်စပ် ကလေးကိုသာ ကြည့်၍နေပါသည်ဟု ပြောဆိုသောအတွင်း စာရေးတော်ကြီးသည် နန်းတော်မှလာ၍ အကြောင်းအရာကို မေးမြန်းပြီးလျှင်၊ ထိုနေ့ည၊ လလည်းအလွန်သာသည်နှင့် ရေအင်တုံထဲ၌ လရိပ်ကိုမြင်သောအခါ၊ စာရေးကြီးသတိရ၍၊ စကားတောင်စားကို ခေါ်ပြီးလျှင်၊ မိုးပေါ်၌လတလ၊ ရေထဲ၌တလ၊ လနှစ်လရှိပြီဖြစ်သောကြောင့် မင်းအိမ်ကိုသွားတော့ဟု နှင်လိုက်ရလေ၏။ စကားတောင်စားလည်း နှစ်လရှိပေပြီဟူ၍ပြောဆိုပြီးလျှင်၊ နောက်ကို နှစ်လလောက် ကျွန်တော်နေပါရစေအုံးတော့ဟု ပြောဆိုသောအခါ၊ စာရေးကြီးကတော်က အလို မောင်မင်းကြီးသား၊ မောင့်ခြေဖျားကို ဦးသုံးကြိမ်ချပါရဲ့၊ ကြွတော်မူပါတော့ ပြောဆိုသောကြောင့် စကားတောင်စားသည် အမိအိမ်သို့ပြန်သွားလေ၏။

စကားထာ။ ။စကား၏အနက်အဓိပ္ပါယ်ကို ကွယ်၀ှက်၍ ပုစ္ဆာထုတ်ခြင်းသည်စကားထာဖြစ်သည်။ ဤသို့ပုစ္ဆာထုတ်ခြင်းကို စကားထာ၀ှက်သည်ဟု ခေါ်သည်။ စကားထာ၀ှက်သည်ကို မဖြေနိုင်လျှင် ပန်းပေးသည်ဟု ဆိုရသည်။ ထိုအခါ စကားထာ၀ှက်သူက အဖြေကို ပြောပြရသည်။ စကားထာ၀ှက်ခြင်းသည် မြန်မာတို့၏ ရှေးဟောင်း ဓလေ့ဖြစ်သည်။ အခြားလူမျိုးတို့သည်လည်း တဦးနှင့်တဦး ဉာဏ်စမ်းရန် စကားထာ၀ှက်တတ်၏။ စကားထာကို မိန်းကလေးများက စတင်၀ှက်၍ ယောကျ်ားကလေးများကဖြေကြရသည်။ မဟောသဓဇာတ်တော်တွင် ဘုရားအလောင်း မဟောသဓသည် အမရာကို တော့ရာ၀ယ် အမည်ကိုမေးလေ၏။ အမရာက ထိုအမေးကို ဖြေရာ၌ 'ကျွန်ုပ်၏အမည်သည် ဖြစ်ဆဲ၊ ဖြစ်ပြီး၊ ဖြစ်လတ္တံ့သော ကာလသုံးပါးတွင် မရှိသော အမည်ပါတည်း' ဟု စကားထာ၀ှက်၍ ဆို၏။ ဤတွင် မဟောသဓက ကာလသုံးပါး၌ မရှိသောအမည်ကား အမရာဖြစ်၏ဟု စကားထာ၏ အဖြေမှန်ကို ဖော်လိုက်၏။ အမရာကား မသေခြင်းကိုဆိုသည်။ ထိုအပြင် အမရာက မိမိ၏ဖခင်သည် သမ်ဂျိုင်းကုန်း၌ လယ်လုပ်ကြောင်းကို စကားဖြောင့်ဖြင့်မဆိုဘဲ၊ လူတို့တကြိမ်ရောက်က တခေါက်ပြန်မလာသော အရပ်၌ လယ်လုပ်ပါသည်ဟု စကားထာဖြင့် ၀ှက်၍ဆို၏။ ဤကား မိန်းကလေးများကမေး၍ ယောကျ်ားကလေးများကဖြေသော စကားထာနမူနာတည်း။

မြန်မာမှုတွင် စကားထာ အမျိုးမျိုးရှိသည်။ ကာရန်အားဖြင့်၀ှက်သော စကားထာ၊ ဥပမာအားဖြင့်၀ှက်သော စကားထာ၊ အနက်အားဖြင့် ၀ှက်သော စကားထာ၊ စကားလိမ်အားဖြင့်၀ှက်သော စကားထာ၊ သဒ္ဒါအားဖြင့်၀ှက်သောစကားထာဟူ၍ အမျိုးမျိုးရှိသည်။

ကာရန်အားဖြင့်၀ှက်သော စကားထာများနှင့် အဖြေများမှာ

(မေး) တောင်ကြိုတောင်ကြား၊ ပေါက်သည့်၀ါး၊ အဖျားခပ်သွယ်သွယ်။
(ဖြေ) အိမ်ကြိုအိမ်ကြား၊ ပေါက်သည့်သား၊ စကားခပ်ကြွယ်ကြွယ်။
(မေး) ညောင်ပင်ပတ်လည်၊ ချစ်ခုံတည်၊ စျေးသည်မလား၊ ချည်ချလား။
(ဖြေ) မောင်ရှင်သစ်ကယ်၊ လူထွက်တယ်၊ ဆန်းတယ်လလား၊ သည်လလား။
(မေး) ဓားဝယ်ချောင်းမှာ၊ဒေါင်းတွေ့တယ်။
(ဖြေ) ငယ်ကပေါင်းမို၊ အောင်းမေ့တယ်။ ဟူသည်တို့ဖြစ်ကြသည်။

ဥပမာအားဖြင့် ၀ှက်သောစကားထာများမှာ 'ရေပတ်လည်ဆောင်၊ အလည်ခေါင်သောင်ထွန်း၊ မိန်းမလှကျွန်း' ဟူသောစကားထာ၊ 'မဖွပ်ဘဲဖြူသည့် နတ်ပုဆိုး၊ မလောင်းဘဲပြည့်သည့် နတ်ရေအိုး' ဟူသည့် စကားထာနှင့် 'ကျူးပင်ကြို၊ကျူးပင်ကြား၊လောင်းကလေးနှင့်သွား' ဟူသောစကားထာများတို့ဖြစ်သည်။ ထိုစကားထာတို့၏ အဖြေကို ၀ှက်ထားသည့် စကားထာတွင်ပါသော ဥပမာနှင့်ကိုက်ညီအောင် ရှာရသည်။ ကျောက်ပျဉ်သည် အမျိုးသမီးများအလှပြင်ရန်ဖြစ်၍ ဘေးပတ်လည်တွင်ရေမြောင်းပါရှိနေသည့်အတွက် ရေ၀န်းရံလျက်ရှိသော ကျွန်းကလေးကဲ့သို့ ဖြစ်နေသော



ကြောင့် ‘ရေပတ်လည်ဆောင်၊ အလည်ခေါင်သောင်ထွန်း၊ မိန်းမလှကျွန်း’ ဟူ၍ ကျွန်းကိုပမာပေးကာ ကျောက်ပျဉ်ကို စကားထာဝှက်လေသည်။ အုန်းသီးအဆန်သည် မဖွပ်ဘဲ နှင့် အလိုအလျောက် ဖြူဖွေးနေသည့်နည်းတူ အုန်းရည်မှာလည်း အလိုအလျောက် ဖြည့်သူမရှိဘဲ ပြည့်နေသည်ကို ရည်ရွယ်၍ ‘မဖွပ်ဘဲဖြူသည့် နတ်ပုဆိုး၊ မလောင်းဘဲပြည့်သည့် နတ်ရေအိုး’ ဟု နတ်ပုဆိုး၊ နတ်ရေအိုးတို့ကို ဥပမာပေးလျက် အုန်းသီးကို စကားထာဝှက်လေသည်။ ကျူပင်အကြား၌ လောင်းလှေတို့ လှော်ခတ်သွားလာသကဲ့သို့ ကျူပင်နှင့်တူသော ရက်ကန်းလှာ ၂ ခုအကြားဝယ် လောင်းလှေနှင့်တူသော ရက်ကန်းလွှန်းအိမ်သည် လူးလာတုံ့ခပ်သွားလာနေသည့်အတွက် ရက်ကန်းလွှန်းအိမ်ကို ‘ကျူပင်ကြို ကျူပင်ကြား၊ လောင်းကလေးနှင့်သွား’ ဟူ၍ ဥပမာတင်စားကာ စကားထာဝှက်ကြလေသည်။

အနက်အားဖြင့် ဝှက်သော စကားထာတို့မှာ ‘ရင်၌ထားသားလည်းမဟုတ်၊ မြေမသက် ငှက်လည်းမဟုတ်၊ အမြီးကောက် မျောက်လည်းမဟုတ်၊ မုတ်ဆိတ်ဖွား ကုလားမဟုတ်’ ဟု စောင်းကောက်ကိုဝှက်သော စကားထာ၊ ‘ကဆယ့်ခြောက်ပြည် အပိုင်စိုးသော်လည်း မင်းမျိုးမဟုတ် ပါ၊ ရွေးကုသိုလ် ကံမကောင်း၍ ခေါင်းခြေလက်မပါ’ ဟု ၁၆ ပြည်ဝင်တင်းတောင်းကိုဝှက်သော စကားထာ၊ ‘သဒ္ဒါလည်းမတတ်၊ ပရမတ်ကိုလည်းမကြေ၊ လူရှေ့မှာအမြဲနေ၊ မှန်လျှင်မှန်စေ၊ မမှန်လေက လျှာထုတ်ပြ’ ဟု ခွိန်ခွင်ကိုဝှက်သောစကားထာများဖြစ်ကြ၏။ (ပဟေဠိ — ရှု။)

သခ်ၤာအားဖြင့် ဝှက်သော စကားထာတို့မှာ ‘အလံတရာမြေ၊ တွင်းမှာခွေ၊ တနေ့လက်နှစ်သစ်၊ ကျွန်တော်မ သက္ကရာဇ်’ ဟု မိန်းကလေးက မိမိ၏အသက်ကိုဝှက်သော စကားထာနှင့် ‘ခိုမှာကားခွေ၊ ဝမ်းဘဲငါးကျပ်၊ စာတမတ်ကို၊ မပြတ်နေ့၊ ရောင်းဝယ်ကြသည်၊ ငှက်လှအစိတ်၊ ကြေးအစိတ်’ ဟု လက်ံာစပ်ဆိုလျက် ဝှက်ခဲ့သော စကားထာစသည်တို့ ဖြစ်ကြ၏။ ယင်းနှစ်ခုတွင် ပဌမစကားထာကိုတွက်လျှင် အလံတရာကိုလက်သစ်ဖွဲ့သော် ၉၆၀၀ ရရှိ၏။ ထို ၉၆၀၀ လက်သစ်ကို တနေ့လျှင်လက်နှစ်သစ်ဆိုသည့်အတွက် လက်နှစ်သစ်နှင့် စားသော် ရလဒ် သည် ၄၈၀၀ ရ၏။ ထိုအတွက် ထိုမိန်းကလေး၏ အသက်မှာ ရုက်ပေါင်း ၄၈၀၀ ဖြစ်သည်။ ထိုရုက်ပေါင်းကို လဖွဲ့လျှင် လပေါင်း ၁၆၀ ရ၍ နှစ်ဖွဲ့သော် ၁၃ နှစ်နှင့် ၄ လရသည်။ မွေးသက္ကရာဇ်ကိုလိုသော် ကောဇာသက္ကရာဇ်မှ ယင်း ၁၃ နှစ်နှင့် ၄ လကို နုတ်သော်

မွေး သက္ကရာဇ် ရသည်။ ဒုတိယစကားထာ ဖြစ် သော ' ခိုမှာ ကားခဲ့၊ ဝမ်းဘဲငါးကျပ်၊ စာတမတ် ' ကိုဖြေကြားရာ၌ ' ခိုမှာ နှစ်မတ်၊ ဝယ်မှတ်လည်းပြု၊ ဆဲရှစ်ခုကို၊ တွက်စုကြေးမှာကိုး ကျပ်သာတည့်၊ ငှက်သာဝမ်းဘဲ၊ ဝယ်မြဲသုံးခု၊ တခုငါးကျပ်၊ ရလဒ်တွက်ဖွယ်၊ တဆယ်ငါးကျပ်၊ ရမြဲလဒ်ဟု၊ လေးခုစာမှာ၊ မတ်စီသာတည့်၊ များစွာပေါင်းငြား၊ ငှက်ကားအစိတ်၊ ကြေး အစိတ်။ ' ဟူ၍ ရှေးပုဂ္ဂိုလ်များ တွက်ချက်၍ရသည့်သခ်ၤာ တို့ကို လက်ဖြင့် အထက်ပါအတိုင်း ဖြေကြား ခဲ့လေသည်။

စကားလိမ်အားဖြင့်ဝှက်သော စကားထာ၌၊ စကားလိမ် ၏ သဘောမှာ တပါးသူတို့ မသိ နားမလည်နိုင် ကြစေရန် မူရင်းစကားလုံးများ၏ အသံကာရန်ကို ရွှေနောက်ပြောင်း ပြန်ပြုထားခြင်းဖြင့်၎င်း၊ အသံကာရန်ကိုလိုက်၍ စကားလုံးပို ထည့်သွင်းအသုံးပြုခြင်းဖြင့်၎င်း စကားဝှက်၍ ပြောခြင်းဖြစ် သည်။ ပမာဆိုသော် လောကဓံကို လံကဓော၊ အဝိဇ္ဇာကို အဝါဇိတ်၊ နောင်မသိကို နိမသောင်ဟူ၍ စကားကိုလိမ်ကာ ရေးသားပြောဆိုခြင်းမျိုးဖြစ်၏။ ထိုပြင် အောက်တွင်ဖော် ပြမည့် ဥပမာစကားထာများမှ ထွက်ပေါ်လာသည့် ငုံမွေ့၊ မာလုံဟူသော စကားလုံးများသည် ငွေမုံ့၊ မုံလာဟူသော စကားများ၏ စကားလိမ်များဖြစ်ကြသည်။

စကားလိမ်အားဖြင့် ဝှက်သောစကားထာများမှာ ' စယယ် ဖူးစ၊ ဆီးယောင်းမ ' ဟူသော စကားထာဖြစ်သည်။ စယယ် ဖူးစမှာ ငုံသည်။ ဆီးယောင်းမမှာ မွေ့ရသည်။ နှစ်ခုပေါင်း သော် ငုံမွေ့၊ ငွေမုံ့ ဟူ၍ဖြစ်၏။ ထိုအတူ ' ကျောက်စရစ်ခဲ စောင်ဖြူခြုံ ' ဟူသောစကားလိမ်မှာ ကျောက်စရစ်ခဲသည် မာ၍၊ စောင်ဖြူခြုံက လုံသည်။ ထိုကြောင့် အဖြေမှာ မာ လုံ၊ မုံလာဖြစ်၏။

ရှေးသူဟောင်းတို့၏ စကားထာမှာ သြကာသလောက ပတ်ဝန်းကျင်ကိုမှီး၍ ဝှက်ဆိုကြသည်ဟု ဂရိပညာရှိ အယ် ရစ္စတိုတယ်က ဆိုသည်။ ပမာဆိုသော် လေကိုဝှက်ရာ၌ ' မရပ်မနား အမြဲတစေပျံသန်းနေသည်ကား အဘယ်နည်း ' ဟူ၍ဝှက်သည်။ ရှေးခေတ်ဂရိလူမျိုးတို့သည် စကားထာ ဝှက်သည်ကို များစွာနှစ်သြိုက်ကြ၏။ စကားထာဝှက်တမ်း ကစား ရာ၌ အသက်ကိုပင် အပေါင်ပြုကြလေသည်။ သို့ဖြင့် စကားထာဝှက်ရာ၌ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြဘူး သည်။ ဂရိကဗျာဆရာကြီး ဟိုးမားသည် စကားထာတခုကို မဖြေဆိုနိုင်သောကြောင့် အရှက်ရကာ စိတ်ထိခိုက်သဖြင့် သေဆုံးရသည်ဟုအဆိုရှိသည်။

ကမ္ဘာအနှံ့အပြားတွင် စကားထာများ ခေတ်စားသည်။ ခရစ်ယန်ကျမ်းစာ၊ ကိုရန်ကျမ်းစာများတွင် စကားထာ များကို တွေ့နိုင်သည်။ အီဂရေဗျန်နှင့် ပါးရှင်း စကားထာ များလည်း ရှိသေးသည်။ မြန်မာကျမ်းစာ၊ ပုံပြင်များတွင် လည်း စကားထာများ၊ ပဟေဠိများ တွေ့ရ၏။


စကားထာပညာ သည် အကျိုးအကြောင်း နှိုင်းဆမှုကို အထောက်အပံ့ပြုသည်။ တဆင့်ပြီး တဆင့် ကြံဆရသဖြင့် ဉာဏ်ကို ရွင်စေသည်။ စိတ်ကူးကောင်းကို ရစေသည်။ သို့သော် ယခုခေတ်၌ကား စကားထာပညာကို လူငယ်လူ ရွယ်တို့သည် စိတ်ပျော်ရွင်ရုံမျှ လေ့လာကြလေသည်။

စကားပုံ။ ။စကားပုံဆိုသည်မှာ စကားပြောဆိုရာတွင် ပိုမိုထိရောက်စေရန် ခိုင်းနှိုင်းပြောဆိုလေ့ရှိသော စကားမျိုး ဖြစ်သည်။ မြန်မာစကားပုံများမှာ အကြောင်းရပ် အမျိုး မျိုးကိုလိုက်၍ ထောင်ပေါင်းများစွာရှိ၏။ ပညာရှိသတိဖြစ် ခဲ့၊ တန္ဒယ်ငင်တစင်ပါ၊ နဂိုရှိမှနဂိုင်းထက် စသော စကား လုံးသိပ်သည်းသည့် စကားပုံများလည်းရှိသည်။ မင်းသား ကြီး မလုပ်ရ၍ ပတ်မကြီးကိုဖောက်ပစ်သည်၊ အလကားရ သည့်နွားကို သွားဖြဲ၍ကြည့်သည်၊ အရိပ်သုံးပါး နားမလည် ချေသူငယ် ကျားစာဖြစ်သည် ဟူသော စကားလုံးကဲ့သည့် စကားပုံများလည်း ရှိသည်။ များသောအားဖြင့် စကား လုံးနည်းနည်းနှင့် အဓိပ္ပါယ်လေးနက်သည်ကများသည်။

တခါတရံ မိမိဆိုလိုသည့်အချက်ကို စကားပုံဖြင့် အစား ထိုး၍ ပြောနိုင်၏။ ပမာအားဖြင့် ပင်ကိုယ်အစွမ်းမရှိ သော်လည်း ကံကောင်းထောက်မ သောကြောင့် အလုပ် အကိုင် တစုံတခု ဖြစ်မြောက်သွား သည်ကို တိုက်ရိုက်မ ပြောလိုလျှင်၊ ကြက်ကန်း ဆန်အိုးတိုးမိသည် ဟူ၍ဖြင့်၊ သူတပါးကူညီမှုကြောင့် အရေးကိစ္စအောင်မြင်သွားလျှင် စိုင် ကော်လိုချုံပေါ် ရောက်သည်ဟူ၍ဖြင့် သုံးလေ့ရှိကြသည်။

အချို့စကားပုံများမှာ သတိပြုဖွယ်၊ နာယူဖွယ် ဥပဒေ များဖြစ်ကြ၏။ နေ့ပြောနောက်ကြည့်၊ ည ပြောအောက် ကြည့်၊ လသာတုန်းဗိုင်းငင့်၊ နွေတ်ချိုလျှင်လျှိုတပါး စသည့် မှတ်သားဖွယ်ရာ စကားပုံများပင် ဖြစ်လေသည်။ ဆုံးမစာ ဆန်သော စကားပုံများကို ကန်တော်မင်းကျောင်း မေတ္တာ စာ၊ ကျည်းကန်ရှင်ကြီး မေတ္တာစာ၊ ဦးပုည မေတ္တာစာ၊ ဘိုးသူတော်ဦးနု၏ စကားပုံများမှ ထုတ်နုတ်သုံးစွဲကြသည်။ ယင်းစကားပုံများမှာ လက်ဝမ်းဖြစ်သောကြောင့် မှတ်ရ လွယ်၏။ မပေးဘဲကိုမလိုလင့်၊ မမေးဘဲကို မဆိုလင့်၊ အထင် နှင့် မဆီမဆိုင်ရှိတတ်သည်၊ အမြင်နှင့် မညီနိုင်ရှိတတ်သည်၊ ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ရုပ်လှတာကို ပယ်ရမည် ဟူ၍ စပ်ဆိုထားသည့် စကားပုံများဖြစ်သည်။

ပုံပြင်ဝတ္ထုတခုခုကို ပုံဆောင်၍ပြောသော စကားပုံများ လည်း ရှိ၏။ ရှေး မြန်မာမင်းများ လက်ထက်တွင် ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မင်းဆရာတော်ကြီးများအနက် မောင်း ထောင်ဆရာတော်၊ သင်္ဘောဆရာတော်၊ ဗန်းမော်ဆရာ တော်၊ သစ်ဆိမ့်ဆရာတော်၊ ခင်မကန်ဆရာတော်၊ စလင်း ဆရာတော်၊ ဘုရားကြီးဆရာတော် စသည့် ကျော်စောသော



တောသားမုဲကဲလှေစီးသလုံမလုပဲနှင့်ဟု လှုိင်ထပ်ခေါင်တင်အား သင်္ဂဇာဆရာတော်က ဆိုဆုံးမနေပုံ

ဆရာတော်ကြီးများ၏ စကားပုံများသည် ဝတ္ထုဇာတ်ကြောင်းကို ညွှန်ပြပြောဆိုသည်က များလေသည်။ ဤသို့နောက်ခံပြုသော ပုံပြင်မှာလည်း ရယ်ရွှင်ဖွယ် ကောင်းလှပေသည်။ ဥပမာပြရသော် မင်းတုန်းမင်းတရားကြီး လက်ထက်အခါက အိမ်ရှေမိဖုရား လှိုင်ထိပ်ခေါင်တင်သည် သင်္ဂဇာဆရာတော်ဘုရားကြီးအားပင့်၍ ဆွမ်းဘောဇဉ်ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော်ဘုရားအား မောင်တော် အိမ်ရှေမင်းသည် ကာမဂုဏ်၌ တင်းတိမ်ဆောင့်ရဲခြင်း မရှိပါသဖြင့် နည်းပြ၍ ဆုံးမပေးတော်မူပါဘုရားဟု လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်ဘုရားက အိမ်ရှေမိဖုရား လျှောက်စကားအရ ဆုံးမရဦးမည်၊ သို့သော် တဖက်သားကိုတွေ့၍ အကုသိုလ်အမှုကို ပြုိင်မကျင့်ထိုက် 'တောသားမိုက်လှေစီးသလို မလုပ်နှင့်' ဟု မိန့်ကြားလျက်၊ စကားပုံ၏ ဇာတ်ကြောင်းကို ဟောပြလေသည်။ တောသားတယောက်သည် မြင်းစီး၍ မြို့နေ မိတ်ဆွေတဦး၏ အိမ်တွင် ခေတ္တတည်းခိုနေထိုင်၏။ အိမ်ရှင်မြို့သားသည် ကြောမှကြောရစေဟူသော စိတ်ထားနှင့် တောသား၏မြင်းကို အခေါက်ခေါက်အပြန်ပြန် စီးနှင်ရာ ခွေးဒီးဒီးကျသည်ကို မြင်သော်၊ တောသားသည် ဒေါသထွက်လျက် လက်စားချေမည်အကြံနှင့် မြို့သား၏လှေကိုယူကာ တက်ကိုကိုင်မြောက်၍ လူးလာတုံ့ခပ်လှော်လေသည်။ သို့သော် လှေမှာကား မမော၊ လူသာလျှင် မောသဖြင့် နှင့်ကိုင်ကြောရှာ၍ မောရုံသာရှိသည် မချေမိဘူးဟု ဆို၏။ ထိုအတူ မိဖုရားကြီးသည် အိမ်ရှေမင်း မြင်းစီးသည့်အချက် များကြောင့် လက်စားချေရန် လှေလှော်မည်မကြံနှင့် မဟန် ပေလောကဌမူကား စာပေသဘောသက်ရောက်သော စီကုံးနှုန်းဖွဲ့ပုံကိုသာလျှင် စကားပြေဟု အသိအမှတ်ပြုကြသည်။

ပါဠိဘာသာ၊ သက္ကဋဘာသာတို့တွင် (၁) ပဇ္ဇ (၂) ဂဇ္ဇ (၃) ဝိမိဿ ဟူ၍ စီကုံးနှုန်းဖွဲ့ပုံ သုံးမျိုးရှိသည်။ သာမန်အားဖြင့် ပြောဆိုရေးသားနေကြသော စကားပြေမျိုးသည် ပဇ္ဇမည်၏။ မတြာ ကာရန် စသည်တို့ဖြင့် ဖွဲ့စီအပ်သော လင်္ကာမျိုးသည် ဂဇ္ဇမည်၏။ စကားပြေနှင့်လင်္ကာကို ရောပြွမ်းဖက်စပ် စီကုံးအပ်သော အဖွဲ့မျိုးသည် ဝိမိဿမည်၏။ မြန်မာဘာသာ၌ကား စီကုံးနှုန်းဖွဲ့ပုံ နှစ်မျိုးသာ ရှိသည်။ ယင်းတို့ကား (၁) လင်္ကာနှင့် (၂) စကားပြေ ဖြစ်သည်။

မြန်မာစာပေလောကတွင် ရှေးအကျဆုံးနှင့် အများဆုံးတွေ့ရသည်မှာ စကားပြေဖြစ်သည်။ ပုဂံခေတ် ကျောက်စာတို့သည် စကားပြေ ဖြစ်ကြ၏။ မြန်မာတို့၏ ဇာတ်၊ နိပါတ်၊ ဝတ္ထု၊ ရာဇဝင် ဟူသည်တို့သည် များသောအားဖြင့် စကားပြေဖြင့်သာ ရေးသားထားသော စာများဖြစ်ကြ၏။ ယခုခေတ် သတင်းစာတို့သည် စကားပြေဖြစ်ကြ၏။ မြန်မာစကားပြေကို (၁) စကားပြေရိုးရိုးနှင့် (၂) ကာရန်ဖောက် စကားပြေဟု နှစ်မျိုးခွဲနိုင်ရာသည်။ စကားပြေရိုးရိုးတွင် ခေတ်အလျောက် နေ့စဉ်သုံးစွဲနေကျ စကားတို့ဖြင့် ရေးသားထားသော မြန်မာသက်သက် စကားပြေနှင့် ဘာသာပြန် စကားပြေဟူ၍ နှစ်မျိုးခွဲနိုင်သည်။ ဘာသာပြန်ဟူရာ၌လည်း နိဿပြန်နှင့် ပါဠိလျှောက်ပြန်ဟု ရှိလေသည်။ ပုဂံကျောက်စာများ၊ ဦးကုလား မဟာရာဇဝင်ကြီး၊ ဓမ္မဝတီအရေးတော်ပုံ စသည်တို့သည် မြန်မာသက်သက် စကားပြေ

ဖြစ်ကြ၏။ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်များ၊ ဓမ္မပဒ ဝတ္ထုတော်ကြီး၊ ရဲဇာဓိရာဇ် အရေးတော်ပုံ စသည်တို့သည် ဘာသာပြန် စကားပြေ ဖြစ်ကြ၏။ ကန်တော်မင်းကျောင်းမေတ္တာစာ၊ သျှင်ဥက္ကံသမာလာ တရားစာ၊ ဦးပုည ဝတ္ထုပေါင်းချုပ် စသည်တို့သည် ကာရန်ဖောက် စကားပြေ ဖြစ်ကြသည်။

မြန်မာသက်သက် စကားပြေရိုးရိုးအဖို့ ပုဂံကျောက်စာမှ မြစေတီကျောက်စာကို ကောက်နုတ် ဖော်ပြလိုပေသည်။

'ဘုရားသခင် သာသနာ အနှစ် တထောင် ခြောက်ရာ နှစ်ဆယ်ရှစ်နှစ် လွန်လေပြီးရကား ဤအရိမဒ္ဒနပုရ မည်သော ပြည်၌အား သီရိတရိ ဘုဝနာဒိတျ ဓမ္မရာဇ် မည်သော မင်းဖြစ်၏။ ထိုမင်း၏ ပယ်မယား တယောက်သောကား တရိလောက ဝဠီသကာဒေဝီ မည်၏။ ထိုပယ်မယားသား တမူလည်း ရာဇကုမာ မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအား ပေး၏။ ထိုပယ်မယား သေခဲ့ရကား ထိုပယ်မယား တန်ဆာနှင့် ထိုကျွန်သုံးရွာသောနှင့်တည်း ထိုပယ်မယားသား ရာဇကုမာမည်သောအား မင်းပေးတုံ၏။'

ယခုခေတ် စကားပြေအရေးအသားနှင့် ပုဂံခေတ် စကားပြေ အရေးအသားတို့ မည်မျှပြောင်းလဲလာပုံကို သာဓကပြသောအားဖြင့် ဤခေတ်ထုတ် သတင်းစာတစောင်၏ စကားပြေအရေးအသားကို အောက်ပါအတိုင်း သာဓကပြလိုပေသည်။

'လေးနိုင်ငံ ဘောလုံးပွဲကြီးကား စလေပြီ။ အောင်ဆန်းကစားကွင်းကြီးမှာ သကြားလုံး ပရွက်ဆိတ်အုံသကဲ့သို့၊ လူထုပရိသတ်ကြီး ရွှစိရွှစိနှင့် ဖွေးဖွေးလှုပ်နေတော့သည်။ အောက်တိုဘာလ ၂၃ ရက် သောကြာနေ့ကစတင်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့ ယှဉ်ပြိုင်ကစားကြရာ၊ အိန္ဒိယက ၁ ဂိုး၊ ဂိုးမရှိနှင့် အနိုင်ရရှိသွား၏။

မနေ့က မြန်မာနိုင်ငံနှင့် သီဟိုဠ်တို့ ကစားကြရာ၊ ပဌမနေ့ကထက်ပင် လူထုကြီးသည် ပိုမျှားလာသည်ဟု ထင်ရ၏။ အောင်ဆန်းကွင်းကြီးအတွင်း အရှေ့ဘက်တွင် အလံတိုင်ကြီး သုံးတိုင် စိုက်ထူထား၍၊ ဘောလုံးသမားများ ကွင်းထဲသို့ ဆင်းလာကြသောအခါ မြန်မာအလံနှင့် သီဟိုဠ်အလံတို့ကို လွှင့်ထူလိုက်၏။ ကြက်သရေရှိပါဘိတော်။

ဘာသာပြန်ရာ၌ ပါဠိတချက် အနက်တချက် ယှဉ်၍ပြန်ဆိုသည်ကို နိဿယပြန်ဟုခေါ်ကြသည်။ ယင်းနိဿယပြန်စကားပြေကို လောကနီတိပါဠိအနက်မှ ထုတ်နုတ်၍ အောက်တွင် ပုံစံပြလိုက်သည်။

'လောကေ လောကဋ္ဌ၊ အပ္ပသုတော နည်းသောသူ တရှိသူသည်၊ အပ္ပံ အံနည်းငယ်သော၊ သုတံ သုတကို၊ ဗဟုံမညတိ အမျှားအောက်မေ့တတ်၏။ မာနဝါ မာန်ရှိတတ်၏။ ကိမိဝ အဘယ်ကဲ့သို့နည်းဟူမူကား၊ သိန္ဓဒ္ဒကံ သမုဒ္ဒါရေကို၊ အပ္ပဿန္တော မမြင်စဖူးသော၊ မဏ္ဍူကော ဖားသူငယ်သည်၊ ကူပေ တွင်း၌၊ တောယံ ရေကို၊ ဗဟုံ မညတိ်ဝ အမျှားထင်သကဲ့သို့တည်း။'

ပါဠိလျှောက်စကားပြေကို ဥဒါဟရဏ် ပြသောအားဖြင့် ငါးရာ့ငါးဆယ်မှ နစ္စဇာတ်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

'လွန်လေပြီးသောအခါ ကမ္ဘာဦး၌ ခြင်္သေ့ကို အခြေလေးချောင်းရှိကုန်သော သတ္တဝါတို့၌ မင်းပြုကုန်၏။ အာနန္ဒာငါးကို ငါးတို့၏မင်း ပြုကုန်၏။ ရွှေဟင်္သာကို ငှက်တို့၏မင်း ပြုကုန်၏။ ထိုရွှေဟင်္သာမင်း၏ သမီးဖြစ်သော ဟင်္သာမငယ်သည် အလွန် အဆင်းလှ၏။ ထိုဟင်္သာမင်းသည် သမီးအား ဆုကိုပေး၏။ ဟင်္သာမငယ်သည် မိမိ စိတ်နှစ်သက်သောလင်ကို စုံစမ်းစေ၏။ ဟင်္သာမင်းသည် ထိုဟင်္သာမငယ်အား ဆုပေး၍ ဟိမဝန္တာ၌ အလုံးစုံသောငှက်တို့ကိုစည်းဝေးစေ၏။ အထူးထူးအပြားပြား ရှိကုန်သော ဟင်္သာဥဒေါင်း အစရှိကုန်သော ငှက်အပေါင်းတို့သည် တပေါင်းတည်းလာကုန်၍ တခုသော ကြီးစွာသော ကျောက်ဖျာအပြင်၌ စည်းဝေးကုန်၏။ ဟင်္သာမင်းသည် မိမိစိတ်နှစ်သက်သောလင်ကို လာ၍ ယူစေသတည်းဟု သမီးကိုခေါ်စေ၏။ ထိုဟင်္သာမငယ်သည် ငှက်အပေါင်းကိုကြည့်သည်ရှိသော် ပတ္တမြားအဆင်းနှင့်တူသော လည်ရှိသော ဆန်းကြယ်သော မြီးဖြန်းရှိသော ဥဒေါင်းသည် ငါ၏လင်ဖြစ်စေသတည်းဟု ကြား၏။'

မြန်မာစာပေသည် ပါဠိစာပေနှင့်မကင်းခဲ့။ ထိုကြောင့် ဘာသာပြန်ဟူရာ၌၊ များသောအားဖြင့် ပါဠိမှပြန်ဆိုခြင်းကို ဆိုလိုပေသည်။ ဘာသာပြန် စကားပြေမှာ ပါဠိဂတိကို လိုက်၍နေရသောကြောင့် မြန်မာစကားပြေရိုးရိုးနှင့်မတူဘဲ ခြားနားလျက်ရှိသည်။ ထိုခြားနားချက်ကို သိလွယ်စေအောင် ထပ်မံ၍ မိလိန္ဒပဉ္ဉာဝတ္ထုမှ သာဓက ထုတ်နုတ်ပြလိုသည်။

'မင်းကြီး၊ ဥပမာသော်ကား ကြက်မအား ရေကြည်လည်းမဖြစ်အံ့၊ အဥလည်းမဖြစ်ရာ။ ထိုအခါ အကြင် ရေကြည်လည်းဖြစ်၏။ အကြင်ဥလည်းဖြစ်၏။ ထိုနှစ်ပါးသော ရေကြည် အဥတို့သည် အချင်းချင်းမှီ၍ တပြိုင်နက်သာလျှင် ထိုကြက်ဥတို့၏ ဖြစ်ခြင်းတရားသည် ထင်ရှားစွာဖြစ်၏။ မင်းကြီး၊ ထို့အတူငှင်း ထိုပဋိသန္ဓေကာလ၌ နာမ်တရားချည်းလည်း မဖြစ်ရာ၊ ရုပ်တရားချည်းလည်း မဖြစ်ရာ။ ထိုပဋိသန္ဓေကာလ၌ အကြင်နာမ်တရားလည်း ဖြစ်ရာ၏။ အကြင်ရုပ်တရားလည်း ဖြစ်ရာ၏။ ထိုနှစ်ပါးစုံသော တရားတို့သည် အချင်းချင်းမှီ၍ တပြိုင်နက် ပဋိသန္ဓေနေသည်ဖြစ်၏။ ဤသို့ဖြစ်သည်ရှိသော်၊ ထို့နာမ်ရုပ်တရားနှစ်ပါးတို့သည် ကာလရှည်ကြာစွာဖြစ်၏။'

ကာရန်ဖောက်စကားပြေအဖို့ ဦးပုည ဝတ္ထုပေါင်းချုပ်မှ သူအိုမကြီးဝတ္ထုကို ကောက်နုတ်ဖော်ပြလိုပါသည်။

'ထိုအခါ သဘဝတို့ပြည်သူ၊ ခေါင်းဖြူဖေ့ဖေ့း၊ ချင်းသေးထမီအို၊ လက်တိုအင်္ကျီနွမ်းနှင့်၊ အသက်တမ်းခေါင်ခိုက်၍၊ ပြာဆိုက်အောင်မဲ့လှသော ဒါယိကာမကြီး တဦးသည်၊ မြူးတူးဝမ်းသာ၊ သဒ္ဓါလောက်လုံ၊ ပြည်သူတို့ပြုပုံကို၊ အာရုံသက်ဝင်၊ ဇောပီတိ ရွှင်လှ၍၊ လှူချင်သည့်ဝိတက်နှင့်၊ အသက်ကို မတာတွယ်၊ အရွယ်ကိုမရွေး၊ ခွေးတဖြိုက်ဖြိုက်၊ အားတိုက်ခြိုးခြံ၊ အစေခံလုပ်ငန်းဖြင့်၊ ပင်ပန်းစွာ ကြုံစည်၍၊ တပြည်စသုံးခွက်စ၊ ဆန်ကြမ်းမျက်ိ၊ ရလတ်သောခါ၊ ဝမ်းစာမခွင်း၊ ဆန်ရှင်းကို ဆမ်းလုပ်၊ ဆန်နုပ်ကို ယာဂုကျို၊ အတိုအထွာ၊ ဟင်းလျာဝယ်ဘို၊ တချို့ကိုထား၊ ဤသို့အားဖြင့်၊ ကြိုးစားလုံ့လ၊ ဆမ်းကိစ္စပြီးစေသတည်း။

စာပေ၌ စကားပြေသည် အချက်အခြာ မဏ္ဍိုင်ဖြစ်၏။ စကားပြေကို လူတို့ နေ့စဉ်သုံးစွဲနေကြသည် မှန်၏။ သို့သော် စကားပြေကောင်းတို့သည် ရှားလှပေသည်။ စကားပြေကောင်း ရေးတတ်သော လူမျိုးတို့၏ စာပေသည် ကြီးပွားတိုးတက်၏။ စာပေ ကြီးပွား တိုးတက်သည်နှင့်အမျှ လူမျိုးလည်း ကြီးပွားတိုးတက်၏။ စကားပြေကောင်း ရေးတတ်၍ စာပေ ကြီးပွားတိုးတက်သည်ကို သာဓကပြရလျှင်၊ အင်္ဂလိပ်စာပေကို ပြနိုင်ပေသည်။ ထိုကြောင့် စကားပြေစီကုံးနွန်းဖွဲ့ပုံ အလွန်တရာ အရေးကြီးသည်ကို သတိချပ်သင့်လှပေသည်။'


ဝကားပြောကြေးနန်း။။'မင်္ဂလာဝပ်ဆင် ခဏလာပါအုံး၊ တော့ချင်လို့' ဟူသောအသံကို အိမ်အောက်ထပ်ရှိ ဝပ်ဆင်ကကြားရသဖြင့် သူ၏ဆရာ ဂရေဟမ်ဗဲ ရှိရာ အိမ်ပေါ်ထပ်သို့ပြေးရောက်လာခဲ့လေသည်။ ထိုအသံကား ၁၈၇၆ ခုနှစ်တွင် တယ်လီဖုန်းခေါ် စကားပြော ကြေးနန်းဖြင့် ပဌမအကြိမ် အောင်မြင်စွာ စကားပြောလိုက်သော အသံ ဖြစ်ပေသည်။

အယ်လက်ဇန္ဒား ဂရေဟမ် ဗဲသည် စကော့လူမျိုး ဖြစ်သည်။ သူသည် သူ့လက်ထောက်ဖြစ်သူ တောမတ် ဝပ်ဆင် နှင့်အတူ အာမေရိကန်နိုင်ငံ ဗော်စတန်မြို့တွင် စကားပြော ကြေးနန်းကို လပေါင်းများစွာ ကြုံစည်အားထုတ်ခဲ့ရာမှ အထက်ပါအတိုင်း အောင်မြင်သွားခြင်းဖြစ်သည်။ (ဗဟု၊ ၎အ၊ ဂျီ — ဍ။)


အမှန်မှာ ဂရေဟမ်ဗဲထက် ဦး၍ ၁၈၆၀ ပြည့်နှစ်တွင် ယိုဟန်း ဖိလစ်ဆိုသူ ဂျာမန် သိပ္ပံပညာရှင်တဦးက စကားပြော ကြေးနန်းကရိယာတမျိုးကို ကြုံစည်တီထွင်ဘူးသည်။ သို့ရာတွင် သူ၏ကြုံစည်ချက်မှာ သဘောအယူအားဖြင့် မှန်ကန်နေသော်လည်း လက်တွေ့အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ဗဲလက်ထက်သို့ရောက်မှ လက်တွေ့အောင်မြင်လာပြီးလျှင် ထိုအချိန်မှစ၍ ကမ္ဘာပေါ်တွင် ခေတ်သုံးစကားပြောကြေးနန်း ကရိယာများ အနှံ့အပြား ပေါ်ပေါက် အသုံးများလာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

စကားပြောကြေးနန်းပြုလုပ်ပုံသဘော

စကားပြောကြေးနန်းတွင် (၁) စကားပြောခွက် (၂) လျှပ်စစ်ဓာတ်နှင့် (၃) နားထောင်ခွက်ဟူ၍ ပစ္စည်းသုံးမျိုး အဓိကပါဝင်သည်။ စကားပြောခွက်ထဲသို့ စကားပြောလိုက်သောအခါ ပါးစပ်မှ အသံလှိုင်းတို့သည် စကားပြောခွက်တွင် တပ်ဆင်ထားသော ဒိုင်အာဖရမ် ခေါ် ပါးလွှာသည့် သတ္တုချပ်ပြားကို တုန်ခါစေသည်။ ထိုတုန်ခါမှုများက ကြေးနန်းကြိုးတလျှောက်တွင် လျှပ်စစ်ဓာတ်စီးကြောင်းကို အသံနှင့်လိုက်၍ မညီညာသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်။ ထိုမှအခြားတဖက်ရှိ နားထောင်ခွက်တွင်ရှိသော လျှပ်စစ်သံလိုက်၌ အလားတူ မညီညာသည့်အားများကိုဖြစ်ပေါ်စေသည်။ ထိုသံလိုက်က အနီးရှိသတ္တုချပ်ပြားကို ဆွဲငင်သဖြင့် စကားပြောခွက်တွင် ရှိသော သတ္တုချပ်ပြားအတိုင်း တုန်ခါစေပြန်သည်။ ထိုကဲ့သို့ တုန်ခါမှုကြောင့်



ပြင်ပမှလာသောကြေးနန်းကြိုးများကို ဗဟိုလမ်းလွှဲခလုတ်ခုံအတွင်းရှိ သက်ဆိုင်ရာ စကားပြောကြေးနန်းနံပတ်များနှင့် ဆက်သွယ်ခဲ့ဝေပေးရာဌာန



စတင်တီထွင်ချိန်မှစ၍ ယနေ့အထိ ကေားပြောကြေးနန်းခွက် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ


စကားပြော သူ၏စကားသံအ တိုင်း နားထောင်ခွက်ထဲမှ ပြန် လည်ကြားရခြင်းဖြစ်ပေသည်။

၁၈၇၀ ပြည့်နှစ်လောက်မှစ၍ နိုင်ငံကြီးတိုင်း လိုလိုတွင် စကား ပြောကြေးနန်း ကရိယာများကို တပ်ဆင် အသုံးပြုလာခဲ့ကြ သည်။ ပဌမတွင် စကားပြော ကြေးနန်းကို ခရီးတိုများ၌သာ အသုံးပြုနိုင်ခဲ့ကြ၏။ သို့သော် သိပ္ပံဆရာတို့၏ အဆင့်ဆင့်ပြုပြင် ကြိုးစားမှုများကြောင့် မကြာမီ ပင် ဝေးလံကွာလှမ်းသော ခရီး များသို့ ပြောဆိုနိုင်လာကြ သည်။ ယခုအခါ စကားပြော ကြေးနန်းကို ကုန်းပေါ်တွင်သာ မက၊ ရေခြားလျက်ရှိသော နေ ရာများသို့ပါ ဆက်သွယ်အသုံးပြု နေကြပေပြီ။ ရေခြားလျက်ရှိ သော နေရာများသို့ ဆက်သွယ် ရာတွင် ကြေးနန်းကြိုးများကို ရေမဝင်နိုင်သည့် ပိုက်လုံးများ၌ ထည့်ကာ ရေအောက်တွင်ချ ထားပြီးလျှင် တဖက်နှင့်တဖက် ကို ဆက်ပေးရလေသည်။ (ရေ အောက်ကြေးနန်း — ရှု။)

ရှေးက စကားပြောခွက်နှင့် နားထောင်ခွက်တို့မှာ သီးခြား ဖြစ်ကြ၏။ ယခုခေတ်တွင်မူ တဆက်တည်းပြုလုပ်ထားသဖြင့် လက်တဖက်တည်းဖြင့်ပင် ကရိ ယာနှစ်ခုစလုံးကို လွယ်ကူစွာကိုင် ပြီးလျှင် ပြောလိုသည့်စကားကို ပြောယင်းနှင့်တဖက်မှ ပြန် လည်ပြောဆိုသည့်စကားကိုလည်း နားထောင်နိုင်လေသည်။

တယ်လီဖုန်းစကားပြောလိုလျှင် ပြောလိုသူသည် ပြော ခွက်ကို တင်ခုံမှ မယူလိုက်ရသည်။ ထိုအခါ လျှပ်စစ်ခတ် သည် ကြေးနန်းကြိုးတလျှောက်စီး၍ ဗဟိုဌာနဌ်ရှိသော ခလုတ်ခုံက မီးလုံးတလုံးကို လင်းစေသည်။ လင်းနေသော မီးလုံးကိုကြည့်၍ အော်ပရေတာသည် မည်သည့်တယ်လီဖုန်း နံပတ်က စကားပြောလိုကြောင်းကို သိသည်။ ထိုအခါ အော်ပရေတာသည် ထိုသူအား မည်သည့်တယ်လီဖုန်းနံပတ် နှင့် စကားပြောလိုကြောင်းမေး၍ ပြောလိုသည့် တယ်လီ ဖုန်းနံပတ်ကို သိရသောအခါ ထိုနံပတ်နှင့် ဆက်သွယ်ပေး လိုက်သည်။ ထိုအခါ ပြောလိုသောတယ်လီဖုန်းတွင် အသံ သွား၍မြည်သည်။ တယ်လီဖုန်းမြည်သံကြားရသူသည် နား ထောင်ခွက်ကို မယူ၍ နားထောင်လိုက်လျှင် တဖက်ကပြော သူ၏ စကားများကို ကြားနိုင်သည်။ မိမိကလည်း ပြော ခွက်တွင် စကားပြန်ပြောနိုင်၏။ စကားပြောပြီးလျှင် ပြော ခွက်နှင့် နားထောင်ခွက်တို့ကို တယ်လီဖုန်းခုံပေါ်တွင် ပြန် ချထားရသည်။ ထိုအခါ အော်ပရေတာသည် တဖက်နှင့် တဖက် ဆက်ပေးထားသောကြိုးကို ဖြုတ်လိုက်သည်။

ယခုအခါ ကြားလူက ဆက်သွယ်ပေးမှ စကားပြောနိုင်




ကြေးနန်းကြိုးအပျက်အစီးကိုစစ်ဆေးသောစက်ကရိယာ

သောအထက်ပါနည်းထက် သာလွန်ကောင်းမွန်သော အော်တိုမက်တစ် ဒိုင်ယယ် တယ်လီဖုန်းများ ပေါ်နေပြီဖြစ်သည်။ ထို တယ်လီဖုန်းဖြင့် စကားပြောသောအခါ၊ ပြောသော နံပတ်ကို တယ်လီဖုန်းရှိ ဒိုင်ယယ်အဝိုင်းတွင် လက်နှင့်လှည့်ပေးခြင်းဖြင့် အလိုလို တဖက်ကတယ်လီဖုန်းတွင် အသံသွား၍ မြည်သည်။ ထိုစံနစ်ဖြင့် စကားပြောလိုသူတို့သည် တိုက်ရိုက် စကားပြောနိုင်ကြပေသည်။ အော်တိုမက်တစ် ဒိုင်ယယ် တယ်လီဖုန်းကို အသုံးပြုရာ၌ ကရော့စဗားစံနစ်သည် နောက်ဆုံးပေါ် စံနစ်ဖြစ်၍ မြို့ကြီးပြကြီးများတွင် ထိုစံနစ်ကိုအသုံးများကြသည်။

ဒိုင်ယယ် တယ်လီဖုန်းတွင် ပဌမ အသုံးပြုသော စံနစ်မှာ စတက်ဗိုင်စတက် ခေါ် တဆင့်စီ စီမံယူသည့်စံနစ်ဖြစ်သည်။ ဒုတိယစံနစ်မှာ ပန်နယ်စံနစ်ဖြစ်သည်။ ထိုစံနစ်နှစ်မျိုးလုံး၌ စက်သဘော သက်ဝင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုစံနစ်များ၌ အလိုရှိသည့် တယ်လီဖုန်းနံပတ်ကိုရအောင် အဆက်အသွယ်ခလုတ်များအပေါ်တွင် စက်နှင့်စီမံထားသော ဝိုက်ပါးများက စမ်းရှာယူရခြင်းကြောင့်ဖြစ်သည်။ နောက်ဆုံးပေါ် ကရော့စဗားစံနစ်တွင်မူ စက်နှင့်လုပ်ထားသော ဝိုက်ပါးများအစား လျှပ်စစ်ရီလေးတိုက် အဆက်အသွယ်ခလုတ်များကို အသုံးပြုသည်။ ကရော့စဗားစံနစ်သည် အခြားစံနစ်များထက် ပို၍အရာရောက်ခြင်းကြောင့် ထိုစံနစ်ကို မြို့ကြီးများတွင်သုံးကြသည်။

စကားပြောအတတ်။ ။လူတို့သည်အချိန်တန်လျှင်စကားတတ်စမြဲပင်ဖြစ်၏။ သို့သော် စကားတတ်သူတိုင်း အပြောတတ်ပြီဟု မဆိုနိုင်ချေ။ စကားပြောရာ၌ မိမိဆိုလိုသော အဓိပ္ပါယ်သို့ရောက်အောင် စကားလုံးကို နေရာတကျအသုံးပြုတတ်ဖို့လိုသည်။ နားထောင်သူ၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်တတ်ဖို့ လိုသည်။ ထိုကြောင့် စကားပြောခြင်းသည် အတတ်ပညာတခုပင်ဖြစ်၏။ အချို့သောသူတို့သည် အာဝဇ္ဇန်းကောင်း၏။ သို့သော် အာဝဇ္ဇန်းကောင်းတိုင်း စကားပြောတတ်ပြီဟု မဆိုနိုင်။ အချို့ကား သဒ္ဒါနည်းကျကျ စကားပြောတတ်၏။ သဒ္ဒါတတ်၍ စာတတ်သည်ဟု ခေါ်နိုင်စေကာမူ၊ သဒ္ဒါတတ်တိုင်းလည်း စကားပြောတတ်ပြီဟု မဆိုနိုင်။ စကားပြောသူ၏စိတ်၌ ပေါ်လာသော အဓိပ္ပါယ်ကို ဉပမာ ဥပမေယျတို့နှင့် တန်ဆာဆင်၍၊ စကား



ရန်ကုန်မြို့၊ စကားပြောကြေးနန်းဗဟိုဌာနလမ်းလွှဲခလုတ်ခုံ

အသုံးအနှုန်း ပြေပြစ်ပြီးလျှင်၊ စကား၏အလေးအနက်ကို ထင်ပေါ်အောင် လေယူလေသိမ်းကောင်းကောင်း သရုပ်ဖော်ပေးနိုင်မှသာ စကားပြောကောင်းသည်ဟုဆိုနိုင်သည်။

စကားပြောအတတ်သည် ဂရိနိုင်ငံ၌ စတင်ထွန်းကားလာသည်ဟု အနောက်နိုင်ငံသားတို့က ယူဆကြသည်။ ဂရိလူမျိုးတို့သည် စကားပြောအတတ်ကို ဟောပြောမှုပညာဇာရပ် အနေနှင့် လိုက်စားခဲ့ကြ၏။ ရှေးဟောင်း ဆိုးဖစ်များသည် စကားပြောရာနှင့်ဆိုင်သော တက္ကနယများကို ကြံဆခဲ့ကြသည်။ စကားပြောနည်းဆိုင်ရာ စည်းကမ်းများကို သတ်မှတ်ကြသည်။ ထိုစည်းကမ်းသတ်မှတ်ချက်များသည် ယခုတိုင် အသုံးကျ အဖိုးတန်လျက်ရှိသည်။

မြန်မာတို့၏စာပေကျမ်းဂန်၌ကား စကားပြောအတတ်ကို အထောက်အပံ့ပြုသောကျမ်းများ ရှိသည်။ ပါဠိကျမ်းဂန်လာ မိလိန္ဒပဉှာသည် ဗုဒ္ဓမြတ်စွာ၏ နက်နဲသောတရားတို့ကို ဖွင့်ဆိုရာ ကျမ်းဂန်တရပ်မျှသာမက၊ စကားပြောအတတ်၌ အကျုံးဝင်သော တက္ကနယတို့ကိုဖော်ပြရာ ကျမ်းဂန်လည်း ဖြစ်ပေသည်။ မြန်မာတို့၌ စကားအရာ အင်္ဂါလေးတန်နှင့် စကားကြီးဆယ်မျိုးဟူသည်တို့မှာ စကားပြောအတတ်ဆိုင်ရာနည်းဥပဒေများဖြစ်သည်။ (စကားကြီးဆယ်မျိုး—ရှု။)

စကားပြောရာ၌ ပြောဆိုသောစကားလုံး၏ အဓိပ္ပါယ်သည် ပြောင်မြောက်ရသည်။ မိမိသုံးစွဲလိုက်သော စကားလုံးသည် မိမိအလိုရှိအပ်သော သရုပ်ကို ဆောင်နိုင်စွမ်းရှိရမည်။ သို့မှသာ ကြားနာသူ၏ စိတ်နှလုံးတွင် ဆိုလိုရင်းအဓိပ္ပါယ်တို့သည် ပန်းချီကားချပ်ပမာ ထင်လင်းစွာ ပေါ်ပေါက်လာနိုင်လိမ့်မည်။ ဤအာသီသ ပြည့်မြောက်စေရန် မှာ ဥပမာ ဥပမေယျများ၊ ဥပစာ စကားများ၊ ဥဒါဟရုဏ်များသည် အရေးကြီးလေသည်။ စကားပြောရာတွင် အသက်ဝင်လာအောင် ဟာသကိုလည်း သုံးရသည်။ အကြောင်းနှင့်အကျိုး ဆက်စပ်၍လည်း ပြောရသည်။ နားထောင်သူတို့၏ အာရုံကို ဖမ်းယူနိုင်ရန်အလို့ငှာ၊ အသံဩဇာနှင့် ဟန်အမူအရာ ရှိရသည်။ စကားပြောရာတွင် ပြီသပြတ်သားခြင်းသည်လည်း စကားပြော အတတ်၌ အရေးကြီးသောအင်္ဂါတရပ် ဖြစ်ပေသည်။

စကီးစိုးခြင်း။ ။ရေခဲသော တိုင်းပြည်များတွင် ရေခဲပြင်ပေါ်၌ စကီး ဟု ခေါ်သော သစ်သားလျှောဖိနပ် စီးနင်း၍ ခရီးသွားလာကြသည်ကို စကီးစီးခြင်းဟု ခေါ်သည်။ ထိုလျှောဖိနပ်မှာ သာမန်အားဖြင့် ၃ လက်မမှ ၅ လက်မအထိ ပြက်ရှိသည်။ အလျားမှာ ၅ ပေမှ ၈ ပေအထိ ရှည်သည်။ အထူမှာ တလက်မနှင့်တမတ်ခန့် ထူသည်။ ဖိနပ်၏ ဦးရောနောက်ပါ ရှည်မျောမျောရှိသည်။ စကီးနှင့် စကိတ်တို့ခြားနားချက်မှာ စကီးသည် သစ်သားဖိနပ်ဖြစ်၍၊ စကိတ်မှာ ရိုးရိုးသားရေဖိနပ်အောက်တွင် တပ်ဆင်ထားနိုင်သော သံမဏိပြားကရိယာဖြစ်သည်။ (စကိတ်စီးခြင်းလည်း — ရှု။) လျှောဖိနပ်ကို စီးမည်ပြုသည့်အခါ ထိုဖိနပ်ကို ခြေဖမိုးနှင့် ခြေမျက်စိတို့တွင် အခိုင်အမာချည်နှောင်တုပ်ပိုး၍စီးရသည်။

ရေခဲသောတိုင်းပြည်များတွင် လျှောဖိနပ်စီးခြင်းဓလေ့မှာ ရှေးဟောင်းကပင် ရှိနှင့်ပြီဟု သိရသော်လည်း လျှောဖိနပ်စီးခြင်းကို ကစားခုန်စားတရပ် အနေဖြင့် တီထွင်ကြသည့်မှာ များစွာမကြာသေးချေ။ ခရစ် ၁၈၆၀ ပြည့်နှစ်လောက်က နော်ဝေးနိုင်ငံတွင် စကီးစီးခြင်းကို ကစားခုန်စားပြိုင်ပွဲတရပ်အနေနှင့် ကျင်းပခဲ့ရာမှ အစပြု၍ စကန်ဒီနေးဗီးယားကျန်းဆွယ် တလျှောက်ရှိ နိုင်ငံများသို့ ထိုစကီးစီးခြင်းအလေ့အထသည်ပျံ့နှံ့သွားလေသည်။ ထိုနောက်၌ကား ဥရောပတိုက်တွင်သာမက ဩစတြေးလီးယားတိုက်နှင့် နယူးဇီလန်ပြည်တို့တွင်လည်း စကီးစီးခြင်း ခေတ်စားလာခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။


စကီးစီးခြင်း၌ တောင်ထက်မှ တောင်အောက်သို့သာ လျှောချစီးဆင်းနိုင်သည်မဟုတ်၊ တောင်အောက်မှလည်း တောင်ထိပ်သို့စီးတက်နိုင်သည်။ ဤသို့ အနိမ့်မှ အမြင့်သို့တက်နိုင်ရန်၊ တောင်ဝှေးများကို အသုံးပြုရသည်။



စကီးအမြင့်ခုန်စီးရှ၍ တောင်ပေါ်မှတောင်အောက်သို့ စွန့်စွန့်စားစားဆင်းလာပုံ

များသော အားဖြင့် ထိုတောင်ဝှေးတို့၏ အောက်ခြေ၌ ဘီးတပ်လျက်ပါရှိသည်။ သို့ရာတွင် အမြင့်သို့ တက်သောအခါ၊ စကီးဖိနပ်ကို တည့်တည့်မတ်မတ်စီး၍ လျောက်ရန် မဖြစ်နိုင်ချေ။ ထိုအခါ၌ ကျမ်းကျင်မှုလိုလေသည်။ စကီးစီးသူသည် ခြေကိုခွင်၍၊ စကီးဖိနပ်ကို သွားရာလမ်းကြောင်း၌ ကန့်လန့်ဖြတ်၍ချပြီးလျှင် လျောက်ရသည်။ ဤသို့ လျောက်သည့်အခါ၊ စကီးဖိနပ်ရှသည် ဆီးနှင်းဖွေးဖွေးထဲတွင် ကင်းခြေများလျောက်သွား၍ ကျန်ရစ်သော ကင်းခြေများ ခြေရာသဏ္ဌာန်ကျန်ရစ်သည်။

စကီးစီးပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်တို့သည် သတ်မှတ်ထားသော ပန်းထွက်မှပန်းတိုင်သို့ အတိုဆုံးခရီးဖြင့် အမြန်ဆုံးရောက်အောင် လျောစီးကြရသည်။ အတိုဆုံးခရီးဖြင့် ရောက်ရလေအောင် မတ်စောက်သောချောက်များကို ခုန်ဆင်းရသည်မှာ စွန့်စားခြင်းတရပ်ပင် ဖြစ်သည်။ အချို့ကစားနည်းမှာ တောင်ကုန်းမှ မိုင် ၆၀ နှုန်းမျှဖြင့် လျှောဆင်းပြီးလျှင် သတ်မှတ်ထားသောနေရာသို့ ရောက်လျှင် လေထဲတွင်ခုန်တက်ရသည်။ အချို့သော ကစားပွဲတို့၌ကား၊ တောင်ကမ်းပါးစောင်းတလျှောက်တွင် ခုန်၍ဆင်းရသည်။



ဆိုဗီယက်ရုရှားနိုင်ငံ ဆရာအတတ်သင်ကျောင်းမှ ကျောင်းသူကျောင်းသားအချို့ စကီးစီးထွက်လာကြစဉ်


စကူမြို့။ ။မင်းဘူးခရိုင် တောင်ပိုင်းတွင်ရှိ၍ စကူမြို့နယ်ဈေးစိုက်ရာမြို့ ဖြစ်သည်။ မင်းဘူး၊ စလင်း သွား မော်တော်ကားလမ်းတွင် မင်းဘူးမြို့၏ အနောက်မြောက်ဖက် ၁၁ မိုင် အကွာ၌ တည်ရှိသည်။ မြို့နယ်၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၅၄၂ ခန့်ရှိသည်။

မြန်မာမင်းများလက်ထက်တွင်၊ စကူမြို့ဝန်ဟူ၍ သီးခြားထားရှိပြီး အုပ်ချုပ်စေခဲ့သည်။ ရှေးခေတ် စကူမြို့ဝန်၊ မြို့သူကြီးတို့ တည်ဆောက်ကိုးကွယ်ခဲ့သော လေးထပ်ကျောင်း၊ သုံးထပ်ကျောင်း၊ မှန်ကင်းကျောင်း၊ ကန်ဦးကျောင်းစသည့် ကျောင်းကြီးများတွင် ဇာတ်နိပါတ်တော်များကို သရုပ်ဖော်ထားသည့် ရှေးမြန်မာ ပန်းပုလက်ရာတို့ကို ယခုတိုင် တွေ့နိုင်သေးသည်။

စကူမြို့နယ်၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်၏။ လယ်ယာစိုက်ပျိုးခြင်းများကို မန်းချောင်းမှ ဆည်မြောင်းများဖြင့် ရေသွင်းစိုက်ပျိုးသည်။ စကုနယ်မှထွက်သည့် စကူဖြတ် ခေါ်သော စပါးသည် နာမည်ကြီး၏။ 'စပါးမှာ စကူဖြတ်၊ မယားမှာ တခုလပ်' ဟုပင် ဆိုရိုးရှိခဲ့သည်။

မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူရှိသော ရွှေစက်တော်ဘုရားသည် စကူမြို့နယ်အတွင်း၌ပင် ရှိ၏။ ရွှေစက်တော်ဘုရားပွဲ ကျင်းပသည့် တပို့တွဲနှင့် တပေါင်းလတို့တွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ လာရောက်ကြလေသည်။


စကူမြို့ဟု အမည်တွင်ရခြင်းကို တကောင်းခေတ်မှ မဟာသမ္မတ ဓုဇသမ္မတတို့၏အကြောင်းနှင့် ဆက်စပ်ပြောလေ့ရှိကြသည်။ ထိုမျက်မမြင်မင်းသား နှစ်ပါးတို့အား ရောဝတီမြစ်ရိုးတွင် ဖောင်ဖြင့်မျောလိုက်ရာ စစ်ကိုင်းမှ စန္ဒမုခီ ဘီလူးမသည် ဖောင်ပေါ်တွင် အတူ စီးလိုက်ခဲ့လေသည်။ လမ်းတွင် စားမြိန်စာများကို ခိုးစားသော ဘီလူးမအားမိ၍ မင်းသားများက သတ်မည်အပြုတွင် မျက်စိ အလင်းရအောင်



စကူမြို့အဝင်တွင်ဖူးမြင်ရသောထေရ်ကြီးစေတီတော်

ကုပေးပါမည်ဟု ကတိပြုချက်ကြောင့် အသက်ချမ်းသာပေးလိုက်၏။ ထိုနေ့ထူမှစ၍ မင်းသားနှစ်ပါးအား မျက်စိအလင်းရအောင် စတင်ကုသပေးသည့်အတွက် စကု ဟု ခေါ်ကြောင်း အဆိုရှိ၏။

စကူမြို့၏လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ ၅,၁၅၂ ယောက်မျှဖြစ်သည်။



ဆာ ဒေါ်လတာ စကော့

စကော့, ဆာဒေါ်လတာ (ခရစ် ၁၇၇၁–၁၈၃၂)။ ။ စကော့လူမျိုး ကဗျာစာဆိုနှင့်ဝတ္ထုရေးဆရာကြီး ဆာဒေါ်လတာ စကော့ သည် ၁၇၇၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် စကော့တလန်ပြည် အက်ဒင်ဗာရာမြို့တော်၌ ဖွားမြင်ခဲ့သည်။ သူ၏ဖခင်မှာ အက်ဒင်ဗာရာမြို့၌ ရှေနေစာရေးဖြစ်သည်။ စကော့၏မိခင်မှာ ဇာက်ဒင်ဗာရာတက္ကသိုလ် ဆေးပညာ ပါမောက္ခကြီး ဒေါက်တာ ဂျန် ရားသားဖို့၏ သမီးဖြစ်သည်။

စကော့သည် ကလေးဘဝ၌ လွန်စွာချူချာခဲ့၏။ သူငယ်နာရောဂါကြောင့် နို့စို့အရွယ်ကပင် ခြေထောက်များ မသန်မစွမ်း ဖြစ်ခဲ့ရသည်။ ကျန်းမာရေးတွင် ဤမျှပင် ချို့တဲ့ခဲ့သော်လည်း စိတ်အလွန်မြန်သော သူငယ်ကလေးဖြစ်၏။ ထို့အတွက် မည်သူကမျှ သူ့အား ဖိနှိပ်ချုပ်ချယ်ခြင်းမပြုဘဲ သူ့ဖာသာပင် နေစေခဲ့ကြသည်။ စကော့သည် ငယ်ရွယ်စဉ်ကပင် စာဖတ်ဝါသနာပါသဖြင့် စာဖတ်ခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေခဲ့၏။ ထိုဝါသနာသည် နောင်အခါ သူ့အား များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။

စကော့သည် အရွယ်ရောက်၍ အတော်အသင့် လမ်းလျောက်နိုင်ပြီးလျှင် ကျောင်းကို မှန်မှန်တက်နိုင်လောက်အောင် သန်စွမ်းလာသည့်အခါ၊ အက်ဒင်ဗာရာ အထက်တန်းကျောင်းတွင် ပညာသင်ကြားလေသည်။ စာဖတ်ဝါသနာထံ၍ စာပေမျိုးစုံကို လေ့လာခဲ့သည့်အလျောက် အရွယ်နှင့်မလိုက်အောင်ပင် ဗဟုသုတ ကြွယ်ဝလာလေသည်။ ဥာဏ်ရှင်ကာပညာထက်မြက်လှသဖြင့် အထန်းထဲတွင် ပဌမစံသည် သာ များလေသည်။ ကျောင်းသား ဘဝ၌ပင်၊ သူ့ဖခင်အား ကူညီကာ အလုပ်လုပ်ပေးရသောအခါ၌ပင်၊ တက္ကသိုလ်တွင် ပညာဆက်လက် ဆည်းပူးသောအခါ၌ပင်၊ ဥပဒေသင်တန်းတက်စဉ်၌ပင်၊ တက္ကသိုလ်နှင့် ပြင်ပ စကားရည်လှုအသင်းအဖွဲ့များတွင် ဝင်ရောက်ဆောင်ရွက်စဉ်၌ပင်၊ ဝါသနာပါရင်းဖြစ်သော စာပေ လေ့လာလိုက်စားခြင်းကို လက်မလွှတ်ပေ။ ပြင်သစ်စာကို ကျောင်းသားကလေး ဘဝကပင် ကောင်းစွာ တတ်မြောက်ခဲ့၍၊ ဣတာလျံစာကို ၁၅ နှစ်အရွယ်မတိုင်မီကပင် လေ့လာလိုက်စားခဲ့လေသည်။

ခြေထောက် မသန်စွမ်းသည့်ပြင် မကြာခဏဖျားနာတတ်သောကြောင့် စကော့၏ကိုယ်ခန္ဓာမှာ ကြုံလို့သေးကွေးနေလိမ့်မည်ဟု တွေးထင်ဖွယ်ရာရှိသော်လည်း၊ စင်စစ် စကော့သည် အံ့သြလောက်အောင်ပင် အရပ်အမောင်း ထွားကျိုင်း၍ ကိုယ်ခန္ဓာတောင့်တင်း၏။ စိတ်နေသဘောထား ဖြောင့်စင်းဖြူစင်၍ မျက်နှာမှာ အစဉ်သဖြင့် ရွှင်လန်းသည်။

စကော့၏ဖခင်သည် မူလက သားဖြစ်သူအား သူ၏ခြေရာကိုနင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့်၊ အသက် ၁၆ နှစ်အရွယ်တွင် သူ၏အလုပ်၌ ဝင်ရောက်ကူညီ လုပ်ကိုင်စေသည်။ သို့ရာတွင် စကော့သည် ဖခင်ဖြစ်သူ၏အလုပ်တွင် စိတ်မဝင်စားဘဲ၊ အထက်တန်းကျသော ဝတ်လုံတော်ရအလုပ်ကိုသာ ပို၍ လိုလားနှစ်သက်သည့်အား လျော်စွာ ဥပဒေပညာကို ကြိုးစားလေ့လာပြီးနောက်၊ ၁၇၉၂ ခုနှစ် အသက် ၂၁ နှစ်အရွယ်တွင် အထက်တန်းရှေနေကြီးဘွဲ့ထူးကို ဆွတ်ခူးခဲ့လေသည်။ စကော့သည် လေးနှစ်ထက်မနည်း ဥပဒေပညာကို အပတ်တကုတ် ကြိုးစား လေ့လာခဲ့သော်လည်း၊ ရှေနေအလုပ်နှင့် အရိုးထုတ်ရန် မကြဲရွယ်ဘဲ၊ အားလပ်ချိန်များများရ၍ စာပေပညာကို လေ့လာလိုက်စားရန် အခွင့်အရေးရှိသော အလုပ်ကောင်းတခုခုကိုသာ လုပ်ကိုင်ရန်ရည်ရွယ်ရင်းရှိခဲ့လေသည်။

ရည်ရွယ်ခဲ့သည့်အလျောက်၊ ၁၇၉၃ ခုနှစ်တွင် ဆဲလကတ် ရွိုင်ယာနယ်၏ မြို့ဝန်အလုပ်ကို တနှစ်လျှင် ရိက္ခာတော်ငွေ ပေါင် ၃၀၀ ခန့်နှင့် လုပ်ကိုင်ရလေသည်။ တာဝန်အလွန်နည်းသည့် အလုပ်ဖြစ်သောကြောင့် စာပေကိုလိုက်စားရန် အချိန်များစွာရရှိခဲ့လေသည်။ ၁၈၀၆ ခုနှစ်တွင်တဖန် စက်ရွှင်ဂုံး စာရေးတော်ကြီးအလုပ်ကို ပူးကဲ့လက်ခံရပြန်သည်။ ထိုအလုပ်မှာ မြို့ဝန်အလုပ်ထက် တာဝန် အနည်းငယ် ပို၍

ကြီးလေးသော်လည်း စကော့သည် ထိုအလုပ်ကို ၂၅ နှစ် တိုင်တိုင် စွဲမြဲစွာ လုပ်ကိုင်ခဲ့လေသည်။ ၁၈၁၂ ခုနှစ်မှ စ၍ စက်ရှင်ရုံး စာရေးတော်ကြီး အလုပ်နှင့် မြို့ဝန်အလုပ်တို့မှ စုပေါင်းရရှိသောနှစ်စဉ်ဝင်ငွေမှာပေါင် ၁,၆၀၀ ခန့်ဖြစ်လေသည်။ ထိုအချိန်မှစ၍ ဝါသနာပါရင်းဖြစ်သော စာရေးခြင်းအလုပ်ကို ကောင်းစွာလိုက်စားနိုင်ခဲ့လေသည်။

စကော့သည် ကဗျာစာဆိုအဖြစ်ဖြင့် ဦးစွာ နာမည်ထွက်လေသည်။ သူ၏ ပဌမလက်ရာများကား ဂျာမန်တေးကဗျာတို့ကို ဘာသာပြန်ဆို ရေးသားခဲ့ခြင်းပင်ဖြစ်သည်။ ၁၈၀၂ ခုနှစ်တွင် 'စကော့တလန်နယ်ခြား သီချင်းများ' အမည်ရှိ ကဗျာစာအုပ်ကို ရေးသားထုတ်ဝေခဲ့၏။ ၁၈၀၅ ခုနှစ်တွင် 'နောက်ဆုံး ဂီတစာဆို၏ တေးသံ' အမည်ရှိ ကဗျာများကို ရေးသားထုတ်ဝေပြန်သည်။ ထိုစာအုပ်သည် စကော့အား ထိပ်တန်းကဗျာစာဆိုကြီး၏ အဆင့်အတန်းသို့ မြင့်တင်ပေးခဲ့လေသည်။ မိမိ၏စာအုပ်များကို လူကြိုက်များလာကြောင်း တွေ့ရှိရသောအခါ စကော့သည် လွန်စွာအားတက်ပြီးလျှင် စာရေးခြင်းအလုပ်ကိုသာ လုပ်ကိုင်ရန် တခါတည်းဆုံးဖြတ်လိုက်လေသည်။ ထိုသို့ဆုံးဖြတ်လိုက်သည့်အလျောက်လည်း ကိုယ်ရေးကိစ္စများကို အဆင်ပြေရန် စီမံဆောင်ရွက်ရပြန်သည်။ ရှားလော့ကာပန်းတီယေးဆိုသူ ပြင်သစ်အမျိုးသမီးတဦးနှင့် ၁၇၉၇ ခုနှစ်တွင် ထိမ်းမြားခဲ့သည်တွင် စကော့သည် အက်ဒင်ဗာရာမြို့မှ ၆ မိုင်ကွာ အရပ်၌ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ထိုနောက် သားထောက်သမီးခံများ ထွန်းကားလာကာ အိမ်ထောင်မှာ ကြီးလာပြီဖြစ်သည့်ပြင် စာပေနှင့်သာ မွေ့လျော်နေလိုသော ဆန္ဒကြောင့် တို့မြစ်ကမ်းခြေရှိခြံနေရာတခုကိုဝယ်ယူ၍ ပြောင်းရွှေ့နေထိုင်ခဲ့ပြန်သည်။

စကော့သည် ကဗျာလက်ာပေါင်း အမြောက်အမြားရေးသားခဲ့၏။ ကဗျာများကို ရေးပြီးနောက် ဝတ္ထုများကို စတင်ရေးသားလေသည်။ စကော့ရေးသည့် ဝတ္ထုအများအပြားတွင် ကမ္ဘာကျော်ဝတ္ထု များစွာ ပါရှိလေသည်။ ၁၈၁၄ ခုနှစ်တွင် ရွေးဦးစွာထွက်သည့် စကော့၏ဝတ္ထုမှာ 'ဝေဗာလေ' အမည်ရှိ၍ ထိုဝတ္ထုထွက်ပြီးနောက် အစဉ်အလိုက် ရေးသားထုတ်ဝေသော ဝတ္ထုများကို 'ဝေဗာလေ ဝတ္ထုစဉ်' ဟု အမည်ပေးထားလေသည်။ စကော့သည် နှစ်ပေါင်းများစွာ ရေးသားခဲ့သည့် ဝတ္ထုများတွင် သူ၏ အမည်ရင်းကို လျှို့ဝှက်ထားခဲ့၏။ ထိုသို့လျှို့ဝှက်ထားသောကြောင့်လည်း၊ အမည်မဖေါ် ပုဂ္ဂိုလ်ကျော်ကြီး၏ အကြောင်းကို သိလိုဇော သန်နေကြသော စာဖတ်ပရိသတ်တို့သည် သူ၏လက်ရာများကို ပို၍ ဖတ်လိုကြည့်လိုလာကြလေသည်။ စကော့သည် မကြာမီပင် ရာဇဝင်ဝတ္ထုရေးဆရာအဖြစ်ဖြင့် ပိုမိုထင်ရှားလာလေသည်။ ၁၈၁၈ ခုနှစ်တွင် ဘုရင်မင်းမြတ်သည် စကော့အား မွန်းမတ်ငယ် အဆောင်အရွက်ဖြင့် ဆာဘွဲ့ကို အပ်နှင်းကာ သူကောင်းပြုတော်မူခဲ့လေသည်။

၁၈၂၆ ခုနှစ်တွင် စကော့၏စာအုပ်ထုတ်ဝေသူသည် စီးပွားပျက်ကာ လူမဲ့စာ ခံသွားရသဖြင့် အကြွေးငွေ ပေါင်း ၁၃၀, ၀၀၀ ခန့်ကိုပေးဆပ်ရန်အတွက် တာဝန်သည် စကော့အပေါ် သို့ ကျရောက်လာခဲ့သည်။ သို့ရာတွင် လူမသန်စွမ်းသလောက် စိတ်ထားထက်လှသော စာဆိုကြီးစကော့သည် အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိဘဲ ပေးဆပ်ရန်ရှိသမျှ ကြွေးမြီများကို အပြေအကျေ ပေးဆပ်ရန် တာဝန်ယူလိုက်လေသည်။

အကုသိုလ်ကံတို့မည်သည် တခုပြီးတခု ဆက်တိုက်လာတတ်သော သဘော ရှိသည့် အတိုင်း စကော့၏ ချစ်ဇနီး သည် ၁၈၂၆ ခုနှစ်တွင် ကွယ်လွန် အနိစ္စရောက်သွားလေသည်။ စကော့ကိုယ်တိုင်လည်း ဒူလာနှင့် သွက်ချာပါဒ လေဖြတ်ရောဂါများ စွဲကပ်လာသည်။ သို့ရာတွင် စကော့သည် စိတ်ပျက်အားငယ်ခြင်း မရှိဘဲ သူ၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားခဲ့သည်။ စကော့သည် မနားမနေ ကြိုးစား၍ ကြွေးမြီ ဟူသမျှတို့ကို ဈာပနပိုင် အာမခံငွေများနှင့် ဖလှယ်ကာ ပေးဆပ်လိုက်သည်။ ကြွေးမြီတို့မှာ စကော့ကွယ်လွန်ပြီးနောက် များမကြာမီအတွင်း၌ ရှင်းပြီးဖြစ်သွားလေသည်။

အလုပ်သုံးလေးမျိုးကို မလစ်ဟင်းရအောင် ငဲ့သန်သန်ဖြင့် ဆောင်ရွက်ခြင်းကြောင့် စကော့၏ကျန်းမာရေးကို ထိခိုက်လာလေတော့၏။ ဆရာဝန်များ၏ အကြံပေးချက်အရ စကော့သည် ကျန်းမာရေးအတွက်၊ မြေထဲပင်လယ်သို့ အစိုးရကစီမံပေးသော သဘော်ဘတစင်းဖြင့် ခရီးထွက်ခဲ့လေသည်။ သို့ရာတွင် လောကကြီးတွင် ကြာရှည်စွာ နေရတော့မည် မဟုတ်ကြောင်း ကိုယ်တိုင်သိရှိလာသောစကော့သည် သူ၏ နေရင်းအရပ်သို့ အမြန်ပြန်ပို့ခိုင်းလေသည်။ စကော့တလန်ပြည်သို့ ပြန်ရောက်ပြီးနောက် ၁၈၃၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာကျော် ကဗျာစာဆိုနှင့် ဝတ္ထုရေးဆရာကြီး ဆာ ဝေါ်လတာ စကော့ သည် ဘဝတပါးသို့ ကူးပြောင်းသွားလေတော့သတည်း။

စကော့, ဘာ၊ ဘက် (ဖ) (ခရစ် ၁၈၆၈–၁၉၁၂)။ ။ ရောဗတ် ဖောလကွန် စကော့ မှာ ပြိတိသျှလူမျိုး၊ ရေတပ်ဗိုလ်တဦးဖြစ်၍၊ သိပ္ပံပညာ သုတေသန လုပ်ငန်း အတွက်၊ တောင်ဝင်ရိုးစွန်းသို့ သွားရောက် စွန့်စားရှာဖွေသူ ဖြစ်၏။ ဒက်ဗွန်ပို့မြို့တွင် မွေးဖွားပြီး၊ ရေတပ်တွင် ဝင်ရောက် အမှုထမ်းရာ ၁၈၇၇ ခုနှစ်တွင် ရေတပ်ဗိုလ်ကြီးဖြစ်လာလေသည်။

၁၉၀၁ ခုနှစ်တွင် သူ၏စွန့်စားမှုသတ္တိနှင့် ခေါင်းဆောင်

နိုင်သော အရည်အခြင်းကြောင့် တောင်ဝင်ရိုးစွန်းသို့ သွားရောက်မည့်အဖွဲ့ကို ဦးစီးရန် တာဝန်လွှဲအပ်ခြင်းခံရသည်။ ထိုကြောင့် 'ဒစ်စကပ်ဗာရီ' အမည်ရှိ သဘော်ဖြင့် အဖွဲ့ကို အုပ်ချုပ်ကာ လိုက်ခဲ့လေသည်။ ထိုအကြိမ်မှာ တောင်ဝင်ရိုးစွန်းသို့ စကော့ သွားရောက်သည့် ပဌမအကြိမ်ဖြစ်၍ ၁၉၀၁ ခုနှစ်မှ ၁၉၀၄ ခုနှစ်အထိ သုံးနှစ်ခန့်မျှ ကြာလေသည်။


တောင်ဝင်ရိုးစွန်းမှ နေရပ်သို့ ချောမောစွာ ပြန် ရောက် လာသော် စကော့သည် ရေတပ်တွင် အမှုထမ်းပြန်၏။ ၁၉၁၀ ပြည့်နှစ်တွင် ပဌမအကြိမ်က မပြီးဆုံးခဲ့သောလုပ်ငန်းများကို ဆက်လက်စူးစမ်းလုပ်ကိုင်ရန်၊ တောင်ဝင်ရိုးစွန်းသို့ ခရီးထွက်ရပြန်သည်။ စကော့တို့အဖွဲ့ကို ဗြိတိသျှနှင့် ဒိုမီနီယန်အစိုးရများက စရိတ်ထောက်ပံ့လေသည်။

၁၉၁၀ ပြည့်နှစ် နိုဝင်ဘာလတွင်၊ စကော့တို့လူစုသည် စွတ်ဖားများဖြင့် တောင်ဝင်ရိုးစွန်းသို့ ခရီးစထွက်ကြလေသည်။ ရာသီဥတုမှာ ဆိုးရွားလှသဖြင့် တောင်ဝင်ရိုးသို့သွားကြရာဝယ်၊ အလွန်တရာ ကြုံခိုင်သော စိတ်ဓာတ်၊ ဇဝံသတ္တိတို့ဖြင့် အားခဲကာ၊ ခဲယဉ်းပင်ပန်းစွာ သွားရောက်ကြရ၏။ ဤသို့ဖြင့် ၁၉၁၂ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် တောင်ဝင်ရိုးစွန်းသို့ ရောက်ရှိကြ၏။ သို့သော် နောင်ဝေးနိုင်ငံသား၊ အားမန်ဆင်လူစုက တောင်ဝင်ရိုးစွန်းနေရာတွင် တလခန့်စောလျှက် အလံစိုက်ခဲ့သည်ကို တွေ့ကြသဖြင့် စကော့တို့ထက် အလျင်ဦးသွားကြောင်း သိကြရလေသည်။ (အာမန်ဆင်, အာ — ရှ။)

ထိုနေရာမှ ရိက္ခာထောက်စခန်းသို့ ပြန်လှည့်ကြသည့် အပြန်ခရီးတွင် စကော့တို့လူစုသည်၊ ဖျားနာခြင်း၊ ရိက္ခာမလုံလောက်ခြင်း၊ ရာသီဥတု၏ဆိုးရွားခြင်း ဘေးဒုက္ခတို့ကို တွေ့ကြုံကြရလေတော့၏။ စကော့နှင့် အဖော်လေးဦးတို့သည် ထိုဘေးဒုက္ခများကို အလျှော့မပေးဘဲ၊ အစွမ်းကုန်ကြိုးစား တွန်းလှန်ကြပါသော်လည်း၊ အက်ဗန်း အမည်ရှိ စကော့၏ လက်ထောက်မှာ၊ ဖေဖော်ဝါရီလတွင် သေဆုံးရလေ၏။ နောက်တလလောက်တွင် အုတ်အမည်ရှိ အဖွဲ့ဝင်တဦးမှာလည်း မိမိ၏ မဟန် နိုင်သော အခြေအနေကြောင့် အခြားအဖွဲ့ဝင်တို့အား ဝန်မလေးစေလိုသည်ကတကြောင်း၊ မိမိအတွက် ဝန်ပေါ့သဖြင့်၊ ကျန်အဖော်များ သက်သာရာရစေရန်ကတကြောင်းတို့ကို ထောက်ထား၍ နှင်းမုန်တိုင်းထဲသို့ အတင်းထွက်သွားကာ အသက်စွန့်လိုက်လေသည်။

သို့ဖြစ်လင့်ကစား စကော့နှင့်ကျန်အဖော်နှစ်ဦးဖြစ်သော ဒေါက်တာဝီလဆန်နှင့် လက်ဖတင်နှင်ဗောင်းဝါးတို့မှာ အုတ်မြွေလင့်သကဲ့သို့ သက်သာခွင့်မရရှာချေ။ ရိက္ခာပြတ်သည့်ပြင် ရာသီဥတုမှာ ပို၍ဆိုးရွားလာရာ ထိုသူသုံးဦးမှာ ၁၉၁၂ ခုနှစ်မတ်လ ၂၇ ရက်နေ့လောက်တွင် သေဆုံးရှာကြလေ၏။

စကော့၏အဖွဲ့အား အရှာထွက်ခဲ့သော ကယ်ဆယ်ရေးအဖွဲ့သည် ၁၉၁၂ ခုနှစ် နိုဝင်ဘာလတွင်မှ စကော့တို့၏အလောင်းများကို တွေ့ရှိကြရလေသည်။ စကော့သည် မိမိတို့ စူးစမ်းရခဲ့သမျှ၊ တွေ့ကြုံဆောင်ရွက်ခဲ့သမျှကို မှတ်တမ်းတင်ခဲ့ရာ၊ သေခါနီးဆဲဆဲတွင် မရေးနိုင် ရေးနိုင်နှင့်ပင် မှတ်တမ်းတင်ခဲ့သေးသည်။ သူတို့၏ မှတ်တမ်းများကို ဖတ်ရှုကြရာတွင် စကော့နှင့် အဖွဲ့သားများသည် ယောကျ်ားကောင်းပီသစွာ အာဇာနည်စိတ်ဖြင့် ဒုက္ခဆင်းရဲအမျိုးမျိုးခံ၍ ရည်ရွယ်ချက် ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပုံများကို အံ့သြချီးမွမ်းစိတ်၊ သနားစိတ်တို့ဖြင့် ဖတ်ရှုကြရလေသည်။



တောင်ဝင်ရိုးစွန်းသို့ စွန့်စားသွားရောက်ခဲ့သူ ကက်ပတိန်စကော့

စကော့၏အဖွဲ့သားများမှာ အသက်ပင်ဆုံးကြသော်လည်း သူတို့၏ စူးစမ်းလေ့လာထားခဲ့သည့် အချက်များမှာ သိပ္ပံပညာရပ်အတွက် အဖိုးမဖြတ်နိုင်အောင် အသုံးဝင်လှသည်။ ထိုကြောင့် ဗြိတိသျှလူမျိုးတို့၏ စွန့်စားမှု သမိုင်းတွင် စကော့၏အမည်မှာ မော်ကွန်းဝင်ဖြစ်၍၊ လန်ဒန်မြို့ ဝါတာလူးရပ်ကွက်တွင် စကော့၏ ရုပ်ပုံကို ကြေးရုပ် ထုထားကြလေသည်။

ကျန်ရစ်သူ စကော့၏ဇနီးနှင့် သားအတွက် တိုင်းသားပြည်သူတို့က ရန်ပုံငွေများ ကောက်ခံပေး၍ ဘုရင်မင်းမြတ်ကမူ ကွယ်လွန်သူ စကော့အား ကေ၊ စီ၊ ဘီ၊ ဘွဲ့ထူးဖြင့် ခြီးမြှင့်လေရာ ဇနီးသည်မှာလည်း လေဒီစကော့ဟူ၍ ဖြစ်လာလေသည်။

ဖြိုတိသျှကျွန်းစုမှရှခင်းသာဆုံးဒေသ



စကော့တလန်ပြည်။ ။စကော့တလန်ပြည်သည် ဖြိုတိသျှကျွန်းစု၏ မြောက်ပိုင်းဒေသတွင် တည်ရှိသည်။ ရှေးအခါက ၇ိုယ့်ထီး ကိုယ့်နန်းဖြင့် တသီးတခြား လွတ်လပ်သောနိုင်ငံတခု ဖြစ်ခဲ့သော်လည်း ၁၇၀၇ ခုနှစ်၏နောက်ပိုင်းတွင်မူ ဖြိုတိန်နိုင်ငံတွင် အပါအဝင်ဖြစ်ခဲ့သည်။ အရှေ့ဖက်တွင် မြောက်ပင်လယ်ဖြင့်ဝင်း၊ အနောက်နှင့် မြောက်ဖက်တွင် အတ္တလန္တိတ် သမုဒ္ဒရာဖြင့်ဝင်း၊ ဝန်းရံလျက်ရှိသော့ စကော့တလန်ပြည်မှာ ကမ်းရိုးတန်းတလျောက် အလွန်အကွေ့အကောက် များ၍ ကျွန်းစုအများ ပါဝင်သည်။ အနောက်ဖက်တွင် ဟက်ဗရိဒီးကျွန်းစုရှိ၍ မြောက်ဖက်တွင် အော့ကနီနှင့် ရှက်တလန် ကျွန်းစုများရှိသည်။ စကော့တလန်ပြည်၏ အကျယ်အဝန်းမှာ စတုဂုန်းမိုင် ၃၀,၄၁၀ ရှိ၏။ ၁၉၅၁ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၅,၀၉၅,၉၆၉ ယောက်ရှိသည်။ စကော့တလန်ပြည်၌ သာယာကြည်နူးဝတ်ကောင်းသော အင်းအိုင်အများအပြားကို တွေ့နိုင်၍ လော့လိုမန်မှာ အကြီးဆုံးအိုင်ဖြစ်သည်။ ဤကဲ့သို့ အင်းအိုင်များ၊ လှင်ပြင်များ၊ တောင်ကုန်းများဖြင့် သာယာလှသော စကော့တလန်ပြည်မှာ ပထဝီဝင်သဘောအားဖြင့် မြောက်ပိုင်းတောင်ကုန်းဒေသ၊ အလယ်ပိုင်းမြေနိမ့်ဒေသနှင့် တောင်ပိုင်းကုန်းမြင့်ဒေသဟူ၍ သုံးပိုင်းခွဲခြားလျက်ရှိသည်။

မြောက်ဖက်တောင်ကုန်းဒေသသည် ပျမ်းမျှခြင်းအားဖြင့် ပင်လယ်ပြင်မှ ပေ ၁၅၀၀ မြင့်၍ တောင်ထူထပ်ပြီးလျှင် သီးနှံ မစိုက်ပျိုးနိုင်ချေ။ တောင်ကြားများ၌ နွားမွေးမြူရေးအတွက် စားကျက်များ၊ အမဲလိုက်စခန်းများနှင့် ရေအားလျှပ်စစ်အတွက် ရေစီးသန်သောမြစ်များ ရှိသည်။ ဤဒေသ၌ ဖြိုတိသျှကျွန်းစု၏ အမြင့်ဆုံးတောင်ဖြစ်သော ဂရမ်ပီယန်တောင်တန်းပါဝင်၍ အင်းအိုင်များဖြင့် သာယာသော ရှုမျှော်ခင်းများရှိသည်။ စာရေးဆရာကြီး ဆာဝေါ်လတာစကော့သည် ယင်းရှုမျှော်ခင်းများ အကြောင်းကို ကဗျာများ စပ်ဆိုရေးသားခဲ့လေသည်။ အလယ်ပိုင်း မြေနိမ့်ဒေသသည် အသင့်အတင့်စိုက်ပျိုးနိုင်သဖြင့် ဂျုံ၊ မြင်းစာဂျုံ၊ မုယောစပါးနှင့် အခြားသီးနှံများ စိုက်ပျိုး၍ နွားနို့လုပ်ငန်းကိုလည်း လုပ်ကိုင်သည်။ ကျောက်မီးသွေး၊ သံနှင့် ရေနံလုပ်ငန်းများကို ဤဒေသ၌ တွေ့နိုင်၏။ တောင်ဖက်ကုန်းမြင့်ဒေသ၌ မြေဩဇာမကောင်းလှသော်လည်း သီးနှံအမျိုးမျိုးကို စိုက်ပျိုးကြသည်။ နွား၊ မြင်း၊ သိုးများ ဓမ္မမြို့ရောင်းချခြင်းမှာ အဓိကလုပ်ငန်းဖြစ်သည်။

စကော့တလန်ပြည်သည် ကမ္ဘာ့မြောက်ပိုင်း၌ ကျူရောက်လျက်ရှိသော်လည်း ပင်လယ်ရေက ဝန်းရံလျက်ရှိသည့်ပြင် ပင်လယ်ရေပူချောင်းမှ တိုက်ခတ်သောလေကြောင့် ရာသီဥတုမှာ မပြင်းထန်လှချေ။ အနောက်ဖက် တောင်တန်းများ၌ တနှစ်လျှင် ပျမ်းမျှမိုးရေချိန် လက်မ ၁၀၀ မှ ၁၅၀ အထိရရှိ၍ အရှေ့ဖက်တွင်မူ မိုးရေချိန် ၂၅ လက်မမှ လက်မ ၆၀ အထိသာ ရရှိသဖြင့် ပို၍ခြောက်သွေ့လေသည်။

ဂလပ်စကိုးမြို့မှာ စကော့တလန်ပြည်တွင် အကြီးဆုံးမြို့ဖြစ်၍ စက်မှုလက်မှုလုပ်ငန်းများရှိသည်။ ယင်းမြို့အနီးတွင် ကျောက်မီးသွေးတွင်းများနှင့် သတ္တုကျင်းများ ရှိသဖြင့်

စကော့တလန်ပြည်၏ လူဦးရေထက်ဝက်ကျော်သည် ထိုမြို့အနီးတဝိုက်တွင် နေထိုင်ကြသည်။ ဂလပ်စကိုးမြို့၏အနောက်တောင်ဖက်တွင် တည်ရှိသော ပေဇလီမြို့သည် အပ်ခြည်ကြိုးလုပ်ငန်းကြောင့် ထင်ရှားသည်။ အဗာဒင်းမြို့၌ အဝတ်အထည်ရက်လုပ်ခြင်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းများရှိ၍ နှမ်းဖတ်ကျောက်များကိုလည်း တူးဖော်ရောင်းချခြင်းပြုသည်။ ဒန်ဒီမြို့တွင် သဘော်ဘတည်ဆောက်ခြင်းနှင့် စက်မှုလုပ်ငန်းများရှိသည့်ပြင် လင်နင်ထည်အများဆုံးထွက်သည်။ ဝီစကီအရက်နှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းများကိုမူ စကော့တလန်ပြည်အရပ်ရပ်၌ လုပ်ကိုင်ကြသည်။ စကော့တလန်ပြည်၏မြို့တော်မှာ အက်ဒင်ဗာရာမြို့ဖြစ်၍ ပညာဗဟုသုတဆိုင်ရာသုတေသီလုပ်ငန်းများဖြင့် ထင်ရှားလေသည်။



ကားလင်းခေါ် စကော့ကစားနည်းဆန်းတမျိုး

စကော့တလန်ပြည်၏ သမိုင်းကို လေ့လာပါမူ စစ်ပွဲများကို အများအပြား တွေ့ရပေမည်။ အင်္ဂလန်ပြည်ကို တိုက်ခိုက်အောင်မြင်ခဲ့သော နော်မန်လူမျိုးများသည် စကော့တလန်ပြည်ကိုပါ တပါတည်း သိမ်းပိုက်လိုက်ကြသဖြင့် တိုင်းရင်းဖွားပစ်လူမျိုးများနှင့် အကြိမ်ကြိမ် စစ်တိုက်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့။ ၅ ရာစုနှစ်သို့ရောက်သောအခါ အိုင်ယာလန်မှ စကော့လူမျိုးများသည် ယခုစကော့တလန်ပြည် (ထိုစဉ်က ကယ်လီဒိုးနီးယားဟု ခေါ်သည်။) အနောက်ဖက်ဒေသသို့ လာရောက်နေထိုင်ကြ၍ ၉ ရာစုနှစ်တွင် တိုင်းရင်းဖွား ပစ်လူမျိုးများနှင့် ပူးပေါင်းကာ စကော့ဘုရင် ကင်း နက်မက်အယ်လပိုင်း လက်အောက်၌ စကော့တလန်ပြည်ကြီးကို တည်ထောင်ကြသည်။ ၁၃ ရာစုနှစ်သို့ရောက်သောအခါ အင်္ဂလန်ပြည့်ရှင် ပဋမအက်ဒွပ်သည် စကော့တလန်ပြည်ကို သိမ်း၍ အင်္ဂလန်နှင့် ပူးပေါင်းရန်ကြံစည်အားထုတ်သည်တွင် ဆာဝီလျံဝေါလေ့ခေါင်းဆောင်သော စကော့တို့က အပြင်းအထန်ခုခံကြသေးသော်လည်း ၁၂၉၇ ခုနှစ်တွင် ဝေါလေ့သည် ဖမ်းဆီးကပ်မျက်ခြင်းခံရ၍ စကော့တို့ အရေးနိမ့်သွားခဲ့၏။ သို့သော် စကော့မျိုးချစ်ကြီး ရောဗတ်ဗရူစ က အင်္ဂလိပ်တို့အား ပြန်လည်တိုက်ခိုက်သဖြင့် အင်္ဂလန်ပြည့်ရှင် ဒုတိယ အက်ဒွပ် လက်ထက်တွင် စကော့လူမျိုးများသည် လွတ်လပ်ရေး ပြန်၍ရကြသည်။ အင်္ဂလန်ပြည့်ရှင် အယ်လစ်ဇဗက် ဘုရင်မ နတ်ရွာစံလျှင် စကော့ဘုရင် ဆဋ္ဌမကျိမ်းသည် အင်္ဂလန်ပြည်၏ ပဋမကျိမ်းအဖြစ် ထီးနန်းဆက်ခံသောကြောင့် စကော့တလန်နှင့်အင်္ဂလန်တို့မှာ ဘုရင်တဦးတည်း၏လက်အောက်သို့ ကျရောက်ခဲ့လေသည်။ သို့သော် အုပ်ချုပ်ရေးမှာမူ တသီးတခြားစီပင် ဖြစ်သည်။ အင်္ဂလန်၌ ဖြစ်ပွားသော ပြည်တွင်းစစ်တွင် ပဋမချားဘုရင် ကွပ်မျက်ခြင်း ခံရပြီးနောက် စကော့တို့ ထကြွသည်တွင် အင်္ဂလိပ်တို့က စကော့တလန်ပြည်အား သိမ်းပိုက်လိုက်သည်။ သို့သော် ဒုတိယချားဘုရင် နန်းတက်သောအခါ စကော့တလန်ပြည်သည် လွတ်လပ်သော သီးခြားနိုင်ငံ ဖြစ်ပြန်လေသည်။ ၁၇၀၇ ခုနှစ်သို့ ကျရောက်သောအခါ၌မူ ပူးပေါင်းရေးအက်ဥပဒေအရ စကော့တလန်နှင့် အင်္ဂလန်မှာ တခုတည်းသော အစိုးရလက်အောက်တွင် တခုတည်းသောတိုင်းပြည်အဖြစ်သို့ ရောက်ရှိလေသည်။



စကော့တလန်ပြည်တည်နေရာပြမြေပုံ

၁၉ ရာစုနှစ်တွင် စကော့တလန်ပြည်သည် စက်ရုံကြီးများ၊ ရေအားလျှပ်စစ်ရုံကြီးများ၊ မီးရထားလမ်းများ စသည်တို့ကို အကြီးအကျယ် လုပ်ကိုင်လာခြင်းဖြင့် လူဦးရေထူထပ်၍ စက်မှုလက်မှု ထွန်းကားသောပြည် ဖြစ်လာသည်။ စက်မှုလက်မှု ထွန်းကားခြင်းကြောင့် စကော့လူမျိုးတို့မှာ လက်တွေ့အလုပ်တွင် စိတ်ဝင်စားသူများဖြစ်လာကြသည်။

စကော့လူမျိုးများ၏ဘာသာနှင့်စာပေ

စကော့လူမျိုးများ၏ စာပေလောကတွင် စကော့ဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရှေးဟောင်း ဂေးလစ်ဘာသာဟူ၍ ဘာသာအမျိုးမျိုး ပါဝင်လျက် ရှိသောကြောင့် စကော့စာပေဟူရာ၌ များစွာအဓိပ္ပါယ်ကျယ်ဝန်း၍ အမျိုးမျိုး ယူဆနိုင်သည်။ ဂေးလစ်ဘာသာမှာ စကော့လူမျိုးထဲ၌ပင် နားလည်သူအလွန်နည်းသဖြင့် မထင်ရှားလှချေ။ တိုင်းရင်းသား စကော့ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားသော စာပေသာလျှင် ထင်ရှားသည်။

စကော့လူမျိုးများမှာ ရှေးနှစ်ပေါင်းများစွာကပင် ပြင်သစ်တို့နှင့် မဟာမိတ် ဖြစ်ခဲ့ကြသဖြင့် စကော့ဝေါဟာရအများပင် ပြင်သစ်မှ ဆင်းသက်လာကြောင်း တွေ့ရသည်။ ယခုအခါ အင်္ဂလိပ်ဝေါဟာရ၊ ပြင်သစ်ဝေါဟာရများနှင့်



စကော့အမျိုးသား၊ အိတ်ပြွေမှုတ်သမားတဦး


အဓိပ္ပါယ်တူ၍ စာလုံးပေါင်းနှင့် အသံထွက်ပုံ ကွဲပြားသော စကော့ဝေါဟာရ အများအပြားကို တွေ့နိုင်သည်။ သို့ရာတွင် လုံးဝ တသီးတခြားဖြစ်သော စကော့ဝေါဟာရများလည်း ရှိပေသေးသည်။ စကော့တို့၏ ရှေးအကျဆုံးစာပေမှာ ၁၃ ရာစုနှစ်ကရေးသားခဲ့သော တေးသီချင်းများဖြစ်၍ ယင်းခေတ်၏ ပဌမဦးဆုံးထင်ရှားလာသော ကဗျာဆရာမှာ တောမတ်ဆိုသူဖြစ်၏။ စကော့ခေါင်းဆောင်ကြီး ဘရုစ်၏ အတ္ထုပ္ပတ္တိကို ကဗျာလင်္ကာစီကုံးရေးသားခဲ့သော ဂျွန်ဗားဗားသည် ၁၄ ရာစုနှစ်က ထင်ရှားသော ကဗျာဆရာဖြစ်



စကော့အမျိုးသမီးကလေးတဦး ကခုန်နေပုံ

သည်။ ၁၅ ရာစုနှစ်ကား အင်္ဂလိပ်ကဗျာဆရာကြီး ချော်စာ၏ အရေးအသားမျိုးကိုလိုက်၍ရေးကြသောခေတ် ဖြစ်၍ စကော့ကဗျာဆရာကြီး ဝီလျံဒန်ဗာသည် ထိုခေတ်၏ ကဗျာဆရာ အကျော်အမော်ပင် ဖြစ်၏။ ယင်းခေတ်ကုန်ဆုံးခါနီးတွင် ကဗျာဆရာ ဂယ်ဗင်ဒေါက်ဂလပ်သည် 'အီးနီးယစ်' ကဗျာကို စကော့ဘာသာသို့ပြန်ဆိုခဲ့၏။

၁၅ ရာစုနှစ်၏ နောက်ပိုင်းခေတ်များတွင်မူ ကဗျာလင်္ကာပွဲခန့်မှ နည်းပါးသွား၍ စကားပြေနှင့် တေးသီချင်းများ ရေးစပ်မှု ခေတ်စားလာသည်။ 'ဂျိမ်းဟော့'၊ 'လေဒီနိန်း'၊ 'အယ်လန်ကန့်ဂမ်' စသော ကဗျာဆရာများ ပေါ်ပေါက်ခဲ့သော်လည်း စကားပြေဆရာ ဂျွန်နော့၏ 'ခရစ်ယန် သာသနာအရေးပုံ သမိုင်း' ကဲ့သို့သော စကားပြေများနှင့် သီချင်းရေးဆရာ ဖာဂဆန်နှင့် ဇောဗတ်ဗန်းတို့၏



စကော့တလန်ပြည်ဘုရင်များစံမြန်းခဲ့သော စတားလင်းရဲတိုက်ကြီး

သီချင်းများက ခေတ်စားနေသောကြောင့် တိမ်မြုပ်လျက် ရှိရသည်။ ယခုခေတ်၌ပင် ချားမာရေး၊ ဂျွန်ဗပ်ခန်၊ ဗိုင်အို လက်ကျေးကပ် စသော စကော့စာရေးဆရာအများအ ပြားပင် စကော့ဘာသာဖြင့် စာပေရေးသားလျက်ရှိကြ၏။

စကော့စာရေးဆရာများမှာ အင်္ဂလိပ်ဘာသာဖြင့် စာပေ ရေးသားမှု၌လည်း ပြောင်မြောက်ကြလေသည်။ ယထာ ဘူတပညာရှင် ဒေးဗစ်ဟယ်မ်း၊ ဘောဂဗေဒပညာရှင် အဒမ် စမစ်၊ စကားပြေဆရာ ဗော့ဇဝဲ၊ ဝတ္ထုရေးဆရာ စမောလက် နှင့် ကဗျာဆရာ ဂျိမ်းသွန်မဆင်တို့ကား ၁၈ ရာစုခေတ်က အင်္ဂလိပ်စာပေနယ်အတွင်း ထင်ရှားလာသော စကော့စာ ရေးဆရာများ ဖြစ်ကြ၏။ ၁၉ ရာစုနှစ်၌ ကျော်ကြားလာ သောစာရေးဆရာနှစ်ဦးမှာ ဆာဝေါ်လတာစကော့နှင့် ရော ဗတ် လူဝီ စတီဗင်ဆန်တို့ ဖြစ်ကြသည်။ ဆာဝေါ်လတာ စကော့၏ ကဗျာများနှင့် စတီဗင်ဆန်၏ ပုံဝတ္ထုများမှာ ယနေ့တိုင် လူကြိုက်များလျက် ရှိကြသေး၏။ ထိုပုဂ္ဂိုလ် များမှတပါး အခြားအသင့်အတင့်ကျော်ကြားသောစကော့ စာရေးဆရာများမှာ ဂျွန်ဂေါ့၊ တောမတ်ကာလိုင်း၊ဆာဂျိမ်း ဗယ်ရီ၊နေအိုမီမစ်ချီဆန်စသောပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။

စကစ်တယ်ကစားခြင်း။ ။စကစ်တယ်ကစားခြင်းဆိုသည် မှာ သစ်သားတိုင်ငယ်မျှားကို သတ်မှတ်ထားသောအကွာ အဝေးမှ သစ်သား သို့မဟုတ် ကြက်ပေါင်စေးဘောလုံးဖြင့် လှိမ့်ကာ တိုက်ချရသော အလွန်ရှေးကျသည့် အနောက် နိုင်ငံ ကစားနည်းတမျိုးဖြစ်သည်။ ထိုကစားနည်းမျိုးကို ယနေ့တိုင် အနောက်နိုင်ငံရှိ လမ်းဘေးထမင်းဆိုင်များ ကဲ့ သို့သော နေရာများတွင် ကစားလျက်ပင် ရှိသေးသည်။ ဤကစားနည်း၏ မူလဒေသမှာ ဂျာမနီနိုင်ငံဖြစ်၍ အေဒီ ၂၀၀ သို့မဟုတ် ၃၀၀ ပြည့်နှစ်ခန့်က စတင်ပေါ်ပေါက်ခဲ့ သည်။ စကစ်တယ်ကစားခြင်းမှာ အလယ်ခေတ် ဥရောပ နိုင် ငံ များတွင် များစွာ ခေတ်စားခဲ့ ၍၊ ရှေးအခါက ကျောက်ခဲလုံးဖြင့် လှိမ့်ချကစားရသော ပြင်ပကစားခုန်စား နည်းတခုဖြစ်၏။ သို့သော် နောင်အခါ၌မူ အိမ်တွင်းကစား နည်းတခုအဖြစ်သို့ ရောက်ရှိခဲ့လေသည်။ ဤကစားနည်းကို ဒေသအလိုက် အမျိုးမျိုး ခေါ်ဝေါ်ကြသော်လည်း စကစ် တယ်ဟူသောအမည်မှာ ဒပ်ချလူမျိုးတို့ ခေါ်ဝေါ်သုံးစွဲကြ သော အမည်ဖြစ်သည်။ စကစ်တယ် ကစားနည်းကို ၁၈၀၀ ပြည့်နှစ်၌ အမေရိကန်ပြည်ထောင်စု နယူးယောဂ်မြို့သို့ ဒပ်ချ လူမျိုးတို့ ယူဆောင်ခဲ့ကြသည်။ စကစ်တယ်ကစားနည်း တွင် မူလက သစ်သားတိုင်ငယ် ၉ တိုင်ပါဝင်သဖြင့် စကစ် တယ် ကစားခြင်းကို 'ကိုးတိုင်ကစားခြင်း' ဟူ၍လည်း ခေါ်၏။ နယူးယောဂ်မြို့တွင် ဤကစားနည်းကို လူကြိုက် အလွန်များလာသောအခါ အစိုးရကပင် တားမြစ် ခဲ့ရဘူး လေသည်။ သို့သော် စကစ်တယ်ကစားကြသူများသည် ဥပဒေကိုရှောင်ကွင်းသည့်အနေဖြင့် သစ်သားတိုင် ကိုးတိုင် အစား ဆယ်တိုင်အသုံးပြုလာကြ၏။


စကစ်တယ်ကစားခြင်းတွင် ပါဝင်ကြသောပစ္စည်းများမှာ တိုင်၊ ဘောလုံး၊ ဘောလုံးလှိမ့်ရာ လမ်းကြောင်းတို့ဖြစ်ကြ သည်။ တိုင်ကို မာကျောသည့် မေပယ်သစ်သားဖြင့်လုပ်

သည်။ တိုင်အမြင့် ၁ပေ ၃ လက်မရှိသည်။ ပုလင်းသင်္ကာန် ဖြစ်သည်။ ဘောလုံးလှိမ့်ရာ လမ်းကြောင်းကိုမူ ရော်ဗာနှင့်သော်၎င်း၊ သစ်သားနှင့်သော်၎င်း ပြောင်ချော ပြူလုပ်ထားရသည်။ ရံဖန်ရံခါ မှန်ကူကွက် ဖော်ထားသည်လည်း ရှိ၏။ လမ်းကြောင်းမှာ အလျားပေ ၆၀၊ အနံ ၃ ပေခွဲရှိသည်။ ထိုလမ်းကြောင်း၏ အဆုံးစွန်ဖက်တွင် ဘောလုံးဖြင့်လှိမ့်၍ တိုက်ချလိုက်သော သစ်သား တိုင်ငယ်များ ကျဆင်းရန် တွင်းတခုရှိ၏။ လမ်းကြောင်း၏ ဝဲယာတလျောက်တွင်မူ လမ်းကြောင်းအတိုင်းမသွားသော ဘောလုံးများကျဆင်းရန် ၉ လက်မကျယ်၍ ၃ ပေခွဲနက်သော မြောင်းရှိလေသည်။

စကစ်တယ် ကစားနည်းမှာ ကစားသူသည် သတ်မှတ်ထားသောစည်းမှနေ၍ လမ်းကြောင်းအဆုံးရှိ စကစ်တယ်ခေါ် သစ်သားတိုင်ငယ် ၁၀ တိုင်ကို ဘောလုံးဖြင့် လှိမ့်၍ တိုက်ချရခြင်းဖြစ်သည်။ စကစ်တယ် တပွဲလျှင် အလှည့် ပေါင်း ၁၀ ကြိမ်ရှိ၍ တကြိမ်လျှင် ၂ ခါကျ ဘောလုံးကို လှိမ့်ချနိုင်ခွင့်ရှိသည်။ မိမိအလှည့်တွင် သစ်သားတိုင်ငယ် ၁၀ တိုင်စလုံးကို တချီတည်းနှင့်လဲအောင်မလဲနိုင်လျှင် ဒုတိယတချီ ထပ်မံလှဲချနိုင်ခွင့်ရှိသည်။ သစ်သားတိုင်ငယ် အားလုံးကို တချီတည်းနှင့် လဲချနိုင်လျှင် ၁၀ မှတ်ရ၍၊ ဘောလုံးကို ဒုတိယတချီ ထပ်မံလှိမ့်ချခွင့် မရှိပေ။ နောက်တကြိမ် မိမိအလှည့်သို့ ရောက်၍ ဘောလုံးကိုလှိမ့်ရသည့် အခါ မိမိက ဒုတိယအလှည့်တွင်မှရရှိသော အမှတ်များကို ပဌမအလှည့်က တချီတည်းနှင့် ရရှိခဲ့သော ၁၀ မှတ်နှင့် ပေါင်း၍ အမှတ်ဇယားရှိ ပဌမဇယားကွက်တွင် ရေးမှတ်ရသည်။ အကယ်၍ ပဌမအလှည့်တွင် သစ်သားတိုင် ၁၀ တိုင်စလုံးလဲကျရန် ဘောလုံးကို နှစ်ချီလှိမ့်ရသော် ယင်းမှရသော ၁၀ မှတ်ကို ဒုတိယအလှည့်၏ ပဌမအချီတွင်ရရှိသော အမှတ်နှင့်သာပေါင်း၍ အမှတ်ဇယားရှိ ပဌမဇယားကွက်တွင် ရေးမှတ်ရသည်။ စကစ်တယ် ကစားသည့်အကြိမ်တိုင်းတွင် သစ်သားတိုင်ငယ် အားလုံးကို တချီတည်းနှင့် ချည်း လှဲချနိုင်လျှင် ၃ ကြိမ်မြောက်သောအခါ၌ စုစုပေါင်း ရရှိခဲ့သောအမှတ် ၃၀ ကို အမှတ်ဇယား၏ ပဌမဇယားကွက်တွင် ရေးမှတ်ရသည်။ နောက်အကြိမ်များအတွက်မူ ဒုတိယဇယားကွက်မှ အဆုံးအထိ တကွက်ပြီးတကွက် အမှတ် ၃၀ စီတိုး၍ ရေးမှတ်သွားရသည်။ စကစ်တယ်ကစားပွဲတွင် အလှည့်ပေါင်း ၁၀ ကြိမ်ရှိသကဲ့သို့ အမှတ်ဇယားတွင်လည်း ၁၀ ကွက်ရှိသည်။ စကစ်တယ် ကစားခြင်း အရှုံးအနိုင်မှာ အမှတ်အနည်းအများပေါ်တွင် တည်သဖြင့် တချီတည်းနှင့် သစ်သားတိုင်အားလုံးကို လှဲချနိုင်သည့် အကြိမ်ပေါင်းများသောသူသည် နိုင်လေသည်။ စကစ်တယ်ကစားနည်းများမှာ အမျိုးမျိုးရှိ၍ ပြိုင်ပွဲများကျင်းပရာ၌လည်း တယောက်



ကစားပွဲမစတင်မီ စကစ်တယ်ခေါ် သစ်သားတိုင်ငယ်များကို စည်းကမ်းတကျထောင်နေပုံ



ကစားသူသည် သစ်သားတိုင်ငယ်များကိုတိုက်ချရန် ဘောလုံးကို ခြိန်ရွယ်၍ ဣသိလှိမ့်ပစ်ရသည်။



မိတာ ၁၀,၀၀၀ အမျိုးသမီးစကိတ်အမြန်စီးပြိုင်ပွဲ (၁၉၅၅ ဝန့်စ်)

ချင်း၊ နှစ်ယောက်တဲ့ စသော ပြိုင်ပွဲများ အပြင် လူငါးဦး ပါဝင်သော အပွဲလိုက်ပြိုင်ပွဲများကိုလည်း ကျင်းပလေ့ရှိ၏။

စကိတ်စီးခြင်း။ ။စကိတ်စီးခြင်းဆိုသည်မှာ ဖိနပ်တွင် သံမဏိပြားကိုတပ်၍ ရေခဲပြင် သို့မဟုတ် မာကျောညီညာသော သမံတလင်း၊ ကတ္တရာစေး လမ်း စသော မျက်နှာပြင်များတွင် လျှောတိုက်၍ စီးနင်းသွားလာခြင်း ဖြစ်သည်။ သံမဏိပြားများ မပေါ်ပေါက်သေးသော ရှေးခေတ်ကမူ အရိုးကို ခြေထောက်တွင်ချည်ပြီးလျှင် တောင်ဝှေးကို အားပြု၍ ရေခဲပြင်များတွင် လျှောတိုက် စီးနင်းလေ့ရှိကြ၏။ ယင်းသို့ ခြေတွင်တပ်ဆင်စီးနင်းရသောအထုကိုပင် စကိတ်ဟုခေါ်လေသည်။ သံမဏိကို လူတို့သုံးစွဲလာကြမှသာ၊ ရေခဲပြင်တွင် စီးနင်းရသော စကိတ်မှာ သံမဏိပြား ဖြစ်လာ၍ အခြားမျက်နှာပြင်များအတွက်မူ ရှိလာစကိတ်ခေါ် သံမဏိဘီးငယ်ကလေးများတပ်ဆင်ထားသော စကိတ်မျိုးကို သုံးစွဲလာကြသည်။ စကိတ်စီးထုဌာနကိုလိုက်၍ စကိတ်နှစ်မျိုးရှိသကဲ့သို့ အလှစီး၊ အမြန်စီး စသော မိမိစီးနင်းမည့်ဟန်ကိုလိုက်၍လည်း စကိတ်ပုံစံအမျိုးမျိုးရှိလေသည်။ စကိတ်စီးထုတွင် အရေးကြီးသောအချက် ၄ ရပ်ကိုလိုက်နာရပေသည်။ ထိုအချက်များမှာ (၁) ခြေထိပ်တို့ကို ဘေးသို့ကားပေးရန်၊ (၂) ခွေသို့အားယူပြီးလျှင် ကိုယ်၏အလေးချိန်ကို ခြေနှစ်ဖက်ပေါ် ဌဝိန်းထားရန်၊ (၃) ခြေကိုတဖက်ပြီးမှတဖက် ကျဲကျဲလှမ်းရန်၊ (၄) ခြေကျည်းဝတ်ကို မြဲမြံစွာထိန်းထားနိုင်ရန်တို့ ဖြစ်ကြသည်။

ဆောင်းရာသီတွင် ရေခဲလေ့ရှိသော အလွန်အေးသည့် မြောက်ပိုင်းနိုင်ငံများတွင် စကိတ်စီးခြင်းအလေ့အထ ခေတ်စားလာခဲ့သည်မှာ နှစ်ပေါင်းအလွန်ကြာလေပြီ။ မြောက်ပိုင်းနိုင်ငံများဖြစ်သော စကန်ဒီနေးဗီးယား၊ ဖင်းလန်နှင့် ဟော်လန်နိုင်ငံများမှာ စကိတ်စီးခြင်းကို ဦးစွာလိုက်စားခဲ့သော နိုင်ငံများဖြစ်သည်။ အမြန်စီး၊ အလှစီး စသော စကိတ်စီးပြိုင်ပွဲများကို ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်တို့တွင် အနှံ့အပြား ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း ၁၀၀ ပင်ရှိပြီဖြစ်သော်လည်း၊ ၁၉၂၄ ခုနှစ်ကျမှသာ ကမ္ဘာ့အိုလင်းပစ်ကစားပွဲများတွင် ဆောင်းရာသီ ပြေးခုန်ကစားပွဲတခုအဖြစ်ဖြင့် ပါဝင်ခဲ့လေသည်။ သိပ်ပညာဖြင့် ရေခဲပြင်များကို ဖန်တီးပြုလုပ်နိုင်စွမ်းရှိလာသောအခါ ရေမခဲသောအရပ်များ၌ပင် ကစားရုံကြီးများဆောက်၍ စကိတ်စီးနိုင်ကြလေသည်။ ယခုအခါ အင်္ဂလန်ပြည်နှင့်တကွ ကမ္ဘာအရပ်ရပ်၌ ထိုကဲ့သို့သောကစားရုံကြီးပေါင်း ၃၀ နီးပါးရှိလေသည်။

စကိတ် အမြန်စီးတွင် စကန်ဒီနေးဗီးယား လူမျိုးများကို မည်သူမျှ မမှီချေ။ ဤခေတ်၌ ကမ္ဘာ့ စကိတ် အလှစီးပြိုင်ပွဲတွင် ပဌမ စံသူမှာ နော်ဝေးနိုင်ငံမှ ဆိုနီယာ ဟိန်းအမည်ရှိ အမျိုးသမီး ဖြစ်လေသည်။ အမျိုးသား နှင့် အမျိုးသမီး နှစ်ယောက်တွဲ၊ စကိတ် အမြန်စီး ပြိုင်ပွဲများကျင်းပသောအခါ အမျိုးသမီးများသည် အမျိုးသားများထက် စကိတ်စီးခြင်း တွင် ပိုမို ကျွမ်းကျင်ကြောင်း တွေ့ရပေသည်။




အရွယ်နုပျိုခြင်းကိုပေးစွမ်းနိုင်သော အိုဇူးနာနတ်သမီးက နတ်ပန်းသီးစွန့်ကြဲနေပုံ (စကန်ဒီနေးဗီးယားပုံပြင်မှ)

စကန်ဒီနေးဗီးယား။ ။ပထဝီဝင်သဘောအရ၊ စကန်ဒီနေးဗီးယားဆိုသည်မှာ ဆီဒင်၊ နော်ဝေးနှင့် ဒိန်းမတ်နိုင်ငံများကို ဆိုလိုသည်။ နော်ဝေးနှင့် ဆီဒင်နိုင်ငံတို့သည် ဥရောပမြောက်ပိုင်းရှိ စကန်ဒီနေးဗီးယားကျန်းဆယ်၌ပါဝင်သောနိုင်ငံများ ဖြစ်ကြသည်။ အထက်ဖော်ပြပါ နိုင်ငံသုံးနိုင်ငံသည် ခရစ် ၇၅၀ ပြည့်နှစ်ခန့်မှ ၁၄ ရာစုနှစ်အထိ သီးခြားနိုင်ငံများအဖြစ် တည်ရှိခဲ့လေသည်။ သို့သော်လည်း ၁၃၉၇ ခုနှစ်မှစ၍ ၁၅၂၃ ခုနှစ်အထိ ထိုသုံးနိုင်ငံတို့သည် အချင်းချင်းပူးပေါင်း၍ အစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြ၏။ ထိုနိုင်ငံများအနက် ဒိန်းမတ်နှင့် နော်ဝေးနိုင်ငံများသည် ၁၈၁၄ ခုနှစ် ဗီယင်းနားကွန်ဂရက်အထိ ပူးပေါင်းခဲ့လေသည်။ ဤစကန်ဒီနေးဗီးယား နိုင်ငံများက ကိုလိုနီနယ်သစ်များ ဖွင့်သောအခါ၌၊ ယခုအခါ လွတ်လပ်သော သမတနိုင်ငံဖြစ်သည့် အိုက်စလန်ကျန်းသည် ဒိန်းမတ်နိုင်ငံသို့ သိမ်းသွင်းခြင်းခံရ၍၊ ဂရင်းလန်းကျန်းသည် ဒိန်းမတ်နိုင်ငံ၏ ကိုလိုနီနယ်ဖြစ်ခဲ့ရလေသည်။ စကန်ဒီနေးဗီးယားနိုင်ငံများသည် မျိုးရိုး၊ ဘာသာစကားနှင့် သမိုင်းတို့၌ တနိုင်ငံနှင့်တနိုင်ငံ တူကြသည်။ စကန်ဒီနေးဗီးယားအမည်ခံ အထက်ပါဒေသ အားလုံးသည် ကမ္ဘာ၏ မြောက်အစွန်ဆုံးဖက်၌ ကျရောက်နေ၍ အလွန်အေးသော ဆောင်းဒဏ်ကို ကြာရှည်ခံရ၏။ ထိုဒေသများ၌ နေ့ရောင်မြင်ရသည့် နေ့သောနေ့ဥတုအချိန်ကာလသည် တိုတောင်းလှ၏။ ပင်လယ်ဖြင့် ဝန်းရံနေသောကြောင့် ကျောက်ဆောင် တောင်ကမ်းပါးတို့ကို ပင်လယ်လှိုင်းရိုက်သံများ အစဉ်ကြားနေရ၏။ စကန်ဒီနေးဗီးယား ကျွန်းဆွယ်ဒေသသည် တခါက ရေခဲပြင်အတိဖုံးလွှမ်းနေသဖြင့် လူသူတဉီးတယောက်မျှမနေနိုင်ဖြစ်ခဲ့သည်။ သို့ရာတွင် ဘီစီ ၁၀,၀၀၀ မှ ၆၀၀၀ ပြည့်နှစ်ကြားကာလအတွင်း ထိုရေခဲပြင်များသည် မြောက်ဖက်သို့ ရွှေ့သွားပြီးနောက် စကန်ဒီနေးဗီးယားကျွန်းဆွယ်တွင် လူများနေထိုင်နိုင်လာကြ၏။ ထိုဒေသများ၌ ဦးစွာတံငါသည်များနှင့် မုဆိုးများသာ စတင်နေထိုင်ကြသည်။ ရေခဲများပျော်သွားသောအခါ ထိုသူတို့သည် တဖြည်းဖြည်း မြောက်ဖက်သို့ တိုးချဲ့တိုးချဲ့ နယ်ချဲ့နေထိုင်ကြ၏။ အလွန်ရှေးကျသော စကန်ဒီနေးဗီးယန်းလူမျိုးတို့သည် အများအားဖြင့် အရှေ့ဖက်ပင်လယ်နက်ဖက်မှ လာရောက်နေထိုင်သူများဖြစ်ကြ၏။ ယင်းတို့သည် လူရိုင်းများသာဖြစ်သည်။ လယ်ယာစိုက်ပျိုးမှုကို နားမလည်။ ခဲတံသတ္တုနှင့် တွင်းထွက်ပစ္စည်းများကို အသုံးမချတတ်။ တိရစ္ဆာန်များကိုလည်း ခိုင်းစေနိုင်ရန် ယဉ်ကျေးအောင် မဆုံးမတတ်ချေ။ လက်နက်ကရိယာများကို ကျောက်ဖြင့်လုပ်၍ သုံးကြ၏။ ကျောက်ခေတ်က လူရိုင်းများကဲ့သို့ပင် အသိပညာတိုးတက်မှု ဘာမျှမရှိသေးချေ။

ယခုစကန်ဒီနေးဗီးယား၌ နေထိုင်ကြသော လူမျိုးများမှာ စင်စစ် ထိုလူရိုင်းများမှ ဆင်းသက်ပေါက်ပွားလာကြသူများမဟုတ်ချေ။ ယခုနေထိုင်သူများမှာ ဂျာမန်လူမျိုးများနှင့် သွေးစပ်၍ အချို့ကား အင်္ဂလိပ်နှင့် သွေးစပ်ကြ၏။ နှစ်ပေါင်း လေးထောင်ကျော်လောက်က ဂျာမန် သို့မဟုတ် တျူတန် အမျိုးအနွယ်ဝင်များသည် စကန်ဒီနေးဗီးယားသို့

သွားထွက် နေထိုင်ကြ၏။ သူတို့သည် အရည်အခြင်းသာ၍ လက်နက်စုံလင်သဖြင့် ရှိရင်းစွဲလူရိုင်းများကို မောင်းနှင် ထုတ်ပစ် လိုက်ကြသည်။ (တျူတန်လူမျိုး — ရှ။) သူတို့နှင့်အတူ ကိုးကွယ်သည့် အယူဝါဒလည်း ပါလာ၏။ သူတို့ကိုးကွယ်သည်မှာ အိုးဒင်နတ်ဖြစ်၏။ စကန်ဒီနေးဗီးယန်းလူမျိုးတို့သည် ထက်မြက်ဝီရိယ ရှိသည်။ သူတို့၏တိုင်းပြည်ကို ပင်လယ်က ပတ်လည်ဝိုင်းထားသဖြင့် သူတို့သည် လှိုင်းလေပြင်းထန်သော ပင်လယ်ထဲသို့ သွားရောက်စွန့်စားကာ စီးပွားရှာလိုသော စိတ်ရှိသည်။ ရှေးခေတ်ဗိုက်ကင်းလူမျိုးအဖြစ်ရှိစဉ်အခါက စစ်တိုက်ခန်း၊ စွန့်စားခန်းများနှင့် နတ်များ လူစွမ်းကောင်းများအကြောင်းကို သီချင်းသီဆို၍ ၎င်း၊ ပုံပြင်များပြော၍ဖြင့် ခြိုးကျူးလေ့ရှိကြ၏။ နောင်တွင် ထိုပုံပြင်နှင့် သီချင်းများကို စာဖြင့်ရေးမှတ်ထားကြသည်။ ထိုကဲ့သို့ ရေးမှတ်ထားသော ရှေးဟောင်းပုံပြင်များအနက် ကဗျာစာဆိုကြီး အက်ဒါကြီး (၁၀ နှင့် ၁၁ ရာစုနှစ်) နှင့် စကားပြေစာဆို အက်ဒါငယ် (၁၂ ရာစုနှစ်) တို့၏ လက်ရာများမှာ ယခုတိုင်ကျန်ရှိသေးသည်။ ယင်းပုဂ္ဂိုလ်ကြီးများရေးသားသော ပုံပြင်များမှ အိုးဒင်နှင့်သော စသော စကန်ဒီနေးဗီးယားနတ်များ အကြောင်းမှာ ထင်ရှားသည်။


ခေတ်သစ်စကန်ဒီနေးဗီးယန်းစာပေမှာ ၁၈ ရာစုအတွင်းက စတင် ပေါ်ပေါက်လာ၍ ထုံးဟောင်းပုံပြင်များ၊ သက်ကြီးစကား သက်ငယ် ကြားရသည့် ရွေး ပုံဝတ္ထုတို့များ၊ ဒဏ္ဍာရီပုံပြင်များဖြင့် ပြည့်နေပေ၏။ ယခုခေတ်၌ စကန်ဒီနေးဗီးယန်း စာပေများမှာ ထိပ်တန်းသို့ တိုးတက်နေပြီဟု ဆိုရပေမည်။ စကန်ဒီနေးဗီးယားမှ ကမ္ဘာကျော် စာရေးဆရာကြီးများ အမြောက်အမြား ထွက်ပေါ်နေသည်ကို ကြည့်ခြင်းဖြင့် ထိုတိုင်းပြည်၏ စာပေအခြေအနေကို အကဲခတ်နိုင်လောက်ပေ၏။ ဒိန်းနှင့်နော်ဝေးကပြား ဖြစ်သော ဟောလဗတ် (ခရစ် ၁၆၈၄-၁၇၅၄) မှာ ဥရောပမြောက်ပိုင်းတွင် ထင်ရှားသော ပြဇာတ်ရေးဆရာကြီးဖြစ်၍ ဆို့ဒင်လူမျိုး တင်းနေး (ခရစ် ၁၇၈၂-၁၈၄၆)မှာ နာမည်ကျော် ကဗျာဆရာတဦးဖြစ်၏။ ဒိန်းမတ်နိုင်ငံမှ ဟန်းအင်ဒါဆန် (ခရစ် ၁၈၀၅-၁၈၇၅) သည် ပုံပြောကောင်းသူ ဖြစ်၍ သူ၏ဒဏ္ဍာရီပုံပြင်များကို တကမ္ဘာလုံးက နှစ်သက်ကြ၏။ (အင်ဒါဆန်, ဟန်း — ရှ။) ၁၉ ရာစုနောက်ပိုင်း၌ ထင်ရှားကျော်စောသော စကန်ဒီနေးဗီးယား စာရေးဆရာများမှာ နော်ဝေးလူမျိုး ဖြစ်သော ပြဇာတ်ဆရာ ဟင်းနရစ် အစ်ဗဆင်၊ ပြဇာတ်နှင့်ဝတ္ထုရေးဆရာ ဗျန်းဆန်းတို့ ဖြစ်၍ နိုဗဲဆုကြီးကို ဆွတ်ခူးသော ဆို့ဒင်အမျိုးသမီး ဝတ္ထုရေးဆရာ ဆယ်မာလာဂါလော့တို့ ဖြစ်ကြသည်။ ဝတ္ထုရေးဆရာ ဆစ်ဂရစ်အွန်ဆက်မှာ စကန်ဒီနေးဗီးယန်း လူမျိုးတို့၏ ဘဝကို ဖော်ပြသဖြင့် အလယ်ခေတ်တွင် ထင်ရှားသည်။ (ဆို့ဒင်နိုင်ငံ။ နော်ဝေးနိုင်ငံ။ ဒိန်းမတ်နိုင်ငံ — လည်းရှ။)



ဝိန်းအမျိုးသားလူရွယ်တဦး

စကျင်ကျောက်။ ။ကျွန်ုပ်တို့ ထုံးကျောက်ဟုခေါ်သော ကျောက်နှင့်စကျင်ကျောက်တို့မှာ ဓာတ်သဘောအလိုအားဖြင့် ကယ်လဆီယမ်ကာဗွန်နိတ်များ ဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် လူတို့ စတင်မပေါ်ပေါက်မီ နှစ်ပေါင်းသန်းပေါင်းများစွာက ပင်လယ်များတွင် ဖော်ထုတ်နှစ်ဖာထုခေါ် အလွန်သေးငယ်သော သတ္တဝါတမျိုးရှိလေသည်။ ဖော်ထုတ်နှစ်ဖာထုတို့မှာ သတ္တဝါဟု ဆိုရခြားသော်လည်း ဦးခေါင်းသို့မဟုတ် ခြေထောက်ဟူ၍ မပါရှိကြချေ။ အလွန်သေးငယ်သော ငထိုးများနှင့်ဆင်ဆင်တူ၍ အပြင်ဖက်တွင် အခွံဖြင့် ဖုံးအုပ်လျက်ရှိသည်။ ဤသတ္တဝါတို့သည် မရေမတွက်နိုင်လောက်အောင်များပြားလှသည့် အုပ်သင်းများပွဲကာ ပင်လယ်ရေမျက်နှာပြင်နားတွင် ကပ်လျက် နေထိုင်ကြသည်။ သေဆုံးသောအခါ သတ္တဝါတို့၏အခွံများသည် ရေအောက်တွင် အနည်ထိုင်သွားကြပြီး တဖြည်းဖြည်း စုပုံလျက်ရှိကြလေသည်။ ကာလကြာမြင့်သော် အထက်မှအနည်တို့၏ ဖိအားကြောင့် ထိုအခွံတို့သည် မြေဖြူနှင့် ထုံးကျောက်ဖြစ်သွားကြလေသည်။ ထုံးကျောက်မှတဖန် အလွန်ကြီးမားသော ဖိအားနှင့် အပူရှိန်ကြောင့် အသွင်ပြောင်းလဲ၍ စကျင်ကျောက် ဖြစ်လာကြလေသည်။


စကျင်ကျောက်မှာ အလွန်မာ၍ လှပသောကြောင့် ရှေးအခါကပင် ရုပ်လုံးထု ဆရာတို့သည် ကျောက်ရုပ်လုံးများ ထုလုပ်ရာ၌ ယင်းကို အသုံးပြုခဲ့ကြလေသည်။ ရှေးခေတ် ဂရိရုပ်လုံးထု ဆရာများ အသုံးပြုခဲ့သော ပင်တဲလစ် စကျင်ကျောက်ကို အက်တစ်ကာမြို့၌ ရှိသည့် ပင်တဲလစ်ကပ် တောင်မှ ရရှိခဲ့ကြသည်။ ပယ် ရီ ယန် စကျင်ကျောက်မှာ ပါးရော့ကျန်းမှရရှိသော စကျင်ကျောက်ဖြစ်သည်။ ထို စကျင်ကျောက်ကို ဂရိလူမျိုးတို့သည် ကျောက်ရုပ်များနှင့် အဆောက်အအုံများ ဆောက်လုပ်ရန် အမြတ်တနိုး အသုံးပြုခဲ့ကြသည်။ ဗီးနပ်ဒါမဲဒီချီ ကျောက်ရုပ်သည် ပယ် ရီ ယန် စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ကျောက်ရုပ်ဖြစ်သည်။ ယခုခေတ် နာမည်အကျော်ဆုံးရုပ်လုံးထု ဆရာများအသုံးပြုကြသည့် စကျင်ကျောက်မှာ ကာရာရာ စကျင်ကျောက်ဖြစ်သည်။ ဤကျောက်မျိုးဖြင့် မိုက်ကယ်အန်ဂျလိုနှင့် ကားနိုဗာ အမည်ရှိ ကမ္ဘာကျော်ရုပ်လုံးထုဆရာတို့သည် အကောင်းဆုံးလက်ရာကို ထုလုပ်ထားခဲ့ကြလေသည်။



စကျင်ကျောက်သိမ်တိုင်များ

အညစ်အကြေးကင်းစင်သော စကျင်ကျောက်သည် ဖြူဖွေးလျက်နေသည်။ သို့သော် တခါတရံ စကျင်ကျောက်တွင် အခြားမတော်ပစ္စည်းများ ရောနှောပါရှိတတ်ရာ ထိုသို့ရောနှောနေသော စကျင်ကျောက်တွင် ပစ္စည်းကို လိုက်၍ အရောင် အမျိုးမျိုး ရှိတတ်သည်။ ဤကျောက်မျိုးတွင် အချို၌ အရောင်တပြင်တည်း ရှိတတ်၏။ အချို့မှာမူကား အပြောက် ထနေတတ်၏။ အဝါရောင်နှင့် အညိုရောင်ရှိသော မဟူရာ စကျင်ကျောက်သည် အလွန်ထင်ရှားသော အပြောက်ထကျောက်မျိုးဖြစ်သည်။ ထိုမဟူရာကျောက်ကို ကားသေ့နှင့် ရောမနိုင်ငံ ကောင်းစားစဉ်က အဆောက်အအုံများ ဆောက်လုပ်ရာ၌ များစွာ အသုံးပြုခဲ့ကြလေသည်။ ယခုလည်း ပြင်သစ်နိုင်ငံ၌ အမြတ်တနိုးအသုံးပြုလျက်ရှိသေးသည်။ ဤကျောက်တွင်ရှိသော အရောင်မှာ အိုင်းယန်းအောက်ဆိုက်ကြောင့် ဖြစ်သည်။ ကျောက်မီးသွေးရောနှောပါရှိသော စကျင်ကျောက်တွင် အမည်းရောင်ရှိသည်။ ဤကျောက်မျိုးကို ညော်ဝင်ရေအိုးများနှင့် မီးဖိုပေါ်တွင် ဆွဲချိတ်ထားရန် အလှပြအထည်များ ပြုလုပ်ရာ၌ သုံးသည်။ ကျောက်တွင်ရှိသော အမည်းရောင်မှာ သြဂဲနစ် ပစ္စည်းကြောင့်ဖြစ်၍ မီးတိုက်ပေးသောအခါ ပျော့ကွက်ကွယ်သွားသည်။ စကျင်ကျောက်ကို အစိမ်းရောင်၊ မရန်းရောင်၊ အပြာရောင်စသော အရောင်များဖြင့်လည်း တွေ့ရတတ်၏။

စကျင်ကျောက် အမြောက်အများ ထွက်သော နိုင်ငံများမှာ ဣတလီ၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန် နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့ ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ ရာဇပုတ္တနယ်၌လည်း ထင်ရှားသော ကျောက်ကျင်းများရှိ၍ အာဂရာမြို့၌ ရှိသည့် အလွန်ကျော်ကြားသော တက်ဂျမဟာသင်္ချိုင်းတော် အဆောက်အအုံကြီးမှာ ထိုကျောက်ကျင်းမှ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည် ဆို၏။ (တက်ဂျမဟာသင်္ချိုင်းတော် — ရှု။)



အမေရိကန်ပြည်ထောင်စုတွင် ကျောက်သားအကောင်းဆုံးထွက်သော ကျောရိုးယားပြည်နယ်မှ စကျင်ကျောက်ကျင်း

မြန်မာနိုင်ငံ၌ မန္တလေးမြို့မြောက်ဖက် မိုင် ၂၀ တွင် စကျင်တောင်ဟူ၍ ရှိသည်။ ထိုစကျင်တောင်မှ ကျောက်သည် ကျောက်ရုပ်များထုလုပ်ရန် ကောင်းမွန်သဖြင့် ထိုကျောက်ကိုတူးယူ၍ စစ်ကိုင်း၊ မန္တလေးမြို့များသို့ပို့ပြီးလျှင် ဘုရားရုပ်တုတော်များ၊ သိမ်တိုင်များ၊ ကျောက်စာချပ်များ ထုလုပ်ကြသည်။

စကျင်ကျောက်သည် နှမ်းဖတ်ကျောက်ထက် အပူကိုခံနိုင်ရည်ရှိသောကြောင့် မီးခံအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အထူးသင့်တော်သည်။ သို့သော် မိုးရေထိလျှင် ဖြစ်စေ၊ အက်ဆစ်ဓာတ်ငွေ့ပါရှိသော လေထုနှင့် တွေ့ထိလျှင်ဖြစ်စေ၊ စကျင်ကျောက်၏ မျက်နှာပြင်သည် ကြေမွသွားတတ်သည်။ (နှမ်းဖတ်ကျောက် — လည်းရှု။)

ခြင်း၊ ကောင်းကင်ခရီးဖြင့် သွားတတ်ခြင်း၊ တရားနှင့်အညီ စိုးစံခြင်း ဟူလေသည်။ ယင်းဂုဏ်များကြောင့် အခြားသောမင်းတို့သည်ထင်း၊ ပုဏ္ဏားပရိသတ်တို့သည်ထင်း၊ သူကြွယ်ပရိသတ်တို့သည်ထင်း၊ ရသေ့ရဟန်း ပရိသတ်တို့သည်ထင်း အဆင်းကိုရှုရ၍မဝ၊ အသံကိုကြား၍မဝ၊ တရားစကားနှီးနှော၍ မဝအောင် ဖြစ်ရသည်။

စကြာရတနာတန်ခိုးကြောင့် အခြားသောမင်းများ မတုပြိုင်နိုင်သော တဦးတည်း အရှင်သခင်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ဖွားသည်တွင် လက္ခဏာဖတ်ပုဏ္ဏားတို့က မင်းသားငယ်သည် ဘုရားသော်ထင်း၊ စကြဝတေးမင်းသော်ထင်း ဖြစ်ရမည်ဟု ဗေဒင် ဟောကြားသည်ကို ထောက်၍ ဘုန်းကံ အလွန်ကြီးမားလွန်းဖျ စကြဝတေးမင်းဖြစ်နိုင်ကြောင်းကို သိရသည်။ ရှေးစာပေဟောင်းတို့တွင်

အိုင်ဆဒ္ဒန်မှ၊ နတ်ဖန်ဆောင်သ၊ နေလတဆူ၊ ကြွက်ကျတူသို့၊ လေးဆူကျွန်းကြီး၊ ရံသီးပတ်ဝန်း၊ ကျွန်းငယ်နှစ်ထောင်၊ ကုန်အောင်ရစ်ခွေ၊ မြင်းမိုရ်ခြေတွင်၊ ရေပင်လယ်ဝိုက်၊ စက်နယ်တိုက်ကို၊ စိတ်လိုက်လိုပါ၊ လှည့်နိုင်စွာသော၊ စကြာမင်္ဂဗျာ၊ ဥက္ကဋ္ဌရွှေဘုန်း၊ လူမင်းဆုံးတို့၊ (မန်လည်ဆရာတော်)

မဟာနာဂိန်၊ ဂဇာသိရိန္ဒင့်၊ အရိန္ဒမာ၊ စကြာရွှေလှံ၊ မြင်းပျံအဿ၊ ဇာနေယျတို့၏သခင်၊ ဘုရင်မင်းမြတ်၊ သမုန်တ်ဖြစ်တော်မူသဖြင့်၊ ရာဆူမကိုင်၊ သောင်းတိုက်ခဲ့ပါ၊ မဏ္ဍလာဝယ်၊ နှံပဏ္ဏာဆက်သွင်းလျက်၊ အမင်းမင်းတို့၏ဦးညွတ်ရာ၊ စကြာမန္ဒာတ်၊ (ဆတိုင်မှတ်ဦးကူး) စသည်ဖြင့် ဖွဲ့ဆိုရေးသားကြသည်။

စကြဝဠာမင်း။ ။စကြဝတေးမင်းမှာ ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ် အရံ ၂၀၀၀ ကို အစိုးရသောမင်းဟု ကျမ်းဂန်များတွင်ဆိုသည်။ ဇမ္ဗူဒီပ်မင်းအပေါင်းက ဝပ်တွားခညောင်းရသော မင်းဖြစ်သည်။

အလိုခပ်သိမ်းကို ပြည့်စေတတ်သော စကြာရတနာ ရရှိသဖြင့် စကြဝတေးမင်းဟု ခေါ်သည်။ ယင်းမှ အစဲ့ပြုရှိအစုမ်း ထက်မြက်သော လှံ၊ ရထား၊ ခြေနင်း စသည်တို့ကို လှံစကြာ၊ ရထားစကြာ၊ ခြေနင်းစကြာ၊ စသည်ဖြင့် အသီးသီးခေါ်သည်။ စကြာမင်းကို မန္ဓာတုစကြာမင်း၊ မန္ဓာတ်မင်းဟုလည်း ခေါ်သည်။ စကြာမင်းတို့သည် ဇမ္ဗူဒီပ်ကျွန်းဥသာ ဖြစ်ပေါ်လေ့ရှိသည်။ ဂေါတမမြတ်စွာဘုရားအလောင်းသည် မဟာသမ္မတမင်းမှ စ၍ နှစ်ကျိပ်ရှစ်ပါးသောမင်းတို့တွင် ခုနစ်ဆက်မြောက် မန္ဓာတ်မင်းဖြစ်ဘူး၍ ကျွန်းငယ် အရံ ၂၀၀၀ နှင့်တကွ ကျွန်းကြီးလေးကျွန်းဥ စကြဝတေးမင်းစည်းစိမ်ကို ခံစားတော်မူသည်။

စကြာမင်းတို့တွင် ဘုန်းကံ ကြီးမားသည့် အလျောက် ကျောက်မျက်ရတနာ၊ ဆင်ဖြူတော်ရတနာ၊ စကြာရတနာ၊ မိဖုရားရတနာ၊ သဘောရတနာ၊ မြင်းရတနာ၊ ဆင်ရတနာဟူသောရတနာ ၇ပါး ပြည့်စုံမြဲဖြစ်သည်။ သို့ရာတွင် စကြဝတေးမင်းပင်ဖြစ်လျက် ပေးကမ်းမှုအလှူဒါနမရှိ၍၊ စကြာရတနာမရောက်သည်ကို သုတ်မဟာဝါပါဠိတော် ဇက္ကဝတ္တိသုတ်၌ ဟောကြားသည်ကို ထောက်၍ စကြာရတနာ မရောက်သော စကြာမင်းလည်းရှိသေးသည်ဟု သိမှတ်ရသည်။


စကြာမင်းတို့တွင် အံ့ဖွယ်လေးပါးရှိမြဲဖြစ်သည်။ ယင်းတို့မှာ ဘုန်းပါရမီအလျောက်၊ အလှန်အဆင်းလှ၍ အသံသာယာခြင်း၊ သတ္တဝါတို့၏ ကောင်းကျိုးကို ဆောင်ရွက်တတ်

နက်နဲလှစွာစကြာဝဠာ

စကြာဝဠာ၏တည်နေပုံသည် လူ့သမိုင်းစဉ်တလျှောက်၊ ယခုတိုင်ဖြေရှင်းမရသေးသော ပြဿနာတရပ်ဖြစ်သည်။ ဤဆောင်းပါးတွင်၊ နက္ခတ္တဗေဒ ပါရဂူများ၏ သိပ္ပံနည်းအရ ခေတ်မှီစွာ ဆန်းစစ် ရှာမှီးထားသော စကြာဝဠာ အကြောင်းသာမက၊ မြန်မာတို့၏ အစဉ်အလာအားဖြင့် စကြာဝဠာနှင့်စပ်လျဉ်း၍ ယူဆယုံကြည်ချက်များကို တင်ပြထားသည်။

စကြာဝဠာ။ ။နက္ခတ္တဗေဒဆရာကျွန်ုပ်တို့၏ပတ်စန်းကျင်မှ အလွန် ဝေးကွာသည့် ကြယ်များအထိ အရာခပ်သိမ်းတို့သည် စကြာဝဠာတွင် ဘပါအဝင်ဖြစ်သည်။ (နက္ခတ္တဗေဒ — ရှု။) လူ၏သမိုင်းစဉ်တလျှောက်တွင် စကြာဝဠာနှင့်စပ်လျဉ်းသော ယူဆချက် တို့သည် အစဉ် ပြောင်းလဲလျက်ရှိသည်။ ရှေးလူများသိသော စကြာဝဠာသည် သူတို့နေထိုင်သွားလာနေသော ကမ္ဘာ့အစိတ်အပိုင်း၊ သူတို့ကြားဘူးသည့် ကမ္ဘာ့အစိတ်အပိုင်းများသာဖြစ်သည်။ ယင်းအစိတ်အပိုင်းတို့ကို ကြည့်၍ ဆင်ခြင်သုံးသပ်ရာ၌ ရှေးသူဟောင်းအချို့တို့သည် ကောင်းကင်၌ မြင်ရသော ကြယ်များကား ကမ္ဘာမြေကြီးမှ ကောင်းကင်သို့ ဘုန်းသမ္ဘာရှင်တို့က ယူဆောင်သွားသော လူနှင့်တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်များ ဖြစ်သည်ဟု အယူရှိကြသည်။ နေနှင့်လတို့ကိုမူ နတ်များဖြစ်သည်ဟု ယူဆကြလေသည်။

ရှေးလူများသည် စကြာဝဠာ အကြောင်းကို သူတို့သိသမျှ အမျိုးမျိုး ရှင်းလင်းဖော်ပြခဲ့ကြသည်။ ဤသို့ဖော်ပြကြရာမှ ပုံဝတ္ထုအမြောက်အမြား ထွက်ပေါ်ခဲ့လေသည်။ ရှေး သိုးဆောင်း နိုင်ငံများတွင် အချို့က စကြာဝဠာသည် ကုန်းလိပ်ကြီး၏ကျောပေါ်၌ ဟန်လျက် တည်ရှိနေသည်ဟု ယုံကြည်ကြသည်။ ဂရိလူမျိုးတို့က ကမ္ဘာကို အက်တလတ်



ဤပုံပါကလေးငယ်နှစ်ဦးကဲ့သို့ စကြာဝဠာ၏တည်နေပုံကိုကြည့်ခွင့်ရပါလျှင် ဤသို့တွေ့မြင်ရပေမည်။ ပုံတွင် အလယ်ဗဟိုရှိနေကို ကြိုဟ်တို့သည် လျင်မြန်သောအဟုန်ဖြင့်လှည့်ပတ်နေကြသည်။ နေနှင့်အနီးဆုံးကြိုဟ်ငယ်ကလေးမှာ မာကျူရီခေါ် ဗုဒ္ဓဟူးကြိုဟ်ဖြစ်၏။ ယင်းကြိုဟ်သည် နေကို ၈၈ ရက်တွင် တပတ်ပတ်မိသည်။ မာကျူရီကြိုဟ်လမ်းအပြင်ဖက်တွင် ဗီးနပ်ကြိုဟ်လမ်းရှိသည်။ ယင်းကြိုဟ်သည် နေကို ၇ လနှင့်ရက်အနည်းငယ်ကျော်လှန်မှသာလျှင် တပတ်ပတ်မိသည်။ ဗီးနပ်ကြိုဟ်လမ်းအပြင်ဖက်တွင် ကျန်ပ်တို့၏ကမ္ဘာကြိုဟ်ကိုမြင်နိုင်သည်။ ကမ္ဘာနှင့်ကပ်လျက်ရှိသော အပြူဝန်းကလေးမှာ လ ဖြစ်သည်။ ကမ္ဘာကြိုဟ်လမ်းအပြင်ဖက်တွင် မားခေါ် အင်္ဂါကြိုဟ်လမ်းရှိသည်။ မားကြိုဟ်ကို လ ၂ ခုရံလျက်ရှိသည်။ နက္ခတ္တဗေဒပညာရှင်များ၏အဆိုအရ ယင်းကြိုဟ်၏မျက်နှာပြင်တွင် တူးမြောင်းများယုံကသန်းလျက်ရှိသည်။ မားကြိုဟ်လမ်း၏အပြင်ဖက်တွင် ကြိုဟ်သိမ်ကြိုဟ်မှုန်းတဝှေ့လမ်းကြောင်းရှိသည်။ ယင်းတို့ကား အကြောင်းတစုံတရာကြောင့် ကြေကွဲပျက်စီးသွားသောကြိုဟ်တခုမှ ကြွင်းကျန်ရစ်သည့်အစိတ်အပိုင်းများဖြစ်မည်ဟု ယူဆကြသည်။ ထို့နောက် ကြိုဟ်များအနက်အကြီးဆုံးဖြစ်သည့်ဂျူပီတာခေါ် ကြာသပတေးကြိုဟ်ကို လ ၉ ခုခြံရံလျက်တွေ့မြင်နိုင်ပေသည်။ ဂျူပီတာအောက် ဒုတိယအကြီးဆုံးကြိုဟ်ကား ဆက်တန် ခေါ် စနေကြိုဟ်ဖြစ်သည်။ ယင်းကြိုဟ်၏ပတ်လည်တွင် ခါးပတ်ကဲ့သို့ကွင်းများ ဝန်းရံ၍ပတ်ထားသည်။ ဂျူပီတာကဲ့သို့ပင် လ ၉ ခုခြံရံလျက်ရှိသည်။ သို့သော် ထိုလများနှင့် ကွင်းများကို အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်မှသာမြင်နိုင်သည်။ ဆက်တန် ကြိုဟ်အောက်တွင် အကြီးဆုံးကြိုဟ်မှာ လ ၎ ခုခြံရံလျက်ရှိသော ယူရေးနပ်ကြိုဟ်ဖြစ်သည်။ ထိုနောက် လ ၁ ခုသာရှိသော နက်ပကျွန်းကြိုဟ်ကိုတွေ့ရသည်။ နေမှအဝေးဆုံးအရပ်တွင် ပလူတိုကြိုဟ်ရှိသည်။

ဆိုသည့် နတ်က ပခုံးပေါ် ၌ တင်ထားသည်ဟု ယုံကြည်ကြသည်။ ရှေးလူတို့သည် များသောအားဖြင့် စကြာဝဠာဗဟိုဌ ကမ္ဘာမြေတည်ရှိသည်ဟု ထင်မှတ်ကြသည်။ နေ၊ လ၊ ကြယ်တို့သည် ကမ္ဘာကို လှည့်ပတ်၍ သွားကြသည်ဟု ယုံကြည်ကြသည်။ အချို့က ကမ္ဘာမြေကြီးပြားသည်ဟု ယုံကြည်ကြ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဖက်သို့ ခရီးဝေးဝေး သွားလျှင် ကမ္ဘာအစွန်းမှ လိမ့်ကျလိမ့်မည်ဟု ယုံကြည်ကြလေသည်။

လူများသည် တဖြည်းဖြည်း စကြာဝဠာ အကြောင်းကို ပို၍နားလည်လာကြ၏။ ခရစ် ၁၄၀၀ နှင့် ၁၅၀၀ ပြည့်နှစ်များအတွင်း၌ အနောက်နိုင်ငံသားတို့သည် နယ်သစ်များကို ရှာဖွေ တွေ့ရှိခဲ့ကြခြင်းကြောင့် လူတို့သည် ကမ္ဘာမြေကြီး၏ သာမန်ပုံသဏ္ဌာန်ကို သိရှိလာကြသည်။ နက္ခတ္တဗေဒပါရဂူများဖြစ်ကြသော ကောပါးနိကပ်၊ ပိုက်သက်ဂိုးရပ်၊ ဂယ်လီလေအို၊ ကက်ပလာ၊ နျူတန်တို့၏ သိမှုတွေ့မှုများကြောင့် ကမ္ဘာမြေကြီးသည် စကြာဝဠာ၏ဗဟိုဌမရှိကြောင်းကို နားလည်လာကြသည်။ (ကောပါးနိကပ်, အင်။ ပိုက်သက်ဂိုးရပ်။ ဂယ်လီလေအို။ ကက်ပလာ, ဂျေ။ နျူတန်, ဆာ အိုင်ဇပ် – ရှူး။) ကမ္ဘာမြေကြီးသည် မြောက်များစွာသော ကြိုဟ်များအနက် တခုမျှသာဖြစ်၍ ထိုကြိုဟ်များအားလုံးက နေကိုလှည့်ပတ်လျက် သွားလာနေကြောင်းကိုပါ သိလာကြသည်။ ထိုပြင် နေသည် နဂါးငွေ့အတွင်းရှိ အသိန်းအသန်းပေါင်းများစွာသောကြယ်တို့အနက် အလယ်အလတ်တန်းစား ကြယ်တလုံးမျှသာဖြစ်ကြောင်းကိုလည်း သိလာကြသည်။ (နေ။ ကြယ် — ရှူး။)

မျက်မှောက်ခေတ် နက္ခတ္တဗေဒပညာရှင်များသည် စကြာ

ဝဠာကို ပို၍နက်နဲစွာကြံဆကြသည်။ စကြာဝဠာတွင် ကြယ်တို့သည် အခရာဖြစ်ကြောင်း သူတို့သိရှိကြသည်။ ကြယ်များစုပြုံလျက်ရှိရာဖြစ်သော နဂါးငွေ့အတွင်း၌ ကျွန်ုပ်တို့ကမ္ဘာမြေရှိသည်။ နဂါးငွေ့အတွင်း၌ ကြယ်အများအပြားရှိသကဲ့သို့ စကြာဝဠာ အတွင်း၌လည်း နဂါးငွေ့ အများအပြားရှိသည်ကို နက္ခတ္တဗေဒပညာရှင်များ ယခုအခါသိလာကြပေပြီ။ ထိုနဂါးငွေ့များအား လုံး စုပေါင်း၍ဖြစ်သော စကြာဝဠာကြီး၏ အရွယ်ပမာဏကို တိုင်းတာသောအခါ အလင်းနှစ် အသန်းအထောင်နှင့် တိုင်း တာရပေသည်။ အလင်းနှစ်ဆိုသည်မှာ တနှစ်အတွင်း အလင်းသွားသည့်ခရီးကိုဆိုလိုသည်။ အလင်းသည် တစက္ကန့်၌မိုင်ပေါင်း ၁၈၆,၀၀၀ သွားသည်။ အလင်းနှစ် တနှစ်သည် မိုင်ပေါင်း ခြောက်တြိလယန်နှင့် ညီမျှသည်။ တတြိလယန်သည် အင်္ကလိပ်စံနှစ်အရ တစ်နောက် သုညဆယ့်ရှစ်လုံးပါသည်။

အမေရိကန်နိုင်ငံ၊ မောင့်ဝိလဆန် နက္ခတ် မျော်စင်၌ အချင်းလက်မ ၁၀၀ ရှိသော အဝေးကြည့် မှန်ပြောင်းကြီး တခု ရှိသည်။ ထို မှန်ပြောင်းကြီးဖြင့် အလင်း နှစ်ပေါင်း ၅၀၀,၀၀၀,၀၀၀ ၌ရှိသောကြယ်များကို ဓာတ်ပုံရိုက်ကူးယူနိုင်ပေပြီ။ ထိုထက်ပို၍အားကောင်းသည့် အချင်းလက်မ ၂၀၀ ရှိမှန်ပြောင်းကြီးကို မောင့်ပလိုမာ၌ တပ်ဆင်ပြီးသော အခါတွင် ထိုအကွာအဝေးထက် နှစ်ဆမျှတိုး၍မြင်နိုင်ပေလိမ့်မည်။ သို့သော် ထိုမှန်ပြောင်းကြီးနှင့်ပင် ကြည့်စေကာမူ နဂါးငွေ့အားလုံးသည် သေးငယ်ပြီး မှေးမှိန်လျက်ပင်ရှိပေဦးမည်ဟု ဆိုလေသည်။

ကျွန်ုပ်တို့ စကြာဝဠာ မည်မျှကြီးမား သည်ကို မည်သူမျှ အမှန်အကန် မသိခဲ့ချေ။ အိုင်းစတိုင်း၏ ရယ်လတစ်ဗတီသီအိုရီအရမှာ စကြာဝဠာကြီး၌ တိကျသည့်အရွယ်ရှိသည်ဟုဆိုသည်။ (အိုင်းစတိုင်း, အဲလဗတ် — ရှု။) သို့သော် ကျွန်ုပ်တို့သည် စကြာဝဠာ၏ နယ်နိမိတ်အကန့်အသတ်ကို မမြင်နိုင်ကြခေ့။ အဘယ်ကြောင့်ဆိုသော် အာကာသသည် ခုံးလျက်ရှိပြီး ကမ္ဘာမြေကြီး၏မျက်နှာပြင်မှာကဲ့သို့ တိကျသောနယ်နိမိတ်များ မရှိခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ကြယ်တလုံးမှ အလင်းရောင်ခြည်သည် အာကာသအတွင်းသို့ ရောက်သွားပြီး ပျောက်သည်ဟူ၍ မရှိပေ။ ပမာအားဖြင့်၊ ကမ္ဘာမြေကြီးပေါ်တွင် တနေရာမှစ၍ ခရီးထွက်လျှင် နောက်ဆုံး၌ ကမ္ဘာကိုပတ်ကာ ထိုနေရာသို့သာပြန်၍ ရောက်လာသကဲ့သို့ ဖြစ်သည်။

ကျွန်ုပ်တို့၏စကြာဝဠာသည် အချိန်ရှိသ၍ ကျယ်ပြန့်ကြီးထွားလျက်ရှိသည်ဟုလည်း အိုင်းစတိုင်း က ဆိုသေးသည်။ ဝေးကွာသည့်နဂါးငွေ့များသည် နေမှ လျင်မြန်စွာခွာလျက်ရှိပုံရသည်။ အဝေးဆုံးရှိနဂါးငွေ့များသည် အမြန်ဆုံးခွာလျက်ရှိပုံရသည်။ ထိုကြောင့် ဤစကြာဝဠာကြီးသည် လေစည်ဖောင်းပြန့်ကားသကဲ့သို့ ပြန့်ကားလျက်ရှိပုံရသည်။ အချို့နက္ခတ္တဗေဒဆရာများကမူ စကြာဝဠာ ကျယ်ပြန့်သည်ထက် ပြန့်လျက်ရှိသည် ဆိုသော ယူဆချက်များကို မယုံကြည်ကြချေ။ သူတို့သည် နဂါးငွေ့များ နေမှခွာ၍ ဖွေရှာပုံရကြောင်းကို ရှင်းလင်းနိုင်သော နိယမကို ကြံဆလျက်ရှိကြသည်။

စကြာဝဠာနှင့် စပ်လျဉ်း၍ မြန်မာတို့၏ ရှေးအယူအဆများကိုလည်း ဖော်ပြရပေမည်။ ထိုအယူအဆများမှာ ရှေးဟိန္ဒူကျမ်းများမှ အဆင့်ဆင့် ဆင်းသက်လာသော အယူအဆများဖြစ်သည်။ သို့သော် ထိုအယူအဆများသည် ဗုဒ္ဓအယူဝါဒဆိုင်ရာ ကျမ်းဂန်များနှင့် ဆက်စပ်အကျုံးဝင်လျက်ရှိသည်ဟု အချို့ကယူဆကြ၏။ မြန်မာစာပေ အစဉ်အလာတလျောက်တွင်လည်း အောက်၌ဖော်ပြအံ့သော အယူအဆများကို လက်ခံကိုးကားမှီငြမ်းပြု၍ ပျို၊ ကဗျာ၊ လင်္ကာ၊ ရတု စသည်တို့ကို ရေးသားခဲ့ကြ၏။ မြန်မာတို့ရေးခဲ့သည့် ရာဇဝင်တော်ကြီးများ၌လည်း ကမ္ဘာတည်ဟန်နှင့် ကမ္ဘာဦးလူတို့အကြောင်းမှခြို၍ ရေးသားဖော်ပြလေ့ရှိရာ စကြာဝဠာတည်ပုံ၊ ပျက်ပုံ စသည်ကို ထည့်သွင်းဖော်ပြကြ၏။ စကြာဝဠာနှင့် စပ်လျဉ်း၍၊ စစ်ကဲတော်ကြီးဦး ရွှေနော် ပြုစုခဲ့သောအာဒိကပ္ပ ကမ္ဘာဦးကျမ်းသည် အကိုးကား ခံရဆုံး၊ အပြည့်စုံဆုံး ကျမ်းဖြစ်ပေသည်။ (အာဒိကပ္ပကမ္ဘာဦးကျမ်း—ရှု။)

စကြာဝဠာဟူသည် ဩကာသလောကတွင် အပါအဝင်ဖြစ်သော ရေမြေတောတောင် အနေအထားအဖွဲ့အစည်းကို ပိုင်းခြား၍ ယေဘုယျအားဖြင့် ခေါ်ဝေါ်သော ဝေါဟာရဖြစ်၏။ မြင့်မိုတောင်ကိုဗဟိုပြု၍ ဝန်းရံလျက်ရှိသော ကျွန်းကြီးလေးကျွန်းနှင့် အရံကျွန်းငယ်နှစ်ထောင်ကို နေဗာစင်း၊ လတစင်းက အလှည့်ကျအလင်းရောင်ပေးလျက်ရှိ၏။ ထိုသို့ နေတစင်း၊ လတစင်းနှင့်အတူတကွ၊ လေးကျွန်းတမြင့်မိုအစုအဝေးကို စကြာဝဠာဟုခေါ်သည်။ စကြာဝဠာများသည် မရေတွက်နိုင်လောက်အောင် မြောက်မြားစွာ တည်ရှိ၏။ တထောင်သော စကြာဝဠာအစုကို စူဠဋ္ဌလောကဓာတ်ဟု ခေါ်၏။ ထိုအစုဆယ်စု (၀၂) စကြာဝဠာတသောင်းကို၊ မဇ္ဈိမလောကဓာတ်ဟု ခေါ်၏။ စကြာဝဠာများသည် အမြဲတည်နေသည်မဟုတ်ပေ။ ဖြစ်ပေါ်လိုက် ပျက်စီးလိုက်ရှိ၏။ အတူတကွ ဖြစ်ဖော်ဖြစ်ဖက်၊ ပျက်ဖော်ပျက်ဖက်ဖြစ်ကုန်သော စကြာဝဠာ ကုဋေတသိန်းစုကို မဟာလောကဓာတ်ဟုခေါ်၏။ ထိုထက်များပြား၍ ရေတွက်ခြင်းငှာမဆုံးနိုင်သော စကြာဝဠာအစုကိုမူကား အနန္တလောကဓာတ်ဟုခေါ်၏။ ယခု ကျွန်ုပ်တို့ မှီတင်းနေထိုင်သော စကြာဝဠာကား မဇ္ဈိမလောကဓာတ်ဟု ခေါ်သော စကြာဝဠာတသောင်းစု၏ အလယ်ဗဟို၌ တည်ရှိ၏။ စကြာဝဠာတခု

လုံးကို အစိုးရသောမင်းကို စကြဝတေးမင်းဟု ခေါ်၏။ (စကြဝတေးမင်း — ရှ။)

ကမ္ဘာတည်ပြီးနောက်၊ ဗြဟ္မာတို့သည် ဗြဟ္မာ့ပြည်မှ စုံတွဲ၍ လူ့ပြည်၌ ဥပပါတ်ကိုယ်ထင် ဖြစ်လာ၏။ ထိုနောက် သူတို့၏ဘုန်းကံဓမ္မတာကြောင့် နေ လ ပေါ်လာ၏။ ဤသို့ ပေါ်သောနေ၌ပင်လျှင် မြင့်မို့၊ သတ္တရဘန်၊ သီတာ၊ သမုဒ္ဒ ရာလေးစင်း၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်၊ ဟိမဝန္တာတော၊ မြစ်ကြီး၊ အိုင်ကြီးနှင့် စကြာဝဠာတောင်သည် ပေါ်လာ၏။ ထိုစကြာဝဠာတောင်သည် မြင့်မို့၊ သတ္တရဘန်၊ သမုဒ္ဒရာလေးစင်း၊ ကျွန်းကြီး လေးကျွန်း စသည်ကို ပတ်ပတ်လည် တံတိုင်းကြီးသဖွယ် ဝန်းရံထား၏။ ရေမှပေါ်ထွက်လာသော ဤစကြာဝဠာတောင်ကြီးကို အစွဲပြု၍ လေး ကျွန်းတမြင့်မို့ အစုအဝေးကို စကြာဝဠာဟု ခေါ်ဝေါ်၏။

စကြာဝဠာတောင်၏ အမြင့်ကား၊ ရေပေါ်၌ ယူဇနာ ရှစ်သောင်းနှစ်ထောင်ရှိ၏။ ရေအောက်သို့လည်း ဇောတ ပထဝီအထိ ယူဇနာ ရှစ်သောင်းနှစ်ထောင်ရှိ၏။ ဇောတ ပထဝီကိုလွန်လျက် သိလာပထဝီအထိ ယူဇနာ ခုနစ်သောင်း ရှစ်ထောင် ထပ်မံ၍ အောက်သို့နှက်လျက်တည်ရှိ၏။ စကြာ ဝဠာတောင်သည် သိလာပထဝီပေါ်တွင် အခြေစိုက်လျက် ရှိ၏။ သိလာပထဝီ၏ နိမိတ်အဝန်းသည် စကြာဝဠာ တောင်ပင်ဖြစ်၏။ သိလာပထဝီမျက်နှာပြင်မှ စကြာဝဠာ တောင်ထွတ်အထိ ယူဇနာပေါင်း နှစ်သိန်း လေးသောင်းနှစ် ထောင်ရှိ၏။ စကြာဝဠာတောင်အထွတ်များတို့သည် ကျေး နွှတ်သီးကဲ့သို့ အတွင်းသို့ ကွေးညွတ်ယောင်ယောင်ရှိ၏။

စကြာဝဠာတောင်နှင့် စကြာဝဠာအပါအဝင်၊ ကမ္ဘာကြီး ပျက်ပုံတည်ပုံကို မည်သို့ သိရှိရသနည်း ဟူမူ၊ လောကဘိန ဝိဒ္ဓရသေ့သည်၊ စကြာဝဠာတံတိုင်းမှ ဆင်မြင်းအရွယ်ပမာ ဏာရှိသော အက္ခရာများကို ဖန်ပုရပိုက်ပုလဲကညစ်တို့ဖြင့် ရေး ကူးခဲ့၍ ရသေ့အဆင့်ဆင့်တို့ ရေးသားဟောခဲ့သည်မှ သိရ သည်။ ထိုလောကဘိနဝိဒ္ဓရသေ့သည် ပဌမ မဟာသမ္မတ မင်း၏ တူဖြစ်၏။ မဟာသမ္မတ မင်းသည် စကြာဝဠာ တောင်ခြေ၌ရှိသော ဓမ္မသတ်ကျမ်းဂန်များကို ရေးကူးစေ၍၊ ထိုကျမ်းဂန်များနှင့်အညီ တရား ဆုံးဖြတ်စီရင်တော်မူ၏ဟု ဆိုလေသည်။

စကြိုသူမြတ်

စကြိုသူမြတ်။ ။အင်းဝခေတ် ဘုရင်မင်းခေါင်လက်ထက် သက္ကရာဇ် ၇၆၆ ခုနှစ်တွင် မွန်ဘုရင် ရာဇာဓိရာဇ် ပဌမ အကြိမ် ချီတက်တိုက်ခိုက်လာရာ စကြိုသူမြတ်သည် နှစ်ဦး နှစ်ဖက်မှ ဓားမကျိုး လုံ့မကျိုးရဘဲ ပြေငြိမ်းမှု ရစေရန် ဆောင်ရွက်ပေးသောကြောင့် မြန်မာနိုင်ငံသမိုင်းတွင် ထင် ရှားသည့် ရဟန်းတော်တပါးဖြစ်သည်။ ထိုရဟန်းတော် အား သမိုင်းစာအုပ်များ၌ ပင်းယစကြိုသူမြတ် ဟူ၍၎င်း၊ ပန်းယစကြိုသူမြတ် ဟူ၍၎င်း၊ ပန်းယသူကြီးဟူ၍၎င်း အမျိုးမျိုး ခေါ်ဝေါ် ရေးသားကြသည်ကို တွေ့ရသည်။

စကြိုသူမြတ်၏ ဘွဲ့တော်မှာ ရှင်ဇောတယန္တ ဖြစ်၏။ စလေမြို့ အရှင်မဟာဃသ၏ တပည့်ဖြစ်၍ ရှင်ပင်စဉ်ကို ကျောင်းတိုက်တွင် သီတင်းသုံးသည်။ မင်းကြီးစွာစော်က လက်ထက်တွင် မြို့လှစားပင့်ခဲ့သဖြင့် အင်းဝသို့ ထောက်လာ၏။ အင်းဝသို့ထောက်လှမ်းခြင်း မြို့လှစားကို အပ်သဖြင့် ဆရာ ပြုရသည်။ သက္ကရာဇ် ၇၆၆ ခုနှစ်တွင် ဘုရင်မင်းခေါင်လက် ထက် မွန်ဘုရင် ရာဇာဓိရာဇ်သည် လှေကြီးလှေငယ်လေး ထောင်၊ ဗိုလ် တသိန်း ခြောက်သောင်းဖြင့် ရေကြောင်း ဆန်လာ၍ စစ်ကိုင်းမြို့ ရေဝန်းတွင် တပ်ချ၍ နေသည်။ (ရာဇာဓိရာဇ် — ရှ။) ဘုရင်မင်းခေါင်လည်း ဆရာတော် ရဟန်းသံဃာမှစ၍ မှူးကြီးမတ်ခိုင် အပေါင်းတို့ကို ပင့်ခေါ် ၍ မည်သို့ပြုရမည်ကို တိုင်ပင်တော်မူသည်။ မည်သည့်ဆရာ တော်သံဃာတော်၊ မှူးမတ်ကြီးငယ်မှ မည်သို့မျှ မလျှောက် ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါ အသက်သုံးဆယ့်တန့်၊ ဝါတော် တဆယ့်နှစ်ဝါရှိသော စကြိုသူမြတ်သည် ဘုန်း တော်ကြီးများ နောက်ကနေ၍ ဤသို့ဆို၏။ 'သခင်သခင် များသည် တရားမင်းမြတ် အလှူတော်ခံ၍ သုံးဆောင် တော်မူသည်။ ပြည်ရေးရွာမှု အရေးကြီး၍ တိုင်ပင်တော် မူသည်ကို တဦးသော သခင်မှ သို့သင့်မည်၊ သို့မသင့်ဟု ဆို တော်မမူကုန်၊ မှူးမတ်များလည်း တယောက်မျှ မလျှောက် ကြပါကုန်၊ မွန်မင်း အရံကိုဖြုတ်၍ ပြန်လေအောင် အကြံကို မကြံကြပါကုန်၊ တိတ်တိတ်သာနေကြ၍ သင့်မည်လော'ဟု ဆိုသည်။ ထိုစကားကိုကြားလျှင် သံဃာကြီးတို့က 'သူ တော်မှတပါး မွန်မင်းခွာလေအောင် ကြံနိုင်မည့်သူမရှိ' ဟု ပြက်ရယ်ပြုလျက် ဆိုကြကုန်သည်။ စကြိုသူမြတ်သည်ပြုံး၍ ဝန်ခံပြီးလျှင် 'မွန်မင်း ရာဇာဓိရာဇ်ကိုသာ မဆိုနှင့်ဦး၊ ဇမ္မူ ဒီပ်မြေပြင်ဝယ်ရှိသော မင်းအပေါင်းတို့ လာရောက်သော် လည်း နွှတ်ရေးဖြင့် ပြန်လေအောင် ငါစွမ်းနိုင်၏' ဟုဆို၏။ ဘုရင်မင်းခေါင်လည်း အားရတော်မူသဖြင့် ဆောင်ရွက်ရန် တောင်းဖန်တော်မူသည်။

ထိုအခါ စကြိုသူမြတ်သည် ရာဇာဓိရာဇ်ထံသို့ မေတ္တာစာ ဆက်လေသည်။ ထိုမေတ္တာစာကား 'စကြိုသူမြတ် နှဉ်ဥ်မပြတ်၊ မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော သာသနဒါယ ကာ ဖြစ်တော်မူသော ဆင်ဖြူသခင် မဟာမွတ်ရာဇ်မင်းမြတ်၊ ငါသည် အသက်သုံးဆယ့်တစ်၊ ပဉ္စင်းဝါ တဆဲ့နှစ်ဝါရှိပြီ၊ နှဉ် ဥ်မပြတ် ပရိယတ္တိ၊ ပဋိပတ္တိကို ဖြည့်သည့် ကုသိုလ်အကျိုး ကိုခံတော်မူပါ။ သာသနဒါယကာ တရားမင်းမြတ် မျက်နှာ တော်ကို မြင်ချင်၍၊ ဟံသာဝတီ ရွှေမြို့တော်တိုင်အောင် စုန် ရောက်ပါမည် အကြံရှိသည်လည်း၊ လှေတက် လုပ်ဆောင် သည် မပြီးသေးသောကြောင့် မရောက်ဘဲ ရှိရလေသည်။

မဟာဓမ္မရာဇ်၌ မင်းမြတ်သည် သာသနာတော်မြတ် စီးပွားကို ရွက်ဆောင်တော်မူသောမင်း ဖြစ်တော်မူသည်။ မျက်နှာတော်ကိုမြင်၍၊ သုစရိုက်၊ ဒုစရိုက်၊ ကုသိုလ်အကုသိုလ် နှင့် ယှဉ်သော စကားကို မပြောဟောရဘဲ၊ အနိစ္စဆောက်လေသော်လည်း၊ ဒုက္ခတိသို့သာ လားရာလေသည်။ မျက်နှာတော်ကိုမြင်၍ ဒါနကထာ၊ သီလကထာ အစရှိသော စကားတို့ကို ပြောဟောရမှ သေရခြင်းသည်ကား ကောင်းသော သုဂတိဘဝကို ရလေရာသည် ဟူသတည်း။


ရာဇာဓိရာဇ်လည်း နေပြည်တော်မှ အင်းဝသို့ ဆန်တက်လာရာ ရဟန်းတပါးကိုမျှ မမြင်ရ။ ယခု ရဟန်းတော်ကို တွေ့မြင်လို၍ မေတ္တာစာဆက်သည်ကို မမြင်လိုဟု ဆိုခြေသော်၊ ရတနာသုံးပါးတွင် တပါးကို မျက်နှာလွဲသည်ဟုကဲ့ရဲ့ရာဖြစ်မည်ဟု ကြံလျက်၊ စကြိုသူမြတ်အား ကွမ်းဖိတ်လျှောတော်မူ၏။ စကြိုသူမြတ်လည်း ကွမ်းဖိတ်ရလျှင်၊ ဘုရင်မင်းခေါင်အား လက်ဆောင်များ စီရင်စေသည်။ ထိုလက်ဆောင်များကို သီတင်းသည်နှင့် လူအိုတို့အား ဆောင်ယူစေလျက်၊ ဟိုင်းဆင်ကိုစီး၍ ထွက်တော်မူ၏။ ရာဇာဓိရာဇ်က ရွှေလောင်းဖြင့်ကူး၍ ခံလာရ၏။ ရာဇာဓိရာဇ်နေသော ရွှေဖောင်သို့ ရောက်ကာလ လက်ဆောင်များကို ပေးဆက်ပြီး၊ ခင်းထားအပ်သောနေရာ၌ နေပြီးသော် 'တလိုင်းပြည်ကသည် ပုဂံအဝ ရေမြေမြင့်သည်ကို လေ့လော်တက်ခတ်တို့ပင်ပန်းမျှ ဆန်တော်မူလာသည်ကား အဘယ် အလိုတော်ရှိ၍ ဆန်တော်မူသနည်း' ဟု မေးတော်မူသည်။ ရာဇာဓိရာဇ်က အထူးထူးသောအရပ်ကို ကြည့်ရှုလိုခြင်း၊ လက်နက်နှိုင်ငံ ခဲ့ထွင်လိုခြင်း၊ ဘုန်းလက်ရုံးခွန်အားကို ပြလိုခြင်း၊ ပုဂံပြည် အင်းဝပြည်တို့တွင် ဘုရား ပုထိုး စေတီတို့ များသောကြောင့် ပူးမြော်လိုခြင်း တည်းဟူသော အကြောင်းလေးပါးကြောင့် လာသည်ဟု ဆို၏။ ထိုစကားကိုကြားလျှင် စကြိုသူမြတ်သည် ပြုံးတော်မူ၍ တရားမင်းမြတ်တွင် သေနာပတိမရှိ ဆရာမရှိဟု ဆိုတော်မူသည်။ ရာဇာဓိရာဇ်က အဘယ်ကြောင့်ဆိုသနည်းဟု မေးလျှင် တရားမင်းမြတ်ဆိုသော အကြောင်း ၄ ပါးတွင် သုံးပါးသော အကြောင်းကား သူတပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်အောင်ပြုမည်ဆိုသည်ကား၊ လောဘဇောနှင့်စပ်သော အရာဖြစ်၍ နတ်ရွာနိဗ္ဗာန်မှ ဖီလာဖြစ်သည်။ ထိုကြောင့် ဆရာမရှိဟု ဆိုခြင်းဖြစ်သည်။ သေနာပတိမရှိ ဆိုခြင်းကား၊ တရားမင်းခမည်းတော် ဆင်ဖြူသခင် ဗညားဉီး မင်းပြုစဉ်က အင်းဝဘုရင် မင်းကြီးစွာနှင့် တမန်စေလွှတ်လျက် နှစ်ပြည်ထောင် မီးမသေ ရေမနောက်၊ ရွှေတပြားတည်းကဲ့သို့ဖြစ်၍ စည်ပင်သာယာ ဝပြောစွာဖြစ်သည်။ သာသန ဒါယကာတော်မင်းဖြစ်တော်မူလျှင် ရှေးမင်းတို့နည်းကို မဖျက်ဘဲ၊ မင်းနှစ်ပါးသည် အခြားမမြင်သကဲ့သို့ ဖြစ်၍ ပြည်သူ လူရဟန်းအပေါင်းတို့ ချမ်းသာမည်အကြောင်းကို မလျှောက်သောကြောင့် ပညာရှိ အမတ်သေနာပတိမရှိဟု ငါဆိုသည်ဟု မိန့်တော်မူလေသည်။ စကြိုသူမြတ်လည်း ဆက်လက်၍ အင်းဝပြည်၏ အခြေအနေ၊ လက်နက်အင်အားတို့ အကြောင်းကိုငင်း၊ အင်းဝကမ်းဆိပ်သည် မိုးအခါကာလ၌ လှေတက်များ မထားဝံ့အောင် လေမိုး လှိုင်းတံပိုး ပြင်းထန်သည်ကိုငင်း ပြောပြလျက် မင်းနှစ်ပါး မေတ္တာသက်၍ စစ်မက်မဖြစ်လျှင် သတ္တဝါခပ်သိမ်း ချမ်းသာခြင်းမှ ပရိယတ္တိ ပဋိပတ္တိ သာသနာပြန့်ပွားစည်ပင်မည့်အကြောင်း၊ ထိုသို့ သာသနာပြန့်ပွားမှုကောင်းမှုကုသိုလ် ပွားများလျက် မြတ်သောဆုကို ပြည့်တော်မူရာသည်ဟု ပြောဟော၏။

ထိုစဉ်တွင် ရာဇာဓိရာဇ် အမတ်တို့သည် ရွှေကြက်ယက်ဘုရားသခင့် ကျွန်သီးတော်တို့ကို ဖမ်းယူဆက်သလာသည်။ စကြိုသူမြတ်မြင်လျှင် တရားမင်းမြတ်သည် ကျေးဇူးရှင်ကို ကျေးဇူးမသိတကားဟူ၍ မိန့်တော်မူ၏။ ရာဇာဓိရာဇ်က မည်သူသည် ကျေးဇူးရှင်ဖြစ်ဘိသနည်းဟု မေးလျှင်၊ စကြိုသူမြတ်က တရားမင်းမြတ် ရှေးဘဝက ဘုရား ပစ္စေကဗုဒ္ဓါတို့ ပြုဘူးသော ကောင်းမှုကြောင့်သာ ဤသို့သော စည်းစိမ်ချမ်းသာကို ရပေသည်။ ယင်းသို့အကျိုးပြုတတ်သော ဘုရားသခင်၏ ကျွန်သီးတော်တို့ကို ဖမ်းယူညှဉ်းဆဲခြင်းသည် ကျေးဇူးရှင်၏ ကျေးဇူးတော်ကို မသိရာ မရောက်တုံလောဟု မိန့်၏။ ထိုနောက်ဆက်လက်၍ ပစ္စုပ္ပန် သံသရာ စီးပွားနှစ်ပါးနှင့်စပ်လျက် မင်းဧကရာဇ် နှစ်ပါးတို့ကို မဟာမိတ်ဖြစ်အောင်ငင်း၊ သတ္တဝါအပေါင်းတို့ကိုလည်း ချမ်းသာအောင်ငင်း၊ မေတ္တာရပ်ခံလိုကြောင်း၊ မေတ္တာရပ်ခံချက်ကို ခွင့်ပြုလျှင် အင်းဝနှင့်ဟံသာဝတီတွင် ပျော်ရာ၌ သီတင်းသုံးမည်၊ နှစ်ပြည်ထောင် ရွှေတပြားတည်းကဲ့သို့ဖြစ်ရန် အကြောင်းကိုသာ ခွင့်ပြုပါဟု မိန့်ဆို၏။ ရာဇာဓိရာဇ်က မြန်မာနိုင်ငံကို လုပ်ကြံရန် လာသည်တွင် ဆရာတော်က တရားနှင့်အညီ ဟောကြားသောကြောင့် ပြန်စုန်တော့မည်ဟု ပြောဆိုလျက် စကြိုသူမြတ်အား လှူဖွယ်ဝတ္ထုများကို ရွှေကြက်ယက်ဘုရား၏ ကျွန်သီးတော်များနှင့်အတူအပ်၍ ရွှေကြက်ယက်တွင် စရပ်ဆောက်လုပ်လှူမည့်အကြောင်းကို လျှောက်ထားပြီးလျှင် အခြေအရံအပေါင်းတို့ကို အင်းဝဖက်သို့ ရွှေလောင်းဖြင့်ပို့စေ၏။

စရပ်ဆောက်လုပ်ပြီးလျှင် စကြိုသူမြတ်နှင့် သံဃာတရာတို့ကိုပင့်၍ ဆွမ်းလုပ်ကျွေးကာ လှူဖွယ်ဝတ္ထုများ လှူဒါန်းပြီးနောက် ပြန်လည်ထွက်ခွာသွားလေသည်။ စကြိုသူမြတ်လည်း ရာဇာဓိရာဇ်၏ ပင့်လျှောက်ချက်အရ ဇလာကပင်းဟူသော ရွှေလှေတော်တွင် ရွှေပြာသာဒ်နှင့်လိုက်ပါရသည်။ ရာဇာဓိရာဇ် ကျောက်တလုံးသို့ရောက်လျှင် ရွှေကြက်ယက်ဘုရား၌ စရပ်ဆောက်လုပ်လှူခဲ့သော စရပ်ကို မင်းခေါင်က

မီးရှို့ဖျက်ဆီးစေသည်ကိုမြင်လျှင် အမျက်ထွက်၍ အင်းဝသို့ တိုက်အံ့ဟု လေ့အပေါင်းတို့ကို လေ့ဦးလှည့်စေသည်တွင် စကြိုသူမြတ်နှင့်အမတ်တို့ တရားပြသဖြင့် ဆက်လက်၍စုန်ဆင်းခဲ့သည်။ ပုဂံသို့ရောက်လျှင်၊ တန့်ကြည့်ဘုရားမြတ်စွာအပါးတွင် ကျောင်းဆောက်၍ ပစ္စည်းလေးပါး နှင့်တကွ စကြိုသူမြတ်ကို လှူတော်မူလေသည်။

ယင်းသို့အား ဖြင့် အင်းဝကို တိုက်အံ့ဟုလာသော မွန်ဘုရင် ရာဇာဓိရာဇ်နှင့် မြန်မာတို့အား ခားမကျိုးလှံမကျိုးရစေဘဲ နှုတ်ရေးဖြင့်သာ အောင်မြင်စွာ ပြေငြိမ်းမှုရအောင်ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြန်မာ့သမိုင်းတွင် ထင်ရှားသော ရဟန်းတော် ဖြစ်ခဲ့ပေသည်။ စကြိုသူမြတ်သည် စကားတတ် ကျမ်းတတ် ဖြစ်သည်ဟု အာစရိယဝံသစာဟောင်းတွင် ဆိုသည်ဟူ၍ မဟာရာဇဝင်ကြီးတွင် ဖော်ပြထားလေသည်။ စကြိုသူမြတ်၏ ဖွားသက္ကရာဇ်နှင့် ပျံလွန်တော်မူသည့် ခုနှစ်များကိုမူ မတွေ့ရပေ။



ရွှန်နိုင်ငံခေါင်းဆောင်ကြီး ဂျိုးဇက်စတာလင်

စတာလင်, ဂျေ၊ ဗွီ (ခရစ် ၁၈၇၉-၁၉၅၃)။ ။ရုရှနိုင်ငံခေါင်းဆောင်ကြီး ဖြစ်သော ဝန်ကြီးချုပ် ဂျိုးဇက် စတာလင် သည် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတဦး ဖြစ်သည်။ ရုရှနိုင်ငံ ဂျေဂျီးယားပြည်နယ်အပိုင် ဂေါရိမြို့ကလေးရှိ လယ်သမား ဇနီးမောင်နှံတို့မှ ၁၈၇၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဖွားမြင်သည်။ စတာလင်၏ မူလနာမည်မှာ ယိုဆစ်ဗျစ်ဆာရိယိုနပ်ဗျစ် ယူဂါရှဗီလီ ဖြစ်၍၊ တော်လှန်ရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သော အခါ၌ စတာလင်ဟူသော အမည်သို့ ပြောင်းခဲ့လေသည်။ စတာလင်ဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ 'သံမဏိ' ဖြစ်သည်။

သားဖြစ်သူအား ဘုန်းကြီးလုပ်စေလိုသော မိခင်၏ဆန္ဒအရ စတာလင်သည် ၉ နှစ်သားအရွယ်၌ ကျမ်းစာသင်ကျောင်းသို့ ဝင်ရောက် ပညာသင်ကြားလေသည်။ ထိုကျောင်း၌ ပညာဆုံးခန်းတိုင်၍ ၁၅ နှစ်အရွယ်ရောက်လျှင် ဂျေဂျီးယားပြည်နယ်၏ မြို့တော်ဖြစ်သော တစ်ဖလစ်မြို့ရှိ သာသနာ့ဝန်ထမ်း ဆိုင်ရာ ကျောင်းသို့ သွားရောက်ကာ ကျမ်းစာများကို ဆက်လက်ဆည်းပူးသည်။ ထိုကျောင်း၌ ပညာ ဆက်လက်ဆည်းပူးနေခိုက် အသက် ၁၉ နှစ်အရွယ် တွင် နိုင်ငံရေးအဖွဲ့အစည်းတခု ဖြစ်သော ရုရှ ဆိုရှယ် ဒီမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခဲ့သဖြင့် တနှစ်အကြာတွင် သာသနာ့ဝန်ထမ်းကျောင်းမှ ထုတ်ပယ်ခြင်း ခံရလေသည်။ ထိုနောက် စတာလင်သည် တစ်ဖလစ်မြို့၌ပင် စာရေးအလုပ်ကို ဝင်ရောက် လုပ်ကိုင်ယင်း ဇာဘုရင် တော်လှန်ရေးလုပ်ငန်းများကို လျှို့ဝှက်လုပ်ကိုင်နေစဉ် ဘုရင့်အစိုးရသည် စတာလင်အား ၁၉၀၁ ခုနှစ် အလုပ်သမားများ ဆန္ဒပြပွဲတွင် ပါဝင်သည်ဟု ဖမ်းဆီးကာ ဆိုက်ဗီးရီးယား သို့ နယ်နှင်လိုက်လေသည်။ ၁၉၀၄ ခုနှစ်မှ ၁၉၁၇ ခုနှစ်များအတွင်း စတာလင်သည် ဆိုက်ဗီးရီးယားမှ လေးကြိမ်တိုင်တိုင် ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း နောက်ဆုံး၌ အဖမ်းခံရသည် ချည်းဖြစ်၏။

၁၉၀၃ ခုနှစ်တွင် ဗော်လ်ရှီဗစ်နှင့် မင်ရှီဗစ် ဟူ၍ ရုရှဆိုရှယ် ဒီမိုကရက်တစ်ပါတီ နှစ်ခြမ်းကွဲသွားသော အခါ စတာလင်သည် လီနင်ဦးစီးသော ဗော်လရှီဗစ်အဖွဲ့သို့ လိုက်ပါခဲ့သည်။

ဆိုက်ဗီးရီးယားမှ မကြာခဏ ထွက်ပြေးလွတ်မြောက်ခိုက်အတွင်း စတာလင်သည် ဗော်လရှီဗစ်တို့၏ ပြည်သူ့တော်လှန်ရေး လုပ်ငန်းများကို စွမ်းလွန်းတမံ ဆောင်ရွက်လေ၏။ ထိုအတောအတွင်း စတာလင်သည် ၁၉၀၅ ခုနှစ်တွင် ဖင်းလန်နိုင်ငံ၌ ကျင်းပသော ဗော်လရှီဗစ်ညီလာခံသို့ ကော်ကေးဆပ်နယ် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရသဖြင့် ခေါင်းဆောင်ကြီး လီနင်နှင့် စတင်တွေ့ရှိခဲ့၍ ၁၉၁၂ ခုနှစ်တွင် ဗော်လရှီဗစ်တို့၏ ဗဟိုအမှုဆောင်တဦး ဖြစ်လာသည်။ နောင်အခါ၌ ဆိုဗီယက် ရုရှ အစိုးရ၏ အာဘော်ဖြစ်လာမည့် ပရာဗဒါ သတင်းစာ၏စာတည်း အဖြစ်ဖြင့်လည်း ဝင်ရောက်လုပ်ကိုင်ခဲ့သေးသည်။


၁၉၁၇ ခုနှစ်တွင် ဇာဘုရင်အရေးနိမ့်၍ ရုရှတော်လှန်ရေးသမားများ ဖြစ်သော ဗော်လရှီဗစ်တို့ အာဏာရလာသော အခါ စတာလင်သည် လီနင်ဦးစီးသော ဆိုဗီယက် အစိုးရအဖွဲ့သစ်တွင် လူမျိုးစုရေးရာဝန်ကြီး ဖြစ်လာသည်။ ဘုရင်စံနစ်ကို ဆက်လက်ထားရှိလိုသော် ရုရှဖြူများသည် ဗော်လရှီဗစ်တို့၏ ဆိုဗီယက်အစိုးရကို ပုန်ကန်လေရာ စတာလင်သည် ဆိုဗီယက်အစိုးရဖက်မှ ရွပ်ရွပ်ခြံခြံ ခုခံတိုက်ခိုက်သဖြင့်

ထင်ရှားလာကာ တော်လှန်ရေး စစ်ဦးစီးအဖွဲ့ဝင်တဦး ဖြစ်လာလေ၏။ ၁၉၂၄ ခုနှစ်တွင် ဆိုဗီယက်အစိုးရ၏ ခေါင်းဆောင် လီနင် ကွယ်လွန်လျှင် ထိုရာထူးကို ဆက်ခံနိုင်သော ပုဂ္ဂိုလ်မှာ ဆိုဗီယက်အစိုးရတွင် ဒုတိယအကြီးဆုံးဖြစ်သော လီယွန် ထရော့စကီ ဆိုသူပင် ဖြစ်သည်။ သို့သော် စတာလင်သည် ထိုရာထူးကို မိမိ ဆက်ခံနိုင်ရေး အတွက် လီနင် မကွယ်လွန်မီက ရရှိလိုက်သော ကွန်မျူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို လက်ဝယ်ထားလျက် လီယွန် ထရော့စကီအား လီနင်ဝါဒ သွေဖီရေးသမားဟု ကျေညာကာ ကွန်မျူနစ်ပါတီမှဎင်း၊ အစိုးရအဖွဲ့မှဎင်း ထုတ်နုတ်၍ နိုင်ငံခြားသို့ နှင်လိုက်လေသည်။ (ထရော့စကီ, အယ်—ရှ။) ထိုနောက် စတာလင်သည် သူ၏ အစိုးရအဖွဲ့အား အတိုက်အခံပြု၍ ယှဉ်ပြိုင်သူများနှင့် သူ့အစိုးရအဖွဲ့၏ ဩဇာကို မညောင်းသူတို့အား ဖယ်ရှားရန် လျှို့ဝှက်ရဲအဖွဲ့များ ဖွဲ့စည်းခဲ့လေသည်။ သို့နှင့်ပင် ရုရှနိုင်ငံ၏ အာဏာရှင်ခေါင်းဆောင်ကြီးဟု အများက အသိအမှတ် ပြုလာကြရလေသည်။

စတာလင်သည် ရုရှနိုင်ငံ ခေါင်းဆောင်ကြီးအဖြစ် အာဏာရလာသောအခါ မိမိတိုင်းပြည်ကို စိုက်ပျိုးရေးနိုင်ငံမှ စက်မှုလက်မှနိုင်ငံအဖြစ်သို့ ပြုပြင်ပြောင်းလဲရန် ငါးနှစ်စီမံကိန်း တရပ်ကို ရေးဆွဲလေသည်။ ယင်း စီမံကိန်းကို အကောင်အထည်ဖော်ရာ၌ နှောင့်နှေး ကြန့်ကြာစေသော ကွန်မျူနစ်စည်းမျဉ်းအချို့ကို ဖြုတ်ပြင်သည်။ ရုရှနိုင်ငံ၌ ရေအားသုံး လျှပ်စစ်ဓာတ် အားပေးစခန်းများ၊ စက်ရုံကြီးများ အများအပြား ပေါ်ပေါက်လာခဲ့သည်မှာ စတာလင်၏ ငါးနှစ်စီမံကိန်း ဆောင်ရွက်ချက်များပင် ဖြစ်၏။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသဖြင့် ယင်းစီမံကိန်းများ၏ လုပ်ငန်းစဉ်များကို ရပ်ဆိုင်းခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစ ၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် စတာလင်သည် ဂျာမနီအာဏာရှင် ဟစ်တလာနှင့် မကျူးကျော်ရေးစာချုပ် ချုပ်ဆိုလေသည်။သို့သော် ဂျာမန်တို့၏ ပရိယာယ်ကို ကောင်းစွာ ရိပ်စားမိသော စတာလင်သည် ရုရှနိုင်ငံ ကာကွယ်ရေးအတွက် အစွမ်းကုန် ကြိုတင် ပြင်ဆင်မှုများ ပြုလေသည်။ ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက် နေ့တွင် ဂျာမန်တပ်များ ရုရှနိုင်ငံကို ရုတ်တရက် ဝင်တိုက်သောအခါ စတာလင်သည် ရုရှနိုင်ငံ၏ စစ်သေနာပတိချုပ်အဖြစ်ဖြင့် ဂျာမန်တို့အား ဝံ့ဝံ့စားစား ခုခံခဲ့လေသည်။ ထိုကဲ့သို့ ဂျာမန်တို့၏ထိုးစစ်ကို အလူးအလဲ ခုခံနေရခိုက် စတာလင်သည် ရုရှနိုင်ငံ၏ဝန်ကြီးချုပ် အဖြစ်ဖြင့်ဎင်း၊ ကာကွယ်ရေးဝန်ကြီး အဖြစ်ဖြင့်ဎင်း၊ ကွန်မျူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် အဖြစ်ဖြင့်ဎင်း၊ ကြီးလေးသောတာဝန် ဝတ်တရားများကို ပူးတွဲထမ်းဆောင်၍၊ ရုရှနိုင်ငံအား ဂျာမန်တို့လက်မှ ကယ်တင်ခဲ့သည်သာမက၊ ဂျာမနီအရှေ့ပိုင်းကိုပင်လျှင် သိမ်းပိုက်နိုင်ခဲ့လေသည်။ ထို့ကြောင့် ၁၉၄၃ ခုနှစ်တွင် မာရှယ်စစ်သူကြီး အဆင့်အတန်းကို ရရှိခဲ့လေသည်။


ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားသောအခါ စတာလင်သည် ရုရှနိုင်ငံ ပြန်လည်ထူထောင်ရေး အတွက် စတုတ္ထ အကြိမ်မြောက် ငါးနှစ်စီမံကိန်းများကို ဆက်လက်လုပ်ကိုင်သွားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် စတာလင်သည် စစ်သူကြီးရာထူးကို စွန့်လွှတ်၍ ရုရှနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ်ဖြင့်ဆောင်ရွက်ယင်း ၁၉၅၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ကွယ်လွန်လေသည်။



စတာလင်နှင့်ချာချီ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကမ္ဘာ့မီးယားနယ် ယော်လတာမြို့တွင် ကျင်းပသော 'ကြီးသုံးကြီး' အစည်းအဝေးခွင် ရုရှခေါင်းဆောင်ကြီး စတာလင်ကို ဗြိတိသျှဝန်ကြီးချုပ် ချာချီနှင့်အတူ တွေ့မြင်ရပုံ

စတာလင်ဂရက်မြို့ ။စတာလင်ဂရက်မြို့သည် ဆိုဗီယက်ရုရှနိုင်ငံရှိ စတာလင်ဂရက်နယ်၏ မြို့တော်ဖြစ်သည်။ ဗော်လဂါမြစ်၏ အနောက်ဖက်ကမ်းပေါ်တွင် တည်ရှိ၍ ၁၉၃၉ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၄၄၅,၄၂၆ ယောက်ရှိသည်။ ထိုမြို့၏ မူလအမည်မှာ ဆာရယီဆင် ဖြစ်သော်လည်း ၁၉၁၈ ခုနှစ် ရုရှတော်လှန်ရေးဖြစ်ပွားစဉ် ထိုမြို့ကို ဇာဘုရင်၏တပ်များလက်သို့ မကျရောက်စေရန် စတာလင်သည် ရုရှတော်လှန်ရေးသမား ဗော်လရှီဗစ်တို့အား ခေါင်းဆောင်၍ ခုခံကာကွယ်သည်ကို အစွဲပြု၍ စတာလင်ဂရက် ဟု



ပြန်လည်တည်ဆောက်ထားသောစတာလင်ဂရက်မြို့ကို ၁၉၅၅ ခုနှစ်တွင်တွေ့မြင်ရပုံ

အမည်ပြောင်းခဲ့သည်။ (စတာလင်, ဂျေ။ဗွီ — ရှု။) တော်လှန်ရေးကြီး အပြီးတွင် ဘုရင်စံနစ် ကျဆုံးသွား၍ ဆိုဗီယက်တို့၏ အုပ်ချုပ်ရေး စံနစ်သစ်၌ ၁၉၂၂ ခုမှ ၁၉၄၂ ခုနှစ်အတွင်း စတာလင်ဂရက်မြို့သည် လယ်ထွန် စက်ကရိယာများ၊ လော်ရီကားများ၊ တင့်ကားများ စသည်တို့ကို ထုတ်လုပ်ရာ စက်မှုလုပ်ငန်းမြို့ကြီး တခုအဖြစ်သို့ တဟုန်တည်း တိုးတက်ခဲ့၏။ ရေနံတွင်းများနှင့် သစ်စက်များကိုလည်း ထိုမြို့၌ အများအပြား တွေ့ရှိနိုင်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ရုရှတို့သည် စတာလင်ဂရက်မြို့ကို အင်အားကြီးမားသော ဂျာမန်တပ်များ လက်တွင်းသို့ မကျရောက်စေရန် ရွပ်ရွပ်ခြံခြံ ခုခံတိုက်ခိုက်ခဲ့သဖြင့် စတာလင်ဂရက်မြို့ တိုက်ပွဲမှာ ကမ္ဘာကျော်သော တိုက်ပွဲဖြစ်ခဲ့သည်။ ၁၉၄၂ ခုနှစ် နွေဦးပေါက်စတွင် အင်အားကြီးမားသော ဂျာမန်တပ်တို့သည် ဗော်လဂါမြစ်ကြောင်းခရီးကို အပိုင်စီးရန် စတာလင်ဂရက်မြို့ကို ဝင်ရောက် တိုက်ခိုက်ကြ၏။ ဂျာမန်တို့၏ အမြောက်ဒဏ် ဗုံးဒဏ်တို့ကြောင့် စတာလင်ဂရက်မြို့မှာ များစွာပျက်စီးခဲ့လေသည်။

ဂျာမန်တို့သည် ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်ထိ၊ ၆၆ ရက်တိုင်တိုင် စတာလင်ဂရက်မြို့တော်ကို ဝန်းရံ သိမ်းပိုက်ထားနိုင်ခဲ့သည်။ သို့ရာတွင် ရုရှစစ်တပ်က ရွပ်ရွပ်ခြံခြံ ခုခံ၍ စတာလင်ဂရက်မြို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထိုသို့သိမ်းပိုက်ပြီးနောက် ဂျာမန်တို့ကို ရုရှတို့က ပြန်လည်ထိုးစစ်ဆင်သည်တွင် ၁၉၄၃ ခုနှစ် ဖေဖွာဝရီလ ၂ ရက်နေ့၌ လူပေါင်း ၃၃၀,၀၀၀ ပါဝင်သော ဂျာမန်စစ်တပ်ကို ထိုတပ်၏စစ်သေနာပတိ ဖွန်ပေါလပ်နှင့်အတူ သုံးပန်း အဖြစ်နှင့် ဖမ်းဆီးရမိလိုက်လေသည်။ ကမ္ဘာ့စစ်အခြေအနေမှာ ဤတိုက်ပွဲ၏ အရှုံးအနိုင်ပေါ်တွင် များစွာတည်ခဲ့၏။ ထိုကြောင့် ၁၉၄၄ ခုနှစ်၌ တဟီရန်းညီလာခံ ကျင်းပသောအခါ၊ ဗြိတိသျှနိုင်ငံ ဆင္ဒမဂျော့ဘုရင်သည် ရုရှနိုင်ငံဝန်ကြီးချုပ် စတာလင်အား ဗြိတိသျှလူမျိုးတို့၏ကိုယ်စား ရုရှလူမျိုးတို့အား အလေးပြုသော အထိမ်းအမှတ်ဖြင့် စတာလင်ဂရက် ဂုဏ်ထူးဆောင်ဓားမြှောင်ကို လက်ဆောင်အဖြစ် ပေးလေသည်။

စတာလင်ဂါး


စတာလင်ဂါး၏ ပုံပန်းမှာ ငဖောင်ရိုးနှင့် အလွန်တူသော်လည်း ငဖောင်ရိုးထက် များစွာ ဗလကောင်း၍ ကိုယ်အလေးချိန်လည်း ပို၍စီးသည်။ ကိုယ်အခွံမှ အကြေးတို့သည် စုပေါင်းလျက် အလယ်ဗဟိုတွင် တုံးတိတိကြီးဖြစ်သည်။ ရှည်လျားချွန်ထက်သော နှာသီးရိုးရှိ၍ ပါးစပ်မှာ အလွန်သေးငယ်သည်။ ပါးစပ်အတွင်း ဖက်၌ သွားများမပါရှိချေ။ ရေထဲက အပင်များနှင့် သတ္တဝါကလေးများကို စားသောက်သည်။ ရေကူးသည့်အခါ အလွန်လေးလံသဖြင့် ရေကူးသည်နှင့်မတူဘဲ ရေထဲတွင်ပြည်းညှင်းစွာ ဝပ်တွား သွားနေသည်နှင့် တူသည်။ ရေအောက်သဲပြင်ကို နှာခေါင်းဖျားရှိ ဦးမှင်ကြီး ၄ ခုဖြင့် မွှေနှောက်၍ အစာရှာလေ့ရှိသည်။ အစာကိုတွေ့လျှင် ပါးစပ်ကို ကတော့သဖွယ်ပြုလုပ်ပြီးသော် စုတ်ယူမျိုသွင်းတတ်သည်။

စတားဂျင်ဂါးမျိုး မှန်လျှင် ပင်လယ်ထဲတွင်သာ အနေ

များသည်။ သို့သော်လည်း အခြို စတားကျင်ငါးများမှာမူ ရေချိုငါးများဖြစ်သည်။ အိုင်နေ စတားကျင်ငါးမျိုးမှာ ၅ ပေမှ ၇ ပေအထိ ရှည်လျားသည်။ ဤငါးမျိုးကို မြောက်အမေရိကတိုက် ဂရိတ်လိတ်ဒေသ၌ တနှစ်ပတ်လုံး တွေ့ရသည်။ စတားကျင်ငါးအားလုံးတို့၏ နေရင်းဇာတိမှာ ပင်လယ်သမုဒ္ဒရာ ဖြစ်သည်။ ပင်လယ်ကမ်းခြေတလျှောက် သို့မဟုတ် ပင်လယ်အော် ပင်လယ်ကွေ့ စသည်တို့တွင်သာ အများအားဖြင့် နေလေ့ရှိသည်။ သို့သော်လည်း နှစ်စဉ် နှစ်တိုင်းပင် နွေဦးကာလ ကျရောက်သောအခါ စတားကျင်ငါးတို့သည် ပင်လယ်ရေကို စွန့်ခွာပြီးသော် ချောင်း၊မြောင်း၊ အင်း၊ အိုင် စသော ရေချိုရှိရာ အရပ်ဒေသများသို့ သွားရောက်၍ လအနည်းငယ်မျှ နေတတ်ကြသည်။

စတားကျင်ငါးမျိုး မြောက်မြားစွာရှိသည်။ အများများသလောက် အရွယ်အစားလည်း လွန်စွာပင် ခြားနားသည်။ ပင်လယ်နက်နှင့် ကက်စပျန်ပင်လယ် အနီးအနားတွင် တွေ့ရသော စတားကျင်ငါးမှာ ၂၄ ပေမျှ ရှည်လျား၍ အလေးချိန် ပေါင် ၂,၀၀၀ မျှစီးသည်။ ကြီးမားသော စတားကျင်ငါးများကို တွေ့ရသည့်နည်းတူ သေးငယ်သော စတားကျင်ငါးများကိုလည်း တွေ့ရ၏။ စတားကျင်ငါးကလေးမျိုးသည် အလျား ၃ ပေခန့်မျှသာ ရှိသည်။ ယခုအထိ ကျွန်ုပ်တို့သိရှိရသလောက် စတားကျင်ငါးမျိုးထဲတွင် ရုရှစတားကျင်ငါးသည် အကြီးမားဆုံးဖြစ်သည်။ ရုရှစတားကျင်ငါးမှာ ပေါင်ချိန် ၃,၀၀၀ အထိပင်စီးသည်။

စတားကျင်ငါးသည် ပင်လယ်အတွင်းမှ မြစ်၊ ချောင်း သဲကမ်းပါးပေါ် သို့ လာရောက်၍ ဥအုံလေ့ရှိသည်။ စတားကျင်ငါးမသည် တရာသီအတွင်း ဥပေါင်း ၃,၀၀၀,၀၀၀ မျှအထိ အုံသည်။ သို့သော်လည်း မြစ်ထဲရှိ အခြားငါးသတ္တဝါများက စားပစ် လိုက်၍ ဥအများအပြား ပျက်စီးကြရကုန်သည်။ ထိုကြောင့် အုံသလောက် အဖတ်မတင်ဘဲရှိသည်။ ပေါက်ပွားလာသည့် အခါတွင်လည်း ငါးကလေးများကို ငါးကြီးများက စားပစ်လိုက်ကြပြန်ရာ ငါးကလေး ဦးရေမှာ အတော်ပင် နည်းသွားသည်။ စတားကျင်ငါးသည် ရေချိုအရပ်တွင်နေရန် နှစ်သက်သည့်အလျောက် တသက်လုံး မြစ်ထဲ၌ပင် နေတတ်ကြသည်။ သို့သော် စတားကျင်ငါးများ



စတားကျင်ငါး


စွာတို့သည် ဆောင်းဥတုမတိုင်မီ ဇာတိဖြစ်သော ပင်လယ်သမုဒ္ဒရာအတွင်းသို့ မရောက်ရောက်အောင် ပြန်သွားတတ်ကြသည်။

ငါးအပေါင်းတို့တွင် စတားကျင်ငါးသည် အလွန်အဖိုးထိုက်တန်သည်။ အဘယ်ကြောင့်ဆိုသော် စတားကျင်ငါးဥများကို ကောင်းစွာ ဆေးကြောပြီးနောက် ဆားစိမ်၍ ငါးဥခေါက်နယ် ပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ ထိုမျှသာမက ဂျယ်လတင်ကိုလည်း စတားကျင်ငါး၏ လေအိတ်မှ ထုတ်ယူနိုင်သေးသည်။ စတားကျင်ငါးမှ အိုက်စင်ဂလပ် (ငါးစည်ဖောင်းကော်တမျိုး) ကိုလည်း ရသည်။ စတားကျင်ငါး၏လေအိတ်မှာ ရှည်လျား၍ ငွေရောင်ထနေသည်။ ထိုလေအိတ်များကြောင့်ပင် စတားကျင်ငါးတို့သည် လွယ်ကူစွာဖြင့် ရေပေါ်သို့ပေါ်လာနိုင်၊ ရေအောက်သို့ မြုပ်သွားနိုင်ကြပေသည်။ စတားကျင်ငါးဥဆားနယ်မှာ အရသာကောင်းလှသဖြင့် တခါစားဘူးလျှင် စတားကျင်ငါးကို အမှတ်ရလျက်ရှိတတ်သည်။

စတီဖင်ဆန်, ဂျီ (ခရစ် ၁၇၀၁–၁၈၄၀)။ ။ကျေ့စတီဖင်ဆန်သည် မီးရထားစက်ခေါင်းကို စတင်တီထွင်သော အင်္ဂလိပ်လူမျိုး အင်ဂျင်နီယာကြီးတဦးဖြစ်သည်။ ၁၇၀၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် အင်္ဂလန်ပြည် နျူးကပ်ဆဲမြို့အနီးရှိ ဝိုင်လမ်း ရွာကလေး၌ ဖွားမြင်၏။ စတီဖင်ဆန်၏ ဖခင်ဖြစ်သူမှာ ထိုရွာကလေးရှိ ကျောက်မီးသွေးတွင်း ရေစုတ်စက်၌ မီးထိုးသမားဖြစ်၍ များစွာ ဆင်းရဲနွမ်းပါးလေရကား သားသမီးများကို ကျောင်းသို့မပို့နိုင်ချေ။ ထိုကြောင့် စတီဖင်ဆန်သည် လူမမယ် အရွယ်ကပင် နွားကျောင်းခြင်း၊ ကျောက်မီးသွေးတွင်း၌ ဝင်ထောက် ကူညီ ဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ကိုင်ခဲ့ရလေသည်။ အသက် ၁၄ နှစ်သားအရွယ်တွင် ဖခင်ကြီး၏ လက်ထောက် မီးထိုးသမားအဖြစ် ဖြင့် ခန့်ထားခြင်းခံရ၍ ၁၇ နှစ်သားအရွယ်တွင် ရေစုတ်စက်ထိန်းသိမ်းရသော အလုပ်သမားအဖြစ်ဖြင့် အဆိုပါကျောက်မီးသွေးတွင်း၌ပင် အမှုထမ်းရလေသည်။ ထိုအခါ၌ စတီဖင်ဆန်သည် ရေစုတ်စက်ကို နေ့စဉ်ကြည့်ရှုနေရာမှ စက်၏သဘောကို စိတ်ဝင်စားလာသဖြင့် ဗိုလတန်နှင့်ဝပ်၏ ရေနွေးငွေ့စက်သဘောကို လေ့လာလိုသော်လည်း စာမတတ်သဖြင့် အခက်အခဲတွေ့ရပြန်သည်။ ထိုကြောင့် စတီဖင်ဆန်သည် ၁၈ နှစ်သားအရွယ်၌ ညကျောင်းတက်၍ စာသင်၏။ ဤကဲ့သို့ အလုပ်တဖက်နှင့် ညကျောင်းတက်ကာ စက်မှုပညာကို ကြိုးစားလေ့လာခဲ့သော စတီဖင်ဆန်သည် ၁၈၁၂ ခုနှစ်၌ ကီလင်းဝပ်မြို့ရှိ ဟိုင်းပစ် ကျောက်မီးသွေးတွင်းတွင် အင်ဂျင်စက်များကို လုပ်ကိုင်သူအဖြစ် ခန့်ထားခြင်းခံရ၍ တနှစ်လျှင် ပေါင် ၁၀၀ ရလေသည်။ ၁၈၁၅ ခုနှစ်တွင် စတီဖင်ဆန်သည် ကျောက်ဖီးသွေးတွင်းတူးသမားများ ကိုင်ဆောင်

ရန် ဘေးကင်းမီးအိမ်တမျိုးကို တီထွင်ပြုလုပ်ခဲ့သဖြင့် သူ၏ အမည်မှာ စတင်ကျော်ကြားလာလေသည်။ စတီဖင်ဆန်နှင့် တချိန်တည်းမှာပင် ဆာ ဟမ်ဖရီ ဒေဗီ ဆိုသူကလည်း အလားတူ ဘေးကင်းမီးအိမ်မျိုးကို တီထွင်ခဲ့သဖြင့် မည်သူက အလျင်ဦးသည်ဟူ၍ အပြင်းအထန် ငြင်းခုံခဲ့ကြသော်လည်း တီထွင်ချက်နှစ်ရပ်မှာမူ တသီးတခြားစီပင်ဖြစ်၏။


ထိုခေတ် သမယက ကျောက်မီးသွေးများ သယ်ယူရာ၌ ကျောက်မီးသွေးတင် ရထားတွဲ များကို သစ်သား သို့မဟုတ် သံလမ်းပေါ် တင်တင်၍ မြင်းများဖြင့် ဆွဲလေ့ရှိ၏။ စတီဖင်ဆန်သည် ထိုအလေ့အထကို လေ့လာရာမှ ရထားတွဲများကို ရေနွေးငွေ့စက်ခေါင်းဖြင့်ဆွဲရန် အကြံရသဖြင့် မိမိကျောက်မီးသွေးတွင်းကုမ္ပဏီမှ ငွေကြေးအကူအညီရယူ၍ မီးရထားစက်ခေါင်းတခု တီထွင်ရန် ကြိုးစားခဲ့လေသည်။ ကြိုးစားသည့်အတိုင်း အောင်မြင်သဖြင့် ၁၈၁၄ ခုနှစ်တွင် စတီဖင်ဆန်၏ 'ဗလူးခါး' အမည်ရှိသော မီးရထားသည် ကီလင်းဝပ် ကျောက်မီးသွေးတွင်းမှ သဘော်ဆိပ်သို့ ချောမောစွာ စတင်ခုတ်မောင်းနိုင်ခဲ့သည်။ ဒုတိယအကြိမ် ပြုလုပ်သော စက်၌ စတီဖင်ဆန်သည် အလဟဿထုတ်သွားသော ရေနွေးငွေ့များကို ပြန်လည်အသုံးပြုခြင်းဖြင့် စက်အား ပိုမိုကောင်းလာစေရန် စီစဉ်လေသည်။ ၁၈၂၅ ခုနှစ်တွင် စတော့တန်နှင့် ဒါလင်တန်သွား မီးရထားလမ်းဖွင့်ပွဲ၌ စတင်ခုတ်မောင်းသော မီးရထားမှာ ကမ္ဘာပေါ် တွင် ပဌမဆုံး လူစီးနှင့် ကုန်တင်ရထားဖြစ်၍ တွဲများကို စတီဖင်ဆန်၏ လိုကိုမိုးတစ်ခေါ် မီးရထားစက်ခေါင်းဖြင့် ဆွဲလေသည်။ ၁၈၂၉ ခုနှစ်၌ လီဗာပူးနှင့် မန်ချက်စတာသွား မီးရထားကုမ္ပဏီမှ ကြီးမှူးကျင်းပသော မီးရထားစက်ခေါင်းပြိုင်ပွဲတွင် စတီဖင်ဆန်၏




ဂျော့ စတီဖင်ဆန်

'ရော့ကက်' ခေါ် စက်ခေါင်းက ပဌမရရှိ၍ ဆုငွေ ပေါင် ၅၀၀ ခြီးမြှင့်ခြင်းခံရပြန်သည်။ (မီးရထားစက်ခေါင်း။ မီးရထားလမ်း — ၈။)

ဤကဲ့သို့ ကိုယ့်ဒူး ကိုယ်ခွန် ကြိုးစားခဲ့သဖြင့် နောင်အခါ၌ စတီဖင်ဆန်သည် အင်္ဂလန်နှင့် ဥရောပတခွင်တွင် မီးရထားစက်ခေါင်းတည်ဆောက်ရေးနှင့် ရထားလမ်းဖောက်လုပ်ရေးဆိုင်ရာ အတိုင်ပင်ခံ အင်ဂျင်နီယာကြီး ဖြစ်ခဲ့လေသည်။




စတီဖင်ဆန်၏ သံကွင်းဆက်ကြိုးတပ်မီးရထားစက်ခေါင်း
(၁၈၁၄ ခုနှစ်)



စတီဖင်ဆန်တီထွင်သော 'ရော့ကက်' မီးရထားစက်ခေါင်း
(၁၈၂၉ ခုနှစ်)

သားဖြစ်သူ ရောဗတ်မှာလည်း ဖခင်ကြီး၏ခြေရာကို လိုက်နိုင်သည်သာမက အထူးသဖြင့် မီးရထားတန်တားများ ဆောက်လုပ်ခြင်း၌ ထင်ရှားကျော်ကြားသော အင်ဂျင်နီယာတဦး ဖြစ်ပေသည်။ ထိုနောက် ဂျော့စတီဖင်ဆန်သည် အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ ချက်စတာဖီးမြို့တွင် အနားယူနေခိုက် ၁၈၄၈ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့၌ ကွယ်လွန်အနိစ္စဝေါက်လေသည်။

စတီဗင်ဆန်, ဘာ၊ ဘယ် (ခရစ် ၁၇၅၀–၁၈၃၄)။ ။ရောဗတ် လူဝီ စတီဗင်ဆန် သည် အင်္ဂလိပ်စာပေ လောကာ၌ ပုံဝတ္ထုများ ရေးသားခြင်းဖြင့် ကမ္ဘာကျော်ဖြစ်လာသော စာရေးဆရာကြီးတဦး ဖြစ်သည်။ ခရစ် ၁၇၅၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စကော့တလန်ပြည် အက်ဒင်ဗာရာမြို့၌ ဖွားမြင်သည်။ ငယ်စဉ်က များစွာ ချူချာလှသဖြင့် ကျောင်းမှန်မှန်မတက်နိုင်ဘဲ အိမ်တွင်ပင် ယုယပြုစုခြင်းခံခဲ့ရ၏။ ရံဖန်ရံခါ မြို့ပြအင်ဂျင်နီယာဖြစ်သော ဖခင်နှင့်အတူ စကော့တလန် ကမ်းရိုးတလျောက်ရှိ မီးပြတိုက်များသို့ လိုက်ပါသွားလေ့ရှိရာ စတီဗင်ဆန်သည် ငယ်စဉ်ကပင် ဆိပ်ကမ်းကျန်းသောင်တောတောင်တို့ဖြင့် သာယာလှသော စကော့တလန်ပြည် ရှုခင်းများကို နှစ်သက်စွဲလန်းမိခဲ့သည်။ နောင်အခါ၌ စတီဗင်ဆန်သည် ဥပဒေပညာကိုသင်ကြားတတ်မြောက်ခဲ့သော်လည်း၊ စာရေးခြင်းဖြင့် သာအသက်မွေးရန် ဆုံးဖြတ်ခဲ့၏။



ရောဗတ် လူဝီ စတီဗင်ဆန်

မိမိ၏ကျန်းမာရေးအတွက် ပြင်သစ်၊ ဗဲလ်ဂျီယမ်၊ ဂျာမနီနိုင်ငံများနှင့် စကော့တလန်ပြည် အနှံ့အပြားသို့ သွားရောက် လှည့်ပတ်ခဲ့ရသဖြင့် ခရီးသွားမှတ်တမ်းများဖြစ်သော ‘ပြည်တွင်းခရီးစဉ်’ ကို ၁၈၂၈ ခုနှစ်တွင်ထင်း၊ ‘မြည်းနှင့်ခရီးသွားခြင်း’ ကို ၁၈၂၉ ခုနှစ်တွင်ထင်း၊ ရေးသားထုတ်ဝေခဲ့သည်။ ၁၈၃၃ ခုနှစ်တွင် စတီဗင်ဆန်သည် ‘ရတနာဒီပ’ ဝတ္ထုကို ရေးသားထုတ်ဝေ၍ ၁၈၃၆ ခုနှစ်နှင့် ၁၈၃၃ ခုနှစ်များတွင် ‘လူပြန်ပေး’ နှင့် ‘ကက်ထရီယိုးနား’ ဝတ္ထုများကို ရေးသားခဲ့၏။ ဤဝတ္ထုသုံးပုဒ်အနက် ‘ရတနာဒီပ’ ဝတ္ထုသည် ယနေ့တိုင် လူကြိုက် များလျက် ရှိသော ကမ္ဘာကျော်ဝတ္ထုဖြစ်သည်။ စတီဗင်ဆန်သည် ထိုဝတ္ထုဖြင့်ပင် ကမ္ဘာကျော် စာရေးဆရာကြီးတဦး ဖြစ်လာလေသည်။ ထိုဝတ္ထုများအပြင် စတီဗင်ဆန်သည် ကဗျာနှင့်ဝတ္ထုတိုများကိုလည်း အများအပြား စပ်ဆိုရေးသားခဲ့သေးသည်။ သို့သော် စတီဗင်ဆန်ကား အချို့သော စာရေးဆရာများ ကဲ့သို့ ကမ္ဘာ့လူတန်းစား ပြဿနာများနှင့် လူတို့၏ ဘဝတည်နေမှု အစရှိသည့် နက်နဲသော အတွေးအခေါ် အယူအဆများကို စိတ်ဝင်စားခြင်းမရှိပေ။ စိတ်ကူးကောင်းကောင်းဖြင့် ဆွတ်ပုံဖွယ် စာပေများကိုသာ ရေးသားသည်။

၁၈၂၆ ခု အသက် ၂၆ နှစ်အရွယ်တွင် စတီဗင်ဆန်သည် မစ္စစ် အော့စဗန် အမည်ရှိ အမေရိကန်သူ မုဆိုးမတဦးနှင့် ပြင်သစ်ပြည်၌ တွေ့ဆုံကာ မေတ္တာသက်ဝင်ခဲ့လေသည်။ ထိုနောက် မစ္စစ် အော့စဗန် မမာမကျန်းဖြစ်သည် ဟူ၍ သတင်းကြားရသဖြင့် စတီဗင်ဆန်သည် မစ္စစ် အော့စဗန် နေထိုင်ရာ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့သို့ သွားရောက်ခဲ့သည်။ လမ်းခရီးတွင် အလွန်ဆင်းရဲပင်ပန်းသော်လည်း စတီဗင်ဆန်အဖို့ စာပေရေးသားရန် အချက်အလက် များစွာ ရရှိခဲ့၏။ ဆန်ဖရန်စစ္စကိုမြို့၌နေထိုင်စဉ် အဆုတ်ရောဂါ စွဲကပ်လာ၏။ သေရအံ့ဆဲဆဲဖြစ်နေသော စတီဗင်ဆန်မှာ မစ္စစ် အော့စဗန်၏ ဂရုတစိုက် ပြုစုမှုကြောင့်သာ နလံထူနိုင်ခဲ့လေသည်။

၁၈၃၀ ပြည့်နှစ်တွင် စတီဗင်ဆန်သည် မစ္စစ် အော့စဗန်နှင့် လက်ထပ်ပြီးလျှင် မိမိ၏ဇနီးနှင့်အတူ ဇနီးမှပါသော သားသမီးများကိုပါ ခေါ်ဆောင်၍ နေရင်းဒေသ စကော့တလန်ပြည်သို့ ပြန်ခဲ့သည်။ ဇနီးမှပါသော သားသမီးများအနက် မစ္စတာ လို့ဂ် အော့စဗန် ဆိုသူမှာ စတီဗင်ဆန်၏ဝတ္ထုအချို့တွင် ကူညီ ရေးသားခဲ့သည်ပြင် သူကိုယ်တိုင်ကလည်း ထင်ရှားသော စာရေးဆရာတဦး ဖြစ်သည်။

စတီဗင်ဆန်သည် စကော့တလန်ပြည်၏ ပြင်းထန်သော ရာသီဥတုဒဏ်ကို မခံနိုင်သဖြင့် မိမိ၏ကျန်းမာရေးနှင့် သင့်တော်မည့် ဒေသကို နှစ်ပေါင်းများစွာ လှည့်လည်ရှာဖွေခဲ့သည်။ နောက်ဆုံး၌ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ ဆမိုးဝါးကျန်းစုကို တွေ့သဖြင့် ‘အိမ်သားများနှင့်အတူ ထိုကျန်းစုသို့ ပြောင်းရွှေ့နေထိုင်လေသည်။ ဤဆမိုးဝါးကျန်းစုသို့ ရောက်၍ လေးနှစ်အကြာ ၁၈၃၄ ခု ဒီဇင်ဘာလ ၄ ရက်နေ့

တွင် စတီဗင်ဆန်သည် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်လေသည်။

စတီဗင်ဆန်အား ပုံပြောဆရာကြီးတဦး အနေဖြင့် ချစ်ခင်ကြသော တိုင်းရင်းသားများသည် စတီဗင်ဆန်၏ ရုပ်ကလာပ်ကို ထိုကျွန်းစုရှိ ဗာအေးအား တောင်ထွတ်သို့ သယ်ယူ၍ ဂူသွင်းသင်္ကြိုဟ်ကြသည်။ ထို့နေရာကား စတီဗင်ဆန် မကွယ်လွန်မီက သူ့အားသင်္ကြိုဟ်ရန် မှာကြားခဲ့သောနေရာပင် ဖြစ်ပေသည်။

ရတနာဒီပကျွန်း

ဂျင်ဟောကင်း၏ ဖခင် ဖွင့်လှစ်ထားသော ထမင်းဆိုင်၌ ကက်ပတိန် ဗစ်လီဗုန်း အမည်ဖြင့် သဘော်သားတဦးသည် တည်းခိုနေထိုင်လျက်ရှိ၏။ ဗစ်လီဗုန်းသည် ခြေတဖက်မရှိသော သဘော်သားတဦး သူ၏ထံသို့ လာရောက်မည်ကို အမြဲပင် စိုးရိမ်နေလေသည်။ တနေ့သော် ဗစ်လီဗုန်းထံသို့ မျက်မမြင် သူတောင်းစား ပျူး ရောက်လာ၏။ ထိုသူတောင်းစား ပြန်သွားပြီးနောက် ဗစ်လီဗုန်း သေဆုံးသွားလေသည်။ မသေဆုံးမီက သူ့နောက်သို့ ပင်လယ်ခားပြများ လိုက်နေကြောင်း အထိမ်းအမှတ် တခုကို သူရရှိခဲ့ဘူး၏။ ဂျင်ဟောကင်းသည် ပင်လယ်ခားပြများ မရောက်မီ ဗစ်လီဗုန်း၏ ပင်လယ်ခရီးဆောင် သေတ္တာဟောင်းကြီးကို ဖွင့်လှစ်၍ ရှာဖွေရာ ရတနာဒီပကျွန်း၏ မြေပုံကို တွေ့ရှိသဖြင့် ထိုမြေပုံကို သူ့မိတ်ဆွေများ ဖြစ်သော ဆရာဝန် ဒေါက်တာ လိုက်ဗဆေးနှင့် မြေပိုင်ရှင် ထရီလောနီး တို့ထံ ယူဆောင်သွား၏။ ရတနာဒီပကျွန်းရှိ ရွှေ၊ ငွေ၊ ရတနာများကို မြေပုံအတိုင်း သွားရောက် ရှာဖွေယူရေး အတွက် ထရီလောနီးကပင် ငွေကြေးအကုန်အကျခံ၍၊ ဟစ္စပါညိုလာ အမည်ရှိ ရွက်သင်္ဘောကြီးတစင်းကို တည်ဆောက်လေ၏။ ထိုရွက်သင်္ဘောကြီးတွင် ကက်ပတိန် စမောလက်သည် တက်မကိုင်ဖြစ်၍ သဘော်ထမင်းချက်မှာ ခြေတဖက် မရှိသော လောင်းဂျွန်ဆီးလဗားဖြစ်သည်။

ကက်ပတိန် စမောလက်ကမူ လောင်းဂျွန်ဆီးလဗားနှင့် သဘော်သား အားလုံးလိုလိုပင် ရတနာဒီပကျွန်းရှိ ရတနာများ၏ မူလပိုင်ရှင်ဖြစ်သော ပင်လယ်ခားပြဗိုလ်ကြီး ကက်ပတိန် ဖလင့်၏ ငယ်သားများဖြစ်မည် ဟူ၍ သံသယဖြစ်လျက်ရှိသော်လည်း လမ်းခရီးတွင် မည်သို့မျှ တစုံတရာ မဖြစ်ပွားဘဲ ရတနာဒီပကျွန်းသို့ ချောမောစွာ ရောက်ကြလေသည်။ သို့ရာတွင် ကမ်းသို့ကပ်မိလျှင် ဂျင်သည် လွန်ဆီးလဗားနှင့် အခြားသူတဦးတို့ ပြောစကားများကို ကြားရသောအခါ၊ ကက်ပတိန်စမောလက်ထင်သည့်အတိုင်း ဟုတ်မှန်နေကြောင်း တွေ့ရပေသည်။ ထိုအခိုက် သဘော်သစ်များမှာ ပုန်ကန်ထကြွရန် အချိန်ကို စောင့်ဆိုင်းလျက်ရှိလေပြီ။ သို့သော် ကက်ပတိန် စမောလက်က သဘော်သားများအား ကမ်းပေါ်သို့ တက်ရောက်လည်ပတ်ခွင့် ပေးလိုက်ခြင်းဖြင့် ပုန်ကန်ထကြွမှု မဖြစ်ပွားတော့ချေ။ ပုန်ကန် ထကြွလိုသည့် သဘော်သား ခြောက်ယောက်သာ သဘော်ပေါ်တွင် ကျန်ရှိခဲ့ရာ ဂျင်ဟောကင်းလည်း ကုန်းပေါ်သို့ဆင်းခဲ့၏။ ကျွန်းပေါ်တနေရာသို့ ရောက်သောအခါ ယခင်က သဘော်တွင် ဂျွန်ဆီးလဗားနှင့်အတူ အလုပ်လုပ်ခဲ့ဘူးသည့်အပြင် ဆီးလဗားနှင့်လည်း မသင့်မြတ်သော ဗင်ဂန်းဆိုသူအား တွေ့ရှိလေသည်။ ဗင်ဂန်းမှာ ဤရတနာဒီပကျွန်းတွင် စွန့်ပစ်ထားခြင်းခံရသူ ဖြစ်သည်။ လောင်းဂျွန်ဆီးလဗား၏လူစုကို ခုခံတိုက်ခိုက်ရာ၌ ဂျင်တို့လူစုအား ဗင်ဂန်းက ကူညီမည်ဟု ဂတိပေးလေသည်။

ထိုအတောအတွင်း ကက်ပတိန် စမောလက်၊ ဒေါက်တာလိုက်ဗဆေး၊ ထရီလောနီးနှင့် သူ၏တပည့်သုံးဦးအပြင် ကျွန်ယုံ အေဗရာဟမ်ဂရေးတို့ ပါဝင်သော ကက်ပတိန်တို့လူစုသည် သဘော်မှထွက်ခွာခဲ့ရာ လောင်းဂျွန်၏ တပည့်များနှင့် တိုက်ခိုက်ရသဖြင့် ထရီလောနီး၏ တပည့်တဦး ကျဆုံး၍ အသက်ကယ်ကူးတို့လေ့တစင်းလည်း ဆုံးရသည်။ ထိုနောက် ကက်ပတိန်စမောလက်တို့ လူစုသည် တောင်ကုန်းတခုပေါ်ရှိ သစ်တပ်အတွင်း တဲအိမ်တွင် စခန်းချနေကြသည်။ ကက်



ဆပိုးဝါးကျွန်းရှိ စာရေးဆရာကြီး စတီဗင်ဆန်၏သမ်ဂျိုင်းဂူ

ပတိန်၏အဖွဲ့သားများ စီးခဲ့သော လှေငယ်ကို သဘော်သားများက ဖျက်ဆီးနေစဉ် ဂျင်လည်း ထို သစ်တပ်တွင်းသို့ ရောက်ရှိလာလေသည်။

နောက်တနေ့နံနက် မိုးလင်းသောအခါ၌ ပင်လယ်ခားပြများသည် ကက်ပတိန်တို့၏သစ်တပ်ကို လာရောက်တိုက်ခိုက်ကြသေး၏။ သို့သော် သူတို့ဖက်မှ ငါးယောက်ကျဆုံး၍ ဆုတ်ခွာ ထွက်ပြေးကြရလေသည်။ ကက်ပတိန်တို့ဖက်မှမူ ထရီလောနီး၏တပည့်နှစ်ဦး ကျဆုံး၍ ကက်ပတိန်ကိုယ်တိုင်လည်း ဒဏ်ရာရလေ၏။ နေ့လည်ပိုင်း၌ ဆရာဝန်သည် ဗင်ဂန်းအား ရှာဖွေရန် သစ်တပ်မှထွက်ခွာသွား၏။ ဂျင်လည်း တယောက်တည်း သစ်တပ်မှထွက်လာရာ ဗင်ဂန်း၏လှေကို တွေ့လေ၏။ ထိုလှေဖြင့် ရွက်သဘော်ကြီးဆီသို့ လှော်ခပ်သွား၍ ကျောက်ဆူးကြိုးများကို ဖြတ်လိုက်လေသည်။ ရေစီး အလွန် သန်သောကြောင့် ဂျင်သည် မိမိ၏လှေကိုပင် မထိန်းနိုင်ဘဲရှိရာ၊ နောက်ဆုံး၌ ခြေကုန်လက်ပန်းကျ၍အိပ်ပျော်လေ၏။ ဂျင်သည် အိပ်ရာမှနိုးသောအခါ လှေမှာ ခရီးဝေးသို့ ရေစီးရာမျောပါသွားကြောင်း တွေ့ရ၏။ ထိုပြင် ပဲ့ကိုင်မရှိဘဲ မျောနေသည့် ရွက်သဘော်ကြီးကိုလည်း ပြန်လည်တွေ့ရှိရလေသည်။ ဂျင်သည် သဘော်ပေါ် သို့တက်ရောက်ကြည့်ရှုရာ လူနှစ်ဦးကိုသာ တွေ့ရလေသည်။ ထိုလူနှစ်ဦးမှာလည်း အချင်းချင်းရန်ဖြစ်ကာ ထိုးသတ်ကြသဖြင့် တဦးမှာ သေဆုံးနေပြီဖြစ်၍ ကျန်တဦးမှာ ပြင်းထန်သော ဒဏ်ရာများဖြင့် လဲလျက်ရှိ၏။ ဂျင်လည်း ဒဏ်ရာဖြင့်လဲနေသူအား ပြုစု၍ ထိုသူ၏အကူအညီဖြင့် သဘော်ကို ဘေးရန်ကင်းလွတ်ရာ အရပ်သို့ ပြောင်းရွေ့ ဆိုက်ကပ်ထား၏။ သို့သော် ဒဏ်ရာရသူသည် ဂျင်ကိုရန်ရှာသဖြင့် ဂျင်သည် ထိုသူအား သေနတ်နှင့်ပစ်သတ်လိုက်၏။ ထိုနောက် ဂျင်သည် ကမ်းပေါ် သို့တက်၍ ကက်ပတိန်တို့လူစုရှိရာ သစ်တပ်သို့သွားရာ သန်ကောင်ယံအချိန်၌သစ်တပ်သို့ရောက်လေ၏။ သို့သော် ထိုအချိန်၌ ကက်ပတိန်တို့လူစုသည် သစ်တပ်ကို စွန့်ခွာသွားနှင့်ကြပြီး ဖြစ်၍ သစ်တပ်မှာ လောင်းဂျန်ဆီးလဗားနှင့် သူ၏နောက်လိုက် ပင်လယ်ခားပြငါးဦးတို့လက်သို့ ကျရောက်လျက်ရှိ၏။ ပင်လယ်ခားပြများသည် ဂျင်အား ဖမ်းဆီးလိုက်သည်သာမက တခါတည်း ကိစ္စတုံးသတ်ပစ်လိုကြ၏။ လောင်းဂျန်ဆီးလဗားတဦးတည်းကသာ ဂျင်အားမသတ်ရန် ပြင်းပြင်းထန်ထန် ကန့်ကွက်သဖြင့် ပင်လယ်ခားပြငါးဦးသည် လောင်းဂျန်ဆီးလဗားကိုပင် ရန်မူရန်ကြုံစည်ကြ၏။ သို့သော် လောင်းဂျန်ဆီးလဗားက ဂျင်ကိုခားစာခံအဖြစ် ထားရှိခြင်းဖြင့် မိမိတို့အတွက် အကျိုးရှိမည်ဖြစ်ကြောင်း ပြောဆိုသည့်ပြင် ဆရာဝန်က သူ့အားပေးခဲ့သော ရတနာဒီပကျွန်း မြေပုံကိုပါ ထုတ်ပြသောကြောင့် ငယ်သားများ ကျေအေးကုန်ကြသည်။

ထိုနောက် လောင်းဂျန်ဆီးလဗား ခေါင်းဆောင်သော ပင်လယ်ခားပြများသည် ရတနာဒီပကျွန်း မြေပုံဖြင့် ရတနာသိုက်အရှာထွက်ရာ၌ ဂျင်ကိုလည်း သူတို့နှင့်တပါတည်းခေါ်ဆောင်သွားကြ၏။ ပဌမဦးစွာ သူတို့သည် ပင်လယ်ခားပြ ဗိုလ်ဟောင်း ကက်ပတိန်ဖလင့်က ရတနာသိုက်သို့သွားရာ အမှတ်အသားတခုအဖြစ် စိမ်ထားခဲ့သော အရိုးစုကို တွေ့ကြသည်။ နောက်ဆုံး၌ ရတနာသိုက်ရှိရာသို့ ရောက်သော်လည်း သိုက်တူးပြီးသားကိုသာ တွေ့ရလျှင် ဆီးလဗားနှင့် သူ၏နောက်လိုက် ငါးယောက်တို့မှာ အခြင်းများကြရလေသည်။ ဤကဲ့သို့ တယောက်နှင့်ငါးယောက် အခြင်းဖြစ်နေခိုက်တွင် ကက်ပတိန်နှင့် အဖွဲ့သားများ ရောက်ရှိလာ၍ ပစ်ခတ်ကြသည်တွင် ဆီးလဗား၏နောက်လိုက် ပင်လယ်ခားပြနှစ်ဦး ကျဆုံး၍ သုံးဦးမှာ ထွက်ပြေးလွတ်မြောက်သွားလေ၏။ ဆီးလဗားကိုမူ ဂျင်ဟောကင်းအား ကယ်ဆယ်ခဲ့သူ ဖြစ်၍ ကက်ပတိန် စမောလက်၏ အဖွဲ့သားများက အသက်ချမ်းသာပေးလေ၏။ ရတနာများကိုကား ကြာမြင့်စွာကပင် ဗင်ဂန်းက တွေ့ရှိခဲ့၍ မိမိ၏ကျောက်ဂူတွင်းသို့ ပြောင်းရွှေ့ သိမ်းဆည်းထားခဲ့လေသည်။ ထိုရတနာများကို ကျောက်ဂူမှ ရွက်သဘော်ပေါ် သို့ တင်ဆောင်ကြပြီးနောက် ထွက်ပြေးသော ပင်လယ်ခားပြ သုံးဦးအတွက် ရိက္ခာများ ထားခဲ့၍ ရတနာဒီပသိုက်ရှာသူအားလုံးတို့သည် ရွက်များကို ဖွင့်လျက် ရတနာဒီပကျွန်းမှ ထွက်ခွာခဲ့ကြလေသတည်း။


စတီရိယိုစကုပ်။ ။ပစ္စည်းတခုကို မျက်စိနှစ်လုံးဖြင့်ကြည့်ရာ၌ မျက်စိတဖက်က မြင်သကဲ့သို့ အခြားတဖက်ကလည်း အတူတူပင်မြင်သည်ဟု ယူဆကြသည်။ အမှန်မှာ လက်ျာဖက်မျက်စိသည် ပစ္စည်း၏လက်ျာဖက်ကို ပိုမြင်၍ • လက်ဝဲဖက် မျက်စိကလည်း ထိုပစ္စည်း၏ လက်ဝဲဖက်ကို ပိုရှု မြင်သည်။ လက်တွေ့သိလိုလျှင် မျက်စိတဖက်စီကို ပိတ်၍ကြည့်ပါ။ မျက်စိနှစ်လုံးဖြင့် ပစ္စည်းတခုကိုကြည့်ရာ၌ ပုံနှစ်ပုံပေါ် မလာဘဲ တပုံတည်းပေါ် လာသည်။ ထိုသို့ပေါ် လာစေရန် အသိဉာဏ်က ပြုပြင်၍ပေးလေသည်။ ပစ္စည်း၏ရုပ်လုံးပုံကို မြင်ရခြင်းမှာ မျက်စိနှစ်လုံးဖြင့် ကြည့်သောကြောင့် မြင်ရခြင်းပင် ဖြစ်လေသည်။ သာမန်ခေတ်ပုံရိုက်ကရိယာသည် မျက်စိတဖက်တည်းကဲ့သို့သော မှန်ဘီလူးတခုသာရှိသဖြင့် ထိုကရိယာမျိုးဖြင့် ရိုက်ယူသော ခေတ်ပုံများသည် ပြား၍နေကြသည်။

စတီရိယိုစကုပ်၏သဘောမှာ မျက်စိ၏သဘောအတိုင်းပင်ဖြစ်သည်။ (မျက်စိ — ရှု။) စတီရိယိုစကုပ်ပစ် ကင်မရာသည် ပစ္စည်းတခုကို ခေတ်ပုံရိုက်ရာ၌ မှန်ဘီလူးတချပ်ကို ထိုပစ္စည်း၏ လက်ျာဖက်သို့ အနည်းငယ် ပို၍ရိုက်နိုင်ရန် အနည်းငယ်ရွှေထား၍ အခြားမှန်ဘီလူးတချပ်ကို ပစ္စည်း၏

လက်ဝဲဖက်သို့ အနည်းငယ်ပို၍ ရိုက်နှိုင်ရန် အနည်းငယ်ရွှေ့ထားပြီး ဓာတ်ပုံနှစ်ခုကို တပြိုင်တည်းရိုက်ယူသည်။ ထိုစတီရီယို ဓာတ်ပုံနှစ်ခုကို ဘေးချင်းယှဉ်၍ ကပ်ထားသည်။ ထိုဓာတ်ပုံနှစ်ပုံကို မှန်ဘီလူးနှစ်ခု တပ်ဆင်ထားသည့် ကရိယာတွင် ထည့်၍ကြည့်လိုက်သောအခါ ထိုဓာတ်ပုံနှစ်ပုံသည် တပုံတည်းသဘောဖြင့် သဘာဝကျကျ ရုပ်လုံးဒြဗ် ပေါ်လာသည်။ ထိုသို့ တပုံတည်း သဘာဝကျကျ ပေါ်လာစေရန် ကြည့်ရှုရသောမှန်ပြောင်းကို စတီရီယိုစကုပ်ဟု ခေါ်သည်။ စတီရီယိုစကုပ် ဟူသည်မှာ ဂရိဘာသာဝေါဟာရဖြစ်၍ မြန်မာဘာသာဖြင့် ဆိုရလျှင် ရုပ်လုံးဒြဗ်ပေါ်အောင် ကြည့်ခြင်းဟု အဓိပ္ပါယ်ပေါက်သည်။


စတီရီယိုစကုပ်သည် ယခုခေတ်သစ်မှ ပေါ်ပေါက်လာသော ကရိယာဖြစ်သည်။ ပဌမအမျိုးအစားကို ၁၈၃၈ ခုနှစ်လောက်တွင် အင်္ဂလိပ်ရူပဗေဒကဝိတဉ်းဖြစ်သူ ဆာချားဝိုစတုန်း ဆိုသူက စတင်ပြုလုပ်ခဲ့လေသည်။ ထိုနောက် ၁၈၉၄ ခုနှစ်လောက်တွင် ဆာ ဒေးဗစ် ဗရူးစတား ဆိုသူက ပို၍ကောင်းအောင် ပြုပြင်ပြီးလျှင် လူကြိုက် အလွန်များသော လင်းစတီရီယိုစကုပ်ကို တီထွင်ခဲ့လေသည်။ လူသုံးများသော စတီရီယိုစကုပ်ကိုကား အော်လီဗာ ဝင်းဒဲ ဟုမ်းဆိုသူ တီထွင်ခဲ့လေသည်။

စတီရီယိုစကုပ်၏နည်းကို စစ်မြေပြင်တွင်သုံးသည့် မှန်ဘီလူးများတွင် အသုံးပြုလျက်ရှိသည်။ ရုပ်ရှင်ရိုက်ကူးသည့် စက်များတွင်လည်း အသုံးပြုနိုင်ရန်ကြံစည်ခဲ့ကြရာ အောင်



လေယာဉ်ပေါ်မှရိုက်ကူးထားသော ဓာတ်ပုံများကို သဘာဝကျကျ မြင်နိုင်ရန် စတီရီယိုစကုပ်ဖြင့်ကြည့်ရှုနေပုံ

မြင်ပြီဖြစ်၍ ယခုအခါ 'သရီးဒီ' ခေါ် ရုပ်လုံးပေါ်ရုပ်ရှင်ကားများကို ကျွန်ုပ်တို့ကြည့်ရှုနေကြရပြီဖြစ်သည်။



ပုံသွင်းစက်အတွင်းရှိစတီရီယိုပုံစံကို ပြုပြင်နေပုံ

စတီရီယိုပုံသွင်းနည်း။ ။ခေတ်မှီပုံနှိပ်လုပ်ငန်းတွင် အီလက်ထရိုတိုက် (လျှပ်စစ်ပုံစံ) နှင့် စတီရီယိုတိုက် (စတီရီယိုပုံစံ) နှစ်မျိုးလုံးပင် ခေတ်စားလျက်ရှိသည်။ သို့သော် စတီရီယိုတိုက်မှာ အီလက်ထရိုတိုက်ထက် စရိတ်သက်သာခြင်း၊ အလွန်လျင်မြန်စွာ ပြုလုပ်နိုင်ခြင်းတို့ကြောင့် သတင်းစာတိုက်ကြီးများ၌ စတီရီယိုတိုက်ကိုသာ အသုံးပြုလေ့ရှိကြသည်။ ယခုအခါ စာအုပ်စာတမ်းရိုက်နှိပ်သော အခြားပုံနှိပ်တိုက်ကြီးများကပါ ဤပုံစံမျိုးကို တနေ့တခြား အသုံးများလာကြသည်ကို တွေ့ရသည်။

အဆိုပါ ပုံစံနှစ်မျိုးလုံးပင် စာစီထားပြီးသား စာဖောင်မှ ထပ်တူပြုလုပ်ယူသော မိတ္တူပုံစံများ ဖြစ်ကြ၏။ လျှပ်စစ်ပုံစံတွင် ဖယောင်းဖြင့် ပုံစံခွက်ပြုလုပ်၍ လျှပ်စစ်ဓာတ်ဖြင့် သတ္တုအသားတင်ပေးသည်။ စတီရီယိုပုံစံတွင် စက္ကူထူတမျိုးဖြင့် ပုံစံခွက်ပြုလုပ်၍ သတ္တုကို လျှပ်စစ်ဓာတ်နှင့် မဟုတ်ဘဲ၊ ရိုးရိုးအရည်ကျိုပြီး လွှောင်းချပုံသွင်းပေးသည်။

စတီရီယိုပုံသွင်းနည်းတွင် ရှေးဦးစွာ အပူဒဏ်ခံနိုင်သည့် စက္ကူထူတမျိုးကို ဖောင်သွင်းထားသော စာမျက်နှာပေါ်၌ အားနှင့်ဖိနှိပ်ပေးသည်။ ထိုအခါ စက္ကူထူပေါ်၌ စာဖောင်

နှင့် ပြောင်းပြန်ဖြစ်သောပုံစံ ထင်လာသည်။ ထိုစက္ကူ ချပ်ကို မက်ထရစ် (မူလပုံစံခွက်) ဟု ခေါ်ကြသည်။ ထို စက္ကူကို ပုံသွင်းစက်ထဲသို့ ထည့်သောအခါ စက်က စက္ကူကို ခုံးသွားစေ၍ စက္ကူသည် စက်ထဲ၌ အောက်ခံပုံစံခွက် အနေနှင့် တည်နေသည်။ ထိုနောက် အရည်ကျိုထား သော သတ္တုရည်ကို လောင်းထည့်ပေးသောအခါ ခုံးနေ သောသတ္တုသား ခပ်ပါးပါး ပုံစံပြားကိုရ၏။ ထိုပုံစံပြား မှာ စတီရီယိုတိုက်ခေါ် ပုံစံပင်ဖြစ်သည်။

ဤနည်းတွင် အသုံးပြုသော စက္ကူထူတချပ်မှ ပုံစံပေါင်း များစွာ ပြုလုပ်နိုင်သည်။ ပုံစံများကို အခုံးပုံ မဟုတ်ဘဲ အပြားလိုက်အနေနှင့်လည်း ပြုလုပ်နိုင်၏။ ဤနည်းမှာ အီလက်ထရို တိုက်ပုံသွင်းနည်းထက် လျင်မြန်သက်သာသည့်အတိုင်း ခေတ်မှီသတင်းစာတိုက်ကြီးများနှင့် ပုံနှိပ်တိုက်ကြီးများတွင် တနေ့ထက် တနေ့ ခေတ်စား၍ အသုံးများလာလေသည်။ (လျှပ်စစ်ပုံသွင်းနည်း။ စာအုပ်။ ပုံနှိပ်အတတ် — လည်းရှု။)



ဆာရစ်ချတ်စတီး

စတီး, ဆာရစ်ချတ် (ခရစ် ၁၆၇၂-၁၇၂၉)။ ။အင်္ဂလိပ် စာပေလောကတွင် စာမွန်များကို ရေးသားသော စာရေးဆရာကြီး ဂျိုးဇက်အက်ဒီဆန်၏ နာမည်နှင့် ဒွန်တွဲလျက်ရှိသောသူကား ဆာ ရစ်ချတ် စတီး ဖြစ်သည်။ စတီးသည် စာမွန် စာပေများ ရေးသားသူ အဖြစ်သာမက ပြဇာတ်များကို ရေးသားသူ အဖြစ်ဖြင့်၎င်း၊ နိုင်ငံရေးသမားအဖြစ်ဖြင့်၎င်း၊ ကျော်စောသော အိုင်းရစ်အမျိုးသားတဦး ဖြစ်သည်။ (အက်ဒီဆန်, ဂျိုးဇက်။ စာမွန် — လည်းရှု။)

စတီးသည် ၁၆၇၂ ခုနှစ် မတ်လတွင် အိုင်ယာလန်ပြည် ဒဗ္ဗလင်မြို့၌ မွေးဖွားပြီး ၁၇၂၉ ခုနှစ် စက်တင်ဘာလ ၁ ရက် နေ့၌ ဝေလနယ် ကာမာသန်မြို့ အနီးတွင် ကွယ်လွန်လေသည်။ မိမိနှင့် သက်တူရွယ်တူဖြစ်သော ဂျိုးဇက်အက်ဒီဆန်နှင့်အတူ ချာတာဟောက်ကျောင်းနှင့် အောက်စဖို့တက္ကသိုလ်တို့တွင် စာသင်ခဲ့လေသည်။ သို့သော် တက္ကသိုလ်၌ ဒီဂရီရပြီးသည်အထိမနေဘဲ စစ်ထဲသို့ဝင်ခဲ့ရာ၊ ကက်ပတိန်ရာထူးအထိ ရောက်ရှိခဲ့သည်။ ၁၇၀၇ ခုနှစ်မှ ၁၇၁၀ ခုနှစ် အတွင်း၌မူ သတင်းပြန်ကြားဖြန့်ချိရေးအရာရှိအဖြစ် လုပ်ကိုင်ခဲ့ပြီးနောက် ပါလီမန်အမတ် ဖြစ်လာခဲ့သည်။ သို့သော် 'ကရိုက်ဆစ်' သတင်းစာတွင် သူတပါးအား အသရေပျက်စေသော ရေးသားမှုကြောင့် ပါလီမန်အမတ်အဖြစ်မှ ထုတ်ပယ်ခြင်းခံရလေသည်။ ထိုပြင် စတီးသည် စိတ်ဓာတ်ပြင်းထန်လှသော ဝုတ်ပါတီဝင်တယောက် ဖြစ်ရကား ၁၇၁၀ ပြည့်နှစ်၌ တိုရီပါတီဝင်များ အာဏာရလာသောအခါတွင် သတင်း ပြန်ကြား ဖြန့်ချိရေး ရာထူးကို စွန့်လွှတ်လိုက်ရလေသည်။

စတီးသည် ပဌမဂျော့ဘုရင်လက်ထက်၌ ရာထူးအမျိုးမျိုးတွင် ထမ်းရွက်ခဲ့ရပြီးလျှင် ၁၇၁၅ ခုနှစ်တွင် ဆာဘွဲ့ဖြင့် ခြီးမြှင့် သူကောင်းပြုခြင်း ခံခဲ့ရသည်။ သူသည် နာမည်ကျော် ကစ်ကက်ကလပ်၏ အသင်းသားတယောက်ဖြစ်ပြီးလျှင်၊ ၁၇၀၇ ခုနှစ်တွင် ကမ္ဘာကျော် စာရေးဆရာကြီး ဂျိုနသန်ဆွစ်နှင့် ပဌမဆုံး စတင်သိကျွမ်းခဲ့သည်ဟု ဆိုရှိသည်။ (ဆွစ်, ဂျေ — လည်းရှု။) သို့သော် ၁၇၁၀ ပြည့်နှစ်တွင် ယင်းတို့နှစ်ဦး၏ ရင်းနှီးခင်မင်မှု ပျက်ပြယ်သွားသည့်ပြင် စတီးသည် ငယ်သူငယ်ချင်း ရောင်းရင်းဖက်ဖြစ်သူအက်ဒီဆန်နှင့်လည်း ၁၇၁၉ ခုနှစ်တွင် ခိုက်ရန်ဖြစ်ပွားခဲ့လေသည်။

၁၇၀၉ ခုနှစ်မှ ၁၇၁၁ ခုနှစ်အတွင်းတွင် စတီးသည် 'တက်တလာ' ခေါ် သတင်းစာကို 'အိုင်ဇပ်ဗစ်ကာစတပ်' ဟူသောနာမည်ဖြင့် စတင် တည်ထောင် ထုတ်ဝေခဲ့၍ ယင်းသတင်းစာအယ်ဒီတာ အဖြစ်ဖြင့်လည်း ဆောင်ရွက်ခဲ့သည်။ ထိုသတင်းစာအပြင် ၁၇၁၁ ခုနှစ်မှ ၁၇၁၂ ခုနှစ်အထိထုတ်ဝေခဲ့သော 'စပက်တေးတား' သတင်းစာတွင်လည်း စတီးသည် အက်ဒီဆန်မှအပ စာမွန်အများဆုံး ရေးသားခဲ့သူဖြစ်သည်။ ၁၇၁၃ ခုနှစ်တွင်မူ 'ဂါဒီယန်' ခေါ် သတင်းစာကို စတင်တည်ထောင်ထုတ်ဝေ၍ နက်စတာအိုင်းယန်းဆိုက် ဟူသော ကလောင်အမည်ဖြင့် စာမွန်များ အများဆုံးရေးသားခဲ့သည်။ ထိုနောက် တိုရီအစိုးရကို အတိုက်အခံပြုလုပ်ရန် အတွက် ၁၇၁၃ ခုနှစ် အောက်တိုဘာလတွင် 'အင်္ဂလိပ်လူမျိုး' ခေါ် သတင်းစာကို ထုတ်ဝေခဲ့ ပြန်လေသည်။ ၁၇၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'ပလီဗီးယန်း' ခေါ် နိုင်ငံရေးစာစောင်တွင်မူ စတီးသည် ဝန်ကြီးဆန်ဒါလန်၏ မူးမတ်မျိုးနွယ်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သူ၏ဆွေးရင်းဖက် အက်ဒီဆန်၏အာဘော်ကို ဆန့်ကျင်ကာ ပြန်လှန်ချေပ

ရေးသားခဲ့လေသည်။ စတီး၏ နောက်ဆုံးစွန့်စားထုတ်ဝေမှုကား ၁၇၂၀ ပြည့်နှစ် ဇန်ဝါရီလမှ ဧပြီလအထိ ထုတ်ဝေခဲ့သော 'သီယေတာ' ခေါ် စာစောင်ပင် ဖြစ်သည်။ ထို အချိန်၌ စတီးသည် နာမည်ကျော် ဒရူရီလိန်း ဇာတ်ရုံ၏ အမည်ကို မူပိုင်ရရှိထားသူဖြစ်ခဲ့လေပြီ။

စတီးသည် စာမှန် အမြောက်အမြားကို ရေးသားခဲ့ပြီးလျှင် ၁၇၁၄ ခုနှစ်တွင် သူရေးခဲ့သမျှသော စာများကို အကြောင်းပြု၍ 'တောင်းပန်ခြင်း' ခေါ် စာတပုဒ်ကို ရေးသားထုတ်ဝေခဲ့သည်။

စတုမဓူ။ ။စတုမဓူသည် စတုမဓုဟူသော ပါဠိဘာသာမှ ဆင်းသက်လာသည်။ စတု၏အနက်မှာ လေးခုသခ်ျာ၊မဓု၏ အနက်မှာ အချိုအရသာဖြစ်၏။ ထိုကြောင့် စတုမဓုသည် အချို ၄ မျိုးဟု အဓိပ္ပါယ်ရ၏။ ထိုအချိုလေးမျိုးကား၊ ထောပတ်၊ တင်လဲ၊ ပျားရည်နှင့် ဆီ ဖြစ်သည်။ ယင်းလေးပါးကို အမျှစီပေါင်းစပ်လျက် နေ သို့မဟုတ် မီးဖြင့်ချက်လျှင် စတုမဓူဖြစ်သည်။

မြတ်စွာဘုရားသခင်က နိဿဂ်ိယပါစိတ်၊ ပတ္တဝဂ်၊ ဘေသဇ္ဇ သိက္ခာပုဒ်တွင် ရဟန်းတော်များသည် စတုမဓူကို ဆေးဝါးအဖြစ်ဖြင့် အခါမရွေး သုံးဆောင်နိုင်ကြောင်း ခွင့်ပြုတော်မူသည်ကိုထောက်၍ စတုမဓူသည် မြတ်စွာဘုရားလက်ထက်တော်ကပင် ရှိနှင့်ပြီးဖြစ်သည်ဟု သိရသည်။ သမန္တစက္ခုဒီပနီကျမ်း၊ ရှင်သီဝလိရဟ်တု ဓာတ်တော်အကြောင်းကို ဆိုရာ၌ 'မထေရ်လည်း ကောသလမင်း၏ နန်းတော်သို့သွား၏။ မင်းသည် သပိတ်တော်ကိုလှမ်း၍ ဤအခါသည်, ဆွမ်း၏အခါမဟုတ်ပြီဟု သပိတ်ပြည့်အောင် စတုမဓူကိုလှူစေ၏။" မထေရ်လည်း စတုမဓူကိုယူ၍ ကြွတော်မူခဲ့၏။ 'ဟု တွေ့ရသည်။ သို့သော် ရဟန်းသံဃာတို့သည် စတုမဓူကို မှတ်သိပ်ဆာလောင်ရုံသက်သက်ဖြင့် မစားကောင်း၊ အားနည်းသောရောဂါနှင့် လေရောဂါစသည် ရှိသူတို့ စားကောင်းသည်ဟု ဝိနည်းတော်လာစကားကို အဋ္ဌကထာ ဋီကာဆရာတို့က ဖွင့်ထားသဖြင့် စတုမဓူသည် ထိုရောဂါများအတွက် ဆေးတပါးဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ယင်းကို ပါရာဇိကဏ် အဋ္ဌကထာက ပိုမိုထင်ရှားစေ၏။ ပါရာဇိကဏ်အဋ္ဌကထာ၌ 'ကောန္တတိဿထေရ်သည် လေအနာကိုကုအံ့သောငှာ ဆွမ်းခံဝတ်ဖြင့် လှည့်လည်လတ်သော်၊ တလက်ဆွမ်းမျှလောက်သော ထောပတ်ကို မရ၍ အနာသည်းဖြင့် ကုန်သော အာယုသခ်ါရ ရှိသည် ဖြစ်၍ ရဟန်းအပေါင်းကို မမေ့မလျော့သော သတိတရားဖြင့်ဆုံးမ၍ ကောင်းကင်၌ တေဇောဓာတ်လျှင် အာရုံရှိသော တေဇောကသိုဏ်းကိုဝင်စား၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ အာသေဝကမင်းကြီးသည် ထိုအကြောင်းကိုကြား၍ ထေရဿမထေရ်အား ကောင်းစွာ အရိုအသေကိုပြု၍ ငါသို့သောမင်းမည်သည် မင့်အဖြစ်ကို ပြုပါလျက်သာလျှင် သခင်ရဟန်းတို့အား ဆေးပစ္စည်းတို့သည် ရခဲကုန်၏တကား။ ဤသို့ကြံ၍ မြို့၏တံခါးလေးပေါက်တို့၌ လေးခုလေးခုသော ကန်တို့ကို တူးစေ၍ စတုမဓူဖြင့် ပြည့်စေ၍ လှူ၏။' ဟု လာရှိသည်က ထင်ရှားစေသည်။

ဇနတ္ထပကာသနီကျမ်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်းကို အမတ်တို့က အဇာတသတ်မင်းအား လျှောက်ထားခန်း၌ 'ဤမင်းသည် ဘုရား လွန်တော်မူကြောင်းကို ကြားရလျှင်၊ တခဏခြင်း နှလုံးကွဲ၍ သေရာသည်။ ထို့ကြောင့် ငါတို့သည် မင်း၏အသက်ကို စောင့်သင့်ပေသည်ဟုကြံ၍၊ လျှောင်းတန် ရံသော ရွှေကျင်းသုံးခုကိုယူ၍၊ စတုမဓူဖြင့် ပြည့်စေပြီးသော်၊ မင်းကြီးထံသို့ ကပ်၍ ဤသို့လျှောက်ကြ၏။ အရှင်မင်းကြီး အကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်သော အိပ်မက်ကို မြင်ပါသည်။ ထိုအိပ်မက်ကို ဖျောက်ဖျက်စေချင်ပါသည်။ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုးနှစ်ထည်ကို ဝတ်၍ နှာခေါင်းဝမှကို ဘော်စေလျက်၊ ဤ စတုမဓူ ကျင်းထဲ၌ အိပ်စက်တော်မူပါဟု ဆို၏။ ထို စကားကိုကြားသောအခါ အဇာတသတ်မင်းကြီးကလည်း၊ ငါ၏အကျိုးစီးပွားကို ရွက်ဆောင်လို၍ ဆိုသည်ကို ဘယ်မှာ နားမထောင် ရှိတော့အံ့နည်းဆို၍ ထိုအမတ်တို့ လျှောက်ထားတိုင်း အိပ်ပေ၏။ ထိုအခါ အမတ် တယောက်သည် ဘုရား ပရိနိဗ္ဗာန်စံတော်မူရာ အရပ်ဆီသို့ လက်အုပ်ချီပြီးသော်၊ အရှင်မင်းကြီး၊ ကိုယ်တော်၏သံသယကို ပျောက်ပကျေနပ် စေတတ်သော ဘုန်းတော် အာနုဘော် တက်၍ အသက်ကိုရွှတ်စေတတ်သော ရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်အပါး၌ နိဗ္ဗာန်လားတော်မူချေပြီဟု လျှောက်တင်၏။ မင်းကြီးလည်း ထိုစကားကို ကြားလျှင်ပင် သစ်ပင်ထက်မှ ကျသောသူကဲ့သို့ သည်းအူလှိုက်ဖိုလျက် ကိုယ်အလုံးတုန်ဘိ၍ သတိမရ၊ တသမိန်းမော၍ မြောလေ၏။ စိမ်အပ်သောစတုမဓူပင် ကျိုက်ကျိုက်ဆူ၍ အငွေ့ထွက်၏။ အမတ်တို့လည်း မင်း၏ကိုယ်ကိုချီ၍ တခုသောကျင်း၌ သိပ်ပြန်ကြသဖြင့် သတိရသောအခါ အမောင်တို့ အဘယ်ကိုဆိုကြသနည်းဟု မေးပြန်လျှင်၊ အရှင်မင်းကြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်လားချေပြီဟု လျှောက်ကြ၏။ မင်းကြီးလည်း ရှေးနည်းတူ မိန်းမော၍ မြောပြန်သဖြင့် တတန်သောကျင်းသို့ ပြောင်းရ၏။' ဟု ဖေါ်ပြထားသည်ကိုထောက်၍ စတုမဓူသည် မဇ္ဈိမဒေသတိုက်၌ အသုံးပြုလေ့ပြုထရှိသော ပစ္စည်းတမျိုးဟု သိနိုင်သည်။

စတုမဓူကို ရှေးအခါက မုံ့ပြုလုပ်၍ရင်း၊ စတုမဓူနှင့်ယှဉ်သောဆွမ်းများပြုလုပ်၍ရင်း၊ ကျွေးမွေးပေးကမ်း လှူဒါန်း

ကြကြောင်းကို မဟာဝင်ဝတ္ထု၌ ဗိန္ဒုသာရအကြောင်းတွင်ငင်း၊ ဇိနတ္ထပကာသနီကျမ်း၌ ရှင်ဥပဂုတ်ထေရ်သည် မာရ်နတ်သားကို ဆုံးမခြင်းတွင်ငင်း တွေ့ရသည်။ နရသာသနကျမ်းတွင် 'အပျော်ဆေးက၊ စတုမဓူ၊ ပေးကမ်းလှူသည်' ဟုလည်း ဖေါ်ပြထားသဖြင့် စတုမဓူကို ပေးလှူကြောင်း သိရ၏။ ယခုတိုင်အောင် စတုမဓူကို ရဟန်းတော်များအား ပေးလှူဆက်ကပ်ကြလေသည်။

စတုမဟာရာဇ်။ ။သုံးဆယ့်တဘုံ — ၌။

စတုရင်။ ။စစ်ဘုရင်ကစားခြင်း — ၌။

စတုရင်္ဂလအမတ်။ ။စတုရင်္ဂလအမတ်ကြီးသည် ပင်းယခေတ်မြန်မာစာပေ၌ ထင်ရှားသော စာဆိုတော်တဦးဖြစ်၍ ဇာတိအားဖြင့်ပြည်မြို့သားဖြစ်သည်။ ဝိဇယာပုရအမည်ရှိ ပင်းယမြို့တည်နန်းတည် တစီးရှင် သီဟသူမင်းကြီး (မြန်မာ ၆၇၄–၆၈၄) ၏သားတော် ငါးစီးရှင်ကျော်စွာမင်း (၇၀၄–၇၁၂) သည် အမတ်ကြီးအား သူကောင်းပြု၏။ ထိုမင်း၏သားတော် လေးစီးရှင်ကျော်စွာခေါ် သီဟသူမင်း (၇၁၂–၇၂၁) လက်ထက်၌ အတွင်းဝန်အဖြစ် အမှုထမ်းနေစဉ် 'သီရိမဟာစတုရင်္ဂလ' ဘွဲ့ဖြင့် ခြီးမြှင့်ခြင်း ခံရလေသည်။

ပိဋကတ်သုံးပုံကို ကောင်းစွာနှံစပ်သော အမတ်ကြီးသည် မာဂဓဘာသာ ဂန္ထဗ္ဗရကျမ်းများနှင့် သင်္ဃကရိဋ္ဌဘာသာ ကျမ်းစာများတွင်လည်း ကောင်းစွာတတ်မြောက်သည်ဖြစ်၍ လက္ခဏာတော်ငယ် ရှစ်ဆယ်ဂါထာ၊ တရာ့ရှစ်ကွက် ခြေတော်စက်နှင့်ဆိုင်သော ပါဒနက်သန်ဂါထာများ၊ 'ဟိတောပဒေသဝတ္ထု' (အင်္ဂါ ၂၀ ကျော်) နှင့် မာဂဓအဘိဓာန်ဋီကာကျမ်းတို့ကို ပြုခဲ့လေသည်။ ထိုပြင် ရှေးရိုးမြန်မာတို့၏ လူ့ကျင့်ဝတ်၌ အလွန်အရေးပါသော လောကနီတိကျမ်းကိုလည်း ပါဠိဘာသာဖြင့် ပြုစုခဲ့လေရာ၊ ထိုကျမ်းကို ဆရာတော်ဦးဗုဒ္ဓက မြန်မာနိသျ ပြန်ဆိုခဲ့လေသည်။

အမတ်ကြီးကား ကျမ်းပြုဆရာသာမဟုတ် လက်ဝဆရာလည်းဖြစ်သည်။ လေးစီးရှင်ကျော်စွာ၏ ကျော်စွာမင်းကျောင်း၌ သီတင်းဆုံးတော် မူသော ရှင်နာဂိတ အမည်ရှိ ပေါက်ကန်ဆရာတော် ဟူ၍လည်း တွင်သော ဆူးတွင်းပစ်ဆရာတော်ထံ မြတ်စွာဘုရား တရားတော်နှင့် စပ်လျဉ်း၍ အမတ်ကြီး ရေးသားသော 'ရွှေဘဝါးတော်အောက်' ခြီအမေးပုစ္ဆာ ပို့ဒ်စုံရတုသည် ရတုသမိုင်းတွင် ရှေးဟောင်းဖြစ်၍၊ ကောင်းလည်း ကောင်းလှပေသည်။ ဤရတုမှာ လောကုတ္တရာကြောင်း သက်သက် ဖြစ်၍၊ သေခါနီးဇော ပြန်ပုံကို 'မရဏသန်၊ ဇောငါးတန်လျှင်၊ လွှန်၍ခုနစ်၊ အဖြစ်သဘော' ဟူ၍ငင်း၊ ဝိပဿနာရှုပုံကို 'ဒုဂ္ဂရခြောက်ထပ်၊ ခြောက်ရပ်အာရုံ၊ ခြောက်စုံဝိညာဉ်၊ ခြောက်စဉ်ပီတိ၊ ဂတိငါးဖြာ၊ ရုပ်လေးမြွာနှင့်' ဟူ၍ငင်း စပ်ဆို ရေးသားခဲ့သည်။ အမတ်ကြီးမှာ ယင်းရတုနှင့်ပင် စာပေလောကဌာန မျှားစွာ ထင်ရှားသည်။

စတုမဟာရာဇ်။ ။သုံးဆယ့်တဘုံ — ၌။

စတုရင်။ ။စစ်ဘုရင်ကစားခြင်း — ၌။

စတုရင်္ဂလအမတ်။ ။စတုရင်္ဂလအမတ်ကြီးသည် ပင်းယခေတ်မြန်မာစာပေ၌ ထင်ရှားသော စာဆိုတော်တဦးဖြစ်၍ဇာတိအားဖြင့်ပြည်မြို့သားဖြစ်သည်။ ဝိဇယာပုရအမည်ရှိ ပင်းယမြို့တည်နန်းတည် တစီးရှင် သီဟသူမင်းကြီး (မြန်မာ ၆၇၄–၆၈၄) ၏သားတော် ငါးစီးရှင်ကျော်စွာမင်း (၇၀၄–၇၁၂) သည် အမတ်ကြီးအား သူကောင်းပြု၏။ ထိုမင်း၏သားတော် လေးစီးရှင်ကျော်စွာခေါ် သီဟသူမင်း (၇၁၂–၇၂၁) လက်ထက်၌ အတွင်းဝန်အဖြစ် အမှုထမ်းနေစဉ် 'သီရိမဟာစတုရင်္ဂလ' ဘွဲ့ဖြင့် ခြီးမြှင့်ခြင်း ခံရလေသည်။

ပိဋကတ်သုံးပုံကို ကောင်းစွာနှံစပ်သော အမတ်ကြီးသည် မာဂဓဘာသာ ဂန္ထဗ္ဗရကျမ်းများနှင့် သင်္ဃကရိဋ္ဌဘာသာ ကျမ်းစာများတွင်လည်း ကောင်းစွာတတ်မြောက်သည်ဖြစ်၍ လက္ခဏာတော်ငယ် ရှစ်ဆယ်ဂါထာ၊ တရာ့ရှစ်ကွက် ခြေတော်စက်နှင့်ဆိုင်သော ပါဒနက်သန်ဂါထာများ၊ 'ဟိတောပဒေသဝတ္ထု' (အင်္ဂါ ၂၀ ကျော်) နှင့် မာဂဓအဘိဓာန်ဋီကာကျမ်းတို့ကို ပြုခဲ့လေသည်။ ထိုပြင် ရှေးရိုးမြန်မာတို့၏ လူ့ကျင့်ဝတ်၌ အလွန်အရေးပါသော လောကနီတိကျမ်းကိုလည်း ပါဠိဘာသာဖြင့် ပြုစုခဲ့လေရာ၊ ထိုကျမ်းကို ဆရာတော်ဦးဗုဒ္ဓက မြန်မာနိသျ ပြန်ဆိုခဲ့လေသည်။

အမတ်ကြီးကား ကျမ်းပြုဆရာသာမဟုတ် လက်ဝဆရာလည်းဖြစ်သည်။ လေးစီးရှင်ကျော်စွာ၏ ကျော်စွာမင်းကျောင်း၌ သီတင်းဆုံးတော် မူသော ရှင်နာဂိတ အမည်ရှိ



စတုရင်္ဂမင်းဆက်ကိုစတင်သူ ဒုတိယရောဗတ်ဘုရင်

ပေါက်ကန်ဆရာတော် ဟူ၍လည်း တွင်သော ဆူးတွင်းပစ်ဆရာတော်ထံ မြတ်စွာဘုရား တရားတော်နှင့် စပ်လျဉ်း၍ အမတ်ကြီး ရေးသားသော 'ရွှေဘဝါးတော်အောက်' ခြီအမေးပုစ္ဆာ ပို့ဒ်စုံရတုသည် ရတုသမိုင်းတွင် ရှေးဟောင်းဖြစ်၍၊ ကောင်းလည်း ကောင်းလှပေသည်။ ဤရတုမှာ လောကုတ္တရာကြောင်း သက်သက် ဖြစ်၍၊ သေခါနီးဇော ပြန်ပုံကို 'မရဏသန်၊ ဇောငါးတန်လျှင်၊ လွှန်၍ခုနစ်၊ အဖြစ်သဘော' ဟူ၍ငင်း၊ ဝိပဿနာရှုပုံကို 'ဒုဂ္ဂရခြောက်ထပ်၊ ခြောက်ရပ်အာရုံ၊ ခြောက်စုံဝိညာဉ်၊ ခြောက်စဉ်ပီတိ၊ ဂတိငါးဖြာ၊ ရုပ်လေးမြွာနှင့်' ဟူ၍ငင်း စပ်ဆို ရေးသားခဲ့သည်။ အမတ်ကြီးမှာ ယင်းရတုနှင့်ပင် စာပေလောကဌာန မျှားစွာ ထင်ရှားသည်။

စတုမဟာရာဇ်မျှား။ ။စတုမဟာရာဇ်မင်းဆက်သည် ခရစ် ၁၄ ရာစုနှစ်နှင့် ၁၈ ရာစုနှစ်များအတွင်းက စကော့တလန်နှင့် အင်္ဂလန်ပြည်များတွင် အလွန်ထင်ရှားခဲ့သော မင်းဆက်ဖြစ်သည်။ စကော့တလန်ပြည်ရှင် ရောဗတ်ဗရုစ (ခရစ် ၁၃၀၆–၁၃၂၉) ၏သမီးတော် မာဂျရီနှင့် ဝေါလတာ စတူးဝပ်တို့သင့်မြတ်ရာတွင် ဖွားမြင်သော သားတော် ဒုတိယရောဗတ် (၁၃၇၁–၁၃၉၀) သည် စတူးဝပ်မင်းဆက်ကို စတင်တည်ထောင်၍ စကော့တလန်ပြည်တွင် မင်းပြု သည်။ ဒုတိယရောဗတ်ဘုရင် နှတ်ရှာစံပြီးနောက် တတိယ ရောဗတ်ဘုရင်နှင့် ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ ဂျိမ်းဘုရင်များ၊ စကော့ဘုရင်မ မေရီ တို့သည် စကော့ တ လန် ပြည် အား အစဉ်အဆက် အုပ်ချုပ်သွားသော စတူးဝပ်မင်းဆက်များဖြစ်ကြသည်။

အင်္ဂလန်ပြည်၌ ပဌမ အယ်လစ်ဇဗက် ဘုရင်မ (၁၅၅၈–၁၆၀၃) နှတ်ရှာစံလျှင် စကော့ဘုရင်မ မေရီ၏ သားတော် စကော့တလန်ပြည်ရှင် ဆဋ္ဌမ ဂျိမ်းသည် ပဌမဂျိမ်း (၁၆၀၃–၁၆၂၅) အမည်ဖြင့် ဗြိတိသျထီးနန်းကို ဆက်ခံလေသည်။ ဤသို့ဖြင့် ဗြိတိသျ ထီးနန်းတွင် စတူးဝပ်မင်းဆက် ပေါ်ပေါက်လာကာ အထက်ထက်က မကြာခဏ စစ်မက်ဖြစ်ပွားခဲ့သော စကော့တလန်ပြည်နှင့် အင်္ဂလန်ပြည်တို့သည် ဘုရင်တပါးတည်း၏လက်အောက်၌ နှစ်ပြည်နှစ်တပြည် အဖြစ်သို့ ပူးပေါင်းမိကြ၏။ သို့သော် နှစ်ပြည်ထောင်၏ အုပ်ချုပ်ရေး

ကဲသို့သော အရေးကိစ္စတို့ဥ်မူ တသီးတခြားစီ ဆောင်ရွက်ကြသည်။ ပဌမဂျိမ်းဘုရင်အား ဆက်ခံသော ပဌမချားဘုရင် (၁၆၂၅–၁၆၄၉) လက်ထက်တွင် ပြည်တွင်းစစ်ဖြစ်ရာ ဘုရင်အား ဆန့်ကျင်သော တော်လှန်ရေး ခေါင်းဆောင် ကရွမ်းဝဲ၏ ကွန်မ္ဒန်းဝဲ့ခေါ် အုပ်ချုပ်ရေးတမျိုး ပေါ်လာသဖြင့် အင်္ဂလန်ပြည်၌ စတူးဝပ်မင်းဆက် ခေတ္တမျှပြတ်နေခဲ့သည်။ (ကရွမ်းဝဲ — လည်းရှု။) သို့သော် ပြည်တွင်းစစ်အပြီးတွင် ပဌမချားဘုရင်၏သားတော် ဒုတိယချားဘုရင် (၁၆၆၀–၁၆၈၅) အား နန်းတင်နိုင်ခဲ့သဖြင့် အင်္ဂလန်၌ စတူးဝပ်မင်းဆက်များ ဆက်လက် အုပ်စိုးနိုင်ခဲ့သည်။ ဒုတိယဂျိမ်းဘုရင် (၁၆၈၅–၁၆၈၈)၊ ကြင်ဖက်တော် တတိယဝီလျံ (၁၆၈၈–၁၇၀၂) နှင့် ပူးတွဲအုပ်ချုပ်သော မေရီဘုရင်မ (၁၆၈၈–၁၆၉၄)၊ မေရီ၏ညီမတော် အန်ဘုရင်မ (၁၇၀၂–၁၇၁၄) တို့သည်ကား ဒုတိယချားဘုရင်နောက် အင်္ဂလန်တွင် အစဉ်အတိုင်း ဆက်လက်စိုးစံသော စတူးဝပ်မင်းဆက်များ ဖြစ်ကြသည်။ (ချားဘုရင်များ။ ဂျိမ်းဘုရင်များ (အင်္ဂလိပ်) — ရှု။)



စကော့ဘုရင်မ မေရီ

စတူးဝပ် နောက်ဆုံးမင်းဆက်ဖြစ်သော အန်ဘုရင်မတွင် သားသမီးမရှိသည်က တကြောင်း၊ အခြား စတူးဝပ်အနွယ်ဝင်များမှာလည်း နိုင်ငံတော်က အသိအမှတ်ပြုသော ခရစ်ယန် ပရိုတက်စတန့် ဂိုဏ်းဝင်များ မဟုတ်သည့်ပြင် ဗရင်ဂျီဂိုဏ်းဝင်များ ဖြစ်ကြသည်ကတကြောင်း၊ ထိုအကြောင်းတို့ခကြောင့် အန်ဘုရင်မ နှတ်ချာစံလျှင် ဗြိတိသျှထီးနန်း၌ စတူးဝပ်မင်းဆက်ပြတ်ကာ ဟန်နိုဗာခေါ် ဝင်ဆာမင်းဆက် စတင်လေတော့သည်။ ယင်းဝင်ဆာမင်းဆက်များ လက်ထက် ၁၇၁၅ ခုနှစ်နှင့် ၁၇၄၅ ခုနှစ်များတွင် စတူးဝပ်အနွယ်တော်များကို လိုလားသူများက ဗြိတိသျှ ထီးနန်းတွင် စတူးဝပ်မင်းဆက်အား ဆက်လက်ထားရှိရန် ပုန်ကန် ထကြွသေးသော်လည်း မအောင်မြင်ချေ။




ဒုတိယချားဘုရင်

ထိုအချိန်မှစ၍ စတူးဝပ်အနွယ်ဝင်များမှာ ဗြိတိသျှထီးနန်းတွင် တန်ခိုးမှိန်ကာ၊ မင်းဆက်ပြတ်သွားလေတော့သည်။ (ဂျက်ကိုဗိုက် — လည်းရှု။)

စတောဲဟုမ်းမြို့။ ။စတောဲဟုမ်းမြို့သည် ဆွီဒင်နိုင်ငံ၏မြို့တော် ဖြစ်သည်။ စက်မှုလက်မှုလုပ်ငန်း၏ ဗဟိုအချက်အခြာဌာနလည်း ဖြစ်၏။ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၁၆၁,၇၇၃ ယောက်ရှိသည်။ ဤမြို့ကို ၁၂၅၃ ခုနှစ်တွင် ဆွီဒင်လူမျိုး နိုင်ငံ ခေါင်းဆောင်ကြီး ဗျာလဗို မြို့သား ဗျာယာ ဆိုသူက စတင် တည်ထောင်ခဲ့လေသည်။ မြို့အနေအထားမှာ ဆော်လဆီအွန် ပင်လယ်အော်နှင့် မေလာ ရေအိုင်ကြီးတို့၏ ကမ်းခြေနှင့် ကျွန်းငယ်ကလေးများပေါ်တွင် ကျယ်ပြန့်စွာ တည်ရှိနေသဖြင့် အလှနှံလှုပလေရကား၊ စတောဲဟုမ်းမြို့ကို ကမ္ဘာ့မြောက်ပိုင်း၏ ဗင်းနစ်မြို့ဟူ၍ပင် ခေါ်ကြသည်။ တကျွန်းမှ တကျွန်းသို့ သွားလာရေးအတွက်လည်း ခိုင်ခံ့သော တန်တားကြီးများ ဆောက်လုပ်ထား၏။ ကျွန်းများ၌ ကျယ်ပြန့်သော ကမ်းခြေများရှိသဖြင့် လူအများသည် ထိုဒေသသို့လာရောက်ကာ ရေကူးခြင်း၊ နေစာလှံခြင်းများ ပြုလုပ်ကြသည်။ ဆောင်းရာသီရေခဲသောအခါ၌လည်း စတောဲဟုမ်းမြို့ပတ်ဝန်းကျင်ရှိ ရေခဲပြင်များတွင် စကိတ်စီးခြင်း၊ စကီးစီးခြင်း ပြုလုပ်ကြသည်။

စတောဲဟုမ်းမြို့တွင် ကြီးကျယ်ခမ်းနားသော ကစားကွင်းကြီးများ၊ ဥယျာဉ်ကြီးများနှင့် အဆောက်အအုံကောင်းကြီးများရှိသဖြင့် ဆွီဒင်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို ဤမြို့၌ တွေ့မြင်နိုင်လေသည်။ ရှေးဟောင်း ရာဇဝင် အဆောက်အအုံများဖြင့် ပြတိုက်ကြီးသဖွယ် ခမ်းနားလှသော စကန်ဆင် ဥယျာဉ်ကြီးမှာ ၁၆၀၀ ပြည့်နှစ်မှစ၍ ယနေ့တိုင် မြို့သူမြို့သားများ၏ အပန်းဖြေရိပ်သာ ဖြစ်ပေသည်။ ၁၃ ရာစုနှစ်အတွင်းက ဆောက်လုပ်ခဲ့သော ရစ်ဒါဟုမ်း ဘုရားရှိခိုးကျောင်း၊ ၁၂၅၄ ခုနှစ်တွင်ပြီးစီးသော ဘုရင့်နန်းတော်၊ ပါမောက္ခ အော့စဗတ် ဆောက်လုပ်၍ ၁၉၂၃ ခုနှစ်တွင် ပြီးစီးသော မြို့တော်ခန်းမနှင့် ၁၉၂၆ ခုနှစ်တွင် ဆောက်လုပ်သော ဘုရင့်ကပ္ပရိကြီးများမှာ စတောဲဟုမ်းမြို့ရှိ ထင်ရှားကျော်စောလှ ပီသုကာလက်ရာမြောက်သော အဆောက်အအုံကြီးများ ဖြစ်



ဆို့ဂ်နိုင်ငံဧရိယ်မြို့တော် စတော့ဟုမ်းမြို့

ကြသည်။ ထိုပြင် စတော့ဟုမ်းတက္ကသိုလ်၊ ဆေးကျောင်း၊ စိုက်ပျိုးရေးကျောင်း၊ သစ်တောကျောင်း၊ အင်ဂျင်နီယာကျောင်း အစရှိသော အဆောက်အအုံများနှင့် ပြတိုက်အမျိုးမျိုးလည်းရှိလေ၏။ စီးပွားရေးလုပ်ငန်းများအဖြစ် အင်ဂျင်စက်၊ တန်တား၊ သဘော်ဘ စသော သံထည် ပစ္စည်းများ၊ စက္ကူနှင့် အစားအသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သဖြင့် ထိုလုပ်ငန်းရပ်များဆိုင်ရာ စက်ရုံများကိုလည်း စတော့ဟုမ်းမြို့၌ပင် တွေ့မြင်နိုင်၏။

ဆောင်းရာသီ၌ သဘော်ဆိပ်တွင် ရေခဲမနေစေရန် ရေခဲခဲစက်များဖြင့်ထိန်းသိမ်းစောင့်ရှောက်ထားသောကြောင့် ပင်လယ်ကူး သဘော်ကြီးများမှာ စတော့ဟုမ်း ဆိပ်ကမ်းသို့ကောင်းစွာ ဝင်ထွက်သွားလာနိုင်ကြ၏။ စတော့ဟုမ်းမြို့သည် ဆို့ဒ်နိုင်ငံ၏ ဒုတိယအကြီးဆုံး သဘော်ဆိပ် ဖြစ်လေသည်။

စတန်လေ, ဘီမ်၊ ဘမ် (ခရစ် ၁၈၄၁–၁၉၀၄)။ ။ဆာဟင်နရီ မော်တန် စတန်လေ သည် အာဖရိကတိုက်သို့ စွန့်စားသွားရောက်ကာ ကွန်ဂိုမြစ်ကို ဦးစွာ ရှာဖွေတွေ့ရှိခဲ့သူဖြစ်သည်။ (ကွန်ဂိုမြစ် — လည်းရှု။) အင်္ဂလန်ပြည် ဝေလနယ်ရှိ ဒင်ဗိုင်မြို့၌ ၁၈၄၁ ခုနှစ်တွင် မွေးဖွားသည်။ မိမိသွားလိုသောဒေသသို့မရောက်ရောက်အောင် ကြိုးစား၍ သွားလေ့ရှိသော ဇဲသတ္တိကြောင့် စတန်လေ၏အသက်တာသည် စွန့်စားမှုအဖုံဖုံတို့ဖြင့်သာ ပြည့်နှက်လျက်ရှိပေသည်။ စတန်လေ၏ ငယ်နာမည်မှာ ဂျွန်ရိုလန်ဖြစ်၏။ ငယ်စဉ်က အလွန်ဆင်းရဲသည့်အလျောက် ၁၈၅၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးအော်လီယန်းမြို့သို့ ထွက်ပြေးခဲ့ရာ ထိုမြို့၌ စတန်လေအမည်ရှိ အမေရိကန်လူမျိုး ကုန်သည်ကြီးတဦးက သူ့အား သားအမှတ်ဖြင့် မွေးစားသောကြောင့် ဟင်နရီ မော်တန် စတန်လေ ဖြစ်လာသည်။

စတန်လေသည် အမေရိကန်ပြည်တွင်းစစ်ပွဲ၌ တောင်ပိုင်းသားများဖက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ၁၈၆၇ ခုနှစ်၌ နယူးယောဒ်မြို့ရှိ နယူးယောဒ်ဟယ်ရယ် သတင်းစာတိုက်တွင် သတင်းထောက် အဖြစ်ဖြင့် ဆောင် ရွက် လေသည်။ ထိုစဉ်က စတန်လေသည် စိတ်ဝင်စားဖွယ် ကောင်းသော ဒေသန္တရ ဆောင်းပါးများကို ရေးသားခဲ့၏။ ဤကဲ့သို့ ဆောင်းပါးကောင်းများ ရေးသားနိုင်ရန်နှင့် သတင်းဦးရရှိရေးအတွက် စတန်လေသည် အက်ဗီဆီးနီးယား၊ အရှန္တီ၊ ကရိကျွန်း၊ စပိန်၊ အာဖရိက အစရှိသည့် အရပ်များသို့ စွန့်စွန့်စားစား သွားရောက်ခဲ့လေသည်။ ထိုသို့စွန့်စား၍ သွားရောက်ရခြင်းကြောင့် အာဖရိက တောနက်ကြီးများ အတွင်း၌ ဖြတ်သန်းသွားလာခဲ့ရသော စတန်လေ၏ အာဖရိကခရီးစဉ်မှာ မှတ်သားလောက်ပေသည်။

အာဖရိကတိုက်သို့ သာသနာပြုရန် ထွက်ခွာသွားသော စကော့လူမျိုးသာသနာပြုဆရာ ဒေါက်တာ ဒေးဗစ်လစ်ဗင်းစတုန်း၏ အကြောင်းကို ငါးနှစ်တိုင်တိုင် မည်သို့မျှ အကျိုးအကြောင်း မကြားသိရသဖြင့် နယူးယောဒ်ဟယ်ရယ်သတင်းစာတိုက်က စတန်လေကိုပင် အာဖရိကတိုက်သို့စေလွှတ်၍ စုံစမ်းထောက်လှမ်းစေခဲ့သည်။ ပေးအပ်သောတာဝန်ကို

ထမ်းဆောင်ရန် စတန်လေသည် ၁၈၇၁ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် အာဖရိကတိုက် အရှေ့ဖက်ကမ်းခြေရှိ ဇန်ဇီဗားနယ်မှ အာဖရိကတိုက် အတွင်းပိုင်းသို့ ချင်းနင်းဝင်ရောက်ခဲ့လေသည်။ လမ်းခရီးတွင် အာခက်အခဲ ဒုက္ခအမျိုးမျိုးတို့ကို ကျော်လွှန်ခဲ့ပြီးနောက် ဂ လခန့်အကြာတွင် တန်ဂန်ယီးကာ အိုင်ကြီးပေါ်တွင် တည်ရှိသော အူးဂျီးဂျီမြို့သို့ ဆိုက်ရောက်လေသည်။ ထိုမြို့၌ပင် အိုမင်းရင့်ယော်ကာ မကျန်းမမာဖြစ်၍ ရိက္ခာ ပြတ်နေသော ဒေးဗစ် လစ်ဗင်းစတုန်းအား တွေ့ရ၏။ စတန်လေသည် ထိုမြို့၌ ၄ လခန့်နေထိုင်ခဲ့၍ ဒေးဗစ် လစ်ဗင်းစတုန်းအား များစွာ ချစ်ခင်ကြည်ညိုသည့် အလျောက် မိမိနှင့်အတူ နေရင်းဒေသသို့ပြန်လိုက်ရန် ခေါသော်လည်း မရပေ။ စတန်လေသည် လစ်ဗင်းစတုန်းနှင့်အတူ တန်ဂန်ယီးကအိုင်ကြီးကို လှည့်ပတ်ကြည့်ရှုခဲ့သည်။ ဒေးဗစ် လစ်ဗင်းစတုန်းအား တွေ့ပြီဟူသော စတန်လေ၏ ဆောင်းပါးကို ပဌမ၌ လူထုကမယုံကြည်သော်လည်း လစ်ဗင်းစတုန်း၏ မှတ်တမ်းများကို တင်ပြသောအခါကျမှ ယုံကြည်ကြသည်။ စတန်လေသည် ထိုစွန့်စားမှုအတွက် ဝိတိုရိယ ဘုရင်မကြီး၏ဆု ခြီးမြှင့်ခြင်းကို ခံရသည်။ (လစ်ဗင်းစတုန်း, ဒေးဗစ် — လည်းရှု။)

စွန့်စားသွား လာမှုကို နှစ်သက်သော စတန်လေသည် 'နယူးယောဉ် ဟယ်ရယ်' သတင်းစာတိုက်က ကောက်ခံပေးသောရန်ပုံငွေဖြင့် ၁၈၇၄ ခုမှ ၁၈၇၇ ခုနှစ်အထိ ၃ နှစ်တိုင်တိုင် အာဖရိကတိုက်အတွင်းသို့ သွားရောက် စုံစမ်းရှာဖွေမှုများ ပြုလုပ်လေသည်။ ထိုသို့သွားရောက်ရာတွင် တန်ဂန်ယီးကအိုင်ကြီး၏ အကျယ်အဝန်း၊ ကွန်ဂိုမြစ်၏ တည်ရှိပုံစသော ပထဝီဝင်ဆိုင်ရာ အချက် အလက်များကို ရှာဖွေတွေ့ရှိခဲ့ရလေသည်။ ဤအကြိမ်၌ အာဖရိကတိုက်ကို အရှေ့မှအနောက်သို့ ဖြတ်သန်းသွားခဲ့ခြင်းဖြစ်လေရာ ခရီးလမ်းမှာ ကြမ်း တမ်း သည့် အ ပြင် အ နှ စ်ရှာယ် များ လှသဖြင့် စတန်လေ၏အဖွဲ့ဝင် များစွာ နှာဖျားသုံးဦးနှင့် တိုင်းရင်းသားနောက်လိုက် အများအပြား သေဆုံးကြရလေသည်။ သို့သော် စတန်လေ၏ နယ်သစ်များစူးစမ်းရှာဖွေမှု လုပ်ငန်းတွင် ဗြိတိသျှတို့က စိတ်မဝင်စားသဖြင့် စတန်လေသည် ဗဲလ်ဂျီယန်ဘုရင် လီယိုပို့၏ အကူအညီကို ရယူကာ အာဖရိကတိုက် ကွန်ဂိုမြစ်ဝှမ်းတွင် ကူးသန်းရောင်းဝယ် သွားလာရေးစခန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် ဗဲလ်ဂျီယန်လက်အောက်ခံ ကွန်ဂို ဖရီးစတိတ်ခေါ် ကွန်ဂိုနိုင်ငံကို တည်ထောင်ခဲ့ပေသည်။ (ကွန်ဂိုပြည်နယ်များ — ရှု။)

၁၈၇၇ ခုနှစ်တွင် စတန်လေသည် ဗြိတိသျှလူမျိုးများအတွက် နယ်မြေသစ်များရှာဖွေရန် အာဖရိကသို့ ဒုတိယအကြိမ် ခရီးထွက်ပြန်သည်။ ကွန်ဂို တောနက်ကြီးများအတွင်းသို့ ဖြတ်သန်းကာ တိုင်းရင်းသား လူရိုင်းအမျိုးမျိုးတို့၏နယ်များသို့ရောက်ရှိခဲ့သည်။ ဗြိတိသျှ အရှေ့အာဖရိကကုမ္ပဏီ၏ အကျိုးအတွက် တိုင်းရင်းသား လူရိုင်း အကြီး



စတန်လေနှင့် လစ်ဗင်းစတုန်း အာဖရိကတိုက် အူးဂျီးဂျီမြို့၌တွေ့ဆုံစဉ်

အကဲများနှင့် သဘောတူညီချက်များ ကိုလည်း ပြုလုပ်ခဲ့လေသည်။

စတန်လေသည် ၁၈၈၉ ခုနှစ်ဆုံးလောက်တွင် အင်္ဂလန်သို့ပြန်ရောက်၍ ကွယ်လွန်သည်အထိ အင်္ဂလန်၌ အေးချမ်းစွာပင် နေထိုင်၏။ ဆာဘွဲ့ကို ၁၈၈၉ ခုနှစ်၌ပင် ရရှိ၍ ၁၈၉၅ ခုနှစ်တွင် လွှတ်တော် အမတ်အဖြစ် ရွေးကောက်ခြင်း ခံရသည်။ ၁၉၀၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတန်လေသည် လန်ဒန်မြို့ရှိနေအိမ်၌ ကွယ်လွန်၍ ရုပ်ကလာပ်ကို ဝက်စမင်စတာဘုရားရှိခိုးကျောင်းတွင် မြှုပ်နှံသင်္ဂြိဟ်လေသည်။ စတန်လေသည် မိမိ သွားလာခဲ့သော ခရီးစဉ်များနှင့် ဆိုင်သည့် ဒေသန္တရ ဗဟုသုတ ဖြစ်ဖွယ်ရာ ဆောင်းပါးဝတ္ထုအမြောက်အမြား ရေးသားခဲ့သည်။



ဆာဟင်နရီမော်တန်စတန်လေ

စတုန်းဟင့်။ ။ကျောက်တုရိုင် — ၅၅။


စတွေးဥ။ ။ရက္ခဗေဒအလိုအရ စတွေးဥသည် 'လီလီအိုင်ဖလိုရီ' မျိုးစဉ်တွင်၎င်း၊ 'ဒိုင်အော့စကိုရီအေ ဆီအီး' မျိုးရင်းတွင်၎င်း ပါဝင်သည်။ ယင်းကို သိပ္ပံအမည်အားဖြင့်



စတွေးဥ

'ဒိုင်အော့စကိုရီအေ ဖက်ဆီကျူလေးတား' ဟူ၍၎င်း၊ 'ဒိုင်အော့စကိုရီအေ အက်ကျူလီယေးတား' ဟူ၍၎င်း ခေါ်သည်။ စတွေးဥကို မြန်မာအခေါ်အားဖြင့် တံတွေးဥ၊ ကဒွေးဥ၊ ဝက်ကာဥဟူ၍ အမျိုးမျိုးခေါ်သည်။

စတွေးဥသည် အရွယ်အားဖြင့် မျောက်ဥ အငယ်စားလောက်ရှိ၍ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အရသာအားဖြင့်၎င်း မျောက်ဥနှင့် ခပ်ဆင်ဆင်တူသည်။ ကရင်လူမျိုးတို့သည် စတွေးဥကို အများအပြား စိုက်ပျိုးကြသည်က တကြောင်း၊ စတွေးဥ၏ ပုံသဏ္ဌာန်မှာ အာလူးနှင့် အလွန်တူသည်က တကြောင်း တို့ကြောင့် စတွေးဥကို ကရင်အာလူးဟူ၍လည်း ခေါ်သည်။ ယင်းကိုပင် တခါတရံ ထားဝယ်အာလူးဟူ၍လည်း ခေါ်သေးသည်။ စတွေးဥသည် ချက်ပြုတ်စားသောက်ရန်ကောင်းသော်လည်း တန္ခုပတ်လုံး မရနိုင်ချေ။



အရသာထူးသည့် စထရော်ဗယ်ရီသီး

စထရော်ဗယ်ရီ။ ။စထရော်ဗယ်ရီကိုမြန်မာတို့ကရှမ်းဆီးဟူ၍ ခေါ်ကြသည်။ စထရော်ဗယ်ရီ၏ ရက္ခဗေဒမျိုးစုအမည်မှာ 'ဖရာဂေးရီးယား' ဖြစ်သည်။ စထရော်ဗယ်ရီသည် သမပိုင်းဇုန်၌၎င်း၊ အပူပိုင်းဇုန်အတွင်းရှိ တောင်ကုန်းဒေသများ၌၎င်း၊ ပေါက်ရောက်သည်။ စထရော်ဗယ်ရီအသီးမှာ အလွန်ထင်ရှားသည်။ တောင်အမေရိကတိုက်ခြိလီနိုင်ငံ တောင်ပိုင်း၌လည်း စထရော်ဗယ်ရီပင် တမျိုးပေါက်သည်။ ဥရောပတိုက်တွင် ရှေးမဆွကပင် စထရော်ဗယ်ရီပင်တမျိုးလည်း ပေါက်ရောက်သည်။ စထရော်ဗယ်ရီသည် အစေ့များ၍ အနှစ်အရသာမရှိလှသဖြင့် လူတို့သည် ထိုအပင်ကို စိုက်ပျိုးရန် စိတ်မကူးခဲ့ကြချေ။ သို့ရာတွင် အမေရိကတိုက်ကို တွေ့ရှိသောအခါ၌ စထရော်ဗယ်ရီပင်ရိုင်းအသစ် နှစ်မျိုးကို ထပ်မံ တွေ့ရှိကြ၏။ ထိုနှစ်မျိုးစလုံးမှ အသီးများမှာ ဥရောပတိုက်မှ စထရော်ဗယ်ရီပင်နှင့် မခြားနားလှချေ။ ဥရောပတိုက်မှ စထရော်ဗယ်ရီပင်နှင့် အမေရိကတိုက်ရှိ စထရော်ဗယ်ရီပင်တို့ကို မျိုးစပ်လိုက်သည့်အခါကျမှ ယခုစိုက်ပျိုးလျက်ရှိကြသော အနှစ်အရသာနှင့်ပြည့်စုံသည့် စထရော်ဗယ်ရီပင် အမျိုးမျိုးကို ရရှိလေသည်။ စထရော်ဗယ်ရီပင် များမှာ ချုံပင်ငယ်များ ဖြစ်၍ မြေလျှောက် ပင်စည်အဆစ်အပိုင်းများမှ အပင်သစ်များ ပွားလာကြသည်။ စထရော်ဗယ်ရီပင် အသီးသီးချိန်တွင် အသီးများ စင်ကြယ်လှပစေရန် အပင်ရင်းတွင် ကောက်ရိုးကို ပုံထားလေ့ရှိသည်။ စထရော်ဗယ်ရီသီးကို လူကြိုက်များသဖြင့် ရာသီမဟုတ်ဘဲသီးသော အပင်မျိုးများကို အမေရိကတိုက်၌ တီထွင် စိုက်ပျိုးကြသည်။ လူများ အလိုရှိသလောက် အသီးများကို တင်ပို့ရောင်းချနိုင်ရန် စထရော်ဗယ်ရီပင် စိုက်ခင်းများမှာ အလွန်ကျယ်ဝန်းရလေသည်။ စထရော်ဗယ်ရီသီးမှာ ပုပ်ပျက် ရိယော်လွယ်သောကြောင့် စိုက်ခင်းများမှအသီးမှည့်များကို ရေခဲစိမ်ရန် တဲများ ပါရှိသော အထူးမီးရထားဖြင့် သယ်ယူပို့ဆောင်ကြရသည်။

နှစ်ပေါင်းသုံးဆယ်ခန့်က အိန္ဒိယနိုင်ငံမှ မျိုးကိုယူ၍ မြန်မာနိုင်ငံ ရှမ်းကုန်းပြင်မြင့်တွင် ရှမ်းဆီးပင်ကို စတင်စိုက်ပျိုးခဲ့ကြရာယခုအခါ မေမြို့၊ ကလောမြို့နှင့် တောင်ကြီးမြို့များအနီးအပါးတွင် ပေ ၃,၀၀၀ ကျော်မြင့်သော တောင်ကုန်းများ၌ ရှမ်းဆီးပင် စိုက်ခင်းများကို တွေ့မြင်နိုင်သည်။ ရှမ်းဆီးပင်ကို စိုက်ပျိုးရာတွင် တပေစီကဲ့သော အတန်းများ ပြုလုပ်၍ စိုက်ပျိုးကြသည်။ အပင်များ မစိုက်မီ မြေဆီလှာတွင် နောက်ချေးနှင့် သစ်ရွက်ဆွေးမြေသြဇာ နိုင်နိုင်ထည့်ပေးရသည်။ ရေလောင်းပေးခြင်း၊ ပေါင်းသင်ခြင်း၊ မြေတောင်မြှောက်ပေးခြင်းကို အခါမလပ် ပြုလုပ်ပေးရသည်။ မြန်မာနိုင်ငံတွင် ရှမ်းဆီးပင်များသည် ဖေဖွဲ့ဂရီလမှစ၍အပွင့်

များပင့်ကြ၏။ မတ်လမှင့်နှန်လအထိ အသီးများသီးသည်။ သို့သော် ပြိုလနှင့် မေလများတွင် ဆွတ်ခူးရရှိသော အသီးများမှာ အကောင်းဆုံးဖြစ်သည်။ ရှမ်းဆီးသီးမှည့်များကို အသီးမှည့်အတိုင်း သို့မဟုတ် ယိုထိုး၍ စားကြသည်။

စထရက်ပတိုမိုင်ဆင်။ ။စထရက်ပတိုမိုင်ဆင်သည် ဒုတိယကမ္ဘာစစ်အတွင်းက ပင်နီဆလင်နှင့် မရွေးမနှောင်း ပေါ်ပေါက်ခဲ့သော ဆေးဖြစ်၏။ အက်တီနိုမိုင်ဆိ ဂရိဆိယပ်ခေါ် မိုမျိုးမှ ထုတ်ယူဖေါ်စပ်ထားသော ထိုးဆေးဖြစ်သည်။ စထရက်ပတိုမိုင်ဆင်ကို တွေ့ရှိဖေါ်စပ်သူမှာ အမေရိကန်ပြည် ထောင်စု၊ ရတ်ဂျာတက္ကသိုလ်မှ ဆဲလမင်း အော ဝပ်စမင်း ဆိုသူဖြစ်၏။ စထရက်ပတိုမိုင်ဆင်သည် ပင်နီဆလင်ဖြင့်ထိရောက်စွာ မကုနိုင်သော အချို့ရောဂါများကို ထိရောက်စွာ ကုသနိုင်သည်။ (ပင်နီဆလင် — လည်းရှု။)


စထရက်ပတိုမိုင်ဆင်သည် မည်သည့်ရောဂါဝေဒနာကို တကယ်တမ်း ထိရောက်စွာ ပျောက်ကင်းစေနိုင်ကြောင်း ယခုထက်တိုင် တပ်အပ်သေချာစွာ မသိရသေးချေ။ ဆေးဖက်ဆိုင်ရာ သိပ္ပံပါရဂူတို့သည် ဆက်လက်၍ စမ်းသပ်လေ့လာနေဆဲပင်ဖြစ်၏။ စထရက်ပတိုမိုင်ဆင်သည် တျုဗာကယ် ပိုးစွဲနာ (တီဗီ) ကုသရာတွင် အကောင်းဆုံးနှင့် အထက်မြက်ဆုံးဖြစ်သည်ကိုကား ယုံကြည်ကြသည်။ သို့ရာတွင် တျုဗာကယ် ပိုးစွဲနာ ပျောက်ကင်းစေသည်ကို တပ်အပ်သေချာစွာ ဝန်မခံနိုင်သေးချေ။ အဘယ်ကြောင့်ဆိုသော် ဆေးဖြင့်ကုသရာတွင် အချို့သာပျောက်ကင်း၍ အချို့မှာ မပျောက်ကင်းသောကြောင့် ဖြစ်သည်။

ပင်နီဆလင်ကဲ့သို့ပင် စထရက်ပတိုမိုင်ဆင်သည် ရောဂါပိုးများ တိုးပွားမလာအောင် တားဆီးထားပြီးလျှင် ကိုယ်ခန္ဓာအတွင်းရှိ ပိုးများကို ရောဂါပိုးများအား တွန်းလှန်ဖြိုဖျက်နိုင်သောအခြေ ပြန်လည်ရရှိအောင် ဖန်တီးပေးနိုင်သည်။

စထရက်ဖို့–ဘွန်–ဗွင်းမြို့။ ။စထရက်ဖို့–အွန်–ဗွင်းမြို့သည် အင်္ဂလန်ပြည် ဝါဝစ်ရွိုင်ယာနယ်ရှိ အလွန်ရှေးကျသော စျေးမြို့တမြို့ဖြစ်သည်။ ဗွင်းမြစ်၏ အနောက်ဖက်ကမ်းတွင် တည်ရှိသောကြောင့် စထရက်ဖို့–အွန်–ဗွင်းမြို့ဟု ခေါ်သည်။ လန်ဒန်မြို့မှ အနောက်မြောက်ဖက် ၉၃ မိုင် ကွာဝေးသည်။ ၁၉၅၂ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေမှာ ၁၄,၆၁၀ ယောက်ခန့်ရှိ၍ မြို့ငယ်ကလေးပင်ဖြစ်သော်လည်း ကမ္ဘာကျော် အင်္ဂလန်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ချက်မြုပ်ဒေသ ဖြစ်သဖြင့် လူသိများကာ ထင်ရှားလေသည်။ ရှေးဟောင်းမြို့ ဖြစ်သဖြင့်လည်း မြင့်မားသော အဆောက်အအုံများနှင့် လမ်းကျဉ်းကလေး များမှာ ရှေးမူမပျက် ယခုတိုင် ရှိသည်။ အချို့သော လမ်းမကြီးအမည်များမှာ ရှေးခေတ်က အခေါ်အတိုင်း တည်လျက်ရှိသည်။

ထိုမြို့ရှိ ရှိတ်စပီးယား၏ မွေးဖွားရာ အိမ်ကို အစိုးရက သိမ်း၍ ထိုအိမ်၌ ရှိတ်စပီးယား၏ဘဝနှင့် သက်ဆိုင်သော


စထရက်ဖို့ – အွန် – ဗွင်းမြို့ရှိ ရှိတ်စပီးယားအထိမ်းအမှတ်ဇာတ်ရုံ



စာအုပ်စာတမ်း၊ ပန်းချီကားများ စသည်တို့ကို ပြတိုက်သ ယ် ထားရှိကာ၊ ရှိတ်စပီးယား အထိမ်းအမှတ်အဖြစ် ပြ သထားလေသည်။ ရှိတ်စပီးယားတို့ ဇနီးမောင်နှံ အား သင်္ဂြိဟ်ရာ ဟိုးလီးထရင်နီတီ ဘုရားရှိခိုးကျောင်း မှာလည်း ထိုမြို့၌ပင်ရှိသည်။ ၁၈၃၉ ခုနှစ်တွင် အဆိုပါဘုရားရှိခိုး ကျောင်းအနီး ဗဟန်းမြစ်ကမ်းပါး၌ ဇာတ်ရုံ၊ စာကြည့်တိုက် နှင့် ပြတိုက်များပါဝင်သော ရှိတ် စပီးယားအထိမ်း အမှတ် အဆောက် အအုံတခုကို ဆောက်လုပ် ခဲ့၏။ ယင်းတို့ အနက် ပြဇာတ်ရုံကြီး မီး သင့်သွားလေရာ ၁၉၂၆ ခုနှစ်တွင် ယခင်ကထက် ပိုမိုကြီးကျယ်ခမ်းနား ၍ ပရိသတ် ၁၀၀၀ ဆံ့သောပြဇာတ် ရုံသစ်တခုကို ထပ်မံတည် ဆောက် ပြန် ၏။ ဤကဲ့သို့ စထ ရက်ဖို့မြို့ ရှိ ရှိတ်စပီးယားနှင့်သက်ဆိုင်သော အ ဆောက်အအုံ အသီး သီး တို့ အပြင် စထရက်ဖို့မြို့၏ ဆင်ခြေဖုံးအရပ်များ ဖြစ်သော ရှော့တရီအရပ်ရှိ ရှိတ်စပီး ယား၏ဇနီး အိမ်နှင့် ဝင်ကော့အရပ်ရှိ ရှိတ်စပီးယား၏ မိခင် အိမ် များ သို့ ကမ္ဘာအရပ်ရပ်မှ စာပေလိုက်စား သူများ လာရောက် လည်ပတ်ကြည့် ရှုကြသည်။

စထရက်ဖို့မြို့၏ ထင်ရှားသောပွဲတော်မှာ ရှိတ်စပီးယား ပွဲတော်ဖြစ်၍ နှစ်စဉ် နွေရာသီ၌ ၂ လခွဲကြာမျှ ခမ်းနားစွာ ကျင်းပကြသည်။ ထိုပွဲတော်ကျင်းပသောအခါ၌ အင်္ဂလန် ပြည်၏ ထိပ်သီး ပြဇာတ်ပညာသည်များ သည် စထရက်ဖို့ မြို့သို့ လာရောက်၍ ရှိတ်စပီးယာရေးခဲ့သောပြဇာတ်များကို တင်ပြ အသုံးတော်ခံလေ့ရှိကြသည်။

စထရောက်, ဂျေ (ခရစ် ၁၈၂၅–၁၈၉၉)။ ။ယိုဟန်း စထရောက်သည် သြစတြီးယန်းလူမျိုး ဂီတပညာသည်တဦး ဖြစ်သည်။ သြစတြီးယားနိုင်ငံ၊ ဗီယင်းနားမြို့၌ ၁၈၂၅ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဖွားမြင်သည်။ ဖခင်ဖြစ်သူမှာ နာမည်ကျော် တီးဝိုင်းခေါင်းဆောင်တဦးဖြစ် သော်လည်း သားဖြစ်သူ ယိုဟန်း စထရောက်အား သူကဲ့သို့ ဂီတဖြင့်အသက်မမွေးစေလိုရှာ ငယ်စဉ်ကပင် ဗီယင်းနားမြို့ရှိ လက်မှုပညာသင်ကျောင်းသို့ ပို့ပြီးလျှင် အရွယ်ရောက်သော အခါ၌လည်း ဘဏ်တိုက်စာရေးအလုပ်ကိုလုပ်စေလေသည်။ သို့သော် စထရောက်သည် ဖခင်ကြီး၏ကွယ်ရာ၌ တရောထိုး ပညာကို တိတ်တဆိတ်သင်ယူ၍ ၁၈၄၄ ခုနှစ်တွင် တီးဝိုင်း



ဂီတပညာရှင် ယိုဟန်းစထရောက်

တခုကို သူကိုယ်တိုင်ဦးစီးကာ တီးမှုတ်ခဲ့၏။ ထိုအခါမှစ၍ စထရောက်သည် ဂီတပညာသည်ကြီးဖြစ်လာသည်။ ၁၈၄၉ ခုနှစ်၌ ဖခင်ကွယ်လွန်လေလျှင် စထရောက်သည် ဖခင်ကြီး၏ တီးဝိုင်းကို မိမိတီးဝိုင်းနှင့် ပူးပေါင်း၍ သြစတြီးယား၊ ပိုလန်နှင့် ဂျာမနီနိုင်ငံများတွင် လှည့်လည်တီးမှုတ်ရာ လူ ကြိုက် အလွန်များခဲ့လေသည်။ ၁၈၆၂ ခုနှစ်တွင် အဆို တော်အမျိုးသမီးတဦးနှင့် လက်ထပ် ပြီးလျှင် တီးဝိုင်းခေါင်းဆောင်အ လုပ်ကို စွန့်လွှတ်လိုက်လေ၏။ ထို နောက် စထရောက်သည် ကပ္ပဲများ၌ သီဆိုရန် သီးချင်းများကို ရေးသား ယင်း သီချင်းရေးဆရာ အဖြစ်ဖြင့် ကျော်ကြား လာပြန်သည်။ စထ ရောက်သည် ကပ္ပဲသီချင်းပုဒ်ပေါင်း ၄၀၀ နီးနီးရေးသားခဲ့သည် သာမက ထို သီချင်းများကဲ့သို့ပင် လူကြိုက် များသော အော်ပရာခေါ် တေးသံစုံ ဇာတ်များကိုလည်း ရေးသားခဲ့ သည်။ (အော်ပရာဇာတ်ပွဲများ –၌။) ၁၈၉၉ ခုနှစ် ဇွန်လ ၃ ရက် နေ့တွင် ဂီတစာဆိုကြီး စထရောက် သည် မိမိချက်မြှုပ်ဖြစ်သော ဗီယင်း နားမြို့၌ပင် ကွယ်လွန်လေသည်။

စနေ့ဂြိုဟ်။ ။စနေ့ဂြိုဟ်သည် နက္ခတ္တဗေဒအရ ဆက်တန် ဂြိုဟ်ဖြစ်သည်။ နေစကြာဝဠာတွင် ထိုဂြိုဟ်သည် ဂျူပီ တာ (ကြာသပတေးဂြိုဟ်) မှလွဲလျှင် အကြီးဆုံးဂြိုဟ်ဖြစ် သည်။ ဆက်တန်ဂြိုဟ်၏ မျက်နှာပြင်သည် ကမ္ဘာမြေမျက် နှာပြင်ထက် အဆပေါင်း ၈၀ ခန့်ကြီးသည်။ ဆက်တန်ဂြိုဟ် တွင် ကွင်းများ ပါရှိသဖြင့် အလွန် ထူးဆန်း အဲ့ဩဖွယ် ကောင်းသည်။ ဆက်တန်ဂြိုဟ်လုံး၏အချင်းမှာ မိုင်ပေါင်း ၇၃,၀၀၀ ရှိ၍ အကြီးဆုံးကွင်း၏ အချင်းမှာ မိုင်ပေါင်း ၁၇၀,၀၀၀ ရှိသည်။ ဆက်တန်ဂြိုဟ်သည် ကမ္ဘာဂြိုဟ်၏ ၈ ပုံ ၁ ပုံခန့်လောက်သာ သိပ်သည်း ၏။ အကယ်၍ ထိုဂြိုဟ် ကို ရေထဲ၌ချ၍ရလျှင် ရေပေါ်တွင် ပေါလောပေါ နေမည် ဖြစ်သည်။

ဆက်တန်ဂြိုဟ်ပေါ်၌ သက်ရှိတို့ မနေနိုင်ကြချေ။ အဘယ် ကြောင့်ဆိုသော် ထိုဂြိုဟ်၏အပူချိန်သည် ဖာရင်ဟိုက်စကေး တွင် သုညဒီဂရီအောက် ၂၅၀ လောက်ရှိသည်။ ယင်းကို ပတ်ထားသော လေထု၌လည်း သက်ရှိတို့ အသက်ရှင်နိုင် အောင် လုံလောက်သော အောက်ဆီဂျင် မပါရှိချေ။

ဆက်တန်ဂြိုဟ်သည် နေနှင့် ကမ္ဘာတို့မှ အလွန်ဝေးကွာ


သည်။ နေမှ မိုင်ပေါင်း ဂဂဖ သန်းဝေး၍ ကမ္ဘာမှ မိုင်သန်းပေါင်း ၇၅၀ ဝေးကွာသည်။ ထိုဂြိုဟ်သည် နေကို တပတ်လှည့်ပတ်ရန် ၂၉၇ နှစ်ခန့် ကြာသည်။ ဆက်တန်ဂြိုဟ်၌ တနှစ်သည် ကမ္ဘာဂြိုဟ်၌ ၂၉၇ နှစ်နှင့် ညီမျှသည်။ ဆက်တန်ဂြိုဟ်၌ တရက်သည် ၁၀း နာရီခန့်သာရှိသည်။

ဆက်တန်ဂြိုဟ်၌ ကွင်းပါရှိသည်ကို ခရစ် ၁၆၁၀ ပြည့်နှစ်ကပင် သိပ္ပံပညာရှိ ဂယ်လီလေအိုက မြင်ခဲ့သည်။ ယခုတွင် ဆက်တန်ဂြိုဟ်၌ ကွင်းသုံးကွင်း ပါရှိကြောင်း သိကြရပြီ။ ထိုကွင်းတို့သည် အလွန်သေးငယ်သော မြူမှုန်တို့ဖြင့် ပြည့်လျက်ရှိသည်။ ထိုမြူမှုန်တို့ကား ဆက်တန်ဂြိုဟ်ကို အလွန်မြန်သော အလျင်နှင့် လှည့်ပတ် နေကြသည်။ ဆက်တန်ဂြိုဟ်၌ အရံဂြိုဟ် ၉ လုံး ခြံရံလျက်ရှိသည်။

မြန်မာကျမ်းဂန်များအရ စနေဂြိုဟ်သည် ဂြိုဟ်ကြီး ၉ လုံးတွင် ၇ ခုမြောက်ဂြိုဟ်ဖြစ်သည်။ လှေသင်းအတွင်းဝန် စီရင်သော ဝေါဟာရလိနတ္ထဒီပနီတွင် စနေဂြိုဟ်ကို မှန်ပြောင်းဖြင့် ကြည့်၍ မြင်ရသည်ကို ဤသို့ မှတ်သားထားသည်။

'ထိုစနေကြယ် ဗိမာန်ကား ၁၀ ခန့်ကြီးသည်။ အလယ်တွင် ပတ္တမြားလုံးသဏ္ဌာန် ရှိသည်။ အနားမှာ ဖြူစင်လှသောပိတ် ရစ်သကဲ့သို့ ဖွေးဖွေးပြင်ပြင် မြင်သည်။ လက်ဝဲလက်ယာ ၂ ဖက်တွင် မည်းသောအဆင်းနှင့် တွင်းအပေါက်ကဲ့သို့ ထင်မြင်သည်။ အနီးအပါးတွင် အရုံကြယ် ၅ လုံးရှိသည်။ အလုံးအဝန်းမဟုတ်၊ ကြက်ဥသဏ္ဌာန်ခပ်လျဉ်းလျဉ်းထင်သည်။'

စနေဂြိုဟ်ကိုအစွဲပြု၍ ရက်သတ္တပတ်၏ ၇ ရက်မြောက်နေ့ကို စနေနေ့ဟုခေါ်သည်။ မြန်မာကျမ်းဂန်များအရ ကဆုန်၊ တော်သလင်း၊ ပြာသိုလများတွင် စနေနေ့များမှာ ရက်ထုဇာဖြစ်၍၊ တန်ခူး၊ ဝါခေါင်၊ နတ်တော်လများတွင် ပြဿဒါးရက်များဟူ၍ မှတ်ယူကြသည်။



ဖော်ပြထားသောခုနှစ်များတွင် စနေဂြိုဟ်ကို ကမ္ဘာမှတွေ့မြင်ရပုံ

စနေဂြိုဟ်နတ်မင်း စီးသော ဂြိုဟ်ကောင်မှာ နဂါးဖြစ်သည်။ 'နောက်တောင်စနေ၊ နဂါးမြေ၊ မှတ်လေဆယ်နှစ်ရ' ဟူသော ဂြိုဟ်လက်ဝါအရ စနေဂြိုဟ်သက်မှာ ၁၀ နှစ်၊ တည်ထားအရပ်မှာ အနောက်တောင်အရပ် ဖြစ်သည်။ ပေဒင်အခေါ်အားဖြင့် စနေဂြိုဟ်ကို သောရိဟု ခေါ်၏။ မြန်မာအက္ခရာအားဖြင့် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န ဟူသော ဋဝဂ်နှင့်တဝဂ်အက္ခရာများကို စနေနံအက္ခရာများဟုခေါ်သည်။

ဝနိုးဝိုက်နှင့်လူပုခုနစ်ဖော်။ ။ဂရင်းပုံပြင်များဟု ခေါ်သော ဂျာမန်လူမျိုးညီအစ်ကိုနှစ်ယောက်တို့ ရေးသားပြုစုကြသည့် ပုံပြင်များထဲတွင် စန်းဝိုက်နှင့်လူပုခုနစ်ဖော်တို့၏ပုံပြင်မှာ ကမ္ဘာကျော်ကြားသည်။

ထိုပုံပြင်၏ အကျဉ်းချုပ်မှာ ရှေးအခါက ဘုရင်တပါး၏ မိဖုရားကြီးတွင် ပဋိသန္ဓေရှိနေသောအခါ၊ မိဖုရားကြီးက မိမိမွေးဖွားမည့် ရင်သွေးကလေးသည် သမီးတော်ကလေးဖြစ်၍ နှင်းပွင့်ကဲ့သို့ အသားဖြူပြီးလျှင် နှုတ်ခမ်းများမှာ သွေးကဲ့သို့နီမြန်းကာ ဆံပင်များ မှာလည်း အက်ဗနီပင် အနှစ်ကဲ့သို့ မည်းနက်စေရန် တောင့်တခဲ့၏။ များမကြာမီ မိဖုရာကြီးတောင့်တသည့် ဆန္ဒနှင့်ပြည့်စုံသော သမီးတော် ကလေးကို မွေးဖွားလာရာ စန်းဝိုက် (ခင်နှင်းဖြူ)ဟု အမည်မှည့်လေသည်။



သားကောင်ငယ်များက စနိုးဝိုက်ကို လူပု ၇ ပေါ်တို့၏နေအိမ်သို့လမ်းပြခေါ် ဆောင်လာပုံ

ထိုမိဖုရားကြီးသည်လည်း ခင်နှင်းဖြူကို မွေးဖွားပြီးနောက် မကြာမီပင် ကွယ်လွန်ရှာသည်။ ထိုကြောင့် ဘုရင်ကြီးက နောက်ထပ်မိဖုရားတပါး မြောက်စားကောက်ယူလေသည်။ ထိုခင်နှင်းဖြူ၏မိထွေးသည် မနာလိုဝန်တိုစိတ်ရှိ၍ ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။ ထိုမိဖုရားတွင် ထူးဆန်းသော မှန်တချပ်ရှိ၏။ ထိုမှန်သည် မိဖုရားမေးသမျှ ပုစ္ဆာများကို တိကျ မှန်ကန်စွာ ပြန်လည်ဖြေကြားနိုင်သော အစွမ်းရှိ၏။ မိဖုရားသည် နံနက်တိုင်း ကမ္ဘာပေါ်တွင် အချောဆုံးမည်သူနည်းဟု မှန်အားမေးလေ့ရှိသည်။ အသင်မိဖုရားသည် ကမ္ဘာပေါ်တွင် အချောအလှဆုံးဖြစ်ပါသည်ဟု ထိုမှန်က နှစ်ပေါင်းများစွာပင် ဖြေကြားခဲ့၏။ တနေ့သ၌ ထိုမှန်က ယခုအခါ ခင်နှင်းဖြူသည် ကမ္ဘာပေါ်တွင် အချောအလှဆုံးဖြစ်သည်ဟု ဖြေကြားရာ မိဖုရားသည် မိမိထက်သာသူအားမနာလိုဖြစ်၍ ခင်နှင်းဖြူကိုသုတ်သင်ပစ်ရန် အကြံယူလေသည်။

ထိုကြောင့် မိဖုရားသည် ခင်နှင်းဖြူကို မုဆိုးတယောက်၏ လက်သို့ အပ်ကာ တောနက်ကြီးအတွင်းသို့ ခေါ်ဆောင်၍ အစတုံးသတ်ပစ်စေ၏။ သို့ရာတွင် မုဆိုးသည် သနားစဖွယ် တောင်းပန်ရှာသော ခင်နှင်းဖြူကို မသတ်ရက်သဖြင့် လွှတ်ရာသို့ ထွက်ပြေးစေ၏။ မင်းသမီးကလေးသည် တောအထဲထဲကို ကျော်ဖြတ် လာခဲ့၍ ညအချိန် ရောက်သော် အားငယ်ကြောက်လန့်ကာ ငိုယိုမိရှာသည်။ ထိုသို့ငိုသော အခါ တောတွင်းရှိ သားကောင်ငယ်များသည် ခင်နှင်းဖြူအား သစ်ပင်အောက်ရှိ သေးငယ်သော အိမ်ကလေးတလုံးဆီသို့ ခေါ်ဆောင်သွားကြသည်။ ထိုအိမ်ထဲသို့ မင်းသမီးကလေး ဝင်ရောက်သော အခါ သေးငယ်သော စားပွဲတခုပေါ်တွင် သေးငယ်သော ပန်းကန်ခွက်ယောက်တို့ဖြင့် ပေါင်မုံ့နှင့်နွားနို့များ ပြင်ထားသည်ကို တွေ့ရ၏။ စားပွဲဘေးတွင် သေးငယ်သော ကုလားထိုင် ခုနစ်လုံး ရှိလေသည်။ မောပန်းလာသော ခင်နှင်းဖြူသည် ပန်းကန် အသီးသီးမှ ပေါင်မုံအနည်းငယ်စီ စား၍ ဖန်ခွက်ခုနစ်လုံးမှ နွားနို့အနည်းငယ်စီ ယူ၍ သောက်လေသည်။ ထိုနောက် အပေါ်ထပ်တွင် ခုတင်ကလေးခုနစ်လုံးကို တွေ့ပြန်ရာ အငယ်ဆုံးခုတင်ကလေးပေါ်တွင် အိပ်လိုက်ရာ ချက်ခြင်းပင် အိပ်ပျော်သွားလေသည်။

ဤအိမ်ငယ်မှာ လူပုကလေးခုနစ်ယောက်တို့၏ နေအိမ်ဖြစ်၏။ သူတို့သည် နေ့အခါ၌ တောင်အောက်မြေတွင်းထဲမှ ရွှေကိုတူး၍ ညအချိန်တွင် အိမ်သို့ ပြန်လာတတ်ကြသည်။ လူပုကလေးများ အိမ်သို့ပြန်ရောက်သောအခါ မိမိတို့ စားစရာများကို တစုံတယောက်က စားသောက် သွားကြောင်း တွေ့ရသဖြင့် လိုက်ရှာကြရာ အိပ်ရာထက်တွင် မင်းသမီးကလေး အိပ်စက်နေသည်ကို တွေ့ကြလေသည်။

ခင်နှင်းဖြူလည်း အိပ်ရာမှနိုးလျှင် မိမိ၏အဖြစ်အပျက်အလုံး

စုံကို လူပုကလေးများအား ပြောပြ၏။ ထိုအခါ လူပုကလေးများသည် ကရုဏာသက်လှုသဖြင့် ခင်နှင်းဖြူအား မိမိတို့အိမ်တွင်ပင် နေခွင့်ပြု၍ မိမိတို့အတွက် အိမ်မှုကိစ္စများကို လုပ်ကိုင်ဆောင်ရွက်စေ၏။

လူပုကလေးများသည် နောက်တနေ့နံနက် အလုပ်ခွင်သို့ ထွက်သွားကြသောအခါ မင်းသမီးအား တံခါးကိုလုံစွာပိတ်ထားလျက် မည်သူခေါ်၍မျှ ဖွင့်မပေးရန် မှာထားခဲ့၏။ သို့မှာခဲ့ခြင်းမှာ မိထွေးမိဖုရားကြီး၏ ကောက်ကျစ်စဉ်းလဲမှုကို သူတို့ သိကြသဖြင့် မင်းသမီးကလေး အတွက် စိုးရိမ်သောကြောင့်ဖြစ်၏။ သူတို့ထင်သည့်အတိုင်းပင် မိထွေးမိဖုရားသည် မိမိ၏ ကြည့်မှန်က ပြောပြသဖြင့် မင်းသမီးကလေး အသက်ရှင်လျက်ရှိသည့် နေရပ်ကို သိလေ၏။ ထိုကြောင့် မိဖုရားသည် မိမိကိုယ်တိုင် စေးရောင်းသူအမယ်အိုဟန်ဆောင်၍ မင်းသမီးကလေးရှိရာသို့ ရောက်လာကာ ခင်နှင်းဖြူအား နှစ်လိုဖွယ်သော ပန်းသီးတလုံးကို ရောင်းလေသည်။

ထိုပန်းသီး တခြမ်းတွင် အဆိပ်ထည့်၍ အဆိပ် မရှိသည့် ဖက်ကိုစားပြကာ လှည့်စား၍ရောင်းသဖြင့် မင်းသမီးကလေးလည်း ယုံကြည်မိ၏။ ထိုကြောင့် ပန်းသီးကိုယူကာ တကိုက်မျှစားလိုက်လျှင်ပင် လဲကျ၍ မေ့မြောသွားလေ၏။


လူပုကလေးများ ပြန်လာသောအခါ အသေကဲ့သို့ဖြစ်နေသော ခင်နှင်းဖြူကို တွေ့ရသဖြင့် များစွာ ယူကျုံးမရဖြစ်ကြ၏။ လူပုကလေးများသည် မင်းသမီး၏အလောင်းကို မှန်ခေါင်းထဲ၌ထည့်၍ တောင်ကုန်းတခုပေါ်တွင် တင်ထားကာ၊ ပန်းများဖြင့် မွမ်းမံ၍ အလောင်းကို စောင့်ရှောက်နေကြလေသည်။ တောတိရစ္ဆာန် ကလေးများ ကလည်း လာရောက် ကူညီ စောင့်ရှောက်ပေးကြ၏။ တနေ့သောအခါ တောကစားထွက်လာသည့် မင်းသားကလေးတပါးသည် ခင်နှင်းဖြူ၏အလောင်းကို တွေ့မြင်ရလျှင် များစွာပင် သနားချစ်ခင်သဖြင့် အလောင်းကို မိမိ၏တိုင်းပြည်သို့ ယူဆောင်သွားကာ လှပခမ်းနားစွာ ထားလိုပါသည်ဟု လူပုကလေးများထံ ခွင့်ပန်လေသည်။ လူပုကလေးများကလည်း သဘောတူညီသဖြင့် မှန်ခေါင်းကိုမယူကြရာတွင် မင်းသား၏တပည့်တဦးက ခလုတ်တိုက်မိသောကြောင့် မှန်ခေါင်းမှာ လွတ်ကျလေ၏။ ထိုအခါ ခင်နှင်းဖြူ၏ လည်ချောင်းဝတွင် တစ်ဆို့နေသော ပန်းသီးခြမ်းသည် မင်းသမီးကလေး၏ ပါးစပ်တွင်းမှ ထွက်ကျသွားလေသည်။

ထိုကြောင့် ခင်နှင်းဖြူသည် အိပ်ပျော်ရာမှ နိုးလာသူကဲ့သို့ ချက်ခြင်းပင် လူကောင်းပြန်ဖြစ်လာရာ မင်းသား်ကလေးနှင့် တကွ လူပုကလေးများ၊ တောတိရစ္ဆာန်များမှာ ဝမ်းမြောက်ကြရလေသည်။ မင်းသားကလေးသည် လူပုကလေးများထံမှခွင့်ပန်၍ ခင်နှင်းဖြူကို မိမိတိုင်းပြည်သို့ ခေါ်ဆောင်သွားပြီးနောက် လက်ထပ်လိုက်၏။ ထိုသတင်းများကိုကြားရသော မိထွေးစဉ်းလဲ မိဖုရားသည်လည်း ဒေါသစိတ်မှန်ပြီးလျှင် သေဆုံးလေ၏။

စနိုက်ဒုက်။ ။ရေအိုင်ထွန်းရာ၊ ရေဝပ်ရာနှင့် ရေတင်၍ အမြဲတမ်းစွတ်စိုထိုင်းမှိုင်းရာ ဒေသများ၌ ကျက်စားသော ဒုက်တို့အနက် စနိုက်ခေါ် ဒုက်များကို လူအသိ များလေသည်။ ရေထဲတွင်သွားလာတတ်သော ဒုက်တမျိုးဖြစ်သည်။

စနိုက်သည် ကိုယ်ထည်သေးငယ်၍ အသွေးအရောင် ညို့သည်။ နှုတ်သီးနှင့် ခြေထောက်များမှာ အလွန်ရှည်၏။ အချို့စနိုက်များသည် ယင်းတို့၏ ရှည်လျားသော နှုတ်သီးများအပါအဝင် အလျား ၁၀ လက်မခန့် ရှိကြသည်။ ရှည်လျားသော နှုတ်သီးနှင့် ခြေတံများရှိသောကြောင့်လည်း စနိုက်များသည် ရေဝပ်သောနေရာ၊ စွတ်စိုနေသောနေရာနှင့် ရေစမ်းများတွင် မိမိတို့ကိုယ်ကို ရေမထိစေဘဲ ကျက်စားနိုင်ကြ၏။ ပျံသန်းရာ၌ အလွန်လျင်မြန်၍ တဆစ်ချိုးပျံသန်းတတ်ကြသည်။

စနိုက်များသည် ရေဝပ်၍ အမြဲတမ်းစိုစွတ်လျက်ရှိသော မြေပေါ်တွင် ခွက်သဏ္ဌာန် ခပ်ဝိုင်းဝိုင်းအသိုက်များကို မြက်ဖြင့် ပြုလုပ်ကြသည်။ ဥမှာ သစ်သေ့သီးသဏ္ဌာန် ရှိ၍ တကြိမ်လျှင် ၄ ဥအုသည်။ စနိုက်များကို ထိမှန်အောင် ပစ်ခတ်ရန် ခဲယဉ်းသောကြောင့် ဒုက်ခတ်သမားနှင့် ဒုက်ပစ်ဝါသနာ ပါသူများက သဲသဲမဲမဲ လိုက်လံ ပစ်ခတ်လေ့ ရှိကြသည်။



ရေစပ်တွင်ကျက်စားလေ့ရှိသောစနိုက်ဒုက် စနိုက်ကြီးဒုက်

စနိုက်မျိုးများအနက် စနိုက်ကြီးမှာ သာမန်စနိုက်များထက် ကိုယ်ဆည်ကြီးမားသည်။ ဂျက်စနိုက်ဟုခေါ်သော စနိုက်မျိုးသည် အလျား ၇ လက်မသာရှိ၏။ ထိုစနိုက်ကြီးနှင့် ဂျက်စနိုက် နှစ်မျိုးစလုံးကို အလွန် တွေ့ရခဲလေသည်။ ထို ဍုက်တို့သည် ဆောင်းရာသီ၌သာ လာရောက်ကြသော ည့်သည်ဍုက်များဖြစ်ကြသည်။

မြိတ်သျှက်ခြံန်းစုနှင့် ဥရောပတိုက်တွင် သာမက၊ အခြားတိုက်ကြီးများတွင်လည်း၊ စနိုက်ကို တွေ့ရှိရသည်။ များသောအားဖြင့် စနိုက်များ ကျက်စားရာ ဒေသကား ရေအိုင်စပ်၊ မြစ်ကမ်းနား၊ ရေတင်၍ စွတ်စိုသောနေရာများ၊ လယ်ကွက်များဖြစ်သည်။

မြောက်အမေရိကတိုက်တွင် ဝီလဆန်စနိုက် ခေါ် စနိုက်တမျိုးကို တွေ့ရ၏။ ထိုဝီလဆန်စနိုက်များသည်လည်း ဍုက်ပစ်ဝါသနာအိုးများ၏ အကြိုက်ပင်ဖြစ်လေသည်။

မြကြီးမှရွှေသီး

ဆန်စပါးသည် မြန်မာ့စီးပွားရေး အသက်သွေးခဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့ရောင်းချသောဆန်တန်ချိန်မှာ သုံးသန်းကျော်ဖြစ်သည်။ ယခု မြန်မာ့စီးပွားရေးကို ပြန်လည်ထူထောင်ဆဲတွင်၊ စစ်မဖြစ်မီက စံချိန်၏ ထက်ဝက်မျှလောက်သာ ထုတ်လုပ်နိုင်သေးသည်။ သို့ဖြစ်လင့်ကစား ဆန်နှင့်ဆန်ထွက်ပစ္စည်းတို့ကို နိုင်ငံခြားသို့တင်ပို့ရောင်းချရာမှ ဝင်ငွေသည် တနှစ်တနှစ်လျှင် ကုဋေခုနစ်ဆယ်ထက်မနည်းချေ။

စပါး။။ ။စပါးသည် မြက်ပင်မျိုးဖြစ်သည်။ အများအားဖြင့် တနှစ်ခံပင်မျိုးဖြစ်၍ အချို့အပူပိုင်းဒေသများတွင် နှစ်ကြာခံပင်မျိုးဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ဒိုက်စပါးနှင့် ဒေါင်းစပါးခေါ် စပါးရိုင်းနှစ်မျိုးကို ရေနစ်ကွင်းများနှင့် ကန်များထဲ၌ တွေ့ရသည်။ ရုက္ခဗေဒအလိုအားဖြင့် ဒေါင်းစပါးကို 'အိုရိဇာ လက်တီဖိုးလီးယား' ဟူ၍ ဍုင်း၊ ဒိုက်စပါးကို 'အိုရိဇာ ဆာတီဗား' ဟူ၍ဍုင်း ခေါ်သည်။ မြန်မာနိုင်ငံအထက်ပိုင်း ခြောက်သွေ့သောမြေများ၌လည်း 'အိုရိဇာ ဂရန်နျူလေးတား' ခေါ် စပါးရိုင်းတမျိုးပေါက်သည်ဟု ဆိုသည်။ ထိုစပါးရိုင်းများမှ စပါးပင်အမျိုးမျိုးခွဲထုတ်လာသည်။ မြန်မာနိုင်ငံ၌ စပါးမျိုးပေါင်း ၁,၀၀၀ ခန့်ရှိသည်ဟုဆိုသည်။



သန်မာထွားကျိုင်းသောစပါးနှံ

စပါးမျိုး တမျိုးတည်းကိုပင် အရပ်ဒေသလိုက်၍ အမည်အမျိုးမျိုးဖြင့် ခေါ်တတ်ကြသည်။ တဖန် မျိုးမတူသောစပါးများကို အမည်တမျိုးတည်းဖြင့် ခေါ်တတ်ကြပြန်ရာ စပါးပင်တို့၏ အမျိုးအစားကို ခွဲခြားရန် ခဲယဉ်းပေသည်။ စပါးမှ ဆန်ကြိတ်လုပ်ငန်း တိုးတက်နေသော တိုင်းပြည်များတွင် စပါးစေ့များ၏ အရွယ်အစားကိုလိုက်၍ အမျိုးအစားခွဲခြားတတ်ကြလေသည်။ သို့သော်မြန်မာလယ်သမားများသည် လွယ်ကူစိမ့်သောဥာဏ်ဖြင့် စပါးပင်တို့၏သက်တမ်းကိုလိုက်၍ (၁) ကောက်လျင်၊ (၂) ကောက်လတ်၊ (၃) ကောက်ကြီး၊ (၄) မုရင်း၊ ဟူ၍ စပါးမျိုး ၄ မျိုး ခွဲခြားထားကြသည်။

ကောက်လျင်စပါး၏ သက်တမ်းမှာ ရက်ပေါင်း ၁၄၀ မှ ၁၅၀ အထိဖြစ်၍ အောက်တိုဘာလလယ်လောက်တွင် ဖြစ်စေ၊ လကုန်လောက်တွင် ဖြစ်စေ မှည့်သည်။ ထိုစပါးမျိုးကို မိုးနည်းသော ဒေသများနှင့် မြေမကောင်းသော လယ်ကွင်းများတွင် စိုက်ပျိုးလေ့ရှိသည်။ သို့သော် မြန်မာနိုင်ငံအောက်ပိုင်း၌ ကောက်ကြီးနှင့် ကောက်လတ်စပါး စိုက်ပျိုးသော လယ်များတွင် သီးဦးစားရုန် အတွက် ကောက်လျင်များကို အနည်းငယ် စိုက်ပျိုးလေ့ရှိသည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် စိုက်ပျိုးသော ကောက်လျင်စပါးမျိုးများမှာ ဆန်လုံးငယ်သော ဧည့်မထစပါးနှင့် လက်ရွေးဆန်စပါးများ ဖြစ်ကြသည်။ မြန်မာနိုင်ငံအထက်ပိုင်းတွင်စိုက်ပျိုးသော ကောင်လျင်စပါးမျိုးများမှာ ငစိန်နှင့် လက်ရွေးဆန်အငယ်စားမျိုးများ ဖြစ်ကြသည်။

ကောက်လတ်စပါး အမျိုးအစား၏ သက်တမ်းမှာ ရက်ပေါင်း ၁၅၀ မှ ၁၇၀ အထိဖြစ်၍ နိုဝင်ဘာလလယ် သို့မဟုတ် လကုန်လောက်တွင် မှည့်သည်။ ထိုစပါးမျိုး၌ ဆန်းလုံးသေးငယ်သော ငစိန်စပါး၊ လက်ရွေးဆန် စပါးနှင့် ဧည့်မထစပါးများ ပါဝင်သည်။ ထိုစပါးများကို ကောက်ကြီးစပါးစိုက်ပျိုးသော လယ်များမှာထက် ၁၀ ရက် ၁၅ ရက် စောကာ ရေခန်းသောလယ်ကွက်များတွင် စိုက်ပျိုးကြသည်။ ရခိုင်တိုင်းမှ ဆန်လုံးငယ်သော 'လက်ရုံး' စပါး၊ 'ငကြိမ်

သီး' စပါး၊ တနင်္သာရီတိုင်းမှ 'ရှမ်းကလေး' စပါးနှင့် 'ရဟိုင်း' စပါးတို့သည် ကောက်လတ်စပါးများ ဖြစ်ကြသည်။ မြန်မာနိုင်ငံ အထက်ပိုင်းတွင် ဆည်များမှ ရေမရသောလယ်များတွင် ကောက်လတ်စပါးမျိုးကို စိုက်ပျိုးကြသည်။


ကောက်ကြီးမှာ သက်ရှင်စပါးမျိုးဖြစ်သည်။ သက်တမ်းမှာ ရက်ပေါင်း ၁၇၀ မှ ၂၀၀ အထိဖြစ်၍ ဒီဇင်ဘာလဆန်းတွင် မှည့်သည်။ သက်တမ်းအလိုက် အမျိုးအစားခွဲရလျှင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်တိုင်းတို့၌ စိုက်ပျိုးသော ဆန်လုံးကြီးမျိုး ငစိန်စပါးသည် ကောက်ကြီးမျိုး ဖြစ်သည်။ တနင်္သာရီတိုင်းတွင် စိုက်ပျိုးသော 'ဗျတ်' စပါးနှင့် မြန်မာနိုင်ငံအောက်ပိုင်း မြေဩဇာကောင်းသော အရပ်များတွင်စိုက်ပျိုးသော မီးတုံးစပါးတို့သည်လည်း ကောက်ကြီးမျိုးပင် ဖြစ်ကြသည်။ မီးတုံးမျိုးတွင် ကမာကြည်၊ စပါးနက်နှင့် ကုလားကြီးတို့ ပါဝင်သည်။ ကောက်ကြီး စပါးကို မြေဩဇာ ကောင်းမွန်၍ မိုးကုန်သည် အထိ ရေရရှိသော လယ်များတွင် စိုက်ပျိုးသည်။ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ စသော မြစ်ဝကျွန်းပေါ် ဒေသတို့တွင် စပါးနက်မျိုးကို ငကဲ့ဟု ခေါ်လေ့ရှိသည်။ ဆည်မှ ရေရသော ရွှေဘိုခရိုင်နှင့် မင်းဘူးခရိုင်ရှိ လယ်များတွင် ကောက်ကြီးစပါးကို စိုက်ပျိုးကြသည်။

မုရင်းစပါး သည် ကောက်လျှင်စပါးနှင့် သက်တမ်းတူသည်။ ထိုစပါးမျိုးကို မြစ်ကမ်းခြေ အရပ်ဒေသများ၌ နိုဝင်ဘာလတွင် စိုက်ပျိုးကြ၍ မတ်လတွင် ရိတ်သိမ်းကြသည်။ အထက်ပါ စပါးမျိုးများ အပြင် တောင်ပေါ်တွင် စိုက်ပျိုးသော တောင်ယာစပါးနှင့် ၆ လက်မ ၇ လက်မ အထိ ရေမြုပ်နေသော လယ်များတွင် စိုက်ပျိုးသည့် တတောင်ပို စပါးမျိုးကဲ့သို့သော ရေပေါ်စပါးမျိုး ဟူ၍ စပါးနှစ်မျိုးရှိသေးသည်။ ထိုစပါးမျိုးများ အနက် ကောက်ကြီးနှင့် ကောက်လတ်စပါးတို့မှာ အနုတ်အသိမ်းများသဖြင့် ယင်းတို့ကို အကြီးအကျယ်စိုက်ပျိုးကြသည်။

ကောက်ညှင်းသည် စပါးမျိုးပင်ဖြစ်သည်။ အကြမ်းအား ဖြင့် ဆန်အရောင်ကိုကြည့်၍ ကောက်ညှင်းဖြူ၊ ကောက်ညှင်း ငချိပ်ဟူ၍ နှစ်မျိုးခွဲသည်။ ကောက်ညှင်းဖြူမှာ အရောင်ဖြူ၍၊ ကောက်ညှင်းငချိပ်မှာ အရောင်ညိုသည်။ ကောက်ညှင်းစပါးသည် ရိုးရိုးစပါးများလောက် အသုံးမများသဖြင့် ယင်းကို အနည်းငယ်လောက်သာ စိုက်ပျိုးလေ့ရှိသည်။

စပါးပင်များကို စိုက်ပျိုးထွာ၌ ပိုးမွှားများ၏ဘေးရန်မှကာကွယ်ပေးရန်မှာ အရေးကြီးပေသည်။ စပါးပင်ကို ဖျက်ဆီးတတ်သော ပိုးမျိုးမှာ ပိုးတွေ့ဂျင့်တဲ၊ ငမြှောင်တောင်၊ နှံဖြတ်ပိုး၊ ရွက်ဖြတ်ပိုး ဟူသော ပေါက်ဖတ်မျိုးများ၊ ပိုးလောင်မီး၊ ကျိုင်းကောင်များ၊ ဆစ်ပိုးခေါ် ပိုးဖလံမျိုးများ ဖြစ်ကြသည်။ ထိုပြင် ဖောင်စိုးကနုန်းနှင့် လယ်ဗုဇ္ဈန်များကလည်း စပါးပင်ကို ဖျက်ဆီးတတ်ကြသေးသည်။ အခြားတောတိရစ္ဆာန်နှင့် ငှက်တို့ကလည်း စပါးကို ဖျက်ဆီးတတ်ကြသဖြင့် ယင်းတို့၏ အနှောင့်အယှက်များမှလည်း ကာကွယ်ပေးကြရသည်။ တောင်စောင်းတွင် စိုက်ပျိုးသော စပါးများကို ကြွက်က ဖျက်ဆီးတတ်သည်။ ထိုပြင် စပါးပင်များ၌ ခွံပိုးထောက်၊ ကွင်းနားထောက်၊ လောင်မီးထောက် ကဲ့သို့သော အပင်ထောက်များလည်း ကျထောက်တတ်သေးရာ ထိုထောက်များမှလည်း ကာကွယ်ပေးကြရသည်။


ယခုအခါတွင် စပါးကို ဆန်ဖြစ်အောင် ဆန်စက်များ၌ ကြိတ်ကြသည်။ ဆန်စက်များ မပေါ်မီ ရှေးအခါက စပါးကို လက်လှည့်ကြိတ်ဆုံတွင် ထည့်၍ကြိတ်ကာ အခွံကို ခွာတ်ကြသည်။ ကြိတ်ဆုံမှထွက်လာသော အခွံကျွတ်ပြီးဆန်ကို ဆန်လုံးတီး သို့မဟုတ် လုံးစိမ်းဟု ခေါ်သည်။ တဖန် လုံးတီးဆန်ကို မောင်းတွင်ထည့်၍ ဖွပ်ရပြန်သည်။ မောင်းထောင်းဆန်သည် လျင်မြန်စွာ အောက်လွယ်၊ ပိုးတွယ်လွယ်၏။ ဆန်နှင့် ကပ်နေသော အလွှာများကို စင်အောင်ဖွပ်ထားသော ဆန်ဖြူသည် ကြာရှည်အထားခံသည့်ပြင် မျက်နှာပန်းလည်းလှသည်။ သို့သော် မောင်းထောင်းဆန်ကဲ့သို့ အာဟာရဓာတ်နှင့် မပြည့်စုံချေ။ မောင်းထောင်းဆန်၌ ဗီတာမင် ဘီ ပါရှိသည်။ ဆန်ဖြူတွင် ဗီတာမင် မရှိသလောက် ဖြစ်နေသဖြင့် ထိုဆန်မျိုးကို အမြဲစားသူများသည် ဗယ်ရီဗယ်ရီ ခေါ်ထုံနာစို့ ကိုယ်ဖောနာ ဖြစ်တတ်ကြသည်။ ထိုကြောင့် ယခုအခါ မြန်မာနိုင်ငံတော်အစိုးရသည် အများပြည်သူတို့ ဆန်လုံးတီးကို စားရန် လှုံ့ဆော်ပေးလျက်ရှိ



နိုင်ငံတော်ကောက်ပဲသီးနှံဈေးဝယ်ရေးအဖွဲ့မှ စပါးများဝယ်ယူနေပုံ

သည်။ ဆွန်လုံးတီးကို ဆန်လုံးညိုဟု အမည်ပေးထားပြီးလျှင် ဆန်လုံးညိုကို သက်သာသောအဖိုးနှုန်းဖြင့် ရောင်းချသောဌာနများ ဖွင့်လှစ်ထားရှိသည်။ (အစာအာဟာရ — ၅၅။)

စပါးမှ ဆန်ခွဲထုတ်ခြင်း စပါးခွံ၊ ဖွဲနုနှင့် ဆန်ကွဲတို့ကို ဘေးထွက်ပစ္စည်းများအဖြစ် ရရှိသည်။ ဖွဲနုကို ကျွဲနွားများအား အစာကျွေးထုတွင် အသုံးပြုနိုင်သည်။ ဆန်ကွဲကို အရက်ချက်ထုခြင်း၊ ကစီပြုလုပ်ထုခြင်း၊ ဆန်မှုန့်ပြုလုပ်ထုခြင်း အသုံးပြုနိုင်သည်။ စပါးခွံ (ဖွဲကြမ်း) များကို လောင်စာအတွက်ဖြစ်စေ၊ အထုပ်များထုပ်ထုတွင်ဖြစ်စေ၊ ရေခဲများအရည်မပျော်လွယ်စေရန် ဖုံးအုပ်ပေးထုခြင်းဖြစ်စေ အသုံးပြုနိုင်သည်။ စပါးကိုရိတ်သိမ်းသောအခါလယ်ထဲတွင်ကောက်ရိုးသာ ကျန်ခဲ့သည်။ ထိုကျန်သော ကောက်ရိုးကို ကျွဲနွားတို့အစာအတွက် အသုံးပြုနိုင်သည်။ ထိုပြင်ကျွဲနွားများအတွက် အခင်းအဖြစ်ထင်း၊ အိမ်မိုးရန်အတွက်ထင်း၊ ပစ္စည်းများ ထုပ်ပိုးရန် အတွက်ထင်း အသုံးပြုနိုင်သေးသည်။



စပါးသန့်သန့်ရရှိရန် လှေ့စင်တွင်စပါးလှေ့နေပုံ

အရှေ့တိုင်းနိုင်ငံများတွင် ဆန်ကို အဓိကအစာအဖြစ် စားသုံးကြသဖြင့် ထိုတိုင်းနိုင်ငံများ၌သာ ဆန်လုံလောက်စွာမရလျှင် ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် ရင်ဆိုင်ကြရပေမည်။ ထိုကြောင့် ထိုနိုင်ငံများတွင် စပါးကို အကြီးအကျယ်စိုက်ပျိုးကြလေသည်။ မြန်မာနိုင်ငံကဲ့သို့သော အခြိုနိုင်ငံများတွင် စပါးကို တနှစ်လျှင် တကြိမ်သာစိုက်ပျိုးသည်။ အစာရေစာရှားပါးသော တရုပ်နိုင်ငံတောင်ပိုင်းနှင့် အခြို ပူအိုက်သော ထာသဉတရှိသည့် တိုင်းပြည်များ၌မူ တနှစ်လျှင် လေးကြိမ်မျှ စိုက်ပျိုးလုပ်ကိုင်ကြသည်။

ကမ္ဘာ့လူဦးရေ ၂၅ ထုခိုင်နှုန်းသည် ဆန်ကို အမှီပြု၍နေရလေသည်။ ကမ္ဘာ့ဆန်ထွက်နိုင်ငံ အားလုံးကို ခြုံ၍ကြည့်လျှင် ၉၅ ထုခိုင်နှုန်းမျှသောဆန်ကို အာရှတိုက်မှရရှိသည်။ ကမ္ဘာ့အာဟာရပြည့်စုံမှုရေးတွင် မြန်မာနိုင်ငံသည် ရှေ့တန်းမှပါဝင်ဖြည့်စွက်လျက်ရှိသည်။ စစ်မဖြစ်မီ ၁၉၄၁ ခုနှစ်၊ နှစ်ချုပ်စာရင်းအရ မြန်မာနိုင်ငံ၌ စပါးစိုက်ပျိုးသော ဧကပေါင်းမှာ ၁၂,၅၁၈,၅၀၀ ဖြစ်သည်။ ထွက်သောဆန်တန်ချိန်ပေါင်းမှာ ၇,၂၆၅,၂၀၀ ကျော်သည်။ ဆန်တန်ချိန်ပေါင်း ၇,၅၀၀,၀၀၀ ကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချခဲ့ရလေသည်။

စစ်မဖြစ်မီကနှင့် စစ်ပြီးခေတ် နိုင်ငံခြားသို့ တင်ပို့သော ဆန်ထွက်ပစ္စည်း တန်ချိန်မှာ အောက်ပါ စာရင်းအတိုင်းဖြစ်သည်။


၁၉၃၈–၃၉	ခုနှစ်	၇,၇၂၉,၀၀၀ တန်
၁၉၄၆–၄၇	„	၉၂၁,၀၀၀ „
၁၉၄၇–၄၈	„	၁,၂၅၄,၀၀၀ „
၁၉၄၈–၄၉	„	၁,၁၉၃,၀၀၀ „
၁၉၄၉–၅၀	„	၁,၁၂၉,၀၀၀ „
၁၉၅၀–၅၁	„	၁,၃၆၈,၀၀၀ „

မြန်မာနိုင်ငံက နိုင်ငံခြားသို့ တင်ပို့ရောင်းချသော ဆန်နှင့် ဆန်ထွက်ပစ္စည်းတန်ဖိုးမှာ တနှစ်တနှစ်လျှင် ငွေကုဋေ ၇၀ မှ ၈၀ အထိရှိလေသည်။

ယခုအခါ စပါးပင်မှဆန်ကို လုံလောက်စွာ မရရှိနိုင်သော တိုင်းပြည်များတွင် ဆန်တကို လုပ်ယူစားသုံးနေကြသည်။ ထိုတိုင်းပြည်များ၌ ရိက္ခာပြဿနာ မကြာခဏ ပေါ်ပေါက်တတ်သဖြင့် ဆန်အတုများ ပြုလုပ်၍ရနိုင်ရန် ကြိုးစားကြရ၏။ ဂျပန်နိုင်ငံ၌ ၁၉၄၀ ပြည့်နှစ်လောက်ကပင် စတင်၍ ဆန်တုကို စမ်းသပ်လုပ်ကိုင်ကြည့်ရာ ၁၉၅၂ ခုနှစ်တွင် စျေးသင့်ရောင်းချနိုင်သော အဆင့်အတန်းသို့ ရောက်သည် အထိ အောင်မြင်လေသည်။ အိန္ဒိယနိုင်ငံ၌လည်း အာဒါလွတ်၊ ပလောပီန်၊ ပိန်းဥ၊ မျောက်ဥ ကဲ့သို့သော သစ်ဥသစ်ပုမျိုးမှ ဆန်တုထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ဆန်တုတွင် အစာအာဟာရဓာတ် လုံလောက်စွာပါရှိနိုင်ရန် လိုအပ်သော ဓာတ်ပစ္စည်းများ ထည့်သွင်း၍ ရနိုင်သည်ဟု ဆိုပေသည်။

သို့သော် ယနေ့အထိ ဆန်အစစ်ကို ဆန်အတုနှင့် အစားထိုးခြင်းမှာ ကမ္ဘာပေါ်ရှိ ဆန်စားသုံးသူတို့ လက်ခံနိုင်လောက်အောင် မအောင်မြင်သေးချေ။

စပါးကြီးမြေ။ ။စပါးကြီးမြေသည် ၁၀ ပေမှ ပေ ၂၀ အထိရှည်၍ တခါတရံ ပေ ၃၀ မျှပင်ရှည်တတ်သည်။ စပါးကြီးမြေ၌ အဆိပ်မရှိချေ။ သို့ရာတွင် သမင်စသော သတ္တဝါ



စပါးကြီးမြေ

များကို မိမိ၏ကိုယ်ဖြင့် ရစ်ပတ်ကာ ဖျစ်ညှစ်ဆဲဆန့် သတ်ဖြတ်ပြီးနောက် အကောင်လိုက်မျိုချတတ်သည်။ စပါးကြီးမြေများကို အာရှ၊ အာဖရိကနှင့် ဩစတြေးလီးယားတိုက်များရှိ အပူပိုင်းဒေသများ၌ တွေ့ရသည်။ အရောင်မှာ အဝါ၊ အညို၊ အမည်းတို့တွင် မှန်ကူကွက်များကဲ့သို့ အကွက်များဖြစ်နေရာ ယင်းကို သစ်ကိုင်း သစ်ခက်နှင့် သစ်ပင်ရိပ်များအကြားတွင် လွယ်ကူစွာမြင်နိုင်ရန် ခဲယဉ်းသည်။ ရေတိမ်ရာပတ်တောများ၌ အနေများသည်။ ရေကူး၊ သစ်ပင်တက် ကျင်လျင်သည်။

စပါးကြီးမြေသည် တဖြည်းဖြည်းကြီးသော မြေမျိုးဖြစ်သည်။ အသက်ရှည်ရှည်နေသည်။ မြေမ သည် ဥအလုံးတရာနီးပါးမျှ အုတ်၍ ဥမှ အကောင်ကလေးများပေါက်သည့်တိုင်အောင် မည်သည့်နေရာသို့မှမသွားဘဲ ဥများကိုရစ်ပတ်၍ စောင့်ရှောက်နေတတ်သည်။ ထိုသို့ ဝပ်နေသော အချိန်တွင် မြေမသည် အစာမစားချေ။

စပါးအုံးသည် စပါးကြီးမြေအငယ်စား ဖြစ်သည်။

စပါးတား။ ။စပါးတားသည် ဂရိနိုင်ငံရှိ ရှေးဟောင်းမြို့ကြီးတမြို့ဖြစ်သည်။ လာကိုးနီးယားပြည်၏ မြို့တော်ဖြစ်ခဲ့ဘူး၍ ပယ်လိုပွန်နီးဆပ် ကျွန်းဆွယ်တွင် အင်အားတောင့်တင်းဆုံးသော နယ်တခုလည်း ဖြစ်ခဲ့ဘူး၏။ ထိုနယ်ကို ဇုနတ်၏သားတော် လက်စီဒီးမွန်းက စတင်တည်ထောင်ခဲ့သည်ဟု ဆိုရိုးရှိသည်။ ထိုကြောင့် အခြို့က စပါးတားနယ်ကို

လက်စီဒီးမွန်းဟု ခေါ်ကြလေသည်။ စပါးတန်းလူမျိုးတို့မှာ ဂရိအမျိုးအနွယ်ဖြစ်၍ ဒိုရီယန်မျိုးစုဖြစ်လေ၏။ ထိုလူမျိုးတို့သည် ကော်ရင်သီယန်ပင်လယ်ကွေ့ကိုဖြတ်၍ ပယ်လိုပွန်နီးဆပ်ကျွန်းဆွယ်ကို အနောက်မြောက်ဖက်မှ ဝင်ရောက်လာသူများဖြစ်သည်။ ယင်းတို့သည် စပါးတားနယ်တွင် ရှိရင်းစွဲလူမျိုးများကို ကျွန်များအဖြစ်ထား၍ နယ်ကိုအုပ်ချုပ်နေထိုင်ကြ၏။ အသက်မွေးဝမ်းကျောင်းအတွက် ဘာမျှလုပ်ကိုင်ခြင်းမရှိကြချေ။ ယင်းတို့၏ ကျွန်များက လယ်ယာများလုပ်ကိုင်ပေးကြရလေသည်။ စပါးတားနယ်မှာ လူတန်းစားသုံးမျိုးရှိရာ စပါးတန်းလူမျိုးများဖြစ်သော အုပ်ချုပ်ရေးလူတန်းစား၊ ကုန်သည်ပွဲစားလူတန်းစားများဖြစ်သော ပါရီအိုစီများနှင့် ကျွန်လူတန်းစားဖြစ်သော ဟဲလော့များဖြစ်ကြ၏။



လက်ရုံးရည်ပြည့်စုံသော စပါးတန်းစစ်သူရဲတဦး

စပါးတန်းများသည် စပါးတားနယ်ကို ဘုရင်နှစ်ဦးထား၍ လိုင်ကားဂပ်အမည်ရှိ ပညာရှိကြီးပြုစုခဲ့သော အခြေခံဥပဒေများအတိုင်း အုပ်ချုပ်ကြလေသည်။ ထိုအုပ်ချုပ်ရေးအရ စပါးတန်းတို့သည် အသီနီယန်တို့ကဲ့သို့ စာပေနှင့် အနုပညာကို လိုက်စားခြင်းမရှိဘဲ ကိုယ်ကာယတောင့်တင်းပြီး စစ်ရေးဥာဏ်လည်း ကျွမ်းကျင်ရန်သာ အဓိကထားကြလေ၏။ သားယောကျ်ားကလေး များကို ခုနစ်နှစ်က ကျော်လွန်လျှင် အစိုးရထံအပ်၍ စစ်ပညာသင်စေရ၏။ ကျန်းမာရေးချို့တဲ့သော ကလေး၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသော ကလေးများကို မွေးစကပင် တောင်ပေါ်တွင် ပစ်ထားရ၏။ ဤသို့ဖြင့် စပါးတန်းတို့မှာ ကျန်းမာရေးနှင့်ပြည့်စုံ၍ ခွန်အားဗလတောင့်တင်းသူများသာ ဖြစ်ရ၏။ ရှေးစပါးတန်းတို့မှာ

သားယောကျ်ားကလေးမွေးလျှင် ခုနစ်နှစ်အရွယ်မှစ၍ မိဖက မပိုင်ရတော့ချေ။ စစ်ပွဲတွင် အမှုထမ်းနိုင်သည့်အရွယ်ဟူသမျှတို့ကို အစိုးရစစ်တပ်၌သာ အမှုထမ်းစေရန် မိဖတို့က အစိုးရအား အပ်ရလေသည်။

စစ်ရေးလေ့ကျင့်မှုတွင်သာ အချိန်ရှိသ၍ လုံးပန်းနိုင်စေ၍ စားရေးသောက်ရေးအတွက် တာဝန်နည်းစေရန် အစိုးရက ဘုံအစားအသောက်ရုံကြီးများ ဖွင့်လှစ်ထား၏။ ထိုကဲ့သို့ စားသောက်ခွင့်ရရန် အစိုးရအား ဆက်ကြေးပေးထားရလေသည်။ ထိုဆက်ကြေးများပေးနိုင်ရန် ကျွန်များက လယ်ယာများကို လုပ်ပေးကြရလေ၏။ ထိုကြောင့် စပါးတန်းများမှာ စစ်ရေးလေ့ကျင့်ရန်သာ တာဝန်ရှိလေသည်။

တိုက်ခိုက်မှု၊ ကိုယ်ကာယ သန်စွမ်းမှု၊ သတ္တိနှင့် ပြည့်စုံမှုများကိုသာ လေ့ကျင့် နေကြရသဖြင့် အစား အသောက် အနေအထိုင်တို့တွင် စည်းကမ်းကျပ်တည်းလှသည်။ အပြောသမားမဟုတ်ဘဲ အလုပ်သမားများဖြစ်၍ အပြောအဆို တို တောင်းသော ဝသီရှိသည်။ အလှအပကို ဂရုမပြုသူများဖြစ်၍ ငွေကြေးသုံးစွဲရာတွင်ပင် သံချောင်းကြီးများကို တန်ဖိုးခဲခြားထားကာ သုံးစွဲကြလေသည်။ စစ်သားများဖြစ်၍ သူတို့ကိုယ်တိုင် အကြမ်းခံနိုင် ဒုက္ခခံနိုင်ရည် ရှိသလောက် သူတပါးအပေါ်၌လည်း ကြမ်းကြုတ်ရက်စက်လေ၏။

စပါးတန်းတို့မှာ စစ်သားကောင်းများ ဖြစ်ခဲ့ကြလေရာ တိုက်ပွဲများတွင် သူတို့၏ဒဏ်ကိုခံနိုင်ရန် ခဲယဉ်းလှပေသည်။ သူတို့ကား သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး စိတ်ဓာတ်ထားကာ တိုက်မိလျှင်မဆုတ်တမ်း ရှေသို့သာတိုးမည့်လူမျိုးပေတည်း။ ထိုကြောင့် သတ္တိအလွန်ကောင်းသူများကို စပါးတန်းသတ္တိဟု သုံးနှုန်းပြောဆိုကြလေ၏။

ဘီစီ ၅ ရာစုနှစ်လောက်တွင် စပါးတန်းတို့ တန်ခိုးတက်နေလေသည်။ ပါးရှင်းစစ်ပွဲများနှင့် ပယ်လိုပွန်နီးရှင်းစစ်ပွဲများတွင် စပါးတန်းတို့ ထင်ရှား ကျော်ကြား လာလေ၏။ ပယ်လိုပွန်နီးရှင်းစစ်ပွဲအပြီးတွင် အက်သင်တို့ တန်ခိုးမှေးမှိန်သွား၍ စပါးတား တန်ခိုးကြီးလာလျက် ဂရိပြည်နယ်များမှာ စပါးတား၏ လက်အောက်သို့ ရောက်ကြရလေသည်။ သို့ရာတွင် စပါးတားတို့၏ ဖိနှိပ် ကြမ်းကြုတ်လှသော အုပ်ချုပ်မှုကို ဂရိပြည်နယ်များသည် မခံနိုင်ဘဲ ပုန်ကန်ထကြွကြလေ၏။ စပါးတားတို့အုပ်ချုပ်မှုမှာ အနှစ် ၃၀ ခန့်သာကြာရှည်၍ သီးဗီး ပြည်နယ် ခေါင်းဆောင်သော ဂရိ ပြည်နယ်အချို၏ ပုန်ကန်မှုကြောင့် စပါးတန်းတို့ တန်ခိုးကျဆင်းလာလေသည်။ မကြာမီ မက်ဆီဒိုးနီးယားပြည် လက်အောက်သို့ အခြား ဂရိပြည်နယ်များ နည်းတူ ကျရောက်သွားလေ၏။ ဤသို့ဖြင့် ဘီစီ ၂ ရာစုလောက်မှစ၍ စပါးတားနိုင်ငံငယ်မှာ မထင်ရှားသောအဖြစ်သို့ ရောက်ရှိသွားလေတော့၏။ (ဂရိနိုင်ငံ — ရှ။)

ယခုခေတ်သစ် စပါးတားမြို့မှာ ရှေးမြို့ဟောင်းနေရာတွင်ပင် ၁၈၃၄ ခုနှစ်တွင် ပြန်လည်ဆောက်လုပ်ထား၍ လက်စိဒေးမန်း စီရင်စု၏ မြို့တော် ဖြစ်လေ၏။ လူဦးရေမှာ ၁၁,၀၄၀ ဖြစ်သည်။

စပါးလင်။ ။စပါးလင်သည် မြက်ပင်မျိုးဖြစ်၏။ တပင်နှင့် တပင် စုပြုံ၍ပေါက်လေ့ရှိ၏။ အရွက်များသည် သေးသွယ်ရှည်လျား၍ ကြမ်းသည်။ အရွက်၏ဘေးစွန်းများသည် ခွေးသွားကဲ့သို့ ထက်၏။ စပါးလင်ပင်သည် အပင့် ပင့်ခဲသည်။ အများအားဖြင့် စပါးလင်ကို ဟင်းလျာများအနံ့ကောင်းစေရန် အသုံးပြုကြ၏။ ဆေးဝါးအဖြစ်လည်း အသုံးပြုကြသည်။ အစာကြေစေရန်အတွက်ဝင်း၊ ချွေးထွက်စေရန်အတွက်ဝင်း အတွင်းဆေးအဖြစ်စား သုံးကြ၏။ ထိုပြင် ရေချိုးရာ၌ဝင်း၊ ကျပ်ထုပ်ထိုးရာ၌ဝင်း စပါးလင်ကိုအသုံးပြုကြသေးသည်။

စပါးလင်မွှေးခေါ် စပါးလင်တမျိုးလည်းရှိသည်။ ထို စပါးလင်မွှေးကို အထူးတလည် စိုက်ပျိုးယူကြ၏။ အရိုင်း ပေါက်နေသော စပါးလင်ပင်များ ကိုလည်း တွေ့ရတတ်သည်။ ဤစပါးလင်မျိုးမှ စီထရိုနယ်လာဆီ (စပါးလင်ဆီ) ကို ထုတ်ယူကြ၏။ ထိုအဆီကို အမွှေးအကြိုင်ပြုလုပ်ရာတွင် အသုံးပြုကြသည်။ အစာကြေစေရန်အတွက် ဆေးအဖြစ် အသုံးပြုကြ၏။ ထို စပါးလင်ဆီကို ဗယ်စလင်နှင့်




စပါးလင်ပင်

ရောရ၍ အရေပြားပေါ်၌သုတ်ထားလျှင် ခြင်အကိုက်သက်သာသည်။

စပါးလင်ပင်များကို ရေမဝပ်နိုင်သောနုံးမြေများတွင် စိုက်ပျိုးလေ့ရှိကြ၏။ တန္ခစ်တွင် မိုးရေခိုန်လက်မ ၁၂၀ မျှရှိသောဒေသများ၌ စိုက်ပျိုးလျှင် ကောင်းစွာဖြစ်ထွန်းသည်။ မြန်မာနိုင်ငံ အောက်ပိုင်း၌ စိုက်ပျိုးရန် သင့်တော်သည်။ စိုက်ပျိုးရာ၌ မြေကို နွေအခါကထွန်ယက်၍ မိုးကျမှစိုက်ပျိုးကြသည်။ စိုက်သောအခါ အတက်များကို ထိပ်ဖြတ်ပြီးနောက် အတန်းလိုက်စိုက်ကြသည်။ တတန်းနှင့်တတန်းကို ၃ ပေစီခွာ၍၎င်း၊ တပင်နှင့်တပင်ကို ၂ ပေစီခွာ၍၎င်း စိုက်တတ်ကြသည်။ စပါးလင်သည် မြေသစ်၌ဖြစ်ထွန်းလေ့ရှိရာ မြေဩဇာထည့်ပေးရန်မလိုချေ။ ခြံမြေ၌စိုက်လျှင် နောက်ခေါ်းဆေးထည့်ပေးရန်လိုသည်။ ပေါင်းသင်ပေးခြင်းမှတပါး စပါးလင်ပင်ကို အထူးတလည် ဂရုစိုက်ရန် မလိုပေ။ စပါးလင်ပင်သည် သုံးလေးနှစ်ခံသည်။

စပီဒိုမီတာ။။ ။။ယာဉ်များ တနာရီလျှင်မည်သည့်နှုန်းဖြင့် သွားနေသည်ကို ပြသော ကရိယာကို စပီဒိုမီတာ ဟု ခေါ်သည်။ ယာဉ်အမျိုးမျိုးတွင် စပီဒိုမီတာအမျိုးမျိုး ရှိကြသော်လည်း၊ ဂါဗနာဖြင့်ထိန်းသော စပီဒိုမီတာနှင့် သံလိုက်ဓာတ်ဖြင့်ထိန်းသော စပီဒိုမီတာတို့ကို အများအပြား အသုံးပြုကြလေသည်။


ဂါဗနာဖြင့်ထိန်းသော စပီဒိုမီတာတွင် ဂါဗနာအတံများနှင့်တကွ ထိုအတံများကိုဆက်ထားသော သံလုံးများ လည်နေသောအခါ သံလုံးများသည် ဗဟိုခွာအား၏အရှိန်ကြောင့် အပြင်သို့ကား၍ထွက်လာကြသည်။ (ဗဟိုကန်အား၊ ဗဟိုခွာအား— ရှု။) ထိုသို့ကားထွက်လာခြင်းအားဖြင့် ဝင်ရိုးတံတလျှောက် လည်နေသော လျှာခွေးသွားစိတ် သည် အထိန်းစပရင်ကို တွန်း၍ဖိလာသည်။ (ပုံနှင့်တွဲ၍ သေချာစွာကြည့်ပါ)။ မိုင်နှုန်းကိုပြသောလက်တံသည် ကွားဒရင့် ခွေးသွားစိတ်တွင် တပ်ထား၏။ ထို ကွားဒရင့် ခွေးသွားစိတ်ကို တဖန် လည်နေသော လျှာခွေးသွားစိတ်တွင် တပ်ထားပြန်သဖြင့် မိုင်ပြလက်တံသည် ခွေးသွားစိတ်လည်သလောက် စကေးပေါ်တွင် ရွေ့တိုးနောက်ဆုတ် ရွေ့လျှက်ရှိနေသည်။ ဝင်ရိုးတံ အလည်မြန်လေလေ၊ ဂါဗနာသံလုံးများသည် ဝင်ရိုးမှခွာထွက်သွားလေလေဖြစ်ပြီးလျှင် အထိန်းစပရင်သည်လည်း ပို၍အဖိခံရလေလေ ဖြစ်သည်။ ဝင်ရိုးတံမည်မျှပင် လည်နေစေကာမူ ဂါဗနာသံလုံးပေါ် ကျရောက်



သံလိုက်ဓာတ်ဖြင့်ထိန်းသောစပီဒိုမီတာပုံ

သောဗဟိုခွာအားသည် အထိန်းစပရင်၏ တွန်းအားနှင့်ညီမျှလျက်ရှိနေသည်။ ဝင်ရိုးတံအနည်းငယ်လည်သည်နှင့် အခြားအစိတ်အပိုင်းများလည်း လိုက်၍လည်သဖြင့် ချက်ခြင်းပင် လက်တံသည် စကေးပေါ်တွင် မိုင်နှုန်းကို ဖေါ်ပြလေသည်။

သံလိုက်ဓာတ်ဖြင့်ထိန်းသော စပီဒိုမီတာတွင်ကား ခွက်ပုံသဏ္ဌာန်ရှိ ထာဝရသံလိုက်တခုရှိ၏။ ထိုသံလိုက်ခွက်သည် ဝင်ရိုးတံအရှည်တွင် တပ်ထား၍ အစဉ်လည်လျက်ရှိသည်။ ကြေးဖြင့်ပြုလုပ်ထားသော ခွက်ပုံ အာမေချာတခုကို ထိုသံလိုက်ပေါ်တွင် မှောက်၍တပ်ထား၏။ ထိုအာမေချာကို အနည်းငယ်လှုပ်ရှားနိုင်အောင် စီမံပြုလုပ်ထားသည်။ အာမေချာ၏ လှုပ်ရှားမှုကို နာရီဆံခြည်ကဲ့သို့ ပေါ့၍ အပြားလိုက်ခေ့ထားသော စပရင်ကလေးတခုက ထိန်းထားသည်။ ထိုစပရင်ကလေး၏ တဖက်စွန်းကို အာမေချာ၏ ဝင်ရိုးတွင် တပ်ထားပြီးလျှင် အခြားအစွန်းကို စပီဒိုမီတာ အိမ်တွင် တပ်၍ထားသည်။ ဝင်ရိုးတံတွင် တပ်ထားသော သံလိုက်



ဂါဗနာဖြင့်ထိန်းသောစပီဒိုမီတာပုံ

ခွက်သည် ဝင်ရိုးတံ လည်သည့်အတိုင်း လိုက်၍လည်သော အခါ သံလိုက်ဓာတ်အားသည် အာမေချာကို သံလိုက်ခွက်နှင့်အတူပါအောင် ဆွဲလေ၏။ သို့ထုတ်ပင် အာမေချာ၏ရွေ့ရှားမှုကို စပရင်ကလေးက ထိန်းထားသေးသည်။ အမြန်မျှားလေလေ၊ အာမေချာပေါ် သို့ သက်ရောက်သည့် အားသည်လည်း မျှားလေလေ ဖြစ်ပြီးလျှင် အာမေချာလှည့်ရသည့်ထောင့်သည်လည်း ကြီးလေလေဖြစ်သည်။ နောက်ဆုံးတွင် သံလိုက်ကဖြစ်စေသည့် အားသည် အထိန်းစပရင်၏ တွန်းကန်အားနှင့် တူညီသည့်အခြေသို့ ရောက်သည်။ ထို အခါ တနာရီလျှင်သွားသည့် မိုင်နှုန်းကို အာမေချာအပြင်ဖက်ရှိ ဒိုင်ခွက်အပေါက်ကလေးမှ ကြည့်မြင်နိုင်သည်။

သာမန်စပီဒိုမီတာအတွင်းရှိ မိုင်နှုန်းပြ ကရိယာကလေးတွင် လက်တံနှစ်ခု ရှိတတ်သည်။ တခုသည် ခရီးမည်မျှဝေးကွာစွာသွားခဲ့ပြီးကြောင်းကိုပြ၍ အခြားတခုသည် တနာရီလျှင် မည်သည့်နှုန်းဖြင့်သွားသည်ကို ပြသည်။ ခရီးအကွာအဝေးပြသည့် လက်တံကို ခရီး စရိမထွက်မီ သုည သို့ ရွှေ့ထားရသည်။ ကျန်းများကို ဒိုင်ခွက်အစွန်ပတ်တွင် မှတ်ထားလေ့ရှိသည်။ ဘီးတခုနှင့်တခုကို ခွေးသွားစိတ်အမျှားအနည်းဖြင့် ဆက်သွယ်၍ ထားသဖြင့် ခရီးဝေးကိုလည်း သိနိုင်လေသည်။ ထိုစက်ကရိယာ၏သဘောမှာ လှည့်ပတ်သောအရေအတွက်ကို မှတ်သားသည့် ကရိယာ၏ သဘောအတိုင်းပင် ဖြစ်သည်။ အမှန်မှာ ဘီး၏လည်ခြင်းကိုပြသော ကရိယာတခုသာဖြစ်သည်။ မော်တော်ကားသမားများအဖို့ တမိနစ်တွင် စက်မည်မျှလည်ကြောင်း ကိုလည်း သိလိုကြသဖြင့် အလားတူသဘောဖြင့် ပြုလုပ်ထားသော စက်ကရိယာလည်း ရှိသေးသည်။ ထိုကရိယာ၌ သွားသည့် မိုင်နှုန်းကိုထည့်ရန် မလိုတော့ချေ။ စက်လည်သမျှကိုပြသည့်ကရိယာတခုကိုသာ စပီဒိုမီတာ၏သဘောအတိုင်း ပြုလုပ်ထားရန် လိုလေသည်။

စပယ်။ ။စပယ်ပင်မှာ ချုံပင်မျိုးဖြစ်၏။ ရုက္ခဗေဒအမည်မှာ 'ဂျက်စမင်နမ် ဆမ်ဗက်' ဖြစ်သည်။ အိမ်စပယ်၊ တော စပယ်၊ စပယ်အို၊ စပယ်နွဲ့ဟူ၍ စပယ်အမျိုးမျိုးရှိသည်။ စပယ်ပင်သည် မွေးကြိုင်သော အပွင့်ရောင်ပန်း ပွင့်၏။ ရှေးအခါကပင် စပယ်မျှားကို စိုက်ပျိုးခဲ့ကြရာ၊ ယခုအခါ ကမ္ဘာအရပ်ရပ်၌ စပယ်မျှားကို စိုက်ပျိုးလျက်ရှိသည်။ အမျှားအားဖြင့် စပယ်ပန်းမျှားကို ပန်းကုံးမျှားပြုလုပ်၍ အလှအပဆင်မြန်းကြ၏။ စပယ်မှ စပယ်ဆီခေါ် အဆီတမျိုးကို ထုတ်ယူကြသည်။ ထိုအဆီကို အမွှေးအကြိုင်မျှားပြုလုပ်ရာတွင် အသုံးပြုကြ၏။ တရုပ်နိုင်ငံတွင် စပယ်ပန်းမျှားကို လက်ဖက်ခြောက်အနံ့မွှေးရန် အသုံးပြုကြ၏။ ယင်းကို အနာအုံဆေးအဖြစ်ဖြင့်လည်း အသုံးပြုကြသည်။



ပန်းကြွယ်သည့် ပန်းစပယ်

စပယ်ပန်းကို မြန်မာစာပေတွင် အမြတ်တနိုး ပွဲနဲ့ရေးစပ်ကြသည်။ အခြင်းလှခြင်းနှင့် အဆင်းလှခြင်းကို စာဆိုကဝိတို့က စပယ်ပန်းနှင့် နှိုင်းခိုင်းပွဲဆိုတတ်ကြသည်။ ကောက်စိုက်မတေးသံတခုတွင် ချစ်စကား၊ ကြိုက်စကား ဆိုလာသော လယ်ထွန်မောင်ကြီးအား၊ ကျေးတောသူ ကောက်စိုက်မက မိမိမှာချစ်သူရှိပြီဖြစ်ကြောင်း၊ အလာနှောင်းပြီဖြစ်ကြောင်းကို 'ပျိုခေါင်းကစပယ်ဖြူ၊ ပန်သူနှင့်လေး' ဟု ရေးသိလိုက်ပြီးနောက်၊ လယ်ထွန်မောင်ကြီး၏ စိတ်ပျက်သွားဟန်ကို 'စပယ်ခိုင်ဖူးတိုင်လှဲ့ရာ၊ လွဲရော့ကွဲလေး' ဟု စပ်ဆိုထားလေသည်။ ထိုပြင် ဤဘဒ္ဒကမ္မာဌ် ဘုရားလေးဆူပတ်ပြီးဖြစ်ကြောင်း၊ ဘုရားတဆူသာ ပွင့်ရန်ကျန်သေးကြောင်းကို စပယ်လေးရုံနှင့် နှိုင်းခိုင်းကာ ပဟေဠိလုပ်၍ စကားဝှက်ခဲ့သည့် 'စပယ်တဲ့လေးရဲ့၊ မလေးကွယ်မပန်ထိုက်တယ်၊ ပန်းမြတ်ခိုက်ကြုံ၊ အပွင့်ရယ်ကုန်၊ အငုံဖြင့်ကျန်ပါသေး၊ ပန်ချင်သူပျို့မောင်ကြီးရယ်၊ ခေါင်းဖြီးခဲ့လေး။' ဟူသောကဗျာကိုလည်း တွေ့ရလေသည်။ ထိုနောက် မိမိအား ခေတ္တယာယီ မျှသာချစ်ကြိုက်၍ နောင်အခါ၌ အသစ်မြင်သောအခါ ပစ်ပယ်လေ့ ရှိကြောင်းကို ခံပန်းနှင့် စပယ်ပန်းကို နှိုင်းရှည့်၍ ရေးသားသောကဗျာလည်း ရှိလေသည်။ စလေဦးပုည စပ်ဆိုခဲ့သောထိုကဗျာမှာ 'ပန်းစပယ် နန်းအလယ် မပေါ်ခိုက် တာမို့၊ အလိုက်တော်တန်သင့်ရုံပ၊ ခံပင့်ကိုကုံး။ ။နန်းရဝေ၊ မန်းမြေ စပယ်လှိုင်တော့၊ ခံပန်းခိုင် ယာယီရွှေတယ်၊ တောလေ့ရှာသုံး။' ဟူ၍ဖြစ်သည်။ ရတုဘုရင်နတ်သျှင်နောင်ကမူ ပန်းရာသီရောက်သော်ငြားလည်း စစ်ထွက်နေရသဖြင့် ကြင်


သူအား ကိုယ်တိုင်ဆင်မပေးရပုံကို ရေးဖွဲ့ရာတွင် 'စပယ်ပျံမွေး၊ စကားသေးကို၊ မြတ်လေးစုံမက်၊ ကျန်ုပ်လက်ဖြင့်၊ ရွေးလျက်ရွရွ၊ မဆင်ရတည့်' ဟု စပယ်ပန်းကို အမြတ်တနိုးထည့်သွင်း ရေးဖွဲ့ခဲ့ပေသည်။

စပယ်ဟူသော ရေးထုံးကိုကား ဝင္ကေဗာဓန သတ်အင်းကျမ်းတွင် 'စမွယ်' ဟူ၍၎င်း၊ ရတုစာဆို နဝဒေးကြီးကမူသူ၏ 'ပတ်စက်ဝန်းလည်' ခ်ီရတု ဒုတိယပုဒ်၌ 'စလည်းဆင်မှ၊ ပတ္တင်ယသတ်၊ဖြူဆွတ်ဆွတ်ကို' ဟု မသတ်နိုဂုဟိတ်မဲ့ 'စပယ်' ဟူ၍၎င်း၊ ဦးဝန်ပြုစုသော မြန်မာသတ်ညွှန်းကျမ်းတွင် 'စံပယ်' ဟူ၍၎င်း အမျိုးမျိုးရေးကြသည်ကို တွေ့ရပေသည်။

စပက်ထရမ်နှင့်စပက်ထရိုစကုပ်။ ။နေရောင်ကို ပရစ်ဇမ်ခေါ် သုံးမြှောင့်ဖန်တုံးဖြင့် ခံ၍ကြည့်လျှင် ဖန်တုံးထဲက ဖြတ်ထွက်လာသောနေရောင်သည် မူလနေရောင်အဖြူရောင် မဟုတ်တော့ဘဲ၊ အနီ၊ လိမ်မော်၊ အဝါ၊ အစိမ်း၊ အပြာ၊ မဲနည်း၊ ခရမ်း ဟူ၍ အရောင်ခုနစ်မျိုး ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ ယင်းသို့ထွက်လာသော အရောင်ခုနစ်မျိုးကို စပက်ထရမ် (ရောင်စဉ်) ဟုခေါ်၏။ အနောက်ဖက်တွင် နေရှိနေ၍ အရှေ့ဖက်တွင် မိုးရွာနေသောအခါ၌ သက်တံဖြစ်ပေါ်တတ်ပုံကို တွေ့ဘူးကြပေမည်။ သက်တံများတွင် အနီအစ ခရမ်းအဆုံးရှိသော အရောင်ခုနစ်မျိုးပင် ပါရှိသည့် ရောင်စဉ်များကို ကောင်းစွာတွေ့နိုင်သည်။ ခြားနားချက်မှာ သဘာဝအလျောက်ဖြစ်ပေါ်သော သက်တံများ၌ နေရောင်သည် ဖန်တုံးကိုဖြတ်သွားရမည့်အစား မိုးရေပေါက်များကို ဖြတ်သွားခြင်းသာဖြစ်သည်။ (သက်တံ — ရှ။) သို့ရာတွင် ရောင်စဉ်များသည် နေရောင်တခုတည်းမှသာ မဟုတ် လျှပ်စစ်ဓာတ်မီး၊ လျှပ်စစ်အတ်မီး၊ ဓာတ်ဆေမီး စသည့် မီးရောင်များမှလည်း ဖြစ်ပေါ်လာနိုင်ပေသည်။

ပရစ်ဇမ်ဖန်တုံးသည် နေရောင်မှ ရောင်စဉ်ဖြစ်အောင်ခဲ့တတ်ပုံကို စတင်စုံစမ်း၍ စစ်ဆေးကြည့်ရှုသူမှာ သိပ္ပံကဝိ နျူတန်ပင်ဖြစ်လေသည်။ (နျူတန်, ဆာ၊ အိုင်ဇပ် — ရှ။) ထိုပုဂ္ဂိုလ်ကြီးသည် ဖန်တုံး၏ သတ္တိကို စုံစမ်း စစ်ဆေးပြီး နောက် နေရောင်သည် အရောင်တမျိုးတည်းမဟုတ်ဘဲ ရောင်စဉ်တွင်ပါဝင်သော ခုနစ်မျိုးသောအရောင်တို့ဖြင့် စုပေါင်းဖွဲ့စည်းထားကြောင်း၊ တရောင်စီဖြစ်အောင် ဖန်တုံးက ခဲ့ထုတ်ပေးနိုင်ကြောင်း စသည်တို့ကို ခရစ် ၁၆၂၇ ခုနှစ်တွင် ထုတ်ဖော်ပြောဆိုခဲ့လေသည်။ နေရောင်ကို ပရစ်ဇမ်ဖန်တုံးကဲ့သို့သော ပစ္စည်းမျိုးဖြင့် ခံ၍ကြည့်လိုက်သောအခါ အဘယ်ကြောင့် ရောင်စဉ်များ ထွက်ပေါ်လာရသနည်း။ ထိုအကြောင်းခြင်းရာကို နားလည်ရန်မှာ အလင်းရောင်သည် လှိုင်းအဖြစ်ဖြင့် ဖြတ်သန်းသွားသည့်အချက်ကို ရှေးဦးစွာ သိထားရပေမည်။ အလင်းလှိုင်းတို့တွင် အလျားအမျိုးမျိုးရှိကြရာ၊ ထိုလှိုင်းအလျားအလိုက် အရောင်များဖြစ်ပေါ်လာကြသည်။ ပမာအားဖြင့် အနီရောင်သည် ရောင်စဉ်ရှိ အရောင်ခုနစ်မျိုးတွင် လှိုင်းအလျား အရှည်ဆုံးဖြစ်၍ ခရမ်းရောင်မှာ လှိုင်းအလျား အတိုဆုံးဖြစ်လေသည်။ လှိုင်းအလျားအမျိုးမျိုးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားသော အဖြူရောင်အလင်းသည် အဘယ်ကြောင့် လေထဲတွင် ရောင်စဉ်အဖြစ်ဖြင့် ကွဲ၍မထွက်ပါသနည်း။ ဤမေးခွန်းကိုဖြေရန်ကား ဤသို့ဖြစ်၏။ အားလုံးသော အလင်းလှိုင်းတို့သည် မည်ကဲ့သို့သောလှိုင်းအလျား ရှိသည်ဖြစ်စေ အာကာသတွင် ဖြစ်မှ အလျင်အတူတူဖြင့်သာ ဖြတ်သွားလျက်ရှိ၏။ သို့သော် ဖန်၊ ရေ စသော လင်းပေါက်ပစ္စည်းတခုခုကို ဖြတ်သွားသောအခါ၌မူကား အလင်းလှိုင်းအသီးသီးတို့၏အလျင်များသည် တမျိုးနှင့်တမျိုး မတူတော့ချေ။ ထိုအခါ လှိုင်းအသီးသီးသည် တမျိုးစီယိုင်၍ ကွဲထွက် သွားလာကြသည်။ လှိုင်းအလျားအရှည်ဆုံးဖြစ်သော အနီရောင်သည် အမြန်ဆုံးနှုန်းဖြင့် ဖြတ်သွားသဖြင့် အနည်းဆုံးယိုင်၏။ လှိုင်းအလျားအတိုဆုံးဖြစ်သော ခရမ်းရောင်၏အလျင်မှာ အနှေးဆုံးဖြစ်၍ အများဆုံးယိုင်လေသည်။ အလင်းလှိုင်းများ၌ အလျင်ချင်း မတူမှုကြောင့် ဤကဲ့သို့ အရောင်အလိုက် ခွဲထွက်လာခြင်းကို အရောင်ကွဲထွက်ခြင်းဟု ခေါ်လေသည်။ (အလင်း — ရှ။)

အထက်တနေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရောင်စဉ်များသည် အဖြူရောင်အလင်းတခုတည်းမှသာ ထွက်ပေါ်လာကြသည်ဟု မယူဆအပ်ပေ။ ပစ္စည်းတခုခုကို ဓာတ်ငွေ့ဖြစ်သွားအောင် အပူများများတိုက်ပေးလိုက်သောအခါ ထိုဓာတ်ငွေ့ဖြစ်သွားသော ပစ္စည်းများမှ အလင်းရောင်ထွက်လာတတ်သည်။ ထိုအလင်းရောင်များမှ ရောင်စဉ်များ ဖြစ်ပေါ်လာနိုင်သေးသည်။ ဒြဗ်စင်တခုကို အပူပြင်းပြင်းတိုက်ပေးသောအခါ အက်တမ်များသည် ဒြဗ်စင်မှထွက်လာပြီးလျှင် တုန်ခါသွားလေသည်။ ထို အက်တမ်တို့၏ တုန်ခါမှုကြောင့် အလင်းရောင်ထွက်လာသည်။ ထိုအလင်းရောင်မျိုးကို ဖန်ပရစ်ဇမ်တုံးဖြင့် ခံကြည့်လျှင် ရောင်စဉ်များကို ရရှိ၏။ သို့ရာတွင် များသောအားဖြင့် ထိုရောင်စဉ်မျိုးတွင် နေရောင်စဉ်များမှာကဲ့သို့ အရောင်ခုနစ်မျိုးလုံး မရှိကြချေ။ ဒြဗ်စင်အသီးသီးရှိ ကိုယ်ပိုင်အရောင်များကိုသာ ထိုရောင်စဉ်မျိုးတွင် တွေ့နိုင်ကြသည်။ ထိုကြောင့် ရောင်စဉ်များကို စပတ်ထရိုစကုပ် နှင့် ကြည့်ရှု စစ်ဆေးခြင်းဖြင့် မည်သည့်ပစ္စည်း၌ မည်သည့်ဒြဗ်စင်များပါရှိကြောင်းကို ခွဲခြားပြောဆိုနိုင်သည်။ ဤနည်းဖြင့်ပင် နက္ခတ်ဆရာတို့သည် နေ၊ လ၊ ကြယ်၊ ဂြိုဟ်စသော ကောင်းကင်တန်ဆာများ၌ပါဝင်ဖွဲ့စည်းထားသည့် ဒြဗ်စင်များကို သိအောင်ရှာဖွေနိုင်၏။



နေရောင်ကိုပရစ်ဇမ်ဖန်တုံးဖြင့်ခံ၍ ရောင်စဉ် ၇ မျိုးခွဲထုတ်ပုံ

အလင်းရောင်အမျိုးမျိုးမှ ထွက်ပေါ်လာကြသော ရောင်စဉ်များကို (၁) အပြည့်ရောင်စဉ် (၂) အလွတ်ရောင်စဉ် (၃) အစုတ်ရောင်စဉ် ဟူ၍ သုံးမျိုးခွဲထားသည်။

နေရောင်၊ လျှပ်စစ်အတ်မီးရောင်၊ လျှပ်စစ်ဓာတ်မီးရောင် သို့မဟုတ် ဓာတ်ငွေ့မီးရောင်များမှ အပြည့်ရောင်စဉ်များဖြစ်ပေါ်၍ ဤရောင်စဉ်မျိုးတွင် ပါသော အရောင်များသည် တခုနှင့်တခု ဆက်စပ်လျက်ရှိလေသည်။ ဒြပ်စင်တခုကို ဓာတ်ငွေ့ဖြစ်အောင် အပူပြင်းပြင်း မီးတိုက်ပေးလိုက်သော အခါ ထွက်လာသောအရောင်များမှ အလွတ်ရောင်စဉ်များကိုရရှိသည်။ ဤရောင်စဉ်မျိုးတွင် ဒြပ်စင်ကိုလိုက်၍ကွဲလွဲကြသော တောက်ပသည့်အရောင်ကြောင်းများ ပါရှိသည်။ ပမာပြရသော်၊ ဆားအနည်းငယ်ကို ဗုန်ဆင်မီးတိုင်တွင် မီးရှို့ကြည့်သောအခါ ဆားတွင်ပါသော ဆိုဒီယမ်ကြောင့် မီးလျှံသည် အဝါရောင်ဖြစ်၍နေသည်။ ထိုအဝါရောင် မီးလျှံကို စပက်ထရိုစကုပ်နှင့် ကြည့်လျှင် တောက်ပသော အဝါကြောင်းတကြောင်းကို ထင်ရှားစွာတွေ့ရသည်။ ထိုအဝါကြောင်းကို ဓာတုဗေဒဆရာများက ဆိုဒီယမ်ကြောင်းဟု ခေါ်ကြ၏။ အခြားဓာတ်ဆားနှင့်ဓာတ်ငွေများကို အရောင်ထွက်အောင် အပူတိုက်ပေးပြီးနောက် စပက်ထရိုစကုပ်နှင့် ကြည့်လျှင်လည်း ပါဝင်နေသောဒြပ်စင်ကိုလိုက်၍ တောက်ပသောအနီကြောင်း၊အစိမ်းကြောင်းများကို မြင်ရလေသည်။

အစုတ်ရောင်စဉ်များမှာ အလင်းရောင်နှင့် စပက်ထရိုစကုပ်တို့ကြားတွင် အလင်းရောင်ကို စုတ်ယူတတ်သည့် ဓာတ်ငွေများရှိသောအခါမျိုး၌ ဖြစ်ပေါ်တတ်လေသည်။ ပမာအားဖြင့် ဓာတ်မီးတလုံးကို စပက်ထရိုစကုပ်ရှေ့တွင် ထား၍ကြည့်လျှင် အပြည့်ရောင်စဉ်ကိုတွေ့ရ၏။ ဗုန်ဆင်မီးတိုင်တွင် ဆားကို မီးရှို့ပြီးကြည့်ရှုင် တောက်ပသော အဝါကြောင်းတကြောင်းမြင်ရကြောင်း ပေါ်ပြခဲ့ပြီ။ သို့သော် ဆားကို မီးရှို့ထားသော ဗုန်ဆင်မီးတိုင်ကို စပက်ထရိုစကုပ်နှင့် ဓာတ်မီးလုံးကြားတွင်ထား၍ ကြည့်သောအခါ ဓာတ်မီးကြောင့် ဖြစ်ပေါ်သည့် အပြည့်ရောင်စဉ်ပေါ်တွင် ဆားကြောင့်ဖြစ်ပေါ်သည့် အဝါရောင်မျဉ်းကြောင်းကို မမြင်ရတော့ချေ။ အဝါကြောင်းနေရာတွင် အနက်ကြောင်းကိုသာ တွေ့ရလေသည်။ အကြောင်းမှာကား၊ ဆိုဒီယမ်ဓာတ်ငွေ့ အဝါရောင်အလင်းသည် ဓာတ်မီးမှထွက်သော အဝါရောင်အလင်းလှိုင်းမျှားကို စုတ်ယူလိုက်သောကြောင့်ပင် ဖြစ်လေသည်။

အစုတ်ရောင်စဉ်တွင် တွေ့ရသော အနက်ကြောင်းများကို ဖရောင်ဟိုဖာမျဉ်းများဟု ခေါ်သည်။ ဤသို့ခေါ်တွင်ရခြင်း၏အကြောင်းမှာ ခရစ် ၁၈၃၁ ခုနှစ်တွင် ဗာဗေးရိုးယားပြည်သား မျက်မှန်ဆိုင်ရာ ပညာသည်တဦး ဖြစ်သူ ဖရောင်ဟိုဖာက နေ၏ ရောင်စဉ်တွင် ထို အနက်ကြောင်းများကို စတင်တွေ့ရသောကြောင့် ဖြစ်ပေသည်။ ကပ်ခေါ် အမည်ရှိ ဂျာမန်ရူပဗေဒပညာရှင်က ရှင်းပြသည်မှာ အနက်ကြောင်းများသည် နေလုံးကြီးကိုဝန်းရံလျက်ရှိသောဓာတ်ငွေ့အထပ်ထပ်တို့ကြောင့်ဖြစ်သည်။ ထိုဓာတ်ငွေ့တို့သည် နေမှာထက် အပူချိန် လျော့၍ရှိကြပြီး၊ နေမှထုတ်လွှတ်သော အလင်းလှိုင်းတို့အနက် မိမိတို့ကိုယ်တိုင် ထုတ်လွှတ်နိုင်သော အလင်းလှိုင်းများကို စုတ်ယူလိုက်ကြသည်ဟု ဆိုလေသည်။

နေရောင်မှ ရောင်စဉ်တွင် အနက်ကြောင်းထင်သည့်နည်းတူ ပစ္စည်းတမျိုးမျိုးမှ ရရှိသည့် ရောင်စဉ်များ တွင်လည်း အနက်ကြောင်းများထင်အောင် လက်တွေ့စမ်းခန်းခွဲ စမ်းသပ်ကြည့်သောအခါ နေ၏အကြောင်းကို တိုးတက်သိလာကြရပြန်သည်။ ဤနည်းဖြင့် ကျန်ုပ်တို့သည် နေထဲတွင်ရှိသော ဒြပ်တို့ကိုသာမဟုတ် နေ၏အပူချိန်၊ နေ၌ဖြစ်သော ဓာတ်ငွေတို့၏ ဖိအား၊ နေပေါ်တွင်ဖြစ်သော လျှပ်စစ်သံလိုက်ဓာတ်၏အခြေအနေတို့ကိုပါ သိခဲ့ရလေသည်။ ကမ္ဘာမြေပေါ်တွင် သဘာဝအလျောက်တွေ့ရသော ဒြပ်စင် ၉၂ မျိုးအနက် ၅၈ မျိုးနေပေါ်၌ရှိကြောင်းကို စပက်ထရိုစကုပ်နည်းဖြင့်သိရ၏။ ကျန်အခြားဒြပ်စင်များလည်း နေပေါ်၌ မရှိဟု ကျန်ုပ်တို့ကတထင်ချမဆိုနိုင်သေးပေ။ အလင်းရောင်အသီးသီးမှ ရောင်စဉ် အမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သည့် အတိုင်း နက္ခတ်ပညာဆည်းပူးရာတွင် အလွန်အသုံးဝင်သော ကရိယာမှာ စပက်ထရိုစကုပ်ဖြစ်သည်။ ထိုကရိယာကို ဖန်တီးနိုင်သဖြင့် ရူပဗေဒလိုက်စားသူတို့အား အသိဉာဏ်တိုးပွားအောင် များစွာ အကျောက်အပုံ ဖြစ်စေခဲ့လေသည်။ ၁၉၂၂ တန်၏ နေရောင်မှရောင်စဉ်ခွဲထုတ်ပုံနည်းကို အခြေပြု၍ ဖန်တီးထားသော ရှေးကျသည့် စပက်ထရိုစကုပ် မျိုးတွင် ပရစ်ဇမ်ခေါ်သော သုံးမြောင့်ပုံ ဖန်တုံး တခုရှိ၍ ထိုဖန်ပရစ်



စပင်းနစ်အရွက်များကိုဆွတ်ခူးနေပုံ

ဇမ်ကို ခုံမြင့်ဝိုင်းကလေးပေါ်၌ တင်ထားရသည်။ ပရစ်ဇမ်၏တဖက်တချက်တွင် ကော်လီမေတာခေါ် အလင်းရောင်ခံယူရာ ပြောင်းတခုနှင့် ရောင်စဉ်ကိုကြည့်ရန် တယ်လီစကုပ်မှန်ပြောင်းတခုရှိသည်။ ရှေးဦးစွာ အလင်းတန်းတခုကို ကော်လီမေတာပြောင်း၏ အစွန်းတဖက်၌ ထောင်လိုက်ဖောက်ထားသော အပေါက်လျားကလေးမှ ဝင်စေပြီးလျှင် ပရစ်ဇမ်ပေါ် သို့ ကျစေသည်။ ထိုအခါ ဖန်ပရစ်ဇမ်က မူလ အလင်းရောင်ကို ရောင်စဉ်များ ဖြစ်အောင် ခွဲထုတ်ပေးသည်။ ဤသို့ခွဲထုတ်လာသော ရောင်စဉ်များကိုတဖန် တယ်လီစကုပ်မှန်ပြောင်းဖြင့် ကြည့်ရှုစစ်ဆေးရလေသည်။

အဖြူရောင် အလင်းကို ပရစ်ဇမ်ဖြင့် ခွဲထုတ်လိုက်သော အခါ တနေရာတွင် ဖေါ်ပြခဲ့ပြီးသည့်အတိုင်း အနီ၊ လိမ္မော်၊ အဝါ၊ အစိမ်း၊ အပြာ၊ မဲနည်း၊ ခရမ်းရောင် စသည်ဖြင့် အရောင်ခုနစ်မျိုး ကွဲထွက်လာသည်။ အဖြူ အလင်းရောင် အစား ပစ္စည်းတခုခုကို မီးရှို့၍ရသော အလင်းရောင်ဖြစ်လျှင်လည်း မီးရှို့ခံရသောပစ္စည်းအလိုက် အလှတ်ရောင်စဉ်ကိုမြင်ရပေသည်။ ဒြဗ်စင်အသီးသီးမှ ရသော ရောင်စဉ်များသည် တခုနှင့်တခုမတူကြချေ။ နက္ခတ်ဆရာတို့သည် နေနှင့်ကြယ်တို့၏ အလင်းရောင်များကို စပက်ထရိုစကုပ်နှင့် ရောင်စဉ်ဖြစ်အောင် ခွဲယူ စစ်ဆေးကြည့်ခြင်းဖြင့် နေနှင့် ကြယ်တို့၌ မည်သည့်ဒြဗ်စင်များရှိကြောင်းကို တပ်အပ်သေချာစွာ သိခဲ့ရလေသည်။ ဤမျှသာမကသေး၊ နောက်ဆုံးပေါ် ခေတ်မှီစပက်ထရိုစကုပ်များ၏ အကူအညီဖြင့် မော်လီကျူး၊ အက်တမ်၊ အီလက်ထရွန်၊ ပရိုတွန်း၊ နျူးထရွန်းတို့၏ ဖွဲ့စည်းပြုပုံ အခြေအနေများကိုပင် ယခုအခါ တိုးတက်၍ စုံစမ်းသိရှိနိုင်ခဲ့ကြပေသည်။

စပင်းနစ်။ ။ရုက္ခဗေဒအလိုအားဖြင့် စပင်းနစ်ပင်သည် စပင်နေးစီးအိုလာရေးစီးဖြစ်၍ 'ကိန္နိုပိုဒီအေးစီး' မျိုးရင်းတွင်ပါဝင်သည်။ ရှေးအခါကပင် အာရပ်လူမျိုးများသည် စပင်းနစ်ပင်များကို ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြသည်။ ဥရောပတိုက်၌လည်း ရှေးအခါကပင် စပင်းနစ်ကို ဟင်းသီးဟင်းရွက်တမျိုးအဖြစ် ပဲ့လမ်းသဘင်နေ့များတွင် အမြတ်တနိုးထား၍ စားသုံးခဲ့ကြသည်။

စပင်းနစ်ပင်သည် လျင်မြန်စွာကြီးထွားနိုင်သော တနှစ်ခံပင်မျိုး ဖြစ်သည်။ အစေ့များကို စိုက်ပျိုးပြီးနောက် ရက်ပေါင်း ၄၀ မှ ၅၀ အတွင်း ကောင်းစွာ ကြီးထွားနိုင်သည်။ စပင်းနစ်ပင်၏အရွက်များမှာ ကြီး၍ထူပြီးလျှင် အရည်ရွှမ်းသည်။ အရွက်များကို အစိမ်းလိုက်သော်၎င်း၊ ခြောက်ပြုတ်၍သော်၎င်း စားသုံးကြသည်။ စားရာ၌ အနည်းငယ်ဝမ်းသက်တတ်သည်။ စပင်းနစ်ပင် အရွက်ထဲ၌ ဗီတာမင် ဘီ ဓာတ်လည်း အတော်အတန်ပါရှိပေသည်။

စပန်းရေမြုပ်။ ။စပန်းရေမြုပ်သည် ကျောက်၌ တွယ်ကပ်နေတတ်သော တန်းအနိမ့်ဆုံး ပင်လယ်သတ္တဝါတမျိုးဖြစ်သည်။

စပန်းရေမြုပ်ကို သိခဲ့ကြသည်မှာ ကြာပြီဖြစ်သော်လည်း၊ ရှေးအခါက ယင်းကို အကောင်မဟုတ်၊ အပင်သာဖြစ်သည်ဟု ထင်ခဲ့ကြလေသည်။ ထိုသို့ထင်ခဲ့ကြခြင်းမှာ တိရစ္ဆာန်များ လှုပ်ရှားသကဲ့သို့ မလှုပ်ရှားခြင်းကြောင့် ဖြစ်သည်။ စပန်းရေမြုပ်တွင် မျက်စိလည်းမရှိ၊ အခြားအာရုံခံအင်္ဂါများလည်း မရှိချေ။

စပန်းရေမြုပ်သည် ကျောက်ဆောင်များ၌ဖြစ်စေ၊ ပင်လယ်အောက်ခြေရှိ အခြားပစ္စည်းများ၌ဖြစ်စေ တွယ်ကပ်၍ နေနိုင်သည်။ အခြို့စပန်းရေမြုပ်သည် အပင်မှ အကိုင်းများဖြာထွက်နေသကဲ့သို့ ဖြာထွက်လျက်ရှိသဖြင့် အပင်နှင့်တူသည်။

သက်ရှိစပန်းရေမြုပ်များတွင် ပုံသဏ္ဌာန်အမျိုးမျိုး ရှိကြသည်။ ယင်းတို့ကို ပင်လယ်ရေတိမ်ထုမှ ရေနက်ထုအထိ၎င်း၊ အီကွေတာမှ အာတိတ်ဒေသများအထိ၎င်း အမြောက်အမြားတွေ့ကြရသည်။ အပူပိုင်းနှင့် အနွေးပိုင်းဒေသများတွင် အများဆုံးတွေ့ရ၍ အမျိုးလူညီးများပြားသည်။ အကြီးဆုံးစပန်းရေမြုပ်များကို အပူပိုင်းနှင့် အနွေးပိုင်းဒေသများတွင် ပို၍အတွေ့ရများသည်။

စပန်းရေမြုပ် တို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများ ကို ရှေး

အကျဆုံးကျောက်များတွင် တွေ့ရသဖြင့် စပန်းရေမြုပ်များသည် အလွန်ရှေးကျမှန်းကို သိရသည်။

စပန်းရေမြုပ်ရိုးရိုး၏ ပုံသည် ပြွန်ချောင်းပုံဖြစ်၏။ ယင်း၏ ခန္ဓာကိုယ်ပေါ်တွင် မရေတွက်နိုင်သည့် အပေါက်ကလေးများရှိ၏။ အတွင်းဖက်အခေါင်းထဲသို့ ရေဝင်သည်မှာ၊ ထိုအခေါင်းတွင်းရှိ အမွေးကလေးများ၏ လှုပ်ရှားမှုကြောင့်ဖြစ်၏။ ထိုအမွေးကလေးများကို စီလီယာဟု ခေါ်သည်။ စပန်းရေမြုပ်ထဲသို့ ဝင်လာသော အစာကို စီလီယာရှိသော စပန်းရေမြုပ်၏ ဆဲခန်းကလေးများက စုတ်ယူ၍ ကြေစေသည်။ ထိုနောက် ပြွန်ချောင်း၏ထိပ်ဖက်ရှိ အပေါက်မှ ရေကိုထုတ်ပစ်လိုက်သည်။


စပန်းရေမြုပ်များ သည် အုပ်စုဖွဲ့ကာ နေတတ်ကြ၏။ အစတွင် စပန်းရေမြုပ်ငယ်သည် အမိ စပန်းရေမြုပ်တွင် တွယ်လျက်နေရ၏။ ဤသို့ဖြင့် စပန်းရေမြုပ်ကလေးများ တကောင်ပြီးတကောင် တိုးပွားလာကြသည်။ စပန်းရေမြုပ်များ ကြီးပြင်းလာသောအခါ ယင်းတို့၏ ခန္ဓာကိုယ် အခေါင်းများသည် မြောင်းများသဖွယ် ရှုပ်ထွေးစွာ ဆက်သွားကြသည်။ ထိုစပန်းရေမြုပ်ထွေးကြီးသည် အစာနှင့် အောက်ဆီဂျင်ပါသည့် ရေကို သေးငယ်သည့် အပေါက်ကလေးများမှတဆင့် စုတ်ယူကြသည်။ ထိုရေသည် မြောင်းများကိုဖြတ်၍ စီလီယာများရှိသော ဆဲခန်းကလေးများသို့ ရောက်သွား၏။ ထို ဆဲ ခန်း ကလေးများ သည် အစာနှင့် အောက်ဆီဂျင်ကို စုတ်ယူလိုက်ကြသည်။ ထိုနောက် ရေကို ပြွန်ချောင်းကြီးများသို့ ပို့ပေးပြီး ထိုမှတဆင့် အပသို့ထုတ်ပစ်လိုက်လေသည်။

စပန်းရေမြုပ်များသည် အချင်းတလက်မ၏ တထောင်စိတ် တစိတ်မျှသာ ရှိသော ဥဆဲကလေးများမှ လည်း ပိုးလောင်းများအဖြစ် ပေါက်ကြသေး၏။ ထိုပိုးလောင်းကလေးများသည် အမိ စပန်းရေမြုပ်နှင့် ခွဲထွက်၍ အခြားနေရာများတွင်တွယ်ကာ ကြီးထွားလာကြသည်။ နှစ်ပေါင်း ၂၅ နှစ်ကြာမှ နှစ်ပေခွဲမျှသာကြီးသည်။ ယင်းတို့တွင် ထူးခြားသည့် အနုံတမျိုးရှိခြင်းကြောင့် အခြားသတ္တဝါများက မစားခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် မှိုနာကြောင့် အမြောက်အမြား သေကြကြသည်။ အိမ်များတွင် ပုတ်တိုက်ဆေးကြောရာ၌ အသုံးပြုသော စပန်းရေမြုပ်မှာ အခြောက်လှန်းပြီးသော စပန်းရေမြုပ်ကောင်များ၏စကယ်လီတန်သာလျှင်ဖြစ်သည်။ စကယ်လီတန်ဆိုရာတွင် လူတို့၌ဖြစ်သောစကယ်လီတန် (အရိုးအိမ်) ကဲ့သို့မဟုတ်ဘဲ စပန်းရေမြုပ်ကောင် တည်တံ့စွာရှိအောင် အကာအကွယ်ပေးသော အိမ်ကိုသာ ဆိုလိုသည်။ စပန်းရေမြုပ်သည် ရေစုတ်နိုင်သောသတ္တိရှိ၍ဆေးကြောရာ၌အသုံးဝင်သောကြောင့်စပန်းရေမြုပ်ကောင်များကို အမြောက်အမြားဖမ်းယူကြသည်။

အမေရိကန်ပြည်ထောင်စု၌ စပန်းရေမြုပ်များကို ဖမ်းယူပုံမှာ၊ ကမ်းခြေမှမိုင် ၅၀၊ မိုင် ၈၀ အထိသွားကြပြီးနောက်၊ ရေထဲသို့ ပေ ၆၀ မှပေ ၁၂၀ အထိငုပ်ကြသည်။ ရေငုပ်သူသည် ရေငုပ်ဝတ်စုံနှင့်ဦးထုပ်ကို အသုံးပြုသည်။ ရေထဲတွင် ငှမ်းများကိုကာကွယ်နိုင်ရန် ဓားတချောင်းကို ယူဆောင်သွားသည်။ စပန်းရေမြုပ်ကြီးများကို တွယ်ကပ်နေသည့် နေရာမှ ခွာယူနိုင်ရန် ချိတ်တခုကိုလည်း ယူသွားသည်။ ရေငုပ်သူသည် နှစ်နာရီကြာမျှ ရေထဲတွင်နေပြီး၊ သဘော်မှခြေပေးသည့်ပိုက်ကွန်ထဲသို့ ရှာဖွေ၍ရသမျှစပန်းရေမြုပ်များကို ထည့်ပေးသည်။

သဘော်ကုန်းပတ်ပေါ်တွင် ဖမ်းရသော စပန်းရေမြုပ်များကို ဖိနပ်မပါသည့်ခြေထောက်များဖြင့် နင်း၍သတ်ကြသည်။ ထိုနောက် အခြောက်ခံ၍ အသားမျင်များကို ခြစ်ထုတ်ကြသည်။ ထိုနောက် ပင်လယ်ရေထည့်ထားသော စည်များတွင် ဆေးကြော၍ နေလှန်းထားကြသည်။ ကမ်းသို့ သဘော်ဆိုက်ကပ်သော အခါ စပန်းရေမြုပ်များမှာ ရောင်းချရန်အဆင်သင့်ဖြစ်သည်။

စပန်းရေမြုပ်များကို အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု ဖလော်ရိဒါပြည်နယ်၏ အနောက်ဖက် ကမ်းခြေ၊ မက္ကဆီကို ပင်လယ်ကွေတွင် ဖမ်းယူကြသည်။ ကျူးဗား ကျွန်း ပတ်ဝန်းကျင်ရှိ ကယ်ရစ်ဗျန်ပင်လယ်နှင့် မြေထဲပင်လယ်အလယ်ပိုင်း၊ အရှေ့ပိုင်းတို့တွင်လည်း ဖမ်းယူကြသည်။



စပန်းရေမြုပ်

ဥရောပတိုက်ရှိရွေးမောင်းလက်နက်နိုင်ငံ

ပထဝီဝင်အရသော်၎င်း၊ သမိုင်းအရသော်၎င်း၊ ဥရောပတိုက်နှင့် အာဖရိကတိုက်မြောက်ပိုင်းတို့ကို ပေါင်းကူးသဖွယ် ဆက်သွယ်ပေးသောနိုင်ငံမှာ စပိန်နိုင်ငံဖြစ်သည်။ မူးဝါးလူမျိုးများ စပိန်နိုင်ငံတွင် လာရောက်ကြီးစိုးစဉ်အခါက တည်ဆောက်ခဲ့သော ကြီးကျယ်ခမ်းနားသည့် နန်းတော်များကို ယနေ့ထက်တိုင် တွေ့မြင်နိုင်သည်။ ထိုကြောင့် စပိန်နိုင်ငံ၏သမိုင်းမှာ စိတ်ဝင်စားဖွယ်ရာပင် ဖြစ်ပေသည်။

စပိန်နိုင်ငံ။ ။ဥရောပတိုက် အနောက်တောင်ဖက်အစွန်းတွင် ထိုးထွက်နေသော အိုက်ဗီးရီးယန်းကျွန်းဆွယ်ကြီးတခုလုံး၏ ၁၃ ပုံ ၁၁ ပုံခန့်မှာ စပိန်နိုင်ငံဖြစ်သည်။ ကျန် ၂ ပုံခန့်မှာ အနောက်ဖက်ကမ်းရိုးတန်းတလျှောက်ရှိ ပေါ်တူဂီနိုင်ငံဖြစ်၏။ မြောက်ဖက်တွင် ပြင်သစ်နိုင်ငံနှင့် ဗစ္စကေးပင်လယ်အော်၊ အနောက်ဖက်တွင် ပေါ်တူဂီနိုင်ငံနှင့် အတ္တလန္တိတ်သမုဒ္ဒရာ၊ တောင်ဖက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ ဂျီဗရောတားရေလက်ကြားနှင့် မြေထဲပင်လယ်၊ အရှေ့ဖက်တွင် မြေထဲပင်လယ်တို့ဖြင့် ဝန်းရံလျက်တည်ရှိ၏။

စပိန်နိုင်ငံသည် ဥရောပတိုက်နှင့် တဆက်တည်းဖြစ်သော်လည်း အိုက်ဗီးရီးယန်း ကျွန်းဆက်ကို ကန့်လန့်ဖြတ်ထားကာ တည်ရှိနေသော မြင့်မားသည့် ပီးရနီး တောင်တန်းများက ဥရောပတိုက်ကုန်းတွင်းနိုင်ငံများနှင့်စပိန်နိုင်ငံတို့ကို ကာဆီးထားလေသည်။ * အာဖရိကတိုက်နှင့်မူ ကျဉ်းမြောင်းလှသော ဂျီဗရောတားရေလက်ကြားသာလျှင် ခြားနေ၍ ရှေးရှေးအခါက အာဖရိကတိုက်နှင့်စပိန်နိုင်ငံတို့ ကုန်းမြေချင်း ဆက်စပ် တည်ရှိခဲ့သည်ဟု သမိုင်းပညာရှင်တို့က အထောက်အထားနှင့် ပြဆိုခဲ့ကြလေသည်။

အနီးအနား ပတ်ဝန်းကျင်တွင် စပိန်ပိုင် ဗယ် လီ အဲ ရစ် ကျွန်းစု၊ ကနေရီကျွန်းစုနှင့် မိုရိုကိုကမ်းခြေရှိ ကျွန်းငယ်ကလေးများရှိသည်။ ထိုကျွန်းများအပါအဝင် စပိန်နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၉၆,၇၀၀ စတုရန်းမိုင်ဖြစ်၍ ၁၉၅၃ ခုနှစ် ခန့်မှန်းခြေ သန်ကောင်စာရင်းအရ လူဦးရေ ၂၇,၆၃၇,၉၇၉ ယောက်ရှိသည်။

စပိန်တနိုင်ငံလုံးမှာ ပျမ်းမျှခြင်းအားဖြင့် ပေ ၂၀၀၀ ခန့်မြင့်သော ကုန်းပြင်ကြီးဖြစ်လေသည်။ မြောက်ဖက်ကမ်းခြေတလျှောက်မှာ ပေ ၇,၀၀၀ ကျော်မြင့်သော ကန်တာဗရီယန် တောင်တန်း ရှိ၍ ပေပေါင်း ၁၀,၀၀၀ ကျော်မြင့်သော ပီးရနီးတောင်တန်း၏ အနောက်ဖက်စွန်းနှင့် နာဗားရားနယ်ရှိ တောင်ကြားလမ်း တခုသာ ခြားသည်။ ထို တောင်ကြားလမ်းမှာ စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ ကူးသန်းဆက်သွယ်ရာ တခုတည်းသော တံခါးပေါက် ဖြစ်၏။ အလယ်ပိုင်းရှိ တောင်တန်းများမှာ ဂွါဒါရမွာတောင်တန်း၊ ဂရေးဒို့ တောင်တန်း၊ ဂါးတားတောင်တန်း၊ မိုရေးနားတောင်တန်း၊ ဆီယယ်ရာနီဗားဒ တောင်တန်း စသည်တို့ ဖြစ်လေသည်။



ခေါင်းအုပ်ပုဝါရုံထားသော စပိန်ပျိုဖြူ

စပိန်နိုင်ငံရှိ မြစ်များသည် ဘိုတောင်မြင့်ကြီးများမှ မြစ်ဖျားခံ၍ မြေထဲပင်လယ်နှင့်အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ စီးဝင်ကြသည်။ အရေးပါအရာရောက်သော မြစ်ကြီးများအနက် တေးဂပ်မြစ်၊ ဒိုးရူးမြစ်၊ ဂွါဒီယားနားမြစ်နှင့် ဂွဒယ်ကွီးဗီးရားမြစ်တို့သည်အလယ်ပိုင်းတောင်တန်းများမှ မြစ်ဖျားခံ၍ ဗစ္စကေးမြစ်နှင့် မီညိုမြစ်တို့သည် မြောက်ပိုင်းရှိ ကန်တာဗရီယန်တောင်တန်းတွင် မြစ်ဖျားခံလေသည်။ ထိုမြစ်များအနက် တေးဂပ်မြစ်မှာအရှည်ဆုံးဖြစ်၍ ၅၅၅ မိုင်မျှရှိ၏။ မီညို၊ ဒိုးရူးနှင့် တေးဂပ်မြစ်များမှာ မြစ်ဝကျယ်များရှိကြရာ မြစ်ဝကျွန်းကြီးများတွင် လုံခြုံသောသင်္ဘောဆိပ်များတည်ရှိ၏။ သို့ရာတွင် မြစ်ညာတလျှောက်သို့လှေသင်္ဘောများ ဆန်တက်သွားခြင်းလာခြင်း မပြုနိုင်ချေ။


စပိန်နိုင်ငံ၏ရာသီဥတုမှာ တနေရာနှင့်တနေရာ မတူချေ။ တနိုင်ငံလုံး လိုလိုတွင် ဆောင်းရာသီ၌ အေးလွန်း၍ နွေရာသီ၌မူ ပူလွန်းသည်။ အလယ်ပိုင်းရှိ ကုန်းပြင်မြင့်ကြီးသည် အလွန်ခြောက်သွေ့သော အပိုင်းဖြစ်၏။ သို့သော် ဗစ္စကေးပင်လယ်အော်နှင့် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းရိုးတန်း တလျှောက်ရှိ စပိန်နိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင်မူ ရာသီဥတုမျှတသည်။ စပိန်နိုင်ငံအလယ်ပိုင်းတွင်မူ ဆောင်းရာသီမှာ ရှည်လျားလှ၏။ မြေထဲပင်လယ် ကမ်းခြေ တလျှောက်ရှိ အရှေ့ပိုင်းတွင် ဆောင်းရာသီတို့၌ နွေရာသီတွင် လွန်စွာပူပြင်းသည်။ တောင်ဖက်ပိုင်းတွင်မူကား ဆောင်းရာသီဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း နှင့် မြောက်ပိုင်းများတွင် တန္ဒစ်လုံးလိုလိုပင် မိုးမျှတစွာရွာသွန်း၏။ ရာသီဥတုတွင်သာမဟုတ် မြေတွင်လည်း၊ အမျိုးမျိုး အစားစား ကဲ့ပြားခြားနားလေသည်။ စပိန်နိုင်ငံသည် တောင်ထူထပ်၍ သတ္တုတွင်းများပေါများသော်လည်း လူဦးရေ ၃ ပုံ ၂ ပုံမှာ လယ်ယာ စိုက်ပျိုးခြင်းဖြင့် အသက် မွေးမြူကြလေသည်။ တနိုင်ငံလုံးရှိ မြေ ၉၄ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုး၍ ဖြစ်ထွန်းဖွယ်ရာရှိသော်လည်း မြေအားလုံး၏ တဝက်ခန့်ကိုသာ စိုက်ပျိုးလုပ်ကိုင်သည်။ ကျန်တဝက်မှာ စားကျက်များဖြစ်သည်။ စိုက်ပျိုးသော အဓိကကောက်ပဲသီးနှံများမှာ ဂျုံနှင့် မုယောတို့ဖြစ်၍ မြင်းစားဂျုံ၊ ရိုင်းစပါး၊ ပြောင်း၊ ပဲ၊အာလူးများကိုလည်း စိုက်ပျိုးလုပ်ကိုင်သည်။ ထိုပြင် ဆန်စပါး၊ ကြက်သွန်၊ သကြားမုန်လာများကိုလည်း စိုက်ပျိုး၏။ စပျစ်ခြံ၊ လိမ်မော်ခြံများလည်း အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်၍၊ ဝိုင်အရက်ချက်သောလုပ်ငန်းမှာ တွင်ကျယ်၏။သိုး၊ နွား၊ ဆိတ်များကိုလည်း မွေးမြူကြလေသည်။

လယ်ယာစိုက်ပျိုးရေးအပြင် ကြီးကျယ်သောအခြားလုပ်ငန်းမှာ သတ္တုတူးဖေါ်ခြင်းဖြစ်သည်။ ကျောက်မီးသွေးမြောက်များစွာ ထွက်သော်လည်း အမျိုးအစားမှာ ပဌမတန်းစား မဟုတ်ချေ။ ကျောက်မီးသွေးအပြင် အခြားဓာတ်သတ္တုများမှာ သံ၊ သံမဏိ၊ ကြေး၊ ခဲ၊ သွပ်၊ ပြဒါးနှင့် တန်စတင်တို့ဖြစ်၏။

သစ်တောများမှ ထင်းရှူးသစ်နှင့် ပေါ့များရရှိ၍ ထင်းရှူးဆီနှင့် တာရပင်ဆီများလည်း ရရှိလေသည်။ စပိန်နိုင်ငံတွင် ရှေးအခါက သစ်တောထူထပ်ခဲ့သော်လည်း၊ နေထိုင်စိုက်ပျိုးရေး အတွက် ခုတ်ထွင် ရှင်းလင်း လိုက်ကြသော ကြောင့်တကြောင်း၊ သစ်တောထွက်ပစ္စည်းကို လူတို့ထုတ်ယူအသုံးပြုဖန်များလွန်း၍တကြောင်း ယခုအခါ နိုင်ငံတခုလုံး၏ ၅ ရာခိုင်နှုန်းခန့်၌သာလျှင် သစ်တောများ ကျန်ရစ်သည်။ သစ်တောများ ပါးရှားသွားသဖြင့် ရာသီဥတု တမျိုးတဖုံပြောင်းလဲလာခဲ့ရာ၊ လေပြင်းတိုက်ခတ်ခြင်း၊ ဖုံထူခြင်းတို့ကြောင့် အချို့ကုန်းတွင်းပိုင်းဒေသများတွင် လူသူမနေထိုင်နိုင်တော့ချေ။

ပင်လယ်ကမ်းရိုးတန်းတလျှောက်တွင်မူကား မြို့ကြီးပြကြီးများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ တောင်ယာပဲခင်းများနှင့် သာယာလှ၏။ လူနေအိမ်ခြေလည်း ထူထပ်၏။ မြောက်ပိုင်းကမ်းခြေတွင် တံငါလုပ်ငန်း တွင်ကျယ်သဖြင့် ငါးစည်သွတ်လုပ်ငန်း ဖြစ်ထွန်းသည်။ ဥရောပတိုက် ကုန်သွယ်ရာဌာနကြီးများနှင့် နီးကပ်သော မြောက်ပိုင်းတွင် စပိန်နိုင်ငံ၏ကြီးကျယ်သော ကုန်ထုတ်ရေး လုပ်ငန်းကြီးများ တည်ရှိသည်။ ဗာစီလိုးနားမြို့တွင် ခြည်ထည်စက်ရုံများ၊ သိုးမွေးထည်စက်ရုံများရှိသည်။ ထိုမြို့မှ ဇာလည်းထွက်၏။ တနိုင်ငံလုံးတွင် အထည်စက်ရုံပေါင်း ၂၁၀ ခန့်ရှိသည်။ မြောက်ပိုင်းရှိပြည်နယ်များတွင် ပိတ်ချောထည်စက်ရုံများနှင့် စက္ကူစက်များ အများအပြားရှိ၏။ တောင်ပိုင်းတွင် ပိုးထည်လုပ်ငန်းမှာ အရေးပါသောလုပ်ငန်းဖြစ်သည်။ ထိုမှတပါး ဖန်ချက်ရုံများလည်းရှိလေသည်။ သကြားချက်လုပ်ငန်းမှာ တိုးတက်နေသောလုပ်ငန်းတခုဖြစ်၍ သံနှင့်သံမဏီလုပ်ငန်းအတွက် စက်ရုံအချို့ကို မကြာမီက တည်ဆောက်ခဲ့သည်။ ရေအားကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းမှာလည်း တဖြည်းဖြည်း တိုးတက်လျက်ရှိလေသည်။ သို့သော် ခြုံ၍ကြည့်လျှင် စက်မှုလက်မှုလုပ်ငန်းမှာ တိုးတက်သင့်သလောက် မတိုးတက်ဘဲ ရှိနေဆဲဟုဆိုရပေသည်။



စပိန်နိုင်ငံတည်နေရာပြမြေပုံ

စပိန်နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန်၍ မီးရထားလမ်း မိုင်ပေါင်း ၁၀,၈၀၀ ကျော်ရှိသည်။ တနိုင်ငံလုံးကိုဆက်သွယ်နေသော ကြေးနန်းနှင့် စကားပြောကြေးနန်းကြိုး မိုင်ပေါင်း ၃,၀၀၀ ကျော်စီရှိ၏။ ရေကြောင်းဆက်သွယ်ရေးမှာ အတ္တလန္တိတ်သမုဒ္ဒရာနှင့် မြေထဲပင်လယ်တို့ဖြင့် ဆက်သွယ်ရသည်။ မြို့ကြီးများကို တမြို့နှင့်တမြို့ လေကြောင်းဖြင့် ဆက်သွယ်ထားသည့်ပြင် နိုင်ငံခြားနှင့်လည်း လေကြောင်းအဆက်အသွယ်ရှိလေသည်။

စပိန်နိုင်ငံ၏ အဓိက ထုတ်ကုန်မှာ ဝိုင်အရက် ဖြစ်၏။ အခြား ထုတ်ကုန်

များမှာ ဖေါ့၊ သတ္တုများ၊ သံလွင်သီးနှင့်အခြားသစ်သီးများ၊ သကြား၊ သစ်၊ ကျွန်းနွားတိရစ္ဆာန်များ၊ ဖန်ထည်ပစ္စည်းများ၊ မြေအိုးမြေခွက်၊ သိုးမွေးနှင့် ခြည်ထည်များ ဖြစ်လေသည်။ အဓိက သွင်းကုန်များ ကား အစားအသောက်များ၊ သိုး၊ ဆိတ်၊ နွားတိရစ္ဆာန်များ၊ စက်ကရိယာများ၊ မီးသွေး၊ ဝါဂွမ်း၊ ပိတ်ချောထည်၊ မော်တော်ယာဉ်များ၊ ဆေးဝါးများ စသည်တို့ဖြစ်၏။ မြို့တော်မှာ နိုင်ငံအလယ်ပိုင်းရှိမဒရစ်မြို့ဖြစ်၍ အကြီးဆုံးဆိပ်ကမ်းမြို့ကြီးများမှာ ဗာစီလိုးနားနှင့် ဗီးလဗာအိုမြို့တို့ ဖြစ်ကြသည်။

စပိန်နိုင်ငံ၏ ရှေးဟောင်းသမိုင်းသည် ကျောက်ခေတ်မှ အစပြုသည်။ ကျောက်ခေတ်အနုပညာရပ်များဖြစ်သော ဂူအောင်းလူတို့၏ပန်းချီစုတ်ရေးဆေးခြယ်မှုအတတ်ကိုစပိန်နိုင်ငံရှိ အားလတားမီးရား ကျောက်ဂူအတွင်း၌ တွေ့ရှိကြရ၏။ ယခုအခါ စပိန်တိုင်းရင်းသားလူမျိုးတမျိုးဖြစ်သော ဗက်လူမျိုးများမှာ ကျောက်ခေတ်လူမျိုးများ၏ အဆက်အနွယ်ဖြစ်သည်။

စပိန်နိုင်ငံ၏ မြို့ကြီးများမှာ အများအားဖြင့် ပင်လယ်ကမ်းရိုးတန်း တလျှောက်တွင် တည်ရှိလေသည်။ စပိန်နိုင်ငံ၏ အရှေ့မြောက်စွန်း ဖြစ်သော ကာတာလုံးနီးယားပြည်နယ်ရှိ ဗာစီလိုးနားဆိပ်ကမ်းမြို့ကြီးသည် စက်မှုလက်မှုလုပ်ငန်း (အထူးသဖြင့် ခြည်ထည်သိုးမွေးထည်များ ရက်လုပ်ခြင်း) ထွန်းကားသောမြို့ ဖြစ်၍၊ လူဦးရေ ထူထပ်၏။ ကာတာလုံးနီးယားပြည်နယ်၏ တောင်ဖက် မြင့်မားသော တောင်တန်းနှင့် ဗလင်းရှားပင်လယ်ကွေ့ကြားရှိ ဗလင်းရှားပြည်နယ်တွင် ဆည်မြောင်းများဖောက်လုပ်ကာ လိမ်မော်ပင်၊ ကြံပင်၊ ရှောက်ပင်၊ စွန်ပလွံပင် စသည့် သီးပင် အမြောက်အခြား စိုက်ပျိုးကြသည်။ ထိုနယ်သည် ပိုးထည်လုပ်ငန်းအတွက် စပိန်နိုင်ငံတွင် အထင်ရှားဆုံးသော နယ်ဖြစ်၏။ ထိုပြည်နယ်၏မြို့တော်မှာ ဗလင်းရှားမြို့ဖြစ်၏။

စပိန်နိုင်ငံတောင်ဖက်ပိုင်းရှိ ပြည်နယ်ကြီးမှာ အန်ဒါလျူးရှားပြည်နယ် ဖြစ်၏။ အာဖရိကတိုက်မြောက်ပိုင်းမှ မူးဝါးလူမျိုးတို့ စပိန်သို့ဝင်ရောက်ကြီးစိုးစဉ်အခါက ခမ်းနားကြီးကျယ်စွာ တည်ဆောက်ထားခဲ့သော ဂရာနဒါးမြို့ကြီးမှာ ယနေ့ထက်တိုင် ထင်ရှားတည်ရှိသည်။

စပိန်နိုင်ငံတွင် မူလက နေထိုင်သူများမှာ အုံကမ်းရိုးယန်းလူမျိုးများ ဖြစ်လေသည်။ ယင်းတို့မှာ ပြင်သစ်နိုင်ငံမှ ဂေါလလူမျိုးတို့နှင့်ဂင်း၊ ဗြိတိန်နိုင်ငံမှ ဗြိတိန်တို့နှင့်ဂင်း အနွယ်ချင်းတူ၏။ သူတို့နှင့် နောက်မှရောက်လာကြသော ကဲလူမျိုး၊ ကားသေ့လူမျိုး၊ ရောမလူမျိုး၊ တျူတန်လူမျိုး၊ အစွလမ်အယူဝါဒီ မူးဝါးလူမျိုးများမှာ အချင်းချင်း အမျိုးရောယှက်လာလေရာ၊ နောက်ဆုံး၌ စပိန်လူမျိုးပေါ်ပေါက်လာလေသည်။

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ရှေးကဲ့လူမျိုးတို့နှင့် အသွင်တူလှသော ဂလစ်ရှန်း လူမျိုးများ နေထိုင်သည်။ မြောက်ဖက် အလယ်ပိုင်းတွင် ဗက်လူမျိုးတို့ နေထိုင်၏။ အရှေ့ဖက်ကမ်းခြေ တလျှောက်တွင်ကား ကာတာလန် လူမျိုးများ နေထိုင်ကြသည်။ ကာတာလန်တို့၏ ဓလေ့ထုံးစံများနှင့် ဘာသာစကားမှာ ပြင်သစ်နှင့် ပို၍နီးစပ်သည်။ အလယ်ပိုင်းတွင် နေထိုင်သော ကက်စတီးလီယန်လူမျိုးမှာ စပိန်လူမျိုးအစစ်ဟု ယုံမှတ်ပြောဆိုခြင်းခံရသူများ ဖြစ်လေသည်။ တောင်ပိုင်းတွင် နေထိုင်လျက်ရှိသော အန်ဒါလျူးရှင်း လူမျိုးမှာ မူးဝါးသွေး အများအပြား ရောနှောနေသူများဖြစ်၏။ တောင်ပိုင်းရှိ လူများမှာ အရပ်အမောင်းခပ်ပြတ်ပြတ်နှင့် အသားမည်းသည်။ မြောက်ပိုင်းသားများကား ရုပ်ချောချော အသားလတ်သည်။ ယဟူဒီလူမျိုးအချို့တို့မှလွဲ၍ စပိန်နိုင်ငံရှိ နိုင်ငံသူနိုင်ငံသား အားလုံး လိုလိုပင် ဗရင်ဂျီကိုဏ်းဝင်များဖြစ်၏။



အထယ်ခေတ်အတွင်းထင်ပေါ်ခဲ့သော စပိန်နိုင်ငံ၏မြို့ဟောင်း အားဗီလားမြို့



စပိန်နိုင်ငံတောင်ပိုင်းသား စပျစ်ဥယျာဉ်အလုပ်သမားတဦး

ဘီစီ ၁၀၀၀ ခန့်က စပိန်နိုင်ငံသို့ ကုန်သွယ်ရန် ပင်လယ်ခရီးဖြင့် ဆိုက်ရောက်လာကြသော ဖိနိုရှန် လူမျိုးတို့သည် စပိန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိုက်ဗီးရီးယန်းလူမျိုးတို့နှင့် တွေ့ဆုံ၍၊ ထိုတွေ့ဆုံရာအရပ်တွင် ယင်းတို့နှင့် အတူတကွ နေထိုင်လာကြသည်။ (ဖိနိုရှန်လူမျိုး — လည်းရှု။)

ဘီစီ ၆၀၀ ပြည့်နှစ်ခန့်တွင်မူကား အရပ်ထောင်ထောင် မောင်းမောင်းနှင့် မြင်းစီး ကျမ်းကျင်လှသော ကဲ့လူမျိုးတို့သည် ဥရောပတိုက် မြောက်ပိုင်းမှ စပိန်တိုင်းနိုင်ငံသို့ ဝင်ရောက်လာကြလေသည်။ (ကဲ့လူမျိုး — လည်းရှု။)

စပိန်နှင့် ကူးသန်းရောင်းဝယ်ရေး ပို့ဖြိုးလာသောကြောင့် ဖိနိုရှန်လူမျိုးတို့သည် ဂျီဗရောတားမြို့နေရာတွင် ဆိပ်ကမ်းမြို့ကြီးတခုကို တည်ဆောက်ခဲ့လေသည်။ ဥရောပတိုက်တွင် ရှေးအကျဆုံးမြို့ကြီးတမြို့ဖြစ်သော ကေးဒစ်ဆိပ်ကမ်းမြို့ကြီးကိုလည်း ဖိနိုရှန်တို့ပင် တည်ဆောက်ခဲ့၏။

ထိုနောက် စပိန်နိုင်ငံသို့ လာရောက်အခြေစိုက်ကြသူများမှာ ကားသေ့လူမျိုးများဖြစ်၏။ သူတို့သည် အာရှအနောက်ပိုင်းရှိ ဖိနိုရှန်နယ်သားများပင် ဖြစ်ကြပြီး ဖိနိုရှန်တို့၏ နောက်ယောင်ခံကာ ကုန်သွယ်ရေးအတွက် မြေထဲပင်လယ်အနောက်ပိုင်းသို့ နယ်ချဲ့လာခဲ့ကြသူများ ဖြစ်ကြ၏။ ပဌမပျူးနှစ်စပ်ပဲ (ဘီစီ ၂၃၀) တွင် ကားသေ့လူမျိုးတို့သည် ဆာဒင်းနီးယားကျွန်းနှင့် စစ္စလီကျွန်းတို့ကို ရောမလူမျိုးတို့အား ပေးအပ်လိုက်ရသဖြင့် ကုန်သွယ်ယင်းနယ်ချဲ့ရန် တိုင်းသစ်ပြည်သစ်ကို ရှာဖွေရလေရာ စပိန်နိုင်ငံကို တွေ့ရှိကြလေသည်။

ကားသေ့လူမျိုးတို့သည် စပိန်နိုင်ငံတွင် အခိုင်အခံ့အခြေစိုက်နိုင်ခဲ့ကြသော်လည်း ဘီစီ ၂၀၁ ခုနှစ်တွင်ဖြစ်ပွားသော ရောမနှင့်စပိန်တို့ တိုက်ခိုက်သည့် ဒုတိယ ပျူးနှစ်စပ်ပွဲတွင် အရေးရှုံးနိမ့်ပြန်သဖြင့် စပိန်နိုင်ငံမှ ထွက်ခွာသွားကြရလေသည်။ ထိုနှစ်မှစ၍ ရောမလူမျိုးတို့သည် စပိန်နိုင်ငံကို နှစ်ပေါင်း ၆၀၀ ခန့် အုပ်စိုးလာခဲ့ကြသည်။ ကားသေ့လူမျိုးတို့ကိုအစွဲပြုပြီးမှည့်ခေါ်ထားသော မြို့အမည်အနည်းငယ်မှာ ယနေ့ထက်တိုင်ပင် ကျန်ရှိနေပေသေး၏။ ယင်းတို့မှာ ဗာစီလိုးနားမြို့နှင့် ကာသကျိုးနားတို့ဖြစ်သည်။

နှစ်ပေါင်း ၆၀၀ ခန့် ရောမလူမျိုးတို့၏ လက်အောက်သို့ ကျရောက်နေစဉ် စပိန်နိုင်ငံ၏သမိုင်းမှာ တသီးတခြား မရှိတော့ဘဲ ရောမသမိုင်းသည်ပင်လျှင် စပိန်နိုင်ငံ၏သမိုင်းဖြစ်လာတော့သည်။ ရောမတို့တန်ခိုးကြီးခါန် ဖြစ်သဖြင့်လည်း စပိန်နိုင်ငံကို အခြားသော ပြင်ပ နိုင်ငံသားများက လာရောက်တိုက်ခိုက်ခြင်းငှာ မစွမ်းခဲ့ပေ။

ဘီစီ ၄၀၀ ကျော်ခန့်တွင် စပိန်နိုင်ငံမြောက်ဖက်မှနေ၍ ဗင်းဒေါလူမျိုးတို့ ဝင်ရောက်လာကြပြန်လေသည်။ ဗင်းဒေါလူမျိုးတို့သည် စပိန် တနိုင်ငံလုံးကို ဖျက်ဆီးခဲ့ကြ၏။ (ဗင်းဒေါလူမျိုး — လည်းရှု။) သူတို့နောက်တွင် ဗီစီဂေါသလူမျိုးတို့ ဝင်ရောက်လာကြပြန်လေသည်။ ဗီစီဂေါသတို့သည် ဗင်းဒေါလူမျိုးတို့ကဲ့သို့ စပိန်နိုင်ငံကိုမဖျက်ဆီးဘဲ စိုးမိုးအုပ်ချုပ် မင်းလုပ်ကြလေသည်။ ခရစ် ၄၁၅ ခုနှစ်မှ ၇၁၁ ခုနှစ်အထိ စပိန်နိုင်ငံကို စိုးမိုးအုပ်ချုပ်သော ဂေါသဘုရင်ပေါင်း ၂၃ ဆက်အနက် ဘုရင် ၅ ပါးမှာ လုပ်ကြံခြင်းခံရပြီး အခြား ၄ ပါးမှာ နန်းချခြင်းခံခဲ့ကြရလေသည်။ ခရစ် ၅၀၉ ခုနှစ်လောက်တွင် စပိန်နိုင်ငံကိုစိုးစံသော ဘုရင်သည် စပိန်တနိုင်ငံလုံးကို ဗရင်ဂျိုဂိုးသို့ သွတ်သွင်းခဲ့လေသည်။

ခရစ် ၇၁၁ ခုနှစ်တွင်ကား အာဖရိကတိုက်မြောက်ပိုင်းမှ မူးဝါးလူမျိုးတို့သည် ဂျီဗရောတားရေလက်ကြားကို ဖြတ်၍ စပိန်နိုင်ငံအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ကြလေသည်။ စပိန်တိုင်းရင်းသားများသာမက၊ စပိန်နိုင်ငံကိုကြီးစိုးအုပ်ချုပ်နေကြသော ဂေါသလူမျိုးတို့ပင်လျှင် မူးဝါး စစ်သည်တော်များကို တွန်းလှန်ခုခံခြင်း မပြုနိုင်သဖြင့် စပိန်နိုင်ငံ တွင်းမှ ထွက်ပြေးကြရလေသည်။ မူးဝါးလူမျိုးဆိုသည်မှာ အစ္စလမ်အယူဝါဒီ အာရပ်လူမျိုးနှင့် ဆီးရီးယန်းလူမျိုးများဖြစ်ကြသည်။ မူးဝါးတို့သည် စပိန်နိုင်ငံကို ချင်းနှင်းဝင်ရောက် စိုးမိုးအုပ်ချုပ်ရုံ သာမက ပီးရန်းတောင်တန်းရှိ တောင်ကြားလမ်းမှဖြတ်၍ ပြင်သစ်နိုင်ငံတွင်းသို့ပင် ဝင်ရောက်တိုက်ခိုက်ကြ၏။ သို့သော် ခရစ် ၇၃၂ ခုနှစ်၌ ပွားတျားလှင်ပြင်တွင် ချားမာတဲ့ ခေါင်းဆောင်သော ပြင်သစ်တို့ကခုခံတိုက်သဖြင့် ပြင်သစ်နိုင်ငံမှ မူးဝါးတို့ဆုတ်ခဲ့ရသည်။ သို့သော် စပိန်နိုင်ငံတွင်ကား နှစ်ပေါင်း ၅၀၀ ခန့်စိုးမိုးခဲ့လေသည်။ (မူးဝါးလူမျိုး — လည်းရှု။)

စပိန်နိုင်ငံကို နှစ်ပေါင်း ၅၀၀ ခန့်အုပ်စိုးလာခဲ့သော မူးဝါးလူမျိုးတို့သည် ရောမလူမျိုးတို့ ထက်ပင် နိုင်ငံကြီးကို ထိ

ထောက်စွာ ပြုပြင်တည်ထောင် အုပ်ချုပ်နိုင်ခဲ့လေသည်။ သို့ ရာတွင် လူမျိုးပေါင်းစုံ ပါဝင်ခြင်းကြောင့်လည်း ရံဖန်ရံခါ မကျေနပ်မှုများပေါ် ပေါက်ကာ ထိုမကျေနပ်မှုများကြောင့် ပြည်တွင်းစစ်ပွဲကလေးများပင် ဖြစ်ပွားခဲ့သည်။

မူးဝါး တို့ ဝင်လာစဉ်က စပိန် တိုင်းရင်းသား အချို့သည် မြောက်ပိုင်းရှိ တောင်ခြေဒေသများသို့ ခိုဝင်နေထိုင်ခဲ့ကြလေသည်။ ယင်းသို့ ပြေးလွှားခိုအောင်း နေခဲ့ကြရသော စပိန်တိုင်းရင်းသားတို့သည် တဖြည်းဖြည်း သွေးစည်းမိကြကာ ခရစ်ယာန် နိုင်ငံငယ်ကလေးများ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုမှတဆင့် အင်အားစုပြီး မူးဝါးလူမျိုးနယ်ချဲ့သမားတို့အား တွန်းပြန်တိုက်ခိုက်စ ပြုခဲ့ကြပြန်လေသည်။

မူးဝါးလူမျိုးတို့သည် စပိန်တို့ ထက်ြပုန်ကန်နိုင်စွမ်းရှိမည် မဟုတ်ဟု ထင်ခဲ့သောကြောင့် တကြောင်း၊ မူးဝါးလူမျိုးများ အထဲတွင်ပင် သွေးကွဲမှုများ ပေါ် ပေါက်လာခြင်းကြောင့် တကြောင်း စပိန် လူမျိုးတို့ တွန်းပြန် တိုက်ခိုက်လာခြင်းကို ခုခံတွန်းလှန်ရန် မစွမ်းနိုင်တော့ပေ။

ထိုအချိန်တွင် စပိန်တိုင်းရင်းသားများဖက်မှ ဆစ်ဆိုသူ၊ သူရဲကောင်းကြီး တယောက် ပေါ် ထွက်လာခဲ့ လေသည်။ ဆစ်သည် မည်သည့်တိုက်ပွဲတွင်မဆို အောင်မြင်၏။ သူ၏ စွမ်းရည် သတ္တိကို တွေ့မြင် ကြားသိရသော စပိန်လူမျိုးတို့ကား ဆစ်အား အထူးပင် အားကိုးအားထားပြုကြ၏။ မူးဝါးလူမျိုးတို့ သည်လည်း ဆစ်ကို အသံ ကြားရုံမျှ နှင့်ပင် ကြောက်ရွံ့ကြသည်ဟု ဆိုလေသည်။

စပိန်တော်လှန်ရေးအင်အားစုကြီးနှင့် မူးဝါးနယ်ချဲ့သမားတို့သည် ၁၂၁၂ ခုနှစ်တွင် ကက်စတီးနယ် တိုလိုဆာလွင်ပြင်၌ ရင်ဆိုင်မိကြ၍ ပြင်းထန်သော တိုက်ပွဲကြီး ဖြစ်ပွားခဲ့လေသည်။ ထိုတိုက်ပွဲတွင် မူးဝါးတို့ အရှုံးကြီးရှုံးသဖြင့် သူတို့၏ နောက်ဆုံးခြေကုပ်တခုဖြစ်သော စပိန်နိုင်ငံအရှေ့တောင်ပိုင်းရှိ ဂရာနာဒါးနယ်အတွင်းသို့ ဆုတ်ပြေးကြရလေသည်။

စပိန်လူမျိုးတို့ကား စပိန်၏ တဦးတည်းသော ရန်သူကို ဝိုင်း၍တိုက်ခိုက်ကြရာ၌သာ စည်းလုံးမိကြ၍ ပြည်တွင်းအုပ်ချုပ်ရေး၌မူကား ညီညွတ်မှုမရရှိခဲ့ကြသေးပေ။ ထိုကြောင့် ကက်စတီးနိုင်ငံတွင် တတိယဖာဒီနန်ဘုရင် အုပ်စိုး၍ အာရဂွန်နိုင်ငံတွင် ဂျိမ်းဘုရင် အုပ်ချုပ်လေသည်။ ၁၄၆၉ ခုနှစ်တွင် ကက်စတီးမင်းသမီး အင်ဇဗဲလားနှင့် အာရဂွန်ဘုရင်ကလေး၏ဘထွေးတော် ဖာဒီနန်မင်းသားတို့ လက်ဆက်လိုက်ကြသဖြင့် ကက်စတီးနှင့် အာရဂွန် နှစ်ပြည်ထောင်မှာ ပူးပေါင်းစည်းလုံးမိခဲ့လေတော့သည်။ ထိုသို့ နှစ်ပြည်ထောင် ပူးပေါင်းမိသောအခါမှစ၍ စပိန်တနိုင်ငံလုံးသည် ညီညွတ်စည်းလုံးလာလေသည်။

၁၄၉၂ ခုနှစ်ကား စပိန်နိုင်ငံ၏သမိုင်းတွင် ထူးခြားမှတ်သားထိုက်သောနှစ်ပင်ဖြစ်၏။ စပိန်နိုင်ငံသည် လွတ်လပ်၍ စည်းလုံးမိပြီး ဖြစ်သော်လည်း ဂရာနာဒါး နယ်ကလေးမှာ အစွယ်အယူဝါဒီ မူးဝါးလူမျိုးတို့၏လက်၌ပင် ရှိနေသေး၏။ ဖာဒီနန်နှင့် အင်ဇဗဲလားတို့သည် ကော်ဒိုးဗားအမည်ရှိ စပိန်စစ်ဗိုလ်ကြီးကိုစေလွှတ်၍ မူးဝါးတို့အား နှင်ထုတ်စေရာ ၁၄၉၂ ခုနှစ်တွင် မူးဝါးတို့သည် ဂရာနာဒါးနယ်မှ လုံးဝ ထွက်ခွာပေးရလေသည်။ ထိုနှစ်တွင်ပင် စပိန်နိုင်ငံမှစေလွှတ်လိုက်သော ကိုလံဗပ်သည် ကမ္ဘာသစ်ကို ရှာဖွေတွေ့ရှိခဲ့လေသည်။ (ကိုလံဗပ်, စီ — ရှု။) ကမ္ဘာသစ်ကိုရှာဖွေတွေ့ရှိခဲ့ခြင်းဖြင့် စပိန်နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို အကြီးအကျယ်တိုးတက်စေခဲ့ရာ နှစ်များစွာ မကြာမြင့်မီပင် ဥရောပတိုက်တွင် စပိန်နိုင်ငံသည် အကြွယ်ဝဆုံးနိုင်ငံတခုဖြစ်လာခဲ့လေသည်။ ယင်းသည့် စပိန်၏ ရှေခေတ်ဒွေခေတ်ဟု ခေါ် ဆိုထိုက်သော ၁၅၀၀ ခုနှစ်တွင် ရောမ သာသနာစောင့်ကောင်းအဖြစ်ဖြင့် တင်မြှောက်ခြင်းခံရသော ပဉ္စမချားလက်ထက်၌ စပိန်နိုင်ငံသည် ဥရောပအလယ်ပိုင်းနိုင်ငံ၏ စစ်ဖက်ရေးနှင့် နိုင်ငံရေးရာများတွင် ရောထွေးယှက်တင် ပါဝင်လာရလေတော့သည်။ ပဉ္စမချားဘုရင်သည် ၁၅၅၆ ခုနှစ်တွင် ထီးနန်းကိုစွန့်သည်တွင် သားတော် ဒုတိယဖိလစ်က ဆက်ခံစိုးစံလေသည်။ ဖိလစ်ဘုရင်လက်ထက်တွင်ကား စပိန်နိုင်ငံတော်အတွင်း၌ သာသနာရေးဖိနှိပ်မှုမှာ အတော်ပင် ပြင်းထန်လာခဲ့လေသည်။ အကြင်းအကျန်မျှသာဖြစ်သော မွတ်စလင်တို့အား ဖိနှိပ်ရာတွင် မွတ်စလင်တို့ တော်လှန်ပုန်ကန်ကြသော်လည်း အင်အားချင်းမမျှသဖြင့် မအောင်မြင်ခဲ့ကြပေ။ ယဟူဒီလူမျိုးနှင့် ပရိုတက်စတန့်ဂိုဏ်းဝင်များကိုလည်း အတိအလင်းနှိပ်ကွပ်ခဲ့၏။

ဒုတိယဖိလစ်ဘုရင်သည် အင်္ဂလန်ပြည်ကို ဗရင်ဂျိဂိုဏ်းဝင် နိုင်ငံဖြစ်စေလိုသောအကြံနှင့် အင်္ဂလန်ပြည့်ရှင် မေရီဘုရင်မကို လက်ထပ်ခဲ့သည်။ သို့သော်လည်း သူ၏အကြံ မအောင်မီ မေရီဘုရင်မ ကွယ်လွန်သွားပြီးလျှင် ပရိုတက်စတန့်ဂိုဏ်းဝင်စစ်စစ်ကြီးဖြစ်သော အယ်လစ်ဇဗက်ဘုရင်မ နန်းတက်ခဲ့လေသည်။ ထိုအခါ အကြမ်းနည်းသုံးကာ အင်္ဂလန်ပြည်ကို ဗရင်ဂျိနိုင်ငံဖြစ်အောင် ကြံဆောင်ရန်အတွက် ၁၅၈၈ ခုနှစ်အတွင်း အာမဒါခေါ် ကြီးကျယ်ခမ်းနားလှသော ရေတပ်မတော်ကြီးကို တည်ဆောက်ခဲ့လေသည်။ (စပိန်ရေတပ်ကြီး — ရှု။) သဘော်ကြီးများမှာ ကြီးကျယ်၍ ခိုင်ခံ့လှသော်လည်း အင်္ဂလန်ပြည်သို့စေလွှတ်တိုက်ခိုက်စေသည့်အခါ တွင်မူကား အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

စပိန်ရေတပ်ကြီး ပျက်စီးဆုံးရှုံးရသည့်အချိန်မှစ၍ စပိန်နိုင်ငံသည် တဖြည်းဖြည်း တန်ခိုး မှေးမှိန် လာခဲ့လေသည်။ နိုင်ငံတော်မှာလည်း တဖြည်းဖြည်း ယိမ်းယိုင်ပြိုကွဲလာခဲ့သည်။ ၁၆၄၀ ပြည့်နှစ်တွင် စပိန်လက်အောက်ခံ ပေါ် တူဂီပြည်သည် သွေးတပေါက်မကျရဘဲနှင့် လွတ်မြောက်ခဲ့လေ



စပိန်နိုင်ငံ၏မြို့တော် မဒရစ်မြို့ရှိ လမ်းတလမ်းရှခင်း

သည်။ ၁၇၀၁ ခုမှ ၁၇၁၄ ခုနှစ်အထိနှစ်များအတွင်း ဖြစ်ပွားခဲ့သော စပိန် နန်းလုစစ်ပွဲကြီးတွင်လည်း ဥရောပတိုက်ရှိ စပိန်ပိုင်နယ် အများအပြားပင် လက်လွတ်သွားရသည်။ စပိန်နိုင်ငံကိုလည်း ပြင်သစ်မင်းသားတပါးက လာရောက် အုပ်စိုးခဲ့လေသည်။ ထိုမင်းသားမှာ ပြင်သစ်ဘုရင်၏မြေးတော် အန်ဂျူးစ်စား ပဉ္စမဖိလစ် ဖြစ်၍ စပိန်နိုင်ငံတွင် ၁၉၃၁ ခုနှစ်အထိ အုပ်စိုးခဲ့သော ဗူးဗွန်မင်းဆက်တွင် ပဌမဦးဆုံး ဘုရင်ဖြစ်လေသည်။

ထိုအခါမှစ၍ စပိန်နိုင်ငံမှာ တဖြည်းဖြည်း တန်ခိုးမှိန်ခဲ့လေသည်။ စပိန် ထီးနန်းဆက်ခံရေးစစ်ပွဲ အတွင်းက (၁၇၀၁–၁၇၁၄) ဂျီဗရောတားနယ်၊ မီနောကားနယ်၊ ဂျာတလီပြည်ရှိနယ်များနှင့် နယ်သာလန်ပြည်နယ်များ ဆုံးရှုံးခဲ့ရလေသည်။ ထိုပြင် စပိန်နိုင်ငံအတွက် အကျိုးမရှိသော စပိန်ဂျာတလီစစ်ပွဲများဖြစ်ပွားခဲ့သေးသည်။

၁၇၀၉ ခုနှစ် ပြင်သစ်တော်လှန်ရေးကြီးတွင် စပိန်ဘုရင်သည် ဆွေတော်မျိုးတော် ဖြစ်သော ပြင်သစ်ဘုရင်ဖက်မှ ကူညီခဲ့လေသည်။ သို့ရာတွင် တော်လှန်သူများအောင်မြင်ပြီးနောက် တန်ခိုးတက်လာသော နပိုလီယန်၏ ပရိယာယ်ကြောင့် စပိန်နိုင်ငံရှိ ပြင်သစ်နန်းဆက်ပင် ပြတ်ရလေတော့သည်။

နပိုလီယန်သည် ညီတော်ဂျိုးဇက်အား စပိန်နိုင်ငံ၏ထီးနန်းကို အပ်နှင်းခဲ့လေသည်။ သို့သော် မကြာမီ စပိန်နိုင်ငံသားအပေါင်းတို့သည် ဂျိုးဇက်ဘုရင်အား လက်နက်စွဲကိုင်ကာ တော်လှန်ခဲ့ကြလေသည်။ နပိုလီယန် တန်ခိုးကြီးမားလာမည်ကို စိုးရိမ်သော အင်္ဂလိပ်တို့က စပိန် သူပုန်တို့အား ကူညီသဖြင့် စပိန်တော်လှန်ရေးကြီး အောင်မြင်ခဲ့လေသည်။

စပိန်နိုင်ငံသည် နပိုလီယန်၏ ပြင်သစ်စစ်တပ်များ လက်အောက်မှ လွတ်မြောက်ခဲ့ပြီးနောက်၌ပင် နပိုလီယန်က အာကျဉ်းချထားသော ဗူးဗွန်မင်းဆက် သတ္တမဖာဒီနန်ဘုရင် လွတ်မြောက်လာပြီးလျှင် စပိန်နိုင်ငံကိုပြန်လည်စိုးစံခဲ့သည်။ ၁၈၃၃ ခုနှစ်တွင် သတ္တမဖာဒီနန် ဘုရင် နတ်ရွာစံသောအခါ၊ အမေရိကတိုက်ရှိ စပိန်ပိုင်နယ်အားလုံးလိုလိုကို လက်လွတ်လိုက်ရသည်။ ကျန်ရှိနေသေးသော ကျူးဗား နှင့် ပွားတိုရီကိုးကိုလည်း ၁၈၉၈ ခုနှစ်တွင် ဖြစ်ပွားသော စပိန်အမေရိကန်စစ်ပွဲတွင် လုံးဝဆုံးရှုံးလေသည်။

သတ္တမဖာဒီနန် ဘုရင်၏ ထီးနန်း ရိုက်ဏာကို သမီးတော် ဒုတိယအင်ဇဲလားမင်းသမီးက ဆက်ခံစိုးစံသည်။ သို့ရာတွင် ဘထွေးတော် ဒွန်ကာလိုမင်းသားက သူသာလျှင် စပိန်ထီးနန်းကို စိုးစံထိုက်သည်ဟု ဆိုကာ တော်လှန် ပုန်ကန်ရာ ပြည်အတွင်းစစ်ပွဲကြီး ဖြစ်ပွားရပြန်သည်။

၁၈၇၃ ခုနှစ်မှ ၁၈၇၅ ခုနှစ်အထိ စပိန်သမတနိုင်ငံကို ပဌမဆုံးအကြိမ် တည်ထောင်ခဲ့ပါသော်လည်း၊ အမှန်အားဖြင့် စပိန်နိုင်ငံတွင် အုပ်ချုပ်သော အစိုးရ ဟူ၍ အတည်တကျ မရှိဘဲ ပြည်တွင်းဆူပူမှုများသာလျှင် ဖြစ်ပွားလျက်ရှိခဲ့လေသည်။ ထိုကြောင့် ၁၈၇၅ ခုနှစ်တွင် ဆူပူလှုပ်ရှားထကြွမှုများကို ရှုရှာလာကြပြီဖြစ်သော စစ်ဖက်အာဏာပိုင်များက ဗူးဗွန်မင်းဆက် ဖြစ်သော ဒုတိယအင်ဇဲလား၏ သားတော် ၁၂ ဆက်မြောက် အယ်လဖွန်းဆိုးအား စပိန်ထီးနန်းကိုအပ်ကြသည်။ အယ်လဖွန်းဆိုးဘုရင်သည် ပြည်တွင်းဆူပူမှုအားလုံးတို့ကို လက်နက်ဖြင့် နှိပ်ကွပ်ခဲ့၏။ ၁၈၇၆ ခုနှစ်တွင် အခြေခံဥပဒေသစ်တရပ်ကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ နန်းသက် ၁၀ နှစ်အကြာ ၁၈၈၅ ခုနှစ်တွင် အယ်လဖွန်းဆိုးဘုရင် နတ်ရွာစံခဲ့လေရာ သားတော် ၁၃ ဆက်မြောက် အယ်လဖွန်းဆိုး မင်းသား အရွယ်ရောက်လာသည် အထိ ဘုရင်မကြီး ခရစ္စတီးနားက နန်းစောင့်မယ်တော်ဘုရင်မအဖြစ် အုပ်ချုပ်လာခဲ့ရလေသည်။ ၁၈၉၅ ခုနှစ်တွင် ကျူးဗားကျွန်းက နောက်တကြိမ် ပုန်ကန်ထကြွပြန်သောကြောင့် ဗိုလ်ချုပ်ဝေးလားကို စေလွှတ်နှိမ်နင်းစေရာတွင် သူပုန်များကို ရက်ရက်စက်စက်နှိပ်ကွပ်မှုနှင့်စပ်လျဉ်း၍ ၁၈၉၈ ခုနှစ်တွင် စပိန်နှင့်

အမေရိကန်တို့ စစ်ဖြစ်ရလေသည်။ ထိုစစ်ပွဲတွင် စပိန်တို့ အရေးနိမ့်ပြီးလျှင် ကျူးဗားနှင့် ပုဗ်ဟိုရီကိုးကို သာမက ဖိလစ်ပိုင်ကျွန်းစုကိုပါ လက်လွှတ်လိုက်ရလေသည်။

၁၃ ဆက်မြောက် အယ်လဖွန်းဆိုးမင်းသားသည် ၁၉၀၂ ခုနှစ်တွင် စပိန်နိုင်ငံ အားလုံးကို ဘုရင်အဖြစ် စိုးစံခဲ့ရလေသည်။ ထိုအချိန်တွင် နိုင်ငံတွင်းပြဿနာများမှာ အထူးပင်ရှုပ်ထွေးလျက်ရှိလေသည်။ အထူးသဖြင့် ခရစ်ယန်ဂိုဏ်းကြီးသည် ဘုရင်အား ဩဇာလွှမ်းမိုးရန် ကြံရွယ်လျက်ရှိသည်။ ၁၉၀၉ ခုနှစ်တွင် အာဖရိကတိုက်မြောက်ပိုင်း မိုရိုကို နယ်တွင်ရှိသော တိုင်းရင်းသားအချို့တို့က စပိန်လူမျိုးတို့အား မလိုမုန်းထားပြီး ဆူပူထကြွသတ်ဖြတ်ကြသဖြင့် စပိန်လူမျိုးတို့မှာ မိုရိုကိုနယ်မှလက်လွှတ်ထွက်ပြေးရမလောက်ပင် အခြေအနေဆိုးရွားခဲ့ရလေသည်။ ထိုအချိန်တွင် စပိန်ပြည်တွင်းဥဒ္ဓလည်း အစိုးရကို မလိုလားသော နိုင်ငံရေး ခေါင်းဆောင်များက ဆူပူထကြွလာပြန်သည်။ သို့ရာတွင် စပိန်အစိုးရက ဆူပူမှုအရပ်ရပ်ကို နှိပ်ကွပ်နိုင်ခဲ့လေသည်။

ပဌမကမ္ဘာစစ်ပွဲကြီး အတွင်းက စပိန်နိုင်ငံသည် ကြားနေခဲ့သည်။ သို့ရာတွင် နိုင်ငံတွင်းဆူပူမှုများကြောင့်ငင်း၊ သပိတ်ကိစ္စများကြောင့်ငင်း စက်မှလက်မှလုပ်ငန်းများ တိုးတက်ရေးမှာ အထူးပင် ဖင့်နှဲ့နှောင့်နှေးခဲ့ရလေသည်။ မိုရိုကို နယ်မှလည်း ပြန်လည် ဆူပူလာပြန်သဖြင့် စစ်တပ်များ ဧလွှတ်နှိမ်နင်းခဲ့ရပြန်သည်။ ဤတကြိမ်တွင် ဘုရင်အစိုးရအင်အားမှာ တဖြည်းဖြည်းပြိုကွဲစပြုလာပြီဖြစ်၍ နိုင်ငံမှာလည်း စည်းလုံးညီညွတ်ခြင်းမရှိတော့ချေ။

၁၉၂၃ ခုနှစ်တွင် ဗိုလ်ချုပ် ပရီးမိုးသေ ရီဗေးရားသည် စစ်ဖက်ဆိုင်ရာအကူအညီဖြင့် အုပ်ချုပ်ရေးအာဏာကို ရယူပြီး ဘုရင်ထံတော်အောက်တွင် စ ပိန် နိုင် ငံ ကို အုပ်စိုးလေသည်။ အမှန်အားဖြင့်ဆိုသော် ရီဗေးရား ကိုယ်တိုင် အာဏာရှင်အဖြစ်ဖြင့် အုပ်စိုးခြင်းပင်ဖြစ်၏။ အယ်လဖွန်းဆိုးဘုရင်ကလည်း သူကိုယ်တိုင် အုပ်မနိုင်စိုးမရဖြစ်နေသောကြောင့် ရီဗေးရားအုပ်ချုပ်ခြင်းကို ခွင့်ပြုထားရလေသည်။

ဗိုလ်ချုပ်ရီဗေးရားသည် မျိုးချစ်စိတ်ထက်သန်၍ ဖြောင့်မတ်တည်ကြည်သော ပုဂ္ဂိုလ်တဦးပင် ဖြစ်သော်လည်း သူတက်လာသည့်အချိန်က စပိန်နိုင်ငံအခြေအနေအရ ပြုပြင်ရေးလုပ်ငန်းများကို အာဏာရှင်စံနစ်ဖြင့် ဆောင်ရွက်ရလေသည်။ သူသည် သူပုန်များကို ပြင်သစ်တို့၏အကူအညီဖြင့် နှိမ်နင်းခဲ့ပြီးလျှင်သပိတ်ကိစ္စများကိုလည်း အပြင်းအထန်နှိပ်ကွပ်နိုင်ခဲ့သဖြင့် အရေးပါအရာရောက်သော ပြုပြင်ရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့လေရာ စပိန်နိုင်ငံမှာ အတော်ပင် တိုးတက်ကောင်းမွန်လာခဲ့၏။

သို့သော် ၁၉၂၉ ခုနှစ်နောက်တွင်ပေါ်လာသော ကမ္ဘာနှင့်အဝှန်း စီးပွားရေးညှဉ်းပန်းမှုကြောင့် စပိန်နိုင်ငံမှာ ပြဿနာသစ်များနှင့် ရင်ဆိုင်ရပြန်လေသည်။ ဗိုလ်ချုပ်ရီဗေးရားသည် စပိန်စစ်တပ်ကြီးကို ပြုပြင်ရန် ကြိုးစားခဲ့လေသည်။ သို့ရာတွင် သူ၏ ကြိုးပမ်းချက်မှာ မအောင်မြင် သည့်ပြင် စစ်တပ်နှင့်ဘုရင်၏ထောက်ခံမှုကိုလည်း မရတော့သောကြောင့် ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားရလေသည်။ စပိန်လူထုသည် အာဏာရှင်စံနစ်ကို ထောက်ခံအားပေးသော အယ်လဖွန်းဆိုးဘုရင်အားလည်း မလိုလားကြတော့ချေ။

အယ်လဖွန်းဆိုးဘုရင်သည်လည်း နောက်ဆုံးကြိုးစားခြင်းအနေဖြင့် တိုင်းသူပြည်သားတို့အား လွတ်လပ်မှုအခွင့်အရေး ပိုမိုပေးနိုင်မည့် အစိုးရ အဖွဲ့မျိုး ရရှိစေမည်ဟု ကတိပြုကာ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့လေသည်။ ၁၉၃၁ ခုနှစ် ဧပြီလတွင်ကျင်းပသော ထိုရွေးကောက်ပွဲကြီးတွင် သမတကိုဏ်းသားများဖက်မှ မဲပေါင်းများစွာဖြင့် အနိုင်ရသဖြင့် အယ်လဖွန်းဆိုး ဘုရင်မှာ စပိန်နိုင်ငံ တွင်းမှ ထွက်ပြေးတိမ်းရှောင် သွားရလေသည်။ ထိုနောက် စပိန်နိုင်ငံဥပဒေပြုလွှတ်တော်သည် သမတအုပ်ချုပ်ရေး အခြေခံဥပဒေကို ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုခဲ့လေသည်။ သမတအဖြစ်ဖြင့် အဲလကာလာသာမိုးထားအား တင်မြှောက်ခဲ့ကြလေသည်။ ဝန်ကြီးချုပ်မှာ မန်နွယ်အသားနယားဖြစ်၏။ အခြေခံဥပဒေသစ်အရ ဗဟိုဂျီဂိုဏ်းမှာ သိသိသာသာကြီး ဖိနှိပ်ထားခြင်းခံရသည်။ အမျိုးသမီးများမှာကား မဲပေးခွင့်ရကြ၏။ သို့သော် သမတအစိုးရမှာ အခက်အခဲ အမျိုးမျိုးတို့ကြောင့် နိုင်ငံကောင်းရာကောင်းကြောင်း ဆောင်ရွက် သင့် သလောက် မဆောင်ရွက်နိုင်ခဲ့ပေ။

၁၉၃၃ ခုနှစ် အောက်တိုဘာလတွင် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကြီး ကျင်းပပြန်ရာ ကွန်ဆားဗတစ်အုပ်စုဖက်မှ အနိုင်ရခဲ့လေသည်။ ထိုအခါ အင်အားတောင့်တင်းနေသော ဖက်ဆစ်အဖွဲ့နှင့် ဗဟိုဂျီဂိုဏ်းဝင်တို့၏ အဖွဲ့နှစ်ဖွဲ့တွင် ရွေးဦးစွာ ဗဟိုဂျီအဖွဲ့က ရာထူး ရယူပြီး အုပ်ချုပ်ခဲ့လေသည်။ ထိုသို့ ဗဟိုဂျီအဖွဲ့က အုပ်ချုပ်သည် နှင့် တပြိုင်နက် လက်ဝဲနိုင်ငံရေးသမားများနှင့် အလုပ်သမားများကို စတင်ဖိနှိပ်လေ၏။ ထိုကြောင့် ၁၉၃၄ ခုနှစ်တွင် အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာပြီးလျှင် အလုပ်သမားများ စုပေါင်း၍ အစိုးရအား တော်လှန်ပုန်ကန်ရာ၊ ဗဟိုဂျီအဖွဲ့ အစိုးရသည် မိုရိုကို နယ်မှ စစ်တပ်များကိုခေါ်ယူ၍ နှိမ်နင်းခဲ့လေသည်။ သို့ရာတွင် ငြိမ်းချမ်းရေးမရရှိဘဲနှင့် ၁၉၃၆ ခုနှစ်ရွေးကောက်ပွဲကြီး ကျင်းပခဲ့ရသည်။ ဤရွေးကောက်ပွဲတွင် လက်ဝဲနိုင်ငံရေးအဖွဲ့များ စုပေါင်းထားသည့် လူထုတပ်ဦးက အနိုင်ရသောကြောင့် လက်ဝဲအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့လေသည်။

ထိုအစိုးရအဖွဲ့သည် လယ်ယာလုပ်ငန်းဆိုင်ရာပြုပြင်မှုများ

နှင့် အခြားပြုပြင်မှုများကို ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ရာ မြေနှင်းကြီးများနှင့် ဗရင်ဂျီဂိုဏ်းတို့က အတိုက်အခံပြုခြင်းကိုခံခဲ့ရလေသည်။ များမကြာမီ စစ်တပ်ပုန်ကန်မှုကြီးတရပ် ပေါ်ပေါက်ခဲ့လေသည်။ ခေါင်းဆောင်များကား ဖရန်စစ္စကို ဖရန်ကိုနှင့် အေမီးလျိုးမိုးလား တို့ပင် ဖြစ်လေသည်။ တော်လှန်ရေးသမားများသည် မျိုးချစ်တော်လှန်ရေးသမားများဟူသောအမည်ကိုယူကာ အစိုးရတပ်များကို အပြင်းအထန်တိုက်ခိုက်ကြလေသည်။ တယူသန်နိုင်ငံရေးသမားများကမူကား အစိုးရဖက်နှင့် သူပုန်ဖက် နှစ်ဖက်စလုံးကို မိမိတို့သံယောဇဉ်ရှိရာ ကူညီအားပေးကြလေသည်။ အစိုးရဖက်ကို ဆိုရှယ်လစ်ခေါင်းဆောင်ကြီးဖြစ်သူ ဝန်ကြီးချုပ် ဖရန်စစ္စကိုလားဂိုကာဗာလျေးရိုးက ကူညီအားပေးသည်။

စပိန် ပြည်တွင်းစစ်ကြီးကား တဖြည်းဖြည်း ပိုမိုပြင်းထန်လာလေသည်။ ဖရန်ကိုဦးစီးသော တော်လှန်ရေးတပ်က၊ စပိန်နိုင်ငံ တောင်ဖက်ဖျားသို့ တက်ရောက်တိုက်ခိုက်စဉ် ဗိုလ်ချုပ် မိုးလား ခေါင်းဆောင် သည့် အခြားတတပ်ကမူကား စပိန်နိုင်ငံ မြောက်ပိုင်းသို့ တက်ရောက် တိုက်ခိုက်ကြလေသည်။ အဆိုပါ တော်လှန်ရေးစစ်တပ်ကြီးနှစ်တပ်သည် စပိန်နိုင်ငံ အလယ်ပိုင်းရှိ မဒရစ်မြို့တော်ကြီးဆီသို့ ချီတက် တိုက်ခိုက်ခဲ့ကြလေသည်။ ၁၉၃၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်မိုးလား လေယာဉ်ပျံ ပျက်ကျ ကွယ်လွန်သဖြင့် ဖရန်ကို သည် တော်လှန်ရေး ဖက်ဆစ်တပ်မတော်ကြီး၏ တဦးတည်းသော ခေါင်းဆောင်ကြီး ဖြစ်လာလေသည်။ (ဖရန်ကို — ၍။)

၁၉၃၆ ခုနှစ် နိုဝင်ဘာလ တွင် ဖရန်ကို၏ ဖက်ဆစ်တပ်ကြီးသည် မဒရစ်မြို့တော်အနီးသို့ ဆိုက်ရောက်လာ၍ ဆိုရှယ်လစ်အစိုးရ အဖွဲ့သည် ဗလင်းရှာမြို့သို့ ရွှေ့ပြောင်းခဲ့ရပြီးနောက်၊ စိတ်မချရသေးသဖြင့် ၁၉၃၇ ခုနှစ်အတွင်း ဗာစီလိုးနားမြို့သို့ တဆင့်ပြောင်းရွှေ့ထိုင်ခဲ့လေသည်။ တော်လှန်ရေးဦးစီးအဖွဲ့ကလည်း ဗူးရဂိုမြို့တွင် ရုံးထိုင်ပြီး စင်ပြိုင်အစိုးရအဖွဲ့သစ်ဖွဲ့ကာ ဖရန်ကိုအား အာဏာရှင်အဖြစ် တင်မြောက်ခဲ့ကြလေသည်။

ဖရန်ကို၏ အစိုးရ အဖွဲ့သစ်အား ဂျာမနီနှင့် ဣတလီနိုင်ငံတို့က ချက်ခြင်း အသိအမှတ်ပြုခဲ့ကြလေသည်။ ထိုမျှမကသေး ထိုနိုင်ငံနှစ်ခုသည် လက်နက် ခဲယမ်း မီးကျောက်နှင့် တကွ လေယာဉ်ပျံ စသည်တို့ကိုပါ ဖရန်ကိုထံ ပေးပို့ကူညီခဲ့ခြင်းကြောင့် ဖရန်ကို၏ ဖက်ဆစ်တပ်ကြီးမှာ လျင်မြန်စွာ အောင်ပန်းဆွတ်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ကွန်မျူနစ်ဝါဒသို့ ရွေးရှုနေသော ဆိုရှယ်လစ် အစိုးရအားလည်း ရုရှနိုင်ငံက အကူအညီများ ပေးခဲ့သော်လည်း ဖက်ဆစ်နိုင်ငံများ ကဲ့သို့

တသက်ဘေးဘန္ဓရာယ်များလှသော စပိန်နွားကစားပွဲ

ထိထောက်ခြင်းမရှိခဲ့ချေ။ နိုင်ငံအသီးသီးမှ အပျော်တမ်းတပ်သားများသည်လည်း အပြည်ပြည်ဆိုင်ရာတပ်မဟာ ဖွဲ့စည်းကာ အစိုးရဖက်မှ ပါဝင်ကူညီတိုက်ခိုက်ခဲ့၏။

အင်္ဂလန်နှင့်ပြင်သစ်နိုင်ငံတို့ကမူကား မည်သူ့ကိုမျှ အားမပေးခဲ့ချေ။ ဝင်မစ္စက်ရေးကော်မီတီတခု ဖွဲ့စည်းရန်ပင် ကြိုးပမ်းခဲ့သေး၏။ ရုရှနိုင်ငံက ဆိုရှယ်လစ်အစိုးရကို လက်နက်အား၊ လူအင်အားနှင့်ကူညီမှု ရပ်စဲလိုက်သည်နှင့်တပြိုင်နက်၊ ဖရန်ကို၏ ဖက်ဆစ်သူပုန်တပ်များသည် ၁၉၃၉ ခုနှစ်တွင် စပိန်တနိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့လေသည်။ ထိုအချိန်မှစ၍ စပိန်နိုင်ငံတွင် ဖရန်ကို ဦးစီးသည့် ဖက်ဆစ် အစိုးရဆောက်တည်လာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်၏။ ထိုနောက် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာရာ ဖရန်ကိုသည် စစ်အတွင်းသို့ ဝင်ရောက်ခြင်းမပြုဘဲ ရှောင်ကွင်းနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာစစ်ဘေးစစ်ဒဏ်မှ လွတ်မြောက်လာခဲ့လေသည်။ သို့ရာတွင် ရုရှကျာမန် တိုက်ပွဲများတွင်မူကား ကျာမန်တို့အား ကျေးဇူးတုံ့ပြန်သည့် သဘောဖြင့် ကျာမန်တို့ဖက်မှ ကူတိုက်ခိုက်စေရန် စပိန်အပျော်တမ်းစစ်တပ်များကို ရုရှကျာမန်စစ်ကြောင်းသို့ စေလွှတ်ခဲ့ဘူး၏။ သို့သော် ဝင်ရိုးတန်းနိုင်ငံများ တဖြည်းဖြည်း အရေးနိမ့်လာမှန်း သိလာသောအခါ ယင်းတို့နှင့် အဆက်ဖြတ်လိုက်လေသည်။

စပိန်နိုင်ငံ အစိုးရမှာ ဖက်ဆစ် အာဏာရှင် အစိုးရမျိုးဖြစ်၏။ ဗိုလ်ချုပ်ဖရန်ကိုမှာ နိုင်ငံ၏ခေါင်းဆောင်ဖြစ်လေသည်။ ၁၉၄၇ ခုနှစ်တွင် အမျိုးသား ကွန်ဂရက် လွှတ်တော်က ဖရန်ကိုကွယ်လွန်သောအခါ စပိန်မှာ ဘုရင့်အစိုးရအုပ်ချုပ်သောနိုင်ငံ ဖြစ်လာရမည် ဟူသော ဥပဒေတရပ်ကို ပြဋ္ဌာန်းခဲ့၏။ ထိုဥပဒေအရ ကွန်ဂရက်သည် ဘုရင်ကို ရွေးကောက်တင်မြှောက်နိုင်သည်။ ဖရန်ကိုမှာ နိုင်ငံ၏အဓိပတိသာမဟုတ် နိုင်ငံရှိ တခုတည်းသော နိုင်ငံရေးပါတီဖြစ်သည့် ဖါးလန်းပါတီ၏ ခေါင်းဆောင်လည်းဖြစ်လေသည်။ ထိုပါတီကို အဖွဲ့ဝင် ၁၀၃ ဦးပါဝင်သော အမျိုးသားကောင်စီက ကြိုးကိုင်၏။ အုပ်ချုပ်ရေးတွင် ဖရန်ကိုအား ဝန်ကြီး ၁၃ ဦးပါဝင်သော အစိုးရအဖွဲ့က ကူညီလေသည်။ ကောတေးခေါ် ဥပဒေပြု လွှတ်တော်တွင် ဥပဒေပြုနိုင်ခွင့်အာဏာရှိသော်လည်း နိုင်ငံအဓိပတိ၏ လက်အောက်ခံပင်ဖြစ်သည်။ ယင်းလွှတ်တော် အဖွဲ့ဝင် အချို့ကိုသာ ရွေးကောက်တင်မြှောက်ရ၏။ အဖွဲ့ဝင်များမှာ ကက်ဗိနက်အဖွဲ့ဝင် ၁၃ ဦး၊ ဖားလန်းပါတီအမျိုးသားကောင်စီလူကြီး ၁၀၃ ဦး၊ တက္ကသိုလ်ကျောင်း ၁၂ ကျောင်းမှ အုပ်ချုပ်ရေးမှူး ၁၂ ဦး၊ လုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်များ၊ မြို့ကြီး ပြည်နယ်ကြီးများမှ ကိုယ်စားလှယ်များ ဖြစ်လေသည်။ ပြည်နယ်တိုင်းတွင် ဆိုင်ရာကိစ္စအချို့ကို ဆောင်ရွက်နိုင်ခွင့်ရသော အုပ်ချုပ်ရေးအဖွဲ့ အသီးသီးရှိသည်။

စပိန်စာပေ။ ။စပိန်စာပေသည် အခြား ဥရောပ စာပေများကဲ့သို့ လက်တင်ဘာသာမှ ဆင်းသက်လာခဲ့သည်။ သို့ရာတွင် အာရေဗျ၊ ယဟူဒီ စာပေများနှင့် ပိုမိုနီးစပ်သည်။ ထိုကြောင့် ခန့်ညားသည်။ မာန်ပါသည်။ နက်နဲသည်။ ယဉ်ကျေးသည်။ တခါတရံတွင်မူကား ကြမ်းကြုတ်ရက်စက်လေသည်။

စပိန်နိုင်ငံသည် ပထဝီအနေအထား အားဖြင့် အခြား ဥရောပနိုင်ငံများနှင့် အဆက်ပြတ်နေသောကြောင့် စပိန်လူမျိုးများသည် အခြားတိုင်းသားများနှင့် မရောဘဲ တသီးပုဂ္ဂလဖြစ်နေသည်။ အာဖရိက မြောက်ပိုင်း မူးဝါး လူမျိုးများနှင့် စစ်မက်ဖြစ်ပွားခဲ့၍ တခါက စပိန်နိုင်ငံသည် မူးဝါးတို့၏လက်အောက်သို့ ကျရောက်ခဲ့ဘူးသည်။ ဤအကြောင်းများကြောင့် စပိန်စာပေသည် အခြား ဥရောပ စာပေများနှင့် မတူဘဲ တဘာသာ ဖြစ်နေလေသည်။ စပိန်နိုင်ငံကို မူးဝါးတို့ သိမ်းပိုက်ထားခိုက် စပိန် မင်းမျိုး မင်းနွယ်များသည် အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်ပတ်၍ စောင်းသိချင်း သိဆိုတီးမှုတ်ကြရာ၊ ထိုစာဆိုတို့ကို လမ်းလျှောက်စာဆိုဟုခေါ်ကြသည်။

စပိန်ဘာသာဖြင့် ရေးသားသော စာပေများတွင် ရှေးအကျဆုံးမှာ ၁၁၄၀ ပြည့်နှစ်က ရေးသော လက်ဝတပုဒ်ဖြစ်သည်။ ထိုလက်ဝကို ရေးသားသော စာဆိုတော်မှာ မူးဝါးလူမျိုးများ ဖက်က အမြဲ ကူညီနေသူ မွတ်စလင်တဦးဖြစ်သည်။ သို့သော် သူ၏လက်ဝတွင် မူးဝါးလူမျိုးများကို တိုက်ခိုက်ခဲ့ပုံများကို ရေးသားထားလေသည်။ ထိုလက်ဝသည် စပိန်နိုင်ငံ၏သမိုင်းကို ဖေါ်ပြသော လက်ဝဖြစ်သည်။ ရှေးကျသော စပိန်စာပေ အရေးအသားများတွင် ဘာသာရေးဆိုင်ရာ ပုံပြင်အဖြစ်အပျက်များကို မှီး၍ ရေးသားသော ပြဇာတ်များသာတွေ့ရသည်။ (စပိန်နိုင်ငံ — လည်းရှု။)

စပိန်နိုင်ငံကို နှစ်ပေါင်း ၈၀၀ မျှ မူးဝါးတို့က သိမ်းပိုက်အုပ်စိုးခဲ့သဖြင့် စပိန်ဘာသာနှင့် စာပေ တိုးတက်မှု နည်းပါးခဲ့သည်။ ၁၇ ရာစုနှစ်လောက်တွင် စပိန်လူမျိုးတို့သည် အမေရိကတိုက်ကို တွေ့ပြီးလျှင်၊ တိုးတက်ကြီးပွားလာခဲ့ကြသည်။ ထိုအခါမှ စ ပိန် စာ ပေ လည်း တိုးတက်လာလေသည်။ ၁၅၅၀ ပြည့်နှစ်မှ ၁၆၈၀ ပြည့်နှစ်လောက်အတွင်းသည်ကား စပိန်စာပေ အထွန်းကားဆုံးသောအချိန် ဖြစ်သည်။ ထိုခေတ်၌ ဝတ္ထုများ၊ ပြဇာတ်များ၊ ကဗျာလက်ဝနှင့် တေးကြီး ဖွဲကြီးများကို ရေးသားကြလေသည်။

၁၆၀၅ ခုနှစ်တွင် သာဗင်တေး အမည်ရှိသော စာရေးဆရာသည် သူ၏မျက်မှောက်ခေတ်မရောက်မီ တခေတ်ခန့်က လူတို့စိတ်ဝင်စားကြသည့် ချစ်ခန်း ကြိုက်ခန်း စွန့်စားခန်းများကို အတိဝုတ္တိဖြစ်လောက်အောင် ဖွဲနွဲ့ရေးသားခြင်းပြုသည်ကို သရော်သောအားဖြင့် ဒွန်ကွိုဟိုးတေး ဝတ္ထုကို ရေး

သားလေသည်။ (သာဗင်တေး — ၅၅။) ထိုစာအုပ်သည် စပိန် စာပေလောကၠ သာမဟုတ်၊ ဥရောပ စာပေလောက တွင်လည်း ကျော်ကြားလာခဲ့ရာ၊ ယခုတိုင်ပင် လူကြိုက် များ၍နေလေသည်။ သာဗင်တေးနောက်မှ ပေါ်ပေါက် လာသော အခြား စာရေးဆရာများကလည်း သာဗင်တေး နည်းကိုလိုက်၍ ဝတ္ထု၌ ဇာတ်လိုက်ဖြစ်သော သူရဲကောင်းကို ပျက်ရယ်ပြုကာ ရေးကြပြန်သည်။ သာဗင်တေးမှာ စပိန် စာပေလောကတွင် အကျော်ကြားဆုံးသော စာဆိုဖြစ်လေ သည်။ ထိုခေတ်တွင် ပြဇာတ်များလည်း အထူးတလည် ခေတ်စားနေ၏။ စပိန်ပြဇာတ်လောကတွင် လိုပေသာဗေး ဂါနှင့် ကားလဒရွန် ဒေလာဗာကာ တို့သည် ထင်ရှား၏။ ဗေးဂါမှာ အသက် တဆယ့်နှစ်နှစ် အရွယ်ကပင် ပြဇာတ် ရေးလာခဲ့ရာ၊ သူ၏တသက်တာတွင် ပြဇာတ်ပေါင်း ၁၀၀၀ ကျော်ရေးခဲ့သည်ဟု ဆိုသည်။ ပြဇာတ်တခုကို သုံးနာရီ အတွင်း အပြီးရေးနိုင်သောဟူ၏။ သူ၏ပြဇာတ်များမှာ လက်ာဖြင့် ရေးထားသဖြင့် ပို၍ အံ့သြဖွယ် ကောင်းလေ သည်။ ကားလဒရွန် ဒေလာဗာကာသည် နန်းတွင်းစာဆို တော် ပြဇာတ်ဆရာတဦးဖြစ်သည်။ သူ၏ပြဇာတ်များမှာ သာသနာရေး အကျင့်သိက္ခာစောင့်ရှောက်ရေးတို့ကို ပွဲနွဲ့ သောပြဇာတ်များဖြစ်သည်။

၁၉ ရာစုနှစ်တွင် ဝတ္ထုများ ပေါ်လာ၍ သမိုင်းဝတ္ထု၊ ဟာသဝတ္ထု၊ တောလက်ကျေးရွာဝတ္ထုများ ပေါ်ပေါက်လာ လေသည်။ စပိန်လူမျိုးစာရေးဆရာထဲမှ ၁၉၀၄ ခုနှစ်၌ ပဌမဦးစွာ နိုဗဲဆုကိုဆွတ်ခူးသူမှာ ပြဇာတ်ရေးဆရာ ဟိုင်ေး အေချေဂါးရိုင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ အင်ဂျင်နီယာစာမေး ပွဲကို ထိပ်ဆုံးက အောင်မြင်ခဲ့၏။ သခ်ၤာပါမောက္ခလည်း ဖြစ်ခဲ့သည်။ အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးနှင့် ပညာရေးဝန် ကြီးလည်းဖြစ်ခဲ့ဘူးလေသည်။ သူ၏ပြဇာတ်များမှာ ဥရောပ တိုက်တွင် နာမည် ကျော်ကြား လေသည်။ အေချေဂါး ရိုင်းမှာ ပြဇာတ် ရေးသားရာတွင် သာ ကျော်ကြားသည် မဟုတ်ဘဲ ပြဇာတ်စင် အဆင်အပြင်ဖက်၌လည်း ကျွမ်းကျင် သူတဦးဖြစ်ရကား ၁၈၇၃ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်လောက် အတွင်းတွင် ပြဇာတ်ရုံများကို သူကိုယ်တိုင် အုပ်ချုပ်ဦး စီးခဲ့၏။

၁၉ ရာစုနှစ် ကုန်ခါနီးလောက်တွင် ခေတ်စာပေ တိုးတက် စေရန် ကြိုးစားရာတွင် စကားပြေ ဝတ္ထုများ သာမက၊ ကဗျာလင်္ကာနှင့် ပြဇာတ်များမှာ ရှေးကထက် ပိုမိုထွန်း ကားလာလေသည်။ အကောင်းဆုံးသော ကဗျာများ၊ စကားပြေ အရေးအသားများမှာ စပိန်ပိုင် အမေရိကန်ပြည် နယ်များမှ အစတွင်လာ၏။ စပိန် အမေရိကန် စာဆိုများ သည် ခေတ်သစ်စာပေကို တီထွင်ရန် အဦးဆုံး စိတ်ကူးရသူ များဖြစ်၏။ စပိန်ပြဇာတ်လောကတွင် ဘုရင်တဆူဟုခေါ် လောက်သော ယာစင်တိုဗီနဗင်တေးသည် နိုဗဲဆုကို ၁၉၂၂ ခုနှစ်တွင် ဆွတ်ခူးခဲ့သည်။ သူ၏ စူကာပန်း ပြဇာတ်မှာ တောရွာဓလေ့နှင့် လယ်သမားများအကြောင်းကို နောက် ခံထားသော အလွမ်းဇာတ် ဖြစ်၏။ ထိုပြဇာတ်မှာ ကမ္ဘာ ကျော်ဖြစ်လေသည်။

စပိန် စာရေးဆရာများတွင် နာမည် ကျော်ကြား၍ လူ ကြိုက်များသူမှာ ဗီသယိန်းတေးအီဗားနယ့် ဖြစ်၍ ရွပ် ရှင်ရိုက်ခဲ့ဘူးသည့် 'သွေးနှင့်မြေ' ခေါ် ဝတ္ထုကြီးကို ရေးခဲ့ လေသည်။

ပဌမကမ္ဘာစစ်ကြီး အပြီးတွင် ပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု များကြောင့် စပိန်စာပေမှာ ထူးခြားစွာ ပြောင်းလဲလာလေသည်။ ၁၉၂၀ ပြည့်နှစ် လောက်သို့ ရောက်သောအခါ စပိန်စာဆိုများသည် တကယ့် အဖြစ်စစ် အဖြစ်မှန်တို့ကိုသာ ရေးသားလာကြလေသည်။

စပိန်နိုင်ငံ၏အနုပညာအမွေအနှစ်များ

စပိန်နိုင်ငံသည် လူအမျိုးမျိုးတို့က ဝင်ရောက်အုပ်စိုးခြင်းကို ခံခဲ့ရသောကြောင့် အနုပညာများမှာလည်း အသွင်အမျိုးမျိုး ပြောင်းလဲခဲ့ရလေသည်။ မူးဝါးလူမျိုးတို့၏ ပိသုကာလက်ရာ၊ ဂေါ့သလူမျိုးတို့၏လက်ရာ၊ ရောမဆန်သောပိသုကာလက်ရာ ဟူသည်တို့ကို စပိန်နိုင်ငံ၌တွေ့နိုင်သည်။ ပန်းချီဆေးရေးဖက်တွင် အယ်ဂရေးကိုး၊ ဗေလားစကေး၊ ဂိုးယာ၊ ပီကာဆိုတို့မှာ ထင်ရှားမသာ စပိန်အနုပညာရှင်များဖြစ်ပေသည်။

စပိန်အနုပညာ။ ။စပိန်နိုင်ငံ၏ သမိုင်းတလျှောက်တွင် မင်းပြောင်းမင်းလဲ များခဲ့သည်။ ထိုအကြောင်းကြောင့် စပိန်နိုင်ငံ၏ အနုပညာရပ်တို့ ထွန်းကားလာသည်မှာ များ မကြာသေးကြောင်းကို တွေ့ရပေသည်။ စပိန်နိုင်ငံ၏ ရှေး ခေတ်သမိုင်းကို သေချာစွာ မသိကြရလေ။ သို့သော် စပိန် နိုင်ငံသည် တခေတ်က ရောမပိုင်နိုင်ငံ ဖြစ်ခဲ့ကြောင်းကိုကား သိရသည်။ ထိုနောက်တွင် ဂေါ့သခေါ် တောင်ပေါ်သား များသည် မြောက်ဖက်မှနေ၍ဂင်း၊ အာဖရိကမြောက်ပိုင်း မူးဝါး လူမျိုးတို့သည် တောင်ဖက်မှနေ၍ဂင်း၊ ဝင်ရောက် အုပ်စိုးခဲ့ကြသည်။ ထိုဆို ရောမ၊ ဂေါ့သ၊ မူးဝါး စသော လူအမျိုးမျိုးတို့ တခေတ်စီ ဝင်ရောက်အုပ်စိုးကြကုန်သော ကြောင့် စပိန်အနုပညာရပ်များမှာလည်း အမျိုးမျိုးပြောင်း

လဲခဲ့ရလေသည်။ လူအမျိုးမျိုး အုပ်စိုးခဲ့ကြသည့်အနက်၊ ဗရင်ဂျိုဂုဏ်းဝင် ခရစ်ယန်နှင့် မွတ်စလင်တို့လည်း ပါဝင်လေရာ စပိန်နိုင်ငံရှိ သာသနာအဆောက်အအုံများ၊ နန်းတော်များမှာ အုပ်စိုးသောလူမျိုးကို လိုက်၍ ပိသုကာပုံစံ အမျိုးမျိုး ကဲပြားခြားနားနေသည်။


စပိန်နိုင်ငံတွင် မူးဝါးလူမျိုးတို့၏ အနုပညာ လက်ရာကောင်းများ ကျန်ရစ်ခဲ့သည်။ ယင်းတို့အနက် ကော်ဒိုးဗားပလီကြီးနှင့် ကျော်စောလှသော အယ်လမ်ဗရာ နန်းတော် အဆောက်အအုံကြီးများမှာ အထင်အရှားဆုံး အဆောက်အအုံများဖြစ်သည်။

မူးဝါးလူမျိုးတို့ကို စပိန်နိုင်ငံမှ တွန်းလှန်လိုက်သော အချိန်တွင် မြောက်ဖက်နိုင်ငံ များမှ ရောမဆန်သော ပိသုကာအနုပညာ ပုံစံများ ထွန်းကားလာပြန်သည်။ ထိုအချိန်အခါက၊ စပိန်နိုင်ငံတွင် ရောမဆန်သော ပိသုကာအဆောက်အအုံများကို တည်ဆောက်ခဲ့ကြ၏။ ၁၂ ရာစုနှစ် အကုန်အထိ ထိုရောမဆန်သော ပိသုကာပုံစံများ ခေတ်စားပြီးနောက်၊ ဂျိသုပုံစံဖြင့် ဆောက်လုပ်သော အဆောက်အအုံများ ပေါ်ပေါက်လာပြန်သည်။ ဂျိသစ်နစ်သည် စပိန်နိုင်ငံသို့ ရောက်ရှိခဲ့သော အနုပညာစံနစ်များအနက် ခေတ်အစားဆုံးစံနစ်ဖြစ်သည်ဟု ဆိုရပေမည်။ သို့ရာတွင် ဥရောပတိုက်တွင် ရှိနေဆဲနန်းခေါ် ဥာဏ်သစ်အရေးပုံခေတ် သို့ရောက်သောအခါ၊ စပိန်နိုင်ငံတွင် ဂျိသစ်နစ် သာမက ယခင်က ခေတ်စားခဲ့သော စံနစ်ဟောင်းများလည်း ပြန်လည် ဆန်းသစ်လာပြန်သည်။ ထိုအခါတွင် စပိန် နိုင်ငံတွင်း၌၊ တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ အနုပညာမူ အမျိုးမျိုး ပေါ်ပေါက်လာလေသည်။ ထိုသို့ပေါ်ပေါက်လာသော မူများကို ရောမမူ၊ ဂျိသမူ စသည်ဖြင့် အမည်မှည့်ရန် များပြားလှသဖြင့်၊ တီထွင်သူ၏အမည်အတိုင်း ခေါ်ဝေါ်ကြရလေသည်။ ပုံစံအားဖြင့် ဟွမ်သေအယ်ရဲရား တီထွင်သောပုံကို အယ်ရဲရားပုံ၊ ချူရီဂေးရား ဆိုသူ တီထွင်သောပုံကို ချူရီဂေးရားပုံ စသည်ဖြင့် ခေါ်ဝေါ်လေ့ရှိကြ၏။ (ပိသုကာအတတ် — လည်းရှု။)

စပိန်နိုင်ငံတွင် ထွန်းကားခဲ့သော အနုပညာရပ်များအနက်၊ ပိသုကာ အတတ်သည် အဓိက ဖြစ်သည်။ ရှေးအခါက စပိန်နိုင်ငံတွင် မှတ်သားလောက်သော အနုပညာသည်ကြီးများ မပေါ်ပေါက်သေးချေ။ သို့သော်လည်း အမေရိကတိုက်၌ နယ်သစ်ပယ်သစ်များကို ရှာဖွေတွေ့ရှိခဲ့သည့် အချိန်မှစ၍ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာပြီးလျှင် အနုပညာရပ်များသည်လည်း ထွန်းကားလာခဲ့လေသည်။ (စပိန်စာပေ — ရှု။)

စပိန်နိုင်ငံ၏ပန်းချီဆေးရေးသမိုင်းကို ကြည့်ပြန်လျှင်၊ ရှေးဦးစွာ စပိန်နိုင်ငံကျက်သရေကို ဆောင်ရွက်ခဲ့သူမှာ စပိန်သားတယောက်မဟုတ်ဘဲ၊ ကရိက္ခန်းသားဖြစ်သော အယ်ဂရေးကိုး ဖြစ်သည်။ အယ်ဂရေးကိုးဟူသည်မှာ 'ဂရိဆရာကြီး' ဟု အဓိပ္ပါယ်ရသည်။

အယ်ဂရေးကိုးသည် ကရိက္ခန်းတွင် မွေးဖွားရှင်၊ အရွယ်ရောက်သောအခါ ဣတလီနိုင်ငံ ဗင်းနစ်မြို့၌ ဆရာကြီး တစ်ရှန်ထံတွင် ပညာဆည်းပူးလေသည်။ ထိုနောက် ရောမမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ရောမတွင် ခေတ္တမျှ နေထိုင်ပြီးနောက် တဖန် စပိန်နိုင်ငံသို့ ပြောင်းရွှေ့ကာ ထိုနိုင်ငံတွင် ရာသက်ပန် အခြေစိုက်ကာ နေထိုင်ခဲ့လေသည်။ ကြွယ်ဝချမ်းသာလာသော စပိန်ဘုရင်တို့သည် အနုပညာရပ်များကို အားပေးစပြုလာကြ၏။ ပြည်တွင်းရှိ အနုပညာသည်များကိုလည်း အခြားသောနိုင်ငံများကို စေလွှတ်ပြီးလျှင် အနုပညာရပ်များကို လေ့လာစေလေသည်။ ထိုပြင် ဂျာမနီ၊ ဖလန်းဒါး အစရှိသော အနုပညာဖွံ့ဖြိုးရာ နိုင်ငံများမှ ထင်ရှားသော သုခုမ ပညာကျော်ကြီးများသည်လည်း စပိန်နိုင်ငံတွင်းသို့ အလည်အပတ် လာရောက်ခဲ့ကြရာမှ၊ မိမိတို့၏ အနုပညာရပ်များကို တဆင့်ဖြန့်ချိကြလေသည်။ ဖလန်းဒါးပြည်မှ ယန်ဗန်အိုက်၊ ဗိုင်းဒင်၊ ဂျရှမ်းဗော့စသော ပန်းချီကျော်ကြီးများသည် စပိန်နိုင်ငံသို့ ရောက်ကြ၏။ ခရစ် ၁၆၀၃ ခုနှစ်တွင် ဖလန်းဒါးပြည်မှ ကျော်ကြားလှသော ဆရာကြီးရူးဗင်းသည် စပိန်နိုင်ငံသို့ သံအမတ်အဖြစ် ရောက်ရှိလာလေသည်။ ထိုအခါတွင် စပိန်ဘုရင်



မူးဝါးလူမျိုးတို့၏ပိသုကာပညာဖြင့် မွမ်းမံထားခဲ့သော အယ်လမ်ဗရာ နန်းတော် တစိတ်တဒေသ



စပိန်ပန်းချီကျော် မူရီလျို၏ 'အံကစားသမားများ' ဟုမည်ရှိ ပန်းချီကား

သည် ရူးဗင်းအား စပိန်အနုပညာသည်များ၏ အကူအညီ ဖြင့် ပန်းချီကားများကို ရေးခြယ်စေ၏။ ရူးဗင်းသည် စပိန် အနုပညာသည်များအနက်၊ ဗေလားစကေး ဆိုသူ လူငယ် တဦး၏လက်ရာအစုံမ်းအစကို များစွာသဘောကျကာ၊ ထိုလူ ငယ်အား ဣ တ လီ သို့ ဧလှတ်သင့်ကြောင်း ဘုရင်အား တိုက်တွန်းလေသည်။ ဗေလားစကေး သည်ကား၊ ကမ္ဘာ့ အနုပညာသမိုင်းတွင် အထင်ရှားဆုံး မှတ်တမ်းတင်ရသော ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ ဗေလားစကေးသည် နန်းတွင်း ပန်းချီဆရာကြီး ဖြစ်လေသည်။

စပိန်နိုင်ငံသို့ ရူးဗင်း ရောက်လာချိန်တွင်၊ ဗေလားစကေး သည် ဣတလီပြည်မှ ပုဂ္ဂိုလ်ထူးကြီးများဖြစ်သော၊ မိုက် ကယ် အန်ဂျလို အစရှိသူတို့အကြောင်းကို ကြားသိသည်နှင့် ဣတလီပြည်သို့ သွားရောက်လေ့လာလေသည်။ (မိုက်ကယ် အန်ဂျလို — ၌။) ဣတလီပြည်တွင် အဆိုပါ ဆရာကြီး များ၏ လက်ရာများကို ကြည့်ရှုလေ့လာပြီးလျှင် မိမိကိုယ် ပိုင် လက်စွမ်းဖြင့် ဟန်သစ် မူသစ်များကို ဖန်တီးခဲ့လေ သည်။ ထိုအချိန်မှစ၍ ဗေလားစကေးသည် စပိန် ပန်းချီ ဆေးရေး အတတ်တွင် ရှေ့တန်းသို့ တက်လာခဲ့ လေသည်။ စပိန် နိုင်ငံရှိ အခြားသော ပန်းချီဆရာ တို့သည် ဗေလား စကေးကို မနာလိုဝန်တိုဖြစ်ကြ၏။ သို့သော်လည်း ဗေလား စကေးမှာ စပိန်နိုင်ငံတွင်သာမက အခြားနိုင်ငံများအထိပင် ထင်ရှားကျော်ကြားခဲ့လေသည်။ (ဗေလားစကေး—၌။)

ဗေလားစကေး ကွယ်လွန်ပြီးနောက် စပိန်နိုင်ငံ၌၊ နည်း သစ် မူသစ်များ မပေါ်ပေါက်သဖြင့်၊ ဆရာကြီး၏ လက်ရာ များမှာ ထင်ရှားလျက်ပင် ရှိလေသည်။ သို့သော် သာသ နာရေးဆိုင်ရာ ပန်းချီကားများကို ရေးခြယ်ရာ၌ကား မူရီ လျှိုအမည်ရှိ ပန်းချီကျော်ကြီးသည်လည်း အထူးပင်ကျော် ကြားခဲ့သည်။ ထိုဆရာကြီးများ၏နောက်တွင် တိုးတက် သောအနုပညာသစ်များ ဖွံ့ဖြိုးကာ ဂိုးယာ၊ ပက်ဗလို ပီကာ ဆို အစရှိသော ကမ္ဘာအနှံ့အပြားကျော်ကြားသူများ စပိန် နိုင်ငံ၌ ထွန်းကားလာလေသည်။ ထိုသူတို့ကား ၂၀ ရာ စုနှစ်၏ အနုပညာ ခေါင်းဆောင်ကြီးများ ဖြစ်ပေသည်။ (ဂိုးယာ။ ပီကာဆို, ပက်ဗလို — ၌။)

စပိန်ရေတပ်ကြီး။ ။စပိန်ဘာသာဖြင့် အာမာဒါဆိုသည် မှာ လက်နက်ကိုင် အင်အားစုကို ခေါ်ဆိုရာ အထူးသဖြင့် ရေတပ်များကို အာမာဒါဟု ခေါ်ဝေါ်ကြ၏။ စပိန်အာ မာဒါ ဆိုသည်မှာကား ၁၅၈၈ ခုနှစ် စပိန်ဘုရင် ဒုတိယ ဖိလစ်က အင်္ဂလန်ပြည်ကို တိုက်ခိုက်ရန် စေလွှတ်ခဲ့သော ရေတပ်ကြီးကို ဆိုလိုပေသည်။

၁၅၈၈ ခုနှစ်တွင် ဒုတိယ ဖိလစ်ဘုရင်သည် အယ်လစ် ဇဗက် ဘုရင်မကြီး အုပ်စိုး၍ ပရိုတက်စတန့် ဂိုဏ်းသား တို့ လွှမ်းမိုးနေသော အင်္ဂလန်ပြည်ကို ဗရင်ဂျီနိုင်ငံအဖြစ် ပြောင်းလဲစေရန် တိုက်ခိုက်သိမ်းယူမည်ဟု ကြံ၍၊ အင်အား တောင့်တင်းလှသော ရေတပ်ကြီးတခုကို တည်ဆောက်ပြီး လျှင် မေဒီးနား ဆီဒိုးနီးယား နယ်စားကြီးကို ဦးစီးအုပ် ချုပ်စေလေသည်။ ထိုရေတပ်ကြီးတွင် တိုက်သင်္ဘော ကြီး ငယ်ပေါင်း ၁၃၀ မျှပါဝင်၍ ရေကြောင်းတပ်သား ၁၉,၀၀၀ နှင့် သင်္ဘောသား ဂ,၀၀၀ မျှ ပါဝင်လေသည်။

စင်စစ် ထိုရေတပ်ကြီးကို ၁၅၇၇ ခုနှစ်ကပင် ပြင်ဆင်လျက် ရှိခဲ့သည်။ သို့သော် ဆာ ဖရန်းစစ် ဒရိတ်သည် စပိန်နိုင်ငံ ပိုင်ကမ်းခြေသို့ ဝင်ရောက်၍ စပိန်သင်္ဘောများကို တိုက် ခိုက်ကာ မီးတင်ရှို့ခဲ့သဖြင့်၊ စပိန်ရေတပ်ကြီး ချိတက်ဖို့ရာ ကြန့်ကြာသွားခဲ့သည်။ ၁၅၈၈ ခုနှစ် မေလတွင် အင်္ဂလန် ပြည်ဖက်သို့ ချိတက်လာရာ၌ လေမုန်တိုင်းကျသဖြင့် ရေတပ် ကြီး ကစဉ့်ကရဲ ဖြစ်သွားသောကြောင့်၊ ကိုရွန်းနားတွင် ရပ်နား၍ ပြန်လည်ပြင်ဆင်ခဲ့ရလေသည်။ ထိုနောက်မှတ ဖန် ချိတက်ပြန်ရာ ဇူလိုင်လ ၁၉ ရက်နေ့တွင် အင်္ဂလိပ်ရေ လက်ကြားကြီးကို ဖြတ်ကျော်မိလေသည်။ ထိုအခါ အင်္ဂ လိပ်တို့ဖက်မှ လော့ဟောင်းဝိပ် ခေါင်းဆောင်သော အင်္ဂလိပ် ရေတပ်သည် သင်္ဘောကလေး အစင်း ၈၀ ခန့်နှင့် ခုခံတိုက် ခိုက်လေသည်။

စပိန်ရေတပ်မှာ သဘော်ကြီးများသာ အများအပြားပါဝင်သဖြင့် အင်္ဂလိပ် တိုက်သဘော်ကလေးများကဲ့သို့ လျင်မြန်ပေါ့ပါးစွာ ရွေ့ရှားလှည့်ပတ် တိုက်ခိုက်ခြင်း မပြုနိုင်ချေ။ လေ့ ဟောင်းဝပ် ကလည်း စိမ်ခန့်ခဲ့မှု ကောင်းသဖြင့် စပိန်ရေတပ်ကြီးမှာ ဌက်ကြီးတကောင်ကို ဌက်ကလေးများက ဝိုင်း၍ အမွေးများ ဆွဲနုတ်နေဘိသကဲ့သို့ အင်္ဂလိပ်ရေတပ်၏ လှည့်ပတ်တိုက်ခိုက်ခြင်းကို ခံရလေသည်။ ထိုကြောင့် စပိန်သဘော်များစွာပင် ပျက်စီးနစ်မြုပ်ကုန်၍၊ ရွေ့ငွေ့ဘဏ္ဍာနှင့် ရိက္ခာများတင်လာသော သဘော်အချို့ကိုလည်း အင်္ဂလိပ်တို့က လက်ရသိမ်းပိုက်နိုင်ကြလေ၏။

အစီအစဉ်အရဆိုလျှင် ထိုစဉ်က စပိန်ပိုင် နယ်သာလန်ပြည်မှစစ်တပ်များကို တင်ဆောင်၍ အင်္ဂလန်ပြည်သို့ ပို့ပေးကာ တိုက်ခိုက်ရန်ဖြစ်သည်။ ထိုကြောင့် စပိန်ရေတပ်ကြီးသည် ကဲလေးမြို့ဆိပ်ကမ်းသို့ ရောက်လျှင် စစ်တပ်များထံမသတင်းကိုစောင့်ယင်း ကျောက်ချနားနေခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့ သန်ကောင်ယံတွင် ထိုသို့စခန်းချနေသော ရေတပ်ကြီးရှိရာသို့ အင်္ဂလိပ်ရေတပ်မှ သဘော် ဂ စင်းကို မီးရှို့၍ မျောချလိုက်သဖြင့်၊ စပိန်ရေတပ်ကြီးမှ သဘော်များကြံရာမရ ဖြစ်ကာ၊ ကျောက်ကြိုးများကို ဖြတ်၍၊ ပင်လယ်ပြင်သို့ ထွက်ခဲ့ရလေသည်။ ပင်လယ်ပြင်မှ အသင့်စောင့်နေသော လေ့ ဟောင်းဝပ်သည် ဂ ရက်နေ့မိုးသောက်ယံတွင် စပိန်သဘော်များကို ရွပ်ရွပ် ခွံ့ခွံ့ ဆီးကြို တိုက်ခိုက်သဖြင့်၊ စပိန်သဘော်အများပင် နစ်မြုပ်ပျက်စီးရလေ၏။ အချို့လည်း ရန်သူ့လက်တွင်းသို့ ကျရောက်ခဲ့လေသည်။

ထိုမျှ အပျက်နာလှသောကြောင့် စပိန်ရေတပ်ကြီးကိုကြီးမှူးရသူ မေဒီးနား ဆီဒိုးနီးယား နယ်စားကြီး သည် အင်္ဂလန်ပြည်ကို ရေတပ်ဖြင့်တိုက်ခိုက်ရန်အကြံကို လက်လျှော့၍ စပိန်နိုင်ငံသို့ပြန်ရန် စီစဉ်ရလေ၏။ ယင်းသို့ဆုတ်ခွာရန် စီစဉ်ထားတွင် ကြင်းကျန်နေသေးသော သဘော်များကို အင်္ဂလန်ကျန်းမြောက်ဖက်မှ လှည့်ပတ်၍ ဆုတ်ခွာစေခဲ့လေသည်။

ကံဆိုးမသွားလေရာ မိုးလိုက်၍ရွာ ဟူသကဲ့သို့ သဘော်များ အင်္ဂလန်ကျန်းမြောက်ဖက် အရောက်တွင် လေပြင်းမုန်တိုင်း ကျရောက်လေတော့သည်။ ထိုကြောင့် သဘော်များ ကစဉ့်ကရဖြစ်ကာ အချို့မှာ ပင်လယ်ထဲ၌ နစ်မြုပ်၍၎င်း၊ အချို့မှာ စကော့တလန်ပြည်နှင့် အိုင်ယာလန်ပြည်၏ ကျောက်ဆောင်ထူထပ်သော ကမ်းခြေများဖြင့် ရိုက်ခတ်မိ၍၎င်း၊ ပျက်စီးနစ်မြုပ်ကုန်လေသည်။

ပင်လယ်သမုဒ္ဒရာ အတွင်း၌ နစ်မြုပ် ပျက်စီးသွားသော စပိန်သဘော်ကြီးပေါင်းမှာ ၆၀ ခန့်ဖြစ်၍ လူပေါင်း ၁၀,၁၇၅ ခန့် သေကြေပျက်စီးလေ၏။

ထိုသို့ပျက်စီးသူများထဲတွင် စပိန်နိုင်ငံရှိ အထက်တန်းစားအိမ်ထောင်တိုင်းမှ အိမ် သား တ ယောက် သို့မဟုတ် တ



စပိန်ရေတပ်ကြီး အင်္ဂလိပ်ရေလက်ကြားအတွင်းသို့ ရောက်ရှိလာစဉ်



မြင်သစ်နိုင်ငံအလယ်ပိုင်းရှိ စပျစ်ဥယျာဉ်တခု

ယောက်ထက် မက ပါဝင် သည်ဟု ဆိုလေသည်။ စပိန် နိုင်ငံသို့ သဘော်ဘအစင်း ၅၀ ခန့်မျှသာ ပြန်ရောက်သည်။ ထို ရေတပ်ချင်း တိုက်ပွဲတွင် မိမိတို့နှင့် အင်အားချင်း မမျှသော စပိန်ရေတပ်ကြီးကို နိုင်နင်းလိုက်ခြင်းမှာ လေ့ဟောင်းဝပ်နှင့် ဆာ ဖရန်းစစ် ဒရိတ် စသော အင်္ဂလိပ်ရေကြောင်း သူရဲကောင်းကြီးများကြောင့်ပင် ဖြစ်လေသည်။ (ဒရိတ်, ဆာဖရန်းစစ် — လည်းရှု။)

စပျစ်ပင်။ ။ကမ္ဘာ့ မြောက်လုံးခြမ်းတွင်ရှိသော ဥရောပတိုက်၊ မြောက်အမေရိကတိုက်၊ အင်္ဂလန်ပြည်နှင့် အိုက်စလန်ကျွန်း အစရှိသော အရပ်ဒေသများတွင် ကျောက်ဖြစ်နေသည့် စပျစ်ပင်၏ အရွက် အခက်၊ ပင်စည် ရိုးတံနှင့် အစေ့များကို မြေကြီးထဲမှ တူးဖော် ရရှိသဖြင့် စပျစ်ပင်သည် ရှေးပဝေဏီအခါက မြေပြင်အနှံ့ ပေါက်ရောက်သည်ဟု သိရသည်။ ယခုလက်ရှိ စိုက်ပျိုးနေကြသော စပျစ်ပင်မျိုးအချို့သည် မြေကြီးထဲမှရသော စပျစ်ခက်၊ စပျစ်ရွက်တို့နှင့် အလွန်ဆင်ကြသည်။

ကမ္ဘာဟောင်းတွင် စပျစ်ပင်ကို ပဝေဏီကာလကပင် လုပ်ငန်းတရပ်အဖြစ် စိုက်ပျိုးကြပေသည်။ လူ့ဖြစ်စဉ်သမိုင်းကို စာတင်သည့် အချိန်လေ့ာက်မှစ၍ စပျစ်သီးကို စားကြပြီး လျှင်၊ စပျစ်ရည်ကို အသုံးပြုခဲ့ကြ၏။ နှစ်ပေါင်း ၃၀၀၀ အထက်က အီဂျစ်နိုင်ငံ တွင် မြုပ်နှံထားသော သင်္ချိုင်းဂူများအတွင်းမှ ဆေးစိမ်ထားသည့် လူသေရုပ်အလောင်းများနှင့်အတူ စပျစ်သီးစေ့များကို တွေ့ကြ၏။ ထိုကြောင့် စပျစ်ပင်သည် လူတို့ ပဌမဆုံးစိုက်ပျိုးသည့် သစ်သီးပင်တပင်ဟု ဆိုရပေမည်။

စပျစ်ပင် သည် ကက်စပျန် ပင်လယ်တဝိုက်တွင် မူလပေါက်ရောက်သည်ဟု ဆိုလေသည်။ ထိုဒေသမှတဆင့် ဂရိနိုင်ငံ၊ စစ္စလီကျွန်း စသည့် အရပ်များသို့ စပျစ်ပင်စိုက်ပျိုးခြင်းသည် ပျံ့နှံ့၍သွားရာ၊ ဘီစီ ၆၀၀ ပြည့်နှစ်ခန့်တွင် ပြင်သစ်နိုင်ငံ၌ စပျစ်ပင်ကို စိုက်ပျိုးလေသည်။ ပဌမနှင့် ဒုတိယ ရာစုနှစ်များအတွင်း ရောမလူမျိုးတို့ ယူဆောင်သွားသဖြင့် စပျစ်ပင်သည် အင်္ဂလန်ပြည်သို့ ရောက်ရှိခဲ့လေသည်။ စပျစ်ပင်သည် ဤကဲ့သို့ အနောက်ဖက်သို့ ရောက်သည့် အချိန်တွင်၊ အရှေ့ဖက်ရှိ အိန္ဒိယနိုင်ငံသို့လည်း စပျစ်ပင်များရောက်သွားလေသည်။ ယခုအခါ စပျစ်ပင်နှင့် သင့်တော်သော ရာသီဥတုမျိုးရှိသည့် နိုင်ငံတိုင်းတွင် ထိုအပင်ကို စိုက်ပျိုးလျက်ရှိကြသည်။

စပျစ်ပင်မှာ နွယ်ပင်ဖြစ်သည်။ ယင်း၏ ဂျက္ခပေဒမျိုးစုအမည်မှာ 'ဗိုင်တစ်' ဖြစ်၏။ အလွန် အေးသော ရာသီဥတုဒဏ်ကို မခံနိုင်သဖြင့် အချို အေးသော နိုင်ငံများတွင် စပျစ်ပင်ကို ဖန်မိုးဖန်ကာများ အတွင်း၌ လိုအပ်သောအပူရှိန်ကိုပေး၍ စိုက်ပျိုးကြသည်။ အသုံးချနည်းကိုလိုက်၍ စပျစ်သီးကို အမျိုးအစား ခွဲခြားထား သည်။ (၁) ဝိုင်အရက်အတွက်၊ (၂) စားပွဲတင် သစ်သီး အတွက်၊ (၃) စပျစ်သီးခြောက် လုပ်ရန် အတွက်၊ (၄) စပျစ်ရည် ရိုးရိုး

အတွက်ဟူ၍ ဖြစ်သည်။ ဝိုင်အရက်အတွက် စပျစ်သီးမှာ လည်း နှစ်မျိုးရှိသည်။ တမျိုးမှာ အချိုဓာတ်အသင့်အတင့် သာပါ၍ အချဉ်ဓာတ် ပိုပါသည်။ ကျန်တမျိုးမှာ အချိုဓာတ် များ၍ အချဉ်ဓာတ် အတော်အသင့်သာ ပါလေသည်။ စား ပွဲတင်သစ်သီးအတွက် စပျစ်သီးမျိုးမှာ အရွယ်အစား၊ ပုံ သဏ္ဌာန်၊ အရောင်အဆင်း ကောင်းမွန်ရပေမည်။ အရသာ မှာ မချိုလွန်း၊ မချဉ်လွန်း စေရ။ ရပ်ဝေးသို့တင်ပို့ရာ၌ အကိုင်အတွယ် ခံနိုင်ရပေမည်။ စပျစ်သီးခြောက်လုပ်ရန် အတွက်မှာ အသီးမှည့်များ၌ အချိုဓာတ်များရမည်။ အစေ့ များ မပါရှိရန် အရေးကြီးသည်။ စပျစ်သီးခြောက်များမှာ ပျော့ပျောင်းရပေမည်။ စပျစ်ရည်ရိုးရိုးအတွက် ဖြစ်လျှင် စပျစ်သီးတွင် အချိုဓာတ် အတော်အသင့်မျှသာ ပါရှိ၍ အချဉ်ဓာတ် ပိုရပေမည်၊ အနံ့အရသာ ထူးကဲရပေမည်။

စပျစ်သီးများသည် အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်၊ ခရမ်းရောင် နှင့် ရောင်စုံ ပြောက်ကျားများ ရှိလေသည်။ အချို့သော စပျစ်ပင်များသည် နှစ်ပေါင်း ၃၀၀ မှ ၄၀၀ တိုင်အောင် အသီးများသီးတတ်သည်။ ဥရောပတိုက်တွင် ပြင်သစ်နိုင်ငံသည် နှစ်ပေါင်းများစွာပင် စပျစ်သီးအထွက် ဆုံးနိုင်ငံ ဖြစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ကာ လီဖိုးနီးယားပြည်နယ်၌ စပျစ်ပင်ကိုအကြီးအကျယ်စိုက်ပျိုး သည်။ မြန်မာနိုင်ငံ မိုးပါးရေရှား ရပ်ဝန်း၌လည်း စပျစ် ပင်ကို အနည်းငယ်မျှ စိုက်ပျိုးလျက်ရှိသည်။

စဖင့်ရုပ်များ။ ။စဖင့်ရုပ်များကို ဂရီ၊ အီဂျစ် စသော နိုင်ငံ များတွင် တွေ့ရသည်။ ဂရိနိုင်ငံမှစဖင့်မှာ အလွန်ဆန်းကြယ် သည်။ အများအားဖြင့် ခြသေ့ကိုယ်၌ သိမ်းငှက်၊ သို့မ ဟုတ် လူ၊ သို့မဟုတ် သိုးထီးတို့၏ ဦးခေါင်းတခုခုကို တပ် ဆင်ထားသော အရုပ်များဖြစ်သည်။ အချို့မှာ မိန်းမ၏ အပေါ်ကိုယ်တပိုင်း၊ ခြသေ့ကိုယ်၊ မြွေအမြီးနှင့် ဌက်၏ တောင်ပံများကို စုပေါင်း တပ်ဆင်ထားသော အရုပ်များ ဖြစ်သည်။ အချို့မှာလည်း မိန်းမ၏ဦးခေါင်း တပ်ဆင်ထား သော ဌက်ရုပ်များ ဖြစ်သည်။ သိမ်းငှက်၏ဦးခေါင်း တပ် ဆင်ထားသော ဂရိ စဖင့်ရုပ်များကို ခရစ်မပေါ်မီ နှစ်ပေါင်း ၂၅၀၀ ကပင် တွေ့ရသည်။

အီဂျစ် စဖင့်ရုပ်များမှာ မြန်မာတို့၏ မနုဿီဟရုပ်များနှင့် ဆင်သည်။ (မနုဿီဟ— ရှု။) ယောကျ်ား၏ ဦးခေါင်း နှင့် ခြသေ့ ကိုယ်လက်အင်္ဂါများကို ပေါင်းစပ် ထုလုပ်ထား သည်။ အများအားဖြင့် ယင်းစဖင့်ရုပ်များ၏ ဦးခေါင်း များမှာ ရှေးအီဂျစ် ဖဲရိုးဘုရင်များ၏ ဦးခေါင်းပုံတူများဖြစ် ကြသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော စဖင့်ရုပ်မှာ အီဂျစ်နိုင်ငံ ဂီဇာမြို့ ပိရမစ် အဆောက်အအုံကြီးအနီးတွင် ရှိ၍ ဓကျောက်သားဖြင့် ထုလုပ်ထားသည်။ ယင်းစဖင့်ရုပ်



အီဂျစ်နိုင်ငံ ဂီးဇာမြို့ရှိ ကမ္ဘာပေါ်တွင်အကြီးဆုံး စဖင့်ရုပ်

ကြီး၏ အလျားမှာ ၁၈၃ ပေရှိ၍ အမြင့် ၆၅ ပေရှိသည်။ သို့သော် ယင်းစဖင့်ရုပ်ကြီးကို ထုလုပ်သည့် ခုနှစ် သက္ကရာဇ် ကိုကား အသေအချာ မသိရပေ။ ခက်ဖရင်းဘုရင် စိုးမိုး စဉ် ခရစ်မပေါ်မီ နှစ်ပေါင်း ၂၉၀၀ က ပေါ်ပေါက်လာခဲ့ ဖူးဟု အကြောင်းရှိသည်ဟု ယူဆရသည်။ စဖင့်ရုပ်ကြီး၏ မျက်နှာမှာ ရှေးအီဂျစ် ဖဲရိုးဘုရင်တဦး၏ မျက်နှာဖြစ်သည် ဟု ဆိုကြသည်။ သို့သော် စဖင့်ရုပ်ကြီး၏မျက်နှာသည် ရှေးမွတ်စလင်လူမျိုးတို့၏ လက်ချက်ဖြင့် ပုန်းပဲ့ပျက်စီးခဲ့ရ ခြင်းကြောင့် မည်သည့် ဖဲရိုးဘုရင်၏ မျက်နှာ ပုံပန်း ဖြစ် သည်ကို မသိနိုင်တော့ချေ။

တန္ခစ်စဖင့်ရုပ်များသည် ခရစ်မပေါ်မီနှစ်ပေါင်း ၂၀၀၀ က ပေါ်ပေါက်ခဲ့၍ အီဂျစ် အနုပညာ၏ ခန့်ညား ဆန်းကြယ် သော သရုပ်ကို ဖေါ်ပြကြလေသည်။ ဂီးဇာမြို့ စဖင့်ရုပ်ကြီး မှအပ မင်းဖစ်မြို့ရှိ စဖင့်ရုပ်သည် အခြားသော စဖင့်ရုပ်များ အနက် အကြီးဆုံးဖြစ်သည်။ ကျောက်ဖြူဖြင့်ထုလုပ်ထား၍ အလျား ၁၇၂ ပေ ၆ လက်မနှင့် အမြင့် ၅၆ ပေရှိသည်။ ယင်း၏မျက်နှာပုံပန်းမှာ ယောကျ်ားအသွင် ဝတ်ဆင်ထား သော ဟက်ရွက်စွတ်ဘုရင်မကြီး၏ မျက်နှာပုံပန်းနှင့် တူသ ကဲ့သို့ရှိသည်။ ဘီစီ ၁၄၄၀ ပြည့်နှစ်က ထုလုပ်ထားခဲ့၍ အလျား ၁၇ ပေစီရှိ သိုးထီး၏ဦးခေါင်း တပ်ဆင်ထားသော စဖင့်ရုပ်များကိုလည်း သီးဗီးမြို့၌တွေ့နိုင်လေသည်။

ဂရိ စဖင့်ရုပ် နှင့် အီဂျစ် စဖင့်ရုပ်များကား မတူကြချေ။ ဂရိ စဖင့်ရုပ်များသည် ယဉ်ကျေးမှု အနုပညာသဘောနှင့်

မည်သို့မျှ စပ်ဆိုင်ခြင်းမရှိချေ။ အီဂျစ်စဖင့်ရုပ်များကား ဖဲရိုးဘုရင်တော်ဦး သို့မဟုတ် ယင်းဘုရင်အား စောင့်ရှောက်သော ဘုရားတပါးပါးနှင့်စပ်ဆိုင်၍၊ ယင်းတို့ကို လူတို့က ကိုးကွယ်သမှုပြုကြသည်။

စမ။ ။သုပညာနဂရဆိန္နမင်းလက်ထက် သာသနာသက္ကရာဇ် ၆၂၉ ခုနှစ် အတိုသက္ကရာဇ် ၇ ခုတွင် ဥတ္တမသီရိမထေရ်စီရင်သည်ဟုဆိုသော ကပ္ပါလက်ံဂရက္ခမ်း အလိုအားဖြင့်၊ မြန်မာအက္ခရာတို့တွင် စာဖို၊ စာမ ဟူ၍ အက္ခရာနှစ်မျိုးရှိသည်ဟု ဆို၏။ ဂဠုန်ဌက်ဟု အမှတ်သညာပြုကြသော နေမင်းက ညွှန်းဆိုသည့် အက္ခရာများသည် စာဖိုအက္ခရာဖြစ်၍၊ ကရဝိတ်ဌက်ဟု အမှတ်သညာပြုကြသော လမင်းက ညွှန်းဆိုသည့် အက္ခရာများသည် စာမ အက္ခရာဖြစ်သည်။ စာဖိုကို 'စဖို' ဟူ၍ဌင်း၊ စာမကို 'စမ' ဟူ၍ဌင်း အသံထွက်လေ့၊ ရေးလေ့ပြုကြသည်။


စာဖို (စဖို)။ ။နေမင်းသည် သတ္တဝါတို့အကျိုးငှာ မူလအက္ခရာ တလုံး၊ ဘူတအက္ခရာ ၂ လုံးကို တနေ့လျှင် ၃ ကြိမ်ပြသည်။ (မူလအက္ခရာဆိုသည်မှာ အရင်းအမြစ်ဖြစ်သော အက္ခရာဖြစ်၍၊ ဘူတအက္ခရာကား မူလအက္ခရာမှပြန့်ပွားသော အက္ခရာဖြစ်သည်။) နေမင်းပြသည့် မူလအက္ခရာမှာ၊ နေဝန်း၏ ပကတိပုံသဏ္ဌာန်ဖြစ်သော 'ဝ' အက္ခရာဖြစ်၏။ နေထွက်သည့်အချိန်တွင်မူ 'ဝ' တခြမ်းဖြစ်သော 'ဂ' အက္ခရာပုံကိုသာ မြင်ရ၏။ နေဝင်ချိန်တွင်လည်း ထိုနည်းတူ 'ဂ' အက္ခရာပုံကိုပင် မြင်ရ၏။ ထိုကြောင့် 'ဂ' အက္ခရာ ၂ လုံးမှာ နေမင်းပြသော ဘူတအက္ခရာ ၂ လုံးဖြစ်၏။ ယင်းအက္ခရာ ၂ လုံးအနက် တလုံးမှာ ထွက်အက္ခရာဖြစ်၍၊ ကျန်တလုံးမှာ ဝင်အက္ခရာဖြစ်၏။ ယင်းအက္ခရာများမှ ပြန့်ပွားသော အက္ခရာတို့သည် စဖို အက္ခရာများဖြစ်၏။ ထိုကြောင့် 'နေထွက် ဂ ငယ်၊ နေ့လယ် ဝ ပင်၊ နေဝင် ဂ ဖြစ်ပြန်၊ သုံးတန်အက္ခရာ၊ နေမှလာ၊ မှတ်ပါစဖို ဂိုဏ်း' ဟူ၍ဆိုလေသည်။

စာမ (စမ)။ ။စမ အက္ခရာများတွင် မူလ စမ အက္ခရာ၊ ဓာတ် စမ အက္ခရာ ဟူ၍ ၂ မျိုးရှိ၏။ မူလ စမ အက္ခရာတို့သည် ကာယသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ပိယသိဒ္ဓိ၊ ဓနသိဒ္ဓိ ဟူသော သိဒ္ဓိ ၄ ပါးကို ပြီးစေနိုင်၏။ ထွက်ရပ်ပေါက်နိုင်၏။ ဓာတ် စမ အက္ခရာများကား ဓနသိဒ္ဓိနှင့် ပိယသိဒ္ဓိ ဟူသော သိဒ္ဓိ ၂ ပါးကိုပြီးစေနိုင်၏။

မူလစမ။ ။လမင်းသည် မူလအက္ခရာတလုံး၊ ဘူတအက္ခရာ ၄ လုံး၊ ပေါင်း ၅ လုံးကို တလလျှင် ၅ ကြိမ်ပြ၏။ လဆန်း ၃ ရက် ၄ ရက်တို့တွင် လ၏သဏ္ဌာန်သည် 'ဂ' အက္ခရာနှင့်တူ၏။ ယင်း 'ဂ' အက္ခရာသည်ပင် လမင်းပြသော ဘူတအက္ခရာတလုံးဖြစ်၏။ လဆန်း ဂ ရက်ခန့်ရောက်သော အခါ 'ဓ' အက္ခရာပုံကို တွေ့ရသည်။ လပြည့်နေ့တွင်ကား လ၏အဝန်းကို အကုန်အစင် တွေ့ရသဖြင့် 'ဝ' အက္ခရာသဏ္ဌာန်ဖြစ်၏။ လဆုတ် ဂ ရက်တွင် လသည် 'ဗ' အက္ခရာနှင့်တူ၍၊ လကွယ်ခါနီးတွင်မူ 'ပ' အက္ခရာသဏ္ဌာန်တွေ့မြင်

အီဂျစ်နိုင်ငံ ကာနက်မြို့တွင် ဤသို့စဖင့်ရုပ်များတဖက်တချက်ရံလျက်ရှိသောနေရာကိုတွေ့မြင်နိုင်သည်။





ကပ္ပါလက်ာရဝဏ္ဏနာကျမ်းလာ ဓာတ်စမအက္ခရာ ၄ လုံး ကောက်ယူနည်းတမျိုး

ရ၏။ ယင်းသို့အားဖြင့် လမင်းပြသော အက္ခရာများမှာ ‘ဝ’ အက္ခရာဟူသော မူလအက္ခရာတလုံးနှင့် ဂ၊ ဓ၊ ပ၊ ဗ ဟူသော ဘူတအက္ခရာ ၄ လုံးဖြစ်၏။

ယင်းအက္ခရာ ၅ လုံးပေါ် လာပုံကို တနည်းပြကြသေး၏။ လယ်ကိုင်း ဘုန်းတော်ကြီး ဦးဝရသမ္မောဓိ၏ အလိုအရ၊ လဆန်း၌ ‘ဂ’ ငယ်အက္ခရာ၊ လပြည့်ခါနီးတွင် ‘ဗ’ အက္ခရာ၊ လပြည့်လျှင် ‘ဝ’ အက္ခရာပြု၍၊ လပြည့်ကျော်တွင် လဆန်းကဲ့သို့ ‘ဂ’ နှင့် ‘ဗ’ ပင်ပြဿည်ဟူ၏။

လမင်းပြသည့် ဂ၊ ဓ၊ ဝ၊ ပ၊ ဗ ဟူသော အက္ခရာ ၅ လုံးတွင် အစအက္ခရာ ၂ လုံးဖြစ်သော (ဂ၊ ဓ) နှင့် အဆုံးအက္ခရာ ၂ လုံးဖြစ်သော (ပ၊ ဗ) တို့ သဘောချင်းတူညီသည်ဟု ဆို၏။ အကြောင်းကား ‘ဂ’ ကိုပက်လက်လှန်လျှင် ‘ပ’၊ ‘ဗ’ ကိုမှောက်လိုက်လျှင် ‘ဓ’ ဖြစ်သောကြောင့်ပင်ဖြစ်၏။ ယင်းတူညီသော အက္ခရာ ၄ လုံးမှ ‘ဂ’ နှင့် ‘ဗ’ အက္ခရာ ၂ လုံးကိုပယ်လျှင် (ပ၊ ဝ၊ ဓ) ဟူ၍ အက္ခရာ ၃ လုံးကျန်၏။ အထက်တွင် နေမင်းမှ ဂ၊ ဝ၊ ဂ၊ အက္ခရာသုံးလုံးရကြောင်းပြဆိုခဲ့ပြီ။ ထိုသုံးလုံးမှ ‘ဂ’ နှင့် ‘ဂ’ ကိုပေါင်းစပ်လိုက်လျှင် ‘က’ ကိုရသည်။ ထိုနေမင်းမှအက္ခရာကို လမင်းမှအက္ခရာနှင့် ပေါင်းလိုက်ပြန်လျှင်၊ က၊ ဝ၊ ပ၊ ဝ၊ ဓ၊ ဟူသော အက္ခရာငါးလုံး ရပြန်သည်။ အထက်ပါအက္ခရာ ၅ လုံးတွင် ဘူတအက္ခရာများဖြစ်သော က၊ ပ၊ ဓ အက္ခရာ ၃ လုံးကို အောက်အထက်လှန်လိုက်လျှင် က၊ ပ၊ ဓ၊ ယ၊ ဂ၊ ဗ ဟူသောအက္ခရာ ၆ လုံးရ၏။ မူလအက္ခရာ ‘ဝ’ ၂ လုံးနှင့်ပေါင်းလျှင် ဂ လုံးရ၏။ ယင်းအက္ခရာ ဂ လုံးကို အထက်တတန်း အောက်တတန်း အောက်ပါအတိုင်း စီ၍ထားရသည်။

က ၊ ပ ၊ ဓ ၊ ဝ

ယ ၊ ဂ ၊ ဗ ၊ ဝ

ယင်းအက္ခရာ ဂ လုံးသည် ဂဏန်းအရေအတွက်အားဖြင့် ၃၃ ဖြစ်လျှင် မှန်သည်ဟု အဆိုရှိ၏။ နံသင့်ကောက်၍ ပေါင်းလျှင် ၃၃ ရသည်။

က၊ ပ၊ ဓ၊ ဝ..... ၂ + ၅ + ၃ + ၄ = ၁၄
ယ၊ ဂ၊ ဗ၊ ဝ..... ၄ + ၂ + ၅ + ၄ = ၁၅
} = ၃၃

ထိုကြောင့် က၊ ပ၊ ဓ၊ ဝ။ ယ၊ ဂ၊ ဗ၊ ဝ ဟူသော အက္ခရာ ဂ လုံးသည် အတုမရှိသောအကျိုးကို ပေးစွမ်းနိုင်သည့် လေးလုံးသော စမ တို့ကို ကောက်ယူရာကောက်ယူကြောင်းဖြစ်သော အခြေခံအက္ခရာများဖြစ်၏။

ဓာတ်စမ။ ။မနသိဒ္ဓိနှင့် ပီယသိဒ္ဓိ ဟူသော သိဒ္ဓိ ၂ ပါးကို ပြီးစေနိုင်သော ဓာတ်အက္ခရာများသည် ဓာတ် ၄ ပါးကို ဆုံးဖြတ်ဝေဖန်နိုင်ခြင်းသာလျှင် လိုရင်းဖြစ်၏။ ယင်းဓာတ် ၄ ပါးကိုအမှီပြု၍သာ ၄ လုံးသောအက္ခရာတို့ ဖြစ်လာကြ၏။

ဓာတ် စမ အက္ခရာ ၄ လုံးတွင် တလုံးကို နေနှင့်လတို့မှပြ၍ ကျန်သုံးလုံးကို ကြယ်နှင့်ဂြိုဟ်တို့မှပြ၍ ဆိုကြသည်။ ဤသို့ဆိုသော်လည်း ဂြိုဟ်ကြယ်တို့ကို ဘုရားရှင်ကိုယ်တိုင် ဟောကြားခဲ့ခြင်းမရှိ။ ဂြိုဟ်ကြယ်တို့ကို ဟောကြားခဲ့ခြင်းမရှိသော်လည်း ဂြိုဟ်ကြယ်တို့ကို ဘုရားရှင်ကိုယ်တိုင်

စားသော ဒိုင်းငရုံ့၏အမြီးရှိ ‘ဝ’ အက္ခရာတလုံး၊ ဥဒေါင်း ၄ုက်အမြီးဖို့ ‘စ’ အက္ခရာတလုံး၊ အခြေမျာ်း၍ ခေါင်းမရှိသော လယ်ဗုဇ္ဈန်လုံး၏ ကျောဥ်ရှိသော ‘င’ အက္ခရာတလုံးအား ဖြင့် င၊ ထ၊ စ၊ ဝ ဟူသော ဓာတ် စမ ၄ လုံးရသည်ဟု ဆိုသည်။

တနည်းအားဖြင့်လည်း၊ အက္ခရာတလုံးကို တရားဂုဏ် ၆ ပါးဖြင့် ရှာအပ်၏ဟု ဆိုရာ၌၊ ‘က’ မှစ၍ ရေတွက်သော် ၆ ခုမြောက်ဖြစ်သော ‘စ’ အက္ခရာကိုရ၏။ အက္ခရာတလုံးကို ကောင်းကျိုး ၅ ပါးဖြင့် သိအပ်၏ဟုဆို၏။ ‘က’ မှစ၍ ရေသော် ၅ ခုမြောက်အက္ခရာသည် ‘င’ ဖြစ်၏။ အက္ခရာတလုံးသည် ဆင်ကိုဟောသော ဂဇအက္ခရာတို့ဖြင့် ယူအပ်၏ဆိုသဖြင့် ဆင်ဖြင့်ညှန်သော အက္ခရာသည် ‘ထ’ ဆင်ထူးဖြစ်၏။ ကျန်အက္ခရာတလုံးမှာ ခြင်္သေ့၊ ပူးသတ္တဝါ ၂ ခုဖြင့် သိအပ်၏ဟု ဆိုသည်။ ခြင်္သေ့မှာ အင်္ဂါနှံ ဂြိုဟ်သက် ဂ နှစ်၊ ပူးမှာ သောကြာနှံ ဂြိုဟ်သက် ၂၁ နှစ်၊ ပေါင်း ၂၉ ဖြစ်၏။ ‘က’ မှစ၍ရေသော် ၂၉ ခုမြောက် အက္ခရာသည် ‘ဝ’ ဖြစ်၏။ ဤသို့ကောက်ယူခြင်းဖြင့် စ၊ င၊ ထ၊ ဝ၊ ဟူသော အက္ခရာ ၄ လုံးရ၏။

တနည်းကား တရားဂုဏ် ၆ ပါးဖြင့် သိအပ်သော အက္ခရာကား၊ ‘က’ မှစ၍ရေသော် ၆ ခုမြောက်ဖြစ်သော ‘စ’ ဖြစ်၏။ ကောင်းကျိုး ၅ ပါးဖြင့်ရအပ်သော အက္ခရာကား၊ ၅ မှာကြာသပတေးဖြစ်၍ ဂြိုဟ်သက် ၁၉ ဖြစ်၏။ ‘က’ မှစ၍ ၁၉ ခုမြောက်အက္ခရာသည် ‘ဓ’ ဖြစ်၏။ ဆင်ဖြင့် ညှန်ပြအပ်သော အက္ခရာ ဟူ၍ဥ် ဆင်ကား ပါဠိအခေါ် ဂဇ ဖြစ်၏။ ‘ဂ’ မှာ တနလ်ာနှံ ဂြိုဟ်သက် ၁၅ နှစ်၊ ‘ဇ’ မှာ အင်္ဂါနှံ ဂြိုဟ်သက် ဂ နှစ်ဖြစ်၍၊ ၂ ခုပေါင်း ၂၃ ဖြစ်၏။ ‘က’ မှစ၍ရေသော် ၂၃ ခုမြောက်အက္ခရာကား ‘ဗ’ ဖြစ်၏။ ခြင်္သေ့၊ ပူးသတ္တဝါ ၂ ခုဖြင့် သိအပ်သော အက္ခရာကား၊ ခြင်္သေ့မှာ အင်္ဂါနှံ ဂြိုဟ်သက် ဂ နှစ်၊ ပူးမှာ သောကြာနှံ ဂြိုဟ်သက် ၂၁ နှစ်၊ ပေါင်း ၂၉ ဖြစ်၏။ ‘က’ မှစ၍ ရေတွက်သော် ၂၉ ခုမြောက် အက္ခရာကား ‘ဝ’ ဖြစ်၏။ ဤသို့ကောက်ယူခြင်းဖြင့် စ၊ ဓ၊ ဗ၊ ဝ ဟူသော စမ အက္ခရာ ၄ လုံးကိုရပြန်၏။

ဤသို့လျှင်၊ ဓာတ် စမ အက္ခရာများကို ကောက်ယူရာ၌ ဝါဒအမျိုးမျိုးရှိသည်။ ဝါဒတမျိုးဦးကား ဓာတ်စမသည် စ၊ ဓ၊ ဗ၊ ဝ အက္ခရာ ၄ လုံးဖြစ်သည်ဟုဆိုသည်။ အခြားဝါဒတမျိုးကမူ စ၊ ဓ၊ ဗ၊ ဝ။ င၊ ထ၊ စ၊ ဝ ဟူ၍ ၂ မျိုးရှိသည်။ လက်ဝဲစမ၊ လက်ျာစမ ၂ မျိုးဖြစ်သည်ဟု ဆို၏။ ကေစိဝါဒဦးကား ဓာတ်စမသည် င၊ ထ၊ စ၊ ဝ ဟူ၍ ၄ လုံးသာရှိသည်ဟုဆို၏။ ထိုကြောင့်ပင် ကပ္ပါလက်ာရ ဝဏ္ဏနာကျမ်းပြုဆရာ ဒီးဒုတ်ဦးဘချိုက နှောင်းဆရာတို့ ပညာဖြင့် ညှိနှိုင်း၍ မှန်ကန်အောင်ကောက်ယူကြရန် တိုက်တွန်းရေးသားခဲ့လေသည်။

အထက်တွင်ရေးသားဖော်ပြသော အကြောင်းအရာများကား ကပ္ပါလက်ာရကျမ်းအရ ကောက်ယူနည်းအမျိုးမျိုးဖြစ်၏။ ယခုကာလ အများသိရှိကြသည့် စ၊ ဓ၊ ဗ၊ ဝ ဟူသော စမ လေးလုံးကား၊ ဗုဇ္ဈန်၏ကိုယ်၊ ဝံ၏ရင်ပတ်၊ ငရုံ့ဒိုင်း၏အမြီး၊ ဒေါင်း၏အမြီးဖျားရှိ စာလေးလုံးဖြစ်သည်ဟု နားလည်ကြ၏။ အချို့က ကမ္မာတည်ဦးစ ကပင် သတ္တဝါများ၏ကိုယ်တွင် ပါရှိ၍ မည်သည့်အခါမှ မပျောက်ပျက်နိုင်သည့် စာကြီးများဖြစ်သည်ဟု ဆိုကြ၏။ ဦးပုည၏ ဝိဇယပြဇာတ်တွင် ‘ဗုဇ္ဈန်၊ ဝံ၊ ငါး၊ ဒေါင်းမြီးဖျားမှာ၊ စာလေးပါးကျကာမှ၊ သွေပါ့မယ် လှုယဉ်ကြူးငဲ့’ ဟု စပ်ဆိုထား၏။ ဗုဇ္ဈန်၏ကိုယ်တွင် ‘ဗ’ အက္ခရာ၊ ဝံ၏ရင်ပတ်တွင် ‘ဝ’ အက္ခရာ၊ ငရုံ့ဒိုင်း၏အမြီးတွင် ‘စ’ အက္ခရာ၊ ဒေါင်းမြီးဖျားတွင် ‘ဓ’ အက္ခရာဟူ၍ စမအက္ခရာလေးလုံးကို ဖွဲ့ဆိုထားသည်ဟု ယူဆကြသည်။



အင်္ဂလိပ်အမျိုးသမီးဂီတစာဆို အက်သယ်မေရီစမိုက်

စမိုက်,အီ၊ အမ် (ခရစ် ၁၈၅၀–၁၉၄၄)။ ။အင်္ဂလိပ်အမျိုးသမီး ဂီတစာဆိုနှင့် စာရေးဆရာမကြီး အက်သယ်မေရီ စမိုက် သည် ၁၈၅၀ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွားမြင်၍ ဗိုလ်ချုပ် ဂျေ၊ အိပ်၊ စမိုက်၏ သမီးဖြစ်သည်။ အင်္ဂလိပ်စာဆိုလောကတွင် တဦးတည်းသော ထင်ရှားသည့် အမျိုးသမီး ဂီတစာဆိုဖြစ်၏။ ၁၉၂၂ ခုနှစ်တွင် ဒီ၊ ဘီ၊ အီး ခေါ် ဗြိတိသျှနိုင်ငံတော် အမျိုးသမီးဘွဲ့ထူးကို ရရှိသည်။ အက်သယ်သည် ငယ်စဉ်အခါက ဂျာမနီနိုင်ငံ လိုက်ပဆစ်မြို့၌ ဂီတစာဆိုကျော်ကြီး ဟိုင်းနရစ် ပွန် ဟတ်ဆို


ဂင်ဗတ် ထံတွင် ဂီတပညာကို လေ့လာဆည်းပူးခဲ့သည်။ သူ စပ်ဆိုသော သီချင်းများ သည် အင်္ဂလန်ပြည် မှာထက် ဥရောပတိုက်၌ ပိုမို၍ကျော်ကြားသည်။ အက်သယ်သည် အင်္ဂလိပ်ဂီတစာဆိုပင် ဖြစ်လင့်ကစား ဂီတပညာကို ဂျာမန်နိုင်ငံ၌ လေ့လာဆည်းပူးခဲ့သူ ဖြစ်သည့်အလျောက် သူ၏သီချင်းများမှာ အင်္ဂလိပ်မဆန်ဘဲ ဂျာမန်ဆန်လေသည်။ ရှေးဦးစွာ သူစပ်ဆိုသော ဖန်တာဇီယိုခေါ် အော်ပရာဇာတ်ပွဲကို ရုံတင်ပြသရာတွင် လူကြိုက်များလှ၏။ ထိုနောက် ဆက်လက်၍ လိုက်ပဆစ်၊ ပရာဟ၊ ဗီယင်းနား စသည့် မြို့ကြီးများတွင် သူကိုယ်တိုင် ရေးသားသော အော်ပရာဇာတ်များကို ရုံတင် ပြသခဲ့သည်။ လန်ဒန်မြို့တွင် ကပ်ဗင့် ဥယျာဉ်၌ ရုံတင်ပြသော ဒါဝေါအော်ပရာဇာတ်မှာ အလွန်ကျော်ကြားသည်။ ထိုဇာတ်များအပြင် သီချင်းများကိုလည်း စီကုံးခဲ့သဖြင့် ထင်ရှားသော အမျိုးသမီးစာဆိုကြီးဖြစ်သည်။ သူသည် အမျိုးသမီးများ အဖိအနှိပ်ခံရမှုမှ တော်လှန်ရေးတွင် အရေးပါစွာ ဝင်ရောက်ဆောင်ရွက်ကာ 'အမျိုးသမီးများချီတက်ခဲ့' ဟူသော အမျိုးသမီးများစိတ်တက်ကြွဖွယ်ရာ သီချင်းကို ရေးသားခဲ့သည်။ ထိုအမျိုးသမီး ဂီတစာဆိုကား၊ ၁၉၄၄ ခုနှစ် မေလ ဂ ရက်နေ့တွင် ကွယ်လွန်လေသည်။

စမစ်, ဘော (ခရစ် ၁၇၂၃–၉၀)။ ။အက်ဒမ် စမစ် သည်းကား စကော့လူမျိုး ဘောဂဗေဒ ပညာရှိကြီးတဦး ဖြစ်၏။ အကောက်တော်ဌာန၊ စာရင်းစစ်မင်းကြီး အက်ဒမ် စမစ်၏ သားဖြစ်၍၊ စကော့တလန်ပြည် ကပ်ကောဒီမြို့တွင် ၁၇၂၃ ခုနှစ် ဇွန်လ ၅ ရက်နေ့၌ ဖွားမြင်သည်။ ငယ်စဉ်က မွေးရာဇာတိမြို့ရှိ ကျောင်း၌ ၎င်း၊ ထိုနောက် ဂလပ်စဂိုး တက္ကသိုလ်နှင့် အောက်စဖို့ တက္ကသိုလ်များ၌ ၎င်း၊ ပညာ သင်ကြားခဲ့၏။ ယထာဘူတပညာနှင့် နိုင်ငံရေးပညာများကို စိတ်ပါဝင်စားစွာ ဆည်းပူးခဲ့လေသည်။

၁၇၅၂ ခုနှစ်မှ ၁၇၆၃ ခုနှစ်တိုင် ဂလပ်စဂိုးတက္ကသိုလ်တွင် တက္ကဗေဒပါမောက္ခအဖြစ် ခန့်ထားခြင်းခံရ၏။ ၁၇၅၉ခုနှစ်တွင် စိတ်ခတ်နှင့်ဆိုင်ရာ စာအုပ်ကြီးတအုပ်ကို ရေးသည်။ ၁၇၆၃ ခုနှစ်တွင် ပါမောက္ခအလုပ်မှထွက်၍၊ နိုင်ငံခြားကို လှည့်လည်ခဲ့ရာ၊ ၁၇၆၆ ခုနှစ် အောက်တိုဘာလတွင် နေရင်းဇာတိမြို့သို့ ပြန်လည်ရောက်ရှိ၏။ ထိုမြို့မှာပင်နေ၍ 'လူမျိုးတို့၏ဘောဂဗလ' ခေါ် စာအုပ်ကြီးကို ရေးသားသည်တွင် အလွန်တရာ နာမည်ကျော်ကြားသွားလေသည်။ ထိုစာအုပ်ကြီးမှာ ဘောဂဗေဒဆိုင်ရာ စာအုပ်များထဲတွင် အကောင်းဆုံးသော စာအုပ်ဖြစ်သည်ဟု တန်ဖိုးဖြတ်ကြသည်။ ထိုစာအုပ်တွင် လွတ်လပ်စွာကုန်သွယ်မှုကို ထောက်ခံရေးသားထားလေသည်။ ထိုပြင် ထိုစာအုပ်သည် ဘောဂဗေဒ ပညာရပ်အတွက် အလွန်ပင် အရေးပါအရာရောက်လှ၏။ ဘောဂဗေဒကို သီးခြားသိပ္ပံပညာရပ် အနေဖြင့် ထားထိုက်ကြောင်းကိုလည်း အကြောင်းပြထားလေ၏။

ထိုပညာရှိကြီးသည် ၁၇၉၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ကွယ်လွန်သည်။

စမတ်, ဂျေ။ စီ (ခရစ် ၁၈၇၀–၁၉၅၁)။ ။ယန် ခရစ္စယန် စမတ်သည် တောင်အာဖရိက ပြည်ထောင်စု နိုင်ငံမှ နိုင်ငံပြုသုခမိန်ဖြစ်သည်။ ဗိုးဝါး လယ်သမားမျိုးရိုးမှ ဆင်းသက်လာသူဖြစ်၍၊ ၁၈၇၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့တွင် ကိပ်ကိုလိုနီနယ် ကီပွတောင်းမြို့၌ ဖွားမြင်သည်။ စတယ်လင်ဗော့မြို့၊ ဝိတ်ဝိရယ ကောလိပ်ကျောင်းမှ ဘီ၊ အေ ဘွဲ့ကိုရပြီးနောက်၊ အင်္ဂလန်ပြည်သို့ သွားရောက်ကာ၊ ကိမ်း ဗ ရစ်တက္ကသိုလ်တွင် ဥပဒေပညာကို ဆည်းပူးလေသည်။ အင်္ဂလန်ပြည်တွင် ပညာဆည်းပူးခဲ့ပြီး၍၊ အာဖရိကတိုက်သို့ ပြန်ရောက်သောအခါ ကီပွတောင်းမြို့တွင် နေထိုင်ကာ ရှေ့နေအလုပ်ဖြင့် အသက်မွေးဝှာ၍ နာမည်ရခဲ့လေသည်။ ထိုစဉ်ကပင် စမတ်သည် နိုင်ငံရေးတွင် စိတ်ပါဝင်စားလာခဲ့ရာ၊ အထူးသဖြင့် ဗြိတိသျှအင်ပိုင်ယာ ကျယ်ပြန့်အောင် စွမ်းဆောင်ပေးခဲ့သူ စဲစီး ဂျတ် ကို အားကျပြီးလျှင်၊ ဗိုးဝါးသမတနိုင်ငံများကို ဂရိတ်ဗြိတိန်နှင့် ပူးပေါင်းရန် လိုလားခဲ့၏။ သို့သော် မကြာမီ ဂျတ်သည် ထရန်စဗား သမတနိုင်ငံကို အတင်းအဓမ္မသိမ်းယူရန် ကြံစည်ခဲ့သည်ကို သိရှိသောအခါ စမတ်သည် စိတ်ထားပြောင်းသွား၍၊ သူ၏အမျိုးသားများအကျိုးအတွက်ကိုသာ ဆောင်ရွက်တော့မည်ဟု သန္နိဋ္ဌာန်



စကော့အမျိုးသား ဘောဂဗေဒပညာရှင် အက်ဒမ်စမစ်

ချပြီးလျှင်၊ ထရန်စဗားသို့ ပြောင်းရွေ့ နေထိုင်လေသည်။ (ရုတ်, စဲ့စီး— လည်း ရှု။) ထရန်စဗားတွင် ရွှေ့နေ အလုပ်ဖြင့် အသက်မွေး ခဲ့ရာ တွင်လည်း နာမည် ရခဲ့ပြန်သည်။ ထိုအခါ ထရန်စဗား သမတနိုင်ငံ၏ သမတ ကလူးဂါးက စမတ်၏ အရည်အချင်းကို သိမြင်လာသဖြင့်၊ ၁၈၉၈ ခုနှစ်တွင် အစိုးရရွှေ့နေကြီးအဖြစ် ခန့်ထား ခဲ့လေ၏။ ထိုစဉ်က စမတ်မှာ အသက် ၃၀ ခန့်မျှသာ ရှိသေးသည်။

၁၈၉၉ ခုနှစ်တွင် ဗိုးဝါးစစ်ပွဲများ စတင်ဖြစ်ပွားသောအခါ စမတ်သည် ပဌမတွင် စည်းရုံးရေးတာဝန်များကိုသာ လုပ် ကိုင်ခဲ့ရလေသည်။ သို့သော် မကြာမီ ဗိုးဝါးတပ်များကို ခေါင်းဆောင်ကာ တိုက်ပွဲဝင်ခဲ့ရ၏။ ထိုအခါတွင် သူသည် ရွှေ့နေအဖြစ် အစွမ်းပြနိုင်သကဲ့သို့ စစ်ဆင်မှုရေးရာတွင်လည်း အစွမ်းပြနိုင်ခဲ့သည်။ အထူးသဖြင့် ပြောက်ကျားစစ်ဆင် ရေးတွင် အလွန်ကျွမ်းကျင်သော ခေါင်းဆောင်တဦးအဖြစ် အသိအမှတ်ပြုကြရလေသည်။ နောက်ဆုံးတွင် ပြောက် ကျားတပ်များ၏ သေနာပတိအဖြစ်ပင် ဆောင်ရွက်ခဲ့ရ၏။ (ဗိုးဝါးစစ်ပွဲ — ရှု။)

၁၉၀၂ ခုနှစ်တွင် ဗိုးဝါးစစ်ပွဲပြီး၍၊ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရာ၌၊ စမတ်မှာ အရေးပါအရာရောက်သော ကိုယ်စား လှယ်တဦးအဖြစ် ပါဝင်ခဲ့ရပေသည်။ ထိုနောက် တောင် အာဖရိကတိုက်တွင် စစ်ကြောင့် အခြေအနေ ပျက်ပြားခဲ့ ရသည်ကို ပြန်လည် ကောင်းမွန်လာအောင် ပြန်လည်ထူ ထောင်ရေးလုပ်ငန်းများကို ကြိုးစာဆောင်ရွက်ခဲ့ရ၏။ သူ၏ ရဲဘော်ကြီး ဗိုလ်ချုပ် ဗိုတာနှင့်အတူ တောင်အာဖရိကတိုက် ၌ အင်္ဂလိပ်နှင့်ဗိုးဝါးတို့ ပြန်လည် သင့်မြတ်အောင် ဆောင် ရွက်ခဲ့လေသည်။

၁၉၀၆ ခုနှစ်တွင် စမတ်သည် အင်္ဂလန်ပြည်သို့ သွား ရောက်၍ လွတ်လပ်ရေးဆုံးရှုံးရသော ထရန်စဗားနှင့် နာတဲ၊ ကိပ်ကိုလိုနီပြည်နယ် စသည့် တောင်အာဖရိကတိုက်ပြည်နယ် များကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်အတွက် ကြိုးပမ်းခဲ့လေ သည်။ သူ၏ကြိုးပမ်းမှုများကြောင့် ၁၉၀၆ ခုနှစ်တွင် ထရန် စဗားသည် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရရှိခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင်၊ ဗိုးဝါးနယ်များဖြစ်သော ထရန်စဗားနှင့် သြ ရိန်း ဖရီးစတိတ်တို့အပြင် ဗြိတိသျှပိုင် နယ်သစ်များဖြစ်သော နာတဲနှင့် ကိပ်ကိုလိုနီပြည်နယ် နှစ်ခုတို့ကို ပူးပေါင်းပြီးသော် တောင် အာဖရိကတိုက် ပြည်ထောင်စုနိုင်ငံ တည်ထောင်ခဲ့ လေသည်။ ထိုပြည်ထောင်စုနိုင်ငံ၏ အစိုးရအဖွဲ့တွင် စမတ် သည် ကာကွယ်ရေး၊ ပြည်တွင်းရေးနှင့် သတ္တုတွင်းဌာနဝန် ကြီးအဖြစ် ဆောင်ရွက်ရလေသည်။ မကြာမီ ဘဏ္ဍာရေး ဌာနဝန်ကြီးအဖြစ်ကိုပါ ဆောင်ရွက်ရပြန်၍၊ အစိုးရအဖွဲ့ထဲ တွင်၊ အရေးပါဆုံးသောသူတယောက် ဖြစ်လာလေ၏။

ပဌမကမ္ဘာစစ်ကြီးအတွင်းက၊ ပြည်ထောင်စုနိုင်ငံ၏ ဝန်



တောင်အာဖရိကပြည်ထောင်စု၏ ကြီးပွားတိုးတက်ရေးကို ဆောင် ရွက်ခဲ့သော စစ်သူကြီး ယန်ခရစ္စယန်စမတ်

ကြီးချုပ်ဖြစ်သူ ဗိုတာနှင့်အတူ တောင်အာဖရိကတိုက်တွင် ဗြိတိသျှအင်ပိုင်ယာ မယိမ်းမယိုင်ရလေအောင် ကြိုးပမ်းခဲ့ ကြ၏။ ဂျာမန်နှင့် အင်္ဂလိပ်တို့ စစ်စဖြစ်သည်နှင့်တပြိုင် နက်၊ ဂျာမန်တို့က အားပေးအားမြှောက် ပြုခဲ့ခြင်းကြောင့်၊ တောင်အာဖရိက ပြည်ထောင်စုနိုင်ငံရှိ ဗိုးဝါးလူမျိုးအချို့ သည် ဗြိတိသျှတို့၏ သြဇာလွှမ်းမိုးမှုကို တွန်းလှန်ရန် ပုန် ကန်ထကြွကြလေသည်။ ယင်းသို့ထကြွခဲ့သည်ကို ဗိုလ်ချုပ် ဗိုတာနှင့် အတူ အောင်မြင်စွာ နှိမ်နင်းလိုက်လေသည်။ ထိုမျှမကသေး၊ စမတ်သည် ဗိုလ်ချုပ်ဗိုတာနှင့်အတူ တပ်ကို ဦးစီး တိုက်ခိုက်ခဲ့သဖြင့် အနောက်တောင် အာဖရိကပြည် နယ်ကိုပင် သိမ်းယူနိုင်ခဲ့လေသည်။ များမကြာမီ စမတ် သည် ဗိုလ်ချုပ်ရာထူးတွင် ခန့်ထားခြင်းခံရပြီးနောက်၊ ဂျာ မန် အရွှေအာဖရိကပြည်နယ်ကို တိုက်ခိုက်သိမ်းယူခဲ့သည်။

၁၉၁၇ ခုနှစ်တွင် စမတ်အား ဗြိတိသျှအစိုးရက၊ လန်ဒန် မြို့သို့ဖိတ်ခေါ်၍၊ စစ်ကော်မိနက် အဖွဲ့ဝင်တဦးအဖြစ် ခန့် ထားလေ၏။ ထိုစဉ်က စမတ်သည် လေတပ်တွင်၎င်း၊ အခြားစစ်တပ်ဆိုင်ရာ ကိစ္စများတွင်၎င်း တိုးတက်ပြုပြင်ရေး အတွက် အကြံဉာဏ်များပေးခဲ့၏။ လန်ဒန်လေကြောင်း ကာကွယ်ရေးများကိုလည်း ကြီးကြပ်စီမံခဲ့လေသည်။ တခါ တရံ စစ်မြေပြင်များသို့ပင် သွားရောက်ကာ ဗိုလ်မှူး၊ ဗိုလ် ချုပ်များနှင့် ဆွေးနွေးခဲ့၏။

ထိုပြင် ပါရစ် ငြိမ်းချမ်းရေး ညီလာခံ၌ အမေရိကန်သမတ ဝိလဆန်နှင့်အတူ သမိုင်းတင်ရစ်အောင် ဆောင်ရွက်ခဲ့လေ

သည်။ စမတ်သည် နိုင်ငံပေါင်းချုပ်အသင်းကြီးကို အမေရိကန်သမတ ဝီလဆန်နှင့်အတူ စတင်တည်ထောင်ခဲ့သူဖြစ်၏။ ၁၉၁၉ ခုနှစ်တွင် အာဖရိကတိုက်သို့ ပြန်ခဲ့ပြီးနောက်၊ ဗိုတာကွယ်လွန်သောအခါ၊ ပြည်ထောင်စုနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို ဆက်ခံရလေသည်။ ထိုအတောအတွင်း တောင်အာဖရိကတိုက်တွင် ဟာဆော့ ခေါင်းဆောင်သော အမျိုးသားပါတီသည် အင်အားကောင်းလာခဲ့လေရာ၊ ၁၉၂၄ ခုနှစ်ရွေးကောက်ပွဲကြီးတွင်၊ စမတ်သည် အရေးနိမ့်သွား လေသည်။ ထိုနောက်တွင် ၉ နှစ်မျှ အတိုက်အခံအဖွဲ့ ခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့ယင်း၊ ယထာဘူတပညာကို လေ့လာလိုက်စား၍ ကျမ်းတစောင်ပင် ပြုစုခဲ့သေးသည်။ ထို အတောအတွင်း နိုင်ငံရေး အခြေအနေမှာလည်း၊ မငြိမ်မသက်ဖြစ်နေခဲ့လေ၏။ ၁၉၃၃ ခုနှစ်တွင်ကား၊ အမျိုးသားပါတီ၏ခေါင်းဆောင် ဟာဆော့နှင့် နားလည်မှုရယူပြီးသော် ညွှန့်ပေါင်းအစိုးရဖွဲ့ကာ စမတ်က ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့လေသည်။


ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ၊ ဟာဆော့က ကြားနေလိုသော်လည်း စမတ်နှင့်နောက်ပါတို့က၊ ဂျာမနီအား စစ်ကျေညာလိုက်သည်။ လွှတ်တော်တွင် ဟာဆော့၏ ကြားနေရေး အဆိုမှာ ရှုံးနိမ့်သွားသဖြင့်၊ စမတ်က အစိုးရအဖွဲ့သစ် ဖွဲ့ကာ၊ သူကိုယ်တိုင် ဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်လေ၏။ စမတ်အစိုးရအဖွဲ့သည် ဂျာမနီနိုင်ငံအား စစ်ကျေညာလေသည်။ ၁၉၄၀ ပြည့်နှစ်တွင် ပြည်ထောင်စု ကာကွယ်ရေး တပ်ဖွဲ့များ၏ သေနာပတိ အဖြစ် ခံယူခဲ့၏။ ၁၉၄၁ ခုနှစ်တွင် ဆင္ဒမဂျော့ဘုရင်က စစ်သူကြီး အဖြစ် ခန့်အပ်လေသည်။ ဒိုမီနီယန်စစ်သားကောင်းများထဲမှ ထိုရာထူးအဆင့်အတန်းကို စမတ်သည် ပဌမဆုံးရရှိခဲ့သူ ဖြစ်၏။ ထိုနောက်တွင် သူသည် လန်ဒန်မြို့သို့ သွားရောက်ကာ စစ်ဖက်ဆိုင်ရာ အကြံပေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ သူ၏ခေါင်းဆောင်မှုဖြင့် တောင်အာဖရိကပြည်ထောင်စုနိုင်ငံသည် မဟာမိတ် စစ်အောင်နိုင်ရေး အတွက် အထောက်အပံ့များ ပေးနိုင်ခဲ့လေသည်။

၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ စာချုပ်ကြီးကို ရေးဆွဲရာ၌ စမတ်သည် အဖိုးတန်သော အကူအညီများ ပေးခဲ့၏။ ၁၉၄၆ ခုနှစ်တွင် နယူးယောဂ်မြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေ လွှတ်တော်အစည်းအဝေးသို့ တောင်အာဖရိကပြည်ထောင်စုနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့လေသည်။ ၁၉၄၇ ခုနှစ်တွင် ဆင္ဒမဂျော့ဘုရင်နှင့် မိဖုရားတို့သည် သမီးတော်နှစ်ပါးနှင့်အတူ တောင်အာဖရိကသို့ တိုင်းခန်းလှည့်လည်ခဲ့စဉ်၊ ဖြိုတိသျှနိုင်ငံတော်တွင် အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သော အောဒါး အော့ မဲရစ် ဂုဏ်ထူးဆောင်ဘွဲ့ဖြင့် ခြိုးမြှင့်ခြင်းခံရ၏။

၁၉၄၈ ခုနှစ်ရွေးကောက်ပွဲတွင် စမတ်မှာ အရေးနိမ့်ခဲ့ရပြန်လေသည်။ ထိုအခါ ဒေါက်တာမာလန်းက ဝန်ကြီးချုပ်ရာထူးကို ဆက်ခံသည်။ ထိုနှစ်တွင် စမတ်သည် အင်္ဂလန်ပြည်၊ ကိမ်းဗရစ်တက္ကသိုလ်၏ အဓိပတိအဖြစ် ခန့်အပ်ခြင်းခံရ၏။ သူသည် နိုင်ငံရေးနှင့် စစ်မှုရေးရာများတွင်သာထူးခြားသော အရည်အချင်းနှင့် ပြည့်စုံသည်မဟုတ်၊ ယထာဘူတပညာ ကဝိတဆူ အဖြစ်ဖြင့်ဂုဏ်း၊ စာရေးဆရာ တဦးအဖြစ်ဖြင့်ဂုဏ်း၊ ထင်ရှားကျော်ကြားသူလည်း ဖြစ်လေ၏။ စမတ်သည် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခဲ့ ပြီးနောက် အတိုက်အခံအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်စဉ် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပရီတိုးရီးယားမြို့အနီးရှိ အိုင်ရင်းမြို့၌ ကွယ်လွန်လေသည်။

စမုန်။ ။စမုန်ငါးမျိုးရှိရာ ယင်းတို့မှာ စမုန်စပါး၊ စမုန်ဖြူ၊ စမုန်နီ၊ စမုန်နက်၊ စမုန်နွယ်တို့ဖြစ်ကြသည်။

စမုန်စပါးပင်သည် နှစ်ကြာခံပင်မျိုးဖြစ်၏။ ရုက္ခဗေဒအမည်မှာ 'ဖိုးနီကူလမ် ဗာဂါရီ' ဖြစ်သည်။ စမုန်စပါးပင်သည် ၄ ပေမှ ၅ ပေအထိမြင့်သည်။ အဝါပွင့်များပွင့်သည်။ ဥရောပတိုက် တောင်ပိုင်းဒေသများတွင် အရိုင်းပေါက်၏။ ဥရောပတိုက်နှင့် အမေရိကန် ပြည်ထောင်စု တို့တွင် အနှံ့အပြား စိုက်ပျိုးကြ၏။ အရွက်နှင့်အစေ့များမှာ မွေး၏။



စမုန်စပါးပင်

အပင်နှင့်အစေ့နှစ်မျိုးစလုံးကို ဆေးဝါး၊ အရက်၊ သကြား ခဲနှင့် အခြားအစားအသောက်များတွင် အနံ့ကောင်းစေရန် အတွက် အသုံးပြု၏။ စမုန်စပါးမှ စမုန်စပါးဆီကို ထုတ် ယူကြ၏။ ထိုအဆီကို ဆပ်ပြာနှင့် အမွေးအကြိုင်ပစ္စည်း များ ထုတ်လုပ်ရာတွင် အသုံးပြုကြ၏။ စမုန်စပါးဆီမှာ လေနိုင်ဆေးတမျိုးပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံတို့၌ စမုန် စပါးကို ကွမ်းယာနှင့်ရော၍ စားလေ့ရှိ၏။

ရုက္ခဗေဒအလိုအားဖြင့် စမုန်ဖြူကို 'အင်နီဆိုချီလပ် ကာ နိုဆပ်'၊ စမုန်နက်ကို 'နိုင်ဂျလား ဆက်တီဗား'၊ စမုန်နီကို 'လီပီဒီအမ် ဆက်တီဗမ်'၊ စမုန်နွယ်ကို 'မိုမော်ဒီကာ ကိုချင် ချီအင်ဆစ်' ဟူ၍ခေါ်သည်။ စမုန်နက်မှာ အရောင်နက် သည်။ စမုန်နက်ကို အမူးအမော်အတွက်ကောင်းသည်ဟူ၍ လူမမာများ ရှူကြသည်။ စမုန်နီအစေ့များကို ဝမ်းကိုက် ရောဂါ ကုသရာ၌ ဆေးအဖြစ် အသုံးပြုကြသည်။ စမုန်နီ အရွက်ကို စားရသည်။ စမုန်နွယ်စေ့ကိုပြုတ်၍ ရင်ကျပ်နာ ပျောက်ဆေး ဖေါ်ယူတတ်ကြသည်။

စလူပင်။ ။စလူပင်၏သိပ္ပံအမည်မှာ 'လစ်ကျူးအေလာ ပယ်လတေးတား' ဖြစ်သည်။ မျိုးစဉ်မှာ 'ပါမီ' ဖြစ်၍ မျိုးစုမှာ 'လစ်ကျူးအေလာ' ဖြစ်သည်။ စလူပင်သည် အမြဲစိမ်းအပင်မျိုး ဖြစ်သည်။ ထန်းမျိုးကဲ့သို့ အများအား ဖြင့် စုရုံးပေါက်တတ်သည်။ အပင်၏အမြင့်မှာ ဂ ပေမှ ၁၅ ပေထိရှိ၍ လုံးပတ်မှာ ၆ လက်မမှ ဂ လက်မထိရှိသည်။ ပင်စည်တွင် အရစ်များပါသည်။ အရွက်မှာ ယပ်တောင်ပုံ သဏ္ဌာန်ရှိ၍ ပိန်းရွက်ကဲ့သို့ အောက်ခြေ အလယ်တွင် ရွက် တံရှိသည်။ အလျားလိုက် အခေါက်ထပ်များသော အရွက် မျိုးဖြစ်သည်။ အရွက်ကို ကန့်လန့်ဖြတ်တိုင်းလျှင် ၃ ပေမှ ၅ ပေထိရှိသည်။ ရွက်ညှာမှာ သေးသွယ်တောင့်တင်း၍ ၃ ပေမှ ၄ ပေထိရှိသည်။ ရွက်ညှာတွင် ဆူးများပါရှိ၍ အညို ရောင်သော်၎င်း၊ အမည်းရောင်သော်၎င်းရှိသည့် အမျှင်များ ဖုံးအုပ်လျက်ရှိနေသည်။

စလူပင်သည် ဆောင်းရာသီ၌ အပွင့်ပွင့်သည်။ အပွင့်မှာ ကြီး၍ ဝါသည်။ ပွင့်တံမရှိချေ။ အသီးသီးခိုနှံမှာ နွေရာသီ ဖြစ်သည်။ စလူသီးသည် ခွံမာသီးမျိုးဖြစ်၍ ချောမွတ် သည်။ ပုံသဏ္ဌာန်မှာ ကြက်ဥပုံသဏ္ဌာန်ဖြစ်သည်။ အရွယ် မှာ ဆီးဖြူသီးခန့်ရှိသည်။ အစေ့တခုသာပါရှိ၍ အခွံထူ သည်။ စလူရွက်ကို အိမ်မိုးရသည်။ စလူဖက်ဖြင့် မုံထုပ် တတ်ကြသည်။

စလူပင်သည် စစ်တကောင်း၊ ပဲခူး၊ မုတ္တမနယ်တို့ရှိ အပူ ပိုင်းသစ်တောများတွင် ပေါက်ရောက်သည်။ ဆစ်ကင်းနယ်၊ အာသံပြည်နယ်နှင့် ကပ္ပလီကျွန်းရှိ စိုစွတ်သော မြစ်ဝှမ်းနှင့် ချိုင့်ဝှမ်းများတွင်လည်း စလူတောများကိုတွေ့ရသည်။

စလေမြို့။ ။စလေမြို့သည် မကွေးခရိုင် ရေနံချောင်းနယ် တွင် ပါဝင်သည်။ ရောဝတီမြစ် အရှေ့ဖက်ကမ်းပေါ်တွင် တည်ရှိသည်။ ညောင်ဦးမြို့မှ တောင်ဖက် ၃၄ မိုင်ကွာ သည်။ ပြည်တွင်းသဘော်ဆိပ်မြို့ကလေး ဖြစ်သည်။ စလေ မြို့တွင် အစိုးရဆေးရုံ၊ ရဲဌာနခွဲ၊ စျေး၊ စာတိုက်နှင့် ကြေး နန်းအဆောက်အအုံများရှိသည်။ စလေမြို့၏ အဓိကလုပ် ငန်းများမှာ ယှန်းထည်၊ တိုက်သွင်းထည်များ နှင့် ခေါင်း အုံး၊ မွေထုများကို အစာသွတ်ခြင်းဖြစ်၏။ မြန်မာစာ ပေနယ်တွင် ထင်ရှားသော ဦးပုည၏ မွေးဖွားရာအရပ်ဖြစ် သည်။ စလေမြို့တွင် စလေဦးပုည၏ကျောင်းနှင့် ဦးပုည၏ စာကြည့်တိုက်ထားရာ အုတ်ကျောင်းများရှိသည်။ ဦးပုည ၏ကျောင်းမှာ မီးလောင်သွားသော်လည်း စာကြည့်တိုက် အုတ်ကျောင်းမှာ ယခုတိုင် တည်ရှိသေးသည်။ အစေ့မရှိ သော စလေဆီးသီးကြောင့် ၎င်း၊ မြန်မာ့သမိုင်းတွင် ပေါ် ပေါက်ခဲ့သော စလေငခွေးမင်းကြောင့်၎င်း၊စာရေးဆရာကြီး စလေဦးပုညကြောင့်၎င်း စလေမြို့မှာ မြန်မာနိုင်ငံတွင်လူသိ များသောမြို့တမြို့ ဖြစ်ခဲ့သည်။

စလေမြို့သည် ဗြိတိသျှအစိုးရလက်ထက်က မြို့ပိုင်ရုံးစိုက် သည့်မြို့ ဖြစ်၍ စလေမြို့နယ်သည် ပုဂံနယ်၊ မြင်းခြံခရိုင်တွင် ပါရှိခဲ့၏။ ယခုအခါမူ စလေမြို့၌ မြို့ပိုင်ရုံးမစိုက်တော့ဘဲ၊ မြောက်ဖက် ၅ မိုင်ကွာ ချောက်မြို့၌ ရုံးစိုက်သဖြင့်၊ စလေမြို့ သည် ချောက်မြို့နယ်တွင် အပါအဝင် ဖြစ်နေ၏။ ယခင် စလေမြို့နယ်အဖြစ် တည်စဉ်က၊ လူဦးရေမှာ ၁၉၄၁ ခု သန့် ကောင်စာရင်းအရ ဂ၉,၅၇၄ ယောက်ဖြစ်၏။ စလေမြို့ တဝိုက်၌ မိုးပါးရွာသဖြင့် အစားအစာ ခေါင်းပါးသည့်ဘေး နှင့် တခါတရံ တွေ့ရတတ်သည်။ ထိုကြောင့် ထိုဒေသမှ အချို့သူများသည် ရေနံချောင်း ရေနံမြေသို့၎င်း၊ မြန်မာ နိုင်ငံအောက်ပိုင်းသို့၎င်း သွားရောက် အလုပ်လုပ်ကိုင်တတ် ကြသည်။ စလေမြို့အနီးရှိဒေသများမှာ မြေဩဇာညံ့ဖျင်း သော်လည်း ထောဝတီမြစ်ကြောင်းအားဖြင့် ကူးသန်းရောင်း ဝယ်ရေးရှိသဖြင့် စီးပွားရေးမှာ မဆိုးရွားလှချေ။ စလေမြို့ ပတ်ဝန်းကျင်တွင် ပြောင်းနှင့်ပဲကို အဓိကစိုက်ပျိုးကြသည်။

စလင်း, ဆာဝီလျံ၊ ဂျေ (ခရစ် ၁၈၉၁ ဖွား)။ ။ဆာ ဝီလျံ ဂျိုးဇက် စလင်း သည် ဩစတြေးလီးယားနိုင်ငံ ဘုရင် ခံချုပ်ဖြစ်သည်။ ၁၈၉၁ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ဖွားမြင်၍ ဗာမင်ဂမ်မြို့ ကင်းအက်ဒပ် စာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ကျောင်းမှထွက်သောအခါ စစ် သားရိုးရိုး အဖြစ်နှင့်ပင် စစ်ထဲသို့ ဝင်ရောက်အမှုထမ်းလေ သည်။ သို့သော် မကြာမီ ဘုရင့်ဝါဝစ်ရှိုင်ယာတပ်ရင်းကြီး တွင် ဗိုလ်အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရ၏။ ပဌမ ကမ္ဘာစစ်ကြီးအတွင်းက ဂလစ်ပိုလီ၊ ပြင်သစ်နှင့် မက်ဆိုပို

တေးမီးယားစစ်မြေပြင်များတွင် ရှပ်ရှပ်ချုံချုံ သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့သဖြင့် ဘွဲ့တံဆိပ်များဖြင့် ခြိုးမြှင့်ခြင်းခံရလေသည်။

ပဌမကမ္ဘာစစ်ကြီးအပြီးတွင် အိန္ဒိယပြည်သို့သွားရောက်၍ ဂေါ်ရခါး သေနတ်ကိုင်တပ်ရင်းတွင် အမှုထမ်းခဲ့သည်။ စစ်ကြီးနှစ်ခု ကြားကာလတွင် အများအားဖြင့် အိန္ဒိယပြည်တွင်သာ အမှုထမ်းခဲ့ရသော်လည်း ၁၉၃၄ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ ကမ်ဗာလေ ဗိုလ်သင်တန်းကျောင်း၌ သင်တန်းဆရာအဖြစ် ထမ်းရွက်ခဲ့ရပြန်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ အာဖရိကတိုက်ရှိ ဆူဒန်နယ်တွင် ခြေလျင်တပ်မဟာအမှတ် ၁၀ ကို အုပ်ချုပ်ကွပ်ကဲရပြီးလျှင် အီရစ်ထရီးယား တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ရသည်။ ထိုနောက်တွင် ဗိုလ်ချုပ်အဆင့်အတန်းသို့ တိုးမြှင့်ထားခြင်းခံရသည့်ပြင် ဒီ၊ အက် (စ)၊ အို ခေါ် အမှုထမ်းကောင်းဘွဲ့တံဆိပ်ကိုလည်း ရရှိခဲ့လေသည်။ ထိုနောက် အာရှအရှေ့တောင်ပိုင်း မြန်မာပြည်စစ်မျက်နှာသို့ ၁၉၄၂ ခုနှစ်တွင် စေလွှတ်ခြင်းခံရလေသည်။ စလင်းသည် ၁၄ နံပတ် ဗြိတိသျှတပ်မတော်ကို ကွပ်ကဲအုပ်ချုပ်ပြီးလျှင် မြန်မာပြည်ကို ဂျပန်များလက်မှ ပြန်လည်သိမ်းပိုက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်ကုန်းတပ်များ၏ သေနာပတိအဖြစ် ခန့်ထားခြင်း ခံရလေသည်။ ၁၉၄၆ ခုနှစ်တွင် ကား အင်္ဂလန်သို့ပြန်၍ ကာကွယ်ရေးဆိုင်ရာ ဘုရင့်စစ်ကောလိပ်ကျောင်းတွင် ကျောင်းအုပ်အဖြစ် တန့်ခန့် အမှုထမ်းခဲ့ရသေးသည်။ ၁၉၄၄ ခုနှစ်တွင် ဆာဘွဲ့ဖြင့် သူကောင်းပြုခြင်းခံရပြီးနောက် ၁၉၄၇ ခုနှစ်တွင် ဆင်္ဂမကျေ့ဘုရင်၏ ကိုယ်ရံတော်ဗိုလ်အဖြစ် အမှုထမ်းရလေသည်။ ၁၉၄၇ ခုနှစ်တွင် ပြည်သူပိုင်ပြုလုပ်ပြီးဖြစ်သော မီးရထား သယ်ယူပို့ဆောင်ရေး လုပ်ငန်း၏ အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ရန် စစ်ဖက်မှအနားယူလိုက်လေသည်။ သို့သော် ၁၉၄၈ ခုနှစ် အောက်တိုဘာလတွင် စစ်ဖက်မှပြန်လည်ခေါ်ယူကာ စစ်သူကြီး မောင်ဂိုမာရီ၏နေရာတွင် ဗြိတိသျှတပ်မတော်စစ်ဦးစီးချုပ်အဖြစ် ဆက်ခံထမ်းရွက်ရလေသည်။ ၁၉၄၉ ခုနှစ် ဇန္နဝါရီလတွင် စစ်သူကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။

ယင်းဝတ်တရားကို ဆောင်ရွက်နေစဉ်တွင် အပြည်ပြည်ကာကွယ်ရေးဆိုင်ရာဆွေးနွေးပဲ့များ၊ အစည်းအဝေးများသို့ တက်ရောက်ခဲ့၏။ ၁၉၅၀ ပြည့်နှစ်တွင် အက် တ လီ နှင့် တကြိမ်၊ ၁၉၅၂ ခုနှစ်တွင်ချာချီနှင့်တကြိမ် ဝါရှင်တန်မြို့ဆွေးနွေးပဲ့သို့ လိုက်ပါခဲ့ရလေသည်။ ၁၉၅၃ ခုနှစ် နှစ်ဦးပိုင်းတွင် စလင်းသည် ဆာဝီလျံမက်ကဲ၏ နေရာကို ဆက်ခံ၍ ဩစတြေးလီးယားနိုင်ငံ ဘုရင်ခံချုပ်အဖြစ် ဆောင်ရွက်ရလေသည်။



စလင်းမြို့အဝင်တွင်ထင်ရှားစွာဖူးမြင်ရသော ကုသိနာရုံစေတီ

စလင်းမြို့။ ။မင်းဘူးခရိုင်မြောက်ပိုင်း၊ စလင်းခရိုင်ခွဲနယ်နှင့် စလင်းမြို့နယ်တို့၏ ရုံးစိုက်ရာမြို့ ဖြစ်၏။ စလင်းခရိုင်ခွဲနယ်တွင် စလင်းမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များ ပါဝင်သည်။ စလင်းမြို့နယ်မှာ အများအားဖြင့် လွင်ပြင်ဖြစ်သည်။ စလင်းမြို့သည် ဧရာဝတီမြစ်မှ ၆ မိုင်ခန့်ကွာဝေး၍ စလင်းမြစ်လက်ျာဖက်ကမ်း ပို့ပျ။းညီညာသောမြေပြင်ပေါ်တွင် တည်ရှိသည်။ စလင်းမြို့မှ ခရိုင်ရုံးစိုက်ရာ မင်းဘူးမြို့သို့ ၃၉ မိုင်ဝေး၍ ဆင်ဖြူကျန်းမြို့နှင့် ၇ မိုင်မျှဝေးသည်။ ရခိုင်ပြည် အနှံးတောင်ကြားမှလာသော လမ်းမကြီးသည် စလင်းမြို့သို့ပေါက်သည်။

ဆန်စပါးကို ရှေးမြန်မာမင်းများလက်ထက်မှစ၍ ဆည်



ဗိုလ်ချုပ် ဆာဝီလျံကျိုးဇော်စလင်း

မြောင်းများဖြင့် ရေသွင်းစိုက်ပျိုးကြ၏။ ယခုအခါ စလင်းမြို့နယ်တွင် ဆည်ရေသောက် လယ်မြေများမှာ ၎က နှစ်သောင်းနှစ်ထောင်ကျော်ရှိလေသည်။ စလင်းမြို့အနီးသရက်ကျင်းရွာမှ ပုရပိုက်စက္ကူများ ရွေးအခါက ထွက်ခဲ့ဘူးသည်။

စလင်းမြို့ကို မြန်မာသက္ကရာဇ် ၆၅၆ ခုနှစ်က ပုဂံပြည်နရပတိစည်သူမင်းကြီး တည်ထောင်ခဲ့သည်ဟု အဆိုရှိ၏။ မြန်မာဘုရင်များလက်ထက်က စလင်းမြို့ကို မြို့ဝန်တယောက် ထားရှိ၍ အုပ်ချုပ်စေခဲ့သည်။

ဗြိတိသျှအုပ်ချုပ်ရေးခေတ်၌ စလင်း မျှ။နိစိပယ်အဖွဲ့ကို ခရစ် ၁၈၇၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ စလင်းမြို့သည် နယ်ပိုင်ဝန်ထောက်ရုံးစိုက်ရာမြို့ဖြစ်သောကြောင့် အစိုးရရုံးများ၊ အထက်တန်းကျောင်း၊ ဆေးရုံ၊ စာတိုက်နှင့် ရဲဌာနစသော အဆောက်အအုံများရှိလေသည်။ စလင်းမြို့တွင် ကုသိနာရုံ ဘုရားပွဲကို ကဆုန်လတွင် နှစ်စဉ် ကျင်းပလေ့ရှိသည်။ ၁၉၃၁ ခုနှစ် သန်ကောင်စာရင်းအရ မြို့၏လူဦးရေမှာ ၆,၆၅၄ ယောက်ဖြစ်သည်။



စလပ်ကြီးပင်များ

စလပ်ပန်းပင်။ ။စလပ်ပန်းပင်သည် 'အဲ့ပေါ့ဆိနေစိအီး' မျိုးရင်းနှင့် 'တာဗာနီမွန်တေးနာ' မျိုးစုတွင် ပါဝင်သည်။ 'တာဗာနီမွန်တေးနာ' မျိုးစုကို ယခုအခါ 'အီဗာတေးမီးယား' ဟု အမည်ပြောင်းခေါ်သည်။ စလပ်ပန်းပင်အမျိုးမျိုးရှိရာ အချို့မှာ အပင်ကြီးမျိုးဖြစ်၍ အချို့မှာ ချုံပင်မျိုးဖြစ်သည်။ အရွက်မှာ ရွက်ဆိုင်ဖြစ်သည်။ ပင်မမှ အခက်ထွက်သည့်နေရာတွင် ရွက်စုယ်ပေါက်သည်။ အများအားဖြင့် အပွင့်အရောင်မှာ အဖြူရောင် ဖြစ်သည်။ အပွင့်သည် အကိုင်း၏ထိပ်ဖျားတွင် ပွင့်တတ်သည်။ ပွင့်ဖတ်အုံအောက်ခြေမှ ပွင့်ဖတ်များသည် သီးခြားစီထွက်လာကြသည်။ ပွင့်ချပ်အုံမှ ပွင့်ချပ်များသည် ပြန့်လျက်ရှိသည်။ ပွင့်ချပ်အုံ၏ပြွန်သည် ထိပ်ချွန်သွယ်ဝတ်မှုန်အိမ်ပေါ်တွင် ဖောင်းလျက်တည်သည်။ အစေ့လောင်း အမြောက်အများပါရှိသည်။ အသီးမှာ တမြောင်းကွဲသီးတောင့်ဖြစ်၍ အများအားဖြင့် အစေ့များစွာပါရှိသည်။

သိပ္ပံအမည်အားဖြင့် 'အီဗာတေးမီးယား ကိုရိုနေရီးယား' ဟုခေါ်သော စလပ်ပန်းပင်သည် နှစ်ကိုင်းဖြာ အမြဲစိမ်းချုံပင်မျိုးဖြစ်သည်။ အခေါက်အထောင်မှာ မဲ့ပြာထောင်ဖြစ်သည်။ အခေါက်၌ လေပေါက်များစွာရှိသည်။ အရွက်သည် အမြွေးကဲ့သို့ ပါးပြီး ငှက်ပျောဖူးပုံသဏ္ဌာန် ရှိသည်။ အလျားသည် အနံထက် ပို၍ရှည်၏။ ထိပ်ချွန်သွယ်၏။ ရွက်ပြား ၄ ခုမှ ၆ခုထိပါ၍ ရွက်ညှာဖက်တွင် ကျဉ်းမြောင်းသွား၏။ ရွက်ညှာ၏ပမာဏသည် ½ လက်မမှ ¾ လက်မထိရှိသည်။ ထိုစလပ်မျိုးသည် မေလမှ ဒီဇင်ဘာလထိ ပွင့်လေ့ရှိသည်။ ပွင့်ချပ်နှစ်ထပ်မကရှိသည့် အပွင့်များကို တွေ့ရတတ်သည်။ ပန်းပွင့်၏ အရောင်မှာ ဆွတ်ဆွတ်ဖြူသည်။ ပွင့်ချပ်အုံပြွန်မှာ ¾ လက်မမှ ၁ လက်မထိရှည်သည်။ စလပ်ပန်းသည် ညအခါတွင် မွှေးကြိုင်သောရနံ့ရှိ၏။ အသီးမှာ ကောက်နေ၍ အလျား ၁ လက်မမှ ၂ လက်မထိရှိသည်။ ထိုအသီးသည် တမြောင်းကွဲသီးတောင့်များဖြစ်၍ အကြောများထလျက်ရှိသည်။ သီးတောင့်၏အတွင်းပိုင်းမှာ နီသည်။ အစေ့ ၃ စေ့မှ ၆ စေ့ထိပါရှိသည်။

ထိုစလပ်ပင်မျိုးကို ဟိမဝန္တာအနိမ့်ပိုင်း တောများ၌၎င်း၊ ယမုနာမြစ်အရှေ့ဖက် ပေ ၂၀၀၀ အမြင့်ထိရှိရာ ဒေသများ၌၎င်း တွေ့ရသည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ရှိ ဒီအပူပိုင်းဒေသများတွင် ဥယျာဉ်များ၌ အများအားဖြင့်တွေ့ရသည်။

မြန်မာအမည် စလပ်သိန်ဟုခေါ်သော စလပ်မျိုးကို သိပ္ပံအမည်အားဖြင့် 'အီဗာတေးမီးယား ဆက်ကက်ပီတေးတား' ဟုခေါ်သည်။ ထိုစလပ်မျိုး၏ပွင့်တံသည် ၁ လက်မမှ ၂ လက်မထိရှည်သည်။ ပွင့်ချပ်အုံပြွန်မှာ ¾ လက်မမှ ½ လက်မထိရှည်သည်။ တမြောင်းကွဲသီးတောင့်တွင် အစေ့ ၁ စေ့သို့မဟုတ် ၂ စေ့ပါရှိသည်။ ပဲခူးရိုးမတောင်၊ တနင်္သာရီတိုင်းနှင့် အထက်မြန်မာနိုင်ငံတို့တွင် ပေါက်ရောက်သည်။

တောစလပ်ပန်းပင်ကို သိပ္ပံအမည်အားဖြင့် 'အီဗာတေးမီးယား ရီကားဗား' ဟုခေါ်သည်။ ထိုပန်း၏ မည်ညာသောပွင့်ဖတ်များ အစုန်းတွင် အလွန်တိုပြီး နုသော အမွေးများရှိသည်။ တမြောင်းကွဲ သီးတောင့်မှာ အပြားကြီး၍ အလျား ၁ လက်မရှိသည်။ အစေ့များစွာပါရှိသည်။ ပဲခူးရိုးမတောင်၊ တနင်္သာရီတိုင်းနှင့် စစ်တကောင်းနယ်တို့တွင် တွေ့ရသည်။




အကိုင်းဖျားတွင်ဖူးပွင့်ထွက်သည့် စလပ်ပန်းပင်

မြန်မာအမည်ဖြင့် ဖော်မပြနိုင်သော အခြား စလပ်မျိုး များလည်းရှိသေးသည်။ သိပ္ပံအမည်အားဖြင့် 'တာဗာနီမွန်တားနား ကယ်လိစိနား' ခေါ် စလပ်မျိုးသည် တနင်္သာရီတိုင်းတွင် ပေါက်ရောက်သည်။ 'တာဗာနီမွန်တားနားရော့စတြာတာ' ခေါ် စလပ်မျိုးသည် အထက်မြန်မာနိုင်ငံ ရော ဝတီမြစ်ကမ်းခြေတွင် ပေါက်ရောက်သည်။ 'တာဗာနီမွန်တားနား ကရစ္စပါး' စလပ်မျိုးသည် ကပ္ပလီကျွန်းနှင့် မြန်မာနိုင်ငံ ကမ်းရိုးတန်း၌ ပေါက်ရောက်သည်။

စလွယ်။ ။ဂုဏ်ထူးဆောင်သော အထိမ်းအမှတ်ဖြင့်၊ လက်ဝဲပခုံးစွန်းမှ လက်ျာနံပါးသို့ သွယ်ချဆင်မြန်းရသောကြိုးကို စလွယ်ဟုခေါ် သည်။ ယင်းကြိုးကို ခြည်မျှင်ဖြင့်ဖြစ်စေ၊ ငွေဖြင့်ဖြစ်စေ၊ ရွှေဖြင့်ဖြစ်စေ ပြုလုပ်သည်။ မြန်မာမင်းတို့ လက်ထက်တွင် စလွယ်ကို ဗောင်း၊ နားတောင်း စသည်တို့ကဲ့သို့ မင်းညီမင်းသား၊ မှူးမတ်၊ ပုဏ္ဏားတို့သည် ရာထူးဌာနန္တရအလိုက် ဝတ်စားဆင်မြန်းကြသည်။ မြန်မာမင်းတို့ကား စလွယ်ကို လက်ဝဲပခုံးမှသာမက လက်ျာပခုံးမှလည်း သွယ်ချ၍ဆင်မြန်းကြသည်။

ပုဏ္ဏားတို့အယူအားဖြင့် စလွယ်တင်ခြင်းသည် မြင့်မြတ်ခြင်း၊ စင်ကြယ်ခြင်း၊ ဘုရားရှင်တို့၏အကျင့်ကို ကျင့်ခြင်း၊ အာသက်ရှည်ခြင်း၊ ရန်သူတို့က မဖျက်ဆီးနိုင်ခြင်း၊ ပညာပွားခြင်း၊ တင့်တယ်ခြင်း၊ ခွန်အားကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းဟူသော ဂုဏ်တို့ကိုပြရာဖြစ်သည်ဟု သက္ကဋ္ဌကျမ်းတွင် လာသည်။ ပဒုမုတ္တရဘုရား လက်ထက်၊ ဝက္ကလိ မထေရ် အလောင်း လုလင်သည် စလွယ်တင်လျက် အလှူပေးကြောင်းကို အပဒါန်တွင် ဟောကြားတော်မူသည်။ မွန်စကားတွင် ယင်းသို့ လက်ဝဲပခုံးနှင့်လက်ျာနံပါးတို့ကို ကျောရင်နှစ်ဖက်မှ ဆက်သွယ်မိအောင် ပြုလုပ်ဆင်မြန်းသောကြိုးသွယ်ကို စနေဟ်ဟု ခေါ် လေသည်။ ပြည်မြို့အနီး ပျူမြို့တော်ဟောင်းနေရာဖြစ်သော မှော်ဇာအရပ်မှ အလေးချိန် ၂၅ ကျပ်သားရှိရွှေစလွယ်ကို တူးဖေါ်ရရှိဘူးသည်။ အထက်ပါအချက်တို့ကိုထောက်ထား၍၊ စလွယ်ဆင်သည့်အလေ့ကို မဇ္ဈိမဒေသမှ မြန်မာနိုင်ငံ မွန်၊ ပျူ၊ မြန်မာတို့ထံသို့ အဆင့်ဆင့်အားဖြင့် ရောက်ရှိလာသည်ဟု ယူရန်ရှိ၏။ သို့သော်မည်သည့်အချိန်ကာလက စတင်ရောက်ရှိသုံးစွဲလာသည်ကိုမူ အတိအကျမသိရချေ။ အင်းဝခေတ် ပျို့ကဗျာလက်ာများဖြစ်သော ကိုးခန်းပျို့တွင် 'ရွှေစည်တီးတီး၊ ရွှေထီးဆောင်း



ကြိုး ၁၂ သွယ်ပါရှိသော အဂ္ဂမဟာသီရိသုခမှ စလွယ်
(ပြည်ထောင်စုမဂ္ဂဇင်း)

ဆောင်း၊ ရွှေဖောင်းသွယ်သွယ်၊ ရွှေစလွယ်နှင့်၊ လူဝယ်လူထွတ်၊ လူများနတ်' ဟူ၍ဌင်း၊ တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်းတွင် 'ပုဏ္ဏားယောင်ကား၊ ဟန်ဆောင်တင့်တယ်၊ ဘွဲ့စလွယ်နှင့်၊ စံပယ်ပစ်တင်၊ ဝတ်စားဆင်' ဟူ၍ဌင်း၊ နေမိဘုံခန်းတွင် 'လည်မှာ ဆန်းကြယ်၊ ဆဲ့ကိုးသွယ်သား၊ စလွယ်ရောင်ချက်၊ ပြံ့အမျက်' ဟူ၍ဌင်း အသီးအသီးတွေ့ရသဖြင့် အင်းဝခေတ် သက္ကရာဇ် ဂ၅၀ ကျော်တွင် စလွယ်ကို ဆင်ယင်သုံးစွဲနေပြီဖြစ်ကြောင်းကိုမူ အတိအကျသိရ၏။


စလွယ်ဆင်မြန်းရသော ပုဂ္ဂိုလ်၏ဂုဏ်ကိုလိုက်၍ စလွယ် ဂ မျိုးရှိသည်ဟု ဆိုရပေမည်။ ယင်းတို့မှာ ကြိုး ၂၄ သွယ်ရှိ

သည့် မင်း၏ စလွယ်၊ ကြိုး ၂၁ သွယ်ရှိသော ဥပရာဇာ၏ စလွယ်၊ ကြိုး ၈၁ သွယ်ရှိသော မင်းညီမင်းသားတို့၏ စလွယ်၊ ကြိုး ၁၅ သွယ်ရှိသော မဟာမျိုး မဟာနွယ်တို့၏ စလွယ်၊ ကြိုး ၁၂ သွယ်ရှိသော အဂ္ဂမဟာသေနာပတိ၏ စလွယ်၊ ကြိုး ၉ သွယ်ရှိသော မှူးမတ်ကြီးတို့၏ စလွယ်၊ ကြိုး ၆ သွယ်ရှိသော မှူးမတ်လတ်တို့၏ စလွယ်၊ ကြိုး ၃ သွယ်ရှိသော မှူးမတ်ငယ်တို့၏ စလွယ်များ ဖြစ်ကြသည်။ ပုဏ္ဏားမျိုးတို့ တွင်မူ ဆင်မြန်းရသော စလွယ်ကြိုး အရေအတွက်ကိုလိုက်၍ အမြတ် အလတ် အယုတ် အညံ့ ဟုခွဲခြားသိသာနိုင်ပေသည်။ ဗြာဟ္မဏပုဏ္ဏားမျိုးသည် ကြိုး ၉ သွယ်သောစလွယ်၊ ခေတြပုဏ္ဏားမျိုးသည် ကြိုး ၆ သွယ်သောစလွယ်၊ ဗိသျပုဏ္ဏားမျိုးသည် ကြိုး ၃ သွယ်သောစလွယ်တို့ကို အသီးအသီးဆွဲရလျက် သုဒ္ဒပုဏ္ဏားမျိုးမှာ စလယ်မဆွဲရချေဟု ရာဇမတ္တဏ် ကျမ်းတွင်ဆိုလေသည်။

သင်္ကာဋ္ဌကျမ်းများအလိုအရ၊ စလွယ်ကို ဝတ်ဆင်ကြသည့် အသျင်စိုးမင်းတို့မှစ၍ စလွယ်တင် မှူးမတ်ပုဏ္ဏားတို့သည် ကျင့်ဝတ်ဆယ်ပါးကို လိုက်နာကြရသည်။ ထို ကျင့်ဝတ် ဆယ်ပါးမှာ (၁) ကိုယ်နှုတ်ငြိမ်သက်ခြင်း (၂) ကိုယ်နှုတ် ဆုံးမခြင်း (၃) ကိလေသာကို ခေါင်းပါးအောင် ခြိုးခြံခြင်း (၄) စင်ကြယ် ခြင်း (၅) ဈောင့်ရှဲခြင်း (၆) သည်းခံခြင်း (၇) သဘော ဖြောင့်မတ်ခြင်း (၈) ရတနာသုံးပါးဌ ဆည်းကပ်ခြင်း (၉) သူတပါးကို သနားလေ့ရှိခြင်း (၁၀) အမှန် အကန်ကိုပြောဆိုလေ့ရှိခြင်း ဖြစ်သည်။ စလွယ်ကိုဆင်ယင် ခြင်းနှင့်စပ်လျဉ်း၍ ဘိုးတော်ဘုရားလက်ထက် ၁၁၄၆ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်နေ့တွင် ပြန်ဆိုသော စလွယ်



သီပေါဘုရင်လက်ထက် စလွယ်ဆင်ယင်ထားသောဝန်ကြီးတပါး



မြန်မာဘုရင်များဆင်မြန်းလေ့ရှိသော စလွယ်တော်


အကြောင်းအမိန့်တော်တွင် 'ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ဆင်ဖြူသခင် အသျင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ ငါအသျင် ကောင်းမင်းမြတ်တို့ဝယ်၊ မင်းမြောက်တန်ဆာငါးပါးနှင့် စလွယ်အစရှိသော တန်ဆာရတနာမျိုးတို့ကို စုပုံခင်းကျင်း၍၊ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက် ထုံးစံနှင့် အဘိသိက်ခံတော်မူခြင်းသည် ပစ္စုပ္ပန်အစီးအပွား များစေခြင်းငှာသာ ခံတော်မူသည် မဟုတ်၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သဒ္ဒါ ဆင်းရဲသား စသော သတ္တဝါအပေါင်းတို့ ချမ်းသာ၍၊ မင်္ဂိုလ်နိဗ္ဗာန် ရောက်စေခြင်းငှာ၊ မင်းကျင့်တရားကို ကျင့်ဆောင်တော်မူမည် အဘိသိက် ခံတော်မူခြင်းဖြစ်သည်။ မောင် အိမ်ရှေမင်းမှစ၍ မင်းညီမင်းသား မှူးတော်မတ်တော်တို့ စလွယ်အသနားတော်ခံကြရသည့် လူတို့မှာလည်း၊ လှပယဉ်ကျေးတင့်တယ်စေခြင်းငှာ သနားတော်မူသည့် တန်ဆာဖြစ်သည်ဟု ယူဆကြရမည်မဟုတ်၊ ပဥ္စသီဂါးပါးစသော မင်းညီမင်းသား မှူးမတ်တို့ စလွယ်တင် ကျင့်ဝတ်တရားနှင့်အညီ၊ သတ္တဝါအပေါင်းတို့ကို ချမ်းသာငြိမ်ဝပ်အောင် ထိန်းသိမ်း၍ အုပ်ချုပ်စီရင်စိမ့်မည်၊ သနားတော်ခံစေခြင်း ဖြစ်သည်။ ခပ်သိမ်းသော ဆင်းရဲသား ကျွန်တော်အပေါင်းတို့ ချမ်းသာငြိမ်ဝပ်အောင် အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်ရမည့် စလွယ် သနားတော်မူခြင်း ဖြစ်ပေသည်။ • အမြဲနှလုံးသွင်း၍ မင်းညီမင်းသား မှူးမတ်တို့ စလွယ်တင်ကျင့်ဝတ်တရားကို မလစ်မဟင်း မယွင်းမယိုစေရ ကျင့်၊ သနားတော်မူသည့် စလွယ်ကိုလည်း

မောင်အိမ်ရှေ့မင်းနှင့် တွင်းပြင်ချုပ်ကိုင်စီရင်သူလူကြီးတို့မှာ၊ နေ့တိုင်းအမြဲ တက်သက်ဝင်ထွက်သည့်ကာလ ဆောင်ရွက်ကြစေ။' ဟူ၍တွေ့ရသည်။

ထိုထီးသုံးနန်းသုံး 'စလွယ်' ကို သာမန်ပုဂ္ဂိုလ်တို့၏ ရှင်ပြုပွဲများတွင် ရှင်လောင်းများအားဝတ်ဆင်စေခြင်းအလေ့ကို အင်းဝခေတ်က စတင်လာခဲ့သည်ဟု အင်ရုံစာတမ်း၌ တွေ့ရ၏။ အင်းဝခေတ် လောကသရဖူဘုရားဒါယကာ၊ ဟံသာဝတီရောက်မင်းတရားလက်ထက်၌ ရှင်လောင်းများကိုစလွယ်သင်းကျစ်ဆင်၍၊ သာကီဝင်မင်းမျိုးသို့ သွတ်သွင်းတော်မူခဲ့ခြင်းက စတင်ခဲ့လေသည်။ ယင်းသို့ ရှင်လောင်းများအား သာကီဝင်မင်းမျိုးသို့ သွတ်သွင်းခဲ့သည့်အနေဖြင့် 'စလွယ်' ဝတ်ဆင်စေခြင်းအလေ့သည် ယနေ့တိုင် မြန်မာနိုင်ငံအဝှန်း၌ ကျင့်သုံးလျက်ရှိလေသည်။

စာကလေး။။ ။စာကလေး အမျိုးမျိုး ရှိသည့်အနက် ပါဏမေဒအရ 'ပါစာ ဒိုမက်စတီကပ်'၊ 'ပါစာ မွန်တန်နပ်'၊ 'ပါစာ ဖလေဗျိုလပ်' အမည်ရှိ စာကလေးတို့သည် ထင်ရှား၏။ 'ပါစာ ဒိုမက်စတီကပ်' စာကလေးကို အိမ်စာဟူ၍ သိကြသည်။ ထိုစာကလေးသည် အလျား ၆ လက်မ အထိ ရှိတတ်သည်။ ဦးခေါင်းသည် မဲပြာ၍ ရင်အုပ်မှာ နက်၏။ ပူအိုက်သော ရာသီဥတုတွင် အလွန်ဆူညံစွာအော်မြည်တတ်သည်။ သားပေါက်ချိန်တွင် သာမန်ချိန်မှာထက် စူးရှစွာအော်မြည်တတ်သည်။ ထိုစာကလေးများကို တောမှာထက် မြို့၌ အတွေ့ရများသည်။ မြန်မာနိုင်ငံတွင် လှင်ပြင်များ၌ ကျက်စားလေ့ရှိသည်။ မြစ်ချောင်းအနီးအပါးရှိ တံငါတဲများတွင် တွေ့ရသည်။ တနှစ်ပတ်လုံး သားပေါက်၏။ အိုသိုက်ကို တဲထဲ၊ အိမ်ထဲမှာ ပြုလုပ်တတ်ကြသည်။


ထိုစာကလေးမျိုးကို ဥရောပတိုက်၊ အာရှတိုက်၊ အာဖရိကတိုက်မြောက်ပိုင်းတို့တွင် အနှံ့အပြား တွေ့ရသည်။ အမေရိကတိုက်နှင့် ဩစတြေးလီးယားတိုက်တို့၌လည်း ရှိသည်ဟုဆို၏။



စာဝါ အဖို့နှင့်အမ

'ပါစာ မွန်တန်နပ်' စာကလေးမျိုးသည် အိမ်စာကလေးနှင့် ခပ်ဆင်ဆင်တူသည်။ သို့ရာတွင် အော်မြည်ရာ၌ အသံကွဲပြားသည်။ မြန်မာနိုင်ငံတွင် ထိုစာကလေးမျိုးကို တောရွာတို့မှအပ တဲအိမ်၊ စရပ်၊ ဘုန်းကြီးကျောင်း စသော အဆောက်အအုံများ၌ တွေ့ရသည်။ တနှစ်ပတ်လုံး သားပေါက်၏။ အသိုက်ကို အိမ်များ၊ သစ်ပင်အခေါင်းများ၌ ပြုလုပ်တတ်သည်။ ထိုစာမျိုး၏ဥမှာ 'ဒိုမက်စတီကပ်' စာကလေးဥထက် ငယ်သည်။ တမြို့လျှင် ၄ ဥမှ ၅ ဥအထိ ရှိသည်။

'ပါစာ ဖလေဗျိုလပ်' စာကလေးမျိုးကို စာဝါဟူ၍သိကြသည်။ အလျား ၅½ လက်မရှိသည်။ အခြားစာကလေးများထက် အသံကျယ်သည်။ တောအရပ်ရှိ လဟာပြင်နှင့် စိုက်



အိမ်စာကလေး

ခင်းများ၌ တွေ့ရသည်။ တနှစ်ပတ်လုံးသားပေါက်၏။ တခါတရံ အခြားစာကလေးများနှင့် ရောနေတတ်ကြသည်။

ဤစာမျိုးကို မြန်မာ၊ ယိုးဒယား၊ အင်ဒိုချိုင်းနားနိုင်ငံများတွင်တွေ့ရသည်။ မြန်မာနိုင်ငံတွင် ရခိုင်တိုင်း၊ ချင်းတောင်ဒေသ၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ တောင်ပိုင်းရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များတွင် အမြဲနေသည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် အများဆုံးတွေ့ရ၏။ မေမြို့တဝိုက်ရှိ စိုက်ခင်းများတွင် ကျက်စားသည်။ ပေ ၄,၀၀၀ အမြင့်အထိ နေနိုင်ကြသည်။

စာဗူးတောင်းသည် မြက်ခြောက်၊ လျှော်မျှင် စသည်တို့ဖြင့် အိမ်မိုးစွန်း၊ သစ်ပင်၊ ချုံဖုတ်များ၌ တဲလျားကျအသိုက်ရက်လုပ်၍ နေတတ်သည်။ ထိုစာမျိုးကို အင်္ဂလိပ်လို 'ဗီးဗားဗတ်' ဟူ၍ ခေါ်သည်။ စာဗူးတောင်းမျိုးခွဲများ ရှိရာ၊ စာခေါင်းကွက်၊ စာဝတီး၊ စာဘုန်းကြီးတို့သည် ထိုစာမျိုးထဲတွင်ပါသည်။

ထိုစာကလေးများ အသိုက်ရက်လုပ်ထားပုံမှာ စိတ်ဝင်စား

ဖွယ်ရာကောင်းသည်။ အသိုက်ကို အိမ်တန်စက်မြိတ် သို့မဟုတ် သစ်ကိုင်းတို့တွင် တွယ်လျက်လုပ်တတ်သည်။ အသိုက်ပုံသဏ္ဌာန်မှာ အထက်မှ ခပ်သေးသေးဆင်းလာပြီး၊ အလယ်တွင် ကြီးနေသည်။ အောက်ဖက်၌ ဝင်ပေါက် ထွက်ပေါက် အတွက် ခပ်သေးသေးအခေါင်းတခု ရှိသည်။ အချို့အသိုက်များတွင် အပေါက်ကို ဘေးဘက်ထားသည်။ အသိုက်လုပ်နေစဉ် အလွန်ဆူညံစွာ အော်မြည်တတ်ကြသည်။ မိုးတွင်းအခါ၌ သားပေါက်ကြသည်။

ထိုစာမျိုးကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံတွင် လွင်ပြင်များ၌ အများအားဖြင့် တွေ့ရတတ်သည်။

စာကူးစက်။ ။စာကူးစက်ဆိုသည်မှာ စာကိုသာမက၊ ရုပ်ပုံများကိုပါ မိတ္တူပေါင်းများစွာ ကူးယူနိုင်သော စက်ဖြစ်သည်။ စာကူးစက်ဟူ၍ ခေါ်ရသော်လည်း အချို့ကရိယာများမှာ စက်မပါခေ။ အလွယ်ဆုံးသော စာကူးနည်းမှာ ဤသို့ဖြစ်၏။ အအေးခံထားသော ကျောက်ကျောပြင်ပေါ်သို့ စာကူးမင်ဖြင့် ရေးထားသည့် စက္ကူကို မင်သားဖက်မှဖိပေးလိုက်ရ၏။ ထိုနောက် ခပ်ပွပွ ပလာစက္ကူများကို ယင်းကျောက်ကျောပြင်ပေါ်သို့ ဖိကာဖိကာ မိတ္တူများကို ရယူနိုင်သည်။ သို့သော် တကြိမ်လျှင် မိတ္တူ ၅၀ ခန့်ထက် ပို၍ ကူးမရပေ။ ဟက်တိုဂရပ် ခေါ် စာကူးကရိယာမှာ ဤနည်းမျိုးပင်ဖြစ်၏။


မိတ္တူကူး မင်စက္ကူများကို အသုံးပြုခြင်းသည်လည်း စာကူးခြင်းပင်ဖြစ်သည်ဟု အချို့က ယူဆကြ၏။ ယခုအခါ အများဆုံး အသုံးပြုသည့် စာကူးနည်းမှာ စာကူးရန် စီမံပြုလုပ်ထားသော ဖယောင်းစက္ကူပေါ်၌ စာကို လက်နှိပ်စက်ဖြင့် ရိုက်ပြီးသော်၎င်း၊ စာ သို့မဟုတ် ပုံစံများ၊ ရုပ်ပုံများကို လက်ရေးဖြင့် ရေးပြီးသော်၎င်း ထိုဖယောင်းစက္ကူကို တဖန် စာကူးစက်ပေါ်တွင် တင်ကာ ဓိတ္တူအမြောက်အများ ကူးသည့်နည်းဖြစ်၏။

ထိုနည်း၏သဘောမှာ ဤသို့ဖြစ်၏။ ဖယောင်းစက္ကူကို လက်နှိပ်စက်ဖြင့် ရိုက်သောအခါ ဖြစ်စေ၊ စာကူးရန်အတွက် အသုံးပြုသည့် ကလောင်ဖြင့် ရေးသောအခါ ဖြစ်စေ၊ ဖယောင်းစက္ကူ၌ ထုတ်ချင်းခပ် မပေါက်ရုံကလေးမျှ ရှိသော စာလုံးရာ သို့မဟုတ် ရုပ်ပုံရာများ ထင်၍ ကျန်ရစ်လေသည်။

ထိုမိတ္တူဖယောင်းစက္ကူကို စာကူးစက်ပေါ် သို့တင်၍ ရိုက်လိုက်သောအခါ၊ ဖယောင်းစက္ကူအောက်မှ မင်ဆုတ်ထားသည့်အဝတ်မှ မင်များသည် ထုတ်ချင်းခပ်လုနီးပါးဖြစ်သော နေရာများမှ စိမ့်ဝင်ကာ၊ စာကူးစက်ထဲရှိ စက္ကူများကို ထင်စေလေသည်။ ပိသုကာများ အသုံးပြုသော အိမ်ပုံစံများ၊ မြေပုံများ ကူးရာ၌ ပိတ်ချောဆီစိမ် ပုံကူးစက္ကူပေါ်တွင် မင်နက်ဖြင့် ပဌမရေးဆွဲရသည်။ ထိုနောက် ယင်းပုံကူးစက္ကူကို ခာတ်ဆေးဖြင့် သုတ်လိမ်းထားသည့်စက္ကူပေါ်၌ ထပ်၍ဖြန့်ကာ၊ အလင်းရောင်ကိုပြရ၏။ ထိုအခါ မင်နက်ကြောင့် အလင်းရောင် မဝင်နိုင်သောနေရာတို့သည် ဖြူ၍ ကျန်ရစ်ခဲ့ပြီးလျှင်၊ ကျန်အလင်းရောင်မိသွားသော နေရာတို့မှာ ပြာ၍ကျန်ရစ်သည်။ ဤအကြောင်းကြောင့် လိုရာပုံစံများသည် ခာတ်ဆေးသုတ်ထားသော စက္ကူပေါ်တွင် ပေါ်၍လာလေသည်။ ထိုနည်းဖြင့် အိမ်ပုံစံများ၊ မြေပုံများကို အလိုရှိသလောက် ကူးယူနိုင်၏။ ဤသို့သော နည်းကိုလည်း စာ သို့မဟုတ် ပုံကူးနည်းဟုဆိုကြ၏။

ဤနည်းအလားတူ၊ ခာတ်ပုံဖြင့် စာ သို့မဟုတ် ရုပ်ပုံများကိုကူးယူနိုင်၏။ ပိသုကာများအသုံးပြုသော အိမ်ပုံစံများ၊ မြေပုံများကို မိတ္တူကူးရာ၌ ရရှိသော ပုံစံပြာများမှာ ခာတ်ပုံကူးသောနည်းမျိုးနှင့် သဘောချင်း အတူတူပင်ဖြစ်၏။ (ခာတ်ပုံပညာလည်း — ၅။)

ရှေးကမူ အလိုရှိသော စာများ၊ ပုံစံများ၊ ရုပ်ပုံများကို ခာတ်ပုံရိုက်ပြီးလျှင် လိုသည့်အရွယ်ကို ကူးခွဲကြ၏။ ယခုမူ မိုက္ကရိုဖလင်နည်းကို အသုံးပြုလာကြ၏။ မိုက္ကရိုဖလင်နည်းဖြင့် စာကူးပုံမှာ လိုအပ်သော စာတမ်း၊ ရုပ်ပုံ၊ ပုံစံများကို လက်နှစ်လုံးခန့်မျှသော ခာတ်ပုံဖလင်ကော်ပြားဖြင့် ချုံး၍ တဆက်တည်း ရိုက်ကူးခြင်းပင် ဖြစ်၏။ ဤသို့ကူးထားသော စာနှင့် ရုပ်ပုံတို့ကို ကြည့်ရှုလိုသော် အခေ့လိုက်သိမ်းဆည်းထားသော ခာတ်ပုံကော်ပြားများကို ပြစက်ဖြင့်ပြကာ ကြည့်ရှုရသည်။



ဖယောင်းစက္ကူဖြင့် မိတ္တူများကူးယူနိုင်သော စာကူးစက်

ပညာဘဏ်တိုက်

ရွှေဥစ္စေသော အဖိုးတန်ဘဏ္ဍာများကို ဘဏ်တိုက်များ၌ စုဆောင်းထားသကဲ့သို့ လူ့ယဉ်ကျေးမှုဆိုင်ရာ ပညာအရပ်ရပ်တို့ကို စာကြည့်တိုက်များ၌ စုဆောင်းထားပေသည်။ ထို့ကြောင့် စာကြည့်တိုက်များကို ပညာဘဏ်တိုက်ဟုခေါ်ဆိုက်သည်။ ရှေးဟောင်းစာကြည့်တိုက်များမှအစ ယခုခေတ်စာကြည့်တိုက်များအထိ အဆင့်ဆင့် မည်ကဲ့သို့တိုးတက်လာပုံကို ပတ်ရှုလေ့လာရန် တင်ပြထားပါသည်။

စာကြည့်တိုက်။ ။စာကြည့်တိုက်သည် ပုံနှိပ်စာအုပ်များကို သော်၎င်း၊ လက်ရေးစာမူများကိုသော်၎င်း၊ လူခပ်သိမ်းတို့ လေ့လာရန် စုဆောင်းထားရာဌာနဖြစ်သည်ဟု ဆိုလေသည်။ ကမ္ဘာပေါ်ရှိ ရှေးအကျဆုံး စာကြည့်တိုက်များသည် ခရစ်ယန် ဘုရားရှိခိုးကျောင်းကြီးများဖြစ်၏။ ကမ္ဘာပေါ်တွင် ရှေးဦးစွာ ထိုသို့စုဆောင်းထားသည့် စာအုပ်စာတမ်းများမှာ အစိုးရမှတ်တမ်းစာများသာ ဖြစ်သည်။ ယဉ်ကျေးသော တိုင်းပြည်များတွင် စာကြည့်တိုက်များကိုတွေ့ရသည်။

ရှေးဟောင်းစာကြည့်တိုက်များ

ဘီစီ ၆၀၀ ပြည့်နှစ်ခန့်က အဆိုးရိုးယားဘုရင် အားရှူးဗားနီပါးသည် ထိုခေတ်က စာအုပ်များဟု ဆိုအပ်သည့် ၎င်ပြားချပ် အမြောက်အများကို နင်နိဗေမြို့တော်ရှိ သူ၏ နန်းတော်တွင်း စာကြည့်တိုက်တွင် စု ဆောင်း ထား ခဲ့ သည်။ ထိုပြင် မကြာမီက ဗက်ဗီလုံနီးယားပြည် မြို့ဟောင်းတခုတွင် ရှေးဟောင်း အဆောက်အအုံများကို တူးဖော် ရှာဖွေရာ၊ ဘီစီ ၂၅၀၀ ပြည့်နှစ်ခန့်က တည်ဆောက်ခဲ့ဟန်တူသော စာကြည့်တိုက်တခုကို တွေ့ရ၏။ ရှေးဟောင်း စာကြည့်တိုက်များတွင် ရှေးအီဂျစ်နိုင်ငံ တော်လမီ ဘုရင်များ တည်ခဲ့သော အီဂျစ်ပြည် အယ်လက်ဇန္ဒြီးယားမှ စာကြည့်တိုက်ကြီးသည် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။

ရှေးခေတ်နှင့် အလယ်ခေတ် စာကြည့်တိုက်များမှာ ပြည့်သူပြည်သားအတွက် တည်ထောင်ထားခြင်း မဟုတ်သဖြင့် လူထု သည် စာကြည့်တိုက် များ တွင် အလွယ် တကူ ဝင်ရောက်သွားလာ၍ စာအုပ်များ ဌားရမ်းခြင်း မပြုနိုင်ကြချေ။ အများအားဖြင့် အလယ်ခေတ် ဘုရားရှိခိုးကျောင်းများနှင့် ဘုန်းကြီးကျောင်းများရှိ စာကြည့်တိုက်များမှ စာအုပ်များ ကို စာဖတ်စင်များ တွင် သံကြိုး များ ဖြင့် ချည်နှောင်ထားလေသည်။ ယင်းသို့ ပြုလုပ်ရခြင်းမှာ ထိုခေတ်က ပုံနှိပ်အတတ် မပေါ်သေးသဖြင့် တပင်တပန်း လက်ရေးဖြင့် ကူးယူရသော စာအုပ်များ ပျောက်ပျက်မည်စိုးသောကြောင့်ဖြစ်သည်။



၁၀၅၈ ခုနှစ်တွင် ပုဂံမြို့၌ အနော်ရထာမင်းတည်ခဲ့သော ဘုံ ၅ ဆင့်ရှိပဋ္ဌကတ်တိုက်


ကမ္ဘာကျော်စာကြည့်တိုက်များ

လန်ဒန်မြို့ရှိ ဗြိတိသျှ ပြတိုက်ကြီးမှ စာကြည့်တိုက်၊ အောက်စဖို့တက္ကသိုလ် ဗေဒ္ဒလီယန် စာကြည့်တိုက်၊ ထရင်နီတီ ကောလိပ်ကျောင်း စာကြည့်တိုက်၊ ကိမ်းဗရစ် တက္ကသိုလ် စာကြည့်တိုက်နှင့် ပြင်သစ်နိုင်ငံ ပါရစ်မြို့ရှိ နိုင်ငံတော်စာကြည့်တိုက်၊ ရောမမြို့ ဗက်တီကင်စာကြည့်တိုက်၊ ဝါရှင်တန်မြို့ ကွန်ဂရက် စာကြည့်တိုက်၊ လီနင်ဂရက်ရှိ နိုင်ငံတော်စာကြည့်တိုက်များသည် ကမ္ဘာကျော်စာကြည့်တိုက်များဖြစ်ကြ၏။

လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးရှိ စာကြည့်တိုက်သည် ပါရစ်မြို့ရှိ နိုင်ငံတော်စာကြည့်တိုက်အတွင်းရှိ ပစ္စည်းများထက် တန်ဖိုးတွင်သာသည်ဟု ဆိုလေသည်။ ထိုစာကြည့်တိုက်တွင် ကျောင်းသားများ စာကြည့်ရန်အတွက် အခန်းကျယ်ကြီး တခုရှိ၏။ ထိုအပြင် အဖိုးတန်စာအုပ် များစွာ ပါဝင်သည့် ပုံနှိပ်စာအုပ်ပေါင်း ၄,၀၀၀,၀၀၀ ခန့်နှင့် လက်ရေးစာမူပေါင်း ၅၆,၀၀၀ ခန့်ရှိ၏။ စာအုပ်စင်များကို ဆက်လိုက်လျှင် ၅၅ မိုင်ခန့် ရှည်လိမ့်မည်ဟုပင် ဆိုသည်။ စာကြည့်တိုက်ပြုလုပ်ထားရာ အဆောက်အအုံကြီးကို ၁၈၇၃ ခုနှစ်က ဖွင့်လှစ်ခဲ့လေသည်။ စာကြည့်တိုက်ခန်းတွင် စာအုပ်စင်များ ဝန်းရံ စီစဉ်ထားပုံမှာလည်း ခမ်းနားရှု ခေတ်မှီပေသည်။ ထွက်ပေါ်သမျှသော စာအုပ်သစ် စာအုပ်ဟောင်းများကို ထိုစာကြည့်တိုက်တွင် တွေ့နိုင်၏။ (ဗြိတိသျှပြတိုက် — ရှု။) အောက်စဖို့ရှိ ဗေဒ္ဒလီယန်စာကြည့်တိုက်နှင့် အခြားစာကြည့်တိုက်များမှာလည်း ထိုနည်းနှင့်နှင့်ဖြစ်လေသည်။

အောက်စဖို့တက္ကသိုလ်၏ ရှေးအကျဆုံး စာကြည့်တိုက်ကို ခရစ် ၁၃၁၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထိုနောက် ဒျူဘွဲရ ဂလောက်စတာစားက နောက်ထပ် စာကြည့်တိုက်တခုကို တည်ထောင်ပြန်သည်။ သို့သော် ထိုစာကြည့်တိုက်များ ပျက်စီးသွားပြီးနောက် ၁၅၉၈ ခုနှစ်တွင် ဗေဒ္ဒလီယန် စာကြည့်တိုက်ကို တည်ထောင်ပြန်၏။ ထိုအခါမှစ၍ စာအုပ်စာတမ်းများကို စုဆောင်းလာခဲ့ရာ၊ ယခုအခါ ပုံနှိပ်စာအုပ်ပေါင်း ၁,၂၅၀,၀၀၀ နှင့် လက်ရေးစာမူပေါင်း ၄၀,၀၀၀ ခန့်ရှိနေပြီဖြစ်၏။ ဤစာကြည့်တိုက်ရှိ အရှေ့တိုင်းစာပေဆိုင်ရာ လက်ရေးစာမူများသည် ဥရောပတိုက်ရှိ အခြားစာကြည့်တိုက်များရှိ စာမူများထက် များစွာ သာပေသည်။ ပုံနှိပ်အတတ် ပေါ်စက ရိုက်နှိပ်ထားသော စာအုပ်များ၊ စာပေသမိုင်းနှင့် နိုင်ငံသမိုင်းဆိုင်ရာ စာမူများသည်လည်း မည်သည့် စာကြည့်တိုက်နှင့်မျှ မယှဉ်သာအောင် များစွာ ရှိလေသည်။

စာကြည့်တိုက်



ဗြိတိသျှပြတိုက်ကြီးရှိစာကြည့်တိုက်မှ ဒေတ်မှီစာအုပ်စင်များ

ထရင်နီတီကောလိပ်ကျောင်း စာကြည့်တိုက်တွင် ပုံနှိပ်စာအုပ်ပေါင်း ၁၀၀,၀၀၀ ကျော်နှင့် လက်ရေးစာမူပေါင်း ၂,၀၀၀ ကျော်ခန့်ရှိ၏။ ထိုအပြင်သီးသန့် ရှာဖွေစုဆောင်းထားသော စာအုပ်များလည်း ရှိသေးသည်။ ထိုအထဲတွင် ရှေးခေတ် ပြဇာတ်များ၊ ရှိတ်စပီးယား ပြဇာတ်များ၊ ဂျာမန် ဗြဟဒေဝဗေဒဆိုင်ရာ စာအုပ်များ၊ ယထာဘူတပညာဆိုင်ရာ စာအုပ်များ၊ ပုံနှိပ်အတတ် ပေါ်စက ရိုက်နှိပ်ထားသော စာအုပ်များ ပါဝင်လေသည်။ ထိုအပြင် သက္ကဋ္ဌနှင့် အခြား အရှေ့တိုင်းဖျား ဘာသာများဖြင့် ရေးထားသော လက်ရေး စာမူများ၏ စာအုပ် စာရင်း ကက် တ လောက်များလည်း ရှိသည်။

ကိမ်းဗရစ်ထက္ကသိုလ် စာကြည့်တိုက်ကို ၁၉၄၁ ခုနှစ်တွင် စာအုပ်ပေါင်း ၁,၅၀၀,၀၀၀ နှင့် မတည် ဖွင့်လှစ်ခဲ့၏။

ပြင်သစ်နိုင်ငံ၊ ပါရစ်မြို့ရှိ နိုင်ငံတော်စာကြည့်တိုက်သည် ၁၄ ရာစုနှစ်က စတင်တည်ထောင်ခဲ့သည်။ ထိုစာကြည့်တိုက်ရှိ စာအုပ်များမှာ ထိုခေတ်ကစ၍ စုဆောင်းခဲ့သော စာအုပ်များဖြစ်လေသည်။

ရောမမြို့ရှိ ဗက်တီကင်စာကြည့်တိုက်ကို ၁၅ ရာစုနှစ်က တည်ထောင်ခဲ့၏။ ထိုစာကြည့်တိုက်တွင် အဖိုးတန်သော စာမူများ၊ နိုင်ငံသမိုင်းအတွက် အထောက်အထားပြုနိုင်မည့် စာအုပ်များ များစွာရှိသည်။

ဝါရှင်တန်မြို့ရှိ ကွန်ဂရက်စာကြည့်တိုက်နှင့် လီနင်ဂရက်မြို့ရှိ နိုင်ငံတော်စာကြည့်တိုက်များသည်လည်း ထိုနည်းတူပင်ဖြစ်၍ ထင်ရှားလေသည်။

ယခုခေတ်စာကြည့်တိုက်သဘောနှင့် စာကြည့်တိုက် အမျိုးမျိုး


ယခုခေတ် စာကြည့်တိုက်များသည် ရှေးခေတ် စာကြည့်တိုက်များကဲ့သို့ မဟုတ်ချေ။ စာကြည့်တိုက်တွင်းသို့ မည်သူမဆို ဝင်ထွက်သွားလာနိုင်၍၊ စာအုပ်များ ငှားရမ်းနိုင်လေသည်။ ယင်းကဲ့သို့သော စာကြည့်တိုက်များ ပေါ်ပေါက်လာသည်မှာ မကြာလှသေးပေ။ ထိုစာကြည့်တိုက်တခုခုမှ စာအုပ်များကို ငှားရမ်းလိုသောအခါ၊ ရှေးဦးစွာ စာကြည့်တိုက်မှ ထုတ်ပေးသော လက်မှတ်ကတ်ပြားတခုကို ရအောင် တောင်းယူရသည်။ ထိုကတ်ပြား ရရန်မှာ၊ သက်ဆိုင်ရာ ဥပဒေစည်းကမ်းများကို ရိုသေလိုက်နာပါမည်ဟူ၍ လက်မှတ်ရေးထိုး၍ငင်း၊ အာမခံပုဂ္ဂိုလ် တဦးဦး၏ ထောက်ခံချက် လက်မှတ်ဖြင့်ငင်း လျှောက်ထား တောင်းဆိုနိုင်သည်။ လက်မှတ်ကတ်ပြားရလျှင် ယင်းကိုပြလျက် စာအုပ်များကို ထုတ်ယူနိုင်၏။

ယခုခေတ် စာကြည့်တိုက်များတွင် အလိုရှိသော စာအုပ်များကို လွယ်ကူစွာ ရှာဖွေနိုင်ရန်အတွက် နည်းများထွင်ထားသည်။ ယင်းတို့အနက် အကောင်းဆုံးဟုခံုရမည့်နည်းမှာ စာရေးဆရာအမည်၊ စာအုပ်အမည်နှင့် အကြောင်းရပ်ကို အက္ခရာစဉ်အတိုင်း ရေးထားသော စက္ကူကတ်ပြားကတ်တလောက် ထားရှိခြင်းပင် ဖြစ်၏။ စာအုပ်တအုပ်ကို အလိုရှိလျှင် စာရေးသူ၏အမည်ကို သိထားလျှင် ထိုအမည်ကို စာအုပ်စာရင်းကတ်တလောက်တွင် ရှာယူရသည်။ တွေ့ရှိသောအခါ အမည်၏အောက်တွင် အလိုရှိသော စာအုပ်သာမက၊ သူရေးသော အခြားစာအုပ်အမည်များကိုလည်း တွေ့နိုင်ပေသေးသည်။ အကြောင်းရပ်တွင်လည်း ထိုအတူပင် ဖြစ်၏။ ပမာအားဖြင့်၊ ကျယ်ဝန်းနက်နဲသော အနုပြုံ၏ အကြောင်းကို ဖတ်ရှုလိုလျှင် အကြောင်းရပ်ဆိုင်ရာ ကတ်တလောက်မှ အနုပြုံခေါင်းစဉ်ကို ရှာဖွေရသည်။ ယင်းခေါင်းစဉ်အောက်တွင် အနုပြုံအကြောင်း ပါဝင်သော စာအုပ်အမည်များကို ဖော်ပြထားသည်။ ထိုအထဲမှ အလိုရှိသော စာအုပ်ကို ငှားရမ်းနိုင်သည်။

ယခုခေတ် စာကြည့်တိုက်များတွင် ထိုသို့ ငှားယူနိုင်သည့် စာအုပ်များသာ မက၊ ငှားရမ်းခွင့် မပြုသော အကိုးအကားပြုရန် စာအုပ်များနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများကိုလည်း ထားရှိသေးသည်။ အချို့ စာကြည့်တိုက်များသည် ထိုမျှမကသေးဘဲ၊ ဟောပြောပွဲများနှင့် စာအုပ် ပြပွဲများ စသည်တို့ကို မကြာခဏပြုလုပ်လေ့ရှိသည်။ ယင်းသို့ အားဖြင့် စာကြည့်တိုက်တွင်းရှိ စာအုပ်များကို ငှားရမ်း ဖတ်ရှုလိုစိတ် ပေါ်လာ စေနိုင်သည်။ (စာဖတ်ခြင်း — လည်းရှု။) အချို့ စာကြည့်တိုက်တွင် ကလေးများနှင့် သင့်လျော်သော စာအုပ်များ ထားရှိကာ ကလေး စာကြည့်ခန်းများ သီးသန့် ဖွင့်လှစ်ထား၏။ အချို့ စာကြည့်တိုက်များတွင် နိုင်ငံခြားသားများနှင့် မျက်မမြင်များ အတွက် စာအုပ်များ သီးသန့် စုဆောင်းထားရှိသည်။ ဤကဲ့သို့သော ယခုခေတ် စာကြည့်တိုက်များတွင် စာ



မြည်ထောင်စို ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် အမျိုးသား စာကြည့်တိုက်



လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးရှိ စာဖတ်ခန်း

စာကြည့်တိုက်

ကြည့်တိုက်အမျိုးမျိုးရှိလေသည်။ ယင်းတို့မှာ နိုင်ငံတော်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်တို့ ဖြစ်၏။ နိုင်ငံတော်စာကြည့်တိုက်တွင် ရှေးဟောင်း စာအုပ်စာတမ်းများ၊ လက်ရေးမူများ၊ ယဉ်ကျေးမှုဆိုင်ရာ စာရွက်စာတမ်းများနှင့် ခေတ်ပေါ် ဂန္ထဝင်စာပေများကို စုဆောင်းထားရှိ၏။ ယင်းစာကြည့်တိုက်မှ စာအုပ်စာတမ်းများကိုမူ ပြင်ပသို့ ငှားရမ်းခြင်း မပြုချေ။ စာကြည့်တိုက်အတွင်း၌သာ ကြည့်ရှုရသည်။ ပြည်သူ့စာကြည့်တိုက်များတွင်မူ၊ အဖိုးတန် စာအုပ်စာတမ်းများအပြင် ခေတ်ပေါ် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ စသည်များလည်း ထားရှိကာ၊ မည်သူမဆို ဝင်ရောက် ကြည့်ရှုနိုင်သည့်အပြင်၊ ထိုစာအုပ်များကိုလည်း သတ်မှတ်ထားသော စည်းကမ်းချက်များ အရ ငှားရမ်းနိုင်သည်။ ကျောင်းစာကြည့်တိုက်တွင်၊ ကျောင်းသားများနှင့် ဆရာများအတွက် ဘာသာရပ်များဆိုင်ရာ သင်ခန်းစာများတွင် အထောက်အပံ့ရမည့် စာအုပ်စာတမ်းများကို အများဆုံးထားရှိ၏။ ခေတ်အလျောက် ပြဋ္ဌာန်းထားသော ဘာသာရပ်များနှင့် ခေတ်သစ်သင်နည်းများကို လိုက်စားနိုင်ရန် စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ထားရှိ၏။

ကျောင်းစာကြည့်တိုက်

စာကြည့်တိုက်တခုသည် ကျောင်းအဆောက်အအုံတွင်း၌ ရှိနေသော်လည်း၊ ဆရာများနှင့် ကျောင်းသားများအတွက် ထိထိရောက်ရောက် အကျိုးရှိအောင် စီမံဆောင်ရွက်ပေးနိုင်မှသာ ကျောင်းစာကြည့်တိုက်ဟု ဆိုထိုက်၏။ ကျောင်းစာကြည့်တိုက် တည်ထောင်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ သင့်လျော်မည့်နေရာ၊ အရည်အခြင်းပြည့်၍ စတ်တရား ကျေပြန်မည့် စာကြည့်တိုက်မှူးနှင့် သင့်တော်မည့် စာအုပ်များ ရရှိရေးတို့အတွက် ငွေကြေးအကုန်အကျခံ၍ ကြိုးပမ်းဆောင်ရွက်ရပေသည်။ ကျောင်းစာကြည့်တိုက်များသည် ပညာရေးဖက်တွင် မည်မျှ အကျိုးရှိစေသည်ကို သိရှိသော အချို့နိုင်ငံများသည် ဥပဒေများပြဋ္ဌာန်းလျက် ကျောင်းစာကြည့်တိုက် တည်ထောင်ရေးကို ကူညီခဲ့ကြသည်။ တက္ကသိုလ်စာကြည့်တိုက်သည်လည်း ကျောင်းစာကြည့်တိုက်ကဲ့သို့ပင် ဖြစ်၏။ ကလေးစာကြည့်တိုက်မှာမူ၊ ကလေးများနှင့် သင့်လျော်သော စာအုပ်စာတမ်းများသာ ထား ရှိ ကာ ကလေးများ အတွက် ပင် ဖြစ်၏။ (ကလေးစာပေ— လည်းရှု။) နေထုအနှံ့အပြားရှိ ပြည်သူလူထုလက်သို့ စာအုပ်များ ရောက်ရေး၊ စာဖတ်ဦးရေ တိုးတက်ရေးတို့ကို နယ်လှည့်စာကြည့်တိုက်က ဆောင်ရွက်လေသည်။


မြန်မာနိုင်ငံစာကြည့်တိုက်

ကမ္ဘာ့နိုင်ငံများနည်းတူ၊ မြန်မာနိုင်ငံတွင် မြန်မာမင်းများ လက်ထက်ကပင် စာကြည့်တိုက်များ ထူန်းကားခဲ့သည်။ သထုံပြည်၌ ပိဋကတ်သုံးပုံအစုံကို ရွှေစာရံဘုရား တံတိုင်းအတွင်း ပိဋကတ်တယစေတီဟု သမုတ်၍ ဥမင်၌ ထားရှိကြောင်းကို သိရ၏။ ထိုနောက် ပုဂံခေတ်တွင် အနော်ရထာစာကြည့်တိုက်ဟု ခေါ်သော ဘုံဝါးဆင့်ရှိ ပိဋကတ်အုတ်တိုက် ရှိခဲ့သည်။ ထိုပိဋကတ်တိုက်များမှအစပြု၍ ဘုန်းတော်ကြီးကျောင်းများသို့ ပျံ့နှံ့ခဲ့သည်မှာ ယခုခေတ်အထိ ဖြစ်သည်။ ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားလက်ထက်တွင် စီမံပုံမှာ စာကြည့်တိုက်များကို အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့စေအောင် ဘုရင်မင်းမြတ်ကိုယ်တိုင် အားပေးကြောင်း တွေ့ရသည်။ ယင်းမှာ ဆေးကျမ်း၊ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်းမှစ၍ လောကီကျမ်းများကို သက္ကဋဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ ပိဋကတ်တော်အစုံကို ပေထက် အက္ခရာ တင်၍ စောင်ရေ ၅၀ နီးပါးမျှကို အမြို့မြို့ အနယ်နယ်သို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ရှေးအခါက တိုင်းပြည်၏ ကလေးသူငယ်များအား အခြေခံစာသင်ကြားပေးရာဌာန ဖြစ်သည့် ဘုန်းတော်ကြီးကျောင်းတိုင်း၌ လိုလိုပင်၊ စာကြည့်တိုက်များ ရှိသည်။ ထိုစာကြည့်

တိုက်များ၌ ပေစာ၊ ပုရပိုက်၊ စာအုပ်များ စသည်တို့ကို စာတိုက်ဟုခေါ်သော ဇာတ်စုံသေတ္တာများတွင် ထည့်၍ ထားလေ့ရှိသည်။ ယင်းတို့ကို ဘုန်းတော်ကြီးများ၏ ခွင့်ပြုချက်အရ၊ အခမဲ့ ထုတ်ယူကြည့်နိုင်သည်။ (စာတိုက် — ရှု။)

ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်စိုးသည့်အခါ အနောက်နိုင်ငံစံနစ်များကို ယူဆောင်လာခဲ့ကြ၏။ ထိုစံနစ်များတွင် စာကြည့်တိုက်လုပ်ငန်းသည်လည်း အပါအဝင် ဖြစ်သည်။ ၁၈၃၃ ခုနှစ် (မြန်မာ ၁၂၄၅ ခုနှစ်) ၌ အောက်မြန်မာနိုင်ငံမင်းကြီး ဆာ ချား ဗားနတ်က ရန်ကုန်မြို့တွင် ပဌမဆုံးပြည်သူ့စာကြည့်တိုက်ကို တည်ထောင်ခဲ့သည်။ တည်ထောင်သည့် ပုဂ္ဂိုလ်အား အစွဲပြု၍ ထိုစာကြည့်တိုက်ကို ဗားနတ် ပိဋကတ်တိုက်ဟု ခေါ်တွင်ကြသည်။ ထိုစာကြည့်တိုက်ကို အစိုးရ ပညာရေးဆင်ဒီကိတ်အဖွဲ့က စီမံအုပ်ချုပ်၏။ အဖိုးတန်စာအုပ်များကို ပဌမဆုံးလှူဒါန်းသူများမှာ တရားဝန်ကြီး ဂျာဒင်းနှင့် ပါဠိပါမောက္ခ ချီလဒါတို့ ဖြစ်သည်။ ရန်ကုန်မြို့မှ ဦးမြို့နှင့် ဦးမျှင်တို့က ဌေတသောင်းတန် ပေမူ၊ ပုရပိုက်မူများကို ရေစက်ချ၍ လှူဒါန်းကြသည်။ နောက်တွင် ကင်းဝန်မင်းကြီး ပေပုရပိုက်စုနှင့် ပုဂံဝန်ထောက် ဦးတင်၏ ပေပုရပိုက်များကို ဗားနတ်ပိဋကတ်တိုက်က ဝယ်ယူခဲ့၏။ ၁၉၂၃ ခုနှစ်ခန့်တွင် ဗားနတ်ပိဋကတ်တိုက်ကို အစိုးရက ဗားနတ်ပိဋကတ်တိုက် အုပ်ချုပ်ရေးအဖွဲ့သို့ လွှဲအပ်ခဲ့သည်။ နှစ်စဉ် ငွေကြေးအထောက်အပံ့လည်း ပေးသည်။ ထိုနောက်၌ ရန်ကုန် မျူနီစီပယ်က ထောက်ပံ့ကြေး နှစ်စဉ် ခြီးမြှင့်လေသည်။ ထိုစာကြည့်တိုက်အပြင် စစ်တွေမြို့၌ စလေဒင်စာကြည့်တိုက်ဟူ၍လည်း ရှိခဲ့ဘူးသည်။

၁၉၁၀ ခုနှစ်ခန့်တွင် မြို့နယ်အနှံ့အပြား၌ စာကြည့်တိုက်များ ပေါ်ပေါက်လာသည်။ တိုင်းသူပြည်သားများသည် လွတ်လပ်ရေး ဝံသာနုလုပ်ငန်းများတွင် ပါဝင်လာကြသည်။ ဝိုင်၊ အမ်၊ ဘီ၊ အေ၊ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း၊ သုစရိတယုဝ အသင်း အစရှိသည်တို့ ပေါ်ပေါက်လာ၏။ (ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း — ရှု။) ထိုအသင်းများနှင့်အတူ စာကြည့်တိုက်များလည်း ပြန့်ပွားလာလေသည်။ ၁၉၂၅ ခုနှစ်ခန့်ကစ၍ စာကြည့်တိုက်လုပ်ငန်းသည် အားစည်လာ၏။ ထိုအခါက မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းက စာကြည့်တိုက်များ ထွန်းကားရေးကို အားထုတ်သည်။ ထိုအသင်း တည်ထောင်သူတဦးဖြစ်သည့် မစ္စတာ ဖာနီဗယ် ကလည်း စာကြည့်တိုက်အများ တည်ထောင်ကြရန် ဟောပြောလေသည်။ သို့ဖြင့် စာကြည့်တိုက်အများ ပေါ်ပေါက်လာရာ နိုင်ငံတော်အစိုးရက ငွေကြေးထောက်ပံ့ခဲ့လေသည်။ ၁၉၂၅ ခုနှစ်မှ ၁၉၃၃ ခုနှစ်အထိ ဂ နှစ်အတွင်း စာကြည့်တိုက်များသို့ ပျမ်းမျှကြေး ငွေ တနှစ်လျှင် ၁၀,၀၀၀ ကျပ်မျှ အစိုးရက ထောက်ပံ့ခဲ့၏။



သက်ကြီးဝါကြီးစာရေးဆရာများဖြစ်သော ဆရာကြီးဦးလင်းဆရာပွားဦးအောင်မြတ်ထွဋ်၊သဘင်ဝန်ဦးနုတို့ ကန်တော့ခံနေကြစဉ် (၁၉၅၉ ၅၀)

၁၉၃၆ ခုနှစ်တွင် မြန်မာပြည်အရပ်ရပ်၌ လူထုစာကြည့်တိုက် ငယ်ပေါင်း ၁၀၆ တိုက်ရှိရာ၊ စာကြည့်တိုက် ၁၄၆ တိုက်သည် အစိုးရ၏ ထောက်ပံ့ကြေးများကို ရခဲ့ကြ၏။ ကျေးလက်ပြုပြင်ရေး အသင်း၊ လူငယ်များကြီးပွားရေး အသင်းများက ကြိုးပမ်းခဲ့သဖြင့် ကျေးရွာ စာကြည့်တိုက်ပေါင်း တထောင်ခန့်အထိ တိုးတက်ခဲ့သည်။ ဦးဖိုးကျား၊ ဦးဆန်နီ အစရှိသော ပုဂ္ဂိုလ်ကြီးများက စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းကြသည်။

ဒုတိယကမ္ဘာစစ် အတွင်း၌ စာကြည့်တိုက်များ အရေအတွက် ဆုတ်ယုတ်သွားသည်။ သို့သော် စစ်ပြီးကာလ၌ ရန်ကုန်မြို့တွင် ယခင်ကထက် စာကြည့်တိုက်များ ပိုမိုများပြားသည်ကို တွေ့ရ၏။ မြို့နယ်များ၌မူကား စာကြည့်တိုက်များ အရေအတွက် နည်းပါးလျက်ရှိသေးသည်။

နိုင်ငံတော် လွတ်လပ်ပြီးသည့်ခေတ်တွင်၊ စာကြည့်တိုက်လုပ်ငန်းများ ထူးထူးခြားခြား တိုးတက်လာသည်ကို မတွေ့ရသေးချေ။ သို့သော် နိုင်ငံတော်အစိုးရက ပြန်ကြားရေးဌာနခွဲများနှင့်အတူ အစိုးရ စာဖတ်ခန်းများကို အမြို့မြို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ထိုပြင် ရန်ကုန်မြို့တွင် ယခင် ဗားနတ် ပီဋကတ်တိုက်ကို အစိုးရသို့ ပြန်အပ်၍၊ မြန်မာနိုင်ငံတော် အစိုးရ၏ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော် စာကြည့်တိုက်အဖြစ်ဖြင့် ၁၉၅၂ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ခဲ့သည်။ ထိုပြင် ထိုဝန်ကြီးဌာနကပင် မြို့ကြီးများ၌ ပြည်သူ့စာကြည့်တိုက်များကို ဖွင့်လှစ်ရန် အားထုတ်နေသည်။ ယခုအခါ မန္တလေးနှင့် မော်လမြိုင်မြို့တို့တွင် စာကြည့်တိုက် နှစ်တိုက် ဖွင့်ပြီးဖြစ်သည်။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကလည်း စာကြည့်တိုက်လုပ်ငန်း တိုးတက်မှုကို ဂွေးရှူလျက်၊ စာကြည့်တိုက် သင်တန်းများကို ၁၉၅၃ ခုနှစ် အောက်တိုဘာလက စတင် သင်ကြား ပို့ချလျက်ရှိသည်။ ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ယဉ်ကျေးမှုကောင်စီမှလည်း စာကြည့်တိုက်မှူးနှင့် ပြတိုက်မှူးသင်တန်းကို ၁၉၅၅ ခုနှစ် ဇူလိုင်လကစ၍ သင်ကြားပို့ချလျက်ရှိသည်။

စာဆိုတော်နေ့။ ။နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ဖြစ်သည်။ ယင်း စာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ်၊ ဂျပန်ခေတ်တွင် ပညာရေးဝန်ကြီး ဦးလှမင်း၊ ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဦးသိန်းဟန်၊ ဦးကောင်း၊ သူရိယ ဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဇဝန၊ မြို့မ ဆရာဟိန် စသော မြန်မာနိုင်ငံ စာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာ လူကြီးများ ညှိနှိုင်းသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

စာဆိုတော်နေ့ကို စာရေးဆရာများ အသင်း ဖွဲ့စည်းပြီး



၁၉၅၅ ခုနှစ်စာဆိုတော်နေ့တွင် စာရေးဆရာကြးများအားကန်တော့နေကြပုံ
(ဝဲမှယာသို့) ဆရာကြီးဦးဖေမောင်တင်၊ သခင်ကိုယ်တော်မှိုင်း၊ ဦးဖေသိန်း (ရွှေဥဒေါင်း)

နောက် ၄ နှစ်မြောက်တွင်မှ သတ်မှတ်ခဲ့ခြင်းဖြစ်၏။ ခရစ် ၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာများအသင်းဟူ၍ မရှိသေးဘဲ၊ စာရေးဆရာအချို့တို့ ဖွဲ့စည်းထားသော 'ကလောင်အဖွဲ့' ကလေးတခုသာ ရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး အိပ်၊ ဂျီ၊ ဝဲ သည် မြန်မာနိုင်ငံသို့ အလည်ရောက်လာသောအခါ စာရေးဆရာများက စုပေါင်း၍ ကျင်းပသော ညစ်ခံပွဲနှင့် စာရေးဆရာ ပီမိုးနှင်း ကွယ်လွန်၍ စျာပနကိစ္စတို့တွင် စာရေးဆရာများ စုစည်းမိကြရာမှ ဒီးဒုတ် ဦးဘချို ခေါင်းဆောင်၍ စာရေးဆရာများအသင်းကို တည်ထောင်ဖြစ်ကြသည်။

မူလက 'မြန်မာပြည် စာရေးဆရာများ အစည်းအရုံး' ဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်တွင် စာရေးဆရာအသင်းကို ပြန်လည် စုစည်းပြီးလျှင် 'မြန်မာနိုင်ငံ စာရေးဆရာများအသင်း' ဟု မှည့်ခေါ်ခဲ့သည်။

ပဌမဆုံး စာဆိုတော်နေ့တွင် စာဆိုတော် အထိမ်းအမှတ်အဖြစ် စလေဦးပုည၏ ဝိဇယပြဇာတ်ကို စာရေးဆရာများကိုယ်တိုင် သရုပ်ဖော် ကပြခဲ့ရာမှ နှစ်စဉ် စာဆိုတော်နေ့များတွင် စာရေး ဆရာကြီး တယောက်ယောက်၏ အတ္ထုပ္ပတ္တိကို ပြဇာတ်အဖြစ် ပြသသည့် အလေ့အထ စွဲမြဲလာခဲ့သည်။ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခြင်း၊ စာပေပြိုင်ပွဲ၊ ဟောပြောပွဲများ ကျင်းပခြင်း တို့ကိုလည်း ရန်ကုန်မြို့နှင့်တကွ အနယ်နယ် အရပ်ရပ်တွင် ပြုလုပ်ကြ၏။

ပြည်သူ့အကျိုးဆောင်ဌာန

စာတိုက်ဌာနသည် လူထုနှင့် အများဆုံးဆက်ဆံရသော ပြည်သူ့အကျိုးဆောင်ဌာနဖြစ်သည်။ စာတိုက်ဟုဆိုလျှင် ချောစာများကို သိမ်းယူခြင်း၊ ပို့ဆောင်ခြင်း၊ ဝေငှခြင်းဟူ၍ သာမန်အားဖြင့်သာ သိကြ၏။ စာတိုက်ဌာန၏လုပ်ငန်းမှာ ထိုထက်ကျယ်ဝန်းသည်ကို ဆက်လက်ဖတ်ရှုလေ့လာနိုင်ပေသည်။

စာတိုက်။ ။ခေတ်စကား အသုံးအနှုန်း၌ စာတိုက်ဟူသည်မှာ ချောစာများကို ပို့ပေးရာဌာန ဖြစ်လေသည်။ အစိုးရနှင့် ပြည်သူတို့သည် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရ အချင်းချင်း၊ ပြည်သူ အချင်းချင်းတို့တွင် သတင်းစကား ပေးပို့လေ့ရှိကြသည်။ ယင်းသို့ ပေးပို့ကြသည့်အခါ၊ ပြည်သူတို့က ပုဂ္ဂိုလ်တဦးချင်း အနေနှင့် လုပ်ဆောင်ရမည် ဆိုသော်၊ စာတစောင် အတွက် စရိတ်ကြိုးလေး၍ အခွန်ကြောမြင့်ပေလိမ့်မည်။ ထိုကြောင့် အစိုးရတို့သည် သက်သာ ချောင်ချိ၍ လွယ်ကူသော စံနစ်ကို တီထွင်အသုံးပြုကြလေရာ၊ စာပို့စံနစ်သည် ပေါ်ပေါက်လာရလေသည်။

စာပို့စံနစ်ကို ရှေးနှစ်ပေါင်း နှစ်ထောင်ခန့်ကပင် တီထွင်ခဲ့သည်ဟု ယူဆရန်အကြောင်းရှိသည်။ ပါးရှင်းအင်ပိုင်ယာခေတ်တွင် အစိုးရသည် သတင်းစကားများကို စာပို့လုလင်နှင့် ပေးပို့သည်မှာ ပဌမဦးစွာပေါ်သော စံနစ်ဖြစ်သည်ဟု ဆိုရန်ရှိလေသည်။ နောင်အခါတွင် ပါးရှင်းစံနစ်ကိုမှီး၍ မက်ဆီဒိုးနီးယန်း ဘုရင်များက စာပို့လုပ်ငန်းကို လုပ်ဆောင်ကြသည်။ သို့ရာတွင် ယနေ့လက်ရှိ စာပို့စံနစ်မှာ ရောမအင်ပိုင်ယာခေတ်က အသုံးပြုသော စံနစ် ဖြစ်သည်ဟု ဆိုကြသည်။

ဥရောပ သမိုင်း၏ ရှေးခေတ် နှင့် အလယ်ခေတ် တို့တွင် တက္ကသိုလ်ကျောင်းများ နှင့် လုပ်ငန်းဘုံအသင်းများသည် မိမိတို့၏ ကိုယ်ပိုင်စာပို့လုပ်ငန်းကို တည်ထောင်ခဲ့ကြသည်။ (လုပ်ငန်းဘုံအသင်း — လည်းရှု။) သာဓကပြရလျှင်၊ ပါရစ်တက္ကသိုလ်၏ ကိုယ်ပိုင်စာပို့စံနစ်ကို ပြရလိမ့်မည်ဖြစ်၏။ အင်္ဂလန်ပြည်တွင် တတိယအက်ဒွပ် (ခရစ် ၁၃၂၇–၁၃၇၇) လက်ထက်၌ ပုဂ္ဂလိကပိုင် စာပို့လုပ်ငန်း ရှိခဲ့ဘူးသည်။

ခရစ် ၁၅၁၂ ခုနှစ်လောက်တွင် စာတိုက်ဗိုလ်တဦးက ကြီးကြပ်အုပ်ချုပ်ရသော ဘုရင့် ခြေမြန်တော်အဖွဲ့ဟူ၍ ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့မှာ ဘုရင်မင်းမြတ်ကိုယ်တိုင် တိုက်ရိုက် အုပ်ချုပ်သော စာပို့လုပ်ငန်းဌာန ဖြစ်လေသည်။ ထိုစဉ်က အုပ်ချုပ်သော စာပို့လုပ်ငန်းဌာန ဖြစ်လေသည်။ ထိုစဉ်က ဘုရင်ခန့်အပ်သည့် စာတိုက်ဗိုလ်က အသိအမှတ် မပြုသော စာပို့လုလင်များသည် တရားမဝင်ချေ။ ခရစ် ၁၅၉၁ ခုနှစ်တွင် အယ်လစ်ဇဗက် ဘုရင်မသည် တရားမဝင်သော စာပို့လုလင်တို့ကို ပင်လယ်ရပ်ခြား နိုင်ငံများနှင့် ဆက်သွယ်၍ စာပို့ခြင်း မပြုစေရဟု ပညတ်ခဲ့သည်။ ၁၆၀၉ ခုနှစ် ဂျိမ်းဘုရင်လက်ထက်၌ကား တရားမဝင်သော စာပို့လုလင်တို့သည် ပြည်တွင်းရော ပြည်ပပါ စာပို့စာယူ ပြုလုပ်ခွင့်မရှိဟု ပညတ်ခဲ့ကြပြန်သည်။


ပဌမချေးဘုရင် လက်ထက် ၁၆၁၅ ခုနှစ်၌ ခရီးစဉ်အလိုက် သတ်မှတ်ထားသော ပုံသေနှုန်းဖြင့် စာ ပို့ သော စံ နစ် ကို အင်္ဂလန်၌ စတင်အသုံးပြုလေသည်။ ဤစံနစ်အရ အများပြည်သူတို့သည် စာ တိုက် ကို အသုံးပြုလာ နိုင် ကြ သည်။ သို့သော် စာတိုက်သည် ဘုရင်ကိုယ်တိုင် စီမံအုပ်ချုပ်သော ဌာန ဖြစ်သည်။ ၁၆၅၇ ခုနှစ် အော်လီဗာ ကရွမ်းဝဲ လက်ထက်သို့ ရောက်သောအခါကျမှ စာပို့လုပ်ငန်းဆိုင်ရာ ဘုရင့်အာဏာများသည် ပါလီမန်၏ လက်တွင်းသို့ ရောက်ရှိလာခဲ့သည်။ ၁၆၆၀ ပြည့်နှစ်၌ ဒုတိယချားဘုရင်သည် စာပို့တိုက်နှင့်သက်ဆိုင်ရာ အာဏာနှင့် တာဝန် ဝတ်တရား တို့ကို ပါလီမန်က ပိုင်ဆိုင်စေရန် ဥပဒေတရပ် ပြဋ္ဌာန်းခဲ့သည်။

စာတိုက်


ထိုအခါမှစ၍၊ စာတိုက်ဌာနသည် တိုင်းပြည်၏ အခွန်တော်ဌာန တခု ဖြစ်လာလေသည်။

စာတိုက်ဌာန လုပ်ငန်းကို တဆင့်ထက်တဆင့် တိုးတက် အောင် ပြုပြင် ပြောင်းလဲလာခဲ့ ကြရာ၊ ၁၇၁၉ ခုနှစ်၌ စာဖလှယ် ၍ပို့သော စံနှစ် ပေါ်ပေါက် လာသည်။ ထိုစံနှစ်အရ၊ နယ်မှ လန်ဒန်မြို့သို့ ပေးပို့ရန်ရှိသည့် စာ များကို လန်ဒန်မြို့သို့ အရောက် တိုက်ရိုက် ယူဆောင် ပေးပို့ခြင်း မပြုတော့ဘဲ၊ လန်ဒန်မြို့သွားရာ လမ်းမတလျှောက်ရှိ မြို့ကလေး များမှ အဆင့်ဆင့် အပြန်အလှန် စာချင်းဖလှယ်၍ ပေးပို့လေ သည်။ ၁၇၀၄ ခုနှစ်တွင် အင်္ဂလန်၌ စာပို့မြင်းရထားများ ပေါ်လာသည်။ နောက် နှစ်ပေါင်း ၅၀ မျှကြာသောအခါ (၁၈၃၀ ပြည့်နှစ်) စာပို့မီးရထားများ ပေါ် ထွန်းလာလေရာ၊ မြင်းရထားနှင့် စာပို့သော စံနှစ်သည် လုံးဝ တိမ်ကောသွား လေသည်။ သို့သော် ထိုခေတ်များတွင် ချောစာပို့ခန္ဓာများမှာ အများပြည်သူတိုင်း အသုံးပြုနိုင်လောက်အောင် မသက် သာချေ။

၁၈၄၀ ပြည့်နှစ်တွင် ဆာ ရိုလန် ဟီး သည် ခရီးအကွာ အဝေးကို မခွာန မပြုဘဲ စာတိုက်ခကို နှုန်းသေ တပဲနီသတ်



ဗူးထဲမှစာများကို အချိန်မှန်လိုက်လံသိမ်းယူနေသည့် စာသိမ်းလုလင်



ရန်ကုန်မြို့၊ ဗဟိုစာတိုက်ကြီး

မှတ်သောစံနှစ် တီထွင်လိုက်သည်။ ဆာရိုလန်သည် မူလက ကျောင်းဆရာမျှသာ ဖြစ်သည်။ သို့သော် ဤစံနှစ်ကို ထွင် လိုက်သောကြောင့် စာတိုက်ဌာနသို့ ခန့်အပ်ခြင်းခံရ၍ စာ တိုက်မင်းကြီးအထိ ရာထူး ဆင့်ကဲဆင့်ကဲ တိုးတက်လာခဲ့ သည်။ ဆာရိုလန်၏ လက်ထက်မှစ၍ တံဆိပ်တော်ခေါင်း များ ပေါ်လာခဲ့သည်။

၁၈၄၈ ခုနှစ်တွင် အင်္ဂလန်ပြည် စာပို့တိုက်တို့တွင် **စာ** အုပ်နှင့် နမူနာပို့ စံနှစ်ကို တီထွင်သည်။ ၁၈၆၈ ခုနှစ်၌ကား၊ စာတိုက်၌ ငွေစုဘဏ် ဌာန များ ကို ဖွင့်လှစ်ပေး ခဲ့သည်။ ၁၈၇၀ ပြည့်နှစ်တွင် ကြေးနန်းဌာနကိုငင်း၊ ၁၈၈၀ ပြည့် နှစ်တွင် ငွေလွှဲပို့ စံနှစ်ကိုငင်း၊ ၁၈၈၃ ခုနှစ်တွင် ဖုန်းဆိုပို့ စံနှစ်ကိုငင်း၊ ၁၈၉၂ ခုနှစ်တွင် စကားပြောကြေးနန်း ဌာ နကိုငင်း၊ စာတိုက်တွင် တိုးချဲ့တီထွင်ပေးကြသည်။ လေ ကြောင်း သယ်ယူပို့ဆောင်ရေးခေတ်သို့ ရောက်သောအခါ၊ ၁၉၁၉ ခုနှစ်တွင် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့သည် လန်ဒန် နှင့်ပါရစ်အကြား လေကြောင်းစာပို့လမ်းကိုဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှစာတိုက်ကြီးသည် ဒုတိယကမ္ဘာစစ် မဖြစ်မီအ ခါက တနှေ့လျှင် စာစောင်ရေပေါင်း ၂၅,၀၀၀,၀၀၀ မျှကို ပို့ဆောင် ဝေ့ ပေးရလေသည်။ ထိုမျှများပြားသော စာ များကို သိမ်းယူခြင်း၊ ပို့ဆောင်ခြင်း၊ ဝေ့ခြင်း စသော မူလ လုပ်ငန်းများ အပြင် အခြား လုပ်ငန်းများလည်း ရှိ၏။ ယင်းတို့မှာ သံကြိုး နှင့် စကားပြော ကြေးနန်း လုပ်ငန်း များကို ဆောင် ရွက် ပေးရခြင်း၊ အာမခံ တံ ဆိပ် ခေါင်း၊ အလုပ်လက်မဲ့ တံဆိပ်ခေါင်း၊ စာပို့ တံဆိပ်ခေါင်း စသည့် တံဆိပ်ခေါင်းများကို ရောင်းချပေးရခြင်း၊ ရိုးရိုးငွေလွှဲငွေပို့ ဆိုင်ရာနှင့် စာတိုက် ငွေလွှဲ ငွေပို့ဆိုင်ရာ လုပ်ငန်းများကို

ဆောင်ရွက်ရခြင်း၊ ခွေးမွေးမြူရန် လိုင်စင်၊ အသံဖမ်းစက် လိုင်စင် စသော လိုင်စင်အမျိုးမျိုးကို စစ်ဆေးထုတ်ပေးရခြင်း၊ အိုနာစာ ပင်စင်နှင့် အခြား ပင်စင်ရိက္ခာများကို ကြပ်မ ထုတ်ပေးရခြင်း၊ စာတိုက်ဌေစုဘဏ် လုပ်ငန်းနှင့် အမျိုးသား ဌေစုလက်မှတ် ရောင်းချခြင်း လုပ်ငန်းတို့ ဖြစ်သည်။ ထိုလုပ်ငန်း အရပ်ရပ်များအတွက် ဌေရေးကြေးရေး ကိစ္စများတွင် နှစ်စဉ်နှစ်တိုင်း ပေါင်သန်းပေါင်း ၉၀၀ ကျော်မျှကို ပြည်သူအများနှင့် ဆက်ဆံ၍ ထုတ်ပေးရလေသည်။ ဒုတိယ ကမ္ဘာစစ် မဖြစ်မီက တနှစ်အတွင်း အများဆုံး ပေါင်ပေါင်း ၁,၀၆၂ သန်းဖိုးမျှအထိ ဆောင်ရွက်ပေးခဲ့ရ၏။ စစ်ပြီးကာလ၊ ၁၉၄၆–၄၇ ခုနှစ်တွင် ထိုထက်ကျော်လွန်ကာ ပေါင်သန်းပေါင်း ၃,၃၅၀ ကျော်မျှအထိ ဆောင်ရွက်ပေးရလေသည်။

ဗြိတိသျှစာတိုက်ကြီးမှာ အစိုးရဌာနတခု ဖြစ်လျက်၊ စာတိုက်မင်းကြီး၏အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ယောကျ်ားမိန်းမ အလုပ်သမား ပေါင်း ၂၂၉,၀၀၀ ယောက်မျှ ရှိ၏။ ယင်းမှ ၅၀,၀၀၀ ကျော်တို့မှာ မိန်းမများဖြစ်သည်။


ဗြိတိသျှစာတိုက်ကြီး၏ နေ့စဉ်အလုပ်မှာ စိတ်ဝင်စားစရာ ဖြစ်၏။ စာပို့သူသည် မိမိအိမ်မှနေ၍ လမ်းဘေးစာပုံးထဲသို့ စာထည့်လိုက်သည်။ ထိုအခါ ညနေ စာသိမ်းချိန်တွင် စာသိမ်းလုလင်တဦး လာ၍ သိမ်းလေသည်။ စာသိမ်းလုလင်သည် အရပ်ရပ်မှ စာများကို စာပို့အိတ်တွင် ထည့်၍ ခေါ်စာပို့ကားဖြင့် ဗဟို စာရေးဌာနသို့ ပို့လေသည်။ ထိုဌာနက စာများကို (၁) စာတိုများ (၂) စာရွှင်များ (၃) စာထုပ်များဟု သုံးစားခဲ့လေသည်။ ထို့နောက် ထိုစာတို့ကို စာတိုက်တံဆိပ် ရိုက်နှိပ်ရာ ဌာနသို့ ပို့လိုက်လေသည်။ ထိုဌာနက တံဆိပ်ခေါင်းများကို ထပ်၍ မသုံးနိုင်အောင် တံဆိပ်ရိုက်ပေး၏။ ထိုနောက် စာရွေးသမားများက စာများကို တိုင်းနယ်အလိုက် ရွေးထုတ်သည်။ ထိုနောက်တဖန် ခရိုင်နယ်အလိုက်၊ မြို့နယ်အလိုက်၊ မြို့၏စာတိုက်ရပ်ကွက်အလိုက်စသည်ဖြင့် အဆင့်ဆင့် ရွေးထုတ်ပြန်သည်။ ရွေးချယ်ပြီး စာများကို စာဝေဌာနသို့ပို့ရန် စာပို့အိတ်ထဲသို့ ထည့်သွင်းကြသည်။ ဗြိတိသျှစာတိုက်တွင် စာတစောင်စာတိုက်သို့ရောက်ပြီးနောက် လိုရာအရပ်သို့ပို့ရန် အဆင့်ဆင့်လုပ်ငန်းသည် မိနစ် ၉၀ မျှသာ ကြာသည်။ အဘယ်ကြောင့်ဆိုသော် ခေတ်မှီစက်ကရိယာများကို အသုံးချသောကြောင့်တည်း။

ထိုစာပို့အိတ်များကို စာပို့မီးရထားများဖြင့်အနယ်နယ်သို့ ပို့ဆောင်ကြရာ၊ သက်ဆိုင်ရာ စာတိုက်ရှိသော မြို့ရွာတို့က စာများကို လက်ခံယူကြပြီး၊ လိပ်စာပါ နေအိမ်သို့အရောက် လိုက်လံပေးပို့ကြသည်။

လုပ်ငန်းတွင်ကျယ်စေရန် စာတိုက်၌ ခေတ်မှီ တီထွင်ထားသော ကရိယာများရှိသည်။ ချောစာအိတ်များကို တနေရာမှ တနေရာသို့ ပို့ရန်အတွက် ရွက်ထည်ဖျင်စက်ကြိုး (ခါးပတ်ကြိုးပြား) များကို အသုံးပြုသည်။ စာအိတ်များတွင်ရှိသော တံဆိပ်ခေါင်းများပေါ်တွင် စာတိုက်တံဆိပ်များ ရိုက်နှိပ်ပေးခြင်းကိုလည်း တံဆိပ်နှိပ်စက်ဖြင့် ရိုက်နှိပ်သည်။ ယင်းကိုသုံးခြင်းဖြင့် တမိနစ်အတွင်း စာစောင်ရေ ၇၀၀ ခန့်ကို တံဆိပ်နှိပ်ပြီးနိုင်လေသည်။ စာပို့အိတ်များကို မြေအောက် စာပို့ရထားသို့ ပို့သည့်နေရာတွင်လည်း၊ ကြောင်လိမ်လျှောတခုကို တပ်ဆင်ထားခြင်းဖြင့် စာပို့အိတ်များကို အချိန်အနည်းငယ်အတွင်း လွယ်ကူလျင်မြန်စွာ မြေအောက်ရထား စင်္ကြံသို့ ရောက်စေနိုင်၏။ မြေအောက်စာပို့ရထားမှာ ကမ္ဘာတွင် တမျိုးတည်းသာရှိသော ရထားဖြစ်သည်။ ဥမင် လူစီးရထားနှင့် မတူဘဲ၊ လူ၏ရင်ခေါင်းမျှသာ အမြင့်ရှိ၏။ ယင်း၏လမ်းကြောင်းမှာ မြေပြင်မှ ပေ ၁၀၀ အနက်တွင် တသီးတသန့်ရှိသည်။ လန်ဒန် အနောက်ပိုင်းရှိ ပက်ဒင်တန် ဘူတာမှ ဝိုက်ချက်ပယ်ရှိ အရှေ့ပိုင်း နယ် စာတိုက်ကြီးအထိ ၆½ မိုင်မျှရှည်သော လမ်းတွင် စာတိုက်ကြီးရှစ်ခုတို့သည် တခုနှင့်တခု ဆက်သွယ်၍ တနေ့လျှင် စာအိတ်ကြီးပေါင်း ၃၃,၀၀၀ မျှကို သယ်ပို့နေရလေသည်။ ထိုရထားတွင် စက်ခေါင်းဗိုလ်၊ ဂတ်ဗိုလ်ဟူ၍ တယောက်မျှမပါချေ။ လျှပ်စစ်ခါတ်အားဖြင့် မောင်းနှင်သွားလာလေသည်။ ယင်းတွင် လျှပ်စစ်ခေါင်းနှင့် နောက်တဲ့နှစ်တဲ့ပါသည်။ တတဲ့လျှင် အခန်းကလေး ၄ ခန်းကျပါရှိ၍ တခန်းလျှင် စာပို့အိတ် ၁၅ အိတ်စီ တင်ဆောင်နိုင်သည်။ တနာရီလျှင် ၃၅ မိုင်နှုန်း မောင်းနှင်လျက်၊ ရပ်စေ၊ သွားစေလိုလျှင် စကြံ့ပေါ်ရှိခလုတ်ဖြင့် ပြုလုပ်ပေးရသည်။ ထိုရထားကလေးမှ စာပို့အိတ်များကို မြေပြင်ပေါ် တင်ရာတွင်လည်း အမြင့်တင် ဓာတ်လှေကား များ ကို အသုံး ပြု လေ သည်။ ထိုပြင် စာပို့မီးရထားကြီး ကလည်း မိမိ တင်ဆောင်သွားသော စာပို့အိတ်များကို လဲလှယ်ရန်အတွက် လမ်းအကြားရှိ ဘူတာတိုင်းတွင် ရပ်နား၍ လဲလှယ်ခြင်းဖြင့် အချိန်ကုန်မခံချေ။ အားကုန် ခုတ်မောင်းသွားနေရာမှပင် စာပို့အိတ်များကို 'စာပို့အိတ်ဖလှယ်ရေး ကရိယာ' ဖြင့်သာ လဲလှယ်ပေးသည်။ ယင်းကို အသုံးပြုခြင်းဖြင့် လက်ဖျစ်တတ်အတွင်း၌ အိတ်ဖလှယ်ရေး ပြီးမြောက်နိုင်သည်။

နိုင်ငံခြင်းခြင်း စာပေးစာယူပြုလုပ်သည့် အရာမှာ၊ ဆွစ်ဇာလန်နိုင်ငံ ဗန်းမြို့၌ ၁၈၇၄ ခုနှစ်တွင် တည်ထောင်ခဲ့သော ကမ္ဘာ့စာတိုက်သမဂ္ဂကြီးမှ ပြဋ္ဌာန်းသော စည်းကမ်းအရသာ ပြုလုပ်ကြရသည်။

စာပို့လုပ်ငန်းသည် ပဌမ အင်္ဂလိပ် မြန်မာ စစ်ပွဲ ပြီးသည့်နောက် ဗြိတိသျှပိုင် မြန်မာနယ်မျှားသို့ ရောက်ရှိခဲ့၏။ ထိုနောက် လော့ဒါလဟိုဇီ ချုထွင်စီမံခဲ့သော အိန္ဒိယပြည်



(၁) စာအိတ်ပေါ်ရှိတံဆိပ်ခေါင်းများကို စာတိုက်တံဆိပ်ရိုက်နှိပ်ပေးနေကြပုံ

(၂) ပြည်တွင်းပြည်ပစာများကို ခွဲခြားရွေးထုတ်နေပုံ

(၃) မြန်မာနိုင်ငံအရပ်ရပ်သို့ပို့ရန်စာများကို ရွေးချယ်နေပုံ

(၄) ရန်ကုန်မြို့ဗဟို့စာတိုက်ကြီးရှိ စာတိုက်သေတ္တာများ

(၅) စာပို့ယာဉ်ပေါ်သို့ ခြေစာအိတ်များကိုတင်နေပုံ

စာပို့စနစ်ကို မြန်မာပြည်သို့ တိုးခဲ့ပေးခဲ့လေသည်။ ထိုစဉ်က ပြည်တွင်း စာပို့လုပ်ငန်း အနည်းငယ်ကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။ ဆော်တီကုမ္ပဏီက ကန်ထရိုက်ယူ၍ စာပို့အိတ်များကို မီးသင်္ဘောဖြင့် ရန်ကုန်မှ ဓနုဖြူ၊ ဟသံတ၊ မြန်အောင်ထိ ပို့ပေး၏။ ၁၈၅၅ ခုနှစ်တွင်မူ ထိုကုမ္ပဏီက ဗန်းမော်အထိ ပို့ပေးလေသည်။ ၁၈၇၆ ခုနှစ်မှစ၍ ရန်ကုန်နှင့် ပုသိမ်ကို နှစ်ပတ်လျှင် တကြိမ်ကျ ပို့ဆောင်ပေးသည်။ ၁၈၇၇ ခုနှစ်တွင် ရန်ကုန် ပြည် မီးရထားလမ်း ဖောက်လုပ်ပြီးသည့်နောက် ပြည်မြို့အထိ ကုန်းလမ်းခရီးဖြင့် စာပို့လုပ်ငန်းကို တိုးခဲ့ချဲ့ခဲ့လေသည်။ ရန်ကုန်နှင့် ကာလကတ္တားကိုမူ နှစ်ပတ်လျှင် တကြိမ်ကျ ဆက်သွယ်မှုရှိလေသည်။ ဤသို့စတင်လုပ်ကိုင်ခဲ့၍ တစတစ တိုးတက်လာခဲ့ရာ ယနေ့အဖို့ ဆိုလျှင် မြန်မာနိုင်ငံလုံးအတွက် စာတိုက်ပေါင်း ၃၉၂ ခု အပြင် စာပို့တိုက်နယ်ကြီး ၃ ခုကို ကချင်ပြည်နယ်၊ ချင်းတောင်နှင့် ရှမ်းပြည်နယ်တို့၌ တိုးချဲ့ဖွင့်လှစ်ထားခဲ့၏။ စာတိုက်ခဲ့ပေါင်း ၂၅၀ ကို ထပ်မံဖွင့်လှစ်ရန် လျာထားရာ၊ ယခုအချိန်အထိ စာတိုက်ခဲ့ပေါင်း ၁၇၅ ကို ဖွင့်လှစ်ပြီးခဲ့ပြီ။ မြန်မာနိုင်ငံ စာပို့တိုက်သည် အစိုးရဌာနတခု ဖြစ်သော်လည်း ကူးသန်းရောင်းဝယ်ရေး ဝါဒအရ ဆောင်ရွက်လျက်ရှိသည်။ ထိုကြောင့် ရှေးအခါက၊ အချို့ပေါ်သော စာတိုက်ခဲ့များ ပိတ်ပစ်တတ်ခဲ့သော်လည်း၊ ယခုအခါ ပြည်သူလူထု သက်သာမှုကို ရှေးရှု၍ ဆက်လက် ဖွင့်လှစ်ထားလေသည်။ စစ်မဖြစ်မီကာလက၊ ကုန်းလမ်း ရေလမ်း စာပို့လုပ်ငန်းမှာ တွင်ကျယ်ခဲ့သော်လည်း စစ်ပြီးကာလတွင်မူ လေကြောင်း စာပို့လုပ်ငန်းသာလျှင် အထူးတိုးတက်လျက်ရှိနေသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနှင့် ပူးတွဲနေစဉ်က မြန်မာနိုင်ငံ စာပို့လုပ်ငန်းကို အိန္ဒိယပြည် ဗဟိုအစိုးရအောက်ရှိ စာတိုက်နှင့် ကြေးနန်းမင်းကြီးချုပ်က အုပ်ချုပ်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် အုပ်ချုပ်ရေးအသစ်ကို ရရှိခဲ့သော်လည်း စာတိုက်ဌာန အုပ်ချုပ်ရေးမှာ အိန္ဒိယ ဗဟို အစိုးရလက်ထဲ၌ ကျန်ခဲ့လေသည်။ စာတိုက်ဌာနအုပ်ချုပ်ရေးကို အိန္ဒိယနှင့်မြန်မာ ခွဲခွာသော ၁၉၃၇ ခုနှစ်တွင်မှ အိန္ဒိယက မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးခဲ့၏။ လွတ်လပ်ပြီး ခေတ်အထိ၊ စာတိုက်ဌာနကို ကြေးနန်းဌာနနှင့် ပူးတွဲကာ မင်းကြီးချုပ်က အုပ်ချုပ်လေသည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလတွင် စာတိုက်နှင့် ကြေးနန်းဌာနတို့ကို သီးခြားခွဲထားလျက် ညွှန်ကြားရေးဝန် တယောက်စီဖြင့် အုပ်ချုပ်စေသည်။ ယခုအခါ စာတိုက်ဌာနကို ပြည်ထောင်စုအစိုးရ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန အောက်တွင် ထားရှိလေသည်။ စာတိုက်ညွှန်ကြားရေးဝန် အောက်တွင် နောက်ဆုံးဖွင့်လှစ်သော ပြည်နယ် ၃ နယ်အပါအဝင် နယ်ကြီး ၁၀ နယ်ခွဲထား၍ စာတိုက်ဝန်ထောက် တယောက်စီဖြင့် အုပ်ချုပ်စေလေသည်။ ထိုစာတိုက်ဝန်ထောက် တယောက်စီအောက်တွင် စာတိုက်အမှထမ်း အသီးအသီးရှိ၏။ ဗြိတိန်နိုင်ငံ စံနစ်အတိုင်းပင် မြန်



ပြည်သူလူထုနှင့် နေ့စဉ်တိုက်ရိုက်ဆက်ဆံရသော စာတိုက်ဌာနခွဲများ



သုံးပါးပိဋကတ်၊ပရိယတ်ဓမ္မကွန်၊ကျိန်းဝပ်ရန်စာတိုက်

မာနိုင်ငံ စာတိုက် အမှုထမ်း အသီးသီး တို့သည် လုပ်ငန်း အလိုက် ဌာနဆိုင်ရာ အပြိုင်စာမေးပွဲများကို ဝင်ရောက် ဖြေဆိုအောင်မြင်မှသာ အလုပ်ဝင်ရလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ထူးခြားသည့် နေ့ရက်များတွင် အထိမ်းအမှတ်အဖြစ်ဖြင့် မြန်မာမှုဆိုင်ရာ တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့သည်။ ယင်းတို့မှာ ၁၉၄၈ ခုနှစ် ဇန်ဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး အထိမ်းအမှတ် အဖြစ်ဖြင့် လွတ်လပ်ရေး တံဆိပ်ခေါင်းများကိုငင်း၊ လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရသည့် နှစ်ပတ်လည်နေ့ ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အာဇာနည်နေ့ တံဆိပ်ခေါင်းကိုငင်း၊ ၁၉၄၉ ခုနှစ် ဇန်ဝါရီလတွင် လွတ်လပ်ရေး နှစ်ပတ်လည်တံဆိပ်ခေါင်းကိုငင်း၊ ကမ္ဘာ့စာတိုက်သမဂ္ဂ၏ စိန်ရတုသဘင်နေ့ ဖြစ်သော ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ယူပီယူ တံဆိပ်ခေါင်းကိုငင်း၊ ခြောက်ကြိမ်မြောက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ပြည်တော်သာ စီမံကိန်းအတွက် ပြည်တော်သာ တံဆိပ်ခေါင်းနှင့် ၁၉၅၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဖွင့်လှစ်သော ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင် အတွက် 'ဆဋ္ဌသင်္ဂါယနာ' တံဆိပ်ခေါင်းများကိုငင်း ထုတ်ဝေခဲ့လေသည်။ (တံဆိပ်ခေါင်း။ တံဆိပ်ခေါင်းစုခြင်း — ၌။) ထိုပြင် လူထုသက်သာမှုအတွက် ပြည်တွင်းစာပို့လှာများကိုလည်း ထုတ်ဝေခဲ့ပေသည်။

စာတိုက်။ ။မြန်မာမှုတွင် စာတိုက်ဟူသည်ကား၊ ပိဋကတ် ပေစာ အစရှိသော စာပေ ကျမ်းဂန်များကို သိမ်းဆုဖြစ်သော ဇာတ်စုံသေတ္တာများဖြစ်သည်။ ရေးသောအခါ စာတိုက်ဟု ရေးသော်လည်း ဖတ်သောအခါ စတိုက်ဟု ဖတ်ရသည်။ ယခုခေတ်အခေါ်၌ စာတိုက်ဟူသည်ကို ချောစာများ ပေးပို့ဆုဖြစ်သော စာပို့တိုက်ဌာနဟု နားလည်ကြသည်။ သို့သော် ရှေးအခေါ် စာတိုက်မှာမူ ပေစာများကို သိမ်းဆည်းသိမ့်းဆုဌာန ဖြစ်သည်။

စာတိုက်များကို ရှေး ဘုန်းတော်ကြီး ကျောင်းများတွင် တွေ့ရသည်။ စာတိုက်မှာ စင်စစ်အားဖြင့် ကျွန်းသေတ္တာပင် ဖြစ်သော်လည်း၊ အခြေတပ်သော အမှတ်းတင် ခိုနန်းချိုး ဗိဂို များလည်း ရှိသေးသည်။ ရှေးအခါက ရွှင်ပြုရဟန်းခံများ၌၊ လူ့ဖွယ်ဝတ္ထုပစ္စည်းများတွင် ပိဋကတ် သုံးပုံနှင့်တကွ စာတိုက်ကိုပါ လူ့ဒါန်းကြ၏။ ထိုအကြောင်းကို စလေဦးပုည၏ ရွှင်ပြုမေတ္တာစာတစောင်တွင် 'ဇိနာပဝရ၊ လူ့ဘဘုရား၊ ရွပ်တော်ပွားနှင့်၊ သုံးပါးပိဋကတ်၊ ပရိယတ်ဓမ္မကွန်၊ ကျိန်းဝပ်ရန်စာတိုက်၊ သိုက်မြုံက်တင့်တယ်၊ လူ့ဒါန်းဖွယ်နှင့် ရင်ဝယ်ဖြစ်သော သားရတနာကို၊ သာကီယဝံသ၊ ဂေါတမအနွယ်သို့ ဝင်စေ၍' ဟု ပါရှိသည်။

မည်သည့်ခေတ်က စာတိုက် စတင်ပေါ် ပေါက်ကြောင်းကို မသိရသေးချေ။ သို့ရာတွင် တွေ့ရသမျှ အစောဆုံး အထောက်အထားကား ဘုရင့်နောင်လက်ထက် အခါပင် ဖြစ်သည်။ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားသည် စာတိုက်နှင့်တကွ ပိဋကတ်တော်များကို သာသနာစည်ပင် အံ့သောငှာ မြန်မာနိုင်ငံတော် အရပ်ရပ် သို့ ပို့ကြောင်းနှင့် သခင်ကြီးချောင်းတွင် 'ယိုးဒယားမကြွင်း၊ ခုံလင်းဇင်းက၊ တနင်္သာရီ၊ ထားဝယ်ထားဝယ်၊ ဇင်းမယ်သိန်းခို၊ ထိုထိုသာသနာ၊ တည်ရာရာသို့၊ ပရိက္ခရာ အကွ၊ ဒါနစေ့စုံ၊ စွန့်ကြဲကုံလျက်၊ သုံးပုံပိဋကတ်၊ တုလှတ်အံ့ထိုက်၊ ရွှေစာတိုက်ကို၊ အမြုံက်ဝေညို၊ ကြဲဖြန့်ခဲ့၏။' ဟူ၍ စပ်ဆိုထားသည်။

စာတိုက်ကို ရှေးမြန်မာတို့သည် လှုပအောင် မွမ်းမံခြယ်လယ်ကြသည်။ ကျွန်းသားတွင် သစ်စေးသုတ်၍ မှန်စိရွှေချကြ၏။ အမှတ်းအပြောက်ဆင်၏။ အခြေတပ်သော ပြာသာဒ်ကဲ့သို့ ပြုလုပ်၏။ ဇာတ်ရုပ်စုံတို့ဖြင့် တန်ဆာဆင်၏။ ထိုသို့ အလှအပ အဆန်းတကြယ် ပြုလုပ်ပုံများကို၊ ဦးပုည မေတ္တာစာများတွင် 'ဝိသုကံမာယ၊ နတ်ဆရာမှီရသည့်၊ ပန်းချီတကာ့ဝိဇ္ဇာ၊ စိတြဂိဝါ၊ ရွှေမင်ဆေးဇဝါ၊ ရတနာကွက်ဆန်း၊ သဇင်ပန်းမုလေးတွဲ၊ နဂါးသွဲခြူးနွယ်ချဲ့၊ ဝတ်မှုံနှင့် ဝတ်ဆံ၊ ပြန်ကဟပ် ပြန်ကပတ်၊ ဇာတ်ရုပ်စုံအထွက်၊ ကောင်းကင်ပျံကျေးငှက်တို့၊ တေးချက်ကျပလီဟန်၊ ဆေးစက်ကျစိမံလျက်၊ နီဖလံအချုပ်၊ ပန်းချီပုံခြယ်လုပ်သော၊ ဆယ်လှော်ခုတ်မင်းစံ၊ ရွှေစာတိုက်ဘိမ်းခံကို' ဟူ၍ မြင်းခြံက

ပုသိမ်သို့ စာတိုက်မှုနှင့်ပေး မေတ္တာစာတွင် ပေါ်လွင်စွာ ဖော်ပြထားသည်။

ရှေး မြန်မာဘုရင်၊ မိဖုရား နှင့် မင်းညီမင်းသားတို့လည်း မှန်စီရွှေချ စာတိုက်တော်များကို ဘုန်းတော်ကြီးကျောင်း များသို့ လှူဒါန်းလေ့ရှိကြသည်။ မင်းတုန်းမင်းတရား ကြီး၏ မိဖုရားခေါင်ကြီးသည် မှန်စီရွှေချ စာတိုက်တော်ကို မှန်ကျောင်းသို့ လှူတော်မူခဲ့သည်။ ယင်းစာတိုက်မှာ လန် ဒန်မြို့ ပြတိုက်မှတဆင့်၊ မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင် ခဲ့သောစာတိုက်ဖြစ်၏။ ထိုစာတိုက်တွင် အခြေ ၁၂ ချောင်း ရှိ၍ ၆ ပေခွဲခန့် မြင့်သည်။ မှန်စီရွှေချ၍ အထက်တွင် ပြာ သာဒ်ပေါက်ထားသည်။ 'ရွှေဘို ရှင်ဘုရင်သွီးတော်၊ မင်း တုံးမင်း မိဘုရားခေါင်ကြီး၊ စုကြီး သို့မဟုတ် စုကြီးစု၊ မှန် ကြောင်းတွင်လှူသော စာတိုက်' ဟု ကြေးပြားတွင်ကမူည်း ထိုးထားလေသည်။

နေ့စဉ်ကမ္ဘာအားအသိပေးသည့်ပညာ

ကမ္ဘာပေါ်၌ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော အကြောင်းအရာအမျိုးမျိုး၏ သတင်းကို လူအများသိရှိစေရန် မှတ်တမ်းတင်၍ ရေးသားဖြန့်ချိသည့်ပညာသည် စာနယ်ဇင်းအတတ်ပင်ဖြစ်သည်။ တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းလောကသည် လူထုနှင့် အနီးစပ်ဆုံးဖြစ်ရကား၊ စာနယ်ဇင်းအတတ်ကို လူတိုင်းလေ့လာထိုက်လှသည်။

စာနယ်ဇင်းအတတ်။ ။သတင်းနှင့် ထင်မြင်ချက်များကို ရေးသား ပုံနှိပ်ထုတ်ဝေခြင်းသည် စာနယ်ဇင်းအတတ်ပင် ဖြစ်သည်။ ခေတ်နှင့်လျော်ညီစွာ နေ့စဉ် ဖြစ်ပျက်ပေါ် ပေါက်လျက်ရှိသော ကျိုးကြောင်း ခြင်းတမျှား၊ သတင်း များ၊ အကြံဉာဏ်များနှင့် ဝေဖန်ချက်များကို တစောင် တဖဲ့ဖြစ်အောင် စုပေါင်း၍ အချိန်မှီ ဖော်ပြခြင်းအားဖြင့် စာနယ်ဇင်းအတတ်သည် ကိစ္စမြားမြောင် လူတို့ဘောင်၏ ဇာတ်ကွက်ဇာတ်လမ်းကို လူ့လောကအား တင်ပြပေးသော အတတ်ပညာတရပ်လည်း ဖြစ်သည်။ ထိုကြောင့် စာနယ် ဇင်းအတတ်သည် တာဝန်ကြီးလေးသော သက်မွေးမှုပညာ တရပ် ဖြစ်ပေသည်။ ထိုပြင် စာနယ်ဇင်းအတတ်သည် ကျွမ်းကျင်မှု၊ စွမ်းရည်၊ ပညာအရည်အခြင်းတို့နှင့် ပြည့်စုံမှု သာ လုပ်ကိုင်၍ရသော လုပ်ငန်းတရပ်လည်း ဖြစ်သည်။ ထိုမျှ မကသေး၊ လုပ်ငန်းရပ်တခု ဖြစ်လာသည့် အခါ၌ ဘဏ္ဍာရေးနှင့် စီးပွားရေး အခြေအနေတို့ကို ပြုပြင်ပြောင်း လဲနိုင်သော အတတ်ပညာတခုလည်း ဖြစ်ပေသေးသည်။

မြန်မာအခေါ်တွင် စာနယ်ဇင်းဟု သုံးစွဲပုံမှာ သတင်း စာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဟူသော စကားတို့၏ အဆုံးစကား သုံးလုံးကို စုပေါင်းထားခြင်းဖြစ်သည်။ ဤသို့ သတင်း စာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူ၍ ခွဲခြားထားသည့် သုံးမျိုးအပြင် စာ၊ နယ်၊ ဇင်း များမှဇင်း၊ စာအုပ်များမှဇင်း ထုတ်နုတ်၍ အနှစ်သာရ ပေါ်လွင်အောင် အကျဉ်းချုံးကာ ပြန်လည် ထည့်သွင်းထုတ်ဝေသည့် သတင်းစုံမဂ္ဂဇင်းနှင့် မဂ္ဂဇင်းပဒေ သာ စာစောင်များလည်း ရှိသေး၏။ ယနေ့ မြန်မာ သတင်းစာများတွင် အပတ်စဉ် မဂ္ဂဇင်းကဏ္ဍ ထည့်သွင်း ဖော်ပြနေခြင်းသည် အမေရိကန်မူမှ နည်းယူခြင်းဖြစ်သည်။

သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ မပေါ်မီခေတ်က သတင်းစကားပေးပို့ခြင်း အဆင့်ဆင့် ပြောင်းလဲတိုးတက် လာပုံများမှာ အမျိုးမျိုး ရှိခဲ့လေသည်။ ပုံစံအားဖြင့်



သတင်းထောက်တဦး စကားပြောကြေးနန်းဖြင့်သတင်းပို့နေပုံ

အမေရိကတိုက်ရှိ အိန္ဒိယလူရိုင်းများသည် မိမိတို့ နယ်ပယ် အတွင်းသို့ ရန်သူများ ချဉ်းကပ်ဝင်ရောက်လာပါက၊ ကင်း စခန်း တခုမှတခုသို့ အုန်းမောင်း သို့မဟုတ် ကလဒက်များကို သံတိုသံရှည်ခေါက်၍ အချက်ပေး သတင်းပို့လေ့ရှိခဲ့ကြ၏။ ဘေးအန္တရာယ် ကျရောက်နေသည့် အခါများတွင်လည်း မီးပုံရှို့ကာ မီးခိုးဖြင့် သတင်းပို့ အကူအညီ တောင်းလေ့ရှိ ကြသည်။ ထိုနည်းတူစွာ အာဖရိကတိုက်သား တောတွင်း သားတို့သည်လည်း သားရေကြက်ထားသော စည်များကို တီးရိုက်၍ တစခန်းမှတစခန်း၊ တရွာမှတရွာသို့ သတင်းပေး လေ့ရှိခဲ့ကြသည်။ ရှေးမြန်မာတို့ လက်ထက်ကမူ ရွှေနန်း တော်နှင့် လှတ်တော်မှ သတင်းနှင့် အမိန့်ပြန်တမ်းများကို

မောင်းကြေးနင်းခတ်၍ ရပ်ရွာများသို့ ဖြန့်ချိ ကျေညာခဲ့ပေသည်။ ဤကား စာနယ်ဇင်းများ မပေါ်မီက သတင်းစကား အဆင့်ဆင့်ပေးပို့နည်းများတည်း။

သို့သော် ကမ္ဘာတွင် ပုံနှိပ်အတတ်၌ ရှေးဦး ဖြစ်သော တရုပ်နိုင်ငံသည် စာနယ်ဇင်း နယ်ပယ်တွင် သတင်းပြန်တမ်းတခုကို ချင်မင်းဆက်တွင် ထုတ်ဝေခဲ့ပေသည်။ ထိုသတင်းပြန်တမ်းကား တရုပ်အခေါ်အားဖြင့် 'ချင်ပါအို' ဖြစ်၍ နိုင်ငံခြားသားများကမူ ပီကင်းဂေဇက်ဟု ခေါ်လေသည်။ ပီကင်းဂေဇက်သည် အစိုးရကိုယ်တိုင်ပုံနှိပ်ထုတ်ဝေသော ပြန်တမ်းတစောင်ဖြစ်၍ အစိုးရ၏ အမိန့်များနှင့် ပြည်သူတို့၏ အသနားခံစာများကို ထည့်သွင်း ဖော်ပြ ထားလေသည်။ အထက်ပါ ပီကင်းဂေဇက်ကို အင်ပိုင်ယာတခုလုံးရှိ အထက်တန်း အရာရှိများ၏လက်သို့ ဝေငှ၍ ယင်းတို့မှတဆင့် စိတ်ဝင်စား သူတို့က သတင်းပြန်တမ်း တခုလုံးကို သော်၎င်း၊ အကျဉ်းချုပ်၍သော်၎င်း ကြိုက်နှစ်သက်သလို ကူးယူပုံနှိပ်ကာ အနှံ့အပြား ဖြန့်ချိခဲ့ကြလေသည်။ ဤကား သတင်းစကားများကို စုပေါင်း၍ ပြန်တမ်း တစောင်တဖွဲ့ အဖြစ် လူထုကို ပဌမဆုံးအကြိမ် ပေးပို့ဖြန့်ချိခဲ့ခြင်းပင်ဖြစ်သည်။

အနောက်နိုင်ငံများ၌မူ ခရစ် ၁၆၆၅ ခုနှစ်၌ လန်ဒန်မြို့မှ တပတ်လျှင် ၂ ကြိမ်ထုတ်ဝေသော အောက်စဖို့ဂေဇက် ပေါ်ပေါက်လာ၏။ မကြာမီပင် ယင်းအောက်စဖို့ဂေဇက်ကို လန်ဒန်ဂေဇက်ဟု အမည်ပြောင်းခဲ့သည်။ ဤသို့ အောက်စဖို့ဂေဇက် သို့မဟုတ် လန်ဒန်ဂေဇက်ဟူ၍ ၁၆၆၅ ခုနှစ်၌ ပေါ်ထွက်ခဲ့သော်ငြားလည်း ၁၆၇၀ ပြည့်နှစ်အထိ သတင်းစာဟူ၍ကား မပေါ်ပေါက်သေးချေ။ အစိုးရက ပုံနှိပ်တိုက်များကို ချုပ်ချယ်ထားမှုများကြောင့် တိုးတက်မှု ကြန့်ကြာနေခဲ့ရသော စာနယ်ဇင်းအတတ်သည် ၁၇ ရာစုကုန်ဆုံးခါနီးနှင့် ၁၈ ရာစု အစလောက်ရောက်၍ လွတ်လပ်စွာ ပုံနှိပ်ရေးသားနိုင်ခွင့်ကို ရရှိလာသော အခါကျမှ လျင်မြန်စွာ တိုးတက်ကြီးပွားလာတော့လေသည်။ ၁၇၀၂ ခုနှစ်၌ လန်ဒန်မြို့တွင် ဒေးလီးကူးရန့် အမည်ရှိ သတင်းစာသည် ပဌမဆုံးနေ့စဉ်သတင်းစာအဖြစ် ပေါ်ထွက်ခဲ့လေသည်။

ကျန် အခြားဥရောပနိုင်ငံများ၌ကား စာနယ်ဇင်းအတတ်သည် ၁၇၆၀ ပြည့်နှစ်လောက်မှ သက်မွေးဝမ်းကျောင်းမှုအတတ်တခု ဖြစ်လာ၏။ ယင်းခုနှစ်မတိုင်မီကသော်၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များ၏ ဝါဒဖြန့်သော စာရွက်စာတမ်းများနှင့် အခြေအမြစ် ခိုင်လုံခြင်းမရှိဘဲ တဦးကိုတဦး ပုတ်ခတ်ပြောဆိုသော စာရွက်စာတမ်းများသာရှိခဲ့သည်။

အမေရိကန်တို့သည်ကား စာနယ်ဇင်းအတတ်ကို အင်္ဂလိပ်တို့ထံမှ စတင်ခံယူခဲ့ရခြင်း ဖြစ်ပေသည်။ အမေရိကန်ပြည်ထောင်စု ဖြစ်လာမည့် မြောက်အမေရိကတိုက် ဗြိတိသျှပိုင်ကိုလိုနီနယ်များတွင်၊ ပဌမဆုံးသော ပုံနှိပ်စက်ကို ၁၆၃၀ ပြည့်နှစ်၌ တည်ထောင်နိုင်ခဲ့၏။ သို့သော် ပဌမဆုံး သတင်းစာသည်ကား ၁၆၉၀ ပြည့်နှစ်တွင်မှ ထုတ်ပေါ်လာခဲ့ပေသည်။ ဘင်ဂျမင် ဟဲရစ် ဆိုသူသည် အင်္ဂလန်၌ ပုံနှိပ်ထုတ်ဝေသော လုပ်ငန်းကို လုပ်ကိုင်နေရာမှ အာဏာပိုင်အစိုးရများနှင့် မသင့်မတင့်ဖြစ်သဖြင့် အမေရိကန် ကိုလိုနီများသို့ လာရောက်နေထိုင်ကာ ဗော်စတန်မြို့မှနေ၍ ၁၆၉၀ ပြည့်နှစ်တွင် 'ပြည်တွင်းပြည်ပ အဖြစ်အပျက်' အမည်ရှိသော သတင်းစာကို ထုတ်ဝေခဲ့၏။ သို့သော် အမေရိကန်နိုင်ငံ၌ ပဌမဆုံးအကြိမ် ထုတ်ပေါ်ခဲ့သော ယင်းသတင်းစာသည် အာဏာပိုင်အစိုးရများ၏ အသိအမှတ် မပြုမှု၊ လိုင်စင်ထုတ်မပေးမှုများကြောင့် မကြာမီပင် ဖိနှိပ်ချုံးနှိမ်ခြင်းခံလိုက်ခဲ့ရလေသည်။ ယင်းကာလမှ ၁၄ နှစ်ကြာပြီး နောက် ၁၇၀၄ ခုနှစ်ပြည့်၌မူ ဗော်စတန်မြို့ စာတိုက်ဗိုလ် ဖြစ်သူ ဂျွန်ကင်းဗဲသည် 'ဗော်စတန် သတင်းဆောင်းပါး' အမည်ရှိသတင်းစာကို ပဌမဆုံးအကြိမ် အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့လေသည်။

မြန်မာပြည်၌မူ ၁၈၃၆ ခုနှစ်မတ်လ ၃ ရက်နေ့တွင် ပဌမ



မြင်းပွဲသတင်းယူနေကြသော သတင်းထောက် ၂ ဦး

ဆုံး သတင်းစာ ထုတ်ပေါ်လာခဲ့၏။ ထိုသတင်းစာမှာ 'မော်လမြိုင်သတင်း' ခေါ် အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေသည့် သတင်းစာဖြစ်၏။ အယ်ဒီတာမှာ အမေရိကန် ခရစ်ယန် သာသနာပြုဆရာ ဗင်းနက် ဆိုသူဖြစ်၏။

မြန်မာဘာသာဖြင့် ပဌမဆုံးထုတ်ပေါ်လာသည့် သတင်းစာကား မော်လမြိုင်မြို့၌ ၁၈၄၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် 'ဓမ္မသတင်းစာ' ဖြစ်လေသည်။

မြန်မာမင်းတို့အုပ်ချုပ်သော မြန်မာနိုင်ငံတွင် ပဌမဦးစွာ ပေါ်ပေါက်သော သတင်းစာမှာ သက္ကရာဇ် ၁၂၃၆ ခု (ခရစ် ၁၈၇၄ ခုနှစ်) တန်ခူးလဆန်း ၇ ရက်နေ့တွင် စတင်ထုတ်ဝေသော ရတနာပုံနေပြည်တော် သတင်းစာ ဖြစ်သည်။ ထို သတင်းစာကို နေမျိုးသီဝသိဒ္ဓိ ဘွဲ့ခံ တရုပ် မြန်မာ ကပြား ဦးအဟီးဆိုသူက ပုံနှိပ်ထုတ်ဝေသည်။ အယ်ဒီတာမှာ မြန်မာစာပေ၌ ဖိုးဝဇီရဟု ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်သည်။ (ဖိုးဝဇီရ — ရှု။)

သို့ရာတွင် ဖော်ပြပါ သတင်းစာများမှာ နေ့စဉ်သတင်းစာမဟုတ်ချေ။ အထောက်အထားများအရ တလတကြိမ် ထုတ်၊ တသိတင်းတကြိမ်ထုတ် သတင်းစာများသာ ဖြစ်ပေသည်။ နေ့စဉ်သတင်းစာအဖြစ် ၁၈၈၉ ခုနှစ်၌ ထုတ်ဝေသော အင်္ဂလိပ်သတင်းစာ 'ရန်ကုန်ဂေဇက်' သည် မြန်မာနိုင်ငံတွင် ပဌမဆုံးထုတ်ဝေသော နေ့စဉ်သတင်းစာ ဖြစ်လေသည်။

မည်သည့် မြန်မာသတင်းစာသည် ပဌမဆုံး နေ့စဉ်ထုတ်ဝေခဲ့သည် ဟူ၍ အထောက် အထား ရှာဖွေ မတွေ့ရသော်လည်း ၁၈၉၄ ခုနှစ်၌ နေ့စဉ်ထုတ်ဝေခဲ့သည့် မြန်မာသတင်းစာ နှစ်စောင်အနက် တစောင်မှာ ရန်ကုန်မြို့၌ထုတ်ဝေသော မြန်မာအဆွသတင်းစာ ဖြစ်ကြောင်းကို ကား တိကျစွာ သိရှိရပေသည်။ ကျန်တစောင်၏ အမည်မှာမူ မသိရပေ။

ဤကား စာနယ်ဇင်းအတတ် ဆိုင်ရာ သတင်းစာလုပ်ငန်းများ စတင်ပေါ်ပေါက်ခဲ့ပုံများ ဖြစ်လေသည်။ မျက်မှောက်ခေတ်၌မူ စာနယ်ဇင်းအတတ်သည် ကမ္ဘာတဝှန်းလုံး၌ များစွာ တိုးတက်လျက် ရှိနေခဲ့လေပြီ။ ယင်းအနက် သတင်းစာလုပ်ငန်းသည် အရေးအပါဆုံးနှင့် အကျယ်ဝန်းဆုံးဟု ဆိုရမည်ဖြစ်သည်။

သတင်းစာလုပ်ငန်း၌ တာဝန်အသီးသီးကို ခွဲဝေဆောင်ရွက်နေကြရသူများတွင် အယ်ဒီတာသည် သတင်းစာအယ်ဒီတာအဖွဲ့၏ အချုပ်ဖြစ်သည်။ သတင်းစာ၌ ထည့်သွင်းရန် သတင်းဆောင်းပါးမှန်သမျှကို စစ်ဆေးတည်းဖြတ်ရသည်။ နယ်သတင်းထောက်၊ မြို့သတင်းထောက်နှင့် နိုင်ငံခြားသတင်းဌာနများမှ ပေးပို့ရရှိသော သတင်းမှန်သမျှကို စစ်ဆေးရွေးချယ်ရ၏။ ပယ်သင့်သည်ကိုပယ်၍ အရေးတကြီး ထည့်သွင်းသင့်သည့် သတင်းများကို ထည့်သွင်းရေးနှင့် ဆိုင်းငံ့ထားသင့်သည့် သတင်းများကို ဆိုင်းငံ့ထားရန် စီစဉ်ရသည်။

သူ့အားကူညီရန် လက်ထောက်အယ်ဒီတာများရှိသည်။ အယ်ဒီတာများကို ဌာနအလိုက် အမျိုးမျိုးခွဲထား၏။ နေ့အယ်ဒီတာ၊ ညအယ်ဒီတာ၊ မြို့မအယ်ဒီတာ၊ နိုင်ငံခြားအယ်ဒီတာ၊ သတင်းအယ်ဒီတာ၊ ကစားခုန်စားအယ်ဒီတာစသည်ဖြင့် ဖြစ်သည်။

သတင်းထောက်ကား သတင်းရအောင် ရှာဖွေရသူဖြစ်သည်။ နေထုတကာမှ ရသမျှ သတင်း အတိုအထွာ အစအနများကို တိကျမှန်ကန်စွာ ထောက်လှမ်းစုပေါင်း၍ သတင်းဆောင်းပါးကောင်းတပုဒ်ဖြစ်အောင် ရေးဖွဲ့ပြီးလျှင် အထက်ဖော်ပြထုပါ ဌာနအလိုက် အယ်ဒီတာများသို့ ပေးပို့တင်ပြရ၏။ သတင်းရရန်အလို့ငှာ သတင်းထောက်များသည် ပေါင်းသင်းဆက်ဆံရေး၌ များစွာ ကျွမ်းကျင်လိမ္မာရလေသည်။ သတင်းထောက်တွင် သတင်းစာတိုက် တည်ရှိရာအရပ်၌လုပ်သော သတင်းထောက်၊ ရပ်ဝေးမှ သတင်းပို့



ကမ္ဘာကျော်လှုပ်ရှားတော် ချာလီချက်ပလင်ထံမှ သတင်းယူနေကြသောသတင်းထောက်များ



အင်္ဂလန်ပြည် သတင်းစာတိုက်ကြီးတခုမှအယ်ဒီတာအဖွဲ့ဝင်များ ဆွေးနွေးနေကြပုံ

သော သတင်းထောက်၊ နိုင်ငံခြားမှ သတင်းပို့သော သတင်းထောက်ဟူ၍ရှိသည်။

လက်ထောက်အယ်ဒီတာကား သတင်းစာ လုပ်ငန်း၌ အရေးကြီးဆုံးသော သူများတွင် အပါအဝင် တယောက်ပင်တည်း။ သူ၏အလုပ်တာဝန်ကား တနေ့အတွက် စုပေါင်းရရှိသော သတင်းမှန်သမျှကို သတင်းစာ၌ ထည့်သွင်းခြင်း မပြုမီ သတ်ပုံသတ်ညွှန်း၊ သဒ္ဒါဝါကျ မှန်ကန်ခြင်း ရှိမရှိကို စစ်ဆေး ကြည့်ရှုရသည့်အပြင် ရံဖန်ရံခါ သတင်းစာနေ့ရာ အနည်းအများအလိုက် သတင်းများကို ချုံ့တန်ချဲ့၊ ကျဉ်းတန်ကျဉ်း၍ မူမမျှက်စေဘဲ ပြုပြင်ပေးရ၏။ ထိုသို့ လိုအပ်သလို စစ်ဆေးပြုပြင်ပြီးသောအခါမှ သတင်းခေါင်းစည်းကို နောက်ဆုံး ရေးပေးရလေသည်။

သတင်းစာတွင် အထူးသီးသန့် တနေ့ရာ သို့မဟုတ် တမျက်နှာယူ၍ မိမိကြိုက်နှစ်သက်ရာ ဆောင်းပါးကို ရေးသားသူကား အခန်းဆောင်းပါးရှင်ပင် ဖြစ်သည်။ အချို့က နေ့စဉ်ရေး၍၊ အချို့က တပတ်လျှင် ၂ ကြိမ် ၃ ကြိမ်မျှသာ ရေးလေ့ရှိကြသည်။

သတင်းစာတစောင်လုံးတွင် ခေါင်းကြီး သို့မဟုတ် သတင်းစာအာဘော်သည် အဓိက အရေးအကြီးဆုံး ဖြစ်လေသည်။ ယင်းခေါင်းကြီး သို့မဟုတ်သတင်းစာအာဘော်သည် အများအားဖြင့် နိုင်ငံရေးကို မိမိသတင်းစာ၏ဝါဒနှင့် ချိန်ထိုးကြည့်ရှု၍ ပြတ်သားစွာ ဝေဖန်သုံးသပ် ရေးသားရခြင်းဖြစ်သည်။ ဤခေါင်းကြီး သို့မဟုတ် သတင်းစာအာဘော်ကို ရေးသူများကား အယ်ဒီတာအဖွဲ့ဝင်များထဲမှပင် ဖြစ်ကြသည်။ အချို့ သတင်းစာများ၌ ခေါင်းကြီးရေးရန် အထူးသီးသန့် အယ်ဒီတာများ ထားရှိကြလေသည်။

တိုင်းပြည်တပြည်တွင် သာသနာ့ဝန်ထမ်း၊ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူလူထု၊ သတင်းစာဆရာများဟူ၍ မကျိုင်ကြီးလေးခုရှိရာတွင် စတုတ္ထမကျိုင်ဖြစ်သော သတင်းစာဆရာများသည် တိုင်းပြည်တွင် အရေးအကြီးဆုံးဖြစ်သည်ဟု အင်္ဂလန်ပြည် ပါလီမန်လွှတ်တော်တွင် အက်ဒမန် ဗတ် သည် တခါက အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့ဘူးသည်။ သတင်းစာဆရာများနှင့် သတင်းစာ ထုတ်ဝေသူများ၏ လက်ထဲတွင် ကမ္ဘာကြီး၏ နောင်ရေးသည် တည်ရှိနေသည် ဟူ၍ပင် ဆိုကြ၏။ ထိုသူတို့၏ အရေးအသားများဖြင့် လူမျိုးအချင်းချင်း သို့မဟုတ် လူတန်းစားအချင်းချင်း မုန်းတီးရေးကိုလည်း ဖန်တီးနိုင်၏။ အချင်းချင်း ညီညွတ်သင့်မြတ်ရေးကိုလည်း တည်ဆောက်ပေးနိုင်၏။ လူတို့၏စိတ်ဓာတ် ပျက်စီး၍ နိမ့်ကျအောင်လည်း စုံမ်းဆောင်နိုင်၏။ လူတို့၏စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးနိုင်၏။

မျက်မှောက်ခေတ်၌ စာနယ်ဇင်းလုပ်ငန်းသည် ကမ္ဘာတွင် အရေးပါ အရာရောက်လာပြီ ဖြစ်သည့်အလျောက် စာနယ်ဇင်းအတတ်ကိုလည်း လူများသည် လေးစား၍ စိတ်ထက်သန်စွာ လေ့လာလိုက်စား သင်ယူလျက်ရှိကြလေပြီ။

အနောက်နိုင်ငံ တက္ကသိုလ်ကြီးများနှင့် အရှေ့တိုင်း တရုပ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ တက္ကသိုလ်ကြီးများ၌ စာနယ်ဇင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြ၏။

ဗြိတိန်၌ အခုိသော သတင်းစာတိုက်ကြီးများသည် စာနယ်ဇင်းအတတ်ကို သတင်းစာတိုက်တွင်း၌ လက်တွေ့သင်ကြားပေးလေသည်။ လန်ဒန်တက္ကသိုလ်ကမူ ၂ နှစ်သင်တန်း ပြီးဆုံးအောင်မြင်သူအား စာနယ်ဇင်းအတတ်ဆိုင်ရာ ဒီပလိုမာဘွဲ့ကို ပေးအပ်လေသည်။ အမေရိကန်ပြည်ထောင်စု၌ သတင်းစာအတတ်ကို ပညာရပ်တခုအဖြစ်ဖြင့် ပဌမဆုံးစတင် သင်ကြား သည့် တက္ကသိုလ်မှာ ဝစ္စကွန်းဆင်း တက္ကသိုလ်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ကြီးမှူး၍ သတင်းစာအတတ်သင်တန်း ဖွင့်ခဲ့၍၊ ၁၉၅၂ ခုနှစ်၌တဖန် ရန်ကုန်တက္ကသိုလ်တွင် သတင်းစာပညာသင်တန်း ဖွင့်ခဲ့ဘူးလေသည်။

နှစ်ပေါင်း ၁၀၀ ခန့်အတွင်း စတင်ပေါ်ထွန်းလာခဲ့သော မြန်မာ သတင်းစာ လောကဘွဲ့ သတင်းစာ လုပ်ငန်းနှင့် စပ်လျဉ်း၍ အသင်းဖွဲ့စည်းရေးကိစ္စများကို ဒုတိယကမ္ဘာစစ်ကြီး ပြီးခဲ့သည်အထိ ကျကျနန မပြုခဲ့ကြပေ။ စစ်ကြီးပြီးသည့် နောက် ၁၉၄၆ ခုနှစ် ဖေဖွဲ့ဂုလ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီး ဟူ၍၎င်း၊ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ သတင်းထောက်အသင်းကြီးဟူ၍၎င်း ပေါ်ပေါက်လာကြခြင်းသည် သတင်းစာလုပ်ငန်းအတွက် အားတက်ဖွယ်ဖြစ်ပေသည်။

စာပမလွှေ။ ။ပေစာ — ရှု။

စာပေ။ ။လူမျိုး အသီးသီး၊ ဘာသာစကား အသီးသီး တို့တွင် အများအားဖြင့် စာနှင့်စာပေရှိကြ၏။ စာနှင့် စာစပ မရှိသော လူမျိုးငယ်များမှာ ယခုအခါ ကမ္ဘာပေါ်၌ ပြောပလောက်အောင် မရှိတော့ချေ။ စာပေသည် စာမှ ပေါ်ပေါက်လာ၏။ စာဟူသည်ကား စကား၏သင်္ကေတ ဖြစ်သော အက္ခရာများကို စုပေါင်းဖွဲ့စည်း၍ စံနစ်တကျ စီစဉ်ရေးသား တင်မှတ်ထားသော အမှတ်အသားဖြစ်၏။ ဤတွင်၊ ဗျည်း သရ အက္ခရာများဖြင့် စုစည်းအပ်သော အရေးအမှတ်များသာမက၊ တရုပ်လူမျိုး၊ ရှေးရှေး အီဂျစ် လူမျိုးတို့ သုံးသော ရုပ်ပုံသင်္ကေတများမှ ဆင်းသက်လာသည့် အရေးအမှတ်များကိုပါ စာဟုခေါ်သည်။ ယခု မျက်မမြင်တို့လက်ဖျားကလေးများဖြင့်စမ်း၍ဖတ်ရသော အမှတ်ဖုကလေးများကိုလည်း စာဟုပင်ခေါ်ရပေမည်။ စာကို သုခုမအရာမြောက်အောင် (၀၀) အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင် တီထွင်သော်၊ စာပေဟု ဖြစ်လာ၏။ စာမဖြစ် ပေါ်မီ၊ စာပေ မပေါ်ပေါက်နိုင်ပေ။ အခုို ဘာသာစကားများတွင် ရှေးရှေးအခါက စာဟူ၍ မပေါ်ပေါက်သေးသော်လည်း သီချင်းများ၊ ကဗျာလင်္ကာများကို ဖွဲ့နွဲ့သီကုံးကာ စပ်ဆိုမှု ပြုကြသည်။ ယင်း ကဗျာများကို ကြားနာရသူများက စိတ်တွင် မှတ်သား၍ ပြန်လည် ရွတ်ဆိုခြင်းဖြင့် တဆင့်တဆင့် လက်ကမ်းသကဲ့သို့ ကာလရှည်မြင့်စွာ မတိမ်ကော မပျောက်ပျက်ရအောင် ထိန်းသိမ်းထားနိုင်ခဲ့ကြ၏။ သို့သော် မှတ်ဉာဏ်နှင့် စကားသံတွင်သာ အခြေတည်ထားသော ဤအဖွဲ့အနွဲ့များမှာ သုခုမအင်္ဂါဖြင့် ပြည့်စုံစေကာမူ၊ စာပေဟု ခေါ်နိုင်မည်မဟုတ်ပေ။ ဤအဖွဲ့အနွဲ့များပါဝင်သော ဘာသာစကားကို ပေ၊ ကျောက်၊ စက္ကူ၊ ချိပြား၊ ကြေးပြား စသည်တို့၌ ထွင်း၍၊ ရေး၍၊ ခြစ်၍၊ ပုံဆွဲ၍၊ ထု၍၊ အစက်အကြောင်းချ၍၊ အမှတ်အသားတင်ကာ၊ စာဟု တီထွင်ပေါ်ပေါက်လာမှပင်၊ နှုတ်ဖြင့်သာ ရွတ်ဆိုလျက် မှတ်ဉာဏ်ဖြင့်သာ ထိန်းသိမ်းခဲ့ရသော အဖွဲ့အနွဲ့ကဗျာလင်္ကာတို့သည် စာပေအရာမြောက်လေသည်။

စာရှိမှ စာပေရှိနိုင်မည်ဟူသော အထက်က အယူအဆကို ငြင်းဆိုသော ကေစိဆရာများလည်း ရှိ၏။ စာဖြင့်မှတ်တမ်းတင်ခြင်း မပြုနိုင်သော်လည်း အနုပညာသက်ဝင်သည့် အဖွဲ့အနွဲ့ကဗျာများကို စာပေဟုခေါ်နိုင်သည်ဟု ကေစိဆရာများက ဆိုပေသည်။

သုခုမ အရာမြောက်အောင်၊ အနုပညာ သက်ဝင်အောင် ဖွဲ့စည်းစီရင်သော စာမှသာလျှင်၊ စာပေအခေါ် ခံထိုက်သည်ဟူသော အယူအဆကို ယခုခေတ်မှပင် အများက လက်ခံလာကြ၏။ မြန်မာတို့တွင် စာပေဟူသောစကားသည် ရှေးခေတ်များ၌ တရားစာပေ ဟူသော အနက် ရခဲ့၏။ ကိုးခန်းပျို၌၊ 'စာပေနားဝင်၊ ငါ့ကိုသင်သည်၊ လင်လည်း စွန့်ထား၊ ယခုသွားခဲ့' ဟု စပ်ဆိုထားရာ၊ 'တရားစာပေကို နားလည်အောင် သင်ပြပေသောလင်' ဟု အဓိပ္ပါယ်ဖွင့်ကြရ၏။ တဖန် နေမိုင်ရဲခန်းပျို၌၊ 'ပုထိုးဘုရား၊ ကျောင်းကန်သွား၍၊ တရားစာပေ၊ နာပါချေအံ့' ဟု စပ်ဆိုထားရာ၊ စာပေဟူလျှင် တရားစာစုဖြစ်သည်ဟု ကျမ်းဂန်တတ်ပုဂ္ဂိုလ်များ နားလည်ယူဆခဲ့ကြ၏။ လောကုတ္တရာနှင့်ဆိုင်သော စာစုကို စာပေဟုခေါ်ခဲ့သည့် ခေတ်မှသည် လောကီနှင့်ဆိုင်သော စာစုများ ပေါ်ပေါက်ခေတ်စားလာချိန်၌ စာပေဟူသော ဝေါဟာရ၏ အနက်လည်း ပြောင်းခဲ့ရပေသည်။ ထိုကြောင့် ယခုအခါ တရားစာစုများကိုသာ စာပေဟုခေါ်လေ့ မပြုကြတော့ဘဲ၊ အနုပညာ သက်ဝင်သည့် စာမျိုးကိုလည်း စာပေဟု ခေါ်ကြသည်။ ထိုကြောင့် 'စာပေသမိုင်း' ဟူသော စာအုပ်အမည်ကို ကြားရသူတို့သည် တရားစာပါရှိသော ကျမ်းဂန်များ ပေါ်ပေါက်လာပုံ အစဉ်အလာအကြောင်း စာအုပ်မျှသာဟု မယူဆဘဲ၊ ရတုကဗျာ လင်္ကာ

နှင့်တကွ စကားပြေအဖွဲ့ အမျိုးမျိုးတို့ ရေးသားပေါ်ပေါက်လာပုံအကြောင်း စာအုပ်ဟု ချက်ခြင်း သိရှိနားလည်လာကြ၏။

သိုးဆောင်းတို့၏ အယူအဆတွင် အနုပညာသက်ဝင်သည့် စာအရေးအသားကိုသာမဟုတ်၊ ထိုစာအရေးအသားကို ဝေဖန်ခွဲခြား၊ စိစစ်အကဲဖြတ်၍ အရသာခံစားမှုကို ပေါ်လွင်စေသော အရေးအသားကိုလည်း စာပေအဆုတွင် သွတ်သွင်းထား၏။ ဖွဲ့စည်း သိကုံးမှုတွင် စကားသား အရွေးအချယ် အစီအရင်ကြောင့် သုခုမအဆုမြောက်သည်၊ ဖတ်ရှုသူ၏စိတ်နှလုံးကို လှုပ်ရှားထိခိုက်စေသည်ဟု ဆိုနိုင်သော စာမျိုးကို စာပေဟု အသိအမှတ်ပြုရပေမည်။ စာပေဟု ခေါ်ရမည့် စာမျိုး၌ သေးသိမ်သော စဉ်းစားစိတ်ကူးနည်း၊ ညံ့ဖျင်းသော အယူအဆ အကြည့်အမြင်၊ နုံ့သော ကလေးကလား အသွားမျိုးကို ပယ်၍၊ တင့်တယ်ကြည်နူး အံ့သြဖွယ်ရာသော အရေးအသား ပါရှိရုံမျှမက၊ ဖြောင့်မတ်တည်ကြည်၍ သမာဓိပြည့်စုံသောစိတ်ထားမျိုးကို ပါရှိစေရသည်။

စာပေဟု ယေဘုယျအားဖြင့် ခေါ်ဝေါ်ပြောဆိုကြသော်လည်း၊ စာပေကို ကဏ္ဍခွဲခြားရန် မလွယ်လှပေ။ စာပေအမျိုးမျိုးရှိရာ၊ အချို့တရားစာများ၊ အချို့သမိုင်းစာများ၊ အချို့မိန့်ခွန်းများ၊ အချို့သိပ္ပံအကြောင်းရပ် စာများသည် သုခုမအင်္ဂါနှင့်ပြည့်စုံ၍၊ ယင်းတို့ကိုလည်း စာပေအသိုက်အအုံတွင် ထည့်သွင်းရပေမည်။ သဘောအားဖြင့် စာပေအမျိုးမျိုးကို ကဏ္ဍခွဲရမည်ဆိုလျှင်၊ တရားစာပေ၊ သဘာဝတ္ထုဗေဒအရ လောကကြီးကို ဆင်ခြင်သုံးသပ်သောစာပေ၊ ကဗျာလင်္ကာနှင့် ပြဇာတ်စာပေ၊ သမိုင်းစာပေ၊ အပြောစာပေ၊ ဝေဖန်အကဲဖြတ်မှုစာပေနှင့် စိတ်ကူး (၀၀) စိတ်ကွန့်စာပေဟု ခွဲခြားနိုင်သည်။ သိုးဆောင်းတို့၏စာပေသည် ရှေးနှစ်ပေါင်း ၂၄၀၀ ခန့်ကစ၍ ပေါ်ပေါက်ထွန်းကားခဲ့သော ဂရိစာပေမှ သက်နှယ်ခဲ့၏။ ဂရိစာပေတွင် တရားစာပေနှင့် စိတ်ကူးယဉ် (၀၀) စိတ်ကွန့်စာပေမျိုးတို့မှ အပ၊ ဖော်ပြခဲ့သောစာပေမျိုး အစုံပါဝင်ခဲ့ပေသည်။

စာပေမှန်သမျှကို နည်းအမျိုးမျိုးဖြင့် ခွဲခြားနိုင်ပေသည်။ လူမျိုး အလိုက်၊ ဘာသာစကား အလိုက် ခွဲခြားနိုင်၏။ ဤစွယ်စုံကျမ်းတွင် ကနေဒါစာပေ၊ ဂရိစာပေ၊ ဂျာမန်စာပေ၊ အင်္ဂလိပ်စာပေ၊ စပိန်စာပေ၊ မြန်မာစာပေ စသည်ဖြင့် လူမျိုး၊ နိုင်ငံ၊ ဘာသာစကားအလိုက် ခွဲခြားကာ စာပေအမျိုးမျိုးကို ဖော်ပြထားသော ဆောင်းပါးများ မြောက်မြားစွာ ဖတ်ရှုနိုင်ပါသည်။ ခေတ်အလျောက်လည်း စာပေကိုခွဲခြားနိုင်၏။ သိုးဆောင်းစာပေတွင် ရှေးခေတ်စာပေ၊ အလယ်ခေတ်စာပေဟု ခွဲခြားနိုင်၏။ စာပေချင်းချင်း နှိုင်းရည့်၍ စာပေနှိုင်းရည့်မှုပညာဟု ပညာတရပ်အဖြစ်နှင့်လည်း ရှိပေသည်။ ဖွဲ့စည်းသိကုံးမှုကို အခြေခံထား၍၊ ဖွဲ့နည်းကို ခွဲခြားကာ၊ ကဗျာ၊ စကားပြေ၊ ပြဇာတ်၊ စာမွန် စသည့် ဆောင်းပါးများ ကိုလည်း ဤစွယ်စုံကျမ်းတွင် တွေ့ရပေမည်။ စာပေ၌ ထင်ရှား ကျော်စောသော အရှေ့တိုင်း၊ အနောက်တိုင်း စာရေးဆရာကြီးများနှင့် အလွန်အလွန် ကျော်ကြားခဲ့သောစာပေများကို သီးသန့်၍လည်း ဤကျမ်းတွင် ဖော်ပြပါရှိ၏။

စာပေဗိမာန်ဆုရစာအုပ်များ။။ ။ခရစ် ၁၉၄၈ ခုနှစ် ဇန္နဝါရီလအတွင်း၌ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ၊ 'အမှောင်ခွင်း၍ အလင်းဆောင်အံ့' ဟူသော ဆောင်ပုဒ်အရ၊ စာအုပ်အမျိုးမျိုးကို ဖြန့်ချိထုတ်ဝေခဲ့၏။ ဘာသာပြန်စာပေများ အပြင် ဘာသာပြန်မဟုတ်ဘဲ၊ တကူးတကန့်ပြုစုရသည့် စွယ်စုံကျမ်း၊ သိပ္ပံကျမ်း၊ ကျောင်းသုံးစာအုပ်၊ ပြည်တော်သာစာစဉ်၊ လူထုအိတ်ဆောင် စသော စာအုပ်၊ စာစဉ်များကို ထုတ်ဝေရုံမျှနှင့်သာ ရောင့်ရဲတင်းတိမ်ခြင်း မရှိခဲ့ပေ။ ထိုကြောင့် အသင်း၏ရည်ရွယ်ချက်များတွင် အပါအဝင်ဖြစ်သော စာပေနှင့် မြန်မာ့ယဉ်ကျေးမှု မြှင့်တင်အားပေးရေးအတွက် စာပေလောကတွင် စာကောင်းပေကောင်းများ ထွက်ပေါ်လာစေရန် ရည်သန်၍ စာပေဗိမာန်ဆုများကို နှစ်စဉ်ပေးခဲ့၏။ ဆုအသီးသီးအတွက် စဉ်းစားခြင်းခံရသည့် စာအုပ်များမှာ အသင်းထုတ်စာအုပ်များ မဟုတ်စေရချေ။ ပြင်ပမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်များဖြစ်ရသည်။ သို့သော် အသင်းဝန်ထမ်း တဦးဦးက ရေးသော စာအုပ်ဖြစ်ပါက၊ ယင်းစာအုပ်ကို ပြင်ပမှ ပုံနှိပ်ထုတ်ဝေခဲ့ပါလျှင်၊ ထိုစာအုပ်



ပဌမဆုံး စာပေဗိမာန်ဝတ္ထုဆုရ 'မိုးအောက်မြေပြင်' ကိုရေးသူ စာရေးဆရာမင်းအောင် (၁၉၄၈)

သည် ဆုအတွက် ရွေးချယ်ခံနိုင်ခွင့်ရှိ၏။ အရွေးခံရသော စာအုပ်များ၏ မူပိုင်ကိစ္စမှာ၊ ဘာသာပြန်စာပေအသင်းနှင့် မသက်ဆိုင်ပေ။ အသင်းတည်ထောင်သည့်နှစ် အတွင်းမှာပင်၊ ဘာသာပြန်မဟုတ်သော အကောင်းဆုံးဝတ္ထုကို စာပေဗိမာန်ဆုအဖြစ်ဖြင့် ငွေတထောင် နှစ်စဉ်ခြီးမြှင့်ရန် ဆုံးဖြတ်ကျေညာခဲ့၏။ ထိုသို့ဆုံးဖြတ်ခဲ့သည့်အတိုင်း၊ ပဌမစာပေဗိမာန်ဆုမှာ၊ ၁၉၄၈ ခုနှစ်အတွင်းက ထုတ်ပေါ်ထုတ်ဝေခဲ့သော ဝတ္ထုများထဲမှ အကောင်းဆုံးဆု အဖြစ်ဖြင့် မင်းအောင်ရေး 'မိုးအောက်မြေပြင်' ကို ရွေးချယ်၍ ၁၉၄၉




ဝတ္ထုဆုရ 'မင်းမှူထမ်း' ကိုရေးသူ စာရေးဆရာတက်တိုး (၁၉၅၀)

ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဆုနှင်းသဘင်ကျင်းပကာ ပေးအပ်ခဲ့သော စာပေဗိမာန်ဝတ္ထုဆုဖြစ်၏။ စာပေဗိမာန်ဝတ္ထုဆု ပေါ်ပေါက်လာပြီးနောက် နှစ်နှစ်ခွဲခန့်ကြာသော အခါ၊ အကောင်းဆုံး ဘာသာပြန်စာအုပ်ကို ရွေးချယ်၍ ဆုပေးရန် ဆုံးဖြတ်လိုက်၏။ သို့သော် ပဌမအကြိမ်တွင် တနှစ်အတွင်း ထုတ်ပေါ်ခဲ့သည့် ဘာသာပြန်စာအုပ်များကိုသာ မစဉ်းစားဘဲ၊ စစ်ပြီးနှစ် ၁၉၄၅ ခုမှ ၁၉၅၂ ခုနှစ် ကုန်အထိ၊ ထုတ်ပေါ်ခဲ့သော ဘာသာပြန်စာအုပ်များကိုပါ စဉ်းစားရွေးချယ်ရန် ဆုံးဖြတ်ခဲ့ရာ၊ စာပေဗိမာန် ဘာသာပြန်ဆုကို ပဌမအကြိမ်အဖြစ်ဖြင့် ၁၉၅၃ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပခဲ့သော ဆုနှင်းသဘင်၌သာ ပေးခဲ့လေသည်။

၁၉၅၁ ခုနှစ်မှစ၍၊ ဝတ္ထုလည်းမဟုတ်၊ ဘာသာပြန်လည်းမဟုတ်သော စာစောင်စာအုပ်များကို ထည့်သွင်းစဉ်းစား၍ ဆုပေးရန် ဆုံးဖြတ်လေရာ၊ စာပေဗိမာန်၌ စာပဒေသာဆု တဆု တိုးလာလေသည်။ ထိုဆုကို ၁၉၅၂ ခုနှစ် အောက်တိုဘာလ တွင် ကျင်းပခဲ့သော ဆုနှင်း သဘင် တွင် ပဌမအကြိမ် ပေးခဲ့လေသည်။ လက်ဦးအစတွင် ဤစာပဒေသာဆုမှာ၊ ဗဟုသုတဆိုင်ရာ မြန်မာစာပေ တိုးတက်ကြီးပွားစေရန် ရည်ရွယ်သည်ဖြစ်၍၊ နိုင်ငံသမိုင်း၊ လူ့သမိုင်း၊ ခရီးသွားမှတ်တမ်း၊ စာပေဝေဖန်မှု၊ အတ္ထုပ္ပတ္တိမှအစ စာပေမြောက်သည့် စာမှန်စာစုများ အပါအဝင် စာအုပ်အမျိုးမျိုးကို ထည့်သွင်းစဉ်းစား၍ ပေးသောဆု ဖြစ်ပေသည်။ သို့ရာတွင် ဆုအတွက် စဉ်းစားရမည့် စာအုပ် နယ်ပယ်မှာ ကျယ်ပြန့်လွန်းရကား၊ ဗဟုသုတပေးသည့် စာအုပ်မျိုးကို သုတပဒေသာဆုတခု တိုးကာပေးရန် ၁၉၅၄ ခုနှစ် အစပိုင်းတွင် ဆုံးဖြတ်လိုက်၏။ ပဌမ သုတပဒေသာဆုမှာ ၁၉၅၃ ခုနှစ်တွင်ထုတ် ဗဟုသုတပေး စာအုပ်များအတွက် ဖြစ်၍၊ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလတွင်း၌ ကျင်းပသော ဆုနှင်းသဘင်တွင် ပဌမအကြိမ် ပေးခဲ့သည်။ ထို ၁၉၅၃ ခုနှစ်မှစ၍ စာပဒေသာဆုမှာ စာပေသဘော၊ ယဉ်ကျေးမှုသဘော၊ အနုပညာသဘော သက်ဝင်သည့် စာအုပ်များအတွက် သတ်မှတ်လျာထား၍၊ သုတပဒေသာဆုမှာ ဗဟုသုတအမျိုးစုံကို စာဖတ်သူ ပရိသတ်အား ပေးစွမ်းနိုင်သော စာအုပ်များအတွက် ခွဲခြားသတ်မှတ်ထား၏။

သို့အတွက်၊ ယခုအခါ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက နှစ်စဉ် ဆုနှင်းသဘင်ကျင်းပ၍ ပေးနေသော စာပေဗိမာန်ဆုများမှာ ဆု ၄ ဆုဖြစ်၏။ သို့သော် နှစ်စဉ်နှစ်တိုင်း ဆု ၄ ဆုစလုံးကို ပေးဖြစ်သည်မဟုတ်ချေ။



'တပ်ထဲကမြတ်ကိုကို' ဝတ္ထုဖြင့် စာပေဗိမာန်ဝတ္ထုဆုရ စာရေးဆရာသာဓု (၁၉၅၁)



စာပဒေသာဆုရ 'ဆင်ယင်ထုံးဖွဲ့မှု' ကျမ်းပြုဆရာ ရွှေကိုင်းသား အမည်ခံ ရဟန်းတော်ဦးသောဘိတ (၁၉၅၁)

အချို့နှစ်များတွင် သင့်လျော်သော၊ အဆင့်အတန်းမှီသော စာအုပ်ကောင်း မရပါက၊ ဆိုင်ရာဆုကို မပေးဘဲ ချန်ထား၏။ စာပေဗိမာန်ဘာသာပြန်ဆုမှလွဲ၍ အခြားဆုရ သူပုဂ္ဂိုလ်များသည် ဆုနှင်းသဘင် မကျင်းပမီ၊ ဆုရသောစာအုပ်များကို မိမိပင်ကိုယ်ဥာဏ်ဖြင့် ရေးသားပြုစု၍ တိုက်ရိုက်ဖြစ်စေ၊ မှီး၍ဖြစ်စေ ဘာသာပြန်ခြင်း၊ တပါးသော ဝတ္ထု၊ ကျမ်း စသည်တို့မှ စာကိုဖြစ်စေ၊ သဘောသွားကိုဖြစ်စေ ကူးယူခြင်း အလျင်းမပြုကြောင်းကို ဝန်ခံချက် ရေးသားပေးရသည်။

ယခုအခါ ဆု ၄ ဆုသာရှိသော်လည်း၊ နောင်ကို ဆုများတိုးလာရန် အကြောင်းရှိ၏။ ကဗျာနှင့် ပြဇာတ်စာပေ၊ ကလေးများအတွက်စာပေနှင့် ဝတ္ထုတိုစာပေ စသည့် စာပေကဏ္ဍများတွင် ဆုပေးရန် အချို့က လိုလားကြသည်ဖြစ်၍၊ ဆုပေးရေးဆိုင်ရာအဖွဲ့က စဉ်းစား ဆွေးနွေးဆဲဖြစ်သည်။ စာပေဗိမာန် ဘာသာပြန်ဆု၏ ငွေတန်ဖိုးကိုလည်း မြှင့်တင်ရန် စဉ်းစားဆွေးနွေးဆဲဖြစ်သည်။

စာပေဗိမာန် ဝတ္ထုဆုမှတ်တမ်း

စာပေဗိမာန်ဝတ္ထုဆုသည် သိုးဆောင်းပြကွဒိန် တနှစ်အတွင်း ထုတ်ဝေခဲ့သည့် မြန်မာဝတ္ထုရှည်များထဲမှ အကောင်းဆုံးဝတ္ထုကို ရွေးချယ်၍ ပေးသောဆု ဖြစ်သည်။ ရည်ရွယ်ချက်နှင့် ဆန့်ကျင်နေသောကြောင့် ဆုအတွက် ရွေးချယ်ခြင်းငှာ မသင့်လျော်ဟု ဆုံးဖြတ်ခဲ့လေသည်။

နှစ်	ဆုရဝတ္ထု	စာရေးဆရာ
၁၉၄၈	မိုးအောက်မြေပြင်	မင်းအောင်
၁၉၅၀	မင်းမထမ်း	တက်တိုး
၁၉၅၁	တပ်ထဲကမြတ်ကိုကို	သာဓု
၁၉၅၄	ငမဲကျွန်	စစ်ကိုင်းဦးဘိုးသင်း

၁၉၄၉၊ ၁၉၅၂၊ ၁၉၅၃ ခုနှစ်များတွင် သင့်လျော်သော ဝတ္ထု၊ အဆင့်အတန်းမှီသောဝတ္ထုမရှိဟု ရွေးချယ်ရေးအဖွဲ့က ဆုံးဖြတ်လိုက်လေသည်။ ၁၉၄၉ ခုနှစ်ထုတ် ဝတ္ထုမျှားထဲမှ ဝတ္ထုတအုပ်မှာ အဆင့်အတန်း ကောင်းစွာမှီသော်လည်း ပါတီသံယောဇဉ်ကိုငဲ့၍ အငြိုအစွန်း မကင်းသဖြင့် အငြင်းပွားမှု ဖြစ်ပေါ်စေတတ်ခြင်း တို့ကို ရှောင်ရှားရမည် ဟူသော အသင်း၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်နေသောကြောင့် ဆုအတွက် ရွေးချယ်ခြင်းငှာ မသင့်လျော်ဟု ဆုံးဖြတ်ခဲ့လေသည်။

စာပေဗိမာန်ဝတ္ထုဆုအတွက် ထည့်သွင်း စဉ်းစားသော ဝတ္ထုဦးရေမှာ အောက်ပါအတိုင်းဖြစ်၏။

၁၉၄၈	ခုအတွင်းထုတ်	.....	၆၆ အုပ်
၁၉၄၉	„ „	.....	၄၀ „
၁၉၅၀	„ „	.....	၅၄ „
၁၉၅၁	„ „	.....	၄၅ „
၁၉၅၂	„ „	.....	၅၂ „
၁၉၅၃	„ „	.....	၃၆ „
၁၉၅၄	„ „	.....	၄၃ „

စာပေဗိမာန်ဝတ္ထုဆုများနှင့် စပ်လျဉ်း၍ ဆုရှေးချယ်ရေးအဖွဲ့က မှတ်ချက် ချခဲ့သည်များကို ဖော်ပြသင့်ပေသည်။ ၁၉၄၈ ခုနှစ်အတွက် ဆုရှေးခံရသော မိုးအောက်မြေပြင် ဝတ္ထုအား မည်သို့အကြောင်းကြောင့် ရွေးချယ်ခဲ့သည်ကို မှတ်တမ်းတင်ထား၍၊ 'မိုးအောက်မြေပြင် ဝတ္ထုသည် တောရွာဖွဲ့ ဝတ္ထုကောင်းတပုဒ်ဖြစ်၍ ရေးသားသူ မင်းအောင်သည် အထက်အညာ တောရွာ၏ သဘောတခုကို ထင်ရှားစာ ဖွဲ့နိုင်သည်။ ဇာတ်လမ်းမှာ ငြီးငွေ့ဖွယ်မရှိ၊ ရိုးရိုးကလေးနှင့် သဘာဝကျသည်။ လောကဥစ္စာ ဖြစ်ပျက်တတ်သော သဘောမျိုးကိုလည်း ထင်ရှားစေသည်။ ဝတ္ထုလုပ်ငန်း မဟုတ်လှသည့် အလှုန်အကျဲ အနည်းငယ် ပါသော်လည်း၊ အဆင့်အတန်းမှီသည်။ အတွေးအခေါ်နှင့် အရေးအသားမှာ တခုကိုတခုမလွန်၊ နွားပြေးနွားလိုက်ညီသည်' ဟု မှတ်ချက်ချခဲ့သည်။

၁၉၅၀ ပြည့်နှစ်ထုတ် ဝတ္ထုများထဲမှ ရွေးချယ်ခံရသော မင်းမူထမ်းဝတ္ထုသည် 'ရိုးရိုးကျင့်၊ မြင့်မြင့်ကြဲလိုသော လူငယ်တဦး၏ ကြိုးပမ်းမှုများကို ထင်ရှားအောင် သရုပ်ဖော်နိုင်သော ကုဏ်နှင့် ပြည့်စုံပေသည်။ လူ့ဇာတိကို ဖော်ထုတ်ခြင်းလည်း နိုင်နင်းသည်။ ဇာတ်ကွက်ဇာတ်လမ်း ဆင်ထုတ်ခြင်းလည်း ရိုးရိုးနှင့် သဘာဝကျသည်။ စာအရေးအသားလည်း ပြေပြစ်ကျစ်လစ်၍ ကွန်ခြေရှိသည်' ဟု ရွှေးချယ်ရေးအဖွဲ့က မှတ်ချက်ချခဲ့၏။

၁၉၅၁ ခုနှစ်ထုတ် ဝတ္ထုများထဲမှ ရွေးချယ်ခြင်းခံရသော တပ်ထဲကမြတ်ကိုကို ဝတ္ထုနှင့် စပ်လျဉ်း၍၊ 'စာရေးဆရာသည် ဤဝတ္ထုတွင် လက်နက်ကိုင် ရာထမ်းမှုထမ်းများနှင့် အရပ်သားတို့ ဆက်ဆံရေးကို မူတည်၍ ဆက်ဆံရေး အကောင်းအဆိုး နှစ်ဖက်စလုံးတို့ကို ထင်ရှားစွာ သရုပ်ဖော်နိုင်သည်။ စကား အခြီအခဲ အပြန်အလှန် ပြောဆိုပုံကို ရေးသားသည့်အရာတွင် နှစ်သက်ဖွယ်ကောင်းသည်။ ဤဝတ္ထုတွင် လိုလားသလောက် မပြည့်စုံသေးဟု ဆိုနိုင်သော်လည်း၊ စာရေးဆရာ၏ ရည်မှန်းချက်ကို ကလောင်ဖြင့် သယ်ယူသွားပုံမှာ အောင်မြင်သည်' ဟု ဆုရှေးချယ်ရေးအဖွဲ့က မှတ်တမ်းတင်ခဲ့၏။

၁၉၅၄ ခုနှစ် အတွင်းထုတ် ဝတ္ထုများအနက် ငမဲကျွန်ဝတ္ထုကို ဆုအတွက်ရွေးလိုက်ရာ၊ အဖွဲ့၏မှတ်ချက်မှာ၊ 'ငမဲကျွန် ဝတ္ထုမှာ ရွေးလူကြီးများ အရေးအသား ထုံးနည်းတမျိုး ဖြစ်သည့်အပြင်၊ အားရှိသော အရေးအသားမျိုး ဖြစ်၍၊ ဝတ္ထုဆင်ပုံ ရေးသားပုံ စေ့စပ်ပြီးလျှင် မှတ်သားဖွယ် အများအပြားပါရှိသည်' ဟူ၍ ဖြစ်သည်။

စာပေဗိမာန် ဘာသာပြန်ဆုမှတ်တမ်း

စာပေဗိမာန်ဘာသာပြန်ဆုကို ပေးရန် ၁၉၅၁ ခုနှစ်က ဆုံးဖြတ်ခဲ့သည့်အတိုင်း၊ ၁၉၄၅ ခုမှ ၁၉၅၂ ခုနှစ်အထိ ပေါ်ပေါက်သော ဘာသာပြန်စာအုပ်များကို စုပေါင်းထည့်သွင်းစဉ်းစားခဲ့လေသည်။ ထိုသို့များပြားလှသော ဘာသာပြန်စာအုပ်များထဲမှ၊ အင်္ဂလိပ် ဝတ္ထုရေးဆရာ ချားဒစ်ကင်၏ 'ဂရိတ်အိတ်စပက်တေးရှင်း' ခေါ် ဝတ္ထုကို ဘာသာပြန်ထားသော မြော်တလင့်လင့် ခေါ် ဝတ္ထုကို ရွေးချယ်လိုက်၏။ ရေးသူမှာ နာမည်ကျော် စာရေးဆရာကြီးရွှေဥဒေါင်းဖြစ်ပေသည်။ ၁၉၅၃ ခုနှစ်မှစ၍မူ၊ ပြက္ခဒိန် တနှစ်အတွင်းထုတ်ဝေပုံနှိပ်ခဲ့သည့် ဘာသာပြန်စာအုပ်များကိုသာ ရွေးချယ်ရေးအဖွဲ့က ဖတ်ရှုစဉ်းစားကြသည်။ စာပေဗိမာန်ဘာသာပြန်ဆု၏ ရည်ရွယ်ချက်မှာ၊ နိုင်ငံခြား ဘာသာ တရပ်ရပ်မှ ကမ္ဘာ့စာပေ အဆင့်အတန်းမှီသော စာအုပ်များကို မြန်မာဘာသာသို့ ပြန်ဆိုမှု အားပေးရန်နှင့် ဘာသာပြန်မှုအဆင့်အတန်း မြှင့်တင်ရန်အတွက် ဖြစ်သည်။ ဆုမှာ ၇၅၀ တန်ဆုဖြစ်၏။ စည်းကမ်းချက်များ သတ်မှတ်ထားသည်မှာ၊ မူရင်းစာအုပ်သည် ကမ္ဘာ့ဂန္ထဝင်ဟု ခေါ်ဆိုရမည့် စာကြီးပေကြီးသမိုင်း အပါအဝင် စာအုပ်ဖြစ်ရမည်။ တနည်းအားဖြင့် စာပေအင်္ဂါနှင့် ပြည့်စုံညီညွတ်၍ ကမ္ဘာ့စာပေတိုတွင် ထင်ရှားသော စာအုပ်မျိုးဖြစ်ရမည်။ မူရင်းစာအုပ်သည် ဝတ္ထုဖြစ်ရန်မလိုပေ။ ဥပမာအားဖြင့် ပလေးတို၏ 'ရီပတ်ဘလစ်'၊ ကွန်ဖူးဇီး၏ အထွေထွေစာစုများစသည့် စာအုပ်တို့မှာ ဝတ္ထုမဟုတ်သော်လည်း ကမ္ဘာ့စာပေထဲတွင် အပါအဝင်ဖြစ်၏။ စာပေဗိမာန်ဘာသာပြန်ဆုအတွက် စဉ်းစားသည့် စာအုပ်များမှာ (၁) ကမ္ဘာ့စာပေဟု အသိအမှတ် ပြုနိုင်လောက်အောင် ထင်ရှားကျော်ကြားသော မူရင်းစာအုပ်မှ ဘာသာပြန်ထားခြင်း ဖြစ်ရမည်။ (၂) ဝတ္ထုသာမဟုတ်ဘဲ၊ မည်သည့်စာပေမျိုးမဆို



ဘာသာပြန်ဆုရ 'မြော်တလင့်လင့်' ဝတ္ထုရေးသူ စာရေးဆရာကြီးရွှေဥဒေါင်း (၁၉၄၅–၁၉၅၂)

ဖြစ်နိုင်သည်။ (၃) မူလစာရေးဆရာ၏ အာဘော်နှင့်လက်ရာတို့ကို မပျက်စေဘဲ ဘာသာပြန်စွမ်းနိုင်မှုကို အဓိကထားသည်။ အစ အလယ် အဆုံး တတ်နိုင်သမျှ ပြည့်စုံစွာ ဘာသာပြန်ထားရမည်။ အစိတ်အပိုင်းများ ချန်ထားခြင်း၊ အလွန်အမင်း အကျဉ်းချုံးခြင်း မရှိစေရ။ (၄) ဆိုလျော်အောင်ပြန်နည်းဖြင့် ပြန်ထားပါက၊ မူရင်းစာအုပ်ကို မမှတ်မိနိုင်လောက်အောင် ပြောင်းလဲထားခြင်း မရှိစေရ။ မူရင်းကျမ်း၏ အနှစ်သာရ မပျက်စေရဘဲ၊ အနည်းငယ်မျှကိုသာ ပြုပြင်ပြောင်းလဲနိုင်သည်။ တိုက်ရိုက်ဘာသာပြန်ခြင်းကို ရွေးချယ်ရေးအဖွဲ့က ပိုမိုအားပေးမည်။ (၅) ဘာသာပြန်မှုဌ် တိကျမှန်ကန်၍၊ မြန်မာ့အသုံးအနှုန်း ပီသစွာရှိရမည်။ အဓိပ္ပါယ်ရှင်းလင်း၍ ဖတ်ပျော်ရမည် ဟူသော စည်းကမ်းချက်များနှင့် ညီညွတ်ရပေသည်။

စာပေဗိမာန်ဘာသာပြန်ဆုရ စာအုပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

နှစ်	ဆုရစာအုပ်	စာရေးဆရာ
၁၉၄၅ မှ ၁၉၅၂	မြောက်တလင်းလင့်	ရွှေဥဒေါင်း
၁၉၅၄	အိစွတ်ပုံပြင်များ	မင်းယုဝေနှင့်ဒွေတာရီ

၁၉၅၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော ဘာသာပြန်စာအုပ်များအနက် ဆုရွေးချယ်ရေး စည်းကမ်းနှင့် ညီညွတ်သော ဘာသာပြန်စာအုပ် မရှိသဖြင့် ဆုမပေးခဲ့ပေ။

ဘာသာပြန်ဆုအတွက် စဉ်းစားသော စာအုပ် အရေအတွက်မှာ ၁၉၄၅ ခုမှ ၁၉၅၁ ခုနှစ်ကုန်အထိ ၅၆ အုပ်၊ ၁၉၅၂ ခုနှစ်အတွင်းထုတ် ၁၇ အုပ်၊ ၁၉၅၃ ခုနှစ်ထုတ် ၁၆ အုပ်၊ ၁၉၅၄ ခုနှစ်ထုတ် အုပ် ၂၀ ဖြစ်သည်။

စာပေဗိမာန် စာပဒေသာဆုမှတ်တမ်း

စာပဒေသာဆုမှာ တနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်၊ ဝတ္ထု၊ ဘာသာပြန်၊ ကဗျာ၊ ပြဇာတ် မဟုတ်ဘဲ စာပေသဘော၊ ယဉ်ကျေးမှုသဘော၊ အနုပညာသဘော သက်ဝင်သည့် စာအုပ်များအတွက် သတ်မှတ်ထားသည့် တထောင်တန်ဆုဖြစ်၏။ ဤဆုအတွက် စဉ်းစားရွေးချယ်ရာတွင် ဗဟုသုတသက်သက်ပေးရန် ရည်ရွယ်သည့် စာအုပ်များ မပါပေ။ စာပေဝေဖန်မှု ပါရှိသော စာအုပ်များ၊ စာမှန်စာစုများ၊ ကိုယ်တွေ့မှတ်တမ်းများ အစရှိသည့် စာအုပ်မျိုးသည် စာပဒေသာဆုကို မှန်းနိုင်ပေသည်။ သုတေသနစာပေ၊ နိုင်ငံသမိုင်း၊ လူ့သမိုင်း၊ ခရီးသွားမှတ်တမ်း၊ အတ္ထုပ္ပတ္တိ စသည့် စာအုပ်များကိုမူကား၊ အရေးအသား အစီအစဉ်၊ ရေးသားသူ၏ ရည်ရွယ်ချက်ကိုလိုက်၍ စာပေသဘော၊ သုခုမသဘော၊ ယဉ်ကျေးမှုသဘော သက်ဝင်ပါက၊ စာပဒေသာဆုအတွက် ထည့်သွင်းစဉ်းစားနိုင်၍၊ ဗဟုသုတသက်သက်ရခြင်းသာ အကျိုးဖြစ်ထွန်းစေသည့် စာအုပ်မျိုးဖြစ်ပါက၊ သုတပဒေသာဆုအတွက် ထည့်သွင်းစဉ်းစားခြင်းပြု၏။ စာပဒေသာဆုအတွက် စည်းကမ်းတရပ်မှာ ထည့်သွင်းစဉ်းစားသော စာအုပ်များသည် အနည်းဆုံး ဒါဇယ်ကရောင်း ၁၆ ချိုးအလွယ် စာမျက်နှာတရာကျော်ရှိ၍၊ ကျမ်းတစောင်တဖဲ့ဟု ယူဆနိုင်သည့် စာအုပ်မျိုးဖြစ်ရမည်ဟူ၏။ စာသားပင် အဆင့်အတန်း မှီစေကာမူ၊ စာမျက်နှာ အနည်းငယ်သာရှိ၍ စာအုပ်အင်္ဂါနှင့် မပြည့်စုံပါမူ ဆုအတွက်မမှန်းနိုင်ပေ။

ပဌမအကြိမ်ဖြစ်သော ၁၉၅၁ ခုနှစ်အတွက် စာပဒေသာဆုကို ရွှေကိုင်းသား အမည်ခံ ရဟန်းတော် ဦးသောဘိတက ‘ဆင်ယင်ထုံးဖဲ့မှု’ စာအုပ်ဖြင့် ဆွတ်ခူးခဲ့၏။ ထိုစာအုပ်နှင့် ပတ်သက်၍ ရွေးချယ်ရေးအဖွဲ့က ‘ရှာဖွေစုံစမ်း၍ ရေးသားရသော မြန်မာ့ယဉ်ကျေးမှု အကြောင်းအရာများအနက် ဆင်ယင်ထုံးဖဲ့မှုကျမ်းပါ အကြောင်းအရာသည် အားပေးထိုက်သော အကြောင်းမျိုးဖြစ်သည်’ ဟု မှတ်ချက်ရေးခဲ့၏။ ထိုနှစ်တွင်းထုတ် စာအုပ် ၁၁ အုပ်ကို စာပဒေသာဆုအတွက် ထည့်သွင်းစဉ်းစားခဲ့သည်။

၁၉၅၂ ခုနှစ်ထုတ် စာအုပ်များ အနက်၊ ၉ အုပ်ကို စာပဒေသာဆုအတွက် စဉ်းစားစစ်ဆေးခဲ့ရာ၊ ဂျာနယ်ကျော်တင့်ဆွေရေး သတင်းစာအခြေခံပညာ စာအုပ်ကို ဆုအတွက် ရွေးချယ်လိုက်သည်။ ‘ဤစာအုပ်တွင် စာရေးသူသည် မိမိ ဖတ်ရှုဆည်းပူးခဲ့သော သုတနှင့် တွေ့ကြုံဆည်းပူးခဲ့သော မှတ်တို့ကို ပေါင်းရုံးရေးသားထားသည်ဖြစ်ရာ၊ နှစ်သက်ဖွယ်ဖြစ်သည်’ ဟု ရွေးချယ်ရေးအဖွဲ့က မှတ်ချက်တင်ပြခဲ့၏။



စာပဒေသာဆုရ ‘သတင်းစာအခြေခံပညာ’ ပြုစုသူ စာရေးဆရာ ဂျာနယ်ကျော်တင့်ဆွေ (၁၉၅၂)

စာပဒေသာဆုအတွက် စဉ်းစားရန် ၁၉၅၃ ခုနှစ်ထုတ်စာအုပ် ၂၀ ရရှိရာ၊ ၁၀ အုပ်ခန့်မှာ ဗဟုသုတပေးရန်သက်သက် ရည်ရွယ်သည့် စာအုပ်မျိုးဖြစ်နေသဖြင့် သုတပဒေသာဆုဟု တဆုတိုးပေးရန် ရွေးချယ်ရေးအဖွဲ့က အကြံပေးရာ၊ ထိုအကြံကို အသင်း အုပ်ချုပ်ရေး အဖွဲ့က လက်ခံ လိုက်လေသည်။ ထိုနှစ် အတွက် စာပဒေသာဆု ပေးရန် ကျန်ရှိသော ၁၀ အုပ်ကို အထပ်ထပ် စဉ်းစားစစ်ဆေးသော်လည်း၊ အဆင့်အတန်းမှီသော စာအုပ်များအနက် စည်းကမ်းနှင့် မကိုက်ညီသော စာအုပ်များသာ ဖြစ်နေသဖြင့် စာပဒေသာ ဆုကို မပေးခဲ့ပေ။

၁၉၅၄ ခုနှစ်ထုတ် စာအုပ်များအနက်မှလည်း၊ ၄ အုပ်သာ စာပဒေသာဆုအတွက် စဉ်းစားခဲ့နိုင်ပေသည်။ ထို ၄ အုပ်မှာလည်း ဆုပေးလောက်သည့်အခြေသို့မရောက်ဟု ရွေးချယ်ရေးအဖွဲ့က ယူဆသဖြင့် ထိုနှစ်အတွက် စာပဒေသာဆု မပေးရချေ။

စာပေဗိမာန် သုတပဒေသာဆုမှတ်တမ်း

အထက်ကရေးခဲ့သည့်အတိုင်း သုတပဒေသာဆုမှာ ၁၉၅၄ ခုနှစ်တွင်မှ ဆုံးဖြတ်ကျေညာ၍ ၁၉၅၃ ခုနှစ်ထုတ် စာအုပ်များအနက်မှ ပဌမအကြိမ် ရွေးချယ်၍ပေးသော ဆုဖြစ်သည်။ ဆုမှာ တထောင်တန်ဆုဖြစ်၏။ ဆု၏ရည်ရွယ်ချက်မှာ ဗဟုသုတပေးသည့် စာအုပ်များ၊ သုတေသနမူပါဝင်သည့် စာအုပ်များ၊ အသုံးဝင်မည့် အချက်အလက်များ ပါရှိသည့် စာအုပ်များ မြန်မာဘာသာဖြင့် အမြောက်အမြားပေါ်ထွက်စေရန် ဖြစ်သည်။ ဤဆုကို ရည်မှန်းနိုင်သော စာအုပ်များသည် မူအားဖြင့် ဘာသာပြန်စာအုပ်များ မဖြစ်စေရချေ။ သို့သော် သုတပဒေသာသဘော သက်ဝင်ရန်မှာ အချက်အလက်နှင့် အကြောင်းရပ်များကို အခြားကျမ်းမှ မကိုးကားဘဲ မဖြစ်နိုင်ချေ။ ထိုကြောင့် ပင်ကိုယ်ဥာဏ်သက်သက်ဖြင့် ရေးသော စာအုပ် ဟူ၍ လုံးဝ ဖြစ်နိုင်မည် မဟုတ်ပေ။ မှိုင်မှိုင်းပြုသော အကိုးအကားတို့ကို သုတပဒေသာဆုစာအုပ်၌ လက်ခံနိုင်ပေသည်။

၁၉၅၃ ခုနှစ်ထုတ် စာအုပ်များအနက်၊ ၁၀ အုပ်ကို သုတပဒေသာဆုအတွက် စဉ်းစား စိစစ်ပြီးနောက်၊ ဦးမျိုးစင် ရေး ဒေသန္တရအုပ်ချုပ်ရေး စာအုပ်ကို ရွေးချယ်လိုက်၏။ 'ဤစာအုပ်သည် ခေတ်နှင့် လျော်ညီသည်။ စာရေးသူသည် ဒေသန္တရအုပ်ချုပ်ရေးနှင့် သက်ဆိုင်သော အခြေခံသဘောတရားများကို ရှင်းလင်းစွာ ရေးသားထားသည်' ဟု ရွေးချယ်ရေးအဖွဲ့က မှတ်ချက်ချခဲ့၏။

၁၉၅၄ ခုနှစ်ထုတ် စာအုပ်များအနက်၊ ၆ အုပ်မှာ သုတပဒေသာဆုအတွက် စိစစ်စဉ်းစားခြင်းခံရသော်လည်း ဆုနှင့် ထိုက်တန်လောက်အောင် ကျေနပ်ဖွယ်ရာမရှိဟု ရွေးချယ်ရေးအဖွဲ့က အစီရင်ခံ၏။ ထိုစာအုပ် ၆ အုပ်အနက် တအုပ်ကို အဆင့်အတန်းမှီသည်ဟု ယေဘုယျအားဖြင့် ယူဆနိုင်သော်လည်း၊ စာအုပ်၌ ဖော်ပြပါ အချက်အလက်များ၊



သုတပဒေသာဆုရ 'ဒေသန္တရအုပ်ချုပ်ရေး' စာအုပ်ကိုရေးသားသူ ဦးမျိုးစင် (၁၉၅၃)

ဂဏန်းများ၊ စာရင်းများကို ကိုးကားထား၌ မူရင်းကို တိကျစွာ ကိုးကားညွှန်းဆိုနိုင်ခြင်း မပြုသည်မှာ ကျမ်းပြုပုဂ္ဂိုလ်တို့၏ ဝတ်တရား မကျေပြန်ရာကျသဖြင့် ထိုစာအုပ်မှာ ဆုနှင့်လွဲ၍ သွားချေသည်။

စာပေဗိမာန် ဆုနှင်းသဘင်မှတ်တမ်း

စာပေဗိမာန်ဆုများကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း တည်ထောင်ဌာနဖြစ်သော ရန်ကုန်မြို့၊ ပြည်လမ်းရှိ စာပေဗိမာန်တွင် နှစ်စဉ် ခမ်းနားစွာ ဆုနှင်းသဘင်ကျင်းပ၍ အသင်းဥက္ကဋ္ဌကြီး၊ ဝန်ကြီးချုပ်ဦးနု မျက်မှောက်တွင် ပေးအပ် ခြီးမြှင့်၏။ ထို ဆုနှင်းသဘင် များသို့ ဝန်ကြီးများ၊ သံတမန်များ၊ သံအရာရှိများ၊ အရာရှိကြီးငယ်များ၊ စာရေးဆရာများ၊ စာပေလိုက်စားသူများ၊ တက္ကသိုလ် ပါမောက္ခများ၊ ကျောင်းသူကျောင်းသားများမှအစ ပြည်သူပြည်သား အမြောက်အမြား စည်ကားသိုက်ဝန်းစွာ တက်ရောက်၍ ဆုရသူ ပုဂ္ဂိုလ်များအား ခြီးကျူးဂုဏ်ပြုကြ၏။ ထိုစာပေဗိမာန် ဆုနှင်းသဘင်ပွဲတွင်အသင်းဥက္ကဋ္ဌဝန်ကြီးချုပ်ဦးနု

ကာ သဘာဝတိမိန့်ခွန်း မြွက်ကြားမြဲ ဖြစ်သည်။ နှစ်စဉ် နှစ်တိုင်းပင်၊ • ထိုမိန့်ခွန်းတွင် ဘာသာပြန်အသင်း၏ လုပ်ငန်းများကို အကျဉ်းချုံး တင်ပြသည့်အပြင် စာပေတိုးတက်မှု ရေးထုများ၊ စာပေသမိုင်း အစဉ်အလာများနှင့် လက်ရှိ စာပေအခြေအနေများကို သုံးသပ်ဆွေးနွေးချက်များ ပါဝင်သည်။ စာပေလောကကို ဖန်တီးသော စာရေးဆရာများအား လည်း တိုးတက်မှုရရှိအောင် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံသည်။ ဥက္ကဋ္ဌ၏ မိန့်ခွန်း မြွက်ကြားပြီးနောက်၊ ဝန်ကြီးချုပ် ကတော် ဒေါ်မြရိုက ဆုရသူများအား စာပေဗိမာန်ဆုငွေများခြီးမြှင့်လေ့ရှိ၏။ ဆုရသူများကလည်း ပြန်လည်၍ စကားအနည်းငယ်စီ ပြောကြားလေ့ရှိသည်။ ထို နောက် စာပေနယ်တွင် ဖြစ်စေ၊ ဆုရသောစာအုပ်နှင့် စပ်ဆိုင်သည့် အကြောင်းရပ် နယ်ပယ်တွင် ဖြစ်စေ၊ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးတဦးဦးက တနာရီခန့်မျှဟော ပြောလေ့ရှိ၏။

အောက်တွင် ဆုနှင်းသဘင်များ ကျင်းပခဲ့သည့် မှတ်တမ်းကို ဖော်ပြလိုက်သည်။ ဆုနှင်းသဘင်တိုင်းတွင် လွန်ခဲ့သည့်နှစ်အတွက် ဆုများပေးခြင်းဖြစ်၏။

ဆုနှင်းသဘင်ကျင်းပသည့်ရက်	ဆုရစာအုပ်များ
၁၉၄၉ ခုနှစ် ဇွန်လ ၁၉ ရက် (၁၉၅၀) မရှိ	မိုးအောက်မြေပြင်
	မရှိ
၁၉၅၁ ခုနှစ် ဖေဖော်လ ၂၀ ရက်	မင်းမှုထမ်း
၁၉၅၂ ခုနှစ် အောက်တိုဘာလ ၁၇ ရက်	၁။ တပ်ထဲကမြတ်ကိုကို
	၂။ ဆင်ယင်ထုံးဖွဲ့မှု
၁၉၅၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်	၁။ မြောက်တလင့်လင့်
	၂။ သတင်းစာအခြေခံပညာ
၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်	ဒေသန္တရအုပ်ချုပ်ရေး
၁၉၅၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်	၁။ ငမဲကျွန်
	၂။ အိစုတ်ပုံပြင်များ

ဆုနှင်းသဘင်၌ ဟောပြောခဲ့သည့် ပုဂ္ဂိုလ်ကြီးများနှင့် အကြောင်းရပ်များမှာ အောက်ပါအတိုင်းဖြစ်၏။

နှစ်	ဟောပြောသည့်ပုဂ္ဂိုလ်	အကြောင်းရပ်
၁၉၄၉	ပါမောက္ခချုပ် ဒေါက်တာ ထင်အောင်	ဝတ္ထုဆိုတာဘာလဲ
၁၉၅၀	မရှိ	မရှိ
၁၉၅၁	သခင်ကိုယ်တော်မှိုင်း	ရှေးခေတ်စာပေလောက
၁၉၅၂	ပါမောက္ခဦးမောင်	အနုစာပေ၏စွမ်းရည်သတ္တိ
၁၉၅၃	အုပ်ချုပ်မှုအတွင်းရေးမှူး ဦးစံထွဋ်း	ဘာသာပြန်စာပေအသင်း လုပ်ငန်းများ
၁၉၅၄	ဝန်ကြီးဗိုလ်ခင်မောင်ကိုလေး	ဗမာ့ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး
၁၉၅၅	ဝန်ကြီးဦးတင်	စာအုပ်ထုတ်ဝေသူ၏ ကိုယ်တွေ့မဟုသုတ

ဆုများရွေးချယ်ပုံ


စာပေဗိမာန်ဆုများ နှစ်စဉ် နှစ်တိုင်း မည်သို့ ရွေးချယ်သည်ကို အကျဉ်းမျှ ဖော်ပြရပေမည်။ ဘာသာပြန်စာပေအသင်း ရုံးပြင်လုပ်ငန်းဌာနခွဲမှူး၏ တာဝန်တရပ်မှာ ဆုရွေးချယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရန် ဖြစ်သည်။ ရုံးပြင်လုပ်ငန်း အထူရှိသည် စာပေဗိမာန်ဆု ကျေညာချက်များကို သတင်းစာများနှင့် ပုံနှိပ်တိုက်များ၊ ထုတ်ဝေသူများထံသို့ နှစ်စဉ်ပို့ရ၏။ အသင်းထုတ် မဟုတ်ဘဲ၊ အပြင်အပမှ ထုတ်ဝေသမျှ စာအုပ်များကို မျက်ခြည်မပြတ် သတိပြုနေရသည်။ စာရေးဆရာများ၊ စာအုပ်ထုတ်ဝေသူများသည် ဆုအသီးသီးအတွက် မိမိတို့စာအုပ်များကို တင်ပြလို ပါလျှင် ၅ အုပ်ကျစီ ပေးပို့ရန် မေတ္တာရပ်ခံထားသည်။ မပေးပို့သော စာအုပ်များကို စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဆိုင်များထံ သွားရောက်၍၎င်း၊ စာနယ်ဇင်း ကြော်ငြာများနှင့် ရန်ကုန်အရေးပိုင်ရုံး မှတ်ပုံတင်စာရင်းမှၤင်း၊ သိရှိရသမျှ အသင်းက ဝယ်ယူသည်။ ဆိုင်ထက ပေးလည်း မပေးပို့၊ အသင်းအထူရှိကလည်း မတွေ့မိ မသိမိသော စာအုပ်များ ရှိကောင်း ရှိပေမည်။ အသင်း ဝန်ထမ်းများ၊ အသင်းလူကြီးနှင့် အသင်းဝင်များက မိမိတို့ကြိုက်နှစ်သက်သည့်စာအုပ်အမည်များကို စာရေး၍ပေးသွင်းနိုင်သဖြင့် ကျွန်းနည်းဖြင့်လည်း စာအုပ်များဝယ်ယူသည့်စာရင်းတွင် ပါရှိ၏။

တနှစ်အတွက် ရသမျှ စာအုပ်များကို ဌာနခွဲမှူးက ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးများထံသို့ ပေးပို့ရသည်။ သင့်



ဘာသာပြန်ဆုရ 'အိစုတ်ပုံပြင်များ' ကိုပြန်မာဘာသာပြန်သူ (ယာ) မင်းယုဝေနှင့် (ဝဲ) ဒဂုတာရီ (၁၉၅၄)

ကလျှာ်သည့် အချိန်တွင် ဌာနခွဲမှူးက အဖွဲ့ဝင်လူကြီးများအား အစည်းအဝေးခေါ်ပေးသည်။ ထိုအစည်းအဝေးများတွင် အဖွဲ့ဝင်လူကြီးများသည် မိမိတို့ဖတ်ရှုထားသော စာအုပ်များကို ဆွေးနွေး ဝေဖန် စိစစ်ကြသည်။ အစည်းအဝေးများမှာ ထပ်တလဲလဲ ကျင်းပရသည်။ ဆုရွေးချယ်ရေးအဖွဲ့များမှာ ဝတ္ထုဆုအတွက် တဖွဲ့၊ ဘာသာပြန်ဆုအတွက် တဖွဲ့၊ စာပဒေသာနှင့် သုတပဒေသာဆုများအတွက် တဖွဲ့၊ ပေါင်းသုံးဖွဲ့ရှိ၏။ အချို့အဖွဲ့ဝင်လူကြီးများသည် အဖွဲ့နှစ်ဖွဲ့တွင် ပါရှိ၏။ တဖွဲ့တဖွဲ့လျှင် အဖွဲ့ဝင် ၄ ဦးမှ ၇ ဦးအထိရှိ၏။ အဖွဲ့များ၏ သက်တမ်းမှာ တနှစ်ဖြစ်၍၊ အဖွဲ့များကို အသင်းအုပ်ချုပ်ရေးကောင်စီမှ နှစ်တိုင်း ပြန်လည်ဖွဲ့စည်းခန့်ထား၏။ အကယ်၍ အဖွဲ့ဝင်လူကြီးတဦးဦး၏ စာအုပ်သည် ပြိုင်ပွဲဝင် စာအုပ်အဖြစ် ပါဝင်လာလျှင် ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် နုတ်ထွက်ပြီးဖြစ်ရသည်။ အဖွဲ့ဝင်လူကြီးများမှာ စာပေရေးသားမှုနှင့် ဝေဖန်မှုတို့တွင် ကျမ်းကျင်သော ပုဂ္ဂိုလ်များ၊ စာပေလောကတွင် ထင်ရှားသော ပုဂ္ဂိုလ်များဖြစ်၏။ ရွေးချယ်ရေးအဖွဲ့အသီးသီးမှတင်ပြချက်များကို အုပ်ချုပ်ရေးကောင်စီက လက်ခံအတည်ပြုမှသာ ဆုရစာအုပ်များဟု ဆိုးဖြတ်ကျေညာရသည်။



'မဲကျွန်' ဝတ္ထုဖြင့် စာပေဗိမာန်ဝတ္ထုဆုကိုဆွတ်ခူးသူ စာရေးဆရာကြီး စစ်ကိုင်းဦးဘိုးသင်း (၁၉၅၄)

စာပေဗိမာန်စကား။ ။ပုံနှိပ်ခြင်းအတတ် — ၅။

စာဖတ်ခြင်း။ ။မိဖတ္ထိသည် သားသမီးများ စကားပြောတတ်သည့် အရွယ်သို့ ရောက်လျှင်ပင်၊ စာရေးတတ် ဖတ်တတ်လေအောင် ကျောင်းသို့စေလွှတ်၍ စာသင်စေသည်။ ကလေးများ ကျောင်းသို့ရောက်သောအခါ၊ ဆရာဆရာမတို့သည် ထိုကလေးများကို စာရေးတတ် ဖတ်တတ်ကြစေရန်၊ ပဌမဦးဆုံး ဗျည်းအက္ခရာများမှစ၍ စာကြီး ပေကြီးများအထိ သင်ကြားပို့ချကြလေသည်။ ဤသို့ ငယ်စဉ်က အစပြု၍ မိဖဆရာသမားတို့က စာဖတ်တတ်အောင် သင်ကြားပေးကြသည်မှာ၊ စာဖတ်တတ်ခြင်းအားဖြင့် ကလေးများသည် သူတို့၏ အနာဂတ်ကောင်းကျိုးကို ဖန်တီးနိုင်စေရန် ရည်သန်သောကြောင့် ဖြစ်လေသည်။

စာဖတ်ရာတွင် ပညာဗဟုသုတ တိုးပွားရန်နှင့် အတွေးအခေါ် ရင့်သန်စေရန်ဟူသော ရည်ရွယ်ချက်နှစ်မျိုးရှိသည်။ ပညာဗဟုသုတ မရှိလျှင် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကိုတိုးတက်ကောင်းမွန်အောင် လုပ်နိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။ စိတ်ကူးဉာဏ် အတွေးအခေါ် ရင့်သန်ခြင်း မရှိပါလျှင်လည်း၊ လူ့လောကတွင် တိုးတက်ဖို့ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် လိမ်မာရေးခြား ဗဟုသုတ ကြွယ်ဝစေရန်အတွက် စာဖတ်ခြင်းအလေ့သည် အလွန် အရေးပါအရာရောက်ပေသည်။

ယခုခေတ်၌ စာဖတ်ခြင်းကို အထောက်အပံ့ဖြစ်စေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်ဟူသည်တို့သည် အမြောက်အများထွက်ပေါ်လျက်ရှိ၏။ (စာနယ်ဇင်းအတတ် — လည်းရှု။) ထို့ကဲ့သို့သော ပုံနှိပ်စာများ မပေါ်မီက ပညာဗဟုသုတ ဆည်းပူးရန် ကိစ္စသည် များစွာ ခဲယဉ်းလှပေသည်။ အရေးအသားဟူ၍ မရှိသေးသောခေတ်တွင် လူတို့သည် တဆင့်စကားတဆင့်နားဖြင့်ကြားရသမျှသော ပညာဗဟုသုတတို့ကို နှုတ်ဆောင်ကြရသည်။ ထို့နောက် ခဲ့ပြား၊ ကျောက်ပြားများပေါ်တွင် ရေးကြ၊ ထွင်းကြသော အရေးအသားများ ပေါ်လာသည်တို့ကို လူတို့သည် ကြည့်ရှုမှတ်သားကြရသည်။ ထို့နောက် ပေရွက်၊ ကျွဲရွက်၊ ပုရပိုက် စသည်တို့အပေါ်တွင် ရေးမှတ်ထားသည်ကို လူတို့ဖတ်ကြရသည်။ စက္ကူနှင့် ပုံနှိပ်စက်ခေတ်သို့ ရောက်လာသောအခါ၊ လူအများ၌ စာဖတ်ခြင်းအလေ့အထသည် ပိုမိုပြန့်ပွားလာလေသည်။ (စာအုပ် — ၅။) ယခုခေတ်၌ မျက်မမြင်များအတွက်ပင် လျှင် လက်ဖြင့်စမ်း၍ဖတ်ရသော အပိမ့်အဖု အမှတ်အသားများဖြစ်သည့် ဗရေးလ စံနစ်သည် ထွန်းကားလျက်ရှိပြီ။

စာအုပ်သည် စာဖတ်သူ၏ မိတ်ဆွေကောင်း မည်ပေသည်။ စာအုပ်များမှာ ပညာဗဟုသုတ အမျိုးမျိုးကိုပေးသော ပညာပဒေသာပင်များ ဖြစ်ကြသည်။ စာဖတ်၍ ပညာဗဟုသုတ ကြွယ်ဝလာသောအခါ၊ စာဖတ်သူသည် မိမိ၏စိတ်ကို မိမိ ဆုံးမ ပဲ့ပြင်လာတတ်၏။ အမှားအမှန်ကို ပိုင်းခြား ဝေဖန်လာတတ်၏။ နေ့စဉ်ကြုံတွေ့ရသော ပြဿနာတို့ကို ဖြေရှင်းနိုင်တတ်၏။ အတွေးအခေါ် ရင့်သန်လာသည်နှင့်အမျှ၊ မိမိ ပြုမူ ပြောဆို လုပ်ကိုင်သော အကြောင်းခြင်းရာတို့သည် လူ့လောကနှင့် ဝင်ဆံ့လာတတ်၏။ ဤအချက်ကို သိမြင်သော ခေတ်မှီ နိုင်ငံတို့သည် လူတိုင်း

စာဖတ်ခဲသောအလေ့အထ ပြန့်ပွားလာအောင် တိုက်တွန်းနှိုးဆော်ပေးကြ၏။ ထို့ကြောင့်လည်း နိုင်ငံတကာတွင် စာကြည့်တိုက်များ အဓွန့်ရှည်စွာ တည်တံ့အောင် ထူထောင်ခြင်းအလုပ်ကို အလေးဂရုပြု၍ လုပ်ဆောင်ကြခြင်းဖြစ်၏။ (စာကြည့်တိုက် — ရှု။)

သို့ရာတွင် စာဖတ်ခြင်းမှ အကျိုးများ ပြည့်ပြည့်ဝဝ ရနိုင်ရန်မှာ စာဖတ်ရာတွင် နည်းစံနစ်ကျနပို့ လိုပေသည်။ ဦးစွာ၌ စာအုပ်ကောင်းကို မိတ်ဆွေကောင်းအား ရွေးချယ်ရသကဲ့သို့ ရွေးချယ်ရပေလိမ့်မည်။ စာအုပ်များ၌ မိမိစိတ်ကို ဖြေဖျောင်းပေးသည့် စာအုပ်ကတမျိုး၊ မိမိအား ဉာဏ်ပညာ ဗဟုသုတ အတွေး အခေါ် ရင့်သန်အောင် သွန်သင်ပေးသည့် စာအုပ်ကတမျိုးဟူ၍ ရှိလေသည်။ အခါကာလ အားလျော်စွာ မိမိစိတ်ကြိုက်လည်းဖြစ်၍၊ မိမိအားလည်း အကျိုးတရား ပွားများစေသော စာအုပ်ကို ရွေးချယ်တတ်ရမည်။ စာဖတ်ခြင်းနည်းကို ပညာရှင်အများမျိုးမျိုးတို့ ညွှန်ပြခဲ့ကြသည်တွင်၊ ဂမ္ဘီသာရဟျိလာ၊ ရှင်မဟာရဌသာရ၏ 'သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ အက္ခရာစဉ်သုံး၊ ဤရှစ်လုံးကို၊ သိကုံးပန်းသင့်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့' ဟူသောဩဝါဒသည် တန်ဖိုးအရှိဆုံးဖြစ်သည်ဟု ယူဆထိုက်ပေသည်။ ထိုအက္ခရာရှစ်လုံးမှာ အကျဉ်းပြသော ပါဠိစကားများဖြစ်သည်။ အဓိပ္ပါယ်မှာ

သု သုဏေယျ၊ ကြားနာရု၏။
စိ စိန္တေယျ၊ ကြံစည်ရု၏။
ပု ပုစ္ဆေယျ၊ မေးမြန်းရု၏။
ဘာ ဘာသေယျ၊ ပြောဆိုရု၏။
ဝိ ဝိစာရေယျ၊ ဆင်ခြင်ရု၏။
လိ လိခေယျ၊ ရေးသားရု၏။
သိ သိက္ခေယျ၊ လေ့ကျင့်ရု၏။
ဓာ ဓာရေယျ၊ နှုတ်ဆောင်ရု၏ ဟူလေသည်။

ထို အင်္ဂါရှစ်ပါးတို့မှာ စာဖတ်ခြင်း၏ အခြေခံ ဖြစ်လေသည်။ ထိုရှစ်ပါးတို့အနက်၊ စာဖတ်၍ ကြားသိရသော ဗဟုသုတတို့ကို ကြံစီကြည့်ပြီးလျှင်၊ မရှင်းမလင်းသည်တို့ကို သူတပါးအား မေးမြန်း၍ ဆွေးနွေးပြောဆိုရသည်။ သို့မှသာလျှင် အကောင်းအဆိုးတို့ကို ဆင်ခြင်ဝေခွဲနိုင်မည်ဖြစ်သည်။ ဤသို့ ပိုင်းခြား ဝေဖန်ကြည့်ပြီးသော်၊ စာ၏အမြုတေတို့ကို ရေးမှတ်ခြင်း၊ လေ့ကျင့်ခြင်း၊ အာဂုံဆောင်ခြင်းတို့ကို ပြုလုပ်ရသည်။


ဓာဖြူစာမဲ။ ။စာဖြူ၏ ပါဏာပေဒအမည်မှာ 'တာဆီဖုန်းပါဆာဒီဆီ' ဖြစ်သည်။ အလျားမှာ အမြီးမပါဘဲ ၉ လက်မခန့်ရှိသည်။ စာဖြူအဖိုသည် အဖြူရောင် ရှိသည့်အခါ ရှိ၍ အနီရောင်ရှိသည့်အခါ ရှိသည်။ စာဖြူမ သည် အနီရောင်ရှိသော စာဖြူဖို၏အမြီး၌ ရှည်ထွက်နေသော အလယ်အမြီးတောင် တစုံရှိသည်။ စာဖြူမ၌ကား ထိုအမြီးတောင်မျိုးမရှိချေ။

စာဖြူ၏အသံသည် စူးရှ၍ ကြမ်းတမ်း၏။ သို့ရာတွင် သားပေါက်ချိန်၌ အသံသာယာသည်ဟုဆို၏။ စာဖြူသည် အသိုက်ကို 'သစ်ပင်ထက်၌ရင်း၊ ချုံဖုတ်ပေါ်၌ရင်း၊ မလျှို၀ှက်ဘဲ ပြုလုပ်တတ်သည်။ ဥများမှာ ပန်းနုရောင်အောက်ခံတွင် အနီစက်များပါရှိသည်။

စာဖြူကို အရှေ့တိုင်းနိုင်ငံများတွင် တွေ့ရသည်။ မြန်မာနိုင်ငံတွင် အလယ်ပိုင်းဒေသရှိ အင်တိုင်းတောများတွင် ကျက်စားလေ့ရှိသည်။ တောင်ခြေရှိ စုတ်စိုသော ကျန်းတောများ၌ရင်း၊ တောင်ပေါ်ရှိ အမြဲစိမ်းသစ်တောများ၌ရင်း၊ ရံဖန်ရံခါ တွေ့ရသည်။

စာမဲ၏ ပါဏာပေဒအမည်မှာ 'ဟိုင်ပိုသိုင်းမစ် အင်္ဂးရိုးယား' ဖြစ်သည်။ အလျားမှာ ၆½ လက်မရှိသည်။ ဦးခေါင်းတွင် ထူးထူးခြားခြား အမောက်နက်ရှိသည်။

စာမဲသည် ပဲခူးရိုးမတောင်ရှိ ကျန်းတောများ၌ ကျက်



စာမဲငှက်ပို့နှင့်ငှက်မပုံ


စားသည်။ အထူးသဖြင့် ဝါးပင်၊ ချုံဖုတ်များအောက်တွင် နေတတ်သည်။ တကောင်တည်းနေသော အလေ့ရှိသော်လည်း၊ တခါတရံ အအုပ်အသင်းပဲ့ကာ ကျက်စားတတ်သည်။ အခြားငှက်များကဲ့သို့ ဆူညံစွာမအော်တတ်ဘဲ၊ တိတ်ဆိတ်စွာ နေတတ်၏။ အသံမှာ သေးငယ်စူးရှသည်။

စာမဲသည် ငပြိုလမှ ဇွန်လအတွင်း သားပေါက်သည်။ အသိုက်ကို သစ်မျှင်၊ ဝါးမျှင်၊ မြက်နုတို့ဖြင့် ပြုလုပ်သည်။

တမြုံလျှင် ၃ ဥ သို့မဟုတ် ၄ ဥရှိသည်။ စာမဲဥများသည် စာဖြူဥများနှင့်တူသည်။

စာမဲကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။

စာပင်တီး။ ။သာဗင်တေး — ရှု။




စာဖြူငှက်မောင်နှံပုံ

စာမရီ။ ။စာမရီသည် နွားမျိုးရင်းဝင်ဖြစ်၍ ယင်းကို အောင်းဟူ၍လည်း ခေါ်သည်။ မြေမျက်နှာပြင်မှ ပေ ၁၆,၀၀၀ ကျော်မြင့်သော တိဗက်နိုင်ငံတွင် တွေ့ရသည်။ အိန္ဒိယနိုင်ငံနှင့် တရုပ်နိုင်ငံရှိ အချို့ဒေသများတွင်လည်း တွေ့ရှိနိုင်သည်။ စာမရီ၏အမြင့်သည် ပခုံးဥတိုင်းလျှင် ၆ ပေကျော်သည်။ ကိုယ်အလေးချိန်သည် ပေါင် ၁,၀၀၀ ကျော်စီးသည်။ အရောင်မှာ အနက် သို့မဟုတ် အညိုရင့်ရောင်ဖြစ်သည်။ အမွေးများသည် နုရွှေရည်သည်။ အထူးသဖြင့် အမြီး၊ ခြေထောက်နှင့် ကိုယ်အောက်ပိုင်းရှိ အမွေးမှာ ပို၍ရှည်သည်။ တခါတရံ မြေကြီးဥပင် တရွတ်ဆွဲလျက်ရှိသည်။

ကိုယ်ထည်လေးသော်လည်း စာမရီသည် လျင်မြန်ပေါ့ပါး၏။ ရေခဲနေသော တောင်စောင်းများကို လျှောချနိုင်သည်။ အလွန် ရေစီးသန်သည့် မြစ်ကိုလည်း ကူးဖြတ်နိုင်သည်။ မတ်စောက်သည့် တောင်စောင်းကိုလည်း ပြေးတက်နိုင်သည်။ စာမရီ အထီး အမ နှစ်ကောင် စလုံးဥဉီးချိုရှည်များရှိကြသည်။ ရန်သူနှင့်တွေ့၍ မရှောင်သာသည့်အခါ တဟုန်ထိုး တိုက်ခိုက်တတ်သည်။ ထိုကြောင့်စာမရီများကို ပစ်ခတ်ရန် မှာ ဘေးများလှသည်။ တိဗက်နိုင်ငံတွင် စာမရီကို နှစ်ပေါင်းများစွာကပင် မွေးမြူလာခဲ့ကြ၏။ ယဉ်ပါးပြီး စာမရီများကို ဝန်တင်တိရစ္ဆာန်အဖြစ်အသုံးပြုကြသည်။ စာမရီ၏ နို့ရည်ကို ထောပတ်ချက်သည်။ အသားကိုစားကြသည်။ အမွေးကို ကြိုးကျစ်ကြသည်။ အထည်လည်း ရက်ယူကြသည်။ သားရေကိုကုန်းနှီး၊ ကျောပုဆိန်၊ နောက်ပိတ်ဖိနပ် လုပ်ကြသည်။ အမွေးများသည့် အမြီးကိုမူ အနီရောင်ဆိုးပြီး ပုံလမ်းသဘင်များလှည့်ရာတွင် သားမြီးယပ်အဖြစ် အသုံးပြုကြသည်။

မြန်မာစာပေတွင် စာမရီမည်သော သားကောင်ကို လှုပတင့်တယ်သည်ဟု ရေးသားစပ်ဆိုလေ့ရှိသည်။ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို၌ ‘ပမာသေးသို၊ စာမရီဟု၊ နောက်ချိပုပု၊ မြီးဆံလှလျက်၊ တောမထိပ်ခေါင်၊ သရေဆောင်သည်၊ ရွှေရောင်ပြိုးပြိုး၊ သားအမျိုး’ ဟု စပ်ဆိုသည်။ ထိုပြင် စာမရီသားကောင်သည် ဘေးအန္တရာယ်နှင့် ကြုံတွေ့သည့်အခါ အမွေးအမျှင်ကို တပင်မျှလျှင် အကျွတ်မခံဘဲ၊ အသက်ကိုစွန့်၍ ကာကွယ်တတ်သော သတ္တိထူးရှိကြောင်းကိုလည်း ဖွဲ့ဆိုစပ်ဆို လေ့ရှိကြသည်။ အထက်ပါ ပါရမီတော်ခန်းပျို၌ပင် ‘အကြင်သရော်၊ မသွားတော်၍၊ ထော်လော်ကန့်လန့်၊ ခြံနွယ်ညွှန့်၌၊ အတွန့်လျောက်လျောက်၊ ငြိလေမြောက်အုံ၊ မျလောက်မွေးသက်၊ တမျှင်ရက်ကို၊ စုံမက်ချစ်စိုး၊ နှမြောနိုး၍၊ သားမျိုးတိရစ္ဆာန်၊ အားကုန်သွန်လျက်၊ လည်လန်မူးမော်၊ ရုန်းချေသော်လည်း၊ ထိုရော်မြီးဖျား၊ ပြတ်ခန့်ငြားရ၍၊ မသွားတဆွေ့၊ ထိုရွေ့ဝပ်တန့်၊ အသက်စွန့်လျက်’ ဟူ၍ စပ်ဆိုသည်။ နဝဒေးကြီး၏ ပြည်ကျောင်းငယ်ညီနောင် ဘုရားတိုင် ရတု၌လည်း ‘ရွှေစာမရီ၊ မြီးခါကျော့လန်း၊ ပုံဖြင့်သွန်းသို့၊ သွယ်ဝန်းစံတည်၊ လှဟန်ရည်



အောင်းဟူ၍လည်းအမည်ခေါ်တွင်သည့် စာမရီ

နှင့်၊ မွေးချည်တပင်၊ စုံမက်ခင်လျက်၊ ဆံမျှင်တကွက်၊ သေမည်သက်ဂို၊ စွန့်ရက်လေဟန်' ဟူ၍စပ်ဆိုသည်။

စာမွန်။ ။သိုးဆောင်းစာပေ၌ 'အက်ဆေး' ဟုခေါ်သော စကားပြေ အမဲ့မျိုးကို ခရစ် ၁၆ ရာစုနှစ်နောက်ပိုင်းတွင် ပြင်သစ်နိုင်ငံ၌ မွန်တိန်းကဇင်း၊ အင်္ဂလန်ပြည်၌ ဖရန်းစစ် ဗေကင်ကဇင်း၊ စတင် ရေးသားခဲ့ကြ၏။ (မွန်တိန်း, အမ်၊ အီး။ ဗေကင်, ဖရန်းစစ် — ရှု။) ထိုသူတို့ရေးစဉ်က အကြောင်းရပ်တခုခုကို မိမိတို့ဥာဏ်မှီသလောက် ရေးစမ်းကြည့်သော စာအမဲ့မျှသာ ဖြစ်သည်ဟူသော အဓိပ္ပါယ်ဖြင့်၊ ထိုမဲ့စီရေးသားလိုက်သော စာမျိုးကို 'အက်ဆေး' ဟု အမည်တပ်ခဲ့သည်။ ဤသို့ အမည်တပ်လိုက်ခြင်း၏ဆိုလိုရင်းမှာ၊ သူတို့ ရေးဖွဲ့လိုက်သောစာသည် ပြည့်စုံကုံမြောက်သော ကျမ်းဂန်တစောင်တမဲ့မဟုတ်၊ ဝတ္ထုမဟုတ်၊ တရားစာမဟုတ်၊ အကြောင်းခြင်းရာ တခုခုကို တတ်သလောက်၊ မှတ်သလောက်ဥာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ရေးသားရသော ကြိုးပမ်းစမ်းသပ်မှုတရပ်မျှသာ ဖြစ်သည်။ စာကြိုးပေကြိုးကဲ့သို့ ဝေဖန်ယူဆရန်မဟုတ်ပါဟူသော သဘောမျိုးကို ဆိုလိုရင်းဖြစ်၏။ မာန်ကိုနှိမ့်ချ၍ ခပ်ယိုင်ယိုင် အမည်တပ်လိုက်ခြင်းဖြစ်သည်။ သို့သော် သူတို့၏ 'အက်ဆေး' များကို အဆီအနှစ်ပါသော စဉ်းစားဥာဏ်ဖြင့်ဂင်း၊ အဓိပ္ပါယ် ကြွယ်ဝစုဝေပါရှိသော တိုတုတ်ခန့်ညားသည့် စကားလုံး၊ စကားသွားဖြင့်ဂင်း၊ တန်ဆာဆင်ထားရကား၊ စာပေလောကတွင် ထင်ရှားကျော်ကြား၍ လူကြိုက်များလာလေသည်။ ထိုနောက် 'အက်ဆေး' ဟူသည် အကြောင်းခြင်းရာတခုနှင့် စပ်လျဉ်း၍ စဉ်းစားစိတ်ကူးရသမျှကို စကားသွားခန့်ခန့်လှလှဖြင့် စာဖတ်သူ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်းအောင်၊ မရှည်လွန်း မတိုလွန်းလှဘဲ၊ ရေးသား ဖွဲ့စီထားသော စာပေမြောက်သည့် စကားပြေအမဲ့မျိုးဖြစ်သည်ဟု စာပေလိုက်စားသူတို့က နားလည် မှတ်ယူလာကြလေသည်။

'အက်ဆေး' ဟူသောစကား၏ တိုက်ရိုက် အဓိပ္ပါယ်မှာ 'စမ်းသပ်မှု'၊ 'ကြိုးပမ်းမှု' ဖြစ်သည်။ ဤပင်ရင်းအဓိပ္ပါယ်နှင့် မွန်တိန်း၊ ဗေကင်တို့၏ မူလရည်ရွယ်ချက်ကို နှလုံးသွင်းပြီး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင် အမှူးပြုသော တက္ကသိုလ်ဆရာများက ဤစာအမဲ့မျိုးကို 'အစမ်းစာ' ဟု အမည်ပေးခဲ့သည်။ 'အစမ်းစာ' ဟူသော ဝေါဟာရ မပေါ်ခင်က၊ ဤစာမျိုးကို ဆောင်းပါး ဟူ၍ ယေဘုယျ ခေါ်ခဲ့ကြသေးသည်။ သိုးဆောင်းတို့၏ စာပေလောကတွင် 'အက်ဆေး' ဟူသော အမည် ဝေါဟာရမှာ မပြောင်းလဲဘဲ၊ စွဲမြဲကျန်ရှိခဲ့သော်လည်း၊ ထိုဝေါဟာရဖြင့် ခေါ်ဆိုသော စကားပြေအမဲ့မျိုးမှာ သဘောအားဖြင့်ဂင်း၊ အသွင်အားဖြင့်ဂင်း၊ အသွားအားဖြင့်ဂင်း၊

အတော်ပင် ပြောင်းလဲခဲ့ပြီဖြစ်ရာ၊ မူလမှည့်ခေါ်သောဝေါဟာရ၏ တိုက်ရိုက် အဓိပ္ပါယ်ကိုယူရန် မသင့်လျော်တော့ချေ။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့်အနှစ် ၂၀၀ လောက်မှစ၍ ယခုထက်တိုင် 'အက်ဆေး' များရေးဆဲ၌၊ ရေးသူ၏ ဥာဏ်စွမ်းနှင့် စကားသွားနိုင်နင်းမှု စွမ်းရည်တို့ကို အကြောင်းခြင်းရာ တခုခုပေါ်တွင် မှတ်ကျောက်တင်၍စမ်းသပ်ခြင်း ဟူသော သဘောသည် မရှိတော့ပြီ ဖြစ်သောကြောင့်တည်း။

ယခုလက်ရှိ သိုးဆောင်းတို့၏ စာပေလောကတွင်ဂင်း၊ မြန်မာစာရေးဆရာများ ရေးသားနေကြသည့် စာပေလောကတွင်ဂင်း၊ 'အက်ဆေး' ဟု အင်္ဂလိပ်လိုခေါ်နိုင်သော စာအမဲ့၏ သဘောသွားနှင့် အင်္ဂါရပ်များမှာ ဤသို့ဖြစ်၏။ 'အက်ဆေး' သည် မည်သည့်အကြောင်းရပ်ကိုမဆို ဖွဲ့စီရေးသားထားသော စာမျိုးဖြစ်သည်။ စကားပြေနှင့် ဖွဲ့နွဲ့စီကုံးထားခြင်းသော 'အက်ဆေး' အမျိုးမျိုး၏ တူညီသောအင်္ဂါရပ်ဖြစ်သည်။ ခရစ် ၁၈ ရာစုနှစ်တွင် ထွန်းကားခဲ့သော အင်္ဂလိပ်ကဗျာဆရာ အယ်လက်ဇန္ဒာပုပ် ရေးသားခဲ့သော 'လူ့သဘာဝအက်ဆေး' နှင့် 'ဝေဖန်မှုအက်ဆေး' များမှာ ကဗျာလင်္ကာရှည်များဖြစ်၍၊ ပုပ်က 'အက်ဆေး' ဟူသောစကားကို မူလအဓိပ္ပါယ်နှင့် သုံးထားခြင်းဖြစ်သည်။ (ပုပ်, အယ်လက်ဇန္ဒာ — ရှု။) 'အက်ဆေး' တို့၏အခြားတူညီသော အင်္ဂါရပ်တခုမှာ ကျမ်းတစောင်တမဲ့၊ ဝတ္ထုရှည် တပုဒ်လောက် မရှည်လျားခြင်းဖြစ်သည်။ အတိုအရှည် ကွာခြားခြင်း ရှိကြသော်လည်း၊ အများအားဖြင့် 'အက်ဆေး' ကို တထိုင်ဖတ်နှင့် ပြီးနိုင်သည်။ ဘဂ ရာစုနှစ်တွင် နာမည်ကျော်ကြားခဲ့သော အင်္ဂလိပ် 'အက်ဆေး' ဆရာများဖြစ်သူ အက်ဒီဆင်နှင့် ဂျွန်ဆင်တို့က 'အက်ဇေး' ဟူသည်မှာ စည်းကမ်းစံနစ် တိကျစွာမရှိသော၊ စည်းလုံတ်ဝါးလုံတ် စိတ်သွားတိုင်း ကလောင်ပါနိုင်သော၊ စိတ်ကူးဥာဏ် ကွန့်ချင်တိုင်း ကွန့်နိုင်သော စကားပြေအမဲ့ဟု သရုပ်ဖော်ခဲ့လေသည်။ (အက်ဒီဆင်, ဂျိုးဇက်။ ဂျွန်ဆင်, ဆယ်မျူယယ် — ရှု။)

ယခုခေတ်အခါ၌ 'အက်ဆေး' များတွင် အကြောင်းခြင်းရာအမျိုးမျိုးကို ရည်မှန်းချက်အမျိုးမျိုးဖြင့် ရေးကြသည်။ ရေးဟန် (ဝါ) လေယူ လေသိမ်းဥလည်း အမျိုးမျိုးကဲ့ပြားကြ၏။ အချို့ 'အက်ဆေး' များမှာ အကြောင်းရပ်တခုခု၏ သဘောသွားကို ခွဲစိတ်ဝေဖန်ပြ၏။ အချို့ 'အက်ဆေး' များမှာ အကြောင်းရပ် တခုခု၏ သဘောသွားကို ရှင်းလင်းသရုပ်ဖော်၍ ပြဆို၏။ အချို့မှာ စာဖတ်သူ၏ ဗဟုသုတ တိုးစေရန်၊ အသိဉာဏ် တိုးစေရန် ရည်ရွယ်၏။ အချို့မှာ ဗဟုသုတတိုးရန်မဟုတ်ဘဲ၊ ရသခံစိတ်ပြေ အပြစ်နှင့် စိတ်ပျော်မွေ့စေရန် သက်သက်သာ ရည်

ရှယ်၏။ 'အက်ဆေး' အမျိုးမျိုး အဖုံဖုံ ကွဲပြားခြားနားသော်လည်း၊ 'အက်ဆေး' တိုင်းတွင် စာဖတ်သူ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်ရန် အဓိကထားပေသည်။ 'အက်ဆေး' မှန်သမျှသည် စာပေအင်္ဂါ ၄မြောက်ရပေမည်။ စာကောင်းစာမွန် ဖြစ်ရပေမည်။ ဤကား 'အက်ဆေး' ၏ အရေးကြီးသော အင်္ဂါရပ် ဖြစ်ပေသည်။ 'အက်ဆေး' တွင် အများအားဖြင့် နက်နဲသိမ်မွေ့သော တွေးခေါ်ချက်၊ ကဝိလက္ခဏာဖြစ်သော စကားခက် စကားကြိုးတို့ မပါရှိတတ်ပေ။ အကြောင်းခြင်းရာတခုခု ရေးရာတွင် နွဲ့ကဲ့နွဲ့ကဲ့ ကျွတ်ကျွတ်ရှိရန် သော်၎င်း မရည်ရွယ်ဘဲ၊ အကျဉ်းချုံး၍ ကြည့်နည်းဖြင့် ကြည့်၍ ဖြစ်စေ၊ မိမိကိုယ်တွေ့ မိမိစဉ်းစားစိတ်ကူးပေါ်ဦးသာ တည့်၍ဖြစ်စေ၊ 'အက်ဆေး' ကိုရေးကြလေသည်။ ဤအင်္ဂါရပ်များကို ခြုံ၍ စဉ်းစားသော်၊ 'အက်ဆေး' ဟူသော စကားပြေအဖွဲ့ အကြောင်းခြင်းရာအမဲ့မျိုးကို မြန်မာလို 'စာမွန်'၊ 'အက်ဆေး' သဘောမျိုးရှိသော စာပေကို 'စာမွန်စာပေ' ဟု ခေါ်ဆိုရပေမည်။ ဝိုကြိုဟ်ပြုရသော်၊ စာမွန်သည် အကြောင်းခြင်းရာတခုခုကို စိတ်ကူးဉာဏ်ကွန့်၍ စကားပြေဖြင့် စာပေမြောက်အောင် ရေးဖွဲ့သည့်စာ ဖြစ်သည်ဟူ၏။

စာမွန်ကို ၁၅၇၁ ခုနှစ်တွင် ပြင်သစ်စာရေးဆရာမွန်တိန်းက ပဌမ စတင်ရေးသားသည်မှစ၍ ယခုထက်တိုင် အသွင်အပြင်ပြောင်းလဲလာသည်နှင့်အမျှ၊ စာပေဝါသနာပါသူတိုင်း နှစ်ခြိုက်ခဲ့ပေသည်။ ကမ္ဘာပေါ်ရှိ ဘာသာစကားတိုင်း၊ စာပေတိုင်းလိုလိုတွင် စာမွန်ကို စာရေးဆရာများ ရေးသားကြ၏။ စာမွန်ရေးရာတွင် ကျော်ကြားခဲ့ကြသူများမှာ အတော်ပင်များပြားကြသည်။ ယင်းတို့အနက် စာမွန်ပေါ် ပေါက်ခဲ့သည့် မူရင်းဘာသာစကားဖြစ်သော ပြင်သစ်စာပေတွင် နာမည်ကြီးစာမွန်စာပေဆရာများမှာ စန့်ဗစ်၊ တိန်း၊ မက်တာလင့်၊ ဘယ်လရီ၊ ဂိုးမွန်၊ ရေနွန်း၊ လမိုက်တား စသည်တို့ဖြစ်သည်။ အင်္ဂလန်ပြည်၌ ၁၈ ရာစုနှစ်တွင် ကောင်လီ၊ အက်ဒီဆင်၊ စတီး၊ ဂျွန်ဆင်၊ ဂိုးစမစ်တို့သည် စာမွန်စာပေ၏ အသွင်အပြင်ကို ပြောင်းလဲစေခဲ့သည့်ပြင်၊ အဆင့်အတန်းကိုလည်း မြှင့်တင်ခဲ့ပေသည်။ သူတို့နောက် ၁၉ ရာစုနှစ်တွင် လမ့်၊ ဟက်ဇလစ်၊ လေးဟန့်၊ ဒီကွင်ဆီ၊ မက်ကောလေး၊ ပေတာ စသော စာရေးဆရာများသည် စာမွန်အရေးအသားကောင်းမွန်လှသောကြောင့်ပင် နာမည်ကျော်ကြားခဲ့ပေသည်။ အမေရိကန် စာရေးဆရာများအနက်၊ အီမာဆင် သည် ပြောင်မြောက်ခန့်ညားသော စာမွန်များကိုရေးခဲ့၏။ (အီမာဆင်, အာ၊ ဒဗျူ — ဂ္ဂ။) ယခုပစ္စက္ခခေတ် ၂၀ ရာစုနှစ်တွင် စာမွန်အရေးအသားသည် မေးမြန်းသွားခြင်းမရှိဘဲ၊ အကျော်အမော် စာရေးဆရာ အမြောက်အမြားလိုက်စားလျက်ရှိ၏။

ကျွန်ုပ်တို့ မြန်မာစာပေတွင် မျက်မှောက်ခေတ်မှပင် စာမွန်စာပေသန့်သန့် ပေါ်လာပေသည်။ 'သခင်ကိုယ်တော်မိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆရာပီမိုးနင်းနှင့် မဟာဆွေတို့ ရေးခဲ့သော စကားပြေအဖွဲ့ အချို့တို့သည် စာမွန်များဖြစ်ကြသည်။ ခေတ်စမ်းစာပေခေတ်တွင် ပဌမဦးစွာ စာမွန်များကို အများအပြားရေးခဲ့သူမှာ သိပ္ပံမောင်ဝင်း ဖြစ်၏။ (စိန်တင်၊ ဦး — ဂ္ဂ။) ဇော်ဂျီ၊ မင်းသုဝဏ်၊ တက္ကသိုလ်မောင်သန့်စင်၊ မောင်ထင်၊ မြကေတု ဟူသော စာရေးဆရာတို့မှာ သက်ရှိထင်ရှား နာမည်ကြီး စာမွန်စာပေဆရာများဖြစ်သည်။ ထိုသူတို့အပြင် အခြားထင်ရှားသော စာရေးဆရာများကလည်း စာမွန်များကို အရေးထား၍ ရေးသားလျက်ရှိကြပေသည်။

စာရေးတံ။ ။မြတ်စွာဘုရားလက်ထက်တော်အခါ သံဃာအများနှင့်စပ်ဆိုင်သော ဆွမ်းအလှူကိစ္စ၊ ဝိနည်းကိစ္စတို့တွင် ပြဋ္ဌာန်းဆုံးဖြတ်ထာ၌ အမှုကို ပြီးစီးလွယ်သောငှာ၊ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းတံကို မဲနှိုက်စေ၍ ဆုံးဖြတ်ရသည်။ ယင်းဝါးခြမ်းတံကို စာရေးတံဟုခေါ်သည်။ ပုံစံအားဖြင့် သံဃာတော်အများကို တကာတကာမများက ဆွမ်းပင့်ဖိတ်သော အခါ၊ မည်သည့် တကာ တကာမသည် မည်သည့်သံဃာအား ဆွမ်းကျေးစေဟူ၍ ဆုံးဖြတ်ရန် မရကောင်းသော အခါတို့၌၊ စာရေးတံဟုခေါ်သော ဝါးခြမ်းတံဝယ် သံဃာအရေအတွက်ကို အမှတ်အသားပြု၍၊ ကံအလျောက် ဆွမ်းကပ်နိုင်ကြစေရန် အိမ်စဉ်အရ မဲနှိုက်စေ၍၊ သလာကဘတ္တ (စာရေးတံ) ဆွမ်းအလှူကို လှူဒါန်းစေသည်။ ဤအလှူမျိုးကို စာရေးတံမဲအလှူဟု ခေါ်သည်။ တဖန်တုံလည်း၊ သံဃာဝိနည်းတော်ကိစ္စ ဆုံးဖြတ်ရန် ဖြစ်လတ်သော်၊ သံဃာတော် အများ စုံညီစည်းဝေးတော်မူကြ၍၊ နှစ်ဦး နှစ်ဖက်သော သံဃာတော်တို့၏ အမှုအကြောင်းကို ပြောကြား လျှောက်ထားစေသည်။ ထို လျှောက်ထားချက်တို့ကို ကြားနာပြီးလတ်သော်၊ အဆုံး အဖြတ်ပေးရမည့် သံဃာတော်တို့သည် သက်နှံးစသော တစုံတခုပေါ်ဝယ် တင်ထားသော တရားမှန်သော ဓမ္မဝါဒီ ဝါးခြမ်းတံ၊ တရားမမှန်သော အဓမ္မဝါဒီ ဝါးခြမ်းတံဟု နှစ်မျိုးနှစ်စား ခွဲခြား အမှတ်အသား ပြုထားသည့် စာရေးတံတို့အနက် မိမိတို့ ကြိုက်နှစ်သက်ရာ စာရေးတံကိုယူ၍၊ မဲပေးသောအလား ကိုင်ယူချထားရသည်။ ဤစာရေးတံမဲဦးရေအနည်းအများကို ကြည့်၍၊ ယေဘုယျသိက ဝိနည်းအရ၊ မဲများထာကို အနိုင်ပေး၍ ဆုံးဖြတ်ကြသည်။ ယင်းဆုံးဖြတ်ခြင်းဥ်လည်း စာရေးတံမဲပေးသည်ဟု ခေါ်ဝေါ်ကြကုန်၏။

ဆရာဆိုင်။

ငွေဝင်ငွေထွက်ပြစာရင်း

ကုန်သည်ပဲ့စားမှတစ ဘိမ်ထောင်ရှင်မဟထိ ဝင်ငွေနှင့်ထွက်ငွေကို စံနစ်တကျ စာရင်းပြုလုပ်ထားရှိရန်လိုအပ်ပေသည်။ သို့မှ သာလျှင် ကုန်သည်ပဲ့စားသည် မိမိ၏လုပ်ငန်းအတွက် အရှုံးအမြတ်ကိုငင်း၊ ဘိမ်ထောင်ရှင်မသည် ဘိမ်ထောင်အတွက် ငွေဝင် ငွေထွက်အခြေအနေကိုငင်း တိကျစွာ သိရှိတွက်ချက်နိုင်ပေမည်။ ယခုအခါ စာရင်းကိုင်ပညာကို သီးခြားပညာတရပ်အနေဖြင့် လေ့လာသင်ကြားလျက်ရှိကြသည်။

စာရင်းကိုင်ပညာ။ ။ငွေအသပြာဟူ၍ တသီးတသန့်ထား ကာ သုံးစွဲမှုမပြုကြသေးသည့် ခေတ်အခါကပင်၊ ကုန်ချင်း ပစ္စည်းချင်း ဖလှယ်ကြရာ၌၊ မည်သည့်ကုန်ကို ရရှိ၍၊ မည် သည့်ကုန်ကို ထုတ်လိုက်သည် စသည်ဖြင့် မှတ်သားကာ စာ ရင်းပြုလုပ်လေ့ရှိကြသည်။ ငွေအသပြာကို စတင်သုံးစွဲလာ ကြသည့် အချိန်သမယတွင်မူ ငွေရခြင်းနှင့် ငွေသုံးခြင်းတို့ အတွက် စာရင်းပြုလုပ်ကြ၏။ ငွေသုံးစွဲမှု များပြားလာ သော မျက်မှောက်ခေတ် အခါ၌ကား မည်သည့်အလုပ်ကို လုပ်၍ မည်သည့်အဆင့်အတန်းတွင် ရှိသည်ဖြစ်စေ၊ မည် သူမဆို မိမိ၏ငွေကို စေ့စပ်စွာ သုံးစွဲ၍ ချွေတာစုဆောင်း လိုခဲ့လျှင် သော်၎င်း၊ မိမိ၏ လုပ်ငန်းအခြေအနေကို ခရေ စေ့တင်းကျ တခကမျှနှင့် အစအဆုံး မှန်ကန်လွယ်ကူစွာ သိရှိ၍ လုပ်ငန်း ကြီးပွားတိုးတက်စေလိုခဲ့လျှင် သော်၎င်း၊ ထိုသူသည် မိမိ၏ဝင်ငွေမှာ အဘယ်မှဝင်လာ၍ အဘယ် သို့ထွက်သွားသည် စသည်တို့အပြင်၊ ဝင်ငွေထက် ထွက် ငွေက လျော့နည်းလျက် လက်ကျန် အပိုအလျှံ ရှိသည်တို့ကို ပါ သိရှိနားလည်ရမည် ဖြစ်ပေသည်။ ထိုအကြောင်းခြင်း တကို တိကျသေချာစွာ သိရှိစေရန် ညွှန်ပြစွမ်းဆောင်သည့် အတတ်မှာ စာရင်းကိုင်ပညာပင် ဖြစ်လေသည်။

မည်သူမဆို စာတတ်လျှင် စာရင်းရေးမှတ်နိုင်သည့် အား လျော်စွာ ရိုးရိုး စာရင်းကိုင်ခြင်းမှာ ခက်ခဲလှသည် မဟုတ် ချေ။ သို့ရာတွင် စံနစ်တကျ ရှင်းလင်းပြတ်သားစွာ ရေး ချွတ်မှတ်သားရန်မှာ အရေးကြီးသည့်အလျောက် စာရင်း ကိုင်နည်း နိသျည်းများကို တတ်ကျွမ်းနားလည်ရန် လိုပေ သည်။ စာရင်းကိုင် ပညာကို တတ်ကျွမ်းသဖြင့် အိမ်မှ ထိန်းသိမ်းရေးမှအစ လုပ်ငန်းကြီးများအထိ သက်ရောက်ရာ တာဝန်များကို အကျိုးကျေးဇူး ပွားများလေအောင် စီမံ သွားနိုင်မည်ဖြစ်သည်။

စာရင်းကိုင်ခြင်းကို အလွယ်ဆုံး အခြေခံမှစ၍ ဖော်ပြရ သော် စာရင်းဟူသော ဝေါဟာရကို ဦးစွာပဌမ ရှင်းလင်းရ ပေမည်။ စာရင်းဟူသည်မှာ ငွေအသပြာကိုဖြစ်စေ၊ ငွေ အသပြာနှင့် စပ်လျဉ်းသည့် ကုန်ပစ္စည်း အရာဝတ္ထု အပေး အယူ အပြောင်းအလဲများကိုဖြစ်စေ စံနစ်တကျ ရေးမှတ် ခြင်းပင်ဖြစ်သည်။

စာရင်းရေးမှတ်ချက်များတွင် အပေးအယူများကို ဖော် ပြရသည်ဖြစ်ရာ၊ ပေးသောသူနှင့် ရသောသူဟူ၍ ရှိရပေ မည်။ ငွေဖြစ်စေ၊ ငွေနှင့်အလားတူ အရာဝတ္ထုဖြစ်စေ၊ ပေးသောသူကို 'မြှုရှင်' ဟူ၍ငင်း၊ ငွေဖြစ်စေ၊ ငွေနှင့် အလားတူ အရာဝတ္ထုဖြစ်စေ၊ ရသောသူကို 'မြီစား' ဟူ၍ ငင်း၊ စာရင်းကိုင်ပညာရပ်တွင် ခေါ်ဆိုလေသည်။ ဥဒါဟ ရူဏ်ဖြင့် ဖော်ပြရသော်၊ မောင်စသည် မောင်ဘသို့ ငွေ ၅၀၀ ပေးသည်ဟုဆိုရာတွင် မောင်စသည် မြှုရှင်ဖြစ်၍ မောင် ဘသည် မြီစားဖြစ်လေသည်။ ဤတွင် မှတ်ရန်ရှိသည် ကား၊ ထိုငွေ ၅၀၀ ပေးခြင်းကိစ္စမှာ မောင်စက မောင် ဘသို့ အကြွေးဆပ်ခြင်းသဘောနှင့် ပေးသည်ဟု ဆိုရစေ ကာမူ မောင်ဘမှာ ရသူဖြစ်သဖြင့် မြီစား၊ မောင်စမှာ ပေး သူဖြစ်သဖြင့် မြှုရှင်ပင်ဖြစ်သည်။ စာရင်းကိုင်ပညာတွင် စာရင်းမှန်ကန်စွာ ရေးမှတ်နိုင်ရန်အတွက် မည်သူသည်မြှု စား၊ မည်သူသည်မြှုရှင်၊ မည်သည့်စာရင်းသည် မြီစား၊ မည် သည့်စာရင်းသည် မြှုရှင်ဖြစ်သည် ဟူ၍ ခွဲခြား သိရှိရန် လိုချေသည်။ ငွေဖြစ်စေ၊ ကုန်ပစ္စည်းဖြစ်စေ အပေးအယူ အပြောင်းအလဲ ရေးမှတ်ထုတွင် မည်သူက ရသည်၊ မည် သူက ပေးသည်ဟူသော အချက်ကို စိစစ်ကာ မြီစား မြှုရှင် ခွဲခြားထားသည်။

စာရင်းကိုင်ခြင်းတွင် တဖက်သင်း စာရင်းကိုင်နည်းနှင့် နှစ် ဖက်သင်း စာရင်းကိုင်နည်း ဟူ၍ နှစ်မျိုးရှိသည်။ တဖက် သင်း စာရင်းကိုင်နည်းအရ အပေးအယူ အပြောင်းအလဲ များကို မြှုရှင်ဖက်၌ဖြစ်စေ၊ မြီစားဖက်၌ဖြစ်စေ သက်ဆိုင် သည့် အလျောက် စာရင်း တခါသာ ရေးမှတ်လေသည်။ ဥဒါဟရူဏ်အားဖြင့် မောင်စသည် မောင်ဘသို့ ငွေ ၅၀၀ ထုတ်ချေးသည်ဟု ဆိုကြပါစို့။ မောင်ဘသို့ ထုတ်ချေး လိုက်သော ငွေ ၅၀၀ ကို မောင်စ၏ ငွေဝင်ငွေထွက်စာရင်း တွင် မြှုရှင်ဖက်၌သာ ရေးမှတ်ပေမည်။ တဖန် မောင်ဘ သည် ချေးယူငွေထဲမှ ငွေ ၂၅၀ ပြန်ဆပ်သည်ဟုဆိုလျှင် ထိုပြန် ဆပ်ငွေ ၂၅၀ ကို မောင်စ၏ ငွေဝင်ငွေထွက်စာရင်းတွင် မြီ စားဖက်၌သာ ရေးမှတ်မည်ဖြစ်ပေသည်။

နှစ်ဖက်သင်းစာရင်းကိုင်နည်းတွင် အပေးအယူ အပြောင်း အလဲဟူသမျှကို စာရင်းတခုခု မြှုရှင်ဖက်တွင်ငင်း၊ အခြား စာရင်းတခုခု မြီစားဖက်တွင်ငင်း၊ စာရင်းနှစ်ခါ ရေးမှတ်ရ လေသည်။ အထက်ပါ ဥဒါဟရူဏ်နှင့်ပင် ရှင်းလင်းဖော်ပြ ရသော်၊ မောင်စ၏ ငွေချေးလုပ်ငန်းတွင် မောင်စသည် နှစ် ဖက်သင်းစာရင်းကိုင်နည်းဖြင့် စာရင်းထားရှိသည်ဟု ဆိုကြ

ပါစို့။ မောင်ဘအား ထုတ်ချေးလိုက်သောငွေ ၅၀ကို မောင်စု၏ ငွေဝင်ငွေထွက်စာရင်းတွင် မြီရှင်ဖက်၌ ထည့်သွင်းရေးမှတ်သည့်နည်းတူ မောင်ဘ၏ ချေးငွေစာရင်းတွင် မောင်ဘက ငွေကိုလက်ခံရရှိသည်အတိုင်း ယင်းငွေ ၅၀ကို မြီစားဖက်၌ ထည့်သွင်းရေးမှတ်ရလေသည်။ တဖန် ပြန်ဆပ်ငွေ ၂၅ကို နှင့်စပ်လျဉ်း၍ ရေးမှတ်ရာတွင် မောင်စသည် ငွေရရှိသူဖြစ်သည့်အတွက် မောင်စ၏ ငွေဝင်ငွေထွက်စာရင်း မြီစားဖက်၌ ငွေ ၂၅ကို ထည့်သွင်းလျက် မောင်ဘ၏ ချေးငွေစာရင်း မြီရှင်ဖက်တွင် ထိုငွေ ၂၅ကို ထည့်သွင်းရေးမှတ်ရလေသည်။

နှစ်ဖက်သွင်း စာရင်းကိုင်နည်းမှာ စေ့စပ်သေချာ၍ အလုပ်များသည်နှင့်အမျှ အလုပ်အကိုင်တို့၏ အခြေအနေကို တိကျလွယ်ကူစွာ စစ်ဆေးကြည့်ရှုနိုင်ရန် စွမ်းဆောင်နိုင်သည့်အလျောက် အလုပ်ကြီးအကိုင်ကြီးများကို လုပ်သော ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းများနှင့် ဘဏ်တိုက်များသည် ထိုစာရင်းကိုင်နည်းကို လက်သုံးလက်စွဲပြုထားလေသည်။

လုပ်ငန်းတို့တွင် အသုံးပြုသော စာရင်းအမျိုးမျိုးရှိသည့်အနက် ထင်ရှားသော စာရင်းမှာ (၁) လက်ငင်းရသောငွေ၊ လက်ငင်းပေးသောငွေတို့ကို ထည့်သွင်းရေးမှတ်ရသည့် ငွေဝင်ငွေထွက်စာရင်းနှင့် (၂) အကြွေးရောင်း အကြွေးဝယ် စာရင်းတို့ကို ထည့်သွင်းမှတ်သားရသည့် အကြွေးစာရင်းတို့ပင် ဖြစ်ကြသည်။

ငွေဝင်ငွေထွက်စာရင်းသည် လုပ်ငန်းအရပ်ရပ်တွင် အရေးကြီးဆုံးဖြစ်သည်။ ဝင်ငွေထွက်ငွေအကြောင်းများကို ရေးမှတ်ထားသောစာအုပ်ကို ငွေစာရင်းစာအုပ်ဟု ခေါ်သည်။ ငွေဝင်ငွေထွက်စာရင်း ထည့်သွင်းရာ၌ မြီရှင် မြီစား အကြောင်းအရာများကို စာမျက်နှာ တမျက်နှာတည်း၌ဖြစ်စေ၊ မျက်နှာချင်းဆိုင် စာမျက်နှာအစုံ၌ဖြစ်စေ ရေးမှတ်ကြ၏။ မျက်နှာချင်းဆိုင် စာမျက်နှာတို့၌ ရေးမှတ်စေကာမူ ထိုစာမျက်နှာ အစုံကို တမျက်နှာတည်း ကဲ့သို့ပင် အမှတ်စဉ် တပ်ပေးရသည်။ ထိုသို့ မြီစား မြီရှင် နှစ်ဦးစလုံးအတွက် အမှတ်စဉ်ပေးထားသော စာမျက်နှာအစုံကို စာရင်းမျက်နှာ (စမ) ဟု ခေါ်သည်။

'ငွေဝင်ငွေထွက်စာရင်း' ဟူသော ခေါင်းစဉ်းကို စာမျက်နှာ၏ထိပ်တွင် ရေးမှတ်ပြီးနောက် 'မြီစား' သို့မဟုတ် (အရ) ဟု ရေးမှတ်ထားသည့် လက်ဝဲမျက်နှာတွင် ရရှိသမျှသော ငွေစာရင်းများကို ထည့်သွင်းရလေသည်။ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ စသည်တို့ကို လက်ခံရရှိလျှင်လည်း ထို 'အရ' ဖက်တွင် ပြရသည်။ 'မြီရှင်' သို့မဟုတ် (အပေး) ဟု ရေးမှတ်ထားသော လက်ျာမျက်နှာတွင် ထုတ်ပေးလိုက်သော ငွေဟူသမျှကို ထည့်သွင်းရ၏။

ငွေဝင်ငွေထွက်စာရင်း

မြီစား						မြီရှင်			
ရက်စွဲ		အရ	ကျပ်	ပြား	ရက်စွဲ		အပေး	ကျပ်	ပြား
ဇွန်	၁	တင့်သာကုမ္ပဏီရင်းငွေ	၃၀၀၀		ဇွန်	၂	စာရေးကရိယာဝယ်	၂၅	
″	၆	ကုန်လက်ငင်းရောင်း	၅၀၀		″	၂	ကိုဘိုးမြသို့ပေး	၃၅	
″	၁၀	ဦးဘကုန်ဖိုးရငွေ	၃၂၀		″	၃	ကုန်လက်ငင်းဝယ်	၁၀၀၀	
″	၁၄	ဒေါ်ရွှင် ငှါး	၃၇၅		″	၄	တံဆိပ်ခေါင်းဝယ်	၁၅	
″	၂၅	ဒေါ်ငွေ ငှါး	၅၀၀		″	၁၅	ပရိဘောဂဖိုးရှင်း	၃၅၀	
″	၂၈	ဒေါ်ဆန်း ငှါး	၁၂၅		″	၃၀	ရွှေခဲဘထူးသားကုန်ဖိုးရှင်း	၅၀၀	
					″	၃၀	လုပ်သားလစာများ	၂၀၀	
					″	၃၀	ဆိုင်ငှါးခ	၅၀	
					″	၃၀	ဦးတင့်ထုတ်သုံး	၁၀၀	
							စာရင်းပိတ်လက်ကျန်	၂၅၀၅	
		စုစုပေါင်း					စုစုပေါင်း	၄၈၂၀	

ပုံစံ ၁။ ။တင့်သာကုမ္ပဏီ၏ ဇွန်လတွက် ငွေဝင်ငွေထွက်စာရင်း

ပုံစံ ၁ မှာ ကုမ္ပဏီတခု၏ တလအတွက် ငွေဝင်ငွေထွက် စာရင်းဖြစ်သည်။ ငွေဝင်ငွေထွက် စာရင်းတို့ကို နေ့စဉ် သို့မဟုတ် လစဉ် သို့မဟုတ် သတ်မှတ်ထားသော အချိန်ကာလ၌ စာရင်းပိတ်ရသည်။ စျေးဖွင့်သော စာရင်းသစ်ဖြစ်ခဲ့သော်၊ အရဖက်မှ ဝင်ငွေပေါင်းနှင့် အပေးဖက်မှထွက်ငွေပေါင်းတို့ကို အသီးအသီး ရှာပြီးလျှင် ဝင်ငွေပေါင်းမှ ထွက်ငွေပေါင်းကို နုတ်ယူရသည်။ ထိုသို့ပြုလုပ်သည်ကို လက်ကျန်ရှာခြင်းဟု ခေါ်သည်။ လက်ကျန်ရှာ၍ ရရှိလာသောငွေကို ထွက်ငွေပေါင်းတွင် စာရင်းပိတ် လက်ကျန်ငွေဟူ၍ ထည့်ပေါင်းရ၏။ မြီစားဖက်မှ စုစုပေါင်းငွေသည် မြီရှင်ဖက်မှ စုစုပေါင်းငွေနှင့် ကိုက်ညီရလေသည်။ ခြားနားချက်ရှိခဲ့သော် စာရင်းတခုခု ကျန်ရစ်ခဲ့သည်၊ သို့မဟုတ် မှားယွင်းချက်တခုခု ရှိသည်ဟူ၍ သိနိုင်ပေသည်။ တဖန် မြီစားဖက်၌ရှိသော ဝင်ငွေပေါင်းသည် မြီရှင်ဖက်၌ရှိသော ထွက်ငွေပေါင်းထက် မည်သည့်အခါမျှ မနည်းနိုင်သည်ကိုမှတ်သားရပေမည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်လုပ်ငန်း၌မဆို ရှိသည့်ငွေထက် ပို၍မသုံးနိုင်သောကြောင့်ပင် ဖြစ်သည်။ မြီစားမြီရှင်ကွက်များ၌ ရှိသော စုစုပေါင်းငွေများသည် တခုနှင့်တခု မျဉ်းတပြေးတည်း၌ ရှိရ၏။ အကယ်၍ တဖက်မှ အကြောင်းအရာများသည် နည်း၍နေခဲ့သော် မျဉ်းစောင်းခံပြီးမှ စာရင်းပိတ်ရလေသည်။ မျဉ်းစောင်းခံခြင်း၏ အဓိပ္ပါယ်မှာ စုစုပေါင်းငွေများသည် တခုနှင့်တခု ထမ်းပိုးထမ်း ညီစေရန်အပြင် စာရင်းပိတ်ပြီးသည့်နောက် စာရင်းထပ်မံ မရေးသွင်းနိုင်စေရန်ပင် ဖြစ်သည်။ လက်ရှိ ငွေဝင်ငွေထွက်စာရင်းကို ပိတ်ပြီးသည့်နောက် စာရင်းသစ် ထပ်၍ ဖွင့်သည့်အခါ၊ ယခုစာရင်းပိတ်လက်ကျန်ငွေကို နောက်စာရင်းသစ်တွင် စာရင်းဖွင့် လက်ကျန်ငွေအဖြစ်ဖြင့် မြီစားဖက်၌ ထည့်သွင်းရလေသည်။

ပုံစံ ၂ မှာ အိမ်ထောင်စုတစု၏ ငွေဝင်ငွေထွက်စာရင်းဖြစ်သည်။ စာရင်းရေးမှတ်ပုံ ရေးမှတ်နည်းမှာ ပုံစံ ၁ တွင်ဖော်ပြခဲ့သော စာရင်းနှင့် အတူတူပင်ဖြစ်သော်လည်း ခြားနားချက်တခုရှိသည်။ ယင်းမှာ ယခင်လ၏ စာရင်းဆက်ဖြစ်သဖြင့် ယခင်လ၏ စာရင်းပိတ်လက်ကျန်ငွေ ၄၅ ပြား ၅၀ မှာ ယခုစာရင်းတွင် စာရင်းဖွင့်လက်ကျန်ငွေအဖြစ်ဖြင့် ထည့်သွင်းထားခြင်းပင်ဖြစ်သည်။

လက်ငင်း အပေးအယူပြုသော ငွေစာရင်းတို့ကို ငွေဝင်ငွေထွက်စာရင်းစာအုပ်တွင် ရေးမှတ်ရသည့်နည်းတူ အကြွေးစာရင်းတို့ကို စာရင်းချုပ်စာအုပ်တွင် ထည့်သွင်းရေးမှတ်ကြသည်။ အကြွေးတာဝန်ရှိသောသူ၏ နာမည်နှင့် လိပ်စာကို စာရင်း၏ထိပ်၌ ရေးသားဖော်ပြပြီးလျှင် အကြွေးနှင့်ဆိုင်သော အကြောင်းအရာတို့ကို မြီစားဖက်တွင် ရေးမှတ်လျက် ထိုသူပေးသွင်းသမျှသော ငွေနှင့် ခုနှိမ်၍ရသင့်သမျှသောကုန်တို့၏ တန်ဖိုးကို မြီရှင်ဖက်တွင် ရေးမှတ်ရလေသည်။ ပုံစံ ၃ မှာ ရန်ကုန်မြို့၊ ရွှေတောင်တန်း၊အမှတ်

အိမ်သုံးငွေဝင်ငွေထွက်စာရင်း

မြီစား ရက်စွဲ		အရ	ကျပ်	ပြား	မြီရှင် ရက်စွဲ		အပေး	ကျပ်	ပြား
မေ	၁	စာရင်းဖွင့်လက်ကျန်	၄၅	၅၀	မေ	၁	မေလတွက်အိမ်လခ	၄၀	၀၀
„	၁	လစာငွေ	၂၅၅	၀၀	„	၁	နွားနို့ဖိုးပေး	၁၀	၀၀
					„	၂	ကုန်စုံဆိုင်သို့ပေး	၁၀၀	၆၉
					„	၉	အမျိုးသားဆန်ဆိုင်	၃၁	၂၅
					„	၁၁	တယ်လီဖုန်းစရိတ်	၅	၄၁
					„	၁၅	ဓါတ်မီးလခ	၁၁	၅၀
					„	၂၀	ခေတ်စတိုး	၁၂	၂၅
					„	၃၀	အမဲသားငါးဆိုင်	၄၀	၀၀
							စာရင်းပိတ်လက်ကျန်	၄၈	၉၀
		စုစုပေါင်း	၃၀၀	၅၀			စုစုပေါင်း	၃၀၀	၅၀

ဦးစံဖေ၊ အမှတ် ၁၀၊ ရွှေတောင်တန်း၊ ရန်ကုန်မြို့။

မြို့စား ရက်စွဲ			ကျပ်	ပြား	မြို့ရှင် ရက်စွဲ			ကျပ်	ပြား
ဇွန်	၂	စောင်တထည်	၂၆	၅၀	ဇွန်	၁၇	ပိုးထည် ၄ ကိုက်	၂၀	၀၀
"	၀	စွပ်ကျယ် ၂ ထည်	၃	၂၀	ဇူလိုင်	၂	ငွေချေ	၀၀	၂၀
"	၁၆	ပိုးထည် ၄ ကိုက်	၂၀	၀၀					
"	၁၇	လုံချည် ၁ ထည်	၃၀	၀၀					
"	၂၀	ဇာ ၁၀ ကိုက်	၁၂	၅၀					
			၁၀၉					၁၀၉	

ပုံစံ ၃ ။

၁၀ နေ့ ဦးစံဖေအတွက် သူ၏ဖောက်သည်ဆိုင်တဆိုင်မှထား ရှိသော အကြွေးစာရင်းဖြစ်သည်။

ဦးစံဖေသည် ဇွန်လအတွင်းတွင် မိမိ၏ ဖောက်သည်ဆိုင် တဆိုင်မှ ငွေ ၁၀၉ တန်ဖိုးရှိသော ပစ္စည်းများကို အကြွေး ဝယ်ယူခဲ့၏။ ထိုပစ္စည်းများအနက် တကိုက်လျှင် ၇ ပြား ၂၀ နှုန်းဖြင့် ဝယ်ခဲ့သော ပိုး ၄ ကိုက်ကို များစွာ မနှစ်သက် သဖြင့် ဝယ်ပြီး နောက်တနေ့တွင် ဆိုင်သို့ ပြန်ပို့လိုက်၏။ ဇူလိုင်လ ၂ ရက်နေ့သို့ ရောက်သောအခါ ဦးစံဖေသည် ဆိုင် သို့သွား၍ အကြွေးများကို ရှင်းလင်း ပေးဆပ်လိုက်လေ သည်။ ဤအခြင်းအရာကို ဦးစံဖေ၏ ဖောက်သည်ဆိုင် သည် ပုံစံ ၃ စာရင်းတွင် ရေးမှတ် ဖော်ပြထားခြင်းဖြစ် သည်။ အကြွေးချ၍ ရောင်းသော ဆိုင်တို့သည် အကြွေး စာရင်းများကို ပုံစံ ၃ ကဲ့သို့သော စာရင်းမျိုးတွင် ထည့် သွင်းရေးမှတ်လေ့ ရှိကြလေသည်။

စာရင်းစု။ ။ယခုအခါ စာရင်းစုပညာသည် ခေတ်စား လျက်ရှိသည်။ ပမာအားဖြင့် လူဦးရေ တိုးတက် ဆုတ် ယုတ်မှုကို သိရှိနိုင်ရန် သန်ကောင်စာရင်း ကောက်ခြင်း၊ တိုင်းပြည်လူထု တမျိုးသားလုံး၏ တန့်စ်အတွက် ဝင်ငွေ သုံးငွေ စာရင်းများ၊ မြန်မာနိုင်ငံ လယ်များမှ ပျမ်းမျှ တ ကယ် စပါးအထွက်နှုန်း သိနိုင်ရန် စာရင်းများ စုဆောင်း ခြင်း အစရှိသည့် စံနစ်များသည် စာရင်းစုပညာနှင့် သက် ဆိုင်သည်။

စာရင်းစုပညာ ဟူသည်မှာ အဓိကအားဖြင့် တိုင်းထွာ ရေတွက်၍ ရကောင်းသော အရာဝတ္ထုများ၏ အတိုင်း အထွာ ပမာဏများကို စာရင်းပြုလုပ်၍ ယင်းဝတ္ထုပစ္စည်း တို့နှင့် ဆက်စပ်သော ကိစ္စတို့ကို လေ့လာခြင်းဖြစ်သည်။ ပမာဆိုသော် ဖွား သေ စာရင်းများ စုဆောင်းခြင်းဖြင့် တိုင်းပြည် လူထု၏ ပျမ်းမျှ သက်တမ်းကို ခန့်မှန်းနိုင်၏။ ထိုစာရင်းများကို အသုံးပြု၍ အသက်အာမခံလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်၏။ ဒေသအလိုက် နေစဉ်မိုး ရွာသော စာရင်းများ ပြုစုခြင်းဖြင့် ဒေသတခုဌ် နှစ်စဉ် မိုးနည်းသည် များသည်ကို သိနိုင်၏။ ရာသီဥတုကို ကြိုတင် ခန့်မှန်းနိုင်၏။ ထိုနည်းအတူ စပါးအထွေးအဝယ် စျေး နှုန်းစာရင်းများ၊ အဝတ်အထည် စျေးနှုန်းစာရင်းများ၊ ငါး သား ဗုဒ္ဓန် အစားအစာများ၏ စျေးနှုန်းစာရင်းများ စု ဆောင်းလေ့လာခြင်းဖြင့် လူထု သက်သာချောင်ချိမှု တိုး တက်ခြင်း ဆုတ်ယုတ်ခြင်းတို့ကို သိနိုင်၏။ မြို့တမြို့၏

လူသေစာရင်းတွင် သက်ဆိုင်သော ထောဂါအမျိုးအမည်ကို လေ့လာခြင်းဖြင့် မည်သည့်ထောဂါအတွက် ဆေးဝါးနှင့် ဆရာဝန်များ အထူးလိုအပ်ကြောင်း သိနိုင်၏။

အသုံးပြုလေ့ရှိသော နည်းတခုမှာ စံနမူနာယူနည်း ဖြစ်သည်။ ပမာအားဖြင့် မအူပင်ခရိုင်တွင် စပါး တကေ မည်မျှထွက်သည်ကို သိလိုသည်ဟု ဆိုကြပါစို့။ ခရိုင်တခုလုံး ထွက်သော စပါးစာရင်းများ၊ စိုက်ပျိုးသော ကေအားလုံး၏ စာရင်းများကို စုဆောင်းရပေလိမ့်မည်။ သို့ထုတွင် ဤမျှ ကျယ်ပြန့်များပြားသော စာရင်းများကို အတိအကျ ရယူ စုဆောင်းရန် မလွယ်ကူပေ။ အချိန်များစွာ ကုန်မည်။ လူများစွာ ကူညီဆောင်ရွက်ရပေမည်။ ထိုကြောင့် ဖြတ်လမ်းနည်း အလွယ်နည်းမှာ မအူပင်ခရိုင်အတွင်းရှိ သင့်တော်သော လယ်ကွက်ဆယ်ခုကို ရွေးချယ်၍ စပါးထွက်ကို အသေးစိတ် စုံစမ်းခြင်းဖြစ်၏။ ထိုဆယ်ကွက်ကို ရွေးချယ်ရာ၌ သင့်တော်မည်ထင်သော လယ်ကွက်ဆယ်ကွက်ကိုရွေးချယ်ခြင်း သို့မဟုတ် လယ်ကွက် ၁၀၀၊ ၂၀၀ အထဲမှ မဲနှိုက်၍ ရသော လယ် ၁၀ ကွက်ကို ရွေးချယ်ခြင်းဟူ၍လည်း နည်းအမျိုးမျိုးရှိ၏။ သင့်တော်သလို အခြေအနေအရ ဆောင်ရွက်ရမည်ဖြစ်သည်။ ဤနည်းအားဖြင့် အချိန်အနည်းငယ်အတွင်း စရိတ်များစွာမကုန်ဘဲ မအူပင်ခရိုင်၏ တကေ ပျမ်းမျှစပါးထွက်နှုန်းကို သိနိုင်၏။ ခန့်မှန်းနိုင်၏။ ထိုကြောင့် စီးပွားရေး အကြောင်းအရာများ၊ အုပ်ချုပ်မှု ကိစ္စများ၊ စက်ရုံကြီးများ၌ ကုန်ထုတ်စရိတ်၊ တနာရီတွင် ကုန်ချော ပစ္စည်း အထွက်နှုန်း စသည်များကို သိရှိနိုင်ရန် ဤနည်းကို အသုံးပြုကြ၏။ ရက်တို လတို စုံစမ်းရေးအဖွဲ့များကလည်း ဤစံနစ်ကိုအသုံးပြုကြ၏။

စာရင်းစုပညာတွင် ဇယားများနှင့် ဇယားကွက် ပုံစံအမျိုးမျိုးကို အသုံးပြုရသည်။ ပမာအားဖြင့် အနှစ် ၅၀ အတွင်း မြန်မာနိုင်ငံ စပါးစေ့း အတက် အကျ အခြေအနေများ၊ လူဦးရေ တိုးတက်မှုများကို ဇယားများဖြင့် ရေးဆွဲဖော်ပြခြင်းသည် တိုးတက်မှု ဆုတ်ယုတ်မှုများကို ရှင်းလင်းစွာ နားလည်နိုင်စေသည်။

စာရင်းစုပညာဖြင့် အမှန်ကို အတိအကျမသိနိုင်။ သန်ကောင်စာရင်း၊ တိုင်းပြည် စပါးထွက်စာရင်း၊ မိုးရွာစာရင်းများသည် နယ်အသီးသီးမှ ကောက်ခံရသော စာရင်းများဖြစ်၍ မှားယွင်းချက် အနည်းငယ်ရှိနိုင်သည်။ သို့ထုတွင် ထိုစာရင်းများသည် များစွာတန်ဖိုးရှိ၏။ ထိုစာရင်းများဖြင့် အနှစ် ၅၀ အတွင်း လူဦးရေ တဖြည်းဖြည်းတိုးပွားလာခြင်း၊ မြန်မာနိုင်ငံ စပါးထွက် တနှစ်ထက် တနှစ် တိုးတက်ဆုတ်ယုတ်ခြင်းများ၊ ရန်ကုန်မြို့တွင် ပြည်မြို့ထက် နှစ်စဉ် မိုးနှစ်ဆရွာသွန်းခြင်း စသည်များကို သိနိုင်၏။


သတိပြုရမည့်အချက်မှာ စာရင်းများစုဆောင်းထု၌ စံနစ်တကျဖြစ်စေအပ်သော အချက်ပင်တည်း။ မှန်ကန်နိုင်သမျှ မှန်ကန်စွာ ဂဏန်းများ၊ စာရင်းများကို ကောက်ယူနိုင်လေလေ၊ ထိုစာရင်းများ၌ တန်ဖိုးရှိလေလေဖြစ်သည်။ စာရင်းစုပညာကို တိုင်းပြည်အသီးသီးတို့က တနေ့တခြား ပိုမိုလေ့လာကျပြုကြောင်း တွေ့ရှိရ၏။ စီးပွားရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေး၊ လူမှုရေးရာအဖြာဖြာနှင့် သက်ဆိုင်သော သုတေသီပုဂ္ဂိုလ်တို့အတွက် များစွာ တန်ဖိုးရှိသော ပညာရပ်တခုဖြစ်သည်။

ဦးတင်အုံး။

စာရင်းတွက်စက်။ ။ကုန်တိုက်၊ ဘဏ်တိုက်မှစ၍ အလုပ်တိုက်အသီးသီးတွင် စာရင်းအင်း အမြောက်အမြားကို မှန်ကန်စွာ တွက်ချက်ရေးမှတ်၍ စံနစ်တကျ ထားရှိရသော အလုပ်မှာ လွယ်ကူသည့် အလုပ်မဟုတ်ချေ။ လူတို့သည် အဆိုပါ စာရင်းအင်းများကို ရှေးအခါက လက်နှင့်သာလျှင် ပင်ပန်းကြီးစွာ ရေးမှတ်ခဲ့ကြရ၏။ နောင်သော် လက်နှိပ်စက်များ၊ စာကူးစက်များ ပေါ်လာသဖြင့် ထိုအလုပ်မှာ ယခင်ကထက် အဆပေါင်းများစွာ လျင်မြန်ရှင်းလင်း၍လာသည်။ ယခုအခါ တိုးတက်လျက်ရှိသော စက်မှုပညာ၏ ကျေးဇူးကြောင့် 'စာရင်းတွက်စက်' များ ပေါ်လာပြန်ရာ၊ ထိုစက်မျိုးနှင့် စာရင်းအင်းများကို တွက်ချက်သောအခါ ယခင်ကထက် တိုး၍ အံ့သြလောက်အောင် အလုပ်တွင် ကျယ်လာသည်ကို တွေ့ရလေသည်။

စာရင်းတွက်စက်မှာ လက်နှိပ်စက်တမျိုးပင် ဖြစ်သည်။ ထိုစက်တွင် ဂဏန်းများကို တလုံးချင်းဖြစ်စေ၊ စုပေါင်းဖြစ်စေ၊ ပေါင်းနိုင် နုတ်နိုင်သည့် ကရိယာများ တပ်ဆင်ထားသည်။ ပေါင်းလို နုတ်လိုသည့်အခါ၊ ဆိုင်ရာခလုတ်ကို နှိပ်ပေးရန်သာလို၏။ အချို့သော စာရင်းမျိုးတွင် မင်နီကိုလည်း တခါတရံ ကြားဖြတ်သုံးရန် အလိုရှိတတ်သည်။ ထိုအခါမျိုး၌ လက်နှိပ်စက်မှာကဲ့သို့ပင် ခလုတ်ကို နှိပ်ပေးရုံဖြင့် ကာဗွန်ကြိုးကို အလိုရှိသလို ပြောင်းပေးနိုင်သည်။ အထက်ဖော်ပြပါ ခလုတ်များ ပါရှိခြင်းကြောင့် လက်ကျန်ငွေ၊ အပိုထုတ်ယူငွေ စသည်တို့ကို မင်နီဖြင့် ပြလိုကလည်း လွယ်ကူစွာ ပြနိုင်သည်။ ကုန်စာရင်း၊ လချုပ်စာရင်း စသည်တို့တွင် ဆိုင်ရာ စာရင်းကို တတန်းစီ ပေါင်းနုတ်သွားရုံမက၊ စုစုပေါင်းကိုပါ ပြလိုကလည်း ဆိုင်ရာခလုတ်ကို နှိပ်ပေးခြင်းဖြင့် အလိုရှိသော အပြေကို အလိုအလျောက် တွက်ချက်ပြီး ထွက်ပေါ် စေနိုင်သည်။ စာရင်းတွက်စက်သည် အလုပ်နှင့် အချိန်ကိုသာ အဆပေါင်းများစွာ သက်သာစေသည်မဟုတ်၊ တိကျမှန်ကန်သော စာရင်းများကိုလည်း ရရှိစေနိုင်၏။ သို့ထုတွင် ဤစက်ကို ရိုက်နှိပ်ရဖသော စက်သမားသည် စာရင်းကိုင်စာရေးများနည်းတူ မိမိအလုပ်ကို မှန်ကန်စွာ ပြုလုပ်ရန်လိုပေသည်။

စာရင်းတွက်စက်တွင် စီမံထားပုံမှာ ခုမှဆယ်သို့၊ ဆယ်မှရာသို့၊ ရာမှထောင်သို့ စသည်ဖြင့် ဂဏန်း ပြောင်းသွားစေရန်အတွက် ခွေးသွားစိတ် ၁၀ ခုစီပါသည့် ဘီးကလေးများ တပ်ဆင်ထားသည်။ ထို ခွေးသွားစိတ်ကလေးများသည် နှိပ်လိုက်သည့် ခလုတ်ပေါ်ရှိ ဂဏန်း အမှတ်အတိုင်း နေရာရွှေ့ကြ၏။ ပမာအားဖြင့် ၅ အမှတ်ခလုတ်ကိုနှိပ်က ခွေးသွားစိတ် ၅ ခုရွှေ့၍ ၉ အမှတ်ကိုနှိပ်လျှင်လည်း ၉ ခုရွှေ့လေသည်။ သို့ရာတွင် တကျပ်၌ ၁၆ ပဲရှိခြင်း၊ တပဲ၌ ၁၂ ပိုင်ရှိခြင်းတို့ကြောင့်၊ ပိုင်မှပဲသို့ ပြောင်းပေးရမည့်ဘီးတွင် ခွေးသွားစိတ် ၁၂ စိတ်ရှိရန်လို၍ ပဲမှကျပ်သို့ ပြောင်းပေးရမည့်ဘီးတွင် ခွေးသွားစိတ် ၁၆ စိတ်ရှိရန်လိုပေသည်။ ထို့အတူ အင်္ဂလိပ်ဒေ့ ပေါင်၊ သျှီလင်၊ ပဲနီကိုသုံးသည့် စက်တွင်လည်း ပဲနီမှသျှီလင်၊သျှီလင်မှပေါင်သို့ ပြောင်းပေးနိုင်ရန် အတွက်၊ ခွေးသွားစိတ် ၁၂ စိတ်နှင့် အစိတ် ၂၀ အသီးသီးရှိသည့် ဘီးများကို အထက်ပါ ကျပ်၊ ပဲ၊ ပိုင် ဘီးများအစား တပ်ဆင် ပေးရန် လို၏။ ထို့အတူပင် ကျပ်နှင့်ပြား စံနစ်အတွက် ဖန်တီးရန်စက်တွင်လည်း ၁ ကျပ်တွင် ၁၀ မူးရှိ၍ ၁ မူးတွင် ၁၀ ပြားရှိသောကြောင့် ပြားမှမူးသို့ ပြောင်းပေးရမည့်ဘီးတွင် ခွေးသွားစိတ် ၁၀ စိတ်ရှိရန်လို၍၊ မူးမှကျပ်သို့ ပြောင်းပေးရမည့်ဘီးတွင် ခွေးသွားစိတ် ၁၀ စိတ်ရှိရန်လိုပေမည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ စာရင်းတွက်စက်များကို ပြုလုပ်သည့်အခါ၊ အသုံးပြုမည့် နိုင်ငံရှိ ငွေကြေး အမျိုးအစားကို လိုက်၍ သင့်တော်အောင် ပြုပြင်စီမံပေးရန် လိုသည်ဟု ဆိုလိုပေသည်။



ဂဏန်းများကိုပေါင်းနိုင်နုတ်နိုင်သော စာရင်းတွက်စက်

စာလုံးပေါင်း။ ။လိုအပ်သေးစကားဖြစ်အောင် အကွာထုတို့ကို ပေါင်းစည်းခြင်းသည် စာလုံးပေါင်းမည်၏။

အတွေ့အကွာရသည်ာတော ဟူသော ကစွည်းသဒ္ဒါကြီး သုတ်နှင့်အညီ အနက်ကို အကွာထုဖြင့်မှတ်ရပေသည်။ မြန်မာဘာသာတွင် သရ သက်သက်ဖြင့်လည်း အနက်ကိုမှတ်ရသည်။ ဗျည်းနှင့်သရကို ပေါင်း၍လည်း မှတ်ရသည်။ အကွာရဝိပတ္တိယံဟိအတ္ထဿဒုန္နယတာ ဟူသည် နှင့်အညီ အကွာထုဖောက်ပြန်လျှင် အနက်သိရခက်ပေသည်။ ဤကိုရည်၍ ရွှေတောင်ထုကျောက်က ကဝိလကွဏာသတ်ပုံတွင် 'အသတ်အလတ်၊ အရစ်အပင့်၊ သင့်မသင့်၊ ထုမထုကို၊ မလိမ္မာချေက၊ အဖတ်၊ အရွတ်၊ အမှတ်အသား အဓိပ္ပါယ်အယူ ပျက်၍ မကောင်းကျိုးပင် ထောက်ထုသည်' ဟု ဆို ခဲ့ပေသည်။ ထိုကြောင့် ပုဂံခေတ်မှစ၍ ပညာရှိ အဆက်ဆက်တို့သည် အကွာထုစာလုံး ရေးနည်း၊ ပေါင်းနည်းတို့ကို အထူးအလေးပြု လေ့လာ စောင့်ရှောက်ခဲ့ကြပေသည်။

စာလုံးပေါင်းနည်းမှာ အထက်တွင် ဆိုခဲ့သည့်အတိုင်း ဗျည်းနှင့်သရကို ပေါင်းနည်းအပြင်၊ ဗျည်းဗျည်းချင်း သံယုတ်အဖြစ် ပေါင်းခြင်း၊ နောက်ပါဗျည်းတွင် တံခွန်တင်၍ အသံကိုသတ်ကာ ပေါင်းခြင်းတို့လည်း ရှိပေသေးသည်။ ဥဒါဟရဏ်ဆိုသော် ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး စသည်တို့မှာ ဗျည်းဗျည်းချင်း သံယုတ်အဖြစ်ပေါင်းခြင်း ဖြစ်ပေသည်။ ကသတ်၊ ငသတ်၊ စသတ်၊ ညသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ သေးတင်တို့မှာ အသံကိုသတ်ကာ ပေါင်းခြင်းတို့ ဖြစ်ပေသည်။

ဤသို့ စာလုံးပေါင်းခြင်း အမျိုးမျိုး ရှိရာတွင် ပင့်ရစ်ပေါင်းခြင်းသည် အသံထွက်ပုံတူသဖြင့် ရောထွေး မှားယွင်းနိုင်ဖွယ် အကြောင်းများသော ပေါင်းခြင်း ဖြစ်သည်။ တသတ်၊ ပသတ်၊ နသတ်၊ မသတ်တို့ဖြင့် ပေါင်းခြင်းသည်လည်း အသံထွက်ပုံတူသဖြင့် ရောထွေး မှားယွင်းနိုင်ဖွယ် အကြောင်းများသော ပေါင်းခြင်းဖြစ်သည်။ ထိုကြောင့် ပျိုလက်ာဆရာတို့သည် မိမိတို့၏ ပျိုလက်ာတို့တွင် အပင့်နှင့်အရစ်ကို ခွဲထားပြု၍ စပ်ဆိုခဲ့ကြသည်။ အသတ်ကာရန်ကို စောင့်ရှောက်၍ စပ်ဆိုခဲ့ကြသည်။ ထိုစပ်ထုံးဆိုထုံးတို့ကို လေ့လာစုဆောင်း၍ ရွာကြီးသျှင်ဥက္ကံသမာလာက ဝဏ္ဏဗေဒမန သတ်အင်းနှင့် သတ်ညွှန်းတစောင်ကိုဂင်း၊ ဂဇဗလ အမတ်က ဂဇဗလ သတ်ညွှန်းကိုဂင်း၊ တွင်းသင်းမင်းကြီး ဦးထွန်းညိုက ဝိဘင်္ဂဌပိတ ခွဲထားနှင့် သတ်ညွှန်းသစ်ကိုဂင်း၊ ရွှေတောင်ထုကျောက်က ကဝိလကွဏာ သတ်ပုံကိုဂင်း၊ လက်ဝဲနော်ရထာအမတ်က မြန်မာသံယောဂဒီပနီကိုဂင်း၊ မုံရွေး ဆရာတော်က မုံရွေးသတ်ညွှန်းကိုဂင်း၊ ကျည်းကန်ရွာကြီးက စွယ်စုံကျော်ထင် သတ်ပုံကိုဂင်း၊ ဆရာအများက သတ်ပုံ သတ်ညွှန်း ခွဲထားအများကိုဂင်း ရေးသားပြုစုခဲ့ကြပေသည်။

ဦးဝန်။

စာသင်္ကျောင်း။ ။မြန်မာနိုင်ငံပညာရေးစံနစ် — ၌။

ပုံနှိပ်ပြီးစာအုပ်တာအုပ်၏အံ့ဩဖွယ်

ရှေးအခါက ပဗိုင်းရပ် ကျူးရွှက်များ၊ သားရေပြားများပေါ် တွင် စာရေးသားကာ၊ စာအုပ်ပြုလုပ်သည်မှစ၍၊ ပုံနှိပ်စာအုပ် ဖြစ်ပေါ် ထုတ်ဝေသည်အထိ စာအုပ်သမိုင်းသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

စာအုပ်။ ။ယခုခေတ်တွင် စာအုပ်အမျိုးမျိုး ပေါ် ပေါက်လျက်ရှိ၏။ ထိုကဲ့သို့ ပေါ် ပေါက်လာနိုင်ခြင်းမှာ စာအုပ်ဖက်ဆိုင်ရာ လုပ်ငန်းများကို တဆင့်ထက်တဆင့် ကောင်းမွန်သည်ထက် ကောင်းမွန်လာအောင် ပြုပြင်ပေးနိုင်သောကြောင့်ပင် ဖြစ်သည်။ ပုံနှိပ်စက်မပေါ် မီက စာအုပ်များရှိခဲ့သော်လည်း စာအုပ်အမြောက်အများ ထုတ်ဝေနိုင်ခြင်းမှာ စာပုံနှိပ်စက်ပေါ် တွင်တည်သည်။ စာပုံနှိပ်စက်များကို ကောင်းမွန်လာအောင် ပြုပြင်ပေးနိုင်သောကြောင့် စာအုပ်ကောင်းမြောက်မြားစွာ ဖြစ်ပေါ် လာနိုင်ပေသည်။ (ပုံနှိပ်ခြင်းအတတ် — ရှု။)

ရှေးပဝေဏီကဆိုလျှင် စာအုပ်များ မပေါ် သေးချေ။ ရှေးခေတ်လူများသည် ရွှံ့စေးပြား၊ သစ်ခေါက်၊ သားရေ၊ ပျဉ်ပြား စသော မပျက်စီးလွယ်သည့် ပစ္စည်းများပေါ် ၌ စာအုပ်များကို ရေးသားကြသည်။ ကျောက်ပြားများပေါ် တွင် စာလုံးများကို ထွင်းကြသည်။ ဆင်စွယ်ပြား၊ ခရေညိုပြား၊ ခဲပြားများပေါ် တွင် ပြည်သူအများနှင့်ဆိုင်သော မှတ်တမ်းများကို ရေးခဲ့ကြသည်။ ယင်းတို့ကို နံဘေးတဖက်၌ တဲ့ထားလေ့ရှိရာ စာအုပ်ခပ်ဆင်ဆင် ဖြစ်လာ၏။

ထိုနောက် ပဗိုင်းရပ်ဟု ခေါ် သော ကျူပင်တမျိုးမှရသည့် အရွက်များပေါ် တွင် စာများကိုရေးသား၍ စာအုပ်သဘော ဖြစ်ပေါ် လာသည်။ ပဗိုင်းရပ်အရွက်များကို ယခုခေတ် စာအုပ်ချုပ်သကဲ့သို့ မခွုပ်ကြဘဲ၊ ကော်ဖြင့်သာ တခုနှင့်တခု နံဘေးချင်းယှဉ်၍ ကပ်ထားသည်။ ဤသို့ စာရေးပြီးသား ပဗိုင်းရပ်ရွက်များကို ယှဉ်၍ကော်ကပ်လိုက်ရာ၊ အလိပ်ရှည်ကြီး ဖြစ်လာသည်။ ပဗိုင်းရပ်ရွက်၏ အလျားကိုလိုက်၍၊ အလိပ်များမှာ ပြက် ၅ လက်မမှ ၁၂ လက်မအထိရှိသည်။ ပဗိုင်းရပ်ရွက်များ၏ အရေအတွက်လိုက်၍ အလိပ်များမှာ ၁၅ ပေမှပေ ၄၀ အထိရှည်သည်။ ပဗိုင်းရပ်ရွက်များပေါ် တွင် တဖက်သာ စာရေးလေ့ရှိ၏။ ပဗိုင်းရပ်ရွက်များကို ဆေးခြယ် သို့မဟုတ် ရွှေချထားသော တုတ်တံတချောင်း၌ ပတ်၍ထား၏။ ထိုတုတ်တံ၏ အစွန်းနှစ်ဖက်၌ ဖုများတပ်ထားသည်။ စာဖတ်လိုသောအခါ၊ စာဖတ်သူသည် ညာဖက်လက်ဖြင့် ပဗိုင်းရပ်အလိပ်ကိုကိုင်၍ ဖြန့်ကာဖြန့်ကာ တရွက်ပြီးတရွက် ဖတ်ပြီးလျှင် ဗယ်ဖက်လက်ဖြင့် အခြားတုတ်တံတခုပေါ် တွင် ပြန်လိပ်သွားသည်။ တလိပ်လုံးကို ဖတ်ပြီးလျှင် ပြန်၍ ပဌမတုတ်တံပေါ် တွင် လိပ်ထားရသည်။ ပဗိုင်းရပ် စာလိပ်များမှာ ရှေးအီဂျစ်ခေတ်မှစ၍ ပေါ် ခဲ့သည်။ (ပဗိုင်းရပ်။ စက္ကူ — ရှု။)

ကမ္ဘာ့အရှေ့တိုင်းများတွင် ပုရပိုက်နှင့် ပေစာများ အသုံးပြုခဲ့ရာ၊ ပုရပိုက်မှာ စာအုပ်သဘော သက်ဝင်၍၊ ပေစာများကိုမူ ပေထုပ်ပြု၍၊ စာပလ္လင်ဖြင့် ရစ်ပတ်ကာ သိမ်းဆည်းထားလေ့ရှိ၏။ (ပုရပိုက်။ ပေစာ — ရှု။)

ရှေးဂရိနှင့် ရောမလူမျိုးများသည် ရှည်လျားသော စာမူများအတွက် ပဗိုင်းရပ် စာလိပ်များကို အသုံးပြုသော်လည်း၊ အတိုအထွာ မှတ်စရာအတွက်မူ၊ ဖယောင်းအမည်းသုတ်ထားသော ပျဉ်ပြားကလေးများကို သုံးကြသည်။ စတိုင်းလပ်ခေါ် သံချောင်းချန် သို့မဟုတ် အရိုးချန်ဖြင့် ဖယောင်းပေါ် တွင် စာလုံးများကို ရေးခြစ်ကြသည်။ ထို့စတိုင်းလပ်မှာ မြန်မာပေစာများကို ရေးသားသော ကညစ်နှင့် သဘောချင်းတူသည်။ အထက် ဖော်ပြရာပါ ပျဉ်ပြားကလေးများကို အလျားတဖက်၌ အပေါက်များဖောက်၍ သားရေကြိုး၊ သံကွင်း စသည်ဖြင့် တွဲထားတတ်ရာ စာအုပ်သဘော ဖြစ်ပေါ် လာပြန်သည်။

ရှေးခေတ်က စာအုပ် (၀ါ) စာလိပ်များအတွက် ပဗိုင်းရပ်ကို အသုံးများသော်လည်း အရေးကြီးသော စာမူများကို 'ဗယ်လမ်' ခေါ် နွားကလေးသားရေပေါ် ၌ ဖြစ်စေ 'ပတ်ချမင့်' ခေါ် သိုး သို့မဟုတ် ဆိတ်သားရေ၌ဖြစ်စေ ကူးယူ၍ စာအုပ်ပြုလုပ်ထားလေ့ရှိ၏။ သိုးနှင့် ဆိတ်သားရေတို့မှာ နွားကလေးသားရေလောက် ချောမွတ်နူးညံ့ခြင်းမရှိပေ။


စာရေးသားရန်သားရေမှာ နယ်ပြီးသားဖြစ်သော်သား ရေမဟုတ်ချေ။ ရေနှင့်ဆေး၍ အမွေးများကျွတ်အောင် ထုံးနှင့် ပွတ်တိုက်၍သာ ထားသော သားရေဖြစ်သည်။ အမွေးကျွတ်သွားသောအခါ သစ်သားဘောင်တွင်ကြက်၍ သားရေကိုခြစ်သည်။ မြေဖြူမှုန့်များနှင့် လိမ်းကျံသည်။ ပြောင်လာအောင် ကျောက်ပွန့်နှင့် ပွတ်တိုက်ပေးရသည်။ ထိုအခါမှ စာရေးသား၍ရသော 'ဗယ်လမ်' နှင့် 'ပတ်ချမင့်' ခေါ် သားရေဖြစ်လာသည်။ နွားကလေးသားရေသည် စာအုပ်ပြုလုပ်သည့် ပစ္စည်းများထဲတွင် ကြာရှည်အခံဆုံး၊ အလှပဆုံးပစ္စည်း ဖြစ်လေသည်။ သို့ရာတွင် ဈေးကြီးသဖြင့် အခါတိုင်း စာအုပ်ပြုလုပ်ရာတွင် မသုံးနိုင်ပေ။ ပုံနှိပ်ရာ၌လည်း အလွယ်တကူ ကိုင်တွယ်၍မရပေ။

နွားကလေးသားရေနှင့် သိုး၊ ဆိတ်တို့၏ သားရေများကို စာရေးရန်၊ စာအုပ်ပြုလုပ်ရန် အတွက် ခရစ်မပေါ် မီ နှစ်ပေါင်း ၅၀၀ ခန့်မှစ၍ အသုံးပြုခဲ့သည်။ ခရစ်တော်ပေါ် သည့် အချိန်လောက်မှစ၍၊ နွားကလေးသားရေ၊ သိုးဆိတ်

သားရေများကို ပိုင်းရပ်အရွက်များအစား တဖြည်းဖြည်း ပိုမိုသုံးလာကြသည်။ ခရစ်တော်ပေါ်ပြီး အနှစ် ၄၅၀ ခန့် ကြာသောအခါ စာအုပ်များအတွက် သားရေများကိုသာ သုံးလေ့ရှိတော့၏။ သားရေချပ်များကို အရွယ်ညီအောင် ဖြတ်၍၊ သားရေကြိုးများဖြင့် စုစည်းချုပ်လုပ်လိုက်သော အခါ စာအုပ်ဖြစ်လာ၏။

ရောမအင်ပိုင်ယာကြီး ပျက်စီးသွားပြီးသည့်နောက် နှစ်ပေါင်းတထောင်အတွင်းတွင် စာအုပ်များကို လက်ဖြင့်သာ ရေးသားချုပ်လုပ်ခဲ့ကြရသည်။ စာရေးသားရာ၌ ကျူရိုးနှင့် ငှက်တောင်များကို ကလောင်အဖြစ်ဖြင့် အသုံးပြုကြသည်။

ပိုင်းရပ်ပေါ်တွင် အများအားဖြင့် မီးခွက်မှိုင်းမှရသော မင်ဖြင့် ရေးခဲ့၏။ သားရေများပေါ်၌လည်း ထိုမင်ဖြင့် ဆက်လက်ရေးသားကြ၏။ ထိုနောက် မင်အသစ်တမျိုး ပေါ်လာ၏။ သံမှုန့်များနှင့် ဝက်သစ်ချခေါက်ဖြစ်စေ၊ ပဉ္ဇကာနီသီးဖြစ်စေ၊ ရောစပ်၍ ရှရကာရည်ဖြင့်ကျိုလိုက်ရာ မင်ဖြစ်လာသည်။ မင်တွင် ထနောင်းစေးကို ထည့်ထားသဖြင့် သားရေ၌ မင်မှုန့်များ စွဲကပ်နေစေ၍ ပျက်ပြယ်ခြင်းမရှိပေ။ စာမရေးသားမီ သားရေပေါ်၌ စာများကိုရေးသားရန် မျဉ်းများကို ချန်ထက်သောခဲချောင်းဖြင့် သားလေ့ရှိကြသည်။




ထုပသောရွပ်စုံပုံများရေးခြယ်ထားသည့် ရွှေဟောင်းစာမူတခု

ဥရောပ အလယ်ခေတ်တွင် စာအုပ်များကို ကူးယူရေးသားကြသည်မှာ အများအားဖြင့် ခရစ်ယာန် ဘုန်းကြီးကျောင်းများတွင် ဖြစ်သည်။ သားရေလေးချပ်ကို ထပ်ပြီးလျှင် တခေါက်ချိုးလိုက်သောအခါ၊ အရွက်ရှစ်ရွက်ပါ စာအုပ်တပိုင်း ဖြစ်လာသည်။ စာကူးသူသည် တရွက်စီခွဲ၍ ရေးသည်။ စာမျက်နှာ နှစ်ဖက်စလုံးတွင် ရေးသည်။ ခေါင်းစဉ်များကို မင်နီနှင့်ရေး၍ အစစာလုံးများကို လှပစွာ ရေးထည့်သည်။ တပိုင်းပြီး တပိုင်း ရေးပြီးသောအခါ ပြန်လည်ဖတ်ရှု၍ အမှားများကိုပြင်ပြီးလျှင် စာအုပ်ချုပ်သူထံသို့ စာအုပ်ချုပ်ရန် စာအုပ်အပိုင်းများကို ပေးပို့ကြရသည်။ စာအုပ်ချုပ်သူသည် သားရေချပ်ခေါက်များကို ခေါက်ရိုးနားတွင်ဖေါက်၍ ကြိုးများဖြင့် သီပြီးလျှင် သစ်သားပြားများကို စာအုပ်အဖုံးပြုလုပ်ရန် အပေါက်ဖေါက်ကာ တပါတည်းချုပ်လိုက်၏။ ထိုနောက် သစ်သားပြားများနှင့် စာအုပ်ကျောကို သားရေပြားကြီးတချပ်ဖြင့် ကော်ကပ်ရန် ဖုံးလိုက်၏။ ထိုသားရေဖုံးကို လှပအောင် သံပူထိုး၍ ခြယ်လယ်လေ့ရှိကြ၏။ ဘာသာရေး ကျမ်းစာအုပ်များကို အထူးသဖြင့် လှပအောင် ခြယ်ထားလေ့ရှိကြသည်။ စာမျက်နှာတိုင်းလိုလိုပင် လှပစွာ ရောင်စုံဖြစ်စေ၊ ရွှေမှုန့်ချ၍ဖြစ်စေ၊ ရေးဆွဲထားသောပုံများ ပါလေ့ရှိသည်။

အလယ်ခေတ်တွင် ဘာသာရေး ကျမ်းစာအုပ်များကိုသာ အများအပြား ရေးခဲ့သည်။ သို့သော် တရားဥပဒေ၊ ဆေးပညာ၊ သဘာဝသမိုင်း၊ ဗေဒင် စသည့် စာအုပ်စာတမ်းများကိုလည်း ရေးသားခဲ့ကြသေး၏။ အသုံးပြုသောဘာသာမှာ လက်တင်ဘာသာဖြစ်သည်။

လက်ရေးနှင့်ရေးသားသော စာအုပ်များတွင် ခရစ်တော်မပေါ်ထွန်းမီခေတ်က လက်တင် လက်ာရေးဆရာ ဗာဂျီရေးသားခဲ့သော ကဗျာလက်ာများကို ခရစ် ၃ ရာစုနှစ်အတွင်းတွင် တစုံတယောက်က ကူးယူ၍ လက်ရေးစာအုပ်များပြုလုပ်ခဲ့ရာ၊ ယခုထက်တိုင် မပျောက်မပျက်သေးသော စာအုပ်များအနက် ရှေးအကျဆုံး စာအုပ်များဖြစ်နေသည်။ ယင်းကို ဗာတီကင် စာကြည့်တိုက်၌ တွေ့နိုင်ပေသည်။

ခရစ် ၁၂၀၀ ပြည့်နှစ် ကျော်လွန်သောအခါတွင် စာပေ လိုက်စားခြင်း၊ ကျမ်းပြုခြင်း၊ ပညာ သင် ကြား ခြင်း စသည့် ကိစ္စများမှာ ဘုန်း ကြီး ကျောင်း များ မှာ ထက် တက္ကသိုလ် များတွင် ပိုမိုထွန်းကားလာလေသည်။ ခရစ်ယန်ဘုန်းကြီးများ ရေးသား ကူးယူ ချုပ်လုပ်သော စာအုပ်များအပြင် တက္ကသိုလ်အမှုထမ်း လူပုဂ္ဂိုလ် စာကူးဆရာများ ရေးကူးချုပ်လုပ်သော လက်ရေးစာအုပ်များ ပေါ်ထွက်လာလေသည်။ တက္ကသိုလ်များနှင့် တွဲဖက်၍ စာအုပ်ဌာနများ ပေါ်လာလေသည်။ ကျောင်းသားများသည် စာအုပ်ဌာနများမှ စာအုပ်များကို ငှားဖတ်ရသည်။ စာ



စာရွက်ခေါက်ဝက်

အုပ်များကို ကိုယ်ပိုင်ပစ္စည်းအဖြစ်ဖြင့် အခြားသို့ယူသွားခွင့် မရှိခဲ့။ တဖြည်းဖြည်းနှင့် စာအုပ်များကို အပိုင်ရောင်းခဲ့သော အလေ့အထ ပေါ်လာလေရာ၊ စာအုပ်ဌာနမှ စာအုပ်ဆိုင်အဖြစ်သို့ ရောက်သွားလေသည်။

ထိုနောက်၌မူ စာရေးစက္ကူ ပေါ်ပေါက်လာသည်နှင့် စာအုပ်စျေးများကျဆင်းသွားသည်။ ၁၁ ထုစုန့်မှစ၍ ဥရောပတိုက်တွင် စက္ကူကို အများအပြား အသုံးပြုလာကြသည်။ (စက္ကူ — ရှု။)

စက္ကူပေါ်လာသော်လည်း စာအုပ်များ မြောက်မြားစွာ မဖြစ်ပေါ်နိုင်သေးခဲ့။ အဘယ်ကြောင့်ဆိုသော် စာပုံနှိပ်စက်များ မပေါ်ပေါက်သေးခြင်းကြောင့် ဖြစ်သည်။ စာပုံနှိပ်စက်များ မပေါ်ပေါက်မီ သစ်သားပလောက်များနှင့် ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်ငယ်များကို ရိုက်နှိပ်ကြသည်။ ပလောက်များဖြင့် ဖြစ်ပေါ်လာသော စာအုပ်များကို ပလောက်စာအုပ်များဟု ခေါ်ကြသည်။ ထိုစာအုပ်များတွင် စာတမျက်နှာ အတွက် သစ်သားပလောက်တခုထွင်း၍ ရိုက်ရသည်။ ပလောက်နှင့်ရိုက်ပြီးနောက် လက်ဖြင့် ဆေးရောင်စုံ ရေးခြယ်သွင်းလေ့ရှိ၏။ ထိုနောက် ပုံနှိပ်စက် ပေါ်လာလေသည်။ ပုံနှိပ်စက်ပေါ်တွင် စာလုံးတလုံးစီအတွက် ခဲတခုစီဖြင့်စီ၍ ရိုက်နိုင်လာလေသည်။ ပုံနှိပ်စက်ဖြင့်ရိုက်သော စာအုပ်များမှာ ထောင်စုံ မဖြစ်နိုင်တော့ချေ။

၁၅၁၀ ပြည့်နှစ်လောက် ထောက်သောအခါ ယခုခေတ် စာအုပ်များ၏ ပုံသဏ္ဌာန်အတိုင်း စာအုပ်များ ပေါ်ပေါက်လာပေပြီ။ စာအုပ်၏ အစမျက်နှာတွင် စာအုပ်၏အမည်၊ စာရေးသူ၏အမည်နှင့် စာအုပ်ထုတ်ဝေသူ၏အမည်၊ သူ၏လုပ်ငန်းတည်ရာမြို့၊ စာအုပ်ထုတ်ဝေသည့်နှစ် စသည်များကို ဖော်ပြပါရှိလေ့ရှိသည်။ ကျောဖက်တွင် မူပိုင်ကျေညာချက်နှင့် ပုံနှိပ်သူ၏အမည်ပါရှိ၏။ ယင်း၏ နောက်မျက်နှာများတွင် လေးစားကုန်ကြေးပြုခြင်း အနေဖြင့် ပုဂ္ဂိုလ်တဦးဦးအား မှတ်တမ်းတင် ရည်စူးချက်၊ ပဏာမ၊ နိဒါန်း စသည်တို့ ပါရှိသည်။ ဗဟုသုတပေးသည့် စာအုပ်မျိုးတွင် စာသားနောက်၌ ကြောင်းခြင်းရာအညွှန်း ပါလေ့ရှိ၏။

စက္ကူကို လက်ဖြင့်ပြုလုပ်သည့် ခေတ်က စာအုပ်အတွက်အသုံးပြုသည့် စက္ကူများမှာ အရွယ်တစားတည်း ဖြစ်၍၊ စက္ကူတခေါက်ချိုး၊ နှစ်ခေါက်ချိုး စသည်ကိုလိုက်၍ စာအုပ်များ၏ အရွယ်ကို ခေါ်ဝေါ်သတ်မှတ်ခဲ့ကြ၏။ သို့ထုတွင် စက္ကူများကို စက်ဖြင့်ပြုလုပ်သောအခါ၊ စက္ကူ အရွယ်အစားစား ရှိလာသဖြင့် စာအုပ်များ၏ အရွယ်အစားစားကိုလည်း စက္ကူအရွယ် လိုက်၍ ခေါ်ဝေါ်သတ်မှတ်ကြ၏။ သို့သော် ယခုခေတ်တွင် စာအုပ်အရွယ်များကို အမည်အားဖြင့်မဖော်ပြကြဘဲ၊ အလျားအနံ လက်မအံ့ဖြင့်သာ ဖော်ပြကြသည်မှာ များလေသည်။

စာအုပ်ပြုလုပ်ရာတွင်ပါဝင်သောအချက်များ •

စာအုပ်တအုပ်ကို စတင်မရိုက်နှိပ်မီ အသုံးပြုမည့် စက္ကူ အမျိုးအစား၊ အရွယ် အစား၊ စာအုပ်အထူ၊ စာအုပ်အပုံး အမျိုးအစားနှင့် သုံးမည့်ခဲစာလုံးတို့၏ အနေအထားတို့ကို လျာထားသော 'ဒမ်မီ' ခေါ် ပုံစံစာအုပ်ကို ကြိုတင်စီစဉ်လေ့ရှိကြ၏။ စာစီရာ၌ မြန်မာနိုင်ငံရှိ ပုံနှိပ်တိုက်များတွင် ခဲစာလုံးများကို လက်ဖြင့်စီသည်မှာ များပြားသည်။ အနောက်နိုင်ငံများတွင်မူ မိုနိုတိုက် သို့မဟုတ် လိုင်နိုတိုက် စာစီစက်များဖြင့် စီလေ့ရှိ၏။ မြန်မာနိုင်ငံတွင်လည်း ဘာသာပြန်စာပေအသင်းပိုင် ပုံနှိပ်တိုက်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ပိုင် ပုံနှိပ်တိုက်နှင့် အခြားသတင်းစာ၊ မဂ္ဂဇင်းတိုက် အနည်းငယ်တို့တွင် မြန်မာလိုစီသော မိုနိုတိုက် စာစီစက်များကို ယခုအခါ အသုံးပြုနေကြပြီ။ (မိုနိုတိုက် စာစီစက်။ လိုင်နိုတိုက်စာစီစက် — ရှု။)

စာစီပြီးလျှင် စာမျက်နှာများကို အကြမ်းရိုက်ထားသော



စာအုပ်အဖုံးပြုလုပ်သောစက်

ပရူခေါ် ပုံနှိပ်စာကြမ်းကို ဖတ်ရှုပြင်ဆင်ပြီးသောအခါ၊ မြန်မာနိုင်ငံတွင် ပုံနှိပ်စက်များဖြင့် အချောတခါတည်း ရိုက်ကြ၏။ အနောက်နိုင်ငံများတွင်မူ စာအုပ်တအုပ်လျှင် အုပ်ရေ သိန်းသောင်းချီ၍ ပုံနှိပ်ရသည်ဖြစ်ရကား၊ အမှားများပြင်ဆင်ပြီးသောအခါ၊ စာမျက်နှာများကို ကြေးနီပြားများပေါ်တွင် အီလက်ထရိတိုက်ခေါ် လျှပ်စစ်ပုံသွင်းနည်းဖြင့်ကူးယူ၍၊ ထိုကြေးနီပြားများမှတဆင့် ပုံနှိပ်ခြင်းပြုသည်။ အခြားနည်းတခုမှာ စတီရီယိုပုံသွင်းနည်းဖြင့် ကူးယူ၍ ပုံနှိပ်ခြင်းပြုသည်။ (စတီရီယိုပုံသွင်းနည်း — ရှု။) ထိုသို့တဆင့်ကူးယူရခြင်း အကြောင်းမှာ၊ ရိုးရိုး ခဲစာလုံးများနှင့် စီဖွဲ့ထားသော စာမျက်နှာများကို အခါပေါင်း ထောင်သောင်းမက ရိုက်နှိပ်ပါလျှင် ခဲစာလုံးများမှာ ပျော့သဖြင့် ပျက်စီးလွယ်သောကြောင့် ပုံနှိပ်ပြီးစာသားမှာ ကြည်လင်ပြတ်သားစွာ ထင်နိုင်မည်မဟုတ်တော့ပေ။ ထိုကြောင့် ထပ်ကာ ထပ်ကာ ပြန်လည်စီရပေမည်။ လျှပ်စစ်ပုံသွင်းနည်း၊ စတီရီယိုပုံသွင်းနည်းဖြင့် ခဲစာမျက်နှာကို တဆင့်ပုံသွင်း၍ နှိပ်ပါမူ၊ ပုံနှိပ်ချက် အခါပေါင်း ထောင်သောင်းရှိသော်လည်း မပျက်စီးနိုင်ပေ။ ခဲစာလုံးများစီထားသော စာမျက်နှာများအတိုင်းဖြစ်စေ၊ လျှပ်စစ်ပုံသွင်းနည်း၊ စတီရီယိုပုံသွင်းနည်းအရ တဆင့်ပုံသွင်းထားသော အချပ်များဖြစ်စေ၊ ယင်းစာမျက်နှာများ (၀၊) အချပ်များကို တဲ့ဖက်စီစဉ်၍၊ သံဘောင်တခုတွင် ထည့်ကာ ကျတ်မကျအောင် စို့များဖြင့် တင်းကြပ်ထားသည်။ ဤသို့ စာမျက်နှာများကို တပြင်တည်း တသားတည်းဖြစ်အောင် သံဘောင်တွင် တင်းကြပ်စွာ ထည့်ထားသောအခါ၊ ယင်းတခုလုံးကို 'စာဖေါင်' ဟုခေါ်သည်။ စာဖေါင်တခုတွင် ခဲစာမျက်နှာ (၀၊) စတီရီယိုအချပ်ပေါင်း ၄ မျက်နှာမှ ၆၄ မျက်နှာအထိ အလွယ်အစားလိုက်၍ သွင်းနိုင်သည်။ မြန်မာဝတ္ထုများ ရိုက်လေ့ရှိသော အလွယ်အတွက် တဖေါင်လျှင် ၁၆ မျက်နှာပါသည်။ မြန်မာတရားစာအုပ်များ အလွယ်မှာ၊ တဖေါင်လျှင် ၈ မျက်နှာပါသည်။ စာဖေါင်များပေါ်တွင် တင်၍ ရိုက်ပြီးသော စာလွှာကြီးများကို ခေါက်လျက် ထိုစာလွှာခေါက်များကို အစဉ်လိုက်စု၍ ချုပ်လိုက်သောအခါ စာအုပ်ကြမ်းဖြစ်လာသည်။ နံဘေးသားများကို ဖြတ်ရန်နှင့် အဖုံးဖုံးရန်သာလိုတော့သည်။

စာအုပ်တအုပ်ကိုဖွင့်၍ ဖတ်ရှုရာတွင် စာမျက်နှာ အစီအစဉ်နှင့် စာများကို တဆက်တည်း ဖတ်ရှုနိုင်ပေသည်။ သို့ရာတွင် စာပုံနှိပ်ရာ၌ ထိုကဲ့သို့ မပြုလုပ်နိုင်ပေ။ စာမျက်နှာအမျိုးမျိုးကို တဲ့၍ပုံနှိပ်ရသည်။ စာဖေါင်များပေါ်တွင် ရိုက်လိုက်သော စာရွက်များကို ချိုးခေါက်၍ စာမျက်နှာအစီအစဉ် ပြုလုပ်ပြီးသောအခါတွင်မှ စာအုပ်ချုပ်ရသည်။ (ပုံနှိပ်ခြင်းအတတ် — ရှု။)

စာအုပ်ပြုလုပ်ရာတွင် ပဌမ၌ စာရွက်များကို စာပုံနှိပ်စက်တွင် ရိုက်နှိပ်ရသည်။ စာပုံနှိပ်ခြင်း၏သဘောမှာ စာရွက်လွတ်သည် ဒလိမ့်တုံးနှင့် ရစ်ပတ်၍ပါသွားပြီးလျှင် ဒလိမ့်တုံးအောက်တွင် ရှိသော စာဖောင်ပေါ်တွင် ဖိပေးခြင်းဖြစ်သည်။ စာဖောင်ကို ချိတ်ခွက်ခေါ် အောက်ခံ သံပြားခွက်တခုပေါ်တွင်ထည့်၍၊ စက်ပေါ် တင်လိုက်သောအခါ၊ စက်သည် စာဖောင်ကို အဆက်မပြတ် ရွှေ့တိုးနောက်ငင် ရွှေ့ပေးလေသည်။ စာဖောင်သည် နောက်ဖက်သို့ ရွှေသွားခိုက်တွင် ဒလိမ့်တုံးသည် အပေါ်မြောက်နေသည်။ နောက်ဖက်သို့ ရွှေသွားသော စာဖောင်ကို မင်ဆွတ်ပေးသည့် ဒလိမ့်တုံးများက ညီညာစွာ မင်ဆွတ်ပေးပြီးလျှင် စာဖောင်ရွှေသို့ရွှေလာသောအခါတွင် စာရွက်ပါလာသည့် အပေါ်မှဒလိမ့်တုံးက စာရွက်ကို စာဖောင်ပေါ်၌ဖြန့်ကာ နှိပ်ပေးလေသည်။ ထိုအခါ၌ စာဖောင်မှစာသည် စာရွက်ပေါ်တွင် ထင်လာ၏။ စာရွက်တွင် စာများ ထင်ပေါ်လာသော်


လည်း၊ စာရွက်၌ မင်စိုနေသေးသဖြင့် မင်ခြောက်မှသာ လျှင် စာရွက်၏ကျန်တဖက်ကို ပုံနှိပ်ရပြန်သည်။

စာရွက်များကို ပုံနှိပ်ပြီးသောအခါ၊ စက်ဖြင့် စာရွက်များကိုခေါက်၍ စာမျက်နှာများကို ဖြတ်ပေးပြီးလျှင် စာရွက်များကိုစီ၍ စာအုပ်ချုပ်ယူသည်။ စာအုပ်၏ မျက်နှာစာဖက်နှင့် ကျောဖက်တွင် ကော်သုတ်၍ စာအုပ်မျက်နှာဖုံးကို တပ်သည်။ စာအုပ်ဖြစ်၍ အစွန်းများမညီလျှင် ညီအောင် စက်ဓားဖြင့်ဖြတ်ရသည်။

အနောက်နိုင်ငံများ၌ စက်များဖြင့် စာအုပ်ချုပ်ခြင်း၊ အဖုံးဖုံးခြင်း ပြုလုပ်ကြ၏။ အဖိုးထိုက်တန်သည့် စာအုပ်များကိုသာ လက်ဖြင့် အတူးတလည် ချုပ်လေ့ရှိ၏။ မြန်မာနိုင်ငံ အစရှိသော အရှေ့တလွှား တိုင်းပြည်များတွင် စာအုပ်များကို လက်ချုပ်ချုပ်သည်က များလေသည်။ ယခုခေတ် လက်ဖြင့် စာအုပ်ချုပ်နည်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ လောက်က ပေါ်ခဲ့သောနည်းပင် ဖြစ်၏။ စာအုပ်ချုပ်ရန်အတွက် ချုပ်ခွက်ရှိရန် အရေးကြီးသည်။ ချုပ်ခွက်သည် ခေါက်ထားသော စာရွက်များကို ဖိထားရန်ဖြစ်သည်။ ထိုကဲ့သို့ဖိပြီးမှ စာအုပ်ချုပ်ခြင်းကို စတင်ပြုလုပ်ရသည်။ စာအုပ်ကို ချုပ်ပြီးသောအခါ အဝတ်ဖုံးဖြစ်စေ၊ သားရေဖုံးဖြစ်စေ၊ အဖုံးပေါ်တွင် တင်၍ ချုပ်နိုင်သည်။ ရှေးနှစ်ပေါင်း ၅၀၀ ခန့်က စာအုပ်ချုပ်ရာတွင် ဝက်သစ်ချသားကို စာအုပ်ဖုံးအဖြစ်ဖြင့် ချုပ်လေ့ရှိခဲ့ကြသည်။ ယခုခေတ်တွင် စာအုပ်မျက်နှာဖုံးများ ဖြစ်စေရန် စက္ကူချုပ်အထူများကို အသုံးပြုကြသည်။ ထိုစက္ကူချုပ်အထူပေါ်တွင် စက္ကူကိုသော်ငင်း၊ အဝတ်ကိုသော်ငင်း၊ သားရေကို သော်ငင်း၊ ကော်နှင့် ကပ်ထားနိုင်ပေသည်။ စာအုပ်ဖုံးအဖြစ် အသုံးပြုရန်အတွက် အဝတ်သည် သားရေထက် လွယ်ကူ၍၊ ထင်ရှားသော စာလုံးများကို အဝတ်ပေါ်၌ အလွယ်တကူနှင့် ရိုက်နှိပ်နိုင်ပေသည်။

၁၅ ရာစုနှစ် နောက်ပိုင်းလောက်တွင် စာအုပ်ဖုံးများကို ရွေချပေးလေ့ရှိခဲ့ကြသည်။ စာအုပ်ဖုံးများကို အမျိုးမျိုး ရွေချထားသဖြင့် လှပသော စာအုပ်အမျိုးမျိုး ဖြစ်ပေါ်လာနိုင်သည်။ စာအုပ်များကို ရွေချသောနည်း ခေတ်စားလာသော်လည်း၊ ဂျာမနီနိုင်ငံတွင် ၁၈ ရာစုနှစ်တိုင်အောင် စာအုပ်မျက်နှာဖုံးများကို ရိုးရိုးသာ ချုပ်လုပ်ခဲ့ကြသည်။ ဣတလီ၊ ပြင်သစ်နှင့် အင်္ဂလန်တို့တွင် ရွေချထားသော သားရေများကို မျက်နှာဖုံးတွင်ကပ်၍ တန်ဆာဆင်ထားလေ့ရှိကြသည်။ ပြင်သစ်နိုင်ငံတွင် လှပသောစာအုပ်များ ထွက်ပေါ်ရေးအတွက် ဘုရင်မှစ၍ မှူးကြီးမတ်ကြီးတို့က စာအုပ်ချုပ်သူများအား ငွေဖြင့် ထောက်ပံ့ခဲ့ကြသည်။ ထွက်ပေါ်လာသော လှပသည့်စာအုပ်များကို ပြုတိုက်များနှင့် ပိဋကတ်တိုက်များတွင် ထားလေ့ရှိကြသည်။

၁၉ ရာစုနှစ်အကုန်လောက်တွင် စာအုပ်ချုပ်နည်းများ၌ အသစ်ထွင်ချက်များ ပေါ်ပေါက်လာခဲ့သည်။ စာအုပ်မျက်နှာဖုံးများကို စာအုပ်နှင့် အချိုးအစား ကိုက်အောင် ပြုပြင်ပေးခြင်း၊ စာအုပ်မျက်နှာဖုံးကို မြင်ရုံနှင့် စာအုပ်ကို လိုချင် ဝယ်ချင်စေအောင် ပြုပြင်ပေးနည်းများကို ပြုလုပ်လာကြသည်။ ယခုခေတ်တွင် ထွက်ပေါ်သည့် စာအုပ်အမျိုးမျိုး၌ စာအုပ်နှင့်လိုက်လျောသော မျက်နှာဖုံးများ တပ်ဆင်ထားသည်ဖြစ်၍ စာအုပ်တိုင်းသည် လှပတင့်တယ်ဖတ်ချင့်စဖွယ်ဖြစ်ပေသည်။



စာအုပ်ချုပ်စက်

စားမြုံ့ပြန်ကောင်။ ။စားမြုံ့ပြန်တတ်သည့် သတ္တဝါများတွင် နွား၊ သိုး၊ ကုလားအုပ်၊ သမင်၊ ဆိတ်၊ တောဆိတ်၊ သစ်ကုလားအုပ် စသော တိရစ္ဆာန်များပါဝင်သည်။ ဤတိရစ္ဆာန်များ၌ ထူးဆန်းသော အစာချေနည်းရှိသည်။ အများအားဖြင့် ယင်းတိရစ္ဆာန်များသည် အစာကို ကြိတ်ခြင်းမပြုဘဲ၊ တံထွေးနှင့်ရောစ်၍ မျိုချလေ့ရှိသည်။ အစာသည် အစာဝင်လည်ချောင်းမှတဆင့် အစာအိမ်သို့ ရောက်သွားသည်။

အစာအိမ်တွင် အခန်းလေးခန်းပါရှိရာ ပဌမအခန်းမှာ ရွှေးမင်း၊ ဒုတိယအခန်းမှာ ရက်တီကျူးလမ်း၊ တိတိယအခန်းမှာ အိုမာဆမ်၊ စတုတ္ထအခန်းမှာ အဗိုမာဆမ်ခေါ် အခန်းတို့ ဖြစ်ကြသည်။ စတုတ္ထအခန်းမှာ အစာအိမ်

အစစ်အမှန်ဖြစ်သည်။ အခန်းအားလုံးပင် အစာကိုချေချက် ရာဌ္ဌ ကူညီကြသည်။ အစာကို လုံးထွေးပြီး အကြမ်းလိုက် မျိုချလိုက်သောအခါ အစာသည် ရှူးမင်းခေါ် အကြီးဆုံး အစာအိမ်အခန်းသို့ ရောက်လာသည်။ အစာသည် ဤ အခန်းမှ ရက်တီကျူးလမ်းခေါ် ပျားလပို့နှင့်တူသော အစာ အိမ်၏ ဒုတိယအခန်းသို့ ရောက်ရှိသွားသည်။ ရက်တီကျူး လမ်းတွင် အစာသည် စားမြုံ့အလုံးကလေးများ အဖြစ်သို့ ပြောင်းသွားသည်။ အစာစားပြီးသော တိရစ္ဆာန်သည်၊ စားမြုံ့ပြန်လိုသောအခါ ရက်တီကျူးလမ်းတွင် ပါရှိသော ကြွက်သားက ထိုစားမြုံ့ပြန်လုံးကလေးများကို ပါးစပ်သို့ ရောက်အောင် ပြန်လည် ပို့ဆောင်ပေးသည်။ ပါးစပ်သို့ ပြန် ရောက်လာသော စားမြုံ့ကို မေးဝဲ၍ချေချက်ပြီးလျှင် အစာ အိမ်၏ တတိယအခန်း ဖြစ်သော အိုမာဆမ်သို့ ပို့လိုက်သည်။ ထိုနေရာမှတဖန် အစာသည် အစာအိမ်အစစ် အဗိုမာဆမ်သို့ ရောက်သွားသည်။ ကုလားအုပ်၏ ထူးခြားချက်တရပ်မှာ အခြား စားမြုံ့ပြန်ကောင် တို့ကဲ့သို့ အစာအိမ် တတိယ အခန်း အိုမာဆမ် မပါရှိခြင်းပင် ဖြစ်သည်။ အစာအိမ်မှ အစာသည် အစာအိမ်ရည် သို့မဟုတ် ဂဲစကြစ်ရည်တို့ဖြင့် ရော၍ အူသိမ်များသို့ ရောက်ရှိသွားသောအခါ အစာချေ ချက်ခြင်းလုပ်ငန်းပြီးဆုံးသွားသည်။ ချေချက်ပြီးသားအစာ ကို အူသိမ် အတွင်းမျက်နှာပြင်က စုတ်ယူ၍ ခန္ဓာကိုယ် အနှံ့အပြားသို့ သွေးကြောများဖြင့် ပို့ဆောင်ပေးသည်။

စားမြုံ့ပြန်ကောင်များထဲတွင် ကုလားအုပ်နှင့် လာမာ ကုလားအုပ်တို့မှလွဲ၍ အခြားတိရစ္ဆာန်များ၌ အထက်မေး ရိုးတွင် ရှေ့သွားများ မပါချေ။ သို့သော် သွားဖုံးသည် မာသောချပ်ပြားကြီး ဖြစ်နေသောကြောင့် သွားကဲ့သို့ပင် အသုံးပြုနိုင်သည်။ အစာစားသောအခါ မြက်ကို အပေါ် သွားဖုံးချပ်ပြားနှင့် အောက်သွားများ အကြားတွင် ကိုက် ထားသည်။ ထို့နောက် ခေါင်းကို ဘေးဖက်သို့ ရမ်းလိုက် သောအခါ မြက်ပင်များသည် ပြတ်၍ပါလာသည်။ စား မြုံ့ပြန်ကောင်များသည် အံသွားများဖြင့် ဟင်းသီးဟင်း ရွက်မျှင်များကို ကြိတ်ဝါးနိုင်ကြသည်။

စီတြုနက္စတ်။ ။နက္စတ် ၂၇ လုံး — ရှူ။

စီးကရက်။ ။ဆေးပင် — ရှူ။



မိမိစုဆောင်းထားသည့်လိပ်ပြာများကို သူတပါးအားပြသနေသူ

စုဆောင်းခြင်းဘလေ့။ ။အရှည်မြော်တတ်သူတို့သည် နောင်ရေးဖူလုံစေရန် ကြေးငွေစုတို့ကို စုဆောင်းတတ် ကြ၏။ သို့သော် ထိုကဲ့သို့ စီးပွားရေးအလို့ငှာ မဟုတ်ဘဲ၊ ဝါသနာအလျောက်ပစ္စည်းစုဆောင်း ခြင်းလည်း ရှိသေးသည်။ ယင်းသို့စုဆောင်း သော ပစ္စည်းတို့မှာ နောင်အခါတွင် ရှေးဟောင်း ပစ္စည်းတရပ် အနေနှင့် လူ့သမိုင်းအတွက် သော်၎င်း၊ ယဉ်ကျေးမှုသမိုင်းအတွက် သော် ၎င်း၊ အနုပညာသမိုင်းအတွက် သော်၎င်း၊ အလွန်တရာ တန်ဖိုးရှိလာတတ်သည်။ ထို ကြောင့် အချို့က ရှေးဟောင်းပစ္စည်းများ ကို စုဆောင်းကြ၏။ အချို့ကား ကျောက်စာ၊ ပေစာ၊ ပုရပိုက်၊ မင်စာ၊ စာအုပ်၊ ပန်းချီကား၊ ရုပ်တု စသည်တို့ကို စုဆောင်းကြ၏။ အ ချို့မှာမူ တံဆိပ်ခေါင်း၊ မီးခြစ်ဘူး၊ စီးကရက် အဖျပ်ကား စသည့် အသေးအဖွဲ ပစ္စည်းတို့ကို စုဆောင်းကြ၏။ ပါဏာဗေဒကို လိုက်စား သူတို့မှာ သတ္တဝါအမျိုးမျိုးတို့၏ အရိုးစုများ၊



တမြုံ့မြုံ့ဖြင့် စားမြုံ့ပြန်နေသောနွား



တိုင်းနိုင်ငံအသီးသီးမှတံဆိပ်ခေါင်းများကိုလည်း စုဆောင်းလေ့ရှိကြသည်။

အကြေးခွံများ၊ ယောက်သွားခွံများ စသည်တို့ကို စုဆောင်းကြသည်။

ထိုကဲ့သို့ စုဆောင်းခြင်း၌ ဝါသနာပါသော သဘေးသူကြွယ်များသည် ရှေးဟောင်းပစ္စည်းများကို စျေးကြီးပေး၍ ဝယ်ယူသိမ်းထားတတ်ကြသည်။ သို့ဖြစ်၍ ပစ္စည်းတို့ကို အပျင်းပြေသဘောထားကာ မှန်မှန် စုဆောင်းသွားသော်၊ နောင်တနေ့တွင် အကျိုးခံစားနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် အနောက်နိုင်ငံများတွင် ဤစုဆောင်းခြင်း အလေ့အထသည် ကလေးသူငယ်ကအစ ခေတ်စားလေသည်။

စုဆောင်းရာ၌ ပစ္စည်းနှစ်မျိုးရှိသည်။ အိမ်တွင်းနှင့်ဆိုင်သော ပစ္စည်းနှင့် အိမ်ပြင်ပနှင့် ဆိုင်သော ပစ္စည်းဟူ၍ ဖြစ်၏။ တံဆိပ်ခေါင်း၊ ဓာတ်ပုံ၊ စာအုပ် စသည်တို့ကို စုဆောင်းခြင်းမှာ အိမ်တွင်းဆိုင်ရာပစ္စည်းများကို စုဆောင်းခြင်းဖြစ်၏။ ပန်းပင့်၊ ခရုခွံ၊ လိပ်ပြာ၊ ဖလံကောင် စသည်တို့ကို စုဆောင်းခြင်းမှာ အိမ်ပြင်သို့ထွက်၍ ရှာဖွေစုဆောင်းရခြင်းဖြစ်၏။ စုဆောင်းမှု၌ မကျမ်းကျင်သူတို့သည် ရရာပစ္စည်းမျိုးစုံကို ရှာဖွေ စုဆောင်းတတ်ကြသည်။ ဤစုဆောင်းနည်းမျိုးမှာ အလုပ်ပို၍ အခြိန်ကုန် သလောက် အကျိုးမများချေ။ တမျိုးကောင်းကိုရွေး၍ စွဲစွဲမြဲမြဲ စုဆောင်းခြင်းသည် သာ၍အကျိုးရှိစေတတ်သည်။

စုဆောင်းသည့်အခါ၊ စုဆောင်းသည့် ပစ္စည်း အမျိုးအမည်၊ စုသည့်နေ့ရက်၊ မည်သို့ရရှိကြောင်း၊ ရရှိသည့်ဌာန၊ ပစ္စည်းနှင့်စပ်ဆိုင်သောသမိုင်း စသည်တို့ကို မှတ်တမ်းတင်၍ ထားသင့်သည်။ နောင်သောအခါ၌ ထိုမှတ်တမ်းသည် အဖိုးတန် သမိုင်းအကျဉ်းချုပ် ဖြစ်လာပေလိမ့်မည်။


စူးကာပန်း။ ။စူးကာပန်းကို နွယ်နီနှတ်ပန်းဟူ၍လည်း ခေါ်သည်။ ရက္ခဗေဒအမည်မှာ 'ပက်ဆီဖလိုရာ လောရီဖိုးလီးယား' ဖြစ်သည်။ အလွန်လှပ၍ မွှေးကြိုင်သည်။ ထိုပန်းပင်မျိုးသည် နိုင်ငံခြားဌ မူလပေါက်သည်။ အနောက် အိန္ဒိယကျွန်းစုတွင် ထိုပန်းပင်ကို ကျဲခေါင်းသီးနွယ် ဟူ၍ ခေါ်သည်။ ဤလောရီဖိုးလီးယား ပန်းမျိုးသည် အနောက်အိန္ဒိယကျွန်းစုမှ မြန်မာနိုင်ငံသို့ အဦးဆုံးယူလာသော စူးကာပန်းမျိုးဖြစ်သည်ဟု ယူဆရသည်။

ရက္ခဗေဒအမည်ဖြင့် 'ပက်ဆီဖလိုရာ ဖိတီတာ' ဟုခေါ်သော စူးကာပန်းမျိုးလည်းရှိသည်။ ထိုပန်းမျိုးကို တော စူးကာ ဟူ၍၎င်း၊ သကြားသီးနွယ် ဟူ၍၎င်း ခေါ်သည်။ ထိုပန်းအနုံမှာ မကောင်းချေ။ ဥယျာဉ်များတွင် တွေ့ရခဲသော်လည်း၊ ခြံစည်းရိုးများပေါ်၌ နွယ်လျက်ပေါက်သည်ကို တွေ့ရတတ်သည်။ တောစူးကာပန်းပင်မျိုးကို မော်လမြိုင်မြို့အနီးတွင် အများအားဖြင့်တွေ့ရသည်။

စုဇွာမဏိစေတီ။ ။စုဇွာမဏိစေတီကား နတ်ပြည်ခြောက်ထပ်တွင် နှစ်ထပ်မြောက်ဖြစ်သော တာဝတိံသာနတ်ပြည်ဝယ် နတ်များ တည်ထားကိုးကွယ်အပ်သော စေတီဖြစ်၏။ ယင်းစေတီ တည်ထားကိုးကွယ်ခြင်း အကြောင်းကား ဤသို့တည်း။



စူးကာပန်းနွယ်ပင်မှသီးသော စူးကာသီးများ



နရပတိစည်သူမင်းကြီးတည်ထားခဲ့သော ပုဂံမြို့ စူဠဥမဏိစေတီ

ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်ပြည်ကြီးဝယ် ထီးနန်းစည်းစိမ်ကို စံစား၍နေရာ၊ အသက်တော် နှစ်ဆဲ့ကိုးနှစ်သို့ ရောက်သောအခါ၊ သူအို၊ သူနာ၊ သူသေ၊ ရဟန်း၏အသွင် နိမိတ်ကြီးလေးပါးကို မြင်သဖြင့်၊ သံဝေဂရ၍၊ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်လျက်၊ ဖိုးတော် အဇုနမင်း ဖြိုကြွင်းသက္ကရာဇ် ၉၇ ခု ဝါဆိုလပြည့် တနလ်ာနေ့ သန်ကောင်ယံအချိန်တွင် ဆန္နအမတ်ကို နောက်လိုက်ခေါ်၍၊ ကဏ္ဍကမြင်းကို စီးနင်းကာ တောထွက်တော်မူ၏။ ဘဉ်အတွင်းမှာပင် ယူဇနာသုံးဆယ်မျှ ခရီးကို လွန်၍၊ ရှစ်ဥသဘမျှကျယ်သော အနောမာမြစ်ကို ကူးပြီးလျှင်၊ မြင်းတော်မှဆင်းသက်၍ ဝတ်ဆင်သောတန်ဆာနှင့် မြင်းတော်ကို ဆန္နအမတ်အား အပ်နှင်းကာ၊ ကပိလဝတ်နေပြည်တော်သို့ ပြန်လွှတ်လိုက်၏။

ထိုနောက် လက်စွဲတော်သန်လျက်ဖြင့် ဆံတော်ကိုဖြတ်ပြီးလျှင်၊ 'ငါသည် စင်စစ် ဘုရားဖြစ်မည်မှန်မူ၊ ဆံတော်သည် မြေသို့မကျဘဲ၊ အထက်ကောင်းကင်၌ တည်စေသော' ဟုအဓိဋ္ဌာန်၍ ကောင်းကင်သို့ လွှင့်မြောက်လတ်သော်၊ တယူဇနာမျှလောက်သောအရပ် လေထဲ၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်လေ၏။ ထိုအခါ သိကြားမင်းသည် ဆံတော်ကိုမြင်လျှင်၊ ရတနာပန်းတောင်းဖြင့် ခံယူကာ တာဝတိံသာနတ်ပြည်ဝယ် ဆံတော်ကို ဌပနာ၍၊ ရတနာခုနစ်ပါးဖြင့် ခြယ်လယ်လျက် စူဠဥမဏိစေတီကို တည်ထားကိုးကွယ်လေ၏။ ဥာဏ်တော်အမြင့်ကား သုံးယူဇနာ မြင့်သည်ဟု ဗုဒ္ဓဝံသအဋ္ဌကထာ၌ဆို၏။

ထိုစူဠဥမဏိစေတီဝယ် အလောင်းတော်၏ ဆံတော်ဓာတ်တမျိုးသာ ဌပနာသည်မဟုတ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ ကြွင်းကျန်ရစ်သော ဓာတ်တော်တို့ကို ရွှစ်ပြည်ထောင်မင်းကြီးအပေါင်း ဒေါဏပုဏ္ဏား ဝေဒင်ဦးရစ်ကြား၌ ဝှက်ထားသည့် လက္ခဏာစွယ်တော်ကိုလည်း သိကြားမင်းပင် ယူဆောင်ကာ ဌပနာသည်ဟု ဗုဒ္ဓဝံသ အဋ္ဌကထာ၌ပင်ဆို၏။ လက္ခဏာညွှန်ပြချက်တော်ကိုကား အထူးမဆို။ သို့မဆိုသော်လည်း ထိုစဉ် အခါမှာပင် သိကြားမင်း ယူဆောင်၍ လက္ခဏာစွယ်တော်နှင့်အတူ ဌပနာသည်ဟု ယူဆရန်ရှိ၏။ သို့အတွက် စူဠဥမဏိစေတီမှာ ဗုဒ္ဓဓာတ်တော် သုံးမျိုး ဌပနာ၍ တည်ထားသော စေတီဖြစ်၏။

(မှတ်ချက်။ ။လက္ခဏာညွှန်ပြချက်တော်ကို ဌပနာသည်ဟု ဗုဒ္ဓဝံသအဋ္ဌကထာ၊ သုတ်မဟာဝါပါဠိနှင့် သုတ်မဟာဝါ အဋ္ဌကထာ စသည်တို့၌ တိုက်ရိုက်အဆိုမရှိသော်လည်း၊ ပါဠိတော်၊ ကော်အဋ္ဌကထာ ဗာဟိရနိဒါန်း၌ကား သီဟိုဠ်ကျွန်းရောက် အရှင်မဟိန္ဒ မထေရ်က သုမနာသာမဏေကို သိကြားမင်း ထံသို့ ဓာတ်တော်အတောင်းခိုင်းရာ လက္ခဏာညွှန်ပြချက်တော် ဓာတ် ရခဲ့ကြောင်း အဆိုရှိသဖြင့် ယင်း လက္ခဏာညွှန်ပြချက်တော်ကိုလည်း သိကြားမင်းပင်ယူဆောင်၍ ဌပနာကြောင်း ထင်ရှား၏။)

ဤသို့ဆိုအပ်ခဲ့ပြီးသော စူဠဥမဏိစေတီကား၊ နတ်ပြည် တွင်ရှိသောစေတီဖြစ်၏။ လူ့ပြည်တွင်လည်း ပုဂံမြို့၌ စူဠဥမဏိစေတီတဆူရှိ၏။ ယင်းစေတီ တည်ထားကိုးကွယ်ခြင်းအကြောင်းကား ဤသို့တည်း။


သက္ကရာဇ် ၅၃၆ ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းကြီးသည် သက်တော် ၄၆ နှစ်၊ နန်းစံ ၉ နှစ်၊ သက္ကရာဇ် ၅၄၅ ခုနှစ်တွင် ပုဂံမြို့အရှေ့ တံဝမ်းတောင်သို့တက်၍၊ ဘေးတော် နော်ရထာမင်းကြီး ကောင်းမှုတော် စွယ်တော်ရှင် ဖစတိကို ဖူးမြော်ပူဇော်ပြီးလျှင် ပြန်လာခဲ့ရာ၊ ချောက်ကမ်းပါးတခုသို့ရောက်၍၊ယင်းချောက်ကမ်းပါးဝယ် ညအခါ ပဝင်းတောက်ပြောင် အရောင်တလက်လက် ထွက်လတ်သည်ကို မြင်လျှင် မှူးမတ်တို့ကို မေးတော်မူ၏။ (နရပတိစည် သူမင်း — ၌။) မှူးမတ်တို့သည် မီးကိုလည်းမတွေ့ရ၊ တစုံတရာကျောက်ကိုလည်း မတွေ့ရသဖြင့် မည်သည့်အရာဝတ္ထုမှထွက်သော အရောင်ဖြစ်သည်ဟု တပ်အပ် သေချာမလျောက်ထား နိုင်ကြကုန်။ ထိုအခါ မင်းကြီးသည် ငါ့အား ကျွေးနေထူဘုန်၌ ဘုရားတည်စေလို၍ ဗုဒ္ဓဓာတ်တော်မှ ရောင်ခြည်တော်ကွန့်မြူးသည် ဖြစ်လိမ့်မည်ဟု ဆင်ခြင်တော်မူပြီးလျှင်၊ ပြည်သူပြည်သားတို့အား အပူတပြင်း ဆင့်ဆိုကာ ထိုချောက်ကို ပြည့်အောင်ဖို့စေ၏။ စည်မျက်နှာကဲ့သို့ ညီညွတ်၍ စင်ကြယ်သန့်ရှင်းသော မြေအပြင်ဝယ် လိုဏ်နှစ်ဆင့်ရှိ စေတီတဆူကို တည်ထားကိုးကွယ်လေ၏။ ထိုစေတီ၏ ဘွဲ့တော်ကိုလည်း တာဝတိန်သာနတ်ပြည်ရှိ စူဠဌာမဏိစေတီ၏ ဘွဲ့တော်ကိုယူ၍ သဒ္ဒိသုပစာအားဖြင့် တင်စားကာ စူဠဌာမဏိစေတီ ဟူ၍ပင် ဘွဲ့တော်ကမည်း တပ်တော်မူ၏။

ဤသည်တို့ကား၊ မန္တလေးမြို့ မဏိရတနာမြတောင်တို့က်၊ မြတောင် ဆရာတော်ဘုရားကြီး ရေးသား စီရင်အပ်သော ပုဂံမြို့ ဘုရားဆယ့်ခုနစ်ဆူသမိုင်းတွင် ရေးသား ပါရှိသည့် အတိုင်းဖြစ်၏။ ထိုသမိုင်းလာ တံ့ ဝမ် တောင် ကို ပုဂံမြို့ စူဠဌာမဏိကျောက်စာရင်း၌ တုရင်ဟုပြသည်။ ကျောက်စာပါစကားကို အောက်တွင်ဖော်ပြလိုက်ပါသည်။ (ခေတ်ပုံနှိပ်စာကိုင့်၍၊ ခေတ်သုံးစာလုံးအတိုင်း ဖော်ပြပါသည်။)

'**** သကရစ် ၅၄၅ ခု စိဿနှစ် တန်ဆောင်မှန်လဆန် ၃ ရက် ကြာသပတေနေအာ စံပျုတိတ်ကျန်းထက်တော် တနိုယ်အရောင်သို့ တောက်ပစွာစသော နတ်နှင့်တူသော စည်သူမင်းကြီ သည်ကာ အရှေ့ တုရင် သို့ ထွက်တ်မုလတ် သောဇာခေါ်၍လျှင် ထိုတောက်သည်ကာ မီလောဟုမေတ်မူ၏။ သုမျောတို့ဝ်ကာ မီဟုရူယ် နာတ်ငလျောက်၏ မင်ကြီ (ကာ) ပတ္တာမြါတောက်စသအမှတ်ကိုဝ် သိတ်မုရူယ် ဆ(ငိ်) တ်ပြန်လတ်ရှယ် သြဤမြေအရပ်ကာ မြတ်စွာတကားဟု ဆိုဝ်တ်မူရူယ် ကူတ်အ (ရာ) နင်ခ၏ နှင်မြိမှ့လျင် မြေ ထွတ်ခွင်ရှယ်ထာမနာ၏ ကုတ်အရာလေတေ၏ ကုတ်တဆင် ပြိကလျင်။ သြဖုရာလေပြူတ်မူ၏။ ထိုဝ်ပြိမှ့လျင် အထက် တဘင်ပြူတ်မုတုံ့ပြို၏။ ထိုဝ်ပြိမှ့လျင် အထက်ဖုရာပြူတ်မူ သည်ပြို့ဟူ မင်ကြီကိုဝ်နာတ်လျောက်၏ - - - - (မင်) ကြီ ဟူတ်ပှင်ဝင်ရွေဖုရာရှေ နေတ်မူသအခာန္ဒိုက်လျင် မဟာ (သွန်ကြီ) ကိုခဝ်တ်မူရှယ် ရေစင်တ်ချသည်ကာ ****'

ကျောက်စာပါ တုရင်တောင်ကို မှန်နန်းမဟာရာဇဝင်၌ တူရွင်းတောင်ဟု ရေးသည်။ ယခုခေတ်၌ တုံဝမ်တောင် ဟုလည်း ခေါ်ကြသည်။ ဦးကြီးဖေ။

စေဇန်း,ပီ (ခရစ် ၁၈၃၉–၁၉၀၆)။ ။ပြင်သစ်ပန်းချီဆရာပေါ် စေဇန်းသည် ရှေးရိုးပန်းချီစံနစ်ကို တော်လှန်ခဲ့သူ တယောက်ဖြစ်၏။ ထိုခေတ်အခါက တော်ဝင်ပန်းချီဆရာများ လိုက်နာ ကျင့်သုံးလျက်ရှိသော အစဉ်အလာများကို ဖီလာပြုကာ မိမိစိတ်ကူးဖြင့်ပန်းချီကားများကို ရေးဆွဲခဲ့လေသည်။ ထိုကြောင့် ပါရဂ်မြို့တွင် စေဇန်းအား ပန်းချီတော်လှန်ရေးသမားတယောက်ဟူ၍ အသိအမှတ် ပြုထားကြလေသည်။ သို့ရာတွင် ပါရဂ်မြို့၌ သာမက ဥရောပတိုက်



ရှေးရိုးပန်းချီစံနစ်ကိုတော်လှန်ခဲ့သူ ပြင်သစ်ပန်းချီဆရာ ပေါစေဇန်း

တခုလုံးရှိ များစွာသော ပန်းချီပညာသည်တို့၏ ရှုတ်ချခြင်းကို ခံခဲ့ရဘူးသည်။ ဤခေတ်၌ကား စေဇန်းသည် ခေတ်ပန်းချီပညာရပ်၏အခြေခံကို စတင်ပြုစုခဲ့သူဟု အသိအမှတ်ပြုခြင်းကို ခံရသည်။

စေဇန်းသည် ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း ပရောဗန်းနယ်ရှိအက်မြို့တွင် ၁၈၃၉ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့၌ ဖွားမြင်လေသည်။ ဖခင်ဖြစ်သူမှာ ဘဏ်လုပ်ငန်းရှင်တဦး ဖြစ်သော်လည်း၊ စေဇန်းသည် ပန်းချီပညာကို ဝါသနာပါသူဖြစ်ရာ အသက် ၂၄ နှစ်အရွယ်မှစ၍ ပါရဂ်မြို့တွင် ပန်းချီပညာကို လေ့လာဆည်းပူးခဲ့လေသည်။



နက်နဲသောအဓိပ္ပါယ်ကိုဆောင်သည့် စေဇန်း၏ရွှေခင်းပန်းချီလက်ရာ

စေဇန်းသည် ပန်းချီဆရာ၏ အမြင်သက်သက်ကိုသာ ရေးဆွဲခြင်းဖြင့် ထိုပန်းချီကား၏ နက်နဲသော အဓိပ္ပါယ်ကို ပေါ်လွင်စေနိုင်မည်မဟုတ်ဟု ယုံကြည်သည်။ ထိုယုံကြည်ချက်အတိုင်း သူရေးဆွဲသောပုံတွင် ဆေးရောင်အမျိုးမျိုးကို နက်နဲသော အဓိပ္ပါယ် ဖော်ရာ၌ အသုံးပြုသည်။ စေဇန်းရေးခြယ်သော ပန်းချီကားများသည် ရိုးရိုးနှင့် နက်နဲသည်။

သို့သော် စေဇန်းသည် မိမိ၏စိတ်ကူးကို ပန်းချီကားချပ်ပေါင်း ထောင်သောင်းမက ထိုက်တန်လာလေသည်။

စေဇန်းရေးဆွဲသော ပန်းချီကားများ၏ နက်နဲခြင်းကို ထိုပန်းချီဆရာ ကုယ်လွန်ပြီးနောက်မှ လူများ သဘောပေါက် နားလည်ကြသည်။ ထိုကြောင့် စေဇန်းသည် အသက်ရှင်နေစဉ် ပန်းချီကျော်ကြီးတဦး အဖြစ်ဖြင့် မကျော်ကြားခဲ့ချေ။ ၁၉၀၆ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပေါစေဇန်း အနိစ္စရောက်လေသည်။

ဩကာသဝန္ဒနာ ဆုယူရာဌာန

စိမ်းလန်းစိုပြည်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကား 'များလှစေတီ၊ မြန်ဌာနီ' ဟု ကမ္ဘာအရပ်ရပ်က အသိအမှတ် ပြုရလောက်အောင် စေတီပုထိုးနှင့် တင့်ရွန်း ဝေဆာလှပေသည်။ ကုန်းမြင့်တောင်ထိပ်၊ တောရိပ်မြစ်နား၊ မြို့ရွာများတွင် ဗုဒ္ဓသာသနာရောင် ထိန်ထိန်ပြောင်နေသည်မှာလည်း စေတီပုထိုးများ၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်ပင် ဖြစ်ချေသည်။ ထိုစေတီပုထိုးတို့ စတင်ပေါ်ပေါက်လာသည်မှ ယနေ့တိုင် တည်မြဲနေသော ဖြစ်စဉ်သမိုင်းကားချပ်ကို လေ့လာကြည်ညိုနိုင်ကြရန် တင်ပြအပ်ပါသတည်း။


စေတီပုထိုးများ။ ။စေတီဟူသည်မှာ အရိုအသေပြုအပ်သော အရာဝတ္ထုဖြစ်၏။ စေတီ တည်ထားကိုးကွယ် ပူဇော်ခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်များမှာ (၁) ဘုရားရှင်၊ (၂) ပစ္စေကဗုဒ္ဓ အရှင်များ၊ (၃) သီလဝန္တဖြစ်သော မြတ်စွာဘုရား၏ တပည့်သား သံဃာများနှင့် (၄) စကြဝတေးမင်းတို့ ဖြစ်သည်။ ဗုဒ္ဓစေတီမှာလည်း (၁) မြတ်စွာဘုရား ကိုယ်တော်မြတ်မှ ဖြစ်သမျှ ဓာတ်တော်များကို ခေါ်ဆိုသည့် သာရီရိကစေတီ၊ (၂) ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံးအဆောင်တော် ပရိက္ခရာ စသည်ကို ခေါ်ဆိုသော ပရိဘောဂစေတီနှင့် (၃) မြတ်စွာဘုရား၏ အနန္တဂုဏ်တော်တို့ကို မှန်းဆရည်ရွယ်အပ်သော ရုပ်ပွားဆင်းတုတော် စသည့် ဥဒ္ဒိဿစေတီ ဟူ၍ သုံးပါးပြားသတည်း။ ပဋိစ္စသမုပ္ပါဒ် စသော တရားတော်ဒေသနာတို့ကို ပေး၊ ရွေ့ပြား၊ ငွေ့ပြား စသည်များပေါ်တွင်ရေးကာ သိမ်းဌပနာပြုသည်ကို ဓမ္မစေတီ မည်စေ၍၊ စေတီလေးပါးဟု ရေတွက်ကြသေးသည်။

စေတီပုထိုးများဖြစ်ပေါ်လာပုံ

တေရသနိပါတ် ကာလိင်္ဂဗောဓိဇာတ်ကိုထောက်၍ အနာထပိဏ်သေဌေး တောင်းပန်၍ ရှင်အာနန္ဒာ လျှောက်ထားသဖြင့် သာဝတ္ထိပြည်တွင် သာရီရိကစေတီ၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿစေတီတို့ကို မြတ်စွာဘုရား ခွင့်ပြုတော်မူကြောင်း

စေတီပုထိုးများသဏ္ဌာန်ပြောင်းလဲလာပုံ

ရှစ်ပြည်ထောင်မင်းတို့ တည်လုပ်ကြသော စေတီများ၏ ပုံသဏ္ဌာန်ကို ကျမ်းဂန်တို့၌ အထူးအထွေမဆို၊ မျက်မြင်လက်တွေ့လည်း မရှိသောကြောင့် အတိအကျ မသိရချေ။ သို့သော် ထူပါ ဟူသော ဝေါဟာရသည် သက္ကဋဘာသာ သတူ(ပ်) မှ သက်ဆင်းလာခြင်း ဖြစ်၏။ သတူ(ပ်)သဒ္ဒါသည် တောင်ပူစာ၊ တောင်ကုန်း ဟူသော အနက်အဓိပ္ပါယ်ကို ဟော၏။ ထို့မှတဆင့်၊ ယင်းတောင်ကုန်းပေါ်၌ တည်ထား၍ အမြတ်တနိုး ကိုးကွယ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ ဆံတော်ဓာတ်တော်တို့ကိုလည်း သတုပ် မည်ခေါ်၏။



စေတီပုံသဏ္ဌာန် အဆင့်ဆင့်ပြောင်းလဲလာပုံ

သီသာလေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် ရာဇဂဟ၊ ဝေသာလီ၊ ကပိလဝတ္ထု၊ အလ္လကပ္ပ၊ ရာမဂါမ၊ ဝေဌဒီပ၊ ပါဝေယျက၊ ကုသိနာရ ဟူသော ရှစ်ပြည်ထောင်သော မင်းတို့သည် အသီးအသီး ဓာတ်တော်တို့ကို ယူဆောင်၍ မိမိတို့ တိုင်းပြည်၌ စေတီ တည်ကြကြောင်း၊ ထိုစေတီတို့သည် ဓာတ်တော်ကို ဌပနာ၍တည်သောကြောင့် ဓာတုစေတီမည်ကြောင်း၊ ထို့နောက် ရှင်မဟာကဿပ ထေရ်သည် ထိုမင်းတို့လက်ထက်၌ ကိုးကွယ်လောက်ရုံ ပေးထားခဲ့၍၊ ဓာတ်တော်တို့ကို ယူဆောင်ပြီးလျှင်၊ အဇာတသတ် မင်းအား ရာဇဂြိုဟ်ပြည်တွင် မြေအတွင်း စေတီတည်လုပ် မြှုပ်ထားစေကြောင်း ဟူ၍ ကျမ်းဂန်များ၌ အသီးသီး လာရှိ၏။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ခြင်းနှင့် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ပူဇော်ခြင်းသည် ကုသိုလ်ပုည တူမျှသည်၏အဖြစ်ကြောင့်၊ သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်သော သီရိဓမ္မာသောက မင်းကြီးသည် အများသတ္တဝါတို့၏ အကျိုးကို တောင့်တတော်မူသဖြင့်၊ အဇာတသတ်မင်းနှင့် ရှင်မဟာကဿပတို့ မြှုပ်ထားခဲ့သော ဓာတ်တော်တို့ကို တူးဖော်၍၊ မြို့ပေါင်း ဂဂ,ဝဝဝ တို့၌ စေတီပေါင်း ဂဂ,ဝဝဝ တည်စေကြောင်း သုတ်မဟာဝါ အဋ္ဌကထာ၌ လာရှိချေသည်။ ဤအချက်များကို ထောက်ရှု၍၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓာတ်တော်များကို ရှစ်ပြည်ထောင်မင်းတို့ ခဲ့ဆေ ပူဇော်သည်မှ စ၍ စေတီ တည်ထားကိုးကွယ်ကြောင်းနှင့် သီရိဓမ္မာသောက မင်း လက်ထက်တွင် စေတီမြောက်မြားစွာ တည်ထားကိုးကွယ်ကြောင်းကို ထင်ရှားသိသာသည်။ (သီရိဓမ္မာသောက မင်း — ၌။)

သတုပ် ဝေါဟာရမှသည် တုပ်၊ ယင်းမှသည် ပါဠိမြန်မာ ဝေါဟာရ ထူပ သို့ ရွှေလျှောသက်ဆင်းလာသည်ဟု ယူဆနိုင်၏။ သတုပ် ဝေါဟာရသည်ပင်လျှင် ချီးမွမ်းထိုက်သော အနက်ဟော သတုတသဒ္ဒါမှ ပေါက်ပွားလာသည် ဖြစ်သော ကြောင့် စေတီ၊ ထူပ ဟူသော ဝေါဟာရများသည် ပူဇော်ကိုးကွယ်ထိုက်သော အရာ၊ ချီးမွမ်းအပ်သော် အရာဟု အဓိပ္ပါယ်ပေါ်လွင်လေသည်။ ပုထိုးဟူသော ဝေါဟာရသည်လည်း အလားတူ အဓိပ္ပါယ် သက်ဆောက်သည်ပင် ဖြစ်၏။ ပုထိုးသည် ပရိထု (သင်္ကဋ္ဌ) ပုထု (ပါဠိ) သဒ္ဒါ၊ ကျယ်ပြန့်ခြင်း၊ ကြီးကျယ်ခြင်း၊ ပြန့်ပြောခြင်း၊ မရေမတွက်နိုင်ခြင်း၊ အနန္တဂုဏ်နှင့် ပြည့်စုံခြင်း၊ အနက်များ ဟောသောပုဒ်မှ ရွှေလျှောလာသည်ဟု ယူဆနိုင်သည်။ စေတီဟူသည်မှာ မုတ်မပါသော မြေစိုက်ဘုရား အဆောက်အဦ၊ ပုထိုးဟူသည်မှာ မုတ်နှင့်တကွသော ဘုရားအဆောက်အဦ ဖြစ်သည်ဟု အချို့က မှတ်ယူလေ့ရှိကြ၏။ စင်စစ်မူကား၊ စေတီ၊ ပုထိုး၊ ထူပ ဟူသော ဝေါဟာရတို့သည် ယေဘုယျအားဖြင့် သဏ္ဌာန် မကွဲပြား၊ တမျိုးတစား တည်းသော အဆောက်အဦကိုဟောသော ဝေါဟာရများသာ ဖြစ်ချေသည်။ အမရပူရမြို့၊ ဘကြီးတော်မင်း၏ ကောင်းမှုတော် မဟာဝိဇယရံသီ ဘွဲ့တော်ရှိသည့် စေတီကြီးကို ပထိုးတော်ကြီးဟု ခေါ်ဝေါ်သည်ကိုထောက်၍၊ မုတ်မပါသော်လည်း ပုထိုးဟု သမုတ်နိုင်ကြောင်း သိသာလေသည်။


ထူပ ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ထောက်ခြင်းအားဖြင့် စေတီ၏ မူလသဏ္ဌာန်သည် ကုန်းမို့မို့ တောင်ပူစာကဲ့သို့ ဖြစ်သတည်း။ သီရိဓမ္မာသောကမင်း လက်ထက်တွင်မူ ပိသုကာလက်ရာများ ပါဝင်သော စေတီပုံသဏ္ဌာန်မျိုး တီထွင်ဆောက်လုပ်သည်ကို သိသာနိုင်သည်။ ထိုမင်းသည် စေတီပေါင်း ၎၄,၀၀၀ ကို တည်ထားစေခဲ့သော်ငြားလည်း၊ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီ ဖြစ်သော ကြောင့်ဌင်း၊ မူရင်းစေတီငယ်တို့ ပျက်စီးယိုယွင်းသည်တို့ကို နောက်နောင် မင်းကောင်းမင်းမြတ်တို့သည် မဖြိုဖျက်ဘဲ၊ အပြင်မှတဆင့် ကြီးကြီး မြင့်မြင့် တည်လေ့ရှိသောကြောင့်ဌင်း၊ အသောကမင်း၏ ကောင်းမှု စေတီတော် များကို မူလသဏ္ဌာန်အတိုင်း ဖူးတွေ့ရခဲလေသည်။ သို့သော် အိန္ဒိယနိုင်ငံ ကမ္ပည်းကျောက်စာ ဌာန၏ သုတေသန လုပ်ငန်းများကြောင့် ဆန်ခါနှင့် ဘာရဟုတ် ဒေသများတွင် အသောကမင်း၏ ကောင်းမှုတော်နှင့် အသောကမင်း နန်းစံပြီး နောက် နှစ်ပေါင်း ၂၀၀ အတွင်းက တည်ဆောက်ကိုးကွယ်ခဲ့ကြောင်း ခိုင်လုံစွာ သိရှိရသည့် စေတီများကို တူးဖော်တွေ့ရှိရလေသည်။ ယင်းသို့ ဖူးတွေ့ရသော စေတီများမှာ နှောင်းခေတ် ကုသိုလ်ရှင်များ၏ မွမ်းမံခြယ်လယ်မှုတို့ဖြင့် တန်ဆာဆင်ထားသည့် လက်ရာတို့ကိုပါ တွေ့ရလေသည်။ သို့သော် အုတ်အင်္ဂတေဖြင့်သာပြီးသော မူလ အဆောက်အဦ သဏ္ဌာန်သည်ကား ပြိုပျက်လျက်ရှိသော အိုပေါ်လှာကျောက်အုတ် ကျောက်ချပ်များ အကြားဌ ထင်ရှားစွာ ပေါ်ပေါက်နေခဲ့သည်။ ထိုမျှသာမကသေး၊ ကျောက်ဆစ်ပညာဖြင့် ရွှေးဟောင်း အဆောက်အဦ ဗုဒ္ဓဝင်ရုပ်ကြွများ ထုလုပ်ကိုးကွယ်သော အခါဌ စေတီပုံများကို သရုပ်ဖော်ထားသည်ကို ထောက်ရှုခြင်းဖြင့်လည်း၊ ရွှေးအကျဆုံးသော စေတီသဏ္ဌာန်ကို ကောင်းစွာ သိသာနိုင်လေသည်။ ယင်း စက်ဝန်းတခြမ်း ပုံသဏ္ဌာန်၏ ညီပြန့်သော ထိပ်ပေါ်တွင် သေတ္တာသဏ္ဌာန် လေးထောင့်ဌပနာတိုက်ရှိ၍၊ ထိုဌပနာတိုက်အလယ်တွင် ပိန္နဲတိုင် စိုက်ထူကာ ထီးတင်ထားခြင်း ဖြစ်၏။ ထိုသို့သော ပုံရိုးရိုးမှ တစတစဖြင့် ပစ္စယာဆင့်၍ လှေကားများတပ်ခြင်း၊ ထီးအထပ်ထပ်တင်ခြင်း၊ ပန်းပုပန်းပြောက်တို့ဖြင့်ပြီးသော လက်ရန်းအကာနှင့် မုတ်ဝတုရိုက်တိုင်များ စိုက်ထူခြင်း စသည်တို့ကို ဆန်းပြားကြီးကျယ်စွာ ပြုလုပ်လေသည်။ 'အဏ္ဍ' ဟုအခေါ်ရှိသော စက်ဝန်းတခြမ်းပုံကို မြင့်မားစွာ တည်ဆောက်ရာမှတဖန် မုတ်များထုင်းထု၍ ဆင်းတု ရုပ်ကြွများ ပူဇော်ထားကြ ပြန်သည်။ ထိုနောက်တွင် မြတ်စွာဘုရား ရုပ်တုတော်များကို ဂန္ဓကုဋိတိုက်တွင် ပူဇော်ကာ၊ ကျောက်ဆစ်ပညာ ထွန်းကားလာခဲ့ချိန်ဌ ကျောက်ဂူဘုရားများ ထုင်းထု ဆောက်လုပ်ကြခဲ့၏။ မဇ္ဈိမဒေသဌ သာသနာတော် ညီးမှိန်စ ပြုချိန်လောက်တွင် စေတီတည်ထားကိုးကွယ်မှုသည် ဟိန္ဒူဘုရားရှိခိုးကျောင်း သဏ္ဌာန် အဆောက်အဦတို့ဖြင့် အဆုံးသတ်လေတော့သည်။

မြန်မာနိုင်ငံစေတီပုံများ

စေတီတည်ထားမှု ပိသုကာ အနုပညာသည် သာသနာတော် စည်ပင်ပြန့်ပွားလာသည့်အလျောက် မဇ္ဈိမဒေသမှ သီဟိုဠ်ကျန်းနှင့် မြန်မာနိုင်ငံသို့ ပျံ့နှံ့လာခဲ့ရာ၊ ရွှေးအကျဆုံးသော မြန်မာ စေတီပုထိုးများသည် မိဂဒါဝုန်တောဌ မြတ်စွာဘုရား တရားဦးဟောရာ နေရာကို အထိမ်းအမှတ် တည်ဆောက်ထားသော ဓမ္မရာဇိက စေတီနှင့် ဆင်တူလေသည်။ မူလ စေတီပုံသဏ္ဌာန်များသည် စကြာဝဠာကို ရည်ရွယ်မှန်းဆကာ သရုပ်ဆောင်ထားသည်ဖြစ်ရာ၊ မြန်မာပြည်ဌ သာသနာ ထွန်းကားသည်နှင့် အမျှ စေတီပုထိုးများကို အနှံ့အပြား တည်ဆောက်ပူဇော်ကြရာဝယ်၊ ပိသုကာ လက်ရာသဏ္ဌာန် အနေအထား အားဖြင့် ၃၁ ဘုံကိုဌင်း၊ မြင့်မို့တောင်ကိုဌင်း၊ မှန်းဆ အတုယူကာ တဆင့်ထက်တဆင့် ဆန်းကြယ်စွာ တည်ဆောက်ကြလေသည်။ ထိုကြောင့် မြန်မာစေတီရိုးရိုး၏ သပိတ်မှောက်နှင့် ခေါင်းလောင်းပုံမှာ မဇ္ဈိမဒေသစေတီတို့မှ အဏ္ဍခေါ် စက်ဝန်းတခြမ်းသဏ္ဌာန်မှ

ဆင်းသက် ပုံပြောင်းလာခြင်း၊ ဖောင်းရစ်များမှာ ဆတ္တဝလီခေါ် ထီးအဆင့်ဆင့်၏ ပုံပန်းကို အတုယူ ပြောင်းလဲထားခြင်း ဖြစ်သည်မှာ သိသာချေသည်။ ပစ္စယာထောင့်များတွင် ကြာအိုးများ၊ စေတီငယ်များ တည်ခြင်း၊ လှေကားနှင့် မုတ်ဆိုများ တပ်ဆင်ခြင်း၊ စေတီရုံများ တည်ဆောက်ခြင်းနှင့် ခြသေ့ရုပ်၊ မနုဿီဟရုပ်များ စေတီရင်းဌ် တည်ထားခြင်း စသော မှမ်းမံခြယ်လယ်မှုတို့မှာ ကုသိုလ်ရှင်များ၏ စိတ်ကူးဉာဏ် ဆန်းကြယ်သည်နှင့်အမျှ ဖြည့်စွက် တိုးပွားထားသော အင်္ဂါရုပ်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံရှိ စေတီရိုးရိုးတဆူ၏ အစိတ်အပိုင်း တို့ကို လိုရင်းမျှ ရေတွက်ပြရသော်၊ ရှေးဦးစွာ မြေပေါ်၌ ပန်းတင်ခုံ သို့မဟုတ် ဖိနပ်ဟုခေါ်သော စတုရန်းအုတ်ခုံရှိ၏။ ထိုအထက် ပလ္လင်အောက်ပိုင်းသဏ္ဌာန် ပစ္စယာ ၃ ဆင့် ကိုတည်ဆောက်၏။ ပစ္စယာများ အထက်တွင် ကြေးပန်းကြေးဝိုင်း၊ ထိုအထက် ခေါင်းလောင်းပုံနှင့် သပိတ်မှောက်၊ ထိုအထက် ဖောင်းရစ်များ၊ ထိုအထက် ကြာမှောက်၊ ရွဲနှင့် ကြာလန်၊ ယင်းအထက်တွင် ချယားသီး သို့မဟုတ် ငွက်ပျော့ပွား၊ ယင်းအထက်တွင် ထီး၊ ငွက်မြတ်နားနှင့် စိန်ဖူးတို့ဖြစ်သတည်း။




ပုဂံမြို့တွင်တွေ့ရသောစေတီနှစ်ထပ်ပုံ
(စေတီကိုအဆင့်ဆင့်ဝိုင်းရံတည်သည်ကိုပြသည်။)

မြန်မာနိုင်ငံရှိစေတီပုထိုးများ

မြတ်စွာဘုရားသခင်သည် ဘုရား ဖြစ် တော် မူ ၍ ခုနစ်သတ္တာဟမြောက် ရာဇာရတန လင်းလွန်းပင်၌ သီတင်းသုံးနေတော်မူသောအခါ၊ ဥက္ကလာပ ဇနပုဒ် အသိတဉ္ဇန မည်သော ပေါက္ကရဝတီမြို့သား တပုဿ ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့ ရောက်လာကြ၍ ပျားမုံဆုပ် ကပ်လှူခြင်း၊ ဒွဝါစိက သရဏဂုံ ခံယူခြင်းတို့ကို ပြုလုပ်ပြီးသော်၊ မြတ်စွာဘုရား၊ ထိုနေ့မှစ၍ အဘယ်ကို ရှိခိုးပူဇော်ရပါကုန်အံ့နည်း ဟု လျှောက်ထားကြရာတွင်၊ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို လက်ဖြင့် သုံးသပ်တော် မူပြီးလျှင်၊ 'ဆံတော်ရှစ်ဆူကို ကောင်းစွာကိုးကွယ်ကြကုန်' ဟု မိန့်တော်မူ၍ ပေးအပ်လိုက်ကြောင်း၊ ဝိနည်းအဋ္ဌကထာ၌ လာရှိ၏။ ထုဇဉ်သမိုင်းတို့၌ကား ယင်းဆံတော်ရှစ်ဆူကို ညီနောင်နှစ်ယောက်တို့ ခဲ့ယူ၍ စေတီတဆူစီ တည်ကြောင်း၊ ညီတော်သည် ရွှေတိဂုံတွင်စေတီတည်ကြောင်း ဟူ၍ ဆက်လက်ဖော်ပြ၏။ ညီတော်တပုဿ၏ စေတီတော် ရွှေတိဂုံဘုရားမှာ သံတောင် ၄၀ မြင့်၏ဟု ဆိုသည်။ (ရွှေတိဂုံဘုရား — ရှု။)


မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ လေးဝါမြောက်သောအခါ ဗိုးဦးတောင်သို့ကြွတော်မူ၍ ခေတ္တရာမည်သောရသေ့မြို့ကို ဗျာဒိတ်ပေးတော်မူပြီးနောက် ဆံတော် ၄ ချောင်းကို ရောပထနဂါးမင်း ကပ်လှူသော မြကြုတ်ဦထည့်သွင်း၍ ကိုးကွယ်ထိုက်သော သူတို့အား ရစေသတည်းဟု မိဋ္ဌာန်တော်မူ၍ ကောင်းကင်သို့ ပစ်လိုက်သည် ရှိသော်၊ သုဝဏ္ဏဘုမ္မိသဏ္ဌာပြည်မှ ပြန်လာသော အင်္ဂီတ ဖလိတ ညီနောင်နှစ်ယောက် ရကြကုန်သည်ဖြစ်၍၊ သုဒဿန တောင်ထိပ်၌ အမြင့်သံုးတောင် ၄၂ တောင်ရှိသော ရွှေဆံတော်စေတီ တည်ထားခဲ့ကြောင်း ရာဇဝင်သမိုင်းများတွင် လာရှိ၏။ (ရွှေဆံတော်ဘုရား — ရှ။) မြတ်စွာဘုရားသည် ထိုမှတဖန် ဥက္ကံသုံးဆယ်အရပ်သို့ ရောက်တော်မူလျှင် ပိဏ္ဍိက သဒ္ဒေးကြီး၏ သားနှစ်ယောက်အား ဆံတော် ၄ ချောင်းပေးအပ်တော်မူလျှင်၊ ညီနောင်နှစ်ယောက်တို့လည်း ဟံသာဝတီပြည်ကြီးတည်ရှိရာ မဟာသုဒဿန ဆေးဒန်းမြင်းသီလာတောင်ထိပ်၌ အမြင့်သံတောင် ၄၀ ရှိသော ရွှေမော်ဓောစေတီ တည်ကြောင်းလည်း ရာဇဝင်သမိုင်းများ၌လာရှိချေသည်။ (ရွှေမော်ဓောဘုရား — ရှ။) ထိုကြောင့် မြန်မာနိုင်ငံရှိ စေတီတော်များအနက် အကြိမ်ကြိမ် အဖန်ဖန် မှမ်းမံမြှင့်တင် တည်ဆောက်ခြင်းမပြုမီ၊ မူလစေတီငယ်များအသွင် ရှိစဉ်က၊ ရွှေတိဂုံ၊ ရွှေဆံတော်နှင့် ရွှေမော်ဓော စေတီတော်များသည် ရှေးအကျဆုံးဖြစ်သည်ဟု မှတ်ယူကြ



ဒွတ္တပေါင်မင်းကြီး၏ကောင်းမှုတော်ဟုယုံကြည်ရသော ပေါပေါကြီးစေတီ

ရပေမည်။ သို့သော် ယင်းမူလစေတီငယ်တို့ကို မဖူးတွေ့နိုင်ကြတော့လေရာ၊ စေတီများ၏ ပိသုကာ လက်ရာသဏ္ဌာန် ပြောင်းလဲလာပုံကို လေ့လာရာ၌ ပကတိ ပုံပန်းမှလွှန်စွာခြားနားပြောင်းလဲခြင်း မရှိသေးသည့် စေတီတော်များကို အထောက်အထားပြုရချေမည်။


သာသနာတော် သက္ကရာဇ် ၁၀၁ ခုနှစ်တွင် သရေခေတ္တရာပြည်ကိုတည်သော ဒွတ္တပေါင်မင်းကြီးသည် စေတီပုထိုးများတည်ကြောင်းကို ၆ ဆူ၊ ၇ ဆူ၊ ၉ ဆူဟူ၍ ရာဇဝင်များက အကွဲကွဲ အပြားပြား မှတ်တမ်း တင်ထားကြချေသည်။ မည်သို့ပင် ဆိုထားစေကာမူ၊ ယင်းတို့အနက် ဒွတ္တပေါင်မင်း၏ကောင်းမှု အပါအဝင်ဟု ယုံကြည်ရသော ပေါပေါ (ဘောဘောကြီး) နှင့် သရမာ (ဘုရားမာ) စေတီတော်ကြီး ၂ ဆူကို ယခုတိုင် ဖူးတွေ့နိုင်ပေသည်။ ယင်းစေတီတော်တို့မှာ ယခုကာလ တည်လုပ်သော စေတီကဲ့သို့ ဖောင်းရစ်မပါ၊ တဖြိုးတည်း လုံးလုံးလျောင်းလျောင်း သဏ္ဌာန်ရှိသည်။ ပုံပန်းသဏ္ဌာန်အားဖြင့် ပေါပေါဘုရားထက် ရှေးကျသောစေတီများကို သရေခေတ္တရာ ဆော်အတွင်း၌ တည်ဆောက်ပူဇော်ခြင်း ရှိခဲ့ဟန်တူကြောင်းလည်း အထောက်အထားတွေ့ရသေးသည်။



ဘုရားမာစေတီ
(သရမာဘုရားဟု ရာဇဝင်တွင်ဆိုသည်။)

သရေခေတ္တရာ မြို့ဟောင်းတွင် မြန်မာ နိုင်ငံ ကမ္ဘည်းကျောက်စာဌာနက ရှေးဟောင်း သုတေသနကိစ္စအတွက် တူးဖော်ရာတွင်၊ ခင်ဘားကုန်း၌ ဘုရားပျက်တဆူ၏ ဌပနာတိုက် ပေါ်ပေါက်ခဲ့၏။ ယင်းဌပနာတိုက်ကို ဖုံးအုပ်ထားသော ကျောက်ပြားပေါ်တွင် ရေးထုထားသော စေတီပုံများမှာ အသောကမင်း နန်းစံပြီးနောက် နှစ်ပေါင်း ၁၀၀ မှ ၂၀၀ အတွင်း မဇ္ဈိမဒေသတွင် များစွာ ထုလုပ်ကိုးကွယ် တည်ဆောက်ခြင်းဖြစ်သော ထီးသုံးဆင့်ပါသော စေတီဝိုင်းပုံကို ဖူးတွေ့ရပါသည်။ အဆိုပါ ဌပနာတိုက်တွင်း၌ တွေ့ရှိသော ဓမ္မစေတီ ရွှေပုရပိုက်များ၊ ရှေးဟောင်း သာသနိက ပစ္စည်းများနှင့်အတူ ဌေးခေါင်းပွစေတီငယ် နှစ်ဆူကိုလည်း တွေ့ရှိရ၏။ ယင်းဌေးခေါင်းပွစေတီများ၏ အချိုးအစားမှာ မြင့်မြင့်လုံးလုံး ရှိသော်လည်း၊ ဆတ္တဝလီခေါ်အဆင့်ဆင့် အထပ်ထပ် ပြုလုပ်ထားသည့် ထီးတော်များကို ထောက်ရှု၍ မဇ္ဈိမဒေသစေတီများ သဏ္ဌာန်သည် ပေါ်လွင်ထင်ရှားလေသည်။


ပြ။စောထီးမင်း၏ ကောင်းမှုဟု အဆိုရှိသော ပုဂံမြို့ ဗူးဘုရား၏ စေတီလုံးသည်ပင် ပေါပေါဘုရားသဏ္ဌာန်နှင့် များ



မှော်ဇာမြို့ ခင်ဘားကုန်းမှ တူးဖော်ရရှိသော (ဝဲ) ဌပနာတိုက်ပုံးကျောက်ပြားပေါ်တွင် ထွင်းထားသည့် ရွှေဟောင်းစေတီပုံ (ယာ) ဆတ္တဝလီခေါ် ထီးအဆင့်ဆင့်ပါရှိသည့်ငွေစေတီနှစ်ဆူ

စွာ မကွာခြားလှချေ။ အနော်ရထာမင်း လက်ထက်တွင်မူ ပစ္စယာများ၊ ဖောင်းရစ်များ၊ နတ်လှေကားများကို တိုးခဲ့ထည့်သွင်းကာ တည်ဆောက်လာချေ၏။ သို့သော် လောကနန္ဒာဘုရား၏ လုံးပတ်တော်မှာ ရှေးလက်ရာများကဲ့သို့ တဖြိုးတည်းမျှ ရှိသေး၏။ အနော်ရထာမင်း စတင်တည်ဆောက်၍ ကျန်စစ်သားမင်း အပြီးသတ် တည်ထားသော ညောင်ဦး ရွှေစည်းခုံဘုရားတွင် ပစ္စယာထောင့်များ၌ စေတီငယ်များ စိုက်ထူခြင်း၊ နတ်မုတ် နတ်လှေကားများ တပ်ဆင်ခြင်းတို့ ပါဝင်လေသည်။ ရွှေစည်းခုံဘုရား၏ သပိတ်မှောက်နှင့် ခေါင်းလောင်းပုံမှာကား ဝန်းဝိုင်း ဖြောင့်မတ်လျက်ရှိ၏။ (ရွှေစည်းခုံဘုရား — ရှု။) ထိုနောက်မှ ပုဂံပြည်တွင် မင်းမှူးမတ်နှင့် ပြည်သူအများ တည်ထားကိုးကွယ်သော စေတီများမှာ ခေါင်းလောင်းပုံမှ အထက်သို့ သွယ်ပျောင်း ယေငေါင်း သေးသိမ် လာလေတော့သည်။ တရုပ်ပြေးမင်းကောင်းမှု မင်္ဂလာစေတီတော်သည် ပုဂံစေတီများအနက်တွင် အချိုးအစား ပြေပြစ်ဆုံးဖြစ်သည်ဟု ဆိုရပေမည်။ ပစ္စယာထောင့်များတွင် ကလသာအိုးခေါ် သော အမြိုက်အိုး၊ ကြာအိုးများဖြင့် တန်ဆာဆင်ထား၏။ (ကလသာအိုး — ရှု။)

ထိုသို့ စေတီပုံရိုးကို တစတစဖြင့် သေးသွယ် ချွန်ထက်သော သဏ္ဌာန်များအဖြစ် ပြောင်းလဲ တည်ဆောက်သည့်အပြင်၊ အသွင် ကွဲပြားခြားနားစွာလည်း တည်ဆောက်ကြသေး၏။ ပုံစံအားဖြင့် ပုဂံပြည် နရပတိစည်သူမင်း လက်ထက်တွင် သီဟိုဠ်ကျွန်းသို့ ဥတ္တရာဇီဝထေရ်နှင့်အတူ ကြွသွားသော ရဟန်းတော်များအနက် ဆပဒထေရ်သည် ပုဂံမြို့သို့ ပြန်လည် ကြွရောက်သည်တွင် တည်ထားသော သီဟိုဠ်စေတီတော်သည် မြန်မာနိုင်ငံတွင် သရေခေတ္တရာ၌ ပေါပေါဘုရားနှင့် တခေတ်တည်းလိုလိုပင် လေးမျက်နှာဘုရား၊ ဗဲးဗဲးဘုရား၊ ဈေးကူဘုရား စသည့် ဂန္ဓကုဋိတိုက်ပါသော ဘုရားများကို တည်ဆောက် ပူဇော်သည်ကိုတွေ့မြင်ကြရ၏။ ပုဂံခေတ်တွင် ကျန်စစ်သား လက်ထက်၌ တဖက်မုတ်ဂူဘုရားများ စတင် တည်ထားလေသည်။ ထေရဝါဒ သာသနာတော်သည် သုဝဏ္ဏဘူမိ



အနော်ရထာမင်းတည်ခဲ့သော ပုဂံမြို့ သီရိပစ္စယာရှာလောကနန္ဒာဘုရား


တိုပုံ ဆပဒဘုရား၊ အင်းဝမြို့သာလွန်မင်းတရား လက်ထက်တွင် သိဟိုဠ်မှ ထူပါရုံစေတီတော်သဏ္ဌာန် တည်ဆောက်သော စစ်ကိုင်းမြို့အနီး ကောင်းမှုတော်ဘုရား ခေါ် ရာဇမဏ္ဍိစူဠာစေတီတော် စသည်တို့မှာ အသွင်ကွဲပြားခြားနားသည့် စေတီမျိုးဖြစ်ကြ၏။ (ကောင်းမှုတော်စေတီ — ရှု။)

မုတ်ခံစေတီ သို့မဟုတ် ကုလားကျောင်းခံ စေတီတို့မှာကား မဏ္ဍိမဒေသ၌ မြေစိုက်စေတီများ နောက်မှ တည်ဆောက်သည်ဖြစ်၏။ သို့




နရသီဟပတေ့မင်း၏ကောင်းမှုဖြစ်သော ပုဂံမြို့ မဂ်လာစေတီ
(ပုဂံစေတီများအနက် အသပ်ရပ်ဆုံးစေတီဟုအသိအမှတ်ပြုကြသည်။)

မှ တဆင့် ပုဂံပြည်သို့ ပြန့်ပွားလာသည်ဖြစ်ရာ ပုဂံပြည်၌ တည်ဆောက်သော တဖက်မုတ်ဂူဘုရားများသည် မွန်လက်ရာဖြစ်သည်ဟုယုတ်ယူကြ၏။ ပုဂံ အလိုပြည့်ဂူ၊ ပုထိုးသားများဘုရား၊ မြင်းပုဂံ ဂူပြောက်ကြီးဘုရား၊ နဂါးရုံဘုရား စသည်တို့တွင် ဆေးရေးရုပ်များ၊ မွန်အက္ခရာဖြင့် နံရံမင်စာများကို ထောက်၍လည်း မွန်လက်ရာဘုရားများ ဖြစ်သည်ကို သိသာနိုင်၏။ သို့သော် ပိသုကာအရာ၌ကား မဇ္ဈိမဒေသမှ သဏ္ဌာန်ပင်လျှင် တိုက်ရိုက်သော်ငင်း၊ မွန်နိုင်ငံ သုဝဏ္ဏဘူမိမှ တဆင့်သော်ငင်း၊ အတုယူထားခြင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ မဇ္ဈိမဒေသ၌ သာသနာတော် ထွန်းကားနေစဉ် အသောက မင်းတရားလက်ထက်နှင့် နှောင်းခေတ် ကာလ၌ ကျောက်ဆစ်ပညာတိုးတက်နေသည့်အလျောက် တောင်ကမ်းပါးများကို ထွင်းဖောက်၍ တဖက်မုတ်ဂူများကို ဝိဟာရစေတီအဖြစ် တည်



ညောင်ဦးမြို့ ဆပခဘုရား
(သီဟိုဠ်စေတီပုံတည်ထားဟန်။)



ညောင်ဦးမြို့မှ တဖက်မုတ်ပါသောစေတီ

နိုင်ငံခြားမှစေတီတော်များနှင့်နိုင်းရှည့်ချက်

မြန်မာစေတီပုထိုးများ၏ မူလဇာစ်မြစ်မှာ မဇ္ဈိမဒေသမှ သဏ္ဌာန်အနေအထား ပေါက်ပွားလာခြင်း ဖြစ်သော်ငြားလည်း၊ သရေခေတ္တရာခေတ်မှ ယခုမျက်မှောက်အထိ ပုံပန်းသဏ္ဌာန် ပြောင်းလဲ ဆန်းကြယ်လာခြင်းမှာ မြန်မာတို့၏ ကြံရည် ဖန်ရည်ဖြင့် အနုပညာလက်ရာ ပြောင်မြောက်အောင် စွမ်းဆောင်မှုကြောင့်ပင် ဖြစ်တော့သည်။ ထို့ကြောင့် မဇ္ဈိမဒေသမှ စေတီတော်များတွင် ကျောက်ဆစ် ရုပ်တု ရုပ်ကြွတို့ဖြင့် တန်ဆာဆင်ထားသော အရံအတားများနှင့် တုရိုဏ်တိုင်များ အစား မြန်မာနိုင်ငံ၌ စောင်းတန်းနှင့် မုတ်ပြာသာဒ်များကို သစ်သားပန်းပုဖြင့် လက်ရာမြောက်စွာ ခြယ်လယ်ထားသည်ကို တွေ့ရသည်။ သီဟိုဠ်ကျန်း၌ကား ယခုတိုင်အောင် ဓာတ်တော်တိုက်ဖြစ်သည့် ဓာတုဂဗ္ဘာကို သပိတ်မှောက်အထက်၌ တည်ဆောက်နေသေး၏။ မြန်မာတို့အဖို့မူကား စေတီလုံး၏ ပြေပြစ်မှုကို ရည်ရွယ်ဟန်ဖြင့် အချိုးကျကျ အထက်ပိုင်းသို့ သွယ်ပျောင်းသေးငယ်စွာ ဆောက်လုပ်ကြ၏။ ယိုးဒယားမှ အချို့သော စေတီမြင့်မြင့်များကဲ့သို့ ရှည်လျားသောအထွတ်များ တပ်ဆင်ခြင်းကိုလည်း မပြုလုပ်ကြချေ။ သို့သော် သာသနာတော် ထွန်းကားရာဖြစ်သော အခြားနိုင်ငံများသည်လည်း မိမိတို့၏ဒေသ၌ ကြွယ်ဝပေါများသော သဘာဝ ဝတ္ထုပစ္စည်းများကို လိုက်၍ဂင်း၊ အနုပညာများ တိုးတက်သည်နှင့်အမျှဂင်း၊ ဘုရားပုထိုးများကို အံ့မခန်းအောင် ဖန်ဆန်းတည်ဆောက်ကြလေသည်။ ပုံစံအားဖြင့် အင်ဒိုနီးရှား နိုင်ငံဆောက်သည်ကို တွေ့ရလေသည်။ ထိုမှတဆင့် နည်းယူမှီငြမ်း၍ ဟိန္ဒူ ဘုရားရှိခိုးကျောင်းများကို တည်ဆောက်လေသဖြင့် ပုဂံမြို့မှ ဂူဘုရားများတွင် အချို့ကို စေတီအထွတ်စိုက်ထူ၍ အချို့ကိုသိခရခေါ် ကွမ်းထောင်ပုံများ တည်ထားပြုလုပ်ကြလေသည်။ ကျန်စစ်မင်းသည် ဂန္ဓမာဒနတောင် နန္ဒမူလလိုဏ် သဏ္ဌာန်နှင့် တူစွာ အာနန္ဒာဂူဘုရားကို တည်တော်မူကြောင်း အဆိုရှိ၏။ စင်စစ်သော်ကား၊ လေးဖက်မုတ်ပါသော ဂူဘုရားကို အဆန်းတကြယ် မှမ်းမံခြယ်လယ်ထားခြင်း ဖြစ်ချေသတည်း။ ထိုမှတဆင့် ကုလားကျောင်းခံ စေတီတော်များကို လိုက်မုတ်နှစ်ဆင့်၊ ငါးမျက်နှာ ရှစ်မျက်နှာ စသည်ဖြင့် ထူးခြားစွာ တိုးချဲ့ တည်ဆောက်ကြပြန်သည်။



ပုဂံမြို့ မြင်းပုဂံရွာ ဂူပြောက်ကြီးဘုရား
(မြစေတီ၏အနောက်မြောက်ယွန်းတွင်ရှိသည်။)

ဂျားဗားကျွန်းတွင် ပုဂံခေတ်မတိုင်မီ ၈၅၁ ဒီ၊ ဂ၅၀ ခန့်က တည်ထားသော ဗောရောဗုဓောဘုရားသည် မြင့်မိုတောင် သဏ္ဌာန် ဖြစ်၍ ကျောက် ရုပ်တု ဆင်းတုပေါင်း ထောင်သောင်းတို့ဖြင့် ဇာတ်နိပါတ်တော်များကို သရုပ်ဖော်ကာ မှတ်မံခြယ်လယ်ထားသဖြင့်၊ ဗုဒ္ဓအယူဝါဒီများအား သာလျှင် သဒ္ဓါကြည်ညိုစိတ် ပွားများစေသည်သာမက၊ နိုင်ငံတကာ ကပင် ချီးမွမ်းအုံသြဖွယ်ရာဖြစ်စေသည်။ ဦးလူဖေဝင်း။

စေတုတ္တရာမြို့။ ။မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၏ ဂုံး စိုက်ရာမြို့ဖြစ်သည်။ စလင်းနယ်တွင် ပါဝင်၍၊ ရောဝတီ မြစ်ကမ်းမှ ဝေးကွာသည့် အတွင်းဖက်ကျသော အရပ်တွင် တည်ရှိသည်။ စလင်းမြို့မှ ၃၆ မိုင်ခန့် ဝေးသည်။ စေတုတ္တ ရာမြို့သည် ရခိုင်ရိုးမတောင်၏ အရှေ့ဖက် ဆင်ခြေလျှောတွင် တည်ရှိသည်။ မြို့မှာ ရှည်လျားသည်။ ရဲဌာနာသည် မြို့အဝင်ဝတွင်ရှိသည်။ မုန်းမြစ်သည် မြို့နယ်အလယ်ကို တည့်တည့်ဖြတ်၍ မြောက်မှတောင်သို့ စီးဆင်း၏။ ထို ဒေသကို မုန်းချောင်းနယ်ဟုလည်း ခေါ်သည်။ မြို့နယ် ၏အကျယ်အဝန်းမှာ ၁၁၂၁ စတုရန်းမိုင်ဖြစ်၍ ရွာပေါင်း ၂၀၀ ကျော်ပါဝင်သည်။ မုန်းမြစ်ဝှမ်းတလျှောက်တွင် ညီညာ ပျံ့ပျဲသော မြေပြင်များရှိသည်။ မြို့နယ်၏ ကျန်အပိုင်းမှာ တောင်ကုန်းဒေသများသာဖြစ်၍ ၎င်က ဖျားထူသည်။

မြို့နယ်၏ လူဦးရေမှာ ၁၉၅၆ ခုနှစ်အတွက် ခန့်မှန်းခြေ စာရင်းအရ ၃၀,၇၄၀ ယောက်ခန့်ဖြစ်သည်။ မြန်မာလူမျိုး၏လူဦးရေ များပြားသော်လည်း ချင်းလူမျိုးတို့လည်း ရှိသေးသည်။ ထိုဒေသရှိ ချင်းများသည် မြန်မာများနှင့် နီးစပ်ထိတွေ့နေ ပေါင်းသင်း ဆက်ဆံခဲ့သည်မှာ ကြာပြီ ဖြစ်သဖြင့် အမူအရာ ဓလေ့ ထုံးစံ အားဖြင့် မြန်မာများနှင့် များစွာ ကွဲပြားခြားနားခြင်း မရှိပေ။


စေတုတ္တရာနယ်မှ ထွက်ကုန်များမှာ ကျွန်းသစ်၊ အင်ကြင်း၊ ရှားစေး၊ ချိပ်၊ အင်တွဲ၊ ဝါ၊ လူး၊ ဆပ်၊ ပြောင်းများ ဖြစ်၍ အဓိက အလုပ်အကိုင်များမှာ စပါးစိုက်ပျိုးခြင်း၊ သစ်ဝါးခုတ်ခြင်း စသည်တို့ဖြစ်၏။

စေတုတ္တရာ မြို့နယ်၌ ယနေ့တိုင် ရှေးရိုး ဆန်သော ဝတ်စားဆင်ယင်ပုံကို တွေ့နိုင်သည်။ အသုံးအဆောင်များတွင်လည်း ဒေါင်းလန်း၊ မြေအိုး၊ မြေခွက်၊ ယွန်းထည် စသည်တို့ကို ယခုတိုင် သုံးစွဲလျက်ရှိကြသည်။ အလှူအတန်း ပဲ့လမ်းသဘင် စသည်တို့တွင် မြန်မာ ရှေးဟောင်း တူရိယာများကို တီးမှုတ်ကြလျက် အရာရာတွင် စုပေါင်းလုပ်ဆောင်ကြသော အလေ့အထရှိသည်။

စေတုတ္တရာမြို့၏ မြောက်ဖက် ၂၇ မိုင်ခန့် အကွာတွင် တောင်ထိပ်ပေါ်၌ ရေကန်ရှိသော ကန်တောင်ကြီးရှိသည်။ မြို့နှင့် သုံးမိုင်ကွာ ဆင်မြီးချောင်း ကမ်းပါးဌ ကျောက်ခဲပေါ်တွင် စေတီသဖွယ် ကျောက်အဆင့်ဆင့် တင်လျက်ရှိသော ခမောက်ပုံနှင့်တူသည့် ကျောက်ခမောက် ဆိုသည့် နေရာလည်းရှိသည်။

စဲလဗီးကျွန်း။ ။စဲလဗီးကျွန်းမှာ ယခုအခါ အင်ဒိုနီးရှားပြည်ထောင်စုနိုင်ငံဟု ခေါ်သော အရှေ့အိန္ဒိယကျွန်းစုတွင် ပါဝင်သည့် ကျွန်းကြီးငါးကျွန်းအနက် တကျွန်းဖြစ်သည်။ ဖီလစ်ပိုင်ကျွန်းစု တောင်ဖက် ဗော်နီယိုကျွန်းနှင့် မိုလပ်ကပ်ကျွန်း နှစ်ခုစပ်ကြားတွင် တည်ရှိသည်။ အကျယ်အဝန်းအား ဖြင့် စတုရန်းမိုင်ပေါင်း ၂၂,၀၀၀ ကျော်ရှိသည်။

စဲလဗီးကျွန်းမှာ အရှေ့နှင့်တောင်ဖက်သို့ ကျွန်းဆွယ် ၄ ခု ထိုးထွက်လျက် ရှိ၍ ပင် လယ် ကမ်း ရိုး တန်း မှာ အကွေ့အကောက်များလှသဖြင့် မိုင်ပေါင်း ၎၅၀၀ မျှရှည်လျားသည်။ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့သည် တောင်



စဲလဗီးကျွန်း တည်နေရာပြမြေပုံ

ထူထပ်၍ မီးတောင်ပေါများသည်။ ထူးခြားသည့် အချက်တခုမှာ ရေအိုင်ကြီးငယ် အမြောက်အမြား ရှိခြင်းပင် ဖြစ်သည်။ ရွာခင်းတို့မှာ အလွန်သာယာသည်။ သစ်တောများ၌ ဝက်သစ်ချပင်၊ ကျန်းပင်၊ ပျဉ်းကတိုးပင် စသော အဖိုးတန်သစ်ပင်များပေါက်သည်။

စဲလဗီးကျန်းသည် အီကွေတာအပူပိုင်းဒေသ၌ ကျရောက်နေသော်လည်း ပင်လယ်လေပြေအေးတိုက်ခတ်ခြင်းကြောင့် များစွာ မပူအိုက်လှချေ။ ဤကျန်း၏ အဓိက ထွက်ကုန်များမှာ ကဖီ၊ သကြား၊ ဟင်းခတ်အမွှေးအကြိုင်၊ ဆန်၊ ပြောင်းဖူး၊ ကြက်ပေါင်စေးနှင့် ဆေးရွက်တို့ ဖြစ်သည်။ ရွှေ၊ ကြေးနီ၊ သွပ်၊ သံ၊ ဆားနှင့် ကျောက်မီးသွေးအပြင် အဖိုးတန် ကျောက် မျက် ရတနာ များ လည်း အနည်းငယ် ထွက်သည်။

စဲလဗီးကျန်း၏ လူဦးရေမှာ ၄,၂၃၀,၀၀၀ (၁၉၃၀) ခန့်ရှိသည်။ အများဆုံးနေထိုင်သော လူမျိုးမှာ ပသျူးလူမျိုးဖြစ်သည်။ ပသျူးလူမျိုးတို့သည် တုတ်ခိုင်သန်မာသော ကိုယ်ကာယရှိ၍ ဝီရိယကောင်းသည်။ ဤကျန်းကို ၁၅၁၂ ခုနှစ်တွင် ပေါ်တူဂီ လူမျိုးတို့က ရှေးဦးစွာ တွေ့ရှိသိမ်းပိုက်ခဲ့ကြသည်။ ၁၇ ရာစုနှစ် အလယ်ပိုင်းလောက်တွင် ဒပ်ချတို့၏ လက်ထဲသို့ ကျရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်သော အခါ ဂျပန်က ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ သိမ်းပိုက်ထားသည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားပြည်ထောင်စု နယ်တနယ် အဖြစ်သို့ ရောက် ရှိ သွား လေ သည်။ (အင်ဒိုနီးရှားနိုင်ငံ — ရှ။)

စောၤမိဖုရား။ ။ပုဂံကျောက်စာတို့တွင် စဝ်ဟု ပါရှိလျက် ယခုအခါတွင် စောဟု ရေးကြသော စကားလုံးသည် နန်ချောင်ရှမ်းတို့၏ ဘွဲ့အမည်တခုဖြစ်၍၊ ယင်းကို ပုဂံကျောက်စာပါ မင်းမိဖုရား အမည်များတွင် မကြာခဏ တွေ့ရသည်။ ပုဂံဆက် နောက်ပိုင်းတွင် စောဘွဲ့ခံ မိဖုရားအများ ပေါ်ပေါက်ခဲ့သည်ကို နှောင်းခေတ် ရာဇဝင်ဆရာတို့သည် ထွေးရှက်မှတ်မှားကြသည်။ တရုတ်ပြေးမင်း (တရုတ်လိွယ်မင်၊ မြန်မာ ၆၁၇–၆၄၉) ၏ ကျော်စောထင်ရှားသော မိဖုရားကြီး ဖွားစောသည်ကား သက္ကရာဇ် ၆၅၂ ခုနှစ်၊ ၆၅၃ ခုနှစ်တို့တွင် ပုဂံပြည် မင်းနှံသူအရပ်၌ စောလှဝန်းဘုရားကျောက်စာတို့ကို ရေးထိုးခဲ့သည့် သခင်ရာဇသူ ဖွားစော (သို့ငြ ရစသူဖွာစဝ်) ဖြစ်သည်။ ယင်းကျောက်စာတို့ကို မြန်မာ တိုင်း ရင်း ကျောက် စာ များ၊ တတိယထုပ်၊ ဓာတ်ပုံ ၂၇၂–၅ တို့တွင် ပြထားသည်။ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်၊ အတွဲ ၂၆၊ စာမျက်နှာ ၁၃၇–ဂ တို့တွင် လည်း အချို့အဝက်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပုံနှိပ်ထားသည်။ ယင်းတို့အရဆိုလျှင် မိဖုရားဖွားစောသည် ဇာတိအားဖြင့် တောင်သူကြီးသမီးမဟုတ်။ ပုဂံနန်းရိုး မင်းသမီးတပါးဖြစ်သည်ကို သိရသည်။

ဖွားစော၏အဖိုးမှာ ကျစွာမင်းကြီး (ကလစွာမင်ကြီ၊ မြန်မာ ၅၉၇–၆၁၁) ဖြစ်သည်။ မင်းကြီးသည် ဖွားစောကို အလွန်ချစ်မြတ်နိုးရှိ သမီးဟုခေါ်လေ့ရှိသည်။ အဖွားမှာ မင်းကြီး၏ မိဖုရားတပါး ဖြစ်ရာ၏ဟု မှတ်ဟူဘွယ် ရှိသော စောမင်းလှ (စဝ်မင်လှ) ဖြစ်သည်။ စောမင်းလှသည် လည်း ဖွားစောကို အလွန်ချစ်မြတ်နိုးသည်။ အဖိုမှာ ကျစွာမင်းကြီး၏ သမီးတော်တပါး ဖြစ်၍ ဟန်လင်းသည်၏ သား (မြေး ?) အမတ်သရေ (သရိယ်) နှင့် လက်ထပ်သည်။ အမတ်သရေသည် ကျစွာမင်းနှင့် ဥစ္စနာမင်းတို့၏ လက်ထက်တွင်ရင်း၊ တရုတ်ပြေးမင်းလက်ထက် စောစောပိုင်းတွင်ရင်း ထင်ရှားသည်။ သက္ကရာဇ် ၅၉၉ ခုနှစ်တွင် စောလှဝန်းဘုရားနှင့် ကျောင်းတို့ကို ဦးစွာတည်သည်။ ဖွားစော၏ ညီမတယောက်ကား တြိလောကစန္ဒြ ဟူ၍ငြင်း၊ သုံးလူ.လ (သုံလူလ) ဟူ၍ငြင်း တွင်၍ ဥစ္စနာမင်း (မြန်မာ ၆၁၁–၇) ၏ တောင်ဖြင်သည် မိဖုရားကြီးဖြစ်သည်။ (ကြာသော် သုံလူလကို သမ္ဘ။လဟု မှတ်မှားကြသည်။) တလမြို့ (တံတေးမြို့) တွင် ဥစ္စနာမင်းတို့ လုပ်ကြံခံရပြီးနောက်၌ တရုတ်ပြေးမင်းဟု တင်အံ့သော ပန်းပုတ်သည်မနှင့် ရသော သားတော်သည် ပုဂံထီးနန်းကို ဆက်ခံသည်။ ထိုမင်းသည် ငယ်ရွယ်သေးသည် ဖြစ်၍၊ မင်းအဖြစ်၌ တည်တံ့ ခိုင်မြဲရန် အလို့ငှာ ဖွားစော၏အစ်မ ရတနာပုံကို နန်းတင်သည်။ အလွန်လည်း ချစ်မြတ်နိုးသည်။ နန်းတင်၍ခုနစ်နှစ်အကြာ သက္ကရာဇ် ၆၂၄ ခုတွင် ရတနာပုံ အနိစ္စရောက်လျှင်၊ မင်းကြီးသည် မိဖုရားကိုရည်၍၊ မင်းနှံသူအရပ်တွင် ကျောင်းနှင့်ကူတို့ကို တည်သည်။ ကူမှာ ယခုအခါ ငလူးဂူဟုတွင်သည်။ ရတနာပုံမရှိမှ ညီမတော် ဖွားစောကို နန်းတင်သည်ဟု ယူမှတ်ဖွယ်ရှိသည်။ ဖွားစောတွင် သားသမီးမရှိဟု

ကျောက်စာနှင့်တရုတ်ရာဇဝင်ထွက် မိဖုရားဖွားစော

ပုဂံမင်းဆက် နောက်ပိုင်းတွင်၊ စောဘွဲ့ခံ မိဖုရားအများ ပေါ်ပေါက်ခဲ့သည်ကို နှောင်းခေတ် ရာဇဝင်ဆရာတို့ ထွေးရှက်မှတ်မှားခဲ့ကြ၏။ ဤစာမူ၌၊ မိဖုရားဖွားစောကိုယ်တိုင် ရေးထိုးခဲ့သော ကျောက်စာပါ တိကျမှန်ကန်သော အချက်အလက်များကို တင်ပြထားသဖြင့်၊ ရာဇဝင်သုတေသီများအဘို့ အသုံးဝင်မည့် သုတေသနတရပ်ဖြစ်ပေသည်။

ထုဇဝင်တို့ဆိုသည်ကား မမှန်။ တရုတ်ပြေးမင်းနှင့် သား တော်နှစ်ပါးရသည်။ ယင်းတို့ကား ကျောက်စာတို့တွင် 'ချစ်စွာသောငါ့သားလှ' ဟု ဆိုသော မင်းသား ထုဇဉ်သူ တပါး၊ ညီ မင်းသားကျစ္စာတပါးတို့သည်။ သက္ကရာဇ် ၆၂၆ ခုနှစ်တွင် ဖွားစောသည် ခမည်းတော်၏ကျောင်း၌ ဦးစွာ သောအလှူကို ပြုတော်မူသည်။

၆၄၆ ခု (ခရစ် ၁၂၀၄) နှစ် ဆောင်းရာသီတွင် တရုတ် စစ်ထောက်၍ မင်းကြီး အကြေသိစုန်သော်၊ ဖွားစောလည်း ပါ၍၊ ပြည်မြို့ အနောက်ဖက် လှည်းကျမုဆိုးရွာ (လှည်းလှ မုဆိုဝ်ရွာ) သို့ ရောက်ဝင်စခန်းချခဲ့ပုံရသည်။ ၆၄၈၊ ၆၄၉ ခုနှစ်ဆီတွင် တရုတ်မင်း ခုဗိလဲခန်နှင့် စစ်ပြေငြိမ်း၍ ပုဂံသို့ ဆန်တက်ရာတွင် ပြည်မြို့၌ ပြည်သူကြီးလုပ်ကြံ၍ မင်းကြီး အနိစ္စရောက်သည်။ တဖန် ပြည်သူကြီးကို မင်းကြီး၏သား တော်တပါး ဖြစ်သော တလသူကြီးက လုပ်ကြံဖျောက်ဖျက် လိုက်ပုံရသည်။ ထိုနောက် တလသူကြီးသည် တရုတ်တို့ထံတွင် အည့်ခံ၍၊ ၆၅၁ ခုနှစ် နွယ်တာလတွင် ပုဂံပြည်၌ ရွှေနန်းရှင် (ရှုယ်နန်သျင်) ဟူသောအမည်ဖြင့် အဘိသိက်ခံယူသည်။ သို့ပင်ဖြစ်လင့်ကစား၊ ရွှေနန်းရှင်သည် ကျောက်ဆည်ကိုမင်းပြုသော ရှမ်းညီနောင်အမတ်သုံးပါးတို့၏ မျက်နှာကိုကြည့်၍သာလျှင် မင်းပြုရရှာသည်။ ထိုအခါ ဖွားစောသည် နှစ်ဦးနှစ်ဖက်လုံးနှင့် သင့်မြတ်အောင် ကြံဆောင်နေထိုင်သည်။ ရွှေနန်းရှင်၏ မိဖုရားအဖြစ်ကိုလည်း ခံယူသည်။ ၆၅၂ ခုနှစ်တွင် ဖွားစောသည် သားတော်များနှင့် အတူ ပုဂံပြည်သို့ ပြန်ရောက်နေပြီ ဖြစ်၍၊ စောလှဝန်းကျောင်းကို မြတ်ကြီးအစလပဒ္ဓိအား တင်လှူသည်။ ၆၅၃ ခုနှစ် တန်ခူးလပြည့်နေ့တွင် သားတော်ထုဇဉ်သူ အနိစ္စရောက်ရာ ဖွားစောသည် နှလုံးထိတ်လန့်ရကား၊ သားတော်၏ ကောင်းမှုစေတီ မပြီးသေးသည်ကို အပြီးတိုင် တည်တော်မူပြီးလျှင်၊ ခမ်းလည်း ခမ်းနား ကျေလည်း ကျေကွဲဘုယ်ကောင်းသော ဆုတောင်းကြီးကို တောင်းဆို ရေးထိုးခဲ့သည်။ ထိုဆုတောင်းကြီးကား ပုဂံခေတ်၏ နောက်ဆုံးပိတ် မရဏာတေးသံကြီးပင်ဖြစ်သည်ဟု ဆိုထိုက်တော့သည်။ ထိုဆုတောင်းကြီးမှ ကောက်နုတ်ချက်အနည်းငယ်ကို ယခု ခေတ် အရေးမျိုးဖြင့် လဲလှယ်၍ အောက်တွင် ဖော်ပြထားသည်။

"သက္ကရာဇ် ၆၅၃ ခု နယုန်လဆန်း ၁၁ ရက် ၅ နေ့ အစောရာဇသူ စေတီတည်သော ထုဇဉ်သူမိ နှလုံးထိတ်လန့်ရကား ငါ၏ မိဖဘိုးဘေးတို့လည်း အမွေဥစ္စာတို့ကို စွန့်ခဲ့၍ သွားခဲ့ကုန်၏။ ချစ်စွာသော ငါ့သားလှလည်း အမွေဥစ္စာနှင့်အကွ ငါမိရင်းကွို စွန့်ခဲ့ပြီးကား၊ ငါလည်း သူမယူနိုင်၍ထားခဲ့သော အမွေဥစ္စာကို ငါလည်း ထိုသို့လည်းကောင်း မပါတတ်သောအကြောင်းကို သိရကား ငါ့မိ ငါ့ဖ ငါ့သား အမျိုးခပ်သိမ်းကို နိဗ္ဗာန်၏ ပစ္စည်း အထောက်အပင့် ဖြစ်စိမ့်သောငှာ လှူတဲ့သောမြေ . . ."

"သက္ကရာဇ် ၆၅၃ ခု နယုန်လဆန်း ၁၀ ရက် ၄ နေ့ ကွန်းပြောက်ကြီး ထုတ်တော်မူသော် အတို့ကျွန့် ဖလည်း မရှိ။ အတို့ကျွန့် မိလည်း မရှိ။ အတို့ကျွန့် သားလည်း မရှိ။ အတို့ကျွန့် ဖကျွန်၊ အတို့ကျွန့် မိကျွန်၊ အတို့ကျွန့် ကျွန်၊ ခပ်သိမ်းသောကျွန်ကား အတို့ကျွန့်မိကျောင်း၊ အတိကျန်ဖကျောင်း၊ အတို့ကျွန့်သားစေတီ၊ ဤသုံးပါးကို အတို့ကျွန် လှူရကား လှူတော်မူပါစေချင်ဟု ဆိုသတည်း။"

"ဤသို့ ငါလှူသောအကျိုးကား ငါ့အဖိုး ကျစ္စာမင်းကြီး၊ ငါ့ဖွား စောမင်းလှ၊ ငါ့မိမင်း၊ ငါ့ဖ၊ ငါ့ချစ်သားနှစ်ယောက် အဖဖြစ်သော အတို့သခင်မင်းကြီး၊ ငါ့သခင်သား တရားမင်းကြီး၊ ငါ့ဦးရီး သိက်သူ၊ ငါ့မိထွေး အမိဖုရား သုံးလူ့လ၊ ငါ့အစ်မ အမိဖုရား ရတနာပုံ၊ ငါ့မောင်သုံးယောက်၊ ငါ့ညီမ ၂ ယောက်၊ လွန်လေသော အမျိုးခပ်သိမ်း၊ ယခုသော အမျိုးခပ်သိမ်း၊ ကျေးကျွန်ခပ်သိမ်း၊ ရွှေတော်နေသော အမတ်ခပ်သိမ်း၊ မောင်းမမိသင်ခပ်သိမ်း၊ အထက်ကား ဘဝဂ်တိုင်အောင်၊ အောက်ကား အဝီစိတိုင်အောင်၊ လေးမျက်နှာ အနန္တစကြာဝဠာခပ်သိမ်း ရပါစေ၏။ . . ."

"ငါလည်း ဤကောင်းမှုအကျိုးဖြင့်ကား ဤမှသေခဲ့လျှင် စယ်တော်ကိုလျှင် မကွေမကင်း ညနံနက်လျှင် ရှိခိုးရသော နတ်သား ဖြစ်လို၏။ ငါလိုသောဆု မထွက်သောကြားကား ဘုရားလောင်းတကာ ဖြည့်ရာသော ဒသပါရမီကို ဖြည့်ရလိုသတည်း။"

သက္ကရာဇ် ၆၅၉ ခုနှင့် ၆၆၁ ခုအတွင်းတွင် ရှမ်းညီနောင်တို့သည် တရုတ်တို့ထံတွင် အည့်ခံသော ရွှေနန်းရှင်ကို အရှိသေတန်ကာ နန်းမှချ၍ ဖျောက်ဖျက်ခဲ့သည်။ ထိုနောက် ရွှေနန်းရှင်၏သား စောနစ် (စဝ်နစ်) ကို ပုဂံရွှေနန်းတွင် တင်ကြပြန်၍ မိမိတို့မူကား ကျောက်ဆည်တွင် မင်းထီးမူကြသည်။ ပုဂံထီးမွေနန်းမွေကို ပိုမို ခံယူခွင့်ရှိသော ဖွားစော၏သား ကျစ္စာကိုမူ ရှမ်းညီနောင်တို့သည် ကျောက်ဆည်တွင် ထိန်းသိမ်းထားပုံရသည်။ နောင်သောအခါ ထိုမင်းသားကို မြင့်စိုင်းမြို့အနီးရှိ ပုထိုးနီရွာကိုစားရသော ပုထိုးနီးမင်း (ပုထိုဝ်နီမင်) နှင့် လက်ထပ်ပေးစားလိုက်သည်။

ဖွားစောမှာ မောင်သုံးယောက်နှင့် ညီမနှစ်ယောက် ရှိသည်။ ဖွားစော မည်သည့်သက္ကရာဇ်တွင် အနိစ္စရောက်သည်ကို အတိအကျ မသိရသော်လည်း ရွှေနန်းရှင်အလျင် အနိစ္စရောက်သည်မှာကား ထင်ရှားသည်။ ဖွားစောမရှိလျှင် ညီမတော်သည် တတိယဖွားစော အဖြစ်ဖြင့် မိဖုရား အရာကိုရ၍ နောင်သောအခါ စောနစ်၏ မိဖုရားကြီးလည်း

ဖြစ်လာသည်။ ဤတတိယဖွားစောသည် သားတော်သမီးတော်တို့နှင့်အတူ ပုဂံအရှေ့တောင်ဘက် သုံးမိုင်ကွာတွင် တည်ရှိသော ရွာကြီးဌ ဆက်လက်နေထိုင်ကာ ရွာကို ဖွားစောရွာဟု တွင်စေခဲ့သည်။ ကူဘုရား၊ စေတီ၊ ကုလားကျောင်း များစွာတို့ကိုလည်း တည်ဆောက် လှူတန်းခဲ့သည်။ ယင်းတို့သည်ကား ပုဂံခေတ်၏ နောက်ဆုံးပိတ်ဗိသုကာလက်ရာကောင်းများပေတည်း။ ဂျီ၊အိပ်၊လု(စ)။

စောနှင့်စော်။ ။ပုဂံကျောက်စာတို့တွင် စဝ်၊ အစဝ်၊ စာဝ်၊ ဇဝ်၊ အဇဝ်၊ ဇာဝ် စသည်ဖြင့်ရေး၍ ယခုအခါ စော ဟူ၍ဌင်း၊ စော် ဟူ၍ဌင်း ရေးကြသော စကားလုံးသည်ကား တဲလူမျိုးစု၏စကားမှ ဆင်းသက်သည့် ရှေးဟောင်း မြန်မာစကားတလုံးဖြစ်သည်။ ရှမ်းစာတွင် စဝ် ဟူ၍ ရေးသည်။ ယိုးဒယားစာတွင် စော ဟူ၍ ရေးသည်။ အသျှင်၊ သခင်၊ မင်း၊ ဘုရင်ဟု အနက်ထွက်သည်။

ခေတ်ဦး မြန်မာတို့သည် မြန်မာပြည် မြေနိမ့် လွင်ပြင်များသို့ မဆင်းသက်မီက တရုတ်မြန်မာနယ်ခြား ပေါရှမ်း (မောရှမ်း) တို့၏ တောင်ဘက် ယူနန်ပြည် နန်စောမင်းတို့၏ ပိုင်နက်တွင် နေထိုင်ကြသည်။ သက္ကရာဇ် ၂၂၅ ခုနှစ် (ခရစ် ဂဖခ) တွင် ရာဇဝင်ဆရာ ဖန်ချိုသည် မန်ရွှေခေါ် ရာဇဝင် အခန်း ၄ ၌ မြန်မာတို့ အကြောင်းကို ဤသို့ရေးခဲ့သည်။

> ထိုသူတို့သည် မိမိတို့၏ အကြီးအကဲများကို မင်းဟု ခေါ်ကြသည်။ ထို မင်းကိုပင် နန်စောတို့က မင်းစောဟု ခေါ်ကြပြန်သည်။'

နန်စောဆိုသည်မှာ တရုတ်စကားနှင့် တဲစကား စပ်နေသော တရုတ်တဲစပ်စကားဖြစ်သည်။ နန်ဆိုသည်မှာ တရုတ်စကား တောင်ဘက်အရပ် ဆိုသည်။ စော ဆိုသည်မှာ တဲစကား မင်းဆိုသည်။ တဲစကား စော နှင့် မြန်မာစကား မင်း တို့မှာ အနက်တူကြသည်။ အရှေသို့လားပြန်သော်၊ သံလွင်နှင့် မဲခေါင်မြစ်အကြား ဒေသတွင် မြန်မာနွယ်လူမျိုးများ ရှိကြပြန်သည်။ ထိုလူမျိုးတို့ကိုလည်း ရာဇဝင်ဆရာဖန်ချိုက မှင်စိုသို့မဟုတ် ဝင်စုဟု ခေါ်ထားသည်။ ယင်းစကားတို့သည် မင်းစောနှင့် သဘောတူ ဒေသန္တရစကားများ ဖြစ်ကြသည်။ နန်စော မြန်မာ လူမျိုးတို့၏ ရှေးစကားတွင် ထင်ရှား သော ပျူစောထီးနှင့် ထီးမင်းစောတို့ကိုလည်း တရုတ်တို့က ပျူစုတိနှင့် တိမင်စုဟု ရေးကြသည်။

မူလထိုးကျောက်စာတို့တွင် အစောဆုံးတွေ့ရသည့် စော ရဟန်းမင်း (စဝ်ရဟန်) သည် ဤနန်စောဘွဲ့ကို ခံယူထား သည်။ အနိရုဒ္ဓကိုလည်း ရာဇဝင်တို့တွင် အနော်ရထာမင်း စောဟု ခေါ်ကြသည်။ (အနော်ရထာ—ရှ။) အနော်ရထာ၏သားတော်ကို မူလထိုးကျောက်စာတို့တွင် မင်းလုလင်ဟုရေး၍ ရာဇဝင်တို့တွင် စောလူးဟု ရေးကြသည်။ (စောလူးမင်း—ရှ။) တရုတ်ရာဇဝင်နှင့် မြန်မာရာဇဝင်တို့တွင် စောနစ်ဟုခေါ်သောမင်းကို ကျောက်စာတို့တွင် မင်းလုလင်ဟုပင် ရေးကြသည်။ ကျစ္စာမင်းကြီးကိုလည်း မျက်မှောက်ထိုး ကျောက်စာတို့တွင် စောကြီး (စဝ်ကြီ) ဟု ရေးကြသည်။

ပုဂံခေတ် ဖိဖုထုးနှင့် မင်းသမီးများသည် မိမိတို့၏အမည် အစဉ် စော (စဝ်) ကို များစွာ တပ်လေ့ရှိသည်။ နား တောင်းများမင်း၏ မယ်တော်သည် စောမြကန်သည် ဟူသော အမည်ကို ခံယူသည်။ အစောမင်းလှဆိုသော မင်းသမီး တပါးလည်း ရှိသေးသည်။ ဥစ္စာနာ၏မိဖုထုး သုံးလူလတွင် အစောကြွ် (အစဝ်ကြွ် = ဂျမ်းတို့၏အသျှင်) ဟူသော သမီးတော်တပါးရှိသည်။ ဤစကားလုံးပါသော မိဖုထုး မောင်းမတို့၏ အမည်ကား များစွ။ (စော၊မိဖုထုး—ရှ။)

သက္ကရာဇ် ၅၆၀ ပြည့်နှစ်တွင် ဓမ္မရာဇက ဘုရား၌ မောင်းမခင်မိငယ်အမည်ရှိသော မောင်းမငယ်တဦးသည် အလှူပြုသည်။ သက္ကရာဇ် ၅၆၇ ခုနှစ်သို့ ရောက်သောအခါ ထို မောင်းမငယ် သည်ပင် အလှူ ပြုပြန်သည်။ သို့သော် အမည်ကိုကား မောင်းမ စောခင်မိငယ်ဟု စောဘွဲ့ဆင့်၍ ရေးသည်။ ထိုသက္ကရာဇ်နှစ်ရပ်အကြားတွင် နရပတိစည်သူ မင်းသည် ထိုမောင်းမငယ်ကို စော အဆင့်အတန်းသို့ တင်မြှောက်လိုက်ခြင်း ဖြစ်တန်ရာသည်။

သက္ကရာဇ် ၅၂၇ ခုနှစ်ထိုး ဓမ္မာရုံကျောက်စာတွင် မင်းသမီး အစောလတ် (အဇာဝ်လတ်) သည် မြန်မာစာ စံပြုရေးထုံးကို တီထွင်သည်။ ထိုကျောက်စာတွင် မင်းသမီးသည် မိမိ၏အမည်ကို အဇာဝ်လတ်ဟု ရေးသည်။ • ဤအချက်ကိုထောက်သော် ထိုခေတ်ကပင် ဤစကားလုံးကို စော်ဘွား (ကောင်းကင်အသျှင်) ဟူထွင်ကဲ့သို့ အော်ကာရန်သံနှင့် ခေါ်ဝေါ်နေကြပြီဟု မှတ်ယူဘွယ်ရှိသည်။

ကရင်လူမျိုးတို့သည် ယောကျ်ားအမည်ရှေ့တွင် အမြတ်တနိုး ထည့်သွင်း ခေါ်ဝေါ်ကြသော စော သည်လည်း ဤစကားလုံးပင် ဖြစ်ပေရာသတည်း။ ဂျီ၊အိပ်၊လု(စ)။

စောလူးမင်း (မြန်မာ ၄၃၉–၄၄၆)။ ။'ကောင်းကျိုးမေ့ရှာ၊ နောရထာလျှင်၊ နောင်လာရွှင့်၊ ပြုစုခဲ့၏၊ သုံးဆဲ့သုံးနှစ်၊ နတ်ဌာန်ဖြစ်က၊ သားစစ်စောလူး၊ ဆက်ကာမှူးသည်၊ ကြည်နူးတည့်နိုးဝေး၊ ပျပ်ဝတ်ကွေး။' ဟု ပလိပ်ရွာစား ဦးဖျော်၏ ရွှေနားတော်သွင်း ချင်း၌ ဖွဲ့ဆိုထားသည့်အတိုင်း စောလူးမင်းသည် ပဌမ မြန်မာ၊ မွန်၊ ပျူ နိုင်ငံတော်ကြီးကို စတင် တည်ထောင်ခဲ့သူ အနော်ရထာမင်း၏ မိဖုထုးကြီး အဂ္ဂမဟေသီမှ ဖွားမြင်၍ အနော်ရထာ လွန်သောအခါ၊

သက္ကရာဇ် ၄၃၉ မှ ၄၄၆ ခုနှစ်အထိ ပုဂံထီးနန်းကို ဆက်လက်စိုးစံလေသည်။ ဤသက္ကရာဇ်နှင့် စပ်လျဉ်း၍ မှန်နန်း မဟာရာဇဝင်တော် အလိုမှာ စောလူးမင်း ထီးနန်းစံ သက္ကရာဇ်သည် ၄၂၁ မှ ၄၂၆ ခုနှစ်အထိဖြစ်သည်။ သို့ရာတွင် ပုဂံမင်းဆက်တွင် အနော်ရထာ၏ခေတ်ကို မြစေတီကျောက်စာနှင့် ညီနှိုင်းကြည့်သောအခါ၊ အနော်ရထာ နန်းစံသက္ကရာဇ် ၄၀၆–၄၃၉ ခုနှစ်၊ စောလူး နန်းစံသက္ကရာဇ် ၄၃၉–၄၄၆ ခုနှစ်၊ ကျန်စစ်သား နန်းစံသက္ကရာဇ် ၄၄၆–၄၇၄ ခုနှစ် ဟု တွေ့ရလေသည်။ (ကျန်စစ်သားမင်း — ရှ။) အနော်ရထာ၏ နန်းတက်နှစ်ကို ၄၀၆ ဟူ၍ သာလွန်မင်းတရားကြီး လက်ထက်တွင် ဇာဂရ ပြုစုရေးသားသော ဇာတာပုံနှင့်ပြထားသည့် ရာဇဝင်တွင် ဖော်ပြထားသည်။ အနော်ရထာ နန်းစည်းစိမ် ၃၃ နှစ်ကိုနှောသော် စောလူးမင်း၏ နန်းတက်သက္ကရာဇ်မှာ ၄၃၉ ဖြစ်သည်။

စောလူးမင်းကား ခမည်းတော်ကဲ့သို့ အရည်အခြင်းနှင့် ပြည့်စုံသူ မဟုတ်ချေ။ လုပ်ရည်ကြံရည်မရှိ၊ အပျော်အပွဲစာ နှင့်သာနေ၏။ ပညာရှိတို့လျှောက်သော စကားကိုလည်း မယူ၊ မှူးကြီးမတ်ရာတို့ကိုလည်း နှလုံးမကြည်ရှိအောင် ပြုလေ့ရှိ၏။ အနော်ရထာမင်း တည်ထောင် ပြုစုခဲ့သော နိုင်ငံအရေးနှင့် သာသနာအရေးများကို ဆက်လက်ဆောင်ရွက်ခြင်း မရှိခဲ့ချေ။ ထိုကြောင့်လည်း စောလူးမင်း၏လက်ထက်၌ အနော်ရထာမင်း တည်ထောင်ခဲ့သော ပျူ၊ မွန်နှင့် မြန်မာ နိုင်ငံတော်ကြီး၌ ပြိုကွဲမည့် အရိပ်အယောင်များ ပေါ်ပေါက်လာလေသည်။

အရည်အခြင်း ညံ့ဖျင်းသော စောလူးမင်း လက်ထက်၌ ဥဿာပဲကူကို ဗဟိုပြုသည့် မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်မြန်မာဗဟိုသည် အခွင့်ကောင်းကိုယူကာ ပုန်ကန်ထကြွခဲ့ကြလေသည်။ ခေါင်းဆောင်ကား စောလူးမင်း နို့ထိန်း၏ သား ငရမန်ကာန်း ဖြစ်သည်။ (ငရမန်ကာန်း — ရှ။) သူပုန်တို့သည် ပုဂံနေပြည်တော်သို့ ချီတက်လာ၍ သရက်ခရိုင် မင်းလှအောက် ပြည်တော်သာကျန်း၌ စောလူးမင်း၏ တပ်များနှင့် စစ်တွေ့ကြရာ၊ စောလူးမင်း အရေးနိမ့်သောကြောင့်၊ ငရမန်ကာန်းသည် စောလူးမင်းအား ဖမ်းယူသွားလေသည်။ နောင်အခါ၌ စောလူးမင်းအား ကျန်စစ်သား ခိုးယူရန် အားထုတ်သော်လည်း မအောင်မြင်ချေ။ ထိုနောက် ငရမန်ကာန်းလည်း အနုရာဓအရပ်၌ စောလူးမင်းကို ကွပ်မျက်လိုက်လေသည်။ စောလူးမင်း လွန်သော် ငရမန်ကာန်း၏ရန်ကို နှိမ်နင်း၍ ပုဂံပြည်၌ ကျန်စစ်သားမင်းပြုသည်။ စောလူးမင်း၏ ကောင်းမှုတော်ကား ပင်းခြောင်းဝ၌ စက္ကလိပဘုရား၊ မုဒ္ဓရာခရိုင် မြို့ကြီး၌ ရွှေစောလူးဘုရား၊ မင်းဘူးခရိုင် ဖောင်းလင်း၌ ရွှေစောလူးဘုရား ဖြစ်သည်။

စိုးညွန့်၊ ဦး (ခရစ် ၁၈၉၈–၁၉၅၀)။ ။ရန်ကုန်မျူနိစီပယ်မင်းကြီးဟောင်းနှင့် အမေရိကန် ပြည်ထောင်စု သမတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း ဦးစိုးညွန့်သည် ၁၈၉၈ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ ဖခင်မှာ ရန်ကုန်မြို့ ဟိုက်ကုတ်တရားလွှတ်တော်တွင် မြန်မာလူမျိုးထဲမှ ပဌမဦးစွာ ပစ္စည်းထိန်းမင်းကြီးအဖြစ် ထမ်းရွက်ခဲ့ရသူ ဝတ်လုံတော်ရ ဦးသင်းဖြစ်၍၊ မိခင်မှာ ဗြိတိသျှအောက်မြန်မာပြည်တွင် မြန်မာဘုရင်များ၏ ကိုယ်စားလှယ်တော်အဖြစ် ဆောင်ရွက်ခဲ့ရသော မဟာသီရိဘောဂသာရဘွဲ့ခံ၊ သဒ္ဒေဦးစံ၏သမီး ဒေါ်ချစ်စု ဖြစ်လေသည်။ ဦးစိုးညွန့်သည် ဒုတိယမြောက်သားဖြစ်သည်။

ငယ်စဉ်အခါက ရန်ကုန်မြို့ ဒိုင်အိုစီဇင် အင်္ဂလိပ်ကျောင်းနှင့် ရန်ကုန်ကောလိပ်တို့တွင် ပညာသင်ယူခဲ့၏။ ၁၉၁၉ ခုနှစ်တွင် အင်္ဂလန်သို့သွားရောက်၍ အောက်စဖို့တက္ကသိုလ်၊ ဗေလီယို ကောလိပ်တွင် ပညာသင်ယူသည်။ ထိုနောက် အက်ဒင်ဗာရာ တက္ကသိုလ်သို့ ရွှေ့ပြောင်း ပညာသင်၍၊ ၁၉၂၄ ခုနှစ်တွင် အမ်၊ အေ၊ ဘွဲ့ကို ထိုတက္ကသိုလ်မှ ရရှိသည်။ ထိုနောက်တဖန် လန်ဒန်မြို့၌ ဝတ်လုံအတတ်ပညာများကို ဆက်လက် ဆည်းပူးခဲ့ပြီးလျှင်၊ ၁၉၂၆ ခုနှစ်တွင် ဝတ်လုံတော်ရဘွဲ့ကို ရရှိခဲ့လေသည်။

ဦးစိုးညွန့်သည် အောက်စဖို့တက္ကသိုလ် အာရှတိုက်သားအသင်း၌ ပဌမဦးစွာ ပါဝင်ခဲ့သော အသင်းသားဖြစ်၏။



ပဌမဆုံး အမေရိကန်ပြည်ထောင်စုဆိုင်ရာ
မြန်မာသံအမတ်ကြီး ဦးစိုးညွန့်

၁၉၂၀ ပြည့်နှစ်အတွင်းတွင် မြန်မာပြည် အုပ်ချုပ်မှုပြုပြင်ရေးကို ဆွေးနွေးတောင်းဆိုရန် မြန်မာကိုယ်စားလှယ်များ လန်ဒန်မြို့သို့ ရောက်ရှိနေခိုက်၊ ထိုအသင်းဌ ‘မြန်မာပြည်အနာဂါတ်ရေး’ စာတမ်းတခု ဖတ်ကြားခဲ့ရာဌ ဦးစိုးညွန့်သည် မြန်မာပြည်အား အိန္ဒိယပြည်မှခွဲထွက်ရန် တိုက်တွန်းဆွေးခဲ့လေသည်။

မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသောအခါ ဝတ်လုံတော်ရအဖြစ် ၁၀ နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဦးစိုးညွန့်သည် မြေပိုင်ရှင် ဦးသက်ရှည်ကြီး၊ ဒေါ်သင်တို့၏သမီး ဒေါ်သိန်းချစ်နှင့် လက်ထပ်သည်။ သား ၃ ယောက်၊ သမီး ၂ ယောက် ထွန်းကားခဲ့သည်။

၁၉၂၉ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ ၇ နှစ်တာမျှအတွင်း ဦးစိုးညွန့်သည် ပုသိမ် (ကျေးလက်) မင်းတိုင်ပင်အမတ်အဖြစ် ထင်ရှားသော နိုင်ငံရေးသမား တဦး ဖြစ်လာခဲ့သည်။ ထိုစဉ်အခါက အတိုက်အခံဖက်မှ ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သူတဦးလည်း ဖြစ်သည်။ အိန္ဒိယနှင့်မြန်မာ ခွဲရေး တွဲရေး ကိစ္စ ပေါ်ပေါက်လာသောအခါ မိမိယုံကြည်ချက်ဖြစ်သော ခွဲရေးဖက်မှနေ၍ လွှတ်တော်တွင် နှစ်ရက်ဆက်၍ ဂ နာရီကြာမျှ စကားပြောခဲ့ဘူးသည်။ ဦးစိုးညွန့်သည် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲဝင်လူကြီးအဖြစ်ဖြင့်ဌင်း၊ မြင်းပွဲအသင်းတွင် စတူးဝပ်နှင့် ဒါရိုက်တာလူကြီး အဖြစ်ဖြင့်ဌင်း၊ ဘီ၊ အေ၊ အေ၊ အသင်းတွင် ဥက္ကဋ္ဌအဖြစ်ဌင်း၊ ဆောင်ရွက်ခဲ့သေးသည်။

၁၉၃၆ ခုနှစ်တွင် ရန်ကုန် မျူနီစီပယ် အတွင်းရေးမှူးအဖြစ် ခန့်ထားခြင်း ခံရပြီးနောက် ဒုတိယမင်းကြီးအဖြစ်လည်း ခန့်ထားခြင်းခံရလေသည်။ ၁၉၃၉ ခုနှစ်သို့ ရောက်သောအခါ ဒေါက်တာဦးဆက် ပင်စင်ယူသဖြင့် ဦးစိုးညွန့်သည် မျူနီစီပယ်မင်းကြီး ဖြစ်လာခဲ့လေသည်။ သူ၏ လက်ထက်၌ မျူနီစီပယ်အမှုထမ်းများတွင် မြန်မာများထဲမှ ၅၀ ရာခိုင်နှုန်းအထိ တိုးတက် ခန့်ထားနိုင်ရန် ကြိုးစား ထမြောက်ခဲ့သဖြင့် လက်အောက်ငယ်သားများ၏ ချစ်ကြည်လေးစားမှုကို အများဆုံး ခံယူခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီတွင် မျူနီစီပယ်မင်းကြီး၏ အလုပ်ဝတ်တရားများအပြင် ရန်ကုန် ပြည်သူ့ကာကွယ်ရေးမင်းကြီး အဖြစ်ဖြင့်လည်း ဆောင်ရွက်ခဲ့လေသည်။

ဂျပန်များ ဝင်ရောက်လာပြီးနောက် တနှစ်ခန့် အကြာတွင် ရန်ကုန်မျူနီစီပယ်မင်းကြီး အဖြစ်နှင့် ကာကွယ်ရေး အလုပ်ဝတ်တရားများကိုပါ ဆောင်ရွက်ရပြန်သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး အုပ်ချုပ်ရေး ပြန်လည်ထူထောင်သောအခါ မျူနီစီပယ်မင်းကြီး တာဝန်များအပြင် မြို့တော်ဝန်၏ တာဝန်များကိုပါ ထမ်းရွက်နိုင်ရန် မျူနီစီပယ်အဖွဲ၏ ဥက္ကဋ္ဌ အဖြစ်ဖြင့်လည်း ထမ်းဆောင်ခဲ့ရသည်။ ရန်ကုန်စည်ပင်သာယာရေးအဖွဲ၊ ရေဝန်အဖွဲ နှင့် ပညာရေးနှင့် သက်ဆိုင်သောအဖွဲများ စသည်တို့တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ရလေသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု ဆိုင်ရာ သံအမတ်ကြီး အဖြစ် ခန့်ထားခြင်း ခံရသည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအသင်းဝင် ဖြစ်လာ၍ ဦးစိုးညွန့်သည် ကုလသမဂ္ဂ ညီလာခံကြီးဌင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံးကြီး၏ ညီလာခံဌင်း မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲကို ခေါင်းဆောင်၍ တက်ရောက်ဆွေးနွေးခဲ့သည်။ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး အဖြစ် ဆောင်ရွက် နေစဉ် အတောအတွင်း ‘အိန္ဒိယလူနိမျိုးတို့၏ အကြီးအကဲ’ ခေါ် ဂုဏ်ထူးဆောင်ဘွဲဖြင့်လည်း ခြီးမြှင့်ခြင်းခံရသည်။

၁၉၅၀ ပြည့်နှစ်တွင် မကျန်းမာသဖြင့် ခွင့်ယူ၍ မြန်မာနိုင်ငံသို့ပြန်ခဲ့ရာ၊ ထိုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ ညနေ ၆ နာရီအချိန်၊ အသက် ၅၃ နှစ်အရွယ်တွင် မိမိနေအိမ် ကန့်ဘဲလမ်း အမှတ် ၃ တွင် ကွယ်လွန်အနိစ္စဓောက်လေသည်။

စိုးသိမ်း၊ဦး (မြန်မာ ၁၂၄၇–၁၃၀၆)။ ။ဦးစိုးသိမ်းသည် မြန်မာသက္ကရာဇ် ၁၂၄၇ (ခရစ် ၁၈၈၅) ခုနှစ် သိတင်းကျွတ်လတွင် ရေနံချောင်းဌ အဖ တင်းစားရိုး ဦးအောင်မြတ်၊ အမိ ဒေါ်မေတို့မှ ဖွားမြင်သည်။ အသက် ၅ နှစ်အရွယ် ခန့်တွင် ရေနံချောင်းမြို့ ဝက်ချုပ်ဆရာတော်ထံတွင် ခြောက်နှစ်ခန့် ပညာသင်ကြားခဲ့ပြီးလျှင်၊ ၁၂၅၉ ခုနှစ်မှ ၁၂၆၅ ခုနှစ်အထိ ပြည်မြို့ အထက်တန်းကျောင်းဌင်း၊ ၁၂၆၆ ခုနှစ်မှ ၁၂၆၈ ခုနှစ်အထိ မန္တလေးမြို့ စိန်ပီတာ အထက်တန်းကျောင်းဌင်း၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာတို့ကို သင်ကြားခဲ့လေသည်။ ထိုနောက် ၁၂၆၉ ခုနှစ်တွင် ရေနံချောင်းမြို့သို့ ပြန်လာပြီးလျှင် ဘီ၊ အို၊ စီ၊ ကုမ္ပဏီတွင် အလုပ်လုပ်သည်။

၁၂၇၄ ခုနှစ် (ခရစ် ၁၉၁၂ ခုနှစ်) တွင် ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကျော်စောထင်ရှားသော ဆရာတော် ဦးဥတ္တမနှင့် တွေ့ရှိသဖြင့်၊ ဦးဥတ္တမ၏ အားပေး တိုက်တွန်း ကူညီမှုကြောင့် ဂျပန်နိုင်ငံတွင် သုံးနှစ်ကြာမျှ ပညာသင်ယူပြန်သည်။ ထိုနောက် တဖန် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့သို့ သွားရောက်ပြီးလျှင်၊ ထိုမှတဖန် လော့စိန်းဂျလီးမြို့ရှိ အနောက်တိုင်းကောလိပ်၌ဌင်း၊ စတန်းဖို့မြို့ရှိ စတန်းဖို့တက္ကသိုလ်၌ဌင်း ပညာသင်ကြားရာ၊ သတ္တုတွင်းလုပ်ငန်းဆိုင်ရာ ဘူမိဗေဒပညာရပ်တွင် မဟာသိပ္ပံဘွဲ ရရှိခဲ့သည်။ ဤသို့ ပညာသင်ကြားပြီးသည့်နောက်၊ ဒေသန္တရဗဟုသုတ အလှိုင်၊ မက္ကဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဟာ



ဂျီ၊ စီ၊ ဘီ၊ အေ၊ ဥက္ကဋ္ဌ သမတဦးစိုးသိမ်း

ဝိုင်းယန်းကျွန်းစု၏မြို့တော် ဟိုးနိုလူးလူး၊ စသည်တို့သို့၎င်း၊ အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဣတလီ၊ ဟော်လန်၊ ဆွစ်ဇာလန်၊ ဗဲလ်ဂျီယမ် စသည်တို့သို့၎င်း၊ အီဂျစ်၊ အိန္ဒိယ၊ သီဟိုဠ်၊ တရုပ်၊ ယိုးဒယား၊ မလ္လာယူကျွန်းဆွယ် စသည်တို့သို့၎င်း၊ အနှံ့အပြား လှည့်လည်ခဲ့လေသည်။ ၁၂၀၄ ခုနှစ် (ခရစ် ၁၉၂၂ ခုနှစ်ခန့်) တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဦးစိုးသိမ်းသည် နိုင်ငံခြားသို့ အနှံ့အပြား သွားလာလည်ပတ်ခဲ့သော်လည်း၊ မျိုးရိုး ဇာတိမာန်ကို မဖျောက်သောသူ ဖြစ်သည်။ မျိုးချစ်စိတ် ထက်သန်သည့် အားလျော်စွာ၊ မြန်မာပြည်သို့ ပြန်ရောက်သောအခါ၊ ပင်နီအင်္ကျီကို အမြဲဝတ်သည်။ များသောအားဖြင့်၊ ခေါင်းပေါင်းအစား ပင်နီဦးထုပ်ကို ဆောင်းလေ့ရှိသည်။ တိုင်းရင်းဖြစ်ပစ္စည်းကို အားပေးသောအနေဖြင့်၊ ထမင်းစားဆာ၌ပင် ယွန်းပန်းကန်နှင့်စားသည် ဟူ၍၎င်း၊ သူ၏အိမ်ကိုမိုးဆာ၌ပင်လျှင် ထန်းရွက်ကို စံနစ်တကျ ဖြတ်လိုး၍ မိုးသည် ဟူ၍၎င်း၊ ဦးစိုးသိမ်းနှင့် သိကျမ်းသူတို့က အမှတ်တရ ပြောဆိုကြသည်။ နိုင်ငံခြားမှပြန်ရောက်သော်၊ ၁၂၀၄-၀၅ ခုနှစ် တွင် ရေနံချောင်းဆရာတော် ဦးတေဇိန္ဒကျောင်းတွင် စက်မှုလက်မှု ပညာသင်ကျောင်းတခုကို ဖွင့်လှစ်၍၊ ကျောင်းသူကျောင်းသား လူငယ်လူရွယ် ၈၀၀ ကျော်တို့ကို ကိုယ်တိုင်ကြပ်မၫ် ကျောင်းအုပ်ကြီးအဖြစ်ဖြင့် ပညာသင်ကြားပေးသည်။

သက္ကရာဇ် ၁၂၀၆ (ခရစ် ၁၉၂၃-၂၄) ခုနှစ်လောက်တွင် အမျိုးသား ပညာရေးကောင်စီသည် မြန်မာနိုင်ငံရှိ အမျိုးသားကျောင်းများအတွက် အစိုးရအထောက်အပံ့ကို ခံယူရန်သင့်သည်ဟု ဆုံးဖြတ်ခဲ့လေသည်။ ထိုအခါ ဦးစိုးသိမ်းသည် အထောက်အပံ့ခံယူခြင်း မပြုသင့်ဟူသော အကြောင်းပြချက်ဖြင့်၊ အမျိုးသား ပညာရေးဘုတ်အဖွဲ့ကို တည်ထောင်ရာ၌ ပါဝင်အားပေးခဲ့သည်။ ဤသည်ကား နိုင်ငံရေးနယ်ထဲသို့ ဦးစိုးသိမ်း ကိုယ်ထိလက်ရောက် ဝင်လာစေရန် အထောက်အပံ့ပြုသည့် အချက်တရပ် ဖြစ်လေသည်။ ဤကဲ့သို့ အမျိုးသား ပညာရေးဘုတ်အဖွဲ့တွင် ဆောင်ရွက်နေဆဲတွင်၊ ဦးစိုးသိမ်းသည် ဂျီ၊ စီ၊ ဘီ၊ အေ၊ အသင်းတွင် အရေးပါ အရာရောက်သူတို့နှင့် ဆက်သွယ်မိပြီးလျှင်၊ သူ၏ရိုးသားမှုကြောင့် အများ၏ ယုံကြည်လေးစားခြင်းကို ခံခဲ့ရလေသည်။ ထိုအတွင်း ဦးချစ်လှိုင်၏ ဂျီ၊ စီ၊ ဘီ၊ အေ၊ သည် ၁၂၀၆ ခုနှစ်တွင် နှစ်ကဲ့ကဲ့လေသည်။ (ချစ်လှိုင်၊ ဦး။ ဂျီ၊ စီ၊ ဘီ၊ အေ — ရှု။) ဤသို့နှစ်ကဲ့ကဲ့သောအခါ ဦးစိုးသိမ်းကို ကြည်ညိုသူတို့က ဦးစိုးသိမ်းအား ဂျီ၊ စီ၊ ဘီ၊ အေ၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရန် စီစဉ်ကြလေရာ၊ ၎င်ဘိုမြို့တွင် ၁၂၀၇ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် စတင်ကျင်းပသော ၁၂ ကြိမ်မြောက် ဂျီ၊ စီ၊ ဘီ၊ အေ၊ အစည်းအဝေး၌ ဦးစိုးသိမ်းသည် ဥက္ကဋ္ဌဖြစ်လာပြီးလျှင်၊ သမတဦးချစ်လှိုင်ဟု ခေါ်တွင်သော အစဉ်အလာအတိုင်း၊ သမတဦးစိုးသိမ်းဟု အမည်တွင်လာလေသည်။

ဤကဲ့သို့ ဦးစိုးသိမ်းသည် ဂျီ၊ စီ၊ ဘီ၊ အေ၊ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက် လာခဲ့သည်မှာ ၁၂၉၁ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်မှ ၁၃ ရက် နေ့များတွင် တောင်ငူမြို့၌ ကျင်းပသော နှစ်လည်အစည်းအဝေးအထိ ဖြစ်လေသည်။ ဦးစိုးသိမ်းသည် နိုင်ငံရေးကို သူ၏အမြင်အတိုင်း တည့်မတ်ဖြောင့်မှန်စွာလုပ်ဆောင်သူဖြစ်၏။ ရိုးသားဖြောင့်မတ်သူဟု ကျော်ကြား၏။ ဝံသာနုခေါင်းဆောင်ပီပီ ဆင်းရဲသားများနှင့် ရောပြွမ်းကာ ဆက်ဆံနေထိုင်၏။ အစိုးရနှင့်မဆက်ဆံဘဲ၊ နိုင်ငံရေးဆောင်ရွက်ရန် ဟူသော ဝါဒကို ထားရှိ၏။ ထို့အတွက် ၁၂၀၈ ခုနှစ် ၁၅ ကြိမ်မြောက် မင်းဘူးကွန်ဖရင့်အထိ ဦးစိုးသိမ်း၌ နောက်လိုက်အင်အား များခဲ့၏။ သို့သော် ထိုခေတ်၏ နောက်ပိုင်းသို့ ရောက်လာသောအခါ နိုင်ငံရေး၌ ဦးစိုးသိမ်းသည် အကြမ်းဖက်သော စံနစ်ကို လက်ကိုင်ပြုသည်ဟု အများက စွပ်စွဲလာကြသည်။ ဤသို့စွပ်စွဲခံရခြင်းမှာ ဆရာစံ ခေါင်းဆောင်သော သာယာဝတီသူပုန်တွင် ဆရာစံနှင့်တကွ နောက်လိုက်နောက်ပါအများသည် ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေ၊ ၏ အသင်းဝင်များ ဖြစ်သောကြောင့်တည်း။ ဆရာစံသည် ခရစ် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဗြိတိသျှအစိုးရကို တော်လှန်

ပုန်ကန်ခဲ့သည်။ (စံ၊ ဆရာ — ၌။) ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့၌ သေဒဏ်အပြစ်ပေးခြင်းကို ခံရသည်။ သို့ပါသော်လည်း၊ ထိုစဉ်က သူပုန်မှုကို အလွန်တရာမှ ချီးနှိမ်လိုစိတ်ရှိသော ထိုခေတ်အစိုးရ၏ မှတ်တမ်းအရပ်ရပ်တွင်ငင်း၊ ရုံးတင်စစ်ဆိုသော အမှုတွဲတို့တွင်ငင်း၊ ဦးစိုးသိမ်းသည် အကြမ်းဖက်စိန်စွပ်ဖြင့် သူပုန်ကို လှုံ့ဆော်ခဲ့သည်ဟု အခိုင်အမာစွပ်စွဲနိုင်ခြင်း မရှိခဲ့ချေ။ သူပုန်မှုများ စီရင်နေသော တချိန်လုံးတွင် အစိုးရသည် ဦးစိုးသိမ်းအား သူပုန်ကိစ္စနှင့် စပ်လျဉ်း၍ ဖမ်းဆီးခြင်း မပြုနိုင်ခဲ့ချေ။ ထိုမျှမကသေး ဗိလတ်တွင်ကျင်းပသော မြန်မာပြည် မျက်နှာစုံညီအစည်းအဝေးတွင် ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့၌ သာယာဝတီ ဦးပုက ဆွေးနွေးသော စကားရပ်များအရ မှာလည်း၊ ဦးစိုးသိမ်းသည် ဆရာစံနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိသည်ကို တွေ့ရသည်။ သာယာဝတီဦးပု၏ ပြောစကားအရမှာ ဆရာစံသည် ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေ၊ မှထွက်၍၊ ထိုဂျီ၊ စီ၊ ဘီ၊ အေ၊ မသိစေရဘဲ၊ လျှို့ဝှက်သောအသင်းတို့ကို သူ့အလိုအလျောက် တိတ်တဆိတ် တည်ထောင်ကြောင်းကို ကိုယ်တိုင် ရုံးတွင် ဖြောင့်ဆိုဝန်ခံသည်။ ဤအချက်တို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင်တို့သည် သာယာဝတီသူပုန်မှုထဲတွင် ဦးစိုးသိမ်းအား ပါဝင်သည်ဟု မစွပ်စွဲနိုင်ရှိခဲ့သည်။ ထိုကြောင့်လည်း မြန်မာပြည် နိုင်ငံရေးရာဇဝင်ကို ရေးသားသူ ဦးဘခိုင်က 'ဦးစိုးသိမ်းကဲ့သို့ နိုင်ငံခြားထောက်သူ ခေါင်းဆောင်တယောက်သည် လက်ချည်းသက်သက် မြန်မာများအား စက်သေနတ်ကို အသုံးပြုသည့် အစိုးရကို အကြမ်းဖက်၍ တိုက်ခိုက်ရန် တိုက်တွန်းသည် ဆိုသည်မှာ ဟုတ်နိုင်မည်မထင်' ဟု မှတ်ချက်ချခြင်းပင် ဖြစ်ပေလိမ့်မည်။ ဦးစိုးသိမ်းနှင့်အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်သူတို့ကလည်း ဦးစိုးသိမ်း၏ ဂျီ၊ စီ၊ ဘီ၊ အေ၊ ကို အစိုးရက မတရားအသင်းဟု မူလကကျေညာခဲ့သော်လည်း၊ ဗိလတ်၌ မြန်မာပြည် မျက်နှာစုံညီအစည်းအဝေးတွင် မြန်မာခေါင်းဆောင်တို့က ရှင်းပြလိုက်သောအခါ၊ မတရားအသင်းဟုကျေညာခြင်းမှ ကင်းလွတ်သည်ဟု ဆိုစမှတ်ပြုကြသည်။


မည်သို့ပင်ဖြစ်စေ၊ အထက်ကဖော်ပြခဲ့သည့် တောင်ငူမြို့၌ ကျင်းပသော ဂျီ၊ စီ၊ ဘီ၊ အေ၊ ကွန်ဖရင့်၌မူကား ဆရာတော်အချို့နှင့် လူအချို့တို့က ထိုကွန်ဖရင့်၌ တင်သွင်းသော အခွန်မပေးရေးနှင့် အာဏာဖီဆန်ရေးအဆိုတို့မှာ အစိုးရကို ပုန်ကန်ရန် အဆိုများ ဖြစ်သည်ဟု ယူဆကာ၊ ဦးစိုးသိမ်းအား ထောက်ခံခြင်းမပြုဘဲ၊ ဦးစုကို ဥက္ကဋ္ဌအဖြစ်ဖြင့် တင်မြောက်လိုက်ကြလေသည်။ ဤတွင် ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေ၊ နှင့် ဦးစု ဂျီ၊ စီ၊ ဘီ၊ အေ၊ ဟူ၍ နှစ်ကွဲကွဲပြန်လေသည်။ ထိုနောက် ၁၂၉၂ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ရန် ဗြိတိသျှအစိုးရတို့က ဆုံးဖြတ်လိုက်လေသော် မြန်မာနိုင်ငံရေးတွင် အိန္ဒိယနှင့် ခွဲရေး တွဲရေး ပြဿနာ ဝင်ရောက်လာလေသည်။ ထိုအခါ ဦးစိုးသိမ်းသည် နိုင်ငံရေးနယ်ပယ်မှ အနားယူကာ နေထိုင်လျက်ရှိလေသည်။ ထိုနောက်၌ကား ဦးစိုးသိမ်း၏ နိုင်ငံရေးဆောင်ရွက်ချက်တို့သည် မှတ်တမ်းတင်လောက်အောင် မရှိတော့ချေ။ သက္ကရာဇ် ၁၃၀၆ (ခရစ် ၁၉၄၄) ခုနှစ်တွင် ဦးစိုးသိမ်းသည် ရန်ကုန်မြို့၌ ကွယ်လွန်လေသည်။

ဦးစိုးသိမ်း၏ဇနီးမှာ ပြည်မြို့သူ ဒေါ်သော့ဖြစ်၏။ ဒေါ်သော့သည် ဦးစိုးသိမ်းနှင့် ပါရမီဖြည့်ဖက်အမျိုးသမီး ဖြစ်လေသည်။ ငယ်စဉ်ကပင် ဦးစိုးသိမ်းနှင့် အတူတကွ ဂျပန်နိုင်ငံသို့လိုက်ပါ၍ ပညာသင်ပြီးလျှင်၊ ယင်းတို့ နှစ်ဦးသည် ဇနီးမောင်နှံအဖြစ်ဖြင့် နိုင်ငံခြားအရပ်ရပ်တို့သို့ အတူတကွ ထောက်ခဲ့ကြလေသည်။ သားသမီးကား တယောက်မျှ မထွန်းကားချေ။ ဒေါ်သော့သည် ရန်ကုန်မြို့၌ပင်လျှင်၊ ၁၃၀၇ ခုနှစ်၌ ကွယ်လွန်လေသည်။

စက်ကတုံးပင်။ ။စက်ကတုံးပင်သည် နွေဥတုတွင် အရွက်ကြွေသော အပင်ကြီးမျိုးဖြစ်သည်။ ရုက္ခဗေဒအမည်မှာ 'ထရူဝီယာ နူဒီဖလိုရာ' ဖြစ်သည်။ မျိုးရင်းမှာ 'ယူဖောဗီးယားစိအီး' ဖြစ်သည်။ စက်ကတုံးပင်၏ အခေါက်သည် မဲပြာရောင်ရှိသည်။ အရွက်များမှာ ကြက်ဥပုံသဏ္ဌာန်ရှိ၍ ချောမွတ်သည်။ အကြောပေါင်း ၃ ခုမှ ၅ ခုထိရှိသည်။ ရွက်ညှာသည် ၁ လက်မမှ ၂ လက်မထိရှည်ပြီး မွေးနုတို့များရှိသည်။ ပန်းပွင့်များမှာ သေးငယ်သည်။ အရွက်ကြွေသည့်နေရာများ၌ အဖိုပွင့်များ ပွင့်သည်။ အမွေးထူပြီး တိုတုတ်သည့် ပွင့်ညှာများတွင် အမပွင့်များ ပွင့်သည်။ ဝတ်ဆံမ ထိပ်သည် အလွန်ရှည်သည်။ အသီးမှာ ခွံမာသီးဖြစ်၍၊ သီးသီးအရွယ်ခန့်ရှိသည်။ အသီးသည် ချောမွတ်၍ အသားများသည်။ အစေ့လည်းများသည်။

မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းရှိ ချောင်းများအနီးတွင် စက်ကတုံးပင်များကို တွေ့ရသည်။ စက်ကတုံးသားသည် ဖြူ၍ပျော့သည်။ တာရှည်လည်း အသုံးမခံချေ။ ထမ်းပိုး၊ စည်၊ ရုပ်တု၊ မီးခြစ်ဆံ၊ မီးခြစ်ဘူးများ ပြုလုပ်ရန်အတွက် ကောင်းသည်။ မြန်မာဆေးကျမ်းအလိုအားဖြင့်၊ စက်ကတုံးသည် သွေးငန်း၊ လေငန်း၊ သလိပ်ငန်းတို့ကို ပယ်နိုင်သည်ဟု အဆိုရှိ၏။

စက်ကရီယာမျာ။ ။လူ၏ယဉ်ကျေးမှုတိုးတက်လာခဲ့ရာ၌ မူလက လက်ဖြင့် ပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသော အလုပ်များကို လက်သုံး ကရိယာတန်ဆာပလာတို့၏ အကူအညီဖြင့် တဖြည်းဖြည်း လုပ်ကိုင်ခဲ့ကြ၏။ ထိုမှတဆင့် လက်သုံးကရိယာ တန်ဆာပလာတို့ထက် သာလွန်ကောင်းမွန်သည့်




လူတို့သည် လက်သုံးကရိယာများကို သုံးစွဲရာမှ တဆင့်တက်၍ စက်ကရိယာများကို တီထွင်သုံးစွဲခဲ့ကြသည်။ စက်ကရိယာများသည် လူ၏ စိုက်အားနှင့် အချိန်ကို များစွာ သက်သာစေသည်။ စက်ကရိယာများ တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုသည်လည်း ပိုမို၍ တိုးတက်လာပေသည်။

စက်ကရိယာများ

ကောင်းမွန်သော အတွင်းမီးအား အင်ဂျင်စက်ကို ဖြစ်မြောက်အောင်မြင်ခဲ့ရာတွင် ဓာတ်ဆီ၏စွမ်းအင်ကို လုပ်ရည်အဖြစ် သို့ လွှဲပြောင်းအသုံးချနိုင်ခဲ့ကြ၏။ (အတွင်းမီးအား အင်ဂျင်စက်—ရှု။) လျှပ်စစ်ဓာတ်ပါဝါကို ထုတ်ယူရရှိနိုင်ခဲ့ကြသည့် အခါတွင် လျှပ်စစ်ဓာတ်ကို နေရာအနှံ့အပြားသို့ သွယ်ယူအသုံးပြုနိုင်ခဲ့ကြ၏။ (လျှပ်စစ်ဓာတ်—လည်းရှု။) လျှပ်စစ်မော်တော်များသည် ဓာတ်ဆီမော်တော်ကားများထက် သာ၍ပင် အသုံးဝင်လာကြပေသည်။ အလွန်သေးငယ်သော မျှင်းတံအမှတ်အသားများ၊ နာရီမျက်နှာပြင်ပေါ်မှ မိနစ်ကွက်၊ စက္ကန့်ကွက်များ စသည်တို့ကို စက်ကရိယာများဖြင့် တိကျစွာ ပြုလုပ်ပေးနိုင်ပေသည်။ ယခုခေတ် စက်ရုံများတွင် မော်တော်ကားအများအပြားကို နောက်ဆုံးပေါ် သိပ္ပံနည်းများအရ ပြုလုပ်လျက်ရှိသည်။ မြစ်လက်တက်များမှ ရေတို့သည် မြစ်မကြီးဘဲ ပေါင်းဆုံကာ ပင်လယ်ထဲသို့ စီးဝင်ကြသကဲ့သို့ မော်တော်ကား အစိတ်အပိုင်းများလုပ်ရာ ဌာနခဲ့များမှ လုပ်ပြီးမော်တော်ကား အစိတ်အပိုင်းတို့သည် ဗဟို ဌာနသို့ စုရောက်လာကြသည်။ ထိုဗဟိုဌာနတွင် မော်တော်ကား အစိတ်အပိုင်းများကို တခုနှင့်တခု နေရာတကျ စက်ကရိယာများကို အသုံးပြုလာနိုင်ခဲ့ကြ၏။ ရှုပဇေအရ လက်သုံးကရိယာတန်ဆာပလာတို့သည် ရိုးရိုးစက်များပင်ဖြစ်ကြ၏။ စက်ဆိုသည်မှာ ရှုပ်ထွေးခက်ခဲသော လုပ်ငန်းတို့ကို လက်သုံးကရိယာတို့ဖြင့် လုပ်သည်ထက် အချိန်တိုတိုနှင့် ပြီးစီးနိုင်စေသော ကရိယာကို ဆိုလိုပေသည်။ စက်များတွင် လူအားကို အသုံးပြုရာ၌ လက်သုံးကရိယာနှင့် ပြုလုပ်စဉ်ကကဲ့သို့ ပင်ပန်းစွာ အားမစိုက်ထုတ်ရတော့ပေ။ အချိန်ကုန်ရာ၌လည်း များစွာသက်သာသည်။

ပဌမဆုံးစက်မှာ ရေနွေးငွေ့မှ စွမ်းအင်အဖြစ်သို့ ပြောင်းလဲနိုင်သည့်အခါ ပေါ်ပေါက်လာသော စက်ဖြစ်သည်။ ထို ရေနွေးငွေ့အား အင်ဂျင်စက်များ ပေါ်လာသောအခါ ရှေးက လူမလုပ်နိုင်ခဲ့သည့် အလုပ်များကို ရေနွေးငွေ့မှရသော စွမ်းအင်ဖြင့် လုပ်ကိုင်နိုင်ခဲ့ကြ၏။ ခရီးသွားလာရာတွင် မီးရထား၊ မီးသင်္ဘောများဖြင့် ထို အချိန်ကမလျင်မြန်စဘူးထူးကဲလျင်မြန်လှသော နှုန်းများနှင့် သွားလာနိုင်ခဲ့ကြ၏။ စက်ရုံလုပ်ငန်းတို့တွင်လည်း ရေနွေးငွေ့အား အင်ဂျင်စက်များဖြင့် မောင်းနှင်လုပ်ကိုင်နိုင်ခဲ့ကြလေသည်။ (ရေနွေးငွေ့အားအင်ဂျင်စက်—ရှု။) ထိုမှတဆင့် ရေနွေးငွေ့အား အင်ဂျင်စက်ထက်



ခေတ်မှီ မြေတူးစက်

တပ်ဆင်ပေး၍ မော်တော်ကားဖြစ်မြောက်အောင် ပြုလုပ်ယူကြသည်။

စီးပွားရေးမျက်စိနှင့် ကြည့်လျှင် အလုပ်သမား ထောင်ပေါင်းများစွာတို့သည် စက်ကရိယာတို့ဖြင့် လုပ်ကိုင်သော စက်ရုံများကိုမှီခို၍ အသက်မွေးမြူနိုင်ကြ၏။ စက်ကရိယာများတိုးတက်မှုသည် လူအားကို သက်သာစေနိုင်သဖြင့် ရှေးကထက် ကုန်များကို များပြားစွာ ထုတ်လုပ်လာနိုင်၍ ကုန်စျေးနှုန်းမှာလည်း တဖြည်းဖြည်း ကျဆင်း သက်သာလာရလေသည်။ စျေးနှုန်းကျလာသည့်အမျှ ကုန်အလိုရှိသူ ဦးရေသည်လည်း တိုးပွားလာ၍ ကုန်ထုတ်ရာ၌ တွင်ကျယ်လာလေသည်။ သို့သော် ကုန်ထုတ်လုပ်ငန်းသည် လိုသည်ထက်ပိုလာ၍၊ ကုန်စျေးနှုန်းများ အဆမတန် ကျဆင်းလာသော အခါ စက်ရုံလုပ်ငန်းကို ထိခိုက်လာလေသည်။ ထိုကမှ တဆင့် စက်ရုံအလုပ်သမားတို့ကိုပါ ထိခိုက်လေတော့သည်။ ထိခိုက်ပုံမှာ၊ စက်ရုံတို့တွင် အလုပ်သမားဦးရေမှာ လိုသည်ထက်ပိုနေ၍ စက်ရုံပိုင်ရှင်များသည် အလုပ်သမားတို့အား မသေရုံမျှ အခမျှကိုသာ ပေးနိုင်ကြသည်။ သို့သော် ဤကဲ့သို့သောအဖြစ်မျိုးကို အလုပ်သမားများ ကြာရှည်စွာ မခံစားခဲ့ကြရချေ။ ထပ်မံ၍ တီထွင်မှုများ ပေါ်ပေါက်လာသည့် စက်ရုံလုပ်ငန်းတို့တွင် လူလိုလာ၍ အလုပ်သမားတို့သည် မိမိတို့၏ နေရာဟောင်းများကို ရရှိကြပြန်လေသည်။ ယခုအခါ လုပ်ငန်းအသစ်တို့၏ နယ်ပယ်မှာ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာသည်ဖြစ်၍ ရှေးကထက် အဆပေါင်းများစွာ ပိုမိုများပြားသော အလုပ်သမားတို့ကို အလုပ်ပေးနိုင်ပြီဖြစ်သည်။

ပါဏမေဒအမည်မှာ 'ပယ်လီကင်နပ် အိုနိုကရိုတဲလပ်' ဖြစ်သည်။ အလျား ၆၅ လက်မရှိ၏။ စက္ကဝက်အကောင်ကြီးသည် သာမန်အချိန်တွင် ဖွံ့ဖြိုး၍ သားပေါက်ချိန်၌ ပန်းရောင်ရှိ၏။ ငှက်ကလေးသည် အောက်ပိုင်းတွင် သစ်ကျားသီးရောင်ရှိ၏။ ယင်းတို့သည် သုံးနှစ်လေးနှစ်ကြာမှ အမွေးအတောင်ပြည့်စုံကြသည်။

စက္ကဝက်ငှက်သည် ဥရောပတိုက် အရှေ့တောင်ပိုင်း ဒေသများနှင့် အာရှတိုက်ရှိ အချို့ ဒေသများတွင် သားပေါက်သည်။ ဆောင်းရာသီတွင် ထိုငှက်များကို တရုပ်နိုင်ငံတောင်ပိုင်း၊ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါးရှင်းပင်လယ်ကွေ့၊ အာဖရိကတိုက်တို့တွင် တွေ့ရသည်ဟု ဆို၏။ မြန်မာနိုင်ငံသို့ ဆောင်းရာသီတွင်သာ လာရောက်သည်။ ဩဂုတ်လတွင် ရောက်လာ၍ ဇန္နဝါရီလ၊ ဖေဖွာရီလတွင် ထွက်ခွာသွားကြသည်ဟု ထင်မှတ်ရသည်။



ဝံပိုငှက်တမျိုးဖြစ်သော စက္ကဝက်ငှက်များ

သစ်ပိုင်းသစ်စမှ စက္ကူဖြစ်လာပုံ

လူတို့သည် ရှေးနှစ်ပေါင်း ၂၀၀၀ ခန့်ကပင် စက္ကူလုပ်နည်းကို သိရှိခဲ့ကြသော်လည်း၊ စက္ကူစက်များ ပေါ်ပေါက်သည့်အခါမှမှ၊ စက္ကူကို အသုံးများလာကြလေသည်။ ယခုအခါ စက္ကူသည် အထူးအရေးပါသော လူသုံးပစ္စည်းတရုပ်ဖြစ်၍ မြန်မာနိုင်ငံ၌ စက္ကူစက်များတည်ထောင်ရန်ကိုပင် စီစဉ်လျက်ရှိပေပြီ။

စက္ကူ။ ။စက္ကူကို နကျယ်ကောင်တို့သည် သူတို့၏သဘာဝအလျောက် ပြုလုပ်နိုင်ကြသည်။ သူတို့သည် သစ်ပင်ခြောက် သစ်ကိုင်းခြောက်များမှ ကိုက်ဖဲ့၍ရသော သစ်စကလေးများကို သစ်ပျော့ဖတ်ဖြစ်အောင် ဝါးပြီးနောက်၊ ထိုပျော့ဖတ်ဖြင့် အိမ်ပြုလုပ်ကြသည်။ နကျယ်အိမ်ကို ဖျက်ကြည့်သောအခါ၊ လှပစွာ အခန်းဖွဲ့ထားသော သူတို့၏ စက္ကူကို တွေ့မြင်နိုင်သည်။

လူတို့မှာမူကား ရှေးနှစ်ပေါင်း ၂၀၀၀ လောက်ကမှ စက္ကူလုပ်နည်းကို သိလာကြသည်။ စက္ကူလုပ်နည်းကို ဦးစွာ ပဌမ သိသော လူမျိုးမှာ တရုပ်လူမျိုးဖြစ်၍၊ နကျယ်အိမ်ပြုလုပ်ပုံကို ရှေး တရုပ်ပညာရှိကြီး တဦးက အသေအချာကြည့်ရှု လေ့လာထုမှ လုပ်နည်းကို စတင် သိရှိခဲ့သည်ဟု ဆိုလေသည်။ စက္ကူလုပ်နည်းကို မသိမီက လူတို့သည် အခြားပစ္စည်းများဖြင့် ရေးမှတ်ခဲ့ကြရလေသည်။ ကျောက်ပြား၊ ရွံ့ပြား၊ သစ်သားပြားများပေါ်တွင် စာလုံးများကို ထွင်း၍ ရေးခဲ့ကြရသည်။ ထိုနောက်တွင် အီဂျစ်နိုင်ငံ၌ ကျူပင်တမျိုးမှ ကျူချပ်များကို စာရေးရန် ပြုလုပ်လာနိုင်သည်။ ထိုကျူပင်မျိုးကို ပယိုင်းရပ်ဟု ခေါ်သဖြင့်




ရှေးအခါက အိုဂျစ်နိုင်ငံတွင် ပပိုင်းရပ်ခေါ် ကျူးချပ်ပေါ်၌ စာရေးကြသည်။

ထိုအမည်ကို အစွဲပြု၍ အင်္ဂလိပ်ဘာသာဖြင့် စက္ကူကို 'ပေပါ' ဟု ခေါ်လေသည်။ (ပပိုင်းရပ်ပင် — ရှု။) ကျူးချပ်ပြုလုပ်ပုံမှာ ကျူးပင်၏ ပင်စည်များမှ အစကလေးများကို ခွာယူ၍၊ တခုပေါ်တွင် တခုထပ်ပြီးလျှင်၊ ရေစိမ်ပေးရသည်။ ထိုနောက် အပြားဖြစ်အောင် ဖိပေး၍ နေပူလှန်းပေးရသည်။ ခြောက်သွေ့ပြီးသောအပြားကို အရောင်တင်ပေးသောအခါ၊ စာရေးနိုင်သော ကျူးချပ် ဖြစ်လာသည်။ ထိုကျူးချပ်ကို ကောင်းစွာ မခေါက်နိုင်၊ သို့သော်လိပ်၍ ထားနိုင်သည်။ ရှေးဂရိလူမျိုးနှင့် ရောမလူမျိုးတို့သည် ထိုကျူးချပ်များဖြင့် စာရေးကြသည်။

၃ ရာစုနှစ်နှင့် ၂ ရာစုနှစ်များအကြားတွင် သိုးသားရေ၊ နွားကလေး သားရေတို့မှ ပြုလုပ်သော သားရေချပ်များပေါ်ပေါက်လာပြန်သည်။ ထိုသားရေချပ်များမှာ ခိုင်ခံ့ချောမွတ်သဖြင့်၊ စာရေးသားရန် အတော်အတန်ကောင်းသည်ဟု ဆိုနိုင်ပေသည်။ ဥရောပတိုက်တွင် ထိုသားရေစက္ကူများဖြင့်ပင် စာများကို ရှေးက ရေးသားခဲ့ကြရပေသည်။ ထိုအချိန်တွင် တရုပ်နိုင်ငံ၌ စက္ကူများကို ပြုလုပ်သုံးစွဲနေပြီ ဖြစ်သော်လည်း၊ ပြုလုပ်နည်းကို လျှို့ဝှက်ထားသည့်အတွက် အခြား မည်သည့်နိုင်ငံကမျှ စက္ကူကို မပြုလုပ်နိုင်ကြချေ။ သို့ရာတွင် စစ်တိုက်ရာမှ ဖမ်းမိသော တရုပ်သုံ့ပန်းများထံမှ စက္ကူလုပ်နည်းကို အာရပ်လူမျိုးတို့သည် ခရစ် ဂဝဝ ပြည့်နှစ်မတိုင်မီက ရရှိသွားလေသည်။ ၁၂ ရာစုနှစ်တွင် ထိုနည်းကို အာရပ်လူမျိုးတို့သည် အာဖရိကတိုက် မြောက်ပိုင်းမှ ဖြတ်ကာ စပိန်ပြည်သို့ ယူဆောင်လာသည်။ စပိန်မှတဆင့် ဥရောပ တတိုက်လုံးသို့ စက္ကူလုပ်နည်း ပျံ့နှံ့သွားရာ၊ ၁၄၀၀ ပြည့်နှစ်လောက်တွင် စက္ကူကို အသုံးများလာကြလေသည်။ ဤသို့ဖြင့် ပုံနှိပ်စက်များပေါ်ပေါက်လာချိန်သို့ ရောက်သောအခါ စက္ကူကို လိုသ



အိန္ဒိယနိုင်ငံတွင် စက္ကူပြုလုပ်ရန် ဝါးကိုအသုံးများသည်။



လောက် ရနိုင်နေလေပြီ။ သို့ဆုတ်တွင် အစပဌမ၌ စက္ကူကို လက်ဖြင့်သာ ပြုလုပ်ခဲ့ကြ၏။ လွန်ခဲ့သည့် နှစ်ပေါင်းတရာ ကျော်လောက်ကမှစ၍ စက္ကူကို စက်ဖြင့် အများအစား ပြုလုပ်နိုင်လာကြသည်။

စက္ကူလုပ်နည်း

စက္ကူကို အမျှင်ရှိသော သို့မဟုတ် ဆဲလျူလို့ ပါရှိသော အပင်အမျိုးမျိုးမှ ပြုလုပ်ယူနိုင်သည်။ အာရပ်တို့သည် လင်နင်ထည်၊ ဘီသွာလျော်နှင့် အဝတ်စုတ်များ အပြင် ကောက်ရိုး၊ ဝါး၊ မြက် စသော အမျှင်ရှိသည့် အပင်တမျိုး မျိုးကို အသုံးပြုခဲ့ကြ၏။ ယခုခေတ်တွင်မူ စက္ကူလုပ်ငန်း အတွက် သစ်ကို အဓိက အမြောက်အမြား သုံးကြလေသည်။


ယခုအခါ စက္ကူလုပ်ငန်းကို စက်များဖြင့် အကြီးအကျယ် ပြုလုပ်ကြ၍ စက္ကူအမျိုးပေါင်း အမြောက်အမြားကိုလည်း ပြုလုပ်နိုင်လေပြီ။ သို့သော် အကောင်းဆုံးစက္ကူကိုမူ လက် ဖြင့်ပင် ယနေ့တိုင်အောင် ပြုလုပ်နေရဆဲဖြစ်သည်။ စက် ဖြင့်စက္ကူလုပ်နည်းကို မဖော်ပြမီ လက်ဖြင့်လုပ်နည်းကို ပဌမ ဖော်ပြလိုသည်။

လက်ဖြင့်စက္ကူလုပ်နည်း။ ။လက်ဖြင့်စက္ကူပြုလုပ်ရာ၌ လင် နင်ထည်နှင့် ဝါဂွမ်းထည် အစုတ်အပိုင်းများကို အသုံးပြုကြ သည်။ အဝတ်စများကို အစွန်းအထင်း အညစ်အကြေး များ မရှိအောင် ဆေးဖြင့်ချွတ်ဆေးပြီးနောက်၊ အစိတ်စိတ် အမြှာမြှာ ဖြစ်အောင် ဆုတ်ပေးသည်။ ထိုနောက် ရေ အပြည့်ရှိသော စည်ကြီးတွင် ထည့်ကာ ပျော့ဖတ် ဖြစ်လာ သည့်တိုင်အောင် ချေပေးရသည်။ ထိုအခါ ရေပြင်တွင် အမျှင်ဖတ်များ ပေါလောပေါလာသည်။ ပျော့ဖတ်တွင် အတုံးအတစ်များ မကျန်ရအောင် အချိန်ကြာမြင့်စွာ မွှေ နှောက်ပေးနေရသည်။ အားလုံးကြေ၍ ပျော့ဖတ်ဖြစ်လာ သောအခါ စက္ကူပြုလုပ်ရန် အသင့်ဖြစ်လေပြီ။ ထိုအခါ နှန်းကြိုးများဖြင့် ကွက်စိတ်ရက်ထားသော ဆန်ခါခွက်ကို ပျော့ဖတ်ရည်တွင်နှစ်၍ ဆယ်တင်ရသည်။ ထိုအချိန်တွင် ပျော့ဖတ်အမျှင်များ ညီညီညာညာ အနည်ထိုင်အောင် ဆန်ခါခွက်ကို ဖြည်းဖြည်းသက်သာ လှုပ်ပေးနေရသည်။ ရေသည် ဆန်ခါအပေါက်ကလေးများမှ ယိုကျသွားသော အခါ ဆန်ခါပေါ်၌ စိုရွဲနေသောစက္ကူ တရွက်စီ တင်၍ကျန် ရစ်ခဲ့သည်။ ထိုသို့ရရှိသော စက္ကူအစိုများကို သက္ကလတ် ကြမ်း နှစ်ချပ်ကြားတွင် တရွက်စီညှပ်၍ တခုပေါ် တခုဆင့် ထပ်ပုံပြီးသော် ရေအားလုံးလိုလို ထွက်သွားရအောင် ဖိစက် ဖြင့် ဖိညှစ်ပေးရသည်။ ထိုနောက် စက္ကူချပ်ကို ကျဲကျော် သို့မဟုတ် အခြား ကော်ရည်တမျိုးမျိုး ထည့်ထားသော စည်တွင် နှစ်၍ အခြောက်လှန်းလိုက်သောအခါ မင်ဖြင့်ရေး နိုင်သည့် သာမန်စက္ကူ ဖြစ်လာသည်။ အကယ်၍ ကော် ရည်တွင် မနှစ်ပေးပါက ခဲဖြင့်သာရေးနိုင်သော စက္ကူကြမ်း ကို ရနိုင်သည်။

စက်ဖြင့်စက္ကူလုပ်နည်း။ ။၁၉ ရာစု နှစ်ဦးလောက်က စ၍ ခေတ်မှီ စက္ကူလုပ်စက်များ စတင်. ပေါ်ပေါက်လာ သည်။ ထိုရာစုနှစ် အလယ်ပိုင်းသို့ ရောက်သောအခါ စက္ကူ အကောင်းစား ပြုလုပ်သည့်ကိစ္စမှလွဲ၍၊ စက်ဖြင့်ပြုလုပ်နည်း

သည် လက်ဖြင့်ပြုလုပ်နည်းကို နေရာတကာ်တွင်လှမ်းမိုးသွားသည်။ ယခုအခါ စက္ကူစက်များနှင့် စက္ကူလုပ်နည်းများသည် တစထက်တစ တိုးတက်ကောင်းမွန်လာခဲ့ရာ၊ တနေ့ကို စက္ကူတန်ချိန် တရာကျော်နှုန်းဖြင့် သစ်လုံးဘဝမှ စက္ကူဘဝ ရောက်သည်အထိ တဆက်တည်း ပြုလုပ်နိုင်သည်။ အလျားပေ ၂၅၀ မျှရှည်သော စက်ကြီးများပင် ရှိနေလေပြီ။

စက္ကူစက်ရုံကြီးများတွင် စက္ကူလုပ်မည့်ပျော့ဖတ်များကို စိမ်ထားသော စည်ကြီးများရှိသည်။ အဝတ်စုတ်မှပြုလုပ်သော အဝတ်ပျော့ဖတ်ကို ရလိုပါက အဝတ်စုတ်များကို ထိုစည်ကြီးများတွင်ထည့်၍ စက်ဖြင့် မွေနှောက် ချေဖျက်ပေးရသည်။ လုပ်ရိုးလုပ်စဉ် အတိုင်း သစ်သားမှ ပြုလုပ်သော သစ်ပျော့ဖတ်ကို ရလိုပါက အောက်ပါ နည်းနှစ်နည်းကို သုံးကြသည်။ ပဌမနည်းတွင် အခေါက်နှင့်အမြစ်များကို ခွာပစ် ထုတ်ပစ်ပြီးနောက် စက်ရုံသို့ ရောက်လာသော သစ်တုံးများကို အမျှင်များဖြစ်အောင် စက်ဖြင့် ကြိတ်ပေး၍ အမျှင်များကို အဆိုပါစည်များထဲသို့ ရေနှင့် မျောချပေးသည်။ ထိုပျော့ဖတ်မျိုးကို စက်ကြိတ်ပျော့ဖတ်ဟု ခေါ်သည်။ သို့ရာတွင် ဤပျော့ဖတ်မှ ရသော စက္ကူမှာ အပေါစားဖြစ်၍ ညံ့သည်။ အခြားတနည်းမှာ



သစ်ပျော့ဖတ်ပြုလုပ်ရန် သစ်ပိုင်းသစ်စများ

ပျော့ဖတ်ကို ဓာတုဗေဒနည်းဖြင့် ပြုလုပ်ခြင်း ဖြစ်သည်။ ထိုနည်းတွင် သစ်တုံးများကို အစိတ်စိတ် အမြှာမြှာ ဖြစ်အောင် စက်ဖြင့်ကြိတ်ပြီးနောက်၊ ဓာတ်ဆေးရည်များနှင့် အတူ ရောရ၍ ပြုတ်ရသည်။

ဤသို့ပြုလုပ်ရရှိသည့် ပျော့ဖတ်မျိုးကို ဆေးစိမ်ပျော့ဖတ်ဟုခေါ်သည်။ ဆေးစိမ်ပျော့ဖတ်ပြုလုပ်ရာတွင် အသုံးပြုသော ဓာတ်ဆေးများကိုလိုက်၍ ဗိုင်ဆာလဖိုက်နည်း၊ ဆိုဒါနည်း၊ ဆာလဖိတ်နည်း ဟူ၍ အမျိုးမျိုးရှိသည်။ ဗိုင်ဆာလဖိုက်နည်းတွင် ကယ်လဆီယမ်နှင့် မက်ဂနီဇီယမ် ဗိုင်ဆာလဖိုက်များကိုဂင်း၊ ဆိုဒါနည်းတွင် ကော့စတစ်ဆိုဒါကိုဂင်း၊ ဆာလဖိတ်နည်းတွင် ဆိုဒီယမ် ဆာလဖိတ် ကိုဂင်း အသုံးပြုကြသည်။



သစ်ပျော့ဖတ်ကို ကြေအောင်ချေဖျက်ပေးရသည်။

ဆေးစိမ် ပျော့ဖတ်များမှ အမျိုးအစား ကောင်းသော စက္ကူများကို ရနိုင်သည်။ သစ်သား အပိုင်းအစများကို ဓာတ်ဆေးများနှင့် ပြုတ်လိုက်သောအခါ၊ သစ်သားတွင်ပါသော ပျက်စီးယိုယွင်းတတ်သည့် ပစ္စည်းများကို ဓာတ်ဆေးများက ချွတ်လိုက်သည့်အတွက် ကြာရှည်ခံသောစက္ကူကို ရလေသည်။

အဝတ် ပျော့ဖတ်မှ ပြုလုပ်သော စက္ကူတိုင်း ကိုလည်း အကောင်းစားချည်းဟု မဆိုနိုင်ပေ။ အဝတ်စုတ်များတွင် အကောင်းအည့် အမျိုးမျိုးရှိသဖြင့် စက္ကူတွင်လည်း အမျိုးမျိုးဖြစ်နိုင်သည်။ ထိုနည်းတူစွာ သစ်သားတွင်လည်း အမာအပျော့ အမျိုးမျိုးရှိသဖြင့် သစ်ပျော့ဖတ်မှရသော စက္ကူတို့သည် တမျိုးနှင့်တမျိုး မတူကြချေ။ စက္ကူအကောင်းစားထုက်စေသော အဝတ်မှာ ဘီသွာလျော်ဖြင့်ပြုလုပ်သော လင်နင်ခေါ် အဝတ်ဖြစ်၍၊ စက္ကူအကောင်းစား ထုက်စေသော သစ်သားမှာ စပရူခေါ် ထင်ရူးသားတမျိုး ဖြစ်ပေသည်။



စက္ကူစက်ခွံအတွင်းမှ စက္ကူလိပ်ကြီးများ

စက်ကြိတ်နည်းနှင့်သော်ငင်း၊ ဆေးစိမ်နည်းနှင့်သော်ငင်း ရရှိသော ပျော့ဖတ်များကို ထိုအတိုင်း စက္ကူစက်ထဲသို့ မသွင်းပေးနိုင်သေးချေ။ စက်ထဲသို့ မသွင်းပေးမီ ပတ်ချာလှည့် ခေးသွားများ တပ်ဆင်ထားသည့် စည်ကြိုးများထဲတွင် ကြေမွသွားအောင် မွေနှောက် ချေဖျက်ပေးရသည်။ ထိုနောက် အခြား လိုအပ်သော ဓာတ်ဆေး၊ ကော်ရည်၊ ဆိုးဆေး စသည်များကို ထောပေးပြီးမှ စက်ထဲသို့ သွင်းပေးရလေသည်။

ပျော့ဖတ်မှစက္ကူပြုလုပ်ပုံ။ ။ပျော့ဖတ်များ အသင့်ဖြစ်သောအခါ စက္ကူဖြစ်အောင်ပြုလုပ်ရန်မှာ မခဲယဉ်းတော့ပေ။ ရှေးဦးစွာ ပျော့ဖတ်များကို ကြေးနီကြိုးကလေး များဖြင့် ပိုက်ကွန်သဖွယ် ရက်လုပ်ထား၍ ဘီးများပေါ်တွင် မြန်စွာ လှည့်နေသော ဆန်ခါပေါက်အပြားကြီးများက သယ်ဆောင်သွားသည်။ ထိုသို့သယ်ဆောင်သွားစဉ် ဆန်ခါပေါက်များမှ ရေများ ယိုကျသွား၍ လေစုတ်စက်ဖြင့်လည်း ရေကို စုတ်ထုတ်သည်။ ထိုအချိန်တွင် ပျော့ဖတ်ကို အထူအပါးညီစေရန်အတွက် ဆန်ခါပြားကြီးများက နံဘေးလိုက် အနည်းငယ် လှုပ်ရှားပေးလျက်ရှိသည်။

ထိုနောက် ရေစာကို ဖော်ပေးသည့် ဒလိမ့်များ ဆီသို့ ရောက်သွားသည်။ ထိုမှတဖန် ရေကို ထပ်မံညှစ်ထုတ်၍ စက္ကူသားကို ပိုပြီး ကျစ်အောင် ဖိညှစ်ပေးသော အခြား ဒလိမ့်များအကြားသို့ အကြိမ်ကြိမ် ဖြတ်ရသည်။ ထိုနောက် အပူတိုက်ပေးသော ဒလိမ့်များ၊ အချောကိုင်ပေး အဆောင် တင်ပေးသည့် ဒလိမ့်များကို ကျော်လွန်ပြီးသောအခါ ကျွန်ုပ်တို့အလိုရှိသော စက္ကူသည် စက္ကူလိပ်ကြီးများ အဖြစ်နှင့် ထွက်ပေါ်လာလေသည်။ စက္ကူအရွယ်အစား အမျိုးမျိုးကိုလည်း လိုသလို စက်များနှင့်ပင် ဖြတ်ပေးနိုင်သည်။


စက္ကူကို အလွန်အသုံးများ၍ စက္ကူလုပ်ငန်းမှာ အလွန်ကြီးကျယ်သည့်အလျောက် တနှစ်တနှစ်တွင် စက္ကူလုပ်ရန် အတွက် ခုတ်လဲရသော သစ်ပင်ပေါင်းမှာ မနည်းလှချေ။ စက္ကူကို အရမ်းမဲ့ သုံးဖြုန်းကြ၍၊ သစ်ပင်များကိုလည်း အလျင်မီအောင် ထပ်မံ မစိုက်ပျိုးဘဲ ဤအတိုင်းသာ ဆက်သွားမည်ဆိုပါက တနေ့တွင် ဤကမ္ဘာ၌ ခုတ်လဲစရာ မကျန်တော့အောင်ပင် သစ်ပင်များ ရှားပါးသွားမည့်ဘေးကို စိုးရိမ်နေရပေသည်။

စက်စိယင်။ ။ယင်ကောင်များတွင် လူတို့အား အန္တရာယ်အများဆုံး ပြုနိုင်သော ယင်ကောင်မှာ အာဖရိကတိုက် အပူပိုင်းဒေသရှိ စက်စိယင်ကောင် ဖြစ်သည်။ စက်စိယင်သည် သာမန်ယင်ကောင်များထက် အတန်ငယ် ကြီးထွားသောကိုယ်ရှိသည်။ အရောင်မှာ ညိုသည်။

စက်စိယင်ကြောင့် တနှစ်တနှစ်တွင် ပျက်စီးဆုံးပါးရခြင်းသည် မခန့်မှန်းနိုင်လောက်အောင် ဖြစ်သည်။ အာဖရိကတိုက်ရှိ အချို့ အရပ်ဒေသများတွင် လူမနေနိုင်လောက်အောင်ပင် ဆိုးရွားသည်။ ဤယင်မျိုး ကိုက်ခဲသည့်အခါ အကိုက်ခံရသူ၏ သွေးထဲသို့ ပရိုတိုဇွန်း ပိုးကလေးများ ဝင်

သွားသည်။ (ပရိုတိုင်္ဇန်းကောင် — ရှူ။) ဂလော်စင်းနား ပါလပဲလစ် ခေါ် ယင်ကောင်မျိုးသည် လူတို့အား ကိုက်ခဲလျှင် အလွန် ကြောက်မက်ဖွယ်ကောင်းသော ဦးနှောက်ရောင် အိပ်မဝ ရောဂါကို စွဲကပ်စေတတ်၏။ ဦးနှောက်ရောင် အိပ်မဝ ရောဂါဟု ဆိုခြင်းမှာ ရောဂါစွဲကပ်သူသည် အစဉ် အိပ်ချင်နေတတ်ခြင်းကြောင့် ဖြစ်သည်။ ဂလော်စင်းနား မော်စီတန်း ခေါ် ယင်ကောင်မျိုးသည် ကျွဲနွားတိရစ္ဆာန်၊ မြင်း၊ ခွေးနှင့် အခြားအိမ်မွေးတိရစ္ဆာန်များကို နာဂါးနား ခေါ် ရောဂါမျိုး ဖြစ်စေတတ်သည်။

၂၀ ရာစုနှစ်မတိုင်မီက အဆိုပါရောဂါများသည် စက်စီယင်ကြောင့် ဖြစ်ပေါ်လာရကြောင်းကို မသိကြပေ။ နောင်အခါမှ သိပ္ပံပညာရှင်တို့ စူးစမ်းရှာဖွေ၍ ထိုအကြောင်းကိုသိရှိနားလည်လာကြသည်။ ယခုအခါ ထိုယင်မျိုးတို့၏ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ကြပေပြီ။ အထူးသဖြင့် စက်စီယင်သည် မြစ်၊ ချောင်း၊ အိုင်တို့၏ ကမ်းပါးတွင် ပေါက်ပွားလေ့ရှိရာ၊ ထိုကမ်းပါးတို့၏ အနီးအနားတဝိုက်ရှိ တောချုံ စသည်တို့ကို ရှင်းပစ်ခြင်းဖြင့် အန္တရာယ်မှ သက်သာရာ ရစေနိုင်သည်။



စက်စီယင်
(အာဖရိကတိုက်မှ သွေးစုတ်ယင်ကောင်)

ယင်ကောင်တို့တွင် စက်စီယင်ကောင်သည် အတော်ပင် ထူးဆန်းသည်။ အဘယ်ကြောင့်ဆိုသော် စက်စီယင်မသည် ဥမအုံဘဲ ရက်သတ္တ ၂ ပတ်လျှင် တကြိမ် ပိုးလောင်း တကောင်ကျ ပေါက်တတ်သောကြောင့် ဖြစ်သည်။ စက်စီယင်သည် နားနေသည့်အခါ အတောင်ပံကို နောက်ကျောအောက်သို့ အလျားလိုက် ခေါက်ထားလေ့ရှိသည်။

စက်ဇာတာရာ။ ။စက်တော်ရာစေတီသည် မင်းဘူးမြို့မှ အနောက်တောင်ဖက် ၂၆ မိုင်ကွာဝေးသော အနောက်ရိုးမ အရှေ့ဖက်ဆုံး တောင်စွယ်ပေါ်တွင် တည်ရှိသည်။ စက်တော်ရာစေတီကို ရှေစက်တော် ဟူ၍ဂင်း၊ မန်းစက်တော်ရာ ဟူ၍ဂင်း ခေါ်ကြသည်။ စက်တော်ရာသို့ ဘုရားဖူးသွားလိုလျှင် မင်းဘူးနှင့် စကူမြို့များမှတဆင့် သွားရလေသည်။ စက်တော်ရာသည် စကူမြို့၏ အနောက်တောင်ဖက် ၁၆ မိုင် အကွာတွင်ရှိသည်။ ထိုမြို့များမှ ဆည်တော်အထိ မြေညီခရီးကို မော်တော်ကား ဖြင့် လွယ်ကူစွာ သွားနိုင်သည်။ ဆည်တော်မှ စက်တော်ရာတောင်အထိကိုမူ၊ တောင်တက်တောင်ဆင်း ခရီးများဖြစ်၍၊ နွားလှည်းဖြင့် ခဲယဉ်းစွာ သွားရ၏။ စက်တော်ရာသည် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာဟူ၍ နှစ်ဌာနရှိသည်။ တောင်ပေါ်တွင်ရှိသော ဘုရားသခင်၏ ခြေတော်ရာတဆူကို အထက်စက်တော်ရာဟု ခေါ်ကြ၍၊ တောင်အောက် မန်းချောင်းဘေးဌိုရှိသော ခြေတော်ရာတဆူကို အောက်စက်တော်ရာဟု ခေါ်ကြသည်။


ထိုစက်တော်ရာများ၏ သမိုင်းကား ဤသို့တည်း။ ဂေါတမမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဝါတော်ငါးဝါမြောက်သောအခါ၊ သုနာပရန္တတိုင်း၊ လယ်ကိုင်းမည်သော ဝါဏိဇ္ဇဂါမ၌ မဟာပုဏ် (မဟာပုဏ္ဏ)၊ စူဠပုဏ် (စူဠပုဏ္ဏ) ကုန်သည်ညီနောင် နှစ်ယောက်တို့သည် ဘုရားသခင်အားပန်ကြား၍ စန္ဒကူးနှံသာကျောင်းကိုဆောက်၏။ ဘုရားသခင်လည်း သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှ ပြာသာဒ်ယာဉ်ပျံ ၅၀၀ တင် ရဟန္တာငါးရာတို့အား လိုက်ပါစေပြီး အခြံအရံပြုလျက်၊ ကောင်းကင်ခရီးဖြင့် ကျောင်းတော်မပြီးမခြင်း အကြိမ်ကြိမ်ကြွတော်မူလာ၏။

ဤကိုရည်၍ ရှင်မဟာသီလဝံသ အရှင်သူမြတ်က တန်းဦးတည်မော်ကွန်းတွင် 'သုနာပရန်၊ ကျွန်းမွန်အောင်နှိပ်၊ တမွှဒိပ်ဟု၊ တံဆိပ်နှစ်ထပ်၊ စက်ရှင်ကွပ်၍၊ မြန်ရပ်တမူ၊ စည်လိမ့်ဟူသား၊ လှိုင်ကြူမေတ္တာ၊ စျာန်ချမ်းသာဖြင့်၊ စမွာယ် ဓာတ် လှောင်း၊ နှံ့ သာ ကျောင်း ဝယ်၊ ကျိန်းအောင်းဘုန်းကြီး၊ ဆုံးမငြိုးလျှင်၊ မပြီးမခြင်း၊ လုပ်စဉ်တွင်းဌ၊ သနင်းခေါက်ခေါက်၊ ကြိမ်ကြိမ်ရောက်၏၊' ဟူ၍ စပ်ဆိုထားခဲ့လေသည်။ ထိုကျောင်းပြီးသောအခါ အလှူခံတော်မူပြီးလျှင်၊ ခုနစ်ရက်ပတ်လုံး စျာန်၏ချမ်းသာဖြင့် မွေ့လျော်တော် မူ၍ တရား ဒေသနာ တိုက် ကျွေး တော် မူသည်။ ထိုနောက် ဝါဏိဇ္ဇဂါမသို့ ဆွမ်းခံကြွတော်မူရာ၊ နမ္မဒါမြစ် (ယခု မန်းချောင်း) နားသို့ ရောက်တော်မူသည်။ ထိုအခါ ထိုမြစ်၌နေသော နမ္မဒါနဂါးမင်းသည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုသဖြင့် နဂါးပြည်သို့ ပင့်လျက် ကြီးစွာသော ပူဇော်သက္ကာရတို့ဖြင့် တရားတော်ကိုနာ၏။ တရားနာပြီးသော် ဘုရားသခင်အား ကိုးကွယ်ရာအမွေ့ တစုံတခုကို ပေးတော်မူခဲ့ပါရန် လျှောက်ထားသည့်အတွက် မြတ်စွာဘုရားလည်း နမ္မဒါမြစ်နား၌ ခြေတော်ရာ ပါဒစေတီကို ထားတော်မူခဲ့သည်။ ထို စက် တော် ရာ ကို အောက်စက်တော်ရာဟု ခေါ်ကြ၏။


မြတ် စွာ ဘု ရား သည် ထိုမှ သစ္စဗန္ဓ တောင် ထိပ် သို့ ကြွတော်မူ၏။ တောင်ထိပ်သို့ ရောက်တော်မူလျှင်၊ ထို အရပ်တွင်ရှိသော သစ္စဗန္ဓ ရသေ့ကို တရားဟောတော်မူ၍

အရပတ္တာဖိုလ်၌ တည်စေသည်။ သစ္စာပန္နဆေရိလည်း အရှိအသေ ကိုးကွယ်ရာကို တောင်းပန်ရာ မြတ်စွာဘုရားလည်း တခဲနက်သောအပြင်ရှိ ကျောက်ဖျာထက်၌ စိုသောမြေစိုင်ခဲပေါ်တွင် တံဆိပ်ခတ်ဘိသကဲ့သို့ စက်တော်ရာပါဒစေတီကို ချတော်မူ၏။ ထိုနောက် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။ ဒုတိယ ချတော်မူသော ဤခြေရာတော်ကို အထက်စက်တော်ရာဟု ခေါ်တွင်ကြသည်။ ယင်းသို့ ခြေတော်ရာနှစ်ဆူ ချတော်မူသည်ကို ရှင်မဟာသီလဝံသသည် တန်တားဦးတည်မော်ကွန်း၌ 'ကျယ်ပြောနောင်လာ၊ ငါရိုက်ရာကား၊ သုနာပရန်၊ ကျန်းမာနှံ့အောင်နိုပ်၊ တမွှဒိပ်ဟု၊ တံဆိပ်နှစ်ထပ်၊ စက်ရှင်ကွပ်၍၊' ဟူ၍ငင်း၊ ရှင်မဟာရဋ္ဌသာရ တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်း၌ 'ရွှေစက်နင်းနိုပ်၊ ရာတံဆိပ်ဖြင့်၊ မာရ်နိုပ်ထက်ကြပ်၊ စက်ရှင်ကွပ်သား၊' ဟူ၍ငင်း၊ 'နမွဒါဟု၊ မြစ်သာကမ်းနား၊ တောင်ထွတ်ဖျားဝယ်၊ နှစ်ပါးတူကွ၊ ရာတော်ပြလျက်၊ လောကသခင်၊ မျှလောက်စင်သည်၊ စည်ပင်သာသနာ၊ တည်ကြာလမည်၊' ဟူ၍ငင်း၊ စပ်ဆိုခဲ့သည်။ ထိုပြင် ရှင်မဟာရဋ္ဌသာရသည် ရွှေစက်တော်သွား တောလား တွင်လည်း 'ဘုန်းသန်သက္ကာ၊ မုနိန္ဒလျှင်၊ ရွှင်ပျကြည်ဖြူ၊ ဟောတော်မူသည်၊ လေးဆူကျန်းမြတ်၊ ဘုန်းထွဋ်သိရိ၊ တမွှဒိထက်၊ ကျော်သိထင်ရှား၊ ကျေးဇူးများ၏၊ နဂါးမုဆိုး၊ ရိုကျိုးတောင်းပန်၊ ပူဇော်ရန်ဟု၊ နမန္ဆာနား၊ ရာဇာတပါးနှင့်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနိုပ်ရာတော်၊ နှစ်ဘော်ရွှေစက်၊ ရောင်ပြိုးပြက်သည်၊' ဟူ၍ စပ်ဆိုထားလေသည်။

ထိုစက်တော်ရာနှစ်ဆူကို မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကပင်စ၍ အစဉ်အဆက် ကိုးကွယ်လာခဲ့ကြလေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက်ကာလတွင်၊ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်ကာ၊ လူသူ အရောက်အပေါက် မရှိဖြစ်ခဲ့၏။ ထိုနောင် သီရိခေတ္တရာ၊ ဒုတ္တပေါင်မင်းကြီး လက်ထက် မင်းကြီး ကိုယ်တော်တိုင် ကြွရောက်လာ၍ စက်တော်ရာနှစ်ဆူ အထက်၌ စုလစ်မှန်းချန်၊ တုရင်မှန်ကင်း၊ မုတ်တံခါးတို့ကို ပြုလုပ်လှူဒါန်းခဲ့၏။ ထိုနောက် ညောင်ဦးစောရဟန်းမင်း၊ ကြောင်ဖြူမင်းတို့ အပူးအမြော် ကြွရောက်၍ အလှူဒါန ပြုခဲ့ကြသည်။ ပုဂံ အနော်ရထာစောမင်းမှာမူကား ရွှေချိန်တထောင်ကို လှူဒါန်းခဲ့၍၊ ကျန်စစ်သားမင်းကြီးမှာမူ ကိုယ်လေးတော်အမျှဖြင့် ရွှေကိုလှူဒါန်းခဲ့ရုံမျှမက၊ ပန်းထိမ်း၊ မဖဲစသည့် ခုနစ်မြို့မှ လူပေါင်း ၁၅၀ ကို စေတီအစောင့်အဖြစ် လှူဒါန်းခဲ့ဘူးသည်။ အလောင်းစည်သူမင်းကြီးကမူ မြေ



ညောင်ဦးမြို့ ရွှေညှိုးခုံဘုရားတန်ဆောင်းအတွင်းရှိ ခြေတော်ရာ



အမရပူရမြို့ ကျောက်တော်ကြီးဘုရားရှိ ရွှေရေးပန်းချီလက်ရာ စက်တော်ရာတဆူ


များလှုဒါန်း၍ ထိုနယ်မြေမှ မြေဆီမြေခွန်၊ ပဲ့၊ တည်၊ ဆိပ်၊ ကင်း၊ ကူးတို့၊ ဆင်သေ၊ မြင်းလဲခွန်များ၊ တရုတ်ကုမ်းဖိုးများကို ဘုရား၏ဝေယျာဝစ္စအတွက် လှူဒါန်းခဲ့လေသည်။

ဤသို့ မင်းစဉ်မင်းဆက် ကြွရောက် ဖူးမြော်၍ လှူဒါန်းခဲ့ကြသော်လည်း၊ နောင်ကာလတွင် လူသူ အရောက်အပေါက် မရှိဖြစ်ကာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ခဲ့ပြန်လေသည်။ အင်းဝ သာလွန်မင်းတရားကြီးလက်ထက် ရောက်သောအခါမှ၊ ပဌမ တောင်ဖီလာဆရာတော် စသော ဆရာတော်ကြီး ၄ ပါးတို့သည် မင်းတရားကြီး လျှောက်ထား တောင်းပန်သဖြင့် ရှာဖွေတွေ့ရှိခဲ့ရာမှ စက်တော်ရာဒေသသို့ လူသူ အရောက်အပေါက် လွယ်ကူစေရန် ရှင်းလင်းစေခဲ့လေသည်။ ထိုနောက် မင်းများသည် အလောင်းမင်းတရားကြီး လက်ထက်တိုင်၊ စက်တော်ရာဒေသသို့ ကြွရောက်၍ လှူဒါန်းပူဇော်ကြလေသည်။

သက္ကရာဇ် ၁၀၅၈ ခုနှစ်တွင်၊ လယ်ကိုင်းမြို့ဒေသမှ ရှင်သုဓမ္မစာရီသည် ဘုရားဖူးလာသူတို့အခက်အခဲ မတွေ့စေရန်နှင့် ရာသီဥတုဘေးဒဏ်မှ ကင်းဝေးစေရန် အထက်စက်တော်ရာကို ရှိရင်းတောင်ကမ်းပါးမှ ငြမ်းဆင်၍ ပြောင်းရွှေ့စေရာ၊ ခြေတော်ရာမှ ခြေသန်းတော်မှာ ပဲ့သွားလေသည်။ ယင်းသို့ပဲ့သွားသော နေရာတွင် ရွှေဖြင့် အစားထိုးပြင်ဆင်ထားခဲ့၏။ ယခုအခါ မြန်မာနိုင်ငံအရပ်ရပ်မှ လွယ်ကူစွာ သွားလာနိုင်ရန် စီစဉ်ထားလေသည်။

စက်တော်ရာ အနီးအနားရှိ တောင်များ၊ ဒေသများကို ဘုရားသခင်၏ ခြေတော်ရာကို ချထား ပေးသနားရန် တောင်းပန်ခဲ့သော သစ္စာမန္တ မထေရ်အား အစ္ဆပြု၍ ယခု အခါ မှည့်ခေါ်ထားသည်ကို တွေ့ရ၏။ ထိုမထေရ်သည် ရှေးအခါ မုဆိုးအဖြစ်ဖြင့် အသက်မွေးခဲ့စဉ်က နေထိုင်သည်ကို အစ္ဆပြု၍ အထက်စက်တော်ရာဘေးမှ တောင်ကို 'မုဆိုးတောင်' ဟုငှင်း၊ ထိုတောင်အောက်ရှိသော တောင်တလုံးကို မုဆိုးကြီး ရရှိသော သားကောင်မှရသည့် သားရေကြက်ရာနေရာ ဖြစ်၍ 'သားရေကြက်တောင်' ဟုငှင်း ယုံမှတ်ခေါ်ဝေါ်ကြသည်။ မုဆိုးတောင်၏ လက်ျာအစွန်းတွင် ထူးခြားစွာ တည်ရှိနေသော ကျောက်တုံးကြီးတခုသည် မုဆိုး၏ ဒူးထောက်ရာနှင့် ခြေရာများ ရှိ၍ ထိုခြေရာတို့တွင် တင်ရှိနေသောရေများကို မျက်စဉ်းအဖြစ်ခတ်ပါက မျက်စိရောဂါများပျောက်သည်ဟု ယုံကြည်ကြသည်။

လမ်းခရီးစခန်းများကိုလည်း စက်တော်ရာသမိုင်းနှင့်ဆက်စပ်၍ အမည်မှည့်ခေါ်ထား၏။ စကုမ္ဘိုမှ ၇ မိုင်ခန့်အကွာ အနောက်ဖက်တွင်၊ မုဆိုးကြီး ယုန်လိုက်ကြွရာ တောအုပ်တခု ရှိခဲ့သည်ဟု ယုံကြည်သဖြင့် ထိုနေရာကို 'ယုန်ကြွတော' ဟု ခေါ်ကြသည်။ မြတ်စွာဘုရားသခင် ကြွရောက်စဉ်က၊ ဆွမ်းစားပြီးနောက် လုပ်တော်ဆေးခဲ့သည်ကို ရည်ညွှန်း၍ 'လုပ်ဆေးချောင်း' ဟု ခေါ်တွင်ကြသည်။ ထို ချောင်းတွင် ဆန်စေ့နှင့်တူသော ကျောက်ခဲကလေးများကို အနှံ့အပြား တွေ့ရှိရ၏။ စက်တော်ရာဘုရားသို့ ရောက်



စက်တော်ရာစေတီနှင့် မန်းချောင်း



သစ္စဗန္ဓေရ် လျှောက်ထားတော်းပန်သဖြင့် မြတ်စွာဘုရားသခင်ထားခဲ့သည့် အထက်စက်တော်ရာစေတီ


ခါနီး တောင်အဆင်း စခန်းတခု ကိုလည်း၊ မုဆိုးကြီး လေးတင်၍ ဆင်းရာ အရပ်ဟု ယုံကြည့်ကြကာ၊ 'လေးတင်ဆင်းစခန်း' ဟု အမည်ပေးထားကြသည်။ အထက်စက်တော်ရာတောင်ဘေးရှိ လိုဏ်ဂူတခုကို မြန်မာနိုင်ငံသမိုင်းတွင် မင်းငါးဆက်၏မိဖုရား ဖြစ်ခဲ့သော ရှင်ဘို့မယ်သည် ရောက်လာ၍စခန်းချနားနေလျက် ရက်ကန်းခတ်ခဲ့ဘူးသည်ကို ရည်မှတ်၍ 'ရှင်ဘို့မယ်တွင်း' ဟု ခေါ်ဝေါ်ကြ၏။ မိန်းမများသည် ထိုတွင်း၏ဘေးတွင် အပေါက်ငယ်များပြုလုပ်၍ လက်ညှိုးကို ထားကာ ရက်ကန်းတတ်ပါစေ၊ ဗိုင်းတတ်ပါစေဟု ဆုတောင်းလေ့ရှိကြသည်။

စက်တော်ရာတောင်ကို မန်းချောင်းသည် ကွေ့ပတ်၍စီးဆင်းရာ၊ တောင်ခြေရင်းသို့ သုံးကြိမ်တိုင်တိုင် သုံးနေရာတွင် ချဉ်းကပ်ပြီးမှ တဖြောင့်တည်း စီးဆင်း သွားလေသည်။ ဤသည်ကို အသက်မရှိသောမန်းချောင်းပင်လျှင် မြတ်စွာဘုရား၏ ခြေတော်ရာချရာအရပ်ကို ဦးသုံးကြိမ်တိုက်သည်ဟု ပြောစမှတ်ပြုကြလေသည်။

စက်တော်ရာဘုရားနှင့် စပ်လျဉ်း၍ စက်တော်ရာဘုရားကျောက်စာ၊ ရွှေစက်တော်တန်ဆောင်း ကျောက်စာ ဟူ၍ ကျောက်စာ ၂ ဆူ ရှိလေသည်။ ယင်းတို့မှာ မူလထိုးများမဟုတ်ချေ။ စပ်ထိုးနှင့် ဆင့်ထိုး အသီးသီးဖြစ်ကြ၏။ စက်တော်ရာဘုရား ကျောက်စာအရ၊ ထီးလှိုင်ရှင် ကျန်စစ်သားမင်း (၎၂၇ ခု)၊ အလောင်းစည်သူမင်း (၎၇၅ ခု၊ ၅၁၂ ခု)၊ နရပတိစည်သူမင်း (၅၄၅ ခု)၊ ပဌမ မင်းခေါင် (၇၆၇ ခု) နှင့် ဒုတိယ မင်းခေါင် (၈၄၇ ခု) တို့ ကျန်သီးတော်ဝတ္တကံရွာမြေရပ်များကို လှူဒါန်းကြကြောင်း သိရသည်။ ရွှေစက်တော်တန်ဆောင်း ကျောက်စာ (၆၀၀ ပြည့်နှစ်) တွင် ရွှေစက်တော်ဘုရား၌ တန်ဆောင်းဆောက်၍ ဝတ်မြှေလှူကြောင်း • ဖော်ပြထားလေသည်။



နမ္မဒါနဂါးမင်း လျှောက်ထားသည့်အတွက် မြတ်စွာဘုရားသခင်ထားတော်မူခဲ့သည့် အောက်စက်တော်ရာစေတီ




ရှေးဦးစွာတီထွင်ခဲ့သော ခြေယက်စက်ဘီးများ

ရှိသည်။ တာတို့၊ တာရှည် အမြန်စီးပြိုင်ပဲ့တင်လည်း နည်းနှစ်မျိုး ရှိပြန်သည်။ နည်းတမျိုးမှာ ပြိုင်ပဲ့ဝင်သူများကို တပြိုင်တည်း မလွှတ်ဘဲ၊ မိနစ်ဝက်၊ တမိနစ်စီခန့် ခြားရ၍ တယောက်ပြီးတယောက် ပန်းတိုင်သို့ အရောက် လွှတ်ခြင်းဖြစ်ပြီး လျှင်၊ အခြားနည်းတမျိုးမှာ ပြိုင်ပဲ့ဝင်သူအားလုံးကို တာထွက်စည်းမှ တပြိုင်တည်း လွှတ်ခြင်းဖြစ်သည်။ ပဌမနည်းဖြစ်သော ပြိုင်ပဲ့တွင် ပန်းတိုင်သို့ အချိန်အနည်းဆုံးဖြင့် ရောက်သွားသူသည်

စက်ဘီး။ ။စီးစရာထိုင်ခုံနှင့် သံမဏိဘောင်တွင် ဘီးတပ်၍၊ ခြေဖြင့် ခြေနင်းကိုလှည့်ပေးရသော လူစီးယာဉ်တမျိုးသည် စက်ဘီးဖြစ်၏။ စက်ဘီးသည် ခရီးသွားရာ၌ တွင်ကျယ်သည့်အပြင် မော်တော်ယာဉ်များကဲ့သို့ စရိတ်အကုန်အကျ မများခြေ။ ယင်းကို ထိန်းသိမ်းရသည့်တာဝန်လည်း မကြီးမားခြေ။ တန်ဖိုးချိုသာသောကြောင့်၊ ကျောင်းသူကျောင်းသားများနှင့် အလုပ်သမား ဆင်းရဲသားတို့ပင်လျှင် ယင်းကို ဝယ်ယူသုံးစွဲနိုင်ပေသည်။ စက်ဘီးကို အလုပ်ကိစ္စအတွက်သာလျှင်၊ အသုံးပြုနိုင်သည်မဟုတ်၊ ကိုယ်လက်လှုပ်ရှားကစားမှုတရပ် အနေနှင့်လည်း အသုံးပြုနိုင်လေသည်။

စက်ဘီးစီး ပြိုင်ပဲ့များကို အခြားသော ပြေးပဲ့ ပြိုင်ပဲ့၊ ကစားပဲ့များ နည်းတူ ရံဖန်ရံခါ ကျင်းပလေ့ရှိကြ၏။ စက်ဘီးစီးပြိုင်ပဲ့များတွင် အနှေးစီးခြင်း၊ အမြန်စီးခြင်း၊ အလှစီးခြင်း၊ တာတိုစီးခြင်း၊ တာရှည်စီးခြင်း ဟူ၍ နည်းအမျိုးမျိုး



ယခုခေတ်စက်ဘီး၏ရှေ့ပြေး သုံးဘီးတပ်စက်ဘီး



ရှေဘီးမြင့်ကြီးတွင် ခြေနင်းတပ်ဆင်ထားသောစက်ဘီး

ပဌမရ၍၊ ဒုတိယနည်းဖြစ်သောပြိုင်ပဲ့တွင် ပန်းတိုင်သို့ ရှေးဦးစွာ ရောက်သူသည် ပဌမရလေသည်။

စက်ဘီးဟူ၍ ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်၏။ ၁၇၉၉ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ထုတ် ပြင်သစ်နိုင်ငံ ပါရစ်ဂျာနယ်တွင် ခြေယက်စက်ဘီးတမျိုးကို ပြင်သစ်လူမျိုး ၂ ဦးက တီထွင်ပြုလုပ်လိုက်ကြပြီဟု ရေးသားဖော်ပြခဲ့၏။ ထိုစက်




ယခုခေတ်စက်ဘီးများ

၁၈၁၇ ခုနှစ်တွင် ဂျာမန်လူမျိုးတဦးသည် ပြင်သစ်နိုင်ငံ၌ပေါ်ခဲ့သော ခြေယက်စက်ဘီးထက် အနည်းငယ်သာသည့်ခြေယက်စက်ဘီးကို ကြံစည်ပြုလုပ်လိုက်လေသည်။ ထိုစက်ဘီး၏ ထူးခြားချက်တရပ်မှာ ရှေ့ဘီးကို ထိုင်ခုံနောက်သစ်သားဘောင်တွင် ငုတ်ဖြင့်လျှိုသွင်းကာ လှည့်နိုင်အောင် တပ်ဆင်ထားခြင်းပင် ဖြစ်၏။ ထိုအစီအမံကြောင့် ရှေ့ဘီးကို လက်ကိုင်ဖြင့်ထိန်းကာ လိုရာဖက်သို့ ဦးလှည့်ပေးနိုင်လေသည်။

စကော့လူမျိုးတဦး သည်လည်း ၁၇၃၄ ခုနှစ်တွင် ခြေနင်းတပ် ၃ ဘီးစက်ဘီးကို၎င်း၊ ၁၇၄၀ ပြည့်နှစ်တွင် ခြေနင်းတပ် ၂ ဘီးစက်ဘီးကို၎င်း၊ စီမံပြုလုပ်ခဲ့၏။ ထိုစက်ဘီးတို့၏ ထူးခြားချက်ကား၊ နောက်ဘီးဝင်ရိုးကို ခြေနင်းမှ မောင်းတံနှင့်ဆက်ကာ လှည့်ပေးနိုင်ခြင်းပင်ဖြစ်၏။ ခြေနင်းတပ် ၂ ဘီးစက်ဘီး၏ ရှေ့ဘီးမှာ လက်မ ၃၀ ခန့်မြင့်၍ အားပေးဘီးဖြစ်သော နောက်ဘီးမှာ လက်မ ၄၀ ခန့်မြင့်ပြီးလျှင်၊ ၂ ဘီးစလုံးမှာ သံတိုင်ယာကွပ်ထားသော သစ်သားဘီးများ ဖြစ်ကြလေသည်။ ထိုစက်ဘီးသည် ယခုခေတ်သုံးစက်ဘီးများ၏ ရှေ့ပြေးနမူနာပင် ဖြစ်လေတော့သည်။

ထိုနောက်၌ကား ယခုခေတ် ကလေးစီး သုံးဘီးစက်ဘီးမှာကဲ့သို့၊ ခြေနင်းကို ရှေ့ဘီး၏ ဝင်ရိုးတွင် တပ်ဆင်ထား



စက်ဘီးထုတ်လုပ်သော ခေတ်မှီစက်ရုံ




တာရှည်စက်ဘီးပြိုင်ပွဲ ကျင်းပနေစဉ်

စက်ဘီးလုပ်ငန်းသည် ပဌမကမ္ဘာစစ်ကြီး အပြီးတွင်မှ သိသိသာသာ တိုးတက်လာခဲ့လေသည်။ နောက်ဆုံးပေါ် ပြိုင်ဘီးများမှာ သာမန်စက်ဘီး၏ အလေးချိန် ထက်ဝက်သာ ရှိလေသည်။ ဘောင်များနှင့် ခွံကာများကို လွန်စွာပေါ့ပါးသော ကရိမီယမ်ခေါ် သတ္တုတမျိုးဖြင့် ပြုလုပ်ထားသည်။ လက်ကိုင်မှာ နှားချိုကုပ်ကဲ့သို့ အောက်ဖက်သို့ ကောက်ထားလေသည်။ စီးနင်းရာတွင် သာမန်စက်ဘီးများထက် သုံးလေးဆ ပို၍ လျင်မြန်စေရန် အထူးဂီယာခေါ်ခွေးသွားစိတ်ဘီးတခုကို နောက်ဘီးဝင်ရိုးတွင် တပ်ဆင်ထားလေသည်။

သည့် စက်ဘီးမြင့်ကြီးများ ခေတ်စားလာလေသည်။ ရှေ့ဘီးမှာ လွန်စွာပင်ကြီးမား၍ နောက်ဘီးမှာမူ အဆမတန် သေးငယ်လေသည်။ ထိုသို့ပြုလုပ်ထားခြင်း၏ ရည်ရွယ်ချက်မှာ စီးနင်းရာတွင် ပို၍ခရီးတွင်စေရန်ဖြစ်၏။ ရှေ့ဘီးတို့သည် လက်မ ၆၀ မှ ၆၄ လက်မထိ အမြင့်ရှိတတ်ကြသည်။ ထိုစက်ဘီးမျိုးကို စီးတတ်ရန်မှာ အလေ့အကျင့်များစွာလိုသည့်အပြင်၊ အထိန်းရလည်း ခက်သောကြောင့် ဘေးအန္တရာယ်များလေသည်။ ၁၈၆၈ ခုနှစ်တွင် အင်္ဂလန်ပြည်၌ သံတိုင်ယာများအစား ရော်ဗာတိုင်ယာများကို စတင်သုံးစွဲလာကြ၏။

၁၈၇၅ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးတဦးသည်၊ အရွယ်တူညီသော နှစ်ဘီးတပ်စက်ဘီးကို ရှေးဦးစွာ လုပ်ကိုင်ခဲ့လေသည်။ ဘောင်မှာလည်း ယခင်စက်ဘီးများ၏ဘောင်ထက် နိမ့်၍ ကျယ်ပြန့်လေသည်။ ခြေနင်းကိုလည်း ရှေ့ဘီးတွင် မဟုတ်ဘဲ၊ ဘီးနှစ်ခုစပ်ကြားတွင် ခွေးသွားစိတ်ဘီးတခု၌ တပ်ဆင်ထား၍ နောက်ဘီးဝင်ရိုးသို့ သံကြိုးတခုဖြင့် ဆက်သွယ်ထားလေသည်။ နင်းလိုက်သည့်အခါ စက်ဘီးသည် နောက်ဘီး၏အားဖြင့် လိမ့်ရ၏။ ထိုစက်ဘီးမှာ ယခုခေတ်သုံးစက်ဘီးများ၏ သဘောအတိုင်းပင် ဖြစ်သည်။ ထိုနောက်တွင်ကား၊ သံလုံးငယ် ဗယ်ရင်ကလေးများကို မပွန်းအောင်ထည့်ခြင်း၊ စပရင်ခံ သားရေထိုင်ခုံများ တပ်ဆင်ခြင်း အစရှိသော ပြုပြင်ချက်များကို တစတစ ပြုလုပ်လာကြပြီးလျှင် နောက်ဆုံး ၁၈၈၈ ခုနှစ်တွင် ရော်ဗာတိုင်ယာများအစား၊ လေလုံးတိုင်ယာ များ ကို ပြောင်း လဲ တပ်ဆင် လိုက်သော အခါ၊ ယခုခေတ်သုံးစက်ဘီး၏ အသွင်အပြင်သို့ ရောက်ရှိလာလေသည်။

စက်မှုလက်မှုအရေးပုံ။ ။ကမ္ဘာသူကမ္ဘာသားတို့သည် ၁၈ ရာစုနှစ် အလယ်လောက်ထိ ရှေးသမားရိုးကျ အတိုင်းလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ခဲ့ကြ၏။ လယ်ယာစိုက်ပျိုးရာ၌ သစ်သားထွန်ကို အသုံးပြု၍၊ စပါးရိတ်ရာတွင် တံစဉ်ကြီးငယ်တို့ဖြင့်သာ လက်ရိတ် ရိတ်ကြ၏။ ကောက်လိုင်းများကို ကောက်ရိုက်တုတ်နှင့် ရိုက်နှက်ကာ စပါးနှံများကို ခွာယူသည်။ အဝတ်အထည် ရက်လုပ်ရာတွင်လည်း လက်သို့မဟုတ် ခြေနှင့်လှည့်ရသော ရက်ကန်းများသာရှိလေသည်။ ပန်းဘဲ၊ လက်သမား၊ ပုရန်ဆရာတို့၏ လက်နက်ကရိယာတို့မှာလည်း ရှေးအီဂျစ်ခေတ်ဟောင်းက ကရိယာများနှင့်တူ၍ ပြောင်းလဲတိုးတက်မှု အလျင်းမရှိခဲ့သေးချေ။




ဟားဂရိုးတီထွင်သည့် ' စပင်းနင်းကျင်နီ ' ခေါ် ခြည်ငင်စက် (၁၇၆၇)

အင်္ဂလန်ပြည်သည် စိုက်ပျိုးရေးတိုင်းပြည်အဖြစ်မှ စက်မှုတိုင်းပြည်အဖြစ်သို့ ၁၇၆၀–၁၈၃၀ ပြည့်နှစ်များ အတွင်း၌ ပြောင်းလဲ တိုးတက်ခဲ့လေသည်။ ယခင်က လုပ်ငန်းဆောင်တာများကို စက်မသုံးဘဲ၊ ရှေးသမားရိုးကျ စံနစ်ဖြင့်သာ ပြုလုပ်ခဲ့ကြသောကြောင့် ကုန်ပစ္စည်းပြုလုပ်ရာတွင် အချိန်ကုန် လူပန်း၍ မြောက်မြားစွာလည်း မထုတ်လုပ်နိုင်သဖြင့် ကုန်ပစ္စည်းများမှာ ဈေးကြီးမြင့်၍ လူသာမန်တို့ ဝယ်ယူသုံးဆောင်ခြင်း မပြုနိုင်ကြချေ။

ယခုသုံးစွဲနေကြသည့် အချို့သော ပစ္စည်းမျိုးသည် ၁၇၅၀ ပြည့်နှစ်မတိုင်မီခေတ်က သာမန် အရပ်သူအရပ်သားတို့ သုံးစွဲခြင်း မပြုနိုင်သော ပစ္စည်းများ ဖြစ်၏။ သို့ရာတွင် ထိုခေတ်က ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေတတ်သော စက်ရုံကြီးများ မရှိခဲ့ချေ။ ယင်းစက်ရုံကြီးများ မရှိခဲ့သဖြင့်လည်း လုပ်သားနှင့် အလုပ်ရှင် ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာ စသည်များ မရှိခဲ့ပေ။ ၁၇၅၀ ပြည့်နှစ်ကျော်မှသာ စက်မှုလုပ်ငန်းများ ထွန်းကားလာ၍ ကမ္ဘာ့အခြေအနေမှာ တမျိုးတဖုံ ပြောင်းလဲလာခဲ့လေသည်။ ယင်းသို့ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့သော အခြေအနေများကို ပြောင်းလဲပစ်ကာ၊ စက်မှုခေတ်သို့ ပို့ဆောင်ခဲ့သော စီးပွားရေးဆိုင်ရာ တိုးတက်မှုများကိုပင် 'စက်မှုလက်မှုအရေးပုံ' ဟုဆိုလိုပေသည်။

၁၇၅၀ ပြည့် နှစ် လောက် တွင် အင်္ဂလန်ပြည်၌ အထည်အလိပ် လုပ်ငန်းများ အတွက် စက်များကို တီထွင်ပြုလုပ်ခြင်းဖြင့် အရေးပုံသည် စတင်ဖြစ်ပေါ်လာလေသည်။ ကေးဆိုသူသည် ၁၇၃၃ ခုနှစ်တွင် ရက်ကန်းလွန်းပုံကို တီထွင်ခဲ့၏။ ၁၇၆၇ ခုနှစ်တွင် ဟားဂရီးဆိုသူက ခြည်မျှင်အများကို တပြိုင်တည်းငင့်နိုင်သည့် 'စပင်းနင်းဂျင်နီ' ခေါ် ခြည်ငင်စက်ကို တီထွင်ခဲ့လေသည်။ အတ်ကရိုက် ဆိုသူကလည်း ၁၇၆၉ ခုနှစ်တွင် ခြည်ငင်စက်တမျိုးကို တီထွင်လိုက်၏။ ကရွမ်တန် ကလည်း ခြည်မျှင်အများကို တပြိုင်တည်းငင့်နိုင်သည့် 'မျူး' ခေါ် ခြည်ငင်စက်ဆန်းတခုကို တီထွင်ခဲ့၏။ ကတ္တရိုက်က 'ပါဝါလွန်း' ခေါ် ရက်ကန်းစက်ကို တီထွင်ခဲ့၏။ ပဌမတွင် ထိုစက်များကို ရေအားဖြင့်လှည့်ခဲ့သော်လည်း ၁၇၆၉ ခုနှစ်တွင် ဂျိမ်းဝပ်သည် ရေနွေးငွေ့နှင့် မောင်းနှင်သည့်စက်ကို တီထွင် အောင်မြင်ခဲ့သောကြောင့် ခြင်ငင်စက်၊ ရက်ကန်းစက်များကို ရေနွေးငွေ့စက်များဖြင့် မောင်းနှင်ခဲ့လေသည်။ (ဟားဂရီး, ဂျိမ်း။ အတ်ကရိုက်, ဆာရစ်ချတ်။ ကတ္တရိုက်, အီ။ ကရွမ်တန်, အက် (စ)။ ဝပ်, ဂျိမ်း — ရှု။)


သံလုပ်ငန်းတွင် မီးသွေးဖြင့် သံရည်ကျိုသည့် အစား



စက်မှုလက်မှုအရေးပုံအတွင်းက အောင်မြင်စွာတီထွင်ခဲ့သော ရေနွေးငွေ့ဖြင့်မောင်းနှင်သည့်စက်

ကျောက်မီးသွေးကို အသုံးပြုခြင်းဖြင့် လုပ်ငန်းမှာ ပိုမိုတိုးတက် တွင်ကျယ်လာ၏။ လမ်းများကိုလည်း ပြုပြင်ခဲ့၍ တူးမြောင်း အများအပြားကို ဖောက်လုပ်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်။

ဤသို့သော တီထွင်မှုများကြောင့် အိမ်တွင်းမှုလုပ်ငန်းစံနစ် တိမ်ကောပျောက်ကွယ်၍ စက်ရုံလုပ်ငန်းစံနစ် ကြီးပွားလာလေသည်။ ထိုပြင် လုပ်ငန်းရှိရာ စက်ရုံများတွင် လူတို့ ပြောင်းရွှေ့နေထိုင်လာကြလေရာ စက်ရုံရှိရာအရပ်တို့တွင် မြို့ဖြကြီးများ ဖြစ်ပေါ်လာ၍ တောရွာတို့တွင် လူနေနည်းပါးလာလေသည်။



အတ်ကရိုက်တီထွင်သည့်ခြည်ငင်စက် (၁၇၆၉)


စက်မှုလုပ်ငန်း ထွန်းကားလာသောအခါ စိုက်ပျိုးရေးလုပ်ငန်း၌ လူမလိုတော့သဖြင့် လယ်သမားတို့သည် စက်မှုအလုပ်သမားများ ဖြစ်လာကြလေသည်။ အလုပ်ရုံပိုင်သောအရင်းရှင် ဟူ၍ ပေါ်ပေါက်လာပြီးလျှင်၊ ထိုလူတန်းစားသည်၊ နိုင်ငံရေးရာတွင် ဝင်ရောက်စိုးမိုးလာလေသည်။ (အရင်းရှင်ဝါဒ — ရှု။) အရင်းရှင်နှင့်အလုပ်သမား ပဋိပက္ခမှုများလည်း မကြာခဏ ဖြစ်ပွားခဲ့လေသည်။ ယခင်က လူအများလုပ်ရသော အလုပ်မျိုးကို လူအနည်းနှင့် ပြီးနိုင်စွမ်းသဖြင့်လည်း အလုပ်လက်မဲ့ပြဿနာများ ပေါ်ပေါက်ခဲ့ရလေသည်။

မည်သို့ပင်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်း တိုးတက်ခဲ့သည့်အတွက် လူသာမန်တို့မှာ ကုန်ပစ္စည်းများကို စျေးပေါပေါနှင့် ကောင်းကောင်း ဝယ်ယူအသုံးပြုနိုင်ခဲ့လေသည်။ အင်္ဂလန်ပြည်သည် ကုန်ပစ္စည်းများကို ပေါပေါများများ လုပ်ကိုင်ရောင်းချနိုင်ခဲ့သဖြင့် ဝင်ငွေတိုးတက်ပြီးလျှင် စီးပွားရေး ခိုင်လုံတောင့်တင်းလာခဲ့လေသည်။ ထိုကြောင့် နပိုလီယန်နှင့် စစ်ဖြစ်သောအခါ ခံနိုင်ရည်ရှိခဲ့ပေသည်။ လူတို့၏ နေထိုင်မှုအဆင့်အတန်းလည်း မြင့်လာ၏။ စက်မနိုင်ငံတို့သည် ကုန်ကြမ်းရရန်နှင့် ပြည်တွင်းထွက်ကုန်ချောရောင်းချရန် နယ်ပယ်များလိုလာသဖြင့် နိုင်ငံခြားထွင်လာကြရသည်။ ဤသို့လျှင် နယ်ချဲ့စနစ်လည်း ပေါ်ပေါက်လာလေသည်။

ထိုခေတ်၌ လူတို့သည် စက်မှုလုပ်ငန်းကိုသာမက၊ စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း တိုးတက်ကောင်းမွန်အောင် ပြုပြင်ခဲ့ကြလေသည်။ ဂျုံတမျိုးတည်းကိုသာ နှစ်စဉ် ဆက်စိုက်ခြင်းမပြုဘဲ၊ မုန်လာဥဝိုင်း၊ မုန်လာဥနီ၊ ပဲပင် စသည်တို့နှင့် တလှည့်စီ ပြောင်း၍ စိုက်ကြလေသည်။ ထိုအလှည့်ကျ စိုက်ပျိုးရေး စံနစ်ကြောင့် မြေဩဇာ မယုတ်လျော့ဘဲ ကောင်းမွန်လာသည့်ပြင် အထွက်လည်း များလာလေသည်။ နွား၊ ဆိတ်၊ သိုး စသည်တို့ကို ပြုပြင်မွေးမြူကြသဖြင့် ကောင်ရေ များပြားလာကာ အမျိုးအစားလည်း ကောင်းမွန်လာလေသည်။


ဤသို့လျှင် အင်္ဂလန်ပြည်၏ အခြေအနေသည် စက်မှုလက်မှုအရေးပုံကြောင့် အနှစ်တရာခန့်အတွင်း မယုံနိုင်လောက်အောင် ပြောင်းလဲလာခဲ့လေသည်။ ဤအရေးပုံသည် အင်္ဂလန်ပြည်၌ စတင်ပေါ်ပေါက်ခဲ့၍ နောင်အခါတွင် ကမ္ဘာတဝှန်းလုံးသို့ တဖြည်းဖြည်း ပျံ့နှံ့သွားသဖြင့် ကမ္ဘာတခုလုံး၏ အခြေအနေလည်း တမျိုးတဖုံ တိုးတက်ပြောင်းလဲလာကာ ခေတ်သစ်ကြီး ပေါ်ပေါက်ခဲ့ရလေသည်။

စက်သီး။ ။အိမ်အပေါ်ထပ်က လူသည် မြေကြီးပေါ်မှ ဝန်တခုကို မတင်လိုသည်။ သူသည် ကြိုးချပေး၍ လူတစ်



ပုံ-၁

အောက်မှ အထက်သို့ ဝန်ကို ဆွဲတင်ရမည့်အစား အထက်မှ အောက်သို့ ဆွဲချရခြင်းဖြစ်အောင် ပြောင်းလဲပေးသော စက်သီးအသေ



ပုံ ၂ တွင် စက်သီးအရှင်၏သဘောကို သရုပ်ဖော်ထားသည်။

ပုံ ၃။ (၁) စက်သီးအရှင်။ (၂) နှင့် (၃) စက်သီးအသေနှင့် စက်သီးအရှင်များကို တွဲဖက်၍ သုံးသည့်အခါ ဝန်သည်ပေါ့ပါးလာသည်။

ဤစက်သီးသည် ပွတ်တိုက်ခုခံမှုကို နည်းစေသည့်အပြင် စိုက်အားကိုလည်း နည်းစေသည်။ (ပွတ်တိုက်ခုခံမှု — ရှု။) စက်သီးနှင့်ဝင်ရိုး ခေါ် စက်ကရိယာသည် စင်စစ်အားဖြင့် မောင်းတံ (လီဗာ) သဘောကို အခြေပြု၍ တည်ဆောက်ထားသောစက် ဖြစ်သည်။ ဝင်ရိုးသည် ခုတုံးသဘော၊ ဘီးနှင့် ဘီးထွေ့ာက်တို့သည် မောင်းတံသဘော ဆောင်ရွက်ကြ၏။ ဘီးထောက်မရှိသော ဘီးချပ်ပြားဌ်ပင် မောင်းတံသဘော ဆောင်ရွက်ချက်ရှိသည်။

ပုံ ၁ တွင် ပါဝါလက်တံသည် ဝင်ရိုးအလယ်ချက်မှ အပြင်ဘီးကြီး၏ အနားအထိ (ဗပ) အကွာအဝေးဖြစ်၍ ဝန်လက်တံမှာမူကား ဝင်ရိုးအတွင်းဘီး နှူတ်ခမ်းနားအထိ (ဗဝ) အကွာအဝေးဖြစ်သည်။ ဤသဘောကို ဝင့်ချ ခေါ် စက်ရစ်လုံးများတွင် အသုံးပြုထားသည်။ တခါတရံ ဘီးမပါဘဲ ဝန်ကို မ ယူလိုသောအခါ ဝင်ရိုးတွင် တပ်ဆင်ထားသော လက်တံကောက်ကို လှည့်ပေးရသည်။ သို့သော် လက်ကိုင်နှင့်ကောက် ဆက်ထားသည့် နေရာမှာ ဘီးနှူတ်ခမ်းနား ဖြစ်သည်ဟု ယူဆရမည်။

အထက်တွင် ဖော်ပြသည့် စက်သီးမှာ တိုင်တွင် တပ်ဆင်ထားသော စက်သီးအသေဖြစ်သည်။ စက်သီးအသေမဟုတ်ဘဲ၊ စက်သီးအရှင် တပ်ဆင်ထားသော အခါ မည်ကဲ့သို့ ဖြစ်မည်ကို စဉ်းစားကြည့်ကြစို့။

ဤစက်သီးအရှင်ကိစ္စမှာ စိတ်ကူးဖြင့် စဉ်းစားကြည့်ခြင်းမျှသာ ဖြစ်သည်။ ဤနေရာ၌ ဂရုပြုရန်အချက်မှာ ဝန် (ဝ) ကို (က) နှင့် (ခ) တည်းဟူသော ကြိုးအလျား နှစ်ခုဖြင့် ပင့်ထားသည်ဟူသော အချက်ပင်ဖြစ်သည်။ လူသည် (ခ) ကြိုးအလျား၌ သက်ရောက်သော ဝန်၏အလေးကိုဆောင်ထား၍ (က) ကြိုးအလျား၌ သက်ရောက်သောဝန်၏ အလေးကို ထုပ်တန်းက ဆောင်ထားသည်။ ကြိုးကိုဆဲ့ပေးသောအခါ (ဝ) ၏ အလေးချိန် တဝက်သာ ထိုသူ၏ အပေါ်၌ သက်ရောက်နေသည်။ သို့သော် သူသည် ပုံ ၁ တွင် ဝန်ကို တိုက်ရိုက်ဆွဲတင်ယူသည်ထက် ကြိုးကို နှစ်ဆမျှ ရှည်လျားစွာ ဆွဲယူရသည်။


သိပ္ပံအလိုအားဖြင့် စိုက်အားသည် ဝန်၏အလေးကြောင့် ဖြစ်သော ခုခံမှု၏ ထက်ဝက်မျှသာ ဖြစ်သည်။ ထိုအချက်ကို ယူ၍ စက်သီး အမြောက်အများကို အသုံးပြုလျှင် ဝန်၏ အလေး အလျင်းမရှိအောင် ပြုလုပ်နိုင်မည်ဟု အလွယ်တကူ မထင်မှတ်သင့်ပေ။ ပွတ်တိုက်ခုခံမှုကို ထည့်မတွက်လျှင် ဝန်ကို အခြားကြိုးစတဖက်မှ ဆွဲယူသည်။ ထိုသို့ ဝန် မ နည်းသည် ဝန်ကို တိုက်ရိုက် မ ခြင်းဖြစ်၍ မသက်သာလှပေ။

ရေတွင်းမှရေကို စက်သီးဖြင့်ဆွဲတင်ယူပုံကို မြင်ဘူးကြပေလိမ့်မည်။ ရေတွင်းအထက်၌ ကန့်လန့်ဖြတ်ရိုက်ထားသော တန်းတွင် စက်သီးချိတ်ထား၍ ထိုစက်သီးရှိ ကြိုး၏တဖက် အစွန်းတွင် ရေပုံးကို ချည်ထားသည်။ ရေပုံးကို ရေတွင်းမှ ဆွဲတင်လိုသောအခါ ကြိုး၏အခြားတဖက်စွန်းကို ဆွဲပေးရသည်။ ဤနည်းသည် အထက်တွင်ဖော်ပြထားသည့် ဝန်ကို တိုက်ရိုက် မ နည်းထက်၊ သာလွန်ကောင်းမွန်သည်။ ဤနည်းအရမှာ၊ အောက်မှအထက်သို့ ဆွဲတင်နေသော အခြင်းအရာကို အထက်မှအောက်သို့ ဆွဲချသော အခြင်းအရာဖြစ်အောင် စက်သီးက ပြောင်းလဲပေးလိုက်သည်။

စက်သီးကို သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ၊ ပြုလုပ်ရသော အလုပ်မှာ သိပ်ပင်အလိုအရဆိုသော် အတူတူပင်ဖြစ်သည်။

ပုံ ၃ အမှတ် ၁ ၌ စက်သီးအရှင်ကို ဖော်ပြထားသည်။ အမှတ် ၂ တွင် စက်သီးအရှင် (ရ) ကို စက်သီးအသေ (သ) နှင့် တွဲဖက်၍ အသုံးပြုထားသည်။ ဤနေရာ၌ စက်သီး (သ) သည်ကြိုးကို ဆွဲ၍ကောင်းအောင်သာ ကြိုးဆွဲရာဖက်ကို အောက်သို့ လှည့်ပေးထားခြင်းဖြစ်သည်။ အမှတ် ၃ တွင် စက်သီးသေတလုံးနှင့် စက်သီးအရှင် နှစ်လုံး တွဲထားသည်။ စက်သီးအသေသည် ကြိုးကို လှည့်ပေး၍ စက်သီးအရှင်နှစ်လုံးသည် ဝန်ကို ပေါ့ပါးလာအောင် ပြုလုပ်ပေးသည်။ ဤနေရာ၌ ဝန်ကို ကြိုးလေးကြိုးနှင့် ဆွဲထားသဖြင့် စိုက်အားမှာ ခုခံမှု၏ လေးချိုးတချိုးမျှသာ ဖြစ်သည်။ ကြိုးလေးကြိုးဟု ဆိုရာ၌ စင်စစ်မှာ ကြိုးပိုင်းလေးပိုင်းသာလျှင် ဖြစ်သည်။ လက်တွေ့လုပ်ငန်းတွင် စက်သီးများစွာကို တွဲဖက်ပြီးလျှင် အသုံးပြုကြသည်။ စက်သီးတစုံကို ထုပ်တွင်ဖြစ်စေ သို့မဟုတ် အခြားတနေရာတွင်ဖြစ်စေ ချိတ်ထား၍ အခြားစက်သီးတစုံကို အောက်ဖက်၌ ထားသည်။ အောက်ရှိ စက်သီးအစုံတွင် ဝန်ကို မယူနိုင်ရန် ချိတ်ပါရှိသည်။

ပုံ ၄ တွင် စက်သီးတွဲကို ပြထားသည်။ အထက်စက်သီးတစုံ၌ အောက်စက်သီးအစုံ၌ထက် ဘီးတဘီး ပို၍ပါရှိသည်။ ကြိုးစတဖက်ကို (ခ) မှ ကွင်းငယ်တွင် ချည်နှောင်ထား၍ ကြိုးကို ပုံတွင်ပြထားသကဲ့သို့ ဘီးများတွင် ရစ်ပတ်ထားသည်။ ထို့ဘို့ ရစ်ပတ်လိုက်သောအခါ လွတ်နေသောကြိုး စ (ဂ) သည် အထက်စက်သီးစုံရှိ တတိယစက်သီး (က) မှ ထွက်လာသည်။ ဤစက်သီးတွဲတွင် ဝန်ကို ကြိုးငါးကြိုးဖြင့် ဆွဲမထားသကဲ့သို့ ဖြစ်သည်။ အထက်စက်သီးအစုံနှင့် အောက်စက်သီးအစုံတွင် စက်သီးများ အညီအမျှ ပါရှိသောအခါ၊ ချည်သောကြိုးစဖက်ကို အထက်စက်သီးအစုံတွင် ချည်ပေးလေ့ရှိသည်။



ပုံ-၄

ဤစက်သီးတွဲမျိုးကို သုံးလျှင် လူတယောက်သည် ၁၇ တန်မျှ လေးသော ဝန်ကိုပင် ပေါ့ပါးလွယ်ကူစွာ မယူနိုင်ပေသည်။

စာတွေ့အားဖြင့် စက်သီးတွဲတွင် ဝန်ကို ကြိုးလေးကြိုးဖြင့် ဆွဲမထားသောအခါ စိုက်အားသည် ခုခံမှု၏ လေးပုံတပုံဖြစ်သည်ဟု သိရ၏။ သို့သော် လက်တွေ့တွင် ကြိုးနှင့် စက်သီးကြားဌင်း၊ စက်သီးနှင့် ဝင်ရိုးကြားဌင်း၊ ပွတ်တိုက်ခုခံမှုရှိသောကြောင့် ခုခံမှုမှာ အနည်းငယ် ပိုများလာသည်ကို တွေ့ရသည်။ သို့ဖြစ်စေကာမူ စက်သီးတွဲများသည် ဝန်ကို သက်သက်သာသာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ မတင်ယူရာ၌ အထောက်အပံ့ဖြစ်စေသည်မှာမှန်၏။ ပုံ ၄ တွင် ပြထားသည့် စက်သီးတွဲမျိုးတွင် အထူ ၁ လက်မ၊ အချင်း ၅ လက်မ ရှိသော စက်သီးကို အသုံးပြုလျှင် ၁၇ တန် လေးသော ဝန်ကို လူတယောက်တည်းဖြင့် သက်သာသာသာ မယူနိုင်သည်။ အလွန်လေး၍ အားကောင်းသော စက်သီးတွဲမျိုးတွင် ရိုးရိုးကြိုးအစား သံမဏိကြိုးများကို အသုံးပြုလေ့ရှိသည်။

စက်သေနတ်။ ။စက်သေနတ်သည် ကျည်ဆန်ပေါင်းများစွာကို ဆက်တိုက် အဝေးသို့ ပစ်နိုင်သော စစ်သုံးသေနတ်ဖြစ်သည်။ အဦးဆုံး စက်သေနတ်ကို ခရစ် ၁၈၆၁ ခုနှစ်က အမေရိကန်လူမျိုး ဒေါက်တာ ရစ်ချတ် ဂတ်တလင် ဆိုသူ တီထွင်သည်။ ထိုစက်သေနတ်တွင် တမိနစ်လျှင် အချက်ပေါင်း ၅၀၀ အထိပစ်နိုင်သော ပြောင်း ၁၀ လုံးပြူး ပါရှိ၏။

ဂတ်တလင်သေနတ် ပေါ်ပေါက်ပြီးနောက် နှစ် ၂၀ ခန့် ကြာသောအခါ၊ အမေရိကန်ပြည်ထောင်စုသား အင်္ဂလိပ်လူမျိုး ဆာ ဟိုင်ရမ် မက်ဆင်သည် စက်သေနတ်အသစ်တမျိုးကို တီထွင်လေသည်။ မက်ဆင်သေနတ်၏ ထူးခြားချက်မှာ ပြောင်းတလုံးတည်းမှ ကျည်ချက်ပေါင်း များစွာ ဆက်တိုက်ပစ်နိုင်ခြင်းဖြစ်သည်။ ထိုသေနတ်တွင် ကျည်ဆန်ခွံကို ကန်ထုတ်ခြင်း၊ ကျည်ဆန်တောင့် အသစ်ထိုးခြင်း၊ မောင်းတင်ခြင်းတို့သည် အလိုအလျောက်ပြီးစီး၏။ ကျည်ထွက်ဖန်များ၍ ပူသော ပြောင်းလုံးကို ရေဖြင့်အေးစေ၏။ မက်ဆင်သေနတ်ပေါ်ပြီးနောက်တွင် ဗစ်ကာစက်သေနတ် ပေါ်လာသည်။ ထိုစက်သေနတ်ကို နိုင်ငံအများအပြားတွင် သုံးကြသည်။ ပဌမကမ္ဘာစစ်ကြီး အတွင်းကစ၍ ဗြိတိသျှစစ်သားတို့သည် ထိုဗစ်ကာစက်သေနတ်ကို သုံးစွဲလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။


စက်သေနတ်များအနက် လူးဝစ်ဂန်းခေါ် လူးဝစ်၏စက်သေနတ်သည်လည်း အလွန်ထင်ရှားသည်။ ထိုစက်သေနတ်ကို အမေရိကန်စစ်ဗိုလ် ကာနယ်အိုင်ဇက်နျူတန်လူးဝစ်ဆိုသူ တီထွင်ခဲ့သည်။ ထိုစက်သေနတ်ကို အမေရိကန်စစ်တပ်များတွင် မသုံးကြချေ။ အင်္ဂလန်ပြည်၊ ပြင်သစ်နိုင်ငံ၊ ဗဲလ်ဂျီယမ်နိုင်ငံများ၌ အများအပြား သုံးလေသည်။ လူးဝစ်စက်သေနတ်၏ပြောင်းဝမှာ ·၃၀၃ လက်မရှိ၏။ လူးဝစ်



ဗရင်းစက်သေနတ်ကိုပစ်ရန်ချိန်နေသော မြန်မာ့တပ်မတော်သားတဦး


စက်သေနတ်ထက် ပိုမိုကောင်းမွန်သော စက်သေနတ်တမျိုးကို ချက်ကိုဆလိုဗားကီးယားနိုင်ငံမှ ဗရင်းဆိုသူက တီထွင်သည်။ ထိုစက်သေနတ်ကို အင်္ဂလန်ပြည်၌ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၍ အသုံးပြုခဲ့၏။ ထိုသေနတ်ကို ယခုတိုင် အသုံးပြုလျက်ရှိ၍ ဗရင်းဂန်းဟု ကျော်ကြားသည်။ ဗရင်းစက်သေနတ်မျိုးသည် လူးဝစ်စက်သေနတ်မျိုးနှင့် ပြောင်းအရွယ်ချင်းတူသည်။ ဗရင်းသေနတ်ကို ထောက်ဖြင့်လည်း ထောက်၍ ပစ်နိုင်သည်။ ပခုံးဖြင့် ထောက်၍လည်း ပစ်နိုင်သည်။ ပြောင်းပူလာလျှင် လေဖြင့် အေးစေရန် စီမံထားရုံမက ဖြုတ်၍လဲလှယ်နိုင်ရန် ပြောင်းအပိုလည်း တပ်ဆင်ထားသည်။

ထိုစက်သေနတ်များ ပေါ်ပေါက်ပြီးနောက် စက်သေနတ်အမျိုးမျိုး ဆက်ကာဆက်ကာ ပေါ်ပေါက်လာသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက စတင်ဂန်းခေါ် စက်သေနတ်အငယ်စားများ ပေါ်ပေါက်ခဲ့သည်။ စတင်းဂန်းသည် အကိုင်ရပေါ့၍ အပစ်ရလွယ်ကူသည်။ ပြောင်းဝမှာ ၇.၆၂ မီလီမီတာရှိသည်။ ကိုက် ၂၀၀ အတွင်း ပစ်နိုင်၍ တမိနစ်လျှင် ကျည်ဆန် ၅၀၀ ထွက်သည်။



(အထက်ပုံ) ဗရင်းစက်သေနတ်
(အောက်ပုံ) ဧတ်မှီစက်သေနတ်နှင့် ရှိုင်ဖယ်သေနတ်

စိုက်ပရပ်ကျန်း။ ။စိုက်ပရပ်ကျန်းသည် မြေထဲပင်လယ်၏ အရှေ့ဖက်အစွန်တွင်တည်ရှိ၍ ထိုပင်လယ်ထဲတွင် အကြီးဆုံးကျွန်းတကျွန်း ဖြစ်သည်။ ဆီးရီးယားနိုင်ငံ ကမ်းရိုးတန်းမှ အနောက်ဖက်သို့လားသော် မိုင် ၆၀၊ တူရကီနိုင်ငံ ကမ်းရိုးတန်းမှ တောင်ဖက်သို့လားသော် မိုင် ၄၀ အကွာအဝေးတွင် တည်ရှိသည်။ ကျွန်း၏အလျားမှာ ၁၄၅ မိုင်ခန့်ရှည်၍၊ အနံ မိုင် ၆၀ ခန့်ရှိ၏။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၃၅၂ ရှိသည်။ ၁၉၅၄ ခုနှစ်တွင် လူဦးရေ ၅၁၃,၂၀၀ ရှိသည်ဟု ခန့်မှန်းရသည်။ မြို့တော်မှာ နီကိုဆီယာမြို့ ဖြစ်သည်။ တောင်ဖက်ပိုင်းနှင့် မြောက်ဖက်ကမ်းခြေတွင် တောင်တန်းများရှိသည်။ တနှစ်လုံးပေါက်ရေရသော မြစ်ချောင်းဟူ၍ မရှိချေ။ ဆည်မြောင်းများ ဖောက်ထားသော ဒေသများတွင် ဂျုံ၊ မုယောစပါး၊ ဝါ၊ သံလွင်ပင်များ




စိုက်ပရပ်ကျွန်း တည်နေရာပြမြေပုံ

စိုက်ပျိုးကြ၏။ စပျစ်ခြံများရှိ၍ စပျစ်သီးခြောက်နှင့်အရက်များထုတ်သည်။ ယင်းတို့ကို နိုင်ငံခြားသို့ တင်ပို့သည်။ သိုးနွားများ မွေးမြူကြ၏။ ရှေးအခါက ကြေးနီ အမြောက်အမြား ထုတ်ခဲ့ဘူးသည်ကို အစဲပြု၍ ကျွန်း၏အမည်ကို စိုက်ပရပ်ဟု ရှေးက ဂရိတို့ မှည့်ခေါ် ခဲ့ခြင်းဖြစ်သည်။ စိုက်ပရပ်ဟူသော စကား၏ ဇာစ်မြစ်မှာ ကြေးနီဟူ၏။


ကျွန်းအလယ်ရှိ လွင်ပြင်မှာ ရှေးအခါက သစ်တောကြီးများ ဖုံးလွှမ်းလျက် ရှိခဲ့ဘူး၍၊ ပင်လယ်ခရီးသွားခြင်း၌ ထင်ရှားခဲ့သော ဖိနိရှန်တို့သည် ထိုသစ်တောများမှရသော သစ်သားများဖြင့် လှေ၊ သင်္ဘောများ တည်ဆောက်ကာ ပင်လယ်ခရီးသွားကြ၏။ စိုက်ပရပ်ကျွန်းမှ ရရှိသော သတ္တုများမှာ ကြေးနီ၊ သဲကျောက်၊ ထုံးကျောက်၊ နှမ်းဖတ်ကျောက်၊ ကျောက်ဖြူနှင့် ကျောက်ဂွမ်းများ ဖြစ်လေသည်။

ရှေးအခါက စိုက်ပရပ်ကျွန်းသည် အီဂျစ်၊ ပါးရှင်းနှင့် ရောမလူမျိုးတို့၏လက်အောက်သို့ ကျရောက်ခဲ့ဘူး၏။ ကရူးဆိတ်ခေါ် အယူဝါဒစစ်ပွဲတွင် အင်္ဂလန်ဘုရင် ပဌမ ရစ်ချတ်သည် ထိုကျွန်းကို ခေတ္တသိမ်းပိုက်ရလိုက်သေး၏။ ထိုနောက် နှစ်ပေါင်း ၁၀၀ ခန့်ကြာသောအခါ တူရကီတို့လက်ထဲသို့ ရောက်သွားပြီးလျှင် ၁၇၇၈ ခုနှစ်တွင် တူရကီက ထိုကျွန်းကို ဗြိတိန်အား ပေးအပ်ခဲ့ပြန်သည်။ ၁၉၁၄ ခုနှစ် ပဌမ ကမ္ဘာစစ်ကြီးတွင် တူရကီသည် ဗြိတိန်၏ရန်သူ ဖြစ်သွားသောအခါ စိုက်ပရပ်ကျွန်းမှာ ဗြိတိသျှကိုလိုနီနိုင်ငံတခု ဖြစ်လာလေသည်။ ၁၉၂၅ ခုနှစ်တွင် စိုက်ပရပ်ကျွန်းမှာ ဗြိတိသျှကရောင်းကိုလိုနီ ဖြစ်လာသည်။ သို့ရာတွင် ၁၉၃၁ ခုနှစ်တွင် စိုက်ပရပ်ကျွန်းသည် ဂရိနိုင်ငံနှင့် ပေါင်းစပ်ရမည်ဟူသော နိုင်ငံရေးကြိုးပမ်းမှုများ ပေါ်ပေါက်လာခဲ့သဖြင့် ယခင်က ရှိရင်းစွဲဖြစ်သော ဥပဒေပြုအဖွဲ့ကို ဖျက်သိမ်း၍ ဘုရင်ခံကိုယ်တိုင် ဥပဒေပြုကာ အုပ်ချုပ်ခဲ့လေသည်။ ယခုအခါ စိုက်ပရပ်ကျွန်း၏ အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲရန် ကိစ္စတွင် စိုက်ပရပ်သည် မူလဖြစ်သော ဂရိနိုင်ငံနှင့် ပေါင်းရ



စိုက်ပရပ်ကျွန်းတောင်ခြေမှ သာယာကြည်နူးဖွယ်ရှုခင်း

၊ ဒုက္ခဝန်ခံယာဉ်းငန် ၊ဒုတယဇာတ်ခုံပုံးဝတ်စုံ ၊ခဲ့ကားလုံးကွယ်ပြီဖောင်ထက်ပါ ,





မြန်မာအမျိုးသမီးများ တပျော်တပါးကောက်စိုက်ကြစဉ်

မည်ဟူသည့် နိုင်ငံရေးလှုပ်ရှားမှုများ ပြန်လည် ပေါ် ပေါက်လျက်ရှိသည်။ စိုက်ပရပ်ကျန်းမှာ စစ်မက် ရေးရာ အတွက် အကွက်အကွင်းကျသော နေရာတခု ဖြစ်သည့်အတိုင်း ဗြိတိသျှအင်ပိုင်ယာနိုင်ငံတွင် အရေးကြီးသောဌာနတခု ဖြစ်လေသည်။ (ဗြိတိသျှအင်ပိုင်ယာ— လည်းရှု။)

စိုက်ပျိုးရေး။ ။ရှေးခေတ်လူများသည် ဝမ်းစာ ရရာရကြောင်းဖြင့် ခြေဦးတည့်ရာ အရပ်များသို့ လှည့်လည်သွားလာ စီးပွားရှာကြလေသည်။ ထိုနောက် အိုးအိမ် အတည်တကျ ထူထောင်၍ တနေရာရာတွင် အခြေစိုက်ကာ နေလာကြ၏။ ယင်းသို့ အခြေစိုက်ကြခြင်းမှာ မြေဆီလွှာကို ခြစ်ယက် တူးဆွလျက် အသီးအနှံပင်များ စိုက်ပျိုးကြခြင်းအားဖြင့် ဝတ်ရေး၊ စားရေ၊ နေရေး ဖူလုံနိုင်သည်ဟူသော အသိဉာဏ် ပွင့်လင်းလာခြင်းကြောင့်ပင် ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို စတင်ဆောင်ရွက်ကြသည့်အခါ၌ လူတို့သည် ယခင်ကကဲ့သို့ ခြေသလုံးအိမ်တိုင်ပြုကာ လှည့်လည်သွားလာ မနေကြတော့ဘဲ၊ ကိုယ်ပိုင်စိုက်ခင်းမြေများ အနီးအပါးရှိ တနေရာရာတွင် အတည်တကျ အခြေစိုက် နေထိုင်လာကြလေသည်။ ကိုယ့်အိုး ကိုယ့်အိမ် ကိုယ့်မြေ ကိုယ့်ယာနှင့် အခြေဖြစ်လာသည့်အခါတွင် လူစုအသင်းအပင်းများ ပေါ် ပေါက်လာသည့်အလျောက်၊ အချင်းချင်း ရင်းနှီးပွန်းတီးစွာ ပေါင်းသင်းဆက်ဆံမှု၊ စိုက်ပျိုးရေးကိုအခြေပြုသော အလုပ်ခွဲဝေမှု အစရှိသည့် လူမှုရေးရာတို့ ထွန်းကား ပေါ် ပေါက်လာလေသည်။



မြေကြီးမှုန့်သီးစေရန် ထွန်ရေးငင်သောအခါ


ထိုသို့ဖြင့် လူ၏ ယဉ်ကျေးမှုအဆင့်အတန်းသည်လည်း တဖြည်းဖြည်း တိုးတက်လာပေသည်။ မူလသုံးစွဲသော တုတ်ချွန်၊ စူးချွန်များအစား ထွန်သွား၊ ထွန်သန့်တို့ဖြင့် မြေကြီးကို ထွန်ယက်လာကြသည်။ စားကောင်းသော အသီးအနှံပင်များကို တမျိုးပြီး တမျိုး ဖြည့်စွက် စိုက်ပျိုးလာကြသည်။ တိရစ္ဆာန်ရိုင်းများကိုလည်း ယဉ်ပါးလာအောင် မွေးမြူလျက် နေထိုင်စားသောက်ရေးတွင် အနည်းနည်းဖြင့် အထောက်အပံ့ဖြစ်စေရန်၊ အသုံးချလာကြသည်။ စိုက်ပျိုးထားသော ဘီဆွာလျော် (နှမ်း



ခေတ်မှီနိုင်ငံများတွင် ကောက်ပင်များကိုစက်ဖြင့်ရိတ်သိမ်းကြသည်

ချပ်လျှော်)၊ ဝါဂွမ်း စသည်တို့နှင့် အိမ်တွင်မွေးထားသော သိုးမှရသည့် သိုးမွေးများကို မိန်းမများက အိမ်သုံး အဝတ်အထည်များအတွက် ခြည်ငင်ခြင်း၊ ရက်လုပ်ခြင်းများ ပြုလုပ်လာလေသည်။ ဤကဲ့သို့ လယ်ယာစိုက်ပျိုးရေးကို အမှီပြုလျက် ခေတ်သစ်ယဉ်ကျေးမှု၏ အခြေတည်ဆောက်ရာဖြစ်သော လုပ်ငန်းများ ထွန်းကား လာသည်နှင့် အမျှ လူတို့၏ နေထိုင်မှု စားသောက်မှုတို့သည်လည်း ပိုမို၍ သက်သာချောင်ချိလာလေသည်။ ကျောက်တုံးကျောက်ခဲများကို လက်နက်ကြမ်းများအဖြစ်ဖြင့် သုံးစွဲကြသော ကျောက်ခေတ်၏ နှောင်းပိုင်းကာလမှအစပြု၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ထွန်းကားခဲ့သည် ဖြစ်ရာ ဤလုပ်ငန်းသည် အလွန်ရှေးကျသည့် လုပ်ငန်းတရပ်ဟု ဆိုရပေမည်။ ထိုကြောင့် လူတို့၏ သမိုင်းစဉ်ကို မှတ်တမ်း မတင်မီကပင်၊ လူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အထိုက်အလျောက် တတ်မြောက်ပြီးဟု ဆိုရပေသည်။ သို့ရာတွင် ဤလုပ်ငန်းသည် အစဉ်တစိုက် ခေတ်အလိုက် တိုးတက်လာသည်ဟု မဆိုနိုင်ချေ။ ၁၈ ရာစုနှစ်များသို့ ရောက်သည့်အခါကျမှ တိုးတက်ကောင်းမွန်လာသော လယ်ယာစိုက်ပျိုးရေး •ကရိယာများကို တီထွင် သုံးစွဲလာခြင်းကြောင့်ၿငိ၊ မြေချန် မြေလပ်များတွင် ဥစားပင်များကို အလှည့်ကျ စိုက်ပျိုးလာကြခြင်းအားဖြင့်ၿငိ၊ ဤမျှရှေးကျသော စိုက်ပျိုးရေးလုပ်ငန်းသည် သိသိသာသာတိုးတက်လာခဲ့လေသည်။

ကမ္ဘာ့သမိုင်းတွင် လယ်ယာ ထွန်ယက်စိုက်ပျိုးမှု ထွန်းကားသည့် အရပ်များ၌ နေထိုင်သူတို့၏ ယဉ်ကျေးမှု အဆင့်အတန်းသည် အခြားအရပ်ရှိ လူတို့၏ အဆင့်အတန်းထက် တိုးတက် ကြီးမြင့်နေကြောင်းကို တွေ့ရလေသည်။ ဤအချက်ကို ထောက်ရှုလျက် လူတို့၏ ယဉ်ကျေးမှု အဆင့်အတန်း တိုးတက်ကြီးမြင့်လာခြင်းကို လယ်ယာစိုက်ပျိုးရေး




လျှပ်စစ်အားသုံး လယ်ထွန်စက်

လုပ်ငန်း ထွန်းကားဖွံ့ဖြိုးလာခြင်းဖြင့် စံချိန်ထိုးကြည့်နိုင်ပေသည်။ သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ယနေ့တိုင် လူတို့၏ယဉ်ကျေးမှု အခြေခံအုတ်မြစ်သဖွယ် တည်လျက်ရှိနေပေသည်။

ယခုခေတ်တွင် စိုက်ပျိုးရေးပညာသည် အလွန်ကျယ်ဝန်းသော ပညာတရပ် ဖြစ်လာသည့် အလျောက် နိုင်ငံကြီးများ၌ စိုက်ပျိုးရေးအတတ်သင် သိပ္ပံကျောင်းများ ဖွင့်လှစ်လျက် ထိုပညာရပ်နှင့်ဆိုင်သော ခေတ်မှီ လယ်ယာစိုက်ပျိုးရေး နည်းစနစ်များ၊ ကျွန်းတိရစ္ဆာန် မွေးမြူခြင်းအတတ်အစရှိသည်တို့ကို သင်ကြား ပို့ချ ပေးနေလေသည်။ ထို အပြင် လယ်ယာစိုက်ပျိုးရေး သုတေသနလုပ်ငန်းများကိုလည်း တွဲဖက်၍ဆောင်ရွက်လျက်ရှိကြ၏။ နိုင်ငံပိုင် အစိုးရတို့ကလည်း ထိုလုပ်ငန်းကို ယခင်ကထက် အားပေး ကူညီနေပေသည်။

စက်ဘူမြို့။ ။စက်ဘူ ကရောင်းကိုလိုနီတွင် စက်ဘူကျွန်း၊ကိုကိုကီးလင်းကျွန်း၊ ခရစ္စမတ်ကျွန်းတို့ ပါဝင်၍ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၁၇ မိုင်ရှိ၏။ စက်ဘူမြို့သည် မလ္လာယုကျွန်းဆွယ်တောင်ဖက်စွန်း အနီး ကျွန်းငယ်တခုပေါ်တွင်တည်ရှိ၏။ ဗြိတိသျှအင်ပိုင်ယာ၏ အရေးပါသော အရှေ့ပိုင်းရေကြောင်းခံတပ်မြို့ ဖြစ်လေသည်။ ကျွန်းငယ်တခုပေါ်၌ သီးခြားတည်နေသော်လည်း ဂျိုဟိုး ရေလက်ကြားကို ဖြတ်၍ နှီ မိုင်ခန့်ကျယ်သော မီးရထားလမ်း လူသွားလမ်း ရှိသော တာရိုးဖြင့် မလ္လာယုကျွန်းဆွယ်နှင့် ဆက်သွယ်ထားလေသည်။ အလျား ၂၆ မိုင်၊ အနံ ၁၄ မိုင်ရှိသော ကျွန်း၏တောင်ဖက်ခြမ်းတွင် မြို့တည်ရှိ၍ မြောက်ဖက်တွင် ရေကြောင်းခံတပ်ကြီးများ ရှိလေသည်။ အနီးအနား ကျွန်းငယ်များပါဆိုလျှင် စတုရန်းမိုင် ၂၂၀ ကျော်ရှိ၏။ ၁၉၅၄ ခုနှစ်တွင် လူဦးရေ ၁,၁၀၉,၁၁၉ ယောက် ရှိသည့် အနက် တရုပ်လူမျိုး ၉၀၉,၄၁၂ ယောက်၊ ကုလားလူမျိုး ၉၂,၀၀၆ ယောက်၊ မလေးလူမျိုး ၁၄၅,၀၁၅ ယောက်၊ ဥရောပတိုက်သား ၁၇,၀၉၀ ယောက်၊ ယူရေးရှန်း ၁၁,၅၆၄ ယောက်နှင့် အခြားလူမျိုးများ ၁၁,၅၅၂ ယောက် ဖြစ်လေသည်။ • တရုပ်အများဆုံးနေထိုင်၍ လုပ်ငန်းမှန်သမျှကို တရုပ်များက ကြီးစိုးလျက်ရှိ၏။

စက်ဘူမြို့သည် ၁၃ ရာစုနှစ်၊ ၁၄ ရာစုနှစ်လောက်က မလေးလူမျိုးတို့၏ အရေးပါသော မြို့တော်ဖြစ်ခဲ့၍ ၁၃၆၅ ခုနှစ်ခန့်တွင် ဂျာဗားလူမျိုးတို့ ဝင်ရောက် တိုက်ခိုက်ဖျက်ဆီးခြင်း ခံခဲ့ရလေသည်။ ဆူမတြားကျွန်း ဗင်ကူးလင်းဘုရင်ခံ ဆာ စတမ်းဖို့ ရက်ဖဲ့ ဆိုသူသည် ၁၈၁၉ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်နေ့တွင် ယခုလက်ရှိ စက်ဘူမြို့ကို တည်ဆောက်ခဲ့လေသည်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဂျပန်တို့သို့ လက်နက်ချအပ်ခဲ့ရ၍၊ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဗြိတိသျှလက်တွင်းသို့ ပြန်လည်ထောက်ရှိခဲ့၏။ ဗြိတိသျှစစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းပြီးနောက် ၁၉၄၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြို့ပြအုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လာခဲ့လေသည်။



စက်ဘူမြို့၏ ဆိပ်ကမ်းတနေရာ

ဤမြို့သည် မလွှာယုကျွန်းဆွယ်၏ ထွက်ကုန် ၂၂ ရာခိုင်နှုန်းကို တင်ပို့သော ကူးသန်းရောင်းဝယ်ရေး အချက်အခြာဖြစ်သည့်ပြင် အာရှတိုက်အရှေ့တောင်ပိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့အတွက် နိုင်ငံခြားကုန်စည်ပွဲရုံ သဖွယ်လည်း ဖြစ်နေလေသည်။ ၁၉၅၄ ခုနှစ်တွင် ကူးသန်းရောင်းဝယ်သော ကုန်မျာ်း၏ စုစုပေါင်း တန်ဖိုးမှာ စက်ဘူသုံး ဒေါ်လာဖြင့် ကုဋေ ၄၅၀ ကျော်သည်ကိုထောက်ရှုရ၍၊ စက်ဘူမြို့၏ ကူးသန်းရောင်းဝယ်မှုအင်အားကို သိနိုင်ပေသည်။ စက်ဘူမြို့သည် ကမ္ဘာအရပ်ရပ်မှလာသော သင်္ဘောလမ်း ၄၁ လမ်းနှင့် လေကြောင်းလမ်း ၈ ခုဖြင့် ဆက်သွယ်ထားသော မြို့ကြီးဖြစ်သည်။ လေယာဉ်ဆင်းတက်ရန် ပေ ၈၀၀ ရှည်လျားသော လမ်းကြီးနှင့် အပြည်ပြည်ဆိုင်ရာ လေယာဉ်ပျံကွင်းသစ်ကြီးကို မကြာမီက ဖွင့်လှစ်ပြီးဖြစ်သည်။ တန်ချိန် ၅၀,၀၀၀ ရှိ ရေပေါ် သင်္ဘောကျင်းတခုကို အင်္ဂလန်မှ စက်ဘူမြို့သို့ သယ်ယူထားရှိလေသည်။

အဓိကလုပ်ငန်းများမှာ သံဖြူကျိုချက်ခြင်း၊ ကြက်ပေါင်စေးနှင့် သင်္ဘောဆေးများ ထုတ်လုပ်ခြင်း စသည်တို့ဖြစ်၏။ ဒုတိယ အရေးကြီးသော ထွက်ကုန်များမှာ ဗီယာ၊ ဗီစကွတ်မုံ့၊ ဆပ်ပြာ၊ အုန်းဆီ၊ မြေပဲဆီ၊ အိမ်ထောင်ပရိဘောဂ၊ ဒန်သတ္တုထည် စသည်တို့ဖြစ်၏။ သို့သော်လည်း ကိုလိုနီ၏ တိုးတက်ကြွယ်ဝမှုမှာ ပတ်ဝန်းကျင်ဒေသများ၏ ထွက်ကုန်ပေါ်တွင် တည်နေပေသည်။

စက်ဘူ ကရောင်းကိုလိုနီကို ဘုရင်ခံနှင့် ဥပဒေပြုကောင်စီက အုပ်ချုပ်လေသည်။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီအဖွဲ့တွင် အရာရှိ ၆ ဦးနှင့် အရာရှိမဟုတ်သူ ၆ ဦး ပါဝင်ရာ အရာရှိမဟုတ်သူ အဖွဲ့ဝင်များ အနက် ၂ ဦးကို ဥပဒေပြုကောင်စီမှ ရွေးကောက်တင်မြှောက်၏။ ဥပဒေပြုကောင်စီတွင် ဘုရင်ခံသည် ဥက္ကဋ္ဌဖြစ်၍ ရွေးကောက် တင်မြှောက်ရသော အရာရှိမဟုတ်သူ ဒုတိယဥက္ကဋ္ဌတဦး၊ ရာထူးအရ အဖွဲ့ဝင် ၄ ဦး၊ ဘုရင်ခံခန့်ထားသော အရာရှိ ၅ ဦး၊ စက်ဘူမြို့ တရုပ်ကုန်သည်ကြီးအသင်းနှင့် ကုလားကုန်သည်ကြီးအသင်းတို့က ရွေးကောက်တင်မြှောက်သူ ၃ ဦးအပါအဝင် ရွေးကောက်တင်မြှောက်ရသူ ၁၂ ဦးနှင့် ဘုရင်ခံက ခန့်ထားသည့် အရာရှိမဟုတ်သူ ၄ ဦးတို့ ပါဝင်လေသည်။ ရွေးကောက်တင်မြှောက်ရသူများအနက် ၉ ဦးမှာ မဲဆန္ဒနယ် ၉ နယ်မှ အသက် ၂၁ နှစ်ကျော်သည့် ဗြိတိသျှလက်အောက်ခံများက ရွေးကောက်တင်မြှောက်သူများ ဖြစ်လေသည်။ ယင်းသို့လျှင် ဥပဒေပြုကောင်စီတွင် အရာရှိမဟုတ်သူတို့သည် လူများစုဖြစ်နေလေသည်။ ဒုတိယဥပဒေပြုကောင်စီကို ၁၉၅၁ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့၏။

သို့သော်လည်း 'စက်ဘူအုပ်ချုပ်ရေးကို ရင်ဒယ် အစီရင်ခံစာအရ ပြုပြင်ပြောင်းလဲရန် ၁၉၅၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရက သဘောတူ လက်ခံခဲ့လေသည်။ ပြုပြင်ပြောင်းလဲထားသည့် အုပ်ချုပ်ရေးသစ်အရ ဆိုသော်၊ ၁၉၅၅ ခုနှစ်မှစ၍ အဖွဲ့ဝင် ၃၂ ဦးပါဝင်သော ဥပဒေပြုအဖွဲ့နှင့် ဝန်ကြီး ၉ ဦးပါဝင်သော အမှုဆောင်ကောင်စီဝန်ကြီးအဖွဲ့တို့ဖြင့် အုပ်ချုပ်ရမည်ဖြစ်၏။ ဥပဒေပြုအဖွဲ့တွင် ရွေးကောက်တင်မြှောက်ရသော အဖွဲ့ဝင် ၂၅ ဦး၊ ကိုလိုနီအတွင်းဝန်၊ ရွှေနေချုပ်ကြီးနှင့် ဘဏ္ဍာရေးအတွင်းဝန်စသော ရာထူးအရအဖွဲ့ဝင် ၃ ဦးနှင့် ဘုရင်ခံခန့်အဖွဲ့ဝင် ၄ ဦးတို့ ပါဝင်၏။ ဝန်ကြီးအဖွဲ့တွင် ဥပဒေပြုကောင်စီအဖွဲ့ဝင် အများစုက ထောက်ခံသည့် အရာရှိမဟုတ်သူ ၆ ဦးနှင့် ရာထူးအရအဖွဲ့ဝင် ၃ ဦးတို့ ပါဝင်၏။ ယင်းတို့သည် စုပေါင်း၍ တာဝန်ခံရ၏။ လက်ရှိ မြို့မကောင်စီနှင့် ကျေးလက်ဘုတ်အဖွဲ့နေရာတွင် မြို့တော်ဝန်တဦး၊ လူကြီး ၈ ဦးနှင့် ရွေးကောက်တင်မြှောက်ရသော ကောင်စီအဖွဲ့ဝင် ၂၄ ဦး ပါဝင်သည့် မြို့နှင့်ကျွန်းလုံးဆိုင်ရာ ကောင်စီအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ် အရ ပဌမဆုံး အထွေထွေရွေးကောက်ပွဲကြီးကို ၁၉၅၅ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ကျင်းပခဲ့၏။ ထိုရွေးကောက်ပွဲထွင် လက်ဝဲလေဘာအင်အားစု ပါတီမှ အနိုင်ရ၏။ ထိုကြောင့် ၁၉၅၅ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် စက်ဘူဘုရင်ခံ ဆာ ဂျွန် နစ်ကယ်သည် လက်ဝဲလေဘာအင်အားစု ပါတီ ခေါင်းဆောင် မစ္စတာ ဒေးဗစ် မာရှယ်အား ဝန်ကြီးချုပ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့၏။ ဤအုပ်ချုပ်ရေးသစ်တွင် ဘဏ္ဍာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဌာနတို့မှအပ ကျန်ဌာနများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားလေသည်။

စက်ဘူမြို့ကား လစဉ်လိုပင် မိုးအနည်းနှင့်အများ ရွာလေ့ရှိသဖြင့် ထာဝစဉ် စွတ်စိုသောမြို့ ဖြစ်၏။ ကမ္ဘာ့အနောက်ဖက်တွင် ဂျီဗရောတား ခံတပ်သည် ထင်ရှား ဘိသကဲ့သို့ အရှေ့ဖက်တွင် စက်ဘူခံတပ်သည် ဗြိတိသျှတို့ အားထားရာ ထင်ရှားသော ခံတပ်ဖြစ်၏။ ထိုကြောင့်ပင် စက်ဘူကို အရှေ့ဖက် ဂျီဗရောတား ဟု ခေါ်လေ့ ရှိကြလေသည်။ စက်ဘူမြို့၏ လူဦးရေမှာ ၁၉၅၃ ခု သန်ကောင်စာရင်းအရ ၁,၁၂၀,၇၇၇ ယောက်ဖြစ်သည်။

စင်ကိုးနားပင်။ ။စင်ကိုးနားပင်သည် ရူဗီအာစီး မျိုးရင်းဝင်အပင် ဖြစ်သည်။ ကာဖီပင်နှင့် မျိုးရင်း တူသည်။ ယင်း၏ရက္ခဗေဒအမည်မှာ 'စင်ကိုးနား အော့ဖိစင်နာလစ်' ဖြစ်သည်။ ထိုအပင်၏အခေါက်ကို ကိန်နိုင်ခေါ် ငှက်ဖျားဆေးဝါးဆေး ဖော်ထုတ်၌ အသုံးပြုကြသည်။ စင်ကိုးနားပင်သည် အမြဲစိမ်းပင်မျိုး ဖြစ်သည်။ အရွက်သည် ချောမွတ်



အခေါက်ကို ကိုနိုင်ဆေးပေါ်စပ်ရသော စင်ကိုးနားပင်များ

၏။ အကိုင်းအခက်များ၌ ဆိုင်၍ပေါက်တတ်ကြ၏။ အရွက်ပုံမှာ ဘဲဥဖျားသွယ်ပုံဖြစ်၏။ အပွင့်သည် မွေးကြိုင်၍ အရောင်မှာ အဖြူ၊ ပန်းရောင်နှင့် ခရမ်းရောင်ရှိ၏။

စင်ကိုးနားပင်သည် တောင်အမေရိကတိုက်တွင် မူလပေါက်သည်။ အများအားဖြင့် အန်းဒီးထောင် အလွှေဖက် စောင်း အမြင့်ပေပေါင်း ၃,၀၀၀ မှ ၉,၀၀၀ ကြားတွင် အခြားသစ်ပင်များနှင့်ရောရှိ အလေ့ကျပေါက်သည်။ စင်ကိုးနားပင်မျိုးပေါင်း အမြောက်အများရှိသည်။ စင်ကိုးနားပင်ကို ပဌမဦးဆုံး ပီးရူးနိုင်ငံနှင့် အက်ကွာဒေါနိုင်ငံတို့တွင် တွေ့ရသည်။

တောင်အမေရိကတိုက်သို့ စပိန်လူမျိုးများ မရောက်လာမီအခါကပင် ထိုနယ်ရှိ တိုင်းရင်းသားများသည် စင်ကိုးနားပင်ကို ဆေးအဖြစ် အသုံးပြုကြသည်ဟုဆိုသည်။ ခရစ်ဝဋ်၁၀ ခုနှစ်တွင် ပီးရူး ဘုရင်ခံချုပ်ကတော် ကောင့်တက် စင်ကိုးနားသည် ထိုအပင်၏အခေါက်ကို စားသုံးခြင်းအားဖြင့် ငှက်ဖျားရောဂါ ပျောက်ကင်းကြောင်း သိရလေသည်။ ကောင့်တက် စင်ကိုးနားကို အစွဲပြု၍ ထိုအပင်ကို စင်ကိုးနားပင်ဟူ၍ ခေါ်ဝေါ်ကြလေသည်။ ဘုရင်ခံချုပ်ကတော်သည် ထိုအပင်၏တန်ဖိုးကို သိရှိသဖြင့် ထိုအပင်၏အခေါက်များကို လိုက်လံစုဆောင်းစေ၍ ငှက်ဖျားရောဂါ စွဲကပ်သူများအား ကုသစေသည်။ ဤသို့ဖြင့် စင်ကိုးနားသည် စပိန်နိုင်ငံသို့ ရောက်သွားသည်ဟုဆိုသည်။ ထိုအခေါက်ကို ဂျက်ဇူးအစ်ခေါ် ခရစ်ယန်ဘုန်းကြီးများက လိုက်လံဝေငှသဖြင့် ထို ဘုန်းတော်ကြီးများကို အစွဲပြု၍ ဂျက်ဇူးအစ်အခေါက် ဟူ၍လည်း ခေါ်ဝေါ်ကြသည်။ ထိုပြင် တခါတရံ ပီးရူးနိုင်ငံကိုအစွဲပြု၍ ပီရူးဗီယန်အခေါက် ဟူ၍လည်း ခေါ်ဝေါ်တတ်ကြလေသည်။ ၁၉ ရာစုနှစ်အစသို့ ရောက်သောအခါ၊ ထိုအခေါက်ကို အသုံးများလာ၍ လုံလောက်စွာပင် မရရှိကြတော့ပေ။ သဘာဝအလျောက် ပေါက်သော အပင်များသည်လည်း မျိုးပြုတ်လုမတတ် ဖြစ်ကြသည်။ ထို့ကြောင့် စင်ကိုးနားခေါက်ကို လုံလောက်စွာရရှိရေးအတွက် ထိုအပင်ကို စိုက်ပျိုးရန် အမျိုးမျိုး ကြိုးစားကြ၏။ ၁၉ ရာစုနှစ်အလယ်သို့ ရောက်သောအခါမှ စင်ကိုးနားပင် စိုက်ပျိုးရေး လုပ်ငန်းသည် ထမြောက် အောင်မြင်လေသည်။ ယခုအခါ စင်ကိုးနားပင်များကို အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဂျာဗားကျွန်း၊ အမေရိကတိုက် အပူပိုင်းဒေသများတွင် စိုက်ပျိုးကြသည်။ (ကိုနိုင်။ ငှက်ဖျားရောဂါ—လည်းရှု။)

စင်စင်နေးတပ်,လူယိုယပ် ကွင်တီယပ် (ဘီစီ ၅၁၉-၄၃၉ ခန့်)။ ။လူယိုယပ် ကွင်တီယပ် စင်စင်နေးတပ်သည် နိုင်ငံရေးအာဏာကို စုံမက် ခင်တွယ်ခြင်း မရှိဘဲ၊ နိုင်ငံနှင့် အမျိုး၏အကျိုးကို သည်ပိုးရွက်ဆောင်သူ ရောမလူမျိုး မျိုးချစ်ပုဂ္ဂိုလ်တဦး ဖြစ်သည်။ ဘီစီ ၄၅၀ ခုနှစ်လောက်တွင် အီကွီယန်လူမျိုးတို့သည် ရောမပိုင်နယ်များကို ဝင်ရောက်တိုက်ခိုက်ကြရာ၊ ရောမမြို့တော်ကြီးသည် ရောမစစ်တပ်ကြီးနှင့်တကွ ရန်သူတို့ဝန်ချခြင်းကို ခံရလေသည်။ (ရောမနိုင်ငံသမိုင်း — ၅။) ထိုအချိန်တွင် စင်စင်နေးတပ်သည် မှူး



ထွန်တုံးလက်စဲ့လျက်ရှိသူ စင်စင်နေးတပ်အား ရောမနိုင်ငံ၏အာဏာရှင်အဖြစ် ဆောင်ရွက်ရန် ပန်ကြားနေခြင်း

မတ်မျိုးနွယ်ပင် ဖြစ်လင့်ကစား၊ ဆင်းရဲနွမ်းပါး၍ လယ်သမားအဖြစ်နှင့် လယ်ထွန်ဆင်းနေခိုက်ဖြစ်သည်။ ထိုအခါ ရောမနိုင်ငံ ဆီနိတ် အဖွဲ့သည်၊ ရန်သူတို့ကို နှိမ်နင်းပေးရန် စင်စင်နေးတပ်အား ဖိတ်ခေါ်၍ ရန်သူတို့ကို နှိမ်နင်းနေသမျှသော ကာလအတွင်းတွင် ရောမနိုင်ငံ၏ အာဏာရှင်အဖြစ်နှင့် ဆောင်ရွက်ရန် ပန်ကြားလေသည်။ ရောမနိုင်ငံ၏ စိုးရိမ်ဖွယ်အခြေအနေကို သိသောအခါ၊ စင်စင်နေးတပ်သည် ထွန်တုံးကိုပစ်၍၊ ရောမမြို့တော်သို့ ချက်ခြင်းလိုက်လာပြီးသော်၊ စစ်တိုက်နိုင်သူ ဟူသမျှကို စည်းရုံးကာ၊ ရန်သူတို့ကို တွန်းလှန် ဖြိုဖျက်လိုက်လေသည်။

စင်စင်နေးတပ် အာဏာရှင်အဖြစ်နှင့် ရန်သူတို့ကို နှိမ်နင်းရာ၊ ၁၆ ရက်နေ့အကြာတွင် ရန်သူကို ရှင်းလင်းသောလုပ်ငန်းသည် ပြီးစီး၍ သွားခဲ့သည်။ ထိုအခါ စင်စင်နေးတပ်သည် အာဏာရှင်အဖြစ်ကို ဆီနိတ်အဖွဲ့အား ပြန်အပ်၍ လယ်ထွန်မြဲထွန်လေသည်။ ဘီစီ ၄၃၉ ခုနှစ်တွင် အသက် ၈၀ အရွယ်သို့ ရောက်သောအခါ၊ စင်စင်နေးတပ်သည် ပြည်တွင်းစစ်ပြဿနာ တခုနှင့် ရင်ဆိုင်ရပြန်သည်။ ဤအကြိမ်၌လည်း ၂၁ ရက်တာမျှ အာဏာရှင်အဖြစ် ခံယူ၍ တိုင်းပြည်၏ ရန်ဆူးရန်ငြောင့်တို့ကို ဖယ်ရှားပြီးသော် အာဏာရှင်ဘဝကိုစွန့်၍ လယ်လုပ်မြဲ လုပ်ပြန်သည်။ ထိုကြောင့် ရောမလူမျိုးတို့က စင်စင်နေးတပ်ကို မြန်မာပြန်အနက်မှာ 'စားဖိုသည်မ' ဖြစ်သည်။

ဇာတ်လမ်းမှာ ဆင်းရဲသော်လည်း ရုပ်လှပသော စင်ဒါရဲလားဆိုသူ မိန်းကလေး၏အကြောင်း ဖြစ်သည်။ မိထွေး



'စဖိုသည်မ' စင်ဒါရဲလား

စင်ဒါရဲလား

ရာထူးဌာနန္တရ မမြော်ကိုးဘ၊ နိုင်ငံ၏အကျိုးကို ရွက်ဆောင်သော အာဇာနည်ယောကျ်ားကောင်း တဦးအနေနှင့် အလေးအမြတ်ပြုကြသည်။

စင်ဒါရဲလား။ စင်ဒါရဲလား ပုံပြင်ကို ပြင်သစ်စာရေးဆရာ ပဲရိုး ဆိုသူက ခရစ် ၁၆၉၇ ခုနှစ်ခန့်က ပဌမဦးစွာ ပြုစုရေးသားခဲ့လေသည်။ သို့သော် ထိုသူ မရေးသားမီကပင် ဤပုံပြင်ကို ရှေးစကားတခုအဖြစ် လူသိများလေသည်။ စင်ဒါရဲလား၏

နှင့်နေရသူ ဖြစ်သည်။ မိထွေးဖက်မှ အစ်မတော်များသည် စင်ဒါရဲလားလောက် ရုပ်အဆင်း မလှကြသဖြင့် မနာလိုဖြစ်ကာ စင်ဒါရဲလားအား မနားမနေ ခိုင်းစေထားလေသည်။

တခါသော် စင်ဒါရဲလားသည် မင်းသားကလေးတပါး၏ ကပွဲသို့ အမျှားနည်းတူ သွားရောက်လိုသောဆန္ဒ ဖြစ်ပေါ်လာ၏။ ထိုကပွဲသို့ သွားရောက်နိုင်ရန်အတွက် သူ့အား မိခင် သဖွယ် ကြင်နာ သနားနေသော နတ်သမီး တပါးက ကူညီလေသည်။ နတ်သမီး၏ တန်ခိုးဖြင့် ရွှေဖရုံသီးတလုံးကို လှပသောမြင်းရထားတစီး ဖြစ်စေပြီးလျှင် ကြွက်ဖြူကလေးများကို ကကြိုးတန်ဆာဖြင့် ဆင်ယင်သော မြင်းဖြူကြီးများ ဖြစ်စေသည်။ စင်ဒါရဲလားအား ဝတ်စားတန်ဆာ တို့ဖြင့် မင်းသမီးကလေးတမျှ လှပတင့်တယ်စေ၍ ထိုမြင်းလှည်းကလေးဖြင့် သွားရောက်စေ၏။ သို့သော် ညသန်ကောင်ယံ မတိုင်မီ ပြန်ခဲ့ရမည်ဟု မှာလိုက်လေသည်။

ကပွဲတွင် မင်းသားကလေးသည် စင်ဒါရဲလား၏ ရူပါရုံကို စွဲလန်းသွား၏။ ည ၁၂ နာရီထိုးလုနီးအချိန်တွင် စင်ဒါရဲလားသည် ကပွဲမှ နေအိမ်သို့ သုတ်သီး သုတ်ပြာ ပြန်ခဲ့ရာ ဖနီဖန်ပတဖက် ကျွတ်ခြုံကျန်ခဲ့လေသည်။

မင်းသားကလေးသည် ဖိနပ်ရှင်ကို တွေ့လျှင် ကြင်ယာမြောက်မည်ဟုကျေညာ၍ ဖိနပ်ရှင်ကို ရှာစေ၏။ နောက်ဆုံး၌ ဖိနပ်ရှင် စင်ဒါရဲလားကို တွေ့ရှိသဖြင့် ကတိအတိုင်း ထိမ်းမြားလက်ထပ်လိုက်လေသည်။

အချို့က ဤပုံပြင်သည် သဘာဝကို တင်စားထားသော ပုံပြင်ဖြစ်သည်ဟု ဆိုကြသည်။ စင်ဒါရဲလားသည် နံနက် အရုဏ်တက်ချိန် ဖြစ်၍၊ ညဉ့်ဆဲကလူ ပြုကြသူ များမှာ ညအချိန်တွင် တက်လာသော တိမ်တိုက်များ ဖြစ်သည်။ နောက်ဆုံးတွင် စင်ဒါရဲလားကို ကယ်ဆယ်သူ မင်းသားမှာ နေမင်းဖြစ်သည်ဟု ယူဆကြလေသည်။

စင်းတော။ ။ကရိရွေးဟောင်းပုံပြင်များထဲတွင် သက်ဆိုင်ရာ အာကေးဒီးယားတောင်များ၌ လူတပိုင်း မြင်းတပိုင်း သတ္တဝါတမျိုး နေထိုင်သည်ဟု ဆိုသည်။ ထို လူတပိုင်းမြင်းတပိုင်းတို့သည် အစ်ဆိုင်အွန် ဘုရင်နှင့် နက်ဖီလီ နတ်သမီး တို့မှ ပေါက်ဖွားလာသူများဟု ပြောလေ့ရှိကြသည်။ စင်းတောခေါ် ထိုသတ္တဝါတို့သည် ခါးပိုင်းအထိ လူကိုယ်ဖြစ်၍၊ အောက်ပိုင်းမှာ မြင်းကိုယ်ဖြစ်လေသည်။

စင်းတောများ အကြောင်း ပါဝင်သည့် ပုံပြင်များတွင် လက်ပီသီးဘုရင်နှင့် စင်းတောများ စစ်ပြိုင်သည့်အကြောင်းကို ဖော်ပြသောပုံမှာ ထင်ရှားသည်။ ထိုပုံပြင်တွင် လက်ပီသီးပြည်ဘုရင် ပေရိသို့နှင့် ဒီအစ်ဒါမီယားတို့ လက်ထပ်ပွဲနေ့တွင် စင်းတောတို့သည် သတို့သမီးကို လုယူထုတ်ပြေးရန် ကြံစည်သဖြင့် တဖက်နှင့်တဖက် အပြင်းအထန် တိုက်ခိုက်ကြ



• လူတပိုင်းမြင်းတပိုင်းစင်းတော နှင့် ကျူးပစ်နတ်သားတို့ပုံ

လေသည်။ လက်ပီသီးဖက်မှ ဘုရင်၏အကြည်စောတ် သီးဆယုက ဝင်ရောက် ကူညီ တိုက်ခိုက်သဖြင့် စင်းတောတို့ အရှုံးနိမ့်ကြရလေသည်။

စင်းတောတို့သည် စည်းကမ်းမဲ့သော လူရိုင်းများဖြစ်၍ မိမိတို့၏စိတ်ကို မထိန်းသိမ်းနိုင်သူများ ဖြစ်ကြသည်။ သို့သော် ဖောလပ်နှင့် ကိုင်ဝွန်ဆိုသူ နှစ်ဦးမှာ အခြားစင်းတောတို့နှင့် အလွန် ကွာခြားလေသည်။ ကိုင်ဝွန်သည် အပေါလို နတ်သားထံတွင် နှည်းနှာ ခံယူရသဖြင့် အတတ်ပညာနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆိုကြသည်။ အပေါလို သည် သူ၏သားတော် အက်စကျူလေးပိယပ်ကိုပင် ကိုင်ဝွန်အား စောင့်ရှောက် ထိန်းသိမ်း သွန်သင်စေ၏။ ကိုင်ဝွန်၏ တပည့် ထိုနတ်သားမှာ နောင်သောအခါတွင် သမားတော်များကို စောင့်ရှောက်သောနတ်သား ဖြစ်လာလေသည်။

ထင်ရှားသော သူရဲကောင်းများဖြစ်ကြသည့် ပီးလိယပ်၊ ဂျေဆင်နှင့် အကီးလီးတို့သည် ကိုင်ဝွန်၏ တပည့်များ ဖြစ်ကြသည်။

ဝေါဟာရ နှင့် အသံလှုယ်အမည်များ

ဤကျမ်းတွင် ကမ္ဘာပေါ် ရှိ ကျယ်ဝန်းလှသော ပညာရပ်အမျိုးမျိုး၊ အကြောင်းရပ်အမျိုးမျိုးတို့ ပါဝင်သည့်ပြင်၊ မြန်မာနိုင်ငံတွင် ပဌမဆုံး ပေါ်ထွက်လာရခြင်းဖြစ်သည့်အလျောက်၊ ဘာသာခြားမှ မြန်မာလိုပြန်ဆိုထားသော ဝေါဟာရသစ်များနှင့် အသံလှုယ်ယူထားသော အမည်များ မြောက်မြားစွာပါရှိသည်။ ဤကျမ်းတွင်ပါဝင်သော ဝေါဟာရနှင့် အသံလှုယ်ယူထားသောအမည်တို့ကို မူရင်းစကားနှင့်တကွ အောက်တွင် အက္ခရာစဉ်အတိုင်း ဖော်ပြထားသည်။ ထုတ်ဝေပြီးအတွဲများတွင် ဖော်ပြပါရှိပြီးဖြစ်သော ဝေါဟာရများနှင့် အသံလှုယ် အမည်များကိုမူ အောက်ပါစာရင်း၌ ထပ်မံဖော်ပြခြင်းမပြုပါ။

ဝေါဟာရများ

‘ကဗျာစာဆိုတို့၏အတ္ထုပ္ပတ္တိ’	‘ The Lives of the Poets ’
ကဗျာစာဆိုအက်ဒါကြီး	Elder Edda or Poetic Edda
ကရော့စဗားစံနစ်	Crossbar (System)
‘ကရိုက်ဆစ်’ သတင်းစာ	Crisis ’
‘ကလေးဘဝ’	‘ My Childhood ’
ကာတာလန်လူမျိုး	Catalan
ကာရာရာစကျင်ကျောက်	Carrara
ကုဗတုံး	Cube
ကော်ရယ်ပင်လယ်	Coral Sea
ကိုကိုကီးလင်းကျန်း	Cocos-Keeling Island
ကိုးတိုင်ကစားခြင်း	Nine pins
ကက်စတီးလီယန်လူမျိုး	Castilian
ကင်းအက်ဒွပ်စာသင်ကျောင်း	King Edward’s School
ကန်ဆေးဝါး	Sulfa drugs
ကန်တာဗာရီဂိုဏ်းချုပ်	Archbishop of Canterbury
ကန်တာဗရီယန်တောင်တန်း	Cantabrian Mountains
ကုန်သည်လေ	Trade Wind
ကော်ဗင့်ဥယျာဉ်	Covent Garden
ကျောက်စက်ပန်းဆွဲ	Stalactite
ကျောက်စက်မိုးမျှော်	Stalagmite
ကြာသပတေးဂြိုဟ်	Jupiter
ကြောင်ငါး	Catfish
ကြောင်လိမ်လျှောစင်	Spiral chute
ကြောင်းခြင်းရာအညွှန်း	Fact-Index
ကွားဒရင့်ခွေးသွားစိတ်	Tooth quadrant
ကွန်ဂရက်စာကြည့်တိုက်	Library of Congress
ကွန်ပါ	Compass
ကွန်ဖျူးရှပ်အယူဝါဒ	Confucianism
‘ကျွန်ုပ်အတွက်တက္ကသိုလ်များ’	‘ My Universities ’
ကြွေးတင်စာရင်း	Account of indebtedness
‘ခရီးသည်ကြီး’	‘ The Traveller ’
ခရစ္စမတ်ကျွန်း	Christmas Island
‘ခရစ်ယန်သာသနာအရေးပုံသမိုင်း’	‘ History of the Reformation ’
ခလုတ်ခုံ	Switch board
ခါဒါလှုပ်ရှားမှု	Khadda Movement
ခေါင်းကြီးရေးသူ	Leader Writer or Editorial Writer
‘ခေါင်းဆောင်ကြီး’	Qaid-i-Azam
ချာတာဟောက်ကျောင်း	Charterhouse School
ချင်မင်းဆက်	Ch’ing Dynasty
ချုပ်ခုက်	Sewing frame

ခြေတံရှည်ပိုးကောင်	Daddy-long-legs
ခြေလျင်တပ်မဟာ အမှတ် ၁၀	10th Infantry Brigade
ခြေဝါဥ	Yellow-footed green pigeon
ဂဏန်းခြေ	Numeral
ဂဏန်းတွက်စက်	Calculating machine
ဂဏန်းသခ်ျာ	Arithmetic
ဂရေးဒိုးတောင်တန်း	Sierra de Gredos
ဂရောက်ရစ်	Grouse
ဂရင်းစည်း	Grimm's Law
ဂရစ်လျှပ်စစ်စံနှစ်	Grid
ဂရိတ်လိတ်ဒေသ	Great Lakes
ဂရမ်ပီယန်တောင်တန်း	Grampian Mountains
ဂလော်စတာတိုက်လေယာဉ်ပျံ	Gloster fighter
ဂလိုက်ဒါလေယာဉ်	Glider
ဂလစ်ရှန်းလူမျိုး	Galician
ဂလုပ်ခဲ့	Globe Theatre
ဂဝေ	Solder
' ဂါတာ၏စာဆန် '	' Goethean Style '
ဂါးထားးတောင်တန်း	Sierra de Gata
ဂူနေခေတ်	Cave Dwelling Age ; Age of Cave men
ဂူနေရှေးလူ	Cave dweller
ဂယ်လဗာနိုက်သံ	Galvanised iron
ဂယ်လဗာနစ်နည်း	Galvanic method
ဂေါ်ဘီထုပ်	Cabbage
ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း	Gurkha Rifles
ဂန္ထဗေဒ	Bibliography
ဂန္ထဗေဒအသင်းကြီး	The Bibliographical Society
ဂန္ဓမာယန်း	Chrysanthemum
ဂုံလျှင်ပင်	Jute
ဂျာဗိုးအာကောင်	Jerboa
' ဂျာမန်ဘာသာစကားသမိုင်း '	' History of the German Language '
' ဂျာမန်သူရဲကောင်းတို့၏ရှေးဟောင်းပုံပြင် '	' German Heroic Saga '
ဂျူရီအဖွဲ့ကြီး	Grand Jury
ဂျူရီအဖွဲ့ငယ်	Petty Jury
ဂျူးလ နိယမ	Joules' Law
ဂျိုဟိုးရေလက်ကြား	Johore Strait
ဂျိုကွဗင်းအဖွဲ့	The Jacobins
ဂျက္ကတ်ရက်ကန်းစင်	Jacquard Loom
ဂျက်ဇူးဘစ်အခေါက်	Jesuits' bark
ဂျိုင်ရိုကရိယာ	Gyro-apparatus
ဂျိုင်ရိုအိမ်မြှောင်	Gyro-compass
ဂြိုဟ်သိမဂြိုဟ်မှား	Asteroid or Planetoid
ဂွါဒါရမွာတောင်တန်း	Sierra de Guadarama
ဂျန်ဆင်အသင်း	Johnson Club
ဂျမ်းထိုးငှက်	Indian lorikeet
ငခွေးလျှာ	Flatfish
ငထေး	Jellyfish
ငစားရှဉ့်	Silver-Bar fish
ငပျံ	Flying-fish
ငပြိုးတောင်	Anguilla benghalensis

ငမြှင်းကကလောင်	Eutropiichthys vacha
ငရုတ်ကောင်း	Piper nigrum
ငရှဉ်ကျား	Anguilla bicolor
ငရှဉ်	Amphipnous cuchia
ငလိပ်ကျောက်	Ray
ငလျင်တိုင်းကရိယာ	Seismograph
ငါး	Percidae
ငသလဲထိုး	Lepidocephalus berdmorei
ငသိုင်း	Catla catla
ငဟစ်	Heron
ငအပ်ပို	Rastroliger kanagurta
ငဖုံး	Anthias multideus
ဒုပင် (ဒုကြိုးပင်)	Cassia fistula
ဒုရှပင် (ဒုစပ်ပင်)	Cassia renigera
ဒုသိန်ပင်	Cassia nodosa
'ဒိုင်ကြားထုတ်တိုင်း'	'Wailing Wall'
ဒုံး	Quail
ဒြပ်ထိန်းကရိယာ	Control (stabilizer)
ဒင်္ဂစာရင်းစာအုပ်	Cash Book
ဒင်္ဂစုဘဏ်ငှာန	Saving Bank
ဒင်္ဂလဲပို့စံနစ်	Money Order
ဒင်္ဂဝင်ငွေထွက်စာရင်း	Cash Account
'ဒင်္ဂသေတ္တာ'	'Silver Box'
ဒုက်ကျား	Ibis leucocephalus
ဒုက်ကျားဖြူ	Ciconia alba
ဒုက်ကြီးဝုံးစပ်	Adjutant ; Leptoptilus dubius
ဒုက်ခါး	Coracias benghalensis
ဒုက်တောင်ရိုး	Quill
ဒုက်ပန်းထိမ်	Megalaima haemacephala indica
ဒုက်ပျော့ပူးပုံသဏ္ဌာန်	Elliptic oblong
ဒုက်ပြာချောက်	Sitta castanea neglecta
ဒုက်ဘီလူး	Lanius collurioides collurioides
စကားဇော်မြစ်ပညာရပ်	Etymology
စကားပြေစာဆို အက်ဒါငယ်	Younger Edda or Prose Edda
စကားပြောခွက်	Mouthpiece
စကားပြောအတတ်	Rhetoric
စကီးစီးခြင်း	Ski-ing
'စကော့တလန်နယ်ခြားသီချင်းများ'	'Minstrelsy of the Scottish Border'
စကော့တလန်ပြည်ရှင်မေရီဘုရင်မ	Mary, Queen of Scots
စကစ်တယ်ကစားခြင်း	Skittles
စကန်ဆင်ဥယျာဉ်	Skansen Park
စတားကျင်ငါး	Sturgeon
စတီရီယိုစာပုံသွန်းနည်း	Stereotyping
စနေဂြိုဟ်	Saturn
စပါးလင်	Lemon grass
စပန်းရေမြုပ်	Sponge
စပိန်ထီးနန်းဆက်ခံရေးစစ်ပွဲ	War of the Spanish Succession
စပိန်ရေတပ်ကြီး	The Spanish Armada
စပျစ်	Grapes
စကူးစက်	Duplicator

စာကူးမင်	Copying ink
စာထုပ်	Packet
စာ၊ နယ်၊ ဇင်း အတတ်ဆိုင်ရာဒီပလိုမာဘွဲ့	Diploma in Journalism
စာပေအသင်း	Literary Club
စာပို့မြင်းရထား	Mail coach
စာပို့အိတ်ဖလှယ်ရေးကရိယာ	Mail-bag exchange apparatus
စာဖလှယ်ချိပို့သောစံနစ်	Cross post
စာမှန်	Essay
စာရင်းကိုင်နည်း၊ တဖက်သွင်း	Single entry Book-keeping
စာရင်းကိုင်နည်း၊ နှစ်ဖက်သွင်း	Double entry Book-keeping
စာရင်းကိုင်ပညာ	Book-keeping
စာရင်းချုပ်စာအုပ်	Ledger
စာနှင်းစဉ်	Statistics
စာရင်းတွက်စက်	Accounting machine
စာရင်းပိတ်လက်ကျန်	Closing balance
စာရင်းဖွင့်လက်ကျန်	Opening balance
စာရင်းမျက်နှာ	Folio
စာဝေငှဲ့	Delivery Office
စာအုပ်နှင့်နမူနာပို့စံနစ်	Book and sample post
စားဆေးဖြင့်ပုံဆွဲခြင်း	Etching
စားမြုံ့.ပြန်ကောင်	Ruminant
စီထရိုနယ်လာဆီ	Citronella oil
စုဆောင်းခြင်း	Collection
ဒုကာပန်း	Passion flower
ဒုက္ဂဝက်ငှက်	White pelican
ဒုက္ကူးပြုစာတမ်း	White Paper
ဒက်စီယင်	Tsetse fly
ဒက်ခွဲလုပ်ငန်းစံနစ်	Factory system
ဒက်ဝိုင်းခြမ်း	Semi-circle
ဒက်ဝိုင်းစိတ်	Sector
ဒက်ဝိုင်းလုံး	Sphere
ဒက်ဝန်းပိုင်း	Arc
ဒက်သီး	Pulley
ဒိုက်အား	Effort
ဒိတ်ကူးယဉ်ခေတ်	Romantic period
'ဒိန်ဂျန်းအကြိုရေး'	'St. John's Eve'
ဒံနမူနာယူနည်း	Sample survey
ဒံတွဲအပြန်အလှန်ပြောစကား	Dialogue
ဆဗွိုင်းသံတော်	Savoy Theatre
ဆာလဖိတ်နည်း	Sulphate process
ဆိုဒါနည်း	Soda process
ဆောက်လုပ်ချက်များ	Constructions
'ဆုံးခဲ့ပေါ့ပြည်နတ်ရွာ'	'Paradise Lost'
ဆွန်ဒန်လူမျိုး	Sundanese
ဇနပ္ပတ္တိ	Biography
ဇော်းတွက်	Practice
တဟတ်လည်ထောင့်	Perigon
'တရုပ်ဂေါ်ဒင်'	'Chinese Gordon'
'တော်စတိုင်ယာတော'	'Tolstoy Farm'
တော်ဝင်ဗီယန်တျာဃညာတံခွန်အသင်း	Royal Academy of Music

တိုကူဂါးဝါးရှိုဂွန်ခေတ် Tokugawa Shogunate

တိုက်ရိုက်နည်းဖြင့်သက်သေပြနည်း Direct method

ထင်ကျီး The Indian large cormorant

ထစ်ငှက် Tit

တနစ်စဖင့်ငှက် Tanis sphinx

တံဆိပ်ခေါင်း၊ စာပို Postage stamp

တံဆိပ်ခေါင်း၊ ယူ၊ ပီ၊ ယူ U.P.U. stamp

တံဆိပ်ခေါင်း၊ အလုပ်လက်မဲ့ Unemployment stamp

တံဆိပ်ခေါင်း၊ အာမခံ Insurance stamp

တံဆိပ်နှိပ်စက် Stamp cancelling machine

တိုးပျံ Rocket

တိုးမော်တော်ကား Rocket motor-car

တိုးလေယာဉ်ပျံ Rocket plane

တိုးအင်ဂျင် Rocket engine

တျူဗာကယ်ပိုးစွဲနာ Tuberculosis

တွင်းထွက်ဓာတ် Mineral

ထာဝရသံလိုက် Permanent magnet

ထုပို့ Solid

ထောင့်ကျယ် Obtuse angle

ထောင့်ကျယ်တြိဂံ Obtuse-angled triangle

ထောင့်ကျဉ်း Acute angle

ထောင့်ကျဉ်းတြိဂံ Acute-angled triangle

ထောင့်ပြန် Reflex angle

ထောင့်ဖြောင့် Straight angle

ထောင့်မှန် Right angle

ထောင်မှန်စတုဂံ Rectangle

ထောင့်မှန်တြိဂံ Right-angled triangle

ထပ်ကိန်းနှင့်ကိန်းရင်းများ Powers and roots

ထပ်တရုပန်း Marigold

ထပ်တူထပ်မျှတြိဂံများနှင့်သက်သေပြနည်း
Proof by congruent triangles

ဒသမ Decimal

'ဒိကန်ကာအနီးလယ်ယာတွင်းမှညနေခင်း'
'Evenings on a farm near Dikanka'

ဒီမိုကရက်တစ်သမတဂျာမန်နိုင်ငံ (အရှေ့ဂျာမန်နိုင်ငံ)
German Democratic Republic

ဒီးလီယန်အဖွဲ့ Delian League

ဒုံးပြိုးကွက် Leptoptilus javanicus

ဓါတ်ငွေ့မီးအိမ် Gas lamp

'ဓမ္မသတင်းစာ' 'Religious Herald'

ဓမ္မသာလာယံကျောင်း Ashram

ဓမ္မသီချင်း Hymn

နဇေဇင်ဂျင်မနေဇီယမ်ကျောင်း Nezhin Gymnasium

နာတဲအိန္ဒီယကွန်ဂရက် Natal Indian Congress

နားထောင်ခွက် Receiver

နေကြာ Sunflower

နယ်စားကြီး Elector

နက္ခတ္တဗေဒ Astro-physics

'နက်နဲလှစွာစကြာဝဠာ' 'The Mysterious Universe'

'နောက်ဆုံးကိတဝါဆိုဂီတေးသံ'
'The Lay of the Last Minstrel'

နိုင်ငံငယ် (ဂရိုးကရိုနိုင်ငံ) City state

နိုင်ငံတော်စာကြည့်တိုက် State library

နတ်ဆိုဝါဒ Nazism

နန်းတွင်းပန်းချီဆရာ Court painter

'နွေဦးရာသီသို့' 'Ode to the Spring'

နှစ်ကိုင်းပြာအမြဲစိမ်းချုံပင် Dichotomously branched evergreen

'၂၅ နှစ်ကာလ' 'Twenty Five years'

နှစ်နားညီတြိဂံ Isosceles triangle

နှတ် Heddle

နှုတ်သီးထူဥ Thick-billed green pigeon

နှုတ်သီးပြားငှက်ကျား Shoe bik

ပမာဏသချိုင်္ဂ Mensuration

ပရိစ္ဆေဒနည်း (ဝါ) အနာသစ်စစ်နည်း Method of analysis

ပရင့်စတန်တက္ကသိုလ် Princeton University

ပလိပ်ရောဂါ Plague

ပါဆယ်ပို့စံနှစ် Parcel post

ပါရစ်မြို့ငြိမ်းချမ်းရေးညီလာခံ Paris Peace Conference

ပါရစ်မြို့ဖွဲ့နိုင်ငံတော်စာကြည့်တိုက် Bibliothèque Nationale, Paris

ပါဝါလက်တံ Power arm

ပါးမားအနုပညာတံခွန်ကျောင်း Academy of Parma

ပါးရောဂျန်း Island of Paros

ပိရမစ် Pyramid

ပီရူးဗိယန်အခေါက် Peruvian bark

ပူးပေါင်းရေးအက်ဥပဒေ Act of Union

ပေထင်လွင်ပြင် Plain of Peten

ပေးထားချက် Hypothesis

ပယ်နည်းဖြင့်သက်သေပြနည်း Proof by elimination

ပယ်ရိယန်ကျောက်ဂေါ် Parian marble

ပယ်လိုပုန်နီးရှန်းစစ်ပွဲများ Peloponnesian Wars

ပဲရော့ငါး Parrot fish

ပေါ်ပီယန်း Poppy

ပိုးစာလံ Moth

ပက်ဒင်တန်ဘူတာ Paddington Station

ပင်ဆီလဗေးနီးယားနှင့်မေရီလန် တန်တားဆောက်လုပ်ရေးကုမ္ပဏီ Pennsylvania and Maryland Bridge and Construction Company

ပင်တဲလစ်ကပ်တောင် Mount Pentelicus

ပင်တဲလစ်ကျောက်ကျောက် Pentelic marble

ပင်လယ်တံငါ Sea angler

ပစ်တန်အင်ဂျင်တပ်သာမန်လေယာဉ်ပျံ Piston-engined plane

'ပစ္စည်းဓဉ်' 'The Man of Property'

ပစ်လူမျိုး Picts

ပဥ္စကာနီသီး Gôldnut

ပိတ်ချင်း Piper longum

ပန်ကရိုရည် Pancreatic juice

ပန်နယ်စံနှစ် Panel

'ပန်းမြို့တော်ကြီး' 'City of Flowers'

ပိန်ညင်းငှက် Kingfisher

ပုပ်ရဟန်းမင်း တတိယအင်နိုဆင့် Pope Innocent III

ပုံကူးစက္ကူ Tracing paper

ပုံစံပြာ Blue print

ပုံထပ်သက်သေပြနည်း Proof by superposition

ပုံထင်းဆရာ Engraver

ပုံဖော်ရက်ကန်းအတတ် Figure weaving

ပျ Aphis

ပျော့ပတ်၊ စက်ကြိတ် Pulp, mechanical

ပျော့ပတ်၊ ဆေးစိမ် Pulp, chemical

ပျော့ပတ်၊ သစ် Pulp, wood

ပျော့ပတ်၊ အဝတ် Pulp, rag

ပြစက် Projector

ပြတန်ဆာ Indicator

'ပြည်တွင်းခရီးစဉ်' 'An Inland Voyage'

ပြည်တွင်းပြည်ပအဖြစ်အပျက်'
'Public Occurrences both Foreign and Domestic'

ပြည်ထောင်စုသမတကျွန်းနိုင်ငံ (အနောက်ကျွန်းနိုင်ငံ)
German Federal Republic

ပြည်သူ့စာကြည့်တိုက် Public library

ပွင့်ချပ်အုံ Corolla

ပွင့်ချပ်အုံပြွန် Corolla-tube

ပွင့်ဖတ်အုံ Calyx

ပွတ်တိုက်ခုခံမှု Friction

'ပြွန် Duct

ပြွန်မဲ့ဂလင်း Ductless gland

ဖယောင်းစက္ကူ Stencil paper

ဖရောင်ဟိုဖာမျဉ်းများ Fraunhofer lines

'ဖယ်လိုဒွန်စာထမ်းများ' 'Fallodon papers'

ဓလိုဘုရင် Pharaoh

ဖက်ဆစ်ဝါဒ Fascism

ဗရေးလ စံနစ် Braille

ဗရင်ဂျီများချုပ်ချယ်မှုလွှတ်မြောက်ရေးအက်ဥပဒေ
Catholic Emancipation Act

ဗလောက်စာအုပ် Block book

ဗဟိုခွာအား Centrifugal force

ဗဟိုစာရွေးဌာန Main Sorting Office

'ဗဟိုလျှပ်စစ်ဓာတ်ဘုတ်အဖွဲ့'
'Central Electricity Board'

ဗာဂျင်းနီးယားစစ်ပညာသင်ကျောင်း
Virginia Military Institute

ဗာဒေးဘားတောင် Mount Vaea

ဗာနတ်ပိဋကတ်တိုက် Bernard Library

ဗိဆိုဂါသ Visigoth

'ဗိယာလာနေအိမ်' 'Birla House'

ဗူးလရန်းတိုက်ပွဲ Battle of Bullrun

ဗယ်လီအဲရစ်ကျွန်းစု Balearic Islands

ဗဲလဖေါတောင်ကြား Belfort Gap

'ဗော်စတန်သတင်းဆောင်းပါး' 'Boston News letter'

ဗိုးဝါးငှက်မျိုး Bower bird

ဗာတီကင်စာကြည့်တိုက် Vatican Library

ဗာက်လူမျိုး Basque

ဗိုက်ကင်းလူမျိုး Viking

'ဗင်္ဂလားအစိုးရအတွင်းရေးနှင့်နိုင်ငံရေးဆိုင်ရာအတိုင်ပင်ခံစာတမ်းစာအုပ်'
'Bengal Secret and Political Consultations'

ဗိုင်ဆာလဖိုက်နည်း Bisulphite process

ဗစ်ကာစက်သေနတ် Vicker gun

ဗတ်တာဖလိုင်းငါး Butterfly fish

ဗုဒ္ဓဟူးဂြိုဟ် Mercury

ဗျိုင်း Egret

ဗြိတိသျှတပ်မတော်စစ်ဦးစီးချုပ်
Chief of the Imperial General Staff

ဗွန်ဆင်မီးတိုင် Bunsen Burner

ဘာသာစကားဗေဒ Philology

ဘီးနှင့်ဝင်ရိုး Wheel and axle

ဘုငပတ်ပင်	Birch
ဘုရင့်ခြေမြန်တော်အစ္စဲ	Royal Messenger Service
ဘုရင့်စစ်ကောလိပ်ကျောင်း	Imperial Defence College
ဘုရင့်ဝါရစ်ရွိင်ယာတပ်ရင်းကြီး	Royal Warwickshire Regiment
ဘုရင့်ဝတ်ကျောင်းတော်	Chapel Royal
ဘေးကင်းမီးအိမ်	Safety lamp
မဟူရာစကျင်ကျောက်	Onyx marble
'မာလဗာရာစံအိမ်တော်'	'Malborough House'
မူပိုင်ကျေညာချက်	Copyright notice
မူမတူတွဲကိန်ညီး	Compound rule
'မော်လမြိုင်သတင်း'	'Moulmein Chronicle'
'မဂ္ဂဇင်းပဒေသာ'	'Magazine Digest'
မင်တက္ကူ	Carbon paper
မန်းကျွန်း	Isle of Man
မုန်တိုင်းတပ်	Storm troop
မုန်လာဥနီ	Beet
မျိုးချစ်ဘုရင်	Patriot King
မျိုးပေါင်းစု	Phylum
မျက်နှာပြင်ညီ	Plane
မျဉ်းမြဲ	Initial side (of angle)
မြီစား	Debtor
မြီရှင်	Creditor
မြေစေးဖြူ	Kaolin ; china clay
'မြေယာမဲ့မင်းသား'	'Lackland'
မြေလွှဲငှက်	Thrush
မြို့ပြအင်ဂျင်နီယာ,	Civil engineer
'မြောက်ပိုင်းကခြင်္သေ့ကြီး'	'Lion of the North'
'မြည်းနှင့်ခရီးသွားခြင်း'	'Travels with a Donkey'
မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း	Burma Education Extension Association
မြန်မာပြည်ပြုပြင်ပြောင်းလဲရေးကော်မတီ	Burma Reforms Committee
မြန်မာပြည်ရှိဗြိတိသျှကိုယ်စားလှယ်မျာ၏သံုးငံ	British Residency in Burma
'မြန်မာအဆွေ'	'Friend of Burma'
မွေးလက်	Barb
မွတ်စလင်အသင်းကြီး	Moslem League
မွန်တေကူ - ချမ်းစဖို့တို့၏အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးစီမံကိန်း	Montagu-Chelmsford Reforms
မှုထမ်းရာထမ်းတို့၏လျှို့ဝှက်ချက်အက်ဥပဒေ	Official Secrets Act
မှူးမတ်မျိုးနွယ်ဥပဒေကြမ်း	Peerage Bill
ပြောက်လဒ်	Product
မြှင့်ကြိုး	Lifting thread
'ယန်းအိန္ဒိယသတင်းစာ'	'Young India'
ယိမ်းထိုးဂျိုင်ရိုစကုပ်	Oscillating Gyro-wheel
'ရတနာဒီပ'	'Treasure Island'
'ရေကြောင်းစစ်ပွဲ၏အဖြစ်အပျက်များ'	'The Crisis of the Naval War'
ရေတပ်ဗိုလ်မှူးချုပ်	Commodore
ရေယန်းဂျက်စက်	Hydraulic jet
'ရေသူမထမင်းဆိုင်'	'Mermaid Tavern'
ရေအားသုံးဂျက်ခုတ်မောင်းနည်း	Hydraulic jet propulsion
ရေအားသုံးလျှပ်စစ်အား	Hydroelectric power
'ရောမနိုင်ငံတော်ပျက်စီးပုံ'	'Decline and Fall of the Roman Empire'
ရောမအင်ပိုင်ယာ	Roman Empire

'ရက်ကန်းလွန်းပျံ'	' Flying Shuttle '
ရင်ဆူးထောင်	Pectoral fin
ရင်ပတ်ဝါဋ	Orange-breasted green pigeon
ရစ်ဒါဟုမ်းဘုရားပျိုခိုးကျောင်း	Riddarholm Church
ရတ်ဂျာတက္ကသိုလ်	Rutgers University
ရမ်အရက်	Rum
'ရွာပုန်းဆိုး'	' The Deserted Village '
ရွက်ကြွေတော	Deciduous forest
ရွက်စွယ်	Stipule
ရွက်ဆိုင်	Opposite leaves
ရွက်ညှာ	Petiole
ရွက်ပျံထည်စက်ကြိုး (ခါးပတ်ကြိုးမြား)	Moving belt
'ရွှေမြို့တော်ကြီး'	' City of Gold '
လီနင်ဂရက်ရှိနိုင်ငံတော်စာကြည့်တိုက်	Leningrad State Library
'လူ့သဘာဝအက်ဆေး'	' Essay on Man '
'လူပြန်ပေး'	' Kidnapped '
'လူမျိုးတို့၏ဘောဂဗလ'	' Wealth of Nations '
လေတပ်ဗိုလ်ချုပ်မှူး	Air Chief Marshal
လေမုန်တိုင်းအင်္ဂ	Cape of Storms
လေအိတ်	Air bladder
'လောကတခွင်'	' In the world '
လက်ကျန်ရှာခြင်း	Balancing (accounts)
လက်ထောက်အယ်ဒီတာ	Sub-editor
လက်ဝဲလေဘာအင်အားစု	Left-wing Labour Front
လင်ဂျာတီသဘောတူညီချက်စာချုပ်	Linggadjati Agreement
လင်နန်ထည်	Linen
လင်းပေါက်	Transparent
လုပ်ငန်းဘုံအသင်း	Guild
လမ်းလျှောက်စာဆို	Troubadour
လွတ်လပ်ရေးကလပ်	Liberty Club
လှိုင်းအလျား	Wavelength
လျှောနွေးဆွဲစင်	Sliding rack
လျှပ်စစ်အတ်မီး	Arc lamp or light
'ဝိညာဉ်သေများ'	' The Dead Souls '
ဝိသမသတ်ထောင့်	Alternate angle
ဝိဟာရစေတီ	Caitya Hall
'ဝေနှိမ့်အက်ဆေး'	' Essay on Criticism '
ဝင်ဆာမင်းမျိုး	House of Windsor
ဝတ်မှုန်အိမ်	Anther
'ဝိတ်ဖီးသင်းအုပ်'	' Vicar of Wakefield '
ဝမ်းဆွဲးတောင်	Ventral fin
'သတင်းစုံမဂ္ဂဇင်း'	' News Digest '
သာသနာရေးဆိုင်ရာတရားခွံးတော်	Inquisition
'သေဆုံးသွားသောအချစ်ဆုံးကြောင်ကလေးသို့'	' Ode on the Death of a Favourite Cat '
သောကြာဂြိုဟ်	Venus
သက်ဆိုင်ရာထောင့်	Corresponding angle
သင်းဝင်ပင်	Beech
သစ္စာ	Truth
သည်းခြေရည်	Bile
သည်းခြေအိတ်	Gall bladder

သံမှုန့်	Iron filings
သံလွင်ဆီ	Olive oil
သံလွင်တောင်	Mount of Olives
သုံးနားညီတြိဂံ (တြိဂုန်း)	Equilateral triangle
'သွေးနှင့်မြေ'	'Blood and Sand'
သွေးပျော့နာ	Anaemia
သွေးမြေမကျတော်လှန်မှု	Glorious Revolution
သွယ်ဝိုက်နည်းဖြင့်သက်သေပြခြင်း	Indirect method
ဟိမဝန္တာအနိမ့်ပိုင်း	Sub-Himalayan Tract
ဟယ်လင်နစ်စတစ်ခေတ်	Hellinistic Age
ဟဲလဗတ်ငါး	Halibut
'ဟက်ဗရိဒီးခရီးစဉ်'	'Journey to the Hebrides'
'ဟစ်လဒဗရန်းလက်ဘ်ကြီး'	'Lay of Hildebrand'
ဟန်ချက်	Centre of Gravity
ဟွန်ဒီချက်လက်မှတ်	Hundi
အခန်းဆောင်းပါးရှင်	Columnist
အချင်း	Diameter
အချင်းဝက်	Radius
အစာအိမ်ရည်	Gastric juice
အစေ့လောင်း	Ovules
အစိုးရပညာရေးဆင်ဒီကိတ်အဖွဲ့	Burma Educational Syndicate
အစုတ်ထွေင်စဉ်	Absorption spectrum
အဆို	Proposition
အတွင်းမီးအားအင်ဂျင်စက်	Internal combustion engine
အထိန်းစပရင်	Control spring

အနားပြိုင်စတုဂံ	Parallelogram
အနားမညီတြိဂံ	Scalene triangle
အနောက်တိုင်းကောလိပ်	Occidental College
အယူပိုင်းဇုန်သစ်	Neo-Tropical Zone
အယူလုပ်မျှကိန်း	Mechanical theory of heat
အပေါ်ယံအမွေးကြမ်း	Counter feather
'အပေါ်ဝတ်ကုတ်အင်္ကျီ'	'The Overcoat'
အပြင်ချန်းဘဲဥပုံ	Ovate
အပြိုင်စတုဂံတုံးမှန်	Rectangular parallelepiped (solid)
အပြိုင်စတုဂံတုံးယိုင်	Oblique parallelepiped (solid)
အပြည့်ထွေင်စဉ်	Continuous spectrum
အပြည်ပြည်ဆိုင်ရာတပ်မဟာ	International Brigade
အပြန်အလှန်သီအိုရမ်	Converse (of theorem)
'အမေ'	'Mother'
အမေရိကန်ယဒဘူတအသင်းကြီး	American Philosophic Society
အမေရိကန်လွတ်လပ်ရေး ကျေညာစာတမ်းကြီး	Declaration of American Independence
'အမျိုးသမီးမျှားချီတက်ခဲ့'	'March of the Women'
အမျိုးသားငွေစုလက်မှတ်	National Savings Certificate
အမျိုးသားပညာရေးကောင်စီ	Council of National Education
အမျိုးသားပညာရေးဘုတ်အဖွဲ့	Board of National Education
အမြီးဆူးတောင်	Caudal fin
အမွေးမုတ်ဖွား	Filo plume
အမွှေးနု	Plumule (Down feather)
အရိုးအိမ်	Skeleton
အရောင်ကွဲထွက်ခြင်း	Dispersion of light

ဆရောင်ဆဲ	Chromatophore (Pigment cell)
အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်ကုန်းတပ်မျာ၏သေနာပတိ	Commander in chief of Allied Land Forces, South East Asia
အရှေ့ရောမနိုင်ငံတော်	Eastern Roman Empire
အလျှင်	Velocity
အလွှတ်ရောင်စဉ်	Bright line spectrum
အဝိုင်းထုခွန်	Cone
အသံဖမ်းစက်လိုင်စင်	Wireless licence
အသံလှိုင်း	Sound wave
အာဏာပယိဆန်ရေး	Civil disobedience
အာထိတ်ဇုန်ဟောင်း	Palae-Arctic Zone
အာရပ်နိုင်ငံအဖွဲ့	Arab League
အီကွိယန်လူမျိုး	Aequian
အီးဂျီးယန်းပင်လယ်	Aegean Sea
ဥဆဲ	Egg cell
ဥးနှောက်ရောင်အိပ်မဝေရောဂါ	Sleeping sickness

အေရိယယ်ကြိုး (ကောင်းကင်ကြိုး)	Aerial wire
အော့စထြိုဂေါ်သ	Ostrogoth
အော်ပရာခေါ်တေးဆိုစုံဇာတ်	Opera
'အော်လီယန်းမြို့၏လုံမပျို'	'Maid of Orleans'
ဩဂင်စန္ဒယား	Organ
အိုမာပလီဝတ်ကျောင်းကြီး	The Mosque of Omar
အက်ဆမ်အဆို	Atomic theory
'အောက်ဆုံးမြေလွှာ'	'Lower Depths'
အိုက်မီးရိုးယန်းကျွန်းဆွယ်	Iberian Peninsula
အင်္ဂါဂြိုဟ်	Mars
'အောင်လို့၍အညှံ့ခံသည်'	'She Stoops to Conquer'
ဥစ္စာသိုက်များ	Treasure troves
အိန္ဒိယအမျိုးသားကွန်ဂရက်	Indian National Congress
အိန္ဒိယအုပ်ချုပ်ရေးအက်ဥပဒေ	Government of India Act
အိမ်တွင်းမှုလုပ်ငန်းစံနစ်	Domestic Industry

အသံလှယ်အမည်များ

ကဇန်	Kazan
ကပရယ်ရာ	Caprera
ကမကုရ	Kamakura
ကယက်	Kayak
ကရာနတ်, လူးကတ်	Cranach, Lucas
ကရူစီယာရီး	Cruciferae
ကရူးဂါး	Kruger
ကရိုနပ်	Cronus

ကရောင်းကိုလိုနီ	Crown Colony
ကရိုင်အိုလိုက်	Cryolite
ကရစ်, ဆာ စတက်ဖို	Cripps, Sir Stafford
ကရိန်းဗီ	Crane's-bill
ကရွိုင်ဒန်	Croydon
ကလာရိယပ် ဗတရာချပ် (ဝါ) ဗတရာကပ်	Clarius batrachus
ကလီနင်ဂရက်	Kaliningrad
ကလော့စတော့ (ဝါ) ကလပ်ရှတုတ်	Klopstock

ကလော့ဒင်	Culloden
ကလိုရော့ဆစ် ကိုချင်ချိုင်နန်ဆစ် ကိုချင်ချိုင်နန်ဆစ်	Chloropsis cochinchinensis cochinchinensis
ကလိုရော့ဆစ် အော်ရိဖရွံပရိဒီး	Chloropsis aurifronspridii
ကလက်ပီကိုဗာ, အော်လဂါ	Klepicova, Olga
ကလိုက်သီးနီး	Clisthenes
ကလတ်စဗတ်	Clarksburg
ကာတာလုံးနီးယားး	Catalonia
ကာယန်းတီယေး, ရှားလော့	Carpentier, Charlotte
ကာဗာလျေးရိုး, ဖရန်စစ္စကို လာဂို	Cabellero, Francisco Largo
ကာမာသန်	Carmarthen
ကာရင်ဂျီဒီ	Carangidae
ကာလီကတ်	Calicut
ကာလို, ဒွန်	Carlos, Don
ကာသဂျီးနား	Carthagena
ကားတီအာဝါး	Karthiawar
ကားနိုဗာ	Canova
ကီနိုပိုဒီအေးစီး	Chenopodiaceae
ကီးလင်းဝပ်	Killingworth
ကူရိုရှိအို	Kuroshio
ကူးရိုး	Kurile
ကေး	Kay
ကေးကပ် (ကျွန်း)	Caicos (Island)
ကေးမန်း (ကျွန်း)	Caiman (Island)
ကယ်ဒီ	Caddy
ကယ်လဆီယမ် ဆာလဖိတ်	Calcium sulphate
ကယ်လိခရောက် ပါဒို	Callichrous pabo
ကယ်လိခရောက် ပက်ပဓါး	Callichrous pabda
ကယ်လိခရောက် ဗိုင်မာကျူလေးတပ်	Callichrous bimaculatus
ကယ်လီဒိုးနီးယားး	Calydonia
ကော်ခိုရပ် ကပ်စူလာရစ်	Corchorus capsularis
ကော်ခိုရပ် အော်လီတိုရိယပ်	Corchorus olitorius
ကော်ဒိုးဗား	Cordova
ကော်ရော်လာရီ	Corollary
ကော်ရင့်	Corinth
ကော်လီမေတာ	Collimator
ကောတေး	Cortes
ကောပပ် ဂျူးရစ် စီဗီလစ်	Corpus Juris Civilis
ကောမစ်အော်ပရာ	Comic opera
ကိုတာနစ် ကိုတာနစ်	Coturnix coturnix
ကိုတာနစ် ကိုမိုမန်ဒဲလစ်ကား	Coturnix coromandelica
ကိုတာနစ် ချိုင်းနန်းဆစ်	Coturnix chinensis
ကိုဗီ	Kobe
ကိုရာစီယပ် ဗင်ဂါလင်ဆစ်	Coracias benghalensis
ကိုရာစီး (အီး) ဒေး	Coraciidae
ကိုရန်းနား	Corunna
ကိုလိုင်ဆာ ဖက်ဆီးအေးတပ်	Colisa fasciatus
ကိုးဒိုဗျက်စကီ	Chodowiecki
ကက်ဆီကမ်း အန်နျူအမ်း	Capsicum annuum
ကက်ဆီယာ နိုဒိုဆာ	Cassia nodosa
ကက်ဆီယာ ဖစ္စတျူလာ	Cassia fistula

ကက်ဆီယာ ရင်နီဂျားထုး	Cassia renegera
ကက်ထလာ ကက်ထလာ	Catla catla
ကက်ထလောက်	Catalogue
'ကက်ထရီယိုးနား'	'Catriona'
ကက်ပီတွန်နိုဒေး	Capitonidae
ကောက်စမဇား	Cox Bazaar
ကောက်ဗမန်, အန်ဂေလီကာ	Kauffmann, Angelica
ကင်တားထား (လူမျိုး)	Kin Tartar
ကင်ဗာလီ	Kimberley
ကင်းစတောင်း	Kingstown
ကင်းစတန်	Kingston
ကင်းဖီရိုးယား	Kaempheria
ကောင့်တက် စင်ကိုနား	Countess Cinchona
ကောင့် ရမ်းပို	Count Rumford
ကောင်လီ	Cowley
ကိုင်ရွန်	Chiron
ကစ်ကက်ကလပ်	Kit Kat Club
ကစ်ဒရွန်	Kidron
ကန်ဆု (နယ်)	Kansu (province)
ကနင်ဂမ်, အယ်လန်	Cunningham, Allan
ကပ်ကောဒီ	Kirkcaldy
ကပ်ခေါ့	Kirchoff
ကိပ်ကိုလိုနီ	Cape Colony
ကိပ် - အော့ - ဂွတ်ဟုပ်	Cape of Good Hope
ကျူးရှူး	Kyushu
ကွိနိုင်ကရင်	Quinincrine
ကွက်တာ	Quetta
ကွန်ဒရိုပလိုက် ချိုင်းနန်းဆစ်	Chondroplites chinensis
ကွန်ဒင်ဆား	Condenser
ကွန်ပေါင်ဒီ	Compositae
ကွန်ပို	Cawnpore
ကွန်ပြိန်	Compiegne
ကွန်မွန်းဝဲ့	Commonwealth
ခရစ္စတီနာ	Christina
ခက်ဖရင်း	Chephren
ခိုင်ရိုစင်တြပ် စိုရမ်	Chirocentrus dorab
ချိပဆိုက်	Cheapside
ချိမားဗူဧ	Cimabue
ချိလဒါး	Childers
ချူရီဂေးထုး	Churriguera
ချက်စတာဖီး	Chesterfield
ချင်ပါအို	Ching Pao
ချန်စယ်လာစဗီး	Chancellorsville
ချန်ဟိန်း	Chang Heng
ချမ်းစဖို့	Chelmsford
ခွာရစ်ဇင်	Khwarizm
ဂရာဆီ, ဂျိဗန်နီး	Grassi, Giovanni
ဂရာနဒါး	Granada
ဂရိကို ရိုမန်	Greco-Roman
ဂရိကွာလန်	Griqualand

ဂရေဗလော့, ဟျူးဗတ်	Gravelot, Hubert
ဂရေး, အေဗရာဟမ်	Gray, Abraham
ဂရင်မဲလ်ရှောဆင်	Grimmelshausen
ဂရင်း	Green
ဂရင်း, ဂျေးကော့	Grimm, Jacob
ဂရင်း, ဝိလင်	Grimm, Wilhelm
ဂလော့စတာ	Gloucester
ဂလော့စတာရှိုင်ယာ	Gloucestershire
ဂလော်စင်းနား ပါလပဲလစ်	Glossina palpalis
ဂလော်စင်းနား မော်စီတန်း	Glossina morsitans
ဂလက်စတုန်း, ဝိလျံ အီးဝပ်	Gladstone, William Ewart
ဂလက်ဒီယေးတား	Gladiator
ဂလစ်ဆရိ	Glycerol
ဂါဂေးတား ဂါဂေးတား	Gagata gagata
ဂါတာ, ဖွန် ယိုဟန်း ဝုဖဂန်	Goethe, Von Johann Wolfgang
'ဂါဒီယန်'	'Guardian'
ဂါဗနာ	Governor
ဂါးနက် (ကျောက်)	Garnet
ဂါးဂင်း, ဟာမင် ဝိလင်	Goering, Hermann Wilhelm
ဂီယားနား	Guiana
ဂီဟင်းနာ	Gehenna
ဂီးလဗတ်, ဆာ ဝိလျံ ဆွင့်	Gilbert, Sir William Schwenk
ဂေရှာ	Geisha
ဂေးလစ်	Gaelic
ဂယ်ရီဗောဒီး, ဂျူးဇက်ပေ	Garibaldi, Guisseppe
ဂယ်လဗာနိုမီတာ	Galvanometer
ဂယ်လဗားနီး, လွိဂျီ	Galvani, Luigi
ဂယ်လီဖောမီး (မျိုးစဉ်)	Galliformes
ဂယ်လီလေအို ဂယ်လီလေအီ	Galileo Galilei
ဂေါ့်	Golf
ဂေါ့်, ဂျွန်	Galt, John
ဂေါ့်ဂရာ	Gogra
ဂေါ်ဒင်, ချားဇျော့	Gordon, Charles George
'ဂေါ်ဒင် ပါးရှား'	'Gordon Pasha'
ဂေါ်ရကီ, မက်ဆိယင်	Gorky, Maxim
ဂေါ်ဇ်ဝသီ, ဂျွန်	Galsworthy, John
ဂေါရီ	Gori
ဂိုဂိုး, နီကိုလိုင် ဗာစီလီဗစ်	Gogol, Nikolai Vasilyevich
ဂိုးစမစ်, အော်လီဗာ	Goldsmith, Oliver
ဂိုးမွန့်	Gourmont,
ဂက်စတရိုပီလီးကပ်	Gastropelecus
ဂင့်	Ghent
ဂင်္ဂါ	Ganges
ဂစ်ဗန်, အက်ဒွပ်	Gibbon, Edward
ဂတ်ဆေး	Gadse
ဂတ္တာပါးချား	Gutta-percha
ဂတ်တလင်, ဆာ ရစ်ချတ်	Gatling, Sir Richard
ဂန်ဒတ်	Gandak
ဂန္ဒီ, မိုဟန်ဒတ် ကရမ်ချန်	Gand'hi, Mohandas Karamchand
ဂန်နက်	Gannet

ဂန်း, ဗင်	Gunn, Ben
ဂိန်းစဗားရား, တောမတ်	Gainsborough, Thomas
ဂပ်စတားဗပ် အဒေါ်ဖပ်	Gustavus Adolphus
ဂပ်စတဝ်	Gustav
ဂမ်ဗီယာဆင်း (ဂန်ဘီရာဂျိန်)	Gambheer Singh
ဂုမ္မတီ	Gumti
ဂျဗယ် - အယ် - တာရစ်	Jabel-al-Tarik
ဂျမေးကားရမ်	Jamaica rum
ဂျလား - လွတ် - ဒင်	Jalal-ud-din
ဂျာဒင်း	Jardine
ဂျားဗား	Java
ဂျီနိုးအာ	Genoa
ဂျီဗရောတား	Gibralter
ဂျီရေးနီးယေးစီး	Geraniaceae
ဂျီရေးနီးယမ်း	Geranium
ဂျီအင်း, ဆာ ဂျိမ်း ဟော့ဝု	Jeans, Sir James Hopwood
ဂျူနီးပါး	Juniper
ဂျူနီးပါး ကွန်မျူနီ	Juniper communis
ဂျူအိုမို	Duomo
ဂျူးဂျစ်ဆူ	Jujitsu
ဂျူးရား	Jura
ဂျူးလ, ဂျိမ်း ပရက်စကော့	Joule, James Prescott
ဂျေဆင်	Jason
ဂျေးကပ်, ဗိုင်အိုလက်	Jacob, Violet
ဂျယ်လတင်း	Gelatin
ဂျယ်လီကို, ဆာ ဂျွန် ရပ်ရှဝပ်	Jellicoe, Sir John Rushworth
ဂျော်တို ဒီ ဗွန်ဒိုးနေ	Giotto di Bondone
ဂျောဂျီးယား	Georgia
ဂျောဂျီးယန်း	Georgian
ဂျောဖား, ဂျိုးဇက် ဇက် ဆေးဇား	Joffre, Joseph Jacques Cesaires
ဂျိုဟန်နက်စဗတ်	Johannesburg
ဂျိုအန်	Joan
ဂျိုးဇဖင်း	Josephine
ဂျိုးဇက်တရှဲ ဒီလာပါဇရီး	Joseph Tascher de la Pagerie
ဂျက်ကဆန်, တောမတ် ဂျော်နသန်	Jackson, Thomas Jonathan
ဂျက်ကဗိုက်	Jacobite
ဂျက်ကတ်, ဂျိုးဇက် မာရီ	Jacquard, Joseph Marie
ဂျက်စနိုက်	Jacksnipe
ဂျက်စမင်နမ် ဆမ်ဗက်	Jasminum sambac
ဂျက်ဖာဆန်, တောမတ်	Jefferson, Thomas
ဂျင်နက်တစ် (ပညာ)	Genetic
ဂျင်မူတင်နော	Jimmu Tenno
ဂျင်းနား, မဟာမက် အလီ	Jinnah, Mohammed Ali
ဂျိုင်ရိုစကုပ်	Gyroscope
ဂျိုင်ရိုတော့	Gyrotop
ဂျစ်ပဆီ	Gypsy
ဂျုန်း, ဗော်ဗီ	Jones, Bobby
ဂျုန်းအော့အတ်	Joan of Arc
ဂျပ်စတင်း	Justin
ဂျပ်စတင်းနီးယန်း	Justinian

ဂွဒယ်ကွီးဗီးရား	Guadalquivir
ဂွါတီမားလ	Guatemala
ဂွါးဒီယားနား	Guadiana
ဂျန်ဆင်, ဒေါက်တာ	Johnson, Dr.
ဂျန်ဆင်, ဗင်	Jonson, Ben
ဂျန်ဆင်, အေမီ	Johnson, Amy
စကားလက် တန်နဂျာ	Scarlet tanager
စကေလင်း	Scalene
စကယ်လတန်, မာသာ ဝေး	Skelton, Martha Wayles
စကယ်လီတန်	Skeleton
စကော့, ရောဗတ် ဖောလကွန်	Scott, Robert Falcon
စကိုပယ်လီဒေး	Scopelidae
စကိုး	Score
စကန်ဒီနေးဗီးယား	Scandinavia
စကွမ်ဗရီစိုစီဒေး	Scombresocidae
စကွမ်ဗရီဒေး	Scombredae
စကွမ်ဗာရွိုက်ဒီ တူလူး	Scomberoides toloo
စတားလင်း (ရဲတိုက်)	Stirling
စတားလင်း	Starling
စတီဖင်ဆန်, ဂျော့	Stephenson, George
စတီဗင်ဆန်, ရောဗတ် လူဝီ	Stevenson, Robert Louis
စတီရီယိုစကုပ်	Stereoscope
စတီရီယိုစကုပ်ပစ် ကင်မရာ	Stereoscopic camera
စတီရီယိုတိုက်	Stereotype
စတီး, ဆာ ရစ်ချတ်	Steele, Sir Richard
စတယ်လင်ဗော့	Stellenbosch
စတောက်တန်	Stockton
စတောက်ဗီ	Stork's-bill
စတင်းဂန်း	Sten gun
စတုတ် ပို့ဂျက်	Stoke Poges
စတန်လေ, ဆာ ဟင်နရီ မော်တန်	Stanley, Sir Henry Morton
စတန်းဖို့	Stanford
စထရောဗယ်ရီ	Strawberry
စထရက်ဇပူး	Strasbourg
စထရက်ပတိုမိုင်ဆင်	Streptomycin
စထရက်မိုး	Strathmore
စထရောက်, ယိုဟန်း	Strauss, Johann
စပရင်	Spring
စပီဒိုမီတာ	Speedometer
စပဲရီ	Sperry
' စပက်တေးတား '	' Spectator '
စပင်နေးစီး အိုလာရေးစီး	Spinacea oleracea
' စပင်းနင်းဂျင်နီ '	' Spinning Jenny '
စပင်းနစ်	Spinach
စမော, ဒေါက်တာ ဝီလျံ	Small, Dr. William
စမောလက်	Smollett
စမိုက်, အက်သယ် မေရီ	Smyth, Ethel Mary
စမစ်, အက်ဒမ်	Smith, Adam
စမတ်, ဂျန် ခရစ္စယန်	Smuts, Jan Christian
စာဒိန်လာ ဖင်ဗရိယေးတား	Sardinella fimbriata

စာရိုနား မရိဂါးလား	Cirrhina mrigala
စီကိုနီးယား အဲလဗား	Ciconia alba
စီလီယာ	Cilia
စူဒူ တြိုပီယပ် ဂွန်ဂဝါရီ	Pseudeu tropius gaɔngwaree
စူလီဒေး	Sulidae
စေဇန်း, ပေါ	Cezanne, Paul
စဲလဗီး (ကျွန်း)	Celebes
စက်တီပင်နာ တယ်လီရား	Setipinna telera
စင်ကိုးနား အော့ဖီစင်နာလစ်	Cinchona officinalis
စင်စင်နေးတပ်, လူယ်ဂျီယပ် ကွင်တီယပ်	Cincinnatus, Lucius Quintius
စင်းတော	Centaur
စိုင်ပရီနိဒီ	Cyprinidae
စန်ဗမ်	Sainte-Beuve
စိန်ဂျာမိန်း	St. Germain
စိန်ဆိုဖိုင်းယား	St. Sophia
စိန်ပီတာဗတ်	St. Petersburg
စိန်ဖရန်းစစ်	St. Francis
စိန်ဖရန်းစစ် ဇေးဗီးယား	St. Francis Xavier
စိန်ဗဗွန်	St. Bavon
စိန်မားဂရက်	St. Margaret
ဆကဲ့	Scheldt
ဆဗွိုင်း	Savoy
ဆမာကန်း	Samarkand
ဆမားရန်း	Semarang
ဆလားဗစ်	Slavic
ဆလိုက်ရူး	Slide rule
ဆလင်ဒါ	Cylinder
ဆာကေ	Sakai
ဆာဖိုး	Salford
ဆာဗန်နာ (မြို့)	Savannah
ဆာမူရိုင်း	Samurai
ဆာရယီဆင်	Tsaritsyin
ဆာလဖာဒိုင်ယာဇင်း	Sulfadiazine
ဆာလီဗန်, ဆာ အာသာ	Sullivan, Sir Arthur
ဆားဗား	Sava
ဆိချာရီ, ဂျီအင်း (ဝါ) ဆိကာရီး, ဂျီအင်း	Psichari, Jean
ဆိဆမိုဂရပ် (ဝါ) ဆိုက်ဇမိုဂရပ်	Seismograph
ဆိဆမိုလိုဂျီ (ဟါ) ဆိုက်ဇမိုလိုချီ	Seismology
ဆီဇာ	Caesar
ဆီယယ်ရာ မက်ဒရီ	Sierra Madre
ဆီလာချိုး (ဟါ) ဆီလာကီး	Selachi
ဆီးရီး	Ceres
ဆီးလဗား, လောင်းဂျွန်	Silver, Long John
ဆီးလဗား ကလိုရိုက်	Silver chloride
ဆီးလဗားဂျူဗလီ	Silver Jubilee
ဆီးလဗား ဖာလမိနိတ်	Silver fulminate
ဆုနာမိ	Tsunami
ဆူးရဗာယ	Surabaya
ဆေးဗာဂရံ	Sevagram
ဆယ်လီနိုက်	Selenite

ဆဲလကတ်ရှိုင်ယာ	Selkirkshire
ဆဲလိုဖိန်း	Cellophane
ဆဲလျူလို	Cellulose
ဆော့ဒဗာရီ	Sordbury
ဆော်လဆီအွန်	Saltsjon
ဆော်လိမန်	Solyman
ဆောလစ် ဂျီသြမေတြီ	Solid Geometry
ဆိုလို	Solo
ဆိုးဖစ်	Sophist
ဆိုးလီးအား	Solea
ဆိုးလီးအား ဗာလဂါရစ်	Solea vulgaris
ဆက်ဆင်နီ အန်ဟော့	Saxony Anhalt
ဆက်ခလင်	Sakhalin
ဆက်ဂျေနပ်	Sejanus
ဆက်ဇီကိုလာ ကက်ပရာတာ ဗာမင်နီကာ	Saxicola caprata burmanica
ဆက်တန်	Saturn
ဆက်ဖလပ်	Cephalus
ဆက်ပို	Sappho
ဆောက်သမ္မတန်	Southampton
ဆိုက်ကီး	Psyche
'ဆင်ပလစ်စိုမပ်'	'Simplicissimus'
ဆင်းဟတ်	Sandhurst
ဆိုင်ဖွန်နိုဖိုရာ	Siphonophora
ဆိုင်မွန်, ဂျွန်	Simon, John
ဆိုင်မွန်ကော်မရှင်	Simon Commission
ဆစ်	Cid
ဆစ်ကင်း	Sikkim
ဆစ်ကနပ် အိုလာ	Cygnus olar
ဆစ်တာ ကက်စတာနီအာ နီကလက်တာ	Sitta castanea neglecta
ဆစ်တိဒေ	Sittidae
ဆတ်ဆူမာ	Satsuma
ဆဒ်ဗာရီ	Sudbury
ဆန်တာလမ်း အဲလဗမ်	Santalum album
ဆန်ဒရင်ဂမ်	Sandringham
ဆန်ဒါလန်	Sunderland
ဆွေးဗီးယား	Swabia
ဇီနော်ရင်းခပ် အေရှတိကပ် အေရှတိကပ်	Xenorhynchus asiaticus asiaticus
ဇန်ဇီဗာ	Zanzibar
ဇန်းဒါ့	Jeanne d'Arc
တာ့ (ကျွန်း)	Turks (Island)
တာဆီဖုန်းပါရာဒိဆီ	Tersiphone paradisi
တာဗာနီမွန်တားနား ကရစ္စပါ	Tabernaemontana crispa
တာဗာနီမွန်တားနား ကယ်လိစိနား	Tabernaemontana calycina
တာဗာနီမွန်တားနား ရော့စတြာတာ	Tabernaemontana rostrata
တာဗိုဂျက်အင်ဂျင်	Turbojet engine
'တာရ ဗူလဗာ'	'Taras Bulba'
တီး	Tee
တီးလီး	Tilly
တေးဂပ်	Tagus
တော်စတိုင်	Tolstoy

တိုဂျို	Tojo
တိုလိုဆာ	Tolosa
တက်	Teck
'တက်တလာ'	'Tatler'
တက်တင်နီ	Tetany
တင်ဗျူလန်	Tembuland
တင်မျူဂျင်	Temujin
တင်းနေး	Tegner
တိုင်တေးနီယမ်	Titanium
တိုင်တန်	Titan
တိုင်ပင်	Taiping
တိုင်းဝမ်	Taiwan
တိုင်ယန်	Titian
တန်တလမ်	Tantalum
တန်းဂွတ်	Tangut
တိန်း	Taine
တုပ်	Tope
ထြီလယန်	Trillion
ထြိုင်ကီရိုဒီ	Trichiuridae
ထြစ်စော့ကလီ ပါရေးဗာ	Thrissocles purava
ထွီ	Tweed
ဃရီလောနီး	Trelawny
ထရွဝီယာ နူဒီဖလိုရာ	Trewia nudiflora
ထရော့စကီ, လီယွန်	Trotsky, Leon
ထရိုင်ဟိုက်ဒရစ် အယ်လကိုဟော	Trihydric alcohol
ထရန်စကေး	Transkei
ထရန်စဖောမား	Transformer
ထရန်စဗား	Transvaal
ထရွား	Troyes
ဒရေကွန်းနစ်	Draconic
ဒရေးကိုး	Draco
ဒရိတ်, ဆာ ဖရန်းစစ်	Drake, Sir Francis
ဒါဗန်	Durban
ဒါလင်တန်	Darlington
ဒါဝေါ	Der Wald
ဒါဝင်	Darwin
ဒီကပ်တားရပ် ရပ်ဆဲလီ	Decapterus russelli
ဒီ ကွင်စီ	De Quincey
ဒီ ဆိုးတိုး	De Soto
ဒီဇိုင်း	Design
ဒီဘီအီး	D.B.E. (Dame of the British Empire)
ဒီမော့စသီးနိး	Demosthenes
ဒီယတ်, ဗာတူးလူးမေယု	Diaz, Battholomew
ဒီဝန် (အမတ်ချုပ်ကြီး)	Dewan
ဒီအက် (စ)အို	D.S.O. (Distinguished Service Order)
ဒီအစ်ဒါမီယာ	Deidameia
ဒီးလော့	Delos
ဒေဆီ	Daisy
ဒေဆိုင်း, ဒဗျူ၊ အက် (စ)	Desai, W. S.
ဒေဗီ, ဆာ ဟမ်ဖရီ	Davy, Sir Humphry

ဒေလီ	Delhi
ဒေးခ်ီယာ	Dacia
'ဒေးလီးကူးရန့်'	'Daily Courant'
ဒယ်လီဂန် ပူလဒ့်တ်	Deligun Bulduk
ဒေါရစ်	Doric
ဒေါလတန်, ဂျွန်	Dalton, John
ဒိုမင်နီကန်	Dominican
ဒိုအပ်	Doab
ဒိုးရွား	Douro
ဒက်နမ်	Dagenham
ဒက်ဗွန်ပို့	Devonport
ဒေါက်လပ်, ဂယ်ဗင်	Douglas, Gavin
ဒင်ဗိုင်	Denbigh
ဒိုင်ကရွှရိဒေး	Dicruridae
ဒိုင်ကရွှရပ် ပါရာဒီဆီယပ် ရန်ဂွန်နန်ဆစ်	Dicrurus paradiseus rangoonensis
ဒိုင်မျို	Daimyo
ဒိုင်ယာ	Dyer
ဒိုင်အော့စကိုရိအေဆီအီး	Dioscoreaceae
ဒိုင်အော့စကိုရိအေ ဖက်ဆီကျူလေးတား	Dioscoreae fasciculata
ဒိုင်အော့စကိုရိအေ အက်ကျူလီယေးတား	Dioscoreae aculeata
'ဒစ်စကပ်မာရီ'	'Discovery'
ဒစ်ပိုဒိဒီး	Dipodidae
ဒန်တီ	Dante
ဒန်တန်	Danton
ဒန်ဒီ	Dundee
ဒန်ဗာ, ဝီလျံ	Dunbar, William
ဒန်လီ, လော့	Darnley, Lord
ဒပ္ပလင်	Dublin
ဒမ်မီ	Dummy
ဒျူရာ, အာလ်ဗရက်	Durer, Albrecht
ဒွန် ကီဟိုးထေ	Don Quixote
ဒွန်ရမီ လာ ပြဲစဲ	Domremy-la-Puchelle
'နယူးဟယ်ရယ်'	'New Herald'
နာဂရီ	Nagree
နာဂါးနား	Nagana
နာတဲ	Natal
နာဗားရား	Navarra
နာဗားရိုးနိုး	Navarino
နီကိုဆီယာ	Nicosia
နိုးချယ်	Nietzche
နောတင်, ကက်ပတိန်	Norton, Captain
နိုတော့တာရပ် ချိတာလာ	Notopterus chitala
နိုဗူနားဂါး	Nobunaga
နက်စတာ အိုင်းယန်းဆိုက်	Nestor Ironside
နက်ဖီလီ	Nephele
နိုက်ဆဲ	Neisse
နိုက်ထရိုဂလစ်ဆရင်း	Nitroglycerine
နိုက်ထရစ် အက်ဆစ်	Nitric acid
နင်နီဗီ	Nineveh
နိုင်ဂျဲလား ဆက်တိဗား	Nigella sativa

နစ်ကယ်, ဆာ ဂျွန်	Nicholl, Sir John
နစ်ဇနီ နိုဂိုရော့	Nijni Novgorod
နတ်ဆီ (နာဇီ)	Nazi
နျူးရှားတဲ	Neuchatel
ပရာဗဒါ	Pravada
ပရီတိုးရိုးယား	Pretoria
ပရိုးမိုး သေ ရိဗေးရား	Primo De Rivera
ပရေရီ	Prairie
ပရောဂ်ကရစ်	Procris
ပရော့ပဂျက် အင်ဂျင်	Propjet engine
ပရော်ဗလမ်	Problem
ပရောဗန်း	Provence
ပရိုဆာပိုးနား	Proserpina
ပရိုထရက်တာ	Protractor
ပရိုမင်း	Promin
ပရက်စစ်တလီ	Praxiteles
ပရိုင်နိုးယား အင်အော်နေတာ ဗလန်ဖောဒီ	Prinia inornata blanfordi
ပရစ်တစ် မိုက်ကရိုဒွန်	Pritis microdon
ပရန်တြိုပီအစ်ခသစ် တက္ကရီ	Proentropiichthys takree
ပလာဂူဒွ	Plagusia
ပလာစတာ အော့ ပဲရစ်	Plaster of Paris
' ပလီဗီးယန်း '	' Plebeian '
ပလူတို	Pluto
ပလက်စမိုခင်း	Plasmochin
ပလက်တနိတ်	Palatinate
ပလိန်း ဂျီသြမေတြီ	Plane Geometry
ပါစကယ်, ဗလဲ	Pascal, Blaize
ပါစာ ဒိုမက်စတီကပ်	Passer domesticus
ပါစာ ဖလေဗျိုလပ်	Passer flaveolus
ပါစာ မွန်တန်နပ်	Passer montanus
ပါစီဒေး	Percidae
ပါဆက်ဖိုနီ	Persephone
ပါဆန်, ပါ အိပ်ဆဲ	Person, Per Axel
ပါနီနပ်	Panaenus
ပါပန်ဒြီယို	Papandreou
ပါမီ	Palmae
ပါရာစတြိုမာတိယပ် နိဂါ	Parastromateus niger
ပါရာဆိုက်	Parasite
ပါရာသိုင်းရွိုက်	Parathyroid
ပါရီအိုစီ	Periocci
ပါရစ်ကွန်မွန်း	Paris Commune
ပါလဆိုဂျက်	Pulsojet
ပါလီ, အယ်လက်ဇန္ဒာ	Palli, Alexandre
' ပါဝါလွန်း '	' Power Loom '
ပါးသီန္ဒန်	Parthenon
ပီကာဆို, ပက်ဗလို	Picasso, Pablo
' ပီကင်းဂေဇက် '	' Peking Gazette '
ပီရိကိုကိုထပ် ဟမ်မီယပ် အီလီဂန်	Pericrocotus flammeus elegans
ပီးလီယပ်	Peleus
ပေ့ဇလီ	Paisley

ပေတာ	Paeter
ပေရီသို	Peirithous
ပယ်ရီ, အမ်၊ ဂျီ	Perry, M. G.
ပယ်လာဂိုးနီးယမ်း	Pelargonium
ပယ်လီကင်နီဖောင်း	Palecaniformes
ပယ်လီကင်နပ် ဖိလစ်ပင်ဆစ်	Pelecanus philippensis
ပယ်လီကင်နပ် အိုနိုကရိုတဲလပ်	Pelecanus onocrotalus
ပယ်လူဒရင်	Paludrine
ပဲရိုး	Perault
ပေါ်တာ, မစ္စစ် အယ်လစ်ဇဗက်	Porter, Mrs. Elizabeth
ပေါ်ဗန်ဒါ	Porbandar
ပေါ်လီကလိုင်းတပ်	Polyclitus
ပေါ်လစ်နိုးတပ်	Polygnotus
ပို့အာသာ	Port Arthur
ပိုဆိုင်ဒွန်	Poseidon
ပိုတက်	Potash
ပိုလီနီမပ် ပါရာဒိစအပ်	Polynemus paradiseus
ပက်ဆီဖလိုရာ ဖိတီဒါ	Passiflora foetida
ပက်ဆီဖလိုရာ လောရိဖိုးလီးယား	Passiflora laurifolia
ပက်တန်, ဖိလစ်	Patton, Philip
ပက်ဒူအား	Padua
ပိုက်ပါ နီဂရမ်	Piper nigrum
ပိုက်ပါ လောင်ဂမ်	Piper longum
ပင်တိုဒန်	Pantodon
ပင်ဒါး	Pindar
ပိုင်ဆစ်ထရက်တပ်,	Pisistratus
ပိုင်ရုပ်	Pyrope
ပစ်ကျူအစ်တာရီ ဂလင်း	Pituitary gland
ပတ်ချမင့်	Parchment
ပတ္တနာ	Patna
ပတ္တနီ	Putni
ပန်	Pan
ပန်နိုးနိုးယား	Pannonia
ပုပ်, အယ်လက်ဇန္ဒာ	Pope, Alexander
ပမ်ပပ် အာဂျင်တီယပ်	Pampus argenteus
ပျော့ရှကတ်, အလျက်ဆယော်အီ မက်ဆယ်မဗျစ်	Peshkov, Aleksei Maksimovitch
ပျူး	Pew
ပြာကရိုဋ်	Prakrit
ပုတ်ရှကင်	Pushkin
ပွန်ဒိုလန်	Pondoland
ဖရာဂေးရီးယား	Fragaria
ဖရီးရှန်း	Frisian
ဖရန့်	Frank
ဖရန်ကိုးနီးယား	Franconia
ဖလော်ရင့်	Florence
ဖလင့်, ကက်ပတိန်	Flint, Captain
ဖာဂဆန်	Fergusson
ဖားလန်းပါတီ	Falange Party
ဖိဆယ်လီယား	Physalia
ဖိဇီဩလိုဂျီ	Physiology

ဖီအော့	Fiord, Fjord	ဗရန်းဇ်စ်	Brunswick
ဖီးဒီးယက်	Phidias	ဗရပ်စီကား အိုလရာစီအေး	Brassica oleracea
ဖီးနစ်	Phoenix	ဗရမ်း	Brahms
ဖူဂျီစံ	Fujisan	ဗလူးခါး	Blucher
ဖူဂျီယာမာ	Fujiyama	ဗလူး ဂရော့တို	Blue Grotto
ဖူးကိုး	Foucault	ဗလူးမောင်းတိန်း	Blue Mountains
ဖယ်လိုဒွန်	Fallodon	ဗလက်	Black
ဖဲယားဝေး	Fairway	ဗလက်စတော့	Vlastos
ဖော့	Faust	ဗလက်ဗတ်	Blackbird
ဖော့တီးယေးဒီး	Fotiadi	ဗလင်းရှား	Valencia
ဖော်ရာမိနစ်ဖာရာ	Foraminifera	ဗလန်း	Blanc, Mount
ဖောဆိုက်, ဆုမ်း	Forsyte, Soames	ဗသ	Bath
ဖောလပ်	Pholus	ဗာကာ, ကားလဒရွန် ဒေလာ	Barca, Calderon de la
ဖိုးနီကူလမ် ဗာဂါရီ	Foeniculum vulgare	ဗာဂျင်းနီးယန်း	Virginian
ဖိုက်စကွဲယား	Fytche Square	ဗာစီလိုးနား	Barcelona
ဖစ်ဆစ်	Physics	ဗာတင်ဗတ်	Wurtemberg
ဖန်တာဇီယို	Fantasio	ဗာဗပ် တိုး	Barbus tor
ဖျူအာရာ	Fuehrer	ဗာရို, ဝီလျံ ဆီးဝပ်	Burrough, William Seward
ဖွန် ပေါလပ်	Von Paulus	ဗာလကန်	Vulcan
ဗရုစ, ရောဗတ်	Bruce, Robert	ဗာလီ	Bali
ဗရိုက်တင်ဖဲ	Breitenfeld	ဗားဒင်	Baden
ဗရင်း	Bren	ဗားနေး, ဟင်နရီ	Burney, Henry
ဗရင်းဂန်း	Bren gun	ဗားဗိုး, ဂျွန်	Barbour, John
ဗရန်တတ်	Brantas	ဗီစီဂေါ့သ	Visigoth
ဗရန်ဒင်ဗတ်	Brandenburg	ဗီနဗင်တေး, ယာစင်ထို	Benevante, Jacionto

ဗီဈီ	Vichy
ဗီလဗာအို	Bilbao
ဗီး	Bee
ဗီးနပ် ဓါ မဲဒီချီ	Venus de Medici
ဗူခါးရား	Bukhara
ဗူးရဂို	Burgos
ဗေကင်, ဖရန်းစစ်	Bacon, Francis
ဗေဇာ	Weser
ဗေယူ	Bayeu
ဗေလီယို	Balliol
ဗေးဂါး, လိုပေ ဆာ	Vega, Lope de
ဗေးဇဲ	Vezere
ဗယ်စလင်	Vaseline
ဗယ်ရီ, ဆာ ဂျိမ်း	Barrie, Sir James
ဗယ်လမ်	Vellum
ဗဲလီနီ, ဂျိဗန်နီး	Bellini, Giovanni
ဗော့, ဂျရုမ်း	Bosch, Jerome
ဗော့ဇဝဲ, ဂျိမ်း	Boswell, James
ဗော့ဒလီယန်	Bodleian
ဗော်နီယို	Borneo
ဗော်လတဲယား	Voltaire
ဗော်လင်းစတိုင်း	Wallenstein
ဗောရောဗုဒေါ	Borobudur
ဗောလတား	Volta
ဗိုကန်ဆန်, ဇက် ဓါး	Vaucanson, Jacques de
ဗိုတာ	Botha
ဗိုရိယတ်	Boreas
ဗိုလတန်	Boulton
ဗိုအားနဲ, အယ်လက်ဇန္ဒာ	Beauharnais, Alexandre
ဗက်ကပ်	Bacchus
ဗက်ချူအားနားလန်း	Bechuanaland
ဗက်စတာ	Vesta
ဗက်ဗီလုံးနီးယား	Babylonia
ဗက်ဗစ်, ချား	Babbage, Charles
ဗိုက်ကာ	Baikol
ဗင်းနက်, ဂေါ်ဒင်	Bennett, Gordon
ဗောင်ဂါရစ်	Vaulgaris
ဗောင်းဝါး	Bower
ဗိုင်းကောင့်	Viscount
ဗိုင်းကောင့် ဂရေး အော့ ဗယ်လိုဒွန်	Viscount Grey of Fallodon
ဗိုင်းမာ	Weimer
ဗစ်	Witt
ဗစ်ဗလီအိုဂရပ်ဖီ	Bibliography
ဗတ်, အက်ဒမန်	Burke, Edmund
ဗတ်ကန်, ဂျွန်	Buchan, John
ဗတ်ဂနာ	Wagner
ဗတ်ဂွကူ သ ဂါမ	Vasco da Gama
ဗန်ကနာ	Vankaner
ဗန်ကာ	Bunker
ဗန်ဂါရပ်	Bungarus

ဗန်ဒုန်း	Bandung
ဗုန်း, ကက်ပတိန် ဗစ်လီ	Bones, Captain Billy
ဗျာဇာ	Birger
ဗျာလဗို	Bjalbo
ဗျို	Bute
ဗျန်းဆန်း	Bjornson
ဗွိုင်း	Boyne
ဘနဂါး	Bhavnagar
ဘူရှီဒိုး	Bushido
ဘယ်လရီ	Valery
မဂျပဟစ်	Majapahit
မဆီးနီးယား	Messinia
မဒရစ်	Madrid
မဒူရာ	Madura
မဟတ္တမ	Mahatma
'မာဂိုရော့'	'Mirgorod'
မာဂျရီ	Marjory
မာဆီ	Mersey
မာဆေး	Marseilles
မာတီနစ်	Martinique
မာတင်နက်, ဟိုဇေး လူဇန်း	Martinez, Jose Luzan
မာရီ ရို့. ဂျိုးဇဖင်း	Marie Rose Josephine
မာရီ လို့	Marie Louise
မာရေး, ချား	Murray, Charles
မာရှယ်, ဒေးဗစ်	Marshall, David
မာလဗာရာ	Malborough
မာလန်း, ဒေါက်တာ	Malan, Dr.
မား	Mars
မိစတပ် ကာဗာစီယပ်	Mystus cavasius
မိစတပ် ဂူလီယို	Mystus gulio
မိစတပ် တန်ဂါးထုး	Mystus tengara
မိစတပ် ဗလီကာရီ	Mystus bleekari
မိစတပ် ဗစ်တားတပ်	Mystus vittatus
မိဂါလာအိမာ ဟီမာစီဇလာ အင်ဒီကာ	Megalaima heamacephala indica
မိညို	Minho
မိတက်ဆက်	Metaxas
မိနားဗား	Minerva
မိနန်ဒါ	Menander
မီဇရော့ ဖိလစ်ပိန်ပ ဖိလင်ပိန်ပ	Merops philippinus philippinus
မီရော့ လေချင်နောလတီ လေချင်နောလတီ	Merops leschenaulti leschenaulti
မီရော့ အိုရီယင်တာလစ် ဗာမင်နပ်	Merops orientalis birmanus
မူမိုလျို	Murillo
မေဒီနား-ဆီဒိုးနီးယား	Medina-Sidonia
မေရီ (မာရီ)	Mary
မေလာ	Malar
မယ်လွန်	Melen
မော်လတာ	Malta
မော်လီဆင်, ဂျေ၊ အေ	Mollison, J. A.
မောရစ်ရှ	Mauritius
မိုနိုတိုက်	Monotype

မိုမော်ဒိကာ ကိုချင်ချိုအင်ဆစ်	Momordica cochinchiensis
မိုလပ်ကပ်	Moluccas
မိုးလား, အေမီးလျို	Mola, Emilio
မက္ကဆင်, ဆာ ဟိုင်ရမ်	Maxim, Sir Hiram
မက္ကလောက်	Mcleod
မက္ကလင်ဗတ်	Mecklenburg
မက်ကဲ, ဆာ ဝီလျံ	Mackel, Sir William
မက်ကောလေး	Macaulay
မက္ကင်းနစ်	Mechanics
မဂ္ဂနာကာတာ	Magna Carta
မက်ဆာရှမစ်	Messerschmitt
မက်ဆီနာ	Messina
မက်ဆီအတ်	Messias
မက်တာလင့်	Maeterlinck
မက်ထရစ်	Matrix
မိုက္ကမိုဖလင်	Microfilm
မိုက်ကယ်အန်ဂျလို	Michelangelo
မင်ဆူရေးရှင်း	Mensuration
မင်ဒယ်ဇုန်	Mendelssohn
မင်နီဆိုတာ	Minnesota
မင်း, ရက်ပိအယ်	Mangs, Raphael
မင်းဖစ်	Memphis
မိုင်ရွန်	Myron
မစ်ချီဆန်, နေအိုမီ	Mitchison, Naomi
မစ်ဒလိုသီယန်	Midlothian
မတ်စတာ ကမ်ဗလ်	Masta cambalus
မန်ချူးကိုး	Manchukuo
မိန်း	Maine
'မျူး'	'Mule'
မွန်ဂိုးလီးယား	Mongolia
မွန်တိကိုလာ ဆိုလိတာရီအပ် အက်ဖိန်စ်	Monticola solitarius affinis
မွန်တီစယ်လို	Monticello
မွန်တေဂူ	Montagu
မွန်တိန်း	Montaigne
မွန်းမတ်	Monmouth
ယမုနာ	Jumna
ယာကားတား	Jakarta
ယာမာတို	Yamato
ယာမာရှီတာ	Yamashita
ယူကလစ်	Euclid
ယူဂျင်း	Eugene
ယူတြိုပီအစ်ခသစ် ဗာချာ	Eutropiichthys vacha
ယူဖောဗီးယားစီအီး	Euphorbiaceae
ယူရေးနပ်	Uranus
ယူရေးရှန်း	Eurasian
ယူရစ်ပီးဒီး	Euripedes
ယူလီဆီ	Ulysses
ယူးရပ်	Eurus
ယေဒို	Yedo
ယိုကိုဟားမား	Yokohama

ယိုဆစ် ဗျစ်ဆာရိယိုနပ်ဗျစ် ဇူဂါရှဗီလီ	Iosif Vissarionovich Dzhugashvili
ယင်ကင်း	Yenking
ယွန်း	Yonne
ရာဂျကုတ်	Rajkot
ရာဇပူတ္တန	Rajputana
ရာသားဖို့, ဒေါက်တာ ဂျွန်	Rutherford, Dr. John
ရိယူးကျူး	Ryukyu
ရိလေးတိုက်	Relay type
ရိအာ (နတ်သမီး)	Rhea
ရိုး	Rhea
ရူဗီအာစီး	Rubiaceae
ရူအန်း	Rouen
ရူးဆိုး	Rousseau
ရူးမင်း	Rumen
ရေနန်း	Renan
ရေးနော, ဆာ ဂျော့ရှာ	Reynolds, Sir Joshua
ရယ်လတစ်ဗတီ သီအိုရီ	Relativity theory
ရော့ကက်	Rocket
ရော်လီ, ဆာ ဝေါ်လတာ	Raleigh, Sir Walter
ရောဒရစ်	Roderick
ရောဗက်စပဲ့	Robespierre
ရို့စဗရီ	Rosebery
ရိုင်ဟိုင်း	Rosenhein
ရိုမနီ	Romany
ရိုမေအစ်	Romaic
ရိုမျူလပ်	Romulus
ရိုလာစကိတ်	Roller skate
ရိုလန်, ဂျွန်	Rowland, John
ရိုးတီး ဗီလင်ဂါရီ	Rohtee belangeri
ရက်စတြိုလီဂျာ ကနဂါးတား	Rastroliger kanagurta
ရက်တီကျူးလမ်း	Recticulum
ရက်ဖီအယ်	Raphael
ရက်ဖဲ, ဆာ စတမ်းဖို့	Raffles, Sir Stamford
ရိုက်	Wright
ရိုက်, ယိုဟန်း ဖိလစ်	Wright, Johann Philip
ရင်ကော့ဒဲလား အိုစိုင်လေတား	Rhynchobdilla ocillata
ရိုင်နိုဗတော့ အော့တျူဆပ်	Rhinobatos obtusus
ရိုင်ဖယ်	Rifle
ရိုင်းလန်	Rhineland
ရစ်ဆစ်, ဂျိုဟန်နက်	Rissik, Johannes
ရန်းနီးမီ	Runnymede
ရုန်း	Rhone
ရပ်စဗယ်ရီ	Raspberry
ရပ်ဆဲလာ့	Rasselas
ရမ္ဇီ, ဂျိမ်း	Rumsey, James
ရမ်းဂျက်	Ramjet
ရှံးဗတ်	Rhombus
ရှတက်တင်	Stettin
ရှမစ်, ကွတ်	Schmidt, Kurt
ရှားလော့စဗီး	Charlottesville

ရှိကိုးကူး	Shikoku
ရှီးလား, ယိုဟန်း ဇရိးဒရစ်	Schiller, Johann Friedrich
ရှူးဗတ်	Schubert
ရှူးမက်	Sumac
ရှူးမန်း	Schumann
ရှော့တရီ	Shottery
ရှိုဂွန်	Shogun
ရှိုပင်ဟော	Schopenhauer
ရှက်ဒဝယ်	Shadwell
ရှက်ဖီး	Sheffield
ရှန်ဟိုင်း	Shanghai
ရွှန်ဂေါင်ဝါ, မာတင်	Schongauer, Martin
လဗရန်, ချား	Laveran, Charles
လမိုက်တား	Lamaitre
လာကိုးနီယား	Laconia
လာဂါလော့, ဆယ်လမာ	Lagarlof, Selma
လာ မာလမေဆွန်း	La Malmaison
လီတို	Leto
လီပီဒီအမ် ဆက်တီဗမ်	Lepidium sativum
လီယိုတွန်	Liaotung
လီလီယင်သဲ, အော့တိုး	Lilienthal, Otto
လီလီအိုင်ဖလိုရီ	Liliiflorae
လုဒဗစ်, အေမီး	Ludwig, Emil
လူဒှန်	Lucian
လူးဝစ်, အိုင်ဇက် နျူတန်	Lewis, Isaac Newton
လူးဝင်ဂန်း	Lewis gun
လေဗိအို ကဲဗားစူး	Labeo calbasu
လေဗိအို ရိုဟီတာ	Labeo rohita
လေအိုနေးသမ် ဗလင်ဒန်	Leiognathus splendens
လော့ဂရစ်သမ်	Logarithm
လော့ နော့	Lord North
လော့ လိုမန်	Loch Lomond
လော်ရိုကူလပ် ဗဘနာလိ	Loriculus vernalis
လိုကိုမိုးတစ်	Locomotive
လက်စီဒီးမွန်း	Lacedaemon
လက်တီကောဓါ စကုတာတာ	Laticauda scutata
လက်တိုတိုင်လပ် ဂျာဗန်နစ်ကပ်	Leptoptilus javanicus
လက်တိုတိုင်လပ် ဒျူဗီယပ်	Leptoptilus dubius
လက်ပီဒိုဆဲဖလပ်(စ) ဗတ်မိုရီ	Lepidocephalus berdmorei
လက်ပီသီး	Lapithae
လိုက်ပဆစ်	Leipzig
လိုက်ဗဆေး, ဒေါက်တာ	Livesay, Dr.
လင်လစ်ဂို, လော့	Linlithgow, Lord
လောင်းဗတ်	Lombards
လိုင်ကားဂပ်	Lycargus
လိုင်နိုတိုက်	Linotype
လစ်ကျူအေလာ ပယ်လတေတား	Licuala peltata
လစ်ချဖီး	Lichfield
လစ်ဆယတ်	Lysias
လစ်ဒီယန်	Lydian

လဒ္ဒလို, ဒန်းနယဲ	Ludlow, Daniel
' လန်ဒန်ဂေဇက် '	' London Gazette '
လန်နိယပ် ကိုလျူရီအိုအီဒီး ကိုလျူရီအိုအီဒီး	Lanius collurioides collurioides
လန်နီးဒေး	Laniidae
လိန်း, ကက်ပတိန်	Lane, Captain
လမ့်, ချားး	Lamb, Charles
လွတ်ဆင်	Lutzen
ဝါတာလူး	Waterloo
ဝါးဗလား	Warbler
ဝီလဆန်	Wilson
ဝီလဆန် စနိုက်	Wilson snipe
ဝီလျံစဗတ်	Williamsburg
ဝီးဗား ဗတ်	Weaver bird
ဝေဗာလေ	Waverley
ဝေးလား	Weyler
ဝယ်လင်တန်	Wellington
ဝေါလစ် ဗေး	Walvis Bay
ဝေါလဂိုးနီးယား အတ္တူ	Walangonia attu
ဝေါလေ့, ဆာ ဝီလျံ	Wallace, Sir William
ဝိုက်ပါး	Wiper
ဝင့်ချ	Winch
ဝင်ဆာ	Windsor
ဝိုင်လမ်	Wylam
ဝစ်, ဂျေ့	Wythe, George
ဝစ်ဝေါတားဆရန်း	Witwatersrand
ဝယ်, ဂျိမ်း	Watt, James
ဝယ်စမင်း, ဆဲလမင်း အော	Waksman; Selman A.
ဝယ်ဆင်, တောမတ်	Watson, Thomas
ဝိုက်, ဆာ အော၊ ဆက် (ဖ)	Whyte, Sir A. F.
ဝိုက်ကော်မတီ	Whyte Committee
ဝိုက်ချက်ပယ်	White Chapel
သတုပ်	Stupa
သရီးဒီ	3 D
သာဗင်တေး	Cervantes
သာမိုစတတ်	Thermostat
သာမိုးရား, အယ်ကာလာ	Zamora, Alcala
သီခရ	Sikhara
' သီယေတာ '	' Theatre '
သီယိုဂိုနီ	Theogony
သီယိုဒိုးဆီးယပ်	Theodosius
သီအိုရမ်	Theorem
သူရင်းဂျီးယား	Thurengia
သေဂိုးယာ အီ လူဆယိန်းတေး	Goya Y Lucientes
သော	Thor
သက်ဆလီ	Thessaly
သိုင်ရောဲ့ဆင်	Thyroxin
သိုင်းရွိုက်	Thyroid
သစ္စာဂြဟ	Satya Graha
ဟကိုဒေတီ	Hakodate
ဟာဒါ, ယိုဟန်း	Herder, Johann

ဟာပိုဒွန် နေဟေးရိုးယပ် Harpodon Nehereus

ဟားမီး Hermes

ဟီဒေယိုရှိ Hideyoshi

ဟီဖက်စတပ် Hephaestus

ဟီရော့ဒိုးတပ် Herodotus

ဟီလဆာ အလီရှား Hilsa alisha

ဟီး, ဆာ ရိုလန် Hill, Sir Rowland

ဟီးဆီယော့ Hesiod

ဟီးဗီး Hebe

ဟီးရ Hera

ဟဲလော့ Helot

ဟော့, ဂျိမ်း Hogg, James

ဟော့လော့တာရပ် စပိုင်နိုဆပ် ဒျူဗိုဆဲလိ Hoplopterus spinosus duvauceli

ဟော်တင်း Hortense

ဟော်မုန် Hormone

ဟောကင်း, ဂျင် Hawkins, Jim

ဟောလဗိုင်း Holbein

ဟောလဗတ် Holberg

ဟိုကိုင်းဒိုး Hokkaido

ဟိုနိုးရိယပ် Honorius

ဟိုးနိုလူးလူး Honolulu

ဟိုးမား Homer

ဟိုးလီး ထရင်နိတီ Holy Trinity

ဟက်စ္ဖာ Hestia

ဟက်ဆီ Hesse

ဟက်လစ် Hazlitt

ဟက်တာရိန်ပျူတီ ဖော့စိလိ Hepteropneustes fossilis

ဟက်တိုရပ် Hectograph

ဟက်ရှက်စွတ် Hatshepsut

ဟိုက်ဒရိုကလောရစ် အက်ဆစ် Hydrochloric acid

ဟင်နွန် Hinnom

ဟောင်းဝပ်, လော့ Howard, Lord

ဟိုင်ဒရိုဖစ် Hydrophis

ဟိုင်ပိုသိုင်းမစ် အဇူးရိုးယား Hypothymic azurea

ဟိုင်းဒရတ် Hydras

ဟိုင်းန, ဟိုင်းနရစ် Heine, Heinrich

ဟိုင်းပစ် High Pit

ဟစ္စပါညိုလာ Hispaniola

ဟစ်ရှာ အိလောင်ဂေးတား Hisha elongata

ဟတ်ဆော့ Hertzog

ဟတ်ဆိုကင်ဗတ်, ဟိုင်းနရစ် ဗွန် Herzogenberg, Heinrich von

ဟန့်, လေး Hunt, Leigh

ဟန်နိုဗာ Hanover

ဟန်းတား, ဂျွန် Hunter, John

ဟိန်း, ဆိုနိယာ Henje, Sonia

ဟမ်မာဒြာရက် Hamadryad

ဟမ်းဗား Humber

ဟုမ္မာ Homma

ဟုမ်း, အော်လီဗာ ဝင်းဒဲ Holmes, Oliver Wendell

အဆီဇီ Assisi

အဇာဗိုင်ဂျန် Azerbaijan

အနာဗဘ် တက်စတူဒီနိယပ် Anabas testudineus

အဗာဟိုးအား ကရမ်ဗိုလာ Averrhoa carambola

အဗိုမာဆမ် Abomasum

အမတေရစု Amaterasu

အမီ အဗ္ဒုလာ Amir Abdullah

အမူး Amur

အရီနာ Arena

အရှန်တီ Ashanti

အသားနယား, မန်နွယ် Azana, Manuel

အဟိ သ Ahimsa

အာဂရာ Agra

အာဒီ ဆိနာရီ ရက်တီရေ့စတြစ် Ardea cinerer rectirostris

အာဒီဒေး Ardeidae

အာဒီပါပြူရီ မယ်နိလန်ဆစ် Ardea purpurea manillensis

အမာဒဗတ် Ahmadabad

အာမာဒါ Armada

အာမေချာ Armature

အာဝင်, လော့ Irwin, Lord

အားဂျိုင်း Argyll

အားမန်ဆင် Amundsen

အာရှူးဗားနိပါး Ashurbanipal

အားလတားမီးရာ Altamira

အီဇုမီ Izumi

အီထရပ်စကန် Etruscan

အီဗာတေးမီးယား Evertamia

အီဗာတေးမီးယား ကိုရိုနေရိုးယား Evertamia coronaria

အီဗာတေးမီးယား ဆပ်ကက်ပီတေးတား Evertamia subcapitata

အီဗာတေးမီးယား ရီကာဗား Evertamia recurva

အီဗားနယ်, ဗီသယိန်းတေး Ibanez, Vicente

အီမာဆင် Emerson

အီယေယသုစု Iyeyasu

အီရစ်ထရိုးယား Eritrea

အီလက်ထရိုတိုက် Electrotype

အီလက်ထရိုတိုက်ပင်း Electrotyping

အီးမျူး Emu

အီးဩလစ် Aeolic

အူရုဂွေး Uruguay

အူးဂျီးဂျီ Ujiji

ဧချေဂါးရိုင်း, ဟိုဇေး Echegaray, Jose

ဧအီရေတာ Aerator

ဧဗရိုး Ebro

ဧဗွန်း Avon

ဧးရိယပ် Arius

ဧးရိယပ် အက္ကျူထီရေ့စတြစ် Arius acutirostris

ဧးရိုး Ares

အဲ့ကမန် Alcman

အဲ့ပေါ့ဆိနေစီအီး Apocynaceae

အယ်ဂရေးကိုး El Greco

အယ်ရဲရား, ဟွမ် ဧသ Herrera, Juan de

အယ်ရစ္စတောဖနီ	Aristophanes	အော်လိဂါးကီး	Oligarchy
အယ်ရစ္စတိုတယ်	Aristotle	ဩစတာ	Auster
အယ်လဂျီ	Elegy	ဩဗန်း	Auburn
အယ်လစီဗိုင်းအားဒီး	Alcibiades	ဩရီးလီယန်	Aurelian
အယ်လပိုင်း, ကင်းနက်	Alpine, Kenneth	ဩရိုရာ	Aurora
အယ်လဖွန်းဆိုး	Alfonso	ဩရိန်း	Orange
အယ်လဗာ	Elba	ဩရိန်းဖရီးစတိတ်	Orange Free State
အယ်လဗေးနီးယန်း	Albanian	အိုဗ	Aube
အယ်လဗတ်စတာ	Alabaster	အိုဆားကား	Osaka
အယ်လက်ဇန္ဒြာ	Alexandra	အိုဒါ	Oder
အယ်လက်ဇန္ဒြီးယန်း	Alexandrian	အိုပိုစာ	Odoacer
အယ်လင်, ဂျွန်	Allen, John	အိုနွန်	Onon
အယ်လင်နာ	Eleanor	အိုဖီယိုဆီဖာလိဒေး	Ophiocephalidae
အယ်လမ္ဗရာ	Alhambra	အိုမာဆမ်	Omasum
အဲဆီးယပ်	Alcaeus	အိုရိဇာ ဂရန်နျူလေးတား	Oryza granulata
အဲလဗီမား	Albemarle	အိုရိဇာ ဆာတီဗား	Oryza sativa
အဲလရစ်	Alaric	အိုရိဇာ လက်တီဖိုးလီးယား	Oryza latifolia
အဲလက်တဂ အင်ဒီးက	Alactaga indica	အိုလင်းပပ်	Olympus
အော့စတြိုဂေါ့သ	Ostrogoth	အိုးဒင်	Odin
အော့(စ)ဖရိုမင်နိဒီ	Osphromenidae	အက်	Aix
အော့စဗတ်	Ostberg	အက်ကွာ ရီဂျိုးယား	Aqua Regia
အော့စဗန်, လွိုက်	Osbourne, Lloyd	အက်ကွိတိန်	Acquitaine
အော်တိုမက်တစ် ဒိုင်ယယ် တယ်လီဖုန်း	Automatic dial telephone	အက်ချင်း	Etching
အော်ပရာ	Opera	အက်စကိုလပ်	Aeschylus
အော်ရီအိုလပ် တင်နျူရော့စတြစ် အင်ဗီဆပ်	Oriolus tenuirostris invisus	အက်စကျူးလေးပီယပ်	Aesculapius

အက်တလတ်	Atlas	အိုင်ဆိုကရေးတီး	Isocrates
အက်တာဗရင်	Atabrine	အိုင်ဇပ်,ဗစ်ကာစတပ်	Isaac, Bickerstaffe
အက်တာဗစ်ဇင်း	Atavism	အိုင်ဗစ် လျူကိုဆဲဖလပ်	Ibis leucocephalus
ဆက်တီနိုမိုင်ဆီ ဂရိဆိယပ်	Actinomyces griseus	အိုင်ရေးနီယန်	Iranian
အက်တီမော်လိုဂျီ	Etymology	အိုင်အွန်းနစ်	Ionic
အက်တစ်	Attic	အိုင်းနူး	Ainu
အက်တစ်ကာ	Attica	အိုင်းယန်း အောက်ဆိုက်	Iron oxide
အက်ဒါ	Edda	အစ်ဆိုင်အွန်	Ixion
အက်ဒီဆင်	Addison	အစ်ပစ္စစ်	Ipswich
အက်ဖတာလီယိုတစ်	Ephtaliotis	အစ်ဗဆင်,ဟင်းနရစ်	Ibsen, Henrik
အက်ဗကပ်	Abacus	အစ်ဗီကပ်	Ibycus
အက်ဗန်း	Evans	အစ်လယက်	Iliad
အက်သင်း	Athens	အတ္တလန္တာ	Atlanta
'အောက်စဖို့ဂေဇက်'	'Oxford Gazette'	အုတ်	Oates
'အောက်ဆီဂျင်	Oxygen	အန်ချိုဗီ	Anchovy
အိုက်,ယန် ဗန်	Eyck, Jan van	အန်ဇူ	Anjou
အိုက်,ဟူးဗတ် ဗန်	Eyck, Hubert van	အန်သီယပ်(စ) မာလတ်ခင်	Anthias multidens
အိုက်စင်ဂလပ်	Isinglass	အိန္ဒိယ စတက်တျူတရီ ကော်မရှင်	Indian Statutory Commission
အင်ဂျီလား ဗင်ဂလန်ဆစ်	Anguilla benghalensis	အပ်ဆားလား	Upsala
အင်ဂျီလား ဗိုင်ကာလာ	Anguilla bicolor	အိပ်ဇိုစိတီဒေး	Exocoetidae
အင်ဆာရိဖောမီး	Anseriformes	အမ်ဖီနပ် ကုချိယား	Amphipnous cuchia
အင်တာမစ်တင်းဒပ် အင်ဂျင်	Intermittent-duct engine	အမွန်	Amman
အင်ဒါဆန်,ဟန်း	Anderson, Hans	အမ်း	Ems
အင်ဒိုချိုင်းနား	Indochina	အွန်ဆက်,ဆစ်ဂရစ်	Undset, Segrid
အင်နီဆိုကီလပ် ကာနိုဆပ်	Anisochilus carnosus	အွန်းဖလား	Honfleur

အမှားပြင်ချက်

အမှတ်စဉ်	စာမျက်နှာ	ကော်လံ	ကြောင်းဒရ	အမှား	အမှန်
၁	၁၂	၀	၃၀ - ၃၂	....၅၁,၂၄၆ စတုရန်းမိုင်ကျယ်ဝန်း၍ လူဦးရေမှာ ၁၉၅၁ ခုနှစ် သန်ကောင် စာရင်းအရ ၇,၆၀၃,၅၉၉ ယောက်ခန့်ရှိသည်။	....၅၁,၁၈၂ စတုရန်းမိုင်ကျယ်ဝန်း၍ လူဦးရေမှာ ၁၉၇၁ ခုနှစ် သန်ကောင် စာရင်း အရ ဂ,၇၃၆,၃၆၇ ယောက်ခန့် ရှိသည်။
၂	၁၆	၎င်း	၁၉	....နိုင်ငံရေး ပညာနှင့် ယထာဘူတ ပညာရပ်များကို	....နိုင်ငံရေး ပညာနှင့် ဒဿနိကဗေဒ ပညာရပ်များကို .....
၃	၃၃	၎င်း	၁၄	....ပိသုကာ၊ ရုပ်လုံးထုနှင့် ပန်းချီဆေးရေး	....ဗိသုကာ၊ ရုပ်လုံးထုနှင့် ပန်းချီဆေးရေး ....
၄	၃၆	၎င်း	၆/၇	....ပိသုကာ ဆရာတို့၏ အမည်	....ဗိသုကာဆရာတို့၏ အမည် .....
၅	၎င်း	၎င်း	၂၀	....သံဏိက ပစ္စည်းဖြစ်သည်။	....သံဃိကပစ္စည်း ဖြစ်သည်။
၆	၄၁	ယာ	၉/၁၀	....၁၉၅၁ ခုနှစ် သန်ကောင်စာရင်းအရ ဂရင်းလန်းတွင် လူပေါင်း ၂၂,၅၈၁ ခန့် နေထိုင်သည်။	....၅၉၇၀ ပြည့်နှစ် ယာယီသန်ကောင်စာရင်းအရ ဂရင်းလန်းတွင် လူပေါင်း ၄၆,၀၀၀ ခန့် နေ ထိုင်သည်။
၇	၅၄/၅၅	ယာ/၀	၂၀/၁	....လူဦးရေ ၁၀,၀၀,၀၀၀ ကျော်မျှ ရှိပြီးလျှင် ဗြိတိသျှ ဂိယာနားနယ်သည် တောင်အမေရိကတိုက်၏ မြောက်ဖက် ပင်လယ်ကမ်းတွင် တည်ရှိသည်။ ထိုနယ်ကို ဗြိတိသျှ ဘုရင်ခံက 'ကရောင်းကိုလိုနီ' နယ်အဖြစ် အုပ်ချုပ်သည်။	....လူဦးရေ ဂစ၇,ဂ၄ဂ (၁၉၇၁) မျှရှိပြီးလျှင် ဗြိတိသျှ ဂိယာနားနယ်သည် တောင် အမေရိကတိုက်၏ မြောက်ဖက် ပင်လယ်ကမ်းတွင် တည်ရှိသည်။ ထိုနယ်ကို ဗြိတိသျှ ဘုရင်ခံက ''ကရောင်းကိုလိုနီ'' နယ် အဖြစ် ၁၅၂ နှစ် အုပ်ချုပ်ခဲ့ရာမှ ၁၉၆၆ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ဂိုင်ယာနာ နိုင်ငံဟူ၍ လွတ်လပ်ရေး ရရှိခဲ့ပြီးလျှင် ၁၉၇၀ ပြည့်နှစ် ဖေဖွာရီလ ၂၃ ရက်နေ့တွင် ဗြိတိသျှ ဧနသဟာယ အဖွဲ့တွင် ပါဝင်သော သမတနိုင်ငံ ဖြစ်လာသည်။ ဂိုင်ယာနာ နိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင် ဖြစ်၍ ၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေအရ လူဦးရေ ၅၆၃,၀၀၀ မျှ ရှိ၏။.....
၉	၎င်း	ယာ	၁ - ၃	....နယ်ကြားတွင် ရှိသည်။ စတုရန်း မိုင် ၅၅,၁၂၉ ကျယ်၍ လူဦးရေမှာ ၁၉၄၀ ပြည့်နှစ် သန်ကောင်စာရင်း အရ ၁၇၇,၂၉၀ ရှိ၏။	....နယ်ကြားတွင်ရှိသည်။ ဆူရီနမ် ဟူ၍လည်း ခေါ်သည်။ စတုရန်း မိုင် ၅၅,၄၀၀ ကျယ်၍ လူဦးရေမှာ ၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေ အရ ၄၀၃,၀၀၀ ရှိ၏။ ၁၉၅၄ ခုနှစ်မှစ၍ ပြည်တွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရခဲ့သည်။
၁၀	၎င်း	ယာ	၁၀ - ၁၂	....၁၉၄၆ ခုနှစ် သန်ကောင် စာရင်းအရ လူဦးရေ ၂၀,၅၃၇ ရှိသည့် အနက် ကယင်းမြို့တွင် ၁၁,၇၀၄ ယောက် ရှိလေသည်။	....၁၉၇၀ ပြည့်နှစ် သန်ကောင် စာရင်းအရ လူဦးရေ ၅၁,၀၀၀ ရှိသည့် အနက် ကယင်းမြို့တွင် ၂၀,၀၀၀ ခန့် နေထိုင် လေသည်။
၁၁	၆၇	၎င်း	၄/၅	....အချင်း ၃၂ လက်မ ရှိသော သစ်သားဘောလုံးငယ်ကို	....အချင်း ၃$\frac{၁}{၄}$ လက်မ ရှိသော သစ်သားဘောလုံးငယ်ကို .....
၁၂	၈၅	၀	၁၅	....လူဦးရေ ၁၆၀,၀၀၀ ကျော် ရှိ၏။	....လူဦးရေ ၂၂၉,၆၈၇ (၁၉၆၉) ခန့်ရှိ၏။ ....
၁၃	၈၈	၎င်း	၁၀/၁၁	....မြို့၏ လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ ၃,၈၀၀ မျှ ရှိသည်။	....မြို့နယ်၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်ကောင်စာရင်း အရ ၇၂,၃၄၀ ရှိသည်။
၁၄	၈၉	ယာ	၂၉	....အနာထပိဏ် သေဌေးသည်.....	....အနာထပိဏ်သဌေးသည် .....
၁၅	၉၀	၀	၁၅	အနာထပိဏ် သေဌေး၏	....အနာထပိဏ်သဌေး၏ .....
၁၆	၁၀၂	၎င်း	၃၅/၃၆	....နိုင်ငံ၏လူဦးရေမှာ ၁၉၅၄ ခုနှစ် ဖေဖွာရီလ သန်ကောင်စာရင်းအရ ၈၇,၅၀၀,၀၀၀ ဖြစ်၏။	....နိုင်ငံ၏ လူဦးရေမှာ ၁၉၇၀ ပြည့်နှစ်ခန့်မှန်းခြေ အရ ၁၀၃,၅၀၄,၀၀၀ ဖြစ်၏။ .....
၁၇	၁၀၃	၎င်း	၉/၁၀	....၁၉၅၄ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၆,၇၇၈,၀၀၄ ရှိသည်။	....၁၉၇၁ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၁,၄၀၃,၇၄၄ ရှိသည်။

အမှတ်စဉ်	စာမျက်နှာ	ကော်လံ	ကြောင်းရေ	အမှား	အမှန်
၁၈	၁၁၁	ယာ	၁၁/၁၂	....ဆောက်လုပ်ခြင်း သုကာ အတတ်၌လည်း	....ဆောက်လုပ်ခြင်း ဗိသုကာအတတ်၌လည်း
၁၉	၁၁၂	ဝဲ	၁ - ၃	....၁၆၆၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင် ကိုလိုနီတခု အဖြစ်ဖြင့် ဗြိတိသျှတို့က သိမ်းယူလေသည်။....	....၁၆၆၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင် ကိုလိုနီ တခု အဖြစ်ဖြင့် ဗြိတိသျှတို့က သိမ်းယူလေသည်။ ၁၉၆၂ ခုနှစ်သြဂုတ်လ ၆ ရက်နေ့တွင် ဗြိတိသျှ စနေသဘာယ အဖွဲ့တွင် ပါဝင်သော လွတ်လပ်သော နိုင်ငံတခု ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ တခုလည်း ဖြစ်လာခဲ့သည်။ ....
၂၀	၎း	ယာ	၉/၁၀	....၁၉၅၂ ခုနှစ် လူဦးရေ ခန့်မှန်း ချက်မှာ ၁,၄၇၁,၆၀၂ ယောက် ဖြစ်သည်။	....၁၉၇၀ ပြည့်နှစ် လူဦးရေ ခန့်မှန်းချက်မှာ ၂,၀၀၀,၀၀၀ ခန့် ဖြစ်သည်။
၂၁	၎း	၎း	၁၁	....သကြားစေ့းကျဆင်းအဖြင့်	....သကြားစေ့း ကျဆင်းသဖြင့် .....
၂၂	၁၁၄	၎း	၃၉ - ၄၂	....လူဦးရေမှာ ၁၉၅၃ ခုနှစ်တွင် ကောက်ယူခဲ့သော သန်ကောင်စာရင်းအရ ၁၄၃,၅၀၀ ယောက် ဖြစ်လေသည်။	....လူဦးရေမှာ ၁၉၆၉ ခုနှစ် ခန့်မှန်းခြေ အရ ၂၈၃, ၁၀၀ ခန့် ဖြင်လေသည်။
၂၃	၁၁၈	ဝဲ	၃၁	....ချိန် ၂၅ လက်မရှိ၍ တောင်ပိုင်း၌	....ချိန် ၂၅ လက်မ ရှိ၍ တောင်ပိုင်း၌ .....
၂၄	၎း	ယာ	၁၅ - ၁၇	....၁၉၅၄ ခုနှစ် သန်ကောင်စာရင်းအရ အရွှေနှင့် အနောက် ဂျာမနီ နိုင်ငံများတွင် လူဦးရေ ၁၇,၆၀၀,၀၀၀ နှင့် ၄၉,၆၅၂,၀၀၀ အသီးသီး ရှိကြ၍	... ၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေ အရ အရွှေ ဂျာမနီခေါ် ဂျာမန် ဒီမိုကရက်တစ် သမတနိုင်ငံနှင့် အနောက် ဂျာမနီခေါ် ပြည်ထောင်စု သမတ ဂျာမန်နိုင်ငံများတွင် လူဦးရေ ၁၇,၂၅၀,၀၀၀ နှင့် ၇၀,၉၃၂,၀၀၀ အသီးအသီး ရှိကြ၍ .....
၂၅	၎း	၎း	၁၉ - ၂၁	....အရွှေ ဘာလင်၌ လူဦးရေ (၁၉၅၄ ခုနှစ်) ၁,၁၇၅,၀၀၀ ရှိ၍ အနောက်ဘာလင်၌ ၂,၁၉၄,၆၀၀ ရှိသည်။	....အရွှေဘာလင်၌ (၁၉၆၉ ခုနှစ်ခန့်မှန်းခြေ) ၁,၂၀၀,၀၀၀ ရှိ၍ အနောက် ဘာလင်၌ ၂,၁၃၄, ၂၅၆ ရှိသည်။ .....
၂၆	၁၂၅	ဝဲ	၁၇/၁၈	....ထိုမြို့တွင် လူဦးရေ ၂,၀၀၀,၀၀၀ ခန့် ရှိသည်။	....ထိုမြို့တွင် လူဦးရေ ၄,၇၅၀,၀၀၀ (၁၉၆၉) ခန့် ရှိသည်။ .....
၂၇	၁၂၈	ယာ	၂ - ၅	....အမတ်ပေါင်း ၁၀၃ ဦးရှိသည့် အနက် ၈၄ ဦးသည် အမျှား ပြည်သူတို့က ရွေးကောက် တင်မြွောက်ခြင်း ခံရသူများ ဖြစ်သည်။ ထို ၈၄ ဦးအနက်....	....အမတ်ပေါင်း ၁၀၃ ဦးရှိသည့်အနက် ဦးရေ ၈၀ သည် အမျှားပြည်သူတို့က ရွေးကောက် တင်မြွောက်ခြင်း ခံရသူများ ဖြစ်သည်။ ထိုဦးရေ ၈၀ အနက် .....
၂၈	၁၃၀	ဝဲ	၃၆/၃၇	....၁၂၉၁ ခုနှစ် (ခရစ် ၁၉၂၈ ခုနှစ်) တန်ခူး လတွင်	....၁၂၉၀ ပြည့်နှစ် (ခရစ် ၁၉၂၉ ခုနှစ်) တန်ခူး လတွင် .....
၂၉	၎း	ယာ	၃၀	....ဗန္ဓုလ ဦးစိန်သည် ဥက္ကဋ္ဌဖြစ်	....ဗန္ဓုလ ဦးစိန်သည် ဥက္ကဋ္ဌ ဖြစ် .....
၃၀	၁၃၁	ယာ	၁၃/၁၄	....လူဦးရေမှာ ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက် သန်ကောင်စာရင်းအရ ၂၀၂,၉၁၈ ရှိ၏။	လူဦးရေမှာ ၁၉၆၈ ခုနှစ် ခန့်မှန်းခြေ သန်ကောင် စာရင်းအရ ၁၆၉,၅၀၀ ခန့် ရှိ၏။ ....
၃၁	၁၃၂	၎း	၃/၄	....ထိုမြို့၏ လူဦးရေမှာ ၆၇၈,၇၄၀ (၁၉၄၇ ခု) ဖြစ်သည်။	....ထိုမြို့၏ လူဦးရေမှာ ၈၄,၁၁၄ (၁၉၇၀ ပြည့်) ဖြစ်သည်။ .....
၃၂	၎း	၎း	၂၅	....စစ်တပ်အပြင် လူဦးရေအရပ်သား ၁၇,၀၀၀ ခန့် ရှိ၏။	....လူဦးရေ ၂၀,၄၀၇ ခန့် (၁၉၆၉) ရှိ၏။.....
၃၃	၁၅၁	၎း	၃၁ - ၃၆	....ထိုပြည်၏ အကျယ်အဝန်းမှာ စတုရန်း မိုင် ၃၄,၅၅၀ ရှိသည်။ လူဦးရေမှာ မူလက ၃၅၀,၀၀၈ ခန့် ရှိသည်ဟု ဆိုသည်။ သို့သော် ယခုအခါ လူဦးရေ ၁,၃၃၂,၉၀၉ ခန့် ရှိသည်ဟု ခန့်မှန်းရသည်။.....	....ထိုနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်း မိုင် ၃၇,၅၀၀ ရှိသည်။ လူဦးရေမှာ ၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေ အရ ၂,၃၂၀,၀၀၀ ခန့် ရှိသည်။

အမှတ်စဉ်	စာမျက်နှာ	ကော်လံ	ကြောင်းရေ	အမှား	အမှန်
၄၄	၁၅၂	ယာ	၁၁-၁၄	ထိုပြည်နယ်၏ အကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၅၀,၀၇၆ ရှိ၍ လူဦးရေမှာ ၁၉၅၀ ပြည့်နှစ် သန်ကောင် စာရင်း အရ ၃,၄၄၄,၅၇၀ ဖြစ်လေသည်။ ယင်း အနက် ကပ္ပလီလူမျိုးတို့၏ ဦးရေမှာ ၁,၀၀၀,၀၀၀ ကျော်လေသည်။	ထိုပြည်နယ်၏ အကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၅၀,၀၇၆ ရှိ၍ လူဦးရေမှာ ၁၉၅၀ ပြည့်နှစ် သန်ကောင်စာရင်း အရ ၄,၅၀၉,၅၇၅ ဖြစ်လေသည်။ ယင်း အနက်ကပ္ပလီ လူမျိုးတို့၏ ဦးရေမှာ ၁,၁၉၀,၇၇၉ ဖြစ်လေသည်။
၄၅	၁၅၃	၀	၁၅/၁၆	....အကျယ် အဝန်းအားဖြင့် စတုရန်း မိုင်ပေါင်း ၂၉,၀၀၀ ကျယ်၍ လူဦးရေ ၃,၁၄၂,၃၀၀ ရှိသည်။.....	....အကျယ်အဝန်း အားဖြင့် ၂၆,၉၁၁ စတုရန်း မိုင်ရှိ၍ လူဦးရေ ၄,၆၈၀,၀၀၀ (၁၉၇၀) ရှိသည်။.... .....
၄၆	၁၆၀	၎င်း	၁၈/၁၉	... ထိုနယ်၏ မြို့တော်မှာ တစ်ဖလစ်မြို့ ဖြစ်၍ လူဦးရေ ၅၁၉,၁၇၅ ခန့်ရှိသည်။	....ထိုနယ်၏ မြို့တော်မှာ တစ်ဖလစ်မြို့ ဖြစ်၍ လူဦးရေ ၈၈၉,၀၀၀ ခန့် ရှိသည်။ ....
၄၇	၁၅၅	၎င်း	၃/၄	မြို့အကျယ်အဝန်းမှာ စတုရန်း မိုင် ၈၉ မိုင်ရှိ၍ လူဦးရေ ၈၀၀,၀၀၀ ကျော်ခန့် ရှိလေသည်။	မြို့အကျယ်အဝန်းမှာ ၈၉ စတုရန်းမိုင်ရှိ၍ လူဦးရေ ၁,၁၁၀,၉၀၅ ယောက်ရှိလေသည်။
၄၈	၁၆၂	၎င်း	၁၆/၁၇	... ဣတလံ့လူမျိုးတို့က	....ဣတာလံ့လူမျိုးတို့က .....
၄၉	၁၇၇	၎င်း	၂၈/၂၉	....အဓိက ရည်ရွယ်ချက် ၂ ချက်ဖြစ်သော ပလီမန်ကို ပယ်ဖျက်၍	....အဓိက ရည်ရွယ်ချက် နှစ်ချက် ဖြစ်သော ပါလီမန်ကို ပယ်ဖျက်၍ ....
၅၀	၁၈၅	ယာ	၂/၃	....လူဦးရေမှာ ၁၉၅၀ ပြည့်နှစ် သန်ခေါင်စာရင်းအရ ၂၉၄,၉၈၈ ဖြစ်သည်။	....လူဦးရေမှာ ၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေ အရ ၅,၁၈၈,၉၈၁ ယောက်ခန့် ဖြစ်သည်။ ....
၅၁	၁၈၆	၀	၇/၈	....လူဦးရေမှာ ၁၉၅၀ ပြည့်နှစ်၏ သန်ခေါင်စာရင်းအရ ၂၉၃,၉၉၈ ဖြစ်လေသည်။....	....လူဦးရေမှာ ၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေ အရ ၅၅၇,၁၂၀ ခန့် ဖြစ်လေသည်။....
၅၂	၁၉၈	၎င်း	၄၉	မြို့နယ်၏ အကျယ်အဝန်းမှာ ၅၈ စတုရန်းမိုင်မျှ ရှိသည်။.....	မြို့နယ်၏ အကျယ်အဝန်းမှာ ၅၈ စတုရန်းမိုင်မျှရှိသည်။ မြို့နယ်၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်ခေါင် စာရင်း အရ ၁၁၃,၈၅၁ ဖြစ်သည်။
၅၃	၎င်း	ယာ	၁၁	....အမည်တွင် ရကြောင်းနှင့် ဆိုလေသည်။	....အမည်တွင်ရကြောင်းနှင့် ဆိုလေသည်။ ထို့ပြင် ဇင်္ဂနမြို့၏အမည်ကို ငါန်းဇွန်ဟူ၍ လည်း ရေးမှတ်ကြသေးသည်။
၅၄	၂၀၅	၎င်း	၁၀-၂၁	....နေထိုင်ကြသော သူများသည် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများ ဖြစ်ကြ၍ ၁၉၅၃ ခုနှစ် သန်ကောင် စာရင်းအရ လူဦးရေ ၂,၆၈၃ ယောက်ခန့်ရှိသည်။	....နေထိုင်ကြသော သူများသည် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများ ဖြစ်ကြ၍ ၁၉၇၃ ခုနှစ် သန်ကောင် စာရင်း အရ မြို့နယ်၏ လူဦးရေမှာ ၁၀၅,၂၉၃ ယောက် ဖြစ်သည်။.....
၅၅	၂၀၈	၀	၂၃/၂၄	....အိမ်ခြေ ၃၀၀ ခန့် ရှိ၍ လူဦးရေ ၁,၆၀၀ ခန့်ရှိလေသည်။	....ငပဲမြို့နယ်တွင် အဆောက်အအုံ ၆,၉၀၂ ရှိ၍ လူဦးရေ ၂၇,၄၅၉ (၁၉၇၃)ရှိလေသည်။
၅၆	၂၁၅	ယာ	၈/၉	....ခံရသော ငရဲကား၊ သိဋ္ဌိဝ်းငရဲတည်း။	....ခံရသော ငရဲကား ၊ သိဋ္ဌိဝ်းငရဲးတည်း။....
၅၇	၂၂၁	၎င်း	၆/၇	....၁၉၁၇ ခုနှစ် ဇွန်လိုင်လ.....	....၁၉၁၇ ခုနှစ် ဇူလိုင်လ .....
၅၈	၂၄၃	၀	၁၆	လူ့အဖြစ်အတွင်မှ၊ ခုအသစ် ကြုံလှာပြန်၊	လူ့အဖြစ်တွင်မှ၊ ခုအသစ် ကြုံလှာပြန်၊
၃၉	၂၄၆	၎င်း	၂၁	....ဟိုက်ခြင်း၊ ရှိုက်ခြင်း.....	....ဟိုက်ခြင်း၊ ငှိုက်ခြင်း .....
၅၀	၎င်း	၎င်း	၃၁/၃၂	.....နှာနှပ်ချက်စဉ်း၊	....နှာနှပ်မျက်စဉ်း၊ .....
၅၁	၂၅၆	၎င်း	၅/၆	....ဆိတ် ၂ကောင် သို့မဟုတ် ငပိတပိသာ၊ သို့မဟုတ် ဆား ၂ ပိသာနှင့် ဝါတပိသာ အစရှိ	....ဆိတ်နှစ်ကောင်၊သို့မဟုတ် ငပိတပိဿာ၊ သို့မဟုတ် ဆားနှစ်ပိဿာနှင့် ဝါတပိဿာ အစရှိ
၅၂	၂၀၅	ယာ	၁၃	... လော်ကနုတ်သံ	... လောကနုတ်သံ .....
၅၃	၂၉၀	၀	၂၀	....ကျွန်စကားပျိုးသည်	....ကျွန်စကားမျိုးသည် .....
၅၄	၂၉၃	ယာ	၂၀	....ဇာတ်ဆောင်တို့မှာ	....ဇာတ်ကောင်တို့မှာ .....
၅၅	၂၉၉	၀	၁၃	....တရိုလောက ဝဠိသကာဒေဝီ မည်၏	... တြိလောကဇ္ဇနသကာဃဝီ မည်၏။.....

အမှတ်စဉ်	စာမျက်နှာ	ကော်လံ	ကြောင်းရေ	အမှား	အမှန်
၅၆	၃၀၅	၀	၅/၆	စကုမ္ပဏီ၏ လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်ကောင် စာရင်းအရ ၅,၁၅၂ ယောက်မျှ ဖြစ်သည်။	စကုမ္ပဏီနယ်၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်ကောင် စာရင်း အရ ၁၀၅,၉၀၄ ယောက် ဖြစ်သည်။
၅၇	၎င်း	ယာ	၆	....အထန်းထဲတွင်	.....အတန်းထဲတွင် .....
၅၈	၃၀၈	၀	၁၃/၁၄	....၁၉၅၁ ခုနှစ် သန်ကောင် စာရင်း အရ လူဦးရေ ၅,၀၉၅,၉၆၉ ယောက် ရှိသည်။	....၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေအရ လူဦးရေ ၅,၁၁၉,၀၀၀ ခန့် ရှိသည်။
၅၉	၃၁၇	၎င်း	၁၆-၁၉	စကြာမင်းတို့တွင် ဘုန်းကံကြီးမား သည့် အလျောက် ကျောက်မျက် ရတနာ၊ ဆင်ဖြူတော် ရတနာ၊ စကြာရတနာ၊ မိဖုရား ရတနာ၊ သဘေးရတနာ၊ မြင်းရတနာ၊ ဆင်ရတနာ ဟူသောရတနာ ၇ ပါးနှင့် ပြည့်စုံမြဲ ဖြစ်သည်။	စကြာမင်းတို့တွင် ဘုန်းကံကြီးမားသည့် အလျောက် ကျောက်မျက် ရတနာ၊ ဆင်ဖြူတော် ရတနာ၊ စကြာရတနာ၊ မိဖုရားရတနာ၊ သဘေးရတနာ၊ သားကြီး ရတနာ၊ မြင်းရတနာ ဟူသော ရတနာခုနစ်ပါးနှင့် ပြည့်စုံမြဲ ဖြစ်သည်။ .....
၆၀	၎င်း	ယာ	၁၇	....ကုန်အောင် ရစ်ခွေ၊ မြင်းမိုရ်ခြေတွင်	....ကုန်အောင်ရစ်ခွေ၊ မြင့်မိုရ်ခြေတွင်၊ ....
၆၁	၎င်း	....	....	စကြာဝဠာ။ ။	စကြဝဠာ။ ။
၆၂	၃၁၉	ယာ	၂၇/၃၀	ထိုပြင် စာမျက်နှာ ထိပ်စီးများတွင် ၎င်း၊ စာမူ ခေါင်းစီးတွင်၎င်း၊ စာကိုယ်အကြောင်းရပ်တွင် ၎င်း စကြာဝဠာဟူ၍ တွေ့သမျှကို ....မြင့်မိုတောင်ကို ဗဟို ပြု၍ ....လေးကျန်းတမြင့်မိုအစု....	စကြဝဠာကိုဟူ၍ ပြင်ဖတ်ရန်။ ....မြင့်မိုရ်တောင်ကို ဗဟိုပြု၍ ....လေးကျန်း တမြင့်မိုရ် အစု .....
၆၃	၃၂၃	၎င်း	၃၅-၃၇	....၁၉၃၉ ခုနှစ် သန်ကောင်စာရင်း အရ လူဦးရေ ၄၄၅,၄၇၆ ယောက်ရှိသည်။	....၁၉၇၀ ပြည့်နှစ် သန်ကောင် စာရင်းအရ လူဦးရေ ၈၁၈,၀၀၀ ခန့် ရှိသည်။
၆၄	၃၂၄	၀	၁	အမည် ပြောင်းခဲ့သည်။	....အမည် ပြောင်းခဲ့ရာမှ စတာလင် ကွယ်လွန်ပြီးနောက်တွင် ဗိုလ်ဂိုဂရက်ဟု အမည် ပြောင်းခဲ့ပြန်လေသည်။
၆၅	၃၃၂	၎င်း	၁၇	မြတ်စွာဘုရားသခင်က နိဿင်္ဂိယပါစိတ်၊ ပတ္တဝဂ်၊ ဘေသင္ဇ သိက္ခာပုဒ်တွင်	မြတ်စွာဘုရားသခင်က နိဿင်္ဂိယပါစိတ်၊ ပတ္တဝဂ်၊ ဘေသင္ဇသိက္ခာပုဒ်တွင် .....
၆၆	၃၃၃	၎င်း	၂၅	....မာဂဓဘာသာဂန္ထင္ထမှ ကျမ်းများနှင့်	....မာဂဓ ဘာသာ ဂန္ထင္ထရ ကျမ်းများနှင့်
၆၇	၃၃၄	ယာ	၆/၇	....၁၉၅၃ ခုနှစ် သန်ကောင် စာရင်းအရ လူဦးရေ ၁၆၁,၇၇၂ ယောက် ရှိသည်။	....၁၉၇၀ ပြည့်နှစ် ခန့်မှန်းခြေ အရ ၇၄၇, ၄၉၀ ခန့်ရှိသည်။ .....
၆၈	၃၃၉	၎င်း	၁၃/၁၄	....ပန်းမြတ်ခိုက်ကြုံ၊	....ပန်းပြတ်ခိုက်ကြုံ၊.....
၆၉	၎င်း	၎င်း	၂၀/၂၁	....မပေါ်ခိုက်တာမို့၊	.....မပေါ်ခိုက်ဟာမို့၊ .....
၇၀	၃၅၄	၀	၂၀/၃၁	...ထိုကျွန်းများ အပါအဝင် စပိန်နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၉၆,၇၀၀ စတုရန်း မိုင် ဖြစ်၍ ၁၉၅၃ ခုနှစ်ခန့်မှန်းခြေ သန်ကောင် စာရင်း အရ လူဦးရေ ၂၀,၆၃၀,၉၇၇ ယောက် ရှိသည်။	....ထိုကျွန်းများ အပါအဝင် စပိန်နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၉၄,၈၃၃ စတုရန်း မိုင်ဖြစ်၍ ၁၉၇၀ ပြည့်နှစ်ခန့်မှန်းခြေ အရ လူဦးရေ ၃၃, ၂၉၀,၀၀၀ ခန့်ဖြစ်သည်။
၃၁	၃၆၄	၎င်း	၁၂	....ရောမဆန်သော ပိသုကာ	....ရောမဆံ့သော ဗိသုကာ .....
၃၂	၎င်း	၎င်း	၁၄	....ရောမဆန်သော ပိသုကာ.....	....ရောမဆံ့သော ဗိသုကာ .....
၃၃	၎င်း	၎င်း	၁၆	....ရောမဆန်သော ပိသုကာ	....ရောမဆံ့သော ဗိသုကာ .....
၃၄	၎င်း	ယာ	၁၂	....ပိသုကာ အတတ်သည် အဓိက	....ဗိသုကာ အတတ်သည် အဓိက .....
၃၅	၃၇၅	၎င်း	၃၄	စလင်း, ဆာဝီလ်၂၊ ဂျေ (ခရစ် ၁၈၉၁ ဖွား)။	စလင်း, ဆာဝီလ်၂၊ ဂျေ (ခရစ် ၁၈၉၁—၁၉၇၀)။ ။ ဖီးမာရွယ် လော့ စလင်းသည် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကွယ်လွန်သွားသည်။

အမှတ်စဉ်	စာမျက်နှာ	ကော်လံ	ကြောင်းရေ	အမှား	အမှန်
၂၆	၃၂၂	၀	၁၅/၁၆	....၁၉၃၁ ခုနှစ် သန်ကောင်စာရင်း အရ မြို့၏ လူဦးရေမှာ ၆,၆၅၄ ယောက် ဖြစ်သည်။	....၁၉၇၃ ခုနှစ် သန်ကောင် စာရင်းအရ မြို့နယ်၏ လူဦးရေမှာ ၁၅၀,၉၁၃ ယောက် ဖြစ်သည်။
၂၂	၃၀၁	၎င်း	၄၀	....ပိသုကာများ အသုံးပြုသော	....ဗိသုကာများ အသုံးပြုသော .....
၇၀	၄၃၄	၎င်း	၂၂/၂၃	မြို့နယ်၏လူဦးရေမှာ ၁၉၅၆ ခုနှစ်အတွက် ခန့်မှန်းခြေ စာရင်း အရ ၃၀,၇၄၀ ယောက်ခန့် ဖြစ်လေသည်။	မြို့နယ်၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်ကောင် စာရင်းအရ ၃၀,၉၉၅ ယောက် ဖြစ်လေသည်။
၂၉	၄၃၀	၎င်း	၄၀/၄၁	....ပင်းချောင်းဝဋ္ဌ စက္ကလိပ ဘုရား.....	....ပင်းချောင်းဝဋ္ဌ စက္ကလံပဘုရား....
၈၀	၄၃၉	၎င်း	၃/၄	....ထိုအသင်းဌ် 'မြန်မာပြည် အနာဂါတ်ရေး' စာတမ်းတခုဖတ်ကြား	....ထိုအသင်းဌ် ''မြန်မာပြည် အနာဂတ်ရေး'' စာတမ်း တခု ဖတ်ကြား .....
၈၁	၄၄၈	ယာ	၄၀	....ထိုမှ သစ္စာဗန္ဓတောင်ထိပ်	....ယိုမှ သစ္စဗန္ဓတောင်ထိပ်....
၈၂	၄၅၅	၎င်း	၆	....ခြင်ငင်စက်	....ခြည်ငင်စက် .....
၈၃	၄၅၉	၎င်း	၁၆/၁၇	....၁၉၅၄ ခုနှစ်တွင် လူဦးရေ ၅၁၃,၇၀၀ ရှိသည်ဟု ခန့်မှန်း ရသည်။	....၁၉၇၀ ပြည့်နှစ်တွင် လူဦးရေ ၆၄၀,၀၀၀ရှိသည်ဟု ခန့်မှန်း ရသည်။
၈၄	၄၆၁	၎င်း	—	စိုက်ပရပ်ကျန်း အကြောင်းရပ် အဆုံးတွင် ဆက်ထည့်ရန်	စိုက်ပရပ်ကျန်းသည် ဖြိတိသျ ကရောင်း ကိုလိုနီတခုဖြစ်ခဲ့ရာမှ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ဖြိတိသျ ဓနသဟာယ အဖွဲ့တွင် အဝင်အပါ လွတ်လပ်သော သမတနိုင်ငံ ဖြစ်လာခဲ့သည်။ ထိုနောက် ကုလသမဂ္ဂ အဖွဲ့ဝင်လည်း ဖြစ်လာခဲ့သည်။
၈၅	၄၆၄	၎င်း	၃၃/၃၄	စက်ဘူမြို့၏ လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်း အရ ၁,၁၂၀,၇၇၇ ယောက် ဖြစ်သည်။	....စက်ဘူမြို့၏လူဦးရေမှာ ၁၉၇၀ ပြည့်နှစ် အစိုးရ ခန့်မှန်းချက်အရ ၂,၀၇၅,၀၀၀ ခန့်ဖြစ်သည်။ စက်ဘူသည် ၁၉၅၉ ခုနှစ်တွင် ဖြိတိသျ ဓနသဟာယ အဖွဲ့ဝင် ပြည်တွင်း ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ နိုင်ငံဖြစ်လာသည်။ ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် မလေးရှား ပြည်ထောင်စုတွင်ပါဝင်ခဲ့၏။ သို့သော် ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် မလေးရှား ပြည်ထောင်စုမှ ခွဲထွက်ကာ သီးခြား လွတ်လပ်သော နိုင်ငံတခုအဖြစ် ရပ်တည် လာခဲ့သည်။ လွတ်လပ်သောသမတ (ကျွန်း) နိုင်ငံ တခု ဖြစ်သည်။
၈၆	၄၇၃	ယာ	၂၃	ပုံထင်းဆရာ	ပုံထွင်းဆရာ

တိုက်ပိုင်အမှတ်

၀၃၉.၉၅၈ မြန်မာ့စွယ်စုံကျမ်း အတွဲ ၃၊ ဒုတိယနှိပ်ခြင်း။
ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၅။
၅၀၅ စာမျက်နှာ၊ ရုပ်ပုံများ။

၈ – ၈ငယ်အက္ခရာမှ စင်း – စင်းတော အထိ၊
ဝိဇ္ဇာ – သိပ္ပံဆိုင်ရာ အစကြောင်းရပ်ပေါင်း ၃၅၆ ခု ပါဝင်သည်။

660

စာကြည့်တိုက်

ဗိဒ္ဓကဘာသာပြန်စာပေ

ဖြန့်ချိရေးအဖွဲ့